ကမ္ဘာ့သာသနာပြု

ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ

ကျေးရူးရှင်မဟာစည်ဆရာတော်ဘုရားကြီး

ဘဒ္ဒန္တသောဘန

သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



ကောဇာနှစ် - ၁၃၆၆ သာသနာနှစ် - ၂၅၄၇ ခရစ်နှစ် - ၂၀၀၄

၂၆၁၇၉

ကမ္ဘာသာသနာပြု
ဆင္ဒသိုင်ဂီတိပုစ္ဆက ၊ အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်ဩဝါဒါစရိယ

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာ
ကမ္ဘာအေး၊ ရန်ကုန်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

ဘဒ္ဒန္တ သောဘန

သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း











မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

မာတိကာ

ရာပြည့်မော်ကွန်းနိဒါန်း

၁။	ကျေးဇူးတော်ရှင်မဟာစည်ဆရာတော် ဝိပဿနာအလုပ်အားထုတ်ရန် တိုက်တွန်းနှိုးဆော်လွှာ	၈
၂။	မဟာစည်ဆရာတော်ပုံ	၉
၃။	ဦးသျှောင်ဆရာတော် ၆ ပါးတို့၏ပုံတော်များ	၁၀
၄။	သာသနဓဇမဟာစရိယဘွဲ့တံဆိပ်တော်	၁၁
၅။	အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်	၁၂
၆။	ဆဋ္ဌသံဂီတိဩဝါဒါစရိယသံဃနာယကတံဆိပ်တော်	၁၃
၇။	ဆဋ္ဌသံဂီတိမရမ္မိက တိပိဋကပဋိဝိသောဓကတံဆိပ်တော်	၁၄
၈။	ဆဋ္ဌသံဂီတိ သြသာနသောဓေယျပတ္တပါဠကတံဆိပ်တော်	၁၅
၉။	ဋီကာသံဂီတိကာရကတံဆိပ်တော်	၁၆
၁၀။	အဋ္ဌကထာ သံဂီတိကာရကတံဆိပ်တော်	၁၇
၁၁။	ဆဋ္ဌသံဂီတိဘာရကတံဆိပ်တော်	၁၈
၁၂။	ဆဋ္ဌသံဂီတိကာရနိတ္ထာရကတံဆိပ်တော်	၁၉
၁၃။	ဆဋ္ဌသံဂီတိ ဓမ္မပုစ္ဆကဘွဲ့တံဆိပ်တော်	၂၀
၁၄။	**ဘဒ္ဒန္တဉာဏ်စာရ** (ဇီးကုန်းဆရာတော်) ရာပြည့်မော်ကွန်းဩဝါဒတော်	၂၀
၁၅။	**ဘဒ္ဒန္တတိလောက** (ရွှေဘိုမြို့ဒေါင့်ဆရာတော်) ရာပြည့်မော်ကွန်းဩဝါဒတော်	၂၂
၁၆။	**ဘဒ္ဒန္တ ဣန္ဒဝံသ** (အိမ်မဲဆရာတော်) ရာပြည့်မော်ကွန်းဩဝါဒတော်	၂၃
၁၇။	**ဘဒ္ဒန္တတိလောက** (ဝါးခယ်မဆရာတော်) ရာပြည့်မော်ကွန်းဩဝါဒတော်	၂၄
၁၈။	**ဘဒ္ဒန္တကုဏ္ဍလ** (ဟသ်ာတဆရာတော်) ရာပြည့်မော်ကွန်းဩဝါဒတော်	၂၆
၁၉။	**ဘဒ္ဒန္တအာဒိစ္စ** (တောင်ဝိုင်းကလေးဆရာတော်)	၂၇
၂၀။	**ဘဒ္ဒန္တသံဝရ** (ချမ်းမြအောင်စည်ဆရာတော်) သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်းဥယျောဇဉ်	၂၉
၂၁။	**မောင်သီလပူဇော်သည်** တစ်ဘဝသာသနာခရီးမော်ကွန်းကမ္ပည်း	၃၁
၂၂။	**ရွှေမင်းဝံဆရာတော်** ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး၏တစ်နေ့တာလုပ်ငန်းစဉ်များ	၄၂

ရာပြည့်မော်ကွန်းဂါထာများ

၂၃။	**ပခုက္ကူ၊အရှင်ကေသရ** မဟာစည်ဆရာတော်ဘုရား	၄၅
၂၄။	**ပန်းရစ်တောင်ဦးကေသဝပါဠိပါရဂူ** ယောဂီများက ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးအားရှိခိုးသော အာစရိယဝန္ဒနာလေးဂါထာ	၄၈

မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

မာတိကာ

၂၅။ **အရှင်ဇဋိလပဏ္ဍိတ**
ကျေးလူးရှင်မဟာစည်ဆရာတော်ဘုရားကြီးအား
ပူဇော်အပ်သော ဂါထာဂီတိများ ၁၀

၂၆။ **ဦးဝင်းထိန်**
ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ မဟာသတိပဋ္ဌာန်အဖွဲ့မှ
ချီးကျူးထောမနာအပ်သော ထုတိဩဘာမင်္ဂလာဂါထာ ၁၅

၂၇။ **ဘဒ္ဒန္တဘဒ္ဒိယ** (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)
မဟာစည်ထေရ်ဂုဏ်ရည် ၆၂

ရာပြည့်မော်ကွန်းကဗျာများ

၂၈။ **အရှင်ဣန္ဒာသဘ** (သာသနဓဇမဟာစရိယ)
ရာပြည့်ပူဇာပတ္ထနာ ၆၄

၂၉။ **ဘဒ္ဒန္တ ကေသဝ (ပါဠိပါရဂူ)**
ဖွား, ဖြစ်, အောင်, ရ - မေး, ချုပ်, ဝ
မဟာစည်အာစရိယဝန္ဒနာပါဘုရား ၆၆

၃၀။ **အရှင်စန္ဒာဝရ** (ပဲန္ဒယ်ကုန်း)
ထေရဂုဏာပူဇာ စာလင်္ကာ ၆၈

၃၁။ **ဘဒ္ဒန္တ ဘဒ္ဒိယ** (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)
စွယ်စုံအကျော်အမော် မဟာစည်ဆရာတော် ၇၁

၃၂။ **မဟာစည်အရှင်ဇဋိလ** (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)
ရာပြည့်အခါ ရှုစမ်းပါ ၇၂

၃၃။ **ဘဒ္ဒန္တ ကုမာရ** (ကျောက်ပန်းတောင်း)
ထေရမြတ်ဂုဏ်ရည် တေးထပ်စာပန်းချီ ၇၃

၃၄။ **နုယဉ်**
ပြုအပ်ပြုရာမင်္ဂလာ ၇၅

၃၅။ **သူရဇော်**
ရာပြည့်ခရီးတိုင်ပြီ ၇၇

၃၆။ **ကံထွန်းသစ်**
ကမ္ဘာတည်မော်ကွန်း ၇၆

၃၇။ **ဒေါက်တာမင်းလွဲရီ**
ရာပြည့်ချိန်ခါ စုံဆယ်ဖြာ ၇၈

၃၈။ **မြေလတ် မင်းလွင်**
ရွှေဘုံနန်းသို့ လှမ်းစေသူ ၈၀

၃၉။ **ပုဏ္ဏဝတီ တင့်နှောင်း**
သာသနဂုဏ်ရည် မဟာစည် ၈၁

၄၀။ **တက်လူ**
ဘုရားဖူးတရားရှာ ထွက်တော်မူခြင်းကဗျာရှည် ၈၂

၄၁။ **ရဲအောင်**
ရာပြည့်ကန်တော့ပန်း ၉၀

















မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

မာတိကာ

ရာပြည့်မော်ကွန်းဩဝါဒတော်များ

၄၂။ **စာတည်းအဖွဲ့**
ဘဒ္ဒန္တသံဝရ (ချမ်းမြေအောင်စည်ဆရာတော်)
ရာပြည့်မော်ကွန်းဩဝါဒ ၉၂

၄၃။ **စာတည်းအဖွဲ့**
ဒေါက်တာဦးသီလာနန္ဒာဘိဝံသ ရာပြည့်မော်ကွန်းဩဝါဒ ၉၄

၄၄။ **စာတည်းအဖွဲ့**
သဒ္ဓမ္မရံသီရိပ်သာဆရာတော် ရာပြည့်မော်ကွန်းဩဝါဒ ၁၀၄

၄၅။ **စာတည်းအဖွဲ့**
ညောင်ကန်အေးဆရာတော်ဘုရားကြီး၏
ရာပြည့်မော်ကွန်းဩဝါဒ ၁၀၆

၄၆။ **စာတည်းအဖွဲ့**
ရွှေမင်းဝံဆရာတော်၏ ရာပြည့်မော်ကွန်းဩဝါဒ ၁၀၄

၄၇။ **စာတည်းအဖွဲ့.**
ပုဇွန်တောင် မြသိန်းတန်ကျောင်းတိုက်
ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောကာဘဏ
ချီးမြှင့်သော မဟာစည်ဆဋ္ဌသင်္ဂီယနာဂုဏ်ရည်ဩဝါဒ ၁၁၂

၄၈။ **စာတည်းအဖွဲ့.**
ဆရာတော်ဘဒ္ဒန္တသူရိယ ရာပြည့်မော်ကွန်းဩဝါဒ ၆၃၂

ရာပြည့်မော်ကွန်းဆောင်းပါးများ

၄၉။ **တိပိဋကယောဆရာတော်**
အား ၁၂၂

၅၀။ **စာတည်းအဖွဲ့**
ဆဋ္ဌသင်္ဂီယနာနှင့်မဟာစည်ဆရာတော် ၁၂၆

၅၁။ **ဦးဝင်းထိန်**
ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးအပေါ်
ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ်စာပေပညာရှင်ကြီးများအမြင် ၁၄၁

၅၂။ **သဒ္ဓမ္မရံသီရိပ်သာဆရာတော်**
ဂုဏ်ရည်ပြည့်မှီ မဟာစည် ၁၅၁

၅၃။ **ညောင်ကန်အေးဆရာတော်**
မဟာစည်နယ်လှည့်ဓမ္မကထိကအဖွဲ့ကြီးသမိုင်း ၁၅၄

၅၄။ **အရှင်ဝိသုတ** (ဓမ္မာစရိယ-ကမ္မဋ္ဌာနာစရိယ)
ခေတ်ဦးမှသည် ရာပြည့်ဆီသို့ ၁၆၅

၅၅။ **မင်းယုဝေ**
မဟာစည်ဆရာတော်ဘုရားကြီး၏ အရိပ်အာဝါသ ၁၇၂

၅၆။ **ဦးဝင်းထိန်**
ဗောဇ္ဈင်ခုနစ်ပါးတရားတော် ၁၈၀

မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

မာတိကာ

၁၇။	**မောင်ထက်ဟိန်း** အမှတ်တရမဟာစည်	၁၈၈
၁၈။	**ကျော်နန္ဒအောင်** ကျေးဇူးတော်ရှင်နှင့် ကျေးဇူးတင်ပါသည်	၁၉၂
၁၉။	**အရှင်သုမင်္ဂလာလင်္ကာရ** သံဃဂုဏ်ရောင်ထွန်းပြောင်စေတတ်ပုဂ္ဂိုလ်မြတ်	၂၀၀
၆၀။	**ချစ်ဦးညို** မျှဝေလက်ကမ်းဆင်မြန်းကြပါကုန်	၂၀၆
၆၁။	**အရှင်ပဏ္ဍိစ္စသာရ** ဆေးစာကြပါစို့	၂၁၃
၆၂။	**မောင်သွေးချွန်** သုံးသပ်ဝေဖန် ဉာဏ်ပဋိဘာန်	၂၁၆
၆၃။	**ယမုံသက်လယ်** ရှိခိုးပူဇော်ဖွားမြောက်မာန်လျော့ကန်တော့ပါ၏ အရှင်ဘုရား	၂၂၂
၆၄။	**အရှင်နန္ဒာစရိယ** ကမ္မဋ္ဌာန်းဆရာများ အထူးလိုက်နာစောင့်ထိန်းရမည့်ဩဝါဒ	၂၂၅
၆၅။	**ကြည်ဦး** မဟာစည်ဆရာတော်ဘုရားကြီး၏ ပဋိပတ်လမ်းခရီးကြမ်း	၂၂၆
၆၆။	**မောင်မောင် (ဥပဒေ)** မဟာစည်နှင့်တောင်တန်းသာသနာပြုဆရာတော်	၂၃၈
၆၇။	**စာပဒေသာ မောင်လှထွေး** ထူးခြားဂုဏ်ရည် မဟာစည်	၂၄၃
၆၈။	**တင်အောင်သွင်** မဟာစည်သာသနာ့ရိပ်သာနှင့်မဟာစည်ဆရာတော်	၂၄၆
၆၉။	**အရှင်ဣန္ဒက (ညောင်ကန်အေးဆရာတော်)** မဟာဋီကာ နိဿယဒါနခရီး	၂၅၀
၇၀။	**မောင်အုံ (မဟာဝိဇ္ဇာ - ဘုံဘေ)** နှလုံးသားအတွင်းရှိ မဟာစည်ဆရာတော်	၂၆၂
၇၁။	**မဟာစည်အရှင်ဇဋိလတင်ပြသည်** ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့်မဟာစည်	၂၆၄
၇၂။	**မုံရွာ နေဇာ** သတိပဋ္ဌာန်ကြွေးကြော်သံမော်ကွန်း	၂၇၀
၇၃။	**တိုးထက်** မဟာစည်ဆရာတော်ဘုရားကြီးနှင့် ကျွန်တော့်အဖေ	၂၇၆
၇၄။	**မကြွယ်ကြွယ်** မဟာစည်ရိပ်သာကြီး၏ သမိုင်းအစ	၂၈၁
၇၅။	**အရှင်ကုမာရ (ပန်းတနော်)** ဥဇုဂုဏ်တည် မဟာစည်	၂၈၆
၇၆။	**တက္ကသိုလ်တေဇာလင်း** အနီးအဝေး	၂၉၄

















မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

မာတိကာ

၇၇။	**ဘဒ္ဒန္တသူရိယ** (မဟာစည်နာယက ကမ္မဋ္ဌာနာစရိယ) အတုယူဖွယ် ဂုဏ်ကျေးဇူးတော်များ	၂၉၈
၇၈။	**ဘဒ္ဒန္တကဗ္ဗာယန** (မဟာစည်ပြည်တွင်းပြည်ပနာယက) တပည့်ဒါယကာ၊ ဒါယိကာမများအပေါ် ချီးမြှောက်ညွှာတာတတ်ပုံ အတွေ့အကြုံလေးအချို့	၃၀၄
၇၉။	**ကိုရွှေသောင်းဝင်း** မဟာစည်ဆရာတော်နှင့် မဟာသတိပဋ္ဌာနသုတ်	၃၁၀
၈၀။	**ဦးအာစာရ** (မင်္ဂလာ မဟာစည်ရိပ်သာ) ကျိုက်လတ်မြို့ကြွေ မဟာစည်ဩဝါဒ	၃၁၅
၈၁။	**သီဟဆွေ** (သဒ္ဓမ္မဇောတိကဓဇ) ပရိယတ်, ပဋိပတ်စွယ်စုံထင်ပေါ် ကမ္ဘာကျော်ဆရာတော် အရှင်သောဘနအား လျှောက်တင်သံပါဘုရား	၃၁၈
၈၂။	**တက္ကသိုလ် သောတုဇန** (မဟာဓမ္မာစရိယ) ကျွန်ုပ်ကိုယ်တွေ့ မဟာစည်	၃၂၄
၈၃။	**ရဝေသျှင်** (နပဃ - ရန်ကုန်) အနွတ္ထနာမည် မဟာစည်	၃၂၉
၈၄။	**မောင်သီလ** ပါရမီချင်းတော့ မတူပါပေ	၃၃၂
၈၅။	**အရှင်စန္ဒိမာ** (ကမ္မဋ္ဌာနာစရိယ) အစဉ်ထာဝရလင်းတောက်နေမည့် မဟာစည်	၃၃၉
၈၆။	**ဘိုကလေး ရှားနွယ်** အချစ်၏ပြယုဂ် အမုန်း၏ခြေရာ	၃၄၂
၈၇။	**ရွှေပြည်ငြိမ်းအေး** ကျေးဇူးတော်ရှင်ဆရာတော်ဘုရား မြင်တွေ့စေချင်ပါသည်။	၃၄၈
၈၈။	**အေးရိပ်ချောင်ဆရာတော်** (မြိတ်) အမြိုက်တံခါးမှူး	၃၅၂
၈၉။	**အရှင်ပဏ္ဏဝ** (ဝန်ဆောင်) မဟာစည်ဆရာတော်ဘုရားကြီး၏ ရဟန်းတော်များ ဘဝနေနည်းနှင့်သေနည်း	၃၆၁
၉၀။	**ဓမ္မဘေရီ အရှင်ဝိရိယ** (တောင်စွန်း) ဆေးဆရာနှင့် ဆရာဆေး	၃၆၄
၉၁။	**ချစ်ညွှန့်ကျော်** ကမ္မဋ္ဌာန်းနှံ့ နေရီရီမှာမွေး	၃၇၀
၉၂။	**ငါ** (မန္တလေး) မိမိကိုယ်ကို ဓမ္မဖြင့် တည်ဆောက်ခြင်း	၃၇၄
၉၃။	**ဘဒ္ဒန္တတိလောက** (မြို့ဒေါင့်စေတီရိပ်သာ) ပြည်တွင်းပြည်ပ ဓမ္မဒေသနာခရီး အကြာမြင့်ဆုံးတစ်နေရာ	၃၈၀
၉၄။	**မှော်ဝန်းကြည်မြတ်** တရားမဖက် ပျားတစ်စက်	၃၈၄

မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

မာတိကာ

၉၅။	**အရှင်သီလာစာရ** (မဟာဗောဓိရိပ်သာ-ကန်သာ) သင်္ဂီယနာမေးဖြေတရားတော်ကို ကြည်ညိုမိခြင်း	၃၈၉
၉၆။	**မခင်ဝင်း** မဟာစည်ရိပ်သာကြီးက မာတိက မာတာများ	၃၉၂
၉၇။	**ခိုင်ရွှေကြာ** ဘုန်းကံထူးလည် မဟာစည်	၄၀၀
၉၈။	**ဓမ္မဒီပဆရာတော်** (တိုက်ဂျီ) ဝိပဿနာသာသနာအကျိုး ချစ်မြတ်နိုး	၄၀၄
၉၉။	**အရှင်တေဇိန္ဒာသဘ** (မဟာစည် နာယက) ဩဝါဒခံယူပူဇော်ပွဲ ဘယ်လိုကျင်းပသလဲ	၄၁၈
၁၀၀။	**ဆင်ဖြူကျွန်း ကျော်လှိုင်ဦး** ဟိတေသီတိုင်းရင်းဆေးကုခန်း	၄၂၃
၁၀၁။	**ဘဒ္ဒန္တကုမာရာဘိဝံသ ရေးသားပူဇော်သည်** မဟာစည်ဆရာတော်ဘုရား	၄၂၆
၁၀၂။	**ဘဒ္ဒန္တထေရဝံသ** (ဓမ္မကထိက ဗဟုဇနဟိတရေ) တရားရိပ်သာချီးမြှောက်ပုံကိုယ်တွေ့ကြုံ	၄၂၈
၁၀၃။	**တက္ကသိုလ်သျှင်သီရိ** (ဓမ္မာစရိယ - ဘီအေ) မဟာစည်ဆရာတော်ဘုရားကြီး၏ပုံပြင် (၂)ပုဒ်	၄၃၄
၁၀၄။	**ဇြေမ်းစိုး** (ဘိုကလေး) အခွင့်တော်ယူ	၄၃၉
၁၀၅။	**ပြင်သစ်ရဟန်းတော်အရှင်ဓမ္မသာမိ** မဟာစည်ရိပ်သာ၌ သီတင်းသုံးခဲ့စဉ်က	၄၄၂
၁၀၆။	**ဦးမျိုးဝေ** ဒုတိယ ကမ္ဘာစစ်ပြီးစ စမ်းကြီးဝတရားပွဲ	၄၄၈
၁၀၇။	**အမည်မသိဆောင်းပါးရှင်** ဆိပ်ခွန်တရား	၄၅၃
၁၀၈။	**အရှင်သီလာစာရ** (မဟာဗောဓိရိပ်သာ-ကန်သာ) ယောနယ်အတွင်းမှ အစောဦးဆုံး မဟာစည်ဩဝါဒခံရိပ်သာ	၄၅၆
၁၀၉။	**ဘဒ္ဒန္တပဏ္ဍဝံသ** (မြဝတီဆရာတော်) သမိုင်းတင်ချီ မဟာစည်	၄၆၀
၁၁၀။	**ဇာနည်သွေး** ဆင်သေကို စွန့်ပါလို့	၄၆၇
၁၁၁။	**ဦးအောင်တင့်** (ဓမ္မစာရီ) သစ္စာလွင်ပြင်သို့ လမ်းလျှောက်ထွက်ခြင်း	၄၇၀
၁၁၂။	**ဉာဏ်လင်းထိန်** (ရေနံချောင်း) မှတ်ကျောက်တင်ပြီး မဟာစည်နှိုးသရဉ်း	၄၇၂
၁၁၃။	**ဘဒ္ဒန္တဝါသဝ** (အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိက ဗဟုဇနဟိတရေ) သမိုင်းဝင်မှတ်တိုင်တစ်ခု	၄၇၇
၁၁၄။	**စာတည်းအဖွဲ့** ဩဝါဒဓမ္မအမွေကောက်နှုတ်ချက်များ	၄၈၀









၁၃၃၆ ခုနှစ်၊ ပြာသိုလ
၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ - ၂၀၀၀
တန်ဖိုး
၄၀၀၀/-

စာတည်းအဖွဲ့

စာတည်းမှူးချုပ်
ပိုလ်မှူးကြီးစောမြင့် (ငြိမ်း)
(မှူးသမိန်)

ဒု - စာတည်းမှူးချုပ်
ဦးဝင်းထိန် (ဒု - ဥက္ကဋ္ဌ)
(ပဋ္ဌာသနာနုဂ္ဂဟအဖွဲ့ချုပ်)

အမှုဆောင်စာတည်း
ဒု - ပိုလ်မှူးကြီးအုန်းမောင် (ငြိမ်း)
(ပဋ္ဌာသနာနုဂ္ဂဟအဖွဲ့ချုပ်)
ဦးစိုးဝင်း (တက္ကသိုလ် စိုးယဉ်)
(ပဋ္ဌာသနာနုဂ္ဂဟအဖွဲ့ချုပ်)
ဦးတင့်လွင် (တက်လူ)
ဒေါ်ဖြူဖြူဟန် (ယမုံသက်လယ်)

တာဝန်ခံစာတည်း
ဦးဝင်းမောင် (မောင်သီလ)

အုပ်ချုပ်ရေးမှူး
ဦးလှဟန်
(ပဋ္ဌာသနာနုဂ္ဂဟအဖွဲ့ချုပ်)

အထွေးပန်းချီဒီဇိုင်း
စန်းလှိုင်
ထွန်းအောင်
အောင်စံမြင့်
တင်ထွန်းထွန်း
ရန်နိုင်ဦး
ဆန်းဒေး

ပျက်နာဖုံးပန်းချီဒီဇိုင်း
ဆန်းဒေး

ကွန်ပျူတာစာစီ
A-OK Computer

မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

မာတိကာ

၁၁၅။	**မစိမ်းဇော်** (ဝါးခယ်မ) စာလုံးအလင်္ကာဆောင်ပုဒ်များဖြင့် ပေးသောသြဝါဒများ	၄၉၃
၁၁၆။	**မြောင်းမြ - မဥတ္တမစာရီ** ကြည်ညိုရှိ ပူဇော်ရှိခိုးပါ၏ ဘုရား	၄၉၆
၁၁၇။	**ဘဒ္ဒန္တတိလောက** (မြို့ဒေါင့်စေတီရိပ်သာ) မှတ်သားကြည်ညိုဖွယ်ရာ ဖြစ်ရပ်များ	၅၀၀
၁၁၈။	**ဘဒ္ဒန္တစန္ဒာဝရမဟာထေရ်** (လှိုင်မဟာစည်ဆရာတော်) မဟာစည်ဆရာတော်နှင့် မဟာစည်သတိပဋ္ဌာန်ဝိပဿနာတရားတော်	၅၀၄
၁၁၉။	**အရှင်သီလာစာရ** (မဟာဗောဓိရိပ်သာ-ကန်သာ) ကျေးဇူးကြီးလှနုဂ္ဂဟ	၅၁၂
၁၂၀။	**ပခုက္ကူ အရှင်ကေသရ** မဟာစည်ရွှေလမင်းကြီးသာခဲ့ပြီ	၅၁၆
၁၂၁။	**ဓမ္မာစရိယ ဦးမောင်မောင်လေး** မဟာစည်ခေါ်ဆရာတော်ထွန်းပေါ်ထင်ရှားသည်	၅၂၀
၁၂၂။	**မဏိဇောတ ပူဇော်သည်** ကျေးဇူးသန္ဓေတည် ရွှေရတုမဟာစည်မှသက်တော်ရာပြည့်သို့	၅၂၄
၁၂၃။	**ရွှေဘိုကောဝိဒဓဇ** ပူဇော်ပွဲတွင် မှတ်တမ်းတင်	၅၂၉
၁၂၄။	**ညောင်ကန်အေးဆရာတော်** မဟာစည်ဓမ္မကထိကများ လိုက်နာရန်စည်းမျဉ်း	၅၃၄
၁၂၅။	**အရှင်ကုသလ** (သရက်) သရက်မြို့နယ်မှ သမိုင်းဦးမဟာစည်ယောဂီများ	၅၃၉
၁၂၆။	**သရက်အရှင်ပညာဝရ** အလတ်လယ်ရွာနှင့် မဟာစည်ပဋိပတ္တိသာသနာ	၅၄၆
၁၂၇။	**ဝိုင်အမ်ဘီအေ - အရှင်ဝိသုတာဘိဝံသ** မြည်မစဲပြီ မဟာစည်	၅၅၄
၁၂၈။	**ဦးဝင်းထိန်** သဒ္ဓါနုသာရီ ဓမ္မာနုသာရီ ပုဂ္ဂိုလ်နှစ်မျိုး	၅၆၆
၁၂၉။	**စာတည်းအဖွဲ့** ဒါနသီလဘာဝနာတည် ဟိတေသီ	၅၇၈
၁၃၀။	**အရှင်ကဝိန္ဒ** (ရဂေစိုး) ရခိုင်ပြည်နယ် ဓမ္မဒေသနာခရီး	၅၆၃
၁၃၁။	**ချောင်းဆုံ အုန်းသွင်** ကျေးဇူးရှင် မဟာစည်ဆရာတော်	၅၆၈
၁၃၂။	**ဒေါ်ခင်ခင်ထား** (အမျိုးသမီးယောဂီ) အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့	၅၇၁
၁၃၃။	**တက္ကသိုလ် စိုးယဉ်** အဖိုးအနှုရတနာ မဟာစည်ဆရာတော်ဘုရားကြီး၏ ဓမ္မဒေသနာ	၅၇၄

မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

မာတိကာ

၁၃၄။	**ဦးဝင်းဆွေ**	
	မမေ့နိုင်သော ဩဝါဒတစ်ခု	၅၃၃
၁၃၅။	**ဦးခင်မောင်လေး** (အငြိမ်းစား သံအမတ်ကြီး)	
	အီတလီနိုင်ငံသို့သာသနာပြုခရီးကြွရောက်ခဲ့စဉ်က	၅၈၃
၁၃၆။	**ဒေါက်တာ ဦးကျော်မြင့်**	
	ကျမ်းစာအုပ်များ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်း	၅၈၇
၁၃၇။	**နုဂ္ဂဟအဖွဲ့.**	
	ကျမ်းစာအုပ်များစာရင်းနှင့်ဈေးနှုန်းများ	၅၈၉
၁၃၈။	**မင်းရာဇာ (ရွှေမင်းဝံ)**	
	မဟာစည်တရားနည်းအကြောင်း သိမှတ်စရာ	၅၉၃
၁၃၉။	**လှသိန်း (ဆေး)**	
	ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏နောက်ဆုံးနေ့	၅၉၈
၁၄၀။	**ဒေါက်တာ ကျော်မြင့်**	
	ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး	
	ပြည်ပသာသနာပြုခရီးမှတ်တမ်း	၆၀၄
၁၄၁။	**ဦးပွင့်ကောင်း**	
	ကျေးဇူးရှင်ဆရာတော်ဘုရားကြီးနှင့် တိပိဋကဆရာတော်	၆၂၂
၁၄၂။	**ဒေါက်တာ ကျော်မြင့်**	
	မဟာစည်ဆရာတော်နှင့် ဆာဦးသွင်	၆၂၈
၁၄၃။	**စာတည်းအဖွဲ့.**	
	ဆရာတော်ဘဒ္ဒန္တသူရိယမိန့်ကြားတော်မူသည့်ဩဝါဒ	၆၃၂
၁၄၄။	**စာတည်းအဖွဲ့.**	
	ဦးပွင့်ကောင်းဇနီး ခေါ်ခင်နွဲ့.ရီ	၆၃၆
၁၄၅။	**ပါရဂူ**	
	မြန်မာနိုင်ငံနှင့် ပဋိပတ္တိသာသနာ	၆၄၀

ရာပြည့်မဟာစည်ဝန်ဆောင်မှုတ်တမ်း

၁၄၆။	ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့.ပုံ	၆၄၅
၁၄၇။	ဟိတေသီအဖွဲ့ပုံ	၆၄၆
၁၄၈။	အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ပုံ	၆၄၇
၁၄၉။	စာတည်းအဖွဲ့ပုံ	၆၄၈
၁၅၀။	သက်တော်ရာပြည့်အထိမ်းအမှတ်ပူဇော်ပွဲ	
	ကျင်းပရေးအဖွဲ့များ	၆၄၉
၁၅၁။	ပြည်ထောင်စုမြန်မာနိုင်ငံတော်	
	ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်	၆၅၁
၁၅၂။	မဟာစည်ပဋိပတ္တိသာသနာဝင်နုဂ္ဂဟအဖွဲ့	၆၆၀
၁၅၃။	ဘွဲ့တံဆိပ်တော်များ လှူဒါန်းဆက်ကပ်ခြင်းခံရသော	
	မဟာစည်သာသနာ့ရိပ်သာဆရာတော်ကြီးများနုဂ္ဂဟအဖွဲ့	၆၆၆
၁၅၄။	စာတည်းအဖွဲ့	
	ကျေးဇူးတင်မှတ်တမ်း	၆၇၂

ဤစာအုပ်ကြီးအတွက်
အဘက်ဘက်မှ လူအား ငွေအား
အတတ်ပညာအားတို့ဖြင့်
စွမ်းစွမ်းတမံကြိုးစားအားထုတ်
ဆောင်ရွက်ပေးသော
ဦးသူရိန်ထွန်း
Stars Color Separation
နှင့်
ပုံနှိပ်လုပ်ငန်းတို့အား
အထူးကျေးဇူးတင်ရှိပါကြောင်း
မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ပုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

စာမူခွင့်ပြုချက်အမှတ်
၇၅၁ / ၂၀၀၄ (၁၁)

မျက်နှာပုံးခွင့်ပြုချက်
၇၁၉ / ၂၀၀၄ (၁၂)

အပုံးနှင့် အတွင်းဖလင်
Stars Color Separation

ထုတ်ဝေသူ
ဦးတင်ဝမ် (၂၄၀)
ဥက္ကဋ္ဌ
(ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်)
မဟာစည်သာသနာ့ရိပ်သာ
အမှတ် ၁၆၊ ဟာမစ်တစ်လမ်း၊
ဗဟန်းပြိုနယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
Stars Empire
တင်ဇာ (မြ)
အမှတ် ၂၇/၃၂၊ ၄၂လမ်း၊
(အောက်ဘာလောက်)၊
ဒိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး

၏

ဝိပဿနာအလုပ်အားထုတ်ရန် တိုက်တွန်းနှိုးဆော်သည့်

ပြဒါဒစကား



အိုး...သူတော်ကောင်း

အို ... သူတော်ကောင်း ... လူဖြစ်နေစဉ် ယခုအခါသည်သာလျှင် ဝိပဿနာအလုပ်ကို အားထုတ်နိုင်သည့်အခါပေတည်း၊ ဤဝိပဿနာ အလုပ်ဖြင့် မင်္ဂဖိုလ်နိဗ္ဗာန်ကိုရ၏၊ အပါယ်ဆင်းရဲသံသရာဆင်းရဲတို့မှ လွတ်ကင်းထွက်မြောက်၏ ဤမျှကြီးကျယ်သောအကျိုးကို ပေါ်လျှော် ပျင်းရိစွာအားထုတ်၍ ဘယ်မှာရနိုင်ပါမည်နည်း။

အို ... သူတော်ကောင်း ... မင်္ဂဖိုလ်နိဗ္ဗာန်ဟူသော အလွန်ကြီးမားတဲ့အကျိုးကို ရစေနိုင်တဲ့ ဝိပဿနာအလုပ်ကို ပြင်းထန်စွာ အားထုတ်ပါလော့။

သင်မပျင်းနဲ့၊ မမေ့နဲ့၊ အားထုတ်ပါလော့။ ။



ဆဋ္ဌသင်္ဂါတိပုဒ္ဓက အဂ္ဂမဟာပဏ္ဍိတ

နိုင်ငံတော်ဩဝါဒိစရိယ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်

ဘဒ္ဒန္တသောဘန

မဟာစည်သာသနာ့ဂိုပ်သာ ဩဝါဒါစရိယဆရာတော်



အဋ္ဌမ်ဝရဟာတော်

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ၊ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက

ချမ်းမြအောင်စည်ဆရာတော်

မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယဆရာတော်



ဒေါက်တာ ဘဒ္ဒန္တ သီလာနန္ဒာဘိဝံသ

အဂ္ဂမဟာပဏ္ဍိတ ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ဓမ္မနန္ဒီကျောင်းတိုက်၊ ဆန်ဖရန်စစ္စကို

မဟာစည်သာသနာ့ရိပ်သာ

ဦးသျှင်ဩဘာသိစရိယဆရာတော်ကြီးများ



ဘဒ္ဒန္တဥက္ကံသာစာရ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ဇီးကုန်းဆရာတော်



ဘဒ္ဒန္တတိလောက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
မြို့ထောင့်စေတီတော်ရိပ်သာ၊ ရွှေဘိုမြို့



ဘဒ္ဒန္တဣန္ဒာဝံသ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
အိမ်မဲဆရာတော်



ဘဒ္ဒန္တတိလောက
မဟာကမ္မဋ္ဌာနာစရိယ
ဝါးခယ်မရိပ်သာ၊ ရာဝတီတိုင်း



ဘဒ္ဒန္တအာဒိစ္စ
တောင်ငိုင်းလေးဆရာတော်



ဘဒ္ဒန္တကုက္ကုလ
မဟာကမ္မဋ္ဌာနာစရိယ
ဟင်္သာတဆရာတော်

၂၀၀၃- ၂၀၀၄ ခုနှစ်

မဟာစည်သာသနာ့ရိပ်သာ

နာယကဆရာတော်များ



ဝဲမှယာ

ဘဒ္ဒန္တကုသလ (မုဒုံဆရာတော်)၊ ဘဒ္ဒန္တတေဇိန္ဒာသဘ (ပုသိမ်ဆရာတော်)၊ ဘဒ္ဒန္တဝါသဝ (မြစ်သားဆရာတော်)

ဘဒ္ဒန္တဇဋိလ (ပျဉ်းမနားဆရာတော်)၊ ဘဒ္ဒန္တထေရဝံသ (မြန်အောင်ဆရာတော်)

ဘဒ္ဒန္တသူရိယ၊ ဘဒ္ဒန္တကုမာရ (ကျောက်ပန်းတောင်းဆရာတော်)

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

မြန်မာနိုင်ငံတော်ပါဠိဘာသာပညာရေးအဖွဲ့

ပဌမပြန်စာမေးပွဲ



၁၃၀၈ ခုနှစ်၊ အောင်လက်မှတ်နံပါတ် ၈ ------၊

မေါ်လမြိုင် မြို့၊ တေါင်ပိုင်ရပေး ကျောင်းတိုက်၊ ------

ဦးသောဘန် ၏တပည့်၊ ------ မြို့/ရွာ နေ၊ ဦးတံဖော် ၏

ယားအသက် ၃၆ နှစ်ရှိ၊ ဦးသေါ်ဘလာ ------ သည်၊

ဆာသနာ ၂၄၈၅ ခုနှစ် နယုန် လဉ် ကျင်းပသည်

ကောဇာ ၁၃၀၃

စာချတန်း စာမေးပွဲကို အောင်မြင်တော်မူ၍၊ သာသနဇေမ္မောဓရီယဘွဲ့ကို ရတော်မူသည်။

ဦးမြန်

ဥက္ကဋ္ဌဆရာတော်။
နာယက ဆရာတော်များအဖွဲ့။

ဒုတိယဥက္ကဋ္ဌ။
မြန်မာနိုင်ငံတော် အမှုဆောင်ဝန်ကြီးများအဖွဲ့။

ဦးမြန်

ဥက္ကဋ္ဌ။
မြန်မာနိုင်ငံတော် ပါဠိဘာသာပညာရေးအဖွဲ့။

မြန်မာနိုင်ငံတော် ပညာရေးအမှုဆောင်ဝန်ကြီး

၁၃၀၈ ခုနှစ်၊ ဖြာခရိုင် လွှတ်ပန်ရက်။





အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်။။

ရန်ကုန်မြို့ မဟာစည်ဆရာတော်

ဆရာတော်ဘဒ္ဒန္တ ဣသာဘိဝံသ

ဆရာတော် အရှင်သူမြတ်၏ သီလဂုဏ် သမာဓိဂုဏ်တို့နှင့်တကွ ထူးကဲသော ပညာဂုဏ်တို့ကို ကြည်ညိုလေးစားသောအားဖြင့် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။



နိုင်ငံတော်သမတ၊
မြို့ထောင်စုမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့။

သာသနာတော် သက္ကရာဇ် ၂၄၉၇၊
ကောဇာသက္ကရာဇ် ၁၃၁၅ ခု၊ ဒုတိယဝါဆိုလဆန်း ၈-ရက်။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ဆဋ္ဌသံဂါယနာဝင်သာသနာပြုလက်မှတ်

ဗုဒ္ဓသာသနာတော် အဓွန့်ရှည်ဖွာ တည်တံ့စည်ကား ကြီးပွါး ထွန်းပစေခြင်းငှါ၊ ထမ္မာဝေါ်ရှိ ထေရဝါဒ နိုင်ငံအားလုံး စည်းလုံးညီညာဖွာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမဂ်လာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာတော်နှစ် ၂၅၀၀၊ မြန်မာကောဇာသက္ကရာဇ် ၁၃၁၀-ခု၊ ကဆုန်လပြည့်နေ့တိုင်အောင် ဆင်ယင်ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ မဟာပွေသဘင်ကြီး၌ ရှေးရှေး သံဂါယနာဝင် ထေရ်အသျှင်တို့ကဲ့သို့ ပါဝင် ဆောင်ရွက်တော်မူသဖြင့် ..... မြန်မာ ..... နိုင်ငံ ရန်ကုန် ..... မြို့ သာသနဂိုဟ်သာ ..... တိုက် ..... ကျောင်း၌ သီတင်းသုံးတော်မူသော သိက္ခာတော် ၃၂ ..... ရှိဆရာတော်ဦးဇသာဘန ..... အား

ဆဋ္ဌသံဂီတိသြဝါဒါစရိယ-သံဃနာယက

ဆဋ္ဌသံဂါယနာဝင် သာသနာပြု လက်မှတ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။





ဥက္ကဋ္ဌ
နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

နိုင်ငံတော်သမတ
ပြည်ထောင်စု မြန်မာနိုင်ငံတော်

သာသနာသက္ကရာဇ် ၂၅၀၀။
ကောဇာသက္ကရာဇ် ၁၃၁၀။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ဆဋ္ဌသံဂါယနာဝင်သာသနာပြုလက်မှတ်

ဗုဒ္ဓသာသနာတော် အခွန့်ရှည်စွာ တည်တံ့စည်ကား ကြီးပွါး ထွန်းပစေခြင်းငှါ၊ ကမ္ဘာပေါ်ရှိ ဆေရဝါဒ နိုင်ငံအားလုံး စည်းလုံးညီညာစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာတော်နှစ် ၂၅၀၀၊ မြန်မာကောဇာသက္ကရာဇ် ၁၃၁၀-ခု၊ ကဆုန်လပြည့်နေ့တိုင်အောင် ဆင်ယင်ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ မဟာဝမ္မသဘင်ကြီး၌ ရှေးရှေး သံဂါယနာဝင် ထေရ်အသျှင်တို့ကဲ့သို့ ပါဝင် ဆောင်ရွက်တော်မူသဖြင့် ..... မြန်မာ ..... နိုင်ငံ ..... ရန်ကုန် ..... မြို့ ..... သာသနရိပ်သာ ..... တိုက် ..... ကျောင်း၌ သီတင်းသုံးတော်မူသော သီကျွာတော် ..... ရှိ ဆရာတော်ဦးသောဘန အား

ဆဋ္ဌသံဂီတိမရမ္မိကတိပိဋကပဋိဝိသောကေ

ဆဋ္ဌသံဂါယနာဝင် သာသနာပြု လက်မှတ်တော်ကို ဆက်တပ်လျှဒါန်းပါသည်။

ဥက္ကဋ္ဌ
နိုင်ငံတော် ဗုဒ္ဓသာသနာအဲ့

နိုင်ငံတော်သမတ
ပြည်ထောင်စု မြန်မာနိုင်ငံတော်

သာသနာသက္ကရာဇ် ၂၅၀၀။
ကောဇာသက္ကရာဇ် ၁၃၁၀။





ဆဋ္ဌသံဂါယနာဝင်သာသနာပြုလက်ဖွဲ့တို့

ဗုဒ္ဓသာသနာတော် အနွန်ရွှေ့ဆွာ တည်တံ့ခိုင်ကာ၊ ကြီးပွါး၊ ထွန်းပခေါင်းဖြင့်၊ တန္ဆာဆင်၀ါ၌ ဆောင်ရွက်ခဲ့ကြသော နိုင်ငံအာဏာရှင်၊ စည်းလုံးညီညွတ်ရေး ပြည်ထောင်စု ဖြန့်ခွဲနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ တောင်ဝါသာကာလိုက်ဂူတော်ကြီး၌ သာသနာတော်နှစ် ၂၅၀၀၊ မြန်မာတကာရာဇသက္ကရာဇ် ၁၃၀၈-ခု၊ ကဆုန်လပြည့်နေ့တိုင်အောင် ဆင်ယင်ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ ဓမ္မာစရိယများအဖွဲ့ကြီး၌ ဂရုစိုက်၊ သံဂါယနာဝင် ထေရ်အဿဇိကဲ့သို့ ဂါ၀င် ဆောင်ရွက်တော်မူသမြှင့် ..... နိုင်ငံ ..... မြို့ ..... ဘဘသဘာ၀ရိပ်သာ.... တိုက် ..... ကျောင်း၌ သီတင်းသုံးတော်မူသော သီလာဘိ ..... ဆရာတော်ဘုရားကြီးအား

ဆဋ္ဌသံဂီတိဩဝါဒနသောဓနဓေယျပတ္ထာပါဒ်ခံက

ဆဋ္ဌသံဂါယနာဝင် သာသနာ့ဖြူ လက်ဖွဲ့တော်ကို ဆက်ခံထွန်းကားခါနီးဂါဝါသည်၊





ဦးသန်း

နိုင်ငံတော် ဗုဒ္ဓသာသနာတော်



နိုင်ငံတော်သမ္မတ
ပြည်ထောင်စု မြန်မာနိုင်ငံတော်

သာသနာသက္ကရာဇ် ၂၅၀၀ ခု
ကောဇာသက္ကရာဇ် ၁၃၁၈ ခု

ဇီတာ သံဂါယနာ သာသနာပြု လက်မှတ်

မြန်မာနိုင်ငံ ရန်ကုန် မြို့ တိုက် သာသနာ့ဂိုဏ်သာ ကျောင်း သီကွာတော် ၃၈ ဝါရှိ ဆရာတော် ဦးသောဘန အသျှင်မြတ်အား ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးဝယ် သာသနာတော် ၂၅၀၄-ခုနှစ် မြန်မာ ၁၃၂၂-ခုနှစ်မှ သာသနာတော် ၂၅၀၅-ခု မြန်မာ ၁၃၂၃-ခုနှစ်အထိ နှစ်နှစ်တိုင်တိုင် ဆင်ယင်ကျင်းပအပ်သော ဇီတာ သံဂါယနာ မဟာမွေသဘင်၌ ပါဝင် ဆောင်ရွက်တော်စူသမြင့်—

"ဇီတာ သံဂီတိကာရက"

သာသနာပြုလက်မှတ်ကို ဆက်ကပ်လှူခါန်းပါသည်။





ဦးသောဘန
နိုင်ငံတော်ရာဇသာသနာအရှဲ

ဆာသနာ ၂၅၀၅
မြန်မာ ၁၃၂၃

နိုင်ငံတော်သမတ
ပြည်ထောင်စုမြန်မာနိုင်ငံတော်

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

အဋ္ဌကထာ သံဂါယနာ သာသနာပြု သက်မှတ်

မြန်မာနိုင်ငံ ရန်ကုန် မြို့ တိုက် သာသနဂိုယ်သာ ကျောင်း ထိကျွာတော် ၃၈ ဝါရှိ ဆရာတော် ဦးသောဘန် အသျှင်မြတ်အား မြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ တောဝါသာကလိုက်ဂူတော်ကြီးဝယ် သာသနာတော် ၂၅၀၀-ရနှစ် မြန်မာ ၁၃၁၈-ရနှစ်မှ သာသနာတော် ၂၅၀၃-ရ မြန်မာ ၁၃၂၁-ရနှစ်အထိ လေးနှစ်တိုင်တိုင် ဆင်ယင်ကျင်းပအပ်သော အဋ္ဌကထာ သံဂါယနာမဟာဗျူသဘင်၌ ပါဝင်ဆောင်ရွက်တော်မူသမြန်—

"အဋ္ဌကထာ သံဂီတိကာရက"

သာသနာပြုလက်မှတ်ကို ဆက်ထပ်လျှာဒါန်းပါသည်။





သီရိမင်္ဂလာ

ဥက္ကဋ္ဌ

နိုင်ငံတော်ပုဒ္ဓသာသနာအဖွဲ့

သာသနာ ၂၅၀၅

မြန်မာ ၁၃၂၁

နိုင်ငံတော်သမတ

မြည်တောင်စုမြန်မာနိုင်ငံတော်





ဆဋ္ဌသံဂါယနာဝင်သဒ္ဒသနာပြုလတ်မှတ်

ဗုဒ္ဓသာသနာတော် အနွန်ရှည်စွာ တည်တံ့စေလိုကာ၊ ကြီးပွါး ထွန်းဝေဖြင့်၎၊ ဆန္ဒာဧဝါရှိ ဧထရဝါဒ
နိုင်ငံအာဏုံး စည်းလုံးညီညာစွာ မြည်ဧထာင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ အီရိမဒ်ထာထုန်းမြေ
ဧတာဝါသာဆလိုက်ဂူတော်ကြီး၌ သာသနာတော်နှစ် ၂၅၀၀၊ မြန်မာဧတာဧာသဘ္ဘာထုဒ် ၁၃၁၀-ခု၊
ကဆုန်လပြည့်နေ့တိုင်ဧအောင် ဆင်ယင်ကျင်းပဧဝ်သော ဆဋ္ဌသံဂါယနာ ဧတာဝေ့သဘင်ကြီး၌ ဧရှးဧရှး
သံဂါယနာဝင် ဧထရ်အဿဇိတ်ကဲ့သို့ ဝါဝင် ဧဆာင်ရွက်တော်မူသဖြင့် ..... နိုင်ငံ
..... ရိုက်ကြေးခဲ့ ..... မြို့ ..... ကုလားကြီးခင်း ..... တိုက်သားသားနှင်းပြားသား ဧကျာင်း၌
သီတင်းသုံးတော်မူသော သိက္ခာတော် ..... ဘုရား ..... နှိမ်းအစာစည်ကိုင်းသားသားခဲ့အား၊

ဆဋ္ဌသံဂီတိကာရက

ဆဋ္ဌသံဂါယနာဝင် သာသနာမြို့ လက်မှတ်တော်ကို ဆက်ဆင်လျှဝါနှံးဝါဆည်း





ဦးဇဋိလ
နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

နိုင်ငံတော်သမတ
မြည်ဧထာင်စု မြန်မာနိုင်ငံတော်

သာသနာသက္ကရာဇ် ၂၅၀၀။
ဧဇာဇာသက္ကရာဇ် ၁၃၁၀။





ဆဋ္ဌသံဂါယနာဝင်သဒ္ဓသနာပြုလက်မှတ်

ဗုဒ္ဓသာသနာတော် အဋ္ဌန်္ဂရည်စွာ တည်တံ့စည်ကား ကြီးပွါး ထွန်းပစေခြင်းငှါ၊ ထိုအာဇာနည်ဘိုရိုး
နိုင်ငံအားလုံး၊ စည်းလုံးညီညာစွာ မြည်ဆောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ သိရိမင်္ဂလာကုန်းမြေ
မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာတော်နှစ် ၂၅၀၀၊ မြန်မာဇော်ဂနီသက္ကရာဇ် ၁၃၁၈-ခု၊
ကဆုန်လပြည့်နေ့တိုင်အောင် ဆင်ယင်ကျင်းဝပ်စပ်သော ဆဋ္ဌသံဂါယနာ မဟာဝေယျာဝစ္စကြီး၌ ဝန္ဒနာဝန္ဒ၊
သံဂါယနာဝင် ထေရ်အဿဇိကဲ့သို့ ပါဝင် ဆောင်ရွက်တော်မူသမြှင့် ..... မြန်မာ ..... နိုင်ငံ
..... ရန်ကုန် ..... မြို့ ... သာသနာ့ရိပ်သာ ..... တိုက် ..... ကျောင်း၌
သီတင်းသုံးတော်မူသော သီကျာတော် ..... ၃၂ ..... ဂို ဆဂၤဓဝသီဘိုးရဿာဘာနဲ ..... အား

ဆဋ္ဌသံဂီတိဘာဝရှိဇ္ဇာဝရက

ဆဋ္ဌသံဂါယနာဝင် သာသနာ့မြို့ လက်မှတ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။





ဦးသန်းရွှေ
နိုင်ငံတော် ဗုဒ္ဓသာသနာဘာသို့

ဒေါက်တာ ခင်ကြီ
နိုင်ငံတော်သမ္မတ
မြန်မာနိုင်ငံတော်

သာသနာသက္ကရာဇ် ၂၅၀၀။
ကောဇာသက္ကရာဇ် ၁၃၁၈။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ဆဋ္ဌသံဂါယနာဝင်သာသနာပြုလက်မှတ်

ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ တည်တံ့စည်ကား ကြီးပွါး ထွန်းပစေခြင်းငှါ၊ ကမ္ဘာပေါ်ရှိ ထေရဝါဒ နိုင်ငံအားလုံး စည်းလုံးညီညာစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာတော်နှစ် ၂၅၀၀၊ မြန်မာကောဇာသက္ကရာဇ် ၁၃၁၈-ခု၊ ကဆုန်လပြည့်နေ့တိုင်အောင် ဆင်ယင်ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ မဟာပေါ်သဘင်ကြီး၌ ရှေးရှေး သံဂါယနာဝင်ထေရ်အချင်တို့ကဲ့သို့ ပါဝင် ဆောင်ရွက်တော်မူသဖြင့် ..... [illegible] ..... နိုင်ငံ ..... မြို့ ..... တိုက် ..... ကျောင်း၌ သီတင်းသုံးတော်မူသော သိက္ခာတော် ..... [illegible] ..... ရှိ [illegible] ..... အား

ဆဋ္ဌသံဂီတိမွေပုဆွဲက

ဆဋ္ဌသံဂါယနာဝင် သာသနာပြု လက်မှတ်တော်ကို ဆက်တပ်လျှဒါန်းဝါသည်။





ဥက္ကဋ္ဌ
နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

နိုင်ငံတော်သမတ
ပြည်ထောင်စု မြန်မာနိုင်ငံတော်

သာသနာသက္ကရာဇ် ၂၅၀၀။
ကောဇာသက္ကရာဇ် ၁၃၁၈။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း ရန်ကုန်။



မဟာစည်သာသနာ့ရိပ်သာဦးသျှောင်ဆရာတော်

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

ဘဒ္ဒန္တ ဥက္ကံသာစာရ (ဇီးကုန်းဆရာတော်)

၏

ရာပြည့်မော်ကွန်း ဩဝါဒတော်

သာသနာ့ဒါယကာလုပ်လိုသောပုဂ္ဂိုလ်များ သာသနာတော်နှင့်ပတ်သက်ပြီး သဒ္ဓါ၊ စေတနာသန့်သန့်စိတ်ထားနှင့် ကိုးကွယ်ဆည်းကပ်ရမယ်။ သဒ္ဓါ၊ စေတနာသန့်သန့်ဆိုတာက ဆည်းကပ်ကိုးကွယ်တဲ့နေရာမှာ စီးပွားရေးမရောဖို့၊ နိုင်ငံရေးမရောဖို့၊ လူမှုရေးမရောဖို့၊ သာသနာရေးသန့်သန့်လေး ဆောင်ရွက်သွားလျှင် သဒ္ဓါ၊ စေတနာသန့်သန့်စိတ်ထား ဆောင်ရွက်တယ်လို့ ကိုးကွယ်တယ်လို့ ယူဆပါတယ်။ နောက်ပြီးတော့ ဂုဏ်နဲ့ဒြပ်ထပ်အောင် ကျင့်သုံးရမယ်။ ဂုဏ်နှင့်ဒြပ်ထပ်အောင် ကိုးကွယ်မှ ကျင့်သုံးမှ ပိုပြီးအကျိုးများတယ်၊ နောက်ပြီးတော့ ကိုးကွယ်တဲ့နေရာမှာလည်း သာသနာတော်နှင့်လျော်တဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ဖြင့် ကိုးကွယ်ရမယ်၊ ဂုဏ်နှင့်ဒြပ်မထပ်တဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာနဲ့ ကိုးကွယ်လျှင် သိပ်အကျိုးမရဘူး၊ ဒါကြောင့် ဂုဏ်နှင့်ဒြပ်ထပ်အောင် ကိုးကွယ်တဲ့ပုဂ္ဂိုလ်ဆိုလျှင် အဲဒီ ကိုးကွယ်တဲ့ ပုဂ္ဂိုလ်ကိုကြည့်ပြီးတော့ ပြင်ပဖြစ်တဲ့ပုဂ္ဂိုလ်တွေက ပိုပြီး သဒ္ဓါတရားတွေ ဝင်လာတတ်တယ်၊ ဝင်လာလို့ရှိလျှင် သာသနာတော် အကျိုးရှိတယ်၊ သာသနာတော်နှင့်လျှော်အောင်ဆိုတာ အခုခေတ်အခါမှာ ကိုးကွယ်နေကြတာ တစ်ချို့တွေက ရောတာတွေရှိတယ်၊ ဒီတော့ သာသနာတော်သန့်သန့်စိတ်ထားတွေနဲ့ သာသနာတော်ရဲ့လုပ်ငန်းပီပီသသနဲ့ ကိုးကွယ်သွားလျှင် ရှေးရှေးသော သူတော်ကောင်းကြီးတွေ ကိုးကွယ်တဲ့နည်းလမ်းအတိုင်း ဖြစ်ပါတယ်။ အဲဒီလို ကိုးကွယ်နိုင်အောင် ကြိုးစားကိုးကွယ်ကြပါလို့ ဘုန်းကြီးအနေနဲ့ ဩဝါဒပေးပါတယ်။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



မဟာစည်သာသနာ့ရိပ်သာဦးဿာဘိဝံသဆရာတော်

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

ဘဒ္ဒန္တ တိလောက (ရွှေဘိုမြို့ထောင့်ဆရာတော်)

၏

ရာပြည့်မော်ကွန်း ဩဝါဒတော်

သာသနာတော်ကြီးဖြစ်တဲ့ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ သာသနာ (၃)ရပ်တို့ကို ကြီးပွားအောင်၊ ထွန်းကားအောင်၊ တိုးတက်အောင် အခုလိုဆောင်ရွက်ကြတယ်၊ နောက်ပြီး ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးကိုဆပ်သောအနေအားဖြင့် အစွမ်းကုန်ဆောင်ရွက်ပြီးတော့ ပူဇော်ကြတယ်၊ ဆရာတော်ဘုရားကြီး၏ နှစ်တစ်ရာပြည့်ပူဇော်ပွဲကြီးကို ကျင်းပတယ်ဆိုတော့ အဲဒါ တစ်နည်းအားဖြင့် ဆရာတော်ရဲ့ အာစရိယဂုဏ်ပူဇော်လည်းဖြစ်တယ်၊ သာသနာတော်ရဲ့အကျိုးကို ပွင့်လင်းအောင်ဆောင်ရွက်တဲ့ပုဂ္ဂိုလ်တွေလည်း ဖြစ်ကြပါတယ်၊ တစ်နည်းအားဖြင့်လည်း အာစရိယဆရာတော်ကိုပူဇော်တဲ့အတွက် မိမိတို့ရဲ့အကျိုးတွေလည်း သက်ရောက်သွားတယ်၊ သာသနာတော်ကြီးအကျိုးကိုဆောင်ရွက်တဲ့အတွက် အခုဆောင်ရွက်တဲ့ ဒကာကြီးတွေအားလုံး မိမိတို့အကျိုးလည်း သက်ရောက်သွားတယ်၊ ကျန်ရှိတဲ့ပုဂ္ဂိုလ်တွေလည်း အဲဒီအကျိုးတရားတွေကို ခံစားကြရမယ်၊ ဒကာကြီးတို့ရဲ့လုပ်ဆောင်မှုတွေဟာ သာသနာတော်အတွက် အကျိုးများလို့ ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်နိုင်ကြပါစေလို့ ဆရာတော် မေတ္တာပြုပါတယ်၊ အားလုံး ကျန်းမာချမ်းသာ၍ လိုအင်ဆန္ဒ ပြည့်ဝကြပါစေ။

❖❖ ❖ ❖❖

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အာထိမ်းအမှတ်မော်ကွန်း



မဟာစည်သာသနာ့ရိပ်သာဦးဇင်္ဂါဆရာတော်

အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ

ဘဒ္ဒန္တဉာန္ဒဝံသ (အိမ်မဲဆရာတော်)

၏

ကျပြည့်မော်ကွန်းဩဝါဒတော်

"သဗ္ဗပါပဿ အကရဏံ ကုသလဿ ဥပသမ္ပဒါ

သစိတ္တပရိယောဒပနံ • တံ ဗုဒ္ဓါန သာသနံ" လို့ မြတ်စွာဘုရား ဟောကြား တော်မူတဲ့အတိုင်း အကုသိုလ်မှန်သမျှကိုမပြုဖို့၊ ကုသိုလ်မှန်သမျှကို ပြည့်စုံအောင် ကြိုးစားကြဖို့၊ မိမိစိတ်ကိုသန့်ရှင်းစင်ကြယ်အောင်ထားဖို့၊ အဲဒီ (၃) ချက်ကိုလက်ကိုင်ထားပြီး သာသနာ့အကျိုးသည်ပိုးဆောင်ရွက်နိုင်ကြပါစေလို့ ဘုန်းကြီး ဩဝါဒ ပေးလိုပါတယ်။

❖❖ ❖ ❖❖

JR





မဟာစည်သာသနာ့ရိပ်သာဦးသျှောင်ဆရာတော်

အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ

ဘဒ္ဒန္တ တိလောက (ဝါးစယ်မဆရာတော်)

၏

ကုပြည့်မော်ကွန်းဩဝါဒတော်

ဘုရားဟောတော်မူခဲ့တဲ့အတိုင်း ဒကာကြီးတွေ အမြဲတမ်း ကိုယ့်ခန္ဓာကို အားပေးရမယ်၊ ကိ ဘာယာမိ အတ္ထိ မေ ဒါန် ကိ ဘာယာမိ အတ္ထိ မေ သီလံ ကိ ဘာယာမိ အတ္ထိ မေ သမာဓိ "ကိဘာယာမိအတ္ထိမေပညာ" အဟံ-ငါသည်၊ ကိ-ဘာပြုလို့၊ ဘာယာမိ-ကြောက်ရပါအုံးနည်း၊ မေ-ငါ့အား၊ ဒါန်-နေ့စဉ်နှင့်အမျှ ပြုစုလှူဒါန်းထားတဲ့ ဒါနတွေသည်၊ အတ္ထိ-အများကြီးရှိသားပဲလို့၊ ငါတို့ဟာ အိုရမည့်ဘေး မကြောက်ဘူး၊ နာရမည့်ဘေးမကြောက်ဘူး၊ သေရမည့်ဘေးမကြောက်ဘူး၊ ငါတို့ဟာ နေ့စဉ် ရေတစ်ခွက်၊ ပန်းတစ်ခက်မှစပြီးတော့ လှူဒါန်းထားတဲ့ ဒါနတွေ အများကြီးရှိတယ်။

အေး အဲဒါကြောင့် "ကိဘာယာမိအတ္ထိမေဒါန်" လို့ ဘုရားသခင်က ဟောတော်မူခဲ့ပါတယ်၊ ရှေ့တစ်ဆင့်တိုးလိုက် "ကိဘာယာမိအတ္ထိမေသီလံ"တဲ့၊ အဟံ-ငါသည်၊ ကိ-ဘာပြုလို့၊ ဘာယာမိ-ကြောက်ရပါအုံးနည်း၊ မေ-ငါ့အား၊ သီလံ-နေ့စဉ်နှင့်အမျှ စောင့်သုံးထားတဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလတွေသည်၊ အတ္ထိ-အများကြီးရှိသားပဲ၊ ငါဟာ အိုရမည့်ဘေး၊ နာရမည့်ဘေး၊ သေရမည့်ဘေး မကြောက်ဘူး၊ ငါ့မှာ နေ့စဉ်နဲ့အမျှ ရေတစ်ခွက်၊ ပန်းတစ်ခက် အစရှိသည့် လှူတဲ့အခါမှာ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ



တွေ ငါတို့ စောင့်ထိန်းထားတာတွေ အများကြီးရှိတယ်လို့ နေ့စဉ်နှင့်အမျှ ကြဲုးဝါးပြီးမှအိပ် တတိယအချက်က "ကိဘာယာမိအတ္ထိ မေသမာဓိ"တဲ့၊ အဟံ-ငါသည်၊ ကိ-ဘာပြုလို့၊ ဘာယာမိ-ကြောက်ရပါအံ့နည်း၊ မေ-ငါ့အား၊ သမာဓိ-နေ့စဉ်နှင့်အမျှ ပွားများရွတ်ဖတ်သရဇ္ဈာယ်ထားတဲ့ သမာဓိတွေသည် အတ္ထိ-အများကြီးရှိသားပဲ၊ ငါဟာ နေ့စဉ်နှင့်အမျှ ရွတ်ဖတ်သရဇ္ဈာယ်ထားတဲ့ ပဌာန်းသည်၊ အတ္ထိ-အများကြီးရှိသားပဲ၊ ငါဟာ နေ့စဉ်နှင့်အမျှ ရွတ်ဖတ်သရဇ္ဈာယ်ထားတဲ့ ပဌာန်းဒေသနာတို့၊ ပရိတ်တော်တို့ အစရှိသည့် ရွတ်ဖတ်သရဇ္ဈာယ်ထားတဲ့ သမာဓိတွေ ငါ့တို့မှာ အများကြီးရှိတယ်လို့ နေ့စဉ်နေ့တိုင်းကြဲုးဝါးပြီးတော့အိပ်ပါ၊ နေ့စဉ်နေ့တိုင်း ကြဲုးဝါးပြီးတော့အိပ်ရာမှထပါ၊ ရှေ့တစ်ဆင့်တိုးလိုက်၊ အဟံ-ငါသည်၊ ကိ-ဘာပြုလို့၊ ဘာယာမိ-ကြောက်ရပါအံ့နည်း၊ မေ-ငါ့အား၊ ပညာ-နေ့စဉ်နှင့်အမျှ ရွှမှတ်ပွားများထားတဲ့ ဝိပဿနာပညာတွေသည်၊



အတ္ထိ-အများကြီးရှိသားပဲ၊ ငါဟာ အိုရမည့်ဘေး၊ နာရမည့်ဘေး၊ သေရမည့်ဘေး မကြောက်ဘူး၊ မိမိတို့ခန္ဓာကိုယ်ကို မိမိတို့ညအိပ်ရာဝင်တဲ့အခါမှာ၊ အိပ်ရာထတဲ့အခါမှာ အားပေးပါ။ သုတ္တန်မှာလာတဲ့အတိုင်း ဒီအဆင့် (၄)ဆင့်ကို ကြိုးစားအားထုတ်နိုင်ကြပါစေ၊ ကြိုးစားအားထုတ်ပြီး သကာလ ဤဘဝ ဤခန္ဓာကိုယ်နှင့် သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် နိဗ္ဗာန်ကို ဤဘဝ ဤခန္ဓာကိုယ်ဖြင့် မျက်မှောက်ပြုနိုင်ကြပါစေ။

❖❖ ❖ ❖❖





မဟာစည်သာသနာ့ရိပ်သာဦးဘျော်ဆရာတော်

မဟာကမ္မဋ္ဌာနာစရိယ

ဘဒ္ဒန္တကုဏ္ဍလ (ဟသ်ာတဆရာတော်)

၏

ကပြည့်မော်ကွန်းဩဝါဒတော်

သံဃာတော်များအတွက် **"ပါသာဒိကေန သမ္မာဒေထ"** ကြည်ညိုဖွယ်ကိုဆောင်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့် သိက္ခာ (၃)ပါးကို ပြည့်စုံအောင်အားထုတ်ကြပါ။ နောက် တစ်ခုကတော့ သံဃာတော်များရော၊ လူများအတွက်ပါ **"အပ္ပမာဒေနသမ္မာဒေထ"** မမေ့မလျော့ သတိပဋ္ဌာန်တရားအလုပ်ကို အားထုတ်ကြပါ။ သူ့သဒ္ဓါအတိုင်းဆိုလျှင်တော့ အားထုတ်ခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဘုန်းကြီးက ဩဝါဒပေးပါတယ်။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



မဟာစည်သာသနာ့ရိပ်သာဦးသျှောင်ဆရာတော်

မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအာဒိစ္စ

မော်လမြိုင်တောင်ဝိုင်းကလေးဆရာတော်

၏

ရာပြည့်မော်ကွန်း သြဝါဒတော်

"သဗ္ဗပါပဿ အကာရဏံ ကုသလဿ ဥပသမ္ပဒါ
သစိတ္တ ပရိယောဒပနံ ဧတံ ဗုဒ္ဓါန သာသနံ" ဆိုတဲ့အတိုင်း သဗ္ဗပါပဿ-အလုံးစုံသော အကုသိုလ်တရားကို၊ အကာရဏံ-မပြုခြင်းသည်လည်းကောင်း၊ ကုသလဿ-ကုသိုလ်ကို၊ ဥပသမ္ပဒံ-ပြည့်စုံစေခြင်းသည်လည်းကောင်း၊ သစိတ္တပရိယောဒပနံ-မိမိစိတ်ကို ဖြူစင်စွာ ထားခြင်းသည်လည်းကောင်း၊ ဧတံ-ဤတရား(၃)ပါးသည်၊ ဗုဒ္ဓါနသာသနံ-မြတ်စွာ ဘုရားရဲ့ အဆုံးအမပေတည်းဆိုတဲ့ ဤအဆုံးအမအတိုင်း ဘုန်းကြီးတို့လည်း ဒကာ/ဒကာမ တွေကို ဒီအတိုင်းပဲ အကုသိုလ်တွေကိုရှောင်/ကုသိုလ်တွေကို အမြဲတမ်းပြည့်စုံ အောင်အားထုတ်၊ မိမိစိတ်ကိုလည်းပဲ ဖြူစင်အောင်ထား၊ မိမိစိတ်ကိုဖြူအောင်ထားဆိုတဲ့နေရာမှာ ဆရာတော် ဘုရားကြီးရဲ့သြဝါဒအတိုင်း ဖြူစင်အောင်ထားတဲ့နည်းကတော့ သတိပဋ္ဌာန်နည်းပဲ၊ အဲဒီ သတိပဋ္ဌာန်နည်းအရ ရှုမှတ်ပွားများနေလို့ရှိရင် ကိုယ်အမူအရာဖြစ်တိုင်း လိုက်ပြီး ရှုမှတ်လို့၊ စိတ်လေးဖြစ်ပေါ်တိုင်း လိုက်ပြီးရှုမှတ်လို့၊ ဝေဒနာတွေဖြစ်ပေါ်တိုင်း လိုက်ပြီးရှုမှတ်လို့၊



မြင်တိုင်းကြားတိုင်း လိုက်မှတ်ခဲ့လို့ရှိလျှင် တစ်စထက်တစ်စ သမာဓိအားတွေ ကောင်းလာတဲ့အခါမှာ စိတ်တွေကြည်ပြီးတော့ စိတ်တွေငြိမ်လာတဲ့အခါ ရုပ်တွေ/နာမ်တွေဆိုတာ ပိုင်းခြားပြီးသိလာတာပဲ၊ ရုပ်တွေ/နာမ်တွေကို ပိုင်းခြားပြီးသိလာပြီဆိုလျှင် မိမိစိတ်လေးဟာ အခိုက်အတန့်အနေနဲ့ ဖြူစင်နေတာပဲ၊ အဲဒီရုပ်တွေ/နာမ်တွေ ဖြူစင်ရုံတွင်မဟုတ်ဘူး၊ ဆက်လက်ကြိုးစားအားထုတ်လျှင် ထိုရုပ်တွေ/နာမ်တွေရဲ့အကြောင်းအကျိုးတွေပါ ဆက်လက်ပြီးတော့သိတယ်၊ ဒီရုပ်တွေဟာ သူ့အကြောင်းတရားကြောင့် သူ့အကျိုးတရားဖြစ်တဲ့တရားပဲ၊ မည်သူကမျှ ဖန်ဆင်းတဲ့တရားတွေမဟုတ်ဘူး၊ မည်သူကမျှပြုလုပ်လို့ရတဲ့ သခ်ါရတရားတွေမဟုတ်ဘူး၊ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်တဲ့ ရုပ်တရားနဲ့ နာမ်တရားစိတ်ကလေးဟာ ပိုပြီးတော့ ဖြူစင်လိုက်တာပဲ၊ အဲဒီကတစ်ဆင့် တက်လာလို့ရှိလျှင် မိမိစိတ်ကလေးဟာ ကြာလာတဲ့အခါကျတော့ ဒီရုပ်တွေ၊ ဒီနာမ်တွေဟာ တည်မြဲတာဘာမျှမရှိဘူး၊ ဖြစ်ပေါ်လာပြီး ပျောက်သွားတာ၊ ဒါလေးတွေ တွေ့ရတယ်။



မြတ်စွာဘုရားရဲ့အဆုံးအမအတိုင်း လိုက်နာကျင့်ကြံအားထုတ်ကြမည်ဆိုလို့ရှိလျှင် ဒီဘဝမှာ လည်း မဂ်နှင့်နိဗ္ဗာန်ကို တွေ့ချင်တွေ့သွားပြီး နောက်ဘဝတွေ နောက်ဘဝဘုရားသာသနာ မှာ ဧကန်မုချရမှာပဲလို့ ယုံကြည်စိတ်ချ ကြိုးစားအားထုတ်သဖြင့် မိမိတို့မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေလို့ ဘုန်းကြီးဆြဝါဒပေးလိုပါတယ်။

သာဓု . . . သာဓု . . . သာဓု

❖❖ ❖ ❖❖

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု

ကမ္ဘာ့သာသနာပြု
ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ
ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏

သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ဥယျောဇဉ်

၁၃၆၆ ခုနှစ် ၊ အေဒီ ၂၀၀၄
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒဿ

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌသင်္ဂီတိပုစ္ဆက ဘဒ္ဒန္တသောဘနမဟာထေရ် မြတ်ကြီးသည် ၁၂၆၆-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၃)ရက် (၂၉-၇-၁၉၀၄) သောကြာနေ့နံနက် (၃)နာရီခန့်အချိန်တွင် ရွှေဘိုဆိပ်ခွန်ရွာ၌ ဖွားမြင်တော်မူသည်။ ခမည်းတော်နှင့်မယ်တော်တို့မှာ ဦးကံတော်+ဒေါ်အုပ် ဖြစ်သည်။ ငယ်နာမည်မှာ မောင်သွင်ဖြစ်သည်။ သက်တော် (၁၂)နှစ်အရွယ်တွင် ရှင်သာမဏေဝတ်သည်။ သာမဏေဘွဲ့မှာ ရှင်သောဘန ဖြစ်သည်။ သက်တော် (၁၉) နှစ်၊ (၄)လ၊ ၁၂၈၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၄)ရက်နေ့တွင် ရဟန်းပြုသည်။ ရဟန်းဖြစ်ပြီး လေးလအတွင်း ရုက္ခမူခုတင်၊ ပိဏ္ဍပါတိကခုတင်၊ ဧကသနိကခုတင်၊ ပတ္တပိုခုတင်တို့ကို ဆောက်တည်တော်မူသည်။

၁၂၈၆-ခုနှစ်တွင် ပထမငယ်တန်း၊ ၁၂၈၈-ခုနှစ်တွင် ပထမလတ်တန်း၊ ၁၂၈၉-ခုနှစ်တွင် ပထမကြီးတန်း အောင်တော်မူသည်။ ၁၃၀၃ ခုနှစ်တွင် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့တံဆိပ်တော် ရရှိတော်မူသည်။ ၁၂၉၁-ခုနှစ်တွင် မော်လမြိုင်တောင်ဝိုင်းကလေးကျောင်းသို့ ကြွရောက်သီတင်းသုံးလျက် ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးသည်။ ၁၂၉၃-ခုနှစ်၊ တပေါင်းလဆန်း (၅)ရက်နေ့တွင် သထုံမြို့ဇေတဝန်ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့ ရောက်ရှိပြီး တရားအားထုတ်တော်မူသည်။ ဆရာတော်ဘုရားကြီးသည် ၁၃၀၀ ပြည့်နှစ်မှစ၍ သတိပဋ္ဌာန်ဝိပဿနာလုပ်ငန်းကို ဟောကြား၍ လက်တွေ့အားထုတ်နည်းကို ပြသတော်မူသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ ပင့်ဆောင်ကိုးကွယ်မှုအရ ၁၃၁၁-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၆)ရက် (၁၀-၁၁-၄၉)နေ့တွင် ရန်ကုန်မြို့၊ သာသနာ့ရိပ်သာသို့ ကြွရောက်တော်



မူခဲ့သည်။ ၁၃၁၁-ခု၊ နတ်တော်လပြည့်နေ့ (၄-၁၂-၄၉)နေ့မှစ၍ ယောဂီများအား ဝိပဿနာ တရားဟောကြား၍ တရားအားထုတ်နည်း ပြသတော်မူသည်။ ၁၃၁၃-ခုနှစ်၊ (၁၉၅၂)ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်ဘုရားကြီးသည် သာသနာ့ရိပ်သာ၌ (၃၃)နှစ်တိုင် သီတင်းသုံးတော်မူ၍ ပရိယတ္တိပဋိပတ္တိ သာသနာတော်တို့ကို ထူးကဲပြောင်မြောက်စွာ သာသနာ့တာဝန် ထမ်းဆောင်ခဲ့သည်။ သက်တော် (၇၈) သီကျွာတော် (၅၈)ဝါအရ ၁၃၄၄-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၀)ရက်၊ (၁၄-စ-၁၉၈၂)တွင် စံလွန်တော်မူခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ဗုဒ္ဓမြတ်စွာ၏ ဆဋ္ဌမအကြိမ်မြောက် သင်္ဂီယနာတင်ရာတွင် ဆရာတော်ဘုရားကြီးသည် သင်္ဂီယနာဝန်ဆောင်ဆရာတော်၊ ဆဋ္ဌသင်္ဂီတိပုစ္ဆက ဆရာတော်သင်္ဂီယနာတင်မည့် ပိဋကတ်ကျမ်းဂန်များကို စိစစ်သုခ်သင် အတည်ပြုပေးသော ဩသာနသောဓက ဆရာတော်၊ အဋ္ဌကထာဋီကာများကို စိစစ်သုခ်သင်၍ သင်္ဂီယနာတင်သည့် ဆရာတော်စသည့် အဓိကကျသော တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဝိသုဒ္ဓိမဂ်မဟာဋီကာ နိဿယကျမ်းကြီး (၄)တွဲနှင့် ဝိပဿနာရှုနည်းကျမ်းကြီး (၂)တွဲ အပါအဝင် ကျမ်းစာအုပ်ပေါင်း (၈၀)ကျော် ပြုစုရေးသားတော်မူခဲ့သည်။ မြန်မာနိုင်ငံတစ်ဝှမ်း မကြုံစဘူး ထူးကဲကျယ်ပြန့်စွာ မဟာသတိပဋ္ဌာန် ဝိပဿနာရှုပုံ မဟာစည်ဝိပဿနာရှုနည်းကို သိန်းသန်းကုဋေတိုင် များပြားလှစွာသော သူတော်စင်အပေါင်းတို့အား ရိပ်သာခွဲပေါင်း (၄၀၀) ကျော် တည်ထောင်၍ ဟောကြားပြသတော်မူခဲ့သည်။ ကမ္ဘာ့နိုင်ငံအမြောက်အများတွင်လည်း မဟာစည်ဝိပဿနာ နိဿယဖြင့် ယောဂီများစွာ တရားအားထုတ်လျက် ရှိကြသည်။

ဤမျှသော အနန္တကျေးဇူးတော်များကို သိရှိအောက်မေ့ ပူဇော်သောအားဖြင့်လည်းကောင်း၊ သီလ, သမာဓိ, ပညာဂုဏ်တို့ကို ရည်စူး၍လည်းကောင်း၊ အနန္တကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ သက်တော် (၁၀၀)ပြည့်ရောက်ရှိသည့် ၁၃၆၆-ခုနှစ်၊ (၂၀၀၄)ခုနှစ်တွင် ဆရာတော်ဘုရားကြီး၏ ရာပေါင်းများစွာသော တပည့်သံဃာတော်များ ဦးစီး၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့နှင့် တပည့်ယောဂီသူတော်စင်အပေါင်းတို့ စုပေါင်း၍ ၁၃၆၆-ခုနှစ်၊ နတ်တော်လဆန်း (၁၃)ရက်နေ့မှ နတ်တော်လပြည့်နေ့အထိ (၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်မှ (၂၆) ရက် ပူဇော်ပွဲကြီး ကျင်းပ၍ ဗုဒ္ဓမြတ်စွာသာသနာတော်နှင့်အတူ ကျွန်ုပ်တို့၏ အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ မဟာစည်ပဋိပတ္တိသာသနာတော်သည် အစဉ်အဆွေန့်ရှည်စွာ တည်တံ့ခိုင်မြဲစည်ပင်ပြန့်ပွားစေခြင်းအကျိုး ရည်မှော်၍ ဤ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ရာပြည့် အထိမ်းအမှတ် မော်ကွန်းရေးထိုး၍ ကျောက်စာတိုင် စိုက်ထူကာ ပူဇော်အပ်ပါသတည်း။

❖ ❖ ❖

ကမ္ဘာ့သာသပြု၊ ဆင္ဆသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်ဩဝါဒါစရိယ

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသောဘန ၏

တစ်ဘဝသာသနာခရီး မော်ကွန်းကမ္ပည်း



ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးအား ဗုဒ္ဓမြတ်စွာ ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီး နှစ်ပေါင်း ၂၅၀၀ ကျော်ကာလတွင်မှ ပွင့်ထွန်းပေါ်ပေါက်လာသော မြတ်ဗုဒ္ဓ၏ အဂ္ဂသာဝက တစ်ပါးဖြစ်သည်။

ဆရာတော်ကား မြတ်ဗုဒ္ဓ၏ အဆုံးအမဝိနည်းသိက္ခာပုဒ်တို့နှင့်အညီ နေထိုင်ကျင့်ကြံတော်မူခဲ့ပါ၏။ ဗုဒ္ဓဘုရားရှင်၏ သာသနာ့လမ်းစဉ်ကြီးကို စွမ်းစွမ်းတမံ ထိန်းသိမ်းပြုစုစောင့်ရှောက်တော်မူခဲ့ပါပေ၏။ ထို့ကြောင့်လည်း ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းကား မြန်မာနိုင်ငံ တစ်ဝှမ်းတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီး၌ပင် နေတစ်ဆူ လတစ်ဆူပမာ ထင်ရှားကျော်ကြားလှပေတော့သည်။

ထိုသို့ ထင်ရှားကျော်ကြားမှု ဖြစ်ရခြင်းကလည်း ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် ဖြစ်ပါ၏။ ထိုဂုဏ်တို့ကို ဗုဒ္ဓဘာသာနွယ်ဝင်သူတော်စင်များ ကြည်ညိုသဒ္ဓါ ပွားနိုင်ရန်အတွက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကထာကို တစ်ဘဝသာသနာခရီး မော်ကွန်းကမ္ပည်းအဖြစ် ရေးသားပူဇော်လိုက်ပါသည်။





ယနေ့တွေ့မြင်ရသော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဇာတိမြေ ဆိပ်ခွန်ရွာ

❖ ကျေးဇူးရှင် မဟာစည်ဆရာ တော်ဘုရားကြီး၏ ဇာတိကား စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ရွှေဘို မြို့နယ်အတွင်းရှိ ဆိပ်ခွန်ရွာ ဖြစ်သည်။





❖ ဆရာတော်ဘုရားကြီးကို မြန်မာသက္ကရာဇ် ၁၂၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၃)ရက်၊ (၂၉-၇-၁၉၀၄) သောကြာနေ့နံနက် (၃း၀၀) နာရီအချိန်တွင် ဖွားမြင်သည်။ ခမည်းတော်မှာ **ဦးကံတော်**ဖြစ်၍ မယ်တော်မှာ **ဒေါ်အုပ်**ဖြစ်သည်။





ဆရာတော်၏ ဇာတာခွင်



ဆရာတော်၏ ဇာတာခွင်

❖ မွေးချင်း (၇)ယောက် ရှိ၍ ဆရာတော်ကြီးကား ဒုတိယသားရတနာ ဖြစ်သည်။ ငယ်မည်မှာ **မောင်သွင်** ဖြစ်သည်။



ငယ်စဉ်ဘဝပုံ

❖ အသက် (၆)နှစ်သားအရွယ်တွင် ဆိပ်ခွန်ရွာတောင်ဘက်ရှိ ပျဉ်းမနားကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စထံတွင်အပ်နှံကာ စာပေများကို စတင်သင်ကြားစေသည်။ အသက် (၁၂)နှစ်အရွယ်တွင် မိဘနှစ်ပါး၏ ပတ္တဇ္ဇမဂ်လာ ဆင်ယင်မှုဖြင့် ဘဒ္ဒန္တအာဒိစ္စထံတွင်ပင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့မည်မှာ **ရှင်သောဘန** ဖြစ်သည်။



❖ ၁၂၈၅ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် (၄)ရက်၊ (၂၆-၁၁-၂၃)၊ ပုဒ္ဓဟူးနေ့ နံနက် (၈း၃၀) နာရီ အချိန်တွင် ဦးလေးဖြစ်သူ **ဦးအောင်ဘော်၊ ဒေါ်သစ်** တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ထန်းစင်ရွာ သုမေဓာကျောင်း ဆရာတော် **ဘဒ္ဒန္တ နိမ္မလမထေရ်** (ပထမကမ္မဝါ) စသော ဥပသမ္ပဒါကံဆောင် သံဃာတော်တို့၏ ဓမ္မာနုဂ္ဂဟကိုခံယူပြီး **ပဒ္မသိမ်တော်ဌာန** မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။





ကျေးဇူးရှင်ဆရာတော်ဘုရားကြီး စာသင်သားဘဝ
ဤသို့ တွေ့မြင်ရစဉ်

❖ ၁၂၈၀-ပြည့်နှစ်၌ မန္တလေးမြို့ အနောက်ပြင် ခင်မာကန်တိုက်ဘွားတော်ကျောင်းတွင် သီတင်းသုံးလျက် ချမ်းသာကြီးတိုက်ဆရာတော် **ဦးလက္ခဏ**၊ ခင်မ ကန်တိုက်တိုက်သစ်ကျောင်းဆရာတော် **ဦးကုန္ဒဝံသာဘိ ဝံသ**စသော ပရိယတ္တိစာပေအကျော်အမော် ဆရာတော်များထံတွင် စာပေကျမ်းဂန်များကို ဆက်လက်ဆည်းပူး လေ့လာသင်ယူခဲ့သည်။

❖ ၁၂၈၁-ခုနှစ်တွင် အစိုးရ ပထမပြန်စာမေးပွဲ **ပထမငယ်တန်း**ကို လည်းကောင်း၊ ၁၂၈၃-ခုနှစ်၌ **ပထမလတ်တန်း**ကို လည်းကောင်း၊ ၁၂၈၉-ခုနှစ်တွင် **ပထမကြီးတန်း** ကိုလည်းကောင်း၊ ချောမောစွာ အောင်မြင်တော်မူခဲ့သည်။ ထိုနှစ် ဆိပ်ခွန်ရွာ၌ကျင်းပသော ဝိနည်းအာဂုံပြန်ပွဲ၌ **ဝိနည်းငယ်(၄)စောင်**ကို အမြင့်ဆုံးပြန်ဆိုအောင်မြင်တော်မူခဲ့သည်။

❖ **၁၂၉၁-ခုနှစ်၊ ဝါဆိုလတွင် မော်လမြိုင်မြို့ တောင်ဝိုင်းလေးတိုက်ကျောင်း**မှ မိမိ၏ဆရာဖြစ်သော ဘဒ္ဒန္တအာဒိစ္စမထေရ်က ခေါ်ယူတော်မူသောကြောင့် ထိုကျောင်းတွင် ရဟန်းသာမဏေတို့အား ပရိယတ္တိစာပေကျမ်းဂန်များကို သင်ကြားပို့ချပေးနေခဲ့ပါသည်။ ထိုသို့ သင်ကြားပို့ချပေးနေစဉ်မှာပင် -

❖ ၁၂၉၃-ခုနှစ်၊ ပြာသိုလထဲတွင် သမထ, ဝိပဿနာ အား ထုတ်ကျင့်သုံးလိုသော ဆန္ဒများ ဖြစ်ပေါ်လာမှုကြောင့် မိမိနှင့်အတူ သီတင်းသုံးဖော် **အရှင်တေဇဝန္တ**နှင့် ဇင်းကျိုက်၊ သထုံ၊ ကေလာသ၊ မြသပိတ်တောင်၊ ကျိုးထီးရိုးတောင်၊ ရွှေရောင်ပြတောင်၊ ဦးအုန်းခိုင်တောကျောင်း စသည့်နေရာတို့တွင် ကမ္မဋ္ဌာန်းနည်းများကို ကျင့်သုံးစူးစမ်းလေ့လာရင်းမှ နောက်ဆုံး၌ သထုံမြို့ **မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး** အထံတော်၌ သတိပဋ္ဌာန်းဝိပဿနာ ရှုပုံရှုနည်းကို နည်းနာခံ ကျင့်သုံးနေခဲ့ပါသည်။ ထိုသို့ ကျင့်သုံးနေစဉ် -

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

❖ ၁၂၉၄-ခုနှစ်၊ ဝါဆိုလဆန်း (၇)ရက်နေ့တွင် မိမိ၏ဆရာ ဖြစ် တော်မူသော **ဘဒ္ဒန္တအာဒိစ္စ**မထေရ်မြတ်မကျန်းမမာကြောင်း ကြားသိရသဖြင့် သထုံမှ မော်လမြိုင် တောင်ဝိုင်းကလေးတိုက်ကျောင်းသို့ ပြန်ခဲ့ရသည်။ ဘဒ္ဒန္တအာဒိစ္စမထေရ်မြတ်သည် ဝါဆို လဆန်း (၁၄)ရက်နေ့ညတွင် ပျံလွန်တော်မူသည်။

❖ ၁၃၀၀-ပြည့်နှစ်တွင် ဇာတိရပ်မြေရှိ ညီဖြစ်သူတစ်ဦး ကွယ်လွန်သဖြင့် ဆိပ်ခွန်ရွာ မဟာစည်ကျောင်းတိုက်သို့ ပြန်ကြွခဲ့ရသည်။ (၇)လတိတိ သီတင်းသုံးလျက် သတိပဋ္ဌာန်း ဝိပဿနာတရားကို မိမိဆွေမျိုးသားချင်း (၃)ဦးအား စတင်ပြသခဲ့သည်။ ဤမှအစ သတိပဋ္ဌာန်ဝိပဿနာတရားတော်အလုပ် အားထုတ်သူ များလာကာ ထင်ရှားလာသည်။



❖ ၁၃၀၃-ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဒုတိယအကြိမ်ကျင်းပသော အစိုးရဓမ္မာစရိယ စာမေးပွဲကို ဝင်ရောက် ဖြေဆိုရာ ကျမ်းရင်း(၃)ကျမ်းနှင့် ဂုဏ်ထူး(၅)ကျမ်းတို့ကို ဖြေဆိုအောင်မြင်တော်မူသဖြင့် **"သာသနာဓဇ သီရိပဝရဓမ္မာစရိယ"** ဟူသောဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။



ဆရာတော်ကြီး ရရှိခဲ့သော သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း





ဆိပ်ခွန်ရွာ မဟာစည်ကျောင်းတိုက်



စည်တော်ကြီးပုံ



ကျေးဇူးရှင် ဆရာတော်ဘုရားကြီး တရားပြနေစဉ်

❖ ၁၃၀၃ - ခုနှစ်၊ နတ်တော်လတွင် ဒုတိယ ကမ္ဘာစစ်ဘေးကြောင့် မော်လမြိုင် တောင်ဝိုင်းကလေးတိုက်ကျောင်းမှ ဇာတိအရပ် ဖြစ်သော ဆိပ်ခွန်သို့ တစ်ဖန်ပြန်လည်နေထိုင်သည်။ ထိုနှစ်တွင် ဝိပဿနာတရားကို ဆက်လက်ဟောပြည့်ဖွန်ကြားရာ တရားဝင်ယောဂီများ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသည်။ ထိုယောဂီများမှ မဟာစည်ကျောင်းကိုစွဲမှီ၍ ဆရာတော်၏ဘွဲ့မည် အရှင်သောဘနပျော်က် **မဟာစည်ဆရာတော်**ဟု ခေါ်ဝေါ်ကြတော့သည်။ မဟာစည်ကျောင်းဟု ဖြစ်ပေါ်လာခြင်းကလည်းအဆန်းပင်။ ကျောင်းအဝင်ဝကုက္ကိုလ်ပင်ကြီး လေမုန်တိုင်းတိုက်၍လဲရာမှ ထိုကုက္ကိုလ်ပင် ပင်စည်ကြီး (လုံးပတ် ၁၂၆ လက်မ × အရှည် ၁၀၅ လက်မ) ကို သားရေဖြင့်ကြပ်၍ စည်ကြီးပြုလုပ်ထားသည်။ ထိုကုက္ကိုလ်ပင် ပင်စည်ကြီး ထူးခြားချက်မှာ အနှစ်သည် အပြင်တွင်ရှိ၍ အကာသားကား အတွင်းဖြစ် နေ၏။ သို့ဖြစ်၍ ပင်စည်အလယ်ခေါင်သည် အလိုလို ဆွေးမြေ့ကာ ခေါင်းပေါက်ကြီး ဖြစ်နေတော့သည်။ စည်လုပ်ဖို့အတွက် အသင့်အနေအထား ရှိနေတော့သည်။ ကုက္ကိုလ်သားကား လက်ယှက်ထိုးအသားမျိုးဖြစ်၍ စည်တော်ကြီးလုပ်ဆိုပါက ပင်စည်၏ အတွင်းသားကို ခက်ခဲပင်ပန်းစွာ ထွင်းယူရပေမည်။



❖ ၁၃၀၅ - ခုနှစ်တွင် စာမျက်နှာ ၉၅၀ ခန့်ရှိသော ဝိပဿနာ ရှုနည်းကျမ်းကြီး(ပ-ဒု-၂တွဲ) ကို ကျမ်းပြုချိန် (၇)လ အတွင်းမှာပင် ရေးသားပြုစုပြီးခဲ့ပါသည်။ ထို ဝိပဿနာရှုနည်းကျမ်းကြီးကို ဗုဒ္ဓသာသနာဝင် သူတော်စင်များ ဖြစ်ကြသည့် ရဟန်း၊ ရှင်၊ လူ၊ ယောဂီများ အထူးနှစ်သက်ကြ၍ ယနေ့အထိ (၈) ကြိမ်တိုင်တိုင် ပုံနှိပ်ဖြန့်ချိပေးခဲ့ရသည်။



ဆရာတော် ကျမ်းပြုနေစဉ်

❖ ၁၃၁၁-ခုနှစ် တန်ဆောင်မုန်းလတွင် ဆာဦးသွင် ဦးဆောင်သော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့သည် အထက်မြန်မာပြည်သို့ ရောက်ရှိပြီး ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းကြီးမြင့်မှုကိုသိရှိကာ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာကြီးသို့ တရားဟောကြား ပြသပေးရန် ပင့်ဆောင်လာခဲ့သည်။ ထိုနှစ် နတ်တော်လပြည့်နေ့တွင် စတင် တရားပြတော်မူခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံနေရာ ဒေသအနှံ့အပြားတွင် မဟာစည်ရိပ်သာဩဝါဒခံ ရိပ်သာခွဲပေါင်း (၄၀၀)ကျော်နှင့် ကမ္ဘာ့နိုင်ငံအသီးအသီးတွင် နိုင်ငံခြားသာသနာပြုရိပ်သာခွဲ (၂၇)ခုအထိ ကျယ်ပြန့်ထွန်းကားခဲ့ပါသည်။ မဟာစည်သာသနာ့ရိပ်သာကြီးနှင့် ရိပ်သာခွဲများ၌တရားဝင်ကြသော ယောဂီဦးရေကား ရေတွက်၍ပင် မရနိုင်တော့ပါ။ သံသရာမှ ကျွတ်တမ်းဝင်သွားကြကုန်သော သတ္တဝါအရေအတွက်ကား ခန့်မှန်း၍ပင် မရနိုင်ပါ။



ဆာဦးသွင်

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

❖ ၁၃၁၃-ခုနှစ်တွင် မဟာစည်ဆရာတော်ကြီး၏ ပရိယတ္တိဂုဏ်၊ ပဋိပတ္တိဂုဏ်တို့သည် လွန်စွာထင်ရှား ကျော်ကြားလှသည်ဖြစ်၍ နိုင်ငံတော်အစိုးရမှ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်ကို ဆက်ကပ်တော်မူခဲ့သည်။



အဂ္ဂမဟာပဏ္ဍိတဘွဲ့လက်မှတ်





မဟာစည်ဆရာတော်ဘုရားကြီး
ဘဒ္ဒန္တ သောဘန



တိပိဋကဆရာတော်ကြီး
ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ

❖ ၁၃၁၄-ခုနှစ်တွင် ဆဋ္ဌသင်္ဂါယနာတင်ကိစ္စ ပေါ်လာရာ ထိုသင်္ဂါယနာတင်ပွဲ၏ ဦးစီးခေါင်းဆောင်ဖြစ်သော သံဃာအဖွဲ့ဥက္ကဋ္ဌ ညောင်ရမ်းဆရာတော်ကြီး ဘဒ္ဒန္တ ရေဝတ၏ပင့်ဖိတ်မှုကြောင့် ပါဝင်ဆောင်ရွက်ရသည်။

❖ ဆဋ္ဌသင်္ဂါယနာတင်ရာတွင် ၁၃၁၆-ခုနှစ်မှ ၁၃၁၈-ခုနှစ် အထိ ပါဠိတော် သင်္ဂါယနာအဖြစ်လည်းကောင်း၊ ၁၃၁၈-ခုနှစ်မှစ၍ အဋ္ဌကထာ၊ ဋီကာသင်္ဂါယနာအဖြစ်လည်းကောင်း၊ ကျင်းပသည်။ ထိုသင်္ဂါယနာလုပ်ငန်းကြီးတွင် မဟာစည်ဆရာတော်ဘုရားကြီးက သင်္ဂါယနာတင်မည့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို ကြည့်ရှုသုတ်သင်ပြင်ဆင်ရသောတာဝန်ကို ဆောင်ရွက်သည်။ ထို့ပြင် ပထမသင်္ဂါယနာ တင်စဉ်က အရှင်မဟာကဿပ ရဟန္တာအရှင်မြတ်ကြီးက ပုစ္ဆာထုတ် အမေးစိစစ်ရသောတာဝန်ကို ယူခဲ့ရသကဲ့သို့ ဤဆဋ္ဌသင်္ဂါယနာသဘင်၌လည်း မဟာစည်ဆရာတော်ဘုရားကြီးက ပုစ္ဆာထုတ်စိစစ်ရသောတာဝန်ကို ယူရသည်။မင်း ကွန်းတိပိဋကဆရာတော်ဘုရားကြီးက ဖြေတော်မူသည်။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



ဆဋ္ဌသင်္ဂါယနာတင်ပွဲသဘင် ကျင်းပနေစဉ်

❖ ထို ဆဋ္ဌသင်္ဂါယနာသဘင်တွင် ဆရာတော်ဘုရားကြီး၏ ပရိယတ္တိစွမ်းရည်ကား အထူးထင်ရှားလာတော့သည်။ အဘယ့်ကြောင့်ဆိုသော် ဝိသုဒ္ဓိမဂ်ကျမ်း၏ နိဒါန်းကျမ်းကျယ်ကြီးကို ပါဠိဘာသာဖြင့် ရေးသားကာ ဆဋ္ဌသင်္ဂီယနာဝန်ဆောင်သံဃအဖွဲ့အား တင်ပြခဲ့သည်။ ယင်းအဖွဲ့ကြီးက နှုတ်ပယ်ဖြည့်စွက်ပြင်ဆင်ခြင်းမရှိဘဲ လက်ခံအတည်ပြုကြရသည်။

❖ ၁၃၂၂-ခုနှစ်တွင် မဟာစည်ဆရာတော်ကြီးသည် ဝိသုဒ္ဓိမဂ်ကျမ်းကို ပို့ချရင်း ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿသကျမ်းကြီး ရေးသားပြုစုသည်။ ထိုကျမ်းကြီးကား သမယန္တရဟုခေါ်သည့် ဟိန္ဒူဒဿနရေးဆရာများ ဝေဖန်ရေးသားထားသည်။ အခြို့နေရာများတွင် အနက်သိရန် အလွန်ခက်ခဲလှသည်။ ထိုနိဿယကျမ်းကြီးသည် စာမျက်နှာ ၅၁၀ ခန့် ရှိ၍ အတွဲ ၄-တွဲ အထိ ကျယ်ဝန်းပါသည်။



ဝိသုဒ္ဓိမဂ် ကျမ်းကြီးလေးကျမ်းပုံ





ဆရာတော် ရေးသားပြုစုခဲ့သော ကျမ်းစာအုပ်များ

❖ ၁၃၂၃-ခုနှစ်တွင် ယင်းဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယကျမ်းကြီး မြန်မာပြန်ကို ရေးသားသည်။ အတွဲ (၄)တွဲရှိသည်။ တစ်တွဲလျှင် စာမျက်နှာ ၅၀၀ ကျော်ရှိပေသည်။ ဆရာတော်ဘုရားကြီး ပျံလွန်တော်မမူမီ ပြုစုရေးသားခဲ့သော ကျမ်းများကား သက်တော် (၇၈)နှစ် အတွင်း ကျမ်းပေါင်း (၇၆) ကျမ်းရှိခဲ့ပေသည်။

❖ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးကား အလွန် အမျှော်အမြင်ကြီးမားလှသည်နှင့် အညီ မိမိနိုင်ငံတွင်း ပဋိပတ္တိသာသနာတည် ရုံမျှနှင့် အားမရသေးဘဲ နိုင်ငံရပ်ခြား ကမ္ဘာ့နိုင်ငံ အသီးအသီး၌ပင် ဓမ္မဒေသနာခရီးကြွခဲ့တော်မူခဲ့သည်။







ကျေးဇူးရှင်
မဟာစည်ဆရာတော်ဘုရားကြီး
ကမ္ဘာ့နိုင်ငံအသီးသီးသို့
သာသနာပြုခရီး ကြွရောက်စဉ်

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း





ကျေးဇူးရှင်
မဟာစည်ဆရာတော်ဘုရားကြီး
ကမ္ဘာနှိုင်ငံအသီးသီးသို့
သာသနာပြုခရီး ကြွရောက်စဉ်

- ၁၉၅၂-ခုနှစ်မှ ၁၉၆၀-အတွင်း အိန္ဒိယ၊ သီဟိုဠ် (သီရိလင်္ကာ)၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဂျပန်၊ ယိုးဒယား၊ အင်ဒိုနီးရှားနှိုင်ငံများတွင် သာသနာ ပြုတော်မူသည်။

- ၁၉၆၀-ခုနှစ်မှ ၁၉၇၈-ခုနှစ်အတွင်း ပြည်ပသို့ အလှည့်သာသနာပြုတော်မမူဘဲ ပြည်တွင်း သာသနာတော်ခိုင်မြဲရေး၊ စည်ပင်ရေးနှင့် ပြန့်ပွားရေးတို့အတွက် ရှေ့ရှုတော်မူ၍ တရားပြရင်း ကျမ်းကြီးကျမ်းဂန်များ ပြုစုလျက် နေတော်မူသည်။ ထိုအခါ ပြည်ပယောဂီများ ပြည်တွင်းသို့ လာရောက်တရားအားထုတ်ကြရတော့သည်။

- ၁၉၇၉-ခုနှစ်နှစ်ဦးပိုင်းမှစ၍ ၁၉၈၃-ခုနှစ်အထိ ဥရောပနိုင်ငံများဖြစ်သည့် အင်္ဂလန်နှင့် အမေရိကန်နိုင်ငံများသို့ သာသနာပြု ကြွတော်မူသည်။

- ဤမျှ မြတ်ဗုဒ္ဓသာသနာတော်နှင့် ဗုဒ္ဓဘာသာဝင်များအတွက် ကျေးဇူးကြီးမားခဲ့သော ကမ္ဘာ့သာသနာပြု၊ ဆဋ္ဌသင်္ဂီတိပုဏ္ဏာ က၊ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူး ရှင် မဟာစည်ဆရာတော် ဘုရားကြီးကား သက်တော် (၇၈)၊ ဝါတော် (၅၈)အရ ၁၉၈၂-ခုနှစ်၊ ဩဂုတ်လ (၁၄)နေ့၊ မွန်းလွဲ (၁ နာရီ ၃၆ မိနစ်)အချိန်တွင် ဝေနေယျ သတ္တဝါများကို ပစ်ခွာလျက် နိဗ္ဗုတာနန်းထက် လှမ်းကြွချီတော်မူခဲ့ပါတော့သည်။





ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏

တစ်နေ့တာလုပ်ငန်းစဉ်များ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဘုရားရှင်ချမှတ်တော်မူခဲ့သော လမ်းစဉ်ဖြစ်သည့် ဂန္ထဓူရ၊ ဝိပဿနာဓူရခေါ် သာသနာ့တာဝန်ကြီးနှစ်ရပ်ကို အမြဲတမ်း ရွက်ဆောင်တော်မူသည်။

၁။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရာကြီးသည် နံနက် (၃) နာရီတွင် ကျိမ်းစက်ရာမှ ထတော်မူ၍ မျက်နှာသစ်ခြင်း၊ ကိုယ်လက်သုတ်သင်ခြင်းကို ပြုတော်မူပြီး စင်္ကြန်ခန်းအတွင်းမှာ စင်္ကြန်ကမ္မဋ္ဌာန်းဖြင့် ရှုမှတ်နေတော်မူသည်။

၂။ နံနက် (၄) နာရီတွင် နာယကဆရာတော်များ ဝန်ဆောင်ရဟန်းတော်များနှင့်အတူ စံကျောင်းတော်အပေါ်ထပ်ရှိ ဘုရားခန်းဦ ဘုရားဝတ်ပြုခြင်း ပရိတ်ဒေသနာတော်၊ ပါဠိမောက်ဒေသနာတော်၊ ပဋ္ဌာန်းဒေသနာတော်တို့ကို သီတင်းတစ်ပတ်အတွင်း အလှည့်ကျ ရက်စဉ်အားဖြင့် ရွတ်ဖတ်ဆြေခံး၊ ၎င်းနောက် အာရုံတက်ချိန်အထိ ဝိပဿနာတရားရှုမှတ်ပွားများတော်မူသည်။

၃။ နံနက် (၅)နာရီ၊ မိနစ် (၃၀)အချိန်တွင် ဆွမ်းစားကျောင်းမှ အုန်းမောင်းထိုးလျှင် စံကျောင်းတော်အောက်ထပ်ဆင်း၍ အလှူရှင်များ လှူဒါန်းသော အရက်ဆွမ်းကို အမှတ်သတိဖြင့် ဘုဉ်းပေးတော်မူသည်။ ဆွမ်းကိစ္စပြီးလျှင် ဆွမ်းအလှူရှင်များအား အနုမောဒနာ ဟောကြားတော်မူပါသည်။

၄။ နံနက် အာရုက်ဆွမ်း ဘုဉ်းပေးပြီးလျှင် (၇) နာရီအထိ အမှတ်သတိဖြင့် အနားယူတော်မူသည်။

၅။ နံနက် (၇) နာရီမှစ၍ ပို့ချပြီးသောကျမ်းစာအုပ်များနှင့် ဟောကြားပြီးသော ဟောစဉ်တရားတော်များကို လက်နှိပ်စက်နှင့် တစ်ခါတည်းမူချော၊ မူသန့်ရိုက်၍ ကျမ်းကြီး၊ ကျမ်းငယ်



စာအုပ်များဖြစ်ရန် စာမူပြုစုတော်မူသည်။

ဆရာတော်ဘုရားကြီးသည် စာရိုက်ရာတွင် လက်ညှိုးနှစ်ချောင်းနှင့်သာ ရိုက်သော်လည်း လျှင်မြန်သည့်အပြင် အလွန်သန့်ရှင်းတော်မူသည်။

စာကြည့်စာရိုက်ရင်းပင် ရပ်ဝေးရပ်နီးရှိ မြို့ရွာအသီးသီးမှ ဖူးမျှော်ရန် ရောက်ရှိလာကြသော တပည့်သာဝကများနှင့် ဝေနေယျတို့အား အနည်းငယ်စီသော ပဋိသန္ဓာရကထာတရားစကားကိုသာ ဟောကြား၍ ပြန်လွှတ်တော်မူလေ့ရှိသည်။

၆။ နံနက် (၁၀)နာရီ ဆွမ်းစားကျောင်းမှ အုန်းမောင်းခေါက်သောအခါ စံကျောင်းတော်အောက်ထပ်ဆင်း၍ အလှူရှင်များကပ်လှူသော ဆွမ်းကို အမှတ်သတိဖြင့် ဘုဉ်းပေးတော်မူသည်။

ဆွမ်းဘုဉ်းပေးပြီးလျှင် ဆွမ်းအလှူရှင်များအား ထိုက်သင့်သမျှ ဆွမ်းအနုမောဒနာတရားစကားကို ဟောကြားတော်မူ၍ ရေစက်ချပေးတော်မူသည်။

၇။ နေ့ဆွမ်းဘုဉ်းပေးပြီးလျှင် နေ့ (၁၂)နာရီမှ (၁) နာရီထိ အမှတ်သတိဖြင့် အနားယူတော်မူသည်။

အနားယူသည်ဆိုသော်လည်း တပည့်ဒကာ၊ ဒကာမများနှင့် အတွေ့မခံခြင်းသာဖြစ်သည်။ အခန်းတွင်းဝယ် ဂန္ဓဓူရ၊ ဝိပဿနာဓူရ နှစ်ပါးကိုကား ပြုလုပ်လျက်သာရှိသည်။ ထို့ကြောင့် တစ်ခါတစ်ရံ အခန်းတံခါး အဖွင့်သော်လည်း လက်နှိပ်စက်ရိုက်သံများကိုကားကြားနေရပေသည်။

၈။ နေ့ (၁)နာရီထိုးလျှင် ဆရာတော်ဘုရားကြီးသည် အခန်းတံခါးကိုဖွင့်၍ ပြုလုပ်မြဲဖြစ်သော မပြီးဆုံးသေးသည့် ကျမ်းစာများနှင့် ဟောစဉ်တရားတော်တို့ကို ဆက်လက်၍ ကျမ်းစာအုပ်များဖြစ်ရန် စာမူပြုစုတော်မူရင်း ပြည်တွင်း၊ ပြည်ပမှ ရောက်လာကြသော တပည့်ဒကာ၊ ဒကာမများအား ဒါန၊ သီလ၊ ဘာဝနာများနှင့်သာ နှီးနွယ်သော ပဋိသန္ဓာရကထာတရားစကားကို ထိုက်သည့်အားလျော်စွာ အချိန်အနည်းငယ်စီသာ ဟောကြားတော်မူ၍ ပြန်လွှတ်တော်မူသည်။

၉။ ညနေ (၅)နာရီထိုးလျှင် ကပ္ပိယဒါယကာမှ ကပ်လှူသော စတုမဓူနှင့် သံပရာရည်စသည့်ဖျော်ရည်များကို ဘုဉ်းပေးတော်မူပြီး စ့ကျောင်းတော်အောက်ထပ်သို့ ဆင်း၍ မြို့နယ်ကျေးရွာအသီးသီးမှ တရားအားထုတ်ရန် ရောက်ရှိလာကြသော ရဟန်းယောဂီ၊ အမျိုးသားယောဂီ၊ သီလရှင်ယောဂီ၊ အမျိုးသမီးယောဂီအသစ်တို့အား ရှစ်ပါးသီလချီးမြှင့်တော်မူ၍ ရှုမှတ်ပုံ၊ ရှုမှတ်နည်း၊ အားထုတ်ပုံ၊ အားထုတ်နည်းတို့ကို ဟောကြားတော်မူသည်။

ယောဂီသ်စတို့အား ရှစ်ပါးသီလနှင့် ဝိပဿနာအလုပ်ပေးတရားတော် ဟောကြားပြီးသောအခါ တစ်ခါတစ်ရံ၌ ရိပ်သာကြီးတွင်းရှိ ကျောင်းဆောင်အသီးသီးကို နောက်ပါ ပစ္ဆာသမဏရဟန်းနှင့်အတူ လှည့်လည်ကြည့်ရှုတော်မူပါသည်။

၁၀။ အလုပ်ပေးတရားတော်ဟောကြားပြီး (သို့မဟုတ်) ကျောင်းစဉ် လှည့်လည်ကြည့်ရှုတော်မူပြီးသောအခါ စက်ြန်အခန်းသို့ဝင်၍ (၇)နာရီ၊ မိနစ် (၃၀)ခန့်အချိန်ထိ အမှတ်သတိဖြင့်



စကြ်ံန်ကမ္ဘာန်းရှုမှတ်ပွားများတော်မူသည်။

စကြ်ံန်ကမ္ဘာန်းရှုမှတ်ပြီးသောအခါ ဣရိယာပုဒ်ပြောင်း၍ မိနစ် (၃၀)ခန့်၊ ည (၈)နာရီအချိန်ထိ အမှတ်သတိဖြင့် လျှောင်းစက်၍ ရှုမှတ်ပြီး အနားယူတော်မူသည်။

၁၁။ ည (၈) နာရီထိုးလျှင် လျှောင်းစက်အနားယူရာမှ ထတော်မူ၍ ပြည်တွင်း/ပြည်ပသို့ ဓမ္မဒူတခရီး ကြွသွားတော်မူစဉ် အနယ်နယ်အရပ်ရပ်မှ သိလို၍ မေးမြန်းကြသော အမေးစာများကို ဖြေကြားပေးခြင်း၊ ပို့ချပြီးသောကျမ်းစာများနှင့် ဟောကြားပြီးသော တရားတော်များကို စာအုပ်ဖြစ်ရန် စာမူချောပြုစုတော်မူခြင်း စသည်တို့ဖြင့် အချိန်ကို ကုန်လွန်စေတော်မူသည်။

၁၂။ ည (၁၀)နာရီထိုးသောအခါ အနီးနေ ပစ္စာသမဏရဟန်းတော်အား ပြန်လွှတ်တော်မူ၍ တစ်နေ့တာလုံး ဆောင်ရွက်တော်မူလာခဲ့သော ကျမ်းစာများပြုစုခြင်း၊ မေးစာများဖြေကြားခြင်း၊ ဝိပဿနာတရားဟောကြားခြင်း (ဂန္ထဓူရ၊ ဝိပဿနာဓူရ) တို့ကို ခေတ္တရပ်နားတော်မူပြီး အမှတ်သတိဖြင့် ကျိန်းစက်တော်မူသည်။

အထူးဆောင်ရွက်ချက်များ

- လစဉ် လဆန်း၊ လဆုတ် (၇)ရက်နေ့တိုင်း ဉာဏ်စဉ်တရားတော် နာကြားခွင့်ရသော ယောဂီတို့အား ဉာဏ်စဉ်တရားဟောကြားခြင်း။
- သီတင်းနေ့တိုင်း နံနက် (၈)နာရီအချိန်တွင် အားထုတ်ဆဲယောဂီများနှင့် ဥပုသ်သည်တို့အား (၈)ပါးသီလ ချီးမြှင့်ပြီး အနုမောဒနာတရား ဟောကြားခြင်း။
- လပြည့်နေ့တိုင်း နေ့ (၁)နာရီအချိန်တွင် အထူးတရားပွဲအဖြစ် အဘိဓမ္မာတရားတော်၊ သုတ္တန်တရားတော်တို့ကို ဝိပဿနာလုပ်ငန်းစဉ် ပေါ်လွင်စေလျက် ဟောကြားတော်မူခြင်း။
- လပြည့်၊ လကွယ်နေ့တိုင်း ညနေ (၄)နာရီ မိနစ် (၃၀)အချိန်တွင် သံဃာ့ဥပုသ်ပြုပြီး သံဃာတော်များအား ဝိနည်းနှင့်စပ်၍ သြဝါဒတရား ချီးမြှင့်ပေးတော်မူခြင်း။
- သီတင်း (ဥပုသ်)နေ့တိုင်း ည (၈)နာရီအချိန်တွင် နာယကဆရာတော်များနှင့် ဝန်ဆောင်သံဃာတော်တို့အား တစ်ပတ်အတွင်း ဖြစ်ပေါ်လာသောအကြောင်းအရာများကို အခြေခံ၍ အထူးသြဝါဒပေးတော်မူခြင်း။
- အားထုတ်ဆဲ ပြည်ပယောဂီများအား အခါအားလျော်စွာ သင့်လျော်သောတရားတော်များကို ဘာသာပြန်ဖြင့် ဟောကြားချီးမြှင့်ပေးခြင်း။
- အထူးဖြေကြားရန်လိုအပ်ပါက အရေးကြီးသောမေးစာများနှင့် အချိန်မီပြီးစီးလိုသော ကျမ်းစာများကို ညဥ့် (၁၂)နာရီ နာရီပြန် (၁)ချက်တိုင်အောင် ရေးသားဖြေကြားပြုစုတော်မူခြင်း။

ရွှေမင်းဝံဆရာတော်မှ ရေးသားပူဇော်သည်။



မဟာစည်ဆရာတော်ဘုရား

ပခုက္ကူ - အရှင်ကောသရ

အာယသ္မာ သောဘနော ထေရော
ဂမ္ဘီရော တိက္ခဉာဏဝါ
သီလဝါ ယံ သုပက္ကိဏ္ဏော
ဂန္ဆကာရော သုပေသလော။

ဘောန္တော - အို ရဟန်းရှင်လူအပေါင်းတို့။ အယံ အာယသ္မာ သောဘနော ထေရော၊ ဆဋ္ဌသင်္ဂါယနာတင်ပုစ္ဆက၊ ကျမ်းပြုဂန္ဆကာရက၊ မဟာစည်သတိပဋ္ဌာန်တရားနည်းပြ၊ ဤ အရှင်သောဘနမဟာထေရ်သည်။ ဂမ္ဘီရော၊ သိမ်မွေ့မြင်ခဲ၊ နက်အနဲကို၊ ဖျက်ခွဲနိုင်သော ဉာဏ်စွမ်းရှိ၍ မြင်ခဲသည်ကိုမြင်နိုင်သော ဉာဏ်ပညာရှိတော်မူပါပေ၏။ တိက္ခဉာဏဝါ၊ ဉာဏ်ပညာ သာလျင်မြန်ဖျတ်လတ်သည်ဖြစ်၍ ထက်မြက်သော ဉာဏ်ပညာလည်းရှိတော်မူပါပေ၏။ သီလဝါ၊ စတုပါရိသုဒ္ဓိ သီလစုံလင် ပြည့်ဝသည်ဖြစ်၍ ဆိုင်ရာဆိုင်ရာ သီလနှင့်လည်း ပြည့်စုံတော်မူပါပေ၏။ သုပက္ကိဏ္ဏော၊ သင်ကြားတတ်မြောက်ထားသော ပညာရှိထားပြီးဖြစ်၍ ကောင်းသောပညာလည်း ရှိတော်မူပါပေ၏။ ဂန္ဆကာရော၊ မဟာသတိပဋ္ဌာန် ပါဠိတော်နိဿယ အစရှိသော အဆင့်မြင့် လူသုံးများသော ကျမ်းစာ အများအပြားကို ရေးသားပြုစုခဲ့သည်ဖြစ်၍ ကျမ်းပြုဆရာတော်လည်း ဖြစ်တော်မူပါပေ၏။ သုပေသလော၊ သီလကို အလေးထားပြီးနေတော်မူသည်ဖြစ်၍ ချစ်အပ်မြတ်နိုးအပ်သော သီလလည်း ရှိတော်မူပါပေသတည်း။

ဂုဏာဓာရံ မဟာထေရံ
မယံဝန္ဒာမ သက္ကစ္စံ
ပစ္ဆုဒ္ဒေမစ ပူဇေမ
ပဋိပတ္တိရသံ ဒေန္တံ။

ဘန္တေ - သီလသမာ၊ မြတ်ပညာဖြင့်၊ လွန်စွာထင်ရှား၊ မဟာစည်ဆရာတော်အရှင်မြတ်ကြီးဘုရား။ မယံ - အကျွန်ုပ်တို့ ယောဂီထောက်ပံ့ရေး ဒါယကာ၊ ဒါယိကာမအပေါင်းသူတော်ကောင်းတို့သည်။ ဂုဏာဓာရံ၊ အဂ္ဂမဟာ၊ ပဏ္ဍိတာနှင့် ဓမ္မာစရိယ၊ ဂန္ဆကာရက၊



နာမတွင်ညောင်း၊ ဂုဏ်အပေါင်း၏ တည်ရာဖြစ်တော်မူသော။ ပဋိပတ္တိရသံ ဒေန္တံ၊ ပဋိပတ္တိ အရသာကို ပေးတော်မူတတ်သော။ ပဋိပတ္တိ ရသံဒေန္တံ၊ နိဗ္ဗာန်မြို့နန်း၊ ကျင့်စဉ်းဖြင့် အမြင့်လမ်းသို့ တက်လှမ်းဖို့ရာ၊ ရသာမွန်မြတ်၊ ပေးတော်မူတတ်သော။ မဟာထေရ်၊ သမထ ဝိပဿနာ၊ ဖြာဖြာစီးဖြန်း၊ ကမ္မဋ္ဌာန်းနည်းပြ၊ မဟာထေရမို့၊ များလှစုံစွာ၊ ဂုဏ်ပေါင်းဖြာလျက်၊ ကြြောတုန်ဟည်း၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကို။ သက္ကစ္စံ၊ အဖြာဖြာအဖုံဖုံ၊ အရှင့်ဂုဏ်ကို အာရုံပြုကာ ရိုသေစွာ။ ဝန္ဒာမ-ကြည်ကြည်နူးနူး၊ စေတနာမြူးလျက်၊ နဖူးပေါ်တွင် ဆယ်လက်တင်ကာ၊ ရှိခိုးကန်တော့ကြပါကုန်၏ အရှင်ဘုရား။ ပစ္စုဋ္ဌေမစ၊ သမ္မပ္ပဓာန၊ ဝီရိယဖြင့်၊ လုံ့လထားကာ၊ ကြွရောက်လာငြား၊ ဆရာတစ်ပါးမို့၊ ခစားကြည်ညို၊ သဒ္ဓါပိုလျက်၊ ခရီးဦးလည်း ကြိုဆိုကြပါကုန်၏ အရှင်ဘုရား။ ပူဇေမစ၊ အရှင့်သန္တာန်၊ တရားမှန်ကို ရည်သန်ကော်ရော်၊ ပူဇော်လည်း ပူဇော်ကြပါကုန်၏ အရှင်ဘုရား။

ကြိုဆိုရိုခိုး တရားတောင်း

ကရေယျာမ သောဘနံ မံ
ပစ္စုဋ္ဌေယျာမ ဝန္ဒနံ
ပူဇေမ ဂန္ဆ ကာရကံ
ဓမ္မံ ဒေသေတု မာဂတံ။

ဘန္တေ - သတ္တဝါများ၊ ရင်ဝယ်သားသို့၊ သနားမေတ္တာ၊ ကရုဏာဖြင့်၊ ဒေသနာဓမ္မ ဟောညွှန်ပြဖို့၊ ကြွရောက်လာငြား၊ မဟာစည်ဆရာတော် အရှင်မြတ်ကြီးဘုရား။ မယံ-သာသနာရေး၊ အသက်ပေး၍၊ မနှေးပြုလုပ်၊ ယောဂီထောက်ပံ့ရေး၊ အကျွန်ုပ်တို့သည်။ ဓမ္မံ-သွာက္ခာတတာ၊ အစဖြာသည့်၊ ဓမ္မာဂုဏ်မြတ်၊ ပြည့်စုံလတ်၍၊ ဝဋ်ဇာတ်အပါယ်၊ လွတ်ထွက်လွယ်ဖို့၊ ဆက်သွယ်ပေးတတ်၊ တရားမြတ်ကို။ ဒေသေတုံ- ရင်ဝယ်သားသို့၊ သနားကရုဏာ၊ ဟောကြားခြင်းငှာ။ အာဂတံ- သုံးလှုထွင့်ထား၊ မြတ်ဘုရားသို့၊ သနားမေတ္တာ၊ သမ္မာဆန္ဒ၊ ဝီရိယဖြင့်၊ ကြွရောက်လာသော၊ ဂန္ဆကာရကံ၊ ပရိယတ်၊ ပဋိပတ်၊ နှစ်ရပ်သာသနာ၊ ပြန့်ပွားရာဖို့၊ ကျမ်းစာထူးထွေ၊ ပြုတော်မူပေတတ်သော။ ဣမံသောဘနံ၊ အဂ္ဂမဟာ၊ ပဏ္ဍိတာမို့၊ ပညာရှိလတ်၊ အရှင်သောဘနအမည်ရှိသော ဤအရှင်မြတ်ကို။ ပစ္စုဋ္ဌေယျာမ၊ ရိုသေလှစွာ၊ ဦးနှိမ်ပါ၍၊ ဆရာသမဏာ၊ ဂါရဝဖြင့်၊ တင်သ,ပဏာ၊ ရွှင်ပျစွာ ကြိုဆိုကြပါကုန်၏ အရှင်ဘုရား။ ဝန္ဒနံ-လက်သွယ်အပေါင်း၊ လက်ဆယ်ချောင်းကို၊ ဦးခေါင်းတင်ပြု၊ ရှိခိုးခြင်းအမှုကို။ ကရေယျာမ၊ အရှင့်ဘုန်းဂုဏ်၊ မွှေးပျံ့ထုံကို၊ ဖုံဖုံတင့်ဆန်း၊ စိတ်ရည်မှန်းကာ၊ ပြုလုပ်ကြပါကုန်၏ အရှင်ဘုရား။ ပူဇေမ-တင်ခြီဂါရဝ၊ အဥ္ဇလီပဏာမဖြင့်၊ ဆရာသမဏာဂုဏ်၊ စိတ်မှတ် တုံကာ၊ ယုံကြည်ပါ၍၊ ကြိုကာဆင်နွှဲ၊ ပူဇော်ပွဲအနေဖြင့်၊ သြော်၊ . . . ချီးကျူးပူဇော်ကြပါကုန်၏ အရှင်မြတ်ကြီးဘုရား။



ကျွန်ုပ်ရှိခိုင်းမဟာစည်ဆရာတော်ဘုရားကြီး သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

မထေရ်ဆရာအား ချီးမွမ်းဂါထာ

ဓမ္မံ ဒေသေတွာန ဠိတံ
မဟာထေရံ ပသံသိတံ
ဒတွာ ဇနာန မောဝါဒံ
ပသံ သေယျာမ တေ မယံ။

ဘန္တေ-မေတ္တာစိတ်ထား၊ မြတ်တရားကို ဟောကြားပေတတ်၊ အရှင်မြတ်ဘုရား။ ဇနာနံ- သံသရာဘေး၊ လွတ်လပ်ရေးကို၊ မျှော်တွေးကြငြား၊ လူအများတို့အား။ သြဝါဒံ၊ နေနည်းထိုင်နည်း၊ နိသရည်းနှင့်၊ ရှုနည်းဝိပဿနာ၊ အဖြာဖြာအစုံစုံ၊ သြဝါဒအဖုံဖုံကို။ ဒတွာစ၊ မေတ္တာစိတ်ထား၊ သနားကြည်ဖြူ။ ပေးတော်မူ၍လည်းကောင်း။ ဓမ္မံ- လေးဆယ့်ငါးဝါ၊ အချိန်ကြာအောင်၊ မြတ်စွာဗုဒ္ဓ၊ မွေတ်ဟမိန့်ကြား၊ မြတ်တရားကို။ ဒေသေတွာနစ၊ သာသနာ့ ရိပ်သာတွေမှာ၊ လာသမျှ မိတ်သဟာ၊ ဓမ္မမိတ်ဆွေတို့အား၊ ဟောကြားတော်မူပြီး၍ လည်းကောင်း။ ဠိတံ၊ တည်ကြည်ငြိမ်သက်, မလှုပ်ယှက်ပဲ၊ နှုတ်ဆက်ခွန်းချွေ၊ တည်နေတော်မူသော။ ပသံသိတံ- လက်ဖျစ်ရိုက်တီး၊ မြေတုန်ဟည်းအောင်၊ အံ့ချီးသိုက်မြိုက်၊ ချီးမွမ်းခြင်းငှာထိုက်သော။ မဟာထေရံ၊ သီလသမာ၊ မြတ်ပညာနှင့် သိက္ခာသုံးပါး၊ မြတ်တရားကို၊ ကြိုးစားအားထုတ်၊ ပြုလုပ်ရှာမှီး၊ ပဋိပတ်နည်းကို၊ သိပ်သည်းလှစွာ၊ ဘာဝနာကျင့်စဉ်း၊ အမြင့်လမ်းညွှန်ကြား၊ မဟာစည်ဆရာတော်ဘုရားကို။ တေမယံ၊ ယောဂီထောက်ပံ့၊ သီးသန့်အဖွဲ့၊ ထိုမှခွဲ့လျက်၊ သက်သက်စေတနာ၊ လာလာသမျှ၊ မြို့မှာရှိသမျှ၊ ဒါယကာဒါယိကာမ၊ အဝဝအဖုံဖုံ၊ စုံစုံလင်လင်၊ စိတ်ထားကောင်းဝင်သည့်၊ သူတော်စင်သမုတ်၊ ထိုအကျွန်ုပ်တို့သည်။ ပသံသေယျာမ၊ ကျေးဇူးတရား၊ တုန့်ပြန်သောအားဖြင့်၊ အများစုခါ၊ မြတ်ရိပ်သာ၌ ထေရ်ဆရာပူဇော်ပွဲ၊ စီစဉ်ကာန္တဲပါလို့၊ ပြုလုပ်မြဲမွတာ၊ ကန်တော့ ပန်းအဖြာဖြာတို့ဖြင့် သြော် ချီးမွမ်းကြပါကုန်၏ အရှင်မြတ်ကြီးဘုရား။ (၁၃၂၇ ခုနှစ်၊ တပေါင်း လဆန်း ၁၃ ရက်၊ ၁၉၆၆ ခု၊ မတ်လ ၄ ရက် မဟာစည်ဆရာတော်ကြီး ကွမ်းခြံကုန်းမြို့ကြွစဉ် အချိန်ကရေးသော ဂါထာများဖြစ်ပါသည်)

မဟာစည်နှင့် အမြဲဆက်သွယ်လျက်ရှိသူ
ပခုက္ကူ အရှင်ကေသရ



ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာအဖွဲ့ကြီးသုံးဖွဲ့နှင့်

မဟာစည်အဖွဲ့ဝင် ယောဂီများက ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီးအား

ရှိခိုးသော အာစရိယဝန္ဒနာ လေးဂါထာပါဘုရား

ပန်းရစ်တောင် ဦးကေသဝ ပါဠိပါရဂူ

ဗုဒ္ဓသာသနာနဂ္ဂဟအဖွဲ့ချုပ်ကြီးက ရှိခိုးသော အာစရိယဝန္ဒနာဂါထာပါဘုရား။

ဗုဒ္ဓဿ သာသနံ အနုဂ္ဂဟေတီတျ နုဂ္ဂဟော မယံ ထေရောဝါဒေ ဌတွော၊ ဝန္ဒာမတီဟိအာဒရံ

ဗုဒ္ဓဿ - မြတ်စွာဘုရား၏ **သာသနံ**- အဆုံးအမ သာသနာတော်မြတ်ကြီးကို **အနုဂ္ဂဟေတီ** - အစဉ်မပြတ်စောင့်ရှောက်တတ်၏။ **ဣတိတသ္မာ** - ထိုသို့ မြတ်စွာဘုရား သာသနာတော်မြတ်ကြီးကို အစဉ်မပြတ် စောင့်ရှောက်တတ်သောကြောင့် **အနုဂ္ဂဟော** - ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်မည်ပါပေ၏။ **မယံ** - ဗုဒ္ဓသာသ နာနုဂ္ဂဟအဖွဲ့ဝင် ဖြစ်ကုန်ကြသော တပည့်တော်တို့သည် **ထေရောဝါဒေ** မဟာစည် ဆရာတော်မထေရ်မြတ်ကြီး၏ အဆုံး အမသြဝါဒ တော်၌ **ဌတွော** - အမြဲမကွာ တည်ကြပါကုန်၍ **ထေရံ**-ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် မထေရ်မြတ်ကြီးကို **တီဟိ** - ကာယဝစီ မနော ခံ၍ သုံးလီသောဒွာရတို့ဖြင့် **အာဒရံ** - ရိုသေ လေးမြတ် အာရုံကပ်လျက် **ဝန္ဒာမ** - ရိုသေ မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဟိတေသီအဖွဲ့ဝင်များက ရှိခိုးသော အာစရိယဝန္ဒနာဂါထာပါဘုရား

ဟိတံ ဧသတီ အတ္တဿ၊ ဟိတေသီ ဣတိနာမိ ကာမယံ ထေရောဝါဒေ ဌတွော၊ ဝန္ဒာမတီဟိ အာဒရံ။

အတ္တဿဟိတံ၊ မိမိအကျိုးစီးပွားကိုလည်းကောင်း၊ **ပရဟိတဿ** - သူတစ်ပါး၏ အကျိုးစီးပွားကိုလည်းကောင်း၊ **ပစ္စက္ခဟိတဿ** - ယခု

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ဘဝ အကျိုးစီးပွားကိုလည်းကောင်း၊ **သမ္မရာ ယိကဟိတဉ္စ**-နောင်တမလွန်ဘဝအကျိုးစီးပွား ကိုလည်းကောင်း၊ **လောကီယတိတဉ္စ** - လော ကီ အကျိုးစီးပွားကိုလည်းကောင်း၊ **လောကုတ္တရ ဟိတဉ္စ**- လောကုတ္တရာ အကျိုး စီးပွားကိုလည်းကောင်း၊ **ဧသတိဂဝေသတိ ယုဉ္စတိ** ရှာမှီးဆည်းပူး အထူးကြပ်မတ်အား ထုတ် တတ်၏။ **ဣတိ တသ္မာ** - ထို့ကြောင့် **ဟိတေသီဣတိနာမိကာ** ဟိတေသီအဖွဲ့ဝင် အမည်ရှိကြကုန်သော **မယံ** ဘုရားတပည့် တော်တို့သည် **ထေရောဝါဒေ** - မဟာစည် ဆရာတော်မထေရ်မြတ်ကြီး၏ အဆုံးအမ ဩဝါဒတော်၌ **ဌတွာ** - အမြဲမကွာ တည် ကြပါကုန်၍၊ **ထေရံ** - ကျေးဇူးတော်ရှင် မဟာ စည်ဆရာတော်မထေရ်မြတ်ကြီးကို၊ **တီဟိ** - **ကာယ**, ဝစီ, မနောချီ၍ သုံးလီသော ဒွါရတို့ ဖြင့် **ဝန္ဒာမ**- ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုး ကန်တော့ကြပါကုန်၏ အရှင်ဘုရား။

အမျိုးသမီးယောဂီစောင့်ရှောက်ရေး
အဖွဲ့ဝင်များက ရှိခိုးသော
အာစရိယဝန္ဒနာဂါထာပါဘုရား

မာတုဝိယ ဂါယတီဟိ၊ ကုမာရီယောဂီ ရက္ခ ကာ၊ မယံထေရောဝါဒေ ဌတွာ၊ ဝန္ဒာမတီဟိ အာဒရံ။

မာတုဝိယ - အမိကဲ့သို့၊ ဂါယတိရက္ခတိ - စောင့်ရှောက်တတ်၏။ **ဣတိကသ္မာ** - ထို့ကြောင့် ကုမာရီယောဂီရက္ခကာ - အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့ဝင် ဖြစ်ကြကုန်သော မယံ - ဘုရားတပည့်တော်တို့သည် **ထေရော ဝါဒေ** - မဟာစည်ဆရာတော်မထေရ်မြတ်ကြီး ၏ အဆုံးအမသြဝါဒတော်၌၊ **ဌတွာ** - အမြဲ မကွာ တည်ကြပါကုန်၍၊ ထေရံ - ကျေးဇူးတော် ရှင် မဟာစည်ဆရာတော်မထေရ်မြတ်ကြီးကို **တီဟိ** - ကာယ, ဝစီ, မနောချီ၍ သုံးလီသော ဒွါရတို့ဖြင့် **အာဒရံ** - ရိုသေလေးမြတ် အာရုံကပ် လျက်၊ **ဝန္ဒာမ** - ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ကြပါကုန်၏ အရှင်ဘုရား။

မဟာစည်ရိပ်သာအဖွဲ့ဝင် ယောဂီများက
ရှိခိုးသော အာစရိယဝန္ဒနာဂါထာပါဘုရား။

မဟာစည်နယေ နုယုဥိယ၊
မဟာစည် ယောဂီနာ မိကာ၊
မယံ ထေရောဝါဒေ ဌတွာ၊
ဝန္ဒာမ တီဟိ အာဒရံ။ ။

မဟာစည်နယေန - ကာယ ဝေဒနာ စိတ္တာ ဓမ္မ၊ လေးဝလမ်းမှန်၊ သတိပဋ္ဌာန်ဟု၊ မှတ်ရန် သိပ်သည်း မဟာစည်နည်းဖြင့်၊ **အနုယုဥိယ** - အဖန်ဖန် အထပ်ထပ် မပြတ်အဟုတ် အားထုတ် ခဲ့သည်။ ယခုလည်း အားထုတ်နေသည်၏ အဖြစ်ကြောင့်၊ မဟာစည်ယောဂီ **နာမိကာ** - မဟာစည်ယောဂီအဖွဲ့ဝင် ဖြစ်ကြကုန်သော၊ **မယံ** - ဘုရားတပည့်တော်တို့သည်၊ **ထေရာ ဝါဒေ**- မဟာစည်ဆရာတော် မထေရ်မြတ်ကြီး ၏ အဆုံးအမသြဝါဒတော်၌၊ **ဌတွာ** အမြဲမကွာ တည်ကြပါကုန်၍ **ထေရံ** - ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်မထေရ်မြတ်ကြီးကို၊ **တီဟိ** - ကာယဝစီ မနောချီ၍ သုံးလီသော ဒွါရတို့ဖြင့်၊ **အာဒရံ** - ရိုသေလေးမြတ် အာရုံကပ်လျက်၊ **ဝန္ဒာမ** - ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ကန်တော့ကြပါကုန်၏ အရှင်ဘုရား။ ။

ပန်းရစ်တောင် ဦးကေသဝ (ပါဦပါရဂူ)

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား

မင်္ဂလာရာမ အရှင်သုမင်္ဂလဂုဏ်ပြုပူဇော်အပ်သော

ထေရုပ္ပတ္တိကထာဂါထာဂီတိများ

ဝက်လက်အရှင်ဇဋိလပဏ္ဍိတပြန်လည်တင်ပြသည်

(၁) **သုဒ္ဓေကုလေ သောကြဝါရေ ကတပုည ဝိသေသကော**
ဆိပ်ခွန်ဂါမေ ဝိဇာယီဝ ပုညလက္ခဏသညုတော။

မဟာထေရော-ပညာဝရဇိန်၊ ရောင်ရှိန်လက်လက် ထက်မြက်စွမ်းရည်၊ မဟာစည်ဟု၊ သာကီနွယ်ဖွား၊ ဆရာတော်ဘုရားကြီးသည်။ **ဆိပ်ခွန်ဂါမေ**-ရွှေဘိုနောက်လက်၊ စဉ်ဆက်ခန့်ခိုင်၊ (၇)မိုင်ကွာ၊ သာယာထူးချွန်၊ အံ့ဖွယ်လွန်သည့်၊ ဆိပ်ခွန်ရွာကြီး၌။ **သုဒ္ဓေ သုဒ္ဓေဟိ**-သမ္မာဇီဝ အာသီသဖြင့်၊ စာရမပျက် အသက်မွေးစင်ကြယ်ကြကုန်သော။ **ကုလေ-ကုလေဟိ**-ဇာတိနွယ်ရင်း သန့်ပြန့်ခြင်းကြောင့်၊ အလျှင်းစင်ကြယ်၊ ကောင်းသောအမျိုးအနွယ်၌လည်းဖြစ်ကုန်သော။ **ဇနေတ္တိကေဟိ**-သူတော်ဥစ္စာ၊ ရတနာနှင့် ကောင်းစွာပြည့်ဝ၊ အဖ ဦးကံတော် အမိ ဒေါ်အုပ်၊ ထိန်းချုပ်ခဲ့ငြား၊ မိဖနှစ်ပါးတို့မှ၊ **သာကေ**-မြန်မာဝေါဟာ၊ ကောဇာတွက်စစ်၊ သက္ကရာဇ် ၁၂၆၆-ခုနှစ်၌။ **သောကြာဝါရေ** - ဒုဝါဆိုခေါ်-ပြည့်ကျော်မပျက် (၃)ရက်မရွှေ့၊ သောကြာနေ့၌။ **ကတပုည ဝိသေသကော**-ရှေးရှေးဘဝ၊ တိတ်ကာလက၊ ကောင်းစွာဆည်းပူး ကုသိုလ်ကံအထူး ရှိခဲ့ပေသော။ **ပုညလက္ခဏသညုတော**-ပညာဘုန်းဂုဏ်၊ အလုံးစုံနှင့် ပြည့်စုံသည်လည်း ဖြစ်ပေထသော။ **ကုမာရော**-မိဖနှလုံး၊ ရွှင်ပြုံးဝမ်းမြောက်၊ သတို့သားငယ်ကလေးတစ်ယောက်သည်၊ (ဝါ) သာသနာ့ဝန်ဆောင်၊ အခေါင်မြင့်ရှည်၊ မဟာစည်လောင်းလျာ၊ ဉာဏ်ဖြာထွန်းတောက် သတို့သားငယ်လေးတစ်ယောက်သည်။ **ဝိဇာယီဝ**-ပေါ်ပေါက်အထူး ရွှင်ကြည်နူးလျက် မီးရှူး သန့်စင် ဖွားမြင်ခဲ့လေပြီတကား။ ။

(၂) **ဗဟူနံဝတ အတ္ထာယ သာမဏေရော သမုဗ္ဘဝီ၊**
တမာဂမ္မ ဗဟူဇနာ အဟောဂုဏ မဟန္တတာ။ ။

ဗဟူနံ - အားထားမှီခို၊ ကုသိုလ်ဖြစ်ကြောင်း၊ သဒ္ဓါလောင်းကြသည့်၊ များစွာသော ကမ္ဘာသူကမ္ဘာသားအပေါင်းတို့၏။ **အတ္ထာယ**-လောကုတ်လောကီ၊ နှစ်လီတိုးပွား အကျိုးများစေခြင်းငှာ။ **မာတာပိတူဟိ**-ကြင်နာယုယ၊ ရှုမဝသည့်၊ သုခတိုးပွား၊ မိဖနှစ်ပါးတို့သည်။ **ဒွါဒသဝဿိကံ**-နုနယ်ပျိုမျစ်၊ အရွယ်စစ်က၊ ၁၂-နှစ်သာရှိသေးသော။ **ဒါရကံ**-မျက်စိအောက်ကမပျောက်စေချင်၊ ခင်မင်ယုယ သားရွှေလှကို။ **အနုဂ္ဂဟေတွာ**၊ သာသနာပြုရေး အားပေးပံ့ထောက် သာမဏေကလေးအဖြစ် ရောက်အောင် ချီးမြောက်ကြကုန်သည် ဖြစ်၍။ **သာမဏေရော**-ကျင့်ဝတ်သိက္ခာ၊ လိမ္မာရေးခြား၊ ရှင်သောဘနဆိုတဲ့ သာမဏေကလေး



တစ်ပါးသည်။ **သမုဒ္ဓဝီ**-တက်သစ်စနေဝန်း ထွန်းသစ်စလပမာ၊ အာဇာနည်ဂိုဏ်း၊ သမိုင်း ထွန်းတောက်၊ ဂုဏ်ရောင်မြောက်အောင်၊ ပေါ်ပေါက်၍ လာခဲ့လေပြီတကား။ တံ-ထိုမဂ်လာ သဘော-ဆင်ကာနှောသဖြင့်၊ ရှင်သောဘနဆိုတဲ့သာမဏေလေးကို (၀၊) မဟာစည်လောင်းလှ၊ ဂုဏ်ဝါပြန့်မွှေး၊ ရှင်သောဘန ဆိုတဲ့ သာမဏေလေးကို။ **အာဂမ္မ**-အစွဲပြုကြကုန်၍။ **ဗဟူဇနာ**-ဇမ္ဗူဒိတ်ပြင်၊ ပင်လယ်ရပ်ခြား၊ နေထိုင်ငြားသည့်၊ မျိုးလှသောင်းသောင်း လူအပေါင်းတို့သည်။ **လာဘာဝတ**-ကြိုက်ကြိုက်ကြဲကြဲ၊ ကုသိုလ်ဟုန်ကြောင့် လူဘုံလောက အရတော်ကြလေကုန်စွတကား။ တဿ-သာမဏေဖြစ်ပြီး ငယ်ကတည်းက ဇာတ်ကြီးဆယ်ဖြာ၊ သဒ္ဒါ၊ သဂ်ဟ၊ ဝိနယပါဠိ စရှိလုံးစုံ၊ အာဂုမ်သဘော၊ လွန်ညက်ညောသည့် ရှင်သောဘနဆိုတဲ့ ဇာနည်ရည်သွေး၊ သာမဏေကလေး၏။ **ဂုဏမဟန္တတာ**-အရွယ်နှင့်မလိုက်အောင်၊ ထိုက်ထိုက်တန်တန် ဉာဏ်ရောင်ဖြာလင်း၍၊ ဂုဏ်ရှိ လိုက်ရခြင်းသည်။ **အဟော**-သြော်၊ ပြောဆိုမပြီး၊ လက်ဖျစ်တီး၍ အံ့ချီးဖွယ်ကောင်းလှလေတော့သည်တကား။ ။

(၃) **ကမေန သော ဘိဝမေန္တော၊ အာစေရော ပထ မုဿဝေ**
ဇယံ ပတ္တော လဒ္ဓ လဉ္ဆော၊ အဟောဗုဒ္ဓဿ သာသနေ။

ကမေန-အစဉ်အားဖြင့်။ **ကမေန**-ကျောင်းသားတွေ၊ သာမဏေတရပ်၊ မြင့်မြတ်စခန်း၊ ရဟန်းဘဝ၊ ကာလရွှေ့လျား၊ အစဉ်အားဖြင့်။ **ဘိဝမေန္တော**၊ ပရိယတ်ပညာ၊ စာပေသင်ကြား၊ ကြီးပွား၍လာခဲ့ရသော။ **အာစေရော**၊ တစ်ထောင်တစ်ယောက် ပေါ်ပေါက် ထွက်လာ၊ ဇာနည်မည်သား၊ ဆရာတော်ဘုရား ကြီးသည်။ **ပထမုဿဝေ**-ပထမပြန်စာမေးပွဲကြီး၌။ (၀၊) ကမ္ဘာသိရန် သာသနာအရေးမှာ နွဲ့မဟဲ့ရယ်လို့၊ ပါဠိပထမပြန်ဆိုတဲ့ စာမေးပွဲကြီး၌။ **သုခေနေဝ**-မပင်မပန်း၊ ချမ်းသာလွယ်ကူ သဖြင့်သာလျှင်။ **ဇယံပတ္တော**-ငယ် လတ် ကြီး ပါ၊ ဓမ္မာစရိယ စာချဘွဲ့ထူး၊ ဆွတ်ခူးလှလှ၊ အောင်မြင် တော်မူခဲ့ရသည်ဖြစ်၍လည်းကောင်း၊ **လဒ္ဓလဉ္ဆော**-ဝါတော်ချဉ်ထောက် ၂၆ တွင်၊ အံ့လောက်ဖွယ်ရာ၊ အဂ္ဂမဟာပဏ္ဍိတာဟု သညာ ခပ်နှိပ်ရအပ်သော ဘွဲ့တံဆိပ်ရှိသည်ဖြစ်၍လည်းကောင်း။ **တုဝံ**-မဟာစည်ဟု မြန်မာပြည်မဆံ့၊ ကမ္ဘာပြန့်အောင် ပျံ့နှံ့သတင်း ကျော်စောခြင်းရှိတော်မူသော အရှင်မြတ် ဘုရားသည်။ **ဗုဒ္ဓဿ**-သစ္စာလေးရပ် တရားမြတ်ကို၊ တတ်အပ်ထင်ထင်၊ သိမြင်လေငြား၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ **သာသနေ**-အမှတ်တရ အမြတ်ပြုနေတဲ့ သဒ္ဓမ္မသုံးဖြာ၊ ဤသာသနာတော်ကြီး၌။ **အဟော**-သြော် သာသနာ့ဝန်ဆောင် အခေါင်မြင့်ရှည် မဟာစည်ဟု သာကြည်ရွှင်မြူး၊ ဂုဏ်တော်ထူးကို ချီးကျူးဦးခိုက် အံ့သြလိုက်ရပါတော့သည်ဘုရား။ ။

(၄) **ဂန္ထကာရီ ဓမ္မစာရီ၊ နမောတေ ဂုဏနုဿရီ**
သုပေသလ သိက္ခာကာမီ ဒီဃဇီဝီ မဟာဂဏီ၊

မဟာထေရ-သာသနာနောက်ဖျားမှ ပေါက်ဖွားကြအဆူဆူ၊ သူမတူဂုဏ်ရနဲ့တို့ဖြင့်၊ သင်းပျံ့မွှေးကြည်၊ အို. . . မဟာစည်ဆရာတော်မြတ်ကြီးဘုရား။ **တွံ**-အံ့ဘွယ်သြဘွယ်၊ အံ့သြဘွယ်တို့ဖြင့်၊ ကမ္ဘာ့အလယ်၊ ထည်ဝါခန့်ညား၊ အရှင်မြတ်ဘုရားသည်။ **ဂန္ထကာရီ**-နိကာယ်ငါးရပ် ပိဋကတ်အဖြာဖြာ၊ ကျမ်းလာသမျှ အာဂမနှင့်၊ သဘာဝအဖုံဖုံ၊ နည်းမျိုးစုံအောင် ခိုင်လုံကျစ်လျစ်



ကျမ်းပြုဆရာတော်ကြီးလည်း ဖြစ်တော်မူပါပေ၏။ **သုပေသလ သိက္ခာကာမီ**၊ သီလသမာဓိပညာ ဟု သိက္ခာသုံးရပ် ပဋိပတ်ကို ချစ်အပ်မြတ်နိုး လိုလားတော်မူလှသည်ဖြစ်၍။ **ဓမ္မစာရီ**၊ ရွှေရင်တော်နှစ်၊ သားတော်ချစ်တို့ မလစ်စေရ ကျင့်ကြံကြသည့်၊ ဓမ္မမြိုက်ဆီ၊ တရားရည်ကို နှစ်ရှည်လများ၊ ကြိုးစားမယုတ် အားထုတ်တော်မူအပ်ခဲ့လေပြီ။ **တေ**-ပရိယတ် ပဋိပတ် လွှမ်းထပ်စွယ်စုံ၊ ဂုဏ်တော်ကြီးမား အရှင်မြတ်ဘုရား၏၊ **ဂုဏနုဿရီ**-လောကုတ်လောကီ နှစ်လီပြောင်မြောက် အံ့လောက်ဖုံဖုံ၊ ကျေးဇူးဂုဏ်ကို၊ အာရုံစွဲကပ် သတိချပ်လျက်။ **နမော**-သဒ္ဓါဖြူဖွေး၊ အစဉ်တွေး၍ လေးလေးနက်နက် နှုတ်မြွက်သံသာ၊ ဂါထာသီကျူး၊ အာရုံမြူးလျက် ဦးညွှတ်လိုက်ရပါတော့ သည်ဘုရား။ **မဟာဂဏီ**-ဝိပဿနာ လေ့လာကြိုးစား အစဉ်ပွား၍ တရားအမြတ် ပဋိပတ်သာသနာ ကမ္ဘာတလွှား၊ ပြန့်ပွားဆင့်လှိုင်း၊ မြင့်မြတ်သော ဂိုဏ်းရှိတော်မူသော အရှင်မြတ် ဘုရားသည်။ **ဒီဃဇီဝီ**-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခ အမြဲရလျက် ဓူရနှစ်လီ ပွားစည်မပျက် စဉ်ကာဆက်၍ အသက်ရာကျော် ရှည်တော်မူပါစေသတည်း။ ။

(၅) **သီလအာစာရသမ္ပန္နော သြဝါဒေါ ဝိမလော အဟော**
ဓိတိမာ ပညဝါ လောကေ ဒဿနံစ သုမဂ်လံ။

လောကေ-ဆရာကောင်းထံ နည်းခံမှတ်လို၊ ထိုထိုဤဤ၊ လှည့်လည်များပြား တရားရှာကြ ဤလောက၌။ **မဟာထေရော**-မြင့်မြတ်ဂုဏ်ရည် မဟာစည်ဟု ဇာနည်နွယ်ဖွား ဆရာတော်ဘုရားကြီးသည်။ **သြဝါဒေါ**-တရားဓမ္မ သြဝါဒဖြင့် အစစပဲ့ပြင်၍ သွန်သင်ထုတ်ဖော် ဟောပြဆုံးမတော်မူတတ်ပါပေ၏။ **သီလအာစာရသမ္ပန္နော**-ရဟန်းမြတ်တို့လေ့အပ်ဝသီ၊ ပါရမီ ဆင့်ဆင့်လှိုင်းသဖြင့် မြင့်ချင်တိုင်းမြင့် ညီကြွလို့မို့၊ အကျင့်သီလတည်းဟူသော ဂုဏ်နှင့်လည်း ပြည့်စုံတော်မူလှပါပေ၏။ **ဝိမလော**-တွင်းပြင်နှစ်ဝ နှစ်ဌာနတို့၌ ပါပပြစ်ဘေး မရစ်မှေးသဖြင့် အညစ်အကြေးလည်း ကင်းတော်မူလှပါပေ၏။ **ဓိတိမာ**-ဆန္ဒဒေါသာ မောဟာဘယ လေးဝ အဂတိ ကင်းစင်ဘိ၍ သတိမဏ္ဍိုင် အောင်လံကိုင်သဖြင့် ကြံ့ခိုင်စွာအရှည်ခန့်ပေသည့် တည်တံ့သော သမာဓိလည်း ရှိတော်မူလှပါပေ၏။ **ပညဝါ** - ကျမ်းဂန်အဖုံဖုံမှာ ကဝိမြတ်ဆရာတွေးလို့မို့၊ စွမ်း ဉာဏ်အဟုတ်သိမှတ်စရာအရေးပေထင့် လမ်းမှန်အစုံစုံယတိဖြတ်ကာပေး တတ်သဖြင့် ပိဋကတ် အရာသူဌေးကြီးလည်း ဖြစ်တော်မူလှပါပေ၏။ **ဘောန္တော**-ကြွရောက်လာငြား၊ အိုပရိသတ်အ များတို့။ **ဒုလ္လဘံ**-တွေ့ခဲကြုံခဲရနိုင်ခဲလှပေသော။ **ဤဒိသံ**-သီလသမာဓိပညာနှင့် ကောင်းစွာပြန့်ပြော ဤသို့သဘောရှိသော ဆရာတော်ဘုရားကြီးကို။ **ဒဿနံ**-အားရပါးရ ဦးနှိမ်ချ၍ တုပ်ကွရိုကျိုး ရှိခိုးဖူးမြင်လိုက်ရခြင်းသည်။ **သုမဂ်လံ**-သိရီမြုတေ၊ ကျက်သရေအဖြာဖြာ ကောင်းကျိုး သာသည့် မဟာမင်္ဂလာကြီးတစ်ခုပါပေတည်း။**အဟော**-ဩော် ဝမ်းပန်းလှိုက်ခုံ၊ သိမ့်သိမ့်တုန်အောင်၊ လှိုင်းဟုန်ကြီးကြီး၊ လိုက်ခုန်စီးရသလို၊ ဝမ်းအမြောက်ကြီး မြောက်ရပါပေ သည်တကား။

(၆) **ရဏဝီဒံ သသိက္ခံဝ၊ ပညာယစ သမာဓိနာ၊**
ယုဒ္ဓါသနေ ဇိနဿစ၊ ဝေနေယျာနံ အဒေသယီ။

နော-မှီခိုများပြား၊ တရားအားထုတ် အကျွန်ုပ်တို့၏၊ **ယောမဟာထေရော**-နှစ်ရာ့



နှစ်ဆယ် ခုနစ်သွယ်ဟု စလွယ်သိကွာ ဆင်မြန်းကာဖြင့်၊ ဂုဏ်ဝါတင့်ပြီး အကြင်မဟာစည် ဆရာတော်ဘုရားကြီးသည်။ **ဇိနဿ**-ပွဲတိုင်းအောင်မြင် လွန်ပေါ်ထင်သည့် ဘုရားရှင်ကိုယ် တော်မြတ်ကြီး၏။ **ယုဒ္ဓါသနေ**-ဤသို့ဤဟန် ပုံစံသတ်မှတ် ပစ်ခတ်နှိမ်ဝေး သင်တန်းပေးရာ သာသနာ့ရိပ်ထီး စစ်ကျောင်းတော်ကြီး၌။ **ဉာဏာဝုဓံ**-ရန်သူတစ်ဖက် မာန်မူလို့တက်ခဲ့လျှင် အသက်ကိုပြောင်းဆန်အောင် သတ်နိုင်တဲ့ ဉာဏ်တည်းဟူသော မောင်းပြန်သေနတ်ကြီးကို။ **ဂဟေတွာဝ**-အချိုးကျကျ တစ်မျိုးဆလို့မို့၊ ရှိုးပြစတိုင်၊ ပိုင်နိုင်သဲမဲ ကိုင်စွဲတော်မူလျက်သာလျှင်။ ပါပ-ငြိပွေကာ အရှုပ်သားပါကလာ့၊ ထိလေရာ တလှုပ်လှုပ်ဖွားတတ်တဲ့ ကိလေသာတည်းဟူသော အယုတ်တရားတို့ကို။ **သမာဓိနာ**-ငြိမ်းအေးသုခ အမှန်ရသည့် စံပြတွင်လာ သမထဘာဝနာဖြင့်။ **ယုဒ္ဓံ**-ထိုးစစ်ခံစစ် ပြန်လှန်ပစ်၍ ဉာဏ်နှင့်အပြိုင် ရင်ဆိုင်တွေ့ကြုံ တိုက်ခိုက်ပုံနည်းကိုလည်းကောင်း။ **ပညာယ**-တိဟိတ်ပညာ စဉ်လာမမှား ပညာတည်းဟူသော ဝိပဿနာတရားဖြင့်။ **ယုဒ္ဓံ**-ထိုးစစ်ခံစစ် ပြန်လှန်ပစ်၍ ဉာဏ်နှင့်အပြိုင်၊ ရင်ဆိုင်တွေ့ကြုံ တိုက်ခိုက်ပုံနည်းကိုလည်းကောင်း၊ **ဥဂ္ဂဏှိ**-စစ်တက်စစ်ခိုး အလိမ်လိမ်အကျင့် တရားတိုးမြှင့် မအားအောင် အပင်တပန်း နှင်းလို့မို့ သင်တန်းဆင်းတော်မူခဲ့လေပြီတကား။ **ရဏဝိဇံ**-ကိလေသာစစ်ပွဲတွင် ဝင်နွှဲရန်အမြင်မှန်းလို့မို့ သင်တန်းဆင်းလာ စစ်ပညာကို၊ **သိက္ခံဝ**-လေ့လာပြန်းတီး တတ်မြောက်ပြီးသည့် စစ်ဗိုလ်မှူးကြီးနှင့်လည်း အလားတူပေထသော။ **သော မဟာထေရော**-ဝိပဿနာလေ့လာပွားစည်း ထိုမဟာစည်ဆရာတော်ဘုရားကြီးသည်။ **ကိလေသေ**-သောင်းကျန်းဖုံဖုံကိလေသာတည်းဟူသော ရန်သူပုန်တို့ကို။ **ဥယျောဓိ**-ဝိပဿနာ ပညာထက်မြက် လက်နက်ကြီးတကားကားနှင့် စွမ်းအားခဲ့ထွင် တိုက်ပွဲဆင်တော်မူခဲ့လေပြီတကား။ **ဝါ**-ဝိပဿနာ လေ့လာပွားများ၊ ကျင့်တရားတို့ဖြင့် ကြိုးစားရှင်ပျော် မွေ့လျော်တော်မူခဲ့လေပြီတကား။ **သသော**-ကိလေသာ သူပုန်ရန်ကို တော်လှန်ကာ အပြုတ်နွံမည်ဟု တိုက်ပွဲကိုဘာမထီတဲ့ အာဇာနည် ပုဂ္ဂိုလ်မြတ်ကြီးသည်။ **ဝေနေယျာနံ**-ကျင့်ကြံပွားများ တရားအလုပ် အားထုတ်ကုန်ငြား ဝေနေယျအများတို့အား။ **အဒေသယိ**-ရှုပုံမှတ်ပုံ နည်းမျိုးစုံအောင် ဉာဏ်ဟုန်ဖော်ပြ သဘာဝဖြင့် ဓမ္မရေအေး အမြိုက်ဆေးကို တိုက်ကျွေးဟောပြတော်မူခဲ့လေပြီတကား။ **နောအမှာက်**-က်ကောင်းပင့်မြောက် သို့ကလောက်ဖြင့် လူဘဝရောက်ရကုန်သော ငါတို့အား။ **လာဘာဝတ**-အားကိုးအားထား တရားမြတ်မွန် နည်းညွှန်လမ်းပြ ကြုံတွေ့ရသဖြင့် အားကျွန်ုပ်ပျော် သြော်အရတော်ကြလေ ကုန်စွတကား။

(၇) သီလေသု မာဝ ဩဒါတော၊ သမာဓိသု သိလုစ္စယော
ပညာသု ရံသိမာ ဒိစ္စော၊ ထောမေမိ တာဒိသံ နမော။

မဟာစေရော-မြန်မာနိုင်ငံမြေမဆုံပါဘဲ ကမ္ဘာ့နိုင်ငံတွေပါနှံ့အောင် အံ့လောက်သီးသီး ဝိပဿနာရှုနည်းကို အပြီးပိုင်ပိုင် ပေးစွမ်းနိုင်ငြား မဟာစည်ဆရာတော်ဘုရားကြီးသည်။ **သီလေသု**-လောကတစ်ခွင် စံပြတစ်ပါးပေထင့် ပြောရလျှင် အနန္တများပါဘိ သံဝရတရားဆိုတဲ့ သီလအရာတို့၌။ **မာဝ**-ဝင်းတရှိန်ရှိန် ထိန်တလက်လက် နှစ်သက်စဖွယ် တင့်တယ်လေပြီး ဖိုးရွှေလမင်းကြီးကဲ့သို့။ **ဩဒါတော**-ဖူးမြင်သူ သဒ္ဓါကြွလောက်အောင် ပါကဋ္ဌထိပ်သီး ရောင်ဟုံညီးသဖြင့်၊ မြူလည်းမနှောင်၊ မှောင်လည်းမသန်း အံ့မခန်းမျှ တင့်ဆန်းတလူလူ ဖြူစင်တော်



မူလှပါပေ၏။ **သမာဓိသု**-ကြံ့ကြံ့ခိုင်ခိုင် ယိမ်းယိုင်မရှိ သမာဓိအရာဌာနတို့၌။ **သိလုစ္စယော၀**-လေနီလေကြမ်း လေသရမ်းတို့ ဝေ့ယမ်းတအား တိုက်ခိုက်သွားလည်း လှုပ်ရှားမယိုင် မြင့်ခိုင်ထီးထီး၊ ကျောက်တောင်ကြီးအလားကဲ့သို့။ **ဓိတိမာ**-သဘောအမှန် မြေ၀သုန်ပိုင်းတွင်ဖြင့် လောကဓံ လေမုန်တိုင်းတွေက ဝိုက်သိုင်းကာ တစ်ဖုံသုတ်သော်လည်း တုန်လှုပ်ပေါင် ဘာမထိသဖြင့် တည်ကြည်တော်မူလှပါပေ၏။ **ပညာသု**-တတ်သိလိမ္မာ အရာရာတွင် ထင်စွာလင်းလင်းသိမြင်ခြင်းဆိုတဲ့ ပညာအရာဌာနတို့၌။ **အာဒိစ္စော၀**-ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် မိုက်မှောင်ပယ်ခွင်း ရှင်နေမင်းကြီးကဲ့သို့။ **ရံသိမာ** - သုံးပုံပိဋကတ် နှံ့ပတ်မွှေနှောက်ဖက်ကမ်းရောက်သဖြင့် ထွန်းတောက်၀င်းပြောင် ဉာဏ်တည်းဟူသော အရောင်အလင်းလည်းရှိတော်မူလှပါပေ၏။ **(၀၊)** သိစရာအဟုတ် အမှန်ပြရလျှင် အဘိဓမ္မာရုပ်နာမ် နှစ်၀ငယ်နှင့် ၀ိနယာသုတ္တန်ဓမ္မတို့ကို ကဝိဆရာ နှုတ်အဖန်ဖန်ဟခဲ့တာကြောင့် ထင်စွဲထင်စွာ ထင်စွာအခေါင် ချဉ်းစေဖို့၊ ပညာ့ပညာ ပညာဆိုတဲ့ အရောင်အလင်းလည်း ရှိတော်မူလှပါပေ၏။ **တာဒိသံ**-ထိုသို့ဆိုအပ် ဂုဏ်သကတ်ဖြင့် အမြတ်ဇာနည်၊ မဟာစည်ဟု သာကီနွယ်ဖွား ဆရာတော်ဘုရားကြီးကို။ **နမော**-ဂုဏ်တော်လုံးစုံ အာရုံရှေ့ပြေး အစဉ်တွေး၍ လေးလေးနက်နက် နှစ်သက်ခါခါ ဦးညွှတ်လိုက်ရပါတော့သည်ဘုရား။ **ထောမေမိ**-လောကုတ်လောကီ နှစ်လီပြန့်ပြူး ဂုဏ်တော်ထူးကို ရည်စူးဦးခိုက် အာရုံစိုက်၍ ချီးကျူးလိုက်ရပါတော့သည်ဘုရား။

(၈) သုလဒ္ဓံ၀တ မေပုညံ၊ မဟာစေရဿ ထောမနံ
ပူဇိတံ နိမ္မလံ ဂုဏံ၊ သမံဒဒါမ ပါဏိနံ။

မေမယာ-ရုပ်နာမ်နှစ်ဖြာ ပေါင်းကာသမုတ်၊ (သုမဂ်လ) ခေါ်သော အကျွန်ုပ်သည် **မဟာစေရဿ**-ကျေးဇူးတော်စုံ၊ ဂုဏ်တော်ကြီးမား၊ မဟာစည်ဆရာတော်ဘုရားကြီး၏။ **နိမ္မလံ**-သန့်ရှင်းကြည်လင်၊ ဖြူစင်ဖွေးဖွေး၊ အညစ်အကြေးကင်းသည်လည်းဖြစ်ပေသော။ **ဂုဏံ**-ချီးမွမ်းဖွယ်စုံ၊ အံ့မကုန်သည့်၊ ကျေးဇူးတော်ဂုဏ်အပေါင်းကိုလည်းကောင်း။ **ထောမနံ**-ဂါထာဗန္ဓ၊ ဖွဲ့စပြု၍၊ အားရရွှင်မြူး ချီးကျူးရခြင်းကိုလည်းကောင်း။ **ပူဇိနံ**-လက်အုပ်ချီမိုး၊ ရှိခိုးကော်ရော်၊ ပူဇော်ရခြင်းကိုလည်းကောင်း။ **ကတံ**-ဉာဏသမ္ပယုတ်၊ ဇောစိတ်အုပ်၍၊ မုချမသွေ၊ ပြုလုပ်ရပေပြီ။ **မယာ**-ခန္ဓာနာမ်ရုပ်၊ ပေါင်းချုပ်မှည့်ခေါ်ဆိုတဲ့ တပည့်တော်သည်။ **၀တ**-အမှန်စင်စစ်အားဖြင့်။ **ပုညံ**-အားရကြည်နူး၊ တိဟိတ်ကုသိုလ်ထူးကို။ **သုလဒ္ဓံ**-အမြင်အကြား၊ အစဉ် အားဖြင့်၊ ထင်ရှားမသွေ၊ ရအပ်ပေပြီ။ **တဿ**-မုချဆတ်ဆတ်၊ ရအပ်လေငြား၊ ထိုကုသိုလ်တရား၏ **ဘာဂံ**-ရရှိသမျှ၊ ဖို့ဘာဂကို။ **သမ္ပပါဏိနံ**-လူနှင့်နတ်ပါ ငြဟ္မာမကြွင်း၊ ခပင်းဥဿုံ၊ အလုံးစုံသော သတ္တ၀ါတို့အား။ **သမံဒဒါမ**-ကိုယ်စီကိုယ်ငှ၊ ရကြပါစေ၊ အမျှ၀ေပါကုန်၏။ **အနုမောဒန္တု**-၀မ်းမြောက်နုမော် ပျော်ကြီးပျော်၍ သာဓုခေါ်နိုင်ကြပါစေကုန်သတည်း။

ဖော်ထုတ်တင်ပြသူ
၀က်လက်ဘုရားကြီး မဟာစည်ရိပ်သာ
အရှင်ဇဋိလပဏ္ဍိတ

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



အဂ္ဂဂါမိဂုရှအဓိပတိ သိရိပဝရ မဟာထေရ
ဆဋ္ဌသင်္ဂါယနာပုစ္ဆကနာနာဂန္ဆကာရက

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏

သီလ၊ သမာဓိ၊ ပညာ၊ ဉာဏ်၊ မေတ္တာ၊ ဘာဝနာဂုဏ်တို့ကို
ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ
မဟာသတိပဋ္ဌာန်အဖွဲ့မှ ချီးကျူးထောမနာအပ်သော

ထုတိသြဘာ မင်္ဂလာဂါထာ

သီလ

သတံ ပဝါယံ မန္ဓာရော၊
ပုပ္ဖကေသု တုလေကကော။
တထာပိ သော နပပွေါတိ၊
မဟာစည် သီလပုပ္ဖကံ။
နသက္ကာယေဝ သခီါတုံ၊
ဧတ္တကံအပိ ကေနစိ။

မန္ဓာရော - စံပမာမမျှအမှန် အလွန်တရာလှပ၍ ပန်စရာရရန် ဖန်ခါခါတ,ရသည့် မန္ဒာရဝဆိုသည့် နတ်ပန်းသည်။ သတံ - ယောဇနသတံ၊ ယူဇနာတစ်ရာတိုင်တိုင်၊ ပဝါယံ - ပဝါယန္တော၊ နတ်ခန်းဝါဘုံမှာ အမြတ်ဂန္ဓာရုံဖြင့် မပြတ်လွှမ်းကာခြုံ၍ မွှေးတကြိုင်ကြိုင်လှိုင်ပါပေ၏။ ပုပ္ဖကေသု - လွှမ်းမိုးထုံခြုံ အဆန်းအရိုးစုံသည့် ပန်းမျိုးအဖုံဖုံတို့တွင်၊ အတုလော- အတုမရှိပါပေ။ ဧကကော - တစ်ခုတည်းပါပေတည်း။



တထာပိ = ထိုသို့ပင်ဖြစ်ပါသော်လည်း၊ သော = ယူဇနာတစ်ရာတိုင်တိုင် ရန့်ကြိုင်၍ လှိုင်သော ထိုမန္ဒာရဝနတ်ပန်းသည်၊ မဟာစည်သီလပုပ္ပကံ = မာရ်တသီးနောင် ရုံးထောင်၍ မတ,ရအောင် အလျှံညီးပြောင်ဘုန်းရောင်ပ,ခဲ့၍ ရန်ကြီးအောင်ကုန်းဘောင်ခ,ဆိုသည့် ရေညိုညို ရွှေဘိုအနောက်ဆီက အသရေပို နေလိုတောက်ပ၍ အခြေထိုထို ပဝေအဆိုထောက်လိုက်လျှင် နိမိတ်မွန်စွာ အတိတ်အလွန်သာသည့် ဆိပ်ခွန်ရွာဇာတိသားပါပဲ သာကီဘုရားဘဂဝါပရမေ အရဟံ၏ သာသနာအမွေခံ ရှင်ရဟန်းဘဝဖြင့် အစဉ်မပန်းမလျှ အလေ့တော်စွာလျှင် မွေ့ပျော်ရာ ကျောင်းတော်မြတ်၏ အပေါင်းခေါ်လတ် မဟာစည်အမည်ကို ဌာနီမထေရ်တင်စား၍ အထင်အရှား ကမ္ဘာမဟီမှာကျော်သည့် ဇာနည်သာမဏာအမော် မဟာစည်ဆရာတော်၏ သီလတည်းဟူသောပန်းကို၊ နပပ္ပေါတိ = မရောက်မမီပါပေ၊ ဝါ = ရောက်မီဖို့မဆိုထားနှင့်တော့ အနား သို့ပင်မကပ် မသီနိုင်ပါပေ၊ (ဧတံ = မဟာစည်ဆရာတော်၏ ထိုသီလတည်းဟူသောပန်းကို)၊ ဧတ္တကံ = ဤရွေ့ဤမျှဟု၊ ဝါ = ကာယက် သီလအညှိနှံ့ ပြယ်စေပုံ၊ ကာယက်သီလအမွှေးနံ့ ကြွယ်စေပုံ၊ ဝစီက် သီလအညှိနှံ့ပြယ်စေပုံ၊ ဝစီက် သီလအမွှေးနံ့ ကြွယ်စေပုံ၊ တဏှာဒိဋ္ဌိ နိဿိတသီလအညှိနှံ့ပြယ်စေပုံ၊ အနိဿိတသီလ အမွှေးနံ့ကြွယ်စေပုံ၊ အဝိသုဒ္ဓသီလ အညှိနှံ့ပြယ်စေပုံ၊ ဝိသုဒ္ဓသီလ အမွှေးနံ့ကြွယ်စေပုံ၊ ဟာနဘာဂိယ ဋ္ဌိတိဘာဂိယသီလ အညှိနှံ့ပြယ်စေပုံ၊ နိဗ္ဗေဓဘာဂိယ သီလအမွှေးနံ့ကြွယ်စေပုံ၊ လေးဖြာသော အသုဒ္ဓိသီလ အညှိနှံ့ပြယ်စေပုံ၊ လေးဖြာသော သုဒ္ဓိသီလ အမွှေးနံ့ကြွယ်စေပုံ၊ အနာစာရအဂေါစရ အညှိနှံ့ပြယ်စေပုံ၊ အာစာရဂေါစရ အမွှေးနံ့ ကြွယ်စေပုံ၊ ဤသို့ စသည်၌ ဤရွေ့ဤမျှဟု၊ ကေနစိပိ၊ နွယ်မြက်သစ်ပင်အပေါင်း အကြောင်းစုံသိ ရုက္ခဗေဒပညာရှိ (Botanist) စသည့် တစ်စုံတစ်ယောက်သောသူမျှလည်း၊ သခ်ါတုံ၊ ရုက္ခဗေဒကျမ်း (Botany) အချက်အလက်အရ စိတ်တွက် လက်တွက် စက်အတွက်တို့ဖြင့် ရေတွက်ဆုံးဖြတ်ခြင်းငှာ နသက္ကာယေဝ = ဘယ်လိုပင် ကြိုးပမ်းသော်လည်း ဝိဇ္ဇာ (Art) သိပ္ပံ (Science) ဉာဏ်တွေကုန်ခန်း၍ တကယ်တမ်း မတတ်နိုင်သည်သာလျှင်တည်း၊ ဝါ၊ ကေနစိ သီလစံချိန်မမှီ တက္ကိအဝဝနှင့် သုတစိန္တာထိုထို ပုဂ္ဂိုလ်အဖုံဖုံ တစ်စုံတစ်ယောက်သောသူမျှလည်း၊ သခ်ါတုံ၊ တက္ကကျမ်းထွက်နှင့် သုတမယ စိန္တာမယ အချက်အလက်တို့အရ ရေတွက်ဆုံးဖြတ်ခြင်းငှာ၊ နသက္ကာယေဝ၊ ဘယ်လိုပင် ကြိုးပမ်းသော်လည်း တက္ကနယနှင့် သုတမယ စိန္တာမယ ဉာဏ်တွေ ကုန်ခန်း၍ တကယ်တမ်း မတတ်နိုင်သည်သာလျှင်တည်း။

သမာမိ

ဥစ္စော ထူလော မဟာမေရု၊
ပဗ္ဗတေသုတုလေကကော။
တထာပိ သော နု ပပ္ပေါတိ၊
မဟာစည် ကဂ္ဂတာစလံ။
နု သက္ကာ ယေဝ သခ်ါတုံ
ဧတ္တကံအပိ ကေနစိ။

မဟာမေရု၊ စာပဝေရှသော် အမရာပြေ(ပြည်)နှစ်ခုတည်ရန် ဓမ္မတာအခြေပြုခဲ့သည့် ကမ္ဘာမြေအထုက မဟာမေရုဆိုသည့် မြင်းမိုရ်တောင်သည်၊ ဥစ္စော-သိရ်သမ္ဘာခိုင် ကွန်ဒါပိုင်သည့်



ဝတိ်သာတိုင် ဝင့်ကြွား၍ မြင့်မားမိုးမောက်ပါပေ၏၊ ထူလော - သီဒါသတ္တရဗ္ဗန်နှင့် သီလာ ပဗ္ဗတံတွေဟာ ညီစွာအထပ်ထပ်ရံ၍ အပြန့်ကျယ်ပြီး အံ့စဖွယ်ခန့်ထည်ကြီးမားပါပေ၏။ ပဗ္ဗတေသု - ဖြိုးမြင့်သီခေါင် တောင်ဟူသမျှတို့တွင်၊ အတုလော၊ အတူမရှိပါပေ။ ဧကကော- တစ်ခုတည်းပါပေတည်း။ တထာပိ-ထိုသို့ပင်ဖြစ်ပါသော်လည်း၊ သော - မဟာမေရုဆိုသည့် ထို မြင်းမိုရ်တောင်သည်၊ မဟာစည်ဧကဂ္ဂတာအစလံ၊ မြတ်ဘဂဝါ အစဉ်ပါဝစနာကို ဆဋ္ဌသင်္ဂါယနာ၌ ကဿပအရှင်မဟာပမာ ပြဿနာပြင်ကာ ဆင်ကာဖြင့် သဒ္ဒအတ္ထလျင်စွာ ထင်စွာမထွေး မရှုပ်ရအောင် မနှေးထုတ်ပြသည့် အမေးပုစ္ဆကအရာတည်ကာ ကမ္ဘာ မဟီမှာကျော်သည့် မဟာစည်ဆရာတော် သာကီသမဏာအမော်၏ သမာဓိတည်းဟူသော တောင်ကို နပပွေါတိ၊ မရောက်မမီပါပေ၊ ဝါ၊ ရောက်မီဖို့မဆိုထားနှင့်တော့ အနားသို့ပင် မကပ်မသီနိုင်ပါပေ၊ (ဧတံ၊ မဟာစည်ဆရာတော်၏ ထိုသမာဓိတည်းဟူသောတောင်ကို၊) ဧတ္တကံ၊ ဤရွှေ့ဤမျှဟု၊ ဝါ၊ စိတ်၏ ပြန့်ကျဲမှုကိုပြယ်စေပုံ၊ စိတ်၏ ပေါင်းစည်းမှုကို ကြွယ်စေပုံ၊ စိတ်၏ ပျံ့လွင့်မှုကို ပြယ်စေပုံ၊ စိတ်၏ တည်တံ့မှုကိုကြွယ်စေပုံ၊ ကာမစ္ဆန္ဒ, ဝိစိကိစ္ဆာဌာနိယ, မဒမာန စသော သမာဓိဘေးရန်တို့ကို ပြယ်စေပုံ၊ သတိပဌာန်, သမ္မပဌာန်ဟူသော သမာဓိ ဖြစ်ကြောင်း နှင့် သမာဓိအခြံအရံတို့ကို ကြွယ်စေပုံ၊ ဤသို့ အစရှိသည်တို့၌ ဤရွှေ့ဤမျှဟု ကေနစိပိ၊ ရေမြေတောတောင် အပေါင်းအကြောင်းစုံသိ ပထဝီဝင်ပညာရှိ (Geographer) စသည့် တစ်စုံတစ်ယောက်သောသူမျှလည်း သခါတုံ၊ ပထဝီဝင်ကျမ်း (Geography) အချက်အလက်အရ စိတ်တွက်လက်တွက် စက်အတွက်တို့ဖြင့် ရေတွက်ဆုံးဖြတ်ခြင်းငှာ နသက္ကာယေဝ ဘယ်လိုပင် ကြိုးပမ်းသော်လည်း ဝိဇ္ဇာသိပ္ပဉာဏ်တွေကုန်ခန်း၍ တကယ်တမ်း မတတ်နိုင်သည်သာလျှင် တည်း၊ ဝါ-ကေနစိပိ၊ သမာဓိစံချိန်မမီ တက္ကီအဝဝနှင့် သုတစိန္တာထိုထို ပုဂ္ဂိုလ်အဖုံဖုံတစ်စုံ တစ်ယောက်သောသူမျှလည်း သခါတုံ၊ တက္ကကျမ်းထွက်နှင့် သုတမယ စိန္တာမယ အချက်အလက် အရ ရေတွက်ဆုံးဖြတ်ခြင်းငှာ၊ နသက္ကာ ယေဝ၊ ဘယ်လိုပင် ကြိုးပမ်းသော်လည်း တက္ကနယနှင့် သုတမယ စိန္တာမယဉာဏ်တွေကုန်ခမ်း၍ တကယ်တမ်း မတတ်နိုင်သည်သာလျှင်တည်း။

ပညာ

ဥဏ္ဍဒေါ သူရ ဒေါ ဒိစ္စော၊
ဥဏ္ဍံသူသု တု လေကကော။
တထာပိ သော နပ ပွေါတိ၊
မဟာစည် ပညဒီပိကံ။
နသက္ကာ ယေဝ သခါတုံ၊
ဧတ္တကံအပိ ကေနစိ။

အာဒိစ္စော- နဘံအာကာစွန်းဆီက စံပမာညွှန်းမရအောင် အလျှံဖြာဖြာထွန်းပသည့် ဖလ်ဝါကွန်း နေသူရိန်သည်၊ ဥဏ္ဍဒေါ- အအေးဓာတ် ဘေးမှတ်၍ခွာလိုလျှင် မနှေးဆတ်ဆတ် အဝေးအပြတ်ကွာစေ၍ တရေးသတ်သတ် မထွေးမစပ်ပဲ အနွေးဓါတ်တဖုံတလျှင်လည်း တဂုဏ် ပြကာအကုံအင အစုံရအောင် ဥဏ္ဍဆိုသည့်အပူဓါတ်ကို ပေးတတ်ပါပေ၏။ သူရဒေါ- အရောင်



ပျောက်ကာ အမျောင်ရောက်၍ သတ္တိထာမကြွနေလျှင် အရင်ရောက်ကာ အမျောင်ပျောက်၍ သတ္တိထာမခဲဖြစ်စေလက် ဗျတ္တိဉာပကတွဲကာ အခေါင်အစွန်အမြင့်က ရောင်ဝှန်တင့်စွာ အောင်တံခွန်လွှင့်နိုင်သည့် သူရဓါတ်ကို ပေးတတ်ပါပေ၏။ ဥဏှသူသု- အပူဓါတ်ရောင် ခြည်တို့တွင်၊ အတူလော- အတုမရှိပါပေ၊ ဧကကော- တစ်ခုတည်းပါပေတည်း။ တထာပိ- ထိုသို့ပင်ဖြစ်ပါသော်လည်း၊ သော- ရောင်ဝါဝင်းထိန် ထိုနေသူရိန်သည် မဟာစည်ပညဒီပိကံ၊ ရင်မှာမလင်းကာ ကခ်ီမကင်းသူတို့အား အမြင်မကြာရှင်းအောင် အထင်မသမာခွင်းပြီးလျှင် အရှင်ဘဂဝါ သေဋ္ဌနင်း၏ အစဉ်ဝစနာရင်းဖြစ်သည့် ပညာအလင်းကို လျင်စွာနှင်းပေ၍ တစ်ခွင်ကမ္ဘာအတွင်းမှာ မင်္ဂလာသတင်းကြွာရှည်စွာကျော်သည့် မဟာစည်ဆရာတော်၏ ပညာဆီမီးတန်ဆောင်ကို၊ နှ ပပ္ပေါတိ- မရောက်မမီပါပေ၊ ဝါ- ရောက်မီဖို့မဆိုထားနှင့်တော့ အနားသို့ပင်မကပ်မသီနိုင်ပါပေ၊ (ဧတံ- မဟာစည်ဆရာတော်၏ ထိုပညာဆီမီးတန်ဆောင်ကို၊) ဧတ္တကံ၊ ဤရွှေ့ဤမျှဟု၊ ဝါ- ဝိနည်းဒေသနာ၌ သိပ်သည်းတိကျစွာ ဝိနိစ္ဆယပြုနိုင်ပုံ သုတ္တန်ဒေသနာ၌ ပညတ်ဖက်၍ ဟောနိုင်ပုံ၊ အဘိဓမ္မာဒေသနာ၌ ပရမတ်သက်သက်ဟောနိုင်ပုံ၊ မြန်မာ, ပါဠိဟူသော သကဘာသာတို့ကို မြိုင်မြိုင်ဆိုင်ဆိုင်သိနိုင်ပုံ၊ သင်္ကရိုက်စသော ဘာသန္တရတို့ကို ပိုင်ပိုင်နိုင်နိုင်သိနိုင်ပုံ၊ ဗုဒ္ဓဝါဒဟူသော သကသမယကို ဧကန်တိကျသိနိုင်ပုံ၊ ရှေးခေတ်အတ္ထဝါဒ, ယခုခေတ် ရုပ်ဝါဒစသည့် သမယန္တရတို့ကို ဝေဖန် ညှိဆသိနိုင်ပုံ၊ မိမိအယူဝါဒ, သူတစ်ပါးတို့၏ အယူဝါဒဟူသော တောအုပ်အတွင်း၌ ကသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲတင်းဝင့်ကြွားစွာ ကျက်စားဝင်ရောက်နိုင်ပုံ၊ တစ်ပုဒ်ချင်း ပါဠိမြန်မာနိသယ အရေး၌ မိန်(မြိန်)ဘိတောင်းဟု ဆိုရလောက်ပုံ၊ တောက်လျှောက်မြန်မာပြန်လက်ာ, စကားပြေအရေး၌ ပိုင်ဘိတောင်းဟု ဆိုရလောက်ပုံ၊ ဤသို့ စသည်တို့၌ ဤရွှေ့ဤမျှဟု ကေနစိပိ၊ နေလ နက္ခတ်အပေါင်း အကြောင်းစုံသိဇောတိသတ်ပညာရှိ (Astronomer) စသည့် တစ်စုံတစ်ယောက်သောသူမျှလည်း သခ်ီတုံ၊ ဇောတိသတ်ကျမ်း (Astronomy) အချက်အလက်အရ စိတ်တွက်လက်တွက် စက်အတွက်တို့ဖြင့် ရေတွက်ဆုံးဖြတ်ခြင်းငှာ နသက္ကာယေဝ ဘယ်လိုပင် ကြိုးပမ်းသော်လည်း ဝိဇ္ဇာသိပ္ပညာဏ်တွေကုန်ခန်း၍ တကယ်တမ်း မတတ်နိုင်သည်သာလျှင်တည်း၊ ဝါ - ကေနစိပိ၊ ပညာစံချိန်မမီတက္ကီအဝဝနှင့် သုတစိန္တာ ထိုထိုပုဂ္ဂိုလ်အဖုံဖုံ တစ်စုံ တစ်ယောက်သောသူမျှလည်း၊ သခ်ီတုံ၊ တက္ကနယကျမ်းထွက်နှင့် သုတမယ, စိန္တာမယ အချက် အလက်တို့ဖြင့် ရေတွက်ဆုံးဖြတ်ခြင်းငှာ၊ နသက္ကာယေဝ၊ ဘယ်လိုပင် ကြိုးပမ်းသော်လည်း တက္ကနယနှင့် သုတမယ, စိန္တာမယဉာဏ်တွေကုန်ခန်း၍ တကယ်တမ်း မတတ်နိုင်သည်သာလျှင်တည်း။

ဉာဏ်

မဟဏ္ဏဝေါ ဗြဟာဂါဓေါ၊
ဥဒမီသုတုလေကကော။
တထာပိ သော နှ ပပ္ပေါတိ၊
မဟာစည် ဉာဏသာဂရံ။
နသက္ကာ ယေဝ သခ်ီတုံ၊
ဧတ္တကံအပိ ကေနစိ။



မဟင္ဏာဝေါ၊ စံပမာတင်ဖွယ်မှာ သံသရာတစ်ခွင်နှယ်သို့ မှန်စွာအထင်သွယ် အလွန်တရာ အသွင်နွယ်၍ အင္ဂဏာဝါပင်လယ်ဆိုသည့် မဟာသမုဒ္ဒရာကြီးသည်၊ ဗြဟာဂါဓေါ၊ သောသောကြွယ် ဂယက်လှိုင်းတွေနှင့် မနောဇောဝယ်ရတက်မိုင်းထလောက်အောင် အပြောကျယ်နက်ရှိုင်းပါပေ၏။ ဥဒဓီသု၊ မြစ်ငယ်အသီးသီး မြစ်ကြီးအထွေထွေ စီးထွေပေါင်းစု ရေအထုသမုဒ္ဒရာတို့တွင်၊ အတုလော၊ အတူမရှိပါပေ၊ ဧကော၊ တစ်ခုတည်းပါတည်း၊ တထာပိ၊ ထိုသို့ပင်ဖြစ်ပါသော်လည်း၊ သော၊ ထိုရေအထု မဟာသမုဒ္ဒရာကြီးသည်၊ မဟာစည်ဉာဏသာဂရံ၊ သဒ္ဒါခက်သမျှ အတ္ထာနက်သမျှအပြင် မြတ်သာသနာအတွက်မက စပ်ရာရာအချက်အဝဝတွေနှင့် အရပ်တကာက ဆက်သ,ကြသည့် ပြဿနာဝှက်သမျှတွေကိုပါ မြတ်ဘဂဝါသက္ကျ ပါဠိဝစနာအတွက်ဆပြီး ပမာမှာမသွေ မဟာနာဂသေလို အဖြာဖြာဝေအောင်ဖြေရှင်းပြ၍ ပြေ(ပြည်)အတွင်းအပ ပထဗျာမဟီ ကမ္ဘာမှာကျော်သည့် မဟာစည်ဆရာတော်၏ ဉာဏ်သမုဒ္ဒရာကို၊ နပပွေါတိ၊ မရောက်မမီပါပေ၊ ဝါ၊ ရောက်မီဖို့မဆိုထားနှင့်တော့ အနားသို့ပင် မသီမကပ်နိုင်ပါပေ၊ ဧတံ၊ မဟာစည်ဆရာတော်၏ ထိုဉာဏ်သမုဒ္ဒရာကို၊ ဧတ္တကံ၊ ဤရွေ့ဤမျှဟု၊ ဝါ၊ အနံခန့်ပုံ၊ အလျားပြန့်ပုံ၊ အထုကြီးပုံ၊ အစောက်နက်ပုံ၊ အစီးမြန်ပုံ၊ အစီးသန်ပုံ၊ ရတနာအမျိုးမျိုးပေါများပုံ၊ သတ္တဝါအမျိုးမျိုး မျောပါးပုံ၊ သံသရာဤမှာဖက်ဆီမှ စီးထွက်သွားပုံ၊ နိဗ္ဗာန်ဟိုမှာဖက်ဆီသို့ စီးတက်သွားပုံ၊ ဤသို့စသည်တို့၌ ဤရွေ့ဤမျှဟု၊ ကေနစိပိ၊ သမုဒ္ဒရာအပေါင်း အကြောင်းစုံသိသာမုဒ္ဒိက ဝိဇ္ဇာပညာရှိ (Oceнographer) စသည့် တစ်စုံတစ်ယောက်သော သူမျှလည်း၊ သခ်ါတုံသာမုဒ္ဒိက ဝိဇ္ဇာကျမ်း (Oceнography) အချက်အလက်အရ စိတ်တွက်လက်တွက် စက်အတွက်တို့ဖြင့် ရေတွက်ဆုံးဖြတ်ခြင်းငှာ နသက္ကာ ယေဝ၊ ဘယ်လိုပင်ကြိုးပမ်းသော်လည်း ဝိဇ္ဇာသိပ္ပညာဏ်တွေ ကုန်ခန်း၍ တကယ်တမ်း မတုတ်နိုင်သည်သာလျှင်တည်း၊ ဝါ-ကေနစိပိ၊ ဉာဏ်စံချိန်မမီ တက္ကီအဝဝနှင့် သုတစိန္တာ ထိုထိုပုဂ္ဂိုလ်အဖုံဖုံ တစ်စုံတစ်ယောက်သောသူမျှလည်း၊ သခ်ါတုံ၊ တက္ကနယကျမ်းထွက်နှင့် သုတမယ, စိန္တာမယအချက်အလက်တို့ဖြင့် ရေတွက်ဆုံးဖြတ်ခြင်းငှာ၊ န သက္ကာ ယေဝ၊ ဘယ်လိုပင် ကြိုးပမ်းသော်လည်း တက္ကနယနှင့် သုတမယ, စိန္တာမယဉာဏ်တွေ ကုန်ခန်း၍ တကယ်တမ်း မတတ်နိုင်သည်သာလျှင်လည်း။

မေတ္တာ

သီတဒေါ တမောဟံ စန္ဒော၊
သီတံသူသု တု လေကကော။
တထာပိ သော နံ ပပွေါတိ၊
မဟာစည် မေတ္တာ သီတလံ။
နသက္ကာ ယေဝ သခ်ါတုံ၊
ဧတ္တကံအပိ ကေနစိ။

စန္ဒော၊ ခါခါထပ်ထပ် မသာ တ,အပ်သာ တအပ်သည့် ကမ္ဘာအမှတ် ကမ္ဘာ့တန်ဆာ လစန္ဒာသည်၊ တမောဟံ၊ အခါညမှာ ပဏ္ဏာရစွာလျှင် မဟာမြရတနာ အရောင်အဆင်းဖြင့် ပြောင်ပြောင်ဝင်းဝင်း အမှောင်ခွင်း၍ လင်းသာတတ်ပါပေ၏။ သီတဒေါ၊ သွင်းလေနှင်းရေ



အအေးတို့ထက် မယွင်းမသွေ ခပင်းဇနေအေးအောင် သင်းဝေ ညှင်းပြေသည့် အအေးသီတ ဓါတ်ကို ပေးတတ်ပါပေ၏၊ သီတဲ့သူသု၊ အအေးဓါတ်ရောင်ခြည်တို့တွင်၊ အတူလော၊ အတူမရှိ ပါပေ၊ ဧကကော၊ တစ်ခုတည်းပါပေတည်း၊ တထာပိ၊ ထိုသို့ပင်ဖြစ်ပါသော်လည်း၊ သော၊ ပဝင်း လှဲဖြာ ထိုလမင်းစန္ဒာသည်၊ မဟာစည်မေတ္တာသီတလဲ၊ အနောဓိသာ မေတ္တာအစားတွေနှင့် ဩမိသာမေတ္တာမျှားကိုပါ ဇောအဓိကာ မလစ်မကွာပွားသည့်ပြင် မနောပဏီဓါသစ္စာတရား တို့ကြောင့် စောဇိနာဓမ္မရာဇ်ဘဂဝါသားတို့တွင် ထောမနီယာအစ္ဆရာတစ်ပါးဟု ကမ္ဘာမဟီမှာ ကျော်သည့် မဟာစည်ဆရာတော်၏ မေတ္တာအအေးဓာတ်ကို၊ နပပွေါတီ၊ မရောက်မမီပါပေ၊ ဝါ၊ ရောက်မီဖို့မဆိုထားနှင့်တော့ အနားသို့ပင် မကပ်မသီနိုင်ပါပေ၊ ဧတံ၊ မဟာစည်ဆရာ တော်၏ ထိုမေတ္တာအအေးဓါတ်ကို၊ ဧတ္တကံ၊ ဤရွှေဤမျှဟု၊ ဝါ၊ သတ္တ ပါဏာဘူတ စသည့် အနောဓိသသတ္တဝါများကို အေးစေပုံ၊ ဣတ္ထိ ပုရိသ စသည် ဩမိသ သတ္တဝါများကို အေးစေပုံ၊ အနောဓိသ ဩမိသမခြားသတ္တဝါများကို အေးစေပုံ၊ အတ္တ, ဟိတ, မဇ္ဈတ္တ, အဟိတ သတ္တဝါ အစားစားကို အေးစေပုံ၊ အတ္တဟိတ မဇ္ဈတ္တ အဟိတမခြား သတ္တဝါများကိုအေးစေပုံ၊ ဤသို့ အစရှိသည်တို့၌ ဤရွှေဤမျှဟု ကေနစိပိ၊ ရုပ်ဒြပ်အကြောင်းစုံသိ ရူပဗေဒပညာရှိ (Physicist) အစရှိသည့် တစ်စုံတစ်ယောက်သောသူမျှလည်း သခ်ါတုံ၊ ရူပဗေဒကျမ်း (Physics) အချက်အလက်အရ စိတ်တွက်လက်တွက် စက်အတွက်တို့ဖြင့် ရေတွက်ဆုံးဖြတ်ခြင်းငှာ နသက္ကာယေဝ၊ ဘယ်လိုပင် ကြိုးပမ်းသော်လည်း ဝိဇ္ဇာသိပ္ပဉာဏ်တွေကုန်ခန်း၍ တကယ်တမ်း မတတ်နိုင်သည်သာလျှင်တည်း၊ ဝါ-ကေနစိပိ၊ မေတ္တာစံချိန်မမီ တက္ကီအဝဝနှင့် သုတစိန္တာ ထိုထိုပုဂ္ဂိုလ် အဖုံဖုံ တစ်စုံတစ်ယောက်သောသူမျှလည်း၊ သခ်ါတုံ၊ တက္ကနယကျမ်းထွက်နှင့် သုတမယ, စိန္တာမယ အချက်အလက်အရ ရေတွက်ဆုံးဖြတ်ခြင်းငှာ၊ နသက္ကာယေဝ၊ ဘယ်လိုပင် ကြိုးပမ်းသော်လည်း တက္ကနယနှင့် စိန္တာမယ ဉာဏ်တွေကုန်ခန်း၍ တကယ်တမ်းမတတ်နိုင်သည်သာလျှင်တည်း။

ဘာဝနာ

ဒုဒ္ဓသော ကဏကော ရူပ
ကလာပေသုတုလေကကော။
တထာပိ သော နု ပပွေါတိ၊
မဟာစည် ကဏဘာဝနံ။
နသက္ကာ ယေဝ သခ်ါတုံ၊
ဇွတ်အပိ ကေနစိ။

ကဏကော၊ ရှေးတုန်းအခါက တွေးသုံးလာရာမှာ အသေးဆုံးအရာဆိုသည့် အဏုမြူ ဓါတ်သည်၊ ဝါ၊ မချေမခွဲအပ်အောင် အနေမလွဲလတ်ပဲ အခြေမြဲသတတ်ဟု ပဝေနဲတရပ်အဖြစ် မသွေစွဲမှတ်သည့် အမတေ (အမြုတေ) အခဲဓါတ်ဆိုသည့် အဏုမြူသည်၊ ဝါ၊ အပြုသဘာဝဝယ် နှစ်ခုရှာမရဟု ယခုကာလ အနုမာနဖြင့် ရှုကာဆကြသည့်ပြင် တမှုဌာန အချက်တဖြာ ပြပြန်တော့ အဖျက်သဘာဝမှာ အဖက်ရှာမရအောင် စကြာတမျှ ထက်စွာလှပေသည့် အဏုမြူသည်၊



ဝါ၊ ပြောစမှတ်အစဉ်အလာ လောကဓါတ်ပညာအရ ပေပ ထောမနတ်တင်စရာ အချက်အလက် အဖြာဖြာအစုံနှင့် ကနက်စကြဝဠာဘုံ အကြီးအကျယ်စံခန်းကို အပြီးချယ်လှယ် ဖန်ဆန်း သရုပ်ဇာတ်ခင်းပေသည့် ရုပ်ဒြပ်အရင်း အချုပ်ဓါတ်မင်းဆိုသည့် အဏုမြူသည်၊ ဒုဒ္ဒသော၊ အသွင်ပိုင်ပိုင် မြင်နိုင်ခဲပါပေ၏၊ ရူပကလာပေသု၊ ရုပ်ကလာပ်အပေါင်းတို့တွင်၊ အတုလော၊ အတူမရှိပါပေ၊ ဧကကော၊ တစ်ခုတည်းပါပေတည်း၊ တထာပိ၊ ထိုသို့ပင်ဖြစ်ပါသော်လည်း။ သော၊ အထက်ပါ အတ္ထုပ္ပတ်တို့ဖြင့် သရုပ်ဇာတ်ထုတ်အပ်သည့် ရုပ်ဒြပ်အဏုမြူသည်၊ မဟာစည် ကဏ္ဍဘာဝနံ = မဟာစည်ဘာဝနာကဏ်၊ အကြောင်းမတိမ် ပါ ၄ ဦ အညွှန်းတွေနှင့် နှောင်းအခါန်ကာလ အရှည်ထွန်းပေမည့် ဖောင်း ပိန် ပဓာနခါသည့် ကမ္မဋ္ဌာန်းပဟာရာစည် ရတနာအမော်ကို ဇြဟ္မာပြည်ပါကျော်အောင် ဓမ္မာညီစွာဆော်ခဲ့သည့် မဟာစည်ဆရာတော်၏ မဟာသတိပဋ္ဌာန် ဒေသနာအမြိုက်ဟူသော အမတာဗိမာန်ခေမာဆိုက်မည့် ဘာဝနာ အဏုမြူကို၊ နပပ္ပါတိ၊ မရောက်မမီပါပေ၊ ဝါ၊ ရောက်မီဖို့မဆိုထားနှင့်တော့ အနားသို့ပင် မကပ်မသိနိုင်ပါပေ၊ ဧတ္တံ၊ အကြောင်းမတိမ်စွာလျှင် ကောင်းအရှိန်အဝါနှင့် နှောင်းအခါန် ကြာမည့် မဟာစည်ဆရာတော်၏ ဖောင်းပိန်ဘာဝနာအဏုမြူကို၊ ဧတ္တက၊ ဤရွှေ့ဤမျှဟု၊ ဝါ၊ မိစ္ဆာဒိဋ္ဌိစသော မိစ္ဆာမဂ္ဂင်ကို ဖြိုဖျက်ပုံ၊ သမ္မာဒိဋ္ဌိစသော သမ္မာမဂ္ဂင်ကိုတည်ဆောက်ပုံ၊ ပဂ္ဂလ, သတ္တ, ဇီဝဟူသော ပညတ်အထင်ကို ဖြိုဖျက်ပုံ၊ နာမ, ရူပ, နာမရူပဟူသော ပရမတ်အမြင်ကို တည်ဆောက်ပုံ၊ နိစ္စ, သုခ, အတ္တ, သုဘဟူသော ဝိပဿနာဘာဝနာကင်းသူတို့၏ အထင်မှားကို ဖြိုဖျက်ပုံ၊ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘဟူသော ဝိပဿနာယောဂီတို့၏ အမြင်မှန်ကို တည်ဆောက်ပုံ၊ ဝိပဿနာ ဉာဏ်ဆယ်ပါး၏ အဆီးအတားများကို ဖယ်ရှားဖြိုဖျက်ပုံ၊ ဝိပဿနာ ဉာဏ်ဆယ်ပါး၏ အစီးအပွားများကို အထွတ်အဖျားရောက် တည်ဆောက်ပုံ၊ အာယတန ခြောက်ဖြာသည်ာ ခြောက်မျိုးဖြစ်ပေါ်၍ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်မှုကို ဖြိုဖျက်ပုံ၊ အာယတနခြောက်ဖြာ သည်ာခြောက်မျိုး ချုပ်ငြိမ်း၍ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ရပ်မှုကို တည်ဆောက်ပုံ၊ သခ်ါရတို့၏ ပဝတ္တ, နိမိတ္တကိုဖြိုဖျက်ပုံ၊ သခ်ါရတို့၏ အပဝတ္တ, အနိမိတ္တတို့ကို တည်ဆောက်ပုံ၊ ဤသို့ စသည်တို့၌ ဤရွှေ့ဤမျှဟု၊ ကေနစိပိ၊ အနုမြူဓါတ်အပေါင်း အကြောင်းစုံသိ အဏုမြူဒဿနပညာရှိ (Atomic Philosopher) စသည့် တစ်စုံတစ်ယောက်သောသူမျှလည်း၊ သခ်ါတုံ၊ အဏုမြူဒဿနကျမ်း (Atomic Philosophy) အချက်အလက်အရ စိတ်တွက်လက်တွက် စက်အတွက်တို့ဖြင့် ရေတွက် ဆုံးဖြတ်ခြင်းငှာ နသက္ကာယေဝ၊ ဘယ်လိုပင် ကြိုးပမ်းသော်လည်း ဝိဇ္ဇာသိပ္ပဉာဏ်တွေကုန်ခန်း၍ တကယ်တမ်း မတတ်နိုင်သည်သာလျှင်တည်း၊ ဝါ-ကေနစိပိ၊ ဘာဝနာစံခ်ိန်မမီ တက္ကိအဝဝနှင့် သုတစိန္တာထိုထို ပုဂ္ဂိုလ်အဖုံဖုံ တစ်စုံတစ်ယောက်သောသူမျှလည်း၊ သခ်ါတုံ၊ တက္ကနယကျမ်း အထွက်နှင့် သုတမယ, စိန္တာမယ အချက်အလက်တို့အရ ရေတွက်ဆုံးဖြတ်ခြင်းငှာ နသက္ကာ ယေဝ၊ ဘယ်လိုပင်ကြိုးပမ်းသော်လည်း တက္ကနယနှင့် သုတမယ, စိန္တာမယဉာဏ်တွေကုန်ခန်း၍ တကယ်တမ်း မတတ်နိုင်သည်သာလျှင်တည်း။ ။

မှတ်ချက်။ *၁၃၃၃ ခု၊ နတ်တော်လပြည့်ကျော် (၃)ရက်၊ ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ၌*
၂၂-ကြိမ်မြောက်၊ သြဝါဒခံယူပူဇော်ပွဲကျင်းပစဉ်က ထုတ်သြဘာမင်္ဂလာဂါထာ

ဦးဝင်းထိန်တင်ပြသည်။



မဟာစည်ဆေရိုက်ရည်

အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဘဒ္ဒိယ

၁။ ပုစ္ဆကော စ အဂ္ဂမဟာ
ပဏ္ဍိတော ဂန္ဆကာရကော၊
ဓမ္မကထိကော သောဘနော
အာစေရော နော
ပတ္ထာရကော။

နော-မဟာစည်ဟု ဂုဏ်ရည် ထင်ရှား မြန်ပြည်တလွှားတွင်၊ ထင်ရှားနှံ့ကျော်၊ ဆရာတော်၏ နည်းနော်ခံထ၊ များလှစားစား တပည့်တော်များတို့၏၊ နှုတ်ဟမြွက်ဖော်၊ တရားတော်မှ၊ ထုတ်ဖော်လှစ်ဟ၊ မေးမြန်းရဖို့၊ သံယာ့သမုတိ ရရှိအကျော်၊ ပုစ္ဆက ဆရာတော်ဘုရားလည်း ဖြစ်တော်မူပါပေ၏။

အဂ္ဂမဟာပဏ္ဍိတောစ - ရှေးခေတ်အခါ၊ ပြည်မြန်မာ၌၊ လွန်စွာရှားပါး၊ ရနိုင်အားဖို့၊ လွန်စွာခက်ခဲ၊ မှန်ထူးကဲသည့်၊ အံ့အဲ့မကုန် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်ဂုဏ်လည်း ရရှိတော်မူပါပေ၏။ **ဂန္ဆကာရကော စ**-လေ့လာသူအား အကျိုးများဖို့၊ ဘုရားမြတ်စွာ၊ ဒေသနာမှာ၊ လွန်စွာခဲကတ်၊ ဒုန္နယတ်ကို၊ သိမှတ်လွယ်အောင် ကြံရည်ဆောင်၍၊ မြဲခေါင်စေ့ငုံ ဖွေရှာစုသည့် ကျမ်းပြုအကျော်၊ ဆရာတော်လည်း ဖြစ်ပါပေ၏။

ဓမ္မကထိကောစ - ရိပ်သာမကပ်၊ စာမဖတ်လည်း၊ ထူးမြတ်ခြိန်ခါ၊ မင်္ဂလာ၌၊ ကြုံလာဆင်နွှဲ၊ တရားပွဲဝယ်၊ ထူးကဲသဒ္ဓါ ရှိသေစွာဖြင့်၊ သေချာကျန၊ နာယူကြသည့်၊ များလှသောင်းသောင်း၊ လူအပေါင်း၏၊ လွန်ကောင်းတင့်အပ်၊ စီးပွားရပ်ကို၊ မလတ်ဆောင်ငြား၊ ဓမ္မကထိက ဆရာတော်ဘုရားလည်း၊ ဖြစ်ပါပေ၏။

ပတ္ထာရကောစ - ပုဒ္ဓမြတ်စွာ သာသနာ၏၊ ရှည်ကြာအခွန့်၊ ရောင်လျှံကွန့်ဖို့၊ စွန့်စွန့်စားစား၊ နေမနား ဘဲ၊ တိုင်းခြားပြည်ပ၊ နိုင်ငံကျအောင်၊ ပုဒ္ဓဂုဏ်ရောင်၊ ထွန်းလင်းပြောင်ဖို့၊ ဌာန်ထောင်ကြိုးစား၊ ဖြန့်ကျက်သွားသော၊ ဆရာတော်ဘုရားလည်း ဖြစ်ပါပေသည်ဘုရား။

ထူးမြတ်ဂုဏ်ရည် မဟာစည်

၂။ ယံဌာနံ ဉာဏဝိရေဟိ၊
လဒ္ဓဗ္ဗံတံ အလဘိဝေ။
သိက္ခာကာမော
ပေသလော ယော၊
မဟာစည် ဣတိ ဝိသုတော။

ယော **ထေရော**-တပည့်တော်တို့၏ ကျေးဇူးတော်ရှင် အကြင် ဆရာတော်ဘုရားကြီးသည်။ ယံ **ဌာနံ**-အမြင့်ဆုံးပေါ်၊ အပေါ်ဆုံးမြင့်၊ အကျော်ဆုံး တင့်ပေသည့် အကြင်အတော်ဆုံးအဆင့်ကို၊ **ဉာဏ ဝိရေဟိ** - ပါရမီမြင့်၊ စာဂိတင့်၍၊ အသင့်ဉာဏ၊ ဝိရကဲခွန်၊ ဇာနည်မွန်တို့သည်၊ **ဉာဏ ဝိရေဟိ** - ဉာဏမကျွတ်၊ ခိုင်ကြီး ခိုင်၍၊ မယိုင်ဝိရ၊ ဗလနှစ်တန်၊ အားစွမ်းမာန်တို့ဖြင့်၊ **လဒ္ဓဗ္ဗံ**-မလျှော့သည့်ဇွဲ၊ ဉာဏ်ကူတွဲလျက်၊ အမြဲကြိုးကုတ်၊ အားပါးထုတ်သဖြင့်၊ အဟုတ်ပိုင်ပိုင်၊ ရရှိနိုင်၏၊ **တံ ဌာနံ** - အမြင့်ဆုံးပေါ်၊ အပေါ်ဆုံးမြင့်၊ အကျော်ဆုံး တင့်

အာစေရော - ဝိပဿနာ ရှုမှတ်ရာဝယ်၊ နည်းနာနီသယ၊ မမှားရဖို့၊ ညွှန်ပြသွန်သင်၊ နည်းစုံလင်အောင်၊ ရွှင်ကြည်အားရ တနုပဲ့ပြင်၊ ဆရာသခင်လည်း ဖြစ်တော်မူပေထသော၊ **သောဘနော**-ကာမာဝစရ ပုညရွေးကံ ဖန်စီမံ၍၊ ဖြစ်ပြန်လာရ ဤဘဝဝယ်၊ ကြီးထဘုန်းကံ၊ ပြည့်ဖြိုးလျှံသည့်၊ အလွန်ထူးခြားကျေးဇူးတော်ရှင် ဘဒ္ဒန္တသောဘန ဆရာတော်ဘုရားသည်။ **ပုစ္ဆကော စ**-ဆဋ္ဌသင်္ဂါယနာ မင်္ဂလာကို၊ တင်စဉ်ခါဝယ်၊ သေချာထုတ်ပြ၊ မြတ်ဗုဒ္ဓ ဘုရားမြတ်စွာ၊ ဒေသနာမှာ၊ လွန်စွာခဲကတ်၊ ဒုန္နယတ်ကို၊ သိမှတ်လွယ်အောင် ကြံရည်ဆောင်၍၊ မြဲခေါင်စေ့ငုံ ဖွေရှာစုသည့် ကျမ်းပြုအကျော်၊ ဆရာတော်လည်း ဖြစ်ပါပေ၏။

ဓမ္မကထိကောစ - ရိပ်သာမကပ်၊ စာမဖတ်လည်း၊ ထူးမြတ်ခြိန်ခါ၊ မင်္ဂလာ၌၊ ကြုံလာဆင်နွှဲ၊ တရားပွဲဝယ်၊ ထူးကဲသဒ္ဓါ ရှိသေစွာဖြင့်၊ သေချာကျန၊ နာယူကြသည့်၊ များလှသောင်းသောင်း၊ လူအပေါင်း၏၊ လွန်ကောင်းတင့်အပ်၊ စီးပွားရပ်ကို၊



ပေသည်၊ "အဂ္ဂမဟာပဏ္ဍိတ" ဆဋ္ဌ သင်္ဂီတိပုစ္ဆက၊ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက၊ ဂန္ထကာရက ဆိုတဲ့၊ ထိုအတော်ဆုံးအဆင့်ကို၊ **အလဘိ** - ယောက်ျားတံခွန်၊ လူရည်ချွန်က၊ ကောင်းကင်တမွတ်၊ ကြယ်ကိုဆွတ်ဖို့၊ မလွတ်ရစေ၊ ရယူတော်မူခဲ့လေပြီ၊ **သောထေရော**-တပည့်တော်တို့၏၊ ကျေးဇူးတော်ရှင်၊ "အဂ္ဂမဟာပဏ္ဍိတ" ဘဒ္ဒန္တသောဘန အမည်ရသည့်၊ ထေရအကျော်၊ ထိုဆရာတော် ဘုရားကြီးသည်၊ **သိက္ခာကာမော** - စာမရီသွင် မြီးဆံခင်သို့၊ သုံးအင်သိက္ခာ၊ လိုလားရာတွင်၊ ကောင်းစွာစိတ်ထား၊ ကြံခိုင်ငြား၍၊ အင်အားပြည့်လျှင်း၊ ပြိုင်ဘက်ကင်းသည့်၊ မှန်ကင်းတဆူလည်း၊ ဖြစ်တော်မူပါပေသည် ဘုရား၊ **ပေသလော** - စတုပါရိသုဒ္ဓိလေးဖြာ၊ ဖြည့်ကျင့်ရာဝယ်၊ ခန္ဓာအသက် မငဲ့ကွက်ဘဲ၊ ယစ်ဌက်အမ၊ ဥခင်လှသို့၊ စိတ်ကလိုမှတ်၊ ချစ်ခင်အပ်သော၊ သီလ တရားလည်း၊ ရှိတော်မူပါပေသည်ဘုရား . . .

မဟာစည်ကွတိ -တရားစည်ကြီး၊ ယွမ်းဆော်ဟည်း၊ ရိုက်တီးမဟာစည်၊

သတိပဋ္ဌာန်၊ ရှုနည်းမှန်၊ ပေးပြန် မဟာစည်၊

တရားဟောရာ၊ နားစွဲတာ၊ ရှင်းတာ မဟာစည်၊

ကျမ်းပေါင်းများစွာ၊ ရေးသားတာ၊ မှတ်ပါ မဟာစည်၊

ကျမ်းဂန်ရေးလျှင်း၊ လွန်ရှင်းလင်း၍ ထင်လင်းသိလွယ်၊ တုဘက်ကွယ်၊ မှတ်ဘွယ် မဟာစည်၊ ဆဋ္ဌသင်္ဂီယနာ၊ တင်စဉ်ခါဝယ်၊ သံဃာ့တာဝန်၊ မေးမြန်းရန်ကျ၊ ပုစ္ဆက၊ ထေရ-မဟာစည်၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘွဲ့တော်ရ သိကြမဟာစည်၊

ကာမာဝစရ၊ ပုညရွေးကံ၊ ဖန်စီမံ၍ ဖြစ်ပြန်လာရ၊ ဤဘဝတွင်၊ ကြီးထဘုန်းကံ၊ နှိုင်းမတန်၊ မှတ်ရန် မဟာစည်-ဟူ၍၊

ဝိသုတော-မြန်ပြည်တလွှား၊ လူတို့ကြားတွင်၊ ထင်ရှားဖုံဖုံ၊ ပြောမကုန်အောင်၊ နှံ့တုံခပင်း၊ ကမ္ဘာချဉ်းမျှ၊ ရှင်းလင်းပြတ်သား၊ ထင်ရှားလှပါပေသည် ဘုရား . . .

၃။ **ဒီဝဂ္ဂတံ မဟာထေရံ၊**
ဗဟုဇန ဘိပူဇိတံ၊
ကမ္မေနာ နေန ပူဇေမိ၊
ဝိပွသန္နေန စေတသာ၊

ဒီဝဂ္ဂတံ-ကာလရှည်တောင်း၊ ခန္ဓာညောင်း၍၊ အဟောင်းခန္ဓာ၊ စွန့်ပစ်ခွာလျက်၊ နတ်ရွာခေါ်မှန်း၊ ဗိမာန်နန်းသို့၊ စံမြန်းမှီခို၊ ရွှန်းစိုစိုဖြင့်၊ စံလွန်တော်မူလေပြီးသော၊

ဗဟုဇနဘိပူဇိတံ-ရဟန်းရှင်လူ၊ များပြည်သူတို့၊ ကြည်ဖြူလေးမြတ်၊ သဒ္ဓါဓာတ်ဖြင့်၊ ပျပ်ဝပ်ရိုကျိုး၊ လက်စုံမိုးကာ၊ ရှိခိုးပူဇော်ပါ၏၊ အလွန်ပူဇော်အပ်ပေထသော၊

မဟာထေရံ - ဘာဝနာကမ္မဋ္ဌာန်း၊ ရှုစီးဖြန်းဖို့၊ နည်းလမ်းအသစ်၊ တီထွင်လှစ်ကာ၊ အားသစ်ထုတ်ဖော်၊ ကမ္ဘာကျော်သည့်၊ ကျမ်းတော်အညီ၊ မဟာစည်ဟု၊ အမည်တင့်ဆန်း၊ နည်းနယမ်းကို၊ စည်းကမ်းတကျ၊ မိန့်ဟောပြသည့်၊ ကမ္ဘာ့ထိပ်ပြေး၊ ကျေးဇူးတော်ရှင်၊ မဟာစည်ဆရာတော်ဘုရားကြီးကို၊ **အဟံ-မြို့**သာကေတနဂရဝယ်၊ နာမသင်းထုံ၊ ဂန္ဓာရုံဟု၊ အင်ဂုံဏ်သိုက်မြိုက်၊ မြတ်ကျောင်းတိုက်ကို၊ ဦးဆောင်ညွှန်ပြ "ဘဒ္ဒိယ"ဟု၊ နာမတွင်ခေါ်ဘုရား တပည့်တော်သည်ပါ၊

ဝိပွသန္နေန စေတသာ-လောဘ ဒေါသ မိုက်မောဟနှင့်၊ ကိလေသာစက္ကြ မကောင်းမှုတို့၊ ကင်းမှုကုန်သား ကြည်လင်သောစိတ်ထားဖြင့်၊

အနေန ကမ္မေန-ဗုဒ္ဓမြတ်စွာသာသနာ၏၊ ရှည်ကြာအခွန့်၊ ရောင်လျှံကွန့်ဖို့၊ စွန့်စွန့်စားစား၊ လွန်ကြိုးစားကာ၊ တရားဟောပြ၊ စာသင်ချလျက်၊ သိဿအများ တပည့်သားတို့၊ အားထားလိုက်နာ၊ ဆင်ခြင်ရာကို၊ မိန့်မှာညွှန်ပြ၊ သြဝါဒဖြင့်၊ နေ့ညမနား ဤသာသနာပြုအလုပ်များဖြင့်၊

ပူဇေမိ-ဝိပဿနာနည်းပညာကို၊ ဆရာတော်ဘုရား၊ စသင်ကြားသည့်၊ ချိန်ခါမှထောက်၊ ရာပြည့်ရောက်လည်း၊ မပျောက်အသံ၊ ဟောမိန့်သံဟု၊ ဂုဏ်တော်အနန္တ၊ မှန်းဆကြည်ညို၊ ရိုသေမြတ်နိုး၊ လက်စုံမိုးကာ၊ ရှိခိုးပူဇော်ပါ၏၊ အရှင်ဘုရား၊

ရေးသားပူဇော်သူ
အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တဘဒ္ဒိယ



အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏

ရာပြည့်ပူလာပထွန်း

* သာသနာ့ဇာနည်၊ မဟာစည်ဟု
မြန်ပြည်မဆုံ၊ ကမ္ဘာနှံ့အောင်
သင်းပျံ့ကြိုင်ကြိုင်၊ ရနံ့လှိုင်သည်
ခုတိုင်လန်းဆန်း တော်ဝင်ပန်း။

* တော်ဝင်မြတ်ပန်း၊ အစဉ်လန်းလျက်
သက်တမ်းရာထောင် တည်စေသောဝ်။

* သာသနာ့ဇာနည်၊ မဟာစည်ဟု
မြန်ပြည်မက၊ အမည်လှ၍
ကမ္ဘာ့အလယ်၊ လွန်တင့်တယ်လျက်
ကြယ်စုံရံခ၊ ဓမ္မသတိပဋ္ဌာန်
ရောင်တော်လျှံဖြင့်၊ ဝန်းရံပက်ဖြန်း
မြိုက်ရည်လွှမ်း၍၊ ငြိမ်းချမ်းသာယာ
ဤကမ္ဘာ၏၊ သူငါအများ
ရှုမှတ်ပွားသော်၊ ရွှင်အားနှစ်သိမ့်
ပီတိစိမ့်လျက်၊ အေးငြိမ့်နှလုံး
အစဉ်ဖုံးကာ၊ ရွှင်ပြုံးတမ်းတ လစန္ဒာ။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

* မဟာစည်လမင်း၊ ကြယ်ခပင်းတို့
အလင်းရောင်လျှံ၊ သတိပဋ္ဌာန်ဖြင့်
နဘံအဇဋ္ဌာ၊ သာထက်သာ၍
ကမ္ဘာသက်ဆုံး တိုင်စေသောဝ်။

* သာသနာ့ဇာနည်၊ မဟာစည်ဟု
မြန်ပြည်ကိုကျော်၊ ကမ္ဘာပေါ်ဝယ်
ဘုန်းတော်တန်ဆောင်၊ ဉာဏ်တော်ရောင်ဖြင့်
အမှောင်ပယ်ခွင်း၊ အလင်းကိုဆောင်
ထွန်းတောက်ပြောင်သည်၊ ထောင်ရောင်ပွင့်လင်း ရှင်နေမင်း။

* မဟာစည်တက်နေ၊ မဟာထေရ်၏
ဂုဏ်ဝေထွန်းပြောင်၊ အလင်းရောင်သည်
ငါးထောင်မက၊ များမြောင်လှစွာ
ဤကမ္ဘာဝယ်၊ ရှည်ကြာအဓွန့် တည်စေသောဝ်။ ။

အရှင်ကုန္ဒာသက္က (သာသနဇေ မွောစရိယ)



မွား ဖြိဳ့ အောင် ရ ဖေး ချုပ် ဝ

မဟာစည် အာစရိယဝန္ဒနာပါဘုရား

ဘဒ္ဒန္တကေသဝ

ဖွား (၁) ကမ္ဘာ့သာသနာ၊ ပြုဖို့ရာဟု၊
စုံစွာနတ်များ၊ တောင်းပန်အားကြောင့်၊
နတ်သားဘဝ၊ ဇီဝိတ်ချ၍၊
ရောက်ထ,ကောဇာ၊ထောင့်နှစ်ရာဝယ်၊
ခြောက်ဆယ်ခြောက်ခု၊ ရတုရွှန်းစို့၊
ဒု,ဝါဆိုခေါ်၊ ပြည့်ကျော်သုံးရက်၊
ပူးမင်းစက်ခို့၊ မြို့ရွှေဘိုမှာ၊
ဆိပ်ခွန်ရွာပေါ်၊ ဦးကံတော်နှင့်၊
မယ်တော်သမုတ်၊ ဒေါ်ဒေါ်အုပ်မှ၊
ရွှေရုပ်ပုံအင်၊ သား 'မောင်သွင်' ကို၊
ကြည်လင်ဝမ်းသာ၊ ဖွားမြင်ပါသည်၊
ကမ္ဘာ့သာသနာ ပြုဖို့ကို။

ဖြစ် (၂) ကမ္ဘာ့သာသနာ၊ ပြုဖို့ရာတွက်၊
အသက်တာပြည့်ထ၊ ရှင်သောဘနသည်၊
ရောက်, ထသက္ကရာဇ်၊ တစ်ထောင့်နှစ်ရာ၊
ရှစ်မှာငါးဆုံး၊ တန်ဆောင်မုန်းတည့်၊
ရွှင်ပြုံးပျော်ဆက်၊ ကျော်လေးရက်ပ၊
ဗျဿမည်မွေ့၊ ကျားမင်းနေ့တွင်၊
ဘုန်းဟော့သာသနာ၊ ပြန့်ဖို့ရာစစ်၊
ရဟန်းဖြစ်သို့၊ ထွန်းသစ်ဝေဆာ၊
ရောက်ခဲ့ပါသည်၊
ဓမ္မရောင်ရွှန်း - ထွန်းဖို့ကို။

အောင် (၃) ဓမ္မရောင်ဖြာ၊ ထွန်းစေဌာဟု၊
ခုနှစ်ဝါရ၊ အရှင်သောဘနသည်၊
ဓမ္မာ့ပြည့်စုံ၊ မြို့သထုံစွန်၊
ဇေတဝန်ခေါ်၊ ဆရာတော်ထံ၊
ဖူးမြော်လျှောက်ဘိ၊ သတိပဋ္ဌာန်ခေါ်ငြား၊
မြတ်တရားကို၊ ပွားများပြီးစ၊
ဆယ့်ခုနစ်ဝါရတွင်၊
သာသနဓဇ၊ ဓမ္မာစရိယ သိရိပဝရ၊
ဂုဏာတင့်ဆန်း၊ စာချတန်းကို၊
ဆင့်တန်းမြင့်စွာ၊ အောင်ခဲ့ပါသည်
ဝိပဿနာရှုခန်း - လှမ်းဖို့ကို။

ရ (၄) ဝိပဿနာ၊ မြတ်ဓမ္မာကို၊
ကမ္ဘာတစ်လွှား၊ ပျံ့နှံ့ပွားအောင်၊
ရည်ဆောင်ပြီးခါ၊ ဆိပ်ခွန်ရွာတွင်၊
မဟာစည်ခေါ်မှတ်၊ ရိပ်သာမြတ်၌၊
နေလတ်စဉ်ခါ၊ ဝိပဿနာရှုနည်း၊
ကျမ်းတော်ကြီးမှ၊ စ,၍ကျမ်းများ၊



ရေးသားပြီးခါ၊ ဟောကာနေတုံ၊
မြို့ရန်ကုန်မှ၊ ဗုဒ္ဓသာသနာ၊ နုဂ္ဂဟာဟု၊
နာမမည်ဟည်း၊ အဖွဲ့ကြီးတည့်၊
လာပြီးစုံမြောက်၊ ပင့်ကာလျှောက်၍၊
နှစ်ဆယ့်ခြောက်ဝါ၊ ရသောခါတွင်၊
မြတ်စွာတိုဂုံ၊ မြို့ရန်ကုန်သို့၊
ကြွတုံမဟာ၊ စည်ရိပ်သာ၌၊
သတ္တဝါအများ၊ မြတ်တရားကို၊
ဟောကြားပြသ၊ ထိုကာလတွင်၊
အဂ္ဂမဟာပဏ္ဍိတာဟု၊
မြတ်စွာခပ်နှိပ်၊ ဘွဲ့တံဆိပ်ကို
ဂုဏ်ဟိတ်တင့်စွာ၊ ရခဲ့ပါသည်။
ကမ္ဘာအနှံ့ ပြန့်လို့ကို။
မေး (၅) ကမ္ဘာတစ်လွှား၊ ပြန့်ကာသွားဖို့၊
များပြားထေရ၊ ဝါဒတူကုန်၊
နှိုင်ငံစုံမှ၊ များတုံသံဃာ၊
ပင့်ပြီးကာလျှင်၊ မဟာပါသာဏ၊
လွန်စွာအံ့ခြီး၊ လိုဏ်ဂူတော်ကြီး၌၊
စုစည်းများပြား၊ သံဃာများတို့၊
ဘုရားဟောလတ်၊ ပိဋကတ်ကို၊
ရွတ်ကြဖတ်ကြ၊ ဆဋ္ဌသင်္ဂီယနာ၊
ပွဲကြီးမှာလျှင်၊ မဟာကဿပ၊
ပထမသင်္ဂီယနာ၊ မေးပမာသို့၊
မဟာစည်ခေါ်၊ ဆရာတော်က၊
ဆဋ္ဌသင်္ဂီတိ၊ စဘိ ပုဆ္ဆက၊
မေးပြီးမှလျှင်၊ မင်းကွန်းတွင်ခေါ်၊
ဆရာတော်က၊ ထုတ်ဖော်ဝိသဇ္ဇက၊
ဖြေဆိုကြ၍၊ ဆဋ္ဌသင်္ဂီယနာ၊
တင်ကာပွဲကြီး၊ အောင်မြင်ပြီးသည်၊
အံ့ခြီးကမ္ဘာ ပြန့်ဖြူးသော်။
ချုပ် (၆) သင်္ဂီယနာ၊ တင်ပြီးကာလျှင်၊
ကမ္ဘာတစ်လွှား၊ ကြွကာသွား၍၊
များပြားပါလှ၊ ဝေနေယျအား၊
ဓမ္မတရား၊ ဟောကြားပြကာ၊
ဤကမ္ဘာတွင်၊ မဟာစည်နည်းခံ၊
ကျင့်ကြံပွားများ၊ ရိပ်သာများကား၊
ထင်ရှားလေးရာ၊ ကျော်ခဲ့ပါ၏၊
သက်မှာခွန်ရှစ်၊ ငါးရှစ်သီကွာ၊
ရောက်ဆဲမှာတွင်၊ မဟာစည်ခေါ်၊
ဆရာတော်သည်။ ရောက်သော်ကောဇာ၊
ထောင့်သုံးရာက၊ လေးဆယ့်လေးခု၊
ဒု-ဝါဆိုလ၊ ဆုတ်ထဆယ်ရက်၊
နေ့ဘက်တွင်ဆီ၊
တစ်နာရီတွင်၊ ဇီဝိန်ကမ္မဇရုပ်
ချုပ်ထ,ပြီးကာ၊ ဝါခေါင်လတက်၊
ဆန်းတစ်ရက်မှာ၊ ညနေခါတွင်၊
နံ့သာထုံပြီး၊ လျှပ်စစ်မီးဖြင့်၊
အပြီးကော်ရော်၊ မီးပူဇော်သည်၊
မွေတော်ဓာတ်များ - ကြွင်းတယ်ကို။
ဝ (၇) သာသနဓဇ၊ သိရိပဝရ၊
ဓမ္မာစရိယ၊ အဂ္ဂမဟာ၊ ပဏ္ဍိတာနှင့်၊
သင်္ဂီယနာ ပုဆ္ဆက၊ စ,ရှိထည့်ကာ၊
ဘွဲ့များစွာနှင့်၊ ဝိပဿနာရှုခန်း၊
ကျမ်းပေါင်းရှစ်ဆယ်၊ သွယ်သွယ်များပြား၊
ကျမ်းဂန်များကို၊ ရေးသားပြုကာ၊
ကမ္ဘာအရပ်ရပ်၊ နှံ့စပ်ကြွသွား၊
သတ္တဝါများကို၊ တရားဟောပြ၊
ကမ္ဘာ့သာသနာ၊ ပြုခဲ့ပါသည့်၊
မဟာစည်မည်ထူး၊ ကျေးဇူးတော်သခင်၊
ဆရာရှင်၏၊
လွန်ပင်ထူးခြား၊ ဂုဏ်တော်များကို၊
သုံးပါးမွန်စွာ၊ ဝန္ဒနာဖြင့်၊
လွန်စွာမြတ်နိုး၊ ကျွန်ရှိခိုးသည်၊
ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။
သာဓု . . . သာဓု . . . သာဓု . . .

ဘဒ္ဒန္တကေသဝ (ပါဠိပါရဂူ)





မဟာစည်ဆရာတော်ဘုရားကြီး၏

ထေရဂုဏပူဇာ စာလင်္ကာ

ပဲခူးယိမ်ကွန်းဆရာတော် အရှင်စန္ဒာဝရ

(၁)

စစ်ကိုင်းတိုင်းဝယ်၊ ရွှေဘိုနယ်မှ
တင့်တယ်သာယာ၊ ဆိပ်ခွန်ရွာ၌
ကောဇာသက္ကရာဇ်၊ ရေတွက်စစ်က
တစ်, နှစ်, ခြောက်, ခြောက် (၁၂၆၆)
ခုနှစ်ရောက်သော်၊ ဝင်းတောက်ရွန်းစို
ဒု-ဝါဆို၏
ကျော်လိုသုံး (၃)ရက်၊ သောကြာဘက်၌
နံနက်သုံး (၃) ကျော်၊ ဦးကံတော်နှင့်
ဒေါ်ဒေါ်အုပ်မှ၊ ဖွားမြင်ကြ၍
နာမမည်တွင်၊ တန်ဆာဆင်သည်
မောင်သွင်ခေါ်ကြလေတော့၏။

(၂)

တစ်ဆယ့်နှစ် (၁၂)နှစ်၊ သာမဏေဖြစ်၍
ရှင်သစ်နာမ၊ သောဘနဟု
ခေါ်ကြတွင်ကျယ်၊ သက်နှစ်ဆယ် (၂၀)တွင်
တင့်တယ်ရဟန်း၊ သိက္ခာပန်းကို
ဆင်မြန်းပန်နေ၊ စိတ်မလေအောင်
စာပေကြိုးစား၊ သင်မှတ်သားသည်
အများသာမု ခေါ်လေ၏။

(၃)

သက်တော်နှစ်ခြောက် (၂၆)၊ အရွယ်ရောက်က
လွတ်မြောက်သုံးဘုံ၊ ကြံရွယ်တုံ၍
သထုံဇေတဝန်၊ မထေရ်မွန်သို့
အလွန်ရိုသေ၊ ဆည်းကပ်နေကာ
လေးထွေသတိပဋ္ဌာန်၊ နည်းလမ်းမှန်ကို
အမြန်ကြိုးစား၊ ရှုမှတ်ပွားသည်
စိတ်ထားမြတ်လှပါပေ၏။



(၄)

တစ်သုံးတစ်တစ် (၁၃၁၁)၊ မြန်မာနှစ်တွင်
အသစ်ရိပ်သာ၊ ကြိုးစားကာဖြင့်
ဆောင်းရာသီပျော်၊ မဂ်ဖိုလ်မြော်၍
နတ်တော်လပြည့်၊ စ,ဖွင့်ကြည့်ရာ
သတိပဋ္ဌာန်၊ တရားမှန်ကို
နည်းခံသူကား၊ နှစ်ဆယ့်ငါး (၂၅)မှ
စ,ထားဟောပြ သဘောကြ၍
များလှယောဂီ၊ မြန်မာပြည်မှ
ကမ္ဘာဆီပြန့်ကျော်၊ လွန်ထင်ပေါ်သည်
စည်တော်ဟိန်းလှ လေတော့၏။

(၅)

လေးခွန် (၄၇) သက်တော်၊ ရောက်ပြန်
သော်ကား
ထင်ပေါ်အဂ္ဂ၊ (မဟာ) ပဏ္ဍိတဟု
မြတ်လှ ပဏ္ဍိတ်၊ ဘွဲ့တံဆိပ်ကို
ရွှေစိတ်ရွင်ပျ၊ လှူခံရသည်
ဂုဏ်ကကြီးမြတ် နေတော့၏။

(၆)

လေးခွန် (၄၇) သက်တော်၊ ရောက်ပြန်
သော်ကား
ထင်ပေါ်အဂ္ဂ၊ (မဟာ) ပဏ္ဍိတဟု
မြတ်လှ ပဏ္ဍိတ်၊ ဘွဲ့တံဆိပ်ကို
ရွှေစိတ်ရွင်ပျ၊ လှူခံရသည်
ဂုဏ်ကကြီးမြတ် နေတော့၏။

(၇)

သက်သုံးဆယ့်ခွန် (၃၇)၊ ပညာမွန်ဖြင့်
အားသွန်ဖွေရှာ၊ ဝေဝေဆာသည့်
ဝိပဿနာရှုနည်း၊ ကျမ်းတော်ကြီးကို
အပြီးကြိုးစား၊ ဗုံးသံကြားမှ
ရေးသားတီထွင်၊ ပြုစီရင်သည်
ဉာဏ်မြင်ကြီးလှပါပေ၏။

(၈)

သက်လေးငါး (၄၅)မှာ၊ ဘုန်းကံသာလျက်
ရောင်ဝါထွန်းပ၊ တန်ခိုးထ၍
ဗုဒ္ဓသာသန၊ နုဂ္ဂဟမှ
ပင့်ကြွရွှေဘုံ၊ မြို့ရန်ကုန်သို့
ပြည့်စုံတရား၊ ရှင်လူများအား
သနားကရုဏာ၊ ရွေးရှုကာဖြင့်
ကြွလာရှင်ပြုံး၊ သီတင်းသုံးသည်
ထေရ်ဘုန်း ပွင့်လန်းနေတော့၏။

(၉)

လေးခွန် (၄၇) သက်တော်၊ ရောက်ပြန်
သော်ကား
ထင်ပေါ်အဂ္ဂ၊ (မဟာ) ပဏ္ဍိတဟု
မြတ်လှ ပဏ္ဍိတ်၊ ဘွဲ့တံဆိပ်ကို
ရွှေစိတ်ရွင်ပျ၊ လှူခံရသည်
ဂုဏ်ကကြီးမြတ် နေတော့၏။

(၁၀)

သက်တော်လေးကိုး (၄၉)၊ ဘုန်းတန်ခိုးက
ပိုတိုးလာရ၊ ကြုံခဲလှသည့်
ဆဋ္ဌသင်္ဂီ၊ တင်ပွဲမှာတွင်
မဟာကဿပ၊ မြတ်ထေရသို့
ပုစ္ဆကအဖြစ်၊ မေးစိစစ်၍
မလစ်စေရ၊ ဆောင်ရွက်ရသည်
သံဃာ့အလယ် လွန်တင့်တယ်၏။



(၁၁)

နောင်လာနောက်သား၊ ရှင်လူများတို့
မှတ်သားစေဌာ၊ ရည်ရွယ်ကာဖြင့်
ကျမ်းစာသင့်တော်၊ ရှစ်ဆယ် (၈၀)ကျော်မျှ



ဟောဖော်ရေးသား၊ စီရင်ထားသည်
ဝင့်ကြွားထင်ပေါ်နေတော့၏။

(၁၂)

မဟာစည်ဆရာ၊ ထေရ်မဟာသည်
မြို့ရွာနှံ့ပြား၊ ပင့်ကြွသွားလျက်
တရားဓမ္မ၊ ဟောညွှန်ပြ၍
ပင်မနေရာ၊ ရန်ကုန်မှာလည်း
များစွာတွင်ကျယ်၊ ဟောပြောမယ်ဟု
သုံးဆယ့်သုံး (၃၃)နှစ်၊ ရွေးစိစစ်၍
အသစ်တရား၊ ဟောညွှန်ကြားကာ
အများရှေ့ရှု၊ သာသနာပြုသည်
သာဓုဘဝဂ် လျှံလေ၏။

(၁၃)

သက်တော်ခွန်ရှစ် (၇၈)၊ ရောက်သည့်နှစ်၌
ငါးရှစ် (၅၈)သိကၡာ၊ ရသောဝါတွင်
ဆရာထေရ်ဘုန်း၊ စစ်ပွဲရှုံးသို့
တစ်သုံးလေးလေး (၁၃၄၄)၊ ကျန်းမာရေးက
ရုပ်-သွေးတိုးပို၊ ဒု-ဝါဆို၌
ကျော်လိုဆယ် (၁၀)ရက်၊ သေမင်းလက်သို့
အသက်ခန္ဓာ၊ အပ်ရပါ၍
မြဲတာဘာမှ၊ မရှိကြဟု
ဟောပြဇာတ်သိမ်း၊ ချုပ်ပြတ်ငြိမ်းသည်
စိတ်ထိန်းနေကြရလေ၏။

(၁၄)

တရာစည်ကြီး၊ ကမ္ဘာဟည်းအောင်
ရိုက်တီးဟောပြ၊ သဘောကျ၍
အားရရွှင်ပြုံး၊ ပျော်နေတုန်း၌
ထေရ်ဘုန်းဆရာ၊ ရှုမှတ်ကာဖြင့်
ငြိမ်းရာကြွသွား၊ တပည့်များမှာ
အစားထိုးမရ၊ ဆုံးရှုံးကြ၍
တမ်းတပူဆွေး၊ ရှိုက်ငိုကြွေးလျက်
မျော်တွေးလွမ်းဆွတ်၊ သတိလွတ်ကာ
ကျင့်ဝတ်ခဏ၊ မေ့လျော့ကြ၍
နောက်မှသံဝေ၊ ဘုန်းခြောက်ထွေနှင့်
စိန္တေသော်မှ၊ တွေ့ကြုံရဟု
သောကဖြေကာ၊ သာသနာနှင့်
တွေ့ခါကြုံလတ်၊ အလွန်မြတ်သည့်
ဝိပသ်တရား၊ သတိထား၍
ရှုပွားပါမှ၊ ဝဋ်ကျွတ်ရမည်
ဒုက္ခဇာတ်သိမ်း ငြိမ်းမည်တည်း။

(၁၅)

ဆရာတော်ဘုရား၊ မရှိငြားလည်း
များပြားသံယာ၊ လူများစွာက
ဆရာဆုံးမ၊ ဩဝါဒကို
နေ့ညမခြား၊ လိုက်နာပွား၍
လေးပါးသတိပဋ္ဌာန်၊ စည်တော်သံတို့
ဟိန်းညံနေဆဲ၊ ရာပြည့်ပွဲမှ
ထောင်ပွဲဦးတည်၊ ရှေ့သို့ချီလျက်
အောင်စည် အောင်လံ၊ အောင်ပွဲခံ၍
အောင်ရန်အောင်ကြောင်း၊ အောင်
ဆုတောင်းကာ
အောင်မောင်းသံဝေ၊ အောင်သပြေနှင့်
အောင်စေအောင်ရာ၊ အောင်ကြောင်းဖြာ၍
အောင်ရာအတိတ်၊ အောင်နိမိတ်နှင့်
အောင်ဘိသိက်ဖြန်း၊ အောင်မင်္ဂလာမှ
အောင်ပန်းကိုယ်စီ၊ အောင်ရွှေပြည်သို့
အောင်စည်သံဆန်း၊ အောင်ဆုမှန်းသည်
အောင်နန်းနိဗ္ဗာန် ရောက်စေသော်ဝ်။

ပဲခူယ်ကုန်းဆရာတော် အရှင်စန္ဒာဝရ



စွယ်စုံအကျော်အမော် မဟာစည်ဆရာတော်

တေဇာ ကြည်ညာ ဝေဖြာစွ၊
ထေရ်မဟာ ဘုရား့း ဆရာတော်၊
(ပြေ)ပြည်မြန်မာမက ကမ္ဘာကျော်အောင်
သာသနာပေါ် ရောင်စုံပြေး
လျင်စွာထက်ရှ ပညာဘဝ်မက ယှဉ်လာဘက်မမျှ ကျော်ထက်ကျော်ပြီ၊
မော်ထက်မော်ပြီ သာလျက် ဖြာလျက်မွေး . . . ။
ရှုမျော်ကြည့်ကြ ခုသော်သိရ သူ့ပေါ်အဓိကရ ဂုဏ်ပန်းတွေမှာ
ခြုံလွှမ်းဝေဖြာ နေခြည်အေး
ထုံမွှမ်းလေညာ ဝေစီပြေးလို့
ရွှေရည်သွေးသို့ မဆွပုံတူ
ပြုပြင် ယခုအသွင် တုယှဉ်နိုင်းမမျှ
ရှုမြင်တိုင်းမက ယူရစံနမူ
ပါရမီတော်ထူးလှ ဇာနည်ကျော်တစ်ဦးပါ့
ကမ္ဘာတည်သော် ဖူးမဝ များတပည့်တွေမှာ
တရားလှည့်ဖွေရှာ ရင်မအေး
စကားအတိ ကြေငြာ ဘဝင်မနွေးသမို့
အစဉ်တွေးလို့ ဦးတင်ပါ
အဇ္ဈာပြည်ကောသကမ္ဘာတခွင် လောကထာဝစဉ် ထောမန ထက်မြတ်လျှံတောင်၊
ပွက်ပွက်ညံအောင် ထေရ်ပြုနိုင်ခဲ့လေး . . . ။
ဇာနည်ဥက္ကဋ္ဌ မဟာထီ (ထေရ်)သမုတ်အပ်၊ ကမ္ဘာရှည် ဗျူပတ်၊ ပေါ်ထွန်းအစဉ်ပြောင်၊
မော်ကွန်းတင်အောင် ထေရ်ပြုနိုင်ခဲ့လေး . . .
ထက်ရှတကာ စံကဝိပ၊ တက်ကြွစရာ မကျန်သိလှ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌသင်္ဂီတိ ပုစ္ဆက၊
ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက၊ ဂန္ထကာရက၊ ညွှန်းပြုဖော်သည် "ကျမ်းပြုအကျော်" တစ်ပါး
ထေရ်ဘုရား့းလေး . . . ။ ။

ဘဒ္ဒန္တ ဘဒ္ဒိယ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ရာပြည့်အခါ ရွာစပ်းပါ

ကျေးဇူးတော်အနန္တ စံပြလို့မကုန်
ဤလောကလူ့ဘုံဝယ် ကမ္ဘာတုန်ကျော်ကြား
ထေရ်မြတ်လှ မဟာစည်မှာ
အာဇာနည် ထွန်းပေါက်တစ်ပါး။

ပရိယတ် ပဋိပတ် နှစ်ရပ်စုံတယ် ဒြပ်ဂုဏ်ထင်ရှား
သည်းညည်းခံထိပ်ဖျားမို့
ရှင်လူများ လွန်ကြည်ညို။
ပြောတာ ဟောတာ သဘောပါလှလို့
ထောမနာကြများလှ လူဗိုလ်။

သက်တော်ရာပြည့် သည်အခါကို
အစဉ်အလာ ပူဇာပြုပါလို့
မဂ်လာယခု ကျင်းပဆင်ယင်ရာ တွင်းပပြင်ဆင်ကာ
မဟာစည် ရာပြည့်သဘင်အခါဝယ်
ထေရ်အရှင်မဟာ ရွှုစမ်းပါလှည့်လေး . . . ။

တပည့်များက လွမ်းစ,ပိုတယ်
တမ်းတလို့သာ ပင့်စမ်းချင်ဘုရ့်လေး . . . ။ ။

မဟာစည် အရှင်ဇဋိလ
မွာစရိယ ပါဠိပါရဂူ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ



မဟာစည်ဆရာတော် ရာပြည့်ပူဇော်ပွဲ ရေးဖွဲ့ပူဇော်အပ်သော

ထေရမြတ်ဂုဏ်ရည် ကေးထပ်ပန်းချီ



ရာပြည့်ပူဇော ပတ္တမြားရတု
မခြားယခု နွဲပျော်ရွှင်
တစ်ပါးဂုရု ပွဲတော်သဘင်ကို
မလွဲနော်အစဉ် တူယှဉ်ငြား။
ရန်ကုန်နဂရ ဌာနီမြေမှာ
မဟာစည်ထေရ်ဆရာ ဦးခိုက်ပူဇော်အများ . . . ။

အာဒိကမ္မိက သောဘနထေရ်ဆရာ
မနောပ ဝေဖြာ စေတနာထား
သဘောကြစေရာ ဒေသနာတရားကိုလ
(ပြည်)ပြေကမ္ဘာတစ်လွှား ဟောခဲ့ပေတာ။
ပညာသမာ ပွားပျံ့သင်း
တရားရနံ့အဆင်း ဘုန်းဂုဏ်ဝေဖြာ။

ထေရ်ဆရာသမဏာ ဂုဏ်ရည်လွှာကို
စုံညီသဒ္ဓါ အသိပွားသမို့
တပည့်အများတို့ ပေါင်းစုတူပျော်ပေ
ကောင်းမှုပူဇော်သလေ။

သက်တော်ရာပြည့် မဟာထေရ်သခင်ကို
ကမ္ဘာမြေတစ်ခွင် ဥဒါန်းတင်လျက်လေး . . . ။

သတိပဋ္ဌာန ကျင့်တရားတွေကို
ဆင့်ပွားစေလို ပူဇော်သည်ဘုရား့လေး . . . ။

ထေရ်မဟာဂုဏ်ထူး မြတ်ဩဝါဒါကို
ထပ်ထောမနာ ပူဇော်ပွဲဘုရားလေး . . . ။ ။

မဟာစည်နာယက
ဘဒ္ဒန္တ ကုမာရ (ဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ)
ကျောက်ပန်းတောင်းဆရာတော်

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ပြုအပ်ပြုဌာမင်္ဂလာ

ဆည်းဆာလွန်က၊ စောစွာထ၍
ပြုကြမင်္ဂလာ၊ တို့ဝန်တာတည့်။

'ဘုရား, တရား, သံဃာ'၊ ရတနာကို
နှိမ်ကာဝတ်ချ၊ မြတ်သီလနှင့်
နှုတ်မှထုတ်ဖော်၊ ပရိတ်တော်များ
ရွတ်ဆိုပွားကာ၊ လူသားများစွာ
သတ္တဝါမျိုးစုံ၊ ဒုက္ခဘုံမှ
ချမ်းသာရဖို့၊ အမျှပေးဝေ
ဆိုရွတ်လေရာ၊ မင်္ဂလာပင်။

ပထမမင်္ဂလာ၊ ပြုပြီးခါမှ
လူရွာထုံးစံ၊ ပြုရန်တာဝန်
ကျေပွန်စေရေး၊ လုပ်ဆောင်ပေးဆက်
အသက်ရှည်ရေး၊ ကျန်းမာရေးနှင့်
စား, ရေး, ဝတ်မှု၊ စုစုဝန်တာ
မကွာရှိမြဲ၊ လူမှုထဲမှာ
ကောင်းရာကိုပြု၊ မကောင်းမှုမှ
ဝေးစွရှောင်ရာ၊ တို့ဝန်တာလည်း
မင်္ဂလာအတိ၊ မြတ်ပါဘိ၏။ ။

နုယဉ်

(မဟာစည်ဆရာတော်၏ ကျေးဇူးဂုဏ်တော်ကို ရည်မှန်း၍ ရေးစပ်သီဖွဲ့ ပူဇော်ရပါသည်။)



ရာပြည့်ခရီးတိုင်ပြီ



မဟာစည် ပါရမီပြည့် (မြို့)

သာကြည်မွေ့ ဘာဝနာအဖော်

ကြာရှည်သရွေ့ သာသနာတော်

ဖြာဖြာနှော်တောက်လျှမ်း

မဟာစည် မထေရ်ကျော်

အရှည်မျှော် ဖောက်ခဲ့တဲ့လမ်း။

တရားမြတ်ကျင့်ကြံကာ

အသွင်သဏ္ဌာန်မှာပြည့်မွမ်း

ရင့်သန်စွာ သတိစခန်းနဲ့

သိစွမ်းတဲ့ ယောဂီ

ပွားများကာ စိတ်အမှန်ချုပ်သည်ပ

နိဗ္ဗာန်အလုပ် အားထုတ်ကိုယ်စီ

သာသနာ့ရိပ်သာမည်

စိတ်မှာတည် ရှုပွားခဲ့

ပြုထားတဲ့ တရားရိပ်သာ

တိုင်းပြည်အနှံ့ပါ။

တရားမြတ် လိုလိုရာ

ကိုယ်ကိုယ်မှာ ရှာတွေ့လိမ့်လေး။ ။

ရာပြည့်ခရီး တိုင်လေပြီ

ခိုင်ရှည်အတည် လျှောက်လှမ်းခဲ့လေး။ ။

သူရဇော်

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



ကမ္ဘာတည်မော်ကွန်း

မဟာစည်
ဇာနည်ရဲ့ နှလုံး။
ကိလေသာ အမှောင်ကြိုက်တို့
အသိဝေကာ အခေါင်ဆိုက်ဖို့
မှောင်မိုက်ပယ်မှုန်း။

မဟာစည်
သာကီရဲ့လက်ရုံး။
မူရ နှစ်ဝန်ဆောင်လို့
သာသနာရောင် ဖြာအောင်ထမ်း
စွမ်းထက်မဆုံး။





မဟာစည်
မဟာထေရ်တဲ့ဘုန်း။
အဖမြတ် လှစ်ကာကြားခဲ့တဲ့
ဓမ္မဓာတ် သစ္စာတရားတို့ကို
ပွားဖို့ခြယ်မှုန်း။

မဟာစည်
ကမ္ဘာတည်မည့်ထုံး။
ထုံးမတိမ်
ငုံးအိမ်ကျူလနှင့်
တူမျှ စံတော်ဝင်ပေါ့
မြတ်ဟောစဉ် ဉာဏ်စဉ်ပန်းတို့
လန်းလိမ့်ကပ်လုံး။

ဥရောပ သူရို့ဆီ။
ဝေဟင်ယံ တံခွန်စိုက်ဖို့
လေယာဉ်ပျံ တီထွင်လိုက်တဲ့
"ရိုက်"တို့နောင်ညီ။
ဂုဏ်ပြုပွဲ နွဲကြပြီ. . .
ရာပြည့်ညီ သည်နှစ်ထဲ။
မြန်မာတွေ တို့မြေနန်းမှာလဲ
ဝိပဿနာ ဉာဏ်အစွမ်းတွေနဲ့
ထက်နိဗ္ဗာန် စိတ်သန်လှမ်းဖို့
နည်းလမ်းထွင် အရှင်တစ်ပါးမို့
ကမ္ဘာတည် သာကီရဲ့သားပေါ့
မဟာစည် ဇာနည်ဖွားကို
ဝပ်တွားကာ ပူဇော်ဖူး
ထူးရာပြည့်ပွဲ ။ ။

ကံထွန်းသစ်
၁-၄-၀၄

မှတ်ချက် ။ ။ "ရိုက်" ညီနောင် = လေယာဉ်ပျံကို စတင်တီထွင်သူ

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ဇာပြည့်ချိန်ခါ ခုံဆယ်ပြာ

(မဟာလေးချိုးကြီး

ပရိယတ္တိအရာမှာ နေရောင်ဖြာဖြာဝင်းပါလို့
ပဋိပတ္တိသာသနာမှာ ငွေသောင်စန္ဒာလင်းသည်သို့
ဝေမှောင် တဏှာ ကင်းအောင်ပ၊ ကမ္မဌာန်းအဝဝနဲ့ လမ်းပြတဲ့
အရိယာ၊ ကဝိဆရာထေရအမွန်၊
အိုကွယ်-ရွှေရောင်ကျော်စွာသတင်းတွေနဲ့၊ မဟေခေါင်ဖော်ကာလင်းပေတဲ့
ကျမ်းဓမ္မအစစဂုဏ်ကြောင့်၊ တမ်းတလို့မကုန်သပ
တပည့် ဒကာ၊ ရှိပဏာ ခြွေကြအလွန်၊
ဩော် - ပကတိအမှန် အပြစ်စင်သမို့
သတိပဌာန်စနစ်တွင် ဘုရားရှင်၏
တရားပလ္လင်အထိ အဆုံးအမယူသလို
လုံ့လကူကာ စေတနာအရင်းခံတော့
ဒေသနာ မခြွင်းမချန် ဓမ္မစည်ရွမ်းသော်က
ကမ္ဘာ့အပြည်ပြည် ညွှန်းဖော်ရလျှင် ရိပ်သာသုံးရာကျော်ခဲ့
သိက္ခာ ဘုန်းသမ္ဘာတော်မှာ ရဟန်းရှင်လူ ယောဂီတွေသိန်းသောင်းယှဉ်ပေါ့
လောကီအမွေ မထိန်းကျောင်းလျှင် ဒီဘဝမှာ ဆင်းရဲကြုံလိမ့်
ညီမျှစွာ သင်းမကွဲဘဲ အထုံပါအောင် တဏှာမငြိကပ်သမို့
ဘာဝနာသိ အမှတ်နဲ့လွတ်လမ်းကြံကာညွှန်၊
ဩော် - 'စရဏာ' 'သတိ' မပြတ်သပ၊ ဆရာကဝိမြတ်က၊
သံသရာတိဖြတ်ချတဲ့ ကျွတ်ခန်းဉာဏ်ပါသွန်၊
△ ဆဌသင်္ဂါယနာမှာ ပုစ္ဆက မထေရ်မြတ်ဟာဖြင့်
တတ်သမျှပညာအရာရာတွင် ဗုဒ္ဓအမွေဓာတ်ပါပဲ
ဥဿဟတွေမပြတ်ပါ မလပ်ကာ ရှင်သာမဏေမှ
သင်ဆရာ မြင်ဆရာမသွေ နေ့ဝါညဝါနဲ့
လေ့လာအပ်ရာကို ဝီရိယ အဖြာဖြာရှိသမျှပြင်လို့
'သိရီပဝရ ဓမ္မာစရိယ' ဘွဲ့ဂုဏ်အင်မှာ
'အဂ္ဂမဟာပဏ္ဍိတ' တကယ့်စုံလင်စွာ ပါရမီတစ်ပုံတပင်နဲ့
အာဇာနည်ဘုံတစ်ခွင်မှာ ပုဂ္ဂိုလ်ထူးပါပဲ
နှုတ်ဆိုဖူးသမျှ ဥပမာ ဥပမေယျတွေက
လူ့ရွာမှာ သုတေသနရေးပ, ကမ္ပည်းတင်စရာမူ
တစ်နည်းသင်ကာယူရပေါ့ ဆရာတော် ဥပနိဿယများ၊





သြော် - ထီးပလ္လင်ရတနာတူမျှသမို့၊ တစ်ခါသော်ရှုက
နိမိတ်ပြ အနိစ္စတရား၊

△ ကုန်းဘောင်ဌာနေ
တစ်နှုန်းဆောင်ထိုအောင်မြေ၏
ညီမျှောင်ဝေ နောက်တောင်စွန်က
'ရွာဆိပ်ခွန်'ဟာ ပဏ္ဍိတ်အရှင်ဆရာရဲ့ ဇာတိတော်ပါပဲ
ကမ္ဘာအထိကျော်ကာ ထေရသာသနာလွှမ်းပါရော
တေဇဓမ္မာလျှမ်းတာ ပရိယတ် ပဋိပတ်အလုံးစုံမို့
ပိဋကတ်သုံးပုံကို နှံ့စပ်သူ ထေရ်အရှင်ဟာ
ပြေ (ပြည်)တစ်ခွင်မှာ ဝိပဿနာ အလုပ်တရားကိုဖြင့်
သိမှတ်စရာ အဟုတ်မနားကာ ကျမ်းရှစ်ဆယ်ကျော်နဲ့
အလှမ်းလွန်ကျယ်သော် အပါယ်လေးဘုံခွင်ညွှတ်အနှောင်က
တကယ်အရေးမကြုံခင် လွတ်အောင်ရုန်းရော့လို့
ထွတ်ခေါင်ဘုန်းဘုရှ့ စာကလာသည်မို့
နာမ 'မဟာစည်'ရယ်လို့၊ သာစွဌာနီမှာ
ဉာဏ၊ စာဂီနဲ့အရဟံ၊ အရဟံရွှယ်လို့ အခြေတည်မျှော်ရင်း
ဓမ္မခန် ဗဟိုရ် ရွှေစည်ဆော်ခဲ့တော့
နေပြည်တော်မက ဘဝဂ်ကိုထောက်ရာက
မဂ်ဖိုလ်ရောက်ကာ ခရီးအတန်တွင်ကြပေါ့
တစ်သီးအမှန်ထင်ကရနဲ့ ထီးကနက္ကဒါန် ဘုရင်မက ရိပ်ခိုရပါပကော
အတိတ်ကိုတ,လျှင် သီလ၊ သမာဓိ၊ ပညာဂုဏ်အပြင်
အလင်္ကာအဖုံဖုံဆင်တာ သည်းခံခြင်းနဲ့ အေးငြိမ်းရှာလို့
အတွေးမယိမ်းပါ ဆရာတော့် အဆုံးအမတွေကို
ခါခါနေ့် အသုံးချကာလေ အမတာလမ်းဆီသို့
မကြာမကြာမှန်းကာ လက္ခဏာရေးသုံးပါးထင်ခဲ့
သက်ခန္ဓာလေး ဆုံးမသွားခင် ကမ္မဋ္ဌာန်းဘာဝနာကို ပွားပွားပြီး
အို - (ရာပြည့်ခါမှာ၊ အာစရိယမဟာဆရာတော်ဘုရားကြီးကိုဖြင့်)
တရားမပြည့်သဟာ ဘုရားတပည့်မှာ တန္ခမ်းန္ခမ်းတလျလျရယ်နဲ့
သြော်- ဆန်းကျမ်းအစ အလင်္ကာမမြောက်သော်မှ
ရမ်းရမ်းဆဆနဲ့ ဘဝင်မှာနောက်ကာပ
မှန်းမှန်းတတပြီး ရင်နာလောက်မျှ လွမ်းရပါသည်ဘုရား။ ။

ဒေါက်တာမင်းလွဲရီ

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ရွှေဆံနှင်းဆီ လွမ်းစေသူ

(ထပ်တွန့် ၈၀ ပေါ်တေးထပ်)

◆ မြန်ဌာနီ တာရှည်လှစေဖို့
စာဂိဓမ္မ အစဉ်မွေးစွာ
မဟာစည်က သင်ပေးပါသည့်
ယဉ်ကျေးချို့သာ သံသရာခရီး
'အသိမှန် မနားမရပ်, သတိပဋ္ဌာန်တရားမြတ်,
ကဝိဉာဏ်ပွားလတ်' မဂ်လမ်းစဉ်ကို
တက်ကျွမ်းကျင်ကျင် လျှောက်ကြစေမငြီး . . . ။

◆ 'ဖော်မပါလူရပ် မလျော်စွာသမုဇာတ်
ပေါ်ရာရှူမှတ်, နှစ်သင်းရုပ်နာမ်ကို
စာရင်းချုပ်ရန် သတိမာတ်ဖြာစီး
အတွင်းသမုဒ္ဒာန် ပိဋ္ဌကတ်လာမှီးပါလို့
ဝိပဿနာနည်းဖြင့် ရှုမှတ်နိုင်စေ
မြတ်မေတ္တာ ပါရမီအခါခါပွားပါလို့
မဟာစည်ဆရာဘုရား နည်းနယ်ညွှန်, ပေ . . . ။

◆ စေတနာဇောကြွ, ထေရ်ဆရာသောဘန,
မြေကမ္ဘာအမောပ'ဖို့ ဓမ္မောသဓေသည်
သောကကြွေ အမှန်မြင်ကြရင်ဖြင့်
ဉာဏ်စဉ်ဓမ္မ တက်၍ မနောသဒ္ဓါလျှံ
မဂ်တွေ့သောတာပန်

◆ 'သံသရာပွက်မှ, ဆန်ကာတက်ကြ,
မာန်တဏှာဖျက်မှ' ဘဝင်လန်းကြည်မည်
အမြင်ကန်းသည်ကို ကုစားပါကြလေး . . . ။

◆ 'မိစ္ဆာ အယူအယ, စိတ်မှာညှပြ,
အဝိဇ္ဇာသမုဒယ' ရှင်းမှတော်မည်
လင်းကြစေသော် ဆရာဘုရားမှာမိန့်လေး . . . ။

◆ 'ဦရယ်အငှားနှင့် အိုနယ်မနားရှင့်
အပိုသွယ်စကားဖြင့်' ဘဝနေကုန်လျှင်
အလှရွှေဘုံ သင်လွဲမည်ပါ့လေး . . . ။ ။

မြေလတ်မင်းလွင်



သာသနာ့ဂုဏ်ရည်
မဟာစည်



မဟာစည်
အာဇာနည် မြတ်ရဟန်း။
"ဦးသောဘန"ရယ်လို့
သုံးလောက ပဲ့တင်ဟည်း
အံ့ချီးဘနန်း။

ပရိယတ် သာသနာ့ရိပ်သာ
ကျမ်းစာမြတ် ကုန်ကျမ်းကျင်။ ဖွင့်လှစ်ကာ ဉာဏ်စဉ်ဖက်
မိန့်မြွက်သင်ကြား။
ဆဋ္ဌသင်္ဂီတိ ပုစ္ဆက ဆရာတော် မျက်ကွယ်ပြုသော်လည်း
ထုတ်ပြသိမြင်။ အံ့သြမှု မကုန်နိုင်။
ပိဋကတ် သမုဒ်ပြင် မဟာစည် ဘုန်းကံရိပ်
အဟုတ်ပင် ကူးမြောက်။ ထွင်္ဂထိပ်စိုးပိုင်။
အဂ္ဂမဟာ ပဏ္ဍိတ ပဋိပတ် ကျင့်မဏ္ဍိုင်
နာမထွန်းတောက်။ ကြံ့တည်ခိုင် စိုက်ကြလျက်။
ပဋိပတ် ကမ္မဋ္ဌာနာ စရိယတို့
ကျင့်မွန်မြတ် ဉာဏ်လမ်းမှန်။ ပို့ချစဉ်ဆက်။
ရင်ထဲတွင် စဉ်ကိန်းဝပ် နှစ်တစ်ရာပြည့် မဟာစည်။
ငြိမ်းခါတ်ရပြန်။ ရတုချိန် ခါသမယ
သတိပဋ္ဌာန် ကျရောက်ခဲ့ပြီ။
အသိဉာဏ် ဝင်စေသား။
လက်စုံမိုး ပူဇော်သည်
ကံသုံးလီ ကြည်ညွတ်တွား။
ခြေအစုံ နဖူးနှင့်တိုက်
ဦးခိုက်တကား။ ။

ပဏ္ဍာဝတီ တင့်နောင်း



ဘုရားမှူးတရားရှာထွက်တော်မူခြင်း

(လင်းပြကဗျာရှည်ပူဇော်သည်)

တက်လူ

သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း
စာတည်း



တရားစည်ဟိန်းငြိမ်းချမ်းကမ္ဘာ
မဟာစည်ကြီး၊ ရိုက်ဆော်ဟည်း၍
ပြည်ကြီးအမတ၊ နိဗ္ဗာန်ကြွသို့
ဗုဒ္ဓသားကျော်၊ ဆရာတော်အား
ကော်ရော်လက်အုပ်၊ စိတ်ပန်းထုပ်နှင့်
'အိုရုပ်' ဖောက်ပြန်၊ ကျားထောက်ကန်ရင်း
'နက်ဖြန်' 'ယနေ့'၊ သက်နှံမွေ့လျက်
'မြင်တွေ့ခဏ၊ ဖြစ်ပျက်ရ'ဟု
'မပေါ့မဆ၊ ရှုမှတ်ကြ'ဟု
ဉာဏထွင့်ခေါင်၊ သတိဆောင်၍
အောင်မြေကခွာ၊ နှစ်တစ်ရာတည့်
"သာသနာရေး၊ ဘာသာသွေးတို့
လေးစားပုံဖော်၊ ဘယ်ဂုဏ်တော်နှင့်
ဘယ်မျှော်၍လွမ်း၊ ဘယ်စာတမ်းနှင့်
ကျွမ်းကျင်ပလီ၊ ကဗျာရှည်နှင့်
ဘယ်စည်ကိုတီး၊ ဘယ်ထီးကိုကိုင်
ဘယ်နိုင်ငံကြွ၊ ဩဝါဒတို့
စံပြစာစောင်၊ လွမ်းဖွယ်ဆောင်အံ့"။





မျက်တောင်ပုတ်ခတ်၊ မျက်ဝန်းရပ်မှ
စိန်တပ်မျက်ရည်၊ ပီတိစီလိမ့်
တောမှီခဲ့ပုံ၊ တောထွက်ဂုဏ်လည်း
အာရုံစိတ်စေး၊ ကြိတ်အဆွေးနှင့်
တက်ရေးပြလက်၊ ဉာဏ်လှော်တက်နှင့်
ခက်ခဲမရှိ၊ စွဲသတိနှင့်
ကြံကြည့်သူများ၊ လိုက်ပါ 'လား'မည်
တရားအောင်စည် ဟိန်းစေသော်ဝ်. . .
အများနောင်ညီ ငြိမ်းစေသော်ဝ်. . . ။

ဇင်းကျိုက်တောင်သို့ အားဆောင်ပို့

အကြားအမြင်၊ သုတဉာဉ်နှင့်
ပညာပဏ္ဍိတ်၊ ခတ်တံဆိပ်နှင့်
မြတ်ရိပ်ဝန်းကျင်၊ နေသည်ထင်အံ့
အမြင်အကြား၊ သုတပွားဖို့
သွားလုံ့လရောက်၊ အားတည်ဆောက်သို့
ထွန်းတောက်ဉာဏ်ကြည်၊ မဟာစည်တည့်
တောမှီစရိုက်၊ ဆိတ်ငြိမ်ကြိုက်၍
ခိုက်ခိုက်တုန်ချမ်း၊ 'စောင်'မထမ်းဘဲ
သက်နှံးသပိတ်၊ ပရိက္ခရာ
စုံလင်စွာဖြင့်၊ မပါဖိနပ်
တချပ်တစ်ပြား၊ မပါငြားစေ
တစ်ပါးကလျာဏ၊ တေဇဝန္တနှင့် (ဦး)
မော်လမြိုင်မှ၊ ကပ္ပိယနှင့်
မုတ္တမခရီး၊ ရထားစီးလျက်
ခရီးတစ်ဝက်၊ ဇင်းကျိုက်တက်သော်
"လက်မှတ်လည်းကုန်၊ ဘူတာစုံပြီ
ဆင်းကြုံမျော်ယောင်၊ ဇင်းကျိုက်တောင်သို့"
တောင်နရန်းသွန်၊ ရေတံခွန်နှင့်
ပြည့်ကန်ကျောင်းပိုင်၊ ဘုန်းကြီးတိုင်လျက်
နေထိုင်တောင်းပန်၊ ခွင့်ပြုစံ၍
ဆွမ်းခံဝင်ရာ၊ ဇင်းကျိုက်ရွာတည့်



ပြန်လာ'မွန်'မည်၊ ဥပုသ်သည်တို့
ကျောက်စီစုပုံ၊ ကျောက်ထိုင်ခုံနှင့်
အာရုံတစ်ပါး၊ စိတ်မသွားဘဲ
တရားပုတီး၊ စိတ်ထဲညည်းလျက်
ပွားစီးခဲ့သော၊ မြတ်မနောအား
'မြင့်သောနေရာ၊ မြတ်နေရာ'ဟု
နေရာထိုင်ခင်း၊ လျှောက်တင်ခြင်းဖြင့်
ဉာဏ်လင်းစံပြ၊ ဦးသောဘနလျှင်
'သီလဂုဏ်ပုဒ်၊ မည်သူးယုတ်'ဟု
ကုက္ကုစ္စစိတ်၊ ပယ်ဖျောက်ပိတ်သည်
အေးရိပ်ညွှန်ပြ နိုင်တကား။
မှေးအိပ်မွန်လှ ခိုင်တကား။

ဆေးကောင်းပေးလာ ကတွန်ရွာ

ဇင်းကျိုက်မှခွာ၊ ကတွန်ရွာသို့
ကျောင်းမှာဘုန်းတော်ကြီး၊ ခွင့်ပန်ပြီးလျှင်
"ခရီးကိစ္စ၊ ဘယ်သို့ကြွ"ဟု
ညဆိတ်ငြိမ်ရောက်၊ အမေးထောက်သော်
အောက်ချမျက်လွှာ၊ လက်စုံကြာဖြင့်
နှစ်ဖြာနှုတ်ဝံ့၊ သြဇာဂုဏ်နှင့်
"သထုံဇင်းကျိုက်၊ ကျိုက်ထိုလိုက်၍
ဦးခိုက်ကြည်နူး၊ ဘုရားဖူး"ဟု
ရည်စူးစိတ်ကြံ၊ မေးလျှောက်ပန်သော်
နာခံကြောင့်ကြ၊ ဗျာပါရဖြင့်
"လှမ်းကြွခရီး၊ ဘယ်ဆေးမှီးလည်း
ဆေးမြီးတိုများ၊ ပါရဲ့လား"ဟု
နှစ်ပါးစုံမေး၊ ခက်ချေသေး၏။
'ဆေးဝါးမသိ၊ ငယ်ရွယ်ဘိမို့
သတိမပြု၊ ဆေးမစုခဲ့
ကြင်မှုစာနာ၊ သနားပါ"ဟု
"မပါလက်ချည်း၊ အရေးကြီးတဲ့
ပစ္စည်းမပါ၊ မခက်ပါလား"
'ဆေးစာထက်မြက်၊ အစွမ်းထက်ပုံ
နှောင့်ယှက်ရောဂါ၊ ဖြိုခွင်းသာပုံ
လျှာပွတ်တင်ပေး၊ နန်းတွင်းဆေး'ဟု
ဆေးကောင်းပေးလာ၊ သခ်ိန်းစာလည်း
ရွာကတွန်ဘုန်း၊ မြတ်နှလုံးသို့
ကျင့်သုံးတတ်စွ၊ ဘေးမခ,ခဲ
တစ်စခရီး၊ တစ်စနီးဖို့
မပြီးဆုံးသေး၊ လှမ်းလေဝေးသည်
အေးသမျှအောင် နောက်နောင်သို့-
ဘေးမခတောင် ရောက်အောင်ပို့။

ရင်းငြိမ်, သထုံ, တောင်စွန်း-ကော့ကဒွတ်ယွန်း

ဘုန်းရှင်ကံရှင်၊ ဉာဏ်ကြီးရှင်မို့
ဉာဏ်စဉ်တက်လှမ်း၊ ကမ္ဘာ့ဘုန်းသို့
မဂ်လမ်းဖိုလ်ဝင်၊ နိဗ္ဗာန်မြင်တည့်
ရှင်မြတ်ဘုန်းထွဋ်၊ ခြေစက်လွှတ်သော်
ကတွတ်, ရင်းငြိမ်၊ ချုပ် ညချိန်တွင်
အိမ်ချစ်ဒကာလှ၊ ဦးတေဇဝန္တို့
ရှေးကမိတ်ဆွေ၊ အပန်းဖြေ၍
ကပ်လေဆွမ်းစား၊ မော်တော်ကားနှင့်
နှစ်ပါးအရှင်၊ သထုံဝင်လျက်
ဆွေစဉ်မျိုးစု၊ ဒါနပြုကြ
ကရုဏာပွား၊ မီးရထားဖြင့်
မနားတောက်လျှောက်၊ တောင်စွန်းရောက်၏
ထောက်လှမ်းကော့ကဒွတ်၊ ကျောင်းမြတ်ထွတ်သို့
ဦးညွတ်ဝင်နား၊ ဆွမ်းခံစားရင်း
ထင်ရှားမည်လှ၊ ကေလာသတောင်
အောင်ပန်းနိမိတ်၊ စေတီရိပ်တွင်
မြတ်စိတ်ဆုရည်၊ လက်အုပ်ချီခဲ့
ဖူးသည်မဝ၊ မြတ်ဗုဒ္ဓတည့်
မြသပိတ်တောင်၊ ကြောင်တရာကျောင်း
လေကောင်းလေသန့်၊ ပင်လယ်နုံ့နှင့်
ဝင်းဖန့်ကျက်သရေ၊ ရှုမျှော်လေက



စိုပြေ(ပြည်)လန်းဆန်း၊ တောင်ယာခန်းတည့်
နွမ်းပါးကြပုံ၊ ရိုးသားဂုဏ်နှင့်
အာရုံကျေနပ်၊ အနေမြတ်၏
ကျောက်ချပ်လေ့ကား၊ နင်းလျှောက်သွားက
နှစ်ပါးအရှင်၊ သည်းခံဉာဉ်ဖြင့်
ရွာဝင်ဆွမ်းခံ၊ နှစ်ညစံရင်း
တဖန်ဝေပုလ္လ၊ ခြေစက်ကြွသည်
ဒုက္ခပွားတော် ဟောမြွက်စွမ်း . . .
ဗုဒ္ဓသားကျော် တောထွက်ခန်း . . . ။

'ကိုယ်တော်နှစ်ပါး၊ ကျိုက်ထိုသွားသော်
ရထားလမ်းက၊ မလိုက်ကြနှင့်'
ယုယယုယ၊ ရှေ့မှကြွ၍
လမ်းပြခဲ့ပုံ၊ စိတ်ဓာတ်ပုံဖြင့်
အာရုံရိပ်တွင်၊ ရေးရေးထင်ခဲ့
အရှင်နှစ်ပါး၊ ရိတ်စပါးကြောင့်
ဘဝါးခြေနု၊ သွေးခြည်ဉသည်
ရောက်လုပါပြီ - ကျိုက်ထိုမြို့
ကျောက်ထုစာစီ - မြို့ကြီးပို့။

ဝေပုလ္လ ဓမ္မရင်ပြင်နတ်ချစ်ခင်

'အရက်သယ်မ'၊ 'ဝေပုလ္လ'ဟု
နှစ်ခွမည်ကျော်၊ ဆရာတော်အား
ဖူးမြော်ဦးတဇဝန္တ၊ ဦးသောဘနတို့
'ဓမ္မရင်ပြင်၊ ရွှေပလ္လင်၌
ညစဉ်ထုတ်ပြန်၊ ဟော သုတ္တန်နှင့်
နတ်ထံပို့လွှတ်၊ ဆရာတော်ရွှတ်'ဟု
ဦးညွတ်ရိုကျိုး၊ လက်အုပ်မိုးခဲ့
တန်ဖိုးရှိမြတ်၊ မေတ္တာဓာတ်လည်း
နတ်များဝိုင်းချစ်၊ ကျော်ကြားရစ်၏
မြို့သစ်သထုံ၊ မြို့ဟောင်းဂုဏ်ကို
ဝေပုလ္လတောင်၊ ခွင့်လွှတ်ယောင်တည့်
အမောင်အာဂန္တု၊ ဧည့်ဝတ်ပြု၍
ဂရုစိုက်ပုံ၊ ရေးမကုန်ဘူး
အလုံရွှေကျင်၊ တပည့်ရှင်မို့
ကြည်လင်မေတ္တာ၊ အေးမြရှာတော့
သိက္ခာဝိနည်း၊ ပရိတ်စည်းနှင့်
ကိုယ်တည်းရွှတ်ဖတ်၊ နေ့တိုင်းမြတ်၏
ရွာရပ်နှင့်ဝေး၊ မေတ္တာသွေးကြောင့်
ငြိမ်းအေးရွှေကိုယ်၊ မကြည်ညိုဘဲ
တည်းခိုသူများ၊ မရှိငြားဟု
တရားသံဝဂ၊ ဦးသောဘနတည့်
ဝေပုလ္လဆရာတော်၊ လမ်းပြဖော်သို့

ကျိုက်ထိုမှကျိုက်ထီးရိုးသို့

တောရိပ်တောင်ရိပ်၊ စေတီရိပ်နှင့်
ရပ်ရိပ်ရွာရိပ်၊ ကျောင်းကန်ရိပ်တို့
ဆိတ်ဖူးတောင်လှ၊ ဦးသီလလျှင်
တစ်ညတစ်ကျောင်း၊ သီတင်းပြောင်း၍
ကိန်းအောင်းကျိန်းစက်၊ ငါးကျောင်းဆက်ဟု
မဂ်ဖိုလ်ဝင်စား၊ ကျော်ထင်ရှားခဲ့
တရားစျာန်ဝင်၊ အာရုံထင်သော
အရှင်သောဘန၊ သံဝေဂတည့်
မေဃဝန်တည်း၊ မထေရ်ကြီးတို့
ဝိနည်းစာပြန်၊ အောင်ပွဲခံစဉ်
'ကော့စံနိုင်'ကျောင်း၊ 'မယ်ဇယ်'ကျောင်းနှင့်
ကျောင်း 'တိုက်တောင်'ညွှန်း၊ 'ကင်ပွန်း' 'ဆိတ်ဖူး'
'ဦးသီလရည်၊ ဆုံးမပို'ခဲ့
'တောမြို့စံနိုင်း၊ တောရဂိုဏ်းတို့
သမိုင်းအမြင်၊ သာသနာဝင်'ဟု
အရှင်နှစ်ပါး၊ နှစ်ညနားရင်း
ဘဝါးနှင့်မြေ၊ အားနှင့်စေလျက်
တောင်ခြေကင်ပွန်း၊ ခုနစ်မိုင်ညွှန်းသို့
ယွန်းခဲ့မနား၊ 'ကားသမား'က
ကားခမယူ၊ ကုသိုလ်ယူ၍
ပင့်သူစိတ်ကြိုက်၊ ကားနှင့်လိုက်သော်



ဆိုက်မြိုက်ထောက်ကွန်း၊ သဒ္ဓါထွန်းအံ့
ကင်ပွန်းစခန်း၊ ရောက်လွယ်လှမ်းသည်
တောင်တန်းတောင်စွယ်၊ မြိုက်ထီးမိုး
အောင်လမ်းအောင်သယ်၊ ကျိုက်ထီးရိုး။

သစ္စာဆောင်ရိပ်အေးတကား
မေတ္တာအောင်တိတ်ပေးတကား။

ကျိုက်ထီးရိုးတောင်တက် မိုးလေဖျက်

ရိုးပြတ်လယ်ကွင်း၊ ဖြတ်သွားခြင်းထက်
တောင်ဆင်းတောင်တက်၊ ကြမ်းတမ်းခက်ဏ်
မသက်မသာ၊ မပါဖိနပ်
ရှင်မြတ်နှစ်ပါး၊ စိတ်အားမယုတ်
စောဗုဒ္ဓါမြတ်၊ ဆံတော်မာတ်တို့
ကိန်းဝပ်တန်ခိုး၊ ကျိုက်ထီးရိုးဟု
ရိုကျိုးလက်အုပ်၊ ပူဇော်ရုပ်အား
ရုတ်တရက်လေဒဏ်၊ မိုးပြင်းထန်၍
နားရန်ဇရပ်၊ လေမိုးရပ်မှ
ချမ်းမာတ်ဆော်သွင်း၊ မြောက်လေပြင်းနှင့်
အားတင်းတက်လှမ်း၊ ဘုရားမှန်းလျက်
မချမ်းမငြိမ်၊ သောကအိမ်ကို
အခိုန်နှင့်လု၊ အရှုနှင့်ပွား
တရားသိလင်း၊ အားဖြည့်တင်းသို့
ခဲယဉ်းပန်းမော၊ ရောက်လိုဇောဖြင့်
တောအုပ်ကညည်း၊ တောင်ကဆီးနှင့်
ကျိုက်ထီးရိုးဖူး၊ သန်းခေါင်ကျူးခဲ့
အံ့ထူးဘနန်း၊ ကန်တော့ခန်းလည်း
အနွမ်းပျောက်ပြေ၊ ဖူးရောက်ချေတည့်
နေရာပြည့်ကြပ်၊ ပရိသတ်တို့
တိုက်ခတ်သောလေ၊ သည်းခံပေ၏။
နေရာသီးခြား၊ ရဟန်းများတွက်
ဘုရားဖူးချိန်၊ တန်ဆောင်းသိမ်သို့
တင်းတိမ်မည်မှန်၊ 'စောင်'မဲ့ကျန်၍
သမံတလင်း၊ အေးမြခြင်းဖြင့်
အခင်းမဲ့စွာ၊ ကျိန်းစက်ပါသည်

ကျိုက်ထီးရိုးတွင် ဆွမ်းခံဝင်

'ခေါင်းလောင်းထိုးနှက်၊ အရုဏ်တက်ပြီ"
အချက်ပေးသွား၊ အရှင်နှစ်ပါးလည်း
'အများနည်းတူ၊ ဆွမ်းခံယူ'ဟု
"အလှူသဒ္ဓါ၊ ဘုရားလာတို့
ဆွမ်းပါ, ဟင်းစုံ၊ ပြင်ဆင်ပုံကို
ပြည့်စုံလောက်ငေ၊ ဆွမ်းခံရလျက်
ချိန်ပြန်နှစ်ချက်၊ ဒကာ့လက်သို့
"နှစ်သက်လိုငြား၊ စားလိုစားလော့"
လေးစားဝိနည်း၊ စွန့်ပစ်ညစ်ကြောင့်
ထံနီးလုပ်ကျွေး၊ ဆွမ်းဘုဉ်းပေးဖို့
ကြံတွေးရင့်ကျက်၊ အရုဏ်တက်သော်
ဆက်ကပ်ဆွမ်းစား၊ မြတ်ဘုရားအား
ဝပ်တွားရိုကျိုး၊ လက်စုံမိုး၍
ဆုမျိုးစုံထွေ၊ တောင်းခံပေလိမ့်
မနေသာအား၊ ခရီးသွားမို့
ဘုရားကုန်းမှ၊ အားရှုန်းထ,ကာ
ကြမ်းစွခက်ထန်၊ လာလမ်းပြန်ရင်း
ဆံတော်တန်ခိုး၊ ကျိုက်ထီးရိုးလည်း
အိပ်နှိုးထ,လျှင်၊ ဖူးရောက်ချင်သို့
တောင်စဉ်ကွယ်ဖုံး၊ မြတ်နှလုံးဖြင့်
မြတ်ဖုန်းပီတိ၊ ပြုံးပျော်ဖြည့်ခဲ့
ချိန်ကြည့်ပြည့်နှန်း၊ နေကွယ်ယွန်းတော့
ကင်ပွန်းစခန်း၊ နီးရာလမ်းမှ
ကျောင်းခန်းဝင်မှီး၊ ဘုန်းတော်ကြီးအား
ခရီးတည်းခို၊ လျှောက်ထားဆိုသော်
လိုတမကမ်း၊ ထွက်ရပ်လမ်းနှင့်
ဓာတ်စွမ်းဆောင်လျက်၊ ဓာတ်လုံးထွက်သည်
ညည်းချက်ရင်နာ ဖွယ်တကား
သည်းထက်ထင်လာရွယ်တကား။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

အဂ္ဂိရပ်တရား ဟောခဲ့သား

ချိုမြသံစဉ်၊ ရှိဦးတင်လျက်
"အရှင်ဘုရား၊ မြတ်တရားနှင့်
ပွားများမမှတ်၊ အဂ္ဂိရပ်သာ
ဖတ်ဖတ်အမော၊ ဆို့ပကော"ဟု
လျှောက်သောခဏ၊ သတိရထင့်
တွက်ဆ,နှစ်များ၊ နှစ်ဆယ့်ငါးတည့်
ရိုးသားသောဂုဏ်၊ ဆင်ခြင်ပုံနှင့်
ထုံကူးစေချင်၊ တရားထင်ဖို့
အရှင်သောဘန၊ ပန်လျှောက်ပြသော်
ဩချဘုန်းကြီး၊ လိုတ,မီးကို
ခရီးတစ်ဝက်၊ ငြိမ်းအေးရက်ဖြင့်
နှစ်သက်ဝန်ခံ၊ မိတ်ကောင်းမှန်ခဲ့
လျော်ကန်လျောက်ပတ်၊ ကောင်းချိန်မြတ်တွင်
ဆက်လတ်ခရီး၊ ဆက်စပ်ပြီးလျှင်
ဘုန်းကြီးကန်တော့၊ မယုတ်လျော့သို့
'ကော့ကဒွတ်တောင်စွန်း၊ ခြေကျင်ယွန်း'ဟု
နှုတ်ခွန်းခွင့်ပန်၊ လျှောက်ထားပြန်သော်
ဝေးလံခရီး၊ ဖြတ်လမ်းနည်းဖြင့်
ဘုန်းကြီးညွှန်ပြ၊ နှစ်ပါးကြွတည့်
ဗုဒ္ဓလမ်းစဉ်၊ ဓမ္မမြင်လျက်
ဆင်ခြင်တုံပွား၊ ခရီးသွားခဲ့
နိုးကြားသတိ၊ ကြိုးစားဖြည့်ရင်း
စက်လှည့်နေဝန်း၊ အနောက်ယွန်းပေါ့
ကွန်းခိုကျောင်းသာ၊ ကရင်ရွာသို့
ဟာလာဟင်းလင်း၊ ကျောင်းအတွင်း၌
'မိုးလင်းတိုင်ဆက်၊ ထိုင်ကျိန်းစက်ရ'
ကြမ်းထက်တပြေးတည်း၊ တစ်မိုးတည်းဝယ်
ဘုန်းကြီးနှင့်လူ၊ မအိပ်မူရ
တူစုံမောင်နှံ၊ ဘုရားပြန်တို့
ကျောင်းရာမ်တည်းခို၊ ဝိနည်းလိုဖြင့်
ကိုယ်ဆင်းရဲခံ၊ တောကျောင်းစံသည်
ရှောင်ရန်ရှောင်စိတ် - နှစ်ပါးထေရ်။
အောင်သံအောင်ဟိတ် - လှစ်ကြားခွေ။

ဆီဆမ်းဆားဖြူးဆွမ်းဦးစား

ငါးပိညိုချော၊ တာတပေါနှင့်
ပို့သောဆွမ်းအုပ်၊ တူသရုပ်ကြောင့်
ပေါင်းထုပ်အိုးတွင်၊ ရောယှက်ယှဉ်တည့်
အရှင်နှစ်ပါး၊ ဖိတ်ဆွမ်းစားဟု
ပင့်ထားရွာမှီး၊ ဘုန်းတော်ကြီးလည်း
မိန့်ပြီးလှမ်းကြွ၊ ကပ္ပိယလျှင်
ဆွမ်းလှညိုညို၊ ငါးပိချိုအား
ကပ်လိုလက်ခံ၊ စားရန်ကြံလည်း
ပျို့အန်မတတ်၊ ဘယ်သို့ငတ်စေ
'သိဒ္ဓတ်မင်းသား၊ တောထွက်ငြားသော်
ဆွမ်းစားမည့်တိုင်၊ ရင်မဆိုင်ဝံ့
မခိုင်စိတ်ပျက်၊ ပျို့အန်ထွက်ဟု
တောနက်ပဏ္ဍဝ၊ တောင်ခြေလှမှ
သကျသာကီ၊ ဥဒါန်းချီခဲ့"
စားမည့်အာသာ၊ ဖြေဖျောက်ရှာလျက်
ဒကာကပ္ပိယ၊ ဆီလေးရလျှင်
ဆားစသည်ကပ်၊ မေတ္တာရပ်၍
တစ်နပ်သောဆွမ်း၊ ဖြည့်နိုင်စွမ်း၏
ခက်ကြမ်းခရီး၊ ဆက်လှမ်းပြီးလျှင်
ရှေ့နည်းတူစွာ၊ ကရင်ရွာသို့
ထိုရွာထိုကျောင်း၊ တည်းခိုအောင်းလျက်
ရှေးကျောင်းပုံစံ၊ ဆွမ်းဖိတ်မံ၍
သည်းခံရောင့်ရဲ၊ အခက်ခဲကြောင့်
အစွဲမဖက်၊ မာန်မတက်ဘဲ
"တောထွက်တေမိ၊ မရှိထမင်း
ဆီကင်းဆားခက်၊ ကပျည်းရွက်ကို
ပြုတ်လျက်ရေလုံ၊ တင်းတိမ်ပုံတည့်"
အာရုံစိတ်စော၊ တာတပေါနှင့်
တောငါးပိရည်၊ ဘုဉ်းပေးကြည်သည်
ခါမီကျောင်းလမ်း စနည်းနာ
ရာသီဆောင်းချမ်း ခရီးတာ။



အေးမြတောင်စောင်း ဦးအုန်းခိုင်ကျောင်း

နေညိုပျော်ပျော့၊ ခြေညောင်းလော့၍
ကော့ကဒွတ်ကျောင်း၊ ပြန်လမ်းကြောင်းတွင်
ကျောင်းကြီးစံပြ၊ ဦးသီလလျှင်
မျှတ,သီတင်း၊ သုံးခဲ့ခြင်းကြောင့်
လွမ်းတင်းဖြဖျော့က်၊ ဖူးမြော်ရောက်သို့
တုံ့ခေါက်ပြန်လာ၊ ခြောက်ရက်ကြာတည့်
ပြုရာဆွမ်းခံ၊ ပင်ပန်းဒဏ်နှင့်
မမှန်စားရေး၊ လျှာပွတ်ဆေးဖြင့်
ပေးခဲ့ကတွန်၊ ညွှန်ခဲ့လမ်းသစ်
ကျွမ်းချစ်ရိုကျိုး၊ ကျိုက်ထီးရိုးမှ
လမ်းမျိုးလည်းစုံ၊ ကျောင်းလည်းစုံပြီ
သထုံဒုံဝန်း၊ သွားရန်ညွှန်း၍
တောင်စွန်းမီးရထား၊ လက်မှတ်များလည်း
လျှုထားစီးခ၊ ဦးတေဇဝန္တ၏
ဆွေပြဒကာ၊ ခရီးတာနှင့်
ဘူတာဒုံဝန်းမှ၊ ရွှေရောင်ပြသို့
အေးမြတောင်စောင်း၊ ဦးအုန်းခိုင်ကျောင်းဟု
လမ်းကြောင်းလမ်းမှာ၊ မေးစမ်းကာလျှင်
ခဲရာခဲဆစ်၊ မပြေပြစ်ငြား
တစ်ပါးတည်းကြွ၊ ဦးသောဘနတည့်
ညချမ်းမှောင်ရီ၊ တောစပ်ဆီမှ
လှမ်းခြီရဟန်း၊ မေးထောက်လှမ်းသော်
"ဒီလမ်းကကြွ၊ ကပ္ပိယက
ချမ်းမြတည်းခို၊ ဧည့်ဝတ်ကြို"ဟု
မိန့်ဆိုညွှန်းပိုင်၊ ဦးအုန်းခိုင်သည်
မြေဆိုင်သုသာန် ဓုတင်ဆောက်
နေထိုင်ဟုတ်မှန် ပြုပြင်လျှောက်။

လူနှင့်ဝေးကွာ တရားရှာ

ဦးသောဘန၊ ကပ္ပိယနှင့်
တွေ့ကြမေးပြီး၊ 'ဘုန်းကြီးဦးအုန်းခိုင်
ရင်ဆိုင်တွေ့လျက်၊ အသိခက်၍
'ထွက်ကြွလမ်းကြား၊ တစ်ပါးရဟန်း
ကျိန်းခန်းမရှိ၊ သချိုင်းရှိက
ဖြည့်ကြဓုတင်၊ နေ့တိုင်းပင်'ဟု
လျှောက်တင်ပြန်ကြား၊ အံ့သြသွားခဲ့
သစ်သားခေါင်းအုံး၊ သီတင်းသုံးရ
ဦးအုန်းခိုင်ကျောင်း၊ သီးခြားကျောင်းမင့်
ကျောင်းကြီးကြီးမူ၊ ဆောက်မလျှုရ
လူနှင့်ဝေးကွာ၊ တရားရှာထင့်
မာဂဓာကျေး၊ သံချိုတေးလည်း
သီကြွေးမည်၊ တိတ်ဆိတ်ဟန်တည့်
စိတ်ကြံတွေးဆ၊ ဦးသောဘနလည်း
ဌာနဌိမ်သက်၊ ပျော်ကျိန်းစက်ခဲ့
နံနက်လင်းပိုင်၊ ဦးအုန်းခိုင်လျှင်
လျှုနိုင်ရှာအား၊ ရဟန်းများနှင့်
ကြွသွားနှစ်ခြိုက်၊ သပိတ်ပိုက်ကာ
ဆိုက်မြိုက်တောကျောင်း၊ ဆွမ်း,ဟင်းပေါင်း၍
နှစ်ထောင်းကြည်အေး၊ ဆွမ်းဘုဉ်းပေး၏
ယဉ်ကျေးပြေပြစ်၊ သိမ်မွေ့စစ်နှင့်
နေ့သစ်ကျောင်းခန်း၊ ကိုယ်စီမြန်း၍
ဆွမ်းကိစ္စပြီး၊ တရားမှီးထင့်
ခရီးထောက်ရှု၊ အာဂန္တုလည်း
ဓုတင်မြတ်ဖုန်း၊ ရှေးကံဘုန်းသည်
ပြောဆုံးနိုင်ပေါင် - ပြုစွမ်းစစ်
တောထုံးမြိုင်တောင် ဥဒါန်းသစ်။ ။

ဦးအုန်းခိုင်တရား မေးလျှောက်ကြား ခံစားဓုတင်ဆောက်

ခန္ဓာအသက်၊ မငဲ့ကွက်ဘဲ
သက်သက်ပဋိပတ်၊ ဘဝဇာတ်ကို
ဖြတ်တတ်ဇဲကြီး၊ ကိစ္စပြီး၍
ဆည်းကပ်တုပ်ကွ၊ ကြည်ညိုကြတည့်



ဒီဌတွေ့ပိုင်၊ ဦးအုန်းခိုင်အား
"ခြေခိုင်ခန့်ငြား၊ ဘယ်တရားနှင့်
ကြိုးစားအားထုတ်၊ နာမ်နှင့်ရုပ်"ဟု
ရုတ်တရက်ကြွေ၊ ဦးသောဘနလျှင်
သိသမျှလျှောက်၊ သဒ္ဓါပေါက်၍
ဝမ်းမြောက်ဝမ်းသာ၊ ဖြေကြားရှာ၏
"ခန္ဓာ အာယတန၊ ဓာတ်များပြသို့
အနိစ္စ, ဒုက္ခ၊ အနတ္တနှင့်
လက္ခဏာရေး၊ တင်ရှုပေး"ဟု
ယဉ်ကျေးပြေပြစ်၊ ဥဒါန်းသစ်ခဲ့
နှစ်ညဘက်ကူး၊ ကိုယ်တွေ့ထူးအောင်
ကြည်နူးစိတ်ပွား၊ ရဟန်းများနှင့်
အခြားသုသာန်၊ ဆောက်တည်ဟန်ကို
စိတ်ကြံဇော်ကြွေ၊ လမ်းကောမ,မှ
စ,၍ စ,ချင်း၊ ဆောက်နှင့်ထွင်းသို့
မငြင်းသာပေ၊ အစိမ်းသေသော
မြေပုံစောင့်ကြပ်၊ လျှောက်ထားလတ်၍
လတ်ဆတ်အသေ၊ ကျောစိမ့်ပေ၏
တစ္ဆေခြောက်ရိုး၊ မမြင်နိုးလည်း
ကောက်ရိုးခင်းသာ၊ တစ်နေရာနှင့်
ပေမှာသုံးဆယ်၊ ခုံဖုတ်ကွယ်တည့်
မှောင်နယ်ညမိုက်၊ မဲချလိုက်သော်
တိုက်ဆိုင်တရား၊ အထူးပွားဖို့
စဉ်းစားဉာဏ်ကိန်း၊ မေတ္တာထိန်းခဲ့
အစိမ်းသေမြေပုံ၊ ခေါင်းရင်းကြုံသည်
ဘယ်ဘုံနားမလဲ အမေးခက်
ကြွယ်ဂုဏ်ကြွားမရဲ အတွေးပျက်
ပစ်ထားခဲ့ပြီ မြေပုံထက်။

ဦးသီလတရား ရိုးရှင်းသား

ဦးသီလသည်၊ တောရပ်မှီလျက်
တိစီဝရိုက်၊ လွယ်သပိတ်နှင့်
ထိတ်လန့်ခြင်းကင်း၊ သုသာန်တွင်းသို့
လင်းပြတရား၊ ဉာဏ်ကစား၍
စွန့်ထားပုံသကူ၊ သင်္ကန်းယူကာ
ဟောမူတစ်ခု၊ နားလည်မှုတွက်
'သူ့အသက်ကို မသတ်လိုနှင့်'
'သိုမှီးဥစ္စာ၊ မခိုးပါနှင့်'
'ခေါင်းမှာသန်းဥ၊ တုပ်မပြုနှင့်
ကိုယ်မှုဖန်တီး၊ ငရဲကြီးလိမ့်'
'သီးချိုသရက်၊ အချိုဆက်သို့
ခါးသက်တမာ၊ စိုက်ပျိုးပါက
ခါးရှာလိမ့်လေး၊ တရားပေးခဲ့'
လေးစားဖွယ်ကောင်း၊ ဆရာကောင်းနှင့်
ခိုအောင်းဉာဏ်ပိုင်၊ ဦးအုန်းခိုင်ဟု
ထိုင်သောတရား၊ ဓုတင်များ၏
ကြိုးစားယှဉ်ထိုင်၊ လေးညတိုင်သော်
လက်ကိုင်လက်ဆုပ်၊ ဉာဏ်စွမ်းထုတ်ရင်း
သရုပ်ခွဲကြည့်၊ ဇွဲမပြည့်သေး
သတိပဋ္ဌာန်၊ ဉာဏ်ရင့်သန်ဖို့
နက်ဖြန်ယနေ့၊ သင်္ခန့်မှေ့က
အလေ့အလာ၊ ဝါသနာနှင့်
ဘယ်စာကျမ်းမွေ့၊ ဘယ်လက်တွေ့ဟု
ယနေ့နံနက်၊ သထုံဘက်ကူး
လက်ဦးလျှောက်ထား၊ လမ်းခွဲသွားတည့်
ဆွမ်းစားသပိတ်၊ သစ်ပင်ရိပ်၌
ကိစ္စနေ့ဆွမ်း၊ ပြီး၍လှမ်းသည်
ကြိုးပမ်းဓုတင် ဆောက်တည်လျက်
ကိုးစွမ်းရှုမြင့် - လျှောက်ခြီတက်
ကျိုက်ကော်ရွှေကျင် ဥပုသ်ဆက်။

မင်းကွန်းဇောတဝန် ဉာဏ်လမ်းညွှန်

ပရိယတ်ချွန်၊ ပညာမွန်နှင့်
တံခွန်သို့လွှား၊ ဉာဏ်ကစား၍
သိ,ကြားစေချင်၊ ပို့ချသင်ခဲ့
'ဝါစဉ်ဝါချစ်'၊ 'သင်္ကေတ်စစ်သေတ်'

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



သက်နှစ်ဆယ့်ရှစ်၊ ပျိုနုမျစ်လည်း
ဖြစ်, ပျက် သတိ၊ သမာဓိနှင့်
ဖြည့်ဆည်းကြည့်မှ၊ ကိုယ်တိုင်ရအံ့
တောရပြည်ထွန်၊ ဇေတဝန်သို့
စီးသွန်သဒ္ဓါ၊ မြတ်ပညာနှင့်
ရာထောင်တပည့်၊ သတိပဋ္ဌာန်
လမ်းမှန်နည်းကျ၊ မှီကောင်းရဖို့
'ရဋ္ဌပါလ၊ သုတ်တော်လှတွင်
ဗုဒ္ဓဟောဆို၊ ကျင့်စေလို၍
ပျိုရွယ်ငယ်နု၊ မြတ်ကျင့်စုကို
တင်ရှုဆင်ခြင်၊ ကျန်းမာရွှင်လျက်
မြင်သောခဏ၊ ခိုးမွှမ်းကြဟု
တွေးဆ,ဉာဏ်ထွန်း၊ ရွှေ့ရွှေ့ယွန်းခဲ့
မင်းကွန်းဇေတဝန်၊ မြို့မွန်သထုံ
ဖူးတုံရောက်သော်၊ ဆရာတော်လျှင်
မြော်မြင်နှလုံး၊ ခြောက်ဆယ့်သုံးမင့်
မြတ်ဆုံးယုယ၊ နေရာချ,ရင်း
ဆန္ဒဉာဏ်လမ်း၊ ကမ္မဋ္ဌာန်းနှင့်
ရှင်းတမ်းအမှတ်၊ သတိချပ်စေ . . .
ခဲကပ်ရှေ့နောက်၊ ဖောက်ပြန်ရောက်စေ . . .
ထောက်ကန်ကိုယ်ရေး၊ အမှတ်ပေးသည်
အေးရိပ်မွန်မြတ် ပဋိပတ်
တွေးစိတ်ချွန်တတ် အသိကပ်
သတိပဋ္ဌာန်အမှန်မြတ်။ ။

ကျောင်းရခန်းနေ၊ ကျောင်းစောင့်ပေတည့်
ကြုံလေသမိုင်း၊ စစ်ဒဏ်မှိုင်းကြောင့်
တောင်ဝိုင်းကလေး၊ ထားခဲ့ဝေးပေါ့
ဘေးလွတ်ရာကို၊ နတ်ညွှန်းကြိုသို့
ရွှေဘိုဆိပ်ခွန်၊ တရားညွှန်ရင်း
ဇေတဝန်နည်း၊ သီလထီးနှင့်
စီးဖြန်းဘာဝနာ၊ စည်တီးလာခဲ့
သာသနာရိပ်ထွင်၊ ဆာဦးသွင်တို့
မဂ္ဂင်လမ်းဖောက်၊ ဥဒါန်းမြောက်၍
ထွန်းတောက်သာသနာ့နုဂ္ဂဟမှ
ဓမ္မသဘင်၊ ပွဲကြီးဆင်ကာ
အရှင်သောဘန၊ ပင့်လျှောက်ကြလျက်
ဆဋ္ဌသင်္ဂီယနာ၊ တင်ပွဲမှာလည်း
ပုစ္ဆာမေးရွှင်၊ မင်းကွန်းရှင်နှင့်
လျှင်သောဉာဏ်စွမ်း၊ တာဝန်ထမ်းခဲ့
ကျမ်းမြတ်မျိုးမျိုး၊ ပြုစုပျိုးရင်း
ကြိုးပမ်းခဲ့ပုံ၊ ကျေးဇူးဂုဏ်လည်း
စွယ်စုံဖွင့်ပြ၊ စာပေါ့ဆ,လိမ့်
ဗုဒ္ဓသားကျော်၊ ဆရာတော်လျှင်
စည်တော်မယွန်း၊ နှုတ်ခွန်းမဆက်
အသက်စွန့်သွား၊ ခန္ဓာငှားနှင့်
တရားရိပ်သာ၊ ဖွင့်ခဲ့ရှာဟု
ဆရာတော်ဘုန်း၊ မြတ်နှလုံးဖြင့်
စုရုံးညီညွတ်၊ တရားဆွတ်သည်
ထွင့်မြတ်ပွဲတည့် ရာပြည့်သက်
ညွှတ်ကပ်နွဲ့၏ စာသိဖက်
တောထွက်လမ်းတာ မှာတမ်းဆက်
ဟောမြွက်စွမ်းရှာ ကြာလွမ်းလျက်
ရင့်ကျက်ချင့်တွက် ဆင့်ကမ်းလက်။ ။

ရင့်ကျက် ချင့်တွက် ဆင့်ကမ်းလက်
သက်တော်ရာပြည့်သို့
မင်းကွန်းဇေတဝန်၊ တရားညွှန်သို့
မြတ်မွန်ပါရမီ၊ ထူးမြတ်သည်တည့်
ဉာဏ်ရည်တောက်လာ၊ ဓမ္မာစရိယ
'သာသနဓဇ သီရိပဝရ'ဟု
စာချတန်းမြင့်၊ အောင်ပန်းဆင့်၍
မြတ်ကျင့်လည်းလှ၊ စာလည်းချ,လျက်

တက်လူ



ရာပြည့်ကန်တော့ပန်း

ထေရဝါဒ၊ ဂုဏ်အလှနှင့်
သတိပဋ္ဌာန်၊ ကျင့်စဉ်မှန်ကြောင့်
သံသရာဝဋ်၊ ဒုက်တောင်ကျွတ်သို့
လွတ်ကင်းခြင်းငှာ၊ မဂ်လမ်းသာခဲ့
ကမ္ဘာသူကမ္ဘာသား၊ မြတ်ဘုရား၏
တရားအမြစ်၊ "ဓမ္မ"အနှစ်ကို
ဆန်းစစ်ဝေဖန်၊ လက်သင့်ခံ၍
ဉာဏ်စဉ်မြင့်မြတ်၊ တရားမှတ်ခဲ့
ဝိပဿနာ၊ ရှုမှတ်ရာတွင်
"ဖောင်း"တာ "သတိ"၊ "ပိန်"သတိနှင့်
သတိမြဲခိုင်၊ မယိမ်းယိုင်သား
မဏ္ဍိုင်တည့်မတ်၊ ဖြစ်,ပျက်,တတ်သည်
အနတ္တရုပ်၊ ခန္ဓာပုပ်ကို
စက်ဆုတ်ရွံ့ရှာစေတော့သည်။
ဆဋ္ဌသင်္ဂီတိပုစ္ဆက
အဂ္ဂမဟာပဏ္ဍိတ
သာသနာ့အာဇာနည်
မဟာစည်ဆရာတော်
အရှင် "သောဘန" မထေရ်မြတ်ကြီးအား
ဘုရားတပည့်တော်သည်
ရှိရှိသမျှ
ကာယ, ဉာဏ၊ ထိုနှစ်ဝဖြင့်
လှပဝင့်ထည် (ထယ်)၊ ရနံ့ကြွယ်သည့်
အံ့ဖွယ်တင့်ဆန်း၊ လက်ာပန်းကို
ပွင့်လန်းခြင်းငှာ၊ မစွမ်းသာပါ
သဒ္ဓါယိုဖိတ်၊ ကြည်ညိုစိတ်ကြောင့်
ဂုဏ်ဟိတ်ကြီးမား၊ အရှင်ဘုရား၏
ဖဝါးခြေစုံ၊ ကပ်ငြိကုန်သော
မြူမှုန်မျှသာ၊ အလက်ာဖြင့်
ကြည်သာရိုကျိုး၊ လက်စုံမိုး၍
ရှိခိုးကန်တော့လိုက်ပါသည်၊ အရှင်မြတ်ဘုရား။

ရဲအောင်



ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



မဟာစည်သာသနာ့ရိပ်သာဦးသျှောင်ဆရာတော်
ဘဒ္ဒန္တသံဝရ ၏
ဩဝါဒတော်

အသက် (၄၀)ကတည်းက ဆရာတော်ကြီးထံရောက်လာတာ ယခု (၈၄)နှစ်ထိပဲ၊ ဆရာတော်ကြီးဟာ တစ်ခါမှ နောက်ခြင်း၊ ပြောင်ခြင်းမရှိဘူး၊ စိတ်ဆိုးတဲ့အမူအရာလည်း မတွေ့ရဘူး၊ အစစအရာရာ အပြစ်မရှိအောင်နေတတ်တယ်၊ ဒကာ/ဒကာမတွေကိုပြောတာလည်း ဒီအတိုင်းပဲ၊ အပြစ်ကင်းအောင် ပြောဆိုတတ်တယ်၊ ဆက်ဆံတဲ့နေရာမှာလည်း တပြေးညီပဲ၊ ခွဲခြားခြင်းမရှိဘူး၊ ဒကာတို့ စာရေးတဲ့နေရာမှာ အစွမ်းရှိသလောက်ရေးကြပါ၊ မဖြစ်နိုင်တာ ကြံဖန်မရေးနဲ့၊ အပိုတွေမထည့်နဲ့၊ ဂုဏ်မလိုရင် ဂုဏ်ပိုတယ်၊ ဂုဏ်လုပ်ရင် ဂုဏ်ပုပ်တယ်ဆိုတဲ့စကားရှိတယ်၊ ဆရာတော်ဘုရားကြီးဟာ အလွန်ကြည်ညိုစရာကောင်းပါတယ်၊ ဘယ်အထိကြည်ညိုဖွယ်ကောင်းသလဲဆိုရင် ဆရာတော်ဘုရားကြီးမှာ ကိုယ်ပိုင်ရုပ်ဝတ္ထုပစ္စည်း ဘာတစ်ခုမှ မထားခဲ့ဘူး။

ဆရာတော်ကြီး ပုံလွန်တော်မူတဲ့အခါကျတော့ ဆရာတော်ကြီးက ဒီရိပ်သာ ဘယ်သူနေရစ်၊ ဘယ်သူအားထုတ်လို့ မပြောဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒါသူ့ကျောင်းမဟုတ်ဘူး၊ ဆရာတော်ကြီးလည်း ကမ္မဋ္ဌာနာစရိယပဲ၊ ဘုန်းကြီးက အပ်ပိုင်ခွင့်မရှိဘူး၊ အဲဒီတော့ ဘယ်သူမှ မအပ်ဘူး။



ဗုဒ္ဓသာသနာနှုဂ်ဟအဖွဲ့ချုပ်ကိုလည်း ဘာမျှမပြောဘူး၊ သူဟာသူ ပျံလွန်တော်မူသွား တာပဲ၊ ဗုဒ္ဓသာသနာနှုဂ်ဟအဖွဲ့က လက်ဦးပထမ ရွှေစေတီဆရာတော် (အဂ္ဂမဟာပဏ္ဍိတ)၊ ရွှေစေတီဆရာတော်ကြီး ပျံလွန်တော်မူသွားတဲ့အခါ ပုသိမ်ဆရာတော် ဦးအာစိဏ္ဏ၊ နောက် ရေဦးဆရာတော် ဦးပညာသိပ္ပ၊ အဲဒီကနေပြီး ဘုန်းကြီးပဲ၊ ဒါပေမယ့် အဖွဲ့က ဘယ်သူရယ်လို့ မဟုတ်ပါဘူး၊ ဒီမှာ ဘုန်းကြီးက အကြီးဆုံး ဩဝါဒါစရိယပေါ့၊ ဘုန်းကြီးမှာ ကျောင်းရှိပါတယ်၊ ကျောင်းမှ ကြီးကြီးကျယ်ကျယ်ပါ၊ အုတ်တိုက်နှင့် ဘုရားနှင့် ကျောင်းကန်နှင့် မီးစက်နဲ့ အပြည့် အစုံရှိပါတယ်၊ နောက် အဲဒီကနေပြီး စစ်ကိုင်းကျောင်းကြီး (အနောက်တိုက်ကြီး)မှာ စာဝါချခဲ့ရ တယ်၊ အဲဒီကနေပြီးတော့ နောက် ဒီမဟာစည်ရောက်လာတာပဲ။ ဆရာတော်ကြီးမရှိတဲ့နောက် ဆရာတော်ကြီးရဲ့ ပဋိပတ္တိသာသနာ စည်ပင်ဖို့ ဘုန်းကြီး အားထုတ်ပါတယ်၊ ဒကာကြီးတို့လည်း ပါရမီထူးလို့ ဆရာတော်ကြီးရဲ့သာသနာနဲ့ တွေ့ရတယ်လို့မှတ်ယူပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြပါလို့ ဘုန်းကြီး ဩဝါဒပေးလိုပါတယ်။







ဝမ်းမြောက်ပါတယ်ဘုရား၊ တပည့်တော်တို့က ဆရာတော်ကြီးရဲ့ ရာပြည့်အထိမ်းအမှတ်အတွက် စာပေပြုစုရတဲ့ စာပေအဖွဲ့ပါဘုရား၊ အရှင်ဘုရားအနေဖြင့် ဆရာတော်ကြီးနှင့် ငယ်စဉ်ကတည်းက တွေ့ဆုံခဲ့ရပြီး ဆရာတော်ကြီးနဲ့လည်း အလွန်မတန်မှ ခင်မင်ရင်းနှီးတယ် ဆိုတာ တပည့်တော်များ သိရှိပါတယ်ဘုရား၊ အဲဒါကြောင့် ဆရာတော်ကြီးနဲ့ပတ်သက်တဲ့အကြောင်း အရာတွေကို တပည့်တော်များမှတ်သားနားလည်နိုင်ရန် ချီးမြှင့်ပေးပါဘုရား။

ဆရာတော် (ဖြေ)

ဆရာတော်ဘုရားကြီးနဲ့ စတွေ့တာ ၅၂- ခုနှစ်လောက်က စတွေ့တယ်၊ အဲဒီတုန်းက ဆဋ္ဌသင်္ဂါယနာအစီအစဉ်လုပ်တုန်းပေါ့။ ဆဋ္ဌသင်္ဂါယနာကတော့ ၅၄- ခုနှစ်မှာ တင်

ဆဋ္ဌသင်္ဂါတိပဋ္ဌာန

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဆုံစည်းသိကျွမ်းခဲ့သမျှ

ဒေါက်တာဒဋ္ဌာဓိလာနန္ဒာဘိဝံသ

ဓိန္ဒိကြွားတော်မူကြောင်းပြစကား

စာတည်းအဖွဲ့တင်ပြသည်။

စာပေအဖွဲ့ (မေး)

တပည့်တော်တို့ကို အခုလို အချိန်ပေးခွင့်တာ အင်မတန်မှ တယ်။ ဆဋ္ဌသင်္ဂါယနာတင်ဖို့ ပိဋကတ်ကျမ်းစာတွေ ပြင်တာကြတော့ ၁၁/၁၂ -ခုနှစ်လောက်ကစပြီး ပြင်



တယ်။ အဲဒီ ကျမ်းစာပြင်တော့ ဘုန်းကြီးတို့က အလွန်ငယ်ပါသေးတယ်။ အသက် (၂၀) ကျော်ပဲရှိသေးတယ် ဆိုတော့ အကူအညီနဲ့လာရတယ်။ စာပြင်ဆရာမဟုတ်သေးဘူး။ အဲဒီလို အကူအညီဘဝနဲ့လာပြီးတော့ အဲဒီတုန်းက သာသနာ့ရိပ်သာမှာလည်း နေရာကမရှိသေးဘူး၊ ဆောက်လုပ်ဆဲရှိသေးတယ်။ ကမ္ဘာအေးက ဆောက်တုန်းရှိသေးတယ်။ ဒီသာသနာ့ရိပ်သာမှာပဲ တည်းရတယ်၊ ဘုန်းကြီးတို့ကတော့ ပိဋကတ်တိုက်အပေါ်ထပ်မှာ နေပြီးတော့ စာပြင်တယ်ပေါ့လေ။ စာပြင်တာက (၃) ပိုင်းရှိတယ်။ "မူလဝိသောဓက၊ ပဋိဝိသောဓက၊ ဩသာန သောဓေယျပတ္ထပါဋ္ဌက" ရယ်လို့ (၃) ပိုင်းရှိတယ်။

"မူလဝိသောဓက" ဆိုတာက နယ်က ဆရာတော်တွေကပြင်လိုက်တာ၊ အဲဒီပြင်တာကိုမှ ရန်ကုန်ကိုပို့တယ်၊ ရန်ကုန်ရောက်တော့ ရန်ကုန်မှာ တစ်ခါစာပြင်ဆရာအများစုပြီးတော့ ထပ်ပြင်တယ်၊ ပိုပြီးတော့ သေချာအောင်ပေါ့။ အဲဒါက "ပဋိဝိသောဓက" လို့ခေါ်တယ်၊ အဲဒီ ပဋိဝိသောဓကပြီးတဲ့အခါကျမှ နောက်ဆုံးဖရုဖတ် "ဩသာနသော ဓေယျပတ္တ ပါဋ္ဌက" အဲဒီအဖွဲ့ကတော့ (၅)ပါးတည်းဖွဲ့တယ်၊ အဲဒီ (၅)ပါးထဲမှာ မဟာစည်ဆရာတော်ဘုရားကြီးတစ်ပါးအပါအဝင်ပေါ့၊ တခြားဝိဇ္ဇာလက်ာရဆရာတော်၊ ဗားကရာတိုက်ကဆရာတော်၊ ရန်ကုန်၊ ဘုရားကြီးတိုက် ဆရာတော်၊ ဒါပေမယ့်လို့







များသောအားဖြင့် ညောင်ဦး ပတ္တပါဋ္ဌက" တာဝန်ခေါင်းစဉ်တပ် ဆရာတော်က ဆောင်ရွက်တယ်၊ ဘုရားကြီးတိုက် ဆရာတော်က ဒီလောက်မဆောင်ရွက်ဘူး၊ ပြီးတော့ သီဟိုဠ်ဆရာတော်၊ အဲဒီ ဆရာတော်တွေနဲ့ အတူတူ တစ်ခါပြုလုပ်ရပါတယ်။

အဲဒီလို ပြုလုပ်တဲ့အခါကျတော့ ဘုန်းကြီးတို့ကတော့အကူအညီပေါ့၊ အကူအညီဆိုတော့ စာရှာစရာရှိရင် ဘုန်းကြီးတို့ကပဲရှာ အကုန်လုံးလုပ်ပေးရတယ်၊ ဆရာတော်ကြီးတွေက အဲဒါတွေကြည့်ပြီးတော့မှ ဆုံးဖြတ်ကြတယ်၊ ကောင်းတယ်ထင်တာကို အတည်ပြုတယ်၊ "ဩသာနသောဓေယျပတ္တပါဋ္ဌက" က အတည်ပြုပြီးရင်တော့ နောက်ထပ်မရှိတော့ဘူး၊ ဒီကျမ်းစာအနေအထားရော အားလုံးဟာ "ဩသာနသောဓေယျပတ္တပါဋ္ဌက" တာဝန်ခေါင်းစဉ်တပ်တာနဲ့ ပတ်သက်ပြီး ပြောချင်တယ်၊ အခုစာတွေမှာ ခေါင်းစဉ်တပ်တဲ့အခါကျတော့ ဝိဘတ်မပါဘဲနဲ့ ခေါင်းစဉ်တပ်တယ်၊ လူတွေကတော့ သိပ်နားလည်မှာမဟုတ်ဘူး၊ ဆိုပါတော့ ဓမ္မစက္ကပဝတ္တနသုတ္တ၊ ဒါ - ဝိဘတ် မပါတာ၊ တကယ်ဆိုတော့ "ဓမ္မစက္က ပဝတ္တနသုတ္တံ"ဖြစ်စေ "သုတ္တန္တော" ဖြစ်စေနေရမှာ၊ အဲဒီ ခေါင်းစဉ်တွေတပ်တာ ဘာ့ကြောင့်လဲဆိုတော့ ဒီဆဋ္ဌသင်္ဂါယနာပြီးသွားရင် နောက်ထပ်မရှိတော့ဘူး၊ အဲတော့ နောက်လူတွေက ဒီခေါင်းစဉ်တွေဟာ စာပြင်ဆရာတော်တွေက ထည့်ထားတာလို့ သိအောင်ဆိုပြီး လုပ်ထားတာ၊ အကယ်၍ ဝိဘတ်တပ်လိုက်ရင် သင်္ဂါယနာပြီးတော့ မဟာစည်ဆရာတော် အနေနဲ့ ဝိနည်းသိက္ခာပုဒ်လေးစားတာတွေရှိသေးတယ်။ ဒါတွေအထူးပြောစရာမလိုပါဘူး၊ အားလုံးသိပြီးသားပဲ။ နောက်တစ်ခုကဘာလဲဆိုတော့ အမေရိကန်သွားတုန်းက အဖြစ်အပျက်ကလေးတွေပေါ့၊ ဒီက

တင်ခေတ်တုန်းကတည်းက လုပ်ထားတယ်လို့ ထင်မှာစိုးလို့၊ အမှန်ကတော့ ခေါင်းစဉ်တွေက ရှေးတုန်းက စာအုပ်တွေမှာ မပါဘူး၊ အခမ ထည့်တာ၊ အဲဒါကြောင့်မို့လို့ ဝိဘတ် မပါဘဲနဲ့ ခေါင်းစဉ်တပ်တာ၊ ဒါကိုသိတဲ့သူ အင်မတန်နည်းတယ်။

အဲတော့ အဲဒီမှာ အလုပ် လုပ်ရင်းနဲ့ ဆရာတော်နဲ့စပြီး ရင်းနှီးတာပေါ့လေ၊ အဲတော့ ဆရာတော်က ပိဋ္ဌကတ်မှာ နှစ်မျိုးရှိတယ်၊ သင်ရိုးပိဋ္ဌကတ်သုံးပုံနှင့်ကျမ်းအိပ်ဆိုပြီး ရှိပါတယ်။ သင်ရိုးပိဋ္ဌကတ်ဆိုတာက စာအုပ်နှစ်ဆယ်ကိုခေါ်တယ်၊ သုတ်သုံးကျမ်း၊ ဝိနည်းငါးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်း၊ ဒီသုတ်နှစ်ဆယ်ကို သင်ရိုးလို့ခေါ်တယ်။ ဒါဟာ ဘုန်းကြီးတိုင်း သင်ရတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့။ တခြားမဇ္ဈိမနိကာယ်တို့ကျတော့ ကျမ်းအိပ်လို့ခေါ်တယ်၊ ဒါကို ပုဂ္ဂိုလ်တိုင်းမသင်ဘူး၊ မဟာစည် ဆရာတော်ကတော့ အဲဒီကျမ်းအိပ်တွေမှာပါ နှံ့စပ်တယ်၊ စာတစ်ခုပြင်စရာရှိရင် ဒါဘယ်ကျမ်းမှာလည်းရှိသေးတယ် စသည်ဖြင့် ညွှန်ကြားတယ်။ အဲဒီညွှန်ကြားတာကို ရှာယူပြီး တင်ပြရတယ်။

ပြီးတော့ မဟာစည်ဆရာတော်အနေနဲ့ ဝိနည်းသိက္ခာပုဒ်လေးစားတာတွေရှိသေးတယ်။ ဒါတွေအထူးပြောစရာမလိုပါဘူး၊ အားလုံးသိပြီးသားပဲ။ နောက်တစ်ခုကဘာလဲဆိုတော့ အမေရိကန်သွားတုန်းက အဖြစ်အပျက်ကလေးတွေပေါ့၊ ဒီက



နေသွားတယ်ဆိုပါတော့၊ ဘန်ကောက်ရောက်တယ်၊ ဘန်ကောက်မှာ ညအိပ်ရတယ်၊ အဲဒီတုန်းက ဝပ်မဟာထပ်ဆရာတော်ကြီးဆိုတာ ရှိတယ်။ မဟာစည်ဆရာတော်ထက်ကြီးတယ်၊ အဲဒီဆရာတော်ကြီးကဆင်းပြီးတော့ ကြိုတယ်။

ကြိုပြီးတော့ သူတို့က လက်ကိုနှံ့သာရေနှင့်ဆေးတယ်။ အဲဒါသူတို့ထုံးစံတဲ့။ အဲဒီအခါကြတော့ မဟာစည်ဆရာတော်က အင်တင်တင်လုပ်နေတယ်။ လက်ကို ထုတ်မပေးချင်ဘူး။ အဲဒီလို အင်တင်တင် လုပ်နေတော့ အဲဒီဆရာတော်ကြီးကပြောတယ်၊ ဒါဟာ ဒီနိုင်ငံမှာထုံးစံပါ။ လုပ်သာ လုပ်ပါဆိုတော့ ဆရာတော်ကြီး စကားကို လေးစားသောအားဖြင့် လုပ်လိုက်ပါတယ်၊ ဒါနဲ့သွားကြတဲ့အခါ လေယာဉ်ပျံကဘန်ကောက်ကထွက်တာ (၃) နာရီလောက် နောက်ကျတယ်၊ အဲဒီလိုနောက်ကျတော့ ဂျပန်ထိုအောင် မသွားနိုင်ဘူး၊ အဲဒီတုန်းက ဂျပန်လေဆိပ်ဆင်းရတာ အချိန်အပိုင်းအခြားရှိတယ်၊ အဲဒီလို မရောက်နိုင်တော့ ထိုင်ဝမ်မှာ အိပ်ရတယ်၊ ထိုင်ဝမ်မှာဆင်းတဲ့အခါကြတော့ ဟိုတယ်ကို ပို့တာပေါ့လေ။ ပို့တော့ လာပင့်တဲ့လူက မြန်မြန်လျှောက်ပါလို့ ပြောတယ်၊ အဲဒီလို ပြောတာကို ဆရာတော်ကြီးက နားမလည်သလိုနဲ့ နဂိုမူလအတိုင်းပဲ လျှောက်တယ်၊ ကွန်ဆြေအပျက်ခံပြီး မြန်မြန်မလျှောက်ဘူး။အဲဒါတစ်ခုတွေ့ရတယ်။

နောက်တစ်ခုကတော့ ထိုင်ဝမ်ရောက်တဲ့အခါကျတော့ ဟိုတယ်မှာတည်းတယ်၊ ဆရာတော်က ကုလားထိုင်မှာပဲ ကျိန်းစက်တယ်၊ အိပ်ရာမှာ မကျိန်းဘူး၊ ဟိုတယ်ဆိုတော့ အားလုံးဆက်ဆံနေတာကို အဲဒါတစ်ခု တွေ့ရတယ်။ ဆန်ဖရန်စစ္စကိုရောက်သွားတဲ့အခါကျတော့ တရားပွဲလုပ်တယ်။ တရားပွဲလုပ်တဲ့အခါမှာ "ဆရာတော်ဘုရား ဒီစိပ်ပုတီးလေးကို သိဒ္ဓိတင်ပေးတော်မူပါဘုရား" လို့ ဗမာ ဒကာမ တစ်ယောက်ကလျှောက်တယ်။ လျှောက်တဲ့အခါကျတော့ ဆရာတော်ကြီးက "ဘုန်းကြီးတို့ မလုပ်တတ်ဘူး၊ ဒါဟာ ဂိုဏ်းဘုန်းကြီးတွေလုပ်တာ၊ ဘုန်းကြီးတို့မှာ ဘာတန်ခိုးမှလည်း မရှိဘူးပေါ့လေ။ မလုပ်ဘူးဆိုပြီး ဒီ







အတိုင်းပဲနေလိုက်တယ်၊ ဒါတစ်ချက်၊ နောက်တစ်ခုကတော့ ဘုန်းကြီးတို့ ဆရာတော်နဲ့ အတူတူလိုက်နေတဲ့အခါကျတော့၊ ဆွမ်းစားတဲ့အခါကျတော့ စကားပြောကျတယ်၊ အဲဒီလိုပြောကြတော့ ပထမတော့ ဆရာတော်ကြီးက သည်းခံနေသေးတယ်။ တော်တော်လေးရက်ရတဲ့အခါကြတော့ ဆရာတော်က ပြောတယ်၊ "အမှတ်နဲ့ စားကြတဲ့။" ဒါဟာ ဆရာတော်တို့ကို မာန် တာပဲလို့ ဒီလိုယူဆတာပေါ့လေ။ အဲဒါနဲ့ အရှိန်သတ်ပြီးတော့ ဆိတ်ဆိတ်ငြိမ်ငြိမ်ပဲ စားတယ်။ အဲဒီလို ဆုံးမတဲ့အခါမှာလည်း ဆရာတော်က ကြမ်းတမ်းတဲ့ စကားလုံးကို မသုံးဘဲနဲ့ ခံသာအောင်ပြောပြီးတော့ ဆုံးမတယ်။ အဲဒါတွေရတယ်။

အခု ဆဋ္ဌသင်္ဂါယနာနဲ့ပတ်သက်ပြီးတော့ အတွေ့အကြုံပေါ့လေ။ ဆဋ္ဌသင်္ဂါယနာလုပ်တဲ့အခါကျတော့ သင်္ဂါယနာဆိုတာ ဝိုင်းပြီး ရွတ်တာကို သင်္ဂါယနာခေါ်တယ်၊ အဲဒီ သင်္ဂါယနာမှာက မေးတဲ့ပုဂ္ဂိုလ် ရှိတယ်၊ ဖြေတဲ့ပုဂ္ဂိုလ်ရှိရတယ်။ မေးတဲ့ ပုဂ္ဂိုလ်ကလည်း ဘယ်သုတ် ဘယ်မှာဟောသလဲစသည်ဖြင့်မေး၊ ဖြေတဲ့ပုဂ္ဂိုလ်ကလည်း ဘယ်သုတ် ဘယ်မှာဟောတယ်စသည်ဖြင့် ဖြေရတယ်။ အဲဒီလို အမေးနဲ့အဖြေ၊ ပထမသင်္ဂါယနာတင်တုန်းကတော့ အမေးကို ရှင်မဟာကဿပဆောင်ရွက်တယ်။ အဖြေကို အရှင်ဥပါလိနဲ့အရှင်အာနန္ဒာ ဆောင်ရွက်တယ်၊ ဒီဆဋ္ဌသင်္ဂါယနာကျတော့ ညောင်ရမ်းဆရာတော်ကြီးကလည်း ရှိတယ်။

ညောင်ရမ်းဆရာတော်ကြီးကိုတော့ ဒီအတိုင်းပဲ သံဃာ့နာယကအနေနဲ့ထားပြီးတော့ မဟာစည်ဆရာတော်က ပုစ္ဆကအမေးဆရာတော်လုပ်ရတယ်၊ ဆရာတော်ဦးဝိစိတ္တက အဖြေဆရာတော်လုပ်ရတယ်၊ ဒီလို လုပ်တဲ့အခါကျတော့ ဆရာတော်တို့ကတော့ စောစောကတည်းက ကြိုတင်ညှိထားတာ၊ ပထမနေ့က မဟာစည်ဆရာတော်နဲ့ ဦးဝိစိတ္တ ဒီနှစ်ပါးလုပ်ကြတယ်၊ အဲဒီလို အမေးအဖြေလုပ်တာ အချိုးကျသွားတယ်။ အထစ်အငေါ့ မရှိဘဲပြီးသွားတယ်။ ပြီးသွားတဲ့နောက်ကျတော့ အဲဒီနေ့မှာပဲ တစ်ချို့ဆရာတွေက မကျေနပ်ဘူး။ မဟာစည်ဆရာတော်ကိုဒီနေရာပေး



ရမလား ဆိုပြီးတော့ မဟာစည်ဆရာတော်က ကမ္မဋ္ဌာန်းဘုန်းကြီးလေးပဲပေါ့လေ၊ တခြားဆရာတော်တွေရှိတာပဲ တခြားဆရာတော်တွေကိုခိုင်းရမယ်ဆိုပြီးဝိဇ္ဇာလင်္ကာရဆရာတော်ကို သွားပြောကြတယ်၊ ဝိဇ္ဇာလင်္ကာရ ဆရာတော်လည်း မနေသာတော့ အဲဒီမှာ သူတို့အလိုအတိုင်းလိုက်ရတယ်၊ နောက်တစ်နေ့ကျတော့ တခြားဆရာတော်က မေးတယ်။ ဦးဝိစိတ္တက ဖြေတယ်၊ အဲဒီလို ဖြေတဲ့အခါကျတော့ ဟို ဆရာတော်ကလည်း ကြိုတင်စီစဉ်မှု ဘာမျှမရှိဘူး၊ လုပ်ပါဆိုလို့ လက်ခံပြီး လုပ်လိုက်ရတယ်၊ အမေးအဖြေ လုပ်ကျတော့ သမ္မတကြီးရောက်လို့ ငါးမိနစ်လောက်ရှိသေးတယ်၊ ပြီးသွားပြီ၊ နံနက် သင်္ဃနာတင်တဲ့ ကိစ္စပြီးသွားပြီ။

အဲဒီလိုဖြစ်သွားတော့ ဝန်ကြီးချုပ်က စိတ်ဆိုးတာပေါ့လေ။ တပည့်တော်တို့ကို အရှက်ခွဲတာပဲပေါ့။ အဲဒါနဲ့ သူက ဆရာတော်တွေကို လာပြောတယ်၊ ဒီလိုမဖြစ်ပါစေနဲ့ ဆိုတော့မှ နောက်နေ့ကျတော့ မဟာစည်ဆရာတော် ပြန်ခိုင်းရတယ်၊ ပထမနေ့က မဟာစည်ဆရာတော်လုပ်တယ်၊ ဒုတိယနေ့မှာ တခြား ဆရာတော်ကြီးတစ်ပါးလုပ်တယ်။ တတိယနေ့ကျတော့ မဟာစည်ဆရာတော်ပဲ ပြန်လုပ်ရတယ်၊ မဟာစည်ဆရာတော်ကြတော့ ခုနကလို တိုက်ထားတာဆိုတော့ အချိုးကြတာပေါ့လေ့။ အဆင်ပြေပြေချောချောမောမောလည်းပြီးတယ်၊ အမှန်ကတော့ တခြားဆရာတော်ကြီးလည်းပဲ ကြိုတင်ပြင်ဆင်ထားရလျှင်တော့ သိပ်ပြောစရာမလိုပါဘူး။ အခုတော့ ကြိုတင်ပြင်ဆင်မှုမရှိဘဲ ဒီအတိုင်းလက်ခံလိုက်တာကိုး၊ ဒါ ပေမယ့်လို့ လူတွေက မဟာစည်ဆရာတော်ပါမှ သင်္ဃနာကိစ္စပြီး တယ်လို့၊ အဲဒီလို ယူဆသွားကြတယ်၊ ဒီတော့ မဟာစည်ဆရာတော် ပိုပြီးတော့ နာမည်ထွက်သွားတာပေါ့၊ အဲဒါနဲ့ ပါဠိသင်္ဃနာပြီး သွားတယ်။

အဲဒီနောက် အဋ္ဌကထာ သင်္ဃနာဆိုပြီး ဆက်လုပ်တယ်၊ ဆက်လုပ်တဲ့အခါကျတော့ ဘယ်လိုပုံစံနဲ့ လုပ်မှာလဲ။ ပါဠိတော်တုန်းကတော့ စာ ကလည်းရှိတော့ အမေးအဖြေပုံစံနဲ့ လုပ်သွားတာကိုး။ အဋ္ဌကထာဒီလိုလည်းမရှိဘူး။ အစဉ်အလာမရှိဘူး ဆိုပါတော့။ အဲဒီကျတော့ မဟာစည်ဆရာတော်က "အဋ္ဌကထာစိစစ်ခန်း" ဆိုပြီးတော့ ပြောမယ်။ အဲဒီကျတော့ ဆရာတော်တစ်ပါးတည်း ပြောတယ်။ အဲဒါစာအုပ်တွေလည်း ထုတ်ပါတယ်။ မဟာစည်ဆရာတော်က အစထွင်တာပေါ့လေ။ နောက်တော့ မဟာစည်ဆရာတော် နေမကောင်းလို့ အနီးစခန်းဆရာတော်ဆက်ပြီး လုပ်ရတယ်၊ အဲ ဒါက အဋ္ဌကထာဋီကာ တွေပေါ့လေ။ ခုနက စာပြင်တာနဲ့ပတ်သက်ပြီးတော့ စာပြင်တာ (၃)ဆင့်ရှိတယ်၊ တတိယအဆင့်က "သြသာနသော ဓေယျပတ္တပါဠိက" မှာ ဆရာတော်ပါခဲ့တယ်။ ဆရာတော်အစမှ အဆုံးတိုင်ပါခဲ့တယ်။ကျမ်းပေါင်း (၁၁ရ) ကျမ်းရှိတယ်၊ အဲဒီကျမ်းအားလုံး ဆရာတော်ပြင်တယ်၊ အဲဒီမှာ ဘာတစ်ခုထူးခြား တာရှိလဲဆိုလျှင် ဝိသုဒ္ဓိမဂ်ကျမ်းကို ပြင်ဆင်ဖို့ကျတော့ ဝိဇ္ဇာလင်္ကာရဆရာတော်က ဆရာတော်အပေါ် သိပ်ယုံကြည်တယ်၊ ဆရာတော်တစ်ပါးတည်းပဲ ပြင်ပါဆိုပြီး ဆရာတော်ကို ပုံပြီးအပ်တယ်။ အဲဒါလည်း ပြီးသွားတာပဲ၊ လူတိုင်းသိတယ်။

ပြီးတော့ ဝိသုဒ္ဓိမဂ်နိဒါန်းဆိုတာရေးဖို့ အဲဒီဟာကတော့ ဝိသုဒ္ဓိမဂ်ကို အင်္ဂလိပ်စာလုံးနဲ့ ရိုက်တယ်။ နိဒါန်းကြီးထည့်တယ်။ အဲ့ဒီနိဒါန်းကို ဘုန်းကြီးကဖတ်တယ်၊ အဲဒီမှာ "အရှင်ဗုဒ္ဓဃောသ" ကို ထိခိုက်ပြီးရေးသားထားတဲ့စကားတွေပါတယ်၊ ရေးတဲ့သူကလည်း အိန္ဒိယနိုင်ငံသားပဲ၊ ဒါပေမယ့်လို့ သူတို့က အရှင်ဗုဒ္ဓဃောသကို ဘာညာဆိုပြီး ရေးထားတွေပါတယ်၊ အဲဒါတွေပါတော့ ဘုန်းကြီးက ဝိဇ္ဇာလင်္ကာရဆရာတော်ကို လျှောက်တယ်၊ ဆရာတော်သူများတွေကတော့ ဒီလိုရေးနေပြီ။ တစ်နည်းနည်းတော့ ပြန်မှကောင်းမယ်ထင်တယ် ဆိုတော့ ဒါဖြင့် မင်းအဲဒါကို ဘာသာပြန်လိုက်။ ဘာသာပြန်ပြီးလျှင် ဝန်ဆောင်ဆရာတော်တွေထံ အကုန်ပေးမယ်။ ပြီးတော့မှ ဆရာတော်



တွေရဲ့ ညွှန်ကြားချက်အတိုင်းလုပ်မယ်ဆိုပြီး ဘာသာပြန်စေတယ်။ ဝေပြီးနောက်ဆုံးကျတော့ ဒါဟာ ပြန်ရေးသင့်တယ်ပေါ့။ ဘယ်သူ့ကို ရေးခိုင်းမှာလည်းဆိုတော့ အနီးစခန်းဆရာတော်၊ မဟာစည် ဆရာတော်၊ ဦးဝိစိတ္တာ၊ ဘုန်းကြီးတို့ရယ်ဆိုပြီး (၄)ပါးတာဝန် လွှဲတယ်။ (၄)ပါး လွှဲပေမယ့်လို့ အမှန်အတိုင်း ပြောရလျှင် ဆရာတော်တစ်ပါးတည်းရေးတာ၊ ဘုန်းကြီးတို့က ကိုယ့်တာဝန်နဲ့ကိုယ်ရှိနေတော့ မလုပ်နိုင်ပါဘူး။ အခြားဆရာတော်တွေလည်းမလုပ်နိုင်ပါဘူး၊ မဟာစည်ဆရာတော်တစ်ပါးတည်းရေးတာ၊ အခိုင်းခံရတာကျတော့ (၄)ပါး အခိုင်းခံရတယ်။

အဲဒီဟာ ရေးတဲ့အခါကျတော့ အရှင်ဗုဒ္ဓဃောသရဲ့ ထေရုပ္ပတ္တိရော၊ တခြားသီသင့်သီထိုက်တဲ့ အချက်အလက် ပါစုံအောင်ဆိုပြီး နိဒါန်းကို ရေးတော်မူတယ်။ နိဒါန်းအစိတ်အပိုင်းရေးပြီး တစ်ခါလာဖတ်ပြတယ်။ လာဖတ်ပြတဲ့ အချိန်တုန်းက ဘာမှပြင်စရာမရှိဘူး၊ ဒီအတိုင်းပဲ လက်ခံတယ်၊ အဲဒီနိဒါန်းကို ထုတ်ဝေပြီးတဲ့နောက်ကျတော့ အိန္ဒိယ ပညာရှင်တွေကလည်း ချီးမွမ်းတယ်လို့ ကြားရတယ်။ အဲဒီနိဒါန်းကို ဝိသုဒ္ဓိမဂ် မြန်မာပြန် ပထမအုပ်မှာ ထည့်တယ်။ အဲဒီမှာ ဘာတစ်ခုဖြစ်သလဲဆိုတော့ ဆရာတော်က ရေးပြီးတဲ့အခါကျတော့ ဒီနိဒါန်းကို သပြေကန်ဆရာတော်ကြီး ဦးဝါသေဋ္ဌထံ ပို့လိုက်တယ်။ မသင့်တာရှိရင် ကြည့်ပြင်ပေးပါဆိုတဲ့အနေနဲ့ ပို့လိုက်တယ်။ အဲဒီဆရာတော်က ပါဠိလိုသိပ်တော်တဲ့ဆရာတော်၊ အဲတော့ အဲဒီဆရာတော်က ဖတ်ပြီးတော့ သိပ်သဘောကျတယ်။ သဘောကျတော့ ပြင်စရာမရှိဘူးပေါ့လေ၊ ဒါပေမယ့်လို့ သူက **"အနုဂီတိ"** ဆိုပြီးတော့ ဂါထာတွေ ပြန်ပြီးတော့ရေးပေးလိုက်တယ်၊ ဂါထာတွေ ရှစ်ဆယ်လောက်ရှိတယ်၊ ဂါထာမှ ရှစ်လုံးဘွဲ့ဂါထာတောင်မဟုတ်ဘူး၊ အတော်ခက်တဲ့ ဆယ့်နှစ်လုံးဘွဲ့ဂါထာတွေ အဲဒါတွေ ရေးပြီးပြန်ပို့လိုက်တယ်။

ပို့လိုက်တဲ့အခါကျတော့ ဆရာတော်က နောင်လာနောက်သားတွေ နည်းလမ်းယူရအောင်ဆိုပြီး နိဿယပါရေးခိုင်းတာ အဲဒီဆရာတော်ကိုပဲ ရေးခိုင်းတာ၊ ဘာဖြစ်လို့လဲဆိုတော့ သူရေးတဲ့ဂါထာ ပါဠိသူပြန်ရေးမှပဲ ဖြစ်မှာကိုး။ အဲဒါကိုတော့ ဝိသုဒ္ဓိမဂ် မြန်မာပြန် တတိယအုပ်မှာထည့်ထားတယ်။

ပြီးတော့ ဆရာတော်ရဲ့ ကျမ်းစာတွေနဲ့ ပတ်သက်ပြီးတော့ ပြောချင်တယ်၊ ဆရာတော်ရဲ့ ကျမ်းစာနှစ်မျိုးခွဲပြီးပြောမယ်။ တစ်မျိုးကတော့ ဆရာတော်ဟောတဲ့ တရားတွေကိုပဲ အနည်းငယ်ပြုပြင်ပြီးရေး ထားတဲ့ကျမ်း၊ ဓမ္မစကြာတို့၊ အနတ္တလက္ခဏသုတ်တို့ အများကြီးရှိတယ်။ အမှန်မှာ ဆရာတော်က ကျမ်းရေးတာမဟုတ်ဘူး။ တရားဟောတာ၊ အဲဒီတရားဟောတာကိုပဲကျမ်း အဖြစ်နဲ့ထုတ်တာ၊ အဲဒါကျမ်း မဟုတ်သေးဘူး။ စာအုပ်ပဲရှိသေးတယ်။ ဒါပေမယ့်လို့ အဲဒီစာအုပ်တွေကြောင့် ဆရာတော်ပိုပြီး နာမည်ကြီးတာ ဘာကြောင့်ဆိုတော့ ဒီစာအုပ်တွေက စကားပြောသလို ရေးထားတာကိုး၊ တရားဟောတဲ့အတိုင်း ရေးထားတာဆိုတော့ ဖတ်ရတာလွယ်တယ်ဆိုတော့ များသောအားဖြင့် လူတွေ နားလည်ကြတယ်။

အဲဒီကျမ်းတွေကြောင့် ဆရာတော်ပိုပြီး နာမည်ကြီးတာ၊ ဒုံပြင်ကျမ်းဂန်အနေနဲ့ ရေးတဲ့စာအုပ်တွေလဲ ရှိသေးတယ်။ ပထမဆုံး မဟာသတိပဋ္ဌာန်သုတ် နိဿယ၊ မဟာသတိပဋ္ဌာန်သုတ်ဆိုတာ ရှေးတုန်းကလည်း ဆရာတော် ဦးဗုဒ္ဓ နိဿယ ရှိတယ်။ ဒါပေမယ့်လို့ ဆရာတော်က အသစ်ရေးတယ်၊ မဟာသတိပဋ္ဌာန်နိဿယ ရေးတဲ့အခါကျတော့ ထူးခြားချက်တွေ ပါလာတာပေါ့လေ။ သိပ်အရေးမကြီးဘူးလို့ ထင်ရတဲ့ ကိုယ်လို၊ သူလို သာမန်သိထားတဲ့ အရာမျိုး။ ဒါကတော့ ဘုန်းကြီးချင်းပြောမှ နားလည်မယ်၊ လူတွေတော့ နားလည်မှာ မဟုတ်ဘူး။ ဗဟုဝုစ်နဲ့ ပါဠိမှာ ရှိတယ်။ ဒါပေမယ့်လို့ ဘာသာပြန်တဲ့အခါကျတော့ ဧကဝုစ်နဲ့ပြန်မှ မြန်မာလိုကိုက်မယ်ဆိုပြီး ဆရာတော်က ဗဟုဝုစ်ကို ဧကဝုစ်ပေးထားတာရှိတယ်။ ပြီးတော့ ထူးခြားချက်



ကတော့ ကိုယ့်အလျှတ္တာလဲ ရှိတယ်။ ဗဟိဒ္ဓလည်းရှိတယ်ဆိုရင် ဗဟိဒ္ဓရှာတာဟာ ဘယ်လို၊ အဲဒါမျိုးလေးတွေပေါ့။ စိတ္တာနုပဿနာဆိုရင်လည်းပဲ စိတ်ကိုသရုပ်ခွဲပြီး ရှုတာမျိုးမဟုတ်ဘူး။ စိတ်အရှိ၊ အဖြစ်ကို ရှုတာကို ရေးတာပေါ့။ အဲဒီလို ထူးခြားချက်တွေ ပါတယ်။ အဲဒီဟာက မဟာသတိပဋ္ဌာန်နိဿယမှာ အတော်ရှေးကျတုန်းက ရေးခဲ့တာ။

နောက်တစ်ခုကတော့ "ဝိပဿနာရှုနည်းကျမ်း"၊ ဝိပဿနာရှုနည်းကျမ်းကတော့ ဆရာတော်ရဲ့ လက်စွမ်းပြ ကျမ်းဆိုရင်လည်း ဟုတ်တာပေါ့။ လက်တွေ့နဲ့ စာတွေ့ နှစ်ခုရောပြီး ရေးထားတဲ့ကျမ်း၊ အဲဒီကျမ်းကို ဦးကုမာရက ပါဠိလို ပြန်ထားလို့ မြန်မာလို မတတ်ရင်လည်းပဲ ပါဠိလို တတ်ရင်နားလည်နေပြီ။ အင်္ဂလိပ်လို ကျတော့ ဘုန်းကြီးကို တာဝန်ပေးထားတာ ခုထိမပြန်ဖြစ်ဘူး ဖြစ်နေတယ်။ ပြီတော့ ဝိသုဒ္ဓိမဂ် မြန်မာပြန်ကျမ်း၊ ရှေးတုန်းကလည်း မြန်မာပြန်ကျမ်းရှိတာပဲ။ ဘုရားသုံးဆူဆရာတော်ရေးတဲ့ မြန်မာပြန်ကျမ်းရှိတယ်။ ဒါပေမယ်လို့ အဲဒီ မြန်မာပြန်ကျမ်းက လူမပြောနဲ့ ဘုန်းကြီးတောင်မှ နားလည်ဖို့ မလွယ်ဘူး။ အမှန်ကတော့ နိဿယကို ပါဠိဖြုတ်သလောက် ရှိတာကိုး အရေးအသားရှုပ်နေတာဆိုတော့ နားမလည်နိုင်ဘူး၊ အဲဒါကြောင့်မို့လို့ ဝိသုဒ္ဓိမဂ်ကိုလည်း ဆရာတော်က မြန်မာပြန်တယ်။

ဆရာတော်မြန်မာပြန်တဲ့အခါကျတော့ ဒီအပုဒ်ကဘယ်အပုဒ်မှာ သွားစပ် အနက်ယူစသည်ဖြင့် မှတ်ချက်ကလေးတွေ အောက်ကလည်း ပါတာကိုး၊ အဲဒီလိုဆိုတော့ အများကြီးနားလည်သွားတယ်။ ဒါတောင် ခုခေတ်အနေနဲ့ ပြာရရင် တချို့နေရာတွေလည်း ခက်တာတွေ ရှိဦးမယ်လို့ထင်တယ်။ သို့သော် ပထမစာအုပ်နဲ့စာရင် အများကြီး လွယ်သွားတယ်ဆိုပါတော့။ ဒါက ဝိသုဒ္ဓိမဂ် မြန်မာပြန်ကျမ်း (၄) အုပ် ရှိတယ်။ ပြီးတော့ ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ၊ ဝိသုဒ္ဓိမဂ်မဟာဋီကာ ဆိုတာ အရှင်ဓမ္မပါလရေးတာ၊ အဲဒီ ဝိသုဒ္ဓိမဂ် မဟာဋီကာလည်း တချို့နေရာတွေမှာ သိပ်ခက်တယ်။ ဘာကြောင့် ခက်သလဲလို့ဆိုရင် ပရသမယလို့ ခေါ်တဲ့ ဟိန္ဒူအယူအဆတွေ များများရေးထားတယ်ဆိုပါတော့ အဋ္ဌကထာက တို့ရုံတို့သွားတဲ့ နေရာမှာ သူကဖော်ပြီးရေးတယ်။ အဲလိုဆိုတော့ အတော်လေး ကျယ်ဝန်းတယ်။ ကောင်းတယ်။ ဒါပေမယ်လို့ ပါဠိမမှန်တာတွေလည်း ရှိတယ်။ ပြီးတော့ ပရသမယကို ကျွမ်းကျင်တဲ့ဆရာတော်ဆိုတာလည်း အင်မတန်ရှားတယ်။ ဒီတော့ အဲဒီကျမ်းကို နိဿယ မရေးဝံ့ကြဘူး။

ရှေးနိဿယရှိတယ်ဆိုတာလည်း ရှိတာပဲ။ ဘယ်မှာနေမှန်းလည်းမသိဘူး။ အဲဒါနဲ့ ဆရာတော် ကဝိသုဒ္ဓိမဂ်မဟာဋီကာကို တစ်ခါရေးသားတော်မူပါတယ်။ အမှန်ကတော့ တာဝန်ယူရတယ်။ ဒီပုဂ္ဂိုလ်က ဒီယနိကာယ် တာဝန်ယူပြီးတော့ချပါ။ နောက်ပုဂ္ဂိုလ်က မဇ္ဈိမနိကာယ် တာဝန်ယူပြီးတော့ ချပါဆိုတော့ ဆရာတော်က ဝိသုဒ္ဓိမဂ်ကိုယူတာ၊ အဲဒီမှာ ဝိသုဒ္ဓိမဂ်ဋီကာပါချရင်းနဲ့ ရေးသွားတာ၊ အဲဒီကျမ်းမထွက်ခင်မှာ သမယန္တရပိုင်း ဂဏ္ဌိနိဿယဆိုပြီး စာအုပ်အသေးလေးထွက်သေးတယ်။ အဲဒါက ခုနကပြောတဲ့သမယန္တရလို့ ခေါ်တဲ့ ဟိန္ဒူအယူဝါဒတွေ အဲဒီဆိုင်ရာစာတွေထုတ်ပြီးတော့ နိဿယရေးထားတာ ဒါက စာအုပ်ကြီးမထွက်ခင် စောစောကရေးထားတာ။ နောက်တစ်ခုကဘာလဲဆိုတော့ သာဝတ္ထီဂါထာဆိုတာရှိသေးတယ်။ ဒီဂါထာကို ပါဠိတော်တွေမှာ "အဂ္ဂိဟုတ္တာမုခါယညာ၊ သာဝိတ္ထီ ဆန္ဒသော မုခါ" ဆိုပြီးတော့ ဒီလိုရှိတယ်။ အဲဒီမှာ အဋ္ဌကထာတွေက ဖွင့်တဲ့အခါကျတော့ သာဝိတ္ထီဆိုတာ ဘာဆိုတာကို မဖွင့်ဘူး။ သာဝိတ္ထီဟာ ဘာ့ကြောင့် ဝေဒ- ရွတ်အံခြင်းရဲ့ ရှေးဦးစွာဖြစ်တယ်။ အဲဒီလို ရှေးဦးစွာ ရွတ်ရတဲ့အတွက်ကြောင့်မို့လို့ သူ့ကိုဝေဒတို့ရဲ့ရှေးဦးစွာ ရွတ်တယ်လို့ ဒီလိုသာ ဆိုတယ်။ သာဝိတ္ထီဆိုတာ ဘယ်လို ဂါထာဆိုတာကို ဖော်ထုတ်မရေးခဲ့ဘူး။

ဋီကာဆရာကလည်း ဖော်



ထုတ်တဲ့ အခါကျတော့ အဲဒီသာဝိတ္ထိဂါထာကို မဖော်ထုတ်ဘဲနဲ့ အဲဒီသာဝတ္ထိရဲ့ ရှေ့ပြေးသက္ကဋ္ဌလို 'ဘူ၊ ဘူဝ၊ ဆွ' ဆိုတဲ့(၃)ခုသာ ဖော်ထုတ်ပြီး ရေးခဲ့တယ်။ သာဝိတ္ထိဆိုတာ ဘယ်လိုဂါထာဆို တာ မသိကြဘူး။ အဋ္ဌကထာတွေကတော့ ဘယ်လိုဖွင့်လဲဆိုတော့၊ အရိယာ သာဝတ္ထိအနေနဲ့ ဗုဒ္ဓံ သရဏံဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိလို့ပဲ သာဝိတ္ထိခေါ်တယ်လို့ ဒီလိုပဲ ရေးတယ်။ တကယ့် သာဝိတ္ထိ အစစ်မဖော်ထုတ်ခဲ့ဘူး။ အဲဒါကို မဟာစည်ဆရာတော်က ဖော်ထုတ်ခဲ့တယ်။ အဲဒီအချိန်တုန်းက ဘုန်းကြီးကလည်း သက္ကဋ္ဌတွေ လေ့လာထားတော့သိနေတာပေါ့လေ။ သိနေတော့ အဲဒီဂါထာကို ထုတ်ပြီး အဓိပ္ပါယ်ပြန်ရတယ်။ အဲဒီသာဝိတ္ထိဂါထာဆိုတာ အခုထိ သိတဲ့လူ နည်းလိမ့်မယ်ထင်တယ်။ ဘုန်းကြီးထဲကတောင် သိတဲ့ဘုန်းကြီး အလွန်နည်းလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဝေဒရွတ်အံတဲ့အခါမှာ ပထမဦးဆုံး သူ့ကိုရွတ်ရတယ်လို့ ဆိုတယ်။ ဝေဒရဲ့အစတော့ မဟုတ်ဘူး။ ဝေဒအစမဟုတ်ပေမယ့်လို့ ဝေဒကျမ်းကို ရွတ်တော့မယ်ဆိုရင် ဒီဂါထာကို ရှေးဦးစွာ ရွတ်ဖတ်ရ တယ်လို့ ဆိုလိုပါတယ်။

သူတို့ဟိန္ဒူမှာတော့ ပရောဟိတ် တိုင်းရတာပေါ့လေ။ အဲဒီသာဝိတ္ထိ ဂါထာကိုလည်းပဲ ဖော်



ထုတ်ခဲ့တယ်။ ဒါကိုလည်း အမှန်အတိုင်းပြောရရင် ဆရာတော်က ဂုဏ်ယူတယ်။ နောက် တစ်ခုက နိဂ္ဂဟဋ္ဌာနဆိုတာ ရှိသေးတယ်။ အဲဒါက ကထာဝတ္ထု အနုဋ္ဌီကာမှာပါတယ်။ နိဂ္ဂဟဋ္ဌာနဆိုတာ မြန်မာလို လွယ်လွယ်ပြောရရင် အရှုံးပေးရတဲ့ အခြေအနေပေါ့။ အဲဒီနိဂ္ဂဟဋ္ဌာနက (၂၆)ပါး ရှိတယ်။ အဲဒီ (၂၆)ပါးကို ဆရာတော်က ဘုန်းကြီးကို ရေးခိုင်းတယ်။ မင်းရေးစမ်းကွာတဲ့။ မူရင်းက ဘယ်မှာပါလဲဆိုရင် နယာယဆိုတဲ့ကျမ်းမှာပါတယ်။ အဲဒီကျမ်းမှာပါတဲ့သုတ်တွေကို ကိုးပြီးတော့ ကထာဝတ္ထု အနုဋ္ဌီကာမှာ ရေးထားတာ။ အဲဒါကို မင်းရေးရမယ်ဆိုတော့ ဘုန်းကြီးက ရေးရတယ်။ ရေးတဲ့ အခါကျတော့ အဲဒီ (၂၆)ခုထဲနဲ့ဆိုတော့ နည်းနေတယ်။ ကျမ်းတစ် ကျမ်း မလောက်တာနဲ့ ဝါကျာဝယဝ ဆိုပြီး ဝါကျ အစိတ် (၅)ပါး ဆိုတာရှိတယ်။ အဲဒီ (၅)ပါးပါထည့်ပြီးတော့ ဝါကျာဝယဝဏ္ဏနာဆိုပြီး ကျမ်းတစ်ကျမ်း ရေးတယ်။ ရေးတာကတော့ ဘုန်းကြီး ရေးတာပါ။ အဲဒီကျမ်းကို ဆရာတော်ထံကို တင်ပြတယ်။ တင်ပြတော့ ဆရာတော်က သဘောကျတယ်။

မဟာစည်ဆရာတော် နိဒါန်း ရေးတဲ့ကျမ်းဆိုလို့ အဲဒီတစ်ကျမ်းပဲ ရှိမယ်ထင်တယ်။ တခြားရေးတဲ့ ကျမ်းတွေကတော့ အများကြီးပါ။ အဲဒီလို ဆရာတော်ဟာ သမယန္တရမှာလည်း လေ့လာပွန်းတည်းတဲ့ အတွက်ကြောင့်မို့လို့ ဆိုလိုတာကတော့ သက္ကဋ္ဌကျမ်းတွေကို နားလည်လို့ တတ်ကျွမ်းလို့ အင်္ဂလိပ်လို တွေတတ်လို့ဒီကျမ်းတွေကို ဝင်ရောက်မွှေနှောက်နိုင်တာ၊ ဒီကျမ်းတွေကို မတတ်ဘူးဆိုရင် ဒီကျမ်းတွေကို ဝင်ရောက်မမွှေနှောက်နိုင်ဘူး။

ဒါဟာ ဆရာတော်ရဲ့ ထူးခြားတဲ့အချက်တွေပေါ့။ နောက်ပြီး နိုင်ငံခြားသားတွေက ဘယ်လိုမြင်သလဲလို့ ဒီလိုလဲ မေးတတ်တယ်။ ဒါကတော့ ဝိပဿနာမှာ စံတင်ရတဲ့ ပုဂ္ဂိုလ်ပေါ့။ နိုင်ငံခြားသား တွေကလည်း သဘောထားကြတယ်။

စာပေအဖွဲ့ (မေး)

ဆန်ဖရန်စစ္စကိုမှာ ရိပ်သာခွဲဖွင့်တော့ အဲဒီမှာ ဘာတွေများ အခက်အခဲ တွေ့ကြသလဲဘုရား။



ဆရာတော် (ဖြေ)

ဟိုမှာက ဘာလုပ်လုပ် ဒီမှာလို မလွယ်ဘူး။ ဘာသာမတူတဲ့အထဲမှာ ဆိုတော့ ပထမကျောင်းဖြစ်အောင် ထောင်ရတာကိုး။ အဲဒီကျောင်းဖြစ်ဖို့တင်ပဲ အခြိန်က အများကြီးကုန်သွားပြီ။ မြန်မာပြည်မှာ ဆိုရင်တော့ ဒီလိုကျောင်းမျိုး တစ်ယောက်တည်းနဲ့ ဆောက်လိုက်မှာပေါ့။ ဟိုကျတော့ ဒီလိုမဟုတ်ဘူး။ ဒါကြောင့် တစ်ယောက်နှစ်ရာပဲ သုံးရာပဲ၊ လေးရာပဲ စသည်ဖြင့် စုဆောင်းပြီးတော့ ကျောင်းဖြစ်အောင်လုပ်ရတာ။ အဲဒီကျောင်းဖြစ်အောင်လုပ်တဲ့အခါကျတော့ လူအိမ်တွေကို လည်ပြီးတော့ အလှူခံရတယ်။ အဲဒီအခြိန်တုန်းက မြန်မာလည်းပဲ သိပ်မရှိသေးဘူး၊ အခုလိုမဟုတ်သေးဘူး၊ အခုတော့ မြန်မာတွေ သိပ်ပေါနေတယ်။ ဘယ်သွားသွား မြန်မာ တွေ့နေရတာပဲ။ ဟိုတုန်းက ဒီလိုမရှိ သေးဘူးဆိုတော့ ရှားရှားပါးပါး၊ ပြီးတော့ မြန်မာတစ်ယောက်နဲ့ တစ်ယောက် မသိကြဘူး။ သူတို့မှာ ဌာနမရှိဘူး။ ဘုန်းကြီးကျောင်း ဌာနမရှိတော့ တစ်ဦးနှင့်တစ်ဦး အဆက်အဆံမရှိတော့ မသိကြဘူး။ အဲဒါကို လိုက်စုံစမ်းပြီးတော့မှ သူတို့ဆီကို အလှူခံလာချင်လို့ပါ ဆိုပြီး အလှူခံသွားရတယ်။ အလှူခံရတဲ့အခါမှ ကျောင်းဝယ်တယ်ဆိုပါတော့။ ကျောင်းဝယ်တော့လည်း အပိုင်ဝယ်နိုင်တာ မဟုတ်ဘူး။ အနှစ်သုံးဆယ်ဆပ်တဲ့စနစ်နဲ့ ဝယ်ရတာ။ ဒါပေမယ့်လို့ အဲဒီကျောင်းဆယ်နှစ်နဲ့ ကျေသွားတယ်။ အဲဒီတုန်းက တစ်သိန်းမပြည့်ဘူး။ အခုဆိုရင် အဲဒီကျောင်းမျိုး ခြောက်သိန်းလောက်ပေးရတယ်။ စျေးကသိပ်တက်သွားပြီ။

စာပေအဖွဲ့ (မေး)

အရှင်ဘုရား၊ ဆရာတော်ကြီးပြန်လာတော့ အဲဒီမှာ ကျန်ခဲ့တာလား၊ တရားပြရတာရော အခက်အခဲရှိပါသလားဘုရား။

ဆရာတော် (ဖြေ)

ဆရာတော်ကြီး ပြန်ကြွလာတော့ ဟိုမှာကျန်ခဲ့တယ်။ တရားပြရတာကတော့ သိပ်ပြီးအခက်အခဲမရှိပါဘူး။ ဘာကြောင့်လည်းဆိုတော့ များသောအားဖြင့် ကမ္မဋ္ဌာန်းတရားအားထုတ်ဖူးတဲ့သူများတယ်။ ပေါက်ရောက်အောင် အားထုတ်တာမဟုတ်ပေမယ့်လို့ တရားတော့ ထိုင်ဖူးကြတာပဲ. ။ ရှေ့ပိုင်းတုန်းက မြန်မာက သိပ်မရှိဘူး။ အမေရိကန်တွေနဲ့ပဲ အလုပ်လုပ်ရတယ်။ တခြားဗီယက်နမ်တို့လိုမျိုးပေါ့။ မြန်မာတွေက ရုန်းကန်နေကြရတာဆိုတော့ သိပ်မလာနိုင်ဘူး။ အခု နောက်ပိုင်းတော့ လာကြပါတယ်။

စာပေအဖွဲ့.(မေး)

အရှင်ဘုရား ဆရာတော်ကြီးရဲ့ အတ္ထုပ္ပတ္တိရေးစဉ်တုန်းက အတွေ့အကြုံလေးတွေ ပြောပြပါဦးဘုရား။

ဆရာတော် (ဖြေ)

သိပ်မတွေ့ပါဘူး။ ဆရာတော်ကြီးနဲ့တွေ့ပြီးတော့ အစပိုင်းမှာ မှတ်သွားတာတွေကျတော့ ဘယ်တုန်းက မွေးတယ် စသည်ဖြင့် အဲဒါတွေက အစပိုင်းမှာ ပါသွားတယ်။ နောက်ပိုင်းကျတော့ ကိုယ်သိတဲ့အကြောင်းတွေကို ကိုယ့်ဟာကိုယ်ပဲ ရေးလိုက်တာပေါ့။ ရှေ့ပိုင်းမှာတော့ ကိုယ်ကမသိဘူး။ အဲဒါကျတော့ အကုန်လုံး ဆရာတော်ကြီးထံ လျှောက်ရတယ်။

စာပေအဖွဲ့ (မေး)

ဆရာတော်ကို လျှောက်ပြီးရေးပြီးလို့ပြတဲ့အခါကျတော့ ဆရာတော်ကြီးက ဘာပြန်ပြောပါသလဲဘုရား။

ဆရာတော် (ဖြေ)

ကိုယ်ကိုတိုင် ရေးတာထက်တောင် ပြည့်စုံပါသေးတယ်တဲ့။ ဆရာတော်ကြီးက ကျေနပ်ပါတယ်။

စာတည်းအဖွဲ့.







တစ်ဦးဖြစ်တယ်ဆိုတာ တပည့်တော်များ သိထားပါတယ်ဘုရား၊ သို့ပါ၍ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ သီလသမာဓိပညာအစရှိတဲ့ ထူးခြားမှုဝိသေသလက္ခဏာများကို တပည့်တော်တို့အား ပြန်လည်မိန့်ကြားတော်မူပါဘုရား။

ဆရာတော် (ဖြေ)

မဟာစည် ဆရာတော်ဘုရားကြီးရဲ့ သီလသမာဓိပညာဂုဏ်တွေကတော့ ထူးခြားတဲ့သီလသမာဓိပညာဂုဏ်တွေပါပဲ။ ပရိယတ္တိဖက်ကဆိုလို့ရှိရင်လည်းပဲ၊ ဆဋ္ဌသင်္ဂါယနာတင်ပါဠိ အဋ္ဌကထာ ဋီကာတွေကို နောက်ဆုံးစာမူတွေချောပေးတာ တည်းဖြတ်ပေးတာ အဓိကပဲ၊ ပဋိပတ္တိလမ်းမှန် ညွှန်ပြတဲ့နေရာမှာ

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏

နည်းနိဿယခံ တပည့်ကြီးဖြစ်တော်မူခဲ့သော

သဒ္ဓမ္မရံသီရိပ်သာဆရာတော်၏ ဩဝါဒ

စာတည်းအဖွဲ့

စာပေအဖွဲ့ (မေး)

မဟာစည်ဆရာတော်ဘုရားနှင့် ပတ်သက်လို့ မဟာစည်ဝိပဿနာကို အရှင်ဘုရားအနေနဲ့ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးနဲ့အနီးကပ် ဥပနိဿယခံတပည့် ပြုသတဲ့နေရာမှာ မဟာစည်ဆရာတော်ဘုရားကြီး ဝိပဿနာရှုအကျင့်နည်းမှန်ကို ဆောင်ရွက်ခဲ့တဲ့အတွက် ကြောင့် ပဋိပတ္တိသာသနာကမ္ဘာတည်ခဲ့ပါတယ်။ သာသနာကွယ်ပ



ကြောင်းနဲ့စပ်လို့လည်း ဆရာတော်ကြီး မိန့်ဖူးပါတယ်။ ဘယ်လိုမိန့်လည်းဆိုတော့ သတိပဋ္ဌာန်တရားလေးပါးဖြင့် ဝိပဿနာအားမထုတ်တော့ဘူးဆိုလို့ရှိရင်ဖြင့် သာသနာကွယ်သွားလိမ့်မယ်၊ သတိပဋ္ဌာန်တရားလေးပါးဝိပဿနာတရားအားထုတ်မယ်ဆိုလို့ရှိရင် သာသနာမကွယ်နိုင်၊ သာသနာအရှည်တည်တံ့မယ်၊ သာသနာအရှည်တည်ကြောင်း ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး အမိန့်ရှိပါတယ်။ အခုအချိန်အခါမှာ အထင်ရှားဆုံးပါ။ ပဋိပတ္တိ သာသနာဘက်ကလည်း မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့အတိုင်း ပရိသတ်များကိုနားလည်အောင် သဘောပေါက်အောင် ဟောပြပေးနိုင်တဲ့ ဉာဏ်စွမ်းကလည်း အံ့မခန်းပါပဲ၊ ဒါ့ကြောင့်လည်း ပဋိပတ္တိသာသနာတော်ကို ကိုယ်အားဉာဏ်အား စွမ်းအားရှိသလောက် သက်ဆုံးတိုင်အောင် ဆောင်ရွက်သွားတော်မူတာပါ။

ဆရာတော် (ဖြေ)

ပဋိပတ္တိ၊ ပရိယတ္တိနှစ်ချက်နဲ့ ပြည့်စုံရင်တော့ တိုးတက်လာနိုင်ပါတယ်။ အလုပ်ကလည်း မှန်ကန်တဲ့လုပ်ငန်းဖြစ်ရမယ်။ ပရိယတ္တိဖြစ်ဖြစ် ပဋိပတ္တိဖြစ်ဖြစ် ဗုဒ္ဓအလိုတော်ကျညီညွတ်ရမယ်။ ဒီအကြောင်းနှစ်ပါးနဲ့ ပြည့်စုံရင် မိမိတို့ဆောင်ရွက်တဲ့လုပ်ငန်းဟာ တိုးတက်လာနိုင်ပါတယ်။ အရှည်သဖြင့် တည်သွားနိုင်ပါတယ်။ အဖွဲ့နဲ့ ဆောင်ရွက်ရတဲ့



စာပေအဖွဲ့ (မေး)

တပည့်တော်တို့ကိုလည်း ယခုကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးရဲ့ ရာပြည့်အထိမ်းအမှတ် စာစောင်ကြီး ဆောင်ရွက်တဲ့အပေါ် ဩဝါဒပေးစရာရှိရင်လည်း ချီးမြှင့်တော်မူပါဘုရား။

ဆရာတော် (ဖြေ)

တစ်ခုတည်းသော ဘုရားတရားအားထုတ်မယ်ဆိုလို့ရှိရင် သာသနာမကွယ်နိုင်၊ သာသနာအရှည်တည်တံ့မယ်၊ သာသနာအရှည်တည်ကြောင်း ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး အမိန့်ရှိပါတယ်။ အခုအချိန်အခါမှာ အထင်ရှားဆုံးပါ။ ပဋိပတ္တိ သာသနာဘက်ကလည်း မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့အတိုင်း ပရိသတ်များကိုနားလည်အောင် သဘောပေါက်အောင် ဟောပြပေးနိုင်တဲ့ ဉာဏ်စွမ်းကလည်း အံ့မခန်းပါပဲ၊ ဒါ့ကြောင့်လည်း ပဋိပတ္တိသာသနာတော်ကို ကိုယ်အားဉာဏ်အား စွမ်းအားရှိသလောက် သက်ဆုံးတိုင်အောင် ဆောင်ရွက်သွားတော်မူတာပါ။

လုပ်ငန်းကိစ္စအဝဝတွေမှာ ဒီအကြောင်းနှစ်ပါးနဲ့ ပြည့်စုံရင် တိုးတက်လာနိုင်ပါတယ်။ အတူတကွ ဆောင်ရွက်တဲ့အလုပ်တွေမှာ ညီညွတ်ရမယ်။ အလုပ်မှန်ကန်ညီညွတ်ကြရမယ်။ ဒါမှ ကိုယ်လုပ်တဲ့အလုပ်လည်း အလုပ်အောင်မြင်ပါမယ်။

သာဓု . . သာဓု . . သာဓု

သဒ္ဓမ္မရံသီရိပ်သာဆရာတော်



တော့ ဆရာတော်ဘုရားကြီးရဲ့ ပဋိပတ္တိသာသနာပြုလုပ်ငန်းတွေကို ဆောင်ရွက်ပါမယ်လို့ လျှောက်ထားပြီးတော့ သာသနာပြုလာတာပါ။

ပြုလာတော့ဒကာကြီးတို့သိတဲ့အတိုင်းပဲ တရားဟောရုံတင်မကဘူး စာရေးတာလည်းဝါသနာပါတယ်။ စာရေးဝါသနာပါတော့ ငယ်ငယ်နဲ့ဆိုတော့ တပည့်အင်အားတို့၊ ရန်ပုံငွေအင်အားတို့မရှိသေးဘူး၊ ဘုန်းကြီးကလည်း အတော်ရေးချင်သားချင်တော့ ဗုဒ္ဓမွေတို့၊ မွေဗျူဟာတို့၊ သင့်ဘဝတို့မှာ ရေးရင်းကနေပြီးတော့ မဟာစည်ရိပ်သာထဲမှာပဲ "မဟာစည်စာမွန်ဦး" ဆိုတဲ့ စာအုပ် (၃) အုပ်နှင့် "မဟာစည်ရွှေလမင်း" ဆိုတဲ့ စာအုပ်တစ်အုပ်ထွက်ပါတယ်။

မဟာစည်ဆရာတော်ဘုရားကြီး၏ နည်းနိဿယခံတပည့်ကြီးဖြစ်တော်မူခဲ့သော

ညောင်ကန်အေးဆရာတော်ဘုရားကြီး၏ ဩဝါဒ

စာတည်းအဖွဲ့

စကားဦး

ဘုန်းကြီးကအသက် (၂၅)နှစ်အရွယ် နွေကာလမှာ မဟာစည်ဆရာတော်ဘုရားကြီးထံ စပြီးအားထုတ်ခဲ့တာ အခု (၆၅)နှစ်ရှိသွားပါပြီ။

(၂၅)နှစ်မှာ တရားအားထုတ်ပြီးတော့ တစ်ခေါက်ပြန်သွားပြီး မြန်မာလိုပေါ့ (၂၇)နှစ်ကစပြီးတော့ ဆရာတော်ကြီးရဲ့ခြေတော်ကိုခိုလှုံပြီးတော့ မိမိ၏အသက်နှင့်ခန္ဓာကိုယ်ကို ဆရာတော်ဘုရားကြီးအား အပ်နှင်းပြီး

မဟာစည်အမေရိကနှင့် ဥရောပသာသနာပြုခရီး

အဲဒီမှာ အမေရိကန်နိုင်ငံ၊ လော့စ်မြို့စင်တာနှင့်မဟာစည်ဆရာတော်ဘုရားကြီးအမှတ်သတိတရားနှင့်ဆွမ်းဘုဉ်းပေးတော်မူနေစဉ် ၄င်း



ဓာတ်ပုံ ဒကာကြီးတို့ထံ ရှိချင်ရှိမယ်၊ နောက်ပြီးတော့ ပြင်သစ်ပြည် တောင်ပိုင်း ထူမွန်းမြို့အနီး တောင်ပေါ်ရှိ ဗောဓိဉာဏာရာမကျောင်း တရားစခန်း၌ ဆွမ်းခံနေစဉ် ဒါကတော့ စကော့တလန်ပြည် စနေလင်း တိဗက်ကျောင်း တရားစခန်း၊ ဒီပုံကတော့ ချမ်းမြေ့ဆရာတော်နှင့် ဆွမ်းဒကာလုပ်ပြီး ရဟန်းဝတ်နဲ့ ဦးစိန်ထွန်း အောင်ရဲ့ပုံပေါ့၊ ဒါကတော့ ဒကာကြီးတို့မှာရှိပြီးသား ရွှေစေတီနှင့် မဟာစည်၊ နောက်ပြီးတော့ မင်္ဂလာဒုံ လေဆိပ်လိုက်ပို့တာတို့၊ ဆန်ဖရန်စစ္စကိုမှာ ဆွမ်းစားတာတို့၊ နောက်ပြီးတော့ အောက်စ်ဖို့အိုကင်ဟော့ ဗုဒ္ဓဘာသာဌာန၌ သိမ်သမုတ်ပြီး ရဟန်းခံပေးတာတို့ နောက်ပြီးတော့ အင်္ဂလန်၊ အောက်စ်ဖို့အိုကင်ဟော၊ ဗုဒ္ဓဘာသာဌာန၌ ရဟန်း / ရှင်လောင်းများ ဓမ္မာရုံသို့ ကြွတယ်တဲ့၊ သူတို့ဆီက ရှင်/ရဟန်း ပြုဆိုတာ ဘုန်းကြီးတို့ဆီလို စလွယ် မကိုင်ရှတွေနဲ့မဟုတ်ဘဲနဲ့ အဝတ်ဖြူစင်ကြယ်နဲ့ အဲဒီမှာ ဘုန်းကြီးအနည်းငယ်အထူးပြောချင်တာက ဒကာကြီးတို့ထံမှာ မရှိလောက်ဘူး။ ဒကာကြီးတို့ မိတ္တူကူးယူသွားရမှာပါ။

မောင်ချိုပြုံး၏အမေရိကန်နှင့် မဟာစည်၊ မောင်ချိုပြုံးဆိုတာအခုဦးခင်ပေါ့၊ ကွယ်လွန်သွားရှာပြီ။ လန်ဒန်က မဟာစည်ကျောင်းမှာ ကိုးကွယ်ပါတယ်။ လန်ဒန်ဗုဒ္ဓဘာသာဝိဟာရမှာ ကိုးကွယ်ပါတယ်။ အဲဒီဦးခင်ဟာ မဟာစည်ဆရာတော်ကြီး နိုင်ငံခြားသာသနာပြုတဲ့အကြောင်း ဘီပီစီက လွှင့်တော့ဘုန်းကြီးက တိတ်ခွေနှင့်ဖမ်းပြီး စာမူလုပ်ထားတယ်။ နောက်ပြီးတော့ ဒေါ်မြမြမြိုင် ၏ စကော့တလန်ပြည် တောရကျောင်းနှင့် မဟာစည်ယောဂီများ၊ ဒေါ်မြမြမြိုင်ဆိုတာ အဲဒီတုန်းက ဘီဘီစီတွင် ဆောင်ရွက်တဲ့နာမည်၊ ကြုံတောင့်ကြုံခဲသူမှာ သတင်းယူဖို့ တာဝန်ရှိတဲ့အတွက်ကြောင့် အဲဒီမှာ တရားအားထုတ်တာ သီလရှင်ဝတ်နဲ့ တရားအားထုတ်ရင်း လေ့လာတာ၊ ယောဂီဆိုတော့ အကုန်မှတ်ရတာ ချမ်းမြေ့ဆရာတော်အရှင်ဇနကာ ဘိဝံသကလည်း သိပ်ပြီးစည်းကမ်းကြီးတော့ စာရေးဖို့၊ မှတ်ဖို့၊ သတင်းယူဖို့ လုပ်လာတဲ့သူကို မျက်စိရော၊ နားရော ကြားရာအကုန်မှတ်ရမယ် ဆိုတော့ မှတ်နေရတာနဲ့ သိပ်တောင် သတင်းမယူသာဘူး၊ စခန်းပြီးကာနီး





ခေတ္တနားတဲ့အချိန်တို့ အလစ်မှာ လေ့လာပြီးတော့ တင်ပြတာတဲ့။

အင်္ဂလန်နှင့် ပတ်သက်ပြီးတော့ ပြည်ပနှင့်ပတ်သက်ပြီးတော့ ဒကာကြီးတို့ ရရှိသွားမှာဖြစ်ပါတယ်။

ဒီအဖွဲ့မှာလည်းပဲ ဘုန်းကြီးက အဲဒီတုန်းက ခံစားချက်တွေလည်း ရှိတယ်၊ လောကမှာ လျှို့လျှို့ဝှက်ဝှက်နဲ့လုပ်ရမှာကတော့ "မာတုဂါမများ



ပုဏ္ဏားတို့ရဲ့ဗေဒင်တဲ့၊ ဗေဒင်ဟာ စီးပွားရေးဆိုတော့ သူများမသိအောင် လျှို့ဝှက်ထားရတာ၊ မှားယွင်းသော အယူဝါဒ ဒါတွေကလည်း ထုတ်ဖော်လျှင် မကောင်းဘူး၊ ဖုံးဖိဖျောက်ဖျက်မှကောင်းတာ။

ဖွင့်ပြဖို့ကောင်းတဲ့ အရာတွေကတော့ လဝန်း၊ နေဝန်း၊ ဘုရားဟောတရားတော်တဲ့။

အဲတော့ မဟာစည် ပဋိပတ္တိသာသနာတော်ကို ဘုန်းကြီးတို့၊ ဒကာကြီးတို့က ဒီဆရာတော်ကြီးရဲ့ ဒီတစ်သက်တာမှတ်တမ်းကို ရနိုင်သလောက် ဗီဒီယိုအနေနှင့်လည်း ယခင်ကရှိပြီးသားကို ဖြည့်စွက်ပြီးတော့ တည်းဖြတ်ပြီးတော့ ဆောင်ရွက်တာလည်း အင်မတန်ကောင်းပါတယ်။ ဖွင့်ပြသင့်တဲ့ဟာ၊ ဖွင့်ပြခြင်းဟာ လောကကြီးမှာ အလင်းရောင်ပေးရတာပေါ့နော်။

ပုံတော်ဗီမာန်နှင့် မဟာစည် ဩဝါဒဆရာတော်

နောက်ပြီးတော့ ဆရာတော်ကြီးရဲ့ ရုပ်တုတော်တို့ ဗီမာန်တော်တို့ဆောင်ရွက်တာ အဲဒါနဲ့ပတ်သက်လို့ ဘုန်းကြီးက သီးသန့်စာတစ်အုပ်ထုတ်မယ်။

ဆရာတော်ဦးဇဋိလကို အမှာစာရေးဖို့ လျှောက်ထားတယ်။ ဆရာတော်က မျက်စေ့ခွဲထားတာ၊ ဆရာတော် စာမကြည့်ရဘူးလို့ ဆရာဝန်က ပြောထားတာ၊ အဲဒါနဲ့ ဘုန်းကြီးက ဆရာတော်အား ဖတ်ပေးမည်ဘုရား၊ ဘေးကနေ အရှင်ဘုရားနားထောင်ပြီး အရှင်ဘုရား စာရေးချင်တာပြော ဆိုပြီး သူ့ဆီပို့တာ။

ဟောတဲ့တရားက မြန်မာလို ၁၃၃၉ ခု၊ ဆိပ်ခွန်ပုံတော်ဗီမာန်ဖွင့်ပွဲမှာ အဲဒီမှာ ဟောတာ။ တရားက (၃)ညထဲပါ။ စောစောတုန်းကတော့ တရားဟောလိုက်တဲ့ ကိုယ်တော်တွေက ရှေ့ထွက်၊ ဆရာတော်ကြီး၏ နောက်ကနေပေါ့။ အသက်ကြီးလာတဲ့အခါကျတော့ ဘုန်းကြီးကရှေ့နမူနာလောက်ပဲဟောတော့မယ်။ တပည့် ခမွကထိကများက နောက်က ဟောကြတယ်။ ရှေ့ဟောတယ်သာဆိုတာ ဆရာတော်ကြီးတော့ မိနစ်(၃၀)တဲ့ ရှိသွားပြီး (၅၀) ပြည့်တော့၊ ကဲ . . တော်ကြဦးစို့တဲ့။

ပြောချင်တာကတော့ ဘုန်းကြီးတို့ကို ချီးမြှောက်တဲ့အနေနဲ့ လူတွေလည်း ဖူးရအောင်ဆိုပြီး နမူနာလောက်ပဲ ဆရာတော်ကြီးက ဟောတာ၊ ဟောရင်းနဲ့ သဒ္ဓါတရားထွက်လာတာ၊ ထွက်လာပြီး မိနစ် (၄၀) (၅၀) လောက်ဟောပါတယ်။ တရား (၃)ပုဒ် အဲဒီတရား (၃)ပုဒ် ကက်ဆက်နဲ့အသံဖမ်းပြီး ဘုန်းကြီးမှတ်ခဲ့



တယ်။

၁၃၃၉-ခု၊ တပေါင်းလပြည့်နေ့တွင် အညာစစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာ၊ မဟာစည်ကျောင်းတိုက်သာသနာ့ရိပ်သာမှာ ကျင်းပသည့် မဟာစည်ပုံတော်ဗိမာန် ရေစက်ချ ပူဇော်ပွဲတွင် "မဟာစည်နိကာယ ဦးစီးဦးကိုင် သာသနာပိုင်ဖြစ်တော်မူသော ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာ ပဏ္ဍိတကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး" ဟု ရွှေစာလုံးကြီးထိုးလျက် အုံးအုံးကျွတ်အောင် ပူဇော်ဂုဏ်ပြုခဲ့ကြတယ်။

ဂိုဏ်းစွဲလည်းကောင်း၊
အကျင့်လည်းကောင်း

ဆရာတော်ကြီးက မဟာစည် နိကာယဆိုတဲ့အသုံးကိုလည်း မသုံးချင်ပါဘူး။ သူ့ကိုသာသနာပိုင်ဆိုတာလည်း မသုံးချင်ပါဘူးတဲ့။ ဒါပေမယ့် လို့ ဆိပ်ခွန်ကိုလာတုန်း အရင်လုပ်ပြီးသားတော့ နေပါစေတဲ့။ နောင်ကို ဒါတွေလျှော့မသုံးပါနဲ့တဲ့။

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့်ပတ်သက်ပြီးတော့ ဆောင်ရွက်ခဲ့စဉ်တုန်းက ဂိုဏ်းကြီး (၉)ဂိုဏ်းပေါ့။ အဲဒီတုန်းက မဟာစည်ကို ကိုးကွယ်တဲ့ ဒကာကြီးဦးစိန်လွင်က ဒါတွေဘုန်းကြီးစာထဲလည်း မပါဘူး။ မဟာစည်ဂိုဏ်းသတ်သတ်ထောင်ဦးမှာလား။ တပည့်တော် ဆရာတော်ရဲ့တပည့်ရင်းမို့ လျှောက်ထားတာပါ။ အခုဂိုဏ်းထောင်လို့ ရတယ်။

အဲဒါနဲ့ မဟာစည်ဆရာတော်ကြီးက ဂိုဏ်းတစ်ခုဆိုတော့ ကျဉ်းတာပေါ့တဲ့၊ အဲတော့ သုဓမ္မာဘဲလုပ်လိုက်ပါတဲ့၊ ဘာဖြစ်လို့လဲဆိုရင် ကျယ်ကျယ်ပြန့်ပြန့်၊ သူကလည်းကောင်းမယ်၊ ကိုယ်ကလည်းကောင်းမယ်ဆိုရင် ဂိုဏ်းဂဏစွဲနဲ့ မပေါင်းသင်းပဲနဲ့ သီလ၊ သမာဓိ၊ ပညာ အကျင့်ကျင့်ပြီးတော့ ပေါင်းသင်းသွားရတာက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လို့ ရတယ်တဲ့။

ဂိုဏ်းနာမည်တွေနဲ့ ဘယ်ဂိုဏ်းက ပိုကောင်းတယ်၊ ဘယ်ဂိုဏ်းက ညံ့တယ်ဆိုသော်လည်း ကောင်းတယ်ဆိုတဲ့အထဲလည်း ညံ့တာပါတာပဲတဲ့၊ ညံ့တယ်ဆိုတဲ့အထဲလည်း ကောင်းတာရှိတာပဲတဲ့။





အစတုန်းက မဟာစည် ဆရာတော်ရတဲ့ ကျောင်းကိုက ရွှေကျင်ကျောင်း၊ မော်လမြိုင်ရိပ်သာမှာစစချင်းဖွင့်တော့ စာမရေးရသေးတာတွေကို ဒကာကြီးတို့ကိုပြောတာ၊ စ,စချင်းဖွင့်တော့ ဘုန်းကြီးက ဆရာတော်ကြီးနဲ့ (၃)လ၊ လက်ထောက်ကမ္မဋ္ဌာန်းဆရာလုပ်နေတာ။

အဲဒီမှာ စ,စချင်းဘုန်းကြီးတို့ ဘယ်လောက် ခက်သလဲဆိုလျှင် သုဓမ္မာနဲ့ရွှေကျင် ဆွမ်းအတူတူ မဘုဉ်းပေးဘူး၊ ကမ္မဝါအတူတူ မဖတ်ဘူး၊ မဟာစည်ဆရာတော်လည်း သုဓမ္မာနဲ့ရောထားပြီဆိုပြီးတော့ ဆွမ်းအတူတူမဘုဉ်းပေးဘူး၊ ဆရာတော်ကြီးတွင်မကဘူး ဘုန်းကြီးတို့လည်း မစားရဘူး၊ ဆရာတော်ကြီးဟာ သာသနာစိတ်နဲ့ ဘယ်လောက်သဘောထားကြီးလဲဆိုလျှင် အဲဒီရွှေကျင်ဆရာတော်ကြီးတွေကို အလှူရှိလျှင် ပင့်တယ်၊ ဝိုင်းသီးသန့်လည်းပေးတယ်၊ ဘုန်းကြီးတို့က တခြားစားတယ်၊ သံဃာမလောက်လို့ရှိလျှင် ဘုန်းကြီးတို့ သုဓမ္မာချည်းပဲ ဘုန်းကြီးတို့ရဲ့ ယောဂီက သင်္ကန်းဝတ်ချင်တာ၊ သုဓမ္မာချည်းပဲ ကမ္မဝါမဖတ်လောက်လို့ရှိလျှင် ဘုန်းကြီးတို့မပါဘဲနဲ့ အဲဒီရွှေကျင်ကိုယ်တော်တွေကို သိမ်ပေါ်ကို လွှတ်ပြီး ရဟန်းပြုပေးပါဆိုလျှင် ထိုသံဃာတော်များက ရဟန်းပြုပေးတယ်။ ဘုန်းကြီးတို့ သုဓမ္မာ သံဃာပြည့်တယ်ဆိုလျှင် ရွှေကျင်တွေကို အလှူအတန်းပြုပြီး ပြန်လွှတ်လိုက်တယ်၊ ကိုယ့်ဟာကိုယ်ပဲ ရဟန်းခံတယ်၊ ဒါလဲ မွန်ပြည်နယ်၊ မော်လမြိုင်တောရကျောင်း ရွှေကျင်ကိုဏ်းသံဃာတော်များကသာ စည်းမျဉ်းကျဉ်းကြပ်ပေးတာပါ၊ ရန်ကုန်-မန္တလေးရွှေကျင်ဂိုဏ်း သံဃာတော်ကတော့ ဒါလောက်မတင်းကြပါဘူး။

အဲဒီမှာ မဟာစည်ဆရာတော်က ရွှေကျင်ကိုဏ်းဂဏာက ထွက်ခွင့်ဆိုပြီးတော့ စာတင်ပါတယ်၊ အဲဒီ စာတော့ သိပ်တော့မရှည်ဘူး၊ မော်လမြိုင်မှာတော့ သိမ်းထားတယ်၊ အဲတော့ ဟိုဘုန်းကြီးတွေက ဆရာတော်ထွက်လို့ရှိလျှင် တပည့်တော်တို့ ဗဟိုဌာနချုပ်ကို တင်ပြပြီး ခွင့်ပြုချက်ယူဦးမှ ဖြစ်မယ်တဲ့၊ အဲဒီတော့ ဆရာတော်ကြီးက ဝင်တဲ့ပုဂ္ဂိုလ်သာဥပဒေနှင့်ညီအောင် လိုက်နာနိုင်ပါမည်လားလို့ မေးရတာ၊ ထွက်တာကတော့ ခွင့်ပြုချက်တောင်းဖို့လိုမယ်မထင်ပါဘူးတဲ့၊ စာတင်လိုက်မည်တဲ့။

ထွက်တဲ့အခါမှာလည်း စာထဲက ရွှေကျင်ဂိုဏ်းထိခိုက်တာ ဘာတစ်ခုမျှ မပါဘူး၊ တပည့်တော်ကို ရွှေကျင်ဂိုဏ်းက ထွက်ခွင့်ပြုပါ၊ ဘာကြောင့်လဲ ဆိုလို့ရှိလျှင် တပည့်တော်က တရားဟော၊ တရားပြတဲ့ ဘုန်းကြီးဆိုတော့ ဘယ်ကလာတဲ့ ရဟန်းတွေဖြစ်ဖြစ် တရားပြရတာ၊ ပေါင်းသင်းရတာ၊ ဆက်ဆံရတာရှိတယ်၊ အဲတော့ ဂိုဏ်းဂဏ စည်းကမ်းအရဆွမ်းအတူမစားတာ၊ တခြားကိစ္စတွေလည်း မဆက်ဆံရဘူးဆိုလျှင် တပည့်တော် ကမ္ဘာနဲ့ ဆက်စပ်ပြီး သာသနာပြုတဲ့နေရာမှာ လုပ်ငန်းဟာဘောင်ခတ်ထားသလို ဖြစ်နေလို့ပါတဲ့၊ တပည့်တော်လည်းရွှေကျင်ပဲ၊ ဆရာတော်တို့ကို ကြည်ညိုပါတယ်တဲ့။ ဆရာတော်တို့အကျင့်ကို သဘောကျပါတယ်တဲ့၊ ဒါပေမယ့်လို့ တပည့်တော်ကိုတော့ ထွက်ခွင့်ပြုပါဆိုပြီးတော့၊ ဂိုဏ်းစည်းကမ်းကို မလိုက်နာနိုင်လို့ဆိုပြီး ဆရာတော်ကြီးက ရွှေကျင်အဖြစ်ကနေပြီးတော့ ထွက်ခွင့်စာရှိပါတယ်၊ မော်လမြိုင်ရိပ်သာမှာ အဲဒီထွက်စာရှိလောက်ပါတယ်၊ ဘုန်းကြီးတော့ မရခဲ့ဘူး။



မြန်မာလိုပြောရလျှင် ၁၃၃၂ ခု၊ ၁၃၃၃ ခုလောက်မှာ တပေါင်းလပြည့်မှာ ဖွင့်ပွဲလုပ်တာ အဲဒါလည်းပဲ မှတ်သားစရာကောင်းပါတယ်၊ ဂိုဏ်းထောင်မှာလားလို့ အစိုးရကမေးတာကို မထောင်ဘူးလို့ ပြောတယ်၊ ရွှေကျင်ဂိုဏ်းဝင် မှန်တယ်၊ မဟာစည်ဆရာတော်ကလည်း ကြည်ညို



တယ်၊ အခုလည်း ကျင့်တာပဲ၊ သို့သော် ကျယ်ကျယ်ပြန့်ပြန့်အားလုံးနှင့် ပေါင်းလို့ရအောင် သုဓမ္မာလည်း လုပ်တာ၊ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ခြေတော်ရင်းမှာရှိတဲ့ ဆရာတော် ဦးပဏ္ဍိတာဘိဝံသ၊ ဆရာတော် ဦးသံဝရ၊ ဆရာတော်ကြီး ဦးဇနကာဘိဝံသတို့ အဲဒီဆရာတော်တွေဟာ ရွှေကျင်ဆရာတော်တွေပဲ၊ အဲဒီတော့ ငါသုဓမ္မာလုပ်လို့၊ မင်းတို့ ရွှေကျင်လုပ်ရမယ်လို့ မပြောဘူးတဲ့၊ သူ့ရဲ့ မှတ်ပုံတင်ထဲမှာ သုဓမ္မာတဲ့၊ တပည့်တွေကိုတော့ ကိုယ်ကြိုက်သလိုလုပ်တဲ့။

ဆေးလိပ်မသောက်သောသုဓမ္မာ

နောက်တစ်ခါဘုန်းကြီးက မော်လမြိုင်က ရွှေကျောင်းဆရာတော် ထင်ပါရဲ့၊ ဝိပဿနာဆိုတဲ့ စာအုပ်တစ်အုပ်ထုတ်ပေးတော့ မဟာစည်ကို ပုတ်ခတ်တဲ့ စာတွေ ပါနေတယ်၊ အဲဒီတော့ ဘုန်းကြီးက နိုင်ငံတော် သံဃမဟာနာယကစာတင်တယ်၊ စောဒကလုပ်မှာလားလို့ မေးတယ်၊ မဟုတ်ဘူး၊ ဆရာတော်တို့ ဌာနကစိစစ်ရေးမဝင်ဘဲနဲ့ ထုတ် တဲ့စာအုပ်ထဲမှာ ဒါမျိုးတွေပါနေတယ်၊ တချို့ဟာတွေကလည်း ရှာလွန်, အာလွန်ဖြစ်နေတယ်၊အဲဒါကို ဆရာတော်တို့ အရေးယူချင်ယူ၊ မယူချင်လျှင်နေဖို့ တပည့်တော်က သိသာရန်သာ တင်ပြတာပါ၊ တပည့်တော် စောဒကမလုပ်ဘူး။

အဲဒီ သာသနာရေးဦးစီးဌာနအဖွဲ့ရုံးကို သွားတဲ့အခါကျတော့ အဲဒီတုန်းက ရန်ကုန်တိုင်းသာသနာရေးမှူး ဦးလှကိုက အဲဒီမှာ ရောက်နေတယ်၊ ဘုန်းကြီးစာနှင့်ပတ်သက်လို့ ဘီအေ ဓမ္မာစရိယ ပုဂ္ဂိုလ်တစ်ဦး၊ နှစ်ဦးနှင့် ဘုန်းကြီးကို တစ်နေရာမှာ ဆွေးနွေးတာပေါ့။ ဘုန်းကြီးဆိုပေမယ့် ငယ်ပါသေးတယ်၊ အသက် (၃၀)ကျော်ခန့် ရှိပါသေးတယ်၊ အဲဒါနဲ့ ဘုန်းကြီးသဘောထားကတော့ အဲဒီအတိုင်းပါဘဲလို့ အဲဒီလိုပြောတဲ့အခါမှာ ပြောချင်တာကရွှေကျင်/သုဓမ္မာအကြောင်းလေးပြောချင်တာပါ၊ ဦးလှကိုက ရှိခိုးပြီးတော့ အိတ်ထောင်ထဲမှ စီးကရက်ထုတ်ပြီး ဘုဉ်းပေးပါဘုရားတဲ့။

အဲဒီတော့ ဘုန်းကြီးက ဆေးလိပ်မသောက်ဘူးလို့ ပြောတယ်၊ အဲဒီတော့ အရှင်ဘုရားက ရွှေကျင်လားတဲ့၊ ဘုန်းကြီးမဟာစည် သြဝါဒနှင့်အညီ ယပ်တောင်လေးနဲ့၊ နေယာထိုင်လေးနဲ့၊ သင်္ကန်းရုံလေးနဲ့ သွားတာ၊ အရှင်ဘုရား ရွှေကျင်လားတဲ့၊ ရွှေကျင်ဆိုရင် ဆေးလိပ်မသောက်ဘူးပေါ့။

ဘုန်းကြီးက ဆေးလိပ်မသောက်တဲ့ သုဓမ္မာလို့ပြောတယ်၊ မဟာစည်သြဝါဒအရ ဆေးလိပ်မသောက်တဲ့သုဓမ္မာပါလို့ ဘုန်းကြီးက အဲဒီလို ပြောခဲ့တာနော်၊ အဲဒါလေး တွေဟာ အင်မတန်ထူးခြားတဲ့အချက်တွေပါ။

ရွှေကျင်ကိုဏ်းထွက်တယ်ဆိုသော်လည်းပဲ ရွှေကျင်နဲ့ တူချင်လည်း တူမယ်၊ သုဓမ္မာနဲ့ တူချင်လည်းတူမယ်၊ ဘုရားဟောနဲ့ညီလျှင် မဟာစည်ဆရာတော်ကြီးကလုပ်မယ်၊ ဘုရားဟောနဲ့မညီလျှင် ကိုဏ်းစွဲကြောင့်တော့ မလုပ်ဘူး၊ အဲဒီလိုရယ်၊ မဟာစည်ဆရာတော်ကြီးရဲ့ သဘောထားကို ဘုန်းကြီးကတော့ ပွင့်ပွင့်လင်းလင်း ဒကာကြီးတို့နှင့် ပြောရမည့်အချိန်အခါမှာ မပြောလို့ မရဘူး၊ ပြောရမှာပဲ၊ လျှို့ဝှက်ချက်တွေပေါ့။



နောက်ပြီးတော့ စာထဲ



မရေးတဲ့ဟာတွေပေါ့။ ဆရာတော်ကြီးနဲ့အတူ တရားဟောသွားကြတယ်၊ ဟိုရောက်တော့ ကားတွေနဲ့သွား၊ ဦးခိုင်ဆိုတဲ့လူကြီးက ဖွတ်ဆိုတဲ့ လိပ်ခုန်းကားလေးနဲ့ လိုက်ပို့တယ်၊ လယ်ကွင်းပြင်တွေ ဖြတ်သွား၊ သူကားပျက်ချင် ပျက်ပါစေ ဆရာတော်ကြီးပို့ရလျှင် ပြီးရော့ဆိုစေတနာသဒ္ဓါတရားပဲ။

ဟိုရောက်တော့ မောမောနဲ့နားပြီးတော့ ဆရာတော်ကြီးကို ဘုန်းကြီးက သွားပြီးဝတ်ပြုတာ၊ နှိပ်ပေးတာပေါ့။

ဆရာတော်ကြီးက ဦးကွန္ဒကလည်း မောလာတာပဲတဲ့ တပည့်တော်လဲ မောနေတာပဲလေတဲ့၊ မောတဲ့ ပဂ္ဂိုလ်ချင်း မနှိပ်ပါနဲ့တဲ့၊ တစ်ခြား သူတွေနှိပ်



လိမ့်မယ်၊ ကိုယ့်ဟာကိုယ် အနားယူနေပါတဲ့၊ တပည့်အပေါ်မှာလည်း အတော်ညှာတဲ့ ဆရာတော်ကြီး၊ ဆရာတော်ကြီးဆိုပြီး ဇိမ်မခံဘူး၊ အတူတူကျောင်းထဲမှာ မော်လမြိုင်တုန်းက ဘုန်းကြီးက လက်ထောက်ကမ္မဋ္ဌာန်းဆရာ၊ အဦးဆုံး ကမ္မဋ္ဌာန်းဆရာ (၃)လထဲပါ။ ဒီနောက်တော့ ဆရာတော်ဦးသုဇာတတို့ ဆရာတော်ဦးပဏ္ဍိတတို့ ချမ်းမြေ့ဆရာတော်တို့ တစ်လှည့်စီသွားနေကြတာ၊ အခု ဦးအာဒိစ္စလက်ထက်ထိပေါ့။ အဲဒီတုန်းက ဘုန်းကြီးနှင့် ဆရာတော်ကြီးတို့ အတူတူထိုင်နေကြတာ၊ ခဏလေးကြာတော့ ဆရာတော်ကြီးက ပြတင်းပေါက်တွေ ထဖွင့်တာ။ တပည့်တော်ဖွင့်ပေးမယ်ဆိုတော့၊ အော်-အညောင်းလဲ ပြေတာပေါ့၊ ကိုယ့်ဟာကိုဖွင့်ရင်ရပါတယ်၊ သူများကို ခိုင်းနေဖို့ မလိုဘူးတဲ့။

"ပြတင်းပေါက် ဖွင့်တာတောင်ဟေ့ .. ကွန္ဒက ပြတင်းပေါက်ဖွင့်လိုက်စမ်းလို့ တပည့်ကို မခိုင်းဘူး၊ ဒါမျိုးတောင် သူဟာသူ ဆောင်ရွက်တယ်ဆိုတဲ့ ဆရာတော်ကြီးရဲ့ ထူးခြားချက်တွေကိုလည်းပဲ ကြည်ညိုလို့ မဆုံးပါဘူး။

နောက်ပြီးတော့ ဦးပွင့်ကောင်းရဲ့ (၃၃)နှစ် ခရီးထဲမှာလည်း ထည့်ရေးထားတာ၊ ဘုန်းကြီးပြောတာပဲ၊ တောင်ကြီးမြို့က ဒေါ်ဖွားမယ်ဆိုတဲ့ ဆရာမကြီးက ဗေဒင်ဟောတယ်ပေါ့၊ မဟာစည်ပူဇော်ပွဲပြီးပြန်ခါနီးကျတော့ သူ့ရဲ့ခြံပဝါကြီးကို ခင်းပြီးတော့ "ဆရာတော်ဘုရား ဒီအခင်းပေါ်မှာ ခြေတော်ရာချပေးပါ" တဲ့။

ဆရာတော်ကြီးက ကြည့်နေတယ်၊ ဘုန်းကြီးက အနားမှာ ရှိတယ်။ ဒကာမကြီး ဒါဟာမလုပ်ကောင်းပါဘူးတဲ့၊ ဘုရားမှမဟုတ်ဘဲ ဘုန်းကြီးကို ခြေတော်ရာချခိုင်းလို့ ရမှာလားတဲ့၊ ဒါဂိုဏ်းဆရာတွေလုပ်တဲ့အလုပ်တဲ့၊ ဘုန်းကြီးတို့က ဒီလိုမျိုးမလုပ်ဘူးတဲ့၊ ဘုန်းကြီးကို ကြည်ညိုလို့ရှိလျှင် ဘုန်းကြီးဟောတဲ့တရားကိုနာကြား ကျင့်ပွားအားထုတ်နေလျှင် ဒါဘုန်းကြီးကို အမြဲပူဇော်နေတာပဲတဲ့၊ ပဝါပေါ်မှာ ခြေတော်ရာချလို့ အဲဒါလေးကိုးကွယ်နေလို့ ဘာမျှ ကုသိုလ်မထူးဘူးတဲ့၊ အဲဒီလို ပြောတာလည်းပဲ သိပ်ပြီးတော့ မှတ်သားဖို့ ကောင်းပါတယ်။

ဆိပ်ခွန်မှာဟောတဲ့ ပုံတော်ဗိမာန်တရားဆိုတာ ဒါကတော့ ရှည်မှာစိုးလို့ မပြောတော့ပါဘူး၊ အဲဒီထဲမှာလည်း မဟာစည်ရိပ်သာက ဗုဒ္ဓသာသနာ့ နုဂ္ဂဟအဖွဲ့ကရော၊ မဟာစည်နာယကအဖွဲ့ကြီးကရော၊ ပုံတော်နှင့် ဗိမာန်လုပ်ခွင့်ပေးဖို့ တောင်းပန်လျှောက်ထားတဲ့အခါ "ဓါတ်ပုံတော်ရှိ တော်ရော့ပေါ့၊ ဘာဖြစ်လို့ လုပ်နေဦးမှာတုန်း" တဲ့၊ ဆရာတော်ကြီးက ပြောတယ်ဆိုတာလေးလည်းပါ,ပါတယ်။ ဘုန်းကြီး စာအုပ်ထဲပါအောင် ဘုန်းကြီးက ဒီနှစ်



ထုတ်မယ်လို့မှန်းတာ ဒကာကြီးတို့ရဲ့ မော်ကွန်းတွေရော၊ မဟာစည် အတ္ထုပ္ပတ္တိတွေရော၊ မဟာစည် ဗိမာန်တွေရော၊ အတွင်းကဓာတ်ပုံတွေရော ရိုက်ထားတာ၊ ဆိပ်ခွန်တွင် ဟောပေမယ့်လို့ ဘုန်းကြီးစာအုပ်ထဲမှာ အမှာစာနဲ့တကွထည့်ထားပါတယ်။

နောက်သူ့ပုံကိုတဲ့ ဘုရားလို ရုပ်တုလုပ်ပြီး ကိုးကွယ်မည်ဆိုလျှင်တော့ ဘုန်းကြီးက ဘာမျှမမဟုတ်ဘဲ၊ ဘုရားနဲ့နှိုင်းလို့မရဘူးတဲ့၊ အဲဒီလို ကိုးကွယ်လို့တော့ မဖြစ်ဘူးတဲ့၊ ဒါနဲ့ မဟာစည်ရိပ်သာများ နာယကလျှောက်ထားကြတယ်၊ သူများတွေလည်း လုပ်ကြပါတယ်တဲ့၊ တခြားဂိုဏ်းတွေကလည်း လုပ်ကြပါတယ်၊ ခွင့်ပြုပါဆိုတော့ -

"အထိမ်းအမှတ်အဖြစ်နဲ့တော့ ခွင့်ပြုပါတယ်၊ ဘုန်းကြီးစာထဲမှာ ခွေထဲကကူးထားတာပါ။ အဆက်တွေ တချို့များ သူ့လက်ရေးအနီလေးတွေနဲ့ ပြင်ထားတာတောင်ရှိတယ်၊ အဲဒီလို ဆရာတော်ကြီးက အမိန့်ရှိတယ်၊ အဲဒါလည်းပဲ သိပ်ပြီးမှတ်ဖို့ ကောင်းပါတယ်၊ နောက် အကျိုးများတာက ဘာများလဲဆိုလျှင် ဒီရုပ်တုတော်ကြီးကို ကြည့်ပြီးတော့ သဒ္ဓါတရားတွေဖြစ်ပြီးတော့ တရားအားထုတ်ချင်စိတ်တွေ ပေါက်လာပြီးတော့ တရားတွေလာ အားထုတ်တဲ့ ယောဂီတွေတိုးတက်တယ်ဆိုလျှင် ဒီရုပ်တုတော်ကြီး၊ ဗိမာန်ကြီးရှိတာ အကျိုးရှိတယ်၊ အားထုတ်တဲ့ သူမရှိလျှင်တော့ ဒါကြီးရှိတာ ဘာမျှအကျိုးမများဘူး၊ ဆရာတော်ကြီးက တရားပဲ၊ တရားအားထုတ်လျှင် အကျိုးများတယ်၊ အခုဗိမာန်ဖွင့်ပွဲလုပ်တဲ့အတွက်၊ ရေစက်ချပွဲလုပ်တဲ့အတွက် လှူကြတန်းကြတယ်၊ တရားအားထုတ်ကြရတယ်၊ ယောဂီတွေ တိုးလာတယ်၊ ဒါ အကျိုးများပါတယ်တဲ့၊ သာသနာအရှည်တည်တဲ့ ရေးအတွက် အလုပ်လုပ်တာပါလို့ဆိုလျှင် ကျောင်းတွေကိုလည်းပဲ ဒကာကြီးတို့ကို ဘုန်းကြီးအတို ချုပ်အားဖြင့် ပြောကြားပါတယ်။

မဟာစည်နာယကအဖွဲ့အား လှူပြီးသား

သီးသန့်သိချင်တာရှိလျှင် မေးပြီးတော့ ဒကာကြီးတို့ လျှောက်ထားချင်တာရှိလျှင် လျှောက်ထားဖို့ ဘုန်းကြီးသည် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ သာသနာတော်ကိုကြည်ညိုပြီးတော့ ဘုန်းကြီးရဲ့ အခု ဆောက်ပြီးသား အင်းစိန်မဟာစည်ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာတစ်ခုလုံး ကျောင်းများနှင့် နောက် ဆောက်လာမည့် အဆောက်အဦတွေအားလုံး မဟာစည်ရိပ်သာများ နာယကအဖွဲ့ကို တစ်ကျောင်းတိုက်လုံးကို ဆရာတော်ကြီးရဲ့ သာသနာအား လှူထားတာပါ၊ အဲဒီတော့ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးများကိုအာရုံပြုပြီးတော့ ဘုန်းကြီးပြောဆိုခွင့်ရတဲ့အတွက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကိုလည်းပဲ လွန်စွာမှ ကျေးဇူးတင်ပြီးတော့ သာသနာပြုရင်း တွေ့ပြီး တွေ့ဆဲ တွေ့လတ္တံ့ဖြစ်တဲ့ လောကဓံ အကောင်းအဆိုးတွေကိုလည်း သည်းခံကျော်လွှားပြီးတော့ အောင်မြင်စွာသာသနာပြုနိုင်တဲ့ သာသနာပြု သူတော်ကောင်းများဖြစ်ကြပါ စေကုန်သတည်း။

စာတည်းအဖွဲ့







စာပေအဖွဲ့လျှောက်ထားချက်။

တပည့်တော်တို့ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ သက်တော်ရာပြည့်အထိမ်းအမှတ်စာစောင်ကြီးကို မဟာစည် သာသနာ့ရိပ်သာကြီးက နှုဂ္ဂဟအဖွဲ့ချုပ်မှ ဦးစီးပြီးတော့ ထုတ်ဝေဖို့ရှိပါတယ်။ အဲဒီအတွက် တပည့်တော်တို့မှာ စာတည်းအဖွဲ့ ဖွဲ့စည်းထားပါတယ်ဘုရား၊ တပည့်တော်တို့ ဒီနေ့ ဆရာတော်ဘုရားကြီးထံ ရောက်လာတဲ့ကိစ္စကတော့ အရှင်ဘုရားဟာ မဟာစည်ဆရာတော်ဘုရားကြီးထံမှာ တပည့်ခံ လက်တွဲသာသနာပြုခဲ့တဲ့တစ်လျှောက်မှာ ဆရာတော်ဘုရားကြီးရဲ့သီလ၊ သမာဓိ၊ ပညာထူးခြားတဲ့ ဝိသေသလက္ခဏာတွေ မှတ်မိသမျှ သတိရသမျှ တပည့်တော်တို့ကို ချီးမြှင့်တော်မူပါဘုရား။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး ၏

အနီးနေတပည့်ကြီး ဥပနိဿယခံဖြစ်တော်မူသော

ရွှေမင်းဝံဆရာတော်၏မြို့ဝါ



ဆရာတော်ဘုရားဖြေကြားချက်။

ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော်တွေဆိုတာကတော့ ပြည့်စုံအောင်ပြောနိုင်မည့်ပုဂ္ဂိုလ် ရှိမည်မထင်ပါဘူး၊ ဆရာတော်ဘုရားကြီးရဲ့ သီလဂုဏ်တွေ၊ သမာဓိဂုဏ်တွေ၊ ပညာဂုဏ်တွေပေါ့လေ၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကိုယ်တော်တိုင်လည်းပဲ မိမိဂုဏ်တွေကုန်အောင် ဟောပြနိုင်ဖို့တောင် မလွယ်ပါဘူး၊ ဂုဏ်တော်တွေက ဒီလောက်များပြားပါတယ်။

ဘုန်းကြီးက ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ခြေတော်ရင်းမှာ ၁၃၃၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁) ရက်နေ့မှာ ရောက်ခဲ့ပါတယ်။ အခု ၁၃၆၅ ခုနှစ် ဆိုတော့ ဘုန်းကြီးနှစ် ပေါင်း (၃၀) နားကပ်သွားပါပြီ၊ သို့သော်လည်းပဲ အဲဒီ မဟာစည်သာသနာ့ရိပ်သာကြီးမှာ ၁၃၃၆ ခုနှစ်ကနေ ၁၃၄၆ ခုနှစ်၊ ဝါဆိုလပြည့်အထိဆိုတော့ (၁၀) နှစ်ကျော် (၁၁)နှစ်နီးပါးလောက် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ခြေတော်ရင်းမှာ နေခဲ့ပါတယ်။ ဆရာတော်ဘုရားကြီးရဲ့အနီးကပ်အလုပ်အကျွေးအဖြစ်နဲ့ (၈)နှစ်တိုင်တိုင်ပေါ့၊ ဆရာတော်ဘုရားကြီး စံလွန်တော်မူပြီးနောက် (၃)နှစ်နီးပါးလောက် နေခဲ့ရတယ်၊ ဘုန်းကြီး အဲဒီမှာ နေခဲ့တာ ဆယ်နှစ်ကျော်၊ ဆယ့်တစ်နှစ်ပေါ့။

ဆရာတော်ဘုရားကြီးရဲ့ အနီး မှာ ရှိပါတယ်၊ အဲဒါလေးတွေကို ကပ်နေတယ်ဆိုတော့ ဆရာတော်ဘုရားကြီးနဲ့ပတ်သက်လို့ ဘုန်းကြီး အတော်များများ ပြောခဲ့ပြီးပါပြီ။ ဆရာတော်ဘုရားကြီးရဲ့ အတ္ထုပ္ပတ္တိတွေ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် နှစ် (၅၀) ပြည့်ရွှေရတုဘုန်းကလည်း အဖွဲ့ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ဦးဝင်းထိန်နဲ့ အဖွဲ့ချုပ်ဒကာကြီးများ လာပြီးတော့ မေးမြန်း လျှောက်ထားလို့ ဘုန်းကြီး ပြောပေးလိုက်တဲ့အထဲမှာ အများကြီး အပြည့်အစုံပါသွားပါတယ်၊ သို့သော်လည်းပဲ အဲဒီမှာ ပါမသွားတာက ဆရာတော်ဘုရားကြီးနဲ့အတူ ကြွရောက်တဲ့ခရီးစဉ်တွေပေါ့လေ၊ တချို့ အများမသိနိုင်သေးတာလေးတွေ ဆရာတော်ဘုရားကြီး







ဘုန်းကြီး ဦးစားပေးပြောပါမယ်။ ဘုန်းကြီး ဆရာတော်ဘုရားကြီးနားမှာ အလုပ်အကျွေးအဖြစ်နဲ့ ဆောင်ရွက်နေချိန်မှာ တစ်နေ့ ဓမ္မဒေသနာရီခရီးကြွဖို့ ခရီးစဉ်လေးတစ်ခုပေါ်လာပါတယ်၊ အဲဒီအချိန်တုန်းက ဘုန်းကြီးက ဝေယျာဝစ္စလုပ်စဆိုတော့ ဘာမျှမဆောင်ရွက်တတ်သေးဘူး၊ ဆရာတော်ကြီး ခရီးသွားမည်ဆိုတဲ့အချိန်မှာ ဘာတွေထည့်လို့ ဘာလုပ်ရမှန်း မသိဖြစ်နေပါတယ်။

အဲဒီအချိန်မှာ ဆရာတော်ဘုရားကြီးဟာလည်းပဲ အနယ်နယ်အရပ်ရပ်က မေးတဲ့မေးခွန်းတွေကို ဖြေကြားဖို့ ခရီးမသွားခင် လက်နှိပ်စက်နဲ့ ရိုက်ပြီးဖြေနေပါတယ်၊ ည (၁၀/၁၁) နာရီအချိန်အထိ မပြီးသေးဘူး။ ခါတိုင်းဆိုရင် (၉)နာရီဆိုရင် နားပါတယ်၊ ဘုန်းကြီးက ဆရာတော်ဘုရားကြီး အိပ်ယာပေါ်ရောက်မှ ခြင်ထောင်ကို ပြင်ဆင်ပေးပြီး မီးပါပိတ် တံခါးပေါက်ပိတ်ပြီးမှ ပြန်ခဲ့တာပါ။ အဲဒီနေ့မှာတော့ ဆရာတော်ဘုရားကြီးဟာ လက်နှိပ်စက်ရိုက်နေတာ မပြီးနိုင်သေးတော့ ဘုန်းကြီးလည်း ထိုင်စောင့်နေရတယ်၊ စိတ်ကလည်း ပူနေတယ်၊ ခရီးလည်း နံနက်စောစောထွက်ရမည် မဟုတ်လား။ ခရီးသွားတဲ့အခါမှာ ဆောင်သွားရမည့်အိတ်၊ လက်ဆွဲအိတ်တစ်လုံး ဘုန်းကြီးချထားတယ်။ အဲလို လက်ဆွဲအိတ်တစ်လုံး ချပြီးတော့ ဆရာတော်ဘုရားကြီးကြွတဲ့အခါမှာ ပါသွားမည့် သပိတ်ကို ဘုန်းကြီးချထားတယ်၊ ဘုန်းကြီးလည်း ဒီအတိုင်းပဲ ထိုင်နေတယ်၊ ဆရာတော်ဘုရားကြီးလည်း လက်နှိပ်စက် ရိုက်ပြီးတော့ အချိန်က ည (၁၁) နာရီသာသာလောက်ရှိသွားတယ်၊ ပြီးတဲ့အခါကျတော့မှ ဆရာတော်ဘုရားကြီးက လှည့်ကြည့်ပြီး "အင်း .. ဒီအသက်အရွယ်ထိအောင် ကိုယ့်ပစ္စည်းကိုယ်ထည့် ကိုယ့်အလုပ်ကိုယ်လုပ်နေရတုန်းပဲ" ဆိုပြီး ဆရာတော်ဘုရားကြီးက အိတ်နားကို ထိုင်လိုက်ပါတယ်။

အိတ်ထဲကိုထည့်ဖို့ရာတွေကို ကြည့်ပြီး သင်္ကန်းထည့်၊ မျက်နှာသုတ်ပုဝါထည့်၊ နောက်ပြီးတော့ သွားတိုက်ဆေး၊ သွားတိုက်တံအကုန်အစုံထည့်၊ ဆရာတော်ကြီးအကုန်ထည့်နေရတယ်၊ အဲဒီမှာ ဆရာတော်ဘုရားကြီးဟာ သူခရီးသွားမည့်ရက်နဲ့တွက်ပြီး ပစ္စည်းယူလေ့ရှိပါတယ်။ ဥပမာ ခရီးသွားမည့်ရက်ဟာ ဆယ်ရက်ဆိုရင် သင်္ကန်းနှစ်စုံ၊ သုံးစုံပဲယူပါတယ်၊ အဲဒီမှာကိုယ်တိုင်ထည့်တာ၊ ဘုန်းကြီးက ဘာမျှမလုပ်တတ်သေးဘူး၊ ဘုန်းကြီးက ဒီအတိုင်းပဲ ထိုင်ပြီး ကြည့်နေရတယ်၊ ဘုန်းကြီး ဘာမျှမလုပ်တတ်သေးဘူးဖြစ်နေတယ်၊ အဲဒီတော့ ဒီအိတ်ထဲမှာ ထည့်ရမယ့်သင်္ကန်းလေးတွေပါပြီးတဲ့အခါ ဘာလိုသေးလဲဆိုရင် ဆရာတော်ဘုရားကြီးခရီးသွားတဲ့အခါမှာ ဘဉ်းပေးဖို့ ဆေးပစ္စည်းတွေလို ပြန်တယ်၊ အဲဒါတွေ



ထည့်ဖို့ဟာ သပိတ်ကိုပဲ ချထားရတယ်၊ ဆေးဘီဒိုကနေပြီး ဆရာတော်ကြီးက ကိုယ်တိုင်ယူရတယ်၊ သပိတ်ထဲမှာ အားလုံးပြည့်စုံပြီဆိုမှကဲ - မနက်ကျတော့ ဦးပဉ္စင်းက ဒါလေးယူခဲ့ဆိုပြီး မှာတာပါပဲ။

အဲဒီအချိန်ဘုန်းကြီးစိတ်ထဲမှာ စဉ်းစားတာပေါ့လေ၊ ဆရာတော်ဘုရားကြီး သက်တော်ရွယ်တော်ကြီးတဲ့အချိန်မှာ အနီးကပ်ပြုစုလုပ်ကျွေးမယ့်ပုဂ္ဂိုလ်မရှိရင် ကိုယ်တော်တိုင် လုပ်ရတယ်၊ အဲဒီအချိန်မှာ ဘုန်းကြီးစိတ်ထဲမှာ ဆရာတော်ဘုရားကြီးကို ချမ်းချမ်းသာသာနဲ့ သီတင်းသုံးနိုင်အောင် စောင့်ရှောက်ပြုစုမယ်လို့ စဖြစ်ပေါ်တယ်၊ အဲဒီနေ့သွားရမယ့် ခရီးစဉ်က ကရင်ပြည်နယ်၊ ဘားအံခရီးစဉ်၊ အဲဒီခရီးစဉ်ကို နံနက်စောစော လေယာဉ်နဲ့သွားရတယ်၊ လေယာဉ်လေးက တွင်အော်တာလေယာဉ်လေး။ လူ (၂၀) ပဲ ဆန့်ပါတယ်။ လေယာဉ်လေးကသေးတော့ တိမ်တိုက်ကြီးတွေနဲ့ တွေ့တဲ့အခါ တိမ်တိုက်ကြီးတွေရဲ့ဒဏ်ကို မခံနိုင်ဘူး၊ လေယာဉ်က အောက်ကို တရိပ်ရိပ်ဝါးတစ်ရိုက်လောက် ပြန်ကျသွားလိုက်၊ ပြန်တက်သွားလိုက်၊ မောင်းနေတဲ့ပုဂ္ဂိုလ်တွေနဲ့ ဘုန်းကြီးတို့ တစ်ပြင်ညီတည်းဆိုတော့ မြင်နေရတယ်၊ တိမ်ကြီးတွေနဲ့ တိုက်လိုက်ရင် လေယာဉ်လေးက ဘေးကိုယိုင်ပြီးတော့ စောင်းသွားတယ်၊ လေအပြင်းတိုက်ရင်လည်း လေနောက်ကို ပါသွားတယ်၊ ဒါကိုလည်း မြင်သိနေရတယ်။

ညရောက်တော့ လေယာဉ်စီးတုန်းက ခံစားရတာတွေကို ဘုန်းကြီးက ဆရာတော်ဘုရားကြီးကို လျှောက်တယ်၊ တပည့်တော် လေယာဉ်စီးရတာ အင်မတန်ကြောက်တယ်ဆိုတဲ့အကြောင်းပြောတော့ ဆရာတော်ဘုရားကြီးက "တရားပါရင် ဘာမှမဖြစ်ဘူးလို့ယုံကြည်တယ်"ဟု အမိန့်ရှိတယ်၊ အဲဒီကတည်းက ဆရာတော်ဘုရားကြီးရဲ့ သီလဂုဏ်ကို ယုံကြည်သွားပြီး ဆရာတော်ဘုရားကြီးပါရင် ဘယ်နေရာသွားရသွားရ သွားရဲပြီဆိုတာ ဘုန်းကြီး သဘောပေါက်သွားတယ်။

နောက် ဆရာတော်ဘုရားကြီး ဝိနည်းနဲ့ပတ်သက်ပြီးတော့ အလေးဂရုပြုတာလေးတွေရှိတယ်။ ခရီးသွားတဲ့အခါမှာ သပိတ်ထဲမှာအပ်၊ အပ်ချည်၊ ဓား၊ ရေစစ်၊ ပရိက္ခရာတွေ အပြည့်အစုံပါရတယ်။ တကယ်လို့ ဒီရေစစ်ပေါက်စလေးတွေမရှိရင် တပည့်တော် ဒီမှာ ရေစစ်တော့ ရှာလို့မတွေ့ဘူးဘုရားဆိုရင် ရေစစ်မပါလို့မဖြစ်ဘူး၊ ရေစစ်အစား လက်ကိုင်ပုဝါလေးကို ရေစစ်အဖြစ်နဲ့ ထည့်ခဲ့လို့ ပြောတယ်၊ လက်ကိုင်ပုဝါကို ရေစစ်အဖြစ်နဲ့ သပိတ်ထဲအမြဲ ထည့်ခဲ့ရတယ်၊ ခရီးသွားရင် ဆရာတော်ဘုရားကြီးက အထူး စိစစ်တယ်၊ ဆရာတော်ဘုရားကြီးဝတ်ဖို့ သင်္ကန်းဆိုရင် ဘုန်းကြီးပဲ လုပ်ပေးရတယ်၊ ဆောင်းတွင်းဆိုရင် နည်းနည်းထူမည့် သင်္ကန်း၊ နွေရာသီဆိုရင် ပါးတဲ့သင်္ကန်းလေးတွေ ဘုန်းကြီး စီစဉ်ရပါတယ်။ သင်္ကန်းဆို အသစ်ကို ထည့်လာခဲ့တာ၊ သင်္ကန်းအသစ်ဟာ ချုပ်ရိုးအဆင်မပြေဘူး၊ ဆရာ တော်ဘုရားကြီး ဝတ်ပြီးသွားတဲ့အခါမှာ ထိုင်လိုက်တဲ့အခါမျာ ချုပ်ရိုးက ပြဲသွားတယ်၊ ချုပ်ရိုးပြဲတဲ့အခါ သင်းပိုင်တစ်ထည်ထုတ်စမ်းပါဆိုတော့ သင်းပိုင် တစ်ထည်ထုတ်ပေးတယ်၊ ဘာဖြစ်လို့လဲဘုရားဆိုတော့ သင်္ကန်းက မခိုင်ဘူး၊ နောက်က ပြဲနေတယ်တဲ့၊ အဲဒါနဲ့ သင်းပိုင်လေး လဲတယ်၊ လဲပြီးတော့ သပိတ်ယူခဲ့ဆိုပြီး သပိတ်ထဲက အပ်ချည်နဲ့အပ်ကိုထုတ်၊ ကိုယ်တိုင်ပဲ သင်းပိုင်လေးကို ချုပ်ဝတ်ပါတယ်၊ တကယ်ဆိုရင် ဦးပဉ္စင်းရေအဲဒီသင်္ကန်းလေး ချုပ်လိုက်စမ်းဆိုလဲ ပြီးတာပဲ၊ သို့သော်လည်း ဆရာတော်ဘုရားကြီးက မခိုင်းဘူး၊ ကိုယ်တိုင်ပဲ အဲဒီသင်္ကန်းကို ချုပ်ပါတယ်၊ ချုပ်ပြီးပြီဆိုတာနဲ့ စောစောကလဲတဲ့သင်္ကန်းကို ချွတ်ပြီးတော့ ဒီသင်္ကန်းကိုပဲ ပြန်ဝတ်ပါတယ်၊ ဒါဟာ ဝိနည်းကိုလည်း အလေးဂရုပြုတာ၊ နောက်တစ်ခါ ဝိနည်းအလေးဂရုပြုတဲ့အထဲမှာ အထူးဂရုစိုက် သတိထားတာက အရုဏ်တက်ချိန်ပဲ။ ဆရာတော်ဘုရားကြီးက အရုဏ်တက်ချိန်ကို အထူးသတိထားပါတယ်၊ ဆရာတော်ဘုရားကြီးက ဘာအမိန့်ရှိလဲဆိုတော့ တစ်နေ့တာလုံး မိမိက ဝိကာလဘောဇနသိက္ခာပုဒ်ကို စောင့်ရှောက်လာခဲ့တယ်၊ ဒီလို စောင့်ရှောက်





လာခဲ့ပြီးတော့မှ မိမိက အရှင်္ဂါဆွမ်း ဒကာ/ဒကာမကိုင့်လို့ အရှင်္ဂါမတက် မီ နာရီပိုင်းလေးအလိုမှာ အကပ်ခံ ပြီး ဘုဉ်းပေးခဲ့ရင် ကိုယ့်မှာ အပြစ် အာပတ်တွေ သင့်နေတယ်တဲ့၊ ဒီ အချိန်ပိုင်းလေး မစောင့်လိုက်တာနဲ့ ကိုယ့်ရဲ့သီလ အစွန်းအထေးမခံနဲ့တဲ့၊ ဒါကြောင့် ဒီအရှင်္ဂါတက်ချိန်လေး ကို အထူးဂရုစိုက်ရမယ်လို့ ဩဝါဒ ပေးပါတယ်။

ဘုန်းကြီး ဆရာတော်ဘုရားကြီး ဩဝါဒပေးတဲ့အခါတိုင်း ကက်ဆက် လေးနဲ့ အသံဖမ်းယူပြီးတော့ ထားပါ တယ်။ အဲဒီတိပ်ခွေကနေ ဩဝါဒ ဓမ္မအမွေဆိုတဲ့ စာအုပ်လေးတစ် အုပ် ထုတ်ထားတာရှိပါတယ်၊ အဲဒီ အထဲမှာ ဆရာတော်ဘုရားကြီးက ဒီအရှင်္ဂါတက်ချိန်နဲ့စပ်ပြီးတော့ ဩဝါဒပေးပါတယ်၊ နယ်တွေရောက် တဲ့အခါကျတော့ အရှင်္ဂါတက်ချိန် မတူတာတွေ ရှိတယ်၊ အရှင်္ဂါတက် ချိန်ဟာ တစ်ချို့နယ်မှာ စောပေမယ့် တစ်ချို့နယ်မှာ နောက်ကျတာရှိ တယ်။ အဲ့ဒီမှာ ဘုန်းကြီးမှတ်မိတာ ကတော့ ခရီးစဉ်တစ်ခုပေါ့၊ အဲဒီ ခရီးစဉ်က ထားဝယ်လား၊ မြိတ်လား ဆိုတာ ဘုန်းကြီး မသိတော့ဘူး။ ရိပ်သာဖွင့်ပွဲ ဦးစီးဦးဆောင်လုပ်တဲ့ ဒကာတွေက သူတို့ရဲ့အိမ်မှာ ဘေး ရန် အန္တရာယ်ကင်းအောင်ဆိုပြီး ဆရာတော်ဘုရားကြီးနဲ့ အခြား သံဃာတော်များကိုပင့်ပြီး အရှင်္ဂါ ဆွမ်းကပ်ပါတယ်၊ အဲဒီလိုအရှင်္ဂါ ဆွမ်းကပ်တဲ့အခါ အရှင်္ဂါကမတက် သေးဘူးဖြစ်နေတယ်၊ အရှင်္ဂါမတက် သေးတဲ့အခါ ဆရာတော်ဘုရားကြီး က ခဏနေဦးဆိုပြီးတားတယ်၊ နယ် သံဃာများပါတော့ အရှင်္ဂါမတက် သေးဘူးလို့လည်း အထူးမပြောဘူး၊ ဒကာတွေက သိပ်ကပ်ချင်တယ်၊ အဲဒါ နဲ့ ဆရာတော်ဘုရားကြီးက ထိုင်ရာ ကနေ မတ်တပ်ရပ်နေတော့တယ်၊ ဆွမ်းကပ်လိုက်ရင် အရှင်္ဂါမတက်မီ အကပ်ခံတဲ့အတွက်ကြောင့် မစား ကောင်းတော့ဘူး၊ မဘုဉ်းပေးကောင်း တော့ဘူး၊ အဲဒီမှာ အာပတ်က သင့် တော့မယ်၊ အဲဒါကြောင့်မို့လို့ ဆရာ တော်ဘုရားကြီးက အကပ်မခံဘဲနဲ့ မတ်တပ်ရပ်ပြီး စကြံ့လျှောက်နေ တယ်၊ ဘုန်းကြီးတို့လဲ အသာထိုင် နေရတယ်၊ နယ်သံဃာတွေအနေနဲ့ တော့ ဘယ်လိုသဘောထားမယ်မသိ ဘူး၊ အဲဒီမှာ စောင့်ရတာမှ မိနစ်သုံး ဆယ်လောက် စောင့်ရတယ်၊ အရှင်္ဂါ တက်ချိန်စောင့်ရတာ၊ အဲဒါ ဆရာ တော်ဘုရားကြီးက လက်ဖဝါးလေး ထောင်ထောင်ပြီး ရှေ့ဆီကိုကြည့် တယ်၊ လက်ဖဝါးလေးထောင်ထောင် ကြည့်ပြီးတော့ အချိန်လိုသေးတယ်၊ အဲဒီလိုနဲ့ပဲ အားလုံးစောင့်နေရတာ၊ နောက် အရှင်္ဂါတက်ချိန်ကို အလင်း ရောင်လေး လက်ကြားထဲမှ ထွက် လာမှ ကဲ. ကပ်လို့ရပါပြီ ဒီ အချိန် လေးကိုမစောင့်လိုက်ရင် ကိုယ့်မှာ အပြစ်အာပတ်တွေ သင့်ကုန်မယ်၊ ဒါကြောင့် ဒီအချိန်လေးကို နည်း နည်းလေး သည်းခံစောင့်လိုက်တဲ့



အတွက်ကြောင့်မို့ ကိုယ်မှာ အပြစ်အာပတ်ကလွတ်တယ်၊ ကိုယ်သီလသန့်ရှင်းတယ်လို့ မိန့်ဆိုပြီး အကပ်ခံတယ်၊ အဲဒီလောက် အသေးအဖွဲလေးကစပြီး ဝိနည်းကို ဆရာတော်ဘုရားကြီး ရှိသေတယ်။

နောက် ဝိနည်းကို အလေးပြုတာလေး ကြုံရသေးတယ်၊ သံဃာတော်တစ်ပါးနှင့် ကပ်ဃဒကာတစ်ဦး ရောက်လာတယ်၊ သူတို့မှာ ပျားရည်ပုလင်းလှူစရာလည်းပါတယ်၊ အဲဒီပျားရည်ပုလင်းနဲ့ ဆရာတော်ဘုရားကြီးကို လာကန်တော့ပါတယ်၊ ကန်တော့ပြီးတဲ့နောက် ဆရာတော်ဘုရားကြီးက ဘယ်ကလဲ စသည်ဖြင့် မေးပါတယ်၊ ဘယ်ရိပ်သာကပါဆိုပြီးတော့ လျှောက်တယ်၊ အဲဒီမှာ ပါလာတဲ့ ရဟန်းတော်က အမှတ်တမဲ့ပေါ့၊ ဒကာဆီက ပျားရည်ပုလင်းကိုယူပြီး ဆရာတော်ဘုရားကြီးကို ကပ်မယ်လို့လုပ်တယ်၊ ဆရာတော်ဘုရားကြီးက 'ဦးပုဆွင်း မကိုင်ကောင်းဘူးလေ နားမလည်ဘူးလား' အဲဒီတော့မှ ဦးပဆွင်းလည်း'တင်ပါ့ဘုရား၊ တပည့်တော် သတိလက်လွတ်ဖြစ်သွား ပါတယ်ဘုရား'ဆိုပြီး ပြာပြာသလဲလျှောက်တယ်၊ အဲဒီလို အသေးအဖွဲလေးကစပြီးတော့ ဆရာတော်ဘုရားကြီးက သတိမူပါတယ်၊ ဆွမ်းအကပ်ခံတဲ့နေရာတွေလည်းပဲ နှစ်တောင့်ထွာအတွင်း ဘယ်လိုကပ်ရမယ်ဆိုတာစပြီးတော့ သတိထားသွန်သင်ပါတယ်။

နောက် ဘုန်းကြီးတို့ကို နဝကမ္မဝတ္ထုငွေနဲ့စပ်ပြီးတော့ ဘုန်းကြီးသိတာလေး ပြောပြဦးမယ်၊ သာသနာသန့်ရှင်းရေးကြီး ပေါ်လာတဲ့အချိန် အဲဒီအချိန်တုန်းက မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ခုတင်အောက်သံသေတ္တာကြီးထဲမှာ ဒေါ်လာတွေအပြည့်၊ ကျောက်စိမ်းတွေအပြည့် ရှိကြောင်း ကောလဟလ ထွက်ခဲ့ဖူးပါတယ်၊ ဘုန်းကြီးက ကိုယ်တိုင်နားနဲ့ ဆတ်ဆတ်ကြားရတာ၊ ကြားတဲ့နေရာကို ပြောရရင် ကျားကူးဓမ္မာရုံမှာ၊ တကယ်တော့ ဘုန်းကြီးတို့ ကျေးလူးရှင်ဆရာတော်ဘုရားကြီးက အဲဒီနဝကမ္မဆိုတဲ့ ဝတ္ထုကြေးငွေကို ဆရာတော်ဘုရားကြီးသီတင်းသုံးတဲ့ အပေါ်ထပ်မှာ လုံးဝလက်မခံပါဘူး၊ ဒကာ/ဒကာမတွေကလှူရင်တောင် ချက်ချင်း အောက်ကိုတစ်ခါတည်း ယူသွား၊ ကပ်ယရှိတယ်ဆိုပြီး စားပွဲပေါ်တောင် အတင်မခံဘူး၊ ဆရာတော်ဘုရားကြီးရဲ့ စံကျောင်းတော်ပေါ်မှာ အဲဒီ စားဖွယ်၊ သောက်ဖွယ်တွေ လုံးဝမထားပါဘူး၊ ဒီ နဝကမ္မဝတ္ထုကြေးငွေ ဆရာတော်ဘုရားကြီးနားမှာ လက်မခံပါဘူး၊ လက်နဲ့ထိဖို့ကိုင်ဖို့ဆိုတာ နေနေသာသာပဲ။

နောက်ပြီး ဆရာတော်ဘုရားကြီးက အလှူအတန်းတစ်ခုပြုချင်လို့ရှိရင်တောင်မှ ကပ်ယနေ့တိုင်းလာနေတယ်၊ နဝကမ္မတွေရှိရဲ့လား၊ ဘယ်လောက်ရှိလဲ၊ ရှိရင် ဘုန်းကြီးဘယ်လောက်လှူချင်တယ်၊ ဘယ်လိုလှူချင်တယ်ပြောလိုက်ရင် ဖြစ်ပါတယ်၊ ဒါပေမယ့် ဆရာတော်ဘုရားကြီးက ကပ်ယနေတဲ့အဆောင်ကို ဆရာတော်ဘုရားကြီးကိုယ်တိုင် ကြွတယ်၊ ကြွပြီးတော့မှ ဘုန်းကြီးပြောသလိုမေးတယ်၊ မေးရင် ဘုန်းကြီးက အဲဒီလောက်လှူချင်ပါတယ်၊ ကပ်ယကြီးက စီမံဆောင်ရွက်ပေးပါဆိုတာ ကိုယ်တိုင်သွားပြီးတော့မှ ဆရာတော်ဘုရားကြီးကပြောတာ၊ နောက်ပြီးတော့ သည်းခံမှုနဲ့စပ်လို့ ဘယ်လောက် ပဲခရီးပင်ပန်း ပင်ပန်း ဒကာ/ဒကာမတွေရဲ့ သဒ္ဓါတရားကို ငဲ့ညှာပြီးတော့ ဆရာတော်ဘုရားကြီးဟာ သည်းခံပြီးကြွတော်မူတဲ့ခရီးစဉ်တွေရှိပါတယ်။

ပဲခူးတိုင်း သုံးခွမြို့နယ်ထဲက ကျေးရွာတစ်ရွာလို့ပဲ ဘုန်းကြီးထင်တယ်၊ အဲဒီကျေးရွာကို သွားတဲ့အခါမှာ အင်မတန် လမ်းခရီးကြမ်းပြီး သွားရတာ ပင်ပန်းပါတယ်၊ လှည်းလမ်းခရီးပါ၊ အဲဒီလှည်းလမ်းခရီးကို ကြမ်းလွန်းလို့ အဖွဲ့ကလည်း တားပါတယ်၊ အဲဒီနယ်ဘက်က ပုဂ္ဂိုလ်တွေကလည်း ဆရာတော်ဘုရားကြီး ဒီခရီးဟာ အင်မတန်ကြမ်းပါတယ်၊ မကြွဖို့ တားကြပါတယ်၊ အခုမှ ရိပ်သာစဖွင့်မယ့်နေရာပါ၊ ဆရာတော်ဘုရားကြီးက နာယကဆရာတော်တစ်ပါးကို ကြွပြီးတော့ တရားစခန်းပြဖို့ ညွှန်ကြားထားပါတယ်၊ ဆရာတော်ဘုရားကြီးကိုယ်တိုင်လည်းပဲ ဒီရိပ်သာဖွင့်ပွဲမှာ ကြွရောက်ပြီး ကိုယ်တိုင်ကိုယ်ကျ ဖွင့်ပေးမယ်ဆိုပြီး အမိန့်ရှိထားပါတယ်၊ အဲဒီလမ်းခရီးမှာသွားရတာ ရှေးက ဂျစ်ကားတွေပဲ



သွားလို့ရပါတယ်၊ အဲဒီလျစ်ကားခရီး စဉ်နဲ့သွားတာ၊ ဆရာတော်ဘုရားကြီးနဲ့အတူ ဘုန်းကြီးဦးနိပုဏ္ဏာ၊ ဦးဝိစာ ရိန္ဒ(၃)ပါးပါတယ်၊ ဆရာတော်ဘုရားကြီးက ရှေ့ကားမောင်းသမား ရဲ့ဘေးကထိုင်တယ်၊ဖုန်တွေကလည်းအလိပ်လိုက် အလုံးလိုက်ပဲ၊ အခုလို ဆောင်းရာသီပါပဲ၊ စပါးတွေရိတ်သိမ်းပြီးစအချိန်၊ လယ်ကြားထဲက သွားရတာ၊ လယ်ကြားလမ်းကြီးဆိုတော့ ကန်သင်းတွေ၊ ဘုတွေအထစ်တွေပေါ် ဆင်းလိုက်၊ တက်လိုက်နဲ့ သွားရတာ၊ ခရီးကလည်းအတော်ကြီး ဝေးတယ်လို့ထင်ပါတယ်၊ ဂျစ်ကားလေးနဲ့ သွားရတော့ ဆရာတော်ဘုရားကြီးမပြောနဲ့ ဘုန်းကြီးတို့တောင် အဲဒီရောက်တာနဲ့ တစ်နေ့လုံး အိပ်ယာပေါ်က မထနိုင်တော့ ဘူး၊ အဲဒီလောက်ပင်ပန်းတာ၊ ဘုန်းကြီးကဆရာတော်ဘုရားကြီးနဲ့မနီးမဝေးမှာနေတာဖြစ်တော့ ဆရာတော်ဘုရားကြီးကို ဂရုပြုကြည့်နေမိတယ်၊ ဆရာတော်ဘုရားကြီးလည်း အိပ်ယာပေါ်မှာလဲသွားလိုက်၊ တော်ကြာ သတိကြီးစွာနဲ့ ပြန်ထထိုင်လိုက်နဲ့ အဲဒီလောက်ပင်ပန်းနေတာပါ။ဆရာတော်ဘုရားကြီး အဲဒီလောက် ဘာလို့အပင်ပန်းခံလည်းဆိုတော့ဘုန်းကြီးတို့ နောက်မှသိရတာကဆရာတော်ဘုရားကြီးက အဲဒီနေရာမှာ တရားရိပ်သာ မဖြစ်သေးဘူး၊ တရားအားထုတ်ချင်တဲ့ပုဂ္ဂိုလ်တွေက သိပ်လိုလိုလားလားနဲ့ တရားစခန်း ဖြစ်မြောက်အောင်ဖွင့်ကြတာ၊ ဘုန်းကြီးသွားပြီးအားပေးမှဖြစ်မယ်၊ သူတို့ကို ချီးမြောက်ပေးမှဖြစ်မယ်ဆိုပြီးတော့ ဒီလောက်ပင်ပန်းတဲ့ ခရီးကြီးကိုလည်းပဲ ဆရာတော်ဘုရားကြီး ကြွပါတယ်။

ဘုန်းကြီးက အဲဒီခရီးကနေ ပြန်လာတဲ့အခါမှာ အခြားဌာနတစ်ခုကိုဝင်ဖို့ လမ်းခရီးမှာရှိပါသေးတယ်၊ အဲဒီမှာလည်း ဒီလိုပဲ ဆယ်ရက်စခန်းပါပဲ၊ အဲဒီမှာလည်း ဆရာတော်ဘုရားကြီးက ဖွင့်ပေးမှာ ဖြစ်ပါတယ်၊ အဲဒီစခန်းကျတော့ လမ်းပန်းသာသွားပြီဖြစ်တဲ့အတွက် ဆရာတော်ဘုရားကြီး နားနားနေနေနေလို့ရသွားပါတယ်၊ အဲဒီအချိန်မှာ ပူတဲ့ရာသီဥတုဆိုတော့ ပူလည်း ပူပါတယ်၊ အဲဒီမှာ ဆရာတော်ဘုရားကြီး သီတင်းသုံးဖို့ ဘာလုပ်ပေးထားလဲဆိုတော့ ထန်းရွက်တဲကြီး လုပ်ပေးထားတယ်၊ အေးအောင်ဆိုပြီး လုပ်ပေးထားတာပါ၊ အဲဒီထဲမှာ သဲတွေခင်း၊ ရေတွေဖျန်းပေးထားတယ်၊ ဘုန်းကြီးတို့ကိုတော့ တစ်နေရာထားပါတယ်၊ ဘုန်းကြီးလည်း နေ့လည်နေ့ခင်းအချိန်လောက် ဆရာတော်ဘုရားကြီးနားသွားပြီး ဆရာတော်ဘုရားကြီး ခြေထောက်ကလေးတွေကို ဆုတ်နှယ်ပြီးနေရင်း လမ်းခရီးအကြောင်းလေးတွေ လျှောက်ပါတယ်၊ “ဆရာတော်စီးရတဲ့ကားက အခုကြွခဲ့ရတဲ့ခရီးဟာ မပင်ပန်းဘူးလားဘုရား” လို့ဆိုတော့ “အင်း. .

ဒီလိုခရီးမျိုး တစ်သက်နဲ့တစ်ကိုယ် တစ်ခါမျှမသွားဖူးဘူး၊ အထူးအားဖြင့် ကားပေါ်စီးလိုက်ရတာအတော်အန္တရာယ်များတယ်” ဂျစ်ကားဖြစ်တဲ့အတွက် ဘေးက အကာအရံမရှိပါဘူး၊ အကာအရံမရှိတဲ့အတွက် ကြောင့် ဆရာတော်ဘုရားကြီးရဲ့ဘက်ကနေပြီး ကြိုးကြီး ချည်ထားရပါတယ်၊ ထွက်မကျအောင်ပေါ့၊ ဘုန်းကြီးက ဆရာတော်ဘုရားရဲ့ နောက်မှာ ဆရာတော်ဘုရားကြီးပခုံးကို နောက်ကနေဖက်ထားပါတယ်၊ ဆရာတော်ဘုရားကြီးရဲ့ ခြေထောက်ဟာ အင်မတန်ရှည်တဲ့အတွက်ကြောင့် ဆန့်လို့လည်းမရဘူး၊ ဆရာတော်ဘုရားကြီး ခြေထောက်ကောင်းကောင်းဆန့်ထားလို့ရရင် တော်သေးတယ်၊ ကွေးကွေးနဲ့ကို တောင့်ထားရတယ်၊ ထွက်မကျအောင်တောင့်ထားရတယ်၊ အဲဒီလို တောင့်ထားရတဲ့အတွက် ကြောင့်မို့ ကိုယ့်အသားတွေ ဘယ်လောက်နာကျင်နေမလဲဆိုတာ ခန့်မှန်းကြည့်လို့ ရပါတယ်၊ ဆရာတော်ဘုရားကြီးက အဲဒါကို ပင်ပန်းတယ်မပြောဘူး။

ဆရာတော်ဘုရားကြီးပြောပုံက ဒီလောက်ကြမ်းကြမ်းခရီးကို တစ်ခါမှ မသွားဖူးဘူးတဲ့၊ ဟိုကပုဂ္ဂိုလ်တွေက သဒ္ဓါတရားကောင်းလိုက်ကြတာတဲ့၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ၊ တရားဝင်တဲ့ပုဂ္ဂိုလ်တွေအများကြီးတဲ့၊ ဝမ်းသာလာတယ်၊ ဒါကြောင့်မို့ ဆရာတော်ဘုရားကြီးက တရားရေးကို အလေးပေးပြီး မိမိ



ရဲ့ ခန္ဓာကိုယ် ပင်ပန်းမှုကိုလည်း အလေးမထားဘူး၊ ဘယ်လောက်ပဲ ခရီးလမ်းကြမ်းကြမ်း၊ ဘယ်လောက် ခရီးဝေးဝေး ကိုယ်ပင်ပန်းခံပြီး အဲဒီ နေရာတွေကို ကြွရောက်ပြီး တရား အားထုတ်တဲ့ ပုဂ္ဂိုလ်တွေကို ချီးမြှောက်တယ်။

နောက် ချီးမြှောက်တာတစ်ခု ရှိသေးတယ်၊ ဘုန်းကြီးတို့ ရန်ကုန်က အထွက် ထောက်ကြန့်၊ အဲဒီထောက်ကြန့်မှာ အနာကြီးရောဂါဆေးရုံဆိုတာရှိတယ်၊ အဲဒီအချိန်တုန်းက ဆရာဝန်ကြီး ဒေါက်တာ(ဦး)တင်ရွှေလို့ ဘုန်းကြီးထင်တယ်၊ ဆရာဝန်ကြီး ဒေါက်တာ(ဦး)တင်ရွှေက လာပြီး ဆရာတော်ကြီးကိုလျှောက်တာ၊ အဲဒီအချိန်မှာ ထောက်ကြန့်မှာ တရားစခန်းပွဲရှိတယ်၊

မဟာစည်ဆရာတော်ဘုရားကြီး အနာကြီးရောဂါဆေးရုံရှိ ဝေဒနာရှင်များကို တရားချီးမြှောက်ပြီးပေးဖို့ဆိုတော့ အဲဒီမှာ ဆရာတော်ဘုရားကြီးက ဝမ်းမြောက်ဝမ်းသာလက်ခံတယ်၊ အော်. . အေး. . အေး ကြွပေးမယ်၊ ကြွပေးမယ်၊ ဘုန်းကြီးတရားပေးမယ်၊ တရားဟောပေးမယ် ဆိုပြီး ဆရာတော်ဘုရားကြီးကိုယ်တိုင် ကြွတာ၊ ဘုန်းကြီးနောက်ကပါတယ်၊ ကားမောင်းဆရာရယ်, ဆရာဝန်ကြီးရယ်က ရှေ့က၊ ဘုန်းကြီးနဲ့ ဆရာတော်ဘုရားကြီးနဲ့က နောက်က၊ အဲဒီမှာ ဆရာဝန်ကြီးက ဘုန်းကြီးဘက်လှည့်ပြီးတော့ ပြောတယ်။

ဦးပဉ္စင်းတဲ့ မမြင်ဘူးတာ မတွေ့ဘူးတာ တွေ့ရလို့မယ်တဲ့၊ ဘာတွေလဲဆရာကြီးရဲ့ဆိုတော့ လက်မပါဘဲနဲ့လည်း လက်ခုပ်တီးလို့မယ်၊ ခြေထောက်မပါဘဲနဲ့ က,တာတွေ တွေ့လို့မယ်တဲ့၊ ဘုန်းကြီးက ဆရာဝန်ကြီးပြောတုန်းက မဖြစ်နိုင်ပါဘူးလို့ ထင်တာပေါ့လေ၊ နောက် အနာကြီးရောဂါဆေးရုံကြီးရှေ့ကို ဘုန်းကြီးတို့ကားကြီးဝင်လာတယ်ဆိုရင်ပဲ အနာကြီးရောဂါစွဲကပ်နေတဲ့ လက်ပြတ်ခြေပြတ် ပုဂ္ဂိုလ်တွေက အိုးစည်ဗုံမောင်းတွေတီးပြီး က,ကြတာကိုး၊ ဆရာတော်ဘုရားကြီးကြွလာလို့ ကခုန်ပြီး ကြိုဆိုကြတာ၊ ရှေ့ကလည်း ခင်းထားတာဖြစ်တော့ ဘုန်းကြီးတို့လည်းပဲ ဆင်းပြီးတော့ လိုက်ရတာပေါ့၊ အဲဒီမှာ ဘုန်းကြီးက ခြေထောက်ကို မနင်းရဲဘူး၊ ကြောက်တာ၊ နောက်ဓမ္မာရုံထဲရောက်သွားတဲ့ အခါကျတော့ ဆရာတော်ဘုရားကြီးကို ပလ္လင်ပေါ်ပင့်၊ ဘုန်းကြီးမှာ အဲဒီတန်းခုံတွေပေါ်လည်း မထိုင်ရဲ၊ ဓမ္မာရုံထဲလည်းမဝင်ရဲဖြစ်နေတော့ ဆရာဝန်ကြီးက ဦးပဉ္စင်းထိုင်ပါ၊ ဘာမှမဖြစ်ပါဘူးတဲ့၊ ဒါတွေက အသန့်တွေပါတဲ့၊ ဘာမှမဖြစ်ပါဘူး၊ ဟိုမှာကြည့်တဲ့၊ တပည့်တော်ဇနီးနဲ့ သမီးနှစ်ယောက်တဲ့၊ ရောဂါသည်တွေနဲ့ အကုန်လုံးလက်ချင်းထိပြီး ထိုင်နေကြတာ၊ ဘာမှမဖြစ်ပါဘူး၊ မကူးနိုင်ပါဘူးတဲ့၊ အဲဒီတော့မှ ဘုန်းကြီးက နည်းနည်းလေးထိုင်ရဲတာ၊ အဲဒီကကပ်တဲ့ဖျော်ရည်လည်း မသောက်ရဲဘူး၊ ဘုန်းကြီးမှာတော့ စိတ်ထဲမှာ ကြောက်ရွံ့နေတာပေါ့။

ဆရာတော်ဘုရားကြီးမှာ တော့ မျက်နှာတော်ကို ကြည်လင်ပြုံးရွှင်ပြီးတော့ တရားတွေ ဟောလိုက်တာ၊ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်ပါဘုရားလို့ ခွင့်တောင်း လျှောက်တဲ့ဟာ တစ်နာရီခွဲကြာတယ်၊ ဆရာတော်ဘုရားကြီးက အဲဒီမှာ တရားတွေဟောပေးပြီး သူတို့မှာ အင်မတန်သနားစရာကောင်းတယ်တဲ့၊ ဒီတရားတွေ အားထုတ်တတ်သွားရင် သူတို့အတွက် ဘဝမှာ ကုသိုလ်အထူးတွေရကြလိမ့်မယ်ဆိုပြီး ဆရာတော်ဘုရားကြီးက အဲဒီမှာ တရားထိုင်ပြီးတော့ တရားထိုင်ပုံ တွေလည်းဟောပေးတယ်၊ ရှုမှတ်ပုံတွေ ဟောပေးပြီး တရားအားထုတ်ခိုင်းတယ်၊ တရားတွေအားထုတ်ခိုင်းပြီးတော့မှ တရားသိမ်း၊ တရားသိမ်းပြီးတော့ သူတို့လှူဒါန်းထားတဲ့ ဝတ္ထုပစ္စည်းတွေလည်း အဲဒီမှာပဲ စွန့်ထားခဲ့တယ်၊ နောက် ဟိုရိပ်သာဖွင့်ပွဲက လှူလိုက်တာတွေလည်း အဲဒီကိုပဲ ပို့ခိုင်းလိုက်တယ်၊ နောက်ရက်တွေမှာလည်း ဆရာတော်ဘုရားကြီးက ရိပ်သာမှ နေပြီးတော့ ဘာပစ္စည်းတွေလည်း မသိဘူး ပို့ခိုင်းလိုက်သေးတယ်၊ ဆရာတော်ဘုရားကြီးက အဲဒီလိုချီးမြှောက်ပါတယ်၊ နောက် ဝမ်းသာစရာကြားရတာကတော့ အဲဒီဆေးရုံမှာ ဆရာတော်ဘုရားကြီးဟောတဲ့ တရားတွေကို နာကြားရပြီး အဲဒီဓမ္မာရုံမှာ အမြဲတမ်း တရားထိုင်ကြတယ်လို့ ကြားရပါတယ်။

●●●



❁ လောကတွင်းမှာ၊ အရာရာ၊
ရပ်တာ ဘာမှမရှိကြ။
❁ စိတ်မပါလဲ၊ မရပ်ဘဲ၊ အမြဲရေတွက်ရ။
စွမ်းအားမပါ၊ ရေစရာ၊
လွန်စွာကြောက်လန့်ရန်။
❁ စွမ်းအားပြည့်ကာ၊ ရေစရာ၊
ကောင်းစွာ အားရှိလှ။
❁ စိတ်ကိုသန့်ကာ၊ ကောင်းစွာလုံစေ၊
အားတက်စေ၍၊ အရေအတွက်၊
အားဖြည့်စွက်၊ ဟာကွက်ပြည့်နိုင်ကြ။
❁ သတိမပါ၊ အသိကွာ၊ ရှိတာမသိရ။
❁ သတိတွဲကာ၊ အသိပါ၊ ရှိတာအပြည့်ရ။
❁ သတိတစ်လုံး၊ အစဉ်သုံး၊ ရွှင်ပြုံးအေးချမ်းရ။
❁ တိမ်တိုက်ပမာ၊ သံသရာ၊
တွေ့လာတစ်ခဏ။
❁ လေကြောင့်ကွဲကာ၊ ပျက်ရရှာ။
လျင်စွာပျောက်သွားကြ။
❁ သူနှုတ်သွားလျှင်၊ အသိဝင်၊
စွမ်းအင်ဆက်ပေးမှ။
❁ အပူနှုတ်ကာ၊ အေးတာကိုဆက်၊
ရှေ့ကိုတက်၊ နှုတ်ဆက်သူတွေ စိတ်အေးရ။
❁ လူ၏စွမ်းအား၊ မြတ်တရား၊
စိတ်ထားကောင်းမှ ရနိုင်ကြ။

၁၃၂၂-ခုနှစ်၊ တပို့တွဲလ ကန်တော်ရစာပြန်ပွဲ၌ တရားတိပ်ခွေဖွင့်ပြသဖြင့် ကြားနာရခြင်းဖြစ်ပါသည်။ စူဠကမ္မဝိဘင်္ဂသုတ် အမေးအဖြေကို စတင်၍ နာကြားရသည်ဖြစ်ရာ မဟာစည်ဆရာတော်ဘုရားကြီး၏ အမေးသဲ့နှင့် တိပိဋကဓရ မမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး၏ အဖြေသံတို့သည် နာကြားရသူ မိမိ၏ စိတ်ကို အထူးဆွဲဆောင်နိုင်စွမ်းရှိသည်။ ကြားနာ၍ မဝနိုင်လောက်အောင် "အား" အပြည့်ပါသည်။ သဒ္ဓါပီတိသောမနဿကို တစ်ဖွားဖွား ဖြစ်ပေါ်တိုးပွားစေပါသည်။

ဆဋ္ဌသင်္ဂီယနာ အမေးအဖြေဆရာတော်နှစ်ပါးတို့၏ အသံကို ကြားရတိုင်း မိမိစိတ်သည် ဆဋ္ဌသင်္ဂီယနာတင်ရာ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်းသို့ စိတ်ကူးဖြင့် ရောက်သွားမိသည်။ "ငါ့နားနှင့်ငါ့စိတ် မင်္ဂလာရှိလှပေစွ" ဟု ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်ခဲ့ရသည်။ ကျောင်းပိဋကတ်တိုက်မှ ဆဋ္ဌသင်္ဂီယနာဆိုင်ရာ စာအုပ်များ၊ မဟာစည်ဆရာတော်၏ ထေရုပ္ပတ္တိစာအုပ်များကို ထုတ်ယူဖတ်ရှုလေ့လာခွင့်ရသောအခါ ပိုမို၍ ကြည်ညိုလေးစားခွင့်ရခဲ့ပြန်သည်။

ထို့နောက် မကြာမီ မဟာစည်ဆရာတော်

အား:
တိပိဋကယောဆရာတော်

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏ နှုတ်မြွက်သံကို ဆဋ္ဌသင်္ဂီယနာ အမေးအဖြေ တရားတိပ်ခွေမှ မိမိသာမဏေဘဝကပင် ကြားနာခဲ့ရဖူးပါသည်။ ၏ ဝိပဿနာရှုနည်းစာအုပ်ကို ဖတ်ရှုလေ့လာခွင့်ရပြန်သည်။ ဆရာတော်၏ စွမ်းရည်ကို သိရှိယုံကြည်ပြီးဖြစ်သဖြင့် စိတ်ဝင်စားစွာ ဖတ်ရှုမိသည်။ ဆရာတော်၏ ဓာတ်ကောင်းများ



အထိုက်အလျောက် ကူးယူခွင့်ရခဲ့သည်။ ထိုစဉ်က မိမိတွင် ပရိယတ္တိအခြေခံ အားနည်းခဲ့သေးသော်လည်း မြန်မာလို ရှင်းပြသော ဆရာတော်၏ စာကို ဖတ်ရှုရသဖြင့် ဝိပဿနာအခြေခံသဘောကို အသင့်အတင့် နားလည်ခဲ့ပါသည်။ ဤကား သာမဏေဘဝက ဓမ္မဂုဏ်ကို အာရုံပြု၍ မဟာစည်ဆရာတော်ကို အဝေးမှမှန်း၍ ကြည်ညိုခဲ့ရခြင်း ပေတည်း။

မိမိရန်ကုန်သို့ ရောက်လာသောအခါမှသာ မဟာစည်ဆရာတော်ကို အနီးကပ်ဖူးမြင်ခွင့်ရသည်။ မိမိတို့ တိပိဋကစာမေးပွဲ ဖြေဆိုခဲ့စဉ်က တိပိဋကရွေးချယ်ပွဲကို မဟာစည်ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံ၌ ကျင်းပသဖြင့် မဟာစည်၏ ကျေးဇူးပြုမှုကို ပိုမိုခံယူရသည်။ မဟာစည်ရိပ်သာသည် မိမိတို့၏ တိပိဋကအောင်မြေ ဖြစ်ခဲ့ရသည်။ အထူးအားဖြင့် မိမိတို့၏ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော် (ဘဒ္ဒန္တဝါသဝါဘိဝံသ) ပျံလွန်တော်မူစဉ်က မဟာစည်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ကြွရောက်၍ စွာပနပွဲတွင် တရားဟောကြား ချီးမြှင့်ပေးတော်မူခဲ့ပါသည်။

လောကဌ် မည်သည့်အရာမျှ ရပ်မနေကြဘဲ တစ်လှုပ်လှုပ်ပြောင်းလဲ နေကြသည်။ နေလများကလည်း မရပ်၊ အချိန်နာရီကလည်းမရပ်။ ခန္ဓာကလည်းမရပ်၊ ပြုပြင်ကျွေးမွေးနေရမှုကလည်း မရပ်၊ ပြုပြင်ကျွေးမွေးဖို့ ရှာဖွေစုဆောင်းနေရသည့် အလုပ်ကလည်း ရပ်ထား၍ မဖြစ်၊ သက်မဲ့သက်ရှိ မည်သည့်အရာမျှ ရပ်မနေကြသဖြင့် အရေအတွက်ဟု အမြဲရှိနေမည်ဖြစ်သည်။ စိတ်ပါသည်ဖြစ်စေ၊ စိတ်မပါသည်ဖြစ်စေ၊ နေ့တိုင်းအမြဲရေတွက်နေရမည်သာတည်း။ မရပ်ဘဲ လှုပ်ရှားနေရသလောက် အရေအတွက်ကလည်း အမြဲတိုးနေမည်သာ ဖြစ်သည်။

ဆုတ်ကပ်ကာလ လူ့ဘဝတစ်သက်သည် ဂဏန်းပေါင်းစက်ဖြင့် တွက်ရလောက်အောင် မများလှ၊ ဆယ်ဂဏန်းမျှသာ ရှိသော်လည်း အမျိုးစုံလှသည့် လူ့အရေအတွက်များကား ဂဏန်းပေါင်းစက်ဖြင့် လိုက်တွက်၍ မမီနိုင်လောက်အောင် များပြားလှသည်။ များပြားလှသည့် လူအရေအတွက်များကို တရားစွမ်းအားပုံစံဖြင့် အကန့်လိုက် သိမှီးသိမ်းဆည်းပေးနိုင်ရန် သတိဉာဏ်ဟူသော အချိန်ထိန်း, အာရုံထိန်း, စိတ်ထိန်းကိရိယာကို အထူးလိုအပ်ပေသည်။

နေ့စဉ် မလွဲမသွေ ရေတွက်နေရသော လူ့အရေအတွက်သည် အရည်အသွေးစွမ်းအားပါ, မပါအားဖြင့် ၂-မျိုးရှိသည်။ သဒ္ဓါသတိ၊ အသိမပါသူများ၏ ကြိုးစားလှုပ်ရှားမှုအားလုံး အရည်အသွေးမပါသော အရေအတွက်ချည်းသာ ဖြစ်သည်။ "အား" မပါသော လှုပ်ရှားခြင်းများလည်း ဖြစ်သည်။ အရည်အသွေးမပါသော အရေအတွက်သည် ကိုယ့်ကိုပြန်ခြိမ်းခြောက်တတ်သဖြင့် ရှိသလောက် တိုးလာသလောက် ကြောက်ရသည်။

သဒ္ဓါဖြင့် သန့်၍ သတိဖြင့် သိမှီးသိမ်းဆည်းထားသော စိတ်သန့်စိတ်လုံကို ဝိရိယနှင့်တွဲပြီး သုံးနိုင်သူအတွက် အရည်အသွေးပါသော အရေအတွက်ချည်း ဖြစ်နေသည်။ ဘဝအနှစ်ချည်းသာ တိုးနေမည်ဖြစ်သည်။ ကောင်းမှုပြုခြင်းဟူသည် အခွံချည်း ရေတွက်မနေဘဲ အရေအတွက်ထဲ၌ အရည်အသွေး ထည့်သွင်းပေးရသည့် အလုပ်ဖြစ်သည်။ ကုန်ဆုံးယုတ်လျော့သွားသည့် အရေအတွက်ထဲ၌ ဟာကွက်ပြည့်အောင် တရားဖြင့် "အား" ဖြည့်စွက်ပေးရသည်။ ကုန်သွားသည့် နေရာ၌ "အား" ဖြည့်စွက်ပေးနိုင်သော အရာကား တရားမှတစ်ပါး မည်သည့်အရာမျှ မရှိချေ။ အရည်အသွေးပါသော အရေအတွက်



သည် တိုးလာသလောက် "အား" ကို ပြည့်စေသည်။

ဗုဒ္ဓသာသနာလမ်းစဉ် လက်တွေ့အကျင့် လုပ်ငန်းပိုင်း၌ သတိသည် လိုရင်းအချုပ်ပမာန ဖြစ်သည်။ သတိသည် "စွမ်းအား" အကုန်လုံး ကို ထိန်းချုပ်ဖော်ထုတ်ပေးနိုင်သည့် အားအ ကောင်းဆုံး တရားဖြစ်သည်။ သာသနာ့ကျင့်စဉ် အားလုံး ခြုံမိငုံမိအောင် ချုပ်ကိုင်ပေးနိုင်သော ပင်မ "အင်အား"လည်း ဖြစ်သည်။ စိတ်အစဉ်၌ သတိမပါလျှင် အမှန်အတိုင်း ကြည့်ရှုသုံးသပ် ဆုံးဖြတ်နိုင်သည့် အသိတရား မတိကျမပြည့်ဝ နိုင်ပေ။ သတိမပါလျှင် အသိသေနေတတ်သဖြင့် လှုပ်နေသော်လည်း လုပ်ကိုင်ဆောင်ရွက်နေ သော်လည်း တကယ်အားကိုးရမည့် "အား" မပါ ဝင်နိုင်ချေ။ သတိအသက်သွင်းပေးမှ အကြည့် ရှင်းပြီး အသိတရား တိကျပြည့်ဝနိုင်သည်။ အမှန်အားကိုးရမည့် စွမ်းရည် "အား" လည်း အပြည့်အဝ ရနိုင်မည်ဖြစ်သည်။ သတိသည် အသိ၏ အသက်ဖြစ်သဖြင့် သတိအထိန်းပါ သည့် အားထုတ်မှုကသာ အလေအလွင့်မရှိ တိ ကျသည့် စိတ်စွမ်းအားတန်ခိုးကို တိုးတက်စေ နိုင်သည်။

ဘဝသံသရာခရီးသည်ဖြစ်သော မိမိတို့ သည် ကောင်းကင်ပြင်က တိမ်တိုက်ပမာ တစ်ခ ဏသာ အချင်ချင်းတွေ့ဆုံခွင့်ရကြသည်။ ကောင်း ကင်က တိမ်များသည် ကိုယ့်သဘောဖြင့် ရပ် တည်သွားလာလှုပ်ရှားခွင့်မရှိဘဲ လေ၏တွန်း အားဖြင့်သာ ရွေ့လျားနေကြရသည်။ တိမ်သည် (၁)လေကြောင့် တစ်စုနှင့်တစ်စု ပေါင်းမိသည်။ (၂) လေကခွဲပစ်လိုက်ပြန်သဖြင့် မကြာမီ လေ ကြောင့်ပင် တစ်စုနှင့်တစ်စု ကွဲသွားကြပြန် သည်။ လေအဟုန်ဖြင့် ရွေ့လျားနေစဉ် တစ်ခါ တစ်ရံ တစ်ချို့တိမ်များ ဆင်ရုပ်၊ မြင်းရုပ် လူရုပ် စသည့် ပုံသဏ္ဌာန်များ ပေါ်လာတတ်သည်။ သို့သော် မကြာလိုက်ပါ။ တစ်ခဏသာ ဖြစ် သည်။ (၃) တစ်ချို့တိမ်များ လေအကူဖြင့် အရည်ပျော်ကျ ကာ မိုးရည်အဖြစ် ပြိုကျ ကြသည်။

ဘဝသံသရာ ခရီးသည်သည် (၁) ကံဟူ သော လေကြောင့် သားအမိသားအဖ ညီအစ်ကို မောင်နှမ ဆရာတပည့် သီတင်းသုံးဖော် စသည် ဖြင့် တစ်ခဏ ပေါင်းဆုံမိကြသည်။ (၂) ကံဟူ သော လေကခွဲပစ်လိုက်ပြန်သဖြင့် မကြာမီ ကံ လေကြောင့်ပင် အချင်းချင်း ရှင်ကွဲ၊ သေကွဲ၊ ကွဲကြရပြန်သည်။ ဤအရာ၌ အတိတ်ကံပစ္စုပ္ပန် ကံ ၂-မျိုးလုံးပင် လေဟုန်အရာ၌ တည်ကြ သည်။ ကံ ၂-မျိုး လေအဟုန်ဖြင့် သွားလာ လှုပ် ရှားနေကြစဉ် အဆင့်မျိုးစုံ၊ ပုံစံမျိုးစုံ ပေါ်လာ ကြသော်လည်း မကြာလိုက်ပါ။ တစ်ခဏသာ ဖြစ်သည်။ (၃) အချို့ပုဂ္ဂိုလ်များ၏ သက်မဲ့သက် ရှိ အရာများသည် ကံ ၂-မျိုးဟူသော လေက ဖြိုချလိုက်သဖြင့် ပျောက်ကွယ်ပြိုကျ ပျက်စီး သွားကြရသည်။ ဘဝသံသရာခရီးသည်များသည် ကိုယ့်သဘောဖြင့် ရပ်တည်ကန့်သတ်ခွင့်မရှိဘဲ ကံစီမံသလို ရပ်တည်လှုပ်ရှားနေကြရသည်။

မိမိ၌ရှိနေသော အရှိအားလုံးသည် ကိုယ်ရှိ စေချင်သလောက် ရှိနေကြမည်မဟုတ်ဘဲ သူရှိ နိုင်သလောက်သာရှိပြီး ကန့်သတ်ချိန်စေ့လျှင် ကိုယ့်ကိုကျောပေး၍ ခွဲခွာသွားကြမည်သာ ဖြစ် သည်။ မည်သည့်အရာကိုမျှ မိမိက အပိုင်ဆုပ် ကိုင်ထားခွင့် မရှိချေ။ မိမိ၏အရှိများ ခွဲခွာသွား တိုင်း ကုန်ဆုံးသွားတိုင်း မိမိက အေးမြစွာ နှုတ် ဆက်တတ်ဖို့ အထူးလိုအပ်မည် ဖြစ်သည်။ "နှုတ် ဆက်"ဟူသည် နှုတ်၍ ဆက်ခြင်းကို ဆိုလိုသည်။ သတိဝိရိယသမာဓိဖြင့် အပူကိုနှုတ်၍ ဉာဏ် ဖြင့် ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ အအေးကို ဆက်ပေးရမည်။ သတိဉာဏ်ဖြင့် မကောင်းမှု အရှုပ်အရှင်း အညစ်များကိုနှုတ်၍ သတိဉာဏ် ဖြင့်ပင် သန့်ရှင်းစင်ကြယ်သော ကောင်းမှုစွမ်း



အား မြတ်တရားကို ဆက်ပေးတတ်ရမည်။ နှုတ်ဆက်တတ်မှလည်း စိတ်အေးရမည်ဖြစ်သည်။ ကုန်ဆုံးသွားခြင်းသည် "အား" သာ ကျန်နေခဲ့ရမည်။ သတိဉာဏ်သည် အကုန်ကို အရဖုံး၍ ပြုံးစရာ "အား" ကို ဖော်ထုတ်ပေးသည်။

(၁) စွမ်းအားရှင်ပုဂ္ဂိုလ်သည် ပစ္စုပ္ပန်ဘဝ၌ တွေ့သမျှအာရုံနှင့် အဆင်ပြေအောင် တည်ငြိမ်ရင့်ကျက်အေးချမ်းစွာ နေတတ်ရမည်ဖြစ်ရာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် သတိဉာဏ်ကို အစဉ်လက်ကိုင်ပြု၍ "အား" ဖြစ်ပေါ်တိုးပွားအောင် နှစ်ပေါင်းများစွာ ကြိုးစားအားထုတ်တော်မူခဲ့သဖြင့် တည်ငြိမ်ရင့်ကျက်အေးချမ်းစွာ နေတော်မူနိုင်စွမ်းရှိသည်။ လောကကို အနိုင်ယူနိုင်သော သတိပဋ္ဌာန် ဝိပဿနာတရားကို စံပြအဖြစ် ကျင့်သုံးပြတော်မူခဲ့သည်။ "အား" ပါအောင် "အား"ကို တကယ် ထုတ်ယူစုဆောင်းတော်မူနိုင်ခဲ့သည်။

(၂) စွမ်းအားရှင်ပုဂ္ဂိုလ်သည် မိမိ၏ ကိုယ်အား၊ ဉာဏ်အား၊ ပစ္စည်းအားဖြင့် လောကသာသနာ စွမ်းနိုင်ရာဖက်မှာ သဒ္ဓါ၊ မေတ္တာ၊ ပညာကို ရှေ့ သွားပြု၍ လှုပတင့်တယ် ထည်ဝါခံ့ညားကျက်သရေရှိအောင် အလှတန်ဆာ ဆင်ပေးနိုင်ရမည်ဖြစ်ရာ ကောင်းကျိုးပြု ဘဝမှတ်တိုင် စိုက်ထူ၍ နာမည်ကောင်း ကျန်နေခဲ့ရမည်ဖြစ်ရာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် အပူပေါလှသည့် ဤလောကအတွင်း၌ အပူငြိမ်းကြောင်း အေးချမ်းကြောင်း သတိပဋ္ဌာန်ဝိပဿနာတရားကောင်းကို "အား"ပါအောင် လမ်းညွှန်ပေးတော်မူခဲ့သည်။ ပြည်တွင်းပြည်ပ၌သာမက ပြည်ပ၌ပါ ကျယ်ပြန့်အောင် ဖြန့်ပေးတော်မူနိုင်ခဲ့သည်။ ကောင်းကျိုးပြု "မဟာစည်" မှတ်တိုင်ကို စိုက်ထူနိုင်ခဲ့သည်။ "ဆဋ္ဌသင်္ဂီတိပုစ္ဆက" မှ မှတ်တမ်းဝင်အဖြစ်လည်း ဥဒါန်းတွင် ရစ်ခဲ့သည်။ အကောင်းဆုံး အပူငြိမ်းဆေးကို လက်တွေ့ကျကျ ပေးဝေတော်မူခဲ့သည်။

(၃) စွမ်းအားရှင်ပုဂ္ဂိုလ်သည် ဘဝကူး စိတ်အေးရအောင် သံသရာနောင်ရေးအတွက်ပါ စိတ်ချရအောင် ဘဝလွတ်မြောက်ရေးအထိ သေချာအောင် ကြိုတင်ပြင်ဆင်ရမည်ဖြစ်ရာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် အကောင်းဆုံး ကျင့်စဉ်ဖြစ်သော သတိပဋ္ဌာန်ဝိပဿနာတရားကို "အား"ပါအောင် တကယ်ကျင့်သုံးပြနိုင်ခဲ့သဖြင့် နောင်ရေး စိတ်အေးဖို့ သေချာပြီးသား ဖြစ်သည်။ ဘဝတစ်ခုခု (က) အပျော်ဝေစု၊ (ခ) အပူဝေစု၊ (ဂ) အငေးဝေစုဟု ၃-မျိုးရှိရာ အပျော်ဝေစုတွင်လည်း အစစ်အတု ၂-မျိုးရှိပြန်ရာ သတိဉာဏ်ဦးဆောင်၍ အပျော်အစစ်ဖြစ်သော သတိပဋ္ဌာန်ဝိပဿနာဘာဝနာ၌ မွေ့လျော်တော်မူသော ဆရာတော်ဘုရားကြီးအတွက် ဘဝလွတ်မြောက်ရေးအထိ သေချာပြီးသားဖြစ်သည်။

အလုပ်သည် (၁)လုပ်ထိုက်ရမည်။ (၂) လုပ်တတ်ရမည်၊ (၃) လုပ်နိုင်ရမည်၊ (၄) လုပ်ချင်ရမည်၊ (၅) လုပ်ဖြစ်ရမည်၊ အလုပ်ဖြစ်လျှင် "အား"ပါလာပြီ ဖြစ်သည်။ အလုပ်ဖြစ်အောင် သတိက စွမ်းဆောင်ပေးသည်။ လက်တွေ့အလုပ်ဖြင့် "အား" ဖြည့်တော်မူခဲ့၍ အများအတွက် "အား" ဖြန့်ဝေလမ်းညွှန် ပေးတော်မူခဲ့သည့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သက်တော် "နှစ် ၁၀၀" ကို (ဓမ္မအားဖြင့် ရှိနေသော အနန္တဂုဏ်ကို) ဤ "အား" ဟူသော ဆောင်းပါးဖြင့် မြတ်မြတ်နိုးနိုး ဦးနှိမ်ချီး၍ လေးမြတ်ကော်ရော် ပူဇော်အပ်ပါသတည်း။ ။

တိပိဋကယောဆရာတော်
(မဟာဝိသုဒ္ဓါရုံ၊ဗဟန်း၊ရန်ကုန်)





ဆဋ္ဌသင်္ဂါယနာနှင့် မဟာစည်ဆရာတော်

စာတည်းအဖွဲ့ (ပြန်လည်ဆန်းသစ်ခြင်း)

(ကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ဘုရားကြီး၏ ရာပြည့်ပူဇော်သဘင် ဆင်ယင်ရာ၌ ကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ဘုရားကြီး သာသနာတော်အတွက် အပင်ပန်းခံကြိုးစား ဆောင်ရွက်တော်မူခဲ့သော ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးသည်လည်း မပါမပြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ကို ဗုဒ္ဓဓွယ်ဝင်သူတော်စင်များ သိရှိပြီးဖြစ်ပါသည်။ သို့ရာတွင် အညီ ကျွန်တော်တို့ စာတည်းအဖွဲ့အနေဖြင့် မဟာစည် ပဋိပတ္တိသာသနာဝင်ကျမ်းမှ ကောက်နှုတ် ဖော်ပြအပ်ပါကြောင်း ဝန်ခံအပ်ပါသည်။)

မြန်မာနိုင်ငံလွတ်လပ်ရေးရခါနီး အချိန်လောက်ကစ၍ပင် ဆဋ္ဌသင်္ဂါယနာ ဆိုသောစကားလုံးမှာ ခေတ်စားခဲ့သည်။ လွတ်လပ်ပြီးစ မြန်မာနိုင်ငံ၏ အစိုးရတို့သည်လည်း ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကိုအတတ်နိုင်ဆုံး ချီးမြှောက်သည့်အနေဖြင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ကျင်းပရန် ဆုံးဖြတ်ချက်ချခဲ့သည်။

ဆက် အကျိုးများလာမည်ဟု ရည်ရွယ်ချက်ဖြင့် သင်္ဂါယနာတင်ရန် စိုင်းပြင်းကြခြင်း ဖြစ်ဟန်ရှိပါသည်။

သင်္ဂါယနာတင်လုပ်ငန်းမှာ တိတိကျကျဆိုရလျှင် သံဃာတော်များ၏ လုပ်ငန်းသာဖြစ်၏။ သို့သော် ဤမှ ကြီးကျယ်သောလုပ်ငန်းကြီးကို သံဃာတော်များ ဆောင်ရွက်နိုင်ရန်မှာ လူဒါယကာတို့၏ ပစ္စယာနုဂ္ဂဟ ရမှသာ ဖြစ်နိုင်မည်။ ထို့ပြင် ဆဋ္ဌသင်္ဂါယနာကို မြန်မာနိုင်ငံ၏ သင်္ဂါယနာသာမက မြန်မာ, သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယား, လာအို ဟူသော ထေရဝါဒငါးနိုင်ငံ၏ သင်္ဂါယနာဖြစ်စေရန် ရည်သန်ထားသည်ဖြစ်ရာ လုပ်ငန်းမှာ သာ၍ပင် ကျယ်ပြန့်လေတော့သည်။ ထိုတွင် နိုင်ငံတော်အစိုးရတို့က လူဒါယကာများဖက်မှ ဆောင်ရွက်ရမည့် ကိစ္စဟူသမျှကို တာဝန်ယူကြသည်။ ထိုသို့ဆဋ္ဌသင်္ဂါယနာတင်ခြင်းဖြင့် သာသနာတော်ကြီးလည်း တိုးတက်စည်ပင်လာမည်။ ဘုရားဟော ပါဠိတော်စသော ကျမ်းစာများလည်း မူကောင်းမူမှန်ဖြစ်၍ နောင်အဆက်



ယူရာတွင် အစိုးရတို့က မိမိတို့ချည်း အခွင့်အရေးမယူဘဲ တိုင်းသူ ပြည် သားများကိုပါ သင်္ဂီယနာ ဒါယကာ ဖြစ်နိုင်ရန် အခွင့်အရေးများကို ပေး၍ ဆောင်ရွက်မည် ဖြစ်သဖြင့် ဆဋ္ဌသင်္ဂီယနာမှာ အစိုးရ၏ သင်္ဂီ ယနာမဟုတ်ဘဲ တိုင်းသူပြည်သား တို့၏ သင်္ဂီယနာ၊ ဝါ- လူထု သင်္ဂီ ယနာဖြစ်စေရန် ရာထားကြသည်။ ထို့ကြောင့် သင်္ဂီယနာတင်ရန် ဆုံး ဖြတ်ပြီးလျှင်ပင် သင်္ဂီယနာတင်ရာ လိုက်ဂူတော် တည်ဆောက်ရေး စသောလုပ်ငန်းကြီးများကို လူထုနှင့် လက်တွဲ၍ အားကြိုးမာန် တက် ဆောင်ရွက်လေတော့သည်။ ထိုသို့ ဆောင်ရွက်ခဲ့သဖြင့် ၁၃၁၆ ခုနှစ်၊ ကဆုန်လပြည့်နေ့မှစ၍ ဆဋ္ဌသင်္ဂီ ယနာတင်ပွဲတော်ကြီးကို ခြိမ့်ခြိမ့် သဲသဲ ဆင်နွှဲနိုင်ခဲ့ကြခြင်း ဖြစ်လေ သည်။

သင်္ဂီယနာ လုပ်ငန်းကြီးကား အလွန်ကြီးကျယ်သော ကမ္ဘာနှင့်ချီ ၍ ဆောင်ရွက်ရသော လုပ်ငန်းကြီး ဖြစ်၏။ ဤကဲ့သို့သော လုပ်ငန်းကြီး များတွင် လုပ်ငန်းဆုံးခန်းတိုင်ရောက် ပြီးမြောက်အောင် ရှေ့ဆောင်မည့် ပုဂ္ဂိုလ်ထူးတို့ကို လွန်စွာ လိုအပ်ပေ သည်။ ဆဋ္ဌသင်္ဂီယနာ၏ ဘုန်းကံ ကြောင့် သို့မဟုတ် သာသနာတော် ကြီး၏ တန်ခိုးတော်ကြောင့်ပင် ဖြစ် ဟန်တူ၏၊ သင်္ဂီယနာ၌ အထူးလို အပ်သော ပုဂ္ဂိုလ်ထူး ၃ -ဦး ပေါ် ထွက်ခဲ့လေသည်။ ထို ၃-ဦးတို့ကား (၁) မဟာစည်ဆရာတော် ဦးသော ဘန၊ (၂)ဝိဇ္ဇာလင်္ကာ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ၊ (၃) တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တာသာ ရာဘိဝံသတို့ဖြစ်ကြလေသည်။



သင်္ဂီယနာဝန်ဆောင်ဆရာတော်

သင်္ဂီယနာ၌အရေးကြီးသော လုပ်ငန်းကြီး ၂ -ခုရှိ၏။ ထို ၂-ခု ကား သင်္ဂီယနာတင် အခမ်းအနား ဆောင်ရွက်ရေးနှင့် ထိုလုပ်ငန်း၏ အခြေခံဖြစ်သည့် ပိဋကတ်တော်များ ကို သုံသင်ရိုက်နှိပ်ရေးတို့ ဖြစ်၏။ ထိုလုပ်ငန်း ၂-မျိုးလုံးမှာပင် အဆိုပါ ဆရာတော် ၃-ပါး ပါဝင်ဆောင်ရွက် တော်မူခဲ့ကြသည်။ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသသည် ထိုလုပ်ငန်း ကြီး ၂-ခုလုံးမှာပင် အစီအစဉ် ပြု လုပ်ညွှန်ကြားခြင်း၊ ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခြင်းတို့ဖြင့် ကြိုးပမ်းခဲ့ သည်။ ဆရာတော် အရှင်ဝိစိတ္တ သာရာဘိဝံသကား ပိဋကတ်တော် ပြင်ဆင်ရေးနှင့် အခမ်းအနား၌ ဝိသုဒ္ဓကဆရာတော်အဖြစ် ဆောင် ရွက်ရေးတို့ကို တာဝန်ယူခဲ့သည်။ မဟာစည် ဆရာတော်သည်မူကား ပိဋကတ်တော် ပြင်ဆင်ရိုက်နှိပ်ရေး နှင့် အခမ်းအနား၌ ပုစ္ဆက ဆရာ တော်အဖြစ် ဆောင်ရွက်ရေးတို့၌ အထူးအားထုတ် ဆောင်ရွက်တော် မူခဲ့လေသည်။ ဆဋ္ဌသင်္ဂီယနာ၏ အာဏာပိုင်အဖွဲ့ဟု ဆိုထိုက်သော ဆဋ္ဌသင်္ဂီယနာဝန်ဆောင်သံဃာ့ အဖွဲ့တွင်လည်း မဟာစည်ဆရာ တော်နှင့် ဦးဝိသုဒ္ဓါဘိဝံသတို့မှာ အဖွဲ့ဝင်များ ဖြစ်ကြရလေသည်။

သြသာန ဆရာတော်

သင်္ဂီယနာဆိုသည်မှာမူကောင်း မူမှန်ဖြစ်သော ပိဋကတ်တော်များ ကို ရဟန်းတော်များ စုပေါင်းရွတ်ဆို



ပထမသင်္ဂါယနာတင်ဝဉ်က အရှင်မဟာကဿပ မေးဝိဝင်သူအဖြစ် ဆောင်ရွက်၍ အရှင်ဥပါလိ။ အရှင်အာနန္ဒာတို့ ပြေဆိုသူများအဖြစ် ဆောင်ရွက်တော်မူကြသည်၊

ခြင်း ဖြစ်၏။ မူကောင်း မူမှန် ပိဋကတ်တော်မရှိလျှင် သင်္ဂါယနာပင် မရှိနိုင်ပေ။ ထို့ကြောင့်သင်္ဂါယနာလုပ်ငန်း၌ အရေးကြီးသောပိဋကတ်တော်သုံခသင်ပြင်ဆင်ရေးကိုရှေးဦးစွာ ဆောင်ရွက်တော်မူကြသည်။

ပိဋကတ်တော်ကို ပြင်ဆင်ရာတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်သို့ ပိဋကတ်များပို့ကာ ထိုဆိုင်ရာနယ်၌ သီတင်းသုံးတော်မူကြသော ကျမ်းဂန်တတ် မထေရ်တို့ကို စွမ်းအားရှိသလောက် မူအမျိုးမျိုးနှင့် တိုက်ဆိုင်၍ ပြင်ဆင်စေသည်။ ထိုပထမပြင်ဆင်သော ဆရာတော်များကို မူလဝိသောဓက ဆရာတော်များဟု ခေါ်သည်။ ထို့နောက် ထို ဆရာတော်များ ပြင်ပြီးမူကို တဖန် ဝိသောဓက အဖွဲ့ဖွဲ့၍ ရန်ကုန်၌ (ပထမ သာသနာ့ရိပ်သာ၊ နောက် ကမ္ဘာအေး၌) ထပ်မံပြင်ဆင်စေပြန်သည်။ အမှားကင်းသည်ထက် ကင်းစေရန် ကောင်းသည်ထက် ကောင်းစေရန် ဖြစ်၏။ ထိုဆရာတော်တို့ကို ပဋိဝိသောဓက ဆရာတော်များဟု ခေါ်သည်။ ထိုပဋိဝိသောဓက ဆရာတော်များပြင်ပြီး မူကိုမှ နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့ ပုံနှိပ်တိုက်သို့ ပို့ရသည်။ ပုံနှိပ်တိုက်၌ တတ်ကျွမ်းသော စာပြင်ဆရာကြီးများ ကြီးကြပ်၍ ပုံနှိပ်မူကြမ်း (ပရူ) အဖြစ်သို့ ရောက်စေသည်။ ထိုမူကြမ်းကို အထပ်ထပ်စစ်ဆေး၍ နောက်ဆုံးမူကြမ်းကို ဆရာတော်ငါးပါးပါဝင်သော အဖွဲ့သို့ ပို့ရသည်။ ထိုအဖွဲ့က ပြင်ဆင်စရာ ရှိသည်တို့ကို ပြင်ဆင်၍ အတည်ပြုပြီးနောက် စာမူချောအဖြစ်ရောက်အောင် ရိုက်နှိပ်စေရသည်။ နောက်ဆုံးပုံနှိပ်မူကြမ်းကို သုခ်သင်ပြင်ဆင်သော အဖွဲ့ကို သြသာနသောဓေယျ ပတ္တပါဠက အဖွဲ့ဟု ခေါ်လေသည်။ နောက်တွင် အတိုချုံး၍ သြသာနအဖွဲ့ဟု ခေါ်ကြလေသည်။

မဟာစည်ဆရာတော်သည် ဤသြသာနအဖွဲ့တွင် ပါဝင်ဆောင်ရွက်တော်မူခဲ့သည်။ အခြားအဖွဲ့ဝင်ဆရာတော်များမှာ ရန်ကုန်ဘုရားကြီးဆရာတော်, ဗားကရာဆရာတော်, သီဟိုဠ်အရှင်ဗုဒ္ဓဒတ္တ ဆရာတော်နှင့် ဝိဇ္ဇာလင်္ကာရဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသတို့ ဖြစ်လေသည်။ ဤအဖွဲ့ဝင်များမှာ အစပိုင်း၌ ဖြစ်သည်။ နောင်အခါအားလျော်စွာ အလယ် ၃-ပါး၌ အပြောင်းအလဲ ရှိသည်။

သြသာနအဖွဲ့၏ တာဝန်မှာကြီးလှသည်။ မူလဝိသောဓက ပဋိဝိသောဓကဆရာတော်တို့၏ တာဝန်မှာ ပုဒ်ပါဠ် ပြင်ဆင်ရန်သာ ဖြစ်သော်လည်း သြသာနဆရာတော်တို့၏ တာဝန်မှာမူ ပုဒ်ပါဠ်ကိုလည်း သုခ်သင်ရသည်။ အနေအထား အချဲ့၊ အစိတ်နှင့်တကွ ချောင်းပုဒ်၊ ကော်မာစသော သင်္ကေတများကိုလည်း မှန်,မမှန် စစ်ဆေးရသည်။ စာပိုဒ်များ၏ ခေါင်းစည်းများကိုလည်း ပါဠိလို ထည့်ပေးရသည်။



တိုတိုပြောရလျှင် စာတစ်အုပ်လုံး ကောင်းမွန်သန့်ရှင်း အပြစ်ကင်းရှင်းသည် သြဿာနအဖွဲ့၏ တာဝန်ပင်ဖြစ်တော့သည်။ ယခုအခါ၌ ဆဋ္ဌသင်္ဂီယနာမူကျမ်းစာများကို ဖတ်ရှုဖူးပြီးလျှင် အခြားရှေးရိုက်စာအုပ်များကို မဖတ်ချင်လောက်အောင်ပင် ဖြစ်ကြသည်။ ဆဋ္ဌမူကို ဖတ်ရသည်မှာ မျက်စိလည်းသက်သာ ဉာဏ်လည်းသက်သာလှသည်။ ဤသို့အဖက်ဖက်မှ ရှေးစာအုပ်များနှင့် မတူအောင် ဆဋ္ဌမူ ကျမ်းစာတို့တိုးတက်ကောင်းမွန်လာခြင်း၊ ကမ္ဘာ့အဆင့်အတန်းမီလာခြင်းအတွက် သြဿာနအဖွဲ့ဆရာတော်များနှင့် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက် စာပြင်ဆရာကြီးများကို စာဖတ်သူများက အထူးကျေးဇူးတင်ရမည်ဖြစ်ပါသည်။

မဟာစည်ဆရာတော်သည် ဤမျှ တာဝန်ရှိသောအဖွဲ့၌ ပါဝင်ဆောင်ရွက်တော်မူရသည်။ အစပိုင်းတွင် ဗုဒ္ဓသာသနာအဖွဲ့မှာ သာသနာ့ရိပ်သာမှာပင် တည်ရှိခဲ့ရကား သြဿာနဆရာတော်တို့ အဖွဲ့တည်ရာမှာ မဟာစည်ဆရာတော် သီတင်းသုံးတော်မူသည့် စံကျောင်းဖြစ်လေသည်။ ထိုစံကျောင်းတွင် အယ်ဒီတာ ဒါယကာတစ်ဦးနှင့်အတူ ဆရာတော်ငါးပါးတို့ စုဝေး၍ ဆဋ္ဌသင်္ဂီယနာ ပိဋကတ်တော်များကို အကောင်အထည် ဖော်ကြရလေသည်။ ပုဒ်ခက် ပါဠ်ခက် အဆုံးအဖြတ် ကြံ့လာလျှင် မဟာစည် ဆရာတော်၏ အယူအဆ အဆုံးအဖြတ်ကို အခြားဆရာတော်များက လေးစားနှစ်ခြိုက်တော်မူကြသည်သာ များလေသည်။ မဟာစည်ဆရာတော်သည် ဤသြဿာန လုပ်ငန်းကို အစမှ အဆုံးတိုင်အောင် ဆောင်ရွက်တော်မူခဲ့သည်။ နောင် သင်္ဂီယနာအစပြုခါနီး ဗုဒ္ဓသာသနာအဖွဲ့ ကမ္ဘာအေးသို့ ပြောင်းသောအခါ သြဿာနအဖွဲ့လည်း ပါသွားရသည်။ ထိုအခါ မဟာစည် ဆရာတော်လည်း ကမ္ဘာအေးသို့ နေ့စဉ်ကြွ၍ သြဿာနထိုင်ရသည်။ နောက်ပိုင်း အဋ္ဌကထာ ဋီကာစာမူများကို စိစစ်ရာတွင် မဟာစည်ဆရာတော်သည် ကမ္ဘာအေးသို့ ကြွ၍ အလုပ်ထိုင်ရန် အချိန်မရ ဖြစ်လာသည်။ ထိုအခါ ပုံနှိပ်တိုက်က အယ်ဒီတာတစ်ဦးက မဟာစည်ဆရာတော်ထံသို့ စာမူကြမ်းကို ပို့ထားရသည်။ မဟာစည်ဆရာတော်က မိမိကျောင်းမှာပင်နေရင်း အားလပ်သည့် အချိန်တွင် တစ်နေ့တစ်ဖောင်ပြီးအောင် စစ်ဆေးကြည့်ရှုထားသည်။ ထိုစာဖောင်ကို နောက်တစ်နေ့နံနက် ထိုအယ်ဒီတာက လာယူသွား၍ သြဿာနအဖွဲ့သို့ တင်ပြသည်။ သြဿာနအဖွဲ့က ပုဂ္ဂိုလ်တစ်ပါးက မဟာစည်ဆရာတော် ပြင်ပေးလိုက်သော ဖောင်ကိုကိုင်၍ ပြင်ချက်များကို သူ့နေရာရောက် သည့်အခါ၌ တင်ပြချက်တို့ကို သြဿာနအဖွဲ့ဝင်တို့က ဆွေးနွေး၍ ထိုက်သလို စာမူကို သုမ်သင်ကြသည်။ မဟာစည်ဆရာတော် အကြံပေး ပြင်ဆင်ချက်တို့ကို သြဿာနအဖွဲ့ဝင် ဆရာတော်များက လက်ခံသည်သာ များပါသည်။ (စာတစ်ဖောင်ဆိုသည်မှာ သင်္ဂီယနာကျမ်းစာအုပ်ကြီးအတွက် စာမျက်နှာ ၁၆ မျက်နှာရှိ အုပ်တွဲကလေးဖြစ်ပါသည်။)

ပါဠိတော် သင်္ဂီယနာတင်ပြီးနောက် အဋ္ဌကထာ ဋီကာတို့ကိုလည်း သင်္ဂီယနာတင်ပြန်ရာ ယင်းတို့ကိုလည်း ပြင်ဆင်ရိုက်နှိပ်ရပြန်သည်။ ထိုအဋ္ဌကထာ ဋီကာ သြဿာနအဖွဲ့တွင်လည်း မဟာစည်ဆရာတော် ပါဝင်ဆောင်ရွက်တော်မူခဲ့သည်သာ ဖြစ်ပါသည်။ ဤကိစ္စများအတွက် အစီအစဉ်ပြုလုပ်သော ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသသည် မဟာစည်ဆရာတော်၏ ပညာအရည်အချင်းကိုလည်းကောင်း၊ စိတ်နေသဘောထားကိုလည်းကောင်း အလွန်အားရသည်ဖြစ်ရကား ကျမ်းစာရိုက်နှိပ်ရန် ကိစ္စရှိတိုင်း မဟာစည်ဆရာတော်ကို အလွတ်မပေးပေ။ မဟာစည်ဆရာတော် ပါဝင်ပြင်ဆင်မှုပင် အားရတော့သည်။ ဤမျှ မဟာစည်ဆရာတော်ကို အားကိုးသည်။ မဟာစည်ဆရာတော်ကလည်း မိမိကို အားကိုးမှန်းသိသဖြင့် အလုပ်များသည့်ကြားကပင် ဆရာတော်ဦးဝိသုဒ္ဓါဘိဝံသအပ်နှင်းသော တာဝန်ကို မငြင်းမပယ် ဆောင်ရွက်တော်မူသည်။



မဟာစည်ဆရာတော် အပေါ်၌ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ ယုံကြည်အားကိုးပုံကို ထင်ရှားစေသော အချက်ကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို သုမင်္သင်ရန် အပ်နှင်းခြင်းဖြစ်၏။ မဟာစည်ဆရာတော်သည် ကမ္မဋ္ဌာန်းဆရာတော်ဖြစ်သည် အားလျော်စွာ ဝိသုဒ္ဓိမဂ်ကျမ်းကို အထူးနှိုင်နင်းတော်မူသည်ကို သိရကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ၂-အုပ်ကို မဟာစည်ဆရာတော်တစ်ပါးတည်း သုမင်္သင်ပြင်ဆင်ရန် အပ်နှင်းခဲ့လေသည်။ မဟာစည်ဆရာတော်လည်း အပ်နှင်းသည့်အတိုင်း ပင် တစ်ပါးတည်း ပြင်ဆင်ပေးတော်မူသည်။ **သင်္ဂါယနာသမိုင်းတွင် ကျမ်းတစ်ခုကို တစ်ပါးတည်း ပြင်ဆင်ရန် အပ်နှင်းခံရသော ပုဂ္ဂိုလ်မှာ မဟာစည်ဆရာတော်တစ်ပါးသာ ရှိခဲ့ပါသည်။**

မဟာစည်ဆရာတော်သည် သူမတူတန်သော ဉာဏ်စွမ်းကြီးမားလှသော လုံ့လဝီရိယဖြင့် ဆဋ္ဌသင်္ဂါယနာ ကျမ်းစာတို့ကို ပြင်ဆင်တော်မူခဲ့သည်။ ထိုသို့ ပြင်ဆင်တော်မူခဲ့ရသော ကျမ်းစာများကား ၁၀-အုပ် ၁၅-အုပ်မျှမဟုတ်၊ အစိပ်သုံးဆယ်လည်း မဟုတ်၊ ပါဠိတော် အဋ္ဌကထာ ဋီကာ အားလုံးပေါင်းလိုက်လျှင် စာအုပ်ပေါင်း ၁၁၇-အုပ် ဖြစ်လေသည်။ တစ်အုပ်တစ်အုပ်၌ ပျမ်းမျှ စာမျက်နှာ ၃၅၀ -ခန့်ပါမည် ဖြစ်ရာ စာမျက်နှာအားဖြင့် တွက်လျှင် စာမျက်နှာ ၄-သောင်းကျော်ခန့်ဖြစ်သည်။ ထိုစာအုပ်များကို တစ်အုပ်စီဆင့်၍ထားလျှင် မန္တလေးမဟာမြတ်မုနိဆင်းတုတော်ကြီး၏ ဉာဏ်တော်လောက် ရှိမည်ဖြစ်လေသည်။ ဤမျှ များပြားလှသော ပိဋကတ်တော် ကျမ်းစာတို့ကို သုမင်သင်ပြင်ဆင်ခွင့်ရသော မဟာစည်ဆရာတော်ဘုရားကြီးသည် ကုသိုလ်ထူးတော်မူပေစ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၏ သူရဲကောင်းပီသတော်မူပေစ၊ နောင်လာနောက်သားတို့အတွက် ကျေးဇူးကြီးမားတော်မူပါပေစ။ ဤကား မဟာစည်ဆရာတော်၏ လူသိနည်းသော ဆဋ္ဌသင်္ဂါယနာဆိုင်ရာ လုပ်ငန်းဖြစ်ပါသည်။

ပုဋ္ဌက ဆရာတော်

မဟာစည်ဆရာတော်သည် ပိဋကတ်တော်သုမင်သင်ပြင်ဆင်ရေး လုပ်ငန်းကို ဆောင်ရွက်တော်မူရင်းပင် တစ်ဖက်၌လည်း သင်္ဂါယနာဆိုင်ရာ အခြားလုပ်ငန်းတစ်ခုကိုလည်း တာဝန်ယူ ထမ်းဆောင်တော်မူသည်။ ထိုလုပ်ငန်းကား လူသိများသော သင်္ဂါယနာပုဋ္ဌက ဆရာတော်အဖြစ် ဆောင်ရွက်ရသောလုပ်ငန်းဖြစ်ပါသည်။

သင်္ဂါယနာဆိုသည်မှာ စုပေါင်းရွတ်ဆိုရခြင်းဖြစ်ကြောင်း ရေးခဲ့ပြီ၊ သင်္ဂါယနာအစဉ်အလာအရ ထိုသို့ မရွတ်ဆိုမီ ပါဠိတော်များကို တစ်ခုစီစစ်ဆေးရသည်။ ဤသုတ်ကို မြတ်စွာဘုရား အဘယ်ဌာနမှာ ဟောခဲ့ပါသနည်း။ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောခဲ့သနည်း၊ အဘယ်အကြောင်းကြောင့် ဟောခဲ့သနည်း အစရှိသည်ဖြင့် ဘုရားဟောအစစ်ဖြစ်ကြောင်း ခိုင်လုံသေချာအောင် အထပ်ထပ်စိစစ်ရသည်။ ဤသို့ အထပ်ထပ်မေး စိစစ်၍ ကျေနပ်မှသာ ပိဋကတ်တော်အဖြစ် လက်ခံအတည်ပြု၍ အတည်ပြုလက်ခံကြောင်း ထင်ရှားစေရန် သံဃာတော်အားလုံး ရွတ်ဆိုတော်မူကြသည်။ ထိုကိုပင် သင်္ဂါယနာတင်သည်ဟု ခေါ်လေသည်။ ပထမသင်္ဂါယနာတင်စဉ်က အရှင်မဟာကဿပမေးစိစစ်သူအဖြစ် ဆောင်ရွက်၍ အရှင်ဥပါလိ,အရှင်အာနန္ဒာတို့ ဖြေဆိုသူများအဖြစ် ဆောင်ရွက်တော်မူကြသည်။ ထိုအစဉ်အလာအတိုင်းပင် ဆဋ္ဌသင်္ဂါယနာ၌ မေးစိစစ်မည့် ဆရာတော် ဖြေဆိုမည့် ဆရာတော်အားဖြင့် ပုဂ္ဂိုလ်ထူး၂-ပါးလုံးလိုအပ်နေသည်။ သံဃာပရိသတ် လူပရိသတ် အလယ်တွင် အမေးအဖြေ ပြုလုပ်ရ မည်ဖြစ်၍ ထိုလုပ်ငန်းမှာ မလွယ်ကူလှပေ။ ပရိသတ် တိုးဖူး၍ ရဲရင့်သော ပုဂ္ဂိုလ်များမှသာ ဖြစ်နိုင်မည်။ အများရှေ့မှာ လုပ်ရမည့်အလုပ်ဖြစ်၍ စာရွက်ပေါ်မှာ ရေးယူလာပြီး ကြည့်ဖတ်၍ မေးဖြေရန်လည်း မလျော်၊ မေးသူ၊ ဖြေသူ ၂-ပါးလုံး အလွတ်မေး၊ ဖြေကြရမည် ဖြစ်သည်။ ထို့ထက်သာ၍ ခက်သည်မှာ မေးဖြေ လုပ်



သောအခါ ပါဠိမြန်မာ ၂-ဘာသာ ဖြင့် လုပ်ရမည်ဖြစ်ရာ ၂-ပါးလုံး သည် ပါဠိတော်တို့ကိုလည်း ကျပွန်စွာ လေ့လာပြီးသူ ဖြစ်ရမည်။ ပါဠိ ဘာသာကိုလည်း ပြောနိုင် ဆိုနိုင် သည်အထိ ကျွမ်းကျင်သူ ဖြစ်ရမည်။ သို့ဖြစ်၍ ဆိုခဲ့ပြီး အရည် အချင်းနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို ရရန်မှာ မလွယ်ကူလှသောအလုပ် ဖြစ်တော့သည်။

ထိုအမေးအဖြေပြုမည့် ၂-ပါး တွင် ဖြေဆိုသူ ဆရာတော်ကို ရှာရန်မှာ ကံကောင်းထောက်မသဖြင့် လွယ်ကူလျက် ရှိခဲ့သည်။ အဘယ့်ကြောင့်ဟူမူ ပိဋကတ်သုံးပုံ အာဂုံဆောင် တိပိဋကဓရဘွဲ့ရ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော် ရှိနေသောကြောင့်တည်း။ ထို ဆရာတော်သည် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးက စတင်၍ ကျင်းပပြုလုပ်အပ်သော ပိဋကတ်သုံးပုံ အာဂုံရေးဖြေစာမေးပွဲကြီးတွင် ၁၃၁၂ ခုနှစ်၌ ဝိနည်းပိဋကတ်ကိုလည်းကောင်း၊ ၁၃၁၄ ခုနှစ်၌ အဘိဓမ္မာပိဋကတ်ကိုလည်းကောင်း၊ ၁၃၁၅ ခုနှစ်၌ သုတ္တန္တပိဋကတ် ဒီဃနိကာယ်ကိုလည်းကောင်း ပြန်ဆိုရေးဖြေ နှစ်ထွေလုံးမှာပင် ဂုဏ်ထူးနှင့်ချည်း အောင်မြင်ခဲ့သဖြင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဟူသော ဘွဲ့တံဆိပ်တော်ကို ရပြီးစ အခါဖြစ်လေသည်။ ထိုဆရာတော်ကိုပင် သဂီယနာ ဖြေဆိုသူ အဖြစ် ဆောင်ရွက်ရန် ဆဋ္ဌသင်္ဂီယနာ ဝန်ဆောင်သံဃာ့အဖွဲ့ဝင် ဆရာတော်တို့က ရွေးချယ်တော်မူကြလေသည်။ သင်္ဂီယနာ၏ ဘုန်းတော်ကြောင့် အခန့်သင့် ပေါ်လာရသော ဆရာတော်ပါပေ။

မေးစိစစ်တာဝန်ကို ဆောင်ရွက်မည့် ပုစ္ဆကဆရာတော်ကို ရွေးချယ်ရာ၌ကား ဝန်ဆောင်ဆရာတော်တို့သည် ပုစ္ဆကလုပ်ငန်းနှင့် အထိုက်တန်ဆုံးလည်းဖြစ် လက်လှမ်းလည်းမီသော မဟာစည်ဆရာတော်ကိုပင် ရွေးချယ်ထားကြသည်။

သို့သော် ဆရာတော်ကြီးအချို့က စိုးရိမ်မကင်း ရှိတော်မူကြသည်။ အရှင်ဝိစိတ္တသာရဆရာတော်မှာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ထူးကို ဆွတ်ခူးပြီးဖြစ်၍ ထိုဆရာတော်ကို စိတ်ချနိုင်ကြသော်လည်း မဟာစည်ဆရာတော်ကိုမူကား ထိုအချို့ဆရာတော်ကြီးများက စိတ်ချတော်မမူကြပေ။ ထိုအချိန်၌ မဟာစည်ဆရာတော်သည် ပိဋကတ်သုံးပုံကို အလွတ်ပြန်မပြနိုင်သော်လည်း ကျမ်းအိပ်များနှင့်တကွ သင်ရိုး အပါအဝင် နိကာယ်ငါးရပ်ကို ကျပွန်နှံ့စပ်ပြီး အခေါက်ခေါက် လေ့လာကြည့်ရှုပြီး ဖြစ်နေသည်။ သာသနာ့ရိပ်သာ၌လည်းကောင်း၊ အခြားများစွာသော နေရာတို့၌လည်းကောင်း၊ ထောင်ပေါင်းများစွာသော ပရိသတ်တို့ကို တရားဟောနေသော ပုဂ္ဂိုလ်လည်းဖြစ်သည်။ ထို့ပြင် တောင်ဝိုင်းကလေး၌ နေခဲ့စဉ်က နှစ်တိုင်းပင် ရွှေကျင်ဂိုဏ်း ဝိနည်း



အဋ္ဌကထာတို့ကို သင်္ဂီယနာတင်သောအခါ ပါဠိတော်များကဲ့သို့ နေ့ဝဉ်မေးဖြေပြုဖွယ်မလို၊ ကြည်ညိုဖွယ် မှတ်သားဖွယ်ကောင်းသော အချက်များကိုသာ ထုတ်ဆောင်၍ စိစစ်ပြောဆိုရမည်ဟု ဝန်ဆောင်သံဃအဖွဲ့က ဆုံးဖြတ်ချက်ချလေသည်။



စာပြန်ပွဲတို့၌ သင်္ဂီယနာတင်ပုံ အစီအစဉ်ကို လက်တွေ့ကြုံခဲ့ပြီးဖြစ်၍ ထိုအစီအစဉ်ဆိုင်ရာ၌ နားလည်ပြီး ဖြစ်နေသည်။ ဤသို့ပုစ္ဆက အဖြစ်ဖြင့် ဆောင်ရွက်ရန် အဖက်ဖက်မှ အရည်အချင်းပြည့်ဝနေသော ပုဂ္ဂိုလ်ဖြစ်ကြောင်း စီစဉ်ရွေးချယ်သော ပုဂ္ဂိုလ်များက လျှောက်ထား ကြသော်လည်း ထိုအချို့ဆရာတော် ကြီးတို့မှာ စိတ်ချတော်မမူနိုင်ကြပါ။ သံသယရှိမြဲပင် ရှိတော်မူကြပါသည်။ ပြင်းစွာကြောင့်ကြတော်မူကြပါသည်။ ရွေးချယ်သော ပုဂ္ဂိုလ်များက အမျိုးမျိုးအကြောင်းပြ၍ အထပ်ထပ်လျှောက်ထားသော အခါမှသာ ထိုဆရာတော်များက သဘောတူတော်မူကြပါသည်။ ထိုသို့သဘောတူသည့်တိုင် ကြောင့်ကြတော်မူကြလွန်းသဖြင့် သင်္ဂီယနာဖွင့်ပွဲ ပထမနေ့တွင် မဟာစည်ဆရာတော်ကို ပုစ္ဆကအဖြစ် မလုပ်စေဘဲ အခြားဆရာတော် တစ်ပါးကို ပုစ္ဆက အဖြစ်ဆောင်ရွက်စေရန် အဆိုပြုတော်မူကြပါသည်။ ထို ဆရာတော် ကြီးတို့သည် မဟာစည် ဆရာတော်ထံသို့ ကြွသွားသော်မူကြ၍ ပထမနေ့တွင် ပုစ္ဆကလုပ်ငန်းကို အခြား ဆရာတော်ကြီး တစ်ပါးအား လုပ်ခွင့်ပေးရန် သဘောတူဖို့ အမိန့်ရှိတော်မူကြသည်။

ထိုအချိန်ကား သင်္ဂီယနာတင်ရန် ၁-ရက်သာ လိုသောအချိန်ဖြစ်၏။ မဟာစည်ဆရာတော်နှင့် အရှင်ဝိစိတ္တာသာရဆရာတော်တို့သည် မည်သို့မည်ပုံအမေးအဖြေပြုကြမည်ကို ညှိနှိုင်းတိုင်ပင်ပြီး ဖြစ်ရုံမျှမက အစမ်းအမေးအဖြေလုပ်၍ အသံသွင်းကြိုးခွေ၌ သွင်းကြည့်ကြပြီးပင် ဖြစ်၏။ ထိုသို့ ပွဲမဝင်ခင် ပြင်ကကျင်းပဆိုသလို အစစ အချိုးတကျ ဖြစ်အောင် စီစဉ်ထားပြီးဖြစ်၍ ဆောင်ရွက်ရန် အလွန်နီးကပ်နေသည့်အချိန်ကျမှ ဆရာတော်များမှာ အစိုးရိမ်လွန်တော်မူကြ၍ မဟာစည်ဆရာတော်ကိုလာ၍ မေတ္တာရပ်တော်မူကြခြင်း ဖြစ်သည်။ ဤအရေးတွင် မဟာစည်ဆရာတော်လောက် သဘောထားပြည့်ဝသူ မဟုတ်ပါမူ မလိုလားအပ်သော ဖြစ်ရပ်များပင် ဖြစ်ခဲ့ဖွယ် ရှိပါသည်။ သို့သော် မဟာစည်ဆရာတော်သည် ကိုယ်ကျိုးကိုမငဲ့ သာသနာတော်၏ အကျိုးကိုသာ ငဲ့သူဖြစ်ရကား "သောဝစသတာဂုဏ်" ပြည့်စုံစွာဖြင့် ထို ဆရာတော်ဘုရားကြီးတို့၏ အမိန့်ကို နာခံ၍ သဘောတူခဲ့လေသည်။ သဘောတူရုံမျှမက နောက်တစ်နေ့ ဆောင်ရွက်မည့် ဆရာတော်ကြီး ကြည့်ရှုတော်မူလိုက ကြည့်ရှုရန် မိမိ ရေးထားသော အမေးအဖြေ အစီအစဉ်ကိုပင် ထိုဆရာတော်များမှ တစ်ဆင့် ဆက်ကပ်လိုက်ပါသေးသည်။ ထိုအချိန်၌ မဟာစည် ဆရာတော်ပုစ္ဆကအဖြစ် ဆောင်ရွက်တော်မူမည်ကို ဝန်ကြီးချုပ်ကအစ သိပြီးဖြစ်နေသောအချိန် ဖြစ်၏။ ဤ အချိန်မျိုးသို့ ရောက်ပြီးခါမှ နောက်ဆုတ်ပေးရသည့် လုပ်ငန်းမှာ မည်မျှခဲယဉ်းမည်ကို စဉ်းစားကြည့်က သိနိုင်ပါသည်။ ရင့်ကျက်သော သမာဓိရှိသူတို့သာ လုပ်နိုင်သော လုပ်ငန်းမျိုး ဖြစ်ပါတော့သည်။

၁၃၁၆ ခုနှစ်၊ ကဆုန်လပြည့်နေ့ကား ဗုဒ္ဓသာသနာ့သမိုင်းတွင် မှတ်တမ်းဝင်နေ့ တစ်နေ့ဖြစ်ပါတော့သည်။ ထိုနေ့တွင်ပင် ထေရဝါဒ (၅)နိုင်ငံတို့ စုပေါင်းကျင်းပသော ဆဋ္ဌသင်္ဂီယနာပွဲတော်ကြီးကို ရန်ကုန် -ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂီယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် စတင်ကျင်းပလေသည်။ သင်္ဂီယနာဖွင့်ပွဲအခမ်း အနားကို ထိုနေ့ ၁၂ - နာရီအချိန်တွင် စတင်ကျင်းပ၍ မိန့်ခွန်းများ သဝဏ်လွှာများစသည်ကိုဖတ်ကြားသည်။ ထို့နောက် အစီအစဉ် ခေတ္တရပ်နား၍ ညနေ ၃-နာရီခွဲတွင် အခမ်းအနားကို ပြန်လည် ကျင်းပသည်။ ပထမပိုင်းတုန်းကလိုပင် ပရိသတ်များ ပြည့်ကြပ်နေသည်။ အပြည် ပြည်ဆိုင်ရာသင်္ဂီယနာဖြစ်၍လည်းကောင်း၊ အစိုးရက ဦးစီးထောက်ပံ့သော သင်္ဂီယနာဖြစ်၍လည်းကောင်း ပရိသတ်မှာ စုံလှသည်။ သံဃာများသီတင်းသုံးရန် ဆောက်လုပ်ထားသော စင်မြင့်တို့၌ (၂၅၀၀) သော သံဃာတို့လည်း သက်နှံးများရုံလျက် ကြည်ညိုဖွယ်ရာ ထိုင်နေကြပြီးဖြစ်၏။ ဗဟိုစင်မြင့်ပေါ်တွင်မူ ဆဋ္ဌ



သဂီတိ နာယက အဘိဓဇမဟာရဋ္ဌ ဂုရု ညောင်ရမ်း ဆရာတော်ဘုရားကြီးနှင့် သင်္ဂီယနာဝန်ဆောင် ဆရာတော်တို့လည်း အသီးအသီး နေရာယူတော်မူပြီးနေကြပြီ၊ သဂီတိနာယကဆရာတော်ကြီး၏လက်ယာဖက်ရှေ့နား၌ ဖြေဆိုမည့် အရှင်ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်လည်း ရောက်ရှိနေပြီဖြစ်၏။ သို့သော် နာယက ဆရာတော်ကြီး၏ လက်ဝဲဖက် ပုစ္ဆက ဆရာတော်၏နေရာတွင်မူ အများထင်သလို မဟာစည် ဆရာတော် မဟုတ်ဘဲ အခြားဆရာတော်ကြီး တစ်ပါးသီတင်းသုံးနေသည်ကို ပရိသတ်တို့ တွေ့ရမည် ဖြစ်ပါသည်။ လူပရိသတ်ဖက်က ကြည့်လျှင်လည်း နိုင်ငံခြားကိုယ်စားလှယ်တော်ကြီးများ သံတမန်များဧည့် သည်တော်များနှင့် တကွ သမ္မတကြီး အမှူးပြုသည့် အစိုးရအဖွဲ့ဝင်များမှစ၍ ဂုဏ်သရေရှိလူကြီးလူကောင်း ပရိသတ်တို့ဖြင့် လိုဏ်ဂူကြီးမှာ ပြည့်လျက်ရှိလေပြီ။

အချိန်ကျရောက်၍ သင်္ဂီယနာဖွင့်ပွဲ ဒုတိယပိုင်း အခမ်းအနားစပြီးနောက် သဂီတိနာယက ဆရာတော်ကြီးက အမေးအဖြေပြုလုပ်မည့် ဆရာတော်များအား အခွင့်ပေးသည့် ခွင့်ပြုစကားကို ပါဠိ မြန်မာနှစ်ဘာသာဖြင့် မိန့်ကြားပြီးနောက် အမေးအဖြေ ဆရာတော်တို့ လုပ်ငန်းစကြလေသည်။ ပုစ္ဆက ပြုလုပ်ရန် အသစ်ရွေးချယ်ထားသော ဆရာတော်ဘုရားကြီးက ဝိနည်း ပိဋကပါရဂူကဏ္ဍပါဠိတော်လာ ပထမပါရာဇိက သိက္ခာပုဒ်ကို မေးတော်မူ၍ အရှင်ဝိစိတ္တသ ဆရာတော်ကဖြေကြားတော်မူလေသည်။

သို့သော် အမေးအဖြေ ဆရာတော်တို့မှာ ကြိုတင်ညှိနှိုင်းချိန် မရ၍ ညှိနှိုင်းထားကြသည် မဟုတ်ရကား၊ အများထင်သလို မဖြစ်ဘဲ မိနစ်အနည်းငယ်အတွင်းမှာပင် ပြီးစီးသွားတော့သည်။ သမ္မတကြီး လိုဏ်ဂူတော်တွင်းသို့ ရောက်၍ မကြာသေးမီမှာပင် ပထမနေ့ သင်္ဂီယနာအခမ်းအနားမှာ ရုတ်တရက်ဆိုသလို ပြီးသွားခဲ့သည်။ ဆရာတော်များလည်း စိတ်မချမ်းသာ ပရိသတ်များလည်း စိတ်မချမ်းသာ ဖြစ်ကုန်ကြသည်။ သင်္ဂီယနာဖြစ်မြောက်ရေးအတွက် ကိုယ်ဖိရင်ဖိ ဆောင်ရွက်ခဲ့သော ဝန်ကြီးချုပ်မှာလည်း များစွာစိတ်မချမ်းမသာ ဖြစ်ရရှာသည်။ နိုင်ငံခြား ပရိသတ်ဗိုလ်ပုံအလယ်မှာ အရှက်ခွဲခံရသလို ဖြစ်၍လည်း အထူး စိတ်ထိခိုက်ရှာလေသည်။ ဤအတိုင်းသာ ဆက်၍ သွားပါက ခက်ရတော့မည်ဟုလည်း တွေးမိလေသည်။

ထို့ကြောင့် ဝန်ကြီးချုပ်သည် ပရိသတ်ရှင်းသွားလျှင်ပင် ဝန်ဆောင်သံဃအဖွဲ့ဝင် ဆရာတော်များအား နောက်ရက်များတွင် ဤသို့ မဖြစ်စေရန် အလွန်ကြီးကျယ်သော သင်္ဂီယနာနှင့် လိုက်လျောညီအောင် အခမ်းအနားကို စီစဉ်ပါရန် လျှောက်ထားလေတော့သည်။ နောက်နေ့မှစ၍ မဟာစည်ဆရာတော်ပင် ဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း မိန့်တော်မူကြသည်။

သင်္ဂီယနာ ဒုတိယနေ့မှစ၍ ပုစ္ဆကအဖြစ်ဖြင့် မဟာစည်ဆရာတော် ဆောင်ရွက်တော်မူရသည်။ အတိုင်အဖောက်ညီသော ဆရာတော်များဖြစ်ကြ၍ လွန်စွာ အဆင်ပြေတော့သည်။ သင်္ဂီယနာဂုဏ်နှင့် လိုက်လျောအောင်ပင် ခမ်းခမ်း နားနားဖြစ်အောင် ဆောင်ရွက်တော်မူသွားကြသည်။ နောက်ရက်များမှ စ၍ ပါဠိတော် သင်္ဂီယနာပြီးဆုံးသည်တိုင်အောင်ပင် ၂-နှစ်ပတ်လုံး ဤဆရာတော် ၂-ပါးသာ ပုစ္ဆက, ဝိသဇ္ဇကအဖြစ်ဖြင့် သင်္ဂီယနာတင် အခမ်းအနားကို ဆောင်ရွက်သွားကြလေသည်။

အဋ္ဌကထာ သင်္ဂီယနာစီစဉ်ခန်း

ပါဠိတော် သင်္ဂီယနာတင်ပြီးနောက် ဆရာတော် သံဃာတော်တို့နှင့် နိုင်ငံတော်အစိုးရတို့သည် အဋ္ဌကထာ သင်္ဂီယနာ, ဋီကာ သင်္ဂီယနာတို့ကိုပါ ဆင်နွှဲကျင်းပရန် ဆုံးဖြတ်ချက်ချခဲ့ကြသည်။ ထို့ကြောင့်ပင် ပါဠိတော် သင်္ဂီယနာပြီးဆုံးသည့်နောက် ၁၃၁၈ ခုနှစ်၊ ပြာသိုလဆန်း ၂-ရက်နေ့မှာပင် အဋ္ဌကထာသင်္ဂီယနာကို စတင်ကျင်းပ



ဝိသုဒ္ဓိမဂ်ကို တည်းဖြတ်သူမှာ ဟင်နရီကလပ်ခ်ဝါရင် (Hennary Clarke Waren) ဆိုသူဖြစ်၏။ သို့သော် ထိုပုဂ္ဂိုလ်ကြီးမှာ အခြားသတ်တည်းဖြတ်မှုကို မပြီးမီ ၁၈၉၉ ခုနှစ်မှာပင် ကွယ်လွန်ခဲ့သည်။

လေသည်။ အဋ္ဌကထာ ဋီကာတို့ကို သင်္ဂီယနာတင်ခြင်းမှာ ဆဋ္ဌသင်္ဂီယနာ၏ ထူးခြားချက်ပင် ဖြစ်တော့၏။ ရှေးသင်္ဂီယနာများ၌ကား ပါဠိတော်တို့ကိုသာ သင်္ဂီယနာတင်ခဲ့ကြသည်။ ပါဠိတော်များကိုသာမက အဋ္ဌကထာ ဋီကာတို့ကိုပါ သင်္ဂီယနာတင်ထားလျှင် အဋ္ဌကထာ ဋီကာတို့လည်း ဆဋ္ဌသင်္ဂီယနာက အတည်ပြုလက်ခံအပ်သော ကျမ်းစာများအဖြစ်ဖြင့် ပို၍ခိုင်မာမှု ရှိလာမည်။ မူဟောင်း မူမှန် အဋ္ဌကထာ ဋီကာများလည်း ပေါ်ထွက်လာမည်ဟု ရည်ရွယ်၍ တင်ခဲ့ကြခြင်းဖြစ်လေသည်။ ရည်ရွယ်ခဲ့သည့် အတိုင်းလည်း ယနေ့ကမ္ဘာက ဆဋ္ဌသင်္ဂီယနာတင် အဋ္ဌကထာ ဋီကာများကိုသာ စံအဖြစ် လက်ခံနေပြီဖြစ်ပါသည်။

အဋ္ဌကထာတို့ကို သင်္ဂီယနာတင်သောအခါ ပါဠိတော်များကဲ့သို့ နေ့စဉ် မေးဖြေပြုဖွယ်မလို၊ ကြည်ညိုဖွယ် မှတ်သားဖွယ် ကောင်းသော အချက်များကိုသာ ထုတ်ဆောင်၍ စိစစ်ပြောဆိုရမည်ဟု ဝန်ဆောင်သံဃအဖွဲ့က ဆုံးဖြတ်ချက်ချလေသည်။ အဋ္ဌကထာတို့ကို စိစစ်ဝေဖန် လျှော်ထားရမည့်လုပ်ငန်းမှာ လွယ်ကူသော လုပ်ငန်း မဟုတ်။ ပါဠိတော် အဋ္ဌကထာ ဋီကာများကို ပိုင်နိုင်စွာ လေ့လာပြီးသော ပုဂ္ဂိုလ်များနှင့်သာ ထိုက်တန်သော အလုပ်ဖြစ်သည်။ ထို့ကြောင့် အဋ္ဌကထာ စိစစ်ရေးကို ဆောင်ရွက်ရန် ပခုက္ကူမြို့၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ တံဆိပ်တော်ရ မဟာဝိဇယာရာမ ဆရာတော်ဘုရားကြီး၊ ပခုက္ကူမြို့ အဂ္ဂမဟာပဏ္ဍိတ (နောင်တွင် အဘိဓဇမဟာရဋ္ဌဂုရု) ဘွဲ့တံဆိပ်တော်ရ မဟာဝိသုတာရာမ ဆရာတော်ဘုရားကြီးနှင့် မဟာစည်ဆရာတော်တို့အား တာဝန်ပေးအပ်လေသည်။ ထိုတွင် မဟာဝိဇယာရာမ ဆရာတော်ဘုရားကြီးနှင့် မဟာဝိသုတာရာမ ဆရာတော်ဘုရားကြီးတို့သည် အဋ္ဌကထာ ဆိုင်ရာနှင့် ပထမ, ဒုတိယ, တတိယ ဆဋ္ဌသင်္ဂီယနာဆိုင်ရာ အကြောင်းအချက်တို့ကို မိန့်မြွက်တော်မူကြပါသည်။ ထိုဆရာတော်ဘုရားကြီးတို့၏ နောက်တွင်မူ မဟာစည် ဆရာတော်ဘုရားက တတိယသင်္ဂီယနာတင်ပြီးနောက် ကိုးတိုင်းကိုးဌာန သာသနာပြု စေလွှတ်ခန်းမှစ၍ အဋ္ဌကထာ စိစစ်ခန်းကို နေ့စဉ်လျှောက်ထားပြော ဟောတော်မူသည်။

အဋ္ဌကထာ သင်္ဂီယနာ ပထမသန္နိပါတကို ၁၃၁၈-ခုနှစ်၊ ပြာသိုလဆန်း ၂-ရက်နေ့တွင် စတင်ကျင်းပသည်။ မဟာစည် ဆရာတော်သည် မိမိအလှည့်ကျသည့်နေ့မှစ၍ ပထမသန္နိပါတ ပြီးဆုံးသည့်တိုင်အောင် အဋ္ဌကထာ သင်္ဂီယနာ စိစစ်လျှောက်ထားမှုကို နေ့စဉ် ဆောင်ရွက်တော်မူသည်။ ထို အတွင်း၌ မဟာစည်ဆရာတော်



သည် ဝိနည်းအဋ္ဌကထာ ဒီဃ နိကာယ် အဋ္ဌကထာနှင့် အဘိဓမ္မာ အဋ္ဌကထာတို့ကို စိစစ်လျှော်ထား သည်။ ဒုတိယ သန္နိပါတကား အစီ အစဉ်တစ်မျိုး ပြောင်းပြန်သည်။ ရှေးဦးစွာ ဒီဃနိကာယ် မဟာပဒါန သုတ် အဋ္ဌကထာကို ပါဠိတော်မှာ တုန်းကကဲ့သို့ မဟာစည်ဆရာတော် နှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ဝိစိတ္တသာရာဘိ ဝံသတို့ အမေးအဖြေပြုတော်မူကြ သည်။ နောက်မှ မဟာစည်ဆရာ တော်တစ်ပါးတည်း ဆက်လက်၍ ပထမသန္နိပါတတုန်းကကဲ့သို့ မဟာ ပဒါနသုတ် အဋ္ဌကထာမှစ၍ စိစစ် ခန်းကို လျှော်ထားသည်။ မဟာ ပဒါနသုတ် စိစစ်ခန်း လျှော်ထား နေစဉ်မှာပင် ဆရာတော်၏ ခမည်း တော် ဒကာကြီး ဆိပ်ခွန်မှာ ကွယ် လွန်လေသည်။ ထို့ကြောင့် မဟာ စည်ဆရာတော်သည် မဟာပဒါန သုတ် အဋ္ဌကထာ စိစစ်အပြီးတွင် ခမည်းတော်ကြီး စျာပနကျင်းပရန် ဆိပ်ခွန်သို့ ပြန်ကြွရသည်။ မဟာ စည်ဆရာတော် ဆိပ်ခွန်သို့ ကြွသွား ပြီးသည့်နောက် မဟာပရိနိဗ္ဗာန သုတ် အဋ္ဌကထာမှ အစပြုသော စိစစ်ခန်းကို စစ်ကိုင်းတောင်ရိုး အဂ္ဂ မဟာပဏ္ဍိတ အနီးစခန်း ဆရာ တော်က ဆက်လက်ဆောင်ရွက် တော်မူလေသည်။

ပါဠိတော်သင်္ဂီယနာ အမေး အဖြေပြုစဉ်က မဟာစည်ဆရာ တော်၏ စွမ်းရည်မှာ ပေါ်သင့် သလောက် မပေါ်သေးဟု ဆိုရမည် ဖြစ်၏။ ထိုစဉ်က ဆရာတော်၏ တာဝန်မှာ ပါဠိတော်မှ ကောင်းနိုး ရာရာ သုတ်များကို ရွေးချယ်၍ မေး မြန်းရသည့် တာဝန်သာ ရှိခဲ့သည်။ အဋ္ဌကထာ သင်္ဂီယနာ စိစစ်ခန်း တွင်မူကား ဤသို့ မဟုတ်တော့ပေ။ တစ်ပါးတည်း အစွမ်းပြရသော အလုပ် ဖြစ်လာတော့သည်။ ဤ အဋ္ဌကထာ စိစစ်ခန်းကျမှ မဟာ စည်ဆရာတော်၏ စွယ်စုံစွမ်းရည်မှာ ထင်ထင်ရှားရှား ပေါ်လာတော့ သည်။ မဟာသမုဒ္ဒရာရောက်မှ ယူဇနာ ၅၀၀ ရှိသည့် ငါးကြီးများ အလိုရှိသည့်အတိုင်း သွားလာပျော် မြူး ကျက်စားနိုင်သလို ဖြစ်တော့ သည်။ အဋ္ဌကထာ စိစစ်ခန်းကို ကြားနာရမှပင် စာတတ်ဆရာတော် များလည်း မဟာစည်ဆရာတော်၏ အရည်အချင်းကို အမှန်အတိုင်း တစ်စိတ်တစ်ဒေသအားဖြင့် သိခွင့်ရ သွားကြတော့သည်။ အသင့်အတင့် မျှသာ စာတတ်မည့် ကမ္ဘာန်း ဘုန်းကြီးကလေးဟု အထင်သေးခဲ့ ကြသော ဆရာတော်များလည်း ထိုအခါမှ စ၍ အထင်သေးနိုင်ကြ မည် မဟုတ်တော့ပါ။

အဋ္ဌကထာတို့၌ မဟာစည် ဆရာတော် မည်သို့မည်ပုံ စိစစ်ခဲ့ သည်ကို သိလိုလျှင် ဗုဒ္ဓဘာသနာ အဖွဲ့မှ ရိုက်နှိပ်ထုတ်ဝေသော အဋ္ဌကထာ သင်္ဂီယနာစိစစ်ခန်းကို ဖတ်ပါဟုပင် ညွှန်ကြားရပါမည်။ မဟာစည်ဆရာတော်သည် ထိုစိစစ် ခန်း၌ အဋ္ဌကထာ၌ လာသမျှ လောက်ကို တင်ပြခြင်းမျှသာ မဟုတ်ဘဲ စိစစ်ခန်းဆိုသော စကား နှင့်လိုက်လျောညီစွာ အဋ္ဌကထာတို့ လာ စိစစ်ထိုက်သော မိန့်ဆိုချက် တို့ကို အချက်ကျကျ စိစစ်လျှော်ထားသွားပါသည်။ ပုဒ်ပါဠိရေးမှာ အဋ္ဌကထာများ ရိုက်နှိပ်ရန် သုခ သင်စဉ်ကပင် ဆုံးဖြတ်ပြီးဖြစ်၍ ဆရာတော်သည် စိစစ်ခန်း၌ ပုဒ် ပါဠိရေးထက်အဓိပ္ပါယ် အယူအဆ ကို ဦးစားပေး၍ စိစစ်သွားပါသည်။ မျက်မှောက်ခေတ် ဗဟုသုတနှင့် ညှိ နှိုင်းစရာရှိလျှင် ယင်းဖြင့် ညှိနှိုင်း စိစစ်ပြ၍ ဘာသာခြားတို့ စကား နှင့် စပ်၍ ဝေဖန်စရာရှိလျှင် ဝေဖန် ပြပါသည်။ အဋ္ဌကထာတို့ တစ် ကျမ်းနှင့်တစ်ကျမ်း မညီသကဲ့သို့ ရှိနေရာတွင်လည်း ကျမ်းညှိစိစစ်၍ ဝေဖန်စရာရှိလျှင်လည်း ဝေဖန်ပြ သွားပါသည်။ ဋီကာအဆိုနှင့်ဟပ် ၍ အချို့နေရာတွင်လည်း ရှင်းပြပါ သည်။ အချို့နေရာတွင် ဆိုင်ရာ ဋီကာကိုပင် သူ့ခေတ်ဖြင့် ဝေဖန်၍ ဋီကာအဆိုကို စစ်ဆေးပြသွားပါ သည်။ စာမြည်းသဘောအနေဖြင့် ထုတ်ပြရပါလျှင် သုဝဏ္ဏဘူမိဆိုင် ရာ စိစစ်ချက်, သာသနာငါးထောင် နှင့် ယုဂ် ၅-ပါး ဆိုင်ရာ ညှိနှိုင်း စိစစ်ချက်, ဓမ္မပဒ ဋီကာကို စိစစ် ချက်, ကထာဝတ္ထုကျမ်းဟောရာ သက္ကရာဇ် စိစစ်ချက်, ဇမ္ဗုပတိ ချုတ်ခန်း စိစစ်ချက် မြတ်စွာဘုရား



တရားဟောစဉ် ဘာသာစကား စိစစ်ချက်, အကွရာတစ်လုံး ဘုရား တစ်ဆူ စိစစ်ချက်တို့မှာ ပိဋကတ် တော်မှ ခဲကပ်သော အချက်များကို ဖြေရှင်းထားသော အချက်များဖြစ် ၍ အလွန်အဖိုးတန်သော စိစစ် ချက်များ ဖြစ်ပါသည်။ စာဖတ်သူ သည် မိမိကိုယ်နှိုက်က အထူးအား မထုတ်ရဘဲ ဤစိစစ်ခန်းကို ဖတ်ရုံ ဖြင့်ပင် ပိဋကတ်တတ် ပုဂ္ဂိုလ်များ ပင် မဝေခွဲနိုင်တဲ့ဖြစ်ရသောအချက် များကို ရှင်းလင်းစွာ သိနားလည် သွားကြမည် ဖြစ်ပါသည်။ အချုပ် အားဖြင့်ဆိုရလျှင် မဟာစည်ဆရာ တော်၏ အဋ္ဌကထာ စိစစ်ခန်းမှာ အဋ္ဌကထာဆိုင်ရာ ထူးခြားသော မှတ်စုကြီးတစ်ခု ဖြစ်ပါတော့သည်။ အဋ္ဌကထာတို့ကို ဤသို့ စိစစ်ရ သည်ဟု နောက်သား တို့အားနည်း ပေး လမ်းညွှန်ပြသနေသော မီးရှူး တိုင်သဖွယ် ဖြစ်ပါတော့သည်။

ဆဋ္ဌသင်္ဂါယနာဝင် ဝိသုဒ္ဓိမဂ် နိဒါန်းရေးသားတော်မူရခြင်း

၁၃၁၉ ခုနှစ်၊ ကမ္ဘာအေး ဗုဒ္ဓ သာသနာအဖွဲ့. ပုံနှိပ်တိုက်၌ ဝိသုဒ္ဓိ မဂ်ကျမ်းကို ရိုက်နှိပ်ရန် မဟာစည် ဆရာတော် တည်းဖြတ်ပြင်ဆင်ခြိန် က ဖြစ်၏။ တစ်နေ့သ၌ ကမ္ဘာအေး တိပိဋကပါဠိမြန်မာ အဘိဓာန်ဌာန ကျမ်းပြုအရှင်သီလာနန္ဒသည် အမေရိကန်နိုင်ငံ ဟားဗဒ်တက္ကသိုလ် က ရိုက်နှိပ်ထုတ်ဝေသော ရောမ အက္ခရာခေါ် အင်္ဂလိပ်စာလုံးများ ဖြင့် ပုံနှိပ်ထားသော ဝိသုဒ္ဓိမဂ် စာအုပ်ကြီးကို ဝန်ဆောင်သံဃာ့ အဖွဲ့. အကျိုးတော်ဆောင် ဝိဇ္ဇာ လင်္ကာရဆရာတော် ဦးဝိသုဒ္ဓါ ဘိဝံသ အထံမှ ခေတ္တယူ၍ ဖတ်ခဲ့ သည်။ ဝိသုဒ္ဓိမဂ်ကိုတည်းဖြတ် သူမှာ ဟင်နရီကလပ်ခ်ဝါရင် (Hennary Clarke Warren) ဆိုသူဖြစ်၏။ သို့သော် ထိုပုဂ္ဂိုလ်ကြီးမှာ အချော သတ်တည်းဖြတ်မှုကို မပြီးမီ ၁၈၉၉ ခုနှစ်မှာပင် ကွယ်လွန်ခဲ့သည်။ သူ၏ မပြီးပြတ်သောအလုပ်ကို အိန္ဒိယ နိုင်ငံသား (မြန်မာပြည်၌လည်း နှစ် အတော်ကြာနေဖူးသော)ပါမောက္ခ ဓမ္မာနန္ဒ ကောသမ္ဗီဆိုသူက ဆက် လက်လုပ်ကိုင်ရသည်။ ထိုဝိသုဒ္ဓိမဂ် တည်းဖြတ်မှုမှာ ၁၉၂၇ ခုနှစ်ကပင် ပြီးစီးခဲ့သော်လည်း ၁၉၅၀ ခုနှစ်ကျ မှပင် ရိုက်နှိပ်နိုင်တော့သည်။

ထိုစာအုပ်တွင် ထပ်မံတည်း ဖြတ်ရသူ ပါမောက္ခ ဓမ္မာနန္ဒ ကော သမ္ဗီက (Foreword) ခေါ် နိဒါန်း စကားကိုရေးသည်။ ထိုစကားတွင် ဗုဒ္ဓယောသဘဝအကြောင်းခေါ် ခေါင်းစဉ်ဖြင့် အဋ္ဌကထာ ဆရာ အရှင်မဟာဗုဒ္ဓယောသအကြောင်း ကို ဝေဖန်ရေးသားလေသည်။ ထို ရေးသားချက်များမှာ အရှင်ဗုဒ္ဓ ယောသကို မတရားစွပ်စွဲပုတ် ခတ်၍ ရေးသားချက်များဖြစ်နေရာ ယင်းတို့ကို ဖတ်ရသော အရှင် သီလာနန္ဒမှာ ဖြေရှင်းချေပလိုသော စိတ်များစွာပင် ဖြစ်လေသည်။ ဤ ရေးသားချက်တို့ကို တနည်းနည်း ဖြင့် ချေပသင့်သည်ဟု ယူဆသည်။ ထို့ကြောင့် ဆရာတော် ဦးဝိသုဒ္ဓါ ဘိဝံသအား ဤအကြောင်းကို လျှောက်ထားသည်။ ဆရာတော် လည်း ထိုနိဒါန်းစကားကို ဖတ်ရ သောအခါ ချေပသင့်သည် ဟုပင် ထင်မြင်မှတ်ယူလေသည်။ ဤချေပ ရန်ကိစ္စမှာ သေးငယ်သော ကိစ္စ မဟုတ်။ ဓမ္မာနန္ဒကောသမ္ဗီမှာ ကမ္ဘာ့အသိအမှတ်ပြု ပညာရှိကြီး ဖြစ်၏။ ထို့ကြောင့် သူ့စကားကို ချေပလိုလျှင် အလွန်ခိုင်မာသော ယုတ္တိသာဓကတို့ဖြင့် ချေပမှသာ ခရီးရောက်မည်။ ဤသို့ကြံမိ ၍ ဆရာတော်သည် အရှင်သီလာ နန္ဒအား ထိုနိဒါန်းစကားကို မြန်မာ ပြန်ရန် အမိန့်ပေးတော်မူသည်။ အရှင်သီလာနန္ဒ မြန်မာပြန်ပြီး နောက် ထိုမြန်မာပြန်ကို စာကူးစက် ဖြင့်မူပွား၍ ဆဋ္ဌသင်္ဂါယနာ ဝန် ဆောင်သံဃာ့အဖွဲ့. ဆရာတော်များ ထံသို့ တင်ပို့၍ ဆရာတော်တို့၏ သြဝါဒကို နာခံသည်။

၁၃၁၉ -ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၄ -ရက်နေ့တွင် ကမ္ဘာအေး၌ ဝန်ဆောင် သံဃာ့ အဖွဲ့. အစည်းအဝေးတစ်ခု ကျင်းပ ၍ ဓမ္မာနန္ဒကောသမ္ဗီ၏ စွပ်စွဲချက် များကိုချေပလျက် အရှင် ဗုဒ္ဓ ယောသ၏ စစ်မှန်သော အကျိုး အကြောင်း ဂုဏ်သတ္တိတို့ကို ပေါ် လွင်စေသော နိဒါန်းတစ်ခုကိုရေး



သားရန် ဆုံးဖြတ်၍ ထိုသို့ ရေးသား သည့်တာဝန်ကိုအနီးစခန်း ဆရာတော်၊ မဟာစည် ဆရာတော်၊အရှင် ဝိစိတ္တသာရာ ဘိဝံသ ဆရာတော် နှင့် အရှင်သီလာ နန္ဒတို့အားတာဝန်လွှဲအပ်ရန် တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။ နိဒါန်းရေး အဖွဲ့ဝင်ဆရာ တော် ၃ -ပါးတို့လည်း မဟာစည် ဆရာတော်အား နိဒါန်းမူကြမ်းကို ရေးသားရန် တာဝန်လွှဲအပ်ကြပြန်သည်။

နိဒါန်းရေးရမည့်တာဝန်မှာ မသေးလှပါ။ ပါဠိလို ရေးရမည် ဖြစ်၍ နိဒါန်းရေးမည့်ပုဂ္ဂိုလ်သည် ပါဠိဘာသာကို ရေးသားနိုင်လောက်အောင် ကျွမ်းကျင်သူဖြစ်ဖို့ လိုသည်။ ပါဠိရေးသားရာ၌လည်း ကံ,ကတ္တား အထားအသိုမှန်ကန်ရုံ ရေးတတ်ရုံမျှဖြင့် မလုံလောက်သေးပါ။ အရှင် ဗုဒ္ဓဃောသ၏ စာအုပ်ရှေ့၌ထည့် မည့်နိဒါန်းဖြစ်၍ အရှင်ဗုဒ္ဓဃောသရေးဟန် သို့ ဆင်တူရိုးမှားလိုက်နိုင်မည့် ချောမွေ့ခန့်ငြားသောရေးဟန် ဖြစ်ဖို့လိုသည်။ အများ ဖတ်ရှုနားလည် သိမြင်နိုင်ရန်ရေးရမည့် နိဒါန်း ဖြစ်၍ အသိဓက် အနက်ထင်ရန် ခက်သော ရေးဟန်မျိုးလည်း မဖြစ်စေရ။ ခေတ်အမြင် သမိုင်း အမြင် နှော၍ ဝေဖန်ထားသောစာကို ချေပရမည်ဖြစ်၍ နိဒါန်း ရေးသူသည် ခေတ်အမြင်လည်း ရှိရမည်။ သမိုင်း ကြောင်းဆိုင်ရာတို့ ၌လည်း လေ့လာ ပြမ်းတီးသူဖြစ်ရမည်။ ထို့ပြင် ဝန်ဆောင်သံယအဖွဲ့ ဆုံးဖြတ်ချက်၌ အခြားဘာသာများဖြင့် ရေးသားထားသော နိဒါန်းတို့ကို လည်း လေ့လာ၍ ရေးရန် ညွှန်ကြားထားပြန်ရာ နိဒါန်းရေးမည့် ပုဂ္ဂိုလ်သည် ဘာသန္တရတို့၌လည်း ကျွမ်းကျင်ရမည် ဖြစ်ပေသည်။ ဤသို့သော အရည်အချင်းမျိုးရှိသည့် ပုဂ္ဂိုလ်ကို ရရန်မှာလွယ်ကူသည်မဟုတ်ပါ။ သို့သော် ဤအရေးကို တွေးတောစိုးရိမ်ဖွယ် မရှိပါ။ မဟာစည်ဆရာတော်၌ ဆိုခဲ့ပြီး အရည်အချင်းများ အပြည့်အဝ ရှိနေပါသည်။

မဟာစည်ဆရာတော်သည် နိဒါန်းရေးရန်တာဝန်ယူပြီးနောက် သက်ဆိုင်ရာ ပါဠိအဋ္ဌကထာ ဋီကာတို့ကိုလည်းကောင်း၊ သာသနာ့သမိုင်းဆိုင်ရာ ဒီပဝင်, မဟာဝင်, စူဠဝင်, နိကာယသင်္ဂဟစသော ကျမ်းတို့ကိုလည်းကောင်း၊ ဤနိဒါန်းနှင့် သက်ဆိုင်မည့် ရှေးဟောင်းသုတေသနဆိုင်ရာ ရေးသားချက်တို့ကိုလည်းကောင်း၊ များစွာသော အင်္ဂလိပ်ဘာသာရေးကျမ်းတို့ကိုလည်းကောင်း အထပ်ထပ် ကြည့်ရှု စိစစ်လေ့လာ၍ အချိန်ယူကာ ရေးသားတော်မူလေသည်။ ထိုသို့ ရေးသားတော်မူပြီးနောက် စာမူကြမ်းကို ဆရာတော်သည် နိဒါန်းပြုစုရေးအဖွဲ့သို့ တင်ပြတော်မူသည်။ ဆရာတော်အပါအဝင် အဖွဲ့ဝင်တို့လည်း ရှုထောင့်အမျိုးမျိုးမှ ကြည့်ရှုသုံးသပ်



ဂါထာများမှာ လက်စွမ်းပြ သဘောမျိုးဖြစ်ရာ အချို့အရာတွင် ဖတ်ရသည်မှာပင် မလွယ်။ ဂါထာရေးရင်း ပုဂ္ဂိုလ်၏ နှလုံးသွင်းကို မမှန်းဆနိုင်သော နေရာများလည်း ရှိသည်။



ဝေဖန်၍ သေချာစွာ စစ်ဆေးတည်းဖြတ်ကြလေသည်။ နိဒါန်းမူကြမ်းမှာ အလွန်ပြည့်စုံနေပြီးဖြစ်ရာ ပြင်ဆင်နှုတ်ပယ်ဖြည့်စွက်ဖွယ်မရှိဖြစ်၍ ဆရာတော်ရေးသားတော်မူသည့် အတိုင်းပင် အတည်ပြုလိုက်ကြလေသည်။

ဆရာတော်သည် ဤမျှဖြင့် ကျေနပ်တော်မမူသေးဘဲပါဠိအရေးအသားတွင် နာမည်ကြီးလှသည့် သပြေကန် မဟာဓမ္မိကာရာမတိုက်အရှင် ဝါသေဋ္ဌာဘိဝံသ အနု နာယကဆရာတော်အထံသို့ ပို့၍ ပြင်ဆင်လိုသည်များကို ပြင်ဆင်၍ အနုဂီတိ ဂါထာများပါ ရေးသားပေးပါရန် တိုက်တွန်းခဲ့လေသည်။ ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသသည် နိဒါန်းမူကြမ်းကို ဖတ်ရသောအခါ အလွန်ဝမ်းမြောက် ဝမ်းသာ ဖြစ်တော်မူသည်။ ပြင်စရာဟူ၍လည်း မတွေ့ရ။ ထိုသို့ ဝမ်းမြောက် ဝမ်းသာဖြစ်တော်မူလှသဖြင့် အထူး ရွှင်ပျသွက်လက်သောဉာဏ်ဖြင့် အနုဂီတိဂါထာများကို ရေးသားတော်မူလေသည်။ အနုဂီတိ ဆိုသည့် အတိုင်း စုဏ္ဍိယမူကြမ်းကို ခြုံငုံ၍ လိုရင်း အဓိပ္ပာယ်ပါအောင် ရေးသားတော်မူသည် ဖြစ်ရာ ဂါထာပေါင်း (၇၄) ဂါထာမျှ ဖြစ်သွားတော့သည်။ ထို့ထက် ထူးခြားသည်မှာကား ထိုဂါထာတို့တွင် အရေးရလွယ်သော ရှစ်လုံး ဖွဲ့ဂါထာဟူ၍ တစ်ပုဒ်မျှမပါ၊ ဂိုဏ်း ဂရု,လဟု စည်းကမ်းကို တိကျစွာ လိုက်နာ၍ ရေးရသော အစိရခက် သည့် ၁၁-လုံးဖွဲ့၊ ၁၂-လုံးဖွဲ့၊ ၁၄-လုံးဖွဲ့ဂါထာတို့ချည်းသာ ဖြစ်နေခြင်း၊ ရက်အနည်းငယ်အတွင်းမှာပင် ထိုဂါထာတို့ကို ရေးသား၍ နိဒါန်းမူကြမ်းနှင့်အတူ ပေးပို့လိုက်ခြင်းပင် ဖြစ်ပါသည်။

နိဒါန်းပြုစုရေးအဖွဲ့ဝင်တို့သည် ထိုဂါထာများကိုလည်း ဖတ်ရှုတည်းဖြတ်ကြရပြန်သည်။ ဂါထာများမှာ လက်စွမ်းပြ သဘောမျိုးဖြစ်ရာ အချို့အရာတွင် ဖတ်ရသည်မှာပင် မလွယ်၊ ဂါထာရေးရင်း ပုဂ္ဂိုလ်၏ နှလုံးသွင်းကို မမှန်းဆနိုင်သောနေရာများလည်း ရှိသည်။ ထိုနေရာများကို အတိအကျ မသိရလျှင် ရိုက်နှိပ်သောအခါ အထားအသိုအဖြတ် အတောက် လွဲမှားသွားနိုင်သည်။ ထို့ကြောင့် ယင်းဂါထာများကို ဖတ်ရှုစစ်ဆေးပြီး ဂါထာရေးရင်း ဆရာတော်နှင့် အပြန်အလှန် စာဖြင့် ဆွေးနွေးရပြန်သည်။ ဂါထာရေး ဆရာတော်၏ အာဘော်ကို အတိအကျ သိရပြီးမှသာ ဂါထာများကို အတည်ပြုကြလေသည်။



ထိုသို့ မိမိတို့စိတ်ကြိုက် တည်းဖြတ်၍ ပြီးသောအခါ နိဒါန်း မူကြမ်းကို အကျိုးဆောင် ဆရာတော်ဦးဝိသုဒ္ဓါဘိဝံသလက်သို့ အပ်နှံလိုက်ကြသည်။

ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသလည်း မူကြမ်းကို ဖတ်ရသောအခါ လွန်စွာအားရ နှစ်သက်ဖြစ်တော်မူလေသည်။ ထို့ကြောင့်ပင် မူကြမ်းကို အဖွဲ့ပုံနှိပ်တိုက်သို့ ပို့ကာ အရိုက်ခိုင်းလေသည်။ ရိုက်နှိပ်ပြီးမူကိုမှ ဝန်ဆောင်ဆရာတော်များထံ သို့ကြည့်ရှုသုံးသပ်၍ ပြင်ဆင်လိုသည်တို့ကို ပြင်ဆင်ရန် ဆက်ကပ်လေသည်။ ဝန်ဆောင်သံဃအဖွဲ့ ဆရာတော်များထံမှ အတည်ပြု လက်ခံကြောင်း၊ ပြင်ဆင်စရာ မရှိကြောင်း၊ ထုတ်ဝေနိုင်ပြီဖြစ် ကြောင်းအမိန့်ရမှပင် ဝိသုဒ္ဓိမဂ္ဂ နိဒါနကထာကို ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်သံဃအဖွဲ့က ထုတ်ဝေ၍ ကမ္ဘာအနှံ့ ဖြန့်ဝေလေသည်။ ၁၃၁၉-ခုနှစ်ကပင် တာဝန်ပေးအပ်ခြင်း ခံရသော်လည်း မဟာစည်ဆရာတော်သည် အခြားများစွာသော မိမိ၏တာဝန်များအကြားမှ အချိန်ကို မရအရဖဲ့ယူ၍ ရေးသားခဲ့ရသည် ဖြစ်သောကြောင့် ၁၃၂၂-ခုနှစ်မှာမှ နိဒါနကထာကို ဖြန့်ဝေနိုင်တော့သည်။ ထိုအချိန်တွင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ၂ တွဲကို ရိုက်နှိပ်ထုတ်ဝေဖြန့်ချိပြီးဖြစ်နေပြီဖြစ်ရာ ဝိသုဒ္ဓိမဂ္ဂ နိဒါနကထာကို သီးခြားစာအုပ်အဖြစ် ထုတ်ဝေရလေသည်။

ဝိသုဒ္ဓိမဂ္ဂ နိဒါနကထာ၏



ပဓာန ဦးတည်ချက်မှာ အဌကထာ ဆရာ အရှင်မဟာဗုဒ္ဓဃောသ အပေါ်၌ မဟုတ်မမှန် စွပ်စွဲထားသော ရေးသားချက်များကို ဖြေရှင်းချေပရန်ဖြစ်၏။ သို့သော် မဟာစည်ဆရာတော်သည် ထိုမျှဖြင့် တင်းတိမ်တော်မမူဘဲ အရှင်ဗုဒ္ဓဃောသ အကြောင်းနှင့် ဆက်စပ်၍ပြသင့် ပြထိုက်သော အချက်အလက်မှန်သမျှကို ကျမ်းအမျိုးမျိုးမှ ရှာဖွေစုဆောင်း၍ ဂုဏ်မြောက်စွာရေးသားတော်မူခဲ့သည်။

ရှေးဦးစွာ ဓမ္မာနန္ဒကောသမ္ဗိ၏ စွပ်စွဲချက်များကို ခိုင်လုံသော ယုတ္တိသာဓကတို့ဖြင့် ချေပပြီးနောက် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည်မှ အရှင်ဗုဒ္ဓဃောသ ကာလတိုင်အောင်သော သာသနာအစဉ်အဆက်ကို ဖော်ပြထားသည်။ ဒုတိယ သင်္ဂီယနာ၏ နောက်၌ ကိုဏ်းကွဲများပေါ်ပေါက်လာပုံနောင် သီဟိုဠ်ကျွန်း၌ အဘယဂိရိ, ဓမ္မရုစိစသောကိုဏ်းတို့ ပေါ်ပေါက်လာပုံ၊ သီဟိုဠ်၌ အများ၏ စက်ဆုပ်ခြင်းခံရသောဝေတုလ္လဝါဒ အကြောင်း ဇေတဝနဝါသီကိုဏ်း ပေါ်ပေါက်လာပုံအကြောင်းတို့ကို လည်း အကိုးအကားများဖြင့် ဖော်ပြထားသည်။ ထို့နောက် အရှင်မဟာဗုဒ္ဓဃောသ၏ထေရုပ္ပတ္တိကို စိစစ်၍ ရေးသားထားလေသည်။ ထိုသို့ ရေးသားယင်းပင် ယခုအခါ အသံကြားဖြင့်အထင်ကြီး ခံနေရသည့် ဝိမုတ္တိမဂ်ကျမ်းအကြောင်းကို ဝိသုဒ္ဓိမဂ်ဖြင့် နှိုင်းယှဉ်၍ ရေးသားထားသည်။ အချို့သော ပုဂ္ဂိုလ်တို့ကား အရှင်ဗုဒ္ဓဃောသ၏ လက်ရာမဟုတ်၊ အခြား မထေရ်တစ်ပါးပါး၏ လက်ရာသာဖြစ်သည်ဟု ဆိုကြ၏။ ထိုအဆိုများကိုလည်း သမာသမတ်ကျသော စိစစ်ချက်တို့ဖြင့် ဝေဖန်ပြဆိုထားပါသည်။ ထို့ကြောင့် အချုပ်အားဖြင့် ဆိုရလျှင် ဝိသုဒ္ဓိမဂ်နိဒါနကထာသည် ဆဋ္ဌသင်္ဂီယနာက လက်ခံ အတည်ပြုအပ်သော အရှင်ဗုဒ္ဓဃောသ အတ္ထုပ္ပတ္တိ အသစ်ပင် ဆိုထိုက်ပါတော့သည်။

ဆဋ္ဌသင်္ဂီယနာ တင်သည့် အတွက် မြန်မာနိုင်ငံက အမြတ်တော်တော်များများ ရရှိခဲ့သည်။ ဗုဒ္ဓသာသနာရေးနှင့် ပတ်သက်လာလျှင် ကမ္ဘာက မြန်မာကို လေးစားလာရသည်။ အများလေးစားလောက်သည့် မူကောင်းမူမှန်အဖြစ် ရောက်အောင် သုမ်သင်၍ ခေတ်မီသော အဆင်အပြင်တို့ဖြင့် ပိဋကတ်, ပါဠိတော် အဌကထာ, ဋီကာတို့ကို ရိုက်နှိပ်ထုတ်ဝေနိုင်သဖြင့်လည်း မြန်မာနှင့်တကွ ကမ္ဘာအဝှန်းရှိ ပါဠိပညာရှင်တို့အဖို့ ဆုလာဘ်ကြီး တစ်ပါးပင် ဖြစ်တော့သည်။ ဤသို့ ပြည့်ပြည့်စုံစုံ အကြည့်ရအရှုရ အရှာရလွယ်ကူသော ပိဋကတ်ကျမ်းအစုံကား ယနေ့တိုင် မြန်မာပြည်မှလွဲ၍ အခြားနိုင်ငံများမှာ မရှိသေးပေ။ ဆဋ္ဌသင်္ဂီယနာ မူများမှာ အလွန်နှစ်သက်စရာ ကောင်းကြောင်း အခြားမူများထက် ကြည့်ရ ရှုရ ကောင်းကြောင်းကို အနောက်နိုင်ငံ ပါဠိပညာရှင်များလည်း ချီးကျူးစကားပြောကြားကြသည်။ ပါဠိတတ် မဟုတ်သူများဖက်မှ ကြည့်လျှင်လည်း ယခုအခါ ပိဋကတ်တော်လာ အနက်အဓိပ္ပာယ်တို့ကို မြန်မာဘာသာ သက်သက်ဖြင့် အလွယ်တကူ ဖတ်ရှုနိုင်ကြပြီဖြစ်၏။ ပိဋကတ်တော်မှာ ရှေးအခါက ပါဠိတတ်သူများအတွက်သာ ဖြစ်ခဲ့ရာမှ ယခုအခါတွင် မြန်မာစာတတ်သူတိုင်း ဖတ်ရှုနားလည်နိုင်သည့်အဖြစ်သို့ ရောက်နေပေပြီ။ ဗုဒ္ဓဝင်သက်သက်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာလို သူတို့အဖို့လည်း မဟာဗုဒ္ဓဝင်ကျမ်းကြီး အပြည့်အစုံရှိနေလေပြီ။ ပါဠိတော် အဌကထာ, ဋီကာလာ,ပုဒ်တို့ကို တစ်ခုမကျန်ထုတ်၍ တခမ်းတနားရေးသား ပြုစုထားသော တိပိဋကပါဠိမြန်မာအဘိဓာန်ကြီးများနှင့် ပါဠိပဒ အဘိဓာန် အညွှန်းကျမ်းများလည်းထွက်ပေါ်နေဆဲပင် ဖြစ်သည်။ ဆိုခဲ့ပြီးအားလုံးကား အကောင်အထည်ဖြင့် လက်ညှိုးထိုး၍ပြနိုင်သော ဆဋ္ဌသင်္ဂီယနာ၏ အမြတ်များတွင် တစိတ်တဒေသပင် ဖြစ်တော့သည်။ ဤအမြတ်များထဲတွင် မဟာစည်ဆရာတော်၏ ဝိသုဒ္ဓိ မဂ္ဂနိဒါနကထာမှာ ထူးခြားသော အမြတ်အစွန်းတစ်ခု ဖြစ်တော့သည်။ ဤနိဒါနကထာဖြင့် မျက်မှောက်ခေတ် မြန်မာနိုင်ငံတွင် အရှင် ဗုဒ္ဓဃောသ

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ဆရာတော်တို့ ရေးမူ ရေးဟန်ကို အမှီလိုက်နိုင်အောင် ရေးစွမ်းနိုင်သော ပုဂ္ဂိုလ်များ ထင်ရှားရှိကြောင်းလည်း ကြေငြာပြီး ဖြစ်သည်။ မြန်မာနိုင်ငံ ဆရာတော်များသည် ပိဋကတ်ကျမ်းသက်သက်မှာသာ ကျွမ်းကျင်ကြသည် မဟုတ်သေး၊ အခြား သမိုင်းဆိုင်ရာ အယူဝါဒစသည့် ဆိုင်ရာကျမ်းတို့၌လည်း ကျွမ်းကျင်သော ဆရာတော်များ ဖြစ်ကြောင်း မည်သည့် အယူအဆကိုမဆို သမာသမတ် စိတ်ထားဖြင့် မျှမျှတတ သဘာဝကျအောင် ဝေဖန်စိစစ်နိုင်စွမ်းသော ဆရာတော်များ ဖြစ်ကြောင်းလည်း ပြသပြီး ဖြစ်လေသည်။ (ဤစကားကို အပြောကြီးသည်ဟု ထင်လျှင် ဤဝိသုဒ္ဓိမဂ္ဂ နိဒါနကထာကို မင်းတုန်းမင်းကြီးလက်ထက်ရေး သာသနဝံသပ္ပ ဒိပိကာနှင့် နှိုင်းယှဉ် ကြည့်ရှုပါဟု တိုက်တွန်းလိုပါသည်) ထို့ကြောင့်ပင် ဤဝိသုဒ္ဓိမဂ္ဂ နိဒါနကထာကို အိန္ဒိယနိုင်ငံရှိပါဋိပညာရှင်တို့ကပင် ချီးကျူးစကားပြောကြားကြသည်ဟု တစ်ဆင့် ကြားသိရပါသည်။ မြန်မာနိုင်ငံဆရာတော်များအတွက် ဂုဏ်ယူဖွယ်တစ်ရပ်ပင် ဖြစ်ပါတော့သည်။

ဤနိဒါနကထာကို ရိုက်နှိပ်ဖြန့်ဝေရန် ဆုံးဖြတ်သော ဝန်ဆောင်သံဃအဖွဲ့ကပင် ဤနိဒါန်းကို မြန်မာသက်သက်ပြန်ရန် မဟာစည်ဆရာတော်အား တာဝန်ပေးတော်မူခဲ့ကြသည်။ မဟာစည်ဆရာတော်လည်း မြန်မာပြန်ပြီးနောက် မိမိတာဝန်ကျသဖြင့် ရေးသားရသော ဝိသုဒ္ဓိမဂ် မြန်မာပြန်အသစ် (အခြေခံများနှင့်တကွ ဝိပဿနာပိုင်း) ၌လည်းကောင်း၊ မိမိသဘောအလျောက် ရေးသားအပ်သော ဝိသုဒ္ဓိမဂ် မြန်မာပြန် ပထမတွဲ၌လည်းကောင်း၊ ထည့်သွင်းရိုက်နှိပ်၍ ဖြန့်ချိစေတော်မူလေသည်။ ဝိသုဒ္ဓိမဂ္ဂ နိဒါနကထာအကြောင်းကို တစ်ဆင့်သိမဟုတ်ဘဲ ကိုယ်တိုင်သိဖြစ်အောင် ပါဋိမတတ်သူများလည်း ထိုဝိသုဒ္ဓိမဂ် မြန်မာပြန်ကျမ်းသစ်တို့မှာ ဖတ်ရှုကြပါဟု တိုက်တွန်းလိုက်ရပါသည်။



၁၃၂၄ ခုနှစ်၌ ရိုက်နှိပ်သော ဝိသုဒ္ဓိမဂ် မြန်မာပြန် (အခြေခံများနှင့်တကွ ဝိပဿနာပိုင်း) တွင် ဝိသုဒ္ဓိမဂ်နိဒါန်း၏ မြန်မာပြန်သာမက ဂါထာရေးရင်း ဆရာတော်ကိုယ်တိုင် ရေးသားပေးသည့် အနုဂီတိဂါထာ ၇၄-ဂါထာ၏ နိဿယကိုပါ နောက်သား ပါဋိသုတေသီတို့အတွက် ထည့်သွင်းရိုက်နှိပ်ထားလေသည်။

အနုဂီတိဂါထာတို့ကို ရေးသားသော ဆရာတော်က အောက်ပါဂါထာဖြင့် အရှင်ဗုဒ္ဓဃောသကို ချီးကျူးရင်း နိဂုံးအုပ်ခဲ့သည်။

ခီယေထ ဝဏ္ဏော နသမုဒ္ဓရောပိ၊
နန္တဿ နေကာ ဟိ ဂုဏာ အနန္တာ။
ကောနုဒ္ဓ ရေယျာ ခိလသာဂရောဒေ၊
ကထာပိ မညန္တု သုစီ သဒါ တေ။

"ကုန်စင်အောင်ဟု ရွေးစုငင်နုတ်ထုတ်အပ်ပါသော်လည်း ထိုအရှင်ဗုဒ္ဓဃောသ၏ ဂုဏ်ကျေးဇူးသည် ကုန်နိုင်ဖွယ်ရာ မရှိပါပေ။ အဘယ့်ကြောင့်ဟူမူ ထိုအရှင်ဗုဒ္ဓဃောသ၏ ဂုဏ်တော်တို့သည် များပြားလှ၍ အဆုံးမရှိကုန်သည် မဟုတ်ကုန်လော၊ အဘယ်သူသည် သမုဒ္ဒရာရေတို့ကို ကုန်စင်အောင် ထုတ်ငင်ဆောင်ယူနိုင်ပါမည်နည်း၊ ထိုသို့ပင် မကုန်နိုင်အောင် များမြောင်လှသော်လည်း ဂုဏ်ကျေးဇူးကို အထူးသိမြင်တတ်သော ပညာရှိတို့သည် ထိုဗုဒ္ဓဃောသ ဆရာမြတ်တို့၏ဂုဏ်တော်ကို အမြဲတမ်းအမှတ်တရ အောက်မေ့နိုင်ကြပါစေကုန်သတည်း။ *(မြန်မာပြန်)*

အထက်ပါ ဂါထာသည် အရှင်ဗုဒ္ဓဃောသ၏ ဂုဏ်တော်တို့ကို ချီးကျူးရေးသားအပ်သော ဂါထာဖြစ်၏။ သို့သော် ထိုဂါထာသည် မဟာစည်ဆရာတော်၏ ဂုဏ်ကို ထုတ်ဖော်ချီးကျူးသော ဂါထာမဖြစ်နိုင်ပါသလော၊ မဖြစ်နိုင်ဟု အဘယ်သူသည် ပြောဆိုနိုင်ပါမည်နည်း။

စာတည်းအဖွဲ့
သက်တော်ရာပြည့်
အထိမ်းအမှတ်မော်ကွန်း





ကျေးဇူးရှင်
မဟာစည်ဆရာတော်ဘုရားကြီးအလေ်

ရဟန်းပုဂ္ဂိုလ်လူပုဂ္ဂိုလ် စာပေပညာရှင်ကြီးများအမြင်

ဦးဝင်းထိန် ရာဖွေတင်ပြသည်။

မိုးမိတ်ကုန်းမြေတွင် တိပိဋကနိကာယကျောင်းတိုက်ကို တည်ထောင်၍ တိပိဋကနိကာယ သာသနာပြုအဖွဲ့ စသည်ကို တည်ထောင်ပြုစုခဲ့သည်မှာ ဗုဒ္ဓသာသနာတော်တွင် အလွန်ပင်ဝမ်းမြောက်ဖွယ် ကောင်းလှပါပေသည်။

ဝမ်းမြောက်ဖွယ် ဖြစ်ခြင်း၏ အကြောင်းမှာ လောကဥ်ချမ်းသာရေးနှင့် လောကမှလွတ်မြောက်ကာ နိဗ္ဗာန်ရောက်လျက် ချမ်းသာရေးများအတွက် ဗုဒ္ဓမြတ်စွာဘုရားရှင်က ပရိယတ်, ပဋိပတ်သာသနာရေးများကို ကြိုးစားအားထုတ်ရန် ရည်သန်ညွှန်ပြ ဆုံးမတော်မူခဲ့ပေသည်။

ထို အဆုံးအမတော်နှင့်အညီ ဗုဒ္ဓသာသနာတော် အထူးသဖြင့် တိုးတက်ကြီးပွားစေရန် တိပိဋကဓရမဟာဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ အရှင်မြတ်က ယင်း တိပိဋကနိကာယကျောင်းတိုက်ကို တည်ထောင်စေပြီးသျှင် ထိုဌာနသို့ လာရောက်၍ ချမ်းသာစွာ နေထိုင်ကြလျက် တိပိဋကနိကာယဗုဒ္ဓစာပေများကို သင်ကြားလေ့လာကြရန် စီမံညွှန်ပြတော်မူခဲ့ပေသည်။

ထိုသို့ စီမံခြင်းကြောင့် ၁၃၄၀ ပြည့်နှစ်က ထိုဌာန၌ ရဟန်းတော်



များ ၄၈ -ပါးလာရောက်လေ့လာကြ၍ ၃၇-ပါးက ဝင်ရောက်ဖြေဆိုကြရာ ၃၂-ပါးက အောင်မြင်ကြကြောင်း။

၁၃၄၁ ခုနှစ်က ၈၂ -ပါး လာရောက်လေ့လာကြ၍ ၆၈-ပါးက ဝင်ရောက်ဖြေဆိုကြရာ ၅၈ -ပါးက အောင်မြင်ကြကြောင်း။

၁၃၄၂ ခုနှစ်က ၁၀၃-ပါး လာရောက် လေ့လာကြ၍ ၉၈-ပါးက ဝင်ရောက်ဖြေဆိုကြရာ အပါး ၉၀ က အောင်မြင်ကြကြောင်း ဖော်ပြထားသည်ကို ထင်ရှားတွေ့ရပေသည်။

ထိုသို့ တွေ့ရသဖြင့်လည်း အလွန်ပင်ဝမ်းမြောက်ရ ဝမ်းသာရပါသည်။ နောက်နှစ်များကျတော့ ထို့ထက်ပို၍ လာရောက်နေထိုင်ကြ, လေ့လာကြပြီးလျှင် တိပိဋကဓရစာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြသဖြင့် ထို့ထက်ပို၍ များစွာပင် အောင်မြင်ကြမည်ကို မျှော်လင့်ယုံကြည်ကြရပါသည်။

ထိုသို့ ပရိယတ္တိသာသနာတော်ကို လေ့လာကြသည့်ပြင် ပဋိပတ္တိသာသနာကိုလည်း မိမိတို့ သိနားလည်ကြသည့်အတိုင်း ကျင့်သုံးကြသဖြင့် ပဋိဝေဓသာသနာတော်ကိုလည်း ကိုယ်တိုင်ပင် တွေ့မြင်ကြသိကြ၍ အထူးအမြတ် ဗုဒ္ဓသာသနာတော်များနှင့် ပို၍ပြည့်စုံကြမည်ကို မျှော်လင့်ယုံကြည်ကြရပါသည်။

သို့ဖြစ်၍ ဗုဒ္ဓသာသနာတော်မြတ် အထူးသဖြင့် ပြည့်စုံအောင်စွမ်းနိုင်သမျှ တိုးတက်ကူညီ အားပေးနိုင်ကြပါစေ။

(၁)

မဟာစည်ဆရာတော်ဘုရားကြီးအား ညောင်ရမ်းဆရာတော်ဘုရားကြီး ချီးကျူးတော်မူပုံ

ဆဋ္ဌသင်္ဂါယနာမတင်မီ ဆဋ္ဌသင်္ဂါယနာတင်ခါနီးတွင် သီဟိုဋ္ဌ ကျွန်း (သီရိလင်္ကာ) သို့ သံဃာ့မစ်ရှင် အဖွဲ့တစ်ဖွဲ့လွှတ်ရန် တိုင်ပင်စည်းဝေးစဉ် ညောင်ရမ်းဆရာတော် ဘုရားကြီးကိုယ်တိုင်က မဟာစည် ဆရာတော် ဦးသောဘနပါ,ပါစေ၊ မဟာစည်ဆရာတော်ပါမှပို၍ အဆင်ပြေမည် စသည်ဖြင့် မိန့်ကြားတော်မူခဲ့လေသည်။ ကမ္ဘောဒီးယား (ကန်ပူချား) ကြွစဉ်ကလည်း မဟာ စည်ဆရာတော်ပါပေလို့ ပို၍ အဆင်ပြေသည် စသည်ဖြင့် ညောင်ရမ်းဆရာတော် ဘုရားကြီးက မိန့်ကြားတော်မူခဲ့လေသည်။

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဖြစ်ကိုလည်း ညောင်ရမ်းဆရာတော် ဘုရားကြီး ဦးဆောင်၍ ရွေးကောက်တော် မူခဲ့လေသည်။ ဆဋ္ဌသင်္ဂါယနာတင်မည့် ကျမ်းစာများ နောက်ဆုံးတာဝန်ခံ တည်းဖြတ်ရန်ကိုလည်း ညောင်ရမ်းဆရာတော်ဘုရားကြီးကိုယ်တိုင် အဆိုပြုမိန့်ကြားတော်မူခဲ့လေသည်။ ဤသို့ စသည်ဖြင့် ညောင်ရမ်းဆရာတော် ဘုရားကြီး အရှင်ရေဝတသည် မဟာစည်ဆရာ တော်အား များစွာ ချီးကျူးတော်မူခဲ့လေသည်။ မဟာစည်ဆရာတော် ဘုရားကြီး၏ စွမ်းရည်သတ္တိ အရည်အချင်းကို သိတော်မူသဖြင့် များစွာ ချီးပမြောက်စားတော်မူခဲ့လေသည်။ ပညာရှိသည်သာ ပညာရှိ၏ အရည်အချင်းကို သိသည်၊ ပညာမရှိသူသည် ပညာရှင်တန်ဖိုး, ပညာရှင်၏ အရည်အချင်းတို့ကို မသိပါချေ၊ မဟာစည်ဆရာတော်ဘုရားကြီးကား ထိပ်တန်းပညာရှင်တို့၏ လေးစားမှု, ချီးကျူးမှုကို ခံယူရသည့် မြန်မာ့သာသနာ၏ မှန်ကူတံခွန် ပုံပြုညွှန်သည့် ထူးချွန်ဥက္ကဋ္ဌ ပုဂ္ဂိုလ်မြတ်ကြီး ဧကန်စင်စစ် ဖြစ်တော်မူပါပေသည်။

(၂)

မဟာစည်ဆရာတော်ဘုရားကြီးအား ပခုက္ကူမြို့၊ မဟာဝိဇယာရာမတိုက် အဘိဇေမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်ဇဝနမဟာထေရ် ချီးကျူးတော်မူပုံ

မဟာစည်ဆရာတော်ဘုရားကြီးသည် ပခုက္ကူမြို့သို့ ပထမဆုံးအကြိမ် မဟာသုခိတာရာမ သတိပဋ္ဌာန်ရိပ်သာဖွင့်ပွဲ ကြွလာစဉ်က ဖော်ပြပါ ဆရာတော်ဘုရားကြီး အရှင်ဇဝနမဟာထေရ်အား ကြွ



ရောက်ဖူးမြော် ပူဇော်ကန်တော့၍ သာသနာရေးကိစ္စများ ဆွေးနွေးတော်မူခဲ့လေသည်။ ဆရာတော်ဘုရားကြီး အရှင်ဇဝနမဟာထေရ်သည် မဟာစည်ဆရာတော်ဘုရားကြီး ကြွလာခြင်းအတွက် လွန်စွာ ဝမ်းမြောက်တော်မူသည်။ မဟာစည်ဆရာတော်အား ချီးကျူးစကား မြွက်ကြားတော်မူခဲ့လေသည်။ မဟာစည် ဆရာတော်ဘုရားကြီး တည်ဆောက်တော်မူခဲ့သည့် သာသနာ့ရိပ်သာသို့လည်း ရံခါ ကြွရောက် ချီးမြှောက်တော်မူခဲ့လေသည်။ စင်စစ်တမူကား မဟာစည်ဆရာတော်ဘုရားကြီးသည် ပညာရှင်အပေါင်းတို့ နှစ်ထောင်း ဝမ်းသာထောမနာ ချီးကျူးအပ်သည့် ပုဂ္ဂိုလ်မြတ်ကြီးဖြစ်တော်မူပါသတည်း။

(၃)

မဟာစည်ဆရာတော်ဘုရားကြီးအား အဘိဓေမဟာရဋ္ဌဂုရ ပခုက္ကူဆရာတော်ဘုရားကြီး အရှင်သုနှရမဟာထေရ် ချီးကျူးတော်မူပုံ

၁၃၂၁ ခုနှစ်တွင် ဆရာတော်အရှင်သုနှရ ဆရာတော်ဘုရားကြီး ရန်ကုန်မြို့၊ ကမ္ဘာအေး ဇမ္ဗူဒီပကျောင်း ကြွရောက်စဉ်က မဟာစည် ဆရာတော်ဘုရားကြီးသည် ကိုယ်တိုင်ကြွလာပြီး ဆရာကြီး ဦးဟုတ်စိန် ရေးသားပြုစုသည့် ပဒတ္ထမဥ္ဇူသာခေါ် ပါဋိ, မြန်မာ အဘိဓာန်တွဲစုံချုပ်ပြီး ကျမ်းကြီးကို လှူဒါန်းလေသည်။ ဆရာတော်အရှင်သုနှရ ဆရာတော်ဘုရားကြီးက မဟာစည်ဆရာတော် သိပ်တော်တယ်၊ သူတို့ကြောင့် ဆဋ္ဌသင်္ဂါယနာကြီး အစစအရာရာ ပြည့်ပြည့်စုံစုံ ဖြစ်တယ် စသည်ဖြင့် မကြာမကြာ ချီးကျူးတော်မူလေ့ရှိသည်။

(၄)

မဟာစည်ဆရာတော်ဘုရားကြီးအား အဘိဓေမဟာရဋ္ဌဂုရ မစိုးရိမ်ဆရာတော်ဘုရားကြီး အရှင်သူရိယာဘိဝံသ ချီးကျူးတော်မူပုံ

၁၃၃၁ ခုနှစ်၊ ကဆုန်လထဲတွင် မဟာစည်ဆရာတော်ဘုရားကြီး အမိန့်အရ ညောင်ကန်အရှင်ဂျနှက ဝိသုဒ္ဓိမင်မဟာဋီကာနိဿယကြီးများ သွားရောက်လှူစဉ်က မစိုးရိမ်ဆရာတော်ဘုရားကြီးက -

"မဟာစည်ဆရာတော်က တို့များထက် ဉာဏ်သာတယ်၊ တို့များ မမြင်တဲ့ စာမှား, ပေမှားများကို မြင်အောင်ကြည့်နိုင်တယ်၊ အရှင်အနုရုဒ္ဓါတို့, ဋီကာကျော်ဆရာ အရှင်သုမင်္ဂလသာမိတို့, အခြား ကျမ်းပြုဆရာတော်တို့ မမြင်တဲ့ အမှားများကိုတောင် မြင်အောင် ကြည့်နိုင်တယ်၊ သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်း ဒိဋ္ဌိဝိသုဒ္ဓိအခန်းမှာ နာမ်ရုပ်တို့ကို လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဖြင့် ပိုင်းခြား သိရမည်ဆိုရာ ပဒဋ္ဌာန်ကို ဒိဋ္ဌိဝိသုဒ္ဓိအခန်းမှာ မဆိုသင့်သေးဘဲ ကခ်ါဝိတရဏ ဝိသုဒ္ဓိအခန်းမှာမှ ဆိုသင့်ကြောင်းကို ဆဋ္ဌသင်္ဂါယနာ တင်စဉ်က မဟာစည်ဆရာတော်က ထောက်ပြခဲ့တယ်၊ ဒီကရှေ့ မဟာစည်ဆရာတော်ထက်သာတဲ့ သူကို မပြောနဲ့ တန်းတူပုဂ္ဂိုလ်ကိုတောင် တွေ့ရဖို့ မလွယ်ဘူး၊ မဟာစည်ဆရာ တော်ရဲ့ စွမ်းရည်သတ္တိကို သိလို့လည်း ဒီဝိသုဒ္ဓိမင် မဟာဋီကာ နိဿယ ပြုစုဖို့တို့များက တိုက်တွန်းရတယ်" စသည်ဖြင့် ချီးမြှောက် မိန့်ကြားတော်မူခဲ့လေသည်။

(၅)

မဟာစည်ဆရာတော်ဘုရားကြီးအား ရွှေစေတီဆရာတော်ဘုရားကြီး ချီးကျူးတော်မူပုံ

မဟာစည်ဆရာတော်ဘုရားကြီး၏ အတ္ထက္ခာယီ ဒဋ္ဌီမိတ္တ ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည့် ရွှေစေတီဆရာတော်ဘုရားကြီးသည် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်းကြီးကို "ယော အပ္ပမာဒေါ အမတဿ ဝေ ပဒံ" အစရှိသော ၇-ဂါထာပါဋ္ဌ နိဿယ ဖြင့် ချီးကျူးတော်မူခဲ့လေသည်။ (၁-၄-၇၉) နေ့က ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ကမ္ဘာ့သာသနာပြု ကြွတော်မူစဉ်က ရန်ကုန် မင်္ဂလာဒုံလေဆိပ်အထိ လိုက်ပါပို့ဆောင် နှုတ်ခွန်းစကား မြွက်ကြားတော်မူခဲ့လေသည်။ ဤစာပြုသူသည် ရံခါ



ရွှေစေတီ ဆရာတော်ဘုရားကြီးနှင့် တွေ့ပါသည်။ တွေ့တဲ့အခါ မဟာစည် ဆရာတော် ဘုရားကြီး အကြောင်း စပ်မိလျှင် "မဟာစည်က ဘာမှ လိုလေသေးမရှိ စာတတ်တာ၊ အနေအထိုင်ကလည်း ဘာမှ ဆိုစရာမရှိဘူး" စသည်ဖြင့် ဝမ်းမြောက်ဝမ်းသာ မိန့်ကြားတော်မူပါသည်။

(၆)
မဟာစည် ဆရာတော်ဘုရားကြီးအား သီရိလင်္ကာနိုင်ငံ ဆရာတော်အရှင်အာနန္ဒာမေတ္တေယျ ချီးကျူးတော်မူပုံ

သီရိလင်္ကာနိုင်ငံ၊ ဝိဇ္ဇောဒယ တက္ကသိုလ်၌ ပါမောက္ခအဖြစ်ဖြင့် တာဝန်ထမ်းဆောင်တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ, သီဟိုဠ်ကျွန်း ပဏ္ဍိတ် စာပေပါရဂူဘွဲ့ရ အရှင် အာနန္ဒာမေတ္တေယျသည် မဟာစည် ဆရာတော်ဘုရားကြီးအား များစွာ ချီးကျူးတော်မူခဲ့လေသည်။ ဤစာပြုသူ သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ၌ နေစဉ်က မကြာမကြာ အရှင် အာနန္ဒာမေတ္တေယျနှင့်ဆုံတွေ့မိပါသည်။ တစ်ခါတွင် မဟာစည်ဆရာတော်အကြောင်း စပ်မိရာ-

"ငါ့ရှင် ငါ့ရှင်တို့ရဲ့ မြန်မာပြည်မှာ မဟာစည် ဆရာတော် ဟာဝိနည်းသိက္ခာပုဒ်တို့၌ လေးစားသည်၊ အဋ္ဌကထာဋီကာနှင့်တကွ ပိဋကဒ္ဝိ-ပုံ ပါဠိတော်ဆောင်ပုဂ္ဂိုလ်ပါ။ ပါဠိအဋ္ဌကထာဋီကာများ၌ မေးလိုက်လျှင် ခဏချင်းဖြေနိုင်တယ်" စသည်ဖြင့် မိန့်ကြားတော်မူခဲ့လေသည်။

ဆရာတော်အရှင်အာနန္ဒာမေတ္တေယျသည် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ၌ မဟာစည်ဆရာတော်ဘုရားကြီးထံ တရားအားထုတ်ဖူးသည်။ အင်ဒိုနီးရှားသာသနာပြုကြစဉ် အင်ဒိုနီးရှား၌တွေ့ဆုံ၍ အတူတူ သာသနာပြုတော်မူခဲ့လေသည်။ သီဟိုဠ်ကျွန်း (သီရိလင်္ကာ) မဟာ စည်ဆရာတော်ဘုရားကြီးကြွရောက်စဉ် မိမိသီတင်းသုံးရာ ဗာလဂေါဓသို့ ပင့်၍ ဂုဏ်ပြုပူဇော်တော်မူခဲ့လေသည်။ ၎င်းပြင် သီဟိုဠ်ကျမ်းပြုအကျော် အဂ္ဂမဟာပဏ္ဍိတ, ဝိဇ္ဇာလင်္ကာရတက္ကသိုလ်ပါမောက္ခ အရှင်ဗုဒ္ဓဒတ္တာဘမထေရ်စသော ပညာရှင်တို့ကလည်း ချီးကျူးကြလေသည်။

(၇)
မဟာစည် ဆရာတော်ဘုရားကြီးအား အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇာလင်္ကာရ ဆရာတော်အရှင်ဝိသုဒ္ဓါဘိဝံသ ချီးကျူးတော်မူပုံ

မန္တလေးမြို့၊ အနောက်ပြင် ဝိဇ္ဇာ လင်္ကာရကျောင်းတိုက် မဟာနာယကအဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ လက်စွဲအဘိဓာန် ကျမ်းပြု ဆဋ္ဌသင်္ဂါယနာအကျိုး ဆောင် ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသသည် ဆဋ္ဌသင်္ဂါယနာတင်တစ်ခေတ်လုံး ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်၌ သီတင်းသုံး၍ သင်္ဂါယနာကိစ္စများ ချောမောပြီးပြေအောင်မြင်အောင် "သည်းခံနိုး ကြား, သနားထကြွ, နိစ္စမသွေ, ခွဲဝေရှုတတ်, သူမြတ်တို့ဂုဏ်" ဟူသည့် နာယကဂုဏ်ခြောက်ပါး နှင့်အညီဆောင်ရွက်တော်မူခဲ့လေသည်။ ဖော်ပြပါ ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသသည် သက်တော် ၆၅၊ ဝါတော် ၄၆ အရတွင် ပျံလွန်တော်မူခဲ့လေသည်။

မဟာစည်ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ဝိဇ္ဇာလင်္ကာရ ဆရာတော်အရှင်ဝိသုဒ္ဓါဘိဝံသအား ဆဋ္ဌသင်္ဂါယနာအကျိုးများစွာ သယ်ပိုးဆောင်ရွက်သဖြင့် လွန်စွာ ကျေးဇူးတင်တော်မူသည်။ မကြာခဏလည်း ကျေးဇူးတင်ကြောင်း ထုတ်ဖော်မြွက်ကြားတော်မူသည်။ အကြိမ်ပေါင်းများစွာ ဆရာတော်အရှင်ဝိသုဒ္ဓါဘိဝံသနှင့် သာသနာရေးကိစ္စအဝဝ ဆွေးနွေးတိုင်ပင်တော်မူခဲ့ လေသည်။ ၎င်းပြင် ဆရာတော်အရှင်ဝိသုဒ္ဓါဘိဝံသ စျာပနနေ့တွင် ကျန်းမာရေးအနည်းငယ်ညံ့လျက်ဖြင့် ပင် မန္တလေးသို့ စျာပနပွဲမီ ကြွရောက်၍ ပရိသတ်အား သီလပေးပြီး ပရိသတ်အလယ် ဆရာတော်အရှင်ဝိသုဒ္ဓါဘိဝံသ၏ ဂုဏ်ကျေးဇူးများကို ၁၅-မိနစ်ခန့် ထုတ်ဖော်ချီးကျူး မြွက်ကြားတော်မူခဲ့လေ



သည်။ ဆရာတော်အရှင်ဝိသုဒ္ဓါဘိဝံသကလည်း မကြာခဏ မဟာစည်ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတို့ကို ထုတ်ဖော်မြွက်ကြားခဲ့ဖူးလေသည်။ တကယ်တော့ သာသနာပြုသူတော်ကောင်း ဆရာတော်ကြီးနှစ်ပါးဖြစ်တော်မူကြသည်။ ယခုသော် လနှင့်နေကွယ်ပသည့်အလား မရှိကြတော့ပြီတကား။

(၈)
မဟာစည်ဆရာတော်ဘုရားကြီးအား အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ဉာဏုတ္တရ ချီးကျူးတော်မူပုံ

ဆရာတော် အရှင်ဉာဏုတ္တရသည် မဟာစည်ဆရာတော်ဘုရားကြီးအား များစွာလေးမြတ်ကြည်ညိုသည်၊ ဆရာတော်ဘုရားကြီးထက် ၄-နှစ်ခန့် သက်တော်ကြီးသည်၊ မဟာစည်ဆရာတော်ဘုရားကြီးထံ သတိပဋ္ဌာန်ဝိပဿနာရှုနည်းကိုလည်း နည်းခံတော်မူခဲ့လေသည်။ မဟာစည်ဆရာတော်ဘုရားကြီးအား များစွာချီးကျူးတော်မူခဲ့လေသည်။ အထူးသဖြင့် ဆရာတော်အရှင်ဉာဏုတ္တရမထေရ်သည် ၁၇-ကြိမ်မြောက် မဟာစည်ဩဝါဒ ခံယူပူဇော်ပွဲတွင် ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယနှင့်စပ်၍ အောက်ပါအတိုင်း ချီးကျူးတော်မူခဲ့လေသည်။

ဝိသုဒ္ဓိမဂ်ဆိုတာ အဋ္ဌကထာကို ပြောပါတယ်၊ အဲဒီအဋ္ဌကထာရဲ့ အဓိပ္ပာယ်ကိုထပ်ဖွင့်တဲ့ ဋီကာဆိုတာလဲ ရှိပါတယ်။ အဲဒီ ဋီကာကသာ ခက်သွားတယ်၊

ဒီ ဋီကာဟာ ဘယ်လောက် ခက်သလဲဆိုယင် ပါဠိသက်သက် တတ်နေရုံနဲ့တော့ ဒီဋီကာရဲ့ ပုဒ်ပါဠိရှိသမျှကို အပြည့်အစုံ အနက်မပြန်နိုင်ဘူး၊ သက္ကဋပါ တတ်ပါတယ်ဆိုရင်တောင်မှ သဘာဝကို နားမလည်လို့ရှိရင် ဒီဝိသုဒ္ဓိမဂ် ဋီကာကို နိဿယမရေးနိုင်ဘူး၊ အဲဒီလောက်ခက်တဲ့ ဝိသုဒ္ဓိမဂ်မဟာဋီကာကြီးကိုမဟာစည် ဆရာတော်က နိဿယ ရေးပါတယ်၊ ရေးရုံတင်မကပါဘူး၊ ပထမတွဲဆိုလျှင် ထွက်ပေါ်ပြီးတော့တောင် နေပါပြီ၊ (၁၃၂၈-ခုနှစ်က ဆရာတော်အရှင်ဉာဏုတ္တရ၏ ချီးကျူးစကားဖြစ်သည်။)

ဝိသုဒ္ဓိမဂ် မဟာဋီကာကြီးကို ရေးမယ်ဆိုရင် ခုနကပြောခဲ့သလိုပဲ ပါဠိကျမ်းဂန်အမျိုးမျိုးကိုလဲ ကျပွန်ရမယ်၊ သက္ကဋကျမ်းအမျိုးမျိုးကိုလည်း နားလည်ရမယ်၊ သက္ကဋမှာ ဒဿနလို့ခေါ်တဲ့ စကားရှိတယ်၊ ဒဿနဆိုတာ အယူဝါဒကိုပြတဲ့ အပိုင်းဖြစ်တယ်၊ သက္ကဋနဲ့ရေးထားတဲ့ အဲဒီဒဿန အမျိုးမျိုးတွေကိုလည်း နားလည်ရတယ်၊ အဲဒီ အယူဝါဒအမျိုးမျိုးတွေ စုပေါင်း ဖော်ပြထားတဲ့ (သဗ္ဗဒဿန သင်္ဂဟ) စတဲ့ ကျမ်းမျိုးတွေရှိတယ်၊ ဒါမျိုးတွေကိုလည်း မဟာစည်ဆရာတော်က ကောင်းကောင်းလေ့လာထားတယ်၊ ဒီလို လေ့လာထားလို့သာလျှင် မဟာဋီကာမှာ အဲဒီဝါဒတွေနဲ့စပ်တဲ့ အပိုင်းတွေကိုလည်း ရှင်းလင်းပြီး ရေးနိုင်ပါတယ်၊ အဲဒီမဟာဋီကာမှာပါတဲ့အခြားအယူဝါဒတွေကို ရေးထားတဲ့ သမယန္တရပိုင်းဆိုတာလဲ ရှိတယ်၊ အဲဒီအပိုင်းဟာ ခက်လွန်းလို့ မဟာစည်ဆရာ တော်က သူများတွေလဲ ခက်ကြပေလိမ့်မယ်လို့ မြော်တွေးပြီး အဲဒီသမယန္တရပိုင်းကို သီးခြားနိဿယအဖြစ်နဲ့ ရေးသားပုံနှိပ်ပြီး ဖြန့်ဝေထားတယ်၊ အဲဒါလည်း ဋီကာနိဿယ စတုတ္ထတွဲ စာအုပ်လောက်မှာ ပါလိမ့်မယ်လို့ ထင်ပါတယ်၊ ဒီဋီကာနိဿယမှာ ပြောစရာ ချီးကျူးစရာတွေကတော့ အများကြီးရှိပါတယ်၊ ဒါပေမယ့် အချိန်မရဘူး၊ ဒါကြောင့် တိုတိုနဲ့ပြီးအောင် အဲဒီမဟာဋီကာနိဿယရဲ့ နိဒါန်းကိုရေးတဲ့ပုဂ္ဂိုလ်က ပြောထားတာကလေးတွေကိုပဲ ထုတ်ပြပါတော့မယ်၊ ပါဠိကိုဘယ်လောက်တတ်တတ် သက္ကဋဘယ်လောက်တတ်တတ်လာခဲ့ပါ။ ဒီ နိဿယမျိုး ရေးပါဆိုရင်တော့ မရေးနိုင်ဘူးလို့ ခုနက ပြောခဲ့သလိုပဲ အဲဒီ နိဒါန်းရေးတဲ့ ပုဂ္ဂိုလ်က စကားတစ်လုံးသုံးထားတယ်။ ဘယ်လိုလည်း ဆိုတော့ -

မဟာဋီကာနိဿယကို ကြည့်လျှင် ဒီလိုကြည့်ပါတဲ့၊ မဟာစည်ဆရာတော်က ဘယ်ကလောက် ခက်ခက်ခဲခဲ ရေးသားထားသလဲ ဒီနိဿယဟာ ဘယ်လောက်ကောင်းသလည်း ဘယ်လောက်ပြည့်စုံသလဲ



ဆိုတာ နိဿယကိုချည်း လျှောက်ကြည့်နေရုံနဲ့တော့ သိမယ်မဟုတ်ဘူးတဲ့၊ ဘယ်လိုမှသိမလဲဆိုယင် မဟာဋီကာပါဠိမှာ (အထူးခက်တယ်လို့ထင်ရတဲ့) ကြိုက်ရာအခန်းက စာတစ်ရွက်လောက်ကို ဖတ်လိုက်ပါ၊ ဖတ်ပြီးပြီဆိုတော့ အဲဒီပါဠိတွေကို ကိုယ်ကြိုက်သလိုအနက်ပေးပြီး စာနဲ့လည်း ရေးထားပါ၊ ပြီးတော့ အဲဒီကိုယ်ရေးထားတဲ့ စာနဲ့ မဟာစည်ဆရာတော်ရဲ့ နိဿယနဲ့ တိုက်ကြည့်လိုက်ပါ၊ အဲဒီအခါကျရင် မဟာစည် ဆရာတော် ဘယ်လောက်စွမ်းသလဲ မဟာစည်ဆရာတော်ရဲ့နိဿယဟာ ဘယ်လောက် သဘာဝကျသလဲဆိုတာ ကောင်းကောင်းကြီး သိလာပါလိမ့်မည်တဲ့၊ ဒီလို နိဒါန်းရေးတဲ့ပုဂ္ဂိုလ်က ဆိုထားတယ်။

အဲဒီတော့ နိဿယဘယ်လောက်ကောင်းတယ်ဆိုတာကို ကျမ်းစာသား မဖတ်ရသေးခင် နိဒါန်းကြည့်ကတည်းက သိနှင့်ရတယ်၊ ဘုန်းကြီးနိဒါန်းကြည့်ရင်း ဒီကိုယ်တော်ပြောတာမှန်ပေတယ်၊ သဘာဝကျတယ်လို့ ခိုးကျူးမိတယ်၊ စာဆိုတာ သူများ ရေးထားတာကို ကြည့်လိုက်ရင် သိလွယ်တယ်၊ ကောင်းသားပဲလို့ သဘောကျတတ်ပါတယ်၊ ခက်တယ်လို့တော့ မထင်တတ်ဘူး၊ ဒါပေမယ့် သူများရေးထားတာကို မကြည့်ပဲနဲ့ ကိုယ်တိုင်ရေးစမ်းပါဆိုတော့ စွမ်းနိုင်ခဲပါတယ်၊ မလွယ်ပါဘူး၊ ဒါကြောင့် သူများရေးထားတာကို မကြည့်သေးခင် မဟာဋီကာမှ ကြိုက်ရာစာတစ်ရွက်ကို လှန်ပြီး ကိုယ့်ဉာဏ်စွမ်းအား ရှိသမျှ နိဿယရေးပြီးတော့မှ မဟာစည်ဆရာတော်ရဲ့ နိဿယနဲ့ တိုက်ကြည့်ပါ၊ ဘယ်လို ကွာခြားသွားတယ်ဆိုတာ သိပါလိမ့်မယ်တဲ့၊ အဲဒီလို နိဒါန်းရေးတဲ့ပုဂ္ဂိုလ်က စကားတစ်လုံးသုံးထားပါတယ်၊ (ဤသို့ စသည်ဖြင့် ၁၇-ကြိမ်မြောက် သြဝါဒခံယူပူဇော်ပွဲမှာ ဆရာတော် အရှင် ဉာဏုတ္တရက ခိုးကျူးမြွက်ကြားသွားပါသည်။)

ကျေးဇူးဆပ်တော်မူခြင်း

မဟာစည်ဆရာတော်ဘုရားကြီးသည် ဆရာတော်အရှင်ဉာဏုတ္တရ နောက်ဆုံး မာရဏာန္တိကဝေဒနာဖြင့် မကျန်းမမာဖြစ်သည့် အခါ သာသနာ့ရိပ်သာသို့ပင့်၍ ကုသတော်မူသည်။ နောက် ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင် ပြန်လည်ကြွသောအခါတွင်လည်း မကြာခဏ ကြွရောက်၍ သတိရှိဖို့, မမေ့ဖို့, ဝေဒနာသည်းခံဖို့ အကြိမ်ကြိမ် သတိပေးတော်မူသည်။ နောက်ဆုံး ဆရာတော် အရှင်ဉာဏုတ္တရ ပျံလွန်တော်မူသောအခါ သံဃာတော်များ လှူရန် သင်္ကန်းအစုံပေါင်းများစွာ ကူညီရုံမျှမက စျာပနပွဲအကြိုနေ့များတွင် တရားမမှအကြိမ်ကြိမ် ဟောတော်မူကာ နောက်ဆုံးစျာပနနေ့တွင် မရဏာသတိတရား ဟောကြား၍ ရေစက်ချတော်မူခဲ့လေသည်၊ ရဟန်း, ရှင်, လူပရိသတ်ကြီးအား သံဝေဂယူစေတော်မူခဲ့လေသည်။

(၉)

မဟာစည်ဆရာတော်ဘုရားကြီးအား ဆရာတော်အရှင်နန္ဒိယ ခိုးကျူးတော်မူပုံ

မဟာသမယသုတ် ခြောက်သုတ် နိဿယစသည့် ကျမ်းဂန်များစွာကို ပြုစီရင်တော်မူခဲ့သော ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်တိုက်အုပ်ဆရာတော် အရှင်နန္ဒိယသည်လည်း မဟာစည်ဆရာတော်ဘုရားကြီးကို များစွာခိုးကျူးတော်မူခဲ့လေသည်။ ဆရာတော်အရှင်နန္ဒိယသည် ၁၂၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ -ရက်နေ့တွင် ဖွားမြင်၍ ၁၃၃၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၁-ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်။ မဟာစည်ဆရာတော်ဘုရားကြီးထက် တစ်နှစ်နီးနီးငယ်သည်၊ မဟာစည်ဆရာတော်ဘုရားကြီးထံ တရားအားထုတ်ဖူးလေသည်။ မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ်ဋီကာနိဿယထွက်လာသောအခါ များစွာ ခိုးကျူးတော်မူခဲ့လေသည်။

၄င်းပြင် မဟာစည်ဆရာတော်ဘုရားကြီးထံ "ဆရာတော်၏ သမယန္တရပိုင်းဆိုင်ရာ စာအုပ်ကလေးများ ရရှိစဉ်ကပင် မဟာဋီကာ၏ မှီရာ နိဿယကို မဟာစည်ဆရာတော်ရေးလျှင် သာလွန်ကောင်းမွန်မည့်အကြောင်းကို အချင်းချင်း



ပြောဆိုခဲ့ကြဖူးပါသည်။ နောက်မကြာမီ မျော်လင့်သည့်အတိုင်းပင် ၄င်းနိသယ ပထမအုပ် ထွက်လာသဖြင့် မဟာဋ္ဌီကာနှင့် စပ်လျဉ်းသည့် တွေဝေမှုတို့ကို ဖြေရှင်းနိုင်တော့မည်ဟု အထူးဝမ်းမြောက်လျက် ရှိပါသည်" စသည်ဖြင့်လည်း စာပေးခဲ့ဖူးလေသည်။

မဟာစည်ဆရာတော်ဘုရားကြီးကလည်း ဆရာတော်အရှင်နန္ဒိယပျံလွန်တော်မူစဉ်က မင်္ဂလာဦးအောင်မြင့်အား "ဦးအောင်မြင့် ဦးနန္ဒိယ ပျံလွန်တော်မူတာဟာ တစ်သာသနာလုံး ဆုံးရှုံးမှုဖြစ်တယ်၊ ဒီလို ပညာတတ်ပုဂ္ဂိုလ်မျိုး အစားရဖို့ မလွယ်ဘူး"ဟု မိန့်ကြားတော်မူခဲ့လေသည်။

(၁၀)

ပရိတ်ကြီး နိသယသစ်စသည့် ကျမ်းများကို ပြုစီရင်စတင်မူခဲ့သည့် အဂ္ဂမဟာပဏ္ဍိတ၊ ပရိယတ္တိသာသနဟိတစမ္မာစရိယ၊ သာသနဓဇသိရိပဝရမ္မာစရိယ၊ သိရောမဏိသဓြကန် ဓမ္မိကာရာမတိုက် ဆရာတော်အရှင်ဝါသေဋ္ဌာဘိဝံသ၏ ခြိုးကျူးတော်မူပုံ

ဆရာတော်အရှင်မြတ်၏ ထူးခြားသောဉာဏ် ထက်သန်သော ဝီရိယ, ကရုဏာတို့ကိုအစွဲပြု၍ ဖြစ်ခဲ့ကြီးဖြစ်ပေါ်လာရသော ဝိသုဒ္ဓိမဂ်မဟာဋ္ဌီကာနိသယကို ဓမ္မဒါန အဖြစ်ရရှိခဲ့ရာ အဖိုးအနှဲ့ ထိုက်တန်လှသော ရတနာအသွင် ထင်မြင် အားရဝမ်းမြောက်လှပါသည်၊ ကြည့်ရှုသုံးသပ်မိတိုင်း အနှဲ့ရတနာအဖြစ်ကို နှစ်နှစ် ကာကာနားလည်နိုင်ခဲ့ပါသည်။ ၄င်းဋ္ဌီကာသမယန္တရ ဂဏ္ဌိနိသယကို ရခဲ့စဉ်က ယခင်အခါကပင် ထို သမယန္တရပိုင်း နိသယကို ကြည့်ရခြင်းဖြင့် ထွက်ပေါ်လာမည့် နိသယ၏ ကောင်းခြင်းအဖြာဖြာနှင့် ပြည့်စုံလာမည်ကို မှန်းဆမျော်လင့်တောင့်တခဲ့ပါသည်။ မှန်းဆ မျော်လင့်တောင့်တခဲ့သည့်အတိုင်းပင် အလွန်တွေ့ရခဲလှသော ကောင်းခြင်းဂုဏ်အင် စုံလင်ပြည့်ဝနေသည်ကို တွေ့ရသည်ဖြစ်ရာ အားရဖွယ်ကောင်းလှပါသည်။

အဖွင့်ရှိသောကျမ်းများ၌ နိသယရေးရသည်မှာ လွယ်ကူပါသော်လည်း ဤကဲ့သို့ အဖွင့်မရှိသော ကျမ်းများ၌မူ ပါဠိ, အဋ္ဌကထာ, ဋီကာအရပ်ရပ်မှာ နှံ့စပ်ကျေပွန်စွာ လေ့လာပြီးမှ သက်ဆိုင်ရာ အခက်အခဲများကို ဖြေရှင်းတင်ပြနိုင်မည်ဖြစ်ပါသည်၊ ထိုထက် မဟာဋ္ဌီကာ၌ သမယန္တရဝါဒများဖြင့် ဖန်တီးထားခဲ့ပြန်ရာ သာမန် သမယန္တရဝါဒ ဗဟုသုတ တစွန်းတစမျှဖြင့် ထိုသမယန္တ ရဝါဒများကို အမှန်ကျအောင် ညွှန်ပြနိုင်ဖို့ ခဲယဉ်းလှပါသည်။ သကသမယ၌လည်း နှံ့စပ်ကျေပွန် နိုင်နင်းလှသဖြင့်လည်းကောင်း၊ ပရသမယများကိုလည်း ရှာဖွေကြိုးစား လေ့လာထားသဖြင့်လည်းကောင်း အများအမြောင် အတိကျနေသော အရာများ၌ အလင်းရောင် ထိုးပြပေးနိုင်ခဲ့သည်မှာ ယခုခေတ်သုတေသီများအဖို့ ကျေးဇူးတင်ဖွယ်ရာဖြစ်ပါသည်။

ဝေါဟာရမကြွယ်ဝလျှင်လည်းကောင်း၊ ဝေါဟာရကြွယ်ဝစေကာမူ အကွက်ကျကျ အသုံးမချတတ်လျှင်လည်းကောင်း သိလွယ်, ထင်လွယ်, နှစ်သက်ဖွယ်အနက်များကို ပေးနိုင်ဖွယ်မရှိပါ၊ ထိုနှစ်ချက်စလုံး စုံသောကြောင့်ပင် ခေတ်နှင့်လျော်လျက် နှစ်သက်ဖွယ်အနက်များကိုချည်း တွေ့ရသည့်ပြင် အနက်ထင်လျှင် အဓိပ္ပာယ်သိသွားလေအောင် အဆင်အပြင် ကောင်းလှသဖြင့်လည်း ဤနိသယမျိုးဖြစ်ပေါ်လာခြင်းအတွက် ဤခေတ်သုတေသီတို့အဖို့ ကံကောင်းလှပါသည်။

အများသိနေသော အသိများသော အနက်အဓိပ္ပာယ် အဆုံးအဖြတ်ကို ပြဖို့ရာမှာ ခက်ခဲလှသည်မဟုတ်ပါ၊ အများမမြင်နိုင် တွေ့နိုင်ခဲသော စာများကို ပြင်နိုင်ခြင်း, မြှုပ်ကွက်ကို ဖော်နိုင်ခြင်း, အသစ်အဆန်းမှတ်စရာကို ပြနိုင်ခြင်းတို့မှာ စဉ်းစားခြင်း အကျင့်အထုံရလျက် ရှိသော ထူးခြားသော ပညာရှင် ပုဂ္ဂိုလ်တို့၏ အရာသာဖြစ်ရာ ဤမဟာဋ္ဌီကာနိသယကျမ်း၌ ထိုကဲ့သို့ အများစုမမြင်နိုင်သော မတွေ့ရဖူးသော အသစ်အဆန်း မှတ်စရာများကို နိဒါန်းအရလည်းကောင်း၊ ကြည့်ရှု၍ တွေ့ပြီးစာသားများအရလည်း



ကောင်း ပါဝင်နေကြောင်း သိရသည်ဖြစ်ရာ ဆရာတော်၏ အမှန်လိုလား စဉ်းစားဆင်ခြင် ဉာဏ်ထက်သန်ခြင်း, အသစ်အဆန်း ဗဟုသုတ လိုလားခြင်းတို့မှာ ရအပ်သောလာဘ်များအဖြစ် နှစ်သက်အားရ အများကပင် ကျေနပ် ဝမ်းသာ ကျေးဇူးတင်ကြပါလိမ့်မည်။

ဤလို ဝိသုဒ္ဓိမဂ်မဟာဋီကာ နိဿယမှာ ယခုခေတ်၌ အမှန်ပင်လိုအပ်လျက်ရှိရာ ထိုလိုကွက် ဟာကွက်ကို ဖော်ထုတ်ဖြည့်စွက်ကာ သာသနာပြုတော်မူခဲ့သည်ကို အားလုံးကပင် ဝမ်းသာအားရ ဖြစ်ကြရပါလိမ့်မည်၊ ထိုထက် သာမန်နိဿယမဟုတ်ဘဲ ထူးကဲစွာ အကျိုးဆောင်မည့် နိဿယကောင်းတစ်ခု ဖြစ်ပြန်ရာ ဤနိဿယနေရာကို ယူနိုင်မည့် ဤထက်သာလွန်သော နိဿယကောင်းတစ်ခု ပေါ်ပေါက်လာဖို့ရာ လွန်စွာခဲယဉ်းလိမ့်မည်ကို စဉ်းစားဉာဏ်ရှိသူတိုင်းက မြင်ကြပါလိမ့်မည်။

ဆရာတော်၏ ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ (ဒုတိယတွဲ) ဓမ္မဒါနကို ရရှိပါသည်။ တပည့်တော်များအဖို့ အဖိုးအနဂ္ဃထိုက်တန်လှသော ရတနာကို ရဘိသကဲ့သို့ ဝမ်းမြောက်ခြင်းဖြစ်ရပါသည်။ မှတ်ချက်, ပုဒ်အနက်, အဆုံးအဖြတ်ကလေးများကို ရွေးကာ ကြည့်ရှုသုံးသပ်ခဲ့ရပါသည်။ အများတကာ သိနိုင်ခဲသော ပဒ, ပဒတ္ထများ၌ ကြိုးစားပြီး အမှန်ကို ဖော်ပြထားခဲ့ရာသာမန်နိဿယမျှ မဟုတ်သည်ကို ညွှန်ပြလျက်ရှိနေကြောင်း တွေ့ရပါသည်။ ဆရာတော်၏ ဉာဏ်စွမ်းကိုလည်းကောင်း၊ ကြိုးစားတော်မူခဲ့သော ဝီရိယကိုလည်းကောင်း အထင်ကရမြင်ရသည်မှာ ချီးကျူးဂုဏ်တင်ဖွယ် ဖြစ်ရပါသော်လည်း အများကပင် မြင်တွေ့ရခဲသော အာသောကာဝဒါန (ဒု-၂၆၁) ကို ထည့်သွင်း ပြလိုက်သည်မှာလည်း ကျေးဇူးတင်ဖွယ်ရာ ဖြစ်ပါတော့သည်။

(၁၁)

ဓမ္မာစရိယဦးဌေးလှိုင်အမြင် အင်အားကြီးမားတမံခိုင်ခံ့လှ၏

မဟာစည်ဆရာတော်သည် (၁၄) ဝါရကပင် ကမ္မဌာန်းစတင်ပြသခဲ့သည်။ ဆဌသင်္ဂါယနာမတင်မီကပင် မဟာစည်ဂုဏ်သတင်း ကမ္ဘာ၌ သင်းထုံနေလေပြီ။ သီရိလင်္ကာခေါ်သီဟိုဠ်၌ ကမ္မဌာန်းဌာနခွဲ (၃၀) ကျော်တိုင်း ကမ္ဘောဒီးယား၊ လာအိုနိုင်ငံများ၌ ဌာနခွဲပေါင်း (၃၀၀)ကျော်၊ အင်ဒိုနီးရှားနိုင်ငံတွင် (၇၀)ကျော်ရှိ ယောဂီပေါင်း မြောက်များစွာ အားထုတ်ပြီးဟု ခန့်မှန်းနိုင်သည်။

အမေရိကန်၊ အင်္ဂလန်၊ ဂျာမနီ၊ ဩစတြေးလျ နိုင်ငံတို့မှလည်း လာရောက်လေ့လာနည်းနာခံ၍ အားထုတ်ကြပြီး ကိုယ်တွေ့အတွေ့အကြုံများကိုလည်း ရေးသားကြသည်။ ခြုံ၍ဆိုရသော် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ပဋိပတ္တိမြစ်ကြောင်းကြီးကား ကပ်တိုးကပ်ဖဲ့ အမွှေဓာတ်များဖြစ်ကြသော ကမူ၊ ချုံ၊ အရှုပ်တို့ကို အမြစ်ပြုတ် တိုက်စားနိုင်လောက်အောင် အင်အားလည်းကြီးမား၊ တမံလည်းခိုင်ခံ့လှပေ၏။

ဓမ္မာစရိယဦးဌေးလှိုင်
(ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများမှ)

(၁၂)

ဒဂုံဦးထွန်းမြင့်၏အမြင် (နှစ်ဖက်စုံ ပုဂ္ဂိုလ်ကြီး)

ပိဋကတ်သုံးပုံကိုလည်း ပြည့်စုံစွာ တတ်မြောက်၊ ပဋိပတ်အလုပ်ကိုလည်း အားထုတ်သည့် ပရိယတ်၊ ပဋိပတ်နှစ်ဖက်စုံ ပုဂ္ဂိုလ်ကား လွန်စွာရှားလေသည်။

ကိုယ်အားဉာဏ်အား စွမ်းပကားနှင့်ပြည့်စုံ၍ စေတနာစိတ်ထားကြီးမားပြင်းထန်သည့် ပုဂ္ဂိုလ်ထူးများသာလျှင် ပရိယတ် ပဋိပတ်နှစ်ဖက်စုံ ဖြစ်နိုင်လေသည်။ ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ၌ သီတင်းသုံးတော်မူသည့် ဆဌသင်္ဂါယနာပုစ္ဆက၊ ဆဌသင်္ဂါယနာ ပဋိဝိသောဓက-ဝိပဿ နာစရိယ မဟာစည်ဆရာတော်ဘုရားသည်ကား ပရိယတ်ပဋိပတ်နှစ်ဖက်စုံ ပုဂ္ဂိုလ်ကြီးဖြစ်တော်မူပေသည်။

ဒဂုံဦးထွန်းမြင့်
ရေးသားသော
မဟာစည်ထေရ်မြတ်အတ္ထုပ္ပတ္တိ
စာအုပ်၏ဥယျောဇဉ်မှ



(၁၃)

အရှင်ဗုဒ္ဓဃောသ ဦးဘသန်း၏အမြင် (ပဋိပတ္တိစွမ်းရည်)

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားရာနိုင်ငံဖြစ်သော်လည်း ပဋိပတ္တိသာသနာဖက်က မှေးမှိန်လာခဲ့သည်မှာ အတန်ကြာခဲ့ပြီ၊ ဗြိတိသျှအစိုးရတို့ အုပ်စိုးသောခေတ် အထိဖြစ်လေသည်။ ခိုင်ခဲ့သော ပရိယတ္တိသာသနာတော် အခြေခံကောင်းခဲ့၍သာ လုံးလုံးပျောက် ကွယ်သွားခြင်းမဟုတ်ဘဲ တစ်ဦး တစ်လေသာ ကြို့ကြား ကြို့ကြား မပျောက်ရုံ တစ်မယ်သာ ရှိခဲ့လေသည်။

မျက်မှောက်ခေတ် ပရိယတ္တိပဋိပတ္တိ နှစ်ရပ်စလုံး တိုးတက်အောင် ဆောင်ရွက်တော်မူခဲ့ကြရာတွင် မဟာစည်ဆရာတော်ဘုရားသည် ရှေ့တန်းမှနေ၍ ဆောင်ရွက်တော်မူနိုင်စွမ်းရှိသည်မှာ အထင်အရှားပင်ဖြစ်ပေသည်။ ရှေးအထက်က သီးလုံးဆရာတော်၊ အလယ်တောရဆရာတော်၊ မင်းကွန်း ဇေတဝန်ဆရာတော်၊ စစ်ကိုင်းတောင် မဟာဂန္ဓာရုံဆရာတော်တို့သည် ပဋိပတ္တိသာသနာရေးအတွက် ဆောင်ရွက်အားပေးတော်မူခဲ့ကြပေသည်။ သို့ရာတွင် သတိပဋ္ဌာန်ကိုစွဲကိုင်၍ နိုင်ငံအနှံ့အပြား ယောဂီပုဂ္ဂိုလ်တွေတိုးပွား၍ ရိပ်သာဌာန အမြောက်အမြား အစိုင်အခဲ အားကြီးလာအောင် ဆောင်ရွက်ရာ၌ကား မဟာစည်ဆရာတော်ဘုရား၏ စွမ်းရည်သည် စံတင်လောက်သည်ဟု ဆိုသင့်သည်။ ပဋိပတ္တိသာသနာပြုဆရာတော်ဘုရားဟု ဥဒါန်းတွင်လျက် ရှိပေသည်။

မဟာစည်ထေရ်မြတ်အတ္ထုပ္ပတ္တိစာအုပ်မှ

(၁၄)

ဆရာဦးစိုးမြိုင်အမြင် (သူမတူအောင်ပညာကြီး)

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သာသနာ့ရိပ်သာ၌ တရားအားထုတ်ခဲ့ရသည့်အတွက် သုခနှင့်ဒုက္ခအပေါ် အမှန်အတိုင်း ခွဲခြား၍ သဘောထားတတ်လာခြင်း၊ လောကဓံရင်ဆိုင်ဝံ့သည့် သတ္တိရှိလာခြင်း၊ ငြိမ်းအေးချမ်းသာအောင် စိတ်ထားတတ်လာခြင်းစသော အကျိုးများကို လက်ငင်းချက်ချင်း ရရှိလာပေသည်။

မဟာစည်ဆရာတော်ဘုရားကြီးသည် စဉ်းစားဉာဏ်ထက်မြက်၏။ မြင့်မားစွာ လေ့ကျင့်တတ်မြောက်၏။ သူမတူအောင်လည်း ပညာကြီး၏။ အနောက်တိုင်းသားများ၌ ရှိလေ့မရှိသော အရည်အချင်းများ၊ သည်းခံမှုများနှင့် ပြည့်စုံ၍ သူတို့ ကိုင်တွယ်နိုင်စွမ်းမရှိသော ပြဿနာအခက်အခဲများကို ထိုးထွင်းသိမြင်နိုင်သော ဂုဏ်သတ္တိများရှိ၏။

မဟာသတိပဋ္ဌာန်တရားသည် သဘာဝကျကျဖြင့် အခြားသောကမ္မဋ္ဌာန်းများနှင့် ကောင်းစွာကွဲပြားခြားနားခြင်း၊ ယုတ္တိဗေဒနည်းလမ်းကျခြင်း၊ တကယ်ကျင့်လျှင် တကယ်အကျိုးခံစားရခြင်း၊ စိတ်တည်ငြိမ်လာခြင်းတို့ကြောင့် အစိုးရဌာနများ၊ ရုံးများ၌ပင် ဤသတိပဋ္ဌာန်တရားကို တိုးပွားစေသင့်သည်။

(၁၅)

မဟာစည်ဆရာတော်ဘုရားကြီး အား ဝက်လက်မစိုးရိမ် ဆရာတော် ချီးကျူးတော်မူပုံ

ဒါပေမယ့် အလုပ်လုပ်ဖို့ကြတော့ အောက်ပိုင်း ကာယာနုပဿနာလောက်သာ လုပ်တတ်သလိုရှိပြီး အထက်ပိုင်းဖြစ်တဲ့ ဝေဒနာနုပဿနာ စိတ္တာနုပဿနာနဲ့ ဓမ္မာနုပဿနာပိုင်းတွေကျတော့ ရှုမှတ်မှုအတွက် နားမလည်နိုင်အောင် ဖြစ်ခဲ့ ရပါတယ်။ တပြိုင်ထဲဖြစ်၊ တပြိုင်ထဲ ချုပ်ပြီး၊ အလွန်လျှန်မြန်လှတဲ့ သမ္မယုတ္တဓမ္မ စိတ်စေတသိက်တွေကို ဘယ်လိုရှုမှတ်ရမယ်လို့ နားမလည်ပါဘူး။ ကိုယ်နဲ့တန်တူတွေရော၊ ကိုယ့်ထက်ပိုပြီး နားလည်လောက်တဲ့ ဆရာသမားတွေကိုပါ အခွင့်သင့်တိုင်း ဆွေးနွေးမေးမြန်းခဲ့ပါတယ်။ ဆွေးနွေးဖူးသမျှ ပုဂ္ဂိုလ်တွေထဲက အထက်ပိုင်းလာ ရှုမှတ်နည်းတွေကို ဘယ်သူမှသိနားလည်တာမတွေ့ခဲ့ရပါဘူး။ မဟာသတိပဋ္ဌာန်အထက်ပိုင်း ရှုမှတ်မှုတွေ ဘယ်လောက်တောင် အဆက်ပြတ်



နေခဲ့ကြပြီဆိုတာ ထောက်ဆကြည့်ယင် သိနိုင်ပါတယ်။ ဒါနဲ့ ဒီအဓိပ္ပါယ်ကို မသိရလို့ ရင်ထဲမှာဆို့နင့်ကြီး ဖြစ်နေခဲ့ရတာ အကြာကြီးပါပဲ။ ပညာရှိသူတော်ကောင်းတွေ ကျေနပ်နှစ်သိမ့်လောက်အောင် ဒီလောက်ကောင်းနေတဲ့ ကောင်းခြင်းလက္ခဏာတွေနဲ့ ပြည့်စုံလှလို့ အလွန်အားရနှစ်သက်နေရတဲ့အထဲ အတော်ကြာကြာကတည်းက စိတ်နှလုံးထဲမှာ ငြောင့်တစ်ချောင်း စူးဝင်နေသလို တဆို့နင့်နင့် ဖြစ်နေခဲ့ရတဲ့ မဟာသိတိပဋ္ဌာန်အထက်ပိုင်း ရှုမှတ်နည်းတွေကို တွေ့လိုက်ရတဲ့အခါ ဘယ်လောက်တောင် ဝမ်းမြောက်သွားမိတယ်ဆိုတာ မခန့်မှန်းနိုင်အောင် ဖြစ်ခဲ့ရပါတယ်။

(၁၇)

မဟာစည်ဆရာတော်ဘုရားကြီးအား တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ အရှင်သုမင်္ဂလာ လက်ာရချီးကျူးပုံ

ဆဋ္ဌသံဂါယနာတင်ပွဲ မစမီကပင် မဟာစည်ဆရာတော်ဘုရားကြီး၏ ပရိပတ္တိအရည်အချင်း မြင့်မားနေကြောင်း သိချင်ရင် မဟာစည်ဆရာတော်ဘုရားကြီး ရေးသားတဲ့ ဝိပဿနာရှုနည်းကျမ်းကြီးကို ဖတ်ကြည့်ပါ၊ အဲဒီ ဝိပဿနာရှုနည်းကျမ်းကြီးကို လွတ်လပ်ရေးမရခင် စစ်အတွင်းကပင် ရေးသားရိုက်နှိပ်ခဲ့တယ်။ ဝိပဿနာရှုနည်းကျမ်းကြီးကို လွတ်လပ်ရေးမရခင် စစ်အတွင်းကပင် ရေးသားရိုက်နှိပ်ခဲ့တယ်။ ဝိပဿနာရှုနည်းကျမ်းကြီးကို သာမန်ပညာရှင်တွေ မရေးနိုင်ဘူး၊ ရေးသားစဉ်ကလည်း မဟာစည်ဆရာတော်ကြီးရဲ့ သက်တော်အလွန်နုနယ်သေးတယ်။ ဒါကြောင့် မဟာစည်ဆရာတော်ဘုရားကြီး၏ ပရိယတ္တိအရည်အသွေးဟာ ခပ်ငယ်ငယ်ကပင် အလွန်မြင့်တယ်ဆိုတာ အခိုင်အမာပြောနိုင်တယ်လို့ ချမ်းမြေ့ရိပ်သာဆရာတော်စကား အလွန်မှန်ကန်ကြောင်း ဝိပဿနာရှုနည်းကျမ်းကြီးကို စေ့စေ့စပ်စပ်ကြည့်တော့မှ သိရပါတယ်။ မဟာစည်ဆရာတော်ဘုရားကြီးကိုလည်း ရှေးကထက် ပိုမို၍ လေးနက်စွာ ကြည်ညိုလာပါသည်။

(၁၈)

မဟာစည်ဆရာတော်ဘုရားကြီးအား အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တသီလာနန္ဒာ ဘိဝံသ ချီးကျူးပုံ

မဟာစည်ဆရာတော်ဘုရားကြီး၏ ဆဋ္ဌသံဂါယနာတင်ပွဲ အဋ္ဌကထာ ဋီကာစီစစ်ခြင်းနှင့် ပတ်သက်၍ ချီးကျူးပူဇော်ရာတွင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ ရိုက်နှိပ်ထုတ်ဝေသော အဋ္ဌကထာသံယာယနာ စီစစ်ခက်ကို ဖတ်ပါဟုပင် ညွှန်ကြားရပါမည်။ "ပိဋကတ်တော်မှ ခဲကပ်သော အချက်များကို ဖြေရှင်းထားသော အချက်များဖြစ်၍ အလွန်အဖိုးတန်သော စိစစ်ချက်များဖြစ်ပါသည်။ စာဖတ်သူသည် မိမိကိုယ်နှိုက်က အထူးအာမထုတ်ရဘဲ ဤစိစစ်ခက်ကို ဖတ်ရုံဖြင့်ပင် ပိဋကတ်တတ် ပုဂ္ဂိုလ်များပင် မဝေခွဲတဲ့နိုင် ဖြစ်ရသောအချက်များကို ရှင်းလင်းစွာသိနားလည်သွားကြမည်ဖြစ်ပါသည်။ အချုပ်အားဖြင့် ဆိုရလျှင် မဟာစည်ဆရာတော်၏ အဋ္ဌကထာစိစစ်ခက်များမှာ အဋ္ဌကထာဆိုင်ရာ ထူးခြားသော မှတ်စုကြီးတစ်ခုဖြစ်ပါတော့သည်။ အဋ္ဌကထာတို့ကို ဤသို့စိစစ်ရသည်ဟု နောက်သားတို့အား နည်းပေး လမ်းညွှန် ပြသနေသော မီးရှူးတိုင် သဖွယ်ဖြစ်ပါတော့သည်။

An Experionent in Mindfulness စာအုပ်မှ ဦးဝင်းထိန်ရာဖွေတင်ပြသည်။





ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၌ ကြည်ညိုဖွယ်ရာ ဂုဏ်အပေါင်းတို့သည် ရေးသားလို့ မကုန်နိုင်လောက်အောင်ပင် များပြားလှပေသည်။ ထိုဂုဏ်အပေါင်းတို့တွင် ဆရာတော်ဘုရားကြီးကို ကိုးကွယ်ဆည်းကပ်ဖူးကြသည့် ပုဂ္ဂိုလ်တို့ ကြည်ညိုနိုင်ကြစေရန် နာယကဂုဏ် ၆-ပါးနှင့်ပြည့်စုံပုံကို ရေးသားဖော်ပြပါမည်။



ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၌ -

၁။ **ခမာ** = သည်းခံခြင်းနှင့် ပြည့်စုံခြင်းဂုဏ်

၂။ **ဇာဂရိယ** = နိုးကြားခြင်းရှိ၍ အရာရာတွင် အမှတ်သတိဖြင့် ပြုတော်မူခြင်းဂုဏ်

၃။ **ဥဒ္ဒာန** = တပည့်များထက် ထက်ထွလုံ့လ ရှိတော်မူခြင်းဂုဏ်

၄။ **သံဝိဘာဂ** = အရာရာတွင် ခွဲခြားဝေဖန်နိုင်ခြင်းဂုဏ်



၅။ ဒယာ = သနားကြင်နာတော်မူတတ်ခြင်းဂုဏ်

၆။ ကာရုဏ်ာ = အရာရာတွင် ဉာဏ်ဖြင့် ကြည့်ရှုတော်မူတတ်ခြင်းဂုဏ်

ဟူသော ဤဂုဏ် ၆-ပါးနှင့် ပြည့်စုံသောကြောင့် ကိုးကွယ်ဆည်းကပ်ကြသူတိုင်း ကြည်ညိုလို့ မဝနိုင်အောင် ဖြစ်ကြရပေသည်။

အကျယ်သိဖွယ်

၁။ **ခမာ**-ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၌ သည်းခံခြင်းနှင့် ပြည့်စုံခြင်းဂုဏ်ဟုဆိုရာ၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် သတိပဋ္ဌာန်လေးပါးဖြင့် ဝိပဿနာတရားရှုမှတ်နည်းကို ဝမ်းဗိုက်မှ ဖောင်းတာပိန်တာတို့ကိုရှုမှတ်ရမည်ဟု ဟောကြားပြသရာတွင် အခို့အခို့သော ဆန့်ကျင်ဖက်ပုဂ္ဂိုလ်တို့က အမျိုးမျိုး ပုတ်ခတ်ပြောဆိုခဲ့ကြပေသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဤကဲ့သို့ ပုတ်ခတ်ပြောဆိုခြင်းများကို ဆန့်ကျင်ဖက် ကိုယ်အမူအရာ နှုတ်အမူအရာတို့ဖြင့် ပြန်လည်ပြောဆို ရေးသားခြင်းမရှိပါဘဲ သည်းခံတော်မူခဲ့ပေသည်။ အမှန်တရား တွေ့နိုင်သော ဖောင်းတာ ပိန်တာတို့ဖြင့် ဝိပဿနာတရား ရှုမှတ်ပုံများကို ဆက်လက်၍ ဟောကြားပြသတော်မူခဲ့ပါသည်။ ဖောင်းတာ ပိန်တာများကို တကယ်လက်တွေ့ရှုမှတ်ခြင်းဖြင့် တရားတွေ့သွားကြသော ယောဂီများမှာ အများအပြား ရှိလာခဲ့ကြပေသည်။ နိုင်ငံခြားသား၊ ဘာသာခြားများကပင် လက်ခံကျင့်သုံးလာကြပေသည်။ ဤကဲ့သို့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် သည်းခံခြင်း ခမာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေသည်။

၂။ **ဇာဂရိယ** = နိုးကြားခြင်းရှိ၍ အရာရာတွင် အမှတ်သတိဖြင့် ပြုတော်မူခြင်းဂုဏ်ဟုဆိုရာ၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ပိဋကတ်ကျမ်းစာများကို ကြည့်ရှုတော်မူခြင်း၊ ကျမ်းဂန်စာအုပ်များကို ရေးသားတော်မူခြင်း၊ တရားဟောတော်မူခြင်း စသည်တို့ဖြင့် အလွန်ပင် နိုးနိုးကြားကြား ရှိတော်မူပါသည်။ သွား၊ ရပ်၊ ထိုင်၊ လျောင်း စသည့် ကိုယ်အမူအရာများကို အမှတ်သတိဖြင့် အမြဲတမ်းလိုပင် ပြုလုပ်တော်မူလေ့ ရှိပါသည်။ ဤကဲ့သို့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် နိုးကြားခြင်း ဇာဂရိယဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေသည်။

၃။ **ဥဇ္ဇာန** - တပည့်များထက် ထက်ကြွလုံ့လ ရှိတော်မူခြင်းဂုဏ်ဟုဆိုရာ၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် တပည့်များနှင့် အတူတကွ ဘုရားရှိခိုးခြင်း၊ တရားထိုင်ခြင်း၊ ဥပုသ်ပြုခြင်း စသည်များကို ကိုယ်တိုင်ပြုလုပ်ရာတွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ထက်ကြွလုံ့လရှိခြင်း ဥဇ္ဇာနဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေသည်။

၄။ **သံဝိဘာဂ** - အရာရာတွင် ခွဲခြားဝေဖန်နိုင်ခြင်းဂုဏ်ဟု ဆိုရာ၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် အမြဲမြဲအနယ်နယ်တို့၌ ရှိနေကြသော မဟာစည်ရိပ်သာခွဲအသီးသီးတို့၌ ဘယ်ပုဂ္ဂိုလ်များသည် ပဓာနနာယကအဖြစ်ဖြင့် ဆောင်ရွက်ရမည်။ ဘယ်ပုဂ္ဂိုလ်များသည် အနုနာယကဝန်ဆောင်အဖြစ်ဖြင့် ဆောင်ရွက်ကြရမည် စသည်ဖြင့် ခွဲခြားဝေဖန်၍ ဆောင်ရွက်စေပါသည်။

ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ ရန်ကုန်မြို့၊ မဟာစည်ရိပ်သာကြီး၌လည်း အဘယ်ပုဂ္ဂိုလ်များက အမျိုးသားနှင့် ရဟန်းတော်များကို တရားစစ်ပေးကြရမည်။ အဘယ်ပုဂ္ဂိုလ်များက သီလရှင်နှင့် အမျိုးသမီးများကို တရားစစ်ပေးကြရမည်။ အဘယ်ပုဂ္ဂိုလ်များက ဆွမ်းစားကျောင်း၌ တာဝန်ယူ၍ ဆောင်ရွက်ရမည် စသည်ဖြင့် ခွဲခြားဝေဖန်၍ ဆောင်ရွက်စေပါသည်။ ဤကဲ့သို့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ခွဲခြားဝေဖန်နိုင်ခြင်း သံဝိဘာဂဂုဏ်နှင့်လည်း



ပြည့်စုံတော်မူပါပေသည်။

၅။ **ဒယာ** - သနားကြင်နာတော်မူတတ်ခြင်းဂုဏ်ဟု ဆိုရာ၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဆင်းရဲနွမ်းပါး မပြည့်စုံကြသောပုဂ္ဂိုလ်များနှင့် တိရစ္ဆာန်သတ္တဝါတို့အား အလွန်ပင် သနားကြင်နာတော်မူတတ်ပါသည်။

၁၃၃၉ - ခုနှစ်၌၊ ဥပုသ်နေ့ညတစ်ညတွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးထံသို့ ယောဂီဟောင်း၊ ရဟန်းတော်များနှင့် နာယကဆရာတော်များသည် သွားရောက်၍ ဝတ်ကြီးဝတ်ငယ်များ ပြုကြ၏။ ထိုအခါ နာယကဆရာတော်များ ဆွမ်းဝိုင်းတွင် ဝက်သားဟင်းများ ပိုလျှံတာများတဲ့အကြောင်း စကားစပ်မိ၍ ပြောကြားကြရာတွင် "ဆရာတော် ဦးသံဝရတစ်ပါးပင် ဝက်သားဟင်းစားသောကြောင့် ပိုလျှံတာများသည်"ဟု ပြောကြားသော အခါ ဆရာတော်ဘုရားကြီးက "ဦးကုဏ္ဍာလလည်း ဝက်သားမစားဘူးလား"ဟုမေးတော်မူရာ အမြန်မဖြေနိုင်၍ ဆရာတော်ဘုရားကြီးကပင် "မကြိုက်လို့ပေါ့လေ" ဟု ဖြေကြားပေးတော် မူလိုက်ပါသည်။ ဖြေဖို့ရာ ခက်နေသည်ကို သနားခြင်း ကရုဏာဖြင့် ဖြေပေးလိုက်ခြင်းပင် ဖြစ်ပေသည်။

ထို့နောက် ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ မိမိငယ်စဉ်အခါက မီးရထားစီးရန် ဘူတာရုံတစ်ခုသို့ စောင့်နေစဉ်တွင် ဝက်များကို မီးရထားပေါ်သို့ တင်းကျပ်စွာတုပ်နှောင်၍ တင်ကြသော အခါ ဝက်များက ထိတ်လန့်ဖွယ်ရာ အသံများဖြင့်အော်ကြ၍ သနားလှသောကြောင့် ထိုနေ့ကစ၍ ဝက်သားမစားတော့တဲ့ အကြောင်းကို မိန့်ကြားပါသည်။ ဤကဲ့သို့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် သနားကြင်နာတော်မူတတ်ခြင်း ဒယာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေသည်။



၆။ **ကာရုဏ်**-အရာရာတွင် ဉာဏ်ဖြင့် ကြည့်ရှုတော်မူခြင်းဂုဏ်ဟုဆိုရာ၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်၍ အရာရာတွင် အမှန်ကို သိမြင်တတ်သော ဉာဏ်ပညာတို့နှင့် ပြည့်စုံတော်မူပါပေသည်။

၁၃၃၉ - ခုနှစ်က စာရေးသူသည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး သီတင်းသုံးနေတော်မူရာ မဟာစည်ရိပ်သာကြီး၌ နာယကဆရာတော်တစ်ပါးအဖြစ်ဖြင့် တရားဟော တရားပြ ဆောင်ရွက်ခဲ့ရပါသည်။ ထိုအခါ မိမိဉာဏ်ဖြင့် မဆုံးဖြတ်နိုင်သည့် အသင့်အတင့် နှလုံးသွင်းခြင်းဟူသော ယောနိသောမနသိကာရနှင့် မိမိကိုယ်စိတ်ကို ကောင်းစွာဆောက်တည်ခြင်းဟူသော အတ္တသမာပဏိဓိတို့၏ ထူးခြားပုံကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးထံသို့ သွားရောက်၍ လျှောက်ထားရပါသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက မဆိုင်းမတွ တစ်ခဏအတွင်းမှာပင် ဖြေကြားပေးတော်မူပါသည်။ အသင့်အတင့်နှလုံးသွင်းခြင်းဟူသော ယောနိသောမနသိကာရ-က အကြောင်းဖြစ်သည်။ မိမိကိုယ်စိတ်ကို ကောင်းစွာဆောက်တည်ထားခြင်းဟူသော အတ္တသမာပဏိဓိ-က အကျိုးဖြစ်သည်ဟု ဖြေကြားပေးတော်မူလိုက်ပါသည်။ ဤကဲ့သို့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် အရာရာတွင် ဉာဏ်ဖြင့် ကြည့်ရှုနိုင်ခြင်း ကာရုဏ်ဂုဏ်နှင့် ပြည့်စုံတော်မူပါပေသည်။

ဤကဲ့သို့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၌ ရှိနေတော်မူသော ကြည်ညိုဖွယ်ရာဂုဏ်အပေါင်းများစွာတို့တွင် ဤနာယကဂုဏ် ၆-ပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်း ကိုးကွယ်ဆည်းကပ်ကြသူတိုင်း ကြည်ညိုလို့မဝနိုင်အောင် ဖြစ်ကြရပေသည်။

သဒ္ဓမ္မရံသီရိပ်သာ
ဆရာတော်





မဟာစည်ပဋိပတ္တိသာသနာဝင်နိဒါန်းတွင် ဓမ္မတ်တမံးတင်ခဲ့သော

မဟာစည်နယ်လှည့်ဓမ္မကထိကအဖွဲ့ကြီးသို့

ညောင်ကန်အေးဆရာတော်

ထိုအဆိုမှာ အကြောင်းမဲ့မဟုတ်ပါ။ အကြောင်းရှိနေ၍သာ ထိုအဆိုပေါ် ထွက်လာခဲ့ရခြင်းဖြစ်ပါသည်။

အကြောင်းကို ဖော်ပြရလျှင်- ၁၉၇၂-ခုနှစ်၊ နတ်တော်လပြည့် နေ့ကဖြစ်ပါသည်။ ထိုနေ့ကကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူသောပွဲနှင့် ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ စတင်တည် ထောင်ခဲ့သော (၂၁) နှစ်မြောက် အထိမ်းအမှတ်ပွဲ ကျင်းပကြရာတွင် အနယ်နယ် အရပ်ရပ်မှ မဟာစည် ဩဝါဒခံ ကမ္မဋ္ဌာနာစရိယဆရာတော် အမြောက်အများစုဝေးမိကြပါသည်။ စုဝေးမိကြရာ၌ ထိုဆရာတော်တို့ အစုအဝေးတွင် "မဟာစည် ဓမ္မကထိကအဖွဲ့ တစ်ဖွဲ့ ရှိသင့်သည်" ဟူသော အဆိုတစ်ခု ပေါ် ထွက်လာခဲ့ပါသည်။ ပေါ် ထွက်လာခဲ့ရသော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တိုင် ဌာနအားလျော်စွာ အချိန်အခါသင့်တိုင်း ဝိပဿနာတရားတော်များကို ဟောပြောသင့်သလောက် ဟောပြောလျက် ရှိပါသည်။ သို့ပါသော်လည်း နာကြားလို၍ ပင့်လာတိုင်းသော အရပ်ဌာနဟူသမျှ၌ ကြွရောက်ဟောပြောတော်မူနိုင်သည်ကား မဟုတ်ပါ။ ပူတာအို၊ ကလေးဝ သော မြန်မာနိုင်ငံအစွန်အဖျား ကျရာအရပ်ဒေသတို့မှလည်း မဟာစည်တရားကို နာကြားလို၍ ပင့်ကြဖိတ်ကြပါသည်။ ဆရာတော်ဘုရားကြီးကိုယ်တိုင်ကြွ ရောက်ဟောပြောခွင့်မရသော ဤကဲ့သို့သော အရပ်ဒေသတို့၌ ဆရာတော်ဘုရားကြီး



၏ကိုယ်စား သင့်လျော်သော ဓမ္မကထိကများကို ရွေးချယ်ပို့လွှတ်နေရပါသည်။ ပို့လွှတ်ပေးရသော အရပ်ဌာနပေါင်းများလာပြီဆိုလျှင် ဆရာတော်ဘုရားကြီး အနီးအပါး တွင်ရှိသော ဓမ္မကထိကတို့ဖြင့် ပြည့်စုံလုံလောက်ခြင်း မရှိသောကြောင့် များစွာသော အခက်အခဲနှင့် တွေ့ကြုံရပါသည်။

ဤနည်းသာရှိ

လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာတရားဆိုးတွေက ကမ္ဘာတစ်ဝှမ်းလုံးရှိ ပုဂ္ဂိုလ်သတ္တဝါတွေကို မည်မျှမတာ ဖိစီးနှိပ်စက်နေကြောင်း ဆင်ခြင်မိသူတိုင်းက ထိုတရားဆိုးတွေကို ရှုံမုန်းစက်ဆုတ်လာကြပါသည်။ ရှုံမုန်းစက်ဆုတ်သည်နှင့်အမျှ ထိုတရားဆိုးတွေကို လက်ခံသိမ်းပိုက်ထားလိုခြင်းမရှိ၊ အဖျစ်တသန္တာန်မှ ကင်းစင်သွားအောင်စွန့်ပယ်လိုသော ဆန္ဒမောတ်တွေ ပြင်းထန်လာကြပါတော့သည်။ ထိုတရားဆိုးတွေကို အဖျစ်တမှကင်းစင်သောနည်းကလည်း အခြားနည်းမရှိ၊ ဤသတိပဋ္ဌာန် ဝိပဿနာရှုနည်း တစ်နည်းသာ ရှိပါသည်။ ထိုနည်းကို မြတ်စွာဘုရားက -

"ဧကာ ယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ" စသည်ဖြင့် မဟာသတိပဋ္ဌာနသုတ်တွင်စိတ်အညစ်အကြေးကိလေသာတွေကို စင်ကြယ်နိုင်စေကြောင်း စိုးရိမ်မှု၊ ဝိုကြွေးမှု၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲမှုတို့ကို လွန်မြောက်ချုပ်ငြိမ်းစေနိုင်ကြောင်း အရိယာမဂ်ကိုရနိုင်ကြောင်း နှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြောင်းများကို ကြေငြာတော်မူလျက်သတိပဋ္ဌာန်ရှုမှတ်ပုံ၊ ရှုမှတ်နည်းများကိုပါအပြည့်အစုံ ဟောတော်မူထားပါသည်။

ကွယ်ပျောက်လုမတတ်ဖြစ်နေသော ဗုဒ္ဓမြတ်စွာ၏ဤသတိပဋ္ဌာန် ရှုမှတ်နည်းကို ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် နှစ်ပေါင်း (၃၀) ကျော် ကာလပတ်လုံးဖော်ထုတ်ဟောကြားတော်မူလာခဲ့သဖြင့် ဟောင်းရာမှသစ်လွင်လျက် မှေးမှိန်နေရာမှ အရောင်တလက်လက်ထွက်လာသည်ဆိုလျှင် မှားမည်မဟုတ်ပါ။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူသည်ဆိုလျှင်ပင် လရောင်ကို တိမ်မှောင်သန်းသကဲ့သို့ ဗုဒ္ဓမြတ်စွာ၏ သာသနာရောင်မှာ မှေးမှိန်တော့မည့်အရိပ်လက္ခဏာကို သုဘဒ္ဒရဟန်းကြီး၏ အပြုအမူဖြင့် အထင်အရှား ပြလာခဲ့လေတော့သည်။ ထိုအခါ အရှင် မဟာကဿပ မထေရ်မြတ်ကြီး၏ ရှေ့ဆောင်မှုဖြင့် သာသနာတော်ကို အမှောင်သန်းရာမှ ပထမသင်္ဂါယနာတင်ခြင်းဖြင့် အရောင်လန်းလာခဲ့ရပါသည်။ ဤနည်းနှင့်နှင့် ဒုတိယသင်္ဂါယနာ ခေတ် အရှင်မဟာယသမထေရ်မြတ်တို့၏ လက်ထက်၌ တစ်ကြိမ်၊

ဝိပဿနာ
ရှုမှတ်နည်းကို
စနစ်တကျ
ဟောပြောနိုင်မည့်
ဓမ္မကထိက
အမြောက်အများ
လိုလာပါသည်၊
လိုလာသည့်အလျောက်
"မဟာစည်ဓမ္မကထိက
အဖွဲ့တစ်ဖွဲ့
ရှိသင့်သည်"
ဟူသော .....

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

မဟာစည်နယ်လှည့်ဓမ္မကထိကဆရာတော်ကြီးများ



ဘဒ္ဒန္တသံဝရ
(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)



ဘဒ္ဒန္တဝါသဝ
ဓမ္မကထိကဗဟုဇနဟိတရ
အဂ္ဂမဟာပဏ္ဍိတ



ဘဒ္ဒန္တဇဋိလ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ



ဘဒ္ဒန္တထေရဝံသ
ဓမ္မကထိကဗဟုဇနဟိတရ



ဘဒ္ဒန္တကုန္ဒက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

မဟာစည်နယ်လှည့်ဓမ္မကထိကဆရာတော်ကြီးများ



ဘဒ္ဒန္တဝိစာရိန္ဒ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ



ဘဒ္ဒန္တကုမာရ
မဟာကမ္မဋ္ဌာနာစရိယ



ဖြူးဆရာတော်
ဘဒ္ဒန္တနရပတိ
ဓမ္မကထိကဗဟုဇနဟိတရေ



ဘဒ္ဒန္တကဝိဇေ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ



ဘဒ္ဒန္တကစ္စာယနထေရ်
U.K နှင့် U.S.A သာသနာပြုဆရာတော်



မဟာစည် နယ်လှည့် ဓမ္မကထိက အရှင်သူမြတ်တို့သည် ဝိနည်းသိကၡာပုဒ် အရအစားဖြင့်လည်းကောင်း၊ အဝိစ္ဆာ၊ သန္တာဠီ၊ သလေခ၊ ဂုဏ်တို့အရ အားဖြင့်လည်းကောင်း၊ ပါသာဒိကေန သမ္မာဒေထဟု မိမိတို့၏ ဥပဇ္ဈာယ်ဆရာများက မိန့်မှာခဲ့သည့်အတိုင်း အဘက်ဘက်မှ ပါသာဒိကဂုဏ်နှင့် ပြည့်စုံအောင် သတိဆောင်ကြစေလိုပါ၏၊



တတိယသင်္ဂီယနာခေတ် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်တို့၏ လက်ထက်၌တစ်ကြိမ်၊ စတုတ္ထသင်္ဂီယနာခေတ် အရှင်မဟာ ဓမ္မရက္ခိတမထေရ်မြတ်တို့၏လက်ထက်၌တစ်ကြိမ်၊ ထိုမှသည် ပြည်ထောင်စုမြန်မာနိုင်ငံ ပဉ္စမသင်္ဂီယနာခေတ် အရှင်ဇာဂရမထေရ် မြတ်တို့ လက်ထက်၌တစ်ကြိမ်၊ မှေးမှိန်လာသော ဗုဒ္ဓမြတ်စွာ သာသနာတော်ရောင်ကို ဤသို့ပင် သစ်လွင်လာအောင် အရောင်တင်၍ ပေးခဲ့ကြရပါသည်။

ခြောက်ကြိမ်မြောက် ညောင်ရမ်းဆရာတော်ဘုရားကြီးတို့ လက်ထက်သို့ ရောက်လာသောအခါ၌ သာသနာတော် မှေးမှိန်တော့မည် ရှိခဲ့ပြန်ရာ တစ်ဘက်တွင် ပရိယတ္တိသာသနာတော်အတွက် တိပိဋကဓရမဟာဓမ္မာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသနှင့် တစ်ဘက်တွင် ပဋိပတ္တိ သာသနာတော်အတွက် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာ တော်ဘုရားကြီးတို့လိုပုဂ္ဂိုလ်ကြီးများ ပေါ်ထွက်လာခဲ့ပြန်ပါသည်။

မဟာစည်ဆရာတော် ထွန်းပေါ်ခဲ့

ထိုအချိန် (ဆဋ္ဌသင်္ဂီယနာတင်ချိန်) တွင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် ဘုရားကြီး၏ ပဋိပတ္တိ သာသနာပြုလုပ်ငန်းမှာ (၁၆)နှစ်ခန့်ပင် ရှိခဲ့ပြီဖြစ်သော ကြောင့် အရှိန်ရလျက် ရှိနေပြီဖြစ်ပါသည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ လက်ဦးတပည့်ကြီးများဖြစ်ကြသော ဆိပ်ခွန် ပိဋကတ်တိုက်ကျောင်းဆရာတော် ဦးသုန္ဒရ၊ ဆရာကြွက်၊ ဆရာကြံ့ စသော ပုဂ္ဂိုလ်တို့မှာ ကိုယ်တိုင် လက်တွေ့ဝိပဿနာ အကျိုး ခံစားနေကြရပြီဖြစ်ရုံမက မိမိတို့မှတစ်ပါး အခြားယောဂီတို့အား လည်း ဝိပဿနာနည်းပေးလမ်းပြ ကမ္မဋ္ဌာနာစရိယအဖြစ် သို့ပင် ရောက်ရှိနေကြပါလေပြီ၊ ဤသည်မှစ၍ ကြာမြင့်စွာသောကာလမှ မှေးမှိန်လျက် အရှိန်လျော့ပါးလာခဲ့သော ဗုဒ္ဓမြတ်စွာ၏ ပဋိပတ္တိသာသနာတော်သည် သစ်လွင်တောက်ပြောင်ရန် အလားအလာကောင်းစွာဖြင့် ရှေးရှုဦးတည် နေခဲ့ပါသည်။

အရှိန်ကောင်းလာချိန်

ဆဋ္ဌသင်္ဂီယနာတင်ဆဲနှင့် တင်ပြီးအချိန်တွင်မူ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ပဋိပတ္တိသာသနာပြုလုပ်ငန်းမှာ အရှိန်ကောင်းလာသည်ထက် ကောင်းကာ မှန်မှန်ကြီးတိုးတက်လာခဲ့သည်ကို အထင်အရှားတွေ့မြင်နေကြရပါသည်။ ပိဋကတ္တယဆေက ပိဋကတ္တယပါရဂူ ဖြစ်တော်မူကြသော ဆရာတော်ဘုရားကြီးတို့ကလည်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရား



မဟာစည်
ဆရာတော်ဘုရားကြီး
မိန့်ကြားတော်မူသော သြဝါဒ

ပုဂ္ဂိုလ်က ကြည်ညိုဖွယ် ဂုဏ် နှင့် ပြည့်စုံမှု ဟောသည့်တရား ကိုလည်း အများကလေးလေးနက် နက် နှလုံးသွင်းလက်ခံကြပေလိမ့် မည်။ ထို့ပြင် အရပ်ရပ် အနယ်နယ် မှာ စူးစမ်း ဆင်ခြင်တတ်သော ပညာရှိပုဂ္ဂိုလ်များ ရှိနေတတ်ကြပါ သည်။ ထို့ကြောင့် မဟာစည်နယ် လှည့် ဓမ္မကထိက အရှင်သူမြတ် တို့သည် ဝိနည်းသိက္ခာ ပုဒ်အရအား ဖြင့် လည်းကောင်း၊ အပိစ္ဆာ၊ သန္တုဋ္ဌိ၊ သလ္လေခ၊ ဂုဏ်တို့အရအား ဖြင့် လည်းကောင်း၊ ပါသာဒိကနသမ္မာ ဒေထဟု မိမိတို့၏ ဥပဇ္ဈာယ်ဆရာ များက မိန့်မှာခဲ့သည့်အတိုင်း အဘက်ဘက်မှ ပါသာဒိကဂုဏ်နှင့် ပြည့်စုံအောင် သတိဆောင်ကြစေ လိုပါ၏။

အထူးအားဖြင့် ခရီးသွားရာ၌ သက်နှံးရုံ၍ သွားခြင်းသည် ပါသာ ဒိကဂုဏ်ကို အထူးပင် ဆောင်တတ် ပါပေသည်။ ထို့ကြောင့် ကျောင်းမှ လည်းကောင်း၊ တည်းခိုရာမှလည်း ကောင်း၊ အပြင်သို့သွားလျှင် ဝိနည်း က ခွင့်ပြုထားသော အရပ်ပင် ဖြစ် သော်လည်း သက်နှံးရုံလျက်သာ လျှင် ပါသာဒိကဂုဏ်ဆောင်လျက် သွား ကြစေလို၏။

ထို့အပြင် အပါသာဒိက ဖြစ် သော ဆေးလိပ်သောက်ခြင်း၊ ကွမ်း စားခြင်း၊ ဆေးငုံခြင်းများကို ရန်ကုန်

ကြီး၏ ပဋိပတ္တိလုပ်ငန်းကို ပါဠိ တော်၊ အဋ္ဌကထာ ဒေသနာတော် နှင့် ညီညွတ်ကြောင်း ယုံကြည် လက် ခံတော်မူကြပါသည်။

မဟာစည်
နယ်လှည့်ဓမ္မကထိကအဖွဲ့
ရှိသင့်ပြီ

ပဋိပတ္တိသာသနာ အရှိန်ကောင်း ကောင်းနှင့် မှန်မှန်ကြီး တိုးတက် လာခဲ့ရာ ယခုအခါ၌ ကျေးဇူးတော် ရှင် မဟာစည်ဆရာတော်ဘုရား ကြီး၏ ဝိပဿနာရှုမှတ်နည်းကို အရပ်ရပ်မှနာကြားလို အားထုတ်လို သူတွေ တိုးတက်များပြားလာပါ တော့သည်။ ဤတွင် ဆရာတော် ဘုရားကြီး၏ ဝိပဿနာရှုမှတ်နည်း ကို စနစ်တကျ ဟောပြောနိုင်မည့် ဓမ္မကထိက အမြောက်အမြား လို လာပါသည်။ လို လာသည့် အလျောက် "မဟာစည် ဓမ္မကထိက အဖွဲ့တစ်ဖွဲ့ရှိသင့်သည်" ဟူသော အဆို ထွက်ပေါ်လာခဲ့ရခြင်းဖြစ်ပါ သည်။

ကျေးဇူးရှင်
မဟာစည်ဆရာတော်ဘုရားကြီး
ကိုယ်တော်တိုင်
ချီးမြှောက်ဖွဲ့စည်းပေးခဲ့သော
မဟာစည် နယ်လှည့်ဓမ္မကထိက
အဖွဲ့ကြီး

ကမ္မဋ္ဌာနာစရိယဆရာတော်တို့ သည် မျက်မှောက်ဖြစ်ပေါ်နေသည့် အကြောင်းကိစ္စနှင့်လျော်သော နယ် လှည့် ဓမ္မကထိက သာသနာပြုလုပ် ငန်းကို လက်ခံတော်မူကြပြီးလျှင် "မဟာစည်နယ်လှည့်ဓမ္မကထိကအဖွဲ့" ဟူသောအမည်ဖြင့် ဓမ္မကထိက အဖွဲ့ကို ဖွဲ့လိုက်ကြပါသည်။ ထိုအဖွဲ့ တွင် ပါဝင်သောပုဂ္ဂိုလ်များသည်

၁။ ကျန်းမာရေးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်ခြင်း။

၂။ နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ် စေ တာဝန်ကျသော အရပ်ဌာန သို့ ကြွရောက်ဟောပြောနိုင်စွမ်း ရှိခြင်း။

၃။ ကျေးဇူးရှင် မဟာစည်ဆရာ တော်ဘုရားကြီး ရှုမှတ်ပွားများ ဟောကြားသော မဟာသတိပဋ္ဌာန် ဝိပဿနာနည်းအတိုင်း ပိုင်ပိုင်နိုင်နိုင် ဟောစွမ်းနိုင်ခြင်း

စသည့် ဤအင်္ဂါသုံးရပ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်များကို ရွေးချယ် ဖွဲ့စည်းထားပါသည်။ သို့ရာတွင် ဟောပြောတတ်ကာမျှဖြစ်သော ပုဂ္ဂိုလ်အနည်းငယ်ကိုလည်း အရံ သင်တန်းအဖြစ်ဖြင့် ထည့်သွင်းထား ပါသည်။ အဖွဲ့၏ စည်းမျဉ်းကို လည်း တစ်ပါတည်း ညှိ နှိုင်းရေးဆွဲ ကြပါသည်။ ဤအဖွဲ့ကို ဖွဲ့စည်း ရာ၌ ကျေးဇူးရှင် မဟာစည် ဆရာ တော်ဘုရားကြီးအား လျှောက် ထားရာ ဆရာတော်ဘုရားကြီးက လက်ခံတော်မူပြီးလျှင် အောက်ပါ သြဝါဒများကို မိန့်ကြားတော်မူပါ သည်။





အချို့အရပ်ဒေသတို့သည်
အဆက်အသွယ်
ကလည်းခက်၊
လမ်းခရီးကလည်း
ဝေးကွာ၍
ပင့်ဖိတ်ရမှာ
အားနာရသောကြောင့်
မပင့်ဖိတ်ဝံ့ကြပေ၊
တရားပွဲစရိတ်စက
အတွက်လည်း
ဝန်လေးကြဟန် ရှိပါ၏၊



မြို့ သာသနာ့ရိပ်သာရှိ ကမ္ဘဏာနာ စရိယများကဲ့သို့ပင် ကြဉ်ရှောင် ကြစေလိုပါ၏။ ဓမ္မကထိက အရှင် မြတ်များအား ဤကဲ့သို့ သတိပေး စကားပြောကြားရသည့်အတွက် အားနာပါသည် သို့သော် မိမိအမြင် အားဖြင့် သာသနာပြုရာတွင် အလွန်အရေးကြီးသည်ဟု ထင်မြင် သောကြောင့် ပြောကြားလိုက်ရ ခြင်းဖြစ်ပါသည်။ အရှင်မြတ်တို့က လည်း အထူးအလေးပြု၍ ကျင့် ဆောင်နိုင်ကြပါစေ။

ဤသည်လျှင် ဓမ္မကထိက အဖွဲ့ဝင် ပုဂ္ဂိုလ်တို့အား ပါသာဒိက ဂုဏ်ကို ဆောင်တော်မူကြရန် အတွက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက သတိပေး စကား မိန့်ကြားတော်မူပါသည်။

အားဖြည့်ပေးသူများ

မဟာစည်ဓမ္မကထိကအဖွဲ့ကြီး ဖြစ်မြောက်ရလေအောင်အထောက် အကူ အားဖြည့်ပေးခဲ့သူမှာ "အငြိမ်း စားတိုင်းမင်းကြီး ဦးညီပု"ပင် ဖြစ်ပါ သည်။ ၎င်းသည် ကျေးဇူးရှင် မဟာ စည်ဆရာတော်ဘုရားကြီး၏ မဟာ သတိပဋ္ဌာန် ဝိပဿနာရှုနည်းကို တိတိကျကျ ရှုမှတ်ပြီးသူဖြစ်ပါ သည်။ ထို့ကြောင့် တရားတော်၏ အရသာကို ကိုယ်တွေ့ခံစားပြီးဖြစ် နေပါသည်။ တရားတော်၏ အရ သာကို ခံစားရဖူးပြီးဆိုပါလျှင် -

အပွမာဒေါအမတံ ပဒံ၊
ပမာဒေါ မစ္စုနော ပဒံ။
အပွမတ္တာ နမီယန္တိ၊
ယေပမတ္တာ ယထာ မတာ။။
ဧဝံ ဝိသေသတော ဉတ္ဝာ၊
အပွမာဒမှိ ပဏ္ဍိတာ၊
အပွမာဒေ ပမောဒန္တိ၊
အရိယာနံ ဂေါစရေရတာ။။

ဤဟောတော်မူအပ်သော ဓမ္မ ပဒအပွမာဒဝဂ် သာမာဝတီ ဝတ္ထုလာ ဒေသနာတော်အရ လည်း ကောင်း၊

သုညဂါရံ ပဝိဋ္ဌဿ၊
သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိဟောတိ၊
သမ္မာဓမ္မံ ဝိပဿတော။။
ယထော ယထော သမ္မသတိ၊
ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတိ ပီတိပါမောဇ္ဇံ၊
အမတန္တံ ဝိဇာနတံ။။

ဟူ၍ ဟောတော်မူအပ်သော ၎င်းဓမ္မပဒ ဘိက္ခုဝဂ် သမ္မဟုလ ဘိက္ခု ဝတ္ထုလာ ဒေသနာတော်အရလည်း ကောင်း၊ စိတ်ချမ်းသာမှု၊ ကိုယ်ချမ်း သာမှုတွေ ဖြစ်လာတတ်ကြပါသည်။ ထိုနှစ်မျိုးသော ချမ်းသာမှုတို့ကြောင့် ပင် အတော်အတန်စွဲကပ်နေသော ရောဂါဝေဒနာတို့ပင် ကင်းစင်ပျောက် လွင့်သွားတတ်ကြပါသည်။

တရားအရသာကို အဖန်ဖန် ဆင်ခြင်ပြီးတော့လည်း အင်မတန် ဝမ်းသာဝမ်းမြောက် ဖြစ်နေတတ် ကြပါသည်။ အနည်းငယ် နှစ်သိမ့် အားရမှုဟူသော ပါမောဇ္ဇ၊ လွန်စွာ နှစ်သိမ့်အားရမှုဟူသော ပီတိများ



လည်း ဖြစ်ပေါ်လာတတ်ကြပါသည်။ ထိုအခါ သူတစ်ပါးတို့အားလည်း မိမိတွေ့ရသော တရားအရသာကို တွေ့စေလို, ခံစားစေလိုသော သဒ္ဓါ-ဆန္ဒတွေ ဖြစ်ပေါ်လာတတ်ကြပါသည်။



ဦးညီပု၏ သဒ္ဓါ-ဆန္ဒ

တရားအားထုတ်ပြီး၍ တရားတော်၏အရသာနှင့် ဂုဏ်ကျေးဇူးကို သိခဲ့ရသော ဒကာကြီး ဦးညီပုမှာလည်း မိမိတွေ့ရ သိရသလို သူတစ်ပါးတို့အားလည်း တရားအရသာကို တွေ့စေလို, သိစေလိုသော သဒ္ဓါဆန္ဒတွေ တစ်ဖွားဖွား ဖြစ်ပေါ်နေပါတော့သည်။ သဒ္ဓါ-ဆန္ဒနှင့်အတူ ယှဉ်တက်လာသော စေတနာသည် အလိုရှိသော အမှုကိစ္စများကိုထ, မြောက်အောင်မြင်အောင် ဆောင်ရွက်တတ်ပါသည်။

ဒကာကြီးဦးညီပုသည် သူ့သဒ္ဓါဆန္ဒအတိုင်း ထမြောက်အောင်မြင်စေရန် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်၍ ပဋ္ဌိပတ္တိသာသနာ ပြန့်ပွားရေးအတွက် ဓမ္မကထိကဆရာတော်တစ်ပါး ပေးတော်မူပါရန်အကြောင်း တောင်းပန် လျှောက်ထားပါလေတော့သည်။ ထိုသို့ လျှောက်ထားရာ၌ ဆရာတော် ဘုရားကြီးက မန္တလေးမြို့၊ ရတနာပုံ မဟာစည်သာသနာ့ရိပ်သာလက် ထောက်ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက (ယခု မဟာစည်ဩဝါဒိစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဆရာ တော်ဘုရားကြီး) ဘဒ္ဒန္တသံဝရ နှင့် ညောင်ကန် ဦးဣန္ဒက (ယခု မဟာ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေး ဆရာတော် ဘဒ္ဒန္တဣန္ဒက) တို့ကို ပင့်သွားနိုင်ကြောင်း အမိန့်ရှိ၍ ခွင့်ပြုတော်မူလိုက်ပါသည်။

တရားဟောထွက်ကြပြီ

ဒကာကြီး ဦးညီပုမှာ ပင်စင်ရ အငြိမ်းစားတိုင်းမင်းကြီးဖြစ်ခြင်း၊ ရာထူးဝန်ဖြစ်ခဲ့ဖူးခြင်း၊ ပါဠိ ပညာရေးဝန်ဖြစ်ခဲ့ဖူးခြင်း စသော ရာထူးကြီးများ ထမ်းဆောင်ခဲ့ဖူးသောကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အရာရှိများထဲကဆိုလျှင် မသိသူမရှိသလောက်ထင်ရှားသော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပါသည်။

အနယ်နယ်အရပ်ရပ်တို့တွင် တာဝန်နှင့် အမှုထမ်းဆောင်လာခဲ့ဖူး သူဖြစ်သည့်အတိုင်း မည်သည့်နယ်,မည်သည့်ရပ်၌ ဘာသာရေးသာသနာရေးအား သေးသည်။ မသေးသည်ကိုသိသောသူဖြစ်သောကြောင့် ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီးထံမှ ခွင့်ပြုချက်ရသည်ဆိုလျှင်ပင် ဓမ္မကထိကများနှင့်ညီနှိုင်းကာ တရားဟောထွက်ရန် အရပ်ဌာနများကို သတ်မှတ်၍ အစီအစဉ်ပြုလုပ်လေတော့သည်။

အစီအစဉ် ပြုလုပ်ပြီးနောက် မန္တလေးမှ မြစ်ကြီးနား၊ ဂုင်းမှ ခန္တီး၊ ဂုင်းမှ ချင်းတွင်းမြစ်ရိုးတစ်လျှောက် မံရွာအထိနှင့် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း တိုင်အောင် ဟောကြားမည့် အရပ်ဌာနရှိ အကြီးအကဲတို့ထံ စာဖြင့် ကြိုတင် အကြောင်းကြားထားပါသည်။ ဤသို့ ကြိုတင်အကြောင်းကြားထားသည့်အတွက် ဟောကြားရမည့် အရပ်ဒေသဌာနသို့ ရောက်သွားကြသည့် အခါ အသင့်ပြင်ဆင်ထားနှင့် ကြပြီးဖြစ်သောကြောင့် နေ့ရက်တွေ အပိုဖြုန်းတီးမှုများ မရှိတော့ဘဲ အသင့်ပြင်ထားပြီး တရားပလ္လင်၌ တက်ရောက်ဟောကြားကြရပါသည်။ ဓမ္မကထိကတို့ သွားလာရေး ခရီးစရိတ်စက,များကိုလည်း တရားပွဲလက်ခံရာဌာနများမှ ကုန်ကျဖွယ်မလိုဘဲ ဒကာကြီး ဦးညီပုက ဓမ္မဒါနအဖြစ် ဝတ္ထုငွေတစ်ထောင်လျှဒါန်းရုံသာမက ကိုယ်တိုင်လည်း ဓမ္မကထိကနှင့်အတူ ကပ္ပိယအဖြစ် လိုက်ပါစောင့်ရှောက်ပါသေးသည်။ ထိုစဉ်က ဦးညီပုနှင့်အတူ မန္တလေးမြို့ ရတနာပုံ သာသနာ့ ရိပ်သာ ဂေါပကအဖွဲ့ ဒု-ဥက္ကဋ္ဌ ကျောင်းဒကာ ဦးခင်မောင်ကို ကပ္ပိယအဖြစ် ခေါ်ခဲ့ပါ၏။ မြန်မာပြည်



အထက်အောက် အနှံ့အပြား ကြွရောက် ဟောကြားလိုက်ကြသည် မှာကား တရားပွဲပေါင်း (၈၀)ကျော် သွားပါလေတော့သည်။

ထိုမျှ များပြားသော တရားပွဲများကို ဟောကြားတော်မူကြရသဖြင့် ဓမ္မကထိကတို့ ပင်ပန်းနွမ်းနယ်သွားကြပြီဆိုလျှင် ဒကာကြီးဦးညီပုက ကူညီဟောပြောပေးလိုက်ပါသေးသည်။ နုနယ်သော ခန္ဓာကိုယ်နှင့်မမျှအောင်ပင် ခြေလျင်ခရီးရော လှည်းကြမ်း ခရီးပါ လိုက်ပါ၍ မည်းမည်းဆိုး လိုက်ပါ၍ အကျိုးဆောင်သည်။ ဘာသာရေး သာသနာရေးအတွက် အလွန်ဇွဲကောင်းလှသော ဒကာကြီး ဖြစ်ပါ၏။

ဒကာကြီးဦးညီပု၏ ကြီးမားသော စေတနာ သဒ္ဓါတရားကြောင့် နာရခဲသောတရားကို နာကြားကြရသော တရားနာပရိသတ်တို့မှာ ဝမ်းပန်းတသာ ဖြစ်ကြသည်။ အမှန်ဆိုရပါမူ အခြို့အရပ်ဒေသတို့သည် အဆက် အသွယ်ကလည်း ခက်၊ လမ်းခရီးကလည်း ဝေးကွာ၍ ပင့်ဖိတ်ရမှာအား နာရသောကြောင့် မပင့်ဖိတ်ဝံ့ကြပေ။ တရားပွဲစရိတ်စကအတွက်လည်း ဝန်လေးကြဟန်ရှိပါ၏။ ဤအကြောင်းတို့ကြောင့် မဟာစည်တရားကို နာလိုပါလျက် မနာရဘဲ ဖြစ်နေကြပါသည်။ ယခုကဲ့သို့ မဟာစည် နယ်လှည့်ဓမ္မကထိကနှင့် ကိုယ်တွေ့ကြုံလိုက်သောအခါ ထင်သလို စရိတ်စကတာဝန်လည်းမကြီး၊ လမ်းပန်းအခက်အခဲကိုလည်း ကျော်လွှားကာ ကြွရောက်ဟောကြားကြသည်ကို နာကြားကြရသဖြင့် အင်မတန် ဝမ်းသာကြရပါသည်ဟု ကျေးဇူးတင်စကား ပြောကြားကြပါသည်။

ထောင်းသူမသက်သာ

"စားသူကောင်း ထောင်းသူမသက်သာ" ဆိုသော မန်ကျည်းသီးထောင်း ပုံဝတ္ထုကဲ့သို့ နာကြားရသူတွေကောင်းသလောက် တရားပွဲပေါင်း(၈၀)ကျော်ကို တစ်ပွဲပြီးတစ်ပွဲ ဆက်ကာ ဟောကြားတော်မူကြရသော ဓမ္မကထိက အရှင်မြတ်နှစ်ပါးတို့မှာမူ သက်သာလှသည် မဟုတ်ပါ။

အင်အားပြည့်ဖြိုးသည့် အရွယ်နှင့် သဒ္ဓါ-ဆန္ဒ တက်ကြွနေကြသော ဓမ္မကထိကများဖြစ်၍သာ ခံနိုင်ရည်ရှိကြသည်။ ကျန်းမာရေးနှင့် အရွယ်မတောင့်တင်းလျှင် ဗုန်းဗုန်းလဲနိုင်သော အလုပ်ဖြစ်နေသည်ကို တရားပွဲကြီး တွေပြီးကာမှပင် ဆင်ခြင်စဉ်းစား သတိထားမိကြတော့သည်။

ကျန်းမာရေး ထိခိုက်နိုင်သော အလုပ်ဖြစ်နေသည်ကို မြင်လာကြရာ၌ သက်သာမည့်နည်းလမ်းကို ရှာကြံကြရပါသည်။ မျှမျှတတနှင့် သက်သာ မည့်နည်းလမ်းမှာ မဟာစည်နယ်လှည့် ဓမ္မကထိက အဖွဲ့ဖွဲ့၍ အဖွဲ့ဖြင့် ဆောင်ရွက်မှသာ အဆင်ပြေမည်ကို မြင်လာကြပါသည်။ ဤအမြင်ဖြင့်နယ်လှည့် ဓမ္မကထိကအဖွဲ့ဖွဲ့စည်းဖို့ အခြေအနေသို့ ရောက်ခဲ့ရပါသည်။ မဟာစည်ဓမ္မကထိကအဖွဲ့ ဖြစ်ပေါ်လာရသော အခြေခံကို ပြန်ကြည့်ပါလျှင် ဒကာကြီးဦးညီပု၊ မန္တလေးဦးခင်မောင်တို့နှင့် ဆရာတော်ဦးသံဝရ၊ ညောင်ကန်ဦးကွန္ဒကတို့၏ သဒ္ဓါ-စေတနာတို့မှ ဖြစ်ပေါ်လာခဲ့ရသည်ကို တွေ့ကြ ရမည်သာ ဖြစ်ပါသည်။

(မှတ်ချက် ။ ။ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဝက်လက် မစိုးရိမ် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တတိသမထေရ်(ပျဉ်လွန်)ရေးသားသော မဟာစည် ပဋိပတ္တိသာသနာဝင် နိဒါန်းမှ ကောက်နှုတ်ဖော်ပြပါသည်။)

မဟာစည်နယ်လှည့်ဓမ္မကထိက အဖွဲ့ကြီး၏ ၃၃-နှစ်ခရီး

၁၃၃၂ ခုနှစ်၌ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒစရိယ၊ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ နာနာဂန္ထကာရက၊ ကမ္ဘာ့သာသနာပြုကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် တည်ထောင် ချီးမြှောက်တော်မူခဲ့သော မဟာစည် နယ်လှည့် ဓမ္မကထိကအဖွဲ့ကြီးသည် ယခု ဆရာတော်ဘုရားကြီး သက်တော်ရာပြည့် အထိမ်းအမှတ် ပူဇော်ပွဲကျင်းပသော ၁၃၆၅-



ခုနှစ်၌ သက်တမ်းအားဖြင့် ၃၃-နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ စာရေးသူ မှတ်မိသမျှ မဟာစည် နယ်လှည့်ဓမ္မ ကထိကအဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ကြသော ဆရာတော်များမှာ -

၁။ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ကျမ်းပြုဝက်လက် မစိုးရိမ် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ တိဿ (ပျဉ်လွန်)

၂။ ရန်ကုန်မြို့၊ သလွန်ဝတီ မဟာစည်သာသနာ့ရိပ်သာဆရာတော် ဘုရားကြီး ဘဒ္ဒန္တသူရိယ

၃။ မဟာစည်နာယက အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ ပါဠိပါရဂူ ပျဉ်းမနားဆရာတော်ကြီး ဘဒ္ဒန္တဇဋိလ

၄။ မြန်အောင်မြို့၊ မင်းကန်ကြီး မဟာစည် သာသနာ့ရိပ်သာ ဓမ္မကထိက ဗဟုဇနဟိတဓရ ဆရာတော် ဘဒ္ဒန္တထေရဝံသ တို့ ဖြစ်ကြပါသည်။

အတွင်းရေးမှူးများအဖြစ် -

၁။ ယခု အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာ သြဝါဒါစရိယဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သံဝရ

၂။ မန္တလေးမြို့၊ ရွှေစည်သာသနာ့ရိပ်သာ ကျမ်းပြုဆရာတော် ဘုရားကြီး ဘဒ္ဒန္တ ကုလိသ (ပျဉ်လွန်)

၃။ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မဟာစည် သြဝါဒခံအင်းစိန် ညောင်ကန်အေးသာသနာ့ရိပ်သာဆရာတော် ဘဒ္ဒန္တ ဣန္ဒက

၄။ ဖျူးမြို့၊ မဟာစည်သာသနာ့ရိပ်သာနှင့် ရန်ကုန်မြို့၊ ဓမ္မရက္ခိတ ကမ္မဋ္ဌာန်းကျောင်းတိုက် မဟာစည် သာသနာ့ရိပ်သာ ဓမ္မကထိက ဗဟုဇနဟိတဓရ ဖျူးဆရာတော် ဘဒ္ဒန္တ နရပတိ

၅။ မြန်အောင်မြို့၊ လေးမျက်နှာ မဟာစည်သာသနာ့ရိပ်သာ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသတို့ ဖြစ်ကြပါသည်။

ယခုလက်ရှိ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးဆရာတော်များမှာ မဟာစည်နာယကပျဉ်းမနားဆရာတော် ဘဒ္ဒန္တဇဋိလ(ဥက္ကဋ္ဌ)နှင့် မြန်အောင်မြို့၊ လေးမျက်နှာ မဟာစည်သာသနာ့ရိပ်သာဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ (အတွင်းရေးမှူး)တို့ ဖြစ်ကြပါသည်။ ယခုနှစ် မဟာစည် နယ်လှည့် ဓမ္မကထိကအဖွဲ့ဝင် ပေါင်းမှာ (၈၅)ပါး ရှိကြပါသည်။

ထို ၃၃-နှစ်အတွင်း မဟာစည်နယ်လှည့်ဓမ္မကထိက ဆရာတော်များသည် နှစ်စဉ် မြန်မာနိုင်ငံတော်အတွင်း ပြည်နယ်နှင့်တိုင်းအသီးသီးသို့ ကြွရောက်၍ တရားဟောကြားတော်မူခဲ့ကြသည်။ ထို့ကြောင့် မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို နာကြား ကျင့်ပွားရသူ တရားနာယောဂီပေါင်းမှာ သိန်းပေါင်းများစွာရှိကြပေမည်။ မဟာစည်နယ်လှည့်ဓမ္မကထိက အဖွဲ့ဝင် စာရင်းချုပ်ကို သေချာကျန ပြုလုပ်နိုင်ခြင်းမရှိပါသဖြင့် အရေအတွက်အတိအကျကို မဖော်ပြနိုင်သော်လည်း ခန့်မှန်းခြေအားဖြင့် တစ်ထောင်ကျော်ခန့် ရှိနိုင်ပါသည်။

ပြည်ပအထိ ကြွရောက်ဟောကြား တရားပြခဲ့ကြသော မဟာစည်နယ်လှည့်ဓမ္မကထိကများသည် အချို့ထူးချွန်၍ ပြည်တွင်း၌သာမက ပြည်ပသို့ပင် ကြွရောက်၍ တရားဟောတရားပြ သာသနာပြုတော်မူနိုင်ကြပါသည်။ အထူးအားဖြင့် မဟာစည်နယ်လှည့်ဓမ္မကထိကဘဝမှ မဟာစည်ရိပ်သာများ နာယကနှင့် မဟာစည်ရိပ်သာခွဲဆရာတော်များအထိ တိုးတက်ဆောင်ရွက်တော်မူနိုင်ကြသည်။ ဤသည်ကို ခန့်မှန်းလေ့လာကြည့်ခြင်းဖြင့် အနာဂတ် မဟာစည် ပဋိပတ္တိသာသနာတော်သည် ပြည်တွင်းပြည်ပတို့၌ ဆက်လက်တည်တံ့ပြန့်ပွားနေဦးမည်သာ ဖြစ်ပါသည်။

ပြည်တွင်း၌သာမက ပြည်ပသို့ပင် ကြွရောက်၍ တရားဟော တရားပြ သာသနာပြုတော်မူခဲ့ကြသော မဟာစည်နယ်လှည့် ဓမ္မကထိက ဆရာတော်များမှာ -

၁။ မဟာစည် သြဝါဒါစရိယ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ



ဇောတိကဆရာတော်ကြီး ဘဒ္ဒန္တ သံဝရ။

၂။ မဟာစည်နာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော်ကြီး ဘဒ္ဒန္တကေသရ။

၃။ မဟာစည်နာယက ဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ မြစ်သားဆရာတော် ဘဒ္ဒန္တကေသဝ။

၄။ မဟာစည်နာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ ပါဠိပါရဂူ ပျဉ်းမနားဆရာတော် ဘဒ္ဒန္တဇဋိလ။

၅။ မဟာစည်နာယက ဓမ္မကထိက ဗဟုဇနဟိတဓရ မြန်အောင်ဆရာတော် ဘဒ္ဒန္တထေရဝံသ။

၆။ မဟာစည်နာယက ဘီအေ၊ ဓမ္မာစရိယ ပြွန်တံဆာ ဆရာတော် ဘဒ္ဒန္တသုန္ဒရ (ပုံလွန်)

၇။ မဟာစည်ရိပ်သာများ နာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေး ဆရာတော် ဘဒ္ဒန္တဇဋိလာဘိဝံသ။

၈။ မဟာစည်နာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ သာယာကုန်း ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒ။

၉။ မဟာစည်နာယက မဟာကမ္မဋ္ဌာနာစရိယ ကျောက်ပန်းတောင်း ဆရာတော် ဘဒ္ဒန္တကုမာရ။

၁၀။ မဟာစည် နာယက ဓမ္မကထိက ဗဟုဇနဟိတဓရ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ။

၁၁။ မဟာစည်နာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ရန်ကုန်၊ ကိုးမိုင်မဟာစည်ရိပ်သာဆရာတော် ဘဒ္ဒန္တကဝိဓဇ။

၁၂။ မဟာစည်နာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ ကြို့ပင်ကောက်ဆရာတော်ကြီး ဘဒ္ဒန္တသောဏက။

၁၃။ မဟာစည်ရိပ်သာများ နာယက မဟာစည်နယ်လှည့် ဓမ္မကထိက အမေရိကန်နိုင်ငံ ဗာလတီမိုး အရှင်ကေလာသကျော်းတိုက်၊ မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာဆရာတော် ဘဒ္ဒန္တကစ္စာယန။

၁၄။ မဟာစည်နာယက ဂျပန်နိုင်ငံတိုကျိုမြို့၊ ဓမ္မဒီပ မဟာစည်သာသနာ့ရိပ်သာ စဉ့်ကူးဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရတို့ ဖြစ်ကြပါသည်။

ကောင်းသောအနာဂတ်ခရီး ဆက်ကြဦးမည်

ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးကိုယ်တော်တိုင် ၁၃၃၂-ခုနှစ်၌ စတင်တည်ထောင် ခဲ့မြောက်ခဲ့သော မဟာစည်နယ်လှည့် ဓမ္မကထိကအဖွဲ့ကြီးသည် ယခု ၁၃၆၅-ခုနှစ်၌ (၃၃) နှစ် မြောက်ခရီးသို့ပင် ရောက်ခဲ့ပြီဖြစ်ရာ နှစ်စဉ်နှစ်တိုင်း မဟာစည်နယ်လှည့်ဓမ္မကထိက မျိုးဆက်သစ်များကိုလည်း ဆက်လက်ရွေးချယ်မွေးဖွားသွားဦးမည် ဖြစ်ပါသည်။

ထို မဟာစည် နယ်လှည့်ဓမ္မကထိကဘဝမှ မဟာစည်ရိပ်သာများ နာယကနှင့် မဟာစည်ရိပ်သာခွဲ ဆရာတော်များအထိ တိုးတက်ဆောင်ရွက်တော်မူနိုင်ကြ၍ အနာဂတ် မဟာစည်ပဋိပတ္တိ သာသနာတော်သည် ပြည်တွင်း ပြည်ပ တို၌ ရှည်ကြာစွာ တည်တံ့ ပြန့်ပွားထွန်းကားနေဦးမည်ဖြစ်ပါသည်။

ဆန္ဒမွန်

၁။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရှည်ကြာတည်ရှိလင်းစေသော်..

၂။ မဟာစည်လမင်း၊ ကြယ်ခပင်း၊ အလင်းကမ္ဘာ ပြန့်စေသော်..

၃။ အလင်းရောင်ကို၊ လက်ခံ ကြို၊ ကြည်ညိုလေးမြတ်ကြစေသော်

၄။ ကမ္ဘာငြိမ်းချမ်း၊ နိဗ္ဗာန်နန်း၊ စံမြန်းနိုင်ကြပါစေသော်...။

ညောင်ကန်အေးဆရာတော်
(၁၂-၁၀-၂၀၀၃)





ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ဆန္ဒတော်မှာ -

(က) ဖြစ်မြောက်ရေး

(ခ) အရှည်တည်တံ့ရေး နှင့်

(ဂ) တိုးတက်ရေးတို့ ဖြစ်သည်။

မဟာစည် ဝိပဿနာနည်းလမ်း စတင် ပေါ်ပေါက်လာစေရန် မဟာစည်ရိပ်သာတစ်ခု ဖြစ်မြောက်ရေးသည် ပထမလိုအပ်ချက် ဖြစ်ပါသည်။

ဖြစ်ပေါ်လာပြီဆိုတော့လည်း ကာလရှည်ကြာ ဇွဲသန်သန်ဖြင့် တည်တံ့အောင်ဆောင်ရွက်ရန်မှာ ဒုတိယလိုအပ်ချက် ဖြစ်လာပါသည်။

ဤတွင် ကာလကြာရှည် တည်တံ့ရုံနဲ့ တင်းတိမ်ရောင့်ရဲမနေဘဲ အစဉ်အမြဲ တိုးတက်ကြီးပွားလာစေရေးသည် တတိယလိုအပ်ချက် ဖြစ်လာသည်။



ဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ

အရှင်ဝိသုတ

ဖော်ပြပါ လိုအပ်ချက်များနှင့်အညီ မဟာစည် ဝိပဿနာနည်း စတင်ပေါ်ပေါက်လာသည်မှ တည်တံ့တိုးတက်လာပုံကို တစိမ့်စိမ့်တွေးတောကြည့်မိတိုင်း ပုံရိပ်ပမာ ကွက်ကွက်ကွင်းကွင်း ထင်မြင်လာရသည်။



ခေတ်ဦးမဟာစည်

" ဆိပ်ခွန်တရား ကောင်းလှသတဲ့။ အဟောတရားမဟုတ်။ လက်တွေ့တရား ဖြစ်သတဲ့။"

(၁၉၅၅-ဒေါ်မာလာရီ နှစ်ကိုးဆယ်ကျော် ဘဝခရီး)

လွန်ခဲ့သော ၁၃၀၉ ခုနှစ်၊ ဝါခေါင်လက ဖြစ်ပါသည်။ ရန်ကုန်မြို့၊ သူဌေးကြီး ဆာဦးသွင်မှ စစ်ကိုင်းတောင်ရိုး သမိဒ္ဓါဒယချောင်၌ ဆိပ်ခွန် မဟာစည်ကျောင်းမှာ တရားဟော တရားပြနေတဲ့ မဟာစည်ဆရာတော်ဘုရားကိုပင့်၍ တရားနာကြသည်။

မဟာစည်ဆရာတော်ဘုရားသည် ၁၃၀၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့တွင် စစ်ကိုင်းသို့ ကြွလာသည်။ ဝါခေါင်လပြည့်ကျော် ၃-ရက်နေ့ ၂ နာရီအချိန် သမိဒ္ဓါဒယ ဓမ္မာရုံ၌ မာလုကျပုတ္တသုတ်ကို လက်တွေ့နှင့်ညှိပြီး ဟော ကြားတော်မူသည်။

ဓမ္မာရုံ၌ တရားနာပရိသတ်သည် ပြည့်လျက်ရှိသည်။ ဆာဦးသွင်၊ စက်ပိုင် ဦးဘတင်၊ စစ်ကိုင်းမြို့ ဆန်စက်ပိုင်ရှင် ဦးမြကြီးနှင့် ဦးဘကြွယ်၊ ဒေါ်သိန်းတင်တို့လည်း တရားနာကြသည်။

တရားပွဲပြီးသောအခါ ဒေါ်မာလာရီက နောက်ထပ် ၂-ရက်ဆက်ပြီး တရားချီးမြှင့်ရန်နှင့် သခ်ါရုပေက္ခာဉာဏ်ဖြစ်ပုံ ထည့်သွင်းဟော ကြားတော်မူရန် လျှောက်ထားတောင်းပန်သည်။

ထိုအခါ မဟာစည်ဆရာတော်က သခ်ါရုပေက္ခာဉာဏ်ဖြစ်ပုံကို ဝိပဿနာအားထုတ်ပြီးသော ဉာဏ်အဆင့်မီ ယောဂီများကိုသာ ဟော လေ့ရှိကြောင်း၊ ဆရာကြီး ဒေါ်မာလာရီ နာချင်တယ်ဆိုက ထည့်သွင်းဟောမည်ဖြစ်ကြောင်း အမိန့်ရှိပြီး နောက်ရက်များတွင် သခ်ါရုပေက္ခာဉာဏ်ဖြစ်ပုံကို ထည့်သွင်းဟောကြားတော်မူသည်။

မဟာစည်ဆရာတော် ဟောကြားတော်မူသောတရားမှာ အလုပ်တရား၊ လက်တွေ့တရားဖြစ်၍ စစ်ကိုင်းသီလရှင်ပရိသတ်အတွက် နားစိမ်းနေသေးသည်။ သမိဒ္ဓါဒယဆရာကြီး ဒေါ်မာလာရီနှင့် ဆာဦးသွင်တို့မှာ လွန်စွာသဘောကျနှစ်ခြိုက်လျက်ရှိသည်။

ဒေါ်မာလာရီသည် တပည့် သီလရှင်မထေရီ၊ မစန္ဒာရီတို့နှင့်အတူ ရွှေဘိုမြို့၊ ဆိပ်ခွန်မဟာစည်ကျောင်းသို့ သွားရောက် တရားအားထုတ်ကြသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော် သုံးလတိတိ မပြတ်မလပ် ကြိုးစားအားထုတ်ရှုမှတ်ရာ ကျေနပ်လောက်သောအဆင့်ထိ ရောက်ခဲ့သည်။

ဒါမှ တရားဝင်တရားမှန်ပါ၊
ဒီလို တရားမှ အားမထုတ်ရင်
လွဲတော့မှာပေါ့၊
သျှောင်တစ်လုံးအဆုံးခံပြီး
သာသနာဝင်လာတာ
ဒီလိုနဲ့အချိန်ပြုန်းနေလို့
ဘာအကျိုးရှိမှာလဲ၊

ဒေါ်မာလာရီသည် မိမိ၏တပည့်သီလရှင်များ၊ ရင်းနှီးသော လူဒကာ ဒကာမများအပြင် ဆရာတော် သံဃာတော်များအထိ ဆိပ်ခွန်တရား အားထုတ်ကြည့်ရန် တိုက်တွန်းလျှောက်ထားသည်။

ဒေါ်မာလာရီသည် မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်းကျမ်း ၂ အုပ်ကိုယူဆောင်



၍ မင်းဝံတောင်ရိုး၊ ရွှေမင်းဝံဆရာတော် ဦး ကောသလ္လထံသို့ သွားသည်။ ရွှေမင်းဝံဆရာတော်က ဝိပဿနာရှုနည်းကျမ်းကိုလည်းကြည့်၊ ဒေါ်မာလာရီ၏ တရားအားထုတ်မှုသတင်းကို လည်း ကြားရ၍ -

"ဟာ - ဒါမှ တရားစစ်တရားမှန်ပဲ၊ ဒီလို တရားမှ အားမထုတ်ရင် လွဲတော့မှာပေါ့။ သျှောင်တစ်လုံးအဆုံးခံပြီး သာသနာဝင်လာတာ ဒီလိုနဲ့အချိန်ဖြုန်းနေလို့ ဘာအကျိုးရှိမှာလဲ။ မနက်ဖြန်ခါ သွားမယ်" ဟု ဒေါ်မာလာရီအား အမိန့်ရှိသည်။

"ဘုန်းကြီး မနက်ဖြန်သွားလို့ မဖြစ်သေးဘူးဘုရား"

"ဘာလို့လဲ"

"အခု တန်ခူးလရောက်တော့မယ်၊ တန်ခူးလကျရင် ဆိပ်ခွန်မှာ တစ်အားပူမယ်၊ တရားကလည်း အပင်ပန်းခံပြီး အားထုတ်ရမှာ၊ ဘုန်းကြီးရာသီဥတုဒဏ် မခံနိုင်ဘူး"

"ဒါဖြင့် ဘယ်တော့မှသွားရမလဲ"

"မိုးကျရင် သွားလို့ရမှာပါ။ အဲဒီကျမှ ကြွတာပေါ့ဘုရား"

ဤသို့ဖြင့် ရွှေမင်းဝံဆရာတော်သည် ဒေါ်မာလာရီ၏ ဆက်သွယ်မှုဖြင့် ၁၃၁၀ ခုနှစ်၊ နယုန်လ၊ ဝါဆိုလများ၌ ဆိပ်ခွန်မဟာစည်သို့ တရားအားထုတ်ရန် ကြွရောက်သည်။ ထိုစဉ်က ဆိပ်ခွန်မဟာစည်ရိပ်သာ၌ ရဟန်းယောဂီ ၂၅ ပါးခန့်ရှိသည်။ အများအားဖြင့် ဆရာတော် ဦးသုဇာတ (မဟာစည်နာယက)၊ ဆရာတော် ဦးမုနိန္ဒ (ရွှေဘို)၊ ဆရာတော် ဦးဝိသုတ (ခြောက်တင်းကျ စိတ္တသုခရိပ်သာ)၊ ဆားလင်းကြီးဆရာတော် ဦးကောသလ္လ (စစ်ကိုင်းရွှေမင်းဝံ)တို့ကဲ့သို့ ဆရာတော်များ ဖြစ်ကြသည်။

စကားများလို့ တရားမတက်

ဆရာတော်များသည် ငယ်ရွယ်သူများမဟုတ်ကြသလို သာမန်ပုဂ္ဂိုလ်များလည်းမဟုတ်ကြပါချေ။ ထို့ကြောင့် တစ်ပါးနှင့်တစ်ပါး ဆုံမိပြီဆိုရင် မိမိတို့အတွေ့အကြုံ အလွှာပ သလွှာပများကိုပြောဆိုမိကြသည်။ မဟာစည်ဆရာတော်ဘုရားသည် ကိုယ်တိုင် တရားစစ်ဆေးတော်မူရာ ထိုဆရာတော်များ၏ တရားသားမတက်ဘဲ အတက်နှေးနေရာ မပြောမဖြစ်တဲ့ ကိစ္စမှတပါး စကားမပြောစတမ်း တရားအားထုတ်ဖို့ သတိပေးရသည်။ ထိုအခါကျမှ တရားအားထုတ်သောယောဂီမှာ စကားပြောခြင်းဟာ တရား၏ အန္တရာယ်တစ်မျိုးဖြစ်ကြောင်း နားလည်သဘောပေါက်တော်မူကြသည်ဟု ထိုဆရာတော်များမှ ပြန်လည်မိန့်ကြားချက်ကို မှတ်သားရပါသည်။

မဟာစည်အစပျိုး ယောဂီ

စာသင်တိုက်ဖြစ်စေ၊ ရိပ်သာဖြစ်စေ





စတင်တည်ထောင်စဉ်ကာလ၌ အခြေခံအုတ်မြစ် ခိုင်ခန့်တောင့်တင်း ကောင်းဖို့လိုသည်။ စာသင်တိုက်အသစ် စတင်ပြီဆိုလျှင် လျှမ်းလျှမ်းတောက် ဘက်စုံတော်သော တပည့်ကောင်း စာသင်သား များရှိမှသာလျှင် မြန်မြန်တိုးတက်အောင်မြင် နိုင်သည်။

ရိပ်သာအသစ် စတင်ရာမှာလည်း ထို နည်းတူပင်။ တစ်ကယ်ကြိုးစားအားထုတ်သော ယောဂီကောင်းများရှိမှသာ တိုးတက်အောင်မြင် ပေမည်။ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော် ဘုရားကြီး၏ လက်ဦးယောဂီများမှာ ဦးထွန်း အေး၊ ဦးဖိုးချို (ဆရာတော်၏ အစ်ကိုဝမ်းကွဲ) ဆရာကြဲ (ဆရာတော်၏ညီဝမ်းကွဲ)တို့ဖြစ်သည်။ သူတို့သုံးယောက်တို့သည် ပြင်းပြင်းထန်ထန် ကြိုးပမ်းအားထုတ်ကြ၏။

ယင်းသို့ အားထုတ်သည့် အတွက် ဉ-ရက်ကြာသောအခါ ရုပ်နာမ်အဖြစ်အပျက် ကိုမြင်တဲ့ ဉဒယဗ္ဗယဉာဏ်ကို ရောက်ကြကုန် ၏။

(မဟာစည် ထေရဝုတ္တန္တဝိလာသိနီ-ပ-၉၉)

မဟာစည် လက်ဦးယောဂီတို့သည် သဒ္ဓါ တရား ထက်သန်ကြ၏။ ဝီရိယအားကောင်း သည်။ သတိ သမာဓိ ကြီးထွားကြသည်။ ထို့ ကြောင့် -

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာ ဝတ္ထိပြည်၊ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူ၏။ ထို အခါ ရဟန်းတစ်ပါးသည် မြတ်စွာဘုရား၏ မနီး မဝေး၌ ကိုယ်ကိုဖြောင့်စွာထား၍ တင်ပလွင်ခွေ ပြီးလျှင် "ရှေးကံအကျိုးကြောင့်ဖြစ်သော ပြင်းထန်ကြမ်းတမ်းသော ဆင်းရဲဝေဒနာကို သည်းခံလျက် အမှတ်ရမူသတိ၊ ဆင်ခြင်ဉာဏ်

မကျေးဂူးတော်ရှင်
မဟာစည်ဆရာတော်
ဘုရားကြီးသည်
တရားဟောတော်မူလျှင်
အသံနေ အသံထားမပါဘဲ
ရိုးသားပြတ်သားစွာ
ဝိဝိပြင်ပြင်
ဟောတော်မူသည်၊

သမ္မဇဉ်ရှိသည်ဖြစ်၍" မပင်မပန်း ထိုင်လျက်နေ ၏။ ထိုအခါ ပြင်းထန်စွာဘုရားသည် ဤ အကြောင်းကို သိတော်မူ၍ -

"ကံအလုံးစုံကို စွန့်ပယ်ပြီး၍ ရှေးကပြုဖူး သော ရာဂစသောမြူကို ခါထုတ်လျက် ငါ, ငါဟု မစွဲဘဲ (နိဗ္ဗာန်)၌တည်သော တာဒိဂုဏ်နှင့်ပြည့် စုံသော ရဟန်းအား မိမိကိုယ်ကို လုပ်ကျွေးပြုစု ရန်အတွက် လူအပေါင်းကို ပြောဆိုခြင်းငှာ အလိုမရှိ။" ဟု - ဥဒါန်းကျူးရင့်တော်မူ၏။

(ဥ၊ ၁။ ဥဒါန ၁၀၀)

ဖော်ပြပါသုတ်၌ ဟောတော်မူသကဲ့သို့ ကြာရှည်စွာ ကျင်ရိယာပုထုဇဉ်မပြောင်းဘဲ အားထုတ် နိုင်တဲ့ယောဂီ ပိတိပဿဒ္ဓိတရားတွေ ကိုယ်ဝယ် ပြည့်ကာ သတိသမ္မဇဉ် ပြက်ပြက်ထင် ရှုမြင်နိုင် တဲ့ယောဂီတွေ မဟာစည်ရိပ်သာ၌ ထင်ရှားပေါ် ပေါက်ခဲ့ပါသည်။



သာသနာ့ရိပ်သာသို့ ပင့်ဆောင်စဉ်

၁၃၁၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆-ရက်နေ့ဖြစ်သည်။ မဟာစည်ဆရာတော်အား ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့မှ ရန်ကုန်သို့ပင့်ဆောင်သည်။ ဆရာတော်သည် ရွှေဘိုမှ စစ်ကိုင်း ဆင်များရှင်ရိပ်သာသို့ အထက်ဖော်ပြပါရက်တွင် ရောက်သည်။ မဟာစည်ဆရာတော်သည် စစ်ကိုင်းဆင်များရှင်ရိပ်သာ ပဓာနနာယကရွှေမင်းဝံဆရာတော် ဦးကောသလ္လ၊ ဦးမုနိန္ဒ (ရွှေဘို)တို့နှင့်အတူ မန္တလေးသို့ကူးကာ မန္တလေးမှ လေယာဉ်ဖြင့် ရန်ကုန်သို့ ကြွတော်မူသည်။

ထို့ကြောင့် မဟာစည်
ထေရဝုတ္တန္တဝိလာသိနီ ၌ -
ကောသလက္ခ မုနိန္ဒယ
ထေရေဟိဓမ္မကာ မိဘိ။
အဂ္ဂို့ မဟာစည်ထေရော၊
သောဝေရိက္ခယ ပုရံသုဘံ။
ဟု ရေးသားဖွဲ့ဆိုထားပေသည်။

မဟာစည်ဆရာတော်ဘုရား ရန်ကုန်သာသနရိပ်သာသို့ ကြွရောက်၍ ဝိပဿနာ သတိပဋ္ဌာန်တရားများကို ဟောကြားညွှန်ပြသည်များအား အကျယ်ဝေဖန်၍ ရေးသားရန်လိုမည်မထင်ချေ။

အမှန်အတိုင်းကျကို လိုလားတော်မူ

၁၃၄၁ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်နေ့၊ ၃၁-ကြိမ်မြောက် မဟာစည်သြဝါဒခံယူပူဇော်ပွဲတွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် စံကျောင်းအောက်ထပ်၌ သံဃာတော်များအား သြဝါဒကထာ မိန့်မြွက်တော်မူသည်။ ထို့နောက် မဟာဋီကာ နိဿယစာအုပ်များ အလှူမခံရသေးတဲ့ ရိပ်သာခွဲ ကမ္မဋ္ဌာနာစရိယများ၏ စာရင်းကို ကောက်ယူပြီး မဟာဋီကာနိဿယ ပ၊ ဒု၊ တ၊ စတုတ္ထ ၄ အုပ်ကို လှူဒါန်းသည်။

စာအုပ်များကို အလှူခံရရှိသည့်ပုဂ္ဂိုလ်များသည် စာအုပ်များကို ဗီရိုထဲထည့်ကာ အလှပြဖို့မဟုတ်ပါဘူး။ မဟာဋီကာ ပါဠိစာအုပ်များနှင့်တိုက်ဆိုင်ကာ ကြည့်ရှုရန်နှင့် သို့မဟုတ် တပည့်များအား ပို့ချပေးရန် သြဝါဒပေးတော်မူသည်။ ထို့ပြင် မဟာဋီကာနိဿယများမှ မှားယွင်းချက်၊ ချို့ယွင်းချက်တွေ့လျှင် ပြန်ကြားလျှောက်ထားရန် အမိန့်ရှိတော်မူသည်။

စာရေးသူသည် ၃၁ ကြိမ်မြောက် သြဝါဒခံယူပူဇော်ပွဲမှ မဟာဋီကာနိဿယစာအုပ်များကို လက်ခံရယူခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ သြဝါဒတော်ကို လေးစားသောအားဖြင့် တပည့်ရဟန်းများအား ဝိသုဒ္ဓိမဂ်ကို ပို့ချကာ မဟာဋီကာအဓိပ္ပာယ်များကို ကြည့်ရှုမိပါသည်။

နိဿယစာအုပ်များကို ကြည့်ရှုရင်းမှ အောက်ပါအကြောင်းအရာများကို တွေ့ရှိရပါသည်။

ဥတ္တရပဒလောပေန၊ နောက်ပုဒ်ကိုချေသဖြင့်

ဥပေက္ခာယ ဇနိတာ သတိ ဥပေက္ခာသတိ။
ဥပေက္ခာယ၊ ဥပေက္ခာသည်။ ဇနိတာ၊ ဖြစ်စေအပ်သော။ သတိ၊ သတိတည်း။ ဥပေက္ခာသတိ၊ ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ။
(ဥပေက္ခာဟူသော ပုဒ်နောင် ဇနိတာပုဒ်ကျသည်ကိုရည်၍ မဟာဋီကာဆရာက ဥတ္တရပဒ လောပေနဟု ဆိုသည်။)

နိဿယပုံနှိပ်စဉ်က ပုံနှိပ်တိုက်က မှားသည်ဟု ထင်မိပါသည်။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ၁၃၄၁ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်နေ့နေ့စွဲဖြင့် ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်



ဘုရားကြီးထံတော်သို့ စာတိုက်မှ လျှောက်ထား လွှာ တင်ခဲ့သည်။

၁၃၄၂ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက် ၁၂-ကြိမ်မြောက် မဟာစည်ပူဇော်ပွဲသို့ စာရေးသူ ရောက်ခဲ့၏။ ဆရာတော်ဘုရားကြီးက မိမိအားခေါ်ယူတွေ့ဆုံပြီး အောက်ပါအတိုင်း အမိန့်ရှိသည်။

"အရှင်ဝိသုတ၊ နိဗ္ဗာန်ဆိပ်ဦး သာသနရိပ်သာ၊ ပုလဲမြို့ဆိုတာ အရှင်လား"

"မှန်ပါဘုရား"

"မဟာဇီကာနိဿယ အနက်ပေးလွှဲတာကိုသိရလို့ ဝမ်းမြောက်ပါတယ်။ ဒုတိယအကြိမ် စာအုပ်ရိုက်နှိပ်ပါက ပြင်ဆင်နိုင်ရန် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကို အကြောင်းကြားထားမယ်။"

"မှန်ပါဘုရား"

တိုးတက်ကြီးပွားပုံ

မဟာစည် သတိပဋ္ဌာန်တရားသည် ကောက်ရိုးမီးကဲ့သို့ ဝုန်းကနဲထတောက်ပြီး ခဏချင်ငြိမ်းသွားတာမျိုးမဟုတ်။ တစ်နေ့ ထက်တစ်နေ့ လျှောကျသည်မရှိဘဲ အစဉ်အမြဲ တိုးတက်ကြီးပွားနေသည်။

စစ်မှန်သောရွှေသည် မှေးမှိန်သွားခြင်းမရှိသကဲ့သို့ စစ်မှန်သောတရားနည်းလမ်းများသည် ဘယ်သောအခါမှ မှေးမှိန်ပျောက်ကွယ်ရိုးထုံးစံမရှိပါချေ။

ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ၌ ရဟန်းယောဂီ ၄၀-ကျော်အောက် မည်သည့်အချိန်မှ ကျဆင်းသွားသည် မရှိပါ။ ရဟန်းယောဂီများတွင်လည်း ပရိယတ်နယ်ပယ်မှ အထက်တန်းကျသော ရဟန်းတော်များ ယုံကြည်စိတ်ချစွာ ရှုမှတ်ပွားများ အားထုတ်ကြပါသည်။

ထိုကဲ့သို့ ပရိယတ်နယ်ပယ်မှ အဆင့်မြင့်စာမေးပွဲများကို အောင်မြင်ပြီးသော ယောဂီများအား -

ဆရာတော်ဘုရားကြီးနှင့်တကွ ကမ္မဋ္ဌာန စရိယ ဆရာတော်များသည် အထူးကြပ်မတ်ညွှန်ပြပေးတော်မူသည်။ ဝါဆိုသံဃာယောဂီလက်ခံရာ၌ ဖော်ပြပါရဟန်းတော်မျိုးကို ရွေးချယ်လက်ခံလေ့ရှိပါသည်။

ပရိယတ်အရည်အသွေးကောင်းမွန်သောရဟန်းယောဂီများကသာ မဟာစည်သတိပဋ္ဌာန်နည်းကို အရှည်တည်တံ့အောင် စွမ်းဆောင်နိုင်လိမ့်မည်ဟု ဆရာတော်ဘုရားကြီးက ယုံကြည်သည်။

ထို့ပြင် ပရိယတ် ပဋိပတ် စွယ်စုံတတ်မြောက်သည့် တပည့်များကိုလည်း အနီးကပ်ထားပေးခြင်း၊ နေရာကောင်းရိပ်သာခွဲများသို့ ပို့ပေးခြင်းဖြင့် ချီးမြှောက်တော်မူသည်။

မျက်ဝါးထင်ထင် တွေ့မြင်ရသော မဟာစည်ရိပ်သာခွဲများမှ နိုင်ငံခြားသာသနာပြုဆရာတော်များ၊ ပြည်တွင်း၌ ကြီးကျယ်အောင်မြင်သော ရိပ်သာဆရာတော်များ၊ ကျမ်းဂန်စာပေပြုစုရေးသားသော ဆရာတော်များ၊ ဆောင်းပါး၊ ကဗျာ စသည်တို့ကို ထိပ်ဆုံးမှ အရေးပေးဖော်ပြခြင်းခံရသော ဆရာတော်များစွာပင် ပေါ်ပေါက်ခဲ့ပါသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် (ဒီဃဒသီ) အရှည်မြော်မြင်တွေးဆင်ခြင်ဉာဏ်တော်နှင့် ပြည့်စုံတော်မူ၏။ ထိုဂုဏ်များကို ကြည်ညိုမဆုံးအောင် သဒ္ဓါပွားမိပါသည်။

ကမ္ဘာကျော်ကြား မဟာစည်တရား

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် တရားဟောတော်မူလျှင် အသံနေအသံထားမပါဘဲ ရိုးသားပြတ်သားစွာ ပီပီပြင်ပြင်ဟောတော်မူသည်။ သံတိုသံရှည်တရားများကို



သာ ကြိုက်နှစ်သက်သောပရိသတ်က မဟာစည်ဆရာတော်ဘုရားကြီး၏တရားကို မနာကြားတတ်ကြပါ။ သူတို့စိတ်ထဲမှာ မဟာစည်တရား ဘာမှ မကောင်းဘူးဟု ထင်ကြသည်။ တစ်ချို့ပုဂ္ဂိုလ်များက နုတ်ဖြင့်ထုတ်ဖော်ကဲ့ရဲ့ကြ၏။ သို့ရာတွင် အနှစ်သာရကိုလိုလားသော ပရိသတ်များမှာ ဒီလိုတရားမျိုးမှ ကောင်းတာပါ ယုံကြည်စိတ်ချစွာ ပြောဆိုချီးကျူးကြသည်။ အနှစ်သာရနှင့် ပြည့်စုံသောတရားများကို ဟောကြားမည်ဆိုလျှင် အရိုးပေါ်အရွက်မဖုံးဆိုတာလို ရိုးရိုးရှင်းရှင်း ဟောမှ လက်ခံသဘောကျသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏တရားတော်များကို ပြည်တွင်းယောဂီများက အများအပြား အားရကျေနပ်ကြသလို ကမ္ဘာအရပ်ရပ်ရှိ ပညာရှိအပေါင်းတို့ကလည်း နှစ်ထောင်းအားရကျေနပ်နှစ်သိမ့်မှု ရှိကြပေ သည်။

ဆရာတော်ဘုရားကြီး၏တရားတော်ကို မြန်မာသာမက ကမ္ဘာက လက်ခံသဘောကျကြောင်း နိုင်ငံခြားသာသနာပြုခရီးများက သက်သေခံလျက် ရှိနေပါပြီ။

၁၃၁၄ ခုနှစ်၊ ပြာသိုလ၌ သီရိလင်္ကာ (သီဟိုဠ်) သို့ ပထမအကြိမ် ကြွတော်မူပြီး ၁၃၂၀ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂-ရက်နေ့တွင် အိန္ဒိယနိုင်ငံမှတစ်ဆင့် သီရိလင်္ကာ (သီဟိုဠ်)သို့ ဒုတိယအကြိမ် လေယာဉ်ဖြင့် ကြွတော်မူသည်။

ဆရာတော်၏အဖွဲ့တွင် ရန်ကုန် သာသနာ့ရိပ်သာမှ ဆရာတော် အရှင်သုဇာတ၊ အရှင်နန္ဒဝံသ၊ အရှင်အာလောက၊ အရှင်ပဏ္ဍိတ၊ ပဲခူး သာသနာ့ရိပ်သာမှ အရှင်ပညဝါနှင့် ကပ္ပိယဒါယကာ ဒါယိကာမများ ပါဝင်ကြသည်။ ၁၃၄၀ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက်(၁-၄-၇၉) မှ ဝါခေါင်လဆန်း ၄ ရက် (၂၇-၇-၇၉)ထိ ၅ လတိုင်တိုင် ကမ္ဘာ့နိုင်ငံပေါင်း (၁၈)ခုသို့ လှည့်လည် သာသနာပြုတော်မူခဲ့၏။

ပင့်လျှောက်သူမှာ အင်္ဂလန်မှ အရှင်ရေဝတမဟာမွန့်နှင့် အမေရိကန်ပြည်မှ မစ္စတာဂျိုးဇက်တို့ဖြစ်သည်။ ဆရာတော်ကြီးနှင့်အတူ လိုက်ပါသာသနာပြုကြသောအဖွဲ့ဝင်များမှာ (၁) အရှင်သီလာနန္ဒာဘိဝံသ၊ (၂) အရှင်ဇနကာဘိဝံသ၊ (၃) အရှင်ကေလာသ၊ (၄) အရှင်အဂ္ဂဓမ္မနှင့် (၅) ကပ္ပိယကျောင်းဆရာကြီးဟောင်း ဦးမြသိန်း (မော်လမြိုင်)တို့ ဖြစ်သည်။ ဤသို့ဖြင့် ကမ္ဘာအရပ်ရပ် အနှံ့အပြား သာသနာပြုခဲ့သည်မှာ ယခုအချိန်ထိ အကြိမ်အခါခါပင် ဖြစ်တော့သည်။ မဟာစည် သတိပဋ္ဌာန်နည်းလမ်းများသည် မှေးမှိန်ပျောက်ကွယ်သွားစရာအကြောင်းမရှိပါချေ။ အဘယ်ကြောင့်ဆိုသော် ဒါယကာဘက်မှ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့, ဟိတသီအဖွဲ့, အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့တို့ဖြင့် တောင့်တင်းခိုင်မာလှ၏။

ရာသက်ပန် ပဒေသာပင်များဖြင့်ပင် ရှည်စွာတင့်သော ပြန်ပြောဖို့အကြောင်း ဖြစ်ပါ၏။ ဆရာတော်များဘက်ကမူ ဆိုခဲ့ပြီးသော ဆရာတော်အားလုံးနှင့် ယခု သက်တော်ထင်ရှားရှေ့တန်းမှ များများမတ်မတ် ရပ်တည်သော ဆရာတော်များမှာ ဂဏန်းချ၍ ရေတွက်မကုန်အောင် များလှပါတော့သည်။

သို့ဖြစ်သောကြောင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်နှင့်အညီ ခေတ်ဦးမှသည် ရာပြည့်ဆီသို့ ချီတက်ကြရန်သာဖြစ်ပါသည်။ ဆရာ-ဒကာ လက်တွဲညီညီ ဆက်လက်ကြိုးစားအားထုတ်ကြပါက ရာပြည့်တစ်ခုသာမက ရာပြည့်ပေါင်းများစွာ ရှင်သန်တိုးတက်မည်ဟု မျှော်လင့်တောင့်တမိပါသတည်း။

အရှင်ဝိသုတ





မဟာစည်ဆရာတော်ဘုရားကြီး၏ အရိပ်အာဝါသ

မင်းယုဝေ

ဗုဒ္ဓသာသနာတော်တွင် နေလို လလိုထင်ရှားသော ဆရာတော်ကြီး များ ရှိသည်။ ထိုဆရာတော်ကြီးများ တွင် မဟာစည်ဆရာတော်ဘုရားကြီး သည် တစ်ပါးအပါအဝင်ဖြစ်သည်။ ထိုသို့ နေလိုလလို ထင်ရှားသော မဟာစည်ဆရာတော်ဘုရားကြီးကို ကျွန်တော်တို့မိသားစု ဆည်းကပ်ကိုး ကွယ်ခွင့်ရခဲ့သည်မှာ အလွန်ကံထူး လှသည်။ တစ်နည်းအားဖြင့် မဟာစည်ဆရာတော်ဘုရားကြီး၏ အရိပ်အာဝါသကို ကျွန်တော်တို့ မိသားစု ခိုလှုံခွင့်ရခဲ့သည်မှာ အလွန် ကံထူးလှပေသည်။

၁၉၅၈-ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျွန်တော်၏ဇနီး ဒေါ်ခင်ရီ (ငွေတာရီ) ကွယ်လွန် အနိစ္စရောက်ခဲ့သည်။ သို့ဖြင့် ကျွန် တော်တို့မိသားစုသည် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်လမ်း သွယ်တွင် နေထိုင်ရာမှ ဗဟန်းမြို့ နယ်၊ ကုက္ကိုင်းရပ်ကွက်ရှိ ချင်းချောင်း ရိပ်သာလမ်းသို့ ပြောင်းရွှေ့နေထိုင် လာခဲ့ကြသည်။ ယခုအခါ ကုက္ကိုင်း ရပ်ကွက်သည် ဆရာစံရပ်ကွက်ဟု အမည်တွင်သည်။ ချင်းချောင်းရိပ် သာလမ်းသည် ကမ္ဘောဇရိပ်သာလမ်း ဟု အမည်တွင်သည်။

ကျွန်တော့်မိသားစုတွင် ကျွန် တော့်မိဘ ၂-ပါးသည် ဦးဆောင်ပါ ဝင်သည်။ ထိုစဉ်က ကျွန်တော့်ဖခင် ဦးထွန်းဆိုင်သည် အသက် ၇၂-နှစ် အရွယ်ရှိသည်။ ကောင်းစွာ မကျန်း မာပေ။ ကျွန်တော့်မိခင် ဒေါ်သင် မှာမူ ၆၉-နှစ်အရွယ်သာ ရှိသေး သည်။ ကျန်းမာရေး ကောင်းမွန်ဆဲ ဖြစ်သည်။

ကျွန်တော့်မိခင် ဒေါ်သင်သည် ပုသိမ်မြို့၌နေထိုင်စဉ် အသက် ၄၀ အရွယ်ခန့်မှစ၍ လယ်တီမူ အနာဂါမ်ဆရာသက်ကြီး တရားရှုနည်း ဖြင့် ဝိပဿနာတရား အားထုတ် လာခဲ့သူဖြစ်သည်။ တရားအားထုတ် ရာ၌ အောင်မြင်မှုလည်း ရခဲ့သည်။ ထို့ပြင် ပုသိမ်မြို့၊ သဒ္ဓမ္မသီတဂူ ကျောင်းတိုက်၌ ဆရာတော်ကြီး ဦး အာစိဏ္ဏဇာက မဟာစည်တရားစခန်း ကို ပထမဆုံးအကြိမ်ဖွင့်လှစ်ရာတွင်



မိခင်သည် ဝင်ရောက်တရားအား ထုတ်ခဲ့သည်။ ထိုအချိန်က တရား အားထုတ်သူ ယောဂီများထဲတွင် မိခင်သည် ပထမဦးဆုံး အောင်မြင် သူအဖြစ် မှတ်တမ်းတင်ခံခဲ့ရသည်။ ထို့နောက် ပုသိမ်မှရန်ကုန်သို့ ပြောင်း ရွှေ့လာသောအခါ မိခင်သည် နေ အိမ်တွင်နေစဉ် တရားအားထုတ် လေ့ရှိသည်။ ဥပုသ်နေ့များတွင်ကား ဘောင်ဒရီလမ်း(ယခုမမစေတီလမ်း) ရှိ မိုးညှင်းတောရကျောင်းတိုက်သို့ တစ်နေကုန်သွားရောက် တရားအား ထုတ်တတ်သည်။ ထို့နောက် ချင်း ချောင်းရိပ်သာလမ်းသို့ ကျွန်တော် တို့ ပြောင်းရွှေ့နေထိုင်သောအခါ တွင်မူ နေအိမ်နှင့်နီးသော မဟာ စည်သာသနာ့ရိပ်သာသို့ ဥပုသ်နေ့ တိုင်း သွားရောက်ဥပုသ်စောင့်သည်။ တရားအားထုတ်သည်။ ညနေပိုင်း တွင်မှ ပြန်လာလေ့ရှိသည်။

ဤသို့ မဟာစည်တရားရိပ်သာ၌ မိခင် တရားအားထုတ်သည်ကို အကြောင်းပြု၍ မဟာစည်ဆရာ တော်ဘုရားကြီးကို ဆည်းကပ်ကိုး ကွယ်ခွင့် ရခဲ့သည်။ ထိုစဉ်က မဟာ စည်ရိပ်သာတွင် ဆရာတော် ဦးသုဇာတ၊ ဆရာတော် ဦးသံဝရ၊ ဆရာတော် ဦးဇဝန၊ ဆရာတော် ဦးပဏ္ဍိတ (ရွှေတောင်ကုန်းရိပ်သာ) စသော ဆရာတော်များ ရှိကြသည်။ ထိုထို ဆရာတော်များကိုလည်း ဆည်းကပ်ကိုးကွယ်ခွင့် ရခဲ့သည်။

ချင်းချောင်းရိပ်သာနေအိမ်၌ ကျွန်တော်တို့ အိမ်တက်မင်္ဂလာ ပြုသောအခါ မိခင်က မဟာစည်ဆရာ တော်ဘုရားကြီးကို ပင့်ဖိတ်သည်။ အရှင်ဆွမ်းဆက်ကပ်သည်။ ဆရာ တော်ကြီးကလည်း တပည့်သံဃာ ၉-ပါးနှင့်အတူ ကွဲရောက်ချီးမြှင့် တော်မူသည်။

ထိုအချိန်က မဟာစည်ဆရာ တော်ဘုရားကြီး သက်သတ်လွတ် ဆွမ်း ဘဉ်းပေးသည်ကို ကျွန်တော် တို့ မသိရှိကြပေ။ ထို့ကြောင့် ကျွန် တော်တို့က မုန့်ဟင်းခါးဆွမ်းများ ဆက်ကပ်ရန် ပြင်ဆင်ထားသည်။ ဆွမ်းဆက်ကပ်သောအခါတွင်မှ ဆရာတော်ကြီး သက်သတ်လွတ် ဘဉ်းပေးကြောင်း သိရသည်။ ဆရာ တော်ကြီးက ကြည်ကြည်သာသာပင် ခွင့်လွှတ် တော်မူသည်။

"ရပါတယ်။ ဘုန်းကြီးကို ကာဖီ နဲ့မုန့်သာကပ်ပါ။ ကျန်တဲ့ကိုယ်တော် တွေကိုသာ မုန့်ဟင်းခါးဆွမ်းကပ် ပါ"ဟူ၍ ဆရာတော်ကြီးက မိန့် တော်မူသည်။ သို့ဖြင့် ကျွန်တော်တို့ သည် အချို့ပွဲအတွက် ပြင်ဆင်ထား သော ကာဖီ၊ မုန့်နှင့် သစ်သီးများကို သာ ဆရာတော်ကြီးကို ဆက်ကပ် လှူဒါန်းသည်။ အရှင်ဆွမ်းဘဉ်း ပေးအပြီးတွင် ဆရာတော်ကြီးနှင့် သံဃာတော်များက မင်္ဂလသုတ်၊ မေတ္တာသုတ် စသည်တို့ကို ရွတ်ဖတ် ချီးမြှင့်တော်မူကြသည်။

ကျွန်တော်တို့မိသားစုသည် သီလ၊ သမာဓိ၊ ပညာနှင့်အထူးပြည့် စုံသော ဆရာတော်ကြီးနှင့် သံဃာ တော်များ၏ ပရိတ်တရားတော်များ ကို နာယူရသဖြင့် အထူးပင် ဝမ်း သာကြည်နူးမိကြသည်။ နေအိမ်နှင့် တကွ မိသားစုအားလုံး ဘေးအန္တ ရာယ်ကင်း၍ လုံခြုံမှုရှိသွားပြီဟု ခံ ယူမိကြသည်။ ထိုအချိန်မှစ၍ ကျွန် တော်တို့သည် ဆွမ်းကပ်ရန် အခွင့် ရတိုင်း မဟာစည်ဆရာတော်ဘုရား ကြီးကို ပင့်ဖိတ်ခဲ့ကြသည်။ ဆရာ တော်ကြီးကလည်း ကွဲရောက်ချီးမြှင့် ခဲ့သည်။

ထိုစဉ်က ကျွန်တော့်သမီး





မခင်ရီဝင်း (ယခု တက္ကသိုလ်မြန်မာစာကထိက ဒေါ်ခင်ရီဝင်း) သည် ၃-လသမီး အရွယ်ခန့်သာ ရှိသေးသည်။ သူ ၁-နှစ်ပြည့်၍ မွေးနေ့ဆွမ်း ဆက်ကပ်သောအခါတွင်လည်း ဆရာတော်ကြီးသည် ကြွရောက်ခီးမြှင့်တော်မူခဲ့သည်။ ထိုအချိန်မှစ၍ ဆရာတော်ကြီးက ကျွန်တော်တို့အိမ်ကို "ဌေတာရီအိမ်" ဟူ၍ အသိအမှတ်ပြုခဲ့သည်။ ခေါ်ဝေါ်သုံးစွဲခဲ့သည်။

၁၉၆၀-ပြည့်နှစ်တွင် ကျွန်တော်သည် ကွယ်လွန်သူ ဌေတာရီအထိမ်းအမှတ်အဖြစ် ဌေတာရီမဂ္ဂဇင်းကိုထုတ်ဝေရန် စီစဉ်ခဲ့သည်။ သို့ဖြင့် ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတွင် လက်ထောက်စာတည်းတာဝန်ကို ထမ်းဆောင်နေရာမှ နှုတ်ထွက်လိုက်သည်။ ဌေတာရီမဂ္ဂဇင်းကို ပုံနှိပ်ရန် နေအိမ်ဝင်းခြံထဲတွင်ပင် မာလာမြိုင်ပုံနှိပ်တိုက်ကို တည်ထောင်လိုက်သည်။ ထိုပုံနှိပ်တိုက်တွင် ဌေတာရီမဂ္ဂဇင်းသာမက အခြားပုံနှိပ်စာအုပ်များကိုပါ ရိုက်နှိပ်ရန် စီစဉ်သည်။ သည်တွင် မဟာစည်ဆရာတော်ဘုရားကြီးက ကျွန်တော်တို့ကို အားပေးခီးမြှင့်သည်။ ဆရာတော်ကြီးဟောကြားခဲ့သော "ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်တရားတော်ကြီး" ကျမ်းစာအုပ်ကို ဒုတိယအကြိမ်ပြန်လည်ထုတ်ဝေရန်အတွက် ကျွန်တော်တို့ပုံနှိပ်တိုက်တွင် အပ်နှံစေသည်။ ဤကျမ်းစာအုပ်သည် ကျွန်တော်တို့ပုံနှိပ်တိုက်၏ ပထမဦးဆုံးသော လုံးချင်းစာအုပ်ဖြစ်သည်။

ဤကျမ်းစာအုပ်ကို ပုံနှိပ်ရာ၌ နောက်ဆုံးအဆင့်ဖြစ်သော ဖိုင်နယ်ပရုဖ်များကို ဆရာတော်ကြီးကိုယ်တော်တိုင် ဖတ်ရှုပေးသည်။ ကျွန်တော်တို့က ဆရာတော်ကြီးထံ ပို့ပေးရသည်။ ဆရာတော်ကြီးက အမှားအယွင်းမပါရလေအောင် ပရုဖ်ကို ပြင်ဆင်ပေးသည်။ ကျွန်တော်သည် ပုံနှိပ်တိုက်ပညာကို ဆည်းပူးသည့်အနေဖြင့် ဆရာတော်ကြီးဖတ်ပြီးသောပရုဖ်များကို ထပ်မံဖတ်ရှုကြည့်သည်။ အံ့ချီးဖွယ်ကောင်းလောက်အောင်ပင် အမှားအယွင်းကင်းစင်သည်ကို တွေ့ရသည်။





သို့ရာတွင် ၂-နေရာ၊ ၃-နေရာ၌ မြန်မာသက္ကရာဇ် ခုနှစ်ကို ဖော်ပြရာတွင် 'ခုန္နစ်' ဟူ၍လည်းကောင်း၊ 'ခုနစ်'ဟူ၍လည်းကောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ဤတွင် ကျွန်တော်ကိုယ်တိုင်ပင် ဆရာတော်ကြီးထံသွားရောက်သည်။ 'ခုန္နစ်'နှင့် 'ခုနစ်' ကွဲပြားကြောင်းကို မဝံ့မရဲ လျှောက်ထားသည်။

"ဆရာတော်ကြီးဘုရား၊ တပည့်တော်က ဆရာကြီးဇော်ဂျီ၊ ဆရာကြီးမင်းသုဝဏ်၊ ဆရာကြီး ဦးတင်ဇ (ရှမ်းပြည်)နဲ့ ဆရာကြီးဒဂုန်ဦးထွန်းမြင့်တို့ထံမှာ မြန်မာစာပေအရေးအသားကို စနစ်တကျ လေ့လာဆည်းပူးခဲ့ပါတယ်။ တက္ကသိုလ်ကပါမောက္ခနဲ့ ကထိကတွေ ဘာသာပြန်တဲ့ စာမူတွေကိုလည်း တည်းဖြတ်ခဲ့ရပါတယ်။ ဒီအတွေ့အကြုံအရ 'ခုန္နစ်' ဆိုတာ နှစ်အရေအတွက်ကို ဆိုလိုပါတယ်။ 'ခုနစ်'ကတော့ ဂဏန်းသင်္ချာ ခုနစ်(၇)ကို ဆိုလိုပါတယ်။ ဆရာတော်ဘုရား၏ ပရုပြင်ချက်မှာ နှစ်အရေအတွက်ကို ဖော်ပြတဲ့အခါ အချို့နေရာမှာ 'ခုနစ်'လို့ လက်ခံထားတာတွေ့ရပါတယ်ဘုရား။ တပည့်တော် 'ခုန္နစ်' လို့ ပြင်ခွင့်ပြုပါဘုရား။"

ထိုအခါ ဆရာတော်ဘုရားကြီး ပရုပြင်ချက်ကို လှမ်းယူ၍ သေချာစွာကြည့်ရှုသည်။ ထို့နောက် "အေးအေး၊ ဒကာကြီးပြောတာမှန်တယ်။ ပြင်လိုက်ပါ။" ဟူ၍ လက်ခံတော်မူသည်။



ကျွန်တော်သည် အလွန်ဝမ်း သာသွားသည်။ ဆရာတော်ကြီးကို ပို၍လည်း ကြည်ညိုသွားသည်။ ဆရာတော်ကြီးသည် အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးလည်း ဖြစ်သည်။ ဆဋ္ဌသင်္ဂါယနာတင်ရာတွင် ဆဋ္ဌသင်္ဂီတိပုစ္ဆကအဖြစ်လည်း ဆောင်ရွက်တော်မူခဲ့သော ပရိယတ္တိအကျော်ပညာရှင်လည်းဖြစ်သည်။ သီလ၊ သမာဓိ၊ ပညာနှင့် အထူးပြည့်စုံသော အရှင်မြတ်ကြီးလည်း ဖြစ်သည်။ သို့ရာတွင် မာန်မာန လုံးဝ မထားဘဲ ကျွန်တော်၏ တင်ပြချက်ကို လက်ခံတော်မူသည်။ တကယ့် ပညာရှိကြီးကို ဖူးတွေ့ရလေပြီ တကားဟူ၍ ကျွန်တော်သည် ဝမ်းသာမဆုံး၊ ကြည်ညိုမဆုံးဖြစ်မိသည်။

ကျွန်တော်တို့မိသားစုသည် ၁၉၆၁-ခုနှစ်တွင် ချင်းချောင်းရိပ်သာနေအိမ်မှ ကုက္ကိုင်းလမ်း (ယခု ကမ္ဘာအေးစေတီလမ်း)နေအိမ်သို့ ပြောင်းရွှေ့ခဲ့ကြသည်။ ထိုနေအိမ်မှာလည်း မဟာစည်သာသနာ့ရိပ်သာကြီးနှင့် အလှမ်းမပေးပေ။ ထို့ကြောင့် ထိုနေအိမ်သို့ ပြောင်းရွှေ့သည့်အခါတွင်လည်း မဟာစည်ဆရာတော်ဘုရားကြီးအမှူးပြုသော သာသနာ့ရိပ်သာမှ သံဃာတော်များကိုပင် ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်လေ့ရှိသည်။ ဆရာတော်ဘုရားကြီးကလည်း အားလပ်တော်မူလျှင် ကိုယ်တော်တိုင်ကြွ၍ ခီးမြှင့်သည်။ မအားလပ်လျှင်မူ ဆရာတော် ဦးသုဇာတ၊ ဆရာတော် ဦးသံဝရ၊ ဆရာတော် ဦးဇဝန၊ ဆရာတော် ဦးပဏ္ဍိတ (ယခု ရွှေတောင်ကုန်းရိပ်သာဆရာတော်ကြီး)၊ ဆရာတော် အရှင်ဇနကာဘိဝံသ (ယခု ချမ်းမြေ့ဆရာတော်ကြီး)၊ ဆရာတော် ဦးနရပတိ(ယခု ဖြူးဆရာတော်ကြီး) အမှူးပြုသော သံဃာတော်များကို စေလွှတ်တော်မူခဲ့သည်။

ထိုအချိန်၌ ကျွန်တော့်ဖခင် ဦးထွန်းဆိုင်သည် ရောဂါဝေဒနာ တိုး၍လာနေပြီ။ အိပ်ရာပေါ်မှာပင် လဲလျောင်းနေရရှာပြီ။ ဆရာတော် ဦးသံဝရသည် ဖခင်၏ အိပ်ရာခေါင်းရင်းတွင် ထိုင်တော်မူလျက် ဗောဇ္ဈင်သုတ်တော်များကို မကြာခဏ ရွတ်ဖတ်ခီးမြှင့်ခြင်း ပြုခဲ့သည်ကို ကျွန်တော် ယနေ့တိုင်မြင်ယောင်ဆဲဖြစ်သည်။

ထို့နောက် ကျွန်တော့်ဖခင်သည် ၁၉၆၈-ခုနှစ်၊ ဇန်နဝါရီလ ၁၆-ရက်နေ့၊ အသက် ၈၂-နှစ်အရွယ်တွင် ကွယ်လွန်အနိစ္စရောက်သည်။ ဖခင်၏ရက်လည်ဆွမ်းသွတ်ပွဲသို့ မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ကြွရောက်တော်မူသည်။ သက်သတ်လွတ်ဆွမ်း ဘုဉ်းပေးကာတရားခီးမြှင့်သည်။ အလွန်တန်ဖိုးရှိသော တရားဖြစ်သည်။ ကျွန်တော်တို့ သတိသံဝေဂယူပြီးလျှင် လိုက်လဲစွာပင် အမျှပေးဝေခြင်း ပြုနိုင်ခဲ့သည်။

ထိုနှစ်ထဲမှာပင် ကျွန်တော်၏ မိသားစုဝင် အစ်ကိုကြီးတစ်ဦးဖြစ်သူ ဦးထင်ကျော် (အသက်-၅၈)နှစ် အဆုတ်ကင်ဆာရောဂါဝေဒနာ ရရှိခဲ့သည်။ အစ်ကိုကြီးသည် ၆-လ အတွင်း မိမိသေရမည်ကို သိရှိခဲ့သည်။ မကွယ်လွန်မီ မဟာစည် ဆရာတော်ဘုရားကြီးထံတွင် သရဏဂုံတင်သွားလိုသည်ဟူ၍ ပြောဆိုခဲ့သည်။

ဤတွင် မိခင်က မဟာစည် ဆရာတော်ဘုရားကြီးကို သွားရောက်ပင့်ဖိတ်သည်။ ဆရာတော်ကြီးကလည်း အလေးထား၍ ကြွရောက်တော်မူလာသည်။ ကျနစွာပင် သရဏဂုံတင်ပေးသည်။ ထို့နောက် အစ်ကိုကြီးအား "ဒကာကြီး၊ လူနာပေမယ့် စိတ်မနာစေနဲ့။ တရားကိုသာ ရှုမှတ်ပါ။ တရားကိုသာ နှလုံးသွင်းပါ။"ဟူ၍ မှာကြားတော်မူခဲ့ပေသည်။

အစ်ကိုကြီးသည်လည်း ကြိုးစား၍ တရားရှုမှတ်သည်။ တရားနှလုံးသွင်းသည်။ ၃-လ အကြာ ၁၃-၁၂-၁၉၆၈ နေ့တွင် ကွယ်လွန်သွားရှာသည်။ အစ်ကိုကြီး၏ ရက်လည်ဆွမ်းသွတ်ပွဲသို့ ဆရာတော်ကြီးမကြွနိုင်။သို့ရာတွင်မိမိကိုယ်စား ဆရာတော်တစ်ပါးကို လွှတ်လိုက်သည်။ ထိုဆရာတော်၏ဘွဲ့တော်ကို ကျွန်တော်တို့ ကောင်းစွာမမှတ်မိ။ နယ်မှ ခေတ္တကြွလာတော်မူသော ဆရာတော်တစ်ပါးဖြစ်သည်။ ထို ဆရာတော် တရားပြဆုံးမတော်မူသည်မှာ အလွန်ထိမိလှသည်။ တန်



ဖိုးရှိလှသည်။ ပူပန်သောက ရောက်နေသော ကျွန်တော်တို့ မိသားစုအားလုံး အထူးသက်သာရာရသွားသည်။ ယခု ထိုဆရာတော်ကို ကျွန်တော် သွားရောက်ဖူးတွေ့ချင်နေသည်။ တန်ဖိုးမဖြတ်နိုင်သော အဆုံးအမများကို နာယူချင်နေသည်။ သို့ရာတွင် မည်သည့် ဆရာတော်ဟူ၍ အတိအကျ မသိခဲ့ရသဖြင့် သွားရောက်ဖူးတွေ့ခြင်း မပြုနိုင်ခဲ့ပေ။

ထို့နောက် ၄-နှစ်အကြာ (၁၉၇၂-ခုနှစ်၊ အောက်တိုဘာလ ၂၀-ရက်)နေ့တွင် ကျွန်တော့်မိခင်ကြီးဒေါ်သင် ကွယ်လွန်အနိစ္စရောက်သည်။ ကွယ်လွန်ချိန်၌ အသက် (၈၃-နှစ်) အရွယ်ရှိသည်။ မိခင်ကြီးသည် ပြင်းထန်စွာ နာမကျန်းခြင်းမဖြစ်။ ဝေဒနာလုံးဝ မခံစားရ။ ၃-၄ ရက်ခန့်သာ အနည်းငယ်နေထိုင်မကောင်းဖြစ်သည်။ မိခင်ကြီး၏ ဆန္ဒအရ ဆရာဝန်ကိုပင်ခေါ်၍ မကုလိုက်ရပေ။

မိခင်ကြီးက "ဆရာဝန်တွေဘာတွေ ခေါ်ပြမနေနဲ့။ အမေ နေသာထိုင်သာရှိတယ်။ ငါ့သားလဲ ရုံးတက်မှာသာတက်။ အမေ့အတွက် ဘာမှ နောက်ဆံတင်းမနေနဲ့။" ဟူ၍ ပြောသည်။

သို့ဖြင့် ကျွန်တော်သည် စိတ်အေးလက်အေးပင် ရုံးတက်သွားသည်။ ထိုစဉ်က ကျွန်တော်သည် မြဝတီစာပေတိုက်တွင် အယ်ဒီတာချုပ် တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ ဝန်းကျင်က ကျွန်တော်တို့ မိသားစုအား လုံးအတွက် ဂရုစိုက်ကြသည်။ ညနေ ၄-နာရီလောက်တွင် အစ်မများက ဖုန်းဆက်ပြောသည်။

"အမေဆုံးပြီ"

ကျွန်တော်လည်း "ဟယ်" ခနဲဆိုကာ အပြေးအလွှား ပြန်လာခဲ့သည်။ အိမ်သို့ရောက်သောအခါ အိပ်ရာပေါ်တွင် အသက်ပျောက်နေသော မိခင်ကြီးကို တွေ့ရသည်။

"အမေ အသက်ထွက်တော့တို့လည်း အနားမှာမရှိဘူး။ သမီးတို့ အမေ့ကို စောင့်ကြည့်နေဖို့ မလိုဘူး။ မဟာစည် ဆရာတော်ဘုရားကြီးရဲ့ တရားတိပ်ခွေ ၁-ခွေကိုသာ ဖွင့်ပေးထားပါ။ အမေတရားနာရင်း တရားရှုမှတ်နေမယ်။ အမေနေသာပါတယ်။ သမီးတို့ လုပ်စရာရှိတာတွေသာ သွားလုပ်ကြဆိုတာနဲ့ မမတို့ကလဲ ထမင်းဟင်းချက်ဖို့ မီးဖိုချောင်သွားပြီး အလုပ်လုပ်နေကြတယ်။ အလုပ်နားလို့ အမေ့အခန်းကို ပြန်ကြည့်လိုက်တဲ့အခါ အသက်ပျောက်နေတာ တွေ့ရတာပါပဲကွယ်" ဟူ၍ အစ်မများက မျက်ရည်စက်လက်ဖြင့် ပြောပြကြသည်။

ထိုအချိန်တွင် ကျွန်တော့်အစ်ကို ဦးကျော်မြင့်က အမေ့ရုပ်ကလာပ်ကို အိမ်ရှေ့ခန်းဌ ပြောင်းရွှေ့ထားရန် ပြင်ဆင်သည်။ သို့ဖြင့် ကျွန်တော်တို့ ညီအစ်ကို ၂-ဦး အမေ့ရုပ်ကလာပ်ကို ပွေ့ချီ၍ အိမ်ရှေ့ခန်းသို့ ပြောင်းရွှေ့ထားကြသည်။ အံ့ဖွယ်ကောင်းလှသည်တကား။ အမေ့ရုပ်ကလာပ်မှာ တောင့်တင်းခြင်းမရှိ။ ပျော့ပျော့ပျောင်းပျောင်းပင် ရှိနေသည်။

"အမေ နေထိုင်မကောင်းဖြစ်ရင် ဆေးရုံမတင်ကြနဲ့။ အိမ်မှာပဲ အမေသေမယ်။ သေတဲ့အခါလည်း ရက်ရှည်မထားကြနဲ့။ သတင်းစာထဲလဲ မထည့်ကြနဲ့။ ချက်ချင်းအသုဘချလိုက်ကြ။ ဂူလည်း မလုပ်နဲ့။ မီးသင်္ဂြိုဟ်ပြီး ဖျောက်ဖျက်ပစ်လိုက်ကြ။ ဘာမှ အစွဲအလမ်းတွေ ထားမနေကြနဲ့" ဟူ၍ အသက်ထင်ရှားရှိစဉ်က အမေမှာကြားခဲ့သည်။

သို့ရာတွင် ကျွန်တော်တို့ ညီအစ်ကို မောင်နှမများသည် အမေ့ဈာပနကို ချက်ချင်းမချရက်ကြသဖြင့် ၃ ရက်ထားခဲ့ကြသည်။ နာရေးသတင်းကိုလည်း သတင်းစာထဲတွင် ထည့်ခဲ့ကြသည်။ ထို့နောက်မှ ကြံတောသုသာန်သို့ ပို့ပြီး မီးသင်္ဂြိုဟ်ခဲ့ကြသည်။ အမေ့ရုပ်ကလာပ်ကို အိမ်၌ ၃-ရက်ထားစဉ် အမေ့ပါးစပ်မှ အရည်များ လုံးဝမကျ။ နံစော်



ခြင်းမရှိ။ မပုပ်။ ခေါင်းသေတ္တာထဲသို့ ပြောင်းရွှေ့ထည့်သောအခါ၌လည်း မာတောင့်ခြင်းမရှိ။ ပျော့ပျော့ပျောင်းပျောင်းပင် ရှိနေသည်ကို အံ့ဖွယ်တွေ့ရှိရပြန်သည်။

တစ်ဖန် အမွေရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်စက်ထဲသို့ ထည့်၍ မီးသင်္ဂြိုဟ်သောအခါတွင်လည်း ချက်ချင်း မလောင်ကျွမ်း။ မီးရှို့သူတို့အံ့သြမဆုံး ရှိကြသည်။ အခြားသူများ ပြန်သွားကြသော်လည်း ကျွန်တော်တို့ညီအစ်ကို ၂-ဦး မပြန်ကြသေး။ ထိုင်စောင့်နေကြသည်။ ညနေပိုင်းသို့ ရောက်သောအခါတွင်မှ လောင်ကျွမ်းပျက်စီးသွားသည်။ ထိုအခါတွင်မှ ကျွန်တော်တို့ညီအစ်ကို ၂-ဦး အိမ်ပြန်ခဲ့ကြသည်။

အမေသည် အသက် ၄၀-မှ စ၍ ကွယ်လွန်ချိန် ၈၃-နှစ်အထိ ၄၃-နှစ်တိုင် နေ့စဉ် တရားအားထုတ်ခဲ့သည်။ ထိုတရားအားထုတ်ခဲ့သော ကုသိုလ်အကျိုးကား အလွန်ကြီးလှသည်တကား။ ဝိပဿနာတန်ခိုးကား ကြီးလှသည်တကား။ ကျွန်တော့်မိခင်သည် လက်တွေ့ပြသွားခဲ့ပေသည်။

မိခင် ကွယ်လွန်ပြီးသော်လည်း ကျွန်တော်တို့သည် မဟာစည်ဆရာတော်ဘုရားကြီးနှင့် အဆက်ပြတ်မသွားကြ။ တိုး၍ပင် ဆည်းကပ်ကိုးကွယ်ခြင်း ပြုခဲ့ကြသည်။ အခါအခွင့်သင့်တိုင်း ဆွမ်းဆက်ကပ်ခဲ့ကြသည်။ တရားနာခဲ့ကြသည်။

ကျွန်တော်၏အစ်ကိုကြီး ဦးကျော်ငြိမ်း (အငြိမ်းစားညွှန်ကြားရေးမှူး)သည် မဟာစည်တရားရိပ်သာတွင် ၃-လကြာမျှ တရားအားထုတ်ခဲ့သည်။ ဉာဏ်စဉ်တရားနှိုင်ခဲ့သည်။ ကျွန်တော်၏အစ်မငယ် ဒေါ်မြတင်သည်လည်း မဟာစည်တရားရိပ်သာတွင် ၃ - လကြာမျှ တရားအားထုတ်ခဲ့သည်။ ဉာဏ်စဉ်တရားနာနိုင်ခဲ့သည်။ ကျွန်တော့်၏သမီး မခင်ရိုဝင်းသည်လည်း တက္ကသိုလ်ကျောင်းသူဘဝတွင် မဟာစည်တရားရိပ်သာ၌ ၁၀-ရက်တရားဝင်ခဲ့သည်။ ထို့ပြင်ကျွန်တော် ၏ယောကျ်မ ဦးထွန်းကြိုင် (အငြိမ်းစားကျောင်းဆရာကြီး)သည်လည်း မဟာစည်တရားရိပ်သာ၌ ၃-လတရားအားထုတ်ခဲ့သည်။ ဉာဏ်စဉ်တရား နာနိုင်ခဲ့သည်။ ဦးထွန်းကြိုင်သည် အသက် ၉၄-နှစ်အရွယ်ရှိပြီ။



တရားရှုမှတ်ဆဲဖြစ်သည်။ မဟာစည်ရိပ်သာ၏ ဂုဏ်ကျေးဇူးကို မကြာခဏပင် ဖွင့်ဟပြောဆိုလေ့ရှိသည်။ သူသည် ကျွန်တော်၏ ဒုတိယအိမ်ထောင်ဖြစ်သူ ဒေါ်ခင်ဝင်းရီ၏ဖခင်ဖြစ်သည်။

၁၉၇၂-ခုနှစ်သည် ကျွန်တော့်အဖို့ အလွန်ထူးခြားသောနှစ်ဖြစ်သည်။ ထိုနှစ်၌ ကျွန်တော်သည် မဟာစည်ရိပ်သာ၌ မဟာစည်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ဒုလ္လဘရဟန်း ၁၀ ရက်ဝတ်ခဲ့သည်။ ၁၀-ရက် တရားအားထုတ်ခဲ့သည်။ ကျွန်တော်၏မိခင်သည် ကျွန်တော်တို့ကို တရားအားထုတ်ရန် ဆုံးမတိုက်တွန်းလေ့ရှိသည်။ မိခင်ကြီး အသက်ထင်ရှားရှိစဉ်က ကျွန်တော်သည် တရားအားမထုတ်ဖြစ်ခဲ့။ မိခင်ကြီးကွယ်လွန်ပြီးနောက်မှ မိခင်ကိုလွမ်းဆွတ်သတိရသောအနေဖြင့် တရားအားထုတ်ခဲ့သည်။ စတင်တရားအားထုတ်သောနေ့တွင် မဟာစည်ဆရာတော်ဘုရားကြီးက ဩဝါဒစကား မြွက်ကြားတော်မူခဲ့သည်။ ဆရာတော်ကြီး၏ အဆုံးအမကို နာယူခဲ့သည်။ ထိုစဉ်က ကျွန်တော်တို့ကို အနီးကပ်တရားပြသော ဆရာတော်မှာ ဟန်လင်းကြီးဆရာတော်ဖြစ်သည်။ ကျွန်တော်သည် ၁၀-ရက် ရဟန်းဝတ်၍ တရားအားထုတ်ပြီးနောက် ကွယ်လွန်သူ မိဘ ၂-ပါးအား သေချာကျနစွာ အမျှပေးဝေခွင့်ရခဲ့သည်။ ကြက်သီးမွေးညင်းများပင် ထခဲ့သည်။



၁၉၇၄-ခုနှစ်တွင် ကျွန်တော်တို့မိသားစုသည် မဟာစည်ဆရာတော်ဘုရားကြီး၏ မေတ္တာရိပ်ကို အထူးခိုလှုံခွင့် ရခဲ့ပြန်သည်။ ထိုနှစ်တွင်ကျွန်တော်၏သား မောင်သက်ဝင်း (ယခုဝင်းဝင်းမြတ် အော့ဖ်ဆက်ပိုင်ရှင်) ကို မဟာစည် ဆရာတော်ဘုရားကြီးထံတွင် ရှင်သာမဏေပြုပေးခဲ့သည်။တစ်ပြိုင်တည်းပင် ကျွန်တော်၏ အစ်ကို ဦးကျော်မြင့်ကလည်း ဒုလွှဘရဟန်း ၁၀-ရက်ဝတ်သည်။ တရားအား ထုတ်သည်။ သူ၏သား မောင်ကျော်သက် (ကျွန်တော်၏တူ) (ယခု အမေရိကန်တွင် ခေတ္တအလုပ်လုပ်နေသူ)ကိုလည်း ရှင်သာမဏေ ပြုပေးခဲ့သည်။

ကျွန်တော်၏အစ်ကို ဦးကျော်မြင့်ကို ဒုလွှဘရဟန်းခံရာတွင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးတို့ ၂-ပါးက ဦးဆောင်ဆောင်ရွက်တော်မူခဲ့သည်။ ထို အချိန်က မင်းကွန်းဆရာတော်ဘုရားကြီးသည် ရန်ကုန်သို့ ခေတ္တကြွရောက်လာခိုက်ဖြစ်သည်။ မဟာစည်ရိပ်သာတွင် တည်းခိုသီတင်းသုံးနေခိုက်ဖြစ်သည်။ ကျွန်တော့်အစ်ကိုသည် အလွန်ကံထူးလှသည်။ ဆဋ္ဌသင်္ဂါယနာတင်ရာတွင် အဓိကအခန်းက ပါဝင်ခဲ့သော ဆရာတော်ကြီး ၂ ပါးထံတွင် ရဟန်းပြုခွင့်ရခဲ့သည်။ ဦးကျော်မြင့်၏ဇနီး ဒေါ်ခင်ခင်မြင့် (ကျွန်တော်၏မရီး) သည်လည်း မိသားစုသည် မဟာစည်ဆရာတော်ဘုရားကြီး၏ အရိပ်အာဝါသကို နည်းအမျိုးမျိုးဖြင့် ခိုလှုံခွင့်ရခဲ့ကြသည်။ ဝမ်းသာကြည်နူးမဆုံး ရှိခဲ့ကြသည်။ ယင်းသို့ရှိရာမှ ၁၉၈၂-ခုနှစ်၊ ဩဂုတ်လ ၁၄-ရက်၊ သက်တော် ၇၈-နှစ်အရွယ်တွင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။ အန္တိမအဂ္ဂိဈာပန သာဓုကီဠန ပူဇော်မှုကို ပြုနိုင်ရန်အတွက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ဂေါပကလူကြီးများဦးဆောင်လျက် ကျွန်တော်တို့ နေအိမ်ရှေ့ လမ်းမပေါ်မှဖြတ်၍ ကြံတောသုသာန်သို့ ပင့်ဆောင်သွားကြသည်။ လိုက်ပါပို့ဆောင် ပူဇော်ကြသူတို့မှာ မရေမတွက်နိုင်အောင် များပြားလှသည်။ လမ်းဘေးဝဲယာ နှစ်ဖက်မှ ပရိသတ်များကလည်း တန်းစီရပ်တန့်၍ ဖူးမြော်ပူဇော်ကြသည်။ မကြုံစဖူး ထူးကဲများပြားလှသော ပရိသတ်ကို မြင်တွေ့ရသည်။

ကျွန်တော်တို့ မိသားစုသည်လည်း အိမ်ခြံဝမှထွက်၍ ဖူးမြော်ပူဇော်ကန်တော့ကြသည်။ ဝမ်းနည်းမဆုံး ရှိကြသည်။ မျက်ရည်ကျကြသည်။ ကျွန်တော်၏အစ်ကို ဦးကျော်မြင့်က “ငါ ငိုချင်လိုက်တာကွာ”ဟူ၍ ငိုသံပါကြီးဖြင့် ဖွင့်ဟပြောဆိုခဲ့သည်။ အစ်မ ဒေါ်မြတင်က “အဖေဆုံးတုန်းက စိတ်ထိခိုက်ရသလိုပဲ အခုလဲ စိတ်ထိခိုက်ရတယ်ကွယ်” ဟူ၍ ပြောဆိုသည်။

အစ်ကို ဦးကျော်မြင့်သည်



မဟာစည်ရိပ်သာ၌ တရားဝင်ဖြစ်ခဲ့သည်။ ဉာဏ်စဉ်တရား နာနိုင်ခဲ့သည်။

မဟာစည် ဆရာတော်ဘုရားကြီးအား တပည့်သံယာတော်များနှင့် ဒကာ၊ ဒကာမများက နှစ်စဉ် ပူဇော်လေ့ရှိကြသည်။ ပူဇော်ပွဲ ကျင်းပတိုင်း ကျွန်တော်၏အစ်မငယ် ဒေါ်မြတင်၊ မရီး ဒေါ်ခင်ခင်မြင့်နှင့် တူမ မမြမြချစ်တို့သည် လုပ်အားဒါန သွားရောက်ပေးလေ့ရှိကြသည်။ ကျွန်တော်၏အစ်မကြီး ဒေါ်မြခင် (ယခုကွယ်လွန်)နှင့် ခင်ပွန်းဖြစ်သူ ဦးထွန်းရှိန် (ယခုကွယ်လွန်)တို့ ဇနီးမောင်နှံသည် တနင်္ဂနွေနေ့တိုင်းလိုလိုပင် မဟာစည်ရိပ်သာမှ ယောဂီသံဃာတော်များ တန်းဆွမ်းခံကြွသည်ကို ဆွမ်းလောင်းလှူလေ့ရှိကြသည်။

ဤသို့လျှင် ကျွန်တော်တို့



၁၉၈၉-ခုနှစ်တွင် အမေရိကန်သို့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်ခွင့် ရခဲ့သည်။ သူ၏မိသားစုနှင့်အတူ သွားရောက်ရန်စီစဉ်ကြသည်။ မသွားမီ သူတို့သည် သားဖြစ်သူ မောင်ကျော်သက်အား မဟာစည်ရိပ်သာတွင် ၁၀ ရက် ဒုလ္လဘရဟန်းဝတ်စေသည်။ တရားအားထုတ်စေသည်။ မဟာစည်ရိပ်သာကြီးတွင်ရှိသော သံဃာတော်များနှင့် ယောဂီအားလုံးကို ဆွမ်းဒါနပြုခဲ့ကြသည်။ ထို့နောက်မှ အမေရိကန်သို့ ထွက်ခွာသွားကြသည်။

အစ်ကိုက အမေရိကန်တွင် ၅-နှစ် အလုပ်လုပ်မည်။ သုံးဖြုန်းခြင်းမပြု။ ငွေကြေးစုဆောင်းမည်။ ၅-နှစ်ပြည့်ပါက မြန်မာပြည်သို့ ပြန်လာမည်။ ပြင်ဦးလွင်မြို့တွင်ပြောင်းရွှေ့နေထိုင်မည်။ စိုက်ပျိုးရေးလုပ်မည်။ တစ်ဖက်ကလည်း တရားဘာဝနာအားထုတ်မည်ဟူ၍ ရည်မှန်းချက်ထားသည်။ သို့ရာတွင် ရည်မှန်းချက် မအောင်မြင်ရှာ။ အမေရိကန်၌ အလုပ်လုပ်၍ ၃-နှစ်အကြာတွင် အသည်းကင်ဆာရောဂါဖြင့် ကွယ် လွန်သွားရှာသည်။ ကွယ်လွန်ချိန်၌ အသက် ၇၀ အရွယ် ရှိသည်။ ၁၁-၅-၉၃ နေ့တွင် ကွယ်လွန်သည်။

မကွယ်လွန်မီ သားဖြစ်သူ မောင်ကျော်သက်အား "ဖေဖေ ကွယ်လွန်တဲ့အခါ မီးသင်္ဂြိုဟ်ပြီး အရိုးပြာကို မြန်မာပြည်ကိုယူသွားပါ။ ဖေဖေ့ဇာတိဖြစ်တဲ့ ကန်ကြီးထောင့်မြို့က မြစ်ထဲမှာမျှောလိုက်ပါ"ဟူ၍ မှာကြားသွားသည်။

အစ်ကို၏ ရုပ်ကလာပ်ကို သင်္ဂြိုဟ်ခြင်းမပြုမီ အမေရိကန်တွင် သီတင်းသုံးတော်မူနေသော ဆရာတော် ဦးသီလာနန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)က သရဏာဂုံတင်ခြင်း၊ မရဏာနုဿတိ ဘာဝနာတရား ချီးမြှင့်ခြင်းစသော ကိစ္စအဝဝကို ဆောင်ရွက်ပေးတော်မူသည်။ ဆရာတော် ဦးသီလာနန္ဒာဘိဝံသသည် မဟာစည်ရိပ်သာကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးတစ်ပါးဖြစ်သည်။

ထို့နောက် သား မောင်ကျော်သက်သည် ဖခင်စကားကို ကောင်းစွာ နာယူဆောင်ရွက်ခဲ့သည်။ သူသည် အမေရိကန်မှ ခေတ္တပြန်လာသည်။ အရိုးပြာကို ယူဆောင်လာသည်။ ထို့နောက် သူသည် ကျွန်တော်တို့နှင့်အတူ ဖခင်၏အရိုးပြာကို ကန်ကြီးထောင့်မြစ်တွင်းသို့ သွားရောက်မျှောချခဲ့သည်။ ကျွန်တော်သည် ထိုအကြောင်းကို "ပဌမအစ်ကို"ဟူ၍ ခေါင်းစဉ်တပ်ကာ ကဗျာဖွဲ့ဆိုခဲ့သည်။ ၂၀၀၀-ပြည့်နှစ်၊ နိုဝင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။

တစ်နှစ်အကြာတွင် ကျွန်တော့်မရီး ဒေါ်ခင်ခင်မြင့်သည် အမေရိကန်မှ မြန်မာပြည်သို့ ခေတ္တပြန်လာသည်။ မဟာစည်ရိပ်သာကြီးတွင် သံဃာတော်အားလုံးနှင့် ယောဂီအားလုံးကို ဆွမ်းဒါနပြုသည်။ ကောင်းမှုကုသိုလ်အစုစုကို ဦးကျော်မြင့်အတွက် ထိရောက်စွာ အမျှအတန်း ပေးဝေခဲ့သည်။

မဟာစည်ဆရာတော်ဘုရားကြီး လွန်တော်မူခဲ့ပြီ ဖြစ်သော်လည်း ဆရာတော်ဘုရားကြီး၏ အရိပ်အာဝါသကို ကျွန်တော်တို့ ဆွေစဉ်မျိုးဆက်သည် ခိုလှုံဆဲဖြစ်သည်။ ၁၉၈၄-ခုနှစ်တွင် ကျွန်တော်၏တူမ ဒေါ်မြမြချစ်နှင့် ခင်ပွန်း ဦးလှကြင်တို့သည် မဟာစည်ရိပ်သာမှာပင် ရဟန်းခံရှင်ပြုမင်္ဂလာကို ပြုခဲ့ကြသည်။ သားကြီး ကိုညီထွန်းနှင့် သားလတ် ကိုသန်းထွန်းတို့ကို ဒုလ္လဘရဟန်း ဝတ်ပေးသည်။ သားငယ် မောင်ဇော်ထွန်းကို ရှင်ပြုပေးသည်။ ကောင်းမှုကုသိုလ်အစုစုကို နှစ်ဖက်သောမိဘဘိုးဘွားများအား အမျှအတန်း ပေးဝေခဲ့ကြသည်။

ဤသို့လျှင် ကျွန်တော့်မိခင် ဒေါ်သင်ကိုအကြောင်းပြု၍ ကျွန်တော်တို့မိသားစု ဆွေမျိုးအားလုံးသည် မဟာစည်ဆရာတော်ဘုရားကြီး၏ မေတ္တာရိပ်ကို ခိုလှုံခွင့် ရခဲ့ကြသည်။ ဆရာတော်ကြီး၏ အရိပ်အာဝါသအောက်၌ ကောင်းမှုကုသိုလ်များ ပြုခဲ့ကြသည်။ ချမ်းမြေ့ခဲ့ကြသည်။ ကောင်းလေစွ။

မင်းယုဝေ





ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ဟေရွှင်ခုနှစ်ပါးတရားတော်

ဦးဝင်းထိန်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး သက်တော် (၁၀၀) ပြည့်သည့် အထိမ်းအမှတ်အဖြစ် အထူးစာစောင်ထုတ်ဝေမည်ဖစ်ကြောင်း သိရ၍ ကျွန်တော်၏ စိတ်ထဲတွင် ဆရာတော်ဘုရားကြီးအား မည်သို့ပူဇော်ရပါမည်နည်းဟု စဉ်းစားမိသည်။ ထိုသို့ စဉ်းစားမိသည့်အခါ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က ကျွန်တော့်ဇနီးသည်အား ဗောဇျင်၇-ပါး တရားချီးမြှင့်တော်မူပုံလေးကို သတိရမိသွားသည်။

လွန်ခဲ့သော (၂၂)နှစ်ကဖြစ်ပါ သည်။ အတိအကျဆိုရသော် ၁၉၈၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်နေ့ ဖြစ် သည်။ ကျွန်တော်၏ဇနီး ကျန်းမာရေးအတွက် အလွန်စိတ်ပူပင် သောကရောက်နေသောအချိန် ဖြစ်ပါသည်။ ကျွန်တော့်ဇနီးမှာ မမျှော်လင့်ဘဲ ခွဲစိတ်ကုသမှုတစ်ခု ပြုလုပ်ခဲ့ရသည်။ အသက်အန္တရာယ် စိုးရိမ်ရသည့်အဖြစ်သို့ ဆိုက်ရောက် ခဲ့ပါသည်။

အဖြစ်ကလည်း အလွန်မယုံနိုင် စရာကောင်းသလို အလွန်လည်း ဆန်းကျယ်ပါသည်။ ကျွန်တော်သည် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့၏ အမှုဆောင်တစ်ဦးဖြစ်ပြီးဇနီးသည်မှာလည်း အမျိုးသမီးယောဂီစောင့် ရှောက်ရေးအဖွဲ့၏ အမှုဆောင်တစ်ဦးဖြစ်ပါသည်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ (၃၂) ကြိမ်မြောက် ပူဇော်ပွဲကြီးတွင် ကျွန်တော်တို့နှစ်ဦးလုံး ဝေယျာဝစ္စ လုပ်ငန်းများနှင့် အလွန်အလုပ်များ နေသောအချိန် ဖြစ်ပါသည်။ ကျွန်တော်၏ ဇနီးသည်မှာ ဝမ်းဗိုက် အနည်းငယ်အောင့်သော်လည်း ကုသိုလ်စိတ်ဇွဲဖြင့် ဆွမ်းကျောင်းတွင် အလုပ်များနေချိန်တွင် မမျှော်လင့်ဘဲ အစ်မတစ်ဝမ်းကွဲတော်စပ်သူတစ်ဦးအား အရေးတကြီး ဆေးခန်းသို့ လိုက်ပို့ပြသပေးရန် ကိစ္စ ပေါ်ပေါက်လာခဲ့ပါသည်။ ညနေ (၅) နာရီခန့် တွင် ရိပ်သာမှ ထွက်ခဲ့ကြပြီး ရွှေဘုံသာလမ်းရှိ ဆေးခန်းတွင် ထိုင်သော မိတ်ဆွေဆရာဝန်တစ်ဦးအား ပြသပေးပါသည်။ ဆရာဝန်မှလိုအပ်သော စမ်းသပ်မှုပြုလုပ်ဆေး



(ကိုယ်တွေ့)



ပေးပြီး "ကောင်းသွားမှာပါ" ဟုပြောပါသည်။ ထို့နောက် ဆရာဝန်အား နှုတ်ဆက်ကာ ပြန်ရန် ပြင်ကြပါသည်။ ထိုစဉ် ကျွန်တော်၏စိတ်တွင် ကျွန်တော့် ဇနီး ဝမ်းဗိုက်နည်းနည်း အောင့်နေသည်ကို ရုတ်တရက် သတိရ၍ ဆရာဝန်အား စမ်းသပ်ကြည့်ရန် စကားစ,မိပါသည်။

မိတ်ဆွေဆရာဝန်နှင့် ကျွန်တော်က ခင်မင်ရင်းနှီး သူများဖြစ်ကြသဖြင့် ကျွန်တော့် ဇနီးသည်၏ ဝမ်းဗိုက်ကို နားကြပ်နှင့် ထောက်လျက် စကားတပြောပြောနှင့် စမ်းသပ်နေပါသည်။ ခဏအကြာ ပြောလက်စ စကားများရပ်သွားပြီး ကျွန်တော့်ဘက်သို့ လှည့်ကာ ခွဲစိတ်ဆရာဝန် တစ်ဦးဦးဆီ အမြန်သွားပြစေလို ကြောင်း ပြောပါသည်။ ဆရာဝန်က ကျွန်တော်စိုးရိမ်ပူပန်မှု အရိပ်အယောင်ကို သိရှိရွေ့လျား မသိ၊ ကိစ္စမရှိပါဘူး၊ ခုတော့ ပြဖြစ်အောင် သွားပြဖို့ပြောပါသည်။

မမျှော်လင့်သော အခြေအနေတစ်ရပ်ဖြစ်ပေါ်ခဲ့၍ အစ်မဖြစ်သူအား အခြားကား တစ်စီးဖြင့် ပြန်ပို့လိုက်ပြီး ကျွန်တော်နှင့်ဇနီးဖြစ်သူမှာ ခွဲစိတ်ကုဆရာဝန်ကြီးဆီသွားကြပါသည်။ ဆရာဝန်ကြီးမှာ နာမည်ကြီးခွဲစိတ်အထူးကု ဆရာဝန်ကြီးဖြစ်ပါသည်။ ကျွန်တော်က ဇနီးသည်အား ကားထဲတွင်ထားခဲ့ပြီး ဆရာဝန်ကြီးကို တွေ့ဆုံ၍ အကျိုးအကြောင်းပြောပြရာ ဆရာဝန်ကြီးက အေးဆေးစွာပင် "မနက်ဖြန်ကြည့်တာပေါ့ ခေါ်ခဲ့ပါ" ဟု ပြောပြီး ကျွန်တော့်မော်တော်ကားရှိရာသို့ စကား ပြောပြီးလိုက်ပါလာသည်။ ကားထဲတွင်





ကျွန်တော့်ဇနီးကိုမြင်သဖြင့် "သြော် ... ဘေဘီ (ကျွန်တော့် ဇနီး၏ ငယ်နာမည်) ပါလာတာပဲ၊ ဒါဆို အခုကြည့်မှာပေါ့၊ လာလာ" ဟု ခေါ်ပြီး စမ်းသပ်ကြည့်ပါသည်။

ဆရာဝန်ကြီးက အေးဆေးစွာပင် "စိုးရိမ်စရာမရှိပါဘူး၊ အူအတက်ပေါက်တာပါ၊ ခုခွဲလိုက်ရင်တော့ ပိုကောင်းတာပေါ့၊ ညအချိန်မတော်မှာ တစ်ခုခုဖြစ်ရင် မကောင်းဘူး" ဟု ပြောပြီး ည ၇း၃၀နာရီ၊ ၈-နာရီအချိန်လောက် ဆေးခန်းလာခဲ့ရန် ပြောပါသည်။ ကျွန်တော်လည်း ခွဲစိတ်ရန် ဆေးခန်းသို့ ၇း၃၀ နာရီ အရောက်သွားကြသည်။ ည ၈း၃၀ နာရီခန့်တွင် ခွဲစိတ်မှု မဟုတ်ပါ။ ကျွန်တော့်ဇနီးမှာ အနည်းငယ်ဝသဖြင့် အူအတက်မှာ နောက်ကြောဘက်သို့ ရောက်နေ၍ ခွဲစိပ်မှု (၁) နာရီကျော်ကျော်ကြာပါသည်။

ခွဲစိပ်ပြီး၍မကြာမီ လူနာလည်း စကားပြောဆိုနေနိုင်ပါပြီ၊ စိတ်ချလက်ချရှိပြီဖြစ်၍ ထိုညဇနီးသည်အား ဆေးခန်းတွင် အစောင့်သူနာပြုနှင့် ထားခဲ့ပြီး ပြန်ခဲ့ပါသည်။

အူအတက်ပေါက် ခွဲစိပ်မှုမှာ ခွဲစိပ်ပြီးသုံးရက်ကြာလျှင် ဆေးခန်းမှ ဆင်းရပါသည်။ သို့သော်လည်း လူနာမှာ အဖျားအနည်းငယ်ရှိနေ၍ မဆင်းနိုင်ပါ။ အနာရှိန်ကြောင့် အဖျားသွေးရှိသည်ဟု ထင်မိပါသည်။ သို့သော် ကိုယ်အပူချိန်သည် ပုံမှန်ပြန်မကျတော့ဘဲ တစ်နေ့ထက် တစ်နေ့အပူချိန်မြင့်တက်လာပါသည်။ တစ်ရက် အပူချိန်ကျနိုးနိုးနှင့် ဆေးအမျိုးမျိုး ထိုးရကုသပါသည်။ သို့သော်လည်း အခြေအနေက ဆိုးသည်ထက်ဆိုးလာသည်။ ခွဲစိပ်ပြီး (၇) ရက်ခန့်တွင် လူနာမှာ လက်ဖျားခြေဖျားများ အေးစက်လာပြီး ကယောင်ကတမ်းများ ပြောနေပါပြီ။ ကျွန်တော်နှင့်အတူ မိသားစုအားလုံးနှင့် ဆွေမျိုးမိတ်ဆွေအားလုံးလည်း စိုးရိမ်ပူပန်လာပါသည်။

ကျွန်တော့်အဖို့ကား ပြောဖွယ်မရှိ၊ ဘာလုပ်၍ ဘာကိုင်ရမှန်းပင် မသိတော့ဘဲ နောက်ဆုံး ပေဒင်မေးယတြာချေလုပ်အုံးမှဟု စိတ်ကူးဖြင့် ဆရာကြီးဦးမြိုင်ထံ သွားရောက်တိုင်ပင် အကြံဉာဏ်တောင်း ရပါတော့သည်။ ဆရာကြီးက မနက်ဖြန် မနက်လာခဲ့ပါ၊ ညပိုင်းတွက်ချက်ထားမည်ဟု ခိုင်းလိုက်ပါသည်။ ဆရာကြီး ဦးမြိုင်သည်လည်း ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့.အမှုဆောင်တစ်ဦးပင် ဖြစ်သဖြင့် ရင်းနှီးသူများဖြစ်နေပါသည်။ ကျွန်တော့် ဇနီးသည်၏ ကျန်းမာရေးအတွက် ဂရုတစိုက် သေသေချာချာစစ်ဆေးတွက်ချက်မည် ဖြစ်ပါသည်။

နောက်တစ်နေ့နံနက်ဆရာကြီးဦးမြိုင်ထံ (၉)နာရီလောက် ရောက်ရှိသွားသည်။ ဆရာကြီးဦးမြိုင်နှင့် အတူ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့.မှ ဘဘမင်္ဂလာဦးအောင်မြင့်ကိုပါ တွေ့ရပါသည်။ ဦးမြိုင်နှင့် ကျွန်တော် ဆွေးနွေးပြောဆို နေသည်ကို ဘဘမင်္ဂလာဦးအောင်မြင့်လည်း မနီးမဝေးမှ နားစွင့်နေဟန်ရှိပါသည်။

ဆရာကြီးဦးမြိုင်က -

"လူနာကတော့ ကံအတော်နိမ့်နေတယ်၊ သေဘေးမြင်တွေ့နေရတယ်၊ ဒါပေမယ့်ကြာသပတေးဂြိုဟ်ကြီးက ကယ်မယ့်သူပေါ်နိုင်ကြောင်း တွက်လို့ရတယ်၊ ဘယ်လိုကယ်မယ့်သူပေါ်လာမလဲတော့ မပြောနိုင်ဘူး" ဟု ပြောပါသည်။ ကျွန်တော်

"လူနာကတော့ ကံအတော်နိမ့် နေတယ်၊ သေဘေးမြင်တွေ့ နေရတယ်၊ ဒါပေမယ့် ကြာသပတေး ဂြိုဟ်ကြီးက ကယ်မယ့်သူ ပေါ်နိုင်ကြောင်း တွက်လို့ရတယ်၊ ..."

စတင်ခွဲစိတ်ပါသည်။ အူအတက်ပေါက်သောရောဂါမှာ ခက်ခဲသောလာပါသည်။



စိတ် ဓာတ် အလွန်ကျသွားပါသည်။ အလွန်ပူပန်သွားပါသည်။

ထိုစဉ် ဘဘမင်္ဂလာဦးအောင်မြင့်က အနားတိုးလာပြီး "ဒီလိုဆိုရင် ကံနိမ့်နေသူ ကံလည်းမြင့်ရာရောက် (ကုသိုလ်စိတ်များ ပွားများရင်ကံတက်လာပါတယ်) မဟာစည်ဆရာတော်ဘုရားကြီးပင့်ပြီး ပရိတ်တရား ချီးမြှင့်ပေးဖို့ လျှောက်ထားပန်ကြားရရင် မကောင်းဘူးလား" ဟု အကြံပြုပါသည်။ ထိုအခါ ဆရာကြီးဦးမြင့်က-

"အလွန်ကောင်းတဲ့ အကြံအစည်ပဲ ဆရာတော်ဘုရားကြီး ပင့်ပြီး ပရိတ်တရားတော် ချီးမြှောက်ပေးဖို့ လျှောက်ထားဗျာ" ထိုအကြံအစည် ကြောင့် ကျွန်တော်လည်း အလွန်အားတက်သွားမိပါသည်။ "ဒါဆို ကျွန်တော်တို့ ခုပဲ ဆရာတော်ဘုရားကြီးဆီ သွားကြမယ်" ဟု ဘဘမင်္ဂလာဦးအောင်မြင့်က ကျွန်တော့်အားခေါ်၍ မဟာစည်ရိပ်သာသို့ သွားကြပါသည်။

ဩဝါဒခံ ပူဇော်ပွဲကြီးပြီးပြီဖြစ်၍ မဟာစည်ရိပ်သာကြီးမှာ တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေပါသည်။ ရိပ်သာဝင်းအတွင်း ဝင်လိုက်သည်နှင့် ရိပ်သာ၏အေးချမ်းမှုကြောင့် ကျွန်တော်၏ စိတ်အားငယ်မှုမျာ လျော့ပါးသွားပါသည်။

ပထမ ဆရာတော်ဘုရားကြီးကို သြကာသဖြင့် ကန်တော့ကြပြီး ဘဘ မင်္ဂလာဦးအောင်မြင့်က ဆရာတော်ဘုရားကြီးအား အကျိုးအကြောင်းလျှောက်ထားပါသည်။ ဆရာတော်ဘုရားကြီးက မဟာစည်ရိပ်သာ အမှုဆောင်များကို ဒါယကာ အရင်းအချာများဖြစ်သော်လည်း တရင်းတနှီး စကားပြောလေ့မရှိပါ။ ကိစ္စရှိ၍ သွားရောက် လျှောက်ထားလျှင်လည်း မည်သူမည်ဝါ မှတ်သားထားလေ့မရှိသဖြင့် ဘယ်သူတွေလည်းဟု မေးပါသည်။



မင်္ဂလာဦးအောင်မြင့်က "မြို့တော်အင်ဂျင်နီယာဦးဝင်းထိန်ပါ ဘုရား၊ရိပ်သာအဖွဲ့ချုပ် အမှုဆောင်ဆောက်လုပ်ရေး အဖွဲ့ငယ်ဥက္ကဋ္ဌ ပါ။ ယခုနေမကောင်းတဲ့ ဒကာမကဦးဝင်းထိန်၏ ဇနီးပါ ဘုရား၊ ဆွမ်းစားကျောင်း ဝေယျာဝစ္စလည်း ဆောင်ရွက်ပါတယ်၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ အမှုဆောင်လည်း ဖြစ်ပါတယ် ဘုရား" ဟု လျှောက်ပါသည်။

ဆရာတော်ဘုရားကြီးက ၃-၄ မိနစ်ခန့် ငြိမ်သက်စွာနေပြီးမှ "အင်း.. ဒီကနေ့ ၁၂နာရီလောက်လာပင့်ပါ။ နေထိုင်ကောင်းသွားပါလိမ့်မယ်" ဟု မိန့်ကြားပါသည်။

"နေထိုင်ကောင်းသွားပါလိမ့်မယ်" ဟု မဟာစည်ဆရာတော်ဘုရားကြီးထံမှ ကြားလိုက်ရသဖြင့် ကျွန်တော့်အပူလုံးကြီး ကျသွားပါသည်။ ဆရာတော်ဘုရားကြီး၏ မိန့်ကြားချက်ကို ကျွန်တော် လုံးဝ ယုံကြည်ပါသည်။ စိတ်အားတွေလည်း ပြန်လည် ပြည့်ဖြိုးလာခဲ့ပါသည်။ မင်္ဂလာဦးအောင်မြင့်နှင့် ကျွန်တော်တို့ ဆရာတော်ဘုရားကြီးအား ရှိခိုးကန်တော့ပြီး ဝမ်းမြောက်အားတက်မှုအပြည့်ဖြင့် ပြန်လာခဲ့ကြသည်။

ဆေးခန်းသို့ အမြန်ပြန်လာပြီး ဝေဒနာကြီးစွာ ခံစားနေရသည့် ဇနီးသည်အား ဝမ်းသာအားရ ပြောကြားမိပါသည်။ လူနာအနေဖြင့် ဆရာတော်ဘုရားကြီး၏ "နေထိုင်ကောင်းသွားလိမ့်မယ်" ဟု မိန့်ကြားချက်ကို သိလိုက်ရသဖြင့်လည်း အားတက်လာဟန်ရှိပါ၏။ နောက်ပြီး ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ဆေးခန်းသို့ ကြွရောက်လာပြီး ပရိတ်တရားတော်များ ချီးမြှင့်မည်ဆို၍ မျက်နှာကြည်လင်လာပြီး လက်အုပ်ချီကာ ဆရာတော်ကြီးအား ရည်မှန်းရှိခိုးနေပါသည်။

မွန်းလွဲ ၁၂ နာရီတွင် ဥက္ကဋ္ဌဦးပွင့်ကောင်း၊ အတွင်းရေးမှူးဦးတိုက်စိုးနှင့် မင်္ဂလာဦးအောင်မြင့်တို့ ဆရာတော်ဘုရားကြီးအား



မော်တော်ကားဖြင့် လူမမာရှိရာ ဆေးခန်းသို့ ပင့်လာကြပါသည်။ ဆရာတော်ဘုရားကြီး ကြွရောက်၍ ပရိတ်တရားများ ရွတ်ဖတ်ချီးမြှင့်မည်ကို ဆေးခန်းတာဝန်ရှိသူများလည်း သိရှိကြသဖြင့် ပရိတ်တရားနာရန် အဆင်သင့် စောင့်ဆိုင်းနေကြပါသည်။ ကျွန်တော်တို့လည်း ဆရာတော်ဘုရားကြီးအတွက် သင့်တော်မည့်နေရာထိုင်ခင်းများ ပြင်ဆင်၍ ပရိတ်ရေများနှင့် လျှောက်ပတ်သောပစ္စည်းများ အဆင်သင့် ပြင်ဆင်စီမံထားပါသည်။

ဆရာတော်ဘုရားကြီး ရောက်ရှိသည်နှင့် ဩကာသဖြင့် ကန်တော့ကြသည်။ ဆရာတော်ဘုရားကြီးမှ လောကီလောကုတ္တရာ ကောင်းကျိုးချမ်းသာမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြစေရန် ဆုပေးပါသည်။ ထို့နောက် ငါးပါးသီလ ခံယူဆောက်တည်ကြပါသည်။

ထို့နောက် ဆရာတော်ဘုရားကြီးက -

"ဘယ်နေ့ကစပြီး နေမကောင်းတာလဲ"

ဥက္ကဋ္ဌ ဦးပွင့်ကောင်းမှ -

"လွန်ခဲ့တဲ့ ၁၂ ရက်နေ့ည (ဒီဇင်ဘာလ) ဩဝါဒခံယူ ပူဇော်ပွဲနေ့ကစပြီး နေမကောင်းတာပါဘုရား"**ဆရာတော်ဘုရားကြီး** - "ဘုန်းကြီးကတော့ မသိပါဘူး၊ မနက်ကလာပြီး လျှောက်မှသိရတယ်။ မဟာစည်ရိပ်သာမှာ ဝေယျာဝစ္စ အမြဲတမ်း ဆောင်ရွက်နေတယ်လို့ သိရတယ်၊ ဘုန်းကြီးက နာမည်တော့ မသိပါ ဘူး၊ နာမည်ကိုလည်း မမှတ်မိပါဘူး"

ဦးပွင့်ကောင်း - "တပည့်တော်တို့ကတော့ 'ဘေဘီ' လို့ ခေါ်ပါတယ် ဘုရား၊ ဦးဝင်းထိန်ရဲ့ ဒကာမပါဘုရား၊ ဒေါ်ခင်ခင်လှလို့လည်း ခေါ်ပါတယ်ဘုရား၊ မဟာစည်သာသနာ့ရိပ်သာ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအမှုဆောင်အဖွဲ့က ဖြစ်ပါတယ်ဘုရား"

ဆရာတော်ဘုရားကြီး - "ဆေးဆရာတွေက ကျကျနန ကုလိုက်ရင် ပျောက်သွားမှာပါပဲ၊ မြတ်စွာဘုရားက ရောဂါဝေဒနာတွေပျောက်ကင်းခြင်းရဲ့ အကြောင်းရင်းဖြစ်တဲ့ ဗောဇ္ဈင် (၇)ပါး တရားဟောထားတာတွေ ရှိတယ်၊ ရှင်မဟာကဿပနှင့် ရှင်မဟာမောဂ္ဂလ္လာန်တို့ နေမကောင်း ထိုင်မကောင်း၊မကျန်းမမာဖြစ်တဲ့အခါ ဗောဇ္ဈင် (၇)ပါးတရားကို ဟောတာနဲ့တရားလည်းဆုံးရောရောဂါလည်းပျောက်ရောလို့ သိရပါတယ်၊ မြတ်စွာဘုရားကိုယ်တိုင်လည်း နေမကောင်း ထိုင်မသာ ဖြစ်တဲ့အခါ မြတ်စွာဘုရားရဲ့တပည့်စုန္ဒက လာပြီးတော့ မြတ်စွာဘုရား အမိန့်ရှိတဲ့အတိုင်း ဗောဇ္ဈင် (၇)ပါး တရားကို ဟောတော့ အဲဒါနာပြီးတော့ ဘုရားကိုယ်တိုင်လည်း နေကောင်းကျန်းမာသွားတယ်လို့ ဆိုပါတယ်၊ ပရိတ်ကြီးထဲမှာ ဗောဇ္ဈင်သုတ်ပါပါတယ်၊ အဲဒီအကြောင်းတွေ ဖော်ပြထားပါတယ်" အဲဒီလို အစချီမြွက်ကြားပြီး -

- ***ဗောဇ္ဈင်္ဂါ သတိသင်္ခါတော၊***
  ဓမ္မာနံ ဝိစယော တထာ၊
  ဝီရိယံ ပီတိ ပဿဒ္ဓိ၊
  ဗောဇ္ဈင်္ဂါစ တထာပရေ။
- ***သမာဒုပေက္ခာ ဗောဇ္ဈင်္ဂါ၊***
  သတ္တေတေ သဗ္ဗဒဿိနာ။
- ***မုနိနာ သမ္မဒက္ခတာ၊***
  ဘဝိတာ ဗဟုလီကတာ။
- ***သံဝတ္တန္တိ အဘိညာယ၊***
  နိဗ္ဗာနာယစ ဗောဓိယာ။
  ဧတေန သစ္စဝဇ္ဇေန၊
  သောတ္ထိ တေ ဟောတု
  သဗ္ဗဒါ။

ဟု ရွတ်ဆို၍ ဗောဇ္ဈင်ပရိတ်တော်ကို စတင်ချီးမြှင့်တော်မူပါသည်။

"မြတ်စွာဘုရားက ဗောဇ္ဈင် (၇)ပါးတရားမှာ ဟောထားတာက ဟောကြားတဲ့ တရားတွေကို နာကြားပြီး ပွားများတဲ့ ပုဂ္ဂိုလ်တွေမှာ ကျန်းမာချမ်းသာတဲ့ အကြောင်းတွေကို အတိုချုပ်ဖော်ပြထားပါတယ်။"

- ***ကသို့ သမယေ***
  နာထော၊
  မောဂ္ဂလ္လာနဿ

ကဿပံ၊
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊
ဗောဇ္ဈင်္ဂေ သတ္တဒေသယိ။
◉ *တေ စတံ အဘိနန္ဒိတွာ၊*
ရောဂါ မုစ္စိသု တခ်ဏေ၊
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိတေ ဟောတု
သဗ္ဗဒါ။

"တစ်ကြိမ်တစ်ခါမှာတော့ ရှင်မဟာမောဂ္ဂလ္လာန်နှင့် ရှင်မဟာကဿပတို့နှစ်ပါး နေထိုင်မကောင်းလို့ မြတ်စွာဘုရားက ဗောဇ္ဈင်(၇)ပါးကို ဟောတယ်၊ အဲဒီ ဗောဇ္ဈင်(၇)ပါး မြတ်စွာဘုရားဟောပြီးတော့, နာပြီးတော့ ဘာမှ မကြာလိုက် ပါဘူး၊ ခဏလေးနေမှာပါပဲ၊ (တိုတိုလေး နေမှာပါပဲ) အဲဒီ ဟောပြီးတော့, နာပြီးတော့ ကျန်းကျန်းမာမာ ဖြစ်သွားပါတယ်။"

◉ *ဧကဒါ ဓမ္မရာဇာပိ၊*
ဂေလညေနာဘိပီဠိတော။
◉ *စုန္ဒတ္ထေရေန တံယေဝ၊*
ဘဏာပေတွာန သာဒရံ။
◉ *သမ္မောဒိတွာန အာဗာဓာ၊*
တမှာ ဝုဌာသိဌာနသော။
◉ *ဧတေန သစ္စဝဇ္ဇေန၊*
သောတ္ထိ တေ ဟောတု
သဗ္ဗဒါ။

"မြတ်စွာဘုရားကိုယ်တိုင်လည်း တစ်ခါကတော့ နေမကောင်းလို့ မြတ်စွာဘုရား၏ တပည့်သာဝက စုန္ဒဆိုတာကို ဘုရားက ဟောခိုင်းရတယ်၊ ဘုရားလည်း စုန္ဒရဲ့ ဗောဇ္ဈင် ၇-ပါးတရားကို နာပြီးတော့ ရောဂါ ဝေဒနာပျောက်တယ်လို့ဆိုပါတယ်၊ ဘုန်းကြီး ကတော့ အကျဉ်းချုပ်နားလည်အောင် ဂါထာတွေနဲ့ စီထားတာကို ရွတ်ဆိုချီးမြှင့်တာဖြစ်ပါတယ်၊ မြတ်စွာဘုရားဟောထားတဲ့ ဗောဇ္ဈင်(၇)ပါးတရားတော်ဟောပုံလေးကတော့ ပြည့်ပြည့်စုံစုံပဲ ဟောထားပါတယ်။"

သတ္တိမေ ဥပါသိကေ ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

"အဲဒီလို ဟောထားပါတယ်၊ အဲဒီ ရှင်မဟာကဿပ ဟောပုံကလည်း(၇)ခု၊ရှင်မဟာမောဂ္ဂလ္လာန် ဟောပုံကလည်း(၇)ခု၊ စုန္ဒမထေရ်ကနေပြီးတော့ မြတ်စွာဘုရား ဟောပုံကလည်း(၇)ခု၊အဲဒါတွေကိုလည်း ဘုန်းကြီးက နေမကောင်းတာ အကြောင်းပြုပြီးတော့ အဲဒါလေးနည်းနည်း ဘုန်းကြီးက ဟောပေးပါဦးမယ်။"

"အခု နေမကောင်း ထိုင်မသာတဲ့ ပုဂ္ဂိုလ်ဟာ အမျိုးသမီးဆိုတော့ အမျိုးသားဆိုလို့ရှိရင် "ဥပါသကာ" အမျိုးသမီးဆိုတော့ "ဥပါသိကာ"။ "ဥပါသိကာ" ဆိုတာ ရတနာသုံးပါး ဆည်းကပ်တယ်၊ဗုဒ္ဓံသရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ, သံဃံ သရဏံ ဂစ္ဆာမိ" ဆိုပြီးတော့ ဆည်းကပ်နေတဲ့ပုဂ္ဂိုလ်ဟာ"ဥပါသိကာ" အမျိုးသားဆိုလျှင် "ဥပါသကာ" လို့ ခေါ်တယ်၊ အဲဒီတော့ အဲဒီနာမည်နဲ့ ဘုန်းကြီးတရားဟောမယ်၊ ဗောဇ္ဈင် (၇)ပါး ဟောကြားတာနဲ့ ကျန်းကျန်းမာမာ ဖြစ်အောင်လို့၊ ဆေးဆရာတွေ ဆေးကုရင် ပျောက်မှာပါပဲ၊ အခု ဟာကတော့ စိတ်ကြည်ကြည်လင်လင်ဖြစ်အောင်လို့ ဟောပေးရမှာပဲ"

သတ္တိမေ ဥပါသိကေ ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

"ဥပါသိကေ - ရတနာသုံးရပ်ကို မပြတ်ဆည်းကပ်လေ့ရှိသော ဥပါသိကာမ၊ ဘဂဝတာ - ဘုန်းတော် ခြောက်ပါးနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည်။ သမ္မ ဒက္ခာတာ - ကောင်းမွန်မှန်ကန်စွာဟောကြား၍ ထားအပ်သော၊ သတ္တ(၇)ပါးကုန်သော၊ ဣမေ ဗောဇ္ဈင်္ဂါ - ဤဗောဇ္ဈင်တရားတို့

မြတ်စွာဘုရားက ရောဂါဝေဒနာတွေ ပျောက်ကင်းခြင်းရဲ့ အကြောင်းရင်းဖြစ်တဲ့ ဗောဇ္ဈင်(၇)ပါး တရားဟောထားတာတွေရှိတယ်၊ ရှင်မဟာကဿ ပနှင့် ရှင်မဟာမောဂ္ဂလာန်တို့ နေမကောင်း ထိုင်မကောင်း၊ မကျန်းမမာ ဖြစ်တဲ့အခါ





သည်၊ ဘာဝိတာ - မိမိသန္တာန်၌ ဖြစ်စေအပ်သည်ရှိသော်၊ ဗဟုလီကတာ - အကြိမ်များစွာဖြစ်စေအပ်သည်ရှိသော်၊ အဘိညာယ - ထိုးထွင်းဉာဏ်ဖြင့် သိရန်အလို့ငှာ၊ သမောဓာယ - ကောင်းစွာသိရန်အလို့ငှာ၊ နိဗ္ဗာနာယ - ဆင်းရဲခပ်သိမ်း ငြိမ်းရန် အလို့ငှာ၊ သံဝတ္တန္တိ - ဖြစ်ကုန်၏။"

ထို့နောက်ဆက်လက်ပြီး ဥပါသိကေ ရတနာသုံးရပ်ကို မပြတ်ဆည်းကပ်လေ့ရှိသော ဒါယိကာမ ဘဂဝတာ မြတ်စွာဘုရားသည် သမ္မဒက္ခာတာကောင်းမွန်မှန်ကန်စွာ ဟောကြားထားအပ်သောဟုအစချီ၍ -

သတိသမ္မောဇ္ဈင်၊ ဓမ္မဝိစယသမ္မောဇ္ဈင်၊ ဝီရိယသမ္မောဇ္ဈင်၊ ပီတိသမ္မောဇ္ဈင်၊ ပဿဒ္ဓိ သမ္မောဇ္ဈင်၊ သမာဓိ သမ္မောဇ္ဈင်၊ ဥပေက္ခာသမ္မောဇ္ဈင်တရားတို့ကို အဆင့်ဆင့် ဟောကြားတော်မူပါတယ်။

ထို့နောက် တရားသိမ်းအနေဖြင့် ဆရာတော်ဘုရားကြီးက နိဂုံးအဖြစ် ဤသမ္မောဇ္ဈင်တရားတွေကို မိမိတို့ စွမ်းနိုင်သမျှ အားထုတ်ခြင်းကြောင့် ဘေးအန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းငြိမ်းကြ၍ မိမိတို့ အလိုရှိအပ်တောင့်တ,အပ်သောလောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ" လို့ ဆရာတော်ဘုရားကြီးဟောကြားသည်ကို သာဓုခေါ်ဆိုကြပါသည်။

စနေနေ့ (၁၉-၁၂-၈၁)နေ့ ညပိုင်းတွင် လူနာ၏ အခြေအနေမှာသက်သာလှသည် မရှိပါ။ တနင်္ဂနွေနေ့ (၂၀-၁၂-၈၁) နေ့ ညပိုင်းရောက်သောအခါ အခြေအနေ ပိုဆိုးလာပါသည်။ ခြေများ၊ လက်များ အေးလာသည့်အပြင် သွေးပေါင်ချိန်လည်း တဖြည်းဖြည်း ဆုတ်ယုတ်လာပါသည်။ သွေးချိန် ၅၀ မှ ၄၀၊ ၄၀ မှ ၃၀ အထိ ကျဆင်းလာပါသည်။ အသက်ကယ်ဆေး (ဆိုလူကိုလက်)များ တစ်လုံးပြီး တစ်လုံး ထိုးနေရပါသည်။

တနင်္ဂနွေနေ့မှ တနင်္လာနေ့သို့ အကူး နံနက် (၁) နာရီ (၂)နာရီပင် ရှိနေပါပြီ၊ လူနာ၏ အခြေအနေ အနိမ့်ဆုံး အဆိုးဆုံး အချိန်ရောက်နေပါပြီ။ သတိရတစ်ချက် မရတစ်ချက်လက် လျှော့ရမည့် အခြေအနေလား ဟု စိုးရိမ်ပူပန်စိတ်ဖြင့် စိတ်ဓာတ်အကျကြီးကျနေပါပြီ၊ သားသမီးများအပြင် မိတ်ဆွေများ ဖြစ်သော ဥက္ကဋ္ဌကြီး ဦးပွင့်ကောင်းနှင့်ဇနီး၊ဒုတိယဥက္ကဋ္ဌ ဦးကျော်သောင်းနှင့်ဇနီး၊ ဦးမောင်တင်နှင့်ဇနီး ဒေါက်တာဦးခင်မောင်နှင့် ဇနီးတို့သည် စိုးရိမ်လွန်းကြ၍ မပြန်နိုင်ကြဘဲ ဆုတောင်းမေတ္တာပို့ပြီး လူနာကို ပြုစုလျက် ရှိနေကြပါသည်။



နံနက်(၃)နာရီခန့်တွင် အသက်ကယ်ဆေး ၁ လုံးထပ်ထိုးမည်၊ သွေးပေါင်ချိန် ဆက်ကျမသွားအောင် မထိန်းနိုင်လျှင် မျှော်လင့်စရာမရှိလောက်အောင် ဖြစ်တော့မည်ကို အားလုံးကသိထားကြသည်။ ထိုအသက်ကယ်ဆေးကို ထိုးပြီးသောအခါ ကျွန်တော်တို့အားလုံး ဘုရားတ, ဆုတောင်းလျက်နေကြပါသည်။

ဆရာတော်ဘုရားကြီး ဒုတိယအကြိမ် မိန့်ကြားသလို "ဆေးဆရာတွေ ကျကျနနကုပေးလိုက်ရင် ပျောက်သွားမှာပါ" ဆိုတာကိုလည်း နှလုံးသွင်း၍ မေတ္တာပို့နေကြရပါသည်။

ကံတရားသည် စတင်၍ တစ်မျိုး တစ်ဖုံပြောင်းလာပါသည်။ သွေးပေါင်ချိန် ဆက်မကျတော့၊ သွေးချိန်လည်း တဖြည်းဖြည်း ပြန်တက်လာသည်။ ဆီးမသွားဘဲ ရှိနေရာမှလည်း ဆီးသွားပြီး နံနက် (၂)နာရီခန့်က အခြေအနေနှင့် (၃)နာရီ အခြေအနေသည် အံ့ဩလောက်အောင် အကောင်းဘက်သို့ ကူးပြောင်းခဲ့လေသည်။ ဥက္ကဋ္ဌကြီးနှင့် မိတ်ဆွေများလည်း နံနက် အရုဏ်တက် (၅) နာရီခန့်တွင်မှပြန်သွားကြလေတော့သည်။

အခြေအနေသည် စိတ်ချရ



သည်ဟု မဆိုနိုင်သေးပါ။ (၂၁-၁၂-၈၁)တနလ်ာနေ့နေ့လည်(၁)နာရီတွင် ဦးမောင်တင် (ဗိုလ်ကြီးဟောင်း ယခုနှင်းဆီကုန်းဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ၊ ဇီဝိတဒါနသံဃဒေးရုံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး) သည် ရန်ကုန်ဆေးရုံကြီးမှ သမားတော်ကြီး ဦးလှမြင့်အား အတူခေါ်ဆောင်၍ ပြန်ရောက်လာပါသည်။

သမားတော်ကြီးက စမ်းသပ်စစ်ဆေး၍ "ရန်ကုန်ဆေးရုံကြီး (Intensive Care Unit) အရေးပေါ် ဆေးကုခန်းသို့ ချက်ချင်းပြောင်းရွှေ့မယ်" ဟု ပြော၍ ဆေးရုံကြီးသို့ ဆေးရုံမှလူနာတင်ကား အမြန်လွှတ်ရန် မှာကြားပါတော့သည်။

ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဆေးကုခန်းတွင် အထူးကြပ်မတ်ကုသကြရာ (၉)ရက်မြောက်နေ့တွင်မှ အတော်အတန် စိတ်ချရသဖြင့် ဆေးရုံကြီးအပေါ်ထပ်ရှိ ခွဲစိတ်ကုသဆောင်သို့ ပြောင်းရွှေ့ကုသမှုခံယူရပါသည်။



မူလဖြစ်သော အူအတက် ပေါက်၍ ခွဲစိတ်ရသောရောဂါမှ မမျှော်လင့်ဘဲ ဝမ်းဗိုက်အတွင်းရှိ အူများအလွန် အခြေအနေဆိုး၀ါးလာခြင်း၊ သွေးဆိပ်တက်ရောဂါဖြစ် လာခြင်း စသည်ဖြင့် (Complicated) ရှုပ်ထွေးလာခဲ့ရာ ဆေးရုံကြီး ခွဲစိတ်ကုသဆောင်၌ အကြိမ်ကြိမ် ခွဲစိတ်မှုခံယူရပါတော့သည်။

ဆေးရုံကြီးသို့ တက်ရောက်ကုသသော ၁၉၈၁ ခုနှစ်မှ ၁၉၈၇ ခုနှစ်ထိ ဝမ်းဗိုက်ခွဲစိတ်မှု (၅)ကြိမ်တိုင် ခွဲစိတ် ကုသမှုခံယူခဲ့ရပါသည်။ ခွဲစိတ်မှုများမှာလည်း ခက်ခဲသော (Major Operation) များဖြစ်ကြပြီး ဝမ်းတွင်းရှိအူများကို ဖြတ်တောက်ပစ်ရခြင်း၊ ဝမ်းဗိုက်ကြွက်သားများ ပြည်တည်၍ ပျက်စီးသွားခဲ့၍ ဝမ်းဗိုက်အတွင်းရှိအူများကို ထိန်းနိုင်ရန် အသားအားဖြည့်ပစ္စည်းများ ထည့်သွင်းရခြင်း ထိုအားဖြည့်ပစ္စည်းများကို ခန္ဓာကိုယ်မှ လက်မခံ (Reject) လုပ်၍ ထပ်မံ၍ ခွဲစိတ် ဖယ်ရှားရခြင်း စသည်ဖြင့် အလွန်ရှုပ်ထွေးသော ခွဲစိတ်မှုများဖြစ်ပါသည်။

ဤအခြေအနေများအရ ကျွမ်းကျင်သော ဆေးလောကဆရာဝန်ကြီးများ သုံးသပ်ချက်မှာ အသက်ရှင်နိုင်ရန် အလွန်မှပင် အခွင့်အရေးနည်းလှသော်လည်း ခွဲစိတ်ဆရာဝန်ကြီးများ၏ ကျွမ်းကျင်မှုကြောင့် အသက်ကို ကယ်နိုင်ကြောင်း သိရပါသည်။

ဆရာတော်ဘုရားကြီးမှ ဒီဇင်ဘာလ (၁၉) ရက်နေ့ နံနက် ဆရာတော်ဘုရားကြီး စံကျောင်းတော်တွင် "နေထိုင်ကောင်းသွားပါလိမ့်မယ်" ယင်းနေ့ နေ့လည် ဗောဂျင် (၇)ပါးတရားတော် ဟောကြားစဉ်က "ဆေးဆရာတွေ ကျကျနနကုပေး လိုက်ရင် ပျောက်သွားမှာပါ" ဟူသော မြွက်ကြားတော်မူပုံတို့သည် ကျွန်တော့်ဇနီးသည်၏ ရောဂါဘယ အသက်ဘေးအန္တရာယ်ကို ကြိုတင်မြင်သိရှိသည့် အလား ဖြစ်နေသည်ကို အံ့သြဖွယ်၊ ထူးခြားမှုအဖြစ် တွေးမိတိုင်း ကျွန်တော် ကျွန်တော့်ဇနီးနှင့် မိသားစုတို့မှာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ကရုဏာ မေတ္တာတော် ဗောဂျင် (၇)ပါး တရားတော် တန်ခိုးအာနိသင်တို့ကို ဆရာတော်ဘုရားကြီး၏ သက်တော် (၁၀၀) အချိန်အခါတွင် ရှိခိုးကန်တော့လျက် ပူဇော်အပ်ပါသည်။

ဦးဝင်းထိန် ပူဇော်သည်၊

မှတ်ချက်။ (၃၀-၁၂-၈၁ စနေနေ့ နေ့လည် ၁ နာရီက ဆေးခန်းတွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက နေမကောင်းနေသော ဒေါ်ခင်ခင်လှအား အကြောင်းပြု၍ ဟောကြားတော်မူသော ဗောဂျင် (၇)ပါး တရားတော်ကြီး အသံသွင်း တိပ်ခွေမှ ထုတ်နှုတ်ရေးသားပါသည်။)





အမှတ်တရမဟာစည်

မောင်ထက်ဟိန်း

တစ်နေ့က စာအုပ်တွေရှင်းတော့ စကက်ချ် (Sketch) ပုံကြမ်းရေးတဲ့ စာအုပ်လေးကို ပြန်တွေ့ရတယ်။ လျှောက်လွှာစာအုပ်ကို ဖြတ်ပြီး အဖေမှတ်စုရေးတဲ့ စာအုပ်လေးပါ။ စာအုပ်မျက်နှာဖုံးမှာ 'မောင်ချောတိုလီမိုလီ'လို့ အဖေရေးထားပါတယ်။ စကက်ချ် (Sketch) ရေးဖို့ကောင်းလို့ အဖေ့ဆီက ယူလာတဲ့ စာအုပ်လေးပါ။ ကျွန်တော်မန္တလေးပန်းချီကျောင်းဆင်းပြီး စက ရေးတဲ့ စကက်ချ်လေးတွေ ရွာမှာရေးဖြစ်တဲ့ ပုံလေးတွေ တောင်တွင်းကြီးမြို့ဝါးကြီးအိုင်ရွာကို မဟာစည် ဓမ္မကထိက ဦးဇင်းလေးတွေနဲ့ တရားဟောကြွရာ ကျောင်းသားအဖြစ်နဲ့ လိုက်ရစဉ်က ရေးဖြစ်ခဲ့တဲ့ပုံလေးတွေကို ပြန်တွေ့ရပါတယ်။ ဝါးကြီးအိုင်ဘုန်းကြီးကျောင်း စာတိုက်သေတ္တာကြီးမှာ ရေးထားတဲ့ မြန်မာရိုးရာလိုင်းနဲ့ ဘုရားလောင်း တောထွက်ခန်းပုံတွေ ကြိုက်လို့ ကူးခဲ့တာပါ။

နောက် စကက်ချ် (Sketch) တစ်ခုကတော့ စိတ်ဝင်စားစရာကောင်းတဲ့ပုံလေးပါ။ ကောင်းကင်ပြာပြာနဲ့ ပင်လယ်ပြာပြာဟာ ဟိုးအဝေး မျက်စိတစ်ဆုံးမှာ ထိစပ်နေကြပါတယ်၊ သဲသောင်ဖွေးဖွေးလွလွ၊

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

အစိမ်းရောင်ရင့်သစ်ပင်အုပ်တစ်ချို့ ကိုလည်း မြင်နေရပါတယ်။ တခြားပင်လယ်ကမ်းစပ်တွေလို အုန်းပင်တွေ မတွေ့ရပါဘူး။ ခပ်လှမ်းလှမ်းမှာတော့ မီးခိုးရောင်ဂျင်းအကျီဝတ်ထားပြီး ဆံပင်တိုတိုနဲ့ ကောင်မလေးတစ်ယောက် ပင်လယ်ပြင်ကြီးကို ငေးကြည့်နေပါတယ်။ သူ့ဟန်ကတစ်ခုခုကို ခံစားနေရသလိုပါပဲ။ ကျွန်တော့်အတွက် ပန်းချီကားတစ်ချပ်ဖြစ်တာမို့ စကက်ချ် (Sketch) လေး ရေးဆွဲမိပါတယ်။ ပုံရဲ့အောက်နားမှာ .. '၁၉၈၁ ခုနှစ်ရဲ့ နောက်ဆုံးနေ့ စက်စဲကမ်းခြေ' လို့ ရေးထားခဲ့ပါတယ်။ ဒီစကက်ချ် (Sketch) ပုံလေးကို မြင်တိုင်း ကျွန်တော့်ဘဝထဲက ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး နဲ့အတူ သွားခဲ့ဖူးတဲ့ ပန်းချီကားတစ်ခုက အရုပ်အထည်မရှိပါဘဲလျက် သတိရဖြစ်တဲ့ နေ့ရက်တွေဖြစ်ခဲ့ပါတယ်။

မှန်ပါတယ်၊ မဟာစည် နယ်လှည့် ဓမ္မကထိကအဖွဲ့နဲ့အတူ မော်လမြိုင်မြို့ ရောက်စဉ်က စက်စဲကို ရောက်ခဲ့ပါတယ်။သည်တုန်းက ရေးဆွဲဖြစ်ခဲ့တဲ့ ပုံလေးပါ။

× × × × ×

ဒီဇင်ဘာလရဲ့ တစ်ရက်မှာ ညောင်ကန်အေးဆရာတော်က အမိန့်ရှိပါတယ်။

"မော်လမြိုင်ကို တရားဟောကြွရမယ်" မောင်တင်ထွန်း လိုက်ခဲ့ပါ။ ရောက်ဖူးအောင်ပေါ့ .."

ညောင်ကန်အေးဆရာတော်ဟာ ကျွန်တော့် ကျေးဇူးရှင်ပါ။ ပန်းချီကျောင်းဆင်းပြီး ဆရာတော်ရဲ့ အရိပ်အောက်မှာ ခိုဝင်ကာ ရန်ကုန်စာနယ်ဇင်း အနုပညာလောကကို တိုးဝင်လှုပ်ရှားခဲ့ရပါတယ်။ ထိုစဉ်က ဆရာတော်ဟာ 'မဟာစည်ဆရာတော်ဘုရားကြီး' ရဲ့ ဩဝါဒကို ခံယူပြီး 'ညောင်ကန်အေးသာသနာ့ရိပ်သာ'ကိုစတင်ထူထောင်ဆဲကာလဖြစ်ပါတယ်။

မော်လမြိုင်ကို တကယ်တမ်းသွားရတော့ ကျွန်တော်တစ်ယောက်ထဲ ရထားနဲ့ သွားရပါတယ်။ ညောင်ကန်အေးဆရာတော်က မဟာစည်ဆရာတော်ဘုရားကြီးနဲ့အတူ နေ့ဆွမ်းစားပြီးမှ လေယာဉ်နဲ့ ကြွလာမှာပါ။

အဲဒီနေ့မနက် ၄-နာရီလောက်မှာ ဆရာတော်ရဲ့ညီ ကိုအောင်မြင့်က အင်းစိန်ကို လိုက်ပို့ပါတယ်။ မီးရထားဘောလုံးနည်းပြ ဦးမောင်ကို



ဆီကိုပါ ဦးမောင်ကိုနဲ့အတူ ရန်ကုန်ဘူတာကြီးသွား၊ လက်မှတ်ဝယ်ပြီး မော်လမြိုင်ရထားမှာ ထည့်ပေးလိုက်တာပါ။ ရှေ့တွဲတွေမှာ တောင်ကြီးတောစခန်းသာ မဟာစည်ရိပ်သာ ဆရာတော် ဦးစန္ဒာဝရနဲ့ ဓမ္မကထိကသံဃာတော်တွေလည်းပါတယ်လို့ သိရပါတယ်။

ရထားက ၆-နာရီမှာ ထွက်ပါတယ်။ ဝေလီဝေလင်းမို့ ပတ်ဝန်းကျင်ကို ကောင်းကောင်း မမြင်ရပေမယ့် မကြာခင်မှာပဲ ရောင်နီသန်းစပြုလာပါတယ်။ ရထားဟာ နှင်းတောကို ထိုးခွဲပြီး တဝေါဝေါ ခုတ်မောင်းနေပါတယ်။ လမ်းနံဘေးရှုခင်းတွေဟာ ကျွန်တော့်အဖို့ မရိုးနိုင်တဲ့ပန်းချီကားများပါပဲ။ အထက်တန်းစကားပြေထဲက နှင်းပုလဲဆိုတဲ့ ဘူတာလေးကိုလည်း ငြိမ်သက်စွာတွေ့လိုက်ရဲ့။ နေ့ ၁၂ နာရီလောက်မှာတော့ မုတ္တမကို ရောက်ပါတယ်။ သင်္ဘောနဲ့ကူးပြီး မော်လမြိုင်ကို သွားရပါတယ်။

အဆင်သင့်ကြိုနေတဲ့ကားနဲ့ တောင်ဝိုင်းကလေး မဟာစည်ရိပ်သာကို သွားရပါတယ်။အဲဒီမှာ အရင်ရောက်နှင့်နေတဲ့ ညောင်ကန်အေးဆရာတော်နှင့်အတူ စစ်ကိုင်းရွှေစေတီ ဆရာတော်ဘုရားကြီးနှင့် မဟာစည်ဆရာတော်ဘုရားကြီးတို့ကို ဖူးတွေ့ရပါတယ်။

ကျွန်တော်ရွာမှာနေတုန်းက မဟာစည်ဆရာတော်ဘုရားကြီးရဲ့ အသံတော်ကို ပထမဦးဆုံး ကြားနာ



ရဖူးပါတယ်။ ဆဋ္ဌသင်္ဂါယနာတင်စဉ်က သွင်းထားတဲ့ ဓာတ်ပြားမှာပါ။ ယခုအကြိမ်တော့ မထင်မှတ်ပဲ အနီးကပ် ဖူးမြင်ကြည်ညိုခွင့်ရတော့ ကြည်နူးပီတိဖြစ်ရပါတယ်။

တောင်ဝိုင်းကလေးမဟာစည်ရိပ်သာဟာ သစ်ပင်ဝါးပင်များနဲ့ စိမ်းစိမ်းစိုစိုရှိနေပါတယ်။ ကြီးကျယ်ခမ်းနားတဲ့ ဓမ္မာရုံနှင့်တစ်ထပ်ကျောင်းဆောင်လေးများ၊ နှစ်ထပ်ကျောင်းဆောင်များ ရှိပါတယ်။ စိမ့်နေ အောင်လည်း အေးပါတယ်။ တရားအားထုတ်ဖို့ နေရာကောင်းတစ်ခုပါ။ ဆရာတော်ကြီး ပူဇော်ပွဲက မြို့ထဲက ခေမာစာရကျောင်းတိုက်မှာ ကျင်းပပါတယ်။ မော်လမြိုင်မြို့ရဲ့ မဟာစည်ပရိသတ်ဟာ လွန်စွာများပြားလှပါတယ်။

သထုံမြို့မှာလဲ ပူဇော်ပွဲ၊ တရားပွဲကျင်းပပါတယ်။ သထုံသွားတဲ့နေ့က မော်လမြိုင်က နေ့ ၁၂ နာရီလောက်မှာ ထွက်ပါတယ်။ မဟာစည်ဆရာတော်ဘုရားကြီး၊ ရွှေစေတီဆရာတော်ဘုရားကြီး၊ ဆရာတော်ဦးရေဝတနဲ့ ညောင်ကန်အေးဆရာတော်တို့ ပါပါတယ်။ မုတ္တမဘက်ဖြတ်ကူးတဲ့ စက်လှေနာမည်ကတိုက်တိုက်ဆိုင်ဆိုင် 'မဟာစည်သူ' တဲ့။ မုတ္တမဘက်ကမ်းမှာ ကားတွေက အဆင်သင့်ကြိုနေကြပါတယ်။ လမ်းတစ်လျှောက်ရွာလေးတွေက ဆက်နေတာပါပဲ။ သန့်ရှင်းသပ်ရပ်တဲ့ ဇင်းကျိုက်ကိုလည်း တွေ့ရပါတယ်။

သာသနာ့အလံတွေ တလွင့်လွင့်နဲ့ ကားတန်းကြီးဟာ သထုံမြို့အဝင်လူထုရဲ့ ကြိုဆိုတဲ့ ဓမ္မဂီတသံကို ဖြတ်သန်းသွားတော့ ကျွန်တော့်ရင်မှာ ကြည်နူးမှုပီတိကို ပွေ့ဖက်ခံစားရပါတယ်။ နေ့ ၂ နာရီမှာ သထုံရောက်ပါတယ်။ အဲဒီညနေမှာ မြသပိတ်တောင်ကိုတက်ပြီး ဘုရားဖူးခဲ့ပါသေးတယ်။ မြို့ခိုးတွေ ဝေနေလို့ ပတ်ဝန်းကျင် ရှုခင်းတွေကို ကောင်းကောင်း မမြင်ရပါဘူး။ ဒီနေရာဟာ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် ကြွရောက်ခဲ့ဖူးတဲ့ အရပ်ဒေသလို့ သိရပါတယ်။

အဲဒီညက ရွှေစာရံဘုရားမှာ ညောင်ကန်အေးဆရာတော်က ရှေ့ထွက် တရားဟောပါတယ်။ နောက်မှ မဟာစည်ဆရာတော်ဘုရားကြီး ဟောပါတယ်။ နောက်နေ့မှာ မော်လမြိုင်ကို ပြန်ခဲ့ကြပါတယ်။

× × × × ×

"ဒီည ကျိုက်မရောမှာ ဆရာတော်ဦးသံဝရတရားပွဲရှိတယ်။ မင်းလိုက်သွားလေ"

ညောင်ကန်အေးဆရာတော်က အမိန့်ရှိတာမို့ ကားလာကြိုတာနဲ့ ဆရာတော်ဦးသံဝရ၊ ဦးဓမ္မာနန္ဒ၊ ဦးသိန်းဟံတို့နဲ့အတူ လိုက်ခဲ့ပါတယ်။ မော်လမြိုင်ကနေ ၁၅ မိုင်လောက်ဝေးပါတယ်။ လှပညီညာ ပျော့ပျောင်းတဲ့မျဉ်းများနဲ့ ဖွဲ့စည်းတားတဲ့ထန်းပင်တန်းကို ကားလမ်းဝဲယာမှာ တွေ့ရပါတယ်။ ဒီထန်းပင်တန်းလှလှပုံကို ကျွန်တော်တို့ငယ်ငယ်က စာရေးစက္ကူမျက်နှာဖုံးမှာ တွေ့ဖူးပါတယ်။ ညနေစောင်းမှာ တရားဟောမယ့်ကျောင်းကို ရောက်ပါတယ်။ ခဏကြာတော့ ဦးမောင်ကြည်အိမ်က ထမင်းစားလာခေါ်လို့ လိုက်ခဲ့ရပြန်ပါတယ်။

ထမင်းစားပြီး ဦးမောင်ကြည်သား လိုက်ပို့လို့ မြို့ထဲနဲ့ အတ္ထရံမြစ်ကမ်းကို ရောက်ဖြစ်ပါတယ်။ မြစ်က သိပ်မကျယ်လှပါဘူး။ ညအမှောင်အောက်မှာ ဝိုးတဝါးငြိမ်သက်စွာ စီးဆင်းနေတဲ့ မြစ်ဟာ နေ့ခင်းဘက်မှာတော့ အတော်ကြည့်ကောင်းမယ့် ရေဆေးပန်းချီကားချပ်တစ်ခုဖြစ်မှာပါ။ ခြေချထိုင်တော်မူတဲ့ ကျိုက်မရောဘုရားကြီးကိုလည်း ဖူးရပါတယ်။

ဒီညမှာ ဆရာတော်ဦးသံဝရက ဝိပဿနာတရားဟောကြားတာကို နာကြားရပါတယ်။ နောက်နေ့မနက်မှာ မော်လမြိုင်ကို ပြန်ခဲ့ကြပါတယ်။

အဲဒီနောက်နေ့မှာတော့ မဟာစည်ဓမ္မကထိက ဆရာတော်ဦးစန္ဒာဝရ၊ ဦးကောသလ္လတို့နဲ့အတူ မုဒုံကိုဖြတ်ပြီး သံဖြူဇရပ်ကို သွားရပါတယ်။ ကားလမ်းဟာ အတော်ကောင်းတဲ့လမ်းပါ။ သံဖြူဇရပ်မှာ ဆရာတော် ဦးကောသလ္လတရားဟောပါတယ်။ နောက်နေ့မှာ ကျိုက္ခမီကို ရောက်ပါတယ်။

ကျိုက္ခမီရေလယ်ဘုရားကြီး



ဟာ တင့်တယ်သပ္ပါယ်လှပါတယ်။

ဘုရားဆီအသွားစောင်းတန်းပေါ် ဖြတ်လျှောက်တော့ ကြမ်းရှရှပင်လယ်လေက တိုးဝှေ့လာပါတယ်။ ရင်ပြင်တော်ကနေ အမျိုးသမီးတွေ ဝင်ရောက်မဖူးရလို့ ဘုရားအောက်ဖက်က ဖူးနေကြတဲ့ အမျိုးသမီးကြီးငယ်တွေကို တွေ့ရပါတယ်။ အုတ်တံတိုင်းကနေ အဝေးကိုကြည့်မိတော့ ကောင်းကင်နှင့်ရေပြင်ဟာ မျဉ်းတစ်ကြောင်းသာထိုပြီး ပျောက်နေသလိုပါပဲ။

ကျိုက္ခမီကအပြန် စက်စဲကို ဆက်သွားပါတယ်။ စက်စဲကမ်းခြေသဲသောင်ပြင်မှာ ကျွန်တော်တို့ အရင်ရောက်နေတဲ့ ကောင်မလေး တစ်ယောက်ကိုတွေ့ရတော့ '၁၉၈၁ ခုနှစ်ရဲ့ နောက်ဆုံးနေ့ စက်စဲကမ်းခြေ'စကက်ချ် (Sketch) ပုံကြမ်းလေး ရေးခဲ့မိတာပါ။

× × × × ×

ဒီခရီးမှာ မဟာစည်ဆရာတော်ဘုရားကြီးနဲ့ပတ်သက်ပြီး အမှတ်ထင်ထင် ဖြစ်ရပ်လေးတစ်ခု ရှိခဲ့ပါတယ်။

မော်လမြိုင်ကနေ မဝေးလှတဲ့ ရွာလေးတစ်ရွာမှာပါ။ သာယာကုန်းလို့ထင်မိပါတယ်။ ကျွန်တော်တို့ အညာရွာလေးနဲ့တူပါတယ်။ အဲဒီရွာ ရိပ်သာမှာ မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တိုင်ကြွလာပါတယ်။ ညောင်ကန်အေးဆရာတော်လည်း ပါပါတယ်။ ညောင်ကန်အေးဆရာတော်က ညတရားပွဲဟောမှာပါ။

မဟာစည်ဆရာတော်ဘုရားကြီးက နေ့ခင်းတရားပွဲပါ။ တရားပွဲပြီးတော့ ညနေ (၃)နာရီလောက်ရှိပါပြီ။ ဆရာတော်ဘုရားကြီး တရားပလ္လင်က ဆင်းပြီး စကြံလမ်းအတိုင်းကြွလာပါတယ်။ ဂေါပကလူကြီးတွေက ဘေးနဲ့ နောက်မှာပါလာပါတယ်။ အဲဒီအချိန်မှာ မိန်းမတစ်ယောက်ဟာ ပွေ့ချီထားတဲ့ သူ့ကလေးကို စကြံလမ်းပေါ် ချလိုက်ပါတယ်။ သူဟာ အစောကြီးထဲက ကြံစည်ထားဟန်တူပါတယ်။ ဂဏ္ဍာမငြိမ်ဖြစ်နေတဲ့ သူ့ကို အရင်ထဲက ကျွန်တော်လှမ်း မြင်နေရလို့ပါ။ သူ့အသက်က ၃၀ ကျော်လောက်၊ ကလေးကတော့ ၇ လ၊ ၈-လလောက်ရှိမှာပါ။

"တပည့်တော်မ သားလေး အပေါ်မှ ကျော်သွားပါဘုရား... ကျော်သွားပါဘုရား"

သူ့နှုတ်ကလည်း တရစပ် ပြောနေပါတယ်။ အားလုံးက ကြောင်ငေးနေကြပါတယ်။ ကလေးကမငိုပါဘူး၊ ယက်ကန်ယက်ကန် ဖြစ်နေပါတယ်။

ဆရာတော်ကြီးရဲ့ တစ်စုံတစ်ခု ပြောသံကို ကြားလိုက်ရပေမယ့် ကျွန်တော်နဲ့က ဝေးနေလို့ သဲသဲကွဲကွဲ မကြားလိုက်ရပါဘူး။ နောက်တော့ ဂေါပကလူကြီးတွေက အဲဒီလိုမလုပ်ဖို့ ကလေးကိုပြန်ယူဖို့ ပြောကြပါတယ်။ ဒါနဲ့ အဲဒီမိန်းမလည်း သူ့ကလေးကို ပြန်ပြီးပွေ့ယူသွားပါတယ်။ ဆရာတော်ကြီးလည်း စကြံအတိုင်း ဆက်ကြွသွားပါတယ်။

"ဆရာတော်ဘုရားကြီးက ကလေးကိုမကျော်ဘူး၊ လူတွေမှာသူ့ကံအလျောက်ဖြစ်လာကြတာ... အဲဒီလိုမလုပ်ကောင်းပါဘူးလို့ ပြောသွားတယ်"

ဘေးကလူကြီးတွေပြောလို့ ပြန်ကြားရတာပါ။

ဒီအချိန် ကျွန်တော့်ရင်ထဲမှာ အေးကနဲ ခံစားလိုက်ရပါတယ်။ အလင်းတန်းတစ်ခု လင်းလက်တောက်ပသွားသလိုပါပဲ။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နဲ့ ကြီးမြတ်တဲ့ မဟာစည်ဆရာတော်ဘုရားကြီးရဲ့အကြောင်းကို တွေးမိတိုင်း ဒီပုံရိပ်လေးတွေဟာ ကျွန်တော့်အဖို့ အမှတ်ထင်ထင်ဖြစ်ရဆဲ၊ ခံစားရဆဲဖြစ်ပါတယ်။

× × × × ×

ရန်ကုန်အပြန်မှာတော့ မဟာစည်ဆရာတော်ဘုရားကြီးနဲ့အတူ ဓမ္မကထိကတစ်ဖွဲ့လုံး ရထားနဲ့ပဲ ပြန်ခဲ့ရပါတယ်။ လေယာဉ်နဲ့ပြန်ဖို့ စီစဉ်ထားပေမယ့် ရာသီဥတုမကောင်းလို့ မော်လမြိုင်လေယာဉ်ကွင်းကို ဆင်းမရလို့တဲ့။ တကယ်တော့ ဒီခရီးဟာ ညောင်ကန်အေးဆရာတော်ရဲ့ ကျေးဇူးနဲ့ မဟာစည်ဆရာတော်ဘုရားကြီးကို အနီးကပ်ဖူးမြင်တွေ့ကြုံခဲ့ရတဲ့ ကျွန်တော်ရဲ့ တစ်ခုတည်းသော အမှတ်တရခရီးစဉ်ပဲ ဖြစ်ပါတယ်။ ။

မောင်ထက်ဟိန်း



ကျေးဇူးတော်ရှင်နှင့်ကျေးဇူးတင်ပါသည်

ကျော်နန္ဒအောင်ဟူဇော်သည်။



နေသူများသည် ရန်ကုန်မြို့တွင် နေထိုင်သူများလောက် ဗဟုသုတ မကြွယ်ဝနိုင်၊ မသိနိုင်ဟု ခံယူထားမိ ချိန်ဖြစ်သည်။ ဘကြီးက ဆက်၍ “ရွှေ့လထဲကျရင် တို့မြို့မှာ မဟာစည်ဆရာတော်ကြီး တရားပွဲရှိတယ်၊ မင်း ဗဟုသုတရအောင် တစ်ခေါက်လောက် ပြန်လာပြီး တရားနာလှည့်ဦးပေါ့ကွာ” ဟု ထပ်ပြောပြန်ပါသည်။ ထိုသို့ ထပ်၍ ပြောမှပို၍ မခံချင်ဖြစ်သွားခဲ့ပါသည်။ တောနယ်တွင်နေသည့် ဘကြီးက ရန်ကုန်တွင် နေထိုင်သူကို နှိပ်ကွပ်လိုက်သည်ဟုပဲ စိတ်ထဲကခံပြင်းနေမိတော့သည်။ မခံချင်သည်ကလွဲ၍ ကျွန်တော် ဘာမှပြန်မပြောနိုင်တော့ပါ။

မခံချင်က တရားပြသည်။

၁၉၇၉ ခုနှစ်၊ သင်္ကြန်တွင် ကျွန်တော်သည် ဇာတိမွေးရပ်မြေဖြစ်သည့် ဧရာဝတီတိုင်းအတွင်းရှိ မြို့ကလေးတစ်မြို့သို့ သွားရောက်လည်ပတ်ခဲ့သည်။ လူကြီးများကို လိုက်လံဂါရဝပြုရင်းဖြင့် ဘကြီးဖြစ်သူ ဦးစံတင်၏ အိမ်သို့ ရောက်သွားသည်။ ကန်တော့အပြီး ထွေရာလေးပါးစကားပြောဖြစ်ကြသည်။ ကျွန်တော် ပြန်ခါနီးတွင် ဘကြီးက ကောက်ခါငင်ခါဖြင့် “မင်း . . မဟာစည်ဆရာတော်ကြီးကို သိသလား” ဟု မေးသည်။ ကျွန်တော်က မသိကြောင်း၊ သေသေချာချာ မကြားဘူးသေးကြောင်း ပြောသည်။ ထိုအခါ ဘကြီးက “မင်း . . တော် တော်ညံ့တဲ့ကောင်ပဲကွ၊ ရန်ကုန်မြို့ကြီးမှာနေပြီး မဟာစည်ဆရာတော်ကြီးကိုတောင် မသိဘူးလား၊ ဗဟန်းမြို့နယ်ထဲက ဟာမစ်တစ်မှာလေကွာ၊ မဟာစည်သာသနာ့ရိပ်သာဆိုတာရှိတယ်။ ဒါလေးတောင် မကြားဖူးဘူးလား၊ ဗဟုသုတနည်းလှချည်လား” ဟု အပြစ်တင်စကား ပြောပါသည်။

အမှန်အတိုင်း ဝန်ခံရပါမူ ထို အချိန်တွင် ကျွန်တော်သည် တရားလည်း အားမထုတ်ဖူး၊ လူငယ်လည်း ဖြစ်နေသဖြင့် မခံချင်စိတ်က အလွန်ကြီးထွားနေပါသည်။ “ဘကြီးကလည်း ရန်ကုန်မှာနေတာနဲ့ မဟာစည်ဆရာတော်ကြီးကို မသိတာနဲ့ ဘာဆိုင်လို့လဲ” ခပ်ဆတ်ဆတ် ပြန်ပြောလိုက်မိပါသည်။ ထို့အပြင် ထိုအချိန်က လူငယ်ပီပီ ကျွန်တော့်ခံယူချက်မှာ တောနယ်တွင် မီးမရှိ၊ ရေပေါက်ရောက်မှုနည်း၊ ကားလမ်းမကောင်း၊ ဆေးရုံဆေးခန်းမရှိ၊ ဆေးဝါးမရှိ၊ ဆရာဝန်မရှိ၊ ဆိုတော့ ဗဟုသုတကလည်း ရန်ကုန်ထက် ဘယ်လိုမှ မမြင့်နိုင်ဟု ယူဆထားမိသည်။

မဟာစည်ဆိုတာနဲ့

ဤသို့ဖြင့် ရန်ကုန်မြို့သို့ ကျွန်တော်ပြန်လာခဲ့သည်။ မြစ်ဝကျွန်းပေါ်မြို့လေးများနှင့် ရန်ကုန်မြို့ကြီးသည် ယခုလို မော်တော်ကားလမ်းများ မပေါက်သေး၊ ဧရာဝတီသင်္ဘောများနှင့် ပုဂ္ဂလိကသင်္ဘောများကိုသာ အားကိုး၍ ခရီးသွားလာနေရသောအချိန်ဖြစ်သည်။ ဤသို့ဖြင့် ကျွန်တော်သည် နှစ်ထပ်



သင်္ဘောကို စီးကာ ရန်ကုန်သို့ ပြန်ခဲ့ပါသည်။ သင်္ဘောက ညနေ ၄-နာရီထွက်သည်။ ညစာကို သင်္ဘော၏ အပေါ်ထပ်ရှိ ပဲ့ပိုင်းတွင် ဆိုင်ဖွင့်ထားသည့် ထမင်းဆိုင်တွင် ဝယ်စားကြရသည်က များသည်။ ကျွန်တော်လည်း အများနည်းတူပင် သင်္ဘောပေါ်က ထမင်းဆိုင်တွင် ဝယ်၍စားဖြစ်သည်။ ထမင်းစားပြီး ရေနွေးကြမ်းသောက်ရင်း ဆိုင်ရှင်ထိုင်နေသည့် ကောင်တာ၏ ကျောဘက်ကို လှမ်းကြည့်လိုက်မိသည်။ ဆရာတော်ကြီးတစ်ပါး၏ ဓာတ်ပုံကို တွေ့လိုက်မိသည်။ အရပ်အမောင်းကောင်းကောင်း၊ ဥပဓိရုပ်ရည်ခံညား၊ ခြေဆံလက်ဆံကလည်း တောင့်တင်းရှည်မျော၊ နားရွက်တော်ကလည်း ခပ်ကားကား၊ သင်္ကန်းရုံထားပုံကလည်း ပီပီရိရိ ပုံတော်ကို ကျွန်တော်စိတ်ဝင်စားမိသည်။ ရေနွေးသောက်ရာမှ အသာအယာထရပ်ပြီး ဓာတ်ပုံရှိရာဆီသို့ ခြေလှမ်းမိသည်။ ထို့နောက် ပုံတော်ကို အနီးကပ် သွားရောက်ကြည့်ရှုမိသည်။ ပုံတော်၏ အောက်ခြေမှစာကိုလည်း ဖတ်ကြည့်လိုက်မိသည်။

ဆဋ္ဌသင်္ဂီတိပုဋ္ဌက၊ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီးပုံတော်၊ မဟာစည်သာသနာ့ရိပ်သာ၊ ဟာမစ်တစ်၊ ကုက္ကိုင်း၊ ရန်ကုန်မြို့ဟူ၍ ဖြစ်သည်။ တိုက်ပဲတိုက်ဆိုင်နိုင်လွန်းသည်။ နေ့လည်ဘက် ဘကြီးကို သွားရောက်နှုတ်ဆက်စဉ်က မဟာစည် ဆရာတော်ကြီးဟူသည့် အသံကို ကြားခဲ့ရသည်။ အခု ညစာစားပြီးချိန်တွင် ဆရာတော်ကြီး၏ ပုံတော်ကို ဖူးမြော်ခွင့်ရနေပြီ။ ဘကြီးပြောတုန်းက မဟာစည်ဆရာတော်ကြီးသည် ဖြူသလား၊ မဲသလား၊ ပုသလား၊ ရှည်သလား ဘယ်လိုဘုန်းကြီး ဆိုတာကို မသိရသေး၊ ယခုတော့ ပုံတော်ကို တွေ့ပြီး ကွဲကွဲပြားပြား သိနေရပြီ။ တိုက်ဆိုင်တာပဲလား၊ ကုသိုလ်ထူး၍လား၊ ရေစက်ပါ၍လားဆိုတာကို ကျွန်တော် မခန့်မှန်းတတ်တော့၊ စာဖတ်ကြည့်၍ မဟာစည်ဆိုသည့် နေရာရောက်သည်နှင့် ခေါင်းထဲတွင် 'ဒိန်း'ကနဲ ဖြစ်သွားသည်ကတော့ အမှန်ပင်၊ ကြက်သီးများပင် ထသွားခဲ့သည်။ မဟာစည်ဆိုသည့် တက်သံများသာပါသည့်စကားလုံးကိုလည်း သဘောကျနှစ်ခြိုက်နေမိတော့သည်။

ကျွန်တော်သည် မတ်တပ်ရပ်လျက်ပင် ပုံတော်ကို တစိမ့်စိမ့်ကြည့်ရင်း ကြည်ညိုနေမိသည်။ ပုံတော်ကို လက်အုပ်ကလည်း ချီလျက်သား ဖူးမြော်ပြီး ဖြစ်နေသည်။ ချော် . . မဟာစည် . . မဟာစည် ကောင်းလိုက်တဲ့ စကားလုံးဟူ၍ ပီတိများပင် ဖြစ်နေမိသေးသည်။ ဆိုင်ရှင်အဒေါ်ကြီးက ရပ်ပြီး လက်အုပ်ချီနေသည့် ကျွန်တော့်ကို တစ်လှည့်၊ ပုံတော်ကို တစ်လှည့် ကြည့်နေသည်။ "အဒေါ် . . ဒီ





ပုံတော်ကို ဘယ်မှာများ ရနိုင်မလဲ” ဟု ကျွန်တော်မေးလိုက်သောအခါ ဆိုင်ရှင်အဒေါ်ကြီးက “အဲဒါ .. ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး ပုံတော်လေ၊ အန်တီက ဆရာတော်ကြီးရဲ့ ကမ္မဋ္ဌာန်းနည်းနဲ့ အားထုတ်ဖူးတယ်၊ ဟာမစ်တစ်က သာသနာ့ရိပ်သာမှာ ရောင်းပါတယ်၊ အဲဒီက ပူဇော်လာတာ၊ ငါတို့ စိတ်ဝင်စားရင် အဲဒီမှာ နုဂ္ဂဟအဖွဲ့ဆိုတာရှိတယ်၊ သွားပြီးပူဇော်ရင် ရပါတယ်” ဟု အဖြေပေးရှာပါသည်။ ကျွန်တော့်စိတ်ထဲတွင် မဟာစည်ဆိုသော စကားရပ်သည် ခေါင်းထဲတွင် စွဲထင်နေခဲ့ပါသည်။

ထိုက်ရင်တော့ ဖူးရမှာပါ

ရန်ကုန်သို့ ပြန်ရောက်သော အခါတွင် ဟာမစ်တစ် မဟာစည် ရိပ်သာကြီးသို့ သွားရောက်ခဲ့သည်။ တရားအားထုတ်ရန်တော့ မဟုတ်၊ သွားရောက်စုံစမ်းခြင်းသာ ဖြစ်သည်။ စုံစမ်းသည်ဆိုသော်လည်း ထဲထဲဝင်ဝင် မဟုတ်၊ အပေါ်ယံရှုပ်၍ ခေတ္တမျှ ကိုယ့်သဘောနှင့်ကိုယ် ရိပ်သာကြီးကို သွား၍ ကြည့်ခြင်းမျှသာဖြစ်သည်။ နိုင်ငံတကာက လူမျိုးခြားယောဂီများလည်း လာရောက်အားထုတ်ကြသည်။ ပြည်တွင်းမှလည်း ယောဂီပေါင်းများစွာ ဝင်ထွက်မစဲသည်တို့ကို သိခဲ့ရသည်။ ကားကြီးကားငယ်၊ ခြေလျင်စသည်ဖြင့် နေ့စဉ်ဝင်ထွက်များလှသည်။ ရန်ကုန်မှာနေပြီး ဒီလို ရိပ်သာမျိုး ရှိပါလားဆိုသည်ကို မသိခဲ့။ ဘကြီး၏ ပြောစကားအရ မခံချင်၍သာ ရိပ်သာကြီးကို လေ့လာခဲ့ခြင်းဖြစ်သည်။ အားထုတ်ဖို့ဆိုတာလည်း တစ်ကြိမ်မှ အားမထုတ်ဖူးသဖြင့် မဝံ့မရဲရှိနေသည်။ ရိပ်သာကြီး၏ အရှိန်အဝါကလည်း ကြီးမားသည်။ ကိုယ့်အသိလည်း တစ်ယောက်တစ်လေမျှမရှိ၊ ထို့ကြောင့် အသာအယာပင် ပြန်၍ တပ်ခေါက်ခဲ့တော့သည်။ သို့သော် စိတ်ထဲတွင်မတော့ ဆုံးဖြတ်ချက် ချထားလိုက်သည်။ ငါနှင့် ထိုက်ခဲ့ရင်တော့ ဆရာတော်ကြီးကို တစ်နေ့နေ့တွင် ဖူးမြော်ရမည်။ တရားအား ထုတ်ခွင့်ရမည်။ ငါနေထိုင်ရာဝန်းကျင်မှာ အကြောင်းသင့်လို့ ဆရာတော်ကြီးသာ လာရောက်တရားဟောလျှင် သွား၍ တရားနာဖြစ် အောင်နာယူမည်။ ထိုက်ရင်တော့ ဆုံရမှာပေါ့လေဟုသာ စိတ်ကိုဖြေခဲ့မိသည်။



အမွှေစာတ်ကလည်း လာတတ်သေးသည်

ကျွန်တော်နေထိုင်သည်မှာ ကမာရွတ်မြို့နယ် ကျဲကုန်းလမ်း ထိပ်ဖြစ်သည်။ ရန်ကုန် အင်းစိန်လမ်းမကြီးပေါ်မှာဖြစ်သည်။ မှတ်တိုင်မှာ ဆင်ရေတွင်းမှတ်တိုင်ဖြစ်သည်။ ကျဲကုန်းလမ်းထဲတွင် အောင်မြေသာစည်ဘုရားနှင့် အောင်မြေသာစည်ကျောင်းတိုက်ရှိသည်။ နှစ်စဉ်ဘုရားပွဲတော်ကျင်းပလေ့ရှိသည်။ ဘုရားပွဲတော် မကျင်းပမီကြိုတင်၍ ဓမ္မပူဇာအဖြစ် တရားပွဲများ ကျင်းပသည်။ နာမည်ကျော် ဓမ္မကထိက ဆရာတော်ကြီးများကို ပင့်ဖိတ်၍ တရားပွဲကျင်းပခြင်းဖြစ်သည်။ ကျွန်တော်၏အလုပ်သည် ဗိုလ်တထောင်မြို့နယ်မှာ ဖြစ်သည်။ ပုံနှိပ်တိုက်တွင် တာဝန်ခံမန်နေဂျာ လုပ်နေချိန်ဖြစ်သည်။ တနင်္ဂနွေမှအပ နေ့စဉ်ကမာရွတ်မှနေ၍ ဗိုလ်တထောင်မြို့ နယ် ပုံနှိပ်တိုက်ရှိရာသို့ အလုပ်ဆင်းရမြဲဖြစ်သည်။

ထိုနေ့အလုပ်ဆင်းကာနီးတွင် ဘုရားလူကြီးတစ်ဦးက ပိတ်စဆိုင်းဘုတ်တစ်ခုလမ်းထိပ်တွင် ချိတ်ဆွဲလိုကြောင်း၊ ကျွန်တော်တို့ အိမ်ဝရံတာနှင့် တစ်ဖက်လမ်းမှ ဝရံတာတို့တွင် တရားပွဲဆိုင်းဘုတ်ကို ချိတ်ဆွဲပေးပါရန် အကူအညီတောင်းခံလာသည်။ လွယ်လွယ်ကူကူပင် ပိတ်စဆိုင်းဘုတ်ကို ချိတ်ဆွဲပေးလိုက်သည်။ အလုပ်သွားရန် ဘတ်စ်ကားစောင့်နေစဉ်အတွင်း ကိုယ့်အိမ်မှာ



လာပြီးချိတ်တဲ့ တရားပွဲဆိုင်းဘုတ်ကို ဖတ်ကြည့်လိုက်မိသည်။ 'ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ တရားပွဲ' ဟူသည်ကို တွေ့လိုက်ရသဖြင့် ဒုတိယအကြိမ်မြောက်ကြက်သီးမွေးညင်းထကာ ပီတိတွေ ဖြစ်သွားသည်။ တရားပွဲက ည ၇ နာရီအချိန် စမည်ဆိုတော့ ကျွန်တော်အလုပ်က စောစောပြန်လာရမည်။ ဆရာတော်ကြီး၏ တရားပွဲကို နာဖြစ်အောင်နာယူမည်ဟုစိတ်ကို ဆုံးဖြတ်ချက်ချလိုက်သည်။ ထိုနေ့အဖို့ ကျွန်တော် အလွန်ပျော်သွားခဲ့ပါသည်။

ထိုနေ့ အလုပ်ကပြန်ခါနီးတွင် အမွှေစာတ်က ပေါ်လာသည်။ ဆရာဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးတွင်တရားအလုပ်လုပ်ခါနီး အဖျက်ခံတ်ဝင်လာသည်ကို ဆရာက အမွှေစာတ်ဟု သုံးသည်။ ကျွန်တော့်တွင်လည်း တရားပွဲကို အမီကြဲတောင့်ကြဲခဲပြန်ပါမည်ဆိုကာမှ အမွှေစာတ်က ရောက်လာသည်။ အမွှေစာတ်က ပေါ့သေးသေးမလာ၊ ယုံကြည်လောက်အောင်လာသည်။ အလုပ်ပိတ်ကာနီးတွင်မှ မဟာစည်ရိပ်သာကြီးဘေးတွင်နေသည့် ကုန်သွယ်ရေးမှ အရာရှိမိတ်ဆွေကြီး ရောက်လာခြင်းပင်၊ သူကယနေ့ည အလုပ်နမူနာကို လူကြီးများအား အပြီးပြရမည်ဖြစ်သဖြင့် ကူညီပါရန်ပြောသည်။ လုပ်အားခကိုလည်း နှစ်ဆပေးပါမည်ဟု ဆိုသည်။ ကျွန်တော်က တရားနာဖို့ ရှိသည်။ ယနေ့ စောစောပြန်မည်၊ မလုပ်နိုင်ပါဟု ပြောသော်လည်း မရ၊ အတင်းပူဆာနေတော့သည်။ ကျွန်တော် အလုပ်တိုက်ပိတ်၍ ဘတ်စ်ကားမှတ်တိုင်ရှိရာသို့ ဇွတ်ထွက်လာခဲ့သည်။ ဒါတောင်သူက မှတ်တိုင် အထိလိုက်လာသည်။ ဘယ်ဆရာတော်ရဲ့ တရားပွဲလဲဟု မေးသည်။ မဟာစည်ဆရာတော်ကြီးရဲ့ တရားပွဲဆိုသောအခါသူကပြုံးသည်။ ကျွန်တော်ရိပ်သာကြီးဘေးမှာနေတာပါ။ ဆရာတော်ကြီးက ဉာဏ်စဉ်တွေပဲဟောတာ၊ ခင်ဗျား နားလည် မှာမဟုတ်ပါဘူး၊ တရားနာမနေပါနဲ့ဗျာဟု ဖျက်သည်။ မြန်မာဘုန်းကြီး တစ်ပါးဟောတာပဲဗျာ၊ မြန်မာတစ်ယောက်အနေနဲ့ ထိုက်သလောက်တော့ နားလည်မှာပါဟု ပြောပြီး ထိုးဆိုက်လာသည့် ကားပေါ်သို့ ကျွန်တော် ဇွတ်ထွက်ခဲ့ရသည်။ အမွှေစာတ်ကား ဤသို့ပါပေ။

ရှစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင်တဲ့

တရားနာယူခြင်းကို ဖျက်ဆီးမည့် အမွှေစာတ်ကို ကျော်လွှားပြီး နောက် ည ၆နာရီကျော်ကျော်လောက်တွင် တရားပွဲကျင်းပမည့် အောင်မြေသာစည်ကျောင်းဝင်း တရားမဏ္ဍပ်ဆီသို့ ထွက်ခဲ့သည်။ ဂေါပကအဖွဲ့ဝင်များက ယနေ့ည ရန်ကုန်မြို့ မဟာစည်ဆရာတော်ကြီး သတိပဋ္ဌာန်တရား ဟောကြားမည်ဖြစ်ကြောင်း ကြေငြာကြသည်။ ကျွန်တော်သည် မဏ္ဍပ်အတွင်းသို့ မဝင်သေးဘဲ ဂေါပကများ တရားပွဲကြေငြာသော အလှူခံရာဘေးတွင် သွားရောက်ရပ်နေလိုက်သည်။ ဆရာတော်ကြီး ကွယ်လာမည့်လမ်းကို လူကိုယ်တိုင် အနီးကပ်ဖူးမြော်လိုက်ဖြစ်သည်။ ထိုအချိန်တွင် တရားဟော ဓမ္မကထိကကြာနီကန်ဆရာတော် အရှိန်အဟုန်ကောင်းနေသောကာလဖြစ်သည်။ ကြာနီကန်ဆရာတော်၏ တရားပွဲများကို ကျွန်တော် အတော်များများ နာယူဖူးသည်။ အချို့တရားတော်များကိုအလွတ်ပင်ရနေသည်။

တရားပွဲသို့ ကြာနီကန်ဆရာတော်ကြွလာလျှင် မာစီဒီးကားအနက်ကြီးနှင့် ကြွသည်။ ရှေ့ဝင်းနောက်ဝင်း ပါသေးသည်။ ရှေ့ဘက်တွင် မီးသတ်များ ကြက်ခြေနီများကဆိုင်ကယ်စီးလျက် ခရာကို မှုတ်၍ လမ်းရှင်းသည်။ ကား၏နောက်တွင်လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ တရားပွဲသို့ ကြွလာပုံမှာ လွန်စွာခမ်းနားလှသည်။ ထိုစဉ်က ကျွန်တော်သည် လူငယ်ပီပီ ကမ္ဘာကျော် မဟာစည်ဆရာတော်ကြီး ကြွလာလျှင် ထို့ထက်ပို၍ ခမ်းနားကြီးကျယ်ပေလိမ့်မည်ဟု မျှော်လင့်ထားသည်။ သာသနာ့အလံ တဝင့်ဝင့်နှင့် ရှေ့ကဆိုင်ကယ်တန်းကြီး၊ကားအကောင်းစားကြီးကိုသာ မြင်ယောင်နေမိသည်။ ရှေ့ပြေးကားကိုလည်း မျှော်၍ကြည့်နေမိသည်။ မကြာမီ ဖီး



ယက်ကားအပြာလေးတစ်စီး ထိုးဆိုက်လာသည်။ ဆရာတော်ကြီး၏ ရှေ့ပြေးကားဖြစ်မည်ဟု ထင်သည်။ ကားတံခါးဖွင့်၍ ဆရာတော်ကြီးတစ်ပါး ဆင်းလာသည်။ ဖိနပ်ကလည်းသာမန်၊ သင်္ကန်းကလည်း ခပ်ရိုးရိုး ယပ်တောင်ကိုင်ပြီး ဖြေးညင်းစွာဖြင့် တရားမဏ္ဍပ်အတွင်းသို့ ကြွသွားသည်။ ကားမောင်းသည့် ဆရာက နောက်မှ နေကထိုင်လေးယူလာပြီး လက်အုပ်ချီကာ လိုက်သွားရှာသည်။

ကျွန်တော်က အနီးကပ်ကြည့်နေသဖြင့် မာတ်ပုံထဲတွင် တွေ့ရသည့်ဆရာတော်ကြီးပဲ၊ ဟုတ်သည်၊ မဟာစည်ဆရာတော်ကြီးဖြစ်နေသည်။ အထင်နှင့်အမြင်တက်တက်စင်အောင် လွဲသွားသည်။ ကြေငြာနေသည့် ဂေါပကအဖွဲ့ကလည်း ဘာမှမသိလိုက်၊ အော်၍ကောင်းဆဲ၊ အလှူခံ၍ကောင်းဆဲဖြစ်သည်။ ကြေငြာနေသည့် ဂေါပကလူကြီးအချို့ကို ကျွန်တော်ပြေး၍ ပြောလိုက်ရသည်။ ဟိုမှာ မဟာစည်ဆရာတော်ကြီးကြွသွားပြီ။ ထိုအခါသူတို့က မယုံချင်ကြ၊ မိုက်နှင့်အော်နေရင်းမှနောက်ပြန်လှည့်၍ မဏ္ဍပ်အတွင်းသို့ ကြည့်လိုက်သည်။ ဆရာတော်ကြီးက တရားဟော ပလ္လင်ပေါ်သို့ပင် ရောက်နေပြီဖြစ်သည်။ ထိုအခါကျမှ ကျေးဇူးရှင်မဟာစည်ဆရာတော်ကြီး တရားရေအေးအမြိုက်ဆေးတိုက်ကျွေးရန်အတွက် ဓမ္မာသနပလ္လင်ပေါ်သို့ ရောက်နေပါပြီ။ တရားနာ ကြွရောက်ကြပါရန်ဟု အဆောတလျင် အော်လိုက်ရှာသည်။ ကျွန်တော်ကတော့ ဆရာတော်ကြီးကို အနီးကပ်ဖူးချင်သည်ကတစ်ကြောင်း၊ ဆရာတော်ကြီး၏ ဟောဟန်ကို အနီးကပ်ကြည့်ညှိချင်သည်က တစ်ကြောင်းကြောင့် လူအုပ်ကြားထဲမှ ပလ္လင်အနီးသို့ ရောက်အောင်သွား၍ ဦးချလိုက်သည်။ အရပ်ထောင်ထောင် မောင်း မောင်း၊ နားရွက်ကားကား၊ မျက်မှန်ထူထူ၊ လက်ထဲတွင် ယပ်တစ်ချောင်းကိုင်၍ ထောင်ထားရုံမှလွဲပြီး ဘာမျှ မထူးခြား၊ သဘော်ပေါ်တွင် ဖူးခဲ့ရသည့် မာတ်ပုံတော်ထဲကအတိုင်းသာ ဖြစ်သည်။

"ဒီနေ့ည ၇ -နာရီမှာ တရားဟောကြားဖို့ပင့်ထားတော့ ၇ -နာရီထိုးဖို့ ငါးမိနစ်အလိုမှာ ဘုန်းကြီးပလ္လင်ပေါ်ကို ရောက်ပါတယ်။ ကဲ - ဩကာသ ကန်တော့ချီးဆိုကြရအောင် သီလယူပြီး တရားဟောကြတာပေါ့"

ဆရာတော်ကြီး၏ အသံတော်ဖြစ်သည်။ ရိုးရိုးသာမန်စကားပြောသလိုမျိုးပင် ဆွဲဆွဲငင်ငင်နှင့် လုပ်၍ပြောဟောသောအသံမပါ၊ ညင်ညင်သာသာပင်ဖြစ်သည်။ "ဒီကနေ့ ဘုန်းကြီးဟောဖို့ စီစဉ်လာတာက တော့ ရှစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင်တရားတော်ပါပဲ၊ မကြာမကြာ ဟောဘူးပါတယ်။ ဒါပေမယ့် ဒီနေ့ ဒီတရားတော်ကို ထပ်ပြီးဟောရမယ်။ တရားတော်က အင်မတန်ကောင်းတဲ့တရားပါ။ အတော့်ကိုကောင်းတဲ့တရားပဲ၊ ကဲ - နာယူကြရအောင်" တဲ့။ ထို့နောက် ပါဠိတော်အနည်းငယ်ပါသည်မှလွဲ၍ စကားပြေ၊ ဆောင်ပုဒ်များဖြင့် ရိုးရိုးကလေးမျှသာ ဟောကြားသွားသည်။ ဝိပဿနာဘက်ကို အလေးပေး၍ ဟောကြားတော်မူသွားခဲ့ပါသည်။

ငါးမိနစ်လောက်အားထုတ်ကြရအောင်...တဲ့

ရှစ်ဖြာမဂ္ဂင်နိဗ္ဗာန်ဝင် တရားတော်ကြီးဆုံး၍ ရေစက်မချမီ ဆရာတော်ကြီးက "ငါးမိနစ်လောက်တော့ ရှုမှတ်ကြရမယ်"ဟု မိန့်သည်။ ထို့နောက် ခါးမတ်မတ် - ခေါင်းဖြောင့်ဖြောင့်ထား၊ မျက်စိမှိတ်-ဝမ်းဗိုက်ချက်တစ်ဝိုက်ကို စိတ်စိုက်ပြီး အသက်ရှူသွင်းလို့ ဝမ်းဗိုက်ကြီးဖောင်းလာလျှင် ဖောင်းတယ်ဟု စိတ်ကမ္မတ်ဖို့၊ အသက်ရှူထုတ်လို့ ဝမ်းဗိုက်က ပိန်ကျသွားလျှင် ပိန်တယ်ဟု မှတ်ဖို့။ စိတ်ကူးစဉ်းစား-ကြံစည်-တွေးတော သံသယဖြစ်-ငိုချင်-ရယ်ချင်-ဒေါသထွက်-မနာလို-ဝန်တို စသည်များ ပေါ်လာပါက သူ့ဆိုင်ရာ အမည်နာမအတိုင်း ပစ္စုပ္ပန်တည့်တည့်မှာ စိတ်အမူအရာကို ပေါ်ရာပေါ်ရာမှတ်ဖို့ ဆံပင်ဖျားက ခြေဖဝါးတိုင်အောင် ကိုယ်အမူအရာတွေ ထင်ရှားဖြစ်ပေါ်လျှင်လည်း ဆိုင်ရာအမည်နာမနဲ့ ပစ္စုပ္ပန်တည့်တည့်မှာ ရှုမှတ်ဖို့၊



ပြုံးတော်မူခြင်းနှင့် ဆရာတော်ကြီးနှင့် မကြာခဏအနီးကပ်ခဲ့

နောက်တစ်ညဆက်လက်၍ ဆရာတော်ကြီး၏ တပည့်တစ်ဦးဖြစ်သူ ဓမ္မကထိက သရက်အောင် မင်္ဂလာ အရှင်စန္ဒာဝရ အရှင်သူမြတ် တရားဆက်ဟောသည်။ ကျွန်တော် သွားရောက်နာယူခဲ့သည်။ ဆရာတော်က ယခင် သာသနာ့မာရ်အောင် ကမ္မဋ္ဌာန်းဌာနကို ယခု လှိုင် မဟာစည်သာသနာ့ရိပ်သာဟု ဖွင့်လှစ်ထားကြောင်း စနေ၊ တနင်္ဂနွေ ယောဂီအဖြစ်လည်း လက်ခံကြောင်း ကြေငြာသွားပြီး ဖိတ်ခေါ်ခဲ့သည်။ ဤသို့ဖြင့် ကျွန်တော်သည် ထိုရိပ်သာတွင် စနေ-တနင်္ဂနွေ ယောဂီအဖြစ် ၂၇-ပတ်တိုင်တိုင် စွမ်းစွမ်းတမံကြိုးစား၍ သဒ္ဓါတရား ထက်ထက်သန်သန်ဖြင့် အားထုတ်ခဲ့သည်။ ထိုမှကြာလာသောအခါ ဝေယျာဝစ္စအဖွဲ့၊ ထို့နောက် ခမ်မိုက ဥပါသကာကြီးကိုအစွဲပြု၍ မဟာဓမ္မိကအဖွဲ့ချုပ်ဟူ၍ နုဂ္ဂဟအဖွဲ့တွင် ၁၂ နှစ် တိုင်တိုင် ဆောင်ရွက်၍ ကုသိုလ်ယူခွင့် တရားအားထုတ်ခွင့်များ ရခဲ့သည်။

ရိပ်သာကို ၁၉၇၉ ၊ ပြာသိုလကုန်တွင် မဟာစည်ဆရာတော်ကြီး ကိုယ်တော်တိုင် တရားဟော၍ ရေစက်ချပေးခဲ့သည်။ တရားဟောကြားရင်း အဆောက်အဦဟောင်းများ၊ ကျောင်းဟောင်းကျောင်းပျက်များကို လက်ခံရသည့် လှိုင်ဆရာတော်ကို ဆရာတော်ကြီးက ဦးစွာဝရတော့ မုဆိုးမအိမ်ကို ရတာနဲ့တူနေပါပြီ။ ဟိုကပျက်-သည်ကပျက်ဆိုတော့ တဖြည်းဖြည်းပြုပြင်ယူရမှာပဲဟု မိန့်ရင်း သဘောကျ၍ ပြုံးတော်မူသည်။ ထိုပုံတော်ကို လှိုင်မြို့နယ်၊ အင်းစိန်လမ်းမ ရွှေသွေးဓာတ်ပုံတိုက်မှ ဓာတ်ပုံဆရာ အမျိုးသမီးတစ်ဦးက လျှပ်တစ်ပြက်ရိုက်လိုက်သဖြင့် ရိပ်သာအတွက် ဆရာတော်ကြီး၏ ရှားရှားပါးပါး ပြုံးတော်မူပုံတစ်ပုံကို ရရှိလိုက်သည်။

ထို့နောက် ရိပ်သာနှစ်ပတ်လည် ဝါဆိုပွဲ-ဓမ္မာရုံပန္နက်ရိုက်ပွဲ စသည်တို့ကို အကြောင်းပြု၍ ဆရာတော်ကြီးကိုပင့်ဖိတ်ပြီး တရားနာယူကြသည်။ ကျွန်တော်သည် ရိပ်သာတွင် အသံဖမ်းခြင်း၊ မိုက်ကရိုဖုန်းဆင်ခြင်း၊ ဓာတ်ပုံပြပွဲပြုလုပ်ခြင်း စသည့် ပြန်ကြားရေးကိစ္စများကို များစွာ တာဝန်ယူခဲ့ရသည်။ ထို့ကြောင့် ရိပ်သာသို့ ဆရာတော်ကြီး ကြွရောက်တိုင်း အနီးကပ်ရှိနေရသည်။ တရားဟောဖို့ပါဘုရားဆိုလျှင်လည်း 'အင်း -ရှေ့ကသွားနှင့်' ဟူပြီး နောက်နားက ကြွလာသည်။ ပလ္လင်ပေါ်တွင်ထိုင်ပြီး မိုက်များဆင်ပြီး ဟောလို့ရပါပြီ ဘုရားဆိုမှ 'အင်း. . . ဟောရုံပါပဲ' ဆိုပြီး တရားဟောသည်။ တရားဟောပြီး 'ဘာလုပ်ဖို့ကျန်သေးလဲ'ဟု မေးတတ်သည်။ တပည့်တော်များ အသစ်ဆောက်မယ့် ဓမ္မာရုံနဲ့ မြေနေရာကို

မှတ်စရာ ထွေထွေထူးထူးမရှိလျှင် ဝမ်းပိုက် ချက်တစ်ဝိုက်ကို စူးစိုက်၍ ဖောင်းတယ် -ပိန်တယ် အလိုက်သင့် ရှုမှတ်ဖို့ အတိုချုံး၍ ရှုမှတ်နည်းကို ညွှန်ကြားတော်မူပါသည်။

ဤသို့ရှုမှတ်လိုက်ရာ နားထဲသို့ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ စသည့် အမျှဝေရန် သံပြိုင်ဆိုသံများကြားရမှ ကျွန်တော်၏ ရှုမှတ်မှုကို ဖြုတ်လိုက်ရသည်။ ကျွန်တော့်ဘဝတွင် အဦးဆုံးသော မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို ရှုပွားဖူးခြင်းပင်ဖြစ်သည်။ ကျွန်တော်စွဲသွားသည်။ သဘောလည်းကျသွားသည်။ ငါရှာနေတာ ဒီတရားဟုလည်း ဆုံးဖြတ်မိသည်။ သေတပန်သက်တစ်ဆုံး ဒီတရားကို ရှုမှတ်အားထုတ်တော့မည်ဟုလည်း သန္နိဋ္ဌာန်ချလိုက်မိပါတော့သည်။ ဆရာတော်ကြီးကို အလွန်ကျေးဇူးတင်သွားသည်။ အားလည်းအားကိုးမိသွားသည်။ ငယ်စဉ် တရားပွဲများ၌ နာကြားရစဉ် ဒီလိုရှုမှတ်ရင်းနဲ့ အာသဝေါကုန်ခမ်း ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူပါပေတော့သတည်း ဆိုစဉ်က သာဓုခေါ်ခဲ့မိသည်။ ဘယ်လိုရှုမှတ်၍ ရဟန္တာအဆင့်ရောက်သည်ကိုတော့ မသိခဲ့။ အခုမှ ဒီလိုရှုမှတ်ပြီး ရဟန္တာအဆင့်သို့ ရောက်တော်မူကြတာကိုးဆိုတာကို စိတ်မှာပိုင်ပိုင် ဆုံးဖြတ်ချက်ချနိုင်ခဲ့ပါသည်။





ကြည့်ပေးဖို့ပါဘုရားဆိုလျှင်လည်း 'ကဲ-ရှေ့.ကသွားနှင့်' မိန့်ဟပြီး နောက်နှားကလိုက်၍ကြွသည်။ ရှင်းပြသည်များကို ခေါင်းညိတ်၍ 'ကောင်းပါတယ်၊ အတော့်ကို တိုးတက်လာပြီပဲ'ဟုသာ မိန့်တတ်ပါသည်။ ဤသည်တို့မှာ ရိပ်သာနှင့် ဆက်စပ်၍ ဆရာတော်ကြီးနှင့် ကြုံတွေ့.တိုင်း ကြားတတ်ရသည့် စကားတော်များ ဖြစ်ပါသည်။

ရှု မှတ်မှုနဲ့.အမြဲနေတော့ ကွန်ဒြေရတာပေါ့ ...တဲ့

တစ်စတစ်စဖြင့် ကျွန်တော်တို့ ရိပ်သာသည် အဆောက်အဦများ တိုးတက်ရုံသာမက ယောဂီများပါ တိုးပွားမှုရှိလာခဲ့သည်။ တစ်နှစ်လျှင် ၁၇-ရက်စခန်း၊ လေးစခန်းမျှ ပြုလုပ် ကျင်းပနိုင်သည့်အပြင် နေ့စဉ် ရှုမှတ်အားထုတ်သော ယောဂီများလည်း အချိန်ပြည့်ရှိလာခဲ့သည်။ မူလ သာသနာ့မာရ်အောင် ကမ္မဋ္ဌာန်းဌာနကြီး၏ ရွှေရတုကျော်စခန်း၊ ဝါဆို၊ သင်္ကြန်၊ ကထိန်စခန်းဟူ၍ စခန်းများလည်း အစားကျွေးတရားပေး ကျင်းပနိုင်ခဲ့သည်။ ကျောင်းဟောင်းပြင် ကထိန်၊ ဝါဆို၊ ရွှေရတု၊ သင်္ကြန်ဖြတ်ပိုင်းများအပြင် စုဗူး အလှူတော်စီမံကိန်းကလည်း အောင်မြင်ခဲ့သည်။ စခန်းတစ်ကြိမ်ကျင်းပတိုင်း ရိပ်သာနှင့်ပတ်သတ်သည့် ဓာတ်ပုံမှတ်တမ်းမှတ်ရာများကို ပြပွဲအဖြစ် ခင်းကျင်းပြသကြသည်။ ဓာတ်ပုံများကို ပြသရန် စီစဉ်သောအခါတွင်မှ ဆရာတော်ကြီး၏ ကွန်ဒြေတော်ကိုအသေအချာဖူးတွေ့.ကြရသည်။

ဆရာတော်ကြီး ရိပ်သာသို့ ကြွရောက်တိုင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ထားသဖြင့် ဓာတ်ပုံများ ရာထောင်မက ရှိနေသည်။ ပြန်ကြားရေး ဓာတ်ပုံပြပွဲ ပြုလုပ်သောအခါ ဆရာတော်ကြီးနှင့် ပတ်သက်သမျှသော ဓာတ်ပုံများကို ကဏ္ဍအလိုက် ရွေးချယ်ကြသည်။ ကားပေါ်မှ ဆင်းလာပုံ၊ ကျောင်းပေါ်တက်ပုံ၊ ဆွမ်းစားပုံ၊ ခေတ္တလဲလျောင်း အနားယူနေပုံ၊ ဓမ္မာရုံသို့ကြွခဲ့ပုံ၊ တရားဟောပလွင်သို့တက်ပုံ၊ ပြန်၍ဆင်းပုံ၊ ရိပ်သာအတွင်း လှည့်လည်ကြည့်ရှုပုံ စသည်ဖြင့် များစွာပါသည်။ အမှတ်တမဲ့ရိုက်ထားသော်လည်း လူပုဂ္ဂိုလ်များ တမင်ဆင်၍ ဓာတ်ပုံရိုက်ထားသကဲ့သို့ဖြစ်နေသည်။ ပုံတော်အားလုံးသည် အလွန်ကွန်ဒြေရနေသည်။ ဟိုကြည့်-သည်ကြည့်၊ လက်မြှောက်၊ လက်ပြ၊ ပြုံးရယ် စသည့်ပုံများ တစ်ပုံမှမတွေ့.ရ။

ထို့ကြောင့် တစ်နေ့တွင် စကားစပ်မိ၍ ကျွန်တော်က ရိပ်သာက ဆရာတော်ကို လျှောက်မိသည်။ 'ဆရာတော်ကြီးရဲ့ ပုံတော်တွေဟာ တစ်ပုံမှ ကွန်ဒြေပျက်တာ မတွေ့.ရဘူးနော်၊ အားလုံး ပုံတော်တိုင်းဟာ အေးအေးဆေးဆေးနဲ့ တမင်ဆင်ပြီး ရိုက်ထားသလား အောက်မေ့ရတယ်ဘုရား' ဟုဆိုသောအခါ ဆရာတော်က ပြုံးသည်။ 'တမင်ဆင်ပြီးရိုက်ထားတာ မဟုတ်ပေမယ့် ဆရာတော်ကြီးက ရှုမှတ်မှုသတိတရားနှင့် အမြဲနေတော့ ဓာတ်ပုံတိုင်းဟာ ကွန်ဒြေတော်ရပြီး ကြည်ညိုဖွယ်ရာ ဖြစ်နေတာပေါ့ကွ' ဟု ပြန်၍မိန့်ပါသည်။ ဤတွင် ကျွန်တော့် အသိဉာဏ်၌ ရှုမှတ်မှုနဲ့ အမြဲနေရင် ကွန်ဒြေဟာ အလိုလိုရပြီးသားပဲဟူ၍ အမြင်ပေါက်သွားသည်။ တရားတော်ကိုရော၊ ဆရာတော်ကြီးကိုပါ အလွန်ကြည်ညိုသွားခဲ့ရသည်။ ကိုယ်လည်း အတတ်နိုင်ဆုံး ရှုမှတ်မှုနဲ့ နေနိုင်ရင် အကောင်းဆုံးဟု ဆုံးဖြတ်ချက်ချမိခဲ့ပါသည်။

ဆရာတော်ကြီး၏ စကားတော်တစ်ခွန်းကြောင့်

မဟာစည်ရိပ်သာကြီး နှစ်ပတ်လည် ဩဝါဒခံယူပွဲကြီး မကျင်းပမီတွင် ရန်ကုန်မြို့.တွင်းရှိ ရိပ်သာအသီးသီးမှ ဆရာတော်တို့.သည် တပည့်ယောဂီများကို ခေါ်ဆောင်၍ မိမိတို့ရိပ်သာမှ ဆရာတော်ကြီးသီတင်းသုံးရာ မဟာစည်ကြီးသို့ ကြိုတင်သွားရောက်ပြီး ကန်တော့ကြမြဲဖြစ်သည်။ ထိုသို့ ကန်တော့ရာတွင် ကျွန်တော်တို့ရိပ်သာလည်း ပါသည်။ ၁၉၈၀ ပြည့်နှစ်တွင် ရိပ်သာမှ ဆရာတော်သည် ကျွန်တော်အပါအဝင် တပည့်ယောဂီအချို့.နှင့် ဆရာတော်ကြီးကို သွားရောက်ကန်တော့ကြသည်။ ဩကာသကန်တော့



ချီးဖြင့် ညီညီညာညာရှိခိုးပြီး သီလ ဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်ကြီး၏ ဩဝါဒကိုနာယူကြသည်။ ထို့နောက် ယောဂီများသည် ရိပ်သာကြီးထဲပတ်၍ စာအုပ်ဝယ်ယူပူဇော်ခြင်း၊ ဓာတ်ပုံမှတ်တမ်းရိုက်ခြင်း၊ မိမိတို့နှင့် ရင်းနှီးသည့် ဆရာတော်ကြီးများကို လိုက်၍ကန်တော့သည်မှာ ပုံမှန်အလုပ်ဖြစ်နေကြသည်။

တခြားတပည့် ယောဂီများ ဆရာတော်ကြီးစံကျောင်းမှ ထွက်သွားသောအခါ ဆရာတော်က ကျွန်တော်နှင့် ဝေယျာဝစ္စလုပ်ဖော်ကိုင်ဖက် ဓမ္မမိတ်ဆွေ သူငယ်ချင်းတစ်ဦးကို ခဏနေကြဦးဟု မိန့်သည်။ စံကျောင်းတော်အောက်ထပ်တွင် မဟာစည်ဆရာတော်ကြီး ရိပ်သာမှ ဆရာတော်နှင့် ကျွန်တော်တို့နှစ်ဦးသာ ရှိနေခဲ့သည်။ ထိုအခါတွင် ရိပ်သာက ဆရာတော်က 'ဆရာတော်ဘုရားကြီး၊ တပည့်တော်ရိပ်သာက တည်ထောင်ကာစဆိုတော့ အစစအရာရာ ကြိုးစားနေရပါတယ်။ အခုလည်း ဒီ-သူငယ်နှစ်ယောက်နဲ့ပဲ အားသွန်ခွန်စိုက် ကြိုးစားနေရပါတယ်။ သူတို့လည်းငယ်ပေမယ့် သဒ္ဓါတရားရှိကြသူတွေပါ'ဟု ကျွန်တော်တို့နှစ်ဦးနှင့် ဆရာတော်ကြီးကို မိတ်ဆက်ပေးသည့်သဘောပြောပါသည်။

ထိုအခါ ဆရာတော်ကြီးသည် ကျွန်တော်တို့နှစ်ယောက်ဘက်သို့ လှည့်ပြီး အားပေးစကားပြောတော်မူပါသည်။ 'သာသနာပြုတယ်ဆိုတာ ငယ်တယ်၊ ကြီးတယ် မဟုတ်ပါဘူး။ လိုရင်းကတော့ သဒ္ဓါတရားရှိဖို့ပါပဲ။ ခုလို ငယ်ငယ်ရွယ်ရွယ်နဲ့ သာသနာတော်ကို ဝိုင်းဝန်းစောင့်ရှောက်ဖော်ရတာ ဘုန်းကြီးဝမ်းသာပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ကြိုးစား ဆောင်ရွက်ကြပေါ့။ တစ်ဖက်က တရားလည်းအားထုတ်၊ တစ်ဖက်က သာသနာလည်း ဝေယျာဝစ္စကုသိုလ်အနေနဲ့ ပြုနိုင်မယ်ဆိုရင် အကောင်းဆုံးပါပဲ'ဟု မိန့်တော်မူလိုက်ပါသည်။ ယခုတိုင် ဆရာတော်ကြီး၏ ဩဝါဒစကားတော်ကို ဦးထိပ်ပန်ဆင်လျက်ပါ၊ ထိုအချိန်က ကျွန်တော့်အသက် ၂၉ နှစ်မျှသာ ရှိပါသေးသည်။ ဆရာတော်ကြီး စံလွန်တော်မူသွားခဲ့သော်လည်း ကျွန်တော်သည် ဆရာတော်ကြီး၏ စကားတော်တစ်ခွန်းကြောင့် ယခုအသက် ၅၅ နှစ်တိုင်အောင်ပင် ကျွန်တော်နှင့် မဟာစည်၊ မဟာစည်နှင့် ရှမ့်တ်နည်း စသည်တို့သည် တစ်သားတည်းရှိနေဆဲဖြစ်ပါသည်။

ကျေးဇူးတော်ရှင်နှင့် ကျေးဇူးတင်ပါသည်

ဆရာတော်ကြီးဂုဏ်ပုဒ်,ကျေးဇူးစသည်တို့ကိုရေးရလျှင် ဆုံးနိုင်မည် မထင်ပါ။ ကျွန်တော်နှင့် မဟာစည်ဆရာတော်ကြီး ဆက်စပ်သမျှသော အကြောင်းအရာများကား များစွာကျန်ပါသေးသည်။ စာရှည်မည်စိုးသဖြင့် ဆောင်းပါးကို လိုရင်းခြုံ၍ ရေးသားရခြင်းဖြစ်ပါသည်။ ရေးစရာများကား များစွာ ကျန်ရှိနေပါသေးသည်။ ယခုအချိန်အထိ ဆရာတော်ကြီး သက်တော်ထင်ရှား ရှိနေပါသေးလျှင် သက်တော် ၁၀၀ ပြည့်မည်ဖြစ်ပါသည်။ သို့သော် ဆရာတော်ကြီး စံလွန်တော်မူသွားသော်လည်း ဆရာတော်ကြီး၏ ကျေးဇူး၊ မေတ္တာ၊ စေတနာတို့သည် ဆပ်၍မကျေနိုင်လောက်အောင် ကျန်ရှိနေခဲ့ပါသည်။ ထို့ကြောင့် မဟာစည်ဆရာတော်ကြီးသည် ကျွန်တော့်အတွက် ကျေးဇူးတော်ရှင်ကြီးအစစ်ဖြစ်ပါပေသည်။

ကျွန်တော့်ဘကြီး ဦးစံတင်သည် ကျွန်တော့်ကို မာနတည်းဟူသော မာန်ကိုချပေးခဲ့သဖြင့် မခံချင်ဖြစ်ကာ ဆရာတော်ဘုရားကြီး၏ အရိပ် အာဝါသအောက်သို့ ရောက်၍ တရားတော်ကို ယခုတိုင်နောင်လည်း အသက်ဇီဝိန်ချုပ်သည်အထိ အားထုတ်ခွင့်ရသွားတော့မည်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်ဘကြီး ဦးစံတင်ကိုလည်း ကျေးဇူးတင်နေရပါတော့သည်။

(ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သက်တော်တစ်ရာပြည့် အထိမ်းအမှတ်တွင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်များကို ပုံဖော်မှုန်း၍ ဦးခိုက်လျက်)

ကျန်းမာချမ်းသာကြပါစေ

ကျော်နန္ဒအောင်

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



သံဃာ့ဂုဏ်ရောင် တွန်းပြောင်စေတတ် ပုဂ္ဂိုလ်မြတ်

အရှင် သုမင်္ဂလာလင်္ကာရ

မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ရည်များကို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အရှင်သုမင်္ဂလာလင်္ကာရ (Ph.D) ရေးသားဖွဲ့ဆိုထားတဲ့ "သံဃာ့ဂုဏ်ရောင် ထွန်းလင်းပြောင်" ဆိုတဲ့ ဆောင်းပါးကို ဖတ်ကြားပူဇော်ပါမယ်ဘုရား။

ယော ဟောတိ ဝိယတ္တော စ
ဝိသာရဒေါ စ။
ဗဟုသုတော ဓမ္မဓရော စ
ဟောတိ။
ဓမ္မဿ ဟောတိ အနုဓမ္မစာရီ၊
သ တာဒိသော ဝုစ္စတိ
သံဃသောဘနော။

ယော-အကြင်ပုဂ္ဂိုလ်သည်၊ ဝိယတ္တော စ- သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားသိတတ်ဉာဏ်မြတ်များစွာ လိမ္မာထက်မြက်သည်လည်းကောင်း၊ ဝိနီတော စ-ကိလေသာ ရန်သူပုန်များကို ပယ်ရှားနှိပ်ကွပ်တတ်သည်လည်းကောင်း၊ ဝိသာရ ဒေါ စ-ကြောက်ရွံ့အောင်ပြု အကုသိုလ်ကင်း ရဲတင်းရွှင်ပျ သောမနဿသဟဂုတ် ဉာဏ်ပညာရှိသည် လည်းကောင်း၊ ဟောတိ-ဖြစ်ပါ ပေ၏၊ ဗဟုသုတော စ-များစွာ ကြားနာအပ်ပြီးသော သုံးဖြာ ပိဋကတ် ပရိယတ်တရားရှိသည် လည်းကောင်း၊ ဓမ္မဓရော စ- သုံးဖြာ ပိဋကတ် ပရိယတ်တရားကို အာဂုံနှုတ်တက်ဆောင်ရွက် မှတ်သားထားနိုင်သည် လည်းကောင်း၊ ဟောတိ-ဖြစ်ပါ ပေ၏၊ ဓမ္မဿ-လောကုတ္တရာတရားကိုးပါးအား၊ အနုဓမ္မစာရီ စ-လျော်သော သီလ၊ သမထ၊ ဝိပဿနာတရားများကို ဖြည့်ကျင့်သည်လည်းကောင်း၊ ဟောတိ-ဖြစ်ပါပေ၏။ တာဒိသော-ထိုကဲ့သို့ရှုအပ်သော၊ (ဝါ) ဆိုအပ် ခဲ့ပြီးသော ဂုဏ်အင်များနှင့် စုံလင်ပြည့်ဝသော၊ သ-သော- ထိုပုဂ္ဂိုလ်ကို၊ သံဃသောဘနော-သံဃာကို တင့်



တယ်စေတတ် ပုဂ္ဂိုလ်မြတ်ဟူ၍
(၀၂) သံဃာ့ဂုဏ်ရောင် ထွန်းပြောင်
စေတတ် ပုဂ္ဂိုလ်မြတ်ဟူ၍၊ ဝုစ္စတိ-
သဗ္ဗညုတဉာဏ်တော်သခင် ဘုရား
ရှင်ကိုယ်တော်တိုင် ဟောကြားတော်
မူခဲ့ပါပေသတည်း။

ဤကား အဂုံတ္တရနိကာယ်၊ စတုက္ကနိပါတပါဠိ၊ ဘဏ္ဍဂါမဝဂ်၊ သောဘနသုတ်တော်လာ ဘုရား ဟော ပါဠိတော် ဂါထာလေးနှင့် ထိုဂါထာလေးကို အတိအကျအနက် ပြန်ဆိုထားချက်များ ဖြစ်ပါတယ် ဘုရား။

ဘုရားဟောပိဋကတ်ထက် ပိုမိုကောင်းမွန်သောစကား၊ ပိုမို ကောင်းမွန်သောစာ မရှိနိုင်ဟူသော ခံယူချက်ဖြင့် ဘုရားဟောပိဋကတ်တော်လာ ပါဠိတော်ဂါထာလေးကို အခြေတည်ထားပါတယ် ဘုရား။ ဂါထာလေးပါဒရှိရာ သုတ်တော်၏ အမည်သည် 'သောဘနသုတ်တော်' ဖြစ်၍ မိမိဂုဏ်ပြုပူဇော်လိုသော ဆရာတော်ဘုရားကြီး၏ဘွဲ့တော်နှင့် တစ်ထပ်တည်းကျတူညီလှ၍ ဝမ်းသာရပါတယ်။

ထိုဂါထာ၌ ဖော်ပြအပ်သော ဂုဏ်ရည်များနှင့် စုံညီပြည့်ဝသဖြင့် လည်း ကြည်နူးရပါသည်ဘုရား။

မိမိရေးသားပူဇော်မည့် ဆရာတော်ဘုရားကြီးမှာ ကမ္ဘာ့ဗုဒ္ဓသာသနာပြု မဟာစည်သာသနာ့ရိပ်သာတို့၏ဖခင် ပရိယတ္တိ, ပဋိပတ္တိစွယ်စုံ ပညာရှင်ကြီးဖြစ်တော်မူသော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး ဘဒ္ဒန္တသောဘနဖြစ်ပါတယ်။ မဟာစည်ဆရာတော် ဘုရားကြီးသည် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ကို သက်တော် (၅၀) ကျော်စက ရရှိတော်မူခဲ့သော်လည်း အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ တံဆိပ်တော်ကိုကား ရရှိတော်မမူခဲ့ပါ။ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့ တံဆိပ်တော် မရရှိခဲ့သော်လည်း သဘာဝအားဖြင့် အလိုအလျောက် အဘိဓဇမဟာရဋ္ဌ ဂုရုဆရာတော်လို့ ဆိုချင်ပါတယ်။

ဘာ့ကြောင့်လဲ။ ခြေသ့ေမင်းကို မိဂရာဇာ-သားကောင်တို့ရဲ့မင်းလို့ စာပေများမှာ ဖော်ပြထားသည်ကို မကြာမကြာတွေ့ရပါတယ်။ ခြေသ့ေကို မင်းအဖြစ် အခြားသူများက တင်မြှောက်ထားသည်မဟုတ်။ ခြေသ့ေမှာ ရှိသောစွမ်းရည်များကြောင့် အလိုအလျောက် မင်းအဖြစ်သို့ ရောက်ရှိရခြင်းဖြစ်ပါတယ်။

ဤအတူ မဟာစည်ဆရာတော် ဘုရားကြီးသည်လည်း အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်မှု မခံယူခဲ့ရသော်လည်းပဲ အလိုအလျောက် အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီးပင် ဖြစ်ပါတယ်။

အနည်းငယ်မျှရှင်းပြပါဦးအုံ့။ အဘိဓဇမဟာရဋ္ဌဂုရုဟူသည်အခြားပုဂ္ဂိုလ်တို့ထက် ဂုဏ်ရည်ကြီးမားမြင့်မြတ်ကဲလွန် တံခွန်အလံပမာ တိုင်းကြီးပြည်ကြီးတို့၏ ဆရာလို့ ဆိုလိုပါတယ်။ မဟာစည်ဆရာ







သို့အတွက် မဟာစည်ဆရာတော်ဘုရားကြီးသည် အလိုအလျောက် အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီးဖြစ်ပါတယ်။

အစဋ္ဌ ဖော်ပြအပ်သော ဂါထာတော်လာ စကားရပ်များဖြင့် ကပ်ပြီးတော့ ကြည်ညိုကြည့်ကြပါဦးစို့ -

ဝိယတ္တော စ - သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားသိတတ် ဉာဏ်မြတ်များစွာ လိမ္မာထက်မြက်သည်လည်းကောင်း၊ မဟာစည်ဆရာတော်ဘုရားကြီးသည် သစ္စာလေးပါးမြတ်တရားကို ကိုယ်တော်တိုင်သိရာ ရဟန်းငယ်ဘဝက စတင်ကြိုးစား အားထုတ်ရှာဖွေခဲ့သဖြင့် ကိုယ်တော်တိုင်လည်းပဲ သိပြီးပြီလို့ ယုံကြည်ပါတယ်။ ဆရာတော်ဘုရားကြီးထံ နည်းနာခံ၍ အားထုတ်ကြသူများလည်းပဲ အတိုင်းအတာတစ်ခုအထိ သစ္စာကို သိကြပါလိမ့်မယ်။

ဝိနီတော စ - ကိလေသာရန်သူပုန်များကို ပယ်ရှားနှိပ်ကွပ်တတ်သည် လည်းကောင်း၊ အမြဲထာဝရဘာဝနာအလုပ်ဖြင့် မွေ့လျော်တော်မူသော ဆရာတော်ဘုရားကြီးမှာ ကိလေသာအမူအရာများ မတွေ့ကြုံဖူးကြပါ။ မမြင်ဖူးကြပါ။ ကိလေသာရန် သူပုန်များကို ဘာဝနာတရားဖြင့် ပယ်ရှားနှိပ်ကွပ်ထားသည်မှာ သေချာပါတယ်။

ဤနေရာမှာ ဆရာသမားများအထံမှ ကြားအပ်ဖူးတဲ့ အကြောင်းအရာလေးကို ဖော်ပြပါဦးမယ်။ ဆဋ္ဌ

တော်ဘုရားကြီးအနေဖြင့် အခြားပုဂ္ဂိုလ်တို့ထက် ဂုဏ်ရည်ကြီးမားမြင့်မြတ် ကဲလွန်တံခွန်အလံပမာဟု ဆိုစရာ ဂုဏ်ရည်များစွာရှိပါတယ်။

မှန်ပါတယ်။ သက်တော် (၄၀) မပြည့်မီကပင် ပညာရှင်အများအလွန်တန်ဖိုးထားပြီး လေးစားခြီးကျူးရတဲ့ "ဝိပဿနာရှုနည်းကျမ်းကြီး" နှစ်တွဲကို ရေးသားတော်မူနိုင်ခဲ့ခြင်း၊ သက်တော် (၅၀) မပြည့်မီ ဆဋ္ဌသင်္ဂါယနာပွဲသဘင်တွင် အလွန်ကြီးသော ပုစ္ဆကတာဝန်၊ ဆဋ္ဌသင်္ဂါယနာဩသာနသောဓက၊ ဆဋ္ဌသင်္ဂါယနာဝန်ဆောင်အဖွဲ့ ဩဝါဒါစရိယစသော တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းများသည် အများထက်ကဲလွန်ထူးချွန်သော ဂုဏ်ရည်များဖြစ်ကြပါတယ်။

မဟာစည်ဩဝါဒခံရိပ်သာခွဲပေါင်း (၄၀၀) ကျော်ရှိခြင်း၊ မဟာစည်နည်းဖြင့် ကမ္မဋ္ဌာန်းအားထုတ်ပြီးသူ သန်းပေါင်းများစွာရှိခြင်း၊ ပြည်ပနိုင်ငံတို့၌လည်း ဆရာတော်ဘုရားကြီး၏ နည်းနာအတိုင်း အားထုတ်သူများစွာရှိခြင်း၊ ဆရာတော်ဘုရားကြီးရေးသားအပ်သော ကျမ်းစာအုပ်ပေါင်း (၈၀) ကျော်ရှိခြင်း၊ ဆရာတော်ဘုရားကြီး၏ ကျမ်းစာများကို ကြည့်ရှုကာ အသိဉာဏ်ရသူများ ရေတွက်မရအောင် များပြားနိုင်ခြင်းစသော အကြောင်းများကြောင့်တိုင်းကြီး၏ ဆရာအသေအချာ ဖြစ်နေပါပြီ။



သင်္ဂီယနာကျင်းပနေချိန် မဟာစည် ရိပ်သာဝင်းအတွင်း စာကြည့်နေစဉ် အမိုးပေါ်မှ မီးချောင်းတစ်ခု မဟာစည်ဆရာတော်ဘုရားကြီး၏ ဦးခေါင်းတော်ပေါ် တည့်တည့်ကျရာ အနီးအပါးရှိ ဆရာတော်ကြီးများမှာ ထိတ်လန့်မှုရှိခဲ့သော်လည်း မဟာစည်ဆရာတော်ဘုရားကြီးမှာ ထိတ်လန့်မှုမရှိပတကိတည်ငြိမ်စွာ 'မီးချောင်းပြုတ်ကျသကိုး' လို့ နှုတ်တော်မှ ထုတ်ဖော်မိန့်တော်မူခဲ့ပါသတဲ့။

ဤအကြောင်းအရာကို စစ်ကိုင်းတောင်ရိုး မဟာသဇ္ဇနောဒယချောင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသဇ္ဇနာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) အထံမှ ကြားသိခဲ့ရပါတယ်။

ဝိသာရဒေါ စ - ကြောက်ရွံ့အောင်ပြု အကုသိုလ်ကင်း ရဲတင်းရွှင်ပျ သောမနဿသဟဂုတ် ဉာဏ်ပညာရှိသည်လည်းကောင်း၊ ဟောတိ- ဖြစ်ပါပေ၏။ မိမိသန္တာန်ဝယ် အကုသိုလ်များရှိနေလျှင် ကြောက်ရွံ့တတ်တယ် ပရိသတ်ထဲ ဝင်ရန်မဝံ့မရဲ ဖြစ်တတ်တယ်။ အကုသိုလ်ကင်းသူများကြတော့ ကြောက်ရွံ့မှုမရှိ၊ ရဲရဲတင်းတင်း ရွှင်ရွှင်ပျပျ၊ ကြည်ကြည်လင်လင်၊ သောမနဿနှင့်ယှဉ်သော ဉာဏ်ပညာရှိတတ်ကြပါတယ်။

ဆရာတော်ဘုရားကြီးသည် ပရိသတ်မျိုးစုံတို့၏ အလယ်ဝယ် အမြဲထာဝရတည်ကြည်ရင့်ကျက်သောမျက်နှာတော်နှင့် ဖူးမြော်ခံနိုင်ခြင်း၊ တရားဟောတော်မူနိုင်ခြင်း၊ တရားပြနိုင်တော်မူခြင်းများက ဤဂုဏ်အင်္ဂါနှင့် ပြည့်ဝစုံလင်ကြောင်း ထင်ရှားစေပါတယ်။

ဗဟုဿုတော စ - များစွာကြားနာအပ်ပြီးသော သုံးဖြာပိဋကတ်ပရိ ယတ်တရားရှိသည်လည်းကောင်း၊ ဓမ္မဓရော စ - သုံးဖြာပိဋကတ် ပရိယတ်တရားများကို အာဂုံနှုတ်တက် ဆောင်ရွက်မှတ်သားထားနိုင်သည် လည်းကောင်း၊ ဟောတိ - ဖြစ်ပါပေ၏။ ကျေးလူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးရေးသားအပ်တဲ့ ကျမ်းစာများကို ကြည့်လို့ရှိရင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ပရိယတ်ဗဟုသုတ၊ ပဋိပတ်ဗဟုသုတပြည့်ဝစုံလင်ကြောင်း ထင်ရှားသိနိုင်ပါတယ်။

အထူးအားဖြင့် 'ဝိပဿနာရူနည်းကျမ်းကြီး" ကို လေ့လာကဆရာတော်ကြီးရဲ့ ပရိယတ္တိဗဟုသုတ ပြည့်ဝစုံလင်ကြောင်းကို အားရပါးရ ကြည်နူးစွာ လက်ခံနိုင်မည်မှာ သေချာပါတယ်။ ဒီနေရာမှာ မိမိကိုယ်တိုင်တွေ့ကြုံသိရှိခဲ့ရတဲ့ အကြောင်းအရာလေးတစ်ခုကို ဖော်ပြလိုပါသေးတယ်။

၁၃၄၂ ခုနှစ်၊ တန်ဆောင်မုန်းလဝယ် တောင်ငူမြို့၊ ဝိသုဒ္ဓါရုံမြို့ ထောင့်ကျောင်းတိုက်အတွင်း သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ ဒသမအကြိမ် ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီးကျင်းပနေချိန်က ဖြစ်ပါတယ်။ ဓမ္မကထိကဆရာတော်များနှင့် မိမိကို ကျောင်းသီးသန့်တစ်ကျောင်းမှာ နေရာပေးသဖြင့် မိမိက ချမ်းမြေ့ရိပ်သာဆရာတော် အရှင်ဇနကာဘိဝံသ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၊ အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ စစ်ကိုင်းတောင်ရိုးသီတဂူဆရာတော် ဘဒ္ဒန္တဉာဏိသရ (အဂ္ဂမဟာပဏ္ဍိတ) စသော ဓမ္မကထိကဆရာတော်များနှင့် တစ်ကျောင်းတည်းတည်းခိုခဲ့ရပါတယ်။

မိမိတို့သည် အားလပ်ချိန်များ၌ မိမိတို့စိတ်ဝင်စားသည့် သာသနာရေးအကြောင်းအရာများကို ဆွေးနွေးတဲ့အခါ အသိချင်းဖလှယ်ကြ၊ တစ်ချိန်တွင် မိမိသည် သီတင်းသုံးဖော်များနှင့်အတူ မဟာစည်ဆရာတော်ဘုရားကြီး၏ အကြောင်းကို ပြောဆိုမိပါတယ်။ မိမိသည် အမှန်ဟု ယူဆချက်ဖြင့် ပြောနေ၏။ သို့သော် ချမ်းမြေ့ရိပ်သာဆရာတော်ကများကြောင်း ခပ်လှမ်းလှမ်းမှ လှမ်းပြီးတော့ ကန့်ကွက်လိုက်သည်မှာ မိမိအတွက် တစ်သက်တာ မမေ့နိုင်စရာဖြစ်ခဲ့ရပါတယ်။

မိမိက "မဟာစည်ဆရာတော်ဘုရားကြီး၏ ပရိယတ္တိ အရည်အချင်းသည် ဆဋ္ဌသင်္ဂါယနာမတင်မီကတော့ အသင့်အတင့်သာ ဖြစ်တယ်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးမှာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသော





ကျမ်းဂန်များကို အကြည့်များလာ၍ ပရိယတ္တိအရည်အချင်း အလွန်မြင့်မားသွားတယ်လို့ ဆရာတော်ဘုရားကြီးတစ်ပါးထံမှ ကြားဖူးပါတယ်" လို့ ပြောကြားမိရာ မိမိစကားဝိုင်းတွင်မပါ ခပ်လှမ်းလှမ်းတွင် သီတင်းသုံးပြီးတော့ စကားပြောနေတဲ့ ချမ်းမြေရိပ်သာဆရာတော်က -

"ဦးသုမင်္ဂလ .. အဲဒီစကားလုံးဝမှားတယ်၊ မဟာစည်ဆရာတော်ဘုရားကြီး၏ အရည်အချင်းမှာ ဆဋ္ဌသင်္ဂါယနာတင်ပွဲရောက်မှ အလွန်မြင့်မားလာတယ်ဆိုတဲ့ စကားဟာ အလွန်မှားတယ်၊ ဒီစကားကို ဘယ်လိုပုဂ္ဂိုလ်မျိုးက ပြောပြော မှားတာပဲ။ မှားတယ်ဆိုတာ အခိုင်အမာပြုနိုင်ပါတယ်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲမတိုင်မီကပင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ပရိယတ္တိအရည်အချင်းမြင့်မားနေကြောင်း သိချင်ရင်မဟာစည်ဆရာတော်ဘုရားကြီးရေးသားတဲ့ "ဝိပဿနာရှုနည်းကျမ်းကြီး" ကို ဖတ်ကြည့်ပါ။ အဲဒီ "ဝိပဿနာရှုနည်းကျမ်းကြီး" ကို လွတ်လပ်ရေးမရခင် စစ်အတွင်းကပင် ရေးသားရိုက်နှိပ်ခဲ့တယ်။ "ဝိပဿနာရှုနည်းကျမ်းကြီး" ကို သာမန်ပညာရှင်တွေ မရေးနိုင်ဘူး၊ ရေးသားစဉ်ကလည်းပဲ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ သက်တော်အလွန်နုနယ်သေးတယ်။ ဒါ့ကြောင့် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ပရိယတ္တိအရည်အသွေးဟာ ခပ်ငယ်ငယ်ကပင် အလွန်မြင့်မားတယ်ဆိုတာ အခိုင်အမာပြောနိုင်တယ်" လို့ မိန့်ကြားပါတယ်။

ချမ်းမြေရိပ်သာဆရာတော်စကားကို နှစ်ခါမပြောကြားတော့ပါ။ ချမ်းမြေရိပ်သာဆရာတော်ရဲ့ စကားပြောပုံကလည်း ရှင်းလင်းပြတ်သားလှ၏။ ရဲရင့်လှ၏။ တိကျ၏။ ခိုင်မာလှ၏။ မိမိကိုယ်တိုင်ကလည်းပဲ မဟာစည်ဆရာတော်ဘုရားကြီးအပေါ် ရှေးယခင်ကပင် အလွန်ကြည်ညိုလေးစား၏။ ချမ်းမြေရိပ်သာဆရာတော်ကိုလည်း ကြည်ညိုလေးစားပါ၏။ သို့အတွက် "ချမ်းမြေရိပ်သာဆရာတော်မိန့်ကြားသည့် အတိုင်း ဖြစ်ရမယ်" လို့ ချက်ချင်းပင် ဆုံးဖြတ်ချက်ချမိပါတယ်။

ချမ်းမြေရိပ်သာဆရာတော်အပေါ် ယုံကြည်လေးစား၍လည်းကောင်း၊ မအားလပ်၍လည်းကောင်း "ဝိပဿနာရှုနည်းကျမ်းကြီး" ကို မကြည့်ဖြစ်ခဲ့သော မိမိသည် ချမ်းမြေရိပ်သာဆရာတော်စကားကို ကြားနာပြီး (၁၂) နှစ်ခန့်ကြာမှ မိမိသည် အချိန်ရသဖြင့် "ဝိပဿနာရှုနည်းကျမ်းကြီး" ကို စေ့စေ့စပ်စပ် ကြည့်မိပါသည်။ ကြည့်ရှုခြင်းအကြောင်းကတော့ မိမိအတွက် ဝိပဿနာရှုနည်းရလို၍ ကြည့်ခြင်းပါပဲ။

သို့သော် ကြည့်ရင်းကြည့်ရင်း မဟာစည်ဆရာတော်ဘုရားကြီး၏ အရေးအသားအဆင့်အတန်းမြင့်မားပုံ အယူအဆပြတ်သားပုံ၊ စာပေ



နှံ့စပ် ကျွမ်းကျင်ပုံ၊ အထောက်အထားခိုင်လုံပုံတို့ကို တွေ့ရတော့ (၁၂)နှစ်ကျော်ကြာခဲ့တဲ့ ချမ်းမြေ့ရိပ်သာဆရာတော်ရဲ့ "မဟာစည်ဆရာတော်ဘုရားကြီး၏ ပရိယတ္တိအရည်အချင်းဟာ ဆဋ္ဌသင်္ဂီယနာတင်ပွဲရောက်မှ အလွန်မြင့်မားလာတယ်ဆိုတဲ့စကားဟာ အလွန်မှားတယ်၊ ဆဋ္ဌသင်္ဂီယနာတင်ပွဲမတိုင်မီကပင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ပရိယတ္တိအရည်အချင်းမြင့်မားနေကြောင်း သိချင်ရင် "ဝိပဿနာရှုနည်းကျမ်းကြီးကို ကြည့်ပါ" ဆိုတဲ့ စကားကို ပြန်လည်ကြားယောင်ပြီး ချမ်းမြေ့ရိပ်သာဆရာတော်စကားသည် 'အလွန်မှန်လှပါပေစွ၊ အလွန်မှန်လှပါပေစွ' လို့ မကြာမကြာ တွေးပြီး မိမိ၏အမြင်မှားကို ပယ်ရှားပေးသော ချမ်းမြေ့ရိပ်သာဆရာတော်၏ ကျေးဇူးကိုလည်း သတိရ၊ မဟာစည် ဆရာတော်ဘုရားကြီးကိုလည်း ရှေးကထက် ပိုမို၍ လေးနက်စွာ ကြည်ညိုလာရပါတယ်။

ရှေးကလည်း မိမိမှာ မဟာစည်ဆရာတော်ဘုရားကြီးအပေါ် ကြည်ညိုပါတယ်။ မိမိအား ပရိယတ္တိသင်ကြားပေးသော စစ်ကိုင်းတောင်ရိုး မဟာသဇ္ဇနောဒယချောင်ဆရာတော် ဘဒ္ဒန္တသဇ္ဇနာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ကမ္ဘာအေးပုဗ္ဗဝိဒေဟ ကျောင်းဆောင်နေ ကျမ်းပြုအကျော် ဆရာတော်ဘဒ္ဒန္တပညိဿရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)



စသော ဆရာတော်ဘုရားများအထံက မဟာစည်ဆရာတော်ဘုရားကြီး၏ ဂုဏ်ရည်ကို မကြာမကြာ ကြားသိခဲ့ရ၍လည်းကောင်း၊ မိမိကိုယ်တိုင်တိပိဋကဓရစာမေးပွဲဖြေဆိုစဉ် မဟာစည်ရိပ်သာတွင် နေခိုက် ဖူးမြော်ခွင့်များစွာရခဲ့၍လည်းကောင်း ကြည်ညိုရင်းစွဲရှိပြီးဖြစ်ပါတယ်။

ဓမ္မဿ - လောကုတ္တရာတရား ကိုးပါးအား၊ အနုဓမ္မစာရီစ - လျော်သော သီလ, သမထ, ဝိပဿနာတရားများကို ဖြည့်ကျင့်သည်လည်းကောင်း၊ ဟောတီ-ဖြစ်ပါပေ၏။ ဤဂုဏ်ရည် အတွက်ရှင်းလင်းချက် မလိုအောင် ဆရာတော်ဘုရားကြီးမှာ လောကုတ္တရာတရားကိုးပါး အားလျော်သော သီလ, သမထ, ဝိပဿနာတရားများ ဖြည့်ကျင့်တော်မူကြောင်း သာသနာတော် ကျယ်ပြန့်ရာအရပ်အားလုံးရှိ သာသနာကို မြတ်နိုးသူအားလုံးပင် အထင်အရှား သိပြီးဖြစ်ပါတယ်။

ဤဖော်ပြခဲ့ပြီးသော ဂုဏ်ရည်များနှင့် စုံညီသော ပုဂ္ဂိုလ်ကို သံဃသောဘန - သံဃာကို တင့်တယ်စေတတ်တဲ့ ပုဂ္ဂိုလ်မြတ်ဟူ၍၊ (၀၊) သံဃဂုဏ်ရောင် ထွန်းပြောင်စေတတ်သော ပုဂ္ဂိုလ်မြတ်ဟူ၍၊ သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်ကိုယ်တော်တိုင် ဟောကြား၊ သတ်မှတ်မိန့်မြွက်တော်မူခဲ့ပါတယ်။

ဤဂုဏ်ရည်များနှင့် စုံညီစွာ ပြည့်ဝတော်မူသော မဟာစည်ဆရာတော်ဘုရားကြီးသည် သံဃသောဘန သံဃာကို တင့်တယ်စေတတ်သော သံဃာဂုဏ်ရောင်ကို ထွန်းပြောင်စေသော မထေရ်ကျော်ကြီး ဖြစ်တော်မူပါတယ်။

ဘဒ္ဒန္တသောဘနဘွဲ့တော်ရင်းနှင့် ဆရာတော်ဘုရားကြီး၏ ဂုဏ်ရည်များသည် တစ်ထပ်တည်းကျတူညီလှ၍ အနွယ်ထာဘွဲ့တော်ပိုင်ရှင်ကြီး ဖြစ်တော်မူပါတယ်။ မန္တလေးမြို့စိန်ပန်းရပ်၊ မဟာစည်ရတနာပုံသာသနာ့ရိပ်သာ၊ ပဓာနနာယကဘဒ္ဒန္တပညာဝံသစသော မဟာစည်ဆရာတော်ဘုရားကြီး၏ တပည့်အဆက်ဆက်တို့သည်လည်း မဟာစည်ဆရာတော်ဘုရားကြီးကဲ့သို့ သာသနာ့ဂုဏ်ရောင် ထွန်းပြောင်အောင် စွမ်းဆောင်ကြိုးပမ်းနိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုလိုက်ရပါသတည်း။

အရှင်သုမင်္ဂလာလင်္ကာရ(*Ph.D*)
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ





မျဉ်ဝေလက်ကမ်း ဆင်မြန်းကြပါကုန်

ချစ်ဦးညို

များ၊ ဋီကာများ၊ အဋ္ဌကထာများ၊ ဒီပနီများ၊ အနုဒီပနီများကို အမှီသဟဲပြုလျက် ဗုဒ္ဓယဉ်ကျေးမှုဝတ္ထုတို၊ ဝတ္ထုရှည်များကို အစဉ်တစိုက် ရေးနေသော စာရေးဆရာတစ်ဦးမှ သာ။ ကြွင်းသောရသရှစ်ပါးတို့ဖြင့် ဖွဲ့စည်းမွမ်းမံကာ 'သန္တရသ' ဆီသို့ ဆိုက်ဆိုက်ရောက်ရောက် ပို့ဆောင်ပေးနိုင်ဖို့ ကြိုးပမ်းအားထုတ်နေသည့် ကလောင်မျှသာ ဖြစ်ချေသည်။

ဆဋ္ဌသင်္ဂီတိတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ပူဇော်ကြသော ဤနှစ်တစ်ရာပြည့်အထိမ်းအမှတ်စာအုပ်ကြီးတွင် မိမိအနေဖြင့် တစ်ခန်းတစ်ကဏ္ဍယူ၍ မည်သည်ကိုရေးရပါမည်နည်းဟူသော ပုစ္ဆာကဉီးစွာဖြစ်ပေါ်လေသည်။ စာအုပ်များဖွင့်၍ ဆရာတော်ကြီး၏ ပုံတော်ကို ကြည့်ညိုရာတွင် ထို့ကြောင့် ဘာရေးရပါမည်နည်း ဟူသော ကိုယ်တိုင်မေးပုစ္ဆာကသာ ထပ်ခါထပ်ခါ ဖြစ်ပေါ်နေသည်။ မိမိထံရှိနေသော ဆရာတော်ဘုရားကြီး၏ ဟောချက်, ဆုံးမချက် စာများကို ဖတ်ရှုရသည်။ ဆရာတော်ဘုရားကြီး၏ သီလ, သမာဓိ, ပညာဂုဏ်တို့ကို သွယ်ဝိုက်သောနည်းအားဖြင့် ပူဇော်ရန် 'သံဃဂုဏ်' ဆိုင်ရာ စာများကို ဖတ်သည်။ ကြည်ညို, နှစ်သက်, အားကျသော ခံစားမှုများ တဖွားဖွား တဖွားဖွား ပေါ်လာသည့်တိုင် ဘာကိုရေးရမှန်း မသိဖြစ်နေပြန်သည်။ လွန်စွာအင်အားကောင်းသော ရုပ်သံလည်း ဆရာတော်ဘုရားကြီးက "သင် .. ဘာရေးမလဲဒကာ" ဟု မေးတော်မူနေသယောင် ခံစားရသည်။ ဤစာစောင်တွင် ပရိယတ်၊ ပဋိပတ်အကျော်ရဟန်းပညာရှိ၊ လူပညာရှိများ ဖြိုင်ဖြိုင်ပါဝင်ရေးသားကြမည် ဖြစ်သည်။ ပါဠို၊ သက္ကဋ လိမ္မာကျွမ်းကျင်ကြသော စာရေးဆရာကြီးများ၏ လက်ရာများလည်း ပါဝင်ကြမည်ဖြစ်သည်။ မိမိကား လက်လှမ်းမီရာ ပိဋကမြန်မာပြန်

လွှင့်ထုတ်မှုရှိပါလျက် မိမိ၏ ရုပ်သံ ဖမ်းယူစက် စကရင် မျက်နှာပြင်က သေးငယ်ပြီး အင်တင်နာတိုင်က လည်း အနေအထား မတည့်သဖြင့် အရုပ်နှင့်အသံများ မထင်မပီ ဖြစ်နေသည့်အလား အာရုံရိပ်ဝယ် ဝိုးတဝါးရှိနေလေတော့သည်။

သို့သော် 'သဒ္ဓါ' ၏ပဓာနလှုံ့ ဆော်မှုကြောင့်ပဲ ထင်ပါသည်။ နောက်ဆုံးမှာတော့ ရေးစရာတစ်ကွက်ကို သေသေချာချာ တွေ့ရှိသွားလေသည်။ အခြားမဟုတ်ပါ။ မြန်မာသက္ကရာဇ် -၁၃၅၇၊ ခရစ်နှစ် ၁၉၉၅ တွင် ထုတ်ဝေသော (သာမဏေကျော်) စီမံသည့် (မဟာစည်ဆရာတော်ဘုရားကြီး၏ ထူးခြားသောအတွေးအမြင်များ) စာအုပ်ပင် ဖြစ်ပါသည်။

ထိုစာအုပ်မှ ကောက်နှုတ်လျက် မျှဝေလက်ကမ်းရန် ဆုံးဖြတ်လိုက်ပါသည်။ အဓိကရည်ရွယ်သော 'တားဂက်' မှာ ဗုဒ္ဓ,ဓမ္မ,သံဃ၌ ညွှတ်နူးဝင်စားကြသော လူငယ်စာဖတ် ပရိသတ်ပင် ဖြစ်သည်။လူငယ်များသို့ အဓိကရည်ရွယ်သည်ဆိုရာမှာလည်း ကျွန်တော်၏ အတ္တနောမတိ သက်သက်မဟုတ်ပါ။ (မဟာစည်ဆရာတော်ဘုရားကြီး ၏ ပုံဝတ္ထုတို့ဖြင့် ပြောဖြစ်သော အဆုံးအမများ) စာအုပ်၏ နိဒါန်းတွင် (သာမဏေကျော်) ရေးသားသည့်အတိုင်းပင် ဖြစ်သည်။

သာမဏေကျော်က (အနာ





ဂတ် ဗုဒ္ဓသာသနာတော်နှင့် အနာဂတ် မြန်မာနိုင်ငံတော်သည် လူငယ်တို့လက်ထဲမှာ ရှိနေပါသည်။ ထို့ကြောင့် လူငယ်တို့ နှလုံးသားထဲ၌ ဗုဒ္ဓအဆုံးအမများ တည်ရှိထားဖို့ လိုအပ်လှပါသည်။ လူငယ်တို့နှလုံးသားထဲ၌ ဗုဒ္ဓအဆုံး အမများတည်ရှိထားလျှင် အနာဂတ်ဗုဒ္ဓသာသနာတော်နှင့် အနာဂတ်မြန်မာနိုင်ငံတော်သည် တည်ငြိမ်အေးချမ်း သာယာစိုပြည်နေပါလိမ့်မည်) ဟု ဖော်ပြခဲ့သည်။

ခြွင်းချက်မရှိ မှန်သောနိယာမပါပေ။ အနာဂတ်၏ ကောင်းဆိုးမှန်များသည် လူငယ်တို့လက်တွင်သာ ရှိလေသည်။ အတွေ့အကြုံ၊ အတွေးအကြံနှင့် အသိဉာဏ်တို့ကို အဆင့်ဆင့် လက်ဆင့်ကမ်းခြင်းဖြင့် လူ့အဖွဲ့အစည်းသည် 'အသက်ဆက်' ရသည်သာ ဖြစ်သည်။ ထို့ကြောင့် ဤဆောင်းပါးကို လူငယ်တို့အား အဓိကရည်ညွှန်းချက်အဖြစ် ရေးပါသည်။

မျှဝေလက်ကမ်းလိုက်ပါသည်။
ဆင်မြန်းကြပါကုန်။

× × × × ×

(ထူးခြားသော အတွေးအမြင်များ)

တွင် ခေါင်းစဉ်ငယ်ပေါင်း ၂၅၀ ပါရှိပါသည်။ မာတိကာကို ကြည့်လိုက်ပါ။ မာတိကာထဲမှ ကိုယ်ကြိုက်ရာ စိတ်ဝင်စားရာ ခေါင်းစဉ်ရှိရာ စာမျက်နှာကို မလှန်လိုက်ပါနှင့်ဦး။ အဦးအစပိုင်း စာမျက်နှာရှိ 'တော်ဝင်နွယ်' ၏ 'ကန်တော့ပန်း' ကို ဦးစွာဖတ်လိုက်ပါဦး၊ စာမျက်နှာ (စ) ပါ စာကြောင်းတချို့ကို ဖော်ပြပါမည်။

" . . . ထို့ကြောင့် ပဏ္ဏိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဆရာတော်က ကျေးဇူးရှင်မဟာစည်ဆရာတော်ကြီးရဲ့ စာပေတွေဟာ တခြားစာပေတွေနဲ့ တူကိုမတူဘူး၊ ဆရာတော်ကြီးရဲ့ စာတွေဟာ အနက်အဓိပ္ပါယ်အရသဘာဝကျရုံတင်မကဘူး၊ ဘဝသံသရာထဲမှာ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းတွေနဲ့ အိပ်မောကျနေတဲ့သူတွေကို အိပ်ပျော်ရာမှ နိုးထလာစေနိုင်တယ်။ အိပ်ပျော်ရာမှ နိုးထပြီးသူတွေကိုလည်း ဘဝသံသရာမှာ တဖန်ပြန်ပြီး အိပ်ပျော်မသွားရလေအောင် စွမ်းဆောင်နိုင်တယ်" ဟု အမိန့်ရှိသောအခါ . . . . . "

ဤစာပိုဒ်ထဲမှ "ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းတွေနဲ့ အိပ်မောကျနေတဲ့" ဟူသောစာသား၊ "အိပ်ပျော်ရာမှ နိုးထ" ဟူသောစာသား၊ "အိပ်ပျော်ရာမှ နိုးလာသူတွေကိုလည်း ဘဝသံသရာမှာ တဖန်ပြန်ပြီး အိပ်ပျော်မသွားရလေအောင်" ဟူသော စာသားများ၏ လေးနက်ပုံ အနက်တာသွားပုံကို ဆင်ခြင်ကြည့် စေလိုပါသည်။

ဆက်မဖတ်မီ ကျွန်တော့်အတွေးတစ်ခုကို ကြားဖြတ်ပြောလိုပါသည်။ "မဟာစည်ဆရာတော်ကြီး၏ ထူးခြားသော အတွေး အမြင်များ" ဟူသောစာအုပ်အမည်ကို တွေ့လိုက်ရစဉ်က ဘယ်လိုများ ထူးခြားခြားတွေး မြင်ထားပါလိမ့် ဟူသော အတွေးပေါ်လာခဲ့သည်။ "ထူးခြား" ဆိုသောစကားကို အဓိပ္ပါယ် အကောက်လွဲနိုင်ပါသည်။ ထူးဆန်း (STRANGE) တာလား၊ အများနဲ့ မတူတစ်မူကွဲတာလား၊ (DIFFERENT FROM OTHERS) ထုံးစံအတိုင်း မဟုတ်တာမျိုးလား၊ (UNUSUALLY) သာမန်ထက်လွန်တာလား၊ (EXTRAORDINARY) ဖြစ်ရှိး ဖြစ်စဉ် ပြောရိုး ပြောစဉ် မဟုတ်တာ မျိုးလား (UNCOMMON) . . . . . ။

(ခြေခြောက်ချောင်းနှင့်နွား၊ သံချွန်များ ဖန်ကွဲစများမျိုချသူ၊ မြွေပေါင်းများစွာနှင့် ရက်အကြာကြီး အတူနေသူ၊ ဟမ်ဘာဂါငါးဆယ်ကို တစ်ထိုင်တည်းစားပြသူ . . . ဆိုတာတွေကိုလည်း ထူးဆန်းထူးခြားသည်ဟု ဆိုကြသည်မဟုတ် ပါလား)

ဆက်ဖတ်ကြည့်လိုက်တော့ ဤသို့တွေ့ရပါလိမ့်မည်။

" . . . . အတွေးအမြင်များဟု ခေါင်းစီးအမည် ပေးထားသဖြင့် စိတ်ကူးထဲတွင် တွေးတောကြံဆ၍ ဖြစ်ပေါ်လာသော အသိအမြင်များလားဟု တွေးမိလျှင်ကား အမှားကြီးမှားရှာလိမ့်မည်။ မဟာစည်ဆရာတော်ကြီးကိုယ်တွေ့၊ စာတွေ့၊ ဉာဏ်တွေ့၊ တို့ဖြင့် ရှင်းလင်းပြတ်သားစွာ ဖြေကြားထားသည်တို့ကို မဖတ်ရှုရ



သေးမီ၊ မာတိကာပါ အကြောင်းအာ
ရာ ပြဿနာများကို ကိုယ်ပိုင်အမြင်
ဖြင့် အရင်ဖြေရှင်းကြည့်ပါ။ ပြီးမှ
ဆရာတော်ကြီး၏ အဖြေကိုလေ့လာ
ကြည့်ပါ။ ထိုအခါ စာရှုသူ တို့ကိုယ်
တိုင် ဆရာတော်ကြီး၏ သွက်လက်
ထက်မြက်မှုနှင့် အတူ ကျယ်ပြန့်
ကြီးမားတော်မူသော ဉာဏ်ပညာ၊
ရှင်းလင်းပြတ်သားမှုနှင့်အတူ ခက်
ခဲနက်နဲသော အတွေးအမြင်တို့ကို
လက်ဖျားခါလောက်ပါ ပေတယ်ဟူ
သောမှတ်ချက်နှင့်အတူ ထူးခြားမှုရှိ
ကြောင်းကို ဝန်ခံအသိအမှတ်ပြုရ
ပေလိမ့်မည်။" ကောင်းပါပြီ။ ဘယ်
လိုဘာကြောင့် ထူးခြားသလဲဆိုတာ
ကို သိရအောင်ဆက်ဖတ်ပါ။ မာတိ
ကာကို ပြန်လှန်, ကိုယ်စိတ်ဝင်စား
ရာ ခေါင်းစဉ်စာမျက်နှာကို ဖွင့်လှန်
နိုင်ပါပြီ။

x x x x x

အကြောင်းအရာပေါင်း ၂၅၀ ရှိ
သည့်အနက် (လူငယ်တစ်ယောက်
အနေဖြင့်) မျက်ခုံးပင့်၊ မျက်မှောင်
ကုပ်ရင်း စိတ်ဝင်စားသွားမည့် ခေါင်း
စဉ်အချို့ကို တွေ့ရပါလိမ့်မည်။ ဆို
ကြပါစို့. . . ။ ဝသုန္ဒရီနတ်ရှိ + မရှိ
(၃)။ ဘဲဥ၊ ကြက်ဥနှင့် ပါဏာတိပါ
တာ (၁၃)၊ ကြက်သားဒံပေါက်၊
ဆိတ်သားဒံပေါက်နှင့် ပါဏာတိပါ
တာ (၁၅)၊ ဒဏ္ဍာရီတွေပါလို့ ပြော
ကြလိမ့်မယ် (၂၅)၊ ရဟန္တာစုံစမ်း
နည်း (၇၆)၊ အိပ်ငိုက်တိုင်း ကိလေ
သာလော (၈၃)၊ အပွမာဒေနသမ္မာ
ဒေထ၏ အနက်မှန် (၈၈)၊ ဥပုသ်
သည်နှင့် စတုမဓု (၁၃၂)၊ ဘုန်းကြီး
ကျောင်းဝင်းထဲမှာ လူတွေဖိနပ်မစီး
ကောင်းဘူးလား (၁၃၃)၊ ရက်ရာဇာ
စသည်တွေဟာ အလုပ်ပိုပင် (၁၄၇)၊
မာရ်နတ်ဟူသည် (၁၇၃)၊ မြန်မာ
သာဓုနှင့် သီဟိုဠ်သာဓု (၁၈၄)၊ နတ်
ဗြဟ္မာတို့ရှိမရှိ (၁၉၆)၊ သိပ္ပံပညာနှင့်
ပြိတ္တာ (၂၀၀)၊ ဘုရားလောင်းမယ်
တော်ဟာနတ်သားလား၊ နတ်သမီး
လား (၂၂၆)၊အနာဂါမ်မှာဆေးလိပ်
ကွမ်းကြိုက်တာလည်း ကင်းသင့်
တယ် (၂၄၃) . . . . . ။

သဒ္ဓါကွန့်လျှင် ပညာဆွံ့သည်
ဟုအဆိုရှိပါသည်။ ကျွန်တော်တို့ ဗုဒ္ဓ
ဘာသာဝင်ဆိုသူ အများစုမှာ အသိ
(ဝိဇ္ဇာ) နှင့် အကျင့် (စရဏ) တို့
ထက်၊ ယုံကြည်ကိုးကွယ်မှု၊ အား
ထားမှီခိုမှုဘက်တွင် (အသိမယှဉ်ပဲ)
အလေးသာနေတတ်ကြသည်။ ပြည့်
ရှင်ဘုရင်မင်းများ၊ အနုပညာရှင်များ၊
တိုင်းသားပြည်သူများကလည်း ရှေး
ကတည်းကပင် အကြည်ညိုလွန်ကာ
ပန်းချီ၊ ရုပ်ကြွပန်းပု စသည်တို့တွင်
သဒ္ဓါကို ဖောဖောသီသီ ထည့်သွင်း
တတ်ကြသည် ဖြစ်လေရာ မာရ်နတ်
မင်း အောင်မြင်တော်မူခန်းကို သရုပ်
ဖော်ရာ၌ ဝသုန္ဒရီနတ်သား၊ နတ်
သမီးက ဆံပင်ရေတွေညှစ်ချလိုက်ပုံ၊
မာရ်နတ်စစ်သည်များ ရေထဲမျော
နစ်သေကုန်ကြပုံများကို အားပါ
တရ ထည့်သွင်းစီမံဖော်စပ်လိုက်
ကြပါတော့သည်။ ဝသုန္ဒရီသည်
နတ်သား၊ နတ်သမီးလား၊

ဘယ်လို "အပွမာဒေန" မှန်း၊ ဘာကြောင့် "အာမဘန္တေ" မှန်း မသိကြပါ၊ သိသည်ထားဦးတော့ ထိုအသိမှာလည်း သိမ်မွေ့စွာ "လွဲ" နေတတ်သည်၊



ဆရာတော်ကြီး ထိုမျှ အသေးစိပ်ကာ အခိုင်အမာ ပေါကြောရှင်းလင်းပြသည့် အဓိကအချက်ကား 'ကြစေ' နှင့် 'စေကြ' ပင် ဖြစ်သည်၊

ဆိုသည့်ပြဿနာကိုကပင် ပြဿနာမဟုတ်သော အမှားပုစ္ဆာကြီး ဖြစ်လာခဲ့ပေသည်။

ဝသုန္ဒရီနတ် ရှိမရှိကိစ္စကို ဆရာတော်ကြီးဖြေရှင်းထားပုံကြည့်ပါ "အမှန်ကတော့ ဝသုန္ဒရီနတ်ဆိုတာလဲ ထေရဝါဒဗုဒ္ဓ စာပေကျမ်းဂန်ထဲမှာ မရှိပါဘူး။ အချို့ဘုရားကျောင်းတွေမှာ ဝသုန္ဒရီနတ်ရုပ်ထုထားတာတော့ တွေ့ရပါတယ်။ ဒါပေမယ့် ထေရဝါဒ စာပေမှာ မရှိပါဘူး။ အသင့်ယုတ္တိလဲ မရှိပါဘူး။ အမှန်ကတော့ ဝသုန္ဒရီဆိုတဲ့ ပါဠိကလဲ မြေကြီးလို့ အနက်ရှိပါတယ်။ ဒါကြောင့် မြေကြီးတုန်လှုပ်တဲ့အတွက် ခုတင်ကပြောခဲ့တဲ့အတိုင်း ကြောက်လန့်ပြီး ထွက်ပြေးကြခြင်း သာဖြစ်ပါတယ်။ (သလ္လေခသုတ် တရားတော်ကြီး)

x x x x x

နောက်သာဓကတစ်ခု ကောက်နှုတ်ပါမည်။

"အပွမာဒေန သမ္မာဒေထ" သည် ဗုဒ္ဓဘာသာဝင်များနှင့် ရင်းနှီးပြီးစကားလုံးဖြစ်သည်။ ဘုန်းတော်ကြီးက ထိုစကားကို ရွတ်လိုက်သော အခါ လူတွေက "အာမဘန္တေပါ အရှင်ဘုရား" ဟု အလိုအလျောက်ပင် နောက်မှကပ်လိုက်လေသည်။ ဘယ်လို "အပွမာဒေန" မှန်း၊ ဘာကြောင့် "အာမဘန္တေ" မှန်း မသိကြပါ။ သိသည်ထားဦးတော့ ထိုအသိမှာလည်း သိမ်မွေ့စွာ "လွဲ"နေတတ်သည်။ မည်သို့လွဲသနည်း။ မည်သည်က အမှန်ဖြစ်သနည်း။ ဆရာတော်ကြီးက ဤသို့ရှင်းပေး ထားပါသည်။

"..... လွဲနေကြပုံကတော့၊ အပွမာဒေန မမေ့မူသတိတရားနှင့် သမွာဒေထ ပြည့်စုံကြစေကုန်လော့" လို့ အနက်ပေးကြပါတယ်။ သတိနှင့် ပြည့်စုံကြလို့ဆိုတော့ သတိရှိကြရမယ်။ သတိထားကြရမယ်လို့ ဒီလို အဓိပ္ပါယ်ရပါတယ်။ အဲဒီ အဓိပ္ပါယ်လည်းကောင်းသင့်သလောက် ကောင်းပါတယ်။ ဒါပေမယ့် လုပ်ငန်းစဉ်က သိပ်မပေါ်ဘဲ ရှိနေပါတယ်။ အဋ္ဌကထာမှာတော့ သတိအဝိပ္ပဝါသေန သဗ္ဗကိစ္စာနိသမွာဒေယျာထလို့ ဖွင့်ပြထားပါတယ်။ အဲဒီအဖွင့်ထဲမှာ သဗ္ဗကိစ္စာနိ အလုံးစုံ သောကိစ္စတို့ကို ဆိုတဲ့ကံပုဒ်ပါတယ်။ အဲဒီကံပုဒ်ပါတဲ့အတွက် သမွာဒေထနှင့် သမွာဒေယျာထဆိုတဲ့ ကြိယာပုဒ်တို့မှာ "ပြည့်စုံကြစေ" ဆိုတဲ့ ကံမဲ့ အနက် မဖြစ်သင့်ဘူး။ "ပြည့်စုံစေကြ၊ ပြီးစီး စေကြ" ဆိုတဲ့ ကံရှိအနက်သာ ဖြစ်သင့်တယ်။

ကံရှိတဲ့ကြိယာမှာ "နှင့်" ဆိုတဲ့ သဟာဒိယောဂအနက်နဲ့ မယှဉ်နိုင်ဘူး, "ဖြင့်" ဆိုတဲ့ ကရိဏ်းအနက်နဲ့သာ ယှဉ်နိုင်တယ်။ ဒါကြောင့် အဲဒီအဋ္ဌကထာပါဠိကို "သတိအဝိပ္ပဝါသေန - သတိမကင်းခြင်းဖြင့် (ဝါ) မကင်းသောသတိ၊ မမေ့သောသတိဖြင့်၊ သဗ္ဗကိစ္စာနိ - သီလအကျင့်စသော အလုံးစုံသော ကိစ္စတို့ကို သမွာဒေယျာထ - ပြည့်စုံစေကြ၊



ပြီးစီးစေကြကုန်လော့" လို့ အနက် ပြန်ရတယ်။ အဲဒီအဖွင့်နဲ့အညီ အပ မာဒေနသမ္မာဒေထဆိုတဲ့ ဘုရားမိန့် ခွန်းတော်ပါဠိကိုလည်း "အပ်မာဒေန - မမေ့မ္မဖြင့် (ဝါ) မမေ့သော သတိ တရားဖြင့်၊ သမ္မာဒေထ - ပြည့်စုံစေ ကြ၊ ပြီးစီးစေကြကုန်လော့" လို့ ကရိဏ်းအနက်သာ ပြန်ရတယ်။ ဒီ ကရိဏ်းအနက်ကတော့ သီလ အကျင့်ကိစ္စ၊ သမာဓိအကျင့်ကိစ္စ၊ ပညာအကျင့်ကိစ္စဆိုတဲ့ ရဟန်းကိစ္စ ဟူသမျှကို မမေ့တဲ့သတိဖြင့် ပြီးစီး အောင် အားထုတ်သွားရမယ်ဆိုတဲ့ အနက်ကို ပေါ်လွင်စေပါတယ်။

သီလပေးပြီးတဲ့အဆုံးမှာ အပ မာဒေန၊ သမ္မာဒေထလို့ ဩဝါဒပေး ရာမှာလည်း ဒီအနက်ကိုပဲ ယူရ မယ်။ (သလ္လေခသုတ်)"

အနည်းငယ် ရှင်းခွင့်ပြုပါ။ လူ ငယ်တစ်ယောက်အဖို့ အထက်ဖော် ပြချက်တွင် ပါရှိသော ပါဠိများ သဒ္ဒါ နည်းများကိုဖတ်ပြီး သိသလိုလိုနှင့် ဝေဝေဝါးဝါး ရှိကောင်းရှိပါလိမ့်မည်။ (စာဖတ်နာရင် ဓာတ်ခံကောင်းပြီး 'နားပါး'သောသူဆိုရင်တော့ သိနိုင် ပါသည်။) ဆရာတော်ကြီး ထိုမျှ အသေးစိပ်ကာ အခိုင်အမာ ဟော ပြောရှင်းလင်းပြသည့် အဓိကအချက် ကား 'ကြစေ' နှင့် 'စေကြ' ပင် ဖြစ် သည်။ 'ကြစေ' ဆိုတာက ဆုပေး လိုက်သည့်သဘောသို့ ရောက်သည်။ 'စေကြ' ဆိုတာက သတိထားခိုင်း၊ သတိရှိခိုင်းလိုက်ခြင်း ဖြစ်သည်။ (ဆရာတော်ကြီးအလိုအရ) ထပ်ပြီး အလေးအနက် ပြောရလျှင် 'အလုံး စုံသော ကိစ္စတိုင်းမှာ သတိထားကြ သတိရှိကြ . . .။

ဘယ်ကလောက် အသေးစိတ်၊ တိကျ၊ လေးနက်လိုက်ပါသနည်း။

× × × × ×

နောက်တစ်ခု ကောက်နှုတ်ပြ ပါရစေဦး။ သာဓုခေါ်သည့် ကိစ္စ ဖြစ်ပါသည်။ မြန်မာသာဓုနှင့် သီဟိုဠ်သာဓုဟု ခေါင်းစီးတပ်ထား သော စာမျက်နှာ ၂၁၇ ကို ကြည့် လိုက်ပါ။ ဆရာတော်ကြီးက ဘုန်း ကြီးတို့ တရားဟောကြရာမှာ ပရိသတ်က သာဓုခေါ်ကြကြောင်း၊ သို့သော် တကယ့် တကယ်သာဓု ခေါ်စရာအကွက်က တယ်မရှိလှ ကြောင်း။ မြန်မာပြည်မှာ သာဓု ခေါ်ကြပုံက၊ ဂါထာဖြစ်စေ၊ စုဏ္ဏိယ ဖြစ်စေ၊ ပါဠိတစ်ရပ်ရပ်ကို အနက် ပေးပြီးအဆုံး၌ ဓမ္မကထိကက



"ဖြစ်ကြလေတော့သတည်း" ဖြင့် အသံရှည်ရှည်ဆွဲချလိုက်သည့်အခါ သာဓုခေါ်လေ့ရှိကြကြောင်း တရား ရဲ့ အသားအနက်အဓိပ္ပါယ်က ကောင်းသည်ဖြစ်စေ၊ မကောင်း သည်ဖြစ်စေ မစဉ်းစားကြတော့ပဲ "သတည်း. . . " ဆိုလိုက်တာနဲ့ "သာဓု" ခေါ်ကြတော့ကြောင်း. . . ဝေဖန်ပြီးနောက်-

ဟာသရသပေါ်လွင်စေသည့် ဥပမာလေးကိုပင် ထိုးပြလိုက်ပုံမှာ ဝေဿန္တရာဇာတ်မှာ လေးငါးနှစ် အရွယ်ရှိတဲ့ ကဏှာဇိန်နဲ့ ဇာလိတို့ကို "ဝေဿန္တရာမင်းကြီးက ဇူဇကာ ပုဏ္ဏားအား လှူလိုက်တဲ့ အခဏ်းမှာ ပုဏ္ဏားကြီးက မင်းသားမင်းသမီး လေးတွေကို "အာကောဋ္ဌယန္တော-ရက်ရက်စက်စက် ပြင်းထန်စွာရိုက်နှက်လျက်၊ တေ - မျက်ရည်စီးယိုဝိုနေသော ထိုကလေးငယ်တို့ကို၊ နေတိ - မည္သာမတာ ဆွေငင်ကာဖြင့် မကြင်နာမသနားဘဲ ဆောင်သွား လေတော့သတည်း. . . " လို့ အသံ ရှည်ရှည်ဆွဲချလိုက်ရင် တရားနာ ပရိသတ်က "သာဓု - သာဓု - သာဓု" လို့ ဆိုကြတော့တယ်။ အဲဒါ ဟာ ဝမ်းသာရမယ့်အရာ ကောင်းချီး ပေးရမည့်အရာတော့ မဟုတ်ဘူး။ ဝမ်းနည်းရမည့်အရာ၊ သနားရမည့် အရာသာဖြစ်တယ်။ ဒါပေမယ့် မြန် မာပြည်မှာတော့ အဲဒီလိုအရာမှာ လည်း သာဓုခေါ်ပြီး ကောင်းချီးပေး ကြတော့တာဘဲ" ဆရာတော်ကြီး ဆုံးမပုံကို ဆက်ရှုပါ။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

"သီဟိုဠ်မှာတော့ အဲဒီလိုမဟုတ်ဘူး တရားထဲမှာ ကြည်ညိုဖွယ်စကားလုံးကို ကြားရတဲ့အခါ သူတို့က သာဓုခေါ်ကြတယ်။ ရဟန္တာဖြစ်တယ်၊ နိဗ္ဗာန်ရောက်တယ် အစရှိတဲ့စကားကို ကြားရတဲ့အခါ သာဓုခေါ်ကြတယ်။ သူတို့ သာဓုခေါ်ပုံက သဘာဝကျပါပေတယ်။

ဤစာကိုဖတ်ရင်း ကျွန်တော့် အာရုံတွင် ပြုံးရယ်ရွှင်လန်းရခြင်း အရသာ (ဟဿရသ) ပေါ်လာကာ တရားကိုယ်ဓမ္မ၌ နှစ်သက်လာခဲ့ပြီးနောက် (သန္တရသ) သို့ ဆိုက်ရလေသည်။ သန္တရသနှင့်အတူ ကျွန်တော် လှမ်း၍တွေ့လိုက်သည်ကား "ဩော် ဆရာတော်ကြီးသည် ဓမ္မဘက်တော် သားစစ်စစ်ဖြစ်ပါပေသည်။ ပုဂ္ဂိုလ်စွဲ၊ တိုင်းပြည်စွဲ၊ လူမျိုး စွဲ . . . စသည့် အစွဲများမှ ကင်းရှင်းပါပေသည်။ မြန်မာပင်ဖြစ်စေကာမူ မြန်မာတို့ နေရာမကျလျှင် နေရာမကျသလို ထောက်ပြကာ, အခြားတပါး (သီဟိုဠ်)တို့၏ အပြုအမူမှန်ကို ချီးကျူးတော်မူတတ်ပါပေသည်တကား . . ." ဟူသော ကြည်ညိုဖွယ် ဂုဏ်ရည်ပင်ဖြစ်ပါတော့သည်။

x x x x x

နောက်ထပ် ကောက်နှုတ်တင်ပြစရာ သာဓကများစွာ ရှိပါသေးသည်။

လူအများစု စိတ်ဝင်စားတတ်သော ဖော်ပြခဲ့ပြီး သာဓကများသာမက မြန်မာဗုဒ္ဓဘာသာဝင်တို့၏



သဿတဝါဒ (၅)၊ အသိမှန်သမျှ ကိလေသာကို ပယ်သလား (၂၀)၊ စာသင်သား၏ သမာဓိနှင့် ဝိပဿနာ (၃၆)၊ ဗျာဓိပိဒုက္ခော ပိုနေတယ် (၄၁)၊ သောတာပတ္တိမဂ်ဉာဏ် အညစ်အကြေးကင်းပုံ (၅၈)၊ မဂ်ဉာဏ်၏ အာရုံနိဗ္ဗာန်မှာ ရုပ်နာမ်အားလုံးချုပ်မချုပ် (၅၉)၊ ကုလေသွနနုဂိဒ္ဓေါ၌ ကုလအရ အယူအဆ (၉၈)၊ ဝိပဿနာ ကုသိုလ်ကံကဘယ်ဥပါဒါန်ကြောင့်ဖြစ်သလဲ (၁၅၄)၊ မာတာပိတု (အာစရိယ) ဂုဏောအနန္တောမှ ဂုဏသဒ္ဒါအနက် (၁၇၁)၊ ဥဒ္ဆေဒ အယူနှင့် နိဗ္ဗာန် (၁၉၄) . . . စသည့် ခဲကတ်နက်ရှိုင်းသော အကြောင်းအရာများစွာတို့ကိုလည်း ဖတ်ရှုနိုင်ကြပါသေးသည်။

လူငယ်များကို အဓိကထား၍၊ မဖတ်ရသေးသူများ (ဖတ်ပြီးပါသော်လည်း ထပ်မံ၍ အလေးအနက် ဖတ်လိုသူများ) အား အကောင်းဆုံး မျှဝေလက်ကမ်းလိုသည့်စကားမှာ "ကိုယ်တိုင်ဖတ်ပါ" ဟူသော စကားပင်ဖြစ်ပါသည်။ မိမိတို့၏ သဒ္ဓါ၊ သီလ၊ သုတ . . . ကိုယ်ခံကြီးလျှင်ကြီးသလောက် ကုသိုလ်များ ပွားများလာပါလိမ့်မည်။

တော်ဝင်နွယ်၏ ကန်တော့ပန်းပါ စာပိုဒ်ကိုပင် ထုတ်နှုတ်ပြပါမည်။ "ဆရာတော်ကြီး၏ အတွေးအမြင်များထဲတွင် ထက်မြက်သည်လည်းပါ၏။ သွက်လက်သည်လည်း ပါ၏။ ခက်ခဲသည်လည်း ပါ၏။ နက်နဲသည်လည်းပါ၏။ ဆီလျော်မှုလည်းပါ၏။ တော်တည့်မှုလည်းပါ၏။ ကြည်လင်မှုလည်းပါ၏။ ပီပြင်မှုလည်းပါ၏။ အကြောင်းအကျိုးပြည့်စုံသကဲ့သို့ ယုတ္တိလည်း ခိုင်လုံ၏ . . ."

မိမိအနေဖြင့်ကား ဤစာမျက်နှာထက်မှနေ၍ မျှဝေလက်ကမ်းရုံမျှသာတတ်နိုင်ပါသည်။ ဆရာတော်ကြီး၏ စာများမှတဆင့် အသိမှန်၊ အမြင်မှန်၊ အကျင့်မှန်တို့ကို (မိမိတို့၏ သန္တာန်၌) ဆင်မြန်းကြပါကုန်။

(ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့မှ တစ်ဆင့်၊ ပရမတ္ထသံဃာ၏ ဂုဏ်ရည်ကို ဦးခိုက်ပူဇော်လျက်)

ချစ်ဦးညို

၁၃၆၅၊ တပေါင်းလပြည့်ကျော်(၄)

၂၀၀၄၊ မတ် (၉) အင်္ဂါနေ့

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ဆေးစားကြပါစို့

အရှင်ပဏ္ဍိစ္စသာရ

အတွင်း ကမ္ဘာ့သာသနာပြု မဟာစည်ဆရာတော်ဘုရားကြီး ကွယ်ရောက်တော်မူကာ သတိပဋ္ဌာန် ဝိပဿနာ အလုပ်ပေးတရားများကို ညွှန်ကြားပြသမည်ဟု ကြားသိရသောအခါ သူတစ်မျိုး ငါတစ်ဖုံ ပြောကြသည်။ ထိုစကားတို့မှာ စာသင်ရင်း သီလလုံခြုံအောင်နေတာပဲ။ စာကျက်ရင်း သမာဓိရနေတာပဲ၊ ကောင်းကောင်းနေတာပဲ။ စာကြိုးစားနေတာပဲ၊ စာမေးပွဲဖြေပြီးရင် အနားယူဖို့ စိတ်ကူးထားတာ ကောင်းစွာ စာမေးပွဲဖြေဆိုနိုင်သော သံဃာတော်များက စာဆက်ကျက်ဖို့ စိတ်ကူးနေတာ ရွာပြန်ဖို့ ဘယ်ခရီးထွက်ဖို့ စသည်စသည် -



၁၃၆၆ ခုနှစ်တွင် ရန်ကုန်မြို့၊ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး သက်တော် (၁၀၀) ပြည့်နှစ်သို့ ရောက်ခဲ့ရပေပြီ။ မဟာစည်ဆရာတော်ဘုရားကြီး သက်တော် ၇၃-နှစ်၊ ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ် ကျောင်းတိုက်တည် ဆရာတော်ကြီး သက်တော် ၆၀-ပြည့်နှစ်ရှိချိန် လွန်ခဲ့သော ၁၃၃၉ ခုနှစ်၊ နွေဥတုကာလ ဓမ္မာစရိယ ပါဠိပထမပြန် စာမေးပွဲများအပြီး အနာဂတ်သာသနာအတွက် ပဋိပတ္တိသာသနာကျင့်စဉ် ပန္နက်ချခဲ့သည်ကို ပြန်ပြောင်း၍ အောက်မေ့မိပြီး ကျေးဇူးကြီးမား ကျေးဇူးတရားများကို စိတ်မှာထင်ဟပ် ပေါ်လာပေသည်။ ဆရာတော်ကြီးများချခဲ့သော ပန္နက်ကိုအခြေခံကာ ပဋိပတ္တိသာသနာပြု ကမ္မဋ္ဌာနာစရိယ စာရေးသူအပါအဝင် (၁၀)ပါးကျော်လောက် ပေါ်ပေါက်ခဲ့ပါသည်။

စာပေကျမ်းဂန်များ သင်အံပို့ချ ပရိယတ္တိသာသနာတော်ကို စောင့်ရှောက်ကြသော သံဃာတော်များ သီတင်းသုံးရာ ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဲခူးမြို့ တိုက်တည်သာသနာ့မဏ္ဍိုင်ဆရာတော်ဘုရားကြီးသည် ၁၃၃၉ ခုနှစ်၊ ကဆုန်လဆုတ် ၆ ရက်နေ့ ညဉ့် (၇)နာရီအချိန် သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ် ဓမ္မာရုံကြီးတွင် (၁၀)ရက် တရားစခန်း



စတင်ပြုလုပ်ရာ ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တိုင် စခန်းဖွင့်ဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားခဲ့မြင့်တော်မူခဲ့ပါသည်။

နေ့စဉ် ညနေ (၄)နာရီအချိန်ပဲခူးမဟာစည်ရိပ်သာ ဆရာတော်နှင့် သာသနာ့မဏ္ဍိုင်ဆရာတော်ကြီးမှ တရားရှုမှတ်ပွားများ အားထုတ်နေကြကုန်သော ရဟန်းသံဃာတော်ယောဂီ (၃၀၀)ကျော်တို့အား တရားစစ်မေး အားပေးပြုပြင်ပေးကြပါသည်။ ညဉ့် (၇) နာရီအချိန်တွင် ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ လက်ရုံးတစ်ဆူ ပဋိပတ္တိ တပည့်ကြီးဖြစ်သော ဆရာတော် ဦးသုဇာတ မထေရ်မြတ်ကြီးသည် စိတ်ဓာတ်ထက်သန် အကျင့်မှန်ရရှိစေရေး မျှော်တွေးကာ ဝိပဿနာ အလုပ်ပေးတရားတော်များကို ပင်ပန်းမှု ပဓာနမထားဘဲ ဟောကြားခဲ့မြင့်တော်မူခဲ့ပါသည်။

နေ့စဉ်ဟောကြားသော တရားတော်များတွင် မြတ်စွာဘုရားက ပရိယတ် လုပ်နေရုံနဲ့ အားမရဘူး။ ဘုရားပွင့်တော်မူတာကိုက လူနတ်ဗြဟ္မာ သတ္တဝါတွေကို နိဗ္ဗာန်ပို့ချင်လို့ ပွင့်လာတာ၊ နိဗ္ဗာန်ကို တိုက်ရိုက်သွားတာကလည်း ပဋိပတ္တိလုပ်ငန်းကမ္မ တိုက်ရိုက်သွားတာ ဒီပဋိပတ္တိလုပ်ငန်း နည်းလမ်းကျဖို့အတွက် ပရိယတ္တိစာပေတွေကို သင်ကြားနေရတာ။ ဒါဖြင့် ဘုရားပွင့်လာတာ ပရိယတ်သင်ဖို့ ပွင့်လာတာလား၊ ပဋိပတ်ကျင့်ဖို့ ပွင့်လာတာလား။ ပဋိပတ်အားထုတ်ဖို့ ပွင့်လာတာပါ ဘုရား။ ဘုရားရှင်က ဘာကိုပေးချင်တာတုန်း။ နိဗ္ဗာန်ပါဘုရား။ နိဗ္ဗာန်တောင်မှ သောတာပန်အဆင့်လောက်နဲ့ ဟုတ်ရဲ့လား။ မဟုတ်ပါဘုရား။ ရဟန္တာဖြစ်မှ ဘုရားကကျေနပ်တာ။ ရဟန္တာမဖြစ်သေးဘဲနဲ့ ပေါ့ပေါ့ဆဆနေရင် မကြိုက်ဘူးလို့ ဟောပြောပြီး -

ဆက်လက်၍ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏဂုံ၊ ကဿပဟူသော ၆-ဆူသောဘုရားရှင်တို့ရဲ့လက်ထက် ပဋိညာဉ်သုံးပုံဆောင် ထင်ရှားခဲ့ပြီး ဘုန်းကြီးတို့ကိုးကွယ်အားထားရာအစစ် ရှင်တော်ဗုဒ္ဓလက်ထက် ဂိုဏ်း (၁၈)ဂိုဏ်းအုပ်ချုပ်လျက် ရဟန်းသံဃာငါးရာကို စာပေကျမ်းဂန် ပို့ချနေသော ပဋိညာဉ်သုံးပုံဆောင် အရှင်ပေါဋ္ဌိလဘုရားရှင်အနီးရောက်တော့ မြတ်စွာဘုရားက တုစ္ဆ ပေါဋ္ဌိလ အလကားပေါဋ္ဌိလလို့ ခဏခဏပြောပြောလွတ်တယ်၊ အဲဒီလို အပြောခံရလွန်းတော့ ရှက်တာနဲ့ ယူဇနာ ၁၂၀ လောက်ဝေးတဲ့တောထဲမှာ တရားအားထုတ်နေကြတဲ့ ရဟန်းသုံးကျိပ်ဆီကို သွားတယ်။ ရောက်တော့ မထေရ်ကြီးထံသွားပြီး "အရှင်ဘုရား တပည့်တော်အား တရားပေးတော်မူပါဘုရား"လို့လျှောက်တယ်။ မထေရ်ကြီးက "ဟာ မဟုတ်တဲ့ဥစ္စာ။ ကိုယ်တော်က ဗဟုသုတသမားကြီး၊ ကိုယ်တော်ကိုမှီပြီး တပည့်တော်တို့တောင် သင်ယူရဦးမှာ၊ ဒီလိုပြောတော့ "မလုပ်ပါနဲ့ဘုရား၊ တပည့်တော်က စာပေဗဟုသုတရှိရုံသာရှိတာပါ၊ အား ထုတ်ပုံ အားထုတ်နည်း ဗဟုသုတ မရှိသေးပါဘူးဘုရား။ အားထုတ်ပုံ အားထုတ်နည်းလေးပေးပါဦး"ဆိုတော့ မာန်မာနကျအောင် ဟိုကိုယ်တော်ဆီသွားနဲ့ တစ်ဆင့်တစ်ဆင့် အငယ်တွေဆီလွှတ်လိုက်တာ၊ နောက်ဆုံး သက်နှံးချုပ်နေတဲ့ ၇ - နှစ်သား ရဟန္တာကိုရင်လေးထံရောက်သွားပါတယ်။

စာမာန်မာနတွေကျနေတဲ့၊ စာချဆရာတော်ကြီးကို (၇)နှစ်သားကိုရင်လေးက အရှင်ဘုရား၊ ဂယ်ပေါက်ခြောက်ပေါက်ရှိတဲ့ တောင်ပို့ထဲ ဖွတ်ဝင်သွားရင် ဘယ်လိုဖမ်းမတုန်းဘုရား၊ ဒါဆိုရင် ငါးပေါက်ပိတ်ပြီး တစ်ပေါက်ကဖမ်းရမယ်။ အဲဒါလိုပါပဲဘုရား။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ တံခါးငါးပေါက်ပိတ်ပြီး မနောဒွါရကနေ ဖမ်းပေတော့ဘုရား၊ အဲဒီတော့မှ ဟာ - ကိုရင် သဘောကျပြီ၊ အရင်ကလည်း စာပေတတ်ထားတော့ ချက်ချင်းသဘောပေါက်တယ်။ အခု ဒီမှာလည်း တရားအားထုတ်နေကြတာ ဘယ် နေရာကဖမ်းနေကြသလဲ၊ မနောဒွါရကပါဘုရား၊မနောဒွါရကနေပြီး ဖမ်းလိုက်တဲ့ အခါမှာ လှုပ်နေတာလေး တစ်ခု၊ သိနေတာ



လေးတစ်ခု၊ အဲဒီလို တွဲသိတဲ့ ဝိပဿနာဉာဏ်ဟာဘယ်မှီ သိ တုန်း၊ မနောဒွါရမှီ သိတယ်၊ မဟာ ကုသိုလ်ဇောနဲ့သိတာ၊အဲဒီတော့ ကိုရင်ပေးတဲ့နည်းနဲ့ ပြောတဲ့အတိုင်း သွားပြီးအားထုတ်လိုက်တာ မကြာပါဘူး၊ ရဟန္တာဖြစ်သွားပါတယ်။

အဲဒါကြောင့် တို့မြတ်စွာဘုရား ရဲ့ အလိုတော်က ရဟန္တာဖြစ်မှ ကျေနပ်တယ်။ အောက်ထစ်ဆုံး ဘာဖြစ်ရမယ်။ သောတာပန်ပါ ဘုရား။ သောတာပန်ဖြစ်သွားခဲ့ရင် မကောင်းတာ မဟုတ်တာ လုပ်ပါဦးမလား၊ မလုပ်တော့ပါဘူး" စသည်ဖြင့် ဝိပဿနာ အရေးကြီးကြောင်း ဆရာတော် ဦးသုဇာတသည် ယောဂီဒကာတော်များနှင့် အမေးအဖြေပြုကာ ဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားတော်မူပါသည်။ ဆရာတော်ကြီးများ၏ ရည်ရွယ်ချက်ကား စာပေသင်ကြားခြင်း၊ ပရိယတ္တိသာသနာသည် ရောဂါရှိသူလူနာတစ်ဦးအတွက် ဆေးညွှန်းစာဖတ်ရသည်နှင့်တူပါသည်။ "ဆေးညွှန်းစာဖတ်ရာနားထောင်ပါ ရောဂါပျောက်နိုးနိုး" ဆိုတာလိုပဲ ဆေးမစားဘဲ ဆေးညွှန်းစာဖတ်ရုံဖြင့် ရောဂါမပျောက်နိုင်ပါ။ ကိုယ်တိုင် ဆေးစားမှ ရောဂါ ပျောက်ကင်းပါမည်။

ဆရာတော်ကြီးများသည် တပည့်သံယာတော်များ ဆေးညွှန်းစာနဲ့တူသော ပရိယတ္တိစာပေ သင်ကြားရုံ တပည့် ဒကာ၊ ဒကာမများကို တရားနာကြားရုံဖြင့် တာဝန်မကျေဟု သိမြင်တော်မူကာ ရောဂါပျောက်ရေး အစွမ်းထက်သောဆေးကိုကျွေး ဆိုသည့်အတိုင်း ဆင်းရဲဒုက္ခအမျိုးမျိုးတွေ့ရသော ကိလေသာအနာရောဂါပျောက်ရေး မဟာသတိပဋ္ဌာန် ဝိပဿနာကျင့်စဉ်ဆေးများကို တိုက်ကျွေးတော်မူခဲ့ပါသည်။ ဝိပဿနာဆေးများကို တိုက်ကျွေးတော်မူခဲ့သော ဆရာတော်ကြီးများတွင် မဟာစည်ဆရာတော်ကြီးသည် ၁၃၄၄ ခု၊ ဒုတိယဝါဆိုလဆုတ် (၁၀)ရက်နေ့တွင် ပျံလွန်တော်မူပါသည်။ ဆရာတော် ဦးသုဇာတသည် ၁၃၄၄ ခု၊ ဝါခေါင်လဆန်း (၃)ရက်နေ့တွင် ပျံလွန်တော်မူပါသည်။ ပဲခူးရိပ်သာ ဆရာတော်သည် ၁၃၆၁ ခု၊ ကဆုန်လဆန်း (၉)ရက်နေ့တွင် ပျံလွန်တော်မူပါသည်။ ပဲခူးတိုက်တည် သာသနာ့မဏ္ဍိုင်ဆရာတော်သည် ၁၃၅၈ ခု၊ တပို့တွဲလကွယ်နေ့တွင် ပျံလွန်တော်မူပါသည်။ ကျေးဇူးကြီးများ ဆရာတော်ကြီးများ ပျံလွန်တော်မူသွားသော်လည်း ဗုဒ္ဓနည်းကျ ဆရာတော်ကြီးများ၏ သတိပဋ္ဌာန်ဝိပဿနာ ဆေးသည်ကား အမြဲအဆီဓာတ်ပြည့်ဝကာ အစွမ်းထက်မြက်လျက်ရှိသည်မို့ ဆေးစားကြပါစို့၊ သောက်ကြပါစို့။

ဆရာတော်ကြီး သက်တော် (၁၀၀)ပြည့် ပူဇော်လျက် -

အရှင်ပဏ္ဍိစ္စသာရ

ဒါန၊ သဒ္ဓါနှင့် ပြည့်စုံရမည့် တရားလေးပါး

ချမ်းသာအပေါင်း ရကြောင်းမှန်စွာ၊
စည်းစိမ်မြစ်မ၊ ဘောဂတည်ရာ။
အောက်တန်းမကျ ကယ်မသူမှာ၊
မြတ်ဒါန စိတ်ချ ကိုးကွယ်ရာ။

ကောင်းမြတ်လှစွာ လူဥစွာ ဘယ်အရာပေနည်း၊
ကောင်းမြတ်လှစွာ လူဥစွာ သဒ္ဓါတရားတည်း။
ဤလောကမှ ပြောင်းသွားရ ကင်းပစိုးရိမ်ဘယ်သို့နည်း၊
လုံ့လသစ္စာ ပေးလှူတာ ပညာဤလေးမည်။
ပြည့်စုံပါလျှင် သဒ္ဓါရှင် နောင်တွင် စိုးရိမ်ကင်းဝေးသည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး



ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး

သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



အကောင်းဆုံးဘဝနေနည်း

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သုံးသပ်ဝေဖန် ဥာဏ်ပဋိဘာန်

မောင်သွေးဆွန်

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးဟာ စာပေ ပရိယတ္တိဘက်မှာရော၊ အကျင့်ပဋိ ပတ္တိဘက်မှာပါ စွယ်စုံထူးချွန် ထူးကဲ လွန်မြတ်တဲ့ ဉာဏ်တော်နဲ့ ပြည့်စုံ ကြောင်း အားလုံးသိကြပြီး ဖြစ်ပါ တယ်။ ဆရာတော်ဘုရားကြီးဟော ပြောပြသ ရေးသားစီရင်တော်မူခဲ့ တဲ့ ကျမ်းစာအုပ်များက ဆရာတော် ဘုရားကြီးရဲ့ဉာဏ်တော်ကို သက် သေခံဖော်ပြနေသလို ရှိပါတော့ တယ်။ ကျွန်တော်ဖြင့် ဆရာတော် ဘုရားကြီးရဲ့ ကျမ်းစာအုပ်တွေ ဖတ် တဲ့အခါ တစ်လုံးမှကျော်မသွားရဲပါ ဘူး။သိစရာမှတ်စရာတစ်ခုတစ်လေ ကျန်ခဲ့မှာစိုးလို့ပါ။ အဲဒီ သိစရာ မှတ်စရာဆိုတာလည်း တကယ်တော့ “ကျင့်စရာ” တွေချည်းပါဘဲ။ ဘာကို ကျင့်ရမှာလဲ။ ဘယ်လောက်ထိ ကျင့် ရမှာလဲဆိုတော့။ သံသရာဝဋ်ဆင်း ရဲကလွတ်မြောက်အောင် ဝိပဿနာ ကျင့်ရမယ်လို့။ အစဉ်အမြဲ လမ်း ညွှန်တော်မူလေ့ ရှိပါတယ်။ ဒါန သီလစတဲ့ လောကဓမ္မများနဲ့ ပတ် သက်ပြီးတော့လည်း လစ်ဟာချက် မရှိအောင် ဟောပြောရေးသားတော် မူခဲ့ပါတယ်။

လောကဓမ္မ လောကီရေးရာ ဆိုတာ လောကီဘုံသားများအတွက် ရေအိုးနဲ့ရေမှုတ်ပမာ အမြဲဒွန်တွဲ နေတာဖြစ်လို့ ဒီလောကထဲ ကျင် လည်ရဆဲမှာ တရားနဲ့အညီ နေထိုင် ရှင်သန်တတ်အောင် လမ်းညွှန်တော် မူလေ့ရှိပါတယ်။ ဥပမာ စီးပွားရေး အဆင်မပြေ လာဘ်လာဘဝင်ငွေ ဆုံး ရှုံးလျော့နည်းတာမျိုးနဲ့ ကြုံဆုံရတဲ့ အခါ ဖြေသာနေသာအောင် ဒီလို ညွှန်ပြတော်မူခဲ့ပါတယ်။

“မွေးခါစ ဘာမှမပါခဲ့ဘူး။ အဝတ်တောင် မပါခဲ့ဘူး။ ဒါပေမယ့် ယခုတော့ အဲဒါနဲ့ နှိုင်းစာကြည့်ရင် ရထားတာတွေ အများကြီးရှိသေး တာပဲ” လို့ ဒီလိုလည်း ဆင်ခြင်ရ





“ မြန်မာပြည်မှာရှိကြတဲ့ ဗုဒ္ဓဘာသာဝင်
ဒကာ ဒကာမတွေကဖြင့်
အဆက်မပြတ် ကုသိုလ်ကောင်းမှုတွေပြုနေတာကြောင့်
နောင်ဘဝ အကျိုးပေးတဲ့အခါကျတော့
မြန်မာပြည်တွင်အကျိုးပေးလို့မဆန့်နိုင်အောင်
ကြီးကျယ်တဲ့အတွက်
အခြားတိုးတက်တဲ့ နိုင်ငံကြီးတွေမှာ သွားပြီး
သူဌေးကြီးတွေ၊ စက်မှုလုပ်ငန်းရှင်ကြီးတွေ၊
အာဏာတန်ခိုး အင်မတန်ပြည့်တဲ့
အစိုးရအဖွဲ့ဝင်ကြီးတွေတောင် ဖြစ်နိုင်ကြတဲ့သဘော
ရှိပါတယ်၊ ”

တယ်။ နောက်ပြီးတော့ ယခုပျက်စီး သွားတာတွေဟာ ‘ဘီဇုနဓမ္မာ ဘီဇုတိ’ ပျက်တတ်တဲ့တရားမို့ ပျက်သည်လို့ ဆိုတဲ့အတိုင်းဆင် ခြင်ရတယ်။ ဟုတ်တယ်၊ ကွဲတတ်တဲ့မြေအိုးဟာ လွတ်ကျရင်ကွဲတာပဲ။မကွဲတတ်တဲ့ သံအိုး သတ္တုအိုးဆိုရင် လွတ်ကျပေမယ်လို့ မကွဲပါဘူး။ ဒါကြောင့် တစ်စုံတစ်ရာ လွတ်ကျလို့ ကွဲပျက်သွားရင် ပျက်တတ်လို့ ပျက်သွားတာပဲလို့ ဒီလို အသင့်အတင့်နှလုံးသွင်းပြီး ဖြေဖျောက်ရတယ်”

၁၉၈၇ ဇူလိုင်ထုတ်
လောကစံတရားတော် စာ-၄၉

ကျွန်တော်တို့ရဲ့ ဘဝရှုခင်းလောကရဲ့ အရေးအခင်းတွေအပေါ် မဟာစည်ဆရာတော်ဘုရား ကြီးက ဓမ္မစကျွဲဓမ္မအလင်းနဲ့ ရှုမြင်ပြီးတော့ လို့ သုံးသပ်ညွှန်ကြားတော်မူခဲ့ပြန်ပါတယ်။

“သူတစ်ပါး၏ ပယောဂကြောင့် ဖြစ်စေ၊ ရောဂါကြောင့်ဖြစ်စေ၊ ရာသီဥတုကြောင့်ဖြစ်စေ ကိုယ်ထဲမှာ ဆင်းရဲဒုက္ခဝေဒနာတွေ ဖြစ်ပေါ်လာတဲ့အခါ အခြားနည်းဖြင့် ပြုပြင်စရာမရှိရင် အဲဒီဒုက္ခဝေဒနာကိုပဲ စူးစိုက်ပြီး ရှုမှတ်နေရမယ်၊ အဲဒီလို ရှုမှတ်နေရင် ဒုက္ခဝေဒနာဟာ ပျောက်လည်းပျောက်သွားတတ်ပါတယ်၊ လုံးလုံးမပျောက်တောင် သက်သာနေတတ်ပါတယ်၊ မသက်သာတောင် စိတ်ဆင်းရဲမှု မဖြစ်နိုင်တဲ့အတွက်



အဲဒီကိုယ်ဆင်းရဲတစ်မျိုးကိုသာ ခံရတယ်၊ အဲဒီကိုယ်ဆင်းရဲကို မရှုနိုင်ရင်တော့ ငါကိုတယ်သူတွေက မတရားနှိပ်စက်တယ်၊ ငါနှယ် ကံဆိုးလိုက်တာ၊ ဖြစ်မှဖြစ်ရလေခြင်း စသည်ဖြင့် ကြံစည်ပြီး စိတ်ဆင်းရဲခြင်းတွေလည်း များစွာဖြစ်တတ်လာပါတယ်"

လောကဓံတရားတော် စာ-၅၉

ဒုက္ခဝေဒနာ သက်သာအောင် မရှုမှတ်တတ်ဘူးဆိုရင် "ယောနိသောမနသိကာရနဲ့ အသင့်အတင့် နှလုံးသွင်းပြီး ပယ်ဖျောက်ရတယ်၊ လောကဓံတရားဆိုတာ ဘုရားရဟန္တာများတောင်မှ မရှောင်နိုင်ဘူး၊ တွေ့ကြသေးတာပဲ၊ ငါလိုလူ ဘယ်မှာမတွေ့ဘဲရှိမှာလဲ၊ ဘုရား ရဟန္တာအရှင်မြတ်တွေဟာ ဒီလောကဓံတရားတွေနဲ့ တွေ့တဲ့အခါ မတုန်မလှုပ် သည်းခံတော်မူနိုင်ကြတယ်။ ငါလဲ ဘုရားရဟန္တာများလိုသည်းခံမယ်၊ စိတ်နှလုံးမသာခြင်းကိုမဖြစ်စေအောင်ဖြစ်ရင်လည်း ကြာရှည်စွာ မဖြစ်ရအောင် စောင့်ရှောက်မယ်၊ ဒီလိုစောင့် ရှောက်ခြင်းဖြင့် ဘုရားရဟန္တာတို့ရဲ့ဂုဏ် တစ်စိတ်တစ်ဒေသနှင့် ပြည့်စုံစေမယ် စသည်ဖြင့် နှလုံးသွင်းဆင်ခြင်ပြီး နှလုံးမသာမှုကို ပယ်ဖျောက်ရမယ်၊ အဲဒီလို ပယ်ဖျောက်နိုင်ဖို့က အရေးကြီးပါတယ်"လို့ လမ်းညွှန်တော်မူခဲ့ပါတယ်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ အခါအခွင့်ကြုံတိုင်း နှလုံးသွင်းဆင်ခြင်ဖို့နည်းပေး လမ်းပြပြုတော်မူလေ့ရှိခဲ့ပါတယ်။ ယောနိသောမနသိကာရဟာ အကောင်းဆုံး ဘဝနေနည်းဖြစ်ပြီး မင်္ဂလာရီး ဖိုလ်ခရီး နိဗ္ဗာန်ခရီးကို ကြီးမားစွာ အထောက်အပံ့ဖြစ်စေနိုင်တယ်လို့ယုံကြည်ပါတယ်။

ကံကုသိုလ်နှင့်ဉာဏ်ကုသိုလ်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ ဝိပဿနာဉာဏ်၊ မင်္ဂဉာဏ် ဖိုလ်ဉာဏ်ဆိုင်ရာ သိမ်မွေ့ နက်နဲတဲ့တရားတော်များကို အစဉ်တစိုက် ဖော်ထုတ်ရှင်းလင်းဟောပြောတော် မူလေ့ရှိပါတယ်။ ဗုဒ္ဓဘာသာဝင်တွေကို ဝိပဿနာလမ်းကြောင်းပေါ် ဆွဲခေါ်ရာမှာ အင်မတန်အင်အားကြီးလှပါတယ်။ ဒါနသီလစတဲ့ အခြေခံအုတ်မြစ်ပိုင်းကိုလည်း ခိုင်မာအောင် တည်ဆောက်စေခဲ့ပါတယ်။

၁၉၈၁ ဇူလိုင်လမှာ အထက်အညာက သူဌေးကြီးတစ်ဦး မဟာစည်သာသနာ့ရိပ်သာကို ရောက်လာပါတယ်။ နှစ်ပေါင်း (၂၀)လောက် ဒါနသီလ စတဲ့ကုသိုလ်ကောင်းမှုတွေ လုပ်ခဲ့သူပါ။ အဲဒီသူဌေးကြီးဟာ မဟာစည် သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဦးပွင့်ကောင်းနဲ့ ရင်းနှီးကျွမ်းဝင်တဲ့ ဓမ္မမိတ်ဆွေကြီးပါ။ အဲဒီသူဌေးကြီးကို ခွီးမြှင့်တဲ့ မဟာစည်ဆရာတော် ဘုရားကြီးရဲ့ဩဝါဒဟာလည်း အင်မတန် မှတ်သားစရာ ကောင်းလှပါတယ်။

"ဒကာကြီး ခုလုပ်နေတဲ့ ကုသိုလ်ကောင်းမှုတွေဟာ သိပ်ကောင်းပါတယ်။ မြန်မာပြည်မှာရှိကြတဲ့ ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမတွေက ဖြင့် ဒကာကြီးတို့လို အဆက်မပြတ် ကုသိုလ်ကောင်းမှု တွေပြုနေတာကြောင့် နောင်ဘဝ အကျိုးပေးတဲ့အခါကျတော့ မြန်မာပြည်တွင်အကျိုးပေးလို့ မဆန့်နိုင်အောင်ကြီးကျယ်တဲ့အတွက် အခြား တိုးတက်တဲ့ နိုင်ငံကြီးတွေမှာ သွားပြီး သူဌေးကြီးတွေ၊ စက်မှုလုပ်ငန်းရှင်ကြီးတွေ၊ အာဏာတန်ခိုး အင်မတန်ပြည့်တဲ့ အစိုးရအဖွဲ့ဝင်ကြီးတွေတောင် ဖြစ်နိုင်ကြတဲ့သဘော ရှိပါတယ်။ အဲဒီမှာလူသွားဖြစ်ပြီးတော့ ယခုကောင်းမှုတွေကြောင့် အင်မတန် ချမ်းသာကျော်စောတဲ့ပုဂ္ဂိုလ်ကြီးတွေဖြစ်တော့ သူတို့ဆီမှာရှိတဲ့အလေ့အကျင့်အတိုင်း ကာမဂုဏ်တွေ ခံစားစံစားရမှာတော့ မလွဲကြပါဘူး'။

'အဲဒီကာမဂုဏ်တွေ ခံစား စံစားရတဲ့ အခြေအနေပေါ်တည်ပြီး အကုသိုလ်တွေက ဟိုဘဝမှာ ဆက်တိုက်ဖြစ်ကြမှာမို့ အဲဒီလို အကုသိုလ်တွေကြောင့်ပဲ နောင်ဘဝတွေ ရောက်ပြန်တော့လည်း အဲဒီ အကုသိုလ်အကျိုးဆက်ကြောင့် အပါယ်လေးပါး မုချလားကြရတော့မယ်ဆိုတာတော့ ယုံကြည်သင့်တယ်။

'ယခုဘဝမှာ ယခုလို ဒါန သီလ ကုသိုလ်ကောင်းမှုချည်း မဟုတ်ဘဲ ဝိပဿနာတရားကို ဆရာသမားကောင်းနဲ့ စနစ်တကျ အားထုတ်



လို့ အဆင့်တော်တော်မြင့်တဲ့ သခ်ၤါရ ပေက္ခာဉာဏ် (သို့မဟုတ်) အနည်းဆုံး ဥဒယဗ္ဗယဉာဏ် အဆုံးလောက်ထိအောင် ကျေကျေလည်လည် အားထုတ်ထားနိုင်မယ် ဆိုရင် ဝိပဿနာပညာဦးစီးတဲ့ဉာဏ်ကြောင့် နောင်ဘဝတွေမှာ ဘယ်အခြေပဲရှိရှိ မေ့မေ့လျော့လျော့မဖြစ်ဘဲ ပြန်လည်သတိရပြီး မှတ်တဲ့အကြံဉာဏ်တို့ စိတ်ကူးစဉ်းစားဉာဏ်မျိုး ပြန်ပေါ်တတ်ပါတယ်။ ဒီအခါမှာ မှန်ကန်တဲ့ အသိတရားလည်း ရလာတဲ့အတွက် အကုသိုလ် ကာမဂုဏ် အာရုံတွေကို မလိုက်စားချင်ဘဲ သတိရလာတဲ့ စိတ်ဖြစ်ပေါ်လာတဲ့အတွက် နည်းလမ်းမှန်ကန်တဲ့အကျင့်တွေကို ရှာဖွေတတ်တဲ့သဘော ဖြစ်ပေါ်လာတတ်ပါတယ်။ အဲဒီလို ဝိပဿနာကုသိုလ်ကြောင့် တစ်ချို့နိုင်ငံခြားသားတွေဟာ သတိပြုမိတဲ့အတွက် ယခုလို ရိပ်သာကြီးလို နေရာတွေမှာ ဝိပဿနာတရား အားထုတ်တာ ဒကာကြီးတို့အမြင်ပဲ။ ဝိပဿနာတရားကို အားထုတ်မယ်ဆိုရင် ဝိပဿနာဉာဏ်ကြောင့် ရရှိတဲ့ပညာဉာဏ်ဟာ ရှေဘဝဆက်တိုင်းမျာပဲ။ ဒီတော့မှ နောင်ဘဝဆက်တိုင်း ချမ်းသာတွေကို မြဲအောင်ဆက်တိုက် ရသွားနိုင်တဲ့အပြင် နိဗ္ဗာန်မဂ်ဖိုလ်ရရာရကြောင်းကိုလည်း ဒီဝိပဿနာကုသိုလ်ဟာ တောက်လျှောက်အကျိုးပြုသွားမှာပါ။ ဘာမှအခက်အခဲတွေ့စရာမရှိပါ။ ငွေကုန်ကြေးကျလည်းများစရာ မရှိတဲ့အတွက် အချိန်အနည်းငယ် ပေးရုံမျှနဲ့ ဝိပဿနာကုသိုလ်ဉာဏ်ကို ရရှိအောင် ဖြည့်စွက်အားထုတ် လိုက်ဖို့ ဘုန်းကြီး သြဝါဒပေးလိုပါတယ်။

၁၉၉၀ ဒီဇင်ဘာလထုတ်
ဦးပွင့်ကောင်း၊ ၃၃ နှစ်
မဟာစည်သာသနာပြုခရီး
စာ ၂၆၅-၂၆၆

ဒါနသီလကစပြီး နိဗ္ဗာန်ခရီးမှာ ဝိပဿနာသာလျှင် အချုပ်အခြာဖြစ်ကြောင်း တစ်ချက်တည်း နားစွဲအောင် မှတ်သားနိုင်ခဲ့ပါတယ်။ ဒါနအားကောင်းလို့ နောင်ဘဝ အကျိုးပေးတဲ့အခါ မြန်မာပြည်နဲ့ မဆန့်အောင် ကြီးကျယ်တဲ့အတွက် တိုးတက်တဲ့နိုင်ငံကြီးတွေမှာ သွားရောက်လူဖြစ်ရပုံကိုလည်း မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဉာဏ်တော်အားဖြင့်သာ မြင်ခွင့်ရခဲ့တာဖြစ်ပါတယ်။

ဒါနအကျိုးပေး ဘဝချမ်းသာများနဲ့ တစ်ဆက်တည်း ဖတ်မှတ်ဆင်ခြင်မိတာကတော့ ဆင်းရဲသားမိသားစုနဲ့ သူဌေးမိသားစုတို့ကြားက သားသမီးမွေးဖွားခြင်း ပြဿနာပါပဲ။ ဆရာဝန်ကြီးဦးမြင့်ဆွေ မေးလျှောက်၍ မဟာစည်ဆရာတော်ဘုရားကြီး ဖြေကြားရှင်းလင်းပေးတော်မူခဲ့တဲ့ 'ဘဝပြဿနာ' ဆိုတဲ့စာအုပ်မှာ ဒီသဘောကို သွားတွေ့မိပါတယ်။ ဆရာဝန်ကြီး ဦးမြင့်ဆွေက ဖိုနှင့်မ သံဝါသပြုတိုင်းလည်း မျိုးမအောင်သဖြင့် သန္ဓေမတည်အသက်မဝင်ဖြစ်ရပုံကို ဆေးပညာရှုထောင့်မှ တစ်တစ်ခွခွ လျှောက်ထားသည်ကို မဟာစည်ဆရာတော်ဘုရားကြီးက

(၁) မိဘနှစ်ဦးတို့ သံဝါသပြုခြင်း၊ (၂) မိခင်မှာ ဥတုပန်းပွင့်ခြင်းဟူသော အင်္ဂါနှစ်ပါးရှိသော်လည်း သူငယ်လောင်းက မရှိလျှင် ပဋိသန္ဓေမတည်နိုင်ဟု (မ-၁-၃၃၂ မှာ ဆိုထား၏။) ၎င်းပြင် သုတ်ပိုးနှင့်သားဥတို့ပေါင်းစပ်မိသော်လည်း သူငယ်လောင်း၏စိတ်ဝိညာဉ် မဝင်ရောက်လာလျှင် ၎င်းသားမျိုးရုပ်ပျက်စီးသွားသည်ဟု ဆိုသောကြောင့် စပါမယ်တိုဇာနှင့် အိုဗာတို့ပေါင်းစပ်ပြီးမှ ခုနစ်ရက်အတွင်းမှာ ပျက်စီးခြင်းရှိမရှိကို ကြည့်ရှု၍လည်း ကလလရေကြည်အခိုက်က ဝိညာဉ်အသက်ဝင်မဝင်ကို သိနိုင်ရာ၏။

၁၉၉၇၊ ဒီဇင်ဘာထုတ်
ဘဝပြဿနာ စာ-၄၅

ဆရာတော်ဘုရားကြီး၏ဉာဏ်တော်ကား အံ့မခန်း စွမ်းလှပါပေတယ်။ ခေတ်သစ်ဆေးပညာရဲ့ဟာကွက်များကိုပင် ဖြည့်စွက်ဖြေဆိုပေးခဲ့လေပြီ။ ထိုမျှသာမကသေးပါ။



အကြမ်းအားဖြင့် ပြရလျှင် ပစ္စည်းမဲ့လူဆင်းရဲများမှာ သားသမီးပေါများ၏။ အများအားဖြင့် ပစ္စည်းရှိသူ လူချမ်းသာများမှာ သားသမီးနည်းပါး၏။ ထိုသို့ဖြစ်ခြင်းမှာ မိဘများ၏ ဗီဇမျိုးစေ့ရုပ်ကြောင့်ချည်း မဟုတ်တန်ရာ။ လူချမ်းသာဖြစ်ရန် ကုသိုလ်ကံရှိသူတို့ နည်းပါးသောကြောင့်လည်း ဖြစ်သည်"ဟု ဗုဒ္ဓဘာသာတရားတော်အရ ယူဆအပ်၏။ (ဘဝပြဿနာ စာ-၄၅)

ကြောင်းကျိုးဆက်စပ် သုံးသပ်ဝေဖန်တဲ့နေရာမှာ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ဉာဏ်တော်ဟာ အံ့မခန်းဖြစ်ပါတယ်။ ချမ်းသာဆင်းရဲ သားသမီးအနည်းအများကိစ္စက အစ ဗုဒ္ဓဘာသာရှုထောင့်က ခိုင်ခိုင်လုံလုံ ဖြေရှင်းပေးတော်မူခဲ့ပါတယ်။

မဂ်ဉာဏ်ရမှ စိတ်ချရတယ်

ပုထုဇဉ်တို့ရဲ့ လောကအမြင် (၀၀) ဘဝအမြင်ဆိုတာ လေယူရာယိမ်းနွဲ့နေတတ်ပါတယ်။ အများအားဖြင့် ကိုယ်ကျိုးစီးပွားနဲ့ယှဉ်တဲ့အမြင်တွေဖြစ်လို့ "သမ္မာဒိဋ္ဌိ"အမြင်လို့ မဆိုနိုင်ပါဘူး၊ ပုထုဇဉ်တွေအဖို့ ဗုဒ္ဓဘာသာဝင်အမည်ခံကြသော်လည်း တစ်နပ်စာ၊ တစ်ဘဝစာလောက်သာရှုမြင်တတ်ကြလို့ ဖြောင့်မတ်တည်ကြည်ခြင်းလည်း မရှိကြပါဘူး။ ဒီနေ့သိပ္ပံနဲ့နည်းပညာခေတ်မှာ ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆုံးမသြဝါဒတွေဟာ ခေတ်မမီတော့သလိုလို ခေတ်နောက်ကျသလိုလို ပြောဆိုဝေဖန်နေတတ်လေ့ရှိပါတယ်။ ပုထုဇဉ်ဆိုတာ (ဗုဒ္ဓဘာသာဝင်ဖြစ်သော်လည်း) ဗုဒ္ဓဘာသာ ဘုရား၊ တရား၊ သံဃာ အပေါ် ပြန်ပြီး သံသယဝင်တတ်လေ့ရှိပါသေးတယ်။

ဒါ့ကြောင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက လောကအမြင်၊ ဘဝအမြင်နဲ့ပတ်သက်လာရင် "သောတာပန်တည်မှ စိတ်ချရတယ်" လို့ ညွှန်ပြတော်မူခဲ့ဖူးပါတယ်။ ဆရာတော်ဘုရားကြီးက သာဓကဇာတ်ကြောင်းလေးတစ်ခုပြဆိုခဲ့ပါတယ်။

မြတ်စွာဘုရားလက်ထက်တော်က သာဝတ္ထိမြို့မှာ သူရမ္ဘဆိုတဲ့ လူတစ်ယောက်ရှိတယ်၊ သူက တိတ္ထိကိုးကွယ်သူဖြစ်ပါတယ်။ သို့သော် တစ်နေ့မှာ သူဟာ တရားထူးဧကန်ရမယ်ဆိုတာ မြတ်စွာဘုရားက သိမြင်တော်မူပါတယ်။ ဒါကြောင့် သူရမ္ဘအိမ်သို့ ဆွမ်းခံကြွတော်မူပါတယ်။ သူရမ္ဘဟာ မြတ်စွာဘုရားကို မကြည်ညိုသော်လည်း အလွန်ထင်ရှားကျော်စောနေတဲ့ ဗုဒ္ဓဖြစ်တော်မူတဲ့အတွက် ဆွမ်းဆက်ကပ်ပါတယ်။ မြတ်စွာဘုရားက ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ သူနဲ့သင့်လျော်တဲ့တရားကို ဟောတော်မူပါတယ်။ တရားနာနေရင်း ရှုမှတ်နှလုံးသွင်းခဲ့တဲ့အတွက် ဒေသနာတော်ရဲ့အဆုံးမှာ သူရမ္ဘဟာ သောတာပန်ဖြစ်သွားပါတယ်။ မြတ်စွာဘုရားလည်း ကျောင်းတော်သို့ ပြန်ကြွသွားတော်မူပါတယ်။

သူရမ္ဘဌ ဘုရားဘက်ပါသွားတာကို မာရ်နတ်က မကျေနပ်ပါ။ သူရမ္ဘဌကို ပြန်စည်းရုံးရမယ်၊ ဒီအတိုင်းသွားလို့တော့မဖြစ်၊ သူကြည်ညိုတဲ့ဘုရားယောင်ဆောင်ပြီး ထင်ယောင်ထင်မှားဖြစ်အောင်လုပ်ရမယ်လို့ ကြံစည်ပြီး သူရမ္ဘအိမ်ကိုသွားတယ်။ ဘုရားအတုကို ဘုရားအစစ်ထင်ပြီး သူရမ္ဘဌက ရိုသေစွာ ရှိခိုးမေးလျှောက်ပါတယ်။

"မြတ်စွာဘုရား . . . ယခုပြန်ကြွလာတာ ဘာအကြောင်းရှိပါသလဲဘုရား"

"သူရမ္ဘရေ . . . သင့်အား ငါတရားဟောစဉ်က မဆင်ခြင်မိဘဲ ခန္ဓာငါးပါးအကုန်လုံး အနိစ္စ ဒုက္ခအနတ္တချည်းပဲလို့ဟောခဲ့တယ်။ အဲဒီအတိုင်းတော့လည်း မဟုတ်သေးဘူး။ တစ်ချို့ခန္ဓာများက မြဲတယ်၊ ခိုင်တယ်၊ အစဉ်ထာဝရ တည်နေတယ်၊ အဲဒီအချက်ကလေး ပြင်ချင်လို့ ပြန်လာခဲ့တယ်" လို့ ဘုရားယောင်ဆောင်ထားတဲ့ မာရ်နတ်က ပြောပါတယ်။

ဒီတော့ သူရမ္ဘဌက "ဒီစကားဟာ အလွန်ဝန်လေးတဲ့စကားပဲ၊ ဗုဒ္ဓမြတ်စွာဘုရားမှာ မစူးစမ်းမဆင်ခြင်ဘဲ ပြောဆိုရိုးမရှိဘူး၊ မာရ်နတ်ဆိုတာ မြတ်စွာဘုရား၏ ဆန့်ကျင်ဘက် ပြုလေ့ရှိတယ်လို့ ကြားရဖူးတယ်၊ ဒီဟာ မာရ်နတ်ပဲထင်ပါရဲ့"လို့ ဆင်ခြင်ပြီး "သင်ဟာ မာရ်နတ်မဟုတ်လား"လို့ တဲ့တိုးမေးလိုက်တယ်။ အဲ



ဒီလို အရိယာပုဂ္ဂိုလ်က မေးလိုက်တော့ မာရ်နတ်က "ဟုတ်ပါတယ်" လို့ ဝန်ခံဖြေဆိုရတယ်၊ ဒီတော့ သူရဖွဋ္ဌက . . .

"ဟေ့ မာရ်နတ် . . . သင်လို မာရ်နတ်တွေ တစ်ရာတစ်ထောင် လာပြီးလှုပ်ပေမယ့် ငါ၏ယုံကြည်မှု သဒ္ဓါတရားကိုတော့ မလှုပ်စေနိုင်ဘူး လို့ မှတ်ထားပါ။ ဂေါတမမြတ်စွာဘုရားက အားလုံးသော ရုပ်နာမ် သင်္ခါရတရားတွေဟာ အနိစ္စ မမြဲတာတွေချည်းပဲလို့ ဟောသွားတယ်၊ ငါကိုယ်တိုင်လည်း အားလုံးပင်မမြဲဘူးလို့ သိမြင်နေတယ်၊ သင်ဟာ ငါ့အိမ်ဝမှာ လာမနေပါနဲ့၊ ချက်ချင်းထွက်သွားပါ" လို့ လက်ဖျောက်တီးပြီး နှင်လိုက်တယ်။

အဲဒါဟာ အနိစ္စ ဒုက္ခ အနတ္တ အသိအမြင်တွေ မဂ်ဉာဏ်ဖြင့် ခိုင်မြဲနေလို့ပါပဲ။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဆက်လက်သုံးသပ်ပြထားပုံဟာလည်း အင်မတန်မှတ်သားကြည်ညိုစရာ ကောင်းပါတယ်။ ကြည့်ပါ။

"ယခုကာလမှာ နိုင်ငံခြားသွားနေပြီး ပြန်လာတဲ့အခါ အချို့မှာ အယူအဆတွေ တစ်မျိုးဖြစ်လာတယ်၊ တချို့က နိုင်ငံခြားသာသနာပြုအနေနဲ့သွားတယ်၊ ပြန်လာတဲ့အခါ အယူအဆတွေက ရှေးကလို မဟုတ်တော့ဘဲ ဖောက်ပြန်လာတယ်၊ အဲဒါဟာ အရိယာမဂ်ဖြင့် ခိုင်မြဲတဲ့ အသိအမြင် ဉာဏ်ပညာ မပြည့်စုံသေးလို့ပါပဲ။ အရိယာမဂ်ဉာဏ် အမြင်နဲ့ မပြည့်စုံသေးရင် အနိစ္စ ဒုက္ခ အနတ္တ အသိအမြင်တွေဟာ ဘယ် လိုပဲကောင်းနေတယ်ဆိုပေမယ့်လို့ စိတ်မချရသေးဘူး၊ ယခု ဘဝမှာ မပျက်တောင် နောင်ဘဝတွေကျတော့ပျက်သွားနိုင်တယ်၊ ယခုနေအခါမှာ မြန်မာပြည်က ကုသိုလ်ကောင်းမှုနဲ့ ပြည့်စုံတဲ့သူတွေဟာ တိုးတက်နေတဲ့ အခြားနိုင်ငံတွေမှာ သွားဖြစ်နိုင်တယ်၊ အဲဒီဖြစ်ရာဘဝက မိဘဆွေမျိုးတွေရဲ့ အယူအဆအတိုင်း ဖြစ်သွားဖို့ သေချာပါတယ်။ အဲဒါဟာ အရိယာဉာဏ်ဖြင့် မတူတဲ့အတွက် စိတ်မချရတာ မခိုင်မြဲတာပါပဲ။

ဒါကြောင့် အရိယာမဂ်ဉာဏ် အမြင်ကိုရအောင် ကျင့်သုံးအားထုတ်ဖို့ဟာ အလွန်ပင် အရေးတကြီး လိုအပ်ပါတယ်။ ခုတင်ကပြောခဲ့တဲ့အတိုင်း ဖြစ်ခိုက်ရုပ်နာမ်ကိုရှုမှတ်လို့ အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို ပိုင်ပိုင်နိုင်နိုင်သိပြီး အရိယာမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုတွေ့မြင်သွားရင်တော့ အဲဒီ အနိစ္စ ဒုက္ခ အနတ္တ အသိဟာ တစ်ခါတည်း ခိုင်မြဲသွားတယ်၊ မရှုမှတ်ဘဲ မဆင်ခြင်ဘဲနေတဲ့အခါ သူများလိုပင် မထူးခြားဘူးထင်ရသော်လည်း ရှုမှတ်လိုက် ဆင်ခြင်လိုက်ရင် ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်သဘောမျှ အနိစ္စ ဒုက္ခ အနတ္တ သဘောမျှပဲဆိုတာ ဉာဏ်ထဲရှင်းနေတယ်၊ အဲဒါဟာ မျက်မှောက်မှာရော မျက်ကွယ်မှာရော အရိယာနှင့်အသိအမြင်ဉာဏ်ပညာချင်း တူနေပုံပါပဲ။"

မဟာစည်ဆရာတော်ဘုရားကြီး
ပုံဝတ္ထုတို့ဖြင့်ပြောပြသော
အဆုံးအမများ စာ-၂၆၆ မှ ၂၆၉

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဓမ္မဉာဏ်တော်ကား ဖော်ပြလို့မကုန်နိုင်အောင်ကြီးမားလေစွ၊ ကြည်ညိုလို့မကုန်နိုင်အောင် များပြားလေစွ၊ ကျွန်တော်ကား သေးငယ်လှစွာသော ဓမ္မပူဇာဖြင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ဉာဏ်တော်ကို ပူဇော်လိုက်ရပြန်ပါသည်တကား။

မောင်သွေးချွန်

ညွှန်း

- ၁၉၇၇ ဒီဇင်ဘာထုတ် ဘဝပြဿနာ၊
- ၁၉၈၇ ဇူလိုင်ထုတ် လောကခံတရားတော်၊
- ၁၉၉၀ ဒီဇင်ဘာထုတ် ဦးပွင့်ကောင်း၏ ၃၃ နှစ် မဟာစည်သာသနာပြုခရီး၊
- ၁၉၉၆ ဩဂုတ်လထုတ် သာမဏေကျော်၏ မဟာစည်ဆရာတော်ဘုရားကြီး ပုံဝတ္ထုတို့ဖြင့်ပြောပြသော အဆုံးအမများ၊

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း





စာရေးသူ အလယ်တန်းကျောင်းသူ အရွယ်က "မဟာစည်သာသနာ့ရိပ်သာ" သို့ ပထမဆုံးအကြိမ်ရောက်ရှိခဲ့ဖူးလေသည်။ ထိုနေ့ကား ဗုဒ္ဓသာသနာဝင်သူတော်စင်များ အလွန်အလေး အမြတ်ထားကြသည့် သံဃာတော် အရှင်သူမြတ်များအား သင်္ကန်းကပ်လှူသည့် "ဝါဆိုလပြည့်အခါသမယနေ့" ဖြစ်ပါ၏။ ထိုနေ့ရက်တွင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရား ကြီး သီတင်းသုံးတော်မူသော မဟာစည် သာသနာ့ရိပ်သာကြီး၌လည်း "ဝါဆိုသင်္ကန်းကပ်လှူပွဲကြီး" ခြိမ့်ခြိမ့်သဲမျှ ကြီးကျယ်ခမ်းနားစွာကျင်းပပါသည်။ စာရေးသူလည်း ဤဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကြီးကို အကြောင်းပြု၍ ရောက်ခဲ့ရခြင်းဖြစ်လေသည်။

ထိုအချိန်က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် မြန်မာပြည်တွင်သာမက နိုင်ငံရပ်ခြား ကမ္ဘာ့နိုင်ငံအတော်များများ၌

ရှိခိုးပူကော်ပူးမြော်မာန်လျှော် ကန်တော့ပါ၏အရှင်ဘုရား

ယဖုံသက်လယ်



ပင် နေတစ်ဆူ လတစ်စင်းနှယ် သာသနာ့ဂုဏ်သိန်ပဝင်းနေချိန် ဖြစ်သည်။ တစ်နည်းအားဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရားမှန် အရင်းခံသည့် မဟာစည်ပဋိပတ္တိ သာသနာ့ စည်ကြီးရိုက်ခတ်သံကို ကမ္ဘာတစ်လွှားက အသိအမှတ်ပြုသံများ လင်းလဲနေချိန်လည်း ဖြစ်လေသည်။

စာရေးသူတို့မိသားစုသည် လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ဖြစ်သည့် သင်္ကန်း၊ သင်္ကသတ်လွတ်စားဖွယ်ရာများ၊ သစ်သီးမျိုးစုံ၊ အမွှေးနံ့သာတိုင်နှင့် ဖယောင်းတိုင်တို့ယူဆောင်လာခဲ့ကြ၏။ ရိပ်သာအတွင်းရှိ "ဖလ်ယဉ်ဓမ္မာရုံကြီး"၌ ဝါဆိုသင်္ကန်းကပ်လှူပွဲလာသောဧည့်ပရိသတ်များနှင့် ပြည့်ကျပ်စည်ကားနေသည်။ ထွန်းညှိပူဇော်ထားသည့် အမွှေးနံ့သာတိုင်တို့ကလည်း ရနံ့မျိုးစုံမွှေးပျံ့ထုံနေသည်။ ဖယောင်းဆီမီးတိုင်တို့ကလည်း တဝင်းဝင်းတလက်လက်နှင့် တောက်ပနေကြသည်။ ထို့အတူ ဗုဒ္ဓဘုရားရုပ်ပွားတော်ကြီးအား ဆက်ကပ်လှူဒါန်းထားသည့် ထူးထွေလာဆန်း ပန်းအလန်းလန်းတို့ကလည်း အလှိုင်လှိုင်အခိုင်ခိုင် မြိုင်ဆိုင်လှစွာ လှုပဝင့်ထည်နေကြလေသည်။

ထိုနေ့က စာရေးသူ ရင်ထဲတွင် တင်ကျန်ရစ်ခဲ့သည့် အထူးခြားဆုံး မြင်ကွင်းတစ်ရပ်ကား "သစ်သီးလှူဒါန်းပွဲကြီး" ဖြစ်လေသည်။ အမျိုးမျိုး အဖုံဖုံကပ်လှူထားသော သစ်သီး ခင်းကြီးအား ကြည့်ကာ မြန်မာပြည်မှာ သစ်သီးတွေ ကျန်ရှိနေပါသေးရဲ့လားဟုပင် အတွေးဝင်မိခဲ့ရသေး၏။ ပန်းသီး၊ သစ်တော်သီး၊ သရက်သီး၊ ရှောက်ချိုသီး၊ နာနတ်သီး၊ ကွဲကောသီး၊ လိမ္မော်သီး၊ ဖရဲသီး၊ သင်္ဘောသီး၊ သခွားချိုသီး၊ ငှက်ပျောသီးမျိုးစုံ၊ အခွံနွာထားသောအုန်းသီးအသားနုနုကလေးများစသည်တို့ကို အလှူရှင်တို့သည် မိမိတို့နှစ်သက်သလိုရှိသော ပုံစံအမျိုးမျိုးထုဆစ်ပုံဖော်ကာ ကပ်လှူထားကြသဖြင့် သစ်သီးမျိုးစုံအား ဒီဇိုင်းမျိုးစုံနှင့် ရင်သပ် ရှုမောအံ့သြလှစွာတွေ့ခဲ့ရလေသည်။



ရောင်စုံ ဧည့်ပရိသတ်ကြီးသည် မကြာမီ ဖလ်ယဉ်ဓမ္မာရုံကြီးသို့ ကြွရောက်တော်မူလာတော့မည့်ကျေး ဇူးတော်ရှင်ဆရာတော်ဘုရားကြီးအား ကြိုဆိုငှံ့လင့်နေကြသည်မှာ ဟိုတစ်အုပ်၊ သည်တစ်စုနှင့် ရွှရွှလှုပ်လှုပ် ဖြစ်နေကြလေသည်။ များမကြာမီ အချိန်တွင် ကျေးဇူးတော်ရှင် ဆရာ တော်ဘုရားကြီးအား နီးနီးကပ်ကပ်ဖူးတွေ့လိုက်ကြရပေတော့သည်။ ဆရာတော်ဘုရားကြီးကား သူတော်ကောင်း သူတော်စင်ပုဂ္ဂိုလ်တို့၌သာ တွေ့မြင်ရလေ့ရှိသည့် စိုပြည်စိုရွှန်းသော အသားအရေတော်၊ အေးမြချမ်းငြိမ်းသော မျက်နှာတော်တို့နှင့် အသရေတင့်တယ်လှစွာ ကြည်ညိုဖွယ် ဖူးတွေ့လိုက်ကြရလေသည်။ ဆရာတော်ဘုရားကြီးသည် အမှတ်သညာ ခြေစုံလွှာနှင့်ဓမ္မာရုံတွင်းသို့ ကြွချီလာတော်မူရာ ရွှရွှလှုပ်လှုပ် ပရိသတ်အစုအအုပ်သည် ရုတ်တရက်တိတ်ဆိတ် ငြိမ်သက်သွားကြပြီး လက်အုပ်ချီကာ ကြိုဆိုလိုက်ကြလေတော့သည်။ ဆရာတော်ဘုရားကြီး တရားဟောပလ္လင်တွင် နေရာယူလိုက်သည်နှင့် ဧည့်ပရိသတ်တို့လည်း ညှို နှိုင်းတိုင်ပင်ထားသည့်အလား တညီတညွတ်တည်း ဦးချကန်တော့ကြလေသည်။

ဆရာတော်ဘုရားကြီးက ဧည့်ပရိသတ်တို့အား ဝါဆိုသင်္ကန်းကပ်လှူရခြင်း၏ အကြောင်းတရားနှင့် အကျိုးတရားတို့ကို ဟောကြားတော်

မူပါသည်။

ကြည်လင်အေးဆေး၍ ဩဇာဂုဏ်ရှိသော ဆရာတော်ဘုရားကြီး၏ အသံတော်သည် တရားနာယူရသောပရိသတ်တို့၏ ဘဝင်တွင် ညွှတ်နူးစိမ့်ဝင်ပြီး မိမိတို့လျှုဒါန်းကြရသော အကျိုးများအတွက် ဝမ်းသာပီတိဖြစ်ကြရလေသည်။ ဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ် တရားပေးသံတစ်မျိုးတည်းသာ ဖလ်ယဉ်ဓမ္မာရုံအတွင်း စုန်ဆန်စီးဆင်းနေသည်မှာ များစွာကြည်နူးဆွတ်ပျံ့ဖွယ်ရှိလှပေသည်။ ထို့ပြင် တရားပေးသူနှင့် တရားနာပရိသတ်တို့ တူညီစိတ်ဓာတ် ရောင်ပြန်ဟပ်နေကြကာဆရာနှင့် ဒါယကာနှစ်ဖြာ ကြည်ဖြူပြီး နိဗ္ဗာန်မဂ်ဖိုလ်ခရီးသို့ အတူတူသွားနေကြသည့် နှယ် ကြက်သီးမြမြထမ တတ်ခံစားခဲ့ရလေသည်။ ထို့နောက် ဆရာတော်ဘုရားကြီးသည် လှူဖွယ်ဝတ္ထုအစုစုတို့အား အကပ်ခံနေရသည်မှာ များပြားလှသဖြင့် အလှူပစ္စည်းတို့ကို ထိရုံသာ ထိကိုင်နိုင်ပြီး နှုတ်တော်မှလည်း လှုပ်ရုံသာလှုပ်နိုင်ရှာတော့၏။ လှူဒါန်းမှုတို့ပြီးသော် ဧည့်ပရိသတ်တို့အား သက်သတ် လွတ်ထမင်းဟင်းတို့ဖြင့် ကျွေးမွေးရာ ဟင်းလျာတို့မှာ အရသာထူးကဲ ကောင်းမွန်လှပေသည်။

ထိုအချိန်က စာရေးသူမှာ ငယ်ရွယ်နုပျိုလှသည့် ကျောင်းသူကလေးတစ်ဦးမျှသာ ဖြစ်သဖြင့်



သာသနာ့ ကိစ္စများကို ဘာတစ်ခုမှ တန်ဖိုးထား နားလည်ခံယူရမည်မှန်း မသိတတ်နိုင်ခဲ့ပေ။ သို့သော် ထိုနေ့က ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ဓမ္မသြဝါဒများထဲက ဝါဆိုသင်္ကန်း ကပ်လှူရသည့် မြတ်ဒါနအကျိုးတစ်မျိုးကိုမူကား အမှတ်တရရှိခဲ့ရပေသည်။ ဝါတွင်းကာလမှ စတင်ကာ အလှူရှင်တို့ လှူဒါန်းလိုက်သော သင်္ကန်းများအား ဝတ်ရုံခြုံသိုင်း၍ တရားအားထုတ်ကြိုးကုတ်ကြရသည့် ရဟန်းတော်၊ သံဃာတော်တို့သည် အလှူရှင်များ လှူဒါန်းထားသည့် မြတ်သင်္ကန်းအား ဝတ်ရုံဆင်မြန်းလေတိုင်း အမြဲမပြတ်ကုသိုလ်ရနေကြသည့်အတွက် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ဖြစ်သော ကုသိုလ်ပင်ဖြစ်ကြောင်းဟူ၍ ဖြစ်လေသည်။

ယခုမူ စာရေးသူသည် ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ရာပြည့်အထိမ်းအမှတ်စာအုပ်ကြီးတွင် မိမိတတ်အားသည့် ဉာဏ်စွမ်းအား၊ ကာယစွမ်းအားတို့ဖြင့် ကုသိုလ်ပြုခွင့်ပါရမီယူခွင့်ရရှိခဲ့ပေပြီ။ စာရေးသူကျေနပ်ဂုဏ်ယူပီတိဖြစ်ခဲ့ရပါ၏။ စာရေးသူငယ်စဉ်အလယ်တန်းကျောင်းသူအရွယ်တွင် ဆရာတော်ဘုရားကြီးသက်ရှိထင်ရှားနှင့်ဖူးတွေ့ခွင့်ကြုံခဲ့ရပါသော်လည်း အရွယ်ငယ်သူဖြစ်သဖြင့် တရားတော်၏အနှစ်သာရ အရသာကို မသိရှိ၊ မခံစားနိုင်ခဲ့ပေ။

ယခုကဲ့သို့ ဆရာတော်ဘုရားကြီး၏ သာသနာပြုကိစ္စအဝဝနှင့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ကိုယ် တိုင်လေ့လာသိရှိကြည်ညိုရချိန်တွင် ယနေ့အထိများ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး သက်ရှိ ထင်ရှားရှိနေမည်ဆိုပါလျှင် "ဘုရားတပည့်တော်မသည် အရှင်မြတ်၏ တရားဓမ္မစာပေများ၏ လမ်းညွှန်မှုဖြင့် သံသရာမှ လွတ်မြောက်ကြောင်း တရားကို သိရှိကြည်ညိုခွင့်ရ၍ အရှင်မြတ်အား ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ အရှင်ဘုရား"ဟု လျှောက်ထားလိုသော်လည်း အခွင့်ကား မသာတော့ပေ။ ထို့ကြောင့် ဤဆောင်းပါးဖြင့် ပူဇော်ကန်တော့ လိုက်ရပါတော့သတည်း။

ယမုံသက်လယ်



ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏

ကမ္မဋ္ဌာန်းဆရာများ အထူးလိုက်ရာဝောင့်ထိန်းရမည့် ဩဝါဒ

၁၃၄၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၅)ရက်၊ တနလ်ာနေ့ တွင် ဖဒန်ကျေးရွာနေ ဦးလွယ်ခမ်း နှင့် မိုင်းဝီးဦးချိန်းလွယ်၊ လိုင်းခမ်းဦးယွတ်ခမ်းအောင်မြတ်တို့ ပင့်ဖိတ်ချက်အရ ဘဒ္ဒန္တနန္ဒာစရိယ ရန်ကုန်မဟာစည်သာသနာ့ရိပ်သာသို့ ကြွရောက်၍ တရားအားထုတ်ပြီး ကမ္မဋ္ဌာန်းဆရာအဖြစ် ခံယူခဲ့သည်။ ၄င်းနောက် နမ့်ခမ်းမြို့နယ် မိုင်းဝီးကျေးရွာမှ ကမ္မဋ္ဌာန်းတရား အားထုတ်ရာဌာနတစ်ခုအဖြစ် ဖွင့်လှစ်ရန် တိုက်တွန်းမှုအရ ၁၃၄၃ ခုနှစ်၊ နတ်တော်လဆန်း (၃)ရက်၊ (သောကြာနေ့) ရန်ကုန်မြို့မဟာစည်သာသနာ့ရိပ်သာတွင် ဝိပဿနာတရား အားထုတ်ရခြင်း ဖြစ်ပါသည်။

၁၃၄၃ခုနှစ်၊ တပို့တွဲလဆန်း (၈)ရက်၊ (စနေ)နေ့ ဉာဏ်စဉ်တရားနာပြီးသည့်နောက် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက အဆောင်မှူး ဘဒ္ဒန္တခေမာနန္ဒအား ဦးနန္ဒာစရိယကိုယ်တော်ကို ခေါ်ခဲ့ပါဟု အမိန့်ရှိတော်မူသည်။ ဦးခေမာနန္ဒလည်း ဦးနန္ဒာစရိယကို "ဆရာတော်ခေါ်သည်"ဟု အမိန့်ရှိသောကြောင့် ဦးနန္ဒာစရိယ နှလုံးတတုံတုံတလှုပ်လှုပ်နှင့် "ဆရာတော်ကြီးဘာများအမိန့်ရှိမှာပါလိမ့်" ဟု ကြောက်ရွံ့ရွံ့ ဖြစ်နေလေသည်။ ဦးခေမာနန္ဒက "မကြောက်ပါနဲ့၊ ဆရာတော် မေးစရာရှိလို့ဖြစ်မှာပါ" ဟု လျှောက်ထားခေါ်ယူခဲ့လေသည်။

ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ စံကျောင်းတော်သို့ ရောက်သောအခါ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက "ဘယ်သူလဲ" ဟု မေးတော်မူရာမှာ ဦးခေမာနန္ဒက -

"ဆရာတော်အခေါ်ခိုင်းသည့် နမ့်ခမ်းဦးနန္ဒာစရိယပါဘုရား"

"သြော် . . ကောင်းပြီ၊ ထိုင်ပါ၊ ဦးနန္ဒာစရိယက ကိုယ်တော်လား"

"မှန်လှပါဘုရား"

"အေး . . ကောင်းပြီ၊ ကိုယ်တော် ဘယ်နှစ်ဝါ ရပြီ ရှိပြီလဲ"

"၃၁- ဝါပါဘုရား"

"ဟာ . . ဟုတ်လား၊ ငယ်ငယ်ပဲထင်တာ၊ ဝါတော်ကြီးနေပေပြီပဲ၊ အသက်တော်ဘယ်လောက်ရသွားပြီလဲ"

"၅၁ နှစ်ပါဘုရား"

"ဟာ . . အတော်နုသေးတာပဲ၊ အသက်အစိတ်သုံးဆယ်လောက်ပဲ မှတ်နေတာပါ၊ ကောင်းပြီ၊ အရွယ်နုတော့ သာသနာကြာကြာပြုရတာပေါ့၊ အေး အေး ကောင်းပြီ၊ ကမ္မဋ္ဌာန်းပြဆရာဖြစ်အောင်တော့ ကြိုးစားပေါ့လေ"

"မှန်လှပါဘုရား၊ တပည့်တော်လည်း ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး အမိန့်ရှိသည့် အတိုင်းပါဘုရား၊ နယ်ဘက်မှာ ကမ္မဋ္ဌာန်းတရားအားထုတ်ရာဌာနတစ်ခုဖွင့်မယ်လို့ အစီအစဉ်ရှိပါတယ်ဘုရား"

"ကောင်းပါတယ်၊ ကမ္မဋ္ဌာန်းတရားအားထုတ်ရာဌာနများလေ ကောင်းလေပေါ့၊ သို့သော်လည်း ကမ္မဋ္ဌာန်းတရားပြသည့်ဆရာတွေက လူချစ်နတ်ချစ်ဖြစ်တယ်၊ ကမ္မဋ္ဌာန်းဆရာဖြစ်လာလို့ရှိရင် ဝတ္ထုကာမနှင့်တော့ အထူးရှောင်ကျဉ်ရန် သတိပြုထားပြီးမှ ကမ္မဋ္ဌာန်းပြဆရာဖြစ်သင့်တယ်" ဟု အမိန့်ရှိပြီး ကမ္မဋ္ဌာန်းပြဆရာဖြစ်သင်တန်းစာအုပ်နှစ်အုပ်ကို ယူကာ ချီးမြှင့်ပါသည်။ ကမ္မဋ္ဌာန်းဆရာများ အလေးအနက်ထား စောင့်ထိန်းရမည့် ဩဝါဒပင် ဖြစ်ပါသတည်း။

ဦးနန္ဒာစရိယ
ရန်ကုန်-
မဟာစည်သာသနာ့ရိပ်သာ





အဟောမိုးကုတ်၊ အလုပ် မဟာစည်၊ စာဂီ-အပြု၊
သဘာဝ မင်းကွန်း၊ အညွှန်း ဘုမ္မိ (စတုဘုမ္မိက)
အန-ကသစ်ဝိုင်၊ အဝိုင်-မိုး ညှင်း၊ ငွေတင်း သဲအင်း၊ အလင်း လယ်တီ။
စုံစုံညီလဲ၊ သီလသမာ၊ ဓိပညာသာ၊ အဓိကအရာ ဖြစ်ပါသတည်း။

စွာဖြင့်လည်း မရနိုင်။ ဝီရိယနည်း ပါး၍လည်း မရနိုင်။ အားထုတ်၊ ကြိုးကုတ်၍ လုပ်နိုင်ကြမှသာ အောင်မြင်နိုင်မည်။ လိုရာသို့ ရောက်နိုင်မည်ဆိုသည့်အချက်ကို ဝိပဿနာတရား အားထုတ်နေကြသူတိုင်း သိပြီးဖြစ်ကြပါသည်။ အထူးသဖြင့် "အလုပ်မဟာစည်" ဟူသော စာချိုးအတိုင်း မဟာစည်ဆရာတော်ဘုရားကြီး သင်ကြားချမှတ်၊ အားထုတ်စေခိုင်းခဲ့သည်မှာ အမြဲမပြတ် သတိချပ်၍ "မနေမနား မီးပွတ်သောယောက်ျား"ကဲ့သို့ မပြတ်မစဲ ရှုမှတ်နေရမည်ဟု ညွှန်ကြားတော်မူခဲ့ခြင်းဖြစ်ပေ၏။ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင်လည်း ငယ်နုစဉ်ဘဝက ဤတရားကို အားထုတ်တော်မူကာစ၌ ခန္ဓာကိုမငဲ့ကွက်ဘဲ မည်မျှ ကြိုးကုတ်ခဲ့သည်ဆိုခြင်းကို ဤနေရာ၌ အလျဉ်းသင့်၍ ဖော်ပြလိုပါသည်။

× × × × ×

ဝိပဿနာတရား ပြသအားထုတ်ကြသည့် နည်းအမျိုးမျိုးပင် ရှိကြပါသော်လည်း အဓိကသည်ကား သီလ၊ သမာဓိ၊ ပညာ ဤသုံးပါးသာ ဖြစ်ပါသည်ဟု အနှစ်ချုပ်သဘောကို တင်ပြထားသည့် အထက်ပါစာချိုးကို မကြာခဏ ကြားရမြင်ရပါ၏။ မည်သည့်နည်းဖြင့် အားထုတ်ကြသည်ဖြစ်စေ၊ ဆန္ဒအားဖြင့်ကား နိဗ္ဗာန်မဂ်ဖိုလ်ကို ရလိုရောက်လိုကြသောကြောင့်သာ ဖြစ်ကြလေသည်။ နိဗ္ဗာန်မဂ်ဖိုလ်ကိုရလိုလျှင် လွယ်ကူ

မဟာစည်ဆရာတော်ကြီး၏
ပဋိပတ်လမ်း ခရီးကြမ်း

ကြည်ဦး





ရွှေဘိုနယ်၊ ဆိပ်ခွန်ရွာကြီး သည် စီးပွားရေးကောင်းကြသော လူချမ်းသာ လူရည်တတ် ပေါများ လှသည့် ကျေးရွာကြီး ဖြစ်သည်။ အိမ်ခြေ နှစ်ထောင်နီးပါးရှိသည်ဖြစ်၍လည်း စည်ကားသော ရွာကြီး အဖြစ် ထင်ရှားလှသည်။ ဤသို့သော ကျေးရွာကြီးမှ ထင်ရှားလူသိများကြသည့် ဦးကံတော်၊ ဒေါ်အုပ်တို့မှ (၁၂၆၆-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃-ရက်၊ သောကြာနေ့တွင်) သားရတနာ ဖွားမြင်လေရာ 'မောင်သွင်' ဟု အမည်ပေးလေသည်။ မောင်သွင် အသက် ၆-နှစ်တွင် ဆိပ်ခွန်ရွာ၊ ပျဉ်းမနားကျောင်းဆရာတော် ဦးအာဒိစ္စထံ၌ ပညာသင်ယူသည်။ ပါရမီဓာတ်ခံဇာတိဉာဏ်ကောင်းလှ၍ မကြာခင် ရေးနိုင်ဖတ်နိုင်လာ၏။ အသက် ၁၂-နှစ်ရောက်လျှင် ထိုဆရာရင်းထံမှာပဲ သာမဏေပြုလျှင် "ရှင်သောဘန" ဟု ဘွဲ့အမည်ပေးလေသည်။၁၉-နှစ်ကျော်ရှိလျှင် ဆိပ်ခွန်ရွာ၊ အင်ကြင်းတော ကျောင်းတိုက်၌ ဆရာတော် ဦးသုမေဓာကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်။

ရှင်သောဘနသည် ရဟန်းအဖြစ်သို့ရောက်ပြီး သုံးလကျော်လောက်မှာပဲ စာသင်ယူရင်း စာချပေးရင်းဖြင့် ရုက္ခမူဓုတင် (သစ်ပင်အောက်၌သာနေခြင်း) ပိဏ္ဍပါတ်ဓုတင် (ဆွမ်းအမြဲခံယူခြင်း) ဧကာသနိက်ဓုတင် (ဆွမ်းစားရာတွင် ဟင်းတောင်းကျောင်းတိုက်၌ သိတင်းသုံးကာ ပိဋကတ်စာပေများကို ၅-ဝါသို့ ရောက်သည်အထိ သင်ယူခဲ့ပြီး လျှင် ဇာတိ ဆိပ်ခွန်ရွာသို့ ပြန်ကြွလာ၏။ ရွာသို့ရောက်ပြီး မကြာမီ မော်လမြိုင် တောင်ဝိုင်းကလေးကျောင်း ဆရာတော်ထံမှ ပရိယတ်စာပေကို သင်ကြားပေးမှုပြုပါရန် အခေါ်လွှတ်သဖြင့် ကြွသွားတော်မူလေ၏။ မော်လမြိုင် တောင်ဝိုင်းကလေးကျောင်း ဆရာတော်သည် ဆိပ်ခွန်ရွာဇာတိ ဖြစ်သောကြောင့် အရှင်သောဘန၏ ပရိယတ်စာပေအခြေခံကို သိထားပြီးဖြစ်ကာ ဤကဲ့သို့ အကူအညီ တောင်းခံခြင်းဖြစ်၏။

ထိုခေတ်၏ မော်လမြိုင်သည် တနင်္သာရီခရိုင်တွင် တိုင်းမင်းကြီးရုံးစိုက်ရာ အချက်အချာမြို့ကြီးဖြစ်သည့်အလျောက် မင်းတိုင်ပင်၊ ဝတ်လုံတော်ရ၊ သူဌေးသူကြွယ် စသည့် လောကီဂုဏ်နှင့်ပြည့်စုံသော လူကုံထံများစွာတို့ ပေါ်ထွန်းရာဒေသလည်းဖြစ်၏။ သို့သော် လောကုတ္တရာအားဖြင့်ကား ပရိယတ္တိဂုဏ်အင် ချို့တဲ့လှစွာ၏။ ဓာတ်တော်၊ မွေတော်၊ ဆံတော်မြတ်များ ကိန်းအောင်းတော်မူရာ ရှေးဘုရားဟောင်းများစွာ တည်ရှိရာ မြေမြတ်ဖြစ်ပါသော်လည်း အထက်အညာရှိ မြို့ကြီးများမှာကဲ့သို့ ပရိယတ္တိနှင့်ပတ်သက်ရာ စာသင်တိုက်ကြီးများ သာသနာတော်အားအထောက်အပံ့ ပြုတော်မူနိုင်သည့် သာသနာ့အာဇာနည် ရဟန်းတော်



များ စသည့်အင်အားများကား နည်းပါးလှ၏။

ဤအခြေအနေကြောင့် မင်းတုန်းမင်းလက်ထက်တော်ကတည်းကပင် သာသနာတော်၏ အညစ်အကြေးများကို သုဓံသင်ရန်အတွက် ရှမ်းကလေးကျွန်းဆရာတော်နှင့် ရွှေကျင်ဆရာတော်တို့သည် "မော်လမြိုင်မြို့မှာ မဆုတ်မဖြတ်ဘဲ ချုပ်ဆိုးဝတ်ရုံနေကြသည့် သင်္ကန်းများနှင့် ပတ်သက်၍ ထိုသင်္ကန်းများသည် ဓား၊ ကတ်ကျေး စသည်ဖြင့်လည်း မဖြတ်၊ လက်ဖြင့်လည်း မသုတ်သင်သောကြောင့် ရဟန်းတော်များ မဝတ်မရုံအပ်.."ဟု အမိန့်တော်ထုတ်ပြန်ကာ တားမြစ်တော်မူခဲ့ဖူးသည်။ သို့သော် ဝိနည်းတော်ကို မလိုက်မနာလိုသည့် ရဟန်းတစ်ချို့သည် ဝတ်ရုံထားမြဲသင်္ကန်းကို မစွန့်လိုကြ၍ မဖြတ်မဆုတ်သော်လည်း ချုပ်ရိုးများသဏ္ဌာန် ဖြစ်လာစေရန် စက်ဖြင့်ပြုလုပ်ဖန်တီးကာ ခြုံရုံကြပြန်၏။ ထိုသင်္ကန်းကို "မော်လမြိုင်အပ်ဖြတ်သင်္ကန်း"ဟု ခေါ်ကြသည်။ နောင်သော် ထိုသင်္ကန်းများကို မဝတ်ရုံကောင်းဟု ရှောင်ရှားကြသဖြင့် တဖြည်းဖြည်း ကွယ်ပျောက်လေ၏။

မော်လမြိုင်တွင် ပရိယတ္တိစာသင်တိုက်ကြီးများဖြစ်သည့် တောင်လေးလုံး၊ တောင်ပေါက်၊ မဟာမြိုင်၊ ပုဂံတောင် စသည့်ကျောင်းတိုက်ကြီးများစွာ ရှိပါသော်လည်း ပရိယတ္တိကို အားပေးသူနည်းပါးခြင်းကြောင့် ကျော်စောထင်ရှားခြင်း မရှိခဲ့ချေ။ အရှင်သောဘန မော်လမြိုင်တောင်ဝိုင်းကလေးကျောင်းတိုက်သို့ ကြွရောက်သွားသော ၁၂၉၁-ခုနှစ်ကာလသည် မော်လမြိုင်မြို့တည်ရှိရာရာမည မွန်ပြည်နယ်တွင် ပဋိပတ်သည် ပရိယတ်ထက် ကြိုးစားကျင့်ကြံ အားထုတ်နေကြသည့် ပုဂ္ဂိုလ်များ ပေါ်ပေါက်ထွန်းကားနေသည့် အချိန် ဖြစ်၏။ ထို့ကြောင့် အရှင်သောဘနသည် တောင်ဝိုင်းကလေးကျောင်းတိုက်ရှိ သံဃာတော် ၁၅-ပါးတို့အား စာပေပို့ချရင်းဖြင့် ဒေသခံနယ်မြေ၏ ပွင့်လင်းထွန်းတောက်လျက်ရှိသော ပဋိပတ်သို့ စိတ်တော်ညွတ်လျက် ရှိနေ၏။ တောင်ဝိုင်းကလေးကျောင်းသည်လည်း တောရကျောင်းဖြစ်သောကြောင့် တောရကျောင်းများ၏ သဘာဝနှင့်ညီညွတ်စွာ စိမ့်စမ်းလျှိုမြောင်တို့ဖြင့် အေးချမ်းသာယာခြင်း၊ လူသံရော ငှက်သံပါ တိတ်ဆိတ်၍ ငြိမ်သက်မှုရှိခြင်းများသည် အရှင်သောဘန၏ ငယ်နုစဉ်ဘဝက ကျင့်သုံးဆောက်တည်လာသည့် ဓုတင်အကျင့်များ၏ နှိုးဆော်မှုဖြင့် "ပရိယတ်မှ ပဋိပတ်သို့" စိတ်သည် ကိုင်းညွတ်လျက် ရှိလာ၏။

ပဋိပတ်တွင် ကျော်စောထင်ရှားလွန်းသည့် မုဒုံမှ "ဂျုံးဂျုံးကျ တောရဆရာတော်"နှင့် ဒုံဝန်း ရွှေရောင်ပြတောင်တွင် တောရဆောက်တည်နေသည့် ဘုန်းတော်ကြီး ဦးအုန်းခိုင်တို့၏ ပဋိပတ်ကျင့်စဉ်များကို တောင်ဝိုင်းကလေးတောရသို့ ဥပုသ်သီတင်း စောင့်သုံးရန်လာကြသည့် လူပုဂ္ဂိုလ်များထံမှ တရစပ်ကြားနေရ၏။ မော်လမြိုင်ရှိ မဟာမြိုင်ကျောင်းတိုက်၊ တောင်ဝိုင်းကြီးကျောင်းတိုက် စသည်တို့တွင် လွန်ခဲ့သော ၁၂၅၀ - ပြည့်နှစ်များ၌ ဘုန်းတော်ကြီးဦးသီလ ကြွရောက်တော်မူ လာကာ ပဋိပတ်ကျင့်စဉ်၏ မျိုးစေ့များကို စိုက်ပျိုးတော်မူခဲ့သည်ဖြစ်၍ ဤဒေသ နယ်မြေသည် ပရိယတ်ထက် ပဋိပတ်က သန်စွမ်းအောင်မြင် လျက်ရှိသည်။ သထုံမြို့တွင်လည်း "ဇေတဝန်" ကျောင်းတိုက်ကြီးတွင် ဇေတဝန်ဆရာတော်သည် ဘုရားဟောဒေသနာ ကျင့်စဉ်များကို နည်းကျကျ ဟောကြားသင်ပြတော်မူရာတွင် တရားပြရာဌာနသို့ ရှင်လူ ရဟန်းတို့ လာရောက်၍ အားထုတ်နေကြသည့် "သတိပဋ္ဌာန်ကျင့်စဉ်" များကိုလည်း အရှင်သောဘနသည် မပြတ်ကြားနာနေရသောကြောင့် အထူးစိတ်ပါဝင်စားလျက်ရှိနေချေပြီ။

ဇေတဝန်ဆရာတော်ကြီးသည် စစ်ကိုင်းမြို့မြောက်လက်၊ စာရေးလေးရွာအနီးရှိ ကန်ကြီးကုန်းရွာ၊ ဖွားရာဇာတိဖြစ်၏။ ဆရာတော်ကြီးသည် ရှေးဦးစွာ "မင်းကွန်းဂူကလေးချောင်" အနောက်တိုက်တွင် သီတင်းသုံးတော်မူ၏။ သတိပဋ္ဌာန်လေးပါး အပွမာဒလမ်းစဉ်ဖြစ်သည့် တရားကျင့်ကြံအားထုတ်ပုံ အလုံးစုံကို သေချာစွာ ထင်ရှားပေါ်လွင်စေသော



ဝေါဟာရစကားများဖြင့် ဟောကြား
တော်မူလေရာ ပရိသတ်တရားနာသူ
များ အလွန်နှစ်သက်ဝမ်းမြောက်ကြ
၏။ ထို့နောက် ဖွားရာဒေသကန်ကြီး
ကုန်းရွာသို့ပြန်ကြွကာ တစ်ဝါသီတင်း
သုံးတော်မူရင်း သတိပဋ္ဌာန်တရား
ကို ဟောကြားတော်မူ၏။ ကန်ကြီး
ကုန်းမှတဖန် မင်းကွန်း အလယ်
တောရ ဇေတဝန်ချောင်သို့ ပြန်ကြွ
တော်မူပြီးလျှင် သီတင်းသုံးတော်မူ
၏။ ထိုမှ "မြို့လှ"သို့ကြွကာ နှစ်ဝါ
သီတင်းသုံးတော်မူရင်း မြို့လှနှင့်
ဝေးနီးဒေသများသို့ တရားမိုးများကို
ဖြိုင်ဖြိုင်ရွာသွန်းဖြိုးစေပြီးမှ ၁၂၇၇-
ခုနှစ်တွင် သထုံမြို့သို့ ကြွရောက်
တော်မူလာခြင်း ဖြစ်လေ၏။ အရှင်
သောဘန မော်လမြိုင် တောင်ဝိုင်း
ကလေးသို့ ရောက်တော်မူသောအခါန်
သည် မင်းကွန်းဇေတဝန်ဆရာတော်
ကြီး သထုံမြို့၌ သီတင်းသုံးတော်မူ
ခဲ့သည့် ၁၆-နှစ်ကြာသော ကာလ
ဖြစ်လေ၏။

အရှင်သောဘနသည် သီတင်း
သုံးဖော် ဦးတေဇဝန္တနှင့်အတူ ဆောင်း
လရာသီ ပြာသိုလတွင် ဗလိဗောဓ
နည်းပါးစွာဖြင့် သပိတ်တစ်လုံး၊
သင်္ကန်းသုံးထည် စသည့် ရဟန်းတို့
၏ ပရိက္ခရာများကိုသာ ယူဆောင်
ပြီးလျှင် ၁၂၉၃-ခုနှစ်တွင် ဘုရားဖူး
ထွက်ကြွမည့်အစီအစဉ်ဖြင့် မော်လ
မြိုင်တောင်ဝိုင်းကလေးတောရမှ
ထွက်ကြွလာသည်။ မော်လမြိုင်မှ
မုတ္တမ အထိ ပါလာသော ကပ္ပိယက
လို အပ်သော လက်မှတ်များကို
ယူပေးသည်။ မုတ္တမသို့ရောက်လျှင်
ဇင်းကျိုက်ဘူတာသို့ လက်မှတ်ယူ
စေပြီး ထိုကပ္ပိယကို မော်လမြိုင်သို့
ပြန် လွှတ်လိုက်တော့၏။

ထီးမပါ၊ ဖိနပ်မပါ၊ ခရီးစရိတ်
လည်း တစ်ပြားမှမပါဘဲ "ရောက်
ရာမှာ ဆွမ်းခံစားမည်"ဟု သန့်ရှင်း
စွာဖြင့် ကြွလာသည့် ဘုရားဖူးခရီး
ဖြစ်၏။ ဇင်းကျိုက်ဘူတာမှာ ရထား
ဆိုက်လျှင် တသွင်သွင်စီးဆင်းလျက်
ရှိနေသည့် ရေတံခွန်ရှိရာသို့ ဖိနပ်
မပါသော ခြေဖဝါးများဖြင့် ကြမ်း
တမ်းခက်မာလှသည့် ကျောက်တုံး
ကျောက်ဆောင်များကို နင်းဖြတ်
လျှောက်လှမ်းကာ ရေတံခွန်အနောက်
ဘက်ရှိ ကျောင်းငယ်ကလေးသို့
ရောက်လာ၏။ ကျောင်းထိုင်ဘုန်း
ကြီး ခွင့်ပြုချက်ဖြင့် ထိုမှာ ညအိပ်
ကျိန်းစက်ကြရသည်။ နောက်တစ်
နေ့မိုးလင်းလျှင် ဇင်းကျိုက်ရွာသို့ဝင်
၍ ဆွမ်းခံယူကာ ရသမျှနှင့် ဆွမ်း
ဘုဉ်းပေးကြပြီးသည့်နောက် ခေတ္တ
နားခိုရန်အတွက် သင့်လျော်သော
ဘုန်းကြီးကျောင်းကို စုံစမ်းကြည့်
သည်။ ထိုအခါ ရဟန်းမရှိသော
ကျောင်းငယ်တစ်ဆောင်ရှိသည်ဟု
သတင်းရသော်လည်း ပိုင်ရှင်မရှိ
သောကျောင်း ဖြစ်နေသောကြောင့်
တည်းခိုရင်း ကျောင်းသို့ပဲ ကြွလာ
ရတော့သည်။

ထိုကျောင်းကလေးတွင် ရွာထဲ
ဆွမ်းခံစားရင်းဖြင့် နှစ်ညကျိန်းစက်
ကာ နောက်တစ်နေ့တွင် ဇင်းကျိုက်

ဆရာတော်ကြီးများ
ပေါ်ထွန်းသောဒေသများကို
လှည့်လည်ရင်းဖြင့်
အရှင်သောဘနသည်
တောင်ပေါ်မှာပင်
သီလရှင်ကျောင်းတိုက်များသို့
လှည့်လည်ဆွမ်းခံရင်း
နှစ်ရက်ကြာခဲ့၏၊





မှ ကတွန်ရွာသို့ ခြေလျင်ကြွလာကြရာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသို့ ရောက်ပြန်လေ၏။ ထိုညတွင် ဘုန်းတော်ကြီးထံခွင့်ပန်၍ တစ်ည နားကြလျှင် ဘုန်းတော်ကြီးက မေးသည်။

"ကိုယ်တော်တို့ . . . ဘယ်ကို ဘာကိစ္စနဲ့ ကြွကြမှာလဲ. . . "

"တပည့်တော်တို့ သထုံ၊ ကျိုက်ထိုအတွင်းမှာရှိတဲ့ တန်ခိုးကြီးဘုရားများကို ဖူးမြင်ချင်လို့ မော်လမြိုင်က ကြွလာကြတာပါဘုရား . . . "

"အို ဒါဖြင့် ကျိုက်ထီးရိုးဘုရားအထိ ရောက်မှာပေါ့၊ ခြေလျင်သွားကြမယ်ဆိုတော့ ပင်ပန်းကြလိမ့်မယ်၊ ခရီးက ဝေးမှဝေးပဲ၊ လမ်းမှာ နေထိုင်မကောင်းဖြစ်ရင် အားကိုးစရာဆေးဝါးများရော ပါလာကြရဲ့လား"

"မှန်ပါ၊ အသက်ငယ်ရွယ်တုန်းမို့ ဆေးဝါးကို သတိမပြုမိပါဘုရား"

"ခရီးဝေးသွားတယ်ဆိုတာ ဆေးဝါးပါရတယ်လေ။ ကိုယ်တော်တို့ တယ်ခက်ပါလား၊ အေး ငါ့မှာတော့ နန်းတွင်းလျှာပွတ်ဆေးဆိုတာ ရှိတယ်။ ဒီဆေးကစွမ်းတယ်၊ နေထိုင်မကောင်းဖြစ်ချင်ရင် ဝါးစားလိုက်၊ ရော့ . . . ယူသွား"

ကတွန်ဘုန်းတော်ကြီးသည် ဤသို့အမိန့်ရှိရင်းဖြင့် လျှာပွတ်ဆေးများကို ပေးသနားသည်။ ကိုယ်တော်နှစ်ပါးမှာလည်း ထိုတစ်ညတွင် ကတွန်ကျောင်း၌ ချမ်းသာစွာ ကျိန်းစက်ကြ၏။ အရုဏ်ပေါ်လျှင် ဘုန်းတော်ကြီးကျောင်းမှာပင် ဆွမ်းဘုဉ်းပေးလှူက် ခြေလျင်ခရီးဖြင့် ကြွလာကြရာ ညနေတွင် ရင်းငြိမ်ရွာ ဘုန်းတော်ကြီးကျောင်းသို့ရောက်၍ တစ်ညဉ့် နားခို ကျိန်းစက်ရပြန်၏။ နောက်တစ်နေ့နံနက် အဖော်ဦးပဉ္စင်း၏အသိ ဒါယကာတစ်ဦးကောင်းမှုဖြင့် နံနက်ဆွမ်းကပ်ပြီးလျှင် သထုံမြို့သို့ ကားဖြင့်လိုက်ပို့သည့်အပြင် သထုံတွင် ၅-ရက်နားခိုခွင့်ရကာ ဆွမ်းလည်း မခံယူရဘဲ ရပ်နားခွင့်ရခဲ့လေသည်။ ဖိနပ်မစီး၊ ထီးမဆောင်းဘဲ ပြာသိုလ၏အပူရှိန်အောက်၌ ခြေလျင်ကြွလာတော်မူကြသည့်အဖြစ်ကို ကြည်ညိုသဒ္ဓါပွားကြသည့် ဒါယကာများသည် ဦးတေဇဝန္တ၏ ဆွေမျိုးဉာတိများ ဖြစ်ကြသည်ကြောင့် အရှင်သောဘနတို့ တည်းခိုအနားယူနေသည့်ကျောင်း၌ ဝေယျာဝစ္စများကို ဆောင်ရွက်ပေးကြရုံမျှမက သထုံဘူတာမှ တောင်စွန်းဘူတာသို့ ကြွတော်မူကြသော အခါမှာလည်း ရထားလက်မှတ်များ ဝယ်ယူကာ ဆက်ကပ်လှူဒါန်းကြလေ၏။

တောင်စွန်းဘူတာမှ ကော့ကဒွတ်ရွာကြီးသို့ မြင်းလှည်းများစီးနင်းရန်ရှိပါသော်လည်း ကိုယ်တော်နှစ်ပါးသည် ခြေလျင်ပင်ကြွရောက်ကာ လွန်ခဲ့သောနှစ်များစွာက ဘုန်းတော်ကြီး ဦးသီလ တောရဆောက်တည်သီတင်းသုံးတော်မူသွားဖူးသည့် တောရကျောင်းကြီးတွင် တစ်ပတ်မျှ သီတင်းသုံးကာ သပိတ်တစ်လုံးကို အသုံးပြု၍ ခြေသလုံးမြင်းခေါင်းကို အားပြုကာ ဆွမ်းခံစားတော်မူခဲ့၏။

ကမ္မဋ္ဌာန်းအလုပ်တရားကို ဘုန်းတော်ကြီးဦးသီလ ရှိတော်မူခဲ့စဉ်အခါက အားထုတ်တော်မူခဲ့သည့်နေရာများကိုလည်း ထိုတစ်ပတ်အတွင်း၌ နံ့စပ်အောင် လှည့်လည်၍ စုံစမ်းလေ့လာကြသည်။ ကော့ကဒွတ်ရွာမှာ အခြေခံ၍ ဆံတော်ရှင်ကေလာသစေတီတော်နှင့် မြသပိတ် ကြောင်တစ်ရာ အစရှိသည့် စေတီတော်များသို့လည်း ကြွသည်။ ထိုနေရာများသည် သစ်ကြီးဝါးကြီး တောတောင် စိမ့်စမ်း လျှိုမြောင် စသည်များဖြင့် ကမ္မဋ္ဌာန်းတရားများ အားထုတ်ရန် အလွန်သင့်လျော်သောနေရာ ဖြစ်သောကြောင့် ဘုန်းတော်ကြီးဦးသီလ၊ သစ်ချတောင်ဆရာတော်၊ ကျိုက်ပတိုင်ကြီးဆရာတော် အစရှိသော ရဟန္တာမြတ်များဟု ကျော်စောထင်ရှားတော်မူခဲ့ကြသည့် ဆရာတော်ကြီးများသည် မပြတ်လာရောက်ကာ တောရဆောက်တည်တော်မူကြသည်။ ဤသို့လာရောက်သီတင်းသုံးတော်မူကြလျှင် ရာသီဥတုဒဏ်ကို ကာကွယ်နိုင်ရန်အတွက် ဒါယကာများကလည်း တစ်ပါးသာ ဧကစာ ကျင့်သုံးနိုင်သည့် ကမ္မဋ္ဌာန်းကျောင်းငယ်များကို ဆောက်လုပ်လှူဒါန်းထားကြသည်မှာ တစ်ပါးကျောင်းပေါင်း ၄၀-ကျော်ခန့် ရှိလေသည်။

တောရကျောင်းဆောက်တည်၍ ကမ္မဋ္ဌာန်းတရားများကို ပိုင်နိုင်



စွာကျင့်သုံးနေတော်မူကြသည့် ဆရာတော်ကြီးများ ပေါ်ထွန်းသောဒေသများကို လှည့်လည်ရင်းဖြင့် အရှင်သောဘနသည် တောင်ပေါ်မှာပင် သီလရှင်ကျောင်းတိုက်များသို့ လှည့်လည်ဆွမ်းခံရင်း နှစ်ရက်ကြာခဲ့၏။ ထိုနေရာမှ တစ်ဆက်တည်း သုံးမိုင်ခရီးခန့်ဝေးသည့် တောင်ကြော၊ တောင်နှာမောင်းကိုဖြတ်ကာ၊ ဝေပုလတောင် (အရက်သည်မတောင်) ပေါ်သို့ ကြွပြန်လေ၏။ ထိုတောင်ပေါ်တွင် ဘုန်းတော်ကြီး "ဦးကောသလ္လ" သီတင်းသုံးတော်မူသည်။ အသက်ငါးဆယ်ခန့်ရှိမည်ဖြစ်သည့် ဆရာတော်ကြီးကို ဖူးတွေ့ရသောအခါ ဆရာတော်ကြီးက "ဤနေရာသည် သုဝဏ္ဏာဘူမိ သထုံမြို့ဟောင်းနေရာဖြစ်ကြောင်း၊ ယခု ထင်ရှားရှိနေသည့် သထုံသည် နောက်မှတည်သည့်မြို့ဖြစ်ကြောင်းကို ရှင်းပြတော်မူသည်။

(ဤဆရာတော်ကြီးကို အရက်သည်မဆရာတော်ဟူ၍လည်းကောင်း၊ ဘုန်းဘုရားကြီးဟူ၍လည်းကောင်း၊ ဒေသခံများက ခေါ်ဝေါ်သည်။ အလွန်လည်း ကြည်ညိုကြသည်။ ထို ဆရာတော်ကြီးပြုပြင်မှုဖြင့် ဝေပုလတောင်သည် အစစ သာယာကာစေတီ၊ ကျောင်းဇရပ်၊ ရေတွင်း ရေကန် စသည့် အဆောက်အဦများကလည်း တင့်တယ်သပ်ရပ်လှ၏။ သီတင်းသုံးတော်မူသော ကျောင်းတွင် ကျယ်ဝန်းသော ဓမ္မာရုံကြီးကို ဆောက်ထားပြီးလျှင် ရွှေပလွင်တော်ကြီးကိုထားကာ ညစဉ်ညတိုင်း ထိုပလွင်တော်ပေါ်မှနေ၍ သုတ္တန်ပါဠိတော်များကို ဟောပြောသည်။ နတ်များကို တရားဟောတော်မူသည်ဟု သတင်းကြီးသည်။ လူပရိသတ်ကား အနည်းငယ်သာ လာရောက်နာယူသည်။ မေတ္တာတရားပွားများသည်။ အသက်လွတ်ဘဉ်းပေးသည်။ရဟန်းပုဂ္ဂိုလ်ဖြစ်စေ၊ လူပုဂ္ဂိုလ်ဖြစ်စေ၊ အာဂန္တုအဖြစ် ရောက်လာကြလျှင် အလွန်ဂရုစိုက်တော်မူသည်။တစ်ပါးတည်း သီတင်းသုံးတော်မူသောနေရာကား (သဘာဝ ကျောက်တုံးကျောက်ခဲများနှင့် စီထားသည့် ဂူအတွင်းမှာဖြစ်၏။)

အရှင်သောဘနတို့နှစ်ပါးသည် ထိုဆရာတော်ကြီးကျောင်း၌ တစ်ညဉ့် တည်းခိုကြစဉ် ဆရာတော်ကြီး ဟောကြားတော်မူသည့် ပရိတ်ပါဠိတော်များကိုနာယူကာ ညဉ့်အချိန်ကုန်ခဲ့ရ၏။နောက်တစ်နေ့စောစော ခရီးထွက်မည်ဟု ဆရာတော်ကြီးကို ဝတ်ပြုကာ "တပည့်တော်တို့ ကျွန်ုပ်ထီးရိုးဘုရားကို ခရီးဆက်ပါဦးမည်၊ ခွင့်ပြုတော်မူပါဘုရား . . . " ဟု လျှောက်ထားကြလျှင် ဆရာတော်ကြီးက "ကိုယ်တော်တို့ ခြေလျင်သွားကြမှာမဟုတ်လား၊ ဒါဆိုလျှင် မီးရထားလမ်းက မကြွနှင့်၊ ကျွန်ုပ်ထိုကို ဖြတ်လမ်းကသွားရင် မကြာဘူး။ တပည့်တော်လမ်းပြမယ်၊ လိုက်ခဲ့" ဟုမိန့်ကာ ကိုယ်တော်တိုင်လိုက်၍ ရှေ့မှကြွတော်မူကာ လမ်းကိုညွှန်သည်။ ဝါငယ်သူရဟန်းကို ဝါကြီးဂုဏ်ကြီးသူ ဆရာတော်ကြီးတစ်ပါးက ကိုယ်တော်တိုင်လိုက်၍ အပင်ပန်းခံတော်မူကာ အရေးထား လေးစားစွာဖြင့် လိုက်ပါဆောင်ရွက်တော်မူခြင်းအတွက် အရှင်သောဘနမှာ လေးစား၊ အားနာ၊ ကြည်ညိုသောစိတ်စေတသိက်များသည် ရင်ထဲ၌ မမေ့နိုင်အောင် ထင်ဟပ်စွဲမြဲလျက်ရှိနေပါတော့၏။

ဤသို့ဖြင့် အရှင်နှစ်ပါးတို့သည် ဖိနပ်မပါသော ခြေဖဝါးများဖြင့် ရိုးပြတ်များ ထူထပ်လှသည့် လယ်ကန်သင်းရိုးများကို ဖြတ်ကျော်ကာ ကျိုက်ထိုသို့ ဦးတည်၍ ထွက်ကြလာလေရာ 'မေယဝန်ကျောင်းတိုက်ကြီး'သို့ နေမဝင်မီ ဆိုက်ရောက်တော်မူလာကြ၏။ ထိုကျောင်းတိုက်တွင် နှစ်ရက်တည်းခိုပြီးနောက် ကျိုက်ထီးရိုးတောင်၊ ကင်ပွန်းစခန်းသို့ ထွက်ကြွလာသည်။ ကျိုက်ထိုတွင် ခေတ္တအနားယူသည့်အခိုက် ကိုယ်တော်နှစ်ပါးသည် ဘုန်းတော်ကြီးဦးသီလ သီတင်းသုံးတော်မူသွားသည့် (ဆိပ်ဖူးတောင်၊ တိုက်တောင်ကျောင်းနှင့် ကင်ပွန်းတောင်ကျောင်း၊ သာယာကုန်းကျောင်း၊ ကော့စံနိုင်ကျောင်း၊ မယ်ဇယ်ကျောင်း)များသို့လည်းရောက်ရှိခဲ့ကြသည်။ခရီးထွက်မည့်နံနက်တွင် မေယဝန်ကျောင်းတိုက်၌ နေ့ဆွမ်းဘဉ်းပေးပြီးသည်နှင့် ခြေလျင်ခရီးဖြင့် ကင်ပွန်းစခန်းသို့ ထွက်ကြွလာ၏။ (ကျိုက်ထိုမှ ကင်ပွန်းစခန်းသို့ ခုနစ်မိုင် ဝေး



သည်။) ထိုအခါ ကင်ပွန်းစခန်းသို့ သွားမည့် ခရီးသည်များပါလာသည့် ကားသည် အရှင်နှစ်ပါးတို့အနီးတွင် ရုတ်တရက်ရပ်လိုက်ကာ လျှောက်သည်။

"အရှင်ဘုရားတို့ ဘယ်ကိုကြွမှာလဲဘုရား . . . "

"ကင်ပွန်းစခန်းကနေ ကျိုက်ထီးရိုးဘုရား သွားဖူးမလို့" အရှင်သောဘနက ဖြေသည်။

"ဒါဖြင့် ဒီကားပေါ် ကြွကြပါဘုရား"

"တို့မှာ ကားခပေးစရာ ပိုက်ဆံမပါဘူး . . . "

"အရှင်ဘုရားတို့ကို မြင်ကတည်းက သိပါတယ်ဘုရား၊ ကုသိုလ်လိုချင်လို့ ပင့်တာပါ၊ ကားပေါ် ကြွကြပါဘုရား . . . "

ဤသို့ဖြင့် ကိုယ်တော်နှစ်ပါးသည် ကင်ပွန်းစခန်းသို့ရောက်ကာ ကျိုက်ထီးရိုးတောင်ပေါ်သို့ တက်ကြလေ၏။ တောင်ပေါ်တွင် ဘုရားဖူးရာသီဖြစ်သည့်အလျှောက် ပရိသတ်များ စည်ကားနေ၏။ တည်းခိုစရာနေရာလည်းမတွေ့၊ အတော်ကြီးရှာသောအခါမှ သိမ်တစ်ခုတွင် သမံတလင်းအပေါ် ဖြစ်သလိုနေလိုက်ရ၏။ ဘုရားကိုအာရုံပြုရင်း ချမ်းလိုက်သည်မှာလည်း ခိုက်ခိုက်တုန်နေတော့၏။ ခြုံစရာလည်း မပါ၊ ခင်းစရာလည်းမရှိ၊ အသက်အရွယ်က တက်ဆဲအချိန်မို့သာ ပြင်းထန်လှသည့် ရာသီဥတုဒဏ်ကို ခံနိုင်တော့၏။ ခရီးပန်းနွမ်းနယ်လွန်း၍ နှစ်ပါးလုံးမေ့ကနဲဖြစ်သွားစဉ် ကျိုက်ထီးရိုးတောင်နေ ဘုန်းတော်ကြီး၏ "ထကြ . . ထကြ . . အရုဏ်တက်ပြီ၊ ဆွမ်းခံဖို့အချိန်ရောက်ပြီ . . . " ဟူသော နှိုးဆော်သည့်အသံနှင့်အတူ အချက်ပေးကြေးစည်သံကို ကြားလိုက်ရ၍ နှစ်ပါးလုံး နိုးလာသည်။ နာရီကိုကြည့်လိုက်သောအခါ (၂) နာရီသာ ရှိသေး၏။ ထို့ကြောင့် ပတ်ဝန်းကျင်ကို လေ့လာမိလိုက်သည်။ ဆွမ်းလောင်းလှူရန် အသင့်ပြင်ထားကြသည့် ဘုရားဖူးများကိုပါ မြင်လိုက်ရ၍ "သင်္ခါလုံ့လနှင့် ပြည့်စုံကြသည့် ပုဂ္ဂိုလ်များပါတကား" ဟု အရှင်သောဘန တွေးမိ၏။ အခြားသော ဘုရားဖူးရဟန်းတော်များသည်လည်း ဆွမ်းခံရန်အတွက် သင်္ကန်းများရုံကာ ပြင်ဆင်နေကြပြီကိုပါ တွေ့ရသည့်အတွက် အရှင်နှစ်ပါးတို့မှာ မတတ်သာတော့ဘဲ "နောက်မှ ဝိနည်းကံအရ ပြုလုပ်ရတော့မှာပဲ" ဟု အကြံဖြစ်ကာ ဆွမ်းခံကြွရတော့၏။ ဗုဒ္ဓဘာသာဝင်များ၏ စေတနာကား ထက်သန်လှကြပေ၏။ အရှင်နှစ်ပါးတို့၏ သပိတ်သည် ဆွမ်း၊ ဆွမ်းဟင်း စသည်များဖြင့် ပြည့်လျှံနေပေ၏။ မတတ်သာတော့ပါ။ အနီးတွင်တွေ့ရသော ဒါယကာတစ်ဦးအားခေါ်ယူကာ ဤသို့အမိန့်ရှိလိုက်ရသည်။

"ဒကာ အခု အရုဏ်မတက်သေးဘူး၊ အရုဏ်တက်မှစားရမယ့် ဆွမ်းကို ဒကာ့ကိုစွန့်လိုက်မယ်၊ ဒကာ့ သဘောအတိုင်း စားလိုက စားနိုင်တယ်၊ ဒကာ့ပစ္စည်းလို့မှတ်၊ ဦးပဉ္စင်းတို့တော့ ဒီအချိန်မှာ စားလို့မဖြစ်ဘူး"ဟုဆိုကာ စွန့်လိုက်လေသည်။ ဒကာဖြစ်သူမှာ အရုဏ်မတက်သေးသည်ကိုလည်း သိသည်။ ဤရဟန်းနှစ်ပါးမှာ ဘဉ်းပေးစရာအခြားဆွမ်းမရှိသည်ကိုလည်း သိသောကြောင့် စွန့်လိုက်သောဆွမ်းကို လက်ခံကာ အရုဏ်တက်သောအခါမှ ထိုဆွမ်းများကို ပြန်ကပ်လေ၏။ အရှင်နှစ်ပါးသည် ဘုရားတွင် နှစ်ညဉ့်အိပ်စက်ပြီးနောက် တောင်ပေါ်မှပြန်ဆင်းလာကြသောအခါ ကင်ပွန်းစခန်းရှိ ဘုန်းကြီးကျောင်း တစ်ကျောင်းတွင် ဝင်ရောက်နားခိုကြ၏။ ကျောင်းထိုင်ဘုန်းကြီးကား အသက်ကြီးလှပြီ။ အရှင်သောဘနသည် ဝတ်ပြုရင်းဖြင့် ထိုဘုန်းကြီးအားမေးလျှောက်လေ၏။

"အရှင်ဘုရား၊ မည်သည့်တရားများကို အားထုတ်နေပါသလဲဘုရား . . . "

"တရားရယ်လို့တော့ ထွေထွေထူးထူး အားမထုတ်ပါဘူး၊ ထွက်ရပ်အတွက် အဂ္ဂိရတ်ကိုပဲ ထိုးနေရတယ်" ဟု ရှင်းရှင်းရိုးရိုးဖြေသည်။

"အဂ္ဂိရတ်ထိုးလာတာ ဘယ်လောက်ကြာပြီလဲဘုရား . . . "

"ကြာပြီကောကိုယ်တော်၊ နှစ်ပေါင်းသုံးဆယ်လောက် ရှိပြီထင်တယ် . . . "

"ဒီလောက်ကြာပြီဆိုတော့ ဓာတ်လုံးအောင်မြင်ဖို့ နီးပြီလား



ဘုရား . . . ”

“မနီးပါဘူး ကိုယ်တော်ရေ၊ အောင်ကာနီးမှ ဓာတ်လုံးပျံထွက်သွားလို့ ယူကြုံးမရ ဖြစ်ရတယ်၊ အလကားပဲ၊ ပင်ပန်းကျိုး မနပ်ပါဘူး၊ အမောသာ အဖတ်တင်တယ်၊ ဆက်လည်း မထိုးတော့ပါဘူး”

အရှင်သောဘနသည် ပွင့်လင်းရိုးသားစွာပြောရှာသည့် လမ်းပျောက်နေသော ဘုန်းကြီးအိုကြီး၏အဖြစ်ကို သနားကာ အကြည်ညိုမပျက် ကန်တော့နှုတ်ဆက်ရင်းဖြင့် “တပည့်တော်တို့ ခရီးဆက်ပါဦးမယ်ဘုရား” ဟု နှုတ်ဆက်ဝတ်ပြုလျှင် “ဘယ်ကို ခရီးဆက်မှာလဲ . . . ”ဟု ပြန်မေး၏။ အရှင်သောဘနက ဖြေသည်။

“တောင်စွန်းကိုသွားဖို့ စီစဉ်ထားပါတယ်၊ အဲဒီကတစ်ဆင့် ကော့ကဒွတ်ကို သွားမှာပါဘုရား . . . ”

“ရထားနှင့်လား၊ ခြေလျင်လား”

“ခြေလျင်ပါဘုရား . . . ”

“အင်း . . သွားရမယ့်လမ်းက ဝေးလည်းဝေး၊ ကြမ်းလည်းကြမ်း၊ မလွယ်ဘူး၊ ကဲ ကျိုက်ထိုကိုပြန်မသွားနှင့်တော့၊ ဖြတ်လမ်းကိုလိုက်ပို့မယ်” ဟု ဘုန်းကြီးက လမ်းညွှန်ပြန်၍ ကိုယ်တော်နှစ်ပါးသည် ပင်ပန်းစွာဖြင့် ရွာအဆင့်ဆင့်ကိုဖြတ်ကာ ကော့ကဒွတ်ရွာကြီးသို့ ပြန်ရောက်လာ၏။ အအိပ်အနေ ဆင်းရဲ၊ အစားအသောက်ချို့တဲ့၊ ပင်ပန်းနွမ်းနယ်မှုများက စုပေါင်းလာသောအခါ နေမကောင်းထိုင်မသာ ဖြစ်ချင်လာသည်။ သို့သော် ကတွန်ဘုန်းတော်ကြီးပေးလိုက်သည့် လျှာပွတ်ဆေးတန်ခိုးကြောင့် ခဏချင်း လန်းဆန်းလာပြန်လေသည်။ ထိုမှာ အနားယူ၍ ခြောက်ရက်ရှိလျှင် ဦးတေဇဝန္တ၏ ဒါယကာများက လက်မှတ်ဝယ်ယူ ဆက်ကပ်သောကြောင့် ဦးတေဇဝန္တက သထုံဘူတာ၊ အရှင်သောဘနက ဒုံဝန်းဘူတာ စသည်ဖြင့် လိုက်ပါလာကြသည်။

(ဒုံဝန်းဘူတာနှင့် ငါးမိုင်ခန့် ဝေးသည့် ရွှေရောင်ပြတောင်တောရတွင် ဦးအုန်းခိုင်အမည်ဖြင့် နာမည်ကျော်ကြားနေသည့် ဘုန်းကြီးသည် ပဋိပတ်အကျင့်ဖြင့် ဇကေစကျင့်လျက်ရှိ၏။ သီတင်းသုံးသောကျောင်းတွင် သင်္ကန်းသုံးထည်၊ သပိတ်တစ်လုံးနှင့် ရဟန်းပရိက္ခရာမှတစ်ပါး ဘာမျှမရှိ၊ လူဦးခေါင်းခွဲကို ခေါင်းအုံးအဖြစ် အသုံးပြု၏။ တောင်ခြေရှိရွာများသို့ လှည့်ကာ ဆွမ်းခံ၏။ အသက်လွတ်သာ ဘုဉ်းပေး၏။ အသက်ကြီးမှ ရဟန်းဘဝသို့ ရောက်လာသူဖြစ်သော်လည်း ပဋိပတ်အလုပ်ကို အလွန်ကြိုးကုတ်သောကြောင့် မုဒုံ၊ မော်လမြိုင်၊ မုတ္တမ၊ သထုံ စသည်တို့မှ မပြတ် လာရောက်ဖူးမြော်ကြသည်။ သို့သော် သီတင်းသုံးတော်မူသောကျောင်း၌ ဖူးထိုက်သူမှ ဖူးရသည်။ ဖူးရန်မလွယ်ဟု သတင်းကြီး၏။ ရွှေရောင်ပြတောင်သည် မြင့်မားသောကြောင့်လည်း သွားရေးမလွယ်ကူ၊ ထိုတောင်သည် နေရောင်တွင် အဝေးမှကြည့်ပါလျှင် ရွှေရောင်များ ဟိုနေရာ၊ သည်နေရာ စသည်မှ ကွက်၍ ကွက်၍ တလက်လက် တောက်ပလျက်ရှိသည်ကို မြင်ရ၏။ ညဉ့်ဘက်သို့ရောက်ပြန်လျှင် တောင်၏အထွတ်၊ အကွေ့၊ အချိုင့်၊ အဝှမ်းများ၌ မီးစောင်းတန်းများ ထွန်းညှိထားသကဲ့သို့ မီးရောင်များထိန်ထိန်ဖြာလျက်ရှိသည်ကို ညစဉ်ညတိုင်း မြင်ရ၏။ “ရွှေရောင်ပြသောတောင်ဖြစ်၍ ရွှေရောင်ပြတောင်ဟု အမည်တွင်ခဲ့၏။ ယခုအခါ အထက်ပုဂ္ဂိုလ် အမည်ခံယူထားသူများ ထိုတောင်သို့ရောက်ရှိကာ သာသနာ့အဆောက်အဦများကို တည်ဆောက်ကြသည်။ တောင်နာမည်ကို “မှန်ရောင်ပြ”ဟု ခေါ်ကြသည်။ မီးစောင်းတန်း ယခုရှိသည် မရှိသည်ကို မသိရသော်လည်း စစ်အတွင်းကာလ စာရေးသူတို့ နေထိုင်ခဲ့သည့်အတွင်း ထိုမီးရောင်၊ ရွှေရောင်များကို နေ့စဉ် ညစဉ် မြင်ခဲ့ရ၏။)

ဒုံဝန်းဘူတာသို့ ရထားဆိုက်လျှင် အရှင်သောဘနတစ်ပါးတည်း ဆင်းနေရစ်ကာ မေးစမ်းရင်းဖြင့် ညနေ၊ လူလုံးမကွဲတကွဲ အချိန်လောက်တွင် ဦးအုန်းခိုင် သီတင်းသုံးတော်မူသည့် တောရကျောင်း၏ ဝင်းဝသို့ ရောက်လာသည်။ ခရီးက ၅-မိုင်လောက်လျှောက်လာရသည့်အပြင် တောင်တက်လမ်းအမွှာမွှာတို့ဖြင့် အကြိမ်ကြိမ်ဆုတ်နစ်ကာ ဝီစိကိစ္ဆာများစွာဖြင့် လျှောက်လှမ်းလာရသောကြောင့် အရှင်သောဘန



သည် စိတ်နှလုံး မောပန်းလျက်ရှိ နေစဉ် ဘုန်းတော်ကြီးတစ်ပါးနှင့် ဦးပဉ္ဇင်းငယ်တစ်ပါးကို တွေ့လိုက်ရ၏။ ထိုအခါ အားတက်သရောနှင့် မေးလိုက်သည်။

"ဘုန်းကြီးဦးအုန်းခိုင်ကျောင်း ဆိုတာ ဒီကျောင်းပဲလားဘုရား . . "

"သြော် - ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကြွပါ၊ နေရာထိုင်ခင်းများလည်း သဘောကျသလို နေနိုင်ပါတယ်၊ ကပ်ပွဲယလည်း ရှိတယ် . . . "

ဟု ဘုန်းတော်ကြီးက ဖြေသွားသည်။အရှင်သောဘနမှာ လျင်မြန်စွာဝင်သွား၍ ကပ်ပွဲယနှင့်တွေ့လျှင် "ဘုန်းကြီးဦးအုန်းခိုင် ရှိပါသလား" ဟု မေးလိုက်၏။ "မရှိဘူး၊ ခုပဲ ထွက်ကြွသွားတယ်၊ လမ်းမှာမဆုံဘူးလား၊ အဖော် ဦးပဉ္ဇင်းတစ်ပါးလည်း ပါသွားတယ်" ဟုဆိုမှ အရှင်သောဘနမှာ "သြော်" ဟုဆိုကာ "ဘုန်းကြီးဦးအုန်းခိုင်မှန်းမသိဘူး၊ ဘယ်ကို ကြွသွားတာလဲ . . "ဟု ဆက်မေးလိုက်၏။ "ညကို ကျောင်းမှာကျိန်းလေ့မရှိဘူး၊ ဒီမှာလာတည်းခိုကြတဲ့ရဟန်းရသေ့များလည်း ဘယ်သူမှညမအိပ်ဘူး၊ ဘုန်းကြီးလိုပဲ၊ မနက်ရောက်မှ ဆွမ်းခံယူပြီး ပြန်ကြွလာကြတာပဲ" အရှင်သောဘနသည် နားမရှင်းသလို ဖြစ်နေသောကြောင့် ကပ်ပွဲယကို ဆက်၍ မေးလိုက်ပြန်၏။

"ဘယ်ကိုသွားပြီး ကျိန်းကြလဲ"

"သခ်ျိုင်း၊ သုသာန်တွေရှိရာသွားပြီး တစ်ညလုံး နေကြတာပဲ၊ ကျိန်းတယ်လို့မရှိကြဘူး" ထိုအခါမှ အရှင်သောဘနစိတ်ထဲ၌ "သြော် ချိုးကျူးဖွယ်ပုဂ္ဂိုလ်ကြီးပါတကားဟု ဘုန်းကြီးဦးအုန်းခိုင်ကို စိတ်မှာတွေးမိရင်း ရောက်ရှိနေသည့်ကျောင်း၏ ဝန်းကျင်ကို ကြည့်မိ၏။ ခေါင်းအုံးအတွက် သံနှင့်စွဲထားသည့်သစ်သားတုံးကလေးများနှင့် ဖျာအနည်းငယ်သာရှိသည့် ဤနေရာကလေးမှာ ဘုန်းတော်ကြီးသည် ဗလီဗောဓနည်းပါးစွာဖြင့် သီတင်းသုံးနေတော်မူပါကလား၊ ကမ္ဘာန်းတရား အားထုတ်ကြမည့် ယောဂီရဟန်းများအတွက် သီးခြားတစ်ပါးကျောင်းကလေးများလည်း ရှိသည်။ မြတ်ဗုဒ္ဓရှိတော်မူစဉ်ကအတိုင်း ကျောင်းကြီးကျောင်းခိုင်များမဆောက်လုပ်ဘဲ တစ်ဝါကျွတ်၊ တစ်နေရာပြောင်း၍ သစ်ရွက်အမိုးအကာကျောင်းကလေးများနှင့် နေကြပါကလား၊ ကျေးငှက်၊ တိရစ္ဆာန်၊ လူသံတို့လည်း တိတ်ဆိတ်လှ၍ တရားရှာသူ ယောဂီများအတွက် နှစ်သက်ဖွယ်နေရာ ဖြစ်သည်။ ဤမျှတိတ်ဆိတ်နေသောနေရာဖြစ်ပါသော်လည်း ဘုန်းတော်ကြီးသည် ညဉ့်အခါ၌ ကျောင်းမှာမနေ၊ သုသာန်ရှိရာသို့ကြွသွား၍ သုသာန်ဓုတင်၊ အာရညကင်ဓုတင်၊ ရုက္ခမူဓုတင်များရရှိအောင် ကြိုးကုတ်အားထုတ်တော်မူနေပါကလားဟု မြင်တွေးတော်မူမိ၏။

ကျောင်းပေါ်၌ အရှင်သောဘနတစ်ပါးတည်း ထိုညက ကျိန်းစက်ခဲ့၏။ အရုဏ်ပေါ်၍ မကြာမီ ဘုန်းကြီးဦးအုန်းခိုင်နှင့် ရဟန်းတော် ၁၀ ပါးတို့သည် သပိတ်များပိုက်ကာ ကြွလာကြသည်။ ဆွမ်းခံ၍ရလာသမျှသော ဆွမ်းနှင့် ဆွမ်းဟင်းများကို ဇလုံကြီး၊ အိုးကြီးများထဲသို့ စုပေါင်းထည့်ကာ မိမိတို့၏သပိတ်ထဲသို့ လိုသလောက် ပြန်ထည့်ယူပြီးမှ မိမိတို့နေရာ ကျောင်းသင်ခန်းသို့သွား၍ ဆွမ်းဘုဉ်းပေးကြသည်။ အားလုံးအသက်လွတ်ဟင်းချည်းဖြစ်လေသည်။ ဆွမ်းကိစ္စပြီးသည်နှင့် မိမိတို့ကျောင်း၌ တိတ်ဆိတ်စွာသီတင်းသုံးကြသည်။ အရှင်သောဘနသည် ဘုန်းတော်ကြီးအား ဝတ်ပြုရှင်း အလွှာပ၊ သလွှာပ လျှောက်ထားမိလျှင် ဘုန်းတော်ကြီးသည် ယခု အသက် ၆၀ ရှိနေပြီဖြစ်သည်၊ အသက်ကြီးမှ ရဟန်းဝတ်ရသည်ဖြစ်၍ စာပေများသင်ကြားခွင့်မရခဲ့သော်လည်း မိမိတတ်သိထားသမျှကို ကြိုးစားအားထုတ်တော်မူနေကြောင်းကို သိရလေ၏။ အသက်ခန္ဓာကိုမငဲ့ကွက်ဘဲ ပဋိပတ်သက်သက်ကိုသာ တစ်ဘဝတည်းနှင့် ကိစ္စအပြီးလုံ့လကြီးစွာဖြင့် အားထုတ်တော်မူလျက်ရှိကြောင်းကို ဒိဋ္ဌတွေ့မြင်ရသည်ဖြစ်၍ အလွန်ကြည်ညိုမိ၏။ ကိုးကွယ်သူများမှာလည်း အရိယာပုဂ္ဂိုလ်ကို ဆည်းကပ် ကြည်ညိုကြသလို အလွန်အားထားရိုသေစွာ ကိုးကွယ်ကြသည်။ ထို့ကြောင့် နဂိုကတည်းကပင် ပဋိပတ်သို့ စိတ်တော်ညွတ်လျက်ရှိသော အရှင်သောဘနသည် ဘုန်းတော်ကြီး၏ ပဋိပတ်ကျင့်စဉ်ကို သိလိုလှသဖြင့် "အရှင်ဘုရား



နှလုံးသွင်းတော်မူတဲ့ လိုရင်းတရား ကို သိပါရစေဘုရား၊ တပည့်တော်မှာ ခဲခဲယဉ်းယဉ်း ရောက်လာရသူ ဖြစ်ပါတယ်"ဟု လျှောက်ထား၏။

"အထူးမဟုတ်ပါဘူး ကိုယ်တော်၊ ခန္ဓာ၊ အာယတနဓာတ်တွေကို နှလုံးသွင်းပြီး ဒါတွေဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေချည်းပဲလို့ ဆင်ခြင်နေပါတယ်၊ ကြိုးကြိုးစားစား အားထုတ်ဖို့သာ လိုပါတယ်။"

ဘုန်းတော်ကြီးထံမှ ဤမျှသာ သိရသော်လည်း ဘုန်းတော်ကြီးသည် သမာဓိဘက်၌ အလွန်ခိုင်ခံ့တော်မူနေပြီဟု အကဲခတ်နိုင်သောကြောင့် ထိုညနေ နေဝင်ချိန်တွင် ဘုန်းတော်ကြီး ဦးအုန်းခိုင်ကျောင်းမှ ထွက်ကြွသွားပြီးသည့်နောက် အရှင်သောဘနသည် အခြားသော သုသာန်ဓုတင်ဆောက်တည်ကြမည့် ရဟန်းရသေ့ ၁၀-ပါးနှင့်အတူ သုသာန်သို့ လိုက်ပါကြွသွားလေ၏။ သုသာန်တစ်ခုတွင် ၃-ရက်ဆောက်တည်ကြသည်ဖြစ်၍ ၂-ရက်ဆောက်တည်ပြီးဖြစ်သော အခြားပုဂ္ဂိုလ်များသည် ဤတစ်ညသာ ဤသုသာန်တွင် ဆောက်တည်ကြတော့မည်ဖြစ်၍ အသီးသီးနေရာယူကြသည်။ ထိုအခါ လူငယ်တစ်ယောက်သည် ရဟန်းတော်များထံသို့ရောက်လာကာ "နက်ဖြန်ည တပည့်တော်တို့ရွာသခ္ဓိုင်းမှာ ဓုတင်ဆောက်တည်ဖို့နေ့ပါ။ ဒါပေမယ့် ဒီနေ့ည်မှာပဲ တပည့်တော်တို့သခ္ဓိုင်းကို ကြွပါဘုရား" ဟု လျှောက်သည်။

ထိုအခါ ရဟန်းတစ်ပါးက "ဘာဖြစ်လို့ ကြိုတင်ပြီး မပင့်ကြသလဲကွယ့်" ဟုမေးလျှင် လူငယ်က "တပည့်တော်ရဲ့ညီမ ဒီမနက်ကပဲ ကြီးဆွဲခဲ့ပြီး သေသွားပါတယ်ဘုရား၊ အစိမ်းသေဖြစ်လို့ ကြမ်းပူအောင် မထားရဘဲ သုသာန်ကို ချက်ချင်း ပို့လိုက်ရပါတယ်။ အစိမ်းသေဖြစ်နေတော့ ပယောဂဆရာတွေ လာရောက်တူးယူကြမှာကို စိုးရိမ်ရပါတယ်ဘုရား၊ ဒါကြောင့် အရှင်ဘုရားတို့ကို လာပင့်တာပါ" ဟုဖြေသည်။

ဤသို့ဖြင့် အစိမ်းသေမကို မြုပ်နှံထားသည့် သုသာန်သို့ အရှင်သောဘနပါ လိုက်ပါကြွသွားသောအခါ "မြင်မြင်ချင်းဆောက်နှင့်ထွင်း" ဆိုစကားကဲ့သို့ အစိမ်းသေမကိုမြုပ်နှံထားသည့် မြေပုံခေါင်းပိုင်း၌ နေရာယူရသည်။ သုသာန်ဓုတင်သို့ တစ်ခါမျှမလိုက်ပါဘူးသော အရှင်သောဘနသည် ညဉ့်နက်လာသည်နှင့်အမျှ ကျောထဲမှစိမ့်၍စိမ့်၍ လာသည်။ တစ်နေရာတည်း၌ စုထိုင်ကြသည်မဟုတ်၊ တစ်နေရာစီခွဲ၍ ထိုင်ကြရခြင်းဖြစ်သည်။ ထိုင်မည့်နေရာတွင် ဒါယကာများက ကောက်ရိုးများခင်းထားပေးသည်။ တစ်ပါးနှင့်တစ်ပါး ပေသုံးဆယ်ခန့် ဝေးကြသည့်အပြင် သစ်ပင်၊ ခုံပုတ်များကလည်း ရှိနေသောကြောင့် အချင်းချင်း မြင်တွေ့ခြင်းလည်း မရှိပေ။ ကိုယ့်နေရာနှင့်ကိုယ် ထိုင်မိကြလျှင် ဘုရားဂုဏ်တော်ကိုဖြစ်စေ၊ မေတ္တာပို့ဝေသည်ဖြစ်စေ၊ ကမ္မဋ္ဌာန်းနှင့်ဆိုင်ရာ တစ်ခုခုကိုဖြစ်စေ လေသံမျှဖြင့် ရွတ်ဆို ပွားများကြသည်။ အရှင်သောဘနသည် အစိမ်းသေမ၏ မြေပုံခေါင်းရင်း သုံးတောင်အကွာရှိ သစ်ပင်ရင်းမှာခင်းထားသည့် ကောက်ရိုးပေါ်၌ထိုင်လျက် မြေပုံသစ်ကို စူးစိုက်အာရုံပြုလျက်ရှိ၏။ ဓုတင် ၁၃-ပါးတွင် သုသာန်ဓုတင်သည် အခဲယဉ်းဆုံးဖြစ်၏။ ထို့ကြောင့် တော်ရုံသာမညအားဖြင့် ဤဓုတင်ကို ဆောက်တည်သူ နည်းပါးခြင်းဖြစ်သည်။

ဘုန်းတော်ကြီး ဦးအုန်းခိုင်နှင့် ကျောင်းနေရဟန်း အားလုံးသည် သက်သတ်လွတ်ဆွမ်းကိုသာ ဘုဉ်းပေးကြသည်ဖြစ်၍ အသားစားဘီလူးသဘက်တို့၏ အန္တရာယ်ပြုခြင်းကို မခံရပေ။ မည်မျှပင် ထိတ်လန့်ကြောက်ရွံ့ဖွယ်နေရာကြီး ဖြစ်ပါသော်လည်း အရှင်သောဘနသည် ပထမဆုံးအတွေ့အကြုံဖြစ်သည့် ထိုညတွင် သုသာန်ဓုတင်၌ သစ်ပင်ကို အမှီပြုထိုင်လျက် ဓုတင်ကျင့်သုံးတော်မူရင်း သန်းခေါင်ကျော်လျှင် ကျိန်းစက်ခြင်းသို့ရောက်သွား၏။ အရုဏ်ပေါ်လျှင် သုသာန်တွင် ဒါယကာများထားပေးသည့်ရေအိုးမှရေဖြင့် မျက်နှာကိုသစ်၊ သပိတ်ကိုယူကာ၊ အခြားသောရဟန်းများနှင့်အတူ ဆွမ်းခံထွက်ကြွရန် ရွာထဲသို့ ဝင်ခဲ့၏။ ဆွမ်းခံရသည်မှာ အကြာကြီးမဟုတ်။ ဆွမ်းလောင်းလှူသူများသည် တစ်နေရာတည်း၌စုကာ ဆွမ်းနှင့်ဟင်းကို သပိတ်နှင့်အပြည့် လောင်းလှူလိုက်ကြခြင်းဖြစ်သည်။ ဟင်းများ



ကလည်း အားလုံး အသက်လွတ် ချည်းဖြစ်၏။ ဤသို့ဖြင့် ပတ္တာပိုဏ် ခုတင်၊ ကောသနိုက်ခုတင်။ ပိဏ္ဍ ပါတ်ခုတင် ၃-ပါးကို ရရှိတော်မူကာ အရှင်သောဘနသည် အစိမ်းသေ မြုပ်သောသုသာန်တွင် ၃-ရက်ဆက် ဆောက်တည်ခဲ့၏။ ဘုန်းတော်ကြီး ကိုယ်တော်တိုင်ကလည်း ရှေ့မှ မား မားရပ်ကာ စွမ်းစွမ်းတမံ အားထုတ် တော်မူသဖြင့် အရှင်သောဘန၏ ပဋိ ပတ်ဘက်သို့ ကိုင်းညွှတ်လျက်ရှိ သောစိတ်များသည် တစ်စထက် တစ်စ တိုးကာ ခိုင်မာတော်မူလာ သည်။ ထိုသို့ဖြင့် ရွှေရောင်ပြတောရ တွင် ၃-ရက်ကြာလျှင် ဘုန်းတော် ကြီးကို လျှောက်ထား၍ သထုံသို့ ကြွ တော်မူလာသည်။ လမ်းတွင် ကျိုက် ကော်၊ သုခိတာရုံကျောင်းတိုက်သို့ ရောက်သောအခါ တပို့တွဲလကွယ် နေ့နှင့်ကြုံ၍ ထိုကျောင်းတွင် ဥပုသ် ပြုတော်မူလေ၏။ သထုံသို့ရောက် လျှင် ခေတ္တနားခိုနေတော်မူပြီးမှ သထုံမြို့၊ ကျုံးဟောင်းအတွင်းရှိ ဇေတဝန်ကျောင်းတိုက် ဆရာတော် ဘုရားကြီးထံ ခိုဝင်ဆည်းကပ်တော် မူသည်။ ထိုအခါ ဆရာတော်ကြီး သည် သက်တော် ၆၃-နှစ် ရှိတော် မူပြီ။

ဆရာတော်ကြီးသည် ဆည်း ကပ်ရောက်လာသမျှသော တပည့် သံဃာများအား အရေးတယူဖြင့် ကိုယ်တော်တိုင် နေရာချပေးခြင်းနှင့် ရက်မဆိုင်းဘဲ ကမ္မဋ္ဌာန်းတောင်းသူ များအားလည်း ကမ္မဋ္ဌာန်းနည်းကို ပေးတော်မူသည်။ ညဘက် ၇-နာရီ တိုင်းတွင် 'နေတ္တိပါဠိတော်' ကို မူ တည်လျက် တစ်ပိုဒ်ချင်းစီ အနက် အဓိပ္ပာယ် ပြန်ပြသည်။ ရှုမှတ်ပုံ ကမ္မဋ္ဌာန်းနည်းကို ပေးသည်မှာလည်း ရှင်းလှသည်။

"သံသရာဘေးကို ရှုမှတ်သော ရဟန်း(ပုဂ္ဂိုလ်)သည် အမှတ်ရလျက် ကျင့်သွားရာ၏ဆိုရာ၌" သံသရာ ဘေးကိုရှုသောသူသည် မျက်မှောက် ဘဝ၌ပင် ချမ်းသာစွာနေရခြင်း အကျိုးငှာ ရှေ့သို့သွားလျှင်၊ နောက် သို့ဆုတ်လျှင်၊ တည့်တည့်ကြည့်လျှင်၊ စောင်းငဲ့ကြည့်လျှင်၊ လက်ခြေတို့ကို ကွေးလျှင်ဆန့်လျှင်၊ သပိတ်သင်္ကန်း ကို ကိုင်ယူသုံးစွဲလျှင်၊ စားလျှင် သောက်လျှင်၊ ကျင်ကြီးကျင်ငယ်စွန့် လျှင်၊ သွားလျှင်၊ ရပ်လျှင်၊ ထိုင်လျှင်၊ အိပ် လျှင်၊ နိုးလျှင်၊ ပြောဆိုလျှင်၊ ဆိတ် ဆိတ်နေလျှင်၊ အမှတ်ရလျက်၊ မှန်စွာသိ၍ - သိ၍ နေအပ်၏။"

အရှင်သောဘနသည် ဆရာ တော်ကြီး၏ထံပါး၌ ကမ္မဋ္ဌာန်းတရား တော်ကို နည်းနာခံယူကာ" မနေ မနား မီးပွတ်သောယောက်ျားကဲ့သို့" နေ့ရောညပါ မပြတ်မစဲ ရှုမှတ်ပွား များ အားထုတ်သည်မှာ လေးလကြာ သွား၏။ "မော်လမြိုင် တောင်ဝိုင်း ကလေးတောရ ဆရာတော်ကြီး မကျန်းမာ၍ အမြန်ပြန်လာပါ" ဟု ကြေးနန်းကို ရ၍ ပြန်လာလျှင် တစ်ပတ်ခန့်သာ ကိုယ်ဖိရင်ဖို ပြုစု လိုက်ရပြီးနောက် ဆရာတော်ကြီး ပျံတော်မူလေ၏။ ထိုအခါ၌ အရှင် သောဘနသည် (၈)ဝါရှိတော်မူလေ ပြီ။ ၁၂၉၅-ခုနှစ်တွင် ဝါတော် ၁၀ ဝါပြည့်ပြီဖြစ်၍ တောင်ဝိုင်းကလေး တောရတိုက်တွင် ကျောင်းထိုင်ဖြစ် လာသည်။ဤသို့ဖြင့် ဗြိတိသျှအစိုးရ တို့က ဖွဲ့စည်းပေးထားသည့် ပညာ ရေးအဖွဲ့မှ ကျင်းပပေးသော ပထမ ပြန်စာမေးပွဲနှင့် ဓမ္မာစရိယ စာချ တန်းတို့ကို ကျင်းပနေဆဲဖြစ်သော ကြောင့် အစိုးရ ဓမ္မာစရိယစာချတန်း ကို ရန်ကုန်မြို့သို့ လာရောက်၍ ဖြေ ဆိုတော်မူ၏။ တစ်နှစ်တည်းဖြင့်ပင် ၁၃၀၃-ခုနှစ်၊ နယုန်လတွင် ကျင်းပ သည့် စာမေးပွဲကြီး၌ ကျမ်းရင်းသုံး ကျမ်းနှင့် ဂုဏ်ထူးဆောင်ကျမ်းတို့ကို ဖြေဆိုအောင်မြင်တော်မူသောကြောင့် "သာသနာ့ဓဇ သီရိပဝရ ဓမ္မာ စရိယ"ဟူသောဘွဲ့ကို ရရှိတော်မူ၏။ သို့သော် ဒုတိယကမ္ဘာစစ်ကြီး၏ အရိပ်များသမ်းလာလျှင် မော်လမြိုင် သည် စစ်၏အထွက်အဝင်တံခါးကြီး ဖြစ်နေသောကြောင့် ဇာတိ ဆိပ်ခွန် ရွာကြီးသို့ အရှင်သောဘန ပြန်ကြွ တော်မူလာလေ၏။

ဆိပ်ခွန်ရွာကြီး၏ အနောက် ဘက် တာလေးရာခန့် ကွာဝေးသည့် နေရာတွင် "အင်ကြင်းတောစေတီ ကြီး" တည်ရှိ၏။ ထိုအနီးတွင် "အင် ကြင်းတောတိုက်"ဟူ၍ ရှိ၏။ ထို အင်ကြင်းတော တိုက်အတွင်း၌ "မဟာစည်" ဟူသော ကျောင်းရှိ သည်။(မဟာစည်ကျောင်းဟုအမည် တွင်ခြင်းမှာ ကျောင်းစည်းရိုးတွင်



နှစ်ပေါင်းများစွာကတည်းက ပေါက်ရောက်လာသည့် ဘိုးသက်ရှည်ကုက္ကိုပင်ကြီးတစ်ပင်ရှိသည်။ တစ်ခုသောနေ့၌ လေပြင်းမုန်တိုင်းဒဏ်ကြောင့် ထိုကုက္ကိုပင်ကြီး လဲပြိုကျလျှင် အရင်းပိုင်းနေရာသည် သဘာဝအလျောက် အခေါင်းပေါက်ကြီးဖြစ်နေ၍ 'စည်ကျက်'ရန် ကောင်းလှသည်ဟု ပြုပြင်စီမံ၍ သားရေနှင့် ကျက်ကြလျှင် အလွန်ခံညားလှပသည့် စည်ကြီးတစ်လုံး ဖြစ်လာ၏။ အရွယ်ပမာဏအားဖြင့်လည်း ဤမျှကြီးမားသောစည်ကြီးမျိုးကို ရရှိနိုင်ရန် မလွယ်ကူဟုဆိုကာ 'မဟာစည်'ဟု အမည်ပေးပြီးလျှင် ကျောင်းတိုက်၌ထားသည်မှစ၍ ဤစည်ကြီးကို အကြောင်းပြုကာ "မဟာစည်ကျောင်း"ဟူ၍ ဖြစ်လာလေ၏။)

အဆိုပါစည်ကြီးကို ၁၂၉၅-နှစ်၌ ပြုလုပ်သည်ဟုဆိုသည်။ ဘုရားဝတ်တက်ချိန်၊ နေ့လယ်မွန်းတည့် ၁၂-နာရီအချိန်တို့၌ ဤစည်ကြီးကို မှန်မှန်တီးလေ့ရှိရာ အနီးအနား ကျေးရွာများကလည်း မွန်းတည့်ချိန်၊ ဘုရားဝတ်တက်ချိန်ဟူ၍ စည်သံကြီးကြောင့် အချိန်မှန် သိရှိကြရလေသည်။ (ထိုစည်ကြီး၏အလျားသည် ၁၀၅ လက်မရှိ၏။ စည်မျက်နှာအကြီးဘက်သည် အချင်းလက်မ ၄၀ ရှိ၏။ စည်မျက်နှာအငယ်ဘက်သည် အချင်းလက်မ ၃၆ ရှိ၏။ အတွင်းသား ကန့်လန့်ဖြတ်သည် အချင်းလက်မ ၃၄ ရှိ၏။ စည်မျက်နှာအဝန်းလုံးပတ်သည် ၁၂၆ လက်မရှိ၏။)

ကျောင်းထိုင်ဆရာတော် အရှင်သောဘနသည် စစ်အတွင်းကာလ၌ နေရင်းဒေသသို့ ရောက်လာလျှင် ထိုမဟာစည်ကျောင်းတိုက်၌ သီတင်းသုံးသောကြောင့် "မဟာစည်ဆရာတော်" ဟူ၍ ဝေးနီးကျော်ကြားလာလေသတည်း။ ။

မဟာစည်ဆရာတော်ဘုရားကြီး၏ နှစ်တစ်ရာပြည့်အထိမ်းအမှတ် ထုတ်ဝေသည့်စာအုပ်မှ ဤစာတမ်းကိုဖတ်ရှုရသူ ဓမ္မမိတ်ဆွေများသည် ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ပညာရင်နှီးကိုသောက် စို့အားထုတ်ဖူးကြသူ များကြပါလိမ့်မည်။ ယောဂီအပေါင်းတို့သည် "ခူးခပ်ပြင်ဆင်ထားသည့် ထမင်းပွဲသို့ ဝင်ရောက်စားသုံးကြရသကဲ့သို့" ဆရာတော်ဘုရားကြီး နည်းပေးလမ်းပြ၊ ဟောကြွန်ပြသည့် ကမ္မဋ္ဌာန်းတရားကိုနာယူကာ အရိပ်အာဝါသထဲ၌ ပင်ပန်းဆင်းရဲမှု လုံးဝမရှိဘဲ လျက် နိဗ္ဗာန်ရကြောင်း တရားကောင်းကို လွယ်ကူသက်သာစွာဖြင့် အားထုတ်နိုင်ခဲ့ကြရ၏။

ယခု ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ခန္ဓာဉာဏ်ရောက်သည်အထိ ခန္ဓာကိုမငဲ့ကွက်ဘဲ ဆင်းရဲဒုက္ခအမျိုးမျိုးကို မငြိုမငြင် ခံယူရင်ဆိုင်ကာ တရားစစ်တရားမှန်ကို ရရှိလာသည်အထိ အားထုတ်ကြိုးကုတ် ဆောင်ရွက်လာသည်များကို စာရေးသူအနေဖြင့် ရှာဖွေစုဆောင်း ဖော်ထုတ်လိုက်ပါသည်။

စာကြွင်း - (ဆရာတော်ဘုရားကြီး တရားရှာဖွေရာ၊ ဓုတင်ဆောက်တည်ရာ မွန်ပြည်နယ်သည် စာရေးသူ၏ဇာတိဒေသဖြစ်၍လည်း မိဘဆရာသမား များထံမှတစ်ဆင့် ကြားသိမှတ်ယူရပါသည်။ဆရာတော်ဘုရားကြီး မော်လမြိုင် တောင်ဝိုင်းကလေးကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသောအခါန်တွင် စာရေးသူ၏အသက် ၆-နှစ်ရှိနေပြီ ဖြစ်ပါသည်။ ဘုန်းတော်ကြီး ဦးအုန်းခိုင်သည် မိဘများ၏ ကိုးကွယ်ပူဇော်ရာ ဘုန်းတော်ကြီး ဖြစ်ပါသည်။)

မှတ်ချက်-ဆရာကြီး ရှင်ဗုဒ္ဓယောသဉီးဘသန်း ပြုစုသည့် ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ်ကို မှီငြမ်းပြုပါသည်။

"မည်သို့မဆို ဘပမှာနေတတ်၊ သေတတ်သည့်တရားကို အားထုတ်ကြိုးကုတ်ဖူးကြသူတိုင်းသည် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ကျေးဇူးတရားများကို ပြန်လည် ကျေးဇူးဆပ်ခြင်းဖြင့်လည်းကောင်း၊ ရတောင့်ရခဲသော လူဘဝကြီးကို တန်ဖိုးကြီးစွာဖြင့် အသုံးချရန်အတွက်လည်းကောင်း၊ မခံသာမှန်ပါသည့် ဤတရားကို သတိတရားကြီးစွာ အားထုတ်နိုင်ကြပါစေဟု မေတ္တာစကား ဆိုလိုက်ရပါသတည်း။

ကြည်ဦး



ကျောင်းရှင်မဟာစည်ဆရာတော်ဘုရားကြီး

သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း





"တချို့က ပါဠိကို သီချင်းသံလို ရွတ်ဆိုတာရှိတယ်။ အဲဒါကတော့ ဝိနည်းနဲ့လည်း ဆန့်ကျင်တယ်။ တရားနာသူတွေမှာလည်း ကိလေသာ ပွားစေတယ်။ ဒီလိုဟောတဲ့တရားကို ကောင်းတယ်လို့လည်း မချီးမွမ်းရ၊ အားမပေးရဘူး။ နောက်ပြီးတော့ ဓမ္မကထိကများက တရားဟောရင်း သီချင်းဆိုပြတာလည်း ရှိတယ်လို့ ကြားရတယ်။ အဲဒါကတော့ သာသနာပြုတာ မဟုတ်ဘူး။ သာသနာ ဖျက်ရာရောက်တယ်။ သီချင်းဆိုတဲ့ ပုဂ္ဂိုလ်လည်း ရဟန်းဆိုရင် အာပတ် တွေများစွာသင့်တယ်။ တရားနာသူ တွေမှာလည်း အကုသိုလ်တွေ များစွာဖြစ်တယ်။ သီချင်းတရားကိုနာ ပြီး အားပေးတဲ့သူတွေဟာ သာသနာ ပျက်အောင်အားပေးရာလည်း ရောက် တယ်။" (သက္ကပဥ္ဉသုတ်တရားတော်၊ ဒု-အကြိမ်၊ မျက်-၂၈)

မဟာစည် နှင့် တောင်တန်းသာသနာပြုဆရာတော်

မောင်မောင် (ဥပဒေ)

ဤသို့ ဆုံးမသွားခဲ့သူကား အခြားမဟုတ်။ ဆဋ္ဌသင်္ဂီတိပုဋ္ဌက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ကမ္ဘာ့သာသနာပြု ကျောင်းရှင် မဟာ စည်ဆရာတော်ဘုရားကြီး ဖြစ်ပါ သည်။ ဆရာတော်ဘုရားကြီးသည် ၁၂၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်



ကျော် (၃)ရက် (၂၉-၇-၁၉၀၄) သောကြာနေ့တွင် ဖွားမြင်တော်မူခဲ့ပြီး သက်တော် (၇၈)၊ သိက္ခာတော် (၅၈)ဝါအရ ၁၃၄၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၀)ရက် (၁၄-၈-၁၉၈၂)နေ့တွင် ဘဝဇာတ်သိမ်းချုပ်ငြိမ်းတော်မူသွားခဲ့ပါသည်။ ဆရာတော်ဘုရားကြီးသာ ယနေ့တိုင် သက်တော်ထင်ရှားရှိနေဦးမည်ဆိုပါလျှင် ယခု ၁၃၆၆ ခုနှစ် (၂၀၀၄)တွင် သက်တော်တစ်ရာတင်းတင်းပြည့်တော်မူပါပြီ။ သက်တော်ရာပြည့် ဤကာလတွင် ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်များကို အောက်မေ့ ကြည်ညိုနေမိစဉ် အကျော်ဒေးယျဆရာတော်ကြီးတစ်ပါးကိုလည်း သွား၍ သတိရလိုက်မိပါသည်။

"လူများက ဘယ်သူဟာ ကံကောင်းတယ်၊ ဘယ်သူဟာ ကံဆိုးတယ်လို့ ပြောလေ့ရှိကြတယ်။ ကံကောင်းခြင်း ကံဆိုးခြင်းကို ဘယ်သူကမှ လာရောက် ဖန်တီးပေးတာ မဟုတ်ဘူး။ ကိုယ့်ကံကိုယ်သာလျှင် ဖန်တီးနေကြခြင်းဖြစ်တယ်။ ကံတရားဆိုတာ မိမိတို့၏စိတ်ရင်းထဲမှ ဖြစ်ပေါ်လာတဲ့ စေတနာပင် ဖြစ်ပါတယ်။ စေတနာကောင်းလျှင် ကံကောင်းမယ်။ စေတနာဆိုးလျှင် ကံဆိုးမယ်။ စေတနာဖြောင့်လျှင် ကံဖြောင့်မယ်။ စေတနာကောက်လျှင် ကံကောက်မယ်။"

ဤသို့ မေတ္တာရှေ့ထား ဆုံးမသွားခဲ့သူကလည်း အခြားမဟုတ်။ "နတ်များက အထူးချစ်ခင်ကြည်ညိုကြသည်၊ ဝိဇ္ဇာများပင် လာရောက်ဖူးမြော်ကြသည်၊ ပရိတ်ရွတ်လျှင် ပရိတ်ရေပွက်စေသည်"ဟု အကျော်ဒေးယျဖြစ်ပွားခဲ့သော တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရပင် ဖြစ်ပါသည်။ တောင်တန်းဆရာတော်ကြီးသည် မဟာစည်ဆရာတော်ဘုရားကြီးကို အထူးကြည်ညိုလေးစားသူ ဖြစ်ပါသည်။ မည်မျှအထိ ကြည်ညိုလေးစားသနည်းဆိုသော် မဟာစည်ဆရာတော်ဘုရားကြီးထံ တပည့်ခံ၍ ဝိပဿနာတရားပွားများအားထုတ်ခဲ့သည်အထိ ဖြစ်သည်။ ဤအကြောင်းကို တောင်တန်းသာသနာပြု ဆရာတော်ကြီးကိုယ်တိုင် အောက်ပါအတိုင်း ဆောင်းပါးရေးသားထားခဲ့သည်။

"မိမိ နာဂတောင်သို့ ဒုတိယအခေါက် ခရီးမထွက်ခင် ဒကာကြီး ဟင်္သာတဦးမြက (မဟာစည်ရိပ်သာဝင်၍ တစ်လအားထုတ်တော်မူပါ။ တပည့်တော် ဆွမ်းကိစ္စပါ အားလုံး တာဝန်ယူစီစဉ်ပြီးခဲ့ပါပြီ)ဟုလျှောက်ထား၍ လက်ခံပြီး တစ်လအကြာ မဟာစည်ဆရာတော် နည်းချပေးသည့်အတိုင်း တရားအားထုတ်ဖူး၏။ အချိန်မှာ ကမ္ဘာအေးကုန်းမြေ၌ လိုက်ဂူကြီးပင် မပေါ်သေးပါ။ မိမိကို မဟာစည်ဆရာတော်ဘုရားကိုယ်တိုင် နည်းပေး၍ သူကိုယ်တိုင် စစ်ဆေးသည်။ သုံးရက်ခန့်ရှိသော အခါ လျှောင်း၊ ထိုင်၊ ရပ်၊ သွားလေးပါးကိုရိယာပုထ် စသည်မြင်ပုံ၌



"လူများတာ ဘယ်သူဟာ ကံကောင်းတယ်၊ ဘယ်သူဟာ ကံဆိုးတယ်လို့ ပြောလေ့ရှိကြတယ်၊ ကံကောင်းခြင်း ကံဆိုးခြင်းကို ဘယ်သူကမှ လာရောက်ဖန်တီးပေးတာ မဟုတ်ဘူး၊ ကိုယ့်ကံကိုယ်သာလျှင် ဖန်တီးနေကြခြင်း ဖြစ်တယ်၊



(မိမိ၏ကိုယ်အမူအရာအားလုံးကို နောက်မှလိုက်ကြည့်နေရသလိုပါပဲ ဘုရား)ဟုလျှောက်ရာ (အဲ - ဒါဖြင့် မြင်ပါပြီ၊ လိုရင်းက ဒါပါပဲ၊ သမာဓိအား ကောင်းလွယ်တယ်၊ ရှေးကလည်း တရားအားထုတ်ဖူးတဲ့အခြေခံရှိပြီးဖြစ်မယ်ထင်တယ်)ဟု ဆရာတော်ကြီးကအမိန့်ရှိ၏။ တစ်လကြာပြီးသောအခါ အချိန်မီ ဤအရှင်နာဂတောင်တန်းသို့ ခရီးထွက်သွားခဲ့၏။ တစ်ချိန်က မဟာစည်ဆရာတော်ဘုရားကြီးကို အင်မတန်မာနကြီးသည်ဟု စွပ်စွဲပြီး သတင်းလွှင့်ခဲ့ကြဖူးသည်။ထိုကိစ္စအပေါ် တောင်တန်းဆရာတော်ကြီးက သူ့ကိုယ်တွေ့ဖြစ်ရပ်နှင့်ယှဉ်ပြပြီး အောက်ပါအတိုင်း ပြန်လည်ရေးသား တင်ပြခဲ့ပါသည်။

"မဟာစည်ဆရာတော်ကြီးကို မာနကြီးသည်ဟု ပြောသံဆိုသံ တစ်ကြိမ်မက ကြားခဲ့ရဖူး၏။ မိမိနှင့် နီးကပ်စွာ ဆက်ဆံခဲ့သမျှအချိန်ကာလများတွင် ဒေါသ၊ မာနနှင့်စပ်သော အမူအရာ၊ အပြောအဆို၊ အပြုအမူမျိုး တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ခဲ့ရဘူးပါ။ လူတို့ပြစ်တင်တတ်သော ဝါသနာအလျောက် အသားလွတ်ပြောသော ကဲ့ရဲ့စကားတွေသာဖြစ်မည်ဟု မိမိယူဆပါသည်။ ဖလမ်းမြို့ ကြွရောက်လာစဉ်က အချင်းချင်း သက်ရွယ်မေးကြ၍ ပြန်လှန်ပြောခဲ့ကြဖူး၏။ ထိုအချိန်က မဟာစည်ဆရာတော်ကြီးမှာ သက်တော်(၇၁)နှစ်ဖြစ်၍ မိမိက (၆၅)နှစ်ဖြစ်၏။ (တပည့်တော်မှာ ယခုအချိန်ထိ ဆံမဖြူသေးပါ၊ သွားမကျိုးပါ၊ မျက်စိမမှုန်ပါ၊ တောတောင်ခြေလျင် ခရီးလည်း သွားလာနေနိုင်တုန်းပါ)ဟုလျှောက်ခဲ့ဖူး၏။ ဆရာတော်ကြီးက မိမိ၏ဦးခေါင်းကို နှိုးကပ်စွာကြည့်သည်။ (သြော်-ကျန်းမာရေး တယ်ကောင်းပါလား၊ အရှင်ဘုရားတို့အလုပ်က ပင်ပန်းဆင်းရဲလှတယ်၊ နေရေးစားရေးလည်း ဆင်းရဲကြတယ်၊ တပည့်တော်တို့အလုပ်ထက်ခက်ခဲကြမှာပဲ)ဟုမိန့်တော်မူပါသည်။ ထို့နောက် ငွေကြေးကိုလည်း အလှူမခံ၊ ဖြစ်သလိုနှင့် ရတတ်သမျှ ရောင့်ရဲနေကြောင်း တစ်ဆင့်စကားကြား၍ပေလော။ (သက်နှံးတစ်စုံနှင့် ဝတ္ထု ၅၀/- ကို ကြဲကြိုက်ခိုက် ထောက်ပံ့ပါတယ်) ဟု ထောက်ပံ့၍ လက်ခံယူလိုက်ရ၏။ ကိုယ်ချင်းစာတတ်ပုံ၊ ထောက်ထားညှာတာတတ်



သော စိတ်ကောင်းစေတနာရှိပုံပေါ်လွင်ခြင်းမှာလက်တွေ့ဖြစ်သည်"

ဆက်လက်၍ တောင်တန်းသာသနာပြု ဆရာတော်ကြီးသည် မဟာစည်ဆရာတော်ဘုရားကြီး၏ ဂုဏ်ရည်မျှားကို တွေ့မြင်ခံစားရသည့်အတိုင်း ဤသို့ ရေးသားပူဇော်ခဲ့ပါသည်။

"မဟာစည်ဆရာတော်ကြီးကို သမိုင်းအနေဖြင့်ကြည့်လျှင် မျှားစွာသောသမိုင်းကြီး၊ သမိုင်းကောင်းမျှားကျန်ရစ်ပေသည်။ နာမည်ကျော်ကြားသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ကြီးတစ်ပါးအဖြစ် စစ်ပြီးခေတ်မြန်မာပြည်တွင် လူရှင်ရဟန်းအများဆုံးကအသိအမှတ်ပြုထားကြသည်။ ပြည်နီးနား ထိုင်းနိုင်ငံမှစ၍ ဝေးသောအင်္ဂလန်၊ အမေရိကန် စသည့် နိုင်ငံခြားအတော်များများသို့ ကြွရောက်တရားဟောကြားခြင်း၊ ကမ္မဋ္ဌာန်းနည်းပေးခြင်းတို့ကို ပြုခဲ့ရသောကြောင့် ကမ္ဘာ့သာသနာပြု အမည်ကိုလည်း ရယူနိုင်ပါသေး၏။"

"ကျမ်းစာအုပ် ကြီးငယ်ပေါင်းများစွာကို ရေးသားပြုစုခဲ့ရသောကြောင့် ကျမ်းပြုပုဂ္ဂိုလ်ကြီးတစ်ပါးအဖြစ် ထင်ရှားပါသည်။ ထို့ပြင် သမိုင်းထူးတစ်ခုကား ကမ္မဋ္ဌာန်းရိပ်သာပေါင်းများစွာတို့၏ ဦးကိုင် ဥသျှောင် ဆရာတော်ထူးတစ်ပါးအဖြစ် သမိုင်းတွင်ရစ်ခြင်းဖြစ်၏။ မြန်မာပြည်တွင် မြို့ပေါင်းများစွာ၌ မဟာစည်ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်း



ရိပ်သာများ တည်ရှိထားပြီးတွေ့ကျန်ရစ်ခဲ့ခြင်းဖြစ်ပေသည်။ တော်တော်ကို ခိုးကျူးထိုက်သော သမိုင်းထူးကြီးဟု သမိုင်းမှတ်တမ်း ရေးကြရပေမည်။"

ထို့အပြင် တောင်တန်းသာသနာပြုဆရာတော်ကြီးသည် မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဝေဘူဆရာတော်ဘုရားကြီးတို့နှစ်ပါးအပေါ် ဤသို့ သုံးသပ်တင်ပြသွားပုံကလည်း မှတ်သွားဖွယ်ရာ ကောင်းလှပါသည်။

"ဤခေတ် သာသနာ့သမိုင်းတွင် ရွှေဘိုနယ်မှ ပုဂ္ဂိုလ်ကျော် (၂) ပါး ပေါ်ထွန်းခဲ့သည်။ (၁) ကျောက်ဆည် ဝေဘူချောင်ဆရာတော်ကြီး ဦးကုမာရနှင့် (၂)ရန်ကုန်သာသနာ့ရိပ်သာ မဟာစည်ဆရာတော်ကြီး ဦးသောဘနတို့ ဖြစ်ကြသည်။ ဤနှစ်ပါးတွင် ဝေဘူဆရာတော်ကြီးသည် စာပေပရိယတ်သင်ယူပြီးလျှင် မဂ်ပေါက်ဖိုလ်ပေါက်ဖြစ်စေရန် ပဋိပတ္တိလုပ်ငန်းကို သူကိုယ်တိုင် သူကိုယ်ပိုင်ဖြစ်စေရန် မိမိရရထိရောက်အောင် ဇွဲကြီးကြိုး မရပ်မနား တစိုက်စိုက် အားထုတ်တော်မူလေ့ရှိကြောင်း သမိုင်းတွင် ဖတ်ရဖူး၏။ မဟာစည်ဆရာတော်ကြီးကား ပရိယတ္တိဘက်၌ ထင်ပေါ်အောင် အစွမ်းထက်သော ပုဂ္ဂိုလ်ဖြစ်၏။ စာပြန်ပွဲတွေအဆင့် ဆင့် အောင်ပွဲရခဲ့ခြင်းမှစ၍ ပေါ်လွင်လာခဲ့၏။ စာပေကျမ်းဂန်နှင့် စပ်လျဉ်း၍ ရဟန်းရှင်လူ မည်သူမဆို သိလိုရာလျှောက်ထား မေးမြန်းနိုင်ကြသည်။ မေးသမျှ ခက်ခဲမရှိ ဖြေကြားပေးနိုင်စွမ်းရှိသည်။ ကျမ်းစာအုပ် ရေးသားရာ၌လည်း ထက်မြက်သည်။"

"ဝေဘူဆရာတော်ကြီးကို စစ်ကြီးမဖြစ်မီကပင် စျာန်အဘိညာဉ် ရနေကြောင်း၊ တန်ခိုးပြကြောင်း သတင်းစကား ကျော်ကြားခြင်း၊ အဆက်မပြတ် ကြားရဖူး၏။ စစ်ပြီးသော ဤမှာဘက်ခေတ် ရောက်သောအခါ ပို၍ သတင်းကြီးလာရာ ပုဂ္ဂိုလ်ထူးကြီးဟု ဧကန်တိတိ သိကြပြီးသကဲ့သို့ အထပ်ထပ်ပြောသံတွေများလာသည်။ ရဟန်းရှင်လူအများကလည်း ဝေဘူဆရာတော်ကြီး ဦးကုမာရကို ရဟန္တာအဖြစ်နှင့် ပရိနိဗ္ဗာန် စံသွားသည်ဟု တညီတညာတည်းကဲ့သို့ ပြောဆိုနေကြသံ ကြားခဲ့ရ၏။

မဟာစည်ဆရာတော်ဘုရားကြီးကို ဗုဒ္ဓအလိုတော်ကျ စံပြကျင့်ကြံနေထိုင်သွားခဲ့သော သာသနာ့အာဇာနည် အရှင်မြတ်တစ်ပါးဟုဆိုရသော်မှားမည်မဟုတ်ပါ။ မဟာစည်ဆရာတော်ဘုရားကြီးသည် မြန်မာပြည်အဝှမ်း ကြည်ညိုသူများ၊ ကိုးကွယ်သူများ၊ ဆည်းကပ်သူများ မရေမတွက်နိုင်အောင် ပေါများခဲ့သော်လည်း မည်သူ့ကိုမျှ သိဒ္ဓိတင်မပေး။ အဆောင်လက်ဖွဲ့. ပြုလုပ်ပေးခြင်းလည်းမရှိ။ ဗေဒင်လည်း မဟော။ ယတြာလည်းမလုပ်။ မြတ်ဘုရား၏ ဝိနည်းအတိုင်းသာ တိတိကျကျ လိုက်နာကျင့်သုံးသွားခဲ့သည်။

ဤသို့သောကိစ္စများနှင့် ပတ်သက်၍ မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တိုင် (တုဝဋ္ဌကသုတ်တရားတော်ကြီး)တွင် အောက်ပါအတိုင်း ထည့်သွင်းဟောကြားသွားခဲ့သည်မှာ များစွာ ကြည်ညိုဖွယ်ရာ ဖြစ်ပါသည်။

"ယခုနေအခါမှာ နာမည်ကြီး၊ ဘုန်းကြီးတဲ့ အချို့ဆရာတော်က ဒကာ၊ ဒကာမတို့အား အဆောင်သဘောနဲ့ ဆေးသဘောနဲ့ တစ်စုံ



တစ်ခုပစ္စည်းကို ပေးကမ်းချီးမြှင့်တဲ့အကြောင်း ကြားရတယ်။ ကွမ်းယာကလေးများကို ပေးတယ်လို့ကြားရတယ်။ အဲဒါလည်းဘုရားနည်းတော့မဟုတ်ပါဘူး။ အထင်ကြီးအောင်၊ ကြည်ညိုအောင် ပစ္စည်းတစ်ခုခုပေးတဲ့အလုပ်ဟာ စျာန်အဘိညာဉ်ရတဲ့ရဟန္တာအရှင်မြတ်တို့၏ အလုပ်မဟုတ်ပါဘူး။ ကုလဒူသန အနေသန မိစ္ဆာဇီဝအလုပ်ထဲမှာ အတွင်း



ဝင်နေတယ်လို့ ပြောရမှာပဲ။ ဘုန်းကြီးကတော့ တစ်စုံတစ်ယောက် ဘေးကင်းရန်ကင်း စသည်အတွက် တစ်စုံတစ်ခုကို လာတောင်းရင် (ငါ့မှာ အဲဒီလိုပေးစရာမရှိဘူး၊ ငါလည်း ဘာမျှတန်ခိုးမရှိပါဘူး၊ တန်ခိုးရှိတဲ့ အနေနဲ့ ပစ္စည်းတစ်ခုခုကိုပေးရင် ငါကိုယ်တိုင် ဂိုဏ်းဆရာကြီး ဖြစ်သွားပါလိမ့်မယ်) စသည်ဖြင့် ပြောပြီး တားမြစ်လိုက်တာချည်းပါပဲ။ ဒါကြောင့် ဒကာ၊ ဒကာမများကလည်း ကိုယ့်ဆရာကို ဂိုဏ်းဆရာယောင်ယောင်မဖြစ်အောင် စောင့်ရှောက်ကြဖို့ လိုပါတယ်" (ဒုအကြိမ်၊ မျက်-၁၇၁)

ဝိနည်းကို အသက်တမျှ ထိန်းသိမ်းစောင့်ရှောက်သွားခဲ့သော အတုယူဖွယ် ဂုဏ်ရည်များကြောင့် လူပုဂ္ဂိုလ်များသာမက၊ တောင်တန်းသာသနာပြုဆရာတော်လို ပုဂ္ဂိုလ်များကပင် မဟာစည်ဆရာတော်ဘုရားအား ကြည်ညိုလေးစား၍မဆုံးအောင် ရှိနေကြခြင်း ဖြစ်ပါသည်။ မဟာစည်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီဟု ကြားသိရသောအခါ တောင်တန်းသာသနာပြုဆရာတော်ကြီးသည် နှမြောဝမ်းနည်းစိတ်ကို မျိုသိပ်မထားနိုင်ဘဲ ဤသို့ ဖော်ထုတ်ရေးသားသွားခဲ့ပြန်ပါသည်။

"၁၃၄၄ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၀)ရက်၊ စနေနေ့ညတွင် မြန်မာ့အသံမှ (ရန်ကုန်မြို့၊ ဟာမစ်တစ်လမ်း၊ သာသနာ့ရိပ်သာ၌ သီတင်းသုံးလျက်ရှိသော သက်တော် ၇၈ နှစ်၊ သိက္ခာတော် ၅၈ ဝါရှိ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကမ္မဋ္ဌာနာစရိယ မဟာစည်ဆရာတော်ဘုရားကြီးသည် ထိုနေ့ နေ့လယ်အချိန်တွင် ဘဝနတ်ထံပျံလွန်သွားကြောင်း) သတင်းအတို ချုပ် ကြေညာသွားသံ ကြားလိုက်ရ၏။ ထိုအခါ ရုတ်တရက် အတော်ကြီး အံ့အားသင့်သွားသလို နှမြောဝမ်းနည်းစိတ် ရောနှောကာ ဖြစ်ပေါ်လာ၏။"

"တစ်ဖန် ဆက်လက်၍ ဝါခေါင်လဆန်း (၁)ရက်၊ သောကြာနေ့ညတွင် သတင်းကြားရပြန်၏။ (မကြာမီက ပျံလွန်သွားသော ရန်ကုန်မြို့၌ မဟာစည်ဆရာတော်ဘုရားကြီး၏ အန္တိမစ္ဆာပနပွဲမှာ စည်ကားလှကြောင်း၊ ဆရာတော်ကြီး ရုပ်အလောင်းကို ထုတ်ဆောင်လာသော လမ်းတစ်လျှောက်၌ ထောင်ပေါင်းများစွာသော လူပရိသတ်ကြီးက ဆီးကြို၍ ရှိခိုးကန်တော့ကြကြောင်း၊ စစ်ပြီးခေတ်၌ ရန်ကုန်မြို့တွင် ဤမျှလောက် လူကြည်ညိုများ၍ လူသူထူထပ်ပေါများလွန်းသော ဘုန်းကြီးပျံ စျာပနပွဲမျိုး ဤတစ်ကြိမ်သာ တွေ့မြင်ရဖူးကြောင်း) စသည်ဖြင့် ကြေညာသွားသံ ကြားရ၏။ ထိုသတင်းကို ကြားလိုက်ရသောအခါ (ဩဂ်-မဟာစည်ဆရာတော်ကြီး မကြာသေးမီက ပျံလွန်သွားကြောင်းသိရ၍ သံဝေဂရခြင်းနှင့် အံ့သြခြင်းဖြစ်၍နေဆဲတွင် ရုပ်ကြွင်းခန္ဓာပါ ယနေ့ပျောက်ကွယ်သွားခဲ့လေပြီ)ဟု အသိဝင်ကာ သံဝေဂစိတ်တစ်မျိုး ဖြစ်ပေါ်ခံစားရပြန်၏။"

မဟာစည်ဆရာတော်ဘုရားကြီးအား ဤသို့ကြည်ညိုလေးစားခဲ့သော တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရသည်လည်း ယခုအခါ မရှိရှာတော့ပြီ။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ လေးစားကြည်ညိုခြင်းခံရသော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည်လည်း ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီ။ မမြဲသော သခ်ါရသဘောကို သတိသံဝေဂရအောင်လက်တွေ့ပြသ ဆုံးမတော်မူသွားခဲ့ကြသော အရှင်ဘုရားတို့အား ဤဆောင်းပါးဖြင့် ရိုသေစွာ ရှိခိုးဦးခိုက်ပူဇော်လိုက်ရပါသတည်း။

မောင်မောင် (ညပဒေ)

(တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ဗုဒ္ဓမွေလောက တရားပဒေသာ၊ ၁၉၉၂ ခုနှစ်ထုတ် စာအုပ်မှ ထုတ်နုတ်ပူဇော်ပါသည်- စာရေးသူ)







ထူးခြားဂုဏ်ရည်မဟာစည်ရာပြည့်

စာပဒေသာ မောင်လှထွေး

မဇ္ဈိမဒေသတွင် ပွင့်ထွန်းပေါ်ပေါက်ခဲ့သော ဗုဒ္ဓသာသနာတော်သည် ရှင်သန်ထွန်းကားရာဒေသများသို့ ဖြန့်ကျက်ကြွရောက်ရင်း မြန်မာနိုင်ငံတွင် လက်ရှိဆိုက်ရောက်နေခဲ့ပါသည်။

မြန်မာနိုင်ငံကလည်း ဗုဒ္ဓသာသနာတော်ကို သန့်ရှင်းအောင်, တည်တံ့အောင်, ပြန့်ပွားအောင် အထူးဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်ထားကြသည့်အတွက် အထင်ကရဖြစ်နေပါပြီ။ အဓိကမဏ္ဍိုင်ဖြစ်နေပါပြီ။

ထို့အတူ ဗုဒ္ဓဝင်, သာသနာဝင်နှင့် မြန်မာနိုင်ငံထေရဝါဒသမိုင်းစဉ်တွင် မဟာစည်ဆရာတော်ဘုရားကြီးဟာ သုတဗုဒ္ဓတစ်ခုအဖြစ် ထင်ရှားပါတယ်။ ဆဋ္ဌသင်္ဂီယနာသမိုင်းနှင့် မဟာစည်ပဋ္ဌိပတ္တိသာသနာဝင်တို့က ထင်ထင်ရှားရှားအဓိကရသက်သေထူနေပြီဖြစ်ပါသည်။

ယနေ့ မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိမည်ဆိုပါလျှင် မြန်မာနှစ်၁၃၆၆ခုနှစ် (ဒုတိယ) ဝါဆိုလပြည့်ကျော် ၃-ရက်နေ့၊ ခရစ်နှစ် ၂၉-၇-၂၀၀၄ (ကြာသပတေးနေ့) သည် ရာပြည့်မွေးနေ့ မဂ်လာဝိဇာတ ပူဇော်ပွဲကြီးကို ထူးထူးခြားခြား စည်စည်ကားကား ကျင်းပမည့်နေ့ပင်ဖြစ်၏။ ရဟန်းရှင်လူ အများပြည်သူတို့လည်း



လှိုက်လှဲဝမ်းသာ ခြီးကျူးပူဇော်နေကြမည်သာ ဖြစ်ပါသည်။

သက်တော်ရှည်ရာပြည့်ဆရာတော်ဘုရားကြီးအဖြစ် အထင်ကရသာဓုနုမော် ဖူးမြော်ကန်တော့နေကြပေလိမ့်မည်။ ယခုသော်ကား သခ်ါရတရားကြောင့် ဆရာတော်ကြီးအလွမ်းပြေရာပြည့်မွေးနေ့ပူဇော်ပွဲကိုသာ အမှတ်တရကျင်းပနိုင်ပါတော့မည်။

ထို့ကြောင့်လည်း မဟာစည်ဆရာတော်ဘုရားကြီး၏ ထူးထူးခြားခြားဂုဏ်ရည်များကို မှတ်သားမိသမျှ ရေးသားပူဇော်ရင်း ဂါရဝပြုလိုက်ရပါသည်။

(၁) ဆရာတော်၏မွေးချင်းများမည်သူမျှအသက်ရှည်သည်ဟု မဆိုနိုင်ခဲ့သော်လည်း ဆရာတော်ကား သက်တော်ရှည်ခဲ့ပါသည်။

(၂) မင်းမျိုးစိုးမျိုးသူဌေးမျိုးရိုး ဖြစ်ချင်နေကြသော ခေတ်ကြီးထဲတွင် မိဘ ၂-ပါး၏အလုပ်အကိုင်ကို ဆရာတော်ကြီးက ရိုးရိုးကြီးပဲ အမိန့်ရှိခဲ့ပါသည်။ "ဒကာကြီးတို့ အလုပ်အကိုင်ကတော့ လယ်ယာအလုပ်အကိုင်ပါပဲ။ သူတို့ပိုင်တဲ့တစ်တုံးထွန်လောက်ရှိတဲ့မြေမှာ ကိုယ်တိုင်လုပ် ကိုင်စားသောက်ကြတာပါပဲ" ဟူ၍သာ ဆိုခဲ့ပါသည်။

(၃) ဆရာတော်ကြီး၏ ငယ်နာမည်နှင့်သာသနာ့ရိပ်သာဒကာသူဌေးကြီး၏ အမည်တို့ ထပ်တူဖြစ်နေ၏။

(၄) ကိုရင်ဘဝကတည်းက စာကျက် ဉာဏ်သာကောင်းသည် မဟုတ်ဘဲ သဘောဉာဏ်လည်း စူးရှထက်မြက်၏။

(၅) ပင်ကိုယ်ဉာဏ်ရော လုံ့လဝီရိယပါ ရှိသူဖြစ်သဖြင့် ကိုရင်ဘဝကပင် ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ကို အထက်တန်းကျကျ လေ့လာသင်ယူနိုင်ခဲ့၏။

(၆) သက်တော် ၂၀-ခန့် ရဟန်းဖြစ်စမှာပင် ဓုတင်ဆောက်တည်ကျင့်သုံးခဲ့၏။

(၇) ပရိယတ္တိသာမက ပဋိပတ္တိကိုပါ ဆန္ဒအားကြီးခဲ့၏။ ကိုယ်တိုင်ကျင့်၍ ကိုယ်တွေ့အဖြစ်ကို လွန်စွာ လိုလားတော်မူ၏။

(၈) ပဋိပတ်သည် ပရိယတ်၌အခြေခံရ၏။ မိမိတစ်ဦးတည်းအတွက်ကျင့်ကြံလိုသူအဖို့ ဆရာကောင်းရှိလျှင် လုံလောက်၏။ အများကို ဟောပြောပြသလိုသူတို့အဖို့ကား ပရိယတ်မကျွမ်းကျင်၍ မဖြစ်။ ပရိယတ်ကိုသိမှ ဘုရားဟောတရားနှင့်အညီ ဟောပြောပြသနိုင်မည်ဟု သဘောပေါက်တော်မူ၏။

(၉) ပဋိပတ်သည် ပရိယတ်၌အခြေခံရ၏။ မိမိတစ်ဦးတည်းအတွက်ကျင့်ကြံလိုသူအဖို့ ဆရာကောင်းရှိလျှင် လုံလောက်၏။ အများကို ဟောပြောပြသလိုသူတို့အဖို့ကား ပရိယတ်မကျွမ်းကျင်၍ မဖြစ်။ ပရိယတ်ကိုသိမှ ဘုရားဟောတရားနှင့်အညီ ဟောပြောပြသနိုင်မည်ဟု သဘောပေါက်တော်မူ၏။

(၉) ပဋိပတ်သည် ပရိယတ်၌အခြေခံရ၏။ မိမိတစ်ဦးတည်းအတွက်ကျင့်ကြံလိုသူအဖို့ ဆရာကောင်းရှိလျှင် လုံလောက်၏။ အများကို



ကောင်းများနှင့် ပြည့်စုံခဲ့ရ၏။
(သီလုံး ဆရာတော်ကြီး၏ အစဉ်အဆက် မူလမင်းကွန်းဇေတဝန် ဆရာတော်ကြီးထံ နည်းခံခွင့်ရခဲ့ပါသည်။)

ထို့ပြင် မဟာစည်ပဋိပတ္တိ သာသနာဝင်၏ ဦးစီးခေါင်းဆောင်ဆရာတစ်ဆူလည်း ဖြစ်ခဲ့ပါသည်။

(၁၁) ပစ္စည်းလာဘ်လာဘကို ငဲ့ကွက်မှုမရှိဘဲ တွယ်တာခြင်း ကင်း၏။ ရဟန်းအသုံးအဆောင် ပရိက္ခာရာမျှကိုသာ ဆောင်ယူကြွသွားလေ့ရှိ၏။

(၁၂) တရားကို ကျယ်ကျယ်ပြန့်ပြန့် ဟောညွှန်ပြနိုင်၏။ စိတ်ဝင်စားမှုရှိအောင် အဟောကောင်း၏။ လက်တွေ့နည်းနာပြသမှုကောင်း၏။

(၁၃) ဒုတိယကမ္ဘာစစ်ကြီး၏ ဗုံးသံများအကြားမှာပင် ဝိပဿနာရှုနည်းကျမ်း ၂-တွဲကို (၇)လမျှဖြင့် ပြီးစီးအောင် ရေးသားတော်မူခဲ့၏။

(၁၄) မဟာသတိပဋ္ဌာနသုဟ်နှင့် အဖွင့်အဋ္ဌကထာ ဋီကာတို့၌ အဆက်ပြတ်၍ တိမ်မြုပ်နေခဲ့သော အထက်ပိုင်းရှုမှတ်နည်းများကို ရှင်းလင်းစွာ နားလည်အောင် ဆရာတော်ကြီးက ရေးပြခဲ့၏။

(၁၅) မဟာစည်ဆရာတော်ဟု အမည်ကျော်ရန်အတွက် သီတင်းသုံးတရားပြသော ကျောင်းတိုက်အတွင်း၌ လုံးပတ် ၁၂၆လက်မ၊ အလျား ၁၀၅ လက်မရှိသော ကုက္ကို ပင်စည်အခေါင်းကြီးအား သားရေဖြင့် ကျက်၍ ပြုလုပ်ထားသော စည်ကြီးရှိနေနှင့်၏။

(၁၆) ဆဋ္ဌသင်္ဂါယနာတင်ရာတွင် ပိဋကတ်တော်များ ပြင်ဆင်ရိုက်နှိပ်ရေး တာဝန်ယူခဲ့သလို အခမ်းအနားတွင်လည်း ပုစ္ဆကဆရာတော်အဖြစ် ဆောင်ရွက်ခဲ့၏။

(၁၇) ဝိသဇ္ဇကအဖြစ် ဆရာတော်ဦးဝိစိတ္တာနှင့် ကြိုတင်လေ့ကျင့် အသံသွင်းပြီးမှ ဆရာတော်ကြီးတချို့က စိုးရိမ်၍ ပထမနေ့မှာ တခြားဆရာတော် ၁-ပါးကို ရွေးချယ်လိုက်သော အခါတွင်လည်း အလွယ်တကူပင် နောက်ဆုတ်ပေး၏။ သဘောတူ၏။ မိမိ ကြိုတင်ပြင်ဆင်ထားသည်တို့ကိုပင် ကြည့်ရှုရန်ပေးလိုက်သေး၏။ သော ဝစ္ဆသတဂုဏ်နှင့်သမာဓိဂုဏ်ပြည့်စုံ ကြောင်း ထင်ရှားခဲ့၏။

(၁၈) ဝိသုဒ္ဓိမဂ် နိဒါနကထာ (အရှင် ဗုဒ္ဓယောသထေရပ္ပတ္တိ) ကို ပါဠိ- မြန်မာရေးသားတော်မူခဲ့၏။

(၁၉) ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယကိုလည်း ထူးခြားတောက်ပြောင်စွာ ရေးသားတော်မူခဲ့၏။

(၂၀) ဖောင်းပိန်ကမ္မဋ္ဌာန်းကြောင့် နာမည်ကြီးရသလို ဖောင်းပိန်ကမ္မဋ္ဌာန်းကြောင့်ပင်လျှင် အတိုက်ခိုက်ခံခဲ့ရ၏။ အမျိုးမျိုးစွပ်စွဲပုတ်ခတ်ရေးသားကြသော်လည်း ပြန်လည်ရေးသားချေပခြင်း ပြုတော်မမူခဲ့ပေ။

"..ပရဝါဒီတို့နှင့် အပြန်အလှန်ရေးသားချေပနေ၍ အကျိုးမရှိ။ စာဖတ်သူများမှာလည်း အကုသိုလ်များဖွယ်ရှိသည်။ ဗုဒ္ဓသာသနာတော်သည် ဗုဒ္ဓဘာသာဝင်အားလုံးနှင့် သက်ဆိုင်သည်။ သူတို့ဟောသောနည်းကို ကြိုက်သူများ သူတို့ထံသွား၍ အားထုတ်ကြလိမ့်မည်။ တကယ်သဘောရိုးဖြင့် မကျေနပ်ကြပါက ကိုယ်တိုင်လာ၍ ဆွေးနွေးကြလိမ့်မည်။ ထိုအခါ ခိုင်မာသောအကိုးသာဓကတို့ဖြင့် သဘောကျလောက်အောင် ဖြေရှင်းပြမည်"..ဟု ခံယူချက်ထားရှိ၏။

× × × စသည်...

× × × × × × စသည်ဖြင့် ပြည့်စုံကုံလုံအောင် ပူဇော်ခြင်းငှာ မစွမ်းသာတော့ပါသောကြောင့် မဟာစည်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် အနက်မြန်မာပြန်ဆိုခဲ့ဖူးသော ဂါထာတစ်ပုဒ်ကို ဖော်ထုတ်ရင်းသာ နိဂုံးချုပ်လိုက်ရပါသည်။

ကုန်စင်အောင်ဟု ရွေးစုငင်နုတ်ထုတ်အပ်ပါသော်လည်း ထိုအရှင်၏ ဂုဏ်ကျေးဇူးသည် ကုန်နိုင်ဖွယ်ရာမရှိပါပေ။ အဘယ့်ကြောင့်ဟူမူ ထိုအရှင်၏ ဂုဏ်တော်တို့သည် များပြားလှ၍ အဆုံးမရှိကုန်သည်မဟုတ်ကုန်လော။ အဘယ်သူသည် သမုဒ္ဒရာရေတို့ကို ကုန်စင်အောင် ထုတ်တင်ဆောင်ယူနိုင်ပါမည်နည်း။ ထိုသို့ပင် မကုန်နိုင်အောင် များမြောက်လှသော်လည်း ဂုဏ်ကျေးဇူးကို အထူးသိမြင်တတ်သော ပညာရှိတို့သည် ထိုအရှင်ဆရာမြတ်၏ ဂုဏ်တော်တို့ကို အမြဲတမ်း အမှတ်တရအောက်မေ့နိုင်ကြပါစေကုန်သတည်း။

စာပဒေသာ မောင်လှထွေး







မဟာစည်သာသနာ့ရိပ်သာ နှင့် မဟာစည်ဆရာတော်ဘုရားကြီး

တင်အောင်သွင်

ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားပွင့်လင်းရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဝိပဿနာရိပ်သာကြီးများရှိကြသည့်အနက် အအောင်မြင်ဆုံးနှင့်အကြီးကျယ်ဆုံးရိပ်သာကြီးနှစ်ခုမှာ မဟာစည်သာသနာ့ရိပ်သာနှင့် မိုးကုတ်ဝိပဿနာရိပ်သာတို့ပင်ဖြစ်သည်။

ရန်ကုန်မြို့၊ ဟာမစ်တစ်လမ်း (သာသနာ့ရိပ်သာလမ်း)ရှိ မဟာစည်သာသနာ့ရိပ်သာနှင့် မဟာစည်ဆရာတော်ဟူ၍ ပေါ်ပေါက်လာပုံမှာလည်း စိတ်ဝင်စားဖွယ် ကောင်းလှသည်။

မဟာစည်ဆရာတော်လောင်းလျာကို ၁၂၆၆-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၃)ရက်၊ သောကြာနေ့တွင် ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာ၌ ဖွားမြင်တော်မူခဲ့သည်။ သက်တော် (၁၂)နှစ် အရွယ်တွင် ရှင်သာမဏေပြု၍ ၁၂၈၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၆)ရက်နေ့၌ ဆိပ်ခွန်ရွာ ပျဉ်းမနားကျောင်းဆရာတော်ဦးအာဒိစ္စကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ ဘွဲ့တော်မှာ အရှင်သောဘန ဖြစ်သည်။



ဥပဇ္ဈာယ်ဆရာတော်ထံနှင့် မန္တလေးမြို့၊ ခင်မကန်တိုက်ဆရာတော် အစရှိသည့် လေးပြင်လေးရပ် စာချ အကျော် ဆရာတော်များထံတွင် ပိဋကတ်ကျမ်းဂန်များကို ဆည်းပူးလေ့လာခဲ့သည်။ အစိုးရ ဓမ္မာစရိယ စာချတန်း အောင်မြင်ခဲ့သည့်အပြင် သင်္ကဋ္ဌနှင့် အင်္ဂလိပ်ဘာသာတို့ကိုလည်း လေ့လာတတ်ကျွမ်းတော်မူပါသည်။

ရန်ကုန်မြို့မှ သတိုးသီရိသုဓမ္မသူဌေးကြီး ဆာဦးသွင်သည် မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီးထွန်းကားစည်ပင်ပြန့်ပွားရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ထူးကြီးတစ်ဦး ဖြစ်သည်။ ပရိယတ္တိစာသင်တိုက်ကြီးများကို ဆောက်လုပ်လှူဒါန်းခြင်း၊ ပိဋကတ်ကျမ်းစာများလှူဒါန်းခြင်း၊ ငွေပင်ငွေရင်း မ,တည်လှူဒါန်းခြင်း၊ ဆွမ်း, သင်္ကန်းစသည်တို့ကိုလည်း အကြိမ်ကြိမ် လှူဒါန်း၍ သာသနာတော်အတွက်အစွမ်းကုန်ချီးမြှောက်ခဲ့ပေသည်။

ဆာဦးသွင်သည် ပရိယတ္တိသာသနာတော်ကြီးကို ယင်းကဲ့သို့ ချီးမြှောက်ထောက်ပံ့နေရုံနှင့် အားမရနိုင်။ ပဋိပတ္တိသာသနာတော်ကြီးကိုလည်း စည်ပင်ပြန့်ပွားစေလိုသောဆန္ဒဖြစ်ပေါ်လာခဲ့သည်။ သို့ဖြစ်၍ ၁၃၀၉ ခုနှစ်၊ ဝါခေါင်လတွင် ပဋိပတ္တိဆရာစုံစမ်းရင်း အထက်မြန်မာပြည်သို့ ခရီးခြေဆန့်ခဲ့သည်။ တစ်နေ့တွင် ဆာဦးသွင်သည် ဓမ္မမိတ်ဆွေများနှင့်အတူ စစ်ကိုင်းတောင်ရိုး ချပ်သင်းချောင်သို့ အလည်ရောက်ရှိသွားသည်။ ထိုစဉ်က ရေဦးမြို့မှ စက်ပိုင်သူဌေး ဦးဘသင်လည်း ရောက်ရှိနေခိုက်ဖြစ်၍ ဆာဦးသွင်နှင့် ပဋိပတ္တိဆရာအကြောင်း စကားစပ်မိသွားကြသည်။

ထိုအခါ ဦးဘသင်က ရွှေဘိုမြို့၊ ဆိပ်ခွန်ရွာ၌ သီတင်းသုံးတရားပြလျက်ရှိသော မဟာစည်ဆရာတော်အကြောင်း ပြောပြသည်။ ဆာဦးသွင်က ဦးဘသင်အား မဟာစည်ဆရာတော်ကို ပင့်ဆောင်ပေးပါရန် မေတ္တာရပ်ခံသည်။ ဦးဘသင်၏ပင့်လျှောက်ချက်အရ မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၀၉ ခုနှစ်၊ ဝါခေါင်လဆုတ် (၂)ရက်နေ့တွင် တရားဟောရန် စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်တော်မူလာခဲ့သည်။

မဟာစည်ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတောင်ရိုးသမိဒ္ဓါဒယျောင်၌ ဆာဦးသွင်နှင့်တွေ့ဆုံတော်မူပါသည်။ ဆာဦးသွင်သည် မဟာစည်ဆရာတော်၏ ဝိပဿနာတရားကို ကြားနာရပြီးသောအခါ အလွန်သဘောကျ ကျေနပ်သွားသည်။ ဤသို့ဖြင့် ဆာဦးသွင်သည် မဟာစည်ဆရာတော်နှင့် ပဋိပတ္တိသာသနာရေးများကိုဆွေးနွေးလျှောက်ထားပြီးနောက် ရန်ကုန်မြို့သို့ ပြန်လာခဲ့သည်။

ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပြီး ၁၃၀၉-ခုနှစ်၊ နတ်တော်လ





ဆရာတော်ကြီးသည် ၃၃-နှစ်တိုင်တိုင် မဟာသတိပဋ္ဌာန် ဝိပဿနာတရားများကို ဝွမ်းဝွမ်းတမံ ဟောပြောပြသ ဆုံးမတော်မူခဲ့ပါသည်၊



ဆန်း(၁)ရက်နေ့တွင် သာသနာနုဂ္ဂ ဟအသင်းကို တည်ထောင်ခဲ့ရာ အသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် တာဝန် ယူဆောင်ရွက်ပေးရသည်။ အသင်း ကြီး၏ (၁၀)ကြိမ်မြောက် အမှု ဆောင် အစည်းအဝေး၌ ဆာဦးသွင် မှ မိမိပိုင် ဟာမစ်တစ်လမ်း၊ (၅)က ကျော်ကျော်ရှိ ခြံမြေကို သာသနာ ရေးအတွက် အသုံးပြုရန် လှူဒါန်းခဲ့ ပါသည်။ ထိုအချိန်မှစ၍ ဘူမိနက် သန်အောင်မြေမှန်ဖြစ်သော ယင်း နေရာကို သာသနာ့ရိပ်သာဟု ခေါ် တွင်စေခဲ့သည်။

မဟာစည်ဆရာတော်သည် ၁၃၁၁-ခုနှစ်၊ တန်ဆောင်မုန်းလ ပြည့်ကျော် (၆)ရက်နေ့တွင် ဆာဦး သွင် အမှူးပြုသည့် ဗုဒ္ဓသာသနာ့ နုဂ္ဂဟအဖွဲ့၏ ပင့်လျှောက်ချက်အရ ရွှေမင်းဝံဆရာတော် အရှင်ကော သလ္လ၊ ရွှေဘိုဆရာတော် အရှင်မုနိန္ဒ တို့နှင့်အတူ ရန်ကုန်မြို့၊ ဟာမစ်တစ် ရိပ်သာသို့ ကြွရောက်တော်မူခဲ့ပေ သည်။

မဟာစည်ဆရာတော်သည် သထုံမြို့အနီး မင်းကွန်းဇေတဝန် ကျောင်းတိုက်၌ သီတင်းသုံးတော်မူ သော မူလမင်းကွန်းဇေတဝန်ဆရာ တော်ကြီး၏ တပည့်ဖြစ်သည်။ မူလ မင်းကွန်းဇေတဝန် ဆရာတော်ကြီး သည် မဟာသတိပဋ္ဌာနသုတ်တော် လာ ကျရိယာပုတ်လေးပါး သတိ ပဋ္ဌာန်ရှုမှတ်နည်းကို အထူးပြု၍ ရှုမှတ်တော်မူသည်။ စကြိုသွားရာ၌ "ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်" ဟူ၍လည်းကောင်း၊ တစ်လှမ်းချင်း ကို ကြွ, လှမ်း, ချ, ဟူ၍လည်း ကောင်း သုံးချက်ခွဲခြား ရှုမှတ်ခြင်း၊ ထို့ထက်အသေးစိတ်၍ "ကြွ-ဆွဲ-လှမ်း-လွှတ်-ချ-နင်း" ဟူ၍ အပိုင်း (၆)ပိုင်းခွဲခြား ရှုမှတ်ခြင်း၊ ကိုယ်စိတ် နှစ်ပါး လှုပ်ရှားမှုများကို ရှုမှတ်ခြင်း ဟူ၍ ဣရိယာ ပထပဗ္ဗကို အထူး ဝိသေသပြု၍ ရှုမှတ်တော်မူသည်။

ထို့သို့ ရှုမှတ်ရာ၌ ရှေးဦးစွာ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာသို့ မတင်သေးဘဲ "သွားလျှင်သွားမှန်းသိ၊ ထိုင်လျှင် ထိုင်မှန်းသိ၊ ကွေးလျှင်ကွေးမှန်းသိ၊ ဆန့်လျှင်ဆန့်မှန်းသိ" ဟူ၍ ရှေးဦး စွာ ရှုမှတ်မှုကို ပြုရသည်။ ရှုမှတ်မှု အရှိန်ရလာသည့်အခါ အနိစ္စ လက္ခဏာစသည်များ အလိုအလျောက် သိမြင်လာလိမ့်မည်ဟု ညွှန်ပြတော် မူခဲ့သည်။

မဟာစည်ဆရာတော်သည် ထို သထုံမင်းကွန်းဇေတဝန်ဆရာတော် ဘုရားကြီး၏ သတိပဋ္ဌာန်ရှုမှတ် နည်းကို ဆက်လက်အမွေခံတော် မူသည်။ ကိုယ်ကာယလှုပ်ရှားမှု (ဣ ရိယာပထပဗ္ဗ)ရှုမှတ်နည်းကို အာနာ ပါန (ဝင်သက်၊ ထွက်သက်)ရှုမှတ် နည်းနှင့် ပူးတွဲ၍ အာရုံပေါ်ရာ ထင်ရှားရာ ရှုမှတ်စေခဲ့သည်။ မဟာ စည်ဆရာတော်လက်ထက်၌ ထူး ခြားချက်မှာ အာနာပါန (ဝင်သက်၊ ထွက်သက်) ကို နှာခေါင်းဝ၌ ရှုမှတ် ခြင်းမပြုဘဲ ဝင်သက် ထွက်သက်



ကြောင့် ဖြစ်ပေါ်လာသော ဝမ်းပိုက်ဖောင်းမှု၊ ပိန်မှုကို ရှုမှတ်စေခြင်းဖြစ်သည်။ ဖောင်းမှု၊ ပိန်မှုကို ပင်တိုင်အာရုံအဖြစ် ရှုမှတ်စေ၍ အကြားအကြား၌ ဖြစ်ပေါ်လာတတ်သော ယားယံမှု၊ နာကျင်မှု ဝေဒနာကိုလည်း ရှုမှတ်ရသည်။ စိတ်မငြိမ်မသက်ဖြစ်ပါကလည်း စိတ္တာနုပဿနာနည်းဖြင့် စိတ်ကိုရှုမှတ်ရသည်။

ဤသို့ရှုမှတ်၍ သမာဓိအားကောင်းသောအခါ ရုပ်နာမ်တို့၏ တရိပ်ရိပ်ဖြစ်နေသော ဥဒယဗ္ဗယကို ရှုမှတ်လေတော့သည်။ ထို့နောက် ဝိပဿနာဉာဏ်စဉ် ၁၀-ပါး အတိုင်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို တက်လှမ်းရန်ဖြစ်သည်။

မဟာစည်ဆရာတော်သည် ရန်ကုန်မြို့၊ သာသနာ့ရိပ်သာသို့ ရောက်ရှိပြီး ၁၃၁၁-ခုနှစ်၊ နတ်တော်လပြည့်နေ့မှစ၍ အထက်ပါအတိုင်း ဝိပဿနာ အလုပ်ပေးတရားတော်ကြီးကို ဟောဖော်ညွှန်ပြခဲ့သည်။ ထိုစဉ်က တရားအားထုတ်သော ယောဂီမှာ ဒေါ်ခင်စော၊ ဦးဘိုးဆင်၊ ဒေါ်ဒေါ်ညွှန့် အစရှိသည့် ယောဂီ (၂၅)ဦးသာ ရှိသေးသည်။ နောက်ပိုင်းတွင်မူ ယောဂီဦးရေ တိုးတက်များပြားလာပြီး သာသနာ့ရိပ်သာမှာလည်း တရှိန်တည်း တိုးတက်စည်ကားလာခဲ့သည်။ မဟာစည်တရားတော်မှာလည်း မြန်မာနိုင်ငံအတွင်း၌သာမက ကမ္ဘာ့နိုင်ငံအသီးသီးအထိ စည်ပင်ပြန့်ပွားခဲ့လေသည်။ ထို့ကြောင့်ပင် ဆရာတော်ကြီး သာသနာ့ရိပ်သာသို့ ကြွရောက်သီတင်းသုံးတော်မူပြီးနောက် (၂)နှစ်အကြာ ၁၃၁၃-ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းတော်မူခဲ့သည်။

၁၃၁၆-ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် စတင်ကျင်းပဖွင့်လှစ်သော ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌ မဟာစည်ဆရာတော်သည် ပုစ္ဆကဆရာတော်အဖြစ်လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်ဆရာတော်အဖြစ်လည်းကောင်း၊ ဩသာနသောဓေယျဆရာတော်အဖြစ် လည်းကောင်း ဆောင်ရွက်တော်မူခဲ့ပြီး၊ မဟာစည်သာသနာ့ရိပ်သာကြီး၏ ကမ္မဋ္ဌာနာစရိယဆရာတော်အဖြစ် ပြည်တွင်းပြည်ပတို့တွင် ရိပ်သာခွဲပေါင်း (၄၀၀)ကျော် ဖွင့်လှစ်ကာ ဝိပဿနာတရားတော်များကို စဉ်ဆက်မပြတ် ဟောကြားတော်မူခဲ့ပေသည်။

၁၉၈၀-ပြည့်နှစ်၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိုကြံ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးတွင် နိုင်ငံတော်ဩဝါဒိစရိယဆရာတော်အဖြစ် ရေးချယ်တင်မြှောက်ခြင်း ခံတော်မူခဲ့ရပါသည်။ ဆရာတော်သည် ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယနှင့် ဝိပဿနာရှုနည်းကျမ်း ၂-တွဲ အပါအဝင်ကျမ်းပေါင်း ၈၀-ကျော် ပြုစုတော်မူခဲ့သည်။

ဆရာတော်ကြီးသည် ၃၃-နှစ်တိုင်တိုင် မဟာသတိပဋ္ဌာန် ဝိပဿနာတရားများကို စွမ်းစွမ်းတမံ ဟောပြောပြသ ဆုံးမတော်မူခဲ့ပါသည်။ ဆရာတော်ကြီး၏ သာသနာ့ရိပ်သာတွင် ပြည်တွင်းမှလာရောက်အားထုတ်ကြသည့်ယောဂီများအပြင် ဥရောပ၊ အာရှတိုက်များမှ ယောဂီထောင်ပေါင်းများစွာတို့လည်း လာရောက် အားထုတ်ခဲ့၊ အားထုတ်နေဆဲဖြစ်သည်။ ဆရာတော်ကြီး ကိုယ်တော်တိုင်လည်း နိုင်ငံရပ်ခြား တိုင်းပြည်များသို့ လှည့်လည်သာသနာပြုတော်မူခဲ့သည်။

မဟာသတိပဋ္ဌာန်တရားတော်ကို မြန်မာမှာသာမက ကမ္ဘာကပါ အာရုံစိုက်လာအောင် လက်တွေ့ကျကျ (၃၃)နှစ်တိုင်တိုင် ဖြန့်ချိပေးတော်မူခဲ့သော ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၄၄-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၀)ရက် (၁၀-၈-၈၂)စနေနေ့ မွန်းလွဲ (၁း၃၆) နာရီတွင် စုတိကမ္မဇရုပ်ချုပ်ငြိမ်းတော် မူခဲ့လေသည်။

တင်အောင်သွင်

စာကိုး

(၁) မဟာစည် နှစ် ၅၀-မြောက် ရွှေရတုအထိမ်းအမှတ် စာစောင်

(၂) မဟာစည်သာသနာ့ရိပ်သာ ၅၃-ကြိမ်မြောက်နှစ်ပတ်လည် အစီရင်ခံစာ

(၃) အပွမာဒ ဓမ္မရသမဂ္ဂဇင်း (၂၀၀၃-ခုနှစ်၊ ဒီဇင်ဘာလ)





၁၃၃၁ ခုနှစ်၊ ကဆုန်လဆုတ် ၉ ရက်နေ့။ ဤနေ့သည်ကား ဤမှတ်တမ်းရေးသူသည် မန္တလေးရတနာပုံ သာသနာ့ရိပ်သာ၌ ဥပဏ္ဍကကမ္မဋ္ဌာနာစရိယနှင့် ဓမ္မကထိကအဖြစ် ဆောင်ရွက်နေသောအချိန် ဖြစ်သည်။ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ပြုစုစီရင်သော ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယကြီးကို မန္တလေးနှင့် အမရပူရရှိ ဆရာတော်ဘုရားကြီးတို့ထံ သွားရောက်လျှဒါန်းရန် တာဝန်ကျလာသောနေ့လည်း ဖြစ်သည်။ ထိုတာဝန်ကို ဆောင်ရွက်ရာ၌ ကျောင်းဒကာ ဦးခင်မောင်က ကားဖြင့်လိုက်ပို့သည်။ ဒကာစိန်လည်း ပါသည်။

မဟာဋီကာ နိဿယ ဒါနခရီး

အရှင်ဣန္ဒက
(ညောင်ကန်အေးဆရာတော်)



ဂန္ဓာရုံဆရာတော်ဘုရားထံ အမရပူရမြို့ ဂန္ဓာရုံတိုက် ဆရာတော်ဘုရားထံ ရှေးဦးစွာ သွားရောက်၍ ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယကျမ်းကြီးကို ဆရာတော်ဘုရားလက်သို့ ဆက်ကပ်လျှဒါန်းလိုက်ပါသည်။ ပြီးတော့မှ ဆရာတော်ဘုရားကြီးကို ရှိခိုးကန်တော့ကြသည်။ ဆရာတော်ဘုရားကြီးသည် ဆက်ကပ်လျှဒါန်းသော ဝိသုဒ္ဓိမဂ်မဟာဋီကာ နိဿယကျမ်း

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ကြီးကို အနီးရှိ စားပွဲပေါ်သို့ တင်ထားလိုက်သည်။ ထို့နောက်အလ္လာပ သလ္လာပ စကားများကို မိန့်ကြားတော်မူသည်။ ရှေးဦးစွာ ဤမှတ်တမ်းရေးသူ၏ ဇာတိရပ်ရွာကို မေးတော်မူပြီးနောက် "ညောင်ကန်ဆရာတော်ဘုရားကြီး၏ ဇာတိဌာနကဖြစ်နေ၍ ရှေးဆရာတော်ဘုရားကြီးတို့၏ဂုဏ်နှင့် မိမိ၏ အရွယ်ဂုဏ်များကို ထိန်းသိမ်းစောင့်ရှောက်ပါ၊ ဝိနည်းကိုလည်း လေးစားပါ၊ ကိုယ်တတ်နိုင်သည့်ဘက်မှ သာသနာတော်ကို ပြုစုပါ။" ဟု ဩဝါဒစကား မိန့်ကြားတော်မူပါသည်။ ၎င်းနောက် ပါလာသော ဒကာများဘက်သို့ လှည့်၍ -

"ငါးပါးသီလကို အထူးမြဲအောင် စောင့်ရှောက်ပါ၊ မရဏာနုဿတိတရားကို ပွားများအားထုတ်ပါ"

ဟု မိန့်ကြားဆုံးမတော်မူပါသည်။ နောက်ငါးရာ့ငါးဆယ် နိပါတ်တော်လာ ဥရဂဇာတ်ကို ဟောကြား တော်မူပါသည်။ ထို့ နောက် သူတစ်ပါးက အစွပ်အစွဲပြု ကြပုံကိုယ်ရေးရာဇဝင်ကို မိန့်ကြားတော်မူသည်မှာ -

"စာပေတွေ ရေးသားပြုစုနေတဲ့ မိမိကို မိမိ၏အသိုင်းအဝိုင်းထဲကပင် စာအုပ်ရောင်းပြီး စီးပွားရှာနေသူ(စာအုပ်သည်)လို့ စွပ်စွဲပြောကြား နေကြတယ်၊ သံဝေဂရစရာပဲ၊ တရားမပြည့်သေးရင် သဒ္ဓါတရားလည်း မခိုင်မြဲသေးဘူး၊ သက်တော်ထင်ရှားဘုရားလက်ထက်တော်ကပင် မြတ်စွာဘုရားနောက်တော်က သပိတ်သင်္ကန်းကို ပိုက်လိုက်နေတဲ့ သုနက္ခတ္တရဟန်းဟာ ဘုရားရှင်ကို အထင်မှားပြီး စွပ်စွဲသေးတာပဲ -" ဟု မိန့်ကြားတော်မူ၏။

ဤ ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယကျမ်းကြီးကို သာမက "သမယန္တရပိုင်းဂဏ္ဌိနိဿယ" စာအုပ် ၃ အုပ်ကိုပါ စောစောပိုင်းက ဤဆရာတော် ဘုရားထံ လှူဒါန်းခဲ့ဖူးသည်ဟု သိရပါသည်။ ထိုစာအုပ်များ၏ အကျိုးအပြစ်ကို ဆရာတော်ဘုရားကြီးက တစ်စုံ တစ်ရာ ဝေဖန်မှု မိန့်ကြားတော် မမူသောကြောင့် စာအုပ်နှင့် စပ်ပြီး ဆရာတော်ဘုရားကြီး၏ သဘောထားကို ဘာမျှမသိခဲ့ရပေ။

အသောကာရာမ ဆရာတော်ဘုရားထံ

ထို့နောက် မန္တလေးမြို့ တောင်ပြင် အသောကာရာမတိုက်သို့သွား၍ ဆရာတော်ဘုရားထံ ထို ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယကြီးကို ဆက်ကပ်လှူဒါန်းကြသည်။ ဆက်ကပ်သောစာအုပ်ကို အလှူခံပြီးနောက် ဆရာတော်ဘုရားကြီးက -



မဟာစည်ဆရာတော်ဟာ တို့များထက် ဉာဏ်သာတယ်၊ တို့များ မမြင်တဲ့ စာမှားပေမှားများကို မြင်အောင် ကြည့်နိုင်တယ်၊ အရှင်အနရဒ္ဓါတို့ ဋီကာကျော်ဆရာတို့ အခြားကျမ်းပြုဆရာတို့ မမြင်တဲ့ အမှားများကိုတောင် မြင်အောင် ကြည့်နိုင်တယ်၊



"မြတ်စွာဘုရား ... လောက လူတွေဟာ အာကိုးမဲ့တွေကို လုပ်တတ်ကြပါတယ်၊ လူတွေဟာ အင်မတန်ကောက်ကျစ်တတ်ကြပါတယ်၊ အဲဒီလို ကောက်ကျစ်တဲ့ သဘောရှိတဲ့ လူတွေကို ဖြောင့်မတ်အောင် အရှင်ဘုရား ပြုပြင်ပေးတာ သိပ်ကောင်းပါတယ် ဘုရား

"အကြောင်းညီညွတ်သည့်အခါ ဒီကျောင်းကြွပါဦးလို့ မဟာစည်ဆရာတော်ကို လျှောက်ပါ" ဟု မိန့်ကြားတော်မူ၏။ စာအုပ်နှင့်စပ်၍ ဘာမျှဝေဖန်မှု မပြုသော်လည်း ဆရာတော်ဘုရားကြီး မိန့်ကြားပုံကြည့်ရခြင်းအားဖြင့် မဟာစည်ဆရာတော်ဘုရားကြီးကို သူ့ကျောင်းသို့ တစ်ခါတစ်ခေါက် ရောက်စေချင်ပုံရသည်။ သာသနာတော်အရေး တရားတော်အရေးများကိုလည်း မဟာစည်ဆရာတော်ကြီးနှင့် ဆွေးနွေးတော်မူချင်ပုံလည်း ရသည်။

ရဋ္ဌဂုရုဆရာတော်ဘုရားကြီးထံ

ယခင်နေ့က ဂန္ဓာရုံဆရာတော်နှင့် အသောကရာမဆရာတော် ဘုရားကြီးတို့ထံ စာအုပ်များ လှူဒါန်းကြပြီးနောက် ကဆုန်လဆုတ် ၁၀ ရက် (နောက်တစ်ရက်)တွင် မန္တလေး မစိုးရိမ်တိုက် အဘိဓဇမဟာ ရဋ္ဌဂုရုဆရာတော် ဘုရားကြီးထံ သွားရောက်လှူဒါန်း ကြရပြန်ပါသည်။ ဆက်ကပ်လှူဒါန်းသော စာအုပ်ကို အလှူခံပြီးနောက် ဆရာတော်ဘုရားကြီးက -

"မဟာစည်ဆရာတော်ဟာ တို့မျှားထက်ဉာဏ်သာတယ်၊ တို့မျှား မမြင်တဲ့ စာမှားပေမှားများကို မြင်အောင် ကြည့်နိုင်တယ်၊ အရှင်အနုရုဒ္ဓါတို့ ဋီကာကျော်ဆရာတို့ အခြားကျမ်းပြုဆရာတို့ မမြင်တဲ့ အမှားများကိုတောင် မြင်အောင် ကြည့်နိုင်တယ်။ သင်္ဂြိဟ်ကမ္မဋ္ဌာန်းပိုင်း ဒိဋ္ဌဝိသုဒ္ဓိခဏ်းမှာ နာမ်ရုပ်တို့ကို လက္ခဏာရသပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဖြင့် ပိုင်းခြားသိရမည် ဆိုရာ ပဒဋ္ဌာန်ကို ဒိဋ္ဌဝိသုဒ္ဓိခဏ်း မှာ မဆို သင့်သေးဘဲ ကင်္ခါဝိတရဏာ ဝိသုဒ္ဓိခဏ်းမှာမှ ဆိုသင့်ကြောင်းကို ဆဋ္ဌသင်္ဂါယနာ တင်စဉ်က မဟာစည်ဆရာတော်က ထောက်ပြနိုင်ခဲ့တယ်။

ဒီကရှေ့ မဟာစည်ဆရာတော်ထက် သာသူကိုမပြောနဲ့ တန်းတူပုဂ္ဂိုလ်ကိုတောင် တွေ့ရဖို့ မလွယ်ဘူး။ မဟာစည်ဆရာတော်ရဲ့ စွမ်းရည်သတ္တိကို သိလို့လည်း ဒီ ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယပြုစုဖို့ တို့များက တိုက်တွန်းရတယ်"

ဟူသော ခီးကျူးစကားမိန့်ကြားတော်မူပါသည်။ ဆရာတော်ဘုရားကြီး ခီးကျူးစကား မိန့်ကြားတော်မူသည့် အတိုင်း မဟာဋီကာ နိဿယ စတုတ္ထတွဲ နိဂုံးတွင် ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးက အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရသည်။

"အဘိဓဇမဟာရဋ္ဌ
ဂုရုပါပါ ဓိသမဂ္ဂီနော"
မစိုးရိမ် အာရာမဓိပ
ထေရဿောဝါဒ မာဒိယ။

ဟူသောနိဂုံးဂါထာ နံပါတ် ၁၇ ၌လည်းကောင်း၊

"ဋီကာသင်္ဂါယနာ ပထမသန္နိပါတကို ၁၃၂၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့၌ စတင်ကျင်းပခဲ့သည်။ ထိုဋီကာသင်္ဂါယနာ၌ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးက ပါဠို အဋ္ဌကထာ ဋီကာတို့ကို ဝိနည်းတစ်ပိုင်း၊ ဒီဃနိကာယ်တစ်ပိုင်း စသည်ဖြင့် အသီးသီး ပိုင်းခြားပြီးလျှင် တစ်ပိုင်းဖြစ်စေ အပိုင်းများစွာဖြစ်စေ အလုံးစုံဖြစ်စေ တာဝန်ယူ၍ အမြဲပို့ချတော်မူကြရန် သင်္ဂါယနာတင်မထေရ်တို့အား အရှင်မဟာကဿပ မထေရ်မြတ်ကြီး၏ ထုံးနည်းအရအားဖြင့် ညွှန်ကြားတော်



မူခဲ့ပေသည်။ ထိုညွန်ကြားချက်အရ (၁) ဝိသုဒ္ဓိမဂ် (၂) မဟာဋီကာ (၃) ပဋိသမ္ဘိဒါမဂ် ပါဠိတော် (၄) ၎င်း၏ အဋ္ဌကထာ (၅) မိလိန္ဒပဉ္ဉာ ပါဠိတော် ဟူသော ကျင်းကျမ်းကို တာဝန်ယူ၍ ဝိသုဒ္ဓိဂ်နှင့် မဟာဋီကာကို ရှေးဦးစွာ ပို့ချခဲ့သည်။"

ဟူ၍ နိဿယ နိဂုံးအောက်ခြေပြဋ္ဌလည်းကောင်း အထင်အရှားဖော်ပြထားပေသည်။

ဥဇုကဂုဏ်

ဤနေရာ၌ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော် ဘုရားကြီး၏ ဖြောင့်မတ်သော ဥဇုကဂုဏ်မှာ အံဖွယ်တစ်ပါးဟု ဆိုရလောက်အောင် ပေါ်လွင်ခဲ့ပေသည်။ "ဂုစေန္တိ ပကာသေန္တီတိ ဂုဏာ" အရ ဂုဏ်ဟူသည် သူ၏တည်ရာပုဂ္ဂိုလ်ဒြပ်ကို လူနတ်တို့အလယ်တွင် မထင်ရှား ထင်ရှားအောင် ဖော်ပြလျက်ရှိပေသည်။ "သီလ သမာဓိ ပညာနှင့်ပြည့်စုံတော်မူသည်၊ စိတ်သဘောထား ဖြူစင်ဖြောင့်မတ်တော်မူသည်" ဟူ၍ ထိုဂုဏ် ဤဂုဏ်တို့က လူနတ်တို့အား လက်ညှိုးဖြင့် ညွှန်ပြနေသကဲ့သို့ မထင်ရှားထင်ရှားအောင် ညွှန်ပြလျက်ရှိနေကြသည်။ ထိုဂုဏ် ဤဂုဏ်တို့က မထင်ရှား ထင်ရှားအောင် ညွှန်ပြလျက်ရှိကြသောကြောင့်လည်း ဆရာတော်ဘုရားကြီးမှာ လူနတ်တို့အလယ်တွင် ထင်ရှားကျော်စောတော်မူခဲ့သည်။ ဤလို ထင်ရှားကျော်စောခဲ့သည်ဖြစ်၍လည်း အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်ကြီးကို နှိုင်ငံတော်မှ ဆက်ကပ်တော်မူခဲ့ကြရသည်။

ကောက်ကျစ်တတ်သည်ကား မျှားသည်

လူတို့လောကတွင် ဂုဏ်ကြီး၍ တပည့်ပရိသတ် အခြံအရံတွေပေါများ ပြည့်စုံပြီဆိုလျှင် အမျှားအားဖြင့် 'ငါနှင့် ငါသာ နှိုင်းစရာရှိသည်" ဟူသော မောက်မာသောမာန နှလုံးသားမျိုး ရှိတတ်ကြသည်။

ဥရုဝေလကဿပ ရသေ့ကြီးသည် တပည့်ရသေ့ပေါင်းငါးရာနှင့် သူ့ကိုယ်သူ ရဟန္တာလို့ အထင်ရောက်ပြီး ဂုဏ်မောက်နေခဲ့ဖူးသည်။ ဗုဒ္ဓမြတ်စွာက တန်ခိုး အမျိုးမျိုးကို သူ့ထက်သာအောင်ပြ၍ သူ့မာနကို ချိုးနှိမ်တော်မူခဲ့သော်လည်း မြတ်စွာဘုရားရှင်ကို "တန်ခိုးတော့ကြီးပါရဲ့၊ ငါလို ရဟန္တာတော့ မဟုတ်သေး" ဟူ၍ အထင်သေးပြီး သူ့ကိုယ်သူ အထင်ကြီးလျက်ပင်ရှိခဲ့သည်။ တစ်နေ့သော် သူ့ကို ကြည်ညိုနေကြသော ဒကာ ဒကာမပရိသတ်တို့က ပူဇော်နေကျအတိုင်း ပူဇော်ပွဲကျင်းပရန် ရောက်လာသည်။ ထိုအခါ တန်ခိုးကြီးသော ဘုရားရှင်ကို သူ့ ဒကာ ဒကာမတွေ မြင်သွားလျှင် ဘုရားရှင်ကို ကြည်ညိုပြီး ဘုရားရှင်ဘက်သို့ ပါသွားမည်ကိုစိုးသောကြောင့် "မနက်ဖြန် ဘုရားမကြွလာလျှင် ကောင်းလေစွ" ဟု သူ့တွင် ကုလမစ္ဆေရစိတ်အကြံဖြစ်နေသည်။ ထိုအကြံကို ဘုရားရှင်သိ၍ မကြွလာဘဲနေတော်မူရာ၌ "ငါ့စိတ် အကြံကိုပင် သိပေတယ်၊ တန်ခိုးတော့ အကြီးသားပဲ" ဟုသိသော်လည်း ငါသာ ရဟန္တာဟူသော မာနက ခံလျက်ပင်ရှိနေသေးသည်။ နောက်ဆုံးဘုရားရှင်က -

"ကဿပ သင့်မာနမှာ ထောင်လွှားမြင့်လွန်းစွတကား၊ နေ, လတို့၏ အရောင်သည် ငါ့ကိုယ်ရောင်ကဲ့သို့ မလင်းဟု နေ, လကို ဂုဏ်ပြိုင်သော ပိုးမြေမြူး (ပိုးစုန်းကြူး) မိုက်ကဲ့သို့ မိမိသဏ္ဌာန်၌ ရှိသော ဉာဏ်အာနုဘော်ကိုလည်း မချင့်၊ ကိုယ့်အကျင့်ကိုလည်း မတွက်၊ မင်္ဂိုလ်၏ အကြောင်းကိုလည်း မမြင် သို့စင်လျက် ငါကဲ့သို့ ရဟန္တာမဟုတ်ဟူ၍ ယုတ်မာသော အကြံဖြင့်သာလျှင် သင် နေဘိ၏" ဟု ဗုဒ္ဓမြတ်စွာက ထုတ်ဖော် မိန့်တော်မူရသည်အထိ ဖြစ်ခဲ့ရဖူးသည်။

မာနဆိုသည်မှာ ကြီးစရာရှိလျှင် အမျှားအားဖြင့် ဤလိုပင် ကြီးလေ့ကြီးထရှိတတ်ကြသည်၊ ရှိသမျှ မိမိဂုဏ်ကို အထင်ကြီးပြီး သူတစ်ပါးကို အထင်သေးတတ်ကြသည်၊ ဖြောင့်မတ်မှု ဥဇုကဂုဏ်ကို မာနက ဖျက်ဆီးတတ်သည်။ ဤလို မဖြောင့်မတ် ကောက်ကျစ်မှု ဖြစ်လေ့ဖြစ်ထရှိတတ်ကြသောကြောင့် ထိုအကြောင်းကို "ပေဿ" ဆိုသူက မြတ်စွာဘုရားအား လျှောက်ထားဖူးသည်။



အဘိဓဇမဟာရဋ္ဌဂုရု ဖြစ်တော်မူသော မစိုးရိမ်ဆရာတော် ဘုရားကြီးလို ဆရာတော်ဘုရားကြီး တစ်ပါးက "မဟာစည် ဆရာတော်ဟာ တို့မျိုးထက် ဉာဏ်သာတယ်" ဟု နှုတ်တော်က မြွက်ဆို မိန့်ကြားတော်မူသည်မှာကား ဆရာတော်ဘုရားကြီး၏ ဖြောင့်မှန်မှု ဥဇုကဂုဏ်ကို ဖော်ပြသကဲ့သို့ ပေါ်လွင်တော်မူစေခဲ့ပါသည်၊



မချိုးကျူးဘဲ မဓနနိုင်

ယခုလည်း အဘိဓဇမဟာရဋ္ဌဂုရုဖြစ်တော်မူသော မစိုးရိမ်ဆရာတော်ဘုရားကြီးလို ဆရာတော်ဘုရားကြီးတစ်ပါးက "မဟာစည်ဆရာတော်ဟာ တို့မျိုးထက် ဉာဏ်သာတယ်" ဟု နှုတ်တော်က မြွက်ဆိုမိန့်ကြားတော်မူသည်မှာကား ဆရာတော်ဘုရားကြီး၏ ဖြောင့်မှန်မှု ဥဇုကဂုဏ်ကို ဖော်ပြသကဲ့သို့ ပေါ်လွင်တော်မူစေခဲ့ပါသည်။ အကယ်၍သာ တစ်စုံတစ်ယောက်သောသူက ဤလို ထုတ်ဖော်မိန့်ကြားပါသည်ဟု တစ်ဆင့်စကားကိုသာကြားရသည်ဆိုပါလျှင် ဤစာရေးသူအနေဖြင့် ယုံကောင်းမှ ယုံမိပေမည်။ ယခုမူ မဟာဋ္ဌီကာ နိဿယကြီးကို ကိုယ်တိုင်သွားရောက်လှုဒါန်းရာ၌ ဆရာတော်ဘုရားကြီးမိန့်မြွက်သည်ကို ကိုယ်တိုင်ကြားသိရသဖြင့်တအံ့တသြဖြစ်ခဲ့ရပါသည်။

ဉာဏ်သာကြောင်းကို တစ်စုံတစ်ရာ အထောက်အထားမရှိဘဲ မိန့်ကြားမည်ဆိုပါကလည်း ရဋ္ဌဂုရုဆရာတော်ဘုရားကြီးက မဟာစည်ဆရာတော်ဘုရားကြီးကို သက်သက်ချီးကျူးတာ (မြောက်ပင့်ခြင်းသာ) ဟု ဆိုစရာဖြစ်ပါသည်။ ဆရာတော်ကြီးအနေဖြင့် သက်သက်မြောက်ပင့်ခြင်းမျိုးသာဆိုပါက ဥဇုကဂုဏ်မမြောက်သည့်ပြင် သိက္ခာပုဒ်တော်အရ ဒုဇ္ဈာသီပင် ဖြစ်နိုင်ပါသေးသည်။ ယခုသော် ဉာဏ်သာသည် ထင်တော်မူသော အကွက်တစ်ကွက်

ပေဿ လျှောက်ထားပုံ

"မြတ်စွာဘုရား . . . လောကလူတွေဟာ အကျိုးမဲ့တွေကို လုပ်တတ်ကြပါတယ်။ လူတွေဟာ အင်မတန် ကောက်ကျစ်တတ်ကြပါတယ်။ အဲဒီလို ကောက်ကျစ်တဲ့ သဘောရှိတဲ့ လူတွေကို ဖြောင့်မတ်အောင် အရှင်ဘုရား ပြုပြင်ပေးတာသိပ်ကောင်းပါတယ်ဘုရား" ဟု ပေဿဆိုသူက ဗုဒ္ဓမြတ်စွာအား ဤသို့ လျှောက်ထားဖူးသည်။ လျှောက်ထားခြင်း၏ အကြောင်းမှာ ဗုဒ္ဓမြတ်စွာ၏ အနီးပတ်ဝန်းကျင် တွင်ရှိနေကြသော တပည့်သာဝကတို့ ဆိတ်ငြိမ်သိမ်မွေ့စွာ ဣန္ဒြေရရ သီတင်းသုံးနေတော်မူကြသည်ကို ပေဿက မြင်သောကြောင့်ဖြစ်သည်။ ထိုပေဿမြင်ရသော တပည့်သာဝကတို့မှာ တချို့ သောတာပန်, တချို့က သကဒါဂါမ်, တချို့က အနာဂါမ်, တချို့က ရဟန္တာပုဂ္ဂိုလ်တို့ဖြစ်သည်။ တချို့က အရိယာမဟုတ်သေးသော ဝိပဿနာဘာဝနာကို ပွားများအား ထုတ်နေကြသည့် ပုဂ္ဂိုလ်တို့သာ ဖြစ်သည်။ ကောက်ကျစ်တတ်သော လောကလူတို့အကြားတွင် ဤလို ငြိမ်ငြိမ်သက်သက် ဖြောင့်ဖြောင့် မတ်မတ်သီတင်းသုံး နေထိုင်တော်မူကြသည်ကို မြင်ရာ၌ ပေဿက မချိုးကျူးဘဲ မနေနိုင်သောကြောင့် ချီးကျူးသည်မှာ ထင်ရှား၏။



ကိုပါ ဆရာတော်ဘုရားကြီးက ထောက်ပြတော်မူလိုက်ပါသေးသည်။

ထိုအမှားကွက်သည် ဘယ်သူမှ မမြင်နိုင်သော အမှားကွက်ပါတဲ့၊ ထို အမှားကွက်ကို မဟာစည်ဆရာတော်က ထောက်ပြခဲ့ပါတယ်တဲ့။ ဒီလို စွမ်းရည်ကို မြင်လို့ တို့များက မဟာဋီကာ နိဿယပြုစုဖို့ တိုက်တွန်းခဲ့ရတာပါတဲ့။ ဤလို လုံလောက်သော အထောက်အထားကိုပါ မိန့်ကြားတော်မူသဖြင့် သက်သက်မြောက်ပင့်ခြင်းမျိုးမဟုတ်၊ တကယ်ချီးကျူးခြင်း ဖြစ်ကြောင်း ယုံမှားကင်းခဲ့ရပါသည်။ မဟာစည် ဆရာတော်ဘုရားထက် မစိုးရိမ် ဆရာတော်ဘုရားကြီးကသက်တော် ဝါတော်ဝယဝုဏ်အားဖြင့်လည်းကောင်း, ဂုဏ်ဟူသော ဂုဏဝုဏ်အားဖြင့် လည်းကောင်း များစွာသာလွန်တော်မူသည်ကို အားလုံးသိကြပြီးဖြစ်ပါသည်။ သို့စဉ် ဖြစ်ပါလျက် "တို့များထက် ဉာဏ်သာတယ်" ဟု မိန့်မြွက်ချီးမြှောက်တော်မူနိုင်ပါပေသည်လို့ ဆရာတော်ဘုရားကြီး၏ ဥဇုကဂုဏ်ကို ကြည်ညိုစိတ်ထား သဒ္ဓါပွားမိခဲ့ပါသည်။

သူတို့ကလည်း ချီးကျူးကြသည်

အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော် ဘုရားကြီး မိန့်ကြား ချီးကျူးတော်မူသကဲ့သို့ ဤဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယကြီးကို အခြား ပုဂ္ဂိုလ်များက ချီးကျူးထား ကြပုံကိုလည်း အလျဉ်းသင့်သဖြင့် ဖော်ပြလိုပါသေးသည်။

ဟံသာဝတီစရိုင်၊ သံလျင်မြို့၊ သဧပြကန်
မဟာဓမ္မိကာရာမတိုက်
(ပရိယတ္တိ သာသနဟိတ
ဓမ္မာစရိယ)နှင့်
(သာသနဓဇ သိရီပဝရ
ဓမ္မာစရိယ သိရောမဏိ)
အရှင်ဝါသေဋ္ဌ၏ ချီးကျူးစာ

ဆရာတော်အရှင်မြတ်ကြီး၏ ထူးခြားသောဉာဏ်၊ ထက်သန်သော ဝီရိယ၊ ကရုဏာတို့ကို အစွဲပြုကာ ဖြစ်ခဲ့ကြီး ဖြစ်ပေါ်လာရသော ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယကို ဓမ္မဒါနအဖြစ် ရရှိခဲ့ရာ အဖိုးအနှုံထိုက်တန်လှသော ရတနာအသွင် ထင်မြင်အားရ ဝမ်းမြောက်လှပါသည်။ ကြည့်ရှုသုံးသပ်မိတိုင်း အနှုံရတနာအဖြစ်ကို နှစ်နှစ်ကာကာ နားလည်နိုင်ခဲ့ပါသည်။ ၎င်း ဋီကာ သမယန္တရ ဂဏ္ဌိနိဿယကို ရခဲ့စဉ်အခါကပင် ထိုသမယန္တရ ပိုင်း အဖြာဖြာ ပြည့်စုံလာမည်ကို မှန်းဆ မျှော်လင့်တောင့်တခဲ့ပါသည်။ မှန်းဆ မျှော်လင့်တောင့်တခဲ့သည့်အတိုင်းပင် အလွန်တွေ့ရခဲလှသော ကောင်းခြင်းဂုဏ်အင် စုံလင်ပြည့်ဝနေသည်ကို တွေ့ရသည် ဖြစ်ရာ အားရဖွယ် ကောင်းလှပါသည်။

အဖွင့်ရှိသောကျမ်းများ၌ နိဿယ ရေးရသည်မှာ လွယ်ကူပါသော်လည်း ဤကဲ့သို့ အဖွင့်မရှိသော ကျမ်းများ၌မူ ပါဠိအဋ္ဌကထာဋီကာ အရပ်ရပ်မှာ နှံ့စပ်ကျွမ်းကျင်လေ့လာပြီးဖြစ်မှသာ ဆိုင်ရာ အခက်အခဲများကို ဖြေရှင်းတင်ပြနိုင်မည်ဖြစ်ပါသည်။ ထိုထက် မဟာဋီကာ၌ သမယန္တရဝါဒများဖြင့် ဖန်တီးထားခဲ့ပြန်ရာ သာမန် သမယန္တရဝါဒ ဗဟုသုတ တစ်စွန်းတစ်စမျှဖြင့် ထိုသမယန္တရ ဝါဒများကို အမှန်ကျအောင် ညွှန်ပြနိုင်ဖို့ ခဲယဉ်းလှပါသည်။ သကသမယ၌လည်း နှံ့စပ်ကျွမ်းကျင်နိုင်နင်းလှသဖြင့်လည်းကောင်း၊ ပရသမယများကိုလည်း ရှာဖွေ ကြိုးစားလေ့လာထားသဖြင့် လည်းကောင်း အများ မှောင်အတိကျနေသော အရာများ၌ အလင်းရောင် ထိုးပြပေးနိုင်ခဲ့သည်မှာ ယခုခေတ် သုတေသီများအဖို့ ကျေးဇူးတင်ဖွယ်ရာ ဖြစ်ပါသည်။

ဝေါဟာရ မကြွယ်ဝလျှင်လည်းကောင်း၊ ဝေါဟာရကြွယ်ဝ စေကာမူ အကွက်ကျကျ အသုံးမချတတ်လျှင်လည်းကောင်း၊ သိလွယ်ထင်လွယ် နှစ်သက်ဖွယ်အနက်ကိုပေးနိုင်ဖွယ်ရာ မရှိပါ။ ထိုနှစ်ချက်စလုံးစုံသောကြောင့်ပင် ခေတ်နှင့်လျော်လျက် နှစ်သက်ဖွယ်အနက်များချည်း တွေ့ရသည့်ပြင် အနက်ထင်လျှင် အဓိပ္ပါယ် သိသွားလောက်အောင် အဆင်အပြင် ကောင်းလှသဖြင့်လည်း ဤနိဿယမျိုး ဖြစ်ပေါ်လာခြင်းအတွက် ဤခေတ် သုတေသီတို့အဖို့ ကံကောင်းလှပါပေသည်။

အများသိနေသော အသိများ



သော အနက်အဓိပ္ပါယ် အဆုံးအဖြတ်ကို ပြဖို့ရာမှာ ခက်ခဲလှသည်၊ မဟုတ်ပါ။ အများ မမြင်နိုင်၊ တွေ့နိုင်ခဲသော စာပျက်ကို ပြင်နိုင်ခြင်း၊ မြှုပ်ကွက်ကို ဖော်နိုင်ခြင်း၊ အသစ်အဆန်းမှတ်စရာကို ပြနိုင်ခြင်းတို့မှာ စဉ်း စားခြင်း, အကျင့်အထုံရလျက်ရှိသော ထူးခြားသော ပညာရှင်ပုဂ္ဂိုလ်တို့၏ အရာသာဖြစ်ရာ ဤ **မဟာဋီကာ နိဿယကျမ်း** ၌ ထိုကဲ့သို့ အများစုမမြင်နိုင်သောမတွေ့ရဘူးသေးသော အသစ်အဆန်းမှတ်စရာများကို နိဒါန်းအရလည်းကောင်း၊ ကြည့်ရှု၍ တွေ့ပြီး စာသားများအရလည်းကောင်း ပါဝင်နေကြောင်း သိရသည်ဖြစ်ရာ ဆရာတော်၏ အမှန်လိုလား စဉ်းစားဆင်ခြင်ဉာဏ်ထက်သန်ခြင်း၊ အသစ်အသစ် ဗဟုသုတလိုလားခြင်းတို့မှာ ရအပ်သော လာဘ်များအဖြစ်နှစ်သက်အားရ အများကပင် ကျေနပ်ဝမ်းသာ ကျေးဇူးတင်ကြပါလိမ့်မည်။

ဤလို ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယမှာ ယခုခေတ်၌ အမှန်ပင်လိုအပ်လျက်ရှိရာ ထိုလိုကွက် ဟာကွက်ကို ဖော်ထုတ် ဖြည့်စွက်ကာ သာသနာပြုတော်မူခဲ့သည်ကို အားလုံးကပင် ဝမ်းသာအားရ ဖြစ်ကြရပါလိမ့်မည်။ ထိုထက် သာမန်နိဿယ မဟုတ်ဘဲ ထူးကဲစွာ အကျိုးဆောင်မည့် နိဿယကောင်းတစ်ခု ဖြစ်ပြန်ရာ ဤနိဿယနေရာကိုယူနိုင်မည့် ဤထက်သာလွန်သော နိဿယကောင်းတစ်ခု ပေါ်ပေါက်ဖို့ရာ လွန်စွာခဲယဉ်းလိမ့်မည်ကို စဉ်းစားဉာဏ်ရှိသူတိုင်းက မြင်ကြရပါလိမ့်မည်။ (ဤသည်မှာ ဋီကာနိဿယ ပထမတွဲ ထွက်လာစဉ်က ပြန်ကြားစာ၌ ပါဝင်သော အရှင် ဝါသေ၌၏ ချီးကျူးစာ ဖြစ်သည်။)

ဆရာတော်၏ ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ (ဒုတိယတွဲ) ဓမ္မဒါနကို ရရှိပါသည်။ တပည့်တော်များအဖို့ အဖိုးအနဂ္ဃ ထိုက်တန်လှသော ရတနာကို ရဘိသကဲ့သို့ ဝမ်းမြောက်ခြင်း ဖြစ်ရပါသည်။ မှတ်ချက်။ ပုဒ်အနက် အဆုံးအဖြတ်ကလေးများကို ရွေးကာ ကြည့်ရှုသုံးသပ်ခဲ့ရပါသည်။ အချို့ အများတကာ သိနိုင်ခဲသော ပဒ-ပဒတ္ထများ၌ ကြိုးစားပြီး အမှန်ကိုဖော်ပြထားခဲ့ရာ သာမန်နိဿယမျှ မဟုတ်သည်ကို ညွှန်ပြလျက်ရှိနေကြောင်း တွေ့ရပါသည်။ ဆရာတော်၏ ဉာဏ်စွမ်းကိုလည်းကောင်း၊ ကြိုးစားတော်မူခဲ့သော ဝီရိယကိုလည်းကောင်း အထင်ကရ မြင်ရသည်မှာ ချီးကျူးဂုဏ်တင်ဖွယ် ဖြစ်ရပါတော့သည်။ အများပင် မြင်တွေ့ရခဲသော အသောကာ ဝဒါန (ဒု-၁၆၁) ကို ထည့်သွင်းပြလိုက်သည်မှာလည်း ကျေးဇူးတင်ဖွယ်ရာ ဖြစ်ပါတော့သည်။ (ဤသို့စသည်ဖြင့် ဒုတိယတွဲ ထွက်လာစဉ်က အရှင် ဝါသေ၌၏ ချီးကျူးစာ ဖြစ်သည်။)

ပခုက္ကူမြို့၊ ဟာဝိသုတာရာမတိုက်တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ မထေရ်ထံမှ ချီးကျူးစာ

ဆရာတော်၏ သမယန္တရပိုင်းဆိုင်ရာ စာအုပ်ကလေးများ ရရှိစဉ်ကပင် မဟာဋီကာ၏ မီရာနိဿယကို မဟာစည်ဆရာတော် ရေးလျှင်သာလွန်ကောင်းမွန်မည့် အကြောင်းကို အချင်းချင်း နှီးနှောပြောဆိုခဲ့ကြဖူးပါသည်။ နောက်မကြာမီမျှော်လင့်သည့်အတိုင်းပင် ၎င်းနိဿယ ပထမအုပ်ထွက်လာသဖြင့် မဟာဋီကာနှင့်စပ်လျဉ်းသည့် တွေဝေမှုတို့ကို ဖြေရှင်းနိုင်တော့မည်ဟု အထူးဝမ်းသာလျက်ရှိပါသည်။ (ဤသို့ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ မထေရ်က ချီးကျူးတော်မူခဲ့ပါသည်။)

ရန်ကုန်မြို့၊ ကမ္ဘာအေးဇမ္ဗုဒီပ ကျောင်းဆောင် တိပိဋက ပါဠိ-မြန်မာ အဘိဓာန် ကျမ်းပြုဌာန မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဉာနုတ္တရ ထံမှ ချီးကျူးစကား

ဝိသုဒ္ဓိမဂ်ဆိုတာ အဌကထာကို ပြောပါတယ်။ အဲဒီ အဌကထာရဲ့ အဓိပ္ပါယ်ကို ထပ်ဖွင့်တဲ့ ဋီကာဆိုတာလည်း ရှိပါတယ်။ အဲဒီ ဋီကာကသာ၍ ခက်သွားတယ်။ ဒီဋီကာဟာဘယ်လောက် ခက်သလဲဆိုရင် ပါဠိသက်သက်တတ်နေရုံနဲ့တော့ ဒီဋီ



ကာရဲ့ ပုဒ်ပါဠိ ရှိသမျှကို အပြည့်အစုံ အနက်မပြန်နိုင်ဘူး။ သက္ကဋ ပါတ်ပါတယ်ဆိုတောင်မှ သဘာဝကို နားမလည်လို့ရှိရင် ဒီဝိသုဒ္ဓိမဂ်ဋီကာကို နိဿယ မရေးနိုင်ဘူး၊ အဲဒီလောက်ခက်တဲ့ ဝိသုဒ္ဓိမဂ် မဟာဋီကာကြီးကို မဟာစည်ဆရာတော်က နိဿယရေးပါတယ်။ ရေးရုံတင်မကပါဘူး။ ပထမတွဲဆိုရင် ထွက်ပေါ်ပြီးတော့တောင် နေပါပြီ။ (၁၃၂၈-ခုနှစ်က ဆရာတော် ဥဉာနုတ္တရ၏ ခြီးကျူးစကား ဖြစ်သည်)

ဝိသုဒ္ဓိမဂ် မဟာဋီကာကြီးကို ရေးမယ်ဆိုရင် ခုနက ပြောခဲ့သလိုပဲ ပါဠိကျမ်းဂန် အမျိုးမျိုးကိုလည်း ကျေပွန်ရမယ်။ သက္ကဋကျမ်းအမျိုးမျိုးကိုလည်း နားလည်ရမယ်။ သက္ကဋမှာ ဒဿနလို့ခေါ်တဲ့ စကားရှိတယ်။ ဒဿနဆိုတာ အယူဝါဒကို ပြတဲ့အပိုင်း ဖြစ်တယ်။ သက္ကဋနဲ့ ရေးထားတဲ့ အဲဒီ ဒဿနအမျိုးမျိုးတွေကိုလည်း နားလည်ရတယ်။ အဲဒီ အယူဝါဒအမျိုးမျိုးတွေ စုပေါင်းဖော်ပြထားတဲ့ (သဗ္ဗဒဿနသင်္ဂဟ) ဆိုတဲ့ ကျမ်းမျိုးတွေရှိတယ်။ ဒါမျိုးတွေကိုလည်း မဟာစည်ဆရာတော်က ကောင်းကောင်းလေ့လာထားတယ်။ ဒီလို လေ့လာထားလို့ သာလျှင် မဟာဋီကာမှာ အဲဒီဝါဒတွေနဲ့ စပ်တဲ့အပိုင်းတွေကိုလည်း ရှင်းလင်းပြီး ရေးနိုင်ပါတယ်။ အဲဒီ မဟာဋီကာမှာပါတဲ့ အခြားအယူဝါဒတွေကို ရေးထားတဲ့ သမယန္တရပိုင်း ဆိုတာရှိတယ်။ အဲဒီအပိုင်းဟာ ခက်လွန်းလို့ မဟာစည်ဆရာတော်က သူများတွေလည်း ခက်ကြပေလိမ့်မည်လို့ မျှော်တွေးပြီး အဲဒီသမယန္တရပိုင်းကို သီးခြားနိဿယအဖြစ်နဲ့ ရေးသားပုံနှိပ်ပြီး ဖြန့်ဝေထားတယ်။ အဲဒါလည်း ဋီကာနိဿယ စတုတ္ထတွဲစာအုပ်လောက်မှာ ပါလိမ့်မယ်လို့ ထင်ပါတယ်။ ဒီဋီကာ နိဿယမှာ ပြောစရာ ခြီးကျူးစရာတွေကတော့ အများကြီးရှိပါတယ်။ ဒါပေမယ့် အချိန်မရဘူး၊ ဒါ့ကြောင့် တိုတိုနဲ့ပြီးအောင် အဲဒီမဟာဋီကာ နိဿယနဲ့ နိဒါန်းကို ရေးတဲ့ ပုဂ္ဂိုလ်က ပြောထားတာကလေးတွေကိုပဲ ထုတ်ပြပါတော့မယ်။ ပါဠိကို ဘယ်လောက်တတ် တတ် သက္ကဋဘယ်လောက်တတ် တတ် လာခဲ့ပါ။ ဒီနိဿယမျိုးရေးပါဆိုရင်တော့ မရေးနိုင်ဘူးလို့ ခုနက ပြောခဲ့သလိုပဲ အဲဒီ နိဒါန်းရေးတဲ့ ပုဂ္ဂိုလ်က စကားတစ်လုံးသုံးထားတယ်။ ဘယ်လိုလည်းဆိုတော့ -

မဟာဋီကာ နိဿယကို ကြည့်လျှင် ဒီလိုကြည့်ပါတဲ့။ မဟာစည်ဆရာတော်က ဘယ်လောက် ခက်ခဲခဲရေးသားထားသလဲ ဒီနိဿယဟာ ဘယ်လောက်ကောင်းသလဲ ဘယ်လောက် ပြည့်စုံသလဲဆိုတာ နိဿယကိုချည်း လျှောက်ကြည့်နေရုံနဲ့တော့ သိမယ်မဟုတ်ဘူးတဲ့၊ ဘယ်လိုမှ သိမလဲဆိုရင် မဟာဋီကာပါဠိမှာ (အထူးခက်တယ်လို့ ထင်ရတဲ့) ကြိုက်ရာ အခန်းက စာတစ်ရွက်လောက်ကို ဖတ်လိုက်ပါ၊ ဖတ်ပြီးပြီ



ဆိုတော့ အဲဒီ ပါဠိတွေကို ကိုယ်ကြိုက်သလို ကိုယ်ပိုင်သလို အနက်ပေးပြီး စာနဲ့လည်းရေးထားပါ။ ပြီးတော့ အဲဒီ ကိုယ်ရေးထားတဲ့ စာနဲ့ မဟာစည်ဆရာတော်ရဲ့ နိဿယနဲ့ တိုက်ကြည့်လိုက်ပါ။ အဲဒီအခါကျရင် မဟာစည်ဆရာတော်ဘယ်လောက် စွမ်းသလဲ မဟာစည်ဆရာတော်ရဲ့ နိဿယဟာ ဘယ်လောက် သဘာဝကျသလဲဆိုတာ ကောင်းကောင်းကြီး သိပါလိမ့်မယ်တဲ့၊ ဒီလို နိဒါန်းရေးတဲ့ ပုဂ္ဂိုလ်က ဆိုထားတယ်။

အဲဒီတော့ နိဿယ ဘယ်လောက်ကောင်းတယ်ဆိုတာကို ကျမ်းစာသား မဖတ်ရသေးခင် နိဒါန်းကြည့်ကတည်းက သိနှင့်ရတယ်။ ဘုန်းကြီးက နိဒါန်းကြည့်ရင်း ဒီကိုယ်တော်ပြောတာ မှန်ပေတယ်။ သဘာဝကျတယ်လို့ ခြီးကျူးမိတယ်၊ စာဆိုတာ သူများရေးထားတာကို ကြည့်လိုက်ရင် သိလွယ်တယ် ကောင်းသားပဲလို့ သဘောကျတတ်ပါတယ်၊ ခက်တယ်လို့တော့ မထင်တတ်ဘူး၊ ဒါပေမယ့် သူများရေးထားတာကို မကြည့်ဘဲနဲ့ ကိုယ်တိုင် ရေးစမ်းပါဆိုတော့ စွမ်းနိုင်ခဲပါတယ်။ မလွယ်ပါဘူး၊ ဒါကြောင့် သူ



များ ရေးထားတာကို မကြည့်သေးခင် မဟာဋီကာမှာ ကြိုက်ရာစာတစ်ရွက်ကို လှန်ပြီး ကိုယ့်ဉာဏ်စွမ်းအားရှိသမျှ နိဿယ ရေးပြီးတော့မှ မဟာစည်ဆရာတော်ရဲ့ နိဿယနဲ့ တိုက်လိုက်ပါ။ ဘယ်လို ကွာခြားသွားတယ်ဆိုတာ သိပါလိမ့်မယ် - တဲ့။ အဲဒီလို နိဒါန်းရေးတဲ့ ပုဂ္ဂိုလ်က စကားတစ်လုံး သုံးထားပါတယ်။ (ဤသို့ စသည်ဖြင့် ၁၇ ကြိမ်မြောက် သြဝါဒ ခံယူပူဇော်ပွဲမှာ ဆရာတော် ဦဉာနဇုတ္တရက ချီးကျူးမြွက်ကြားသွားသည်။)

ဆိုရေးရှိလို့ ဆိုရဦးမည်

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယကြီးကို စာအုပ်အဖြစ် ရိုက်နှိပ်မပြီးသေးမီ ၁၃၁၄ ခုနှစ်၊ တော်သလင်းလကပင် သမဃန္ဓရပိုင်း ဂဏ္ဌိနိဿယကို ကြိုတင်ရိုက်နှိပ်ကာ ဓမ္မဒါနအဖြစ် ဖြန့်ဝေတော်မူလိုက်ပါသည်။ ထိုသို့ ဖြန့်ဝေတော်မူရာ၌ အကြောင်းအရာပြနိဒါန်းတွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

ဤမဟာဋီကာ သမဃန္ဓရပိုင်း ဂဏ္ဌိနိဿယကို ပုံနှိပ်ဖြန့်ဝေခြင်း၏ အကြောင်းမှာ ရှေးကာလက ဤသမဃန္ဓရပိုင်းကို ကြည့်ရှုသောအခါ ပို့ချသောအခါများတွင် ပုဒ်ပါဠိ၌ လည်းကောင်း၊ အနက်၌လည်းကောင်း များစွာသံသယဖြစ်လျက် အားမရဘဲ ရှိခဲ့၏။ အချို့ပုဒ်များကို အနက်မပြန်ရဲအောင်ပင် သံသယရှိခဲ့၏။ သမယန္တရဆိုင်ရာ ကျမ်းရင်းကို မကြည့်ရဘဲ အနက်ပြန်လျှင် ထိုသမယန္တရတို့၏ အယူအဆနှင့် ကိုက်လိမ့်မည်ဟု မထင်မိခဲ့ပေ၊ ထို့ကြောင့် ဤအပိုင်းကို ပို့ချပေးသောအခါ မရဲတရဲနှင့် အချို့ကိုသာ လျှင် အနက်ပြန်၍ပို့ချနိုင်သည်၊ အချို့မှာ အနက်မပြန်ဘဲ ချန်ထားခဲ့ရသည်။ သမယန္တရပိုင်းဆိုင်ရာ ကျမ်းရင်းတို့ကို မတွေ့ရသော အခြားပါဠိကျမ်းဂန်တတ်ပုဂ္ဂိုလ်တို့မှာလည်း မိမိကဲ့သို့ပင် အားမရဘဲ အခက်အခဲနှင့် တွေ့နေရသူတွေ ရှိကောင်းရှိလိမ့်မည်ဟု ထင်မိ၏။ ထို့ကြောင့် ဤသမယန္တရပိုင်းကို နိဿယရေးရန် အတွက် သမယန္တရကောဝိဒ ဖြစ်တော်မူကြသော ဆရာတော်တို့အား လျှောက်ထား တောင်းပန်လိုသော စိတ်ဆန္ဒများစွာ ဖြစ်ခဲ့ဖူး၏။ ဆရာတော်ကြီးတစ်ပါးကိုမူ လျှောက်ထား တောင်းပန်ခဲ့ဖူး၏။ ထိုဆရာတော်ကြီးမှာ အချိန်မရသဖြင့် ရေးသားနိုင်ခြင်းမရှိခဲ့။ ယခုမှာမူ မိမိအား ကိုးထားသော ထိုဆရာတော်ကြီးမှာ ပျံလွန်တော်မူသွားလေပြီ။ ဤသို့ ဖော်ပြထား၏။

ခက်ခဲသည့်အထိ ပို့ခက်

ဆရာတော်ဘုရားကြီးသည် ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် ဤမဟာဋီကာကြီးကို တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ကမှ မတိုက်တွန်းမိစောစောကပင် အလေးပေး၍ လေ့လာပို့ချခဲ့ဖူးကြောင်းမှာ အဆိုပါ နိဒါန်းဖြင့် ထင်ရှားပေသည်။ ဆရာတော်ဘုရားကြီးသည် ပရိယတ္တိကျမ်းဂန် သင်ကြားမှု ဂန္ထဓုရကို ဆောင်ရွက်တော်မူပြီးနောက် ပဋိပတ္တိအကျင့်ကို ကျင့်မှု ဝိပဿနာဓုရကို ဆောင်ရွက် တော်မူရန် ညွှတ်ပြောင်းကိုင်းရှိုင်း လာတော်မူခဲ့သည်ကို ဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိကို ကြည့်ရှုပါက ထင်ရှားတွေ့ကြရမည်ဖြစ်၏။ အနည်းငယ် ဖော်ပြရလျှင် ဆရာတော်ဘုရားကြီးသည် ပါရမီအလျောက် ထိုးထွင်းသော ဉာဏ်ထက်သန်သော လုံ့လဝီရိယရှိသူ ပုဂ္ဂိုလ်ထူးဖြစ်သဖြင့် ရဟန်း ၅ ဝါ အရကပင် မော်လမြိုင် တောင်ဝိုင်းကလေး တိုက်ကျောင်းတွင် စာသင်သား ရဟန်းတော်တို့အား ပရိယတ္တိ စာပေကျမ်းဂန်များကို စာချအဖြစ်ဖြင့် ပို့ချတော်မူခဲ့ကြောင်းသိရ၏။ သုံးနှစ်ခန့် ပရိယတ္တိ စာပေကျမ်းဂန်များကို ပို့ချတော်မူပြီးနောက် ရဟန်း၀ါ ၈ ဝါ အရတွင် သထုံမြို့ မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်လျက် ပဋိပတ္တိဝိပဿနာတရားကို အလေးအနက် အားထုတ်တော်မူပြီးလျှင် ပဋိပတ်နှင့် စပ်ဆိုင်သော မဟာသတိပဋ္ဌာန်သုတ်စသော သုတ် ပါဠိတော်များနှင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာကဲ့သို့သော အဋ္ဌကထာများကို ရှေးကထက်ပို၍ လေ့လာ ကြည့်ရှုပို့ချမည်ဖြစ်ရာ ထို အခါကပင် ဝိသုဒ္ဓိမဂ် မဟာဋီကာ



ကြီးကိုလည်း ကြည့်ရှုလေ့လာ ပို့ချ ပေလိမ့်မည်။ ထိုအခါ ခက်ခဲ ရှုပ် ပွေလှသော ဤသမယန္တရပိုင်းနှင့် ရင်ဆိုင်ခဲ့ရမည်သာ ဖြစ်၏။

ပါဠိစာပေ ကျမ်းဂန် ဆိုသည် မှာ လွယ်သည်မဟုတ်။ ပုဒ်ပါဠိကို သာမန်အနက် ပြန်တတ်ရုံဖြင့် ပြီး သေးသည်မဟုတ်ပေ။ ထိုသို့သော အဓိပ္ပါယ်ကို နားလည်ပါမှ အနက် ပြန်ဆိုရာ၌ ပြည့်စုံပေသည်။ ထို့ ကြောင့် အနက်ပြန်ဆိုရာ၌ ပါဠို တော်၏ ဆိုလိုသော အဓိပ္ပါယ်ကို နားမလည်လျှင် အဋ္ဌကထာကို လှန်ကြည့်ရသည်။ အဋ္ဌကထာ၏ အဓိပ္ပါယ်ကို နားမလည် ပြန်က ထို၏အဖွင့်ဋီကာကို လှန်ကြည့်ရ ပြန်သည်။ ဋီကာအဓိပ္ပါယ်ကို နား မလည်ပြန်လျှင် ထို၏ အဖွင့်အနု ဋီကာကို ကြည့်ရပြန်၏။ ယခုသော် သမယန္တရပိုင်း ပါနေသော မဟာဋီ ကာကြီးမှာ အခြား ဋီကာများ လောက်သာမက ခက်သည်ထက် ပို ခက်သော ဋီကာကြီး ဖြစ်နေပေ သည်။ ခက်သည်ဆိုပြီး အခြားသူ၏ အဖွင့်အနုဋီကာကလည်း မရှိပြန် သဖြင့် ခက်သည်အထဲ နောက်တစ် ခက်က ကဲလာပြန်ရာ ထိုဋီကာ ကြီးကို သာမန် စွမ်းအင်မျိုးနှင့် နိဿယ တစ်စောင်ဖြစ်မြောက် အောင် ရေးသားရန် ဝေးလို့ ကြံပင် ကြံစည်ဝံ့မည်မဟုတ်ပေ။

သို့ထက် သူက ခက်သည် ဆို၏

ပါဠိကျမ်းတစ်ကျမ်း၏ နိဿယ တစ်စောင်တစ်ဖွဲ့ ပြုစုရသည် ဆိုသည်မှာ ပါဠို အဋ္ဌကထာ ဋီကာ ကျမ်းတစ်ကျမ်း ပြုစုရသည်ထက် ပိုခက်သည်ဟု စာချဆရာတော်ကြီး များက မိန့်သည်ကို ကြားရဖူးသည်။ နိဿယကောင်းတစ်ခုဖြစ်အောင် ရေးဖို့မှာ နိဿယရေးမည့်ကျမ်းကို ပဒ, ပဒတ္ထ အဓိပါယတ္ထ မကျန် ခြုံမိ ငုံမိအောင် ကြည့်ရှုလေ့လာရ သည်။ ပုဒ်တစ်ပုဒ် ပုဒ်၏ ဓာတ်, ပစ္စည်း, ဝိဘတ်, မပေါ်မလွင် ငုပ် နေလျှင် ပေါ်လွင်ထင်ရှားအောင် ဝစနတ္ထ ပြုတန်ပြုပေးရသည်။ သဒ္ဒါ ကျမ်းတို့၌ အတွေ့နည်းပြီး ပုဒ်ထူး ပုဒ်ဆန်းဖြစ်နေလျှင် သုတ်ပြီး ပုဒ် ပြီး တွက်ပြတတ်က တွက်ပြရ၏။ ဝါကျအနုသန္ဓေဆိုသင့်ကဆို၊ အထွက်အတက်ထွက်တက်ပြ တက်ပြ၊ ပုဒ်တစ်ပုဒ်နှင့် တစ်ပုဒ် အစပ်အဟပ်ဝေးနေလျှင် စပ်ဟပ် တန် စပ်ဟပ်ပြ၊ မိမိပြန်ဆိုထား သော အနက်က ထူးဆန်းသကဲ့သို့ ဖြစ်နေလျှင် အထောက်သာဓကနှင့် တကွ ရှင်းလင်းပြတန် ပြရသည်။ ဂါထာပုဒ်ပါနေကလည်း ဆန်း ဂိုဏ်း စစ်တန်စစ်ပြီး ဂါထာအမည် ကို ဖော်ပြတန်ပြရသည်။ ထိုထက် ခက်သည်ကား ဤနေရာ ဤဌာန ၌ ခက်လို့မသိခြင်းကြောင့် (ဥတ္တာ နတ္ထ) အနေနဲ့ ချန်လှပ်ထားခဲ့၍ မဖြစ်၊ နိဿယရေးဆိုသည်မှာ အလုံးစုံပြည့်စုံအောင် ရေးရသည်။ အဋ္ဌကထာ ဋီကာကျမ်းဂန်ကို ရေးရာ၌ ခက်၍ မသိလျှင် (ဥတ္တာ နတ္ထမေဝ) ပေါ်လွင်သော အနက် ရှိသည်သာဆိုပြီး ချန်ခဲ့လို့ ဖြစ်သည်။ နိဿယရေးသူက ဤကဲ့သို့ မဖြစ် သောကြောင့် ပိုခက်သည်ဟူ၍ ဆို ကြ၏။

ဤအဆိုမှာ အဋ္ဌကထာဋီကာ တို့၌ သိလောက်သည်ကို ဖွင့်ပြနေ လျှင် ကျမ်းလေးမည် စိုးသော ကြောင့် (ဥတ္တာ နတ္ထ မေဝ) ဟု မှာ ထားလေ့ရှိသည်ကို ပြက်ရယ်ပြု ခြင်းမျှသာ ဖြစ်ပေသည်။

အတိမ်နှင့်အနက်

သမုဒ္ဒရာနှင့်စာလျှင် အင်းအိုင် ချောင်းမြောင်းရေသည် တိမ်၏။ အင်းအိုင် ချောင်းမြောင်း ရေနှင့် စာလျှင် သမုဒ္ဒရာရေသည် နက်၏။ အတိမ်အနက်ဟူသည် ဤသို့ပင် သူ့ ပမာဏနှင့်သူ ရှိနေကြမည်သာ ဖြစ်၏။ ထို အတိမ်အနက်ကို ထောက်လှမ်းရာ၌မူအရပ်အမောင်း ပမာဏအလိုက်သာ ထောက်လှမ်း နိုင်ပေမည်။ အရပ်အမောင်း ရှိ သလောက်ထက် လွန်၍ ထောက် လှမ်းနိုင်မည် မဟုတ်ပေ။ ယုန်ငယ် သည် သမုဒ္ဒရာရေကို မဆို ထားနှင့် အင်းအိုင် ချောင်းရေကိုပင် ထောက် လှမ်းနိုင်မည် မဟုတ်ဘဲ နေ, လ တို့ကို လက်ခုပ်၌ထား၍ ကစားနိုင် သော အသူရိန်နတ်မှာမူ ထိုနှစ် မျိုးသော ရေတိမ်ရေနက်ဟူသမျှကို ထောက်လှမ်း၍ မှီမည်သာ ဖြစ်ပေ သည်။



ပါဠိကျမ်းဂန်တို့မှာလည်း အင်းအိုင် ချောင်းမြောင်း ရေနှင့်သမုဒ္ဒရာတို့ကဲ့သို့ အတိမ်အနက်သဘာဝ အခက်အခဲမတူဘဲ ရှိပေသည်။ ရဟန်းရှင်လူတို့ ကိုယ့်အမြင်နှင့် ကိုယ်ရေးသားထားသော ကျမ်းဂန်များသည် ဘုရားဟော ကျမ်းဂန်များနှင့်စာလျှင် သဘာဝအားဖြင့် တိမ်၍ လွယ်မည်။ ဘုရားဟော ကျမ်းဂန်တို့က ပို၍နက်မည် ခက်မည်။ ယုန်ငယ်လောက်သာ ဉာဏ်ရှိသူသည် မည်သည့် ကျမ်းဂန်ကိုမျှ မိအောင် ထောက်လှမ်းနိုင်မည် မဟုတ်ဘဲ အဆင့်ဆင့် မြင့်သထက် မြင့်သော ဉာဏ်ရှိသူတို့မှာမူ မြင့်လျှင် မြင့်သလိုပမာဏအလိုက် အတိမ်အနက် သဘာဝ အခက်အခဲကို ထောက်လှမ်းနိုင်မည်သာ ဖြစ်၏။

နက်သည်ကို ထောက်မိသည်

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဉာဏ်သည် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးကဲ့သို့သော ပညာရှိပုဂ္ဂိုလ်ကြီးတို့က ချီးကျူးယူရလောက်အောင်ထက်မြက်စူးရှသည်။ ထက်မြက်စူးရှသလောက်လည်း ပါဠို အဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့၌ နှံ့စပ်သည်။ သီဟိုဠ် (သီရိလင်္ကာ) ယိုးဒယား (ထိုင်း) အင်္ဂလိပ်၊ သင်္ကၠဋ-ဘာသန္တရ ဗဟုသုတတို့နှင့်လည်း ပြည့်စုံတော်မူသည်။ ထို့ကြောင့် သမုဒ္ဒရာရေကဲ့သို့ ထောက်မိနိုင်ခဲသော နက်နဲခက်ခဲလှသည့် ကျမ်းဂန်ကြီးတို့၏ သဘာဝအနက် အဓိပ္ပါယ်များကို ထောက်မှီတော်မူနိုင်သည်။ ထောက်မှီတော်မူနိုင်သည်ဖြစ်၍လည်း နက်နဲ ခက်ခဲလှသော ကျမ်းဂန်ကြီးတို့၏ အဖွင့်သံဝဏ္ဏနာဖြစ်သော "ဝိပဿနာရှုနည်းကျမ်းကြီး" ကဲ့သို့သော မြန်မာဘာသာ ကျမ်းဂန်ကြီး အမြောက်အမြားကိုလည်းကောင်း၊ ဝိသုဒ္ဓိဉာဏကထာနှင့် ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ ကျမ်းဂန်ကြီးကဲ့သို့သော နိဿယကြီးကိုလည်းကောင်း ပညာရှိတို့ အားရကျေနပ်လောက်အောင် ရေးသားပြုစုတော်မူနိုင်ခဲ့သည်။

ကိုယ်ချင်းစာတရားလည်းရှိ

သမယန္တရပိုင်း ဂဏ္ဌိနိဿယ၌ အကြောင်းအရာ နိဒါန်းတွင် ဖော်ပြတော်မူထားသည့်အတိုင်း ဝိသုဒ္ဓိမဂ် မဟာဋီကာကြီးကို ပို့ချတော်မူရာ၌ သမယန္တရပိုင်းတွင် မချမပို့ဝံ့ဘဲ ချန်လှပ်ထားခဲ့ရသည်အထိ ဆရာတော်ဘုရားကြီးမှာ အခက်အခဲနှင့် တွေ့တော်မူခဲ့ရဖူးသည်။ ပါဠိသက်သက်ကိုသာ တတ်ကြွေသော ပါဠိပညာရှင်တို့သည်လည်း မိမိလိုပင် ဤသမယန္တရပိုင်း၌ အခက်အခဲနှင့် တွေ့ကြုံတော်မူကြပေလိမ့်မည်ဟု ကိုယ်ချင်းစာနာတော်မူမိသည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာကြီးအလုံးစုံပြီးသည်တိုင် အောင် လည်တမော့မော့ စောင့်မျှော်နေရလျှင် မျှော်သူတို့အတွက် ကြာမည်စိုးသောကြောင့် နိဿယကြီး အလုံးစုံမပြီးသေးမီ သီးခြားထုတ်၍ ရိုက်နှိပ်စေပြီးလျှင် စောစောကပင် ဓမ္မဒါနအဖြစ် ဖြန့်ဝေတော်မူစေခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ စေတနာ သဒ္ဓါတို့မှာ ပေါ်ထွက်လာသော ကိုယ်ချင်းစာတရားတို့ကြောင့်လည်း စောင့်မျှော်နေကြရသော ပညာရှင်တို့မှာ သမယန္တရပိုင်း၏ အခက်အခဲကို စောစီးစီး ကျော်လွန်တော်မူနိုင်ကြရသည်သာ ဖြစ်၏။

ကျမ်းရင်းထက် ပိုခက်

ဝိသုဒ္ဓိမဂ် အဋ္ဌကထာဟူသည် ပညာရှင်တို့ သိပြီးဖြစ်သည့် အတိုင်းပဋိပတ်လမ်းစဉ်ကို အဓိကထား၍ ဖွင့်ပြသော ကျမ်းဂန်ကြီး တစ်စောင်တစ်ဖွဲ့ဖြစ်သောကြောင့် ခက်ခဲနက်နဲလှသော ကျမ်းကြီး ဖြစ်သည်။ သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါး အပြည့်အစုံနှင့် နိဗ္ဗာန် အထိသိမ်မွေ့သော အနက်အဓိပ္ပါယ်များဖြင့် ပြည့်နှက်လျက်ရှိသည်။ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်၍ နိဗ္ဗာန်ထိရောက် ဖွင့်ပြထားသော ကျမ်းကြီးဖြစ်၍ လည်းထက်မြက်သော ဉာဏ်ပဋိဘာန်နှင့် ထက်သန်သော လုံ့လ ဝီရိယရှိသူ သူတော်ကောင်း ပညာရှိတို့သာ ကြည့်ရှုလေ့လာ သုံးသပ်လေ့ရှိကြသည်။ သူတော်ကောင်း ပညာရှိတို့ ဉာဏ်



ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့၌ နှံ့စပ်သည်။ သီဟိုဠ် (သီရိလင်္ကာ) ယိုးဒယား (ထိုင်း) အင်္ဂလိပ်၊ သင်္ကန္ဒ-ဘာသန္တရ ဗဟုသုတတို့နှင့်လည်း ပြည့်စုံတော်မူသည်။ ထို့ကြောင့် သမုဒ္ဒရာရေကဲ့သို့ ထောက်မှီနိုင်ခဲသော နက်နဲခက်ခဲလှသည့် ကျမ်းဂန်ကြီးတို့၏ သဘာဝအနက်အဓိပ္ပါယ်များကို ထောက်မှီတော်မူနိုင်သည်။ ထောက်မှီတော်မူနိုင်သည်ဖြစ်၍လည်း နက်နဲ ခက်ခဲလှသော ကျမ်းဂန်ကြီးတို့၏ အဖွင့်သံဝဏ္ဏနာဖြစ်သော "ဝိပဿနာရှုနည်းကျမ်းကြီး" ကဲ့သို့သော မြန်မာဘာသာ ကျမ်းဂန်ကြီး အမြောက်အမြားကိုလည်းကောင်း၊ ဝိသုဒ္ဓိဉာဏကထာနှင့် ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ ကျမ်းဂန်ကြီးကဲ့သို့သော နိဿယကြီးကိုလည်းကောင်း ပညာရှိတို့ အားရကျေနပ်လောက်အောင် ရေးသားပြုစုတော်မူနိုင်ခဲ့သည်။

ကိုယ်ချင်းစာတရားလည်းရှိ

သမယန္တရပိုင်း ဂဏ္ဌိနိဿယ၌ အကြောင်းအရာ နိဒါန်းတွင် ဖော်ပြတော်မူထားသည့်အတိုင်း ဝိသုဒ္ဓိမဂ် မဟာဋီကာကြီးကို ပို့ချတော်မူရာ၌ သမယန္တရပိုင်းတွင် မချမပို့ဝံ့ဘဲ ချန်လှပ်ထားခဲ့ရသည်အထိ ဆရာတော်ဘုရားကြီးမှာ အခက်အခဲနှင့် တွေ့တော်မူခဲ့ရဖူးသည်။ ပါဠိသက်သက်ကိုသာ တတ်ကြွေသော ပါဠိပညာရှင်တို့သည်လည်း မိမိလိုပင် ဤသမယန္တရပိုင်း၌ အခက်အခဲနှင့် တွေ့ကြုံတော်မူကြပေလိမ့်မည်ဟု ကိုယ်ချင်းစာနာတော်မူမိသည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာကြီးအလုံးစုံပြီးသည်တိုင် အောင် လည်တမော့မော့ စောင့်မျှော်နေရလျှင် မျှော်သူတို့အတွက် ကြာမည်စိုးသောကြောင့် နိဿယကြီး အလုံးစုံမပြီးသေးမီ သီးခြားထုတ်၍ ရိုက်နှိပ်စေပြီးလျှင် စောစောကပင် ဓမ္မဒါနအဖြစ် ဖြန့်ဝေတော်မူစေခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ စေတနာ သဒ္ဓါတို့မှာ ပေါ်ထွက်လာသော ကိုယ်ချင်းစာတရားတို့ကြောင့်လည်း စောင့်မျှော်နေကြရသော ပညာရှင်တို့မှာ သမယန္တရပိုင်း၏ အခက်အခဲကို စောစီးစီး ကျော်လွန်တော်မူနိုင်ကြရသည်သာ ဖြစ်၏။

ကျမ်းရင်းထက် ပိုခက်

ဝိသုဒ္ဓိမဂ် အဋ္ဌကထာဟူသည် ပညာရှင်တို့ သိပြီးဖြစ်သည့် အတိုင်းပဋိပတ်လမ်းစဉ်ကို အဓိကထား၍ ဖွင့်ပြသော ကျမ်းဂန်ကြီး တစ်စောင်တစ်ဖွဲ့ဖြစ်သောကြောင့် ခက်ခဲနက်နဲလှသော ကျမ်းကြီး ဖြစ်သည်။ သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါး အပြည့်အစုံနှင့် နိဗ္ဗာန် အထိသိမ်မွေ့သော အနက်အဓိပ္ပါယ်များဖြင့် ပြည့်နှက်လျက်ရှိသည်။ သံသရာပင်္ခူဆင်းရဲမှ ထွက်မြောက်၍ နိဗ္ဗာန်ထိရောက် ဖွင့်ပြထားသော ကျမ်းကြီးဖြစ်၍ လည်းထက်မြက်သော ဉာဏ်ပဋိဘာန်နှင့် ထက်သန်သော လုံ့လ ဝီရိယရှိသူ သူတော်ကောင်း ပညာရှိတို့သာ ကြည့်ရှုလေ့လာ သုံးသပ်လေ့ရှိကြသည်။ သူတော်ကောင်း ပညာရှိတို့ ဉာဏ်ကျက်စားရာဖြစ်လျက် မူရင်း အဋ္ဌကထာတို့က နက်နဲ ခက်ခဲရသည့်အထဲ သမယန္တရပိုင်းကဲ့သို့သော ပို၍ နက်နဲခက်ခဲသော အသိရခက်သော အပိုင်းကိုပါ ထည့်ဖွင့်ထားသော မဟာဋီကာကြီးက ကျမ်းရင်းအဋ္ဌကထာထက်သာလွန်၍ ခက်သည်ဟု ပညာရှင်တို့က ညည်းညူကြသည်။

နိုင်နင်းတော်မူလှသည်

ပိဋကသုံးပုံ ခြုံဖွင့်ထားသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီးက မည်မျှခက်ခက်၊ သမယန္တရပိုင်း အခက်အခဲတွေ ပို၍ပါနေသော ဝိသုဒ္ဓိမဂ် မဟာဋီကာကြီးက မည်မျှပင် ပို၍ခက်ခက်၊ မဟာစည်ဆရာတော်ဘုရားကြီး၏ ထက်မြက်သောဉာဏ်နှင့်တွေ့ပြီး ထိုအခက်ကြီးတွေ အတွင်း သက်ဝင်သွားကာ ဝိသုဒ္ဓိမဂ် မြန်မာပြန် စာအုပ်ကြီးတွေအဖြစ်

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



မဟာစည်ဆရာတော်



မောင်အံ့(မဟာဝိဇ္ဇာ-ဘုံဆော)

မဟာစည်ဆရာတော်ဘုရားကြီးကို ၁၉၅၄ ခုနှစ် ၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲစတင်ကျင်းပစဉ်က သိရှိကြည်ညိုခဲ့ရသည်။

"ပထမပါရာဇိက သိက္ခာပုဒ်ကို ဘယ်မြို့၊ ဘယ်ဒေသ၊ ဘယ်ဌာန၌ ပညတ်တော်မူပါသနည်း ငါ့ရှင်"

"ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်" စသည်ဖြင့် မဟာစည်ဆရာတော်ဘုရားကြီး၏ မေးခွန်းထုတ်ဆင့်မေးသံများကို ဆဋ္ဌသင်္ဂါယနာတင်စဉ်က နေ့စဉ်လိုလို ရေဒီယိုမှ ကြားနာခဲ့ရသည်။ ထိုစဉ်အခါက ကမ္ဘာအေးကုန်းမြေသို့ ရောက်သွားလျှင်လည်း မဟာစည်ဆရာတော်ဘုရားကြီး၏ သြဇာရှိသော လေးနက်ချိုမြိန်စည်းလုံးသော အသံတော်သည် ကျွန်ုပ်တို့၏နားဝ၌ ပဲ့တင်ထပ်မျှ ကြားနာခဲ့ရပေသည်။ ပြန်လည်စဉ်းစားမိတိုင်း ယခုလောလောဆယ် ရွတ်ဆိုနေဘိသကဲ့သို့ ကြားယောင်မိပါသည်။

တည်ငြိမ်ခဲ့ညားသောအသံတော်၊ ပဲ့တင်ရိုက်ခတ်မြည်ဟိန်းသော အသံတော်၊ မကွဲမပြားစည်းလုံးသော အသံတော်၊ ချိုမြိန်သော အသံတော်၊ ရင်တွင်းမှ နက်ရှိုင်းစွာ ဖြစ်ပေါ်လာသော အသံတော်၊ အသံဝါ အသံသြဖြစ်ခြင်းကြောင့် ကြားနာ၍ မဝသော အသံတော် အမျိုးအစားဖြစ်သည်ကို နာဖူးသူတိုင်း၊ ကြားဖူးသူတိုင်း ဝန်ခံကြရပေလိမ့်မည်။

မဟာစည်ဆရာတော်ဘုရားကြီးသည် မဟာသတိပဋ္ဌာနသုတ်တော်လာ ဝိပဿနာ ရှုနည်းများကို လက်တွေ့နှင့်သဘောတရားယှဉ်တွဲဟောကြားနိုင်ခြင်း၊ ပြသနိုင်ခြင်း၊



ရေးသားနိုင်ခြင်းတို့ကြောင့် မဟာစည်ဝိပဿနာရှုနည်းနှင့်မဟာစည် ကမ္မဋ္ဌာန်းရိပ်သာများသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံး လွှမ်းခြုံနိုင်ရုံသာမကသေး၊ ဥရောပနိုင်ငံများ၊ အမေရိကန်နိုင်ငံ၊ ဂျပန်၊ နယူးဇီလန်၊ ဩစတေးလျား၊ အာရှတိုက်နိုင်ငံများ စသည်ဖြင့် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ခဲ့ရာ မဟာစည်ရိပ်သာပေါင်း ထောင်နှင့်ချီ၍ ဖြစ်ပေါ်လာခဲ့သည်။

ထို့ပြင် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများ မတူကွဲပြားအငြင်းပွားနေသည်များကို ညှိနှိုင်း ဆုံးဖြတ်ပေးခြင်းဖြင့် မဟာစည်ဆရာတော်ဘုရားကြီး၏ ပရိယတ္တိစာပေကျမ်းဂန် ကျွမ်းကျင်နိုင်နင်းမှုကို ခန့်မှန်းကြည်ညိုရပေသည်။ ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ ကျမ်းကြီးကို ခဲရာခဲဆစ် အဆုံးအဖြတ်များ ထည့်သွင်း၍ ရေးသားလိုက်သောအခါ မဟာစည်ဆရာတော်ဘုရားကြီး၏ ပရိယတ္တိဉာဏ်နက်ရှိုင်းစွာ စူးရှထိုးဖောက်နိုင်သော ဉာဏ်ရည်ကို ပရိယတ္တိ စာပေပညာရှင်များ တအံ့တသြ ချီးကျူးကြရသည်။

ကျွန်တော်သည် ဆရာတော်ဘုရားကြီးသက်တော်ထင်ရှားရှိစဉ် တစ်ကြိမ်တစ်ခါမှ တရားမနာလိုက်ရချေ။ ဆရာတော်ဘုရားကြီးဟောတာက ဝိပဿနာတရား၊ ကမ္မဋ္ဌာန်းတရား၊ ကမ္မဋ္ဌာန်းအလုပ်ဆိုတာလူကြီးတွေရဲ့အလုပ်၊ တို့ကငယ်ပါသေးတယ်။ ကြီးတော့မှ ကမ္မဋ္ဌာန်းတရားအားထုတ်တာပေါ့စသည်ဖြင့် ဆင်ခြေဆင်လက်အကြောင်းပြချက်များနှင့်တရားမထိုင်လိုက်ရချေ။

ဆရာတော်ဘုရားကြီးပျံတော်မူသွားခါမှ ဝိပဿနာရှုနည်းကျမ်းများ၊ ဓမ္မစကြာတရားတော်၊ အနတ္တလက္ခဏသုတ်တရားတော်၊ နိဗ္ဗာန်ဆိုင်ရာတရားတော်စသော ကျမ်းစာအုပ်များကို ဖတ်ရှုမိတော့သည်။ ထိုအချိန်ရောက်မှ ဆရာတော်ဘုရားကြီး၏ကျေးလူးကော်၊ ဂုဏ်တော်တို့ကို မှန်းဆ၍ တမ်းတကြည်ညိုရပါတော့သည်။

ဆရာတော်ဘုရားကြီးသည် ၁၂၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၃)ရက်၊ (၂၉-၇-၁၉၀၄) နေ့တွင် ဖွားမြင်တော်မူခဲ့၍ သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါရောက်သောအခါ ၁၃၄၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၀)ရက် (၁၄-၈-၈၂) နေ့တွင် စုတိကမ္မဇရုပ်ချုပ်ငြိမ်း၍ ပျံလွန်တော်မူခဲ့ရာ ယခုနှစ်တွင် ဆရာတော်ဘုရားကြီး ဖွားမြင်တော်မူခဲ့သည်မှာ နှစ်ပေါင်း (၁၀၀)ကြာ ရှိခဲ့ပေပြီ။

ပျံလွန်တော်မူခဲ့သည်မှာ (၂၂) နှစ်နီးပါးကြာရှိခဲ့သော်လည်း ကျွန်ုပ်တို့၏ နား၀တွင်မူ ဆဋ္ဌသင်္ဂါယနာတင်စဉ်က ရွတ်ဆိုခဲ့သောအသံတော်ကို ကြားယောင်လျက်ပင် ရှိပေသည်။ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးသို့ ရောက်သည့်အခါတိုင်း ဆရာတော်ဘုရားကြီး၏ ကျမ်းစာအုပ်များကို ဖတ်လိုက်တိုင်း၊ ဆရာတော်ဘုရားကြီး၏ ရုပ်ပုံလွှာကို မြင်ယောင်လျက် ရှိပေသည်။

ကျွန်ုပ်နှင့်အလားတူ ဆရာတော်ဘုရားကြီး၏ တပည့်ရဟန်းသံဃာများ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၏ နှလုံးသားအတွင်း၀ယ် ဆရာတော်ဘုရားကြီး၏ ရုပ်ပုံလွှာကိန်း၀ပ်တည်ရှိနေပြီဖြစ်သည့်အပြင် ဆရာတော်ဘုရားကြီး၏ အသံတော်ကိုလည်း ကြားယောင်လျက် ရှိနေကြပေသည်။ ပြည်တွင်း ပြည်ပ ရဟန်းရှင်လူအပေါင်းတို့သည် ဆရာတော်ကြီး ဟောကြားတော်မူသော တရားသံများကို နာကြားလျက် ဆရာတော် ကြီးရေးသားပြုစုခဲ့သော ကျမ်းစာအုပ်များကို ဖတ်ရှုလျက် ဆရာတော်ကြီး ဆုံးမညွှန်ပြခဲ့သည့် ဝိပဿနာ ရှုနည်းအတိုင်း ရှုမှတ်လျက်ရှိကြပေသည်။

ထို့ကြောင့် ဆရာတော်ကြီးသည် ကျွန်ုပ်တို့၏ နှလုံးသားအတွင်း၀ယ် ဆက်လက်ရှင်သန် တည်ရှိနေမည်ဖြစ်ကြောင်း ကြည်ညိုသဒ္ဓါစိတ်ဖြင့် ဖော်ပြလိုက်ရပါသတည်း။ ။

မောင်အံ့

(မဟာဝိဇ္ဇာ–ဘုံဘေ)





ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ နှစ်တစ်ရာပြည့်သော ယခုအချိန်အခါတွင် မြန်မာပြည်အရပ်ရပ်နှင့် ကမ္ဘာ့အချို့နိုင်ငံများ၌ မဟာစည် ကမ္မဋ္ဌာန်းဌာနခွဲများ၊ မဟာစည် ဩဝါဒခံကမ္မဋ္ဌာန်းဌာနများ များစွာတိုးတက်ဖြစ်ထွန်းလျက် ရှိနေပါပြီ။ ထို ကမ္မဋ္ဌာန်းဌာနများတွင် မဟာစည်ဆရာတော်ဘုရားကြီး၏ တပည့်များဖြစ်ကြသော မဟာစည် မျိုးဆက်သစ် ကမ္မဋ္ဌာနာစရိယ ဆရာတော်များ၊ သီလရှင်ဆရာကြီးများနှင့် လူကမ္မဋ္ဌာနာစရိယများသည် တရားဟော၊ တရားပြ ပဋိပတ္တိ သာသနာ့တာဝန်ကို ဆောင်ရွက်လျက် ရှိနေကြပေသည်။

မှန်လှ၏။ ကမ္မဋ္ဌာန်းဌာနတစ်ခုတွင် ပဓာနလိုအပ်ချက်မှာ ကမ္မဋ္ဌာနာစရိယများ ဖြစ်ပေရာ ကမ္မဋ္ဌာန်းဌာနတစ်ခု တည်ထောင်ဖွင့်လှစ်တော့မည်ဆိုလျှင် ပဓာနလိုအပ်ချက်ဖြစ်သော ပရိယတ်၊ ပဋိပတ် နှစ်ရပ်စွယ်စုံရ ကမ္မဋ္ဌာနာစရိယတစ်ပါး ရရှိနိုင်ရန်မှာ မလွယ်ကူလှပေ။ ထို့ကြောင့်ပင် ရန်ကုန်မြို့၊

ဗုဒ္ဓသာသနာနုဂ္ဂဟအမွေ့ နှင့် မဟာစည်

မဟာစည် အရှင်ဇဋိလ တင်ပြသည်။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

သာသနာ့ရိပ်သာကြီးကို ကမ္ဘာန်းကျောင်းအဖြစ် ဖွင့်လှစ်တော့မည့်အခါတွင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌကိုယ်တိုင် ကမ္ဘာန်းဆရာ ရှာပုံတော် ဖွင့်ခဲ့ရသည် မဟုတ်ပါလော။

ဗုဒ္ဓ သာသနာ နုဂ္ဂဟအဖွဲ့

ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ကား- ထေရဝါဒ ဗုဒ္ဓသာသနာရောင်ဝါထွန်းပြောင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက် နံနက် (၄) နာရီ မိနစ် (၂၀)အချိန်တွင် ဗြိတိသျှ လက်အောက်ခံဘဝမှ လွတ်မြောက်၍ အချုပ်အခြာအာဏာပိုင်ခွင့် လွတ်လပ်ရေး ရခဲ့ပါသည်။ ထိုအခါက ဝန်ကြီးချုပ် ဦးနုသည် မိမိ၏စိတ်၌ နိုင်ငံနှင့် သာသနာ ရွှေပေါ်မြတင်ဖြစ်စေ ချင်သောဆန္ဒ ပြင်းပြလှသဖြင့် ကောလာသတောင်မှာ ဥပုသ်ဆောင်ဝင်၍ အပြန် ၁၃၀၉ ခု၊ နတ်တော်လဆန်း(၁)ရက်နေ့တွင် ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်နိုင်လောက်သော သိက္ခာဂုဏ်နှင့်ပြည့်စုံသော လူကြီးမင်းများကို မိမိအိမ်သို့ ဖိတ်ခေါ်ဆွေးနွေး၍ ဗုဒ္ဓသာသနာတော် မြတ်ကြီးကို အစွမ်းကုန် ချီးမြှောက်နိုင်ရန် "ဗုဒ္ဓသာသနာနုဂ္ဂဟ" အမည်ရှိသောအဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

ထိုအဖွဲ့တွင် (၁) သူဌေးကြီး ဆာဦးသွင်-ဥက္ကဋ္ဌ (၂) ဘဏ္ဍာရေးဝန်ကြီး မြန်မာ့အလင်း ဦးတင်-ဒုတိယဥက္ကဋ္ဌ(၃) အမြတ်တော်မင်းကြီး ဦးစံသိန်း-အကျိုးတော်



ရဂူတန်း - ဦးဆိန်ထိုင် (အမှုဆောင်)၊ ဦးကျော်ဇော (ဘဏ္ဍာဝရုံမှူး)၊ ဦးကိုကို (အမှုဆောင်)၊ ဦးဟုန်းမြင့် (တွဲ-အတွင်းရေးမှူး)၊ ဦးတင်ဝမ် (ဥက္ကဋ္ဌ)၊ ဦးဝင်းထိန် (ဒုဥက္ကဋ္ဌ-၁)
(ဝဲမှယာ) ဦးတိုက်ဝိုး (အတွင်းရေးမှူး)၊ ဦးကြင် (စာရင်းစစ်)၊ ဦးစောမြင့် (အမှုဆောင်)၊ ဦးညီမောင် (နာယက)၊ ဦးချွေသန်း (ဒု-ဥက္ကဋ္ဌ-၂)
နောက်တန်း ဦးဝင်းမေ (အရံအမှုဆောင်)၊ ဦးဝိုးဝင်း (အရံအမှုဆောင်)၊ ဦးမောင်မောင် (အမှုဆောင်)၊ ဦးဝိုးထိုက်အောင် (အရံအမှုဆောင်)၊ ဦးသန်းအောင် (အမှုဆောင်)
(ဝဲမှယာ) ဒေါက်တာဦးကျော်မြင့် (အမှုဆောင်)၊ ဦးတင်သိန်း (အရံအမှုဆောင်)၊ ဦးဝင်းရွှေ (အမှုဆောင်)၊ ဦးလှမြင့် (အမှုဆောင်)၊ ဦးမျိုးဝေ (အမှုဆောင်)၊ ဦးလှဝွေ (အမှုဆောင်)
ဒေါက်တာတင်ဝိုးလင်း (အမှုဆောင်)၊ ဦးထွန်းရည် (အမှုဆောင်)
(တက်ပုံတွင်မပါဝင်သူများ) - ဦးကျော်မြင့်သန်း (အရံအမှုဆောင်)၊ ဦးသန်းဇော (အမှုဆောင်)

ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်အဖွဲ့

ဆောင် (၄) ကုန်သည်ကြီး ဦးအုန်းခိုင် ဘဏ္ဍာထိန်း (၅) ငွေစာရင်းမင်းကြီး ဦးဘခင် - စာရင်းစစ် (၆)ကျောင်းကုန်းမြို့ စက်သူဌေးဦးသာထက်-အမှုဆောင် (၇) ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဟင်္သာတ ဦးမြ-အမှုဆောင် (၈) ကုန်သည်ကြီး ဦးတင်ဘွား-အမှုဆောင်တို့ ဖြစ်ကြသည်။



အဖွဲ့ဖွဲ့ပြီးနောက် အဖွဲ့တည်ရာ မြေနေရာရွေးချယ်ကြရာ ပထမ စဉ်းစားသည့် အင်းယားကန် အလယ်ကျွန်း၊ ဒုတိယ စဉ်းစား သည့် ကန်တော်ကြီးစောင်းတို့မှာ အသံဆိတ်သော်လည်း အသွား အလာမလွယ်၊ အသွားအလာ လွယ်သော်လည်း ဆိတ်ငြိမ်မှုမရှိ၊ လိုအပ်သော အင်္ဂါမပြည့်၍ တတိယ ညွှန်ပြသည့် ဦးဘထွန်း၏ ခြံမြေ ကွက်ကို နှစ်သက်ကြည်ဖြူ အမျှ သဘောတူကြသည်။ ထို့တွင် ဥက္ကဋ္ဌကြီး ဆာဦးသွင်က ထိုမြေ ကွက်နှင့် တစ်ဆက်တည်းရှိသော မိမိအိမ်မြေယာ၌ -

၁။ မြို့နှင့်မနီးမဝေးတည်ရှိခြင်း။

၂။ သွားလမ်း, လာလမ်းတို့နှင့် ပြည့်စုံခြင်း။

၃။ အလွယ်တကူ သွားရောက်နိုင် ခြင်း။

၄။ နေ့, ည၌အခါ လူသူများနှင့် ရောပြွမ်းမှုမရှိခြင်း။

၅။ သူတော်ကောင်းတို့ တစ်ကိုယ် တည်း ကိန်းအောင်းရန် လျော် ကန်သင့်မြတ်ခြင်း။

ဟူသော အင်္ဂါငါးပါးနှင့်ပြည့်စုံ သည့်အပြင် ထိုနေရာသည် အရိပ်, ရေစမ်း စိမ်းလန်းစုံလင်သဖြင့် သူ တော်ကောင်းများ တရားနှလုံးသွင်း တော်မူကြပါက အာဝါသ သပ္ပါယ အထောက်အပံ့ရမည်ဖြစ်၍ လူကြီး မင်းတို့က သာသနာရေးအတွက် အသုံးပြုလိုကြပါလျှင် မိမိက ဝမ်း မြောက်ဝမ်းသာ လှူဒါန်းလိုပါကြောင်း ဖွင့်ဟပြောဆိုရာ အမှုဆောင်လူကြီး မင်းအားလုံးတို့က ရွှင်ပြုံးနုမော် သာ မုခေါ်၍ သဘောတူလက်ခံခဲ့ကြပါ သည်။

သာသနာတော်စောင့်နတ် နှဲ့ ဆော်လတ်သကဲ့သို့ လျောက်ပတ် သော မြေနေရာကို လွယ်ကူစွာရရှိ ခဲ့သည်။ အဆောက်အဦများ မဆောက်လုပ်မီ ထိုနေရာ၏အမည် ကို သာသနာတော်အတွက် ဆောင် ရွက်မည့်နေရာဖြစ်သောကြောင့် "သာသနာ့ရိပ်သာ"ဟု အမည်ပေးခဲ့ သည်။ဘူမိဝိသောဓန အပြစ်ဒေါသ သန့်ရှင်းစေရန် အန္တရာယ်ကင်း ပရိတ်တော်များ ခုနစ်ရက်ခုနစ်လီ ရွတ်ဖတ်ပူဇော်ကြရန် ၁၉၄၈-ခု၊ နိုဝင်ဘာလ (၁၄)ရက်တွင် ထိုမြေ ဝယ် အစဦးစွာ ကျင်းပသော (၁၂) ကြိမ်မြောက် အမှုဆောင် အစည်း အဝေး၌ ဆုံးဖြတ် အတည်ပြုခဲ့ ကြသည်။ ဆုံးဖြတ် အတည်ပြုခဲ့ကြ သည့်အတိုင်း ၁၃၁၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်နေ့မှစ၍ နံနက် (၇) နာရီမှ (၈)နာရီအထိ အလှည့်ကျ နေ့စဉ် နေ့စဉ် နေပြည်တော်လေးပြင်မှ ဆရာတော် (၁၀)ပါး၊ (၁၀)ပါး ပင့် ဖိတ်၍ ပရိတ်တော်ရွတ်ဖတ်ပူဇော်ပွဲ ဆင်နွှဲကျင်းပခဲ့ပါသည်။

သာသနာ့ရိပ်သာ ဤနေရာ တွင် အစကပင် ရည်ရွယ်ရင်းရှိ သည့်အတိုင်း သူဌေးကြီး ဆာ ဦးသွင်၊ သူဌေးကတော် ဒေါ်ဒေါ် သိန်းနှင့် (သား) တရားလွှတ်တော် တရားဝန် ကြီးဟောင်းဦးစန်းမောင်၊ (သမီး) တရားဝန်ကြီးဟောင်း ကတော် ဒေါ်ခင်ခင်ကြီးတို့က သာသနမလဝိသော ဓနိသိမ်တော်၊ မော်ကွန်းတိုက်၊ ဖလ်ယဉ်ဓမ္မာရုံကြီး၊ ဝိစိတ္တာရုံကမ္မဋ္ဌာန်းတိုက်၊ ရေချိုး ခန်း ဝစ္စကုဋီများကို ထပ်မံ ဆောက် လုပ်လှူဒါန်းခဲ့ကြပါသည်။ ဇေယျ ဝတီ သကြားစက်သူဌေးကဦးနုအား လှူဒါန်းသောငွေဖြင့် ပိဋကတိုက်နှင့် အသုံးအဆောင်တို့ကိုလည်းကောင်း၊ ကမ္မဋ္ဌာန်းကျောင်း ဆောင်တို့အနက် အခန်းပေါင်း (၁၀) ခန်းစီတွဲလျက် အလယ်ဓျက်၌စကြံပါသော ၁၆၀၀ ကျော်တန်ကမ္မဋ္ဌာန်းကျောင်းတိုက် နှစ်ဆောင်တို့ကို ရန်ကုန်မြို့၊ ကုန် စိမ်းတန်း သူဌေး ဟာသ်တ ဦးမြနှင့် ဒေါ်ဒေါ်ပုတို့က လည်းကောင်း၊ ရန်ကုန်မြို့၊ ဆင်းဒဝစ်လမ်း၊ ကုန် သည်ကြီး ဦးချစ်မောင်၊ဒေါ်သန်းမြင့် သားသမီးတစ်စုတို့ကလည်းကောင်း အသီးသီး တစ်ဆောင်စီ ဒါယကာခံ ကြ၏။ ထို့အပြင် (၈) ခန်းတွဲ အမျိုး သမီးယောဂီဆောင်တိုက်တန်းလျား (၁၀)ခန်းတွဲ၊ အုတ်ဂူဝိုင်းကြီး (၁၀)ခန်းတွဲ၊ တိုက်တန်းလျား ကမ္မဋ္ဌာန်းကျောင်းများအပြင် နိုင်ငံ ခြားသားများ တရားအားထုတ်ရန် ကမ္မဋ္ဌာန်းတိုက် စသည်တို့ကိုလည်း ဟာသ်တ ဦးမြနှင့်သားများ၊ ကုမ္ပဏီ၊ ဦးဆင်-ဒေါ်ဌေး ကုမ္ပဏီ၊ ဦးမြရင် ကုမ္ပဏီ၊ ဦးဘိုးငြိမ်းကုမ္ပဏီ၊ ချပ် သင်းသူဌေး ဦးဘသင်-ဒေါ်ဒေါ်



သိန်း စသော ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်အပေါင်းတို့က ကောင်းမှု ဒါယကာခံခဲ့ကြပါသည်။

ပရိယတ်၊ ပဋိပတ်နှစ်ရပ် သော သာသနာတော်ကို အစွမ်း ကုန်ချီးမြှောက်ရန်ဟု ရည်သန်ချက် အရင်းခံရှိကြသဖြင့် ပဋိပတ္တိသာသနာ အတွက်ကမ္မဋ္ဌာနာစရိယ နာယက ဆရာတော် သီတင်းသုံးရန် မဂ်လာ စံကျောင်းတော်၊ အနုနာယက ကျောင်းဆောင်များ တည်ထား ဆောက်လုပ်ပြီးစီးလတ်သော် ဥက္ကဋ္ဌ ကြီး ဆာဦးသွင်သည် နိုင်ငံတော် အနှံ့ ခရီးဆန့်၍ ပရိယတ်၊ ပဋိပတ် နှစ်ရပ်စုံစွာ ပြည့်စုံတော်မူသော ကမ္မဋ္ဌာန်းဆရာကို လိုက်လံရှာဖွေခဲ့ လေတော့သည်။

ပရိယတ်၊ ပဋိပတ် စွယ်စုံဟတ် ကျွမ်းတော်မူသည့် ကမ္မဋ္ဌာန်းဆရာကို နေရာအနှံ့လိုက်ရှာရင်း စစ်ကိုင်းမြို့သို့ ရောက်သွားသည်။ စစ်ကိုင်းမြို့သို့ ရောက်သောအခါ ရွှေဘိုနယ်၊ ဆိပ်ခွန်ရွာတွင် မဟာစည်ခေါ် ဆရာတော်တစ်ပါး တရားပြလျက် ရှိကြောင်း သတင်းကောင်းကြား ရလေသည်။

ကင်းဆရာတော်နှင့် သီးလုံးဆရာတော်

ခရစ်သက္ကရာဇ် ၁၈၅၀ ပြည့်နှစ်တွင် မန္တလေးနေပြည်တော် ကြီး၌ မင်းတုန်းမင်းကြီး ထီးနန်း စိုးစံနေစဉ် ရွှေဘိုနယ်ဘက်၌ အနာဂါမ်ဟု ထင်ရှားသော သီးလုံးဆရာတော် တစ်ပါး ထင်ရှား ပေါ်ပေါက် လာလေသည်။ ငယ်စဉ်က ကင်း ဆရာတော်နှင့် သီးလုံးဆရာတော် တို့သည် ရဟန်းငယ်ဘဝတွင် ညီရင်းအစ်ကိုကဲ့သို့ အလွန် ခင် မင်ကြသည်။ ၎င်းတို့သည် နမော ဆရာတော်ဘုရားကြီးထံ၌ အတူ တကွ ပရိယတ်ကျမ်းဂန်များကို လေ့လာ ဆည်းပူးတော်မူကြသည်။ ပရိယတ် အတော်အတန် ပြည့်စုံ သောအခါ စာသင်တိုက်မှ ထွက်ခဲ့ ကြ၍ ကင်းဆရာတော်ဖြစ်မည့် ဦးခေမာစာရက တရားအားထုတ် ရန်အတွက် မင်းကွန်း ကင်းတောရ သို့ ကြွသွားလေသည်။ သီးလုံးဆရာ တော်ကတော့ သီးလုံးတွင်ပင် စာ သင်တိုက်တည်ကာ စာချလေသည်။ ဤသို့လျှင် သူငယ်ချင်း နှစ်ပါးတို့ တွင် တစ်ပါးက ပဋိပတ်၊ တစ်ပါး က ပရိယတ်သာသနာ့တာဝန်တို့ကို ထမ်းဆောင်တော်မူကြသည်။

နှစ်, လအတန်ကြာသောအခါ ကင်းဆရာတော်သည် တရားအား ထုတ်၍ တရားအရသာများကို သိရ သဖြင့် သူငယ်ချင်းဖြစ်သူ သီးလုံး ဆရာတော်ကို အမှတ်ရလေသည်။ "ကိုသီးလုံးကော့ ခုအချိန်မှာ စာချ နေမှာပဲ၊ စာနှင့်အချိန်မကုန်ဘဲနှင့် ရဟန်းကိစ္စပြီးအောင် အားထုတ်ဖို့ အတွက် ငါသွားပြီးတော့ သတိပေး ဦးမှပဲ" ဟုကြံပြီး မင်းကွန်းမှ သီးလုံး သို့ လာခဲ့လေသည်။ သီးလုံးသို့ ရောက်သောအခါ သူငယ်ချင်း နှစ်ပါး ဝမ်းမြောက်ဝမ်းသာ ပြောဆို ကြပြီးနောက် သီးလုံးဆရာတော်ကို ကင်းဆရာတော်က 'စာနှင့်သာ အချိန်မကုန်ဖို့။ ရဟန်းကိစ္စပြီး အောင် အားထုတ်ဖို့' တိုက်တွန်း ပြောဆိုသည်။ ၎င်းနောက် ကင်း ဆရာတော်သည် မင်းကွန်းသို့ အပြန် သီးလုံးဆရာတော်က လိုက်ပို့ သည်။ တစ်ပတ်ကလေးတစ်ခုသို့ ရောက်သောအခါ လိုက်ပို့သော သီးလုံးဆရာတော်ကို ထပ်မံ၍ တရား ကို ကြိုးစားအားထုတ်ဖို့ ပြောဆိုနှုတ် ဆက်ပြီး ကောင်းကင်ခရီးဖြင့် မင်း ကွန်းသို့ ပြန်ကြွလေသည်။

ထိုအချင်းအရာကို သီးလုံးဆရာ တော် မြင်သောအခါ "ကိုခေမာတို့ များ တော်လိုက်တာ၊ နက်ဖြန်ခါလာ ရင်တော့ သေသေချာချာ တရားဆွေး နွေးရဦးမယ်"ဟု မျှော်လင့်နေခဲ့၏။ နောက်တစ်နေ့ရောက်သောအခါ မင်းကွန်းမှ ဒါယကာတစ်ယောက် ရောက်လာပြီး ကင်းဆရာတော် ပုံ လွန်တော်မူပြီဖြစ်ကြောင်း သတင်း ရောက်လာသည်။ ထိုအခါ သီးလုံး ဆရာတော်သည် ဓမ္မသံဝေဂဖြစ်၍ ကင်းဆရာတော်၏ဈာပနကို သွား ရောက်သဂြိုဟ်ပြီးနောက် သပိတ် တစ်လုံးနှင့် သင်္ကန်းသုံးထည်ကိုယူ ကာ သူငယ်ချင်း ကင်းဆရာတော် ဦးခေမာစာရ မှာကြားခဲ့သည့် အတိုင်းစဉ်ကူးနယ်၊ ခက်သင်ကျေးရွာ တောရကျောင်း၌ တရားများ အား ထုတ်တော်မူလေသည်။ကာလကြာ သောအခါ သီးလုံးဆရာတော်သည်



အနာဂါမ်ပုဂ္ဂိုလ်ဖြစ်သည်ဟု ကျော်ကြား‌လာ၏။ ထိုအကြောင်းကို မင်းတုန်းမင်းကြီးကြားသိသော အခါ သေချာစွာ စုံစမ်းထောက် လှမ်း၍ လွန်စွာ ကြည်ညိုလှသဖြင့် နှစ်ထပ်တိုက် ကျောင်းကြီးတစ်ဆောင် ဆောက်လုပ် လှူဒါန်းလေသည်။

တစ်ခါသော် ရှိမ်းမကား အမည်ရှိသောရွာ၌ သိမ်သမုတ်ပွဲ ရှိရာနေ ပြည်တော်မှ မင်းဆရာများ နှင့်သီးလုံး ဆရာတော်တို့ပါ ကြွကြလေသည်။ ထိုညတွင် သိမ်မသမုတ်မီအချိန်ရသဖြင့် သီးလုံးဆရာတော်အား တရားများဟောကြားပါရန် ဝိုင်းဝန်း၍ လျှောက်ထားကြလေသည်။ သီးလုံး ဆရာတော်သည် အစပိုင်း သီလဝိသုဒ္ဓိမှစ၍ ဝိပဿနာဉာဏ် အဆင့်ဆင့် တက်ပုံ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် အဆင့်ဆင့်ရောက်ပုံတို့ကို အနာဂါမ်ဖြစ်သည်အထိ ဟောပြတော်မူလေသည်။ ထိုတရားကို နာပြီးသောအခါ မင်းဆရာတော်များက သီးလုံးဆရာတော်သည် အနာဂါမ်ပုဂ္ဂိုလ်ဖြစ်သည်ဟု အားလုံးက လက်ခံကြသည်။

မဟာစည်ဆရာတော်

ထိုသီးလုံးဆရာတော်ဘုရားကြီးထံမှ ကမ္မဋ္ဌာန်းနည်းယူ၍ မင်းကွန်းဦးမဏ္ဍလာ ဆရာတော်က ဆက်လက် အားထုတ်ပါသည်။ တစ်ဖန် ဦးမဏ္ဍလာဆရာတော်ထံမှ မင်းကွန်းဇေတဝန် ဆရာတော်ဘုရားက ဆက်လက် နည်းခံအား‌ထုတ်ပါသည်။ ထိုမင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးထံမှ ဘဒ္ဒန္တ သောဘန (မဟာစည်) ဆရာတော် နည်းခံအားထုတ်ခဲ့ပါသည်။ ဘဒ္ဒန္တ သောဘနသည် တရားများ အား‌ထုတ်ပြီးနောက် ဇာတိရပ်ဖြစ်သော ဆိပ်ခွန်ရွာရှိ ဆွေမျိုးများအား ဤဝိပဿနာ တရားများကို အား‌ထုတ်စေရလျှင် ကောင်းလေစွဟု အကြံဖြစ်၍ မော်လမြိုင်၊ တောင်ဝိုင်း လေးကျောင်းတိုက်တွင်စာချနေရာမှ ဆိပ်ခွန်ရွာသို့ကြွ၍ တရားများ ဟောကြားပြသခဲ့ပါသည်။

ဘဒ္ဒန္တသောဘန တရားဟော တရားပြသော ဆရာတော် ဦးကုသလ ကျောင်းတွင် စည်တော်ကြီးတစ်လုံး ရှိ၍ တရားဟောသောအခါ ထိုစည်ကြီးကိုတီးခတ်ပြီး တရားဟော၏။ ထို့ကြောင့် ထိုကျောင်းကို မဟာစည်ကျောင်းဟု ခေါ်ကြသည်။ တရားဟော တရားပြသော အရှင်သောဘနကိုလည်း မဟာစည်ဆရာတော်ဟု ခေါ်ကြသည်။ မဟာစည်ဆရာတော်သည် အနာဂါမ် သီးလုံးဆရာတော်၏ အဆက်အနွယ်တည်းဟု သတင်းရရှိသော ဆာဦးသွင်သည် စစ်ကိုင်းတောင်ရိုးခေမေသကချောင်မဟာစည် တရားအားထုတ်ဖူးသော သီလရှင်ဆရာကြီးများနှင့် တိုင်ပင်ကာ မဟာစည်ဆရာတော်ကို ပင့်ဖိတ်၍ တရားနာယူ စူးစမ်းထောက်လှမ်းသည်။ နှစ်သက်ဝမ်းမြောက်လှသဖြင့် စစ်ကိုင်းမှအပြန် ရန်ကုန်သို့ အရောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုအား အကြောင်းအကျိုးပြောပြပြီး ပင့်ဆောင်ရန် အကြံပေးသည်။ အကြံပေးချက်အရ ၁၃၁၁-ခု၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ဦးနုကိုယ်တိုင် ရွှေဘိုနယ်၊ ဆိပ်ခွန်ရွာ၊ ကမ္မဋ္ဌာနာစရိယအကျော် မဟာစည်ဆရာတော်အား ပဋိပတ္တိသာသနာတော်ကို အစွမ်းရှိသမျှ ပြုစုတော်မူပါရန် တောင်းပန်စကား ရိုသေစွာသွားရောက်လျှောက်ထား၏။ ထို့နောက် သာသနာ့ရိပ်သာ မဂ်လာစံကျောင်းသို့ လေကြောင်းမှပင့်ဆောင်ပြီးလျှင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကပင့်၍ တာဝန်ယူဆောင်ရွက်လျက် ထောက်ပံ့လှူဒါန်းခဲ့ကြပါသည်။

ထိုအချိန်မှစ၍ မဟာစည်ဆရာတော်လည်း တပည့်လက်သား‌များနှင့်တကွ ၁၃၁၁-ခု၊ နတ်တော်လပြည့်နေ့မှအစပြု၍ အရပ်လေးမျက်နှာမှ လာလာသမျှ ယောဂီအပေါင်းတို့အား နေ့ညမအား တရားဓမ္မ ဟောကြားပြသကာ ပဋိပတ္တိသာသနာကို ပြုခဲ့ပါသည်။

မျိုးဆက်သစ် ကမ္မဋ္ဌာန်းဆရာများ

ဝန်ကြီးချုပ်ဦးနုသည် မဟာစည်တရားအားထုတ်နည်းကို လေ့လာအားထုတ်ပြီးနောက် ရပ်၊ သွား၊ ထိုင်၊ လျောင်း ကျရိယာပုထ်



အပေါင်း၌ မှတ်နိုင်ပုံ၊ တရားဟော ပြပုံ၊ အကွက်စေ့စေ့ တရားအား ထုတ်ပုံ၊ တရားစစ်ပုံတို့ကို သဘော ကျလှပေသည်။ ထို့နောက် ပဋိပတ္တိ သာသနာ ပြန့်ပွားရေးအတွက် မြို့နယ်တစ်ခုတစ်ခုမှ ရဟန်းတော် တစ်ပါးနှင့် ဒါယကာ တစ်ယောက် ကျ ရန်ကုန်ရိပ်သာကြီးသို့ လာရောက်၍ တရားအားထုတ်ကြရန် ဖိတ်မန္တ်ကပြုပြီး နယ်ပိုင်များမှ တာဝန်ယူ၍ ပင့်ဆောင်ရန် ညွှန်ကြားလေသည်။ ထို့ကြောင့် မြန်မာပြည် အနယ်နယ် အရပ်ရပ်မှ ဆရာတော်များနှင့် ဒါယကာများ လာရောက်တရားအားထုတ်ကြပြီး အသီးသီး မိမိတို့ နယ်ဌာနများ၌ ကမ္မဋ္ဌာနာစရိယများ တာဝန်ကို ဆောင်ရွက်ကာ ပဋိပတ္တိသာသနာကို ပြုကြပါသည်။

ဆဋ္ဌသင်္ဂီယနာ ခေတ်အခါ၌ကား မဟာစည်ဆရာတော်သည် သီဟိုဠ် (သီရိလင်္ကာ)၊ ယိုးဒယား (ထိုင်း) အစရှိသော နိုင်ငံခြားများသို့ ကြွရောက်ကာ တရားဓမ္မဟောကြားပြီး မြန်မာပြည်သို့ လိုက်ပါလာကြသော နိုင်ငံခြားသား ရဟန်း, ရှင်, လူများကို တရားအားထုတ်၊ တရားသင်တန်းများ လိုက်စေကာ မိမိဆိုင်ရာ နိုင်ငံများ၌ ကမ္မဋ္ဌာနာစရိယများ ပြုလုပ်ကာ ပဋိပတ်သာသနာတော်ကို ပြန့်ပွားစေခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် သက်တော် (၇၀ကျော် နောက်ပိုင်း၌ အမေရိကန်၊ အင်္ဂလန် အစရှိသော အနောက်နိုင်ငံများသို့လည်း ကြွရောက်တရားဟော တရားပြကာ မိမိနှင့်အတူ လိုက်ပါသော ရဟန်းတော်များကို ထိုနိုင်ငံတို့၌ ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် ထားရစ်ခဲ့၍လည်းကောင်း၊ နိုင်ငံခြားသားများကို ကမ္မဋ္ဌာနာစရိယ သင်တန်းများပေး၍ လည်းကောင်း၊ ပဋိပတ်သာသနာကို ပြုတော်မူခဲ့ပါသည်။

မဟာစည်ရိပ်သာများ

နာယကအဖွဲ့ကြီး

၁၉၈၂ ဩဂုတ်လ ၁၄ ရက် မဟာစည်ဆရာတော်ဘုရားကြီး စံလွန်တော်မူပြီးနောက် ၇-နှစ်၊ ၉-လကျော် အကြာကာလ၌ကား မဟာစည်ရိပ်သာများ နာယကအဖွဲ့ကြီးနှင့် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့တို့ အညီအညွတ် စည်းဝေးတိုင်ပင်ကြ၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌကြီး ဦးပွင့်ကောင်းနှင့် ရွှေပုစွန်မိသားစု များ လျှုပါန်းသော မဟာစည် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု သင်တန်းကျောင်းတွင် နိုင်ငံခြားသားများကို တရားပြနိုင်ရန် အတွက် မဟာစည် ကမ္မဋ္ဌာနာစရိယဆရာတော်များ မွေးထုတ်ပေးခဲ့ပါသည်။

မဟာစည် ကမ္မဋ္ဌာနာစရိယ ကမ္မဋ္ဌာန်းဆရာသည် ဓမ္မာစရိယတန်း အောင်ရမည်။ ရဟန်း(၁၀)ဝါရှိရမည်။ မဟာစည်တရားအားထုတ်၍ ဉာဏ်စဉ်နာပြီး ကမ္မဋ္ဌာန်းဆရာသင်တန်းလိုက်ပြီးသော ရဟန်းတော်များသည် နိုင်ငံခြားသား ကမ္မဋ္ဌာန်းနည်းပြဆရာဖြစ်ပါတော့သည်။

ထို့ပြင် ပြည်တွင်း ကမ္မဋ္ဌာန်းဌာနများ၌ ကမ္မဋ္ဌာနာစရိယများ လိုအပ်နေပါက ရန်ကုန် မဟာစည်ရိပ်သာကြီး၌ပင်ပထမ ကြီးအောင်၍ ရဟန်း(၁၀)ဝါရကာ ဉာဏ်စဉ်တရားနာပြီး ကမ္မဋ္ဌာန်းဆရာသင်တန်းအောင် ရဟန်းတော်များကို ရွေးချယ် စိစစ်၍ လက်ထောက် ကမ္မဋ္ဌာနာစရိယများအဖြစ်ကို လည်းပြုစုပျိုးထောင် မွေးမြူခဲ့ပါ သည်။

မဟာစည် ပဋိပတ္တိသာသနာတွင် အနောက်နိုင်ငံများသာမက တောင်ကိုးရီးယား၊ မလေးရှား၊ စင်္ကာပူ၊ ထိုင်ဝမ်၊ ဂျပန် စသော နိုင်ငံများမှလည်း ယောဂီများ တရားအားထုတ်လာကြခြင်း၊ တရားစခန်း ဖွင့်ခြင်းများရှိခဲ့ရာ ကိုရီးယား၊ ဂျပန်၊ တရုတ်ဘာသာတို့ တတ်ကျွမ်းသော ကမ္မဋ္ဌာန်း ဆရာတော်များ မွေးထုတ်၍ မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး တိုးတက်စည်ပင်အောင် မဟာစည် ဆရာတော်ဘုရားကြီးအလိုကျ ဆက်လက်၍ အားကျိုးမာန်တက်ဆောင်ရွက်လျက်ရှိကြပါသတည်း။

မဟာစည် အရှင်ဓဇိလ

ဓမ္မာစရိယပါဠိပါရဂူ

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ





(က)

မိမိနှင့်ခင်မင်ရင်းနှီးပြီး မိမိကို ကြည်ညိုလေးစားကြသော ဒါယကာ, ဒါယိကာမတော်တော်များများက မိမိကို မေးလေ့ရှိသော မေးခွန်းလွှာ တစ်ခုရှိပါသည်။ ယင်းမှာ "ဗုဒ္ဓဘုရား ဟောကြားထားတဲ့ ဝိပဿနာ (အလုပ်ပေး) တရားဟာ တစ်မျိုးတစ်စားတည်းပဲ ရှိရမှာ မဟုတ်လား ဘုရား။ အခုတော့ ဘာရိပ်သာ ဥာရိပ်သာ ဘယ်သူနည်း ဘယ်ဝါနည်း ဆိုပြီး အဖွဲ့အမည်၊ ရိပ်သာ အမည်၊ ပုဂ္ဂိုလ်အမည် စသည်ဖြင့် ရိပ်သာတွေစုံနေတာပဲ။ ဒီတော့ တပည့်တော်တို့က ဘယ်ရိပ်သာကို သွားရမှာလဲ ပြီးတော့ ဘယ်တရားက အမှန်ဆုံး ဖြစ်ပါသလဲ အရှင်ဘုရား" ဟူသော မေးခွန်းလွှာ ဖြစ်ပါသည်။

မေးသင့်သော မေးချင်သော မေးခွန်းတစ်ခုလည်းဖြစ်ပြီး အဖြေရအလွန်ခက်သော မေးခွန်းပုစ္ဆာလည်း ဖြစ်နေပါ၏။ မေးခွန်းလွှာမှာတိုတောင်းသော်လည်း အဖြေမှာ အလွန်တရာ ရှည်လျားထွေပြားလွန်းလှသည် နက်ရှိုင်းလွန်းလှသည်ဟု မိမိထင်ပါ၏။

မိမိအနေဖြင့်မူ "ကိုယ်နဲ့သင့်လျော်တဲ့ တရားအမြင်ထူးရလွယ်ပြီး ကိုယ်ကြိုက်တဲ့ ရိပ်သာနဲ့ အဲဒီတရား

သမ်ိယဝဏ္ဏာနုဒ်ကြွေးဒ်ကြော်သံ ဒဇ်ာကွန်း

မုံရွာနေစာ



နည်းဟာ အကောင်းဆုံးပေါ့ဗျာ" ဟူ၍ သိမ်းကြုံးပြီး အလွယ်တကူ အဖြေပေးလိုက်မိသည်သာဖြစ်ပါ၏။

အမှန်စင်စစ် မည်သည့်တရားရှုမှတ်နည်း(တရားထိုင်နည်း) သည် တိကျခိုင်မာသော ဓမ္မဉာဏ်စဉ် အမြင်ပေါက်ရောက်လွယ်သော နည်းကောင်းနည်းမှန်ဖြစ်ပါသည်ဟူ၍ အတိအကျဆွန်းဆိုရန်ခက်ပါသည်။ အဘယ့်ကြောင့်ဆိုသော် လူသည် စရိုက်အမျိုးမျိုးရှိသည်နှင့် အမျှ အကြိုက်အမျိုးမျိုး ဝသီအမျိုးမျိုးရှိကြ သောကြောင့်ပေတည်း။

သို့ရာတွင် သတ္တဝါတို့၏ စရိုက်အထွေထွေ ဝသီတော် အခြေအနေအမျိုးမျိုးကို သိမြင်တော်မူသော သဗ္ဗညုတဉာဏ်တော်သခင်ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင်ကပင်လျှင် မဟာသတိ ပဋ္ဌာနသုတ်တော်တွင် တရားရှုမှတ်နည်းမျိုးစုံကို အကျယ်တဝင့် ဟောကြားထားတော်မူခဲ့သည် မဟုတ်ပါလော။

(ခ)

ယေဘုယျအားဖြင့် "တရားထိုင်သည်" သို့မဟုတ် "တရားရှုမှတ်နည်း" ဟု ခေါ်ဝေါ်ပြောဆိုနေကြသော်လည်း အမှန်စင်စစ် တရားဓမ္မရှုမှတ်မှု၌ 'အထိုင်' ချည်းကား မဟုတ်ပေ။ သွားလာရာ၌လည်း 'ကြွ-လှမ်း-ချ' အမူအရာတို့၌ 'သတိ' ကပ်၍ မပြတ်မလပ်အောင် ရှုမှတ်နေရမည်၊ မတ်တတ်ရပ်နေစဉ်၌လည်း သတိကပ်၍ ရှုမှတ်နေရမည်၊ ထိုင်နေစဉ်မှာလည်း၊ သတိကပ်၍ တရားရှုမှတ် ဆင်ခြင်နေရမည်သာဖြစ်ပါသည်။

သို့သော် တရားသွားသည်၊ တရားလာသည်၊ တရားရပ်နေသည်၊ တရားအိပ်နေသည် စသဖြင့် မပြောဆိုရမူဘဲ "တရားထိုင်သည်" ဟုသာ သိမ်းကြုံးပြောဆိုကြပါသည်။ "သွား-ရပ်-ထိုင်-လျောင်း" ဟူသော ကွရိယာပုထ် (အရိယာပုထ် မဟုတ်ပါ) လေးပါးတို့တွင် မည်သည့် ကွရိယာပုထ် (ကွရိယပထ=ကွရိယပုထ်) ဖြင့် တရားရှုမှတ်နေသည်ဖြစ်စေ "တရားထိုင်သည်" ဟူသော ဝေါဟာရ၌ အကြုံးဝင်သွားသည်ဟု နားလည်ကြရပါသည်။

တရားဓမ္မ (ခန္ဓာဖြစ်စဉ်) ကို အထိုင် ကွရိယာပုထ်ဖြင့်သာ ရှုမှတ်မည်ဆိုပါက "အာနာပါန" ခေါ် ထွက်လေ, ဝင်လေ (ဖောင်း,ပိန်) နည်းကိုသာ အသုံးပြုကြရပါမည်။ (ဤကားခြွင်းချက်)

"နိသီဒတိ ပလင်္ကံ အာဘုဇိတ္မာ" = ထက်ဝယ်ဖွဲ့ခွေထိုင်နေ၍၊

ဥဇုံကာယံ ပဏိဓာယ = ခန္ဓာကိုယ် ခါးအထက်ပိုင်းကို ဖြောင့်မတ်စွာထား၍၊

ပရိမုခံ သတိံ ဥပဋ္ဌပေတ္ဝာ = မိမိရှုမှတ်မည့် ကမ္မဋ္ဌာန်း အာရုံသို့ ရှေးရှု၍ "သတိ" ကို ဖြစ်စေ၍ (သတိကပ်၍)

သတောဝ အဿသတိ = "သတိ" အမှတ်ဖြင့် ဝင်သက်ကို ရှု၏။

သတောဝ ပဿသတိ = "သတိ" အမှတ်ဖြင့် ထွက်သက်ကို ရှု၏။

(ဂ)

မည်သို့ပင်ဖြစ်စေ ထေရဝါဒ ပုဒ္ဓသာသနာတော်ကြီး ထွန်းကားစည်ပင်ပြန့်ပွားလျက်ရှိပေသော မိမိတို့နိုင်ငံတော်ကြီးတွင် ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်ပြသတော်မူခဲ့သည့် "မဟာစည်သာသနာ့ရိပ်သာကြီး" နှင့် "မဟာစည်" ဟူသောအမည်ကို မကြားဖူးသူရှိမည် မထင်ပေ။ မဟာစည်တရားရိပ်သာ မရှိသော တိုင်း၊ ပြည်နယ် မြို့ရွာနယ်ပယ် မရှိသလောက်ပင် ဖြစ်သည်။

ပင်မရိပ်သာကြီးမှ ပဓာနနာယက ဆရာတော်ကြီးများ၏ ဩဝါဒပေး ဦးဆောင်ကွပ်ကဲမှု ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့၊ ဟိတေသီအဖွဲ့ စသည်တို့၏ အုပ်ချုပ်မှု၊ စီမံကွပ်ကဲမှု စနစ်တကျ တည်ထောင်ဖွဲ့စည်းထားမှုတို့ကြောင့် ဤရွှေ့ဤမျှ ကျကျနန ကျယ်ကျယ်ပြန့်ပြန့် မဟာစည်ရိပ်သာများ ထွန်းတောက်အောင်မြင်ကျော်ကြားနေခြင်းဖြစ်သည်ကို ငြင်းဆိုဖွယ် မရှိချေ။

နှစ်စဉ်နှစ်တိုင်း မဟာစည်ဩဝါဒခံယူပွဲကြီး ကျင်းပခြင်း၊ ကမ္မဋ္ဌာနာစရိယများ ခန့်အပ်ခြင်း၊ ဓမ္မကထိကများ ရွေးချယ်မွေးထုတ်ပေးနိုင်ခြင်း ရိပ်သာခွဲများ တည်ထောင်ဖွင့်လှစ်ခွင့်ပေးခြင်း အဆောင်မျှးစသည်ဖြင့်လုပ်ငန်း အဆင့်ဆင့်၌ စီမံကွပ်ကဲအုပ်ချုပ်ပြီး လုပ်ငန်းဆိုင်



ရာ အဖြာဖြာ၌ ခိုင်မာစနစ်ကျန ခြင်း စသော ဂုဏ်ရည်တို့ကြောင့် စည်ပင် ပြန့်ပွားလျက်ရှိကြောင်း မိမိတို့ သုံးသပ်ဆင်ခြင်မိပေသည်။

ပြည်တွင်းမှာသာမက ပြည်ပ နိုင်ငံပေါင်းမြောက်မြားစွာအထိ ကျယ်ပြန့်ထင်ရှားပဋိပတ္တိသာသနာ တော်ကြီး ပြန့်ပွားလျက်ရှိနေသည် မှာ အထူးဖော်ပြနေစရာလိုမည် မထင်ပါ။ စာရှူသူများ အမြင် အကြား အသိပင် ဖြစ်ပါသည်။ မိမိ အနေဖြင့် အချို့ပေါ်တွင် သကာ လောင်းသလို ထပ်ဆောင်းပြီး တင် ပြနေစရာလိုမည် မထင်တော့ပါ။

မဟာစည်ဆရာတော်ကြီး စတင်တည်ထောင်ဖွင့်လှစ်ခဲ့သော မဟာစည်မမွရိပ်သာများ၏ တရား လုပ်ငန်းစဉ် ဓမ္မကျင့်စဉ်တို့သည် ထေရဝါဒဗုဒ္ဓစာပေကျမ်းဂန်များနှင့် ညီညွတ်ခြင်း အုပ်ချုပ်ထိန်းသိမ်းမှု ကောင်းမွန်ခြင်း စသော ဂုဏ်ရည် တို့ကြောင့် "မဟာစည်" ဟူသော အမည်သည် အပြည်ပြည်အမြို့မြို့၊ အစို့စို့နယ်ပယ်၊ အသွယ်သွယ် ဒေသများအထိ ရောက်ရှိပျံ့နှံ့ကာ ကျင့်ကြံအားထုတ်နေကြခြင်း ဖြစ် လေသည်။

မိမိသည်လည်း ကျေးဇူးတော် ရှင် မဟာစည်ဆရာတော်ကြီး၏ သက်တော်ရာပြည့် အထိမ်းအမှတ် ပွဲတော်ကြီးကို ဂုဏ်ပြုပူဇော်သော အားဖြင့် မိမိတတ်စွမ်းသလောက် စာပေအနုပညာကလေးဖြင့် အုတ် တစ်ချပ် သဲတစ်ပွင့်ပမာ ပါဝင်ကာ ပူဇော်အပ်ပါသည်။

(ဃ)

တရားအလုပ်-သတိပဋ္ဌာန်အချုပ်

"တရားအလုပ် သတိပဋ္ဌာန် အချုပ်" ဟု ဆိုသည့်အတိုင်း ကြွ ခြင်း-လှမ်းခြင်း-ချခြင်း-သွားခြင်း-ရပ်ခြင်း-ထိုင်ခြင်း-လျောင်းခြင်း စသော ကိုယ်အမူအရာလှုပ်ရှားမှု ကလ္လရိယာပုထုဇ်တိုင်း သတိမလပ် အောင် ရှုမှတ်နေရခြင်းတို့သည် သတိပဋ္ဌာန်ကျင့်စဉ်ဖြစ်၏။ သတိ ပဋ္ဌာန်နည်းများဖြစ်၏။ သတိ ပဋ္ဌာန်နည်းကျကျ ညွှန်ပြသင်ကြား တော်မူသော မဟာစည်တရား ရှု မှတ်နည်းမှာ မှန်သလား၊ မှား သလားဟု လျှဉ်းပါးနေစရာမလိုပေ။

သတိပဋ္ဌာန်ကျင့်စဉ်နှင့်ပတ်သက် ၍မကျဉ်းမကျယ် ရေးသားတင်ပြ ပါမည်။

× × × × ×

မဟာသတိပဋ္ဌာန်သုတ်တော် သမ္မဇ္ဈညပဗ္ဗပိုင်းတွင် ခန္ဓာကိုယ် အင်္ဂါလှုပ်ရှားမှုမှန်သမျှ ခန္ဓာကိုယ် နှင့် စပ်သော အရာဝတ္ထု အသုံး အဆောင်မှန်သမျှတို့၌ 'သတိ' ကပ် ၍ မပြတ် မလပ်အောင် တရားရှု မှတ်နည်းများကို ဟောကြားထား လေသည်။

အာဘိက္ကန္တေ = ရှေ့သို့သွားသော အခါ
ပဋိက္ကန္တေ = နောက်သို့ပြန် ဆုတ်သောအခါ
သမ္မဇာနကာရီ = 'ပညာ' ဖြင့် ဆင် ခြင်၍ ပြုလေ့ရှိ သည်။

ဟောတိ = ဖြစ်၏။

ရှေ့သို့သွားခြင်း၊ နောက်သို့ ပြန်ဆုတ်ခြင်းပြုသောအခါ သတိ သမ္မဇဉ်ဉာဏ်နှင့်ယှဉ်ပြီးပြုပါ။ သွား ပါ။ လာပါဟု ဆိုထားပေသည်။ ထို့ အတူ

အာလောကိတေ-ရှေ့တည့်တည့် ကြည့်သောအခါ
ဝိလောကိတေ-ဘေးတစ်စောင်း ကြည့်သောအခါတို့၌လည်းကောင်း၊
သမိဉ္ဇိတေ - ဆန့်ထုတ်ထားသော လက်ကို ကွေးညွှတ်လိုက်စဉ်အခါ
ပသာရိတေ - ကွေးထားသော လက်ကို ဆန့်ထုတ်သောအခါ
သဃာဋိပတ္တစီဝရဓါရဏော - ဒုကူဋ်, သပိတ်, သင်္ကန်းတို့ကို ဆောင်သော အခါ
အသိတေ, ပိတေ, ခါယိတေ, သာယိတေ - စားသောအခါ, သောက်သောအခါ, ခဲသောအခါ, လျက်သောအခါတို့၌ လည်းကောင်း
ဥစ္စာရပဿာဝကမ္မေ - ကျင်ကြီး ကျင်ငယ်စွန့်နေသောအခါ
ဂတေ, ဌိတေ, နိသိန္နေ, သုတ္တေ, ဇာဂရိတေ, ဘာသိတေ, တုဏှီဘာဝေ - သွားသောအခါ, ရပ် သောအခါ, ထိုင်သောအခါ, အိပ် သောအခါ, နိုးသောအခါ, စကား ပြောသောအခါ, တိတ်တိတ်နေ သော အခါတို့၌လည်းကောင်း
သမ္မာဇာနကာရီ ဟောတိ - သတိ သမ္မဇဉ် ဉာဏ်ယှဉ်ပါ၊ သတိကပ်၍ ရှုမှတ်နေပါဟု ဟောကြားထား တော်မူပါသည်။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

'သမ္ပဇာန' ဟူသည်

'သမ္ပဇာနော ဟုတွာ ကာရီ သမ္ပဇာနကာရီ

သမ္ပဇာနော = သတိ, သမ္ပဇဉ် ဉာဏ်နှင့်ယှဉ်သည်၊ ဟုတွာ - ဖြစ်၍၊ ကာရီ - ပြုလေ့ရှိသည်၊ သမ္ပဇာန ကာရီ - အသိဉာဏ်နှင့်ယှဉ်၍ သတိ ကပ်ကာ ရှုမှတ်လေ့ရှိသည်။ (ဟောတိ = ဖြစ်၏) ဟူသော ဝစနတ္ထအရ သွားလာလှုပ်ရှားမှု ကိုယ်အမူအရာတိုင်း၌ သတိကပ်၍ ရှုမှတ်ဆင်ခြင်နေရမည်ဟု ဆိုလိုပေသည်။

တရားဓမ္မကျင့်စဉ်၌ အမှုမဲ့၊ အမှတ်မဲ့နေရသည် ဟူ၍ မရှိပါ။ သတိကင်းမဲ့ကာ 'လွတ်ထွက်' ဟူသော ကိုယ်အမူအရာဟူ၍ မရှိစေရဟု ဟောကြားထားလေသည်။ ဤတွင် 'သမ္ပဇဉ်တရားလေးပါး' ကိုလည်း သိထားသင့်ပေသည်။

သမ္ပဇဉ်လေးပါး

(၁) သာတ္ထက သမ္ပဇဉ် - အကျိုးရှိ, မရှိကို သိသော သမ္ပဇဉ်
(၂) သပ္ပါယ သမ္ပဇဉ် - လျောက်ပတ်သည်၊ မလျောက်ပတ်သည်ကို သိသော သမ္ပဇဉ်
(၃) ဂေါစရ သမ္ပဇဉ် - ကမ္မဋ္ဌာန်း အာရုံကို မစွန့်သော ဂေါစရ သမ္ပဇဉ်
(၄) အသမ္မောဟ သမ္ပဇဉ် - ရုပ်, နာမ်တရားမျှသာဟု မတွေမဝေ သိသော သမ္ပဇဉ်ဟူ၍လေးပါးရှိသည်။

ရှေ့သို့သွားခြင်း၊ နောက်ပြန်ဆုတ်ခြင်း စသော လှုပ်ရှားမှု အမူအရာတိုင်း၌ ဤ 'သမ္ပဇဉ်လေးပါး' တို့ဖြင့် ရှုမှတ်ဆင်ခြင်ရမည် ဖြစ်လေသည်။

ပဋိကူလမနသိကာရ ပဗ္ဗ

'ပဋိကူလ မနသိကာရ' ဟူသည် စက်ဆုပ်ရွံရှာဖွယ် မစင်ကြယ်သောအရာဝတ္ထုများကို နှလုံးသွင်း ရှုမှတ်ခြင်းဖြစ်သည်။ မိမိတို့ ခန္ဓာကိုယ် အတွင်းအပြင် နှစ်ဌာန၌ အောက်ဖော်ပြပါ ရွံရှာဖွယ်ရာ အရာ ဝတ္ထုများ ရှိနေပေသည်။

ကေသာ = ဆံပင်၊ လောမာ= အမွေး (မွေးညှင်း)၊ နခါ = လက်သည်း, ခြေသည်း၊ ဒန္တာ = သွား၊ တစော = အရေထူ, အရေပါး၊ မံသံ = အသား၊ နှာရု = အကြောများ၊ အဋ္ဌိ-အရိုး၊အဋ္ဌိမိဉ္ဇံ-ရိုးတွင်းခြင်ဆီ၊ ဝက္ကံ +အညို(ကျောက်ကပ်တစ်စုံ) ဟာဒယ= နှလုံး၊ ယကနံ = အသည်း၊ ကိလောမကံ = အမြေး၊ ပိဟက = အဖျဉ်း (သရက်ရွက်, ဝမ်းလျှာ, ဘေလုံး)၊ ပပ္ဖါသံ = အဆုတ်၊ အန္တံ = အူမ၊ အန္တဂုဏံ = အူသိမ်, အူဖွဲ့၊ ဥဒရိယံ = အစာသစ်၊ ကရိသံ = အစာဟောင်း (ကျင်ကြီး)၊ မတ္ထလုင်္ဂံ = ဦးနှောက်၊ ပိတ္တံ = သည်းခြေ၊ သေမှံ = သလိပ်၊ ပုဗ္ဗော = ပြည်၊ လောဟိတံ = သွေး၊ သေဒေါ = ချွေး၊ မေဒေါ = အဆီခဲ၊ အဿု = မျက်ရည်၊ ဝသာ = ဆီကြည်၊ ခေဋ္ဌော = တံတွေး၊ သိယ်ါဏိကာ = နှပ်၊ လသိကာ = အစေး၊ မုတ္တံ = ကျင်ငယ်။ ဤ ၃၂ မျိုးသော ရွံစရာ ပစ္စည်းများကို 'ဒွိတ္တိသာကာ ရ' ဟု ခေါ်သည်။ တရားရှုမှတ်ရန်ဖြစ်သည်။

အမှန်စင်စစ် မိမိတို့ခန္ဓာကိုယ် စာရှုသူတို့၏ ခန္ဓာကိုယ်အသီးသီး၌ ရွံစရာ ဤ ၃၂ ကောဌာသပစ္စည်း တွေသာ ရှိကြပါသည်။ ခင်တွယ်စရာ 'ရတနာ' တွေ မဟုတ်ကြပါ။ 'ရတနာတွေ' မဟုတ်ပါ။ 'ရွံစရာတွေ' သာဖြစ်ပါသည်။ သို့ပေမယ့် 'ငိုလျှင် ပုလဲ၊ ရယ်လျှင်ရွဲ' ဟူ၍ ပုံပြင်ဝတ္ထုတို့၌ တင်စားကြပါသေးသည်။

စဉ်းစားကြည့်ပါ။ ငိုလျှင် မျက်ရည်တွေသာ ထွက်မည်။ ပုလဲလုံးကလေးတွေ ထွက်ကျလာမည် မဟုတ်ပါ။ ရယ်လျှင်လည်း သွားရည် (လျှာရည်) နှင့်တံတွေးများသာ ထွက်ကျလာဖို့ ရှိပါသည်။ ရွဲလုံးများ ထွက်မည် မဟုတ်ပါ။

ဓါတုမနသိကာရ ပဗ္ဗ

ကာယာနုပဿနာသတိပဋ္ဌာန်၊ ဓါတုမနသိကာရအပိုင်းတွင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော 'မဟာဘူတ' ခေါ် ဓာတ်ကြီး လေးပါးတို့ကို ပိုင်းခြားရှုမှတ်ပုံတို့ကို ဟောကြားထားတော်မူပါသည်။ သားသတ်သမားသည် နွားများကို သတ်၍ အရိုးတခြား အသားတခြား စီခွဲခြားထားသကဲ့သို့ ဓါတ်လေးပါး ကိုပိုင်းခြားရှုမှတ် ပုံတို့ကိုတွေ့ရှိရမည် ဖြစ်လေသည်။ ဆောင်းပါး ရှည်မည်စိုး၍ အကျယ်မပြတော့ပါ။



နဝသိဝထိက ပဋ္ဌာန်

နဝသိဝထိက အပိုင်း၌ကား အသုဘရုပ်အလောင်းကောင်တို့ကို တစ်ဆင့်တစ်ဆင့် ရှုမှတ်ပွားများပုံတို့ကို ဟောကြားထားပါသည်။ 'နဝသိဝထိက' ဆိုသည့်အတိုင်း အသုဘရုပ်အလောင်း ၉-မျိုးတို့ကို ရှုမှတ်ပုံများ ဖြစ်သည်။

(c)

'အာနာပါန' ထွက်လေ,ဝင်လေ (ဖေါင်း,ပိန်) ရှုမှတ်ခြင်းကိုသာလျှင် "တရားထိုင်သည်၊ တရားအားထုတ်သည်" ဟု အများစုက ထင်နေကြပါသည်။ တရားရှုမှတ်မှုကိစ္စတွင် 'သတိပဋ္ဌာန်တရားလေးပါး' ကို မြတ်စွာဘုရားဟောကြားညွှန်ပြထားပါသည်။

သတိပဋ္ဌာန်တရားလေးပါး

(၁) **ကာယာနုပဿနာသတိပဋ္ဌာန်**
= ခန္ဓာကိုယ်စပ်ဆိုင်ရာ မှန်သမျှကို ရှုမှတ်ခြင်း။

(၂) **ဝေဒနာနုပဿနာ သတိပဋ္ဌာန်**
= ခံစားမှုဝေဒနာအစုကို ရှုမှတ်ခြင်း။

(၃) **စိတ္တာနုပဿနာ သတိပဋ္ဌာန်** - ဖြစ်ပေါ်လာသော စိတ်ဖြစ်စဉ်မှန်သမျှကို (ဖြစ်, ပျက်မြင်အောင်) ရှုမှတ်ခြင်း။

(၄) **ဓမ္မာနုပဿနာ သတိပဋ္ဌာန်** = ဖြစ်စဉ် 'ဓမ္မ'တို့ကို သတိကပ်၍ ရှုမှတ်ခြင်း။

ကာယာနုပဿနာ သတိပဋ္ဌာန် အကြောင်းကို ပြဆိုခဲ့ပြီ။ ယခု ဆက်လက်၍ ကျန် သတိပဋ္ဌာန် သုံးပါးတို့ကို သိသာရုံမျှ အနှစ်ချုပ်၍ တင်ပြပါမည်။

(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန်

ဝေဒနာနုပဿနာသတိပဋ္ဌာန် ဟူရာ၌ 'ဝေဒနာ' တစ်ပုဒ်၊ 'အနု' တစ်ပုဒ်၊ 'ပဿန' တစ်ပုဒ်၊ 'သတိ' တစ်ပုဒ်နှင့် 'ပဋ္ဌာန' ပုဒ်တို့ကို ပေါင်းစပ်ထားသည်။ ဝေဒနာ - ခံစားမှု၊ သုခဝေဒနာ+ဒုက္ခဝေဒနာ+ဥပေက္ခာဝေဒနာ (ဝေဒနာသုံးပါး)
အနု -ပုနပ္ပုနံ = အဖန်ဖန်အထပ်ထပ်
ပဿန-ဒဿန=မြင်အောင်ရှုခြင်း၊ ကြည့်ခြင်း၊ သတိ+ပဋ္ဌာန = သတိပဋ္ဌာန်-သတိ ပြဋ္ဌာန်းသည်။

ခံစားမှုဝေဒနာမှန်သမျှကို ရှုမှတ်သောအပိုင်းဖြစ်သည်။ ဝေဒနာသုံးပါး (တစ်နည်း) သောမနဿဝေဒနာနှင့် ဒေါမနဿဝေဒနာနှစ်ပါးကိုထည့်၍ ဝေဒနာငါးပါးတို့ကို ခံစားစဉ် ခံစားဆဲ၌ ခံစားမှုဟူသမျှကို မြင်အောင်ရှုမှတ်ရသည်။ ငါမပါအောင် ရှုမှတ်ရသည်။ ဝေဒနာ၌ မကပ်ငြိအောင် ရှုမှတ်ရသည်။

ပြု၍ 'ဥပေက္ခာဝေဒနာ' ဖြစ်သည်။

(၃) စိတ္တာနုပဿနာသတိပဋ္ဌာန်

စိတ်ဖြစ်စဉ်ကို သတိကပ်၍ မပြတ်မလပ် ရှုမှတ်ခြင်းသည် 'စိတ္တာနုပဿနာ' သတိပဋ္ဌာန်ဖြစ်၏။

စိတ်သည် 'အာရမ္မဏ် စိန္တေတိ စိတ္တံ' အရ အာရုံကိုသိမှုအနေအားဖြင့် တစ်ပါးသာရှိသော်လည်း ယှဉ်ဖက်ဖြစ်သော စေတသိက်များကြောင့် အကုသိုလ်စိတ်၊ ကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ် စသည်အားဖြင့် ၈၉ ပါး (စိတ်တစ်ခုယုတ်ကိုးဆယ် = တစ်ခုလျော့နေသောကိုးဆယ်) ဖြစ်ရသည်။ (စိတ်တစ်ခု၊ ရုပ်ကိုးဆယ် မဟုတ်ပါ။ အထူးသတိပြုကြပါ။ မှားနေပါသည်) စိတ်သည် အကျယ်ပွားလျှင် ၁၂၀ ပါးပင် ရှိသည်။

ရှုမှတ်ရန် စိတ် ၁၆ မျိုး

(၁) သရာဂစိတ် - ရာဂနှင့်တကွဖြစ်သောစိတ်၊ လောဘမူစိတ်။
(၂) ဝီတရာဂစိတ်- ရာဂကင်းသော စိတ်၊ လောကီကုသိုလ်၊ အဗျာကတစိတ်။
(၃) သဒေါသစိတ် - ဒေါသနှင့်တကွဖြစ်သောစိတ်၊ ဒေါသမူစိတ်။
(၄) ဝီတဒေါသစိတ် - ဒေါသကင်းသောစိတ်
(၅) သမောဟစိတ်- မောဟနှင့်တကွဖြစ်သောစိတ်၊ အကုသိုလ်စိတ် ၁၂-ပါး။
(၆) ဝီတမောဟစိတ်- မောဟကင်း



သောစိတ်

(၇) သခိတ္တစိတ် - ငိုက်မျဉ်းသောစိတ်၊ လောဘမူ၊ ဒေါသမူသဿခ်ီရိကစိတ်

(၈) ဝိက္ခိတ္တစိတ်- ပျံ့လွင့်သောစိတ်၊ ဥဒ္ဓစ္စသဟဂုဏ်၊ အကုသိုလ်စိတ်

(၉) မဟဂ္ဂတစိတ် - မဟဂ္ဂုတ်စိတ်၊ မြတ်သောစိတ်

(၁၀) အမဟဂ္ဂတစိတ် - ကာမာဝစရစိတ်၊ မမြတ်သောစိတ်

(၁၁) သဥတ္တရစိတ် - မိမိထက်လွန်မြတ်သောတရားရှိသော ကာမာဝစရစိတ်

(၁၂) အနုတ္တရစိတ် - မိမိထက်လွန်မြတ်သော တရားမရှိသော ရူပါဝစရ ၊ အရူပါဝစရစိတ်

(၁၃) သမာဟိတစိတ် - ဥပစာရသမာဓိ၊ အပ္ပနာသမာဓိဖြင့် တည်ကြည်သော မဟာကုသိုလ်၊ မဟာကြိယာ၊ မဟဂ္ဂုတ်ကုသိုလ်၊ မဟဂ္ဂုတ်**ကြိယာ**

(၁၄) အသမာဟိတစိတ် - ဥပစာရသမာဓိ၊ အပ္ပနာသမာဓိဖြင့် မတည်ကြည်သော မဟဂ္ဂုတ်ကုသိုလ်၊ မဟဂ္ဂုတ်ကြိယာမှတစ်ပါးသော လောကီ**စိတ်**

(၁၅) ဝိမုတ္တစိတ် - တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၏ အစွမ်းဖြင့် ကိလေသာမှ လွတ်သော လောကီ**ကုသိုလ်စိတ်**

(၁၆)အဝိမုတ္တစိတ် - တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၏ အစွမ်းဖြင့် ကိလေသာတို့မှ မလွတ်သော အကုသိုလ်စိတ်၊ လောကီဝိပါက်**အဗျာကတစိတ်**

စိတ်အားလုံးတစ်ပြိုင်နက် ပေါ်သည်တော့ မဟုတ်ပေ၊ ဖြစ်ပေါ်နိုင်သော စိတ်များကို အကျဉ်းချုံး၍ ဖော်ပြလိုက်ခြင်းဖြစ်သည်။

(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန်

ဓမ္မာနုပဿနာသတိပဋ္ဌာန် အကြောင်းကို အတိုချုပ်၍ တင်ပြပြီး ဆောင်းပါးကို နိဂုံးချုပ်ပါမည်။

ဓမ္မနုပဿနာသတိပဋ္ဌာန်၌ နီဝရဏခြောက်ပါး၊ ခန္ဓာငါးပါး၊ အာယတနတစ်ဆယ့်နှစ်ပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ သစ္စာလေးပါး၊ ဤတရားတို့ကို ရှုမှတ်ပွားများ ဆင်ခြင်သောအပိုင်းဖြစ်သည်။ အကျယ် မရေးတော့ပြီ။

သတိပဋ္ဌာန်ကြွေးကြော်သံ

ဤသတိပဋ္ဌာန်ကျင့်စဉ်မှန်သည် နိဗ္ဗာန်သို့ မျက်မှောက်ပြုရေးအတွက် တစ်ခုတည်းသော လမ်းကြောင်းဖြစ်၏။ သတ္တဝါများ ကိလေသာတရား ငြိမ်းချမ်းကင်း စင်ရေးအတွက်သော်လည်းကောင်း၊ စိုးရိမ်, ပူဆွေး, သောက, ပရိဒေဝတရားများငြိမ်းအေးရေးအတွက်လည်းကောင်း၊ ကိုယ်, စိတ်နှလုံးရွှင်ပြုံး ချမ်းသာစေရေးအတွက်သော်လည်းကောင်း၊ မင်္ဂလာ, ဖိုလ်, နိဗ္ဗာန်ဝင်စံမျက်မှောက်ပြုနိုင်ရေးအတွက်လည်းကောင်းတည်းသော ကျင့်စဉ်မှန်ကြီးဖြစ်ပေသည်။

သတိပဋ္ဌာန်ကျေးဇူး

ဤသည့်ကျင့်စဉ်မှန် သတိပဋ္ဌာန်မဓမ္မလမ်းစဉ်အတိုင်း ကျင့်ကြံအားထုတ်ပါက ၇-ရက်အတွင်းမှသည် ၁၅-ရက်၊ တစ်လ၊ နှစ်လ၊ သုံးလ၊ လေးလ၊ ငါးလ၊ ခြောက်လ၊ ခုနစ်လအတွင်း၌သော်လည်းကောင်း၊ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်၊ လေးနှစ်၊ ငါးနှစ်၊ ခြောက်နှစ်၊ ခုနစ်နှစ်အတွင်း၌လည်းကောင်း၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်ဉာဏ်ကို ရရှိပြီး သဉပါဒိသေသ နိဗ္ဗာန်ဝင်နိုင်၏။ အကယ်၍အရ ဟတ္တမဂ်, ဖိုလ်ကို မရသည့်တိုင် အနာဂါမိမဂ်, ဖိုလ်ကို ရရှိကာ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်နိုင်ပေသည်။

ဤသို့ဗုဒ္ဓမြတ်စွာက အတိအလင်းဟောကြားထားတော်မူခဲ့ပါသည်။

- ဗုဒ္ဓဘုရားသည် ဤမဟာသတိပဋ္ဌာနသုတ် ဒေသနာတော်ကို ကုရုတိုင်း၊ ကမ္မာသဓမ္မနိဂုံး၌ ဟောကြားတော်မူခဲ့ရာ ရဟန်းတော်ပေါင်း သုံးသောင်းရဟန္တာ ဖြစ်တော်မူခဲ့လေသည်။

- ဉာဏ်စဉ်တက်၍ နိဗ္ဗာန်စံဝင်နိုင်ကြပါစေ + သတိပဋ္ဌာန်ကြွေးကြော်သံဖြင့် မဟာစည်သည် ကမ္ဘာတည်သရွေ့ တည်ရှိနေမည်သာဖြစ်ပါသည်။

နမောသမ္မာသမ္ဗုဒ္ဓဿ

မုံရွာနေဇာ







မဟာစည်ဆရာတော်ဘုရားကြီး

နှင့်

ကျွန်တော့်အမေ

တိုးထက်

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး အင်ဒိုနီးရှားနိုင်ငံသို့ သာသနာပြု ကြွတော်မူစဉ်အခါက အင်ဒိုနီးရှား ပြည်သားအချို့၏ မေးခွန်းပုစ္ဆာများတွင် စိတ်ဝင်စားဖွယ် ကောင်းသောမေးခွန်းများ ပါဝင်ခဲ့ပါသည်။

မေးခွန်းတစ်ခုမှာ ဤသို့ဖြစ်ပါသည်-

"ဆရာတော်ဘုရား၊ တရားအားထုတ်လျှင် ရှေးဘဝ နောက်ဖြစ်မည့် ဘဝတွေကို သိမြင်နိုင်ပါသလားဘုရား"

ထိုမေးခွန်းကို ဆရာတော်ကြီးက အောက်ပါအတိုင်း တိုရှင်းလိုရင်းနည်းဖြင့် ဖြေကြားတော်မူပါသည်။

"သိမြင်နိုင်တာလည်း ရှိပါတယ်၊ မသိမြင်နိုင်တာလည်း ရှိပါတယ်။ သမထဝိပဿနာ အားထုတ်ကြတဲ့ လူပုဂ္ဂိုလ်တွေထဲမှာ အာဘိညာဉ်ခေါ်တဲ့ ဉာဏ်ထူးများပါ ရတဲ့သူဟာ ရှေးဘဝ နောက်ဘဝကို သိနိုင်ပါတယ်။ စျာန်မဂ်ဖိုလ်သာရတဲ့ သူကတော့ မသိမြင်နိုင်ပါဘူး"

ထိုအခါ အင်ဒိုနီးရှားပြည်သားများက အောက်ပါမေးခွန်းတစ်ခုကို ထပ်၍ မေးပြန်ပါသည်။



"အရှင်ဘုရား လူဘဝကသေပြီးတဲ့နောက်မှ တစ်ဖန်ဘဝသစ်ဖြစ်တယ်ဆိုတာ ဟုတ်ပါသလား ဘယ်လိုဖြစ်ပါသလဲ"

ဤမေးခွန်းကို ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် နိုင်ငံခြားသားသုတေသီတို့ တစ်ချက်တည်း ဘဝင်ကျလောက်အောင် ခေတ်သိပ္ပံပညာကို ဥပမာပြ၍ ဖြေရှင်းတော်မူပါသည်။ ဆရာတော်ဘုရားကြီး၏ ထိုအဖြေကား တိုရှင်းရုံမျှမက အလွန်အမင်း ထင်လင်းလှပေရာ နှစ်သက်ဖွယ်ကောင်းလှသဖြင့် အောက်တွင်ဖော်ပြလိုက်ရပေသည်။

"လောဘ၊ ဒေါသ၊ မောဟ စတဲ့ကိလေသာ မကင်းသေးတဲ့လူဟာ သေပြီးတဲ့နောက်မှာ ဘဝအသစ်ဖြစ်ရတယ်။ ဖြစ်ပုံကတော့ စိတ်ဆိုတာ ရုပ်ကိုမှီပြီးတော့ တစ်ခုပြီးတစ်ခု မပြတ်ဖြစ်နေပါတယ်။ ဓာတ်မီးလုံးထဲမှာ လျှပ်စစ်ဓါတ်အားတွေ အသစ်အသစ်လာပြီး မီးလင်းနေသလိုပါပဲ။ အကယ်၍ မီးသီးကပျက်သွားရင် အဲဒီမီးသီးထဲမှာ မီးမလင်းတော့ဘူး။ ဒါပေမယ့် ဓာတ်ကြိုးထဲမှ ဓာတ်အားကတော့ လာနေလျက်ပါပဲ။ အဲဒီပျက်နေတဲ့ မီးလုံးကိုဖယ်ပြီး ဓာတ်မီးလုံးအသစ်ကို တပ်ပေးလိုက်လျှင် အဲဒီမီးလုံးအသစ်ထဲမှာ ယခင်ကလိုပဲ လင်းမြဲလင်းနေပါတယ်။ ဒီလိုပဲ ရုပ်ကိုယ်အဟောင်းကြီး ပျက်သွားတဲ့အခါမှာ စိတ်က အဲဒီ ကိုယ်ပျက်ထဲမှာ မဖြစ်နိုင်တော့ဘူး။ အဲဒါကို သေတယ်လို့ခေါ်ကြပါတယ်။ ဒါပေမယ့် စိတ်ကတော့ (လျှပ်စစ်ဓာတ်စွမ်းအားလိုပဲ) လုံးလုံးပျောက်သွားတာ မဟုတ်ပါဘူး။ တခြား ရုပ်ကိုယ်အသစ်ထဲမှာ မီးလင်းမြဲလင်းနေသလိုပါပဲ။

ဤသို့ဖြင့် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် နိုင်ငံခြားသားတို့အား "သံသရာ"ဟူသော (ဘဝအသစ်ဖြင့် အဖန်တလဲလဲ မွေးဖွားပြန်ပေါ်ခြင်း) သဘောကို သိလွယ်အောင် ရှင်းပြတော်မူဖူးလေသည်။ ထိုသို့ ရှင်းပြရာတွင်လည်း . . .



ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ကျမ်းစာအုပ်အချို့တို့အား အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုပေးသော ဆရာကြီးဦးအေးမောင်

"စိတ်သည် အာရုံသစ်တစ်ခုခုကို စွဲလမ်းပြီး မပြတ်ဖြစ်နေတယ်။ အာရုံကိုလုံးလုံး စွန့်လွှတ်မေ့ပျောက်မပစ်နိုင်ဘူး။ သေခါနီးမှာလည်း ကိုယ်ပြုခဲ့ဖူးတဲ့ အမှုကိစ္စတစ်ခုခုကို စွဲလမ်းနေရင်း သေသွားတယ်။ သေတယ်ဆိုတာကလည်း လက်ရှိကိုယ်ရုပ်ဟောင်းထဲမှာ စိတ်အသစ် မဖြစ်လာတော့ဘဲ ပြတ်စဲသွားတာကို ခေါ်ပါတယ်။ အဲဒီလို ပြတ်စဲသွားတဲ့အခါမှာ သေခါနီးကစွဲလမ်းခဲ့တဲ့ အာရုံကိုပဲစွဲပြီးတော့ ရုပ်ကိုယ်အသစ်ထဲမှာ စိတ်အသစ်ဖြစ်ပေါ်လာပါတယ်။ အဲဒါကို ဘဝအသစ်ဖြစ်တယ်လို့ခေါ်ပါတယ်" ဟု ရှင်းပြခဲ့လေသည်။

ထို့နောက် ဘဝသစ်ဖြစ်ပေါ်ပုံနှင့် ပတ်သက်သော လေးနက်သည့် အဘိဓမ္မာတရားတော်များကို အင်ဒိုနီးရှား ပြည်သားများအား ရှင်းလင်းဟောကြားတော်မူပါသည်။

တမလွန် ရှိ-မရှိ

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမဟာစည် ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် အခါက ဆရာဝန်ကြီး ဦးမြင့်ဆွေသည် မဟာစည် ဆရာတော်ဘုရားကြီးအား "တမလွန်ရှိ-မရှိ" မေးမြန်းလျှောက်ထားခဲ့ဖူးပါသည်။ ဆရာတော်ဘုရားကြီးကလည်း ဘုရားဟောဒေသနာနှင့်အညီ စာဖြင့်ရေးသား၍ ဖြေကြားတော်မူလေရာ မျက်စိလည် လမ်းမှားနေသူအား လမ်းမှန်ကို ညွှန်ပြဘိသကဲ့သို့လည်း



ကောင်း၊ မှောက်ထားသောအိုးကို လှန်၍ ပြဘိသကဲ့သို့လည်းကောင်း၊ မှောင်သောတိုက်ခန်းအတွင်း၌ စမ်းတဝါးဝါးသွားနေသူအား ဆီမီးတိုင်ကို မြှောက်၍ ပြဘိသကဲ့သို့လည်းကောင်း ရှင်းလင်းပြတ်သားလှပေသည်။

တစ်ဖန် ဆရာဝန်ကြီးဦးမြင့်ဆွေသည် မဟာစည်ဆရာတော်ဘုရားကြီးထံ ကိုယ်တိုင်သွားရောက်ပြီး ဆရာတော်ဘုရားကြီး ဖြေကြားပေးတော်မူသော အဖြေလွှာတို့ကို တစ်ပိုဒ်စီဖတ်ပြပြီး မသဲကွဲသည်များကို ထပ်မံ လျှောက်ထားပြန်ပါသည်။ ဆရာတော်ဘုရားကြီးကလည်း အကျယ်တဝင့် ပြန်လည်ဖြေကြားပေးတော်မူခဲ့ပြန်သည်။ ဤသို့ ဖြေကြားချက်များကို စုပေါင်း၍ ၁၉၅၈-ခုနှစ်တွင် "ဘဝပြဿနာ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ပါသည်။

ဆရာဝန်ကြီး ဦးမြင့်ဆွေမေးမြန်းလျှောက်ထား၍ မဟာစည်ဆရာတော်ဘုရားကြီး ဖြေကြားတော်မူသော အဆိုပါ "ဘဝပြဿနာ" စာအုပ်တွင် လူဝင်စား အကြောင်းထည့်သွင်း မိန့်ဆိုထားသည်မှာ တန်ဖိုးရှိလှပါသည်။ ဆရာတော်ကြီးက တမလွန်ဘဝရှိကြောင်းကို ဉာဏ်ထူးနှင့်ပြည့်စုံအောင် တရားအားထုတ်သောပုဂ္ဂိုလ်များ ကောင်းစွာသိရှိကြသည်။ ထိုသို့ ဉာဏ်ထူးမရှိလျှင်လည်း လူဝင်စားများကိုကြည့်ကာ တမလွန်ဘဝရှိကြောင်း သိနိုင်သည်ဟူ၍ မိန့်တော်မူခဲ့ပါသည်။

"ဘဝပြဿနာ" စာအုပ်တွင် ပါရှိသည့် "တမလွန်ဘဝရှိသလား" မေးခွန်းအား မဟာစည်ဆရာတော်ဘုရားကြီး ရှင်းလင်းဖြေကြားပုံမှာ လွန်စွာစိတ်ဝင်စားဖွယ် ကောင်းလှသည်။ ယင်းအဖြေတွင် လူဝင်စားနှင့် ပတ်သက်၍ ဆရာတော်ဘုရားကြီးက "လူဝင်စားဆိုသူများမှာ နိုင်ငံတကာ၌ အနည်းငယ်စီရှိကြ၏။ သို့သော် "တမလွန်ဘဝမရှိ" ဟု ယူဆထားသောသူတို့က ထိုလူဝင်စားတို့၏ တကယ့်အမှန်ပြောပြချက်ကို မယုံကြည်ကြ။ မိစ္ဆာအယူကို ပြောသည်ဟု လူကြီးများကဟန့်တားထားသောကြောင့် "တမလွန်ဘဝ မရှိ" ဟု အယူရှိသောလူမျိုးတို့၏ ကလေးများမှာ မပြောဝံ့သဖြင့် မထင်ရှားဘဲ ပျောက်ကွယ်သွားရှာကြ၏။ တကယ်အားဖြင့် ဆိုလျှင် ကလေးများမှာ ဘယ်အယူဝါဒကိုမှ လက်မခံရသေးမိမိတို့သိသည့်အတိုင်းသာ ပြောကြားကြပေသည်။ လူကြီးများမှာမူ သက်ဆိုင်ရာ ဘာသာတရားအရအားဖြင့်လည်းကောင်း၊ မိမိတို့ကိုယ်တိုင် တွေးခေါ်ကြံဆချက်အားဖြင့်လည်းကောင်း အယူဝါဒကို လက်ခံထားကြပြီးဖြစ်၏။ ထို့ကြောင့် မှားသောအယူကို လက်ခံထားလျှင် ထိုလူကြီးများသာလျှင်မှားမည်။ ကလေးများမှာ မှားဖွယ်အကြောင်းမရှိပေ။ ဤအချက်ကို စဉ်းစားကြည့်လျှင် အားကြီးသော လူကြီးမိဘများက အားငယ်သော ကလေးသူငယ်၏ အမှန်အကန်ပြောဆိုချက်ကို ဖိနှိပ်တားမြစ်ကြသည်မှာ အလွန်ပင်မတရားရာ ရောက်နေကြောင်း ထင်ရှား၏" စသည်ဖြင့် ဖြေကြားတော်မူပြီးလျှင် ဆက်လက်၍ -

"သို့သော် ဘဝဟောင်းက အကြောင်းကို ပြောသူတိုင်း အမှန်ချည်းဟူ၍ကား မဆိုနိုင်ပါ။ လူကြီးမိဘများက သင်ပေးသောကြောင့် ပြောသူများလည်း ရှိပေလိမ့်မည်။ ပညာဖြင့်ချင့်ချိန်၍ ယုံသင့်သည်ကို သာယုံရမည်" ဟု အစချီကာ ဆရာတော်ဘုရားကြီးက လူဝင်စားဖြစ်ရပ်အချို့ကို ဖော်ပြထားပါသည်။

လူတစ်ယောက်၏ခွန်အား

လူတို့သည် ဤတစ်ဘဝတည်းနှင့် မပြီးသေးပါ။ ဘဝပေါင်းများစွာကျင်လည်ကြရပါဦးမည်။ မည်မျှကျင်လည်ကြရဦးမည်ကိုလည်း မည်သူမျှ မပြောနိုင်ပါ။ နိဗ္ဗာန်မရောက်မီစပ်ကြား တစ်ဝဲလည်လည် ဘဝတစ်ခုပြီးတစ်ခု ကျင်လည်ကြရပါဦးမည်။ လူအဖြစ်ဖြင့် ကျင်လည်ကြရလျှင် တော်ပါသေးသည်။ တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝ စသည်တို့ဖြင့် ကျင်လည်ကြရပါမှကြောက်စရာကောင်းလှပါသည်။

လူ့ဘဝဖြင့် ကျင်လည်ရခြင်းသည်ပင် ဒုက္ခတွေ ဝိုင်းဝိုင်းလည်နေပါတော့သည်။ ဤစာရေးသူ၏ ဖခင်ဖြစ်သူမှာ ဦးအေးမောင် (ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒကျမ်းပြု) အမည်တွင်သည့်



ဖခင်ကြီးအနေနှင့် ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ စာအုပ်ကို ပြုစုထားပုံမှာ သမားရိုးကျ ဘာသာရေးစာအုပ်များနှင့်မတူ မိရိုးဖလာကိုးကွယ်ယုံကြည်မှု သက်သက်ကို အားမကိုးဘဲ၊ ဗုဒ္ဓ၏ ကာလာမ သုတ်လာ သြဝါဒများအတိုင်း လေ့လာစူးစမ်းမှုပြုသည်။ စေ့စပ်ဖွေရှာကာ ကြိုးပမ်းမှုပြုသည်။

ပါဠိပိဋကတ်ကျမ်းများနှင့် နိုင်ငံခြားပညာရှင်တို့၏ ကျမ်းများကို မှီငြမ်းပြုရာတွင်လည်း ခွဲခြမ်းစိတ်ဖြာကာ ဗုဒ္ဓ၏ ဝိဘဇ္ဇဝါဒ၊ ကာလာမ သုတ်လာ သြဝါဒတို့နှင့်အညီ စိစစ်လက်ခံ မှီငြမ်းပြု၍ ရေးသားထားလေသည်။

အချုပ်ဆိုရသော် ဖခင်ကြီး၏ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒစာအုပ်သည် ဗုဒ္ဓဝါဒကို ခြေခြေမြစ်မြစ် လေ့လာလိုသူတို့အတွက် များစွာအထောက်အကူပြုနိုင်သည်ဟု ဝေဖန်ပြောဆိုခဲ့ကြပါသည်။

စာရေးသူအနေဖြင့် ဖခင်ကြီးအကြောင်း ယခုကဲ့သို့ ဖော်ပြနေခြင်းမှာ အခြားကြောင့်မဟုတ်ပါ။ ဖေဖေ ဦးအေးမောင်သည် ကျေးလူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တရားစာအုပ် ငါးအုပ်၊ ပိဋကတ်ဘာသာပြန်စာပေ ဖြန့်ချိရေးအဖွဲ့ အတွက် မဇ္ဈိမနိကာယ် (မူလပဏ္ဏာသ)၊ ထေရအဘိမာန် (ပထမပိုင်း) နှင့် မဟာဗုဒ္ဓဝင် (စတုတ္ထတွဲ) များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့စာပေ ဗိမာန်မှ အငြိမ်းစား အယ်ဒီတာကြီးတစ်ဦး (ကွယ်လွန်ပြီး) ဖြစ်ပါသည်။ ဦးအေးမောင် မကွယ်လွန်မီ နောက်ဆုံးရေးသားပြုစုခဲ့သည့် "လူတစ်ယောက်၏ခွန်အား" ဟူသော စာအုပ်တွင် ဤလူကမ္ဘာမြေကြီးကို ဒုက္ခပင်လယ်ဝေနေသောကမ္ဘာမြေကြီးဟု တင်စားခေါ်ဆိုခဲ့ပါသည်။

ထိုစာအုပ်တွင် ဖခင်ကြီးက လူကမ္ဘာကြီးမှာ လူတွေဒုက္ခရောက်ရတာ တဏှာကြောင့်၊ တဏှာဥပါဒါန်အစွဲကြောင့်၊ ဒီတဏှာဥပါဒါန်ကြောင့် အဂတိလိုက်စားကြ၊ မူးယစ်ဆေးသုံးစွဲကြ၊ မှောင်ခိုဂိုဏ်းထောင်ကြ၊ စစ်မက်ဖြစ်ပွားကြ၊ အေအိုင်ဒီအက်စ်လိုရောဂါတွေ ဖြစ်လာကြတာပဲ။ တဏှာဖြုတ်ဖို့ မဂ္ဂင်ရှစ်ပါးအလုပ်ကို လုပ်ရမယ်။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိနဲ့ ပညာဗလငါးတန်ဆောက်တည်ရမယ်။ ဒါမှ ဒုက္ခနဲ့ အိုနာသေဘေးကို ရဲရဲရင်ဆိုင်ကျော်လွှားနိုင်မှာဖြစ်သည်ဟူ၍ ဖော်ပြထားလေသည်။

ဖခင်ကြီး ၁၉၆၃-၆၄-၆၅ ခုနှစ်လောက်က ရေးသားပြုစုထုတ်ဝေခဲ့သည့် "ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ" စာအုပ် (၃) တွဲသည် ကျော်ကြားထင်ရှားသောစာအုပ်များဖြစ်ခဲ့ကြလေသည်။ ယခုအခါ ထိုစာအုပ်များမှာ ပြင်ပဈေးကွက်တွင် မရှိသလောက်ရှားသွားခဲ့ပြီး ဖခင်ကြီးမှာလည်း ဦးအေးမောင် (ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ ကျမ်းပြု) ဟု ကျော်ကြားခဲ့ပါသည်။





ရာတွင် ဖေဖေ၏ ပုံရိပ်အချို့ကို ဤစာရေးသူပြန်မြင်ယောင်မိ၍ ဖြစ်ပါသည်။ ဖေဖေသည် စာပေဗိမာန်မှ အငြိမ်းစားယူပြီးလျှင် မဟာစည်ရိပ်သာတွင် အချိန်ပိုင်းဝင်ရောက်၍ တာဝန်များ ထမ်းဆောင်ခဲ့ပါသည်။ စာရေးသူမှတ်မိသလောက် ဖေဖေသည် ဦးညီညီ၊ ဆရာမောင်ထင်၊ ဆရာတက်တိုး စသူတို့နှင့် အတူ မဟာစည် ဆရာတော်ဘုရားကြီး၏ တရားစာအုပ်များကို ဘာသာပြန်ဆိုခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ နိုင်ငံခြားသားယောဂီများအား ဆရာတော်၏ တရားတော်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

ဖခင်ဦးအေးမောင်မှ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တရားစာအုပ်များကို ပြန်ဆိုခဲ့ရာတွင် အရိယာဝါသတရားတော်ကြီး စာအုပ်တစ်အုပ် ပါဝင်ပါသည်။ ဝဏ္ဏကျော်ထင် ဆရာဝန်ကြီး ဦးမြင့်ဆွေသည် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး သန်လျင်မြို့၌ နှစ်ညတိုင်တိုင်ဟောကြားတော်မူခဲ့သော အရိယာဝါသတရားတော်ကြီးကို တိပ်ခွေမှတစ်ဆင့် ကြားနာရပြီးလျှင် တစ်ကြိမ်တစ်ခါမျှမရဘူး၊ မမြင်ဘူးသော ရတနာထုပ်ကို ရရှိသကဲ့သို့ အတိုင်းထက်အလွန် ဝမ်းသာမဆုံးဖြစ်ကာ မိမိနာကြားရသော အဆိုပါအရိယာဝါသတရားတော်ကြီးကို အမျှားသော ဓမ္မမိတ်ဆွေများအား နာကြား



စေချင်လွန်းလှ၍ နောက်တစ်နေ့တွင် ကျေးဇူးတော်ရှင်မဟာစည် ဆရာ တော်ဘုရားကြီးထံသို့ သွားရောက်ဖူးမြော်ကာ အရိယာဝါသတရားတော်ကြီးကို စာအုပ်အဖြစ် ပုံနှိပ်ခွင့်ပြုပါရန် လေးလေးစားစား လျှောက်ထားခဲ့ပါသည်။

ဆရာတော်ဘုရားကြီးထံမှ ခွင့်ပြုချက်ရခဲ့ပြီးနောက် ဆရာဝန်ကြီးသည် အသံတရားကို စာတရားဖြစ်လာအောင်ပြုပြီးလျှင် စာမူကို ဆရာတော်ဘုရားကြီးထံသို့ ပြန်လည် ဆက်ကပ်ရာ ဆရာတော်ဘုရားကြီးသည် တစ်လခန့်အချိန်ယူ၍ တည်းဖြတ်ပြင်ဆင်တော် မူခဲ့ပြီးနောက် စက်တင်ပုံနှိပ်၍အရိယာဝါသ တရားတော်ကြီးစာအုပ် ဖြစ်ပေါ်လာရပါတော့သည်။

ဖခင်ကြီး ဦးအေးမောင်မှ ကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ဘုရားကြီး၏ တရားစာအုပ်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရာတွင် အဆိုပါ အရိယာဝါသတရားတော်ကြီး စာအုပ်လည်း ပါဝင်ခဲ့ပါသည်။ ဖေဖေ ဘာသာပြန်ဆိုခဲ့သော အဆိုပါ အရိယာဝါသတရားတော်ကြီးနှင့် အတူ အခြားတရားစာအုပ် (၄)အုပ်ကို မဟာစည်သာသနာ့ရိပ်သာမှ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့ရာ ဆရာတော်ဘုရားကြီး၏ သလ္လေခသုတ် SALLEKHA SUTTA မှာ ဘန်ကောက်မြို့မှပင် ပုံနှိပ်ထုတ်ဝေ၍ ကမ္ဘာသို့ဖြန့်ချိခဲ့ကြောင်း သိရပါသည်။

ဆရာတော်ဘုရားကြီးသည် ၁၉၀၄-ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင်ဖွားမြင်တော်မူ၍ ယခုလာမည့် ၂၀၀၄-ခုနှစ်တွင် ဆရာတော်ဘုရားကြီး သက်တော်ရာပြည့်ပါတော့မည်။ ဆရာတော်ဘုရားကြီးသည် ၁၉၈၂-ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။ ဤစာရေးသူ၏ ဖခင်ကြီး ဦးအေးမောင်မှာ ၁၉၁၄-ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မွေးဖွားပြီး ၂၀၀၂-ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် စာရေးသူ၏ ဖခင်ကြီး ဦးအေးမောင်တို့ ဤကမ္ဘာမြေတွင် မရှိကြတော့သော်လည်း သူတော်ကောင်းဓာတ်တရားမြတ် လွှမ်းပတ်ကမ္ဘာ တည်စေသော် ဆိုသည့်အတိုင်း ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ တရားများမှာကား ကမ္ဘာတစ်ဝှမ်းသို့ ပျံ့နှံ့နေဆဲပင်ဖြစ်ပါတော့သည်။

တိုးထက်



ပဝတ္တနဝိဂြိုဟကြီး၏ ဘဝနိဒါန်းအစ ဘဝနိဒါန်းဆုံး

မကြွယ်ကြွယ်

ဒုတိယ - ခုနှစ်၊ ဝါခေါင်လ အတွင်းက ဖြစ်သည်။ ရန်ကုန်မြို့မှ သူဌေးကြီးဆာဦးသွင်သည် စစ်ကိုင်းမြို့တွင် ရောက်ရှိနေသော သမီးဒေါ်ခင်ခင်ကြီးထံသို့ ရောက်လာခဲ့သည်။ရောက်သည့်အခိုက် စစ်ကိုင်းမြို့တွင်ထင်ရှားနေသော သမိဒ္ဓါဒယျောင်သို့ ရောက်လာခဲ့သည်။ ချောင်ဆရာကြီး ဒေါ်မာလာရီမှာ

သူဌေးကြီးက တောင်းဆိုသဖြင့် ဆရာကြီးဒေါ်မာလာရီက သီလရှင်ငယ်တစ်ပါးထည့်လိုက်ပြီး သူဌေးကြီးသွားချင်သော ကမ္မဋ္ဌာန်းကျောင်းတိုက်များသို့ လိုက်ပို့စေလေသည်။ ပြန်လာသောအခါ သူဌေးကြီးက

"ဆရာတို့ချောင်က သိပ်ကျော်တယ်၊ ဒါပေမယ့် ကျွန်တော့်အမြင်မှာ ကမ္မဋ္ဌာန်းဘက်က သင့်ရုံပဲရှိတယ်" ဟူ၍ပြောလိုက်လေသည်။

ထိုအချိန်က ဆရာကြီး ဒေါ်မာလာရီသည် မဟာဂန္ဓာရုံဆရာတော်ဘုရား၏ တပည့်ဖြစ်သော အရှင် ဣန္ဒာသဘာထံတွင် ကမ္မဋ္ဌာန်းယူပြီး ဝိပဿနာဘာဝနာကို စီးဖြန်းနေစဉ် အချိန်ဖြစ်သည်။ ထိုမှ တစ်ဖန် မိုးညှင်းဆရာတော်ဘုရားကြီး၏ တရားတော်ကိုနာကြားပြီး ဝိပဿနာဘာဝနာအလုပ် အားထုတ်

ထိုအချိန်က သက် တော် ၆၅ ကျော် ၇၀ နီး အရွယ်သို့ ရောက်နေလေပြီ။ သူဌေးကြီးနှင့် ချောင်ဆရာကြီးတို့ စကားလက်ဆုံကျနေကြရင်း သူဌေးကြီးဆာဦးသွင်က -

"ဆရာကြီးတို့ စစ်ကိုင်းတောင်က သိပ်ကျော်တာပဲနော်"

ဟု ပြောလျှင် ဆရာကြီးဒေါ်မာလာရီက

"ဟုတ်ပါတယ်၊ ကျော်ပါတယ်"



နေဆဲသာဖြစ်သည်။သို့သော်သမာဓိ
မရ ဖြစ်နေသည်။ လယ်တီဆရာ
တော်ဘုရားကြီး၏နည်းအတိုင်း စိတ်
ကူးနှင့်တစ်ကိုယ်လုံး ဓာတ်မှုံလေး
တွေဖြစ်အောင် ရှုပြန်သည်။ သမာဓိ
မရနိုင်သေးချေ။ ထိုအခိုက်မှာပင်
သူဌေးကြီးဆာဦးသွင်နှင့် စစ်ကိုင်း
ချောင်သို့ ရောက်လာသောအချိန်
ဖြစ်နေသည်။

လွတ်လပ်ရေးရပြီးစတွင် လွတ်
လပ်ရေးအကြောင်း ပြောနေကြစဉ်
မှာပင် ရွှေဘိုမြို့အနီး၊ ဆိပ်ခွန်ရွာ
ကြီးမှ မဟာစည်ဆရာတော်ဘုရား
ကြီး၏ တရားသတင်းသည်လည်း
စစ်ကိုင်းတိုင်းသို့ ရောက်သည်အထိ
ပြန့်လာသည်။သူဌေးကြီးဆာဦးသွင်
သည် စစ်ကိုင်းတိုင်းရောက်ခိုက် ချပ်
သင်းချောင်သို့ အလည်ရောက်ခဲ့
သည်။ ပဋိပတ္တိသာသနာတော်ပြု
ရန် ဆရာတော်တစ်ပါး အလိုရှိ
ကြောင်း ပြောပြမိသည်။ ချပ်သင်း
ချောင်မှ ချပ်သင်းသူဌေး ဦးဘသင်
က ဆိပ်ခွန်တွင်ရှိသော မဟာစည်
ကိုယ်တော်ဟာ သူဌေးကြီးလိုချင်
သည့်အရည်အချင်းနဲ့ ပြည့်စုံလိမ့်
မယ်လို့ ထင်ပါတယ်ဟု ပြန်လည်
ပြောကြားလိုက်သည်။ သူဌေးကြီး
နာချင်ရင် ပင့်ကြတာပေါ့ ဟူ၍လည်း
ပြောလိုက်သည်။

ထိုအခါ သမိဒ္ဓါဒယ ဆရာ
ကြီး ဒေါ်မာလာရီမှာ နေ့ပိုင်းတွင်
ခေမေသကချောင်အထက်ထပ်သို့
တက်ပြီး တရားထိုင်လေ့ရှိသည်။
တစ်နေ့တွင် ချပ်သင်းချောင်မှ ဆရာ



မဟာစည်သာသနာ့ရိပ်သာကြီး၏မုခ်ဦးအဝင်ဝ

ကြီးသည် ဒေါ်မာလာရီထံရောက်လာပြီး -

"ဆိပ်ခွန်က မဟာစည်ဆရာ
တော်လေးရဲ့တရားပွဲ ဆရာ့ချောင်
မှာလုပ်ချင်လို့ပါ။ ဆရာတို့ချောင်က
ဓမ္မာရုံကကျယ်တယ်လေ၊ ဒါကြောင့်
ပါ"

မဟာစည်ဆရာတော်ဘုရား
ကား ဝါတွင်းဖြစ်လင့်ကစား တရား
ကြီးသည် တော်၏အကြောင်းကြောင့် ဝါပန်ပြီး
ဆိပ်ခွန်မှ စစ်ကိုင်းသို့ ကြွခဲ့လေ
သည်။ သမိဒ္ဓါဒယဆရာကြီး ဒေါ်
မာလာရီကား တရားဟောရန် ဓမ္မာ
ရုံကို အသုံးပြုခွင့်ပေးရုံမျှမက ဆရာ
တော်ဘုရားအား ဆွမ်းကပ်သေး
သည်။ တရားကို အာရုံစူးစိုက် နာ
လိုက်နိုင်သေးသည်။

မဟာစည်ဆရာတော်သည်



၁၃၀၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂-ရက်နေ့တွင် စစ်ကိုင်းသို့ရောက်ပြီး ဝါခေါင်လပြည့်ကျော် ၃-ရက်နေ့တွင် နေ့ ၂-နာရီအချိန်၌ သမိဒ္ဓေါ ဒယမမွာရုံတရားပွဲ စတင်ကျင်းပခဲ့သည်။ ဟောပြောသော တရားကား မာလုက္ကပုတ္တသုတ်တော် ဖြစ်လေသည်။

တရားပွဲတွင် သူဌေးကြီး ဆာဦးသွင်၊ စက်ပိုင် ဦးဘသင်၊ စစ်ကိုင်းမှ စက်ပိုင် ဦးမြကြီး၊ ဦးဘကြွယ်၊ ဒေါ်သိန်းတင်တို့ တရားနာယူကြသည်။ ဒေါ်မာလာရီဖိတ်ပေးသောကြောင့် ဓမ္မာရုံတွင် ပရိသတ်အပြည့်ရှိလေသည်။ ဤကား မဟာစည်ဆရာတော်ဘုရားကြီး၏ ပထမဦးဆုံးဆိပ်ခွန်လွန်ပြီးဟောခဲ့သော တရားပွဲဖြစ်တော့သည်။

အဆိုပါ ၁-ရက် တရားပွဲပြီးသော်လည်း ဆရာကြီးဒေါ်မာလာရီသည် မဟာစည်ဆရာတော်၏ တရားနာရာတွင် တင်းတိမ်မှုမရှိခဲ့ပါ။ ထို့ကြောင့် ဆရာတော်အား နောက်ထပ် ၂-ရက် တရားနာယူပါရစေဟူ၍ လျှောက်ထားတောင်းပန်လေသည်။ တရားချီးမြှင့်ရန် တောင်းပန်ရုံမျှမက သခ်ၤါရုပေက္ခာဉာဏ်ဖြစ်ပုံပါထည့်သွင်းဟောတော်မူရန် တောင်းပန်သည်။

ဆရာတော်ဘုရားက -

"သခ်ၤါရုပေက္ခာဉာဏ် ဖြစ်ပုံကို အလုပ်လုပ်ပြီးမှသာ ဟောလေ့ရှိသည်။ ဒကာမကြီးနာချင်ပါက ထည့်သွင်းဟောပေးမည်"ဟူ၍ မိန့်တော်မူပြီးနောက် ၂-ရက်တွင် ထည့်သွင်းဟောပြောပေးသည်။

မဟာစည်ဆရာတော်သည် စစ်ကိုင်းတွင် ၃-ရက် တရားဟောပြောချီးမြှင့်ပေးခဲ့သည်။

စစ်ကိုင်းပရိသတ်ကား မဟာစည်ဆရာတော်၏ တရားတော်ကို နားမဝင်၍ပဲလား၊ စိမ်းနေ၍ပဲလားမသိ၊ နောက် ၂-ရက်တွင်ဟောသော တရားပွဲ၌ သမိဒ္ဓေါဒယမှ သီလရှင် ၂၀ ကျော်လောက်သာ တရားပွဲတွင်လာရောက် တရားနာခဲ့လေသည်။ ဟောကြားသော တရားတော်မှာ အရိယာပုဂ္ဂိုလ်တို့၏အရာသာဖြစ်၍ တရားအလုပ် အားမထုတ်ဖူးသော ပုဂ္ဂိုလ်များအဖို့ နာကြားဖို့မလွယ်ကူဖြစ်ကြရသည်။

ထိုနှစ် သီတင်းကျွတ်လဆန်း ၈-ရက်နေ့တွင် သမိဒ္ဓေါဒယချောင်ဆရာကြီး ဒေါ်မာလာရီသည် ညီမဖြစ်သူ ဒေါ်သုဓမ္မစာရီနှင့်အတူ ဆိပ်ခွန်သို့ လိုက်သွားပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လတို့တွင် တရားအားထုတ် ရှုမှတ်ခဲ့သည်။ ထိုသို့ တရားအားထုတ်ပြီးနောက် သူဌေးကြီး ဆာဦးသွင်ထံသို့ စာရေးရာတွင် "သူဌေးကြီး၊ သူဌေးကြီးကျေးဇူးကြောင့် ကျွန်မတို့ အပါယ်ဘေးမှ ဆင်းရဲဘေးမှ ကင်းလွတ်ပါပြီ"ဟူ၍ ရေးခဲ့လေသည်။

ဤသို့သော စာများကြောင့် မဟာစည်ဆရာတော်ဘုရားကြီး ရန်ကုန်မြို့သို့ ကြွရောက်ရဖို့ အခွင့်အလမ်းများ ဖြစ်လာခဲ့သည်ဟုဆိုကမှားမည်မထင်ပါ။ မဟာစည်ရိပ်သာကြီး ပေါ်ထွန်းလာသည်။ ကမ္ဘာကျော် မဟာစည်ဆရာတော်ဘုရားကြီး။ သဒ္ဓမ္မရံသီ၊ ပဏ္ဍိတာရာမ၊ ညောင်ကန်အေး၊ ချမ်းမြေ့စသော မဟာစည်နည်းကျရိပ်သာများ ပေါ်ထွန်းလာခဲ့ကြသည်။ ကမ္ဘာတွင် ပုဒ္ဓနည်းကျ ဝိပဿနာတရားများ ပြန့်ပွားစေရန် အားထုတ်နိုင်ခဲ့ခြင်းကား စစ်ကိုင်းမြို့၊ သမိဒ္ဓေါဒယမှ အစပြုခဲ့ပါသည်ဟူ၍ ဆိုပါရစေ။

ဤကဲ့သို့ မဟာစည်နည်းဟူ၍ ခေါ်စမှတ်ပြုရသော ဝိပဿနာတရား အားထုတ်နည်းကို အစပြုခဲ့သည်။ မဟာစည်ဆရာတော်ဘုရားကြီးကို ၁၂၆၆-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃-ရက်နေ့တွင် ဦးကံတော်၊ ဒေါ်အုပ်တို့မှ ဒုတိယသားရတနာအဖြစ် ဖွားမြင်ခဲ့သည့် ဆရာတော်





ဘုရားကြီး၏ မိဘ ၂ ပါးတွင် ဆရာတော်ကြီးအပြင် အခြားသား ၃-ဦးနှင့် သမီး ၃-ဦးတို့ ဖွားမြင်ခဲ့ပါသေးသည်။ဇာတိဌာနေကား ရွှေဘိုခရိုင်၊ ဆိပ်ခွန်ရွာဖြစ်ပါသည်။ ဒေါ်အုပ်ကို ဒေါ်ဖွားအုပ်၊ ဒေါ်ရွှေအုပ်ဟုလည်း ခေါ်ကြောင်း သိရပါသေးသည်။

အသက် ၁၂-နှစ်အရွယ်တွင် ရှင်သာမဏေပြုခဲ့သည်။ရွာကျောင်းဆရာတော် အရှင်အာဒိစ္စ၏အထံတော်တွင်ဖြစ်သည်။ သက်တော် ၁၉-နှစ် ၄-လအရ ၁၂၈၅-ခုနှစ်၊ တန်ဆောင်မုန်းလတွင် သာသနာတွင်း ရှင်ရဟန်းဘဝသို့ တက်လှမ်းတော်မူခဲ့သည်။

မဟာစည်ဆရာတော်ဘုရားကြီး ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးတွင် ပိုမိုထင်ရှားကျော်ကြားခဲ့သည်ဟု ကျွန်မထင်မိပါသည်။ 'ဆိပ်ခွန်မှ ရန်ကုန်သို့ရောက်ခဲ့သည်။ မဟာစည်ရိပ်သာကြီး ဖွင့်လှစ်ခဲ့။ ဝိပဿနာတရားတော်တွေ ကျင့်နိုင်ရန် နည်းပေးခဲ့' စသော သတင်းစကားတို့သည် လူသတင်း လူချင်းဆောင်ဟူဘိသို့ ကြားနေရပါသည်။ ထိုစဉ်က သတင်းစာများတွင် ဖတ်နေရ၍ သိနေရပါသည်။

ကျွန်မတို့မှာ နယ်မြို့တွင်နေရကား ကိုယ်တိုင်ကိုယ်ကျ ဆရာတော်ကြီးကို ဖူးခွင့်မကြုံခဲ့ပါ။ သို့သော် စိတ်ဝင်စားမှုကား မရှိ၍မဟုတ်ပါ။ ရှိနေပါသည်။ အထူးစိတ်ဝင်စားနေမိပါသည်။

ကျွန်မသည် ရန်ကုန်သို့ရောက်လာသောအခါ မဟာစည်ဆရာတော်ဘုရားကြီး၏ တရားတော်များကို ရိပ်သာတွင် အခါအားလျော်စွာ ကြားနာခဲ့ပါသည်။ ဝမ်မိကသုတ် တရားတော်၊ ဓမ္မစကြာသုတ်တရားတော်တို့ကို နာယူခဲ့သည်။ ကျွန်မတို့ အလုပ်ဌာနတွင် အားလပ်ချိန် စကားပြောဖြစ်ကြသောအခါ ဦးမြသိန်း(စာရေး ဆရာရန်ကြီး အောင်-ကွယ်လွန်) ဗိုလ်ကြီး ဒေါ်စန်းစန်း ဦး-ယောက်လမ်း)တို့နှင့် စကားလက်ဆုံကျမိပါသည်။ သူတို့ ၂-ဦးလုံးကပင် မာလုကျပုတ္တသုတ် တရားတော်ကောင်းကြောင်း အမြဲလိုပြောလေ့ရှိပါသည်။ သူတို့ ၂-ဦးကား အခါအားလျော်စွာ အလုပ်မှခွင့်ယူပြီး ရိပ်သာဝင်ကြ၊ ခွင့်စေ့၍ ပြန်လာလျှင် အတွေ့အကြုံပြောကြနှင့်ပင်။

ကျွန်မနှင့် မဟာစည်ဆရာတော်ဘုရားကြီးကား တရားနာယူမိသောနေ့ကစ၍ပင် ဆရာတော်ဘုရားကြီးအား လေးလေးနက်နက် ကြည်ညိုနေမိပါသည်။ ဆရာတော်ဘုရားကြီး၏ ဥပဓိရုပ်သည်လည်း မြန်မာအမျိုးသားတို့၏ မူလပုံစံအတိုင်း မြင့်မြင့်မားမား မတ်မတ်၊ ပြည့်သောကိုယ်လုံးနှင့် အလုံးအရပ်ကိုက်ညီသော ကိုယ်ဖြစ်ရာ အားကိုးသောစိတ်၊ ကြည်ညိုအားထားသောစိတ် ပို၍ရှိလာသည်ဟု ထင်မိပါသည်။ ကျွန်မ၏အလုပ်ဌာနတွင် နိုနိုဝင်းအမည်ရှိ အမျိုးသမီးတစ်ဦးရှိရာ သူသည် အလုပ်အားရက်တိုင်းပင် မဟာစည်ရိပ်သာကြီးသို့သွားပြီး ဝေယျာဝစ္စဆောင်ရွက်ခြင်း၊ အားလပ်ချိန်တို့တွင် တရားထိုင်ခြင်း ပြုပါသည်။ တနလ်ာနေ့ အလုပ်သို့ရောက်လျှင် ကျွန်မနှင့် မနေ့က အတွေ့အကြုံတို့ကို ပြန်ပြောပြတတ်ပါသည်။

ကျွန်မမိတ်ဆွေ ဦးဘခက်၏ သားလေး နာရေးဖြစ်သောအခါ ဆရာတော်ဘုရားကြီးတစ်ပါးတည်း ကိုယ်တော်တိုင် ဦးဘခက်အိမ်သို့ ကြွခဲ့ပါသည်။ အိမ်တွင် ဦးဘခက်နှင့်ဇနီးတို့၏မိခင်ကြီးနှင့် ကျွန်မပါ ၄ ဦးသာ ရှိပါသည်။ ဆရာတော်ဘုရားကြီးက "ဒီလိုပြင်ပကိစ္စတွေဆိုကြွလေ့မရှိပါဘူး၊ ခုဟာက ကိုယ့်ဇာတိသားချင်းဖြစ်၊ ဆိပ်ခွန်ကလိုက်လာရတဲ့ ဦးဘခက်ယောကျ်မကြီးလည်း အေးအေး ဆေးဆေးတွေ့ရအောင်လို့ ကြွလာတာ" ဟုမိန့်ကြားပါသည်။ အသံတော်



အောင်မြင်၏။ အေးဆေးတည်ငြိမ်၏။

ကျွန်မကိုတွေ့သော် အမျိုးတော်လို့လားဟု မေးပါသည်။ ဆရာတော်ကြီး မန္တလေးမှအပြန် ကျွန်မက ပျဉ်းမနားဘူတာမှ အတက် ရထားတစ်တွဲတည်းစီး၍ ဖူး၍ မိန့်ကြားသော စကားကို နာခဲ့ရဖူးပါသည်။

ဖူးရသောအကြိမ်နည်းသော်လည်း ဆရာတော်ဘုရားကြီးအား ကြည်ညို လေးစားသောစိတ် မလျော့နည်းခဲ့ပါ။

ဆရာတော်ဘုရားကြီးနှင့် ပတ်သက်ပြီး ထူးခြားသောအိပ်မက် ၃ ခါ မက်ဖူးပါသည်။ နောက်ဆုံး အိပ်မက်ကား ဆရာတော်ဘုရားကြီးလွန်တော်မမူမီ တစ်ပတ်အလို က ဖြစ်ပါသည်။ အိပ်မက်တွင် ဆရာတော်ဘုရားကြီးကား ထမ်းစင်ပေါ်တွင်ထိုင်လျက် လူတစ်စုက ထမ်းသွားကြပါသည်။ လူအုပ်ကြီးမှာ ရှေ့နောက်ဝဲယာ တိုးမပေါက်အောင် စည်ကားလှသည်။ ကျွန်မက လူအုပ်တို့အပြင်ပ လမ်းဘေးဂမူလေးတစ်ခုတွင် ရပ်နေပါသည်။ ဆရာတော်ဘုရားကြီးကို တွေ့သောအခါ ကျွန်မ မတ်တပ်ရပ်လျက်က လက်အုပ်ချီကန်တော့ပါသည်။ ဆရာတော်ဘုရားကြီးက ကျွန်မကိုမြင်သွားပြီး လက်ပြ နှုတ်ဆက်ပါသည်။

နောက်နေ့အလုပ်ဌာနတွင် နီနီဝင်းကို တွေ့သောအခါ အိပ်မက်အကြောင်း ပြောပြမိပါသည်။ နီနီဝင်းက "ဘာဖြစ်လို့မျှား ဒီအိပ်မက်မက်ပါလိမ့်" ဟု တွေးတွေးဆဆ ပြောပါသည်။



နောက်တစ်ပတ်တိတိ အကြာတွင် ဆရာတော်ဘုရားကြီး လွန်တော်မူပါ၏။

ကျွန်မ၏ အိပ်မက်ကို နီနီဝင်းက "ဒါကြောင့် မက်တာကိုး" ဟု အဆုံးအဖြတ်ပေးပါသည်။ အခြားသူတွေ ကြားပါက ဆရာတော်ဘုရားကြီးက လက်ပြရလား ဟု မေးကောင်းမေးကြပါလိမ့်မည်။ အိပ်မက်ထဲတွင် လက်ပြခြင်းပါ။ ဒီလိုအိပ်မက်မျိုး ဆရာတော်ကြီးနဲ့ ဘယ်လောက်ရင်းနှီးလို့ မက်တာလဲ ဟု ရင်းနှီးသော ဒကာရင်း ဒကာမရင်းတွေက ပြောကောင်းပြောပါလိမ့်မည်။

ကျွန်မ မဖြေတတ်ပါ။ တကယ်မက်ခဲ့၊ တကယ်ကို ဆရာတော်ဘုရားကြီးလွန်တော်မမူမီ ကြိုတင်မက်ခဲ့ခြင်းပါ။

၁၃၆၆ ခုနှစ်၊ ဝါဆိုလတွင် ဆရာတော်ဘုရားကြီး သက်တော် (၁၀၀)ပြည့်ပါတော့မည်။ ကျွန်မထံတွင် စာစောင်အဘွက် စာမူတောင်းသောကြောင့် ရေးရမည့်အကြောင်းတွေ စဉ်းစားရင်းကပင် ဆရာတော်ဘုရား ငယ်စဉ်ဘဝ စစ်ကိုင်းတွင် တရားစတင်ဟောရာက ဆရာကြီးဒေါ်မာလာရီကကြိုက်ပြီး သူဌေးကြီးဆာ-ဦးသွင်ထံ စာရေးပုံတို့ကို စဉ်းစားမိပြီး ဤစာစုကို ရေးသားရပါသည်။ ဆရာတော်ဘုရားကြီးအား ပူဇော်ပါ၏ ဘုရားဟူ၍ ရေးသားရပါသတည်း။

သံသရာဘေးမှ လွတ်မြောက်ရေး နည်းလမ်းပြသောသူသာလျှင် ကျေးဇူးရှင်အဖြစ် ပိုမိုကျေးဇူးကြီးမားသည်ဟု အဆိုအမိန့်ရှိပါသည်။ ဆရာတော်ကြီးကား နေသွားသောဘဝတစ်လျှောက်ဝယ် လူအများစုကြီးအား သံသရာဘေးကြီးမှ လွတ်မြောက်ရေးအတွက် အသိတရားကို ပေးခဲ့သော ဆရာတော်ဘုရားကြီးဖြစ်ပါသည်။ ကျေးဇူးရှင်အစစ်ဖြစ်ပါသည်။ လက်အုပ်မိုးပြီး ရှိခိုးဆဲရှိပါ၏ ဘုရား။

မကြွယ်ကြွယ်



ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

"ငါ့ရိပ်သာမှာ
ကျင်းပရပါ့မလား ၊
နေရာရွှေ့သွားရပါ့မလား၊
စိတ်ဆင်းရဲမှုမရှိ ၊
မည်သည့်နေရာမှာ
ကျင်းပကျင်းပ
ဂန္ဓဓုရစာပေ
သင်ကြားရေးတာဝန် ၊
ဝိပဿနာဓုရ
သမထဝိပဿနာ
ဘာဝနာပွားများ
ရေးတာဝန်တို့သည်
ငါ့တာဝန်ဖြစ်သည်"

ဥဇုပွဋိပန် - ပူဇော်ရန်

မိမိထံသို့ (၁၇-၁၁-၂၀၀၃)ရက်နေ့က စာမူတောင်းခံလွှာ တစ်စောင်ရောက်ရှိလာပါသည်။ ယင်းစာမူတောင်းခံလွှာကို ဖတ်ကြည့်မိသောအခါ မဟာစည်ဆရာတော်ဘုရားကြီး၏ သက်တော်ရာပြည့်အထိမ်းအမှတ် စာစောင်အတွက်စာမူတောင်းခံလွှာဖြစ်နေပါသည်။ မိမိ

ယတ္တိ + ပဋိပတ္တိ + ပဋိဝေဓတည်းဟူသော သာသနာသုံးရပ်ကို မိမိတို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် စွမ်းစွမ်းတမံ သာသနာပြုလျက်ရှိပြီး တစ်ဘက်မှလည်း လစဉ်ထုတ် စာစောင်မဂ္ဂဇင်းနှင့် အထိမ်းအမှတ် စာစောင်များတွင် ဓမ္မစာပေများ ရေးသားလျက် သာသနာပြုနေသည်ကို တပည့်တော်များ သိရှိထားပါသည်ဘုရား" ဟူ၍ ပါရှိသည်ကိုဖတ်ရှုပြီး အားတက်လာကာ ဆရာတော်ဘုရားကြီး၏ အကြောင်းကို ဤသို့ဆောင်းပါးတစ်ပုဒ်ရေးသား၍ ပူဇော်လိုက်ရခြင်းပင်ဖြစ်ပါသည်။

ဥဇုဂုဏ်တည်မဟာစည်

အရှင်ကုမာရ (ပန်းတနော်)



သည် စာမူတောင်းခံလွှာကို ဖတ်ရှုပြီးသောအခါ ဆရာတော်ဘုရားကြီး၏ အကြောင်းရေးရန်ဝန်လေးနေမိပါသည်။

အကြောင်းသော်ကား ဆရာတော်ဘုရားကြီးသည် ပြည်တွင်းပြည်ပ နိုင်ငံကျော်၊ ကမ္ဘာကျော် ဆရာတော် ဘုရားကြီးတစ်ပါးဖြစ်တော်မူပြီး မိမိသည်ကား တောချုံအုံကြားမှ စာရေးဆရာ ပေါက်စတစ်ပါးဖြစ်နေသောကြောင့်ပါတည်း။

စာမူတောင်းခံလွှာတွင် "ဆရာတော်ဘုရားကြီးများအနေဖြင့် ပရိ

သံဃာ့ဂုဏ်တော် (၉) ပါးတွင် ဥဇုပွဋိပန္နဂုဏ်တော်သည်လည်း တစ်ပါးအပါအဝင် ဖြစ်ပါသည်။ ဥဇုပွဋိပန္နဟူသည် ဖြောင့်မတ်စွာကျင့်တော်မူခြင်းပင် ဖြစ်ပါသည်။ ဥဇုပွဋိပန္န၏အနက်မှာလမ်းကောက်လမ်းမှားသို့မလိုက်ဘဲ၊ လမ်းဖြောင့်အတိုင်းကျင့်သူ၊ လှည့်ပတ်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်းမရှိ၊ ရိုးသားဖြောင့်မတ်စွာကျင့်သူဟု အနက်နှစ်မျိုးရရှိပေသည်။

ဒုက္ခဆင်းရဲငြိမ်းရန် ရည်သန်ကျင့်ကြသောအကျင့်များတွင် ကာမ



ဂုဏ်ချမ်းသာခံစားခြင်းအကျင့်၊ မိမိကိုယ်ကိုပင်ပန်းအောင် ကျင့်သောအကျင့်ဟု နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် ပထမအကျင့်သည် လျော့လွန်းသောအကျင့်ဖြစ်ပြီး၊ ဒုတိယအကျင့်သည်ကား တင်းလွန်းသောအကျင့်ဖြစ်ပါသည်။ ဤသို့ လျော့လွန်း၊ တင်းလွန်းသောအကျင့်ဖြစ်သောကြောင့် တစ်ဘက်စွန်းသို့ ရောက်သွားသောအကျင့်ဟုလည်း ဆိုကြပါသည်။ တစ်ဘက်စွန်းသို့ရောက်သွားသောအကျင့်သည် ဒုက္ခဆင်းရဲမငြိမ်းအေးနိုင်ဘဲ ဒုက္ခဆင်းရဲဖြစ်ကြောင်းသာဖြစ်၏။ ထို့ကြောင့် ထိုလမ်းများမှာ ဒုက္ခဆင်းရဲငြိမ်းရေးအတွက်ဖြောင့်မတ်သောလမ်းများမဟုတ်၊ လမ်းလွဲလမ်းမှားများသာဖြစ်ကြတော့သည်။

မဂ္ဂင်ရှစ်ပါးတရားလမ်းတော်ကြီးသည်ကား မလျော့မတင်း၊ အလယ်အလတ်ကျသော မဇ္ဈိမပဋိပဒါအကျင့်ပင်ဖြစ်၏။ နိဗ္ဗာန်သို့ ရောက်ရန်ဤလမ်းမှတစ်ပါး အခြားလမ်းမရှိပါပေ။ တစ်ကြောင်းတည်းသောလမ်းဖြစ်သည်ဟု မြတ်ဗုဒ္ဓမိန့်တော်မူခဲ့သည်။ ဤလမ်းမှသာ နိဗ္ဗာန်သို့ ကြွရောက်တော်မူနိုင်ပါသည်။ ဘုရားအစရှိသောသူတော်ကောင်းကြီးတို့သည်လည်း ဤလမ်းမှပင်နိဗ္ဗာန်သို့ ကြွရောက်တော်မူခဲ့ကြပြီး ဖြစ်ပါသည်။

ဒုတိယအနက်မှာ - အကောက်အကွေ့မရှိ၊ ရိုးသားဖြောင့်မတ်စွာကျင့်သောအကျင့်ဟူ၍ ဖြစ်ပါသည်။

မိမိ၏အပြစ်ကိုဖုံးကွယ်ခြင်း၊ လှည့်ပတ်ခြင်းကို မာယာဟုဆို၏။ မိမိ၌မရှိသောဂုဏ်ကို ဖော်ပြခြင်း၊ စဉ်းလဲခြင်းကို သာဒ္ဒေယျဟုဆို၏။

မိမိအား သူတစ်ပါးအထင်ကြီးအောင်၊ ပစ္စည်းလာဘ်လာဘပေါများအောင်၊ ကိုယ်ကျင့်သီလမရှိပါဘဲ သီလရှိယောင်ဆောင်မှု၊ စာမတတ်ဘဲ စာတတ်ဟန်ဆောင်မှု အစရှိသောလှည့်စားမှုအမျိုးမျိုးတို့ကို ပစ္စည်းမက်မောတွယ်တာသူ၊ တရားကိုမလေးစားမလိုလားသူများ၌ ဖြစ်တတ်ကြပါသည်။ တရားကိုလေးစားသူ၊ တရားကိုလိုလားသူများ၌ကား ထိုသဘောတို့မှ ကင်းဝေးတော်မူကြပါသည်။ ဤသို့ကင်းဝေးတော်မူကြခြင်းသည်ပင် ဖြောင့်မတ်စွာကျင့်သော ဥဇုပွဋိပန္နမည်ပါသည်။



မိမိဖော်ပြလိုသည်မှာမြန်မာနိုင်ငံထေရဝါဒသံဃာတော် များးထဲတွင်ဥဇုပွဋိပန္နဂုဏ်တော်နှင့် ပြည့်စုံတော်မူကြသော ဆရာတော်များသည် ခေတ် အဆက် ဆက်တွင် ရှိတော်မူခဲ့ကြပါသည်။ ထိုအထဲတွင် သာသနဓဇသိရီပဝရမဟာစရိယ + အဂ္ဂမဟာပဏ္ဍိတ + ဆဋ္ဌသင်္ဂီတိပုဋ္ဌကဘဒ္ဒန္တသောဘနမဟာစည်ဆရာတော်ဘုရားကြီးသည်လည်း တစ်ပါးအပါအဝင်ဖြစ်တော်မူပါသည်။ ထိုမဟာစည်ဆရာတော်ဘုရားကြီး၏ဂုဏ်ရည်တို့ကို မိမိလက်လှမ်းမီသလောက်ဖော်ပြ ပူဇော်လိုပါသည်။

သတ္တိဗျတ္တိ-အလွန်ရှိ

မဟာစည်ဆရာတော်ဘုရားကြီးသည် ယော်စဉ်ကပင် ပဌမယော် +ပဌမလတ် +ပဌမကြီးတန်းများအောင်မြင်ပြီးနောက် ဓမ္မာစရိယတန်းပေါ်လာသော (၁၃၀၃) ခုနှစ်တွင် တစ်နှစ်တည်းဖြင့် "သာသနဓဇ + သိရိပဝရ + ဓမ္မာစရိယ" ဘွဲ့ကိုဖြေဆိုအောင်မြင်တော်မူခဲ့သဖြင့် ရရှိတော်မူခဲ့ပါသည်။ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ကိုတော့ (၁၃၀၃) ခုနှစ်က နိုင်ငံတော်အစိုးရ၏ ဆက်ကပ်ခြင်းကို ခံယူတော်မူခဲ့ပါသည်။ ဆရာတော်ဘုရားကြီးသည်ယော်စဉ် (၄)ဝါကပင် မန္တလေးမြို့ခင်မကန်တိုက် ဘွားတော်ကျောင်းတွင် သီတင်းသုံးတော်မူပြီး စာတတ်အကျော်အမော် ဆရာတော်ကြီးများထံ၌ ပိဋကတ်လမ်းရိုးကျ အာစရိယ



ဝါဒ လက်ဆုပ် လက်ကိုင် ထိထိမိမိ ရရှိအောင် ပါဠိတော်အဋ္ဌကထာ ဋီကာကျမ်းစာများ‌ကို ဆည်းပူး သင်ယူတော်မူခဲ့ပါသည်။ ဆရာတော်ဘုရားကြီးသည် ပရိယတ္တိစာပေကျမ်းဂန်တို့ကို တတ်မြောက်တော်မူသဖြင့် ပခုက္ကူ + မန္တလေး အစရှိသော ဆရာတော် ကြီးများက သတ္တိဗျတ္တိနှင့် ပြည့်စုံတော်မူသော ဆရာတော်ဟူ၍ မိန့်တော်မူခဲ့ကြပါသည်။

ဆရာတော်သည် မန္တလေးမြို့၌ စာပေကျမ်းဂန်တို့ကို သင်ယူပြီး နောက် မော်လမြိုင်မြို့တောင် ဝိုင်းကလေးကျောင်းတွင် စာသင်သား သံဃာတော်များအား (၁၂၉၃) ခုနှစ်တိုင်အောင် စာပေကျမ်းဂန်တို့ကို သင်ကြားပို့ချပေးတော်မူပြီး သာသနာပြုတော်မူခဲ့ပါသည်။ သာသနာတော်၌ အရေးအကြီးဆုံး + မူလပဓာနဖြစ်သော ပရိယတ္တိသာသနာတော်မြတ်ကြီးအရှည်သဖြင့် တည်ရှိ ပြန့်ပွားရေးကို အထူးအလေးပေးတော်မူ၍ သာသနာပြုတော်မူခဲ့ခြင်းပင်ဖြစ်ပါသည်။

ပရိယတ္တိမှပဋိပတ္တိသို့

မဟာစည်ဆရာတော်သည် ယင်းသို့ ပရိယတ္တိသာသနာတော်မြတ်ကြီးကို အားထုတ်တော်မူနေစဉ် မော်လမြိုင်မြို့ တောင်ဝိုင်းကလေးဌာန၏ "ပရိယတ္တိမှပဋိပတ္တိသို့" ဟူသော နှိုးဆော်ချက်အရ နေကွကမ္မဋ္ဌာသယ-တောထွက်လို သော ဆန္ဒစိတ်ခံပါရှိလာသော ဆရာတော်ကြီးသည် တောထွက် ဖြစ်ခဲ့လေသည်။

သထုံမြို့မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး၏ အထံတော် သို့ရောက်ရှိတော်မူပြီး သတိပဋ္ဌာန် ဝိပဿနာတရားကျင့်ပုံ၊ ပွားများပုံ တို့ကိုသင်ယူတော်မူပြီး သေချာစွာ အားထုတ်တော်မူခဲ့သည်။ မင်းကွန်း ဆရာတော်ဘုရားကြီးကလည်း ကိုယ်တော်တိုင်ပင် နေတွင်ပါဠိတော်ကို မူတည်လျက်သတိပဋ္ဌာန်ဝိပဿနာဘာဝနာတရားတို့ကို သေချာကျနစွာသင်ပေးဟောပြောတော် မူခဲ့ပါသည်။ မင်းကွန်းဇေတဝန်ဆရာတော်ကြီးသည်ကား ပရိယတ္တိ + ပဋိပတ္တိ တို့တွင် ထင်ရှားကျော်ကြားတော်မူသောဆရာတော်ကြီးတစ်ပါး ဖြစ်ပါသည်။ အထူးဖော်ပြရန်မလိုဟု ထင်ပါသည်။ ပရိယတ္တိပဋိပတ္တိအားထုတ်နေသူတိုင်းသိရှိပြီးဖြစ်ပါသည်။

မိမိသံသယ - လျှောက်တင်ပြ

မဟာစည်ဆရာတော်သည် မင်းကွန်း ဇေတဝန်ဆရာတော်ကြီးထံ၌တရား အားထုတ်လာခဲ့ရာ (၄) လထဲသို့ပင် ချဉ်းနင်းဝင်ရောက်ခဲ့လေပြီ။ တစ်နေ့တွင် မင်းကွန်းဇေတဝန် ဆရာတော်ကြီးအား ဤသို့ပင်ပွင့်ပွင့်လင်းလင်း လျှောက်ထားလေသည်။ "အရှင်ဘုရား - ကျမ်းဂန်တို့၌ ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ရှေးရှေးဘဝများ၌ ဖုံးလွှမ်းသော အဝိဇ္ဇာကိုပယ်သည်ဟု အဆိုရှိပါသည်။ သုက္ခဝိပဿကရဟန္တာ

"အထူးမဟုတ်ပါဘူး ကိုယ်တော် ခန္ဓာအာယတန ဓာတ်များကို နှလုံးသွင်းပြီး၊ ဒါတွေဟာ အနိစ္စဒုက္ခအနတ္တတွေပဲလို့ ဆင်ခြင်နေပါတယ်၊ ကြိုးကြိုးတားတား အားထုတ်ဖို့ပဲ လိုပါတယ်၊"



သုသာန်ဓုတင်-ဆောင်လို့ပင်

မဟာစည်ဆရာတော်ကြီး မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီးထံသို့ မရောက်မီတရား အားထုတ်ရန် နေရာရွာစဉ် ဘုန်းကြီးဦးအုန်းခိုင် ကျောင်းသို့ ရောက်ရှိခဲ့ပါသည်။ ဘုန်းကြီး ဦးအုန်းခိုင်ဆိုသည်မှာ ဘုန်းတော်ကြီး ဦးသီလ၏တပည့် တစ်ပါးပင်ဖြစ်ပါသည်။ ရွှေရောင်ပြ တောင်ခြေတွင်သီတင်းသုံးတော်မူပြီး သုသာန်ဓုတင်၊ အရညကင်ဓုတင် နိသဇ္ဇဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ဧကာသနိက်ဓုတင်၊ ပတ္တပိဏ်ဓုတင်၊ တိစီဝရိက်ဓုတင်၊ ရုက္ခမူဓုတင် စသည်ဖြင့် ဓုတင် (၈) ပါးကို အမြဲတမ်းဆောင်နေသော ဘုန်းကြီးတစ်ပါး ဖြစ်ပါသည်။

ဘုန်းကြီး ဦးအုန်းခိုင်နှင့်ဝိပဿနာတရားများကို ဆွေးနွေးခဲ့ဖူးပါသည်။ တစ်နေ့တွင် ဘုန်းကြီး ဦးအုန်းခိုင်အား မဟာစည်ဆရာတော်ကြီးကပင် စတင်လျက် ဤသို့ လျှောက်ထားလေသည်။

"အရှင်ဘုရား . . . နှလုံးသွင်းတော်မူတဲ့ လိုရင်းတရားကို တပည့်များ သိလိုပါသည်။ ခဲခဲယဉ်းယဉ်း ရောက်လာရတဲ့ တပည့်များကို အမိန့်ရှိတော်မူပါဘုရား။"

ထိုအခါ ဘုန်းကြီး ဦးအုန်းခိုင်ကလည်း-

"အထူးမဟုတ်ပါဘူး ကိုယ်တော်ခန္ဓာအာယတနဓာတ်များကို နှလုံးသွင်းပြီး၊ ဒါတွေဟာ အနိစ္စ, ဒုက္ခ, အနတ္တတွေပဲလို့ ဆင်ခြင်နေပါတယ်၊ ကြိုးကြိုးစားစား အားထုတ်ဖို့ပဲ လိုပါတယ်။" ဟူ၍ ပြန်လည် လျှောက်ထားခဲ့ပေသည်။

ဘုန်းကြီး ဦးအုန်းခိုင်မှာ သုသာန်ဓုတင်ဆောင် ဘုန်းကြီးဖြစ်တော်မူသဖြင့် မဟာစည်ဆရာတော်ကြီးသည် ၎င်းနှင့်အတူ သုသာန်ဓုတင် လိုက်၍ ဆောက်တည်တော်မူခဲ့သည်။

မဟာစည်ဆရာတော်ကြီးသည် "စစချင်း ဆောက်နဲ့ထွင်း" ဆိုသကဲ့သို့ အစိမ်းသေ အမျိုးသမီးငယ်၏ မြေပုံတွင်သုသာန်ဓုတင် ဆောက်တည်ပြီး တရားရှုမှတ်ခဲ့လေသည်။ ဆရာတော်ကြီးသည် ထိုစဉ်က ငယ်လည်း ငယ်သေး၊ အတွေ့အကြုံကလည်း မရှိသေးသဖြင့် ကျောစိမ့်ခဲ့ရပေသည်။ ဤအကြောင်းကို တပည့်များအား အလျဉ်းသင့်သည့်အခါ မိန့်ကြားတော်မူခဲ့ဖူးပါသည်။ ထိုစဉ်က ဆရာတော်ကြီး၏ သက်တော်မှာလည်း (၂၇)နှစ်သာရှိသေးသည်။ ဤသည်မျှးမှာ ရှေးဘဝကိုသိနိုင်သော ပုဗ္ဗေနိဝါသအဘိညာဉ်ကို မရကြပါ။ ထို့ကြောင့် - သုက္ခဝိပဿကရဟန္တာတို့၌ ရှေးရှေးဘဝများကို ဖုံးလွှမ်းသော အဝိဇ္ဇာကျန်ရှိနေသေးသကဲ့သို့ ဖြစ်နေပါသည်။ အဘယ်သို့မှတ် ယူရပါမည်နည်းဘုရား"

မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးကလည်း ဤသို့ပင် ပြန်လည်၍ ဖြေဆိုစကား မိန့်ကြားတော်မူလိုက်ပါသည်။

"လောကီအဘိညာဉ်များဖြင့် ကိလေသာကို ပယ်သည်မှာ ဝိက္ခမ္ဘနပဟာန်မျှသာဖြစ်၍ အမြစ်ပြတ်မငြိမ်းစေနိုင်ကြောင်း၊ အရိယာမဂ်ဖြင့်ပယ်မှသာ သမုစ္ဆေဒပဟာန်ဖြစ်၍ အမြစ်ပြတ်ငြိမ်းစေနိုင်ကြောင်း၊ ရဟန္တာမှာအဘိညာဉ်ကို မရသော်လည်း အဝိဇ္ဇာကို အရဟတ္တမဂ်က သမုစ္ဆေဒပဟာန်ဖြင့် ပယ်ပြီးဖြစ်သောကြောင့် အဝိဇ္ဇာအား လုံးပင်ကင်းစင်သည်ဟုယူဆအပ်ကြောင်း"

ဤအချက်များကို မဟာစည်ဆရာတော်ကြီးသည် တပည့်တို့အား မိန့်ကြားတော်မူခဲ့ဖူးပါသည်။ နာမည်ကြီးဆရာတော်ကြီးတစ်ပါး ဖြစ်လာသောအခါ ငယ်စဉ်က အကြောင်းကို ပြောပြရန်ခဲယဉ်း၏။ မဟာစည်ဆရာတော်ကြီးသည်ကား ပွင့်ပွင့်လင်းလင်းဖြင့် ပြောပြခဲ့ဖူးပါ၏။ ဤသည်မှာ မဟာစည်ဆရာတော်ဘုရားကြီး၏ "ဥဇုဂုဏ်" ပင်မဟုတ်ပါလော။





အာသာ ဖလဝတီ သုခါ မြော်လင့်တောင့်တခြင်း မှန်သမျှ အကျိုးရှိမှ ချမ်းသာသည်၊ နိပ္ပန္နသောဘဏော အတ္ထော အကျိုးတရား မှန်သမျှ အပြီးအစီးသို့ ရောက်မှ တင့်တယ်သည်၊



မှာလည်း မဟာစည်ဆရာတော်ကြီး၏ "ဥဇုဂုဏ်" ပင် မဟုတ်ပါလော။

သတိပဋ္ဌာန်တရား စတင်ဟောကြား

မဟာစည်ဆရာတော် ဘုရားကြီးသည် မော်လမြိုင်မြို့ တောင်ဝိုင်းကလေးကျောင်းတိုက်မှ မိမိ၏မွေးရပ်မြေဇာတိ ရွှေဘိုမြို့နယ် ဆိပ်ခွန်ကျေးရွာအနီး အင်ကြင်း တောတိုက်မဟာစည်ကျောင်းသို့ ပြန်ကြွတော်မူခဲ့သည်။ မှတ်မှတ်ရရဆို ရသော် (၁၃၀၀) ပြည့် ကဆုန်လကဖြစ်ပါသည်။ ဆရာတော်ကြီး သီတင်းသုံးတော်မူရာ ကျောင်းသည် မဟာစည်အမည်ရှိပါသည်။ ဧရာမ ကုက္ကိုပင်ကြီးလဲသွားသဖြင့် ယင်းကုက္ကိုပင်ကြီးကို စည်ကျက်၍ နေ့စဉ် တီးခတ်လာခြင်းဖြစ်ပါသည်။ ယင်း သစ်ပင်စည်ကြီးကိုအစွဲပြု၍ ယင်းကျောင်းကိုလည်း "မဟာစည်, မဟာစည်" ဟူ၍ တင်စားကာ ခေါ်ဝေါ်လာခဲ့ကြခြင်းပင် ဖြစ်ပါသည်။

မဟာစည်ဆရာတော်ကြီးသည် မဟာစည်ကျောင်း၌ သတိပဋ္ဌာန်တရားများကို (၇) လတိုင်တိုင် ယောဂီများအားဟောကြားသင်ကြားပြသပေးတော်မူခဲ့ပါသည်။ အစပထမတွင် ယောဂီ (၃) ဦးသာရှိသည်။ နောက်ပိုင်းတွင်ကားရာထောင်ချီ၍ များပြားတိုးတက်လာခဲ့ပါသည်။

မဟာစည်ဆရာတော်ကြီးသည် ယောဂီများအား မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် အတိုင်း -

အာသာ ဖလဝတီ သခါ = မြော်လင့်တောင့်တခြင်း မှန်သမျှ အကျိုးရှိမှ ချမ်းသာသည်။

နိပ္ပန္နသောဘဏောအတ္ထော = အကျိုးတရား မှန်သမျှအပြီးအစီးသို့ ရောက်မှ တင့်တယ်သည်။

ဟူသောဘုရားဟော တရားတော်နှင့်အညီ မဂ်ဖိုလ်ကိုရမည်၊ မျက်မှောက်ပြုရမည်ဟူသော မျှော်လင့်တောင့်တချက်ပြည့်စုံမှ ဧကန်ချမ်းသာမည်။

မိမိတို့မျှော်လင့်ထားသော အကျိုးတရားလည်းတောင်မရောက်၊ မြောက်မကျစကောစကဖြစ်နေလျှင် တင့်တယ်သင့်လျော်လိမ့်မည်မဟုတ်။ အပြီးအစီးသို့ရောက်အောင် ကြိုးစားမှသာယောဂီဖြစ်ကျိုးနပ်၍ လျှောက်ပတ်တင့်တယ်လိမ့်မည်။

မမေ့ခြင်း အမှတ်ရခြင်းသည် မသေခြင်း၏ အကြောင်းဖြစ်၏။ မေ့ခြင်း အမှတ်မရခြင်းသည် သေခြင်း၏ အကြောင်းဖြစ်၏ဟူသော မြတ်စွာဘုရား၏ အမိန့်တော်ကို အလေးဂရုပြု၍ ပွားများကြပါ" ဟူ၍ တိုက်တွန်းပြီး သတိပဋ္ဌာန်တရားများကို ဟောကြားပြသပေးတော်မူခဲ့ပါသည်။

မဟာစည်သံ-ခြိမ့်ခြိမ့်ညံ

မဟာစည်ဆရာတော်ကြီး



သည် ဇာတိမွေးရပ်မြေမဟာစည်ကျောင်း၌ သတိပဋ္ဌာန်တရားများကို စတင်ဟောကြားတော်မူလာခဲ့ရာ ထက်အောက်မြန်မာတစ်ပြည်လုံး သတိပဋ္ဌာန်တရားများ ပြန့်ပွားလျက်ရှိခဲ့ပေပြီ။ နိုင်ငံတော်အကြီးအကဲများ၏ နားသို့ပင် ရောက်ရှိသွားခဲ့လေပြီ။ တစ်နေ့တွင် သာသနာ့ မာမက ဆာဦးသွင်ကြားသိရသဖြင့် စစ်ကိုင်းတောင်ရိုး ချပ်သင်းချောင်သို့ သွားရောက်ခဲ့ပါသည်။ ချပ်သင်း သူဌေးဦးဘသင်နှင့်တွေ့ရှိခဲ့ကြသဖြင့် အာလာပသလ္လာပစကားစမြည် ပြောဆိုကြရာမှ ရွှေဘိုမြို့နယ် ဆိပ်ခွန်မဟာစည်ဆရာတော်ကြီး အကြောင်းရောက်ရှိသွားကြပါသည်။

ဆာဦးသွင်နှင့် ချပ်သင်းသူဌေးဦးဘသင်တို့သည် မဟာစည် ဆရာတော်အား စစ်ကိုင်းတောင်ရိုး ချပ်သင်းချောင်သို့ပင့်ပြီး သတိပဋ္ဌာန်တရားများကို ကိုယ်တိုင်နာယူခဲ့ကြပါသည်။ ထိုစဉ်က မာလုကျပုတ္တာသုတ္တန်ကို ဟောကြားတော်မူခဲ့ပါသည်။ ဆာဦးသွင်နှင့် ဦးဘသင်တို့သည် သဘောကျနှစ်ခြိုက်လှသဖြင့် မဟာစည်ဆရာတော်အား ရန်ကုန်သို့ ပင့်ဆောင်ရန်၊ ကြွရောက် သာသနာပြုဖို့ရန် လျှောက်ထားခဲ့ကြပါသည်။ ဆာဦးသွင်သည် ရန်ကုန်သို့ ပြန်ရောက်သောအခါ ဝန်ကြီးချုပ်ဦးနုနှင့် တိုင်ပင်ပြီး မဟာစည်ဆရာတော်ကြီးအား ဆိပ်ခွန်ရွာ မဟာစည်ကျောင်းမှ ရန်ကုန်သို့ပင့်ဆောင်ခဲ့လေသည်။

မဟာစည်ဆရာတော်သည် (၁၃၁၁)ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၆)ရက်နေ့တွင် ရန်ကုန်သို့ကြွရောက်တော်မူပြီး ဆာဦးသွင်၏ ကျောင်းအလှူကို လက်ခံတော်မူခဲ့ပါသည်။ ဆာဦးသွင်သည် ဟာမစ်တစ်လမ်းမှ သူပိုင်မြေ (၅) ဧကကျော်ကို လှူဒါန်းခဲ့လေသည်။ ဆာဦးသွင်သည် ဆရာတော်ကြီး ရန်ကုန်သို့ မကြွရောက်မီကပင် ကြိုတင်၍ (၁၃၀၉) ခုနှစ်၊ နတ်တော်လဆန်း (၁) ရက်နေ့တွင် သာသနာနုဂ္ဂဟအသင်းကို တည်ထောင်ခဲ့ပြီး ကိုယ်တော်တိုင်ပင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

မဟာစည်ဆရာတော်ကြီး သည်လည်း (၁၃၁၁)ခုနှစ် နတ်တော်လပြည့်နေ့မှစ၍ သတိပဋ္ဌာန်ဝိပဿနာအလုပ်ပေးတရားတော်ကြီးကို စတင်ဟောဖော် ညွှန်ပြ



တော်မူခဲ့ပါသည်။ ထိုစဉ်က ယောဂီဦးရေမှာ (၂၅) ဦးသာ ရှိပါသေးသည်။ ယခုအခါ၌ကား ပြည်တွင်းပြည်ပ သာသနာ့ရိပ်သာများ များပြားလာခဲ့ပြီး ယောဂီများမှာလည်း သိန်းချီ ရှိခဲ့လေပြီ။

မဟာစည်တရားတော်မှာလည်း မြန်မာပြည်တွင်း၌သာမက ကမ္ဘာ့နိုင်ငံအသီးသီးအထိ စည်ပင်ပြန့်ပွားခဲ့လေပြီ။ မဟာစည်ကြီး၏ အသံတော်သည်ကား ကမ္ဘာသို့တိုင်အောင် ခြိမ့်ခြိမ့်ညံခဲ့လေပြီ။

မဟာစည်ဆရာတော်ကြီးသည် ရန်ကုန်သာသနာ့ရိပ်သာအမည်ကိုလည်း မိမိသီတင်းသုံးခဲ့ရာ ရွှေဘိုဆိပ်ခွန် မဟာစည်ကျောင်း၏ အမည်ကို အစွဲပြု၍ "မဟာစည်သာသနာ့ရိပ်သာ" ဟူ၍ပင် အမည်ပေးတော်မူခဲ့ခြင်းဖြစ်ပါသည်။

ဤသည်မှာလည်း မိမိ၏နေရာဌာနကို မမေ့ဘဲသူတော်ကောင်းတို့၏ နှလုံးသားဖြင့် အမည်ပေးတော်မူခဲ့ခြင်းဖြစ်သဖြင့် မဟာစည်ဆရာတော်ကြီးသည် "ဥဇုဂုဏ်" နှင့် ပြည့်စုံတော်မူသော ဆရာတော်ကြီးပင်မဟုတ်ပါလော။

ဆဋ္ဌသင်္ဂါယနာတင်စဉ်မှာ

နိုင်ငံတော်အစိုးရသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲဖြစ်မြောက်အောင်မြင်နိုင်ရေးအတွက် (၁၃၁၃) ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၃) ရက်နေ့တွင် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီးသို့ လွှဲပြောင်းတာဝန်



ပေးခဲ့သည်။ ဆဋ္ဌသင်္ဂါယနာမဟာမမွသဘင်ကြီးကို ရန်ကုန်မြို့သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ (၁၃၁၆) ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ကြပြီး သင်္ဂါယနာတင်တော်မူခဲ့ကြရာ (၁၃၁၈) ခုနှစ်၊ ကဆုန်လဆန်း (၁၀) ရက်နေ့တွင် ပြီးဆုံးခဲ့လေသည်။

ဆဋ္ဌသင်္ဂါယနာ မဟာခမွသဘင်ကြီး၌မန္တလေးမြို့ အဂ္ဂါ/ဘိဓဇ-ညောင်ရမ်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တရေဝတကဉ္စက္ခ အဖြစ် ဆောင်ရွက်တော်မူခဲ့ပြီး၊ ကျမ်းတတ် အကျော်အမော်ဆရာတော်ကြီးများထဲမှ မဟာစည်ဆရာတော်ကြီး ဘဒ္ဒန္တသောဘန(အဂ္ဂမဟာပဏ္ဍိတ)က ဆဋ္ဌသင်္ဂီတိပုစ္ဆကတာဝန်၊ တိပိဋကဓရမမွဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တာသာရာဘိဝံသက ဆဋ္ဌသင်္ဂီတိဝိဿဇ္ဇကတာဝန်တို့ကိုဆောင်ရွက်တော် မူခဲ့ကြပါသည်။

ထိုစဉ်က ဆရာတော်ကြီးနှစ်ပါး၏အမေးအဖြေတရားတော်အသံများကိုကြားနာခဲ့ကြရသော ရဟန်းရှင်လူပြည်သူများအားလုံးသည် အားရကျေနပ်တော်မူကြပြီး သဒ္ဓါတရားတဖွားဖွားတိုးတက်ခဲ့ကြရပါသည်။ ဆရာတော်ကြီးနှစ်ပါး၏ အသံတော်မှာ မာယာ + သာဒ္ဓေယျ - ကင်းစင်တော်မူကြပြီး မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးအတွက် အသက်ပင်သေသေ တကယ်ပင်အားထုတ်တော်မူနေကြခြင်းပင် ဖြစ်ပါသည်။

ထို ဆရာတော်ကြီးနှစ်ပါး၏ ဂုဏ်သီတင်းတို့သည်ကား မြန်မာနိုင်ငံအတွင်း၌သာမက ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများအထိ ပြန့်နှံ့ကျော်ကြားသွားခဲ့လေပြီ။ ဤသည်မှာလည်း ဆရာတော်ကြီးနှစ်ပါး၏ "ဥဇုဂုဏ်" ပင်မဟုတ်ပါလော။

တိပိဋကဓရရွေးချယ်ကြ

ရန်ကုန်မြို့၌ မဟာစည်သာသနာ့ရိပ်သာကြီး ပေါ်ပေါက်ပြီး မကြာမီမှာပင် တိပိဋကဓရစာမေးပွဲကြီးလည်းပေါ်ပေါက်လာခဲ့ပါသည်။ (၁၃၁၀) ခုနှစ်၊ တပို့တွဲလဆန်း (၆) ရက်နေ့မှစတင်၍ ပထမဆုံးအကြိမ်ကျင်းပခဲ့ကြပါသည်။ တိပိဋကဓရစာမေးပွဲကြီးစတင်ပေါက်ဖွားရာနယ်မြေကား မဟာစည်သာသနာ့ရိပ်သာစံကျောင်းတော်ကြီးပင် ဖြစ်ပါသည်။ ပထမဆုံးအကြိမ်မှာ အောင်မြင်သူမရှိခဲ့သေးပါ။

ဒုတိယအကြိမ်၌ အရှင်ပညာသာရက-ဝိနည်းငါးကျမ်းကို အထောက်အမကင်း၍ သန့်ရှင်းကြည်လင်စွာ ပြန်ဆိုတော်မူနိုင်သဖြင့် "ဗုဒ္ဓသာသနာနုဂ္ဂဟဝိသိဋ္ဌဝိနယဓရ" ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။ (၁၃၁၅) ခုနှစ်၊ (၆) ကြိမ်မြောက် ရွေးချယ်ပွဲတွင် မင်းကွန်းဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသက ရှေးဦးစွာသောအာဒိ ကမ္မိက "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့ပါသည်။

တိပိဋကဓရစာမေးပွဲတော်ကြီးကို မဟာစည်သာသနာ့ရိပ်သာကြီး အတွင်း၌ (၁၃၁၀) ခုနှစ်မှ (၁၃၅၅) ခုနှစ်အထိ (၄၆) ကြိမ် တိုင်တိုင် ဆင်ယင်ကျင်းပနိုင်ခဲ့ပါသည်။ (၁၃၅၆) ခုနှစ်၊ (၄၇) ကြိမ်မြောက်မှစ၍ ယနေ့အထိ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပလျက်ရှိပါသည်။

မဟာစည်ဆရာတော်ကြီးသည် တိပိဋကဓရစာမေးပွဲကြီးကို စွမ်းစွမ်းတမံဖြင့် ကူညီဆောင်ရွက်တော်မူခဲ့ပါသည်။ မဟာစည်ဆရာတော်ကြီးသည်-

"ငါ့ရိပ်သာမှာကျင်းပရပါ့မလား၊ နေရာရွှေ့သွားရပါ့မလား၊ စိတ်ဆင်းရဲမှုမရှိ၊ မည်သည့်နေရာမှာ ကျင်းပကျင်းပ ဂန္ထဓုရစာပေသင်ကြားရေးတာဝန်၊ ဝိပဿနာဓုရ -သမထဝိပဿနာဘာဝနာပွားများရေးတာဝန်တို့သည် ငါ့တာဝန်ဖြစ်သည်" ဟူသောယုံကြည်ချက်များဖြင့် ပရိယတ္တိလုပ်ငန်း၊ ပဋိပတ္တိ လုပ်ငန်းတို့ကိုကြွသာ၊ မစ္ဆရိယ၊ မာယာ သဒ္ဒေယျစသည့် အကုသိုလ်တရားဆိုးများ ကင်းရှင်းတော်မူပြီး ရှေ့တန်းမှနေ၍ စွမ်းစွမ်းတမံဖြင့် ဆောင်ရွက်တော်မူခဲ့ပါသည်။

ဤသည်မှာလည်း မဟာစည်ဆရာတော်ကြီး၏ "ဥဇုဂုဏ်" ပင်မဟုတ်ပါလော။



သာသနာသန့်ရှင်းရေး

ပေါ်ထွန်းရေး

သက္ကရာဇ်(၁၃၄၂)ခု၊ သီတင်းကျွတ်လဆန်း (၁၀) ရက်မှ လပြည့်နေ့အထိ မြန်မာနိုင်ငံအတွင်း၌ သီတင်းသုံးတော်မူနေကြသော ထေရဝါဒ သံဃာတော်များ ညီညီညွတ်ညွတ်ဖြင့် သာသနာပြုနိုင်ရေး အလေးပေးပြီး ဂိုဏ်ပေါင်းစုံသံဃာ့အစည်းအဝေးပွဲတော်ကြီးကို ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ပထမအကြိမ် စတင်ကျင်းပခဲ့ကြပါသည်။

ယင်းအစည်းအဝေးပွဲတော်ကြီးသို့ မဟာစည်ဆရာတော်ကြီးလည်းကြွရောက်တော်မူသည်ကို ဖူးမြော်ကန်တော့ခဲ့ရပါသည်။ မိမိသည်၄င်းအစည်းအဝေးပွဲကြီးအတွင်းမှာပင် "ဂိုဏ်းကြီးကိုးဂိုဏ်းသာရှိပြီး၊ ဘာ့ကြောင့်မဟာစည်ဂိုဏ်းရယ်လို့ သီးခြားဂိုဏ်းတစ်ဂိုဏ်းမဖြစ်ရပါသလဲ" ဟု ဆရာတော်တစ်ပါးအား မေးမြန်းလျှောက်ထားကြည့်မိရာမှ ဆရာတော်တစ်ပါးက ဤသို့အမိန့်ရှိတော်မူပါသည်။

"တစ်နေ့တွင် မဟာစည် သာသနာ့ရိပ်သာကြီးအတွင်း၌ အစည်းအဝေးကျင်းပကြပါသတဲ့၊ ဆရာတော်တစ်ပါးက မဟာစည်ဂိုဏ်းတည်ထောင်ရန် တင်ပြ လျှောက်ထားလာပါသတဲ့။ ထိုအခါ ဆရာတော်ဘုရားကြီးက မဟာစည်ဂိုဏ်းရယ်လို့တော့ သီးသန့်မတည်ထောင်ကြပါနဲ့။ ရွှေကျင်ဂိုဏ်းက လာတဲ့ကမ္မဋ္ဌာန်းဆရာတော်များက ရွှေကျင်ဂိုဏ်းထဲမှာဝင်ပါ။ ဒွါရကိုဏ်းကလာတဲ့ ကမ္မဋ္ဌာန်းဆရာတော်များက ဒွါရဂိုဏ်း၊ သုဓမ္မာဂိုဏ်းကလာတဲ့ ကမ္မဋ္ဌာန်းဆရာတော်များက သုဓမ္မာဂိုဏ်းစသည်ဖြင့် ဝင်ကြပါ။"

မဟာစည်သာသနာ့ရိပ်သာတို့သည် မြန်မာနိုင်ငံအတွင်း၌သာမက ပြည်ပနိုင်ငံများအထိ တည်ရှိနေပါပြီ။ ကျောင်းတိုက်ပေါင်းများစွာ၊ ရိပ်သာပေါင်းများစွာ၊ ဌာနပေါင်းများစွာ၊ ရဟန်းယောဂီပေါင်းများစွာ၊ လူ ယောဂီပေါင်းများစွာ ရှိနေပါပြီ။ ပွင့်ပွင့်လင်းလင်းဆိုရသော် မဟာစည်သာသနာ့ရိပ်သာကြီးသည် တစ်ဂိုဏ်း တည်ထောင်နိုင်လောက်သောအရေအတွက် အရည်အချင်းများ ရှိနေပြီးဖြစ်ပါသည်။

သို့သော်လည်း မဟာစည်ဆရာတော်ကြီးသည်ကား တစ်ဂိုဏ်း တည်ထောင်ခွင့်ပြုတော်မမူဘဲ မိမိနှစ်သက်ရာဂိုဏ်းကြီးကိုးဂိုဏ်းထဲမှာသာ ဝင်ခွင့်ပြုတော်မူလိုက်ပါသည်။ ဤသည်မှာလည်း မဟာစည်ဆရာတော်ဘုရားကြီး၏ "ဥဇုဂုဏ်"ပင် မဟုတ်ပါလော။

ကျမ်းပြုဂုဏ်ရည် မဟာစည်

မဟာစည်ဆရာတော်ကြီးသည် မန္တလေးမြို့ မစိုးရိမ်ဆရာတော်ဘုရားကြီး၏ တိုက်တွန်းတော်မူချက်အရ ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယကျမ်းကြီးကို (၁၃၂၂) ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃) ရက်နေ့မှစ၍ တပည့်များအားပို့ချပေးရင်း စီရင်ရေးသားတော်မူခဲ့ပါသည်။ ကျမ်းတတ်အကျော်အမော်ဆရာတော်ဘုရားကြီးများလက်ဖျားခါလောက်အောင် အဆင့်မြင့်တော်မူလှပါသည်။ ကျမ်းတတ်အကျော် အမော်ဆရာတော်ကြီးများက "တို့ များမြင်တဲ့ပုဒ်တွေကို မဟာစည် ဆရာတော်ကြီးမြင်တော်မူသကွယ်" ဟူ၍ အားပါးတရမိန့်ကြားတော်မူတတ်ကြပါသည်။

ဝိပဿနာရှုနည်းကျမ်းများ၊ ကမ္မဝါစာနိဿယများ၊ မြန်မာပြန်ကျမ်းများကိုလည်း မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာတို့ကို မိမိ၏နှလုံးသား၌ သံမှိုစွဲသကဲ့သို့ ခိုင်ခိုင်မြဲမြဲထားတော် မူပြီး အပိုအလိုမရှိ တိတိကျကျဖြင့် ကျမ်းပြုတော်မူခဲ့ခြင်းပင် ဖြစ်ပါသည်။ ဤသည်မှာလည်း မဟာစည်ဆရာတော်ဘုရားကြီး၏ "ဥဇုဂုဏ်" ပင် မဟုတ်ပါလော။

ဤမျှလောက်သော စကားအစဉ်ဖြင့် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတဆဋ္ဌသင်္ဃီတိပုစ္ဆကမဟာစည်ဆရာတော်ဘုရားကြီးအား တလေးတစားပူဇော်လိုက်ပါသတည်း။



အရှင်ကုမာရ
(ပန်းတနော်)

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



ဘုန်း ဘဝေး



တက္ကသိုလ်
တေဇာလင်း

"ရဟန်းတို့၊ သင်တို့သည် ငါဘုရား၏သက်နှစ်စွန်းကိုစွဲကိုင်လျက်မကွေမကွာ နီးကပ်စွာရှိနေသော်လည်း ငါဘုရား ဟောကြားညွှန်ပြသည့် တရားလမ်းစဉ်ကို လိုက်နာကျင့်သုံးခြင်းမရှိလျှင် ငါဘုရားနှင့် ဝေးကွာသည်မည်၏။ ရဟန်းတို့ သင်တို့သည် ငါဘုရား ဟောကြားညွှန်ပြသည့် တရားလမ်းစဉ်ကို လိုက်နာကျင့်သုံးလျှင် ယူဇနာများစွာ ကွာဝေးလျက်ရှိသော်လည်း ငါဘုရားနှင့် နီးသည်မည်၏။"

မြန်မာစကားပုံ၌ "ရွယ်တတ်မှနီးသည်၊ ငယ်တတ်မှကြီးသည်" ဟူသောစကားရှိ၏။ "မရွယ်တတ်လျှင် နီးလျက်နှင့်ဝေးသည်။ မငယ်တတ်လျှင် ကြီးလျက်နှင့်သေးသည်" ဟုဖွင့်ဆိုကြသည်။ ယင်းအနက် "ရွယ်တတ်မှနီးသည်" ဟူသော စကားရပ်ဝယ် "ရွယ်" ဟူသည် ချင့်ချိန်ခြင်း၊ နှိုင်းဆခြင်း၊ ဆင်ခြင်ခြင်းတို့နှင့် စပ်နွယ်အကျုံးဝင်သော ဝေါဟာရ ဖြစ်သည်။

ပစ်ခတ်ခြင်း၊ ဆွတ်ချူခြင်း၊ ခုတ်ပိုင်းခြင်း၊ ရိုက်ပုတ်ခြင်း၊ ကိုင်ဖမ်းခြင်း အမှုတို့ကို ပြုလုပ်ရာ၌ ရွယ်၍, ချိန်၍ ပြုလုပ်ကြရသည်။ အရွယ်မတတ်၊ အချိန်အဆမတတ်လျှင် နီးနီးနားနားပင် ဖြစ်သော်လည်း မထိမှန်နိုင်၊ လွဲချော်တိမ်းစောင်းနိုင်သည်။ လိုအပ်သည့်ကိစ္စမပြီးမြောက်ခြင်း၊ လိုအပ်သည့် အရာဝတ္ထုကို မရရှိခြင်းသဘောပင် ဖြစ်သည်။ နီးလျက်နှင့်ဝေးရသည့် သဘောလည်းဖြစ်၏။

အုပ်ချုပ်ကွပ်ကဲမှု၊ စစ်ရေးစစ်ရာ၊ ကူးသန်းရောင်းဝယ်ရေး စသည့် စီမံကိန်းချ ဆောင်ရွက်ရမှုတို့၌လည်း "ရွယ်"၏ အနက်အဓိပ္ပာယ်များ ပါဝင်လျက်ရှိသည်။ ရွယ်၏ အဓိပ္ပာယ်သည် လေးနက်ကျယ်ပြန့်မှု ရှိလှ၏။ ဘဝတည်ဆောက်မှုနှင့် လူမှုဆက်ဆံရေးအရပ်ရပ်ကို လမ်းညွှန်မှုပြုနေ၏။

မြန်မာရာဇဝင်၌ အလောင်းစည်သူမင်းကြီးနှင့် ပတ်သက်၍ လူသိများသော "ဦးပေါင်းကြားနှင့် မြင်းဖြူရှင်"၏ ဖြစ်ရပ်ကို ပြန်လည်သိရှိရသည်။

တိုင်းရေးပြည်ရာကို စီမံနေသော အလောင်းစည်သူမင်းကြီး၏ အစွမ်းသတ္တိကို မသိကြသော မှူးမတ်တို့က မင်းကြီး၏လက်ရုံးသား



များ လျောကျလှုပ်ရမ်းနေသည်ကို ကဲ့ရဲ့ကြသည်။ ထို့ကြောင့် မင်းကြီးကိုယ်တိုင် မြင်းဖြူစီးပြီး ဦးပေါင်းကြားပေါင်းကာ တူရွင်းတောင်ခြေ၌ သူပုန်အဖြစ် ဖန်တီးပြသည်။ မြင်းစီးသူရဲများ လိုက်ဖမ်းကြသော်လည်း မမီကြ။ လူသားစင်စစ်ဟုတ်ဟန် မတူဟုပြောကာ ထိတ်လန့်ကြောက်ရွံ့ပြန်လာကြ၏။ နောက်နေ့ ညီလာခံ၌ ယင်းသည် တခြားသူမဟုတ်၊ ငါမင်းကြီးဖြစ်သည်ဟုပြောမှ မှူးမတ်များ ကြောက်ရွံ့ထိတ်လန့်ကာ မင်းကြီး၏အစွမ်းကိုသိကြ၍ မထေမဲ့မြင် မပြုရဲကြတော့ချေ။ ယင်းသည် နီးလျက်နှင့်ဝေးနေခြင်း ဖြစ်၏။

မြန်မာရာဇဝင်တွင် ဖိုးရာဇာနှင့် သီဟပတေ့သည် ပညာရှိကြီးများဖြစ်ကြ၏။ ကြံရိုးစုတ်ပုံနှင့်ပတ်သက်၍ စကားပြောကြရာတွင် ပညာရှိကြီးများပီပီ သာဓကများဖြင့် ပြောကြ၏။ ဖိုးရာဇာသည် လောကနီတိစကားကို ကိုင်ပြော၏။ သီဟပတေ့သည် ဗုဒ္ဓစကားတော်ကို ကိုင်ပြော၏။ ထိုအခါ ဖိုးရာဇာက မိမိရှုံးကြောင်း သီဟပတေ့ကို ပြောပြဝန်ခံ၏။ သီဟပတေ့ကလည်း ဖိုးရာဇာသည် ပညာရှိပီသကြောင်း ချီးမွမ်း၏။

၎င်းတို့သည် အနေနီးကြသူများ မဟုတ်ကြ။ ဖိုးရာဇာကား အင်းဝမှာနေ၍ သီဟပတေ့က ဟံသာဝတီပြည်မှာနေ၏။ အနေချင်း အလှမ်းဝေးသော်လည်း တစ်ဦး၏ သဘောလက္ခဏာကို တစ်ဦးကသိမြင်ကာ ပညာရှိသူတော်ကောင်းမိမိ ပြုမူကြခြင်းဖြစ်သည်။ ယင်းသည် အနေဝေးလျက် အမြင်နီးသည့် သဘောကို ညွှန်ပြသော ဖြစ်ရပ်တစ်ခုပင်။

အရှင်မဟာ ဗုဒ္ဓဃောသ က သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာတွင် "ပဏ္ဍိတ ပဋိရူပကာနံ သန္တိကေ ကထေတုံ ဒုဇ္ဈံ ဟောတိ၊ တေ ပဒေ ပဒေ အက္ခရေ အက္ခရေ ဒေါသမေဝဒန္တိ၊ ဧကန္တ ပဏ္ဍိတာပန ကထံ သုတ္တာ၊ သုကထိတံ၊ ပသံသန္တိ၊ ဒုက္ကထိတေသု ပါဋိပဒ အတ္ထဗျဉ္ဇနေသု ယံ ယံ ဝိရုဇ္ဈတိ၊ တံ တံ ဥဇုကံ ကတွာ ဒေန္တိ။" (ဒီ-ဋ္ဌ-၁-၁၄၄)"



"ပညာရှိမပီသသူတို့၏ အထံ၌ စကားပြောဆိုရခြင်းသည် ခက်ခဲဆင်းရဲ၏။ ထိုသူတို့သည် ပုဒ်တိုင်းပုဒ်တိုင်း အက္ခရာတိုင်းအက္ခရာတိုင်းအပြစ်ကိုသာ ပြောဆိုတတ်၏။ တကယ်ပညာရှိသူတို့က (ပညာရှိပီသသူတို့က) စကားကိုကြားလျှင် ကောင်းသောစကားကို ချီးမွမ်းကြ၏။ စကားချို့ယွင်းလျှင် ဖြောင့်မတ်အောင် ပြုလုပ်ပေးကြ၏"ဟုဆိုခဲ့၏။

လုံးတော်ဆရာတော်ကလည်း "ကိုယ်ဝန်ဆောင်သောသူ၏ ဆင်းရဲကို ကိုယ်ဝန်ဆောင်သောသူချင်းသာသိနိုင်၏။ ပညာရှိသူ၏သဘောလက္ခဏာကို ပညာရှိသူချင်းသာ သိနိုင်ရာ၏။" ဟု လမ်းညွှန်နိတိ ပြုခဲ့၏။

စာရေးသူသည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကို သက်တော်ထင်ရှားရှိစဉ်က နဖူးတွေ့.ဒူးတွေ့. မတွေ့.ဆုံ မဖူးမြော်ဖူးချေ။ ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းများကိုကား ငယ်စဉ်ကပင် ကြားသိကြည်ညိုခဲ့ရ၏။ စာရေးသူတို့၏ရွာသည် သာသနာ့ရေခံမြေခံကောင်းသော ကျေးရွာကြီးတစ်ရွာဖြစ်၏။ "ကစ္စာယနဝိစယ" ကျမ်းများကို ပြုစုခဲ့သည့် ဆရာကြီး ဦးကြွက်ခေါ် အရှင်ဂုဏ "လူတို့အထက်တန်းရောက်ရေး၊ သိပ္ပံခေတ်နှင့် ဗုဒ္ဓဘာသာ" စသောကျမ်းများကို ပြုစုခဲ့သည့် အရှင်အာစာရဓမ္မစသော ကျမ်းပြုအကျော် ဆရာ



တော်များ ထွန်းကားရာကျေးရွာကြီး လည်းဖြစ်သည်။ ပရိယတ္တိကို အထူး အားပေးသကဲ့သို့ ပဋိပတ္တိကိုလည်း လွန်စွာလိုက်စားထောက်ပံ့ပေးသော ရွာကြီးလည်းဖြစ်၏။

"မဟာစည်ရွှေလမင်း" စာစဉ် "၁" တွင် "စာရေးသူတို့၏မြို့ဘရွာသည် ပဋိပတ္တိကို အားပေးကြောင်း၊ မဟာစည်ဩဝါဒခံ ပဋိပတ္တိရိပ်သာဖွင့်ခဲ့ကြောင်း၊ ရွာဦးဆရာတော်၏ ဩဝါဒကိုခံယူ၍ ဦးထွန်းလှ, ဦးလှိုင်တို့က ရွာလယ်ခမ်းရုံပေါ်တွင် ညစဉ် သတိပဋ္ဌာန်တရားတော်များ ပြသဟောပြောကြကာ တရားအားထုတ်ကြကြောင်း, ယောဂီများ တစ်ရာကျော်ရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရဖူးသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော်မှစ၍ ယနေ့ထိ စာရေးသူတို့ ရွာတွင် သတိပဋ္ဌာန်တရားများ ပျံ့နှံ့လျက်ရှိသည်။ မဟာစည် နယ်လှည့်ဓမ္မကထိကဆရာတော် နှစ်ပါးကလည်း တစ်နှစ်တစ်ကြိမ် လာရောက်၍ နှစ်ညတိုင်တိုင် တရားဟောကြလေ့ရှိသည်။ ရွာရှိ ဒကာ, ဒကာမများသာမက ရွာဦးကျောင်းရှိ ဦးဇင်း၊ ကိုရင်၊ ကျောင်းသားများပါ ရွာလယ်ခမ်းရုံသို့သွားပြီး တရားနာကြရသည်။ ယင်းအထဲ၌ စာရေးသူလည်း အပါအဝင်ဖြစ်သည်။

"တင်ပလက္ခင်ခွေကာ၊ထိုင်နေပါ၊ ခါးမှာဖြောင့်ဖြောင့်ထား၊ မလှုပ်ကွေ့နဲ့၊ ငြိမ်ငြိမ်နေ၊ စိတ်လေ မလွင့်ပါး"

စသော လက်ာများကို ငယ်စဉ်ကပင် ရခဲ့၏။ "အာသီဝိသော ပမသုတ်တရားတော်၊ သီလဝန္တသုတ် တရားတော်၊ ဟေမဝတသုတ် တရားတော်၊ ပဋိစ္စသမုပ္ပါဒ်တရားတော်၊ အဘိဓမ္မာတရားတော်၊ ဝိပဿနာ အလုပ်ပေးတရားတော်" စသည့် ဟောစဉ်တရားတော်များနှင့် မဟာသတိပဋ္ဌာန ပါဠိနိဿယ, ဝိပဿနာရှုနည်းနှစ်တွဲ၊ ဝိသုဒ္ဓိမဂ် မြန်မာပြန်လေးတွဲ စသော ကျမ်းများကိုလည်း ကိုရင်ဘဝကပင် ဖတ်ရှုခဲ့ရ၏။ တရားထိုင်၊ တရားအားထုတ်မှုကိုကား ထိမိပေါက်မြောက်အောင် မလုပ်ခဲ့ပေ။ ဆရာသမား၏စေခိုင်းမှုနှင့် မိမိ၏စာဖတ်ဝါသနာကြောင့်သာ ဖတ်ရှုခဲ့ခြင်းမျှ ဖြစ်သည်။

မန္တလေးမြို့၊ ချမ်းသာကြီးတောင်တိုက်၊ ရတနာဗိမာန်စာချကျောင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ, အဂ်ုတ္တရနိကာယ ပါဠိပါရဂူ ဆရာတော် ဦးဇောတိကာဘိဝံသထံ၌ ယမိုကင်းကျမ်းကို ဆိုဝါဖြင့်လိုက်စဉ် တစ်ခါတစ်ရံ သတိလွတ်ကာ မှားယွင်းသွားတတ်၏။ ထိုအခါ ဆရာတော်က "အသိညာဏ်မပွင့်ဘူး၊ စိတ်မတည်ဘူး၊ ပျံ့လွင့်တယ်၊ မိုက်မဲတွေဝေတယ်၊ သမာဓိမရှိဘူး၊ သမာဓိမရှိရင် ပညာဉာဏ်မရှိနိုင်ဘူး၊ ပညာဉာဏ်ပွင့်ဖို့ သမာဓိရှိရန်သတိထား" စသည်ဖြင့် ပြောဆိုဆုံးမလေ့ရှိ၏။

ထို့ကြောင့် စာရေးသူသည် ကျေးဇူးရှင် မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်းနှစ်တွဲနှင့် ဝိပဿနာအလုပ်ပေးတရားတော်"ကို ပြန်ဖတ်ကာ အသိညာဏ်ပွင့်၊ သမာဓိရှိစေရန် တရားထိုင်အားထုတ်မှုကို ကြိုးစားလေ့ကျင့်ကြည့်၏။ ရက်သိပ်မကြာမီပင် သတိအားကောင်း၍ သမာဓိရကာ အသိညာဏ်ပွင့်ပြီး ယမိုက်စာဝါကို အမှားအယွင်းကင်းကင်းဖြင့် ဖြောင့်မတ်စွာ ဆိုနိုင်ခဲ့၏။

စာရေးသူသည် ရိပ်သာဝင်ကာ တသတ်မတ်မတ် တရားအားမထုတ်ဖြစ်သေးသော်လည်း အလျဉ်းသင့်သလို တရားထိုင်၊ တရားအားထုတ်လျက် နေခဲ့၏။ ပရိယတ္တိကို အတော်သင်ယူပြီးနောက် မိမိသိသောအသိညာဏ်များကို ဖြန့်ဝေရန်နှင့် မိခင်ကိုစာရေး၍ ကျေးဇူးဆပ်ရန် ရည်ရွယ်လျက် ဘာသာရေးစာပေများရေးမည်ဟု စိတ်ကူးစဉ် ရိပ်သာတစ်ခုခုတွင် ကိုယ်တိုင် တရားအားထုတ်ပြီးမှရေးလျှင် ပို ကောင်းမည်ဟု စဉ်းစားမိ၍ ၁၉၉၆ ခုနှစ်တွင် သီတင်းသုံးဖော် အရှင် ဝဏ္ဏိဿရနှင့် ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာသို့သွားကာ မြစ်သားဆရာတော် ဦးဝါသဝကို ကမ္မဋ္ဌာနာစရိယပြုလျက် ကျေးဇူး



ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဥပနိဿယ လမ်းညွှန်ချက်အတိုင်း တရားအားထုတ်ခဲ့သည်။

စာရေးသူသည် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တရားစာအုပ်များသာမက တရားဟောပြောသော အသံတော်ကိုလည်း ကြည်ညိုစွာ နာယူဖူးပါသည်။ ဆဋ္ဌသင်္ဂါယနာ အမေးအဖြေပါသော "ဤသုတ်တော်ကို မြတ်စွာဘုရားသည် မည်သူ့ကိုအကြောင်းပြု၍ မည်သည့်နေရာ၊ မည်ကဲ့သို့ ဟောကြားတော်မူခဲ့ပါသလဲ ဘုရှင်" ဟူသော အသံတော်။ ဝိပဿနာအလုပ်ပေးတရားတော်နှင့် ဉာဏ်စဉ်တရားတော်များကို ဟောကြားသည့်အသံတော်များကို ရိုသေစွာ နာယူခဲ့ဖူး၏။

ကျေးဇူးရှင် မဟာစည်ဆရာဟော်ဘုရားကြီးသည် တရားပြ, တရားဟောပြောရာ၌သာ ပိုင်နိုင်ကျွမ်းကျင်သည်မဟုတ်၊ စာပေရေးသားရာ၌လည်း သိပ်သည်းကျစ်လျစ်၍ ဝိစာရဏာဉာဏ်နှင့် ဝိဘင်္ဂဉာဏ် ရင့်သန်မှုများကိုလည်း စာပေများက ဖော်ကျူးလျက်ရှိသည်။

စာရေးသူသည် ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး၏ ဟောတရားစာပေများကို သုံးလေးခေါက်မျှ ဖတ်ရှုဖြစ်သော်လည်း "ဝိပဿနာရှုနည်း နှစ်တွဲ၊ ဝိသုဒ္ဓိမဂ်မြန်မာပြန်လေးတွဲ၊ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာနိဿယလေးတွဲတို့ကိုကား အတော်ကျေညက်သည်ထိ အထူးဖတ်ရှုလေ့လာဖြစ်သည်။

မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ် မြန်မာပြန်၊ မဟာဋီကာ နိဿယ စသည်တို့ကို ထပ်ခါ ထပ်ခါ ဖတ်ရှုဖြစ်နေခြင်းဖြစ်၏။

"သတ္တာရာ သံဝါသသည်
ပဋိလာဘတိ၊
ဓမ္မေန သံဝါသသည်
ပဋိလာဘတိ၊
သံယေန သံဝါသသည်
ပဋိလာဘတိ"

(ဝိသုဒ္ဓိ၊ ၁၊ ၂၀၆၊ ၂၁၁၊ ၂၁၄)

ဘုရား၏ဂုဏ်တော်၊ တရား၏ဂုဏ်တော်၊ သံဃာ၏ဂုဏ်တော်များကိုဆင်ခြင်အောက်မေ့ နှလုံးသွင်းနေသူသည် "မြတ်စွာဘုရားနှင့် အတူနေရသည်ဟု အမှတ်ရရှိ၏။ တရားတော်နှင့်အတူနေရသည်ဟု အမှတ်ရရှိ၏။ သံဃာတော်နှင့် အတူနေရသည်ဟု အမှတ်ရရှိ၏။" ဟု ဝိသုဒ္ဓိမဂ္ဂဋီကာထာ၌ အရှင်မဟာဗုဒ္ဓဃောသက မိန့်ဆိုထား၏။

မြတ်ဗုဒ္ဓကလည်း "ယော ဓမ္မံ ပဿတိ၊ သော မံ ပဿတိ တရားမြင်သူသည် ဘုရားမြင်သည်" ဟု ဟောတော်မူခဲ့သည် မဟုတ်ပါလော။ အနိုးအဝေးသည် ဌာနနှင့်မဆိုင် စိတ္တနှင့်သာဆိုင်သည်ဟုဆိုချင်ပါသည်။

စာရေးသူသည် ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးနှင့် နီးကပ်စွာမနေခဲ့ဖူးသော်လည်း ဆရာတော်ကြီး၏ စာပေများကို ဖတ်ရှုနေရခြင်း၊ တရားသံများကို နာယူနေရခြင်း၊ တရားအားထုတ်နေရခြင်းကြောင့် ဌာနေဝေးသော်လည်း အနေနီး သည်ဟု ခံယူလျက် နက်ရှိုင်းလေးနက်စွာ ယုံကြည်နေပါသည်။ ။

တက္ကသိုလ်တေဇာလင်း







ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် မုရန့်စပါးတို့ကို ပြုလုပ်ဆောင်ရွက်ရန် တပည့်ကြီးငယ်များကို တိုက်တွန်းတော်မူသည်။ ဆရာတော်ဘုရားကြီး ကိုယ်တိုင်လည်း မုရန့်စပါးကို အမြဲတမ်း ပြုလုပ်ဆောင်ရွက်တော်မူသည်။ ဆရာတော်ဘုရားကြီးသည် သာသနာတော်၏အကျိုးကို အချိန်နှင့်အမျှ ဆောင်ရွက်တော်မူသည်။

ဆရာတော်ဘုရားကြီးသည် နံနက် ၃နာရီတွင် ကျိန်းစက်ရာမှ ထတော်မူ၍ မျက်နှာသစ်ခြင်း၊ ကိုယ်လက်သုတ်သင်ခြင်းတို့ကို ပြုတော်မူပြီး မိမိအခန်းတွင်းမှာ လမ်းလျှောက်နေတော်မူသည်။ ၄ -နာရီတုံးခေါက်လျှင် ယောဂီဟောင်းရဟန်းတော်များနှင့်အတူ မဟာစည်ကျောင်းတော် အထက်ထပ်ရှိ ဘုရားခန်းဦး ဘုရားဝတ်ပြုခြင်း၊ ပရိတ်ရွတ်ခြင်း၊ ပါတိမောက်ကို အလှည့်နှင့်ရွတ်ခြင်း၊ တရားရှုမှတ်ခြင်းတို့ကို ပြုတော်မူသည်။ ၅-နာရီ ၃၀-မိနစ်အချိန် ဆွမ်းစားကျောင်း မှကြွေးမောင်းထိုးလျှင် မဟာစည်ကျောင်းတော် အောက်ထပ်ဆင်း၍ အာဟာရ ဘုဉ်းပေးတော်မူသည်။ အာဟာရကိစ္စပြီးလျှင် ဆွမ်းအလှူရှင်များအား အနုမောဒနာတရား

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အတုယူဖွယ်ဂုဏ်ကျေးဇူးတော်များ

ဘဒ္ဒန္တသူရိယ (မဟာစည်နာယကကမ္မဋ္ဌာနာစရိယ)



ဟောတော်မူသည်။ နံနက်ခင်းတွင် သံယာကုန် အကျွေးအမွေးရှိသော အခါ တစ်ခါတစ်ရံ ဆွမ်းစား ကျောင်းသို့ ကြွလာ၍ တပည့် သံယာများကို ကြည့်ရှုစောင့်ရှောက် ရင်း ဆွမ်းစားကျောင်းမှာပင် အလှူ ရှင်များအား ရေစက်ချပေးတော်မူ ခဲ့သည်။

နံနက်အရုဏ်အတွက် အာဟာ ရဘဉ်းပေးပြီးလျှင် ကျောင်းတော် အထက်ထပ် တက်၍ ၇-နာရီအထိ အနားယူတော်မူသည်။ ၇-နာရီမှ စ၍ စာကြည့်,စာရေးစသည်တို့ကို ပြုတော်မူသည်။ အများအားဖြင့် လက်နှိပ်စက်နှင့် တစ်ခါတည်း မူ ချော မူသန့်ရှိက်၍ ကျမ်းကြီး ကျမ်း ငယ်များကို ပြုစုတော်မူသည်။ တာဝန်လွဲ၍ပေး ရနိုင်လောက် သော တစ်ချို့စာမူများကို သာ အခြားတပည့်များအား တာဝန်ပေး အရိုက်ခိုင်းသည်။ အများအားဖြင့် ကိုယ်တော်တိုင်သာ ရိုက်တော်မူ သည်။ ဆရာတော်ဘုရားကြီးသည် စာရိုက်ရာတွင် လက်ညှိုးနှစ်ချောင်း နှင့်သာ ရိုက်သော်လည်း လျင်မြန် သည့်အပြင် အလွန်သန့်ရှင်းတော်မူ သည်။ စာကြည့်၊ စာရိုက်ရင်းပင် ရပ်ဝေးရပ်နီးရှိ မြို့ရွာအသီးသီးမှ လာရောက်ဖူးမြော်၍ လှူဒါန်းကြ သော ဒကာဒကာမကြီးငယ်များ အား အနည်းငယ်စီသော ပဋိသန္ဓာရ ကထာတရားစကားကိုသာ ဟော ကြား၍ ပြန်လွှတ်တော်မူလေ့ရှိ သည်။ ပရိသတ်အသီးသီးအား နေရာပေးခြင်းနှင့် တရားစစ်ခြင်း တို့ကို လက်ထောက် ကမ္မဋ္ဌာန်း ဆရာတော်များအား လွှဲထားပြီးဖြစ် ၍ အုပ်ချုပ်ရေးနှင့် ဒကာဒကာမ ဆက်ဆံရေးတို့၌ ကိုယ်စိတ်အေး ချမ်းစွာ နေတော်မူပေသည်။

နေ့ဆွမ်းဘဉ်းပေးချိန်

နံနက် ၁၀ နာရီ ဆွမ်းစား ကျောင်းမှ ကြေးမောင်းခေါက်သော အခါ မဟာစည်ကျောင်းတော် အောက်ထပ်၌ ဆွမ်းဘဉ်းပေးတော် မူသည်။ ဆွမ်းဘဉ်းပေးပြီးလျှင် ဆွမ်းအလှူရှင်များအား ထိုက်သင့် သမျှ ဆွမ်းအနုမောဒနာတရား စကားကို ဟောကြားတော်မူ၍ အထက်ထပ်တွင် နေ့ ၁-နာရီထိ အနားယူတော်မူသည်။ အနားယူ သည်ဆိုသော်လည်း တပည့်ဒကာ ဒကာမအများနှင့် အတွေ့မခံခြင်း သာ ဖြစ်သည်။ အခန်းတွင်းဝယ် ဂန္ဓမုရ, ဝိပဿနာမုရနှစ်ပါးကိုကား ပြုလုပ်လျက် သာရှိသည်။ ထို့ ကြောင့် တစ်ခါတစ်ရံ အခန်းတံခါး မဖွင့်သေးသော်လည်း တိုက်ပရိုက် တာ ရိုက်သံများကိုကား ကြားနေရ ပေသည်။

နေ့ ၁ -နာရီ ထိုးလျှင် ဆရာ တော်ဘုရားကြီးသည် အခန်းတံခါး ကို ဖွင့်၍ ပြုလုပ်မြဲဖြစ်သော သာသ နာပြုလုပ်ငန်းနှစ်ရပ်ကိုသာ ပြုလုပ် ရင်း ပြည်တွင်းပြည်ပမှ လာရောက် ကြသော တပည့်ဒကာ ဒကာမများ ဒါန သီလ ဘာဝနာတရားများနှင့် သာ နှီးနွယ်သော ပဋိသန္ဓာရကထာ တရားစကားကို ထိုက်သည့် အား လျော်စွာ အချိန်အနည်းငယ်စီသာ ပြောကြား၍ အသီးသီးဌာန ဆိုင်ရာ ကမ္မဋ္ဌာန်းဆရာများထံ ညွှန်ကြား တော်မူလိုက်သည်။ တရားစဝင် သော ယောဂီများအား ညနေ ၅-နာရီတွင် မဟာစည်ကျောင်းတော် အောက်ထပ်ဆင်း၍ တရား (ရှုမှတ်ပုံ ရှုမှတ်နည်းတို့ကို) လမ်းညွှန်ပေး တော်မူသည်။ လဆန်း၊ လဆုတ် ၇ ရက်နေ့တိုင်း ညနေ ၅-နာရီ ၃၀-မိနစ်အချိန်တွင် ဉာဏ်စဉ်တရား တော်များကို ဟောကြားတော်မူ သည်။ ဥပုသ်နေ့တိုင်းနံနက် ၈-နာရီတွင် သီလပေး၍ မိနစ် (၄၀) ခန့် အနည်းငယ်မျှ ဩဝါဒတရား စကား ဟောကြားတော်မူပါသည်။

မျက်လုံးတော်များခွဲပြီးချိန်

၁၃၇၁ ခုနှစ်မျက်လုံးတော်များ ကို ခွဲပြီးသောအခါမှစ၍ နေ့အချိန် ဝယ် သတင်းစာများ ကြည့်ရှုတော် မမူတော့ပေ။ ညအချိန်မှာလည်း အရေးကြီးသော အကြောင်းထူးမရှိ လျှင် တရားကျမ်းစာကြည့်ခြင်းမှ လုံးဝအနားယူတော်မူသည်။ ရပ်ထဲ ရွာထဲသို့ ဆွမ်းစားကြွခြင်းမှလည်း လုံးဝအနားယူတော်မူသည်။ ဆရာ တော်ဘုရားကြီး၏ အသက်တော် ကလည်း အနားယူချိန်ရောက်လာ ၍ ယင်းသို့ အနားယူတော်မူခြင်း ဖြစ်ပေသည်။



လောကတွင် သစ်တစ်ပင်ကောင်း ဌက်တစ်သောင်းခိုဟု ဆိုရိုးစကားရှိသည်။ ဤမျှ သီလ၊ သမာဓိ၊ ပညာဗဟုသုတ၊ ဂန္ဆန္ဓရ ပြည့်စုံကြွယ်ဝတော်မူသော ဆရာတော်ဘုရားကြီးသည်ကား ကုဋေကုဋာတို့ဖြင့်လည်း မရေတွက်သာလောက်အောင် များပြားလှစွာသော ရဟန်းရှင်လူ သူတော်စင်ဟူသမျှတို့၏ မှီခိုအားထားရာ ဖြစ်တော်မူပေသည်။ ယခု ပြီးခဲ့သော ဗုဒ္ဓသာသနာနှုဂ္ဂဟအဖွဲ့ချုပ်၏ ၁၃၇၅-ခုနှစ်၊ နတ်တော်လ ပူဇော်ပွဲမှ နှစ်ချုပ်အစီရင်ခံစာအရ အားထုတ်ပြီး ယောဂီပေါင်းမှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှာပင် (၇၄၇,၃၆၄) ရှိပြီဖြစ်ကြောင်း သိရှိရပါသည်။ ထိုတွင် ကမ္ဘာအရပ်ရပ်ရှိယောဂီများ မပါသေးပေ။ မြန်မာနိုင်ငံမှလည်း နယ်ထွက်၍ တရားဟောသောအခါ တရားလာနာသော ပရိသတ်များနှင့် ကျမ်းစာအုပ်များကို ဖတ်ရှုသော ပရိသတ်များ မပါသေးပေ။ ကျမ်းစာများမှာလည်း ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယကြီးကဲ့သို့ ခက်ခဲနက်နဲသောကျမ်းများ၊ ပါဠိဘာသာသက်သက်၊ အင်္ဂလိပ်ဘာသာသက်သက်ကျမ်းစာများဟောစဉ်တရားတော်, ဩဝါဒတရားတော်များ အစရှိသည်ဖြင့် အများချမ်းသာရေး သာသနာပြုရေးအတွက် ကျမ်းစာအမျိုးအစားမှာများပြားလှပေသည်။ ထိုတွင် ဝိပဿနာရှုနည်းကျမ်း အခန်း- ၅ကို အင်္ဂလိပ်ဘာသာပြန်ဆိုထားသော စာအုပ်သည်သီရိလင်္ကာ၊ အမေရိက အစရှိသော နိုင်ငံများမှ အကြိမ်ကြိမ် ရိုက်နှိပ်ထုတ်ဝေနေကြသဖြင့် အာရှနှင့် ဥရောပအပြင် ကမ္ဘာတစ်ခွင်တွင် စောင်ရေအများဆုံးဖြန့်ချိရသောကြောင့်လည်းကောင်း၊ နိုင်ငံ ရပ်ခြားတိုင်းတစ်ပါး၌ ပြည်ပသာသနာပြုခရီးစဉ်အနေဖြင့် ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ ဂျပန်၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ဂျာမဏီ၊ ပြင်သစ်၊ အီတလီ၊ ဟော်လန်၊ စကော့တလန်၊ အင်္ဂလန်၊ ဆွစ်ဇာလန်၊ နိပေါ၊ အမေရိကန် အစရှိသည့်နိုင်ငံပေါင်း ၂၈ နိုင်ငံသို့ (၈) ကြိမ်တိတိ ကြွရောက်တော်မူ၍ နိုင်ငံခြားယောဂီများအား ဝိပဿနာရှုမှတ်နည်းလမ်းမှန်ကို ဟောကြားပြသပေးတော်မူခဲ့သောကြောင့်လည်းကောင်း၊ ဗုဒ္ဓသာသနာပြုရေးနှင့်ပတ်သက်၍ ကမ္ဘာကျော်သည့် ဆရာတော်ဘုရားကြီးလည်း ဖြစ်တော်မူပေသည်။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် ကျမ်းစာပေါင်း (၈၀) ကျော်တို့ကိုလည်း ရေးသားစီစဉ်တော်မူခဲ့ပါသည်။

မျက်လုံးတော်မခွဲမီအချိန်

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် မျက်လုံးတော်များကို မခွဲရမီအချိန်ကမူ မြို့တွင်းရွာတွင်းသို့ ဆွမ်းစားကြွရောက်တော်မူ၍လည်း တပည့် ဒကာဒကာမများကို ချီးမြှောက်တော်မူသည်။ ရဟန်းတော်များအား ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် မဟာဋီကာကျမ်းကြီးများကို ပို့ချ၍လည်း ဓမ္မနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူသည်။ ယနေ့ပို့ချသောစာကို ယနေ့ရေးပြီး ဖြစ်အောင်လည်း ကြိုးစားတော်မူသည်။

ဦးပဉ္စင်းတို့သည် ဆရာတော်ဘုရားကြီးကဲ့သို့ ကိုယ်အားဉာဏ်အားနှင့် ဝီရိယများ မလောက်မငဖြစ်ကြရသဖြင့် စာကြွေးများအမြဲတမ်း တင်နေလေ့ရှိပေသည်။ ထို့ကြောင့် "လူ့ရွာမှတ်ရေး ဥစ္စာကြွေးထက် ချစ်ကြွေးတင်ချက်၊ ဆင်းရဲနက်ဟု၊ စဉ်ဆက်ပညာ၊ ဆိုကုန်ပါလည်း၊ ငါ့မှာမူကား၊ စာသမားမို့၊ စီးပွားချစ်ကြွေး၊ ထိုနှစ်ကြွေးထက်၊ စာကြွေးခက်သည်၊ ရတက်မအေး ဖြစ်သတည်း" ဟု ဦးပဉ္စင်းက ကိုယ့်ဘဝကိုယ် စာရေး၍ သုံးသပ်ထားမိသည်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ပင့်ဖိတ်ရာသို့ ဆွမ်းစားကြွစဉ်တုန်းကဆိုလျှင် ဆွမ်းစားပြီးတိုင်း အကြောင်းအားလျော်စွာ အနုမောဒနာတရားကို ဟောခြင်း၊ သွားရ, ပြန်ရခြင်းတို့ကြောင့် အချိန်များစွာ ကုန်သော်လည်း နယ်ထွက်၍ တရားဟောသည့်အခါမှတစ်ပါး စာချရန် မပျက်ကွက်ခဲ့ပေ၊ စာချစာရေးရာ၌ ဝါဒန္တရများနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိစေ



ခြင်းငှာ အင်္ဂလိပ်, သင်္ကဋ္ဌစသော ဘာသန္တရ ကျမ်းစာကြီးများကိုလည်း ကြည့်ရှုရသည်။ သို့သော် ရပ်ဝေးရပ်နီးမှ လာရောက်ကြသော ရဟန်းရှင်လူတို့အား လည်း ထိုက်သင့်သမျှ အနည်းငယ်စီသော တရားစကားများဖြင့် ဟောကြားခဲ့မြင့်တော်မူမြဲသာဖြစ်သည်။

ဆဋ္ဌသင်္ဂါယနာတင်ချိန်

ဆရာတော်ဘုရားကြီးသည် ထို့ထက်အရှယ်တော်ငယ်စဉ် ဆဋ္ဌသင်္ဂါယနာတင်သောအချိန်ကဆိုလျှင် သင်္ဂါယနာပွဲကြီး၌ ကြီးလေးသော အမေးပုစ္ဆာက တာဝန်ကို ဆောင်ရွက်ရသည့်အပြင် နောက်ဆုံးစာ ပေသုတ်သင်ပြင်ဆင်သော ပဓာန အဖွဲ့တွင်လည်း တာဝန်ကိုယူရသဖြင့် သင်္ဂါယနာတာဝန်နှင့် အထက်ပါ ဝိပဿနာဓုရတာဝန်များကို ပေါင်းစပ်လိုက်လျှင် မည်မျှ တာဝန်ကြီးသည်ကိုမူ စာရေးသူက တွေးပြစရာပင် လိုမည်မထင်တော့ပေ။ သာသနာတော်အတွက် အဓိကဖြစ်သော တာဝန် ၂ ရပ်ကို ဆောင်ရွက်ရာဝယ် ဤကဲ့သို့ သတ္တိ ဗျတ္တိ စုံလင်ပြည့်ဝတော်မူလှပေသည်။

သာသနာ့လုပ်ငန်းကိုသာ အလေးထား

ဂျပန်ဖက်ဆစ်များ မြန်မာပြည်ကို ဝင်ရောက်ခဲ့စဉ်ကဆိုလျှင် နေ့စဉ်နှင့်အမျှ လက်နက်မိုးရွာနေသည်။ ပစ္စည်းများရှား၍ အရာရာတွင် စျေးနှုန်းကြီးမြင့်ကာ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည်။ လမ်းပန်းဆက်သွယ်ရေးမှာ ညံ့သည့်အပြင် ဘေး အန္တရာယ်ကလည်း ပေါများလှပေသည်။ သို့သော်လည်း ဆရာတော်ဘုရားကြီးသည် သာသနာပြုရေးတွင် မပျက်ကွက်ခဲ့ပေ၊ ဝိပဿနာရှုနည်းကျမ်းကြီး ပထမ၊ ဒုတိယ ၂-တွဲကို ပုံးဒဏ်ကြားမှ ရေးရုံသာမက ဆိပ်ခွန်မှ ရွာသစ်ကြီးသို့ ပုံးကြဲလေယာဉ်ကြားမှ သွား၍ ရသမျှစာရွက်နှင့် စာအုပ်အဖြစ်သို့ ရောက်အောင် ပုံနှိပ်နိုင်ခဲ့ပေသည်။ ထိုခေတ်အခါက ကမ္ဘာနှင့် အဝှမ်းပင် နိုင်ငံအရေးအခင်းများ မငြိမ်မသက်ဖြစ်ကာ နောင်ရေးကို မတွေးတောနိုင်သော အချိန်အခါ ဖြစ်နေပေသည်။ သို့သော် ဆရာတော်ဘုရားကြီးသည်ကား သာသနာရေး ကိစ္စများကို သာဆောင်ရွက်၍ နောင်ရေးတွေးခြင်းမှ ကင်းဝေးလျက် စိတ်အေးချမ်းသာယာစွာ သာသနာပြုတော်မူပေသည်။

သာသနာပြု ဆရာတော်ဘုရားကြီးများသည် မင်းရေးစိုးရေးတွေကို မတွေးတောဘဲ သာသနာရေးကိုသာ အလေးပေး၍ အတတ်နိုင်ဆုံး ပြုစုတော်မူကြပေသည်။ မဟာစည်ဆရာတော်ဘုရားကြီးသည်လည်း ဥပုသ်ပြုအပြီး သြဝါဒပေးတော်မူရာတွင် တိရစ္ဆာနကထာထဲတွင် အကျုံးဝင်သော ရာဇကထာ စသည်ကို မပြောဖို့ ပြောလျှင် ထုတ်ပစ်ဖို့အထိ အမိန့်ထုတ်၍ပင် တစ်ခါတစ်ရံ သြဝါဒပေးတော်မူပေသည်။ မင်းရေး စိုးရေးနိုင်ငံရေးတွေကို ပြောနေခြင်းသည် မဂ်ဖိုလ်မှ ဖီလာကန့်လန့်ဖြစ်၍ တပည့်များအား သနားငဲ့ညှာသောကြောင့်သာ ဤသို့ သြဝါဒပေးတော်မူခြင်း ဖြစ်ပေသည်။

နယ်လှည့်တရားဟောထွက်လျှင်

ကျေးငှးတော်ရှင် ဆရာတော်ဘုရားကြီးသည် တစ်ခါတစ်ခါ ရိပ်သာဖွင့်ပွဲများမှ ပင့်သောအခါ နယ်မှ တပည့်ပရိသတ်အား ချီးမြှောက်တော်မူရန် ကိုယ်ပင်ပန်းသည်ကို ပဓာနမထားဘဲ နယ်လှည့်တရားဟော ထွက်တော်မူလေ့ရှိသည်။ ထိုအခါ စီးနင်းလိုက်ပါသွားသောယာဉ် ရထားများပေါ်တွင် ခရီးသွားများထဲမှ လာရောက် ဖူးမြော်သူများလည်း ရှိသည်။ လမ်းဖြတ်သွားရသော ဘူတာများမှလာရောက်ဖူးမြော် ကန်တော့ကြ, လှူဒါန်းကြသော ဒကာ၊ ဒကာမ များလည်း ရှိလေရာ ၄င်းတို့အား သင့်တင့်သော ပဋိသန္ဓာရကထာ တရားစကားများကို ပြောကြားရသည်လည်းရှိသည်။ ပင့်ထားသော မြို့ရွာများသို့ ရောက်ပြန်လျှင် နယ်ရှိရဟန်းရှင်လူများက ကဗျာ၊ လင်္ကာ၊ ဂါထာဗန္ဓ အမျိုးမျိုးတို့ကို ဖွဲ့နွဲ့သီဆို၍ ယာဉ်အမျိုးမျိုးဖြင့် ခမ်းခမ်းနားနား ပင့်ဆောင်ကြသည်။ သို့သော်



ရာသီဥတုဒဏ် နေဒဏ် လေဒဏ် မိုးဒဏ်နှင့် ကွရိယာပုထိုမမျှသော ဒဏ်တို့ကိုကား သည်းခံရစမြဲသာ ဖြစ်သည်။ တည်းခိုမည့်နေရာသို့ ရောက်လျှင်လည်း ကြိုဆိုရေးအဖွဲ့များအား နှုတ်ဆက်တရား အနည်းငယ်ဟောရသည်။ နယ်မှထွက်သော အသီးအနှံစသော လှူဖွယ်ဝတ္ထုများကို အသီးသီး လာလှူသူတို့အားလည်း အနည်းငယ်စီ တရားစကားပြောကြားတော်မူသည်။

ဤသို့ လာရောက်ဖူးမြော်သူတိုင်းကို တရားစကားပြောသည်မှာ သာသနာအသက်ရှည်ရေးနှင့် လာရောက်ဖူးမြော်သူများ ချမ်းသာရေးအတွက်သာ ဖြစ်ပေသည်။ နယ်မှလှူလိုက်သော သင်္ကန်း, ထီး, ဖိနပ် အစရှိသည်တို့ကို ဝမ်းမြောက်ဝမ်းသာ ခံယူသော်လည်း ရန်ကုန်သို့ သယ်သွားသည်ကား မဟုတ်ပေ။ သယ်သွားလျှင်လည်း မီးရထား တွဲလုံးငှားရပေလိမ့်မည်။ ရရာဌာနမှ သာသနာပြုရဟန်းတော်များကိုသာ လှူထားခဲ့ပေသည်။ နယ်မှ ရဟန်းရှင်လူများသည် မိမိတို့မြို့ရွာသို့ ဆရာတော်ဘုရားကြီး ကြွလာမည်ဟု ကြားရလျှင် ဝမ်းသာကြသည်။ ရောက်လာ၍ ဖူးမြော်ရလျှင် ပို၍ ဝမ်းသာကြသည်။ တရားစကားကို ကြားရသောအခါမှာကား အတိုင်းထက်အလွန် ဝမ်းသာကြသည်။ မလွဲသာ မရှောင်သာသော လူကိစ္စလူတာဝန်တွေကို ပြုနေရ၍ တရားအားမထုတ်နိုင်သေးသည့်တိုင်အောင် နောင်အခါမှာ အချိန်ယူ၍ အားထုတ်မည်ဟုကား စိတ်စောလျက်သာ ရှိနေကြသည်။ ဤစိတ်များသည် ကောင်းသောစိတ်များပင် ဖြစ်သည်။ ဤစိတ်များကို စေတနာဟူ၍ လည်းကောင်း၊ ကံဟူ၍ လည်းကောင်း၊ သဒ္ဓါရဟူ၍လည်းကောင်း အမျိုးမျိုးခေါ်သည်။ ထိုကောင်းသော ကံများကြောင့် နောင်ဘဝမှာလည်း ကောင်းရာဘဝရောက်၍ ကောင်းကျိုးများကို ခံစားရပေသည်။ ဤသို့သော အကျိုးများကို မြော်မြင်၍သာ ရောက်လာသမျှသော ဒကာ၊ ဒကာမများအား အနည်းငယ်စီ အနည်းငယ်စီသော တရားစကားကို ဟောပြောရခြင်းဖြစ်ပေသည်။

အတုယူဖွယ်အချက်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် မိမိနေရာတွင် နေသောအခါဖြစ်စေ၊ နယ်ထွက်တရားဟောသောအခါဖြစ်စေ၊ လာရောက်ဖူးမြော်ကြသော ဒကာ ဒကာမများနှင့် အပိုစကားကို ပြောဆိုတော်မူလေ့ မရှိပေ။ ဒကာ ဒကာမများက လျှောက်ထားသော်လည်း ရေးမြဲ ကြည့်မြဲစာကိုသာ ဆက်လက်ကြည့်ရင်း စက္ကန့်ပိုင်းမျှ လောက်သာ သည်းခံနားထောင်၍ စကားပြတ်လျှင် "ကဲ ကဲ ဩကာသ ဆိုပြီး ကန်တော့ကြ" ဟု အမိန့်ရှိလေတော့သည်။ ကန်တော့ပြီးလျှင် ဆုပေး၍ စာကိုသာ ဆက်ကြည့်နေလေသည်။ ထို့ကြောင့်ပင် ဤမျှများပြားသော ရဟန်းရှင် လူတပည့်ပရိသတ်များကို နာရီနှင့်အမျှ ဆက်ဆံနေရသော်လည်း ခက်ခဲနာကျဉ်းစေသော ကျမ်းစာပေါင်း မြောက်များစွာတို့ကို ထွက်ပေါ်စေနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

အနုတ္တရိယ တရား ၆-ပါး

ဤကဲ့သို့ အတုယူဖွယ်, ခီးကျူးဖွယ် ဂုဏ်ပေါင်းကြွယ်သည့် ချမ်းသာရကြောင်း လမ်းကောင်းညွှန်ပြဆုံးမတော်မူတတ်၍ နတ်လူတို့၏ ဆရာမြတ် အစစ်ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်နှင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးတို့၏ ဂုဏ်ကို ခီးကျူးရ, ကြားသိရ, ဖတ်ရှုရသောပုဂ္ဂိုလ်တို့သည် အနုတ္တရိယခေါ်သည့် လွန်ကဲထူးမြတ်သော ကုသိုလ်တရားများကို ရရှိကြပေသည်။ အနုတ္တရိယခေါ်သည့် လွန်ကဲထူးမြတ်သော တရားများမှာ ၆-ပါး ရှိသည်။ ၎င်းတို့မှာ

၁။ **ဒဿနာနုတ္တရိယ** - လွန်ကဲထူးမြတ်သော မြင်ခြင်း၊
၂။ **သဝနာနုတ္တရိယ** -လွန်ကဲထူးမြတ်သော ကြားခြင်း၊
၃။ **လာဘာနုတ္တရိယ** - လွန်ကဲထူးမြတ်သော ရခြင်း၊
၄။ **သိက္ခာနုတ္တရိယ** - လွန်ကဲထူးမြတ်သော သင်ယူလေ့ကျင့်ခြင်း၊



၅။ **ပါရိစရိယာနုတ္တရိယ** - လွန်ကဲထူးမြတ်သော လုပ်ကျွေးခြင်း၊

၆။ **အနုဿတာနုတ္တရိယ** - လွန်ကဲထူးမြတ်သော အောက်မေ့ခြင်းအားဖြင့် ၆-ပါး ရှိသည်။

ထိုတွင် (၁) ဆင်ရတနာ အစရှိသည်တို့ကို မြင်ရခြင်းသည် ဒဿနာနုတ္တရိယ မဟုတ်ပေ၊ ယုံကြည်မြတ်နိုးစိတ်ရှိသောသူ၏ ဘုရားရှင်အားလည်းကောင်း၊ ရဟန်း သံဃာတို့အားလည်းကောင်း၊ ဖူးမြင်ရခြင်းသည်ကား ဒဿနာနုတ္တရိယ ဖြစ်ပေသည်။

(၂) မင်းစိုးရာဇာတို့၏ လောကီရေးရာများကို ကြားရခြင်းသည် သဝနာနုတ္တရိယမဟုတ်၊ သဒ္ဓါ ယုံကြည်စိတ်ရှိသောသူ၏ ရတနာ သုံးပါး ဂုဏ်ကျေးဇူးကို ကြားရခြင်းသည်လည်းကောင်း၊ ပိဋကတ်သုံးပုံဟုဆိုအပ်သော ဘုရားစကားတော်ကို ကြားနာရခြင်းသည်လည်းကောင်း၊ သဝနာနုတ္တရိယမည်၏။

(၃) ပတ္တမြားရတနာ အစရှိသည်ကို ရရှိခြင်းသည် လာဘာနုတ္တရိယ မဟုတ်၊ အရိယာတို့၏ ဥစ္စာ ၇-ပါးကိုရရှိခြင်းသည် လာဘာနုတ္တရိယ မည်၏။

(၄) ဆင်စီးအတတ် အစရှိသည်တို့ကို သင်ကြားလေ့ကျင့်ရခြင်းသည် သိက္ခာနုတ္တရိယ မဟုတ်၊ သီလ, သမာဓိ, ပညာ ဟူသော သိက္ခာသုံးပါးကို ဖြည့်ကျင့်ရခြင်းသည် သိက္ခာနုတ္တရိယ မည်၏။

(၅) မင်းစိုးရာဇာတို့ကို ပြုစုလုပ်ကျွေး ရခြင်းသည် ပါရိစရိယာနုတ္တရိယမဟုတ်၊ ရတနာသုံးပါးတို့ကို ပြုစုလုပ်ကျွေးရခြင်းသည် ပါရိစရိယာ နုတ္တရိယမည်၏။

(၆) မင်းစိုးရာဇာတို့၏ ဂုဏ်ကို အောက်မေ့ရခြင်းသည် အနုဿတာနုတ္တရိယ မဟုတ်၊ ရတနာမြတ်သုံးပါးတို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့ရခြင်းသည် အနုဿတာနုတ္တရိယ မည်၏။

ထို့ကြောင့် ဘုရား, တရား, သံဃာ ဟူသော ရတနာမြတ်သုံးပါးနှင့် စပ်သောစကားကို သင်ယူခြင်း, ဟောပြောခြင်း, ကိုယ်တွေ့ စိတ်တွေ့ဖြစ်အောင် ရှုမှတ်ပွားများခြင်းကို ပြုကြရသော သူတို့သည် လွန်ကဲထူးမြတ်သော အမှုများကို ပြုရပေသည်ဟု မိမိ၏ဘဝ, မိမိ၏အဖြစ်မှန်ကို သိလျက် ဝမ်းမြောက်နိုင်ကြပေသည်။

ဂန္ဆဓုရ ဝိပဿနာဓုရဟူသော သာသနာတော်၏ တာဝန် ၂-ရပ်တွင်လည်း မိမိတို့ တတ်နိုင်သမျှ နာယူမှတ်သား သင်ကြားရခြင်းသည် ဂန္ဆဓုရမည် သောကြောင့် ယခုဤစာကို ဖတ်ရှုကြရသော မိမိတို့သည်လည်း ကုသိုလ်တရားတိုးပွား၍ သာသနာ့လုပ်သားကောင်းများ ဖြစ်ပေသည်ဟု အသိုးသိမ်း ဝမ်းမြောက်နိုင်ကြပေသည်။ ဝိပဿနာတရားကိုလည်း ရှုမှတ်ပွားများနေကြပြီဖြစ်၍ ဆရာတော်ဘုရားကြီး၏ တပည့်ကောင်းပီပီ သာသနာတော် တိုးတက်ပြန့်ပွားရေးအတွက် လက်တွေ့သာသနာပြုသူများဖြစ်နေကြပြီဟူ၍လည်း မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ကာ အသိုးအသိုး ဝမ်းမြောက်နိုင်ကြပေသည်။

ဆရာတော်ဘုရားကြီး၏တပည့် ကောင်းပီပီ အမြဲတမ်းသာသနာပြုသူရဲကောင်း ဖြစ်နေစေရန်အတွက် ဤသာသနာ့တာဝန်များကိုအသက်နှင့်အမျှအတတ်နိုင်ဆုံးထမ်းဆောင်သွားနိုင်ရန်လည်း ကြိုးစားရပေမည်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည်ဘယ်ခေတ်ဘယ်အခါကမှ သာသနာ့တာဝန်များကို လျစ်လျူရှု၍ ပစ်ထားတော်မမူခဲ့ပေ။ အတုယူဖွယ်ကောင်းပေစွဟု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးများကို ရေးသားတင်ပြအပ်ပါသတည်း။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ၁၂၆၆-ခုနှစ် ဒုတိယ ဝါဆိုလပြည့်ကျော် (၃) ရက်၊ သောကြာနေ့ နံနက်(၃) နာရီသာသာအချိန် မွေးဖွားတော်မူပြီး ၁၃၄၄-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၀)ရက်၊ ၁၉၈၂-ခုနှစ် သြဂုတ်လ (၁၄)ရက် စနေနေ့ နေ့လည် ၁ နာရီ ၃၆-မိနစ်အချိန် သိက္ခာတော် (၅၉)ဝါ၊ သက်တော် (၇၉)နှစ် အရောက်တွင် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူပါသည်။

ဘဒ္ဒန္တ သူရိယ





ယနေ့ထက်တိုင် မမေ့ရက်နိုင်အောင် စွဲမြဲစွာ သတိရနေမိပါသည်။ နောင်လည်း မေ့နိုင်ဖွယ်မရှိ မှတ်မိနေပါလိမ့်ဦးမည်။ လွန်ခဲ့သော ၂၅ နှစ် ခန့်ကပေါ့။ ၁၃၄၀ ခုနှစ်၊ ပြာသိုလဆန်း (၁၂) ရက်၊ အင်္ဂါနေ့ နံနက် အရုဏ်ဆွမ်းစားအပြီးသာသနာ့ရိပ်သာကြီးမှ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ (နိုင်ငံတော်ဩဝါဒစရိယ) မဟာစည်ဆရာတော် ဘုရားကြီးနှင့်အတူ စာရေးသူနှင့် ကပ္ပိယ ဗိုလ်ကြီးသန်းမောင်(အငြိမ်းစား) တို့ ဒါယကာကြီး ဦးလွင်၏ ကားဖြင့် မင်္ဂလာဒုံလေဆိပ်သို့ ထွက်

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး

တပည့်ဒါယကာ ဒါယိကာမများအပေါ်

ချီးမြှောက်သွားတာတော်ပုံ အထွေ့အကြုံလေးအချို့

ဘဒ္ဒန္တကဿာယန
(မဟာစည်ပြည်တွင်းပြည်ပနာယက)



ခဲ့ကြသည်။ လေဆိပ်သို့ ၆း၁၀ မိနစ်ခန့်မှာ ရောက်ကြပါသည်။ ၆း၄၅ မိနစ်မှာ မင်္ဂလာဒုံမှ မော်လမြိုင်သို့ စတင်ထွက်ခွာလာရာ မော်လမြိုင်လေယာဉ်ကွင်းသို့ နံနက် ၇း၁၅ မိနစ်မှာ ဆိုက်ရောက်ခဲ့ကြသည်။ လေဆိပ်မှ တောင်ဝိုင်း ရိပ်သာ



ဆရာတော်နှင့် ဥက္ကဋ္ဌ ဦးထွန်းတင်အမှူးရှိသော အမှုဆောင် လူကြီးများက ကြိုဆိုကြကာ တောင်ဝိုင်းလေး မဟာစည်ရိပ်သာသို့ ပင့်ဆောင်ကြသည်။ ရိပ်သာအတွင်း ဓမ္မာရုံကြီးမှာ ယောဂီများ တပည့်ဒါယကာ ဒါယိကာမများကလည်း ပူဇော်ကန်တော့ကြပြန်သည်။ ညပိုင်းမှာတော့ ဝတ်အသင်းတော်ကြီး ဓမ္မာရုံတော်တွင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး သီလပေးပြီး အဖွင့်တရားမိန့်ကြားကာ ဩဝါဒပေးသွား၏။ နောက်ပိုင်းစာရေးသူက "စိတ်ကိုဆုံးမ ချမ်းသာရ" ဝိပဿနာတရားဟောကြားခဲ့၏။

၇-၁-၇၉ ရက်မှာတော့ စာရေးသူ တစ်ပါးတည်း မော်လမြိုင် တစ်ဘက်ကမ်းရှိ မုတ္တမမြို့၊ ဇာကဒွန်းရပ်ကွက် ဘုရားဓမ္မာရုံမှာ "သာသနာတွင်းကုသိုလ်နဲ့ သာသနာပကုသိုလ်" တရားဟောကြားခဲ့၏။ ၈-၁-၇၉ ရက်မှာတော့ ဖားအောက်ဌာန မသွားမီ တောင်ဝိုင်းမဟာစည်ရိပ်သာအတွင်း ဓမ္မာရုံတော်ကြီးမှာ "အမိသော်လည်း ပေးလို့မရ" ဆိုတဲ့ ဝိပဿနာတရားဟောကြားခဲ့ပါသည်။

၉-၁-၇၉ နေ့ အရုဏ်ဆွမ်းစားအပြီး ၇း၀၀ နာရီခန့်တွင် တောင်ဝိုင်းကလေး မဟာစည်ရိပ်သာမှ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့်အတူ မော်လမြိုင်မြို့၊ မြို့ပေါက်၀သတိပဋ္ဌာန်ရိပ်သာမှ အဖွဲ့လူကြီးများ၏ ပင့်လျှောက်မှုဖြင့် အပူဇော်ခံ တရားချီးမြှင့်ဖို့ ကြွရောက်ခဲ့ကြရသည်။ မြို့ပေါက်၀ရိပ်သာသို့ ရောက်သည်နှင့် မြို့ပေါက်၀ဆရာတော်ဘုရားကြီး သီတင်းသုံးသောကျောင်းတော်ပေါ်သို့ တက်ခဲ့ကြသည်။ မြို့ပေါက်၀ ဆရာတော်ကြီးကလည်း ခရီးဦးကြိုဆိုနေသည်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ကကပ္ပိယ ယူဆောင်လာသော နေရာထိုင်ခင်းလေးကို ကိုယ်တိုင် ယူခင်းကာ ထိုင်ပြီး အရိုအသေပြုကန်တော့ပါသည်။ မြို့ပေါက်၀ဆရာတော်ကြီးက -

"မဟာစည်ဆရာတော် နေကောင်းကျန်းမာရဲ့လား"

"အခုတော့ နေကောင်း ကျန်းမာတယ်လို့ပဲ ဆိုနိုင်ပါရဲ့ဘုရား"

"အခုလို ကျန်းကျန်းမာမာတွေ့ရတာ သိပ်ဝမ်းသာတယ်။ ဒီကုလားထိုင်ပေါ် ကြွပါအုံး"



မြို့ပေါက်၀ဆရာတော် ဘုရားကြီးက ဖိတ်သောအခါ

"တပည့်တော်ဒီအတိုင်းပဲ နေခွင့်ပြုပါ" ဟု ပြန်လျှောက်ရာ

"မဟုတ်သေးပါဘူးလေ၊ ကြွပါအုံး၊ သီတင်းသုံးပါအုံး၊ ဒီက မဟာစည်ဆရာတော်ကို လှူစရာရှိလို့ပါ၊ ကြွပေးပါ" လို့ ထပ်မိန့်ကာမှ မဟာစည်ဆရာတော်ဘုရားကြီးက ကြွရောက်ပြီး သီတင်းသုံးပါသည်။ *(မဟာစည်ဆရာတော်ဘုရားကြီးကား ၁၂၈၅ ခုနှစ်မှာ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ မြို့ပေါက်၀သတိပဋ္ဌာန်ဆရာတော်ဘုရားကြီးကား ၁၂၈၁ ခုနှစ်မှာ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်)* မြို့ပေါက်၀ ဆရာတော်ကြီးက အခန်းထဲ၀င်သွားပြီး သင်္ကန်းအသစ်တစ်စုံ ကိုင်ကာ ထွက်လာသည်။

"တပည့်တော်ကို လာလှူစဉ် အလှူခံကတည်းက သင်္ကန်းက အသားရော အရောင်ပါ ကောင်းလွန်းလို့ မဟာစည်ဆရာတော်ကို လှူမယ်လို့ ဆိုပြီး ရည်ရွယ်ထားတာ အလှူခံပါအုံး"

ထိုင်ခုံပေါ် နေရာထိုင်ခင်းပေးပြီး သီတင်းသုံးနေသော မဟာစည်ဆရာတော်ကြီးကို အလှူရှင်ဖြစ်တဲ့ မြို့ပေါက်၀ သတိပဋ္ဌာန်ဆရာတော်ကြီးက ရိုရိုသေသေ ကျကျနနလှူဒါန်းပါတော့သည်။ (မှတ်ချက်။ စီဝိုင်စီ သင်္ကန်းများ စ, ပေါ်သောနှစ်ဖြစ်သည်။) မြို့ပေါက်၀ဆရာ





တော်ဘုရားကြီးက ထပ်ပြောသေးသည်။

"အရောင်ရော အသားပါ အတော်ကောင်းပုံရတယ်။"

"မှန်ပါ၊ ကောင်းပုံရဟန်တူပါတယ်ဘုရား"

"ကောင်းတယ်ဆိုရင် လှူထားတဲ့ သင်္ကန်းလဲပြီး ဝတ်ပါ" လို့ပြောတော့ မဟာစည်ဆရာတော်ဘုရားကြီးက -

"တပည့်တော်ကျောင်းက လဲလာခဲ့ပါပြီ ဘုရား" လို့ လျှောက်တော့ -

"ကျောင်းက လဲလာတယ်ဆိုတာ သိပါတယ်လေ၊ အခုထပ်ပြီး လဲပါအုံး" လို့ မိန့်ပြန်တယ်၊ (ရာသီဥတုကလည်း သိတ်အေးနေတဲ့ အချိန် ဖြစ်ပါသည်။)

"တပည့်တော်အရင်ကလည်း ဆရာတော်လှူခဲ့တဲ့ သင်္ကန်းဝတ်ခဲ့ပါပြီ ဘုရား" လို့လျှောက်တော့ -

"ဒီမှာလည်း မဟာစည် လှူထားတဲ့ ကြာသင်္ကန်းကြီးဝတ်လိုက်ရတာ အကြာကြီးပါပဲ" လို့ မိန့်တယ်၊ မဟာစည်ဆရာတော်ဘုရားကြီးက ပြုံးပြီး မနေသာတော့ဘဲ နေရာက ထ,ကာ အလှူရှင်သင်္ကန်းကို ကိုယ်ပေါ်မှာ တင်လွှမ်းကာ ဆင်မြန်းရပါတော့သည်။ ပြီးတာနဲ့ မဟာစည်ဆရာတော်ဘုရားကြီးက ကျကျနနသပ်သပ်ရပ်ရပ် ဝတ်ရုံပြီး အလှူရှင်ဆရာတော်ကြီးရှေ့ရပ်ကာ -

"ကျေနပ်ပါပြီလား ဘုရား" လို့ လျှောက်ထားလေရာ အလှူရှင်ဖြစ်တဲ့ မြို့ပေါက်ဝဆရာတော်ဘုရားကြီးက -

"သိပ်ကျေနပ် သိပ်ကောင်း" လို့ ပြောနေစဉ် အမှုဆောင်လူကြီးများက "တရားချီးမြှင့်ရန် အချိန်တန်ပါပြီ ဘုရား" လို့ မဟာစည်ဆရာတော်ဘုရားကြီးကို လျှောက်ထားရာ မြို့ပေါက်ဝဆရာတော်ဘုရားကြီးက "ဒီသင်္ကန်းနဲ့ တရားချီးမြှင့်ရန် အချိန်တန်ပါပြီ ဘုရား" လို့ မဟာစည်ဆရာတော်ဘုရားကြီးကို လျှောက်ထားသည်။ မြို့ပေါက်ဝဆရာတော်ဘုရားကြီးက "မိမိ လှူဒါန်းသော သင်္ကန်းနဲ့ မဟာစည်ဆရာတော်ဘုရားကြီး တရားချီးမြှင့်တာဖြစ်၍ ပိုလို့ ကောင်းတာပဲ" ဆိုပြီး ပီတိပန်းများ ပွင့်လန်းကာ ပြုံးပြုံးကြီးဖြင့် ပီတိဖြစ်နေပါတော့သည်။ ထိုမြင်ကွင်းကို ကြည့်၍ စာရေးသူ တွေးထင်လိုက်မိပါသည်။ သြော် .. ဗုဒ္ဓမြတ်စွာလက်ထက်တော်က ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်တို့ အလား တို့မျက်မှောက်မှာလည်း စံပြုရမယ့် ဆရာတော်ကြီး-၂ပါး ပါလား လို့ စာရေးသူရဲ့ နှလုံးသားမှာ အပြုံးများစွာနဲ့ မှတ်တမ်းတင်ခဲ့မိပါသည်။

၁၀-၁-၇၉ ရက် ညပိုင်းမှာတော့ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးက **"အပါယ်ဘေးငြိမ်းခွင့် ဥဏ်အဆင်သင့်ရောက်ပါစေ"** သြဝါဒတရားကို နာရီဝက် (မိနစ် ၃၀) ခန့် ဟောကြားတော်မူ၏။ နောက်ပိုင်းမှာ စာရေးသူက **"ပူဇော်သင့်ရာ ပူဇော်တာမင်္ဂလာတရားတော်"** ကို ဟောကြားခဲ့ပါသည်။ ဟောရသည့်ဌာနကား မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းတရားမဏ္ဍပ်တွင်ဖြစ်သည်။

၁၁-၁-၇၉ ရက် ယနေ့ည တရားပွဲကား မော်လမြိုင်မြို့၊ မုပွန်ဘုရားကြီးမှာ ဟောသော တရားပွဲတည်း။ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးက "သဗ္ဗပါပဿ အကရဏံ" အစချီသော ဒေသနာဂါထာတော်ကို မူတည်ပြီး **"အကုသိုလ်များရှောင်ရှားပယ်လေ၊ ကုသိုလ်တရား ဖြစ်ပွားစုံစေ၊ မိမိစိတ်ဓာတ် ဆွတ်ဆွတ်ဖြူစေ၊ ဤသုံးပါး ဘုရားဆုံးမပေ"** ဆိုသော တရားဒေသနာတော်ကို ဟောကြားတော်မူသည်။ ထိုတရားတော်တွင် "မကောင်းတဲ့ ကိုယ်မှု နှုတ်မှုတွေ မပြုမိဖို့ ကောင်းတဲ့ ကိုယ်မှုနှုတ်မှုများကိုသာ ပြုလုပ် ပြောဆိုဖို့နှင့် မိမိစိတ်ကလေး ဖြူစင်ဖို့ကတော့ ဝိပဿနာတရားများ ကိုယ်တိုင် ကိုယ်ကျသိအောင် ပွားများ အား



ထုတ်ကြဖို့။" သြဝါဒတရား အဆုံး သတ်ကာ ပြန်ကြွသွားပါသည်။ စာရေးသူက အတွာဒတ္တာကို အခြေခံကာ **"သူငါပေးလို့မရ" ဝိပဿနာတရားတော်ကို ဟောကြား** ခဲ့၏။

မော်လမြိုင်မှ ဘီလူးကျွန်း

၁၂-၁-၇၉၊ ယနေ့ နေ့ဆွမ်းအပြီး မော်လမြိုင်ဆိပ်ကမ်းမှ စက်လှေကြီးဖြင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် အတူ စာရေးသူ၊ ဗိုလ်ကြီးသန်းမောင် (အငြိမ်းစား) ဦးပါ၊ ဒေါ်သန်းစိန်တို့ အပါအဝင် ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ် ကလော့သော့ကျေးရွာ မဟာဝံသာရုံကျောင်း (၁၀)ရက် စခန်းဖွင့်ပွဲသို့ ညနေ ၄း၀၀ နာရီခန့်မှာ ဆိုက်ရောက်ခဲ့ကြရသည်။ ဘီလူးကျွန်း ကမ်းကပ်သော အချိန်ကစပြီး မဏ္ဍာပ်ကြီး မဏ္ဍာပ်ငယ် အသွယ်သွယ်ဖြင့် ရွာစဉ်တစ်လျှောက် မဟာဝံသာရုံကျောင်း ရောက်သည်အထိ အဖျော်ရည်မျိုးစုံတို့ဖြင့် ကပ်ကြ, ပူဇော်ကြ, လှူကြတန်းကြနှင့် ဒါယကာ ဒါယိကာမများကိုင့်ကာ အပူဇော်ခံနေရသည်။ နာရီဝက်ခန့်လောက်နဲ့ ရောက်နိုင်တဲ့ခရီးက လေးနာရီခန့် သွားခဲ့ရ၏။ နောက်မဏ္ဍာပ်များကြတော့ စာရေးသူက "တော်ပြီ တော်ပြီ ဦးဇင်း မကပ်တော့နဲ့ မတတ်နိုင်တော့ဘူး" လို့ ပြောရာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက "ဦးကစ္စာယန အဲဒီလို မလုပ်ရဘူး၊ ခမျာမှာ အစောကြီး ကတည်းက ပြင်ဆင်ပြီး စောင့်နေကြရှာတာ၊ ဒုံကြောင့် အကပ်ခံပြီး တော့ နည်းနည်းကလေး နှုတ်ခမ်းလေးနဲ့တော့ ထိလိုက်ရတယ်၊ ဒီမှာလည်း သူတို့ကုသိုလ်ဖြစ်စေဖို့ ဒီလိုပဲ လုပ်ရတယ်" ဆိုပြီး အလှူရှင်များရဲ့ သဒ္ဓါတရား တိုးပွားအောင် ခီးမြှောက်တော်မူပေ၏။ ဆရာတော်ဘုရားကြီးဟာ လမ်းတစ်လျှောက်လုံး သည်းခံမှုအပြည့်ဖြင့် တပည့်ဒါယကာ ဒါယိကာမများ ကုသိုလ်တရား တိုးပွားအောင် သာသနာပြုတော်မူပုံကို ကြည့်ပြီး ကြည်ညိုလို့ မဆုံးနိုင်အောင် ဖြစ်ခဲ့ရပါ၏။ ညပိုင်း (၁၀) ရက် စခန်းဖွင့်ပွဲတွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ကိံသုယာဝဇရာ သာဓု ကိံသုသာဓုပတိဋ္ဌတာ အစရှိတဲ့ ဒေသနာတော်ကို အခြေတည်ပြီး **"ကောင်းခြင်းလေးဖြာမင်္ဂလာ တရားတော်ကြီး"** ကို ဟောကြားကာ ဖွင့်လှစ်ပေးတော်မူသည်။ စာရေးသူက ရမဏီယာနိ အရညာနိ ယတ္ထနရမတိဇနော ဒေသနာဂါထာကို မူတည်ပြီး "လွတ်လပ်ရေး" ဆိုတဲ့ ဝိပဿနာတရားတော်ကို ဟောကြားသည်။ ည ၁၁း၀၀ နာရီခန့်တွင် တရားသိမ်းခဲ့၏။

ဆရာတော်ဘုရားကြီး တပည့်အပေါ် သက်ညှာတော်မူပုံလေးကို မှတ်မိပါသေးသည်။ ဘီလူးကျွန်း ကလော့သော့ကျေးရွာ မဟာဝံသာရုံ ကျောင်းမှာ ဖြစ်သည်။ ကျောင်းဆောင်ကြီးနှင့် ကုဋိုကား နည်းနည်းလှမ်းနေပါသည်။ စင်္ကြံလမ်းတော့ သွယ်တန်းထားပါ၏။ သို့သော် ကျောင်းပေါ်မှ ကျောင်းအောက်သို့ လှေကား ခုနစ်ထစ်မျှ သက်ဆင်းပြီး ကာမှ ကုဋိုအရောက်ဆက်သွားရသေး၏။ ကျောင်းရှိ ဆရာတော်များကတော့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ကျိန်းစက်တော်မူရန် အခန်းတစ်ခန်း၊ စာရေးသူအတွက် တစ်နေရာ စီစဉ်ပေးပါ၏။ နေရာအနေအထားကို ကြည့်ပြီး ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအတွက် ညရေးညတာ ရတက်မအေးဖြစ်မိသွား၏။ သို့နှင့် စာရေးသူက ဆရာတော်ဘုရားကြီး၏ အခန်းဝသို့ ပြောင်းရွှေ့ကာ ကျိန်းစက်ခဲ့၏။ အကယ်၍ ဆရာတော်ဘုရားကြီး ညအရေးကြမ်း ကြခဲ့သည်ရှိသော် အဆင်းအတက် အခက်အခဲ မရှိရအောင် ကူညီဖို့ ဆိုတဲ့ရည်ရွယ်ချက်





ဖြင့် ရွှေ.ပြောင်းခဲ့ခြင်းပါ။ (စာကြွင်း။ ဆရာတော်ဘုရားကြီးကား အခန်းအတွင်း ဘယ်သောအခါမှ ဆီးဗူးထားပေး၍မရ, သွားလည်း မသွားပါ။) ည ၂း၀၀ နာရီခန့်တွင် စာရေးသူလန့်နိုးလာ၍ မျက်စိဖွင့်ကြည့်သောအခါ ဆရာတော်ဘုရားကြီးကို ခုတင်ပေါ်တွင်မမြင်၍ ဟိုဟိုဒီဒီကြည့်နေခိုက် ဆရာတော်ဘုရားကြီးက နောက်မှရောက်လာကာ -

"နိုးသွားလား၊ ဒီက ခြေသံမကြားအောင် ဂရုစိုက်သွားတာပဲ" ဟု မိန့်ရာ "တပည့်တော် ခြေသံကြား၍ မဟုတ်ပါ၊ အလိုလို လန့်နိုးသွားတာပါဘုရား" ဟု လျှောက်ထားရာ -

"ကျိန်းကျိန်း ညက ပင်ပန်းတယ်၊ ကျိန်းတော့" ဆိုပြီး အခန်းအတွင်း ပြန်ဝင်သွား၏။

နံနက်စောစောကတည်းက ဆရာတော်ဘုရားကြီးက ဘုရားဝတ်ပြုပြီး တရားရှုမှတ်နေပါပြီ။ စာရေးသူကတော့ ည ၄း၃၀ မိနစ်ခန့်မှ နိုးသည်။ မျက်နှာပါသစ်ပြီး အသာအရာဆရာတော်ဘုရားကြီး နောက်မှ ဝင်ထိုင်ပြီး ဘုရားကန်တော့ကာ တရားမှတ်နေ၏။ ၅း၁၀ မိနစ်ခန့်အချိန်တွင် တရားဖြုတ်တော့ စာရေးသူထိုင်နေတာကို တွေ့လေရာ-

"အင်း . . အစောကြီးထသကိုး၊ ညက အတော်ပင်ပန်းမယ်ထင်လို့ မနှိုးဘူး။"

"တပည့်တော်ထ,တာလည်း မစောပါဘုရား၊ ၄း၃၀ မိနစ်မှ နိုးခြင်းပါ၊ ညတရားဟာရတာလည်း လမ်းခရီးသွားရသလောက် မပင်ပန်းပါဘုရား" ဆိုတော့၊ ဆရာတော်ဘုရားကြီးက -

"ခမျာများမှာ ကြုံရခဲတာမို့နဲ့တူပါရဲ့၊ သူတို့လည်း စွမ်းနိုင်သမျှလှုကြ ပူဇော်ကြဟန်တူပါတယ်၊ ဒီလိုပဲ သည်းခံပြီး ချီးမြှောက်ရတာပေါ့" လို့ မိန့်တော်မူပါသည်။

၁၃-၁-၇၉ နေ့ နေ့ဆွမ်းစားအပြီး မဟာဝံသာရုံကျောင်း (၁၀) ရက်စခန်းမှ ပြန်လည်ထွက်ခွာခဲ့ကြရ၏။ အပြန်ခရီးတွင် မူးရစ်ကြီးရွာ၌ ဝင်၍ အပူဇော်ခံကာ သံဃာတော်များနှင့် ဒါယကာ ဒါယိကာမတို့အား သြဝါဒဓမ္မများ ဟောကြားချီးမြှင့်တော်မူခဲ့သေး၏။ ညနေ ၂း၀၀နာရီကျော်ကျော်အချိန်တွင် မော်လမြိုင်တောင်ဝိုင်းကလေးရိပ်သာသို့ ပြန်ရောက်ကြ၏။

ညပိုင်းမှာတော့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး အမိန့်အရ တံခွန်တိုင်ကျေးရွာသို့ သွားရောက်ဟောရပြန်၏။

"ဒကာတို့ ဥူးပါဝဋ္ဌညနာဘိဝံသနဲ့ ဖြူးဆရာတော်တို့က တစ်ည, တစ်ည ဘယ်နှစ်နာရီဟောလဲ"လို့ မေးတော့ -

"တစ်ည ၃း၀၀နာရီကျော်လေးနာရီခန့်ကြာပါတယ်ဘုရား" လို့ လျှောက်ကြ၏။ ဒီတော့ စာရေးသူလည်း ည ၈း၀၀ နာရီခန့်မှ ၁၁း၂၅ မိနစ်ခန့် စူဠဥဝေဒလွှသုတ္တန်ကို မူတည်ပြီး ဝိပဿနာတရားဟောကြားခဲ့ပါသည်။

၁၄-၁-၇၉ မော်လမြိုင်မြို့ကျိုက်သုတ်ဘုရားကြီး ရင်ပြင်တရားပွဲညမှာတော့ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးက ည ၇း၁၅ မှ ၈း၄၅ မိနစ်အထိ တရားရေအေး အမြိုက်ဆေးတိုက်ကျွေးတော်မူပါ၏။ စာရေးသူက ၈း၅၀ မိနစ်မှ ၁၀း၄၅ မိနစ်ခန့် အထိ ဟောကြားခဲ့သော တရားတော်ကား ရခဲခြင်း ၄ ပါးတရားတော်ဟု ထင်ခဲ့မိပါ၏။

၁၅-၁-၇၉ မော်လမြိုင်မြို့မှ ရန်ကုန်သို့ နံနက်မော်လမြိုင်လေယာဉ်ကွင်းမှ စီးရမည့် ဖော်ကာလေယာဉ်ကြီးက ဆီစိမ့်နေ၍ ၁၀း၁၀ မိနစ်ခန့်တွင် ဖားအံဘက်မှ ဆိုက်ရောက်လာသော အော်တာလေယာဉ်ငယ်ကလေးဖြင့် ထွက်ခွာကြရာ -

"ဆရာတော်ကြီးဘုရား လေယာဉ်က ငယ်တော့ ခေါင်းကို တိုက်မိထိမိမှာစိုးရိမ်ရပါတယ်၊ သတိထားတော်မူပါဘုရားလို့" လျှောက်သောအခါ -

"ကိစ္စမရှိပါဘူး၊ ဒီလိုလေယာဉ်







ပြောရသည်။

"တပည့်တော်တို့ သတင်းရတာ ကလည်း နောက်လေယာဉ်ကြီးနှင့်မှ ပါမယ် ထင်တာဘုရား"

"ဟုတ်တယ်၊ ပထမအစီအစဉ်ကတော့ လေယာဉ်ကြီးနဲ့ ပါဖို့ပဲ။ လေယာဉ်ကြီး ပြင်ခိုက်မှာ စီးလာတဲ့ လေယာဉ်ယေက ဆိုက်လာတယ်။ အဲဒီအချိန်မှာ ဆရာတော်ဘုရားကြီးက ဒါနဲ့ပဲ စီစဉ်ဆိုလို့ စောရောက်လာတာ၊ ဒါယကာကြီး" (မင်္ဂလာဒုံလေဆိပ် ရောက်ချိန်ကား နံနက် ၁၀း၅၀ မိနစ်မှာ ဖြစ်သည်) ဒါယကာကြီး ဦးလွင်ကိုယ်တိုင် ပင့်ပြီး မင်္ဂလာဒုံမှ ရန်ကုန်မဟာစည် သာသနာ့ရိပ်သာကြီးသို့ ကောင်းစွာ ပြန်လည်ဆိုက်ရောက်ရပါသတည်း။

ဘဒ္ဒန္တကစ္စာယန
ပဓာနနာယက
(မဟာစည်ပြည်တွင်းပြည်ပနာယက)

"ကိစ္စပြီးရင် သွားကြရအောင်၊ ကားသွားငှား" ဟု မိန့်ရာ -

"ကြုံဆိုသူများ မရောက်သေးပါဘုရား" ဟုပြန်လည်လျှောက်ထားရာ -

"သူတို့အကြောင်း မညီညွတ်လို့ ဖြစ်မှာပေါ့၊ ကားသာသွားခေါ်လိုက်" ဟု မိန့်ပြန်သဖြင့် စာရေးသူက ကားငှားရန် ပတ်ဝန်းကျင်ကို မျက်စိဖြင့် ကြည့်မိလေသည်။ သုံးဘီးကားများသာ တွေ့၍ ဆရာတော်ဘုရားကြီးနှင့် မသင့်လျော်ဘူးထင်ကာ -

"အပြင်မှာကားက သုံးဘီးကားပဲ ရှိပါတယ်ဘုရား" ဟု လျှောက်တော့ -

"သုံးဘီးကားကကော ကားမဟုတ်ဘူးလား ရောက်ဖို့အရေးကြီးတာပဲ၊ အချိန်အလကားကုန်နေမယ်" လို့ မိန့်သည်။

စာရေးသူလည်း မငြင်းသာတော့ပဲ "တပည့်တော်ပစ္စည်းစုံ, မစုံ စိစစ်ပြီး ကြည့်စီစဉ်ပါမယ် ဘုရား" ဟု လျှောက်ထားကာ ကပ္ပိယနှင့် ပစ္စည်းတွေကြည့်နေစဉ် နိုင်ငံတော်ကောင်စီဝင်လူကြီးဦးလွင် ရောက်လာပါတော့သည်။

"အရှင်ဘုရား ရောက်တာကြာပြီလားဘုရား" လို့ ဦးလွင်က လက်အုပ်ချီပြီး စာရေးသူကို မေးရာ -

နာရီဝက်ခန့်ပဲ ရှိပါအုံးမယ်၊ ဆရာတော်ဘုရားကြီးက ရှိတဲ့ကားနဲ့ အစီစဉ်ခိုင်းနေလို့" ဟု စာရေးသူမှ ၂ ကြိမ်လောက်စီးဖူးပါတယ်" ဟု မိန့်တော်မူ၏။ မကြာမီ ခရီးစဉ်အဆုံး မင်္ဂလာဒုံလေဆိပ်သို့ ၁၀း၅၀ မိနစ်ခန့်တွင် ဆိုက်ရောက်သော အခါ စာရေးသူက အရင်ထ,လိုက်ရာ ခေါင်းနဲ့လေယာဉ်အမိုး တိုက်မိပြီး ထိုင်ခုံပေါ်ပြန်ကျရာ ဆရာတော်ဘုရားကြီးက -

"အင်း . . . သတိပေးသူက တိုက်နေတော့ ခက်တာပဲ" ဆိုပြီး လေယာဉ်ပေါ်မှာ ပြုံးတော်မူ၏။

လေဆိပ်သို့ရောက်သောအခါ ကြုံဆိုသူများက ရောက်မလာသေး၍ အထူးခန်းသို့ တာဝန်ရှိပုဂ္ဂိုလ်များက ပင့်ထားရာ စာရေးသူလည်း အနီးရှိနေ၍ ဆရာတော်ဘုရားကြီးက မိန့်သည်မှာ -





မဟာစည်ဆရာတော်နှင့် မဟာသတိပဋ္ဌာနသုတ်

ကိုရွှေသောင်းဝင်း



မဟာစည်ဆရာတော်ကို သက်တော်ထင်ရှား မဖူးမြော်လိုက်ရပေမယ့် မဟာစည်နဲ့ ရင်းနှီးခဲ့တာကတော့ငယ်စဉ်ကတည်းကပါ။ စာရေးသူရဲ့ငယ်ဆရာတစ်ပါးဟာ မဟာစည်ဆရာတော်ကို အင်မတန်ကြည်ညိုတဲ့ဆရာတော်ပါ။ မဟာစည်သာသနာ့ရိပ်သာကြီး စတင်ဖွင့်လှစ်စက အတိုင်း သာသနာ့ရိပ်သာမှာ တရားဝင်တရားအား ထုတ်ဖူးပါတယ်။

ကျွန်တော်တို့အရွယ်လေးရလာလို့ ဆရာတော်နဲ့ စကားလက်ဆုံကျနိုင်တဲ့အရွယ်မှာ မဟာစည်ဆရာ တော်ဟာမြန်မာပြည်ပဋိပတ်သာသနာတော်မှာ ဂဏာစရိယ ဂဏာပါမောက္ခ တစ်ဆူဖြစ်တော်မူရုံသာမက ကျမ်းဂန်ပရိယတ်လည်း နှံ့စပ်ကျွမ်းကျင်တော်မူကြောင်း ဆရာတော်ရဲ့ဂုဏ်ပုဒ်များကို တစ်စွန်းတစ်စကြားခဲ့ရဖူးပါတယ်။

"မဟာစည်ဆရာတော် ပဋိပတ်နဲ့နာမည်ရလာတော့ ပရိယတ်မရှိလေသယောင်ပြောကြသတဲ့။ နောက် ဝိသုဒ္ဓိမဂ် မဟာဋီကာဆိုတော့ ဒီကျမ်းရဲ့ကြည့်လိုက်ရမှ "ဩော် - မဟာစည်ဆိုတာ ဒီလိုကိုး" လို့ ချီးကျူးအံ့သြကြပါသတဲ့။

ဝိသုဒ္ဓိမဂ်ဆိုတာ ကမ္မဋ္ဌာန်းတရားပွားများအားထုတ်ပုံများသကဝါဒ, ပရဝါဒ, သမယန္တရစသည်လွန်စွာရှုတ်ထွေးများပြားပြီး အဋ္ဌကထာဆရာအရှင်မဟာဗုဒ္ဓဃောသရဲ့လက်စွမ်းပြ အဋ္ဌကထာတစ်ဆူဖြစ်ကြောင်း ဝိသုဒ္ဓိမဂ်သင်ရင် လူရင်လည်းထွက်၊ တောရင်လည်းထွက်ဆိုပြီး ထွက်နှစ်ထွက်နဲ့ပြည့်စုံတဲ့ ကျမ်းဖြစ်ကြောင်း၊ ဆရာစဉ်ဆက်ကြားခဲ့ရဖူးပါတယ်။ အဲဒီအဋ္ဌကထာကြီးကို ဖွင့်ဆိုရေးသားတဲ့ မဟာဋီကာဆိုတော့ ဒီကျမ်းရဲ့အတိမ်အနက်က သာမန်ပိဋကတ်တတ်ရုံနဲ့တော့ တွေးတောင်မတွေးဝံ့စရာပါ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကပင်ကမ္ဘာကျော်ကျမ်းကြီးတစ်ဆူဖြစ်တဲ့ အပြင် ဒီအဋ္ဌကထာကိုဖွင့်တဲ့ မဟာ ဋီကာကြီးကို အနက်မြန်မာပြန်ဆို ရေးသားတဲ့ဉာဏ်တော်ကို ဘယ်သူ မချီးမွမ်းမအံ့သြဘဲ ရှိတော့မှာလဲ။

ဒါပေမယ့် စာရေးသူငယ်စဉ်ကဘဝင်မကျနိုင်တာလေးရှိခဲ့ပါတယ်။ အသိဉာဏ်လေးမနူးမနပ် ဖြုတ်



ဦးနှောက်လောက်မျှ အကြံမရှိခဲ့ဘဲ ရွေးဆရာတော်ကြီးများကို ပြစ်မှား သလိုဖြစ်ခဲ့ဖူးပါတယ်။ ဒီအတွက် လည်း ဒီနေရာက ဒီစာရေးရင်းပဲ တောင်းပန်ဝပ်လျှိုးကန်တော့လိုက်ရ ပါတယ်။ တစ်ခြားတော့မဟုတ် ပါဘူး။ ဗုဒ္ဓပိဋကတ်တော်တွေထဲမှာ ကျင့်နည်း၊ ကြံနည်း၊ ပွားများအား ထုတ်နည်းတွေ အပြည့်အစုံရှိနေပါ လျက်နဲ့ သဲအင်းဂူနည်း၊ ဝေဘူနည်း၊ စွန်းလွန်းနည်း၊ မိုးကုတ်နည်း၊ မဟာ စည်နည်း စတာတွေဘာလို့ကွဲပြားနေရသလဲ။ ဒီနည်းတွေက ဘုရား ဟောဒေသနာမှ သီးသန့်နည်းတွေ လား၊ ဘုရားဟောစာပေတွေ တိုက် ရိုက်ကြည့်ပြီး ကိုယ်တိုင်အားထုတ် လျှင်ကော မဖြစ်နိုင်ဘူးလား စ,တာ စ,တာတွေပေါ့။ ဒါနဲ့ ပတ်သက် ပြီးဆရာတော်ကို လျှောက်တော့ ဆရာတော်ရဲ့အဖြေကိုတော့ တိတိ ကျကျ မမှတ်မိတော့ပါ။ ဒါပေမယ့် ထိုစဉ်က စာရေးသူကိုကြည့်ပြီး (သရော်ပြုံးလား၊ မဲ့ပြုံးလား) မသိတဲ့ ဆရာတော်ရဲ့အမူအရာလေးကို မှတ်မိနေသေးတယ်။

"အေး - မင်းတို့က ငယ်သေး တော့ ပြောအားရှိတာပေါ့ကွာတဲ့။ တို့က မင်းပြောတဲ့စာတွေကို ဘယ် သင်အားရှိတော့မှာလဲတဲ့။

ဆရာတော်ရဲ့အပြုံးကို အခုမှ ပြန်ပြီးသရုပ်ဖော်ကြည့်တော့ "တော် တော် အပြောကြီးတဲ့ကောင်လေး စောင့်ကြည့်ရသေးတာပေါ့ကွာ" ဆို တဲ့သဘောမျိုး ခုအသက် ၄၀ ကျော် မှစဉ်းစား မိတော့ကိုယ့်စကား နဲ့ကိုယ် အတော်ရှက်မိပါတယ်။ ရှက်ရတာကဒီလိုပါ။ အသက် ကလေးရလာလို့ ရိပ်သာလေးဘာ လေးဝင်၊ တရားလေးဘာလေးအား ထုတ်၊ ဒါကိုယ့်ဘာသာစဉ်းစားမိတာ ပါ။ ဒါဆိုသူများတွေလိုဆိုရင် ကမ္မ ဋ္ဌာန်းရိပ်သာတစ်ခုခုသွား၊ တရား အားထုတ်ရပြီးရောမှုတ်လား၊ မဟုတ်သေးဘူး၊ စာရေးသူကတော့ နည်းနည်းတော့ ကွန့်လိုက်ညွှန့် လိုက်ချင်သေးတယ်၊ ငယ်စွမ်းပျောက် တာလားတော့မသိဘူး၊ ရိပ်သာ မသွားခင် ဆရာတော်တွေဟောတာ ကိုပိုပြီးနားလည်အောင်ဆိုပြီးစာအုပ် (အဲ - ဝိပဿနာနဲ့ပတ်သက်တဲ့ စာအုပ်တစ်အုပ်စ, နှစ်အုပ်စ, ဖတ် တယ်။ မဟာစည်ရိပ်သာမှာ သတိ ပဋ္ဌာန်နဲ့ဦးစားပေးအားထုတ်တယ် ဆိုတော့ သတိပဋ္ဌာန်နဲ့ပတ်သက် တာဖတ်ဖို့လိုတယ်ဆိုပြီး သာသနာ ရေးဦးစီးဌာနကထုတ်တဲ့ ပိဋကတ် မြန်မာပြန်၊ မဟာသတိပဋ္ဌာနသုတ် မြန်မာပြန်ကို ဖတ်လိုက်တော့မှ အကြီးအကျယ်ဒုက္ခရောက်တော့တာ ပဲ။ ဘာမှနားမလည်ဘူး။ ဘယ်က ကောက်ပြီး ဘယ်ကစ, ရမှန်းကို မသိတာ။ တရားအားထုတ်ဖို့ ဝေးရော။ ဒီတော့မှ ငယ်ဆရာ ပြောတဲ့ "မင်းတို့က ငယ်သေးတော့ ပြောအားရှိတာပေါ့" ဆိုတာလေးကို ပြန်လည်ကြားယောင်ရင်း ပိုပြီးရှက် မိတော့တယ်။ ခုတော့လည်း



မိုးကုတ်ဆရာတော်နှင့် ပဋိစ္စသမုပ္ပါဒ်ကို တစ်တွဲတည်း သိသကဲ့သို့ မဟာစည် ဆရာတော်နှင့် မဟာသတိပဋ္ဌာန သုတ်ကိုလည်း တစ်တွဲတည်း နားလည်လက်ခံနေ ကြပေပြီ၊



အသက်က လေးဆယ်ကျော် ငါးဆယ်အတွင်းဆိုတော့ ဆရာတော်ပြောသလို "ဒို့ကမင်းပြောတဲ့စာတွေ ဘယ်သင် အားရှိတော့မှာလဲ" ဆိုတဲ့ အရွယ်တွေရောက်ကုန်ပါပြီ။

ဒါပေမယ့် ကံအားလျော်စွာပဲ ဓမ္မမိတ်ဆွေသူငယ်ချင်းတစ်ယောက်ဆီက မဟာစည်ဆရာတော်ရဲ့ သတိပဋ္ဌာန်အသံလွှင့်ဟောတရားစာအုပ်ကလေးရလို့ ဝမ်းသာလိုက်သည် ဖြစ်ခြင်း။ ၁၃၁၃-ခုနှစ်၊ တန်ခူးလကွယ် (ဥပုသ်နေ့) မှာ မြန်မာ့အသံက ဟောတဲ့တရား။ ဒီစာအုပ်ကလေးဖတ်လိုက်ရတော့ စာရေးသူအတော်အားတက်သွားတယ်။ ဒီသတိပဋ္ဌာန် တရားတော်ကြီးနဲ့ ပတ်သက်ပြီး ဆရာတော်ကဘယ်လိုကောက်ချက်ချထားသလဲဆိုရင်-

"ဒီတရားတော်ကြီးဟာ ဗုဒ္ဓသာသနာတော်ကြီးမှာ အရေးပါအရာအရောက်ဆုံး၊ လိုရင်းတရားတော်ကြီးလို့ဆိုရင်မလွဲပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ဒီမဟာသတိပဋ္ဌာနသုတ်ထဲမှာ ပုဗ္ဗဘာဂမဂ်လို့ခေါ်တဲ့ ဝိပဿနာ အလုပ်အားထုတ်ပုံတွေကိုလည်း အပြည့်အစုံအတိအကျ ဖော်ပြထားပါတယ်။ အရိယသစ္စာလေးပါးကိုလည်း ပေါ်ပေါ်လွင်လွင် ပြည့်ပြည့်စုံစုံကြီး ပြထားပါတယ်။ ရဲရင့်ခိုင်မာတဲ့ ဝန်ခံချက်ကိုလည်း နိဂုံးချုပ်အနေနဲ့အားတက်လောက်အောင်ဘဲ ဖော်ပြထားပါတယ်။ ဘယ်လိုလဲဆိုတော့ သတိပဋ္ဌာန်လေးပါးကိုပွားများအားထုတ်ရင် အလတ်စားနေယျထဲက ဉာဏ်အလေးဆုံး ပုဂ္ဂိုလ်တောင်မှ ၇-နှစ်နဲ့ အနာဂါမ်ရဟန္တာဖြစ်နိုင်ပါတယ်တဲ့။ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်မှာတော့ ၇-ရက်ထဲနဲ့ အနာဂါမ်ရဟန္တာဖြစ်နိုင်ပါတယ်တဲ့။ (စာ-၁)

ကဲ-ဘယ်လောက်အားရှိစရာကောင်းလဲ။ သတိပဋ္ဌာန်လေးပါးဆိုတာ-

(၁) သတ္တာနံ ဝိသုဒ္ဓိယာ - သတ္တဝါတွေစိတ်အညစ်အကြေးကင်းဝေးစင်ကြယ်ဖို့၊

(၂) သောကပရိဒေဝါနံ သမတိက္ကမာယ - စိုရိမ်သောကတွေ ငိုကြွေးပူဆွေးရတာတွေ ပျောက်ကင်းလွန်မြောက်ဖို့၊

(၃) ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ - ကိုယ်ဆင်းရဲစိတ်ဆင်းရဲတွေ ချုပ်ငြိမ်းကွယ်ပျောက်ဖို့၊

(၄) ဉာယဿအဓိဂမာယ - အရိယမဂ်ကိုရရှိဖို့၊

(၅) နိဗ္ဗာနဿသစ္ဆိကိရိယာယ - နိဗ္ဗာန်ကိုမျက်မှောက်ပြုဖို့ စသာယနော အယံဘိက္ခဝေမဂ္ဂေါ တစ်ကြောင်းတည်းသောလမ်းပါတဲ့။

မြတ်ဗုဒ္ဓဟောကြားတဲ့ မဟာသတိပဋ္ဌာနသုတ်တော်ကြီးရဲ့အကျိုးတရားတွေကို ဆရာတော်ဘုရားကြီးက တစ်ခုချင်းဆစ်ပိုင်းပြီး ဟောကြားသွားပါတယ်။ အဲဒီအကျိုးငါးမျိုးမှာ ရှေ့သုံးမျိုးကိုရလျှင်သော်မှ အတိုင်းမသိကျေးဇူးများလှပါပြီ။ ဆက်လက်၍ ဆရာတော်ဘုရားကြီးက သတိပဋ္ဌာနသုတ်တော်လာ ရှုမှတ်ပွားများနည်းများကို အကျယ်တဝင့်ရှင်းလင်းဖော်ပြပြီး ရှုမှတ်ပွားများမှုနှင့် ပတ်သက်ပြီး စာတွေ့သာမကလက်တွေ့ ကိုယ်တွေ့နဲ့ယှဉ်ပြီးဟောကြားသွားတာကိုလည်း ကြည်ညိုဖတ်ရှုရပါတယ်။

"ယခုပြောခဲ့တဲ့အတိုင်း ထင်ရှား ပေါ်လာသမျှရုပ်နာမ်တွေကို မလွတ်အောင် ရှုမှတ်ရမယ်ဆိုပေမယ့် အားထုတ်ခါစ, ပုဂ္ဂိုလ်မှာတော့ မမှတ်နိုင် ဘဲမေ့မေ့သွားတာတွေက သာများနေတတ်ပါတယ်။ ဒါပေမယ့်မလျှော့သောလုံ့လနဲ့ မပြတ်ကြောင့်ကြစိုက် ပြီးရိုရိုသေသေရှုမှတ်နေရင် လေး-ငါး-ခြောက်ရက်လောက်ကြာတော့ သတိသမာဓိအားဟာ ထူးထူးခြားခြားကြီးပဲဖြစ်လာပါတယ်။ (စာ ၂၅)

ဒီတရားတော်ကြီးကို မြန်မာ့အသံကနေပြီးတော့ ၄-ရက် လေးပိုင်းပိုင်းပြီး ဟောကြားခဲ့ပါတယ်။ ပထမပိုင်းအဆုံးမှာ ဒီလိုနိဂုံးသတ်သတိပေးထားပါတယ်။

"မြတ်စွာဘုရားရဲ့ တရားတော်ဟာဝန်ခံချက်ပေးပြီးဟောတဲ့ သန့်ဌိကတရားတော်ပါ။ စာဆိုလောက်သူပြောလူပြောလောက်နဲ့ ကျေနပ်ရတဲ့တရားမျိုးမဟုတ်ပါဘူး။ တကယ်တမ်းကျင့်ကြည့်ရင် ကိုယ်တိုင်တွေ့နိုင်တဲ့လက်တွေ့တရားတော်ပါ။ ဒီတော့လက်တွေ့တရားကို စာတွေ့လောက်နဲ့တော့ ဝေဖန်မနေကြရန် အထူးသတိပေးခဲ့ပါတယ်။ (စာ ၂၉)



ဒီစာပိုဒ်လေးဖတ်ပြီး စာရေးသူ ကျောစိမ့်မိတယ်။ လက်တွေ့မပါဘဲ စာဖတ်ပြီးအတွန့်တက်ချင်တတ်တဲ့ မိမိရဲ့ညာဉ်ဆိုးလေးကြောင့်ကျောစိမ့်မိရခြင်းပါ။

ကဆုန်လဆန်း ၈ ရက်နေ့မှာ ဟောကြားတဲ့တရားတော် ဒုတိယပိုင်းမှာတော့ မဟာသတိပဋ္ဌာနသုတ်တော်ကြီးရဲ့ဂုဏ်ရည်ကိုဒီလိုဆစ်ပိုင်းဟောဖော်သွားတာကို ကြည်ညိုဖတ်ရှုရပါတယ်။

"သတိပဋ္ဌာန်တရားတော်မှာ အဖွဲ့အနွဲ့ အသိုင်းအဝိုင်းဆိုရင် ဘာမှမပါဘူးဆိုတာကို သတိထားကြစေလိုပါတယ်။ ပြီးတော့မင်္ဂဖိုလ်နိဗ္ဗာန်ပေါက်လုပ်ငန်းစဉ်ကိုချည်းလွယ်လွယ်ကလေးနဲ့ တိုက်ရိုက်ဟောထားတယ်ဆိုတာကိုလည်း သတိထားကြစေလိုပါတယ်။ (စာ ၃၁)

မဟာသတိပဋ္ဌာနသုတ်တော်မှာ ပြထားတဲ့ဝိပဿနာကမ္မဋ္ဌာန်နည်းအချုပ်က ကွရိယာပထပိုင်းမှာဆိုရင် သွားရင်သွားတယ်မှတ်စားရင်စားတယ်မှတ် ထိုင်ရင်ထိုင်တယ်မှတ် ဒါဟာဘုရားပေးတဲ့နည်းအချုပ်ပါပဲ။ ဒါကိုလည်း ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကရိုးသားစွာဝန်ခံပြောကြားထားတာကို ဒီလိုတွေ့ရပါတယ်။

"ဒါဟာ ဘယ်ဆရာတော်ဘုရားကြီးကမှပေးတဲ့ ကမ္မဋ္ဌာန်းမဟုတ်ပါဘူး၊ သမ္မာသမ္ဗုဒ္ဓဘွဲ့တော်ရတဲ့မြတ်စွာဘုရားကိုယ်တော်တိုင်ပေးထားတဲ့ သာမုက်ကသိက ဝိပဿနာကမ္မဋ္ဌာန်းအစစ်ပါပဲ" (စာ ၃၄)

ဒီစာပိုဒ်လေးကိုဖတ်လိုက်ရတော့ငယ်စဉ်ကဘဝင်မကျဖြစ်ခဲ့ဖူးတဲ့ဟိုဆရာတော်နည်း ဒီဆရာတော်နည်းဆိုတဲ့ သံသယစိတ်တွေဟာ အလိုလို ပြေလျော့ရပါတယ်။ ဒီနောက်တော့ စာရေးသူဟာဒီစာအုပ်ကလေးကိုဖတ်ရင်းဖတ်ရင်းကျေးဇူးရှင်ဆရာတော်ဘုရားကြီးရဲ့ မဟာသတိပဋ္ဌာန်တရားတော်ကြီးနဲ့ပတ်သက်ပြီး ဟောပြောပို့ချပုံတွေ၊ အယူအဆအတွေးအခေါ်တွေ၊ အဆုံးအဖြတ်တွေ သတိပေးချက်တွေကို သဘောသက်ဝင်ရာ စာပိုဒ်များကို Under Line ထိုးကာကြည်ညိုဖတ်ရှုနေမိပါတယ်။

သွားရင်သိရမယ်၊ မှတ်ရမယ်ဆိုတာ လွယ်ကြရဲ့.မဟုတ်လား၊ လွယ်မှာပေါ့၊ မြတ်စွာဘုရားကိုကအလွယ်ကူဆုံးနည်းနဲ့ဟောထားတာပဲ။ လူကြီးလူငယ်မရွေး စာတတ်မတတ်မရွေး သမ္မာဆန္ဒရှိသူတိုင်းအားထုတ်နိုင်အောင် အလွယ်ဆုံးနည်းနဲ့ညွှန်ပြထားတာပဲ။ ဒါကြောင့်လည်းပဲဘုရားလက်ထက်က ၇-နှစ်သမီး၊ ၇-နှစ်သားလေးတွေ သောတာပန်ရဟန္တာဖြစ်ကြတာပေါ့။ (စာ ၃၄)

ဒီနေရာမှာလွယ်တယ်ဆိုပေမယ့် နည်းလောက်သာလွယ်ပါတယ် သမာဓိဉာဏ်ဖြစ်အောင် တကယ်ရှုရာကျတော့မလွယ်ပါဘူး။ အခက်ဆုံးအလုပ်ဖြစ်နေပါတယ်။ (စာ ၃၅)

ဆရာတော်တို့ကလည်း အဲဒီအဋ္ဌကထာကိုပဲအားကိုးပြုပြီး ပါဠိတော်နည်းအတိုင်း ညွှန်ပြနေပါတယ်။ ညွှန်ပြတဲ့အတိုင်းလည်း အားထုတ်ကြလို့ဒီလို အသမွှေတဟသမ္မဇဉ် အသိမျိုးနဲ့ကောင်းကောင်းကြီး ပြည့်စုံနေတဲ့သူတွေဟာ ဆရာတော်ရဲ့.တပည့်ထဲက စာတတ် ပုဂ္ဂိုလ်တွေရော၊ စာမတတ်တဲ့ ပုဂ္ဂိုလ်တွေရော ရဟန်းရှင်လူထောင်ပေါင်းများ စွာရှိနေပါပြီ။ (စာ ၄၀)

ဆရာတော်ရဲ့. ညွှန်ပြချက်အတိုင်း နေ့ရောညဉ့်ပါ မပြတ်မစဲ တကယ်အားထုတ်ကြရင်တော့လေးငါးခြောက်ရက်အတွင်းမှာ အခု ပြောခဲ့တဲ့ အသိဉာဏ်မျိုးကို ကိုယ် တိုင်တွေ့.ကြမယ်ဆိုတာကို ရဲရဲကြီး ဝန်ခံချက်ပေးပြီးတော့ ဟောနေပါတယ်။ (စာ ၄၁)

ဒီနေရာမှာ ဘေးဘက်ယိမ်းတာကတော့ သာမုက်ကံသိကဒေသနာထဲမှာ မပါဘူးမဟုတ်လား။



ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ဒီတော့ အဲဒီလို တိုက်ရိုက်မဟောတဲ့ ကိုယ်အမူအရာတွေကို မှတ်တာဟာ ကာယာနုပဿနာဖြစ်နိုင်ပါ့မလား လို့ ဝိစိကိစ္ဆာပွားပြီး ယုံမှားတော့ မနေကြပါနဲ့။ သာမုဏ္ဍံသိက ဒေသနာတော်ဆိုတာ သိရုံလောက်ပဲ နည်းပြထားတာပါ။ (စာ ၄၃)

နိစ္စ, သုခ, အတ္တလို့စွဲလမ်းနိုင်တဲ့ ရုပ်နာမ်မှန်သမျှ အဲဒီစွဲလမ်းမှုကင်းအောင် ဝိပဿနာရှုရတာချည်းပဲ။ ဒါဟာ ဝိပဿနာရဲ့ မူသေစည်းပဲ။ (စာ ၄၄)

ငါတော့ ဒီဘဝမဂ်ဖိုလ်မရနိုင်ပါဘူး။ ရအောင်လည်း အားမထုတ်တော့ပါဘူးလို့ ဝန်ချထားတဲ့ပုဂ္ဂိုလ်၊ ကမ္မဋ္ဌာန်းဆိုတာရှိတယ်လို့တောင် အသိအမှတ်မပြုဘဲ ပေါက်လွှတ်ပဲစားနေတဲ့ ပုဂ္ဂိုလ်ဟာ ပမာဒဝိဟာရီ (သို့) နိက္ခိတ္တဓုရပုဂ္ဂိုလ်လို့ခေါ်တယ်။ (စာ ၄၇)

ဆေးနည်းရှိနေရင် ဆေးဖော်ပြီး စားတဲ့သူမှာ ရောဂါပျောက်နိုင်တာလို့ဘုရားစကားတော်တွေရှိနေသမျှ ကာလပတ်လုံး ပါရမီရှိသူတွေဟာ အားထုတ်ပြီး မဂ်ဖိုလ်ရောက်နိုင်တယ်ဆိုတာကိုတော့ မမေ့သင့်ပါဘူး။ (စာ ၄၈)

ဝိပဿနာယောဂီနဲ့ အရိယာတွေကသာ ကောင်းကောင်းနေသွားမယ်ဆိုရင် လောကမှာ ရဟန္တာတွေ မဆိတ်နိုင်ဘူး။ (စာ ၄၈)

သမ္မာဝိဟရေယျံ၊ ကောင်းကောင်းနေတယ်ဆိုတာဟာ ကိုယ်သိတဲ့တရားကို အားထုတ်နည်းနှင့်တကွ တစ်ဆင့်ပြောပြပြီးတော့ သူတစ်ပါးကိုလည်း မိမိလို တရားရသွားအောင် တိုက်တွန်းပေးနိုင်ပါမှ ကောင်းကောင်းနေတာမည်တယ်လို့ အဌကထာမှာ ပြထားပါတယ်။ (စာ ၄၉)

နည်းလမ်းမှန်အတိုင်း အားထုတ်ရင် မဂ်ဖိုလ်မရောက်တောင် သီလသမာဓိပညာဖြစ်ပြီး ပါရမီရင့်သွားနိုင်တာကတော့ ကိန်းသေနေတာပဲ။ ဒါကြောင့် ကျမ်းဂန်နဲ့အညီ အားထုတ်တာကိုတော့ ဗုဒ္ဓဘာသာဝင်မှန်ရင် ဘယ်နည်းနဲ့မှ မတားမြစ်ထိုက်ပါဘူး။ (စာ ၄၉)

အတိုချုပ်အားဖြင့်ဆိုရင် နှုတ်ခမ်းလှုပ်မှု၊ လျှာလှုပ်မှု၊ မျက်စိဖွင့်မှု၊ ပိတ်မှု၊ မျက်တောင်ခတ်မှုတိုင်အောင် ကိုယ်အမူအရာဟူသမျှကို သေးသေးကြီးကြီး အကုန်လုံးစေ့စေ့စပ်စပ် စူးစိုက်ပြီး မှတ်သိနေရမယ်။ (စာ ၅၃)

ယောဂီရဲ့ အသိဘယ်လောက်ထူးခြားမြင့်မြတ်တယ်ဆိုတာကို သေသေချာချာသိချင်ရင် ကျကျနနသာ အားထုတ်ကြည့်ကြပါ။ လေးငါး ခြောက်ရက်လောက် အားထုတ်မိရင်ကို မမေ့နိုင်အောင် အသိရှင်းသွားပါလိမ့်မယ်။ (စာ ၆၀)

ဒီလို နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ရာ မြတ်စွာဘုရားက မဟာသတိပဋ္ဌာန်တရားတော်ကို ဟောတော်မူခဲ့ပါတယ်။ နိဗ္ဗာန်သွားချင်ရင် သွားရအောင်လို့ လမ်းစလောက်တော့ ညွှန်ပြပြီးပါပြီ။ အပြည့်အစုံ သိချင်ကြရင်တော့ ဝိပဿနာရှုနည်းကျမ်းကိုပဲ စေ့စေ့စပ်စပ် ကြည့်ကြပါလေ။ (စာ ၆၅)

မြန်မာပဋိပတ္တိသာသနာ သမိုင်းတစ်လျှောက်တွင် သာသနာ့ခေတ်နောက်ပိုင်းဖြစ်သည့် ယနေ့အခြေအနေအထိ မိုးကုတ်ဆရာတော်နှင့် မဟာစည်ဆရာတော်တို့သည် သမိုင်းတွင်လောက်အောင် နေတစ်ဆူ၊ လတစ်ပါး ထင်ရှားတော်မူခဲ့ကြသည်ဖြစ်ရာ မိုးကုတ်ဆရာတော်နှင့် ပဋိစ္စသမုပ္ပါဒ်ကို တစ်တွဲတည်း သိသကဲ့သို့ မဟာစည်ဆရာတော်နှင့် မဟာသတိပဋ္ဌာနသုတ်ကိုလည်း တစ်တွဲတည်း နားလည်လက်ခံနေကြပေပြီ။ ဘုရားရှင်၏ သာမုဏ္ဍံသိက ဒေသနာဖြစ်သည့် မဟာ သတိပဋ္ဌာနသုတ်တော်ကြီးကို စာရေးသူတို့အနေဖြင့် မည်သည့်နည်းနှင့်မျှ တိုက်ရိုက်သဘောမသက်ဝင်နိုင်သည်ဖြစ်၍ မဟာစည်ဆရာတော်တို့ကဲ့သို့ ဗုဒ္ဓရင်နှစ်သားတော် ချစ်တို့၏ ဟောပြောပို့ချချက်များကိုသာ ထပ်ဆင့်နာခံမှတ်သားရသဖြင့် မဟာစည်နှင့် မဟာသတိပဋ္ဌာနသုတ်ကို နှစ်မွှာမကွဲ တစ်သားတည်းပင် ကြည်ညိုပူဇော်ရပါ၏။



ကိုရွှေသောင်းဝင်း



ကျိုက်လတ်မြို့တွေ့ မဟာစည်ဩဝါဒ

ဦးအာစာရ (မင်္ဂလာမဟာစည်ရိပ်သာ)

မဟာစည်ဆရာတော်ဘုရားကြီးကို ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့၊ မဟာစည်သာသနာ့ရိပ်သာတွင် ကမ္မဋ္ဌာနာစရိယ လစ်လပ်နေသောကြောင့် ကမ္မဋ္ဌာနာစရိယဆရာတော်တစ်ပါး ခိုးမြောက်တော်မူပါရန် ကျိုက်လတ်မြို့မှ ဒါယကာ ဒါယိကာမများက အကြိမ်ကြိမ်လျှောက်ထားတောင်းပန်ကြသည်။ ထိုစဉ်က ဤအရှင်သည် မဟာစည် သာသနာ့ရိပ်သာ ဌာနချုပ်ကြီး၌ သံဃာ့ဝန်ဆောင်တာဝန်ကို ထမ်းဆောင်လျက်ရှိနေပါသည်။ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးက ဤအရှင်အား ကမ္မဋ္ဌာနာစရိယတာဝန်ကို ထမ်း ဆောင်ရန် ၁၃၃၉ ခု၊ တပို့တွဲလဆန်း (၁၅) ရက်နေ့တွင် ကျိုက်လတ်မြို့၊ မဟာစည်သာသနာ့ရိပ်သာသို့ ရောက်ရှိခဲ့ပါသည်။ ထိုနေ့မှာပင် ရိပ်သာ၌ နေထိုင်ကြသော သံဃာတော်များနှင့် ယောဂီဟောင်းများ၊ ဝေယျာဝစ္စအဖွဲ့ဝင်များ၊ ထောက်ပံ့ရေးအဖွဲ့ဝင်များ၊ အမှုဆောင်များ အားလုံးခေါ်၍ မဟာစည်ဆရာတော်ဘုရားကြီးက မင်္ဂလသုတ်တော်လာ ဂါထာတစ်ပုဒ်ကို အခြေခံ၍ ကိုယ့်တာဝန်ကို သိရှိလိုက်နာစေရန် ဩဝါဒတရားပေးတော်မူခဲ့ပါသည်။ ထိုဩဝါဒ တရားတော်သည် ယခု ၁၃၆၅ ခုနှစ်တွင် ကျင်းပသည့် မဟာစည် နှစ်တစ်ရာပြည့်ပူဇော်ပွဲမှ နောက်ပြန်ရေတွက်ကြည့်လျှင် လွန်ခဲ့သော နှစ်ပေါင်း (၂၆)နှစ်က ဖြစ်ပါသည်။ လိုက်နာမှတ်သား ကျင့်ပွားစရာ အလွန်ကောင်း၍ ဤဩဝါဒ တရားတော်ကို ပြန်လည်ရေးသား တင်ပြရပါသည်။

မဟာစည် ဩဝါဒတရားတော်

ဒါနဥ္စ မမွှစရိယာစ
ဉာတကာနဥ္စသင်္ဂဟော
အနဝဇ္ဇာနိ ကမ္မာနိ
ဧတံမင်္ဂလမုတ္တမံ

ဒါနဥ္စ - ပေးကမ်းလှူဒါန်းရမယ်တဲ့၊ ဒါက ရဟန်းသံဃာတွေရယ်လို့ မဟုတ်ပါဘူး၊ တိရစ္ဆာန်ပေမယ့် ကျွေးတန်ကျွေးရတာပဲ၊ မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေကို ပေးလှူတာကတော့ ပိုပြီးအကျိုးရှိတာပေါ့လေ။ ဒါပေမယ့် ကိုယ်လှူမယ့်ပစ္စည်းက တိရစ္ဆာန်တွေနဲ့ပဲ တော်တာဖြစ်နေရင် တိရစ္ဆာန်တွေကိုပဲ ကျွေးရမှာပဲ၊ အကြွင်းအကျန်ဆိုတာက ရှိတတ်တာကိုး။

ဓမ္မစရိယာ - သူတော်ကောင်းတရားကို ကျင့်ရမယ်တဲ့၊ ဒုစရိုက်





ကမ္မဋ္ဌာန်းဆရာကလည်း ကိုယ်တိုင် မဆောင်ရွက်နိုင်တာကို အပွဲ့ကို ပြောလို့ရိုရင် အပွဲ့ကလည်း အရေးယူရမယ်၊ ထုတ်ပစ်တန်လည်း ထုတ်ပစ်ရမယ်၊

တရားတွေကို ပယ်ပြီး သုစရိုက် တရားတွေကို ကျင့်ဖို့ပါပဲ။ လိမ်လည်စကား၊ ကုန်းတိုက်စကားမှ ရှောင်ကြဉ်ခြင်းတဲ့၊ လောကမှာ ကုန်းတိုက်စကားတွေက တယ်ပြီး ပြောဆိုတတ်ကြတာပဲ။ အဲဒီ ကုန်းတိုက်စကားတွေက တစ်ဘက်သား၏ အပြစ်ကို အခြားသူတစ်ဦးထံမှာ ပြောတာပဲ။ ဟုတ်လို့ပြောတာလည်း ရှိတယ်။ မဟုတ်ဘဲနဲ့ပြောတာလည်း ရှိတယ်။ မဟုတ်ဘဲနဲ့ပြောတာက သာပြီးဆိုးတာပေါ့လေ။ ချစ်ခင်နေတဲ့ ပုဂ္ဂိုလ်တွေ အချင်းချင်း မချစ်အောင်၊ ညီညွတ်နေတဲ့ ပုဂ္ဂိုလ်တွေ အချင်းချင်း မညီညွတ်အောင် ပြောတတ်ကြတာပဲ၊ အကျိုးစီးပွား မျှော်လင့်ပြီးပြောတာကတော့ အပြစ်မရှိပါဘူး။ တစ်စုံတစ်ယောက်ကို အကျိုးမဲ့ဖြစ်အောင် ပြောတာကတော့ အပြစ်ရှိတယ်။

ကမ္မဋ္ဌာန်းကျောင်းမှာနေပြီး တရားနဲ့နေတဲ့ပုဂ္ဂိုလ်တွေကတော့ အချင်းချင်း အကြည်ညိုပျက်အောင်၊ ကွဲပြားအောင် ပြောတဲ့ စကားမျိုးကို မပြောမှတော်မယ်။ အပြစ်ရှိနေပေမယ့် သူ့ဟာသူနေတာပဲ ဘာမှပြောစရာမလိုပါဘူး၊ ရှေ့တိုးမဖြစ်အောင် သတိပေးစကားတော့ ပြောကြားရတာပဲ၊ အရေးကြီးတာကတော့ လိမ်လည်ပြောတာ၊ ကုန်းချောတာ၊ ကြမ်းတမ်းတဲ့ စကားတွေ ပြောတာပါပဲ။ စကားတစ်လုံးကလည်း တစ်သက်လုံး မခေါ်ချင်၊ မပြောချင်လောက်အောင် အကျိုးမဲ့တွေ အများကြီး ဖြစ်သွားတတ်တယ်။

ဥာတကာနဲ့ သင်္ဃာ- တဲ့၊ ဆွေမျိုးတွေကို ထောက်ပံ့ရမယ်တဲ့။ ပစ္စည်းမပေးနိုင်လည်း ကိုယ်နဲ့ကူညီဆောင်ရွက်၊ နှုတ်နဲ့ပြောဆိုပြီး ဆောင်ရွက်၊ ဒါတွေလုပ်ရမယ့် ဥစ္စာတွေပဲ၊ မိဘဆွေမျိုးတွေအပြင် အလုပ်တူ တရားတူဖြစ်နေတဲ့သူတွေဟာလည်း ဆွေမျိုးတွေထဲမှာ အပါအဝင်ပါပဲ၊ တရားအားထုတ်နေကြတဲ့ပုဂ္ဂိုလ်တွေဟာ ဆွေမျိုးတွေချည်းပဲ၊ ဘယ်သွားသွား တရားအားထုတ်နေတဲ့သူတွေနဲ့တွေ့ရင် ရင်းရင်းချာချာတွေချည်းပဲ၊ တရားနဲ့ဆွေမျိုးတော်စပ်ထားလို့ ဆွေမျိုးတွေဖြစ်နေကြတော့ တတ်နိုင်သမျှ ချီးမြှောက်ရမယ်။ တရားအားထုတ်သူအချင်းချင်းလည်း တတ်နိုင်သမျှ ကူညီရမယ်။ သို့သော် တရားကိုမဲပြီး အားထုတ်နေလို့ အကူအညီမပေးနိုင်တာကတော့ ထားပါတော့၊ အဲဒီလိုမဟုတ်ဘဲ အကူအညီပေးနိုင်လို့ရှိရင် ပေးရမှာပဲ၊ အနှောင့်အယှက်တော့ မပြုရဘူး။ အကျိုးမဲ့ဖြစ်အောင် စိတ်ကူးနဲ့တောင် မကြံစည်ရဘူး။ ယောဂီပုဂ္ဂိုလ်တွေ ကြာကြာမနေနိုင်လို့ ပျင်းရိတာတောင်မှ နေချင်လာအောင် အားပေးဟောပြောတိုက်တွန်းပေးရမယ်။ ဝေယျာဝစ္စအကျိုးဆောင်တွေက အစောင့်အရှောက်ကောင်းရင် ဆက်ပြီးနေတော့တာပဲ။



ရိပ်သာတစ်ခုမှာ ဒကာမကြီး တစ်ယောက်ရှိတယ်။ အကုန်အကျခံပြီး အစစအရာရာ ထောက်ပံ့ လှူဒါန်းနေပါတယ်။ ဒါပေမယ့် အပြောအဆိုက သိပ်နေရာမကျဘူး။ ယောဂီသူတွေကို ဟိုပြောဒီပြောနဲ့ ပြောတော့ ယောဂီတွေက စိတ်ပျက်သွားပြီး အဲဒီရိပ်သာကို တယ်ပြီး မသွားချင်ကြတော့ဘူး။ သူမရှိတဲ့အခါ လာပြီး တရားအားထုတ်ကြတယ်။ သူရောက်လာတဲ့အခါ အိမ်ပြန်ကြတယ်။ ဒါကြောင့် ဘုန်းကြီးက ဒီဒကာမကြီးကို သြဝါဒပေးရပါတယ်။ လိုက်နာမလား မလိုက်နာမလားတော့ မသိဘူး၊ ဒကာမကြီးက စေတနာကောင်းကောင်းနဲ့ တတ်နိုင်သမျှ လှူဒါန်းထောက်ပံ့နေတာ အင်မတန်ကောင်းပါရဲ့ ဒါပေမယ့် အပြောအဆိုတွေက နေရာမကျဘူး။ အဲဒါတွေပြင်မှ ဖြစ်မယ်လို့ တိုက်ရိုက်ပဲပြောပါတယ်။

နောက်ကမ္မဋ္ဌာန်းဌာနတစ်ခုရှိတယ်။ အဖွဲ့လူကြီးတစ်ယောက်က ယောဂီတွေကို ကိုယ်နဲ့မဆိုင်တာတွေကို ဟိုပြောဒီပြောနဲ့ စကားပြောမလိမ္မာတာပေါ့လေ။ ယောဂီတွေက စိတ်ပျက်ပြီး ပြန်ကုန်ကြတယ်။ ယောဂီတွေအတွက် ပြောစရာတွေက ကမ္မဋ္ဌာန်းဆရာရဲ့ တာဝန်ပဲ။ ကမ္မဋ္ဌာန်းဆရာက ပြောစရာရှိရင် ပြောမှာပေါ့။ ကိုယ်နဲ့ဘာမှ မဆိုင်ဘူး။ ကိုယ်ကထောက်ပံ့ရေးအဖွဲ့ပဲ၊ ထောက်ပံ့ဖို့ပဲ တာဝန်ရှိတယ်။ သံဃာတော်တွေက၊ ယောဂီတွေကို အုပ်ချုပ်ဖို့ တာဝန်မရှိဘူး။ ကိုယ်နဲ့မဆိုင်တာလျှောက်ပြီး လုပ်လို့ရှိရင် ဆရာအပြစ်လည်း မပြောသင့်တာတွေပြောရင် သာသနာပျက်စီးကြောင်း ဖြစ်တယ်။ အကျိုးမဲ့လုပ်နေတာတွေ့ရင်တော့ ကမ္မဋ္ဌာန်းဆရာကိုလည်း လျှောက်ရမယ်။ အဖွဲ့လည်း တိုင်ရမယ်။ ကမ္မဋ္ဌာန်းဆရာက ပြောသင့်ရင် ပြောလိမ့်မယ်။ မပြောသင့်ရင် မပြောဘူး။ ဘယ်သူကလာပြီးပြောပြော ပြောသင့်မှ ပြောတာ၊ ဘုန်းကြီးကလည်း ဒီလိုပဲ သူများပြောတိုင်း အကုန်လိုက်ပြီး လုပ်တာမဟုတ်ပါဘူး။ ကမ္မဋ္ဌာန်းဆရာကလည်း ကိုယ်တိုင်းလိုက်ပြီး လုပ်လိမ့်မယ်လို့ မအောက်မေ့နဲ့။ ကိုယ်ပြောတိုင်း မလိုက်နာလို့လည်း ကမ္မဋ္ဌာန်းဆရာကို အပြစ်မတင်နဲ့။ ကမ္မဋ္ဌာန်းဆရာကလည်း ဆရာဆိုတော့ ဆရာနေရာကနေရတာ၊ သူများပြောတိုင်း ပြောတိုင်း လိုက်ပြီးတော့ ဟိုယောင်ယောင် ဒီယောင်ယောင်နေလို့တော့ မဖြစ်ဘူး၊ တိတိကျကျ လုပ်ရတယ်။

ကမ္မဋ္ဌာန်းဆရာကလည်း ကိုယ်တိုင်မဆောင်ရွက်နိုင်တာကို အဖွဲ့ကို ပြောလို့ရှိရင် အဖွဲ့ကလည်း အရေးယူရမယ်။ ထုတ်ပစ်တန်လည်း ထုတ်ပစ်ရမယ်။ သို့သော် အဖွဲ့ကလည်း ကိုယ့်သဘောနဲ့ချည်း မလုပ်ဘဲ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေကိုပြောပြီး သက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ သဘောတူလုပ်မှ ကောင်းတယ်။ အဲဒါ လုပ်သင့်လုပ်ထိုက်တဲ့ဟာပဲ။

အနဝဇ္ဇာနီကမ္မာနီ - အပြစ်ကင်းတဲ့အမှုတွေကို ပြုရမယ်တဲ့။ ဆရာသမားညွှန်ကြားတဲ့အတိုင်း အချိုးတကျ ရှုမှတ်နေလို့ရှိရင် အပြစ်ကင်းတာပါပဲ။ တရားအားထုတ်ဖို့ လာတယ်ဆိုပြီး အားမထုတ်ဘဲ ပေါ့ပေါ့ဆဆ လုပ်နေရင် အပြစ်တင်စရာတွေရှိနေတာပဲ။ ကဲ့ရဲ့ဖွယ်မရှိ၊ အပြစ်ကင်းတဲ့အလုပ်ကိုသာ လုပ်ရမယ်။ အပြစ်ကင်းတဲ့ အပြောကိုသာ ပြောရမယ်။ ကုသိုလ်ဖြစ်အောင် လုပ်တယ်ဆိုပြီး ကုသိုလ်ဖြစ်မှ နေရာကျမယ်။ သာသနာတော် တိုးပွားအောင်လို့ ဗုဒ္ဓသာသနာတော်ချီးမြှောက်တဲ့အဖွဲ့ဆိုပြီး တစ်မင်္ဂလာတာဝန်ယူထားကြတာ အပြစ်ကင်းတဲ့အလုပ်၊ အပြစ်ကင်းတဲ့ အပြောကိုသာ လုပ်ကိုင်ပြောဆိုဆောင်ရွက်သွားကြမယ်ဆိုရင် အနဝဇ္ဇာနီကမ္မာနီဆိုတဲ့ မင်္ဂလာတရားနဲ့အညီ ကျင့်ဖို့ရာ ဘုန်းကြီးက အထူးသတိပေးပါတယ်။ အဲဒီ မင်္ဂလာ (၄)ပါးနဲ့ ပြည့်စုံသောအားဖြင့် မိမိတို့အလိုရှိအပ်သော ကောင်းကျိုးချမ်းသာမင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံနိုင်ပါတယ်။

(မှတ်ချက်။ အသံသွင်းတိပ်ခွေမှ လိုရင်းကောက်နှုတ်ချက်ကို ကူးယူ၍ မှတ်တမ်းတင် ဖော်ပြပါသည်။)

ဦးအာစာရ
မင်္ဂလာမဟာစည်ရိပ်သာ



အရွယ်ကပင် ဆိပ်ခွန်ရွာ တောင်ဘက်ရှိ ပျဉ်းမနားကျောင်းဆရာတော်အရှင်အာဒိစ္စထံမှာ မြန်မာစာပေများ သင်ကြားလာခဲ့ရာ အရှင်အာဒိစ္စဆရာတော်က အရှင်၏ ရှေးဘဝက ပါရမီပါလာသည့် ဉာဏ်ရည် ဉာဏ်စွမ်းကို အကဲခတ်မိသည့် အတွက် အရှင် ၁၂-နှစ်သား အရွယ် ရှင်သာမဏေပြုသည့်အခါ ဥပဇ္ဈာယ်ဆရာ အရှင်အာဒိစ္စက ဒီသာမဏေမှာ ဗုဒ္ဓသာသနာအတွင်း ထွန်းလင်းတောက်ပကာ တင့်တယ်ထည်ဝါစွာ ထင်ပေါ်လာမှာပဲလို့ ယူဆတော်မူပြီး လျှင် ရှင်သာမဏေ၏ဘွဲ့ကို အနွတ္ထ

အို . . . အရှင်၊ အရှင်ကား ရခဲစွာလှ ဗုဒ္ဓပွါဒ နဝမခေတ်အခါ အရှင်ဂေါတမ၏ သာသနာတွင်းမှာ လူဖြစ်လာရသည်မှာ ယခု သက္ကရာဇ် ၁၃၆၆ ခု၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်၊ ၂၀၀၄ ခု၊ ဇူလိုင်လ ၂၉ ရက်၊ ကြာသပတေးနေ့မှာ နှစ်ပေါင်း ၁၀၀ ပြည့်မြောက်လာပြီ ဖြစ်ပါကြောင်းဘုရား။

ပရိယတ်၊ ပဋိပတ် ဓွယ်ခုံထင်ပေါ်

ကမ္ဘာကျော် ဆရာတော်အရှင်သောဘနဘား

လျှောက်တင်သံပါဘုရား

သီဟဆွေ (သဒ္ဓမ္မဇောတိကဓဇ)

ဤနှစ်ပေါင်း (၁၀၀) ပြည့် ကာလမှာ ဝဿသတာဓိက ပသန္နသဒ္ဓါဖြင့် အရှင်၏ ဂုဏ်ကျေးဇူးတော်များကို အထူးရည်မှော်ကာ တမ်းတမိပါကြောင်း ဘုရား။

အို . . . အရှင်၏ ဗုဒ္ဓသာသနာအတွင်းမှာ တစ်သက်တာဘဝဖြစ်ရပ်များကို မြင်ယောင်မိကာ ခိုးကျူးမိ, ကြည်ညိုမိ, အားကျမိ, ဂုဏ်ယူမိပါကြောင်းဘုရား။

အို . . . အရှင်၊ အရှင်ကား လူ့ဘဝရောက်ခါစ ၆-နှစ်သား သည်ဘ ဝေါဟာရဖြစ်သည့် ရှင်သောဘနဟူသော ဘွဲ့ကိုပေးတော်မူခဲ့ခြင်း ဖြစ်ပါကြောင်း ဘုရား။

အို . . . အရှင်၊ အရှင်ကား ၁၂-နှစ်သားအရွယ်ရှိ ရှင်သာမဏေဘဝမှာ ဥပဇ္ဈာယ်ဆရာက ဇာတ်တော်ကြီး ဆယ်ဘွဲ့ကို သင်ယူစေရာ အရှင်၏ဉာဏ်ပညာကြီးမား မှုကို လက်တွေ့သိမြင်ရ၍ မဟောသဓာဇာတ်တော်ကို ပါဠိနှင့်အနက်ပါ သင်ယူလေ့လာစေခဲ့သည် မဟုတ်ပါလော။



အို . . . အရှင်၊ ဥပဇ္ဈာယ် ဆရာ အရှင်အာဒိစ္စက အရှင်အား သဒ္ဒါ သင်္ကြိုဟ်များကို ပို့ချသင်ကြား ကာ ပါဠိကိုအနက် ဖွင့်ပြ၍ သင် ကြားလာခဲ့ရာ အရှင်မှာ အခြား စာသင်သားများလို သဒ္ဒါသင်္ကြိုဟ် ပါဠိများကို မကျက်ရဘဲ နှုတ်တက် အာဂုံရလေတော့၏။

သဒ္ဒါသင်္ကြိုဟ်များကိုသင်ကြား ပြီးနောက် ဝိနည်း၊ ပါဠိတော်များကို ပို့ချရာတွင်လည်း စာဝါဆိုရင်း ပါဠို တော်များကို သီးခြားမကျက်ရတော့ ဘဲ နှုတ်တက်အာဂုံရရှိလေတော့၏။

အို . . . အရှင်၊ အရှင်ကား ပရိယတ္တိစာပေများကို သင်ကြားနေ ရင်း ၁၆-နှစ်သားအရွယ် သာမဏေ ငယ်ဘဝတွင် ဂဏန်းသင်္ချာများကို ဆရာနှင့်မသင်ကြားရဘဲ ဂဏန်း သင်္ချာစာအုပ်များကို ကြည့်ရှုရုံနှင့် ဂဏန်းသင်္ချာပညာကို လွယ်ကူစွာ တတ်မြောက်လာသည့် ဂဏန်း သင်္ချာဉာဏ်ပညာအစွမ်းသတ္တိကြောင့် လည်း ဆန်းကျမ်းကိုသင်ကြားရာ တွင် ပတ္ထရာဖြန့်နည်း (အတန့် ပျောက်ရှာနည်း) စသည်တို့ကို လွယ် ကူစွာ သဘောပေါက်နားလည်ခဲ့ သည် မဟုတ်ပါလော။

(ပရိယတ္တိကို သင်ကြားရာတွင် "ကျမ်းကြီးပဌာန်း၊ ကျမ်းငယ်ဆန်း၊ ကျမ်းလတ်ဓာတုကထာ" ဟု စာ သင်သားလောကမှာ ဆိုရိုးစကား အရ အခက်ခဲဆုံးကျမ်း ၃-ဆူတွင် တစ်ဆူအပါအဝင်ဖြစ်သည့် ဆန်း ကျမ်းမှာလည်း ပတ္ထရာဖြန့်နည်း (အတန့်ပျောက်ရှာနည်း) မှာ အခက်ခဲဆုံးဖြစ်၏။)

အို . . . အရှင်၊ အရှင်ကား ၁၉-နှစ်သားအရွယ် ရှင်သာမဏော ဘဝမှာ ဆိပ်ခွန်ရွာသူကြီးကျောင်း ဆရာတော် အရှင်ပရမထံမှာ နှာသကျမ်း မူလသိက္ခာကျမ်း စသည့် ကျမ်းကြီးများကို ဆိုဝါဖြင့် သင်ယူခဲ့ရာ စာချဆရာတော်က အနက် ဖွင့်ပြမပို့ချရဘဲ မိမိအလို အလျောက် တောက်လျှောက်ပါဠို များကို အနက်ဖွင့်ပြီး ရွတ်ဆိုလေ့ ရှိရာ စာအတူတက်ကြသည့် ရဟန်း တော်များက "နိဿယကို ကြည့် ထားသလား" ဟု မေးယူရလောက် အောင်ပင် အနက်များကို ထုတ် ဖော်လျက်ဆိုသွားနိုင်သည် မဟုတ် ပါလော။

အို . . . အရှင်၊ အရှင်ကား သက္ကရာဇ် ၁၂၈၅-ခုနှစ်၊ တန် ဆောင် မုန်းလပြည့်ကျော် ၄-ရက် (၂၆-၁၁-၁၉၂၃)၊ ဗုဒ္ဓဟူးနေ့ နံနက် ၈-နာရီခွဲ အချိန်မှာ ဦးလေး ဖြစ်သူ ဦးအောင်ဘော်၊ ဒေါ်သစ် တို့၏ ပစ္စယာနုဂ္ဂဟဖြင့် (ထန်းစုရွာ) သုမေဓာကျောင်းမှ ဆရာတော်အရှင် နိမ္မလကို ဥပဇ္ဈာယ်ပြုကာ ရဟန်း အဖြစ်သို့ ရောက်ရှိခဲ့ရာ ရဟန်း ဘဝမှာ ပရိယတ္တိစာပေများကို မိမိလည်း သင်ယူ၊ အခြားရဟန်း သာမဏေများကိုလည်း စာဝါ ပို့ချ လျက် ပရိယတ္တိဝန်ဆောင်မှု အလုပ် ကို ထမ်းဆောင်ရင်း တစ်ဘက်မှ လည်း ပဋိပတ္တိလုပ်ငန်းဖြစ်သည့် ရက္ခမူဓုတင် နိသဇ္ဇဓုတင် ပိဏ္ဍပါတ် ဓုတင် ဧကာသနိက်ဓုတင် ပတ္တပိဏ် ဓုတင်များကို နွေရာသီ ၄-လပတ် လုံးဆောက်တည်ကျင့်သုံးနေခဲ့သည် မဟုတ်ပါလော။

အို . . . အရှင်၊ အရှင်ကား သာမဏေဘဝနှင့် ရဟန်းဘဝ ၉-နှစ်တာ ကာလအတွင်းမှာ ပိဋကတ် စာပေများကို တတ်မြောက်လာခဲ့ပြီ ဖြစ်ရာ ရဟန်း ၁-ဝါရမှာ ပထမပြန် စာမေးပွဲ ပထမငယ်တန်း၊ ရဟန်း ၃-ဝါရမှာ ပထမလတ်တန်းနှင့် ရဟန်း ၄-ဝါရမှာ ပထမကြီးတန်းကို ချော မောလွယ်ကူစွာ အောင်မြင်ခဲ့ပြီး ထိုနှစ်မှာပင် ဆိပ်ခွန်ရွာမှာ ကျင်းပ သည့် ဝိနည်းအာဂုံစာပြန်ပွဲမှာ ဝိနည်းငယ် ၄-စောင်ကို ပြန်ဆိုရာ အဆင့်အမြင့်ဆုံးဖြင့် အောင်မြင်ခဲ့ သည်။ မဟုတ်ပါလော။

(ရဟန်း ၂-ဝါရမှာ ခရီးလွန်နေ၍ စာမေးပွဲမဖြေလိုက်ရပါ။)

အို . . . အရှင်၊ အရှင်ကား ရဟန်း ၅-ဝါရ ၁၂၉၀ ပြည့်နှစ်၊ မန္တလေးမြို့၊ အနောက်ပြင် ခင်မ ကန်တိုက် ဘွားတော်ကျောင်းမှာ သီတင်းသုံးနေထိုင်လျက် ပိဋကတ် အကျော်အမော်များ ဖြစ်တော်မူကြ သည့် ချမ်းသာကြီးဆရာတော် ဦးလက္ခဏ၊ ခင်မကန်တိုက် တိုက် သစ်ဆရာတော် ဦးကွန္ဒဝံသာ ဘိဝံသ စသည့် ဆရာတော်များထံ မှာ စာပေကျမ်းဂန် ဗဟုသုတများ ကို ဆက်လက် လေ့လာနေစဉ်



မော်လမြိုင်မြို့ တောင်ဝိုင်းကလေး တိုက်ကျောင်း ဆရာတော်ကြီး အရှင်အာဒိစ္စက ဖိတ်ခေါ်သဖြင့် ၁၂၉၁ ခုနှစ်၊ ဝါဆိုလမှာ ထို ကျောင်းသို့ သွားရောက်ရာ ထို ဆရာတော်ကြီး၏ အမိန့်အရ ထို ကျောင်းတိုက်ရှိ ရဟန်းသာမဏေ များအား စာပေကျမ်းဂန်များကို ပို့ချ သင်ပြပေးနေခဲ့သည် မဟုတ်ပါလော။

အို . . . အရှင်၊ အရှင်ကား မောင်လမြိုင်မြို့၊ တောင်ဝိုင်းကလေး တိုက်ကျောင်းမှာ ပရိယတ္တိစာပေ များကို ပို့ချသင်ပြပေးနေစဉ်မှာပင် သမထ၊ ဝိပဿနာ၊ ပဋိပတ္တိအလုပ် များကို ပွားများအားထုတ်လိုသည့် သမ္မာဆန္ဒကြောင့် စိတ်တူကိုယ်တူ အဖော်ဖြစ်သူ အရှင်တဇဝန္တနှင့် အတူ မော်လမြိုင်တောင်ဝိုင်းတိုက် ကျောင်းမှ ထွက်ခဲ့ကြပြီး ဇင်းကျိုက်၊ သထုံ၊ ကလာသ၊ မြသပိတ်တောင်၊ ကျိုက်ထီးရိုးတောင်၊ ရွှေ ရောင်ပြ တောင်၊ ဦးအုန်းခိုင်တောကျောင်း စသည်တို့မှာ ကမ္မဋ္ဌာန်း ဘာဝနာ ပွားများ အားထုတ်နည်းများကို စုံစမ်းလေ့လာပြီးနောက် သထုံမြို့၊ မင်းကွန်းဇေတဝန်ဆရာတော် ဘုရားကြီးထံမှာ သတိပဋ္ဌာန် ဝိပဿ နာရှုပုံကို နည်းခံကျင့်သုံးလျက် နေ ခဲ့သည်။ နေ့ရောညဉ့်ပါ မအိပ်ဘဲ တင်းတင်းကြပ်ကြပ်လည်း အား ထုတ်ခဲ့သည်။ ထိုစဉ်က တစ်ရက်လုံး စကားမပြောဘဲ (နှုတ်ပိတ်) ကျင့်ခဲ့ သည့်ရက်တွေကသာ များခဲ့သည် မဟုတ်ပါလော။

အို . . အရှင်၊ အရှင်ကား ထိုသို့ မင်းကွန်းဇေတဝန်ဆရာတော်ဘုရား ထံမှာ သမထ ဝိပဿနာတရားများ ကို အားထုတ်နေစဉ် လေးလ လောက်ရှိသောအခါ မော်လမြိုင် တောင်ဝိုင်းကလေးတိုက်ကျောင်းမှာ ကျေးဇူးတော်ရှင်ဆရာတော်ကြီး အသည်းအသန် မကျန်းမမာဖြစ်နေ ကြောင်း ကြားသိရသဖြင့် ၁၂၉၄ ခု၊ ဝါဆိုလဆန်း ၇-ရက်နေ့မှာ သထုံမှ မော်လမြိုင်သို့ ပြန်ကြွသွားရာ ဝါဆို လဆန်း ၁၄-ရက်နေ့မှာပင် တိုက် ကျောင်းဆရာတော်ကြီး ပျံလွန်တော် မူသဖြင့် အရှင်က မော်လမြိုင် တောင်ဝိုင်းကလေးတိုက်ကျောင်းကို ထိန်းသိမ်းစောင့်ရှောက်နေခဲ့ရသည် မဟုတ်ပါလော။

အို . . . အရှင်၊ အရှင်ကား သထုံမင်းကွန်းဇေတဝန်ဆရာတော်ထံ မှ သတိပဋ္ဌာန် ဝိပဿနာရှုနည်းကို ပေါက်ရောက်ပိုင်နိုင်ခဲ့သော အရှင် သည် ထိုစဉ်ကပင် သတိ ပဋ္ဌာန ဝိပဿနာရှုနည်းကို ဟောပြော ပြသနိုင်ပြီး ဖြစ်သော်လည်း အရှင် ၉-ဝါမျှသာရှိသေး၍ အသက် အရွယ် ငယ်သေးသောကြောင့် သတိပဋ္ဌာန် ဝိပဿနာရှုပွားနည်း ကမ္မဋ္ဌာန်းဆရာများကို သူတစ်ပါး တို့အား ဟောကြားပြသလိုသည့် ဆန္ဒမရှိသေးဘဲ မိမိကိုယ်တိုင်သာ စွမ်းနိုင်သမျှ အားထုတ်နေခဲ့သည် မဟုတ်ပါလော။

အို . . . အရှင်၊ အရှင်ကား မော်လမြိုင် တောင်ဝိုင်းကလေး တိုက်ကျောင်းမှာ ဝိပဿနာဘာ ဝနာ တရားများကို ပွားများအား ထုတ် နေစဉ် ၁၃၀၀ ပြည့်နှစ်မှာ ဆိပ်ခွန်ရွာ၌ ညီဖြစ်သူ တစ်ယောက် ကွယ်လွန်သွား၍ သံဝေဂပွားကာ ဇာတိအရပ်သို့ ခေတ္တပြန်ကြွသွားပြီး ဆိပ်ခွန်ရွာ မဟာစည်ကျောင်းမှာ ၇-လမျှ သီတင်းသုံးကာ သတိ ပဋ္ဌာန် ဝိပဿနာရှုပွားနည်းကို စတင် ဟောပြောပြသခဲ့ရာ ထိုစဉ် က ဆွေမျိုးဖြစ်သူ ၃-ဦး တရား အားထုတ်စေ၍ စတင်အောင် မြင်ကြရာ အခြားလူများစွာတို့ လည်း အားထုတ်ကြရာ ဉာဏ်ထူး တရားထူးများကို ကိုယ် တွေ့ဖြစ်ကြ သဖြင့် ထိုအခါမှစ၍ မဟာစည် ဝိပဿနာတရားတော် လုပ်ငန်း စတင်ကာ ထင်ရှားဖြစ် ပေါ်လာ သည် မဟုတ်ပါလော။

အို . . . အရှင်၊ အရှင်ကား ပရိယတ္တိတာဝန်ကို ရပ်ဆိုင်းကာ ပဋိပတ္တိတာဝန်ကို အားသွန်ခွန်စိုက် ထမ်းဆောင်လျက်နေရင်း ရှေး ကာလက မရှိခဲ့ဖူးသေးသည့် ဓမ္မာ စရိယစာမေးပွဲဟူ၍ ၁၃၀၂ ခုနှစ်မှ စတင်ပေါ်ပေါက်လာခဲ့ရာ အရှင်က ၁၃၀၃ ခုနှစ်၊ ဒုတိယမြောက် ဓမ္မာ စရိယစာချတန်းကို ဝင်ရောက်ဖြေ ဆိုရာ ကျမ်းရင်း ၃-ကျမ်းနှင့်တကွ ဂုဏ်ထူး ၅-ကျမ်းတို့ကိုပါ ချောမော လွယ်ကူစွာ ဖြေဆိုအောင်မြင်တော် မူ၍ "သာသနဓဇသိရိပဝရ ဓမ္မာ



စရိယ" ဟူသော ဘွဲ့တံဆိပ်ကို ရရှိတော်မူခဲ့သည် မဟုတ်ပါလော။

အို ... အရှင်၊ အရှင်ကား ဒုတိယကမ္ဘာစစ်ကြောင့် ၁၃၀၃ ခု၊ နတ်တော်လမှစ၍ ဇာတိရပ်ဖြစ်သည့် ဆိပ်ခွန်ရွာသို့ ကြွရောက်ကာ စစ်ဘေးဒဏ်ကို ရှောင်ကွင်းနေထိုင်ရင်း အဆင်သင့်သည့်အခါတိုင်း ဝိပဿနာလုပ်ငန်းတရားများကို ဆက်လက်၍ ဟောပြည့်နှင်ကြားရာ တစ်နှစ်ထက် တစ်နှစ် တိုးတက်ထွန်းကားကာ ထင်ပေါ်လာခဲ့သည်။ ထိုအခါမှစ၍ သီတင်းသုံးရာဌာနဖြစ်သည့် မဟာစည်ကျောင်းကို စွဲမှီကာ ဌာနူပစာဖြင့် အရှင်ကို မဟာစည်ဆရာတော်ဟု ခေါ်ဝေါ်ခဲ့ကြသည် မဟုတ်ပါလော။

အို ... အရှင်၊ အရှင်ကား ဝိပဿနာယောဂီတပည့်များရဲ့ တောင်းပန်ချက်အရ ဆိပ်ခွန်ရွာ မဟာစည်ကျောင်းမှာ ဝိပဿနာတရားပြနေရင်း ၁၃၀၅ ခုနှစ်က ဝိပဿနာရှုနည်းကျမ်း (ပ-ဒု-၂တွဲ) ကို ပြုစုရေးသားခဲ့ရာ စာမျက်နှာပေါင်း ၉၅၀-ခန့်ရှိ ထိုကျမ်းကြီးကို ၇-လအတွင်းမှာ ရေးသားပြုစု၍ ပြီးခဲ့သည် မဟုတ်ပါလော။

အို ... အရှင်၊ အရှင်ကား ဝိပဿနာယောဂီတပည့်များရဲ့ တောင်းပန်ချက်အရ ဆိပ်ခွန်ရွာ မဟာစည်ကျောင်းမှာ ဝိပဿနာတရားပြနေရင်း ၁၃၀၅ ခုနှစ်က ဝိပဿနာရှုနည်းကျမ်း (ပ-ဒု-၂တွဲ) ကို ပြုစုရေးသားခဲ့ရာ စာမျက်နှာပေါင်း ၉၅၀-ခန့်ရှိ ထိုကျမ်းကြီးကို ၇-လအတွင်းမှာ ရေးသားပြုစု၍ ပြီးခဲ့သည် မဟုတ်ပါလော။

အို ... အရှင်၊ အရှင်ကို ရန်ကုန်မြို့၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က ၁၃၁၁ ခုနှစ်၊ တန်ဆောင်မုန်းလတွင် ပင့်ဆောင်ခဲ့ရာ ထိုနှစ် နတ်တော်လပြည့်မှစ၍ ဝိပဿနာလုပ်ငန်းတရားကို ဟောကြားပြသတော်မူခဲ့သည် မဟုတ်ပါလော။

အို ... အရှင်၊ အရှင်၏ စနစ်ကျလှသည့် ဝိပဿနာရှုနည်းကို နှစ်ခြိုက်သဘောကျသူများ တစ်နေ့ တခြားပေါများလာခဲ့ရာ စစ်ဘက် နယ်ဘက်အရာရှိများ၊ ပညာပိုင်းဆိုင်ရာပုဂ္ဂိုလ်များ၊ ကုန်သည်ပွဲစားများမှစ၍ လူတန်းစားမရွေး သာသနာ့ရိပ်သာသို့ လာရောက်ပြီး သတိပဋ္ဌာန် ဝိပဿနာတရားကို ပွားများ အားထုတ်ကြရာ ထိုလူများတွင် တရား၏အရသာကို ကိုယ်တိုင်တွေ့ရှိသွားသူများ အမြောက်အများပါဝင်ကြသည် မဟုတ်ပါလော။

အို ... အရှင်၊ အရှင်၏ ဟောပြောပြသမှုကြောင့် ယခုအခါ အထက်အောက် မြန်မာတစ်နိုင်ငံလုံးမှာပင် မဟာစည်ဩဝါဒခံ ရိပ်သာပေါင်း (၄၀၀) ကျော်ရှိနေသဖြင့် တစ်နိုင်ငံလုံးမှ ပုဂ္ဂိုလ်များသည် နီးစပ်ရာမြို့ရွာများမှာ ရှိနေကြသည့် သာသနာ့ရိပ်သာများသို့ တရားအားထုတ်ခွင့် ရရှိနေကြပြီး အရှင်မဟာစည်ဆရာတော်၏နည်းအတိုင်း တရားအားထုတ်ဖူးသူမရှိသောမြို့ဟူ၍ မြန်မာပြည်၌ မရှိသလောက်ပင်၊ ဤမျှအထိ မဟာစည်ဆရာတော်၏ ကမ္မဋ္ဌာန်းနည်းမှာ ပြန့်နှံ့ခဲ့ရာ ယခုအခါန်အထိ ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ တရားအားထုတ်ပြီးသူပေါင်း (၃၄၀၀၀) သုံးသောင်းလေးထောင်ကျော်ရှိပြီး တစ်နိုင်ငံလုံးမှာ တရားအားထုတ်ပြီးသူပေါင်း (၄၀၀၀၀) လေးသိန်းကျော်ရှိသည့်အပြင် သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လော၊ အိန္ဒိယ၊ အင်္ဂလန်နှင့် အမေရိကန်နိုင်ငံတို့မှာလည်း မဟာစည်ဩဝါဒခံရိပ်သာပေါင်းများစွာနှင့် ယောဂီပေါင်းများစွာ ရှိနေပါသည်။ ထို့ကြောင့် အရှင်မဟာစည်ဆရာတော်သည် သိန်းပေါင်းများစွာသော ပုဂ္ဂိုလ်တို့အား ဗုဒ္ဓတရားတော်၏ အရသာကို တိုက်ကျွေးဝေဌနေသော ကျေးဇူးရှင်ပုဂ္ဂိုလ်ထူးအဖြစ် မှတ်တမ်းတင်ရမည် မဟုတ်ပါလော။

အို ... အရှင်၊ အရှင်၏ ပရိယတ္တိ၊ ပဋိပတ္တိ ဂုဏ်ကျေးဇူးတော်များကို လေးစားကြည်ညိုး၍ ၁၃၁၃ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက အရှင့်အား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်ခဲ့သည် မဟုတ်ပါလော။

အို ... အရှင်၊ အရှင်ကား ဆဋ္ဌသင်္ဂါယနာတင်စဉ်က ၁၃၁၄ ခုနှစ်မှစ၍ ၁၃၁၈ ခုနှစ်ထိ ပိဋကတ် ၃-ပုံပါဠိတော်ကို သင်္ဂါယနာတင်ရာမှာ ပထမသင်္ဂါယနာတင်စဉ်က အရှင်မဟာကဿပကဲ့သို့ ဘုရားဟောစစ်, မစစ်၊ အမှန်ဟုတ်, မဟုတ် မေးစိစစ်သည့်တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်တော်မူခဲ့သည့်အပြင် ၁၃၁၈-ခုနှစ်မှစ၍ ကျင်းပသည့် ပိဋကတ် ၃-ပုံ၏ အဋ္ဌကထာဋီကာများကို သင်္ဂါယနာ



တင်ရာမှာလည်း စိစစ်လျှောက်ထား ရသောတာဝန်၊ ဤသို့ သင်္ဂီယနာတွင် ပဓာနကျသော တာဝန်များကို ဆောင်ရွက်တော်မူခဲ့သည် မဟုတ်ပါလော။

အို . . . အရှင်၊ အရှင်ကား ၁၃၁၁-ခုနှစ်က အဓိပ္ပာယ်ဖွင့်ပြချက်ဖြင့် ဝေဝေဆာဆာရှိလှသည့် မဟာသတိပဋ္ဌာနသုတ် နိဿယကို ရေးသားတော်မူခဲ့ပြီး ဆဋ္ဌသင်္ဂါယနာ တင်နေစဉ်အတွင်း ဆဋ္ဌသင်္ဂါယနာဝန်ဆောင်အဖွဲ့၏ တာဝန်ပေးချက်အရ ဝိသုဒ္ဓိမဂ်ကျမ်း၏ နိဒါန်းကျယ်ကြီးကို ပါဠိဘာသာဖြင့် ရေးသားတော်မူခဲ့သည် မဟုတ်ပါလော။

အို . . . အရှင်၊ အရှင်ကား ၁၃၂၂-ခုနှစ်မှစ၍ ဝိသုဒ္ဓိမဂ်ကျမ်းကို ပို့ချရင်း ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယကို စာမျက်နှာ ၂၀၀၀ ခန့်ဖြင့် ရေးသားပြုစုတော်မူခဲ့သည်။ ဟုတ်ပါလော။

အို . . . အရှင်၊ အရှင်ကား ၁၃၃၅ ခု၊ ဝါဆိုလပြည့်နေ့မှစ၍ ဘုရားရှင်က ဝါစဉ်အလိုက် ဟောကြားတော်မူခဲ့သည့် တရားတော်များကို ဥပုသ်နေ့များမှာ ဟောကြားခဲ့ရာ တပည့်တော်များ နာကြားလိုက်ရသည်မှာ ၁၃၃၇ ခု၊ ဝါဆိုလပြည့်နေ့ထိသာ နာကြား လိုက်မိရာ ယင်းဝါဆိုလပြည့်နေ့မှာ အဘိဓမ္မာပိဋကဝိဘင်း ပါဠိတော် ထိသာ နာကြားလိုက်ရပါ၍ အားမလိုအားမရ ရှိလှပါသည်အရှင်။

အို . . . အရှင်၊ အရှင်ကား ၁၃၀၀ ပြည့်နှစ်မှစ၍ ၁၃၄၀ အထိ ဝိပဿနာလမ်းညွှန်ကျမ်း စသည့် ကျမ်းပေါင်း ၆၄ ကျမ်းကို ရေးသားပြုစုခဲ့သည်မဟုတ်ပါလော့။

အို . . . အရှင် အရှင်ကား ၁၃၂၁ ခုနှစ်က အင်ဒိုနီးရှား သာသနာပြုဆိုင်ရာ ခရီးသွားမှတ်တမ်းကိုလည်း ရေးသားပြုစုခဲ့သည်မဟုတ်ပါလော။

အို . . . အရှင်၊ အရှင်၏ ဗုဒ္ဓုပ္ပါဒနဝမခေတ်မှာ ကြုံကြိုက်လာရသည့် မနုဿတ္တဒုလ္လဘနှင့် ပဋ္ဌဇ္ဇိတဒုလ္လဘ တန်ဖိုးဧကန် မိမိထိထိရောက်ရောက် ထွန်းပေါက်ထင်ပေါ်သာသနာတွင်းမှာ တင့်တယ်တော်မူသည့်အတွက် အရှင်သောဘနဟူသည့် အနွှတ္ထသညာဝေါဟာရနှင့် လျော်ကန်သင့်မြတ်သည်မဟုတ်ပါလော့။

အို . . . အရှင်၊ အရှင်ကား မြန်မာနိုင်ငံတင်မက နိုင်ငံခြားတိုင်းပြည်များမှာပါ ဝိပဿနာတရားပြသာသနာပြုလုပ်ငန်းကို ဆောင်ရွက်တော်မူခဲ့ရာ ယင်းနိုင်ငံခြားတိုင်းပြည်များမှာပါ အရှင်ဘုရား၏ မဟာစည် ဩဝါဒခံရိပ်သာများ၊ ယောဂီများရှိနေရာ အရှင်၏ဂုဏ်သတင်းမှာ ကမ္ဘာတစ်ဝှမ်းလုံးသို့ပင် ပျံ့နှံ့ကျော် စောလျက်ရှိနေပါ၍ အရှင့်အား လေးစားထိုက်သော ဘာသာရေး ခေါင်းဆောင်ကြီးတစ်ဦးအဖြစ် ကမ္ဘာက အသိအမှတ်ပြုခြင်းခံရသည့် ဆရာတော်ဖြစ်ကြောင်းကို လည်း (Who's Who in the World) ခေါ် ကမ္ဘာသုံးညွှန်းတမ်း စာအုပ်ကြီးမှာ အရှင်၏ ထေရပွတ္တိအကျဉ်းကို ထည့်သွင်းရိုက်နှိပ်ထားခြင်းက သက်သေခံလျက်ရှိနေသည် မဟုတ်ပါလော။

အို . . . အရှင်၊ ရှေးကလျှောက်တင်ခဲ့သည့်အတိုင်း အရှင်၏ ဗုဒ္ဓုပ္ပါဒ နဝမခေတ်အခါ တစ်ဘဝတာအတွင်းမှာ သာသနာပြုလုပ်ငန်းရပ်များ လုပ်ဆောင်ခဲ့သမျှကို တပည့်တော်များအနေဖြင့် ကြည်ညိုမြဲမဆုံး ချီးကျူးမြဲမကုန် ပီတိဟုန်ဖြင့် အရှင်၏ ဂုဏ်ကျေးဇူးတော်များကို မျှော်မှန်းတမ်းတကာ သဒ္ဓါပွားမိပါ၏ . . . အရှင်။

အို . . . အရှင်၊ အရှင်၏ တစ်ဘဝတာအတွင်း သာသနာတော်၏ ဓုရနှစ်ဖြာကို ထမ်းဆောင်ခဲ့သည်မှာ ၆၀-ကျော်သော ကျမ်းဂန်များကို ရေးသားပြုစုတော်မူခြင်း ဆဋ္ဌသင်္ဂါယနာတင်ရာမှာ ၁၀၀-ကျော်သော ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းများစွာကို အဆုံးသတ်သုံစွဲသင်ပြင်ဆင်တော်မူခြင်းတို့ကို ဆောင်ရွက်တော်မူသည့် အပြင် ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံခါစ ၃-လကျော် အချိန်လောက်မှာ ပထမသင်္ဂါယနာ တင်တော်မူစဉ်က အရှင် မဟာကဿပမထေရ်က သုတ်ဝိနည်း အဘိဓမ္မာတရားတော်များကို ဘုရားဟော ဟုတ်, မဟုတ်နှင့် ဘယ်အချိန်၊ ဘယ်ဒေသမှာ၊ ဘယ်သူကို အကြောင်းပြု၍ ဟော



ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး ကျောင်းအလှူ

အနုမောဒနာတရားတော် ဆောင်ပုဒ်

၁။ ကိန်းအောင်းနေရန်, ချမ်းသာရန်,
အမှန်ဖြစ်ပေသည်။

၂။ စျာန်ဝင်စားရန်, ရှုမှတ်ရန်,
ဧကန် သင့်ပေသည်။

၃။ ကျောင်းလှူသူဟာ, လုံးစုံပါ,
လှူရာ ရောက်ပေသည်။

၄။ နေ့ည၌မခြား, ကုသိုလ်များ,
ဖြစ်ပွားလေတော့သည်။

၅။ ကျောင်းအလှူရှင်, တရားမြင်
ခုပင် ငြိမ်းနိုင်သည်။

၆။ ခုနစ်နှစ်-ခုနစ်လ, ဝေလာမ,
ကြီးစွာ့ ပေးလှူသည်။

၇။ ဆယ့်နှစ်ယူဇနာ, ကျယ်ပြန့်စွာ
ချက်ကာ ကျွေးမွေးသည်။

၈။ ရှစ်သောင်း လေးထောင်စီ, ဝတ်ကိုးမည်,
လှူသည် ရက်ရောစွာ။

၉။ ရွှေခွက် ငွေခက်, ကြေးစင်ခွက်,
ဆင်နက်ရထားပါ။

၁၀။ နို့စားနွားမ, ပလွင်က,
ကည ဝတ်ထည်ပါ။

၁၁။ ထိုတွင်ဝတ်ထည်, ကုဋေခို,
လှူသည် များလှစွာ။

၁၂။ သောတာပန်တစ်ပါး, ကျွေးလှူငြား,
ကျိုးများ ထိုထက်သာ။

တော်မူပါသလဲလို့ မေးမြန်းတော်မူသည့် ပုစ္ဆာကတာဝန်ကို ဆောင်ရွက်တော်မူသလို ယခုဆဋ္ဌသင်္ဂါယနာတင်ရာမှာလည်း အရှင်ကပဲ မေးမြန်းရသည့် ပုစ္ဆာကတာဝန်ကို ယူတော်မူရသည့်အတွက် အရှင်အားမြန်မာနိုင်ငံကသပမထေရ်ဟုပင် ဂုဏ်တင်ကာ ခေါ်ဆိုထိုက်သည်ဟု ခံယူကာ လက်ဆယ်ဖြာထိပ်မှာမိုးလျက် ရှိခိုးပန်ဆင်ကာ ဗလဝစေတနာ အတိပသန္နသဒ္ဓါဖြင့်လျှောက်တင်ရင်း -

ပရိယတ် ပဋိပတ် နှစ်ရပ်စုံညီ၊
မဟာစည်နည်း သိပ်သည်းခိုင်တည်။
သတိပဋ္ဌာန်နည်းကျ၊ညွှန်ပြကျမ်းမှီ
ပညာရှိ ကဝိလက်ခံသည်။

-ဟု နောက်ဆုံးလျှောက်တင်ကာ အရှင်၏ ပရိယတ် ပဋိပတ် စွယ်စုံထင်ပေါ် သာသနာပြု ဂုဏ်ကျေးဇူးတော်ကို ရည်မှော်မှန်းဆကာ ဝန္ဒနာပြုရပါကြောင်း အရှင်ဘုရား . . . ဘုရား . . . ။ ။

သီဟဆွေ
(သဒ္ဓမ္မဇောတိကဓဇ)



ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ကျွန်ုပ်ကိုယ်တွေ့ မဟာစည်

တက္ကသိုလ်သောတုဇန (မဟာဓမ္မာစရိယ)



စာရေးသူ ဝါခင်းကုန်း တိုက်ကျောင်း၌နေစဉ် ၁၃၃၉ - ခုနှစ်၊ တပေါင်းလကဖြစ်သည်။ မန္တလေးမြို့၊ စိန်ပန်းရပ်၊ ရတနာပုံမဟာစည်သာသနာ့ရိပ်သာသို့ ရောက်ရှိနေသော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကို စာရေးသူတို့ ကျောင်းတိုက်သို့ ပင့်ဆောင်ပြီး ဩဝါဒခံယူပွဲ ကျင်းပသည်။ ဤသည်မှာ ဆရာတော်ဘုရားကြီးကို စာရေးသူ ပထမဆုံးအကြိမ် ဖူးတွေ့ရခြင်း ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး၏ တုတ်ခိုင်သော ကိုယ်ခန္ဓာတော်နှင့် တည်ကြည်သော ဣန္ဒြေတော်၊ ကြည်လင်ပြတ်သားသောအသံတော်တို့ကို ဖူးတွေ့ကြားသိရသောအခါ ဝမ်းသာကြည်နူးစိတ်များ ဖြစ်ပေါ်မိသည်။

စာရေးသူ ၁၃၅၀-ပြည့် (၁၉၈၈)နှစ်မှစ၍ မဟာဓမ္မာစရိယ ကျမ်းပြုသင်တန်းသို့ရောက်ပါသည်။ မဟာဓမ္မာစရိယဘွဲ့အတွက် ကျမ်းရေးသားပြုစုရန် သက်ဆိုင်ရာအချက်အလက်များ ရှာဖွေစုဆောင်းခဲ့ရပါသည်။ စာရေးသူ၏ ကျမ်းခေါင်းစဉ်မှာ "သတိစေတသိက်ကို လေ့လာခြင်း" ဖြစ်ပါသည်။ ထိုခေါင်းစဉ်မှာ သတိပဋ္ဌာန်အကြောင်းနှင့် ပတ်သက်နေသဖြင့် မဟာစည်ဆရာတော်ဘုရားကြီး ပြုစုရေးသားထားသော ကျမ်းစာအုပ်များကို ရှာဖွေလေ့လာဖတ်ရှုဖြစ်ပါသည်။

မဟာသတိပဋ္ဌာနသုတ် ပါဠိနိဿယကို လေ့လာကြည့်ရာတွင် "ဧကာယနော" ပုဒ်၏အဓိပ္ပာယ်ကို အောက်ပါအတိုင်း ရှင်းပြထားသည်ကို ဖတ်ရှုရပါသည်။

"သတိပဋ္ဌာန်လမ်းကို အရိယာမဂ်ရဖို့၊ နိဗ္ဗာန်မျက်မှောက်ပြုဖို့တစ်ခုတည်းသောလမ်း၊ တစ်ကြောင်းတည်းသောလမ်းဟု ဟောတော်မူသောကြောင့် သတိပဋ္ဌာန်လေးပါးမပါသော ဘာဝနာနည်းဟူသမျှကို မဂ်



ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း နည်း ကောင်းလမ်းမှန်မဟုတ်၊ နည်းမှား လမ်းမှားဟူ၍ မြဲမြံစွာမှတ်အပ်၏။ ထို့ပြင် သတိပဋ္ဌာန်ဒေသနာတော် နှင့်အညီ ပွားများအားထုတ်လျှင် မှားယွင်းချွတ်ချော်ခြင်းမရှိဘဲ နိဗ္ဗာန်သို့သာ ဧကန်ရောက်နိုင်သည်ဟူ၍ လည်း မြဲမြံစွာမှတ်အပ်၏။"

ဖော်ပြပါ ရှင်းလင်းချက်မှာ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသူတို့စိတ်ဝယ် စွဲမြဲစွာ မှတ်သားသင့်သော ရှင်းလင်းချက် ဖြစ်သည်။ အချို့ယောဂီများမှာ တရားအားထုတ်နေကြသော်လည်း ဘုရားရှင်၏ ညွှန်ပြချက်နှင့်မညီဘဲ လွဲမှားစွာ ကျင့်ကြံနေကြသည်။ လမ်းလွဲကို လမ်းမှန်ထင်ကာ ကျင့်နေကြသည်။ ထိုသူတို့မှာ အားထုတ်ရသလောက် အကျိုးမရှိဘဲ ဖြစ်နေရလေသည်။ ထို့ပြင် ဖော်ပြပါရှင်းလင်းချက်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသူများ သတိပဋ္ဌာန်တရားတော်ကို ကျင့်ကြံလိုစိတ်များ ထက်သန်မှုကိုလည်း ဖြစ်စေသည်ဟု ယူဆမိပါသည်။

မြတ်စွာဘုရားရှင်က မဟာသတိပဋ္ဌာနသုတ် ပါဠိတော်၌ "အာတာပီ သမ္မဇာနောသတိမာ" ဟု ဝိပဿနာရှုရာ၌ လက်ကိုင်ထားရမည့် ရှုညာဏ်များကို ဟောတော်မူထားပါသည်။ ယင်းရှုညာဏ်များ၏ အဓိပ္ပာယ်ကိုလည်း ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း ရှင်းပြထားပါသည်။

ထင်ရှားဖြစ်ပေါ်လာသော ဝိပဿနာဉာဏ်ကသမာဓိပေတည်း။ ဤသမာဓိဖြင့် စူးစိုက်မိသော ရုပ်အမှုအရာဟူသမျှကို ရှုမှတ်နိုင် အောင် မပြတ်ကြောင့်ကြစိုက်အပ်၏။ ဤကြောင့်ကြစိုက်မှုသည် အာတာပခေါ်သော သမ္မပ္ပဓာန် ဝီရိယပေတည်း။ ထက်သန်သောဤဝီရိယဖြင့် မပြတ်ကြောင့်ကြစိုက်နေလျှင် ယောဂီသည် ဖြစ်ပေါ်တိုင်းသော ရုပ်အမှုအရာဟူသမျှကို မလွတ်တမ်းမှတ်နိုင်၏။ ဤအမှတ်ရမှုသည် သတိပင်တည်း။ ဤသတိဖြင့်အမှတ်ရတိုင်း မှတ်မိသော ရုပ်အမှုအရာ အာရုံ၌ စူးဝင် စူးဝင်သွားသကဲ့သို့ လည်းကောင်း၊ စိုက်ကနဲ စိုက်ကနဲ ကျကျသွားသကဲ့သို့လည်းကောင်း၊ ကပ်ခနဲ ကပ်ခနဲ စူးစူးစိုက်စိုက် တစ်ခဏ တစ်ခဏမျှ တည်တည်သွားသော သမာဓိသည် ထင်ရှားဖြစ်ပေါ်လာ၏။ ဤသမာဓိသည် သတိ၏ အစွမ်းကြောင့်ဖြစ်သော ဉာဏ်ပေတည်း။

စာရေးသူသည် "သတိစေတသိက်ကိုလေ့လာခြင်း" ကျမ်းကို ရေးသားလာရာ "သတိရှိသူတစ်ယောက်ဖြစ်ရန် ကျင့်ကြံအားထုတ်







ပုံ"ဟူသော နောက်ဆုံးအခန်းသို့ ရောက်လာပါသည်။ ယင်းအခန်း၌ သတိရှိသူတစ်ယောက်ဖြစ်ရန် မည်သို့မည်ပုံ ကျင့်ကြံရမည်ဆိုသည်ကို ရေးသားတင်ပြရန် စိတ်ကူးထားပါသည်။ယင်းအကြောင်းကိုဝိပဿနာလုပ်ငန်းစဉ်တစ်မျိုးမျိုးဖြင့် ရေးသားတင်ပြမည်ဟုလည်း စိတ်ကူးမိပါသည်။ ဝိပဿနာကျင့်စဉ်ဖြင့် တင်ပြနိုင်ရန်မှာ စာတွေ့လောက်ဖြင့် မလုံလောက်နိုင်။ မထိရောက်နိုင်။ မိမိကိုယ်တိုင် လက်တွေ့အားထုတ်ပြီး ရေးသားတင်ပြမှသာ ထိရောက်နိုင်မည်ဟု စဉ်းစားမိပါသည်။ သို့နှင့် ၁၃၅၃-ခုနှစ်၊ နယုန်လဆန်း (၁၃)ရက်၊ ၁၉၉၁-ခုနှစ်၊ မေ (၂၅) ရက်က ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာသို့ ဝိပဿနာတရားအားထုတ်ရန် ရောက်ရှိခဲ့ပါသည်။

တရား စဝင်သည့်နေ့ ညနေ ၄-နာရီတွင် ဆရာတော်ဘုရားကြီး၏ အလုပ်ပေးတရားကို နာယူရပါသည်။ ဝမ်းဗိုက်၌ သတိကပ်လျက် ဖောင်းမှုပိန်မှုကို ရှုမှတ်ပုံ၊ နာကျင်ကိုက်ခဲညောင်းညာမှုများ ဖြစ်ပေါ်လာပါက ရှုမှတ်ပုံ၊ စိတ်ပျံ့လွင့်မှုများ ဖြစ်ပေါ်လာပါက ရှုမှတ်ပုံ၊ စက်ဘီလျှောက်အားထုတ်ရာ၌ ရှုမှတ်ပုံ စသည့် ရှုမှတ်ပုံ နည်းပေးညွှန်ကြားချက်များကို နာယူရပါသည်။

အလုပ်ပေးတရား နာယူပြီး နောက်နေ့မှစ၍ ဝိပဿနာအလုပ်ခွင် ဝင်ရပါတော့သည်။ နံနက် ၃ နာရီတွင် အချက်ပေး သံချောင်း ခေါက်သည်နှင့်တစ်ပြိုက်နက် အိပ်ရာမှ ထရပါသည်။ စာရေးသူ၏ ကမ္မဋ္ဌာနာစရိယဆရာတော်မှာ ကြို့ပင်ကောက်ဆရာတော် ဘဒ္ဒန္တသောဏကဖြစ်ပါသည်။ ဆရာတော်ထံ ပထမဆုံး တရား အစစ်ခံရသည့် နေ့တွင် ဆရာတော်က ကျွန်ုပ်၏ အသက်၊ သိက္ခာ၊ ကျောင်းတိုက်ကိုမေးရာ "အသက် ၃၁-နှစ်၊ သိက္ခာ ၁၁-ဝါ၊ ကျောင်းတိုက်ကတော့ ကမ္ဘာအေး၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကပါဘုရား"ဟု လျှောက်လိုက်သည်။ ဆရာတော်က ဆက်လက်၍ "ကျမ်းပြီးပြီလား၊ အခု ဘာလုပ်နေသလဲ" ဟုမေးရာ "သတိနဲ့ပတ်သက်တဲ့ကျမ်း ရေးနေပါတယ်ဘုရား" ဟု လျှောက်လိုက်သည်။ ဆရာတော်က "အင်း . . . ကိုယ်တော်လေးက ပရိယတ္တိ စာပေဗဟုသုတနဲ့တော့ အထိုက်အလျောက် ပြည့်စုံနေပြီပဲ၊ တရားရှုမှတ်နေတဲ့အခါ စာတွေသိပ်တွေးမနေရဘူး၊ သညာသိ ဝိညာဏ်သိတွေ တွေးမနေရဘူး၊ ပေါ်လာတာတွေကို အကုန်ရှုမှတ်ပစ်ရမယ်။ ပရိယတ္တိသမားတွေက စာတွေတွေးတွေးနေတတ်တယ်၊ စာတွေနဲ့ နှိုင်းယှဉ် နှိုင်းယှဉ်ကြည့်နေတတ်တယ်၊ မဟာစည်ဆရာတော်ဘုရားကြီးက တရားရှုမှတ်ရာမှာ တရုတ်ကုလားမှတ် မှတ်ရမယ်လို့ မိန့်တော်မူတယ်၊ တရုတ်ကုလားမှတ် မှတ်တယ်ဆိုတာ ခိုင်းသည့်အတိုင်းမှတ်



ခြင်းကိုခေါ်တယ်၊ သွားရင်သွားတယ်၊ စားရင်စားတယ်၊ မြင်ရင်မြင်တယ်၊ ကြားရင်ကြားတယ်လို့မှတ်တာ' ဟု မိန့်တော်မူပါသည်။

စာရေးသူမှာ အားထုတ်စ အခိုက်၌ အခက်အခဲများနှင့် တွေ့ကြုံရပါသည်။ စာရေးသူ၏စိတ်မှာ ဘဝပေါင်းများစွာ ရုန့်ရင်းသော ကာမဂုဏ်အာရုံတို့၌သာ ကျက်စားခဲ့သည်ကတစ်ကြောင်း၊ ဝိပဿနာအားထုတ်မှုအလုပ်၌ အလေ့အကျင့်မရှိသေးသည်ကတစ်ကြောင်းကြောင့် မရှုမမှတ်တတ်ဘဲ ဖြစ်နေပါသည်။ အရှုခံအာရုံကို ရှာမတွေ့နိုင်ဘဲ ဖြစ်နေပါသည်။ စာရေးသူ၏စိတ်မှာ အတိတ်အာရုံ ထိုထိုသို့သာ ပျံ့လွင့်နေပါသည်။ စာရေးသူမှာ စာရေးခြင်းအလုပ်၌ ဝါသနာထုံနေရကား စာတွေကို တွေးတွေးနေတတ်ပါသည်။ ရေးရေးနေတတ်ပါသည်။ ထို့ပြင် ညောင်းညာမှု၊ နာကျင်ကိုက်ခဲမှုတို့ကြောင့်လည်း တစ်မှောင့်။ ကြာသော် စာရေးသူသည် ရိပ်သာမှ ထွက်ပြေးချင်စိတ်၊ အခြားရိပ်သာသို့ ပြောင်းရွှေ့အားထုတ်ချင်စိတ်များပင် ဖြစ်ပေါ်မိပါသည်။ သို့သော် နှစ်ရက်သုံးရက်မျှနှင့် ရိပ်သာမှပြန်ပြေးသည်ကို ရပ်ရွာမှ ဒကာ၊ ဒကာမများသိလျှင်ကဲ့ရဲ့မည်ကို၊ အကြောင်းတိုက်ဆိုင်လာတိုင်း ပြောစမှတ်တွင်သွားမည်ကိုတွေး၍ စိုးရွံ့ကြောက်လန့်မိသောကြောင့် သည်းခံကာ ဆက်လက်အားထုတ်နေခဲ့ပါသည်။

တရားအားထုတ်သည်မှ သုံးရက်မြောက်ဖြစ်သော (၂၈-၅-၉၁)နေ့၊ မွန်းတည့် ၁၂ နာရီ ၅၀ မိနစ်မှ ၁ နာရီထိ ၁၀ မိနစ်ခန့်အချိန်အတွင်း၌ တရားရှုမှတ်ရသည်မှာ လွန်စွာ ကောင်းသည်။ စိတ်ငြိမ်သည်။ တွေးတောမှု၊ ပျံ့လွင့်မှုနည်းသည်။ အရှုခံအာရုံနှင့် ရှုဉာဏ်တွေ့၍ ရှုမှတ်ရတာကောင်းလျှင် တရားအားထုတ်ရတာ ပျော်သည်။ သို့မဟုတ်ပါက အားထုတ်ရသည်မှာ ပျင်းသည်။ ထွက်ပြေးချင်စိတ်များ



ဖြစ်ပေါ်မိသည်။

(၃၀-၅-၉၁)နေ့နံနက် တရားစစ်ဆရာတော်ထံမှ ထခဲ့ပြီးနောက် နေရာလွတ်တစ်နေရာ၌ နံနက် ၇ နာရီ ၄၀ မိနစ်မှစတင်၍ ထိုင်မှတ်၏။ ၈ နာရီထိုးပြီးကတည်းက မှတ်၍အလွန်ကောင်းသည်။ စိတ်ငြိမ်၍ သမာဓိရနေ၏။ အတွေးဝိတက်များလည်း သိပ်မနှောင့်ယှက်ပေ။ ဝင်ရောက်လာသော ဝိတက်ကိုလည်း ရှုမှတ်ပယ်ဖျောက်နိုင်၏။ တစ်နာရီနှင့် မိနစ် ၂၀ ကြာသည့်တိုင်အောင် တစ်ခါမျှမပြင်ရပေ။ ဤသို့ ရှုမှတ်ကောင်းလျှင် စိတ်ဓာတ်ရှင်လန်းတက်ကြွ၍ ဆက်လက်အားထုတ်ချင်စိတ်များ ဖြစ်ပေါ်မိပါသည်။

(၄-၆-၉၁)နေ့ နံနက် ၈ နာရီ ထိုင်မှတ်ချိန်၌ ထူးခြားမှုကို တွေ့ရပါသည်။ ကျွန်ုပ်သည် ဝမ်းဗိုက်၌ စိတ်စိုက် သတိကပ်လျက် ရှုမှတ်နေရာမှ မှတ်၍အတော်ကောင်းမွန်နေ၏။ စိတ်အတော်ငြိမ်နေ၏။ လူတစ်ကိုယ်လုံး ပေါ့ပါးနေ၏။ ထိုသို့ဖြစ်သည်မှာ မိနစ် (၄၀)မျှကြာသည်။ ဤသို့သော ထူးခြားချက်မှာ အမြဲမဖြစ်တတ်ပေ။

ကြို့ပင်ကောက်ဆရာတော် ၄င်းကျောင်းတိုက်သို့ ပြန်ကြွသွားသဖြင့်(၁၅-၆-၉၁)နေ့မှစ၍ မင်းလှဆရာတော် ဘဒ္ဒန္တဇဋိလပဏ္ဍိတထံ၌ တရားအစစ်ခံရသည်။ ဆရာတော်က "ဝိပဿနာအားထုတ်နေတဲ့အချိန်မှာ စာတွေကို သိပ်မတွေးပါနဲ့၊ ဝိပဿနာအားထုတ်ရင် စာ



တွေကို ပိုပြီး နားလည်လာပါလိမ့်မယ်၊ စာတစ်ပုဒ်အဓိပ္ပာယ်ကို ပြောမကုန်နိုင်အောင် နားလည်သဘောပေါက်လာပါလိမ့်မယ်"ဟု အားပေးစကား မိန့်ကြားပါသည်။

(၂၁-၆-၉၁)နေ့ ည ၉ နာရီတရားထိုင်အပြီး နာယကဆရာတော် ဘဒ္ဒန္တထေရဝံသ (မြန်အောင်) က စကြံ့လျှောက်ပုံကို ရှေ့မှ လက်တွေ့လျှောက်ပြပါသည်။ စကြံ့လျှောက်စဉ် မှတ်ပုံမှတ်နည်းကိုပါ လက်တွေ့ပြသပါသည်။

ကျွန်ုပ်သည် ဆရာတော် ပြသည့်နှန်းကြားသည့်အတိုင်း စကြံ့လျှောက်မှတ်ရာ မကြာခင်မှာပင် ထူးခြားချက်များကို တွေ့ရပါသည်။ အမှတ်သတိကပ်လျက် စကြံ့လျှောက်မှတ်နေရာ မကြာမီမှာပင် စိတ်ငြိမ်လာပါသည်။ သမာဓိရလာပါသည်။ ခြေထောက်များ ပေါ့ပါးနေ၍ ပါမှုပါရဲ့လားဟုပင် အောက်မေ့မိပါသည်။ စကြံ့လျှောက်မှတ်ရာ၌ သမာဓိရလွယ်သည်ကို တွေ့ရပါသည်။ ပိုမိုခိုင်မြဲသည်ဟုလည်း ထင်ပါသည်။

တရားအားထုတ်၍ ရက်ပေါင်း (၄၀)အရ (၃-၇-၉၁)နေ့တွင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူအပ်သော ဉာဏ်စဉ်တရားတော်ကို နာယူရပါသည်။ မဟာပရိနိဗ္ဗာနသုတ်၌ ပါရှိသော ဓမ္မာဒါသတရားတော်ကို မဏ္ဍိုင်ထားလျက် ဟောကြားတော်မူခြင်းဖြစ်သည်။ ဆရာတော်ဘုရားကြီးက "မည်သည့်ဉာဏ်ရောက်လျှင် မည်သို့ဖြစ်တတ်သည်" ဟု ဟောပြပါသည်။ ယောဂီပုဂ္ဂိုလ်က ဆရာတော်ဘုရားကြီးဟောသောတရားနှင့် မိမိရောက်ရှိသည့်ဉာဏ်စဉ်ကို တိုက်ဆိုင်ကြည့်၍ ဆုံးဖြတ်ရန်ဖြစ်ပါသည်။

ကျွန်ုပ်သည် အားထုတ်စအချိန်များတုန်းက တရားရှုမှတ်၍ မရသည်ကတစ်ကြောင်း၊ ကျန်းမာရေးမကောင်းသည်ကတစ်ကြောင်းကြောင့် ရိပ်သာမှ ပြန်ထွက်တော့မည်ဟူသောစိတ်ကူး မကြာမကြာ ဖြစ်ပေါ်မိခဲ့ပါသည်။ သို့သော် သည်းခံအားထုတ်လာသဖြင့် ဤမျှ ရက်ကြာလာရခြင်း ဖြစ်ပါသည်။ လွန်စွာကြားနာရခဲသော ဉာဏ်စဉ်တရားတော်ကိုလည်း ကြားနာခွင့် ရခဲ့ပါသည်။ ဤအတွက် မိမိကိုယ်ကို ဝမ်းသာမဆုံးဖြစ်နေမိပါသည်။ နောက်တစ်ကြိမ် အားထုတ်ချင်စိတ်များလည်း ဖြစ်ပေါ်မိပါသည်။

ကျွန်ုပ်သည် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဘုန်းရိပ်ကံရိပ်ကို ခိုလှုံလျက် စားရေး၊ နေရေး၊ ကျန်းမာရေး မပူမပန်ရဘဲ ဝိပဿနာတရားကို အားထုတ်ခဲ့ရပါသည်။ အကျိုးထူးများစွာ ရခဲ့ပါသည်။ နာယကဆရာတော်များ၏ တရားတော်များကိုလည်း ကြားနာခွင့်ရခဲ့ပါသည်။ စိတ်ကိုထိန်းချုပ်ဖို့ခဲယဉ်းပုံသဘောကိုလည်း နားလည်ခဲ့ရပါသည်။ မင်းလှဆရာတော် မိန့်တော်မူသည့်အတိုင်း "သတိ၏ အပိလာပနလက္ခဏာ=အာရုံ၌ နစ်မြုပ်သက်ဝင်ခြင်းသဘော၊ ယေ ပမတ္တာ ယထာ မတာ = မေ့လျော့သူတို့သည် လူသေနှင့်တူကုန်၏" ဟူသော ပါဠိတော်၏ အဓိပ္ပာယ်တို့ကိုလည်း သဘောပေါက်ခဲ့ရပေသည်။ ကျေးဇူးများလှပါသည်။ ဤကျေးဇူးများကို အာရုံပြုလျက် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးအား ရိုသေလေးမြတ်စွာ ပူဇော်ကန်တော့လိုက်ရပါသတည်း။

တက္ကသိုလ် သောတုဇန
(မဟာဓမ္မာစရိယ)

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

အနွတ္တနာမည် မဟာစည်

ရဝေသျှင် (နဝသ၊ ရန်ကုန်)



လောကရှိ လူအများစုသည် လှပသော အမည်နာမလေးများကို နှစ်သက်မြတ်နိုးတတ်ကြသည်။ အနှစ်သာရ ရရှိသော အမည်များကိုလည်း ခံယူလိုကြသည်။ ပိုင်ဆိုင်လည်းပိုင်ဆိုင်လိုကြသည်။ ယင်းဆန္ဒအလျောက် မိမိတို့၏အဖွဲ့အစည်းနာမည်၊ ပိုင်ဆိုင်သောတိုက်တာ စသည်တို့ကိုလည်း အမည်လှလှ အနှစ်သာရရှိရှိ ကင်ပွန်းတပ်ကြပေသည်။ အချို့သူတို့က နာမည်လှပမှု အနှစ်သာရရှိမှုကို သဘောကျရုံသက်သက်ဖြင့် မှည့်ခေါ်ကြသည်။ အချို့ကမူ အမည်နှင့်ဘဝသည် တစ်ထပ်တည်း တစ်သားတည်းဖြစ်လာလိမ့်မည်ဟု ယုံကြည်ပြီး နာမည်လှမှ ဘဝလှမည်၊ နာမည်ကောင်းမှ ဘဝကောင်းမည်၊ နာမည် အနှစ်သာရရှိမှ ဘဝအနှစ်သာရရှိမည်ဟု တွက်ဆကြသည်။ နာမည်၏ အဓိပ္ပါယ်သည် ဘဝ၏ အဆိုးအကောင်းကို ဖန်တီးရာ၌ နိမိတ်တစ်ခုဖြစ်သည်ဟု ယူဆထားပြီး လှပ၍ အနှစ်သာရ ရှိသော အမည်ကို ခံယူကြခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း ကင်ပွန်းတပ်မင်္ဂလာ၊ အမည်ပြောင်း မင်္ဂလာစသည်ဖြင့် ပွဲအမျိုးမျိုးကို ကျင်းပနေကြလေသည်။

ဗုဒ္ဓအလိုကျမူ နာမည်သည် အမည်သာဖြစ်၍ ဘဝ၏ဆိုးမှုကောင်းမှုနှင့်မသက်ဆိုင်ပေ၊ အမည်လှပကောင်းမွန်မှ ဘဝလည်း လှပကောင်းမွန်မည်ဟု မယူဆပေ။ နာမည်ကောင်းပြီး ဘဝကံဆိုးသူများ ရှိသလို နာမည်မကောင်းသော်လည်း ဘဝလှပနေသူများ တစ်ပုံတစ်ပင်ရှိသည်။ တစ်ခါက လူ တစ်ယောက်သည် နာမည်ပြောင်း လို၍ နာမည်လေ့လာရေးခရီးထွက် ခဲ့ရာမောင်သက်ရှည်ဟူသော နာမည်နှင့်ငယ်ငယ်ရွယ်ရွယ်သေနေသူ၊ မချမ်းသာဟူသောနာမည်နှင့် ဆင်းရဲနေသူ မိန်းကလေး၊ ကိုလမ်းမှန်ဟူသော နာမည်နှင့်လမ်းမှားနေသူတို့ကို တွေ့ကြုံရမှ နာမည်သည် အဓိကမဟုတ်ကြောင်း သဘောပေါက်သွားပေသည်။* ဤသာဓကကို ကြည့်လျှင် နာမည်သည်ဘဝနှင့် သက်ဆိုင်မှုမရှိကြောင်း ထင်ရှားပါသည်။

လောကုတ္တရာအနေဖြင့် အမည်လှပမှုစသည်ကို မင်္ဂလာဟု မသတ်မှတ်ထိုက်သော်လည်း လောကီအနေနှင့်ကား မင်္ဂလာဟု သတ်မှတ်လျှင် အပြစ်ရှိသလား? ဟု စောဒကတက်လာလျှင်ကား အပြစ်မရှိဟု ဆိုရပေမည်။ စာရေးသူသည်လည်း လောကီသား တစ်ယောက်ဖြစ်၍ လောကီမင်္ဂလာအနေနှင့် လက်ခံပါသည်။ သို့သော် ဤသို့လက်ခံထားလျှင် အမည်နာမနှင့် လိုက်ဖက်အောင် နေထိုင်ပြုလုပ်ဆောင်ရွက်ပါမည် ဟုလည်း ခံယူထားရပေမည်။ သို့မဟုတ်ပါက နာမည်ကတခြား နေထိုင်ပြောဆိုမှုပြုလုပ်ဆောင်ရွက်မှုက တခြားဆိုလျှင် "နာမည်တင်စီးလွန်းလို့၊ နာမည်ပိနေလို့၊ မတိုးတက်တာ" ဟု အပြောခံရပေမည်။ အရိယာဟု နာမည်မှည့်ပေးထားပြီး ငါးမျှားနေသည်ဟု အကဲ့ရဲ့ခံရလိမ့်မည်။

ပိဋကတ်စာပေ စကားအနေဖြင့်ပြောရလျှင် နာမည်သည် ရုဋ္ဌီ, အနွတ္ထ ဟူ၍ နှစ်မျိုးရှိ၏။ ရုဋ္ဌီ နာမည်ဆိုသည်မှာ လူကမဲနေသော်လည်း မောင်ဖြူဟု ခေါ်ခြင်းမျိုး၊

---

* အကျယ်ကို နာမသိဒ္ဓိဇာတ်၌ ကြည့်ရှုနိုင်သည်။





လူက ယုတ်မာနေပြီး မောင်လူ ကောင်းဟု ခေါ်ခြင်းမျိုးဖြစ်သည်။ လူနှင့်အမည်နာမ သက်ဆိုင်မှုမရှိပေ။ အနွတ္ထနာမည်သည်ကား လူက ဖြူနေ၍ မောင်ဖြူဟုခေါ်ခြင်းမျိုး၊ လူကစိတ်ထားကောင်းသောကြောင့် မောင်စိတ်ကောင်းဟု ခေါ်ခြင်းမျိုးဖြစ်သည်။ အမည်နာမသည် လူနှင့် သက်ဆိုင်မှုရှိ၏။ တစ်နည်းအားဖြင့်ဆိုရလျှင် ရုဋ္ဌိဟူသော အမည်သည် ကြားကောင်းရုံသာရှိ၏။ အနွတ္ထသည်ကား ကြားကောင်းရုံသာ မှည့်ထားခြင်းမျိုးမဟုတ်၊ အမည်နှင့်လိုက်အောင် အပြောနှင့် အလုပ်ညီသော အမည်နာမမျိုးဟုလည်း ဆိုနိုင်ကောင်းပါသည်။ အဖွဲ့အစည်းနာမည် ကုမ္ပဏီနာမည် စသည်တို့၌လည်း ဤနည်းအတိုင်းပင် မှတ်ရမည်။

ဤနေရာ၌ မဟာစည်ဟူသော အမည်ကို စာရေးသူ၏အမြင်ဖြင့် ဆန်းစစ်လိုပေသည်။ ရုဋ္ဌိ အနွတ္ထဟု နှစ်မျိုးရှိရာတွင် မဟာစည်ဟူသော အမည်သည် ရုဋ္ဌိအမျိုးအစားမဟုတ်၊ အနွတ္ထ ဖြစ်၏။ မဟာစည်ဟူသော အမည်ကို နှစ်ပုဒ်ခွဲကြည့်လျှင် မဟာ+စည် ဟူ၍ တွေ့ရမည်။ ထိုတွင် မဟာသည် ပါဠိပုဒ်ဖြစ်၏။ သို့သော် ဤပါဠိပုဒ်ကိုပင် နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေးစသည်တို့၌ မြန်မာဝေါဟာရအနေဖြင့် တွင်တွင်ကျယ်ကျယ်သုံးစွဲနေကြ၏။ များပြားမှု၊ ကြီးကျယ်မှု၊ မြင့်မြတ်မှုဟူသော အဓိပ္ပါယ်ကိုလည်း ကောင်းစွာ သိကြပါသည်။ မြန်မာအဘိဓာန်၌လည်း ကြီးကျယ်သော၊ ကြီးမြတ်သော၊ မွန်မြတ်သောဟု နာမဝိသေသနအဖြစ် ဖော်ပြထားသည်။ စည်ဆိုသည်မှာ တီးခတ်ရသော တူရိယာပစ္စည်းတစ်မျိုးဖြစ်၏။ ဤနေရာ၌ ယင်းတူရိယာကို ရည်ရွယ်၍ မှည့်ခေါ်ထားခြင်းဖြစ်ကြောင်း မဟာစည်တံဆိပ်က သက်သေပြနေပါသည်။ တစ်နည်းအားဖြင့် စည်-ကို တီးခတ်ရသော စည်အနေဖြင့် မယူလိုလျှင်လည်း စည်ကားခြင်းဟူသော ကြိယာပုဒ်အနေဖြင့်လည်း ယူနိုင်ပါသေးသည်။ ဥပမာအားဖြင့် "ပွဲကြီး က စည်ကားလိုက်တာ" ဟု သုံးခြင်းမျိုးဖြစ်သည်။

ထို့ကြောင့် စည်-ကိုတူရိယာပစ္စည်းအရယူလျှင် မဟာစည်- ဟူသောအမည်သည် ကြီးမားသောစည်၊ ကြီးမြတ်သောစည် မွန်မြတ်သောစည် ဟုအဓိပ္ပါယ်ရောက်သည်။ စည်-ကိုကြိယာပုဒ်အနေဖြင့် ယူလျှင်ကားကြီးကျယ်သောစည်ကားမှု၊ ကြီးမြတ်သောစည်ကားမှု၊ မွန်မြတ်သောစည်ကားမှု ဟု အဓိပ္ပါယ်ရောက်သည်။ စာရေးသူကမူ များပြားသော စည်ကားမှု၊ ကြီးကျယ်သော စည်ကားမှု၊ မြင့်မြတ်သော စည်ကားမှုဟု ခေါ်ဆိုချင်ပါသည်။ တူရိယာအဖြစ်ဖြင့် ယူယူ၊ ကြိယာအနေဖြင့် ယူယူ မဟာစည်ဟူသော အမည်မှာ အနွတ္ထဖြစ်သည်ပင်။ အဘယ်သို့ ဖြစ်သနည်းဟူမူ ---။





တီးခတ်ရသော စည်သည် ငယ်လျှင်ငယ်သလောက် ကြီးလျှင်ကြီးသလောက် အသံမြည်၏။ အဝေးသို့ရောက်၏။ ပျံ့နှံ့၏။ ယခုလည်း ကြီးမားသော စည် (မဟာ+စည်) ဆိုသည့်အတိုင်း ကြီးကျယ်စွာ မြည်ဟည်းနေပါသည်။ ဝေနေယျအပေါင်းတို့ကလည်း သာယာနာပျော်ဖွယ်ရှိသော ထိုမြည်ဟည်းသံကို အစဉ်မပြတ် နားစွင့်နေကြပါသည်။ ရိုးရိုးစည်သံမဟုတ်ဘဲ တရားစည်သံ ဖြစ်သောကြောင့်လည်း ပို၍ကျယ်လောင် ပို၍ချို့မြိန်နေခြင်းဖြစ်သည်။

ကြိယာပုဒ်အနေဖြင့် ယူလျှင် အနွတ္ထဖြစ်ပုံမှာ မြန်မာနိုင်ငံ၌ သာမက ကမ္ဘာတစ်လွှားအထိပင် မဟာစည်သာသနာ့ရိပ်သာများ ပြန့်နှံ့ရောက်ရှိနေခြင်းက အဓိကအချက်ဖြစ်ပေသည်။ စာရေးသူ လက်လှမ်းမီသမျှပြောရလျှင် မဟာစည် သာသနာ့ရိပ်သာတိုင်းတွင် တရားနာသူ၊ တရားအားထုတ်သူ၊ နည်းခံယူသူ၊ လေ့လာစူးစမ်းသူများစွာတို့ဖြင့် အလွန်စည်ကားနေပေသည်။ စာရေးသူတို့ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ၌ သွားရောက်အားထုတ်စဉ်ကပင် မဟာစည်သာသနာ့ရိပ်သာ ဌာနချုပ်(ရန်ကုန်)တွင် ယောဂီပေါင်း သုံးရာကျော်ရှိသည်ဟု သိရသည်။ ဌာနချုပ်တစ်နေရာ၌ပင် ဤမျှများပြားနေလျှင် တစ်နိုင်ငံလုံး တစ်ကမ္ဘာလုံး ခြုံကြည့်ပါက မည်မျှအဆမတန်များပြားနေမည်နည်း?။

စာရှုသူတို့သာ အနုမာနနည်းဖြင့် ဆက်လက်စဉ်းစားကြပါကုန်။

ဤသို့ မြန်မာပြည်၌သာမက ကမ္ဘာတစ်လွှားအထိ နေရာဒေသအနှံ့အပြား၌ များပြားစွာ တိုးတက်စည်ကားနေသောကြောင့် အလွန်များပြားသော စည်ကားမှု (မဟာစည်ကားမှု) ဟု ဆိုနိုင်ပါသည်။ မြန်မာလူမျိုးတို့ဖြင့်သာမက ကမ္ဘာသူ ကမ္ဘာသားတို့ဖြင့် အဆမတန် စည်ကားနေသောကြောင့် အလွန်ကြီးကျယ်သော စည်ကားမှု (မဟာစည်ကားမှု) ဟုလည်း ဆိုထိုက်ပါသည်။ စည်ကားရာ၌လည်း မကောင်းသော ကာမဂုဏ်အာရုံတို့ဖြင့် စည်ကားခြင်းမဟုတ်၊ မြင့်မြတ်ကောင်းမွန်သော တရားဓမ္မတို့ဖြင့် စည်ကားခြင်းဖြစ်သောကြောင့် အလွန်မြင့်မြတ်သောစည်ကားမှု (မဟာစည်ကားမှု) ဟုလည်း ဆိုအပ်ဆိုသင့်လှပေသည်။

အထက်၌ဆိုခဲ့သည့်အတိုင်း ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး (ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒစရိယ၊ ကမ္မဋ္ဌာသာသနာပြု) ၏ လမ်းညွှန်မှုကို ဥပနိဿယပြုသော မဟာစည်သာသနာ့ရိပ်သာသည် အမည်နာမနှင့်အလွန်လိုက်ဖက်ညီသော သာသနာ့ရိပ်သာ၊ အပြောနှင့်အလုပ်အချိုးကျညီညွတ်သော ရိပ်သာဖြစ်ကြောင်း ထင်ရှားပါသည်။ ထင်ရှားသည့်အလျောက် အလွန်ပင် တိုးတက်စည်ကားမှု (မဟာစည်ကားမှု) ရှိလှပါသည်။ ထို့ကြောင့် အနွတ္ထနာမည် မဟာစည် (အမည်နှင့်လိုက်ဖက်ညီသည့် မဟာစည်) ဟူ၍ ဤစာစုငယ်ဖြင့် ဂုဏ်ပြုလိုက်ရပါသည်။ စာရေးသူ၏ အဆုံးစွန်ဆန္ဒကို ဖော်ပြသင့်သည်ဟုဆိုပါလျှင် မဟာစည်ရိပ်သာသည် သိပ်၍ တိုးတက်စည်ကားနေသောကြောင့် 'မဟာစည်'ဟုသာမည မခေါ်တော့ဘဲ 'မဟာ့ မဟာစည်' ဟူ၍သာ ကမ္ဘာတမျှ ဥဒါန်းကျူးလိုက်ချင်ပါတော့သည်။

နှစ်တစ်ရာတိုင်ခဲ့ပြီဖြစ်သော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အနန္တဂုဏ်ရည်ကို ဦးညွတ်ပန်ဆင်လျက် -

ပဋိပတ္တိသာသနံ (မဟာစည်သာသနံ) စိရံ တိဋ္ဌတု။

ရဝေသျှင်
(န.ပ.သ၊ ရန်ကုန်)

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



ပါရမီချင်းတော့ မတူပါပေ

မောင်သီလ

"ဆရာသီလ၊ ကျွန်တော်တော့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ရာပြည့်အထိမ်းအမှတ် စာစောင်ဆရာလုပ်နိုင်လိမ့်မယ်လို့ ဗိုလ်မှူးကြီးစောမြင့် (မဟေသိမဂ္ဂဇင်းအယ်ဒီတာချုပ်) ကို ပြောခဲ့ပြီ၊ အဲဒါ ဆရာဒီတနဂ်နွေ မဟာသန္တိသုခမှာ ဗိုလ်မှူးကြီးကို သွားတွေ့ရမယ်။

"ဟာ . . ဆရာရယ်၊ ကျွန်တော့်ကို အကျိုးအကြောင်းမေးပါအုန်းလား၊ ကျွန်တော်က အားတာမဟုတ်ဘူး၊ ဆရာသိရက်နဲ့၊ ဒီကိစ္စကျွန်တော်ဘယ်လိုဖြေရှင်းရမလဲ"

"ဘယ်လိုဖြေရှင်းရမလဲတွေဘာတွေလုပ်မနေနဲ့၊ ဆရာဒီအလုပ်ကို လက်ကိုခံရမယ်၊ ဒါပဲ"

ဆရာတက္ကသိုလ်စိုးယဉ် အကြောင်း ပခုက္ကူအသင်းမဂ္ဂဇင်းလုပ်စဉ်ကပင် ကျွန်တော်သိပြီးဖြစ်၍ ဘာမျှဆက်၍ မပြောမိတော့၊ ပခုက္ကူသားချင်းမို့ စာပေကိစ္စနှင့် ပတ်သက်လျှင် အလွန်ဇွတ်တခွတ်နိုင်စွာ အရေးဆိုတတ်သည်။ ယခုလည်း အကြောက်အကန် ငြင်းဆန်၍ ရမည်မဟုတ်၊ ဆိတ်ဆိတ်နေလိုက်ရတော့သည်။

ထိုသို့ တက္ကသိုလ်စိုးယဉ် စာရေးသူ၏ ရုံးခန်းသို့ ရောက်လာပြီး ကျေး

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရာပြည့်အထိမ်းအမှတ်စာစောင်တွင် တာဝန်ခံစာတည်းအဖြစ် ဝင်ရောက်လုပ်ကိုင်ပေးရန်တိုက်တွန်းပြောဆိုစဉ်က စာရေးသူ၏ စိတ်ထဲတွင် များစွာတုန်လှုပ်ချောက်ချားရင်ခုန်စေခဲ့ပါသည်။ ထိုသို့ တုန်လှုပ်ချောက်ချားရင်ခုန်စေမှုမှာ ကြီးလေးသောတာဝန်ကြောင့် မဟုတ်ပါ။ ထိုလုပ်ငန်းမှာ စာရေးသူအတွက် ထမင်းစားရေသောက်သဘောထား၍ ရပါသည်။

စာရေးသူ၏ တုန်လှုပ်ချောက်ချားရင်ခုန်ရမှုမှာ စာရေးသူ၏ ဘဝတွင် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးနှင့် ပတ်သက်ခဲ့သော အတိတ်အကြောင်းခံတရားဖြစ်ရပ်များကို ပြန်လည်သတိရမိ၍ ဖြစ်ပါသည်။

ထိုနေ့ အိမ်သို့ရောက်၍ အနားယူပြီးသည့်တိုင် စာရေးစားပွဲတွင် မထိုင်မိ၊ စာကြည့်နောက်မှီကုလားထိုင်တွင် ထိုင်ကာဆေးလိပ်သောက်ရင်း ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီးနှင့် ပတ်သက်ခဲ့သော အတိတ်ဖြစ်ရပ်တို့ကို တစ်စစီပြန်လည်စဉ်းစားတွေးတောနေမိပါတော့သည်။

× × ×

"ဆရာဘ . . ဒီနေ့ ကျုပ်စိတ်ထဲမှာ မတင်မကျ စိတ်နှစ်ခွဖြစ်နေတဲ့ ပြဿနာလေးတစ်ခုကို မေးချင်ပါတယ်။"

"မေးပေါ့ဆရာမြိုင်ရယ်၊ စကားပလ္လင်ခံနေဖို့မလိုပါဘူးဗျ၊ ခင်ဗျားနဲ့ကျုပ်က ဒီလိုပဲ တရားဆွေးနွေးနေကျပဲဟာ၊ ဘယ်လိုပြဿနာမျိုးလဲဆိုစမ်းပါအုန်း ဆရာမြိုင်ရဲ့"

"ကျုပ် . . ခပ်တိုတိုပဲ ပြောပါ့မယ်၊ ပြဿနာက ဒီလိုဗျ၊ ဒုက္ခသစ္စာကိုသိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာကို ဆိုက်ရောက်မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ပွားများခြင်းဆိုတဲ့ **သိ-ပယ်-ဆိုက်-ပွား** လေးပါးသောကိစ္စ ပိုင်ပိုင်နိုင်နိုင်ရရှိဖို့အတွက် သိမှုနှင့်ပယ်မှုဒီနှစ်မှုက ဘယ်အမှုကို ပဓာနထားပြီး ဦးစားပေးလုပ်ရမလဲဆိုတဲ့ကိစ္စပါ"

"အော် . . ဆရာမြိုင်မေးချင်တာဒါလား၊ ဆရာမြိုင် **တေဘုမ္မာ** သီချင်းကို ကြားဖူးမှာပေါ့"

"ကြားဖူးပြီလားဆရာဘရယ်၊ ဒီတေဘုမ္မာသီချင်းကို ဘာဂျာဘသွင်ဆိုသူက ကိုယ်တိုင်ဘာဂျာတီး၊ ကိုယ်တိုင်သီဆိုပြီး ခွေးတံဆိပ်ဓာတ်ပြားသွင်းခဲ့တာ မှတ်မိပြီလားဗျာ၊ ဘာတဲ့ . . . ***ရှုက်စရာတွေးတော့ သမုဒယပါ၊ မဂ္ဂဆေးနဲ့ကုရမှာ၊ လက္ခဏာရေးဖြင့် ရှုကြပါ . .*** အဲ . . အဲ မမှတ်မိတော့ဘူး။

"ဟဲ . . ဟဲ ထားပါတော့၊ ဒီသီချင်းက ဝိပဿနာလမ်းစကို ဦးစွာညွှန်ပြပေးခဲ့တဲ့ သီချင်းပဲ၊ ကျုပ်ဆက်ဆိုပြမယ်၊ ***ဒိဋ္ဌိဉာဏ်ဝင်စား ထင်မှားမြင်မှားကြတာ၊ လူပဲ နတ်ပဲ***





မှတ်စွဲလို့သာ မှားချက် အလွန်နာ၊ ငါ့သား၊ ငါ့မယား လင်သား ဥစ္စာ၊ ငါ့ကိုယ် ငါဟာ အစဉ်မကွာ၊ သက္ကာယကြောင့် မာနတွေထောင်ကြတာ၊ ဝိပဿနာ ဝင်စား ထင်ရှားမြင်ငြား ကြပါ၊ ဘာမျှရှာမရ၊ အ, သာရက (အနှစ်မရှိ) **မှန်စွာ၊ အနတ္တခန္ဓာ ဖြစ်ရင်းတည်ရင်း ပျက်ရင်းချုပ် ကာ၊ ရုပ္ပတိသညာ၊ ဖောက်ပြန် မဆိတ်ပါ၊ အနိစ္စလက္ခဏာ** . . . အဲဒါပဲဗျ ဆရာမြိုင်ရဲ့၊ သိမှု၊ ပယ်မှု၊ ဆိုက်မှု၊ ပွားမှုတွေ အားလုံးကိုခြုံပြီး မိမိရရ ဓမ္မသဘာဝနဲ့အညီ ဝိပဿနာ ကျမ်း တစ်ဆူဖြစ်အောင်စပ်ထား တာ"

"ဟုတ်ပါရဲ့ ဆရာဘရယ်၊ အဲဒါကြောင့် ဒီပဲရင်းဆရာတော်ကြီးက ပရမတ္ထစကဒ္ဒကျမ်းမှာ **မသိလျှင် တွယ်၊ သိလျှင်ပြယ်သည်၊ တွယ်လျှင် လည်းဘေး၊ ပြယ်လျှင်လည်းအေး သည်**"လို့ဆိုထားတယ်မဟုတ်လား၊ ဒါနဲ့ ကျုပ်သိချင်တာလေး နားဝင် အောင်ရှင်းစမ်းပါဦး ဆရာဘရယ်"

"အင်း . . . ဆရာက နား လည်အောင် ဘယ်လိုရှင်းပြရပါ့ မလဲ၊ အင်း . . . ဆရာဘကို ဥပမာ တစ်ခုပေးပြီး ပြောပါမယ်၊ ဘယ်လို ဥပမာမျိုးလည်းဆိုတော့ **လင်မြောင်ထားတဲ့ မယား** ဥပမာ လိုပဲ မှတ်ပေါ့ဗျာဟုတ်ဘူးလား"

"ဟုတ်ပါပြီဆရာဘရယ်၊ လင်မြောင်ထားတဲ့မယား ဥပမာ ကြား ချင် သိချင်လှပြီဗျို့၊ ပြောသာပြောပါ တော့"

"ဒီလိုဗျ . . . ဟိုတုန်းက ယောကျ်ားတစ်ယောက်က အလွန် ချောမောလှတဲ့ မိန်းမတစ်ဦးနဲ့ အကြောင်းဆက်ပေါင်းဖက်နေထိုင် တယ်၊ အဲဒီယောကျ်ားဟာ သူဇနီး သည်ကို ဘယ်လောက်ချစ်သလဲ ဆိုရင် ပြည်လှဖေနဲ့မေရှင်တို့ သီဆို ထားတဲ့ **သက်ဝေ** သီချင်းထဲကလို အသက်နဲ့ထပ်တူကြင်မလေ ရင်ကို ခွဲလို့ အသည်းကို ကင်ပါစေ၊ ချစ်သူ သက်ဝေအလှ စိတ်တိုင်းကျကျ ပျော်သလိုနေ၊ လှသထက်လှမယ် ဆိုရင် ဆေးဖက်ဝင်ပါသလား၊ မောင့်အသား၊ မောင့်အသွေး တွေ၊ မောင့်အသည်းတွေ မောင့် နှလုံးတွေ၊ အသုံးပြုပါလေ၊ ကြည်ဖြူ ပါတယ်၊ လိုရာကို ယူစေ . . . ဆိုတဲ့ သီချင်းထဲကလိုပဲဗျ"

"ဟား . . ဟား . . . တယ်ဆို တဲ့စာပဲဗျို့၊ ဆက်ပါဦးဆရာဘရဲ့"

"အဲဒီလောက် မယားကို ချစ်



ရှာတဲ့ယောကျ်ားဟာ မယားဝတ်ဖို့, စားဖို့, နေဖို့ စီးပွားဥစ္စာတွေကို နေ့မအားညမနားရှာဖွေနေတယ်၊ ဇနီးလုပ်သူကတော့ လင်ရှာလို့ရတဲ့ စီးပွားဥစ္စာတွေကို ထိုင်ဖြုန်းတီးပစ် ရုံမကဘူးဗျို့၊ လင်မြောင်တစ် ယောက် ထားပြီးတောင် ပျော်ပါး လိုက်သေးတယ်၊ ဒီလိုပျော်ပါးရုံနဲ့ တင်အားမရ သေးဘူးဗျ၊ ရှာတဲ့ လင်ယောကျ်ားကို အသေသတ်ဖို့ တောင် ကြံစည်လိုက်သေးသဗျ"

"ဟာ . . ကျွတ် . . ကျွတ်၊ တော်တော်ဆိုးတဲ့မိန်းမပဲဗျို့၊ ဒါနဲ့ ဆရာဘ . . ကျုပ်တို့ ပြောနေကြ တာ ဝိပဿနာဘာဝနာအကြောင်း နော်၊ လမ်းခွေသွားမယ်"

"ဟဲ . . ဟဲ သိပါတယ်၊ ဆရာ မြိုင်ရဲ့၊ ခင်ဗျားရောက်ချင်တဲ့ကမ်း ကိုရောက်တော့မှာ ခဏသည်းခံပါ အုန်းဗျာ၊ ဒါကသွားလိုတဲ့ကမ်းကို ရောက်ဖို့ လှော်နေတာဗျ၊ ဒါနဲ့ . . မယားရဲ့အကျင့်ဆိုးကို လင်ယောကျ်ား က သိသလားဆိုတော့ မသိရှာဘူးဗျ၊ ဘာ့ကြောင့်လည်းဆိုတော့ ဇနီးချော လေးရဲ့ မာယာ ပရိယာယ်နဲ့ ယုယ ပိုက်ထွေးမှုက လင်ဖြစ်သူရဲ့ အသိ ဉာဏ်ကို ဖုံးကွယ်နေလို့ဗျ၊ ဘယ် လောက်ဖုံးကွယ်နေသလဲဆိုရင် ပတ်ဝန်းကျင်က အမှန်တရားကို ဖော်ထုတ်ပြောကြားတာတောင် မယုံဘူးဗျ၊ ကာလအတန်ကြာတဲ့ အခါ အသိမိတ်ဆွေတွေက သက် သေ, သာဓကတွေနဲ့ပြောတော့မှ သူ့ဇနီးအပေါ် သက်ာမကင်းဖြစ်



သံသယဝင်လာတယ်၊ နောက် ဇနီးသည်ကို နောက်ယောင်ခံလိုက်ကြည့်တဲ့အခါ သူ့ဇနီးသည် အမြောင်ထားတယ်ဆိုတာ သူလက်ခံလာတယ်၊ ဒီတော့မှ သူ့အသက်ဘေးကို စိုးရိမ်ကြောင့်ကြမှုဖြစ်လာပါတယ်။" ကဲ . . . ဆရာမြို့ငြိသချင်တဲ့နေရာ ရောက်ပြီဗျို့၊ အကြောင်းချုပ်တော့မယ်၊ သေသေချာချာ နားထောင်ပေတော့ဗျ၊ ထိုယောကျ်ားဟာ မယားဇ၏ အကျင့်ဆိုးကို သိမှုအကြောင်းကြောင့် အချစ်ပြယ်မှုအကျိုးသည် ပေါ်လာပါတယ်၊ ဒုတိယ-ငါချစ်သဖြင့် အပြစ်မမြင်ဘဲ ချမ်းသာသုခဟု ထင်နေမိသော ထိုမယားသည် ငါ၏ဒုက္ခကြီးပါတကား၊ ဤမယားတည်းဟူသော ဒုက္ခမှ ကျွတ်လွတ်မှုသည် ငါ့အဖို့ ချမ်းသာသုခကြီးပေတည်း၊ ဤမယားကို ချစ်ခင်တွယ်တာမှုကား ဒုက္ခလမ်းပါတကား။ ဤမယားအား အပြစ်မြင်မှု စိတ်ကုန်မှုသည်ကား သုခလမ်းတည်းလို့ အမှန်ကို သိမြင်တဲ့ ယထာဘူတဉာဏ်ဟာ ထိုယောကျ်ားရဲ့ စိတ်သန္တာန်မှာ ထင်ရှားပေါ်လာပါတယ်၊ ဆရာမြို့ငြိအနေနဲ့ ဒီဥပမာထဲက အကျင့်ဆိုးတဲ့မယားကို ဥပါဒါန်ခန္ဓာငါးပါး၊ ဒုက္ခသစ္စာတရားအနေနဲ့ထားပြီး စဉ်းစားလိုက်မယ်ဆိုရင် ခုနကဆရာမြို့ငြိပြောတဲ့ **မသိလျှင် တွယ်၊ သိလျှင် ပြယ်သည်၊ တွယ်လျှင်ဘေး၊ ပြယ်လျှင်အေးသည်** ဆိုတဲ့ ဒုက္ခသစ္စာ နဲ့ သမုဒယသစ္စာတို့ရဲ့ အကြောင်းအကျိုး အပြန်အလှန် ဆက်နွယ်ပုံကို ကောင်းကောင်း ကြီးနားလည် သဘောပေါက်မှာပါ။ ဒီအခါမှာ ဆရာမြို့ငြိ သိချင်တဲ့ ဒုက္ခသစ္စာကို "သိမှု" သည်သာလျှင် အဓိကအလုပ်ဆိုတာ သိသာပါတယ်ဗျာ"

စာရေးသူအဘိုးဖြစ်သူ ဦးကြီးဘသည် ဆရာကြီးဦးမြို့ငြိအား စကားများစွာ ပြောလိုက်ရသဖြင့် မောပန်းသွားသည့်အလား ရှေ့မှ အေးစက်နေသော ရေနွေးကြမ်းခွက်ကို တစ်ကြိုက်တည်းမော့သောက်ချလိုက်သည်။ ထိုစဉ်

"ဦးကြီးဘ . . . ဦးကြီးဘရှိလား" ရွာတောင်ပိုင်းမှ ကာလသားခေါင်းကို မောင်ပုအမောတကောနှင့် အိမ်ပေါ်ပြေးတက်လာသည်။ ထို အခါအနီးတွင်ရှိသော ဦးမြို့ငြိက -

"မောင်ပုရာ၊ မင့်ဟာအထိတ်တလန့်ကွာ၊ ဘာကိစ္စအရေးကြီးလာလို့လဲ"

"အရေးကြီးတယ်တော့မဟုတ်ပါဘူး၊ ဟိုဗျာ . . . မဟာစည်ဆရာတော်ဘုရားကြီး . . . "

"အေး . . . ပြောစမ်းကွ၊ မဟာစည်ဆရာတော်ဘုရားကြီးဘာဖြစ်လဲ"

"ဒီလို ဦးကြီးဘရ၊ မဟာစည်ဆရာတော်ဘုရားကြီး၊ ပခုက္ကူကို ရောက်နေတယ်၊ အဲဒါ . . ဦးကြီးဘနဲ့ ဆရာကြီးဦးမြို့ငြိရော ဖူးချင်ကြမလားလို့ ကျွန်တော် သတင်းလာပေးတာ"

"ဟာ . . ဖူးချင်ပြီလားကွာ၊ မဟာစည်ဆရာတော်ဆိုတာ နယ်နယ်ရရပုဂ္ဂိုလ်ကြီးမဟုတ်လားလို့ ဆဋ္ဌသင်္ဂါယနာတင်မှာ ပုစ္ဆကအမေးရှင်ကြီး၊ မဟာစည်ဆရာတော်ဘုရားကြီးမေးတာကို မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက ဖြေရတာ၊ ကြုံမှကြုံခဲကွာ၊ ဖူးလိုက်ချင်ပြီလား၊ ဒါပေမယ့် . . . "

"ဒါပေမယ့် . သွားဖို့ကိစ္စလား ဦးကြီး၊ မပူနဲ့ ဘကြီးတို့သာ ဖူးချင်တဲ့ဆန္ဒရှိရင် ကျွန်တော်လှည်းကောက်ပြီး လိုက်ပို့မှာပေါ့၊ ကျွန်တော်လည်း ဖူးချင်တယ်"

"အေး . . . အဆင်ပြေတာပေါ့ကွာ၊ သွားကြတာပေါ့၊ ငါ့တူကြီး ကျန်းမာပါစေ၊ ချမ်းသာပါစေကွာ၊ ဦးကြီးက ဒီကစ်သက်မဟာစည်ဆရာတော်ကို ဖူးရပါ့မလားလို့ ဆရာတော်ဘုရားကြီးစာအုပ်တွေ ဖတ်ရတိုင်း တောင့်တနေခဲ့တာ၊ ခုတော့ ငါ့တူကြီးပါရမီဖြည့်တာနဲ့ ပြည့်ပြီကွ။

× × ×

အချိန်ကား ၁၃၇၂ ခုနှစ်၊ တပေါင်းလထဲတွင် ဖြစ်သည်။ ထိုနေ့ရက်နှင့်ခုနှစ်ကို စာရေးသူမည်သို့မျှ မေ့နိုင်မည်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် စာရေးသူကို အလွန်ချစ်သော အဘိုး၊ စာရေးသူချစ်သောအဘိုးဆုံးသည့်ခုနှစ်လဖြစ်နေ၍ ဖြစ်သည်။



စာရေးသူတို့ရွာကလေးကား မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ ရေစကြို မြို့နယ်အတွင်းမှ ကျေးရွာကလေး တစ်ရွာဖြစ်သည်။ တည်နေရာအတိ အကျဆိုရပါလျှင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ဆုံရာ အနောက် ဘက်ကမ်းနဖူးတွင် တည်ရှိသည်။ မြစ်ဝမြေနုကျွန်းပေါ် အရပ်ဖြစ်၍ တောင်ယာလုပ်ငန်းဖြင့် အသက်မွေး သူများ ဖြစ်ကြသည်။ အနည်းပါးလူ နည်းစုသာ ဧရာဝတီမြစ်နှင့် ချင်း တွင်းမြစ်ကို မှီ၍ ငါးဖမ်းခြင်းအလုပ် လုပ်ကြလေသည်။ ရွာ၏အမည် ကား ဆင်မရဲကျေးရွာ ဖြစ်ပါသည်။ ယခု ကျေးဇူးရှင်မဟာစည်ဆရာ တော်ဘုရားကြီးကြွရောက်သော ပခုက္ကူမြို့ကား စာရေးသူတို့ရွာနှင့် ၁၂-မိုင်မျှဝေးလေသည်။ ရေလမ်း ခရီးအနေဖြင့်ကား ပခုက္ကူနှင့်မြင်းခြံ ပြေးဆွဲနေသော မင်းဒင်ရေယာဉ် (သဘော်) နှင့်ကူးတို့လုံး (သဘော်) ရေယာဉ်တို့သာ ရှိသည်။ ၄င်းရေ ယာဉ်တို့ကို စာရေးသူတို့ ရွာဆိပ် ကမ်းမှ ပခုက္ကူသို့စီးလျှင် နာရီဝက် ခန့်သာ ကြာလေသည်။ သို့သော် မိမိစီးချင်၊ သွားချင်တဲ့အချိန်သွား၍ မရပေ။ ညနေဘက် ၄-နာရီအချိန် မြင်းခြံမှ အပြန်အစုန်တွင် စောင့်စီး မှသာ ရနိုင်သည်။ နံနက်ပိုင်းပခုက္ကူ သို့ သွားလိုက ရွာမှ နွားလှည်းဖြင့် သွားရလေသည်။ သို့မှသာ ပခုက္ကူ သို့ နံနက်ပိုင်း ရောက်နိုင်လေသည်။

ထိုစဉ်က စာရေးသူမှာ ၇-နှစ် သားအရွယ်သာ ရှိသေးသည်။ အဘိုးတို့ ရေနွေးကြမ်းဝိုင်းဖွဲ့ စကား ပြောတိုင်း အဘိုးအနားတွင် စာရေး သူအမြဲတမ်းရှိသည်။ အဘယ့် ကြောင့်ဆိုသော် အဘိုးတို့ ရေနွေး ကြမ်းဝိုင်းအတွက် အမေက အမြဲ တမ်းချတည်လေ့ရှိသော လက်ဖက် သုပ်၊ မြေပဲဆံကြော်၊ ထန်းလျက်ခဲ တို့ကို စားသောက်ရ၍ ဖြစ်သည်။ ထို့အပြင် အဘိုးတို့စကားပြောသည့် အခါ အလွန်နားထောင်၍ကောင်း သည်။ မိမိတို့ ပြောလိုသည့်စကား အဓိပ္ပါယ်ကို တစ်ဘက်လူ နားလည် သဘောပေါက်အောင် ပုံတိုပါဌ်စ ကလေးများ၊ ဇာတ်နိပါတ်တော်လာ ဝတ္ထုကြောင်းကလေးများ ထည့်ပြော တတ်ကြသည်။ ဤသည်ကို စာရေး သူ အလွန်သဘောကျသည်။

ထိုနှစ် ၁၃၃၂ ခုနှစ်၊ တပေါင်း လတွင် ပခုက္ကူမြို့သို့ ကြွရောက် တော်မူလာသော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ဖူးချင်လွန်းသောဆန္ဒပြင်းပြသည့် စာရေးသူ၏အဘိုး (ဦးကြီးဘ) သည် ဆန္ဒမပြည့်ဝခဲ့ပါ။ ယင်းသို့ ဆန္ဒ မပြည့်ဝခဲ့ရခြင်းမှာ ကိုယ်တော်မြတ် ပါရမီဖြည့်ပျက်ကွက်ခဲ့၍လည်း မဟုတ်ပါ။ အကြောင်းသော်ကား စာရေးသူ၏အဘိုးဖြစ်သူမှာ ထိုနေ့ ည မိုးသောက်ယံလင်းကြက်တွန် သည့်အချိန်တွင် လေဖြတ်၍ ဘဝ တစ်ပါးသို့ ပြောင်းသွားကွယ် လွန်ခဲ့ ရှာပါသည်။ စာရေးသူ၏ အဖေ ဖြစ်သူမှာ မိမိဖခင်ကြီး မသေမီ မဟာစည်ဆရာတော်ဘုရားကြီးကို မဖူးလိုက်ရသည့်အတွက် တက် တစ် ခေါက်ခေါက် ဖြစ်နေခဲ့သည်မှာ အကြိမ်ကြိမ်။ စာရေးသူ၏ဖခင်ကြီး သည် မိမိ ဖခင်ဖူးခွင့်မရလိုက်သော ကျေးဇူးတော်ရှင် မဟာစည်ဆရာ တော် ဘုရားကြီးကို ဖူးဖြစ်အောင် သွားရောက်ဖူးမည်ဟု အားခဲကာ အဘိုးစျာပန ရက်လည်ဆွမ်းသွပ်ပြီး သည့်အချိန်တွင် ပခုက္ကူမြို့သို့ စာရေးသူ (ကလေးဘဝ) ကို ခေါ် ကာ သွားခဲ့သည်။

အဘိုးကြွင်းကျန်ခဲ့သော ငွေ ကြေးအချို့တို့ကို ဆရာတော်ဘုရား ကြီးအား ကပ်လှူရန် ရည်ရွယ်သော အားဖြင့်လည်း သွားရောက်ခဲ့ခြင်း ဖြစ်ပါသည်။

အဘိုးဆုံးပါးသွားသည့်အချိန် တွင် အဘိုး၏အမွေအနှစ်ဟူ၍ ကြောင်ပန်းဝိပဿနာတရားတော်၊ ကျောက်ပုံတောရဝိပဿနာတရား တော်၊ ကျောက်သင်္ဘောဝိပဿနာ တရားတော်စာအုပ်များနှင့် ကျေးဇူး တော်ရှင်မဟာစည်ဆရာတော်ဘုရား ကြီး၏သတိပဋ္ဌာန်တရားတော်၊ ဓမ္မ စကြာတရားတော်စာအုပ်များသာ။ စာရေးသူအနေဖြင့် ထိုစဉ်က ၇-နှစ် သားအရွယ်မျှ ရှိသေးရာ ငါ့အဘိုး တွင် ဤကဲ့သို့သော နိဗ္ဗိန္ဒအသိ အရှိ တရားကို ရိက္ခာထုပ်အဖြစ် ပါသွားခဲ့ သည်ကို သတိမပြုမိသလို စာရေး သူ၏ဖခင်နှင့် စာရေးသူတို့အတွက် အကောင်းဆုံးအမွေများ ပေးခဲ့သည် ကို မသိခဲ့ပါ။



စာရေးသူမှာ ဆရာတော်ဘုရားကြီးအား ကပ်လှူရန် မိမိနိုင်သမျှ သော မြေပဲလှော်၊ မြေပဲယို၊ ပေါက်ပေါက်ဆုပ်၊ သကာရည်အိုးတို့ကို ကူထမ်းရသည်။ သို့ပါသော်လည်း ဖခင်နှင့်စာရေးသူတို့မှာ ပခုက္ကူ အလယ်တိုက် မဟာဝိသုတာရာမဘဒ္ဒန္တသုန္ဒရဆရာတော်ဘုရားထံရောက်မှ ခဲလေသမျှသဲရေကျ ဖြစ်ကြရသည်ကို သိတော့သည်။ အကြောင်းမူကား ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးမှာ ရန်ကုန်သို့ ပြန်ကြွသွားပြီဖြစ်ကြောင်း သိရ၍ဖြစ်ပါသည်။

ဤသို့ဖြင့် နှစ်တွေကြာညောင်းလာခဲ့သည်။ အကြောင်းအားလျော်စွာ စာရေးသူ၏ အနာဂတ်ပညာရေးအတွက် ရန်ကုန်သို့ ၁၉၇၀ခုနှစ် ဖေဖော်ဝါရီလတွင် ရောက်ခဲ့သည်။ စာရေးသူမှာ အလုပ်တစ်ဖက်နှင့် ကျောင်းတက်လိုသည်ဖြစ်၍ အပူတပြင်းအလုပ်ရှာဖွေခဲ့ရသည်။ စာရေးသူ လုပ်ချင်သောအလုပ်မှာ စာပေအလုပ်ဖြစ်၍ မည်သည့်စာပေတိုက် ပုံနှိပ်စက်မျှ အလုပ်မရဘဲ ရှိနေ လေသည်။ ထိုစဉ် ပုဇွန်တောင်မြသိန်းတန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရ (ကလောင်အမည်-ပခုက္ကူအရှင်ကေသရ၊ ဒဂုန်ဝတ်မှုန်၊ ခိုင်ရွှေဝါ) ဆရာတော်မှ ဆရာတော်၏ရဟန်းအမ ဖြစ်သော ဗုဒ္ဓဓမ္မလောက စာစောင်တိုက်ပိုင်ရှင် ဒေါ်ရင်မေထံတွင် အလုပ်ရရှိပါသည်။ ဤတွင် ဗုဒ္ဓဓမ္မလောကစာစောင်အယ်ဒီတာချုပ် မင်္ဂလာဦးအောင်မြင့်နှင့်ဆုံဆည်းခွင့်ရသည် အရေးအသားနှင့် စာပေဆိုင်ရာဗဟုသုတ၊ ပုံနှိပ်ပိုင်းဆိုင်ရာအလုပ်တို့ သိရှိနားလည်ခွင့်ရလာသည်။ စာရေးသူ၏မူလစာပေဆိုင်ရာ လက်ဦးဆရာဟု အမည်တပ်က မှားအံ့မထင်ပါ။

ဗုဒ္ဓဓမ္မလောကစာစောင်တွင် ၅-နှစ်ခန့်ကြာသောအခါ စာရေးသူအနေဖြင့် အတော်အတန် လစာရရှိလာသည်။ ဆရာမင်္ဂလာဦးအောင်မြင့်မှာလည်း အသက်ကြီးရင့်လာ၍ စာစောင်တိုက်သို့ နေ့စဉ်ပုံမှန်မဆင်းနိုင်တော့ချေ။ ဤအခြေအနေတွင် စာရေးသူအတွက် အလုပ်တိုးလာခဲ့သည်။

အပတ်စဉ် ဆရာမင်္ဂလာဦးအောင်မြင့်နေထိုင်ရာ ဗဟန်းမြို့နယ်သို့သွား၍ ရွှေးစာမူယူရခြင်းနှင့် အပတ်စဉ် စာစောင်တိုက်သို့ ရောက်ရှိလာသော စာမူများကို ပေးပို့ရသည်။ ထိုအခါများတွင် ဆရာမင်္ဂလာဦးအောင်မြင့်ကို အိမ်တွင်မတွေ့ရဘဲ မဟာစည်ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ရုံးခန်းသို့ သွားရောက်တွေ့ဆုံရသည်။ စာစောင်တိုက်သို့ မှာကြားပြောဆိုလိုသည့် စကားရှိက မှာကြားပြောဆိုနိုင်ရန် တွေ့ဆုံရခြင်းဖြစ်လေသည်။ ဤအခါမှစ၍ စာရေးသူနှင့်မဟာစည်ဆုံဆည်းရဖို့ အခွင့်အလမ်းရရှိလာလေသည်။ ထိုအချိန်တွင် မဟာစည်ဆရာတော်ဘုရားကြီးကို ဖူးတွေ့ရဖို့ လွယ်ကူပါလျက် စာရေးသူမကြိုးစားမိပေ။ ထိုအချိန်က စာရေးသူ၏ ဘဝနိမ့်ကျနုံချာလွန်း၍ ဆရာတော်ကြီးနှင့်ဖူးတွေ့ဖို့ အရာမဟုတ်သေးဟုလည်း စိတ်ထဲတွင် ထင်မှတ်နေခဲ့သည်။

ထိုအချိန်တွင် မမျှော်လင့်ဘဲ ဖခင်ထံမှ စာတစ်စောင်ရောက်လာသည်။ ဖခင်၏စာထဲတွင် "ငါ့သားပေးပို့လိုက်သော ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး ဓာတ်ပုံနှင့်တရားစာအုပ်များ ကောင်းမွန်စွာ ရရှိကြောင်း၊ ငါ့သား ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးသီတင်းသုံးရာ မဟာစည်ရိပ်သာကြီးထဲသို့ တစ်လ၂-ကြိမ်မျှ သွားရောက်ရကြောင်းတွေ့ ဖတ်ရတော့အဖေ လွန်စွာ ဝမ်းသာမိကြောင်း၊ ယခုလို ငါ့သားကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဖူးတွေ့ဆုံစည်းခွင့် ရရှိသည်မှာ အလွန်ပါရမီထူးကြောင်း၊ အဖေလည်း ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကို ဖူးတွေ့ခွင့်ရဖို့အတွက် ဒီနှစ်တောင် သူလုပ်ငန်းသိမ်းပြီး ပဲရွှဲဆေးလေးများ ရောင်းချ၍ ဘုရားဖူးလာမည်ဖြစ်ကြောင်းနှင့် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးရေးသား ပြုစုတော်



မူသော ရတနာသုံးပါးဂုဏ်ကျေးဇူးစာအုပ်ကို ရရှိလိုကြောင်းတို့ ရေးသားထားလေသည်။

ဖခင်ထံမှ စာကိုဖတ်ပြီး စာရေးသူလွန်စွာစိတ်တုန်လှုပ်မိသွားပါတော့သည်။ အဘယ့်ကြောင့်ဆိုသော် ဖခင်ဖြစ်သူမှာ သားဖြစ်သူ စာရေးသူကို ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးကို ဖူးတွေ့ခွင့်ရသော ပါရမီရှင်ကြီးအဖြစ် မှတ်ယူကာ ဂုဏ်ယူဝမ်းမြောက်နေသည်။ အမှန်စင်စစ်ကာ စာရေးသူအနေဖြင့် ဖူးတွေ့ခွင့်လွယ်ကူပါလျက် ဖူးတွေ့ခွင့်ရဖို့ မကြိုးစားမိခြင်းကို ရှက်မိခြင်းပါ။

၁၉၇၉ ခုနှစ်၊ ဧပြီလတွင် စာရေးသူ၏ဖခင်သည် သူစာရေးခဲ့သည့်အတိုင်း ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးအား ဖူးတွေ့ရန်အတွက် ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့ပါသည်။ သို့ပါသော်လည်း ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး နိုင်ငံခြားသွားရောက် သာသနာပြုနေချိန်နှင့် တိုက်ဆိုင်နေ၍ ဖူးခွင့်မကြုံဘဲ ဘုရားဖူး၍ ရွာပြန်သွားခဲ့ရလေသည်။ ထိုအချိန်တွင် စာရေးသူအနေဖြင့် ကျေးဇူးရှင်မဟာစည်ဆရာတော် ဘုရားကြီးကို နှစ်ကြိမ်မျှ ဖူးတွေ့ခွင့် ကြုံခဲ့ရပြီး ဖြစ်ပါသည်။ ပထမအကြိမ်က ရိပ်သာတွင်၊ ဒုတိယအကြိမ်က မြသိန်းတန်ကျောင်းတိုက်၊ ယခုဦးသောဘန သီတင်းသုံးတော်မူသော သောဘနဝါသာကျောင်းဆောင်သစ်ရေစက်ချပွဲကြွရောက်လာစဉ်ဖြစ်ပါသည်။ ထိုအချိန်က စာရေးသူရင်ထဲတွင် "ငါအတော်ဟုတ်တဲ့ ပါရမီရှင်ပဲ" ဟု အဘိုးနှင့်ဖခင်တို့ကို သတိရကာ မိမိကိုယ်ကိုမိမိဂုဏ်ယူဝင့်ကြွားနေခဲ့ပါသည်။

ယခုသော်ကားမူ စာရေးသူအနေဖြင့် များစွာဂုဏ်ယူဝင့်ကြွားနိုင်သောပုဂ္ဂိုလ်တစ်ဦးဖြစ်၍ နေခဲ့ချေပြီ။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ရာပြည့် အထိမ်းအမှတ်စာစောင်တွင် တာဝန်တစ်ခုကို ထမ်းရွက်ခွင့်ပါရမီထူးကြီးက သူ့အလိုလိုရောက်လာခဲ့သည်။ ထိုသို့ ထမ်းရွက်ခွင့်ရသည့်အတွက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ရိပ်သာတွင် ထေရဝါဒ ဗုဒ္ဓသာသနာကို မြန်မာပြည်တွင်သာမက ကမ္ဘာတွင်ပါ တည်တံ့ထွန်းကားရေးအတွက် အကျိုးဆောင်လျက်ရှိကြသော ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်လူကြီးမင်းများနှင့် ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၊ ဝေယျာဝစ္စအဖွဲ့လူကြီးများကို အထူးကျေးဇူးတင်ရပါသည်။ ဟိုယခင်ရှေးရှေးဘဝများစွာမှ မိမိနှင့် ပဋ္ဌာန်းရေစက်ပါရမီအကြောင်းခံများကြောင့် ယခုဘဝတွင် ထိုကဲ့သို့ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ပဋိပတ္တိ၊ ပဋိဝေဓသာသနာတွင် ပါဝင်ပါရမီ ပြုခွင့်ရခဲ့သည်ဟု စာရေးသူမှတ်ယူစွဲမိပါသည်။

အသေအချာတွေးတောစဉ်းစားကြည့်မည်ဆိုပါလျှင် -

စာရေးသူ၏အဖိုးဖြစ်သူသည် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးကို ဖူးခွင့်ရဖို့ ကြိုးစားခဲ့ပါလျက် ဖူးခွင့်မရလိုက်ဘဲ ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန်ဝိပဿနာအလုပ်ပေးတရားစာအုပ်များဖြင့်သာဘဝကို နိဂုံးချုပ်ခဲ့ရသည်။

ထို့အတူ စာရေးသူ၏ဖခင်သည် ဆရာတော်ဘုရားကြီးနှင့် ဖူးတွေ့ခွင့်ရဖို့အတွက် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရှိရာ ရိပ်သာသို့တိုင် ကြိုးကြိုးစားစား ရောက်လာခဲ့ပါသော်လည်း မဖူးတွေ့လိုက်ရချေ။

ယခုစာရေးသူမှာကား အဘိုးနှင့်ဖခင်တို့ကဲ့သို့ ကြိုးစားအားမထုတ်ရပါဘဲ ဖူးခွင့်, ဆည်းကပ်ခွင့် ကြုံရသည်။ ဆန်းကြယ်သောကံတရားများပါတကားဟု စာရေးသူ၏စိတ်ထဲတွင် မှတ်ယူမိပါတော့သည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်ကရဲခဲသောဒုလ္လဘတရားငါးပါးထဲတွင် သူတော်ကောင်းပုဂ္ဂိုလ်ထူးနှင့်သူတော်ကောင်းတရားကို နာကြားရဖို့ အလွန်ခက်ခဲသည်ဟု မိန့်မြွက်ဟောကြားခဲ့သည်ပါတကား။

မောင်သီလ



အစဉ်ထာဝရ လင်းလက်တောက်ပ နေမှာပါ။

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ဥက္ကဋ္ဌကြီး ဦးတင်ဝမ်မှ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် လာမည့် ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်နေ့မှာ အနှစ် (၁၀၀) ပြည့်ကျရောက်ပါတယ်။ ထိုသို့ ကျရောက်သည့် အတွက်လည်း ပူဇော်ပွဲကြီးကျင်းပ ဆိုင်တော်မူတဲ့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ပရိယတ္တိဂုဏ်၊ ပဋိပတ္တိဂုဏ်တွေကို မြန်မာတွင်မက ကမ္ဘာကပါ ချီးကျူးပူဇော်နေကြတာ တိုင်းသိပြည်သိဖြစ်နေပါပြီ။ လူမျိုးရေးနဲ့ ကြည့်မယ် ဆိုရင် တရုတ်၊ ကုလား၊ ပုဏ္ဏား၊ မူစလင်၊ အစ္စလာန်၊ ခရစ်ယာန် စုံနေပါပြီ။ နိုင်ငံတကာနဲ့ကြည့်မယ် ဆိုရင်လည်း သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဂျပန်၊ နီပေါ၊ ပြင်သစ်၊ အာရှ၊ အာဖရိက၊ ဥရောပ၊ အမေရိကား အားထားပူဇော်နေကြတာအထင်အရှားပါပဲ။ မြန်မာ

အစဉ်ထာဝရ လင်းလက်တောက်နေမည့် မဟာစည်

အရှင်စန္ဒိမာ (ကမ္ဘဇာနာဝရိယ)

ပြီး သက်တော်ရာပြည့်စာစောင် တစ်ခုလည်း ထုတ်ဝေပါမယ်။ ထိုစာစောင်မှာ စာရေးသူအနေနဲ့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဂုဏ်ထူးဝိသေသတွေကို ဖော်ထုတ်ရေးသားပူဇော်ပေးဖို့ အကြောင်းကြားစာရောက်လာပါတယ်။ စာရေးသူအနေနဲ့ လွန်စွာမှ မဝံ့မရဲ ဖြစ်ပေါ်ခံစားရပါတယ်။ ဘာ့ကြောင့်လည်းဆိုတော့ ဦးပဉ္စင်းတို့ရဲ့ အသိဉာဏ်က အင်မတန်သေးငယ်နေလို့ပါ။ ချီးကျူးဂုဏ်ပြုလို့ မကုန်နိုင်တဲ့ ဂုဏ်ပုဒ်တွေကို ပိုင်ပြည်တွင်းရိပ်သာပေါင်း(၄၃၀)ဌာနပါ၊ ပြန့်ပွား တိုးတက်နေပါပြီ။ စာရေးသူတို့ရဲ့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးဟာ ဘဝနတ်ကျောင်းရွှေ့ပြောင်းတော်မူသွားပြီ ဆိုသော်လည်း ရှိနေပါသေးတယ်။ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ပုဒ်တွေဟာ ရှိနေပါသေးတယ်။ သာသနာတည်နေသရွှေ့တော့ အစဉ်ထာဝရ လင်းလက်တောက်ပတည်ရှိနေမှာပါလို့ စာရေးသူ အကြွင်းမဲ့ယုံကြည်ပါတယ်။





သုတဗုဒ္ဓတစ်ဆူပူဇော်နေတာပါ

ဦးပဉ္ဇင်းတို့ရဲ့ အနန္တဂုဏ်အင် ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ဂုဏ်ပုဒ်တွေကို ရေးသားပူဇော်ဖို့ရန် ဝမ်းလည်းဝမ်းမြောက်ပါတယ်၊ ကြက်သီးမွေးညှင်းထ,လောက်အောင် အံ့မခန်းလည်းဖြစ်မိပါတယ်။ ဘာ့ကြောင့်လည်းဆိုတော့ ဆဋ္ဌသင်္ဂီတိပုစ္ဆကဆရာတော်၊ ပရိယတ္တိအနေနဲ့က အံ့မခန်း၊ ပဋိပတ္တိအနေနဲ့ကလည်း ကမ္ဘာလွှမ်းနေခဲ့တဲ့ ဦးပဉ္ဇင်းတို့ရဲ့ အနန္တဂုဏ်အင်ကျေးဇူးတော်ရှင်ကြီးပါ။ သာသနာအလင်းရောင်သုတဗုဒ္ဓတစ်ဆူဖူးတွေ့နေရသလို အကြိမ်ကြိမ် အခါခါ ဖြစ်ပေါ်ခံစားရပါတယ်။

သစ်တစ်ပင်ကောင်းတော့
ငှက်တစ်သောင်းခို

ဦးပဉ္ဇင်းတို့ရဲ့ အနန္တဂုဏ်အင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ ပဋိပတ္တိ သာသနာတော်အတွက် အစားထိုးလို့မရတဲ့ ဆရာတော်ဘုရားကြီးပါ။ တရားစာပေရေးသားတဲ့ နေရာမှာနိဿယမှသည် ဟာစဉ်အဆုံး ရေးသားသုံးနှုန်းတော်မူထားတဲ့ စာပေရဲ့ သဘောအဓိပ္ပါယ် လေးနက်မှု၊ ကဗျာ လင်္ကာစပ်ဆိုတဲ့နေရာမှာ ထင်ရှားပြီး အသိဉာဏ်နည်းတဲ့ ပုဂ္ဂိုလ်များတောင် တရားအားထုတ်ချင်လောက်အောင် ရှင်းလင်းပြတ်သားစွာ ရေးသားတော်မူနိုင်တဲ့ ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီး ဖြစ်ပါတယ်။ တစ်ချိန်က ဦးပဉ္ဇင်းတို့ဆရာ ဘုန်းတော်ကြီးတစ်ပါး အမိန့်ရှိတာကို ပြန်လည်ကြားယောင်မိပါသေးတယ်။ ဘယ်လိုမိန့်ပါသလဲဆိုတော့ **မဟာစည်ဆရာတော်ကြီးရဲ့ ရိပ်သာတိုးတက်တာလည်း မပြောနဲ့၊ စာပေ အရေးအသားကလည်း တော်မှတော်၊ တရားဟောတဲ့အခါ တရားပြတဲ့နေရာမှာလည်း ပြောစရာမရှိလောက်အောင် ပြည့်စုံနေလေတော့ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားတယ်ဆိုတာလို သာသနာအတွက် အားတက်စရာပါပဲလို့ အမိန့်ရှိခဲ့ပါတယ်။**

အနုတ္တရိယဂုဏ် ၆ ပါး

ဦးပဉ္ဇင်းတို့ရဲ့ အနန္တဂုဏ်အင် ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ပရိယတ္တိဂုဏ်၊ ပဋိပတ္တိဂုဏ်တွေရဲ့ ကြီးမားမှုကို သင်ယူ၊ နာကြား မှတ်သားဖူးထားတဲ့ အနုတ္တရိယဂုဏ်တော် ၆ပါး လင်္ကာနဲ့ ပူဇော်ဂါရဝပြုလိုက်ပါတယ်။

၁။ ဒဿနာနုတ္တရိယဂုဏ်
လပြည့်နေ့မှာ လပမာသို့
မေတ္တာစွမ်းအား၊ မြတ်တရားကြောင့်
လေးစားချစ်ခင်၊ ရဟန်းရှင်လူ
ပြည်သူစိုးရ၊ ဖူးမဝ၊
ထူးလှမဟာစည်

၂။ သဝနာနုတ္တရိယဂုဏ်
ကရုဏာလွှမ်း၊
မေတ္တာစွမ်းကြောင့်
အေးချမ်းထူးခြွန်၊ စကားမွန်မှာ
(တရားသံမှာ)
ကြားနာမဝ၊ ဆန်းပြားစွ၊
ထူးလှမဟာစည်။

၃။ လာဘာနုတ္တရိယဂုဏ်
သုတစွယ်စုံ၊
တရားဂုဏ်ကြောင့်
ခိုလှုံရောက်လာ၊ သာသနာဝယ်
သူငါအများ၊ တရားကိုရ၊
ပြည့်ကြွယ်ဝ၊ ထူးလှမဟာစည်။

၄။ သိက္ခာနုတ္တရိယဂုဏ်
သိက္ခာအစွမ်း၊
လွန်အေးချမ်း၍
ရဟန်းရှင်လူ၊ အတုယူကာ
သိက္ခာပြည့်ဝ၊ အေးချမ်းရ
ထူးလှမဟာစည်







၅။ ပါရိစရိယာနုတ္တရိယဂုဏ်
သက်တော်လည်းရှည်၊
ဂုဏ်ရည်ပြန့်မွှေး
မေတ္တာအေးကြောင့်၊ လုပ်ကျွေးသူများ
ကုသိုလ်ပွားရ၊ အေးချမ်းပါ့
ထူးလှမဟာစည်

၆။ အနုဿတာနုတ္တရိယဂုဏ်
တရားကျေးဇူး၊
ဂုဏ်အထူးကြောင့်
ချီးကျူးမကုန်၊ ဂုဏ်ပေါင်းစုံကို
ပွားထုံအောက်မေ့၊ တရားမွေ့ကာ
ကောင်းစွာနှိုးကြား၊ ကြိုးစားနိုင်ကြ
အေးချမ်းရ ထူးလှမဟာစည်။

နိဗ္ဗာန်ဝင်လမ်း
မဟာစည်ရိပ်သာစခန်း
ဦးပဉ္စင်းတို့ရဲ့ အနန္တဂုဏ်အင်

တွေလည်း အများကြီးရှိနေဦးမှာပါ။ သို့သော် ဦးပဉ္စင်းသည် မနိုးသော်လည်း မဝေးပါ။ ဘာကြောင့်လည်း ဆိုတော့ အစိုးရ ငယ်,လတ်,ကြီး တန်းထိအောင် သင်ယူအောင်မြင်ပြီး ဗဟန်း ရွှေဂုံတိုင် ခြောက်ထပ်ကြီးဘုရားကြီးတိုက်မှာ ၁၆ နှစ်တိုင်တိုင်၊ သုတ်-ဝိနည်း-အဘိဓမ္မာ-သံယုတ်-အင်္ဂုတ္တိရ်၊ အလင်္ကာ စာကိုယ်ဋီကာ -စရိယာပိဋကတ်၊ ဝိနယလင်္ကာရဋီကာ၊ သင်ရိုးကျမ်းစာများကို ဆိုဝါ-လိုက်ဝါဖြင့် သင်ယူမှတ်သားခွင့်ရယူပြီး မိမိရဲ့ ရပ်ရွာဖြစ်တဲ့ ရန်ကုန်တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ်၊ ပုလဲကျေးရွာအုပ်စု ရေကျော်ရွာ ရေကျော်ကျောင်း ဇမ္ဗူအေးသာသနာ့ရိပ်သာ တည်ထောင်ဖွင့်လှစ်နေပြီ ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော် အနန္တတွေကို အစဉ်ထာဝရဦးညွတ်လျက် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲတော်ကို ဤဆောင်းပါးဖြင့် ရေးသား ပူဇော်လိုက်ရပါသတည်း။

အရှင်စန္ဒိမာ
ကမ္မဋ္ဌာနာစရိယ

မနိုးသော်လည်း မဝေးပါ

ဦးပဉ္စင်းတို့ရဲ့ အနန္တဂုဏ်အင် ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးရဲ့ သာသနာ့ရိပ်သာ အတွင်းမှာ အဆင့်ဆင့်တာဝန်ယူဆောင်ရွက်တော်မူကြကုန်သော ဓမ္မမာမက သာသနာ့ဥဿျောင် ဆရာတော်ဘုရားကြီးများဟာလည်း ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို ဖော်ထုတ်ပြီး စွမ်းစွမ်းတမန် ဆောင်ရွက်တော်မူနေကြတာဟာလည်း အဘက်ဘက်မှ တိုးတက်မှုတွေက သက်သေပြနေတာဖြစ်လေတော့ မကြာသေးမီသော လေးနှစ်လောက်ကမှ အဖွဲ့ဝင်ဖြစ်လာတဲ့ ဦးပဉ္စင်းတို့မှာ ကုန်စဉ်အောင် မသိသေးတာ



ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

"မျက်နှာမှာ အိုးမည်းတွေ လူးပေနေပါလျက်နဲ့ အခမ်းအနားပွဲလမ်းသဘင်ဌာနသွားရင် မြင်ရတဲ့သူတွေက ရယ်ကြလိမ့်မယ်။ အဲဒီလိုသွားခါနီးမှာ မြင်ရတဲ့သူက ပြောပြပေးလို့ ဆေးကြောသုတ်သင်ပြီးမှ သွားရင်တော့ သူများရယ်ဖွယ်, ကဲ့ရဲ့ဖွယ်ကင်းသွားတယ်။ ဒါကြောင့် မိမိမျက်နှာက အပြစ်ကိုပြောတဲ့သူအပေါ်မှာ ကျေးဇူးတင်စရာပါပဲ။

အဲဒါလိုပင် မိမိမှာ ချို့ယွင်းနေတာကို သူတစ်ပါးက ပြောလို့ရှိရင် အဲဒီလိုပြောတဲ့သူကို ကျေးဇူးတင်စရာပဲ။ ဒါကြောင့် ဆရာကဖြစ်စေ, အတူနေပုဂ္ဂိုလ်ကဖြစ်စေ, မိဘတို့ ညီအစ်ကိုမောင်နှမတို့ကဖြစ်စေ ချို့ယွင်းချက်ကိုပြောရင် အဲဒီလိုပြောဆိုတာကို ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံပြီး ပြုပြင်သွားဖို့ လိုပါတယ်" **(မဟာစည်ဆရာတော်)**



အချစ်ဓါပြယုဂ် အပုန်းဓါငြေရာ

သူမ၏ ပါးပြင်နှစ်ဖက်မှ မျက်ရည်စတို့က တစ်ပွင့်ပြီးတစ်ပွင့် လွင့်ကြွေနေပါတော့သည်။ တစ်ခါတစ်ရံတွင်မူ ထိုမျက်ရည်ပွင့်တို့သည် ပါးပြင်ပေါ်မှတဆင့် မေးဖျားတွင်တွဲခိုနေကြပြီးမှ ရင်ဘတ်ပေါ်သို့ ဆင်းသက်လာကြသည်။ ထိုမျက်ရည်တို့၏အထိအတွေ့သည် ပူနွေးသောအရသာ၊ အေးစက်သောအရသာတို့ကို ပေးစွမ်းလျက်ရှိပါသည်။ သို့သော်သူမအဖို့ ထိုမျက်ရည်တို့၏ အထိအတွေ့သည် မည်ကဲ့သို့သော အရသာကိုမှပေးစွမ်းနိုင်ခွင့်မရှိခဲ့ပါချေ။သူမ၏ ဝမ်းဗိုက်အတွင်းမှ အစာရေစာတို့ လိုအပ်လျက်ရှိသည်ကိုလည်း သူမဂရုမစိုက်နိုင် အဆုံးစွန်အားဖြင့် သူမ၏အရှက်တရားကိုပင် သူမဂရုမမူ။ တစ်ချိန်က ကတ္တီပါဖိနပ်စီး, ရွှေထီး

ဘိုကလေးရှားနွယ်



ဆောင်းခဲ့ရသော သူမသည် ယခု အခါမှာတော့ ဖိနပ်မပါ။ ထီးဗလာဖြင့် နေမင်း၏အလင်းရောင်အောက်တွင် ပြေးလွှားနိုင်စွမ်းရှိနေပါသည်။ သူမ၏ခရီးက ဘယ်မှာဆုံးမှာလဲ၊ ဘယ်အထိ ခရီးဆက်ရမှာလဲ၊ အတိအကျမရှိ၊ သိလည်းမသိချေ။ သို့သော် သူသိသည်ကတော့ရှိသည်။ သိသည့် အရာများကိုလည်း သူမ၏ပါးစပ်ဖျားမှာ -

"ကျွန်မမှာသားနှစ်ယောက်ရှိခဲ့ပါတယ်။ အခုတော့သေသွားပါပြီ။ ယောကျ်ားလည်း ရှိပါတယ်။ ကံအကြောင်းမကောင်းလှလို့ သေပွဲဝင်ခဲ့ရတဲ့အတွက် အခုမပေါင်းရတော့ပါဘူး။ မိဘ, မောင်ဘွားတွေလည်း ဟိုတစ်ချိန်က ရှိခဲ့ဖူးပါတယ်။ ဒီမိသားစုအသိုင်းအဝိုင်းဘဝကလည်း မတွေးဝံ့စရာပါပဲ။ အဖြစ်လည်း ဆိုးဝါးလှပါတယ်၊ အားလုံးကို စုပြုံပြီး သေမင်းကခေါ်ဆောင်သွားခဲ့ပြန်ပါတယ်။ မိဘတွေရဲ့ဘဝကို ကျွန်မနောက်ဆုံးမြင်လိုက် ရတာကတော့ သူတို့ကို ဝါးမြိုသွားကြတဲ့ မီးရဲ့အခိုးအလျှံတွေဘဲ ဖြစ်ပါတော့တယ်။ ကျွန်မဟာ "တစ်ကောင်ကြွက်, တစ်မျက်နှာဘဝကို ရောက်နေပါပြီ" လို့ တတွတ်တွတ်နဲ့ ပြောဆိုပြေးလွှားနေပါတော့သည်။

သူမဘဝကို တွေ့မြင်ရသူများက သူမကို သနားကြသည်။ တစ်ချိန်က ချမ်းသာကြွယ်ဝသောသူဌေးကြီးသမီးတစ်ယောက်၊ ယခုအချိန်မှာတော့ စားစရာမဲ့, နေစရာမဲ့, ဝတ်စရာမဲ့





"ချစ်သမီး၊ သံသရာဘဝ များစွာမှာ သားသေ၊ လင်သေ၊ မိဘမောင်ဘွားသေလို့ ငိုကြွေးခဲ့ရ၊ ယိုစီးခဲ့ရတဲ့ ချစ်သမီးရဲ့ မျက်ရည်တွေကို စုဆောင်းထားခဲ့မယ်ဆိုရင် သမုဒ္ဒရာလေးဝင်းမှာရှိတဲ့ ရေတွေထက် ထက်တောင်များနေပါပြီ၊



သော မိန်းကလေးတစ်ယောက် သူမ ဘဝကိုသိသူ၊ မြင်သူတိုင်း မသနားဘဲ မနေနိုင်။ ထိုသနားသူများစွာထဲတွင်မှ မဟာကရုဏာရှင် ဗုဒ္ဓဘုရားက သူမအား ကယ်တင်ရန် စောင့်စားလျက် ရှိပေသည်။

သူမသည်လည်း ဗုဒ္ဓ၏မေတ္တာတော်ကြောင့် လူများစွာစည်းဝေးလျက် ရှိသော ဗုဒ္ဓရှေ့တော်မှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာ ခဲ့ပေပြီ။ ထိုအခါ -

"ချစ်သမီး၊ သံသရာဘဝများစွာမှာ သားသေ၊ လင်သေ၊ မိဘမောင်ဘွားသေလို့ ငိုကြွေးခဲ့ရ၊ ယိုစီးခဲ့ရတဲ့ ချစ်သမီးရဲ့ မျက်ရည်တွေကို စုဆောင်းထားခဲ့မယ်ဆိုရင် သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေတွေထက် တောင်များနေပါပြီ။ ဘဝပေါင်းများစွာ ငိုကြွေးခဲ့ရလို့ ချစ်သမီးပင်ပန်းလှပါပြီ။ ဒီဘဝမှာလည်း ငိုကြွေးနေတုန်းပဲလား၊ တကယ်တော့ လင်ရယ်၊ သားသမီးရယ်၊ မိဘညီအစ်ကိုမောင်နှမရယ်၊ ဆွေမျိုးမိတ်သင်္ဂဟရယ်၊ ယောကျ်ားမိန်းမရယ်ဆိုတာတွေဟာ ပညတ်တရားတွေပါ။ အဲဒီပညတ်တရားတွေနဲ့ ဖွဲ့ယှက်နေတဲ့ ကိုယ်ခန္ဓာ၊ ရုပ်နာမ်တွေအပေါ်မှာ သက္ကာယခေါ်တဲ့ ဥပါဒါန်အစွဲတွေကြောင့် စိုးရိမ်ပူဆွေးငိုကြွေးမှုတွေ ဖြစ်နေရတာပဲ။ သတ္တဝါတွေ သံသရာမှမလွတ်မြောက်နိုင်အောင် အဲဒီအရာတွေက ဆွဲဆောင်နေကြတာပဲ၊ အဲဒီအနှောင်အဖွဲတွေကနေ ရုန်းမထွက်နိုင်သရွေ့ ဘဝဟာ ဘယ်တော့မှ မချမ်းသာဘူး၊ ဘယ်တော့မှ လည်းငြိမ်းချမ်းမှာမဟုတ်ပါဘူး။ ချစ် သမီးဟာ ရုပ်နာမ်တွေရဲ့ အပြစ် သံသရာဆင်းရဲရဲ့ အပြစ်တွေကို မတွေ့မြင်နိုင်သေးလို့ အခုလိုငိုကြွေးနေရတာ၊ အဲဒီအပြစ်တွေကို သိမြင်ပြီဆိုရင် ချစ်သမီးဘယ်တော့မှ မငိုကြွေးတော့ဘူး။ အဲဒီအပြစ်တွေကနေ ကင်းစင်ပြီဆိုရင်တော့ ချစ်သမီးဟာ ဘယ်သောအခါမှ ငိုကြွေးရတော့မှာ မဟုတ်ပါဘူး၊ အငိုတိတ်ပါတော့ ချစ်သမီး၊ ချစ်သမီးရဲ့ မျက်ရည်တွေ ခန်းခြောက်သွားအောင် ငါဘုရားရှင်ရဲ့ အဆုံးအမကို ခံယူပါတော့"

မေတ္တာဓာတ် အပြည့်အဝပါသော အသံတော်၏အောက်ဝယ် သူမ၏အသိစိတ်တို့ရှင်သန်နိုးထလာခဲ့ချေပြီ။ ပတ်ဝန်းကျင်တွင် သူမကဲ့သို့ ရုပ်နာမ်နဲ့ဖွဲစည်းထားသောလူများစွာတို့ရှိနေသည်။ ထိုလူများစွာတို့ကို သတိတရကြည့်ရှုမိသောအခါ သူတို့သည် သူမကို မသိမသာစောင်းငဲ့ကြည့်နေကြသည်။ အားလုံး၏ကြည့်ရှုမှုကို ခံရသောသူမ မိမိကိုယ်ကို ပြန်ကြည့်မိတော့မှပင် အံ့အားသင့်ခဲ့ရတော့သည်။ သူမ၏ခန္ဓာကိုယ်တွင် အရှက်တရားတို့ကို ကာကွယ်ပေးသောအရာများ မရှိတော့ချေ။ မိမိ၏လက်ရှိအနေအထားသည် ရှက်စရာအတိ၊ သည့်မတိုင်ခင်က အဖြစ်အပျက်များကို ပြန်လည်တွေးကြည့်လိုက်မိသည်။ ထိုအခါ



ပိုလို့ပင် ရှက်မိသည်။ ယခုလို ရှက်စရာကောင်းသော အဖြစ်မျိုး သံသရာတစ်ခွင် ဘယ်သောအခါမှ မကြုံလိုတော့ပြီ။ အနီးအနားမှ လူတစ်ယောက် ပေးလာသော အဝတ်စကလေးကို မိမိခန္ဓာကိုယ်တွင် အရှက်လုံအောင် ဖုံးလွှမ်းလိုက်သည်။ လက်အုပ်ချီ၊ ရိုကျိုးစွာဖြင့် ပရိသတ်အလယ်မှ မြတ်ဗုဒ္ဓထံပါးသို့ ချဉ်းကပ်လိုက်သည်။ သူမ၏ ရည်ရွယ်ချက်မှာ မြတ်ဗုဒ္ဓ၏ အဆုံးအမကို လေးနက်စွာ ခံယူကျင့်သုံးဖို့ဖြစ်သည်။

ထိုကဲ့သို့ ခံယူကျင့်သုံးကြသူတိုင်း ငြိမ်းအေးမှုကို ခံစားကြရသည်ဟု နားလည်သဘောပေါက်သောကြောင့်လည်း ဖြစ်ပေသည်။ ထို အကြောင်းအရာဇာတ်လမ်းသည် ဗုဒ္ဓဘုရားရှင်လက်ထက်တော်က တကယ်ဖြစ်ခဲ့သည်။

နေရာက .. သာဝတ္ထိပြည် ဖြစ်သည်။

သူမအမည်က .. ပဋာစာရီ ဟုခေါ်တွင်သည်။

သူမသည် ယခုဘဝတွင် ချမ်းသာဆင်းရဲခက်ခဲသောအနေဖြင့် ကျင်လည်ခဲ့ရပြီး၊ နောက်ဆုံးတွင် ဗုဒ္ဓသာသနာတော်၌ ဝိနည်းဆောင်ဧတဒဂ်ရ ရဟန္တာထေရီမတစ်ပါး ဖြစ်ကာ ချမ်းသာအစစ်အမှန်ကို တွေ့မြင်ခံစားသွားခဲ့ရလေသည်။

နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က ဗုဒ္ဓအဆုံးအမတရားတော်သည် ယနေ့တိုင် တောက်ပဆဲ၊ မှန်ကန်ဆဲ၊ ထွန်းလင်းဆဲဖြစ်သည်။ နောင်တွင်လည်း ထွန်းလင်းတောက်ပ မှန်ကန်နေအုံးမှာဖြစ်သည်။ ဗုဒ္ဓ၏ အဆုံးအမတို့ကို တွေ့မြင်ခံစားရသူများက ပြန်လည်ဟောပြရာ၌လည်း လိုက်နာကျင့်သုံးသူတို့သည် အပြစ်ကင်းရာသံသရာတစ်ဖက်ကမ်းကို တက်လှမ်းနိုင်ကြမည်မှာ မုချပင်ဖြစ်ပါသည်။

× × ×

မီးပုံထဲမှာ လောင်စာတွေ ဘယ်လောက်ထည့်ထည့် ပြည့်ဝတယ်လို့မရှိဘူး၊ လောင်စာထည့်တိုင်း ထည့်တိုင်း တိုးတိုးပြီးလောင်နေတာပဲ။

အဲဒီဥပမာလိုပဲ သတ္တဝါတွေမှာ ဘယ်တော့မှ အလိုပြည့်ဝအားရတယ်လို့ မရှိဘူး၊ အဲဒီလို အားမရမရောင့်ရဲတာလဲ တဏှာ၏အစွမ်းကြောင့်ပါဘဲ၊ တဏှာကစေခိုင်းတဲ့အတိုင်း ရှာကြံလုပ်ကိုင်နေကြရတယ်၊ အဲဒီတော့ တဏှာရဲ့ကျွန်ဖြစ်နေတာပေါ့။

အဲဒီလို တဏှာရဲ့ကျွန်ဖြစ်ပြီး အလိုမပြည့်ဝအားမရနိုင်ဘဲ ရှာကြံနေကြတဲ့ သတ္တဝါတွေကို မြင်တော်မူလို့ မြတ်စွာဘုရားက သနားတော်မူပါတယ်။ (မဟာစည်ဆရာတော်)

မှန်ပါသည်။ စာရေးသူသည် မဟာစည်ဆရာတော်ဘုရား၏ဥပမာပေးဆုံးမခဲ့ပုံတို့ကို ဖတ်ရှုရင်း တစိမ့်စိမ့်တွေးနေမိပါသည်။ ဆရာတော်ဘုရား၏ အဆုံးအမတို့သည် ရှင်းလင်း ပြတ်သားလှသောကြောင့် ကွက်ကွက်ကွင်းကွင်း မြင်နိုင်စွမ်းရှိပါသည်။ သို့သော် သံသရာအတွက် အဆုံးအမတို့သည် သာမန်အားဖြင့် နားလည်ရန်ခက်ခဲလှသည်။ တဏှာရဲ့ကျွန်လို့ ဆရာတော်က ဆုံးမလိုက်သော်လည်း တဏှာဟူသည် အဘယ်နည်း။ တဏှာဖြစ်စေတတ်သော အကြောင်းများက အဘယ်နည်းစသည်ဖြင့် တွေးကြည့်ရသည်။ ဖတ်ဖူး၊ မှတ်ဖူး၊ ကြားနာဖူးသော တရားဓမ္မများကို ပြန်လည် စဉ်းစားပြီးတွေးကြည့်ဆက်စပ်ကြည့်ရပါသည်။

သားသမီးကြောင့် ဖြစ်သော တဏှာ၊ ဇနီးခင်ပွန်းကြောင့် ဖြစ်သော တဏှာ၊ ညီအစ်ကိုမောင်နှမကြောင့် ဖြစ်သောတဏှာ၊ ဆရာသမား မိတ်ဆွေတွေကြောင့်ဖြစ်သော တဏှာ၊ စီးပွားဥစ္စာစသည်ကြောင့်ဖြစ်သောတဏှာ၊ ထိုထိုသော တဏှာများကြောင့် ရုပ်နာမ်ရဲ့အပြစ်တွေကို မမြင်တော့ဘဲ ချစ်ခင်စွဲလမ်းမှုကြောင့် သံသရာတစ်ခွင် ချားရဟတ်အသွင်ဖြင့် လည်ပတ်နေရပေသည်ဟု သဘောပေါက်မိပါသည်။

ထိုကဲ့သို့ သဘောပေါက်မိသည်မှာလည်း "တဏှာလက်ဖွဲ့၊ ဆောင်နှင်းဖွဲ့သား၊ ဆင်းရဲအတိ၊ ရံဘိပတ်လည်၊ ဤလူ့ပြည်ကား၊ သားစဉ်မြေးပွား၊ မီးပုံလားသို့၊ ငါးပါးကာမာ၊ ဝဋ်မီးစာရှင့်" ဟူသော မယဒေဝလင်္ကာကြောင့်ပင် ဖြစ်ပါသည်။



ထို့ကြောင့် ဥပါဒါန်ကို မြင်အောင်ကြည့်တတ်ရမည်၊ ဥပါဒါန်ကို ကြည့်ရာ၌ သာမန်မျက်စိဖြင့် ကြည့်၍ မမြင် ဝိပဿနာဉာဏ်မျက်စိဖြင့် ကြည့်ရပေမည်၊



ဘုရားရှင်သည် သတ္တဝါများကို သနားသဖြင့် ဆုံးမသကဲ့သို့ ဘုရားတပည့်သားတော်ဖြစ်တော်မူသော မဟာစည်ဆရာတော် ဘုရားကြီးသည်လည်း သတ္တဝါများကို သနားတော်မူသည်။ ထို့ကြောင့်ပင် ပစ္စုပ္ပန်သံသရာနှစ်ဖြာသောကောင်းကျိုးအတွက် အပြစ်ပြု၍ ဆုံးမတော်မူခဲ့ခြင်း ဖြစ်ပါသည်။

စာရေးသူတို့သည် မိမိတို့မျက်နှာပေါ်မှ အညစ်အကြေးများကို ကြေးမုံပြင်၌ကြည့်ရှု၍ သုတ်သင်ကြသကဲ့သို့ ဆရာတော်ဘုရားကြီး မရှိတော့သည့်နောက်ပိုင်း ဆရာတော်ဟောကြားဆုံးမခဲ့သော စာပေများကို ဖတ်ရှု၍ မိမိတို့၏စိတ်အညစ်အကြေးများကို ဖယ်ရှားနိုင်ဖို့ ကြိုးစားကြရပါမည်။

ထိုကဲ့သို့ ကြိုးစားရာ၌ အချစ်၏ပြယုဂ်ကိုလည်း မြင်အောင်ကြည့်ရပါမည်။ အမုန်း၏ခြေရာကိုလည်း တွေ့အောင်ရှာရပါမည်။ အချစ်၏ပြယုဂ်သည်လည်း စာရေးသူတို့၏ခန္ဓာကိုယ်တွင် ရှိသည်။ အမုန်း၏ခြေရာသည်လည်း စာရေးသူတို့၏ခန္ဓာကိုယ်၌ပင် ရှိပေသည်။

အမှန်စင်စစ်မူ အချစ်၏ပြယုဂ်ကို မြင်အောင်ကြည့်နိုင်လျှင် အမုန်း၏ခြေရာကိုလည်း တပါတည်း တွေ့သည်သာ ဖြစ်ပေသည်။ အချစ်၏ပြယုဂ်ကိုမြင်အောင်ကြည့်ရာတွင် အချစ်ဆိုသည်မှာ တဏှာ၊ ဆန္ဒရာဂ၊ သက္ကာယ၊ ဥပါဒါန်တို့ကြောင့် ဖြစ်ပေါ်လာရလေသည်။

ထို့ကြောင့် ဥပါဒါန်ကို မြင်အောင်ကြည့်တတ်ရမည်။ ဥပါဒါန်ကို ကြည့်ရာ၌ သာမန်မျက်စိဖြင့် ကြည့်၍မမြင် ဝိပဿနာဉာဏ်မျက်စိဖြင့် ကြည့်ရပေမည်။ ဝိပဿနာဉာဏ်မျက်စိဖြင့် ကြည့်ရှုပုံကို မဟာစည်ဆရာတော်ဘုရားက စူဠဥဝေဒလ္လသုတ်တရားတော်တွင် ဤကဲ့သို့ဟောတော်မူထားပါသည်။

"ထိသိတိုင်း ထိသိတိုင်း ထိသိတာကို ရှုမှတ်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တအနေဖြင့် အမှန်အတိုင်း သိသိသွားရင် စွဲလမ်းမှုဥပါဒါန်ဖြစ်ခွင့်မရှိဘဲ ကင်းငြိမ်းကင်းငြိမ်းသွားတယ်၊ စွဲလမ်းမှုဥပါဒါန်ကင်းငြိမ်းတော့ စွဲလမ်းမှုဥပါဒါန်ကို မှီပြီးဖြစ်မယ့် ကမ္မဘဝဆိုတဲ့ အကုသိုလ်ကံ၊ ကုသိုလ်ကံလည်း မဖြစ်ရဘူး၊ ကံ၏အကျိုးဘဝသစ်ရုပ်နာမ်တွေလည်း မဖြစ်ရတော့ဘူး၊ အိုခြင်း, သေခြင်း စသော ဆင်းရဲတွေလည်း မဖြစ်ရတော့ဘူး။ အဲဒါဟာ ဝိပဿနာဉာဏ်ကြောင့် တဒင်္ဂအားဖြင့် ကိလေသာဆင်းရဲ၊ ဝဋ်ဆင်းရဲကင်းငြိမ်းပုံပဲ၊ အဲဒီလို ဆင်းရဲငြိမ်းရအောင်လို့ ဝိပဿနာရှုကြရတာပဲ။

အဲဒီလို ဝိပဿနာရှုပုံကို မဟာသတိပဋ္ဌာနသုတ်မှာ (ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိပဇာနာတိ-စသည်ဖြင့်) သွားနေဆဲမှာလည်း သွားတယ်လို့သိဖို့၊ ရပ်နေဆဲ၊ ထိုင်နေဆဲ၊ လျောင်းနေဆဲများမှာလည်း ရပ်တယ်၊ ထိုင်တယ်လို့ သိဖို့ညွှန်ပြထားပါ



တယ်၊ နောက်ပြီးတော့ ကိုယ်အမှု အရာတစ်စုံတစ်ခုပြုဆဲ၊ ဖြစ်ဆဲမှာ လည်း အဲဒီကိုယ်အမှုအရာကိုသိဖို့ ညွှန်ပြထားပါတယ်။ အဲဒါဟာ သွား ဆဲစသည်၌ ကိုယ်ထဲက ထိသိမှုကို ရှုမှတ်ပြီး သိဖို့ ညွှန်ပြတာပါဘဲ၊ အဲဒီညွှန်ပြချက်အတိုင်း သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ လှုပ်တယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိတယ် စသည်ဖြင့် ရှုမှတ်ရင် ထိသိမှု၌ ပါဝင်သော ဥပါဒါန ကွန္ဓာငါးပါးကို ရုပ်နာမ်နှစ်ပါးမျှပဲလို့လည်း အမှန် အတိုင်း သိရတယ်။ အကြောင်းနဲ့ အကျိုးမျှပဲလို့လည်း သိရတယ်။ ခဏမစဲ ဖြစ်ပျက်နေတာကိုလည်း သိရတယ်။ ဖြစ်ပေါ်လာပြီး ချက် ချင်းပင် ပျက်ပျက်သွားလို့ မမြဲဘူး လို့လည်း သိရတယ်၊ ဆင်းရဲပဲ၊ အစိုး မရတဲ့ အနတ္တပဲလို့လည်း သိရတယ်။

အဲဒါဟာ ဥပါဒါနကွန္ဓာငါးပါး ကို အမှန်အတိုင်းသိတာပဲ၊ ဥပါဒါန ကွန္ဓာဆိုတဲ့ သက္ကာယကိုလည်း အမှန်အတိုင်း သိတာပဲ၊ ဥပါဒါန ကွန္ဓာဆိုတဲ့ သက္ကာယဟာ ဒုက္ခ သစ္စာပဲ၊ ဒါကြောင့် ဒုက္ခသစ္စာကို အမှန်အတိုင်းသိခြင်းကိစ္စလည်း ပြီးစီးပြည့်စုံသွားတာပဲ၊ အဲဒါဟာ "ဒုက္ခံ အရိယာသစ္စံ၊ ဒုက္ခအရိယ သစ္စာကို ပရိညေယျံ၊ ပိုင်းခြားသိရ မည်။" လို့ ဟောထားတဲ့ ဓမ္မစက္ကာ သုတ်တရားတော်စသည်နှင့်အညီ အမှန်အတိုင်း ပိုင်းခြားသိပုံပါပဲ။

အဲဒီလို အမှန်အတိုင်း ပိုင်းခြား ပြီး သိသင့်တဲ့ ဥပါဒါနက္ခန္ဓာလို့၊ သက္ကာယလို့ခေါ်တဲ့ ဒုက္ခသစ္စာကို အမှန်အတိုင်းသိအောင် ရှုဖို့ရာ ဘုန်းကြီးတို့က ညွှန်ပြနေပါတယ်။ အား ထုတ်ကာစမှာတော့ ဒွါရ ခြောက်ပါးက ထင်ရှားပေါ်လာသမျှ တွေကို သူ့ဖြစ်စဉ်အတိုင်း အကုန် လုံးစေ့ငှ အောင်လိုက်ပြီး မရှုနိုင် သေးဘူး၊ ဒါ့ကြောင့်ထင်ရှားတဲ့ ထိသိမှုကစပြီး ရှုဖို့ညွှန်ကြားနေ ပါတယ်။ အဲဒီလို ထိသိမှုတွေ ထဲမှာလည်း အလွယ်တကူရှုမှတ် နိုင်ပြီး သမာဓိလည်း ဖြစ်လွယ် အောင် ထိုင်နေစဉ်မှာဆိုရင် ဝမ်းဗိုက်ဖောင်းတာ ပိန်တာကစပြီး ရှုဖို့ ညွှန်ပြနေပါတယ်။ အဲဒီလို ဖောင်းတာပိန်တာကို ရှုနေရင်း စိတ် ကူးကြံသိမှုဖြစ်ရင် အဲဒီကြံသိမှုကို လည်း ရှုဖို့၊ အဆိုးအကောင်းခံစား မှုဖြစ်ပေါ်လာရင် အဲဒါကိုလည်းရှုဖို့ လှုပ်ရှားပြုပြင်မှုပေါ်လာရင် အဲဒါကို ရှုဖို့၊ ကြားရင်မြင်ရင် အဲဒါကိုလည်း ရှုဖို့၊ အနှံ့နံရင်လည်း ရှုဖို့၊ စားသိတဲ့ အခါလည်း ရှုဖို့၊ သတိ၊ သမာဓိ ဉာဏ်အားကောင်းလာတဲ့အခါကျ တော့ ပေါ်လာသမျှကို ရှုဖို့ညွှန်ပြနေ ပါတယ်။

အဲဒီညွှန်ပြတဲ့အတိုင်း ရိုရိုသေ သေ လိုက်နာပြီး ရှုကြတဲ့ယောဂီများ ဟာ ထိသိဆဲ၌ ထင်ရှားရှိတဲ့ရုပ် နာမ်ဥပါဒါနက္ခန္ဓာဆိုတဲ့ သက္ကာယ ကို ခဏမစဲဖြစ်ပျက်နေလို့ ဆင်းရဲ အနေဖြင့် အမှန်အတိုင်း သိကြပါ တယ်။ အဲဒါဟာ ဒုက္ခသစ္စာကို သိတာပဲ။ ထို့အတူပင် ကြံသိဆဲ၊ ကြားဆဲ၊ မြင်ဆဲ၊ နံဆဲ၊ စားသိဆဲတို့၌ လည်းထင်ရှားရှိတဲ့ သက္ကာယကို ဆင်းရဲအနေဖြင့် အမှန်အတိုင်းသိ ပါတယ်။ ဒါလည်း ဒုက္ခသစ္စာကို သိတာပဲ။

ဒါဟာ ဘုရားရှင်တို့ ညွှန်ပြတဲ့ နည်းလမ်းပါပဲ။ အဲဒီနည်းလမ်း အတိုင်း ကျင့်ကြတဲ့ ယောဂီများဟာ အမုန်းရဲ့ခြေရာကို တွေ့မှာပါပဲ၊ ပဲကွပ်များနှင့်သစ်သားကို ခုတ်ခုတ် ပြီးတော့ ရွေနေရင် အချက်တိုင်း အချက်တိုင်း မလိုတဲ့ သစ်သားဖတ် ကလေးတွေ ဖတ်ကနဲ ဖတ်ကနဲ ကွာကွာကျနေသလိုပဲ၊ မြေကြီး ကိုပေါက်ပြားနဲ့ ပေါက်နေလျှင် ပေါက်တိုင်းပေါက်တိုင်း မြေကြီးမှ အလွှာအလွှာနဲ့ ကွာကွာပြီးတော့ ထွက်ထွက်လာသလိုပဲ၊ ဒွါရ ခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်း ရုပ်နာမ်တွေကို ရှုမှတ်နေရင် ရှုတိုင်း ရှုတိုင်းကိလေသာတွေ ကွာကွာပြီး တော့ ကျကျသွားပါတယ်" လို့ ဟောတော်မူခဲ့တဲ့ တရားတော်ကို ဖတ်ရှုပြီးတဲ့နောက်မှာ -

အချစ်၏ ပြယုဂ်သည် ဒုက္ခသစ္စာ။

အမုန်း၏ခြေရာသည် မဂ္ဂသစ္စာဟု စာရေးသူသဘောပေါက်မိပါတော့သည်။

ရတနာသုံးပါး၏ဂုဏ်တော်ကို အာရုံပြုလျက် -

ဘိုကလေးရှားနွယ်

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



လူနတ်များစွာချမ်းသာရေးကို မျှော်တွေးတော်မူ၍ ဘုရားမြတ်စွာ၏ သာသနာတော်ကို မဟာကရုဏာရှင် ဘုရားရှင်၏ သားတော်ပီပီ အာဇာနည် စိတ်ထားဖြင့် နေ့မအား ညမနား သာသနာပြုတော်မူသွားသည့် အနန္တကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ သက်တော်သည် (သက်ရှိထင်ရှားရှိနေဦးမည် ဆိုလျှင်) ယခုအခါ နှစ်တစ်ရာသို့ တိုင်ခဲ့ပါပေပြီ။ တပည့်တွေက မေ့မရနိုင်ပါတကား။ ပို၍ပို၍ သတိရနေဆဲပါ။ နောင်လဲ ဘယ်သောအခါမျှ မေ့လို့ရနိုင်ကြမည် မဟုတ်ပါပေ။ သာသနာတော် ငါးထောင်ကျော်သည့်တိုင် တပည့်စဉ်ဆက်တို့က သတိရလျက် ရှိနေမည်မှာ အမှန်ပင်ဖြစ်ပေတော့သည်။

အကြောင်းမူကား - ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပရိနိဗွာန်ပြုတော်မူပြီးနောက် ဘုရားရှင်၏ သာသနာတော်ကို စောင့်ရှောက်တော်မူခဲ့သည့် မဟာသာဝက အရှင်မဟာကဿပ မထေရ်မြတ်ကြီး၏ ဂုဏ်တော်ကျေးဇူးတော်များကို ဗုဒ္ဓဘာသာဝင်တိုင်းက ကျေးဇူးတင်မဆုံး သတိရမဆုံး ရှိနေကြသကဲ့သို့ ယခုခေတ်သာသနာ နှစ်ထောင့် ငါးရာကျော်မှာ ပေါ်ပေါက်လာခဲ့သည့် အရှင်မဟာကဿပ မထေရ်မြတ်နှင့် အလားတူ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဂုဏ်တော် ကျေးဇူးတော်များကိုလည်း အားလုံးသော တပည့်အပေါင်းတို့က ထာဝရသတိရ အောက်မေ့နေကြမည်မှာ အမှန်ပင်ဖြစ်ပါပေသည်။

အခြားသော အကြောင်းမှာလည်း ဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်းသည် ပြည်တွင်း၌သာမက ပြည်ပမှာရောကမ္ဘာတစ်ခွင်ကျယ်ပြန့်ခဲ့သည်က

ကျေးဇူးတော်ရှင် ဆရာတော်ဘုရား

ပြင်တွေ့စေချင်ပါသည်

ရွှေပြည်ပြင်းဇေး



တစ်ကြောင်း၊ ဤကဲ့သို့ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော်လည်း ယနေ့အထိ ဆရာတော်ဘုရားကြီး၏ လုပ်ဆောင်တော်မူချက်များသည် မည်သည့်နေရာမှာ ချို့ယွင်းသွားသည်၊ မည်သည့်နေရာမှာ လိုသွားသည်၊ ပိုသွားသည်ဟူ၍ ထောက်ပြစရာ မရှိလောက်အောင် ပြည့်စုံတော်မူခဲ့သည့်အတွက်များကြောင့်တစ်ကြောင်း၊ အခြားအခြားသောဖော်ပြ၍ မကုန်နိုင်သည့် အကြောင်းများတွေကြောင့်လည်း ဆရာတော်ဘုရားကြီး၏ တပည့်များက သတိရတိုင်း ဆရာတော်ဘုရားကြီးအား လွမ်းဆွတ်တသ သတိရလျက်ရှိနေကြပေတော့သည်။

ဆရာတော်ဘုရားကြီးကို ရိုသေချစ်မြတ်နိုးကြသည့် တပည့်အပေါင်းတို့ကလည်း ဆရာတော်ဘုရားကြီး ချမှတ်တော်မူခဲ့သည့် လမ်းစဉ်အတိုင်း ပရိယတ် ပဋိပတ်စသည်တော်ကြီးကို ဝိုင်းဝန်းကြိုးပမ်းပြီး လည်ပတ်နေကြတာကြောင့် မဟာစည်ဟူသော အမည်သည် ပို၍ပို၍ ကျယ်ပြန့်လာခဲ့ရပါသည်။ ဆရာတော်ဘုရားကြီး၏ တပည့်အပေါင်းများလည်း ဆရာ့ဂုဏ်ကို ကျေးလူးသိသည့်ဆရာကောင်းတပည့် ပီသကြပါပေသည်။ ဆရာကလည်း ဆရာ့တာဝန်၊ ဒကာကလည်း ဒကာ့တာဝန် ကျေပွန်ခဲ့တာကြောင့် မဟာစည်ဟူသော အမည်သည် ကမ္ဘာတစ်လွှား ပို၍ပို၍မြည်သံဟိန်းနေဆဲဖြစ်ပေသည်။ နောင်ကိုလည်း ဆက်ကာဆက်ကာ မြည်သံဟိန်းနေဦးမည်မှာ အမှန်မလွဲပါပေ။ အကြောင်းမူကား ဆရာတော်ဘုရားကြီး၏ တပည့်စဉ်ဆက်တို့က ပြည်တွင်းပြည်ပနေရာအနှံ့ သာသနာ့တာဝန်များ ကျေပွန်စွာ ထမ်းဆောင်နေကြသောကြောင့်လည်းကောင်း၊ ယခုလို ခေတ်မီတိုးတက်သည့် သိပ္ပံလောကတွင် အလွန်ဆက်သွယ်ရေးကောင်းသည့် ကွန်ပျူတာ၊ အင်တာနက်များ၏ ကျေးဇူးများကြောင့် လူမျိုးမရွေး ဘာသာမရွေး မည်သည့်ပုဂ္ဂိုလ်မဆို ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော တရားတော်များကို လွယ်ကူစွာ လေ့လာဖတ်ရှုနိုင်သောကြောင့်လည်းကောင်း၊ မဟာစည်ဟူသော အမည်သည်ကမ္ဘာတစ်ခွင်မှာ မသိသူမရှိသလောက် ပို၍ပို၍ ကျယ်ပြန့်နေမည် ဆိုသည်မှာ ယုံမှားဖွယ်ရာမရှိနိုင်ပါပေ၊ ငြိမ်းချမ်းမှုကို ရှာနေကြသော လောကသားများအတွက် ဝမ်းမြောက်ဖွယ်ရာကောင်းပါပေစွ။

ဤနေရာ၌အထူးအားဖြင့်တင်ပြလိုသည်မှာ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိတော်မူစဉ် ပြည်တွင်းပြည်ပအနှံ့ သာသနာပြုရောက်ခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ကြပါသည်။ ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် ရောက်လေရာအရပ်တိုင်းမှာ ပရိသတ်တို့၏ ကြည်ညိုလေးစားမှု၊ အားရဝမ်းသာကြိုဆိုမှု၊ ပူဇော်မှုများ ရှိခဲ့ကြပါသည်။ ဆရာတော်ဘုရားဟောကြားသော တရားတော်ကို နာယူပြီး တရားဓမ္မများကျင့်သုံးကာ ငြိမ်းချမ်းမှုရသူများလည်း မရေမတွက်နိုင်ပါပေ။ ယခုလို ဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်းများ အောင်မြင်ခဲ့သော်လည်း အားလုံးသည် အစစအရာရာ လွယ်ကူချောမွေ့စွာ အောင်မြင်သည်ဟုတော့ မဆိုသာပါ။ အောင်မြင်မှု ရသူတိုင်း အခက်အခဲဆိုသည်ကို ကျော်လွှားရစမြဲပင်ဖြစ်ပါသည်။ ဆရာတော်ကြီးသည်လည်း အချို့အချို့သော နေရာများတွင် အခက်အခဲများကို ကျော်လွှားခဲ့ရသည်မှာ အမှန်ပင်ဖြစ်ပေသည်။

မိန့်တော်မူခဲ့ဖူးပါသည်။ ဤမိန့်တော်မူချက်ကို ထောက်ဆခြင်းအားဖြင့် ကမ္ဘာတစ်ခွင် ဗုဒ္ဓသာသနာကျယ်ပြန့်စွာ ရောက်နိုင်စေဖို့ ဆရာ





ယခုအခါ ဤသင်တန်းကျောင်း ကြီးဖွင့်လှစ်လာခဲ့သည်မှာ ၁၃ နှစ် တာ ကြာမြင့်ခဲ့ပါပြီ။ မဟာစည်ဗုဒ္ဓ သာသနာနှင့်ပတ သာသနာ့ပုဂ္ဂိုလ် မိသားစုတို့၏ ပစ္စည်းလေးပါး ထောက်ပံ့မှုတို့ဖြင့်သင်တန်းကျောင်း ကြီးသည် အရှိန်အဟုန်မပျက် ဆက်လက်တိုးတက် အောင်မြင် လျက်ရှိပါသည်။ ဤသင်တန်း ကျောင်း၌ ပြင်ပမှ အငြိမ်းစား ဆရာကြီးများက ကုသိုလ်ဖြစ်လာ ရောက်၍ ပညာဒါန ကုသိုလ်အဖြစ် ဖြင့် သင်ကြားပေးလျက်ရှိကြပါ သည်။ မဟာစည်သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီး များက အားရကျေနပ်သည်အထိ တရားအားထုတ်ပြီးကြသော နိုင်ငံ ခြားသားများအား ဤကျောင်းတိုက်၌ မြန်မာစကားနှင့် ဗုဒ္ဓစာပေများ သင်ကြားပေးပါသည်။ ဓမ္မာစရိယ ဘွဲ့ကို ရရှိအောင်မြင်ပြီး၍ မဟာ စည်သာသနာ့ရိပ်သာ၌ ဉာဏ်စဉ် တရားနာခွင့်ရသည်ထိ တရားရှု မှတ်ပြီးသော မဟာစည်နာယက ဆရာတော်များက အထူးရွေးချယ် ပေးသည့် မြန်မာရဟန်းတော်များ မှာတော့ ဤသင်တန်းကျောင်း၌ ဘာသာန္တရစာပေများနှင့် အင်္ဂလိပ် ဘာသာဖြင့် ရေးသားထားသော မဟာစည်ဆရာတော်ဘုရားကြီး၏ ကျမ်းစာများ၊ ဟောစဉ်များကို လေ့ လာဆည်းပူးကြရပါသည်။ မြန်မာ ရဟန်းတော်များကို အင်္ဂလိပ်ဘာ သာဖြင့် တရားဟောနိုင်ပြောနိုင်

တော်ဘုရားကြီး၏ ကြီးမားသော အမြော်အမြင် ဉာဏ်ပညာကို လေးစားကြည်ညို ပူဇော်မိပါသည်။

ယခုအခါ ဆရာတော်ဘုရားကြီး မျှော်မှန်းတော်မူခဲ့သည့် လမ်းစဉ် အတိုင်း ဆရာတော်ဘုရားကြီး၏ တပည့်စဉ်ဆက်တို့က စွမ်းဆောင် နိုင်ခဲ့ကြပါပေပြီ။ ဆရာတော်ဘုရား ကြီး၏ ဆန္ဒတော်များ ပြည့်စုံခဲ့ပါပေ ပြီ။

ဆရာတော်ဘုရားကြီး၏ ဆန္ဒ တော်များပြည့်ဝအောင်ဆောင်ရွက် နိုင်ခဲ့မှုက ရန်ကုန်မြို့၊ မရမ်းကုန်း မြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းရှိ "မဟာစည်အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓ သာသနာပြုသင်တန်းကျောင်းတော် ကြီး" ကိုဖွင့်လှစ်နိုင်ခဲ့ခြင်းပင် ဖြစ်ပါ သည်။ ဤသင်တန်းကျောင်းတော် ကြီး ဖွင့်လှစ်နိုင်ရန်အတွက် သီရိ သုဓမ္မမဏိဇောတဓရ ဦးပွင့်ကောင်း (ကွယ်လွန်) နှင့် ဇနီးဒေါ်ခင်နွဲ့ရီ (အဂ္ဂ မဟာသီရိသုဓမ္မသိရီ) ရွှေပုဇွန် မိသားစုတို့က ဤကျောင်းတိုက်အား မဟာစည်သာသနာ့ရိပ်သာသို့ လှူဒါန်း ခဲ့ပါသည်။ ထို့ကြောင့် မဟာစည် သာသနာ့ရိပ်သာမှ ဩဝါဒါစရိယ ဆရာတော်၊ နာယကဆရာတော် များအမှူးပြုလျက် မဟာစည်ဗုဒ္ဓ သာသနာနှုဂ္ဂဟအဖွဲ့ချုပ်မှ ၁၉၉၀ -ပြည့်နှစ်၊ ဇူလိုင်တွင် မဟာစည် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု သင်တန်းကျောင်းကြီးကို အောင်မြင် စွာ ဖွင့်လှစ်နိုင်ခဲ့ပါသည်။



သည်အထိ သင်ကြားပေးပါသည်။

ဤကဲ့သို့ဆရာကြီးများ၏စေတနာဖြင့် သင်ကြားပေးမှု၊ ကျောင်းဒကာ၊ ကျောင်းအမများနှင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်တို့၏ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့မှု၊ မဟာစည်ဩဝါဒိစရိယဆရာတော်၊ နာယကဆရာတော်တို့၏ ခီးမြောက်ထောက်ပံ့မှုတို့ကြောင့် ဤသင်တန်းကျောင်းမှ နှစ်စဉ်သာသနာပြုပုဂ္ဂိုလ်များကို မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ၁၃-နှစ်တာကာလကြာမြင့်လာသည်နှင့်အမျှ သင်တန်းကျောင်းမှ ကျောင်းဆင်းတော်မူကြပြီး အရည်အချင်းပြည့်မြန်မာရဟန်းတော်များ နိုင်ငံခြားသားရဟန်းတော်များနှင့် သီလရှင်များသည် ယခုအခါ ကမ္ဘာအရပ်ရပ်၌ကျယ်ပြန့်စွာသာ သနာပြုနေကြပါပြီ။

နိုင်ငံခြားသားသင်တန်းဆင်းများက သူတို့၏အမိနိုင်ငံတွင် ပြန်လည်၍ ဗုဒ္ဓတရားတော်များကို ဖြန့်ဝေ သာသနာပြုနေကြသလို မြန်မာ ရဟန်းတော်များကလည်း အနောက်နိုင်ငံများနှင့် အာရှတိုက်တို့တွင် ကျယ်ပြန့်စွာ သာသနာပြုနေကြပါပြီ။ အနောက်ဘက်ကို လှမ်းမျှော်ကြည့်ပါက အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ချက်ရီပါဘလစ်၊ အမေရိက၊ ကနေဒါ စသောနိုင်ငံများ၌လည်းကောင်း၊ အရှေ့ဘက်ကို လှမ်းမျှော်ကြည့်ပါက ကိုရီးယား၊ ဂျပန်၊ ဗီယက်နမ်၊ မလေးရှား၊ ထိုင်း စသောနိုင်ငံများ၌လည်းကောင်း မဟာစည်သင်တန်း ကျောင်းဆင်းသာသနာပြုပုဂ္ဂိုလ်တို့သည်မဟာစည်ဆရာတော်ဘုရားကြီး မျှော်မှန်းတော်မူခဲ့သည့်အတိုင်း ကျယ်ကျယ်ပြန့်ပြန့်အောင် မြင်စွာသာသနာပြုနေကြပါပြီ။

ဤကဲ့သို့ မဟာစည်သင်တန်းကျောင်းမှ သင်တန်းဆင်းသာသနာပြုပုဂ္ဂိုလ်များက နေရာအနှံ့ကမ္ဘာအနှံ့ သာသနာပြုနေကြသလို မဟာစည်ရိပ်သာကြီးမှ ဩဝါဒိစရိယဆရာတော်ကြီးများ၊ နာယကဆရာတော်ကြီးများကလည်း အခါအားလျော်စွာ နိုင်ငံခြားမှပင့်ဖိတ်လာသည်ကို လက်ခံတော်မူကြပြီး အပင်ပန်းခံကာ ဓမ္မဒူတခရီးများအဖြစ်ဖြင့် ကမ္ဘာအနှံ့လှည့်လည်၍ တရားဟောခြင်း၊ တရားစခန်းများ ဖွင့်လှစ်ခြင်း စသည်တို့ဖြင့် မနေမနား ကြိုးစားတော်မူကြသည့်အတွက်ကြောင့်လည်း မဟာစည်ပြည်ပသာသနာပြုလုပ်ငန်းသည် ပို၍ပို၍ ကျယ်ပြန့်လာခဲ့ရပါသည်။

ယနေ့ မဟာစည်ပြည်ပသာသနာပြု၏ အောင်မြင်မှုအခြေအနေကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသာတွေ့မြင်ရပါမူ မည်မျှဝမ်းသာတော်မူလိမ့်မည်နည်း၊ ဆရာတော်ဘုရားကြီးမျှော်မှန်းတော်မူခဲ့သည့်အတိုင်း နိုင်ငံခြားသားများသည် သတိပဋ္ဌာန်တရားတော်ကို သူတို့ကိုယ်တိုင် အားရကျေနပ်အောင် အားထုတ်ပြီး နောက် ဗုဒ္ဓစာပေများကို သင်ယူကာ သူတို့၏ အမိနိုင်ငံတွင် ဗုဒ္ဓ၏တရားတော်များကို ဟောကြားပြသ သာသနာပြုနေရုံမျှမက၊ ဘာသန္တရစာပေများကို သင်ကြားပြီးသော မြန်မာရဟန်းတော်များကလည်း နိုင်ငံရပ်ခြားတွင် ရောက်လေရာ နိုင်ငံတိုင်းမှာ ကျွမ်းကျင်စွာ သာသနာပြုနိုင်နေကြပြီမို့ ယနေ့မဟာစည်ပြည်ပသာသနာပြု အခြေအနေကို **မြင်တွေ့စေချင်ပါသည်** ကျေးဇူးတော်ရှင် ဆရာတော်ဘုရား။

(ရွှေပြည်ငြိမ်းအေး)





အမြိုက်တံခါးမှူး

အေးရိပ်ချောင်ဆရာတော်
(မြိတ်)

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကလည်း အမြိုက်တံခါးကို တိုင်းနှင့်ပြည်နယ် အသီးသီးမှာ ရိပ်သာခွဲပေါင်း ၄၀၀ ကျော်မှ ၅၀၀ အထိ တိုးတက်မြင့်မားတည်ထောင်လာနိုင်ခဲ့သလို ကျေးဇူးတော်ရှင်မဟာစည်ဆရာတော် ဘုရားကြီး၏ တပည့်သာဝကကြီးတွေ ကြိုးစားခဲ့လို့ ကမ္ဘာမှာ မဟာစည်ဆိုတာ ဖြစ်တည်လာပုံကိုတော့ တခြားဆောင်းပါးတွေ ဖတ်ကြရမှာပါ။ အကျယ်မချဲ့လိုတော့ပါဘူး။

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး ဖော်ထုတ်ပေးတာက “သဒ္ဓါတရား” “သဒ္ဓါတရားဟာ ဘယ်လိုအမျိုးအစားလဲ၊ ဘယ်လောက်အဖိုးတန်သလဲဆိုတာကိုသာ ရေးသားလိုပါ၏။

၁။ ကံ, ကံ၏ အကျိုးကို ယုံကြည်သောသဒ္ဓါတရား။

၂။ ရတနာသုံးပါး၏ ဂုဏ်ကို ယုံကြည်သော သဒ္ဓါတရား ဟူ နှစ်မျိုးရှိပါတယ်။

၁။ ကံ,ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရား

ကံဆိုသည်မှာ စေတနာပင်ဖြစ်၏။ သိစရာများကို အာရုံဟုခေါ်သည်။ အာရုံတစ်ခုကို သိရုံသက်သက်သဘာဝသည် “စိတ်” ဖြစ်၏။ ထိုစိတ်ကို ဖြစ်တိုင်းဖြစ်တိုင်း ဘယ်သို့ ဘယ်ပုံသိ၏ ဟူသော သိပုံအချင်းအရာကို “စေတ



သိက်" များ အမြဲတမ်းတပြိုင်နက် ကပ်လာလေ့ရှိသည်။ သိပုံအချင်း အရာ စေတသိက်များသည် ကောင်း လျှင် အမျိုးအစားပေါင်း သုံးဆယ် ပတ်ဝန်းကျင်ခန့်။ မကောင်းလျှင် အမျိုးစားပေါင်း နှစ်ဆယ်ပတ်ဝန်း ကျင်ဖြစ်လေ့ရှိရာ စေတသိက်သည် လည်း အမျိုးအစားပေါင်းတစ်ခု အစိတ်အပိုင်းတစ်ခုအဖြစ်ဖြင့် အမြဲ ပါဝင်နေပါသည်။ စေတနာကို ကံ ဟုခေါ်သည်။ ဒါ့ကြောင့် ကျေးဇူး တော်ရှင်မဟာစည်ဆရာတော်ဘုရား ကြီးက အပါယ်ဘေးငြိမ်းခွင့် ဉာဏ် အဆင့်ဆင့်ရောက်ပါစေလို့ မိန့် တော်မူပါတယ်။

ထိုဉာဏ်ဖြင့်လည်း မတော်တဆ ဆင်းရဲငြိမ်းပါစေ၊ ရဟန္တာမဖြစ် သေးသမျှ သတ္တဝါအားလုံး နိုးကြား နေခိုက် ဘာကိုပဲသိသိ သိပုံအချင်း အရာ စေတသိက်များ ကောင်းလျှင် စိတ်ကောင်းသည် စေတနာကောင်း သည်။ ကုသိုလ်ဖြစ်သည်။ သိပုံ အချင်းအရာ စေတသိက်များ မ ကောင်းလျှင် ဘာကိုပဲသိသိ စိတ်မ ကောင်း၊ စေတနာမကောင်း၊ ကံမ ကောင်း၊ အကုသိုလ်ဖြစ်သည်။

ကုသိုလ်စေတနာသည် ဘယ် သောအခါမှ မကောင်းကျိုးမပေး။ အကုသိုလ်စေတနာသည် မကောင်း ကျိုးကို ဖြစ်စေတတ်၏။ သဘာဝ အမှန်အတိုင်းသိအောင် စိစစ် ဝေ ဖန်နိုင်ခြင်းသည် "ပညာ" ဖြစ်၍ အခိုင်အမာဆုံးဖြတ်ပြီးနောက် ယုံ ကြည်လက်ခံထားခြင်းသည် "သဒ္ဓါ" တရား၊ ၎င်းသဒ္ဓါတရား ထက်, မထက်။ "စံ" ရှိသည်။ ၎င်း "စံ"ကို ဥပမာ တစ်ခုဖြင့် ကျမ်းစာတို့ ဖော်ပြထားပါတယ်။

လူအများ၏ရှေ့တွင် ချောင်း သာသာ မြစ်ပြင်ကျယ်တစ်ခုကို မြင် တွေ့နေရ၏။ ရေပြင်ကျယ်သော် လည်း သိပ်မနက်လှမှန်းသိသာလှ ၏။ လည်ပင်းမမြုပ်တမြုပ်သာရှိ သည်။ ကူးမည်ဆို က ကူးနိုင် လောက်၏။ သို့သော် ဟိုဘက်ကမ်း ထိပ်၊ သည်ဘက်ကမ်းထိပ် ခရီးသွား လူများ စုပြုံတိုးဝှေ့ရပ်ကြည့်နေကြ ၏။ မည်သူတစ်ဦးတစ်ယောက်မျှ ရေထဲမဆင်းဝံ့ကြ။ ယင်းခရီးသွား လူအုပ်ကြီးရှေ့မှာပင် မိကျောင်းကြီး များ၊ အသားစားငါးမန်းကြီးများ၊ မကန်းကြီးများ၊ ပြူးထွက်နေသော အစွယ်၊ ဖြူလျော်သောမျက်နှာ၊ မီးလျှံကဲ့သို့ ဝင်းဝင်းတောက်နေ သော မျက်လုံး၊ သွေးကဲ့သို့ ချင်းချင်း နီနေသော လက်ဖဝါး, ခြေဖဝါး၊ ကြီး မားသော ဝမ်းဗိုက်မည်းကြီးများနှင့် ရုပ်ပျက်ဆင်းပျက်ကြောက်မက်ဖွယ် ရောဘီလူးကြီးများ၊ ရေသရဲကြီးများ၊ ရေပြင်ပေါ်သို့ ဘွားခနဲ ဘွားခနဲ ပေါ်ထွက်လာ၍ တစ်ကောင် တစ်ကောင် တိုက်ခိုက် သတ်ဖြတ် စားသောက်၍ လှုပ်ရှားသွားလာ ကျက်စားနေလေ၏။

ဤသည်ကို မြင်နေရသော ခရီးသွားလူအုပ်ကြီးခမျာ တစ်ဘက် ကမ်းကို ကူးဖို့ဝေးစွ ကြည့်ရသည်

ကုသိုလ်စေတနာသည် ဘယ်သောအခါမှ မကောင်းကျိုးမပေး၊ အကုသိုလ်စေတနာသည် မကောင်းကျိုးကို ဖြစ်စေတတ်၏။





သဒ္ဓါတရားသည် စစ်တိုက်ရာ၌ ကျွမ်းကျင်၍ ရဲဝံ့သော စစ်သူကြီးနှင့် တူ၏။



မှာပင် သွေးပျက်လောက်အောင် ထိတ်လန့်နေကြ၍ အနားပင်မသီ၊ ရေကိုပင် မထိရဲကြပေ။ ထိုအခိုက် စစ်တိုက်ရာ၌ ကျွမ်းကျင်လိမ္မာ၍ ရဲဝံ့သော စစ်သူကြီးတစ်ယောက် ဆိုက်လာလေသည်။ စစ်သူကြီးသည် ရေကိုကြည့်၍ မကူးနိုင်စရာ မရှိ။ ရေသည် အလွန်မနက် အန္တရာယ်ရှိမှာကတော့ သေချာ၏။ ကမ်းနှစ်ဘက်လူများ ရေထဲမဆင်းဝံ့သည်ကပင် သက်သေထူနေလေပြီ။ စစ်သူကြီးက လူအုပ်ကြီးကို မေး၏။

"မိတ်ဆွေတို့ ရေထဲဆင်းပြီး လိုရာကို အရောက်မကူးကြဘဲ၊ ဘာ့ကြောင့်များ ကမ်းပေါ်မှာပဲ ရပ်ကြည့်နေကြသလဲ"

ထိုအခါ လူအုပ်ကြီးက -

"မိတ်ဆွေ မြစ်ရေဟာ အလွန်မနက်ပေမယ့် အန္တရာယ်အလွန်ကြီးမားသည့်အတွက်ကြောင့် ဘယ်သူမှ မဆင်းဝံ့ကြဘူးဖြစ်နေတယ်"

ထိုအခါ၌စစ်သူကြီးကအကောင်းဆုံးသွေးထားသော ဓားကြီးကို ဓားအိမ်မှ လျှပ်စီးလက်လိုက်သလို ဆွဲယူထုတ်လိုက်ပြီးလျှင် ရဲဝံ့ပြတ်သားသောအသံဖြင့် -

"အားလုံးသော မိတ်ဆွေတို့ အကျွန်ုပ်နောက်သာ လိုက်ခဲ့ကြပါ။ ဘာကိုမျှ မကြောက်ပါနဲ့" ဟု ပြောပြောဆိုဆို မြစ်အတွင်းသို့ ဆင်း၍ ကူးလေတော့၏။

ထိုအခါ စစ်သူကြီးကို အားကိုးတကြီး ယုံယုံကြည်ကြည်နှင့် လိုက်ပါလာကြသော လူအများတို့ကလည်း စစ်သူကြီးနောက်မှ ထက်ကြပ်မကွာ လိုက်ပါလာလေတော့သည်။

လူအုပ်ကြီးအနားကပ်လာ သမျှ မိကျောင်း၊ ငါးမန်း၊ မကန်းများ၊ ရေဘီလူးများနှင့် ရေသရဲများကို ထက်လှစွာသော ဓားကြီးဖြင့် အစွမ်းကုန် တရှိုးရှိုးခုတ်ဖြတ်ပယ်ရှား သုတ်သင်ရှင်းလင်း၍ လူအုပ်ကြီးကို ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသို့ အန္တရာယ်ကင်းစွာ ပို့ဆောင်ပေးလေ၏။

ထို့အတူ ဒါနပေးလှူရာ သီလစောင့်ထိန်းရာ ဘာဝနာပွားရာ အခါတို့၌ ကံ, ကံ၏အကျိုးကို ယုံကြည်သောသဒ္ဓါတရား ထက်လျှင် ထက်သလောက် မဆုတ်မနစ် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ပြုလုပ်နိုင်လေသည်။ ဒါန, သီလ, ဥပုသ်, ဘာဝနာ အားထုတ်ရာအခါတို့၌ အကြောင်းအမျိုးမျိုးကြောင့် တွန့်ဆုတ်သော စိတ်စေတသိက်များသည် ရေထဲမှ အန္တရာယ်များကို ကြောက်ရွံ့၍ မကူးဝံ့ ဆုတ်နစ်သော လူအုပ်ကြီးနှင့်တူ၏။ သဒ္ဓါတရားသည် စစ်တိုက်ရာ၌ ကျွမ်းကျင်၍ ရဲဝံ့သော စစ်သူကြီးနှင့်တူ၏။ ကြောက်ရွံ့ဆုတ်နစ်သော လူအုပ်ကြီးသည် ကျွမ်းကျင်ရဲဝံ့သော စစ်သူကြီး၏ အကူအညီဖြင့် လိုရာဘက်ကမ်းသို့ ကူးနိုင်ကြသလို ဒါန, သီလ, ဘာဝနာစသည့် ကုသိုလ်အလုပ် အား



ထုတ်ရာ၌ တွန့်ဆုတ်နေသော စိတ်, စေတသိက်များသည် မှန်မှန်ကန်ကန်ဆုံးဖြတ်ချက်ချ၍ အခိုင်အမာယုံကြည်သော သဒ္ဓါတရား အကူအညီဖြင့် အောင်မြင်ပြီးမြောက်သည်အထိ ပြုလုပ်အားထုတ်နိုင်လေသည်။ ဤကား ကံ, ကံ၏ အကျိုးကို ယုံကြည်သော သဒ္ဓါတရား ဖြစ်၏။

၂။ ရတနာသုံးပါးဂုဏ်ကို ယုံကြည်သောသဒ္ဓါတရား

ဘုရား, တရား, သံဃာရတနာမြတ်သုံးပါးကို ကြည်ညိုရာ၌ ဂုဏ်တော်ကို ကြည်ညိုခြင်းသည်သာ ပမာန ဖြစ်သည်။ ကြည်ညိုခြင်းကို သဒ္ဓါတရားဟုဆိုလျှင် ကြည်ညိုခြင်းဟူသည် အဘိယနည်း။

"ပသာဒံဇနေတီတိ အဓိမောက္ခံ ဥပ္ပါဒေတိ" ကြည်ညိုခြင်းကို ဖြစ်စေတယ်ဆိုတာ "ဆုံးဖြတ်မှုကိုဖြစ်စေတာပါ" ဟု မူလပဏ္ဏာသဋ္ဌီကာ စာမျက်နှာ (၂)မှာ ဖွင့်ပြထား၏။ ကြည်ညိုမှုတွင် ဆုံးဖြတ်မှုက ပမာနဖြစ်နေ၏။ ဤတွင်

၁။ မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်မှု

။။ မှားမှားယွင်းယွင်းဆုံးဖြတ်မိမှု

ဟု နှစ်မျိုးရှိနိုင်ပြန်၏။ ထို့ကြောင့် ၁။ မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်ပြီး လေးစားမြတ်နိုးခြင်း၊ လက်ခံယုံကြည်ခြင်း၊ အားကိုးအားထားပြုခြင်း၊ ကိုးကွယ်ဆည်းကပ်ခြင်းကို ကြည်ညိုသည်။ စိတ်ကြည်လင်မှုကို ဖြစ်စေသည်။ သဒ္ဓါတရားဖြစ်သည်ဟု ဆိုရ၏။။ ၂။ မှားမှားယွင်းယွင်းဆုံးဖြတ်မိပြီး လေးစားမြတ်နိုးခြင်း၊ လက်ခံယုံကြည်ခြင်း အားကိုးအားထားပြုခြင်း၊ ကိုးကွယ်ခြင်းကို တော့ ကြည်ညိုသည်။ စိတ်ကြည်လင်မှုကို ဖြစ်စေသည်။ သဒ္ဓါတရားအစစ် ဖြစ်သည်ဟု မဆိုနိုင်။ အတုပဲ ဆိုရ၏။ ဤသို့ ကွဲပြားသွားရခြင်း၏ အကြောင်းမှာ ကြည်ညိုခြင်းဆိုသော မြန်မာစကားသည် ကြည်လင်စေ၏ ဆိုသော အဓိပ္ပါယ်ကို ဆောင်၏။ ကြည်လင်ဆိုသည်မှာလည်း ရေကြည်သည်၊ မျက်စိကြည်သည် ဆိုရာကဲ့သို့ သဘာဝတရား တစ်ခုခု၏ ကြည်လင်မှုကို ပြောခြင်းဖြစ်၏။ ဤနေရာတွင် စိတ်၏ ကြည်လင်မှုကို ဆိုလိုသည်။

တဖန် စိတ်၏ကြည်လင်မှုဆိုရာ၌လည်း ရေကြည်သည်ဆိုရာ၌ ရေကိုနောက်ကျစေတတ်သော အမြိုက်သရိုက် အမှုန်အမွှား အရောင်အဆင်း ရွံ့ညွန်စသော အညစ်အကြေးများမှ သန့်ရှင်းစင်ကြယ်ခြင်း၊ ဆူပွက်ခြင်းမရှိ ငြိမ်သက်နေခြင်းကို "ရေကြည်သည်" ဟူ၍လည်းကောင်း၊ "မျက်စိကြည်သည်" ဆိုရာ၌ မျက်စေ့၏ကြည်လင်မှုကို ဖျက်ဆီးတတ်သော တိမ်သလွှာစသည့် အညစ်အကြေးမှ ကင်းစေခြင်းကို "မျက်စိကြည်သည်" ဟူ၍လည်းကောင်း၊ "စိတ်ကြည်သည်" ဆိုရာ၌လည်း စိတ်ကို နောက်ကျစေတတ်သော ကိလေသာ အညစ်အကြေးကို ဆူပွက်စေတတ်သော ကိလေသာအပူဘေးများမှ ကင်းစင်၍ သန့်ရှင်းစင်ကြယ်ခြင်း၊ ငြိမ်သက်ခြင်း၊ ငြိမ်းအေးခြင်းကို ဆိုလိုသည်။

ထို့ကြောင့် မိမိတို့ ကိုးကွယ်ဆည်းကပ်သော ဘုရား, တရား, သံဃာ အခြားဘာသာဝင်များအတွက် ဘာသာရေးဆိုင်ရာ ဘုရားရှင်များ၊ ဆုံးမလမ်းညွှန်ထားသော တရားကျမ်းစာများ၊ ဘုန်းကြီးများ၊ သီလရှင်များမှာဆိုခဲ့သည့်အတိုင်း စိတ်ကြည်လင်မှုကို ဖြစ်စေနိုင်သော ဂုဏ်သတ္တိအစစ်အမှန်များ တကယ်ရှိ မရှိအပေါ်မှာ မူတည်ပြီးလည်းကောင်း၊ ကိုးကွယ်ဆည်းကပ်ပုံဆည်းကပ်နည်းအပေါ် မူတည်ပြီးလည်းကောင်း သဒ္ဓါအတုအစစ် ကွဲပြားရခြင်းဖြစ်လေသည်။

ရတနာသုံးပါးဆန်းစစ် သုံးသပ် ဆုံးဖြတ် ကြည်ညိုနိုင်ပုံ

မြတ်စွာဘုရားသည်

၁။ အနန္တစကြဝဠာဟူသော ဩကာသလောက အနန္တသတ္တဝါဟူ



သော သတ္တလောက ရုပ်, နာမ် ဟူသော သခ်ါရလောက ဤလောက သုံးပါးတွင် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။

အဘယ့်ကြောင့်နည်း။

၂။ ဘုရားဂုဏ်တော်အားလုံးနှင့် ပြည့်စုံသောကြောင့်ဖြစ်သည်။

အဘယ်ကြောင့် ထိုဂုဏ်အားလုံးနှင့်ပြည့်စုံသနည်း။

၃။ သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် အလုံးစုံ အကုန်အစင်သိနိုင်၊ သိသည့်အတိုင်း သတ္တဝါများ သဘောပေါက်အောင် ဟောတော်မူနိုင်၊ သတ္တဝါများ မဂ်ဖိုလ်နိဗ္ဗာန်ရသည် အထိ ကွန်ဒြေစရိုက် အကြိုက်ကိုသိ၍ ဆုံးမနိုင်သောကြောင့် ဖြစ်သည်။

၄။ ကိလေသာ အားလုံးတို့မှ ဝါသနာနှင့်တကွ ဝေးကွာတော်မူသော အရိယာသူတော်စင်အစစ် ဖြစ်သောကြောင့်ဖြစ်သည်။

အဘယ်ကြောင့် ထိုကဲ့သို့ အရိယာ သူတော်ကောင်းအစစ် ဖြစ်သနည်း။

၅။ မဂ် ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သောကြောင့် ဖြစ်သည်။

အဘယ်ကြောင့် ထိုတရားမျိုးကို မျက်မှောက်ပြုနိုင်သနည်း။

၆။ အတုမရှိ သန့်ရှင်းစင်ကြယ်သော သီလ, သမထ, ဝိပဿနာတို့ကို ပွားများအားထုတ်နိုင်သောကြောင့် ဖြစ်သည်။

အဘယ်ကြောင့် ထိုတရားမျိုးကို ပွားများအားထုတ်နိုင်သနည်း။

၇။ ပွားများအားထုတ်နည်းကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် အလိုလိုသိနိုင်သောကြောင့် ဖြစ်သည်။

အဘယ်ကြောင့် တိုးပွား ပွားများအားထုတ်နိုင်သနည်း။

၈။ လေးအသခ္ခေ်နှင့်ကမ္ဘာတစ်သိန်း ပါရမီတော်တို့ကို ဖြည့်ကျင့်ဆည်းပူးခဲ့သောကြောင့် သိခြင်းဖြစ်သည်။

ဤကဲ့သို့ အကြောင်းအကျိုးဆက်စပ်ဆင်ခြင်သုံးသပ်ကြည့်၍ ဘုရားရှင်သည်သာ အမြတ်ဆုံးဖြစ်ကြောင်း ဆုံးဖြတ်ကြည်ညိုခြင်းသည် ဘုရားရှင်အပေါ်၌ စစ်မှန်သော သဒ္ဓါတရားဖြစ်သည် မည်ပါ၏။ ဤကဲ့သို့သော အကြောင်းအားဖြင့် ဘုရားအမည်ခံ၍ အကိုးအကွယ်ခံသော ပုဂ္ဂိုလ်တိုင်းတွင် ဤကဲ့သို့ တကယ်ကိုးကွယ် ထိုက်သော ဂုဏ်အရည်အချင်းများ ရှိ, မရှိ စိစစ်ဝေဖန် ကြည့်ပါလေ။

အကောင်းဆုံးတရား

တရားတော်ကို ပါဠိလို "ဓမ္မ" ဟု ခေါ်ပါသည်။ "ဓမ္မ" ကိုအဓိပ္ပါယ်ဖွင့်ရာ၌ "ဟေတု" အကြောင်းဟုလည်း ဖွင့်ကြ၏။ သတ္တဝါတိုင်းသည် ဒုက္ခကင်းချင်၏။ ချမ်းသာချင်ကြ၏။ ထိုဒုက္ခကင်းခြင်းနှင့် ချမ်းသာခြင်းကို ဖြစ်စေနိုင်သော အကြောင်းတရားကို "ဓမ္မတရား" ဟုခေါ်သည်။

ဒုက္ခကင်းချင်လျှင်, ချမ်းသာချင်လျှင် ဒုက္ခနှင့်သုခကို ခွဲခြားသိဖို့လို သည်။ ဒုက္ခရောက်ကြောင်း မရောက်ကြောင်းကိုလည်း ခွဲခြားသိဖို့လိုသည်။

တဏှာမှတစ်ပါး ကိလေသာအားလုံးအပါအဝင် ရုပ်နာမ် အားလုံးသည် "ဒုက္ခ" ဖြစ်၏။ ဒုက္ခ၌ ငြိကပ်နေခြင်းသည် တဏှာဖြစ်၏။ ဒုက္ခမှ ငြိကပ်နေသမျှ ဒုက္ခမှမခွာနိုင်၊ ဒုက္ခမှ မလွတ်နိုင်၊ ဒုက္ခမှ မကင်းနိုင်၊ သုခဆီသို့လည်း မရောက်နိုင်။ ထို့ကြောင့် "ဒုက္ခ၌ ငြိကပ်နေသော တဏှာသည် ဒုက္ခရောက်ကြောင်း" ဖြစ်၏။ နိဗ္ဗာန်ဓာတ်သည် သုခဖြစ်၏။ ဒုက္ခကင်း၍ချမ်းသာချင်လျှင် ရုပ်နာမ်ဟူသော ဒုက္ခ၌ ငြိကပ်နေမှုကို ခွာပါမှ ဒုက္ခမှ လွတ်၏။ နိဗ္ဗာန်ဟူသော သုခသို့ အရောက်လှမ်းနိုင်မည်ဖြစ်သည်။ မဂ်ဖိုလ်တို့သည် ရုပ်နာမ် ဒုက္ခမှ ခွာနိုင်၍ နိဗ္ဗာန်သုခဆီသို့ အရောက်လှမ်းနိုင်သောကြောင့် သုခရောက်ကြောင်း တရားများ ဖြစ်သည်။

ထို့ကြောင့် သုခစစ်သော နိဗ္ဗာနဓာတ်နှင့် သုခရောက်ကြောင်း မဂ်ဖိုလ်တို့သည် "ဓမ္မ" ဟုဆိုသော တရားအစစ်များ ဖြစ်ကြလေသည်။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပရိယတ်တရားတော်သည်လည်း အပါယ်ဒုက္ခဝင့်ဆင်းရဲဒုက္ခတို့မှ လွတ်စေနိုင်၊ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရစေနိုင်သောကြောင့် "ဓမ္မ" အစစ်ဖြစ်ကြလေသည်။ ထို့ဓမ္မ



အစစ်ဖြစ်ကြောင်းကို အရိယာတို့သာ သိနိုင်သည်မဟုတ်။ ပုထုဇဉ်များအနေဖြင့်လည်း သိနိုင်ပါသည်။ ကိလေသာအားလုံးနှင့် ရုပ်နာမ်သည် ဒုက္ခတကယ်ဟုတ်, မဟုတ်၊ ထိုမှခွာခြင်းသည် သုခတကယ်ဟုတ်, မဟုတ်၊ နည်းမှန်လမ်းကျ ပွားများအားထုတ်ကြည့်လျှင် ပညာမျက်စိ၌ ရာဂ, ဒေါသ, မောဟ တိမ်သလွှာနည်းပါးသူတိုင်း လက်တွေ့သိနိုင်လေသည်။

ထိုကဲ့သို့ လက်တွေ့အားထုတ်ကြည့်၍သော်လည်းကောင်း၊ အနုမာနဉာဏ်ဖြင့် မှန်းဆဆင်ခြင်၍သော်လည်းကောင်း၊ မဂ်ဖိုလ် နိဗ္ဗာန်နှင့် ပရိယတ်တရားတော်တို့သည် ဓမ္မအစစ်များ ဖြစ်ကြလေသည်ဟု မှန်မှန်ကန်ကန် ဆုံးဖြတ်ချက် ချနိုင်၍ အားကိုးယုံကြည်မှု အခိုင်အမာရှိခြင်းသည် တရားတော်၌ သဒ္ဓါတရားအစစ်ဖြစ်သည် မည်လေ၏။

အမြတ်ဆုံးသံယာ

သံယာသည် ပါဠိဝေါဟာရစကားဖြစ်သည်။ ပုဂ္ဂိုလ် အစုအပေါင်းဟု အဓိပ္ပါယ်ရသည်။ ဗုဒ္ဓဘာသာအလို အရိယာသူတော်စင် ပုဂ္ဂိုလ်အပေါင်းကို သံယာဟုခေါ်သည်။

ဘုရားရှင်တို့သည် တစ်ချိန်တွင် တစ်ဆူသာပွင့်နိုင်ရုံးရှိ၍ ဘုရားအစုအပေါင်းဟု မခေါ်နိုင်ပေ။ သူတော်စင်တို့ကား တစ်ချိန်တွင် တစ်ပါးမက သခ်ျာဖြင့် ရေတွက်၍ မရနိုင်လောက်အောင် အများအပြား ရှိနိုင်လေသည်။

ထို့ကြောင့် အရိယာသူတော်စင်ပုဂ္ဂိုလ်အစုအပေါင်းကို "အရိယာသံဃာ" ဟုခေါ်၏။ ထိုအရိယာသံဃာကိုပင် အဖွားဆွတ်၍ သံဃာဟုခေါ်နေကြခြင်းဖြစ်သည်။

ထိုအရိယာသံဃာတော်သည် ၁။ လူအပေါင်း နတ်အပေါင်း ဗြဟ္မာအပေါင်းအစရှိသော ပုဂ္ဂိုလ်အစုအပေါင်းအားလုံးထဲတွင် အမြတ်ဆုံးဖြစ်၏။

အဘယ်ကြောင့်မြတ်သနည်း။

၂။ သံဃာ့ဂုဏ်တော်အားလုံးတို့နှင့်ပြည့်စုံသောကြောင့် ဖြစ်သည်။

ထိုဂုဏ်တော်ကို ဘာ့ကြောင့် ပြည့်စုံသနည်း။

၃။ မသူတော်ဖြစ်စေတတ်သော ကိလေသာတို့မှ တစ်စိတ်တစ်ဒေသအားဖြင့်သော်လည်းကောင်း၊ လုံးဝဥဿုံ အလုံးစုံသော်လည်းကောင်း၊ နောင်တစ်ဖန် လုံးဝဖြစ်ပေါ်ခြင်း မရှိအောင် ပယ်ရှားသုတ်သင် သန့်စင်ပြီးသော သူတော်စင်အစစ်များဖြစ်ကြလေသောကြောင့် ဖြစ်သည်။

အဘယ်ကြောင့် ကိလေသာတို့မှ သန့်စင်သည့် သူတော်စင်ဖြစ်ကြသနည်း။

၄။ စင်ကြယ်သောသီလ, စင်ကြယ်သော သမထစင်ကြယ်သော ဝိပဿနာတို့ကို ပွားများအားထုတ်နိုင်သောကြောင့် ဖြစ်သည်။

မူလပဏ္ဏာသ ဦးကာအတိုင်း ရေးရမည်ဆိုလျှင် ဗုဒ္ဓသာသနာတော်မှ တစ်ပါး အခြားသောဘာသာ အယူဝါဒအမျိုးမျိုး သာသနာအမျိုးမျိုးတို့၌ ပါးဝပ်ဖြင့် ကောင်းချီးအပေးခံရသော သူတော်ဝင်များသာ ရှိနိုင်၏၊



အဘယ်ကြောင့် ထိုတရားများကို ပွားများအားထုတ်သနည်း။

၅။ မြတ်စွာဘုရားဟောကြားတော်မူအပ်သော ဒေသနာနည်းလမ်းအပြည့်အစုံရှိသောကြောင့် ဖြစ်သည်။

မြတ်စွာဘုရားသည် အဘယ်ကြောင့် ထိုတရားတို့ကို ဟောကြားတော်မူနိုင်သနည်း။

၆။ သဗ္ဗညုတဉာဏ်ကြီးဖြင့် အလုံးစုံအကုန်အစင် သိမြင်တော်မူနိုင်ခြင်းကြောင့် ဖြစ်သည်။ အရိယာသံဃာတော်သည် သံယာ့ဂုဏ်တော်အားလုံးနှင့် ပြည့်စုံ၍ အမြတ်ဆုံးသံဃာဖြစ်ကြောင်း မိမိကိုယ်တိုင် အရိယာအဆင့်ရောက်နေလျှင် အသိဆုံးဖြစ်၏။ ပုထုဇဉ်များအနေနှင့်လည်း ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ပိုင်ရှင်ဖြစ်ပုံကို ကြည်ညိုု၍လည်းကောင်း၊ အရိယာသူတော်စင်များ အားထုတ်တော်မူအပ်သော တရားတော်များ၏ လိုအပ်သော အကျိုးကို ဆောင်နိုင်သော ဓမ္မအစစ်ဖြစ်ပုံကို ကြည့်၍လည်းကောင်း၊ မိမိကိုယ်တိုင် လိုက်နာအားထုတ်ကြည့်၍ လည်းကောင်း၊ နည်းမှန်လမ်းကျ ဆင်ခြင်သုံးသပ်ဝေဖန်ပိုင်းခြားကြည့်၍လည်းကောင်း၊ လောကၠ အရိယာသံဃာတော် တကယ်ရှိ၏။ ထိုသံဃာတော်သည် သံယာ့ဂုဏ်တော်အားလုံးနှင့်ပြည့်စုံ၍ အမြတ်ဆုံးသံဃာ အစစ်အမှန်ပင်ဖြစ်၏ဟု မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်၍ အခိုင်အမာယုံကြည်

ထိုပြင်ပ အာယူဝါဒသာသနာတို့၌ မဂ်ဖိုလ် သိသူမရှိ၊ စင်ကြယ်သော သီလ၊ စင်ကြယ်သော သမထ၊ စင်ကြယ်သော ဝိပဿနာလည်း မရှိ၊ အားထုတ်ဖို့နည်းလမ်းလည်းမရှိ၊



အားကိုးခြင်းသည် သံဃာစစ်သံဃာမှန်၌ ကြည်သောသဒ္ဓါတရားအစစ်အမှန်ဖြစ်လေသည်။

"ကွတော ဗဟိဒ္ဓါ သမဏောပိနတ္ထိ" "ဤဗုဒ္ဓသာသနာတော်မှအခြားပြင်ပသာသနာတို့၌ သမဏစစ်စစ်ပင်မရှိ" ဟူသော ပရိနိဗ္ဗာန်စံတော်မူခါနီး ဘုရားရှင်က သုဘဒ္ဒပရိဗိုဇ်အား ဟောကြားတော်မူအပ်သော ဂါထာတို့ဖြင့် ပြသည့်မူလ ပဏ္ဏာသ ဋီကာအတိုင်း ရေးရမည်ဆိုလျှင် ဗုဒ္ဓသာသနာတော်မှတစ်ပါး အခြားသော ဘာသာ အယူဝါဒအမျိုးမျိုး သာသနာအမျိုးမျိုးတို့၌ ပါးစပ်ဖြင့် ကောင်းချီးအပေးခံရသော သူတော်စင်များသာ ရှိနိုင်၏။ မသူတော်ဖြစ်အောင် လုပ်တတ်သည့် ကိလေသာတို့ကို တစ်စိတ်တစ်ပိုင်းအနေဖြင့်သော်လည်းကောင်း၊ လုံးဝဥဿုံ အလုံးစုံအနေဖြင့်သော်လည်းကောင်း၊ နောက်တစ်ဖန် ဘယ်သောအခါမှ ဖြစ်ပေါ်မလာနိုင်အောင် ဖယ်ရှားသုတ်သင်သန့်စင်နိုင်သော တကယ့်သူတော်စင် အစစ်အမှန်များ လုံးဝမရှိနိုင်ပေ။

သူတော်စင် အစစ်အမှန်ဖြစ်သည်ဆိုသည်မှာ ဝေးပါဘိ၊ ဗုဒ္ဓဘာသာမှ မသိရဘဲ သီလ, သမထ, ဝိပဿနာ အစစ်အမှန်ကို စင်စင်ကြယ်ကြယ် အားထုတ်နိုင်သော သမဏစင်စစ် မရှိနိုင်ပေ။ အဘယ်ကြောင့်နည်း။ ထိုပြင်ပ အယူဝါဒသာသနာတို့၌ မဂ်ဖိုလ် သိသူမရှိ စင်ကြယ်သော သီလ၊ စင်ကြယ်



ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးက "ကသိုလ်လိုချင်ရင် ကသိုလ်လုပ်ပါ။ အကသိုလ် လိုချင်ရင် အကသိုလ်လုပ်ပေါ့" ပြုလုပ်တာကို "ကံ" လို့ခေါ်တယ်၊

သော သမထ၊ စင်ကြယ်သော ဝိပဿနာလည်း မရှိ။ အားထုတ်ဖို့ နည်းလမ်းလည်းမရှိ၊ တစ်စုံ တစ်ယောက် ဟောကြားထားခြင်းလည်း မရှိ ဖြစ်သည်။

ဘာသာအယူဝါဒအမျိုးမျိုး၊ သာသနာအမျိုးမျိုးတို့သည် ဗုဒ္ဓဘာသာ၌ ဖော်ပြထားသော သီလ, သမာဓိ, ပညာ, ဝိပဿနာ မဂ်ဖိုလ် နိဗ္ဗာန်ဟူသော အနှစ်သာရတို့ လုံးဝ မရှိ၊ အချည်းနှီးတွေသာ ဖြစ်၏။ ဘာသာခြားတွေမှာရှိသော အနှစ်သာရဆိုတာတွေသည် ဗုဒ္ဓဘာသာမှာတော့ ဘာမှပြောပလောက်တာတွေ မဟုတ်၊ သာမန်အဆင့်တန်းတောင် မမီလေ ဟုဆိုရမည် ဖြစ်သည်။ ဤသို့ ဆိုရခြင်းမှာ ဘာသာခြားတို့ အသီးသီးကိုးကွယ်အပ်သော ဆရာဘုရားများ၏ သဗ္ဗညုသမ္မာသမ္ဗုဒ္ဓ မဖြစ်ခြင်းကြောင့် ဖြစ်ရလေသည်။

ဤသို့ဆိုလျှင် ဘာသာခြားသာသနာတို့၌ ကိုးကွယ်ခံဘုရားများ၏ ချို့ယွင်းပျက်စီးမှုကြောင့် အနှစ်သာရ အစစ်အမှန်တို့မှ ဆုံးရှုံးနစ်နာကြရ၏။ ဝဋ်ဆင်းရဲမှလည်း ရုန်းမထွက်နိုင်ကြလေဟု ဦကာဆရာက ထောက်ပြဖွင့်ဆိုသွားလေသည်။

ရတနာသုံးပါးကို ကြည်ညိုသော သဒ္ဓါတရားသည် ပြဆိုခဲ့သည့်အတိုင်း ကြည်လင်မှုကို ဖြစ်စေနိုင်၏။ ကျမ်းစာတို့၌ စကြာမင်း၏ ရေကြည်တော်ပတ္တမြားနှင့် ဥပမာ"စံ" ပြုထားကြလေသည်။

တစ်ရံရောအခါ စကြာမင်းကြီး တစ်ပါးသည် စစ်အင်္ဂါလေးပါးခြံရံ၍ ခရီးရှည်တစ်ခုသွားနေစဉ် ချောင်းငယ်လေးတစ်ခုကို ဖြတ်ကျော်သွားပြီးနောက် ရေဆာလာသဖြင့် ရေကြည်ဆက်သရန် မင်းချင်းတို့အား စေခိုင်း၏။ ထိုစဉ်က အနီးအပါးတွင် ထိုချောင်းရေမှတစ်ပါး အခြားရေလည်း မရှိချေ။ သို့သော် စကြာမင်းကြီး၏ ရေကြည်တော်ပတ္တမြားရှိ၏။ ထိုရေကြည်တော်ပတ္တမြားကို ချောင်းရေတွင် ချလိုက်သည်နှင့် တပြိုက်နက် စစ်အင်္ဂါလေးပါး ဖြတ်ကူးထားသဖြင့် နောက်ကျနေသော ချောင်းရေသည် ချက်ချင်းဆိုသလို ရွံ့ညွန် မှော်သေး မှော်ညှင်းမှအစ နောက်ကျစေတတ်သော အရာအားလုံး အနယ်ထိုင်ကျသွား၍ သန့်ရှင်းကြည်လင်သွားသည်။ စကြာမင်းတို့သောက်သုံးထိုက်သော ရေကြည်တော်အဆင့်သို့ပင် ရောက်ရှိသွားလေသည်။

ဥပမာဆိုသော် ချောင်းရေနှင့် စိတ်သည် တူ၏။ ရွံ့ညွန် မှော်သေး မှော်ညှင်းစသော ရေကိုနောက်ကျစေတတ်သော တရားများနှင့် စိတ်ကို နောက်ကျစေတတ်သော ကိလေသာနှင့်တူ၏။ ရေကြည်ပတ္တမြားနှင့် သဒ္ဓါတရားသည် တူ၏။ စကြာမင်းနှင့်တကွ ရေကြည်တော်သောက်သုံးသူ လူအများသည် ဗုဒ္ဓဘာသာဝင်တို့နှင့်တူ၏။





ရေကြည် တော်ပတ္တမြား ချောင်းရေနောက်ထဲချလိုက်လျှင် ချလိုက်ခြင်း ရေကိုနောက်ကျစေတတ်သော အရာအားလုံး အနည်ထိုင်၍ အလွန်သန့်ရှင်းကြည်သွားသလို အာရုံကို သိသောစိတ်တွင် သဒ္ဓါတရားပါလာသည်နှင့်တပြိုင်နက် နီဝရဏတို့ပယ်ခွာနိုင်၍ ကိလေသာတို့ကို အနည်ထိုင်စေကာ စိတ်သည် သန့်ရှင်းကြည်လင် ဖြူစင်သွားလေတော့သည်။ ကုသိုလ်အလုပ် အားထုတ်နိုင်ရန် အဆင်သင့် ဖြစ်လေတော့၏။



ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် သန့်ရှင်းကြည်လင်ဖြူစင်သောစိတ်ဖြင့် အာဒါနတို့ကို ပေးလှူရဲကြ၏။ သီလကိုလည်း မကျိုးမပေါက်အောင် စောင့်ထိန်းနိုင်ကြ၏။ ဥပုသ်သီတင်းစောင့်သုံးရာ၌လည်း အခက်အခဲ မရှိကြ၊ ဝိပဿနာပွားများရကြလေသည်။

ထို့ကြောင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက

၁။ **သမာဓိရင့်သန် မဂ်ဆိုက်ရန် မှန်မှန် အားထုတ် သင့်အလုပ်။**

၂။ **အဖော်မခင် ကိုယ်တည်းပင် တွင်တွင်အားထုတ်သင့်အလုပ်။**

၃။ **အပြောရှောင်ကြဉ် ကျောင်းခန်းဝင် တွင်တွင်အားထုတ် သင့်အလုပ်။** ဟု ဩဝါဒပေးတော်မူသည်။

အချို့ကပြောကြသည်။ ပါရမီမရှိလို့ တရားတော့ အားထုတ်ချင်ပါတယ်။ ပါရမီဆိုတာ ပြုလုပ်တာကိုခေါ်သည်။ အလုပ်မလုပ်ဘဲ ထိုင်နေလို့ လာပါ့မလား၊ မလာဘူး၊ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက "ကုသိုလ်လိုချင်ရင် ကုသိုလ်လုပ်ပါ၊ အကုသိုလ်လိုချင်ရင် အကုသိုလ်လုပ်ပေါ့" ပြုလုပ်တာကို "ကံ" လို့ခေါ်တယ်။ ထိုကံ,ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရားနှင့် ရတနာသုံးပါး၏ ဂုဏ်ကို ကြည်ညိုသော သဒ္ဓါတရားကို လက်နှင့် ဥပမာတူကြောင်း၊ မျိုးစေ့နှင့်ဥပမာတူကြောင်း၊ သတ္တဝါတို့၏ အကောင်းဆုံးဥစ္စာဖြစ်ကြောင်း၊ အရိယာသူတော်ကောင်းတို့၏ ဥစ္စာဖြစ်ကြောင်း တရားအားထုတ်သော ယောဂီအတွက် ပြည့်စုံရမည့် ဂုဏ်အင်္ဂါ အရည်အချင်းတို့တွင် ပထမအရေးကြီးသော ဂုဏ်အင်္ဂါအရည်အချင်းဖြစ်ကြောင်း အကျယ်တဝင့် ဟောကြားတော်မူခဲ့ပါသည်။

ထိုသဒ္ဓါတရားမျိုးစေ့ဖြစ်ပေါ်ရန် ဖြစ်ပေါ်လာသည့် သဒ္ဓါတရားထက်သန်အောင်ပြုလုပ်ရန်မှာ မိမိကိုယ်တိုင် တရားအားထုတ်ကြည့်မှသာလျှင် အကောင်းဆုံးဖြစ်ပါသည်။ ထိုကဲ့သို့ တရားအားထုတ်နိုင်ရန် မဟာစည်သာသနာ့ရိပ်သာကြီး ရိပ်သာငယ်တွေတိုင်းနှင့် ပြည်နယ်အသီးသီးတွင် ခုနစ်ရက်စခန်း ဆယ်ရက်စခန်း တစ်လစခန်းသာမဟုတ်ဘဲ အမြဲတမ်းတရားစခန်းဖွင့်လှစ်ထားသော ရိပ်သာတွေ အများကြီးရှိပါသည်။

ကျေးဇူးတော်ရှင် ကမ္ဘာ့သာသနာပြု မဟာစည်ဆရာတော်ဘုရားကြီး ဖွားမြင်တော်မူသည့်နေ့မှ (၂၉-၇-၂၀၀၄) အထိ ၂၀၀၄ ခုနှစ်တွင် နှစ်တစ်ရာပြည့်ပူဇော်ပွဲကျင်းပပေတော့မည်။ ဤစာရေးသူအနေဖြင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကို "အမြိုက်တံခါးမှူးကြီးပမာ ကြပ်ကြပ်မတ်မတ်အား ထုတ်ပေးတော်မူသည်ကို ကြည်ညိုအားရလှသဖြင့် "အမြိုက်တံခါးမှူး" ဟူသောဆောင်းပါးဖြင့် ရေးသား ပူဇော်လိုက်ပါသည်။

မဟာစည်သာသနာ့ရိပ်သာကြီးသည် ယောဂီများကို နိဗ္ဗာန်အမြိုက်တံခါးဝဆီသို့ အမြဲတမ်း ပို့ဆောင်ပေးနိုင်ပါစေ။

ဘဒ္ဒန္တအာလောက
ပဓာန နာယက
မဟာကမ္မဋ္ဌာနာစရိယ
အေးရိပ်ချောင်
မဟာစည်သာသနာ့ရိပ်သာ။





၁၂၆၆ ခုနှစ်၊ ဒုတိယဝါဆို လပြည့်ကျော် (၃) ရက်၊ သောကြာနေ့တွင် ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာမှာ ဆရာတော်လောင်းလျာကို ဖွားမြင်ခဲ့ပါတယ်။

၁၃၄၄ ခုနှစ်၊ ဒုတိယဝါဆို လပြည့်ကျော် (၁၀) ရက်နေ့တွင် စံလွန်တော်မူခဲ့တယ်။ အကယ်၍ သက်တော်ထင်ရှားရှိမည်ဆိုလျှင် ၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၃) ရက်နေ့မှာ သက်တော် (၁၀၀) ပြည့်ရှိပြီဖြစ်ပါတယ်။ ဆရာတော်ကြီး၏ ရာပြည့်ပူဇော်ပွဲမှာ ရေးသားပူဇော်စရာတွေ များစွာရှိပေမယ့် ဆရာတော်ကြီး၏ ဘဝနေနည်း ကျင့်သုံးနည်းအချို့ကိုသာ အတုယူကျင့်သုံးနိုင်ဖို့ ရေးသား ပူဇော်လိုက်ပါတယ်။

စာတွေ့ရှိခြင်း

ကိုယ်ပိုင်သာသနာနှင့်လက်လှမ်းမီ သာသနာကို အမှားအမှန် ခွဲခြားနိုင်ပြီး နည်းမှန်လမ်းမှန်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် သာသနာပြုလိုက စာတွေ့နှင့်လက်တွေ့ရှိဖို့ လိုအပ်ပါတယ်။

ဥပမာပြောရရင် မြေအောက်မှာရှိတဲ့ ရတနာတွေနဲ့တူတဲ့ 'ပဋိဝေဓ' ဆိုတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကိုရလိုက ပေါက်ပြားစသည်ဖြင့် တူးခြင်းနဲ့တူတဲ့ 'ပဋိပတ္တိ' ဆိုတဲ့အကျင့်ကိုလည်း ကျင့်ရသေးတယ်။

ရမ်းတူးမှန်းတူးနေရင် အချိန်ကုန် လူပင်ပန်းပြီး အကျိုးမရှိ ဖြစ်တတ်တယ်။ အတိအကျ ဘယ်နေရာမှာရှိတယ်ဆိုတာ ညွှန်ပြတဲ့ မြေပုံနဲ့တူတဲ့ 'ပရိယတ္တိ' ဆိုတဲ့ စာတွေ့ရှိမှ အမှားအမှန် အမှားအမှန်လည်းသိ၊ အချိန်ကုန် လူပင်ပန်းမှုလည်း သက်သာပြီး ကြိုးစားသလောက်ခရီးပေါက်နိုင်တယ်။

ဆရာတော်ဘုရားကြီးဟာ ကျမ်းဂန် ပါဠိတော်များ၏ အဖွင့်များဖြစ်တဲ့ အဋ္ဌကထာ၊ ဋီကာစတာတွေကိုအစမှအဆုံးတိုင်အောင် ရှာဖွေကြည့်ရှုပြီးမှ ရေးသားဟောကြားလေ့ရှိပါတယ်။

ဒါကြောင့်လည်း မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားသော တရားများနှင့် ကျမ်းဂန်များကို မြန်မာတွင်မက ကမ္ဘာအရပ်ရပ်ရှိ ပညာရှိများကပါ လက်ခံကျင့်သုံးနိုင်ပြီး ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစတဲ့ အထောက်အထားများ ပြည့်စုံစွာနဲ့ ကျမ်းစာအုပ်ပေါင်း (၇၀) ကျော်ထိ ရေးသားပြုစုနိုင်ခဲ့တယ်။

နောက်ပြီး ဘုရားရှင် ပညတ်ဟောကြားထားသော 'ဝိနည်း၊ သုတ်၊ အဘိဓမ္မာ' ဆိုတဲ့ ပိဋကတ်ဒု-ပုံကို ပညာရှိများ စုပေါင်းကာ မူရင်းအတိုင်းသန့်စင်အောင် ပြုလုပ်ရွတ်ဆိုပြီး အတည်ပြု၍ မှတ်တမ်းတင်တဲ့ ဆဋ္ဌသင်္ဂါယနာတင်ပွဲမှာ ဆဋ္ဌသဏ္ဌိတိပုစ္ဆက အဖြစ် ဆောင်ရွက်တော်မူနိုင်ခြင်းအားဖြင့် ဆရာတော်ကြီး၏ စာတွေ့နဲ့ပြည့်စုံပုံကို အတုယူဖွယ်ကြည်ညိုခွင့်ရရှိခဲ့ပါတယ်။



မဟာစည်ဆရာတော်ကြီး၏
ရဟန်းတော်များဘဝနေနည်းနှင့်သေနည်း

အရှင်ပဏ္ဍာဝ(ဝန်ဆောင်)

မိမိကိုယ်ကိုအရင်ဆုံးဆုံးမခြင်း (သို့မဟုတ်) စာတွေ့နဲ့လက်တွေ့ ပေါင်းစပ်တော်မူခြင်း

'လက်တွေ့(အကျင့်) မပါသော စာတွေ့ဟာ ဆားမပါတဲ့ ဟင်းလိုအရသာမရှိဘူး။ အဆင်းသာရှိပြီး အနံ့မရှိတဲ့ပန်းလိုမမွှေးဘူး၊ နောက်



ပြီး သူများကို ဆုံးမလိုသူဟာ မိမိကိုယ်ကို အရင်ဆုံး၊ ဆုံးမရတယ်' ဆိုတဲ့ လမ်းညွှန်ချက်နှင့်အညီ ဆရာတော်ကြီးဟာ ဓမ္မာစရိယဘွဲ့ရရှိပြီးတဲ့အခါ သထုံမင်းကွန်းဇေတဝန်ဆရာတော်ကြီးထံ ကျင့်နည်းမှန်ကို နည်းခံကာ အားရကျေနပ်လောက်တဲ့အထိ စာတွေ့နဲ့လက်တွေ့ပေါင်းစပ်၍ ဝိပဿနာတရားအားထုတ်ခဲ့ပါတယ်။

ဒါကိုတော့ အထူးပင်အတုယူပြီး ကျင့်သုံးသင့်တယ်။ စာရေးသူတို့ဟာ စာပေတွေသင်ယူကြတယ်၊ တတ်မြောက်ကြတယ်၊ ဘွဲ့တွေရကြတယ်။

ဒါပေမယ့် အများစုကတော့ စာအုပ်ထဲကစာ သင်ထားတတ်ထားတဲ့စာတွေက ကိုယ်မှာမရောက်ဘဲဖြစ်နေကြတတ်တယ်။ စာအုပ်ထဲမှာပဲ ပြန်ရောက်သွားကြတယ်။ စာမေးပွဲအောင်ရုံ၊ ဘွဲ့ရရုံလောက်သာ လမ်းဆုံးကြတာများပါတယ်။ စာတွေ့ကို လက်တွေ့နဲ့မပေါင်းစပ်ကြဘူး၊ တရားအားထုတ်မှုနည်းတယ်လို့ ဆိုလိုတာပါ။

ဘာနဲ့တူသလဲဆိုရင် နွားတွေကိုသာ ထိန်းကျောင်းရပြီး နွားမှဖြစ်ပေါ်လာတဲ့ နွားနို့စသည်ကို ပိုင်ဆိုင်ခွင့်၊ ခံစားခွင့်မရတဲ့ နွားကျောင်းသားနဲ့တူနေပါတယ်။

ဘုရားရှင် လက်ထက်ကတော့ ဝိပဿနာတရားကို ရဟန်းတွေက အားထုတ်တာ များလို့ 'ရဟန်းတရား' လို့တောင်ခေါ်ကြသေးတယ်။

ယခုခေတ်မှာတော့ 'ရဟန်းတရား' လို့ခေါ်တဲ့ ဝိပဿနာတရားကို လူဝတ်ကြောင်အများစုကပဲ အားထုတ်တာများနေတယ်။ စာရေးသူတို့ ရဟန်းအများစုက အားထုတ်မှု နည်းနေပါသေးတယ်။

ဒါကိုပဲ မဟာစည်ဆရာတော်ကြီးက အတုယူဖွယ်ရှေ့ဆောင်လမ်းပြကာ စာတွေ့ကိုလက်တွေ့အကျင့်နဲ့ပေါင်းစပ်မှု တန်ဖိုးရှိကြောင်း သာဓကပြသွားခြင်းဖြစ်ပါတယ်။

ဉာတတ္ထစရိယ
(သို့မဟုတ်)
မွေးရပ်မြေကို ကျေးဇူးဆပ်ခြင်း

ရဟန်းတော်များ၊ ပညာတတ်များ၊ အကြီးအကဲများဟာ များသောအားဖြင့် တောရွာမှ ဖြစ်ထွန်းလာတတ်ကြပါတယ်။

အများစုက ပညာတတ်ရင် ကြီးပွားချမ်းသာရင် အောက်ခြေလွတ်တတ်ကြတယ်၊ ဘဝမေ့တတ်ကြတယ်၊ မိဘဆွေမျိုးများနဲ့ ဇာတိမြေကို မေ့နေတတ်ကြတယ်။

မဟာစည်ဆရာတော်ကြီးကတော့ ဒီလို မဟုတ်ပါဘူး၊ စာတွေ့တတ်မြောက်လို့ တရားတွေကျင့်ပြီးတဲ့အခါ မိမိရဲ့ ဇာတိမြေဖြစ်တဲ့ မိဘဆွေမျိုးများရှိရာ ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာသို့ ပြန်ကြွပြီး မိမိအားထုတ်တဲ့အသိထူး၊ တရားထူး ဝိပဿနာတရားတွေကို ဟောကြားပြသပြီး ဇာတိမြေကို ကျေးဇူးဆပ်ခဲ့တယ်။ (ဒီအချက်ကိုလည်း အထူးသတိထားသင့်ပါတယ်။)

လောကတ္ထစရိယ
(သို့မဟုတ်)
လူသားအားလုံးအတွက် ကျင့်သုံးခြင်း

ဆရာတော်ကြီးဟာမိမိအတွက် အရင်ဆုံး ကျင့်ကြံတော်မူပါတယ်။ (ဗုဒ္ဓတ္ထစရိယ=ဗုဒ္ဓိ+အတ္ထ+စရိယ)

မိမိသိထားတဲ့အသိထူး တရားထူးတွေကိုလည်းဆွေမျိုးများအတွက်လည်း ဟောကြားပြသပေးခဲ့ပါတယ်။(ဉာတတ္ထစရိယ)

ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ကြီး၏ ပင့်ဆောင်ကိုးကွယ်မှုဖြင့် ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ၁၃၁၁ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၆)ရက် နေ့မှစ၍ ၁၃၄၄ ခုနှစ်၊ ဒုတိယဝါဆို လပြည့်ကျော် (၁၀)ရက်နေ့အထိ (၃၃) နှစ်တိုင်တိုင် သီတင်းသုံးပြီး ပြည်တွင်း ပြည်ပ ယောဂီ၊ လောက လူသားတို့အတွက် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးလျက် ကျင့်ကြံခဲ့တယ်။ (လောကတ္ထစရိယ)

ပညာရှိများဟာသေတာတောင်
လူအများကို အကျိုးပြုစေခဲ့

ပညာရှိအမတ်ကြီးဦးပေါ်ဦးက "မိမိသေတဲ့အခါ အလောင်းထည့်တဲ့ အခေါင်းအပြင်သို့ လက်တစ်ဖက်ထုတ်ပြီး လူမြင်ကွင်းမှာ ပြထားဖို့ မှာကြားထားတယ်။"

အကြောင်းကတော့ ပစ္စည်း



တွေ ဘယ်လောက်ရှိရှိ သေတဲ့အခါ ဘာ တစ်ခုမျှ မယူနိုင်ဘူးဆိုတာရယ် မသေခင်ကတည်းက ပစ္စည်းတွေကို လှူသင့်လှူထိုက်တာလှူဖို့ ဆိုတာကို သိစေလိုရင်းဖြစ်တယ်။

ထို့အတူ မဟာစည်ဆရာတော်ကြီးကလည်း "ဘုန်းကြီးတွေဟာ သူများကိုသာ လှူဒါန်းဖို့ ဟောကြားတယ်၊ ကိုယ့်ပစ္စည်းကိုတော့ လှူမှုနည်းကြတယ်၊ ပျံလွန်တော်မူတဲ့အခါ မလှူရက် မတန်းရက် မသုံးစွဲရက်ဘဲ သိမ်းထားတဲ့ ပစ္စည်းတွေ ကျန်ခဲ့ရင် သိပ်ရှက်ဖို့ကောင်းတယ်" လို့ မိန့်ခဲ့တယ်။

ဒါ့ပြင် ဆရာတော်ကြီးက စံလွန်တော်မူခါနီး မကျန်းမမာဖြစ်တဲ့အခါမှာ ဒီအကြောင်းနဲ့စပ်ပြီး စိတ်ကူးပေါ်လာလို့ အပ်အပ်စပ်စပ် ကပ္ပိယထံ အပ်နှံပြီး ဆရာတော်အတွက် လှူထားတဲ့ နဝကမ္မတွေကို သာသနာ့ ရိပ်သာအတွက် လိုအပ်နေတဲ့ သာသနိကအဆောက်အဦတွေကို ဆောက်လုပ်စေဖို့ ဆရာတော်က အခြေခံ မတည်ပြီး လှူဒါန်းပါတယ်" လို့ မိန့်မှာခဲ့တယ်။ ဒါလည်းပဲ အတုယူကျင့်သုံးဖို့ အလွန်ကောင်းပါတယ်။

ရွှမ်တ်မှုဖြင့် အသေဖြောင့်ဖို့ အသေဆုံးဖို့

အသိဉာဏ်ရှိတဲ့ လူဘဝရရှိခိုက် သာသနာနဲ့ တွေ့ကြုံခိုက်မှာ သာသနာနဲ့ တွေ့ရကျိုးနပ်ပြီး လူဖြစ်ရကျိုးနပ်အောင် လူပီသသူဖြစ်အောင် လူလိုစိတ်ထားတတ်အောင် လူထက်လူဖြစ်အောင် အမြတ်ဆုံးလူ ဖြစ်အောင် ဝိပဿနာတရားကို အခိုင်ရှိခိုက် လုံ့လစိုက်ပြီး အားရကျေနပ်လောက်တဲ့အထိ အားထုတ်ထားဖို့ လိုအပ်တယ်။

တရားရှိ, မရှိ သေခါနီးမှာသက် သေပြတယ်။ သေခါနီးမှာ တရားက ပိုအရေးကြီးတယ်။ ရွှမ့တ်မှုဖြင့် အသေဖြောင့်ဖို့၊ အသေဆုံးဖို့ ပို၍ပင် အရေးကြီးသေးတယ်။

မဟာစည်ဆရာတော်ကြီး စံလွန်တော်မူခါနီး ပြင်းထန်စွာ ဝေဒနာခံစားနေရချိန်မှာ နာယကဆရာတော်များနဲ့ အနီးနေ တပည့်များမှ နောက်ဆုံးပူဇော်ဝတ်ပြုတဲ့အနေဖြင့် ခြေဆုပ်လက်နယ် ဝတ်ပြုတဲ့အခါမှာ ဆရာတော်ကြီးကလက်ကာပြပြီး လက်ယာ (ညာဘက်) စောင်းပြီး အချိန်ကြာမြင့်စွာ တရားရွှမ့တ်နေရင်း မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၄၄-ခုနှစ်၊ ဒုတိယဝါဆို လပြည့်ကျော် (၁၀) ရက်၊ (၁၄-၈-၈၂) နေ့မွန်းလွဲ (၁)နာရီ ၃၆ မိနစ်အချိန်တွင် စံလွန်တော်မူခဲ့သည်မှာ စာရေးသူတို့တစ်ထွေ အတုယူ ကျင့်သုံးစရာပင် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသာ အကယ်၍ သက်တော်ထင်ရှားရှိဦးမယ်ဆိုပါလျှင် (၁၀၀) ရှိသွားပြီး ဆရာတော်ဘုရားကြီး၏ (၁၀၀) ပြည့်ပူဇော်ပွဲမှာ ဆရာတော်၏ ဂုဏ်ပုဒ်တွေကို ကုန်ဆုံးအောင် မရေးနိုင်တော့ပါ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးမှာ အရှင်အာနန္ဒာက "အရှင်ဘုရား မရှိရင် တပည့်တော်တို့ ဘယ်သူ့အားကိုးရမှာလဲ" လို့ လျှောက်တော့ မြတ်စွာဘုရားက "ညီဖွား အာနန္ဒာ၊ ငါဘုရားသက်တော် ထင်ရှာရှိစဉ်က ဝိနည်းကို ပညတ်ခဲ့ပြီး သုတ်အဘိဓမ္မာကိုလည်း ဟောကြားလို့ ထားခဲ့ပြီ။ ထို ဝိနည်းသုတ် အဘိဓမ္မာတရားတွေဟာ ငါဘုရားမရှိတဲ့ နောက်ပိုင်းမှာ သင်တို့ရဲ့ ဆရာဖြစ်လိမ့်မယ်" လို့ မှာကြားတော်မူသကဲ့သို့ -

ထို့အတူ တပည့်တော်တို့မှာလည်း ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က ဆုံးမသြဝါဒစကားတွေ ဟောခဲ့တဲ့တရားတွေ ရေးသားခဲ့တဲ့ ကျမ်းစာအုပ် (၇၀) ကျော်တွေဟာ တပည့်တော်တို့၏ ဆရာ သက်တော်ထင်ရှား ရှိတော်မူနေတယ်လို့ အရာရာ သတိထားကြပြီး လျှင်ဆရာတော်၏ မဟာစည် သာသနာတော်ကို တပည့်တော်တို့ အရှင်ဘုရားတို့ ဝိုင်းဝန်း စောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါတော့သတည်း။

အရှင်ပဏ္ဍာဝ (ဝန်ဆောင်)
ရွှေမင်းဝံသာသနာ့ရိပ်သာ၊
ဗဟန်း။



ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



မဟာစည်ဆရာတော်ဘုရားကြီး ကမ္မဋ္ဌာန်းတရားကို
ဟောညွှန်ဆုံးမတော်မူနေတာဟာလည်း
ကမ္မဋ္ဌာန်းတရားစာအုပ်အားကိုးနဲ့သာ
ဟောညွှန်ပြသနေတာမဟုတ်ဘဲ
ကိုယ်တိုင်က တရားသဘောကို နက်နက်နဲနဲ သိမြင်ပြီး
တရားဓမ္မကို ညွှန်ပြတော်မူနေတာပဲ ဖြစ်မယ်၊
ဆရာတော်ကြီးဟာ "ဆေးဆရာ" မဟုတ်ဘူး၊
"ဆရာဆေး" လို့ ဆိုရမယ်ထင်တယ်လို့
မဝံ့မရဲ ကောက်ချက်ချလိုက်မိတယ်၊

ဆေးဆရာနှင့်ဆရာဆေး

ဓမ္မဘောရီ - အရှင်ဝိရိယ (တောင်စွန်း)

မဟာစည်ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ရာပြည့်အထိမ်းအမှတ် စာစောင်အတွက် စာမူတောင်းခံစာ ရောက်လာတော့ အတော့်ကို အံ့သြဝမ်းသာဖြစ်မိတယ်။ ဟိုတစ်တို့ ဒီတစ်စ စာတိုပေစလေးလောက်ရေးနေခဲ့တဲ့ မိမိကိုအသိအမှတ်ပြုဖော်ရလို့ ဂုဏ်ယူဝမ်းသာမိတာပါ။

ဒါပေမယ့် ဆရာတော်ဘုရားကြီးနဲ့ပတ်သက်လို့ မိမိဉာဏ်မီသလောက်ရေးမယ်လို့ စိတ်ကူးလိုက်တော့မှ ဆရာဇော်ဂျီရဲ့ရုပ်တုဖွင့်ပွဲမှာ ဆရာမြသန်းတင့်ပြောတဲ့စကားကို သတိရလိုက်ပြန်တယ်။

ဆရာမြသန်းတင့်က -

"ဆရာဇော်ဂျီအကြောင်းပြောရတာဟာ ကြီးကျယ်ခမ်းနားလွန်းပြီး ပြောသူက သေးငယ်လွန်းနေပါတယ်။ ဒါ့ကြောင့် ဆရာဇော်ဂျီအကြောင်း ပြောရတာဟာ ပုဏ္ဏားခြောက်ယောက်ဆင်စမ်းတဲ့အဖြစ်မျိုးနဲ့ တူကောင်းတူနေပါလိမ့်မယ်။ တကယ်လို့များ ကျွန်တော့်ဟော ပြောချက်ထဲမှာ မပြည့်စုံတာ၊ လိုတာ၊ မှားတာရှိရင် ကျွန်တော့်ကို ဆင်စမ်းတဲ့ပုဏ္ဏားလို့ပဲ သဘော



ထားကြပါ" လို့ စကားပလ္လင်ခံသွားပါတယ်။ မိမိအနေနဲ့လည်း ဆရာတော်ဘုရားကြီးအကြောင်းကို ဒီလိုပဲ စကားပလ္လင်ခံပြီး စ,ရမှာပါပဲ။

ဆရာတော်ဘုရားကြီးနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် မိမိနဲ့ ဆရာတော်ဘုရားကြီးတို့ အေးအေးဆေးဆေးတွေ့ခွင့်ရပြီး တရင်းတနှီးလျှောက်ထားပြောဆိုခွင့်ကြုံခဲ့ပုံကို အမြဲသတိရနေမိပါတယ်။

၁၃၄၂ ခုနှစ်က တိပိဋကဓရ ရွှေးချယ်ရေးစာမေးပွဲမှာ ဒီယနိကာယ်ပြန်ဆိုတော့ မဟာစည်သာသနာ့ရိပ်သာမှာ တည်းခိုပြီး စာပြန်ရပါတယ်။ နောက်ဆုံးနေ့ စာပြန်ပြီးလို့ မြို့ထဲပြောင်းခါနီးတော့ ဆရာတော်ကြီးကို အနီးကပ်ဖူးမြော်ကန်တော့လိုတာနဲ့ ဆရာတော်ဘုရားကြီး သီတင်းသုံးတဲ့ ကျောင်းဆောင်ကို သွားခဲ့တယ်၊ ဆရာတော်က အပေါ်ထပ်မှာ သီတင်းသုံးနေပြီး အောက်ထပ်မှာ ကပ္ပိယတစ်ဦးစောင့်နေပါတယ်။

မိမိကျောင်းထဲဝင်သွားတော့ ကပ္ပိယဒကာကြီးက

"ဒီအချိန်မှာ ဆရာတော်ကို ဝင်ဖူးလို့ မရဘူး" ဆိုပြီး တားပါတယ် မိမိက -

"ဦးပဉ္စင်းက အမရပူရမြို့. တူမောင်းတိုက်ကပါ။ ဒီကို တိပိဋကစာပြန်ဖို့လာတာ၊ အခု ပြန်ခါနီးဖြစ်လို့ ဆရာတော်ကြီးကို ဝတ်ပြုကန်တော့ရုံပါ၊ ဘာမျှ အနှောင့်အယှက်ပေးဖို့ မဟုတ်ပါဘူး" လို့ ပြောတော့ ဆရာတော်ကြီးက မိမိပြောတဲ့အသံကို ကြားသွားတယ် ထင်ပါတယ်။ "ကပ္ပိယ .. အဲဒီဦးပဉ္စင်းကို အပေါ်ပင့်ခဲ" လို့ အမိန့်ပေးပါတယ်။ ဒါနဲ့ မိမိလည်း ဆရာတော်ကြီးထံ အနီးကပ်တွေ့ခွင့်ရသွားပါတယ်။

ကန်တော့ဝတ်ပြုပြီး ထိုင်နေတော့မှ ဆရာတော်ကြီးက တူမောင်းဆရာတော်ကြီးနဲ့ ရင်းနှီးကြောင်း အစချီပြီး အေးအေးဆေးဆေး စကား,ပြောပါတယ်။ ဆရာတော်ကြီးက ရင်းရင်းနှီးနှီးကြီးစကားပြောနေရင်း စာပြန်ခဲ့ရပုံ အဆင်ပြေမပြေပါ စပ်ပြီးပြောလာတော့ မိမိစိတ်ထဲမှာမေးလိုတဲ့ အကြောင်းအရာတစ်ခုပေါ်လာတယ်။ ဒါနဲ့ မိမိက -

"ဆရာတော်ဘုရား .. တပည့်တော် ပါဠိတော်တွေ ကျက်မှတ်နေရင်း တစ်ခုစဉ်းစားမိတယ်ဘုရား။ အဲဒါ အဖြေတော့မပေါ်ဘူး ဆိုတော့" "ကဲ .. ဘာများလဲ၊ ပြောပြစမ်းပါအုံး" .. တဲ့။

"ပါဠိတော်တွေထဲမှာ တွေ့ရတဲ့ အတိုင်းဆိုရင် မြတ်စွာဘုရားရှင် လက်ထက်တော်က တရားနာပရိသတ်တွေဟာ တစ်နေရာရာ တစ်ခါကြားခဲ့ရတာကို တခြား တစ်နေရာရောက်တဲ့အခါ အစအဆုံး အကုန်လုံး ပြန်ပြောနိုင်ကြတာ တွေ့ရတယ်ဘုရား။"

"အေးလေ .. ဒါကတော့





သမာဓိကောင်းကောင်းနဲ့ နာယူတော့ မှတ်ဉာဏ်ကလည်း ကောင်းကြတယ်လို့ ဆိုရမှာပေါ့။"

"တင်ပါဘုရား. . . ဒီလိုဆိုရင် မြတ်စွာဘုရားရှင် ပဉ္စဝဂ္ဂိငါးဦးတို့ကို ဓမ္မစကြာတရား ဟောတဲ့အခါ ပထမတစ်ညဉ့်လုံးဟောမှ အရှင်ကောဏ္ဍ ညမထေရ်မြတ်ကြီးသစ္စာလေးပါးကို ထိုးထွင်းသိမြင်တယ်။ နောက်နေ့ နောက်နေ့တွေရောက်တော့ ကျန်တဲ့ အရှင်မြတ်လေးပါးတို့ တစ်နေ့ တစ်ပါး သစ္စာလေးပါးကို ထိုးထွင်း သိမြင်သွားကြတယ်လို့ ဆိုပါတယ်ဘုရား၊ ပဉ္စဝဂ္ဂိငါးဦးတို့ဟာ နဂိုကတည်းက တရားဓမ္မကို စိတ်ဝင်စားကြလို့ တရားနယ်ပယ်ထဲမှာ ဘဝကို နှစ်ပြီး ရှာဖွေနေကြတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ သမာဓိအရာမှာလည်း အထူးပြောစရာလိုကြမှာ မဟုတ်ဘူး။ ပါရမီရှင်ဉာဏ်ကြီးရှင်တွေလည်း ဖြစ်ကြလို့ မြတ်စွာဘုရားရှင်က ဓမ္မစကြာပါဠိကိုတော့ အထပ်ထပ်ချ ပေးနေရမှာတော့ ဟုတ်မယ်မထင်ဘူးဘုရား၊ ပဉ္စဝဂ္ဂိငါးဦးလုံးကျွတ်တမ်းဝင်ဖို့ ဓမ္မစကြာတရားကို ငါးရက်တိတိပဲ ဟောရတယ်ဆိုတော့ အဲဒါ ဘယ်လိုဟောနေရတာလဲဆိုတာ သဘောမပေါက်လို့ဘုရား။"

"ဩော် . . . ဦးပဉ္စင်းလေး ဒီလောက်အထိတော့ တွေးမိတယ်ပေါ့နော်။ ဟုတ်တာပေါ့။ ပါဠိရဖို့ကတော့ တစ်ခေါက်နှစ်ခေါက်ဆိုတာ အလွန်ဆုံးပေါ့။ တစ်ခေါက်တည်းနဲ့ကို မှတ်မိကြလောက်တဲ့ပါရမီရှင်ကြီးတွေ အမှန်ပါပဲ။"

"ဦးပဉ္စင်းလေး ပါဠိတော်တွေကျက်တော့ တရားစ,စခြင်းမှာ မြတ်စွာဘုရားက "တေနဟိဘိက္ခဝေ သာဓုကံ သုဏောထ မနသိကရောထ" လို့ ပထမဆုံးတိုက်တွန်းလေ့ရှိတာကို တွေ့တယ်မို့လား။ "ရဟန်းတို့ နားကလည်းကောင်းကောင်း နားထောင်ကြ၊ စိတ်ထဲကလည်း သဘောပေါက်အောင်ကောင်း ကောင်းနှလုံးသွင်းကြလို့ ပြောတာမို့လား။"

"အဲဒါ . . နားကလည်း သင်ယူမှတ်သားတဲ့ ပရိသတ်အလုပ်ကို အတိမ်းအစောင်း အချွတ်အယွင်း မရှိအောင် ကောင်းကောင်းကြီး နာယူမှတ်သားရမယ်။ ပြီးတော့ ဘာကိုဆိုလိုတယ်ဆိုတာ သဘောပေါက်လာအောင်လည်း စိတ်ကကောင်းကောင်း နှလုံးသွင်းဆင်ခြင်ရမယ်လို့ ပြောတာပေါ့။ နှလုံးသွင်းဆင်ခြင်တယ်ဆိုတာ ပဋိပတ်လုပ်ကြလို့ ပြောတာပါပဲ။ အဲဒီတော့ တရားနာကြတယ်ဆိုတာ နားနဲ့ပရိယတ်အလုပ်ကို လုပ်ပြီး စိတ် (မနောဒွါရ)က ပဋိပတ်အလုပ်ကို လုပ်ကြရမယ်ဆို ပြောတာပဲ မဟုတ်လား။ မြတ်စွာဘုရားတရားဟောတိုင်းဟောတိုင်း ပရိယတ်ပဋိပတ်အလုပ်နှစ်ခုလုံးကို တစ်ဆက်တည်းလုပ်ခိုင်းတာချည်းပဲ။ ဒါကြောင့်လည်း တရားပွဲပြီးတဲ့အခါမှာ တွေ့တယ်မို့လား (ပါဠိတော်တွေမှာ) "ဒေသနာပရိယောသာနေ သောတာပတ္တိဖလေပတိဋ္ဌာတိ = ဒေသနာအဆုံးမှာ သောတာပန်တည်တယ် ဆိုတာမျိုးတွေလေ။"

"သောတာပန် သမာဒါဂါမ်စသည် တည်တယ်ဆိုတာ ပဋိဝေဓသာသနာကို ဆိုက်ရောက်သွားကြတာလေ။ ပရိယတ်နဲ့ပဋိပတ်နှစ်ခုမစုံဘဲ ဘယ်လိုလုပ် ပဋိဝေဓဆိုက်မလဲ၊ အဲဒါ သဘောပေါက်တယ်မို့လား။"

"အခု ဦးဇင်းပြန်လာခဲ့တဲ့ ဒီယနိကာယ်ထဲမှာ အရှည်ဆုံးသုတ္တန်ကို ဘယ်လောက်ကြာကြာပြန်ဆိုရသလဲ။"

"မှန်ပါ၊ အရှည်ဆုံးဖြစ်တဲ့ ငြဟ္မဇာလသုတ်၊ သာမညဖလသုတ်တို့လို ဖြည်းဖြည်းမှန်မှန်ပြန်ရင် တစ်သုတ်ကို တစ်နာရီခွဲလောက်ကြာပါတယ် ဘုရား။"

"အေး . . အဲဒါ . . ပကတိလူတစ်ဉန်းကို အာနန္ဒာရှစ်ဉန်း၊ အာနန္ဒာတစ်ဉန်းကို မြတ်စွာဘုရားရှင်က ဆယ့်ခြောက်ဉန်းလောက်မြန်အောင် ပြောဟောနိုင်တယ်ဆိုတော့ ဦးဇင်းတို့ တပည့်တော်တို့ တစ်ဉန်းပြောချိန်မှာ ဘုရားရှင်က (၁၂၈) ဉန်းလောက်ပြောနိုင်မယ်မို့လား။ အချိန်နဲ့တွက်ပြီးပြောရင်း ပကတိလူတွေ (၁၂၈)မိနစ်လောက်ရွက်ရမည့်စာကို ဘုရားရှင်က (၁) မိနစ်လောက်နဲ့ ရွတ်ဆိုဟောပြောနိုင်စွမ်းရှိတယ်လို့ ပြောတာပေါ့။ စဉ်းစားကြည့်ရင် ဘုန်းကြီးတို့ ဦးဇင်းတို့ (၂)နာရီကျော်လောက်ရွတ်ရတဲ့စာ



ကို ဘုရားရှင်က (၁)မိနစ်လောက်နဲ့ ပြီးနိုင်တယ်လို့ ဆိုလိုရာ မကျဘူးလား။"

"အဲဒီလိုဆိုတော့ ထားပါတော့ တရားဟောတဲ့အခါမို့လို့ အများနာယူမှတ်သားနိုင်အောင် ဖြည်းဖြည်းနှေးနှေးလေးနဲ့ပဲ ဟောတယ်ဆိုအုံးတော့ တရားတစ်ပုဒ်မှာ ဟောရွတ်ချိန်က ဘယ်လောက်ကြာမှာလဲ၊ ဒါပေမယ့် မြတ်စွာဘုရာရှင်ရဲ့ တရားပွဲတွေဟာ ညဥ့်ဦးယံ စောစောပိုင်းကစပြီး လူရဟန်းပရိသတ်တွေကို ဟောတော်မူတာဟာ သန်းခေါင်းယာမ်နီးလို့ နတ်ပြဟ္မာတွေဆည်းကပ်ရောက်လာခါနီးအထိကြာတာတွေ ရှိတယ်မို့လား။"

"ဘာဖြစ်လို့ အချိန်တွေ ဒီလောက်ကြာနေတာထင်သလဲ၊ ဦးဇင်းလေး စဉ်းစားမိသလိုပေါ့။ နာယူမှတ်သားမှုဆိုတဲ့ ပရိယတ်အတွက်သက်သက်သာဆိုရင် ဘယ် ဒီလောက်ကြာနိုင်မလဲ "မနသိကရောထိ" ဆိုတဲ့အတိုင်း နှလုံးသွင်းဆင်ခြင်ပွားများရတဲ့ ပဋိပတ်အလုပ်ပါ တစ်ဆက်တည်း လုပ်နေလို့ပဲ ဖြစ်မယ်မို့လား။"

"ကဲ .. ဒါဆို .. မြတ်စွာဘုရားရှင်၊ မိဂဒါဝုန်တောမှာ ပဉ္စဝဂ္ဂီငါးဦးတို့ကို ငါးရက်တိတိ ဓမ္မစကြာတရားဟောတော်မူတာ ဘယ်လို ဟောသလဲဆိုတာ သဘောပေါက်ပြီမို့လား၊ မနသီကာရဆိုတဲ့ ပဋိပတ်အလုပ်လုပ်ခိုင်းရင်း ဟောနေမှာပေါ့တဲ့။"

ဆရာတော်ကြီးက စိတ်ရှည်လက်ရှည် ရှင်းပြလိုက်တဲ့အတွက် မိမိသိလိုတဲ့ အချက်တစ်ချက်သာမကပဲ တချို့ပုဂ္ဂိုလ်တွေ အတွေးအထင်မှားလေ့ရှိတဲ့ "မြတ်စွာဘုရားရှင်ရဲ့ တရားပွဲတွေမှာ တရားဒေသနာလည်း ဆုံးရော သောတာပန် သကဒါဂါမ်စသည်တွေဖြစ်ကြတယ်ဆိုတော့ ပရိယတ်ကို သဘောပေါက်ဖို့သာ အရေးကြီးပါတယ်။ ပဋိပတ်က ဒီလောက်ကြီးမလိုပါဘူး" ဆိုတဲ့ စကားကိုပါ ချေဖျက်နိုင်တဲ့အဖြေမှန်ကို နာယူမှတ်သားခွင့်ရလိုက်တယ်။

ဆရာတော်ကြီးထံမှ ပြန်လာပြီး မိမိနေရာရောက်လို့ ဒီအကြောင်းကို အပြန်ပြန်အလှန်လှန်စဉ်းစားနေရင်း သဘာဝဓမ္မ (တိုင်းရင်းဆေးပညာရှင်) ဆရာတော် ဘဒ္ဒန္တစိန္တာ ရှိစဉ်က သူ့ဆီမှာ ပညာလာရောက် ဆည်းပူးနေကြတဲ့ ဆရာတွေကို ပြောတဲ့စကားတစ်ခွန်းကိုလည်း သတိရမိလိုက်တယ်။

"ဆေးကုသတဲ့နေရာမှာ ဆေးဆရာနဲ့ ဆရာဆေးဆိုပြီး နှစ်မျိုး နှစ်စားရှိတယ်ကွ၊ လူမမာနဲ့တွေ့တဲ့အခါ ဆေးညွှန်းကို ကြည့်ပြီး ဗိုက်နာသူတွေ့ရင် ဗိုက်နာပျောက်ဆေးဆိုတာကို တိုက်၊ ခေါင်းကိုက်သူတွေ့ရင် ခေါင်းကိုက်ပျောက်ဆေးတိုက်ပြီး ဆေးကုနေတဲ့သူတွေဟာ ကိုယ်တိုင်က ဆေးပညာကို ဟုတ်တိပတ်တိမတတ်ဘဲ ဆေးကို ဆရာတင်ပြီး ကုစားနေကြတဲ့ "ဆေးဆရာ" တွေလို့ ခေါ်တယ်။

ကိုယ်တိုင်က ဆေးပညာကို တကယ်တမ်းတတ်ကျွမ်းတဲ့ပုဂ္ဂိုလ်ကျတော့ ဗိုက်နာတယ်ဆိုရင် ဘာကြောင့်နာတာလဲ၊ အစာမကြေတဲ့အတွက် ပထဝီထောက်ပြီး နာတာလား၊ အပူလွန်တဲ့အတွက် ဝါယောထောက်ပြီး နာတာလား၊ အအေးမိတဲ့အတွက် အာပေါ ပတ်ဖွဲ့ပြီး နာတာလား၊ ခွဲခြားသိပြီး သင့်လျော်တဲ့အစာဆေးဝါးနဲ့ပေးတတ်, ကုတတ်တယ်။ ဗိုက်နာတာကို ဝမ်းနှုတ်ဆေးကျွေးတန်ကျွေးမယ်။ အခိုးပွင့်ဆေး ကျွေးတန်ကျွေးမယ်၊ အဲဒါမှ ဆရာက ဆေးကို ဖြစ်အောင် လုပ်တာဖြစ်လို့ 'ဆရာဆေး' လို့ ခေါ်နိုင်တယ်။

မဟာစည်ဆရာတော်ဘုရားကြီး ကမ္မဋ္ဌာန်းတရားကို ဟောညွှန်ဆုံးမတော်မူနေတာဟာလည်း ကမ္မဋ္ဌာန်းတရားစာအုပ် အားကိုးနဲ့သာ ဟောညွှန်ပြသနေတာမဟုတ်ဘဲ ကိုယ်တိုင်က တရားသဘောကို နက်နက်နဲနဲ သိမြင်ပြီး တရားဓမ္မကို ညွှန်ပြတော်မူနေတာပဲ ဖြစ်မယ်၊ ဆရာတော်ကြီးဟာ "ဆေးဆရာ" မဟုတ်ဘူး၊ "ဆရာဆေး" လို့ ဆိုရမယ်ထင်တယ်လို့ မဝံ့မရဲ ကောက်ချက်ချလိုက်မိတယ်။

မိမိရဲ့ ကောက်ချက်ဟာ ဆင်စမ်းတဲ့ ပုဏ္ဏားတစ်ယောက်က သူ့လက်နဲ့စမ်းမိသလောက်ကို ကောက်ချက်ချပြောသလိုမျိုး ဖြစ်နေလို့



ဆရာတော်ကြီးရဲ့ ဂုဏ်ကိုတော့ ပီပီပြင်ပြင် ပေါ်လွင်အောင် ဖော်ပြနိုင်စွမ်းရှိလှမယ် မဟုတ်ပါဘူး။

ကျွမ်းကျင်တဲ့ ဆင်ဆရာကြီးက ဆင်ဖြူတော်ရဲ့ ကြန်အင်လက္ခဏာကို သေသေချာချာ ကြည့်ပြီး ဆင်ဖြူတော်ရဲ့ဂုဏ်ကို ဖော်ထုတ်ပြောဆိုလိုက်သလို အဘိဓဇမဟာရဋ္ဌဂုရုမစိုးရိမ်ဆရာတော်ဘုရားကြီးက မဟာစည်ဆရာတော်ဘုရားကြီးအပေါ်မှာ သုံးသပ်မိန့်ကြားတဲ့စကားကတော့ ဆရာတော်ကြီးရဲ့ဂုဏ်ကို အပီအပြင် ဖော်ပြနေပါတယ်။ ဆရာတော်ဘုရားကြီးက -

"မဟာစည်ဆရာတော်ဟာ တို့များထက် ဉာဏ်သာတယ်၊ တို့များမမြင်တဲ့ စာမှား,ပေမှားများကို မြင်အောင်ကြည့်နိုင်တယ်၊ အရှင်အနုရုဒ္ဓါတို့ ဋီကာကျော် ဆရာတို့ အခြား ကျမ်းပြုဆရာတို့ မမြင်တဲ့အမှားကိုတောင်မြင်အောင် ကြည့်နိုင်တယ်။ သင်္ဂြိဟ် ကမ္မဋ္ဌာန်းပိုင်း ဒိဋ္ဌိဝိသုဒ္ဓိခန်းမှာ နာမ်ရုပ်တို့ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဖြင့် ပိုင်းခြားသိရမည်ဆိုရာ ပဒဋ္ဌာန်ကို ဒိဋ္ဌိဝိသုဒ္ဓိခန်းမှာ မဆိုသင့်ဘဲ ကင်္ခါဝိတရဏ ဝိသုဒ္ဓိခန်းများမှာ ဆိုသင့်ကြောင်းကို ဆဋ္ဌသင်္ဂါယနာတင်စဉ်က မဟာစည်ဆရာတော်က ထောက်ပြနိုင်ခဲ့တယ်။ ဒီကရှေ့မဟာစည်ဆရာတော်ထက်သာသူကို မပြောနဲ့ တန်းတူပုဂ္ဂိုလ်ကိုတောင် တွေ့ရဖို့မလွယ်ဘူး။ မဟာစည်ဆရာတော်ရဲ့စွမ်းရည် သတ္တိကို သိလို့လည်း ဒီဝိသုဒ္ဓိမဂ် မဟာဋီကာကို နိဿယ ပြုစုဖို့ တို့များက တိုက်တွန်းရတယ်" လို့ မိန့်ကြားတော်မူပါတယ်။ (မစိုးရိမ် ထေရုပ္ပတ္တိ၊ စာ-၁၃၃)။ (သတ်ပုံမူရင်းအတိုင်း)။

ဒိဋ္ဌိဝိသုဒ္ဓိအရာမှာ ပဒဋ္ဌာန်မပါသင့်ကြောင်းကို မဟာစည်ဆရာတော်ဘုရားကြီးက ဆဋ္ဌသင်္ဂါယနာတင်ပုစ္ဆကအဖြစ် ဆောင်ရွက်စဉ်က အဘိဓမ္မာရေးရာ အယူအဆများကို ဆရာတော်ကြီးများ ဆွေးနွေးနှီးနှော ကြရာမှာ ပြောပြခဲ့တာဖြစ်ပြီးသိဟိုဠ်မူယိုးဒယားမူ အထောက် အထားများရှေ့နောက်သဘော အဓိပ္ပါယ် အထောက်အထားများနဲ့ အခိုင်အမာလျှောက်ထားတင်ပြတာဖြစ်လို့ မစိုးရိမ်ဆရာတော်ဘုရားကြီး အပါအဝင် ဆရာတော်အများစုက သဘောတူလက်ခံကြတယ်လို့ ဆိုပါတယ်။ မစိုးရိမ်ဆရာတော်ကြီးကတော့ သဘောတူရုံမျှမက ခိုင်းကျူးမဆုံး ပြောနေတော့တာပါပဲ။ (မစိုးရိမ်ထေရုပ္ပတ္တိ-၁၃၂)။

မိမိတို့ကိုယ်တိုင်လည်း သင်္ဂြိဟ်ကျမ်းကို အကြိမ်တော်တော်များများ ပို့ချခဲ့ပြီးပေမယ့် ဒီလိုမသုံးသပ်မိပါဘူး။ ဆရာတော်ကြီး ထောက်ပြလိုက်တော့မှ စဉ်းစားရကောင်းမှန်းသိလာတော့တယ်။

မှန်ပါတယ်။ ဒိဋ္ဌိဝိသုဒ္ဓိ ဆိုတာ အယူအမြင်စင်ကြယ်တဲ့ အသိဉာဏ်ပါ၊ ဒီလိုစင်ကြယ်ဖို့အတွက် သတ္တဝါတွေမှာ နာမ်ရုပ်ကလွဲပြီး အတ္တဇီဝစသည်မရှိဘူးလို့ အသိအမြင် ရှင်းရှင်းဖြစ်ပေါ်ရမှာပါ။ ဒီလို အသိအမြင် ရှင်းဖို့အတွက် နာမ်ရုပ်တို့ရဲ့မှတ်ကြောင်းလက္ခဏာ (ဥပမာ-လောဘတရားရဲ့ အာရုံကို စွဲယူတတ်တဲ့အမှတ်အသား)၊ ဆောင်ရွက်ပြုမူတတ်တဲ့ကိစ္စ (ဥပမာ-လောဘရဲ့အာရုံကို ငြိကပ်နေသလို ဖြစ်တတ်တဲ့ဆောင်ရွက်မှု)၊ ထင်ရှားသိသာအောင် ဖြစ်ပေါ်လာတဲ့ အကျိုးထင်မှု (ဥပမာ-လောဘတရားရဲ့အာရုံကို မစွန့်လွှတ်နိုင်အောင် တမ်းတမ်းစွဲဖြစ်ပေါ်နေမှု) ဒီသုံးမျိုးကို သိလျှင် နာမ်ရုပ်ကို အပိုင်အနိုင် သိမ်းဆည်းနိုင်ပြီဖြစ်လို့ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပါတယ်။

ဒီသုံးချက်ကို အမြင်ရှင်းပြီး ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ရုံနဲ့ ယုံမှားသံသယအားလုံးမကင်းတတ်သေးပါဘူး၊ ဒီနာမ်နဲ့ရုပ်တွေဟာ ဘာ့ကြောင့် ဖြစ်ရသလဲ၊ အကြောင်းမဲ့ဖြစ်ပေါ်လာတာလား၊ တန်ခိုးရှင်များက ဖန်ဆင်းလို့ဖြစ်ပေါ်လာတာလားစတဲ့ ယုံမှားသံသယမျိုးရှိနေတတ်ပါသေးတယ်၊ ဒီလို ယုံမှားသံသယကင်းစေဖို့ နာမ်ရုပ်တို့ရဲ့ဖြစ်ကြောင်း (ပဒဋ္ဌာန်)ကို





သိမြင်အောင် ဆင်ခြင်ပွားများရပါတယ်။ (ဥပမာ-လောဘဆိုတာ အကြောင်းမဲ့ဖြစ်ပေါ်လာတဲ့တရားလည်းမဟုတ်၊ တန်ခိုးရှင်တို့ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလဲမဟုတ်၊ သံယောဇဉ်တို့ရဲ့အာရုံဖြစ်တဲ့ကာမဂုဏ်တရားငါးပါးတို့အပေါ်မှာ သာယာနှစ်သက်ဖွယ်လို့ ရှုမြင်တဲ့အမြင်မှားအထင်မှားကြောင့် ဖြစ်ပေါ်လာတဲ့တရားလို့ သိအောင် ဆင်ခြင်ရတာပါ။)

ဒီလို သိမြင်သွားတဲ့အခါမှာ ယောဂီပုဂ္ဂိုလ်ရဲ့အဆင့်ဟာ ဒိဋ္ဌိသုဒ္ဓိအဆင့်မကတော့ဘူး၊ ယုံမှားသံသယကို လွန်မြောက်တဲ့ ကင်္ခါဝိတရဏဝိသုဒ္ဓိ အဆင့်ရောက်သွားပါပြီ။ ဒီအဆင့်ရောက်တဲ့ အသိဉာဏ်မျိုးကို ရုပ်နာမ်ဓမ္မတို့ရဲ့သဘောကို အဟုတ်အမှန် သိတာဖြစ်လို့ ယထာဘူတဉာဏ်လို့လည်း ခေါ်ပါတယ်၊ ဒီဉာဏ်နဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ကိုလည်း မဂ်ဖိုလ်မရသေးလို့ အရိယာအစစ်မဖြစ်သေးပေမယ့် -

ဝိသုဒ္ဓိသီလစိတ္တောဟိ၊
ကင်္ခါဝိတရဏာ ဉာဏိကော။
စူဠဋ္ဌသောတာပန္နောနာမ၊
တဒတ္ထံ ဝါယမေ တတော။

ဆိုတဲ့အတိုင်း စူဠဋ္ဌသောတာပန် (သောတာပန်အငယ်စား) မည်တယ်လို့ ဆိုပါတယ်။ သောတာပန်အစစ်လို့ အပယ်မျိုးစေ့လုံးဝမကုန်ခမ်းသေးပေမယ့် ဒုတိယဘဝမှာတော့ အပါယ်ဒုက္ခတိမကျရောက်နိုင်တော့ဘူးလို့ ဆိုတာပါ။

ဆရာတော်ဘုရားကြီးဟာ ကိုယ်တိုင်ပရိယတ်၊ ပဋိပတ်ပြည့်စုံအောင် ကြိုးစားတော်မူလို့သာ သဒ္ဓိဟ်ကျမ်းမှာရှိနေတဲ့ အမှားကို ထောက်ပြနိုင်တာပါ။ ဒီကိစ္စနဲ့ ပတ်သက်လို့ ဘာသာဋီကာကျမ်းပြုအကျော် တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးကလည်း သဒ္ဓိဟ်ဘာသာဋီကာစာအုပ် (နောက်ရိုက်များ) မှာ ဒိဋ္ဌိဝိသုဒ္ဓိအရာမှာ ပဒဋ္ဌာနပုဒ် မပါဝင်သင့်ကြောင်း သီဟိုဠ်မူမှာလည်း မပါရှိကြောင်း ဆုံးဖြတ်ပါတယ်။ ဆရာတော်ရဲ့သုံးသပ်ချက်အရဆိုရင် သဒ္ဓိဟ်ဒိဋ္ဌိဝိသုဒ္ဓိခန်းမှာ ပဒဋ္ဌာနပုဒ်ပါနေတာဟာ အဘိဓမ္မတ္ထ သင်္ဂဟကျမ်းပြုဆရာတော်အရှင်အနုရုဒ္ဓါမထေရ်မြတ်ရဲ့ အမှားမဟုတ်ဘဲ တစ်ဆင့်ကူးယူကြတဲ့ ပုဂ္ဂိုဟ်တို့ရဲ့ ပမာဒလေခသာ ဖြစ်တယ်လို့ ဆိုရမှာပါ။

ဒါဟာ ဖြစ်လည်းဖြစ်နိုင်ပါတယ်။ နာမ်ရုပ်တို့ရဲ့ သဘောသဘာဝနဲ့ ပတ်သတ်လို့ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန, ပဒဋ္ဌာနဆိုတဲ့ လေးချက်က နေရာတိုင်းလိုလိုမှာ လေးခုအတွဲလိုက်ပဲ အသုံးများနှုတ်ကျိုးနေလေတော့ စာကူးတဲ့ပုဂ္ဂိုလ်များလည်း နှုတ်နောက်လက်ပါ မှားယွင်းသွားတာဖြစ်နိုင်ပါတယ်၊ ဒီလေးမျိုးကလည်း ဝိသုဒ္ဓိခန်းရောက်မှသာ ရှေ့သုံးမျိုးက ဒိဋ္ဌိဝိသုဒ္ဓိ၊ နောက်ဆုံးတစ်မျိုးက ကင်္ခါဝိတရဏာ ဝိသုဒ္ဓိလို့ ကွဲပြားသွားတာကိုး။ တခြားနေရာမှာတော့ အတွဲလိုက်ပဲ ရှိနေတာများတယ်။

ဘာပဲဖြစ်ဖြစ် ဋီကာကျော်ကျမ်းပြုဆရာတို့မတိုင်မီစပြီး ချွတ်ယွင်းလာတဲ့ အမှားကိုထောက်ပြနိုင်တာရယ်၊ ဒီလို ထောက်ပြပြုပြင်မှုကို မစိုးရိမ်ဆရာတော်ဘုရားကြီးတို့လို အဘိဓမ္မာရေးရာမှာ အထူးလေ့လာအားသန်တဲ့ မထေရ်မြတ်ကြီးများက သဘောတူလက်ခံကြတာရယ်ဟာဖြင့် သာသနာတော်ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အဆုံးအဖြတ်ကြီးဖြစ်သလို မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ပရိယတ် ပဋိပတ် ပညာဂုဏ်ဟာလည်း ထင်ရှားပြည့်စုံပေါ်လွင်လှတဲ့အတွက် မစိုးရိမ်ဆရာတော်ကြီးရဲ့ မိန့်ကြားချက်ဟာ ဆင်ရဲ့ကြန်အင်လက္ခဏာကို တကယ်သိတဲ့ ဆင်ဆရာကြီးက ဆင်ဖြူတော်ရဲ့ ဂုဏ်အင်္ဂါတွေကို သေသေချာချာသိရှိဖော်ကျူးလိုက်သလိုပါပဲလားလို့လဲ ခံစားကြည်နူးရှိပါတယ်။

မဟာစည်ဆရာတော်ဆိုတာ 'ဆေးဆရာ' မဟုတ်ဘူး 'ဆရာဆေး' အစစ်ပဲလို့လည်း မိမိရဲ့ကောက်ချက်ကို အတည်ပြုမိပါတယ်။

ဆရာတော်ရဲ့ သီလ, သမာဓိ, ပညာ ဆဒ္ဒန်အိုင်မဟာကို တပည့်တော်ရဲ့ ဉာဏ်တစ်ထွာနဲ့ တိုင်းတာပူဇော်ခြင်းအတွက် သနားခွင့်ပြုတော်မူပါဘုရား . . .။

ဓမ္မဘေရီ အရှင်ဝီရိယ
(တောင်စွန်း)

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



ကမ္မဋ္ဌာန်းနံ့ နေရီရီမှာမွှေး

ချစ်ညွန့်ကျော်

ရာပြည့်စာစောင် တာဝန်ခံ အယ်ဒီတာက စာအိတ်ရှည်ကြီး တစ်အိတ်လှမ်းပေးရင်း 'ရေးဖြစ်အောင်ရေးဦးဗျာ' ဟုပင် ပြောလိုက်ပါသေး၏။ ကျွန်တော် စာရေးပျင်းကြောင်း၊ စာရေးကျဲကြောင်းကို ဆရာမောင်သီလ သိရှိထားသဖြင့် နှုတ်ကပါ တိုက်တိုက်တွန်းတွန်းရှိ လိုက်ဟန်တူသည်။

ကျွန်တော်က ခပ်လွယ်လွယ်ပင် 'ဟုတ်ကဲ့'ဟူ၍ ဝန်ခံလိုက်သည်။ သို့သော် ဘာအကြောင်း ဘာစာဖြစ်ကြောင်းကိုလည်း တိတိပပမမေးမိ။ ပေးထားသည့် စာအိတ်ရှည်ကြီးကိုလည်း ဖွင့်မကြည့်။ လွယ်အိတ်တွင်းသို့သာ ထည့်ထားမိလိုက်၏။

အိမ်ရောက်မှပင် ထိုစာအိတ်ကိုဖွင့်ကြည့်သည်။ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ရာပြည့်အထိမ်း အမှတ်စာစောင်အတွက် စာမူတောင်းခံခြင်းဟူသော စာတမ်းကို ဖတ်ရှုလိုက်ရသောအခါ၌ ကျွန်တော့်စိတ်များသည် တဖြည်းဖြည်း သိမ်ငယ်၍ သိမ်ငယ်၍သွားရပါတော့သည်။ အဘယ်ကြောင့်ဆိုသော် သတိပဋ္ဌာန်ဝိပဿနာ ပဋိပတ္တိသာသနာပြုမဟာနာယက ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတစသည့် ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့အား ပူဇော်ရာ၌ ကျွန်တော် မီနိုင်မှမီနိုင်ပါ့မလားဟူသည့် အတွေးများက လွှမ်းမိုးနေပါသည်။ ထို့ပြင် ဘုန်းကြီးစာချလုပ်မိသလို ဖြစ်သွားမှာကိုလည်း လွန်စွာမှပင် စိုးရိမ်ပူပန်မိသည်။

ထိုသို့ ဖြစ်ပေါ်ရသည်မှာ ကျွန်တော့်တွင် ခိုင်လုံသောအကြောင်းရှိပါသည်။ ကျွန်တော်သည် ဆရာတော်ကို အနီးကပ်ပူဇော်ကြည်ညိုခွင့် မရခဲ့သော်လည်း ဆရာတော်နှင့် ပတ်သက်သမျှသော ထေရုပ္ပတ္တိ အကျဉ်းများကိုလည်းကောင်း၊ ဩဝါဒကထာများကိုလည်းကောင်း၊ကျေးဇူးတော်များကိုလည်းကောင်းဖတ်ရှုလေ့လာကြည်ညိုပြီး ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် ၁၂၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၃)ရက်၊ သောကြာနေ့ နံနက် (၃)နာရီခန့်အချိန်တွင် ရွှေဘိုမြို့၊ အနောက်ဘက် (၇)မိုင်ကွာ ဆိပ်ခွန်ရွာနေ ခမည်းတော် ဦးကံတော်+မယ်တော် ဒေါ်အုပ်တို့မှ ဖွားမြင်တော်မူသည်။ ခြောက်နှစ်သားအရွယ်တွင် ဆိပ်ခွန်ရွာတောင်ဘက်ရှိ ပျဉ်းမနားကျောင်းဘုန်းတော်ကြီး အရှင်အာဒိစ္စမထေရ်ထံ၌ တပည့်ခံသည်။ မြန်မာစာ အရေးအဖတ်ကို ဆည်းပူးခဲ့၏။ ဆယ့်နှစ်နှစ်သားအရွယ်တွင် မိဘနှစ်ပါးက အရှင်အာဒိစ္စမထေရ်မြတ်ထံ၌ပင် ရှင်သာမဏေ ပြုပေးခဲ့၏။ ဥပဇ္ဈာယ် ဆရာတော်ကပင်သာမဏေ၏ဉာဏ်ရည်ဉာဏ်သွေးကို ချင့်ချိန်၍ 'ရှင်သောဘန' ဟူသောဘွဲ့ကို ပေးတော်မူသည်။

ဆရာတော် အရှင် အာဒိစ္စမထေရ်သည် ဆရာတော်အား ပါဋိစာပေ၏ အခြေခံဖြစ်စေရန် ဇာတ်ကြီးဆယ်ဖွဲ့ကို သင်စေသည်။ သင်ရာ၌လည်း ဆရာတော်၏ဉာဏ်ပညာထက်မြက်ခြင်းကို အကြောင်းပြု၍ မဟောသဓဇာတ်ပါဌ်အနက်ကိုသာ သင်စေသည်။ သဒ္ဒါကြီးနှင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်းတို့ကို သင်ယူရာ၌လည်း ပါဌ်အနက်တို့ကို အထူးမကျက်ရဘဲ ဆရာ့ထံ၌ သင်ယူနေဆဲပင် နှုတ်တက်အာဂုမ်ရလျက်ရှိသည်။ ထို့ပြင် ဝိနည်းပါဋိ



တော်ကို အနက်ဖော်သင်ယူရာ၌ လည်း သင်ယူစဉ် ခဏအတွင်းမှာ ပင် အာဂုံနှုတ်တက်ရပြီး ဖြစ်နေ သည်။

ဆယ့်ခြောက်နှစ်သားအရွယ် တွင် ဆရာမရှိဘဲ ဂဏန်းသင်္ချာ စာအုပ်ကို လေ့လာကြည့်ရှုရုံမျှနှင့် ပင် တတ်မြောက်အောင် လေ့လာ နိုင်ခဲ့သည်။ ထိုသို့ တတ်မြောက်ခဲ့ သောကြောင့်လည်း နောင်သော အခါ၌ ဆန်းကျမ်းကို သင်ယူစဉ် ပတ္ထရာဖြန့်နည်း(အတန့် ပျောက်ရာ နည်း) စသည်တို့ကို လွယ်ကူစွာ သဘောပေါက်နိုင်ခဲ့သည်။

ဆယ့်ကိုးနှစ်အရွယ်တွင် ဆိပ် ခွန်ရွာသူကြီးကျောင်း ဆရာတော် အရှင်ပရမ မထေရ်မြတ်အထံ၌ နာ သကျမ်း၊ မူလဋီကာကျမ်းစသည့် ကျမ်းကြီးများကို ဆိုဝါဖြင့် သင်ယူ သည်။ ထိုကျမ်းများကို သင်ယူရာ၌ စာအတူတက်ဖက် ရဟန်းတော်များ ကပင် "နိဿယကို ကြည့်ထား လား" ဟုပင် မေးယူရ၏။ အဘယ့် ကြောင့်ဟူမူ အနက်များကို ဖော် ထုတ်လျက် ဆိုနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ စင်စစ် ဆရာတော်သည် ယင်းကျမ်းတို့၏ နိဿယကို မြင်မျှ ပင် မမြင်ဖူးခဲ့ပေ။ ထို့ပြင် ဆရာ တော်သည် သာမဏေဘဝကပင် အခြားသာမဏေများအား သဒ္ဒါ သဒ္ဒိုဟ်စသော ကျမ်းများကို ပို့ချ ပေးနိုင်ခဲ့ပါသည်။

ဆရာတော်သည် ငယ်ရွယ်စဉ် ကပင် ပညာအရာ၌ အံ့ချီးဖွယ်ထူး ချွန်ခဲ့ဖူးပုံကို ကျွန်တော်မှတ်မိနေ သည်။ မြင့်မြတ်သော ရဟန်းဘဝ သို့ ရောက်သောအခါ၌လည်း ဆရာတော်သည် ပရိယတ်စာပေ လောက်ဖြင့် နှစ်သိမ့်မနေချေ။ ပဋ္ဌာ ပတ်ကိုပါ ထဲထဲဝင်ဝင် လေ့လာခဲ့ သည်ဟုဆို၏။ ရုက္ခမူဓုတင်၊ နိသဇ္ဇ ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ဧကာ သနိက်ဓုတင်၊ ပတ္တပိဏ်ဓုတင် စသည်တို့ကို လေးလပတ်လုံး ဆောက်တည်ကျင့်သုံးခဲ့သည်ဟု သိရှိရပြန်ပါသည်။

ထို့ပြင် ဆရာတော်သည် ထိုမျှ ဆောက်တည်ကျင့်သုံးရသည်ကိုပင် အားရကျေနပ်သေးပုံမပေါ်။ မော် လမြိုင်မြို့၊တောင်ဝိုင်းကလေးကျောင်း တိုက်နေစဉ်ကလည်း သမထ, ဝိပဿနာ, ပဋ္ဌာပတ္တိအလုပ်အား ထုတ်လိုသဖြင့် ဇင်းကျိုက်၊ သထုံ၊ ကေလာသမြသပိတ်တောင်၊ ကျိုက် ထီးရိုးတောင်၊ ရွှေရောင်ပြ တောင်၊ ဦးအုန်းခိုင်တောကျောင်း စသည်



တို့၌ ကမ္မဋ္ဌာန်းနည်းဖြင့် မဂ်လမ်း ခရီးရှာခဲ့သည်။ သတိပဋ္ဌာန် ဝိ ပဿနာရှုပုံကို နည်းခဲလျက် အရိုး ကျေကျေ အရေခမ်းခမ်းမနားတမ်း ပွားများခဲ့ပုံများကို ကျွန်တော်လေ့ လာမှတ်သားခဲ့ပါ၏။

ဤမျှအထိ မဆုတ်မနစ်အား ထုတ်ခဲ့သည့်ဆရာတော်၊ ပရိယတ် ပဋ္ဌိပတ်တွင် ဂုဏ်သတင်း ကျော် စောခဲ့သည့် ဆရာတော်၊ ဝိနည်းကို အလွန်အလေးထားခဲ့သည့် ဆရာတော်၊ မြန်မာ့မြေပေါ်တွင်မက နိုင်ငံခြား တိုင်းပြည်များမှာပင် ဌာနခွဲများ ဖွင့်၍ ဝိပဿနာစခန်းများ တည် ထောင်နိုင်ခဲ့သည့် ဆရာတော်၊ အနှီ ဆရာတော်ကြီးအတွက် ပူဇော်အံ့ သောစာမူတစ်ပုဒ် ရေးပေးရန် ကျွန်တော့်အဖို့ များစွာခက်ခဲနေ သလိုရှိနေရပါသည်။

ထိုအခါ၌ မိမိကိုယ်မိမိ ပြန်လည် ဆန်းစစ်ကြည့်ရပါတော့သည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ သောကာလသုံးပါးကို ကျွန်တော် အနုလုံ ပဋ္ဌိလုံဝေဖန်ရသည်။ ကျွန် တော့်ကိုယ်ကျွန်တော် ကာလသုံး ပိုင်းဟူသော ကိန်းဂဏန်းထဲထည့် လိုက်ပါသည်။ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဟူ၍ ရသည်။ ကျွန်တော်သည် ပထမ အရွယ်၌ ဘာတွေလုပ်ခဲ့ပါသလဲ။ ဒုတိယအရွယ်၌လည်း ဘယ်လိုနေ ထိုင်ခဲ့ပါသလဲ။ တတိယအရွယ် မှာရော ဘာတွေလုပ်နေဦးမလဲ။ ထို မေးခွန်းများသည် တဖြည်းဖြည်း



ခြိမ်းခြောက်လျက်ရှိနေပါတော့သည်။

ယခုအခါ၌ ကျွန်တော်သည် အသက်အားဖြင့် ခြောက်ဆယ့်ခြောက်နှစ်ရှိခဲ့လေပြီ။ တတိယအရွယ်ပိုင်းသို့ ရောက်နေပြီ။ ပထမအရွယ်ပိုင်း၌ ငယ်ရွယ်သမို့ပညာရှာမှီးရသည်သာ။ ဒုတိယအရွယ်ပိုင်း၌မူ အိမ်ထောင်မှုအတွက် လှုပ်ရှားနေခဲ့ရသည်သာ များ၏။ ခုတတိယပိုင်း ရောက်နေလေပြီ။ ကျွန်တော် ဘာလုပ်မည်နည်း။

ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် သနားသင့်သည်။ တကယ်တော့ ကျွန်တော့်ကိုယ်ကျွန်တော် မသနားဖြစ်နေသည်။ ဟုတ်ပါသည်။ ကျွန်တော်သည် ပထမအရွယ် ငယ်စဉ်က ပညာရှာနေတုန်းမို့ တရားဘာဝနာနှင့် ကင်းကွာခဲ့သည်ဟု ဖြေသာခဲ့သေး၏။ ဒုတိယအရွယ်တွင်မူ ဥစ္စာစီးပွားအတွက် လောဘတက်နေသဖြင့် တရားမေ့, ဘုရားမေ့ဟု ဆင်ခြေတက်နိုင်ပါသေး၏။

ယခုအချိန်မှာ ကျွန်တော် မည်သို့ လျှောက်လွှဲဦးမည်နည်း။ ကျွန်တော် ငြင်းနိုင်ဦးမည်လား။ မကြာခင်ကာလမှာ ကျွန်တော်သည် ကျွန်တော့်ခန္ဓာကိုယ်ကြီးကို ထားရစ်ခဲ့ရတော့မည်ဖြစ်သည်။ မထားချင်၍လည်းမရ။

ကျွန်တော့် မိခင်ဖခင်တို့လည်း သွားနှင့်ကြပြီ။ ကျွန်တော့် မိတ်ဆွေအချို့လည်း သွားနှင့်ကြပြီ။ ကျွန်တော့်ထက် ငယ်ရွယ်သူများလည်း သွားနှင့်ပြီ။ ကျွန်တော်တို့ အလှည့်ဘယ်တော့ဖြစ်မည်နည်း။ ရက်လား, လလား, နှစ်လား။ နေ့လား, ညလား။ သတ္တဝါအားလုံးသည် ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် သေသွားနိုင်သည်ဟု ရှေးလူကြီးများ ဆိုထားသည် မဟုတ်ပါလား။

ထို့ကြောင့် လယ်တီဆရာတော်ဘုရားက တေးထပ်တစ်ပုဒ်ဖြင့် သတိပေးခဲ့ဖူးပါသည်။ အရေးအဖွဲ့အလွန်ကောင်းလှသဖြင့် ဆရာတော်ကိုယ်တိုင်ကြွရောက်၍ ဆုံးမနေသကဲ့သို့ ထင်မှတ်ရသည်။ 'ခွင့်သာခိုက်မှ မလိုက်ချင်လျှင်' ဟူသော တေးထပ်ဖြစ်သည်။ ထိုတေးထပ်မှာ ---

ငါးအာရုံ ဘင်အစု၊
ခင်မှုနှင့် နေ့ကုန်၊
နင်ယခု မေ့ပုံလို၊
တွေ့မကြုံစခန်း။
ပါယ်လေးဝ သောကဘုံမှာ၊
မျောရရုံ ရှိတော့ခမန်း။
အောက်ဝီစိ သောင်းအငူမှာ၊
ခေါင်းမပြူစတမ်း။
နှစ်အရှည် နစ်မည်လမ်းကိုလ၊
နင်မြှော်စမ်း နင့်ကိုယ်။
ဒေသနာ ထင်အလင်းရယ်နှင့်၊
နင်အဖျင်း ပိုထက်သာပို။ ။
သည်လောဘ စရိုက်အိုကို၊
မလိုက်လို ရှောင်ပစ်လို့၊
နောင်အသစ် တကယ်ပြင်လျှင်၊
ကောင်းဖို့အစဉ်။
ခွင့်သာခိုက်ကမှ မလိုက်ချင်လျှင်၊
အမိုက်နင့်ပြင် ရှိသေးလေလိမ့်လား။
ခွင့်သာဆဲကမှ မခဲချင်လျှင်၊
အလွဲနင့်ပြင် ရှိသေးလေလိမ့်လား။
ခွင့်သာတုန်းကမှ မရုန်းချင်လျှင်၊
အရှုံးနင့်ပြင်ရှိသေးလေလိမ့်လား။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့တည်းဟူသော အာရုံငါးပါး၌ နစ်မျောနေခဲ့သည်မှာ ကျွန်တော်တို့ကြာခဲ့ပါပြီ။ မကောင်းမှု ဒုစရိုက်အတွက် ကျရောက်မည့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံတွေကို ကြောက်ပါသည်ဟု ပါးစပ်က တဖွဖွပြောခဲ့သည်မှာ များပြီ။ လက်တွေ့အားဖြင့် မေ့နေသည်က လိမ်ညာမရပေ။

နှစ်အရှည် နစ်မည့်လမ်းကို ကျွန်တော်မျှော်ကြည့်သည်။ တွေးမျှပင်မတွေးရဲ။ ကိုယ့်ရုပ်၊ကိုယ့်ခန္ဓာကို ပြန်ကြည့်တော့ တစ်နေ့တစ်ခြားအိုစာခဲ့ပြီ။ ဆံပင်တွေ ဖြူလာပြီ။ သွားတွေ ကြွေခဲ့ပြီ။ အသားအရေတွေ တွန့်ခဲ့ပြီ။ မျက်စိတွေ မှုန်ခဲ့ပြီ။ နားတွေထိုင်းခဲ့ပြီ။ ခါးတွေကိုင်းခဲ့ပြီ။ တဖြည်းဖြည်းနှင့် လူသည်ကမ္ဘဋ္ဌာန်းရုပ်ပေါက်နေလေပြီ။

သည်အချိန်မှာ ကျွန်တော် သတိရသင့်သည် ထင်၏။ ဒေသနာအလင်းသည် ကျွန်တော်တို့အတွက် အစဉ် အေးချမ်းအမြိုက်ဆေးပင်တည်း။ ထိုဆေးကို မဟာစည် ဆရာတော်ဘုရားကအယုတ်အမြတ်မရွေး၊ ဆင်းရဲ ချမ်းသာမရွေး တိုက်ကျွေးနိုင်ရန် ရိပ်သာစခန်းများ၊ ဌာနခွဲ



များ၊ သြဝါဒခံများဖြင့် စနစ်တကျ ဖော်စပ်၍ ထားခဲ့သည်။

မဟာစည်ရိပ်သာများ အနယ်နယ်အရပ်ရပ်အတိုင်းတိုင်း အပြည်ပြည်မှာဖွင့်၍ ဝိပဿနာကမ္မဋ္ဌာန်းများ ပြသလျက်ရှိပါ၏။သည်အရွယ်သည်စခန်း သည်လမ်းကိုသာ ရွေးရမည်မှာ အမှန်ပင် ဖြစ်သည်။ ခွင့်သာခိုက်ကမှ မလိုက်ချင်လျှင် အမိုက်နှင့်ပြင် မရှိရလေအောင် ခွင့်သာဆဲကမှ မခဲချင်လျှင် အလွဲနှင့်ပြင် မဖြစ်ရလေအောင် ခွင့်သာတုန်းကမှ မရုန်းချင်လျှင် အရှုံးနှင့်ပြင် မနစ်မွန်းရလေအောင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဝိပဿနာဆီမီးတိုင်ကြီးထွန်းညှိ၍ လမ်းပြခဲ့ပါသည်။

ကျွန်တော်တို့ဘက်က တာဝန်သာရှိတော့သည်။ ကိုယ့်အသက်၊ ကိုယ့်အရွယ်ကို ကြည့်မနေတော့ဘဲ ရသည့်အချိန်၊ ရသည့်အခွင့်ကို လက်လွတ်မခံသင့်တော့ပါ။ ကျွန်တော့်လို အရွယ်တော် တဆိတ်ဟိုင်းများအဖို့ သာ၍သာ၍ သွားရမည် ဖြစ်သင့်သည်။

အဘယ့်ကြောင့်ဆိုသော . . .

ကမ္မဋ္ဌာန်းနဲ့ နေရိရိမှာ မွေးချိန်သင့်ပြီတည်း။

ချစ်ညွှန့်ကျော်



ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး ၁၉၇၆-၇၇ ခုနှစ်တွင် ဗုဒ္ဓသာသနာနုဂ္ဂဟအပွဲချုပ်သို့ မိန့်ကြားသော သြဝါဒတော်ကောက်နှုတ်ချက်

ဒီသာသနာ့ရိပ်သာက ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကတော့ ဆောင်ရွက်ရာမှာ ထူးထူးခြားခြား အောင်မြင်တာတွေ အင်မတန်များပါတယ်။ ဒီအဖွဲ့က ဆောင်ရွက်လို့ အောင်မြင်တာကို လိုက်ပြီးစဉ်းစားကြည့်ရင် အင်မတန်ဝမ်းမြောက်စရာ အားတက်စရာပါပဲ။

သာသနာရေးအဖွဲ့အစည်းတွေ ပြုလုပ်ပြီး ဆောင်ရွက်ကြရတယ်ဆိုတာ မိမိတို့လည်း ကုသိုလ်ပွားဖို့၊ သာသနာတော်လည်း အကျိုးများဖို့ ဖြစ်တယ်၊ ဒါကြောင့် မိမိတို့မှာလည်း ကုသိုလ်ပွားများသည်ထက် ပွားများအောင် သာသနာတော်လည်း တိုးတက်သည်ထက် တိုးတက်အောင် အစွမ်းကုန် ဆောင်ရွက်ကြဖို့ပါပဲ။

ဒီသာသနာ့ရိပ်သာနှင့်ပတ်သက်တဲ့ ဆောင်ရွက်ဖွယ်တာဝန်တွေဟာ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ဝင် လူကြီးတွေအပေါ်မှာ ကျရောက်နေသောကြောင့် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ သာသနာ့ရိပ်သာ ဆိုင်ရာကျရောက်နေတဲ့ မိမိတို့တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်သွားကြဖို့ပါပဲ။

အဲဒီလို ဆောင်ရွက်ရာမှာ အရေးကြီးတာကတော့ မေတ္တာ ကာယကံ၊ မေတ္တာဝစီကံ၊ မေတ္တာ မနောကံ ဒီသုံးခုက အရေးကြီးပါတယ်၊ ကိုယ်ဖြင့် ပြုလုပ်ဆောင်ရွက်တဲ့အခါမှာ အဖွဲ့ဝင် ပုဂ္ဂိုလ်အချင်းချင်းအပေါ်မှာရော၊ ရိပ်သာအတွင်းရှိ ပုဂ္ဂိုလ်တွေအပေါ်မှာရော၊ ရိပ်သာကို ကူညီထောက်ပံ့တဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာရော ချမ်းသာကြပါစေဆိုတဲ့ စိတ်ဓာတ်ဖြင့် ပြုလုပ်ဆောင်ရွက်သွားကြဖို့ပါပဲ၊ နှုတ်ဖြင့် ပြောဆိုတဲ့အခါမှာလည်း အဲဒီစပ်ဆိုင်ရာပုဂ္ဂိုလ်တွေအပေါ်မှာ ချမ်းသာကြပါစေဆိုတဲ့ မေတ္တာဓာတ်ဖြင့် ပြောဆိုဆောင်ရွက်သွားကြဖို့ပါပဲ၊ အဲဒီမေတ္တာဝစီကံက အလွန်အရေးကြီးပါတယ်၊ အခါတိုင်းလည်း ဘုန်းကြီးကညွှန်ကြားနေကျပါပဲ၊ ပြောစရာရှိလို့ ပြောတဲ့အခါမှာ ချိုချိုသာသာပြောဖို့ တန်းတူအနေ ဖြင့်ပြောဖို့ လိုပါတယ်၊ မေတ္တာ မနောကံကတော့ ကိုယ်နှုတ်အမူအရာ ပြလုပ်ပြောဆိုတော့မယ်ဆိုရင် မပြုမိ မပြောမိကတည်းက ချမ်းသာပါစေ ချမ်းသာကြပါစေလို့ စိတ်ဖြင့် မေတ္တာပွားဖို့၊ အဲဒီလို မေတ္တာပွားပြီးမှ ပြုလုပ်ပြောဆိုဖို့ပါပဲ။

မေတ္တာကာယကံ၊ မေတ္တာဝစီကံ၊ မေတ္တာ မနောကံတို့ဖြင့် ယခုနှစ်လိုပင် ညီညီညွတ်ညွတ် ဆောင်ရွက်သွားနိုင်ကြသဖြင့် မိမိတို့လည်း အားရစရာ၊ ရဟန်းသံဃာတွေဘက်ကနေကြည့်ရင်လည်း အားရစရာ၊ လူဒကာ ဒကာမများဘက်က နေကြည့်ရင်လည်း အားရစရာ ဝမ်းသာဝမ်းမြောက်စရာ ဖြစ်သွားလိမ့်မယ်လို့ ဘုန်းကြီးတို့က ယုံကြည်စိတ်ချပြီး မျှော်လင့်ပါတယ်။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



မိမိကိုယ်ကို စမ္မဖြင့်တည်ဆောက်ခြင်း

ငါ(မန္တလေး)

လူဟူသော သတ္တဝါသည် ဖြစ်ခြင်း၌ အသေအချာ တုတ်နှောင်မိချိန် သက်ဆိုင်ရာ ပယောဂတစ်ခုခု၏ တိုက်ရိုက်စေ့ဆော်မှုမပါဘဲ ရှင်သန်မှုဆိုသည်မှာ ဖြစ်နိုင်ခဲ့ အတော်နည်းသော ဂယက်ငယ်မျှသာ ဖြစ်ပေသည်။

လူပ်ရှားရှင်သန်လာသည့် တစ်ခုသော ဖြစ်နိုင်ခဲ့၏ တကယ်တန်ဖိုးကောင်းများ စုဆောင်းမိရေးမှာ မတော်တဆအကြောင်းတရား တချို့ရှိ စွန့်ထုတ်ပစ္စည်းအဆင့်ထက် များစွာကျော်လွန်နေပါလိမ့်မည်။

ပယောဂဟူသည် အခြေအနေတစ်ခုခု၌ ရုတ်တရက် ဖြစ်ပေါ်လာသော သဘာဝပယောဂနှင့် မိမိတည်းဟူသော ကံဉာဏ်ဝိရိယတို့ကြောင့် ထိုက်တန်စွာ ဖြစ်ပေါ်လာရသည့် ပုဂ္ဂလ ပယောဂတို့ဖြစ်ကြောင်း သိမှတ်နိုင်သည်။

အချို့သော အခြေအနေတို့သည် သဘာဝတရား၏ ပွတ်တိုက်ပစ်ချပေးမှုတို့ကြောင့် အံ့ဩဖွယ်ကောင်းသော ရလဒ်များ ပေါ်ထွက်ခဲ့၍ ထိုအရာ ဖြန့်ကျက်မိသည့် ပတ်ဝန်းကျင်၌ ကျော်စောမှုနှင့် ဂုဏ်ကျက်သရေများ ခေတ်အဝွန့်ရှည်စွာ ဖြတ်သန်းနိုင်ခဲ့ကြသည်။ ထိုအရာများကို မှီ၍ ထိုဒေသ (ရပ်ရွာ၊ နယ်ပယ်၊ နိုင်ငံ၊



လူစု) ၏ တန်ဖိုးများလည်း တိုးတက်သွားခဲ့သည်။ ပတ် ဝန်းကျင် (ဒေသ + နယ်ပယ်) ၏ ဆီလျော်ညီညွတ်မှု အများအပြားသည်လည်း ဒေသတန်ဖိုးများနှင့် ကွဲလွဲမှုမရှိဘဲ ဂုဏ်ရည်မြင့်မားရပ်တည်ချက်တို့ဖြင့် ထည်ဝါနိုင်ခဲ့သည်။

ဥပမာ မိုင်းရှုးဒေသသည် ယခင်ကသာမန်မျှသာ သိကြသည်။ မြေပုံမှတ်စုရေးခြင်း၌ လောက်သာ အဆင်သင့်ဖြစ်ခဲ့သည်။ သူတကယ် ကြွယ်ဝသည်ကား မြင့်မားသော တောင်တန်းများ လှိုင်းထနေခြင်းမျိုးမျှသာတည်း။ သို့ရာတွင် ယခုအခါ၌ မိုးကုတ်ပတ္တမြားမြေကို ဝုံ့ဝုံ့စားစား ရဲစွမ်းသတ္တိတို့ဖြင့် ပြိုင်ကြည့်ခွင့်ရသော ကာလတစ်ခုကို ဖောက်ထွင်းမိနေပေပြီ။ ဤသည်ကား အဘယ်ကြောင့်နည်း တစ်ခြားမဟုတ်ပေ။ သဘာဝပယောဂတန်ဖိုး၏ တကယ့်ရင့်ကျက်မှုတို့ကို မကွယ်ဝှက်ခဲ့သောကြောင့်သာ ဖြစ်သည်။

ယင်းသဘာဝပယောဂသည် ချို့တဲ့မှု တစ်စုံတစ်ရာကို ဆုပ်ကိုင်မိပါက ယနေ့ မိုင်းရှုး၏ ရည်တည်ချက်များအပေါ် မည်သူကမျှ အသိအမှတ်ပြုလိမ့်မည်မဟုတ်ချေ။ သို့ရာတွင် သဘာဝတရားသည် ထိုပယောဂတို့ကို မန္တလေး၌ သော်လည်းကောင်း၊ ပဲခူး၌သော်လည်းကောင်း၊ ဖြစ်ပေါ်ခွင့်မပေးခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် ပထဝီဝင်ဆိုင်ရာ အခြေခံအချက်အလက်များ ကွဲပြားနေ၍ ဖြစ်သည်။ မတူသောကြောင့် ဖြစ်သည်။

ထိုကဲ့သို့ သဘာဝပယောဂများ၊ တစ်စုံတစ်ရာ အခြေအနေ၌ တစ်စုံတစ်ရာ ကွဲပြားမှုတို့မှာ တစ်နည်းနည်းဖြင့် မိမိတို့လက်ခံလိုက်ရသော ထိတွေ့မှုများ ဖြစ်ခဲ့သည်။ သို့ရာတွင် လူက ဖန်တီးလိုက်သော ပယောဂအင်အားမျိုးမှာလည်း (အသိဉာဏ်ပါ၍ စနစ်ကျလှသောကြောင့်) စွမ်းရည်မြင့်မားသလို ပြင်းလည်း ပြင်းထန်လှသည်။

ပယောဂဟူသည် စွမ်းအင်များ စုဝေးနေမှုဖြစ်သည်။ စွမ်းအင်သည် အရည်အသွေးနှင့် အရည်အချင်းများ စုဆောင်းရာတွင် လိုအပ်သော အဓိပ္ပါယ်အသီးသီးအတွက် တာယ့်အနှစ်သာရများ ထုတ်လုပ်ပေးခြင်း၌ ချန်လှပ်၍ ရကောင်းသော အရာမဟုတ်ခဲ့ပေ။ ထို့ကြောင့် လောက၏ (နိမ့်/မြင့်) (ဆိုး/ကောင်း) (ညံ့/တော်) စသော ဆူကြဲမှုများ၊ မရပ်မနား လည်ပတ်မှုအစဉ်သည် ပယောဂအမျိုးအစား ဖြစ်ပေါ်တိုးတက်မှု အကြောင်းတရားများစွာ၏ အကျိုးသက်ရောက်မှုများသာ ဖြစ်ခဲ့သည်။

ဤနည်းဖြင့် လောကကို တန်ဆာဆင်ကြရာတွင် တစ်ဦးချင်းစွမ်းရည်၊ အင်အားချို့တဲ့ခြင်း၊ ကြွယ်ဝခြင်း စသော လက္ခဏာရပ်တို့ အခန့်သင့်ခြင်း မသင့်ခြင်း အမှုအအရာများ အပေါ် တွက်ချက်အဖြေထုတ်ကြရသည်။ လောကသည် ထိုသူတို့၏ ထုပ်ပိုးမှုအောက်တွင် ဒြပ်တစ်ခုအဖြစ် အရှင်သန်ခိုင်းရတော့သည်။ သို့ရာတွင် ဗုဒ္ဓဓမ္မကဖြစ်ခြင်းကို လက်ခံသလို ပျက်ခြင်းကိုလည်း ငြင်းပယ်မထားခဲ့ပေ။ ဖြစ်ခြင်းကို သာယာသလောက် ပျက်ခြင်းကို ရှုံ့ချထားခြင်းကား သဘာဝပယောဂကို ကွက်ကျော်ရိုက်ခြင်းမျှသာတည်း။

ဗုဒ္ဓဓမ္မသည် "သဘာဝအစဉ်" (Law Of Watirc) သက်သက်သာ ခေါ်ဆိုခြင်းဖြစ်သည်။ ထိုအစဉ်ကြီး၏ လက္ခဏာပုံပန်းသဏ္ဌာန် အမူအကျင့်နှင့် ညာဉ်ကိုမျက်ခြေမပြတ် ကြည့်ရှုခြင်းပင်လျှင် ဗုဒ္ဓသာသနာဝင် (ဘာသာဝင်မဟုတ်)တို့၏ အဓိကအလုပ်ကြီး ဖြစ်ပေတော့သည်။ ထို့ကြောင့် သဘာဝကို မြင်အောင်ကြည့်တတ်ရေးသည် ဓမ္မကိစ္စဖြစ်သည်။ ပုဂ္ဂိုလ်ရေးကိစ္စဖြစ်လာသည်။ လူနှင့်ဓမ္မ တစ်သားတည်းကျရေး



မှာ သဘာဝကို ရိုးရိုးရှင်းရှင်း ကြည့်မြင်ရေး၌ သာ အခြေစိုက်ရမည်။ ထိုသို့မဟုတ်မူဘဲ လူနှင့် မမှကွဲပြားနေလျှင် သဘာဝကို ကြည့်မြင်မှုက ကမောက်ကမဖြစ်နေသောကြောင့်သာ ဖြစ်သည်။

ထိုအခါ ကိလေသာတရားဆိုးများ ထောင့်ပေါင်းစုံမှ မွှေနှောက်သောင်းကျန်းလာပါတော့မည်။ ယင်းသို့ မဖြစ်ရန် မြတ်စွာဘုရားက နည်းလမ်း အမြောက်အများပေးသည့်အထဲတွင် "ဝိပဿနာ"ဆိုသော လက်တွေ့ဆိုင်ရာလမ်းညွှန်မှုမှာ ထင်ရှားလှသည်။ မျက်မှောက်ခေတ် သိပ္ပံပညာရှင်များက ယင်းတို့၏ မာတ်ခွဲခန်းထဲမှနေ၍ အမှန်တရား ရှာသည်။ လောကကို ကြည့်သည်။ ကြည့်သမျှ သိသမျှကို ထုတ်ပြန်ကြသည်။ သို့သော် အကြွင်းမဲ့မဟုတ် ချွင်းချက်ဖြင့် ဖြစ်သည်။ အမှားပြင်ဆင်ချက်များ စောင့်မျှော်မှုဖြင့် နားလည်ရသည်။ ဤသို့ဖြစ်ရသည်မှာ မတိကျသော ရုပ်မျက်စိဖြင့် ကြည့်ပြောနေ၍ ဖြစ်သည်။

မြတ်စွာဘုရားက ထိုသို့မကြည့်၊ မမြင်၊ မပြော တိကျမှပြောသည်။ သေချာမှပြောသည်။ ပြောပြီးသည်နှင့် အမှားပြင်ဆင်ချက်ထည့်ရန် မလို။ ချွင်းချက်မရှိ အကြွင်းမဲ့ဖြစ်သည်။ ယင်းသို့ ဖြစ်ရသည်မှာ အဘယ်ကြောင့်နည်း။ တစ်ခြားမဟုတ် သဘာဝတစ်ခုလုံးကို ဉာဏ်မျက်စိဖြင့် ကြည့်ခြင်း (သိမြင်)သောကြောင့် ဖြစ်သည်။ သာမန် ပညာသိဉာဏ်မျိုးမဟုတ်၊ အကြွင်းမဲ့သဗ္ဗညုတဉာဏ်ဖြင့် ကြည့်မြင်မှုမျိုးဖြစ်သည်။

ထို့ကြောင့် လောက (ဒေသကြီး) တန်ဖိုးများ ပြောင်းလဲသွားခဲ့သည်။ မြင်ပုံမြင်နည်း နားလည်ပုံ၊ နားလည်နည်းများ ဖြန့်ဝေဟောကြားခဲ့သည်။ ဓမ္မ (ပိဋကတ်) အစုအဝေးမှတစ်ဆင့် တပည့်သာဝကတို့အား ၎င်းတို့၏ ကိုယ်ပိုင် ပယောဂ (တတ်၊ ကျင့်၊ သိ)များဖြင့် ခေတ် အဆက်ဆက် ဖြန့်ကျက်နေရာယူစေခဲ့သည်။ သူတို့ကြောင့် ထိုဒေသ၏ ယဉ်ကျေးမှု အထားအသိုများ တည့်မတ်ခိုင်ကျည်လာသည်။ ဒေသတန်ဖိုးနှင့် လူတန်ဖိုးများ တက်လာသည်။ သင်္ဂါယနာခြောက်တန်နှင့် ယင်းခေတ်များရှိ သဒ္ဓါချွေးပေါက်နှင့် ဝီရိယချွေးပေါက်ပိုင်ရှင် ထေရ်ဆရာမြတ်တို့၏ ကိုယ်နှုတ်နှလုံးသုံးပါးတို့၏ ပယောဂမှာ စွမ်းအင်တစ်ခုအနေဖြင့် တွက်ချက်လျှင် အတိုင်းအဆ ကြီးမားလှသည်။ အခြားသော ရုပ်ဝတ္ထုစွမ်းအင် (စက်မှု၊ ရူပ၊ ဓာတုစွမ်းအင် စသည်)တို့ထက် သက်ရောက်မှု ကြီးမားကျယ်ပြန့်လွန်းသည်။ အစားထိုးစရာမရှိ ခေတ်ကြီးများ ပြောင်းလဲသွားသည့်တိုင် လက်တွေ့အသုံးချတန်ဖိုးနှင့် သမိုင်းဝင်တန်ဖိုးကား ပြောင်းလဲသွားရန် မရှိ။ လျော့ပါးသွားရန်လည်း မရှိပေ။

အဘယ်ကြောင့်ဆိုသော် မြတ်စွာဘုရား၏ ဓမ္မစွမ်းအင်ကို ယုံကြည်စွာ ထုတ်ယူသုံးစွဲထားမှုကြောင့် ဖြစ်သည်။ မြတ်စွာဘုရား၏ ဓမ္မစွမ်းအင်သည် လောကကြီး ငြိမ်းချမ်းဖို့ ဖြစ်သည်။ လူနှင့်အခြားသော သတ္တဝါများ ငြိမ်းအေးဖို့ ဖြစ်သည်။ ထိုသို့ဖြစ်ပေါ်ဖို့ (တပည့်ကြီးများ ပေါ်ထွက်ဖို့) နည်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးခဲ့သည်။ ထိုတပည့်ချွန် ဓမ္မနှင့် စရဏအကျင့်သူရဲကောင်းကြီးများ ပေါ်ထွက်ခွင့်ရသော ဒေသကြီးများလည်း ဂုဏ်သရေအမျိုးမျိုး တိုးပွားစေခဲ့သည်။ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ ကျော်ကြားစေခဲ့သည်။

မျက်မှောက်ခေတ်တွင်လည်း ဓမ္မသူရဲကောင်းကြီးများ ပေါ်ထွန်းမှု ပြတ်တောက်သွားခြင်း မရှိသေးပေ။ ရှင်သန်မြဲ၊ ပေါ်ထွက်မြဲသာတည်း။ ထိုအထဲ မြန်မာပြည်၌သာမက နိုင်ငံတကာအထိ ထင်ပေါ်လှသော မဟာစည်ဆရာတော် (ဘဒ္ဒန္တသောဘန အဂ္ဂမဟာပဏ္ဍိတ)



ဆရာတော်ဘုရားကြီးသည်လည်း ပါဝင်ခဲ့သည်။ ထိုဆရာတော်ကြီး၌ ဓမ္မဂုဏ်ရှိသည်။ အကျင့်ဂုဏ်ရှိသည်။ ပရိယတ် (ပိဋကတ်စာပေ)သာမက ပဋိပတ် (လက်တွေ့ကျင့်ကြံအားထုတ်မှု) နှင့်လည်း ပြည့်စုံသည်။ ကိုယ်တိုင်ကျင့်သလို တစ်ပါးသူတို့အားလည်း ကျင့်ကြံစေခဲ့သည်။ ကျင့်နည်းကျင့်ဟန် လက်တွေ့ကျကျ ပြသပေးခဲ့သည်။

မြန်မာပြည်၌ ဆရာတော်ကြီးကဲ့သို့ အသိနှင့်အကျင့်၌ တင်းတင်းကျပ်ကျပ် ရှင်သန်သူ ပုဂ္ဂိုလ်အများအပြား ရှိခဲ့ကြသော်လည်း ခေတ်ပြင် (ခေတ်မီခြင်း) ပိုင်း၌မူ ဤမဟာစည်ဆရာတော်ကြီးက ထူးခြားနေသည်။ အနေရိုးသော်လည်း အတွေးမရိုး လောကကို ဆန်းသစ်သော အမြင်ဖြင့်သာ ကြည့်မြင်တတ်သည်။

ဥပမာ ပါဋိကို မြန်မာပြန်သောအခါ၌ ပြန်ရိုးပြန်စဉ်မဟုတ်။ တိုသည်၊ ရှင်းသည်၊ လိုရင်းသို့ ဒက်ခနဲ ရောက်သည်။ ပါဋိတစ်ချက်။ အနက်တစ်ချက်ပေးခြင်း နည်းစနစ်မှ ဖောက်ထွက်ခဲ့သည်။ ဝိဘတ်ကိုက်၍ အနက်ဆိုက်မှုလည်း မထွေပြားစေခဲ့။

အသဌောအမာယာဝီ - သာဌေယျနှင့် မာယာကင်းသည်ဖြစ်၍ (ဝါ) ကြွားဝါခြင်းနှင့် လှည့်စားခြင်းကင်းသည်ဖြစ်၍

ဥဇုဇာတိကော - စိတ်သဘောထားဖြောင့်မတ်သော၊

ဝိညူ - သိနားလည်ခြင်းရှိသော၊

ပုရိသော - ယောကျ်ားသည်၊

တေ - လာပါစေ၊

အဟံ အနုသာသာမိ - ငါက ဆုံးမညွှန်ကြားပေးလိုက်မယ်၊

အဟံဓမ္မံဒေသေမိ - ငါက ကျင့်နည်းတရားကို ဟောပေးမည်။

(တရားအမွေခံ ဓမ္မဒါယာဒသုတ် တရားတော်၊ စာ - ၁၅၀ ရှု)

ဖော်ပြပါ အနက်ပေးပုံကား ပေးရိုးပေးစဉ်မဟုတ် ထူးခြားသည်၊ ရှင်းလင်းလွယ်ကူလွန်း၍ လူတကာနှင့် လိုက်ဖက်သည်။ မြတ်စွာဘုရား၏ ရိုးသားပွင့်လင်း စေတနာပါသော သဘောထားကို ဒက်ခနဲ ပေါ်လွင်သွားစေခဲ့သည်။ ပေးရိုးပေးစဉ်အတိုင်း အနက်ဆိုမည်ဖြစ်လျှင် (အဟံ = ငါသည်၊ ဓမ္မ - တရားကို၊ ဒေသေမိ = ဟောအံ့) ဟု ပေးရပါလိမ့်မည်။ ထိုနည်းကား ရှည်သည်။ လိုရင်းမရောက် ပေါရာဏဆန်၍ အာရုံခံယူမှု (ဖတ်ရှုမှု) ၌ တုံ့ဆိုင်းသည်။ ဖတ်သူ၏ တက်ကြွမှုကို လျှော့ချလိုက်သလို ဖြစ်နေသည်။ ထို့ကြောင့် ဆရာတော်ကြီးက မိမိနည်း၊ မိမိဟန်အတိုင်း (ပါဋိဂတိနှင့် မြန်မာသဒ္ဒါ မထိခိုက်စေဘဲ) ဘာသာပြန်ပေးခဲ့သည်။ နမူနာထုတ်ပြခြင်းမျှသာ ဖြစ်သည်။ အခြားသော ကျမ်းများ၌လည်း ဖော်ပြပါနည်းတို့ကိုပင် သုံးစွဲတော်မူခဲ့သည်။

ဆရာတော်ကြီးသည် ခေတ်ကြီးပြောင်းလဲနေကြောင်း သတိမူခဲ့သည်။ တစ်လမ်းသွားစနစ်ဖြင့် အမှောင်ချမနေခဲ့။ ခေတ်ပေါ်သိပ္ပံပညာ၏ လက်စောင်းတတ်မှုကို အသိအမှတ်ပြုတော်မူခဲ့သည်။ ဥပမာအားဖြင့် ဆရာဝန်ကြီး ဦးမြင့်ဆွေ မေးခဲ့သော ဘဝဆိုင်ရာ သိပ္ပံအမြင်မေးခွန်းတို့ကို လျောက်ပတ်စွာ ဖြေကြားနိုင်ခဲ့သည်။ မေးသူ ဆရာဝန်ကြီးအား စိတ်သက်သာမှု ရစေခဲ့သည်။ ဖတ်ရှုသူတို့အားလည်း သိပ္ပံအမြင်သာမက ပိဋကတ်စာပေ၏ အသေးစိပ်မှုတို့ကို သ



ဘောပေါက်စေခဲ့သည်။ ပိဋကတ်စာပေသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လောက်မှာပင် တစ်ရစ်ဝဲဝဲ ရပ်တန့်နေသည်မဟုတ် လူမှု၊ စီးပွား၊ ပညာ၊ ယဉ်ကျေးမှုနှင့် နေထိုင်မှု ပုံစံအပါအဝင် ဘဝ ဒဿနများကိုပါ လောကတစ်ခုလုံး၏ အတွင်း နံရံပိုင်းအထိ မွှေနှောက်ဟောကြားထားသော တရားတော်များ ဖြစ်သည်။

(အကျယ်သိလိုသူများ ဘဝပြဿနာစာအုပ် ရှုကြလေ)

တစ်ခါက ဆရာတော်ကြီး နိုင်ငံခြားမှ ပြန်ကြွလာပြီး မင်္ဂလာဒုံလေဆိပ်၌ ကြိုဆိုသူများအပါအဝင် သတင်းစာဆရာများအား မိန့်ကြားမှုတစ်ခုပြုခဲ့သည်။ အခြားဘာသာများ၌ မဂ္ဂင် မရှိ၊ သစ္စာလေးပါးမရှိ၊ ထို့ကြောင့် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းမရှိကြောင်း မိန့်ကြားခဲ့သည်။ ထိုမဂ္ဂင်၊ ထိုသစ္စာ၊ ထိုနိဗ္ဗာန်တို့သည် ဗုဒ္ဓဘာသာ၌သာရှိကြောင်း တရားဝင် ကြေညာခဲ့သည်။ ထိုအကြောင်း သတင်းစာများ၌ မိမိတို့ဖတ်ရှုခဲ့ရသဖြင့် ဗုဒ္ဓဓမ္မ၏ ခိုင်မာမှုကို အားရစေခဲ့သည်။ သို့ရာတွင် ယခုအခါ အချို့သောသူတို့က Saint ဆိုသော ဝေါဟာရကို ရဟန္တာဟု ဘာသာပြန်မှုအပေါ် ဘဝင်ကျစရာဟု မမြင်မိပေ။ ၎င်းတို့က ဖန်ဆင်းရှင်အား ယုံကြည်သူ၊ ကြည်ညိုသူဟုသာ အဓိပ္ပါယ်ရှိသည်။ ထို့ထက် မပိုပေ။

ရဟန္တာဟူသည် ကိလေသာအာသဝေါ ကုန်ခန်းသူကိုသာ ဆိုလိုခြင်းဖြစ်သည်။ ဗုဒ္ဓသာသနာကသာလျှင် ကိလေသာကုန်ခန်းသော အကျင့်ကို ပေးသည်။ ဟောသည်။ ထိုအကျင့်မရှိလျှင် မည်သူ့ကိုမျှ ရဟန္တာဟု ခေါ်ပိုင်ခွင့်မရှိပေ။ ရဟန္တာဖြစ်ချင်လျှင် ထိုအကျင့်ကိုသာ ကျင့်ရမည်။ အခြားဆုတောင်းနည်းဖြင့် ရဟန္တာဖြစ်နည်း မရှိချေ။ ဆရာတော်ကြီးသည် ဤအချက်ကို သတိပြုမိခဲ့ဟန်တူသည်။ ထို့ကြောင့် ထိုကဲ့သို့ကြေညာချက်မျိုး ထုတ်ခဲ့ရဟန်ရှိသည်။ အမှတ်တမဲ့ နေမိသူတို့အား ခပ်စပ်စပ်ရိုက်နှိုးလိုက်သည်နှင့် တူနေသည်။

ထိုမျှမကသေးပေ။ သာသနာငါးထောင်နှင့် စပ်လျဉ်း၍လည်း မိမိအယူအဆကို ပြတ်ပြတ်သားသား တင်ပြနိုင်ခဲ့သည်။ စာပေ၊ ခေတ်ကာလ၊ သဘာဝယုတ္တိတို့ဖြင့် ထောက်ပြဝေဖန်ပေးတော်မူခဲ့သည်။

ဘုရားတပည့်တော်တို့၏ ထေရဝါဒဂိုဏ်း၊ သာသနာအစဉ်နှင့် ပြောရမည်ဆိုလျှင် သုတယုဂ ကုန်ခဲ့ပြီ။ ဒါနယုဂရောက်ခဲ့ပြီ ရောက်နေပြီလို့ ဘယ်နည်းနှင့်မျှ မယူဆ မပြောဆိုနိုင်ပါဘူး။ ဘာကြောင့်တုန်းဆိုလျှင် ပိဋကတ်သုံးပုံ၊ ပရိယတ်တရားတွေဟာ ထေရဝါဒသာသနာ အစဉ်အဆက် ဘယ်တော့ကမှ မကွယ်ခဲ့ပါဘူး။ ယခုလည်း နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ အပြည့်အစုံ အကုန်တည်ရှိနေပါတယ်။ ကောင်းကောင်းတတ်သိတဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီးပဲ ရှိနေပါတယ်။ ဒါကြောင့် သုတယုဂ ကွယ်ခဲ့ပြီလို့ပင် မဆိုနိုင်ပါ။ ဒါနယုဂ ရောက်ခဲ့ပြီ။ ရောက်နေပြီလို့တော့ ဘယ်မှာဆိုနိုင်တော့မည်နည်း။ (ဝိနိစ္ဆယသင်္ဂဟ၊ စာ - ၁၅၅ ရှု)

သဘောထား အမျိုးမျိုးရှိသော ဤသာသနာ ငါးထောင် အယူအဆကား ပိဋကတ်စာပေ၌ ထင်ရှားသည်။ ဆရာတော်ကြီးသည် ပယ်သင့်သည်ကိုပယ်၍ ယူသင့်သည်ကို ယူခဲ့သည်။ ယုဂ (ခေတ်ကြီးများ) များဖြင့် ပိုင်းခြားမှုကို ပယ်လှန်ခဲ့သည်။ ပိဋကတ်သုံးပုံရှိလျှင် သင်ယူလျှင် သာသနာမကွယ်နိုင်ပုံ ထောက်ပြထားသည်။ ဤသည်တို့မှာ ပရိယတ္တိဆေးက ဖြစ်တော်မူ၍သာလျှင် ဖြစ်သည်။ ထိုသို့မဟုတ်လျှင် ဆဋ္ဌသင်္ဂါယနာတင်စဉ်ကလ တစ်ပြည်လုံးလျှမ်းလျှမ်းတောက် ကျော်ကြားလျက်ရှိသော



တိပိဋကဓရဆရာတော် အရှင်ဝိစိတ္တသာရာ ဘိဝံသအတွက် ဆဋ္ဌသင်္ဂီတိ ပုစ္ဆာက (သင်္ဂါယနာတင်ပွဲ အမေးအမြန်း ဆရာတော်)ဖြစ်ဖို့ မရှိပေ။

ဤမျှမကသေးပေ။ ယုတ္တိတစ်ခုထက် ကျော်လွန်၍ ထောမနာပြုမှုများကိုလည်း (ဆရာတော်ကြီးက) သဘောမတူခဲ့ပေ။ ပါဠိစာပေ၌ ထင်ရှားသော အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသအပေါ် ခိုးကျူးမှုတို့မှာ အတိုင်းအတာတစ်ခုထက် လွန်နေသည်။ အဋ္ဌကထာကျမ်းများ ရေးသားမှု၌ ထက်မြတ်ကျော်စောမှုကို ဘယ်သူမှ မငြင်းကွယ်ကြပေ။ ထိုဆရာ၏ အဋ္ဌကထာများကြောင့်သာ ပါဠိတော်၏ တိမ်မြုပ်ပျောက်ကွယ်နေသော ပုဒ်၊ ပါဠို၊ အနက်၊ အဓိပ္ပါယ်စသည်တို့ကို ယနေ့လူများ အလွယ်တကူ မှတ်သားနိုင်ခြင်း ဖြစ်သည်။

သို့ရာတွင် လိုအပ်သည်ထက် ဝဲခိုးမှုမျာ်းကို နှစ်မြို့ဟန်မတူပေ။ ရှင်မဟာဗုဒ္ဓဃောသသည် နာမည်ကျော် ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ပြုစုခဲ့သည်။ ထိုကျမ်းကြီးကို တစ်ညတည်းနှင့် သုံးစောင့်တောင် ပြီးစီးခဲ့ကြောင်း လွန်မင်းစွာအမွှမ်းတင်ခဲ့ကြသည်။ ဤသည်ကို ယုတ္တိရှုထောင့်က ကြည့်၍ (မှန်ကန်သော ရေးသားမှုကိုပင် နောင်လာနောက်သားများက သံသယဝင်နိုင်ကြောင်း) သတိပေးခဲ့သည်။

ဆရာတော်ကြီး သုံးသပ်ပုံကား လေးတွဲရှိသော (သမန္တ ပါသာဒိကာဝိနည်းအဋ္ဌကထာ) ကျမ်းကြီးကို တစ်နှစ်ရေးလျှင် နှစ်တွဲသာရှိသော ဝိသုဒ္ဓိမဂ်ကိုမူ ခြောက်လခန့်ရေးမည်ဖြစ်ကြောင်း ခန့်မှန်းပေးတော်မူခဲ့သည်။ ဤအချက်များကို ကြည့်ခြင်းဖြင့် ဆရာတော်ကြီး၏ ဆင်ခြင်တုံတရားကို မှန်းဆနိုင်လောက်ပေပြီ။

သိပ္ပံဆရာက လောကကိုမာတ်ခွဲခန်းထဲကကြည့်သည်။ ဆရာတော်ကြီးက ဝိပဿနာအမြင်ဖြင့် (ဗုဒ္ဓနည်းကျ) ကြည့်ရှုခဲ့သည်။ သဘာဝကို မိမိဉာဏ်ပညာ ပယောဂဖြင့် ချဲ့.ထွင်မြင်ခဲ့သည်။ မြင်သည့်အတိုင်း ကျင့်/ပြော/ဟောတော်မူခဲ့သည်။ ဓမ္မပယောဂ အရသာလျှင် တစ်ဦးချင်း တည်ဆောက်ဖို့ လမ်းညွှန်ပြသခဲ့သည်။ လူဘဝ၏ ဖြစ်ခြင်း၊ ရှင်သန်ခြင်းများကို အနည်းပါးဆုံး ကိလေသာတို့ဖြင့် ရင်ဆိုင်တတ်ရန် ကိုယ်တော်တိုင် ပြသခဲ့သည်။ ကျော်ကြားလှသော မဟာစည်မှု၊ ဝိပဿနာလုပ်ငန်းစဉ်ကြီး ထူထောင်ပေးခဲ့သည်။ ကိုယ်ပိုင်ဓမ္မစွမ်းအင်များ ဖော်ထုတ်နိုင်ရေးအတွက် ဖြစ်ခဲ့သည်။

ဘဝမှတ်စုများ ရေးသားရာ၌ တန်ဖိုးကောင်းများ တိုးထွက်ပေါ်လာရန် ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်။ ဤနည်းအားဖြင့် သဘာဝပယောဂတန်ဖိုးများ၏ တကယ်ရင့်ကျက်မှု အသီးသီး မကွယ်ဝှက်နိုင်ရန်လည်း ဖြစ်ခဲ့သည်။ လူ၏စွမ်းအားဖြင့် အသိဉာဏ်ကို လက်တွေ့အသုံးချ၍ သဘာဝတရား၏ အတွင်းပိုင်းအထိ နှိုက်ယူကြည့်နိုင်သည့် ဝိပဿနာလုပ်ငန်းသာလျှင် လူသားအရင်းအမြစ် အစစ်အမှန် ဖော်ထုတ်ပေးနိုင်သော တကယ့်ပညာစခန်းဖြစ်ကြောင်း သက်သေပြသခဲ့သည်။ တစ်ဆက်တည်း ဆရာတော်ကြီး၏ မဟာစည်မှု၊ ဝိပဿနာနည်းဖြင့် မိမိကိုယ်ကို တည်ဆောက်ပေးရင်း၊ လောက (နာမ်ရုပ် ဖြစ်ပျက်မှုများ) ကြီးကို ကြည့်တတ်ဖို့ အဆင်သင့်ဖြစ်ကြလျှင် ဗုဒ္ဓဓမ္မ အရှည်တည်တံ့မည်။ မဟာစည်မှု ဝိပဿနာလည်း လူတိုင်းနှင့် လိုက်ဖက်သွားပါမည်။

ငါ (မန္တလေး)



ထိုသို့ ကြွရောက်တော်မူရာတွင် မြန်မာပြည်အောက်ပိုင်း၊ အလယ်ပိုင်း၊ အထက်ပိုင်း၊ တိုင်းနှင့်ပြည်နယ် မြို့ရွာအသီးသီးသို့ စာရေးသူ ကိုယ်တိုင်လည်း အမြဲတမ်းလိုလို ပစ္စာသမဏာအဖြစ် လိုက်ပါခဲ့ရပါသည်။ ဤစာရေးသူအနေဖြင့် ကိုယ်တွေ့ကြုံသိခဲ့ရသော အကြာမြင့်ဆုံး ဓမ္မဒေသနာခရီးစဉ် တစ်ခုအကြောင်း တင်ပြရေးသား လိုပါသည်။

မဟာစည်ဆရာတော်ဘုရားကြီး တရားဟောကြားပြသတော်မူသွားသော ရက်အကြာမြင့်ဆုံး တစ်နေရာမှာ ပတ္တမြားမြေဟု ခေါ်တွင်သည့် မိုးကုတ်မြို့ကြီး ဖြစ်ပါသည်။

ယင်းသို့ ကြာမြင့်စွာ တရားပြသ,တော်မူခြင်း အကြောင်းရင်းကို ရေးသားရာတွင် မိုးကုတ်မြို့ကြီး၏ ထူးခြားဆန်းကျယ် အံ့သြဖွယ်ကောင်းသော အချက်အလက်များကိုလည်း တွဲဖက်တင်ပြမှ ပြည့်စုံနိုင်မည်ဟု ယူဆမိပါသည်။

မိုးကုတ်မြို့၊ ဖောင်တော်ဦးဘုရား သာသနာ့ရိပ်သာကြီးကို မြို့ပေါ်မှ သုသာန်ကျောင်းဆရာတော်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

ပြည်တွင်းပြည်ပ ဓမ္မဒေသနာခရီး အကြာမြင့်ဆုံးတစ်ခေါက်

ဘဒ္ဒန္တတိလောက၊ မြို့ဒေါင့်ခေတီတော်ရိပ်သာ



၁၃၁၁ ခုနှစ်၊ နတ်တော်လပြည့် နေ့မှစပြီး တရားဓမ္မ ဟောပြောပြသတော်မူခဲ့သည်ကို အမျှားသိပြီးဖြစ်ပါသည်။ ထိုမှတစ်ဆင့် ပြည်တွင်းပြည်ပ နှစ်ဌာနတို့တွင်လည်း အခါအခွင့်သင့်သလို ပင့်သည့် နေရာဌာနအသီးသီးသို့ ပဋိပတ္တိ သာသနာတော်မြတ်ကြီး ပြန့်နှံ့ရန် ရည်သန်၍ ပင်ပန်းမှုကို ပဓာနမထားဘဲညဉ့်အိပ်ညနေ ကြွရောက်တရားချီးမြှင့်တော်မူခဲ့ပါသည်။



အမှူးပြု၍ ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ် ဆရာတော်ကြီးများ ကြီးမှူးလျက် ဖောင်တော်ဦးဘုရား ဒါယကာ ဒါယိကာမများဖြစ်သော ဦးဘသော် +ဒေါ်ခင်ညွန့်သမီး မခင်ပြုံးကြည် တို့က ကမကထပြု၍ မဟာစည် ဆရာတော်ဘုရားကြီး၏ သြဝါဒခံ ဖောင်တော်ဦးရိပ်သာကြီးကို တည်ဆောက်ကြလျက် ၁၃၁၄ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

စာရေးသူ ကိုယ်တိုင်လည်း မဟာစည်ဆရာတော်ဘုရားကြီး သြဝါဒအရ (၄)နှစ်တိတိ တရားပြသမှု ပြုခဲ့ရပါသည်။ နှစ်ပေါင်း (၁၉)နှစ် (၂၀)လောက်အကြာတွင် မိုးကုတ်မြို့ အရှေ့ပိုင်း၊ အနောက်ပိုင်း ပတ်ဝန်းကျင်ရွာများမှ တရားအားထုတ်လိုကြသော ယောဂီအားလုံးစည်းရုံး တိုင်ပင်ကြပြီး ရန်ကုန် မဟာစည်ရိပ်သာကြီးသို့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ကိုယ်တိုင် တရားဓမ္မချီးမြှင့်ပြသပေးပါရန် ပင့်စာနှင့်တကွ ကိုယ်စားလှယ်လွှတ်ပြီး လျှောက်ထားကြသည်။ ပင့်စာတွင် မိုးကုတ်မြို့၏ရာသီဥတုကောင်းသည့် တပေါင်းလတွင် တရားဓမ္မ ချီးမြှင့်ပြသတော်မူပေးပါရန်နှင့် ဆရာတော်ဘုရားကိုယ်တိုင်ကြွရောက်ချီးမြှောက်တော်မူပါက ယောဂီပေါင်း (၁၀၀၀)ပြည့်အောင် တရားဝင်ရောက်အားထုတ်ကြမည့်အပြင် အနည်းဆုံး ရက်ပေါင်း (၃၀) တစ်လတိတိ တရားအားထုတ်ကြပါမည်ဟု ကတိပြုပင့်လျှောက်ကြသည်။ ဤသည်ကို မဟာစည်ဆရာတော်ဘုရားကြီးက ကြည်ဖြူစွာ ခွင့်ပြုလိုက်ပါသည်။

ထိုအကြောင်းကို သိရှိကြသော ဥက္ကဋ္ဌကြီး ဦးညီပု၊ အကျိုးတော်ဆောင် မင်္ဂလာဦးအောင်မြင့်စသော အဖွဲ့လူကြီးများက မကြွရန် တားမြစ်လျှောက်ထားကြပါသည်။

"ဆရာတော်ဘုရား၊ မိုးကုတ်ဥတုရာသီက အမြဲတမ်း အေးချမ်းလှပါ၍ ရက်ကြာရှည်နေပါက ဖျားနာမှာကို စိုးရိမ်ရပါတယ်။ မန္တလေး-မိုးကုတ် ကားလမ်းကလည်းဖောက်လုပ်ဆဲဖြစ်လို့ ရေတစ်တန်၊ ကုန်းတစ်တန် ကြွရမည့်အပြင် သပိတ်ကျင်းမှ မိုးကုတ်အထိ၊ ကွေ့ပေါင်း ၉၉၉ ကွေ့ တက်ရမည်ဖြစ်၍ ကြွရောက်ရန် လွန်စွာခက်ခဲလှပါတယ်ဘုရား"ဟုအကြောင်းပြ၍ လျှောက်ထားကြသည်။ ဆရာတော်ဘုရားကြီးက -

"ဒါယကာတို့ ဆရာတော်ကို မတားကြနှင့်၊ သာသနာပြုကိစ္စနှင့်စပ်၍ ကြွရန် ဆရာတော်မှာ တာဝန်ရှိတယ်" ဟု မိန့်မြွက်တော်မူပါသည်။

စာရေးသူ ကြားဖူးသည်မှာ အဲဒီအချိန်အခါက မိုးကုတ်မြို့သို့ သွားရန် ကားလမ်းမပေါက်သေးသဖြင့် မ,တစ်လုံးကြေ မန်လည်







မိုးကုတ်သူ
မိုးကုတ်သားတို့သည်
ကံတရားကို
အဓိကထား၍
ဝီးပွားရာကြရသဖြင့်
ရတနာသုံးပါးကို
ကြည်ညိုမှု၊
ယုံကြည်မှုရှိမှ
ကျောက်သံပတ္တာများတွေ
ရရှိနိုင်မည်ဟု
ပကတိဝိတ်ထားများ
ရှိပြီးသား ဖြစ်နေကြ၍ ...

ဆရာတော်ဘုရားကြီးပင်လျှင် တောင်ဆင်း၊ တောင်တက်များပြီး လှည်းမောင်း၍ မဖြစ်သောကြောင့် မိုင်ပေါင်း (၆၀) ဝေးသော ခရီးကို လေးယောက်တစ်တွဲ၊ ဝေါထမ်းစင်နှင့် ပင့်ဆောင်ကြရကြောင်း သိရပါသည်။

ယခု မဟာစည် ဆရာတော်ဘုရားကြီးအား ပင့်ဆောင်ရာမှာတော့ ရန်ကုန်မှ မန္တလေးအထိ ရထား၊ မန္တလေးမှ သပိတ်ကျင်းအထိ ဗန်းမော်စာပို့သဘော်ဖြင့် ရေကြောင်းမှ ပင့်၍ သပိတ်ကျင်းမှ မိုးကုတ်မြို့သို့ ကားဖြင့် ပင့်ဆောင်ကြတာကို တွေ့ရှိရပါသည်။

မိုးကုတ် ဖောင်တော်ဦးဘုရားရိပ်သာသို့ ရောက်ရှိတော်မူ၍ ဝိပဿနာတရား ပြသတော်မူသော အခါမှာလည်း ယောဂီပေါင်း (၁၀၀၀) ပြည့် ဝင်ရောက်တရားအားထုတ်ကြသဖြင့်ယောဂီကျောင်းဆောင် ဓမ္မာရုံတွင် ပြည့်လျှံသည်အထိ ရှိသွားပါ၏။

ဆရာတော်ဘုရားကြီး ကြွတော်မူလာစဉ်က အတူတကွ လိုက်ပါတော်မူခဲ့ကြသော မန္တလေး၊ စစ်ကိုင်း၊ ရွှေဘိုစသော ရိပ်သာများမှ ဆရာတော် အပါး (၃၀)ကျော် တစ်ပါတည်း ကြွတော်မူခဲ့ကြပါသည်။ မဟာစည်ဆရာတော်ဘုရားကြီး ကိုယ်တိုင် တစ်လတိတိရက်ပေါင်း (၃၀)တရားပြတော်မူသည့် အချိန်တွင် အစမှအဆုံး ရက်ပေါင်း သုံးဆယ်လုံးလုံး ယောဂီပေါင်း(၁၀၀၀) နှင့် နောက်ပါ သံဃာတော်အပါး (၃၀) ကျော်တို့အား နံနက်၊ နေ့၊ လိုလေသေးမရှိအောင်ဆွမ်းကုသိုလ်ရှင်များက အလှည့်ကျ ဆက်ကပ်ကျွေးမွေးကြသည်။ ထို့မျှမက သံဃာတော်အပါး (၃၀) ကျော်တို့အား လည်း နေ့စဉ်ရက်ဆက် ဒွိစုံသင်္ကန်းတစ်စုံစီပါ လှူဒါန်းကြသည်။

အထက်ပါ အချက်အလက်များကို ထောက်ရှုခြင်းအားဖြင့် မိုးကုတ်မြို့သူ မြို့သားတို့ ဘာသာရေး၊ သာသနာရေးပြုမူဆောင်ရွက်ပုံတို့သည် မဟာစည်ဆရာတော်ဘုရားကြီး မကြာခဏ သြဝါဒပေးတော်မူသော

ကြို ရှိခိုးရေး၊ နေရာပေး၊
ကျွေးမွေး ချဉ်းကပ်သည်။
နာကြား ဆောင်မှတ်၊
ကျင့်ကြံအပ်၊
ကိုးရပ်ပြည့်စုံသည်။
ကိုးရပ်တရား၊ ပြည့်စုံငြား၊
နတ်များ စောင့်ရှောက်သည်။

ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ အံဝင်ခွင်ကျ တစ်ထပ်တည်းဖြစ်နေသည်။

၁၃၁၂ ခုနှစ် မြန်မာ့အသံအသံလွှင့်ဌာနမှ မဟာစည်ဆရာတော်ဘုရားကြီး မဟာသတိပဋ္ဌာန်တရားအသံလွှင့် ဟောကြားတော်မူစဉ်က တရားတော်ကို သတိရမိသည်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ကမ္မာသဓမ္မနိဂုံးသို့ ကြွ၍ မဟာသတိပဋ္ဌာန်တရား ဟောကြား



တော်မူသည်။ ကမ္မာသဓမ္မနိုဂုံးသည် ဥတု သပ္ပါယ ညီမျှ၍ နိဂုံးသူ နိဂုံးသားတို့၏ ကိုယ်နေကိုယ်ထား၊ စိတ်နေစိတ်ထားများမှာ မပြုမပြင်ရဘဲ ပင်ကိုသဘာဝအတိုင်း ယဉ်ကျေးသိမ်မွေ့ပြီးသား ဖြစ်နေကြသည်။ ထို့ကြောင့် ဘုရားရှင်ကြွ၍ သတိပဋ္ဌာန်တရား ဟောကြားတော်မူလိုက်သောအခါ ၇- နှစ်သား ၇-နှစ်သမီးများမှအစ နိဂုံးသူ နိဂုံးသားများ တရားထူးရသွားကြသည်ကို ထည့်သွင်း ဟောကြားတော်မူသည်။

ထိုနည်းတူစွာပင် မိုးကုတ်သူမိုးကုတ်သားတို့သည် ကံတရားကို အဓိကထား၍ စီးပွားရှာကြရသဖြင့် ရတနာသုံးပါးကို ကြည်ညိုမှု၊ ယုံကြည်မှုရှိမှ ကျောက်သံပတ္တမြားတွေ ရရှိနိုင်မည်ဟုပကတိစိတ်ထားများရှိပြီးသား ဖြစ်နေကြ၍ ဘာသာရေးနှင့် လူမှုဆက်ဆံရေးပါ ချောမောပြေပြစ် ယဉ်ကျေးသိမ်မွေ့ပြီးသားဖြစ်နေသောကြောင့် ကမ္မာသဓမ္မ နိဂုံးသူ နိဂုံးသားများနှင့် မခြား တမူအလားတူနေတာကိုလည်း တွေ့ရှိရပါသည်။

စာဆို အခေါင်အခြေပြရမှာဖြင့်၊ ရာဇဂြိုဟ်အောင်မြေနဂရပေမို့ တောင်သေလရယ်နှင့် ငါးလုံးတည်ကွသိဂ မည်ရှိ ဝေဘာရာနှင့်တောင် သေလာပဏ္ဏာဝ ဇဲပြင် ဂိဇ္ဈဆိုတောင် ညိုမြတ်ကယ်တို့ ဝန်းခပတ်လည်၊ ဝေဠုဝန်ကျောင်းမဟာကနက်ကယ်က၊ မြေထုလွန်ပြောင်းကာ တက်ပါလို့၊ အဟောင်းရာကွက်သာပ ကျန်လေသည်၊ အရဟံ ဘဂဝါ ပရမေကိုဖြင့် စိတ်ကရည်စူး၊ နှစ်ပေါင်းငယ်ကြာ၊ ခေတ်ဟောင်းဟို ချိန်ခါက၊ ဗိမ္ဗိသာ ဘုရင်လှူခဲ့တယ်၊ သွင်မူကို မှန်းကာဆ ရတယ်ကွယ်၊ တမ်းတမြွှော်ဖူး။

ဆိုတဲ့ စာသားအတိုင်း မိုးကုတ်မြို့ကြီးမှာလည်း တောင်ညိုငါးလုံး ပိတ်ဖုံးကာခို ရာဇဂြိုဟ်နှင့်ခွဲမရ အောင် နမူနာပုံစံတူလှပါသည်။ ဝန်းရံထားတဲ့ တောင်များမှာ မော နေယျတောင်၊ မြစိမ်းတောင်၊ ချမ်းသာကြီးတောင်၊ နဂိုရှိရင်းစွဲဖြစ်သော ဂိဇ္ဈကူဋ်တောင်၊ ဘီးတောင်၊ တောင်ကချင်၊ ရေကန်တောင်စသော တောင်မျိုးစုံတို့က နွားခြံကဲ့သို့ ဝန်းပတ်ကာရံနေတာကိုလည်း တွေ့ရပါသည်။

အထက်ပါ အချက်အလက်များကိုထောက်ထား၍ မိုးကုတ်သူ မိုးကုတ်သားတို့ဟာလည်း ဘုရားရှင်ပွင့်တော်မူခဲ့သော မဇ္ဈိမဒေသက ရာဇဂြိုဟ်နှင့် ကမ္မာသဓမ္မ နိဂုံးသူ နိဂုံးသားတို့ကဲ့သို့မခြား ဆရာတော်ဘုရားကြီး၏ စိတ်ထဲတွင် တွေးထင်မိဟန်ရှိပါ၏။ ထို့ကြောင့်လည်း မေတ္တာ ကရုဏာထားကာ အကြာမြင့်ဆုံးအနေဖြင့် တရားဓမ္မ ချီးမြှင့်တော်မူခြင်း ဖြစ်မည်ဟု စာရေးသူ တွေးတောမိပါသည်။

အဘယ့်ကြောင့် ဆိုသော် အခြားဒေသများဖြစ်သော ရှမ်း၊ ကချင်၊ မွန်၊ ရခိုင်စသော ပြည်တွင်းဓမ္မဒေသနာခရီးကြွချီ၍ တရားဓမ္မဟောပြတဲ့အခါ ၁-ရက် ၂-ရက် ၃-ရက် လောက်စီသာ ကြာပါသည်။ ဧရာ ဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း စသည်တို့မှာလည်း များသောအားဖြင့် ၁-ရက် ၂-ရက် ၃-ရက်မျှသာ ကြာမြင့်ပါသည်။ ယုတ်ဆွအဆုံး တစ်နှစ်မှ တစ်ကြိမ်မွေးရပ်ဌာနီ ဆိပ်ခွန်ဆီသို့ တရားချီးမြှင့်သည်ပင် (၇)ရက်ထက် ပို မကြာပါ။ အမြန်ပြန်ကြွတော်မူတာကို သတိပြုမိပါ၏။

ယခုစာရေးသူ တင်ပြသော မိုးကုတ်မြို့ကြီးမှာတော့ အခြားမြို့များနှင့်မတူ တစ်မူထူးခြားပြီး ရက်ပေါင်း (၃၀) တစ်လတိတိ ချီးမြှင့်တော်မူသွားပါသည်။ မဟာစည်ဆရာတော်ဘုရားကြီးသည် ဘာသာသာသနာနှင့်စပ်၍ တရားဓမ္မအားထုတ်ချင်စရာကောင်းတဲ့ ဝိဝေကဌာန၊ ပဋိရူပဒေသ၊ သပ္ပါယ လေးဝ၊ ညီမျှတဲ့အနေနှင့် အကြာမြင့်ဆုံးသီတင်းသုံးပြီး တရားချီးမြှင့်တော်မူခြင်းဖြစ်သည်ကိုလည်း စာရေးသူ တွေးထင်မိပါသည်။

ဤနှစ်တစ်ရာပြည့် စာစောင်မှနေ၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ထူးခြားမြင့်မြတ်သော ဂုဏ်သတင်းတစ်ရပ်မို့ ရဟန်းရှင်လူအပေါင်းသိရှိစေလိုသော ဆန္ဒမွန်ဖြင့် ရေးသား ထုတ်ဖော် ပူဇော်မှု ပြုလိုက်ရပါသတည်း။

ဘဒ္ဒန္တ တိလောက

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



နေခြည်ပြောက်ငယ်မျှကိုပင်
မြင်ခွင့်မရအောင် အကိုင်းအရွက်ချင်း
ထိယှက်နေသော သစ်တောကြီး။

တစ်ကြိမ်တစ်ခါမျှ မရောက်ဘူး
သေးသည့် တောနက်ကြီး။

သားကောင်နောက်သို့ လိုက်
ရင်း သူကိုယ်တိုင် သားကောင်ဘဝ
သို့ ရောက်ခဲ့ရသည့်အဖြစ် . . . ။

အသက်အန္တရာယ်မှ လွတ်
မြောက်အောင် ပြေးလွှားရင်း တော
ကျွံလာခဲ့ပြီဟု အလိုလိုသိနေသည်။

သူသည် နောက်ဖက်သို့ စိုးစဉ်း
မျှ ငဲ့စောင်းမကြည့်ဘဲ သစ်ပင်များ
ထူထပ်စွာပေါက်ရောက်နေသော
သစ်တောကြီးထဲတွင် ပင်ပန်းကြီးစွာ
ပြေးနေသည်။

သူခန္ဓာသည် ချွေးအလိမ်းလိမ်း၊
သွေးအလူးလူး . . . ။

သစ်ပင်ကြီးများ၏ သစ်ကိုင်း
များဆီမှ တွဲလောင်းကျနေသည့်
နွယ်ငန်းများက သူ့ပြေးလမ်းကို
အနှောင့်အယှက်ပြုနေကြသည်။

လက်ဖျံပေါ်မှ သွေးကြောမျှင်
များနှယ် တွန့်လိမ်ကွေးကောက်နေ
သည့် နွယ်ငန်းများကို ကွေ့ရှောင်
ပြေးလွှားရင်းကပင် အပွေးမာကျော
သော ထိုနွယ်ငန်းကြီးများက သူခန္ဓာ
ကိုယ်ကို မညှာမတာ ထိပါးရိုက်ပုတ်
ခဲ့ကြသည်ကော။

သူနှင့် မကင်းမကွာရှိနေတတ်
သော လေးနှင့်မြှားကျည်တောက်
သည် အဘယ်အရပ်တွင် ကျကျန်
ပျောက်ဆုံးခဲ့သည်မသိ။

"ဒါ .. ဒါ .. အဆိပ်ပြင်းတဲ့
တွင်းအောင်းမြွေဆိုးကြီးပဲ၊ ဟိုင်းဆင်ကြီးရဲ့
အန္တရာယ်က လွတ်မြောက်ခဲ့တဲ့ငါ၊
ဒီတွင်းကြီးထဲရောက်မှ မြွေကိုက်ခံရပြီ ..."

တရားမဖက် ပျားတစ်ခက်

— မှော်ဝန်းကြည်မြတ် —



ဦးခေါင်းထက်မှ တဘက်အုပ်ပေါင်းသည် အဘယ်ချဲ့နွယ်တွင် ကပ်ငြိကျန်ရစ်ခဲ့သည် မသိ။

ခါးပေါ်မှ ခြည်ကြမ်းပုဆိုးသည်လည်း အစုတ်စုတ်အပြတ်ပြတ် အပိုင်းပိုင်း အတစ်တစ်နှင့် အရှက်လုံရုံ နံငယ်ပိုင်းမျှသာ ကျန်ရစ်တော့သည်။

ရေကြည်တစ်ပေါက်မျှပင် တွေ့မြင်ရနိုင်ချေမရှိသော တောအုပ်ကြီးထဲတွင် သူသည် တံတွေးကို မကြာခဏမျိုချရင်း ရှေ့သို့သာ တစ်ဟုန်ထိုး ပြေးလွှားနေသည်။ မောဟိုက်ပင်ပန်းစွာ ပြေးလွှားရင်းကပင် နားအစုံကို အစွမ်းကုန်ဖွင့်ထားရသေးသည်။

တောတိုးသံများသည် တဝုန်းဝုန်း၊ တဖြုန်းဖြုန်း . . . ။

သစ်ပင်ငယ်များ၏ လဲပြိုသံ၊ သစ်ကိုင်းများ တဖြောင်းဖြောင်း ကျိုးကျသံ၊ ကိုင်းဖျားချင်းပွတ်ကြိတ်ရိုက်ခတ်သံများကို နားနှင့်ဆတ်ဆတ် ကြားနေရသည်။ ပြီးတော့ ဟိုင်းဆင်ကြီး၏ အော်မြည်သံတွေ။

ချောက်ချားဖွယ် အသံဗလံများကား တစ်တောလုံး တစ်တောင်လုံး တွင် ပဲ့တင်မြည်ဟီးနေတော့သည်။

အကယ်၍သာ . . .

ဤဒေသသည် သစ်ပင်ကြီးများ ထူထပ်စွာ ပေါက်ရောက်နေသော အမြစိမ်းတောအုပ်ကြီးမဟုတ်မူဘဲ မြေပြန့်လွင်တီးခေါင်တစ်ခုသာ ဖြစ်နေပါလျှင် သူ့ခန္ဓာကိုယ်သည် ဧရာမဟိုင်းဆင်ကြီး၏ ခွါစုံအောက်တွင် စိစိညက်ညက် မွကြေနေလောက်ပြီ။

ယခုတော့ . . .

မမြင်ရသော ကံကြမ္မာက သူ့ကို နေခြည်တစ်ပြောက်ပင် မတွေ့ရသော တောအုပ်ကြီးထဲသို့ ပို့ဆောင်ပေးခဲ့ချေပြီ။

သူ တအံ့တသြဖြစ်မိတာ နှစ်ခု ရှိသည်။

တစ်ခုက အဆိုပါ ဟိုင်းဆင်ကြီးသည် သူကျက်စားအမဲလိုက်ရာ ဝန်းကျင်သို့ ဘယ်က ဘယ်လို ရောက်ရှိလာသလဲ ဟူသောအချက်။

နောက်တစ်ခုက သူတစ်ကြိမ် တစ်ခါမျှ မရောက်ခဲ့ဘူးသော ဤတောနက်ကြီးအတွင်းသို့ ဘယ်သို့ ဘယ်ပုံ ဝင်ရောက်လာခဲ့သလဲ ဟူသော အချက်။

ပဟေဠိပုစ္ဆာနှစ်ပုဒ်၏ အနက်အရှိုင်းကို စဉ်းစားရင်း ရှိသမျှ အင်အားကို စုစည်းထိန်းချုပ်၍ မနားတမ်း ပြေးနေသည်။

မည်မျှကြာအောင် ပြေးနေမိသည် မသိ၊ တစ်နေရာရောက်တော့ အားအင်တွေ ဆုတ်ယုတ်ကာ ခြေလှမ်းတွေက လေးလံနှေးကွေးလာသည်။ သို့ဖြင့် တွဲလောင်းကျနေသော နွယ်ငန်းကြီးတစ်ခုကို ဖက်တွယ်ပြီး ခေတ္တမျှ အပန်းဖြေနေလိုက်သည်။ ပြီးနောက် မဝံ့မရဲဟန်ဖြင့် နောက်ဖက်သို့ လှမ်းကြည့်မိသည်။

ဟိုင်းဆင်ကြီး၏ အရိပ်အယောင်ကို မမြင်မိသော်လည်း သစ်ပင်များ၏ တဝုန်းဝုန်း ပြိုလဲသံတွေကိုတော့ တုန်လှုပ်ချောက်ချားဖွယ် ကြားနေရသည်။

အပန်းပြေသလောက်ရှိစဉ် သူသည် ညစ်ထေးစုတ်ပြတ်နေသော ပုဆိုးစကို ကျိုက်ပိုးလိုက်ပြီး ဆက်လက်ပြေးလွှားလာခဲ့သည်။

မမျှော်လင့်ဘဲ ရှေ့နားဆီတွင် အလင်းရောင်ပျပျကို လှမ်းမြင်လိုက်ရသည်။

"ဟာ ရှေ့နားမှာ နေရောင်ခြည်တွေ မြင်နေရပြီ၊ ဒီတောအုပ်ကြီးဆုံးတော့မယ်လက္ခဏာပဲ၊ သစ်ပင်ကြီးတွေ ကျဲပါးလာရင် ဟိုင်းဆင်ကြီး ငါ့ကို . . . မှီလာတော့မယ် . . ငါ . . ငါ"

သူသည် ထိတ်လန့်တုန်လှုပ်စွာ တွေးရင်း ရှေ့တူရွှသို့ဆက်မည့် ခြေလှမ်းများကို ရုပ်သိမ်းပြီး၊ တောအုပ်ကြီးအတွင်းမှာပင် လှည့်ပတ်ပြေးလွှားနေရန် တစ်ဘက်သို့ ချိုးကွေ့လိုက်သည်။

ထိုစဉ် သူ၏ခြေထောက်အစုံသည် မြေကြီးထဲသို့ ကျွံဝင်သွားရာမှသည် -

ပိန်းပိတ်လှောင်နေသော တွင်းနက်ကြီးကား အတွင်းပိုင်းသို့ရောက်လေ အေးစိမ့်လေ၊ အသက်ရှူကျပ်လာလေ၊ အနံ့အသက်တွေက ဆိုးဝါးလာလေပင်။

သူသည် အသံနက်ကြီးဖြင့် 'အား'ကနဲ အော်ဟစ်ရင်း သစ်တုံးကြီးတစ်တုံးလို ဒလိမ့်ခေါက်ကွေးကျလာပြီး တစ်စုံတစ်ရာနှင့် တိုက်မိကာ မြေပြင်ပေါ်သို့ ပုံလျက်သား လဲကျ



သွားတော့သည်။

သူတစ်ကိုယ်လုံးကား နာကျင်ကိုက်ခဲနေတော့သည်။ မခံမရပ်နိုင်လောက်အောင် နာကျင်ကိုက်ခဲနေသော်လည်း မည်သူ့ကိုမျှ အားဘဲ သူနှင့်တိုက်မိသော အရာကို မှောင်ကြီးထဲတွင် လက်ဖြင့်စမ်းသပ်နေမိသည်။

"ဟင် . . . အရိုးစုတွေ . . . တိရစ္ဆာန်တစ်ကောင်ရဲ့ အရိုးစုတွေ"

ချေလား, ဆတ်လား, ပြောင်လား၊ ဘယ်သတ္တဝါရဲ့ အရိုးစုတွေလဲဟူ၍ သူ, မဝေခွဲနိုင်။

တစ်ခုသေချာသည်ကတော့ ညီနှံတွေ ထောင်းထောင်းထနေသော ထိုအရိုးစုသည် မကြာမီရက်ပိုင်းအတွင်းကမှ သေဆုံးခဲ့သော တိရစ္ဆာန်တစ်ကောင်ကောင်မှုချဖြစ်ရမည်ဟူ၍ သူတွေးမိလိုက်သည်။ ထိုသားကောင်သည် သူ့လိုပင် ဤတွင်းနက်ကြီးထဲသို့ ရုတ်တရက်လိမ့်ကျပြီး အသက်ရှူကျပ်ကာ သေဆုံးခဲ့ရခြင်းပေလား၊ ဒါမှမဟုတ် . . တခြား အန္တရာယ်တစ်ခုခုကြောင့်ပေလား၊

ညီစိုစိုအနှံအသက်တွေကြောင့် သူနှာခေါင်းကို ပိတ်လိုက်သည်။ ပြင်ပလေ မရရှိနိုင်သော ဤတွင်းနက်ကြီးထဲတွင် ပုပ်အဲ့အဲ့အနံ့ဆိုးတွေကသာ မင်းမူနေတော့သည်။ သည်ကြားထဲ ယင်မမဲရိုင်းကြီးတွေကလည်း တဝီဝီမြည်သံပေး၍ လူးလား ပျံသန်းနေကြသည်။

ထိုအခိုက် လိုဏ်ခေါင်းကဲ့သို့ သော မြောင်းရှည်တစ်ခုဆီမှ သတ္တဝါတစ်ကောင်၏ လျှာတိုက်ရွေ့လျားသံကို ကြားလိုက်ရသည်။ ထို သတ္တဝါသည် တစ်နေရာအရောက်တွင် အနီရောင်မျက်လုံးတစ်စုံဖြင့် သူ့ကို အာရုံမပြတ် စူးစိုက်ကြည့်နေသည်။

သူ ထိတ်လန့်ချောက်ချားစွာဖြင့် မလှုပ်မရှက်ကြည့်နေဆဲမှာပင် ထို သတ္တဝါဆီမှ 'ရှူး' ကနဲ နှာမှုတ်သံကို ကြားလိုက်ရသည်။

"ဒါ. . ဒါ. . အဆိပ်ပြင်းတဲ့ တွင်းအောင်းမွှေးကြီးပဲ၊ ဟိုင်းဆင်ကြီးရဲ့ အန္တရာယ်က လွတ်မြောက်ခဲ့တဲ့ငါ၊ ဒီတွင်းကြီးထဲရောက်မှ မွှေးကိုက်ခံရပြီ။"

တွေးရင်းက သူ့ခန္ဓာကိုယ်ကို အကာအကွယ်ယူ၍ လက်တစ်ဖက်ကို မသိမသာလှုပ်ရှားကြည့်လိုက်သည်။ သူ့လက်ချောင်းတွေက နွယ်ကြိုးတစ်စကို အမှတ်မထင် ထိတွေ့မိသည်။ ယင်းနွယ်ကြိုးကား အမြင့်တစ်နေရာဆီမှသဘာဝအလျောက် တွဲလောင်းကျနေခြင်းပင်။

သူအဖို့ လတ်တလော မြွေဆိုးကြီး၏ အန္တရာယ်မှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းမှာ သည်နွယ်ကြိုးတစ်မျှင်သာရှိတော့ကြောင်း ကောင်းစွာဆင်ခြင်မိပြီး လျှပ်ပြက်ဘိသကဲ့သို့ လှုပ်ရှားလိုက်တော့သည်။

သူ၏ ရုတ်တရက်လှုပ်ရှားလိုက်မှုကြောင့် 'ရှူး' ကနဲ မြည်သံနှင့်အတူ မွှေးကြီးသည် စောစောက သူလေ့ကျရာနေရာသို့ ရွေ့လျားရောက်ရှိလာသည်။ ထိုအချိန်တွင် သူသည် နွယ်ကြိုးတန်းပေါ်သို့ ရောက်ရှိနေချေပြီ။

ကြက်ဥသဏ္ဌာန်အရွယ်ရှိသော ဝင်းဝင်းတောက် မျက်လုံးများ တဖြည်းဖြည်းချင်း မြင့်တက်လာသည်။ လွတ်သွားသော သားကောင်အတွက် အမျက်ဒေါသကပ်ငြိနေပုံရသောမွှေးကြီး သူ့ကို ပေါက်သတ်ရန် ပါးပြင်းထောင်နေပြီဟု သူ သိလိုက်သည်။ တရှူးရှူးမြည်သံပေး၍ မွှေးကြီး သူ့ကို ပေါက်လိုက်ချိန်တွင်မူ သူသည် အန္တရာယ်မှ လွတ်ကင်းရာ အမြင့်တစ်နေရာသို့ ရောက်ရှိနေချေပြီ။

နွယ်ကြိုးကို ခိုမှီအားပြု၍ တရွေ့ရွေ့တက်လာသည်။ တွင်းနက်ကြီးထဲမှ မွှေးကြီး၏ ရွေ့





လျားသံတွေ နှာမှုတ်သံတွေကို သဲ့သဲ့မျှသာ ကြားရတော့သည်။

တစ်စ, တစ်စ တွင်းဝအနီးသို့ ချဉ်းကပ်လာမိပြီ။

အပေါ်သို့ မော့ကြည့်လိုက်တော့ အလင်းရောင်ပျပျကို မြင်လိုက်ရသည်။ ယခုမှပဲ လွတ်လပ်စွာ အသက်ရှူခွင့်ရတော့သည်။

မျောက်တစ်ကောင်လို နွယ်ကြိုးကိုတွယ်မှီတက်လာရင်း သူ့လက်တစ်ဖက်က စေးကပ်ပျစ်ခွဲသော အရာတို့ကို ထိတွေ့လိုက်ရသည်။ သတိကြီးစွာဖြင့် အနံ့ခံကြည့်လိုက်သည်။

"ဟာ. . ဒါ. . ဒါ ပျား. . ပျားရည်. . ပျားရည်တွေပဲ"

မှန်သည်။ ပျားရည်စက်များသည် အမြင့်တစ်နေရာတွင် တွယ်ကပ်နေသော ပျားလဘို့တစ်ခုဆီမှ နွယ်ကြိုးပေါ်သို့ တစ်ပေါက်ချင်း တစ်ပေါက်ချင်း စီးကျနေခြင်းဖြစ်သည်။

သူသည် နွယ်ကြိုးပေါ်မှ စေးကပ်ကပ်ပျားရည်များကို လျှာကြမ်းကြီးဖြင့် အားပါးတရ လျှက်လိုက်သည်။

ထိုအချိန်တွင် တဝီဝီအော်မြည်လာသော ပျားကောင်များသည် သူ့အနီးသို့ ရောက်ရှိလာပြီး သူ့ခန္ဓာကိုယ်အနံ့ ဝိုင်းတုပ်ကြတော့သည်။ တစ်ခဏအတွင်းမှာပင် ရာပေါင်းများစွာသော ပျားကောင်များသည် အကွေ့ဘဏီတပ်ကြီးနှယ် အင်အားကြီးမားလာသည်။ သူ့ကိုယ်အနံ့ ပျားကောင်တွေ ဝိုင်းတုပ်နေသည့် ကြားမှပင် သူသည် ပျားရည်စက်များကို အာသာငမ်းငမ်းဖြင့် လျက်နေဆဲ။

ပျားတုပ်သော ဒဏ်ရာကြောင့် သူ့မျက်နှာတစ်ခုလုံးသည် အဖုအပိန့်များဖြင့် ရောင်ကိုင်းလာသည်။ နွယ်ကြိုးကို ဆုပ်ကိုင်ထားသော သူ့လက်ချောင်းတွေကလည်း အချိန်ကြာမြင့်လာသည်နှင့်အမျှ ထုံကျင်ကာ လက်အံသေချင်သလို ဖြစ်လာသည်။

သူသည် . . .

ဟိုင်းဆင်ကြီး၏ရန်မှ လွတ်မြောက်ခဲ့ပြီးပြီ။

မြွေဆိုးကြီး၏ အန္တရာယ်ကိုလည်း ရှောင်တိမ်းနိုင်ခဲ့ပြီ။

သေဘေးမှ နှစ်ကြိမ်တိုင်တိုင် လွတ်မြောက်ခဲ့ပြီဖြစ်သော သူသည် ပျားကောင်များ၏ ဝိုင်းအုံတိုက်ခိုက်မှု အန္တရာယ်လောက်ကို မမှုတော့ဘဲ ပျားရည်စက်များကို ရိကွာအဖြစ်မှတ်ယူပြီး မနားတမ်း လျက်နေတော့သည်။ သူ၏ခပ်သိမ်းသော အာရုံအစုအဝေးသည် ပျားရည်စက်များပေါ်တွင်သာ စုပြုံကျရောက်နေသည်။ သူ၏လျှာနှင့် နှူတ်ခမ်းအစုံသည် ပျားရည်များ စိမ့်ဝင်နေသော နွယ်ကြိုးမျှင်နှင့် မခွာစတမ်း မိတ်ဖွဲ့ထားဆဲ။

ထိုစဉ် . . .

တွင်းဝဆီ၌ လျှပ်ပြက်လိုက်ဘိသို့ ရုတ်တရက် ဝင်းလက်သွားပြီး နောက် ထူးဆန်းသော အသံတစ်ခုကို ကြက်သီးမွှေးညှင်းထဖွယ် ကြားလိုက်ရသည်။

"အို . . . အသင်လူသား၊ သင် တွင်းဝသို့ရောက်ရန် မဝေးတော့ပြီ။ အမြန်ဆုံးတက်ခဲ့ပါလော။ သင်၏ရမ္မက်အာသာကို စွန့်လွှတ်၍ တွင်းနှူတ်ခမ်းသို့ တက်ခဲ့ပါလော့ . . . သင့်ကို ငါ, ကယ်တင်မည် . . . ။"

သူသည် တစ်တောလုံး တစ်တောင်လုံး ပဲ့တင်ရိုက်ခတ်သွားစေသော အသံရှင်ကို တွေ့လိုတွေ့ငြား တွင်းဝဆီသို့ မော့ကြည့်လိုက်သည်။ တွင်းနက်ကြီးကို ဆီးမိုးထားသော ရောမညောင်မုတ်ဆိတ်ပင်ကြီးမှ တစ်ပါး အခြားဘာကိုမျှ မမြင်ရ။

ဩဇာရသနှင့် ကုံလုံကြွယ်ဝနေသည့် အသံကို ဒုတိယအကြိမ် ထပ်မံကြားလိုက်ရပြန်သည်။

"အသင်လူသား . . . သင် မှီတွယ်ထားသော နွယ်ငန်းကြိုးသည် သင် ယခုမြင်နေရသော ညောင်မုတ်ဆိတ်ပင်ကြီးမှ တွင်းထဲသို့ တွဲလောင်းကျနေသည့် နွယ်ကြိုးဖြစ်ပေသည်။ ယခု တွင်းဝတွင်



ကြွက်ဖြူတစ်ကောင်နှင့် ကြွက်မည်းတစ်ကောင်သည် သင်, ခိုမှီရာနွယ်ကြိုးကို ကိုက်ဖြတ်နေကြသည်။ နွယ်ကြိုးမပြတ်မီ အမြန်ဆုံးတက်ခဲ့ပါတော့... အသင်လူသား...”

သူသည် ပျားရည်စက်များကို မျိုချရင်း တွင်းဝဆီသို့ မော့ကြည့်လိုက်ပြန်သည်။ ယခုတစ်ကြိမ်တွင်လည်း ထူးဆန်းသောအသံရှင်ကို မမြင်, မတွေ့ရ။

“အို... အသင်လူသား၊ နွယ်ကြိုးပြတ်တော့မည်။ ယခု အမြန်ဆုံးတက်ခဲ့ပေတော့။”

မမြင်ရသော အသံရှင်၏ စကားအဆုံးတွင် သူသည် ပျားရည်စက်များကို မပြတ်လျက်နေရင်းကပင် -

“ဗျို့... ကယ်တင်ရှင်ကြီး.. ခဏလေးစောင့်ပါဦးဗျ၊ ကျုပ်မကြာခင် တက်လာခဲ့ပါ့မယ်။ လောလောဆယ်တော့ ဒီပျားရည်က ဆွမျိုးမွေရလောက်အောင် အရသာရှိလွန်းလို့ လျက်စမ်းပါရစေဦး...”

ဟု တုံ့ပြန်အော်ဟစ်လိုက်သည်။

ထိုတစ်ခဏမှာပင် တွင်းနှုတ်ခမ်းပေါ်မှ ကြွက်ဖြူနှင့် ကြွက်မည်းနှစ်ကောင် ကိုက်ဖြတ်လိုက်သော နွယ်ကြိုးသည် ....။

မော်ဝန်းကြည်မြတ်



စာကြွင်း

(က) ဘေးဒုက္ခနှင့်ကြုံတွေ့နေသော အကြင်မုဆိုးကား လောကတွင် ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ ပေါ့ပေါ့သွား၊ ပေါ့ပေါ့လာနေကြသော **ဗုဒ္ဓဘာသာဝင်များအား လုံး** *ကို ကိုယ်စားပြုပေသည်။*

(ခ) ဟိုင်းဆင်ကြီးကား **သေခြင်းတရား** *ပင်ဖြစ်သည်။*

(ဂ) တွင်းနက်ကြီးသည် နေ့စဉ်ဖြစ်ခြင်း၊ ပျက်ခြင်းများနှင့် ပြွမ်းတီးနေသော ဘဝ ကို ဆိုလိုပေသည်။

(ဃ) တွင်းအောင်းမြွေဆိုးကြီးမှာ **အိုခြင်း, နာခြင်းတရား** *ဖြစ်သည်။*

(င) နွယ်ကြိုးမျှင်ကား **ဘဝတဏှာ** *ကို ဆိုလိုပေသည်။*

(စ) ပျားရည်သည် **ကာမဂုဏ်အာရုံငါးပါး** *ဖြစ်သည်။*

(ဆ) ကြွက်ဖြူ, ကြွက်မည်းနှစ်ကောင်မှာ **နေ့,နှင့်ည** *ကိုဆိုလိုပေသည်။*

(ဇ) ကယ်တင်မည့်အသံရှင်ကား **ဗုဒ္ဓဘုရားရှင်၏တရားတော်** *ဖြစ်ပေသည်။*

ညွန်းဆိုချက်

ဗုဒ္ဓဘာသာဝင်ဆိုသူများသည် ‘ပျားရည်အရသာ’ တည်းဟူသော ကာမဂုဏ်အာရုံငါးပါးတွင်သာ မွေ့ပျော်ယစ်မူးရင်း တရားဘာဝနာ ဆောက်တည်အားထုတ်ရန် မေ့လျော့နေကြပေသည်။

ဝန်ခံချက်

အင်းစိန်မြို့နယ်၊ မြို့သစ်ဓမ္မာရုံကျောင်းတိုက်၊ ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ သရက်-အရှင်ပညာဝရ၏ ‘သဒ္ဒေးသား ‘ကာဋ္ဌ’ လို လူဖြစ်ကျိုးနပ်ပါစေ’ ဝိပဿနာ အလုပ်ပေးတရား၊ ပထမတွဲ (ဒုတိယအကြိမ်) စာအုပ်မှ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ) ၏ အမှာစာ “မဟာစည်ဆရာတော် မိန့်ကြားသောပုံပြင်” ကို ခံစားရေးဖွဲ့ပါသည်။

မော်ဝန်းကြည်မြတ်

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

သိတော်မူမြင်တော်မူ၍ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသော တရားတို့ကို အကုန်အစင် သိမြင်တော်မူသော သဗ္ဗညုဘုရားရှင်သည် အဘယ်မြို့ဒေသ ဘယ်ဌာန၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်း အတ္ထုပ္ပတ္တိကြောင့် ဤစူဋကမ္မဝိဘင်္ဂသုတ္တန်ဒေသနာတော်မြတ်ကို ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင် . . . ။



အတွက် ကန်သာရွာ ကုန်သည် (တောင်သူကြီး)ဦးဖိုးသန့်၊ ဒေါ်အေးထွန်းမိသားစုကို ပင်မထားကာ အများကုသိုလ်ပါဝင်စေလျက် ထိုစဉ်က ကလေးမြို့၌ နာမည်ကျော်ကြား ထင်ရှားနေသော အဆိုပါ 'မိုယ်းဟိန်း" အသံချဲ့စက်သစ်ကြီးကို ဝယ်ယူခဲ့ကြပါသည်။ ထိုစက်ကြီးဖြင့် ပင် စေတီတော်ကြီး ဆက်လက်ပြုပြင် မွမ်းမံရန် တောဒေသအလိုက်ပဲ၊ နှမ်း စပါး ရာသီပေါ် သီးနှံများ

စူဋကမ္မဝိဘင်္ဂသုတ္တာန်

သင်္ဂါယနာမေးပြေ တရားတော်ကို ကြည်ညိုဖိုရှိ



အရှင်သီလာစာရ
(မဟာဗောဓိရိပ်သာ - ကန်သာ)

ဤသာဝတ္ထိပြည်အရပ်ဝယ် တောင်ရွေယျသူဌေးသား သုဘလုလင်ကို အကြောင်းပြု၍ -

"မိုယ်းဟိန်း" မည်သော အသံချဲ့စက်ကြီးမှာ မကြာခဏ ဖွင့်လေ့ရှိသော ဆဋ္ဌသင်္ဂါယနာ အမေးအဖြေဓာတ်ပြားတရားသံ ဖြစ်ပါသည်။ မှန်ပါသည်။ ဤအရှင်တို့ ကန်သာကျေးရွာ၌ သာသနာတော် ၂၅၀၀ ပြည့်အထိမ်းအမှတ် အဖြစ်ဖြင့် ရွာအရှေ့ ကျုံးဖြတ်တောင်တော်ပေါ်တွင် ရန်ကုန်မြို့၊ သိရီမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအနီးရှိ ကမ္ဘာအေးစေတီတော်ကြီးနှင့် ပုံစံတူ ကန်သာရွာ၊ ချောင်းနက်ကျောင်း ဆရာတော်ဘုရားက ဦးစီး၍ "ဇမ္မူဒီပဥသျှောင်ကမ္ဘာအေးစေတီတော်" ဟု ဘွဲ့တော်ချီ၍ စေတီတော်ကြီးတစ်ဆူကို သပ္ပါယ်စွာ တည်ထားခဲ့ပါသည်။

ထိုစေတီတော်ကြီးတည်ထားကိုးကွယ်၍ နှစ်ကာလမကြာမြင့်မီ စေတီတော်ကြီး ဂေါပကအဖွဲ့လူကြီး အပေါင်းတို့က အရင်းအနှီးငွေကြေးကို အလှူခံခဲ့ကြသည်။ ထိုထိုအလှူခံများနှင့်တကွ အခြားသော သာရေး၊ နာရေးစသော အကြောင်းအားလျော်စွာ ဖွင့်ရသောအခါတိုင်း၌ အသံချဲ့စက်ဆရာ ဦးမောင်အုံးက ထိုသင်္ဂါယနာ အမေး၊ အဖြေဓာတ်ပြားကို ဖွင့်ပေးလေ့ရှိပါသည်။ ပစ္စည်းအစစ်အမှန် အကောင်းဆုံးတို့ကို ရွေးချယ်တပ်ဆင်အသုံးပြုထားသဖြင့် အခြားသော စက်သံ၊ အသံချဲ့စက်တို့ကို ဖောက်ထွင်းကာ ၂မိုင်၊ ၃မိုင်ကျော်မျှ ဟိန်းထွက်သဖြင့် မိုယ်းဟိန်းဟူသော ဂုဏ်



သိက္ခာနှင့် လိုက်ဖက်အောင်ပင် ဤစာတမ်းပြားအမေးအဖြေပါ ဆရာတော်ကြီး ၂ ပါးတို့၏ ဟိန်းထွက်နေသောတရားသံအပြင် ကြီးမားလုံခြုံလှသဖြင့် လိုဏ်ဂူတော်ကြီး၏ တရားပွဲတင်သံကိုပါ ဟိန်း၍ ဟိန်း၍ ထွက်ပေါ်လာသော အသံသည် ကြားနာရသူ သူတော်စင်တို့၏ စိတ်နှလုံးထဲဝယ် အဘယ်မျှထိတရားပိတိခံစားကြရမည်ကို ခန့်မှန်းနိုင်လောက်ပါပြီ။ စက်အမည်က မိုယ်ဟိန်း၊ ဆရာတော်ကြီး ၂ ပါး၏ တရားအသံတော်က ဟိန်း၊ လိုဏ်ဂူတော်ကြီး၏ ပဲ့တင်သံက ဟိန်းဖြင့် သုံးပွင့်ဆိုင် ဟိန်းချင်တိုင်း ဟိန်းနေပါတော့သည်။ လိုက်ဖက်လှလေစွတကား။ ဤကား ဤအရှင်တို့ ၁၀-နှစ်သားပတ်ဝန်းကျင်အရွယ်က အဖြစ်အပျက်တို့ပါတည်း။

ထိုစဉ်အခါက တရားအမေး၊ အဖြေလာ သဘောသွားတို့ကို လူပြိန်းများပင် နားလည်သဘောပေါက်အောင် မေးသူကမေးကာ ဖြေဆိုသောသူကလည်း လိုအပ်သောနေရာတို့၌ အချက်ကျကျ ချ.၍ ချ.၍ အကျယ်တဝင့်ဖြေဆိုသွားသဖြင့် နားလည်ခဲ့သော်လည်း အမေး၊ အဖြေပါ ဆရာတော်ကြီးတို့၏ အသံတော်ကို အလွန်ကြည်ညိုမိသည်မှအပ မည်သူမည်ဝါဟူ၍ ကလေးငယ်ဖြစ်သည်အားလျော်စွာ မစိစစ်မမေးမြန်းမိခဲ့ပါ။ ဟိန်း၍ ထွက်လာသော အသံတော်တို့ကို ထောက်ဆ၍ ခန့်ငြားသော ဥပမိရုပ်ရှိသော ဆရာတော်ကြီးတို့ဟူ၍သာ ယူဆထားမိခဲ့သည်။ နွေရာသီခေတ္တ ကျောင်းပိတ်၍ ဘုန်းတော်ကြီးကျောင်း၌ ကျောင်းသားအဖြစ်နေမှသာ စာအုပ်ဘီဒိုအတွင်းရှိ မြန်မာ့စွယ်စုံကျမ်းများ၊ သင်္ဂီယနာမှတ် တမ်းစာအုပ်ကြီးများကို ဟိုလှန် ဒီလှန်ဖြင့် စာတမ်းဖတ်လိုက်၊ ရုပ်ပုံကြီးများကို ကြည့်လိုက်ဖြင့် ပြုလုပ်ရာမှ မိမိစိတ်အာရုံဝယ် အမေး၊ အဖြေတရားသံကို ကြားယောင်မိပြီး ဟိန်းနေအောင် ထွက်ပေါ်လာသော အသံပိုင်ရှင် ဆရာတော်ကြီးတို့ကား ကျေးဇူးတော်ရှင် ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ မဟာစည်ဆရာတော်နှင့် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးတို့ပေတည်းဟု ခွဲခြား သိရပါတော့သည်။ ထိုမှတ်တမ်း စာအုပ်ကြီးကို ကြည့်ရသည်မှာ အင်မတန်သဘောကျလှသည်။ အဘယ်ကြောင့်ဆိုသော် စာမျက်နှာပြည့်မျှထည့်သွင်းထားသော ဓာတ်ပုံရုပ်ပုံတော်တို့ကြောင့်လည်းကောင်း၊ မိမိကြည်ညိုနေသော ဆရာတော်ကြီးတို့၏ သံဃာ့ပရိသတ်အလယ် စင်မြင့်ပေါ်မှ အမေး၊ အဖြေပြုပုံတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ရသဖြင့်လည်းကောင်း၊ ခမ်းနားထည်ဝါသော လိုဏ်ဂူတော်ကြီး အတွင်းပိုင်းကို မြင်ရသဖြင့် လည်းကောင်း၊ ထိုထိုစာတမ်းများကို ဖတ်၍ ဗဟုသုတတိုးပွားသဖြင့်လည်းကောင်း အားလပ်သည့်အချိန်တွင် နေ့စဉ်လိုလို ကြည့်ရှုလေ့ရှိပါသည်။ မှတ်တမ်းကြီး၏ ဓာတ်ပုံကို ကြည့်ရှုရာမှ ဆရာတော်ကြီးနှင့် ဤအရှင်တို့ အကျွမ်းဝင်မှုန်းမသိ ဝင်လေတော့၏။ အသည်းစွဲကြည်ညိုမိသော ဤတရားသည် ဘုန်းတော်ကြီးကျောင်းသားဘဝရောက်မှပင် ဤသို့ ဤမည်သော သင်္ဂီယနာတင်ပွဲကြီးကျင်းပစဉ်က အသံသွင်းယူခဲ့သော အမေး၊ အဖြေဓာတ်ပြားဖြစ်ကြောင်း သိရသည်။



ထိုဆရာတော်ကြီးတို့ အမေး၊ အဖြေပြုသော စူဠကမ္မဝိဘင်္ဂသုတ်တရားသည်လည်း အလွန်မှတ်ဖွယ်ကောင်းလှပါသည်။ တုဋ္ဌိရွာသားမိစ္ဆာဒိဋ္ဌိဖြစ်နေသော တောင်ရွေယျ



ပုဏ္ဏားသူဌေးကြီး၏သား သုဘမည်သော လုလင်ငယ်သည် ဖခင်သူဌေးကြီးသေဆုံးပြီးနောက် ၎င်းဖခင်သူဌေးကြီးကိုပင် အကြောင်းခံ၍ အကျွတ်တရားရရှိရန်အကြောင်းပေါ်ပေါက်လာ၏။ မြတ်ဗုဒ္ဓနှင့် အငြင်းအခုံ၊ အမေးအဖြေ ဖြစ်ကြပြီးနောက် သမ္မာအယူမှန် ရရှိလေရာ နောက်ပိုင်းတွင် လောက လူသားများ၏ အသက်တို၊ ရှည် မတူညီကြပုံ၊ အနာရောဂါများပြားသူ၊ ကျန်းမာသူ မတူညီကြပုံ၊ ရုပ်ရည်အဆင်း အကျည်းတန်အရုပ်ဆိုးသူ၊ လှပချောမောပြေပြစ်သူ ကွဲပြားကြပုံ၊ အဆွေအရံအသင်းအပင်းနည်းပါးသူ၊ ပေါများသူ ကွဲပြားကြပုံ၊ ဆင်းရဲကြပ်တည်းလှစွာ အသက်မွေးရသူ၊ အင်မတန်ပြည့်စုံချမ်းသာကြွယ်ဝစွာဖြင့် ကွဲပြားကြပုံ၊ ယုတ်နိမ့်သောအမျိုး၊ မြင့်မြတ်သော အမျိုးတို့၌ ဖြစ်၍ အမျိုးအားဖြင့် ကွဲပြားခြားနားကြပုံ၊ အချို့မှာ အသိဉာဏ် ပညာချို့တဲ့၍ အချို့မှာ အသိဉာဏ်ပညာနှင့်ပြည့်စုံကြပုံ ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့် တစ်ယောက် အယုတ်၊ အမြတ်မတူ ကွဲပြားခြားနားကြပုံကို တွေ့မြင်နေရသောကြောင့် ၁၄-ပါးသောအမေးတို့ကို ရှင်းလင်းစွာ သိစိမ့်သောဌာဖြေကြားတော်မူအပ်သော ဒေသနာတော်ဖြစ်သည်အားလျော်စွာ လွန်စွာနာယူမှတ်သားထိုက်ပါပေ၏။ အယူသည်းသူတို့ ပို၍ပို၍ နာယူမှတ်သားထိုက်ပါပေ၏။

ထိုအမေးအဖြေတရားတော်မြတ်ကို မပြတ်မလပ်နာယူရလေအသိဉာဏ်တိုးလေ၊ လိမ္မာရေးခြားရှိလေဖြစ်ပါသည်။ ငယ်စဉ်က မကြာခဏ နာယူခဲ့ရသော ဤသုတ္တန်တရားတော်မြတ်၏ ကျေးဇူးကြောင့်ပင် ဤအဆင့်မြင့်ရဟန်း၊ သာမဏေဘဝသို့ ရောက်ခဲ့ရပါ၏။ ဓာတ်ပြားခေတ် ကုန်ဆုံး၍ ကက်ဆက်တိပ်ခွေခေတ်သို့ ရောက်လာသောအခါ ထိုတရားတော်ခွေကို မရအရ ရှာဖွေဝယ်ယူ (ကပ္ပိ)ထားပြီး မိမိနှင့်သက်ဆိုင်သည့်နေရာဌာနတို့၌ မကြာမကြာ ဖွင့်စေသည်။ ဤတရားဒေသနာတော်သည် ဘယ်နှစ်ကြိမ်နာနာ ရိုးအီသွားသည် မရှိဘဲ ဖြေရှင်းဟောကြားတော်မူသော မြတ်စွာဘုရားရှင်ကို လည်းကောင်း၊ ထိုတရားတော်မြတ်ကို လည်းကောင်း၊ ထိုတရားတော်တို့ကို မပျောက်မပျက်ရအောင် ဆောင်ရွက်တော်မူလာကြကုန်သော သံဃာတော်အရှင်မြတ်တို့ကို လည်းကောင်း အမေးအဖြေပြု သာသနာ့ထိပ်ခေါင်တင် ဆရာတော်ကြီးများဖြစ်ကြသော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားတို့ကို လည်းကောင်း တိုး၍တိုး၍ ကြည်ညိုလေးစားမိပါတော့သည်။ ဤဆောင်းပါးဖြင့် ပူဇော်ကန်တော့ရပါတော့သည်။

ဤစူဠကမ္မဝိဘင်္ဂသုတ္တန်သည် အမေး၊ အဖြေများဖြင့် မူလပါဠိတော်မှာပင် ရှည်လျားလှပေရာ အချုပ်အားဖြင့် ယောဂီမှတ်ဖွယ် အသွယ်သွယ်(ချမ်းမြေ့ဆရာတော်) စာအုပ်ပါ လက်ဝဲလေးဖြင့် ဤဆောင်းပါးကို နိဂုံးချုပ်အပ်ပါတော့သတည်း။

သူ့သက်သတ်ဖြတ်၊
သက်တိုလတ်၊
မသတ်သက်ရှည်သည်။
ညှင်းဆဲသူကား၊ အနာများ၊
သနားကျန်းမာသည်။
ဒေါသကြီးပြန်၊ အကျည်းတန်၊
သည်းခံလှပေသည်။
မနာလိုမှာ၊ ခြွေရံကွာ၊
ကြည်သာခြွေရံစည်။
မပေးလှူက၊ မွဲပြာက၊
လှူမှပေါကြွယ်သည်။
မရိုသေလေ၊ မျိုးယုတ်ချေ၊
ရိုသေမျိုးမြတ်သည်။
မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊
စုံစမ်းဉာဏ်ကြီးသည်။
ဆိုးတာပြုက၊ ဆိုးတာရ၊
ကောင်းမှကောင်းစားသည်။
ဆိုးကောင်းနှစ်တန်၊ ကံစီမံ၊
ခံ, စံကြရမည်။

(အနည်းငယ်ပြုပြင်ရေးသားပါသည်)

အရှင်သီလာစာရ
မဟာဗောဓိရိပ်သာ၊ ကန်သာ။





ပေးကမ္ဘာမြို့ပြသာကြီးမဟာစည်ဆရာတော်ဘုရားကြီး

မခင်ဝင်း (ပုတီးကုန်း)



ထိုအခန်းတွင် နေထိုင်သည့် ယောဂီကြီးမှာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဆွမ်း/ကွမ်း ဝေယျာဝစ္စကို ဆောင်ရွက်ခဲ့ရသောဝေယျာဝစ္စယောဂီကြီး ဒေါ်မြသွယ်ပင် ဖြစ်ပါသည်။

အပြင်မှ ခေါ်သံကြောင့် အမျိုးသမီးယောဂီကြီးမှာ တံခါးဖွင့်၍ပေးပါသည်။

"ဘာကိစ္စအရေးကြီးလာသတုန်း ...လာ...အခန်းထဲဝင်ခဲ့၊ ထိုင်လေ"

အခြိန်က ညနေ ၆-နာရီ ကျော်ကျော်ခန့် . . . ။

ရိပ်သာကြီး၏ အမျိုးသမီးတန်းလျားဆောင် အခန်း (၁၁)ရှေ့တွင် ရပ်လျက်အခန်းတွင်းရှိ ယောဂီတစ်ဦးအား ခေါ်နေမိပါသည်။

"ကြီးကြီးသွယ် (ဒေါ်မြသွယ်) တရားရှုမှတ်နေတာလား အပြစ်ရှိရင် ခွင့်လွှတ်ပါနော်။ တခြားတော့ မဟုတ်ပါဘူး ဒီမဟာစည်သာသနာ့ ရိပ်သာကြီးမှာ ရှေ့လာမယ့် ၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာလမှာ ဆရာတော်ဘုရားကြီးရဲ့သက်တော် ရာပြည့် အထိမ်းအမှတ်စာစောင်မှာ ရိပ်သာတွင်း ယောဂီများနှင့် အမှုဆောင်များမှ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စ တာဝန်တွေကို ဘယ်လိုဆောင်ရွက်ခဲ့ကြတယ် ဆိုတာတွေကို စာတစ်စောင်ပေးတစ်ဖွဲ့နဲ့ နှစ်တစ်ရာပြည့် စာစောင်မှာ ရေးချင်လို့ပါ။ မဟာစည်သာသနာ့ရိပ်သာကြီးကို ကြီးကြီးတို့က ကျွန်မတို့ထက် ရှေးဦးစွာရောက်ရှိနေကြသူတွေဖြစ်လို့ ဒီမဟာစည်ရိပ်သာကြီး ဖြစ်တည်မှုနဲ့ ပတ်သက်ပြီး ကြီးကြီးသွယ်တို့က ပိုပြီးသိကြမှာပါ။ ဒါကြောင့် ကြီးကြီးသွယ်ကို အားကိုးပြီးလာခဲ့တာ၊ ကြီးကြီးသွယ် ပြောပြတဲ့ ပြောပြချက်နဲ့ ကျွန်မကိုယ်တွေ့ သိရှိတာလေးတွေ ပေါင်းစပ်ပြီး ကျွန်မကြိုးစားပြီး ရေးချင်တာပါ။ ကျွန်မတို့ လက်လှမ်းမှီသလောက် အတွေ့အကြုံလေးတွေနဲ့ ပေါင်းစပ်



ပြီး ကျေးဇူးဆပ်ကြရအောင် . . . ”

“ကဲ . . . ပြော ဘာကစသိချင်တာလဲ”

“ကြီးကြီးသွယ်သိမီသမျှကိုသာ ပြောပြပါ ကြီးကြီးရယ်၊ ကျွန်မနားလည်သလို ရေးပါမယ်” ကျွန်မထိုသို့ စကားလမ်းကြောင်းပေးလိုက်သည်နှင့် ကြီးကြီးသွယ်ခေါ် ဒေါ်မြသွယ် အသက် (၇၆)နှစ်ရှိ ယောဂီကြီးသည် ကျွန်မအား အောက်ပါအတိုင်း သူသိမီသမျှ အိတ်သွန်ဖာမှောက် ပြောနေပါတော့သည်။

ဒေါ်မြ သွယ်ဟူသော ယောဂီကြီးမှာ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ဆွမ်း/ကွမ်း ဝေယျာဝစ္စများကို ဆောင်ရွက်ခဲ့ပြီး . . . ယနေ့ အထိပင် ဆွမ်း/ကွမ်းကိစ္စများအတွက် ဆက်လက် တာဝန်ယူနေဆဲပင် ဖြစ်ပါသည်။

ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်အခါက ဒေါ်အေးကြည်၊ ဒေါ်အေးပု၊ ဒေါ်မြသွယ်၊ ဒေါ်မြသင်၊ အမေထိန် . . . စသည့် ယောဂီကြီးများမှာ ဆရာတော်ဘုရားကြီး၏ ဆွမ်း/ကွမ်း ကိစ္စများကို အနီးကပ် စိမံချက်ပြုတ် ဆောင်ရွက်ပေးရသူများဖြစ်သည်။ အာဟာရလည်းဖြစ်၊ ဆေးလည်းဖြစ်၊ အစာလည်းဆေး၊ ဆေးလည်းအစာဟူသော စကားအတိုင်း ဆေးတစ်ခွက်ဖြစ်အောင် စိမံဆောင်ရွက်ကြရပါသည်။

ကျွန်မမှာ ၁၉၇၇-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃-ရက်နေ့မှစ၍ မဟာစည် သာသနာ့ရိပ်သာကြီးသို့ တရားအားထုတ်ရန် ရောက်ရှိခဲ့ပါသည်။ တရားရှုမှတ်ပြီး တစ်လနှင့် ဆယ်ရက်အကြာတွင် ဉာဏ်စဉ် တရားနာယူပြီး အောက်ဆွမ်းစားကျောင်းတွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ကျွန်မမှာ လူငယ်တစ်ဦးဖြစ်သည့်အလျောက် စပ်စပ်စုစု နိုင်လှသည်။ အမျိုးသမီးများ၏ လုပ်ငန်းတာဝန်ပိုင်း အားလုံးတို့တွင် ဝင်ရောက် ဆောင်ရွက်တတ်သည်။ လူကြီးများ (ယောဂီကြီးများ)နှင့် တွေ့လျှင် ရှေးဟောင်းနှောင်းဖြစ်များကို မေးမြန်းလေ့ရှိသည်။ ဒေါ်မြသွယ်၊ ဒေါ်မြသင်၊ ဒေါ်အေးပု (ကွယ်လွန်) ဒေါ်ရင်မြ (ယခု ဆွမ်းစားကျောင်း တာဝန်ခံ သီလရှင် ဆရာကြီး ဒေါ်ဝိလာသီ)တို့မှာ စိကာပတ်ကုံးပြောပြလေ့ရှိပါသည်။



အလုပ်ပေးတရား

စတင်ဟောကြား

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးသည် သာသနာ့ရိပ်သာသို့ ၁၃၁၁-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆-ရက်နေ့၌ ကြွရောက်တော်မူလာပြီးလျှင် ထိုနှစ် နတ်တော်လဆန်း ၁၅-ရက်နေ့ မွန်းလွဲ ၂-နာရီ အချိန်တွင် ဓမ္မစကြာတရားတော်ကြီးကို ဟောကြား၍ ကမ္မဋ္ဌာန်းတရားဌာန ဖွင့်လှစ်တော်မူခဲ့ပါသည်။

ထိုနေ့ ညနေ ၅-နာရီတွင် တရားအားထုတ်မည့် ယောဂီအမျိုးသား၊ အမျိုးသမီးတို့အား ဝိပဿနာသတိပဋ္ဌာန် အလုပ်ပေးတရားတော်ကြီးကို ဟောကြားတော်မူခဲ့ပါသည်။

ညီတော် နောင်တော်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် နောက်ပါရွှေမင်းဝံဆရာတော် ဦးကောသလ္လ၊ ရွှေဘိုဦးမုနိန္ဒနှင့် တိပိဋကဓရရွှေးချယ်ပွဲအဖွဲ့ဝင် ဦးပညာသာရ . . . ပေါင်း ၄-ပါးတို့မှာ ဆွမ်းစားကျောင်းတွင် ဆွမ်းဘုဉ်းပေးတော်မူကြပါသည်။ ဆရာတော်ကြီးနှင့် နောက်ပါဆရာတော် ၂-ပါးအတွက် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ရန်ပုံငွေဖြင့် ကပ်ပိယကြီးဦးမြဖေက ဆက်ကပ်ပါသည်။ . . . ဦးပွင့်ကောင်း . . . က မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဦးပညာသာရတို့အား ဆက်ကပ်ပါသည်။ နေ့စဉ် ကိုယ်တိုင်လာရောက်



"ငွေကြေးထောက်ပံ့မည့် သူများနှင့် ဝေယျာဝစ္စ ဆောင်ရွက်မည့် သူများ ဆောင်ရွက်နိုင် ပါ့မလား"



၍ ဆွမ်းခဲဖွယ်တို့ကို ဆက်ကပ်ပါသည်။

သုံးဆောင်ပုံ

တရားအားထုတ်ရန်ကြွရောက်လာကြသော ယောဂီရဟန်းတော်တို့မှာ အနည်းငယ်သာရှိသေး၍ ကိုယ်တိုင်ဆွမ်းခံ၍ မိမိတို့သီတင်းသုံးနေထိုင်ရာ ကျောင်း၌ပင် ဆွမ်းဘုဉ်းပေးကြရပါသည်။

အမျိုးသား၊ အမျိုးသမီး၊ လူယောဂီများအား တစ်ပတ်လျှင် တစ်ကြိမ် ထင်း (၇)ခြမ်းနှင့် ဆန်၂-ပြည်စီ စဉ်ဆက်မပြတ် လှူဒါန်းကြ၍ ကိုယ်တိုင်ထမင်းဟင်းချက်စားပြီး တရားဘာဝနာများကို ကြိုးစားပွားများ ရှုမှတ်ခဲ့ကြရပါသည်။

သာသနာတော်အတွက် အမြော်အမြင် ကြီးမားပုံ

ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်ကြီးတွင် ဦးစီးဦးဆောင်ပြုခဲ့ကြသော လူကြီးများက ၁၃၁၃-ခု (၁၉၅၁)ခုနှစ်သို့ ရောက်သောအခါ ယောဂီထောက်ပံ့ရေးအဖွဲ့ခွဲကို တည်ထောင်ခဲ့ပါသည်။ ပထမဦးဆုံးအကြိမ် အစည်းအဝေးမှာပင် အစည်းအဝေး တက်ရောက်သူများမှ စုပေါင်းလှူဒါန်းကြရာ ကျပ်ငွေ တစ်သောင်းကျော် ရရှိခဲ့ပါသည်။

မဟာစည်ဆရာတော်ဘုရားကြီး အမှူးပြုသော ကမ္မဋ္ဌာနာစရိယဆရာတော်တို့ကိုဆွမ်းစားကျော်၌ ၌ နေ့စဉ် ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပါသည်။ တရားအားထုတ်ဆဲ ယောဂီရဟန်းတော်တို့မှာ ဆွမ်းခံထွက်၍ အလှူခံရရှိလာသည့် ဆွမ်း၊ ဆွမ်း ဟင်းနှင့် ချိုချဉ်ရသာမျိုးစုံတို့ကို မိမိတို့ သီတင်းသုံးနေထိုင်ရာ အခန်း၌ပင် ဘုဉ်းပေးသုံးဆောင်ကြရသည်။ ဆွမ်း၊ ဆွမ်းဟင်းများ မရသည့်အခါ မဝ, တဝဘုဉ်းပေးသုံးဆောင်၍ ပိုလျှံသည့်အခါ ပေါပေါများများ ဘုဉ်းပေး၍ ခွေး၊ ငှက်၊ ကျီးတို့ကိုပင် ကုသိုလ်ဒါနပြုကြရပါသည်။

တရားအားထုတ်ဆဲ ရဟန်းတော်တို့မှာ ဆွမ်း၊ ဆွမ်းဟင်း အရနည်းသဖြင့် ယောဂီထောက်ပံ့ရေးရန်ပုံငွေမှ ငါးပိရေနှင့်တို့စရာကို နေ့စဉ်လောင်းလှူပေးရပါသည်။ အသားရောဟင်းတစ်ခွက်နှင့် ငှက်ပျောသီးတစ်ပါး ၂-လုံးကျစီကိုလည်း အခါအားလျော်စွာ လောင်းလှူကြပါသည်။ ထို အလှူဒါနအတွက် ဝေယျာဝစ္စကုသိုလ်ကို သီလရှင်ဆရာကြီး ဖွားကေသီနှင့် ဒေါ်ရင်မြ (သီလရှင်ဆရာကြီး ဒေါ်ဝိလာသီ) တို့မှ နေ့စဉ်နှင့်အမျှ တာဝန်ယူဆောင်ရွက်ကြရပါသည်။

တညီတညွတ်တည်းဘုဉ်းပေးကြ

၁၃၃၂-ခုနှစ်တွင် ဆွမ်းခံသံဃာတော်များအား လုံး ဆွမ်း၊ ဆွမ်းဟင်းအရနည်းသဖြင့် လိုအပ်သော ဆွမ်း၊ ဆွမ်းဟင်းတို့ကို ယောဂီထောက်ပံ့ရေး ရံပုံငွေဖြင့် ဆွမ်း



ဆက်ကပ်ရန်နှင့် သံဃာတော်အား လုံး ဆွမ်းစားကျောင်း၌ စုပေါင်း၍ ဆွမ်းကပ်ရန် ယောဂီထောက်ပံ့ရေး အဖွဲ့မှ ဆောင်ရွက်လိုပါကြောင်း ဆရာတော်ဘုရားကြီးအား လျှောက် ထားပါသည်။ ဆရာတော်ကြီးမှ "သံဃာတော်များ ဆွမ်းစားကျောင်း တွင် တညီတညွတ်တည်း ဘုဉ်းပေး သုံးဆောင်တာ မြင်ချင်နေတာ ကြာပါပြီ။ အခုလို စီစဉ်ကြတော့ ဘုန်းကြီး ဝမ်းသာပါတယ်"ဟု မိန့် ကြားခဲ့ပါသည်။

"ငွေကြေးထောက်ပံ့မည့်သူများ နှင့် ဝေယျာဝစ္စ ဆောင်ရွက်မည့်သူ များ ဆောင်ရွက်နိုင်ပါ့မလား"ဟု မိန့် ကြားခဲ့ဖူးပါသည်။ ယင်းကဲ့သို့ စီစဉ်ပြီးနောက် -

၁၃၇၃-ခုနှစ်၊ ကဆုန်လပြည့် ကျော် ၉-ရက်နေ့တွင် ဆွမ်းခံသံဃာ တော်များအားလုံးကို ဆွမ်းစား ကျောင်း၌ စတင်၍ ဆွမ်းဆက်ကပ် လှူဒါန်း ခဲ့ပါသည်။ ထိုနေ့က ဆရာ တော်ဘုရားကြီးကိုယ်တိုင် ကြွရောက် ကြည့်ရှုတော်မူခဲ့ပါသည်။

ဆွမ်းစားကျောင်း ဝေယျာဝစ္စ ယောဂီများမှာ ဒေါ်အေးကြည်၊ အဖွားထိန်၊ ဖွားကေသီ၊ မနန္ဒီ၊ ရွှေမင်းဝံဒေါ်အေးကြည်၊ ဒေါ်မြစ်၊ ဒေါ်အေးပု၊ ဒေါ်အေးလှိုင်၊ ဒေါ် ဉာဏ်၊ ဒေါ်ကြင်ရီ၊ ဒေါ်မြသွယ်၊ ဒေါ်မြသင်၊ ဒေါ်သန်းမေ၊ ဒေါ်ရင် မြ (ဆွမ်းကျောင်းတာဝန်ခံ သီလရှင် ဒေါ်ဝိလာသီ)တို့ ဖြစ်ကြပါသည်။ အထက်ဖော်ပြပါ (၁၄)ဦးအနက် ယနေ့အချိန်အထိ အသက်ထင်ရှား ပြီးဝေယျာဝစ္စတာဝန်ကို ဆက်လက် တာဝန်ယူ ဆောင်ရွက်နေသူမှာ သုံးဦး ကျန်ရှိနေပါသေးသည်။ ယင်း တို့နှင့်အတူ စာရေးသူတို့မှာ ၂၆-နှစ်ကြာ လက်တွဲ၍ဆွမ်း၊ ကွမ်း ဝေ ယျာဝစ္စများကို ဆောင်ရွက်ခဲ့ကြ သည်မှာ ယနေ့တိုင်ပင်ဖြစ်ပါသည်။

အောက်ဆွမ်းစားကျောင်းနှင့် သီးခြားယောဂီ

၁၃၂၃-ခုနှစ်၌ ဗုဒ္ဓသာသနာ့ နုဂ္ဂဟအဖွဲ့ချုပ်မှ ဦးဆောင်၍ ယောဂီထောက်ပံ့ရေး သီးခြားရန်ပုံ ငွေတစ်ရပ်ကို ဖွင့်လှစ်ခဲ့ပါသည်။ ယင်းရန်ပုံငွေကို ဝန်ကြီးချုပ် ဦးနုက သီးခြားခံပြီးလျှင် မြန်မာနိုင်ငံအရပ် ရပ်ရှိခရိုင်၊ မြို့နယ်၊ အသီးသီးတို့မှ ဝိပဿနာတရား အားထုတ်လိုကြ သော ရဟန်း, ရှင်, လူတို့တွင် တစ်မြို့နယ်လျှင် ဘုန်းကြီးတစ်ပါး၊ လူဒါယကာနှစ်ယောက်တို့ကို ရွေး ချယ်၍ ရန်ကုန်မြို့ သာသနာ့ရိပ် သာသို့ စေလွှတ်ပေးပါရန် ဗုဒ္ဓသာ သနာ့နုဂ္ဂဟအဖွဲ့က ခရိုင်ဝန်များ အား မေတ္တာရပ်ခံပါသည်။ ဖိတ် ကြား၍ ရောက်ရှိလာသော ရဟန်း တော်များနှင့် လူဒါယကာများအား ယောဂီထောက်ပံ့ရေး သီးခြားရန်ပုံ ငွေမှ ခရီးစရိတ်နှင့် လိုအပ်သော ပစ္စည်းတို့ ထောက်ပံ့လှူဒါန်းသည့် အပြင် သာသနာ့ရိပ်သာအတွင်း၌ တရား အားထုတ်စဉ်အတွင်း ဆွမ်း၊ ခဲဖွယ် ဘောဇဉ်တို့ကို ဆက်ကပ် ကျွေးမွေးခဲ့ပါသည်။

ယင်းယောဂီများကို သီးခြား ယောဂီရန်ပုံငွေဖြင့် ထောက်ပံ့ရ သောကြောင့် သီးခြားယောဂီ၊ သီး ခြားဆွမ်းစားကျောင်း၌ပင် ဆက် ကပ်ခဲ့ပါသည်။ ၁၃၃၂-ခုနှစ်သို့ ရောက်သောအခါ သီးခြားဆွမ်းစား စရိတ်ကို တည်ထောင်ခဲ့ပြီး အငြိမ်း စားတိုင်းမင်းကြီး စည်သူ၊ ဦးညီပု နှင့် တရားသူကြီး ဦးသိန်းဟန်တို့မှ အုပ်ချုပ်ခဲ့ပါသည်။ သီးခြား ယောဂီ လူဦးရေများလည်း တဖြည်းဖြည်း တိုးတက် များပြားလာပါသည်။

ဟိတေသီအဖွဲ့.ဖွဲ့.

ဆွမ်း၊ ကွမ်းနှင့် စပ်လျဉ်း၍ ဟိ တေသီအဖွဲ့လည်းပေါ်ပေါက် လာခဲ့ ပါသည်။

ဆရာတော်ဘုရားကြီး ညွှန် ကြားပြသတော်မူခဲ့သော မဟာ သတိပဋ္ဌာန် ဝိပဿနာတရားတော် မြတ်ကြီးကို နာယူမှတ်သား ကျင့်ကြံ အားထုတ်ရှုမှတ်ပွားများကြသော သူတော်စင်များမှာ တစ်လထက် တစ်လ၊ တစ်နှစ်ထက် တစ်နှစ် ပိုမို များပြားလာသောကြောင့် ဆရာ တော်ဘုရားကြီး၏ ဩဝါဒတော်ကို ခံယူလျက် ရဟန်း, ရှင်, လူ ယောဂီ များအား ဆွမ်း၊ ဆေး ဆက်ကပ်လှူ ဒါန်းလိုသော အဖွဲ့တစ်ဖွဲ့ ပေါ် ပေါက်လာခဲ့ပါသည်။ ယင်းအဖွဲ့ကို ၁၉၆၆-ခုနှစ်၊ ဧပြီလ ၅-ရက်နေ့ တွင် စတင်တည်ထောင်ခဲ့၍ ဆရာ



တော်ဘုရားကြီး ကိုယ်တိုင် "ဟိတေသီ" ဟူသော အမည်ကို ပေးတော်မူပြီး ခေါ်တွင်မှတ်တမ်း တင်ခဲ့ပါသည်။

တောင့်တခြင်းကင်း

ဘုဉ်းပေးရင်း

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးသည် မည်သည့် စားသောက်ဖွယ်ရာမျိုးကိုမှ တောင့်ဘခြင်းမျိုးမရှိကြောင်း၊ ဆက်ကပ်လှူဒါန်းသည့် စားသောက်ဖွယ်ရာများကိုသာ ဘုဉ်းပေးသုံးဆောင်တော်မူသည်။ မည်သည့်စားသောက်ဖွယ်ရာကို အကြိုက်နှစ်သက်ဆုံးဖြစ်သည်ကို မှန်းဆ၍ မရနိုင်ပါ။ ချက်ပြုတ်၍ ကပ်လှူသော ဟင်းပုဂံများအားလုံးမှ ဟင်းများကို အညီအမျှခပ်ယူ၍ ဘုဉ်းပေးသုံးဆောင်တော်မူပါသည်။ ၁၃၂၈-ခုနှစ်မှစ၍ သက်သတ်လွတ် ဆွမ်း၊ ဆွမ်းဟင်းတို့ကို စံလွန်တော်မူသည့်အချိန်အထိ ဘုဉ်းပေးသုံးဆောင်တော်မူပါသည်။

မည်သည့်ယောဂီ၊ မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမျှ တိုက်တွန်းခြင်းကြောင့် ဘုဉ်းပေးခြင်းမဟုတ်ဘဲ ဆရာတော်ကြီးမှာ မိမိ၏ကျန်းမာရေးအခြေအနေအရ သက် သတ်လွတ် ဆွမ်းဘုဉ်းပေးသုံးဆောင်ခြင်း ဖြစ်ပါသည်။

အခြားသော ရဟန်း၊ ရှင်၊ လူ၊ ယောဂီများ သက်သတ်လွတ် သုံးဆောင်မည်ဟု လျှောက်ထားလျှင် လည်း ယောဂီများ သက်သတ်လွတ်စားဖို့ မလိုပါဘူး။ ဘုန်းကြီးက ဘုန်းကြီးရဲ့ ကျန်းမာရေးအတွက် သက်သတ်လွတ် စားတာပါ" ယောဂီများ သက်သတ်လွတ် စားလိုလျှင်လည်း တိုက်တွန်းပြောဆိုခြင်းမျိုး မပြုတတ်ပါ။

အရက်ဆွမ်း

ဆရာတော်ဘုရားကြီးအတွက် အရက်ဆွမ်းကို ဆန်ပြုတ်၊ မြူစွမ်ပြုတ်၊ မြင်းခွာရွက်ရေ၊ ဟာလစ်၊ စာကလေးခွေနှင့် အချိုပွဲအတွက် သီဟိုဆဲလှော်၊ ပဲရေပွကြော်၊ ထန်းပင်မြစ်၊ ပေါင်မုန့်ကင်၊ အာလူးကြော် ချို(စ်)ကို အတုံးလေးများတုံး၍ နှမ်း၊ ကြက်သွန်ကြော်တို့နှင့် ရောစပ်ပြီး ငန်စိမ့်အရသာများကို နေ့စဉ်လိုပင် ဆက်ကပ်လှူဒါန်းကြပါသည်။ သီးခြားအလှူရှင်များ ရောက်လာပါကလည်း ပါလာသော လှူဒါန်းဖွယ်ရာများကို ပွဲတစ်ပွဲပြင်၍ ဆက်ကပ်လှူဒါန်းကြပါသည်။ ဆွမ်းကျောင်းမှ ဒေါင်းလန်း (ယွန်းဒေါက်ဗန်း)များဖြင့်ပြင်၍ ကပ်ဖိုကြီး ဦးကြွင်မှ ဆက်ကပ် လှူဒါန်းပါသည်။



နေ့ဆွမ်း

ဆရာတော်ကြီးမှာ သက်သတ်လွတ်စားသောကြောင့် ဟင်းသီးဟင်းရွက်များကိုသာ ချက်ပြုတ်ရသည်။ အသီးအရွက်ကြော်၊ ဒန့်ဒလွန်သီးချဉ်စပ်၊ ဟင်းချို (ချဉ်ရေ) ငါးပိကြော် (ခရမ်းချဉ်သီးပန်ထွေဖော်) အာလူး၊ ပဲတစ်မျိုးစီ၊ တစ်လှည့်စီ အသီးသီးချက်ပြုတ် ဆက်ကပ်လှူဒါန်းကြပါသည်။ ရာသီအလိုက် ရရှိလာသော ဟင်းသီးဟင်းရွက်များကိုလည်း အသုံးပြု၍ နေ့စဉ်ဟင်း ၆-မျိုးပြည့်အောင် စီမံဆောင်ရွက်ကြသည်။ အချိုပွဲကိုလည်း သစ်သီးမျိုးစုံမုန့်တို့နှင့် နေ့စဉ် ၆-မျိုး၊ ၇-မျိုး စီစဉ်ဆက်ကပ်ကြသည်။ ဟာလစ်နှင့် မြင်းခွာရွက်ရေကို နေ့စဉ်ဘုဉ်း ပေးသုံးဆောင်ပါသည်။ လက်ဖက်ခြောက်ရေကို ဘုဉ်းပေးသုံးဆောင်ခြင်းမပြုပါ။

ညနေပိုင်း

ဆရာတော်ဘုရားကြီးသည် ညနေပိုင်းတွင် သံပုရာသီးဖျော်ရေကိုသာ ဘုဉ်းပေး သုံးဆောင်တော်မူသည်။

ဆန်ပြုတ်ပြုတ်နည်း

ရှေးအခါက ရဟန်း၊ ရှင်၊ လူယောဂီများအား လုံး နံနက်စောစော အရက်အချိန်၌ ဆန်ပြုတ်နှင့်ပဲနီ



ပြားပြုတ်ကိုသာ ဘုဉ်းပေးသုံးဆောင်ရသည်။ ဆရာတော်ကြီးအတွက် ဆန်ပြုတ်ကို မီးသွေးမီးဖိုလေးနှင့် သီးခြားပြုတ်၍ ဆက်ကပ်ကြပါသည်။ ဆန်ကိုရေမြုပ်ရုံလောက်ထည့် ဆီအနည်းငယ်ထည့်၍ ကြိုရသည်။ ဆန်လုံးများ ပွလာသောအခါ အဆက်မပြတ် မွှေပေးနေရပါသည်။ ရေခမ်းခါနီး ဆန်လုံးများ ကျိုးကျသွားသောအခါ ရေစိမ်းမတည့်ဘဲ ရေနွေးပူပူကိုသာလောင်းထည့်ရပါသည်။ ရေဆူလာသောအခါတွင်လည်း အဆက်မပြတ် တရစပ်မွှေ ပေးနေရပါသည်။ နာရီဝက်ကျော်ကျော် မွှေပေးနေမှ ဆန်လုံးများပျောက်၍ ကစီနှစ်ရေဖြစ်ပြီး အထူးသောက်၍ကောင်းလှသော ဆန်ပြုတ်မျိုးကို ရရှိနိုင်ပါသည်။ ဆားကို သောက်ခါနီးမှ လိုအပ်သလိုထည့်၍ ဘုဉ်းပေးသုံးဆောင်ပါသည်။

ဆားချက်နည်း

ဆရာတော်ဘုရားကြီး သုံးဆောင်ရန်အတွက် ဆားကိုသီးသန့်ဖြစ်အောင် သန့်စင်ကြိုချက်ပြီးမှ အသုံးပြုကြပါသည်။ ပထမဦးစွာ ဆား ၁-ပိဿာကို ရေအေးနှင့်ဖျော်၍ မီးဖိုပေါ်တင်ပြီး အနည်းငယ်ပူလောင်လာအောင် မွှေပေးရသည်။ ဆားများအားလုံး ပျော်ဝင်သွားသောအခါမှ ပိတ်ပါးပါးနှင့် သုံးကြိမ်သုံးခါ စစ်ရပါသည်။ ယင်းသို့ ဆောင်ရွက်ပြီးသော ဆားရည်များကို မီးဖိုပေါ်တင်ပြီး ရေမျှားခန်းခြောက်သွားသည်အထိ ကြိုချက်ရပါသည်။ ရေမခမ်းသေးသည့်အချိန်မှ ရေခမ်းသည်အထိ ကြိုချက်နေစဉ် ဆူတက်လာသောအမြှုပ်များကို ခပ်ထုတ်ပစ်ရပါသည်။ ဆားပွင့်များ ဖြစ်လာသော်လည်း ရေလုံးဝမကျန်ရအောင် မီးဖိုပေါ်တွင်ပင် လှော်ပေးရပါသည်။ ၄င်းဆားမှာ ဂလူးကို့စ် ပုံစံမျိုးဖြစ်၍ အစိုမပြန်တော့ပါ။ တစ်ခါတလေ ဂလူးကို့စ်နှင့် မှားယွင်း၍ သုံးစွဲမိကြသေးသည်။

သကြားချက်နည်း

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညနေပိုင်းဖျော်ရည် ဘုဉ်းပေးသုံးဆောင်ရန်အတွက် အသင့်ဖြစ်စေရန် သကြားကို အရည်ကြိုထားရပါသည်။ သကြား ၃-ပိဿာကို ရေအေးနှင့်မွှေပြီး မီးဖိုပေါ်တင်၍ အနည်းငယ်ပူလာသည်အထိ မွှေပေးရပါသည်။ သကြားပွင့်များ ပျော်ဝင်သွားသောအခါ ပိတ်ပါးပါးနှင့် သုံးကြိမ်သုံးခါ စစ်ရပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ပြီးသော သကြားများကို မီးဖိုပေါ်တင်၍ ကြိုချက်ရပါသည်။ ကြိုချက်ချိန်တွင် အမြှုပ်နီနီများတက်လာတတ်ပါသည်။ ဆူတတ်လာသော အမြှုပ်နီနီများကို စဉ်ဆက်မပြတ် ခပ်ထုတ်ပစ်ရပါသည်။ သကြား အရောင်ကြည်လာသောအခါ မှ အအေးခံ၍ ပုလင်းများနှင့်ထည့်ပြီး လုံအောင်ပိတ်ထားရပါသည်။ တစ်ကြိမ်ပြုလုပ်ထားလျှင် ၂-လခန့် ကြာအောင် သုံးစွဲနိုင်ပါသည်။ ဆားနှင့် သကြားချက်ချိန်ကို ဆွမ်းချက်ချိန်နှင့်မတိုက်ဆိုင်ရန် ညနေ ၂-နာရီမှ ၆- နာရီထိကြာအောင် မီးဖိုနားတွင် စောင့်၍ ကြိုချက်ကြရပါသည်။

လုံးချောဆန်ရွေး ချက်ပြုတ်ရေး

မဟာစည်ဆရာတော်ဘုရားကြီးအတွက် ပြုတ်ဆန်နှင့် ချက်ဆန်တို့ကို တစ်လုံးချင်း ရွေးကြပါသည်။ ကျိုးပဲ့နေသော ဆန်စေ့များကို ဖယ်ပြီး ဆန်လုံးချောများရရှိလာအောင် ရွေးကြရပါသည်။ အချို့ဆန်စေ့များမှာ ကျိုးပဲ့ခြင်းမရှိဘဲ ဆန်လုံးချောသော်လည်း တစ်လုံးချင်း ထောင်ကြည့်ပြီး ကြည်နေသော ဆန်စေ့များကိုပယ်၍ ဆန်အနှစ်ပြည့်ပြည့်နှင့် လုံးချောဆန်လုံးများကိုသာ ရွေးယူပြီး ဆွမ်းချက်ကြသည်။ နေ့စဉ်တစ်နေ့နို့ဆီ ၂-ပူးစာရအောင်ရွေး၍ နေ့တိုင်း ဆန် ၂-ပူးချက်ပြီး ဆက်ကပ်လှူဒါန်းကြပါသည်။

ဒေသစာရီ ကြွချီစဉ်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် နှစ်စဉ်နတ်တော်လပြည့် ပူဇော်ပွဲပြီးတိုင်း မော်လမြိုင်တောင်ဝိုင်းကလေး သတိပဋ္ဌာန်မဟာစည် ရိပ်သာသို့ကြွ၍



၂-လကြာသည်အထိ သီတင်းသုံးနေထိုင်ပြီးမှ ရန်ကုန်မြို့ သာသနာ့ရိပ်သာကြီးသို့ ပြန်ကြွလာတတ်ပါသည်။

ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး၏ သာသနာပြုခရီးစဉ်များကို ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်မှ စာရင်းပြု၍ သက်ဆိုင်ရာ ကပ်ဝိယများသို့ သတင်းပေးပို့ပါသည်။ ဆွမ်း၊ ကွမ်း ကိစ္စအဆင်ပြေ စေရန် ဆွမ်း၊ ကွမ်းတာဝန်ခံ ဒေါ်အေးကြည်အား သတင်းပို့ပါသည်။ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်၏ သတင်းပေးပို့ချက်အရ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ကြွရောက်ရမည့် အရပ်ဒေသတို့တွင် ကျန်းမာရေးနှင့် ညီညွတ်သော ဆွမ်းဟင်းလျာများ စီမံချက်ပြုတ်ဆောင်ရွက်နိုင်ရန်အတွက် ဒေါ်အေးပု (ကွယ်လွန်)၊ ဒေါ်မြသွယ်၊ ဒေါ်မြသင်တို့အား လိုက်ပါဆောင်ရွက်စေခဲ့ပါသည်။ ဆရာတော်ဘုရားကြီးအားလည်း ဝေယျာဝစ္စများ လိုက်ပါမည့်အကြောင်းကြိုတင်၍ လျှောက်ထားရပါသည်။

"တပည့်တော်တို့တတွေ လိုက်လာပြီး စီမံချက်ပြုတ်တာက ဆရာတော်ဘုရားကြီး၏ အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း ဘုဉ်းပေးနေကျအတိုင်း အပြောင်းအလဲ မဖြစ်ရအောင် တစ်ကြောင်း၊ ကျန်းမာရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ပြီး ဖြစ်ရအောင် ချက်ပြုတ်ဆောင်ရွက်ပေးတာပါ။ တပည့်တော်တို့တတွေ အားလုံးစီမံပြီးရင် ဒီအရပ်မှာရှိကြတဲ့ ဒါယကာ + ဒါယိကာမများနှင့် အလှူရှင်များက ဆက်ကပ်ကြရမှာ ဖြစ်ပါတယ်" ဟူ၍ ရှင်းပြရပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ "ကြံခင်းမြို့ ဓမ္မစကြာကျောင်းတိုက်၊ ကြို့ပင်ကောက်မြို့နှင့် မော်လမြိုင်ကျွန်းတိုက်ကျောင်း" တို့၌ ကြုံတွေ့ခဲ့ရဖူးပါသည်။

ကျောင်းတိုက်တွင်း၌

မဟာစည်ဆရာတော်ဘုရားကြီးအား တစ်ပါးချင်း ဆွမ်းဆက်ကပ်လိုသူများအား ဒိုင်ယာယီစာအုပ်နှင့် သတ်မှတ်ရေးသားပေးရပါသည်။ ဆွမ်းဆက်ကပ်လိုသူများက အလှူငွေကို ကြိုတင်ပေးသူများရှိသလို ဆွမ်းကပ်ခါနီးမှ လှူကြသူများလည်း ရှိကြပါသည်။ ၎င်းငွေများကိုစာရင်းပြုပြီး ကပ်ဝိယကြီးဦးကြုံင်သို့ အပ်နှံထားရပါသည်။ ဆွမ်းတစ်နပ်လျှင် ၃၀၀/-သတ်မှတ်ထားသော်လည်း ၃၀၀၀/-မှ ၅၀၀၀/-အထိ လှူဒါန်းကြသူများလည်း ရှိကြပါသည်။ စာရေးသူကိုယ်တိုင်မှာ ဆရာတော်ကြီးအား ဆွမ်း ၂-နပ်၊ ၂-ကြိမ်သာ ဆက်ကပ်ခဲ့ဖူးပါသည်။ ဆွမ်းဆက်ကပ်လိုသူများ ဆွမ်းကပ်မည့်သူများမှာ နေ့စဉ်လိုပင်ရှိနေကြပါသည်။ ဆရာတော်ဘုရားကြီးမှာ ငယ်ရွယ်စဉ်က အပြင်မှပင့်သောအလှူများကို လက်ခံ၍ကြွရောက် ခီးမြှင့်တော်မူ သော်လည်း ၁၉၇၂-ခု နှစ်နောက်ပိုင်းတွင် အပြင်ပင့်ဆွမ်းများသို့ ကြွရောက်ခြင်း မရှိတော့ပါ။ စံကျောင်းတော်အောက်ထပ်၌ ကပ်ဝိယကြီးဦးကြုံင်မှ ဆက်ကပ်သောဆွမ်းကိုသာ ဘုဉ်းပေးတော်မူခဲ့သည်။ အပြင်ပင့်ဆွမ်းများ မကြွရောက်နိုင်သည်မှာ ရိပ်သာထဲတွင် ဆွမ်းကပ်မည့်သူများ ရက်ပြည့်ရှိနေ၍ ဖြစ်ပါသည်။

အမျိုးသမီးအဖွဲ့ဖွဲ့

တရားရှုမှတ်သော ယောဂီများများပြားလာသည့်အလျောက် အဖက်ဖက်မှ လှူဒါန်းသည့် အလှူရှင်များလည်း ပေါ်ပေါက်လာကြပါသည်။ အထူးသဖြင့် ဆွမ်း၊ ကွမ်းအတွက် နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်ရန်နှင့် အလှူရှင်များ အဆင်ပြေပြေ လှူဒါန်းနိုင်ရန်အတွက် နုဂ္ဂဟအဖွဲ့လူကြီးများနှင့် ဆရာတော်ဦးဇဝနတို့ ညှိနှိုင်းတိုင်ပင်၍ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ၁၉၇၈-ခုနှစ်၊ မေလ ၂၅ ရက်နေ့ (၁၃၄၀ ပြည့် ကဆုန်လ ပြည့်နေ့) ပြည့်၊ နှစ်ပြည့်ဆုံသောနေ့တွင် ကုသိုလ်ဆန္ဒတူညီကြသော ယောဂီများ စုစည်း၍ တညီတညွတ်တည်း စည်းစည်းလုံး



လုံး ဆောင်ရွက်မှုများပြုနိုင်ရန် အဖွဲ့ကြီးတစ်ဖွဲ့ကို ထပ်မံ၍ ဖွဲ့စည်းတည်ထောင်ခဲ့ပြန်ပါသည်။

ဆွမ်းပဒေသာ စီစဉ်ကြ

ကျေးဇူးတော်ရှင် မဟာစည်တော်ဘုရားကြီး သက်တော်ထင်ရှားရှိတော်မူစဉ် ၁၉၈၁-ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့၌ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့. ဥက္ကဋ္ဌကြီး ဦးပွင့်ကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကောင်း၊ ဦးကြည်ညွှန့် (အင်္ဂလန်) ဦးယုဆိုင်၊ ဦးတင်မောင် အစရှိသော သဒ္ဓါဖြူစင် သူတော်စင် (၁၂)ဦးတို့ဖြင့် ဆွမ်းပဒေသာပင်ကို တစ်နှစ်လျှင် တစ်ကြိမ် (သို့) နှစ်ကြိမ် လှူဒါန်းကြသောကြောင့် နေ့စဉ်နှင့်အမျှ အရုဏ်တက် တစ်ပင်၊ မွန်းမတည့်မီ တစ်ပင် စားသောက်ဖွယ်ရာ ခဲဖွယ်ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်း ကြသောကြောင့် ကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ဘုရားကြီး အမှူးပြုတော်မူသော ကမ္မဋ္ဌာနာစရိယ နာယကဆရာတော်ကြီးများနှင့် တကွ တရားအားထုတ်ဆဲ ရဟန်းရှင် လူ အမျိုးသား၊ အမျိုးသမီးအပေါင်းတို့ ရှုမှတ်မှုမပျက် ချမ်းသာစွာဖြင့် တရားဘာဝနာများကို ကြိုးစားအားထုတ်လျက် ဝိပဿနာဉာဏ်စဉ် တရားများပင် နာကြားခွင့်ရရှိသူများလည်း တွေ့မြင်ရပါသည်။ ဆွမ်းပဒေသာပင် အလှူရှင်ပေါင်း ၁၃၅ ဦးထိ တိုးတက်လာခဲ့ကြောင်း တွေ့ရပါသည်။

၁၉၉၄-ခုနှစ်၊ အမျိုးသမီးစောင့်ရှောက်ရေးအဖွဲ့ အမှူဆောင်အစည်းအဝေးပွဲတစ်ခုတွင် အမှူဆောင်များက ဆွမ်းပဒေသာပင်ရန်ပုံငွေတရပ်ကို တည်ထောင်ရန် အကြံပြုကြပါသည်။ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့.ချုပ်၏ ခွင့်ပြုချက်ရယူပြီး အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့. အတွင်းရေးမှူး ဒေါ်တင်တင်မှ ဦးဆောင်လျက် ဥက္ကဋ္ဌ ဒေါ်မမကြီး ဒုဥက္ကဋ္ဌ (၁) ဒေါ်ခင်နွဲ့ရီ၊ ဒု-ဥက္ကဋ္ဌ ဒေါ်လှကြည်တို့မှ ထာဝရဆွမ်းပဒေ သာပင်ရန်ပုံငွေတစ်ရပ်ကို တည်ထောင်ခဲ့ကြပါသည်။ ထာဝရဆွမ်း ပဒေသာပင် တစ်ပင်လျှင်တစ်သောင်း ကျပ်သတ်မှတ်၍ အလှူငွေများကို ကောက်ခံခဲ့ကြပါသည်။ သဒ္ဓါတရားထက်သန်လှသော သူတော်စင်အပေါင်းတို့က ဝင်လာမစဲ တသဲသဲထည့်ဝင် လှူဒါန်းခဲ့ကြပါသည်။ ၂၀၀၃-ခုနှစ်၊ ဒီဇင်ဘာလထိ အပင်ပေါင်း (၁၄၇၈၀)ပင် ထိရှိခဲ့ပါသည်။ အပင် (၁၀၀၀)ပြည့်တိုင်း ရေစက်ချပွဲ တစ်ကြိမ်ကျင်းပခဲ့ရာ ယခုဆိုလျှင် ၁၄-ကြိမ် တိုင်ကျင်းပပြီး၍ ၁၅-ကြိမ် သိန်း ၁၅၀၀/-(သိန်းတစ်ထောင့် ငါးရာ) ကျင်းပရန် အနည်းငယ်သာ လိုပါတော့သည်။ ငွေပင်ငွေရင်းကို ဘဏ်၌ အပ်နှံ၍ ဖြစ်ပေါ်လာသော အသီးအပွင့် အတိုးအညွှန့်တို့ဖြင့် ရိပ်သာကြီးအတွင်းရှိ ဆရာတော်များနှင့် တရားအားထုတ်ဆဲ ဆရာတော်များအား အလှူရှင်မရှိသည့်ရက်များတွင် ဆက်ကပ်လှူဒါန်းကြပါသည်။

ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့. အမှူဆောင်များနှင့် ဟိတေသီအဖွဲ့. အမှူဆောင်များသည် အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့. အမှူဆောင်များသည်၊ ဆရာတူတပည့်များ ဖြစ်သည့်အားလျော်စွာ စိတ်နေသဘောထားလည်း တူညီကြ၍ တစ်ဦးနှင့်တစ်ဦး မေတ္တာလည်းရှိကြ၊ ကရုဏာလည်း သက်ရောက်ကြ၊ ဝမ်းမြောက် ဝမ်းသာ မုဒိတာလည်းဖြစ်ကြရပါသည်။ ဆရာတော်ဘုရားကြီး၏ -

"မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်း ချမ်းသာကြရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ ယောဂီများ လိုက်နာကျင့်သုံးရမည်ဖြစ်သောကြောင့် ဆရာကောင်းတပည့်များ ပီသစွာ အသိအလိမ္မာ ဉာဏ်ပညာတို့ ပြည့်စုံသည်ထက် ပြည့်စုံကြပါစေ . . . ဟု ဆုမွန်ကောင်းတောင်းလိုက်ရပါသတည်း။

မခင်ဝင်း (ပုတီးကုန်း)
B.A.Law LLB
တွဲဘက်အတွင်းရေးမှူး
အမျိုးသမီးယောဂီ
စောင့်ရှောက်ရေးအဖွဲ့.
မဟာစည်သာသနာ့ရိပ်သာ





ရဟန်း, ရှင်, လူ မည်သူမဆို တစ်ဦးနှင့်တစ်ဦး ရှေးအတိတ်ကံ ချင်း၊ ပစ္စုပ္ပန်ကံချင်း တူညီကြသည် မဟုတ်ချေ။ အချို့က ရှေးအတိတ် ကံကောင်း၏။ အချို့ ပစ္စုပ္ပန်ကံ ကောင်း၏။ အတိတ်ပစ္စုပ္ပန် ကံနှစ် မျိုးလုံးကောင်းသူကား ရှာမှရှား ဖြစ် သည်။ အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌသင်္ဂီ တိပုဏ္ဏက၊ ဂန္ဓကာရက မဟာစည် သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာ စည်ဆရာတော်ဘုရားကြီးသည်ကား အတိတ်ကံ ပစ္စုပ္ပန်ကံ နှစ်မျိုးလုံး ကောင်းသည်ဟု မှတ်ချက်ချမိသည်။

ဘုန်းကံထူးလည် မဟာစည်

ခိုင်ရွှေကြာ

အတိတ်ရှေးကံ

မဟာစည်ဆရာတော်သည် ရှေးအတိတ်ကံ ကောင်းလာသည်။ ရှေးအတိတ်ကံ ကောင်းလာသည့် အတွက် ရွှေဘို၊ ဆိပ်ခွန်ကျေးရွာမှ



ကြံ့တောင့်ကြံ့ခဲ့ မဟာစည် တရားပွဲ

မဟာစည်သာသနာ့ရိပ်သာ ခွဲခရမ်းသပြေကုန်းသာသနာ့ရိပ် သာကမ္မဋ္ဌာနာစရိယ ဦးသုမနနှင့် ယောဂီထောက်ပံ့ရေးအဖွဲ့၏ ပင့်လျှောက်ချက်ဖြင့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် ဝက်လက်မစိုးရိမ် ဦးတိသဃ၊ ရွှေစည်လယ်တီအရှင်ကုလိသ အစရှိသော သံဃာများ၊ ပုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် လူကြီးများနှင့် ပုဒ္ဓဓမ္မလောကစာစောင် အယ်ဒီတာ မင်္ဂလာ ဦးအောင်မြင့် လိုက်ပါလျက် ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း (၈) ရက်၊ (၃၀-၁-၇၄) နေ့လယ် မွန်းလွဲ ၁၂ နာရီ၊ ၃၅ မိနစ်အချိန် အထူးမော်တော်ယာဉ်ဖြင့်ထွက်လာခဲ့ကြသည်။

သန်လျင်မင်းကျောင်း

သံလျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်၌ မဟာစည်ဆရာတော်သည် ခရီးတစ်ထောက် နားတော်မူသည်။ ဩဝါဒခံယူပွဲ ကျင်းပသည်။ မိနစ် ၃၀ ခန့် တရား စကားမြွက်ကြားတော်မူသည်။

မြတ်စွာဘုရား ၄၅-ဝါ ဟောကြားတော်မူသော နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို အကျဉ်းချုံးလိုက်လျှင် သီလ, သမာဓိ, ပညာသာဖြစ်သည်။ သီလသာသနာ၊ သမာဓိသာသနာ၊ ပညာသာသနာကို ကြိုးစားဖြည့်ကျင့်ကြဖို့ တိုက်တွန်းနှိုးဆော်တော်မူသည်။ ပရိယတ်စာပေ သင်ကြား ပဋိရူပဒေသဝါသ ကောင်းဖြစ်သော ရန်ကုန်မြို့တော် ပဋိပတ္တိသာသနာပြုရာ ဌာနကောင်းသို့ ရောက်ရှိလာရသည်။ သာသနာ့ရိပ်သာသည် မြန်မာနိုင်ငံ၌ ထင်ရှားသော သာသနာ့ရိပ်သာဖြစ်သည်။ပစ္စည်းလေးပါး အပြည့်စုံဆုံးသော ရိပ်သာတစ်ခုလည်း ဖြစ်သည်။ ကောင်းမွန်သော အဆောက်အအုံများလည်း ရှိသည်။ နေရာဌာနကလည်း ကျယ်ဝန်းသည်။ ဆိတ်ငြိမ်သည်။ တရားအားထုတ်သူတို့ အဆင်ပြေသည်။ ပရိယတ်ဘက်တွင်လည်း ထူးချွန်တတ်မြောက်သော ဆရာတော် ဖြစ်သည်။ မဟာစည်ဆရာတော်အဖို့မှာ အတိတ်ကပါလာသော ရှေးကံသည် အလွန်ပြည့်စုံသည်ဟု ဆိုထိုက်သည်။

ပစ္စုပ္ပန်ကံ

မဟာစည်ဆရာတော်သည် သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံအောင် နေထိုင်တော်မူသည်။ စာပေပရိယတ္တိ ကျမ်းဂန်ကို မပြတ် ပို့ချတော်မူခဲ့သည်။ သတိပဋ္ဌာန် ဝိပဿနာ တရားတော်ကို မပြတ်ရှုမှတ်တော်မူသည်။ ရှုမှတ်လိုသော ရဟန်းရှင်လူတို့အားလည်း ရှုမှတ်နည်းကို ပြသညွှန်ကြားတော်မူသည်။ သတိပဋ္ဌာန် အလုပ်ပေးတရားတော်ကြီးကို တစ်ပြည်လုံး လှည့်လည်၍ ဟောကြားတော်မူသည်။ ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မ သဘင်ကြီး၌လည်း ပုစ္ဆကအမေး တာဝန်ကို ဆောင်ရွက်တော်မူသည်။သူတစ်ပါး အပြစ်အနာအဆာကို ပြောဆိုခြင်းမှ လုံးဝ ရှောင်ကြဉ်တော်မူသည်။

ခရမ်းမြို့၊ သပြေကုန်း

ခရမ်းမြို့သည် ရှေးက ရန်ကုန်မှ ရေလမ်းပေါက်သည်။ ပဲခူးမီးရထားလမ်း ပေါက်ဖူးသည်။ တစ်ချိန်က ရန်ကုန်မှ သန်လျင်သို့ သင်္ဘောဖြင့်ကူး၍ သန်လျင်မှခရမ်းသို့ မော်တော်ယာဉ် ကားလမ်းပေါက်သည်။ သန်လျင်မှ ခရမ်းသို့ ၃၄-မိုင်ဝေးသည်။ သပြေကုန်းသာသနာ့ရိပ်သာသည် ခရမ်း မြို့မြောက်ပိုင်းမှာ တည်ရှိသည်။ မဟာစည်ဆရာတော်၏ သတိပဋ္ဌာန်မျိုးစေ့ကို စိုက်ပျိုးခဲ့သည်မှာ ၁၃၇၅-ခုနှစ်၊ ၁၉၇၄-ခုနှစ်၌ နှစ်ပေါင်း ၂၂-နှစ်ရှိခဲ့ပြီဖြစ်သည်။



မှုသည် ရေသောက်မြစ်သဖွယ်ဖြစ်သည်။ ရေသောက်မြစ်ကို ရေလောင်းသောအားဖြင့် သင်ကြားပို့ချကြဖို့ အလေးအနက် တိုက်တွန်းသည်။

တရားထူးရဖို့ အကြောင်းနှစ်ပါးကို ဟောကြားသည်။ ပရတောယောသ=သူတစ်ပါးအထံမှ တရားတော်ကို နာခံမှတ်သားရခြင်း၊ ယောနိသောမနသိကာရ=သင့်လျော်သောနှလုံးသွင်းရှိခြင်း အင်္ဂါနှစ်ပါးနှင့် လျော်ညီအောင် တရားအားထုတ်သင့်ကြောင်းကို မိန့်ကြားသည်။ ပုထုဇဉ်အဖြစ်မှလွတ်မြောက်အောင် အရဟတ္တဖိုလ်ရသည်အထိ ကြိုးစားအားထုတ်သည်။ ပုထုဇဉ်အဖြစ်မှ လွတ်မြောက်အောင် အရဟတ္တဖိုလ်ရသည်အထိ ကြိုးစားအားထုတ်ကြဖို့ လေးနက်စွာ နှိုးဆော်တိုက်တွန်းတော်မူသည်။ တစ်ပတ်လျှော့ပြီး အနာဂါမ်ဖြစ်အောင်၊ သကဒါဂါမ်ဖြစ်အောင်၊ အနည်းဆုံး သောတာပန်ဖြစ်အောင် ကြိုးစားသင့်ကြောင်းကို မိန့်ကြားတော်မူသည်။

နောက်ဆုံးအနေဖြင့် -

၁။ အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့်ရောက်ပါစေ၊

၂။ ထိုဉာဏ်ဖြင့်လည်း၊ မတော်ဘဲ၊ ဆင်းရဲငြိမ်းပါစေ၊

၃။ ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ၊

ဟု သြဝါဒသုံးပါး မိန့်ခွန်းတော်ဖြင့် အဆုံးသတ်သည်။

သူတော်ကောင်းတို့စိတ်

ခရမ်းမြို့၌ သတိပဋ္ဌာန်မျိုးစေ့ကို စိုက်ပျိုးကြခဲ့ချိန်မှ အစပြု၍ ရေတွက်သော် (၂၂)နှစ်ကြာပြီဖြစ်သော်လည်း အဂ္ဂမဟာပဏ္ဍိတ၊ မဟာစည်ဆရာတော်ဘုရားကြီးသည် ဤတစ်ကြိမ်သာ အကြောင်းညီညွတ်၍ ကြွတော်မူနိုင်ခြင်းဖြစ်သည်။ကြုံတောင့်ကြုံခဲဖြစ်၍ သန်လျင်မြို့မှ ဒါယကာဒါယိကာမများ၊ မင်းကျောင်းပထမပြန်စာသင်တိုက်မှာစုပေါင်း၍ ကန်တော့ပြီး သြဝါဒခံယူကြခြင်း ဖြစ်သည်။

သန်လျင်မှ ကျိုက်ခေါက်

မဟာစည်ဆရာတော် ဘုရားကြီးသည် နှစ်နာရီ မိနစ်သုံးဆယ် အချိန်မှာ သန်လျင်မြို့မှ ထွက်ခွာလာရာ ညနေ ၃ နာရီအချိန် ကျိုက်ခေါက်ဘုရားကုန်းပေါ်ရောက်သည်။ သင်္ကန်းရုံ ခေတ္တဖျက်၍ ဘုရားဝတ်ပြုသည်။

ဘုရားဝတ်ပြုပြီးသောအခါ သြဝါဒအနည်းငယ် မိန့်ကြားသည်။ ဘုရားဆိုတာ ပကတိအမြင်အားဖြင့် အုတ်ပုံကြီးကို မြင်ကြမှာပဲ။ အုတ်ပုံကြီးအတွင်းမှာရှိသော ဓာတ်တော်မွေတော်နှင့် ဘုရားရှင်၏ အရုပ် အစရှိသောဂုဏ်တော်တွေသို့ရောက်အောင် အာရုံပြုပြီး ရှိခိုးဦးချ ကန်တော့ကြရမှာပဲ အစရှိသည်ဖြင့် ဗုဒ္ဓါနုဿတိဂုဏ်တော် ပွားများရေးကို အလေးအနက် တိုက်တွန်းတော်မူသည်။

လက်ျာရစ်လှည့်လည်

မဟာစည်ဆရာတော်ကြီးနှင့် အဖွဲ့ဝင်တို့သည် ကျိုက်ခေါက်ဘုရားကို လက်ျာရစ် လှည့်လည်တော်မူသည်။ လှည့်လည်ရာ၌ နေပူခိုန်ဖြစ်၍ ကျောက်ဖျာပေါ်နင်းမိတိုင်း ခြစ်ခြစ်တောက်ပူလှသည်။ ဆရာတော်ဘုရားကြီး ခြေထောက်တော်မပူရန် သင်ဖျာလေးငါးချပ်ဖြင့် ရှေ့ကခပ်မြန်မြန်ခင်း၍ နောက်က ခပ်မြန်မြန်ရုတ်ရသည်။ နောက်ကရုတ်ပြီး ရှေ့မှာ အလျင်အမြန် ခင်းရသည်။ ဤသို့ ပညာသားပါပါစီစဉ်၍ အရှေ့ဘက်မုခ်သို့ ရောက်သည်။

သူဌေးကွင်းရွာ

ညနေ ၃ နာ ရီ၊ မိနစ် ၃၀ အချိန် ကျိုက်ခေါက်မှထွက်၍ အနည်းငယ်အချိန်မှာသူဌေးကွင်းရွာရောက်သည်။သူဌေးကွင်းကျေးရွာမှ ယာယီမဏ္ဍပ်ငယ် ဆောက်လုပ်၍ မဟာစည်ဆရာတော်နှင့် နောက်ပါသံဃာတော်များကို အချိုရည်ကပ်၍ ရှိခိုးပူဇော်ကန်တော့ကြခရီးဦး ကြိုဆိုကြသည်။ တရားအနည်းငယ်ဟောပြော၍ ခရီးဆက်သည်။

သုံးခွမြို့

ညနေ ၅ နာရီအချိန်ခန့်မှာ သုံးခွမြို့စွေးအနီး ဆုတောင်းပြည့်ဘုရားတန်ဆောင်း ဧည့်ခံမဏ္ဍပ်၌ ဆရာတော်ဘုရားကြီးကို ပူဇော်



ကန်တော့ကြသည်။ ဆရာတော်ဘုရားကြီးက ဒါနနှင့်ပတ်သက်၍ အနည်းငယ်ဟောကြားပြီး နောက်ဆုံး၌ ဝိပဿနာတရားကို ကြိုးစားအားထုတ်ကြဖို့ အထူးတိုက်တွန်းနှိုးဆော်တော်မူသည်။

သုံးခွမှခရမ်း

ညနေ (၅) နာရီ မိနစ် (၃၀) အချိန်မှာ သုံးခွမှခရမ်းသို့ မော်တော်ယာဉ် ၁၀-စီးဖြင့် ထွက်ခွာလာရာ ညနေ (၄)နာရီအချိန်မှစ၍ ကြုံဆိုစောင့်ဆိုင်းနေကြသော ခရမ်းမြို့သူမြို့သားတို့၏ သဒ္ဓါတရားကို ထိန်းသိမ်း၍ အားလုံး ဆရာတော်ကြီး အပါအဝင် သုံးခွမှလာခဲ့သော အစီအစဉ်အတိုင်း ခရမ်းတစ်မြို့လုံး လှည့်လည် အပူဇော်ခံကြသည်။ ဆရာတော်ဘုရားကြီးကား လုံလဝီရိယနှင့်ပြည့်စုံ၍ မည်သို့မျှ အမိန့်တော်မရှိဘဲ လိုက်လျောတော်မူသည်။ ညဉ့် ၇ နာရီအချိန်မှ နေရာဌာန သပြေကုန်း သာသနာ့ရိပ်သာသို့ ရောက်ကြသည်။

ကြည်ညိုစိတ်တွေတိုးလာ

ဤစာရေးသူသည် ဤစာမရေးသားခင် လွန်ခဲ့ပြီးသောနှစ်မှစ၍ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာကို ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာနှင့် တွဲဖက်ပို့ချခဲ့ပါသည်။ ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာနိဿယကို အားကိုးအားထားပြုရသောအချိန်မှစ၍ ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာနိဿယ ကျမ်းပြု ဂန္ဆကာရက မဟာစည် ဆရာတော်ဘုရားကြီးကို ကြည်ညိုလေးစားလျက်ရှိသည်။ ပင်ကိုကကြည်ညိုလေးစားနေရာတွင် ခရမ်းမြို့သို့ တရားဟောကြတော်မူရာ၌ ဒါယကာ ဒါယိကာမများအပေါ် မေတ္တာကရုဏာ ထားတော်မူ၍ ကိုယ်ကာယ ပင်ပန်းနွမ်းနယ်မှုများကိုပဓာနမထားဘဲ လမ်းတစ်လျှောက် ရဟန်းရှင်လူတို့အား တရားဒေသနာအမြိုက်ဆေး တိုက်ကျွေးတော်မူသည်ကို တွေ့ရသောအခါ ပို၍ပင် ကြည်ညိုစိတ်များ တဖွားဖွား တိုးပွားလာပါသည်။ ပရိယတ္တိ ပဋိပတ္တိ ဘက်မှာ စွယ်စုံတတ်မြောက်သော ဆရာတော်ဘုရားကြီးများ ဤကဲ့သို့ အပင်ပန်းခံကာ ချီးမြှောက်တော်မူကြပါလျှင် သာသနာရေးအတွက် အားတက်ဖွယ်ရာပင် ဖြစ်မှာပါတကားဟု စိတ်ကူးကြံစည်မိသည်။

တရားပွဲများ

တပို့တွဲလဆန်း ၅ ရက်၊ ၆ ရက်၊ ၇ ရက်နေ့ ညဉ့်များ၌ ရွှေဘိုမြို့ စေတီတော် သာသနာ့ရိပ်သာ ဆရာတော် ဦးတိလောကနှင့် ရန်ကုန် သရက်အောင်မင်္ဂလာ ဆရာတော် ဦးစန္ဒာဝရတို့က ခရမ်းမြို့သူမြို့သားတို့အား တရားဒေသနာအမြိုက်ဆေးကို တိုက်ကျွေးတော်မူကြသည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် သတိပဋ္ဌာန်မျိုးစေ့ကို ခရမ်းမြို့၌ လွန်ခဲ့သော (၂၂)နှစ်က စိုက်ပျိုးခဲ့ရာ ယခုမှပင် အကြောင်းညီညွတ်သဖြင့် ကြွရောက်အားပေးတော်မူခွင့် ရရှိပါသည်။ စေတနာ မေတ္တာ အပြည့်အဝဖြင့် တရားဒေသနာမိုးကို ရွာဖြိုးသွန်းချတော်မူသည်။ မဟာစည် ဆရာတော်ဘုရားကြီးသည် ၁၂၆၆-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်၊ ၂၉-၇-၁၉၀၄ ခုနှစ်၊ သောကြာနေ့နံနက် ၃ နာရီအချိန်၌ မီးရှူးသန့်စင် ဖွားမြင်တော်မူသည်ဖြစ်၍ ယခု ၁၃၃၅-ခုနှစ်၌ (၆၉)နှစ်ရှိပြီဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး သက်တော်ရှည်၍ ပဋိပတ္တိသာသနာ ပြုတော်မူနိုင်ပါစေဟု ဆုတောင်း၍ ၂၂ နာရီကြာ တရားတစ်ညဉ့်မပြည့်သော ခရမ်းမြို့၊ သပြေကုန်း သာသနာ့ရိပ်သာ တစ်ညအိပ်သွားခဲ့သော တရားပွဲသွားဆောင်းပါးကို လက်စသတ်လိုက်ပါသည်။

* မဟာစည်
သာကြည်တဲ့ ထေရ်ဘုန်း။
အသိအမြင်မှန်ဖို့
သတိပဋ္ဌာန် အမြိုက်ဆေးကို
တိုက်ကျွေးရှင်ပြုံး ။ ။
* ထောင့်သုံးရာ သုံးဆယ့်ငါး
မြဲမှတ်သား ကုံရာသီ
တွဲလသည်။
အဋ္ဌမီ ဆန်းပြီကွဲ့ လဆန်း။
နိဗ္ဗာန်ကို မိဋ္ဌာန်ပေါက်အောင်
ကြွရောက်ခရမ်း။ ။

၅-၈-၇၄
ခိုင်ရွှေကြာ

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



ဝိပဿနာ သာသနာအကျိုး ချစ်ပြတ်နိုး

ဓမ္မဒီပဆရာတော် (တိုကျို)

ထိုသုံးကြိမ်တွင် ဩဂုတ်လ အားလပ်ရက်များ၌ Shizuoka-Kan ရှိ Buppo Gaka Sho ခေါ် မဟာယာန ကျောင်းတိုက်၊ ဆယ်ရက်တရားစခန်းပွဲ ဖွင့်လှစ်ကျင်းပ အားထုတ်လာခဲ့ကြသည်မှာ ယခုနှစ် ၂၀၀၂ ခုနှစ်ဆိုလျှင် ခုနစ်ကြိမ်တိုင် ရောက်ခဲ့ပြီဖြစ်ပါတယ်။ ယခုနှစ်တွင်လည်း ၎င်းတရားစခန်းပွဲသို့ သွားရောက်နိုင်ရန်အတွက် ၉-၈-၂၀၀၂ နေ့ ၁၁-နာရီ ၄၅-မိနစ်အချိန်တွင် လိုက်ပို့ပေးမည့် ဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌနှင့်အတူ ဓမ္မဒီပမှ စတင်ထွက်ခွာလာခဲ့ပါတယ်။ ငါးမိနစ်ခန့် လမ်းလျှောက်ပြီး Ushigo Me Yana Gi Cho မြေအောက်ဘူတာမှ Oedpsan လိုင်းရထားစီးကာ Okachimachi ဘူတာရောက်တော့ မြေပေါ်သို့ တက်ကာ Yamnte လိုင်းကို ထပ်ပြောင်းပြီး Tokyo ဘူတာသို့ မွန်းလွဲ ၁၂-နာရီ၊ ၃၅-မိနစ်အချိန်တွင် ရောက်ရှိပါတော့တယ်။ လိုက်ပို့ပေးသူအတွက် စက်ြံလက်မှတ်ဝယ်ရသည်မှာ မိမိတို့ကဲ့သို့ သွားလာသူများပြားလှသဖြင့် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်အချိန်မှ လက်မှတ်ရရှိပြီး Shincansan (အမြန်ရထား)စီးရမည့်

ဝိပဿနာ သာသနာအကျိုး ချစ်ပြတ်နိုး

ဓမ္မဒီပဆရာတော် (တိုကျို)

ထိုသုံးကြိမ်တွင် ဩဂုတ်လ အားလပ်ရက်များ၌ Shizuoka-Kan ရှိ Buppo Gaka Sho ခေါ် မဟာယာန ကျောင်းတိုက်၊ ဆယ်ရက်တရားစခန်းပွဲ ဖွင့်လှစ်ကျင်းပ အားထုတ်လာခဲ့ကြသည်မှာ ယခုနှစ် ၂၀၀၂ ခုနှစ်ဆိုလျှင် ခုနစ်ကြိမ်တိုင် ရောက်ခဲ့ပြီဖြစ်ပါတယ်။ ယခုနှစ်တွင်လည်း ၎င်းတရားစခန်းပွဲသို့ သွားရောက်နိုင်ရန်အတွက် ၉-၈-၂၀၀၂ နေ့ ၁၁-နာရီ ၄၅-မိနစ်အချိန်တွင် လိုက်ပို့ပေးမည့် ဝေယျာပလက်ဖောင်းအမှတ် (၁၇) သို့ သွားရောက် စောင့်နေကြရပါတယ်။ နေ့ ၁-နာရီ ၂၅-မိနစ်အချိန်တွင် တွဲများထိုးလာကြပြီး သန့်ရှင်းရေး အလုပ်သမားများက သန့်ရှင်းမှုများ ပြုလုပ်ပေးကြပြီးမှ အားလုံး ရထားတွဲပေါ်သို့ တက်ခဲ့ကြပါတယ်။

ရထားလက်မှတ်ခမှာ ယန်း ၄၂၈၀ ဖြစ်ပြီး နှစ်စဉ် Yokohama မှ ယောဂီ Nishida Sanက တစ်လခန့် ရထားလက်မှတ် ကြိုတင်ဝယ်ယူပြီး



ပို့ပေးထားပါတယ်။ ယခုလို ခရီးသွားများခြိန်မှာ အခြိန်နီးကပ်မှ လက်မှတ် သွားဝယ်၍ မလွယ်ကူတော့ပါ။ အပြန်ခရီးအတွက် လက်မှတ်ခကို နှစ်စဉ် Atami မှ ဘိက္ခုနီမကြီး Rev. Ashi Zawa Myoko က လှူပေးနေကျဖြစ်ပါတယ်။

မွန်းလွဲ ၁ နာရီ ၃၃ မိနစ်တွင် စတင်ရထားထွက်တော့မှပဲ လိုက်ပို့ပေးသူလည်း ပြန်သွားပါတော့တယ်။ လမ်းတွင် Shinyoko Hama ဘူတာနှင့် Odawara ဘူတာနှစ်ခုမှာပဲ အခြိန်အနည်းငယ်စီရပ်ပြီး၊ Atami ဘူတာသို့ မွန်းလွဲ ၂ နာရီ၊ ၂၅ မိနစ်တွင် ရထားဆိုက်ကာ တရားစခန်းဖွင့်နေရာကျောင်းသို့ မွန်းလွဲ ၂ နာရီ ၅၀ မိနစ်ခြိန်တွင် ရောက်ရှိသွားပါတယ်။ အခြို့ယောဂီများလည်း ရောက်နှင့်နေကြတာကို တွေ့ရပြီး မိမိအတွက် ပေးထားသောနေရာတွင်အနားယူရပါတယ်။

နှစ်စဉ် အားထုတ်လာကြသော ယောဂီများမှာ တိုကျိုအနီးအနားတစ်ဝိုက်မှ နည်းပါးပြီး ဂျပန်ပြည်တောင်ဘက်စွန်း ကျူးရှူးကွန်း၊ အိုဆာကာ၊ အိုခါးယာမစတဲ့ အဝေးရပ်များမှ လာရောက်ကြသူ ယောဂီများကြပါတယ်။ ဤနေရာ၊ ဤအခြိန် တရားစခန်းမှာ ရက်အကြာဆုံးဖြစ်ပြီး ၃ ရက်၊ ၅ ရက် စသည့် တရားအားထုတ်ပွဲတို့ကတော့ သီရိလင်္ကာဆရာတော် ဦးသုမနက အမြဲတရားဟောပြပေးနေလို့ လစဉ်လတိုင်းပဲ ရှိနေကြပါတယ်။

ကျောင်းတည်နေရာ

Atamiမြို့ကလေးမှာ Onn.sen ခေါ် ရေပူ, ရေအေးချိုးရန် နေရာများစွာရှိခြင်း၊ ပင်လယ်ကမ်းနံဘေးတွင်ကပ်လျက်သားတည်ရှိနေသဖြင့် ပင်လယ်ရေခဲ့မှု၊ ရေကူးရန် ဆိပ်ကမ်းသာများစွာနှင့် အဆင့်မြင့် Hotel ကြီးမားစွာရှိနေကြခြင်း၊ Atami Joo (အာတမိရဲတိုက်,ပြတိုက်ကြီး)စသည်တို့ရှိနေကြခြင်းတို့ကြောင့် အပန်းဖြေမြို့ငယ်တစ်ခုအနေဖြင့် ဂျပန်တွင်ကျော်ကြား ထင်ရှားသော မြို့ငယ်လေးတစ်မြို့ဖြစ်ပါတယ်။

၁၉၈၈ ခု၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် မဟာယာနဘုန်းတော်ကြီး Rev. Kaneda Douseki သည် ဂိုဏ်းတစ်ခုခုကို ဦးစားပေးခြင်းမပြုလို၍ သိက္ခာသုံးပါး (သီလ, သမာဓိ,ပညာ)ကို အခြေခံပြီး တရားဘာဝနာ ပွားများအားထုတ်နိုင်သည့် နေရာတစ်ခုအနေဖြင့် ဤကမ္မဋ္ဌာန်းရိပ်သာကို တည်ထောင်တော်မူခဲ့ပါတယ်။

(၁၉၉၀ ခု၊ ဖေဖော်ဝါရီလ ၂၃ ရက် နေ့၌ အထက်ဖော်ပြပါ ဘုန်းတော်ကြီး ပျံလွန်တော်မူခဲ့ပါသည်။)

ထို့နောက် ဤကမ္မဋ္ဌာန်းရိပ်သာကြီးကို မဟာယာန ဘိက္ခုနီ Rev. Ashizawa Myoko က ဦးစီးပြီး တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။

လစဉ်လတိုင်း သီဟိုဠ်ဆရာတော်ကြီး ဦးသုမနစာရ၏ ဩဝါဒကိုခံယူ၍ တရားစခန်းကို ဖွင့်လှစ်ပြသလျက်ရှိပါတယ်။ နှစ်စဉ်ဩဂုတ်လတိုင်းဌလည်း မြန်မာဆရာတော် ဦးဝိစိတ္တသာရကို ပင့်ဆောင်၍ (၁၀)ရက် တရားစခန်းကို ဖွင့်လှစ်ပြသဆောင်ရွက်လျက်ရှိနေပါတယ်။

ကျောင်းဆောင်များ

ယောဂီများ နေထိုင်ရန် အဆောင်နှစ်ဆောင်ရှိပြီး အရှေ့ဘက်မှ သုံးထပ်တိုက်အပေါ်ဆုံးထပ်တွင် အမျိုးသားယောဂီများကို နေရာချထားပေးကြပါတယ်။ စုစုပေါင်း ၁၅ ယောက်ခန့် နေနိုင်ပါတယ်။ အလယ် (မြေညီ) ထပ်မှာတော့ ဆရာတော်များနေကြရပြီး အောက်ဆုံးအထပ်မှာတော့ Store ခန်းနှင့် ရေချိုးခန်းများ ရှိနေကြပါတယ်။

အနောက်ဘက် အဆောင်ကြီးကတော့ အကြီးဆုံးဖြစ်ပြီး ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ဘုရားခန်းငယ်တစ်ခု တွေ့ရပါတယ်။ အဲဒီနံဘေးအနောက်ဘက်တံခါးမှ ဆက်ဝင်သွားလျှင် ထိုအဆောင်ကြီးနောက်ကျောဘက်တွင် ပရိသတ်သုံးဆယ်ကျော်ခန့် တရားထိုင်နိုင်, လမ်းလျှောက်နိုင်တဲ့ ဘုရားခန်းကြီးနဲ့ ခန်းမကျယ်ကြီးအတွင်းသို့ ရောက်သွားနိုင်ပါတယ်။ အဲဒီခန်းမကြီးမှာပဲ အားလုံးစုပေါင်း တရားထိုင်ကြရခြင်း၊ လမ်းလျှောက်ကြရခြင်း၊ တရားစစ်၊ တရားဟောခြင်းကိစ္စတို့ကိုဆောင်ရွက်ပေးရပါတယ်။



အဲဒီခန်းမကြီးမှ အောက်ဘက်သို့ ဆင်းသွားလျှင်တော့ အမျိုးသမီးယောဂီများနေကြရသည့်အခန်းများ။ ထမင်းစားခန်းမ၊ မီးဖိုခန်းမ၊ နားနေခန်းမများ၊ ဝေယျာဝစ္စ ဆောင်ရွက်သူများတို့ရဲ့ အခန်းများ ရှိနေကြပါတယ်။ ဒါဟာ Buppo Gaku Sho ဆိုတဲ့ တရားစခန်းဖွင့် အားထုတ်ကြရတဲ့နေရာရဲ့မြင်ကွင်းဖြစ်ပါတယ်။

အစားအသောက်ကျွေးမွေးခြင်း

တရားစခန်း ဝင်ရောက်အားထုတ်လာကြသူများအတွက် နေစရိတ်၊ စားစရိတ် တစ်နေ့လျှင် ယန်း ၄၅၀၀ ပေးကြရပါတယ်။ နှစ်စဉ် အားထုတ်လာသူများအတွက်ကိုတော့ သင့်လျော်သလိုသာ ယူရပါတယ်။ မြန်မာယောဂီများအတွက်တော့ အခမဲ့ တရားအားထုတ်ခွင့် ရှိပါတယ်။ (၇)နှစ်အတွင်း မြန်မာလူမျိုးယောဂီ မသီတာခိုင်တစ်ဦးသာ လာရောက် အားထုတ်ဖူးကြောင်း ဘိက္ခုနီမကြီး Moeko San က ပြောပြလျှောက်ထားပါတယ်။ အစားအစာများကိုတော့ နံနက် ၆-နာရီမှာ တစ်ကြိမ်၊ နေ့လည် ၁-နာရီမှာ တစ်ကြိမ် နှစ်ကြိမ် ကျွေးမွေးပေးကြပါတယ်။

အစားအစာများကတော့ ဂျပန်ရိုးရာ သက်သတ်လွတ် အစားအစာများကို တစ်နေ့တစ်မျိုး မရိုးရအောင် မထပ်ရအောင် ဖရဲသီး၊ သခွားသီး၊ ပန်းသီး၊ ငှက်ပျောသီး၊ သစ်တော်သီး စသည့် ခဲဖွယ်တစ်မျိုးမျိုးစီနှင့် တွဲဖက်ပြီး ကျွေးပေးပါတယ်။ ၎င်းတို့အနက်မှ ဂျပန်ရိုးရာ အစားအစာတစ်မျိုးဖြစ်တဲ့ Tanpura (ဘူးသီး၊ ဖရုံသီး၊ ခရမ်းချဉ်သီး စသည်တို့ကို မုန့်နှစ်ဖြင့် ရောကြော်ထားသော အကြော်)ကို Shoyu ခေါ် ပဲငံပြာရည်နှင့်တွဲဖက်ပြီး သုံးဆောင်ရတာကို အနှစ်ခြုံက်ဆုံးပါပဲ။ ဘိလပ်ရည်၊ ဂျူး(စ်)၊ ဖျော်ရည်ဗူးများ (သေတ္တာလိုက်)၊ ရေနွေး၊ နွားနို့, သကြားတို့ကိုလည်း အခြိန်မရွေး မိမိတို့ဘာသာ စိတ်ကြိုက် ဖျော်သောက်သုံးနိုင်ကြရန်အတွက် တရားထိုင် ခန်းမကြီး၏ နံဘေးမှာ စီစဉ်ချပေးထားပါတယ်။

တရားစခန်း စ,ချိန်

ညနေ ၄ နာရီခွဲအခြိန်မှစပြီးတော့ တရားအားထုတ်ပွဲကို စတင်ကြရပါတယ်။ ရှေးဦးစွာ ဂျပန်ဘာသာနဲ့ ပြန်ထားတဲ့ မဟာစည်ဩကာသကန်တော့ကျိုး (စာအုပ်ငယ်ကလေးများပြုလုပ်၍ တစ်ဦးလျှင် တစ်အုပ်ကျစီ ဝေငှပေးထားပြီး)ကို သံပြိုင်ညီညာစွာဆို၍ ကန်တော့ကြခြင်း၊ ရှစ်ပါးသီလ ခံယူဆောက်တည်ကြခြင်း၊ တရားမှတ်ရန် ပရိကံများကို ဂျပန်ဘာသာဖြင့် ရွတ်ဆိုကြရပါတယ်။ ပြီးတော့မှ မဟာစည်ဆရာတော်ဘုရားကြီး၏ အလုပ်ပေးတရားခွေ (ဂျပန်ဘာသာပြန်)ကို အစအဆုံးဖွင့်ပြီး နာယူကြခြင်းဖြင့် တရားစခန်း စတင်ကြရပါတယ်။

ပြီးတော့မှ သတ်မှတ်ထားသည့် အခြိန်ဇယားအတိုင်း တစ်နာရီထိုင်၊ တစ်နာရီလမ်းလျှောက်ဖြင့် အလုပ်

ကြိမ်	စတင်ရက်	ပြီးဆုံးရက်	အားထုတ်ယောဂီဦးရေ	စကားပြန်ပေးသူ
ပထမအကြိမ်	၈-၈-၉၆	၁၈-၈-၉၆	၂၇ ယောက်	မောင်အောင်မြင့်
ဒုတိယအကြိမ်	၈-၈-၉၇	၁၇-၈-၉၇	၂၂ ယောက်	မစီစီချို
တတိယအကြိမ်	၈-၈-၉၈	၁၇-၈-၉၈	၁၄ ယောက်	မစီစီချို
စတုတ္ထအကြိမ်	၈-၈-၉၉	၁၇-၈-၉၉	၁၈ ယောက်	မစီစီချို
ပဉ္စမအကြိမ်	၈-၈-၂၀၀၀	၁၇-၈-၂၀၀၀	၂၁ ယောက်	မစီစီချို
ဆဋ္ဌမအကြိမ်	၈-၈-၂၀၀၁	၁၇-၈-၂၀၀၁	၂၀ ယောက်	မအေးအေးမြတ်
သတ္တမအကြိမ်	၉-၈-၂၀၀၂	၁၈-၈-၂၀၀၂	၂၄ ယောက်	မဝါဝါမြင့်



စခန်းကို စတင်ကြရပါတယ်။ စတင်သည့်အချိန်တွင် အချို့ယောဂီများ မရောက်လာနိုင်ကြသေးပါဘူး။ ရောက်လာနိုင်သူ ယောဂီ -၂၁ ယောက်ပဲရှိပါတယ်။

အဲဒီအချိန်ကစပြီးတော့ ခေါင်းလောင်းတီး အချက်ပေးရမည့် ယောဂီဟောင်းကလည်းအချိန်မှန်မှန် အချက်ပေးခြင်းဖြင့် တိတ်ဆိတ်စွာနဲ့ ရှုမှတ်မှုကို စတင်ကြပါတော့တယ်။ အလွန်အားရကျေနပ်ဖွယ်ကောင်းတဲ့ အချက်ကတော့ စကားမများကြဘဲ ယောဂီတိုင်း ကိုယ့်အလုပ်ကိုယ်လုပ်၍ တရားအားထုတ် နေကြခြင်းပဲ ဖြစ်ပါတယ်။

အားထုတ်ရသည့် အချိန်တရားစစ်ဆေးပေးမှု, တရားဟောပြပေးရခြင်းကိစ္စများကိုတော့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ မူအတိုင်း ဆောင်ရွက်သွားပါတယ်။ ဒီတရားစခန်းပွဲဟာ ယခုနှစ်အထိ ခုနစ်ကြိမ်ရှိသွားပြီမို့ တရားစခန်းဖွင့်ရက်နှင့် ယောဂီစာရင်းတို့ကိုလည်း အထက်ပါဇယားနှင့်ဖော်ပြပေးလိုက်ပါတယ်။

စကားပြန်

ဂျပန်လူမျိုး ယောဂီတို့၏ ပြောစကားကို မြန်မာဘာသာသို့ ပြန်ပေးပြီး ဆရာတော်ပြောသော စကားများကို ဂျပန်ယောဂီများသို့ ပြန်ပြောပေးသည့် စကားပြန်ပေးသူများ နှစ်စဉ် စကားပြန်ပေးပြီး ကုသိုလ်ယူတတ်ကြပါတယ်။ သူတို့ဟာ ဂျပန်ယောဂီများအတွက်ရော၊ ဆရာတော်အတွက်ပါအလွန်ကျေးဇူးများကြသူများဖြစ်ပါတယ်။

(က) ကမ္မဋ္ဌာနာစရိယဆရာတော် ပြောပြသောစကားများကို အနည်းငယ်မျှသာ ကိုးကားပြီး သူပြောလိုသည့် စကားများကို ယောဂီများအား (ကမ္မဋ္ဌာန်းဆရာပြောသည့် အနေဖြင့်) ဘာသာပြန်ပေးခြင်းနှင့် "ဘာအကြောင်း ပြောပေးပါဦး၊ ဟိုပုဂ္ဂိုလ်အကြောင်းလေးတွေ ဆရာတော် အမိန့်ရှိပါဦး" စသည်ဖြင့် ကမ္မဋ္ဌာန်းဆရာအား သြဇာပေးတတ်သော စကားပြန်မျိုး။

(ခ) ပြောလိုသည့် တရားစကားအကြောင်းအရာများကို သူ့အားရွေးဦးစွာ ရှင်းလင်းပြောပြပေးလိုက်ပြီးမှ အဓိပ္ပါယ်ကို အတိုချုပ် ဘာသာပြန်ပေးတတ်သော ပုဂ္ဂိုလ်ကတစ်မျိုး။

(ဂ) ကမ္မဋ္ဌာနာစရိယပြောသော စကားများကို တစ်ပိုဒ်ခြင်း, တစ်ပိုဒ်ခြင်း ဘာသာပြန်ပေးသွားတတ်သော စကားပြန်က တစ်မျိုးတို့ဖြစ်ကြပါတယ်။

အဲဒီသုံးမျိုးမှာ -

(က)အမျိုးအစား ဘာသာပြန်ပေးသူ ပုဂ္ဂိုလ်မျိုးကတော့ အတော်နေရာမကျတဲ့ ဘာသာပြန်ပေးသူမျိုး ဖြစ်ပါတယ်။ ရရှိလာတဲ့ အကျိုးတရားကတော့ အဲဒီ ပုဂ္ဂိုလ်မျိုးရဲ့ စကားတွေကို (ကမ္မဋ္ဌာနာစရိယကရော၊ ယောဂီပုဂ္ဂိုလ်ကပါအကြောင်းတစ်ခုခုကြောင့် အမှန်ကို သိရှိလာရတဲ့အချိန်မှာ) လုံးဝ ယုံကြည်မှု မရှိကြတော့လို့ပါပဲ။

(ခ) ပုဂ္ဂိုလ်မျိုးကတော့ အချိန်အနည်းငယ် ပိုကုန်တာကလွဲရင် အတော်နေရာကျပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့ကို ရွေးဦးစွာ ရှင်းပြပေးလိုက်လို့ အမှန်ကို သိရှိသွားတဲ့အချိန်မှာ "တရားတော်တွေမှာ ဒါမျိုးတွေရှိတယ်, ဖြစ်တယ်ဆိုတာ တစ်ခါမျှ မကြားဖူးဘူး, မသိဖူးဘူး" ဆိုပြီး တအံ့တသြနဲ့ သူတို့မှာပါသဒ္ဓါတရားတွေ တိုးပွားသွားတတ်ကြပါတယ်။

(ဂ) စကားပြန်ပေးသူမျိုးကတော့ တရားဟော တရားစစ်တဲ့နေရာမျိုးမှာ အသင့်လျော်ဆုံးပါပဲ။ မရှင်းလင်းတဲ့ အချက်အလက်များကို ချက်ချင်းရှင်းလင်းပြောပေးခွင့်ရရှိပြီး အချိန်လည်း သိပ်မကုန်လို့ပါပဲ။

အမေးအဖြေများ

တရားပွဲတိုင်းမှာ အမေးများ ရှိကြပါတယ်။ အဲဒီ အမေး-အဖြေအတွက် အနည်းဆုံးနာရီဝက်ခန့် အချိန်ပိုချန်ထားရပါတယ်။ မြန်မာယောဂီများအနေကတော့ အမေးအမြန်း နည်းပါးကြပြီး နိုင်ငံခြားယောဂီများကတော့ တစ်မျိုးမဟုတ် တစ်မျိုး သူတို့သိလိုတာကို အားမနာတမ်း မေးတတ်ကြပါတယ်။ "ယခုညွှန်ကြားပေးတဲ့အတိုင်း တရားကိုပဲ ဆက်လက်ပြီးမှတ်ပါဦး၊ သမာဓိတွေ



အားကောင်းလာတဲ့အခါ အသိ ဉာဏ်တွေ တိုးတက်လာတဲ့အခိုန်မှာ ဒါတွေဟာ ယောဂီကိုယ်တိုင် အလို လို ရှင်းလင်းသွားပါလိမ့်မယ်" စသည်ဖြင့် ပရိယာယ်နဲ့ ပြောပေး ထားရပါတယ်။ ဒီလိုမှ မဟုတ်ရင် တော့ တစ်နေ့တစ်မျိုး မရိုးရအောင် ဆိုသလို မေးမြန်းတတ်ကြပါတယ်။

အဲဒီထဲက သူတို့မေးတာလေး တွေကို ဗဟုသုတအဖြစ် တင်ပြပါ ဦးမယ်။

ယောဂီတဘက် ဘာ့ကြောင့် ပတ်ခိုင်းသလဲ

ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာကြီးက အမျိုးသမီး ယောဂီ စောင့်ရှောက်ရေးအဖွဲ့ကြီးမှ ၁၉၉၇ ခုနှစ်တုန်းက ယောဂီ တဘက် အထည် ၇၀ ပေးပို့လှူဒါန်း ထားတာရှိပါတယ်။ တဘက်များကို တရားစခန်းဖွင့်တိုင်း ယူသွားပြီး တရားစခန်းအချိန်အတွင်း နာမည် ကတ်ပြားကလေးများနှင့် တွဲချိတ်ပြီး ပတ်ကာ အားထုတ်နိုင်ဖို့ စီစဉ်ပေး ထားပါတယ်။

အဲဒါကို ယောဂီတစ်ဦးက သိပ် သုံးချင်ပုံ မပေါ်ပါဘူး။ တစ်ခါ တစ်ရံ ပတ်လာတာ မတွေ့ရပါဘူး။ လွတ်လွတ်လပ်လပ် နေချင်ပုံရပါ တယ်။ ဒါကိုပတ်လို့ ဘာအကျိုးရှိ မလဲဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ တရားစစ် တဲ့အချိန်မှာ မေးတာပါပဲ။ သူ့ အမည်ကတော့ Tanaiko San လို့ ခေါ်ပါတယ်။ အရွယ်ကလည်း နှစ် ဆယ်ဝန်းကျင်ပဲ ရှိပါသေးတယ်။ ယခုနှစ်တရားစခန်း အားထုတ်ကြ တဲ့ ယောဂီတွေထဲမှာတော့ သူ အငယ်ဆုံးပါပဲ။

သူ့ကို ယောဂီတဘက်ကိစ္စ အဖြေမပေးခင် ကျောင်းပညာရေး ကော ပြီးပါပြီလား။ ညီအစ်ကို မောင်နှမဘယ်နှစ်ယောက်ရှိပါ သလဲ၊ အရင်တုန်းကကော အား ထုတ်ဖူးပါသလား၊ ဒီမှာ တရားထိုင် ဖို့ ဘယ်သူက လွှတ်လိုက်ပါသလဲ၊ စတဲ့ မေးခွန်းကလေးတွေကို ရှေးဦး စွာ အေးအေးဆေးဆေး မေးမြန်း ကြည့်ရပါတယ်။ အမှန်တော့ ယောဂီရဲ့ တင်းမာနေတဲ့ စိတ်ဓာတ် တွေ ပျော့ပျောင်းသွားအောင်လို့ မေးပေးရခြင်းပဲ ဖြစ်ပါတယ်။ သူ့ အဖြေတွေထဲက အားလုံးကို မသုံး တော့ဘဲ၊ သူ့မှာ အမေတစ်ဦးတည်း ပဲရှိပြီး ယခု အမေက လွှတ်လိုက်လို့ ဒီကို ရောက်လာရတာ၊ တရား အားထုတ်ရတာပါဆိုတဲ့ အဖြေကိုပဲ အသုံးပြုပြီးတော့ "မင်းရဲ့ အမေဟာ အလွန်ကောင်းတဲ့ အမေဖြစ်တယ်၊ ဘာကြောင့်လည်းဆိုတော့ သမီး တစ်ယောက်ကို အသိဉာဏ်တွေ ရလာအောင် တရားထိုင်ဖို့ လွှတ် ပေးတဲ့မိခင်မျိုး အလွန်ရှားပါးတယ်၊ ဒီလိုအမေမျိုးရဲ့သမီး ဖြစ်လာရတာ အလွန်ကံကောင်းလှတယ်" လို့ ပြောပေးရပါတယ်။

ပြီးတော့မှ ရုံးတွေ၊ ကုမ္ပဏီတွေ၊ စျေးဆိုင်၊ စားသောက်ဆိုင်ကြီး စသည့် နေရာတွေမှာ အလုပ်လုပ် ကြတဲ့ သူတွေဟာ သတ်မှတ်ထားတဲ့ အချိန်အတောအတွင်း သတ်မှတ် ထားတဲ့ ဝတ်စုံများကို ဝတ်ဆင်ပြီး အလုပ်လုပ်ကြရတဲ့အကြောင်း၊ ဒီလို လုပ်မှသာ ဒီပုဂ္ဂိုလ်ဟာ ဘာအလုပ် ကို လုပ်တာ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေ ပဲဆိုတာ ပတ်ဝန်းကျင်မှာ သိရှိနား လည်နိုင်ကြပြီး အနှောင့်အယှက်များ ကင်းစင်ကာ အလုပ်များမြန်စွာ ပြီးစီးနိုင်ကြောင်း၊ ဝတ်စုံဝတ်ထားရ သူ ပုဂ္ဂိုလ်များမှာလည်း စိတ်ဓာတ် များ တက်ကြွအားရှိနေတတ်ပါ ကြောင်း၊ ယခုယောဂီများမှာလည်း ဒီတဘက်ကလေး မိမိကိုယ်ပေါ်မှာ ပတ်ထားလိုက်ခြင်းအားဖြင့် စိတ် ဓာတ်များ တက်ကြွအားရှိလာကာ တရားအားထုတ်ချင်စိတ်များ ဖြစ် ပေါ်လာစေနိုင်ခြင်း၊ ပတ်ဝန်းကျင်မှ မြင်တွေ့ရသူများကလည်း သူဟာ တရားအားထုတ်နေသူပဲဆိုတာ သိရှိ နားလည်ပြီးတော့ ရိုသေလေးစား သွားတတ်ပါကြောင်း၊ မြန်မာပြည် တွင် လုံချည်အောက်ခံအညိုရောင်နဲ့ အပေါ် (အင်္ကျီလက်ရှည်) အဖြူ ရောင်တို့ကို ဝတ်ဆင်ပြီး ဒီလို အညို ရောင်တဘက်ကို လက်ဝဲပခုံးသို့ တင်ပြီး ပတ်ထားရပါကြောင်း၊ ဒါဆို လျှင် အဲဒီပုဂ္ဂိုလ်ဟာ တရားအား ထုတ်နေသူ သူတော်ကောင်းပဲဆိုပြီး အများက လေးစားသွားကြပါ ကြောင်း၊ ယခုဒီမှာတော့ ဤမျှ လောက်အဆင့်ထိ မဖြစ်နိုင်သေးပါ ကြောင်းတို့ကို ဖြေကြားပေးရပါ



တယ်။ သူ့စိတ်ထဲတွင် ရာနှုန်းပြည့် ကျေနပ်ပုံ မရှိသေးတာကို သူ မျက်နှာမှာ ပေါ်လွင်နေပါတယ်။ ဒါ့ကြောင့် ဆက်ပြောပေးရပါတယ်။

ယခု တဘက် (အဝတ်) များမှာ သူတော်ကောင်းများ တစ်ဦးပြီး တစ်ဦးဆက်လက်သုံးစွဲလာကြသည့် အဝတ်များ ဖြစ်ကြသည့်အပြင် ဆရာတော်ကလည်းငှင်းအဝတ်များကို ပရိတ်ရွတ်ပေးခြင်း၊မေတ္တာပို့ပေးထားခြင်းများကို ပြုလုပ်ထားရပါကြောင်း၊ သို့အတွက် ဤအဝတ်ကို သုံးစွဲနေခြင်းအားဖြင့် ယောဂီတို့ တရားအားထုတ်နေချိန်အတွင်း မကောင်းဆိုးဝါး ရန်သူများတို့ မနှောင့်ယှက် မနှိပ်စက်နိုင်ကြပါ။ ကောင်းစွာတရားအားထုတ်သွားနိုင်စေရန် ရည်ရွယ်၍ အသုံးပြုစေရပါကြောင်း ပြောပြပေးရပြန်ပါတယ်။ ဒီတွင်မှ သူ့စိတ်တွင် အတော်ရှင်းလင်းသွားပုံရပြီး ပြုံးစစဖြင့် ခေါင်းညိတ်ပါတော့တယ်။ အဲဒီအချိန်က စပြီးတော့ တရားစခန်းပွဲပြီးတဲ့ အချိန်ထိ ယောဂီတဘက်ကို အမြဲပတ်ထားတာကို တွေ့နေရပါတော့တယ်။

ခေါင်းတုံးနှင့်သင်္ကန်း

Nakanobuka San ဆုတဲ့ ယောဂီကတော့ "ဆရာတော်တို့ ခေါင်းတုံးထားရတာ ဘာအတွက်ကြောင့်ပါလဲ၊ ဘယ်လို အကျိုးရှိလို့ပါလဲ" မေးလာပါတယ်။ ဒါ့ကြောင့် အောက်ပါအတိုင်းပဲ အဖြေပေးခဲ့ရပါတယ်။

"ဆံပင်ဆိုတဲ့ အရာဝတ္ထုဟာ မဖြီး, မဖြတ်, မညှပ်, မပြုပြင်ဘဲ ဒီအတိုင်းထားမယ်ဆိုရင် မကြာခင်ဘဲ အလွန်ညစ်ပတ် နံစော်ပြီး ရွံစရာ စက်ဆုပ်စရာတွေ ဖြစ်လာပါတယ်။ အဲဒါတွေ သူ့သဘာဝ အမှန်အတိုင်းဖြစ်ပေါ်လာတဲ့ သဘောပါပဲ။ ဒီလို မဖြစ်ရအောင် အမြဲလိုပဲ အမျိုးမျိုး ပြုပြင်ပေးနေကြရပါတယ်။ ဒါ့ကြောင့် ဒီလိုတာဝန်တွေ နည်းပါးသွားအောင် ခေါင်းတုံး တုံးထားရခြင်း ဖြစ်ပါတယ်။ လူ့ဘဝမှာ လှပပါတယ်ဆိုတဲ့ အရာများဟာ သာသနာ့ဝန်ထမ်း ရဟန်းတော်များအတွက် အလုပ်ပိုများ ရှုပ်တာတို့ သာ ရှိနေကြပုံများကို အနည်းငယ်စီ ရှင်းလင်းပြောပြပေးရပါတယ်"

အဲဒီယောဂီဟာ သူ့ဆံပင်များဟာ ကျောလယ်နားထိ ရှည်နေပြီး မစည်းနှောင်ဘဲ ဖြန့်ချထားလေ့ရှိပါတယ်။ ငုံ့လိုက်တိုင်း ရှေ့ဖက်သို့ ဆံပင်များ အားလုံးလိုလို ဝဲကျလာကြပြီး မျက်နှာတစ်ခုလုံး ဖုံးအုပ်သွားတတ်တယ်။ သူ့ဆံပင်များကို လက်နှစ်ဖက်ဖြင့် နံဘေးကို ဖယ်ရှားပေးနေရတာကိုလည်း အမြဲလိုပင် တွေ့မြင်နေရတတ်ပါတယ်။ ဒါကြောင့် အခြားအကြောင်းတွေ ပြောပြရန် များစွာရှိနေကြပေမယ့် မပြောပြတော့ဘဲ . . .

"ယခု ယောဂီအရှိအသေပြုပြီးတိုင်း ဆံပင်တွေကို ဒီလိုနံဘေးကို လက်နဲ့ အမြဲဖယ်ပေးနေရတာ ကောင်းတယ်လို့ ထင်ပါသလား၊ မကောင်းဘူးလို့ ထင်ပါသလား။"

"ခဏ ခဏ ဒီလို ပြုပြင်ပေးနေရတဲ့အတွက် မကောင်းပါဘူး"

"ဘာကြောင့် မကောင်းဘူး ထင်ပါသလဲ"

"ဆံပင်များ အရှည်ရှိကြတဲ့ အတွက် ဖြစ်ပါတယ်"

"ဆရာတော်မှာ ခေါင်းတုံးထားတဲ့အတွက် ဒီလိုဒုက္ခမျိုး မရှိပါ"

အဲဒီလို ပြောပေးလိုက်တော့ ယောဂီက အားရပါးရ ပြုံးပြီး "တပည့်တော် ကောင်းကောင်း နားလည်သွားပါပြီ" လို့ ပြန်ဖြေပါတယ်။ ရဟန်းများတို့ရဲ့ ခေါင်းတုံးနဲ့ လူများတို့ရဲ့ ခေါင်းတုံးတို့ ကွာခြားကြပုံကိုလည်း ဒီလို နည်းနည်း ဆက်ပြောရပါသေးတယ်။

"ဆရာတော်တို့ရဲ့ ခေါင်းတုံးနှင့် ယောဂီ (လူများ) ရဲ့ ခေါင်းတုံးတို့ကလည်း ကွာခြားကြပါသေးတယ်။ ဥပမာ - ယောဂီဆိုပါစို့၊ ခေါင်းတုံးထားလို လျှင် ထားနိုင်ပါတယ်၊ မထားလိုသည့် အချိန်မှာ ဆံပင်အရှည်များကို အချိန်မရွေးပြန်ထားနိုင်ပါတယ်။ ပြီးဝတ်တဲ့ အဝတ်တွေကိုလည်း အကြောင်အကြား၊ အရောင်အဆင်းအမျိုးမျိုး ပြောင်းလဲပြီး ဝတ်နိုင်ပါတယ်၊ ဆရာတော်တို့အတွက် ခေါင်းတုံးမှာ (ရဟန်းပြုလျှင် ဆံ၊ မုတ်ဆိတ်တို့ကို ပယ်ရမယ်ဆိုတဲ့ ခေါင်းတုံးပြုထားဖို့ မြတ်စွာဘုရား၏ ပညတ်ချက် တိုက်



ရိုက်ရှိ နေတဲ့အတွက်) ဒီလို ရဟန်းဘဝနဲ့ နေသရွေ့ ကာလပတ်လုံး ဆံပင်အရှည်ထားခွင့်လို့ လုံးဝမရနိုင်တော့ပါ။ ခေါင်းတုံးပဲ ထားရပါတော့တယ်။"

"သို့အတွက်ကြောင့် ဆရာတော်တို့ ခေါင်းတုံးမှာ တရား (ဘာဝနာ) ခေါင်းတုံးဖြစ်ပြီးလူတို့၏ ခေါင်းတုံး မှာ တဏှာခေါင်းတုံးများဖြစ်ကြပါတယ်" ဟု ဆက်လက်ရှင်းလင်းပြောပြပေးသည့် အခါတွင် ပြုံးရွှင်စွာဖြင့် "တပည့်တော် ကောင်းကောင်း နားလည်သွားပါပြီ၊ အထူးကျေးဇူးတင်ပါတယ်" လို့ ပြောပြီး "ဆရာတော်ဝတ်နေတဲ့ အဝတ်(သင်္ကန်း) အကြောင်းကိုလည်း ပြောပြပေးစေချင်ပါသေးတယ်" လို့ ဆက်မေးပြန်ပါတယ်။ "ဘာကြောင့်လဲ" လို့ မေးတော့ "ကြည့်ရတာလှလို့ စိတ်ဝင်စားပြီး သူလည်း ဝတ်ကြည့်ချင်စိတ်တွေ ဖြစ်ပေါ်လာနေလို့ပါပဲ" ဟု ပြောပါတော့တယ်။

ဒါကြောင့် ယခုအဝတ်(သင်္ကန်း)နဲ့ ပတ်သက်ပြီး ယောဂီများအားလုံး သိထိုက်တဲ့အတွက် ညတရားပွဲရောက်မှ ပြောပြပေးပါ့မယ်။ ယခုတော့ အခြားယောဂီများ တရားစစ်ခံဖို့ အချိန်ရောက်နေပြီမို့ ယောဂီမှာ တရားဆက်မှတ်ပါတော့လို့ ပြောရပါတော့တယ်။ (အမှန်တော့ ယခုပြောလျှင် သင်္ကန်းအကြောင်း စုံစုံလင်လင် ပြောနိုင်မည် မဟုတ်တဲ့အတွက် စဉ်းစားဖို့ အချိန်ယူခဲ့ရခြင်းပဲ ဖြစ်ပါတယ်။)

ညတရားပွဲအချိန်ရောက်တော့ ဟောပေးနေကျ တရားများ ရပ်ထားပြီး သင်္ကန်းအကြောင်းကို အောက်ပါအတိုင်း ဟောပြောပေးရပါတယ်။

"သင်္ကန်းဆိုသော အဝတ်မျိုးမှာ မြင့်မြတ်သော အကျင့်ရှိသူတို့၏ အဝတ်ဖြစ်ပါတယ်။ ရိုးရိုးလူများအနေနဲ့ မဝတ်ထိုက်ပါဘူး၊ ရဟန်း, သာမဏေများတို့သာ ဝတ်ထိုက်တဲ့ အဝတ်ဖြစ်ပါတယ်။ မြတ်စွာဘုရားတို့ မပွင့်ကြတဲ့ သာသနာပ အချိန်အခါမျိုးမှာလည်း သင်္ကန်းဆိုတာ မရှိကြပါ။ အထိမ်းအမှတ် တစ်ခုအနေနဲ့ ဖန်ဝါရည်စွန်းသောသင်္ကန်းဆိုသော အသုံးအနှုန်းဖြင့် သူတော်ကောင်းများ ဝတ်ရုံသုံးစွဲကြပါတယ်။ သာသနာတော်အတွက်ကတော့ အရေးကြီးတဲ့ အဝတ်ပစ္စည်းအသုံးအဆောင်လည်း ဖြစ်ပါတယ်။ အရဟတ္တဓဇ ဘုရား, ရဟန္တာတို့၏ တံခွန်အောင်လံလို့လည်း နာမည်သုံးစွဲ ခေါ်ဝေါ်ကြပါသေးတယ်။

မြတ်စွာဘုရားရှင်ဟာ အစပထမပိုင်းမှာ အထူးအထွေ စည်းကမ်းသတ်မှတ်မထားခဲ့ပါဘူး။ အစဉ်အလာအရ ရသေ့, ရဟန်းတွေရဲ့ ဖန်ရည်စွန်းအဝတ်ကိုသာ ဝတ်ရုံတော်မူခဲ့သလို ရဟန်းတော်များကလည်း မြတ်စွာဘုရားနည်းတူ သာမန်အဝတ်များကို ချုပ်စပ် ဖန်ရည်ဆိုးပြီး ဝတ်ရုံတော်မူခဲ့ကြပါတယ်။ အဲဒီ အဝတ်များကို တတ်နိုင်လျှင် မိမိတို့ ကိုယ်တိုင် ရှာဖွေဝယ်ယူ ကြပြီး မတတ်နိုင်လျှင် သုသာန်တစ်စ သခြိုင်းဝန့်လမ်းကြိုလမ်းကြား အမှိုက်ပုံများတို့မှ လူတွေ စွန့်ပစ်ထားကြတဲ့ အဝတ်များကို အကောင်းအဆိုး မရွေးချယ်ဘဲ ကောက်ယူကြပြီး သင်္ကန်းဖြစ်အောင် ချုပ်စပ်ဆိုးစိမ်လို့ ဝတ်ရုံတော်မူလာခဲ့ကြပါတယ်။ အဲဒီသင်္ကန်းမျိုးကို ပုံသကူသင်္ကန်းလို့ ခေါ်ဝေါ်ကြပါတယ်။

နောက်တစ်မျိုးကတော့ မြတ်စွာဘုရားထံမှာ တရားနာလို့သစ္စာလေးပါးကို သိသွားပြီး ရဟန်းအဖြစ်ကို တောင်းပန်ရင်မြတ်စွာဘုရားရှင်က "ဧဟိဘိက္ခု - ရဟန်းလာလော့" လို့ ခေါ်လိုက်တာနဲ့ တစ်ပြိုင်နက် လူဝတ်လူစားတွေ အားလုံးပျောက်ကွယ်သွားကြပြီး ခေါင်းရိတ်ပြီးသား, သပိတ်တွေ, သင်္ကန်းတွေဟာ အလိုလိုရောက်လာ ဝတ်ပြီးသားဖြစ်သွားပါတယ်။ အဲဒီ ရဟန်းတော်ရဲ့ သင်္ကန်းမျိုးကတော့ဘဝသံသရာမှာ သပိတ်တွေ, သင်္ကန်းတွေ လှူပေးခဲ့ဖူးတဲ့ ကုသိုလ်ကောင်းမှုတွေရှိတဲ့ ပုဂ္ဂိုလ်မျိုးမှ ခေါ်လို့ရပါတယ်။ မလှူခဲ့ဖူးရင်တော့ သင်္ကန်းရှာဖို့ မြတ်စွာဘုရားက ခိုင်းတော်မူပါတယ်။ အဲဒီသင်္ကန်းမျိုးကတော့ အကောင်းဆုံးပါပဲ၊ အဲဒါဟာ ဘုရားဖြစ်ပြီး နှစ်ပေါင်းနှစ်ဆယ်လောက် အချိန်ကြာမြင့်ခဲ့ပါတယ်။

နောက် သမားတော် ဆေးဆရာကြီးဇီဝကက တောင်းပန်လို့



ဒကာများလှူတဲ့ သင်္ဃန်းများကို ဝတ်ရုံသုံးစွဲခွင့် ပြုတော်မူပါတယ် စသည်ဖြင့် သင်္ဃန်းနှင့်စပ်သော ဘုရား ဟောကျမ်းဂန်လာရှိသည့် အတိုင်း ဟောပြောရှင်းလင်းရပါတယ်။

နေ့လယ်က မေးမြန်းတဲ့ ယောဂီကတော့ "ညက ဆရာတော် ရှင်းပြပေးမှ ဒီအဝတ် (သင်္ဃန်း) တို့ရဲ့ အဆင့်အတန်းမြင့်ပြီး အလွန် အဖိုးတန်တာကို သိရှိရလို့ အလွန် ဝမ်းမြောက်ပါတယ်။ တပည့်တော်လည်း ဒါတွေဝတ်နိုင်အောင် ဆက်လက် ကြိုးစားသွားပါ့မယ်" ဟု ဝမ်းမြောက် ကြည်နူးတဲ့ အမူအရာတွေနဲ့ နောက်တစ်နေ့ တရားစစ်ခံချိန်မှာ ပြောကြားလာပါတော့တယ်။

ဘာကြောင့် MUKASHIBANASHI (ရှေးဟောင်းပုံပြင်များ)ကို ဖတ်ပြပေးရပါသလဲ

မနက်တိုင်း ၄-နာရီထိုးလျှင် ယောဂီများနှင့်အတူ သူတို့ရှေ့မှနေပြီး တရားထိုင်ပေးရပါတယ်။ ၅-နာရီမှာ တရားရှုမှတ်မှုရပ်ပြီး ဩကာသကန်တော့ကျိုးများ ရွတ်ဆိုကန်တော့ကြခြင်း၊ ရှစ်ပါးသီလ ဆောက်တည်ကြခြင်း၊ ဝိပဿနာရှုမှတ်နည်း၊ တရားထိုင် ပရိက်များတို့ကို ရွတ်ဆိုကြရခြင်း၊ မေတ္တာပို့အမျှဝေခြင်းတို့ကို အားလုံး (စာအုပ်ကြည့်၍) ဂျပန်ဘာသာဖြင့် ညီညာစွာ ရွတ်ဆို ပူဇော်ကြပါတယ်။ အဲဒါတွေပြီးတဲ့အချိန်မှာ နေ့စဉ် Mukashibanashi ကို တစ်နေ့ တစ်ပုဒ်ကျ ဖတ်ပေးရပါတယ်။ တရားဟောတဲ့ အချိန်ကိုတော့ ည ၇-နာရီခွဲကနေ ၈-နာရီခွဲ ၉-နာရီထိသတ်မှတ်ပေးထားပြီး တရားဟောကြ, နာကြ, မေးကြ, ဖြေကြဆိုတဲ့ ကိစ္စတွေကို ဆောင်ရွက်ပေးရပါတယ်။

အဲဒါတွေကို နေ့စဉ်နံနက်တိုင်း တိုလျှင် နှစ်ပုဒ်၊ ရှည်လျှင် တစ်ပုဒ်စီ ဖတ်ပြပေးရခြင်းပဲ ဖြစ်ပါတယ်။ ဆရာတော်ကတော့ အားလုံးကို နားမလည်ပါဘူး။ ဒါပေမယ့် ယောဂီတွေကတော့ အားလုံးနားလည်ကြပါတယ်။ အသံယွက်မှားနေရင်လည်း သူတို့က ပြင်ပေးကြပါတယ်။ အဲဒါကို ဘာကြောင့် ဖတ်ပြပေးရပါသလဲလို့ မေးမြန်းလာခြင်းပါပဲ။

မေးမြန်းလာတဲ့ ယောဂီကတော့ Habahiroki san ဆိုတဲ့ ဂျပန်ယောဂီတစ်ယောက် ဖြစ်ပါတယ်။ သူလာတရားထိုင်တာ သုံးကြိမ်ရှိပါပြီ။ Tokyo မြို့ပေါ်က ထေရဝါဒရုံးခန်းမှာလည်း မပြတ်မပြတ်လာတရား ထိုင်တတ်သူပါပဲ။ အသက် ၂၇-နှစ်ခန့်မျှပဲ ရှိပါသေးတယ်။ ပညာတတ် တစ်ယောက်ပါပဲ။

" Mukashibanashi (ရှေးဟောင်းပုံပြင်များ) ဆိုတာတွေ လောကကြီးထဲမှာ တကယ်ဖြစ်ခဲ့ဖူးတာတွေလည်း ရှိခဲ့ကြဖူးတယ်။ တကယ်မဖြစ်ခဲ့ကြဖူး။ မရှိခဲ့ကြဖူးဘဲနဲ့ နားထောင်တဲ့သူတွေ၊ ပြောကြတဲ့သူတွေ အသိဉာဏ် တိုးပွားအောင်, သတိတရားရအောင် တင်စားပြီး ပြောကြတာတွေလည်း ရှိကြတယ်။ အဲဒီထဲမှာ မိမိတို့ မသိ, မမြိ, မတွေ့, မမြင်လိုက်ရတဲ့ လောကကြီးရဲ့ အကြောင်းအရာတွေ၊ အဖြစ်အပျက်တွေ အများဆုံး ပါဝင်နေကြပါတယ်။ လောကကြီးအတွင်းမှာ သတ္တဝါတွေရဲ့ အလိုဆန္ဒအကျင့်စရိုက်တွေဟာ တစ်ယောက်နဲ့ တစ်ယောက် မတူညီကြပါဘူး။ အဲဒီအလိုဆန္ဒ ပြုလုပ်သမျှ ကံတွေအတိုင်း ဘဝမှာ ဆင်းရဲခံနေကြရ, ချမ်းသာ စံနေကြရတာတွေကို Mukashibanashi တွေထဲမှာ သတိထားကြည့်တတ်မယ်ဆိုရင် များစွာပါဝင်လျက်ရှိနေကြပါတယ်။"

"မကောင်းတဲ့စိတ်ထား၊ ကံတွေရှိနေကြတဲ့ သူတွေမှာ၊ သူတို့အလိုမရှိကြပေမယ့် ဆင်းရဲဒုက္ခတွေကို တွေ့ကြုံခံစားရရှိနေကြပါတယ်။ ကောင်းတဲ့စိတ်ထား ကံတွေရှိနေကြတဲ့ သူတွေမှာတော့ ကောင်းကျိုးချမ်းသာတွေကို ခံစားနေကြရတာ ထင်ရှားလှပါတယ်။ ဒီကနေ့ ဖတ်ပြပေးတဲ့အထဲမှာ လောဘကြီးသူဟာ ပစ္စည်းများရချင်, လိုချင်လွန်းလို့ မသင့်တော်တာတွေကို လုပ်မိတဲ့အတွက် မြို့စားကြီးက ဖမ်းပြီး ထောင်ချပစ်တာကို ခံသွားရပါတယ်။ ပြီးတော့ MUKASHIBANASHI တိုင်းမှာ တရား (ဓမ္မ)နဲ့ မတရား (အဓမ္မ) မှုတွေ ပြိုင်ဆိုင်ကြတာတွေကို တွေ့ရပါမယ်။ အဓမ္မ



များဟာ အစပိုင်းမှာ ကောင်းသလို ရှိပေမယ့် နောက်ဆုံးရောက်တော့ ကျဆုံးသွားကြရတာချည်းပါပဲ။ ဒါ အပြင် အိုဘေး, နာဘေး, သေဘေး ဆိုးကြီးတွေကိုလည်းပဲ အမြဲပဲ တွေ့ကြုံနေကြရတာကို သတိထားကြည့်ရင် များစွာပင် တွေ့ရှိနိုင်ကြပါတယ်။"

"အဲဒီအထဲတွေက မကောင်းတဲ့ အလုပ်တွေ၊ ဆင်းရဲမယ့်အကြောင်းတွေကို ပယ်စွန့်ပြီး ပယ်စွန့်နိုင်အောင် ကောင်းတဲ့ အလုပ်တွေကို ချမ်းသာမဲ့ အကြောင်းတွေကို အတုယူပြီး ဆက်လက် အားထုတ်သွားနိုင်ကြဖို့ ဖတ်ပြပေးရခြင်းပဲ ဖြစ်ပါတယ်။"

အဒုက္ခ မသုခကို မှတ်ရန်

"တရားမှတ်ရင် ဆရာတော်တို့ ဟောပေးနေတဲ့ သုခဝေဒနာ, ဒုက္ခဝေဒနာတွေကို မှတ်ဖို့ကို နားလည်ပါတယ်။ မှတ်လို့လည်း ရပါတယ်။ အဒုက္ခ မသုခ ဝေဒနာဆိုတာကို တော့ ဘယ်ပုံဘယ်နည်း ဘယ်လို မှတ်ရမယ်ဆိုတာကို ပြောပြပေးစေချင်ပါတယ်။"

မေးလာတဲ့ ယောဂီကတော့ Hosonomasayo shi လို့ ခေါ်ပါတယ်။ အသက်ကတော့ ငါးဆယ်ကျော်ခန့် ရှိပါတယ်။ စာများလည်း အတော်ဖတ်ထားပုံရပြီး တရားများကိုလည်း နည်းအတော်များများနဲ့ အားထုတ်ထားတဲ့ပုံပါပဲ။ ဒါကြောင့် အောက်ပါအတိုင်း မေးပြီး အဖြေ ပေးရပါတယ်။

"မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရား လေးပါးအမည်ကို ကြားဖူးပါသလား"

"ကြားဖူးပါတယ်"

"ဘာကြောင့် 'ဥပေက္ခာ' ဆိုတဲ့ စကားလုံးကို နောက်ဆုံးကထားပြီး ဟောတယ်၊ ပြောဆိုသုံးနှုန်းနေကြရတယ်လို့ ထင်ပါသလဲ"

"တစ်စ, တစ်စ အဆင့်မြင့်မြင့်သွားလို့ ဥပေက္ခာကို နောက်ဆုံးထားပြီး ဟောတယ်လို့ပဲ ထင်ပါတယ်"

"ဟုတ်ပါတယ်၊ အသိဉာဏ် သဘောတရားတွေဟာ တဖြည်းဖြည်း မြင့်မြင့်သွားတတ်ခြင်း၊ တစ်စတစ်စ နက်နဲသွားတတ်ကြခြင်း၊ တစ်ဆင့်ပြီးတစ်ဆင့် ခက်ခဲသလို ဖြစ်သွားတတ်ခြင်း သဘောများရှိတတ်ကြပါတယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရတရားလေးပါးမှ မေတ္တာတရား ပွားများဖို့ လွယ်ကူကြပေမယ့် ကရုဏာတရားပွားများဖို့ရာ ခက်ခဲပြီး ကရုဏာပွားများဖို့ထက် မုဒိတာပွားများဖို့ ပိုမိုခက်လာတတ်ပါတယ်။ ထို့ အတူပဲ မုဒိတာပွားများဖို့ထက် ဥပေက္ခာတရား ပွားများဖို့ကတော့ အလေ့အကျင့်မရှိတဲ့ ပုဂ္ဂိုလ်များအတွက် ပိုမိုပြီးခက်ခဲပါတယ်။

ယခုမေးတဲ့ " အဒုက္ခ မသုခဝေဒနာ" ဆိုတာ စာအမည်နဲ့ ပြောတာပါပဲ။ အရပ်သုံး လူအများတို့ နားလည်တဲ့ အသုံးနဲ့ ပြောရရင်တော့ "ဥပေက္ခာဝေဒနာ" လို့ ခေါ်ပါတယ်။ "တတြမဇ္ဈတ္တတာ" လို့လည်း အခြားအမည်တစ်မျိုးနဲ့ သုံးနှုန်းပါသေးတယ်။ အဓိပ္ပာယ်ကတော့ "လျစ်လျူရှုခြင်း" ပါပဲ။ လောကအချို့လူသားတွေ မိမိတို့ စိတ်ခံစားမှုများနဲ့ မတိုက်ဆိုင်, မကိုက်ညီကြတဲ့ အချိန်မျိုးမှာ "ဒါတွေကို ဥပေက္ခာပြုထားလိုက်စမ်းပါ" လို့ လွယ်လွယ်ပြောဆိုတတ်ကြပါတယ်။ တကယ့် "ဥပေက္ခာ" အစစ်ဖြစ်ဖို့ကတော့ ဒါလောက် မလွယ်ကူလှပါဘူး။ အခုဒီမှာ ဘာကို လျစ်လျူရှု ဥပေက္ခာပြုရမှာလဲဆိုရင် ဆင်းရဲတာတွေကို တွေ့ရ, မြင်ရ, ကြုံရလို့လည်း စိတ်မဆင်းရဲ၊ ချမ်းသာတာတွေကို တွေ့ရလို့လည်း ဝမ်းမသာဘဲ မိမိရှုမှတ်နေကြ အာရုံတွေကို မှတ်ရုံ, မှတ်ရုံမျှသာ ရှုပေးသွားနိုင်တဲ့ သဘောဟာ "အဒုက္ခမသုခဝေဒနာ" ကို မှတ်ရပုံပါပဲ။"

"တရားရှုမှတ်ကြတဲ့ နေရာမှာလည်း စတင်မှတ်ခါစ ယောဂီများမှာ ချမ်းသာသော ခံစားမှုနဲ့ ဆင်းရဲသော ခံစားမှုတွေကို ရှုမှတ်ဖို့ လွယ်ကူပါတယ်။ ထင်လည်း ထင်ရှားပါတယ်။ စ, မှတ်ခါစ ယောဂီများမှာဆိုရင် ဆင်းရဲတဲ့ ခံစားမှုတွေကိုပဲ အများဆုံး မှတ်ပေးနေကြရတတ်ပါတယ်။ အဒုက္ခ မသုခဝေဒနာဆိုတဲ့ ဥပေက္ခာဝေဒနာကိုတော့ စ,စချင်း ရှုမှတ်နိုင်ဖို့ အတော်ပဲ အခက်အခဲရှိကြပါလိမ့်မယ်။ ထင်လည်း သိပ်



မထင်ရှားတတ်ပါဘူး။ ရှုမှတ်လို့ အခိုန်အတော်ကြာလာပြီး သမာဓိတွေလည်း အတော်အားကောင်းလာပြီဆိုရင်တော့ ဆင်းရဲမှုတွေ သိပ်မတွေ့ရတော့ပဲ ချမ်းသာတာတွေကို ပဲအတော်များများ တွေ့လာရပါတယ်။ သုခဝေဒနာတွေပါပဲ။ ဒါတွေကိုလည်း သဘောကျသာယာမနေပဲ ဆက်ပြီးတော့ ရှုမှတ်ပေးသွားဖို့ အရေးကြီးပါတယ်။"

"ဒီလို ဆက်မှတ်သွားရင် ဝိပဿနာဉာဏ် တစ်ဆယ့်ခြောက်ပါး ရှိတဲ့အနက်က သခ်ါရပေက္ခာဉာဏ်ဆိုတဲ့ အမည်နဲ့ အမှတ်စဉ် ၁၁-မှာ ဉာဏ်တစ်မျိုး ရှိနေပါတယ်။ ရုပ်နာမ်သခ်ါရတွေကိုလျစ်လျူရှုနိုင်တဲ့ အသိဉာဏ်ပါပဲ။ အဓိပ္ပာယ်ကတော့ အထက်ကပြောခဲ့သလို ကောင်းတဲ့အာရုံတွေနဲ့ တွေ့ရလို့လည်း ဝမ်းမမြောက်၊ မကောင်းတဲ့ အာရုံတွေနဲ့ တွေ့ကြုံရလို့လည်း ဝမ်းမနည်း, စိတ် မဆင်းရဲတဲ့ သဘောတရားတွေပါပဲ"

"အဲဒီ ဉာဏ်ဖြစ်တဲ့ ယောဂီမှာ ထူးခြားတဲ့ ဂုဏ်သုံးမျိုး၊ ညီမျှတဲ့ ဂုဏ်သုံးမျိုး ပေါင်းခြောက်မျိုးတို့ဖြစ်ပုံကို အနန္တကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးက ဆောင်ပုဒ်လက်ာ စီပေးထားပါတယ်။

(က) ကြောက်နှစ်သက်ခြင်း၊ ကင်းရှင်းပေသည်၊ ချမ်းသာဆင်းရဲ ရှုမြဲတူညီ၊ ကြောင့်ကြမပြု၊ မှတ်ရှု လွယ်သည်၊ သခ်ါရ ညီမှုဂုဏ်သုံးမည်။

(ခ) ကြာရှည်စွာလည်း၊ တည်မြဲသူတည်၊ ကြာလေသာ၍၊ သိမ်မွေ့လေသည်၊ အာရုံတခြား ပြန့်သွားကင်းသည်။ သခ်ါရ ထူးမှု ဂုဏ်သုံးမည်။

(ဂ) ဉာဏ်စဉ်တရား နာယူခွင့်ရတဲ့ ယောဂီများ ရွတ်ဆိုကြရပြီး မိမိအားထုတ်ခဲ့စဉ်က တွေ့ရှိခဲ့ကြတဲ့ ကိုယ်တွေ့များနဲ့ ညှိနှိုင်းတိုက်ဆိုင်ကြည့်ကြဖို့၊ ဝမ်းမြောက်ကြဖို့ပဲ ဖြစ်ပါတယ်။ ဒီဉာဏ်မှာ ညီမျှမှုဂုဏ်က သုံးပါး၊ ထူးခြားမှု ဂုဏ်က သုံးပါး ပေါင်းခြောက်ပါး ရှိပါတယ်။ ကျကျနန ရှုမှတ်အားထုတ်ပြီး ဒီဉာဏ်ဖြစ်ဖူးတဲ့ ယောဂီဆိုရင် ဒါတွေအလွန်ပဲ ထင်ရှားပါတယ်။ ဒီဉာဏ်တွေကောင်းကောင်းဖြစ်လာ ပြီဆိုရင်တော့ အဲဒီယောဂီဟာ သွားလာလှုပ်ရှားမှုများ ခပ်တည်တည် ခပ်မှန်မှန်ဖြစ် လာတတ်ပါတယ်။ မျက်နှာအဆင်း အသားအရေတွေလည်း အထူးကြည်လင် လာတတ်ပါတယ်။ ဝမ်းမြောက်စရာ, ဝမ်းနည်းစရာ အာရုံများနဲ့ ကြုံတွေ့လာစေကာမူ အထူးသဖြင့် ရှုမှတ်နေဆဲ အခိုန်အပါအဝင် သိပ်ပြီးတုန်လှုပ်သည့်အမူအရာတွေ မရှိလှပါဘူး။ ရှေးတုန်းက မျက်နှာပေါက်ဆိုးပြီး သုန်သုန်မှုန်မှုန်နေလေ့ရှိသည့်သူများပင် ဒီဉာဏ်အဆင့်ရောက်လျှင် မျက်စိ မျက်နှာ ကြည်ကြည်လင်လင်နဲ့ အပြောင်းလဲကြီး ပြောင်းလဲလာတတ်ပါတယ်။ သူ့အမူအရာတွေဟာ ကြည်လင် ရွှင်လန်းနေတတ်ပါတယ်။"

အဲဒါတွေဟာ 'အဒုက္ခ မသုခ' ဆိုတဲ့ ဝေဒနာတွေ မှတ်ရပုံနဲ့၊ မှတ်နိုင်ပုံ ရရှိနိုင်တဲ့အကျိုးတွေ အကျဉ်းချုပ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် တရားရှုမှတ်တဲ့ ယောဂီများ၊ တရားစမှတ်ခါစအခိုန်တွေမှာ ဒီအဒုက္ခမသုခ (၀၀) ဥပေက္ခာဝေဒနာကို သေချာစွာ တိတိကျကျ ရှုမှတ်နိုင်ဖို့ အခက်အခဲတွေ ရှိကြပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သတိ, သမာဓိအားတွေ မပြည့်စုံသေးလို့ပါပဲ။ ထူးခြားမှုဂုဏ်အင်္ဂါ ညီမျှမှုဂုဏ်အင်္ဂါခြောက်ပါးနဲ့ ပြည့်စုံတဲ့ ဒီဉာဏ်ကိုရောက်ပြီ, ရပြီ ဆိုရင်တော့ သတိ, သမာဓိအားတွေလည်း အတော်အတန် ပြည့်စုံလာနေပြီမို့ အဒုက္ခ မသုခ (၀၀) ဥပေက္ခာဝေဒနာကို ကောင်းစွာ ရှုမှတ်နိုင်ဖို့ ရှိပါတယ်။"

"နောက်တစ်နည်းကတော့ 'အဒုက္ခ မသုခဝေဒနာ' တွေကို ဘယ်လိုမှတ်ရပါမလဲ၊ ဘယ်လိုပါလိမ့်မလဲ၊ ဘယ်နေရာက ပေါ်တာပါလိမ့်မလဲ၊ ဘယ်သူကို မေးမြန်းရပါမလဲ စသည်ဖြင့် ယောဂီရဲ့ စိတ်ထဲမှာ ဖြစ်ပေါ်နေတာတွေဟာ တွေးတောကြံစည်တာ စဉ်းစားနေတာတွေဖြစ်ပါတယ်။ အဲဒါတွေကိုလည်း တွေးတယ်, တွေးတယ်, ကြံတယ်, စိတ်ကူးတယ်, စဉ်းစားတယ် စသည်ဖြင့် မပျောက်မချင်း



ရှုမှတ်ပေးနိုင်ပါတယ်။"

"အကောင်းဆုံးကတော့ ဂုဏ်ခြောက်ပါးနဲ့ ပြည့်စုံတဲ့ ဉာဏ်ကို ရောက်အောင် ကြိုးစားရှုမှတ်ပေးနိုင်လျှင် အကောင်းဆုံးပဲ" လို့ ဆရာတော် ထင်ပါတယ်။

အဲဒီလို ဖြေပေးလိုက်တော့ "ဒီဝေဒနာအတွက်တော့ ရှင်းသွားပါပြီ၊ ယခုနေ့စဉ် တပည့်တော်တို့ကို Interview တရားစစ်ရတာ ဘာကြောင့်ပါလဲ ဆိုတာကို နည်းနည်းရှင်းပြပေးစေချင်ပါသေးတယ်" ဆိုပြီး နောက်ထပ် အမေးတစ်ခု ဆက်လာပြန်ပါတော့တယ်။ ဒါကိုလည်း အောက်ပါအတိုင်း ဆက်လက်ပြီး ဖြေပေးရပြန်ပါတယ်။

တရားစစ်ရခြင်းအကြောင်း

ယောဂီတွေကို တရားထူး၊ အသိဉာဏ်ထူးတွေ မြန်မြန်ရနိုင်၊ သိနိုင်ကြစေရန် အကူအညီပေးနိုင်ဖို့ တရားစစ်ပေးရခြင်း၊ တရားအစစ်ခံရခြင်းတို့ ဖြစ်ကြပါတယ်။ ဥပမာအားဖြင့် ကမ္မဋ္ဌာန်းဆရာက ဆရာဝန်နဲ့တူပါတယ်။ ယောဂီကတော့ မကျန်းမမာတဲ့ လူနာနဲ့တူပါတယ်။ ဆရာဝန်က အဲဒီလူနာကို ဆေးပေးရတော့မယ်ဆိုရင် စမ်းသပ်မှုအမျိုးမျိုး ပြုလုပ်ရပါတယ်။ ရောဂါဖြစ်ပုံ အခြေအနေ၊ အချိန်ကြာမြင့်မှု စသည်တို့ကိုလည်း အတော်စုံလင်အောင် မေးမြန်းရပါတယ်။ လူနာရဲ့ ခန္ဓာကိုယ်အခြေအနေအရပ်ရပ်တွေကိုလည်း နားကြပ်ဖြင့် နားထောင်ခြင်း၊ သွေးပေါင်ချိန်ခြင်း၊ သွေးဖောက်စစ်ဆေးခြင်းစတဲ့ စမ်းသပ်မှုတွေအမျိုးမျိုး ပြုလုပ်ပြီးတော့ စစ်ဆေးကြည့်ရှုပြီး လူနာပြောတဲ့စကားတွေကိုလည်း နားထောင်ပါတယ်"

"ပြီးတော့မှ ဒီလူနာမှာ ဘာရောဂါဖြစ်နေတယ်၊ ဘယ်နေရာမှာ ဘယ်လိုပဲလို့ သိရှိ(မှန်းဆ)ပြီး ဘယ်ဆေးအမျိုးအစားနဲ့ ဘယ်နှစ်ကြိမ်၊ ဘယ်ရက်၊ ဘယ်နှစ်လလောက် ဆေးသောက်ပေးမှ၊ ဆေးထိုးပေးနိုင်မှ ဒီရောဂါ ပျောက်နိုင်မယ်လို့ ဆုံးဖြတ်ပြီးတော့သောက်ရန်ဆေးကျွေးပေးခြင်း၊ ဆေးထိုးပေးခြင်း၊ လိုအပ်လျှင် ခွဲစိတ်ပေးခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ပေးပါတယ်။ လူနာကလည်းဆရာဝန်ညွှန်ကြားတဲ့အတိုင်း အချိန်မှန်မှန် ဆေးသောက်ခြင်း၊ ရှောင်သင့်သည်တို့ကို ရှောင်ပြီး ဆောင်သင့်သည်တို့ကို ပြုလုပ်သွားရင် ရောဂါပျောက်ကင်းပြီးကျန်းမာချမ်းသာသွားပါတယ်။ ဆရာဝန်ညွှန်ကြားတဲ့အတိုင်း လူနာက နားမထောင်, မလိုက်နာဘူး (ပေးတဲ့ဆေးတွေကို မသောက်ဘူး) ဆိုလျှင် တော့ရောဂါပျောက်မယ်မဟုတ်ပါဘူး။



ဒီလိုပဲကမ္မဋ္ဌာန်းဆရာက တရားစစ်တဲ့အချိန်မှာ ယောဂီကို မေးမြန်းသင့်တာတွေ မေးမြန်းကြည့်လို့၊ အဲဒီ ယောဂီရဲ့ ပြော,ဆို, သွားလာလှုပ်ရှားမှု အခြင်းအရာတွေ အားထုတ်ရက် ဘယ်လောက်ကြာနေပြီ စသည်ဖြင့် အကဲခတ်ကြည့်ရှုပြီး လိုအပ်တဲ့ ရှုမှတ်ပုံရှုမှတ်နည်းများကိုပြင်ဆင်ပေးခြင်း,အမှတ်တိုးပေးခြင်း (ပြောင်း ပေးခြင်း) စတဲ့ ညွှန်ကြားမှုများကို ပြုလုပ်ပေးနိုင်ပါတယ်။ သေသေချာချာ မရှုမှတ်တဲ့ ယောဂီများမှာတော့ ဘာမျှပြောစရာ လျှောက်စရာအကြောင်းတွေ ရှိမယ်မဟုတ်ပါဘူး။ ရိုးသွေးနဲ့ စူးစူးစိုက်စိုက် ရှုမှတ်ထားတဲ့ ယောဂီများမှာတော့ သူတို့တွေ့ရတဲ့ အသိဉာဏ်တရား အတွေ့တွေကို လျှောက်ထားဖို့၊ တရားအစစ်ခံရမယ့်အချိန်ကိုပဲ စောင့်ဆိုင်းနေတတ်ကြပါတယ်။ လျှောက်ထားဖို့ အကြောင်းတွေလည်း များစွာပင် ရှိနေတတ်ကြပါတယ်။ အချို့ယောဂီတွေမှာလည်း တရားနဲ့မဆိုင်တဲ့ စကားတွေကို အများကြီး ပြောဆိုနေတတ်ကြပါတယ်။ အဓိကမဟုတ်ပါဘူး၊ ညွှန်ကြားတဲ့အတိုင်းရိုးရိုးသေသေ အားထုတ်နေကြတဲ့ ယောဂီများမှာ တစ်ချိန်နဲ့တစ်ချိန်၊ တစ်နေ့နဲ့တစ်နေ့ မတူကြပါဘူး။ သမာဓိတွေ, ဉာဏ် အထူးတွေ အားကောင်းလာပြီး နောက်ဆုံး ကိလေသာ ရောဂါတွေ ပျောက်ကင်းသွားနိုင်ကြပါတယ်။



ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးကလည်းအောက် ပါအတိုင်း မိန့်ကြားထားပါတယ်။

''ဆရာမရှိဘဲ စာတွေ့မှဖြင့် အားထုတ်လျှင် မသွားဖူးသေးသော ခရီးကို တစ်ယောက်တည်း သွားရသောသူကဲ့သို့ ယုံမှား မကင်းသောကြောင့် ခပ်ဆဆဖြစ် ၍လဲနေတတ်၏။ သာမန်ပုဂ္ဂိုလ်သည် ကူညီအားပေးမည့်သူ ဆရာ မရှိဘဲ အားထုတ်လျှင် ဝိပဿနာဉာဏ်ထူး မဂ်ဖိုလ် တရားထူးများကို ချောမောစွာ ရောက်ရှိရန် မလွယ်ကူလှသေးပေ။ သို့ဖြစ်၍ ဝိပဿနာတရားကို ကျကျနန အားထုတ်ခဲ့ပြီးသော ဝိပဿနာဉာဏ်စဉ်ကို ကျမ်းဂန်နှင့် ညီစွာ ညွှန်ပြနိုင်သောဆရာသမားများထံ နည်းနာခံ၍ အားထုတ်ကြပါလေ''လို့ မိန့်ကြားတော်မူပြီး မဟာစည်ဆရာ တော်ဘုရားကြီးရဲ့ နည်းအတိုင်း အားထုတ်ကြတဲ့ ယောဂီများကိုလည်း တရားစစ်ဆေးပြုပြင်ပေးဖို့ ညွှန်ကြားထားတဲ့အတွက်ကြောင့် ယခုလို တရားစစ်ဆေးပြုပြင်ပေး ကြရခြင်းပဲဖြစ်ပါတယ်။ တရားစစ်ခြင်း၊ ကိုယ်တွေ့ ဉာဏ်ဖြင့် ဆုံးဖြတ် (ဆရာများမှာ ယောဂီမှာ မည်သည့် ဉာဏ်တွေဖြစ်နေပြီ၊ မည်သည့်ဉာဏ်ကို ရောက်နေပြီဟု လုံးဝ မဆုံးဖြတ်ပေးပါ) နိုင်ရန် သင့်လျော်သောအချိန်တွင် ဉာဏ်စဉ်တရားတို့ကို နာယူစေခြင်းတို့ဟာ မဟာစည်နည်းမှာပဲ ရှိပါတယ်''။

''ဒါကြောင့် တရားစစ်ပေးရတာ၊ တရားအစစ်ခံရတာတွေဟာ (ယောဂီများကို အပြစ်ရှာဖို့မဟုတ်ဘဲ) တရားထူး၊ အသိဉာဏ်ထူးတွေ ယောဂီများ အမြန်ဆုံး ရရှိတွေ့သိနိုင်ကြရန်အတွက် အကူအညီပေးဖို့သာဖြစ်ကြောင်း ဖြေကြားပေးရပါတယ်။''

ဒီတော့မှ ယောဂီက ''ဒီလို ရှင်းပြပေးတဲ့အတွက် ဆရာတော်ကို အထူးကျေးဇူးတင်ပါတယ်။ ဒီအကြောင်း နှစ်မျိုးသိရတာနဲ့ပဲ တပည့်တော်မှာ ကျေးဇူးများလှပါပြီ။ တရားအားထုတ်ဖို့လည်း အားရှိသွားပါပြီ'' လို့ လျှောက်ပါတော့တယ်။



ကိုယ်ခန္ဓာကြီးပျောက်သွားလို့ ကြောက်လန့်

တရားစခန်းပွဲရဲ့ ခုနစ်ရက်မြောက်နေ့မှာဖြစ်ပါတယ်။ နံနက် ၈-နာရီထိုးပြီးခါနီမှာ Ichimu Ramaki Ko San ဆိုတဲ့ ဂျပန်ယောဂီဟာ စကားပြန်ပေးသူနဲ့အတူ ဘုန်းကြီးနေရာအရှေ့ဘက် ကျောင်းဆောင်ပေါ်ကို ရောက်လာကြပါတယ်။ မေးကြည့်တော့ ''ဒီတစ်မနက်လုံး မှတ်တိုင်းမှတ်တိုင်း ခန္ဓာကိုယ်ကြီးမရှိတော့ဘဲ ပျောက်ပျောက်နေလို့ ယခု အလွန်ကြောက်လန့်နေပါတယ်။ အဲဒါ ဆရာတော့်ဆီကို လာလျှောက်တာပါ''လို့ ပြောပါတယ်။

ယောဂီအမူအရာ မျက်နှာကြည့်ရတော့လည်းဟုတ်ပုံရပါတယ်။ မျက်နှာ ညှိုးညှိုးငယ်ငယ်နဲ့ ဖြူဖတ်ဖြူရော်ဖြစ်နေပြီး အင်မတန်ကြောက်လန့်နေတဲ့ပုံပါပဲ။ ဒီလိုအချိန်ခါမျိုးမှာ ကမ္မဋ္ဌာန်းဆရာက ဣန္ဒြေရဖို့အမူ အရာတွေမပျက်ဖို့ သိပ်အရေးကြီးပါတယ်။ဘာကြောင့်လည်းဆိုတော့ ဆရာဖြစ်တဲ့သူကပါ အမူအရာတွေ ပျက်နေရင် ယောဂီကပါပိုပြီး ကြောက်လန့်သွားမှာဖြစ်လို့ပါပဲ။ ယခုလည်း မျက်နှာဖြူဖတ်ဖြူရော်နဲ့ အလွန်ကြောက်လန့်နေဟန်ရှိနေတဲ့ယောဂီကိုအေးအေးဆေးဆေး ပြုံးပြုံးရွှင်ရွှင်နဲ့ကြည့်ပြီး ပထမအကြိမ်း ပန်းကန်လုံးခန့်မျှရှိတဲ့ ရေအေးအေး တစ်ခွက်ကို သောက်စေရပါတယ်။ ပြီးမှ ''တရားအားထုတ်လာတာ ကြာပြီလား၊ ဘယ်တုန်းကစပြီး ဘယ်လိုနည်းတွေနဲ့ အားထုတ်ခဲ့ပါသလဲ၊ တရားဆိုင်ရာ စာအုပ်တွေကော ဘယ်လိုတရားစာအုပ်မျိုးတွေ ဖတ်ခဲ့ဖူးပါသလဲ၊ စောစောပိုင်း တရားအား



ထုတ်ချိန်မျှားတုန်းကကော ဒီလို ခန္ဓာကိုယ်ကြီး ပျောက်နေဖူးခဲ့သလား၊ မှိန်မှိန်ပြီးပျောက်သွားသလား၊ ဖြုတ်ခနဲဆို အားလုံးပျောက်သွားသလား၊ အဲဒီ ပျောက်နေတဲ့အချိန်မှာ ဘာကိုမျှား မှတ်နေ, သိနေသလဲ၊ ပျောက်သွားတဲ့ ခန္ဓာကိုယ်ကြီးကော လိုက်ရှာနေမိသေးလား၊ ပျောက်နေတာကိုသိနေတဲ့ အသိစိတ်မျှား ရှိသေးသလား" စသည်တို့ကို မေးမြန်းရပါတယ်။ အမှန်တော့ ယောဂီရဲ့ ကြောက်လန့်နေတဲ့စိတ်ကို အာရုံပြောင်းသွားအောင်လို့ မေးကြည့်ပေးရတာပါပဲ။

ယောဂီကလည်း သူအားထုတ်ခဲ့ဖူးတဲ့နေရာ, တရားနည်းတွေနဲ့ အချိန်ကာလ, ဖတ်ခဲ့ဖူးတဲ့ တရားအကြောင်း စာအုပ်တွေ၊ ဒီလို တစ်ခါမျှ ခန္ဓာကိုယ်ကြီးပျောက်သွားတာ မရှိခဲ့ဘူးကြောင်းတွေ ပြန်လည်ဖြေကြားလာပါတယ်။ အဲဒီအချိန်မှာ ကြောက်နေတဲ့အမူအရာတွေ အတော်လျော့လာနေပုံ ရပါတယ်။ တဖြည်းဖြည်း စဉ်းစားနေပြီးမှ ပျောက်နေတာကိုသိတဲ့ အသိစိတ်ကလေးတော့ ရှိနေသေးကြောင်း ဖြေကြားလာပါတယ်။

ဒီတော့မှ "ဒီလို ပျောက်တယ်ဆိုတာ ရုပ်, နာမ်တို့ရဲ့ သဘောအတိုင်း ပျောက်သွားကြခြင်းဖြစ်တဲ့အတွက် ကြောက်လန့်ဖို့မလိုကြောင်း၊ စောစောတုန်းကလည်းဒီလိုပျောက်တာတွေ ရှိခဲ့ပါတယ်။ သို့သော်သတိ, သမာဓိတွေအားမကောင်းသေးတော့ ပျောက်နေတာတွေကို မသိနိုင်သေးပါဘူး။ ယခု ယောဂီမှ သတိတွေ, သမာဓိတွေ အလွန်အားကောင်းလာနေကြတဲ့အတွက် ယခုလို တွေ့နေရခြင်း ဖြစ်ပါတယ်။ နောက်ပြီးတော့ ပျောက်နေတာကို လိုက်လံရှာဖွေနေဖို့လည်း မလိုပါဘူး။ တရားအားထုတ်ခြင်းလုပ်ငန်းမှာ မရှိ, မထင်ရှားတာတွေကို တမင်ပုံပေါ်အောင်ဖော်ပြီး ရှာဖွေ (စိတ်ကူး) ၍ ရှုမှတ်ရခြင်းမျိုး မဟုတ်ဘဲတကယ်ပင် ထင်ရှားရှိနေသည့်အရာ တို့ကိုသာ ရှုမှတ်ပေးရတာမျိုးဖြစ်ပါတယ်။

"ဒါကြောင့် ပျောက်နေတာကိုသိနေတဲ့ အသိစိတ်ကလေး ရှိနေခဲ့လျှင် အဲဒါကိုပဲ "သိတယ်၊ သိတယ်" လို့ လိုက်မှတ်ပေးပါ။"

"ဒီနေ့အတွက်ကတော့ ဒီလို သဘာဝဖြစ်စဉ်တွေ နောက်ထပ်လာတော့မယ်လို့ မထင်ပါဘူး။ သို့သော်လာခဲ့လျှင်လည်းမကြောက်ဘဲ ကျန်ရှိနေသော အသိစိတ်ကလေးကိုသာ "သိတယ်-သိတယ်" ဟု ဆက်မှတ်ပေးနေရန် ဖြစ်ပါတယ်။ ဒါမှမဟုတ်လျှင်လည်း "ကြောက်တယ်၊ ကြောက်တယ်"ဟု ထည့်မှတ်ပေးနိုင်ပါတယ်။ ခုဆက်လက်ပြီးထိုင်ပါ ဘာမျှမဖြစ်နိုင်ပါ။ ဆရာတော် တာဝန်ယူပါမယ်။ဆရာတော်လည်းလိုက်စောင့် ပေးပါ့မယ်" ဟုပြောဆိုပြီး တရားထိုင် ခန်းမသို့ လိုက်သွားရပါတယ်။ တစ်ခုခုဖြစ်

"သူတစ်ပါးတွေ ဖောက်ထားပြီး ဘယ်ကိုဦးတည်မှန်းမသိ၊ မသေချာတဲ့ လမ်းကြောင်းအတိုင်း မလိုက်ပါနဲ့။ လမ်းကြောင်းမရှိသေး တဲ့နေရာက သွားပြီး တစ်ပါးသူတွေအတွက် လမ်းကြောင်း ချန်ထားခဲ့ပါ။"



လာလျှင် ချက်ချင်းအသိပေး ပြောပြ ဖို့မှာထားပြီး မနီးမဝေးရှိ ကုလား ထိုင်မှာ ထိုင်စောင့်ပေးနေရပါ တယ်။

"အဲဒီနေ့ကတော့ ဘာမျှမဖြစ် တော့ဘဲ ခန္ဓာကိုယ်ကြီးလည်း မပျော်သွားတော့ပါလို့ပဲ ပြောပါ တယ်။ နောက်ရက်မှာတော့ ပြန် ပျော်လာပြီး မကြောက်တော့ဘဲ ဆရာတော် ညွှန်ကြားသည့်အတိုင်း သိနေတာကလေးကိုပဲ ဆက်မှတ်ပေး နေရတာ ပိုမိုပြီး မှတ်ကောင်းလာပါ တယ်လို့ ဝမ်းသာအားရနဲ့ တရား စစ်ချိန်မှာပြောပြပါတော့တယ်။ ဒီတော့မှ အဲဒီအသိစိတ်ကလေးက လည်းပဲ သူတို့သဘာဝအတိုင်း နောက်ပိုင်းကျလျှင် ပျော်သွား တတ်ပါသေးတယ်၊ ကိစ္စမရှိပါဘူး ပြန်ပေါ်လာခဲ့လျှင် ဆက်မှတ်ပေး သွားရုံမျှပါပဲလို့ ပြောဆိုညွှန်ကြား ပေးရပါတယ်"

ဆယ်ရက်ပြည့်နေ့

"အဲဒီနေ့မှာတော့ တရားစစ် ဆေးခြင်းကိစ္စတွေကို နံနက်ပိုင်းမှာ ပင် ပြီးအောင် (ယခင်နေ့များ နေ့ လယ် ၁-နာရီခွဲချိန်မှစပြီး ညနေ ၅ နာရီခွဲအထိ တရားစစ်ချိန် ဖြစ် သည်) ဆောင်ရွက်ပေးထားရပါ တယ်။ နေ့လယ် ၁-နာရီထိုး တရား ထိုင်ကြပြီးချိန်မှာ အားလုံး ဘုရား ရှိခိုးကြ၊ ရှစ်ပါးသီလမှ ငါးပါးသီလ သို့ ပြောင်း၍ဆောက်တည်ကြခြင်း ကိစ္စတို့ကို ဆောင်ရွက်ကြရပါတယ်။ အဲဒီနောက်တော့ယခုမှတ်ခဲ့ကြရ သည့်အမှတ်တရားတို့ကို ဤနေရာ တွင် မထားခဲ့ကြဘဲ မိမိတို့ အိမ်, မိမိတို့အလုပ်နေရာများသို့ တိုင် အောင်ယူ ဆောင်သွားကြပြီး စွမ်း နိုင်သရွေ့ ဆက်လက်အားထုတ် ရှုမှတ်ပေးကြဖို့အကြောင်းနဲ့ နောင် နှစ်များတွင်လည်း ယခုလိုပဲလာရောက် ဆက်လက်အားထုတ်နိုင်ကြကြောင်း တို့ကို ပြောကြားပေးရပါတယ်"။

အဲဒီလို ဆက်ကာဆက်ကာ အားထုတ်သွားနိုင်ကြလျှင် သဒ္ဓါ တရားများ ခိုင်မြဲသွားကြပြီးအပါယ် လေးပါးမှ လွတ်မြောက်သွားနိုင် ကြောင်းတို့ကို သုပ္ပဋိဒ္ဓ လူနှုကြီး သာ ဓကအဖြစ် မကျဉ်းမကျယ်ပြောပေး ရပါတယ်။ ပြီးမှ အားလုံး မေတ္တာပို့ ကြကာ အမျှပေးဝေကြပြီး တရားရှု မှတ်ပွဲကို စခန်းသိမ်းကြရပါတော့ တယ်။

တရားအနယ်ထိုင်ကြပါစေ

မြတ်စွာဘုရားရှင်ကိုယ်တော် မြတ်ကြီးဟာ သူတစ်ပါး (အမျိုးမျိုး သော ဆရာ့ဆရာကြီး များစွာတို့၏) လမ်းကြောင်းအတိုင်းမလိုက်ဘဲ လမ်း ကြောင်းမရှိသေး၊ မပေါ်သေးသော သတိပဋ္ဌာန် မဂ္ဂင်လမ်းကြောင်းမှ ရှေးဦးစွာ နိဗ္ဗာန်သို့ ကြွသွားတော် မူခဲ့ပါတယ်။ သတ္တဝါအားလုံးတို့ အတွက်လည်း ကျင့်ကြံအားထုတ် နိုင်ကြရန် သေချာတိကျတဲ့ သတိ ပဋ္ဌာန် မဂ္ဂင်လမ်းကြောင်းမှန်ကို ချန်ထားခဲ့ပါတယ်။

အဲဒီ မဂ္ဂင်လမ်းကြောင်းမှန် အတိုင်း အမြန်လျှောက်သွားနိုင်ကြ ဖို့ အရေးကြီးလှပါတယ်။ အားထုတ် ရှုမှတ်မှုမပါသော လမ်းကြောင်း မဖြစ်ကြစေဖို့ အရေးကြီးလှပါ တယ်။ ဘာကြောင့်လည်းဆိုတော့ မိမိတို့သွားတဲ့ မဂ္ဂင်လမ်းကြောင်း မမှန်ကန်ရင် တရားအနယ် မထိုင် နိုင်ပါဘူး၊ (အနယ် မထိုင်ဘူးဆိုတာ ကတော့အားထုတ် မှုအဆင့်အတန်း အလျောက် သမာဓိအထူး, ဉာဏ် အထူးတွေ မဖြစ်ကြသေး, မရရှိကြ သေးတာကို ဆိုပါတယ်။) တရား အနယ်မထိုင်သူတို့ဟာ သူတစ်ပါး တို့ကို အမြဲပုတ်ခတ် လေ့ရှိတတ်ကြ တဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် လျှောက်ကြွသွားပြီး ဖောက်လုပ်ထားခဲ့တဲ့ မဂ္ဂင်လမ်းမကြီး အတိုင်း ကြိုးစားလျှောက်သွားကြ လျက် ဆင်းရဲခပ်သိမ်းတို့ ချုပ်ငြိမ်း ရာ နိဗ္ဗာန်ကို လျင်မြန်စွာမျက်မှောက် ပြု၍ ဆိုက်ရောက်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း ယခုတစ်ပတ်ဝိပဿနာ အကျိုး ချစ်မြတ်နိုးကဏ္ဍကိုနိဂုံးချုပ် လိုက်ပါတယ်။

အားလုံး သတ္တဝါတွေ ချမ်းသာ ကြပါစေ။

ဓမ္မဒိပ ဆရာတော်
တိုကျို–ဂျပန်

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



သြဝါဒ ခံယူ ပူဇော်ပွဲ

ဘယ်လိုကျင်းပသလဲ

အရှင်တေဇိန္ဒာသဘ
(မဟာစည်နာယက)
သဒ္ဓမ္မသီတဂူပုသိမ်ဆရာတော်

မဟာစည်သြဝါဒခံယူပူဇော်ပွဲကြီးကို နှစ်စဉ်နတ်တော်လ၌ ကျင်းပသည်။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ၁၆ သာသနာ့ရိပ်သာလမ်း မဟာစည် ရိပ်သာကြီးမှာကျင်းပသည်။ ၁၃၆၅-ခု ယခုနှစ်ဆိုပါလျှင် (၅၄) ကြိမ် မြောက်ပူဇော်ပွဲဖြစ်၏။

ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ၌ သီတင်းသုံးတော်မူသောကျေးဇူးတော်ရှင် မဟာစည်ဆရာတော်သည် ၁၃၁၁ ခုနှစ်၊ နတ်တော်လပြည့်နေ့မှ အစပြု၍ ရဟန်းရှင်လူယောဂီ အပေါင်းတို့အား သတိပဋ္ဌာန်ဝိပဿနာ အလုပ်ပေးတရားတော်ကို ပြသတော်မူခဲ့ရာ ၁၃၆၅ ခု၊ နတ်တော်လပြည့်နေ့၌ (၅၄) နှစ်ပြည့်မြောက်ခဲ့ပါသည်။ ယင်းလပြည့်နေ့၏ အနီးကပ်သောကြာ, စနေ, တနင်္ဂနွေ (၃) ရက်တိုင်တိုင် ပူဇော်ပွဲကို ကျင်းပလေ့ရှိသည်။

ယခုနှစ်အတွက် (၅၄) ကြိမ်မြောက် သြဝါဒခံယူပူဇော်ပွဲကို ၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း (၁၂) ရက်နေ့မှ (၁၄) ရက်နေ့အထိ၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ (၅-၆-၇) ရက်နေ့များတွင် မဟာစည်ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီး၌ ကျင်းပရန်စီစဉ်ထားပါသည်။

ညွှန်ကြားခဲ့သောသြဝါဒ

ကြွရောက်တော်မူလာကြမည့် ကမ္မဋ္ဌာနာစရိယ ဆရာတော်များသည် နောက်ပါရဟန်းရှင်လူယောဂီ



များအား ခေါ်ဆောင်လာလိုပါက ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ (၂၉-၉-၈၁) နေ့စွဲပါ ညွှန်ကြားခဲ့သော သြဝါဒတော်အတိုင်း ပဋိပတ်လုပ်ငန်းများကိုလေးစားလိုက်နာအားပေးမည့်ပုဂ္ဂိုလ်များကိုသာ ခေါ်ဆောင်လာကြရန်နှင့် ၎င်းပုဂ္ဂိုလ်များစာရင်းကို ၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့အရောက်၊ နိုဝင်ဘာလ (၂၃) ရက်နေ့ထက် နောက်မကျစေဘဲဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်သို့ပေးပို့ကြရသည်။ သြဝါဒခံယူပူဇော်ပွဲ ဖိတ်ကြားလွှာများကို အချိန်မီ မရရှိပါက သတင်းစာပါ ဖိတ်ကြားလွှာအရ ကြွရောက်တော်မူကြပါရန်လည်း ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်မှ ပင့်လျှောက်သည်။

အစည်းအဝေးပွဲများ

ပူဇော်ပွဲရက်များမတိုင်မီ ၂ ရက်၊ ၃ ရက် ကြိုတင်ပြီး ပြည်တွင်းပြည်ပရှိ ရိပ်သာအသီးသီးမှ မဟာစည်သြဝါဒါစရိယ, နာယက, တာဝန်ရှိ ဓမ္မကထိကအဖွဲ့ချုပ် ဆရာတော်များသည် ကြွရောက်ကြသည်။

ပူဇော်ပွဲ (၃) ရက်မတိုင်မီ ဗုဒ္ဓဟူးနေ့, ကြာသပတေးနေ့များတွင် နေ့စဉ် နံနက် ရ နာရီမှ ၉ နာရီအထိ၊ နေ့လည် (၁) နာရီမှ (၃) နာရီအထိ ပြည်တွင်းပြည်ပနာယက အစည်းအဝေးပွဲများကျင်းပသည်။ ညနေ ၄ နာရီမှ ၆ နာရီထိ ဓမ္မကထိကအဖွဲ့ချုပ်ကြီး၏ အစည်းအဝေးပွဲများကို သာသနာ့မလဝိသောဓနီ သိမ်တော်ကြီး၌ စည်းဝေးဆောင်ရွက်ကြသည်။

ဝင်လာမစဲရှိနေသည်

မဟာစည်ရိပ်သာကြီးအတွင်း၌ သြဝါဒခံယူပူဇော်ပွဲ နီးကပ်လာသည်နှင့်အမျှ သံဃာတော်များ၊ ဧည့်ပရိသတ်များ၊ ဝေယျာဝစ္စသမားများ၊ ကြိုဆိုနေရာချထားရေးအဖွဲ့၊ ကျန်းမာရေးနှင့် ဆေးဝါးကုသရေးအဖွဲ့၊ ဧည့်ခံကျွေးမွေးရေးနှင့် ဆွမ်းကွမ်းအဖွဲ့၊ ဖလ်ယဉ်ဓမ္မာရုံအခန်းအနားပြင်ရေးနှင့် တရားပွဲစီစဉ်ရေးအဖွဲ့၊ တရားစာအုပ်ဖြန့်ချိရေး၊ လှူဖွယ်ပစ္စည်းလက်ခံရေးနှင့် ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့၊ စတုဒိသာကျွေးမွေးရေးအဖွဲ့၊ တရားတိပ်ခွေကူးယူရောင်းချရေးအဖွဲ့၊ ပြန်ကြားရေးနှင့်မှတ်တမ်းတင် ထိန်းသိမ်းရေးအဖွဲ့၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ ရေမီးလျှပ်စစ်အဆောက်အအုံလုပ်ငန်းအဖွဲ့၊ ဓမ္မသာလာမဏ္ဍပ်ဧည့်ခံရေးအဖွဲ့တို့ဖြင့် စည်ကားနေသည်။ အဆက်မပြတ်ရောက်ရှိလာကြသော သံဃပရိသတ်လူပရိသတ်များဝင်လာမစဲ ရှိနေသည်။



ပူဇော်ကြပုံအဖုံဖုံ

ပူဇော်ပွဲပထမနေ့ဖြစ်သောသောကြာ နေ့မှစ၍ စနေ, တနင်္ဂနွေနေ့များ၌ပါ သုံးရက်လုံးလုံးနေ့စဉ် နံနက် ၃ နာရီ အိပ်ယာထကြပြီး မိမိတို့ တည်းခိုဆောင်များမှ သြဝါဒါစရိယဆရာတော်ကြီးများ ကမ္မဋ္ဌာနာစရိယ ဆရာတော်များ၊ ယောဂီပရိသတ်ဧည့်ပရိသတ်များ ဖလ်ယဉ်ဓမ္မာရုံကြီးသို့ ကြွရောက်နေရာယူကြကာ တရားနှလုံးသွင်းနေကြသည်။ နံနက် ၄ နာရီမှစ၍ သံဃာတော်များဦးဆောင်၍ ဘုရားဝတ်တက်အစီအစဉ်အရ ဘုရားရှိခိုးခြင်း၊ ပါတိမောက်နှင့်တကွ ပရိတ်မေတ္တာဘာဝနာများ ရွတ်ဖတ်ပူဇော်ခြင်း၊ ကျန်ရှိသောအချိန် တရားထိုင်ပူဇော်ခြင်းပြုကြသည်။

နံနက် (၅) နာရီတွင် ဘုရားဝတ်တက် အစီအစဉ်ပြီးဆုံး၍ ပရိသတ်များမှ သီလခံယူရန် သြဝါဒါစရိယဆရာတော်ကြီးအား ကန်တော့ကြ၊ ရှစ်ပါးသီလခံယူကြသည်။

ဓမ္မပူဇာစာရင်းဇယားအရ

ထို့နောက် သံဃာတော်များ ဧည့်ပရိသတ်များအား အရုဏ်





ဆွမ်းဆက်ကပ်ကြ၊ ဧည့်ခံကျွေးမွေးကြသည်။ နံနက် (၇) နာရီမှ (၉) နာရီအထိ ဓမ္မပူဇာစာရင်းဇယားအရ နယ်ရိပ်သာများမှ ဆရာတော်များက တစ်ပါးလျှင်မိနစ် ၃၀ သုတ္တန် တရားတော်တို့ကို ပူဇော်ကြ၍ ပရိသတ်များက နာကြားကြသည်။ စတုဒိသာအဖွဲ့မှလည်း စတုဒိသာကျွေးမွေး လှူဒါန်းကြသည်။ နံနက် ၁၀ နာရီ မှ ၁၂ နာရီအတွင်း နေ့ဆွမ်းကပ်လှူခြင်း၊ ဧည့်ပရိသတ်တို့အား ဧည့်ခံကျွေးမွေးခြင်းပြုကြသည်။

နေ့ပိုင်း ၁ နာရီမှ ၃ နာရီအထိ

နေ့ပိုင်း ၁ နာရီမှ ၃ နာရီအထိ ဓမ္မပူဇာစာရင်းအရ နယ်ရိပ်သာများမှ ဆရာတော်များသည် တစ်ပါးလျှင်မိနစ် ၃၀ သုတ္တန် တရားတော်တို့ကို တစ်ပါးပြီးတစ်ပါး အဆက်မပြတ် ပူဇော်ကြသည်။

ညနေပိုင်း ၄ နာရီမှ ၆ နာရီ

ညနေပိုင်း ၄ နာရီမှ ၆ နာရီအထိ ဖလ်ယဉ်ဓမ္မာရုံကြီး၌ပင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သြဝါဒခံ ကမ္မဋ္ဌာန်းဋ္ဌာနများစာရင်း, ယောဂီများစာရင်းတို့ကို တိုက်တွင်းနာယကတစ်ပါးက ဖတ်ကြားကြေငြာသည်။ ပရိသတ်များက နာကြားကာ သာဓုခေါ်ကြသည်။

၆ နာရီထိုးရန် နီးလာသည်နှင့် အမျှ တရားနာယူရန် အတွက် ပရိသတ်များ တဖွဲဖွဲနေရာယူကြသည်။ ဖလ်ယဉ်ဓမ္မာရုံ, ဓမ္မသာလာနှင့် မဏ္ဍပ်များတွင် နေရာယူကြသည်။ မြို့နယ်အသီးသီးမှ ကားများဖြင့် တရားနာရန်ရောက်လာကြ၏။ ညနေပိုင်း ၆ နာရီ မှ ၉း၃၀ နာရီအထိ နေ့စဉ် ရှေ့တစ်ပါး နောက်တစ်ပါး ရွှေးချယ်ပင့်လျှောက်ထားသည့် ဆရာတော်များမှ တရားရေအေးတိုက်ကျွေးကြသည်။

သြဝါဒခံယူပူဇော်ပွဲကြီးနေ့

မွန်းတည့် ၁၂ နာရီအချိန် အခမ်းအနားမှူးက (၅၄) ကြိမ်မြောက် ပူဇော်ပွဲအခမ်းအနား စတင်ကြောင်း ကြေငြာလိုက်သဖြင့် သြဝါဒ စရိယဆရာတော်ကြီးများ, နာယက ဆရာတော်ကြီးများနှင့် သံဃာတော် အရှင်သူမြတ်များသည် မိမိတို့ ယာယီ သီတင်းသုံးရာကျောင်းတော်များမှ ဖလ်ယဉ်ဓမ္မာရုံကြီးသို့ ကြွရောက်တော်မူလာကြသောအခါ တပည့်ယောဂီများနှင့် ဧည့်ပရိသတ်များက ရိုသေစွာလက်အုပ် ချီရှိခိုး၍ ဂါရဝပြုကြပါသည်။ သက်တော်ဝါတော်ကြီးရင့်သော ဆရာတော်ကြီးများကို သီးသန့်ကားများဖြင့် ပင့်ဆောင်ပေးပါသည်။

အခမ်းအနား

အခမ်းအနားအစီအစဉ် -

၁-၂-၃ အရ

အခမ်းအနားကို "နမော တဿ" သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး



ရဟန်းရှင်လူ ပရိသတ်အပေါင်းက စံလွန်တော်မူပြီးသော ကမ္ဘာ့သာသနာပြုဆဋ္ဌသင်္ဂီတိပဋ္ဌာကအဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ရည်စူး၍ လည်းကောင်း မဟာစည်သာသနရိပ်သာများနာယကာအဖွဲ့ကြီး၏ သြဝါဒိစရိယဆရာတော်ကြီးများအားလည်းကောင်း သြကာသဖြင့် ကန်တော့၍ လူပရိသတ်များက ရှစ်ပါးသီလခံယူကြပါသည်။

ဗုဒ္ဓသာသနာနှင့်ဟာအဖွဲ့.ချုပ်ဥက္ကဋ္ဌ

ထို့နောက် အခမ်းအနားအစီအစဉ် (၄) အရ ဗုဒ္ဓသာသနာနှင့်ဟာအဖွဲ့.ချုပ်ဥက္ကဋ္ဌက သြဝါဒခံယူပူဇော်ပွဲ ကျင်းပရခြင်းအကြောင်းကို လျှောက်ထားရာတွင် မြန်မာနိုင်ငံအရပ်ရပ်ရှိ ရိပ်သာများမှ ကြွလာသော သံဃာတော်အရှင်သူမြတ်များအား တစ်စုတစ်ဝေးတည်း ဖူးမြော်ခွင့်ရသဖြင့် ထူးမြတ်သောမင်္ဂလာအခါသမယ ဖြစ်ပါ၍ ဗုဒ္ဓသာသနာနှင့်ဟာအဖွဲ့.ချုပ်, ဟိတသီနှင့်အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့. အဖွဲ့ဝင် လူကြီးများအနေဖြင့် အတိုင်းမသိ ကြည်နူးဝမ်းမြောက်ခြင်းဖြစ်ရပါကြောင်း။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၁၁ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၆) ရက်ရက်နေ့တွင် ဤရိပ်သာကြီးသို့ ကြွရောက်တော်မူလာပြီး နတ်တော်လပြည့်နေ့တွင် ဝိပဿနာအလုပ်ပေးတရားတော်ကို စတင်ပြသဟောကြားတော်မူခဲ့ရာ ၎င်းနေ့ရက်ကို အထိမ်းအမှတ် တစ်ရပ်အဖြစ် သတ်မှတ်၍ နှစ်စဉ်မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ တိုင်းနှင့်ပြည်နယ်အသီးသီးမှရိပ်သာခွဲများမှ သံဃာတော်အရှင်မြတ်များ, ယောဂီသူတော်စင်အပေါင်းတို့သည် တညီတညွတ်တည်း စုဝေးရောက်ရှိလာကြပြီး သြဝါဒခံယူပူဇော်ပွဲကို ကျင်းပလာခဲ့ကြပါသည် အရှင်ဘုရား။

သြဝါဒခံယူပူဇော်ပွဲများ ပြုလုပ်ရသည့် ရည်ရွယ်ချက်

ဤကဲ့သို့ သြဝါဒခံယူပူဇော်ပွဲများပြုလုပ်သည့် ရည်ရွယ်ချက်မှာ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးအား ရိပ်သာခွဲများမှ ကမ္မဋ္ဌာနာစရိယဆရာတော်များနှင့် ယောဂီများက တစ်နှစ်တစ်ကြိမ် စုံညီစွာ လာရောက် ဖူးမြော်ကန်တော့ကြခြင်းနှင့် ဆရာတော်ဘုရားကြီး၏ ဆုံးမသြဝါဒခံယူ၍ လာမည့်နှစ်အတွက် သာသနာပြုလုပ်ငန်းများဆောင်ရွက်ရန် ညှိနှိုင်းတိုင်ပင်စည်းဝေးကြရန် ဖြစ်ပါသည် ဘုရား။

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး စံလွန်တော်မူပြီးနောက်တွင် သြဝါဒခံယူပူဇော်ပွဲများကို ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ရှိစဉ်ကကဲ့သို့ပင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အင်အားအပြည့်ဖြင့် ဆက်လက်၍ မပျက်မကွက်ကျင်းပလျက် ရှိနေပါသည်ဘုရား၊ ဆရာတော်ဘုရားကြီး စံလွန်တော်မူပြီးနောက် သြဝါဒခံယူပူဇော်ပွဲများ၏ ရည်ရွယ်ချက်အနှစ်သာရများသည် ပိုမိုလေးနက်လာလျက်ရှိကြောင်းကိုလည်း ဘုရားတပည့်တော်တို့အဖွဲ့.မှ သတိပြုမိကြပါသည်ဘုရား။

ကမ္ဘာနှင့်သာသနာတည်သရွေ့

ဤသို့တိုးတက်ကြွာရှည်စွာ ကမ္ဘာနှင့် သာသနာတည်သရွေ့ မဟာစည် သာသနာတော်ကြီး စည်ပင်ပြန်ပွားတည်တံ့ခိုင်မြဲစေရန် အတွက်သြဝါဒိစရိယ ဆရာတော်ကြီးများ မဟာစည်ရိပ်သာများ နာယကအဖွဲ့. နာယကဆရာတော်များ မဟာစည်ဓမ္မကထိကအဖွဲ့ဝင် ဆရာတော်များ ဝန်ဆောင်ဆရာတော်များမှ ဦးဆောင်ဦးရွက်ပြု၍ ဆောင်ရွက်တော်မူကြပါဘုရား။





တပည့်တော်များ ပစ္စည်းလေးပါး ဒါယကာအဖွဲ့.များဖြစ်သော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဟိတေသီအဖွဲ့. အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့.တို့မှလည်း ပစ္စည်းလေးပါးအတွက် လစ်ဟင်းလစ်လပ်မှုမရှိစေဘဲ အလုံးစုံပြည့်ဝစေရန် အင်အားအပြည့်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

သက်တော်ထင်ရှားရှိပါပေသည်

သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သုတ်အဘိဓမ္မာဝိနည်းတရားတော်တို့ကို ဘုရားသားတော်ဖြစ်တော်မူကြသော အရိယာနွယ်ဝင်ရဟန်းသံဃာတော် အရှင်မြတ်တို့က လိုက်နာကျင့်သုံးမြဲ ကျင့်သုံးနေထိုင်တော်မူကြသောကြောင့် ဗုဒ္ဓမြတ်စွာဘုရားသည် သက်တော်ထင်ရှားရှိနေသကဲ့သို့ ဖြစ်ပါသည်။

ထိုနည်းတူစွာပင် ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော ဩဝါဒတော်တို့ကို လိုက်နာတော်မူကြ၍ ဆရာတော်ဘုရားကြီး ဟောကြားတော်မူအပ်သော သတိပဋ္ဌာန်ဝိပဿနာအကျင့်တရားတို့ကို ဆရာတော်ဘုရားကြီး၏ တပည့်သားသံဃာတော်အရှင်မြတ်တို့က အရှိန်အဟုန်မပျက် ကိုယ်တိုင်လည်းကျင့်သုံးတော်မူကြလျက် တပည့်ရဟန်းရှင်လူယောဂီအပေါင်းတို့အားလည်း ဟောကြားပြသတော်မူကြလျက် ရှိပါသောကြောင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် သက်တော်ထင်ရှားရှိပါပေသည်ဟု တပည့်တော်တို့ယုံကြည်ကိုးစားလျက် ရှိကြပါကြောင်း လျှောက်ထား၍ နိဂုံးချုပ်အပ်ပါသည် အရှင်သူမြတ်တို့.ဘုရား။ အားလုံး သာဓုခေါ်ကြသည်။

အခမ်းအနားအစီအစဉ်

ထို့နောက် အခမ်းအနားအစီအစဉ် (၅) အရ မဟာစည်နယ်လှည့်အဖွဲ့မှ ပဋိပတ္တိနယ်လှည့်သာသနာပြုလုပ်ငန်းများကို အဖွဲ့အကျိုးဆောင် ဆရာတော်က တင်ပြလျှောက်ထားသည်။ အခမ်းအနားအစီအစဉ် (၆) အရ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒခံကမ္မဋ္ဌာန်းဌာနများစာရင်းနှင့် ယောဂီစာရင်းတို့ကို မဟာစည်နာယက အကျိုးတော်ဆောင်ဆရာတော်က ဖတ်ကြားတင်ပြသည်။

အခမ်းအနားအစီအစဉ် (၇) အရ မဟာစည်နာယကအဖွဲ့.ဥက္ကဋ္ဌ ဆရာတော်က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်များကို ဖတ်ကြား၍ သာဓုခေါ်ကြသည်။

ဩဝါဒါစရိယဆရာတော်၏ ဩဝါဒ

အခမ်းအနားအစီအစဉ် (၈) အရ ဩဝါဒါစရိယဆရာတော်က (၅၄) အကြိမ်မြောက် နှစ်ပတ်လည်အစည်း အဝေးကျင်းပသောနေ့ဖြစ်ပါတယ်။ ဒီလိုနှစ်ပတ်လည် အစည်းအဝေး ကျင်းပခြင်း၊ လစဉ်အစည်းအဝေးကျင်းပခြင်း၊ မပြတ်မပြတ် ခဏခဏ ကျင်းပခြင်းသည် -

အဘိဏှံသန္နိပါတာ ဘဝိဿန္တိ၊
သန္နိပါတမဟုလာ ဝုဒ္ဓိယော
နောပရိဟာနိ၊

အဘိဏှံ မပြတ်မပြတ်၊ **သန္နိပါတာ** စည်းဝေးခြင်းတို့သည်၊ **ဘဝိဿန္တိ** ဖြစ်ကုန်လတ်၊ **သန္နိပါတမဟုလာ** မပြတ်စည်းဝေးခြင်းများသည်ရှိသော်၊ **ဝုဒ္ဓိယော** တိုးပွားခြင်းတို့သည်၊ **ဟောန္တိ** ဖြစ်ကုန်၏။ **ပရိဟာနိ** ဆုတ်ယုတ်ပျက်စီးခြင်းတို့သည်၊ **နောဟောန္တိ** မဖြစ်ကုန်စသည်ဖြင့် အကျယ်ဩဝါဒ မွှက်ကြား၍ သာဓုခေါ်ကြသည်။

ကုသိုလ်တော်အရပ်ရပ်

အခမ်းအနားအစီအစဉ် (၉) အရ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က ထောက်ပံ့ပြုစုခဲ့သော ကုသိုလ်တော်အရပ်ရပ်တို့ကို ရေစက်သွန်းချအမျှပေးဝေကာ ဩဝါဒခံယူပူဇော်ပွဲကြီးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုဖြင့် အောင်မြင်စွာရုပ်သိမ်းကြပါသတည်း။

အရှင်တေဇိန္ဒာသဘ
(မဟာစည်နာယက)
သဒ္ဓမ္မသီတဂူ
ပုသိမ်ဆရာတော်

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ဟိတေသီတိုင်းရင်းဆေးကုခန်း



ဆင်ပြုကျွန်းကျော်လှိုင်ဦး

ဟိတေသီတိုင်းရင်း ဆေးကုခန်း သည် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဟာမစ်တစ်ရပ်ကွက် (သာသနာ့ရိပ်သာရပ်ကွက်) မဟာစည် သာသနာ့ရိပ်သာအတွင်းမှာ တည်ရှိသည်။ ရဟန်းရှင်လူယောဂီပေါင်း ၄၀၀ ကျော် အမြဲနေထိုင်လျက်ရှိသည်။

ဟိတေသီ တိုင်းရင်းမြန်မာ့ဆေးကုခန်းအကြောင်း စတင်မတင်ပြမီ အရင်ဆုံး 'ဟိတေသီ' အကြောင်း သိကောင်းစရာအကျဉ်းချုပ်ကို တင်ပြပါမည်။ 'ဟိတေသီ' ဟူသော အမည်သည် ကျေးဇူးတော်ရှင်မဟာ စည်ဆရာတော်ဘုရားကြီး ကိုယ်တိုင် ချီးမြှင့်တော်မူခဲ့သော အမည် ဖြစ်သည်။

'ဟိတေသီ' သည် ဟိတနှင့်ဧသီ ဟူသော နှစ်ပုဒ်ကို သန္ဓိတွဲစပ်ထားခြင်းဖြစ်၏။ ၎င်းပုဒ်ကို သမ္ဗန္ဓပြုလျှင် ဟိတတစ်ပုဒ်၊ ဧသီတစ်ပုဒ်ဖြစ်၏။

ဟိတ + အကျိုးစီးပွား

ဧသီ + ရှာမှီးခြင်း ဟူသော အနက်ကိုပြ၏။

သို့ဖြစ်၍ 'ဟိတေသီ' သည် -

၁။ မိမိအကျိုးစီးပွား

၂။ သူတစ်ပါးအကျိုးစီးပွား

၃။ မိမိသူတစ်ပါးနှစ်ဦးသား ၏ အကျိုးစီးပွား

၄။ မျက်မှောက်အကျိုးစီးပွား

၅။ တမလွန်အကျိုးစီးပွား

၆။ လောကီအကျိုးစီးပွား

၇။ လောကုတ္တရာအကျိုးစီးပွား ဟူသော အကျိုးစီးပွားများကို တစ်မျိုးမျိုးဖြစ်စေ၊ အများကိုဖြစ်စေ၊ အလုံးစုံကိုဖြစ်စေ ရအောင်ရှာမှီးလေ့ရှိကြသော ပုဂ္ဂိုလ်တို့၏ အပေါင်းအစု အသင်းအဖွဲ့ဟု အဓိပ္ပါယ်ရသည်။

ဟိတေသီအဖွဲ့ကြီးကို ဘယ်တုန်းက စတင်ဖွဲ့စည်းခဲ့သလဲဆိုတော့ ၁၃၂၇ ခုနှစ်၊ တန်ခူးလပြည့်၊ ၅-၄-၁၉၆၆ ခုနှစ်၊ အင်္ဂါနေ့တွင် ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာအတွင်း၌ ဦးဘငြိမ်းနှင့်သား၊ ဦးအေးမောင်တို့အမှူးပြုသော မဟာစည်ယောဂီဟောင်း ပုဂ္ဂိုလ်တစ်စုတို့ဖြင့် ပထမဆုံး စတင်ဖွဲ့စည်းခဲ့သည်။

ထိုမှစ၍ ယနေ့တိုင် ဟိတေသီအဖွဲ့ကြီးကို မဟာစည်ယောဂီဟောင်းများက အဆင့်ဆင့်မပျက်စီးအောင် အရှည်တည်တံ့ခိုင်ခံ့အောင် ဆောင်ရွက်လာခဲ့သည်မှာ ယခုလက်ရှိ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ လက်ထက်တိုင်နှစ်ပေါင်း (၃၈)နှစ်မျှကြာခဲ့ပြီဖြစ်သည်။

၎င်းဟိတေသီအဖွဲ့ကြီးသည် မဟာစည်သာသနာတော်ကြီး စည်ပင်ထွန်းကားပြန့်ပွားတိုးတက်စေရန်ရည်သန်၍ ကုသိုလ်တော် (၇)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ကုသိုလ်တော် (၇) ရပ်၏ အကျဉ်းချုပ်မှာ -

၁။ ပထမကုသိုလ်တော် - ယောဂီထောက်ပံ့ချက်

၂။ ဒုတိယကုသိုလ်တော် - ဥပုသ်မပျက်ကိုယ့်အတွက်

၃။ တတိယကုသိုလ်တော် - ကိုယ်ပိုင်လုပ်အား ကုသိုလ်ပွား

၄။ စတုတ္ထကုသိုလ်တော် - နှစ်သစ် ချိန်ခါကုသိုလ်ရှာ

၅။ ပဉ္စမကုသိုလ်တော် - ရိပ်သာအတွင်းလှူဒါန်းခြင်း

၆။ ဆဋ္ဌမကုသိုလ်တော် - ဟိတေသီမိသားစုရှင်ရဟန်းပြု

၇။ သတ္တမကုသိုလ်တော် - ယောဂီကျန်းမာမှုဆေးဝါးကု

ဟူ၍ ကုသိုလ်တော် (၇)ရပ်ချမှတ်ပြီး ကုသိုလ်ရရှိမည့်အလုပ်များကို တစိုက်မတ်မတ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ဟိတေသီ ကုသိုလ်ဖြစ် တိုင်းရင်းမြန်မာဆေးခန်းသည် ဟိတေသီ၏ သတ္တမကုသိုလ်တော်ဖြစ်



သည်။ ယောဂီကျန်းမာမှုဆေးဝါးကု
ဟူသောဆောင်ပုဒ်အတိုင်း မဟာ
စည်သာသနာ့ရိပ်သာကြီးသို့ မြန်
မာပြည်အရပ်ရပ်နှင့် ကမ္ဘာ့နိုင်ငံ
ကြီးများ အသီးသီးက လူရှင်ရဟန်း
ပုဂ္ဂိုလ်တို့သည် လာရောက်ပြီး
တရားအားထုတ်စဉ်အခါကာလ
ကျန်းမာရေးသည် ရုတ်တရက်
ရောင်တခင် ရောဂါဖြစ်ပေါ်လာ
လျှင် မြန်မာ့ဆေးဝါး မြန်မာ့နည်း
ပညာဖြင့် ကုသမှုခံယူနိုင်ကြစေရန်
ရည်သန်၍ တိုင်းရင်းမြန်မာဆေး
ကုသရေးအဖွဲ့ငယ်ကို ဖွဲ့စည်းပြီး
တာဝန်ပေးထားသော လူမှုရေးဝန်
ထမ်းဆေးခန်းတစ်ခု ဖြစ်သည်။

ဟိတသီတိုင်းရင်းဆေးအဖွဲ့
ငယ်ကို ပထမဆုံးစတင်ဖွဲ့စည်း
တည်ထောင်ခဲ့သူများမှာ နေလဝိဇ္ဇာ
ဆရာကြီး ဦးကျော်မင်းနှင့်ဦးအေး
မောင်တို့ဖြစ်သည်။

ယောဂီသူတော်စင်တစ်ဦး
သည် မဟာစည်ရိပ်သာကြီးအတွင်း
တရားအားထုတ်စဉ်ကာလ၌ ကျန်း
မာရေးကောင်းမွန်ဖို့သည် အလွန်ပင်
အရေးကြီးလှပေသည်။ ကျန်းမာရေး
သုခအပြည့်အဝရရှိပါမှ ကျန်းမာ
ရေးကောင်းမွန်ပါမှ သြဝါဒါစရိယ
ဆရာတော်ဘုရားများ ညွှန်ကြား
ပြသသည့်အတိုင်း တရားတော်များ
ကို ကြိုးကြိုးစားစား အချိန်ပြည့်
အားထုတ်နိုင်ပြီး မိမိတို့ လိုလား
တောင့်တအပ်သော တရားထူး
တရားမြတ်များကို လွယ်လွယ်ကူကူ
ရရှိနိုင်မည် ဖြစ်သည်။

'ယောဂီကျန်းမာမှု ဆေးဝါးကု'
ဆောင်ပုဒ်နှင့်အညီ တရားအား
ထုတ်ဆဲဖြစ်ကြသော ကမ္ဘာ့နိုင်ငံ
အသီးသီးနှင့် မြန်မာပြည်အတွင်း
တိုင်းနှင့်ပြည်နယ်အရပ်ရပ်မှ ကြွ
ရောက်တော်မူလာ၍ တရားအား
ထုတ်နေကြသည့် ယောဂီများတို့
သည် ရုတ်တရက် ရောင်တခင်
မကျန်းမမာရောဂါဖြစ်ပေါ်လာလျှင်
မြန်မာ့ဆေးဝါးများဖြင့် အလွယ်
တကူကူညီစောင့်ရှောက်ကုသနိုင်ရန်
အတွက် ဟိတသီအဖွဲ့၏လမ်းညွှန်
ကွပ်ကဲမှုဖြင့် တိုင်းရင်းမြန်မာဆေး
ကုသရေးအဖွဲ့ငယ်ကို အောက်ပါ
ဝါရင့်ကျွမ်းကျင်သော သမားတော်
ကြီးများဖြင့် ဖွဲ့စည်းထားသည်။

နာယက - သမားတော်ကြီး
နေလဝိဇ္ဇာဦးကျော်မင်း၊ ဦးမင်းဟန်၊
ဦးမြသန်း၊

၁။ ဆရာ ဦးစံမြင့်
ဥက္ကဋ္ဌ
၂။ ဆရာ ဦးမြလွင်
အတွင်းရေးမှူး
၃။ ဆရာ ဦးကျော်လှိုင်ဦး
အဖွဲ့ဝင်
၄။ ဆရာဦးကျော်ဒွန်း
အဖွဲ့ဝင်
၅။ ဆရာဦးစိုးမော်
အဖွဲ့ဝင်
၆။ ဆရာဦးသန်းစိန်
အဖွဲ့ဝင်
၇။ ဆရာဦးတင်သန်း
အဖွဲ့ဝင် တို့ဖြစ်သည်။

အထက်ဖော်ပြပါ တိုင်းရင်း
မြန်မာဆေးကုသရေးအဖွဲ့ငယ်သည်
ဟိတသီ၏သတ္တမကုသိုလ်တော်
ဖြစ်သည့် 'ယောဂီကျန်းမာမှု
ဆေးဝါးကု' ဟူသော ဆောင်ပုဒ်ကို
အကောင်အထည်ဖော်ဆောင်ရန် -

၁။ မဟာစည် သာသနာ့ရိပ်သာ
အတွင်း ဝိပဿနာတရား
အားထုတ်နေကြသော ရဟန်း
ရှင် လူယောဂီများ။
၂။ ရိပ်သာအတွင်း သာသနာ့ဝေ
ယျာဝစ္စဆောင်ရွက်လာကြသူ
များ။
၃။ သီတင်းသီလဆောက်တည်
လာကြသည့် ဥပုသ်သည်များ။
၄။ ရိပ်သာကြီးသို့ လာရောက်
ထောက်ပံ့လှူဒါန်းကြသော အလှူရှင်
များ စသည်တို့ကို မေတ္တာ စေတနာ
ရှေ့ထား၍ လုပ်အားဒါနဖြင့် စနစ်
တကျ ဆေးဝါးကုသ၍ ကုသိုလ်ဖြစ်
ဆေးအလှူဒါနပြုလျက် ရှိကြသည်။

ပိတ်ရက်မရှိ၊ နေ့စဉ် နံနက် (၉)
နာရီမှ (၁၂) နာရီထိ တိုင်းရင်းမြန်
မာဆေးပေးခန်းကို ဟိတသီဓမ္မာရုံ
အတွင်း ဟိတသီရုံးခန်းနှင့် ကပ်
လျက်နေရာမှာ ဖွင့်လှစ်ကုသမှုပေး
လျက်ရှိနေသည်။ ဆေးဆရာများ
မပြတ်မလပ်စေရေးအတွက် အဖွဲ့
ခေါင်းဆောင်တစ်ဦး၊ လက်ထောက်
ဆရာ ၂ -ယောက်တို့ဖြင့် နေ့
အလိုက် တာဝန်များ ခွဲဝေသတ်မှတ်
ထားသည်။ ဟိတသီ တိုင်းရင်း
မြန်မာဆေးခန်းသို့ ကုသိုလ်ယူလာ
ရောက်လုပ်အားပေးလှူကြသော



ဆရာကြီးများမှာ -

တနင်္ဂနွေနေ့ - ဆရာကြီးဦးကျော်လှိုင်ဦး၊ ဆရာဦးညွှန့်တင်၊ ဆရာမဒေါ်ခင်ခင်ဝင်း။

တနလ်ာနေ့ - ဆရာဦးစိုးမော်၊ ဦးမင်းဟန်၊ ဆရာမဒေါ်ယဉ်ယဉ်ဌေး။

အင်္ဂါနေ့ - ဆရာကြီးဦးကျော်ဒွဇ်း၊ ဆရာမ ဒေါ်ဖြူဖြူအေးအောင်၊ ဆရာမဒေါ်နီနီအေးအောင်။

ဗုဒ္ဓဟူးနေ့ - ဆရာကြီးဦးသန်းစိန်၊ ဆရာ ဦးကြည်ဝင်း၊ ဆရာဦးဉာဏ်ဝင်း။

ကြာသပတေးနေ့ - ဆရာကြီးဦးမြသန်း၊ ဆရာဦးမြလွင်၊ ဆရာဦးကျင်မောင်။

သောကြာနေ့ - ဆရာကြီးဦးတင်သန်း၊ ဆရာမဒေါ်ခင်ခင်ကြီး၊ ဆရာမ ဒေါ်စီစီညွန့်။

စနေနေ့ - ဆရာကြီး ဦးစံမြင့်၊ ဆရာဦးတင်ရွှေ၊ ဆရာမ ဒေါ်မင်းမင်းမြတ် တို့ဖြစ်သည်။

ဖော်ပြပါ ဆရာ၊ ဆရာမများကပိတ်ရက်မရှိ ရောဂါမျိုးစုံကို နေ့စဉ်အလှည့်ကျ တာဝန်ယူ၍ စနစ်တကျကုသပေးနေသည့်အပြင် -

၁။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သြဝါဒခံယူ ပူဇော်ပွဲနေ့ကြီးများ။

၂။ နှစ်သစ်ကူး မဟာသင်္ကြန်အခါတော်ရက်ကြီးများတွင်လည်း အဖွဲ့ခေါင်းဆောင်ဆရာကြီးများက ဦးဆောင်ကြီးကြပ်၍ နေ့အလိုက်တာဝန်ဇယားများ ချထားပြီး မြန်မာပြည်အရပ်ရပ်မှ သြဝါဒခံယူပူဇော်ပွဲသို့ လာရောက်ကြသော ယောဂီသူတော်စင်တို့အား နေ့၊ ည တာဝန်ယူလျက် တိုင်းရင်းဆေးပညာဖြင့် မဟာစည်သာသနာ့ရိပ်သာကြီး စည်ပင်ပြန့်ပွားထွန်းကားသာယာရေးအတွက် ကိုယ်အား၊ ဉာဏ်အား သဒ္ဓါတရားဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ဟိတေသီတိုင်းရင်းမြန်မာ့ဆေးခန်းအတွင်း ချိတ်ဆွဲထားသောစာတမ်းမှာ -

"ဟိတေသီကုသိုလ်ဖြစ်ဆေးခန်းနှုံးဆော်ချက်"

အာရောဂျံ ပရမာ လာဘာ၊
သန္တုဋ္ဌိ ပရမံ ဓနံ။
ဝိဿာသ ပရမာဉာတိ၊
နိဗ္ဗာနံ ပရမံ သုခံ။

ဆေးလှူရခြင်းအကျိုး ၁၀ ပါး

၁။ အသက်ရှည်ခြင်း။
၂။ အဆင်းလှခြင်း။
၃။ ခွန်အားကြီးခြင်း။
၄။ ဉာဏ်ပညာကြီးခြင်း။
၅။ ဘေးဥပါဒ်ကင်းခြင်း။
၆။ ရောဂါရန်ကင်းခြင်း။
၇။ ချစ်သောသူနှင့်မကွဲကွာရခြင်း။
၈။ အခြံအရံများ၍ ချမ်းသာခြင်း။
၉။ ဆင်းရဲကင်း၍ ချမ်းသာခြင်း။
၁၀။ လူနတ်တို့၏အပူဇော်ခံရခြင်း။

၁။ ကျောင်းသင်္ကန်းဆေး၊ ဆွမ်းလှူပေး၊ မြတ်ဆေးအလှူနည်းလှူသည်။

၂။ အသက်ရှည်လို၊ နာကင်းလို၊ ဆေးကိုလှူရမည်။

၃။ အဆင်းလှလို၊ နှုပျိုလို၊ ဆေးကိုလှူရမည်။

၄။ ရှင်ပါကူလို၊ နာကင်းလို၊ ဆေးကို လှူရမည်။

၅။ မင်္ဂိုလ်ပန်းကို၊ ဆင်မြန်းလို၊ ဆေးကိုလှူရမည်။

၆။ နိဗ္ဗာန်နန်းကို၊ စံမြန်းလို၊ ဆေးကို လှူရမည်။

၇။ ဆေးလှူဒါန၊ မြတ်ပုည၊ တိုင်းဆမရှိပြီ။

၈။ ဆေးကိုလှူရ၊ ကျိုးဖလ၊ မိုယ်းမက အောင်ကြီးလှသည်။

၉။ ကြုံကြိုက်တုံးမှာ၊ လှူရတာ၊ ဆယ်ဖြာအကျိုးရနိုင်သည်။ ။

ဟူ၍ ဖြစ်သည်။ သို့ဖြစ်၍ ဤစာရှုသူအပေါင်းတို့သည် ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာအတွင်း -

၁။ တရားအားထုတ်ရင်းဖြစ်စေ

၂။ အလှူအတန်း ပြုလုပ်ရင်းဖြစ်စေ

၃။ ဥပုသ်သီတင်းသီလ ဆောက်တည်ရင်းဖြစ်စေ ရောက်ရှိပါလျှင် ဟိတေသဓမ္မာရုံရှု ဟိတေသီကုသိုလ်ဖြစ် တိုင်းရင်းမြန်မာဆေးကုခန်းသို့ ဝင်ရောက်၍ ဆေးကုသမှုခံယူပြီး မွန်မြတ်လှသော ဆေးအလှူဒါနကို လှူဒါန်းသမှုပြုလုပ်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။

ဆင်ဖြူကျွန်းကျော်လှိုင်ဦး



မဟာစည်ဆရာတော်ဘုရား

ဘဒ္ဒန္တကုမာရာဘိဝံသ
ရေးသားပူဇော်သည်

မြန်မာနိုင်ငံတော်၌ ဆဋ္ဌသင်္ဂါယနာတင်သောအခါနှစ် မဟာစည်ဆရာတော်ဘုရားကို အနီးကပ်ဖူးမြော်ခွင့်ရပါသည်။ စာပေနှင့်ပတ်သက်၍ မေးမြန်းလျှောက်ထားခွင့်ရပါသည်။

ပါဠိတော် သင်္ဂါယနာတင်ပွဲအပြီး အဋ္ဌကထာစာအုပ်များကို ဆက်လက်၍ သင်္ဂါယနာတင်ရန် ဩဿာနသောဓကအဖွဲ့ ဆရာတော်များ စာမူကြမ်းပရုဖ်များကို ဖတ်၍ ပြင်ဆင်နေချိန်ဖြစ်သည်။

မင်းကွန်းတောင်ရိုးမှ ပတ္တမြားဆရာတော်, ရတနာဂူဆရာနှင့် စာရေးသူ ဗန်းမော်ဆရာတော်လေးတို့ ၃-ပါးသည် ဩဿာနသောဓကအဖွဲ့၌ ကျမ်းညွှန်းတာဝန်ကိုယူပြီး အဋ္ဌကထာဆရာတော်ကိုးကားသည့် ပါဠိတော်များကို စာအုပ် နံပါတ်ပါ အညွှန်းထည့်ပေးရသည်။

အညွှန်းနှင့်ကိုက်ညီအောင် ပြင်ဆင်ပေးရသည်။ ကျမ်းညွှန်းများမှန်းမိအောင် အားလပ်တိုင်း ပါဠိတော်စာအုပ်များကို အပြန်ပြန် အလှန်လှန် ဖတ်နေရသည်။ နှုတ်ထုတ်ပြီး ရေးမှတ်ထားရသည်။ ရံခါအဋ္ဌကထာဆရာတော် ကိုးကားသည့် ပါဠိတော်သည် တိုတိုလေးဖြစ်နေလျှင် အရှာရခက်ပါသည်။ ပတ္တမြားဆရာတော်ကြီးက "သမုဒ္ဒရာထဲကျပျောက်တဲ့ အပ်လေးတစ်ချောင်း ရှာရသလို ဒီပါဠိတော် အရှာရခက်တယ်" ဟု ညည်းတွားပါသည်။

နေ့စဉ် (၁၆)မျက်နှာပါ စာတစ်ဖောင်ပြီးရပေမည်။ ဤကဲ့သို့ အခက်ကြုံနေလျှင် မဟာစည်ဆရာတော်ဘုရားကြီးကိုပဲ မေးရသည်။ ဆရာတော်ကား အားကြည့်သလောက် မှတ်မိပုံရသည်။ တစ်ခါတစ်ခါအတွင်း အဖြေပေါ်ပါသည်။ ကျွန်ုပ်တို့အခါခါ ဦးညွှတ်ရှိခိုးပါသည်။

မဟာစည်ဆရာတော်ကြီး အင်္ဂလိပ်ဘာသာ အတော်အသင့် တတ်ပါသည်။ သို့သော် မပြောပါ။ နိုင်ငံခြား သီဟိုဠ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ အိန္ဒိယနိုင်ငံမှ ဆရာတော်များနှင့် စာဆွေးနွေးကြလျှင် ပါဠိဘာသာနှင့်ပင် ပြောဆိုဆွေးနွေးကြသည်။



သီဟိုဠ်မှ အာနန္ဒမေတ္တေယျ ဆရာတော်ကြီးက လက်ဖျားခါပြီး - မင်းကွန်းတိုင်ပင်ကဓရ ဆရာတော်ဘုရားကြီးသည် ပါဠိတော်စာအုပ် (၂၀)ကို အလွတ်အရကျက်ပြီး ပြန်ပြန်ဆိုင်သည်။ အဓိပ္ပါယ်များကိုလည်း ရေးဖြေနိုင်သည်။ တိပိဋကဓရ တိပိဋကကောဝိဒ ဂုဏ်ကြီးပါပေသည်။ မဟာစည်ဆရာတော်ကြီးကား ထိုထက်ပင် ပါဠိတော်မျှမက အဋ္ဌကထာဋီကာဓရ ပုဂ္ဂိုလ်ထူးဟု ဆိုချင်ပါသည်။

မဟာစည်ဆရာတော်ဘုရားကြီးက ပါဠိတော် အဋ္ဌကထာဋီကာ ပုဒ်ပါဠ် အက္ခရာအနက် အဓိပ္ပါယ်များကို သဒ္ဒါနည်း၊ ဘာသာဗေဒနည်း၊ သဘာဝနည်းတို့ဖြင့် ရှင်းလင်းပြီး ဆုံးဖြတ်ချက်ချပြပါသည်။ ထိုအခါ သီဟိုဠ်မှ အာနန္ဒမေတ္တေယျဆရာတော်ကြီးက လက်ဖျားခါပြီး -

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ပါဠိတော်စာအုပ် (၂၀)ကို အလွတ်အရကျက်ပြီး ပြန်ပြန်ဆိုင်သည်။ အဓိပ္ပါယ်များကိုလည်း ရေးဖြေနိုင်သည်။ တိပိဋကဓရ တိပိဋကကောဝိဒ ဂုဏ်ကြီးပါပေသည်။

မဟာစည်ဆရာတော်ကြီးကား ထို့ထက်ပင် ပါဠိတော်မျှမက အဋ္ဌကထာဋီကာဓရ ပုဂ္ဂိုလ်ထူးဟု ဆိုချင်ပါသည်။ ဤကဲ့သို့သော ဆရာပေါ်ကြီးများသည် ဘုရားရှင်လက်ထက် ပဋိသမ္ဘိဒါပတ္တရဟန္တာမထေရ်မြတ်ကြီးတို့ကဲ့သို့ အံ့သြဘွယ်ကောင်းလောက်အောင် တော်ကြပါပေသည်ဟု ချီးကျူးပူဇော်ဖူးပေသည်။ မဟာစည်ဆရာတော်ဘုရားကြီးနှင့် မင်းကွန်းအစပထမ တိပိဋကဓရဆရာတော်ဘုရားကြီး (၂)ပါးတို့သည် ဆဋ္ဌသင်္ဂါယနာ အစအဆုံးပါဝင်၍ အမေးအဖြေ ယှဉ်တွဲပြီး သာသနာပြုသွားတော်မူကြပေသည်။

စစ်ကိုင်းတောင်ရိုး အနီးစခန်း ဆရာတော်ဘုရားကြီးက ပြောပြဖူးသည်။ "ဆဋ္ဌသင်္ဂါယနာခေတ်က ကျပန်ပြည်မှပင့်သဖြင့် သာသနာပြုဆရာတော်ကြီးများ ကြွကြသည်။ ကျပန်ပြည်ရထားများ ညလုံးပေါက် ခုတ်မောင်းကြသည်။ မီးရထားစီးသွားကြရာ မဟာစည်ဆရာတော်မှတပါး အခြားဆရာတော်များ အိပ်လိုက်လာကြသည်။ မဟာစည်ဆရာတော်ဘုရားကား ရဟန်းတော်များမာတုဂါမများနှင့် အတူမအိပ်ကောင်းရကား မအိပ်ဘဲ ထိုင်လျက်ရထားစီးလာပါသည်။ အနီးစခန်းဆရာတော်ကြီးက "မဟာစည်ဆရာတော်ဟာ ဝိနည်းစောင့်ထိန်းရာမှာ တို့ထက်သာပေသည်" ဟု ချီးကျူးတော်မူသည်။

မန်လည်ဆရာတော်ဘုရားကြီး အောက်မြန်မာပြည် သာသနာပြုကြသည့်အခါ ပခုက္ကူမြို့သို့ ညအိပ်ဝင်ရောက်ရပ်နားတော်မူသည်။ မဟာဝိသုတာရာမကျောင်းတိုက်ကြီးသို့ ကြွရောက်ပြီး သံဃာတော်တွေ့စာချစာအံ စာပြန်နေကြပုံကို ကြည့်ညိုတော်မူသည်။ ရေစကြိုဆရာတော်ဘုရားကြီး ကျိန်းစက်သည့် ခုတင်ကို ရှိခိုးဦးချသွားသည်ဟု ကြားဖူးသည်။ ထို့အတူ သီလ၊ သမာဓိ၊ ပညာ၊ ပရိယတ်၊ ပဋိပတ် စွယ်စုံတတ်မြောက်တော်မူသည့် မဟာစည်ဆရာတော်ကြီးကို သက်တော်ထင်ရှားမဖူးလိုက်ရသော ပုဂ္ဂိုလ်များသည် ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိပညာဂုဏ်တို့ကို အာရုံပြုပြီး အကြိမ်ကြိမ်ဦးခိုက်၍ ဖူးထိုက်ကြပေသည်။ ဆရာတော်ဘုရားကြီးတည်ထောင်ခဲ့သည့် မဟာသတိပဋ္ဌာန်၊ ဝိပဿနာရှုနည်းအတိုင်း ဝိပဿနာများ ရှုမှတ်ပွားများ၍ ဘဝသံသရာတစ်ဘက်ကမ်း နိဗ္ဗာန်နန်းသို့ အရောက်လှမ်းနိုင်ကြပါစေကုန်သတည်း။

ဦးကုမာရာဘိဝံသ
ဒု/ပါမောက္ခချုပ်ဆရာတော်
အပြည်ပြည်ဆိုင်ရာထေရဝါဒတက္ကသိုလ်
ရန်ကုန်မြို့



ကောဇာသင္ကရာဇ် ၁၃၃၃ ခု၊ သာသနာ ၂၅၁၅ ခု၊ နယုန်လပြည့်နေ့သည် ဤအရှင် ပဋိပတ္တိနယ်မြေသို့ စတင်ခြေချခဲ့သောနေ့ ဖြစ်ပါသည်။

သို့ဆိုလျှင် မဟာစည်ကို ဘယ်လိုကြောင့် ရောက်လာသနည်းဟု ဆိုရသော် ဤအရှင်နှင့် တစ်ရွာတည်းနေ တစ်ဆရာတည်းတပည့် အတူနေအတူသွားဖြစ်သည့် ဆရာတော် ဦးဝါယမိန္ဒသည် မိမိနှင့်အတူပင် မြန်အောင်မြို့ သာယာကုန်းကျောင်းသစ်တွင် စာသင်တိုက်ဖွင့်ကာ သူကခေါင်းဆောင် မိမိက လက်ထောက်စာချအနေနှင့် (၈) နှစ်မျှ ကြိုးကုတ်အားထုတ်ခဲ့ကြသည်။ ထိုစဉ် ဆရာတော် ဦးဝါယမိန္ဒသည် ပရိယတ်အလုပ်ကို ငြီးငွေ့၍ ပဋိပတ်အလယ်၌ မွေ့လျော်ရန်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

ဘဒ္ဒန္တဃေရဝံသ (စမ္မကထိက ဗဟုဇနဟိတဓရ)

ဌာနကား ရန်ကုန် မဟာစည် ရိပ်သာကြီးတွင် ဖြစ်ပါသည်။ ဤအရှင်သည် မူလပထမက မဟာစည်နည်းကို မကြိုက်မနှစ်သက်သဘောမကျသော ပုဂ္ဂိုလ်တို့တွင် ထိပ်ဆုံးက ပါဝင်ပါသည်။

ရိုးသားစွာဆိုရသော် အာနာပါနမဟုတ်ဘဲ မဟာစည်ဆရာတော် အဆန်းထွင်တဲ့အလုပ်ဟု ဆင်ခြင်ထင်မြင်မိသောကြောင့်ပါတည်း။ ရန်ကုန်မဟာစည်သို့ ကြွသွားပြီး ၆လမျှအကြာ ပြန်ရောက်လာသည်။ ဖောင်းပိန်မကြိုက်တဲ့ မိမိက ရှေးဦးစွာ နှုတ်ခွန်းဆက်စကား ဆိုမိသည်။ "ဘယ်နှယ့် အရှင်ဘုရား၊ ဖောင်းပိန် တရားသွားအားထုတ်တာ ဟန်ကျရဲ့လား မှန်ရဲ့လား" ဟု ခပ်ငေါ့ငေါ့ မေးမိ၏။

သူ့အဖြေက "မင်းဆိုတဲ့အကောင်ဟာ ငါပြောလည်း ယုံမယ့်



ကောင်မဟုတ်ဘူး၊ လက်တွေ့သမား ဟာ လက်တွေ့စမ်းသပ်ကြည့်တာပဲ ကောင်းတယ်။ မင်းကိုယ်တိုင်သွား စမ်းကြည့်၊ ကြိုက်လုပ် မကြိုက်နေ ပေါ့ကွာ" ဟု လိုရင်းတိုကျဉ်းပဲ ဖြေပါသည်။ ထို့ကြောင့် ဤအရှင်ဖောင်းပိန်တရားစမ်းရန် မဟာစည် ရိပ်သာသို့ ရောက်လာခဲ့ခြင်းဖြစ်ပါသည်။

အချိန်အခါကား ၁၃၇၃ ခု၊ နယုန်လပြည့်မဟာသမယအခါတော်နေ့ ဖြစ်ပါသည်။ ဝါဆိုဖို့ရာ တစ်လ အလိုဆိုတော့ ရည်ရွယ်ချက်က ထင်ရှားနေပါသည်။ တစ်လလောက်တော့ စမ်းကြည့်မယ်ဟု ဆုံးဖြတ်လိုက်မိခြင်းပင်။ သို့သော် ၆လကျော်နတ်တော်လပြည့်ကျော်မှ ဆရာတော်ဘုရားကြီးပါ ပင့်လျှောက်ကာမြန်အောင်သို့ ပြန်လာ၍ ရိပ်သာဖွင့်လိုက်သည်။ ၎င်းနောက်အဟော အပြော၊ အပြအသ၊ ဝိပဿနာဓုရကို မူရသည့်အတိုင်း အားသွန်ကြိုးကုတ် ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ဤစကားရပ်မှာ အမေးပုစ္ဆာထုတ်စရာလေးရှိပါသည်။ ဤသည်ကား "တစ်လမက ၆ လမျှ အထိ ဘာ့ကြောင့်အားထုတ်ခဲ့ပါသနည်း"ဟု အဖြေကတော့ ရှင်းရှင်းကလေးပါ။ တစ်ပတ်ထက် တစ်ပတ်၊ တစ်လထက်တစ်လ ကိုယ်တွေ့တရားများ ထူးခြားလာလို့ပါပေတည်း။ မယုံမရှိပါလေနှင့် ငတေကိုယ်တွေ့မို့ လေ့လာကြည့်ကြစေလိုပါသည်။

ဝါတွင်းရဟန်းယောဂီလက်ခံပုံ

ဒီနေရာမှာ အထူးတင်ပြလိုသည်မှာ ဆရာတော်ဘုရားကြီးရဲ့ သာသနာတိုးပွားရန် ရိုးသားရှင်းပြတ်သော အမြော်အမြင်နှင့်အစီအစဉ်ပါပဲ။ ၎င်းအစီအစဉ်က ဝါတွင်းမှာ ရက်ရှည်အချိန်ပြည့် ပေါက်ပေါက်ရောက်ရောက် အားထုတ်ပြီး သာသနာပြုမည့် ပုဂ္ဂိုလ်များကို ရွေးချယ်လက်ခံစေလိုပါသည်။ ရွေးချယ်ပုံက ပရိယတ်ဘက်မှာ အနည်းဆုံး ပထမကြီးတန်းအောင်ပြီး ပါဠိအဋ္ဌကထာ ဋီကာကိုလည်း ကြည့်ရှုသုံးသပ်နိုင်ရမည်။ သို့မဟုတ် သဒ္ဒါသင်္ဂြိဟ် ဋီကာကျော်စသော ပရိယတ္တိအခြေခံကျမ်းများကို သင်ကြားလေ့လာဖူးသည့်ပြင် ပါဠိအဋ္ဌကထာ ဋီကာကိုလည်း ကြည့်ရှုသုံးသပ်နိုင်ရမည်။ အရွယ်မှာ (၁၀)ဝါထက်မနည်းတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်ရပါမည်။ ကျောင်းထိုင်ဘုန်းကြီးကို ဦးစားပေးရွေးချယ်စေပါသည်။ ပြည်နယ်စသည် အဝေးကဆိုလျှင် ပို၍အထူးဦးစားပေးစေပါသည်။ အာပတ် အညစ်အကြေးတို့ကိုလည်း သုတ်သင်ပြီးသူ ဖြစ်ရပါမည်။

ဉာဏ်စဉ်နာပြီး မှဲ့ကဲ့သို့ စိစစ်တော်မူခြင်း

ဤသို့ ရွေးချယ်လက်ခံ အားထုတ်စေပြီး ဝါကျွတ်ခါနီး ဉာဏ်စဉ်နာပြီးသည့်အခါ ကမ္မဋ္ဌာန်းဆရာကို ဒီနှစ်ဉာဏ်စဉ်နာပြီးတဲ့ ရဟန်းတော်တို့တွင် သဘောကျတာ ဘယ်နှစ်ပါးရသလဲ၊ ဘယ်ပုဂ္ဂိုလ်ကို သဘောအကျဆုံးလဲ ဟုမေးတော်မူပါသည်။ ကမ္မဋ္ဌာန်းဆရာ လျှောက်ထားသောပုဂ္ဂိုလ်များကို မှတ်သားထားပြီး ဉာဏ်စဉ်နာပြီးသော ရဟန်းတော်တွေကို အားလုံးခေါ်၍ စိစစ်အားပေးစကားမိန့်ကြားတော်မူပါသည်။

ရဟန်းတော်များ အခုလို အားထုတ်တာဟာ အလွန်သင့်လျော်လျောက်ပတ်တဲ့ အလုပ်၊ မလုပ်မဖြစ်တဲ့အလုပ်ကို ပြုလုပ်ကြတာပါပဲ။ အလွန်ပဲ ဝမ်းသာစရာကောင်းပါတယ်။ အလွန်ကျေးဇူးများပါတယ်။ ကျေကျေနပ်နပ် အားထုတ်ပြီးသူများက အဆင့်ဆင့် သာသနာပြုဖို့နဲ့၊ မကျေနပ်သေးသူများက ကျေနပ်သည်အထိ ဆက်လက်အားထုတ်ဖို့ပါပဲ စသည်ဖြင့် အားပေးတော်မူပြီး တစ်ဦးချင်း အရှင်ဘုရားက ဘွဲ့တော်ဘယ်လိုခေါ်ပါသလဲ၊ ဝါတော်ဘယ်လောက်ရပါပြီလဲ၊ ဘယ်အရပ်မှာ သီတင်းသုံးပါသလဲ၊ အားထုတ်ရတာ ကျေနပ်ရဲ့လား၊ မကျေနပ်သေးလည်း ဆက်လက်အားထုတ်ဖို့ပါပဲ စသည်ဖြင့် အားပေးတော်မူ စိစစ်တော်မူပါသည်။

ထိုဉာဏ်စဉ်နာ ရဟန်းအားလုံးတို့တွင် ကမ္မဋ္ဌာန်းပြဆရာ၏သဘောအကျဆုံးပုဂ္ဂိုလ်ကို တရားဟောစွမ်းနိုင်မှု ရှိ,မရှိ လေ့လာတော်မူပြီး စွမ်းနိုင်သည်ဆိုသော် ဖလယဉ် ဓမ္မာရုံတင်၍ ချီးမြှောက်ဟောကြား

စေပြီး သတိထား၍ နာကြား ကြည့်တော်မူပါသည်။ အလားအလာရှိသူကို ဆရာကိုင်စာအုပ်ဆိုသော ဉာဏ်စဉ်စာအုပ်နှင့် တရားစစ်မေးနည်းစာအုပ် နှစ်အုပ်ကို ချီးမြှင့်ပါသည်။ ဤအချက်အလက်များသည် စာရေးသူ ကိုယ်တွေ့ဖြစ်ရပ်များဖြစ်ပေသည်။



ရိပ်သာဖွင့်ရန် ဆရာတော်ကြီး ပင့်လျှောက်ခြင်း

စာရေးသူသည် ဖောင်းပိန်တရားကို ကောင်းစွာ သဘောကျသွားပြီဖြစ်သည့်အတွက် မိမိကဲ့သို့ ဖောင်းပိန်တရားကို မကြိုက်မနှစ်သက် သဘောမကျသည့်ပုဂ္ဂိုလ်များစွာရှိပေမည်။ ထိုပုဂ္ဂိုလ်တွေကို ကိုယ်တွေ့နှင့်စာအရှိ ညှိပြကာ သိသွားအောင် ဟောပြလိုစိတ် ပြင်းပြသည့်အတိုင်း ကိုယ်ပိုင်ရိပ်သာဖြစ်မြောက်ရေးကို ခေါင်းဆောင်စာချ ဖြစ်ခဲ့သော နောင်တော်ကြီးဦးဝါယမိန္ဒနှင့် တိုင်ပင်ခဲ့သည်။ မိမိ၏ မင်းကန်ကြီး ကျောင်းအညတြလေးကိုပင် ရိပ်သာဖွင့်ရန် သဘောတူမျှသဖြင့် ဆုံးဖြတ်ချက်ချကာ မဟာစည်ဆရာတော်ဘုရားကြီးအား ရိပ်သာဖွင့်ပေးတော်မူရန်နှင့် သိမ်သမုတ်ပေးတော်မူရန် ကိုယ်တိုင်ဝင်ရောက်လျှောက်ထားရာ ဆရာတော်ဘုရားကြီးက အလွန်ကျေးဇူးများပါတယ်။ အလွန်ကောင်းပါတယ်။ ချီးမြှောက်ရမှာပေါ့ဟု ကြည်နူးစွာ လက်ခံတော်မူပါသည်။

နယ်သိမ်

သိမ်နှင့်ပတ်သက်သည့် စာရေးသူ၏ လျှောက်ထားချက်ကလေးကိုပင် စိတ်ရှည်လက်ရှည် ရှင်းပြပေးပါသည်။

သို့နှင့် မြန်အောင်ရိပ်သာ ဖွင့်ပေးတော်မူနိုင်သည့် ရက်ကို လျှောက်ထားရာ ဒါယကာကြီး ဦးညီပုကလည်း ဟင်္သာတမှာ ရိပ်သာဖွင့်ဖို့လျှောက်ထားတယ်၊ အဲဒီ ဟင်္သာတရိပ်သာနှင့်တစ်ဆက်တည်း ဖွင့်မှ အဆင်ပြေပါလိမ့်မယ်။ ဒီကပူဇော်ပွဲအပြီး ကောင်းပါတယ်လို့ မိန့်တော်မူပြီး ပြက္ခဒိန်မှာ မှတ်ထားသော ဟင်္သာတရက်ကို ကြည့်တော်မူကာ ရက်သတ်မှတ်ပေးတော်မူပါသည်။ ၎င်းရက်ကား နတ်တော်လပြည့်ကျော် ၁၀ ရက် ဖြစ်သတည်း။ စာရေးသူ ဤအရှင်သည် ဤသို့ ပင့်ပြီးမှ ရန်ကုန်မှ မြန်အောင်သို့ ပြန်လာကာ ဆရာတော်ဦးဝါယမိန္ဒနှင့် တိုင်ပင်၍ အပူတပြင်း စီစဉ်ရပါတော့သည်။

မင်းကန်ကြီးမဟာစည်ရိပ်သာ ဖွင့်ပြီ

ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် ဟင်္သာတရိပ်သာဖွင့်ပြီး ဟင်္သာတမှ နတ်တော်လပြည့်ကျော် ၈ ရက်နေ့၊ ရထားတွဲဖြူကြီးနှင့် နံနက် ၆ နာရီအချိန်တွင် ကြွတော်မူလာသည်။ နောက်ပါဆရာတော်များမှာ ဆရာတော်ဦးဉာဏုတ္တရ ကမ္ဘာအေးဆရာတော် ဦးသုဇာတ မော်လမြိုင်၊ ဆရာတော်ဦးဝဏ္ဏိတ ဖျာပုံ၊ ဆရာတော် ဦးသံဝရ မန္တလေး၊ ဆရာတော် ဦးကုလိသ ရွှေစည်-မန္တလေး၊ ဆရာတော် ဦးဣန္ဒက ညောင်ကန်အေး-ရန်ကုန်၊ ဆရာတော်ဦးကုဏ္ဍလ ဟင်္သာတ၊ ဆရာတော်ဦးသူရိယ မဲဇလီကုန်းတို့ ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးနှင့် မဟာစည်အဖွဲ့သည် နံနက် ၉နာရီခန့်တွင် မဲဇလီကုန်းမြို့သို့ ရောက်ရှိလာရာ ရထားဘူတာမှ စောင့်ကြိုရသည်။ အလွန်စည်ကားသိုက်မြိုက်စွာ ကနဏ္ဍဒါန် ထီးဖြူတော်များမိုး၍ ကြိုဆိုပင့်ဆောင်ကြပါသည်။ ဤအရှင်သည် အစီအစဉ် အနည်းငယ်သတိထား၍ ကြည့်ရှုမိရာ ဘူတာနှင့် ရိပ်သာမှာ ၃ ဖာလုံကျော်ကျော်လောက်ရှိသည်။ လမ်းတစ်လျှောက်လုံး သင်ဖြူးအပြည့်ခင်းပြီး ထိုသင်ဖြူးများပေါ်မှာ အပွင့်ပန်း



များနှင့် ပေါက်ပေါက်ပန်းများ တစ်လျှောက်လုံး ခင်းထားကြပါသည်။ မိမိစိတ်ထဲ သည်လောက်ပန်းတွေ ဘယ်နေရာဌာနတွေက ဘယ်နှစ်ရက်လောက် ကြိုတင်ရှာဖွေ စုဆောင်းထားကြပါသနည်းဟု စိတ်ထဲတွေး၍ အံ့သြမိပါသည်။

အစီအစဉ်မှာ ဆရာတော်ဘုရားကြီးရှေ့မှ ပန်းဖလားကြီးများ ပန်းတွေအပြည့်နဲ့ ပွေ့ပိုက်ထားသူ ၃ ယောက်၊ ၄င်းတို့ရှေ့မှ ကြေးစည်ထုသူ နှစ်ယောက်၊ ၄င်းရှေ့မှ ခရုသင်း မှုတ်သူ ၃ ယောက်၊ အဝတ်ဖြူများ ဝတ်ထားကြပါသည်။

ဆရာတော်ဘုရားကြီးများသည် ထေရ်စဉ်ဝါလိုက်ကြွတော်မူရာ ဝဲယာနှစ်ဘက်မှ ကနက္ကဒါန်ထီးဖြူတော်များ အပါးတိုင်းမိုး၍ ခမ်းခမ်းနားနား တင့်တယ်စွာ ကြွတော်မူလာသည်။ ဆရာတော်ဘုရားများနောက်မှ ဘုန်းတော်ဘွဲ့များကို သံပြိုင်ညီညီ ယောဂီအမျိုးသမီးများ သီဆိုကျူးရင့်ကြရာ ဤအရှင်သည် ကြက်သီးမွေးညှင်းများ ရွှန်းရွှန်းမြမြ ဖြန်းဖြန်းထအောင် အားရကြည်နူးဝမ်းသာမဆုံး ရှိလှပါသည်။

မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်က ဒေသစာရီကြွချီတော်မူရာမှာလည်း ဤနှယ်ဖြစ်မည်ဟု စိတ်မှာ တွေးထင်မြင်ယောင်မိပါ၏။ ၄င်းတို့နောက်မှ ပရိသတ်များမှာ နှစ်ဖာလုံခွဲမျှ စုရုံးလိုက်ပါခဲ့ကြပါသည်။ ယခု သပြေစမ်းရိပ်သာ အမည်ရှိသည့် မဲဇလီကုန်းရိပ်သာမှာ ဆရာတော်ဘုရားကြီး နေ့တရား ချီးမြှင့်တော်မူရာ ဓမ္မာရုံခပ်ကျဉ်းကျဉ်းမို့ ဓမ္မာရုံမဆန့် ကွက်လပ်များပါမကျန်ပြည့်လျှံနေပါသည်။

ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် ညနေ ၃ နာရီလောက်တွင် ထိုတွဲဖြူကြီးဖြင့်ပင် မြန်အောင်သို့ ခရီးနှင်ထွက်မူပါသည်။ မြန်အောင်သို့ ညနေ ၅ နာရီလောက်ရောက်ပါသည်။ မြန်အောင်မှ ကြိုဆိုရေးအဖွဲ့ကတော့ ရိပ်သာဖွင့်မည့် မင်းကန်ကြီးကျောင်းနှင့် ရထားဘူတာမှာ မိုင်ဝက်ကျော်ကျော်မျှ ဝေးနေ၍ ဆရာတော်ဘုရားများ ပင်ပန်းနွမ်းလျမည်စိုး၍လည်းကောင်း၊ မြို့တောင်ဖျားအထိ လှည့်လည်လို၍လည်းကောင်း၊ ကားဖြင့် ကြိုဆိုပင့်ဆောင်ကြပါသည်။ ကားများဖြင့် ကြိုဆိုပင့်ဆောင်ခြင်းဖြစ်၍ မြို့တောင်ဖျား မြောက်ဖျား လှည့်လည်အပူဇော် အဖူးမြော်ခံရသည်။ ဝတ်အသင်း လေးသင်းမှာ ကားများပေါ်မှ အသံခဲ့စက်ဖြင့် ဘုန်းတော်ဘွဲ့များကို သံပြိုင်သီကျူး ကြိုဆိုပင့်ဆောင်လာကြရာ တစ်မြို့လုံး သိမ့်သိမ့်တုန်မျှ စည်ကားလှတော့သည်။ လမ်းများပေါ်မှ ဖူးမြော်ကြသော ပရိသတ်ကြီးများ ရေလှိုင်းထသလို လူလှိုင်းကြီးမှာ ထ,သည်ဟု ဆိုရမလောက် ဝမ်းမြောက်စရာကြီးပါပေ။ ဤအရှင်သည် မဲဇလီကုန်းကြိုဆိုပွဲကို ကြည့်ပြီး မြန်အောင်ကြိုဆိုပွဲကို မဲဇလီကုန်းလောက်မှ ခမ်းခမ်းနားနား ရှိမှရှိပါ့မလားဟု စိတ်ထဲ စိုးတထိတ်ထိတ်နှင့် လမ်းတစ်လျှောက်လုံး ခံစားနေရသည်။ မြန်အောင်ဘူတာမှ ကြိုဆိုမှုကို တွေ့ရမှ ဘုန်းတော်ဘွဲ့ သံတွေကြားရမှ ရင်ထဲရှင်းသွားပါတော့သည်။ ကြည်နူး ဝမ်းသာ ဖြစ်ရပါတော့သည်။

မြို့ပေါ်လှည့်ပြီး မင်းကန်ကြီးကျောင်းအဝရောက်သောအခါ ဝမ်းသာတဲ့ပီတိလုံးကြောင့် ပြုံးမလိုလိုနှင့် မျက်ရည်တွေ စို့လာသည်။ လူမသိအောင် မသိမသာ ယားလို့ပွတ်သည့်ဟန် လက်ကိုင်ပဝါဖြင့် မျက်ရည်စကို ဖယ်ရှားပစ်ရပါသည်။ ထိုအခါက ဆရာတော် ဘုရားကြီး သီတင်းသုံးတော်မူရာ ဓမ္မာရုံဆိုကာက ဝါးကြမ်းခင်း၊ သက်ကယ်မိုး၊ ဝါးထရံကာ ဓမ္မာရုံဖြစ်သည်။ ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူနေရတာကို လွန်စွာ အားနာစိတ်ဖြစ်နေရ၍ ဤအရှင်က ဆရာတော်ဘုရားကြီးအား လျှောက်ထားမိပါသည်။





"ဆရာတော်ဘုရား၊ လွန်ခဲ့တဲ့ ၅ နှစ်လောက်က ဆရာတော်ဘုရားကြီး တရားဟောတော်မူခဲ့တဲ့၊ မဟာမမြိကာရာမ ကျောင်းတိုက်ကြီးဟာ ခမ်းခမ်းနားနား ရှိပါတယ်ဘုရား၊ ဆရာတော်ဘုရားကြီး အဲဒီမှာ သီတင်းသုံးလျှင် သင့်လျော်မည်လား လို့ပါဘုရား၊ တပည့်တော် လိုအပ်သမျှ အားလုံး စီစဉ်ပေးပါမည် ဘုရား"



ဆရာတော်ဘုရားကြီးက "ဟိုက ကိစ္စမဟုတ်ဘဲ၊ ဒီမှာကိစ္စ ဆိုတော့ ဒီမှာပဲ သီတင်းသုံးတာ သင့်လျော်ပါတယ်။ နေလို့အဆင်ပြေပါတယ်" ဟု မိန့်တော်မူသဖြင့် ဤအရှင် စိတ်သက်သာရာရတော့သည်။ "သြော် . . . ဆရာတော်ဘုရားကြီး အတော်သည်းခံတော်မူရှာပေတာပဲ" ဟု စိတ်ထဲမှ ပို၍ ကြည်ညိုမိပါသည်။

အခြားဆရာတော်များလည်း တစ်ပါးနေ ကမ္ဘဋ္ဌာန်းကျောင်းလေးတွေမှာ ထားရတာ အတော်ကြီး အားနာစရာကောင်းလှပါသည်။ တရားပွဲမှာ နတ်တော်လပြည့်ကျော် ၈ ရက်နေ့ညမှာပင် စတင်ကျင်းပပါသည်။ ရှေ့ပိုင်း မန္တလေးရွှေစည်ဆရာတော်ဘုရားက ဟောကြား၍ နောက်ပိုင်း မဟာစည်ဆရာတော်ဘုရားကြီး ချီးမြှင့်ဟောကြားတော်မူပါသည်။ တရားပွဲကို ကျောင်း ပရိဝုဏ်အတွင်းမှာ မကျင်းပနိုင်ဘဲ ကျောင်း၏တောင်ဘက်ဘေး ဘုရားကွင်းကြီးထဲတွင် ဟောစင်လေးထိုးပြီး ပလ္လင်တင်ကာ ဟောရပါသည်။ ပလ္လင်က ကြိမ်ကိုထိုးထားသော ဒေါင်းမြီးပုံ ပလ္လင်ဖြစ်ပါသည်။ ကျောင်းဝင်းကလည်း ကျဉ်း၊ ဓမ္မာရုံကလည်း သေးငယ်လွန်း၍ လွင်ပြင်မှာ စင်တင်၍ တရားပွဲကျင်းပရပါသည်။

တရားဟောတဲ့ ဆရာတော်များကတော့ အသက်ထက်ဆုံး မေ့မရသော တရားပွဲဟု မှတ်ချက်ချလေမည်လားမသိ။ အကြောင်းဆိုရသော် လေအေးဆော်သွင်း လဟာကွင်းမှာ ဆင်းရဲပင်ပန်းစွာ သည်းခံဟောရသောကြောင့်ပေတည်း။

ပရိသတ်မှာ ၅ ထောင်ကျော်မျှ ရှိမည်ထင်ပါသည်။ ဆရာတော်ဘုရားကြီးသည် အရိယာဝါသ တရားတော်ကြီးကို ၃ ညဆက်၍ ချီးမြှင့်တော်မူပါသည်။ ဒုတိယညတွင် ယခုဩဝါဒါစရိယ ဆရာတော်ဦးသံဝရက ရှေ့ပိုင်းချီးမြှင့်တော်မူပါသည်။ ပရိသတ်မှာ ထက်ဝက်မျှ တိုးတက်များပြားလာရာ သောင်းဂဏန်းထိရှိမည်ထင်ပါသည်။

မိုင် ၁၅-၂၀ လောက်မှ ရထားနှင့်တစ်မျိုး မော်တော်တွေနှင့်တစ်သွယ်၊ လှည်းယဉ်တွေနဲ့အဖုံဖုံ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တန်ခိုးဟုဆိုရပေမည်။ စျေးဆိုင်တွေကလည်း မည်သူမှ စီမံမပေးရဘဲ နေ့ရောညဉ့်ပါ အတန်းလိုက် ရောင်းချနေရာယူကြပါသည်။ တရားနာမည့်သူများကလည်း ဆရာတော်ဘုရားကြီးအား အနီးကပ်ဖူးမြော်လို၍ အစောကြီးလာရောက်ကာ ကွင်းဒလဟာကြီးထဲမှာ နေရာယူထိုင်နေကြပါသည်။ သနားစရာပင်။

ပရိသတ်များ ဤမျှများပြားသော်လည်း ပြဿနာ တစ်စုံတစ်ရာ မရှိပါချေ။ ဆရာတော်ဘုရားကြီး ပလ္လင်တော်ပေါ် ကြွရောက်လာသည်နှင့် တစ်ပြိုင်တည်း ပရိသတ်ငြိမ်ပြီး တုတ်တုတ်မျှ မလှုပ်၊ ညည်မျှ အသံမထွက်၊ သဒ္ဓါတရား၏ ထက်မြက်လှသော စွမ်းရည်ပင် ဖြစ်ပါပေ၏။ အံ့သြစရာပေ။

တတိယညမှာ ဆရာတော် ဦးသုဇာတက ရှေးဦးဟော၍ ဆရာတော်ဘုရားကြီးက နောက်မှဟောပါသည်။ ပရိသတ်မှာ လုံးဝမယုတ်လျော့သည့်အပြင် တိုးပင်တိုးတက်များပြားလာသည်ဟု ထင်မိပါသည်။ ၄င်းနောက် တတိယမြောက် နတ်တော်လပြည့်ကျော် ၁၀ ရက်နေ့ညမှာ တရားပွဲအပြီး တစ်နာရီခွဲလောက်အနားယူတော်မူပြီး ညဉ့် ၁၂ နာရီလောက်မှ စတင်၍ သိမ်သမုတ်ပွဲ ဆင်နွှဲတော်မူကြပါသည်။



သံဃာအပါးရေ ၅၇ ပါးရှိသည်ဖြစ်၍ ကမ္မဝါ (၇)ဆိုင်းဖြင့် သမုတ်တော်မူကြရာ မဟာစည်ဆရာတော်ဘုရားကြီးနှင့် မြန်အောင်မြို့မှ ပရိယတ်အကျော် မုံရွာကျောင်းတိုက်ဆရာတော်ဘုရားနှစ်ပါး တိုင်ပင်စီစဉ်တော်မူကာ နိမိတ်များကို ပါဠိမြန်မာနှစ်ဘာသာဖြင့် တွင်းပြင်နီးဝေး နှစ်ဖြာမေးဖြေတော်မူကြပြီး သမုတ်တော်မူကြသည်။ ညဉ့်ဒနာရီခွဲလောက်မှာ အောင်မြင်စွာပြီးစီးတော်မူ၍ ကောင်းကင်ဘုံဖျားသေနတ်များ ပစ်ဖောက်လျက် ကြေးစည် ခေါင်းလောင်း၊ တုံးမောင်း၊ ခရသင်း၊ စည်တော် မောင်းတော် တီးမှုတ် ထုနှက်ခြင်းတို့ကို ပြုကာ အောင်သံကြွေးကြော် သာဓုခေါ်၍ အောင်မြင်ပြီးဆုံးသွားပါသည်။

အစီအစဉ်အရ ၎င်းအောင်သံများနှင့်အတူ တစ်ပြိုက်နက်တည်း သာသနာ့အလံတော်ကို လွှင့်ထူလျက် (မင်းကန်ကြီးကျောင်းတိုက် မဟာစည်သာသနာ့ရိပ်သာ) ဟူသော ဆိုင်းဘုတ်ကြီးကို ကျောင်းအဝင်ဝတွင် မုခ်ဦးအသွင်မြှင့်တင်လိုက်ကြပါသည်။ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့ နံနက်ရထားဖြင့် ပြန်ကြွတော်မူကြပါသည်။

ဆရာတော်ဘုရားကြီးများ ပြန်ကြွတော်မူကြသော်လည်း တရားပွဲများ (ယခု မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ညောင်ကန်အေး အရှင်ဣန္ဒကနှင့် ဆရာတော်ဦးဝါယမိန္ဒတစ်ည၊ စာရေးသူ ဤအရှင်နှင့်တွဲ၍ တစ်ည၊ ၅ ညတိုင်တိုင် ဆက်လက်ကျင်းပ၍ (မင်းကန်ကြီး မဟာစည်သာသနာ့ရိပ်သာ)ကို စတင်တည်ထောင်ခဲ့ပါသည်။



ဤအရှင်သည် ဆရာတော်ဘုရားကြီးက ညောင်ကန်အေးအရှင်ဣန္ဒကနှင့် တရားလိုက်ဟောပြောပါ ဟူသော ညွှန်ကြားတော်မူချက်အရ ဤတရားပွဲပြီးသည့် ၁၃၇၃ ခု၊ နတ်တော်လပြည့်ကျော် ၁၃ရက်နေ့မှ စ၍ ညောင်ကန်အေးအရှင်ဣန္ဒကနှင့်လိုက်ကာ ရွှေ့ထွက် လက်ထောက်တပည့်တစ်ယောက်အနေဖြင့် မိမိတရားအားထုတ်စဉ်က အပြင်းအထန် ရည်ရွယ်အားခဲထားသော မိမိကဲ့သို့ ဖောင်းပိန်မကြိုက်သူများကို ကြိုက်သွားအောင် သဘောကျသွားအောင် စာတွေ့.လက်တွေ့. အကွက်စေ့အောင် ဟောလိုက်မည် ပြောလိုက်မည်ဟူသော ရည်ရွယ်ချက်အကွက်ပေါ်သဖြင့် ဖောင်းပိန် သာသနာနှစ်များစွာ ပြုခဲ့ပါသတည်း။

ထို့နောက် သလွဒဝတီ ဦးသူရိယ၏ လက်ထောက်အဖြစ်နှင့် ဒေသနာ ခရီးတစ်ကြောင်း၊ ဖြူးဆရာတော် ဦးနရပတိ၏ လက်ထောက်အဖြစ် ၃ နှစ် ဒေသနာခရီး ၃ ကြောင်း၊ တပည့်ခံ နည်းယူဟောကြားလာခဲ့ရာ သက်တော် ၄၃၊ ဝါတော် ၂၃ ဝါမှ သက်တော် ၇၀ ဝါတော် ၅၀ ထိ နယ်လှည့်၍ ဖောင်းပိန်သာသနာပြုခဲ့သည်။ ရန်ကုန် သာသနာ့ရိပ်သာ ဌာနချုပ်တွင် နာယကကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်ရသည့် နှစ်မှတပါး အပျက်အကွက်မရှိ စွမ်းအားရှိသမျှ ဆောင်ရွက်ခဲ့ပါသည်။

မဟာစည်နယ်လှည့်ဓမ္မကထိကအဖွဲ့တွင် ဦးဆောင်နောက်လိုက်ထိုက်သလို ဆောင်ရွက်ခဲ့သည့်ပြင် ဒုဥက္ကဋ္ဌအဖြစ် ၉ နှစ်၊ ဥက္ကဋ္ဌအဖြစ် ၅ နှစ်ဆောင်ရွက်ပြီးမှ သက်ရွယ် ၇၀၊ ဝါဝယ် ၅၀ ကျရောက်မှ အဖွဲ့မှ အနားယူကာ မိမိဋ္ဌာနနှင့် ပင့်လျှောက်ရာဌာနများလောက်သာ ကြွရောက်သာသနာပြုနိုင်ပါတော့သတည်း။

ဘဒ္ဒန္တထေရဝံသ

(ဓမ္မကထိကဗဟုဇနဟိတဓရ)

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

မဟာစည်ဆရာတော်ဘုရားကြီး၏ ပုံပြင် နှစ်ပုဒ်



တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ဘီ-အေ)

မဟာစည်သာသနာ့ရိပ်သာ၊ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်နေ့တွင် သက်တော် (၁၀၀) ပြည့်မြောက်ပါပြီ။ ထို (၁၀၀) ပြည့်မြောက်သည့်အတွက် မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်မှ ရာပြည့်အထိမ်းအမှတ်စာစောင် ထုတ်ဝေရန် စာရေး သူထံသို့ စာမူတောင်းခံလွှာ ရောက်ရှိလာခဲ့ပါသည်။

စာရေးသူသည် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)တွင် ဒုတိယညွှန်ကြားရေးမှူး တာဝန်နှင့် ဗုဒ္ဓဒေသနာပြန့်ပွားရေး ဌာနတွင် တွဲဘက်ဌာနမှူးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သူဖြစ်၍ တက္ကသိုလ်မှ စတုတ္ထနှစ်စာသင်ပြီးသော ရဟန်းတော်များကို တရားအားထုတ်နိုင်ရန် နှစ်စဉ်ပို့ပေးခဲ့ရပါသည်။

ရဟန်းတော်များကို မဟာစည်သာသနာ့ရိပ်သာသို့ ပို့တိုင်းပို့တိုင်း စာရေးသူရင်ထဲဝယ် လွန်ခဲ့သော နှစ်ပေါင်း(၃၀)က ဆရာတော် ဥပမာပေးဟောခဲ့သော ပုံပြင်နှစ်ပုဒ်ကို တသသ သတိရနေမိပြီး ထိုပုံပြင်ကြောင့် မိမိဘဝ တရားဘာဝနာဘက် ရောက်ခဲ့ရသည့်အတွက် ဆရာတော်ဘုရားကြီးကို အကြိမ်ကြိမ် ဦးနှိမ်ကန်တော့နေမိပါသည်။

တန်ခိုးဂုဏ်သိရ်စည်းစိမ်အပေါင်း တို့တည်ရာ ပဋိသန္ဓေကပါလာသော ပညာမြတ်တို့ဖြင့် အရာရာဂုဏ်မြောက်ပြီး အလွန်ထင်ရှားခြင်းသို့ ရောက်တော်မူကြကုန်သော ပုဂ္ဂိုလ်များ၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝကမှစ၍ ပုပုရွရွ မြင်မြင်သမျှသော သတ္တဝါဟူသမျှတို့သည် ဇာတိရှိ၍ ဇရာရှိကာ မရဏစခန်းသို့ မုချမြန်းရမည်သာ ဖြစ်ပါသည်။

ကိုးဆယ့်ခြောက်ပါးသော ဘေးရောဂါလက်နက်တို့ဖြင့် ပစ်ခတ်ထိုးသတ်ကာ သေမင်းစခန်းသို့ ခေါ်ဆောင်သွားတတ်သော သေမင်းတမန်သည် -

-မည်သူသည် မင်းယောက်ျားရာထူးစည်းစိမ် ဂုဏ်ရှိန်များသူဖြစ်သည်။

-မည်သူသည် တန်ခိုးအာဏာစည်းစိမ်ဂုဏ်ရှိန်များသူ ဖြစ်သည်။

- မည်သူသည် စကြဝတေးမန္ဓတ်မင်း၊ ပြည့်ရှင်မင်းဖြစ်သည်



ဟူသော လောကဇာတ်ခုံ၌ အမြင့်ဆုံးပုဂ္ဂိုလ်ပါတကားဟုဆိုကာ သေမင်းနိုင်ငံသို့ ဆွေငင်ရာ၌ ရှောင်ရှားချန်ထားရိုးမရှိပါ။

နွားကျောင်းသားသည် တုတ်နှင်တံတို့ဖြင့် နွားတို့ကို နွားစားကျက်သို့ မောင်းနှင်သကဲ့သို့ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတို့သည်လည်း သတ္တဝါတို့၏အသက်ကို သေမင်းနိုင်ငံသို့ မောင်းထုတ်နေသည်ဟု ဓမ္မပဒတွင် ဘုရားရှင်က ဟောကြားခဲ့သည်။

ယနေ့ကပင်လျှင် မိမိပြုလုပ်သင့်သောကိစ္စမှန်သမျှကို ကြိုးစားအားထုတ် ပြုလုပ်ရာ၏။ မနက်ဖြန် သေလိမ့်မည်ဟု အဘယ်ပုဂ္ဂိုလ်သည် သိပါအံ့နည်း၊ ရေ၊ မီး၊ အဆိပ်၊ ဓား၊ လက်နက်၊ အနာရောဂါ စသော များစွာသောစစ်သည်ရှိသော သေမင်းနှင့် အချိန်းအချက်ကား မရှိသည်သာတည်းဟု ဥပရိပဏ္ဏာသတွင် ဘုရားရှင်က ဟောကြားခဲ့ပါသည်။

အလုံးစုံသော သတ္တဝါတို့သည် သေမင်းနှင့် မိတ်ဖွဲ့၍ သေခြင်းမှ လွတ်အောင် ကြိုးစားကြသော်လည်း မလွတ်နိုင်ကြချေ။ တံစိုးလက်ဆောင် မြောက်မြားစွာပေး၍ သေခြင်းမှလွတ်ကင်းအောင် ရုန်းသော်လည်းမလွတ်နိုင်ချေ။သေမင်းနှင့်စစ်ခင်း၍ မိမိတို့ကသာ အောင်နိုင်ခြင်းဟူသည်လည်း ဘယ်ခါမျှ မရှိချေ။ နောက်ဆုံး သေခြင်းတရားသာလျှင် လဲလျောင်းရာရှိသည်ဟု



ဇာတကအဋ္ဌကထာတွင် ဖွင့်ဆိုထားပါသည်။

ခရီးသွားယောက်ျားသည် လမ်းဆိုးလမ်းကောင်း ခရီးကြောင်းနှစ်ခု ကြားဝယ် ကြုံကာခရီးသွားနိုင်သကဲ့သို့ သံသရာခရီးသည်ဖြစ်ကြသော ပုထုဇဉ်တို့သည်လည်း အပါယ်လေးဘုံဟူသော ဒုဂ္ဂတိဘုံ၊ လူရွာ၊ နတ်ပြည်၊ ဗြဟ္မာဘုံဟူသော သုဂတိဘုံဟူ၍ လမ်းနှစ်သွယ်ရှိရာ၌ ကြုံကာ လမ်းကို ရွေးချယ်၍ သွားကြရပါမည်။

ပုထုဇဉ်တို့၏သဘောသဘာဝအတိုင်း မိမိတို့စိတ်ကြိုက်ရာ ဖန်တီးလျက်သား ဖြစ်မှန်းမသိ ဖြစ်သွားကြသောကြောင့် သူတော်ကောင်းအပေါင်းအဖော်ရသူတို့က ထိုသူတို့လမ်းညွှန်ပြသော ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တရားတို့ကို လေ့လာအားထုတ်မှုပြုကြသောကြောင့် ကောင်းရာသုဂတိဘုံသို့ ရောက်ကြရသည်။

သူယုတ်မာအပေါင်းအဖော် ရသူတို့မှာမူ ထိုသူတို့၏ လမ်းညွှန်မှုပြုသော မကောင်းမှုဒုစရိုက်တရားတို့ကို ကြိုးစား အားထုတ်ခဲ့ကြ၍ အပါယ်လေးဘုံသို့ ကျရောက်ခဲ့ကြရသည်။

သံသရာခရီးမဆုံးသမျှ (ဝါ) မဂ်, ဖိုလ်, နိဗ္ဗာန် မဆိုက်ရောက်သေးသမျှကာလပတ်လုံး သူသူငါငါ သတ္တဝါဟူသမျှ သံသရာတွင် ကျင်လည်ကြရမည်။ ထိုသို့ ကျင်လည်ရာဝယ် လူပြည်၊ နတ်ရွာ သုဂတိဘုံ ရောက်ရေးနှင့် လောကသံသရာချမ်းသာရေးတို့အတွက် ဒါန၊ သီလ၊ ဘာဝနာတို့ကို ကြိုးစားအားထုတ်ကြရသည်။

လူတို့သည် သေရမှာကို သိထားကြသည်။ သေနည်းကောင်း လမ်းစဉ်ဖြစ်သော သမထ, ဝိပဿနာကျင့်စဉ်ကို သိသူ၊ ကျင့်သူကား နည်းလှသည်။ ဘဝတဏှာမက်မောပြီး အချင်းချင်း လောဘ, ဒေါသ, မောဟ, မာန, ဣဿာ, မစ္ဆရိယတရားတွေ ပွားများကာ ဆောင်ရွက်နေကြသည်။ စိတ်အေးငြိမ်း ချမ်းသာရာနည်းလမ်းများ၊ ဘဝငြိမ်းချမ်းဖို့ရာနည်းလမ်းများကို ဆရာတော်က ပေးနေသည်။ ထိုနည်းကိုယူမည့်သူကား အလွန်နည်းနေသည်။ ဘဝတဏှာ၌ သာယာသူက များနေသည်။ ထိုသည်ကိုရည်၍ မဟာစည်ဆရာတော်ဘုရားက ဤပုံပြင်နှစ်ပုဒ်ကို ထုတ်နှုတ်ဥပမာပြု ဟောခဲ့ပါသည်။

ပုံပြင်တို့မှာ - လူတစ်ယောက်သည် ဆင်ကြီးတစ်ကောင်က လိုက်ပြီး နင်းသတ်မည့် ဘေးကြောင့် ကြောက်လန့်တကြားနှင့် ပြေးလာခဲ့ရာ ရေတွင်းပျက်တစ်ခုထဲသို့ ကျသွားသည်။

ရေတွင်းပျက်ထဲမှာကလည်း မြွေကြီးတစ်ကောင်က ရှိနေသည်။ မြွေကြီးကလိုက်သောကြောင့် ကြောက်လန့်တကြားနှင့် ရေတွင်းထဲကျနေသော နွယ်တစ်ခုကိုဖမ်းဆွဲပြီး တက်ပြေးခဲ့ပြန်သည်။

ယင်းနွယ်တွင် ဇွယ်ကပ်နေ

ခရီးသွားယောက်ျားသည် လမ်းဆိုးလမ်းကောင်း ခရီးကြောင်းနှစ်ခု ကြားဝယ် ကြုံကာခရီးသွားနိုင်သကဲ့သို့ သံသရာခရီးသည် ဖြစ်ကြသော ပုထုဇဉ်တို့သည်လည်း





သောပျားလဘို့က ပျားရည်များသည် နွယ်မှတဆင့် တစ်စက်စက်ကျနေသည်။ ထိုသူသည် ပျားရည်ကို အရသာခံပြီး လျှက်နေပြန်သည်။

ထိုအတွင်းမှာပင် ကြွက်ဖြူ။ ကြွက်မဲနှစ်ကောင်က ထိုနွယ်ကို ကိုက်ဖြတ်နေသည်။

ယင်းအချိန်မှာပင် ကယ်မည့်သူကပေါ်လာပြီး ဒီကိုလာ၊ ဒီကိုလာ၊ ငါကယ်မည်ဟု ခေါ်နေသည်။

ယင်းအချိန်မှာ ဘေးဒုက္ခရောက်နေသူက "ခဏလောက်နေပါဦး၊ ဆိုင်းပါဦး၊ ပျားရည်အရသာကို ခံစားပါရစေဦး" ဟု ပြန်ပြောသည်။

ဤတွင် ဆင်ကြီးက အချိန်မရွေးနှင်းသတ်ရန် အပေါ်က အဆင်သင့်ရှိနေသည်။ မြွေကြီးကလည်း ကိုက်သတ်ရန် အောက်က စောင့်နေသည်။ ကြွက်ဖြူ၊ ကြွက်မဲ နှစ်ကောင်ကလည်း နွယ်ကိုကိုက်ဖြတ်နေသည်။ ကယ်မည့်သူက မြန်မြန်လာကယ်မည်ဟု ခေါ်နေသည်။ ဒုက္ခရောက်နေသူက ပျားရည်အရသာကလေး ခံစားပါရစေဦးဟု ဆိုနေသေးသည်။

ယင်းလူသည်ကား အခြားမဟုတ်၊ ယနေ့ လက်ရှိလူသားများပင် ဖြစ်သည်။

ဆင်ကြီးဆိုသည်မှာ သေခြင်းတရားဖြစ်သည်။ ယနေ့လူများသည် ဘယ်နေ့၊ ဘယ်ကာလ၊ ဘယ်ရက်၊ ဘယ်ချိန်၊ ဘယ်နေရာမှာ ဘာရောဂါနှင့်သေမည်ကို မသိကြပါ။

- ရေတွင်းဆိုသည်မှာ ယခုဖြစ်နေ ကြုံနေရသောဘဝ၊

- မြွေကြီးဆိုသည်က အိုခြင်း၊ နာခြင်းတရား၊

- နွယ်ဆိုသည်က ဘဝတဏှာ

- ကြွက်ဖြူ ကြွက်မဲဆိုသည်က နေ့နှင့်ည၊

- ပျားရည်စက်ဆိုသည်ကား ကာမဂုဏ်ငါးပါး၊

- ကယ်မည့်သူက ဘုရားရှင်၏ သမထ၊ ဝိပဿနာတရား



ဆင်းရဲမှု လွတ်မြောက်ရေးအတွက် မကောင်းမှုကို မပြုပါနှင့်။ ကောင်းမှုကိုပြု၊ မိမိစိတ်ကို စင်ကြယ်စွာထားနိုင်ရေးအတွက် သမထ, ဝိပဿနာကျင့်စဉ်များကို ကျင့်ကြံအားထုတ်ကြရပါမည်။

သို့သော် ယနေ့ လူသားများသည် ပျားရည်စက်အရသာကို ခံစားနေသောလူကဲ့သို့ ပျားရည်စက်ဟု ခေါ်သော ကာမဂုဏ်ငါးပါး အာရုံတရားကို ခံစားနေကြသည်။

ထိုသူများသည် နောက်ဆုံးတွင် ပျားတစ်ကောင်ပုံပြင်လို ဘဝဆုံးကြလိမ့်မည်ဟု ဆရာတော်က ပျားတစ်ကောင်ပုံပြင်ကို ဆက်လက်ဟောပြပါသည်။

ပျားတစ်ကောင်သည် ဆာလောင်လွန်းသဖြင့် ပန်းဝတ်ရည်ကို ရှာရင်း ပဒုမ္မာကြာအိုင်ကြီးတစ်ခုသို့ ရောက်သွားသည်။ ကြာပန်းတစ်ခုထဲသို့ဝင်ကာ ပန်းဝတ်ရည်ကို စားသုံးနေသည်။ ထိုအချိန်မှာပင် နေဝင်ချိန်ရောက်လာ၍ ကြာပန်းသည် တဖြည်းဖြည်းစုပြီး လိပ်သွားသည်။ ပျားသည် ကြာပန်းအလယ်တွင် ပိတ်မိနေသည်။

သို့သော် ပျားသည် စိတ်မပျက်၊ နောက်နေ့ နေထွက်ချိန်တွင် ဒီကြာပန်းပွင့်မှာပဲ၊ ဒီတော့ ငါလည်း ဒီကြာပန်းထဲကထွက်ပြီး အဖော်တွေထံပြန်မယ်။ အဖော်များနှင့် ဝမ်းမြောက်ဝမ်းသာတွေ့မယ်ဟု စိတ်ကူးယဉ်လျက် ကြာပန်းထဲမှာပင် ပျော်ရွှင်စွာ နားနေသည်။

ထိုအခိုက်မှာပင် ဆာလောင်မွတ်သိပ်နေသောဆင်ကြီးတစ်ကောင် ရောက်လာပြီး ရေအိုင်ထဲဆင်းကာ ကြာပန်းတွေကို ချိုးယူစားလေသည်။ ကံမကောင်း အကြောင်းမလှလေတော့ ဆင်နှာမောင်းက ပျားပိတ်မိနေသောကြာငုံကို ဆွဲယူချိုးစားမိသွားသည်။ ပျားခမျာ သေပွဲဝင်ရတော့သည်။

ဤပုံဝတ္ထုတွင် ပျားဆိုသည်မှာ ယခုလူသားများဖြစ်သည်။ ကြာငုံဆိုသည်မှာ ကာမဂုဏ်ငါးပါး အာရုံတရားများဖြစ်သည်။ ဆင်ကြီးဆိုသည်မှာ သေခြင်းတရားဖြစ်သည်။



ပျားကောင် ကြာပန်းပွင့်ထဲမှာ ပန်းဝတ်ရည်စုပ်ပြီး စိတ်ကူးယဉ် ပျော်နေသည်မှာ ယနေ့လူသားများ ကာမဂုဏ်ငါးပါး အာရုံတရားများနှင့် ပျော်မွေ့နေကြပြီး နောင်ရေးနောင်ကာလအတွက် စိတ်ကူးယဉ်နေကြသည်ကို ဆိုလိုပါသည်။

ပျားကောင် စိတ်ကူးယဉ်နေတုန်း ဆင်ပါးစပ်ထဲ သေပွဲဝင်ရသလို ယနေ့ခေတ်လူသားများသည် နက်ဖြန် ဘယ်သွားမည်၊ ဘာလုပ်မည်၊ ဘယ်သူနှင့်တွေ့မည် စသည်ဖြင့် မျှော်လင့်ချက်တွေနှင့် ပျော်နေစဉ်မှာပင် သေမင်းနှင့်တွေ့ပြီး သေဆုံးကြရသည်။

ဆရာတော်က ဤပုံပြင်နှစ်ခုကို ဥပမာပြု ဟောခဲ့ပါသည်။ ထိုပုံပြင်နှစ်ခုသည် အလွန်ပင် ဘဝ၌ ပျော်မွေ့နေသူတို့ကို သတိသံဝေဂရစေသော ပုံပြင်နှစ်ပုဒ် ဖြစ်ပါသည်။

ဤပုံပြင်နှစ်ပုဒ်ကို ပြန်လည် ဖော်ထုတ်၍ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး၏ သက်တော်ရာပြည့်အထိမ်းအမှတ်ကို သက္ကစ္စဂါရဝဖြင့် ဦးတိုက် ပူဇော်အပ်ပါသတည်း။

တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ၊ ဘီ.အေ)





မဟာစည်ဆရာတော်ဘုရားကြီး၏
ကထိန်နှင့်စပ်၍ သိမှတ်ဖွယ်ရာ ဆောင်ပုဒ်လက်စ

၁။ ကထိန်ခေတ်ခါ, ခိုင်စေတာ စွဲကာကထိန်မည်။
၂။ ကထိန်ဘောင်ကြီး, ခင်းဟန်ပြီး တစ်နည်းကထိန်မည်။
၃။ ကထိန်ခင်းက, ကျိုးငါးဝ, ငါးလတိုင်ရသည်။

ရဟန်းများရနိုင်သော ကထိန်အကျိုးငါးပါး

၁။ မပန်မကြား, လိုရာသွား, ပြစ်များမသင့်ပြီ။
၂။ သုံးထည်ထဲမှာ, ထားလိုရာ, ထားကာသွားနိုင်သည်။
၃။ လေးပါးတူပင်, ဂိုဏ်းဘောဇဉ်, စားလျှင်စားနိုင်သည်။
၄။ သင်္ဃန်းများစွာ, ငါးလမှာ, သိမ်းကာထားနိုင်သည်။
၅။ သံဃာလှူငြား, သင်္ဃန်းများ, သူအားသာဖြစ်သည်။

ကထိန်ဒါယကာ၊ ဒါယိကာမများ ရသောကထိန်အကျိုး

၁။ လှူသူမှာလည်း, နည်းတူပဲ, ရမြဲကျိုးငါးမည်။
၂။ တားဆီးကင်းကွာ လွတ်လပ်စွာ လိုရာသွားနိုင်သည်။
၃။ တာဝန်ကိစ္စ မလေးရ ပေါ့ပါးလေတော့သည်။
၄။ စားလိုတာများ စားသောက်ငြား ဘေးကားမဖြစ်ပြီ။
၅။ ပစ္စည်းအများ, သိမ်းပိုက်ထား, ဘေးကားမရှိပြီ။
၆။ ကိုယ့်ပစ္စည်းများ, သူတစ်ပါး, ယူသွားကင်းပသည်။
၇။ ကထိန်ဒကာ, ကျိုးငါးဖြာ, ကောင်းစွာရနိုင်သည်။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



မိမိတို့ရရှိထားသော လူ့ဘဝ၌ တစ်နေ့တစ်ရက် တစ်နံနက်မျှပင် နေရနေရ နေရသောအချိန်ကာလကို အကျိုးရှိရှိ အသုံးချရန်လိုအပ်ပေ၏။

အဂ္ဂင်ဆော်ယူ

ဧဋ္ဌိမ်းစိုး (ဘိုကလေး)

မျက်မှောက်သာသနာတော်၌ မဟာစည်ဆိုလျှင် မသိသူမရှိသလောက်ထင်ရှားလှ၏။ ပြည်တွင်းသာသနာတွင်သာမက ပြည်ပသာသနာမှာလည်း အလွန်တွင်ကျယ်ထင်ရှားလှ၏။

၁၉၅၂-ခုနှစ်မှစ၍ မဟာစည်သာသနာသည် ပြည်ပသို့ ပျံ့နှံ့ခဲ့၏။ ၁၉၅၂-ခုနှစ် ဤမှာဘက်တွင် တစ်စတစ်စနှင့် မဟာစည်သာသနာသည် ကမ္ဘာအနှံ့ထင်ရှားတောက်ပခဲ့၏။

ဥရောပ, အမေရိက, အာဖရိကနှင့် အာရှတိုက်တို့မှ လူမျိုးပေါင်းစုံတို့သည် မြန်မာနိုင်ငံသို့ လာရောက်ကြကာ မဟာစည်ဆရာတော်ကြီး၏ ခြေတော်ရင်း၌ ဝပ်စင်းခိုလှုံခဲ့ကြ၏။ လောဘ, ဒေါသ, မောဟ, မာနစသော ကိလေသာကင်းကြောင်း မဟာသတိပဋ္ဌာန်ဝိပဿနာ တရားတော်ကို အားထုတ်ကြ၏။ ရှင်ရဟန်းအဖြစ် သာသနာ့နွယ်ဝင်သီလရှင်အဖြစ် ခံယူကြလေ၏။

မဟာစည်ပဋိပတ္တိသာသနာ ဓမ္မလင်းရောင်ခြည်သည် ကမ္ဘာအနှံ့ ပျံ့နှံ့၍ထင်ရှားတောက်ပခဲ့၏။

မဟာစည်သာသနာသည် ယနေ့ကာလတိုင်အောင် ထင်ရှားတောက်ပဆဲသာ ဖြစ်ပါ၏။ မဟာစည် ပဋိ



ပတ္တိသာသနာတော်၏ ဦးဆောက်ပန်းသဖွယ်ဖြစ်သောကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီးသည် သာသနာတော်၌ အလွန်လျှင်ကျေးဇူးကြီးလှပေ၏။

ထိုဆရာတော်ကြီးသည်-

ယောစဝဿသတံဇီဝေ၊
အပဿံဥဒယဗ္ဗယံ။
ကောဟံ ဇီဝိတံ သေယျော၊
ပဿတော ဥဒယဗ္ဗယံ။

ဟူသော မြတ်ဗုဒ္ဓ၏ အဆုံးအမ တရားတော်ကို အခြေခံ၍ "ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါဘဲ၊ တစ်ရာအသက်၊ ရှည်သည်ထက်လည်း၊ ဖြစ်ပျက်နေဟန်၊ ရုပ်နှင့်နာမ်ကို၊ အမှန်မြင်လျက်၊ ဉာဏ်စဉ်တက်၍၊ တစ်ရက်တာမျှ၊ သက်ရှည်ရသော်၊ လောကလူ့ရွာ၊ ကောင်းမြတ်သာသည်၊ မြတ်စွာဗုဒ္ဓ မိန့်ခွန်းတည်း" ဟူ၍ လက်ဘက်ဖျာစီကုံးပြီး ဆုံးမတော်မူခဲ့ပေ၏။

မှန်ပေ၏။ လူဘဝသည်ရခဲလှပေ၏။ ရခဲသောလူ့ဘဝဟူသော အခွင့်ကိုလည်း ကျွန်ုပ်တို့ရရှိခဲ့ကြ၏။ သာသနာတော်ထွန်းလင်းသော အခါကာလနှင့်လည်း ကြုံဆုံရန်ခဲယဉ်းလှ၏။ သာသနာတော် ထွန်းလင်းသောအခါကာလ ဟူသော အခွင့်ကိုလည်း ကျွန်ုပ်တို့ကြုံဆုံကြရ၏။ သူတော် ကောင်းတရားကြားနာခွင့်သည်လည်း ခဲယဉ်းလှ၏။ သူတော်ကောင်းတရား ကြားနာရခြင်းဟူသော အခွင့်ကိုလည်း ကျွန်ုပ်တို့ရရှိခဲ့ကြ၏။

သို့ပါလျက်သာနှင့်မှ တရားအလုပ်ပွားများအားထုတ်မှု မပြုလိုကြပါလျှင် အမိုက်အဖျင်းတို့အဖြစ်ဖြင့် အပါယ်လေးပါးဟူသော မြစ်နဒီမှာ စုံးစုံးကြီးနစ်မြုပ်ကြရပေတော့မည်။

မိမိတို့ရရှိထားသော လူ့ဘဝ၌ တစ်နေ့, တစ်ရက်, တစ်နံနက်မျှပင် နေရနေရ နေရသောအချိန်ကာလကို အကျိုးရှိရှိ အသုံးချရန်လိုအပ်ပေ၏။

ထို့ကြောင့်ပင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီးသည် အထက်ပါ ဩဝါဒကဗျာကို ရေးသား၍ ဆုံးမတော်မူခဲ့ခြင်းဖြစ်ပါ၏။

ကျွန်ုပ်တို့သည် ထူးခြားသော အခွင့်များကို ရခိုက်အခွင့်ကို အခွင့်အလျောက်ကြိုးစားအားထုတ်မှု ပြုကြရမည်ဖြစ်ပါ၏။ ထိုသို့မပြုနိုင်ကြပါလျှင် လူ့ဘဝဟူသော ရင်းစားကိုပင် တဖန်ပြန်လည်၍ ရရန်မမြင်ပါ။ အထက်ဖြစ်သော မင်္ဂိုလ်တို့နှင့်ကား အလွန်လျှင် ဝေးကွာလှပေစွ။

မြတ်ဗုဒ္ဓသည်လည်း-

ဘိက္ခဝေ - ရဟန်းတို့၊ **စာယထ** - ရွက်ကြကုန်လော့၊ မှတ်ကြကုန်လော့၊ သမထဝိပဿနာအလုပ်ကို အားထုတ်ကြကုန်လော့။ **မာပမာဒတ္ထ** - မမေ့ကြကုန်လင့်၊ မရှုမမှတ်ပဲမနေကြကုန်လင့်။ **ပစ္ဆာ** -အခွင့်ကောင်းလွန်ပြီးသော နောင်အခါ၌၊ **ဝိပ္ပဋိသာရိနော** - "မရှုမှတ်မိခဲ့သည်မှာမှားလေစွ" ဟု နောင်တရကာ နှလုံးမသာကုန်သည်၊ **မာအဟုဝတ္ထ** - မဖြစ်ကြပါစေကုန်လင့်၊ **အယံ** - ဤသတိပေးစကားသည်၊ **ဝေါ** - သင်တို့အား၊ **အမှာကံ** - ငါဘုရားတို့၏၊ **အနုသာသနီ** - အဖန်ဖန်အထပ်ထပ်ပေးတော်မူအပ်သော အဆုံးအမတော်ပေတည်း ဟုတရားအလုပ်ပွားများအားထုတ်ကြရန် အဖန်ဖန်အထပ်ထပ်တိုက်တွန်း ဆုံးမတော်မူခဲ့ပေ၏။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီးသည်လည်း မြတ်ဗုဒ္ဓ၏ ညွှန်ကြားမှု လမ်းစဉ်အတိုင်း အခွင့်ကို အခွင့်အလျောက်အသုံးချ၍ တရားအလုပ်အားထုတ်ရန် အောက်ပါဩဝါဒဖြင့် ညွှန်ကြားဆုံးမတော်မူခဲ့ပေ၏။

"အားမထုတ်ပဲနေလျှင် ပါရမီမျှပင်မဖြစ်နိုင်၊ ပါရမီရင့်ပြီးဖြစ်သော်လည်း မင်္ဂိုလ်ကို ယခုဘဝ၌မရနိုင်၊ အားထုတ်လျှင်ကား၊ ပါရမီရင့်ပြီးဖြစ်ပါက လိုအပ်သော မင်္ဂိုလ်သို့ လွယ်ကူလျင်မြန်စွာရောက်နိုင်၏။ ပါရမီဉာဏ် အတော်အတန်ရင့်ပြီးဖြစ်ပါက ယခုအားထုတ်မှုဖြင့် ရင့်သန် ပြည့်စုံ၍ လိုအပ်သော မင်္ဂိုလ်သို့ ယခုဘဝမှာပင် ရောက်နိုင်၏။ အယုတ်ဆုံးအားဖြင့် နောင်ဘဝတို့၌ မင်္ဂိုလ်ကို လွယ်ကူစွာရနိုင်ရန် ထက်သန်သော ပါရမီမျိုးစေ့ကား ဧကန်ပင်ဖြစ်ပေ၏။

(ဝိပဿနာရှုနည်းအကျဉ်းချုပ်)

မဟာစည်

မှန်ပေ၏။ ကျွန်ုပ်တို့သည်



အခွင့်ကို အခွင့်အလျောက် တရား အလုပ် အားထုတ်ကြရမည် ဖြစ်ပါ၏။ တရားအားထုတ်ရာ၌ "စကား အားလုံးတို့ ၏ အချုပ်သည် "ကတိ"၊ တရား အားလုံးတို့၏အချုပ်သည် "သတိ" ဟူသော စကားပုံရှိ၏။ တရား အားလုံးတို့၏အချုပ်သည် "သတိ" ဖြစ်၍ သတိတရားကို လက်ဆုပ် လက်ကိုင်ပြုကြရမည် ဖြစ်ပါ၏။

"သတိ" သည် အရေးကြီး၏။ "သတိ" ကို အမြဲကြပ်ကြပ်ဆောက် တည်၍ထားအပ်၏။ "သတိ" သည် ပိုသည်လွန်သည်ဟူ၍မရှိ၊ ပိုလေ လွန်လေကောင်းမွန်လေ ဖြစ်၏။

"ပညာရှိ "သတိ" ဖြစ်ခဲ" ဟူသော လောကစကားပုံလည်း ရှိ၏။ ပညာရှိပင်ဖြစ်သော်လည်း "သတိ" ကား ဖြစ်ခဲလှပေ၏။ ဖြစ်ခဲလှသောထို "သတိ" ကို ကျွန်ုပ်တို့ ဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ပါ၏။

မြတ်ဗုဒ္ဓသည် မေတ္တာသုတ္တန် ဒေသနာတော်၌-

တိဋ္ဌစရံနိသိန္နော၀၊ သယာ
နော ယာ၀တာ သမိတမိဒ္ဓိ၊
ဧတံ သတိံအဓိဋ္ဌေယျ၊ ဗြဟ္မ
မေတံ ဝိဟာရ မိဓ မာဟု။

ဟု မိန့်တော်မူခဲ့ပေ၏။

"ရပ်နေသည့်အခါမှာပဲဖြစ်ဖြစ် သွားလာနေသည့်အခါမှာပဲဖြစ်ဖြစ်၊ ထိုင်နေသည့် အခါမှာပဲဖြစ်ဖြစ်၊ လျောင်းနေသည့်အခါမှာပဲဖြစ်ဖြစ် ငိုက်မျဉ်းခြင်းကင်းလျက် ဘာ၀နာ နှင့်ယှဉ်သော "သတိ" ကို ဆောက် တည်၍နေရမည်၊ ဤသို့ ဘာ၀နာ နှင့်ယှဉ်သော "သတိ" ကို ဆောက် တည်၍နေခြင်းကို မြတ်သော နေခြင်းဟု ဘုရားရှင်မိန့်တော်မူ၏။

ကျွန်ုပ်တို့သည် အခိုန်တိုင်း အခိုန်တိုင်း၌ "သတိ" ကိုလက်ဆုပ် လက်ကိုင်ပြု၍နေကြရမည်၊ လှုပ်ရှားမှုတိုင်း အမူအရာတိုင်း၌ "သတိ" ကပ်၍ နေရမည်။

"ကြည်ညိုဖွယ်ကောင်းတယ် ဆိုသည်မှာ" အထူးပြု၍ နေရန် မလိုပါ။ ရှေ့တိုး, နောက်ဆုပ်, ရှေ့ကြည့်, စောင်းငဲ့ကြည့်, ကွေးတာ, ဆန့်တာ စသည်ဖြင့် လှုပ်ရှားမှုတိုင်း အမူအရာတိုင်းမှာ "သတိ" ကပ်၍ အမှတ်ပါနေရင် အဝေးက ကြည့်ကြည့် အနီးကကြည့်ကြည့် ကြည်ညိုဖွယ်ကိုဆောင်ပါသည်။ "သတိ" ကပ်၍ ရှုမှတ်နေခြင်းသည်သာ ပဓာနဖြစ်ပါသည်။ "သတိ" လက်လွတ်ငှက်တောင်ကျွတ်ဖြစ်၍ မနေရပါ။

ကာယ, ဝေဒနာ, စိတ္တ, ဓမ္မာဟူ၍ မဟာသတိပဋ္ဌာန်တရားလေးပါး၌ တစ်ပါးပါးသို့ ကပ်ရောက်လျက် ရှုမှတ်ရမည်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ဥပ နိသယသည် ယောဂီပုဂ္ဂိုလ်တိုင်း ကျင့်သုံးရန် အလွန်လျော်ညီသော မဟာသတိပဋ္ဌာန်ကျင့်စဉ် ဖြစ်ပါသည်။ မဟာသတိပဋ္ဌာန်ကျင့်စဉ်ကို လိုက်နာကျင့်သုံး ပွားများခြင်းအား ဖြင့် -

၁။ စိတ်, အညစ်အကြေးကို ကင်းစင်စေ၏။

၂။ သောက, ပရိဒေ၀တို့ကို လွန်မြောက်စေ၏။

၃။ ကိုယ်, စိတ်နှစ်ပါးဆင်းရဲခြင်းကို ချုပ်ငြိမ်းစေ၏။

၄။ အရိယာမဂ်ကို ရနိုင်၏။

၅။ နိဗ္ဗာန်သို့ မျက်မှောက်ပြုရန်ဖြစ်၏။

ကျွန်ုပ်တို့သည် ရရှိအပ်သော အခွင့်ကို အခွင့်အလျောက် ဆုံးရှုံးမှုမရှိရလေအောင် မဟာသတိပဋ္ဌာန်တရားတော်တို့ကို မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း လိုက်နာကျင့်သုံး ပွားများခြင်းအားဖြင့် အမြတ်ယူကြရမည်သာ ဖြစ်ပါသည်။

သို့မှသာ တရားတော်၏ အရှင်ဖြစ်သော မြတ်ဗုဒ္ဓ၏မဟာကျေးဇူးတော်နှင့် မဟာစည်သာသနာတော်၏ ဦးဆောက်ပန်းသဖွယ်ဖြစ်သော မဟာစည်ဆရာတော်ကြီးနှင့်တကွ ကမ္မဋ္ဌာနာစရိယဆရာတော်တို့၏ ကျေးဇူးတော်များကို ပေးဆပ်ရာကျမည်ဖြစ်ပါသည်။

ငြိမ်းစိုး (ဘိုကလေး)

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



မဟာစည်ရိပ်သာဌာသိတင်းသုံးခဲ့စဉ်က

ပြင်သစ်ရဟန်းတော်အရှင်ဓမ္မသာမိ၏အတွေ့အကြုံများ

(ပြင်သစ်ဘာသာဖြင့် ရေးသားပေးပို့သောစာမူကို စောနိုင်ဦးပြန်ဆိုသည်။)

ဆရာကောင်း၊ သမားကောင်းတစ်ဦးဦးထံမှာ ကမ္မဋ္ဌာန်းတရားအားထုတ်ဖို့အတွက် သင့်လျော်မည့် နေရာရှာမယ်ဆိုပြီး မိတ်ဆွေတစ်ယောက်နဲ့ အာရှဘက်ကို ခရီးထွက်ကြဖို့ အရင်ဆုံးစီစဉ်ခဲ့ပါတယ်။ အဲဒီ အချိန်မှာ မိမိရဲ့လူဝတ်ကြောင်ဘဝတုန်းက အဖော်ဖြစ်သူမှာ သမီးလေးတစ်ယောက်မွေးဖွားဖို့ ကိုယ်ဝန်အရင့်အမာဖြစ်နေတာမို့ ဆွစ်ဇာလန်ကနေ မခွာနိုင်ဘဲ ဖြစ်နေတယ်၊ ဒါနဲ့ ဓမ္မမိတ်ဆွေဖြစ်သူဟာ မိမိကို ထားခဲ့ပြီး တစ်ယောက်တည်းအိန္ဒိယနိုင်ငံကို ထွက်သွားတယ်။ ပြီးတော့ နီပေါနိုင်ငံကို ခရီးဆက်ခဲ့ပြန်တယ်။

အဲဒီဓမ္မမိတ်ဆွေက မိမိဆီကို စာတွေလှမ်းပို့တယ်။ သူရောက်ရှိသွားတဲ့နိုင်ငံတွေမှာရှိတဲ့ တရားစခန်းတွေ၊ ဘုရားကျောင်းတွေနဲ့ ပတ်သက်ပြီး သူ့ခမျာ တော်တော်လေး စိတ်ပျက်နေတာကို သတိပြုမိတယ်။ အဲဒီမှာ သူပထမဆုံးသွားတွေ့ခဲ့တဲ့ လူတွေဟာ လောဘကြီးပြီး ငွေကြေးနဲ့သက်သာရာသက်သာကြောင်းပဲ ရှာနေကြတဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်တယ်။ တစ်ခါတလေများဆိုသူတို့ဖွင့်ထားတဲ့ တရားစခန်းတွေမှာ အဲဒီက ဒေသခံတွေကိုပဲ အားထုတ်ခွင့်ပေးတယ်။ ဒါမှမဟုတ်လည်း တရား အားထုတ်နိုင်ပေးတယ်။ ကမ္မဋ္ဌာနာစရိယတွေဟာလည်း တရားအလုပ်မှာ အရည်အသွေးပြည့်ဝကြတယ်။ အဲဒီ တရားစခန်းတွေမှာ လူပေါင်းများ စွာဟာ တရားအလုပ်ကို ပုံမှန်အားထုတ်နေကြတယ်။

နောက်ဆုံးရွေးချယ်စရာလမ်းမရှိတော့တာနဲ့ မြန်မာနိုင်ငံကို သွားဖို့ သူ့မှာနောက်ဆုံးကျန်တဲ့ ပိုက်ဆံကို လေယာဉ်လက်မှတ် စရိတ်အတွက် သုံးစွဲပစ်လိုက်တယ်။ မြို့တော်ရန်ကုန်ကို လေယာဉ်ပျံဆိုက်ရောက်တာနဲ့ တစ်ပြိုင်နက် အထင်ကရတရားရိပ်သာတွေထဲမှာတစ်ခု အပါအဝင်ဖြစ်တဲ့ စခန်းတစ်ခုကို သူအရောက်သွားခဲ့တယ်။ ဒီတရားစခန်းဟာ ဆင်ခြေဖုံးတစ်ခုမှာရှိပြီး သစ်ရိပ်၊ ဝါးရိပ်တွေ အုပ်ဆိုင်းနေတဲ့ ဆိတ်ငြိမ်ရာအရပ်တစ်ခုဖြစ်တယ်။ အလွန်ကျော်ကြားတဲ့ မဟာစည်တရားရိပ်သာကြီးပဲ ဆိုပါတော့။

ဝိပဿနာအလုပ်ကို ပြင်းပြင်းထန်ထန်အားထုတ်ပြီးတဲ့ အချိန်အတိုင်းအတာတစ်ခုမှာ တရားရိပ်သာနဲ့ပတ်သက်ပြီးအသိပေးတဲ့



အနေနဲ့ မိမိဆီကို ဓမ္မမိတ်ဆွေက စာတစ်စောင်လှမ်းရေးလိုက်တယ်။ အဲဒီရိပ်သာဟာ သူရန်ကုန်ရောက် ရောက်ချင်းနေ့မှာတွေ့ရှိခဲ့တဲ့ တရား စခန်းဖြစ်ပြီး အဲဒီကစလို့ နောက် ထပ်နေရာသစ်ရှာစရာမလိုတော့ ပါဘူး။ စာထဲမှာ အသေးစိတ်တော့ မပါဘူး။ သူထည့်ရေးထားတာက နည်းနည်းလေးပါ။ သူရောက်နေတဲ့ ရိပ်သာဟာ တရားအားထုတ်ချင်တဲ့ သူ မှန်သမျှကို ကြိုဆိုလက်ခံတယ်။ ကမ္မဋ္ဌာန်းအလုပ်ကို ထိထိမိမိ အား ထုတ်ရတယ်။ မနက်အစောကြီး အိပ်ယာထတဲ့အချိန်ကစပြီး ည အိပ် ယာဝင်တဲ့အချိန်အထိ ပွားများအား ထုတ်ရတယ်။ ရိပ်သာမှာ နေထိုင်ရ တဲ့အတွက် သူ့အနေနဲ့အတုံ့အလှည့် အားဖြင့် ဘာမှပြန်လုပ်ပေးစရာမလို ပါဘူး။

သူ့ရဲ့နောက်ဆုံးအသေးစိတ် စာ ကို ဖတ်လိုက်ရတဲ့အခါမှာတော့ ချက်ချင်းပဲ ယုံကြည်မှုတွေ ဖြစ်လာ တယ်။ ငွေမတောင်းရတဲ့နေရာ ဆိုတာငွေနဲ့ပတ်သက်တဲ့ဖောက်လွဲ၊ ဖောက်ပြန်မှုတွေ မတွေ့နိုင်တဲ့နေရာ ပဲ ဖြစ်တယ်။ ဒီကိစ္စမျိုးတွေဆိုတာ အနောက်နိုင်ငံတွေနဲ့ အခြားအာရှ နိုင်ငံတွေမှာ အမြဲတွေ့ရလေ့ရှိတဲ့ အဖြစ်မျိုးတွေပါ။ အဲဒီလို ဆင်ခြင် မိလိုက်တဲ့အခိုက်မှာပဲ မိမိမှာ ဘာ တွေလုပ်စရာတွေရှိသေးတယ်ဆိုတာ သဘောပေါက်ခဲ့ပါတယ်။

မိမိရဲ့ ပိုင်ဆိုင်သမျှပစ္စည်း အားလုံးကို ဈေးတွေမှာ အလျင် အမြန်သွားရောင်းပစ်လိုက်တယ်။ စုဆောင်းထားတဲ့စာအုပ်တွေ၊ ဂီတနဲ့ သက်ဆိုင်တဲ့ပစ္စည်းဟွေ၊ ဒဲ့အပြင် ကိုယ်ကိုတိုင်လုပ်ထားတဲ့ မုန့်တွေ စသဖြင့် အကုန်ပါပဲ။ ဆင်းရဲတဲ့ နိုင်ငံတွေကို ပို့ဆောင်လှူဒါန်းပေး နေတဲ့ အဖွဲ့အစည်းတစ်ခုဆီသွားပြီး မိမိပိုင်ဆိုင်သမျှ အဝတ်အစားတွေ ကို သွားရောက်လှူဒါန်းပစ်လိုက် တယ်။ ရသမျှပိုက်ဆံနဲ့မြန်မာနိုင်ငံကို သွားဖို့ လေယာဉ်ပျံလက်မှတ်ဝယ်ဖို့ နဲ့ ဗီဇာလျှောက်ဖို့အတွက် စီစဉ်ခဲ့ တယ်။ မြန်မာနိုင်ငံဆိုတာ မိမိအရင် က လုံးဝ၊ လုံးဝမသိထားတဲ့ နိုင်ငံ တစ်ခုပါ။

ဒီနိုင်ငံကို လေယာဉ်ဆိုက်တာနဲ့ တပြိုင်နက် မဟာစည်သာသနာ့ရိပ် သာရှိရာဆီ တန်းတန်းမတ်မတ်သွား ခဲ့တယ်။ အဲဒီမှာ အစောကြီးက တည်းက မိမိအရင်ရောက်နှင့်နေတဲ့ ဓမ္မမိတ်ဆွေနဲ့ ပြန်တွေ့တယ်။ တစ် ယောက်နဲ့တစ်ယောက် ပြောစရာ စကားတွေကလည်း တပုံတပင်ပါပဲ။ နာရီအတော်ကြာကြာ ဆွေးနွေးဖြစ် ခဲ့တယ်။ နောက်တစ်နေ့ကစပြီး တောက်လျှောက် တရစပ်အားထုတ် ရတဲ့ ကမ္မဋ္ဌာန်းအပေါ်မှာ တစ်ခါ တည်း နှစ်မြုပ်ပြီးအားထုတ်ခဲ့ပါ တော့တယ်။ မိမိကို ညွှန်ကြားပြသ ကြတဲ့ အတိုင်း တတ်နိုင်သလောက် လိုက်နာကျင့်သုံးခဲ့တယ်။ ဝိပဿနာ ကမ္မဋ္ဌာန်းနဲ့ပတ်သက်တဲ့ အကြံ ဉာဏ်တွေတောင်းဖို့တစ်ခုထဲအတွက်





ပဲ ဓမ္မမိတ်ဆွေကို သွားတွေ့ခဲ့တယ်။

အလွန်အိုက်စပ်တဲ့ရာသီဥတု ဒဏ်ကြောင့် ရောက်ခါစနေ့တွေမှာ ဆိုရုပ်ပိုင်းဆိုင်ရာဝေဒနာကို တော် တော်ခံရတယ်၊ ပြောရမယ်ဆိုရင် မိမိဟာ အနောက်တိုင်း သားတစ်ဦး ဖြစ်လေတော့ တော်တော်လေးဇိမ် ခံတတ်တဲ့ ဘဝမျိုးနဲ့ အလေ့အကျင့် ဖြစ်နေတာကြာပြီ။ ဒီတော့ကာ အချို့အရာတွေဟာ မိမိမှာပြတ် လပ်နေတယ်။ ဥပမာ - နူးညံ့ပျော့ အိတဲ့မွေ့ယာတို့၊ ရေနွေးချိုးရေတို့၊ သိပ်ကောင်းတဲ့ နံနက်စာတို့လိုပေါ့။ ဟိုမှာ နံနက်စာစားပြီးဆို ချောကလက်ဖျော်ရည်ပူတို့၊ ပေါင်မုန့်ယိုသုတ်တို့၊ ကွေကာအုတ်တို့ပါတယ်။ တစ်ချိန်တည်းမှာပဲ မိမိဟာ လက်ရှိအခြေအနေသစ်မှာ အလျင်အမြန်ပဲ အလေ့အကျင့်ဖြစ်လာတယ်။ မွန်းလွဲစာမစားရတာတောင် အဆင်ပြေမှုရှိလာတယ်။ တော်တော်ခြိုးခြိုးခြံခြံနေရပေမယ့် ဒီရိပ်သာရဲ့ အနေအထားဟာ တရားစခန်း တစ်ခုအတွက်တော့ ပြည့်စုံ လုံလောက်မှုရှိပါတယ်။ မိမိတို့ဟာ အရာရာတိုင်းမှာ မဖျိမပဋိပဒါကျအောင် နေထိုင်နိုင်ကြပါတယ်။ ဒီရိပ်သာကို ဒီနိုင်ငံတစ်ဝန်းမှာရှိတဲ့ အခြားကျောင်းတွေနဲ့ ယှဉ်ကြည့်ရင်တောင်မှ နည်းနည်းပိုပြီး အဆင်ပြေချောမွေ့တယ်လို့ ဆိုနိုင်ပါလိမ့်မယ်။

မဟာစည်ရိပ်သာက ကမ္မဋ္ဌာန စရိယတွေဟာ အတွေ့အကြုံရင့်ကျက်ပြီး အရည်အချင်းရှိကြတဲ့ ဆရာတော်တွေဖြစ်တယ်။ ဒါဟာ တကယ်လေးနက်မှုရှိတဲ့ တရားစခန်းတွေအတွက် အရေးကြီးတဲ့ လိုအပ်ချက်တစ်ခုပါပဲ။ အရင် ရောက်နှင့်နေတဲ့ ဓမ္မမိတ်ဆွေလိုပဲ မိမိမှာအသိ အမြင်တစ်ခု ရှင်းရှင်းလင်းလင်း ဖြစ်လာတယ်။ တရားကို တိတိကျကျနဲ့ လျင်လျင်မြန်မြန် တိုးတက်ချင်တယ် ဆိုရင် ကမ္မဋ္ဌာန်းဆရာတွေရဲ့ ညွှန်ကြားချက်တွေကို လုံ့လဝီရိယသန်သန်နဲ့ စွဲစွဲမြဲမြဲလိုက်နာရုံနဲ့တင် လုံလောက်ပါတယ်။ ဟိုဟိုဒီဒီလိုက် လုပ်နေစရာမလိုပါဘူး။ အမြဲပဲ မေးစရာ၊ မြန်းစရာတွေရှိနေခဲ့ပြီး မဟာစည်ရိပ်သာမှာ မိမိကို လမ်းညွှန်မှုပေးနေတဲ့ကမ္မဋ္ဌာနာစရိယတွေကို မျက်စိမှိတ်ပြီး ယုံကြည်လက်ခံဖို့ မိမိမှာအဆင်သင့်မဖြစ်သေးဘူး၊ ဒါပေမယ့်လည်း ဒီလမ်းညွှန်ချက်တွေဟာ အကျိုးကျေးဇူး တကယ်ရှိသလား၊ မရှိဘူးလား ဆိုတာသိရဖို့ မိမိကိုယ်မိမိအား တင်းပြီး ပြောသမျှနားထောင်ခဲ့တယ်။ တတ်နိုင်သလောက်လဲ ညွှန်ကြားပြသချက်တွေကိုလိုက်နာခဲ့တယ်။ တရားအလုပ်ကို ခဲခဲယဉ်းယဉ်း ရက်သတ္တပတ်တော်တော်ကြာအောင် အားထုတ်ပြီးတဲ့နောက်မှာတော့ စိတ်ပျက် အားငယ်မှုတွေ ဖြစ်လာတယ်။ ဒါပေမယ့် ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် စွမ်းအားရှိသလောက်ကြိုးစားပြီး ကြံ့ကြံ့ခံနေခဲ့တယ်။

ဒီလို စည်းကမ်းချက်တွေကို အလေ့အလာမရှိသေးတဲ့ သူတစ်ယောက်အတွက်တော့ ပထမဦးဆုံး ရက်သတ္တပတ်တွေဟာ အလွန်ပဲ ခက်ခဲလို့နေပါတော့တယ်။ စိတ် အပန်းဖြေစရာတွေနဲ့ပြည့်နှက်နေပြီ။ ဘဝတစ်ခုမှာအံဝင်ခွင်ကျဖြစ်နှင့်နေပြီးတဲ့ ဥရောပမြို့သားတစ်ယောက်အတွက်တော့ ဒီစည်းကမ်းချက်တွေဟာ တော်တော်လေးဆန့်ကျင်ဘက်တွေ ဖြစ်နေတယ်။ မိမိမှာ အမှန်တကယ်မှ တိုးတက်မှုရှိပါရဲ့လားဆိုပြီး အဖန်ဖန်တလဲလဲ ကိုယ့်ကိုယ်ကို ပြန်မေးခွန်းထုတ်မိတယ်။ ပြီးတော့ ဒီတရားနည်းစနစ်ရဲ့ အကျိုးကျေးဇူးရလဒ်အပေါ်မှာ တော်တော်လေး သံသယဖြစ်မိတယ်။ မျှော်လင့်ချက်ကုန်လု၊ ကုန်ခင်အချိန်မှာ ကိုယ့်ကိုယ်ကို တစ်ခုသွားသုံးသပ်မိတာက မိမိဟာ တော်တော်လေး ခရီးရောက်နေပါပြီလား ဆိုတာပါပဲ။



အရင်က အမှတ်မထင်နေခဲ့တော့ ဘယ်ဒီလိုသုံးသပ်မိမလဲ။

တစ်နေ့ ထိရောက်မှုရှိတဲ့ အောင်မြင်မှုတစ်ခုကို ရုတ်တရက် ခံစားလိုက်ရတယ်။ မိမိရဲ့သမာဓိ တရားဟာ မျက်စိရှေ့မှာတင် တိုးတက်လာပါလားပေါ့။ သတိသမ္ပဇဉ် တရားတွေလည်း တော်တော်လေး အလိုအလျောက် ဖြစ်လာတယ်။ အဲဒီနေ့ကစပြီး ကမ္မဋ္ဌာနာစရိယတွေ အပေါ် လုံးလုံးလျားလျားယုံကြည်မှု ရှိနိုင်လာပါတော့တယ်။ မဟာစည် ရိပ်သာကြီးမှာ တစ်ရက်ပြီးတစ်ရက် တရားအားထုတ်နေရင်းကနေ ကမ္မဋ္ဌာနာစရိယဆရာတော်ကြီးတွေဟာ တော်တော်လေးခရီးရောက်နေကြပြီး ပညာဉာဏ်ကြီးမားကြပါလားဆိုတာ သိမြင်သဘောပေါက်လာတယ်။ သူတို့ဟာ အနေရိုးစင်းကြပြီး လူအထင်ကြီးအောင် ပြုမူကျင့်ကြံမနေ ထိုင်ကြပါဘူး။

အရည်အချင်းပြည့်ဝကြတဲ့ ဆရာသမားတွေရဲ့ လမ်းညွှန်ချက်တွေကို တိတိပပလိုက်နာလိုက်တဲ့ အခါ တရားတိုးတက်မှုဟာ အလျင်အမြန်ဆိုက်ရောက်လာပါလားဆိုပြီး တကယ့်ကို တော်တော်လေးအံ့သြမိပါတယ်။ ဝိပဿနာရိပ်သာကောင်း တစ်ခုအတွက် မရှိမဖြစ်လိုအပ်တဲ့ အခြေအနေမှန်သမျှကို ဖြည့်ဆည်းပေးနိုင်တဲ့ရိပ်သာကြီးမှာ မှန်မှန်ကန်ကန် အခွင့်အရေးယူနိုင်ရင် တရားတိုးတက်မယ်ဆိုတာလည်း သတိပြုမိခဲ့တယ်။

ရန်ကုန်မြို့မှာရှိတဲ့ မဟာစည် ရိပ်သာကြီးဆီကို ထွက်လာခဲ့တဲ့ နေရာမှာ မိမိရဲ့ ဆွစ်ဇာလန်နိုင်ငံနဲ့ ဆက်စပ်နေတဲ့ အကြောင်းအရာ တော်တော်များများကို စွန့်ပစ်ခဲ့ရတယ်။ သမီးလေးနဲ့ မိမိရဲ့အဖော် အပြင် အလေ့အလာဖြစ်နှင့်ပြီးသား ကိစ္စရပ်တော်တော်များများဖြတ်ပစ်ရတယ်။ အချို့ကိစ္စရပ်တွေမှာ စိတ်ပိုင်းဆိုင်ရာ ပဋိပက္ခတွေရှိနေခဲ့ပေမယ့်လည်း ပထမဦးဆုံးဟရားစခန်းဝင်ပြီးတဲ့နောက်မှာတော့ အားလုံးပိုပြီး ရှင်းရှင်းလင်းလင်း ဖြစ်သွားတယ်။

မဟာစည်တရားရိပ်သာကြီးနဲ့ ပတ်သက်ပြီး မိမိအနေနဲ့ချက်ချင်းပဲ အထင်ကြီးလေးစားသွားတာကတော့ ရိပ်သာရဲ့ရိုးစင်းမှု၊ ခြိုးခြံချွေတာမှု၊ ဆိတ်ငြိမ်အေးချမ်းမှုတွေပဲဖြစ်တယ်။ တရားအားထုတ်ဖို့ တစ်ခုပဲ လိုတယ်လို့ သိလိုက်ရတဲ့ အခါမှာ ချက်ချင်းဆိုသလိုပဲ ယုံကြည်စိတ်ချမှုရှိလာတယ်။ ဒီအတိုင်း မိမိအနေနဲ့ ကျင့်ကြံနေထိုင်နေတဲ့ နေရာမှာ အတုံ့အလှည့်အားဖြင့် ဘာမှပြန်ပေးဆပ်နေစရာမရှိပါဘူး၊ နေ့စဉ်နိစ္စဓုဝအနေနဲ့ မနက် (၅) နာရီမှာ အိပ်ယာကထတယ်။ (တကယ်တော့ သတ်မှတ်ထားတာက နံနက် (၃)နာရီမှာ ထရမှာ၊ ဒါပေမယ့် လက်တွေ့မှာ (၅)နာရီထက်စောပြီး ဘယ်တော့မှ ထ,နိုင်စွမ်းမရှိခဲ့ပါဘူး။) အိပ်ယာကထပြီး ကိုယ်လက်သန့်စင်တယ်။ ပြီးတဲ့နောက်တုံးခေါက် အချက်ပေးတဲ့ အခါမှာ နံနက်စာစားဖို့အတွက် ဆွမ်းစားဆောင်ကို အမှတ်သတိနဲ့ လျှောက်လှမ်းသွားရတယ်။ လူတိုင်းလူတိုင်းတန်းစီကြရတယ်။ အမြဲဆိတ်ငြိမ်စွာနဲ့ နေ့စဉ်နေ့တိုင်းလိုပဲ ထိုင်ရင်းရှုလိုက်၊ စင်္ကြံလျှောက်ရင်းရှုလိုက်နဲ့ တစ်လှည့်စီ သူ့ဟာနဲ့သူ စတင်အားထုတ်ရတယ်။ နံနက် (၁၀)နာရီမှာတော့ နေ့လယ်စာစားရတယ်။ ဒီနေရာမှာလည်း အမှတ်သတိတို့၊ နှုံးကြားစိတ်တို့၊ သမာဓိ တရားတို့ရှိ နေရတယ်။ ဒီမှတ်သိစိတ်ဟာညု(၉) နာရီအိပ်ယာဝင်တဲ့အချိန်အထိ ရှိနေရတယ်။ အိပ်ပျော်သွားတဲ့ အချိန်ကာလ တိုင်အောင် သမာဓိတရားကို ပြုစုပျိုးထောင်ရတယ်။ တစ်ရက်ခြားတစ်ခါ ညနေ (၄)နာရီ လောက်ဆို ကမ္မဋ္ဌာန်းဆရာဆီမှာ တရားနဲ့ပတ်သက်ပြီး တစ်ဦးချင်းစီ တရားလျှောက်ရတယ်။ တရားလျှောက်တယ်ဆိုတာ မြန်မာတွေရဲ့ အစဉ်အလာအရတကယ့်အခြေခံကျနေတဲ့ ထုံးစံတစ်ခုပါ။ မိမိတွေ့ကြုံ ခံစားနေရတာတွေနဲ့ ကျင့်ကြံပုံ နည်းစနစ်တွေကို လျှောက်ထားပြောဆိုဖို့ လမ်းဖွင့်ပေးထားတယ်။ ယောဂီတစ်ဦးစီ၊ တစ်ဦးစီရဲ့မေးလိုရာ မေးခွန်းတိုင်းကိုလည်း လျှောက်ထားနိုင်ခွင့်ရှိပါတယ်။ အဓိကလိုရင်းတိုရှင်းလျှောက်ထားလိုက် ခြင်းအားဖြင့် ကမ္မဋ္ဌာနာစရိယဟာ မိမိတို့



ပါမယ်။

ဖြတ်သန်းရမယ့် ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့်ရဲ့ လမ်းစဉ်နဲ့ပတ်သက်ပြီး ယောဂီကိုလမ်းညွှန်ပြသပေးနိုင်မှာဖြစ်တယ်။

မဟာစည်ဆရာတော်ဘုရားကြီးဟောကြားတော်မူခဲ့တဲ့အတိုင်း ပြောရရင် ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းဆိုတာ ဖြစ်ပေါ်လာတဲ့စိတ်ကို ထိန်းသိမ်းကျင့်သုံးနေခြင်းပါပဲ။ အချိန်တိုင်း, အချိန်တိုင်း စိတ်အလျဉ်မှာ ဖြစ်ပေါ်လာတိုင်း ဒီဖြစ်စဉ်သဘော တရားတွေရဲ့ ပရမတ္ထသစ္စာကို သတိထားပြီး ရှုကြည့်နေရမယ်။ အဓိက,က တစ်ခုချင်း, တစ်ခုချင်းစီရဲ့ ဖြစ်၊ ပျက်နေမှုကို လုံးလုံးလျားလျားသိနေဖို့ပါပဲ။ ဥပမာ -အသံတစ်သံကြားတယ် ဆိုပါစို့။ "ကြားတယ်၊ ကြားတယ်" လို့ မှတ်နေရမယ်။ အကြာကြီးထိုင်မိတဲ့အခါမှာ ထုံတာ၊ ကျဉ်တာတွေ ဖြစ်လာလိမ့်မယ်။ ဒီအခါ မှာလည်း စိတ်ထဲကနေ "ထုံတယ်၊ ထုံတယ် . . နာတယ်၊ နာတယ်" လို့ ရှုမှတ်ရမယ်။ တစ်နေ့ခင်းလုံး ဘာတွေပဲ ဖြစ်ပေါ်နေ၊ ဖြစ်ပေါ်နေ အားလုံးကို လုံးလုံးလျားလျား သိမြင်နေရမယ်။ သမ္မာဝါယာမနဲ့ အရှုခံတရားတွေ အပေါ်မှာ စိတ်ကို တင်ထားပြီး အဲဒီစိတ်နဲ့ပဲ ရှုမှတ်နေရမယ်။ ဖြစ်ပေါ်လာတဲ့ အတိုက်ဓာတ် မှန်သမျှကိုလည်း အရှိ၊ အရှိအတိုင်း သိနေရမယ်။ ကံအမှုတွေပြုတိုင်း၊ ပြုတိုင်းမှာလည်း သတိသမ္ပဇဉ်ဉာဏ် ဖြစ်ရတာများမရှုမှတ်ပဲ နေတဲ့အခါတွေမှာဆိုရင် မိမိတို့ဟာ အချည်းအနှီးဘဝနဲ့ လုံးဝဥဿုံကုန်ဆုံးနေကြတယ်။ မိမိတို့ရဲ့ စိတ်တွေဟာ အမျိုးမျိုးသော ဝိတက်တွေထဲမှာ အမြဲ တရစပ်နစ်မြုပ်နေကြတယ်။ အပျော်အပါးတွေထဲမှာပဲ စိတ်က အမြဲရောက်ရောက်နေတယ်။ တရားရှု မှတ်မှုပြုလုပ်ငန်းခွင်မှာတော့ သဘာဝ ဖြစ်စဉ်တိုင်း, ဖြစ်စဉ်တိုင်းကို ကြိုးစားပြီး သိအောင် ပွားများအားထုတ် နေတယ်။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံစတဲ့ အာရုံတရားတွေကို ဖြစ်ပေါ်ရာ အခိုက်အတန့်တိုင်းမှာ ပစ္စုပ္ပန်ကျကျ ရှုကြည့်နေရတယ်။ မဖြစ်သေးခင်လည်း မဟုတ်ဘူး။ ဖြစ်ပြီးမှလည်း မဟုတ်ဘူး။ ဝိပဿနာနဲ့နေနည်းဆိုတာ ရှုမှတ်နေတဲ့ စိတ်ရဲ့အရည် အသွေးတစ်ရပ်ပဲ ဖြစ်တယ်။ စိတ်မှာ ဖြစ်ပေါ်လာတဲ့ အာရုံမှန်သမျှကို သမ္မာဝါယာမ၊ သမ္မာသမာဓိစတဲ့ တရားတွေနဲ့ သတိကပ်ထားရတယ်။ ဝေဖန်ချက်တွေ၊ ထင်မြင်ယူဆချက်တွေ နည်းနည်းလေးတောင် ပေးနေစရာမလိုပါဘူး။ ဝိပဿနာတရားကို လေးလတာအင်တိုက်အားတိုက်နဲ့ အားထုတ်ပြီးတဲ့နောက်မှာတော့ အမြဲမပြတ် တရစပ်ပြောင်းလဲဖြစ်ပျက်နေတဲ့ "အနိစ္စ" တရား၊ ပြုပြင်မှုဒဏ်ချက်နဲ့အနှိပ်စက်ခံနေရတဲ့ "ဒုက္ခ" တရား၊ လောကမှာ အခိုင်အမြဲအနှစ်သာရဆိုလို့ ဘာမှမရှိတဲ့





"အနတ္တ" တရားစတဲ့ လက္ခဏာ ရေးသုံးပါးကို ကိုယ်တွေ့၊ ဉာဏ်တွေ့ သိမြင်လာပါတော့တယ်။ သေသေချာချာလေ့လာစိစစ်ပြီး ဘာဝနာအလုပ်ကို အမှန်တကယ်အားထုတ်ချင်တဲ့သူတွေ၊ စစ်မှန်တဲ့အသိဉာဏ်ထူးတွေ ရရှိတိုးတက်ချင်တဲ့သူတွေကို တိုက်တွန်းအကြံဉာဏ်ပေးနိုင်တာကတော့တစ်ခု "မဇ္ဈိမပဋိပဒါ" ဆိုက်မယ့်လမ်းကို လိုက်ကြပါလို့ ပြောချင်ပါတယ်။

ပထမအကြိမ် တရားစခန်းဝင်ပြီး တဲ့နောက်မှာ ဥရောပကို တဖန်ပြန်ဖို့ ဆုံးဖြတ်ခဲ့တယ်။ အရင်ကထက်စာရင် စိတ်သဘောထားတွေ ပိုပြီး ကြည်လင်ပြတ်သားလာပြီမို့ အေးချမ်းသာယာတဲ့ လောကီလူ့ဘဝတစ်ခုကို တည်ဆောက်ယူတော့မယ်လို့ ကြံရွယ်ထားတယ်။ ဒါပေမယ့်လည်း တကယ့်တမ်းကျတော့ အနှစ်သာရကင်းမဲ့နေတဲ့ လူ့ဘောင်အဖွဲ့အစည်းထဲမှာ လပေါင်းတော်တော်ကြာ ယောင်တောင်၊ ပေါင်တောင်ဖြစ်နေခဲ့တယ်။ အဲဒီနောက်မှာတော့ မိမိရဲ့မိသားစုဘဝလေးကို အပြီးတိုင်စွန့်ခွာခဲ့ပြီး ရန်ကုန်မှာရှိတဲ့မဟာစည် ရိပ်သာကြီးဆီနောက်တစ်ကြိမ် ထွက်လာခဲ့ပါတယ်။ မိမိဘာသာမိမိ သဘောပေါက်မိတာတစ်ခုက ကမ္မဋ္ဌာန်းအားထုတ်ခြင်းတစ်ခုတည်းကသာလျှင် စိတ်ဓာတ်အဆင့်ဆင့်ရင့်ကျက်ဖြစ်ထွန်းမှုကို ဆောင်ကျဉ်းပေးနိုင်လိမ့်မယ်ဆိုတာပါပဲ။ အကျိုးဆက်အားဖြင့် အသိအမြင ်ထူးတွေကို ရရှိနိုင်လိမ့်မယ်။ သာမန်လူ့ဘဝတစ်ခုမှာ ရှာဖွေစုဆောင်းထားတဲ့ ဥစ္စာပစ္စည်းတွေဆိုတာကတော့ သေဆုံးတဲ့အခါ အကုန်လုံးထားပစ်ခဲ့ရတာပဲ။ ဥပမာ- ဆောင်းဦးရာသီ ရောက်ပြီဆို သစ်ရွက်တွေကြွေကျကုန်သလိုမျိုးပါ။

ဒုတိယအကြိမ်တရားစခန်းဝင်နေတဲ့အချိန်ကာလအတွင်းမှာ မိမိရဲ့ ရှည်လျားလှတဲ့ဆံပင်တွေကို ဖြတ်ပစ်လိုက်တယ်။ အချိန်အတော်အတန်ကြာလာတာနဲ့အမျှ တစ်နေ့မှာ ရဟန်းဘဝကလွဲလို့ တစ်ခြားသောဘဝပုံစံနဲ့ ဆက်နေလို့မရတော့ဘူးဆိုတာ အလေးအနက်ဆင်ခြင်မိတယ်။ ပြီးတော့ တစ်ခုသုံးသပ်မိတာက သံယာ့အဖွဲ့အစည်းအဖြစ်၌သာလျှင်သာသနာတော်ကို စောင့်ရှောက်ဖို့နဲ့ ဗုဒ္ဓဓမ္မကိုဖြန့်ကျက်နိုင်ဖို့ မရှိမဖြစ်လိုအပ်တဲ့ လမ်းစဉ်တစ်ခုပဲလို့ ယူဆလိုက်တယ်။ မဟာစည် သာသနာ့ရိပ်သာကြီးမှာပဲ မြင့်မြတ်သောရဟန်းအဖြစ်ကို ခံယူခဲ့ပါတယ်။

ဝိပဿနာတရားစခန်းကို နှစ်ကြိမ်တိုင်တိုင်ကာလရှည်ဝင်ပြီးတဲ့နောက်မှာ ထေရဝါဒဗုဒ္ဓသာသနာတော်နဲ့ပတ်သက်ပြီး ပြင်သစ်၊ အင်္ဂလိပ်၊ မြန်မာသုံးဘာသာနဲ့ အင်တာနက်အပေါ်မှာ ရေးသားဖြန့်ချိခြင်းအလုပ်ကို ဇောက်ချလုပ်ကိုင်ခဲ့တယ်။ အင်တာနက်လိပ်စာက - ဝိပဿနာလမ်းစဉ်ကို အလေးအနက်လိုက်နာကျင့်သုံးဖို့အတွက် မသိမဖြစ် သိသင့်သိထိုက်တဲ့ အချက်တွေကို ဒီအင်တာနက် ဝက်ဘ်ဆိုက်မှာ တင်ထားပါတယ်။ ဝိပဿနာတရားကို အားထုတ်ဖို့အတွက် လူတိုင်းကိုလည်း တိုက်တွန်းနှိုးဆော်ထားတယ်။

စိတ်ရင်းအရိုးခံအတိုင်း လေးလေးနက်နက်ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ အားလုံးသောသတ္တဝါတွေ ဝိပဿနာတရားတော်ရဲ့တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးတရားတွေကို နားလည်သဘောပေါက်နိုင်ကြပါစေ။ ဒီတရားကို လုံ့လ၊ ဝီရိယသန်သန်နဲ့ အားထုတ်နိုင်ကြပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုလွယ်နိုင်ကြပါစေ။ အမျိုးမျိုးအဖုံဖုံသော ဒုက္ခခပ်သိမ်းသည်လည်း ကင်းငြိမ်းချုပ်ပျောက်နိုင်ကြပါစေ။

အရှင်ဓမ္မသာမိ
ပြင်သစ်ဘာသာမှ စောနိုင်ဦး
ပြန်ဆိုသည်



ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



ကျွန်တော်၏အသက် (၇၅)နှစ် ရှိလာပြီဖြစ်သည်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာ တော်ဘုရားကြီးနှင့် ကျွန်တော်သည် မည်သို့ဆုံစည်းရန် မည်သည့် ဘဝက ဆုပန်ခဲ့မိသည် ကား မသိရှိး အမှန်ဖြစ်ပါသည်။ ကျွန်တော်၏ ဇာတိမှာ မော်လမြိုင် ဖြစ်ပြီး ကျွန်တော်၏အဖသည် မြို့အုပ် ဦးဘဖော့၊ အမိ ဒေါ်အေး ကြွယ်ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်ပြီးစ စမ်းကြီးဝတရားပွဲ

ဦးမျိုးဝေ

ဒုတိယကမ္ဘာစစ်မဖြစ်မီကာလ တွင် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် မော်လ မြိုင်မြို့၊ တောင်ထိုင်းကလေးတိုက်ကျောင်း၌ သီတင်းသုံးနေသဖြင့် ကျွန်တော့် မိဘဖြစ်သည့် မြို့အုပ်ဦးဘဖော့၊ ဦး



လေးဖြစ်သူ အရေးပိုင် ဦးဘဇံ စသော မိသားစုများက အပတ်စဉ် ဆွမ်းကပ်လှူခြင်း၊ ဝေယျာဝစ္စတို့ကို ကျွန်တော်တို့ ဆွေမျိုးတစ်စုက အများဆုံး တာဝန်ယူ ဆောင်ရွက်ခဲ့ကြပါသည်။

ဒုတိယကမ္ဘာစစ် ပြီးသွားသော အချိန်ကာလမှာတော့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးလည်း ယခုထင်ရှားလျက်ရှိသော သာသနာ့ရိပ်သာကြီးကို ဦးစီးဦးဆောင်ပြု၍ မဟာစည် သာသနာ့ရိပ်သာကြီးဟုပင် အမည်အနွှတ်ထုဖြင့် ထင်ရှားနေပြီ ဖြစ်ပါသည်။

ကျွန်တော်တို့လည်း ဒုတိယကမ္ဘာစစ်ပြီး၍ အေးချမ်းသာယာလာသည်နှင့်အမျှ ရေကြည်ရာမြက်နုရာဆိုသလို ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာခဲ့ကြသည်။ ကျွန်တော်လည်း ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ ထိုအချိန်ကာလမှာပင် ထောက်ကြံတိလောကာရုံကျောင်းတိုက်၌ ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တဉာဏဒဿီ ဦးစီးဦးဆောင်ပြုလျက် မဟာစည် (၁၀)ရက်တရားစခန်း ဖွင့်လှစ်သဖြင့် ကျွန်တော်၏ ဓမ္မဒါနအဖြစ် မဟာစည်ဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဝိပဿနာရှုနည်း ကျမ်းစာအုပ်(၅၀၀)ရိုက်နှိပ်ဝေငှခဲ့သည်။

ထိုတရားပွဲကအပြန် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအား မိမိဝယ်ယူထားသော အိမ်ရာမြေ ရွှေညောင်ပင်နတ်စင်ရှေ့တည့်တည့်တွင် ဦးပိုင် ၄၅ - ၄၆ - ၄၇ ဘဝးစဝ မြေကွက်ကို မဟာစည် သာသနာ့ရိပ်သာခွဲအဖြစ် ဖွင့်လှစ်ရန် လှူပါကြောင်း လျှောက်ထားလိုက်သည်။ ဆရာတော်ဘုရားကြီးကလည်း မြို့အဝင်မှာဖြစ်၍ အလွန်ကောင်းမွန်ပါသည်ဟု မိန့်ကြားပါသည်။ ထိုနေ့မှာပဲ ဖြစ်ပါသည်။ ဆရာဝန် ဒေါက်တာတင်ရွှေကိုယ်ရေပြားရောဂါကုဆေးရုံသို့ ကြွရောက်တရားဟောကြားပေးပါရန် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ပင့်လျှောက်သဖြင့် ဆရာတော်ဘုရားကြီး ကြွရောက်တရားဟောကြားရာသို့ လိုက်ပါခဲ့ရသည်။

ကျွန်တော်လည်း ရွှေညောင်ပင် ခြံမြေ ၁၂ ဧက အကြောင်းပြုပြီး မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝသို့ ၁၉၇၄ ခုနှစ်တွင် ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ သို့နှင့် မိမိသည် ထိုပတ်ဝန်းကျင်ရှိ ဇေယျာသီရိကျောင်းတိုက်၊ ရတနာကျောင်းတိုက်စသော ကျောင်းတိုက်များသို့ သွားရောက်လေ့လာမိသည်။

ထိုအချိန်မှာ ထိုနေရာများသည် ဆင်းရဲသားများ စုဝေးနေထိုင်ရာဖြစ်သဖြင့် ထိုကျောင်းများသည် ရေပတ်လည်ဝန်းရံလျက် အသွားအလာ ခက်ခဲ၏။ သို့သော် ရပ်ကွက်က တစ်ရပ်ကွက်တည်းတွင် ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းဖြစ်၍



ဒကာ၊ ဒကာမများကား ပရိသတ်နှစ်ဖွဲ့ကွဲ၍ နေကြလေသည်။

ထိုသို့ဖြစ်နေသဖြင့် မိမိသည် ဘယ်လိုလုပ်ပေးရမှန်းမသိ ဖြစ်နေသည်။ တစ်နေ့တွင် အကြံတစ်ခုရကာ မိမိ၏ဇနီးအား ပြောဆိုတိုင်ပင်၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ပင့်လျှောက်ပြီး တရားပွဲကျင်းပပေးလျှင် အလွန်ကောင်းမည်ဟု အကြံဖြစ်၍ ဇေယျာသီရိကျောင်းတိုက် ဆရာတော်



ကျွန်တော် သတိထားမိသည်မှာ ကျွန်တော် ပြောင်းရွှေ့ကာဝ ဝမ်းကြီးဝဋ္ဌ ညဝဉ် ခွေးအူသံများ၊ နေ့ဝဉ် အသံခဲ့ဝက်သံများဖြင့် ဗိတ်မချမ်းသာဝရာပင် ဖြစ်ပါသည်၊



ဦးဥတ္တမသာရထံ ထိုကိစ္စကို လျှောက်ထားကြသည်။ သဘောကျသဖြင့် ကျောင်းတိုက်တွင်းရှိ ဓမ္မာရုံ၌ ကျင်းပရန်နှင့် ဝါးထရံများကာထားသည်ကို အရှင်သဘောဖြင့် ဖွင့်လှစ်၍ တိုင်များထောက်စေကာ ပြင်ဆင်ရန်ပြောလေသည်။

ထို့ကြောင့် မိမိက ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တရားပွဲကျင်းပမည်ဆိုပါက ဒီဓမ္မာရုံလောက်ဖြင့် မဖြစ်နိုင်ကြောင်း၊ ပရိသတ်များစွာ နာကြားနိုင်သောနေရာနှင့် မဏ္ဍပ်ဖြစ်သင့်ကြောင်း တင်ပြခဲ့သည်။ ထိုခေတ်၊ ထိုအချိန်က ပြည်သူ့ကောင်စီမှ တာဝန်ရှိသော ဦးအေးမြင့်၊ ဦးကျော်ဝင်းတို့ကို အလှူငွေများအပ်နှံ၍ တွဲဖက်ပြုလုပ်ရလေသည်။

ထိုသို့ ဆောင်ရွက်နိုင်ရန်၌ အဓိကမှာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးထံ ပင့်လျှောက်ခြင်းက အဓိကဖြစ်လေသည်။ ထို့ကြောင့် မိမိကားနှင့် ဦးဥတ္တမသာရကိုပင့်၍ မဟာစည် သာသနာ့ရိပ်သာကြီးသို့ ရောက်ခဲ့ကြလေသည်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် စံကျောင်းတော်၌ သီတင်းသုံးလျက်ရှိရာ မိမိနှင့်အတူ ပါလာသော ဦးဥတ္တမသာရသည် ဆရာတော်ကြီးအား ကျောင်းဝမှ စတင်တွေ့မြင်ရသည်နှင့် လက်အုပ်ချီပြီး ဆရာတော်ဘုရားကြီးအနီးရောက်အောင် ပင် အရိုအသေပေး၍ ခေါင်းခါးကိုင်းညွတ်လျက် ဆရာတော်ဘုရားကြီးထံ ရောက်ရှိပေသည်။ (ထို အချိန်ကရဟန်းတော်ကြီးအရိုအသေပြုသွားသည်မှာ ပီတိမျက်ရည်ကျလောက်ပေစွ)

မိမိက ဦးဥတ္တမသာရအား ဆရာတော်ဘုရားကြီးနှင့် မိတ်ဆက်ပေးရင်း အဆိုပါကျောင်း၌ ဆရာတော်ဘုရားကြီး၏ တရားပွဲများကျင်းပလိုကြောင်း လျှောက်ထားလိုက်ပေသည်။ ဆရာတော်ဘုရားကြီးကလည်း နေ့ရက် အချိန်နှင့်တကွ မိန့်ကြား အဖြေပေးလေသည်။ သို့ကြောင့် မိမိက ဆရာတော်ဘုရားအား ထပ်မံ၍ တရားပွဲကြည်လိုပါသဖြင့် ဟောကြားချီးမြှင့်မည့် တရားတော်အမည် စတဲ့အကြောင်းများ ရလိုပါသည်ဟု လျှောက်ထားလိုက်ပါသည်။ဆရာတော်ဘုရားကြီးကလည်း စားပွဲအံဆွဲဖွင့်ယူ၍ မိမိအား "ကောင်းခြင်းလေးဖြာ" တရားဟောကြားပေးမှာ ဖြစ်ကြောင်းနှင့် ဆောင်ပုဒ်များ ရေးသားထားသော စာရွက်တို့ကို ပေးလိုက်သဖြင့် ဝတ်ပြုပြီး၍ ပြန်ခဲ့ကြလေသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက တရားပွဲကျင်းပရန် လက်ခံခွင့်ပြုလိုက်သည်နှင့် မိမိတို့ဘက်မှ ဆောင်ရွက်ဖွယ်ရာများ ပြင်ဆင်ဆောင်ရွက်ရပါသည်။ ရပ်ကွက်မှ ဇေယျာသီရိကျောင်းသို့ ကူးသန်းသွားလာရန်မှာ ကြားတွင် ကန်ဇွန်းခင်းကြီးကခြားလျက် ရေ



နှင့် ရွံ့ညွန်ဗွက်များရှိသဖြင့် ဖြတ်ကျော်ကူးသန်းရ မလွယ်လှပါ။ မူလရှိနေသော သစ်သားတံတားကလည်း သွားလာကူးသန်းဖို့ စိုးရိမ်ရသည်။ သို့ကြောင့် မိမိတို့မိသားစုမှပဲ အရှည် ပေ ၁၂၀ ရှိ သံပြားပေါက်ခင်း မဒမတိုင်များ စိုက်ထူဆောက်လုပ်ခဲ့ပါသည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကို ပင့်ဆောင်ရာတွင် ကျွန်တော်က ကျွန်တော့်ကားဖြင့် ရှေ့ပြေး လမ်းပြအဖြစ် မဟာစည် သာသနာ့ရိပ်သာကြီးမှ စတင်၍ ကမ္ဘာအေးစေတီလမ်းမကြီးသို့ ထွက်လာခဲ့သည်။ ဆရာတော်ဘုရားကြီးနှင့် နဂိုဟအဖွဲ့ချုပ် အမှူဆောင်များ၊ တပည့် ဒကာများလည်း ကားများအသီးသီးဖြင့် ထွက်ခွာလိုက်ပါလာခဲ့ကြသည်။

ကျွန်တော် ရှေ့ပြေးလမ်းပြကားအဖြစ် မောင်းနှင်လာခဲ့သောကားမှာ မြောက်ဥက္ကလာအဝိုင်းအရောက် ၌ ထိုးရပ်သွားသဖြင့် ကားပေါ်မှဆင်း၍ ကားရှေ့ဖုံး ဖွင့်ကြည့်နေခိုက်တွင် ကျွန်တော့်ကားနောက်ကခပ်လှမ်းလှမ်း မောင်းနှင်လာသော ဆရာတော်ဘုရားကြီးနှင့် နဂိုဟအဖွဲ့ချုပ်အမှူဆောင်များနှင့် တပည့်များ စီးနင်းလိုက်ပါလာသော ကားသည် ကျွန်တော့်ကားကိုကျော်ပြီး ဆက်လက်မောင်းထွက်သွားကြသဖြင့် မျက်ခြည်ပြတ်သွားလေသည်။

ထိုသို့ မျက်ခြေပြတ်သွားသဖြင့် တရားပွဲကျင်းပမည့် မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်သို့ ရောရှ။ စွာမရောက်တော့ဘဲ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းဖြင့် ရှာဖွေမေးမြန်းရသော်လည်း ဆရာတော်ဘုရားကြီးသည် စိတ်ပျက်ညည်းညူခြင်းမရှိ၊ အပြစ်တင် ဒေါသထွက်နေဟန်မရှိ၊ သည်းခံသော ခမာဂုဏ်ဖြင့် တည်ငြိမ်အေးဆေးစွာဖြင့် ကြွရောက်တော်မူလျက် တရားဟောကြား ခဲ့မြင့်တော်မူလေသည်။

၁၃၄၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း (၁၂)ရက်နှင့် (၁၃) ရက်ညများတွင် မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ ဇေယျာသီရိကျောင်းတိုက်၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော "ကောင်းခြင်းလေးဖြာ" မင်္ဂလာတရားတော် အကျဉ်းချုပ်နှင့် အမေးအဖြေ ဆောင်ပုဒ်များကို ဓမ္မမိတ်ဆွေတို့ ကြည်ညိုပူဇော်နိုင်စေခြင်းငှာ ကောက်နှုတ်ရေးသားဖော်ပြလိုက်ပါသည်။

မေး - အိုသည့်တိုင်အောင် ကောင်းတာ ဘယ်ဟာလဲ။

ဖြေ - အိုသည့်တိုင်အောင်ကောင်းတာ ကိုယ်ကျင့်သီလဘဲ။

မေး - ခိုင်မြဲတည်တံ့လျှင် ကောင်းတာ ဘယ်ဟာလဲ။

ဖြေ - ခိုင်မြဲတည်တံ့လျှင် ကောင်းတာ သဒ္ဓါတရားပဲ။

မေး - လူ့ရတနာ ဘယ်ဟာလဲ။

ဖြေ - လူ့ရတနာ အသိအလိမ္မာပညာပဲ။

မေး - မခိုးနိုင်တာ ဘယ်ဟာလဲ။

ဖြေ - မခိုးနိုင်တာ ကုသိုလ်ကောင်းမှုပဲ တို့ ဖြစ်ပါတယ်။

နတ်ပြည်မှ မှာတမ်းစကားသုံးခွန်း

ကြွေးကြော်ခြင်း

၁။ သုဂတိသို့ ရောက်ပါစေ။

၂။ ကောင်းသောရမြင်း ရပါစေ။

၃။ ကောင်းသောရခြင်း ခိုင်မြဲတည်တံ့ပါစေ။

ဟူသော ကြွေးကြော်သံတို့နှင့် ဝိပဿနာရှုနည်းများ စသော အလုပ်ပေးတရားတော်များ ဟောကြားခြီးမြှင့်ပေးပါသည်။

ဗုဒ္ဓဘာသာဝင် တစ်ဦးအနေဖြင့် ကျွန်တော်၏ခံယူချက်တစ်ခုမှာ အချင်းချင်း အပြိုင်အဆိုင်ပြုလုပ်ကြသည့် ကိစ္စမျိုး မနှစ်သက်တတ်ပါ။ အထူးသဖြင့် မိမိတို့ရပ်ကွက်တွင် ကျောင်းနှစ်ကျောင်းရှိလျှင် ပရိသတ် နှစ်ဖွဲ့ကွဲ၍ အပြိုင်အဆိုင်ပြုလုပ်တာမျိုးတို့ ဖြစ်ပါသည်။ ထို့ကြောင့် ယခုကိစ္စတွင် ပြောဆို





စည်းရုံးနေခြင်းထက် အလုပ်ဖြင့် အကောင်အထည်ဖော်မည်ဟူသော ရည်ရွယ်ချက်ဖြစ်သလို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကိုလည်း အားကိုးအားထားပြု၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မိမိ၏ဆန္ဒကိုလည်း ရပ်ကွက်ပြည်သူကောင်စီ ဦးအေးမြင့်နှင့် ဦးကျော်ဝင်းတို့မှ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးကြသဖြင့် မဏ္ဍာပ်ကြီးကလည်း ကနုတ် တကဲ ပန်းထောင်ပန်းခက်တို့ဖြင့် ခံ့ညားလှပါ၏။ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး မိမိဆောက်လုပ်ထားသောတံတားပေါ်မှ ဖြတ်သန်း၍ တရားမဏ္ဍာပ်သို့ ကြွလှမ်းလာသည်ကိုပင် ကျွန်တော့် မျက်စိထဲ၌ ယနေ့ထိ မြင်နေဆဲ ကြည်ညိုနေဆဲဖြစ်ပေသည်။

ကျွန်တော် သတိထားမိသည်မှာ ကျွန်တော် ပြောင်းရွှေ့ကာစ စမ်းကြီးဝ၌ ညစဉ် ခွေးအူသံများ၊ နေ့စဉ် အသံခဲ့စက်များဖြင့် စိတ်မချမ်းသာစရာပင် ဖြစ်ပါသည်။ အနယ်နယ်အရပ်ရပ်က လာရောက်နေထိုင်ကြသလို စရိုက်ကလည်း အမျိုးမျိုးဖြစ်သည်။ နေ့စဉ်လိုလို အသေအပျောက်ကိုလည်း ဆုံတွေ့နေရသည်။ တစ်နည်းဆိုလျှင် ဝေသာလီပြည် ကပ်ဆိုးဘေး အန္တရာယ်ကျ ရောက်သကဲ့သို့ဖြစ်သည်။ ဒီထဲမှာ ကျောင်း နှစ်ကျောင်းအကြောင်းပြု၍ ပရိသတ်က နှစ်ဖွဲ့ကွဲခြင်းသည် ပို၍ ဆိုးပါသည်။ ဤကိစ္စမှာ ဘုန်းတော်ကြီးများနှင့် တော့ဆိုင်မည် မဟုတ်ပါ။ ရပ်ကွက်သူ၊ ရပ်ကွက်သားချင်းတို့၏ အသိအမြင် မကျယ်မှုတို့ကြောင့် ဖြစ်ပေသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တရားပွဲကို (၂) ညတိုင်တိုင် ကျင်းပခဲ့သည်။ လက်ခံကျင်းပသော ဇေယျာသီရိကျောင်း၌ မကြုံစဖူးလို့ ဆိုရလောက်ပါသည်။ စမ်းကြီးဝရပ်ကွက်ရှိ ကျောင်းနှစ်ကျောင်းမှ သံဃာတော်များ၊ အနီးဝန်းကျင် ပေါက်ကုန်း၊ ကျိုက္ကလဲ့စသော ပတ်ဝန်းကျင်က ရဟန်းရှင်လူ ပရိသတ်များ အထူးစည်ကားခဲ့ပါသည်။

အထူးသတိထားစရာ အတွေ့အကြုံတစ်ခုကတော့ အချင်းချင်း မပြေလည်မှုများလည်း အားလုံး ပြေလည်သင့်မြတ်သွားခဲ့ခြင်းဖြစ်သည်။ ဝေသာလီပြည်ကဲ့သို့ဘေးအန္တရာယ် ကပ်ဆိုက်ရောက်ခြင်း၊ နေ့စဉ် အသေအပျောက်နှင့် အသံခဲ့စက်သံ၊ ခွေးအူသံများကလည်း ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ မေတ္တာတော်ဖြန့်ကျက်မှု၊ ဗုဒ္ဓစက် တန်ခိုးတို့ကြောင့် နည်းပါးသွားသည်ဟု ယူဆမိသည်။ ထိုအချိန်မှစ၍ ဤစမ်းကြီးဝတစ်ဝိုက်တွင် ဖော်ပြပါဘေးဆိုး ကပ်ဆိုးနှင့် ကင်းဝေးလျက် ယခုအချိန်ထိ ညီညီညွတ်ညွတ် သာသာယာယာ အေးချမ်းစွာ နေထိုင်ကြရလေသည်။

အချုပ်အားဖြင့် တင်ပြရပါမူ ကျွန်တော်နှင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ရှေးပရဏဝရက ရေစက်ဟုပင်ဆိုရန် ရှိပါသည်။ ကျွန်တော် ငယ်စဉ်ကပင် အမိအဖ အဘိုး အဘွားကစဉ်းကြီး၊ ဦးလေး ဆွေစဉ်မျိုးဆက်ကိုးကွယ်လာခဲ့ကြသည်။အရွယ်ရောက်ပြန်တော့လည်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး တည်ရှိရာအရပ်သို့ ပြောင်းရွှေ့လာခဲ့ရသည်။ ထိုအချိန်အခါမှစ၍ ယခု အသက်အရွယ်ရလာသည်အထိ ဆရာတော်ဘုရားကြီး စံလွန်တော်မူသွားသော်ငြားလည်း သူပြုစုပျိုးထောင်ခဲ့သော မဟာစည်သာသနာ့ရိပ်သာကြီးတွင် အရိုးကြေကြေ အရေခမ်းခမ်းဖြင့် တတ်စွမ်းနိုင်သောဘက်ကပါဝင်၍ နေ့စဉ်ဝတ်မပျက် ဆက်လက်တာဝန်ထမ်းဆောင်ကာ အမှုဆောင်အဖြစ် သာသနာပြုထိုက်သည်ကို ကျွန်တော့်အနေဖြင့် အရတော်ပေစွတဲ့အောက်မေ့ရင်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ဂုဏ်ပြုဆောင်းပါးဖြင့် ရေးသားပူဇော်လိုက်ရပါသည်။

ဦးမျိုးဝေ
အမှုဆောင်
ဗုဒ္ဓသာသနာနှင့်ဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ



ဆိပ်ခွန်တရား



အမည်မသိဆောင်းပါးရှင်

"ဆိပ်ခွန်တရား ကောင်းလှသတဲ့၊ အဟောတရားမဟုတ်၊ လက်တွေ့တရား ဖြစ်သတဲ့။"

ဤသတင်းသည် အနယ်နယ် အရပ်ရပ်သို့ ပြန့်နှံ့လာခဲ့လေသည်။ မြန်မာပြည် လွတ်လပ်ရေးသတင်းနှင့်အတူ ပဋိပတ္တိနယ်သို့ ထိုးဖောက်ဝင်ရောက်လာခဲ့လေသည်။

ဒေါ်မာလာရီသည် ဆိပ်ခွန်သတင်းကြား၍ လွန်စွာ စိတ်ဝင်စားလျက်ရှိသည်။ ဆိပ်ခွန်တရား အကြောင်းကို သေချာစွာ သိချင်နေ၏။ သို့ဖြစ်၍ သီလရှင်တစ်ပါးကို ဆိပ်ခွန်သို့ အစုံစမ်းလွှတ်လိုက်လေသည်။

၁၃၀၉ ခုနှစ်၊ ဝါခေါင်လဖြစ်သည်။

ရန်ကုန်မြို့မှ သူငှေးကြီး ဆာဦးသွင်သည် သမီးဖြစ်သူ ဒေါ်ခင်ခင်ကြီးရှိရာ စစ်ကိုင်းမြို့သို့ ရောက်လာသည်။ စစ်ကိုင်းရောက်ခိုက် စစ်ကိုင်းတောင်ရိုးသို့ အလည်အပတ်သွားရင်း သမိဒ္ဓေါဒယချောင်သို့ ဝင်ရောက်လာသည်။ ဆာဦးသွင်သည် သမိဒ္ဓေါဒယချောင်ဆရာကြီး ဒေါ်မာလာရီနှင့်တွေ့၍ စကားလက်ဆုံကျခဲ့လေသည်။

"ဆရာတို့ စစ်ကိုင်းတောင်က သိပ်ကျော်တာပဲနော်"

"ဟုတ်တယ်၊ ကျော်ပါတယ်"

"ကမ္မဋ္ဌာန်းဆရာတွေလဲ ပေါမှာပါ"

"ဟာ . . ပေါပါတယ် ဒကာကြီး"

"ဒါဖြင့် လိုက်ပို့ပေးစမ်းပါ"

ဒေါ်မာလာရီသည် သီလရှင်တစ်ဦးထည့်လိုက်ပြီး ဆာဦးသွင်သွားလိုသော ကမ္မဋ္ဌာန်းတိုက်များသို့ လိုက်ပို့စေသည်။ ဆာဦးသွင်သည် ကမ္မဋ္ဌာနာစရိယ ဆရာတော်များကို လိုက်လံဆည်းကပ်စုံစမ်းပြီး ပြန်လာသည်။ သမိဒ္ဓေါဒယသို့ ပြန်ရောက်သောအခါ "ဆရာတို့ စစ်ကိုင်းတောင်က သိပ်ကျော်တယ်၊ ဒါပေမယ့် ကျွန်တော့်အမြင် ကမ္မဋ္ဌာန်းဖက်က သင့်ရုံပဲရှိတယ်" ဟု ပြောသည်။ ပဋိပတ္တိသာသနာပြုပုဂ္ဂိုလ်ကို ဆာဦးသွင် ရှာနေမှန်း ထိုစဉ်က ဒေါ်မာလာရီမသိခဲ့ချေ။ ဆာဦးသွင် စုံစမ်းနေတာ 'တရားနာချင်လို့ ထင်ပါရဲ့၊ တရားအားထုတ်ချင်လို့ ထင်ပါရဲ့" ဟုသာ ထင်မှတ်ခဲ့လေသည်။

ဆာဦးသွင်သည် ချပ်သင်းချောင်သို့လည်း အလည်အပတ်သွား ရောက်ခဲ့လေသည်။ ထိုအခါ ချပ် သင်းချောင်သို့ ရောက်ရှိနေသူ ရေဦးမြို့မှ စက်ပိုင်သူငှေး ဦးဘသင်နှင့်ဆုံမိကြသည်။ ဆာဦးသွင်သည် ဦးဘသင်နှင့်စကားလက်ဆုံကျရင်း ပဋိပတ္တိသာသနာပြု ဆရာတော်ကစ်ပါးအလိုရှိ၍ စုံစမ်းနေကြောင်း ပြောပြသည်။ ဦးဘသင်က "ဆိပ်ခွန် မဟာစည် ကိုယ်တော်ဟာ ဦးလိုချင်တဲ့အရည်အချင်းနဲ့ ပြည့်စုံပါတယ်" ဟု ပြောပြ၏။ ထိုအခါ ဆာဦးသွင်က မဟာစည်ကိုယ်တော်ကို ကိုယ်တိုင်ဖူးမြော်၍ တရားနာလိုသဖြင့် ပင့်ပေးရန် ဦးဘသင်အား ပြောပြသည်။ ဦးဘသင်က "ပင့်တော့ပင့်ပေးပါ့မယ်၊ ဝါတွင်းဖြစ်နေလို့ ကြွ,မကြွတော့ အတိအကျ မပြောနိုင်ဘူး" ဟု ဆို၍ သွားရောက်ပင့်သည်။

မဟာစည်ဆရာတော်သည် တရားနာလို၍ပင့်သဖြင့် တရားကို အလေးဂရုပြုပြီး လက်ခံတော်မူ



သည်။ "ဓမ္မဥ္စသောတုံ" နှင့်အညီ တရားနာလို၍ပင့်လျှင် ဝါတွင်း၌ သတ္တာဟကိစ္စဖြင့် သွားခွင့်ရှိသည်။ မဟာစည်ဆရာတော်ထံမှ ခွင့်ပြုချက်ရသောအခါ စစ်ကိုင်းသို့ ပြန်လာပြီး ဆာဦးသွင်အား အကျိုးအကြောင်းပြောပြသည်။ ဝါခေါင်လပြည့်ကျော် (၂) ရက်နေ့တွင် မဟာစည်ဆရာတော်ကို သွားရောက် ပင့်ကြသည်။

ဒေါ်မာလာရီသည် နေ့အခါ ခေမေသကချောင် အထက်ထပ်သို့ တက်၍ တရားထိုင်သည်။ ထိုစဉ် ချပ်သင်းချောင်ဆရာသည် ဒေါ်မာလာရီထံ လာရောက်တွေ့ဆုံသည်။ ဒေါ်မာလာရီက ကမ္မဋ္ဌာန်းကျောင်းမှ ထွက်၍မေးသည်။

"ဘာကိစ္စလဲဆရာ"

"အော် . . . အခြားကိစ္စတော့ မဟုတ်ပါဘူး၊ ဆိပ်ခွန်မဟာစည်ဆရာတော်ကလေး တရားပွဲဆရာ့ချောင်မှာ လုပ်ချင်ပါတယ်။ အဲဒါလာပြောတာပဲ"

"လုပ်ပါ၊ လုပ်ပါ၊ ခွင့်ပြုပါတယ်၊ ခွင့်ပြုရုံတင်မကပါဘူးလေ၊ ဘုန်းကြီးလဲ ဆွမ်းကပ်အုံးမယ်၊ တရားနာလဲ ဖိတ်ပေးအုံးမယ်၊ ဓမ္မာရုံလဲ ရှင်းပေးအုံးမယ်"

ဒေါ်မာလာရီသည် ဝန်ခံသည့်အတိုင်း အားတက်သရော ဆောင်ရွက်ပေးလေ၏။ ဝိပဿနာချောင်စသော သီလရှင်များသော ချောင်များသို့လည်းကောင်း၊ ရွှေမင်းဝံသို့လည်းကောင်း သွားရောက်ပြီး တရားနာဖိတ်သည်။

မဟာစည်ဆရာတော်သည် ဝါခေါင်လပြည့်ကျော် (၂)ရက်နေ့တွင် စစ်ကိုင်းသို့ ကြွလာသည်။ ဝါခေါင်လပြည့်ကျော် (၃)ရက်နေ့ (၂)နာရီအချိန် သမိဒ္ဓေါဒယဓမ္မာရုံ၌ 'မာလုကျပုတ္တသုတ်' ကို လက်တွေ့နှင့်ညှိပြီးဟောပြောတော်မူသည်။ ဓမ္မာရုံ၌ တရားနာ ပရိသတ်ပြည့်လျက်ရှိသည်။ ဆာဦးသွင်, စက်ပိုင် ဦးဘသင်တို့အပြင် စစ်ကိုင်းမြို့ ဆန်စက်ပိုင်ရှင် ဦးမြကြီးနှင့်ဦးဘကြွယ် ဒေါ်သိန်းတင်တို့လည်း တရားနာကြသည်။

တရားပွဲပြီးသောအခါ ဒေါ်မာလာရီက နောက် ၂-ရက်ဆက်ပြီး တရားချီးမြှင့်ရန်နှင့် သခ်ါရုပေက္ခာဉာဏ်ဖြစ်ပုံထည့်သွင်း ဟောကြားတော်မူရန် လျှောက်ထားတောင်းပန်လေ၏။ ထိုအခါ မဟာစည်ဆရာတော်က သခ်ါရုပေက္ခာဉာဏ်ဖြစ်ပုံကို အလုပ်လုပ်ပြီးမှသာ ဟောလေ့ရှိကြောင်း, ဒကာမကြီး နာချင်သည်ဆိုက ထည့်သွင်းဟောပေးမည်ဖြစ်ကြောင်း အမိန့်ရှိပြီး နောက်ရက်များတွင် ထည့်သွင်း ဟောကြားတော်မူသည်။

မဟာစည်ဆရာတော် ဟောတော်မူသောတရားမှာ အလုပ်တရား, လက်တွေ့တရားဖြစ်၍ စစ်ကိုင်း သီလရှင်ပရိသတ်မှာ နားမယဉ်ဘဲ ရှိနေကြသည်။ သို့ဖြစ်၍ နောက် ၂-ရက် တရားပွဲ၌ တရားနာ ပရိသတ်မှာ သမိဒ္ဓေါဒယချောင်မှ သီလရှင် ၂၀-ခန့် သာရှိလေသည်။ ဒေါ်မာလာရီကား စာပေတတ်မြောက်ပြီးဖြစ်သည့်အပြင် ကမ္မဋ္ဌာန်းအလုပ် ကြိုးစားအားထုတ်နေသူဖြစ်သဖြင့် မဟာစည်ဆရာတော်၏အလုပ်တရား, လက်တွေ့တရားများကို များစွာသဘောကျလျက်ရှိသည်။

"တပည့်တော် မကြာမီ ဆရာတော့်ခြေရင်းအရောက် လာပါ့မယ်ဘုရား"

"အင်း . . . ကောင်းပါတယ်၊ ဒါပေမယ့် တရားအားထုတ်ရတာ ဆင်းရဲလိမ့်မယ်"

"ဆင်းရဲပါစေဘုရား၊ တပည့်တော်ဒီမှာလဲ ချမ်းသာအောင် မနေပါဘူး"

မဟာစည်ဆရာတော်သည် ၃-ရက်ပတ်လုံး တရားချီးမြှင့်ပြီး နောက် ဆိပ်ခွန်သို့ ပြန်လည်ကြွသွားတော်မူသည်။

ဒေါ်မာလာရီသည် ဆိပ်ခွန်သို့ တရားအားထုတ်သွားရန် ညီမဖြစ်သူ ဒေါ်သုဓမ္မစာရီသို့ စာပေးမှာလိုက်၏။ ဒေါ်သုဓမ္မစာရီသည် ထိုစဉ်က သမိန်ထော၌ နေသည်။ သီတင်း ကျွတ်လဆန်း ၁-ရက်နေ့ စစ်ကိုင်းသို့ ရောက်လာသည်။ လဆန်း (၈) ရက်နေ့၌ ဒေါ်မာလာရီတို့ ညီအစ်မ နှစ်ဦးသည် မထေရီ, မစန္ဒာရီတို့နှင့်အတူ ဆိပ်ခွန်သို့ သွားကြသည်။ သီတင်းကျွတ်, တန်ဆောင်မုန်း, နတ်တော် သုံးလ



ပတ်လုံး မပြတ်မလပ် ကြိုးစားရှုမှတ်ရာ ကျေနပ်လောက်သောအဆင့်သို့ ရောက်ခဲ့လေသည်။ ထိုအခါ ကမ္မဋ္ဌာနာစရိယ ဆရာကြံကဒေါ်မာလာရီကို မေးသည်။

"ဘယ်နဲ့လဲဆရာ သဘောကျရဲ့လား"

"ဟာ . . သဘောကျပါတယ်"

"သဘောကျရင် ဆာဦးသွင်ထံ စာရေးပါ"

"ရေးမယ် . . ရေးမယ်"

ဒေါ်မာလာရီသည် ကိုယ်တွေ့ဆိပ်ခွန်တရားအကြောင်းကို ဆာဦးသွင်ထံ စာရေးလိုက်သည်။ စာရေးရာတွင် တရားအားထုတ်ရသည်ကို ကျေနပ်လွန်းလှသဖြင့် "သူဌေးကြီး, သူဌေးကြီးရဲ့ ကျေးဇူးကြောင့် ကျွန်မတို့ အပါယ်ဘေးနှင့် ဆင်းရဲမှ လွတ်ကင်းပါပြီ" ဟု ထည့်သွင်းဖော်ပြခဲ့လေသည်။

ဆာဦးသွင်က မျှားစွာသဘောကျ၍ ဆရာတော်ကို သူကိုယ်တိုင် လာပင့်မည်ဖြစ်ကြောင်း ချက်ချင်း စာပြန်လိုက်သည်။ ဒေါ်မာလာရီသည် ကိုယ်တွေ့ခံစားရသော တရားအရသာကို တပည့်မျှားလည်း ခံစားစေလိုသော စေတနာဖြင့် တရားအားထုတ်လာကြရန် စာပေးမှာသည်။

ဒေါ်သုဓမ္မစာရီသည် ပြာသိုလဆန်းတွင် သမိန်ထောသို့ ပြန်ကြွသွားသည်။ ဒေါ်မာလာရီသည် စစ်ကိုင်းတောင်သို့ ပြန်လာခဲ့၏။ ထိုစဉ် စစ်ကိုင်းတောင်ရိုးၭွှဲ ဆိပ်ခွန်တရားကို ဘဝင်မကျသူများစွာရှိနေသည်။ အချို့က ဆိပ်ခွန်တရားကို 'ပိန်ဖောင်းတရား' ဟု နှာခေါင်းရှုံ့ကြသည်။ ဆိပ်ခွန်တရား အားထုတ်သူကိုလည်း (ပေါ်ပင်လိုက်သူ) ဟုအပြစ်တင်ကြ၏။ မည်သို့ပင်ဖြစ်စေ ဒေါ်မာလာရီကား ဆိပ်ခွန်တရားကို ကျေနပ်စွာ လက်ခံလျက်ရှိသည်။ ဒေါ်မာလာရီသည် လက်တွေ့လုပ်ကြည့်ပြီး စာတွေ့နှင့် ညှိကြည့်သည်။ စာတွေ့နှင့်လက်တွေ့ ညီညွတ်သည်ကို တွေ့ရသဖြင့် အမှန်တရားကို လက်ခံလေသည်။

ဒေါ်မာလာရီသည် မိမိ၏ တပည့်သီလရှင်များကိုလည်းကောင်း၊ ရင်းနှီးသောအခြားသီလရှင်များနှင့် ဒကာ-ဒကာမများကိုလည်းကောင်း၊ ရင်းနှီးသော ဆရာတော်သံဃာတော်များကိုလည်းကောင်း၊ ဆိပ်ခွန်တရားအားထုတ်ကြည့်ရန် တိုက်တွန်းလျှောက်ထားခဲ့လေသည်။

ဒေါ်မာလာရီသည် ဆိပ်ခွန်မှ ပြန်လာသောအခါ ရွှေမင်းဝံသို့ မသွားရဲသေးချေ။ ရွှေမင်းဝံဆရာတော်ကို အားနာသလို ဖြစ်နေသည်။ ရွှေမင်းဝံဆရာတော်ကမူ ဒေါ်မာလာရီဆိပ်ခွန်မှ ပြန်ရောက်လာကြောင်း သတင်းကြား၍ ဒေါ်မာလာရီနှင့်တွေ့ချင်နေသည်။ ထိုအခါ ရွှေမင်းဝံနေ ဦးဘအိုသည် ဒေါ်မာလာရီကို လာခေါ်သည်။

ဒေါ်မာလာရီသည် ထိုနှစ် တပေါင်းလဆန်း (၇)ရက်နေ့တွင် သီလရှင်တစ်ပါး အဖော်ခေါ်၍ မုန့်ဟင်းခါးနှင့်မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်းစာအုပ်(၂)အုပ်ကို ယူဆောင်ပြီး ရွှေမင်းဝံသို့ သွားသည်။ ရွှေမင်းဝံဆရာတော်က ကျန်းမာချမ်းသာကြောင်း မေးမြန်းပြောဆိုပြီးနောက် ဆိပ်ခွန်အကြောင်း စကားစသည်။

"ဒကာမကြီးဟာ သဒ္ဓါတရားလည်း ကောင်းတယ်။ စာလည်း တတ်တယ်။ မဟုတ်တာလည်း မလုပ်ဘူးဆိုတာ ဘုန်းကြီးယုံကြည်တယ်။ ဘာပဲဖြစ်ဖြစ် တရားအားထုတ်ခဲ့တဲ့အကြောင်း ပြောစမ်းပါအုံး"

ထိုအခါ ဒေါ်မာလာရီက ကိုယ်တွေ့ သိမြင်ခဲ့သော 'သခ်ါရုပေက္ခာဉာဏ်' ဖြစ်ပုံကို လျှောက်ထားလေသည်။

"ဟာ . . ဒါမှ တရားစစ်တရားမှန်ပဲ၊ ဒီလို တရားမှ အားမထုတ်ရင် လွဲတော့မှာပေါ့။ ယောင်တစ်လုံးအဆုံးခံပြီး သာသနာ့ဘောင်ထဲဝင်လာတာ ဒီလိုနဲ့ အချိန်ကုန်နေလို့ ဘာအကျိုးရှိမှာတုန်း၊ နက်ဖြန်သွားမယ်"

အမည်မသိဆောင်းပါးရှင်





ယောနယ်အတွင်းမှ မဟာစည်ပြည်ဆရာတော်ဦးဝိစိတ်ရိပ်သာ

အရှင်သီလာစာရ
(မဟာဗောဓိရိပ်သာ၊ ကန်သာ)

ရိပ်သာကြီး၏ မုခ်ဦးအဝင်ဝ ဆိုင်းဘုတ်ကြီးကို မော့ကြည့်လိုက်လျှင် --

"၁၃၁၅ ခုနှစ်တွင် စတင်တည်ထောင်၍ ၁၃၅၇ ခုနှစ်တွင် ပြန်လည်ပြုပြင်မွမ်းမံအပ်သော မဟာဗောဓိရိပ်သာ၊ ကန်သာရွာ၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်း" ဟူ သော စာတမ်းကို ဖတ်မိကြပေလိမ့်မည်။ အကြောင်းမသိသေးသူတို့ စိတ်ဝယ် ၁၃၁၅ ခုလည်းပါရဲ့၊ ၁၃၅၇ ခုလည်းပါရဲ့၊ ဘာတွေ မွမ်းမံပြုပြင်တာတဲ့လဲ စသည်ဖြင့် တွေးစရာတွေ မေးစရာတွေ ဖြစ်ပေါ်လာပေမည်။ အဆိုပါ တွေးစရာ, မေးစရာတွေကို အဖြေပေးဖို့ ဤဆောင်းပါးကို ရေးအပ်ပါသည်။

၁၃၀၄ ခုနှစ်၏ နှစ်ပတ်လည်လောက်မှစ၍ မြန်မာပြည်တွင် တောက်လောင်နေပြီဖြစ်သော စစ်မီးသည် ယောနယ်ဒေသသို့ ကူးစက်လာသည်။ ကာလအားဖြင့် ဂျပန်စစ်ဝါဒီတို့၏ ညှင်းပန်းနှိပ်စက်မှုဒဏ်ကို အလူးအလဲခံ၍ မဟာမိတ်စစ်ဘီလူးတို့၏ ကောင်းကင်ရန်မှ စစ်လေယာဉ်တို့၏ ရန်ကို အပြေးအလွှားရှောင်ပုန်းနေရသော အခိုန်ကာလဆိုးကြီးပင်ဖြစ်၏။ တစ်နည်းအားဖြင့်သော် ထိုမြို့ရွာ နိုဂုံးတို့၌ လူသူ ဆိတ်သုဉ်းလျက် တောကြွေစာတောကြား တို့၌ လူသူများပြားစည်ကားနေသော အခိုန်ပင်တည်း။

ထိုခေတ် ထိုအခိုန်က ဂန့်ဂေါမြို့မှ မြောက်ဘက် ၂၂-မိုင်ကျော် အကွာရှိ ကန်တောရကျောင်းတိုက်ကြီးသည် သံဃာတော်မြောက်များစွာတို့ဖြင့် ယောနယ်၏သာသနာ့အောင်လံတံခွန်သဖွယ် ကျက်သရေကို အထူးတိုးတက်စေလျက် တည်ရှိနေခဲ့ပါသည်။ ယောနယ်ဒေသသို့ ရောက်လာသော ဂျပန်စစ်ဘီလူးတို့သည် ကန်တောရကျောင်းတိုက်ကြီးထဲတွင် စစ်စခန်းချကာ ကျောင်းကန်ဘုရားများ၊ ပိဋကတ်တော်များကို ဖျက်ဆီးကြသည်။ သံဃာတော်များကိုပါ ညှင်းပန်းကြသည်။ ဖက်ဆစ်ဂျပန်တို့၏ ညှင်းပန်းမှုကြီးမားလာသည်နှင့်အမျှ မျက်နှာဖြူကုလားတို့၏ လေကြောင်းရန်ကလည်း ပြင်းထန်လာပါသည်။ ထိုတွင်မှ ကန်တောရကျောင်းတိုက်ကြီး၏ စာချဆရာတော်အရှင်သောဘနသည် စစ်ဘေးဒုက္ခကို ရှောင်ပုန်းရန် ကျေးဇူးရှင်ကန်တောရ ပထမဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဦးကဿပကို ပင့်ဆောင်၍ ကန်သာရွာ၏ အရှေ့ဘက်ချောင်းနက်ချောင်းတွင်းရှိ မြေပြန့်ကမ်းပါးခြေတွင် ကျောင်းဆောက်စေပြီး သီတင်းသုံးတော်မူကြပါသည်။ ဆွမ်းကွမ်းအတွက် ကန်သာရွာကိုပင် ဂေါစရဂါမ်ပြုခဲ့ကြသည်။

ထိုသို့ သီတင်းသုံး၍ ၁၃၀၆ ခုနှစ်သို့ ရောက်သောအခါ မြောက်ဘက်တောင်ပေါ် မြေပြန့်တွင်ဗောဓိပင် စိုက်ပျိုး၍ ကန်တောရဆရာတော်ဘုရားကြီးကို အမှူးပြုလျက် သိမ်ကိုလည်း သမုတ်လေသည်။ သိမ်ကျောင်းကိုလည်း အပြီးဆောက်လိုက်သည်။ ထိုခေတ်အခါက "ရဟန္တာ" ဟူ၍ ထင်ပေါ်ကျော်ကြားတော်မူသော ကန်တောရဒုတိယဆရာတော်အရှင်ဇယန္တမထေရ်မြတ်ကြီးသည်လည်း ထိုသိမ်ကျောင်းတော်ဝယ် တပည့်လည်းဖြစ်၊ တူသားလည်းဖြစ်သော ဆရာတော်ဦးသောဘနနှင့်တကွ ဒါယကာဒါယိကာမတို့ကို စောင့်ရှောက်ချီး



မြောက်သောအားဖြင့် ခေတ္တခဏာသီတင်းသုံးစံနေတော်မူလေသည်။

တစ်နေ့ဝယ် ဆရာတော်ဘုရားက တပည့်ဦးသောဘနအား "ဒီတောင်ကုန်းပေါ်မှာ ကမ္မဋ္ဌာန်းကျောင်းငယ်သခ်ိန်းငယ်တွေ အစီအရီမြင်တယ်" ဟု မိန့်ကြားတော်မူသည်။ ဆရာတော်ဘုရားကြီးက အိပ်မက်မြင်မက်သည်။ မည်သို့သောအကြောင်းကြောင့် မြင်သည်ဟူ၍ကား ခွဲခြားမိန့်တော်မမူခဲ့ပါ။ နောက်တစ်ဖန်ရက်များ မကြာမြင့်မီပင် ကန်တောရကျောင်းတိုက်အတွင်း ပျံလွန်တော်မူသွားသဖြင့် လွတ်လပ်နေသော "ထန်းတောဘုန်းကြီးကျောင်းကို ဤတောင်ပေါ် ရွှေ့ပြီး ဗောဓိပင်ရှေ့မှာ အာရုံခံဆောက်ရမည်" ဟု ဆက်လက်မိန့်ကြားတော်မူပြန်ပါသည်။

သို့ရာတွင် ဆရာတော်ဦးသောဘနသည် ပထမမိန့်ကြားတော်မူသည်ကို အတတ်မသိ၊ ဒုတိယမိန့်ကြားတော်မူသည်ကိုလည်း သဘောမပေါက်သဖြင့် "ဒီတောင်ကုန်းပေါ်မှာ ဒီလောက်အာရုံမံကြီးကြီးဆောက်လို့ကော ဘယ်သူတွေဘယ်လောက်လာပြီး ဥပုသ်သီတင်းသီလစောင့်ကြမတဲ့လဲ" ဟု အောက်မေ့ပြီး ကန်တောရကျောင်းတိုက်၌ ဆွမ်းစားကျောင်းသစ်ဆောက်လုပ်သောအခါ ထိုထန်းတောဘုန်းကြီးကျောင်းကိုလည်း ပြောင်းရွှေ့ထည့်သွင်းဆောက်လိုက်လေသည်။ သို့နှင့် ဆရာတော်ကြီးမိန့်မှာသလို ဗောဓိပင်ရှေ့ဝယ် အာရုံခံကြီးဖြစ်မလာဘဲ ငယ်ရွယ်သောအာရုံခံလေးသာ ဖြစ်လာခဲ့ပေတော့သည်။ (ယခုမရှိတော့ပါ။ သင့်တော်ရုံထပ်မံဆောက်လုပ်ထားပါသည်။)

၁၃၁၄ ခုမှ ၁၃၁၅ ခုနှစ်နှစ်ဦးသို့ ရောက်သောအခါ ဒါယကာကြီးတစ်ဦး၏ စေတနာသဒ္ဓါအလျောက် မြက်သစ်ပင်ခြုံနွယ်များကို ခုတ်ထွင်ရှင်းလင်းပေးမှုကြောင့် ဗောဓိကုန်းတော်မှာ အထူးပင်ကျယ်ဝန်းပြန့်ပြူးလာပါသည်။ ထိုအခါ မြေအပြင်၏ ကျယ်ဝန်းပြန့်ပြူးသည်၏အဖြစ်၊ သစ်ကြီးဝါးကြီးတို့၏ အရိပ်အာဝါသတို့ဖြင့် ကြည်လင်ချမ်းမြေ့ဖွယ်ရှိသည်၏အဖြစ်၊ ပြည်ရွာတွန်သံတို့မှ ကင်းရှင်းဆိတ်ငြိမ်သည်၏ အဖြစ်များကို ဆရာတော်ဦးသောဘနက သတိထားမိ၏။ ဆရာတော် စိတ်ထဲတွင်လည်း "ဤနေရာဌာနသည် ဆိတ်ငြိမ်ချမ်းမြေ့လှသည်။ တောရေးတောင်ရာလည်း သာယာလှသည်။ လူသူလေးပါးဆိတ်ငြိမ်သဖြင့် သူတော်သူမြတ်တို့ ကမ္မဋ္ဌာန်းတရားပွားများအားထုတ်ရန် အထူးလျော်ကန်သင့်မြတ်သောနေရာဌာန ဖြစ်ပေသည်" ဟု အောက်မေ့ ဆင်ခြင်မိသည်နှင့် မန္တလေးမြို့တော်ဝယ် ပညာသင်ကြားနေသော တပည့်ဖြစ်သူ ဦးဥာဏိန္ဒအား ပရိယတ်ပညာသင်ကြားမှုကို ဖြတ်ပြီး ရန်ကုန် သာသနာ့ရိပ်သာ မဟာစည် ဆရာတော်ဘုရားကြီးထံတွင် ပဋိပတ္တိတရားကို အားထုတ်ဆည်းပူးရမည်ဟု အမိန့်ပေးစေခိုင်းခဲ့ပါသည်။ တပည့်ဖြစ်သူ ဦးဥာဏိန္ဒလည်း ဆရာသမား၏ ကောင်းမြတ်သော အမိန့်ညွှန်ကြားချက်အတိုင်း ဦးထိပ်ဖြင့်ခံယူပြီး ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားထံတွင် ဝပ်စင်းဆည်းကပ်၍ မဆုတ်နစ်သော လုံ့လဥဿဟဖြင့် ဝိပဿနာသတိပဋ္ဌာန်တရားအားထုတ်ဆည်းပူးလေရာ ဉာဏ်စဉ်နာရပြီး ကမ္မဋ္ဌာနာစရိယဖြစ်သည်အထိ ခရီးပေါက်ရောက်လေသည်။ ဆရာဖြစ်သူ၏ ပြန်လည်မိန့်မှာခေါ်ယူချက်ဖြင့် နေရပ်သို့ ပြန်ကြွခဲ့ပါသည်။

ထိုအခါ ဆရာတော်သည် သဒ္ဓါတရားနှင့်ပြည့်စုံသော ဒါယကာဒါယိကာမတို့နှင့်တကွ တပည့်တပန်းတို့၏ လုပ်အား၊ ပစ္စည်းအင်အားတို့ဖြင့် ထိုဗောဓိကုန်းတော်ပေါ်တွင် "ဗောဓိရိပ်သာ" ဟူသောအမည်ဖြင့် ရိပ်သာတည်ထောင်ဖွင့်လှစ်ခဲ့လေသည်။ စတင်ဖွင့်လှစ်ခဲ့သောနေ့ရက်မှာ ၁၃၁၅ ခုနှစ်၊ တပေါင်းလဆန်း ၁၀-ရက်နေ့ဖြစ်၏။ ရိပ်သာကမ္မဋ္ဌာန်းဌာန တည်ထောင်ဖွင့်လှစ်ရသည့် ဆရာတော်၏ ရည်ရွယ်ချက်မှာ သာသနာတော်တွင် ရဟန်းအဖြစ်ကိုရပါလျက် ဂန္ဓဓုရတာဝန်ကို မဆောင်ရွက်နိုင်သော သာသနာတော်၏အရသာကို သိပြီး ပုဂ္ဂိုလ်များသည် ဝိပဿနာဓူရကို ဆောင်ရွက်လျက် သာသနာတော်တိုးတက်စည်ကားအောင်သာသနာ



ပြုစေလိုခြင်း၊ ပစ္စည်းလေးပါး ဒကာ ဒကာမတို့အားလည်း အမြိုက်မာတ် နိဗ္ဗာန်တရားတော်မြတ်ကို ရစေလို ခြင်းပင် ဖြစ်လေသည်။ ထိုရိပ်သာ ဖွင့်လှစ်မှုကြောင့် နယ်သူနယ်သား တို့မှာ မိမိတို့နှင့် ထိုက်တန်သည့် တရား၏ အရသာကို သိရှိခံစားနိုင် ခဲ့ကြပါသည်။ လိမ္မာယဉ်ကျေးမှု နှင့်သာသနာတော်အပေါ် ယုံကြည် ကိုင်းရှိုင်းမှုလည်း တိုးတက်မြင့်မား လာခဲ့ကြသည်။

ရိပ်သာ၏ ပထမကမ္မဋ္ဌာန စရိယဆရာတော်မှာ အရှင်ဉာဏိန္ဒ ဖြစ်ပါသည်။ နောက် ထိုဆရာတော် ၏ တပည့်ယောဂီကြီး ဦးပြည့်စွန့်တို့ ဖြစ်ကြပါသည်။ ကမ္မဋ္ဌာန်းတရား အားထုတ်သူများမှာ ၂၀ မှ ၃၀ အထိ အမြဲမပြတ်ရှိခဲ့ပါသည်။ ထို့ ကြောင့် မြန်မာနိုင်ငံဗုဒ္ဓသာသနာ့ နုဂ္ဂဟအဖွဲ့၏ ထောက်ပံ့ကူညီမှုကို ပင် ရရှိခဲ့ပါသည်။ ထိုအခါတွင်မှ ဆရာတော်သည် ကျေးဇူးတော်ရှင် ကန်တောရဒုတိယဆရာတော်ဘုရား ကြီးမိန့်ကြားခဲ့သော စကားရပ်တို့ကို အဓိပ္ပါယ်မိ သိရှိနားလည်ကာ ဗောဓိ ပင်ရှေ့ဝယ်အာရုံခံကြီးမဆောက်ဖြစ် ခဲ့မိသည်ကို နောင်တရရှိတော်မူပါ သည်။ ရိပ်သာပေါ် ပေါက်လာမည် ကို ကြိုတင်မိန့်ကြားတော်မူခဲ့သော ဆရာတော်ဘုရားကြီးကား ၁၃၀၉ ခုနှစ်တွင် ဘဝနတ်ထံ စံလွန်တော်မူ ပြီးဖြစ်သဖြင့် မိမိစကားတော်အရ ပေါ် ပေါက်လာသော ဗောဓိရိပ်သာ ကြီးကို ရှုမြင်တော်မမူသွားရပါ။ ထိုအခါက ရိပ်သာကြီးအား စောင့် ရှောက်အားပေးထောက်ပံ့ကြသော ဂေါပကဥက္ကဋ္ဌကြီးမှာ မကြာမြင့်မီက မန္တလေးမြို့၌ ကွယ်လွန်ခဲ့သော အငြိမ်းစား (ကန်သာ-အမက) ကျောင်းအုပ်ဆရာကြီးဦးစိန်ထူးဖြစ် ပါသည်။

ဤပုံဤနည်းဖြင့် သာသနာပြု လာခဲ့ကြရာ တရားပြဆရာကြီး ဦးပြည့်စွန့်သည် သူ၏ဇာတိမွေလယ် ကျေးရွာသို့ ပြောင်းရွှေ့သွားခဲ့သည်။ ထိုနောက် ရန်ကုန်သာသနာ့ရိပ်သာ မှ တရားအားထုတ်ပြီး ပြန်ကြွလာ သော ဆရာတော်ဦးနန္ဒက ဆက် လက် သာသနာပြုခဲ့သည်။ ၎င်း လည်း ဤအရှင်တို့ကျောင်းသား ဘဝလောက်တွင် နှမ်းခါးရိပ်သာသို့ ပြန်ကြွသွားရာ တရားအားထုတ်သူ မဲ့ခဲ့ရသည့်ဘဝ ရောက်ခဲ့ရ၏။ ထိုမှ နောက်အောက်ချောင်းနက်ကျောင်းမှ ဦးပဉ္စင်းကြီး ဦးပညာသာမိက တက် ရောက် စောင့်ရှောက်ခဲ့သည်။ ၎င်း လည်း အသက်အရွယ်ကြီးရင့်၍ အောက်ကျောင်းသို့ ပြန်ဆင်း သီတင်းသုံးသဖြင့် ရိပ်သာကုန်းတော် မှာ စောင့်ရှောက်သူမဲ့ဘဝဖြစ်သွား တော့သည်။ သင့်တင့်သောကျောင်း လေးများကိုလည်း အောက်ကျောင်း သို့ ပြောင်းရွှေ့ဆောက်လိုက်ရာ တစ်စတစ်စဖြင့် တောဖုံးသွား သော အဖြစ်သို့ ရောက်ခဲ့ပါတော့သည်။ ဤကား "၁၃၁၅ ခုနှစ်တွင် စတင် တည်ထောင်၍" ဟူသော ဆိုင်းဘုတ် ပါ စာတမ်း၏ အဖြေပင်တည်း။

ဤနည်းနှင်နှင် တောကြီးမျက် မည်းမဟုတ်သော်လည်း ခဲ့ရွေ့ယဉ်ပိတ် ပေါင်း ဖုံးအုပ်လျက် အချို့နေရာ၌ နွားကျောင်းသားကလေးတို့၏ ဖွတ် ပဒတ်ရာကွင်းပြင်အဖြစ်နှင့် ကျင် လည်ခဲ့ရာမှ ဤအရှင်သည် ၁၃၅၆ /၁၃၅၇ ခုနှစ်တွင် ဖခမည်းတော် ကြီး၏ ကျန်းမာရေးကို အကြောင်း ပြုကာ ရပ်ရွာသို့ တစ်ခေါက်ပြန် ရောက်ရာမှ အခြေတကျ နေထိုင် ရန်ထိ အခြေအနေဖြစ်ပေါ် လာခဲ့ သည်။ သို့နှင့် နေဖြစ်ရုံ အင်ဖက်မိုး ဝါးကပ်ကာ၊ ပျဉ်ခင်းကျောင်းငယ် လေး ဆောက်လုပ်၍ စတင်ခဲ့ရပြန် သည်။ တရားဌာန ဒုတိယအကြိမ် ဖွင့်လှစ်ခဲ့သည့်နေ့ရက်မှာ ၁၃၅၇ ခုနှစ်၊ ပြာသိုလပြည့်နေ့ (မြန်မာ့ လွတ်လပ်ရေးနေ့) ဖြစ်ပါသည်။ တောရိုင်းထနေသော ခဲ့ရွေ့ယဉ်ပိတ် ပေါင်းတို့ကို ရှင်းလင်း၍ သီးပင် စားပင်များ အစားထိုးစိုက်ပျိုးခြင်း၊ ရိပ်သာအတွင်းရှိ လမ်းတို့ကိုလည်း ဟိုဖြတ်သည်ဖြတ်စည်းကမ်းမဲ့စွာ သွားလာခြင်းတို့ကို ပိတ်ပင်သည့် အနေဖြင့် အရှေ့၊ အနောက်၊ တောင်၊ မြောက်အကွက်ချ ဖောက်လုပ်ခြင်း များ ပြုလုပ်ရင်း တစ်ဖက်မှလည်း ကမ္မဋ္ဌာန်းကျောင်းငယ်များ၊ စင်္ကြံ ကျောင်းငယ်များ ဆောက်လုပ်ကာ သာသနာပြုခဲ့ရပါသည်။

တရားရှုမှတ်အားထုတ်သူတို့ လည်း တစ်စထက်တစ်စ များပြား လာပါသည်။ ဂေါပကအဖွဲ့မှ အလှူ



ခံပေးသော ဆွမ်းဆန် ဆီ ဆား စသည်နှင့် ဝေယျာဝစ္စပုဂ္ဂိုလ်များ အခါအားလျော်စွာ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်တို့ကို မူတည်၍ အာရုံဆွမ်းချက်ပြုတ်ကျွေးမွေးကြသည်။ ရံခါ ကုသိုလ်ရှင်များလည်း လာရောက်ဆွမ်းဆက်ကပ်ကြပါသည်။ သောက်ရေသုံးရေအတွက် ရိပ်သာ ကုန်းတော်တောင်ဖက်ရှိ ချောင်းကြီးအတွင်းရှိ ရေးဟောင်းရေတွင်းတစ်ခုမှ ခပ်ယူသုံးစွဲကြသည်။

နောက်အင်ဂျင်စက်တပ်၍ မီးရေအဖြစ် စီမံခဲ့ကြသည်။ မြို့နယ်စည်ပင်ရုံးမှ ဒုလက်ထောက်အင်ဂျင်နီယာ ဦးကျော်လွင်တို့၏ ကူညီလုပ်ဆောင်ပေးမှု၊ နေရပ်လိပ်စာ မသိရသည့် ဦးအောင်ငြိမ်း+ဒေါ်အေးအေး (သား) မောင်မျိုးထွတ် (သမီး) မနွယ်နွယ်အေးမိသားစုတို့၏ အလှူငွေကျပ် (၅၀၀,၀၀၀/-)ကိုမတည်၍ အဝီစိစက်ရေတွင်းတူးပြီး ကုန်းတော်ပေါ်အရောက် ရေတင်ကာ အသုံးပြုခဲ့ပါသည်။

ကျောင်းအနေဖြင့်လည်း အခိုင်အမာအဖြစ် ချောင်းအတွင်း မြေပြန့်တွင် ရေစက်ရုံကျောင်း၊ ကုန်းတော်ပေါ်၌ ဦးညိုမောင်၊ ဒေါ်အေးဝင်း (သား) မောင်စိုးဝင်းဇော်၊ မောင်စိုးမင်းသူ မိသားစုကောင်းမှုကျောင်းတို့ရှိပြီး ပျက်စီးသွားသော မဟာဗောဓိသိမ်ကို ထပ်မံတည်ဆောက်ရန်နှင့် အခြားယောဂီကျောင်းများ တည်ဆောက်ရန် စီမံလျက်ရှိပါသည်။

တရားစခန်းအနေဖြင့်လည်း တစ်နှစ်ပတ်လုံးဖွင့်လှစ်ထားပြီး သင်္ကြန်တွင်း ဒုလ္လဘရဟန်းခံရှင်ပြုသီလရှင်ဝန်ပွဲနှင့် တရားစခန်းဖွင့်ပါသည်။ ရန်ကုန်မဟာစည်သာသနာ့ရိပ်သာ နယ်လှည့်ဓမ္မကထိကအဖွဲ့၏ ရက်တို့၊ ရက်ရှည်တရားစခန်းများ သီးခြားရှိပါသည်။ မဟာစည်ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်ကြီးနှင့် ဩဝါဒခံယူပူဇော်ပွဲတွင် ပြန်လည်ဆက်သွယ်နိုင်ခဲ့ပါသည်။ ယခုအခါ နှစ်စဉ်တောင်းခံသော ယောဂီစာရင်းများ အချိန်မီပေးပို့ခြင်း နှစ်စဉ်ဩဝါဒခံယူပူဇော်ပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သဖြင့် နယ်လှည့်ဓမ္မကထိကဆရာတို့ နှစ်စဉ်နှစ်တိုင်း၊ အလှည့်ကျကြွရောက်တရားဟောတရားပြ တရားစခန်းများဖွင့်ခြင်းတို့ကြောင့် နှစ်ပေါင်း ၂၅-၃၀ ဝန်းကျင် ဆိတ်သုဉ်းခဲ့သော ဗောဓိရိပ်သာသည် ယခုအခါ မဟာဗောဓိရိပ်သာအဖြစ်သို့ ရောက်ရှိလာပြီး နဂိုရှိပြီးဖြစ်သော သရက်၊ ဖန်ခါး၊ ဆီးဖြူ၊ ဥသျစ် ၊ မာလကာ၊ ရှောက်၊ အင်ကြင်း၊ ရင်ခတ်၊ ဆိတ်ဖလူး၊ အင်ဖက်၊ ပိတောက်၊ ငုဝါစသော သစ်သီးဝလံပင်၊ ပန်းမျိုးစုံအပင်ကြီးအပင်ငယ်များဖြင့် ဘက်စုံမွမ်းမံပြုပြင် ပြင်ဆင်ထားရာ အထူးသာယာစိုပြည်လျက် ရှိပေပြီ။ သူတော်စင်အပေါင်းတို့၏ စိတ်ကို အထူးအေးချမ်းစေနိုင်ပါပြီ။ ဤကား "၁၃၅၇ ခုနှစ်တွင် ပြန်လည်ပြုပြင် မွမ်းမံအပ်သော မဟာဗောဓိရိပ်သာ" ဟူသော ဆိုင်းဘုတ်ပါ စာတမ်း၏ အဖြေပါတည်း။

နိဂုံးချုပ်အနေဖြင့် ကောက်ချက်ချကြည့်လျှင် မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ မဟာဗောဓိရိပ်သာသည် ၁၃၆၀ ခုနှစ်မှနောက်ပိုင်း ထုတ်ဩဝါဒခံယူပူဇော်ပွဲတွင် ဆက်ကပ်သောနုဂ္ဂဟအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာ စာအုပ်တွင် ပါသည့်အတိုင်း ၁၃၅၉ ခုနှစ်မှ စတင်တည်ထောင်ခဲ့သည်မဟုတ်။ ၁၃၁၅ ခုနှစ်တွင် တည်ထောင်ခဲ့သဖြင့် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး တရားစတင်ပြသသည့် ၁၃၁၁ခုနှစ်နှင့်စာလျှင် အလွန်ကြီးနောက်မကျဘဲ ၄-နှစ်လောက်မျှသာကွာခြားပါသည်။ ယောနယ်အတွင်း၌လည်း မည်သည့် ဝိပဿနာတရားသံမှ မကြားရသေးမီ ဦးစွာ ပထမကြားရအားထုတ်ရ ပေါ်ထွန်းခဲ့ပါသည်။ နဂိုအခြေအနေမှန်အတိုင်း ပြန်လည်ဖြစ်ပေါ်လာသဖြင့်လည်း နုဂ္ဂဟအဖွဲ့ကြီးအနေဖြင့်လည်းကောင်း၊ မဟာစည်နွယ်ဝင်သူတော်စင် ရဟန်းရှင်လူများအနေဖြင့်လည်းကောင်း၊ ဘဝနတ်ထံပြောင်းကြွစံလွန်တော်မူပြီးသော ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးအနေဖြင့်လည်းကောင်း ဝမ်းမြောက်ကြလိမ့်မည်ဟုယူဆမိပါတော့သတည်း။

အရှင်သီလာစာရ
(ဗောဓိရိပ်သာကန်သာ)





သိုက်မြိုက်စွာ ကျင်းပ ပြုလုပ်ကြဦး မှာဖြစ်ပါသည်။ ထိုကဲ့သို့ သက်တော် ရာပြည့်ပွဲတော်ကြီး ပြုလုပ်ရာဝယ် ရဟန်း ရှင် လူ ပြည်သူ အများ တပည့် ဒကာ ဒကာမများက အာမိသပူဇာ ဓမ္မပူဇာ အမျိုးမျိုးတို့ ဖြင့် ပူဇော်ကြဦးမှာ ဖြစ်ပါသည်။ ဘယ်လိုပင်ပူဇော်ကြပြားသော်လည်း ဆရာတော်ဘုရားကြီး၏ ဂုဏ်တော် ကျေးဇူးတော် သည်ကား များပြားလှသည်မို့ ပူဇော်၍ ကုန်ဆုံးနိုင်မည် မဟုတ်ပါ။

သမိုင်းတင်ခြီ မဟာစည်

ဆဋ္ဌသင်္ဂီတိ ပုစ္ဆက အဂ္ဂမဟာ ပဏ္ဍိတ နိုင်ငံတော် သံဃာမဟာ နာယက အဖွဲ့ကြီး၏ ဩဝါဒါစရိယ ဂန္ဆကာရက သတိပဋ္ဌာန် ဝိပဿနာ နည်းပြမဟာနာယက ကမ္မာ သာ သနာပြု အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ရွှေရတုသံဘင်အထိမ်း အမှတ်ပွဲ တော်ကြီးပြီးလို့ (၅) နှစ်တာ လွန် မြောက်ချိန်မှာ ယခုတစ်ဖန် ဆရာ တော်ဘုရားကြီး၏ သက်တော်ရာ ပြည့်ပွဲတော်ကြီးကို ဆရာတော် ဘုရားကြီး သီတင်းသုံး နေထိုင် တော်မူရာ ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာကြီး၌ စည်ကား

စံအောင်ဟောသည် မဟာစည်

ဆရာတော်ဘုရားကြီး အသက် ထင်ရှားရှိစဉ်အခါက ဒါနကုသိုလ် အတွက် အချက်ကျကျ ဟောပြော ခဲ့သည်မို့ လှူကြ တန်းကြသည့် တပည့် ဒကာ ဒကာမများအား လှူ ပုံတန်းပုံ ဆုတောင်းပုံများကို နည်း မှန်လမ်းကျ ဟောညွှန်ပြသခဲ့သည် မှာ သူ့နေရာနှင့်သူ အကွက်ကျလှ ပါသည်။

သီလအရာမှာဆိုလျှင်လည်း သီလတရားများ ထိန်းသိမ်းစောင့်

သမိုင်းတင်ခြီ မဟာစည်

ဘဒ္ဒန္တပဉ္ဇာဝံသ (မြဝတီဆရာတော်)



ရှောက်ပုံများကို သေချာကျနဟော ညွှန်ပြသခဲ့ပါသည်။ ဘာဝနာတရား များဆိုလျှင်လည်း ရှုနည်း၊ မှတ်နည်း၊ ကျင့်နည်းများကို လက် တွေ့ကျကျ ဟောညွှန်ပြသလျက် ဆိုဆုံးမခဲ့ပါသည်။ ထိုကဲ့သို့ ဒါန အရာ၊ သီလအရာ၊ သမထ ဝိပဿနာအရာများကို စေ့စပ် သေချာစွာ မေတ္တာကရုဏာ ရှေ့ ထား၍ နည်းမှန်လမ်းကျ ဟောညွှန် ပြခဲ့သည်မှာ ခန္ဓာဝန် ဇာတ်လမ်း ငြိမ်းတော်မူသည်အထိ သမိုင်း တစ်ခေတ် တင်ရစ်ခဲ့သည့် တိုင် အောင် သာသနာပြုသွားခဲ့ပါသည်။ မေတ္တာကရုဏာတော်ရှင် ဖြစ်တော် မူသော သာသနာပြု အကျော် ဆရာတော်ဘုရားကြီး၏ ရိပ်သာသို့ ရောက်လာသူ ရဟန်း ရှင်လူမည် သူမဆို ဒါနသီလ ဘာဝနာ တရား များကို ကြိုးစားအားထုတ်ချင် လောက်အောင် စိတ်စေတနာ သဒ္ဓါ တရားတွေ ပေါ်ပေါက်ခဲ့ကြရပါ သည်။

ပါရမီတွေစံအောင်ဖြည့်

ဒါန၊ သီလ၊ ဘာဝနာတရား တွေ ပြုလုပ်နိုင်ဖို့ဆိုသည် လွယ် ကူတဲ့ကိစ္စ မဟုတ်ပါ။ ရှေးရှေးဘဝ သံသရာကပါလာခဲ့သော ဘုန်း သမ္ဘာတွေ ရှိမှသာ ဖြစ်နိုင်ပါသည်။ ပါရမီတော်တွေ ပြည့်စုံမှလည်း ဖြစ်နိုင်ပါသည်။ ပါရမီတွေ ပြည့်စုံ နိုင်ဖို့ဆိုသည် တော်ရုံတန်ရုံ မဖြစ် နိုင်ပါ။ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်များ၊ ရှေးရှေးသူတော် ကောင်းကြီးများလည်း ပါရမီတွေ ဖြည့်ကျင့်လို့၊ စွန့်ခြင်းကြီးတရား တွေ စွန့်လို့၊ စရိယတရားတွေကို အသက်ပေးလို့ ဖြည့်ကျင့်ခဲ့ရပါ သည်။

ရောဝတီတိုင်းဆီ ကြွချီပြီ

၁၉၈၂ ခုနှစ်၊ ဖေဖော်ဝါရီလ တွင် ဧရာဝတီတိုင်း၊ ပုသိမ်မြို့၊ သဒ္ဓ မသီတဂူဆရာတော်ကြီး ဘဒ္ဒန္တ အာစိဏ္ဏဏပဝင့်လျှောက်ချက်အရ မဟာစည်ဆရာတော်ဘုရားကြီးသည် နောက်ပါတပည့်များနှင့်အတူ ကြွ ရောက်တော်မူခဲ့ပါ၏။ ဆရာတော် ဘုရားကြီး၏ နောက်မှပစ္ဆာသမဏ အဖြစ်ဖြင့် စာရေးသူ၊ ဘဒ္ဒန္တနိပုဏ (မုံရွာ-စန်းမြရောင်ခြည်)၊ အမေ ရိကန်ရောက် ဘဒ္ဒန္တကစ္စာယန၊ နောက်လိုက်သံဃာ (၃) ပါးနှင့် အတူ လေယာဉ်ခရီးဖြင့် ကြွရောက် ခဲ့ပါသည်။ ထိုစဉ်က ရန်ကုန်-ပုသိမ် လေယာဉ်လိုင်းမှာလေယာဉ်ငယ်လေး များပျံသန်းပြေးဆွဲနေပါသည်။

ရန်ကုန်မှသည် ရောဝတီ

ရန်ကုန်မှ နံနက် (၇)နာရီ လောက်တွင် လေယာဉ်ထွက်ခွာခဲ့ ပါသည်။ လေယာဉ်လေးမှာ သေးငယ်လှသဖြင့် မူးတတ်သူများ၊ ကြောက်တတ်သူများနှင့် အဆင် မပြေပါ။ ဘာကြောင့်လည်း ဆို တော့ ကောင်းကင်ယံတွေ မိုးသား







တိမ်လိပ်၊ လေမျှားနှင့် တွေ့ကြုံသည့် အခါ ရေပြင်မှာ လှေသမွန်များ စီးရသကဲ့သို့ဖြစ်ပြီး တစ်ခါတစ်ခါလည်း နိမ့်လိုက်၊ မြင့်လိုက်နှင့် ဖြစ်နေပါသည်။ ထိုကဲ့သို့ လေယာဉ်မငြိမ်မသက်ဖြစ်နေစဉ် မှန်ပေါက်ကနေ အောက်ကိုငုံ့ကြည့်လိုက်သည့်အခါ လယ်ကွင်းပြင် ကန်သင်းရိုးများကို ထင်ရှားစွာနဲ့ တွေ့မြင်နေရပါသည်။ တစ်ခါတစ်ခါတော့လည်း အပေါ်ပံ့တက်သွားသည့်အခါ လယ်ကွင်းပြင်များမှာ မှုန်ဝါးဝါးဖြစ်နေရပါသည်။ စာရေးသူသည်ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကို လှမ်းကြည့်လိုက်သည့်အခါ ဆရာတော်ဘုရားကြီးလည်း လေယာဉ်မှန်ပြတင်းမှ အောက်သို့ တစ်ခါတစ်ခါ ငုံ့ကြည့်နေသည်ကို လှမ်းမြင်လိုက်ရပါသည်။ လေယာဉ်စီးရင်းနဲ့ စာရေးသူတွေးတောမိသည်မှာ လေယာဉ်လေးများ အောက်သို့ ပြုတ်ကျသွားမလားဟု တွေးတောစဉ်းစားနေမိခဲ့ပါသည်။ စဉ်းစားရင်းနှင့်ပင် ပုသိမ်လေယာဉ်ကွင်းသို့ ရောက်ရှိခဲ့ပါသည်။ ပုသိမ်လေယာဉ်ကွင်းမှ ကြိုဆိုကြသူ သံယာတော်များ၊ လူဒကာ၊ ဒကာမများမှာ အင်မတန်များပြားလှပါသည်။

သဒ္ဓမ္မသီတဂူရိပ်သာကြီးရောက်လာ

ကျေးဇူတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် တပည့်သံယာတော်များကို ကားနှင့်ကြိုဆိုကြသည်။ လမ်းတစ်လျှောက်လုံး ဝဲယာဘေးတစ်ဘက်တစ်ချက်ဆီမှ လူဒကာ, ဒကာမများမှာ လက်အုပ်ချီမိုးရှိခိုး၍ ခရီးဦးကြိုခဲ့ကြပါ၏။ မြို့တွင်းသို့ လှည့်လည်အကြည်ညှိခံနိုင်ရန် ပင့်ဆောင်ကြပြီး သဒ္ဓမ္မသီတဂူသာသနာ့ရိပ်သာကြီးသို့ နံနက် (၉) နာရီကျော်ခန့်တွင် ရောက်ကြပါသည်။

တရားသဲ့မြည် မဟာစည်

ဆရာတော်ဘုရားကြီးသည် သဒ္ဓမ္မသီတဂူရိပ်သာကြီးနှင့် မြို့လယ်မဓျာရုံကြီးတွင် နေ့တရား၊ ညတရားပွဲများကို ဟောကြားတော်မူ



ခဲ့ရာ ပရိသတ်မှာ အလွန်များပြား စည်ကားလှပါသည်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ပုသိမ်မြို့ သဒ္ဓမ္မသီတဂူရိပ်သာကြီးတွင် (၄) ရက်(၅) ရက် ခန့် သီတင်းသုံးနေထိုင် ပြီးနောက် သဒ္ဓမ္မ သီတဂူဆရာတော်ဘုရားကြီး စီစဉ်ထားသည့် သာပေါင်းမြို့သို့ အထူးသဘော်ဖြင့် ကြွရောက်တော်မူပါသည်။

ကမ်းလုံးပြည့်ညီ ကြိုဆိုသည်

ကြိုဆိုကြသူ၊ ဖူးမြော်ကြသူတို့မှာ ဧရာဝတီမြစ်ကမ်း တစ်လျှောက်ရွာတိုင်းလိုလိုပင် ဖူးမြော်ကြည်ညိုကြပါသည်။ မြစ်ကမ်းဘေးမှ ဖူးမြော်ကြသည့် လူထုပရိသတ်ကြီးမှာ အလွန်များပြား စည်ကားလှပါသည်။ ထိုကဲ့သို့ ကြိုဆိုကြသည့် လူထုပရိသတ်ကြီးကို တွေ့ရမြင်ရသောအခါ စာရေးသူစိတ်ထဲ ဝမ်းနည်းရသလို၊ ဝမ်းသာရသလို ခံစားခဲ့ရပါသည်။ သာပေါင်းမြို့တွင် (၂)ည သီတင်းသုံးကာ တရားများဟောကြားတော်မူပါသည်။ သာပေါင်းမြို့မှ ဇီးဖြူကွင်းရွာသို့ ဓမ္မဒူတခရီးဆက်ပြန်ပါသည်။

ရွာကလေးကငယ် စေတနာအားကြီး

ဇီးဖြူကွင်းရွာလေးသည် ပုသိမ် သဒ္ဓမ္မသီတဂူ ဆရာတော်ဘုရားကြီး၏ မွေးရပ်ဌာနဖြစ်ပါသည်။ ရွာလေးမှာ အိမ်ခြေ(၁၀၀) ပင် မပြည့်ပါ။ မဟာစည်ဆရာတော်ဘုရားကြီးအတွက် စံကျောင်းတော်လေးကိုလည်း သီတင်းသုံးရန် ဆောက်ထားပါသည်။ တရားဟောရန် မြေပြင်မဏ္ဍပ်ကြီးကိုလည်း ဆောက်ထားပါသည်။ မဏ္ဍပ်ကြီးမှာ အလွန်ကြီးမားလှပါသည်။ မဟာစည် ဆရာတော်ဘုရားကြီးသည် ညစဉ် တရားဟောပါသည်။ တရားနာ ပရိသတ်များမှာ အနီးအဝေးမှ လာကြရသည်ဖြစ်၍ တချို့မှာ နေ့လည်ကတည်းက လှည်းနှင့် လာကြရ၏။ တချို့မှာ ညနေလောက်မှ လှည်းနှင့် ရောက်လာကြပါသည်။

အံ့သြရသည် မဟာစည်

နေ့တိုင်း, ညတိုင်းလာရောက်ကြသော တရားနာပရိသတ်ကြီးကို ကြည့်ပြီး မဟာစည်ဆရာတော်ဘုရားကြီးက "ဒီလောက်များပြားလှတဲ့ ပရိသတ်ကြီးဟာ ဘယ်ကနေလာကြတာလဲ" ဟု ပင်မေးခဲ့ပါသေး၏။ အဘယ့်ကြောင့်ဆိုသော် ဇီးဖြူကွင်းရွာလေးက သေးသေး၊ လူထုပရိသတ်ကြီးက များများဆိုတော့ ပရိသတ်ကြီးကို ကြည့်ပြီး ဆရာတော်ဘုရားကြီးက အံ့သြနေခြင်းဖြစ်ပေမည်။ ပရိသတ်တွေကိုမေးကြည့်သောအခါ အနောက်ရိုးမတောင်ခြေရှိ ရွာလေးများကပင် လာရောက်ကြကြောင်းကို သိခဲ့ရပါသည်။ ဆရာတော်ဘုရားကြီး၏ (၇၈) နှစ်မပြည့်မီ သာသနာပြုခရီး၊ သက်တော် (၇၇) နှစ်၊ စံလွန်တော်မမူမီ (၁)နှစ်တာမျှ မလိုတော့သည့် သာသနာပြုခရီး တစ်လျှောက်တွင် တောရောမြို့ပါ မကျန်အပင်ပန်းခံသွားသည်မို့ သာသနာပြုပုံများကို အတုယူသင့်လှပါသည်။

သေချိန်ကျလာ သေရမှာ

မဟာစည် ဆရာတော်ဘုရားကြီး သာသနာပြုခရီးစဉ်ပြီးဆုံး၍ သဒ္ဓမ္မသီတဂူရိပ်သာကြီးတွင် သီတင်းသုံးနားနေခိုက် စာရေးသူသည် ဆရာတော်ဘုရားကြီးအား လေယာဉ်စီးရင်း အတွေ့အကြုံလေးများကို လျှောက်ထားမိခဲ့သည်။

"တပည့်တော် ရန်ကုန်ကနေ လေယာဉ်နှင့် ထွက်လာတုန်းက လေယာဉ်က ဂဏ္ဍာမငြိမ်ဘဲ နိမ့်ချည်၊ မြင့်ချည်နဲ့ ဒီလေယာဉ်လေးစီးရတာ စိတ်ထဲမှာ ကြောက်သလိုလို ခံစားရပါတယ်ဘုရား" ဟု လျှောက်





ထားလိုက်သည်။ ထိုအခါ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက "ကြောက်စရာမလိုပါဘူး၊ သေနေ့စေ့ရင်တော့ ကိုယ့်ကျောင်းပေါ်မှာ နေရင်း ထိုင်ရင်း သွားရင်း လာရင်းလည်း သေနိုင်တာပါပဲ" ဟု အမိန့်ရှိပါသည်။ ထိုအခါ စာရေးသူ၏စိတ်ထဲတွင် -

"သေမင်းနှင့်ပြိုင်ရင်ဆိုင်ရဲသည် မဟာစည်၊ သေမှာမကြောက်သည်မဟာစည်" ဟု စာရေးသူရွတ်ဆိုမိခဲ့ပါသည်။

မရဏံ မေ ဘဝိဿတိ၊
ဥစ္ဆိဒ္ဓိဿတိ ဇီဝိတံ။
သောဟံ မရဏာ ဓမ္မောမ္ပိ၊
အနတိ တောတိ မရဏံ။

မရဏံ - သေခြင်းသည်။ **မေ** - ငါ့အား။ **ဘဝိဿတိ** - ဖြစ်လတ္တံ့။ **ဇီဝိတံ** - အသက်သည်။ **ဥစ္ဆိဒ္ဓိဿတိ** - ပြတ်လတ္တံ့။ **သောဟံ** -ထိုငါသည်။ **မရဏာဓမ္မော** - သေခြင်းသဘောရှိသည်။ **အမ္ပိ** - ဖြစ်၏။ **မရဏံ** - သေခြင်းကို။ **အနတိတော**-မလွန်မြောက်နိုင်တော့သည်သာတည်း။

မောသည်၊ ပန်းသည် မည်ည်းတွား

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓခေါ်သည့် သာသနာတော်ကြီး (၃) ရပ်ကို သက်တော် (၇၈) နှစ်တိုင်တိုင် မမောနိုင်, မပန်းနိုင်ဘဲ သာသနာပြုသွားဆည်များကို ယနေ့တိုင်အောင် မမှေ့နိုင်ဘဲ ရှိလှပါတော့သည်။ ဆရာတော်ဘုရားကြီးသည် ပြည်တွင်းပြည်ပ သာသနာပြုခရီးမှ မဟာစည်ရိပ်သာကြီးသို့ ပြန်ရောက်လာတိုင်း ခရီးပန်းတယ်၊ ပင်ပန်းတယ်ဆိုသည့် ညည်းတွားသံများကို တစ်ကြိမ်တစ်ခါမျှ မကြား မသိခဲ့ရပါ။ တစ်ဆင့် စကားများကိုလည်း မကြားသိခဲ့ရပါ။

ခွဲအား‌သန်သည် မဟာစည်

ဆရာတော်ဘုရားကြီးသည် ၁၉၈၀ ခုနှစ်လောက်တွင် အထက်မြန်မာပြည်ခရီးစဉ်တရားပွဲများမှ ညနေပိုင်းတွင် ပြန်လည်ကြွရောက်တော်မူလာပါသည်။ ဝေယျာဝစ္စပြုပေးကြသည့် ရဟန်းတော်များလည်းညည (၉)နာရီကျော်လျှင် ကိုယ့်နေရာကိုယ်ပြန်ကြရပါသည်။ နံနက် (၄)နာရီမှ (၅)နာရီထိ ဘုရားဝတ်ပြုပြီး တရားထိုင်ကြပါသည်။ ထိုနေ့က ဆရာတော်ဘုရားကြီးသည် ဘုရားဝတ်တက်ချိန် နံနက် (၄)နာရီထိုးသည့်အချိန်တွင် စံကျောင်း ပေါ်တွင် ဘုရားဝတ်တက် တရားထိုင်သည့် နေရာသို့ မကြွရောက်နိုင်သေးပါ။ ထိုအချိန်တွင် နာယကဆရာတော်များ၊ ယောဂီဟောင်း၊ သံဃာတော်များက ဘုရားဝတ်တက်ရန် စောင့်ဆိုင်းနေကြပါသည်။ မိနစ်အနည်းငယ်ခန့် နောက်ကျပြီးမှ ရောက်လာသည့်အတွက် စောင့်ဆိုင်းထိုင်နေကြသော တပည့်များကို အားနာသည့်သဘောဖြင့် "အိပ်ယာက ထတာတော့ (၂)နာရီမထိုးခင်လောက်ကပါပဲ၊ ခေါင်းရိတ်နေတာနဲ့ ရေချိုးနေတာနဲ့ဝတ်ဖို့ သင်္ကန်းရွာနေတာနဲ့ အချိန်အနည်းငယ် နောက်ကျသွားတယ်၊ ကြိုတင်ပြီး ဝိရိယထားပြီးတော့ လုပ်တော့ လုပ်တာပါပဲ ဒါပေမယ့် အသက်ကြီးလာတော့ ရုပ်ကြီးက လေးလာတယ်၊ လူငယ်တွေလို မသွက်လက်တော့ဘူး၊ တယ်ဟန်မကျတော့ဘူး" ဟု အမိန့်ရှိခဲ့ဖူးပါသည်။

နောက်ဆုံးဩဝါဒနာလိုက်ရ

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးမှာ တပည့်ဒကာ,ဒကာမများအား တရားဟောလို့ ပြောလို့ကို အားမရနိုင်ခဲ့ပါ။ ဆရာတော်ဘုရားကြီး စံလွန်တော်မမူခင် (၁)လခန့်က စာရေးသူကို မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့၊ ဂူကြီးမဟာစည် သာသနာ့ရိပ်သာသို့ သွားရောက်ပြီး သာသနာပြုဖို့ရန်အတွက် စေလွှတ်ခဲ့ပါသည်။ ရန်ကုန်ရိပ်သာကြီးမှ မသွားခင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဒုတိယ တိုက်အုပ်ဆရာတော်ကြီး ဘဒ္ဒန္တ သုဇာတ ဆရာတော်ကြီး(၂) ပါးတို့က စာရေးသူအား ဆုံးမသြဝါဒများကို ကြိုတင်ပြီး မှာကြားနေကြပုံများမှာ မိဘနှင့်သားသမီးများသဖွယ် ကြင်နာယုယစွာရှိလှပါသည်။



ခိုင်မြဲတည်ကြည်မဟာစည်

အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ခဲ့ခဲ့ညားညား တည်တည်တံ့တံ့နှင့် သာသနာပြုသွားသည်ကို မြင်ရ, တွေ့ရ, ကြားရသူတိုင်း ကြည်ညိုမဆုံး အံ့သြမကုန် ဖြစ်ခဲ့ရပါသည်။

သံဃာ့ဂုဏ်ရည် ပြည့်စုံသည်

သံဃာတော်များ၏ ရှိသင့်ရှိထိုက်သော အကြောင်းဂုဏ် (၄)ပါး၊ အကျိုးဂုဏ်(၅)ပါး၊ ဂုဏ်တော်(၉)ပါး တို့တွင် အကြောင်း ဂုဏ်(၄)ပါးနှင့် ကြည့်မည်ဆိုလျှင် အကြည့်ခံထိုက်သော အကြည့်ခံနိုင်သော ပုဂ္ဂိုလ်ထူးကြီးပင် ဖြစ်ပါသည်။

အကြောင်းဂုဏ်(၄)ပါး

(၁) ကောင်းသောအကျင့်ကိုကျင့်ဆဲ, ကျင့်ပြီးဖြစ်သဖြင့် သုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူခြင်း။

(၂) ဖြောင့်မတ်သောအကျင့်ကိုကျင့်တော်မူသည့်အတွက်ကြောင့် ဥဇုပွဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူခြင်း။

(၃) တစ်ခုတည်းသောနိဗ္ဗာန်ချမ်းသာအကျိုးငှာ ကျင့်တော်မူသည့်အတွက်ကြောင့် ဉာယပွဋိပန္နဂုဏ်နှင့်ပြည့်စုံတော်မူခြင်း။

(၄) အကျင့်သိက္ခာကို ရိုသေစွာကျင့်တော်မူသည့်အတွက်ကြောင့် သာမိစိပွဋိပန္နဂုဏ်နှင့်ပြည့်စုံတော်မူခြင်း။

ထိုကဲ့သို့ သံဃာတော်များ၏ ဂုဏ်တော်(၉)ပါးတို့တွင် အကြောင်းဂုဏ်(၄)ပါးနှင့် မှတ်ကျောက်တင်ကြည့်မည်ဆိုလျှင် အတင်ခံနိုင်သောဆရာတော်ဘုရားကြီး ဖြစ်ပါပေသည်။

အကျိုးဂုဏ်(၅)ပါးမှာ –

(၁) အဝေးမှဆောင်၍ လှူအပ်သော ပစ္စည်းလေးပါးကို ခံတော်မူထိုက်ခြင်း၊ အရပ်ဝေးမှလာ၍ လှူရာဌာနဖြစ်တော်မူခြင်း၊ လူမင်း, နတ်မင်းစသည်တို့၏ အလှူကို ခံယူတော်မူထိုက်ခြင်းတည်းဟူသော အကြောင်းကြောင့် 'အာဟုနေယျ' ဂုဏ်တော်နှင့်ပြည့်စုံတော်မူပါသည်။

(၂) ဧည့်သည်တော်တို့အလို့ငှာ အထူးသဖြင့် စီမံထားအပ်သော အာဂန္တုကဒါနကို ခံတော်မူထိုက်ခြင်း၊ အဦးအဖျား စားဦးစားဖျားများကိုဆောင်၍ ပူဇော်ရာဌာန ဖြစ်တော်မူခြင်း၊ ခပ်သိမ်းသောအပြားအားဖြင့်အရိုအသေအလေးအမြတ်ပူဇော်ခြင်းကို ခံတော်မူထိုက်ခြင်းတည်းဟူသောအကြောင်းကြောင့် 'ပါဟုနေယျ' ဂုဏ်တော်နှင့်ပြည့်စုံတော်မူပါသည်။

(၃) မြတ်သောအလှူကို ခံယူထိုက်ခြင်း၊ မြတ်သောအလှူအား လျော်ခြင်းတည်းဟူသော အကြောင်းကြောင့် 'ဒက္ခိဏေယျ' ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါသည်။

(၄) လက်အုပ်ချီမိုးရှိခိုးခြင်းကို ခံတော်မူထိုက်ခြင်းတည်းဟူသော အကြောင်းကြောင့် အဉ္ဇလီကရဏီယ





ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါသည်။

(၅) လူအပေါင်း၏ အတုမရှိ အမြတ်ဆုံးဖြစ်သော ကောင်းမှုတည်းဟူသော မျိုးစေ့၏ ပေါက်ရောက်ကြီးထွားရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူသော အကြောင်းကြောင့် 'အနုတ္တရံ ပုညက္ခေတ္တံ လောကဿ' တည်းဟူသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေသည်။ ဤကဲ့သို့ အကျိုးဂုဏ် (၅)ပါးကို ခံစားတော်မူရခြင်းသည် အကြောင်း ဂုဏ်(၄)ပါးနှင့်ပြည့်စုံ၍သာ ဖြစ်ပါသည်။

မည်သူမဆို ကျင့်နိုင်လျှင် အကျိုးတရားများရရှိ ခံစားရမည် ဖြစ်ပါသောကြောင့် အတုယူ၍ ကျင့်နိုင်ကြပါသည်။

ဦးတင်ပါပြီ မဟာစည်

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ သက်တော်ရာပြည့်ပူဇော်ပွဲအထိမ်းအမှတ်ပြု၍ ဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်းများ ဖော်ကျူးရေးသားရင်း သတိသံဝေဂများလည်း ရပါသည်။ သာသနာပြုသားကောင်းတစ်ပါးဆုံးရှုံးသွားသည်ကို ဝမ်းနည်း တမ်းတသတိရမိပါသည်။ ဆရာတော်ဘုရားကြီးသည် ဤသက်တော်ရာပြည့်ပူဇော်ပွဲကျင်းပစဉ်၌ အသက်ရာပြည့်ထင်ရှားရှိနေမည်ဆိုပါလျှင် ပြည်တွင်းပြည်ပ မဟာစည်သာသနာပြုလုပ်ငန်းကြီး ဆထက် ထမ်းပိုးတိုးတက်ကြီးပွား ဝုံကြွားတောက်ပနေမည် အမှန်ပင် ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး အသက်ထင်ရှားရှိလျှင် သိပ်ကောင်းမှာပဲဟု တမ်းတဂုဏ်ပြုသတိရမိပါတော့သည်။

ဆရာတော်ဘုရားကြီးနှင့် အတူပရိယတ်၊ ပဋိပတ်နည်းစုံရအောင် ဟောညွှန်ပြသ၊ ဆိုဆုံးမခဲ့ကြသည့် ဆရာသမားများအား ဦးနှိမ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးလိုက်ရပါသတည်း။

ဘဒ္ဒန္တပဏ္ဍိတသ
(မြဝတီဆရာတော်)





ဆင်သေကို ဝန်ပါလို့

ဇာနည်သွေး

ခန္ဓာအာဃာတနဓာတ်တို့ မပြတ်ဖြစ်ရာကို သံသရာဟူ၍ မြတ်စွာဗုဒ္ဓဟောကြားတော်မူပါသည်။ ပင်လယ်သမုဒ္ဒရာနှင့်နှိုင်း၍ သံသရာဟုလည်း ဟောတော်မူပါသည်။ ပင်လယ်သမုဒ္ဒရာသည် အဆုံးအစမမြင်နိုင်အောင် ကျယ်ဝန်းသကဲ့သို့ သံသရာသည်လည်း အစမထင်နိုင်အောင် ရှည်လျား ကျယ်ဝန်းလှပါသည်။ "သံသရာ ပင်လယ်၊ သံသရာရေအလျဉ်၊ သံသရာဝဲသြဃ" စသည်ဖြင့် သုံးနှုန်းသည်မှာလည်း သံသရာ၏ ရှည်လျား ကျယ်ဝန်းမှုသဘောကို ဆိုခြင်းပင် ဖြစ်သည်။

ပင်လယ်ပြင်၌ အမှိုက်သရိုက်တို့ မျောပါလျက်ရှိ၏။ ထို့အတူ သံသရာတည်းဟူသော ပင်လယ်ပြင်၌လည်း သက်ရှိသတ္တဝါများ မျောပါလျက်ရှိကြ၏။ လူသားတို့လည်း သံသရာတည်းဟူသောပင်လယ်ပြင်၌လှေ၊ သင်္ဘောများဖြင့် ဘဝခရီးနှင်လျက်ရှိကြ၏။ ထိုသံသရာတည်းဟူသော ပင်လယ်ပြင်၌ သတ္တဝါတို့သည် စုန်သူစုန်၍ ဆန်သူဆန်နေကြ၏။ ကမ်းသို့ကူးသူ၊ ကမ်းသို့ရောက်ပြီးသူများလည်း ရှိကြသည်။ နစ်မြုပ်သူများလည်း ဒုနှင့်ဒေးပင်။

ပင်လယ်ပြင်သည် မုန်တိုင်းထန်ရာ၊ ကျောက်ဆောင်ရေဝဲများ ထူထပ်ရာ၊ မိကျောင်း ငါးမန်းတို့ ပေါများရာ ဖြစ်၏။ ထို့အတူပင် သံသရာတည်းဟူသော ပင်လယ်ပြင်၌လည်း ဒေါသမုန်တိုင်းများ ထန်လျက်ရှိ၏။ မာနကျောက်ဆောင်များ ပေါလှသည့်အပြင် မောဟ မိုးမှောင်များလည်း ကျ၍နေပါသည်။ တဏှာဝဲကြမ်းများကလည်း ရှောင်ရှားရခက်လှ၏။ အပါယ်လေးပါးနှင့်တူသော မိကျောင်း၊ ငါးမန်းများကလည်း အဆင်သင့် ကြိုဆိုလျက်။ ထိုသံသရာတည်းဟူသော ပင်လယ်ကြီးကား လောကီဘုံသား သံသရာခရီးသည်များအတွက်ကား ခက်ခဲကြမ်းတမ်းရုံမျှမကမှန်းဆမရအောင် ဝေးလံရှည်လျားလှသော ခရီးပါတည်း။

ခရီးမည်မျှကြမ်း၍ မည်မျှဝေးလံသည်ဖြစ်စေ၊ ကျွန်ုပ်တို့သည် မရပ်မနားသွားနေကြရပါသည်။ "ဘဝသံသရာ၊ ရှည်လျား၊ ထွေပြား၊ မနေမနား၊ တစ်သွားတည်းသွားကြတာ" ဟု ဆရာကြီးဦးသုခက ဘဝသံသရာကိုတေးဖွဲ့၍ မှတ်တမ်းတင်ခဲ့ပေသည်။ သံသရာခရီးဆုံးနိဗ္ဗာန်



ဆိပ်ကမ်းမြို့တော်ကြီးကား နိုးသည်ဝေးသည်ဆိုရန် ခက်ခဲလှပေသည်။ နိုးခြင်း ဝေးခြင်းသည် နိဗ္ဗာန်၏ကိစ္စမဟုတ်၊ ခရီးသည်တို့၏ ကိစ္စသာဖြစ်၏။ ခရီးသည်က ရောက်လိုဆန္ဒပြင်းပြစွာဖြင့် ယုံကြည်ချက်ခိုင်ခိုင်၊ ဇွဲလုံ့လသန်သန် ခရီးနှင်ခဲ့သော် ထိုသူ့အတွက် နိဗ္ဗာန်သည် နီးပါ၏။ ရောက်လိုဆန္ဒ နည်းပါး၍ ယုံကြည်ချက်လည်း မရှိ၊ ဇွဲလုံ့လမပါ ဝတ်ကျေရုံသာအား‌ထုတ်သူအတွက်မူ နိဗ္ဗာန်ဆိပ်ကမ်းသည် ဝေးနေမည်သာ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို မည်သို့သော ခရီးသည် ဖြစ်သည်ကိုသိအောင် ကြိုးစားရပါမည်။ ထို့အပြင် မိမိတို့စီးထားသည့် ယာဉ်အမျိုးအစားကိုလည်း အမှန်အတိုင်းသိရန် လိုအပ်ပေသည်။

သံသရာခရီးသည်တို့သည် ဓမ္မနှင့်အဓမ္မဟူသော ယာဉ်နှစ်မျိုးဖြင့် ခရီးသွားနေကြပေသည်။ ဒါန၊ သီလ၊ ဘာဝနာတို့သည် ဓမ္မယာဉ်ဖြစ်သည်။ ပါဏာတိပါတ၊ အဒိန္နာဒါနစသည်တို့ကား အဓမ္မယာဉ်မည်ပါသည်။ ဓမ္မနှင့် အဓမ္မသို့မဟုတ် ကောင်းမှုနှင့် မကောင်းမှုတို့၏သဘောသည် ဆန့်ကျင်ဘက်ဖြစ်သည်။ ကောင်းမှုယာဉ်သည် ဆင်းရဲ ကင်းရာနိဗ္ဗာန်ချမ်းသာသို့ ပို့ဆောင်၏။ မကောင်းမှုယာဉ်ကား ဦးတည်ရာမဲ့မျောပါရင်း ဒေါသမုန်တိုင်းကြောင့် ပျက်စီးရ၏။ မာန ကျောက်ဆောင်နှင့်လည်း တိုက်မိ၏။ တဏှာဝဲကြမ်းမှာလည်း နစ်မြုပ်၍ အပါယ်လေးပါး မိကျောင်းစာ၊ ငါးမန်းစာ ဖြစ်ရ၏။

ဥပမာဆိုရသော် ဓမ္မယာဉ်သည် မြို့ရွာ ဆိပ်ကမ်းအရောက် ပို့နိုင်သည့် သဘော်ကြီးနှင့်တူ၍ အဓမ္မယာဉ်မှာမူ ပင်လယ်ထဲမျောနေသည့် ဆင်သေကြီးနှင့်တူသည်ဟု ဆိုချင်ပါသည်။ သဘော်ကြီးကို စီးနင်းလိုက်ပါလေမှ မြို့ရွာဆိပ်ကမ်းသို့ရောက်နိုင်ပါသည်။ ဆင်သေကြီးကို စီးလျှင်ကား ပင်လယ်ပြင်မှာ နစ်မြုပ်လျက် မိကျောင်းစာ၊ ငါးမန်းစာ ဖြစ်ပါလိမ့်မည်။

ကျွန်ုပ်တို့သည် မည်သည့်ယာဉ်ကို စီးနေကြသနည်း။ ဒါန၊ သီလ၊ ဘာဝနာဟူသော သဘော်လက်မှတ်များ ရှိပါပြီလား။ သဘော်လက်မှတ်မရှိလျှင်ဖြင့် ဆင်သေနှင့်ခရီးသွားရပါလိမ့်မည်။ နိဗ္ဗာန်ဆိပ်ကမ်းနှင့် ပို၍ ပို၍ ဝေးပေလိမ့်မည်။

ကျီးမိုက်သည် ဆင်သေပေါ်လိုက်ပါရခြင်းအတွက် ဝမ်းသာကျေနပ်ခဲ့၏။ ဘဝတစ်သက်စာစိတ်အေးရပြီဟု မှတ်ထင်ခဲ့၏။ ဆင်သေကြီး မြုပ်လိမ့်မည်ဟု လုံးဝမတွေးမိပေ။ ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်၌ ဆင်သေကြီးမြုပ်သည့်အခါ ကျီးမိုက်လည်း ကမ်းကို ရောက်အောင် မပျံနိုင်ဘဲ အသက်ဆုံးရှုံးရလေသည်။ လိုချင်လောဘကြမ်းတမ်းသော ဒေါသတို့သည် အသိဉာဏ်ကို ပျက်စီးစေ၏။

ကျွန်ုပ်တို့လည်း ကျီးမိုက်နှင့် ခြားနားလှသည်မဟုတ်ပါ။ မကောင်းမှု ဆင်သေကို စီးကာ လောကီအာရုံတို့ဖြင့် ပျော်မွေ့နေကြ၏။ ဆွေမျိုး စီးပွားပျက်စီးခြင်း၊ ရောဂါဝေဒနာ ခံစားရခြင်းတို့ ကြုံတွေ့ခံစားရသည့်တိုင် ထိုအပူများကို ကိလေသာ အာရုံများဖြင့် ဖုံးလွှမ်းနိုင်ကြ၏။ မေ့ပျောက်နိုင်ကြ၏။ သားသမီးအတွက် ဇနီးခင်ပွန်းအတွက် ပင်ပန်းကြီးစွာ ရှာဖွေလုပ်ကိုင်နေရသော်လည်း ဆင်းရဲသည်မထင်ကြ။ ကျေနပ်ပီတိဖြစ်၍ပင် နေချေသေး၏။ "သံသရာဘယ်လောက်ပင်ရှည်ရှည်" ဟုဆိုကြလေ၏။ "သည်လင်၊ သည်သား၊ သည်ဇနီး၊ သည်သမီးတို့နှင့် ဘဝဆက်တိုင်း မကွဲမကွာ ပေါင်းသင်းပျော်ရွှင်ရပါလို၏။" ဟူ၍ပင် ဆုတောင်းလိုက်ကြသေး၏။ ကမ်းသို့ရောက်အောင် မကူးလိုကြပေ။ သံသရာပင်လယ်ပြင်ဝယ် ဆင်သေစီးကာ ကျေနပ်နေသည်သာများပါသည်။

ကျွန်ုပ်တို့စီးထားသည့် ဆင်သေကြီး မကြာမီ မြုပ်ပေတော့မည်။ အပါယ်လေးပါး၊ မိကျောင်းစာ၊ ငါးမန်းစာမဖြစ်လိုလျှင်ဖြင့် ဒါန၊ သီလ၊ ဘာဝနာသဘော်လက်မှတ်များ အမြန်ယူ၍ ဓမ္မယာဉ်ကို စီးလျက် ခရီးထွက်ရပေမည်။ အောင်မြင်မှုသည် ကြိုးစားအားထုတ်သူတိုင်းအား လက်ကမ်းကြိုမြဲ ဖြစ်ပါသည်။ အကြောင်းနှင့်အကျိုး၊ ပေးဆပ်မှုနှင့် တုံ့ပြန်မှုရလဒ်သည် ထပ်တူညီမျှ



ဖြစ်ဖို၏။ တစ်စုံတစ်ခုရလိုပါက ထို ရလိုမှုအတွက် ထိုက်သင့်သော တန်ဖိုးကို ပေးရမြဲပင် ဖြစ်သည်။ ကာယ၊ ဉာဏ၊ ဓနအရင်းအနှီး တစ်ခုခု ပေးရမြဲသာဖြစ်သည်။

ကျွန်ုပ်တို့ခန္ဓာ ပိုင်ဆိုင်သမျှ စီးပွားဥစ္စာတို့သည် ရန်သူဝိုင်းဝိုင်းလည်ကြ၏။ ရောဂါပေါင်းစုံက ခန္ဓာကိုယ်ကို အမြဲနှိပ်စက်နေ၏။ ပျိုရာမှ အိုလာပြီး နောက်ဆုံး၌ အသေသတ် ခံရလေ၏။ အချိန်မရွေး၊ နေရာမရွေး၊ အရွယ်မရွေးသေဆုံးရမည်သာ ဖြစ်သည်။ စီးပွားဥစ္စာတို့သည်လည်း ရေ၊ မီးစသည်တို့ကြောင့် ပျက်စီးရ၏။ မပျက်စီးသော်လည်း သံသရာခရီး၌ ယူဆောင်သွား၍မရ၊ သံသရာခရီးတစ်လျှောက် မိမိတို့နောက် လိုက်ပါမည်ကား ဓမ္မနှင့် အဓမ္မ၊ ကောင်းမှုနှင့်မကောင်းမှုတို့သာ။

သို့ဖြစ်လျှင် ရန်သူအဝိုင်းခံနေရသော စီးပွားဥစ္စာကို အရင်းပြု၍ ဒါနလက်မှတ်ယူရပေမည်။ ရောဂါပေါင်းစုံနှိပ်စက်ခံနေရသည့် ခန္ဓာကိုယ်ကို အရင်းပြု၍ သီလလက်မှတ်ယူရပေမည်။ အသက်ရှည်ခြင်း၏ မြဲမြံပုံကို ရှုမြင်လျက် ဘာဝနာလက်မှတ်လည်း ယူရပေမည်။ ရှုမှတ်ပွားများမှု ဘာဝနာလက်မှတ်ရမှသာ မကောင်းမှုဆင်သေကြီးကို မတွယ်မတာ စွန့်လွှတ်နိုင်မည်ဖြစ်သည်။ ဒါန သီလ စွမ်းအားမျှဖြင့် မငဲ့မညှာ စွန့်နိုင်မည် မဟုတ်ချေ။

သံသရာပင်လယ်ပြင်၌ မောဟမိုးမှောင်ကျလျက် ရှိ၏။ သို့ကြောင့် ပင် မကြာမီ မြုပ်မည့် ဆင်သေကြီးကို သဘော်ကြီးအမှတ်ဖြင့် စီးနင်းပျော်ရွှင်နေကြခြင်းဖြစ်ပါသည်။ မစွန့်နိုင်, မခွာရက် စွဲလမ်းနေကြခြင်းဖြစ်သည်။ "ဖြစ်ခိုက်မရှူ၊ ရုပ်နာမ်စု၊ စွဲမှု ဝင်ရောက်သည်။ မြဲတယ်၊ ကောင်းတယ်၊ ငါကောင်နှယ်၊ တကယ်ထင်တတ်သည်" ဟူသော မဟာစည်ဆရာတော်ဘုရားကြီး၏ သတိပေးချက်အတိုင်း ပြင်ပအာရုံတို့ လှုံ့ဆော်တိုင်း နှစ်သက်စွဲလမ်းမှု၊ မကျေနပ်မှုစသည့် ကိလေသာဆိုးများ တိုးပွားနေကြလေသည်။ ရုပ်နာမ်အစုကို ဖြစ်ခိုက်မှာ ဉာဏ်ဖြင့် မရှုမှတ်လေသမျှ "ငါ, ငါ့ခန္ဓာ၊ ငါ့ဥစ္စာ" ဟု စွဲလမ်းတပ်မက်နေပေလိမ့်မည်။ မမြဲ၊ ဆင်းရဲသဘောကို မမြင်နိုင်ဘဲမြဲတယ်၊ ကောင်းတယ်၊ သာယာဖွယ်ဟု ထင်မှတ်နေမည်ဖြစ်သည်။

"မြဲတယ်၊ ကောင်းတယ်၊ သာယာနှစ်သက်ဖွယ်"ဟု ရှုမြင်နေသမျှလည်း တပ်မက်မှု တိုးပွားနေပါလိမ့်မည်။ ဆင်းရဲအပေါင်းလည်း မဖိတ်ရဘဲ လာရောက်ကြပါလိမ့်မည်။ ထိုဆင်းရဲအပေါင်းမှ လွတ်မြောက်ရန်အတွက် မဟာစည်ဆရာတော်ကြီးက ဓမ္မစည်တီး၍ သတိပေးနှိုးဆော်ခဲ့ပါသည်။ ဆင်သေပေါ်၌ ပျော်မွေ့မေ့လျော့နေသူများကို ဤသို့ ထိတ်လန့်သတိရစေခဲ့ပါသည်။

"ဖြစ်တိုင်းမှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှု ကင်းပျောက်သည်။
မမြဲဆင်းရဲ၊ သဘောပဲ၊ ဉာဏ်ထဲ ရှင်းတော့သည်။
စွဲမှုကင်းပျောက်၊ မင်္ဂလာပေါက်၊ **ဆိုက်ရောက်နိဗ္ဗာန်ပြည်။**"

သံသရာပင်လယ်ခရီးကြမ်းမှ အမြန်ဆုံး လွတ်မြောက်နိုင်ရန် အတွက် မြတ်စွာဘုရားက ဓမ္မသဘော်ကြီး တည်ဆောက်ပေးတော်မူခဲ့ပါသည်။ မာန်နတ်မင်း လွှတ်ထားသော အဓမ္မ (မကောင်းမှု) ဆင်သေကြီးကလည်း အပါယ်လေးပါး မိကျောင်းစာ၊ ငါးမန်းစာ ဖြစ်အောင် သွေးဆောင်လျက်ရှိ၏။ ဆင်သေကြီးကို အမြန်ဆုံးစွန့်ခွာ၍ ဓမ္မသဘော်ကြီးပေါ်သို့ တက်ကြရပေမည်။ **သတိ** မာလိန်မှူးက ပညာမီးမောင်းများ အားကိုး၍ **ဝိရိယ** စက်ကုန်ဖွင့်ကာ မောင်းနှင်ခြင်းဖြင့် **မောဟ** မိုးမှောင်ကို အံတု၊ **ဒေါသ** မုန်တိုင်းကို ရင်ဆိုင်၊ **မာန** ကျောက်ဆောင်များ၊ **တဏှာ** ရေဝဲများကို ရှောင်ရှားနိုင်ပါလိမ့်မည်။ သံသရာခရီးကြမ်းမှ လွတ်မြောက်နိုင်ပါလိမ့်မည်။ ဘေးရန်ကင်းကွာ ငြိမ်းချမ်းသာယာသည့် နိဗ္ဗာန်ဆိပ်ကမ်း မြို့တော်ကြီးသို့ ကေန်ဆိုက်ရောက်မည်ဖြစ်ပါသည်။ ဆင်သေကို အမြန်ဆုံးစွန့်ကြပါစို့။

(ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဂုဏ်တော်အပေါင်းကို ဦးခိုက်ပူဇော်ပါ၏)

ဇာနည်သွေး





'ဆရာတော်ဦးကလျာဏ'သည် ရန်ကုန်မြို့၊ သာသနာ့ရိပ်သာမှ 'သတိပဋ္ဌာန်' တရားတော်ကို 'ဉာဏ်စဉ်နာယူပြီးသည်အထိ ကျင့်ကြံအားထုတ်ခဲ့သည်။ နောက် မိမိကျောင်းထိုင်ဆရာတော်အဖြစ်သီတင်းသုံးနေထိုင်တော်မူခဲ့သော 'သန်လျင်မင်းကျောင်း'တွင် တရားစခန်းဖွင့်ခဲ့လေသည်။

ထိုစဉ်က ကျွန်တော်သည် ဆယ်ကျော်သက်မျှသာရှိသေးရာ ကွယ်လွန်သူ မိခင်ကြီးနှင့်အတူ လိုက်ပါ၍ 'သတိပဋ္ဌာန်တရား' ကို ပထမဦးဆုံးထိတွေ့ခဲ့ရပါသည်။ စာရေးသူမှတ်မိသလောက် ပြန်လည်တင်ပြရသော် ထိုအချိန်က ဝါဆိုလဖြစ်ပါသည်။

မိုးသည် မကြာခဏ ရွာတတ်ပါ၏။ ယောဂီများသည် စင်္ကြံလျှောက်ခြင်းအား မိုးလေဝသအခြေအနေကိုကြည့်၍ ပြုလုပ်ရပါသည်။ စာရေးသူသည် ကလေးပီပီ အအိပ်မက်, အဆော့မက်သော



ကြောင့် တပူပူတဆာဆာ လုပ်နေတတ်ပါသည်။

ထိုအခါ မိခင်ကြီးကအောက်ပါစာတန်းကို လက်ညှိုးညွှန်၍ ထိုးပြလိုက်ပါသည်။

ကိစ္စမမျှား၊
စကားနည်းစေ၊
အိပ်နေမှုနည်း၊
ကိုယ်တည်းပျော်လေ
ဆုံးမလွယ်ကြောင်း၊
မိတ်ကောင်းရှိစေ၊

တရားရှေ့၊ အားပေးဂုဏ်(၆)ထွေ ဟူသော တရားဝင်ယောဂီတို့ လိုက်နာကျင့်အပ်သော ငါးပါးသောဆောင်ပုဒ်လက်ာလေးကို ဖတ်ရှုရပါသည်။ ထိုဆောင်ပုဒ် လက်ာလေး၏ အဓိပ္ပာယ်မှာ -

အကြင်ယောဂီသည်
(၁) ကိစ္စမမျှားရပါ။
(၂) စကားနည်းရပါမည်။
(၃) အအိပ်အနေနည်းရပါမည်။
(၄) အပေါင်းအဖော်မရှိဘဲ တစ်ကိုယ်တည်းနေတတ်ရပါမည်။
(၅) ဆုံးမရတာ လွယ်ကူသူဖြစ်ရပါမည်။
(၆) ကလျာဏမိတ်ဆွေရှိရမည်။

ဟူ၍ ဖြစ်ပါသည်။

သမ္ဘာရလျှင်ပြုငြိသို့လယ်းငလျာဏမိတ်ဆွေကောင်း

ဦးအောင်တင့် (ဓမ္မစာရီ)



မိခင်ကြီးက ထိုသို့ ကျွန်တော် ဆောင်ပုဒ်လက်ဝဲလေးအပေါ် အာရုံ ရောက်နေသည်ကို သိရှိသည့် အလား "အဲဒီတော့ ငါ့သား အအိပ် ကိုလည်း မမက်နဲ့၊ တစ်သံသရာလုံး အိပ်ခဲ့ရတာများပြီ"

မိခင်ကြီးပြောသည့်စကားကို ကျွန်တော်သဘောမပေါက်လှပါ။ သို့သော် မိခင်ကြီးစကားကို နားထောင်သည့်အနေဖြင့် အိပ်ယာမှ ကြိုးစား၍ ထလိုက်ရပါ၏။ ရိပ်သာအပြင်သို့ ထွက်လိုက်သောအခါ ကောင်းကင်ပြင်ကြီးကို သတိထားမိပါသည်။ မိုးသားထုတွေနှင့် ပိန်းပိတ်နေသည်။

'မိုးရွာတော့မှာပါလား'

ကျွန်တော့်စိတ်ထဲမှ ရေရွတ်မိသည်။

မိခင်ကြီးနှင့်စာရေးသူတို့သည် ရိပ်သာထဲတွင်ပင်ရှုမှတ်နေပါသည်။ ထိုအခါတွင် (စိတ်)၏ လျင်မြန်ပုံကို သတိထားမိပါ၏။ သမာဓိရင့်ကျက်လာသည်နှင့်အမျှ (ဉာဏ်စဉ်များ) တရိပ်ရိပ်တက်လာကာ ဆရာတော်၏ သတ်မှတ်ချက်အတိုင်း အချိန်ပြည့် 'သတိပဋ္ဌာန်' တရားကို ကြိုးစား၍ အားထုတ်မိပါသည်။

'တရားကိုရှာ၊ ကိုယ်ခန္ဓာ'

'မည္ဟာမငဲ့နဲ့'

'ရင်ဝလှံစူး၊ ထိပ်ကိုမီးလောင်'

'မလှုပ်မငြိမ်းနဲ့လို့ မြတ်စွာဘုရားရှင်က မှာခဲ့တယ်'

'ပရိက်' ပြုပြီး တရားအားထုတ်လာရာတွင် အချိန်ကြာလာသည်နှင့်အမျှ (ဝေဒနာ) ပေါ်လာတတ်ပါသည်။ အလွန်ပြင်းထန်သော ဝေဒနာကို ရှုမှတ်ပြီး အနိုင်ယူရပါသည်။

လမ်းကြောင်းမှန်မှန်ဖြင့် ရှုမှတ်လာရာ ကျွန်တော်သည် (ဉာဏ်စဉ်နာ) ရမည့် သူမျှားစာရင်းတွင် 'အငယ်ဆုံးယောဂီ' အဖြစ် ပါဝင်ခဲ့ပါသည်။

ဉာဏ်စဉ်နာရန် 'မဟာစည်ဆရာတော်ကြီး' ၏ သာသနာ့ ရိပ်သာသို့ လာခဲ့ရပါသည်။ ထိုအချိန်တွင် မဟာစည်ဆရာတော်ကြီးကို စတင်ဖူးမြော်ရခြင်းဖြစ်ပါသည်။

ဆရာတော်ကြီးဟောကြားသောတရားကို ယခုထက်တိုင် မှတ်မိနေပါသေးသည်။

'မြွေလေးကောင်ကား၊ လေးပါးဆုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်၊ × × × × ×

ဤဝယ်ကမ်းစ၊ သင္ကာယမှ၊ ဟိုဘက်အရောက်၊ ကူးမြောက်သူမှာ၊ ရဟန္တာတည့်၊ ကောင်းရာညွှန်ကြား၊ ကယ်သူကား၊ ဘုရားမြတ်စွာတည်း။

(ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါတို့ကား မြွေလေးကောင်နှင့် တူပါပေ၏၊ ခန္ဓာငါးပါးကား သူသတ်သမား (၅)ယောက်နှင့်တူပါပေ၏။ စသည်ဖြင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဟောကြားသော တရားကို နားထဲဝယ် ပဲ့တင်ထပ်နေပါ၏။

× × × × ×

အကြင်သူသည် အိမ်မှ လေကောင်းလေသန့် ရစေရန် လွင်တီးခေါင်သို့ ထွက်၍ အသက်ရှူလေ့ကျင့်မှုကို ယူပြီး အိမ်ထဲသို့ ပြန်ဝင်၏။

ထို့အတူ ကျွန်တော်သည်လည်း တစ်ချိန်သောအခါက သစ္စာလွှင်ပြင်သို့ ထွက်ကာ သတိပဋ္ဌာန်လေကို တစ်ဝရှူခဲ့ဖူး၏။ ယခုတော့ လောက ဝက်ဘာထဲတွင် တဝဲလည်လည် ကျက်စားနေမိပြန်ပါ၏။

သို့သော် ကမ္မဋ္ဌာနာစရိယဆရာတော်ကြီးများကိုကား သတိရနေဆဲဖြစ်ပါ၏။

ဦးအောင်တင့် (ဓမ္မစာရီ)



ပညာစွမ်းရည်ပြည့်စုံသော ဆရာတော်ကြီးများ ပေါ်ပေါက်လာခဲ့ပါသည်။ ထိုဆရာတော်ကြီးများတွင် ပရိယတ္တိ-ပဋိပတ္တိနှစ်ရပ်တွင် ထူးကဲသောစွမ်းရည်များဖြင့် ပြည့်စုံတော်မူသော နောင်တွင် မြန်မာနိုင်ငံတွင် သာမက ကမ္ဘာသို့တိုင်အောင် ပဋိပတ္တိသာသနာ၊ ဝိပဿနာရှုမှတ်မှုတို့လည်း ထင်ရှားကျော်ကြားလာသည့် ဆရာတော်တစ်ပါးလည်း ပေါ်ထွန်းလာခဲ့ပါသည်။ ထိုဆရာတော်ကား ရွှေဘို ဆိပ်ခွန်ရွာမှ မဟာစည်ဆရာတော် ဘုရားကြီးဟူလူသိများလာမည့် ဦးသောဘန ဆရာတော် ဖြစ်ပါသည်။



မြတ်စွာဘုရား၏ ပဋိပတ္တိသာသနာတော်သည် မြန်မာနိုင်ငံအပါအဝင် ထေရဝါဒနိုင်ငံ (၅) နိုင်ငံတွင် (၁၉) ရာစုမှ (၂၀) ရာစုနှစ်ရှေ့ဦးပိုင်းအထိ ကွယ်ပျောက်လုနည်းနည်း မှေးမှိန်လာခဲ့ပါသည်။ မြန်မာနိုင်ငံတွင် သီးလုံးဆရာတော်ဘုရားကြီး ဘုန်းတော်ကြီးဦးသီလ၊ အလယ်တောရဆရာတော်၊ မင်းကွန်းဇေတဝန်ဆရာတော် စစ်ကိုင်းတောင် မဟာဂန္ဓာရုံဆရာတော် အစရှိသည့် ပဋိပတ္တိသာသနာပြုဆရာတော်ကြီးများ ပေါ်ထွန်းလာခဲ့သည်မှာမှန်ပါ၏။ သို့သော် ထိုဆရာတော်ဘုရားကြီးများ၏ ဝိပဿနာကျင့်စဉ်များမှာ တပည့်အနည်းငယ်မျှထံသို့သာ သက်ဆင်းပျံ့နှံ့ခဲ့ပါသည်။ ကျယ်ကျယ်ပြန့်ပြန့် ပြန့်ပွားမှုမျိုးမရှိခဲ့ပါ။ ဤကဲ့သို့ ထူးခြားသော အရိယာဆရာတော်ကြီးများ ရှိခဲ့သဖြင့်သာ ပဋိပတ္တိသာသနာပျောက်ကွယ်သွားခြင်းမရှိဘဲ မှေးမှိန်နေခြင်းမျှသာ ဖြစ်ပါသည်။

၂၀-ရာစုတွင် ပဋိပတ္တိသာသနာတော်ကြီး မှေးမှိန်ရာမှ ပြန်လည်လှုပ်ရှားလာခဲ့သည်၊ အစပိုင်းတွင် ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီး၏ ပဋိပတ္တိသာသနာ လှုပ်ရှားမှုစခဲ့ပြီး တစ်စတစ်စ အရှိန် အဟုန်ရရှိလာခဲ့ပါသည်။ ထက်မြက်သော သီလ၊ သမာဓိ၊

မြတ်ဇေကျော်တင်မြှင့်မဟာစည်ဆိုသရဏ်း

ဉာဏ်လင်းထိန် (ရေနံချောင်း)

မဟာစည်ဆရာတော်ဘုရားကြီးသည် မော်လမြိုင် တောင်ဝိုင်းကလေးတွင်စာချဆရာတော်အဖြစ် ဆောင်ရွက်နေစဉ် သထုံ မင်းကွန်းဇေတဝန်ဆရာတော် ဘုရားကြီးထံတွင် ဝိပဿနာရှုမှတ် အားထုတ်တော်မူခဲ့ပါသည်။ ၁၃၀၀-ပြည့်နှစ်တွင် မော်လမြိုင် တောင်ဝိုင်းကလေးမှ မွေးရာဇာတိ ဆိပ်ခွန်ရွာသို့ ခေတ္တပြန်ကြွပြီး ဆွေမျိုးတော်စပ်သူ (၃) ဦးအား ဝိပဿနာရှု



မှတ်နည်းကို ဟောကြားပြသ၍ တရားအားထုတ် စေပါသည်။ ထို ယောဂီ (၃) ဦးကား၊ မဟာစည် ဥပနိဿယဖြင့် တရား ရှုမှတ်အား ထုတ်သော ပထမဆုံး သောယောဂီ များဖြစ်ပါသည်။ ထိုယောဂီ (၃) ဦးသည် ဆရာတော် ဘုရားကြီး ညွှန်ကြားပြသသည့်အတိုင်း ဖိဖိစီးစီး လေးလေးစားစား အားထုတ်သဖြင့် မကြာမီ တရားထူးများရ ရှိခံစားရကြောင်း တွေ့ရပါသည်။

တောင်ဝိုင်းကလေးသို့ ပြန်လည်ကြွတော်မူပြီး တစ်ဘက်မှ လည်း စာသင်စာချ ပရိယတ္တိလုပ်ငန်းလုပ်ဆောင်ရင်း တရားအား ထုတ်လိုသူများအားလည်းဝိပဿနာ ရှုမှတ်နည်းကို ဟောကြား ပြသပေးလျက်ရှိနေစဉ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာ၍ တောင်ဝိုင်းကလေးမှ ဆိပ်ခွန်ရွာသို့ ပြန်လည်ကြွရောက်ခဲ့ရပါသည်။ ဝိပဿနာတရားများဟော ကြားပြသရင်း သာသနာ့သမိုင်းဝင် ဖြစ်လာမည့် ဝိပဿနာရှုနည်းကျမ်း ပထမတွဲနှင့် ဒုတိယတွဲကို ရေးသား စီရင်တော်မူပါသည်။

ဝိပဿနာရှုနည်းကျမ်းတွင် ပထမပိုင်းဝိပဿနာအခြေခံသဘောတရားတို့မှ အဆင့်ဆင့်သော သဘောတရားများကို ဘုရားဟော ကျမ်းဂန်များနှင့်အညီ ရေးသားဖော်ပြပြီး ဒုတိယတွဲတွင် မည်သို့ရှုမှတ် အားထုတ်ရမည့် နည်းနိဿယများနှင့် အကျိုးတရားများကို ဖော်ပြပါရှိသဖြင့် အလွန်လေးနက် တန်ဖိုးကြီးမားလှသောကျမ်းကြီးဖြစ်ပါသည်။

စစ်ကြီးပြီးဆုံးသည့်အခါ အထက်ရွှေဘို၊ စစ်ကိုင်း၊ မန္တလေးနယ်တို့တွင် ဆရာတော်ဘုရားကြီး၏ မဟာစည် ဝိပဿနာရှုနည်းဖြစ်သော ဖောင်းတယ်, ပိန်တယ်, ကြွတယ်, လှမ်းတယ်, စသည်ဖြင့် ရှုမှတ်သောနည်းသည် ကျော်ကြား၍ လူအများလက်ခံကျင့်သုံးလာကြသည်။ ဆရာတော် ဘုရားကြီးကိုယ်တိုင်လည်း မြတ်စွာဘုရား၏ တရားတော်များကို ဝိပဿနာရှုထောင့်မှ အမြင်ဖြင့် ဟောကြား၍ ဝိပဿနာရှုနည်းကို ပြသပေးတော်မူလျက်ရှိရာ ကျော်ကြားမှု သတင်းသည် ရန်ကုန်သို့ ပျံ့နှံ့လာခဲ့ပြီဖြစ်ပါသည်။

နိုင်ငံတော် သမ္မတကြီး ဝန်ကြီးများအပါအဝင် သာသနာ့ဒါယကာကြီး ဆာဦးသွင်တို့ ဦးစီးဖွဲ့စည်းတည်ထောင်သော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်သည် ၁၉၄၇-ခုနှစ်တွင် ပေါ်ပေါက်လာချိန်နှင့် တိုက်ဆိုင်ခဲ့ပါသည်။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်အနေဖြင့် ပရိယတ္တိပဋိပတ္တိစွယ်စုံရ ထူးခြားသောစွမ်းရည်တို့ဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်တစ်ပါးကိုးကွယ်၍ သာသနာ ပြုရန်လိုအပ်သည့်အခါနှင့် အံကိုက်ဖြစ်ခဲ့၍ မဟာစည်ဆရာတော်ဘုရားကြီးအား ရန်ကုန်သာသနာ့ရိပ်သာသို့ပင့်တော်မူခဲ့ပါသည်။ ဤသည်မှာ သာသနာတော်၏ တန်ခိုးတော်ကြောင့် ဤမျှတိုက် ဆိုင်ဖွယ်ရှိသည်ဟု ယူဆရမည်ဖြစ်ပါသည်။

၁၃၁၁-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၆) ရက်နေ့တွင် ရန်ကုန်သို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ပင့်လျှောက်ချက်အရ ကြွရောက်တော်မူလာပြီး နတ်တော်လပြည့်တွင် ယောဂီ (၂၅) ဦးအား စတင်၍ ဝိပဿနာအလုပ်ပေးတရားတော်ကြီးကို ဟောကြား၍ ကမ္မဋ္ဌာန်းပေးတော်မူသည်။ ယောဂီများတစ်နေ့တစ်ခြား များပြားလာသောအခါ၌လည်း ဤအလုပ်ပေးတရားတော်ကြီးကိုပင် ဟောကြား၍ (နောင်တွင် အသံသွင်းကြိုးခွေကိုဖွင့်ပြ၍) ကမ္မဋ္ဌာန်းပေးတော်မူသည်။ ထိုအလုပ်ပေးတရားတော်ကြီးကား ဝိပဿနာကမ္မဋ္ဌာန်းအတွေ့အကြုံ မရှိသေးသူများကိုပင် ကမ္မဋ္ဌာန်းအလုပ်ကို လုပ်တတ်အောင် အသေးစိတ်ညွှန်ကြားထားသော တရားတော်ကြီးပင်ဖြစ်ပါသည်။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

မဟာစည်ဆရာတော်၏ ဝိပဿနာ ဥပနိဿယသည် ဘုရားဟောကျမ်းဂန်နှင့်ညီညွတ် ကိုက်ညီ၍ တရားထူးများ မလွဲမသွေရရှိနိုင်မှု၊ တရားအားထုတ်ရန် လွယ်ကူ၍ အားထုတ်သူများ တရားထူးများ ရရှိမှုကြောင့် မြန်မာနိုင်ငံတွင်းတွင် အလျင်အမြန် ပြန့်ပွား၍ တရားရိပ်သာခွဲများ အမြောက်အများ ပေါ်ပေါက်လာခဲ့ပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ရာတွင် ထေရဝါဒနိုင်ငံများ ဖြစ်ကြသော သီဟိုဠ် (သီရိလင်္ကာ)၊ ယိုးဒယား (ထိုင်း)၊ လော၊ ကမ္ဘောဒီးယား၊ စသည့်နိုင်ငံများမှ ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိပညာ ဂုဏ်တို့နှင့် ပရိယတ္တိစွမ်းရည်တို့ကို နီးနီးကပ်ကပ်လေ့လာသိရှိရသဖြင့် ယုံကြည်အားကိုးစွာဖြင့် မိမိတို့၏ နိုင်ငံများတွင် တိမ်မြုပ်ပျောက်ကွယ်လုနည်း ရှိနေသော ပဋိပတ္တိဝိပဿနာကျင့်စဉ်များ လာရောက်ဟောကြားပြသပေးရန် ပင့်ဖိတ်လာကြပါသည်။

မဟာစည်ဩဝါဒခံ ကမ္မဋ္ဌာန်းဌာနများ ထိုင်းနိုင်ငံနှင့် သီရိလင်္ကာ နိုင်ငံတို့တွင် တမုဟုတ်ချင်းတိုးတက်များပြားစွာ ဖွင့်လှစ်လာခဲ့ပါသည်။ အင်္ဂလန်နှင့် ဥရောပနိုင်ငံများသို့လည်း ဤဝိပဿနာရှုမှတ်နည်း သည်ကူးစက်ပြန့်ပွားသွားခဲ့ပြီး မဟာ စည်ဝိပဿနာရှုနည်းကိုပင် "မြန်မာ ဝိပဿနာရှုနည်း" ဟုလူသိများ ကျော်ကြားထင်ရှားလာခဲ့ပါသည်။



ကျော်ကြားထင်ပေါ်လာသည့် အခါများတွင် ကြုံတွေ့ရလေ့ရှိသည့် ဓမ္မတာအတိုင်း "မဟာစည်ဝိပဿနာရှုနည်း" ဖောင်းပိန် ဝိပဿနာရှုနည်းကို ဝေဖန်တိုက်ခိုက်မှုများ ပေါ်ပေါက်လာပါသည်။

၁၉၅၇-ခုနှစ်တွင် သီရိလင်္ကာ နိုင်ငံမှ စတင်ခဲ့ပါသည်။ သီရိလင်္ကာမှ ဆရာတော် ကဿဖ ဆိုသော ဆရာတော်နှင့် ဆရာတော်သောမ မထေရ်တို့မှ မဟာစည်ဝိပဿနာရှုနည်းအပေါ် အတော်ပြင်းပြင်းထန်ထန် ဝေဖန်တိုက်ခိုက်မှုများ ရှိခဲ့မှုအပေါ် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်မှ ပြန်လည်ဖြေရှင်းရင် ဆိုင်ရန် ဆန္ဒရှိခဲ့သော်လည်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် သည်းခံ၍ လျစ်လျူရှုရန်တားမြစ် ဩဝါဒပေးတော်မူပါသည်။ ထိုဝေဖန်တိုက်ခိုက်မှုများကို တုန့်ပြန်မှုအနေဖြင့် ဆရာတော်ဘုရားကြီးမှ မဟာစည်သာသနာ့ရိပ်သာမှ ကမ္မဋ္ဌာနာ စရိယဆရာတော်များကို မဟာစည် ဝိပဿနာရှုနည်းဖြင့် ပဋိပတ္တိသာသနာပြုရန် သီရိလင်္ကာ နိုင်ငံသို့ ဆက်တိုက်စေလွှတ်ခဲ့ပါသည်။ မကြာမီပင် တိုက်ခိုက်ဝေဖန်မှုများ ဆိတ်ငြိမ်ကွယ်ပျောက်သွားပါသည်။

တစ်ဖန် ၁၉၆၆-ခုနှစ်တွင် World Buddhism စာစောင်တွင် ကိုလံဘိုမှ ရှင်ခေမိန္ဒဆိုသော မထေရ်တစ်ပါးမှ ဝိပဿနာကျင့်စဉ် "ခဏိကသမာဓိ" ဆိုသော အချက်ပေါ် မဟာစည်ဆရာတော်ဘုရားကြီး၏ ယူဆဖော်ပြသုံးသပ်ချက်အပေါ် အပြင်းအထန်တိုက်ခိုက်ဝေဖန်မှု ထွက်ပေါ်လာပြန်ပါသည်။

ထို တိုက်ခိုက်ဝေဖန်မှုသည် အတော်ပြင်းထန်သည့်အပြင် ကမ္ဘာသို့ ဖြန့်ဝေနေသော "ကမ္ဘာ့ဗုဒ္ဓဘာသာ" စာစောင်တွင် ဖော်ပြခြင်းဖြစ်သဖြင့် ဗုဒ္ဓဘာသာအပေါ်၌လည်းကောင်း၊ ဝိပဿနာတရား၏ မဟာသတိပဋ္ဌာန်တရားတော် အပေါ်၌လည်းကောင်း လွဲမှားစွာသိမြင်မှတ်ယူနိုင်သဖြင့် ရှင်းလင်းဖြေကြားရန် သင့်လှပေ၏။ ကမ္ဘာအေး၌ သီတင်းသုံးတော်မူလျက်ရှိသော အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် ဆရာတော်ဦးဥနုတ္တရအား ဖြေကြားရန် မဟာစည်ဆရာတော်ဘုရားကြီးမှ တာဝန်ပေးအပ်ပါသည်။

ဆရာတော် ဦးဥနုတ္တရမှာ မဟာစည် ဆရာတော်ဘုရားကြီး၏



မိခင်ကြီးက ထိုသို့ ကျွန်တော် ဆောင်ပုဒ်လက်ဝဲလေးအပေါ် အာရုံရောက်နေသည်ကို သိရှိသည့် အလား "အဲဒီတော့ ငါ့သား အအိပ်ကိုလည်း မမက်နဲ့၊ တစ်သံသရာလုံး အိပ်ခဲ့ရတာများပြီ"

မိခင်ကြီးပြောသည့်စကားကို ကျွန်တော်သဘောမပေါက်လှပါ။ သို့သော် မိခင်ကြီးစကားကို နားထောင်သည့်အနေဖြင့် အိပ်ယာမှ ကြိုးစား၍ ထလိုက်ရပါ၏။ ရိပ်သာအပြင်သို့ ထွက်လိုက်သောအခါ ကောင်းကင်ပြင်ကြီးကို သတိထားမိပါသည်။ မိုးသားထုတွေနှင့် ပိန်းပိတ်နေသည်။

'မိုးရွာတော့မှာပါလား'

ကျွန်တော့်စိတ်ထဲမှ ရေရွတ်မိသည်။

မိခင်ကြီးနှင့်စာရေးသူတို့သည် ရိပ်သာထဲတွင်ပင်ရှုမှတ်နေပါသည်။ ထိုအခါတွင် (စိတ်)၏ လျင်မြန်ပုံကို သတိထားမိပါ၏။ သမာဓိရင့်ကျက်လာသည်နှင့်အမျှ (ဉာဏ်စဉ်များ) တရိပ်ရိပ်တက်လာကာ ဆရာတော်၏ သတ်မှတ်ချက်အတိုင်း အချိန်ပြည့် 'သတိပဋ္ဌာန်' တရားကို ကြိုးစား၍ အားထုတ်မိပါသည်။

'တရားကိုရှာ၊ ကိုယ်ခန္ဓာ'

'မည္ဟာမင့်နဲ့'

'ရင်ဝလှံစူး၊ ထိပ်ကိုမီးလောင်'

'မလှုပ်မငြိမ်းနဲ့လို့ မြတ်စွာဘုရားရှင်က မှာခဲ့တယ်'

'ပရိက်' ပြုပြီး တရားအားထုတ်နှင့်၊ × × × × ×

ဤဝယ်ကမ်းစ၊ သက္ကာယမှ၊ ဟိုဘက်အရောက်၊ ကူးမြောက်သူမှာ၊ ရဟန္တာတည့်၊ ကောင်းရာညွှန်ကြား၊ ကယ်သူကား၊ ဘုရားမြတ်စွာတည်း။

(ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါတို့ကား မြွေလေးကောင်နှင့် တူပါပေ၏၊ ခန္ဓာငါးပါးကား သူသတ်သမား (၅)ယောက်နှင့်တူပါပေ၏။ စသည်ဖြင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဟောကြားသော တရားကို နားထဲဝယ် ပဲ့တင်ထပ်နေပါ၏။

× × × × ×

အကြင်သူသည် အိမ်မှ လေကောင်းလေသန့်၊ ရစေရန် လွင်တီးခေါင်သို့ ထွက်၍ အသက်ရှူလေ့ကျင့်မှုကို ယူပြီး အိမ်ထဲသို့ ပြန်ဝင်၏။

ထို့အတူ ကျွန်တော်သည်လည်း တစ်ချိန်သောအခါက သစ္စာလွှင်ပြင်သို့ ထွက်ကာ သတိပဋ္ဌာန်လေကို တစ်ဝရှူခဲ့ဖူး၏။ ယခုတော့ လောက ဝက်ဘာထဲတွင် တဝဲလည်လည် ကျက်စားနေမိပြန်ပါ၏။

သို့သော် ကမ္မဋ္ဌာနာစရိယဆရာတော်ကြီးများကိုကား သတိရနေဆဲဖြစ်ပါ၏။

ဦးအောင်တင့် (ဓမ္မစာရီ)



လာရာတွင် အချိန်ကြာလာသည်နှင့်အမျှ (ဝေဒနာ) ပေါ်လာတတ်ပါသည်။ အလွန်ပြင်းထန်သော ဝေဒနာကို ရှုမှတ်ပြီး အနိုင်ယူရပါသည်။

လမ်းကြောင်းမှန်မှန်ဖြင့် ရှုမှတ်လာရာ ကျွန်တော်သည် (ဉာဏ်စဉ်နာ) ရမည့် သူများစာရင်းတွင် 'အငယ်ဆုံးယောဂီ' အဖြစ် ပါဝင်ခဲ့ပါသည်။

ဉာဏ်စဉ်နာရန် 'မဟာစည်ဆရာတော်ကြီး' ၏ သာသနာ့ ရိပ်သာသို့ လာခဲ့ရပါသည်။ ထိုအချိန်တွင် မဟာစည်ဆရာတော်ကြီးကို စတင်ဖူးမြော်ရခြင်းဖြစ်ပါသည်။

ဆရာတော်ကြီးဟောကြားသောတရားကို ယခုထက်တိုင် မှတ်မိနေပါသေးသည်။

'မြွေလေးကောင်ကား၊ လေးပါးဆုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာ



မြတ်စွာဘုရား၏ ပဋိပတ္တိသာသနာတော်သည် မြန်မာနိုင်ငံအပါအဝင် ထေရဝါဒနိုင်ငံ (၅) နိုင်ငံတွင် (၁၉) ရာစုမှ (၂၀) ရာစုနှစ်ရှေ့ဦးပိုင်းအထိ ကွယ်ပျောက်လုနည်းနည်း မှေးမှိန်လာခဲ့ပါသည်။ မြန်မာနိုင်ငံတွင် သီးလုံးဆရာတော်ဘုရားကြီး ဘုန်းတော်ကြီးဦးသီလ၊ အလယ်တောရဆရာတော်၊ မင်းကွန်းဇေတဝန်ဆရာတော် စစ်ကိုင်းတောင် မဟာဂန္ဓာရုံဆရာတော် အစရှိသည့် ပဋိပတ္တိသာသနာပြုဆရာတော်ကြီးများ ပေါ်ထွန်းလာခဲ့သည်မှာမှန်ပါ၏။ သို့သော် ထိုဆရာတော်ဘုရားကြီးများ၏ ဝိပဿနာကျင့်စဉ်များမှာ တပည့်အနည်းငယ်မျှထံသို့သာ သက်ဆင်းပျံ့နှံ့ခဲ့ပါသည်။ ကျယ်ကျယ်ပြန့်ပြန့် ပြန့်ပွားမှုမျိုးမရှိခဲ့ပါ။ ဤကဲ့သို့ ထူးခြားသော အရိယာဆရာတော်ကြီးများ ရှိခဲ့သဖြင့်သာ ပဋိပတ္တိသာသနာ ပျောက်ကွယ်သွားခြင်းမရှိဘဲ မှေးမှိန်နေခြင်းမျှသာ ဖြစ်ပါသည်။

၂၀-ရာစုတွင် ပဋိပတ္တိသာသနာတော်ကြီး မှေးမှိန်ရာမှ ပြန်လည်လှုပ်ရှားလာခဲ့သည်၊ အစပိုင်းတွင် ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီး၏ ပဋိပတ္တိသာသနာ လှုပ်ရှားမှုစခဲ့ပြီး တစ်စတစ်စ အရှိန် အဟုန်ရရှိလာခဲ့ပါသည်။ ထက်မြက်သော သီလ၊ သမာဓိ၊ ပညာစွမ်းရည်ပြည့်စုံသော ဆရာတော်ကြီးများ ပေါ်ပေါက်လာခဲ့ပါသည်။ ထိုဆရာတော်ကြီးများတွင် ပရိယတ္တိ-ပဋိပတ္တိနှစ်ရပ်တွင် ထူးကဲသောစွမ်းရည်များဖြင့် ပြည့်စုံတော်မူသော နောင်တွင် မြန်မာနိုင်ငံတွင် သာမက ကမ္ဘာသို့တိုင်အောင် ပဋိပတ္တိသာသနာ၊ ဝိပဿနာရှုမှတ်မှုတို့လည်း ထင်ရှားကျော်ကြားလာသည့် ဆရာတော်တစ်ပါးလည်း ပေါ်ထွန်းလာခဲ့ပါသည်။ ထိုဆရာတော်ကား ရွှေဘို ဆိပ်ခွန်ရွာမှ မဟာစည်ဆရာတော် ဘုရားကြီးဟုလူသိများလာမည့် ဦးသောဘန ဆရာတော် ဖြစ်ပါသည်။

မှတ်ကျောက်တင်ပြီး မဟာစည်နိုဿရည်း

ဉာဏ်လင်းထိန် (ရေနံချောင်း)

မဟာစည်ဆရာတော်ဘုရားကြီးသည် မော်လမြိုင် တောင်ဝိုင်းကလေးတွင်စာချဆရာတော်အဖြစ် ဆောင်ရွက်နေစဉ် သထုံ မင်းကွန်းဇေတဝန်ဆရာတော် ဘုရားကြီးထံတွင် ဝိပဿနာရှုမှတ် အားထုတ်တော်မူခဲ့ပါသည်။ ၁၃၀၀-ပြည့်နှစ်တွင် မော်လမြိုင် တောင်ဝိုင်းကလေးမှ မွေးရာဇာတိ ဆိပ်ခွန်ရွာသို့ ခေတ္တပြန်ကြွပြီး ဆွေမျိုးတော်စပ်သူ (၃) ဦးအား ဝိပဿနာရှု



မှတ်နည်းကို ဟောကြားပြသ၍ တရားအားထုတ် စေပါသည်။ ထို ယောဂီ (၃) ဦးကား၊ မဟာစည် ဥပနိဿယဖြင့် တရား ရှုမှတ်အား ထုတ်သော ပထမဆုံး သောယောဂီ များဖြစ်ပါသည်။ ထိုယောဂီ (၃) ဦးသည် ဆရာတော် ဘုရားကြီး ညွှန်ကြားပြသသည့်အတိုင်း ဖိဖိစီးစီး လေးလေးစားစား အားထုတ်သဖြင့် မကြာမီ တရားထူးများရရှိခံစားရကြောင်း တွေ့ရပါသည်။

တောင်ဝိုင်းကလေးသို့ ပြန်လည်ကြွတော်မူပြီး တစ်ဘက်မှ လည်း စာသင်စာချ ပရိယတ္တိလုပ်ငန်းလုပ်ဆောင်ရင်း တရားအား ထုတ်လိုသူများအားလည်းဝိပဿနာရှုမှတ်နည်းကို ဟောကြား ပြသပေးလျက်ရှိနေစဉ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာ၍ တောင်ဝိုင်းကလေးမှ ဆိပ်ခွန်ရွာသို့ ပြန်လည်ကြွရောက်ခဲ့ရပါသည်။ ဝိပဿနာတရားများဟော ကြားပြသရင်း သာသနာ့သမိုင်းဝင် ဖြစ်လာမည့် ဝိပဿနာရှုနည်းကျမ်း ပထမတွဲနှင့် ဒုတိယတွဲကို ရေးသား စီရင်တော်မူပါသည်။

ဝိပဿနာရှုနည်းကျမ်းတွင် ပထမပိုင်းဝိပဿနာအခြေခံသဘောတရားတို့မှ အဆင့်ဆင့်သော သဘောတရားများကို ဘုရားဟော ကျမ်းဂန်များနှင့်အညီ ရေးသားဖော်ပြပြီး ဒုတိယတွဲတွင် မည်သို့ရှုမှတ် အားထုတ်ရမည့် နည်းနိဿယများနှင့် အကျိုးတရားများကို ဖော်ပြပါရှိသဖြင့် အလွန်လေးနက် တန်ဖိုးကြီးမားလှသောကျမ်းကြီးဖြစ်ပါသည်။

စစ်ကြီးပြီးဆုံးသည့်အခါ အထက်ရွှေဘို၊ စစ်ကိုင်း၊ မန္တလေးနယ်တို့တွင် ဆရာတော်ဘုရားကြီး၏ မဟာစည် ဝိပဿနာရှုနည်းဖြစ်သော ဖောင်းတယ်, ပိန်တယ်, ကြွတယ်, လှမ်းတယ်, စသည်ဖြင့် ရှုမှတ်သောနည်းသည် ကျော်ကြား၍ လူအများလက်ခံကျင့်သုံးလာကြသည်။ ဆရာတော် ဘုရားကြီးကိုယ်တိုင်လည်း မြတ်စွာဘုရား၏ တရားတော်များကို ဝိပဿနာရှုထောင့်မှ အမြင်ဖြင့် ဟောကြား၍ ဝိပဿနာရှုနည်းကို ပြသပေးတော်မူလျက်ရှိရာ ကျော်ကြားမှု သတင်းသည် ရန်ကုန်သို့ ပျံ့နှံ့လာခဲ့ပြီဖြစ်ပါသည်။

နိုင်ငံတော် သမ္မတကြီး ဝန်ကြီးများအပါအဝင် သာသနာ့ဒါယကာကြီး ဆာဦးသွင်တို့ ဦးစီးဖွဲ့စည်းတည်ထောင်သော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်သည် ၁၉၄၇-ခုနှစ်တွင် ပေါ်ပေါက်လာချိန်နှင့် တိုက်ဆိုင်ခဲ့ပါသည်။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်အနေဖြင့် ပရိယတ္တိပဋိပတ္တိစွယ်စုံရ ထူးခြားသောစွမ်းရည်တို့ဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်တစ်ပါးကိုးကွယ်၍ သာသနာ ပြုရန် လိုအပ်သည့်အခါနှင့် အံကိုက်ဖြစ်ခဲ့၍ မဟာစည်ဆရာတော်ဘုရားကြီးအား ရန်ကုန်သာသနာ့ရိပ်သာသို့ပင့်တော်မူခဲ့ပါသည်။ ဤသည်မှာ သာသနာတော်၏ တန်ခိုးတော်ကြောင့် ဤမျှတိုက် ဆိုင်ဖွယ်ရှိသည်ဟု ယူဆရမည်ဖြစ်ပါသည်။

၁၃၁၁-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၆) ရက်နေ့တွင် ရန်ကုန်သို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ပင့်လျှောက်ချက်အရ ကြွရောက်တော်မူလာပြီး နတ်တော်လပြည့်တွင် ယောဂီ (၂၅) ဦးအား စတင်၍ ဝိပဿနာအလုပ်ပေးတရားတော်ကြီးကို ဟောကြား၍ ကမ္မဋ္ဌာန်းပေးတော်မူသည်။ ယောဂီများတစ်နေ့တစ်ခြား များပြားလာသောအခါ၌လည်း ဤအလုပ်ပေးတရားတော်ကြီးကိုပင် ဟောကြား၍ (နောင်တွင် အသံသွင်းကြိုးခွေကိုဖွင့်ပြ၍) ကမ္မဋ္ဌာန်းပေးတော်မူသည်။ ထိုအလုပ်ပေးတရားတော်ကြီးကား ဝိပဿနာကမ္မဋ္ဌာန်းအတွေ့အကြုံ မရှိသေးသူများကိုပင် ကမ္မဋ္ဌာန်းအလုပ်ကို လုပ်တတ်အောင် အသေးစိတ်ညွှန်ကြားထားသော တရားတော်ကြီးပင် ဖြစ်ပါသည်။





မဟာစည်ဆရာတော်၏ ဝိပဿနာ ဥပနိဿယသည် ဘုရားဟောကျမ်းဂန်နှင့်ညီညွတ် ကိုက်ညီ၍ တရားထူးများ မလွဲမသွေရရှိနိုင်မှု၊ တရားအားထုတ်ရန် လွယ်ကူ၍ အားထုတ်သူများ တရားထူးများ ရရှိမှုကြောင့် မြန်မာနိုင်ငံတွင်းတွင် အလျင်အမြန် ပြန့်ပွား၍ တရားရိပ်သာခွဲများ အမြောက်အများ ပေါ်ပေါက်လာခဲ့ပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ရာတွင် ထေရဝါဒနိုင်ငံများ ဖြစ်ကြသော သီဟိုဠ် (သီရိလင်္ကာ)၊ ယိုးဒယား (ထိုင်း)၊ လော၊ ကမ္ဘောဒီးယား၊ စသည့်နိုင်ငံများမှ ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိပညာ ဂုဏ်တို့နှင့် ပရိယတ္တိစွမ်းရည်တို့ကို နီးနီးကပ်ကပ်လေ့လာသိရှိရသဖြင့် ယုံကြည်အားကိုးစွာဖြင့် မိမိတို့၏ နိုင်ငံများတွင် တိမ်မြုပ်ပျောက်ကွယ်လုနည်း ရှိနေသော ပဋိပတ္တိဝိပဿနာကျင့်စဉ်များ လာရောက်ဟောကြားပြသပေးရန် ပင့်ဖိတ်လာကြပါသည်။

မဟာစည်ဩဝါဒခံ ကမ္မဋ္ဌာန်းဌာနများ ထိုင်းနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့တွင် တမုဟုတ်ချင်းတိုးတက်များပြားစွာ ဖွင့်လှစ်လာခဲ့ပါသည်။ အင်္ဂလန်နှင့် ဥရောပနိုင်ငံများသို့လည်း ဤဝိပဿနာရှုမှတ်နည်းသည်ကူးစက်ပြန့်ပွားသွားခဲ့ပြီး မဟာ စည်ဝိပဿနာရှုနည်းကိုပင် "မြန်မာ ဝိပဿနာရှုနည်း" ဟုလူသိများ ကျော်ကြားထင်ရှားလာခဲ့



ပါသည်။

ကျော်ကြားထင်ပေါ်လာသည့် အခါများတွင် ကြုံတွေ့ရလေ့ရှိသည့် ဓမ္မတာအတိုင်း "မဟာစည်ဝိပဿနာရှုနည်း" ဖောင်းပိန် ဝိပဿနာရှုနည်းကို ဝေဖန်တိုက်ခိုက်မှုများ ပေါ်ပေါက်လာပါသည်။

၁၉၅၇-ခုနှစ်တွင် သီရိလင်္ကာနိုင်ငံမှ စတင်ခဲ့ပါသည်။ သီရိလင်္ကာမှ ဆရာတော် ကဿဖ ဆိုသော ဆရာတော်နှင့် ဆရာတော်သောမထေရ်တို့မှ မဟာစည်ဝိပဿနာရှုနည်းအပေါ် အတော်ပြင်းပြင်းထန်ထန် ဝေဖန်တိုက်ခိုက်မှုများ ရှိခဲ့မှုအပေါ် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ ပြန်လည်ဖြေရှင်းရင်ဆိုင်ရန် ဆန္ဒရှိခဲ့သော်လည်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးသည် သည်းခံ၍ လျစ်လျူရှုရန်တားမြစ် ဩဝါဒပေးတော်မူပါသည်။ ထိုဝေဖန်တိုက်ခိုက်မှုများကို တုန့်ပြန်မှုအနေဖြင့် ဆရာတော်ဘုရားကြီးမှ မဟာစည်သာသနာ့ရိပ်သာမှ ကမ္မဋ္ဌာနာ စရိယဆရာတော်များကို မဟာစည် ဝိပဿနာရှုနည်းဖြင့် ပဋိပတ္တိသာသနာပြုရန် သီရိလင်္ကာ နိုင်ငံသို့ ဆက်တိုက်စေလွှတ်ခဲ့ပါသည်။ မကြာမီပင် တိုက်ခိုက်ဝေဖန်မှုများ ဆိတ်ငြိမ်ကွယ်ပျောက်သွားပါသည်။

တစ်ဖန် ၁၉၆၆-ခုနှစ်တွင် World Buddhism စာစောင်တွင် ကိုလံဘိုမှ ရှင်ခေမိန္ဒဆိုသော မထေရ်တစ်ပါးမှ ဝိပဿနာကျင့်စဉ် "ခဏိကသမာဓိ" ဆိုသော အချက်ပေါ် မဟာစည်ဆရာတော်ဘုရားကြီး၏ ယူဆဖော်ပြသုံးသပ်ချက်အပေါ် အပြင်းအထန်တိုက်ခိုက်ဝေဖန်မှု ထွက်ပေါ်လာပြန်ပါသည်။

ထို တိုက်ခိုက်ဝေဖန်မှုသည် အတော်ပြင်းထန်သည့်အပြင် ကမ္ဘာသို့ ဖြန့်ဝေနေသော "ကမ္ဘာ့ဗုဒ္ဓဘာသာ" စာစောင်တွင် ဖော်ပြခြင်းဖြစ်သဖြင့် ဗုဒ္ဓဘာသာအပေါ်၌လည်းကောင်း၊ ဝိပဿနာတရား၏ မဟာသတိပဋ္ဌာန်တရားတော် အပေါ်၌လည်းကောင်း လွဲမှားစွာသိမြင်မှတ်ယူနိုင်သဖြင့် ရှင်းလင်းဖြေကြားရန် သင့်လှပေ၏။ ကမ္ဘာအေး၌ သီတင်းသုံးတော်မူလျက်ရှိသော အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် ဆရာတော်ဦးဉာနုတ္တရအား ဖြေကြားရန် မဟာစည်ဆရာတော်ဘုရားကြီးမှ တာဝန်ပေးအပ်ပါသည်။

ဆရာတော် ဦးဉာနုတ္တရမှာ မဟာစည် ဆရာတော်ဘုရားကြီး၏



ညွှန်ကြားပြသသည့် ဝိပဿနာရှုနည်းဖြင့် အားထုတ်တော်မူခဲ့သည့်အပြင် မဟာစည်ရိပ်သာတွင်လည်း ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်တော်မူခဲ့ဖူးသူ ဖြစ်ပါသည်။ ထို့အပြင် ဆရာတော်သည် အင်္ဂလိပ်ဘာသာအပါအဝင် နိုင်ငံခြားဘာသာ လေးမျိုးခန့်ကိုပင် ကျွမ်းကျင်တော်မူသော ဆရာတော်လည်း ဖြစ်ပါသည်။

ရှင်ခေမိန္ဒမထေရ်၏ ရေးသားချက်အပေါ် ဆရာတော်ဦးဉာနုတ္တရ၏ ဖြေကြားချက်မှ အချက်ကျ ရှင်းလင်းလှသော်လည်း ရှင်ခေမိန္ဒမထေရ်မှာ သဘောထားရှင်းလင်းမသွားသည့်အတွက် ထပ်ဆင့် အငြင်းပွားမှုများ ဆင့်ကဲဆင့်ကဲ ထို "ကမ္မာဘုဒ္ဓဘာသာ" စာစောင်ကြီးတွင် ရေးသားချက်များကို ကျေးဇူးတော်ရှင် ဦးဉာနုတ္တရအရှင်မြတ်ကလည်း ဖော်ပြရေးသားလာသည့် ထပ်ဆင့် အငြင်းပွားမှုအပေါ် နှောင့်နှေးခြင်းမရှိဘဲ ထပ်ဆင့်ဖြေရှင်း ရေးသားတော်မူပါသည်။ ရှင်ခေမိန္ဒ မထေရ်၏ ထပ်ဆင့် အငြင်းပွား ရေးသားမှုပေါင်း (၈) ကြိမ်အပေါ် ဆရာတော်ဦးဉာနုတ္တရ၏ ရှင်းလင်း ဖြေကြားချက် (၂၀) ကြိမ်ရှိခဲ့ပါသည်။ ကမ္မာဘုဒ္ဓဘာသာလေ့လာသူ များအထူးစိတ်ဝင်စားစွာ လေ့လာဖတ်ရှုသုံးသပ်ခဲ့ကြပါသည်။ ဤသို့ အပြန်အလှန် ဝေဖန်မှုနှင့် ၎င်းအပေါ် ရှင်းလင်းဖြေကြားမှုများသည် အကြိမ် (၂၀) ရှိပြီး (၂) နှစ်ခန့် ကြာမြင့်ခဲ့ပြီးမှ ငြိမ်သက်သွားပါသည်။

ပြည်တွင်းဦလည်း တိုက်ခိုက်ဝေဖန်မှုမကင်းပါ။ အပြင်းထန်ဆုံးမှာ သန်လျင်ဘက်မှထွက်ပေါ်လာပြီး ထင်ရှားကျော်ကြားသော စာတတ်ပေတတ်ဆရာတော်တစ်ပါး၏ ဝေဖန်တိုက်ခိုက်မှု ဖြစ်ပါသည်။ ထိုတိုက်ခိုက်မှုမှာ မဟာစည်ဆရာတော်ဘုရားကိုသာမက မြန်မာ့သာသနာ့သမိုင်း တွင် ဂုရုတစ်ဆူဟု အသိအမှတ်ပြု စံထားရသော လယ်တီ ဆရာတော်ဘုရားကြီးပါ မကျန်အောင်ဖြစ်လာပါသည်။ မဟာစည်ဆရာတော် ဘုရားကြီးက မူ သည်းခံခွင့်လွှတ်စိတ်ဖြင့် တိုက်ရိုက်ဖြေကြားခြင်းမပြုဘဲ ဆရာတော်ဘုရားကြီး ရေးသားပြုစုသောကျမ်းစာအုပ်များတွင် နောက်ဆက်တွဲအဖြစ် ရှင်းလင်းဖော်ပြခြင်းဖြင့်သာ ထိုတိုက်ခိုက်မှုများကို ရှင်းလင်းတော်မူပါသည်။ အကျိုးမများသော၊ ကုသိုလ်တရား မဖြစ်နိုင်သော မြန်မာဗုဒ္ဓဘာသာဝင်များ၊ အကုသိုလ်သာ ဖြစ်ပွားစေနိုင်သော ကြောင့် အပြန်အလှန် အငြင်းအခုံ ဖြေရှင်းမှုများကို မပြုလုပ်ခြင်းဖြစ်ပါသည်။

သို့သော် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းအပေါ် အလေးအနက်ယုံကြည်လေးစားကြသော မဟာစည်သြဝါဒံ ဆရာတော်ကြီးများ တပည့်သာဝကဆရာတော်များက ပြန်လည်ဖြေရှင်းခွင့် ဆရာတော်ဘုရားကြီးထံ ခွင့်ပြုမိန့် တောင်းခံသော်လည်း ခွင့်ပြုတော်မမူဘဲ လျစ်လျူရှု၍သာ နေရန် အကြိမ်ကြိမ်မိန့်ကြားတော်မူပါသည်။

ဝေဖန်တိုက်ခိုက်မှုသည် သံဃာတော်ပိုင်းအပြင် လူပုဂ္ဂိုလ်တစ်ဦးပါပါဝင်လာပါသည်။ မဟာစည်ဆရာတော်ဘုရားကြီးသာမက ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးကိုလည်း ဝဲညာခြင်းမရှိဘဲ တိုက်ခိုက်မှုဖြစ်လာ၍ ဆရာတော်ဘုရားကြီးအပေါ် လေးစားယုံကြည်အားကိုးသော ဝက်လက်မစိုးရိမ်ဆရာတော် ဦးတိသက မဟာစည်ဆရာတော်ဘုရားကြီးထံ ကြုံတင်ခွင့်ပန်ခြင်း မပြုတော့ဘဲ တိုက်ခိုက်ဝေဖန်မှုများကို တိကျခိုင်လုံစွာ အချက်ကျ ရှင်းလင်းဖြေကြားသောစာအုပ်နှစ်အုပ်ထွက်ပေါ်လာပါသည်။ ထိုစာအုပ်များ "မဟာဋ္ဌရတနာ" နှင့် "ဒုတိယမဟာဋ္ဌရတနာ" စာအုပ်များ ဖြစ်ပါသည်။ ထိုစာအုပ်များ ထွက်လာပြီးနောက် ပိဋကတ္တယပါရဂူ ဓမ္မာစရိယအရှင်ဉာဏဖလ စီရင်ရေးသားသော "ပဒဋ္ဌာန်ဖြတ်ထုံးကျမ်း" ဆက်တိုက်ထွက်ပေါ်လာပြန်ပါသည်။ ထိုအခါသံဃာပိုင်းအနေဖြင့်လည်းကောင်း၊ လူပုဂ္ဂိုလ်များအနေဖြင့်လည်းကောင်း မည်သည်ကအမှား မည်သည်က အမှန်ကို ဝေဖန်ပိုင်းခြားနိုင်ကြပြီး အမှန်ကို သိမြင်လာသဖြင့် တိုက်ခိုက်ဝေ



ဖန်မှုများလည်း အဆုံးသတ်ဆိတ်သုဉ်း ပျောက်ကွယ်သွားပါတော့သည်။

ယခုအခါ မဟာစည်နိဿယအတိုင်း အားထုတ်ရှုမှတ်လျက်ရှိသော တရားရိပ်သာခွဲပေါင်း ပြည်တွင်းတွင် (၄၀၀) ကျော်နှင့် ပြည်ပနိုင်ငံများတွင်လည်း များပြားစွာပေါ်ပေါက်လျက် ရှိပါသည်။ မဟာစည်နည်းဖြင့် အားထုတ်ရှုမှတ်ပြီးသည့် ယောဂီပရိသတ်အပေါင်းမှာလည်း သိန်းသန်းမက များပြားစွာရှိနေပြီးဖြစ်ပါသည်။ထိုအထဲမှအဆင့်မြင့်သော တရားထူးများရရှိသူများလည်း အများအပြားပါဝင်မည်ဖြစ်ပါသည်။

ယခုအခါ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး သက်ရှိထင်ရှား မရှိတော့ပါ၊ မျက်ကွယ်ပြုသွားတော်မူခဲ့သည်မှာ နှစ် (၂၀) ကျော်ခဲ့ပြီ ဖြစ်ပါသည်။ သို့သော် မဟာစည် ဆရာတော်ဘုရားကြီး၏ သီလ, သမာဓိ, ပညာဂုဏ်တို့ကို လေးစားကြည်ညိုသူများကား လျော့နည်းမသွားပါ။ ပို၍သာ တိုးပွားလာခဲ့ပါသည်။ မြန်မာပြည်တွင်းတွင်သာမဟုတ် ဗုဒ္ဓဘာသာကို လေးစားယုံကြည်သော ဝိပဿနာတရားအား ယုံကြည်အားကိုးစွာ အားထုတ်ကြသော နိုင်ငံခြားသားများအတွက်လည်း မဟာစည်၏ ဂုဏ်သတင်းနှင့် လေးစားမှုသည် လျော့နည်းခြင်းမရှိကြောင်း အထောက်အထားများစွာတွေ့ရှိနေရပါသည်။ ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သော ဝိပဿနာဆိုင်ရာကျမ်းများနှင့် သုတ္တန်ဒေသနာများကို ဘာသာအမျိုးမျိုးဖြင့် ကမ္ဘာတွင် ပြန်ဆိုရေးသားနေကြသည်ကို ကြားသိရသဖြင့် ဝမ်းမြောက်အားတက်မိပါသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း အားထုတ်နည်း၊ ရေးသားသော ကျမ်းစာအုပ်များသည် ပြည်တွင်းပြည်ပ၌ အကြိမ်ကြိမ် အစမ်းအသပ်ခံမှုရှိခဲ့ပါပြီ၊ မည်သည်က အမှန်၊ မည်သည်ကအမှားဟူ၍ လည်း ပေါ်လွင်ထင်ရှားခဲ့ပါသည်။ အဘယ်ကြောင့်ပါနည်း။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်က ဝန်ခံတော်မူခဲ့သည်မှာ "ဟောကြားပြသသောနည်းနိဿယများ၊ ရေးသားစီရင်သော ကျမ်းအစုံစုံတို့သည် မြတ်စွာဘုရား ဟောကြားထားသည့်နည်း နိဿယများ ဟောကြားသော တရားများကိုသာ ဖြည့်စွက်ခြင်း ပြင်ဆင်ခြင်း အတွန့်တက်ခြင်း၊ လုံးမရှိဘဲ ဘုရားဟောသည့်အတိုင်းသာ" ဖြစ်ခြင်းကြောင့်ဟု ဆိုတော်မူခဲ့ပါသည်။

မြတ်စွာဘုရား၏ သာသနာတော် ထွန်းလင်းတောက်ပနေသည့်အမျှ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ပြုစုထူထောင်ထားသော ပဋိပတ္တိသာသနာပြုလုပ် ငန်းရပ်ကြီးသည်လည်း မယိမ်းမယိုင် ခိုင်ခန့်စွာတည်ရှိ၍ မြန်မာအနှံ့, ကမ္ဘာသို့ ပြန့်အောင် ထွန်းလင်း တောက်ပ၍သာနေမည်ဖြစ်ကြောင့်ကို မျှော်မှန်းမြင်ယောင်မိပါတော့သည်တကား။

ကျမ်းကိုးများ

၁။ မဟာစည်ထေရဝတ္ထုနှင့်ဝိလာသိနီ အရှင်ကေလာသ

၂။ မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်း (ပထမပိုင်း) အရှင်သီလာနန္ဒာဘိဝံသ

၃။ မဟာစည်ပဋိပတ္တိသာသနာဝင် ဝတ္ထုကျော်ထင်ဦးဘသန်း (အရှင်ဗုဒ္ဓယောသ)

၄။ ဗြိတိသျှဒုတိယရေတပ်ဗိုလ်ချုပ် "ရှင်ကော့" ၏ ကျွန်တော့် ကိုယ်တွေ့ မဟာစည်
စိုးမြိုင် (မြန်မာပြန်)

၅။ **Satipatthana Vipassana Meditation Criticisms and Replies (Abridge Edition)**
ဉာဏ်လင်းထိန် (ရေနံချောင်း)







သမိုင်းဝင် မှတ်တိုင်တစ်ခု

ဘဒ္ဒန္တဝါသဝ (အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မကထိကဝဟုဇနဟိတဓရ)

၁။ မဟာစည်ဆရာတော်ဘုရားကြီး သက်တော် ထင်ရှားရှိစဉ်က မြန်မာနိုင်ငံ၏ သမိုင်းနှင့် ယဉ်ကျေးမှုကို မည်ကဲ့သို့ ကျေးဇူးပြုခဲ့ပါသနည်းဟူသောမေးခွန်းအရ ကျေးဇူးတော်ရှင် ကမ္ဘာ့သာသနာပြု မဟာစည်ဆရာတော်ဘုရားကြီးကို နှစ်ဘက်မြင် ပုဂ္ဂိုလ်ထူးတစ်ဦးဟုဆိုထိုက်ပါ၏။

အဘယ်ကြောင့်ဆိုသော် လောကတွင် ရှိနေကြသော ပုဂ္ဂိုလ်များကို အရွယ်အားဖြင့် ပိုင်းခြားလျှင် -

(၁) အငယ်တန်းအရွယ်၊
(၂) အလတ်တန်းအရွယ်၊
(၃) အကြီးတန်းအရွယ်ဟု ခွဲခြားရပါမည်။

ထိုတွင် အလတ်တန်းနှင့်အကြီးတန်းအရွယ် ပုဂ္ဂိုလ်များအတွက် အတွင်းယဉ်ကျေးမှုဖြစ်သော နာမ်စိတ်ဓာတ် ယဉ်ကျေးမှုနှင့် အပြင် ယဉ်ကျေးမှုဖြစ်သော ကိုယ်, နှုတ်ယဉ်ကျေးမှုများရအောင် ဗုဒ္ဓနည်းကျ သတိပဋ္ဌာန်ဝိပဿနာ အမြင်မှန်ရရေး တရားတော်ကို လွယ်ကူသော ရှုမှတ်နည်းများဖြင့် ဟောကြားညွှန်ပြပေးတော်မူသည်ကို လိုက်နာကျင့်ပွားအားထုတ်ကြသောထောင်ပေါင်းများစွာသော မြန်မာနိုင်ငံ အရပ်ရပ်ရှိ ရဟန်းရှင်လူ အလတ်, အကြီး ပုဂ္ဂိုလ်များသည် ဗုဒ္ဓ၏ ယဉ်ကျေးမှုတရား၊ အရသာများ ကိုယ်တွေ့သိရှိခံစားကြရသည်ကို ထိုပုဂ္ဂိုလ်များကပင် သက်သေခံလျက်ရှိကြပေသည်။





ဆက်လက်၍ (၁) နံပါတ်အရွယ်ဖြစ်သော လူငယ်ပုဂ္ဂိုလ်များအတွက် အတွင်းအပြင် ယဉ်ကျေးမှုများ ထိုက်တန်သလောက် ရရှိရေးကို မြော်တွေးတော်မူပြီး နွေရာသီကျောင်းပိတ်ရက်များ၌ ရောက်လာကြသော ရပေါင်းများစွာသော အမျိုးသား၊ အမျိုးသမီးငယ်လေးတို့ကို ဆရာတော်ဘုရားကြီး၏ ဩဝါဒခံ တပည့်ဝန်ဆောင်ရဟန်းတော်များအား စနစ်တကျ လက်ခံစေပြီး ဝိပဿနာ ရှုပွားမှုကို ကလေးများ ခံယူနိုင်လောက်ရုံ အချိန်ပိုင်း ရှုပွားစေ၍ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာပေများကို သင်တန်းပေး သင်ယူစေကာ ဘာသာယဉ်ကျေးမှုစာမေးပွဲ ကျင်းပပေးပြီး အောင်မြင်သူတို့အား အောင်လက်မှတ်နှင့် အောင်ဆုများပေးကာ ယဉ်ကျေးမှုအမွေအနှစ်များကို နှစ်ပေါင်းအတော်ကြာကပင် သမိုင်းတွင်လောက်အောင် ပေးတော်မူခဲ့သည်မှာ ယခုအချိန်တိုင်အောင်ပင် ဖြစ်ပါသည်။

၂။ မဟာစည်ဆရာတော်ဘုရားကြီးသည် မြန်မာလူမျိုးများအတွက် မည်ကဲ့သို့ ထူးခြားသည့်အဓိပ္ပါယ် အချက်အလက်ရှိပါသနည်း ဟူသော မေးခွန်းအရ -

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကဲ့သို့သော ပုဂ္ဂိုလ်ထူးသာ မပေါ်ထွန်းခဲ့လျှင် မှေးမှိန်နေသော ပဋိပတ် သာသနာတော်ရောင်မှာ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်များအတွက် နှစ်သက်ကျေနပ်မှုအပြည့်အဝ ရကြမည်မဟုတ်ပါပေ။

ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်နှင့် ထက်မြတ်လှသော အသိဉာဏ်စွမ်းရည်ဂုဏ်တို့ကြောင့် မြတ်ဗုဒ္ဓ၏ ပဋိပတ်သာသနာတော်ရောင်မှာ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တို့ အားရကျေနပ်လောက်အောင် ထွန်းလင်းတောက်ပြောင်လျက်ရှိသည်ကို မျက်မှောက်တွင် အထင်အရှား တွေ့မြင်နေကြရပေသည်။ ဗုဒ္ဓသာသနာပိုင်းတွင် မိမိတို့၏ ရှေ့မှ ပဋိပတ်အကျင့်မြတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်သွားတော်မူကြသော ပုဂ္ဂိုလ်မြတ်ကြီးများ မရှိသည်မဟုတ် များစွာရှိခဲ့ဖူးပါသည်။ ထိုဆရာတော်ဘုရားကြီးတို့သည် ပဋိပတ်အကျင့်မြတ်ကို အံ့ဘွယ်ကောင်းလောက်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြကြောင်းဖြင့် သာသနာ့သမိုင်းတွင် မှတ်တမ်းတင်ခဲ့ကြပါသည်။ သို့သော် ထိုဆရာတော်ဘုရားကြီးတို့သည် ပဋိပတ်အကျင့်မြတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူခဲ့ကြသော်လည်း ပရိယတ်ဗဟုသုတ ဉာဏ်ပညာ ကြွယ်ဝခြင်းကိုလည်း ကောင်းစွာ ဆောင်ရွက်ခဲ့ကြပါသည်။



ကျေနပ်ချက်ရလောက်အောင် ကျင့်ကြံအား ထုတ်သွားကြပါသော်လည်း မိမိတို့မှတပါး အခြားပုဂ္ဂိုလ်များအတွက် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးလောက် ကမ္ဘာ့ အနှံ့ပြန့်အောင် ကျေးဇူးပြုတော် မမူခဲ့ကြပါ။ မြန်မာနိုင်ငံကို ကျော်လွန်ပြီး အာရှ၊ အာဖရိက၊ ဥရောပ၊ အမေရိက စသည်တို့တိုင်အောင် ပဋ္ဌိပတ်သာသနာတော်ကို ထွန်းလင်းတောက်ပ စေတော်မူနိုင်စွမ်းရှိသော မဟာစည်ဆရာတော်ဘုရားကြီး၏ စွမ်းအင်ကို ဗုဒ္ဓသာသနာဝင်တို့အနေဖြင့် ယခုအချိန်တိုင်အောင် အထင်အရှားပင် တွေ့မြင်နေကြပါရသည်။

ထို့ကြောင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် မြန်မာလူမျိုးများအတွက်သာမက ကမ္ဘာအရပ်ရပ်ရှိ လူမျိုးများအတွက်ပါ ထူးခြားချက်များ ထင်ရှားတွေ့မြင်ကြရပါသည်။

၃။ မဟာစည်ဆရာတော်ဘုရားကြီ အနေဖြင့် အဘယ်ကြောင့် မြန်မာလူမျိုးနှင့် မြန်မာနိုင်ငံ၏ သမိုင်းတွင် အလွန်အရေးကြီးပါသနည်းဟူသော အမေးအရ -

မဟာစည်ဆရာတော်ဘုရားကြီးသည် ပဋ္ဌိပတ်အကျင့်တရားကို ဟောကြားညွှန်ပြတော်မူသောအခါတွင် သာမညအားဖြင့် ညွှန်ပြတော်မမူဘဲ ခိုင်လုံသောကျမ်းဂန် အထောက်အထားများ တိတိကျကျရှိစေပြီး သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့ လက်ခံကျေနပ်နိုင်လောက်အောင် ဝိပဿနာရှုနည်းကျမ်းကြီး (၂)တွဲကို ရေးသားပြီး လက်တွေ့ရှုနည်းနှင့် ဉာဏ်အမြင်ဖြစ်ပေါ်ပုံများကို ခိုင်လုံစွာ ပြတော်မူပါ၏။

ထိုမျှသာမကသေးပါ။ ဘုရားဟောကြားတော်မူသည့် ပိဋကတ်တော်များကို မပျောက်ပျက်စေရန်၊ အမှားအယွင်းမရှိစေရန် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ဆင်ယင်ပြီး ဆောင်ရွက်တော်မူကြရာမှာလည်း မဟာစည်ဆရာတော်မပါလျှင် မပြီးဟုပင် ဆိုရမည် ဖြစ်ပါ၏။

အကြောင်းသော် အလွန်ခက်ခဲပြီး တာဝန်ကြီးလေးလှသည့် အမေးပုစ္ဆာနေရာ၌ပါဝင်၍ မေးမြန်းရုံမျှမက ပါဠိအဋ္ဌကထာဋီကာကျမ်းများ စိစစ်ရာမှာလည်း မဟာစည်ဆရာတော်သည် အစမှအဆုံးတိုင် ပါဝင်ဆောင်ရွက်တော်မူရ၏။ မဟာစည်ဆရာတော်၏ စွမ်းရည်ကို သိတော်မူကြသည့်အတွက် ဆဋ္ဌသင်္ဂါယနာဝန်ဆောင်ဆရာများက ဝိသုဒ္ဓိမဂ်မဟာဋီကာကျမ်းကြီးကိုပင် အနက်နိဿယရေးရန် တာဝန်ပေး၍ ရေးသားတော်မူရ၏။ ထိုအခါ မဟာစည်ဆရာတော်၏ ပရိယတ်ပဋ္ဌိပတ် နှံ့စပ်မှုဂုဏ်သတင်းသည် မြန်မာပြည်တွင်းသာမက ပြည်ပနိုင်ငံများတိုင်အောင် ပျံ့နှံ့သွားတော့၏။

ထို့ကြောင့် မဟာစည်ဆရာတော်သည် မြန်မာလူမျိုးနှင့် မြန်မာနိုင်ငံသမိုင်းတွင် အလွန်အရေးကြီးမှု ဖြစ်ရလေသည်။

မှတ်ချက်။ ။ဤဆောင်ပါးကို ကမ္ဘာအေးရှိ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက မေး၍ မဟာစည်နာယကမြစ်သားဆရာတော် ဘဒ္ဒန္တဝါသဝမှ ဖြေကြားချက်ကို ပြန်လည်တင်ပြကာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သက်တော်ရာပြည့်အထိမ်းအမှတ် ပူဇော်ပွဲတွင် ပြန်လည်ပူဇော်လိုက်ပါသည်။

ဘဒ္ဒန္တဝါသဝ အဂ္ဂမဟာပဏ္ဍိတ
ဓမ္မကထိက ဗဟုဇနဟိတဓရ



လောကလူချမ်းသာတွေ, နတ်ချမ်းသာတွေ အဲဒီလို ချမ်းသာတွေနဲ့ ပြည့်စုံအောင် စောင့်ရှောက်တယ်၊ အန္တရာယ်ကင်းအောင်စောင့်ရှောက်တယ်၊ နောက်ဆုံးဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ထိအောင်လည်း စောင့်ရှောက်တယ်၊ အင်မတန်ကောင်းပါတယ်၊ တရားကျင့်တဲ့ ပုဂ္ဂိုလ်ကို တရားက စောင့်ရှောက်တယ်တဲ့။

အခုဒီမှာလာပြီးတော့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေလည်း တရားကို အရိုအသေ အလေးအမြတ်ပြုပြီး အားထုတ်နေလို့ရှိရင် အဲဒီတရားတွေက စောင့်ရှောက်တာပဲ၊ ရိုရိုသေသေ လေးလေးစားစားနဲ့ အားထုတ်ဖို့ အရေးကြီးပါတယ်၊ ဒီသာသနာ့ရိပ်သာမှာ လာရောက်ပြီး နေတဲ့ပုဂ္ဂိုလ်တွေ အဟောင်းဖြစ်ဖြစ်, အသစ်ဖြစ်ဖြစ်တရားကို အလေးအမြတ်ပြုပြီး အားထုတ်ကြဖို့ပါပဲ၊ အဲဒီတရားကနေပြီး ကောင်းကျိုးတွေရအောင် စောင့်ရှောက်ပေးနေမှာပါပဲ။

အခုဒီမှာ အဖွဲ့ကပုဂ္ဂိုလ်တွေလည်း ဒီမဟာစည်ရိပ်သာကြီး တာရှည်တည်တံ့အောင်, တိုးတက်ကြီးပွားအောင် ဆိုပြီးတော့ ဆောင်ရွက်နေပါတယ်၊ အင်မတန် အဆင်ပြေပါတယ်၊ ဗုဒ္ဓသာသနာ့နုဂ္ဂဟ အဖွဲ့ကသာ မဟုတ်ဘူး၊ ဟိတေသီ အဖွဲ့ကလဲ သူတို့ တတ်နိုင်သလို ဆောင်ရွက်နေတာပဲ။ အင်မတန်ကောင်းပါတယ်၊ သူ့နေရာနဲ့သူ အဆင်ပြေပါတယ်။

အဲဒါတွေ ဒီပြင်ပုဂ္ဂိုလ်တွေကလဲပဲ ဒီက ဒီအဖွဲ့တွေကိုမှီပြီး လှူကြ, တန်းကြ, သီလဆောက်တည်ကြ, ဝိပဿနာ ရှုမှတ်ပွားများကြနဲ့ ကုသိုလ်ကောင်းမှုတွေ အားလုံးအများကြီး ဖြစ်နေကြရတယ်၊ ဒီလို သူတော်ကောင်းတရားတွေကို မိမိတို့က ကျင့်ကြံအားထုတ်နေကြတာ ဖြစ်တော့ အဲဒီသူတော်ကောင်းတရားတွေက အခုမျက်မှောက်မှာပဲ သူတော်ကောင်းတွေအမြင်အားဖြင့် ချီးမွမ်းစရာ, ကြည်ညိုစရာတွေပဲ ဘာမှအပြစ်တင်စရာမရှိပါဘူး။

နောက်သံသရာဘဝတွေကျတော့လည်း အဲဒီပုဂ္ဂိုလ်တွေမှာ ဒီပြု

မဟာစည်ဆရာတော်ဘုရားကြီး၏

ဩဝါဒဝမ္မအမွေ ကောက်နှုတ်ချက်များ

စာတည်းအဖွဲ့





ကျမလဲ။

ထားတဲ့ ကောင်းမှုတွေက အကျိုးပေးလို့ လူ့ဘဝ, နတ်ဘဝတွေမှာ ဖြစ်ပြီး ကြီးပွားမြင့်မြတ်သွားနိုင်ပါတယ်၊ အဲဒီကောင်းမှုကုသိုလ်တွေကြောင့် သံသရာဘဝါဘဝတွေအထိ မစောင့်ဘဲ ယခုမျက်မှောက်ဘဝမှာပဲ၊ မင်္ဂ, ဖိုလ်, နိဗ္ဗာန်တိုင်အောင် ရောက်ချင်ရောက်သွားနိုင်ပါတယ်၊ အဲဒီ ပါရမီအခြေခံ ကုသိုလ်တွေက အဆင့်ဆင့်အားဖြင့် မင်္ဂ, ဖိုလ်, နိဗ္ဗာန်အထိ ရောက်သွားအောင် စောင့်ရှောက်ပေးနိုင်ပါတယ်။

မမေ့ကြပါနဲ့

အစကတည်းက ဆရာသမားများနဲ့ အချိုးကျကျ လေ့လာထားပါမှပေါ့၊ တချို့ပုဂ္ဂိုလ်တွေကတော့ အချိုးတကျ ကောင်းကောင်းမွန်မွန်ပါပဲ၊ တချို့ကျတော့လည်း အဆင်မပြေဘူး၊ အဆင်မပြေတဲ့ပုဂ္ဂိုလ်တွေဟာ ဒီပြင်နေရာမှာလည်းအကျိုးများအောင် ဆောင်ရွက်နိုင်မယ့် လက္ခဏာမရှိဘူး၊ မြတ်စွာဘုရား သာသနာတော်မှာ ရဟန်းပြုနေရင် ကိုယ်တတ်နိုင်သမျှတော့ သာသနာ့တာဝန်တွေ ဆောင်ရွက်ပါမှပေါ့၊ ပေါ့ပေါ့ဆဆနေလို့တော့ ဘယ်တော်မလဲ။

ဆရာသမားတွေကိုလည်း ရိုရိုသေသေနေဖို့ အရေးကြီးတယ်၊ အခုလို ပဝါရဏာပြုတယ်ဆိုတာ သံဃာတော်များကို ဆိုဆုံးမဖို့ ဖိတ်မန္တ္တကပြုတာ ရိုရိုသေသေ တောင်းပန်ရတဲ့စကားမျိုးဖြစ်မှာ၊ အဲဒီတော့ ပေါ့တီးပေါ့တောနဲ့ ဒီလိုလုပ်လို့ ဘယ်နေရာ

ဒါကြောင့် ဒီနည်းအတိုင်း ကမ္မဋ္ဌာန်းဆရာပြုလုပ်မယ့် ပုဂ္ဂိုလ်တွေဆိုရင်လည်း ကမ္မဋ္ဌာန်းကို ကျကျနနလေ့လာအားထုတ်ပြီးတော့ ဆောင်ရွက်ဖို့ဆောင်ရွက်ရာမှာလည်းဘုန်းကံကြီးဖို့ချည်း သဘောမထားဘဲ သာသနာတော် တိုးတက်ကြီးပွားအောင် စိတ်ကောင်းနှလုံးကောင်းထားပြီးတော့ ဆောင်ရွက်ကြဖို့လိုပါတယ်။

ကြုံခဲ့တဲ့ မြတ်စွာဘုရားသာသနာတော်တွင်းမှာ မြတ်စွာဘုရားဟောကြားခဲ့တဲ့ တရားတော်တွေကို လိုလိုလားလားနဲ့လိုက်နာပြီး ကျင့်သုံးနေရင် အဲဒါ အကောင်းဆုံးပါပဲ၊ မြတ်စွာဘုရားက ဆင်းရဲခပ်သိမ်းငြိမ်းအောင် ကိုယ်တော်တိုင် ကျင့်တော်မူလာပြီးတော့ အဲဒီ ကျင့်ပုံကျင့်နည်းတွေကို ဟောကြားထားတယ်၊ အဲဒီ ကျင့်ပုံကျင့်နည်းတွေအတိုင်း ယုံယုံကြည်ကြည်နဲ့ လိုက်နာကျင့်ကြံအားထုတ်နေမယ်ဆိုရင် ကောင်းကျိုးတွေရနိုင်ပါတယ်။

ဗုဒ္ဓါနုဿတိဆိုလို့ရှိရင် သမာဓိဖြစ်ဖို့ အဲဒါလည်း အဆင်ပြေတာပဲ၊ ဒီ ဗုဒ္ဓါနုဿတိတရားကိုတော့ ဘုန်းကြီး ခဏခဏ ဟောနေတာပါပဲ၊ ဘုရားရှိခိုးတိုင်း ရှိခိုးတိုင်း ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း သမာဓိတရားတွေဖြစ်ပါတယ်။ ဘုရားဂုဏ်ကို အာရုံပြုရတယ်။ ဒီပြင်လည်းပဲ သမထဘာဝနာတွေရှိပါတယ်အဲဒါတွေကိုလည်း တတ်နိုင်သမျှ အားထုတ်ဖို့ပါပဲ။ အားထုတ်ကောင်းတဲ့

ဒီမှာ တရားအားထုတ်တယ်ဆိုတာ ပြည့်ပြည့်စုံစုံ အားထုတ်ဖို့အရေးကြီးပါတယ်။ တရားအားထုတ်ပြီးတော့လည်းမိမိတို့ကဆက်ပြီး သာသနာပြုဖို့ ဟောနိုင်, ပြောနိုင်ဖို့ပါပဲ၊ အဲဒီလိုဆိုရင် ဒီမှာ ကြာကြာနေဖို့ ကောင်းပါတယ်။ ဒီလိုမဟုတ်ဘဲနဲ့ ဒီမှာ အချိန်ကြာကြာနေလို့ အလကားပဲ၊ ဒီမှာ ပရိသတ်တွေများရင် တာဝန်လေးနေတာပဲ၊ ဘာမှမဟုတ်ပဲ ပေါ့ပေါ့ဆဆနဲ့တော့ ဒီမှာ သာသနာတော်အတွက် အကျိုးဆောင်ရွက်စရာမရှိဘူး၊ ဒီမှာနေရင် သာသနာတော်အတွက် ကိုယ်တတ်နိုင်သမျှ ဆောင်ရွက်ဖို့ရာ ကြိုးစားအားထုတ်ဖို့လိုပါတယ်။ အကျိုးမဲ့အချိန်တွေ မကုန်ကြပါစေနဲ့။

အရေးကြီးတာက မြတ်စွာဘုရားသာသနာတော်မှာနေတဲ့ ပုဂ္ဂိုလ်ဆိုတာ ကိုယ်တတ်နိုင်သမျှ ပေါ့လေ ဘုရားအဆုံးအမတွေကို ဆုံးမတော်မူတဲ့အတိုင်း ကောင်းကောင်းမွန်မွန်ကျင့်ဖို့နှင့် သူများတွေကိုလဲ အကူအညီပေးတန်ပေးလုပ်ရတယ်၊ ဆောင်ရွက်သင့်တာတွေကိုလည်း ဆောင်ရွက်ရတယ်။ ပေါ့ပေါ့ဆဆမနေရဘူး။



တရားတွေပါပဲ၊ သူနဲ့သာ အားရနေလို့လည်း မဖြစ်သေးပါဘူး။ ပညာအတွက် ဝိပဿနာ ဘာဝနာကို ဆက်အားထုတ်ဖို့ကလည်း လိုပါသေးတယ်။

အခုနေအခါကာလ မြန်မာပြည်မှာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အင်မတန် တိုးတက်နေပါတယ်။ အင်မတန် ဝမ်းသာစရာကောင်းတာပဲ၊ ရှေးအခါဘုန်းကြီးတို့ ငယ်ငယ်တုန်းကဆိုလို့ရှိရင် အဲဒီလို တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ အင်မတန် နည်းပါးပါတယ်၊ အားထုတ်ရာမှာလည်း တယ်မလွယ်ဘူး၊ အဲဒီတုန်းက ဘုန်းကြီးတို့ကို ညွှန်ပြပေးတဲ့ မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီးက ညွှန်ပြပေးနေပါတယ်။ အားထုတ်တဲ့ပုဂ္ဂိုလ် သိပ်မရှိဘူး၊ နည်းနည်းကလေးပါပဲ၊ သိပ်မများဘူး။

ရဟန်းထဲကဆိုရင် ဘုန်းကြီးနဲ့ အတူပါလာတာကတစ်ပါး၊ ဒီပြင်ကရောက်ပြီးအားထုတ်နေတာကတစ်ပါး အဲဒီ ၃-ပါးပဲရှိတယ်။ လူပုဂ္ဂိုလ်တွေဆိုတာလည်း ပြောပလောက် အောင်မရှိဘူး၊ ၂-ယောက်၊ ၃- ယောက်လောက်ပဲ ရှိဟန်တူပါတယ်။ ဘာမှ မများပါဘူး။

အခုဆိုတော့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အင်မတန် များတာပဲ၊ လူပုဂ္ဂိုလ်တွေသာမကဘူး ရဟန်းပုဂ္ဂိုလ်တွေလည်း များတာပဲ၊ အင်မတန် အားရစရာ ကောင်းပါ တယ်။ ဒီပုဂ္ဂိုလ်တွေဟာ သာမန်ပုဂ္ဂိုလ်တွေ လည်းမဟုတ်ဘူး။ အခု ရိပ်သာမှာ လာအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေ ဆိုလို့ရှိရင် စာပေကျမ်းဂန် ဗဟုသုတ ရှိတဲ့ပုဂ္ဂိုလ်တွေ, အရွယ်အားဖြင့်လည်း ငယ်ငယ်ရွယ်ရွယ်မဟုတ်ဘဲ ဘုန်းကြီးတို့နဲ့ ၂ နှစ်လောက် ကွာတာတွေလည်း ပါပါတယ်၊ ဒီထက် မကွေမကွာ အနည်းငယ်လောက် ငယ်တာတွေ လည်းပါတာပဲ၊ အင်မတန်တော် ကြပါတယ်။

ယခု မျက်မှောက်ဘဝမှာလည်း ပဲအန္တရာယ်ကင်းတဲ့ ကောင်းကျိုးတွေကို ရတတ်ပါတယ်၊ ကျန်းမာရေးတွေလည်းကောင်းလာတတ်ပါတယ်၊ နောင်သံသရာမှာ နိဗ္ဗာန်မရသေးတောင်မှ ကောင်းမြတ်တဲ့ဘဝကို ရပြီး ကောင်းကျိုးချမ်းသာတွေ ရနိုင်ပါတယ်။

ဒါကြောင့် ဘုန်းကြီးက သတိပေးပါတယ်၊ သီလ, သမာဓိ, ပညာရော ပြည့်ပြည့်စုံစုံဖြစ်အောင် အခွင့်ရတုန်းမှာ အားထုတ်ကြဖို့၊ အခု ဒီမှာ နေတုန်း ဝိပဿနာ ပညာတွေ ပြည့်စုံသည်ထက် ပြည့်စုံအောင် ကြိုးကြိုးစားစား အားထုတ်ကြဖို့ စိတ်ပါလက်ပါပေါ့လေ မပျင်းမရိ အားထုတ်ကြဖို့ ဘုန်းကြီးက ထပ်လောင်းတိုက်တွန်းပါတယ်၊ သတိပေးပါတယ်။

သံဃာတွေ သုပ္ပဋိပန္နဂုဏ်နဲ့ ပြည့်စုံရမယ်တဲ့၊ သုပ္ပဋိပန္န-ကောင်းစွာ ကျင့်တယ်ဆိုတာကို ဝိသုဒ္ဓိမဂ်မှာ အကျဉ်းအားဖြင့် ဖွင့်ပြထားပါတယ်၊ ပါဠိတော်မှာလည်းပဲ အဂ္ဂံတ္ထိရံ တတိယအုပ်မှာ ရှိပါတယ်၊ အရှင်အာနန္ဒာကမေးလို့ မြတ်စွာဘုရားက ဖြေကြားထားကာအကျဉ်းချုပ်ကတော့ သုပ္ပဋိပန္န-ကောင်းစွာကျင့်ရတဲ့ အကျင့်ပါပဲ၊ သီလ, သမာဓိ, ပညာ ၃-ခုကို ကျင့်ရမယ့်အကျင့်ပါပဲ။

သီလအကျင့် သုပ္ပဋိပန္နဂုဏ်နဲ့ တောင်မှ မပြည့်စုံရင် နေရာမကျဘူး၊ သီလကတော့ ဝိပဿနာရဲ့ အခြေခံဖြစ်လို့ အရေးကြီးပါတယ်၊ သီလက ခွတ်ယွင်းနေတတ်တယ်၊ အဲဒါ မခွတ်ယွင်းရအောင်နဲ့ သူများအပြစ်တင်စရာမရှိအောင် သီလကို အထူးဂရုစိုက်ကြမှပဲ၊ သမာဓိ, ပညာတွေကို ပြည့်စုံသင့်သလောက် ပြည့်စုံအောင် အားထုတ်ကြရတယ်၊ အားထုတ်ပြီးတော့လည်း နောက်တော့ အား မထုတ်ဘဲ ဒီအတိုင်းနေရင် နေရာ မကျဘူး၊ ဆက်ပြီး အားထုတ်နေမှ ကောင်းတယ်။

အားထုတ်နိုင်ဖို့ အရေးကြီးတယ်၊ ပရိသတ်မရှိလည်း ကိုယ့်ဟာကိုယ်တစ်ပါးတည်းအားထုတ်ဖို့ပဲ၊ ဒီကတော့ သွားစရာရှိလို့ တစ်ပါးတခြားရောက်နေလည်းပဲ ရွှတ်တန်းတာလေးတွေ အတိုချုပ်ပေါ့လေ ရွှတ်ပြီးတော့ မေတ္တာလည်း ပွားများ, ဝိပဿနာလည်းပဲ ရောက်တဲ့နေရာမှာ ဘယ်ရောက်ရောက် တတ်နိုင်သမျှ အားထုတ်ရတာပဲ။

ပြီးတော့ ဝိပဿနာကိုလည်း ကိုယ် ရှုမှတ်နေကျအတိုင်း ရှုမှတ်နေဖို့ကောင်းပါတယ်၊ ဒီအချိန်



မှာသာ မဟုတ်ဘူး၊ အားလို့အလုပ် မရှိရင် ဒီပြင်အခြိန်တွေမှာလည်း ဝိပဿနာ ရှုနေတာပဲကောင်းပါ တယ်၊ အင်မတန် ကောင်းပါတယ်၊ သူများတွေကိုသာ ဟောပြီး ကိုယ်က အားမထုတ်ဘဲနေရင် လိုနေတာ ပေါ့လေ၊ ကိုယ်ကလည်း အားထုတ် နေမှကောင်းတာ။

ဟိုဟိုဒီဒီ အကြောင်းအရာတွေ စဉ်းစားနေရုံနဲ့ ရုပ်, နာမ်တွေကို သိတာမဟုတ်ဘူး၊ မိမိသန္တာန်မှာ ဖြစ်, ပျက်နေတဲ့ ရုပ်, နာမ်တွေကို ကိုယ်တိုင်ရှုနေမှသိတာ၊ မရှုမှတ်ဘဲနဲ့ ကိုယ်တိုင်မသိဘူး၊ စာထဲပေထဲပါတဲ့ အတိုင်း မှတ်သားထားတာက သညာဘဲ၊ အဲဒါ ပညာမဟုတ်ဘူး၊ အမှတ်သညာကောင်းတဲ့ ပုဂ္ဂိုလ်မှာ အစကတည်းက အမှတ်သညာက ပြည့်စုံပြီးသားပဲ။ သူနဲ့အတူတက္ခ ဖြစ်တဲ့ စိတ်, ရုပ်, နာမ်တွေ အလိုလို ပြည့်စုံပြီးသားပါ၊ ဒါပေမယ့်လို့ အဲဒါ ကိုယ်တိုင်သိတာ မဟုတ်ပါဘူး၊ စာထဲကပါတဲ့အတိုင်း မှတ်ထားလို့ သိတာ။

တခြို့ စာပေတွေ အလေ့အလာတွေကို စာပေတတ်နေတဲ့ ပုဂ္ဂိုလ်တွေက စဉ်းစားရုံနဲ့ သိတယ်လို့ အောက်မေ့နေတာ၊ စဉ်းစားရုံနဲ့ သိတာတွေကတော့ သညာနဲ့ မှတ်သားပြီး သိတာပဲ၊ ကိုယ်တိုင် အမှန်အကန်အတိုင်း တွေ့ရပြီး သိတာ မဟုတ်ပါဘူး။

မြတ်စွာဘုရား လက်ထက်တုန်းက မြတ်စွာဘုရား ဟောကြားတဲ့ တရားဂါထာလေးတစ်ပုဒ် နာထား ရုံနဲ့တရားထူးရသွားတဲ့ ပုဂ္ဂိုလ် တွေလည်း ရှိပါတယ်၊ အံ့သြစရာ သိပ်ကောင်းတာပဲ၊ တချို့ အဲဒီလို ပုဂ္ဂိုလ်တွေမှာတော့အင်မတန်လွယ် တာပဲ၊ အခုတော့အဲဒီလို ပုဂ္ဂိုလ် မရှိသလောက်နေပါလိမ့်မယ်၊ ရှိပုံ မရပါဘူး။

အင်း . . . သွားသင့်တဲ့ ဌာန တွေဆိုရင် ဒီလိုသွားသွားပြီး ဟော ပေးရမှာပဲ ဒီလိုသွားရတာဟာ ဘုရားသာသနာ တိုးတက်ရေး, စည် ပင်ရေးအတွက် သွားရမှာ၊ မသွားလို့ မဖြစ်ဘူး၊ အရှင်ဘုရားတို့လည်းပဲ ဟောတတ်, ပြောတတ်တဲ့ ပုဂ္ဂိုလ် တွေက ဒီလိုသူတစ်ပါးကိုလည်းပဲ အကျိုးများအောင် ဟောပြော ဆောင်ရွက်ကြဖို့, ကိုယ်တိုင်လည်း ကိုယ်အကျိုးရှိအောင် တရားအား ထုတ် ကြဖို့ပါပဲ၊ ဤကဲ့သို့ အားထုတ် ခြင်းဖြင့် အလိုရှိအပ်တဲ့ လောကီ, လောကုတ္တရာ ကောင်းကျိုးချမ်း သာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြ ပါစေ။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ကလည်း ကြိုးကြိုးစားစား အား ထုတ်ကြ ဖို့ပါပဲ၊ မြတ်စွာဘုရား သာသနာတော်မှာ တရားအားထုတ် ရတယ်ဆိုတာအင်မတန်အကြောင်း ညီညွတ်မှသာ အားထုတ်ရတာ၊ ဘုရားလက်ထက်ကဆိုရင် ဘုရား ပွင့်တော်မူစက သာသနာဝင်ပြီး ရဟန်းပြုတဲ့ ပုဂ္ဂိုလ်တွေ အများအား ဖြင့် ရဟန္တာဖြစ်တာ တွေ များတယ်၊ ရဟန္တာမဖြစ်တဲ့ ပုဂ္ဂိုလ်တွေလည်း အသင့်အတင့် တော့ရှိပါတယ်။

နောက်ပိုင်းကျတော့ အားထုတ် မှုတွေ၊ လျော့ပါးပြီးတော့ ဖောက်လဲ ဖောက်ပြန်တွေများလာကြတယ်၊ အစပိုင်းလောက် နေရာမကျတော့ ဘူး၊ အခုလည်းဒီအတိုင်းပါပဲ၊ အစ ပိုင်းက ဘုရားအဆုံးအမအတိုင်း ရိုရိုသေသေ အားထုတ်ကြလို့ အင်မ တန် ကောင်းတာပဲ၊ ဘုရားပွင့်စက ပေါ်လာတဲ့ ရဟန်းတွေလို သီလ လည်းကောင်း, သမာဓိလည်း ကောင်း ပါတယ်၊ သမာဓိကမ္မဋ္ဌာန်း အား ထုတ်နိုင်လို့ရှိရင်လည်း အားထုတ်ဖို့ ပြီးတော့ဝိပဿနာ ကမ္မဋ္ဌာန်း အား ထုတ်ဖို့ကလည်း အရေးကြီးပါ တယ်။

သူတစ်ပါးက မိမိကိုအကြောင်း ပြုပြီး ကဲ့ရဲ့ဖွယ်မဖြစ်အောင်, ကြည်ညိုဖွယ်ဖြစ်အောင် အားထုတ် နေထိုင်ရတယ်၊ တော်ကြာတော့ မိမိ က အမှတ်ပေးဖို့ရာကလည်း ရှိသေး တယ်၊ တရားတွေကြာကြာသိပ် ဟောနေလို့ မဖြစ်သေးဘူး၊ တရား ကိုကြိုးစားအားထုတ်ဖို့ကိုလည်း တိုက်တွန်းလိုပါတယ်၊ အဲဒါကြိုးကြိုး စားစား အားထုတ်ကြဖို့ပါပဲ၊ ဒီလို အားထုတ်ကြဖို့ ကမ္မဋ္ဌာန်းဌာနကို ရောက်နေကြတာပါပဲ။

ကြိုးစားပြီး အားထုတ်ကြဖို့ပါပဲ၊ မြတ်စွာဘုရားက သာသနာတော်မှာ မိမိကိုယ်တိုင်က ကောင်းကောင်းမွန် မွန် ကျင့်နေလို့ရှိရင် သူတစ်ပါးတွေ



ကိုလည်းပဲ ကောင်းကောင်းမွန်မွန် ကျင့်ဖို့ရာ ပြောဟောတိုက်တွန်း နိုင်တယ်၊ သာသနာတော် စည်ပင်တိုးတက်ခြင်း၏ အကြောင်း, တည်တံ့ခြင်း၏ အကြောင်းဖြစ်ပါတယ်၊ ဒါ့ကြောင့် ကြိုးကြိုးစားစား အားထုတ်ကြဖို့ရာ ဒီကထပ်ပြီး သတိပေးတိုက်တွန်းပါတယ်။

မြတ်စွာဘုရားသာသနာတော် အတွင်းမှာ ရောက်ပြီးတော့နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဘုရားအလိုတော်နဲ့ အညီ သီလ, သမာဓိ, ပညာအကျင့်တွေ ကျင့်နေရတာတွင် အင်မတန် ဝမ်းသာစရာကောင်းတယ်၊ အတော့်ကို ဝမ်းသာစရာကောင်းတာပဲ၊ အရေးကြီးတာက သီလ, သမာဓိ, ပညာအကျင့်တွေ ကျင့်ဖို့ရာပဲ၊ သီလကတော့ အခြေခံအနေနဲ့ ရိုးရိုးကျင့်ရမယ်၊ သမာဓိ, ပညာတွေဖြစ်အောင် အထူးအားဖြင့် ဝိပဿနာတရားတွေကို အားထုတ်ဖို့လိုပါတယ်။ သမာဓိဖြစ်တန်သမျှဖြစ်, ပညာဖြစ်တန်သမျှ ဖြစ်ပေါ့လေ။

လောကကြီးမှာ သတ္တဝါတွေရှိတယ်၊ အဲဒါတွေကို အကုန်လုံးလျှောက်စဉ်းစားလိုက်ရင် ဆင်းရဲတဲ့သတ္တဝါတွေသိပ်များတာပဲ၊ တိရစ္ဆာန်တွေ, ပိုးကောင်, ပိုးမွှားတွေ အင်မတန်များတယ်၊ အဲဒီသတ္တဝါတွေအသက်ရှည်မှာလည်း မဟုတ်ဘူး၊ ဒုက္ခတွေရောက်နေကြတာပဲ၊ တွေးကြည့်မယ်ဆိုရင် အင်မတန် သနားစရာ ကောင်းပါတယ်။

အခုလို လူဖြစ်ပြီး မြင့်မြတ်တဲ့ ဘဝရောက်နေပေမယ်လို့ အဲဒီသတ္တဝါတွေလို အိုဆင်းရဲ, နာဆင်းရဲ, သေဆင်းရဲတွေ ဆိုတာက တော့ ဘယ်သူမှ မကင်းကြဘူး၊ ဒီ ဆင်းရဲတွေကတော့ အတူတူရှိနေကြတာပဲ၊ ဒီတော့မြင့်မြတ်တဲ့ ရဟန်းအဖြစ်ရောက်နေကြတဲ့ပုဂ္ဂိုလ်တွေ ဒီလို ဆင်းရဲတွေက လွတ်မြောက်အောင် ကြိုးကြိုးစားစား အားထုတ်ကြဖို့ အရေးကြီးပါတယ်၊ အခုဒီမှာတော့ ဆရာသမားညွှန်ပြတဲ့အတိုင်း ရှုမှတ်နေရုံပါပဲ၊ ဒီကထပ်ပြီးပြောနေဖို့ မလိုပေမယ့် အားပေးစကားလောက်တော့ ပြောရတာပေါ့လေ တရားပြည့်စုံအောင် အားထုတ်ကြဖို့ပါပဲ။

ဖောင်းတာ, ပိန်တာကအစ ပေါ်လာတိုင်း ပေါ်လာတိုင်း အာရုံလေးတွေကို ရှုမှတ်နေရုံပါပဲ၊ အဲဒီလို ရှု မှတ်လို့ အသိတွေ ကောင်းလာလို့ ရှိရင် ရုပ်နဲ့နာမ်လည်း ပိုင်းခြားသိတာပဲ၊ ခဏာမစဲ ဖြစ်, ပျက်နေတာတွေကို လည်းသိတာပဲ၊ အနိစ္စ, ဒုက္ခ, အနတ္တကိုလည်းကိုယ်ပိုင်ဉာဏ်နဲ့ ထင်ထင်ရှားရှား သိလာနိုင်ပါတယ်၊ အဲဒီလိုသိမှ ဝိပဿနာဉာဏ် အစစ်ဖြစ်တာ၊ အဲဒါ ဘုရားအလောင်းတော်အားထုတ်ပုံပါပဲ၊ အလွန်သေချာပါတယ်။

အဲဒီလို ရှုတာဟာ ဥပါဒါနက္ခန္ဓာတွေကို ရှုမှတ်နေတာပါပဲ၊ ဘုရားအလောင်းတော်မှာတော့ မကြာလှပါဘူး၊ မကြာခင်အတွင်းမှာပဲ ဝိပဿနာဉာဏ်စဉ်အတိုင်း ဖြစ်ပြီးတော့ အရိယမဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေအစဉ်အတိုင်း တက်သွားတယ်၊ အရဟတ္တဖိုလ်ရောက်ပြီး တစ်ခဏာအတွင်းမှာပဲ ဘုရားအဖြစ်ရောက်သွားတာပါပဲ။

ဒီပြင်ပုဂ္ဂိုလ်တွေလည်း ဒီလိုပါပဲ၊ ရှေးကပါရမီရှိခဲ့ဖူးပြီးဆိုရင်တော့ လွယ်လွယ်ကူကူနဲ့ပဲ တရားထူးတွေ ရရသွားကြပါတယ်၊ မြတ်စွာဘုရားလက်ထက်က မြတ်စွာဘုရားထံမှ တရားနာရင်းနဲ့ ဘာမှမကြာပါဘူး၊ တရားနာနေရင်းနဲ့ ဘုရားဟာအတိုင်း ပေါ်လာသမျှ အာရုံကို ရှုမှတ်ပြီးတော့ အချို့ သောတာပန်, အချို့ ရဟန္တာအထိ ဖြစ်သွားကြတာတွေရှိပါတယ်။ အင်မတန်အံ့ဩစရာကောင်းတယ်။

အခု ပုဂ္ဂိုလ်တွေမှာတော့ ဒီလောက်တော့ လွယ်ဟန်မတူပါဘူး၊ ဒါပေမယ့်လည်း ဖြစ်ချင်တဲ့အချိန်မှာ ဖြစ်လိမ့်မပေါ့၊ ကြိုးစားရှုမှတ်ဖို့သာလိုပါတယ်၊ အခု ဘဝတွင် တရားထူးတရားမြတ်တွေကို ကြာကြာအားထုတ်ရတယ်ဆိုရင် အဲဒါ ဟန်ကျတာပဲ၊ ဒီလိုမှ မရသေး မပြည့်စုံသေးဘူးဆိုရင်လည်း နောက်ဘဝမှာ ပြည့်စုံစရာ အကြောင်းဖြစ်နိုင်တာပေါ့။

ကြိုးစားပြီး အားထုတ်ကြဖို့ပါပဲ၊ အရွယ်ကြီးတဲ့ ပုဂ္ဂိုလ်တွေဆိုရင် သာပြီးတော့ အရေးကြီးပါတယ်၊ ငယ်ရွယ်တဲ့ ပုဂ္ဂိုလ်တွေက အားထုတ်လို့ ပြည့်စုံတယ်ဆိုရင် ဝါတွင်းမှာ ဒီနေဖို့ မတော်ဘူး၊ ဘာပြုလို့လည်းဆိုရင်



ဒီမှာကပရိယတ္တိဘက်ကနေပြီးတော့ အားထုတ်စရာမရှိဘူး၊ ငယ်ရွယ်တဲ့ ပုဂ္ဂိုလ်တွေက ပရိယတ္တိနဲ့ ပြည့်စုံအောင် အားထုတ်ဖို့ အရွယ်ရှိပါသေးတယ်။ အရွယ်ကြီးတဲ့ ပုဂ္ဂိုလ်တွေကတော့ ပရိယတ္တိ အားထုတ်ဖို့ရာ တယ်မလွယ်တော့ဘူး၊ တတ်နိုင်သမျှ ကြိုးစားအားထုတ်ကြဖို့ပါပဲ။

သာသနာတော်အတွင်းမှာ ရဟန်းပြုပြီးတော့နေတဲ့ ပုဂ္ဂိုလ်တွေဟာ သီလနဲ့ပြည့်စုံရတယ်၊ သီလပြည့်စုံနေရုံနဲ့လည်း မပြီးသေးဘူး၊ တရားကိုလည်း အားထုတ်ရသေးတယ်၊ တရားအားထုတ်ပြီးတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ အကျိုးရှိအောင်ဆောင်ရွက်သင့်သမျှကို ဆောင်ရွက်ကြဖို့ပါပဲ၊ တတ်နိုင်သမျှ တရားကို လွှတ်မထားဘဲ အားထုတ်ရတယ်၊ တရားအားမထုတ်ဘဲ အလကားနေလို့သိပ်နေရာမကျဘူး။

မပြည့်စုံသေးတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ပြည့်စုံအောင် ကြိုးကြိုးစားစား အားထုတ်မှ ပေါ့ပေါ့ဆဆနေလို့မတော်ဘူး၊ နေ့ရော ညညပါ ကျကျနန အားထုတ်မှ နေရာကျတာ၊ ကျန်းမာရေးအတွက် အိပ်ရတဲ့အချိန် ရှိတယ်၊ အိပ်ပျော်တဲ့အချိန်မှာတော့ မလိုပါဘူး၊ အိပ်တော့မယ်ဆိုရင် အိပ်မပျော်မီလည်း ရှုမှတ်ရတယ်၊ ပျော်ရာကနိုးလာတဲ့အခါမှာလည်း ရှုမှတ်ရတယ်၊ မှတ်ရင်းမှတ်ရင်း အိပ်ပျော်သွားစေရတယ်၊ နိုးလာတာနဲ့ တစ်ပြိုင်နက်တခြားတွေးတောကြံစည်မှုတွေ ကြံစည်မနေမိအောင် ရှုမှတ်ရတယ်၊ကြံစည်စိတ်ကူးမိရင်လည်း ကြံစည် စိတ်ကူးတယ်လို့ ရှုမှတ်ရတယ်၊ အိပ်ရာကနိုးလည်း ဖောင်းတာ ပိန်တာတော့ ရှိနေတာပဲ၊ တခြားမှတ်စရာ မရှိရင် အဲဒီ ဖောင်းတာ ပိန်တာကို ရှုမှတ်ရုံပါပဲ၊ အိပ်ရေး မဝသေးလို့ ပြန်အိပ်ရင် စောနေသေးရင်း ရှုမှတ်ရင်း ပြန်အိပ်ပေါ့၊ ကြိုးကြိုးစားစား အားထုတ်ဖို့ အရေးကြီးပါတယ်။

အရွယ်ကြီးတဲ့ ပုဂ္ဂိုလ်တွေဆိုရင် မြတ်စွာဘုရား သာသနာတော်မှာ တိုးတက်ကြီးပွားအောင် တတ်နိုင်သမျှ ညွှန်ကြားဆောင်ရွက်ပေးဖို့လိုပါတယ်၊ ဘယ်မှာပဲနေနေပေါ့၊ သာသနာတော် အကျိုးမျှားအောင် ဆောင်ရွက်ပေးဖို့ပါပဲ။

ကမ္မဋ္ဌာန်းဌာနဖြစ်တဲ့အတိုင်း မိမိတို့ အားထုတ်တဲ့အခါကာလမှာ တင်းတင်းရင်းရင်း ပြည့်ပြည့်စုံစုံဖြစ်အောင် အားထုတ်ကြဖို့ပါပဲ၊ အရွယ်လည်းကြီး, စာပေလဲပဲ ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိရင် ဒီမှာကြာကြာနေပြီး သာသနာပြုသွားနိုင်ရင်တော့ ကောင်းပါတယ်၊ မြတ်စွာဘုရား သာသနာတော် အတွင်းမှာ သာသနာပြုနိုင်ဖို့ အရေးကြီးပါတယ်။

ကိုယ်လည်းပဲ ကျကျနန အားထုတ်ပြီးတော့ ကိုယ့်အတွက် [illegible] ရှုပ်ရှုပ်ထွေးထွေးမဖြစ်ရအောင် သည်းခံပြီး သူတစ်ဖက်ကို [illegible] ကျကျနနဟောပြော သာသနာပြုနိုင်အောင် ဆောင်ရွက်သွားမယ်ဆိုရင် ဒါကတော့ အင်မတန်ကောင်းတာပဲ။

မြတ်စွာဘုရား သာသနာတော်မှာ ဝင်ရောက်ပြီးတော့ နေတယ်ဆိုရင် ဘုရား အဆုံးအမတော်အတိုင်း အချိုးတကျ ကျင့်ကြံအားထုတ်ဖို့ အရေးကြီးပါတယ်၊ ဝိနည်းသိက္ခာပုဒ်တွေကို ရိုရိုသေသေ လေးလေးစားစား အားထုတ်ပြီးနေကြဖို့လိုပါတယ်။

မနေ့ညက ပြောကြားတုန်းက ဒီမှာ တစ်ပါးတလေ ရှိမလားတော့ မပြောတတ်ဘူး၊ သင်္ကန်းတွေ လူဝတ်တွေလို ချုပ်ထားပြီး အဲဒီအဝတ်အထည်ကြီးတွေကို ဝတ်ရုံနေတာရှိတယ်လို့ ဆိုတယ်၊ အဲဒါမတော်တဲ့ ဥစ္စာပဲ။

အချို့အရပ်တွေမှာလည်း ဒီလိုဝတ်ရုံကြတာကို တွေ့ရတယ်၊ ဆရာသမားတွေကလည်း မဆုံးမဖူးနဲ့တူပါတယ်၊ သင်းပိုင်တွေကို လူဝတ်လို ဝတ်ပြီးတော့နေကြတယ်၊ အဲဒါဝိနည်းသိက္ခာပုဒ်တော်နဲ့မညီဘူး၊ သာသနာတော်မှာ နေလို့ရှိရင် ဝိနည်း သိက္ခာပုဒ်တော်နဲ့ညီအောင်တော့ နေပါမှပေါ့။

မြတ်စွာဘုရား သာသနာတော်နှင့် တွေ့ကြုံနေတဲ့အခါကာလမှာ ရသင့်ရထိုက်တဲ့ တရားထူးကို ရအောင် အားထုတ်ဖို့ရာဟာ အရေးကြီးပါတယ်၊ သေသေချာချာ စဉ်းစားကြည့်ရင် အင်မတန် အရေး



ကြီးတာပဲ၊ ဘဝတွေတစ်ဘဝပြီး တစ်ဘဝ ထပ်ခါထပ်ခါ ဖြစ်နေတဲ့ အထဲမှာ အခုလို လူ့ဘဝနဲ့ ဘုရားသာသနာတော်ကို တွေ့ကြုံရတဲ့ ဘဝကသိပ်များတာမဟုတ်ဘူး၊ နည်းတယ်။

ကုသိုလ်ကံက အကျိုးပေးလို့ နတ်တွေ, ဗြဟ္မာတွေ ဖြစ်နေကြတာ လည်းရှိပါတယ်။ ဒီပြင် အကုသိုလ်ကံကြောင့် ငရဲသားတို့, တိရစ္ဆာန်တို့, ပြိတ္တာတို့ဖြစ်နေကြတာတွေလည်းရှိတယ်။ လူဘဝမှာ ဖြစ်နေတာက နည်းတယ်။ လူ့ဘဝမှာ ဖြစ်ပြန်တော့လဲ [illegible]သာသနာတော်နဲ့ [illegible]ရားသာသနာ [illegible] မနီးစပ်မှုက [illegible]တယ်။ နီးစပ် [illegible] [illegible] ထွန်း [illegible]နကြ [illegible]တော်တွေကို [illegible]အားထုတ်ကြ ရတာမှာ [illegible]ကောင်းတာပဲ။

"အတ္ထိ နုခေါ မေ အဓိဂတော" ငါ့မယ်၊ အဲဒီတရား, အဲဒီဉာဏ်ကို ရသလားလို့လည်း အမြဲနှလုံးသွင်းဆင်ခြင်ရမယ်-တဲ့၊ နည်းမှန်, လမ်းမှန်နဲ့ မပြတ်အားထုတ်နေလို့ ရှိရင် အဲဒီဉာဏ်အမြင်အထူးနဲ့တကွ ဥတ္တရိမနုဿဓမ္မဆိုတဲ့ ဈာန်, မဂ်, ဖိုလ်တရားကို ရနိုင်ပါတယ်။ တကယ်ရပြီ ဆိုလို့ရှိရင်လည်း ကိုယ့်မှာဒီတရား တွေရှိမရှိ တကယ် သိနိုင်တာပဲ၊ ဒီဉာဏ်, ဒီတရားတွေ မရသေးလို့ရှိရင်လည်း ရအောင် ရှိအောင် အားထုတ်ဖို့လိုပါတယ်။

လူတို့နေရာ မြို့ထဲ, ရွာထဲသွားတဲ့အခါ ကာလကျတော့ ပခုံးနှစ်ဘက်လက်နှစ်ဘက်စလုံး လုံအောင် ရုံရတယ်၊ ဒါကတော့ အများသိနေတာပါပဲ၊ အခု ဒီရိပ်သာမှာတော့ မြို့ထဲ, ရွာထဲသွားတယ်မဟုတ်ပေမယ့်လို့ ကြည်ညိုဖွယ်ဆောင်သင့်ရာမှာ ရုံသွားကြရပါတယ်၊ ဘုရားသွား, ကျောင်းသွား, ဒီလို သွားတဲ့အခါ ကာလမှာ မရုံဘဲသွားလည်း ဝိနည်းကတော့ ခွင့်လွှတ်ပါတယ်၊ သွားကောင်းပါတယ်၊ ဒါပေမယ့်လို့ လူတွေအမြင်အားဖြင့်တော့ ပါသာဒိက မဖြစ်ဘူး၊ ပါသာဒိကမဖြစ်ရင် မြင်တဲ့ လူတွေက ကဲ့ရဲ့ကြလိမ့်မယ်၊ ဒီလို ကဲ့ရဲ့ကြရင် အဲဒီလူတွေက အကုသိုလ်ဖြစ်မယ်၊ ပါးစပ်က မပြောနဲ့ဦးတော့ စိတ်ထဲက "ဒီကိုယ်တော်ကြီးက မြို့ထဲရွာထဲသွားတာ သင်္ကန်းလည်းမရုံဘူး" ဆိုပြီးအပြစ်တင်လိမ့်မယ်၊ ကိုယ်ကတော့ ဘုရားသွား, ကျောင်းသွားမို့ အပြစ်မရှိလို့ သွားတာပဲ၊ ဒီလိုအပြစ်မရှိတာကို မသိဘဲ ကဲ့ရဲ့ပြစ် တင်ရင် ကဲ့ရဲ့ပြစ်တင်တဲ့ ပုဂ္ဂိုလ်တွေမှာ အကုသိုလ်ဖြစ်ကြမှာပဲ၊ အဲဒီပုဂ္ဂိုလ်တွေလည်း အကုသိုလ် မဖြစ်ရအောင်, ကိုယ်လည်းပါသာဒိကဂုဏ် ဖြစ်အောင်လို့ ကျောင်းတွင်းက အပြင်ထွက်လို့ ရှိရင် သင်္ကန်းရုံသွားဖို့ တိုက်တွန်းထားရပါတယ်၊ အခုဒီမှာတော့ ကျောင်းတွင်းက ထွက်လိုက်ရင် မြို့ထဲရောက်သွားတာဖြစ်လို့ မြို့ထဲမှာ ကိစ္စရှိလို့သွားတယ် ထင်ကြမှာပဲ၊ ဘုရားသွားတာ, ကျောင်းသွားတာပဲလို့ သိကြမှာလည်း မဟုတ်ဘူး၊ ဒီတော့ မြင်တဲ့ လူတွေကကဲ့ရဲ့ကြမှာပဲ၊ အဲဒါကြောင့် ရုံသွားတာပဲ ကောင်းပါတယ်။

အခု ဒီမှာတော့ ကမ္မဌာန်းအားထုတ်တဲ့ ဌာနပဲ၊ ကမ္မဌာန်း တရားမှာလည်း ဒီမှာသမထ သမာဓိ သက်သက်ဖြစ်အောင် အားထုတ်တာ မဟုတ်ဘူး၊ ဝိပဿနာ သမာဓိ ဖြစ်အောင် အားထုတ်ရတာ၊ အဲဒီလို ဝိပဿနာ သမာဓိဖြစ်အောင် အားထုတ်တဲ့ ဌာနဆိုတော့ သီလဝိသုဒ္ဓိလည်း ပြည့်စုံရမှာပဲ၊ သီလဝိသုဒ္ဓိ ပြည့်စုံပြီး အား ထုတ်လို့ သမာဓိအား ကောင်းလာရင် ဉာဏ်တွေဖြစ်လာတယ်၊ "သမာ ဟိတော ယထာဘူတံ ပဇာနာတိ" သမာဟိတော - စိတ်တည်ကြည် သော ပုဂ္ဂိုလ်သည်၊ ဝါ - သမာဓိပြည့် စုံသော ပုဂ္ဂိုလ်သည်၊ ယထာဘူတံ - ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ - သိ ပါတယ် - တဲ့။

သမာဓိဖြစ်မှ အမှန်သိတဲ့ဉာဏ်ဖြစ်တယ်၊ အဲဒီတော့ သမာဓိဖြစ်အောင် အားထုတ်ရတယ်၊ "သမာဓိ ဘာဝေထ"၊ ဘိက္ခဝေ - ရဟန်းတို့၊ သမာဓိ - သမာဓိကို၊ ဘာဝေထ- ဖြစ်ပွားရမယ်-တဲ့၊ သမာဓိဖြစ်စေရ



မယ်၊ သမာဓိဖြစ်မှ ဉာဏ်ဖြစ်တယ်၊ သမာဓိဖြစ်အောင် အားထုတ်တဲ့ အခါမှာတော့ သမထဘာဝနာသက် သက်အားထုတ်တာလည်း ရှိပါတယ် ဝိပဿနာ ဘာဝနာ သက်သက် အားထုတ်တာလည်း ရှိပါတယ်၊ အဲဒီလို နှစ်မျိုးရှိတယ်၊ သမာဓိ သက်သက် သမထဘာဝနာကို အားထုတ်တယ်ဆိုရင် စျာန်ရ နိုင်တယ်၊ အဲဒီမှာ စျာန်ရ, မရ ဆုံးဖြတ်ဖို့ဆိုတာ လွယ်လှတာ မဟုတ်ဘူး၊ နောက်ပြီးတော့ စျာန် ရအောင် အားထုတ်နေရတာ အချိန် ကုန်ပြီး နေတတ်တယ်၊ ဒါ့ကြောင့်မို့ ဒီမှာတော့ သမာဓိသက်သက် အားထုတ်ဖို့ရာ မညွှန်ကြားပါဘူး၊ ဝိပဿနာရှုရင်းနဲ့ သမာဓိဖြစ်ဖို့ရာ ညွှန်ကြားပြီး ဝိပဿနာကိုပဲ အားထုတ်ဖို့ ညွှန်ကြားတာပါပဲ။

တစ်ခါက စာပေဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရောက်လာပြီး ရင်းရင်းနှီးနှီး သူကမေးတယ်၊ အဲဒီ ဥပါဒါန်အကြောင်းတွေကိုပြောတဲ့ အခါ ကာလမှာ သူက တဏှာကိုပဲ ပြောတယ်၊ ဒိဋ္ဌိကိုမပြောဘူး၊ တဏှာ ကဖြစ်တဲ့ အခါမှာ အင်မတန် ထင်ရှား ပေါ်လွင်နေတာကိုး၊ ဒါပေ မယ့်လို့ အများအားဖြင့် ဒိဋ္ဌဥပါဒါန် လည်း ရှိနေတာပဲ၊ သို့ပေ မယ်လို့ အပြည့်အစုံပြောမှ ပိုပြီးတော့ ကောင်းပါတယ်လို့ သူ့ကိုပြော ရတယ်၊ အဲဒီဒိဋ္ဌဥပါဒါန်တာ မင်္ဂ, ဖိုလ်, မရသေးရင် သူကတော့ ဖြစ် နေတာပဲ၊ သောတာပန်, သကဒါ ဂါမ်, အနာဂါမ်ကျတော့ ဒိဋ္ဌမရှိ တော့ဘူးပေါ့၊ ဒါပေမယ့် တဏှာ ဥပါဒါန်ကတော့ ရှိသေးတာပဲ၊ မကင်းသေးဘူး၊ အရဟတ္တမင်္ဂကို မရောက်သေးရင် သူကတော့ ရှိနေ သေးတာပဲ။

ဒါကလည်း မရှုမမှတ်ပဲနေတဲ့ ပုဂ္ဂိုလ်ကို မဆိုထားနဲ့ ရှုမှတ်စဖြစ်တဲ့ ပုဂ္ဂိုလ်တောင်မှမြင်ရင် မြင်ရုံမျှဖြစ် အောင် မရှုမှတ်နိုင်သေးပါဘူး၊ မြင် ရင်မြင်တယ်, ကြားရင်ကြားတယ်, ဖောင်းရင်ဖောင်းတယ်, ပိန်ရင်ပိန် တယ် စသည်ဖြင့် အသားကျကျ ရှုမှတ်နိုင်လို့ သမာဓိ, ဉာဏ်အတော် ရင့်သန်လာမှ ကိလေသာကင်း အောင်, ကိလေသာ မဖြစ်လာ အောင် ရှုမှတ်နိုင်ပါတယ်၊ စာပေ ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေမှာ ကတော့ ကင်းတန်သလောက် ကင်း ပါတယ်၊ ဒါပေမယ့်လို့ အစွဲအလမ်း တော့ ရှိတာပဲ။

စာပေအရဆင်ခြင်လို့ရှိရင် သိ တယ်၊ နားလည်တယ်လို့တော့ ထင် ရတာပဲ၊ ဒါပေမယ့် ကိုယ်တိုင်တွေ့, ကိုယ်တိုင်သိတာမှာမဟုတ်ဘဲ၊ ရုပ် နာမ်ဖြစ်ပျက်တာတွေကို တကယ် အတိအကျ ကိုယ်တိုင်သိတာ မဟုတ်ဘူး၊ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတွေကို ကိုယ်တိုင်မတွေ့ဘူး၊ ကိုယ်တိုင်တကယ်ရှုမှ တကယ်သိ တာ၊ ဒါ့ကြောင့် ရှုရမယ့်တရားတွေ ကို ဒါရိုက်ခြောက်ပါးက ပေါ်လာတိုင်း ပေါ်လာတိုင်းတကယ်ရှုနေရတာပဲ။

အင်း . . မြဲတဲ့အနေ, ချမ်းသာ တဲ့အနေ, ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ ရုပ်နာမ်တရားတွေ၊ အဲဒါတွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်၊ အဲဒါ ဒုက္ခသစ္စာတွေပဲ၊ မရှု မသိလို့ရှိရင် အဲဒါတွေကို စွဲလမ်းနေကြတာပဲ၊ ရှုလို့သိလို့ရှိရင် မစွဲလမ်းဘူး၊ အဲဒီ စွဲလမ်းတဲ့ ကိလေသာတွေ ကင်းသွား နိုင်ပါတယ်၊ အဲဒီလို ကင်းပြီးတော့ သွားလို့ရှိရင် တဏှာလည်းမဖြစ် တော့ဘူး၊ တဒင်္ဂပဟာန် အားဖြင့် ဖြစ်ဖြစ် အဲဒီအာရုံနဲ့စပ်ပြီးတော့ ငြိမ်းတယ်၊ ဒါကြောင့် ခြောက်ဒွါရက ပေါ်တိုင်း ပေါ်တိုင်း ပေါ်လာတဲ့ အာရုံကိုရှုရတယ်၊ မြင်ရင်မြင်တယ်၊ ကြားရင်ကြားတယ်၊ ဖောင်းရင် ဖောင်းတယ်၊ ပိန်ရင်ပိန်တယ် စသည်ဖြင့်ပေါ့၊ ပေါ်လာသမျှတို့ကို မလွတ်တမ်း ရှုမှတ်ရတယ်၊ ဥပါဒါနက္ခန္ဓာ ဒုက္ခသစ္စာရုပ်နာမ် တရားတွေကို ရှုမှတ်နေတာပဲ။

အစဉ်အတိုင်းပွားများလို့ ပြည့် စုံတဲ့အခါကျရင် အရိယာမဂ္ဂင်တွေ ဖြစ်လာပါတယ်၊ အရိယာမဂ္ဂင်ဖြစ်ပြီ ဆိုတော့ နိဗ္ဗာန်အစစ် နိဗ္ဗာနသစ္စာ ကို မျက်မှောက်ပြုရတယ်၊ အဲဒီအခါ ကျတော့ ပယ်သင့်သလောက် သမု ဒယသစ္စာတဏှာကိုပယ်ပြီး ငြိမ်း တန်သလောက် ဒုက္ခတွေလည်းငြိမ်း သွားတော့တာပါပဲ၊ ဝိပဿနာကို ဆက်လက်ရှုပြီးတော့ နောက်ဆုံးဖြစ် တဲ့ အရိယာဖိုလ်ရောက်ပြီဆိုယင် ဒုက္ခခပ်သိမ်းအကုန်ငြိမ်းတဲ့ နိဗ္ဗာန်ကို ဆိုက်ရောက်နိုင်ပါတယ်၊



အဲဒီလို ရောက်အောင်လို့ အားထုတ်ကြရတယ်၊ ကြိုးစားပြီး အားထုတ်ကြ ဖို့ပါပဲ၊ ပေါ့ပေါ့ဆဆမနေကြနဲ့၊ ဒီနေ့ အထူးပြောစရာမရှိပါဘူး။

အင်္ဂါရှစ်ပါးရှိတဲ့ အရိယာမဂ်ကို မရနိုင်တဲ့ ဘာသာရေးမှာ ကိုလေသာငြိမ်းတဲ့ သောတာပန်ကိုလည်း မရနိုင်ဘူး၊ သောတာပန်လည်း မဖြစ်နိုင်ဘူးတဲ့၊ အင်္ဂါရှစ်ပါးရှိတဲ့ အရိယာမဂ် ဆိုတာဘာကြောင့် လည်းဆိုရင် မဂ္ဂင်ရှစ်ပါးကိုမရဘူး= မဂ္ဂင်ရှစ်ပါးမရှိဘူးဆိုတာဘာကြောင့် လည်းဆိုရင်မဂ္ဂင် ရှစ်ပါးကို ဖြစ်ပွားစေရန် မဟောပြလို့ မဂ္ဂင်ရှစ်ပါး ဖြစ်ပွားစေရမယ်ဆိုတာ မသိလို့ပါပဲ၊ ဘာသာရေးတစ်ခုမှာ ဆရာ့ဆရာတွေက မဂ္ဂင်ရှစ်ပါး ဖြစ်ပွားစေရမယ်ဆိုတာကို မသိဘူး၊ မသိတဲ့အတွက် မဂ္ဂင်ရှစ်ပါးဖြစ်ပွား စေရမယ်ဆိုတာ မဟောကြားဘူး ဆိုရင်အဲဒီဘာသာရေးမှာ မဂ္ဂင်ရှစ်ပါးဖြစ်ပွားပဲ့မလား၊ မဖြစ်ပွားပါဘူး၊ မဖြစ်ပွားလို့ဖြစ်ပွားရမယ်ဆိုတာမသိရင် အားထုတ်မယ့် သူလည်းရှိမှာမဟုတ်ပါဘူး၊ အားထုတ်သူမရှိလို့ မဂ္ဂင်ရှစ်ပါးမဖြစ်ပွားရင် အဲဒါဘယ်မှာရှိနိုင်လိမ့်မလဲ၊ ဒါကြောင့် မဂ္ဂင်ရှစ်ပါးကိုမဟောကြားတဲ့ ဘာသာရေး၊ မဂ္ဂင်ရှစ်ပါးမရှိတဲ့ ဘာသာရေးမှာ၊ အောက်ထစ်ဆုံး ကိုလေသာငြိမ်းတဲ့ သောတာပန်တောင်မဖြစ်နိုင်၊ မရှိနိုင်ဘူးတဲ့၊ အဲဒါက သိဖို့ရှင်းပါတယ်။

အခြေခံမဂ္ဂင်ဆိုတာ ကံနှင့်ကံ၏အကျိုးကို ယုံကြည်တဲ့ ကမ္မသကတာသမ္မာဒိဋ္ဌိ ရှိရတယ်၊ ဗုဒ္ဓသာသနာတွေမှာတော့ ဒီသမ္မာဒိဋ္ဌိဟာ ရှိနေတာပါပဲ၊ ဒီတော့မှလည်း ဒီအခြေခံသီလဖြစ်တဲ့ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဖြစ်နိုင်တဲ့ ငါးပါးသီလစတဲ့ သီလမဂ္ဂင်တွေ ဖြစ်တယ်၊ ပြီးတော့ သမထဘာဝနာစသည်ကိုလည်း ဒီတော့မှ ယုံယုံကြည်ကြည် အားထုတ်နိုင်တယ်၊ သမထအားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ အပွနာစျာန် မရောက်သေးခင် စိတ်ငြိမ်သက်ပြီးနေတာကို ဥပစာရစျာန်လို့ခေါ်တယ်၊ အဲဒီကစပြီး စျာန်ရသွားတော့ အပွနာသမာဓိလို့ ခေါ်တယ်၊ အပွနာသမာဓိဆိုတာ စတုက္ကနည်းအားဖြင့် ရူပစျာန် ၄-ပါး၊ အရူပစျာန် ၄-ပါး၊ အားလုံး ရှစ်ပါး၊ အဲဒါတွေဟာ သမာဓိမဂ္ဂင်တွေပဲ၊ ဝိပဿနာကစပြီး အားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာတော့ အားထုတ်ခါစမှာ သမာဓိမဖြစ်သေးဘဲ ရှိကြပါတယ်။

ဝိပဿနာမဂ္ဂင်တွေ ဖြစ်ပွားရာမှာ ကမ္မသကတာသမ္မာဒိဋ္ဌိ သီလ,သမာဓိဆိုတဲ့ အခြေခံမူလမဂ္ဂင်တွေနဲ့ ရှေးဦးစွာ ပြည့်စုံဖို့လိုပါတယ်၊ ကံ-ကံ၏ အကျိုးကို ယုံကြည်သိမြင်တဲ့ အယူမှန်ရှိတဲ့သူမှ ဝိပဿနာ အလုပ်ကို အားထုတ်နိုင်တယ်၊ ဒါရခြောက်ပါးက ထင်ရှားပေါ်လာသမျှ ကိုရှုမှတ်နေရင် ဝိပဿနာဉာဏ် ဖြစ်ပြီး မဂ်, ဖိုလ်, နိဗ္ဗာန်ကိုရနိုင်တယ်လို့ ယုံကြည်သိမြင်ပါမှ ဝိပဿနာအလုပ်ကို အားထုတ်နိုင်တယ်၊ သီလကလည်း စင်ကြယ်ပါမှ၊ အောက်ထစ်ဆုံးအားဖြင့် ဥပစာရသမာဓိနှင့် အလားတူတဲ့ ဝိပဿနာခဏိကသမာဓိလဲဖြစ်ပါမှ ဝိပဿနာဉာဏ်နှင့်တကွ အခြားသော ဝိပဿနာ မဂ္ဂင်တွေ ဖြစ်နိုင်ပါတယ်၊ ဒါကြောင့်ကမ္မသကတာ သမ္မာဒိဋ္ဌိရယ်, သီလမဂ္ဂင်သုံးပါးရယ်, သမာဓိရယ်၊ ဒီသုံးမျိုးကို အခြေခံမူလမဂ္ဂင်တွေလို့ မှတ်ရမယ်။

အဲဒါတွေသေသေချာချာစဉ်းစား ကြည့်ရင် သိက္ခာပုဒ်တော်အရ သူများပစ္စည်းတွေကို မတရားသဖြင့်တောင်းတာ အာပတ်သင့်တယ်၊ အဲဒါအာပတ်ကနိဿဂ္ဂိယပါစိတ်အာပတ်သင့်တာပဲ၊ ဒါမကောင်းဘူး၊ အဲဒါကအရေးကြီးတယ်၊ သိက္ခာပုဒ်တွေကို လေးစားရိုသေသင့်တယ်၊ အဲဒါကို အကြောင်းပြုပြီးတော့အားလုံး လေးလေးနက်နက်သဘောထားကြပါ၊ ဒီမှာတောင် လာဘ်လာဘတွေ ဒီလောက်များနေတာ၊ နေရာကျတာ မဟုတ်ဘူး၊ ကမ္မဋ္ဌာန်း ဘုန်းကြီးဆိုပြီး အခြားသူတွေက စီးပွားရေးအနေနဲ့ မြင်နေကြလိမ့်မယ်၊ ကမ္မဋ္ဌာန်း ဘုန်းကြီးဆိုတာ သန္တုဋ္ဌိ, သလ္လေခ ရရသမျှနဲ့ ရောင့်ရဲသင့်တယ်။

မဟာစည်ကမ္မဋ္ဌာန်းဘုန်းကြီးဆိုပြီး ဒီလိုလုပ်ရင် ကမ္မဋ္ဌာန်းတရားကိုပါအထင်သေးပြီး နာမည်ပျက်မယ်၊ ဆရာ့ဆရာကို[redacted] ထိခိုက်ပြီး



တော့ မရိုမသေဖြစ်လာနိုင်တယ်၊ ဒီတော့ အကုသိုလ်ကံဖြစ်ရုံသာမက တရားတော်ပါ ဆုတ်ယုတ်သွားမှာပဲ၊ ဒါဟာ တော်တော့်ကို နေရာမကျတာဘဲ။

ဒီက ကမ္မဋ္ဌာန်းဆရာဟောင်းတွေရော ဘာတွေရောပေါ့လေ၊ အဟောင်းတွေက ပိုအရေးကြီးတယ်၊ စီးပွားရေးဖြစ်အောင် တရားဟောတယ်လို့ မှတ်ထင်ကြရင် နေရာမကျဘူး၊ အခုတော့အဲဒီအထဲက ဒီလိုမတော် တာလုပ်တယ်လို့တော့မကြားသိရ သေးပါဘူး၊ ဒါပေမယ်လို့ အခုစပ်မိတဲ့အခါ သတိပေးပါတယ်၊ အဲဒီလိုမလုပ်ကြပါနဲ့အရှင်ဘုရားတို့။

တရားဟော, တရားပြတယ် ဆိုတာမြတ်စွာဘုရားသာသနာတော်မှာတရားကျင့်ပြီးတော့ ကုသိုလ်တရားတွေ, သမာဓိ, ဉာဏ်တရားတွေ ဖြစ်သင့်သမျှတွေဖြစ်အောင် ဟောပြောဆောင်ရွက်ရတာ၊ စားသောက်နေထိုင်ရေးတွေနဲ့ပတ်သက်ပြီး မပြည့်စုံရင်လည်း ဘယ်တတ်နိုင်မလဲ၊ သူ့ကံနဲ့သူပေါ့။

သူတို့ဟာသူတို့ ဒကာ, ဒကာမတွေက တတ်နိုင်လို့လှူ၊ ဒီမှာဘုန်းကြီးက ဘာမှအလှူခံတာ မရှိပါဘူး၊ ဒါပေမယ်လို့ သဒ္ဓါတရားပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေက လှူဒါန်းကြတာ ပြည့်စုံရုံမကပါဘူး၊ ပိုတောင်နေပါသေးတယ်။

တခြားမှာလုပ်နေတာတွေကိုတော့ မပြောလိုပါဘူး၊ သူတို့ဟာနဲ့သူတို့ပဲ၊ ဒီကမ္မဋ္ဌာန်းဌာနမှာတော့ ရှေးက ဒီလိုဟာတွေ မကြားရလို့ မပြောတာဘဲ၊ အခုတော့ ကြားလာရလို့ မပြောလို့မဖြစ်ဘူး၊ ဒါကြောင့် ပြောရတယ်၊ ကမ္မဋ္ဌာန်းဌာနမှာ တရားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေတရားဟောပြောနေတဲ့ ပုဂ္ဂိုလ်တွေ တရားပြနေတဲ့ ပုဂ္ဂိုလ်တွေ ဒီလို ပုဂ္ဂိုလ်တွေကတော့ မြတ်စွာဘုရားအဆုံးအမသြဝါဒနဲ့အညီ ဘာမှမရှိဘူးဆို ရင်ဆွမ်းခံစားဖို့ပါပဲ၊ သဒ္ဓါတရား အားလျော့စွာ ဒကာ, ဒကာမတွေကလှူလို့ ရှိရင်တော့ လက်ခံသင့်ပါတယ်။

ခုဒီသာသနာ့ရိပ်သာမှာဆိုရင် လှူတဲ့ ဒကာ, ဒကာမတွေသိပါတယ်၊ ဒါအများကြီးပဲ၊ ဆွမ်းမခံရဘဲ ကျွေးတာတွေလည်း ရှိပါတယ်၊ ဒါပေမယ်လို့ အကုန်လုံးတော့လည်း မဟုတ်ဘူးပေါ့၊ တချို့ပုဂ္ဂိုလ်တွေ ဆွမ်းခံသင့်တဲ့ပုဂ္ဂိုလ်တွေကတော့လည်း ဆွမ်းခံရသေးတာပဲ၊ ဟိတေသီအဖွဲ့ကဆိုလို့ရှိရင် သူတို့လိုကျွေးနေတာတွေ အများကြီးရှိပါတယ်၊ ဒီဌာနကလည်းကျွေးနေတာတွေ တော်တော်များပါတယ်၊ ဒါပေမယ်လို့အကုန်လုံးတော့ မဟုတ်ဘူးပေါ့။

ဆောင်ရွက်စရာရှိလို့ ဆောင်ရွက်နေရတဲ့အခါမှာ ဆွမ်းခံလည်း အရေးမကြီးပါဘူး၊ အများကြီးထဲမှာ တစ်ပါးနှစ်ပါး ဆွမ်းမခံလည်း စားလောက်ပါတယ်၊ အရေးမကြီးပါဘူး၊ ဆွမ်းခံတဲ့ ပုဂ္ဂိုလ်တွေပြည့်စုံနေရင် ပြီးတာပါပဲ၊ နည်းတဲ့အခါကျရင် တော့ဖြင့် ဆွမ်းခံလိုက်သင့်တဲ့ပုဂ္ဂိုလ်တွေ လိုက်ဖို့ကောင်းပါတယ်၊ အဲဒါတွေလည်း နားလည်ထားဖို့ပါပဲ၊ ကဲ့ရဲ့ ဖွယ်တွေကင်းကြပါစေ။

ဆရာတော်ကြီး ပျံလွန်တော်မူတာ အကြောင်းပြုပြီးတော့ ပူဇော်ပဲ့တွေ ကျင်းပကြတယ်၊ အဲဒါ ပဲ့တွေဘာတွေနဲ့ လုပ်ကြတာ ဘာမှအကျိုးမရှိဘူး၊ အကျိုးမရှိတဲ့အပြင် ဂုဏ်သိက္ခာတောင် ကျသေးတယ်၊ အဲဒါတွေမလုပ်သင့်ကြောင်းကို ကိုယ်တိုင်ပဲ စာရေးရမလား သူများကိုပဲ အရေးခိုင်းရမလားဆိုတာ ဒီကစဉ်းစားနေတယ်၊ မတော်တဲ့ ဥစ္စာပဲ၊ အခု ဒီမှာရှိတာတွေကတော့ ကမ္မဋ္ဌာန်း ဆရာမဟုတ်လို့ အထူးပြောစရာတော့ မလိုပါဘူး၊ ဒါပေမယ်လို့ စပ်မိတဲ့အခါ စောစောက သိထားရင်ကောင်းတာပါပဲ။

ဒါတွေလည်း ကမ္မဋ္ဌာန်းဌာနတွေမှာဆိုရင် မတော်ပါဘူး၊ အလကား အပိုတွေပဲ၊ ဘာမှအကျိုးမရှိပါဘူး၊ ကမ္မဋ္ဌာန်းဌာနတွေမှာ ဒီလို လုပ်တယ်ဆိုရင်သာ ပြီးတော့ကဲ့ရဲ့ဖွယ်ဖြစ်မှာပဲ၊ ဒါတွေလည်း အင်မတန် သတိပြုပြီး ရှောင်ကြဉ်ဖို့ကောင်းပါတယ်။

သာသနာတော်တွင်းမှာ မြတ်စွာဘုရားတရားတော်တွေကို ဟောရ, ပြောရကျင့်ကြံအားထုတ်ကြ ရတာဟာ အင်မတန်ကံကောင်းပါတယ်၊ မြတ်စွာဘုရားသာသနာတော်



အတွင်းမှာဝိပဿနာတရားဟောဖို့, ပြောဖို့ကအင်မတန်အရေး ကြီးပါတယ်၊ ဟောလို့သိမှကျင့်နိုင် တယ်၊ ကျင့်မှလည်း မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရနိုင်တယ်။

အပြင်ဘက်ကနေပြီး အဲဒီလို အပြစ်ပြောနေတဲ့ ပုဂ္ဂိုလ်တွေက သူတို့ဟောတာပြောတာမှ သဘာဝ ကျတယ်၊ အကောင်းဆုံး နည်းလမ်း မှန်ဆိုပြီး ဘုရားဟော နည်းလမ်းမှန် မဟုတ်ဘဲ အရမ်းစဉ်းစားပြီး ဟော နေကြတာတွေလည်းရှိတာပဲ၊ အဲဒါ တွေကို ယုံကြည်တဲ့ပုဂ္ဂိုလ်တွေ ကလည်း အဲဒါအမှန်လို့ မှတ်နေ ကြတာတွေလည်း ရှိတယ်ပေါ့လေ၊ အဲဒီလို ပုဂ္ဂိုလ်တွေကို အပြစ်ပြော လိုလို့ မဟုတ်ပေမယ့်သဘောမှန် ရောက်စေချင်တဲ့ အနေနဲ့မကင်းဘဲ ပြောတန်သလောက်တော့ ပြောရ သေးတာပဲ၊ ပုဂ္ဂိုလ်အနေနဲ့တော့ မပြောပါဘူး၊ သဘာဝဓမ္မအနေ နဲ့တော့ပြောရပါတယ်။

အခုနေတော့ သာသနာစောင့် ရှောက်ရေး ရဟန်းတော်အဖွဲ့တွေ ဖွဲ့ပြီးသာသနာတော် စည်ပင် တည်တဲ့ပြန့်ပွားရေးတွေကို အစိုးရ ကလုပ်နေပါတယ်၊ အဲဒါတွေ တဖြည်းဖြည်းတော့ ကောင်းသွားဖို့ ရှိပါတယ်၊ ဒီအတိုင်းသာ ဖိဖိစီးစီး ဆောင်ရွက်သွားလျှင် ကောင်းလိမ့် မယ်လို့လည်း သဘောရပါတယ်၊ ဆောင်ရွက်စရာတွေကလည်း အများကြီးရှိနေတာပဲ၊ အဲဒါတွေကို အကုန်လုံးဆောင်ရွက်ဖို့ရာ တယ် မလွယ်လှဘူး။

နိုင်ငံခြားတွေဆိုလို့ရှိရင် သူတို့ နည်းနဲ့သူတို့ ကောင်းအောင်ဆိုပြီး သာသနာတော်ကို စည်ပင်အောင် ဆောင်ရွက်နေကြတာပါပဲ၊ ဆောင် ရွက်ပုံနည်း မတူလို့ရှိရင်ဖြင့်တစ် နိုင်ငံက တစ်နိုင်ငံကိုအပြစ် ပြောနေ ကြတာတွေလည်းရှိပါတယ်၊ ဥပမာ ထိုင်းက မြန်မာပြည် ရဟန်းတော် တွေ ကျင့်ကြံနေထိုင်ပုံအချို့ကို အပြစ်တင်ပြီး ဝေဖန်ကြတာတွေ ရှိပါတယ်၊ တချို့တော့လည်းသူတို့ အပြစ်တင်သလို ဟုတ်သလောက် ဟုတ်တာပါပဲ၊ ဒါပေမယ်လို့ သူတို့ ဆောင်ရွက်ပုံတွေဟာလည်း အပြစ် လုံးလုံးကင်းတယ်လို့ ဆိုလို့မဖြစ်ပါ ဘူး၊ အပြစ်တင်ကဲ့ရဲ့မှုဆိုတာ ကတော့ လောကမံ သဘောလည်း မကင်းဘူးပေါ့။

ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်တွေ ဆိုတာ မိမိတို့ကိုယ်တိုင်လည်း သန့်ရှင်းစင်ကြယ်ဖို့ အရေးကြီးတယ်၊ သန့်ရှင်း စင်ကြယ်ရုံနဲ့လည်းမပြီး သေးဘူး၊ သူတစ်ပါးသံသယကင်း အောင် အမျိုးသမီးတွေနဲ့မရော မနှောဖို့ကလည်း အရေးကြီးသေး တာပဲ၊ သူတို့နဲ့တတ်နိုင် သလောက် ကင်းရှင်းတာ ကောင်းပါတယ်၊ ကမ္မဋ္ဌာန်းပေးခြင်း, ကမ္မဋ္ဌာန်း စိစစ်ခြင်း အလုပ်တွေဆောင်ရွက် နေတာဖြစ်တော့ ဒါတွေကတော့ ရှိရမှာပဲ၊ ဒါပေမယ်လို့ တစ်ယောက် တည်းလာလို့ရှိရင် လက်မခံကြပါနဲ့၊ အနည်းဆုံးနှစ် ယောက်လောက် လာမှ လက်ခံဖို့ကောင်းပါတယ်၊ တစ်ယောက်တည်းလာရင်လက်မခံ ဘူးလို့ ပြောလိုက်ရုံပေါ့။ ဒီလိုပြော လိုက်ရင်ပြီးတာပဲ။

တော်တော်ဆီတုန်းက ဒကာမ တစ်ယောက် ရောက်လာသေးတယ်၊ ဘယ်ကမှန်းလည်းမသိပါဘူး၊ အစိုး ရအရာရှိ ထဲကထင်တာပါပဲ၊ စေတ နာကောင်းနဲ့လာတယ်လို့ ထင်တာပါ ပဲ၊ ဒီကဒီလိုပြောပြောလွှတ်တာကို သိမှာမဟုတ်ပါဘူး၊ သူ့ကိုလည်း "တစ်ယောက်တည်းမလာနဲ့၊ ဒီက လက်မခံဘူးပြန်"လို့ ပြောလိုက်တော့ သူလည်းပြန်သွားတာပဲ။

အမျိုးသမီးတွေနဲ့ ဆက်ဆံတဲ့ အခါ စကားပြောတဲ့အခါ အဲဒီလို အခါကာလတွေမှာ အမျိုးသမီး တစ်ယောက်တည်းနဲ့ မဆက်ဆံတာ ကောင်းတယ်၊ နှစ်ယောက်သုံး ယောက်တော့ရှိမှ၊ ဘုန်းကြီးတစ်ပါး နှစ်ပါးရှိနေရင်လည်း ကိစ္စမရှိပါဘူး၊ ကောင်းပါတယ်၊ အဲဒါဘယ်သူမှ အပြစ်တင်မှာ မဟုတ်ပါဘူး၊ တစ် ယောက်ချင်းဆိုရင်တော့ အထင်မှား စရာရှိတယ်၊ မလိုတဲ့ ပုဂ္ဂိုလ်ကလည်း စွပ်စွဲနိုင်တယ်၊ အဲဒါကို အထူး ဂရုစိုက်ရမယ်။

အခုဆုံးဖြတ်နေရတဲ့ အမှုကိစ္စ တွေဆိုရင် အမျိုးသမီးနဲ့ ပတ်သက် တာတွေချည်းမျှားတယ်၊ ဒါလည်း ပိုမို နီးကပ်တာကများတယ်၊ ဒီပြင် ဟာ ကသိပ်မနီးကပ်ဘူး၊ ဒါကြောင့် အမျိုးသမီးတွေနဲ့ ဆက်ဆံရေးတွေ



ကို နည်းနိုင်သမျှနည်းအောင်၊ ကင်းနိုင်သမျှကင်းအောင် နေတာက ကောင်းတယ်၊ တချို့ကလည်း အမျိုးသမီးတွေနဲ့ ပြောတဲ့အခါကာလမှာ ရင်းနှီးသိမ်းသွင်းပြီး ပြောတဲ့ စကားလေးတွေပါတတ်ပါတယ်၊ အဲဒါလည်းသူများက အထင်အမြင်လွဲတတ်တာပဲ၊အဲသလိုဟာတွေလည်း မပါတာကောင်းတယ်၊ သန့်သန့်ရှင်းရှင်း နေကြထိုင်ကြဖို့ပါပဲ။

နောက်လည်းပဲ ဒီလိုခဏခဏ သတိပေးရမှာပဲ၊ ဘာပြုလို့တုန်းဆိုတော့ဒီက မမွှကထိကထဲက ဖြစ်စေ၊ ကမ္မဋ္ဌာန်းဆရာထဲကဖြစ်စေ၊ တစ်ပါးပါးကို အပြစ်တင်စရာ ဖြစ်လာမယ်ဆိုရင်ကမ္မဋ္ဌာန်းတရားတွေ နာမည်ပျက်ကုန်မှာ စိုးရိမ်ရတယ်၊ အဲဒါကြောင့် အပြစ်ကင်း အောင် သန့်ရှင်းအောင် နေကြ, ထိုင် ကြဖို့ ခဏခဏ သတိပေးနေမှဖြစ်မှာ။

အချို့က သာသနာတော်မှာ နေတယ်ဆိုပေမယ့် သီလတောင် ပြည့်စုံအောင် မကျင့်ဘဲနေတဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ အဲဒါနေရာမကျဘူး၊ သီလပြည့်စုံရုံသာမကသမာဓိကို လည်းထိုက်တန်သလောက်တော့ ကျင့်ဦးမှကောင်းတယ်၊ နိဗ္ဗာန်ရောက်ဖို့ ဆိုတော့ ဝိပဿနာကိုလည်းကျင့်သုံးမှပဲ ကောင်းတယ်၊ ကိုယ်ကပြည့်စုံ အောင်မကျင့်ဘဲ သူတစ်ပါးကိုကျင့်ဖို့ ကမ္မဋ္ဌာန်းတရားတွေကို ဟောပြောနေတာတွေလည်းရှိသေးတယ်။ ကိုယ်က ကမ္မဋ္ဌာန်းအလုပ်ကို မလုပ်ဖူးဘဲနဲ့ သူတစ်ပါးကို ဟောပြောနေတာကို စဉ်းစားကြည့်မယ်ဆိုရင်တော့ လိုက်နာရမယ့် ပုဂ္ဂိုလ်တွေအတွက် ဘယ်နေရာကျပါ့မလဲ၊ သူတစ်ပါးကဲ့ရဲ့ဖွယ်ဖြစ်နေမှာပေါ့ ဒီလိုကဲ့ရဲ့ဖွယ်မဖြစ်ရအောင် စွပ်စွဲပြစ်တင်ဖွယ်ကင်းအောင် နေထိုင် အားထုတ်ကြဖို့ အထူးတိုက်တွန်းလိုပါတယ်။

အဲဒီတော့ မဟာစည်သာသနာ့ရိပ်သာက ပုဂ္ဂိုလ်တွေ အထူးဂရုစိုက်ပြီးနေကြဖို့ အရေးကြီးပါတယ်၊ မဟာစည်ရိပ်သာက ဓမ္မကထိကတွေကျကော့တရားဟောနေကြရလို့ ဒကာ,ဒကာမတွေနဲ့ နီးစပ်ပြီးတော့ နေတယ်၊ သူတို့ကိုဆုံးမညွှန်ကြားနေကြရတာဖြစ်တော့ မနီးစပ်လို့ကလည်းမဖြစ်ဘူး၊သူတို့နဲ့မကင်းဘူး၊ အဲဒါ သူများအထင်အမြင်မလွဲအောင်နေတတ်ဖို့ အရေးကြီးပါတယ်၊သန့်သန့် ရှင်းရှင်းဆက်ဆံလို့ရှိရင်တော့ အရေးမကြီးပါဘူး၊ မသန့်မရှင်း ဆက်ဆံလို့ရှိရင်တော့ ဖြင့် အပြစ်လည်းရှိမယ်၊ အပြစ်မရှိတောင်မှဘေးက အမြင်မတော်ရင် စွပ်စွဲစရာ ဖြစ်နိုင်တယ်၊ အဲဒီလိုစွပ်စွဲစရာဖြစ်လို့ စွပ်စွဲမှာလည်းစိုးရိမ်ရတာပဲ၊ ဒါကြောင့် သာသနာရေးနဲ့ ပတ်သက်ပြီးသူများ အထင်အမြင်လွဲ မှာတွေ မတော်မသင့်တာတွေ မဖြစ်အောင်နေထိုင်ကြဖို့ အရေးကြီးပါတယ်။

အစတုံးက မရှိပေမယ့်လို့ နောက်ကျတော့ ပရိယတ္တိချည်းအားထုတ်ပြီးတော့ သင်ကြားလေ့လာ မှုတွေရှိလာတယ်၊ စာသင်တိုက်ကြီးတွေအရပ်ရပ်မှာ ရှိနေတာပဲ၊ ပရိယတ္တိသင်ကြားရုံ၊ သီလပြည့်စုံရုံနဲ့တော့ ဘုရားအလိုတော်ကျမဖြစ်သေးဘူး၊ သမာဓိတွေ, ပညာတွေပြည့်စုံအောင် အားထုတ်ဦးမှ၊ အဲဒီလို အားထုတ်ဖို့လည်းလိုပါတယ်၊ တချို့ ရဟန်းပြုပြီးစာပေတွေနဲ့ အချိန်ကုန်နေတာပဲ၊ တချို့တော့လည်း စာပေတောင် ကောင်းကောင်း သင်တာမဟုတ်ဘူး၊ အဲဒါကတော့ တယ်နေရာမကျဘူးပေါ့။

တချို့က စာပေတွေမတတ်တာမဟုတ်ဘူး၊ တတ်ပါတယ်၊ စာပေတွေတတ်ပြီး သူများတွေကိုတော့ ဩဝါဒပေးနေတာပဲ၊ ကိုယ်တိုင်ကတော့ဖြစ်အောင် ဘာမှ အားမထုတ်ဘူး၊ ဒီလိုနဲ့ပဲ အချိန်တွေ ကုန်နေတယ်၊ ဒါလဲပဲမတော်လှဘူး၊ စာပေတတ်အောင် သင်ကြားပြီးတော့ သမာဓိ, ပညာအတွက်လည်းဆက်လက်အားထုတ်နိုင်ရင် ကောင်းပါတယ်။

မြတ်စွာဘုရား သာသနာတော်နဲ့ တွေ့ကြုံနေရတဲ့အခါကာလမှာ ဘုရားအဆုံးအမတော်အတိုင်း လိုက်နာပြီးတော့ ကျင့်ကြံနေထိုင်ဖို့ အရေး ကြီးပါတယ်၊ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်တဲ့အလျောက် ဘုရားတရား တော်တွေကို အလေးအနက်ထားပြီး ကျင့်ကြံရမယ်၊ တချို့ ဗုဒ္ဓဘာသာဝင်တွေဟာ ဗုဒ္ဓဘာသာ



ဝင်ပင် ဆိုပေမယ်လို့ ဘုရားတရား တော်ကို အလေးအနက်ထားပြီး မကျင့်ကြဘူး၊ တော်ရုံပဲ သဘောထားကြတယ်။

သီလပြည့်စုံရုံနဲ့လည်း မိမိတို့ လိုအပ်တဲ့ ရည်ရွယ်ချက်ကပြည့်စုံတာမဟုတ်သေးဘူး၊ "သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ" လို့ အစက ရည်ရွယ်ခဲ့တဲ့အတိုင်း သံသရာဝဋ်ကထွက်မြောက်ပြီး နိဗ္ဗာန်ကိုရောက်မှသာ မိမိတို့ ရည်ရွယ်ချက်က ပြည့်စုံကြမှာပဲ၊ ဒီတော့ သီလနဲ့ ပြည့်စုံပြီဆိုရင် နိဗ္ဗာန်ကိုရောက် ဖို့ရာ သမာဓိနဲ့ ပညာနဲ့ ပြည့်စုံအောင် ကြိုးစားအားထုတ်ရဦးမှာပဲ၊ အဲဒီတော့မှ မိမိတို့ရည်ရွယ်ချက်က ပြည့်စုံပါလိမ့်မယ်။

အင်း-ရည်ရွယ်တုန်းကတော့ ရည်ရွယ်ခဲ့ကြတာပဲ၊ ဒါပေမယ်လို့ ရည်ရွယ်တဲ့အတိုင်း တကယ်ကြိုးစားပြီး အားထုတ်ကြတာကတော့ နည်းနည်းပဲ၊သိပ်မများလှပါဘူး၊ဉာဏ်ထူးဖြစ်အောင်ကျကျနန အားထုတ်ကြတာကတော့ အင်မတန်နည်းပါတယ်။

မြတ်စွာဘုရား ပွင့်တော်မူကာစတုန်းက မြတ်စွာဘုရား သာသနာတော်ဝင်ပြီး ရဟန်းပြုတဲ့ပုဂ္ဂိုလ်တွေဟာ တကယ့်ကိုကျင့်ကြ အားထုတ်ကြတယ်၊ အဲဒီတုန်းကတော့ စာပေတွေဆိုတာကလည်း မရှိသေးဘူး၊ အဲဒီလို မရှိသေးတော့ စာပေသင်ဖို့ဆိုပြီး သာသနာတော်ကို ဝင်ကြတာမဟုတ်သေးဘူး၊ သာသနာတော်ဝင်ပြီး ဘုရားအဆုံးအမအတိုင်း ကျင့်ကြတာပဲ၊ နောက်ပိုင်း စာပေတွေရှိလာတော့မှ စာပေကို သင်ရုံ, လေ့လာရုံပုဂ္ဂိုလ်တွေ ရှိလာပါတယ်၊ သို့သော်လည်း အဲဒီလို သင်ရုံ, လေ့လာရုံ, နဲ့အားရမနေဘဲ သမာဓိ, ပညာဖြစ်အောင် ကြိုးစားဖို့လည်း အရေးကြီး ပါတယ်။

စာပေကျမ်းဂန်တတ်ရုံနဲ့လည်း ပြည့်စုံတာမဟုတ်သေးဘူး၊ တချို့ဆိုလို့ရှိရင် စာပေကျမ်းဂန်တောင် တတ်အောင်မသင်ဘဲ နေတဲ့ပုဂ္ဂိုလ်တွေရှိသေးတယ်၊ အဲဒါတွေဟာ အဆင်မပြေပါဘူး၊ တော်တော်နေရာမကျတာပဲ၊ ရဟန်းဆိုရင် ရဟန်းတို့ အလုပ်ကိုတော့ လုပ်ဖို့ကောင်းပါတယ်၊ စေတနာ သဒ္ဓါတရားကောင်းကောင်းနဲ့သာဆိုရင် ဝိပဿနာကလည်း ခဲယဉ်းလှတာမဟုတ်ပါဘူး၊ ကိုယ့်သန္တာန်မှာ ဖြစ်နေတာတွေကို ဖြစ်တိုင်းဖြစ်တိုင်း ရှုနေရုံပဲ၊ ဘာမှ ပင်ပင်ပန်းပန်း အားထုတ်ရတာ မဟုတ်ပါဘူး၊ ဝိရိယအားနည်းရင်တော့ အားမထုတ်နိုင်ဘူးပေါ့လေ၊ ဝိရိယ အားကောင်းရင် မခဲယဉ်းပါဘူး။

တရားအားထုတ်တယ်ဆိုတာ အိုခြင်း, နာခြင်း, သေခြင်းကင်းအောင် ဆင်းရဲခပ်သိမ်းကင်းအောင်လို့ အားထုတ်ရတာ၊ အားထုတ်လို့ တရားပြည့်စုံပြီဆိုတော့ စိတ်လည်းပဲ ကောင်းသွားတယ်၊ တရားမပြည့်စုံရင် စိတ်ကိုကတယ်မကောင်းဘူး၊ ကိုယ့် အကျိုးတွေကို ကြည့်ပြီး သူများအကျိုးမဲ့တွေကို ကြံလိုက်, စည်လိုက်, စိတ်ကူးလိုက်, ပြောဆိုလိုက်- အဲဒီလို မတော်မသင့်တာတွေကို လုပ်တတ်တယ်၊ တရားပြည့်စုံရင်တော့ အပြစ်တွေ့ရင် တောင်မှ သူ့အပြစ်နဲ့သူပဲဆိုပြီး သူများအပြစ်ကို မပြောဘဲ လျစ်လျူရှုနိုင်တယ်။

သူ့အပြစ်နဲ့သူပဲဆိုပြီး နှလုံးသွင်းထားနိုင်တယ်၊ သူများတွေ ဒုက္ခရောက်အောင်တော့ မပြောဘူး၊ အဲဒီတော့ စိတ်တွေလည်းကောင်း၊ ကိုလေသာတွေလည်း ကင်းတန်သလောက် ကင်းသွားတယ်၊ တော်တော်နေရာကျပါတယ်၊ မတော်မသင့်တဲ့ အမှုတွေလည်း အဲဒီတော့ ကင်းသွားတာပဲ၊ ဒါကြောင့် တရားပြည့်စုံအောင် ရိုရိုသေသေ တရားကို အားထုတ်ကြဖို့ အင်မတန်ကောင်း ပါတယ်၊တရား မပြည့်စုံသေးတဲ့ ပုဂ္ဂိုလ်က ပြည့်စုံအောင် ပြည့်စုံတဲ့ပုဂ္ဂိုလ်ကလည်း တိုးတက်အောင်အချိန်ရသလောက် အားထုတ်ရမယ်။

မှတ်ချက်

ဗုဒ္ဓသာသနာနှုဂ္ဂဟအဖွဲ့ချုပ်မှ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ (တတိယအကြိမ်) ပုံနှိပ်ထုတ်ဝေသည့် မဟာစည်ဆရာတော်ဘုရားကြီးပေးအပ်တော်မူခဲ့သော ဩဝါဒဓမ္မအမွေစာအုပ်မှ ကောက်နုတ်တင်ပြပါသည်။

စာတည်းအဖွဲ့



ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံတော်မူ၍ ပရိယတ်၊ ပဋိပတ်စွယ်စုံရထေရ်အရှင်ဖြစ်ပါသည်။ အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ နိုင်ငံတော်ဩဝါဒစရိယဟူသော ဘွဲ့ထူးများသခင်၊ ကျမ်းပြုအကျော်ထေရ်အမော် တစ်ဆူလည်း ဖြစ်ပါသည်။

ထို့အပြင် ပါတိမောက္ခသံဝရသီလ၊ အာစရ၊ ဂေါစရနှင့် သိက္ခာပုဒ်တော်များကို အထူးပြည့်စုံ အောင်ကျင့်တော်မူသည်ဟု သူတော်ကောင်း အများ ခီးကျူးခံရပါသည်။

ပြောခြင်းသည် စာတစ်လုံးဖြင့် ရေးမှတ်ထားသည်နှင့် ညီမျှသည်။ စာသည် ထိရောက်သည်။ ဖတ်ပြီးလျှင် မေ့ထားမရ၊ ရင်မှာ စွဲငြိမှတ်မိ နေသည်ဟူသော ထိုးထွင်းဉာဏ်နှင့် မိမိပေးလိုသည့် သြဝါဒများကို စာလက်ာတို့ဖြင့် ပေးခဲ့ပါသည်။ လိုရင်းတိုရှင်း ဖြစ်သဖြင့် လွန်စွာခရီးရောက်ပါသည်။ စာဆိုသည်မှာ စာလုံးများဖြင့် အရေးအသားကို ဆိုလိုပါသည်။ ထို့ကြောင့် ဆရာတော်အရှင်၏ သြဝါဒများကို "စာလုံး လက်ာများဖြင့် ပေးသော သြဝါဒများ" ဟု ညွှန်းဆိုလိုက်ရပါသည်။

ဆရာတော်ဘုရားကြီး၏ သြဝါဒစာလက်ာလေးများကို လေ့လာခံယူကြည့်ကြပါစို့ -

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏

စာလုံးအလက်ာ ဆောင်ပုဒ်များဖြင့်ပေးသော သြဝါဒများ

မစိမ်းငော်(ဝါးခယ်မ)

စာပေပညာတွင်လည်း ဝိပဿနာရှုနည်း ကျမ်းကြီး (၂)တွဲ ဝိပဿနာလမ်းညွှန်ကဲ့သို့ ကျမ်းငယ်များနှင့် မဟာသတိပဋ္ဌာနသုတ် နိဿယ၊ ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယစသောကျမ်းကြီး၊ ကျမ်းငယ် (၅၉)ကျမ်းကိုလည်း ရေးသားပြုစုတော်မူခဲ့ပါသည်။

ထိုသို့ ခက်ခဲနက်နဲသော ကျမ်းကြီးကျမ်းခိုင် တို့ဖြင့် ပုဒ္ဓဘာသာဝင် သူတော်စင်တို့ကို အသိဉာဏ်မြင် ပွင့်စေခဲ့သည်ဖြင့် ရောင့်ရဲတော်မမူဘဲ သိသင့်သိထိုက်သော မှတ်သားလိုက်နာဖွယ်များ မှတ်သားလိုက်နာရလွယ်ကူစေရန် အလက်ာသီကုံး၊ တရားအဆီအနှစ် သြဝါဒများထားရှိခဲ့ပါသေးသည်။ ဆရာတော်ဘုရားကြီး၏ မေတ္တာဂုဏ်ရှာ အမွေများဟု တင်စားက မှားအံ့မထင်ပါ။ "နှုတ်တစ်ရာ စာတစ်လုံး" ဆိုရိုးထုံးရှိသည့်စကားလုံး (ဝါ) စကားခွန်းပေါင်း တစ်ရာ ဆိတ်ငြိမ်စံပြ၊ သာသနာ့ရိပ်သာ ရောက်လာသူများ၊ ဖြစ်ပွားသင့်ါ သူများလိုပဲ၊ တို့လည်း(လဲ)ပြုမှာ မြတ်ဒါန သီလ ဘာဝနာ။

တိတ်ဆိတ်ငြိမ်သက်မှုတွင် စံပြဖြစ်သော ဤမဟာစည်သာသနာ့ရိပ်သာကြီးတွင် တရားဝင်ရောက်အားထုတ်သော ယောဂီသူတော်စင်များ၏ ဆောင်ရွက်လှုပ်ရှားပွားများ အားထုတ်နေကြပုံကို မြင်တွေ့ပြီး ထိုသူများကဲ့သို့ ဒါန၊ သီလ၊ ဘာဝနာပွားရဦးမည်ဟု သတိရ သင့်ါ ပွားသွားကြပုံကို ပေါ်လွင်လှပါသည်။

ဒါနနှင့်သီလကို မိမိရရ ကျင့်ကြံကြရန် ဖော်ပြဆုံးမထားသည်မှာလည်း ချက်ချင်းလက်ငင်း ဆောင်ရွက်ကျင့်ကြံလိုစိတ် တစ်ဖွားဖွားပေါ်အောင် စာလက်ာဖွဲ့ခဲ့သည်မှာ -



ချမ်းသာအပေါင်း၊ ရကြောင်းမှန်စွာ၊
စည်းစိမ်ဘောဂ၊ မြစ်မ, တည်ရာ၊
အောက်တမ်းမကျ၊ ကယ်မသူမှာ၊
မြတ်ဒါန၊ မုချကိုးကွယ်ရာ။ ။
သီလရနံ့၊ မွှေးပြန့်ကြိုင်စွာ၊
သီလဆင်သိုင်း၊ ရှုတိုင်းလှပါ၊
သီလစောင့်ငြား၊ မလားပါယ်ရွာ၊
မြတ်သီလ စိတ်ချကိုးကွယ်ရာ။ ။

ဟူ၍ ဖြစ်ပါသည်။

တဖန် လူ့ဘဝအတွက် အရေးကြီးဆုံး ဘာဝနာ အလုပ်အားထုတ်ရန်ကိုလည်း စာလက်ာ သီကုံးခဲ့ပါသေးသည်။

ကိစ္စမများ၊ စကားနည်းစေ၊
အိပ်နေမှုလည်း၊ ကိုယ်တည်းပျော်လေ၊
ဆုံးမလွယ်ကြောင်း၊ မိတ်ကောင်းရှိစေ၊
တရားရေး၊ အားပေးဂုဏ်ခြောက်ထွေ။

ဟူ၍ တွေ့ရှိရပြန်သည်။

ဤဂုဏ် (၆)ထွေနှင့် ပြည့်စုံသူများ ဝိပဿနာရှုမှုလွယ်လင့်တကူ ပြုနိုင်ရန် ဝိပဿနာနည်းမူသေစည်းကို နည်းညွှန်လမ်းပြထားသည်မှာ -

- **ဝိပဿနာဉာဏ်ဆိုတာ၊**
- **ဘယ်ဟာရှု၍ ဖြစ်သနည်း။**
- **စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊**
  မှန်စွာရှု၍ ဖြစ်သတည်း။
- **ဘယ်အကျိုးငှာ၊ ထိုခန္ဓာ၊**
  ဘယ်ခါရှုရပါသနည်း။
- **မစွဲဖို့ရာ၊ ဖြစ်ဆဲမှာ၊**
  မှန်စွာရှုရပါသတည်း။
- **ဖြစ်ခိုက်မရှု ရုပ်နာမ်စု၊**
  စွဲမှဝင်ရောက်သည်။
- **မြဲတယ်ကောင်းတယ်၊**
  ငါကောင်နှယ်တကယ်ထင်တတ်သည်။
- **ဖြစ်ခိုက်မှတ်ရှု၊ ရုပ်နာမ်စု**
  စွဲမှကင်းပျောက်သည်။
- မမြဲဆင်းရဲ၊ သဘောပဲ၊
  ဉာဏ်ထဲရှင်းတော့သည်။
- စွဲမှကင်းပျောက်၊ မင်္ဂလာပေါက်၊
  ဆိုက်ရောက်နိဗ္ဗာန်ပြည်။
- ဝိပဿနာရှုနည်း၊ မူသေစည်း
  သိမ်းဆည်းထားရမည် - ဟူ၍ ဖြစ်ပါ သည်။

သို့သော် ဝိပဿနာရှုပွားရန် နည်းမှန်ကိုသိ သဒ္ဓါတရားလည်း ပြည့်နေသူသည် ချက်ချင်း အားထုတ်၍ မရနိုင် မာန်မာနထောင်လွှားလျက်ရှိသော မိမိ၏ ကိုယ်အမူအရာ စိတ်ဓာတ်များကို ချိုးနှိမ်၍ "လူမမာနှင့် တူစွာကျင့်၊ ပြုသင့်ကိုယ်မူရာ" ရှိရမည်ဟူ၍လည်းကောင်း၊ စကားပြောလျှင် တရားလျှာ (၀ါ) သမာဓိပျက်တတ်သဖြင့် လောကီရေးရာစကားပြောခြင်းလျှင် တရားအားထုတ်သူအား အနှောင့်အယှက် ဖြစ်စေတတ်သည်။ ထို့သို့ စကားပြောခြင်းကို ရှောင်ကြဉ်သင့်သည်ဟု လိုရင်းထိမိပြတ်သားစွာ ဆုံးမထားသည်မှာလည်း ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ စေ့စပ်သေချာမှုဂုဏ်ကို ဖော်ပြနေကြောင်း သိသာလှပါသည်။

တဖန် တရားရေး အားပေးမှုတွင် ပေါ့ပေါ့တန်တန်ကျင့်၍ တရားမရနိုင်သည်ကို "ကိုယ် နှင့် အသက်၊ မငဲ့ကွက်၊ ရက်စက်နိုင်ရမည်" ဟူ၍လည်းကောင်း၊ တရားမရမချင်း ဇွဲနှင့်ကျင့်ကြံ အားထုတ်ရမည်ကို "လမ်းဆုံးမရောက် လက်မမြှောက်၊ တောက်လျှောက် ကျင့်ရမည်" ဟု မဂ် ချမ်းသာ၊ ဖိုလ်ချမ်းသာ အရယူရန် သတိပေးထားသည်မှာ အားပြည့်စေသော ရဲဆေးဩဝါဒဖြစ်ပါသည်။

ထို့ပြင် လမ်းဆုံး (၀ါ) မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အဆင့်အသင့်ရပါစေဟု တိုက်တွန်းထားသည်မှာ ငြင်းဖွယ်မရှိနားဝင်ပီယံရှိလှပါသည်။

သို့သော် အပါယ်မှ လွတ်ခြင်းသည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်း မဟုတ်သေး၊ ဒုက္ခအပေါင်းချုပ်ငြိမ်းသောနိဗ္ဗာန်ကို မျက်မှောက်ပြုသည်ထိ ကြိုးစားအားထုတ်ကြရန် "ထိုဉာဏ်နှင့်လည်း၊ မတော်ဘဲ၊



ဆင်းရဲငြိမ်းပါစေ" ဟူ၍ ပန်းတိုင်အရောက်လှမ်းရန် သြဝါဒမှာလည်း စာလုံးနည်းနည်းဖြင့် အဓိပ္ပါယ် ကျယ်ဝန်းစွာသိရှိရန် ပညာပေးသည်ကို ခံယူရပါသည်။

နိဗ္ဗာန်သွားရန် ကျင့်နည်းမှန်ကို လမ်းညွှန် တိုက်တွန်းသည်နှင့် မပြည့်စုံသေး။ နိဗ္ဗာန်သွား လမ်းရှင်းလင်းသည့်သဘောဖြင့် -

"မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်းချမ်းသာမည်" ဟု ပုထုဇဉ်ယောဂီများကို လမ်းမဖြောင့်အောင် နှောင့်ယှက်နေသော အပါယ်ဆွဲတရား ဣဿာ (မနာလိုခြင်း)၊ မစ္ဆရိယ (ဝန်တိုခြင်း) နှစ်ပါးကို ရှောင်လျှင် လက်တွေ့ချမ်းသာမည်ကို သြဝါဒစာလုံးများဖြင့် ပေးထားပြန်ပါသည်။ အရေးကြီးလှသဖြင့် ရိပ်သာကြီး၏ မြင်သာထင်သာရှိသည့်နေရာတိုင်းတွင် ကမ္ဘည်းတင်ထားပါသည်။

ထိုမျှမက ဆွမ်းစားကျောင်းတွင်လည်း ရဟန်းရှင်လူယောဂီများသည် အမှတ်သတိဖြင့် ဘုဉ်းပေးသုံးဆောင်နေကြပါသည်။ ငြိမ်သက်စွာ ကြည်ညိုသဒ္ဓါပွားတော်မူကြပါဟူ၍ ကျင့်နေကြသူများနှင့် ကြည်ညိုသူများ၊ မိမိဆောင်ရွက်ရမည့် တာဝန်ကိုယ်စီကို မမေ့လျော့ရန်၊ မလစ်ဟင်းရန်၊ အသေးအဖွဲအပြစ်ကိုမျှ မကျူးလွန်ကြရန် သတိပေးသြဝါဒစာတမ်း ကမ္ဘည်းတင်ထားတော်မူစေသည်မှာ ဆရာတော်အရှင်သူမြတ်၏ ဣက္ခဏဝုဏ်တော်ကို ထွင်းဖောက်မြင်သာ ကြည်ညိုဖွယ်ရာ ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တိုင်း မလွဲမသွေ ကျင့်ကြံခံ ယူထားကြရန်အတွက် စာလက်မှာ -

အကုသိုလ်များ၊ ရှောင်ရှားပယ်လေ
ကုသိုလ်တရား၊ ဖြစ်ပွားစုံစေ
မိမိစိတ်ဓာတ်၊ ဆွတ်ဆွတ်ဖြူစေ
ဤသုံးပါးဘုရားဆုံးမပေ။ ။ ဟူ၍ ကျင့်ရန် လမ်းမှန် ဤသုံးတန်ကို မမေ့မကျန် သြဝါဒ ညွှန်ခဲ့ပါသည်။

စည်းကမ်းရှိမှ တိုးတက်မည်။ လုပ်ငန်း အောင်မည်ဖြစ်သဖြင့် ကမ္မဋ္ဌာနာစရိယရဟန်း၊ ကမ္မဋ္ဌာနာစရိယဥပါသကာ၊ ယောဂီရဟန်းများ အတွက်လည်း စာလုံးများစွာဖြင့် သြဝါဒကမ္ဘည်းတင်၍ နေရာတိုင်းတွင် ချိတ်ဆွဲဆုံးမထားပါသည်။ ကျေးဇူးတော်ရှင် ဆရာတော်သခင်၏ အသေးစိတ် စိမံစွမ်းအားဉာဏ်တရားဖြင့် ဆောင်ရွက်ချက်များကို သဒ္ဓါညွတ်နူး ဦးခိုက်မိပါသည်။

ထိုထို၌၌ အလိုလိုသော သြဝါဒများကို မိုးမောင်းထိုးပြသွားသည်မှာ ကာလကြာ၍ ရွှေရတုပွဲမှသည် ရာပြည့်ပွဲတော်တိုင်တော့မည် ဖြစ်ပါသည်။

ဇာတိ၊ ဇရာ၊ မရဏာ အနိစ္စသဘောအရ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ စာလက်ာဆောင်ပုဒ်များဖြင့်ပေးသော သြဝါဒများအချို့မှာ အရောင်မှိန်၍ ပျက်စီး ပျက်လုဖြစ်ကုန်ကြလေပြီ။ ကမ္ဘာတည်ကြာရှည် တင့်စေဖို့မှာ ထိန်းသိမ်းစောင့်ရှောက်ထားမှ ဖြစ်ပေသည်။

"ပေးသူက ပေးသွားတော်မူသော" "အမွေ" ကို ဆက်ခံသူ တပည့်သားမြေးမြစ်များက ထိန်းသိမ်းတတ်ဖို့ လိုပါသည်။

မဟာစည်လမင်း၊ ကြယ်ခပင်း အလင်း ကမ္ဘာပျံ့လျက်၊ ကမ္ဘာအဆက်ဆက် တည်နေအောင် စုပေါင်းတာဝန်ကျေကြပါစို့ဟု မဝံ့မရဲ ဆိုအပ်ပါသည်။

ကျေးဇူးသခင်၊ ဆရာရှင်၏
ဂုဏ်အင်အနန္တ၊ ရည်မှော်တ,ရာ
ရာပြည့်ပွဲကြို၊ ထိုထိုစာစု
ရေးပြုပူဇော်၊ ရည်ရော်မှန်းပြု
နိဗ္ဗာန်ဆုတည်း။

(လက်လှမ်းမီသ၍ စုစည်းပူဇော်ပါသည်။ လက်လှမ်းမမီ၊ ကျန်ရှိသည်များအတွက် မေတ္တာဖက်၍ ဖြည့်စွက်ပူဇော်ကြပါရန်)

မစိမ်းဇော် (ဝါးခယ်မ)





ကြည်သိုးရှိ ပုဇော်ရိုးပါဂါဘုရား



မြောင်းမြမဥတ္တမစာရီ

'တပည့်တော်မ သီလရှင် ဝတ်ချင်လို့လာပါတယ်ဘုရား'

'ဟေ့ . . ကြားရတာ အဆန်းပါလား၊ အေး သီလရှင်ဝတ်ချင်လို့ပဲလာလာ၊ ဘာပဲလာလာ ကျောင်းမှာနေဖို့ ရောက်လာရင်တော့ တရားအားထုတ်ရမယ်၊ တစ်လ တရားအားထုတ်ပြီးမှ နှင်ဝတ်ချင်တဲ့ သီလရှင်ဝတ်တာပေါ့'

အိမ်ပြေးမလေး ဘုရားတပည့်တော်မ သာသနာနယ်ပယ်ထဲသို့ ဝင်ရောက်လာစဉ်က ဖြစ်ပါသည်။ ယခုလက်ရှိမြောင်းမြ မဟာစည်သာသနာ့ရိပ်သာ ပဓာနာယကဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ)ဆရာတော်ဘုရားက တွေ့တွေ့ခြင်း အမိန့်ရှိသောစကား ဖြစ်သည်။

အမှန်ပြောရလျှင် တရားအားထုတ်ချင်သောစိတ်ကြောင့် သာသနာထဲ ဝင်ရောက်လာခဲ့ခြင်း မဟုတ်ပါ။ သီလရှင်ဝတ်ချင်စိတ်သက်သက်ဖြင့်သာ လောကီလူဘောင်ကို ခွာရှောင်ခဲ့ခြင်း ဖြစ်ပါသည်။ တရားအားထုတ်တယ်ဆိုတာ ဘာမှန်းကိုမသိသေးသော အစိမ်းပြင်ပြင်ကြီးဘဝ

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးအားဘုရားတပည့်တော်မ ရိုသေစွာ ဦးညွတ်၍ လျှောက်တင်ဝံ့ပါသည်ဘုရား

ဆရာတော်ဘုရားကြီးသည် လူပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်၊ ဘယ်ပြည်ဌာနေ စံနေသည်မှန်း မသိသော်ငြားလည်း ဘုရားတပည့်တော်မ တစ်ခုသောဘဝ၌ ဆရာတော်ဘုရားကြီးကို ကိုးကွယ်ခဲ့ဖူးသောကြောင့် ဆရာတော်ဘုရားကြီးကို ကြည်ညိုမှုတရားတို့ ဖြစ်ပေါ်ခဲ့ကြပါသည်ဘုရား။

သာသနာနယ်ထဲသို့ ဝင်ရောက်လာစဉ်

'နင် . . . မောင်ဆန်းသမီးမို့လား ဘာလာလုပ်တာလဲ'

တော်မ အောက်မေ့အမှတ်ရခြင်းတို့ကြောင့် ယခုလျှောက်တင်ဝံ့သောဤစကားစုများကိုလည်း ကြားသိပေလိမ့်မည်ဟု ယုံကြည်ပါသည်ဘုရား။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း





နှင့်ပင် သူကျောင်းတက် သူစာအံရ မည်ဆိုသောအသိဖြင့် ဆရာတော် အမိန့်ရှိသည့်အတိုင်း တရားဝင် အားထုတ်ရတော့သည်။ ထိုင်မှတ် သော ကြရိယာပုထ်ဖြင့် 'ဖောင်း တယ်၊ ပိန်တယ်' ဟု စ,မှတ်ရသည်။

ယခင်က ကြားဖူးနားဝလည်း မရှိခဲ့ခြင်းကြောင့် သြော်. . ဖောင်း တယ် ပိန်တယ်ဆိုတာ တရားပါ လားဟု သိလိုက်ရ၏။ ဝမ်းဗိုက်ကြီး ကို မျက်စိမှိတ်၍ စိတ်ကစိုက်ကြည့် ပြီး မှတ်နေရသဖြင့် အဆန်းဖြစ် နေသည်။ 'တရားရှာ ကိုယ်မှာတွေ့' ဟူသော အရပ်ပြောစကားများကို ကြားဖူးနားဝရှိခဲ့ပါ၏။ ယခုတော့ လက်တွေ့ မျက်တွေ့ဖြစ်နေပေပြီ။ မိမိခန္ဓာကိုယ်တွင်းက ဖြစ်ပျက်နေ သော ဖြစ်စဉ်များကို ယခုခေတ် တီဗွီဖန်သားပြင်ပေါ်တွင် ထင်ဟပ် လာသော ရုပ်ပုံများကဲ့သို့ တစ်ခုပြီး တစ်ခု ပေါ်လိုက် ပျောက်လိုက် ဖြစ်ပေါ်နေမှုများကို ရသစုံလင်ခံ စားနေရ၏။ ကြံတွေးဆခြင်း၊ တမင် လုပ်ယူခြင်းအလျှင်း မရှိပါပဲ ပကတိ ဖြစ်မှု ပျက်မှု ပေါ်မှု ပျောက်မှု များကို သိလာရတော့ မအံ့သြပဲ လည်း မနေနိုင်ပါဘုရား။

သို့စဉ်ကာလ၊ ထိုသည့်နေ့ ရက်၊ ထိုသည့်အချိန်ကစပြီး ဘုရား တပည့်တော်မသည် မဟာစည် ဆရာတော်ဘုရားကြီး၏ တပည့် သာဝိကာစစ်စစ် ဖြစ်သွားခဲ့ပါပြီ ဘုရား။

နှစ်ပေါင်းသုံးဆယ်ကျော်မျှ ကြာခဲ့ပါပြီ

တွေးတွေးမိတိုင်း ဘုမသိ ဘမသိဖြင့် သာသနာထဲဝင်ရောက် လာခဲ့သော ဘုရားတပည့်တော်မ နေရာအရွေးမှန်သွားခဲ့၍ ဆရာ တော်ဘုရားကြီး၏ နည်းနာနိသ ယကို လိုက်နာကျင့်သုံးခဲ့ရသဖြင့် 'ငါကံကောင်းလိုက်တာ. ငါ့ဘဝ အရတော်လိုက်တာ. . . ငါလူဖြစ်ရ ကျိုးနပ်လိုက်တာ' ဟု မိမိရရှိလာ သည့်လူဘဝကို တန်ဖိုးထား မြတ်နိုး ခဲ့ရပါပြီဘုရား။

ဆရာတော်ဘုရားကြီးက ဘုရားတပည့်တော်မကို၊ ဘုရား တပည့်တော်မက ဆရာတော်ဘုရား ကြီးကို စကားအရာ တစ်ခွန်း တစ်လေမျှ မပြောမဆို ဘူးကြပဲ ဆရာတော်ဘုရားကြီးက ရန်ကုန် ရွှေမြို့တော်ကြီးရှိ မဟာစည် သာသနာ့ရိပ်သာကြီးတွင် သီတင်း သုံးစံနေတော်မူ၍ ဘုရားတပည့် တော်မက မြောင်းမြမြို့တွင် နေပင် နေသော်ငြားလည်း တရပ်တမြေစီ မည်သို့မျှ ဝေးကွာနေပါစေ၊ ညစဉ် ဘုရားဝတ်ပြုပြီးတိုင်း ဘုရားတပည့် တော်မ၏ အရှေ့သို့ပင့်ဖိတ်၍ မေတ္တာပို့သခဲ့ပါသည်။ မေတ္တာ၏ စွမ်းအားဖြင့် ဆရာသမားဖြစ်သော ဆရာတော်ဘုရားကြီးသည် ဘုရား တပည့်တော်မ၏မေတ္တာကို ခံယူ ရန် ကြွရောက်ခြီးမြှောက်ပေလိမ့် မည်ဟု ယုံကြည်ကိုးစားမှုတွေက လည်း အပြည့်ပါဘုရား . . . ။

ဆရာတော်ဘုရားကြီးက သောကြာနေ့ဖွားဖြစ်သောကြောင့် သောကြာနေ့ကိုရောက်တိုင်း ဆရာ တော်ဘုရားကြီးကို ကြည်ညိုလေး စားဂုဏ်ပြုသောအားဖြင့် ဉာဏ်စဉ် (၁၆)ပါး ဘုရားရှိခိုးကြီးဖြင့် မြတ်စွာ ဘုရားကို ရှိခိုးပူဇော်ပါသည်။ မြတ် စွာဘုရား၊ ဟောကြားတော်မူအပ် သော တရားတော်များကို လွယ်လင့် တကူ အားထုတ်ပွားများနိုင်ကြပါစေ



ခြင်းအကျိုးငှာ နည်းပေးလမ်းညွှန်ဟောဖော်ပြသ ဆိုဆုံးမခဲ့သော ကျေးဇူးတော်အနန္တကို အထူးပင် အလေးဂရုပြု၍ ဉာဏ်စဉ်(၁၆)ပါး ဘုရားရှိခိုး ရေးသားပေးခဲ့သော ဆရာတော်ဘုရားကြီးကိုလည်း ကျေးဇူးတင်နေမိပါသည်ဘုရား။

ဉာဏ်စဉ် ၁၆ ပါး ဘုရားရှိခိုး

၁။ နာမရူပ ပရိစ္ဆေဒံ၊ တပ္ပစ္စယ
ပရိဂ္ဂဟံ။
တံသမ္မသနံ ဥဒယဗ္ဗယ
ဉာဏဉ္စ ဘင်္ဂံ။

၂။ ဘယဉာဏံ အာဒီနဝ ဉာဏဉ္စ
နိဗ္ဗိဒံ အထ၊
မုဉ္စိတုကမျတံ ပဋိသင်္ခ
သင်္ခါရုပေက္ခကံ။

၃။ အနုလောမဉ္စ ဂေါတြဘုံ၊
မဂ္ဂဉာဏံ ဖလံ တထာ၊
ပစ္စဝေက္ခဏဉာဏန္တိ၊
တိလောကမ္ပိပိ ကေနစိ။

၄။ အဒေသိယေ သာသနိကေ၊
ဉာဏီ မေ သောဠသုတ္တရေ၊
ဒေသေတာရံ ပဝတ္တာရံ၊
ဗုဒ္ဓံ တီဟာဒရံ နမေ။

(၁) **နာမရူပပရိစ္ဆေဒံ၊** နာမ်ရုပ်တရားတို့ကို ပိုင်းခြား၍သိသော နာမရူပ ပရိစ္ဆေဒဉာဏ်လည်းကောင်း။

(၂) **တပ္ပစ္စယ ပရိဂ္ဂဟံ၊** ထို နာမ် ရုပ်တို့၏အကြောင်းတရားကို ပိုင်းခြား၍သိသော ပစ္စယပရိဂ္ဂဟ ဉာဏ်လည်းကောင်း။

(၃) **တံ သမ္မသနံ၊** ထိုနာမ်ရုပ်တို့ကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် သုံးသပ်ဆင်ခြင်၍ သိမြင်သော သမ္မသနဉာဏ်လည်းကောင်း။

(၄) **ဥဒယဗ္ဗယဉာဏဉ္စ၊** နာမ်ရုပ်တို့၏ အသစ်အသစ်ဖြစ်ပေါ်လာခြင်း၊ ဖြစ်ပေါ်ပြီးလျှင် တစ်ခဏချင်း ပျက်စီးသွားခြင်းတို့ကို ရှုမှတ်ထင်ထင် သိမြင်သော ဥဒယဗ္ဗယဉာဏ်လည်းကောင်း။

(၅) **ဘင်္ဂံ၊** နာမ်ရုပ်တို့၏ ပျက်စီးခြင်းကိုသာ ရှုမှတ်ထင်ထင် သိမြင်သောဘင်္ဂဉာဏ်လည်းကောင်း။

(၆) **ဘယဉာဏဉ္စ၊** နာမ်ရုပ်တို့၏ ပျက်စီးခြင်းကို သိမြင်ရသဖြင့် ကြောက်လန့်ဖွယ်ဘေးကြီးအဖြစ် ဖြင့်ထင်မြင်သော ဘယဉာဏ်လည်းကောင်း။

(၇) **အာဒီနဝဉာဏဉ္စ၊** နာမ်ရုပ်သင်္ခါရတို့၌ ကိုးကွယ်ရာမထင် အပြစ်မြင်သော အာဒီနဝဉာဏ်လည်းကောင်း။

(၈) **နိဗ္ဗိဒံ၊** နာမ်ရုပ်သင်္ခါရတို့၌ မပျော်မမွေ့ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်လည်းကောင်း။

အထ၊ အနက်သဘောတူသော ရှေ့ဉာဏ်သုံးခုမှတစ်ပါး အနက်သဘောတူသော နောက်ဉာဏ်သုံးခုကား

(၉) **မုဉ္စိတုကမျတံ၊** နာမ်ရုပ်သင်္ခါရတို့မှ အလွန်အမင်းလွတ်ကင်းထွက်မြောက်လိုသော မုဉ္စိတုကမျတာဉာဏ်လည်းကောင်း။

(၁၀) **ပဋိသင်္ခ၊** အလွန်အမင်းလွတ်ကင်းထွက်မြောက်လိုလှသဖြင့် ထိုနာမ်ရုပ်နှစ်ပါးကိုပင် အနိစ္စ အစရှိသော လေးဆယ်သောအခြင်းအရာတို့ဖြင့် တွင်တွင်အားထုတ်၍ အနိစ္စ ဒုက္ခ အနတ္တ အနေအားဖြင့် ကောင်းကောင်းကြီးထင်မြင်သော ပဋိသင်္ခါဉာဏ်လည်းကောင်း။

(၁၁) **သင်္ခါရုပေက္ခကံ၊** အနိစ္စ၊ ဒုက္ခ၊ အနတ္တ အနေအားဖြင့် ကောင်းကောင်းထင်မြင်၍ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ရသဖြင့် အလွန်ပြင်းထန်သော လုံ့လကိုလည်းမပြု၊ ထိုနာမ်ရုပ်သင်္ခါရတို့၌ ကြောက်လန့်ခြင်း၊ နှစ်သက်ခြင်း နှစ်ပါးကိုလည်း ပယ်စွန့်၍ သိရုံသိရုံသာ အညီအမျှရှိသော သင်္ခါရုပေက္ခာဉာဏ်လည်းကောင်း။

(၁၂) **အနုလောမဉ္စ၊** အနိစ္စ ဒုက္ခ အနတ္တတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဥဒယဗ္ဗယစသော ရှေ့ဉာဏ်ရှစ်ပါး၊ နောက်မဂ္ဂသစ္စာအား

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

လျော်သော ဂေါတြဘူ၏ရှေ့အခြားမဲ့၌ နှစ်ကြိမ်သုံးကြိမ်မျှဖြစ်သော အနုလောမဉာဏ်လည်းကောင်း။

(၁၃) **ဂေါတြဘုံ၊** ပုထုဇဉ် အနွယ်ကိုဖြတ်၍ အရိယာအနွယ် ဇာတ်သို့ ရောက်စေလျက် နိဗ္ဗာန်ကို အာရုံပြု၍ မဂ်၏ရှေ့အဖို့၌ တစ်ကြိမ်မျှသာဖြစ်သော ဂေါတြဘူ ဉာဏ်လည်းကောင်း။

(၁၄) **မဂ္ဂဉာဏံ၊** နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် သစ္စာလေးပါးကို တစ်ပြိုင်နက်သိသော မဂ်ဉာဏ်လည်းကောင်း။

(၁၅) **ဖလံ၊** မဂ်ဉာဏ်ကဲ့သို့ ပင် နိဗ္ဗာန်ကိုအာရုံပြုလျက်ဖြစ်သော ဖိုလ်ဉာဏ်လည်းကောင်း။

(၁၆) **တထာ၊** ထိုမှတစ်ပါး ပစ္စဝက္ခဏဉာဏံ၊ မဂ်ဖိုလ်နိဗ္ဗာန်နှင့် ပယ်ပြီးသောကိလေသာ၊ မပယ်ရသေးသော ကိလေသာအားဖြင့် ဤငါးပါးသောတရားအစုတို့ကို ပြန်လှည့်၍ ဆင်ခြင်သော ပစ္စဝေက္ခဏ ဉာဏ်လည်းကောင်း။

ဣတိ၊ ဤသို့ တိလောကမှိ၊ ကာမ,ရူပ,အရူပဟု လောကသုံးဖြာ စကြဝဋ္ဌာရှိသမျှ အနန္တမဆုံး လောကကြီးတစ်ခုလုံး၌၊ ကေနစိပိ၊ နတ်လူဗြဟ္မာ သတ္တဝါတစ်ဦးတစ်ယောက်မျှသော်လည်း၊ အဒေသိယေ၊ မကြားမနာ ကြံစည်ကာဖြင့် ယထာဘူတ အမှန်အကန်ကျအောင်ဟော ပြခြင်းငှာ မစွမ်းနိုင်ရာကောင်း ကုန်သော၊ သာသနိကေ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးအတွင်း၌သာ လျှင် ပေါ်လင်းဖြစ်ထွန်းနိုင်ကောင်း ကုန်သော၊ ဥတ္တရေ၊ လောကီပညာ အရပ်ရပ်တို့ ထက်ထူးကဲမြင့်မြတ်ကုန်သော၊ ဣမေသောဋ္ဌ သဉာဏေ၊ ဤ(၁၆)ပါးသောဉာဏ်တို့ကို၊ ဒေသေတာရံ၊ မိမိကိုယ်တော်တိုင် ပိုင်ပိုင်လှလှ အမှန်အကန် သိရ၍ လှစ်ဟထုတ်ဖော်၊ ဟောကြားတော်မူတတ်ပေထသော၊ ပဝတ္တာရံ၊ မိမိကိုယ်တော်တိုင် ပိုင်နိုင်ပြီးစီးဖြစ်စေ ပြီးမှ ခိုမှီးကပ်လာ ဗြဟ္မာနတ်လူ ကျွတ်ထိုက်သူမှန်သမျှ ကလျာဏ ပုထုဇဉ် အရိယာသခင်တို့၏ ကြည်လင်သောစိတ်သန္တာန်ဝယ် အဖန်ဖန်အားဖြင့် ဖြစ်ပွားစေတော်မူ တတ်ပေထသော၊ ဗုဒ္ဓံ၊ သဗ္ဗညုတ ဉာဏ်တော်ရှင် မြတ်စွာဘုရားသခင်ကို၊ အဟံ၊ ဘုရားတပည့်တော်သည်၊ တီဟိ၊ ကာယညွှတ်ချီ ဝစီမန သုံးဒွါရတို့ဖြင့်၊ အာဒရံ၊ ရိုသေစွာ၊ နမေ၊ နမာမိ၊ ကြည်ညိုမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား . . ။

အို . . . ဆရာတော်သခင် ထေရ်ရှင်မြတ်ကြီးဘုရား . . ဆရာတော်ဘုရားကြီးကို သိလိုက်ရ ဖူးတွေ့လိုက်ရသည့် နှစ်ပေါင်းကား အနှစ်သုံးဆယ်ကျော်မျှ ကြာခဲ့ပါပြီ၊ ဆရာတော်ဘုရားကြီး ခွဲခွာသွားခဲ့သော်ငြားလည်း ဆရာတော်ဘုရားကြီးအပေါ်တွင်ထားရှိသော ကြည်ညိုလေးစားမှုစိတ်ထားများက ပျက်ပြယ်မသွားခဲ့ပါဖူးဘုရား။

ယခုနှစ်တွင် ဆရာတော်ဘုရားကြီး၏သက်တော် နှစ်တစ်ရာပြည့်ပွဲကို ဩဝါဒခံယူပူဇော်ပွဲကြီးနှင့်အတူ တပည့်သာဝက အပေါင်းတို့က သောင်းသောင်းဖျဖျ ဆင်ယင်ကျင်းပ၍ ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်ဂုဏ်တော်အနန္တကို ပူဇော်ကြပါမည်။

ဘုရားတပည့်တော်မ လျှောက်တင်ဝံ့ပါ၏ဘုရား . . . ယခုအခါ ဆရာတော်ဘုရားကြီးသည် လူပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်၊ ဘယ်ပြည် ဌာနေ စံနေသည်မှန်း မသိသော်ငြားလည်း ဤပွဲသဘင်ကြီး ဆင်ယင်ကျင်းပနေသည့် ပုံရိပ်များကို ဆရာတော်ဘုရားကြီး "သိစေချင်မြင်စေချင်စမ်းပါဘိ"ဟု ကိုယ်စီ ကိုယ်စီ အလိုညီစွာဖြင့် တပည့်များ၏ရင်ထဲ အစိုင်အခဲပမာ စွဲမြဲစွာရှိနေကြမည့် တစ်ခုတည်းသော ဆန္ဒမွန်ပါ . . . ဟု လျှောက်တင်ဝံ့ကြောင်းပါဘုရား . . . ။

နှုတ်မြွက်ဝစီ၊ မနောဆီက
ဆယ်လီလက်ချောင်း၊
ယှက်ရုံပေါင်း၍၊
ဦးခေါင်းနှိမ်ချိုး၊
မြတ်မြတ်နိုးဖြင့်၊
ရှိခိုးပါ၏ အရှင်ဘုရား ။ ။

မြောင်းမြ မဥတ္တမစာရီ





မြန်မာနိုင်ငံတော်တွင် ထင်ရှား ကျော်ကြားသော ဆရာတော် အတော်များများရှိခဲ့ပါတယ်။ စာရေးသူ မိသလောက် ပုဂ္ဂိုလ်ထူးကြီးများမှာ ဝေဘူဆရာတော်၊ မိုးညှင်းသမ္မုဒ္ဓ ဆရာတော်၊ စွန်းလွန်းဆရာတော် စတဲ့ ဆရာတော်ဘုရားကြီးများဟာ ဝိပဿနာနှင့်စပ်ပြီး အနီးကပ်ဆုံးတွေ့ကြုံမှတ်သားခဲ့ဖူးတာများပါတယ်။

စာရေးသူ ၁၄ -၁၅ နှစ်အရွယ်က မိုးညှင်းဆရာတော်ကြီးနဲ့ ကြုံခဲ့ဖူးတယ်။ ခရမ်းမြို့ကို တရားဟောစဉ် အခါက တရားနာပရိသတ်များအား "ကြားကြရဲ့လား ဟရို၊ နားလည်လား ဟရို့" ဆိုတဲ့ စကားလုံးများကို သုံးပါတယ်။



တစ်ဖန် စွန်းလွန်းဆရာတော်ကြီးထံ ရောက်တဲ့အခါမှာလည်း "နှစ်သက်တော့ လိုချင်၊ လိုချင်တော့ အားထုတ်၊ အားထုတ်တော့ ရရှိ၊ ရရှိတော့ ခံကြပေတော့ဗျား၊ စကားအဆုံးမှာ "ဗျား" ဆိုတဲ့ စကားလုံးသုံးတာကို သိရှိရပါတယ်။

တစ်ဖန် ဝေဘူဆရာတော် ဘုရားကြီးနဲ့ အနီးကပ်ရွှေဘိုမှာ နေရတဲ့အခါမှာလည်း ဆရာတော် သုံးနှုန်းပုံက ဒကာ၊ ဒကာမများနဲ့ တွေ့ဆုံလို့ မိန့်ကြားတဲ့အခါမှာ "ကိုယ်အားထုတ်ထားတဲ့တရားကိုယ်သိပြီးသားပဲဗျာ၊ အထူးပြောစရာ မလိုပါဘူးဗျာ၊ မဟုတ်ဘူးလားဗျာ၊ ဟုတ်တယ် မဟုတ်လားဗျာ" ဆိုတဲ့ နောက်ဆုံးမှာ "ဗျာ" ဆိုတဲ့ စကားလုံးသုံးတာကို သိရှိရပါတယ်။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကတော့ အခြားဆရာတော်ဘုရားကြီးများနှင့်မတူဘဲ၊ တစ်မျိုးတစ်ဖုံ သုံးနှုန်းပုံခြင်း ကွဲပြားခြားနားတာကို တွေ့သိရပါတယ်။ ဥပမာ - တရားဓမ္မဟောကြားတော်မူတဲ့အခါမှာဖြစ်စေ၊ ဒကာ, ဒကာမများနှင့်ဆုံမိ၍ ပြောကြားတဲ့အခါမှာဖြစ်စေ "သူ့ဥစ္စာက၊ သူ့ဥစ္စာက" ဆိုတဲ့ စကားကိုလည်း သုံးတတ်ပါတယ်။ တစ်ဦးတစ်ယောက်နှင့်တွေ့လို့ရှိရင်လည်း နာမည်နာမထုတ်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

အသက်ထက်ဆုံး သာရဏီယကထာနှင့်

မှတ်သားဖွယ်ရာပြစ်ဂုဏ်များ

ဘဒ္ဒန္တတိလောက (မြို့ဒေါင့်စေတီရိပ်သာ)



ဖော်မခေါ်ဘဲ "ဦးဟိုဒင်းလား" ခိုင်းစရာရှိလို့၊ ခေါ်ခိုင်းလျှင်လည်း "ဦးဟိုဒင်းကို ခေါ်လိုက်စမ်းပါဦး" ဆိုတဲ့ ဟိုဒင်းဆိုတဲ့စကား သုံးတတ်ပါတယ်။ အမှန်ဆိုရရင်တော့ ဘယ်လောက်ပဲ ရင်းနှီးသည်ဖြစ်စေ၊ မရင်းနှီးသည်ဖြစ်စေ၊ ရာထူး ဂုဏ်သိမ်ကြီးမားချမ်းသာကြွယ်ဝသည်ဖြစ်စေ၊ မကြွယ်ဝသည်ဖြစ်စေ မည်သူ့ကိုမျှ အစွဲအလမ်းမထားတဲ့ သဘောတွေ သိရပါတယ်။

နောက်ထပ် ထူးခြားမှုတစ်ခုကတော့ ကိစ္စတစ်ခုခု ခိုင်းလိုက်ပြီး အဆင်မပြေတာကို တွေ့ရရင်ဖြစ်စေ၊ အချိုးမကျတာ တစ်ခုခု ပြုလုပ်သူရဲ့အပေါ်မှာဖြစ်စေ၊ ဘယ်တော့မှ ဒေါသမထွက်ဘဲ ဆိုခြင်း ငေါက်ခြင်း လုံးဝမရှိတဲ့အပြင် ပြုလုပ်တဲ့ ပုဂ္ဂိုလ်လည်း စိတ်ညစ်သွားမှာစိုးတဲ့ သဘောနဲ့ "ဦးဟိုဒင်းနယ်နော် နေရာမကျလိုက်တာ" ဆိုတဲ့ စကားလုံး၊ အဝေးဒေသက လျှောက်ထားလို့ အဆင်မပြေတဲ့ စကားကြားရင်လည်း "အင်း . . . ဒါကတော့ နေရာမကျတာဘဲ" ဆိုဟဲ့ စကားလုံးကို တိုးတိုးသက်သာလေးသာ သုံးစွဲတာကို သိရှိရတယ်။ ကိုယ့်အတွက်နှင့် သူတစ်ပါးစိတ်ပျက်သွားမှာ, စိတ်ဆင်းရဲသွားမှာကို မဖြစ်စေလိုတဲ့ ကရုဏာတရားထားတော်မူတာကိုလည်း အမြဲတစေ ကြားသိနေရတော့ တစ်မျိုးတစ်ဖုံ ပိုမိုပြီး ကြည်ညိုစရာ ကောင်းလှပါတယ်။

တပည့်တော်တို့ တရားပြတဲ့ ဆရာတော်ကတော့ သတ်မှတ်တဲ့ ရက်စေ့ရင် ချက်ချင်းထွက်ကြွသွားပါတယ်။ ဌာနစွဲမရှိတဲ့အတွက် နောက်ဆုံး ရဟန္တာမို့ ဒီလို ဌာနမစွဲမမက်ခြင်း ဖြစ်တယ်လို့ သူ့၏ဝေနေယျအားလုံးက ဝိုင်းဝန်းပြောကြားကြပါတယ်။ ထိုအချိန်က စာရေးသူမှာ တရားမှတ်ခါစသာဖြစ်၍ တခြားဗဟုသုတကလည်း မရှိသေးတဲ့အတွက် ဘာတစ်ခုမှ အဖြေမပေးနိုင် မချေပနိုင်ဘဲ ခရမ်းမြို့မှ ရန်ကုန်မဟာစည်ရိပ်သာသို့ ပြန်ကြွလာရပါတယ်။ နောက်တစ်နေ့ ဆရာတော်ဘုရားတစ်ပါးတည်း အားလပ်တဲ့အချိန် ဆရာတော်ရှိတဲ့ ပထမစံကျောင်းပေါ်တက်ပြီး ခရမ်းမှ ဒကာဒကာမ အကြောင်းကို လျှောက်ထားတဲ့အခါမှ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးက အရှည်အဝေး ပြောမနေဘဲ "ဦးတိလောက သူတို့ကသာ အတင်းအဓမ္မ ပြောနေတာ သူတို့ မသိကြလို့ဘဲ အဲဒါ (တာဝန်မဲ့တယ်ခေါ်တယ်)" ဆိုတဲ့ အတိုဆုံး စကားလုံးကိုသာ မိန့်ကြားတယ်၊ စာရေးသူလည်း မျှားစွာ အံ့အားသင့်သွားပြီး ဆရာတော် မိန့်ကြားတော်မူချက်ဟာ ဘယ်လောက် ခရီးရောက်သွားတယ်။ ဘယ်လောက်အချက်ကျတယ်ဆိုတာ နောက်တစ်ဖန် စကားစပ်မိပြီး လျှောက်ထားတဲ့အခါ ဆရာတော်ဘုရားက ထပ်မံမိန့်ကြားတော်မူတာက "ဦးတိလောက ကမ္မဋ္ဌာန်းဆရာဆိုတာ ပေတက် သမားနဲ့ တူရမယ်လို့" ဥပမာပေးပြီး မိန့်ကြားတော်မူပါတယ်။ ပေပင်တက် ပေရည်ခံတဲ့ ပေတက်သမားဟာ ပေရည်အိုးနဲ့ ခံနေတဲ့ အချိန်မှာ ကိုယ့်အမေသေတာတောင် ပေပင်ကို ပစ်မသွားရဘူး၊ ပစ်သွားလို့ ရက်ကွာသွားရင် ပေရည်က နောက်မထွက်တော့ဘူး။ အဲဒီ ဥပမာလိုပဲ ကမ္မဋ္ဌာန်းဆရာဟာ ကိုယ့်ယောဂီကို ပစ်သွားရင် ရှိရင်းစွဲ သတိ, သမာဓိ, ပညာတွေ ဆုတ်ယုတ်ပျက်ပြားပြီး နိဗ္ဗာန်မဂ် ဖိုလ်သို့ မရောက်ဘူး။ ဒါ့ကြောင့် ကမ္မဋ္ဌာန်းဆရာတော်ဟာ ပေတက်သမားနဲ့တူရမယ်လို့ အမိန့်ရှိခဲ့ဖူးပါတယ်။

ဒီနေရာမှာလည်း စာရေးသူသိဖူးတာက ပေပင်နှင့်ထန်းပင်ဟာ ပုံစံလည်း တူတယ်။ ထန်းနို့လှီးလို့ အရေထွက်တာလည်း တူနေတဲ့အတွက် ထန်းပင်လိုပဲ ပစ်ထားပြီး ပြန်လှီးရင် ထန်းရည်ပြန်ထွက်သလို ပေပင်ဟာလည်း ပစ်ထားပြီး ပြန်လှီးတဲ့အခါ ထန်းရည်လို ထွက်တယ်လို့ အယူရှိနေမိပါတယ်။

ယခုမှပဲ ထန်းနှင့်ပေ အပင်တူသော်လည်း သဘောသဘာဝ မတူကြောင်း သိရလို့ လောကီ၊ လောကုတ္တရာနှစ်ဖြာ ပြည့်ဝတော်မူတဲ့ ဆရာတော်ဘုရားကြီးကို ခက်ခဲတဲ့ အသိဉာဏ်၊ လေးနက်တဲ့ အဖြေမှန်များကို ရှင်းလင်းမိန့်ကြားတော်မူတဲ့အတွက် ကျေးဇူးတင်၍မဆုံးနိုင်အောင် ပူဇော်ကန်တော့မိပါတယ်။



ထိုမှ တစ်ဖန် အဝေးရပ်ဌာန်ပင်ပန်းခံ၍ ကြွရောက်မှု စားသောက်မှုကိုပါ အရေးမထားဘဲ တောအခေါင်ဆုံး တစ်ရွာဖြစ်တဲ့ ရေဦးမြို့နယ်၊ ပုဏ္ဏာဂါးရွာကို ကြွတော်မူတာကို သတိရမိပါတယ်။ ဆရာတော်ဘုရားကြီး၏ မေတ္တာ၊ ကရုဏာတရားကြီးမားမှုကို ခီးကျူးကြည်ညိုစရာဖြစ်မိပါတယ်။

ပေပင်တက်
ပေရည်ခံတဲ့
ပေတက်သမားဟာ
ပေရည်အိုးနဲ့
ခံနေတဲ့အချိန်မှာ
ကိုယ့်အမေ
သေတာတောင်
ပေပင်ကို
ပစ်မသွားရဘူး၊

ဆရာတော်ဘုရား ရန်ကုန်ကြွ၍ ၃-၄နှစ်လောက်မှာ ပုဏ္ဏာဂါးရွာဘုန်းကြီးဦးသုမနတရားအားထုတ်ဖို့ မန္တလေးမှ ရထားနှင့်ကြွလာပြီး နေ့လည် (၁)နာရီ အချိန်လောက် မဟာစည်ဆရာတော်စံကျောင်းရှေ့သို့ မြင်းလှည်းနှင့်ရောက်လာပါတယ်။ စာရေးသူနှင့် ဆရာတော်ဦးပဏ္ဍိတတို့က မေးမြန်းကြိုဆို၍ ပထမစံကျောင်းပေါ်ရှိ ဆရာတော်ဘုရားထံ လိုက်ပို့ပါတယ်။ ပုဏ္ဏာဂါးရွာနဲ့ ရန်ကုန်ဆိုတာလည်း မနီးလှပါ။ မိုင်ပေါင်း ၄-၅-၆ ရာဝေးကွာပါတယ်။ ပုဏ္ဏာဂါးရွာ ဆရာတော်မဟာစည်ဆရာတော်ထံ ရောက်လာတဲ့ အချိန်ဟာ နေ့တစ်နာရီလည်းဖြစ်၊ မြင်းလှည်းနဲ့ ဘူတာရုံမှ လာရတာ ခွေးတစ်လုံးလုံးနှင့် ရှိနေပေမယ့် ဆရာတော်ဘုရားထံ တရားအားထုတ်လိုသော ဆန္ဒအတော်ပြင်းပြနေပုံရပါတယ်။ နေရာထိုင်ခင်းများ ပေး၍ တရားအားထုတ်တဲ့အခါမှာလည်း ပင်ပင်ပန်းပန်းလာခဲ့ရသလောက် ပေါက်ရောက်အောင် ကြိုးစားပန်းစား တရားအားထုတ်သွားတာ တွေ့ရပါတယ်။ ဉာဏ်စဉ်တရားနာပြီး ရပ်ရွာပြန်ရောက်တဲ့အခါ တရားရိပ်သာဖွင့်ဖို့ ကြိုးစားဆောင်ရွက်တဲ့အတိုင်း အောင်မြင်ပါတယ်။ မဟာစည် ဆရာတော်ဘုရားကြီးကိုလည်း ရိပ်သာဖွင့်ပေးရန် ပုဏ္ဏာဂါးသို့ ပင့်ဆောင်ပါတော့တယ်။ ထိုခေတ် ထို အချိန်မှာ ရေဦးမှ ဖြတ်သွားရ၍ မူးမြစ်ကလည်း နွေအခါမှာ နင်းကြမ်း သို့မဟုတ် ရေစပ်စပ်ထဲဆင်းပြီး သွားရပါတယ်။ ပုဏ္ဏာဂါးရွာမှာလည်း ကလေးဝကားလမ်း မပေါက်သေးတော့ မြေလမ်းတောစခန်းမှ သွားရပါတယ်။ မဟာစည် ဆရာတော်ဘုရား ရန်ကုန်မှ ရွှေဘိုရိပ်သာသို့ ရောက်တဲ့အခါ ပုဏ္ဏာဂါးကို ဦးတိလောကလည်း လိုက်ခဲ့လို့ အမိန့်ရှိတဲ့အတွက် လိုက်ပါသွားရပါတယ်။ ရွှေဘိုမှ ခင်ဦး၊ ရေဦးမြို့များကို ဖြတ်ကျော်ပြီး ပုဏ္ဏာဂါးသို့ ညနေ (၄)နာရီလောက် ရောက်ပါတယ်။ ပုဏ္ဏာဂါးဆရာတော်ကလည်း တောရွာတောရပ်ဖြစ်ပေမယ့် ရွာထိပ်မှစောင့်နေပြီး ယိမ်းအဖွဲ့၊ အတီးအမှုတ် တူရိယာများ ဓမ္မစကြာအဖွဲ့၊ ရွာလုံးကျွတ်ထွက်ပြီး ဆရာတော်ဘုရားကြီးကို ကြိုဆိုပင့်ဆောင်ကြပါတယ်။ ညတရားခိုးမြင့်တဲ့အခါမှာလည်း ကျောင်းဝင်းကြီး တစ်ဝန်းလုံး ပြည့်လျှံအောင် အားရပါးရ တရားနာကြားကြပါတယ်။

ပရိသတ်များကို ထမင်းကျွေးတဲ့အခါမှာလည်း တောဓလေ့ထုံးစံအရ ခုံများမခင်းဘဲ ယိုင်လိပ်ကြီးတွေ ဖြန့်ခင်းပြီး မြေပေါ်မှာ ထိုင်စားကြပါတယ်။ မဟာစည်ဆရာတော်ဘုရားကြီးကို ဆွမ်းကပ်တဲ့အခါမှာလည်း ဆရာတော်ဘုရားသက်သတ်လွတ် ဘုဉ်းပေးတဲ့အတွက် ရပ်ရွာဓလေ့အတိုင်း ပဲဆံဟင်းချို ညိုသန်းသန်းနှင့် ခရမ်းချဉ်သီးပန်ထွေဖော်၊ အထက်အရပ်ခေါ်ငှက်ပျောဖူးကို ပါးပါးလှီး၍ ဆီချက်နှင့်သုတ်ထားတဲ့ "ပတ္တမြားသုတ်" တို့ ဖြစ်ပါတယ်။ မဟာစည်ဆရာတော်ဘုရားကြီးကလည်း ဒေါ်အေးကြည်တို့ ရန်ကုန်မှာ စုံနေအောင်ကပ်သလို ဘုဉ်းပေးတော်မူပါတယ်။ ဘာဘာညာညာ မတောင်းတ,ပါ။

ပုဏ္ဏာဂါးရွာမှ ပြန်ကြွတော်မူ၍



ရွှေဘိုမှာ တစ်ထောက်နားပြီး အပြန် စစ်ကိုင်းမြို့ ဆင်မြရှင်ရိပ်သာတွင် တရားချီးမြှင့်ရန် ကြိုတင်ပင့်ထားတဲ့ အတွက် စစ်ကိုင်းကိုလည်း ဦးတိလောက လိုက်ခဲ့လို့ အမိန့်ရှိလို့ လိုက်ပါခဲ့ပါတယ်။ စစ်ကိုင်းကို နေ့ဆွမ်းမီ ပင့်ထားလို့ နံနက် (၁၀) နာရီလောက် ရောက်သွားပါတယ်။ စစ်ကိုင်းမြို့ထဲမှ ဆန်ကုန်သည် တစ်ဦးက ဆရာတော်ဘုရားနှင့်တကွ နောက်ပါသံဃာတော်တွေကို သက်သတ်လွတ်ဆွမ်းကပ်ချင်လို့ စစ်ကိုင်းတောင်ရိုးမှ ချက်ပြုတ်မှု အကျွမ်းကျင်ဆုံးသီလရှင်ဆရာကြီးများ ဖိတ်ခေါ်ပြီး ၃-၄ရက်က ကြိုတင်စီမံချက်ပြုတ် လုပ်ကိုင်ထားကြောင်း သိရပါတယ်။ ဆရာတော်ဘုရားနှင့် နောက်ပါသံဃာတော်တွေအားလုံး သက်သတ်လွတ် ဆက်ကပ်ပါတယ်။ စီမံထားပုံမှာ ဟင်းခွက် (၂၀) ကြည့် လိုက်တော့လည်း သက်သတ်လွတ် နှင့်မတူဘဲ သားငါးချက်ပုံစံမျိုးတွေ နှင့်တူအောင် လုပ်ထားပါတယ်။ အထူးသဖြင့် (၁၂)မျိုးဟင်းချိုမှာလည်း စုံစေ့အောင်ထည့်ပြီး အသားနဲ့ချက်တဲ့ (၁၂)မျိုးဟင်းချို အရသာကဲ့သို့ တူလှပါတယ်။ စစ်ကိုင်း ဆွမ်းကျွေးပွဲမှာ ရွှေစေတီ ဆရာတော်ကြီးပါ ကိုယ်တိုင်ကြွရောက်တော်မူတဲ့အတွက် မဟာစည်ဆရာတော်ဘုရားကြီးဘက်ကို မျက်နှာကြည့်ပြီး "ဒီလို သက်သတ်လွတ်မျိုးတော့ ကျုပ်တို့ အမြဲနေ့စဉ်စားနိုင်ပါတယ်ဗျာ" လို့ နှစ်ကြိမ် သုံးကြိမ်အမိန့်ရှိတဲ့ အခါ မဟာစည်ဆရာတော်ကလည်း မတုန်မလှုပ် အမှတ်တရားနဲ့သာ ငုံ့ပြီး ဘုဉ်းပေးနေတာကို ကြည့်ပြီမိပါတယ်။ ဤအဖြစ်ကို ကြည့်ပြီး စာရေးသူအနေနဲ့ မဟာစည်ဆရာတော်ဘုရားကြီးဟာ ဒါလောက်ခရီးဝေးလံပြီး အလွန်တောခေါင် သိမ်ငယ်လွန်းလှတဲ့ ပုဏ္ဏဂါးရွာကို သွားလာမှု စားသောက်မှု ပင်ပန်းဆင်းရဲတယ်လို့သဘောမထားဘဲ ကြွရောက်ချီးမြှင့်တော်မူခြင်းကို စာရေးသူ လွန်စွာ ကြည်ညိုမှုဖြစ်ရပါတယ်။ ဒီလို ကြည်ညိုမိရတာနဲ့ တစ်ဆက်တည်း စာရေးသူမြတ်စွာဘုရားရှင် လက်ထက်က ဗာဟိယဒါရုစီရိယ ပုဂ္ဂိုလ်ကြီးကို မြင်တော်မူမိတယ်။

မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူစဉ်က သုပ္ပါလက သင်္ဘော်ဆိပ်မှာရောက်နေတဲ့ဗာဟိယဒါရုစီရိယ ပုဂ္ဂိုလ်အား ပုရာဏသာလောဟိတ ဗြဟ္မဉကြီးက တရားရချင်ရင် ရဟန္တာဖြစ်ချင်ရင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းမှာရှိတဲ့ ဘုရားရှင်ထံ အမြန်သွားပါလို့ ညွှန်ကြားလိုက်တဲ့အခါ ညမဆိုင်းဘဲ ယူဇနာများစွာ ဝေးကွာတဲ့ ဘုရားထံရောက်အောင်သွားခဲ့သလို ပုဏ္ဏဂါးဆရာတော်ဟာလည်း အင်မတန်ဝေးလံတဲ့နေရာမှ ရန်ကုန်မဟာစည်ဆရာတော်ဘုရားထံ တရားအားထုတ်ရန် နေ့လည်နေပူကြဲကြဲထဲ မြင်းလှည်းကြီးနှင့် ခွေးသံတွေတရွဲရွဲ ကြွရောက်လာခဲ့တဲ့ စေတနာကို ပြန်လည်ထောက်ထားလို့ ကတညုတကတ ဝေဒီ မဂ်လာအရ ချီးမြှင့်ကြွရောက်တော်မူတာပဲဟု တွေးတောထင်မြင်မိပါတယ်။ နောက်တစ်ခုက ဆရာတော်ဘုရားကြီးဆွမ်းဘုဉ်းပေးတော်မူရာမှာလည်း ကြည်ညိုဖွယ်ဖြစ်စရာက ပုဏ္ဏဂါးမှာ ဆွမ်းကပ်စဉ်က တောခလေ့ထုံးစံအရ ဖွယ်ဖွယ်ရာရာ ဘောဇဉ်မဟုတ်သော်လည်း ရရသမျှနဲ့ ရောင့်ရဲတော်မူတာကို တွေ့သိရပါတယ်။

နိဂုံးရေးရမယ်ဆိုရင် ဆရာတော်ဘုရား ဟောကြားတော်မူသွားတဲ့ "ဝမ်းမဖက် - စိတ်မပျက်၊ မှတ်လျက် လျစ်လျူရှုနေ၊

"ရဟန္တာသွင်၊ ပုထုဇဉ်၊ ရှုလျှင်ဖြစ်နိုင်ပေ" ဆိုတဲ့ ဆောင်ပုဒ်အရ ရှုမှတ်ဆဲဖြစ်တဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တောင်မှ ရဟန္တာ အသွင်ဖြစ်နိုင်သေးတာပဲ။ နှစ်ပေါင်းများစွာ နေ့ရောညပါ မပြတ်ပွားများတော်မူနေတဲ့ ငါတို့ဆရာတော်ဘုရားကြီးမှာဆိုရင်တော့ နဂိုကပင် အရိယာဘူမိရောက်ရှိနေရုံမက ရဟန်းကိစ္စပြီးသည်အထိ ရောက်ရှိနေပေလိမ့်မယ်လို့ ထင်မြင်ယူဆမိပြီး အတိုင်းမသိ ပိုမိုကြည်ညိုမိတာ စာရေးသူ ဝန်ခံရပါတယ်။

ဘဒ္ဒန္တတိလောက
မြို့ဒေါင့်စေတီရိပ်သာ





မဟာစည်ဆရာတော်ဟူသော အမည်တော်ဖြင့် ကမ္ဘာကျော်ကြား ထင်ရှားတော်မူမည့် ဘဒ္ဒန္တသောဘန မထေရ်မြတ်သည် ရဟန်းဝါတော် (၈)ဝါအရ သက်တော်(၂၈) နှစ်တွင် (၁၂၉၃-ခု၊ တပေါင်းလဆန်း (၈) ရက်နေ့)သထုံမြို့မင်းကွန်းဇေတဝန် ကျောင်းတိုက် ပမာနနာယက အဋ္ဌ ကထာဂန္ထကာရက၊ ပိဋကတ္တယ ဆေကဘဒ္ဒန္တနာဒရမဟာထေရ်မြတ် အထံတော်၌ ဤမဟာသတိပဋ္ဌာန် ဝိပဿနာကမ္မဋ္ဌာန်းတရားကို ရှု မှတ် ကျင့်ပွားအားထုတ်တော်မူပါ သည်။

ဇေတဝန်မင်းကွန်းကမ္မဋ္ဌာန်း တိုက်ကြီး၏ ရဟန်းတော်များ အတွက်စည်းကမ်း

၁။ ပရိဝတ် ဆောက်တည်ပြီး (၇)ရက်အတွင်းအရောက်လာ ရမည်။

၂။ ဆွမ်းခံဘုဉ်းပေးရမည်။

၃။ သုံးနှစ်ကြာနေရမည်။

၄။ ပြောစကားကို မသွေမတိမ်း တိတိကျကျ လိုက်နာကျင့်သုံး ရမည်။

ဘဒ္ဒန္တသောဘနမထေရ်မြတ် သည် ထိုစည်းကမ်းအတိုင်း လိုက်နာ ပါမည်ဟု ဝန်ခံကတိပြုပြီး ရှုမှတ် ကျင့်ပွားအားထုတ်တော်မူနေစဉ် မော်လမြိုင်မြို့လေယာဉ်ကွင်းအနီး တောင်ဝိုင်းကလေးတိုက်ကျောင်း ဆရာတော်အပြင်းအထန်နာမကျန်း ဖြစ်ကြောင်း သံကြိုးစာဖြင့်ပင့်သော ကြောင့် ၁၂၉၄-ခု၊ ဝါဆိုလဆန်း(၈) ရက်နေ့တွင် ပြန်ကြွရသည်။ အား ထုတ်ရက် ရသောရက်သည် (၄)လ မျှသာကြာသည်။

ဆွမ်းစားချိန်နီးသည်ထင်မိ

ဘဒ္ဒန္တသောဘနမထေရ်မြတ် သည် ပထမရက်တို့တွင် ဆွမ်းခံ၍ ဘုဉ်းပေးတော်မူရ၏။ နောက်ပိုင်း တွင် ဆွမ်းဒါယကာပေါ်၍ နေသော အဆောင်တိုင်အောင် ဆွမ်းပွဲလာပို့ သည်ကို အလှူခံ၍ ဘုဉ်းပေးတော် မူရသည်။

မဟာစည်ဆရာတော်နှင့်

မဟာစည်သတိပဋ္ဌာန်ဝိပဿနာတရားတော်

လှိုင်မဟာစည်ဆရာတော်ဘဒ္ဒန္တစန္ဒာဝရမဟာထေရ်ပူဇော်သည်။



အဖော်ယောဂီ

တရားအားထုတ်ဖက် အဖော်ရဟန်းတစ်ပါးရှိသည်။

⊙ **မနားမရပ်၊ ခြားမပြတ်၊ ရှုမှတ်မြဲရမည်။**

⊙ **လူပ်ရှားမှုရာ၊ လူမမာ၊ တူစွာကျင့်ရမည်။**

⊙ **ဆွံ့အသောသူ၊ ပုံစံယူ၊ နည်းတူကျင့်ရမည်** - စသော လမ်းညွှန်ဩဝါဒတော်အတိုင်း အချင်းချင်း စကားမပြောဖြစ်၊ ဥပုသ်ပြုရမည့်ရက်ရောက်မှသာ တစ်ပါးက သိမ်ထဲသွားရအောင်ဟု ပြောသည်။ သိမ်ထဲသို့ သွားကြသည်။ ဒေသနာ ပြောကြားပြီး ဥပုသ်ပြုသည်။ ပြီး ကိုယ့်အမှတ်နှင့် ကိုယ် ပြန်ကြွကြသည်။

တစ်နေ့တစ်ကြိမ်သာ ဆွမ်းပို့သည်။ ရှုစရာကမ္မဋ္ဌာန်းအာရုံ၌သာ ရှုစိတ်၊ မှတ်စိတ်က တည်နေသည်ဖြစ်သောကြောင့် ဆွမ်းလာပို့သည်မှာ အကြိမ်စိပ်နေသည်ဟု ထင်မိသည်ဟု မိန့်တော်မူဖူးပါသည်။ နံနက်၊ နေ့လည်၊ ညနေ၊ ညဟူသော ကာလပညတ်ကို မမှတ်မိဖြစ်ဟန်တူသည်။

(၇)နှစ်ကြာ

သုံးနှစ်ကြာနေထိုင်အားထုတ်ပါမည်ဟူသော ဝန်ခံချက်ဖြင့် အားထုတ်နေသော ဘဒ္ဒန္တသောဘနမထေရ်မြတ်သည် အကြောင်းမညီညတ်၍ (၄)လဖြင့် ပြန်ရသော်လည်း တောင်ဝိုင်းကလေးတိုက် ကျောင်း၌ ကျောင်းထိုင်-ကျောင်းစောင့်တာဝန်ကို ဆောင်ရွက်တော်မူလျက် နေ့စဉ် ရှုမှတ်ကျင့်ပွားအားထုတ်မှုကို ပြုလုပ်သည်မှာ (၇)နှစ်ကြာသည်ဆိုပါသည်။

ရွှေဘိုမြို့အနီး ဆိပ်ခွန်ရွာကြီး

မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်ရောက်သောအခါ ရွှေဘိုမြို့အနီး ဆိပ်ခွန်ရွာကြီး၌ မဇ္ဈိမပဋိပဒါ - အလယ်လမ်းအကျင့်၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ - ဆင်းရဲချုပ်ငြိမ်းရာနိဗ္ဗာန်ရောက်ကြောင်းအကျင့်၊ မဟာသတိပဋ္ဌာန်ဝိပဿနာ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကြီးကို ယောဂီတို့အား ညွှန်ကြားပြသဆုံးမတော်မူပါသည်။

ဝိပဿနာရှုနည်းကျမ်းကြီး

သထုံမြို့ မူလမင်းကွန်းဇေတဝန်ကျောင်းတိုက်၌ (၄)လ၊ မော်လမြိုင်မြို့လေယာဉ်ကွင်းအနီး တောင်ဝိုင်းကလေးတိုက်ကျောင်း၌ ကျောင်းစောင့် ကျောင်းထိုင်အဖြစ်ဖြင့် တာဝန်ယူနေရစဉ် (၇)နှစ်ကျင့်ခဲ့သော အတွေ့အကြုံနှင့်၊ (၅)နှစ်ကျော်၊ (၆)နှစ်ကြာ ကျင့်ပွားအားထုတ်ကြကုန်သော ယောဂီတို့၏ကိုယ်တွေ့အသိအမြင်များကို နိကာယ်ငါးရပ်၊ သုတ်, ဝိနည်း, အဘိဓမ္မာတည်းဟူသော ပိဋကသုံးပုံ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသော ကျမ်းဂန်အစုံတို့နှင့် ညီနှိုင်းတိုက်ဆိုင်ကာ မဂ်ဖိုလ်နိဗ္ဗာန်သို့ အမြန်ရောက်စေနိုင်သောဝိပဿနာရှုနည်းကျမ်းကြီးကို ရေးသားစီရင်တော်မူပါသည်။

ထိုဝိပဿနာရှုနည်းကျမ်းကြီးကို ရေးသားသောအခါက တစ်နေ့မှာ စာနှစ်ကြောင်းသာ ရေးပြီးသည်ဟု မိန့်တော်မူဖူးပါသည်။ ဝိပဿနာ ရှုနည်းကျမ်းကြီးကို အခန်းကြီး ၇-ခန်း၊ အုပ်တွဲ ၂-တွဲရေးဖွဲ့ထားပါသည်။

ဖောင်း-ပိန် အတည်ပြု

မူလမင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး ခေတ်ကပင် ယောဂီတို့သည် 'ပူတယ်၊ ပိန်တယ်၊ ရုံ့တယ်၊ ပွတယ်၊ လျော့တယ်၊ တင်းတယ်၊ လှုပ်တယ်၊ ငြိမ်တယ်' ဟူ၍ အမည်ပညတ်တပ်ပြီး 'ကုစ္ဆိသယဝါယော-ဝမ်းဗိုက်ထဲက လေရုပ်ကို ရှုမှတ်နေနှင့်ကြသည်။

(၁၀)နှစ်ကျော်ကြာမှ

ဖော်ပြပါအတိုင်း 'ပူတယ်၊ ပိန်တယ်' စသည် အမည်တပ်ရှုမှတ်နေကြကုန်သော နောက်နှောင်းကာလ (၁၀) နှစ်ကျော်ကြာမှ ဘဒ္ဒန္တသောဘနမထေရ်မြတ်သည် ဤမဟာသတိပဋ္ဌာန်ဝိပဿနာတရားမဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ကို ရှုမှတ်ကျင့်ပွားအားထုတ်တော်မူပါသည်။





မဟာစည်ဆရာတော်

ရွှေဘိုမြို့အနီး ဆိပ်ခွန်ရွာကြီး၌ မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်တည်းဟူသော မဟာသတိပဋ္ဌာန်ဝိပဿနာတရား တော်ကြီး ဟောဖော်ညွှန်ပြနေသော အချိန်ကပင် မဟာစည်ဆရာတော်ဟူ၍ နာမည်ကျော်ကြားထင်ရှားနေပြီဖြစ်သည်။ ကမ္မဋ္ဌာန်းရိပ်သာခွဲလည်း (၁၀)ကျော်ရှိနေပြီဖြစ်သည်။

ထိုလေရုပ်တို့ကို စုစည်း၍ ဖောင်းတယ်၊ ပိန်တယ်၊ အတည်ပြု

မဟာစည်ဆရာတော်ဘုရားသည် ကုစ္ဆိသယဝါယောလေရုပ်၏ အမည်တွေ ထွေပြားများလှသည်ကို စုစည်းပြီး 'ဖောင်းတယ်၊ ပိန်တယ်' ဟူ၍ သူ၏ဝိပဿနာရှုနည်းကျမ်းကြီး၌ အတည်ပြုထားတော်မူပါသည်။

သမထကမ္မဋ္ဌာန်းလေးဆယ်တွင် သွင်းဖွယ်မလို

ဖောင်း-ပိန်သည် ကုစ္ဆိသယဝါယောလေရုပ်တည်း၊ ဝိပဿနာအာရုံစစ်စစ်ကြီးဖြစ်ခြင်းကြောင့်၊ သမထကမ္မဋ္ဌာန်းလေးဆယ်တွင် သွင်းဖွယ်မလို၊ ယုံကြည်စွာရှုပါလေ၊ သင်လည်း ရှေးယောဂီတို့၏နည်းတူ ပဋိစ္စသမုပ္ပါဒ်မသင်ရ မသိရပါဘဲ ရုပ်နာမ်ကွဲ၍ ကြောင်း-ကျိုး သိပြီး ကိုယ်တွေ့ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်တိုင် သိလာရမည်၊ ကိုယ်တွေ့ပဋိစ္စသမုပ္ပါဒ်ကို 'သိ' ပြီးမှ သခ်ၤတရားရုပ်နာမ်တို့၏ 'ဖြစ်-ပျက်' အမှန်ကို ကိုယ်တိုင်သိရမည်။ ဒွဲကောင်းကောင်းဖြင့်သာ ဤမဟာသတိပဋ္ဌာန် ဝိပဿနာ မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ကို ကျင့်ကြည့်စမ်းပါဟု ဆိုခဲ့ပေသည်။

အနိစ္စတရား

'ဖောင်းတယ်၊ ပိန်တယ်' ဟု အမည်တပ်ရှုမှတ်ရသော ကုစ္ဆိသယဝါယောလေရုပ်က အနိစ္စတရား။

အနိစ္စလက္ခဏာ

'ဖောင်းတယ်၊ ပိန်တယ်' ဟု အမည်တပ် ရှုမှတ်ရသော ကုစ္ဆိသယ ဝါယော လေရုပ်တရား၏ ပေါ်လာပြီးနောက်၊ ကွယ်ပျောက်သွားသော အခြင်းအရာက အနိစ္စလက္ခဏာ။

အနိစ္စာနုပဿနာဉာဏ်

'ဖောင်းတယ်၊ ပိန်တယ်' ဟု ရှုမှတ်နေစဉ် ဝမ်းဗိုက်လှုပ်ရွေ့မှု ကုစ္ဆိသယဝါယော လေရုပ်တရား၏ပေါ်လာပြီးနောက် ကွယ်ပျောက်သွားသည်ကို သိသောယောဂီ၏ အသိဉာဏ်က အနိစ္စာနုပဿနာဉာဏ်။

အနိစ္စာနုပဿီယောဂီ

'ဖောင်းတယ်၊ ပိန်တယ်' ဟု ရှုမှတ်နေစဉ် ဝမ်းဗိုက်လှုပ်ရွေ့မှု ကုစ္ဆိသယ ဝါယော လေရုပ်တရား၏ ပေါ်လာပြီးနောက် ကွယ်ပျောက်



သွားသည်ကို 'သိ'နေသော ယောဂီက အနိစ္စာနုပဿီပုဂ္ဂိုလ်။

ယနေ့ခေတ်အခေါ် ဤမဟာစည် မဟာသတိပဋ္ဌာန်ဝိပဿနာ မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ကို ရှုမှတ်ကျင့်ပွားအားထုတ်ကြကုန်သော ယောဂီပေါင်းများစွာတို့သည် ဖော်ပြပါ အနိစ္စတရား၊ အနိစ္စလက္ခဏာ၊ အနိစ္စာနုပဿနာဉာဏ်တို့ကို သိကြကုန်၏။ အနိစ္စာနုပဿီပုဂ္ဂိုလ်မြတ်တွေဖြစ်ကြရကုန်၏။

ယောဂီအရည်အချင်း (၅)မျိုး

* ယုံကြည်, ကျန်းမာ, စိတ်မှာဖြောင့်မတ်၊ မလစ်လပ်၊ ရှုမှတ်ကြိုးစားသည်။
* ဖြစ်-ပျက်မြင်သိ၊ ငါးခုရှိ၊ ရောက်၏နိဗ္ဗာန်ပြည်။

(အင်္ဂါတ္ထိရ် ပဓာနနိယင်္သုတ်၊ မဇ္ဈိမ၊ ဗောဓိရာဇကုမာရသုတ်)

ဤယောဂီအရည်အချင်းပြဆောင်ပုဒ်၌ -

၁။ ဗုဒ္ဓ-ရှင်တော်ဘုရား၏ ဂုဏ်တော် (၉)ပါး၊ အနန္တဂုဏ်တော်များကို သိနားလည်ပြီး ထဲထဲဝင်ဝင် ယုံကြည်ရမည်။

၂။ ဓမ္မ - သာသနာ့အမွေတော်ယူနည်း 'သင်' ခြင်းတည်းဟူသော ပရိယတ္တိဓမ္မနှင့် လောကုတ္တရာတရား (၉)ပါး ယင်း၏ တရားဂုဏ်တော် (၆)ပါးကို ထဲထဲဝင်ဝင် နားလည်ပြီး ယုံကြည်ရမည်။

၃။ သံဃ - အရိယာရှစ်ပါးအပေါင်းသံဃာတော်၏ ဂုဏ်တော် (၉) ပါးကို ထဲထဲဝင်ဝင် နားလည်ပြီး ယုံကြည်ရမည်။

၄။ ကုသိုလ်၊ အကုသိုလ်နှင့် ယင်းတို့ကောင်းကျိုး, ဆိုးကျိုးတို့ကို ယုံကြည်ရမည်။

၅။ မဟာသတိပဋ္ဌာန်ဝိပဿနာတည်းဟူသော မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ကို ယုံကြည်ရမည်။

(၁) အထက်ပါ (၅)မျိုးကို ယုံကြည်သော သဒ္ဓါ ယောဂီ၌ ရှိရမည်။

(၂) ကျန်းမာရေးပြည့်စုံရမည်။

(၃) စိတ်ထားဖြောင့်ရမည်။

(၄) မနားမရပ်၊ ခြားမပြတ်၊ရှုမှတ်မြဲရမည်။

- လှုပ်ရှားမှုရာ၊ လူမမာ၊ တူစွာကျင့်ရမည်။
- ယောဂီစည်းကမ်းနှင့်အညီအိပ်ပျော်ခိုန်လုပ် တရစပ်ရှုမှတ်ကျင့်ပွားအားထုတ်ရမည်။

၅။ ဆိုခဲ့ပြီးသောယောဂီအရည်အချင်း (၅) မျိုးနှင့်ပြည့်စုံပြီးသူသည် မကြာမီ အနိစ္စာနုပဿီယောဂီဖြစ်မည်။ ထိုအခါ ယောဂီအရည်အချင်း (၅)မျိုး ပြည့်စုံလေ၏။

ယောဂီအရည်အချင်း (၅)မျိုး ပြည့်စုံသော ယောဂီသည် ဆက်လက်ပြီး ရှုမှတ်ကျင့်ပွားအားထုတ်ပါက အနှေးနှင့်အမြန် သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု 'သိ'ပြီး မင်္ဂလာအမှတ် (၃၄) နိဗ္ဗာန သစ္စာ ကိရိယမင်္ဂလာပိုင်ရှင် အပြီးတိုင် အပါယ်တံခါးပိတ်သူ ဘယ်တော့မှ အပါယ်မကျနိုင်သူ မဟာသောတာပန်ကြီးဖြစ်မည်ကောန်ဖြစ်၏။

ကုသလာ ဓမ္မာ - ပုဒ်အရ ကုသိုလ်တရားတို့သည် -

၁။ ကာမာဝစရကုသိုလ်
၂။ ရူပါဝစရကုသိုလ်
၃။ အရူပါဝစရကုသိုလ်
၄။ လောကုတ္တရာကုသိုလ် - ဟူ၍ (၄)မျိုးရှိကုန်၏။ ယင်းကုသိုလ် (၄) မျိုးတွင် - လောကုတ္တရာကုသိုလ်သည် အပါယ်လွတ်မြောက်နိဗ္ဗာန်ရောက်အောင် စွမ်းဆောင်နိုင်ပါသည်။ မဟာသတိပဋ္ဌာန်ဝိပဿနာတရားအားထုတ်သူသည်သာ လောကုတ္တရာကုသိုလ်ကို ရနိုင်ပါသည်။

ဒါနမှု, သီလမှု,သမထမှုပြုလျှင် လောကီကုသိုလ် (၃)မျိုးသာ ရပါသည်။ ဒါနမှုပြုသူသည် ကာမာဝစရကုသိုလ်မျှသာ ရပါသည်။ ထိုကုသိုလ်က လူဘဝ, နတ်ဘဝသို့သာ ပို့နိုင်ပါသည်။ အပါယ်လွတ်အောင် မစွမ်းဆောင်နိုင်ပါချေ။ ဒါန, သီလ, သမထတို့ကို ပြု၍ရသော လောကီကုသိုလ်တို့သည် နိဗ္ဗာန်ကို မရောက်စေနိုင်ပါ။ အပါယ်တံခါးကိုလည်း ပိတ်မပေးနိုင်ပါ။ မဟာသတိပဋ္ဌာန်ဝိပဿနာ အားထုတ်၍ရသော လောကုတ္တရာကုသိုလ်သည်သာ အပါယ်လွတ်မြောက်နိဗ္ဗာန်ရောက်အောင် စွမ်းဆောင်နိုင်ပါသည်။

ထို့ကြောင့် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးက-



"ဒါန, သီလ, သမထတို့လည်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်တွေ ချည်းပါပဲ၊ဒါပေမယ့် ဒါန, သီလ, သမထ' တို့က ဝေးသောအကြောင်း ဖြစ်တယ်၊ ဝိပဿနာက အနီးဆုံး နိဗ္ဗာန်ရောက်ကြောင်းတရား ဖြစ်တယ်" ဟူ၍ မိန့်တော်မူပါသည်။

သမာဟိတံ ဝါ စိတ္တံသမာဟိတံ စိတ္တန္တိ ပဇာနာတိ။

(ဒီ၊ ၂၊ ၂၃၇/မဟာသတိပဋ္ဌာနသုတ်)

သမာဟိတန္တိ ယဿ အပွနာ သမာဓိ ဥပစာရသမာဓိ ဝါ အတ္ထိ။

(ဒီ၊ ၎၊ ၂၊ မဟာသတိပဋ္ဌာနသုတ်အဖွင့်)

ဗုဒ္ဓါရမ္မဏံ ပီတိ ဥပ္ပါဒေတွာ တဒေဝ ခယဝယတော သမ္မသန္တော အရဟတ္တံ ပါပုဏာတိ။

(ဒီ၊ ဘ၊ ၁၆၆/သာမညဖလသုတ် အဖွင့်)

ဤပါဠိတော်၊ အဋ္ဌကထာတို့ကို သုံးသပ်ဆင်ခြင်ပြီး၊ ဒါနမူပြု၍ လှူပြီးသောအခါ ထိုဒါနရှင်သည် မိမိ၏ ဒါနကို ပြန်လည်၍ ဆင်ခြင်အောက်မေ့နှလုံးသွင်းကာ စာဂါနုဿတိ သမထကမ္မဋ္ဌာန်း စီးဖြန်းပွားများရပါမည်။ ငါလှူရပြီဟုမိမိ၏ ဒါနကို ဆင်ခြင်တွေးတောစိတ်နှင့် ဝမ်းသာ ရွှင်လန်းမှု 'ပီတိ' တို့သည် ထိုအလှူရှင်၏ ရင်အတွင်း နှလုံးသားစိတ်အစဉ်၌ ထင်ရှားဖြစ်ပေါ်လာမည်။

ထိုအခါ ဒါနရှင် စာဂါနုဿတိ သမထကမ္မဋ္ဌာန်းယောဂီသည် ထင်ရှားရှိသော အတွေးစိတ်နှင့် ဝမ်းသာရွှင်လန်းမှု 'ပီတိ' တို့ကို 'တွေးတယ်' 'တွေးတယ်' 'ဝမ်းသာတယ်' 'ဝမ်းသာတယ်' ဟု စိတ်ကဆို၍ ဝိပဿနာရှုရပါမည်။

ထိုသို့ ဝိပဿနာရှုသောအခါ ဒိဋ္ဌဝိသုဒ္ဓိစသော အထက်ဝိသုဒ္ဓိကုသိုလ်တို့ကို ရပြီး မဟာသောတာပန်စသော နိဗ္ဗာနသစ္ဆိကိရိယမဂ်လာပိုင်ရှင်ဖြစ်ပြီး အပါယ်တံခါးလုံးဝပိတ်နိုင်မည်။

သီလကျင့်ပြီး သူသည်လည်း မိမိ၏ 'သီလ' ကို ပြန်ဆင်ခြင်အောက်မေ့ပြီး 'သီလာနုဿတိ သမထကမ္မဋ္ဌာန်းကို စီးဖြန်းပါ၊ ထိုအခါ သီလကိုဆင်ခြင်သောစိတ်၊ ရွှင်လန်းဝမ်းသာမှု ပီတိတို့သည် မိမိ၏ ရင်အတွင်းနှလုံးသားစိတ်အစဉ်မှာ ဖြစ်ပေါ်လာမည်။ စာဂါနုဿတိသမထကမ္မဋ္ဌာန်းကျင့်စဉ်အတိုင်း ရှုမှတ်ကျင့်ပွားအားထုတ်ပါလေ။ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာကျမ်း ကမ္မဋ္ဌာန်းပိုင်း၌ ဥပစာရသမာဓိ စိတ္တဝိသုဒ္ဓိပြည့်စုံသော သမထ(၁၀) ပါးဟူ၍ ခွဲခြားပြထားပါသည်။ ယင်းတို့တွင် ဗုဒ္ဓါနုဿတိ သမထ ကမ္မဋ္ဌာန်းလည်း ပါဝင်ပါသည်။

သောတာပန်ရဟန္တာဖြစ်အောင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကျင့်နည်း

⊙ **မမေဝ တသ္မိ သမယေ အနုဿရေယျာထ။**
(သံ၊ ၁၊ ၂၂၁)

⊙ ငါဘုရား၏ အရဟံစသော ဂုဏ်တော်ကိုသာ အဖန်ဖန်အထပ်ထပ် အောက်မေ့ကြ၊ တွေးကြ၊ ဆင်ခြင်ကြ၊ နှလုံးသွင်းကြကုန်လော့။

⊙ **ဗုဒ္ဓံ အာရဗ္ဘ ဥပ္ပန္နာ အနုဿတိ။**
ဗုဒ္ဓါနုဿတိ
(ဝိသုဒ္ဓိမဂ်၊ ၁၊ ၁၉၁)

⊙ အရဟံစသော ဘုရားဂုဏ်တော်ကို အာရုံပြုသော စိတ်ကို ဗုဒ္ဓါနုဿတိခေါ်သည်။ ဂုဏ်တော်မှတစ်ပါးအခြားကို အာရုံပြုသော စိတ်ကို ဗုဒ္ဓါနုဿတိမဆိုရချေ။

ဥပစာရသမာဓိစိတ္တဝိသုဒ္ဓိ

ဤပါဠိတော် အဋ္ဌကထာလမ်းညွှန်အတိုင်းကျင့်မှသာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဥပစာရသမာဓိစိတ္တဝိသုဒ္ဓိကာမာဝစရကုသိုလ်ရမည်။

မနောဒွါရဝီထိ

ဘွင် ဘွင် အတီတဘွင် ဘဝင်စလန, ဘဝင်ုပစ္ဆေဒ မနောဒွါရဝဇ္ဇန်း ဇော (၇)ကြိမ်၊ တဒါရုံနှစ်



ကြိမ်၊ ဘွင်ဖြစ်ထိုက်သရွေ့ဖြစ်၏။

တစ်စက္ကန့်တစ်ကြိမ်နှုန်း

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ကျင့်ပွားအားထုတ်သော သမထယောဂီသည် တစ်စက္ကန့်ကို တစ်ကြိမ်နှုန်း ဗုဒ္ဓဂုဏ်တော်ကို အာရုံပြုသည်ဆိုအံ့။ အာရုံပြုသောစိတ်သည် မနောဒွါရဝီထိတစ်ခုဖြစ်၍ တစ်ကြိမ်အာရုံပြုမိသည်နှင့် ကာမာဝစရကုသိုလ် (၇)ခုရသည်။

ဂုဏ်တော်ကို အာရုံပြုသောစိတ်ချည်းဆက်နေခြင်းကြောင့် ဥပစာရသမာဓိစိတ္တဝီထိုပြည့်စုံသည်။ ထိုစိတ္တဝီထို-ကာမာဝစရကုသိုလ်သည် ပရိယုဋ္ဌာနကိလေသာကို ပယ်သတ်နိုင်သည်။

စက္ကန့်မခြား တစ်စက္ကန့်တစ်ကြိမ်နှုန်းသာ အရဟံအစ၊ ဘဂဝါအဆုံး ဗုဒ္ဓဂုဏ်တော်တို့ကို ပွားပါ။ ဥပစာရသမာဓိ စိတ္တဝီထိုဒွါရဝီထိတစ်ခုဖြစ်၍ တစ်ကြိမ်အာရုံပြုမိသည်နှင့် ကာမာဝစရကုသိုလ်ရ၏။ ထိုကုသိုလ်က ပရိယုဋ္ဌာနကိလေသာ နီဝရဏတရားတို့ကို ပယ်ခွာနိုင်ပါသည်။

စိတ္တဝီထိုပြည့်စုံသော ဗုဒ္ဓါနုဿတိသမထယောဂီအား နီဝရဏကိလေသာကင်းငြိမ်းနေခြင်းကြောင့် စိတ္တဝီထေကရရှိပြီးစိတ်လည်းအလွန်ကြည်ညိုနေပါပြီ၊ ရွှင်လန်းနှစ်သိမ့်အားရမှု 'ပီတိ' တရားတို့လည်း ရင်တွင်းအပြည့်ရှိနေပါပြီ။

⊙ **သမာဟိတံ ဝါ စိတ္တံ သမာဟိတံ စိတ္တန္တိ ပဇာနာတိ။**

(ဒီ၊ ၂၊ ၂၃၇၊ မဟာသတိပဋ္ဌာနသုတ်)

သမာဟိတံ ဝါ စိတ္တံ - ဥပစာရသမာဓိ၊ အပ္ပနာသမာဓိဖြင့် တည်ကြည်သော စိတ်ကိုမူလည်း၊ **သမာဟိတံ စိတ္တန္တိ** - တည်ကြည်သောစိတ်ဟူ၍၊ **ပဇာ နာတိ** - သိ၏။

သမာဟိတစိတ်ကို ရှုရမည်ဟူ၍ ဗုဒ္ဓမြတ်စွာဟောသည်။ ဝိပဿနာရှုရမည့် 'သမာဟိတစိတ်' ဟူသည် အဘယ်နည်း။

⊙ **သမာဟိတန္တိ ယဿ အပနာသမာဓိ ဥပစာရ သမာဓိဝါ အတ္ထိ။**

(ဒီ၊ ၄၊ ၂၊ ၃၆၇/မဟာသတိပဋ္ဌာနသုတ် အဖွင့်)

ဤအဋ္ဌကထာအဖွင့်နှင့်အညီ မဟာစည်ဆရာတော်အနက်ဆိုထားပြီ။ ဗုဒ္ဓဂုဏ်များကို စက္ကန့်မလပ် အာရုံပြုနှလုံးသွင်းပွား၍ ဖြစ်ပေါ်လာသော ဥပစာရသမာဓိခေါ် ကြည်ညိုတည်ကြည်သော ကာမာဝစာရ ကုသိုလ်သမာဟိတစိတ်ယင်းစိတ်နှင့်အတူ ယှဉ်တွဲပါလာသော 'ပီတိ' တို့ကို ဝိပဿနာရှုရမည်။

⊙ **သန္တံ ဝါ အတ္ထိတ္တံ ပီတိသမ္ပယုတ်ံ အတ္ထိ အတ္ထိတ္တံ၊ ပီတိသမ္ပယုတ်ံ ဂေါတိ ပဇာနာတိ။**

အတ္ထိတ္တံ - ကိုယ်တွင်းသန္တာန်၌၊ **သန္တံ ဝါ ပီတိသမ္ပယုတ်ံ** -ရှိသော ပီတိ သမ္ပယုတ်ကိုလည်း၊ **ဝါ** - ပီတိသမ္ပယုတ် ရှိလျှင်, ဖြစ်လျှင်လည်း၊ **ဂေ** - ငါ၏၊ **အတ္ထိတ္တံ** - ကိုယ်တွင်းသန္တာန်၌၊ **ပီတိသမ္ပယုတ်ံ ဂေါ အတ္ထိ**-ပီတိသမ္ပယုတ်ရှိသည် ဖြစ်သည်ဟု၊ **ပဇာနာတိ** - သိ၏။

ဤကား ဗုဒ္ဓါရမ္မဏပီတိကို ဝိပဿနာရှုဖို့ ဗုဒ္ဓအမိန့်တော်တည်း။

ဗုဒ္ဓါရမ္မဏပီတိကို ဝိပဿနာရှုသူသည် -

⊙ **ဗုဒ္ဓါရမ္မဏပီတိ ဥပ္ပါဒေတွာ တဒေဝ ခယဝယတော သမ္မသန္တောအရဟတ္တံ ပါပုဏာတိ**

မဟာသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဖြစ်၏။

(ဒီ၊ ၄၊ ၁၊ ၁၆၆/သမညဖလသုတ်)

ဗုဒ္ဓါနုဿတိဖြင့် ဗြဟ္မာပြည် ရောက်သူ

⊙ **ဗုဒ္ဓါရမ္မဏံ ပီတိ ဥပ္ပါဒေတွာ သာလာယံ ပလက္ခကံ အာဘုဇိတွာ၊ နိသိန္နော ကာလံ ကတွာ ဗြဟ္မလောကေ နိဗ္ဗတ္တိ။**

(အပါဒါန၊ ၄၊ ၂၊ ၁၄၉)

ဗုဒ္ဓါနုဿတိကိုကျင့်၍ ဥပစာရသမာဓိစျာန်ကို ရရှိသော ယောဂီသည် မေတ္တာကမ္မဋ္ဌာန်းစသော အခြားအပ္ပနာသမာဓိစျာန်ရသော သမထကို ကူးဆက်ပြီး ကျင့်ပါက ဗြဟ္မာပြည်သို့ပင် ရောက်သည်။

မဟဂ္ဂုတ်ကုသိုလ်စျာန်တို့ကို ရရှိပြီး ဝသီဘော်နိုင်အောင် လေ့ကျင့်ပါမူ အမြင့်အကြား ရနိုင်သည်။ မြေလျှိုးမိုးပျံစွမ်းရည် ပြည့်စုံမည်၊ သူတစ်ပါး၏ စိတ်အကြံကိုလည်း သိနိုင်မည်။



၄င်းကား ရဟောသညက မထေရ် လောင်းလျာရသေ့သူမြတ်ကြီးပင်ဖြစ်၏။

ဗုဒ္ဓ, ဓမ္မ, သံဃာနုဿတိကမ္မဋ္ဌာန်းသည် လောကဥ် ပျောက်မသွား၊ အမြဲရှိသည်။ မောရသုတ်၊ ခန္ဓသုတ်တရားတော်တို့ကို ဆင်ခြင်ပါ။

မဟာသောတာပန်ဖြစ်ကြကုန်၏

သီရိဓမ္မာသောကမင်းကြီး၏ မိဖုရားအသန္ဓိမိတ္တာဒေဝီနှင့် ရံရွေတော် (၇၀၀) တို့သည် ဗုဒ္ဓါနုဿတိဖြင့် ဝိပဿနာကို ကူးဆက်ပြီး ကျင့်ကြသောကြောင့် မဟာသောတာပန်ဖြစ်ကြကုန်၏။

(ဒီ၊ ဋ္ဌ၊ ၂၊ ၄၄ မဟာပါဒါနသုတ်)

သူတို့က ရဟန္တာဖြစ်ကြ

သီရိလင်္ကာ (သီဟိုဠ်) နိုင်ငံသား အမျိုးသားတစ်သောင်းတို့သည် ဗုဒ္ဓါနုဿတိဖြင့် ဝိပဿနာကို ဆက်လက်ရှုပွားကြသောကြောင့် ရဟန္တာဖြစ်ကြသည်။ *(ဝိ၊ ဋ္ဌ၊ ၇၃၊ တတိယ သံဂီတိကထာ)*

ဗုဒ္ဓါရမ္မဏာပီတိ ၅-မျိုး

၁။ အနည်းငယ်မျှ၊ ကြက်သီးထ၊ ခေါ်ရ 'ခုဒ္ဒိကာ'။

၂။ လျှပ်ပြက်ပမာ၊ ကြိမ်များစွာ၊ ဆင့်လာ 'ခဏိကာ'။

၃။ လှိုင်းလုံးတူစွာ၊ ပြည့်တက်လာ၊ မှတ်ပါ 'ဩက္ကန္တိကာ'။

၄။ ကိုယ်လက်အင်္ဂါ၊ မြောက်ကြွလာ၊ မှတ်ပါ 'ဥဇ္ဇောဂါ'။

၅။ ကိုယ်လုံးပြည့်လွှမ်း၊ ဆီထိုင်မှိန်း၊ စိမ့်ဖြန်း 'ဖရဏာ'။

၆။ ဥဒယဗ္ဗယ၊ နုဉာဏ်မှ၊ ဖြစ်ကြ ဤငါးဖြာ။

၇။ ဉာဏ်ရင့်သောခါ၊ ဖရဏာ၊ ဖြစ်လာသူချည်းသာ။

(မဟာစည်ရှုနည်းကျမ်း၊ ဒု၊ ၁၈၀) စသည် ဤပီတိ ၅-မျိုးတို့သည် ဗုဒ္ဓါနုဿတိယောဂီနှင့် မဟာသတိပဋ္ဌာန် ဝိပဿနာယောဂီတို့အား ဖြစ်တတ်သည်။

ဝိပဿနာယောဂီသည်လည်း ထိုပီတိတို့ကို အလစ်မပေးဘဲ ရှုရမည်သာ။

ကိုယ်မှာ,စိတ်မှာ၊ ဖြစ်ပေါ်ရာ၊ လိုက်ကာရှုမှတ်လေ။ လမ်းညွှန်ကို မမေ့အပ်ပါခြေ။

ဗုဒ္ဓါနုဿတိယောဂီသည်လည်း 'ပီတိ' တို့ကို ရှုရမည်သာတည်း။

ပါဠိတော် အဋ္ဌကထာအတိုင်း

မမေဝ တသ္မိ သမယေ
အနုဿရေယျာထ။
(သံ၊ ၁၊၂၂၁)

ဗုဒ္ဓံ အာရဗ္ဘ ဥပ္ပန္နာ အနုဿတိ ဗုဒ္ဓါနုဿတိ။
(ဝိသုဒ္ဓိမဂ်၊ ၁၊ ၁၉၁)

မနောဒွါရဝီထိ

ဘွင် ဘွင် အတိတဘွင် ဘဝင် စလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရဝဇ္ဇန်း ဇော (၇)ကြိမ် တဒါရုံ (၂) ကြိမ် ဘွင် ဖြစ်ထိုက်သရွေ့ဖြစ်၏။

ဤသို့ စစ်ကြည့်လိုက်သောခါ တစ်မိနစ်ကို ဂုဏ်တော်အာရုံပြုသော စိတ်အကြိမ် (၆၀) ရ၏။ တစ်ကြိမ်အာရုံပြုရာ မနောဒွါရဝီထိ တစ်ဝီထိဖြစ်၍ ကာမာဝစရကုသိုလ် (၇)ခုရ၏။ တစ်မိနစ်ကို ဂုဏ်တော် အာရုံပြုသော စိတ်အကြိမ် (၆၀)၊ ၇×၆၀ = ၄၂၀, ကာမာဝစရကုသိုလ်ရ၏။ ဂုဏ်တော်အာရုံပြုသောစိတ်တို့၏အကြား အကြား၌ အခြားစိတ်များ ဝင်ကြားညှပ်မည်ဆိုလျှင် တစ်မိနစ်၏ လုပ်အားခ ကုသိုလ်တစ်ဝက် လျော့မည်။ ထက်ဝက် ၂၁၀ သာ ရမည်။

သို့ဖြစ်၍ ဗုဒ္ဓဂုဏ်တော်ကို ပွားသောဗုဒ္ဓါနုဿတိသမထယောဂီသည် ဗုဒ္ဓမြတ်စွာ၏ 'မမေဝ တသ္မိ သမယေ အနုဿရေယျာထ' ဆုံးမသော သာသနာတော်အတိုင်း ကျင့်ရာသည်သာ၊ ဘာပစ္စည်းနှင့်မျှ မရေတွက်သင့်။

ဗုဒ္ဓဂုဏ်တော်ကို ဘာနှင့်မျှ မရေတွက်ဘဲ ဗုဒ္ဓလမ်းညွှန်သောအတိုင်း ကျင့်ပွားမှ ဥပစာရသမာဓိ ကာမာဝစရကုသိုလ် သမာဟိတစိတ်နှင့်ဖော်ပြခဲ့သော 'ပီတိ' တို့သည် ဖြစ်ပေါ်လာမည်။

ဖြစ်ပေါ်လာသော ကာမာဝစရကုသိုလ်သမာဟိတစိတ်နှင့်ပီတိတို့ကို ဝိပဿနာရှု၍ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်ကြကုန်၏။

အဂ္ဂမဟာပဏ္ဍိတမဟာစည်



ဆရာတော်ဘုရားကြီးသည် ဖော်ပြအပ်ပြီးသော ပါဠိတော်၊ အဋ္ဌကထာလမ်းညွှန်အတိုင်း ကျင့်တော်မူကြောင်း သာဓကသည် -

ဝိပဿနာရှုနည်းကျမ်းကြီး ပထမတွဲ၊ ဝိသုဒ္ဓိမဂ်မြန်မာပြန်ကျမ်းကြီး ပထမတွဲ ဂန္ထာရမ္ဘခေါင်းစီး အောက်က စာကို ဖတ်ရှုနည်းယူနိုင်ပါသည်။

ဗုဒ္ဓဂုဏ်တော်ကို ရေတွက်သော ပစ္စည်းဖြင့် ရေတွက်၍ ပွားများသူအား တစ်မိနစ်ကာလလုပ်အားခ ကာမာဝစရကုသိုလ် (၂၁၀)သာ ရသည်။

ဥပစာရသမာဓိ စိတ္တသုဒ္ဓိ မပြည့်စုံ၊ ပရိယုဋ္ဌာနကိလေသာကို မပယ်သတ်နိုင်။

တိရစ္ဆာန်ရွေးဥဒေါင်း

မောရသုတ်ဇာတ်တော်၌ ရွေးဥဒေါင်းတို့သည် ဗုဒ္ဓ, ဓမ္မဂုဏ်တော်တို့ကို အိပ်ရာဝင်, အိပ်ရာထ ဝါအိပ် တန်းတက်, အိပ်တန်းဆင်းကို အရေအတွက် မရှိ၊ ပွားသည်၊ ဥပစာရ သမာဓိစိတ္တဝိသုဒ္ဓိကာမာဝစရကုသိုလ် စွမ်းအားကြောင့် မုဆိုးထောင်သော ကျော့ကွင်းကို နင်းမိသော်လည်း ခလုတ်မပြုတ်ချေ၊ အန္တရာယ်ကင်းပါသည်။

ဤဗုဒ္ဓါနုဿတိသမထကျင့်နည်းကို မဟာစည်ဆရာတော် ဘုရားကြီးထံမှ အနီးကပ်သင်ယူခဲ့ရပါသည်။

ဒေဝဒတ်အကြောင်း

အရှင်ဒေဝဒတ်သည် လောကီကုသိုလ်သုံးမျိုးပိုင်ရှင်၊ အဘိညာဉ် တန်ခိုးပိုင်ရှင်ဖြစ်၏။ နတ်ပြည်, ငြဟ္မာပြည်သို့ ကြွသွားနိုင်၏။

သံဝေဂဉာဏ်အရယူပါ

အရှင်ဒေဝဒတ်သည် ဘုရားကို တုပြိုင်သောစိတ်မိုက်စိတ်ရိုင်း အကုသိုလ်ကြောင့် လက်ရှိဘဝမှာ မဂ်ဖိုလ်နိဗ္ဗာန်ရပြီး ရဟန္တာဖြစ်နိုင်သော ပါရမီရှင်ကြီးဖြစ်လျက် မြေမျိုပြီး မဟာအဝီစိငရဲကြီးသို့ ရောက်ရ၏။

ဘုရားရှင်နှင့်တွေ့ကြုံရလျက် ဗုဒ္ဓသာသနာတော်မြတ်ကြီးသုံးပါး ကွယ်ပျောက်ကာ အဖြစ်ရှုံးလျက် မဟာအဝီစိငရဲကြီး၌ စုံးစုံးမြုပ်ရသောအရှင်ဒေဝဒတ်ကို နမူနာထားပြီး မဟာစည်သတိပဋ္ဌာန်ယောဂီတို့သည် ငါတို့လူဖြစ်မရှုံးချေဟူ၍ အောက်မေ့ ဆင်ခြင်ကာ ဝမ်းအသာကြီးသာကြပါလေဟု တိုက်တွန်းရပါသည်။

အရှင်ဒေဝဒတ်သည် ပါရမီရှင်ကြီးဖြစ်ပါလျက် သက်ရှိဘုရားရှင်၏ သားတော်စစ် ဘုန်းကြီးရဟန်းဖြစ်ရသော်လည်း -

၁။ ဗုဒ္ဓသာသနာတော်သုံးပါး ပိုင်ရှင်

၂။ သစ္စာလေးပါးပိုင်ရှင်

၃။ အရိယမဂ္ဂင်, သရဏာဂုံသုံးပါး ပိုင်ရှင် ဖြစ်ရသော်လည်း အကျိုးမဲ့ခဲ့ရသည်။

ယနေ့မျက်မှောက်ခေတ် မဟာစည်ဆရာတော်ဘုရားကြီးနှင့်လည်းကောင်း၊ မဟာစည်ဆရာတော်ဘုရားကြီး၏ တပည့်ကမ္မဋ္ဌာန်းဆရာများနှင့်လည်းကောင်း၊ ဆက်စပ်မိပြီးမဟာသတိပဋ္ဌာန်ဝိပဿနာတရားမြတ်ကို ရှုမှတ်ကျင့်ပွားအားထုတ်ခွင့်ရကြ၍ ဝမ်းမြောက်ကြရမည်၊ ဝမ်းသာကြရမည်ဖြစ်ပါသည်။ အသင်ယောဂီ မဟာသတိပဋ္ဌာန်ဝိပဿနာတရားအလုပ် အားထုတ်ဖြစ်အောင် ကြိုးစားပါဟု တိုက်တွန်းရေးသားရပါသည်။

လွိုင်မဟာစည်ဆရာတော်ဘဒ္ဒန္တစန္ဒာဝရမဟာထေရ်
ပူဇော်သည်။





ကျေးငှးကြီးလှဒုဂုဟ

အရှင်သီလာစာရ (မဟာဓောဓိရိပ်သာ၊ ကန်သာ)



ဆာဦးသွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော မြို့ပေါ်ရှိ ဂုဏ်သရေရှိလူကြီးလူကောင်းတို့ ဖြစ်ကြသည်။ ရည်ရွယ်ချက်တို့မှာ တိုင်းတစ်ပါးတို့လက်အောက်တွင်နေရစဉ်က မြန်မာနိုင်ငံ၏ထေရဝါဒဗုဒ္ဓသာသနာကို ပိတ်ပင်တားဆီး၍ မလွဲမကင်းသာလောက်သာ ခိုးမြောက်ခဲ့သော သာသနာတော်ကြီးကို လွတ်လပ်ပြီးသည့် အခါန်တွင် မိမိတို့ အချုပ်အခြာအာဏာကို အပြည့်အဝ ရထားပြီဖြစ်၍ အစွမ်းကုန်ခိုးမြောက်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ကြသည်။ ထိုသို့ခိုးမြောက်ရာ၌လည်း ပရိယတ်ရောပဋိပတ်ပါ ဤအစိုးရဦးဆောင်သော ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ကြီးက အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြကုန်သော မဟာစည်နွယ်ဝင် ရဟန်းရှင်လူ အားလုံးကို သင်တို့အတွက် ကျေးဇူးအများဆုံး အဖွဲ့ကြီးတစ်ခုကို ဖွဲ့ခွန်ပြပါဆိုလျှင် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ကြီးကိုပင် မလွဲမသွေ ဖွဲ့ခွန်ပြကြပေလိမ့်မည်။

ဤအဖွဲ့ကြီးကို လွတ်လပ်ရေးခေတ်ဟု ဆိုရသည့် ၁၃၀၉ ခုနှစ်ကပင် ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ဖွဲ့စည်းတည်ထောင်ကြသည့် ပုဂ္ဂိုလ်များမှာ ဝန်ကြီးချုပ်ဦးနု ဦးဆောင်သော နိုင်ငံတော်အစိုးရအဖွဲ့ကို နာယကအဖြစ်ထား၍ ရန်ကုန်မြို့၊ ဆန်စက်သူဌေး မြေပိုင်ရှင်ကြီး အထက်တန်းကျ ခိုးမြောက်ထောက်ပံ့သွားရန်တို့ပင် ဖြစ်ပါသည်။ ဤအဖွဲ့ကြီး၏ကြိုးပမ်းချက်အရ အောင်မြင်မှုတို့ကို နုဂ္ဂဟအဖွဲ့ကြီး၏ နှစ် (၅၀)မြောက် ရွှေရတုစာအုပ်ကြီး၌ ဖတ်ရှုလေ့လာနိုင်ပါသည်။

(ဤဆောင်းပါး၌ကား နယ်လှူထုတစ်ရပ်လုံးနှင့်သက်ဆိုင်သည့် ကြိုး





ပမ်းချက်တို့ကိုသာ အဓိကထား ရေးသားမည်ဖြစ်ပါသဖြင့် အကျယ်မဖော်ပြသာတော့ပါ။ - စာရေးသူ)

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ကြီး၌ ၁၃၁၁-ခုနှစ်၊ နတ်တော်လပြည့်နေ့မှအစပြုကာ ဝိပဿနာတရားစည်ကြီးကို ယခုသာသနာ့ရိပ်သာကြီးမှာပင် စတင်ရိုက်တီး(ပြသ)ခဲ့ပါသည်။ တရားတော်ကို လေးစားကြည်ညိုအားထုတ်လာကြသော ရဟန်းတော်များ၊ ယောဂီများ တစ်စထက်တစ်စ တိုးတက်များပြားလျက်ရှိရာ နောက်ပိုင်း အသံသွင်းတိပ်ကြိုးခွေကိုဖွင့်ပြ၍ တရားပေးရသည်အထိ ဖြစ်လာသည်။ ထို့

တရားအားထုတ်သူများထဲတွင်အဆင့်မြင့် လောကီလောကုတ် ပညာတတ်သံဃာတော်များလည်း ပါရှိလေရာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အားထုတ်နည်းကို ပရိယတ်ဒေသနာတော်နှင့်ညီကာ သဘောကျကြသည်။ ထို့သဘောကျ၍ တရားအားထုတ်ပြီးသည်နှင့် မိမိတို့၏ နေထိုင်ရာဒေသအသီးသီးသို့ ပြန်ရောက်သောအခါ မိမိတို့ဒေသရှိ ပစ္စည်းလေးပါး ဒါယကာဒါယိကာမတို့အား တရားပြသ အားထုတ်စေခဲ့ကြ၏။ ဤပုံဤနည်းဖြင့် မဟာစည်ဩဝါဒခံ ရိပ်သာများနှင့် ရန်ကုန်မဟာစည်သာသနာ့ရိပ်သာကြီး၏ စီမံကွပ်ကဲမှုအောက်မှ မဟာ

စည်ရိပ်သာခွဲများ ဒေသအသီးသီး၌ ပေါ်ပေါက်လာခဲ့ပေ၏။

ထို့သို့ အနယ်နယ်အရပ်ရပ်၌ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာသော ရိပ်သာများကို စည်းလုံးသည့်အနေဖြင့် လည်းကောင်း၊ လိုအပ်သော လမ်းညွှန်မှုများ ဓဏာက်ပံ့မှုများ ပေးရန်အတွက်လည်းကောင်း၊ မဟာစည်ပဋိပတ္တိသာသနာတော်ကြီး ပြန့်ပွားအောင် ဆောင်ရွက်ကြစေရန် အတွက်လည်းကောင်း ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး တရားပြသသည့် နတ်တော်လပြည့်နေ့ကို မူတည်၍ ရန်ကုန်မြို့ မဟာစည်ရိပ်သာ ပဓာနဌာနကြီးတွင် ဗုဒ္ဓသာသနာနှင့်ဟအဖွဲ့ကြီးမှ ဩဝါဒ



ခံယူပူဇော်ပွဲကို နှစ်စဉ်မပြတ် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဩဝါဒခံယူပူဇော်ပွဲသို့ ဒေသအသီးသီးမှ ကြွရောက်လာကြသော ဆရာတော်သံဃာတော်များ၊ ဂေါပကအဖွဲ့များ၊ တရားအားထုတ်ပြီး ယောဂီများ၊ အားမထုတ်သေးသော်လည်း တကယ်တမ်း သာသနာအကျိုးကို လိုလားသူများ၊ သူတော်ကောင်း စိတ်ဓါတ်ရှိသူ ဒကာ ဒကာမတို့အား လိုက်ပါဆောက်ရွက်စေရန် ခွင့်ပြုခဲ့ပါသည်။

ထို့ကြောင့် တစ်နှစ်ထက် တစ်နှစ် နယ်ယောဂီပရိသတ်တို့ တိုးပွားလာသည်နှင့်အမျှ ရိပ်သာသစ်တွေ တိုးတက်များပြားလာခဲ့သည်။ လျော့ပါးသွားသည် ဟူ၍ မရှိခဲ့ပေ။ ရာထောင်သောင်းချီသော ယောဂီလူထုပရိသတ်ကြီးကို အဖက်ဖက်မှ ပြည့်စုံအောင် သပ္ပါယမျှတအောင် နေရေးထိုင်ရေး ချောမွေ့အောင် ပင်တိုင်ဖြေရှင်းပေးရသည့်အဖွဲ့မှာ "နုဂ္ဂဟအဖွဲ့ကြီး" ပင် ဖြစ်ပါသည်။ ဤကဲ့သို့ အဓိကနေရာမှနေ၍ ဆောင်ရွက်ရာတွင် နှစ်အတန်ကြာနောက်ပိုင်းကာလတွင် ဟိတေသီအဖွဲ့နှင့် အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့တို့ပါ လိုအပ်ချက်တစ်ခုအနေဖြင့် ပေါ်ပေါက်လာရသည်။ ရာပေါင်းများစွာသော ဆရာတော်၊ သံဃာတော်၊ ထောင်ပေါင်းများစွာသော ယောဂီလူထုပရိသတ်ကြီးတစ်ခုလုံး၏ အရေးမှန်သမျှတို့ကို တစ်စုံတစ်ခုမျှ မလစ်လပ်ရအောင် အဖွဲ့ငယ်များဖွဲ့စည်း၍ အကွက်ကျတာဝန်ပေးကာ စီမံခန့်ခွဲဆောင်ရွက်နိုင်ခဲ့ပေသည်။

နှစ်စဉ်ကျင်းပမြဲ ရိပ်သာတွင်း ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ၊ ကထိန်သင်္ကန်းဆက်ကပ်ပွဲ၊ ညောင်ရေသွန်းပွဲ စသည် စသည် ပွဲကလေးများအပြင် သာမန်ကျင်းပရိုးကျင်းပစဉ် ဩဝါဒခံယူပူဇော်ပွဲများ၊ (၂၅) နှစ်မြောက် ငွေရတု၊ နှစ် (၅၀) မြောက် ရွှေရတုတို့လိုပွဲကြီးများကိုလည်း သူဂုဏ်နှင့်သူ ထိုက်ထိုက်တန်တန် ကျင်းပပေးနိုင်ခဲ့သည်။ ဤလိုအထူးပွဲကြီးမျိုးတွင် မဟာစည်သာသနာတော်ကြီး၏ တိုးတက်စည်ကားမှု၊ ပြဿနာကြီးများပါ ထည့်သွင်းလျက် အထူးကြောင့်ကြစိုက်ကာ (ပိုမိုကြိုးပမ်းလုံ့လစိုက်ထုတ်ကာ) ကျင်းပကြသည်။ ယခုလာမည့် ၁၃၆၆ခုနှစ် (၂၀၀၄)ခုနှစ် (၅၅)ကြိမ်မြောက် ဩဝါဒခံယူပူဇော်ပွဲကြီးတွင် အထူးတလည် ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ကြီးကို ပူဇော်သည့်အနေဖြင့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ပရိယတ္တိ ဂုဏ်၊ ပဋိပတ္တိဂုဏ်၊ သီလသမာဓိပညာဂုဏ်၊ အာစရိယဂုဏ်တို့ဖြင့် ထုံမွမ်းသောကြောင့် သက်တော်ရာပြည့် ပူဇော်ပွဲကြီး ကိုပါပူးတွဲကျင်း ပနိုင်ရန် နုဂ္ဂဟအဖွဲ့ချုပ်ကြီးအနေဖြင့် မဟာစည်ဦးသျှောင်ဆရာတော် ဘုရားကြီးများ၊ ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးများ၊ နာယကဆရာတော်ဘုရားကြီးများထံမှ အဆုံးအမဩဝါဒများကို ခံယူ၍ ညှိနှိုင်းတိုင်ပင်ကာ အထူးကြိုးစားအားထုတ်နိုင်ခဲ့ကြပေပြီ။

အဆိုပါ ရာပြည့်ပူဇော်ပွဲကြီးတွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဆက်စပ်နေသော ဓာတ်ပုံမှတ်တမ်းများ၊ ဗီဒီယို၊ ရုပ်ရှင်မှတ်တမ်းများ၊ စာရွက်စာတမ်းမှတ်တမ်းများ၊ အခြားအခြားသော အမှတ်တရပစ္စည်းများကို ပြခန်းကြီးများဖြင့် တခမ်းတနား ပြသပူဇော်နိုင်ခဲ့ပါသည်။ ထိုပြခန်းကြီးတွင် ဆရာတော်ဘုရား၏ မဟာစည်သာသနာကိုစောင့်ရှောက်ကြကုန်သော ဆရာတော် (ကမ္မဋ္ဌာနာစရိယဆရာတော်) တို့၏ ဓာတ်ပုံများအပြင် ကမ္မဋ္ဌာန်းဋ္ဌာနများကိုလည်း ပြသခဲ့သည်။ စာပေအနုပညာရှင်များနှင့် ဆရာတော်ဘုရားကြီး၏ တပည့်သံဃာတော်



အပေါင်းတို့ကလည်း အရည်အချင်း ပြည့်ဝသော ဆရာတော်ဘုရားကြီး၏ ဂုဏ်အသီးသီးတို့ကို စာပေဆောင်းပါး၊ တေးထပ်၊ ရတု၊ ကဗျာ၊ ဂါထာတော်အမျိုးမျိုးဖြင့် ခီးကျူးသီကုံးလျက် ပူဇော်ကြသည်တို့ကို ရာပြည့်စာစောင်တွင် တွေ့ရှိကြည့်ရှုရလေတော့သည်။ ဤကား သက်တော်ရာပြည့် ပူဇော်ပွဲနှင့် ပတ်သက်ရာ နုဂ္ဂဟအဖွဲ့ချုပ်ကြီး၏ ကြိုးပမ်းချက် အကျဉ်းချုပ်မျှသာ ဖြစ်ပါသည်။

ဤသို့ ပူဇော်ပွဲကြီးငယ်တို့ကို နှစ်စဉ်ကြွရောက်ကြရသော တိုင်းနှင့်ပြည်နယ်အသီးသီးမှ ဆရာတော်သံဃာတော် ကမ္မဋ္ဌာနာစရိယ ဆရာတော်အပေါင်းတို့သည် ဒေသအနေဖြင့် အလွန်ဝေးကွာကြသော်လည်း အလွန်ရင်းနှီးစွာ ဆွမ်းတစ်ပွဲတည်းစား၊ တစ်ခန်းတည်းနေ စသည်ဖြင့် မိတ်ဆွေဖြစ်ကြရသည်။ တစ်ပါး၏သီလ သမာဓိ ပညာဂုဏ်တို့ကို တစ်ပါးက ကြည်ညိုခွင့်ရကြသဖြင့် ကုသိုလ်မင်္ဂလာတိုးပွားခြင်း၊ ဒေသတစ်ခုနှင့်တစ်ခု၊ လူမှုရေး၊ ဘာသာရေးများ အမြင်ချင်းဖလှယ် ခွင့်ရခြင်း၊ လိုအပ်သော ကူညီပံ့ပိုးမှုများ ပေးစွမ်းနိုင်ခြင်း စသော ဤပွဲကြီးတွင် ဆရာသမားများအား တွေ့ဆုံကန်တော့ခွင့်ရခြင်း စသော အခွင့်အလမ်းများ ရရှိသဖြင့် အလွန်ကျေနပ်ကြရပါသည်။ ဆရာတော်များနောက်မှ လိုက်ပါလာကြသော (ပစ္စာသမဏာ) ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီ၊ သူတော်စင်ပရိသတ်တို့သည်လည်း မရောက်ဖူးသော မြန်မာနိုင်ငံ၏ မြို့တော်ရန်ကုန်ကိုရောက်ကြရပြီး ကမ္ဘာကျော် ရွှေတိဂုံဘုရား၊ ဆူးလေဘုရား၊ ဗိုလ်တထောင်ဘုရား၊ မယ်လမုဘုရား၊ အဘယလာဘမုနိဘုရား၊ မဟာဝိဇယဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ငါးထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရား စသော ဘုရားစေတီများနှင့် ရန်ကုန်နှင့်နီးစပ်ရာ ကျိုက်ခေါက်ဘုရား၊ ကျောက်တန်းရေလယ် (ကျိုက်မှော်ဝန်း)ဘုရား စသော စေတီအဆူဆူ၊ ပုထိုးအမျိုးမျိုးတို့ကို သွားရောက်ဖူးမြော်ကြရသည်။ အခို့လည်း ကျိုက်ထီးရိုးဘုရား၊ ကျိုက္ခမီဘုရား စသော မွန်ပြည်နယ်ထိလည်းကောင်း၊ ဇလွန်ပြည်တော်ပြန်ဘုရားစသော တန်ခိုးကြီးဘုရားများထိလည်းကောင်း သွားရောက်ဖူးမြော် ကုသိုလ်ယူကြရသည်။ ဓမ္မကထိက သစ်/ဟောင်းတို့ နေ့စဉ်ဟောကြားသောတရားဒေသနာများကို နာယူပူဇော်ခွင့်ရကြသည်။ မသိဘူးသေးသော ဗဟုသုတ၊ မရဖူးသေးသော အတွေ့အကြုံတို့ကိုလည်း ရကြသည်။ ထို့ပြင်တစ်ဝ များပြားလှသော မဟာစည်ထေရ်သံဃာတို့ကိုလည်း နေ့စဉ်တစ်ဝကြီး ဖူးကြရသည်။ မစားဖူးသေးသော အာဟာရတို့ကိုလည်း တစ်ဝကြီးစားကြရသည်။ ဤကား ပူဇော်ပွဲကြီးနှင့် ပတ်သက်၍ နယ်ပရိသတ်တို့ မရနိုင်သောအခွင့်အထူးကြီးတို့ပေတည်း။

ဤအခွင့်ထူးကြီးမျိုးကို ရရှိအောင် နုဂ္ဂဟအဖွဲ့ချုပ်ကြီးအနေဖြင့် အားလုံးနေရေးထိုင်ရေး၊ သွားရေးလာရေး၊ စားရေးသောက်ရေးတို့ကို အဆင်ပြေချောမွေ့အောင် စေတနာကြီးစွာ၊ သဘောထားကြီးစွာထား၍ ဆောင်ရွက်ကြရပေ၏။ ပူဇော်ပွဲ ၄/၅ ရက်တာကာလအတွင်း များစွာသော လုံလီဝီရိယကို စိုက်ထုတ်ရပေ၏။ ဤကဲ့သို့ အပင်ပန်းခံပြုလုပ်ရသည်မှာ သာမန်စေတနာအရင်းခံရှိရုံဖြင့် မလွယ်ကူပေ၊ စေတနာလည်းရှိ၊ ကျေးဇူးတော်များနှင့် အဆုံးအမသြဝါဒများကို လက်ခံထားသူမှသာ ပြုလုပ်နိုင်ကြပါသည်။ သို့အတွက်ကြောင့် ဆရာကောင်း၏တပည့်ကောင်းများ ဖြစ်ကြသော အဖွဲ့ချုပ်လူကြီးအပေါင်းတို့သည် ကျင်းပမြဲ ပူဇော်ပွဲကြီးကို မပျောက်မပျက်၊ မကွယ်မပရအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှစ်စဉ်ကိုယ်တွေ့ကြုံ၍ ခံစားရသော အဖွဲ့ချုပ်ကြီး စေတနာကို လက်လှမ်းမီသလောက်မျှ ဂုဏ်ပြုရေးသားလိုက်ရပါတော့သတည်း။

အရှင်သီလာစာရ
(မဟာဗောဓိရိပ်သာ၊ ကန်သာ)





မဟာစည်ရွှေလမင်းကြီးဟာ

ပခုက္ကူ အရှင်ကောသရ

မဟာစည်ရွှေလမင်းကြီးသည် ၁၃၁၂ ခုနှစ်၊ နတ်တော်လ ၁၉၅၀ ပြည့်၊ ဒီဇင်ဘာလအစပြု၍ ယခု ၁၃၃၉ ခုနှစ်၊ ၁၉၇၇ ခုနှစ်တိုင် အောင် ထွန်းလင်းတောက်ပြောင် လျက်သာ ရှိခဲ့သည်။ မဟာစည် ရွှေလမင်းကြီး ထွန်းလင်းတောက် ပြောင်နေချိန်အတွင်း မိမိတို့လုပ် သင့် လုပ်ထိုက်သော သတိပဋ္ဌာန် ဘာဝနာပွားများခြင်း အလုပ်တို့ကို မဖြစ်မနေ ကြိုးစားအားထုတ်ခဲ့ကြ သည်။

မဟာစည် ရွှေလမင်းကြီးသာ ခိုက် အခွင့်အရေးယူကာ အချိန် မဖြုန်းမူ၍ ရန်ကုန် မဟာစည်

သာသနာ့ရိပ်သာ၌ လာရောက် တရားအားထုတ်ကြသော ရဟန်း ရှင် လူယောဂီအပေါင်းမှာ ၁၃၃၉ ခုနှစ်၊ ဝါဆိုလ ၁၉၇၇ ခုနှစ်၊ ဇူလိုင်လအထိ (၃၄၀၉၆) ယောက် ဖြစ်ပါသည်။ မြန်မာနိုင်ငံတစ်နိုင်ငံ လုံးမှာ ထိုအချိန်က မဟာစည် ကမ္မဋ္ဌာန်းဌာန (၂၂၄) ခု ရှိခဲ့ရာ တရားအားထုတ်ပြီး ယောဂီပေါင်း မှာ ၁၃၁၈ ခုနှစ်၊ နတ်တော်လ ၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာလအထိ (၄၀၃၉၀၇) ရှိခဲ့ပါသည်။ ဤမျှ လောက်များပြားခြင်းသည် နည်း လမ်းမှန်ကန်ခြင်း၊ စည်းမျဉ်း ကောင်းမွန်ခြင်း၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်များ ပြည့်စုံခြင်းအစရှိ သော အကြောင်းများကြောင့် ဖြစ် ပါသည်။

မဟာစည်ဆရာတော်သည် ရွှေဘိုခရိုင်၊ ဆိပ်ခွန်ရွာ မဟာစည် ကျောင်း၌ သီတင်းသုံးလျက် ဝိပဿနာလုပ်ငန်း တရားဟော ခြင်း၊ လက်တွေ့တရားအားထုတ် နည်းပြသခြင်း၊ ကျမ်းပြု ခြင်းတို့ဖြင့် ပဋိပတ်သာသနာကို ကြိုးပမ်းခဲ့ပါ သည်။ တစ်နေ့ထက် တစ်နေ့ လူ၌ များလာသည်နှင့်အမျှ အရှင် သောဘနဆရာတော်သည်လည်း ပို၍ ပို၍ ကျော်စောထင်ရှားလာခဲ့ ပါသည်။ ထိုအချိန်မှစ၍ အနီး ပတ်ဝန်းကျင်ရှိ ရှင်ရဟန်းအများ တို့က မဟာစည်ကိုယ်တော်-ယင်းမှ သည် မဟာစည်ဆရာတော်ဟု ခေါ် စမှတ်ပြုခဲ့ကြပါသည်။ ထိုခေတ်



အခ်ိန်မှအစပြု၍ ယခုတိုင်ပင် (ပုံလွန်တော်မမူခင်) ဆရာတော်သည် မဟာစည် ဆရာတော်ဟူသော အမည်ဖြင့် ထင်ရှားတောက်ပြောင်လာခဲ့ပါသည်။

မဟာစည်ကျောင်းတိုက်၌ သီတင်းသုံးတော်မူသဖြင့် မဟာစည် ဆရာတော်ဟု တွင်သော်လည်း မဟာစည်ဆရာတော်သည် မဟာစည်ကျောင်းတိုက်၏ ပဓာန နာယကဆရာတော်ကား မဟုတ်ခဲ့ပါချေ။ မဟာစည် ကျောင်းတိုက်၏ ကမ္မဋ္ဌာန်းပြဆရာတော် သာဖြစ်ခဲ့သည်။ မဟာစည်ကျောင်းတိုက်၏ နာယက ဆရာတော်မှာ (ထိုအခ်ိန်က) ယနေ့တိုင် သက်တော်ထင်ရှားရှိသေးသည်။ ထိုသို့ နေရာဌာနကို အစွဲပြု၍ မဟာစည်ဆရာတော် အမည်တွင်ခဲ့ပုံကိုလည်း ဆရာတော်က မဟာသတိပဋ္ဌာန်သုတ် နိဿယကျမ်းအဦး၌ "အရှင်သောဘနဝယ်နာမည်နှင့် ဌာနစွဲမှီ မဟာစည်ဟု အမည်ပညတ်ငါမထေရ်မြတ်သည်" ဟု ထုတ်ဖော်တော်မူခဲ့ပါသည်။

သာသနာ့ရိပ်သာ

ယခု သာသနာ့ရိပ်သာကား သူဌေးကြီးဆာဦးသွင်အစရှိသော ဥပါသကာ၊ ဥပါသိကာမများ သဒ္ဓါထက်သန်စွာ စီမံခန့်ခွဲ လုပ်ကိုင်ခဲ့ပါသောကြောင့် မဟာရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းတွင် စည်ကားသာယာသော ရိပ်သာကြီးဖြစ်



နေပါတော့သည်။

အထက်ဆွမ်းစားကျောင်း၊ အောက်ဆွမ်းစားကျောင်း၊ ဟိတသိအသင်းဓမ္မာရုံအား ဖြင့် ဆွမ်းစားရာဌာနသုံးခု၊ မဟာစည်စံကျောင်းဓမ္မာရုံ၊ ဦးအောင်ခင်၊ ဒေါ်ကြွေကောင်းမှုဓမ္မာရုံအား ဖြင့် တရားရှုမှတ်ရာနှစ်ဌာန၊ သာသနမလဝိသောဓနီသိမ်တော်ကြီးတစ်ခု၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ပဋ္ဌကတ်တိုက်တစ်ခု ဆောက်လုပ်ဆဲ တိုက်နှစ်ခု (ထိုအခ်ိန်က) မော်ကွန်းတင်ဓမ္မာရုံ၊ ဆရာတော်ဦးသုဇာတတိုက်၊ အရိယာဝါသကျောင်း၊ သံယာဝါသကျောင်း၊ စောင်းတန်းအနီးမှာ (၁) (၂) (၃) (၄) ခု၊ ဆရာတော် ဦးဇဝနကျောင်း၊ ဝက်လက်ဆရာတော် ခေတ္တာသီတင်းသုံးသောကျောင်း၊ ဦးကြင်ပိုးတိုက်၊ နိုင်ငံခြားသားတိုက်၊ ဟံသာအေး၊ သန္တာအေးစသော အားဖြင့် ယောဂီများ သီတင်းသုံးရန် ကျောင်းအဆောက်အအုံ (ထိုအခ်ိန်က) ၅၀-ကျော် ရှိပါသည်။

ပစ္စည်းလေးဖြာ

ရဟန်းသံဃာများသည် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးပစ္စည်းလေးပါး မခ်ို့ငဲ့ဖို့ အရေးကြီးသည်။ ဤပစ္စည်းများ ပြည့်စုံပါမှသာ တရားအလုပ်ကို ကြိုးစားအားထုတ်နိုင်ကြသည်။ မဟာစည်သာသနာ့ရိပ်သာမှာ သံဃာတော်များအနေဖြင့် ဤပစ္စည်းများပေါများပြည့်စုံသည်။ တရားအလုပ်ကို အားထုတ်နေသော ယောဂီရဟန်းများ (၀၊) ပုထုဇဉ်သေက္ခများဖြစ်နေသောကြောင့် လှူသူတန်းသူများမှာလည်း အကျိုးအာနိသင် ပိုမိုထူးကဲနိုင်သည့် စွမ်းအင်ရှိနေသည်နှင့် လှူကြတန်းကြသည်။ လှူရကျိုး တန်းရကျိုးလည်း နပ်ကြသည်။ နေရာအကွက်ကောင်းတစ်ခုလည်း ဖြစ်သည်။

ဤသာသနာ့ရိပ်သာကြီးကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ရဟန်းသံဃာတို့က ကြောင့်ကြစိုက်ရန် မလိုချေ။ ရဟန်းသံဃာယောဂီတို့သည် တရားအားထုတ်ရန်သာ ဖြစ်သည်။ တစ်ခုခု ချွတ်ယွင်း၍ လိုအပ်လျှင် အဖွဲ့ချုပ်ကို အကြောင်းကြားပါက ချက်ချင်းဆောင်ရွက်ပေးပါသည်။ အဖွဲ့ချုပ်အမှုဆောင်လူကြီးတို့သည် အလှည့်ကျအဖွဲ့ရုံး၌ ထိုင်နေကြကာ လိုအပ်သလို ဆောင်ရွက်ပေးကြသည်။

ကမ္မဋ္ဌာန်းဆရာများ

မဟာစည်ဆရာတော်ဘုရား



ကြီးက ရောက်ခါစ ယောဂီအသစ်များကို အလုပ်ပေးတရား (၀၊) အမှတ်ပေးတရားကို ကိုယ်တိုင်လည်း ဟောသည်၊ အသံသွင်းကြိုးခွေများဖြင့်လည်း ဟောသည်၊ ဆရာတော်ဦးသုဇာတ ကမ္မဋ္ဌာနာစရိယကလည်း ရဟန်းတော်ယောဂီများကို တရားစစ်မေးသည်။ ယောဂီတို့အား တရားနေ့စဉ်ဟောကြားသည်။ (ကျန်းမာစဉ်က ဆိုလိုသည်။) ဆရာတော်ဦးဇဝန ကမ္မဋ္ဌာနာစရိယကလည်း နိုင်ငံခြားသားများနှင့် ခေတ္တအားထုတ်သော ယောဂီရှင်လူများကို တရားစစ်မေးသည်။ သင့်တော်သလို တရားပြသသည်။

ရွှေရေးဆောင် ဆရာတော်အရှင် ပညာသာမိ ကမ္မဋ္ဌာနာစရိယကလည်း အမျိုးသားယောဂီများကို တရားစစ်မေးခြင်း၊ တရားရှင်းလင်းပြသခြင်းတို့ဖြင့် မဟာစည်သာသနာ့ရိပ်သာလုပ်ငန်းကို ကူညီလျက်ရှိပါသည်။ ဆရာတော်ဦးသံဝရ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက အရှင်မြတ်ကလည်း အမျိုးသမီးယောဂီများကို တရားစစ်မေးခြင်း၊ တရားဟောခြင်းတို့ဖြင့် မဟာစည်ရွှေလမင်းကြီး ဆက်လက်ထွန်းလင်းတောက်ပြောင်ရေးကို အားပေးကူညီလျက်ရှိနေပါသည်။

ဤအရှင်နှင့် မဟာစည်

မဟာစည် သာသနာ့ရိပ်သာသည် အလွန်ထွန်းလင်းတောက်ပနေသော ရွှေလမင်းကြီး သာနေသည်နှင့် ပုံပမာတူနေပါသည်။ လက်အောက်ကြယ်တာရာများကလည်း သူ့အဆင့်နှင့်သူ တောက်ပြောင်ထွန်းလင်းလျက်ရှိနေပါသည်။ မဟာစည် ရဟန်းသံဃာများ စည်းမျဉ်းတွင် ဝတ်ရုံရေးနှင့် ပတ်သက်၍ ပိန္နဲရောင်၊ ညောင်ခေါက် ဆိုးရောင်၊ သင်္ကန်းကိုသာ ဝတ်ရုံသုံးဆောင်ရမည်။ ဗုဒ္ဓစေတီတော်များထဲသို့ဖြစ်စေ၊ သံဃာ့အစည်းအဝေးသို့ဖြစ်စေ၊မထေရ်ကြီးများထဲသို့ဖြစ်စေ ဝင်ရောက်သော အခါ၌ လက်ဝဲလက်မောင်းကို လုံခြုံစေသော ပရိမဏ္ဍလဝတ်ရုံနည်းဖြင့် ဝတ်ရုံရမည်အစရှိသော စည်းမျဉ်းများသည်လည်းကောင်း၊ စားရေး၊ ဟောကြားရေး၊ ပြောဆိုရေး၊ ဆက်ဆံရေး အစရှိသော စည်းမျဉ်းများသည်လည်းကောင်း၊ သာသနာတော်၌ အလွန်သပွါယ်ဖြစ်သော အဆင့်အတန်းမြင့်သော စည်းမျဉ်းများဖြစ်သည်။

ကောင်းမွန်စွာ နေထိုင်လိုသူများအဖို့ စည်းမျဉ်းကောင်းလေအကြိုက်ကျလေ ဖြစ်တတ်သည်မှာ သဘာဝဖြစ်သည်။ ကောင်းမွန်စွာ မနေထိုင်ဘဲ ချောင်ချောင်ပေါ့ပေါ့နေလိုသူများအဖို့ စည်းမျဉ်းကိုတွေ့သည်နှင့် ထွက်ပြေးရဖို့ ရှိသည်။ အချို့လည်း ရိပ်သာတွင်းရောက်ပြီးမှ ထွက်သွားရသူများလည်းရှိသည်။ ဤစာရေးသူ အရှင်အနေဖြင့် မဟာစည်သာသနာ့ရိပ်သာမှာ ကြပ်တည်း ကျဉ်းမြောင်းသည်ဟူ၍ ဘာတစ်ခုမျှ မတွေ့ရချေ။ မိမိနှင့်သင့်လျော်သော စည်းမျဉ်းချည်းသာ တွေ့ရသည်။

ဤယခု ၁၃၇၉ ခုနှစ်၊ ၁၉၇၇ ခုနှစ်၌ ထူးခြားသော နှစ်ဖြစ်သည်။ မဟာစည်ဆရာတော်ဘုရားကြီးသည် တဝိဇ္ဇာသံစုံသွင်း ရှင်ပြုတရားပွဲတစ်ခါ ဒေါ်ဒေါ်သန်း ကျောင်းအမကြီး၏ သောဘနာဝါသကျောင်းရေစက်ချပွဲ နှစ်ခါသုံးညတိတိ ပုဇွန်တောင် မြသိန်းတန်ကျောင်းတိုက်မှာ သတိပဋ္ဌာန်အလုပ်ပေးတရားကို ဟောကြားတော်မူသည်။ မဟာစည်ဆရာတော်ဘုရားကြီး မြသိန်းတန်ကျောင်းတိုက်မှာ သတိပဋ္ဌာန်အလုပ်ပေးတရားကို ဟောကြားတော်မူသောကြောင့် ဤအရှင်မဟာစည် သာသနာ့ရိပ်သာမှာ တရားအားထုတ်ခြင်း မဟုတ်ပါချေ။ ပြီးခဲ့သော ၁၃၇၈ ခုနှစ်၊ ၁၉၇၇ ခု တပေါင်းလပြည့်ကျော် (၄) ရက် မတ်လ (၇)ရက်နေ့၌ ဤအရှင်သည် အသက် ၅၀ မှတ်တိုင်သို့ ရောက်ခဲ့သည်။ အသက်အရွယ်ရင့်ရော်လာသည်ကို သံဝေဂယူ၍ တရားဘာဝနာ ရှုမှတ်ရင်း ဝိပဿနာအားထုတ်နည်း လက်တွေ့ယူလို၍ မိမိနေရာ၌ နေ့စဉ်အားထုတ်လိုပါသဖြင့် ၅၁ ရက်တိုင်တိုင် သတိပဋ္ဌာန်တရားအလုပ်ကို အားထုတ်ခဲ့ခြင်းဖြစ်သည်။

ရွှေလမင်းကြီး သာယာသော



အခိုက်မှာ လူသားများသည် မိမိတို့ လုပ်စရာလုပ်ငန်းတို့ကို လုပ်ကြရသည်။ မဟာစည်ဆရာတော်ဘုရားကြီးသည် တပည့်ပရိသတ်အစုံအလင်ဖြင့် သတိပဋ္ဌာန်အလုပ်ပေးတရားစည်ကြီးကို နေ့စဉ် ရိုက်တီးခဲ့သည်။ ဤအရှင်တရားအားထုတ်စဉ်အခိုက်၌ ရဟန်းသံဃာ ယောဂီ ၈၀ ကျော်၊ အမျိုးသားယောဂီ ၄၀ ကျော်၊ အမျိုးသမီးယောဂီ ၁၄၀ ကျော်ရှိသည်။ အချိန်အခါမရွေး တရားအားထုတ်လို့ရနိုင်သည်။ စိတ်ချမ်းသာမှုရှိသည်။ ခန္ဓာကိုယ်ဆိုသည်ကား မဟုတ်ရာမှာ အသုံးချခဲ့တာကများသည်။ ယခု မိမိတို့ ရနေသော ခန္ဓာကိုယ်ကို ဟုတ်ရာမှာ အသုံးချသောအားဖြင့် မဟာစည်သာသနာ့ရိပ်သာ၏ အေးရိပ်ကို ခိုလှုံပြီး တရားအလုပ်ကို အားထုတ်သင့်ကြသည်။ သာသနာ့ရိပ်သာ၏ အေးရိပ်ကို ခိုလှုံလိုက်ရလျှင် သာသနာနှင့် တွေ့ကြုံရကျိုး၊ လူဖြစ်ရကျိုးနပ်ပြီးလျှင် ပါရမီဓာတ်ခံရှိသူဖြစ်ပါလျှင် တစ်မင်္ဂလာတစ်ဖိုလ်ကို ရနိုင်ကြသည်။

ဆရာတော်ကြီးသည် ၁၃၄၄ ခု၊ ဒုတိယဝါဆိုလဆုတ် (၁၀)ရက် (၁၄-၈-၁၉၈၂) စနေနေ့တွင် ပျံလွန်တော်မူပါသည်။ မဟာစည်သာသနာ ရွှေလမင်းသည်ကား ဆက်လက် ထွန်းလင်းတောက်ပြောင်လျက်ပင် ရှိနေပါသတည်း။

ပခုက္ကူ။ အရှင်ကေသရ
အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး ၁၉၈၀-၈၁ ခုနှစ်တွင် မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနှင့်ပတ သြဝါဒတော် ကောက်နှုတ်ချက်

ဗုဒ္ဓသာသနာနှုံကဟုအဖွဲ့ကြီးက မြတ်စွာဘုရား၏ သာသနာတော်ကို ခိုးမြှောက်ရအောင်လို့ ဆောင်ရွက်ကြပါတယ်။ ပဋိပတ္တိသာသနာတော်ကို ခိုးမြှောက်ရအောင်လို့ ဘုန်းကြီးတို့ကို ပင့်ပြီး ဆောင်ရွက်တဲ့အခါမှာ ဘုန်းကြီးတို့က ဒီသာသနာ့ရိပ်သာ လာရောက်ပြီးတော့ ပဋိပတ္တိသာသနာတော်၊ ပဋိဝေဓသာသနာတော် ထွန်းကားရအောင် ပြည့်စုံအောင် ဆောင်ရွက်ကြရပါတယ်။

ပထမစပြီးဆောင်ရွက်ခါစတုန်းကတော့ ဝိပဿနာအကျင့် ပဋိပတ်ကိုကျင့်ဖို့ ပရိသတ်ဟာ တယ်မများလှသေးပါဘူး။ အင်မတန်နည်းပါသေးတယ်။ ဒါပေမယ်လို့ နောက်ပိုင်းကျတော့ ဝိပဿနာ ပဋိပတ်အကျင့်ကို ကျင့်တဲ့ပုဂ္ဂိုလ်တွေဟာ များသထက်များလာပါတယ်။ ယခုဆိုရင် အဲဒီပဋိပတ္တိကျင့်တဲ့ပုဂ္ဂိုလ်တွေများလာတဲ့ နှစ်ပေါင်းကတော်တော်ကို ကြာလာပါပြီ။

ဒါန သီလ အကျင့်တွေကိုတော့ အများက ဟောကြားနေကြပါတယ်။ သမထအကျင့်ကိုလည်း တချို့ပုဂ္ဂိုလ်တွေ ဟောကြားနေကြပါတယ်။ ဝိပဿနာအကျင့်ကိုတော့ ကျကျနန ပြည့်ပြည့်စုံစုံ ဟောတာကတော့ သိပ်ပြီး မထင်ရှားလှပါဘူး။ များလဲမများလှပါဘူး။ တချို့တချို့နေရာတွေမှာဆိုရင် လုံးလုံးမရှိပဲတောင် ဖြစ်နေပါသေးတယ်။ မြန်မာပြည်ထဲမှာတောင် တချို့တချို့ နေရာမှာဆိုရင် ဘုန်းကြီးတို့က သွားရောက်ပြီး ဝိပဿနာတရားကို ကျကျနနဟောပေမယ်လို့ တရားအားထုတ်မည့် ပုဂ္ဂိုလ်က ရှိသင့်သလောက်မရှိပဲ ဖြစ်နေတယ်။ အင်မတန်ကို နည်းနေပါတယ်။

ယခု ဒီမဟာစည်ရိပ်သာဌာနမှာတော့ ဘုန်းကြီးကစပြီး ဟောလာကတည်းက တဖြည်းဖြည်း တိုးတက်လာတယ်။ ယခုဆိုရင် ဒီဌာနမှာ ဝိပဿနာအလုပ်ကို အားထုတ်နေကြတဲ့ ရဟန်းရှင်လူတွေဟာ အင်မတန်ကို များနေပါပြီ။ နည်းတဲ့ ရာသီမှာတောင်မှ ယောဂီဦးရေဟာ သုံးရာလောက် ရှိနေပါတယ်။ များတဲ့ ရာသီဥတုအခါမှာတော့ တစ်ထောင်မကရှိနေပါတယ်။ အားရစရာ၊ ဝမ်းသာစရာ အင်မတန်ကောင်းပါတယ်။ အဲဒီလို ယောဂီတွေများအောင်လို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်တွေကလည်း သာသနာတော်ကို ခိုးမြှောက်ထောက်ပံ့နေကြတာပါပဲ။ ယောဂီများ နေရေး ထိုင်ရေးရော၊ စားရေး သောက်ရေးရော၊ ဆက်ဆံ ရေးရော၊ ကျင့်ကြံအားထုတ်ရေးရော အစစအရာရာ အဆင်ပြေအောင်သင့်တင့်လျောက်ပတ်အောင် ဒီဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က တတ်နိုင်သမျှ ဆောင်ရွက်နေကြတာတွေ့ရပါတယ်။





ပဉ္စာဝကြီးဆရာတော်ဘုန်းလပြည့်ရက်သည်

ဓမ္မာစရိယဦးမောင်မောင်လေး

ကောဇာသက္ကရာဇ် ၁၂၆၆-ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်၊ (၂၉-၇-၁၉၀၄)ခုနှစ်တွင် ရွှေဘိုမြို့၊ ဆိပ်ခွန်ရွာမှ ခမည်းတော် ဦးကံတော်၊ မယ်တော် ဒေါ်ဒေါ်အုပ်တို့မှ ထူးခြားသော သားရတနာကို ဖွားမြင်ခဲ့သည်။ ထူးခြားသော သားရတနာအား မောင်သွင်ဟု နာမည်ပေးခဲ့သည်။

မောင်သွင်သည် ငယ်ရွယ်စဉ် ကိုရင်ဘဝမှစ၍ ပရိယတ္တိစာပေတို့ကို အခြေခံကျကျ သင်ယူလေ့လာခွင့်ရခဲ့သည်။ အသက် ၁၉ နှစ် ၄ လရှိသောအခါ မောင်သွင်သည် ၁၂၈၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ - ရက်နေ့တွင် မြင့်မြတ်သောရဟန်းအဖြစ်သို့ တက်လှမ်းခဲ့သည်။ ရဟန်းအဖြစ်သို့ရောက်ပြီး သုံးဝါအရမှာပင် အစိုးရကကျင်းပသော ပထမပြန်စာမေးပွဲကို ပထမကြိမ်တန်းထိ အောင်မြင်ခဲ့သည်။ ထိုအချိန်က ပထမပြန်စာမေးပွဲ စာချတန်း မရှိသေး။ ပထမကြိမ်တန်းသည်သာ အမြင့်ဆုံးဖြစ်နေခဲ့သည်။ ထို့ကြောင့် အရှင်သောဘနသည် ထိုခေတ် ထိုအချိန်က ပရိယတ္တိစာပေ သင်ကြားမှု၏ ဗဟိုဌာနကြီးဖြစ်သော မန္တလေးမြို့သို့ သွားရောက်၍ နာမည်ကျော်ဆရာတော်ကြီးများ၏ သင်ကြားပို့ချချက်များကို နာယူမှတ်သား သင်ကြားလေ့လာခဲ့သည်။

အရှင်သောဘနသည် မန္တလေးမြို့၌ တစ်နှစ်ကျော်မျှသာ နေနိုင်ခဲ့၏။ သို့သော် မကြာမြင့်လှသော ထိုအချိန်ကာလအတွင်း၌ ဆရာကောင်းဆရာမြတ်တို့၏ နည်းနိဿယများကို မိမိရရ ပီပြင်ကျနစွာ နာယူမှတ်သားခဲ့လေသည်။ သို့ဖြစ်၍ ဆရာတော်၏အရည်အသွေးမှာ များစွာတိုးတက်ခဲ့လေသည်။ ထိုမှနောက်တွင်မူ အကြောင်းအားလျော်စွာ ဖန်တီးပေးသောအခြေအနေကြောင့် အရှင်သောဘနသည် မော်လမြိုင်မြို့၊ တောင်ဝိုင်းကလေးကျောင်းတိုက်သို့ကြွရောက်၍ စာသင်သားရဟန်းသာမဏေများအား ပရိယတ္တိစာပေ သင်ကြားပို့ချမှုတာဝန်ကို



ဆောင်ရွက်ခဲ့ရသည်။

ထိုအချိန်တွင် အရှင်သောဘနသည် တစ်ဖက်မှ စာသင်သားများအား စာပေပို့ချနေရင်း အခြားတစ်ဖက်မှာလည်း ပိဋကတ်သုံးပုံ ပါဠိအဋ္ဌကထာ ဋီကာကျမ်းကြီးများကို နှံစပ်ကျည်အောင် နက်နက်ရှိုင်းရှိုင်း နားလည်သဘောပေါက်အောင် မိမိဘာသာ လေ့လာဖတ်ရှုခြင်း၊ ပရိစယအမှု ပြုလုပ်နေလေသည်။ ယင်းသို့ လေ့လာနေစဉ် ဒီဃနိကာယ်နှင့် မဇ္ဈိမနိကာယ်တို့၌ ပါရှိသည့် မဟာသတိပဋ္ဌာနသုတ်တော်ကြီးကို အထူး စိတ်ဝင်စားခဲ့ပြီး သတိပဋ္ဌာန်နည်းကို လက်တွေ့အားထုတ်လိုသော စိတ်ဆန္ဒပြင်းပြစွာ ဖြစ်ပေါ်လာခဲ့လေသည်။

သို့ဖြစ်၍ ဆရာတော် အရှင်သောဘနသည် မိမိဆောင်ရွက်နေသည့် ပရိယတ္တိစာပေသင်ကြားပို့ချမှုလုပ်ငန်းကို အခိုက်အတန့်အား ဖြင့် ရပ်နားပြီး သထုံမြို့၊ မင်းကွန်းဆရာတော်ကြီးထံ ချဉ်းကပ်၍ ပဋိပတ္တိလုပ်ငန်းကို အားထုတ်ခဲ့ပါသည်။

ထိုဆရာတော်ကြီး၏နည်းမှာ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် မဟာသတိပဋ္ဌာနသုတ်တော်နှင့်အညီ လေ့ကျင့်အားထုတ်သောနည်းဖြစ်၍ အရှင်သောဘနသည် ယုံကြည်မှုအပြည့်အဝဖြင့် လေးလကြာမျှ အပြင်းအထန် အားထုတ်ခဲ့သည်။ အရှင်သောဘနသည် မူလက တစ်နှစ်အထိ အားထုတ်ရန် ရည်ရွယ်ခဲ့သော်လည်း အကြောင်းကိစ္စ တစ်ခုပေါ်လာသဖြင့် လေးလကျော်ငါးလမတိုင်မီမှာပင် မော်လမြိုင်သို့ ပြန်ခဲ့ရလေသည်။

အရှင်သောဘနသည် မြန်မာသက္ကရာဇ် ၁၂၉၄ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်နေ့တွင် မော်လမြိုင်မြို့၊ တောင်ဝိုင်းကလေးကျောင်းသို့ ပြန်ရောက်ခဲ့သည်။ ယို့နောက် မကြာမီတွင် တောင်ဝိုင်းကလေးကျောင်း နာယကဆရာတော်ကြီး ပျံလွန်တော်မူသွားလေရာ အရှင်သောဘနသည် ကျောင်းတိုက်၏နာယကအဖြစ် တာဝန်ယူလျက် တပည့်သံယာတို့အား စာပေပို့ချခြင်း ပရိယတ္တိလုပ်ငန်းကိုပင် ပြန်လည်ဆောင်ရွက်နေရလေတော့သည်။



ဆရာတော် အရှင်သောဘနအနေဖြင့် ပရိယတ္တိလုပ်ငန်းကို ပုံမှန်လုပ်ဆောင်နေရစေကာမူ မင်းကွန်းဇေတဝန်ဆရာတော်ကြီးသည် မိမိလေ့ကျင့်အားထုတ်ခဲ့ရသော သတိပဋ္ဌာန်ကမ္မဋ္ဌာန်းကို တစ်ဆင့် ပြန်လည်ဟောပြောလိုသော စိတ်ဆန္ဒပြင်းပြစွာ ကိန်းအောင်းလျက်ရှိ၏။ သို့သော် တောင်ဝိုင်းကလေးကျောင်းတိုက်ပတ်ဝန်းကျင်၌မူ ထိုစိတ်ဆန္ဒကို လက်တွေ့အကောင်အထည်ဖော်ရန် အခွင့်မသာဘဲ ဖြစ်နေလေသည်။

ထို့ကြောင့် အရှင်သောဘနသည် ၁၃၀၀ ပြည့်နှစ်တွင် မိမိ၏ဇာတိဖြစ်သော ရွှေဘိုမြို့၊ ဆိပ်ခွန်ရွာသို့ ပြန်လာခဲ့ပြီး အင်ကြင်းတောမဟာစည်ကျောင်း၌ တရားကျင့်သုံးလျက်



ဝိပဿနာတရားကို စတင်ဟောကြားခဲ့သည်။ တရားနာရသူများထဲမှ လက်တွေ့အားထုတ်လိုသူတို့အားလည်း ဝိပဿနာပွားများအားထုတ်နည်းကို စနစ်တကျ သင်ကြားပြသပေးခဲ့လေသည်။



ဝိပဿနာတရား အားထုတ်သူများအတော်ပင် တိုးတက်များပြားခဲ့ပြီး ယင်းတို့ထဲမှ လေးနက်သောဉာဏ်စဉ်တိုင်အောင် ပေါက်ရောက်သိမြင်သူများလည်း ရှိခဲ့လေသည်။

အရှင်သောဘနကား ဆိပ်ခွန်၌ ခုနစ်လမျှသာနေနိုင်ပြီး ထိုမှနောက်တွင် တာဝန်အရ မော်လမြိုင်သို့ ပြန်ခဲ့ရပြန်သည်။ သို့သော် အရှင်သောဘနသည် ထိုအချိန်မှစ၍ တောင်ဝိုင်းကလေးကျောင်းတိုက်၏ နာယကဆရာတော်အဖြစ်ဖြင့် စာသင်သားသံယာတို့အား ပရိယတ္တိစာပေ သင်ကြားပို့ချခြင်းနှင့်အတူ တစ်ဖက်မှ ဝိပဿနာတရား ပွားများအားထုတ်မှုများကိုလည်း အဆက်မပြတ် ပြုလုပ်ခဲ့လေသည်။ ထို့အတွင်း ဆရာတော်သည် ၁၃၀၃ ခုနှစ်၌ ပထမဦးစွာ စတင်ကျင်းပသော အစိုးရမမှာစရိယစာချတန်း စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခဲ့ရာ ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူး ၅ ကျမ်းတို့ကို တစ်နှစ်တည်းဖြင့် အောင်မြင်၍ သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့လေသည်။

အရှင်သောဘန ဓမ္မာစရိယ စာမေးပွဲအောင်မြင်သည့် ၁၃၀၃ ခုနှစ်နောက်ပိုင်းတွင်ကား ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသဖြင့် ဆရာတော်မှာ မော်လမြိုင်မှ ထွက်ခွာ၍ ဆိပ်ခွန်ရွာသို့ ပြန်ခဲ့ရသည်။ ဤသည်မှာ အဆိုးထဲမှအကောင်းထွက်လာခြင်းဟု ဆိုရပေမည်။ အကြောင်းကား ဆရာတော်အနေဖြင့် မိမိပြင်းပြစွာလိုလားတောင့်တနေခဲ့သည့် ဝိပဿနာတရား ဟောကြားပြသမှုကို အပြည့်အဝဆောင်ရွက်ရန် အခွင့်အခါ ရရှိလာခြင်းကြောင့် ဖြစ်ပေသည်။

၁၃၀၃ ခုနှစ်လယ် ပိုင်းလောက်မှစ၍ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးလိုလိုပင် ကမ္ဘာစစ်ကြီး၏ဒဏ်ရာဒဏ်ချက်များကို ပြင်းပြစွာ ခံစားနေခဲ့ကြရသော်လည်း ကံကောင်းသောကျေးရွာဒေသအချို့တွင်မူ ထိုဒဏ်ရာဒဏ်ချက်များမှ လွတ်ကင်းနေခဲ့ကြရသည်။ ထိုကံကောင်းသောကျေးရွာဒေသအချို့တွင် ဆိပ်ခွန်ရွာကြီးလည်း ပါဝင်ခဲ့၏။ ဆရာတော် အရှင်သောဘနသည် ဆိပ်ခွန်ရွာသို့ ပြန်ရောက်သည့်နေ့မှစ၍ စစ်အတွင်းကာလတစ်လျှောက်လုံး အင်ကြင်းတောတိုက် မဟာစည်ကျောင်း၌ နေထိုင်လျက် ဝိပဿနာတရားကို ဟောကြားညွှန်ပြနေခဲ့သည်။ ဆရာတော် အရှင်သောဘနသည်လည်း



မဟာစည်ဆရာတော်ဟူသော အမည်ဝိသေသ ဖြင့် ထိုအချိန်မှစ၍ ထင်ရှားလာခဲ့လေသည်။

မဟာစည်ဆရာတော်သည် ဗုံးသံ၊ အမြောက်သံများ ဆူညံနေသည့်ကြားမှ အေးချမ်းတည်ငြိမ်စွာဖြင့် ဝိပဿနာတရား ဟောကြားပြသနေခဲ့သည်။ ထို့ပြင် စာမျက်နှာ (၉၀၀) ကျော်ရှိ ဝိပဿနာရှုနည်းကျမ်းကြီးကိုလည်း ခုနစ်လမျှဖြင့် အပြီးသတ် ရေးသားခဲ့လေသည်။ လက်တွေ့အားထုတ်နည်းကို ပါဠိအဋ္ဌကထာဋီကာအဆိုအမိန့်များကိုးကားလျက် လေးနက်ပိပြင်စွာ ရေးသားဖော်ပြထားသော ဝိပဿနာရှုနည်းကျမ်းကြီးက ဆရာတော်၏ ပရိယတ္တိနှင့် ပဋိပတ္တိစွမ်းရည်နှစ်ရပ်လုံးကို ထင်ရှားပေါ်လွင်စွာ ဖော်ပြနေပေသည်။

မြန်မာနိုင်ငံသည် သုံးနှစ်ကျော်လေးနှစ်မျှ ဒုတိယကမ္ဘာစစ်ကြီး၏ဒဏ်ခြင်းကို အလူးအလဲခံစားပြီးနောက် ကမ္ဘာစစ်ကြီး ပြီးဆုံးသွားသော အခါ မျိုးချစ်လူငယ်တို့၏ အားထုတ်မှုဖြင့် လွတ်လပ်ရေးတံခါးဝသို့ ဆိုက်ရောက်လာသည်။

ထိုအချိန်တွင် နိုင်ငံတော်လွတ်လပ်ရေးနှင့်အတူ ဗုဒ္ဓသာသနာတော်ကြီး ထွန်းလင်းတောက်ပရေးကို အားပေးဆောင်ရွက်လိုကြသော လူကြီးများသည် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ကြီးကို ဖွဲ့စည်း တည်ထောင်ပြီး သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်း ဌာနအတွက် အရည်အချင်းပြည့်ဝသော ကမ္မ ဋ္ဌာနာစရိယကို ရှာဖွေခဲ့ကြရာမှ မဟာစည် ဆရာတော်ကို တွေ့ရှိခဲ့ကြလေသည်။

ဤမျှကား ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးအနေဖြင့် မိမိတို့၏ အဓိကရည်မှန်းချက်ဖြစ်သော ပဋိပတ္တိသာသနာပြုလုပ်ငန်းအတွက် ဆရာကောင်းကို ရှာဖွေကြရာတွင် မဟာစည် ဆရာတော်နှင့် တွေ့ဆုံခဲ့ရပုံကို အကျဉ်းချုပ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

ထို့နောက် ၁၃၁၁ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် (၁၀-၁၁-၄၉)တွင် မဟာစည်ဆရာတော်အား ကုက္ကိုင်းသာသနာ့ရိပ်သာသို့ ပင့်ဆောင်ပြီးသည်မှစ၍ အဖွဲ့ကြီး၏ ပြည်တွင်းပြည်ပ ပဋိပတ္တိ သာသနာပြုလုပ်ငန်းများမည်မျှအထိ တိုးတက်အောင်မြင်ခဲ့ကြောင်းကို အထူးဖော်ပြရန် လိုမည်မဟုတ်ပါ။ ရဟန်းရှင်လူအများပင် သိရှိခဲ့ကြပြီးဖြစ်ပါသည်။

အမှန်အားဖြင့် မဟာစည်ဆရာတော်သည် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ အဓိကရည်မှန်းချက်ဖြစ်သော ပဋိပတ္တိလုပ်ငန်းကို သာမက ပရိယတ္တိသာသနာ တိုးတက်ပြန့်ပွားရေးအတွက်လည်း စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့ပေသည်။ ဆရာတော်၏ ဆောင်ရွက်ချက်များကို ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ထင်ရှားစွာတွေ့မြင်ရပေသည်။ မဟာစည်ဆရာတော် သည် ကုက္ကိုင်း သာသနာ့ရိပ်သာ၌ ပြည့်တွင်းပြည်ပ ယောဂီတို့အား တရားပြရင်း ဆဋ္ဌသင်္ဂါယနာပွဲကြီးတစ်လျှောက်လုံးတွင်လည်း ပရိယတ္တိတာဝန်ကို ထူးချွန်စွာ ဆောင်ရွက်တော်မူခဲ့လေသည်။

ဤစာရေးသူအနေဖြင့်မူ ဆဋ္ဌသင်္ဂါယနာကာလတစ်လျှောက်လုံးတွင် ဆရာတော်နှင့်အတူ ပရိယတ္တိစာပေလုပ်ငန်းကို နီးကပ်စွာ ပူးတွဲဆောင်ရွက်ခဲ့ရသဖြင့် ဆရာတော်၏ ကြည်ညိုဖွယ်ကောင်းသော သီလ သမာဓိ ပညာဂုဏ်တို့နှင့်တကွ ထက်မြက်စူးရှသော ပရိယတ္တိဉာဏ်အမြင်တော်ကို ပူဇော်ကန်တော့လိုက်ရပါသည်။

ဓမ္မာစရိယ ဦးမောင်မောင်လေး

၂၀-၁-၂၀၀၄





“ယောဂီတွေကို တရားပြဖို့ဆိုရင်တော့ ရန်ကုန်ကို ဘုန်းကြီးကြွပါမယ်။ ဒါပေမယ့် ရိပ်သာမှာ ဒီနေ့ ယောဂီမရှိဘူးဆိုရင်တော့ မနက်ဖြန် ဘုန်းကြီး အညာကိုပြန်မယ်”

ဆရာသမားများထံမှ စာရေးသူ တစ်ဆင့်ကြားခဲ့ရသည့် ကျွန်ုပ်တော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး လူကြီးများက စားပွဲပေါ်တွင် စာရေး၍ ကပ်ထားကြ၏။ စာရေး၊ သောက်ရေး၊ ရိပ်သာအရေး စသည်များကို တင်ပြထားသည့်စာဟု ဆိုသည်။ ဆွမ်းစားပြီးသည်နှင့် ဆရာတော်ကြီးက စာရွက်ကိုဖတ်ပြီး “ဒါကတော့ ဘုန်းကြီးနဲ့မဆိုင်ပါဘူး”ဆို၍ စားပွဲပေါ် စာရွက်ကို ပြန်ချထားခဲ့သည်ဟူ၏။ ဤသည်တို့မှာလည်း ဆရာသမားများထံမှ ကြားနာခဲ့ရခြင်းဖြစ်ပါသည်။

ထို့ပြင် မသိနားမလည်သူတို့က မဟာစည်ရိပ်သာကြီး ကြီးပွားတိုးတက်နေသဖြင့် ဆရာတော်ကြီး

ကျွန်ုပ်သနေ့တည် ရွှေရတုမဟာစည်မှ

သက်တော်ရာပြည့်သို့

မကိရောတ
ပူဇော်သည်



၏ မိန့်ခွန်းတော်ဖြစ်ပါသည်။ ဟာမစ်တစ် မဟာစည်သာသနာ့ရိပ်သာသို့ နှုဂ္ဂဟအဖွဲ့လူကြီးများ ပင့်ဆောင်၍ ယောဂီအချို့ကို တရားပြသခဲ့သည်။ တရားပြပြီး၍ မကြာမီကာလတွင် ရိပ်သာ၏ စားရေးသောက်ရေးကိစ္စအချို့ အဆင်မပြေမှုရှိသဖြင့် ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးခိုက် အတော်ကလေး ကြီးပွားနေသည်ဟု ယူဆကြသည်။ အရပ်ပြောဖြင့်ဆိုလျှင် ဆရာတော်ကြီး စုမိဆောင်းမိ ရှိနေပြီ၊ ချမ်းသာနေပြီဟု ယူဆကြသည်။ တဲ့တိုးဖွင့်၍ မေးလျှောက်သူများပင် ရှိခဲ့ကြသည်။ ဆရာတော်ကြီးက ပွင့်ပွင့်လင်းလင်းပင် ပြန်လည်မိန့်ကြားခဲ့ပါသည်။ ‘ဒီရိပ်သာကြီးထဲမှာ အားလုံး သံယိကပိုင်ကြီးပါပဲ၊ ဘုန်းကြီးတစ်ဦးတည်းပိုင်တာ



ဘာမျှမရှိပါဘူး၊ ဘုန်းကြီးပိုင်တာဆိုလို့ သက်နှံးသုံးထည်နဲ့ သပိတ်တစ်လုံးပဲ ရှိပါတယ်။ ဘုန်းကြီးကိုယ်တိုင် သည်ပင်လျှင် သာသနာ့နုဂ္ဂဟအဖွဲ့က သဘောမတွေ့လို့ ကြွစေချင်ရင် ကြွရမှာပါဟု မိန့်ကြားခဲ့ဖူးပါသည်။

ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ကြီး၏ တိုက်တွန်းတော်မူချက်အရ ဝိသုဒ္ဓိမဂ် မဟာဋီကာကို နိဿယပြန်ခဲ့ပါသည်။ ရဟန်းရှင်လူအချို့တို့က သူလိုကိုယ်လို သာမန်ဓမ္မာစရိယတစ်ဦးအနေဖြင့် ဝိသုဒ္ဓိမဂ်ကို နိဿယပြန်တာ ဘာဂုဏ်မြောက်မှာလဲ စသည်ဖြင့် အမျိုးမျိုးတိုက်ခိုက်ခဲ့ကြသည်ဟု ဆိုပါသည်။ ဆရာတော်ကြီးသည် ဘာတစ်ခုမျှ ပြန်လည်မချေပဘဲ သည်းခံတော်မူခဲ့ပါသည်။ ဝိသုဒ္ဓိမဂ် စတုတ္ထတွဲ မြန်မာပြန်၏ အဆုံးသတ်နိဂုံးတွင် စာတစ်ကြောင်းဖြင့်သာ ပညာရှိပီပီ တုံ့ပြန်ခဲ့ပါသည်။ 'ဤသို့ ဝိသုဒ္ဓိမဂ် မြန်မာပြန်ကျမ်းသစ် အစမှအဆုံး အလုံးစုံပင် ပြီးပြည့်စုံပြီဖြစ်သောကြောင့်' ဟူ၍ အဖြေပေးခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ထေရဝါဒ သာသနာတော်အတွက် သမိုင်းတွင်ခဲ့သည့် ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် မဟာစည်ဆရာတော်ကြီးက ပုစ္ဆကအမေးကို တာဝန်ယူ၍ မင်းကွန်း တိပိဋကဆရာတော်ကြီးက ဝိသဇ္ဇကအဖြေတာဝန်ယူဆောင်ရွက်ခဲ့ကြောင်းကို ကမ္ဘာကပင် သိပါသည်။ ထိုပွဲကြီးမစတင်မီ မဟာစည်ဆရာတော်ဘုရားကြီးနှင့် မင်းကွန်းဆရာတော် သာသနာ့ညီနောင်နှစ်ပါးတို့သည် အကြိမ်ကြိမ် ကြုံတင်၍ လေ့ကျင့်ခဲ့ကြရပါသည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲ စခါနီးတွင်မှ ဆရာတော်တစ်ပါးက အမေးကို တာဝန်ယူမည်ဟု စီစဉ်သည်။ ထိုအခါတွင်လည်း မဟာစည်ဆရာတော်ဘုရားကြီးသည် ကြုံတင်လေ့ကျင့်ထားသည့် စာရွက်စာတမ်းများ၊ တိပ်ခွေများကို ကြည်သာစွာပင် ပေးခဲ့သည်ဟု ဆိုပါသည်။ နောင်မှထိုဆရာတော် အဆင်မပြေသဖြင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးအမီ မဟာစည်ဆရာတော်ကြီးကို ဆရာတော်ကြီးများနှင့် ဆိုင်ရာလူကြီးများက ဆောင်ရွက်ပါရန် တာဝန်ပြန်၍ ပေးတော်မူကြရသည်။ ထိုအခါတွင်လည်း ဆရာတော်ကြီးသည် ဘာတစ်ခွန်းမှမညည်းညူဘဲ အမေးပစ္ဆကတာဝန်ကို လက်ခံ၍ သမိုင်းတွင် အောင် ရဲဝံ့စွာ ဆောင်ရွက်ပေးတော်မူခဲ့သည်။ အဘိဓမ္မာ စိစစ်ခန်းများကို ရှုလျှင်လည်း ဆရာတော်ကြီး၏ ဉာဏ်ပညာစွမ်းရည်ကို သိနိုင်ကြမည်ဖြစ်ပါသည်။ ဤသည့်ဖြစ်ရပ်များသည်လည်း စာရေးသူ ဆရာသမားများထံမှ ကြားနာမှတ်သားခဲ့ရခြင်း ဖြစ်ပါသည်။



ဤသို့ ရှေးဘုန်းကံကြီးမား၍ အစဉ်အလာမြင့်မြတ်သော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၁၁-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၆)ရက်နေ့တွင် ဆာဦးသွင် အမှူးပြုသည့် ဗုဒ္ဓ



သာသနာ့နုဂ္ဂဟအဖွဲ့၏ပင့်လျှောက်ချက်အရ ရွှေမင်းဝံဆရာတော်အရှင်ကောသလ္လ၊ရွှေဘိုဆရာတော်အရှင်မုနိန္ဒတို့နှင့်အတူ ဟာမစ်တစ်ရိပ်သာသို့ ကြွရောက်ခဲ့ပါသည်။ ကြွရောက်ပြီးသည်နှင့် ဆရာတော်ကြီးသည် ၁၃၁၁-ခုနှစ်၊ နတ်တော်လပြည့်နေ့တွင် အားထုတ်လိုကြသည့် ဒေါ်ခင်စော၊ ဦးဘိုးဆင်၊ ဒေါ်ဒေါ်ညွန့်စ သည့်ယောဂီပေါင်း(၂၅)ဦးကို ဝိပဿနာအလုပ်ပေးတရား စတင်ဟောကြား၍ ဝိပဿနာတရားကို ပြသခဲ့ပါသည်။

တစ်စတစ်စဖြင့် တရားအားထုတ်သည့် ယောဂီများ တိုးပွားလာခဲ့ပါသည်။ လက်ထောက်ကမ္မဋ္ဌာနာစရိယများ၊ ယောဂီစောင့်ရှောက်ရေးဝန်ဆောင်ဆရာတော်များ၊ မဟာစည် သြဝါဒခံ ရိပ်သာခွဲများ စသည်ဖြင့် တိုးတက်ပြန့်ပွား စည်ကားလာခဲ့ပါသည်။ ဟာမစ်တစ် မဟာစည်ရိပ်သာကြီးတွင်လည်း ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ဟူ၍ အဖွဲ့(၃)ဖွဲ့တို့က ပစ္စယာနုဂ္ဂဟဖြင့် ခိုးမြှောက်ထောက်ပံ့ကြ၍ ပဋိပတ္တိသာသနာတော်ကို ဝိုင်းဝန်းပြုစုခဲ့ကြပြန်ပါသည်။ ပြည်တွင်းမှ လာရောက်အားထုတ်ကြသည့် ယောဂီများအပြင် ဥရောပ၊ အာရှတိုက်များမှ ယောဂီထောင်ပေါင်းများစွာတို့လည်း လာရောက်အားထုတ်ခဲ့ကြပါသည်။

ဆရာတော်ကြီး ကိုယ်တော်တိုင်လည်း နိုင်ငံရပ်ခြား တိုင်းပြည်များသို့ လှည့်လည်သာသနာပြုခဲ့သည့်အပြင် ရဟန်းရှင်လူ ယောဂီတို့လိုက်နာရန်အတွက် သြဝါဒကထာစည်းမျဉ်း (၅)ရပ်ကိုလည်း ချမှတ်ပေးတော်မူခဲ့ပါသေးသည်။ ဆရာတော်ကြီး ဟောကြားရေးသားခဲ့သည့် ကျမ်းပေါင်း(၆၀)ကျော်အနက် ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ ၄-တွဲနှင့် ဝိပဿနာရှုနည်းကျမ်း ၂-တွဲတို့မှာ လွန်စွာမှပင် ထင်ရှား၍ အလေးထားကြရပါသည်။ အကျိုးလည်း များခဲ့ပါသည်။

ဆရာတော်ကြီးသည် ၁၃၄၄-ခုနှစ်တွင် စံလွန်တော်မူသဖြင့် (၃၃)နှစ်တိုင်တိုင် မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို စွမ်းစွမ်းတမံ ဟောပြောပြသ ဆုံးမခဲ့ပါသည်။ ဆရာတော်ကြီး စံလွန်ပြီးသော်လည်း တပည့်ဆရာတော်များသည် အဖွဲ့ ၃-ဖွဲ့၏ ပစ္စယာနုဂ္ဂဟကိုခံယူ ၍ ဆရာ ဒကာ လက်တွဲကာဖြင့် ဝိပဿနာအလုပ်ကို ဆက်လက်တည်တံ့စေခဲ့ကြသည်မှာ (၁၇)နှစ်တိုင်တိုင်ပင် ရှိခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ကျေးဇူးတော်ရှင်ဆရာတော်ကြီး တည်ထောင်ခဲ့သည့် မဟာစည်ရိပ်သာကြီး၏ တရားပြသမှု သက်တမ်းသည် နှစ်(၅၀)ပြည့်၍ ရွှေရတုခေတ်သို့ပင်ရောက်ရှိခဲ့ပေပြီ။ ဆရာတော်ကြီးသာ သက်တော်ထင်ရှားရှိပါသေးလျှင် သက်တော် တစ်ရာပြည့်ပေတော့မည်။

၁၆-၂-၁၉၉၉ နေ့၊ နံနက် (၇း၃၀)နာရီတွင် မဟာစည်ရိပ်သာကြီး ဖလ်ယဉ်မမွာရုံ၌ ဆရာဒကာလက်တွဲညီညာစွာဖြင့် မဟာစည်သာသနာ့ရိပ်သာ နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ပွဲ စံကျောင်းတော်ပြတိုက်နှင့် ပြခန်းဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပါသည်။ ထိုပွဲကြီးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မြင်းခြံမြို့၊ ကိုးဆောင်တိုက်ဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ နိုင်ငံတော်အကြီးအကဲများ တက်ရောက်ကြည်ညိုခဲ့ကြပါသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသက ရှစ်ပါးသီလခိုးမြှင့်ပြီး မဟာစည်ရိပ်



သာ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသိပ္ပ (ရေဦး) ဆရာတော်က ရေစက်ချတရား ဟောကြားတော်မူပါသည်။

နိုင်ငံတော်အကြီးအကဲများနှင့် အခမ်းအနားသို့ တက်ရောက်ကြသည့် ရဟန်းရှင်လူပြည်သူများက ရေစက်သွန်းချ အမျှပေးဝေကြပါသည်။

ဤကဲ့သို့ မဟာစည်သာသနာ့ရိပ်သာ၏ ဝိပဿနာတရား ပြသသည့် နှစ်(၅၀)ပြည့် ရွှေရတုပူဇော်ပွဲကြီးကို ကျင်းပနိုင်ခဲ့ခြင်းသည် မူလအာဒိကမ္မိက ဖြစ်တော်မူသော ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး၏ မြင့်မြတ်သည့် ဂုဏ်ရည်ကြောင့် ဖြစ်ပေသည်။ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ သာသနာသုံးရပ်ကို စွမ်းစွမ်းတမံ ကြိုးစားပြုစုသွားသည့် မဟာစည်ဆရာတော်ဘုရားကြီးကို ၁၂၆၆-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၃)ရက်၊ သောကြာနေ့တွင် ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ကျေးရွာ၌ ဖွားမြင်တော်မူခဲ့ပါသည်။ သက်တော် ၁၂-နှစ် အရွယ်တွင် သာမဏေပြု၍ ၁၂၈၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၆)ရက်၌ ဆိပ်ခွန်ရွာ၊ ပျဉ်းမနားကျောင်းဆရာတော် ဦးအာဒိစ္စကို ဥပေဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဥပဇ္ဈာယ်ဆရာတော်ထံနှင့် မန္တလေးမြို့၊ ခင်မကန်တိုက်ဆရာတော် အစရှိသည့် လေးပြင်လေးရပ် ဆရာတော်များထံတွင် ပိဋကတ်ကျမ်းဂန်များကို ဆည်းပူးလေ့လာခဲ့သည်။ အစိုးရ ဓမ္မာစရိယ စာချတန်းအောင်မြင်ခဲ့သည့်အပြင် သင်္ကန်နှင့် အင်္ဂလိပ်ဘာသာတို့ကိုလည်း လေ့လာတတ်ကျွမ်းတော်မူပါသည်။

၁၉၅၂-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို ဆက်ကပ်ခြင်းခံရပြီး ဆဋ္ဌသင်္ဂါယနာ၌ ပုစ္ဆက ဆရာတော်အဖြစ် လည်းကောင်း၊ ဆဋ္ဌသံဂါယနာ ဝန်ဆောင်ဆရာတော်အဖြစ်လည်းကောင်း၊ သြသာနသောဓေယျ ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ပြီး မဟာစည် သာသနာ့ရိပ်သာကြီး၏ ကမ္မဋ္ဌာနာစရိယဆရာတော်အဖြစ် ပြည်တွင်းပြည်ပတို့တွင် ရိပ်သာခွဲပေါင်း (၃၀၀)ကျော် ဖွင့်လှစ်ကာ ဝိပဿနာတရားများကို စဉ်ဆက်မပြတ် ဟောကြားတော်မူခဲ့ပါသည်။



၁၉၈၀-ပြည့်နှစ်၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးပွဲကြီးတွင် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရပါသည်။ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယနှင့် ဝိပဿနာရှုနည်း ကျမ်း ၂-တွဲအပါအဝင် ကျမ်းပေါင်း ၆၀-ကျော် ပြုစုခဲ့ပါသည်။

ပဋိပတ္တိဆရာ နည်းကျကျ အနေဖြင့် ရွှေဘိုသီးလုံးဆရာတော်ကြီးထံမှ လည်းကောင်း၊ စစ်ကိုင်းတောင်ရိုး၊ မင်းကွန်းအလယ်တောရ ဆရာတော်ကြီးထံမှလည်းကောင်း၊ ထိုမှ မင်းကွန်းဇေတဝန်ဆရာတော် ဘုရားကြီးထံ၌ နည်းနာနိဿယခံယူကာရှုမှတ် ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှာ ၁၂၉၉-ခုနှစ် ဖြစ်သည်။ မင်းကွန်းဆရာတော်ကြီးက ပူတယ်၊ ရှုပ်တယ်၊ မဟာစည်ဆရာတော်ကြီးကဖောင်းတယ်၊ ပိန်တယ်ဟု မူလကမ္မဋ္ဌာန်းပေး၍ ရှုမှတ်စေခြင်း ဖြစ်သည်။ ဝမ်းဗိုက်ဖောင်းခြင်း၊ ပိန်ခြင်းသည် ဝါယောဓာတ်လွန်ကဲသည့် ရုပ်အပေါင်းဖြစ်သောကြောင့် ခန္ဓာအားဖြင့် ရူပက္ခန္ဓာ၌ ပါဝင်သည်။ အာယတနအားဖြင့် ဖောဋ္ဌဗ္ဗာယတန၌အတွင်းဝင်၏။ ဓာတ် (၁၈) ပါးတို့တွင် ဖောဋ္ဌဗ္ဗဓာတ်အတွင်း ဝင်၏။ ဓာတ်ကြီးလေးပါးတို့တွင် ဝါယောဓာတ်ဖြစ်၏။ သစ္စာအားဖြင့် ဒုက္ခသစ္စာ၌အတွင်းဝင်၏။



ဤရူပကွန်ရာ၊ ဖောဋ္ဌဗ္ဗာယတန၊ ဖောဋ္ဌဗ္ဗဓာတ်၊ ဝါယောဓာတ် ဒုက္ခသစ္စာတို့သည် မုချ ဝိပဿနာရှုအပ်သောတရား၊ ရှုကောင်းသောအရာသာလျှင် ဖြစ်သည်။ မရှုကောင်းသောတရားမဟုတ်။ ထို့ကြောင့် ဖောင်းမှု၊ ပိန်မှုကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ထင်မြင်အောင်ရှုခြင်းသည် ခန္ဓာဒေသနာ၊ အာယတနဒေသနာစသော ထိုထိုဘုရားဟော ပါဠိတော်တို့နှင့်ညီညွတ်၍ ဘုရားအလိုတော်ကျဖြစ်သည်သာလျှင်တည်းဟု ဖောင်း၊ ပိန် ရှုမှတ်ခြင်းအပေါ် ရှင်းပြထားပေသေးသည်။

မဟာစည်ဟူသည့် အမည်နာမနှင့်ပတ်သက်၍လည်း ရှင်းပြလိုပါသေးသည်။ ဆရာတော်ကြီး (၁၈)ဝါအရတွင် ဒုတိယကမ္မာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့ကြောင့် မော်လမြိုင်တောင်ဝိုင်းကလေးမှ ဆိပ်ခွန်ရွာသို့ ပြန်၍ သီတင်းသုံးခဲ့သည်။ကျောင်းအဝင်ဝတွင် လေပြင်းဒဏ်ကြောင့် လဲကျသွားသည့် ကုက္ကိုပင်ကြီးရှိသည်။ ထိုအပင်ကြီးကိုဖြတ်လျက် အလျား (၁၂၆)လက်မ၊ လုံးပတ် (၁၀၅)လက်မအရွယ်ကို သားရေဖြင့်ကျက်၍ စည်ကြီး ပြုလုပ်ကြသည်။ ထိုစည်ကြီးကို ကျေးရွာမလေ့အရ ဘုန်းတော်ကြီးကျောင်းမှ အချိန်နာရီ အချက်ပေးစည်ကြီးအဖြစ် တီးခတ်ကြသည်။ ထိုစည်ကြီးကိုအစွဲပြု၍ မဟာစည်ဆရာတော်ဟု အမည်တွင်ခဲ့ခြင်းဖြစ်ပါသည်။

ဤသို့ မဟာစည်ဟု ထင်ရှားကျော်ကြားလာသည်နှင့်အမျှ လောကဓမ္မတာအတိုင်း မနာလိုဝန်တိုသူတို့၏ ဝိုင်းဝန်းနှိမ်ခြင်းကို ခံခဲ့ရသည်။ မဟာစည်ဆရာတော်ကို ပုတ်ခတ်ရေးသားသည့် ဆောင်းပါးများ၊ စာအုပ်များ ထွက်လာရုံမျှမက ရဟန်းတော်များ၏ စာမေးပွဲလောကတွင်းသို့ပင် ဂယက်ရိုက်ခတ်ခဲ့သည်။ စာချတန်း၊ မြန်မာဂုဏ်ထူးတန်းပုစ္ဆာများတွင် ယခုခေတ် ဖောင်း-ပိန် ကမ္မဋ္ဌာန်းများသည် ဘုရားဟောနှင့် ညီ,မညီ၊ ၄င်းကိုအားထုတ်၍ တရားရနိုင်၊ မရနိုင် သာဓကပြ၍ ဖြေဆိုခဲ့ပါဟုပင် စာမေးပွဲမေးခွန်းများ ထွက်ပေါ်ခဲ့သည်အထိ ဖြစ်သည်။

သို့သော် မဟာစည်ဆရာတော်ကြီးသည် ပညာရှိ သူတော်ကောင်းပီပီ သည်းခံခဲ့သဖြင့် ပတ္တမြားမှန်သဖြင့် နံ့မနစ်သည့်အပြင် အရောင်ပင် ပို၍ထွက်ပေါ်ခဲ့ပေသေးသည်။ အပ္ပမာဒ တရားဒေသနာတော်ကို လက်တွေ့ကျကျ (၃၃)နှစ်တိုင်တိုင် ဖြန့်ချိပေးတော်မူသော ဆရာတော်ကြီးသည် ၁၃၄၄-ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၁၀)ရက်၊ စနေနေ့ မွန်းလွဲ(၁း၃၆)နာရီအချိန်တွင် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခဲ့လေသည်။

တစ်ချိန်တွင် ဝိမုတ္တိယုဂခေတ်တစ်ပတ်ပြန် ပရမတ်သံ ကြားရချည်သေး။

မင်းကွန်း၊ မိုးညှင်း၊ မိုးကုတ်၊ မဟာစည်။ အချိန်ကောင်းလို့ ပိန်ဖောင်း မဟာစည်၊ အမြဲလင်း ဇွဲတင်း သဲအင်းလာပြီ၊ အကျိုးမယုတ်မိုးကုတ်မဟာထေရ်၊ ဒီတစ်ခါ ရွာတဲ့မိုး ချိုးဖြစ်အောင်ချိုးဟူ၍ အသံတဘောင်များ ပေါ်ခဲ့ဖူးသည်။ ပေါ်သည့်အတိုင်းလည်း မြန်မာပြည်တလွှားသာမက ကမ္ဘာသို့တိုင်အောင်ပင် ပဋိပတ္တိသာသနာတော်သည် မျက်မြင်ကိုယ်တွေ့ ထွန်းကားနေသည်ကို တွေ့ကြရမည်ဖြစ်သည်။

ထိုထိုသော ရဟန်းရှင်လူ၊ ယောဂီပုဂ္ဂိုလ်များအတွက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် သောတာပန်တို့၏ အရည်အချင်းတစ်ခုဖြစ်သည့် ဣသာနှင့် မစ္ဆရိယကို အများနားလည်အောင် ဆောင်ပုဒ်ကလေး စီထားခဲ့ပါသေးသည်။

"မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်းချမ်းသာကြရမည်"

ဤဆောင်ပုဒ်လေးနှင့်အတူ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ မြတ်စွာဘုရားနည်းကျ ဒေသနာတော်တို့သည်လည်း အနှစ်ရာထောင်မက တည်တံ့ပြန့်ပွားနေမည်သာ ဖြစ်ပါတော့သတည်း။

ကျန်းမာ ချမ်းသာကြပါစေ။

မဏိဇောတပူဇော်သည်။



- ပူဇော်ထိုက်သူ၊ ပူဇော်မူ၊ မှတ်ယူမင်္ဂလာ၊
- ဆရာမိဘ၊ ကြီးလှုဂုဏ်အင်၊ မြဲသိမြင်၊ ဦးတင်ပူဇော်ရာ၊
- ပူဇော်ထိုက်ဒါး၊ ပူဇော်ငြား၊ ကြီးပွားလွန်ချမ်းသာ။

ဝါဆိုလဆန်း (၃)ရက်နေ့တွင် နှစ် (၁၀၀)တင်းတင်းပြည့်ခြင်းဖြစ်သည်။ သို့ဖြစ်၍ ဆရာတော်ဘုရားကြီး၏ ဆုံးမနည်းခံ ကျင့်ကြံအားထုတ်ခဲ့ကြသော ရဟန်းရှင်လူ တပည့်အများတို့သည် မွေးနေ့တော်မင်္ဂလာ ပူဇော်ပွဲသဘင်ကို ဆင်ယင်ကျင်းပ ပူဇော်ကြသည်။

ဆရာတော်ဘုရား တရားလမ်း အစ

မဟာစည် ဆရာတော်လောင်းလျာဖြစ်တော်မူသော အရှင်သောဘနသည် ကောဇာသက္ကရာဇ် (၁၂၉၆) ခုနှစ်တွင် မော်လမြိုင်မြို့ တောင်ဝိုင်း ကလေးကျောင်းတိုက်

ကောဇာသက္ကရာဇ် (၁၃၆၆) ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၃)ရက်နေ့သည်ကား မြန်မာပြည်တွင်သာမက ကမ္ဘာ့နိုင်ငံအရပ်ရပ်သို့တိုင်အောင် ဂုဏ်တော်သတင်း ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူသော







မဟာစည်ပြဋ္ဌာန် မှတ်တိုက်စိုးတင့်

ရွှေဘိုကောဝိဒဓဇ

ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး မွေးဖွားခဲ့သည်မှာ နှစ် (၁၀၀)တင်းတင်းပြည့်သော မွေးနေ့မင်္ဂလာ ရက်မြတ်အခါ ဖြစ်သည်။ ဆရာတော်ဘုရားကြီးကို စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာကြီးတွင် ကောဇာ(၁၂၆၆)ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၃)ရက်နေ့တွင် မွေးဖွားခဲ့၍ ယခု (၁၃၆၆)ခုနှစ်၊ ဒုတိယ ၌ ရှင်ရဟန်း စာသင်သားတို့အား စာပေပို့ချ ပရိယတ္တိသာသနာကိစ္စ ကို ဆောင်ရွက်နေရာမှ မိမိဘဝ အတွက်အကျိုးမျှားမည့် သတိပဋ္ဌာန် ဝိပဿနာတရားပွားများခြင်းကိစ္စကိုလည်း စတင်ကာ ကြိုးစားအားထုတ်ခဲ့သည်။ ထို့နောက် ဒုတိယကမ္ဘာစစ်အတွင်းကာလ ကောဇာ(၁၃၀၃)ခုနှစ်တွင် ဇာတိ



ရပ်ဌာန်၊ ရွှေဘိုမြို့၊ ဆိပ်ခွန်ရွာသို့ ပြန်ကြွခဲ့၍ တရားအားထုတ်လိုသူ ဥပုသ်သည် ဒါယကာ၊ ဒါယိကာမများအား သတိပဋ္ဌာန် ဝိပဿနာတရား ဟောကြားတော်မူ၍ ရှုမှတ်ပွားများနည်းကို ညွှန်ပြတော်မူသည်။ ဝိပဿနာရှု နည်းကျမ်းကြီးကို စီစဉ်ရေးသားပြီး ပထမတွဲ၊ ဒုတိယတွဲ နှစ်တွဲခွဲကာ ပုံ နှိပ်ထုတ်ဝေတော်မူသည်။ယခုအခါ ဆရာတော်ဘုရားကြီး၏ ဝိပဿနာ ရှုနည်းကျမ်းကြီးကို ကမ္ဘာသူကမ္ဘာသား သူတော်စင်အများတို့ ကြည့်ရှုမှတ်သား ပွားများနိုင်ကြစေရန် အင်္ဂလိပ်ဘာသာဖြင့်လည်း ပြန်ဆိုဆဲဖြစ်သည်။ ထို့ပြင် ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်ကပင် ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ နာယကဆရာတော်များအား ရှုနည်းကျမ်းကြီးကို အပိုင်းကဏ္ဍခွဲဝေကာ ပါဠိဘာသာ ပြန်ဆိုစေခဲ့သည်ကိုလည်း သိရှိမှတ်သားခဲ့ရသည်။ သို့သော် ပြန်ဆိုမှုမတူညီကြ၍ထင်သည်။ ပုံနှိပ်စာအုပ်အဖြစ် မပေါ်လာပါ။ ယခုထုတ်ဝေထားသော ပါဠိဘာသာ ဝိပဿနာရှုနည်း ပ/ဒု နှစ်တွဲမှာ မန္တလေးမြို့၊ ဗန်းမော်ဆရာတော် ဘဒ္ဒန္တကုမာရမဟာထေရ်ပြန်ဆိုထားသည့်မူဖြစ်သည်။ ဆရာတော်ဘုရားကြီးများအား ကြည်ညိုလေးစား၍ ဝိပဿနာရှုနည်းကျမ်းမြန်မာ-ပါဠိ နှစ်မူလုံးကို အစအဆုံး ကြည့်ရှုဖြစ်သည်။ ကျမ်းမြတ်စာမူကောင်းကို စက္ကူပွဖြင့် အဖြူအဝါ နှစ်မျိုးရောစပ် ပုံနှိပ်ထားသည်ကို တွေ့ရ၍ စာမူ နှမြောမိသည်။ ခံ့ညားသန့်ပြန့်စေချင်လှပါသည်။ သာသနာပြုစိတ်ဓာတ် ထက်သန်လျှင် ပြန်၍ပင် ရိုက်နှိပ်စေချင်ပါ၏။ ဆိပ်ခွန်ကျေးရွာကြီးတွင် ရပ်ရွာဒကာ ဒကာမများအား သတိပဋ္ဌာန် ဝိပဿနာတရားကို ဟောကြားပြသပေးရင်း ကျမ်းစာများကို စီရင်ရေးသားနေသော အရှင်သောဘနထေရ်အား ကောဇာ (၁၃၁၁)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၆)ရက်နေ့တွင် သူဌေးကြီး ဆာဦးသွင်နှင့် ထိုစဉ်က ဝန်ကြီးချုပ်ဦးနုတို့က လာရောက်ပင့်လျှောက်သဖြင့် ရန်ကုန်မြို့၊ ကုက္ကိုင်း မဟာစည်သာသနာ့ရိပ်သာ၌ သတိပဋ္ဌာန် ဝိပဿနာတရားကို ရဟန်းရှင်လူ ယောဂီအများတို့အား ဟောကြား ပြသတော်မူခြင်းကြောင့် မဟာစည်ဆရာတော်ဟူ၍ ပို၍ထင်ရှား ကျော်



ကြားတော်မူခဲ့သည်။

တပည့်များစွာ တစ်ပါးပါခြင်း

စာရေးသူအရှင်သည် ကော ၈၁ (၁၃၃၁)လွန်ကာလက (၂)နှစ်၊ (၃)နှစ်မျှ တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ကျောက်ကုန်းတောရ မေဒိနီစာသင်တိုက်၌ စာပေပို့ချခြင်းကိစ္စ အားလပ်ခွင့်ရခိုက် မဟာစည်သာသနာ့ရိပ်သာသို့ဝင်၍ ဆရာတော်ဘုရားကြီး၏နည်းလမ်းညွှန်ပြ သြဝါဒအတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်ခဲ့ပါသည်။ ထိုမှနောက်ပိုင်းနှစ်များတွင်လည်း နွေဥတုအခါ စာဝါပို့ချမှု နားတိုင်း ဝိပဿနာတရားပြဆရာတော်ဘုရားကြီးများ သက်တော်ထင်ရှားရှိစဉ် နည်းနာနိဿယ စုံလင်စွာရရှိစေရန် ရည်ရွယ်၍ ရန်ကုန်မြို့ရှိ တရားဌာန ရိပ်သာကျောင်းများ၊ နယ်မြို့များရှိ တရားပြဌာနရိပ်သာကျောင်းများသို့ သွားရောက်နေထိုင်ပြီး ထိုထိုဆရာတော်ကြီးများ၏ ဆုံးမနည်းခံကျင့်ကြံအားထုတ်ခဲ့သည်။ ယခုအခါ မဟာစည်သာသနာ့ရိပ်သာကြီးတွင် ရဟန်းရှင်လူ ယောဂီသူတော်စင်များအားလုံး ချမ်းချမ်းသာသာ သီတင်းသုံးနေနိုင်အောင် တိုက်တာအဆောက်အအုံများ လွန်စွာပြည့်စုံလျက်ရှိနေသည်ကိုတွေ့မြင်ရသဖြင့် ဝမ်းမြောက်ရပါသည်။ စာရေးသူတို့ တရားရိပ်သာဝင်စဉ်အခါက ယောဂီများ နေထိုင်ကြရသောကျောင်းများ၊ ဇရပ်များသည် တစ်ထပ်ဆောင်တန်းလျား



များသာဖြစ်သည်။ အဆောက်အအုံကောင်းဆိုလျှင် နိုင်ငံခြားသားတိုက်နှင့် ဦးကြွင်ပိုးတိုက် နှစ်လုံးသာဖြစ်သည်။ စာရေးသူနှင့်အတူ လိုက်ပါလာသူများကား ကံကောင်းသဖြင့် စာသင်တိုက်ကြီးများမှ ရောက်လာကြသော စာချဘုန်းကြီးများလည်း ဖြစ်၍ နေရာချထားရေးဆရာတော် ဦးဇဝနမထေရ်မြတ်က နိုင်ငံခြားသားတိုက်တွင် နေရာချထားပေး၍ ချမ်းသာစွာ နေထိုင်အားထုတ်ခဲ့ရပါသည်။ ရိပ်သာတွင်ရှိသော ဟိတေသီအဖွဲ့ကြီးက မမ္မာစရိယ ယောဂီရဟန်းတော်များကို စာရင်းယူ၍ မမ္မာရုံသီးသန့်တွင် သီးသန့်ဆွမ်းကွမ်းအဖျော် စသည် တာဝန်ယူ၍ ကပ်ကြသည်။စာရေးသူကား မမ္မာစရိယပါဠိပါရဂူ စာချဘုန်းကြီးဟူ၍ သီးသန့်နေရာမယူဘဲ သာမန်ယောဂီရဟန်းများ၊ ဒုလ္လဘရဟန်းများနှင့်အတူ တန်းဆွမ်းလိုက်၍ ဆွမ်းခံဘုဉ်းပေးကာ အားထုတ်ခဲ့သည်ချည်းပင် ဖြစ်သည်။ အညတရပုဂ္ဂိုလ်အဖြစ် နေထိုင်အားထုတ်ရသည်ဟူသော မြောက်ဥက္ကလာပ၊ ရွှေဥမင်တောရရိပ်သာ ဆရာတော်ကြီး ဘဒ္ဒန္တကောသလ္လ မဟာထေရ်၏ အဆုံးအမကို မှတ်သားနာယူခဲ့ရသည့်အတိုင်း လိုက်နာကျင့်သုံးပါသည်။ အမှတ်ထင်ထင်တစ်ခုမှာ စာရေးသူတို့ ရိပ်သာဝင်သောနှစ်တွင် ရိပ်သာအတွင်း ယောဂီကျောင်းဆောင်များတွင်ရှိနေကြသော ခွေးများ ဆူညံလွန်း၍ ယောဂီများ တရား



အားထုတ်ရာ၌ အနှောင့်အယှက်ကြီးတစ်ခု ဖြစ်နေသဖြင့် ခွေးဂေဟာအဖြစ် ခြံကာရံပြီး ခွေးများကို စုပေါင်းထားသည်။ ရဟန်းယောဂီ၊ လူယောဂီများ ဆွမ်းဘုဉ်းပေး သုံးဆောင်ပြီး ကျန်သော ဆွမ်းကျန်များကို စုပေါင်းသယ်ယူပြီး ခွေးများကို တစ်နေရာတည်း၌ စုကျွေးပါသည်။ ဆရာတော်ကြီးသည် ခွေးများကို ကျွေးမွေးရာသို့ ကိုယ်တော်တိုင် လိုက်ပါကြွရောက်ပြီး ကြည့်ရှုကြပ်မတ်ပေးလေ့ရှိပါသည်။ သတ္တဝါမှန်သမျှအပေါ်၌ သနားကြင်နာမှု ဆရာတော်ကြီး၏ ကရုဏာတော်ကား ကြီးမားလှပါသည်။

ထိုစဉ်အခါက ယခုကဲ့သို့ ကမ္ဘာနာစရိယ နာယကအများ မရှိသေးပါ။မမ္မကထိကအဖွဲ့ဟူ၍လည်း မရှိသေးပါ။ ရိပ်သာအတွင်း၌ တရားထိုင်ပြီး ဉာဏ်စဉ်နာပြီး ယောဂီဟောင်းများနှင့် တရားထိုင်ဆဲ ယောဂီအသစ်ဟူ၍သာ ခွဲခြားပြောဆိုမှုရှိသည်။ ဆရာတော်ကြီးအောက်တွင် နာယကဆရာတော်လေးပါးသာရှိသည်။ နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသမထေရ်မြတ်က ရဟန်းယောဂီများ၊ အမျိုးသားယောဂီများကို တရားစစ် ပြောဆုံးမရသည်။ နာယကဆရာတော် ဘဒ္ဒန္တသံဝရမထေရ်မြတ်က အမျိုးသမီးယောဂီများကို တရားစစ်ဟောပြောဆုံးမရသည်။ နာယကဆရာတော် ဘဒ္ဒန္တဇဝနမထေရ်မြတ်က ယောဂီအသစ်လက်ခံခြင်း၊ နေရာချထားပေးခြင်းကိစ္စ ဆောင်ရွက်ရသည်။ နာယကဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသမထေရ်မြတ်က နိုင်ငံခြားသားယောဂီများကို တရားစစ်ဟောပြောရသည်။ တစ်လ (၄)သီတင်း ဥပုသ်နေ့များတွင် ဆရာတော်ကြီးနှင့် ဆရာတော် ဦးပဏ္ဍိတာဘိဝံသ၊ ဆရာတော်ဦးသံဝရ၊ ဆရာတော် ဦးဇနကာဘိဝံသ နာယက (၃)ပါးတို့က အလှည့်ကျ ဖလ်ယဉ်မမ္မာရုံကြီးတွင် နေ့တရားပွဲ ကျင်းပဟောတော်မူကြသည်ကိုလည်း နာယူမှတ်သားခဲ့ရပါသည်။

စာရေးသူသည် နိုင်ငံခြားသားတိုက်တွင် နေထိုင်၍ မဟာစည် သာသနာ့ရိပ်သာ စည်းကမ်းအတိုင်း နေ့စဉ် နံနက် (၃)နာရီအချိန်တွင် အိပ်ရာမှထပြီး နေ့စဉ် ည၌ (၁၁) နာရီထိုးပြီးမှ အိပ်သည်။ အိပ်ရာမှထပြီးနောက် (၁)နာရီထိုင်ပြီး ရှုမှတ်၍ နောက် (၁)နာရီ စင်္ကြံသွားရင်း ရှုမှတ်ရသည်။ ဤသို့ တစ်နေ့လုံး (၁)နာရီထိုင်၊ (၁)နာရီစင်္ကြံသွားရှုမှတ်ခြင်းဖြင့် အချိန်ပြည့် အားထုတ်ရသည်။ စာရေးသူကား မိမိထိုင်ပြီး



အားထုတ်စဉ် ရှုမှတ်စဉ် အတွေ့အကြုံများ၊ စကြံသွားရင်း ရှုမှတ်စဉ် အတွေ့အကြုံများကို ပလာစာအုပ်ဖြင့် သီးသန့်အချိန်နာရီပါ ရေးသားထားပြီး ဆရာတော် ဦးပဏ္ဍိတာဘိဝံသထံ တရားစစ်ခံသောအခါ စာအုပ်တွင်ရေးမှတ်ထားသည့်အတိုင်း တိကျပိုင်းခြား လျှောက်ထားပါသည်။ စာရေးသူက စာအုပ်တွင် ရေးသားမှတ်ထားပြီး လျှောက်ထားသည်ကို တွေ့သောအခါ အချို့ယောဂီများလည်း စာအုပ်တွင် ရေးမှတ်ပြီး လျှောက်ထားကြသည်။ နောက်ပိုင်းယောဂီအချို့ကား ကိုယ်တွေ့ကိုမမှတ်တော့ဘဲ သူတစ်ပါး အတွေ့အကြုံ မှတ်သားမှုများကို တစ်ဆင့်ရေးကူး လျှောက်ထားကြသည်ကို ဆရာတော်များသိကြ၍ စာအုပ်ကိုကြည့်ရှုလျှောက်ထားမှုကို တားမြစ်လိုက်သည်ဟု ကြားသိရပေသည်။

စာရေးသူနှင့်အတူ လိုက်ပါခဲ့ကြသော မေဒိနီမှ ဦးကောသလ္လ (ဘားအံ)နှင့် တည်ငြိမ်ကုန်း၊ ဇီးကုန်းရွာကျောင်းမှ ဦးကုသလတို့က တရားအားထုတ်၍ (၂)လကျော်ကျော်တွင် ဉာဏ်စဉ်နာရှု၍ ပြန်သွားကြသောအခါ စာရေးသူကား ဉာဏ်စဉ်မနာရသေး၍ နေရစ်ရသည်။ (၃)လကျော်ကျော် အားထုတ်ရ၍ ဝါဆိုလဆန်း (၇)ရက်နေ့မှ ဉာဏ်စဉ်နာရပြီးနောက် လဆန်း (၈)ရက်နေ့တွင် မေဒိနီတိုက်သို့ ပြန်ခဲ့သည်။ ကျောင်းတိုက်သို့ ပြန်ခါနီးတွင် ဆရာတော် ဦးပဏ္ဍိတမထေရ်မြတ်အား သွားရောက်ကန်တော့ရာ "ငါ့ရှင်တို့က စာချဘုန်းကြီးများဖြစ်၍ ဉာဏ်စဉ်ကို အမြန်ပေးမဖြစ်ပေ။ နောက်အခါ ငါ့ရှင်တို့က သူတစ်ပါးကို ဟောရပြောရဦးမည်။ တရားပြကြရဦးမည်ဖြစ်၍ ကိုယ်တိုင်က တရားကို ကျေကျေပွန်ပွန် အားထုတ်ထားမှဖြစ်မည်။ ဒါကြောင့်မို့ နောက်ဆုံး ဝါဆိုနီးမှ ဉာဏ်စဉ်တရား နာခွင့်ပေးရခြင်းဖြစ်သည်"ဟု ပြောဆိုဆုံးမတော်မူသည်။ ထိုအခါက ဆရာတော်ကြီး၏အနီးအပါးတွင်နေ၍ ဝေယျာဝစ္စ ဆောင်ရွက်နေသော ရွှေဘိုနယ်သား အရှင်တစ်ပါးကလည်း (ယခုအခါ ထင်ရှားနေသူဖြစ်၍ ဘွဲ့တော်ကို မဖော်ပြပါ။) စာရေးသူအား ရွှေဘိုနယ်ဘက်ကဖြစ်ကြောင်းသိ၍ သူတို့နှင့်အတူ မဟာစည်ရိပ်သာတွင် ဝါဆိုဝါကပ်နေပြီး ဝိုင်းဝန်းဆောင်ရွက်ရန်ပြောဆို၍ စာရေးသူသည် စာပေပို့ချမှု ပရိယတ္တိကိစ္စတွင်သာ စိတ်အားထက်သန်နေခိုက်ကာလဖြစ်၍ နောင်အခါ အကြောင်းညီညွတ်လျှင် ရောက်လာပါမည်ဟု ပြောဆို ပြီး မေဒိနီသို့ ပြန်ခဲ့ပါသည်။

ဆရာတော်အများထံ နည်းခံကျင့်ခြင်း

နောက်နောင်နှစ် ရွှေဥတုကာလများတွင်လည်း ရွှေဥမင်တောရရိပ်သာ၊ စွန်းလွန်းတရားကျောင်းတိုက်၊ ဥာဏစာဂီ၊ မိုးကုတ်၊ သန်လျင်တောရ စသည်ဖြင့် တရားပြဌာနအများသို့ သွားရောက်အားထုတ်ဖြစ်ပါသည်။ စာရေးသူသည် မေဒိနီစာသင်တိုက်၌နေ၍ စာဝါပို့ချပေးပြီး စာဝါနားတိုင်း ဝါမဆိုခင် တစ်လဖြစ်စေ၊ နှစ်လဖြစ်စေ တရားရိပ်သာ ကျောင်းတစ်ခုခုသို့ သွားရောက်နေထိုင်ပြီး အားထုတ်နေလေ့ရှိသဖြင့် နောင်တော်ကြီးအလားဆရာအရှင်တစ်ပါးအသွင် ခင်မင်လေးစားရသော နှစ်ကျိပ်ရှစ်ဆူဆရာတော်က တရားအားထုတ်လိုသူများ မှတ်သားရန် တရားကျောင်းရိပ်သာစာရင်း လက်ာလေးကို ဤသို့ ရွတ်ဆိုပြလေ့ရှိသည်။

မိုးညှင်း၊ မင်းကွန်း၊ စွန်းလွန်း၊ မဟာစည်။

မာန်အောင်၊ တိက္ခ၊ ဉာဏစာဂီ။

လယ်တီ၊ အောင်ခြင်း၊ ရွှေမင်းဝံဆီ။

မဂ္ဂင်ချောင်၊ ညောင်ချောင်း၊ ဟံသာဝတီ။(၁၃ ကျောင်း)

ထိုမှတစ်ပါး ရွှေးရွှေးဆရာတော်ကြီးများ တည်ထောင်၍ တရားပြခဲ့သော တရားကျောင်းရိပ်သာများနှင့် နှောင်းခေတ်နောက်ပေါ်ဆရာတော်များ တည်ထောင်ကာ တရားပြနေသော တရားကျောင်းရိပ်သာများ (၁၂)ကျောင်းပါဝင်သော ပါဠိမြန်မာ နှစ်ဘာသာဖြင့် ဖွဲ့ထားသော ဂါထာတစ်ပုဒ်ကိုလည်း ရွတ်ဆိုပြ၍ မှတ်ရပြန်သည်။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ဝေဘူ၊ မိုးကုတ်၊ ကသစ်ဝိုင်စ၊ ကြောင်ပန်း၊ ကျောက်ပုံစ၊ ကျောက်သင်္ဘော။ သန်လျင်တောရ၊ ကနီ၊ ညောင်လွန့်၊ ဖားအောက်တောရ၊ ဓမ္မဒူတာ။ သဲအင်းဂူ၊ တရားပြရိပ်သာ။ ဝိညူဟိ သုဌု ဉာတဗ္ဗာ။ (၁၂ ကျောင်း)

စာရေးသူသည် ထိုထိုကမ္မဋ္ဌာန်းနည်းပြ ဆရာတော်အများထံတွင် နည်းခံလေ့လာ ကျင့်ပွားအားထုတ်ခဲ့ပါသော်လည်း လွန်ခဲ့သော (၁၅) နှစ်က ရွှေဘိုနယ်၊ ဇာတိရပ်ရွာသို့ ပြန်ပြီး သင်္ကြန်တွင်း တရားစခန်းပွဲ ဖွင့်ပြီးလျှင် မဟာစည်ဆရာတော်ကြီး ဟောပြောညွှန်ပြသောနည်း အတိုင်း (၅)နှစ်တိတိ ပြသဖြစ်ခဲ့သည်။ ဆရာတော်ကြီး၏ ဟောစဉ်များကို လေ့လာမှတ်သားကာ ဟောပြောခဲ့သည်။ ဆရာတော်ကြီး၏ ဟောပြောမှုနည်းကိုရရှိ၍ မိမိရရှိထားသော ပါဠိဂါထာ၊ အဌကထာဝါကျများကို ဟောပြောမှု၌ နေရာတကျ အသုံးပြုတတ်ခဲ့ပါသည်။ ဥပမာ - စာရေးသူသည် ဂုဏ်ထူးတန်းဖြေရန် သံယုတ်ပါဠိတော်နှင့် အဌကထာများကို ကြည့်ရှုလေ့လာထား၍ ဘာရသုတ်ပါဠိတော်ကို အာဂုမ်ရရှိသော်လည်း ထိုသုတ်ကို ဟောရလျှင် (၁)နာရီပြည့်အောင်ပင် တော်တော်အားထုတ်ဟောရပါသည်။ ဆရာတော်ကြီး ဟောထားသော ဘာရသုတ္တန်တရားတော်မှာကား ပါဠိတော်ကို စာပိုဒ်ချင်းတစ်ပုဒ်ချင်း ရှင်းကာရှင်းကာ သာဓကဝတ္ထုများ၊ တရားရှုကွက်များသွင်းပြီး ဖွင့်ဆိုလျက် ရက်ပေါင်းများစွာ တရားပွဲပေါင်းများစွာ ဟောကြားထားသည်။ တရားစာအုပ် သီးသန့်တစ်အုပ် ထုတ်ထားသည်ကို ကြည့်ရှုရသော အခါ လွန်စွာဝမ်းမြောက်ရပါသည်။ ဤသို့လျှင် တရားဓမ္မ နည်းလမ်းပြခဲ့တော်မူသော ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်အထူးကို ရည်စူးမှန်းဆကာ ရိုသေစွာ ရှိခိုးကန်တော့ရပါသည်။

မေတ္တောဒကံ သဒါ သိဠိ၊
ဓမ္မံ ဒေသယိ နော စေရော။
ဒဋ္ဌံ သြဝဒိ သိဿာနံ၊
နမေ တံ ဂုဏိကံ သေဋ္ဌံ။

သာဓဝေါ - အမြတ်တရား၊ မပြတ်ပွားဖို့၊ စိတ်ထားခိုင်ကြည်၊ သဒ္ဓါညီသည့်၊ မနသီပျော့ပျောင်း၊ အို . . . သူတော်ကောင်းတို့။ **နော** - ဆရာတော်နည်း၊ နိဿရည်းကို သိပ်သည်းခံယူ၊ ကြည်ဖြူအားထုတ်၊ အကျွန်ုပ်တို့၏။ **အာစေရော**-ယော မဟာစေရော-အနန္တဂိုဏ်း၊ တုနှိုင်းမမြင်၊ သမိုင်းတွင်သည့်၊ အကြင်ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်။ **သတ္တေသု**-လူနတ်ဗြဟ္မာ၊ ပါယ်ရွာဒုဂ္ဂတိ၊ တည်ရှိနေငြား၊ များပြားလှစွာ၊ သတ္တဝါအများတို့အပေါ်၌။ **မေတ္တောဒကံ**-သီတာရေထက်၊ ဆဆတက်သည့်၊ အေးစက်ရွှင်လန်း၊ မေတ္တာတော်ရေချမ်းကို။ **သဒါ**-နေ့ရောညဉ့်ပါ၊ အခါခပ်သိမ်း။ **သိဠိ**-ရွှင်စေလန်းစေ၊ အနွမ်းပြေအောင်၊ စမ်းရေအသွင်။ အစဉ်ရည်မှန်း၊ မေတ္တာလွှမ်းကာ၊ သွန်းဖြန်းတော်မူခဲ့လေပြီတကား။ **သိဿာနံ**-နည်းနာနိဿယျ ခံယူကြဖို့၊ ရွှင်ပျရောက်လာ၊ များစွာတည်ရှိ၊ တပည့်အများတို့အား။ **ဓမ္မံ**-ကျင့်ထိုင်ကြံနည်း၊ ဆင်ခြင်နည်းနှင့်။ ရှုနည်းမှန်လှ၊ မြတ်ဓမ္မကို၊ **ဒေသယိ**-တရားကရုဏာ၊ ပွားရှုကာဖြင့်၊ ကောင်းစွာထုတ်ဖော်၊ ဟောကြားတော်မူခဲ့လေပြီတကား။ **သိဿာနံ**-နီးဝေးနှစ်ဖြာ၊ ရပ်ဒေသာမှ၊ ရောက်လာကြငြား၊ တပည့်အများတို့အား၊ **ဒဋ္ဌံ**-ကောင်းဆိုးကျိုးပြစ်၊ စိစစ်သေချာ၊ မြဲမြံစွာ၊ **သြဝဒိ**-ဆောင်ရန်ရှောင်ရန်၊ ဝေဖန်ပိုင်းခြား၊ ပြုကျင့်ပွားဖို့၊ ပြတ်သားတိကျ၊ ဆုံးမတော်မူခဲ့လေပြီတကား။ **အဟံ**-ဆရာတော်ထံ၊ နည်းနာခံဖို့၊ ရည်သန်ရောက်ငြား၊ ဘုရားတပည့်တော်သည်၊ (**မယံ**-တပည့်တော်တို့သည်) **သေဋ္ဌံ**-သီလသမာဓိ ပညာကြောင့် သူငါညွှတ်ခ၊ မြင့်မြတ်လှသော၊ **ဂုဏိကံ**-ဆိုခဲ့ပြီးငြား၊ လွန်ထူးခြားသည့်၊ လေးစားဖွယ်ကောင်း၊ ဂုဏ်အပေါင်းရှိသော၊ **တံမဟာစေရံ**-အနန္တဂိုဏ်း၊ တုနှိုင်းမပေါ်၊ ထိုကျေးဇူးရှင် ဆရာတော်ဘုရားကြီးကို။ **နမေ**-နမာမိ(နမာမ)-ဂုဏ်တော်အဝဝ၊ ရည်မှန်းဆလျက်၊ ကာယဝစီ၊ မနသီဖြင့်၊ ရွှင်ကြည်မြတ်နိုး၊ ဦးနှိမ်ချိုးကာ၊ ရှိခိုးကန်တော့ပါ၏ဘုရား။

တပည့်တော် -

ရွှေဘို ကောဝိဒဓဇ

မေဒိနီစာချနာယက



အတ္တာနဉ္စ ပရဉ္စ အနုပဟစ္စ ကထံ ကထေဿာမီတိ ပရေသံ ဓမ္မော ဒေသေတဗ္ဗော။
(ပဉ္စ ဂုံတ္တရ-သဒ္ဓမ္မဝဂ်)

အာနန္ဒ၊ အာနန္ဒာ။ ပရေသံ၊ သူတစ်ပါးတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေတုံ၊ ဟောခြင်းငှာ။ ဝါ၊ ဟောခြင်းသည်။ နခေါ သုကရံ၊ မလွယ်ကူလှပေ။ အာနန္ဒ၊ အာနန္ဒာ။ ပရေသံ ဓမ္မံ ဒေသေန္တေန၊ သူတစ်ပါးတို့အား တရားဟောပြသူသည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏

ဓမ္မကထိကများလိုက်နာရန် ဓည်းမျဉ်း

(ညောင်ကန်အေးဆရာတော်ရှာဖွေတင်ပြသည်။)

နခေါ အာနန္ဒ သုကရံ ပရေသံ ဓမ္မံ ဒေသေတုံ၊ ပရေသံ အာနန္ဒ ဓမ္မံ ဒေသေန္တေန ပဉ္စ ဓမ္မေ အလ္လတ္တံ ဥပဋ္ဌ ပေတွာ ပရေသံ ဓမ္မော ဒေသေ တဗ္ဗော၊ ကတ မေ ပဉ္စ၊ အနုပုဗ္ဗီ ကထံ ကထေဿာမီတိ ပရေသံ ဓမ္မော ဒေသေတဗ္ဗော၊ ပရိယာယ ဒဿာဝီ ကထံ ကထေဿာမီတိ ပရေသံ ဓမ္မော ဒေသေတဗ္ဗော၊ အနုဒ္ဒယတံ ပဋိစ္စ ကထံ ကထေ ဿာမီတိ ပရေသံ ဓမ္မော ဒေသေ တဗ္ဗော၊ နအာမိ သန္တရော ကထံ ကထေဿာမီတိ ပရေသံ ဓမ္မော ဒေသေတဗ္ဗော၊ ပဉ္စဓမ္မေ၊ ငါးပါးကုန်သော နှလုံးသွင်းမှုတို့ကို၊ အလ္လတ္တံ ဥပဋ္ဌပေတွာ၊ မိမိ၏ သန္တာန်၌ ဖြစ်စေပြီး၍။ ပရေသံ၊ သူတစ်ပါးတို့အား။ ဓမ္မော၊ တရားကို။ ဒေသေ တဗ္ဗော၊ ဟောပြောအပ်၏။ ဟော ပြောသင့် ဟောပြောထိုက်၏။ ဟောပြောရမည်။ ကတမေ ပဉ္စ၊ အဘယ်ငါးပါးတို့ကို ဖြစ်စေရမည်နည်းဟူမူကား။

(၁) အနုပုဗ္ဗီကထံ၊ အစဉ်အတိုင်းသော တရားစကားကို။ ကထေဿာမီတိ၊ ဟောမည်ဟု နှလုံးသွင်း၍။ ပရေသံ ဓမ္မော ဒေသေတဗ္ဗော၊ သူတစ်ပါးတို့အား



တရားကို ဟောပြအပ်၏။

ဒါနကထာ သီလကထာ သဂ္ဂ
ကထာ ကာမာဒီနဝကထာ- နေက္ခ
မ္မာနိသံသကထာ-စတုသစ္စဆိုင်ရာ
မဂ္ဂကထာ ဟူသော ဤဒေသနာ
အစဉ်ဖြင့် ဟောသင့်သော ကာလ
ဒေသတို့၌၊ ၎င်းအစဉ်အတိုင်းပင်
ဟောပြောအပ်၏။ အထူးအားဖြင့်
ကား ဘာဝနာအလုပ်၌ ကောင်းစွာ
မလေ့လာဘူးသေးသော အရပ်
ဒေသများတွင် ဘာဝနာလုပ်ငန်း
တရားကို ဟောလိုလျှင်၊ ဒါနကထာ
မှ အစချီ၍ ဟောအပ်၏။ ထိုသို့
မဟုတ်ဘဲ ဘာဝနာကိုသာ ဟောမိ
လျှင် ဒါနကိုပယ်သည်ဟု ထင်မှတ်
၍ တရား၌ မလေးစားဘဲ ရှိတတ်
၏။ သုတ်တစ်ခုခုကိုဖြစ်စေ၊ ဂါထာ
တစ်ခုခုကိုဖြစ်စေ၊ ဟောရန် အရင်း
ခံပြု၍ တည်ထားမိလျှင်ကား ထို
သုတ် ထိုဂါထာတို့နှင့် စပ်ဆိုင်
သော အနက်အဓိပ္ပါယ်တို့ကို အစဉ်
အတိုင်း ရှင်းလင်းဖေဖန်၍ ပြည့်စုံ
စွာ ဟောအပ်၏။ ထိုသို့ မဟုတ်ဘဲ
ခုန်ကျော်ခုန်ပေါက်နှင့် ရောက်တတ်
ရာကို လျှောက်၍ ကမောက္ကမ
အားဖြင့် မဟောအပ်ပေ။

(၂) ပရိယာယဒဿာဝီ၊ အကြောင်းယုတ္တိကိုပြလျက်။ ကထံ၊ တရားစကားကို။ ကထေသာမီတိ၊ ဟောမည်ဟုနှလုံးသွင်း၍။ ပရေသံ ဓမ္မော ဒေသေတဗ္ဗော၊ သူတပါးတို့အား တရားကို ဟောပြောအပ်၏။

ပရိယာယ ဒဿာဝီတိ တဿ တဿ အတ္ထဿ တံတံကာရဏံ ဒဿေန္တော-အဒ္ဓကထာ။ ။ဟော ပြောအပ်သော တရား၏ အဓိပ္ပါယ် ၌ တရားနာသူတို့ မသက်ဝင်မယုံ ကြည်နိုင်ဖွယ်ရှိလျှင် တရားနာသူတို့ နားလည်၍ ယုံကြည်သက်ဝင်နိုင် လောက်အောင် သင့်လျော်မှန်ကန် သောအကြောင်း ယုတ္တိကို ဖော်ပြ၍ ဟောအပ်၏။ ဥပမာ-ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ ဤသို့သော ဒေသနာကို ဟောသောအခါ၌ "သွားလျှင်သွားသည်" ဟု မှတ်သိ ရုံဖြင့် အဘယ်သို့ ဝိပဿနာဖြစ် နိုင်ပါမည်နည်း။ အဘယ်သို့ ပဇာ နန-အပြားအားဖြင့် သိခြင်းဖြစ်နိုင် ပါမည်နည်း၊ အမျာ သူငါသိနေပုံ နှင့် အဘယ်သို့ ထူးခြားပါသနည်း၊



အတူတူပင် ဖြစ်ရာသည် မဟုတ်ပါ လော" ဤသို့ စသည်ဖြင့် တရားနာ သူတို့မှာ စဉ်းစားဝေဖန်လျက် ယုံမှားမှုဖြစ်တတ်၏။ ထိုအခါမျိုး၌ "ကောဂစ္ဆတိ၊ ဘယ်သူသွားသနည်း။ ကဿဂမနံ၊ ဘယ်သူ၏ သွားခြင်း ပေနည်း၊ ကိံ ကာရဏာဂစ္ဆတိ ဘယ် အကြောင်းကြောင့်သွားသနည်း" ဟူသော ဤအမေး သုံးရပ်လုံး ပြေ လည်သွားအောင်၊ ယောဂီ၏ အပြားအားဖြင့် သိပုံကို ပြထား သော အဋ္ဌကထာ အဖွင့်မျိုးကိုမှီ၍ ယခုယောဂီတို့၏ လက်တွေ့ထူးခြား သောသိပုံများဖြင့် ရှင်းလင်းဖေဖန် လျက် တရားနာသူတို့ ကောင်း ကောင်း သက်ဝင်ယုံကြည်နိုင် လောက်အောင် ဟောပြအပ်၏။

(၃) အနုဒ္ဒယတံ ပဋိစ္စ၊ သနား ခြင်းကိုစွဲမှီ၍။ ကထံ၊ တရားစကား ကို။ ကထေသာမီတိ၊ ဟောမည်ဟု နှလုံးသွင်း၍ ပရေသံ၊ ဓမ္မော ဒေ သေတဗ္ဗော၊ သူတစ်ပါးတို့အား တရားကိုဟောပြောအပ်၏။

အလွန်ကျဉ်းမြောင်း ကြပ် တည်းသော ဝဋ်ဆင်းရဲထဲ၌ ကျ ရောက်နေသော သတ္တဝါတို့အား၊ ထိုဆင်းရဲမှ လွတ်မြောက်နိုင်အောင် နှလုံးသွင်းအားထုတ်ဖို့ တရားကို ဟောမည်ဟု ရည်ရွယ်၍ ဟောအပ် ၏။ ဤသို့စင်ကြယ်သောရည်ရွယ် ခြင်းသည် ဘာဝနာတရားကို ဟော ရာ၌ မလွယ်ကူလှပေ။ ကိုယ်တိုင်က ပြည့်စုံစွာ အားထုတ်ပြီးသော် လည်းကောင်း၊ အားထုတ်မှု မပြည့်



တရားဟောသည့်အတွက် "ငါ့ကို ခြိမ်းမွှမ်းကြလိမ့်မည်၊ ကြည်ညိုကြလိမ့်မည်၊ လှူဒါန်းပူဇော်ကြလိမ့်မည်" ဤသို့ စသည်ဖြင့် ဂုဏ်သတင်းနှင့် လာဘ်လာဘပစ္စည်း ဟူသောအာမိသကို မျှော်လင့်၍ မဟောအပ်၊

စုံသေးလျှင်လည်းကောင်း မျက်မှောက် ကိုယ်တိုင်သိမျှားကို မျှားစွာတွေ့ရ ပြီးသည့်တိုင်အောင် အားထုတ်ဖူးသည်သော်လည်းကောင်း၊ ဖြစ်ပါမှသာလျှင် ဘာဝနာလုပ်ငန်းတရားကို ဟောရာ၌ ထိုသို့သော ရည်ရွယ်ခြင်း စင်ကြယ်စွာ ဖြစ်နိုင်ပေမည်။ ကိုယ်တိုင်အားထုတ်မှု၊ ကိုယ်တိုင် တွေ့သိမှုက ဘာမျှမရှိသေးပါဘဲလျက် ဘာဝနာလုပ်ငန်းတရားကို ဟောရမည်ဆိုလျှင် သူတစ်ပါးတို့ ဝဋ်ဆင်းရဲမှ ထွက်မြောက်အောင် နှလုံးသွင်းအားထုတ်နိုင်စေရန် စင်ကြယ်စွာ ရည်ရွယ်နိုင်မည် မဟုတ်ပေ။ အဘယ့်ကြောင့်နည်းဟူမူ ဟောသောပုဂ္ဂိုလ်ကပင် မိမိဟောသော လုပ်ငန်းစဉ်ဖြင့် မဂ်ဖိုလ်သို့ ဧကန်ရောက်နိုင်သည်ဟု စိတ်ချ လက်ချ သက်ဝင်ယုံကြည်ချက် မရှိသေးသောကြောင့်ပေတည်း။ သို့ဖြစ်၍ ဘာဝနာလုပ်ငန်းတရားကို ဟောသော ဓမ္မကထိကပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ အလိုတော်ကျအားဖြင့် ဟောလိုလျှင် သိသင့်သမျှကို မျက်မှောက်သိပြီး ဖြစ်အောင် မိမိကိုယ်တိုင်ပင် ရှုဦး စွာအားထုတ်၍ စိတ်ချလက်ချ သက်ဝင်ယုံကြည်ချက်ရှိသောအခါကျမှ "ငါကဲ့သို့ပင် သိကြပါစေ" ဟု သနားသောစိတ်ဖြင့် ဟောအပ်၏။ ဤသို့ဟောခြင်းသည် -

ဗုဒ္ဓေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ၊

ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ၊

သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ၊

တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ၊

ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ၊

ဟူသော စူဠသစ္စကသုတ် ဒေသနာတော်နှင့်အညီ၊ မြတ်စွာဘုရား၏ ဟောပြောနည်း အတိုင်းပင်ဖြစ်သောကြောင့် ဖြူစင်မြင့်မြတ်သော ဟောပြောခြင်းပေတည်း။ သို့ဖြစ်၍ ဤသို့သော ဟောပြောခြင်းမျိုးဖြင့် ဟောပြောနိုင်ရန် အားထုတ်ရာ၏။

(၄) နအာမိသန္တရော၊ အာမိသ၌ မျှော်သောစိတ်မရှိသည်ဖြစ်၍။ ဝါ၊ အာမိသကို မတောင့်တလျှင် သန့်ရှင်းစင်ကြယ်သော စိတ်ရှိသည်ဖြစ်၍။ ကထံ၊ တရားစကားကို။ ကထေဿာ မီတိ၊ ဟောမည်ဟု နှလုံးသွင်း၍။ ပရေသံ ဓမ္မော ဒေသေတဗ္ဗော၊ သူတစ်ပါးတို့အား တရားကို ဟောပြောအပ်၏။

တရားဟောသည့်အတွက် "ငါ့ကို ခြိမ်းမွှမ်းကြလိမ့်မည်၊ ကြည်ညိုကြလိမ့်မည်၊ လှူဒါန်းပူဇော်ကြလိမ့်မည်" ဤသို့ စသည်ဖြင့် ဂုဏ်သတင်းနှင့် လာဘ်လာဘပစ္စည်းဟူသော အာမိသကို မျှော်လင့်၍ မဟောအပ်။ အာမိသကို မျှော်လင့်မှု လုံးဝကင်း၍၊ တရား၌ အလေးပြုလျက် စင်ကြယ် မြင့်မြတ်သော စိတ်



ဖြင့်သာ ဟောအပ်၏။ ဟောပြီးသော ကာလ၌လည်း ချီးမွမ်းကြသည်၊ ကဲ့ရဲ့ကြသည်၊ သဘောကျကြသည်၊ မကျကြသည်တို့ကို စုံစမ်းမေးမြန်း၍ မနေရာ။ အကျိုးများစေနိုင်သော တရားမှန်ကို ဟောခြင်းသည် တရားဟောသောပုဂ္ဂိုလ်၏ အလုပ်တာဝန်ပေတည်း။ ထိုတရားမှန်ကို သဘောကျခြင်း၊ လိုက်နာ၍ ကျင့်ခြင်းများသည် တရားနာပုဂ္ဂိုလ်တို့၏ အလုပ်တာဝန်ပေတည်း။ သို့ဖြစ်၍ ဓမ္မကထိကပုဂ္ဂိုလ်သည် တရားမဟောမီကလည်း မိမိ၏ အလုပ်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ရန်ကိုသာ နှလုံးသွင်း၍ ဖြူစင်မြင့်မြတ်သောစိတ်ဖြင့် ခန့်ခန့်ငြားငြား ဟောပြောအပ်၏။ ဟောပြီးသောကာလ၌လည်း "ငါ့တာဝန်ကိုတော့ ငါဆောင်ရွက်ပြီးပြီ၊ သူတို့၏ တာဝန်သာ လိုတော့သည်၊ သူတို့ကျေပွန်အောင် ဆောင်ရွက်ကြလျှင် သူတို့မှာ ကျေးဇူးများသွားပေလိမ့်မည်၊ မဆောင်ရွက်ဘဲ နေကြလျှင်လည်း၊ သူတို့မှာသာလျှင် ကျေးဇူးမရှိရုံမျှဘဲ၊ ငါ့တာဝန်မဟုတ်"ဟုနည်းလမ်းမှန်အတိုင်းသာလျှင် နှလုံးသွင်း၍ စိတ်အေးလက်အေးနှင့် ကွန်ဖြေရရနေထိုင်တတ်စေရမည်။

(၅) အတ္တာနဉ္စ၊ မိမိကိုယ်ကိုလည်းကောင်း၊ ပရဉ္စ၊ သူတစ်ပါးကိုလည်းကောင်း၊ အနုပဟစ္စ၊ မထိပါးမူ၍။ ကထံ၊ တရားစကားကို။ ကထေဿာမိတိ၊ ဟောမည်ဟု နှလုံးသွင်း၍။ ပရေသံ ဓမ္မော ဒေသေတဗ္ဗော၊ သူတစ်ပါးတို့အား တရားကို ဟောပြောအပ်၏။

မိမိကိုယ်ကို ချီးမွှောက်၍ ဟောခြင်းသည် မိမိကိုယ်ကို ထိပါး၍ ဟောသည်မည်၏။ သူတစ်ပါးအား ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် နှိမ်ချ၍ ဟောခြင်းသည် သူတစ်ပါးကို ထိပါး၍ ဟောသည်မည်၏။ ဤ ၂-မျိုးလုံးကိုပင် ရှောင်ကြဉ်အပ်၏။ သို့ဖြစ်၍ ဓမ္မကထိကသည် မိမိကျမ်းဂန်တတ်ကြောင်း၊ စိတ်သဘောထားမြင့်မြတ်ကြောင်း၊ တရားအားထုတ်ကြောင်း၊ ဉာဏ်အထူးများသို့ ရောက်ကြောင်း စသည်များကို ဖော်ပြလျက် မိမိကိုယ်ကိုလည်း မြောက်ပင့်၍ မဟောအပ်၊ တပည့်ဒါယကာ ဒါယိကာမ ပေါများကြောင်း၊ ဘုန်းကြီးအကြောင်းစသည်များကို ဖော်ပြလျက် မဟာကောင်းသည်မှာ ဆိုဖွယ်ပင် မရှိတော့ပြီ။ သို့ရာတွင် "ကိုယ်တိုင်တော့ မကျင့်ပါဘဲ သူတစ်ပါးအားသာလျှင် ဟောနေသည်ဟူ၍လည်းကောင်း၊ အလွန်ခဲယဉ်း ကြပ်တည်းသော အလုပ်၌တိုက်တွန်းနေသည် ဟူ၍လည်းကောင်း၊ သူ့အဆုံးအမ အတိုင်းလိုက်နာ၍ အားထုတ်သူရှိ မည်မဟုတ်ဟူ၍လည်းကောင်း" ဤသို့စသည်ဖြင့် တရားနာယူသူတို့က ထင်မှားရန်ရှိသော အခါ၌ကား မိမိ၏ အားထုတ်ခဲ့ပုံ အားထုတ်၍ နိုင်နိုင်နင်းနင်း ဖြစ်ခဲ့ပုံများနှင့် မိမိသြဝါဒကို လိုက်နာ၍ ကျကျနနအား

မိမိကိုယ်ကို ချီးမွှောက်၍ ဟောခြင်းသည် မိမိကိုယ်ကို ထိပါး၍ ဟောသည်မည်၏၊ သူတစ်ပါးအား ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် နှိမ်ချ၍ ဟောခြင်းသည် သူတစ်ပါးကို ထိပါး၍ ဟောသည်မည်၏၊ ဤ ၂-မျိုးလုံးကိုပင် ရှောင်ကြဉ်အပ်၏၊



ထုတ်သူများရှိကြောင်း စသည်များကိုလည်း ဟောပြောကောင်းသေးပေ၏။ ဤသို့ ဟောပြောခြင်းသည်ကား မိမိကိုယ်ကို ခြိုးမြောက်၍ အတုက်ကံသနဖြင့် ဟောခြင်း မဖြစ်ပေ၊ အမှန်အားဖြင့်သော်ကား ဗုဒ္ဓသာသနာတော် တရားတော်ကို ခြိုးမြောက်၍ ဟောခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့်ပင်လျှင် ဘုရားရှင်ကိုယ်တော်တိုင်လည်း မိမိ၏အားထုတ်ခဲ့ပုံ စသည်ကို ရံခါရံခါ၌ ထုတ်ဖော်၍ ဟောတော်မူပေသည်။

ထို့ပြင် တစ်စုံတစ်ယောက်သောသူကို အမည်နာမဖြင့် ထုတ်ဖော်၍ ထိုသူ၏အပြစ်ကို ဖော်ပြလျက် သူတစ်ပါးကို ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် နှိမ့်ချ၍မဟောအပ်၊ သို့ရာတွင် လမ်းမှားကို သိစေခြင်းဖြင့် လမ်းမှန်ကို ထင်ရှားခိုင်မြဲအောင် ဟောသင့်သောအခါ၌ "အချို့ပုဂ္ဂိုလ်က မည်သို့ ပြောဟောသည်၊ မည်သို့ယူဆသည်၊ မည်သို့ကျင့်ကြံသည်" ဟု ဓမ္မဓိဋ္ဌာန်အားဖြင့်သာ လျှင်ဖော်ပြ၍ ထိုသို့ ဟောပြောခြင်း၊ ယူဆခြင်း၊ ကျင့်ကြံခြင်းများမှာ သဘာဝမကျကြောင်း ကျိုးဂန်နှင့် မညီကြောင်းများကို ဓမ္မဓိဋ္ဌာန်အားဖြင့် နှိမ့်ချပယ်မြစ်၍ ဟောခြင်းသည်ကား အပြစ်မရှိသည်သာတည်း၊ ထို့ကြောင့်ပင်လျှင် ထိုထိုများစွာသောသုတ်တို့၌ ဘုရားရှင်ကိုယ်တော်တိုင်ပင် "သန္တိ ခေါပန သာရိပုတ္တ ဧကေ သမဏာ ဗြဟ္မဏာ ဧဝံဝါဒိနော" စသည်ဖြင့်လည်း ကောင်း၊ ဣဓ ဘိက္ခဝေ ဧကစ္စော အစေလကောဟောတိ စသည်ဖြင့်လည်းကောင်း၊ လမ်းမှားကို ဓမ္မဓိဋ္ဌာန်အားဖြင့် ဖော်ပြ၍ လမ်းမှန်ကို မြဲမြံထင်ရှားစေလျက် ဟောကြားတော်မူပေသည်။ ထို့ပြင် ပုဂ္ဂိုလ်အား နှိမ်ချလိုသောစိတ်မရှိပါဘဲ ပါပဓမ္မကိုသာ ရွှတ်ချလျက် ထိုပါပဓမ္မ၏ အပြစ်ကြီးမားကြောင်းကို ထင်ရှားသိစေလိုသော ကာလ၌မူကား ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ဖော်ပြ၍ ဟောသော်လည်း အပြစ်မရှိဟုယူသင့်ပေ၏။ ထို့ကြောင့် ဘုရားရှင်ကိုယ်တော်တိုင်ပင် ဒေဝဒတ္တောအာပါယိကော စသည်ဖြင့်လည်းကောင်း၊ သုနက္ခတ္တော အာပါယိကော စသည်ဖြင့်လည်းကောင်း ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ထုတ်ဖော်၍ သံဃဘေဒ မိစ္ဆာဒိဋ္ဌိစသော ပါပဓမ္မတို့ကို ရွှတ်ချလျက် ဟောကြားတော်မူပေသည်။

ထို့ပြင် ဥပရိပဏ္ဏာသ အရဏဝိဘင်္ဂသုတ်၌လာသော ဓမ္မကထိက ဥပဒေသများကိုလည်း လိုက်နာသင့်သေး၏။ ၎င်းတို့မှာ -

(၁) တပည့် ဒါယကာ ဒါယိကာမတို့ကို မြှောက်ပင့်၍ မဟောခြင်း။
(၂) ခြိမ်းခြောက်နှိမ်ချ၍ မဟောခြင်း။
(၃) တရားသဘောကိုသာ ရိုးရိုးဟောခြင်း။
(၄) အဇ္ဈတ္တ သုခဒေါ သမထ ဝိပဿနာ မဂ်ဖိုလ်ချမ်းသာကို မှီဝဲခြင်း။
(၅) မျက်ကွယ်၌ သူတစ်ပါးကို မကဲ့ရဲ့ခြင်း။
(၆) မျက်မှောက်၌ ရုန့်ရင်းကြမ်းတမ်းစွာ နားမခံသာအောင် မရွှတ်ချခြင်း။
(၇) အမြန်မဟောပြောမူ၍ ဖြည်းညှင်းစွာ ရှင်းရှင်းလင်းလင်း ဟောပြောခြင်း။
(၈) ရောက်ရာအရပ်ဒေသ၌ သုံးစွဲသော ဝေါဟာရစကားတို့ကို မပစ်ပယ်မူ၍ ထိုဝေါဟာရစကားလုံးများဖြင့်ပင် သုံးစွဲပြောဟောခြင်း။
(၉) အမည်နာမ ပညတ်ကို ကျော်လွန်၍ မဟောခြင်းများ ဖြစ်ပေသည်။

ဤ ဥပဒေများကိုလည်း ဓမ္မကထိကတို့ လိုက်နာနိုင်သမျှ လိုက်နာသင့်ပေ၏။ လိုက်နာဟောပြောခြင်းဖြင့် ဗုဒ္ဓသာသနာတော်ကို မြှင့်တင်နိုင်ကြပါစေ။

မှတ်ချက်။ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ လက်ရေးမူ "ဓမ္မမဇ္ဈရီကျမ်း" မှ ကူးယူဖော်ပြသည်။

အရှင်ဣန္ဒက
(ညောင်ကန်အေးဆရာတော်)







သရက်မြို့နယ်မှသမိုင်းဦး

မဟာစည်ယောဒီများ

အရှင်ကုသလ(သရက်)ပူဇော်သည်။

ပခုက္ကူမြို့၊ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၌ နိကာယ်ငါးရပ် ဆိုင်ရာ ပိဋကကျမ်းစာများ လေ့လာသင်ယူခဲ့ကြသည်။ ထိုကျောင်းတိုက်ကြီးတွင် ဘဒ္ဒန္တသုန္ဒရမဟာထေရ်၊ ဘဒ္ဒန္တဂန္ဓမာမဟာထေရ်၊ ဘဒ္ဒန္တနန္ဒိယမဟာထေရ်၊ ဘဒ္ဒန္တပညိန္ဒမဟာထေရ်၊ ဘဒ္ဒန္တမာယိန္ဓမဟာထေရ်

သရက်မြို့နယ်မှ သမိုင်းဦး မဟာစည် ယောဒီများ

သရက် အောင်မင်္ဂလာ ဆရာတော် အရှင်ကေသရ (ယခုနိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုဥက္ကဋ္ဌ) ဆရာတော် အရှင်စန္ဒာဝရ (ယခု ရန်ကုန်လှိုင်မဟာစည်ဆရာတော်) နှင့် စာရေးသူတို့သည် ၁၃၂၃-ခုနှစ်မှ ၁၃၂၅-ခုနှစ်အထိ ဘဒ္ဒန္တတေဇနိယမဟာထေရ်၊ ဘဒ္ဒန္တကုသလမဟာထေရ် စသော မဟာထေရ်ပေါင်းများစွာတို့ စီမံအုပ်ချုပ်ပြီး စာပေများ ပို့ချတော်မူကြပြီး သံဃာတော်ပေါင်း တစ်ထောင်နီးပါးရှိသည်။

စာရေးသူတို့ အလယ်တိုက်ကျောင်းကြီး၏ အရှေ့ဘက်ရှိ ကျောင်းဘုန်းကြီး ဦးဥာဏ သီတင်းသုံးသည့် သီရိမာလာကျောင်း၌ နေထိုင်ရသည်။ ညောင်ကန် အရှင်ဣန္ဒက (ယခု ညောင်ကန်အေးဆရာတော်၊ အင်းစိန်၊ ကြို့ကုန်း)၊ မြောင် အရှင်ဝိမလာစာရ၊ မိုးညို ဦးနန္ဒိမာဘိဝံသ (ပျဲလွန်) စသော အရှင်မြတ်များနှင့် စာပေသင်ယူဖက်များ ဖြစ်ကြသည်။

ထိုအရှင်မြတ်များနှင့်အတူ စုပေါင်းပရိဝတ်ဆောက်တည်ကျင့်သုံးခြင်း, ဗဟုသုတ ဖြစ်ဖွယ်ရာ စာပေတို့ကို ကြည့်ရှုလေ့လာခြင်း၊ စာဝါနားသော အချိန်များ၌ ပခန်းကြီး၊ ပခန်းငယ်၊ ရေစကြို စသော ဒေသများသို့ ဒေသန္တရ ဗဟုသုတ အဖြစ် ခရီးထွက် လေ့လာခြင်း စသော ကိစ္စများ ဆောင်ရွက်လျက် သီတင်းသုံး နေထိုင်ခဲ့ကြသည်။

ဝါတွင်းကာလများတွင် ကိန္နရာတောင်၊ လေယာဉ်ပျံတောင်များ၌ ဥပုသ်သည်များအား အလှည့်ကျ တစ်ပါးတစ်နာရီစီ တရားဟောကြသည်။ ဥပုသ် ဒါယကာ၊ ဒါယိကာမတွေလည်း ဓမ္မသဝနကုသိုလ်ဖြစ်ပွားရသလို ဟောကြားရသော



အရှင်မြတ်များမှာလည်း ဓမ္မဒေသနာကုသိုလ်ဖြစ်ပွားရသည့်အပြင် ဒေသနာကိစ္စ၌ အလေ့အကျင့်အတွေ့အကြုံရကြပါသည်။

စာပေအမျိုးမျိုး ကြည့်ရှုရာတွင် အထက်မြန်မာပြည်မှ ထင်ရှားသောဆရာတော်ကြီးတစ်ပါး၏ ဝိပဿနာ စာအုပ်ငယ်သုံးအုပ်ကို ကြည့်ရှုမိရာမှ အစပြုပြီး ဝိပဿနာတရား ရှုမှတ်ပွားများ အားထုတ်လိုသောစိတ်များ ဖြစ်ပေါ်လာခဲ့သည်။

ယင်းအချိန်တွင် မဟာစည်ဆရာတော်ဘုရား၏ "ဝိပဿနာအလုပ်ပေး တရားတော် "စာအုပ်ကို ကြည့်ရှုလေ့လာမိသည်။ ထိုစာအုပ်မှ မဟာစည်ဆရာတော်သည် ထင်ရှားကျော်ကြားသော ဝိပဿနာကမ္မဋ္ဌာန်းနည်းပြဆရာတော်ကြီးဖြစ်ကြောင်းနှင့် ဝိပဿနာရှုမှတ်အားထုတ်နည်းများကို လည်း သဘောပေါက်နားလည်လာအောင် နည်းဆောင်လမ်းပြကောင်း ဖြစ်ကြောင်း စာရေးသူသိလာခဲ့သည်။ ထို့ကြောင့် ထိုအချိန်မှစ၍ "ဝိပဿနာတရား" ရှုမှတ်ပွားများ အားထုတ်သောအခါ မဟာစည်ဆရာတော်ဘုရား၏ "သာသနာ့ရိပ်သာ" ၌ ဝိပဿနာတရား ရှုမှတ်ပွားများ အားထုတ်ရန် ဆုံးဖြတ်မိသည်။

၁၃၂၅ ခုနှစ်တွင် သရက်မြို့၌ ဝါဆို ဝါကပ်ပြီး ဆရာတော်အရှင်စန္ဒာဝရ ရန်ကုန်ကြွသွားသည်။ ၁၃၂၆ ခုနှစ်တွင် အရှင် စန္ဒာဝရ သရက်မြို့၊ သာသနာ့အလင်းရောင်ကျောင်းသို့ ပြန်လည်ကြွရောက်လာခဲ့သည်။ မဟာစည် သာသနာ့ရိပ်သာ၌ တရားရှုမှတ် အားထုတ်ခဲ့ကြောင်း သိရသည်။ စာရေးသူအား လည်း ရန်ကုန်မဟာစည် သာသနာ့ရိပ်သာသို့ သွားရောက်တရားအားထုတ်ပါဟု တိုက်တွန်းခဲ့သည်။

သို့ဖြစ်၍ ၁၃၂၇ ခုနှစ်၊ နှစ်ဦးပိုင်းတွင် ရန်ကုန်သို့သွားရောက်ပြီး ဗားကရာကျောင်းတိုက်၊ မှော်ဘီကျောင်းရှိ သူငယ်ချင်း ဦးတေဇဝန္တဆံတွင် တည်းခိုနေထိုင်ခဲ့သည်။ ၄င်းက ခြင်ထောင်တစ်လုံး၊ အိပ်ရာတစ်လိပ်၊ သပိတ်တစ်လုံး ပေး၍ မဟာစည်သာသနာ့ရိပ်သာသို့ လိုက်ပို့ပေးသည်။

ထိုစဉ်က မဟာစည်သာသနာ့ရိပ်သာတွင် မဟာစည်ဆရာတော်နှင့်အတူ ဆရာတော်ဦးသုဇာတ, ဆရာတော်ဦးသံဝရ, ဆရာတော်ဦးပဏ္ဍိတာဘိဝံသနှင့် ဆရာတော်ဦးဇဝနတို့ သီတင်းသုံးကာ တရားဟော တရားပြတော်မူကြသည်။ ဆရာတော်ဦးဇဝနက နိုင်ငံခြားသားယောဂီများကို တရားပြတရားစစ်ပြီး ဆရာတော်ဦးပဏ္ဍိတာဘိဝံသက ရဟန်းသာမဏေယောဂီများနှင့် အမျိုးသားယောဂီများကို တရားပြ တရားစစ်သည်။ ဆရာတော်ဦးသုဇာတနှင့် ဆရာတော်ဦးသံဝရတို့က အမျိုးသမီး ယောဂီများနှင့် သီလရှင်ယောဂီများကို တရားဟော တရားပြ တရားစစ်တော်မူကြသည်။

မဟာစည် သာသနာ့ရိပ်သာ၌ တရားများကြိုးစားရှုမှတ်အားထုတ်ပြီး ထိုနှစ်ဝါဆိုအမီ သရက်မြို့သို့ ပြန်လာသည်။ မဟာစည်ဆရာတော်နှင့် ဆရာတော်ဦးပဏ္ဍိတာဘိဝံသတို့က မဟာသတိပဋ္ဌာန် ဝိပဿနာတရားတို့ကို ကိုယ်တိုင်လည်း ရှုမှတ်ပွားများအားထုတ်ပြီး သူတစ်ပါးတို့အားလည်း ရှုမှတ်ပွားများအားထုတ်ဖြစ်အောင် ဟောကြားညွှန်ပြဖို့ တိုက်တွန်းတော်မူကြသည်။ အထူးအားဖြင့် ပဋိပတ္တိသာသနာပြုစုဆောင်ရွက်သော ပုဂ္ဂိုလ်သည် ပရိယတ်+ပဋိပတ် စွယ်စုံရသော ပုဂ္ဂိုလ်များက ဆောင်ရွက်မှသာ ပိုမိုအောင်မြင်မှုရမှာဖြစ်၍ ကြိုးစားဆောင်ရွက်ရန် အထူးတိုက်တွန်းတော်မူကြသည်။ စာအုပ်စာတမ်းများနှင့် ဓမ္မတိပ်ခွေများလည်း ချိုးမြှင့်တော်မူလိုက်သည်။ ထိုနှစ်ဝါတွင်းမှစ၍ ဝိပဿနာတရားဟောကြားပြီး တရားရှုမှတ်အားထုတ်လို



သူမျာ်းအား‌လည်း ရှုမှတ်အား‌ထုတ်ကြရန် ညွှန်ပြခဲ့သည်။

၁၃၂၈ ခုနှစ်၊ နှစ်ဦးပိုင်းတွင် အောင်မင်္ဂလာဆရာတော်အား ပင့်ဆောင်ပြီး ရန်ကုန်မဟာစည်ရိပ်သာသို့ ရောက်ခဲ့ပြန်သည်။ သာသနာ့ရိပ်သာ၌ ညောင်ကန်အရှင်ဣန္ဒက၊ ဦးကဝိဓ၊ အရှင်ကေလာသ (ဒီယဘာဏက) စသော အရှင်မြတ်တို့ ရှိနေကြသည်။

နေ့စဉ် ဝိပဿနာညွှန်ပြနည်း၊ တရား‌စစ်မေး‌နည်း‌များ‌ကို‌လည်း လေ့လာမှတ်သား‌ရသည်။ တစ်ရက်သော ဥပုသ်နေ့တွင် မဟာစည်ဆရာတော်က ဖလ်ယဉ်ဓမ္မာရုံ၌ တရားဟောရန် ခွင့်ပြု၍ အနတ္တလက္ခဏသုတ္တန်ကို ပါဠိရွတ်၊ အနက်ပေး အဓိပ္ပါယ်ပြော ဆောင်ပုဒ်လက်ာများ ပို့ချပေးကာ တစ်နာရီခန့် တရားဟောကြား‌ခဲ့သည်။ တရားဟောပြီး‌သောအခါ မဟာစည်ဆရာတော်က “ဦးကုသလက စာတွေတော်တော်ရတာပဲ” စသည်ဖြင့် အား‌ပေး‌စကား‌မိန့်ကြား‌တော်မူသည်။ မဟာစည်ရိပ်သာ၌ (၃)လ ခန့်ကြာခဲ့သည်။

၁၃၂၈ ခုနှစ်မှစ၍ ဝါတွင်း ဝါပ ဝိပဿနာတရား အား‌ထုတ်လို‌သော ယောဂီပုဂ္ဂိုလ်များ‌အား ဝိပဿနာတရား ရှုမှတ်အား‌ထုတ်ရန် ညွှန်ကြား‌ဟော‌ပြခဲ့သည်။ အောင်မင်္ဂလာဆရာတော်သည်လည်း ထို‌ဝါတွင်းမှစ၍ ဝိပဿနာတရား‌များ ဟောကြား‌ညွှန်ပြခဲ့သည်။



ထို‌အချိန်မှစ၍ သရက်မြို့နယ်၌ သာသနာ့အလင်း‌ရောင်ကျောင်းနှင့် အောင်မင်္ဂလာကျောင်း‌တို့၌ မဟာစည် ဝိပဿနာတရား‌များ စဉ်ဆက်မပြတ် ဟောကြား‌ညွှန်ပြခဲ့ကြသည်။

မဟာစည် (၁၀)ရက်စခန်း တရား အား‌ထုတ်ပွဲကြီး‌များ

၁၃၃၇ ခုနှစ်၊ တပို့တွဲလတွင် သရက်မြို့နယ်၊ ဖောင်းကတောရွာ ဘုန်းတော်ကြီးကျောင်း‌ဝင်း‌အတွင်း၌ မဟာစည်သတိပဋ္ဌာန် ဝိပဿနာ (၁၀) ရက်စခန်း တရား‌အား‌ထုတ်ပွဲကြီး‌ကို ပထမဦး‌စွာ ကြီးကျယ်ခမ်း‌နား‌စွာ ကျင်း‌ပခဲ့ကြသည်။ အနီး‌ပတ်ဝန်း‌ကျင်ရှိ ကျေး‌ရွာပေါင်း (၂၀) ကျော်မှ ကျောင်း‌ထိုင်ဆရာတော်များ‌နှင့် ဒါယကာ ဒါယိကာမများ စုပေါင်း‌ကျင်း‌ပကြခြင်း‌ဖြစ်သည်။ အမျိုး‌သား‌ယောဂီကျောင်း‌ဆောင်၊ အမျိုး‌သမီး‌ယောဂီကျောင်း‌ဆောင်၊ တရား‌ဟောဓမ္မာရုံနှင့် ဆွမ်း‌စား‌ရုံကြီး‌စသော အဆောက်အဦများ‌ကို စုပေါင်း‌ဆောက်လုပ်ကြသည်။ ယောဂီပေါင်း (၃၇၀)ကျော် ဝင်ရောက်အား‌ထုတ်ကြပြီး နေ့စဉ် ပရိသတ်ငါး‌ရာခန့် တရား‌နာကြား‌ရင်း တရား‌ရှုမှတ်ကြသည်။ ဆရာတော် ဦးစန္ဒာဝရက တရား‌ဟောကြား‌ပြီး စာရေး‌သူက အနီး‌ကပ်ကြီး‌ကြပ် တရား‌များ ညွှန်ပြကာ အောင်မင်္ဂလာဆရာတော်နှင့် စာရေး‌သူတို့ တရား‌စစ်မေး‌ကြသည်။

တစ်ကြိမ်တစ်ခါမျှ မကြား‌နာဖူး၊ ရှုမှတ်အား‌ထုတ်ဖူး‌ခြင်း မရှိသေး‌သော သတိပဋ္ဌာန်ဝိပဿနာ တရား‌တို့ကို ကြား‌နာရှုမှတ်အား‌ထုတ်ကြရ၍ အလွန်ရွှင်လန်း‌ဝမ်း‌မြောက်နေကြသည်။ ရန်ကုန်သာသနာ့ရိပ်သာ၌ ကဲ့သို့ပင် နံနက် (၃)နာရီ အိပ်ရာထပြီး ည(၁၁)နာရီအိပ်ကြသည်။ လမ်း‌လျှောက်တစ်နာရီ၊ ထိုင်တစ်နာရီ ရှုမှတ်အား‌ထုတ်ကြရသည်။

တရား‌ဝင်ယောဂီများ၏ ထူး‌ခြား‌ဆန်း‌ပြစ်ရေပ်များ

ဆယ်ရက်စခန်း‌ဝင် အား‌ထုတ်ကြသည့်ယောဂီများ‌တွင် စစ်သား ရွာမှ ဦး‌ကြာမို‌း‌အမည်ရှိ ယောဂီတစ်ဦး‌လည်း‌ပါဝင်၏။ သူသည် ထန်း‌ရည်ခါး၊ အရက်စသော မူး‌ယစ်သေစာများ မပြတ်သောက်သုံး‌သူ ဖြစ်၏။

မူး‌ယစ်သေစာများ‌ကို မသောက်



မသုံးဘဲ တစ်နေ့ တစ်ရက်မျှ နေနိုင်သူ မဟုတ်ပေ။ စစ်သားရွာနှင့် သရက်မြို့သည် မိုင် ၃၀ ခန့်မျှ ဝေးကွာပြီး မြို့သို့စျေးဝယ်ရန် နွားလှည်းဖြင့် တစ်ညဉ့်အိပ်မျှ ကြာအောင်မောင်းနှင်သွားကြရ၏။ ယင်းသို့ မြို့သို့သွားသည့်အချိန်တွင် တစ်ကြိမ်တစ်ခါမျှ မကြားဖူးသေးသော မဟာစည်ဝိပဿနာ ၁၀ ရက် တရားစခန်းသို့ အဆိုပါ ဦးကြာမိုး ဝင်ရောက်အားထုတ်ခဲ့၏။ ၃-၄ရက်ခန့်မျှ အားထုတ်မိလျှင်ပင် ထူးခြားသည့် တရားအရသာကို တွေ့ရှိရ၍ အံ့သြစွာ လာရောက် လျှောက်ထား၏။ တရားရှုမှတ်နေချိန်အတွင်း သူ အလွန်နှစ်သက် စွဲလမ်းခဲ့သော အရက်သေစာများကို တွေးရုံမျှပင် တွေးမိခြင်းမရှိ၍ အထူးအံ့သြကြောင်း လျှောက်ထား ခြင်းဖြစ်၏။ ထိုအချိန်မှစ၍ (၁၀) ရက်တရားစခန်း အားထုတ်ပွဲများ ဆက်လက်ဝင်ရောက်အားထုတ်ခဲ့၏။ အဆိုပါ ဦးကြာမိုးသည်စာရေးသူက ရန်ကုန်မဟာစည်ရိပ်သာသို့ ရက်ရှည်ဝိပဿနာတရားအားထုတ်ရန် ပို့ပေးခဲ့သည်။ ရန်ကုန်မဟာစည် သာသနာ့ရိပ်သာတွင် ဝိပဿနာတရားများ ရှုမှတ်အားထုတ်ကာ ဉာဏ်စဉ်နာယူရပြီး တစ်သက်တာ ကာလပတ်လုံး ဝိပဿနာယောဂီ သူတော်စင်ဘဝသို့ ဆိုက်ရောက်သွားရသည်။

၁၃၃၈-ခုနှစ်မှစ၍ သရက်မြို့နယ်၊ အလတ်လယ်+ဇီးတောရွာဘုန်းတော်ကြီးကျောင်း၌ မဟာစည်ဝိပဿနာ (၁၀)ရက် တရားစခန်းများ ဖွင့်လှစ်ကျင်းပကြသည်။ ကျင်းပသည့်လမှာ ပြာသိုလဖြစ်၏။ လှိုင်မဟာစည်ဆရာတော်၊ အောင်မင်္ဂလာဆရာတော်နှင့် စာရေးသူတို့ ဦးဆောင်ပြီး ဦးပညာစက္ကာ၊ ဦးပညာဝရတို့ ပါဝင် ဆောင်ရွက်ကြ၏။ ယောဂီ (၃၀၀) ကျော်ရှိ၏။

ထိုနှစ် တန်ဆောင်မုန်းလနှင့် နတ်တော်လများတွင် မင်းတုန်းမြို့နယ်၊ မြို့ဝရွာဘုန်းတော်ကြီးကျောင်း၌ လည်းကောင်း၊ မင်းလှမြို့နယ် ကန်ကျော၊ ပေတောရွာ ဘုန်းတော်ကြီးကျောင်း၌ လည်းကောင်း၊ လှိုင်မဟာစည်ဆရာတော်နှင့် စာရေးသူတို့ (၁၀)ရက် စခန်းများ ဖွင့်ကာ ဝိပဿနာတရားများ ဟောကြ၊ ပြကြရ၏။



၁၃၄၀-ပြည့်နှစ်မှစ၍ အလတ်လယ်+ဇီးတောတရားစခန်းအပြင် သရက်မြို့နယ်၊ ဘန်းပြင်ရွာ ကျောင်းကြီးကျောင်း၌ ဝိပဿနာတရားစခန်း တစ်ခုတိုးချဲ့ဖွင့်လှစ်ကြရ၏။ ယင်းတရားစခန်းကိုလည်း ပတ်ဝန်းကျင်ကျေးရွာပေါင်း (၃၀) ကျော်မှ ကျောင်းထိုင်ဆရာတော်များနှင့် ဒါယကာအများ စုပေါင်း ကျင်းပကြခြင်းဖြစ်၏။ ဦးဆောင်ကျင်းပသူများမှာ ဘန်းပြင်ကျောင်းကြီး ဆရာတော် ဦးဇာဂရ၊ အောင်မင်္ဂလာဆရာတော်နှင့် စာရေးသူတို့ ဖြစ်၏။ တစ်လှည့်စီ တရားဟောကြားကြပြီး စာရေးသူက ယောဂီများအား အနီးကပ် ကြီးကြပ်ညွှန်ပြရ၏။ နေ့စဉ်တရားစစ်မေးကြ၏။ယောဂီ (၁၅၀) ရှိ၏။ ထိုတရားစခန်းတွင် ဦးဝါယမဘွဲ့တော်ရှိရဟန်းတစ်ပါး ဝင်ရောက်အားထုတ်၏။ အဆိုပါ ရဟန်း၌ တက်တက်ပြီး မေ့တတ်သောရောဂါရှိကြောင်း သိရ၏။ အဆိုပါ ဦးဝါယမသည် တရားစခန်း ဝင်ရောက်အားထုတ်သည့်နေ့မှစ၍ အတက်ရောဂါ မဖြစ်တော့ဘဲ တရားပြီးဆုံးသည့်တိုင်အောင် ဝိပဿနာတရားတို့ကို ရှုမှတ်နိုင်ကြောင်း အံ့သြဖွယ်ရာ တွေ့ခဲ့၏။

အဆိုပါ တရားစခန်းပွဲကို လက်ခံကျင်းပလိုသော ကျေးရွာများ ရှိပါက တစ်နှစ်တစ်ကြိမ် ပြောင်းရွှေ့ကျင်းပနိုင်ကြောင်း မူချထားကြ၏။ အဆိုပါတရားစခန်းကို ၁၃၄၁-ခုနှစ်တွင် သရက်မြို့နယ်၊



မြောက်ကျွတ်ရွာ၊ ဘုန်းတော်ကြီးကျောင်း၌ ပြောင်းရွှေ့ကျင်းပခဲ့ကြသည်။ ထိုကျေးရွာ လူကြီးများက "ဆရာတော်တို့ဘုရား၊ တပည့်တော်တို့ရွာမှာ မူးယစ်သေစာ သောက်စားမှုတွေများပြားပြီး စရိုက်တွေကြမ်းတမ်းလို့ ညနေဝင်လျှင် အိမ်ပေါ်မှ အိမ်အောက်သို့ မဆင်းဝံ့အောင် ဖြစ်နေရပါတယ်။ မိုးကောင်းစွာမရွာလို့ လယ်တွေပြည့်စုံအောင် မစိုက်ပျိုးကြရတာလည်း ၁၀-နှစ်ခန့်ပင်ကြာနေပါပြီဘုရား။ သို့ဖြစ်၍ ရွာသူရွာသားများ စိတ်ဓာတ်တွေနူးညံ့ယဉ်ကျေး သိမ်မွေ့မလားလို့ တပည့်တော်တို့ရွာ တရားစခန်း ဖွင့်ပေးတော်မူကြပါဘုရား"ဟု လျှောက်ထား၏။ ထို့ကြောင့် ထိုရွာ၌ တရားစခန်း ကျင်းပပေးရခြင်း ဖြစ်၏။ တရားစခန်း ကျင်းပသောအခါ ယမန်နှစ်က မိုးကောင်းစွာမရွာ၍ ရေခြောင်းများ၊ တုပ်အိုင်များ၌ ရေချိုးလောက်အောင် ရေမရှိပေ။ သို့ဖြစ်၍ ရေတွင်းများ၌ ခပ်ယူပြီး ရေစည်လှည်းများကို လူငယ်များကိုယ်တိုင် သယ်ယူဆောင်ပြီး ဆရာတော်များ၊ ယောဂီများ၊ ဝေယျာဝစ္စကိစ္စများအတွက် သောက်ရေ၊ သုံးရေ၊ ချိုးရေတို့ကို လှူဒါန်းကြ၏။ ထို တရားစခန်းတွင် ယောဂီ(၂၀၀) ကျော်မျှ အားထုတ်ကြ၏။

အဆိုပါ တရားစခန်းသို့ ဝင်ရောက်အားထုတ်သော ဒေါ်စောကြည်အမည်ရှိ ယောဂီတစ်ဦးမှာ အစာအိမ်ရောဂါရှိ၍ ဆေးဆရာက နေ့စဉ်ထမင်းနှစ်ကြိမ် မစားဘဲမနေပါနှင့်၊ မစားလျှင် ရောဂါတိုးတက်လာလိမ့်မယ်လို့ ပြောထားကြောင်း သိရ၏။ တရားကလည်း ရှုမှတ်အားထုတ်ချင် ယောဂီများရှေ့မှာ ညစာထမင်းစားလို့လည်းမလျော်လို့ သင့်လျော်တဲ့နေရာမှာ စားခွင့်ပြုပါဘုရားဟု သူ့ခင်ပွန်းက တောင်းပန်လျှောက်ထား၏။ ဒါ့ကြောင့် စာရေးသူက "မစားရ မနေနိုင်လောက်အောင် ဆာလွန်းလာလျှင်တော့ ဖြစ်ပါတယ်။ ဒါပေမယ့် ဆာလျှင် ဆာခြင်း မစားသေးဘဲ ပထမဦးစွာ ဆာလာလျှင် ဝမ်းဗိုက်ဆီသို့ စိတ်စိုက်ကာ "ဆာတယ်၊ ဆာတယ်" လို့ အဆက်မပြတ် ရှုမှတ်ကြည့်ပါ။ မှတ်ရင်းမှတ်ရင်း သက်သာသွားလျှင်လည်း မစားဘဲနေပေါ့။ ဘယ်လိုမှမှတ်လို့မရဘဲ ပိုပိုဆာလာမယ်၊ နာလာမယ်ဆိုလျှင်တော့ သဘောအတိုင်းပါပဲ" ဟု ပြောလိုက်ရ၏။ အဆိုပါ ယောဂီသည် ကောင်းမွန်ရိုသေစွာ စူးစူးစိုက်စိုက် တရားကို ရှုမှတ်လိုက်သောကြောင့် ဝိပဿနာ (၁၀)ရက်စခန်း ပြီးဆုံးသည့်တိုင် အောင် ညစာမစားဘဲ ကောင်းမွန်စွာ ရှုမှတ်နိုင်ကြောင်း တွေ့ရ၏။ နောင်သောအခါ အစာအိမ်ရောဂါပါ ကင်းပျောက်သွားကြောင်းလည်း သိရ၏။

ထိုရွာနှင့်မနီးမဝေးရှိ ဓာတ်ကုန်းရွာကျောင်းမှ ဘုန်းတော်ကြီးကလည်း ဆရာတော်တို့ ဝိပဿနာ (၁၀)ရက်စခန်းတွေ ဖွင့်ပြီး တရားဟောတရားပြတာ အလွန်ကောင်းပါတယ်ဘုရား။ တပည့်တော်၏ဖခင်ဟာ မူးယစ်သေစာ မပြတ်မလပ် သောက်စားနေလို့ မသောက်ရန် ပြောသော်လည်း မရဘူး။ (၁၀)စခန်းက ပြန်လာသည့်အချိန်ကစလို့ မူးယစ်သေစာသောက်စားမှု မရှိတော့ဘဲ နေ့စဉ် အချိန်ရသမျှ တရားရှုမှတ်အားထုတ်နေတာ တွေ့ရပါတော့တယ်ဘုရားဟု လျှောက်ထားသည်။

မြောက်ကျွတ်ရွာ (၁၀)ရက် တရားစခန်းကျင်းပပြီးနောက် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်တစ်ခုလည်း ရှိသေး၏။ ထိုရွာ၌ (၁၀)ရက်စခန်း ကျင်းပပြီး တန်ခူးလရောက်သော အခါ ယမန်နှစ်က မိုးများကောင်းစွာမရွာ၍ ရေကန်များ၊ ရေချောင်းများ၌ နွားများ သောက်လောက်အောင် ရေများမရှိသောကြောင့် သင်္ကြန်ရက်တွင် ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာလူကြီးများနှင့် ရွာသားများ တိုင်ပင်ဆွေးနွေးနေကြ၏။ သင်္ကြန်ရက်ကျော်လျှင် မည်သူ၏နွားတွေ (နွားအုပ်)ကို မည်သည့်ရွာသို့ ရွှေ့ပြောင်းနေထိုင်ရမည်စသည်ဖြင့် ရွာအသီးသီးသတ်မှတ်ကာ ပြောဆိုဆွေးနွေးနေထိုင်ကြ၏။ ထိုအချိန်မှာပင် မမျှော်လင့်ဘဲ မိုးတိမ်မိုးသားများတက်လာပြီး ထိုရွာနယ်မြေတဝိုက်၌ မိုးများရွာသွန်းချလိုက်ရာ ရေကန်များ၊ ရေချောင်းများ၊ ရေအိုင်များ၌ ရေတွေ ပြည့်လျှံ



သွားသောကြောင့် တခြားအရပ်သို့ မပြောင်းရွှေ့ကြရတော့ဘဲ ချမ်းသာစွာ နေထိုင်ကြရတော့၏။ ထိုနှစ်မှ စ၍ ထိုရွာနယ်မြေတွင် (၁၀)နှစ်တိုင်အောင် မိုးဆက်လက်၍ ကောင်းကြောင်း သိရ၏။

ဤသို့လျှင် မဟာစည်ဝိပဿနာ (၁၀)ရက်စခန်းများကို ကျင်းပလိုသော ရွာများသို့ တစ်နှစ်လျှင် တစ်ကြိမ်စီ ရွှေ့ပြောင်းကျင်းပပြုလုပ်ခဲ့ကြ၏။ ၁၃၄၆ ခုနှစ်တွင် သရက်မြို့နယ်၊ သရက်မြင့်ရွာဘုန်းတော်ကြီးကျောင်း၌ မဟာစည် ဝိပဿနာ (၁၀)ရက်စခန်း ကျင်းပကြ၏။ ထိုစခန်းတွင် ယောဂီ (၂၅၀) ခန့်ဝင်ရောက်အားထုတ်ကြ၏။ ထိုတရားစခန်း၌လည်း ထူးခြားသော ယောဂီတစ်ဦး ပေါ်ထွန်းလာခဲ့၏။ မြတ်စွာဘုရား၏လက်ထက်တော်က ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါ၏ကောင်းမှုကြောင့် သူ့ယောကျ်ားဖြစ်သူ မိဂါရသူဌေးကြီးက ဗုဒ္ဓ၏တရားတော်များနာကြား၍ ဝိပဿနာတရားရှုမှတ်ပွားများအားထုတ်သည့်အတွက် တစ်ထိုင်အတွင်း ဉာဏ်အမြင်ရှင်းကာ သောတာပန်အဖြစ်သို့ ရောက်ခဲ့ပါသည်။ ထိုအချိန်မှစ၍ မိဂါရသူဌေးဟာ ကျောင်းအမကြီးဝိသာခါကို မာတု(အမေ)ဟု သတ်မှတ်ပြောဆိုသောကြောင့် ကျောင်းအမကြီး ဝိသာခါကို ဝိသာခါနာမည် အပြင်မိဂါရ မာတုဟုအမည်ရခဲ့၏။ သရက်မြို့နယ်၊ သရက်မြင့်(၁၀)ရက် တရားစခန်း၌လည်း ယင်းသို့နီးနီး ပြောကြားရမည့်အဖြစ်ကလေး တစ်ခုရှိခဲ့၏။ သရက်မြင့်ကျေးရွာမှ ကွန်းအုံကျေးရွာ၌ အိမ်ထောင်ကျ၍ ကွမ်းအုံရွာသို့ ရောက်နေသော မချို့ အမည်ရှိ အမျိုးသမီးတစ်ဦးရှိခဲ့၏။ သူ၏ယောကျ်ားမဖြစ်သူ ဦးဖိုးရီသည် အသောက်အစား လောင်းကစားမှု ကိစ္စ တောလည်တောချောက် ဝါသနာပါလျက် သားငါးစသော တိရစ္ဆာန်များကို ရှာဖွေသတ်ဖြတ် စားသောက်မှုကိစ္စများ၌လည်း အလွန်ဝါသနာထုံသည်ဟု သိရ၏။ အလှူအတန်းသာရေးနာရေးစသော တစ်စုံတစ်ခုကိစ္စရှိလျှင် နွားပြိုင်ပွဲများ၊ နွားလောင်းပွဲများကျင်းပကြသည့် သောက်ပွဲစားပွဲ ပြိုင်ပွဲများ၌ ယင်းသို့ ဦးဖိုးရီမပါသောပွဲမရှိဟု သိရ၏။ စိတ်သဘောထား ကောင်းသော်လည်း အသောက်အစားများ၌ နာမည်ကြီးသောပုဂ္ဂိုလ်ဖြစ်၏။ သောက်လို့စားလို့ ဖိုးရီမလဲ ပုလင်းသာ လဲချင်လဲမယ်ဟု အသောက်အစားလောကတွင် ဥဒါန်းတွင်ရစ်သည်ဟု သိရ၏။ သရက်မြင့်ရွာ၌ မဟာစည် ဝိပဿနာ (၁၀)ရက် တရားစခန်းကျင်းပရန် စီစဉ်ကြောင်း သူ့ခွေးမဖြစ်သည့် မချို့ သိသောအခါ သူ့ယောကျ်ားမ ဦးဖိုးရီအား တရားစခန်းဝင်ရောက်အားထုတ်ဖို့ အမျိုးမျိုးတိုက်တွန်းပြောကြား၏။ ဦးဖိုးရီကား တရားအားမထုတ်လို၍ အမျိုးမျိုးပြောဆိုနေ၏။ မချို့က နောက်ဆုံးအနေဖြင့် ဆယ်ရက်စခန်းပြီးအောင် အားမထုတ်နိုင်သော်လည်း (၃)ရက် ဝင်ရောက်အားထုတ်ကြည့်စမ်းပါ။ အားမထုတ်နိုင်လျှင် (၃) ရက်ကျော် သောအခါ ဆရာတော်များကို လျှောက်ထားပြီး ပြန်လာခဲ့ပါဟု ပြောသောကြောင့် စမ်းအားထုတ်ကြည့်ဦးမည်ဟု စိတ်ကူးကာ တရားစခန်းသို့ ဝင်ခဲ့၏။ တရားစခန်း၌ အထူးရှိသေစွာ ကြိုးပမ်း အားထုတ်ရှုမှတ်၏။ သုံးရက်လေးရက်ခန့်မျှ အားထုတ်သော အခါ မသိဘူး မတွေ့ဘူးသော ဝိပဿနာအသိဉာဏ်ထူးတို့ အသင့်အတင့် ဖြစ်လာ၏။ ဝိပဿနာဉာဏ်ထူးတွေ ဖြစ်ပေါ်တိုးတက်လာသောအခါ စိတ်ဓာတ်တက်ကြွပြီး (၁၀)ရက်တိုင်တိုင် အောင်မြင်စွာ ဝိပဿနာအလုပ်ကို အားထုတ်နိုင်ခဲ့၏။ (၁၀)ရက်စခန်းက ပြန်လာချိန်ကစ၍ ယခုတိုင်အောင် နေ့စဉ်နေ့တိုင်း အိပ်ရာဝင် အိပ်ရာထ သရဏာဂုံ၊ သီလဆောက်တည်ပြီး ဝိပဿနာတရား အားထုတ်လျက် ကွမ်းအုံရေချမ်းစင်၌ နေ့စဉ်ရေပေးလှူနေသော သူတော်စင် ရေချမ်းဒကာဦးဖိုးရီအဖြစ် မသေမီပင် ကောင်းသောဘဝသို့ ပြောင်းသွားရခြင်းမှာ မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်၏ ကျေးဇူးကြောင့် ယခုလို ဖြစ်နေရပါပေသည်ဟု ပြောစမှတ် ဖြစ်နေပါတော့သတည်း။

မှတ်ချက်။ အမည်ပြောင်းထားပါသည်။



ဤသို့လျှင် မဟာစည် မဟာသတိပဋ္ဌာန် ဝိပဿနာ (၁၀)ရက်စခန်း တရားအားထုတ်ပွဲများသည် မြို့သူမြို့သားနယ်သူနယ်သားအပေါင်း တို့၏ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ကို ယဉ်ကျေး သိမ်မွေ့စေ၍ မျက်မြင်လောက ယခု ဘဝ၌ပင်လျှင် ကောင်းကျိုးတရား ဖြစ်ပွားစေသော တရားမြတ်များ ဖြစ်ပါပေသည်ဟု ရဟန်းရှင်လူအများတို့ သဘောပေါက်လာကြသည်။

သရက်မြို့နယ် အနောက်မြောက်ဘက်တွင် အရှေ့ဘက်ခြမ်း၌ ရွာပေါင်း (၃၀)ကျော် စုပေါင်းကာ (၁၀)ရက်တရားစခန်းများ ဖွင့်လှစ်ကြပြီးသော ကျေးရွာများမှာ ကုတ်ကိုင်းရွာ၊ စွယ်တော်ကောရ၊ ကျောက်အိုးရွာ၊ ပေကုတင်ရွာ၊ အုန်းမွန်းတောရွာ၊ ငါးဘတ်ကျရွာ၊ မြောက်ကျွတ်ရွာ၊ ပန်းပြင်ရွာ၊ သရက်မြင့်ရွာတို့ ဖြစ်ကြသည်။ အနောက်ဘက်ခြမ်း၌ အလတ်လယ်ရွာ၊ ဇီးတောရွာ၊ မန်ကျည်းရုံရွာ၊ သံပုရာကိုင်းရွာ၊ စစ်သားရွာ၊ သာစည်ရွာ၊ ရွှေပန်းကိုင်းရွာ၊ ဖောင်းကအိုင့်ရွာများ၌ (၁၀)ရက် စခန်းများ ဖွင့်လှစ်ကျင်းပခဲ့ကြပြီးဖြစ်သည်။

သရက်မြို့နယ်၌ ယခု ၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၇)ရက်နေ့မှစ၍ ပန်းပြင်ရွာကျောင်းသစ်ကျောင်း (၁၀)ရက်တရားစခန်း၊ တပို့တွဲလဆန်း (၄)ရက်နေ့မှစ၍ အလတ်လယ် + ဇီးတောကျောင်း (၁၀)ရက်တရားစခန်း၊ တပို့တွဲလဆန်း (၁၅)ရက်နေ့မှစ၍ မန်ကျည်းရုံ၊ သံပုရာကိုင်း၊ စစ်သား (၁၀)ရက်တရားစခန်း၊ တပို့တွဲလပြည့်ကျော် (၁၁)ရက်နေ့မှစ၍ ဖောင်းကအိုင့် (၁၀)ရက် တရားစခန်း၊ တပေါင်းလဆန်း (၇)ရက်နေ့မှစ၍ ပွန်းကြီး (၁၀)ရက်စခန်းတို့ကို စာရေးသူနှင့် အင်းစိန်မြို့သစ် ဓမ္မာရုံကျောင်းတိုက်ဆရာတော် အရှင်ပညာဝရ (မဟာသဒ္ဓမ္မဇောတိကဓဇ)တို့က ဦးဆောင်၍ မဟာသတိပဋ္ဌာန်ဝိပဿနာတရားတို့ကို ဟောကြားညွှန်ပြကြမည် ဖြစ်သည်။ သရက်မြို့ပေါ်၌လည်း ၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော်တွင် သာသနာ့အလင်းရောင် (၁၀)ရက် တရားစခန်း၊ အောင်မင်္ဂလာစာသင်ကျောင်းတိုက် (၁၀)ရက် တရားစခန်း၊

မှတ်ချက်။ ၄င်းတရားစခန်းကို ၁၃၄၀ ပြည့်နှစ်မှစ၍ နှစ်စဉ်ကျင်းပမြဲဖြစ်သည်။ သင်္ကြန်ကျော်လျှင် ဘာဝနာကျောင်း၌ (၁၀)ရက်စခန်းကျင်းပမြဲဖြစ်သည်။

သင်္ကြန်မတိုင်မီ (၁၂)ရက်အလိုတွင် စာရေးသူနှင့် ဘာဝနာဆရာတော်တို့ ကြုံခင်းမြို့နယ် ဘက်ရဲမြို့၊ ဥတ္တရာရုံကျောင်းတိုက်၌ (၃၃)ကြိမ်မြောက် (၁၀)ရက်စခန်း၊ သင်္ကြန်ရက်မှစ၍ မင်းတုန်းမြို့နယ်၊ ကျင်းကျောက်ကြီးရွာ (၃) ထပ်ကျောင်း၌ စာရေးသူနှင့် စာချဘုန်းကြီးများ (၁၀)ရက်ဖွင့်ကာ ဝိပဿနာတရားကို ဟောကြားညွှန်ပြကြမည်ဖြစ်သည်။

နိဂုံး

ဤသို့လျှင် သရက်မြို့နယ် တစ်ဝန်းလုံးတွင် ၁၃၂၆ ခု၊ ၁၃၂၇ ခုနှစ်မတိုင်မီ ရှေ့အဖို့၌ မဟာစည် မဟာသတိပဋ္ဌာန်ဝိပဿနာတရားတို့ကို ရှုမှတ်ပွားများ အားထုတ်ဖူးသော ရဟန်းရှင်လူ ယောဂီဟူ၍ ထင်ရှားစွာ မသိရ မတွေ့ရသော်လည်း ၁၃၂၇ ခုနှစ်မှစ၍ လှိုင် မဟာစည်ဆရာတော်ဘဒ္ဒန္တစန္ဒာဝရ တစ်ပါးက စတင်ပြီး သရက်မြို့နယ် တစ်ဝန်းလုံး၌ မဟာစည်မဟာသတိပဋ္ဌာန်ဝိပဿနာတရားတို့ကို ဟောကြားညွှန်ပြသော ဆရာတော်များနှင့် ရှုမှတ်ပွားများ အားထုတ်ကြသော ရဟန်းရှင်လူ ယောဂီတို့သည် အထူးပင်တိုးတက်ပွားများလာခဲ့ပေသည်။

"တစ်ယောက်ကစ တစ်ရာ" ဟု မြန်မာ့ဆိုရိုးစကား ရှိခဲ့သည့်အတိုင်း သရက်မြို့နယ်အတွင်း၌ တစ်ပါးကစ တစ်ရာတစ်ထောင်မက သောင်းဂဏန်းချီ၍ မဟာစည် မဟာသတိပဋ္ဌာန်ဝိပဿနာတရားတို့ကို ရှုမှတ်ပွားများအားထုတ်သူတို့ တိုးတက်ပွားများလာကြပေကုန်သတည်း။

အရှင်ကုသလ (သရက်)
ပူဇော်သည်။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



အလတ်လယ်ရွာနှင့် မဟာစည်ပဋိပတ္တိသာသနာ

သရက် - အရှင်ပညာဝရ
(မဟာသဒ္ဓမ္မဇောတိကဓဇ)



အလတ်လယ်ရွာ

အလတ်လယ်ရွာသည် မကွေးတိုင်း၊ သရက်မြို့၏ အနောက်မြောက်အရပ် မိုင် (၂၀)ခန့်အကွာ သရက်+မင်းတုန်းကားလမ်းနှင့် သရက်+မင်းလှကားလမ်းနှစ်ခု၏ အကြားတွင် တည်ရှိပေသည်။ အုန်းနဲ့ကြီးရွာနှင့် အုန်းနဲ့ငယ်ရွာ နှစ်ရွာ၏ အကြား အလတ်အလယ်တွင် တည်ရှိသောကြောင့် "အလတ်လယ်ရွာ" ဟု အမည်တွင်ခဲ့ကြောင်း သက်ကြီးစကားသက်ငယ်ကြား ပါးစပ်ရာဇဝင်စကားများအရ မှတ်သားရသည်။ ယခုအခါ အလတ်လယ်ရွာသည် အိမ်ခြေ (၂၀၀)ခန့်ရှိသည့် ရွာကြီးတစ်ရွာအဖြစ် တည်ရှိလျက်ရှိ၏။

အလတ်လယ်ရွာနှင့် ဗုဒ္ဓသာသနာ

အလတ်လယ်ရွာသို့ မည်သည့် အချိန်ကာလက ဗုဒ္ဓသာသနာ ရောက်လာသည်ဟု အတိအကျ မှတ်တမ်းမရှိသော်လည်း မင်းတုန်း မင်းကြီးလက်ထက် ၁၂၃၄ ခုနှစ်ဝန်း ကျင်လောက်တွင် ဗုဒ္ဓသာသနာဆိုင်ရာ ကျောင်း, ကန်, စေတီဘုရား ဗုဒ္ဓသာသနိကအဆောက်အဦများ ဖြစ်ပေါ်ထင်ရှား ထွန်းကားလျက်ရှိနေ



ခြင်းက ထိုအချိန်ထိုအခါကပင် ဗုဒ္ဓသာသနာ စတင် ထွန်းကားနေကြောင်း ခန့်မှန်းနိုင်ပါသည်။ ယခုအခါ သမိုင်းဝင်အထောက်အထားများနှင့် သမိုင်းစာအုပ်များလည်း အခိုင်အမာ ရှိနေပါပြီ။

အလတ်လယ်ရွာတွင် အရှေ့၊ အနောက်၊ တောင်၊ မြောက် တံခါးကြီးလေးပေါက် ရှိသည်။ အရှေ့တံခါးပေါက်မှထွက်လျှင် ရွာဦးရွာထိပ်ရှိ ရေကန်ကြီးကို ချက်ချင်းရောက်သည်။ ကန်ဘောင်အောက်ခြေတွင် စီတန်းစိုက်ပျိုးထားသည့် ကုက္ကိုပင်၊ အုန်းပင်များနှင့် အရိပ်ရပင်များက ရေကန်ကြီးကို စိုပြည်တင့်တယ်စေသည်။ ကန်ပေါင်ကြီးပေါ်ဖြတ်သန်းသွားလာရသူ ရဟန်းရှင်လူတို့ကို နှလုံးစိတ်ဝမ်း ကြည်လင်အေးချမ်းစေမှုကို ပေးလျက်ရှိသည်။

ရေကန်ကြီး၏ ပုံသဏ္ဌာန်သည် ဗောဓိညောင်ရွက်ပုံသဏ္ဌာန်ရှိသည်။ ကန်ပေါင်ကြီး၏ အရှေ့ဘက်ထိပ်တည့်တည့်တွင် လိပ်ကျောသဏ္ဌာန်ကုန်းထိပ်တွင် ဘုန်းတော်ကြီးကျောင်း ရှိသည်။ လိပ်ကျောသဏ္ဌာန် ကုန်းကလေးပေါ်တွင် ထောင့် လေးထောင့်၌ ခြသေ့ လေးကောင်ခြံရံလျက် မဟာဝိဇယ သုခ (အောင်ချမ်းသာ) ဆုတောင်းပြည့်စေတီတော် ရှိသည်။

ထိုစည်က အလတ်လယ်ကျေးရွာ အုပ်စုတွင် အလတ်လယ် (အနောက်)ရွာ၊ အလတ်လယ် (အရှေ့)ရွာ၊ ဇီးတောရွာ၊ အုန်းနဲ့ငယ်ရွာ၊ အုန်းနဲ့ကြီးရွာ၊ ညောင်နီရွာဟု ခြောက်ရွာရှိရာ အလတ်လယ်ရွာကျောင်းကိုပင် ခြောက်ရွာတစ်ကျောင်း စုပေါင်းကိုးကွယ်ခဲ့ကြသည်။ သောက်သုံးရေအတွက် ရေကန်ဟူ၍လည်း ယခုရေကန်ကြီး တစ်ခုသာရှိခဲ့ရာ ခြောက်ရွာစလုံး မှီခိုအသုံးပြုခဲ့ကြသည်။ ထိုရေကန်ကြီးကို အလတ်လယ်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒမာလာမဟာထေရ်၏ ဦးဆောင်မှုဖြင့် အလတ်လယ်ရွာမှ ဘုရား၊ ကျောင်းဒါယကာ ဒိန္နော ဆရာကြီး ဦးအောင်မင်း + ဒေါ်ဝိုင်း မိသားစုတို့က ၁၂၃၄ ခုနှစ်တွင် စတည်ခဲ့သည်ဟု သိရသည်။ ယခု နောက်ပိုင်းတွင် ရေကန်ကြီးကို ရွာကျောင်းဆရာတော်၏ ဦးဆောင်မှုဖြင့် ကျေးရွာမှ စုပေါင်းမွမ်းမံထိန်းသိမ်းခဲ့ကြသည်။

သာသနာရေးဓာတ်ခြေအနေ

၁၂၃၄ ခုနှစ်ဝန်းကျင် ကာလက အလတ်လယ်ရွာ၏ သာသနာရေးအခြေအနေသည် အတော်အရှိန်ရနေပြီဟု ဆိုရမည်။ ဘုရား, ကျောင်း, ကန် သာသနိက အဆောက်အဦများကို ဖြစ်ထွန်းတည်ရှိနေပြီး ဆရာတော်ဦးနန္ဒမာလာတွင် တစ်ရွာတည်းသား ရဟန်းညီအစ်ကို သက်တူရွယ်တူ ဆရာတော်ဦးနန္ဒမာလာ၊ ဆရာတော် ဦးစန္ဒမေဓါ၊ ဆရာတော် ဦးကေသရ၊ ဆရာတော်ဦးဝိသယနှင့် ဆရာတော် ဦးသူရိယတို့ ငါးပါးဟူ၍ ရှိခဲ့ကြပါသည်။

ထိုရဟန်းညီအစ်ကိုငါးပါးတို့အနက် ပဉ္စမဆရာတော်ဖြစ်သော ဦးသူရိယသည်ကား တမူထူးခြားသော ဆရာတော်တစ်ပါးဖြစ်သည်။ ပရိယတ္တိဘက်ကရော၊ ပဋိပတ္တိဘက်ကပါ ထင်ရှားခဲ့သော ဆရာတော်ဖြစ်သည်။ အသက်အရွယ် ငယ်စဉ်ကပင် ရန်ကုန်မြို့၊ ဗဟန်း၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ သာသနာလင်္ကာရသဒ္ဓမ္မာဘိဝံသကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘဒ္ဒန္တသာသနမဟာထေရ်ထံ ရောက်ရှိပြီး တပည့်ခံကာ ပရိယတ္တိစာပေများ သင်ကြားဆည်းပူးခဲ့သည်။ ကျောင်းတော်ရာရွှေကျင်တိုက်၌ သင်ကြားဆည်းပူး၍ အားရကျေနပ်သောအခါ မန္တလေးမြို့၊ မိုးတားတိုက်သို့ ပြောင်း၍ ဘာသန္တရစာပေများကို အားရကျေနပ်သည်အထိ ထပ်မံ၍ လေ့လာဆည်းပူးခဲ့သည်။ မန္တလေးတွင် ပညာဆည်းပူး၍ အားရကျေနပ်လောက်သောအခါ ကျောင်းတော်ရာဆရာတော်ကြီး၏ အမိန့်အရ ရန်ကုန်မြို့၊ ကျောင်းတော်ရာ ရွှေကျင်တိုက်သို့ ပြန်ပြောင်းသီတင်းသုံးကာ စာချဘုန်းကြီးဘဝ ရောက်ခဲ့ရသည်။

ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ကျောင်းတော်ရာဆရာတော်ကြီးအထံတွင် စာသင်သားဘဝဖြင့်လည်းကောင်း၊ စာချဘုန်းကြီးဘဝဖြင့်လည်းကောင်း နေထိုင်ရစဉ် ကာလ



အတွင်း သမထဝိပဿနာ ပဋိပတ္တိ ဆိုင်ရာများကိုလည်း လေ့လာဆည်းပူးခွင့်ရခဲ့သည်။ ကျောင်းတော်ရာဆရာတော်ကို အမှီပြု၍ ရဟန္တာပုဂ္ဂိုလ်ထူးအဖြစ် ထင်ရှားကျော်ကြားသော ဘုန်းတော်ကြီးဦးသီလကိုလည်း ကြည်ညိုဆည်းကပ်ခွင့်ရခဲ့သည်။ ထို့ကြောင့် ပဋိပတ္တိကို ပို၍စိတ်အားထက်သန်မှု ရှိလာခဲ့သည်။ ဤသည်မှစ၍ အလတ်လယ်ရွာ၌ ပဋိပတ္တိသာသနာအခြေတည် မိုးစေ့ရခဲ့သည်ဆိုက မှားမည်မထင်ပါပေ။

အလတ်လယ်ရွာသို့
မဟာစည်ပဋိပတ္တိသာသနာ
ရောက်လာခြင်း

ဦးရာဖိုး ဦးဆောင်၍ အလတ်လယ်ရွာအနီး 'မြင်းသေချောင်း' နံဘေးရှိ ဥယျာဉ်တရားစခန်း၌ တရားပြနေသည့်အချိန်မှာပင် မဟာစည်ပဋိပတ္တိသာသနာသည် အလတ်လယ်ရွာနှင့်တကွ သရက်မြို့နယ်ဝန်းကျင်သို့ ဂုဏ်သတင်းရနံ့ သင်းပျံ့ထိုးဖောက် ရောက်ရှိလာခဲ့သည်။ ထိုစဉ်က သရက်-အောင်မဂ်လာပရိယတ္တိစာသင်တိုက်တွင် သီတင်းသုံးတော်မူကြသော တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကေသရ (ယခုနိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက သရက်-အောင်မဂ်လာဆရာတော် ဘဒ္ဒန္တကေသရ)၊ ဓမ္မကထိကဘဒ္ဒန္တစန္ဒာဝရ (ယခုရန်ကုန်-လှိုင်မဟာစည်ဆရာတော်၊ သရက်-အောင်မဂ်လာအရှင်စန္ဒာဝရ)၊ (ဓမ္မကထိကဘဒ္ဒန္တဉာဏခု ရန်ကုန်-အင်းစိန်၊ ညောင်ကန်အေးသာသနာ့ရိပ်သာ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တဉာဏန္ဒက)၊ဗုဒ္ဓသာသနာ့အလင်းရောင် ဆရာတော်ဘဒ္ဒန္တကုသလ (ယခုမဟာစည်ပြည်တွင်းပြည်ပရိပ်သာများဆိုင်ရာ နာယကနှင့် ဓမ္မကထိက အလင်းရောင်ဆရာတော် ဘဒ္ဒန္တကုသလတို့သည် အနန္တကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ ခွင့်တောင်းခိုလှုံပြီး ဆရာသမားများ အားရကျေနပ်သည်အထိ မဟာသတိပဋ္ဌာန် ဝိပဿနာတရားများကို နည်းခံကြိုးစားအားထုတ်ခဲ့ကြသည်။

ဆရာသမားများ အားရကျေနပ်လောက်အောင်နည်းခံသင်ကြားအားထုတ်ပြီး၍ ပြန်ကြွလာသော အခါ ကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ဘုရားကြီး ရေးသားပြုစုသည့် ဝိပဿနာရှုနည်းကျမ်း (ပ+ဒု) မဟာသတိပဋ္ဌာနသုတ် ပါဠိနိဿယစသည် ဝိပဿနာရှုနည်းဆိုင်ရာကျမ်းစာများ ပါလာကြသည်။ မိမိတို့၏ ကျေးဇူးရှင် ဓမ္မာစရိယဆရာဖြစ်သည့် ဆရာကြီး ဦးကျော်မင်း (ရန်ကုန်၊ ကြည့်မြင်တိုင်၊ နေနတ်သား ပရိယတ္တိစာသင်တိုက်၊ ပြည်မြို့၊ စိတ္တကုန်း ပရိယတ္တိစာသင်တိုက်၊ သာသနာ့ ဒီပါရုံ ပရိယတ္တိစာသင်တိုက်နှင့် သရက်မြို့၊ အောင်မဂ်လာပရိယတ္တိ စာသင်တိုက်၊ ၎င်းစာသင်တိုက်ကြီး လေးတိုက်တို့၏ မူလအာဒိကမိုက ဖြစ်သည့် ဆရာတော်ဦးဝိမလ) အားဓမ္မဒါနပြုကြသည်။

မဟာစည်ဆရာတော်၏
ကမ္မဋ္ဌာန်းနည်းက
ပို၍ ပြည့်စုံကောင်းမွန်

ဆရာကြီး ဦးကျော်မင်း (ဦးဝိမလ လူထွက် လူပျံတော်ပညာရှိစာချဆရာကြီး) သည် အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်းစာများကို ဖတ်ရှုလေ့လာပြီးသောအခါ လွန်စွာသဘောကျလှ၍ ခိုးကျူးစကားပြောကြားခဲ့ပေသည်။ မိမိတို့ ဆရာအစဉ်အဆက်, ခေတ်အဆက်ဆက်က အားထုတ်လာခဲ့ကြသည့် ကမ္မဋ္ဌာန်းနည်း အမျိုးမျိုးထက် ယခုမဟာစည်ဆရာတော်၏ ကမ္မဋ္ဌာန်းနည်းက ပို၍ပြည့်စုံကောင်းမွန်ကြောင်း၊ မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာမှုန်ကို အမှန်လိုလား၍ နည်းယူအားထုတ်လိုသူများအတွက် မဟာစည် ဆရာတော်နှင့် သူ၏ကျမ်းစာများသည် အားထားဖွယ်အကောင်းဆုံးဟု ဆိုနိုင်ကြောင်း၊ ကျမ်းစာများ၏ အနေအထားကို အကဲခတ်ရခြင်းအားဖြင့် ကျမ်းစာရေးသားသည့် ကာယကံရှင်သည် အောက်ထက်ဆုံး အနာဂါမ်အဆင့်လောက်တော့ ဖြစ်နိုင်ဖွယ် ခန့်မှန်းရကြောင်း၊ ကြုံရခဲ



သည့် ဤလိုဆရာကောင်းမျိုးထံတွင် လက်တွေ့နည်းခံလေ့လာအားထုတ်သင့်ကြောင်း စသည်ဖြင့် တပည့်ရဟန်းများနှင့် ဆက်စပ်ရာ ပုဂ္ဂိုလ်တို့အား လမ်းညွှန်စကား ပြောကြားခဲ့ပေသည်။

အောင်မင်္ဂလာ (လူပျံတော်ပညာရှိစာချ) ဆရာကြီး ဦးကျော်မင်းသည် တပည့်ရဟန်းတော်များနှင့် ဆက်စပ်ရာပုဂ္ဂိုလ်တို့အား မဟာစည်သာသနာ့ရိပ်သာ၊ မဟာစည်ဆရာတော်ထံသွား၍ တရားအားထုတ်နည်းခံကြရန် အခွင့်အခါသင့်တိုင်း လမ်းညွှန်တိုက်တွန်းစကားပြောကြားလေ့ရှိသည်။ အောင်မင်္ဂလာ အဘိဓမ္မာစာချတာဝန်ခံ ဘုန်းကြီးဦးသီလာစာရ (ယခုမြန်အောင်ကျောင်းကွင်းကျောင်း၊ အုပ်ပျံကျောင်းနှင့် လဲခုံ-ကုံးတစ်လုံးတောရကျောင်းတို့တွင် တရားကျင့်သုံး၊ တရားပြနေသော ဆရာတော် ဦးသီလာစာရ) သည် ဆရာကြီးဦးကျော်မင်း၏ အကြံပြုတိုက်တွန်းချက်အရ မဟာစည်သာသနာ့ရိပ်သာသို့ ကြွ၍ လေးလတစ်ကြိမ်၊ နှစ်လတစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် ခြောက်လကျော်ကျော် နည်းယူအားထုတ်ခဲ့သည်။

ဆရာကြီးဦးကျော်မင်းသည် အောင်မင်္ဂလာတိုက်အုပ်ဆရာတော် ဦးကေသရ (ယခုနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒု-ဥက္ကဋ္ဌ၊ သရက်အောင်မင်္ဂလာဆရာတော်ဦးကေသရ)၊ အလင်းရောင်ဆရာတော်ဦးကုသလ (ယခုမဟာစည်ရိပ်သာများဆိုင်ရာနာယက၊ သရက်မြို့၊ မြို့နယ်သံဃာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဗုဒ္ဓသာသနာ့အလင်းရောင်ဆရာတော်ဦးကုသလ) စသော မဟာစည်ဆရာတော်ထံ နည်းခံအားထုတ်ပြီးဖြစ်သည့်တပည့်ရဟန်းတော်များအားလည်းမဟာစည်ပဋိပတ္တိသာသနာတိုးတက် ပြန့်ပွားရေးအတွက် ဆက်လက် အားထုတ်ကြိုးစားကြရန် အားပေးတိုက်တွန်းစကား ပြောကြားလေ့ရှိသည်။

ဆရာတော်ဦးကေသရ၊ ဆရာတော်ဦးစန္ဒာဝရ(ယခုလှိုင်မဟာစည်) ဆရာတော်ဦးကုသလ၊ အောင်မင်္ဂလာ-အရှင်ပညာစက္က (ဓမ္မာစရိယ ဘီအေ အိပ်ချ်ဂျီပီ) စသော တပည့်ရဟန်းတော်များသည်လည်း ဆရာကြီး၏ အားပေးတိုက်တွန်းမှုအတိုင်း သရက်မြို့နယ်တွင် မဟာစည် ပဋိပတ္တိသာသနာ တိုးတက်ပြန့်ပွားအောင် ကြိုးစားအားထုတ်ကြသည်။ အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား သရက်မြို့၊ အောင်မင်္ဂလာ ပရိယတ္တိစာသင်တိုက်သို့ ပင့်ဆောင်၍တရားပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ပရိသတ်တို့အားလက်တွေ့ရှုပွားအားထုတ်စေခဲ့သည်။ အခြေပျိုးစဖြစ်၍ပင်လား မြို့ပေါ်တွင် ထင်သည်လောက် မထိ ရောက်, မတွင်ကျယ်။

ဖောင်းကတောရွာတွင် မဟာသတိပဋ္ဌာန်ဆယ်ရက်စခန်း စမ်းသပ်ကျင်းပခြင်း

မဟာစည်ပဋိပတ္တိသာသနာ့မြို့ပေါ်သာမက ကျေးလက်ဒေသများပါ တိုးတက်ပြန့်ပွားလာစေရေးအတွက် ဘဒ္ဒန္တ ခုနှစ်တွင် သရက်မြို့နယ်၊ 'ကပ်ဂိုဏ်း' ငွေသင်ပုန်းတောင်၏ အနောက်ဘက်ခြမ်းတွင် ရှိသော 'ဖောင်းကတောရွာ'၌ ဂိုဏ်းလုံးကျွတ် ကျေးရွာအားလုံးရှိ ကျေးရွာတာဝန်ရှိ ကိုယ်စားလှယ်လူကြီးများနှင့် ကျောင်းထိုင်ဘုန်းကြီးအားလုံးတို့ကို ဖိတ်ကြား၊ ပင့်ဆောင်၍ စည်းဝေးသဘောတူညီမှုယူပြီး မဟာစည်မဟာသတိပဋ္ဌာန်ဝိပဿနာ (၁၀) ရက်တရားစခန်းဖွင့်လှစ်ကြသည်။ ထိုက်သည့်အားလျော်စွာ အောင်မြင်မှုရသော်လည်း ကျေနပ်အားရဖွယ်မရှိ။

ထို့ကြောင့် တိုးတက် အောင်မြင်အောင် ဆက်လက်ဆောင် ရွက်နိုင်ရေးအတွက် ထိုဒေသအတွင်းရှိ တာဝန်ရှိရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် အားလုံးတို့နှင့် ဆက်လက်ညှိနှိုင်း ဆွေးနွေးယူကြရာ လာမည့်နှစ်အတွက် ဆယ်ရက်တရားစခန်းကို ပဋိပတ္တိ သာသနာအစဉ်အလာရှိသော 'အလတ်လယ်ရွာ' သို့ ပြောင်းရွှေ့ ဖွင့်လှစ်ကြရန် လူပရိသတ်၊ ရဟန်း ပရိသတ် အားလုံးတို့က အဆိုပြု ဆွေးနွေးကြသည်။



ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး ချီးမွမ်းတော်မူခြင်း

နယ်သူနယ်သား အမျာ်း၏ ဆန္ဒအရ ၁၃၃၉ ခုနှစ်တွင် မဟာသတိပဋ္ဌာန် ဝိပဿနာဆယ်ရက် တရားစခန်းကို 'အလတ်လယ်ရွာ' သို့ ရွှေ့ပြောင်းဖွင့်လှစ်ရန် စီမံဆောင်ရွက်ကြသည်။ 'မဟာစည်သတိပဋ္ဌာန်ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ကိုလည်း ပြင်ဆင်ဖွဲ့စည်းကြသည်။ အကြောင်းအားလျော်စွာပင် ဤစာရေးသူသည် ထိုနှစ်တွင်မှ အလတ်လယ်ကျောင်းတွင် ကျောင်းထိုင်ရန် တာဝန်ရှိဆရာသမားများက တာဝန်ပေးချထားကြသည်။ ထို့ကြောင့် မဟာစည် မဟာသတိပဋ္ဌာန်ဝိပဿနာပြန့်ပွားရေးအဖွဲ့တွင် ပါဝင်လာရသည်။ ထိုအဖွဲ့တွင် သရက်-အောင်မင်္ဂလာ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဦးကေသရသည် ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဤစာရေးသူသည် အကျိုးတော်ဆောင်အဖြစ် လည်းကောင်း၊ လှိုင်မဟာစည်ဆရာတော် ဦးစန္ဒာဝရ၊ သာသနာ့အလင်းရောင် ဆရာတော် ဦးကုသလနှင့် အောင်မင်္ဂလာ (စာချ) အရှင်ပညာစက္ကဖ (ဓမ္မာစရိယဘီအေ အိပ်ချ်ဂျီပီ) တို့သည် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယများအဖြစ်လည်းကောင်း စသည်အားဖြင့် အခြားရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များအား လည်း လျော်ရာလျော်ရာ တာဝန်များခွဲဝေ၍ အဖွဲ့ဖွဲ့စည်းကြသည်။

အလတ်လယ်ကျောင်း၏ ဧရိယာသည် လေးဧကခန့် အကျယ်အဝန်း ရှိသည်။ ကျောင်းဝိုင်းကြီး၏ အလယ်တွင် စတုရန်းပေ (၇၀)၊ ပေ (၈၀) နှစ်ထပ်ကျောင်းကြီးရှိသည်။ အလယ်ကျောင်းကြီး၏ မြောက်ဘက်တွင် ထိုကျောင်းမှ သက်တော်ရှည်ဆရာတော်ကြီး သီတင်းသုံးရာ ၄-ပင် ပတ်လည်ကျောင်း တစ်ကျောင်းရှိသည်။ အရှေ့မြောက်ထောင့်တွင် ၆-ပေပတ်လည် စက္ကြီလမ်းမျာ်းပါသည့် ၂-ထပ်သိမ်ကျောင်း တစ်ကျောင်းရှိသည်။ တောင်ဘက်တွင် ၄-ပင် ပတ်လည် ဇရပ်တစ်ခုရှိသည်။ အနောက်တောင်ထောင့်တွင် ၇-ပင်၊ ၅-ပင် အုတ်တိုက်ကျောင်းတစ်ကျောင်းရှိသည်။ အနောက်ဘက်တွင် ၆-ပင်၊ ၅-ပင် ဆွမ်းစားကျောင်းတစ်ကျောင်း ရှိသည်။

တရားအားထုတ်မည့် ယောဂီများ စာရင်းကောက်ကြည့်သော အခါ လက်ရှိကျောင်းအဆောက်အဦနှင့်ယောဂီ မမျှတသဖြင့် ယောဂီကျောင်းဆောင်အသစ် ၁၁-ပင်၊ ၄-ပင် နှစ်ကျောင်း၊ ၆-ပင်၊ ၄-ပင် နှစ်ကျောင်း ထပ်ဆောက်ကြရသည်။ ယောဂီများအတွက် ထမင်းကျွေးရုံကိုလည်း ၁၀-ပင် ပတ်လည် ဆောက်ကြရသည်။ ယောဂီကျောင်း စုစုပေါင်း ၇-ကျောင်း ဖြစ်သည်။ အလယ်နှစ်ထပ်ကျောင်းကြီးမှာ အပေါ်ထပ်တွင် ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကနှင့်ဝန်ဆောင်သံဃာတော်များ သီတင်းသုံး ဆွမ်းကပ်ကြပြီး ထိုကျောင်းကြီး၏ အောက်ထပ်တွင် တရားထိုင်၊ တရားနာ၊ တရားစစ်၊ ဧည့်ထိန်း ဧည့်ခံ ပြုကြရသည်။ ယောဂီများမှာ စုစုပေါင်း ၅၀၀-ခန့်ရှိသည်။

ဆယ်ရက်တရားစခန်းပြီးဆုံး၍ မဟာသတိပဋ္ဌာန်ပြန့်ပွားရေးအဖွဲ့၏ ဥက္ကဋ္ဌ အောင်မင်္ဂလာ (တိုက်အုပ်) ဆရာတော်ဦးကေသရမှ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးထံ ယောဂီစာရင်းနှင့် တရားစခန်းအခြေအနေကို တင်ပြသောအခါ လွန်စွာ သဘောကျဝမ်းမြောက်၍ ချီးမွမ်းစကား ပြောကြားတော်မူသည်။ 'အလတ်လည်' ဟူသော အစဉ်အလာအရ သုံးနေ၊ ရေးနေကြ ကျေးရွာအမည်၏ အဓိပ္ပာယ်ကိုလည်း စိစစ်မေးမြန်းတော်မူသည်။ အဓိပ္ပာယ် ရှင်းပြလျှောက်ထားသောအခါဆရာတော်ကြီးက 'အလတ်လယ်'ဟုပြောင်းရေးမှသာ ဆိုလိုသော အဓိပ္ပာယ်နှင့် ကိုက်ညီမှန်ကန်ကြောင်း အရေးအသား သတ်ပုံ သတ်ညွှန်းများကိုပါ ပြုပြင်တည့်မတ်ပေးတော်မူခဲ့သည်။ ၁၃၄၀ ခုနှစ်၊ ဒုတိယအကြိမ်ထပ်မံကျင်းပရာတွင်လည်း ပထမအကြိမ်မှာကဲ့သို့ပင် အားရကျေနပ်ဖွယ်ရာ အစစအရာရာ အောင်မြင်ခဲ့သည်။

၁၃၄၁ ခုနှစ်တွင် အောင်မင်္ဂလာဆရာတော် ဦးကေသရနှင့်



အလင်းရောင်ဆရာတော်ဦးကုသလ တို့က ဤစာရေးသူအား မဟာစည် သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာ စည်ဆရာတော်ဘုရားကြီးထံသို့ ပို့ဆောင်၍ လိုအပ်သော စီစဉ် ဆောင်ရွက်မှုများ ပြုပေးပြီး သတိ ပဋ္ဌာန်တရားကို လက်တွေ့အပြည့် အစုံ အားထုတ်စေခဲ့သည်။ ရွှေရေး ဆောင်ဆရာတော်ဦးပညာသာမိနှင့် ဆရာတော်ဦးသုဇာတတို့၏ တရား စစ်ဆေး ကြီးကြပ်သင်ပြမှုကို ခံယူ ပြီး ဆရာသမားများ အားရကျေနပ် ၍ ဉာဏ်စဉ်တရား နာကြားပြီးသည် အထိ ၃-လနီးပါးမျှ ကြိုးစားအား ထုတ်ခဲ့သည်။ တရားအားထုတ် နေစဉ် ညောင်ကန်အေးဆရာတော် ၏ မိခင်ကြီး ဒေါ်ပွဲဟန်သည်လည်း ကောင်း၊ ညီတော်မောင်ဦးခေမာ နန္ဒ (ယခုကော့မှူး မဟာစည်ရိပ်သာ ဆရာတော် ဦးခေမာနန္ဒ) သည် လည်းကောင်း ပြီးဆုံးသည်အထိ အစစအရာရာ လိုအပ်သော ကူညီ စောင့်ရှောက်မှုများ ပြုပေးကြသည်။ အလင်းရောင်ဆရာတော် ဦးကု သလနှင့် အောင်မင်္ဂလာ အရှင် ပညာစက္ကတို့ကလည်း မကြာမကြာ လာ၍ အားပေးစောင့်ရှောက်ခဲ့ကြ သည်။ ဆရာသမားများ အားရ ကျေနပ်၍ ဉာဏ်စဉ်တရား နာကြား ပြီးသည်အထိ အားထုတ်ပြီးသော အခါ မိမိကိုယ်ကိုမိမိ အထူးအားရ ကျေနပ်ခြင်းဖြစ်မိသည်။ ရိပ်သာ အရောက် နောက်ကျလေခြင်းဟူ၍ လည်း တွေးမိသည်။ ထိုက်ထိုက် တန်တန် ပြည့်ပြည့်ဝဝ တရားအား ထုတ်ဖြစ်အောင် စီစဉ်ဆောင်ရွက် ပေးကြသော ဆရာသမားများကို လည်းကောင်း လိုအပ်သော ကူညီ စောင့်ရှောက်မှုများ ပြုပေးကြသူများ ကိုလည်းကောင်းပြောမပြနိုင်လောက် အောင် အထူးကျေးဇူးတင်သော စိတ်များ ဖြစ်မိသည်။ အနန္တကျေးဇူး တော်ရှင်မဟာစည်ဆရာတော်ဘုရား ကြီးအားလည်းအတိုင်းမသိကြည်ညို သော စိတ်များဖြစ်မိသည်။

အလတ်လယ်မဟာစည်

၁၃၄၂ ခုနှစ်တွင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဤစာရေးသူအား မဟာစည်ဩဝါဒ ခံ "အလတ်လယ်မဟာစည်" ရိပ် သာခွဲအဖြစ် အသိအမှတ်ပြု ချထား ပေးတော်မူခဲ့သည်။ မူလက နယ် လုံးကျွတ် စုပေါင်း၍ ဆယ်ရက် တရားစခန်းကျင်းပလာရာမှ ရိပ်သာ ခွဲအဖြစ် ချပေးသည့်အခါမှစ၍ ကိုယ့်အားကိုယ်ကိုး တစ်နိုင်တစ်ပိုင် စနစ်ဖြင့်သာနှစ်စဉ်မပျက် ဆယ်ရက် တရားစခန်းများ ဖွင့်လှစ်လာခဲ့သည် မှာ ယနေ့ကာလအထိဖြစ်သည်။ လက်လှမ်းတမီ ပတ်ဝန်းကျင် ကျေး ရွာများမှ သီးခြားစခန်းပွဲများ တောင်းဆိုလာသည်များကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။

အောင်မင်္ဂလာဆရာတော်၊ လှိုင်မဟာစည်ဆရာတော်၊ အလင်း ရောင်ဆရာတော်နှင့် ဤစာရေးသူ တို့၏ ဦးဆောင်စီမံမှုဖြင့် စာရေးသူ တို့၏ လက်လမ်းတမီ ကျေးလက် ဒေသများတွင် ကျေးရွာ ၁၆-ရွာ၌ အခြေခံကာ မဟာစည် မဟာသတိ ပဋ္ဌာန်ဝိပဿနာ ဆယ်ရက်တရား စခန်းများ ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။ ထိုဒေသအတွင်း၌ နှစ်စဉ်ပုံမှန်အနေ အားဖြင့် တစ်နှစ်လျှင် တစ်ပြိုင်နက် ၄-နေရာမှ ၅-နေရာအထိ အလှည့် ပေးကာ ကျင်းပပေးလျက်ရှိသည်။ ယခင်အစဉ်အဆက်က ကမ္မဋ္ဌာန်း နည်းမျိုးစုံဖြင့် အားထုတ်လာခဲ့ကြ သူတို့သည်လည်း မဟာစည်ယောဂီ အဖြစ် ကူးပြောင်းကာ မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒ လမ်းညွှန်အတိုင်း အတိုအကျ အပြည့်အဝ လိုက်နာအားထုတ် လျက် ရှိနေကြပေပြီ။ မဟာစည် မဟာသတိပဋ္ဌာန် ဝိပဿနာ ဓမ္မ ရသကို သောက်သုံး နေကြရပေပြီ။ 'အလတ်လယ် မဟာစည်' နှင့် ဝန်း ကျင်တဝိုက်၌ မဟာစည် ပဋိပတ္တိ သာသနာသည်လည်းကောင်း၊ အနန္တကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဂုဏ်ရန့် သည်လည်းကောင်း နောင်နှစ် ပေါင်း ရာထောင်မက သာသနာ တည်သမျှ ကာလပတ်လုံး တည်တံ့ သင်းပျံ့နေလိမ့်မည်ဟု ခန့်မှန်းရပေ သတည်း။မဟာစည်လမင်း၊ ကြယ်ခ ပင်း၊ အလင်းကမ္ဘာပျံ့စေသော် . . . ။

သရက်–အရှင်ပညာဝရ

(မဟာသဒ္ဒမွှောတိကဓဇ)

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

ပုဇွန်တောင် မြသိန်းတန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘဏ ချီးမြှင့်သော

မဟာစည် ဓမ္မသဂီယနာ ဂုဏ်ရည်ဩဝါဒ



စာတည်းအဖွဲ့ - အရှင်ဘုရား . . . တပည့်တော်တို့ကို ဆဋ္ဌသင်္ဂီယနာသာဘင်မှာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဆုံဆည်းခဲ့ရပုံလေးကို မိန့်ကြားတော်မူပါဘုရား။

ဆရာတော်ဩဝါဒ

ဘုန်းကြီးနဲ့ မဟာစည်ဆရာတော်ဘုရားကြီးက ဆဋ္ဌသင်္ဂီယနာသာဘင် ကျင်းပတဲ့အချိန်အခါကြမှ ဆုံစည်းကြရတာပါ၊ အဲဒီအချိန်က - (၁၃၁၄) ခုနှစ်မှစ၍ မြန်မာနိုင်ငံမှာ ဆဋ္ဌသံဂါယနာကိစ္စများကို စတင်ဆောင်ရွက်ခဲ့ကြပါတယ်၊ ဆဋ္ဌသင်္ဂီယနာကို (၁၃၁၆) ခုနှစ်မှ (၁၃၁၈) ခုနှစ်အထိ ပါဠိတော် သင်္ဂီယနာ။ (၁၃၁၈) ခုနှစ်မှ (၁၃၂၃) ခုနှစ်အထိ အဋ္ဌကထာ - ဋီကာ သင်္ဂီယနာအဖြစ် ကျင်းပပြုလုပ်ခဲ့ကြတာပါ။ အဲဒီမှာ မဟာစည်ဆရာတော်ကြီးက ပဓာန အဓိကကျသော နေရာများစွာက ပါဝင်ဆောင်ရွက်တော်မူခဲ့ပါတယ်။ အထူးအားဖြင့် ပါဠိတော် သင်္ဂီယနာမှ **အဋ္ဌကထာ - ဋီကာ သင်္ဂီယနာ** ပြီးဆုံးအောင်မြင်သည့်တိုင်အောင် သင်္ဂီယနာ တင်မည့် ပါဠိတော်၊ **အဋ္ဌကထာ - ဋီကာကျမ်းများစွာ** တို့ကို ပုံနှိပ်ရိုက်နှိပ်ရာအထိ နောက်ဆုံး ကြည့်ရှုသုတ်သင်ပြင်ဆင်ရသော (သြသာနသောဓေယျပတ္တပါဠိက) တာဝန်ကို ဆောင်ရွက်တော် မူရတယ်၊ အမြင့်ဆုံး တာဝန်ကို ဆောင်ရွက်ခြင်းလို့ ဆိုရမှာပါ။ ဦးဆောင်တာက သြသာနသော ဓေယျပတ္တပါဠိကအဖွဲ့၊ အဲဒီအဖွဲ့မှာ ဘုန်းကြီးလည်း ပါဝင်ဆောင်ရွက်ခဲ့ရတာ။

အဲဒီမှာ ဆရာတော်ကြီးက ပါဠိတော်အချင်းချင်း ညှိနှိုင်းတာတို့ အဋ္ဌကထာ - ဋီကာ ယောဇနာ အဖွင့်ကို ကြည့်တာတို့၊ မူကွဲနေတဲ့ ပါဠိတွေကို အမှန်ဖြစ်အောင် သုတ်သင်ပြင်ဆင်ရတာတို့ ဆောင်ရွက်ရတာ။ အချို့နေရာ



များဆိုရင် အဌကထာ - ဋီကာယောဇနာများ ဖွင့်ပြခြင်း မရှိတဲ့အခါ **ဤသို့ဖြစ်သင့်သလောဟု** အမေး လက္ခဏာပြပြီး ဖြစ်သင့်တဲ့ပါဠိကို စာမျက်နှာအောက်ခြေမှာ ထည့်သွင်းပြထားရတယ်။ တစ်ခါတစ်ရံ ဆရာတော်ကြီး အရေးကြီးတဲ့ သံယကိစ္စ ရှိတဲ့အခါ ကမ္ဘာအေး မကြွနိုင်ဘူး၊ အဲဒီအခါ ဆရာတော်ကြီး ပြင်ဆင်သုတ်သင်ထားတဲ့ စာမူ စာဖောင်ကို ဘုန်းကြီးက သွားပို့ရတယ်၊ အဖွဲ့ကိုတင်ပြပြီး သုတ်သင်ပြင်ဆင်ခဲ့ရတယ်။ သင်္ဂါယနာတင်ရာမှာ ထိုထိုသုတ်တွေကို၊ မေးစိစစ်ရ ဖြေဆိုရတဲ့ လုပ်ငန်းလည်း အရေးတကြီးပါဝင်လာတော့ အတော်ဂရုစိုက်ရပါတယ်၊ အဲဒီမှာ ဆရာတော်ကြီး အတော်ပင်ပန်းရှာတယ်၊ အဲဒီအချိန်မှာ ဘုန်းကြီး ဘာကိုသွား သတိရလည်းဆိုတော့ "အင်း. . မဟာစည်ဆရာတော်ဘုရားကြီးဟာ ပဌမသင်္ဂါယနာတင်စဉ်အခါက အရှင်မဟာကဿပမထေရ်မြတ်ကြီး အလားပေပဲလို့" ထိုမထေရ်မြတ်ကြီးနည်းတူ မဟာစည်ဆရာတော်ကြီးလည်း တာဝန်ကို ယူခဲ့ရတာ။

ဆဋ္ဌသင်္ဂါယနာတင်စဉ်အတွင်းမှာ ဆဋ္ဌသင်္ဂါယနာဝန်ဆောင်သံယအဖွဲ့ရဲ့ တာဝန်ပေးချက်အရ (ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်သံယာအဖွဲ့ဝင်လည်း ဖြစ်ပါသည်။) ဝိသုဒ္ဓိမဂ်ကျမ်း၏ နိဒါန်းကျမ်းကြီးကို ပါဠိဘာသာနဲ့ရေးပြီး ဆဋ္ဌသင်္ဂါယနာဝန်ဆောင်သံယ အဖွဲ့ကို တင်ပြတယ်၊ အဲဒီမှာ အဖွဲ့ကြီးက နှုတ်ပယ်ဖြည့်စွက်ခြင်းမရှိ လက်ခံအတည်ပြုပြီး ထုတ်ဝေဖြန့်ချိစေခဲ့ပါတယ်၊ ဝိသုဒ္ဓိမဂ္ဂနိဒါနကထာခေါ်တဲ့ ထိုပါဠိနိဒါန်းကျမ်းကြီးဟာ မဟာစည် ဆရာတော်ကြီး၏ ပါဠိအရေးအသားစွမ်းရည်နှင့် အထွေထွေဗဟုသုတ ကြွယ်ဝပြည့်စုံပုံကို ထင်ရှားစေတဲ့ ကျမ်းဖြစ်တယ်၊ တိုင်းတစ်ပါးသား ပါဠိစာပေ ပညာရှင်တွေက တောင် ချီးကျူးရတဲ့ ကျမ်းဖြစ်ပါတယ်။



ဒီဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယကျမ်းကြီးဟာ သမယန္တရခေါ်တဲ့ ဟိန္ဒူဒဿနရေးရာများကို ထည့်သွင်းရည်ညွှန်း ဝေဖန်ရေးသားထားတဲ့ ကျမ်းဖြစ်လို့ အချို့နေရာတွေမှာ အနက်သိရန်ပင် လွန်စွာခက်ခဲလှတဲ့ ဋီကာဖြစ်ပါတယ်၊ မဟာစည်ဆရာတော်ကြီးက သက္ကတဘာသာ၊ အင်္ဂလိပ်ဘာသာတွေကို ကျွမ်းကျင်လေတော့ သင်္ဂဆိုင်ရာ ဖီလိုဆိုဖီခေါ် ဒဿနကျမ်းများကို ပိုင်နိုင်အောင် ကြည့်ရှုလေ့လာပြီးမှ ဒီဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယကျမ်းကြီးကို ရေးသားတော်မူတာပါ။ ထိုနိဿယကျမ်းကြီးဟာ စာမျက်နှာ (၅၀၀)ခန့်ရှိတဲ့ စာအုပ်ကြီး (၄)အုပ်ပါ၊ အတော် ကျယ်ဝန်းပါတယ်၊ ဒီဝိသုဒ္ဓိမဂ်မဟာဋီကာကျမ်းကြီးကို ကြည့်ခြင်းဖြင့်လည်း မဟာစည် ဆရာတော်ကြီးဟာ ဘာသန္တရဖြစ်တဲ့ သက္ကတဘာသာ၊ အင်္ဂလိပ်ဘာသာတို့၌ နှံ့စပ်ကျွမ်းကျင် တတ်မြောက်ပုံကို ဖော်ညွှန်းပြသနေပါတယ်၊ နောက်ဆုံး ဘုန်းကြီး ပြောလိုတာကတော့ မဟာစည် ဆရာတော်လို ပုဂ္ဂိုလ်မျိုး ပေါ်ပေါက်ဖို့မလွယ်ပါဘူး၊ တစ်သက်တစ်ခါ ကြုံခဲ့ရတာပါ။

သာဓု . . . သာဓု . . . သာဓုပါဘုရား . . . . .

× × × × ×

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

မြည်မစဲပြီ မဟာစည်

ဝိုင်၊အမ်၊ဘီ၊အေ၊အရှင်ဝိသုတာဘိဝံသ

မြန်မာ့သာသနာပြု၊ ကမ္ဘာ့ သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကို ဌာနတံဆိပ်တော်ဖြင့် 'မဟာစည်'ဟုပင်ကြည်ညိုချင်ပါသည်။ ရွှေဘိုမြို့၊ ဆိပ်ခွန်ရွာ၊ မဟာစည်ကမ္မဋ္ဌာန်းဌာနမှ ရရှိတော်မူခဲ့သော မဟာစည်ဟူသော အမည်တော်သည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် လွန်စွာမှ လိုက်ဖက်တော်မူလှသည်။

၊

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ကမ္ဘာသူ၊ ကမ္ဘာသား ဝိပဿနာယောဂီများ၏ အမှန်တကယ်ပင် မဟာစည်တော်ကြီးဖြစ်ပါတော့သည်။

မဟာစည်ဆရာတော်ဟု ပေါ်ထွန်းလာချိန်မှစ၍ မဟာစည်၏ သတင်းဂုဏ်သည် မြန်မာပြည်တွင်းမှာသာမက ပြင်ပကမ္ဘာသို့ပါ သင်းထုံပျံ့နှံ့ခဲ့ပါသည်။ လောဘဒေါသ မောဟဟူသော ကိလေသာရဂုံတောတွင် မောပန်းနေကြရှာသော ကမ္ဘာသူ၊ ကမ္ဘာသား ဝေနေယျသတ္တဝါများမူကား မဟာစည်ဝိပဿနာနည်းနာဟူသော လေသင်းရနံ့နှင့် အတူ နိုးထနိုင်ခဲ့ကြသည်။ လောဘ၊ ဒေါသ၊ မောဟဟူသော ကိလေသာအရိပ်တောစတွင် အိပ်မောကျနေကြသော ကမ္ဘာသူ၊ ကမ္ဘာသား ဝေနေယျသတ္တဝါများအားလုံး အိပ်ရာမှကောင်းစွာနိုးထနိုင်ခဲ့ကြသည်။

ပြည်တွင်းပြည်ပ ဝိပဿနာယောဂီများသည် ရန်ကုန်မြို့၊ မဟာစည် ကမ္မဋ္ဌာန်းရိပ်သာသို့ ပျားပန်းခတ်မျှ လာရောက်တရားအားထုတ်ခဲ့ကြသည်။ မဟာစည်ဆရာတော်ပေါ်ထွန်းလာချိန်တွင် ကမ္ဘာသူ၊ ကမ္ဘာသား ဝိပဿနာယောဂီများ လွန်စွာ အကျိုးများခဲ့ကြသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး မြန်မာပြည်သူနှင့် ကမ္ဘာပြည်သူတို့ရှေ့မှောက်တွင် ဘွားဘွားကြီးပေါ်ထွန်းလာခြင်းသည် စင်စစ် အကျိုးဖြစ်ထွန်းစေသည်သာဖြစ်သည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ပေါ်ထွန်းလာခြင်းကြောင့် -

- ကမ္ဘာ့မိဘပြည်သူအပေါင်းအား အကျိုးစီးပွားနှင့် ချမ်းသာသုခများ ဖြစ်ထွန်းစေခဲ့သည်။

- အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူ ကမ္ဘာပြည်သူများ အကျိုးစီးပွားနှင့် ချမ်းသာသုခများ ဖြစ်ထွန်းစေခဲ့သည်။

- ကွယ်လွန်လေပြီးသော ကမ္ဘာသူ ကမ္ဘာသားများအကျိုးစီးပွားနှင့် ချမ်းသာသုခများ ဖြစ်ထွန်းစေခဲ့သည်။

- ကမ္ဘာ့အလုပ်သမားများ အကျိုးစီးပွား ဖြစ်ထွန်းစေခဲ့သည်။

- တိုင်းပြည်အုပ်ချုပ် မင်းလုပ်ကြသော ကမ္ဘာ့အစိုးရမင်းများ အကျိုးစီးပွားနှင့် ချမ်းသာသုခများ ဖြစ်ထွန်းစေခဲ့သည်။

- နိုင်ငံစောင့်၊ တိုင်းစောင့်၊ မြို့နယ်စောင့်၊ ရွာစောင့်၊ ကိုယ်စောင့် နတ်ဒေဝတာအားလုံး အကျိုးစီးပွားနှင့် ချမ်းသာသုခများ ဖြစ်ထွန်းစေခဲ့သည်။

- နိုင်ငံအသီးသီး၊ တိုင်းအသီးသီး၊ မြို့နယ်အသီးသီး၊ ကျေးရွာအသီးသီးတို့တွင် သာသနာပြုတော်မူကြသော သာသနာ့ဝန်ထမ်းရဟန်းသမဏေများ အကျိုးစီးပွားနှင့် ချမ်းသာသုခများ ဖြစ်ထွန်းစေခဲ့သည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းကား သင်းထုံပျံ့နှံ့မြဲ ပျံ့နှံ့နေ



ဦးမည်သာ ဖြစ်သည်။

အဘယ့်ကြောင့်နည်း။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအတွင်း သန္တာန်တော်တွင် -

ရတိ - သတ္တဝါများ အစီးအဟွား၌ မွေ့လျော် ပျော်ပိုက်ခြင်း။

သမစရိယ- ကောင်းသော အကျင့်ရှိမှု

ဗဟုသစ္စ - များသော အကြားအမြင်ရှိမှု

ကတညုတ- သူ့ကျေးဇူးကို သိတတ်မှု

ဟူသော တရားများ တည်ရှိနေသောကြောင့် ဖြစ်သည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ကမ္ဘာသူ ကမ္ဘာသား ဝေနေယျသတ္တဝါများအပေါ်တွင် ညဉ့်နေ့မဟူ အမြဲပင် မေတ္တာဝေ မေတ္တာခြွေလေ့ရှိတော်မူသည်။ ကမ္ဘာသူ ကမ္ဘာသား ဝိပဿနာယောဂီအားလုံး -

- **အနိစ္စမြင်၍ ဒုက္ခထင်ကြပါစေ**
- **ဒုက္ခထင်၍ အနတ္တမြင်ကြပါစေ**
- **အနတ္တမြင်၍ နိဗ္ဗာန်ဝင်နိုင်ကြပါစေ**

ဟု ကမ္ဘာသူ ကမ္ဘာသား ဝိပဿနာယောဂီများသို့ မေတ္တာဝေ မေတ္တာခြွေလျက်ရှိတော်မူသည်။

ဤကား ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ရတိဓမ္မပင် ဖြစ်သည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ကမ္ဘာသူ ကမ္ဘာသား ဝိပဿနာယောဂီများအပေါ်တွင် -

- **ကာယကံကောင်းသောအကျင့် ကာယကံမှုမေတ္တာ**
- **ဝစီကံကောင်းသောအကျင့် ဝစီကံမှု မေတ္တာ**
- **မနောကံကောင်းသောအကျင့် မနောကံမှုမေတ္တာ**

ဟူသော ကောင်းသော အကျင့်တရားများဖြင့်လည်း ဖြန့်ကျက်တော်မူသည်။

ဤကား ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သမစရိယပင် ဖြစ်တော်မူသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဂန္ထဓူရ၊ ဝိပဿနာဓူရဟူသော ဓူရနှစ်ပါးလုံးကို အားသွန်ကြိုးပမ်းတော်မူခဲ့သည်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဂန္ထဓူရ၌ နိုင်နင်းကျွမ်းကျင်တော်မူသည် နှင့်အညီ

- **အက္ခရာတို့၌ ကျွမ်းကျင် လိမ်မာတော်မူခြင်း အက္ခရ ကောသလက္ခဉာဏ်**
- **ပုဒ်တို့၌ ကျွမ်းကျင်လိမ္မာတော်မူခြင်း ပဒကောသလက္ခဉာဏ်**
- **ဝါကျ၌ ကျွမ်းကျင်လိမ္မာ တော်မူခြင်း ဝါကျကောသလက္ခဉာဏ်**
- **ကျမ်းဂန်ပြုစု၊ ကြည့်ရှုခြင်း၌ ကျွမ်းကျင်လိမ္မာတော်မူခြင်း ဂန္ထကောသလက္ခဉာဏ်**

ဟူသော ဂန္ထန္တရဗဟုသုတ၊ အမေရိကန်၊ အင်္ဂလန်၊ ဂျပန်စသော နိုင်ငံအသီးသီးသို့ အပြည်ပြည်ဆိုင်ရာ ကမ္မဋ္ဌာန်းဌာနဖွင့်လှစ်နိုင်ခြင်း ဟူသော ဒေသန္တရ ဗဟုသုတများနှင့်လည်း ပြည့်စုံတော်မူသည်။

ဤကား ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဗဟုသုတပင် ဖြစ်ပေတော့သည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ပြည်တွင်းသာသနာပြု ခရီးကြွချီတော်မူ၍လည်းကောင်း၊ ပြည်ပသာသနာပြု ဓမ္မဒူတခရီးကြွချီတော်မူ၍လည်းကောင်း၊ ပြည်တွင်းပြည်ပ ကမ္ဘာ့ဝိပဿနာယောဂီများအား သတိပဋ္ဌာန်အမြိုက်ဆေးဖြင့် တုံ့ဆပ်တိုက်ကျွေးတော်မူခဲ့သည်။

ဤကား ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ကတညုတဓမ္မပင် ဖြစ်ပေတော့၏။

အချုပ်ဆိုရသော် ရတိဓမ္မ၊ သမစရိယ၊ ဗဟုသစ္စ၊ ကတညုတ၊ ဓမ္မလေးထွေ ပြည့်စုံပေသော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာနည်းနာသည် ကမ္ဘာချဉ်းအောင် လင်းလက်နေပေဦးမည်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဟူသော မဟာစည်သံသည်လည်း ကမ္ဘာချဉ်းအောင်ပင် မြည်မြဲတိုင်း မြည်နေဦးမည် ဖြစ်ပါကြောင်း ကြည်ညိုရပါသတည်း။

ဝိုင်၊ အမ်၊ စီ၊ အေ
အရှင်ဝိသုတာဘိဝံသ

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



တောင်တွင်းကြီးမြို့ ရတနာဓိမာန်တောရကျောင်းတိုက် ဂဏဝါစက

အရှင်သောဘိတ

မေးလျှောက်သည်ကို

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက

ဓမ္မာနုဂ္ဂဟ ဓမ္မဒါနအဖြစ် ချီးမြှောက်ဖြေဆိုတော်မူပါသည်။

သဒ္ဓါနုသာရီ၊ ဓမ္မာနုသာရီ ပုဂ္ဂိုလ်နှစ်မျိုး

အမေး ။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ၄-ကြိမ်ကန္တသံယုတ် စက္ခုသုတ်စသည်၌ "အယံ ဝုစ္စတိ သဒ္ဓါနုသာရီ ကြိမ်ကန္တော သမ္မတ္တနိယာမံ။ အယံ ဝုစ္စတိ ဓမ္မာနုသာရီ ကြိမ်ကန္တော သမ္မတ္တနိယာမံ" စသည်ဖြင့် သဒ္ဓါနုသာရီ ဓမ္မာနုသာရီပုဂ္ဂိုလ်နှစ်မျိုးကို ဟောတော်မူပါသည်။ ထိုသို့ ဟောတော်မူရာ၌ သဒ္ဓါနုသာရီ ဓမ္မာနုသာရီပုဂ္ဂိုလ်နှစ်မျိုးတို့၏ ထူးခြားကွဲပြားပုံကို ပိုင်းပိုင်းခြားခြား သိလိုပါသည်ဘုရား။ သို့ဖြစ်ပါ၍ ဆရာတော်မှ တပည့်တော်အား ဓမ္မာနုဂ္ဂဟ ဓမ္မဒါနအဖြစ်ဖြင့် ချီးမြှောက်ထောက်ပံ့၍ ဖြေကြားတော်မူပါရန် ရိုသေလေးစားစွာဖြင့် လျှောက်ထားပါသည် ဆရာတော်အရှင်မြတ်ဘုရား။



အဖြေ ။ ထိုမေးခွန်းအတွက် ဖြေကြားရန် သံယုတ်ပါဠိစာအုပ်များနှင့် အဖွင့်အဋ္ဌကထာ ဋီကာစာအုပ်များကိုလည်းကောင်း၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိနှင့် မြန်မာပြန်၊ ယင်းဋီကာနှင့် နိဿယများကိုလည်းကောင်း ကြည့်ရှုယူခဲ့ရပါသည်။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန (စသော) ရုပ်နာမ်တို့ကို မမြဆင်းရဲအနတ္တဟု ယုံကြည်၍ သောတာပတ္တိမဂ်သို့ရောက်သောသူကို သဒ္ဓါနုသာရီယုံကြည်မှုသို့ အစဉ်လိုက်သောသူဟု ဆိုလိုပါသည်။ ထိုသဒ္ဓါနုသာရီပုဂ္ဂိုလ်သည်ငရဲတိရစ္ဆာန် ပြိတ္တာဘုံများသို့မရောက်နိုင်ဟူ၍လည်းကောင်း၊ သောတာပတ္တိဖိုလ်ကိုမရောက်ဘဲ သေခြင်းမဖြစ်နိုင်ဟူ၍လည်းကောင်း ဤသို့ စသည်ဖြင့် ထိုသံယုတ်ပါဠိ အဋ္ဌကထာတို့၌ ပြထားသောကြောင့် သောတာပတ္တိမဂ်သို့ရောက်ဆဲပုဂ္ဂိုဟ်ဟု မှတ်ယူရပါသည်။

ထိုသို့ သောတာပတ္တိမဂ်ရောက်ဆဲပုဂ္ဂိုလ်ဟု ယူသင့်ခြင်း၏အကြောင်းမှာ သံယုတ်အဋ္ဌကထာ တတိယအုပ် နှာ ၂၆၆-၇ တို့၌ တတော မုဒုတရာနိ သဒ္ဓါနုသာရိမဂ္ဂိဿိယာနိ နာမဟောန္တိ စသည်နှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယအုပ် နှာ ၂၉၇၊ စာပိဒ်နံပါတ် ၇၇၂ စသည်၌ သောတာပတ္တိမဂ္ဂက္ခဏေ သဒ္ဓါနုသာရီဟောတိ စသည်ဖြင့် ဖွင့်ပြထားသောကြောင့်ပင်တည်း။

ဓမ္မာနုသာရီပုဂ္ဂိုလ်မှာ စက္ခုသောတစသည်ကို အနိစ္စ စသည်ဖြင့် အထူးသိသောပညာဖြင့် သောတာပတ္တိမဂ်သို့ရောက်နေသောပုဂ္ဂိုလ်ဖြစ်ကြောင်း သိမှတ်ရန် ထင်ရှားပါသည်။ ထိုဓမ္မာနုသာရီပုဂ္ဂိုလ်က သဒ္ဓါနုသာရီပုဂ္ဂိုလ်ထက် ထူးမြတ်ကြောင်း ပါဠိအဋ္ဌကထာများ၌ ထင်ရှားပါသည်။

သို့ဖြစ်၍ အနိစ္စစသည်ကို ဉာဏ်ထူးဖြင့် သိသူကို ဓမ္မာနုသာရီဟူ၍လည်းကောင်း၊ အနိစ္စ စသည်ကို ဉာဏ်ထူးဖြင့်မသိဘဲ ယုံကြည်မှုသဒ္ဓါဖြင့် ဝိပဿနာဉာဏ်ကို ဖြစ်စေလျက် သောတာပတ္တိမဂ်သို့ရောက်သောသူကို သဒ္ဓါနုသာရီဟူ၍လည်းကောင်း မှတ်ယူသင့်ပါသည်။ ထိုသဒ္ဓါနုသာရီပုဂ္ဂိုလ်သည် ဓမ္မာနုသာရီပုဂ္ဂိုလ်အောက် ယုတ်ညံ့ကြောင်းကို သံယုတ်ပါဠိ တတိယတွဲ နှာ ၁၇၆ ၌ "တထော မုဒုတရေဟိ သောတာပန္နော ဟောတိ၊ တတော မုဒုတရေဟိ ဓမ္မာနုသာရီ ဟောတိ၊ တတော မုဒုတရေဟိ သဒ္ဓါနုသာရီ ဟောတိ" စသည်ဖြင့် ဖော်ပြထားသောပါဠိတော်အရ မှတ်ယူသင့်ပါသည်။

(မှတ်ချက်) *ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးဖြေဆိုသည့်နေ့ရက်မှာ (၁၇-၁၂-၆၁) ရက်နေ့ဖြစ်ပါသည်။*

ဦးဝင်းထိန်ပူဇော်သည်။



ဒီန သီလ ဘာဝနာတည် ဟိတေသီ

စာတည်းအဖွဲ့

မဟာစည်သာသနာ့ရိပ်သာအတွင်း၌ ဦးဘညိန်းနှင့် သား ဦးဧမောင်တို့အမှူးပြုသော မဟာစည် ယောဂီဟောင်းပုဂ္ဂိုလ်တို့ဖြင့် ဖွဲ့စည်းခဲ့သည်။

ဟိတေသီ၏အဓိပ္ပာယ်

"ဟိတေသီ"ဟူသောအမည်သည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တိုင် ချီးမြှင့်တော်မူသော အမည်ဖြစ်ပါသည်။ "ဟိတေသီ"သည် "ဟိတ"နှင့် "ဧသီ"ဟူသော နှစ်ပုဒ်တွဲစပ်ထားကြောင်း တွေ့ရ၏။ ဟိတ-အကျိုးစီးပွား၊ ဧသီ-ရှာမှီးသူဟူသောအနက်ကိုပြ၏။

သို့ဖြစ်၍ 'ဟိတေသီ"သည် မိမိအကျိုးစီးပွား၊ သူတစ်ပါး၏အကျိုးစီးပွား၊ မိမိ+သူတစ်ပါးနှစ်ဦးသား၏ အကျိုးစီးပွား၊ မျက်မှောက်အကျိုးစီးပွား၊ တမလွန်အကျိုးစီးပွား၊ လောကီအကျိုးစီးပွား၊ လောကုတ္တရာအကျိုးစီးပွားဟူသော အကျိုးစီးပွားများကို တစ်မျိုးမျိုးဖြစ်စေ၊ အများကိုဖြစ်စေ၊ အလုံးစုံကိုဖြစ်စေရအောင် ရှာမှီးသော ပုဂ္ဂိုလ်အပေါင်းအသင်းအဖွဲ့ဟု အဓိပ္ပာယ်ရပါသည်။

ဟိတေသီကို ဘယ်တုန်းကဖွဲ့စည်းခဲ့သနည်း

ဟိတေသီအဖွဲ့ကို ၁၃၂၇ ခုနှစ်၊ တန်ခူးလပြည့် (၅-၄-၆၆)၊ အင်္ဂါနေ့တွင် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာအတွင်း၌ ဦးဘညိန်းနှင့် သား ဦးဧမောင်တို့အမှူးပြုသော မဟာစည် ယောဂီဟောင်းပုဂ္ဂိုလ်တို့ဖြင့် ဖွဲ့စည်းခဲ့သည်။

ဟိတေသီအဖွဲ့၏ ဆောင်ရွက်မှုများ

(က) ဆွမ်းထောက်ပံ့မှု

မဟာစည်သာသနာ့ရိပ်သာတွင် အနည်းဆုံး တစ်လနှင့်တစ်လအထက် ဉာဏ်စဉ်တရားနာရသည်အထိ သဒ္ဓါထက်သန်စွာ တရားအားထုတ်လိုသော ယောဂီများအနေဖြင့် ဆွမ်းအတွက် ဆွမ်းစရိတ်ပေးရန်မလိုဘဲ ချမ်းချမ်းသာသာနှင့် တရားအားထုတ်နိုင်အောင် ဆောင်ရွက်ပေးခြင်းသည် ဟိတေသီအဖွဲ့၏ ပဓာနအလုပ်လည်းဖြစ်ပါသည်။ မဟာစည်သာသနာ့ရိပ်သာတွင် ဉာဏ်စဉ်တရားနာရသည်အထိ တရားအားမထုတ်ဘူးသေးသည့် ယောဂီတစ်ဦးသည် ဟိတေသီအဖွဲ့ ဆွမ်းထောက်ပံ့မှုဖြင့် တရားအားထုတ်လိုပါက ဟိတေသီအဖွဲ့ရုံးခန်း၌ ပုံစံဖြည့်ပြီး ဟိတေသီအဖွဲ့ဝင် (၂)ဦး၏ ထောက်ခံချက် (သို့မဟုတ်) ဟိတေသီအမှူဆောင် (၁)ဦး၏ ထောက်ခံချက်ဖြင့် အထောက်အပံ့ကို ရယူနိုင်ပါသည်။

(ခ) ဆွမ်းအလှူအမျိုးမျိုး

လစဉ် လပြည့်နေ့များတွင် ဥပုသ်ယူခြင်း၊ တရားအားထုတ်ခြင်း လာရောက်ဆောင်ရွက်ကြသည့် လပြည့်နေ့ ဥပုသ်သည်ယောဂီများအား



သက်သတ်လွတ်ဟင်းလျာများကို စီစဉ်လှူဒါန်းပါသည်။

ထို့အပြင် မွေးနေ့ဆွမ်း၊ မင်္ဂလာဆွမ်း၊ နှစ်လည်ဆွမ်း၊ သင်္ဃဒါနဆွမ်း စသည့် ဆွမ်းအလှူအမျိုးမျိုး လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် ဟိတေသီ သံဃာကုန်၊ ယောဂီကုန်လှူဒါန်းပြီး လက်ရှိအနေအထားအရ ဧည့်ပရိသတ် (၂၅၀) အထိ လှူဒါန်းနိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

(၈) တပို့တွဲ ထမနဲကုသိုလ်

နှစ်စဉ် တပို့တွဲလဆန်း (၁၄)ရက်နေ့တိုင်းတွင် စုဆောင်းရရှိသည့် အလှူငွေအရ ထမနဲဒယ်များထိုးပြီး တပို့တွဲလပြည့်နေ့ အရုဏ်ဆွမ်း၊ နေ့ဆွမ်းတို့တွင် ရိပ်သာအတွင်းရှိ သံဃာတော်အရှင်သူမြတ်များနှင့် ယောဂီအားလုံးတို့အား ဆက်ကပ်လှူဒါန်းပါသည်။ ထို့ပြင် ရိပ်သာခွဲအချို့သို့လည်း ပေးပို့လှူဒါန်းပါသည်။

(ဃ) ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် (ဒုလ္လဘ) ဆောင်ရွက်ခြင်း

ဟိတေသီအဖွဲ့တွင် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်လိုသော အလှူရှင်များအနေဖြင့် မဟာစည်သာသနာ့ရိပ်သာမှ သတ်မှတ်ထားသော သင်္ကန်းပရိက္ခရာများကို အလွယ်တကူဝယ်ယူရရှိ၍ အလှူအထမြောက် အောင်မြင်အောင် ဟိတေသီအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးလျက် ရှိပါသည်။ ထို့ပြင် ဟိတေသီအဖွဲ့မှ ဦးဆောင်၍ နှစ်စဉ် ဧပြီလဆန်းတိုင်း၌ စုပေါင်းဒုလ္လဘ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲများကို ကျင်းပဆောင်ရွက်ပေးလျက် ရှိပါသည်။





အလှူတော်ငွေစုဗူးသည် နေ့စဉ် ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်များကို ရရှိစေရန် ရည်ရွယ်၍ တီထွင်ထားခြင်း ဖြစ်ပါသည်၊

တော်များအား ဝါဦးပူဇော်ပွဲအဖြစ် ဝါဆိုလပြည့်နေ့နှင့်အနီးဆုံး စနေညတွင်လည်းကောင်း၊ ဝါကျွတ်ပူဇော်ပွဲအဖြစ် သီတင်းကျွတ်လပြည့်နေ့နှင့်အနီးဆုံး စနေညတွင်လည်းကောင်း သင်္ဃာနှင့် နဝကမ္မဝတ္ထုအစုစုတို့ဖြင့် ပူဇော်ကန်တော့ကြပါသည်။

(ဆ) သင်္ကြန်အတွင်း ကုသိုလ်နှင့် အလှူတော်ငွေစုဗူး

အလှူတော်ငွေစုဗူးသည် နေ့စဉ် ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်များကို ရရှိစေရန် ရည်ရွယ်၍ တီထွင်ထားခြင်း ဖြစ်ပါသည်။ သီလနှင့် ဘာဝနာ ကုသိုလ်များကို မိမိနိုင်သလောက် အဓိဋ္ဌာန်ဖြင့် နေ့စဉ်ဆောင်ပြီး ဤသို့ ဆောင်ရွက်ပြီးတိုင်း မိမိရည်မှန်းထားသည့် အလှူငွေကို ပုံမှန်ဝတ်မပျက် စုဗူးတွင်ထည့်၍ လှူဒါန်းခြင်းဖြင့် ဝန်မလေးဘဲ နိဗ္ဗာန်ကုသိုလ်များ ရနိုင်မည်ဖြစ်ပါသည်။ အလှူငွေကိုပြန်လည်ရေတွက်ကြည့်ခြင်းဖြင့်လည်း ပျက်ကွက်သွားသည့်ရက်ကို သိနိုင်ပါသည်။

ထိုအလှူငွေစုဗူးများယူ၍ စုဆောင်းထားကြသော ဟိတေသီအဖွဲ့ဝင်များနှင့် စေတနာရှင်များသည် နှစ်စဉ်သင်္ကြန်မတိုင်မီ စုဗူးများကို ဟိတေသီအဖွဲ့များသို့ လာအပ်ကြပြီး နောက်နှစ်အတွက် စုဗူးအသစ်များ ထုတ်ယူကြပါသည်။ ထိုစုဗူးများမှရရှိသော အလှူတော်ငွေများဖြင့် ဟိတေသီဓမ္မာရုံတွင် ဆွမ်းသုံးဆောင်ကြသည့် ပုံမှန်ယောဂီများနှင့် သင်္ကြန်တွင်း ယောဂီအားလုံးတို့အား သင်္ကြန်အကြို၊နေ့ နှစ်ဆန်းတစ်ရက်နေ့တိုင်သက်သက်လွတ် ဆွမ်းဟင်းလျာများ စီစဉ်ဆောင်ရွက်ပေးသည့်အပြင် ရိပ်သာအတွင်း အဆောက်အဦများနှင့် အခြားလှူဘွယ်ကိစ္စရပ်များကို လှူဒါန်းနိုင်ခဲ့ပါသည်။

ကုသိုလ်များကို ရရှိစေရန် ရည်ရွယ်၍ တီထွင်ထားခြင်း ဖြစ်ပါသည်၊

(ဇ) စနေညတရားပွဲ

ဟိတေသီ စနေညတရားပွဲများကို ၁၃၃၈ ခုနှစ်၊ တန်ခူးလ (၁၉၇၆-ခုနှစ်၊ ဧပြီလ ၄-ရက်) စနေနေ့ ညနေ (၆)နာရီတွင် စတင်ဖွင့်လှစ်၍ စနေညတိုင်း ကျင်းပခဲ့ရာမှ ၁၉၈၈ ခုနှစ်တွင် အခြေအနေအရပ်ရပ်ကြောင့် ရပ်နားခဲ့ပါသည်။ ထို့နောက် ၁၃၅၆-ခုနှစ်၊ ပြာသိုလဆန်း ၇-ရက် (၁၉၉၅-ခုနှစ်၊ ဇန်နဝါရီလ ၇-ရက်) စနေနေ့ည (၆)နာရီမှစတင်ပြီး ပြန်လည်ကျင်းပ ၍ စနေညတိုင်း ကျင်းပနိုင်ခဲ့ပါသည်။ တရားပွဲကျင်းပသည့်နေရာမှာ ဟိတေသီဓမ္မာရုံကြီးမှာဖြစ်ပြီး တရားဟောချိန်မှာ ည (၇)နာရီမှ (၈)နာရီခွဲ ဖြစ်ပါသည်။ ဟောပြသည့်ဆရာတော်များမှာ မဟာစည်ဩဝါဒါစရိယဆရာတော်များ၊ နာယကဆရာတော်များနှင့် ဝန်ဆောင်ဆရာတော်များက အလှည့်ကျ ဟောပြကြပါသည်။ စနေညတရားပွဲသို့ တရားတော်ကို ကြည်ညိုသူတိုင်း လာရောက်တရားနာယူနိုင်ပါသည်။

(စ) ဝါဦးနှင့် ဝါကျွတ်ပူဇော်ပွဲ

ဟိတေသီ စနေညတရားပွဲများတွင် တစ်နှစ်အတွင်း ဟောခဲ့ကြသည့် ဆရာတော် သံဃာ



(ဇ) သက်ကြီးပူဇော်ပွဲ

ဟိတေသီမိသားစု သက်ကြီးပူဇော်ပွဲကို ၁၃၅၂ ခုနှစ်၊ ကဆုန်လပြည့်နေ့ (၈-၅-၉၀) အင်္ဂါနေ့ နံနက် (၈း၀၀)နာရီတွင် ဟိတေသီမမွာရုံကြီး၌ စတင်ကျင်းပခဲ့ပါသည်။ သက်ကြီးပူဇော်ပွဲမှာ ဟိတေသီအဖွဲ့၏ ကုသိုလ်တော်(၇) ရပ်မှ စတုတ္ထကုသိုလ်တော်ဖြစ်သော နှစ်သစ်ခါန်ခါ ကုသိုလ်ရှာဟူသော ခေါင်းစဉ်အောက်တွင် အကျိုးဝင်လျက်ရှိသောကြောင့် ၁၉၉၁ ခုနှစ်၊ ဒုတိယအကြိမ်မြောက်သက်ကြီးပူဇော်ပွဲမှစ၍ နှစ်ဆန်း(၁)ရက်နေ့ (သို့မဟုတ်) သင်္ကြန်အတက်နေ့တွင် အဆင်ပြေသလို ကျင်းပခဲ့ပါသည်။

အပူဇော်ခံပုဂ္ဂိုလ်များအဖြစ် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့တို့မှ နာယကကြီးများ၊ ဂုဏ်ထူးဆောင်အမှူဆောင်များ၊ အမှူဆောင်များ၊ အရန်အမှူဆောင်များ၊ တိုင်းရင်းဆေးဆရာများနှင့် ဝန်ထမ်းများမှ အသက်(၇၀) ကျော်လူကြီးများကို ရွေးချယ်၍ ဟိတေသီအမှူဆောင်များ၊ ဝန်ထမ်းများနှင့် သင်္ကြန်တွင်း လုပ်အားပေးများက ပူဇော်ကြပါသည်။ တဖြည်းဖြည်းနှင့် ဟိတေသီယောဂီများအထိ ကျယ်ပြန့်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

(စျ) နှစ်သစ်ကူး ပဒေသာပင်ထူး ဆွတ်ခူးပွဲအလှူ

နှစ်သစ်ကူး ပဒေသာပင်ထူးဆွတ်ခူးပွဲကို နှစ်စဉ် နှစ်ဆန်းတစ်ရက်နေ့ နံနက်(၆)နာရီဝန်းကျင်ခန့် သင်္ကြန်အတွင်း မဟာစည်သာသနာ့ရိပ်သာဝင်းအတွင်းရှိသည့် သံဃာ/ယောဂီများ၊ ဗုဒ္ဓသာသနာ့ နုဂ္ဂဟအဖွဲ့ချုပ်၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၊ ဟိတေသီအဖွဲ့တို့မှ အမှူဆောင်များနှင့် ဝန်ထမ်းများအားလုံးတို့သည် ပဒေသာပင်များရှိရာသို့ စီတန်းရောက်ရှိကြပြီး မဲနှိုက်၍ ကျရာပဒေသာပင် မဲပစ္စည်းများကို ဆွတ်ခူးရယူကြပါသည်။ နှစ်သစ်ကူးပဒေသာပင်ဆွတ်ခူးပွဲ စတင်ကာစနှစ်များကလူအရေအတွက် နည်းသည့်အတွက် မဲနှိုက်ရန်မလိုဘဲ ဆရာတော်များမှ ဦးဆောင်ကာ ဝါစဉ်အလိုက်၊ အသက်ကြီးငယ်အလိုက် ပဒေသာပင်များရှိရာသို့ စီတန်းရောက်ရှိကြပြီး မိမိအလိုရှိရာပစ္စည်းများကို ဆွတ်ခူးရယူနိုင်သောကြောင့် "လိုရာဆွတ်ခူး၊ ပဒေသာပင်ထူး" ဟု ခေါ်ဆိုနိုင်ခဲ့ပါသည်။ နှစ်သစ်ကူး ပဒေသာပင်ဆွတ်ခူးပွဲကို (၁၃၁၁)ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် စတင်ကျင်းပနိုင်ခဲ့ကြောင်းသိရပါသည်။

တရားအားထုတ်ပြီး
သာသနာ့ဝေယျာဝစ္စ
ဆောင်ရွက်နေကြသော
စေတနာရှင်အပေါင်းတို့အား
ဟိတေသီအဖွဲ့ဝင်
တိုင်းရင်းမြန်မာဆေးဆရာကြီးများဖြင့်
အခမဲ့ ဝန်စိတကျကုသ၍
ဆေးဝါးအလှူဒါနပြုလျက်ရှိပါသည်၊

(ည) တိုင်းရင်းမြန်မာဆေးအလှူ

"ယောဂီကျန်းမာမှု ဆေးဝါးကု" ဟူသော ဆောင်ပုဒ်အတိုင်း မဟာစည်သာသနာ့ရိပ်သာတွင် တရားအားထုတ်ဆဲ သံဃာတော်များ၊ သီလရှင်များနှင့် ယောဂီများ၊ တရားအားထုတ်





ပြီး သာသနာ့ဝေယျာဝစ္စ ဆောင်ရွက်နေကြသော စေတနာရှင်အပေါင်းတို့အား ဟိတေသီအဖွဲ့ဝင် တိုင်းရင်းမြန်မာ ဆေးဆရာကြီးများဖြင့် အခမဲ့ စနစ်တကျကုသ၍ ဆေးဝါးအလှူဒါနပြုလျက်ရှိပါသည်။ ဆေးခန်းဖွင့်ချိန်မှာ နံနက်(၉)နာရီ မှ (၁၂)နာရီအထိ ဖြစ်ပါသည်။

(၄) အခြားဆောင်ရွက်မှုများ

မဟာစည် သာသနာ့ရိပ်သာအတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကဆုန်ညောင်ရေသွန်းပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ၊ ဘုံကထိန်လှာသင်္ကန်းကပ်လှူပူဇော်ပွဲ၊ ဩဝါဒခံယူပူဇော်ပွဲ၊ မဟာစည်ဆရာတော်ကြီးစံလွန်တော်မူသည့် အထိမ်းအမှတ်ပူဇော်ပွဲများနှင့် ကမ္ဘာအေးဆွမ်းဆန်စိမ်း လောင်းလှူပွဲ၊ ဘွဲ့တံဆိပ်တော်ရဆရာတော်များ ပူဇော်ပွဲ စသည်တို့တွင် ဗုဒ္ဓသာသနာ့နဂိုဟအဖွဲ့ချုပ်၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့တို့နှင့်အတူ (၃)ဖွဲ့ပေါင်း၍ လက်တွဲညီညီ ဆောင်ရွက်ခဲ့ကြပါသည်။

အတူတကွ သာသနာပြုကြပါစို့.

ဟိတေသီအဖွဲ့ကြီးသည် "ဒါန၊ သီလ၊ ဘာဝနာ"ဟူသော အကျိုးစီးပွားတို့ကို ရှာမှီးစုဆောင်းလိုသော သူတော်ကောင်းအပေါင်းတို့အတွက် နေ့စဉ်နှင့်အမျှ စုဆောင်းရရှိနိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသော အဖွဲ့ကြီးဖြစ်ပါသည်။ သာသနာ့ဝန်ကို ထမ်းဆောင်ရာ၌ ရဟန်းသံဃာတော်မှ သံဃာပိုင်းဆိုင်ရာ သာသနာ့ဝန်ကို ပြည့်ပြည့်စုံစုံ ထမ်းဆောင်နိုင်ရန်အတွက် လူပုဂ္ဂိုလ်တို့အနေဖြင့် ပစ္စည်းလေးပါးအထောက်အပံ့ လှူဒါန်းခြင်းပြုမှသာလျှင် မြတ်ဗုဒ္ဓသာသနာတော်သည် နှစ်ပေါင်းများစွာ အဓွန့်ရှည်ကြာ၍ တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ ဗုဒ္ဓဘာသာဝင် သူတော်စင် သူတော်ကောင်းအပေါင်းတို့သည် ဟိတေသီအသင်းကြီးသို့ ဌက်ပျောတစ်ဖီး၊ မုန့်တစ်ထုပ်၊ ဆန်တစ်အိတ်၊ ဆီတစ်ပုံး စသည်ဖြင့် စွမ်းနိုင်သမျှ ဝတ္ထုပစ္စည်းများ လှူဒါန်းခြင်းဖြင့်လည်းကောင်း၊ သံဃာတစ်ပါး၊ သံဃာ (၅)ပါးမှသည် သံဃာကုန်၊ ယောဂီကုန် စသည်ဖြင့် ဆွမ်းအလှူကို လှူဒါန်းခြင်းဖြင့်လည်းကောင်း၊ ဆွမ်းအတွက် ငွေပဒေသာပင်၊ ဆေးအတွက် ငွေ ပဒေသာပင် စသည်ဖြင့် ပဒေသာပင်များ စိုက်ထူလှူဒါန်းခြင်းဖြင့်လည်းကောင်း၊ အလှူတော်ငွေ စုဗူးများယူ၍ အဓိဋ္ဌာန်ပြုကာ အလှူတော်ငွေများစုခြင်းဖြင့်လည်းကောင်း၊ လုပ်အားဒါနများပေးခြင်း၊ မိမိကိုယ်တိုင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ကူညီဆောင်ရွက်ခြင်းဖြင့်လည်းကောင်း မိမိတို့စွမ်းနိုင်သည့် အတိုင်းအတာဖြင့် အတူတကွ သာသနာပြုကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသတည်း။

စာတည်းအဖွဲ့.



တွင် ကျောက်ဖြူခရိုင် တည်ရှိပါသည်။

ရှေးတုန်းက ပြည်မမှ ပြည်နယ်ခရီးသွား လိုသူများသည်လည်းကောင်း၊ ပြည်နယ်အတွင်း ခရီးသွားလိုသူများသည် လည်းကောင်း၊ ရေကြောင်းနှင့်လေကြောင်းခရီးကိုသာ အဓိကထား အသုံးပြုကာ သွားလာခဲ့ကြရပေသည်။ ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အစိုးရလက်ထက်တွင် အမ်းတောင်ကြားလမ်းမှတစ်ဆင့် ပြည်နယ်၏ မြို့တော်စစ်တွေထိလည်းကောင်း၊ တောင်ကုတ် တောင်ကြားလမ်းမှတစ်ဆင့် တောင်ကုတ် ကျောက်ဖြူရမ်းဖြမြို့အထိလည်းကောင်း၊ ငသိုင်းချောင်း ဂွလမ်းမှတစ်ဆင့် သံတွဲတောင်ကုတ် အမ်းစစ်တွေမြို့အထိလည်းကောင်း ကုန်းလမ်းခရီးမှာ ဆက်သွယ်ရေးလမ်းကြောင်း ကောင်းမွန်လာ၏။

ကျေးဇူးတော်ရှင် ကမ္ဘာ့သာသနာပြု နိုင်ငံတော် ဩဝါဒါစရိယ ဆဋ္ဌသင်္ဂီတိပုစ္ဆက၊

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တိုင်းနှင့်ပြည်နယ် (၁၄) ခု ပါဝင်လျက်ရှိ၏။ ရခိုင်ပြည်နယ်ကား အနောက်ဘက်အရပ်တွင် တည်ရှိ၏။ ပြည်နယ်၏အရှေ့ဘက်တွင် ရခိုင်ရိုးမတောင်တန်းကြီးနှင့် ပဲခူးတိုင်း၊ မကွေးတိုင်း၊ ချင်းပြည်နယ်တို့ တည်ရှိပြီး တောင်ဘက်တွင် ဧရာဝတီတိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တို့ တည်ရှိကာ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့် အိန္ဒိယသမုဒ္ဒရာတို့ တည်ရှိလျက် မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အိန္ဒိယနိုင်ငံတို့ တည်ရှိပါသည်။

ရခိုင်ပြည်နယ်ဓမ္မဒေသာခရီး



အာရှင်ကဝိန္ဒ (ရဇဝတိုး)
(သန်လျင် - ဆုထူးပန်မဟာစည်)

ရခိုင်ပြည်နယ်ကို စစ်တွေခရိုင်၊ မောင်တောခရိုင်၊ ကျောက်ဖြူခရိုင်၊ သံတွဲခရိုင်ဟု ခရိုင် (၄)ခုဖြင့် ဖွဲ့စည်းထား၏။ ပြည်နယ်၏ မြောက်ဘက်တွင် စစ်တွေခရိုင်၊ မောင်တောခရိုင်တို့တည်ရှိပြီး ပြည်နယ်၏တောင်ဘက်တွင် သံတွဲခရိုင်တည်ရှိကာ ပြည်နယ်၏အလယ်ပိုင်း အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး တည်ထောင်သွားခဲ့သော ပြည်တွင်းပြည်ပ မဟာစည်နယ်လှည့် ဓမ္မကထိကအဖွဲ့ကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနှံ့ တိုင်းနှင့် ပြည်နယ် (၁၄)ခုအတွင်း အကြားအလပ်မကျန် စေဘဲ အဖွဲ့ဝင်ပေါင်း (၁၂၀)ဖြင့် ဓမ္မစည်ကြီး



ကို ရိုက်တီးလျက် မြတ်ဗုဒ္ဓ၏ ဓမ္မဒေသနာများကို ပရိသတ်များ၏ နှလုံးသားအထိ ရောက်ရှိအောင် ပို့ဆောင်ပေးနေ၏။



မဟာသက္ကရာဇ် (၁၀၃)ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဗုဒ္ဓရတနာသည် လောကကြီးတွင် ထူးခြားစွာ ဖြစ်ထွန်းပေါ်ပေါက်လာ၏။ မဟာသက္ကရာဇ် (၁၀၃)ခု၊ ဝါဆိုလပြည့် စနေနေ့တွင် ဓမ္မရတနာသည် အလေးအမြတ်ထားစရာ ဖြစ်ထွန်းပေါ်ပေါက်လာ၏။ ထိုဓမ္မရတနာကို လောကလူသားတို့၏ နှလုံးသားအထိရောက်အောင် စွမ်းဆောင်ပေးနိုင်သော သံဃရတနာသည် လောကကြီးတွင် ဖြစ်ထွန်းပေါ်ပေါက်လာ၏။

"ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်၊ လူတော်အများ၊ စိတ်ကောင်းထားလည်း၊ ဤကား ကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ မသိရမျှားလှ အပြစ်တွေ။"

"ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍ ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်၊ ဤကား ကုသိုလ် အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ သိကြရ၊ မျှားလှကျေးဇူးတွေ။"

ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို၊ ဦးတင်မပြတ်၊ ကျေးဇူးဆပ်ဖို့၊ အမြတ်ရောင်ဝါ၊ သာသနာ၏ နှစ်ဖြာဝန်ထမ်း၊ ကိုယ်စီစွမ်း၊ ကြိုးပမ်းကြပါလေ။

ဗုဒ္ဓရတနာ၊ ပေါ်ထွန်းလာ၍၊ ဓမ္မရတနာသည် ဖြစ်ပေါ်လာရ၏။ ထိုဓမ္မရတနာ ပိုမို၍ ကျယ်ပြန့်လာစေရန် သံဃရတနာသည် အစွမ်းကုန် ကြိုးစားပေးရ၏။

ဤစာရေးသူ အရှင်ကဝိန္ဒ သန်လျင်ဆုထူးပန် မဟာစည်နှင့် အရှင်အင်္ကံရ ရန်ကုန် မဟာစည် အရှင်မြတ်နှစ်ပါးတို့သည် မဟာစည်နယ်လှည့်ဓမ္မကထိက တာဝန်ဖြင့် ရခိုင်ပြည်နယ်တွင် (၁၃၆၄)ခုနှစ်၌ တာဝန်ကျ၏။ ရန်ကုန်မှ စစ်တွေအထိ လေကြောင်းခရီးဖြင့် ဂျက်လေယာဉ်ကြီးစီးကာ လာခဲ့ကြရ၏။ စစ်တွေလေဆိပ်သို့ ဆိုက်ရောက်ချိန်တွင် ထောက်လှမ်းရေး (၁၅)မှ တပ်မှူးများက လာရောက်ကြိုဆိုကြပြီး သလုံးတော်ဓါတ်ကျောင်း မဟာစည်သာသနာ့ရိပ်သာအထိ ပို့ဆောင်ပေးကြ၏။

ရွေးဟောင်းသမိုင်းထဲမှ မြောက်ဦးမြို့

နောက်တစ်နေ့တွင် ကားလမ်းခရီးဖြင့် စစ်တွေမှ မြောက်ဦးမြို့အထိ သွားရောက်ကာ အလယ်ရပ်ပဌာန်းသင်ဓမ္မာရုံတွင် လေးညဆက်တိုက် တရားဒေသနာများကို စတင်ဟောကြားခဲ့ကြသည်။ ဗုဒ္ဓဝင်စာပေထဲမှ ကောသလတိုင်းသာဝတ္ထိမြို့၏ ဗုဒ္ဓလက်ထက်တော်က လူဦးရေခုနစ်ကုဋေရှိ၍ အလွန်စည်ကားခဲ့ပုံ မြတ်ဗုဒ္ဓ၏ အဆုံးအမကို လက်ခံယုံကြည်၍ အရိယာသူတော်စင်အဖြစ်သို့ ရောက်ရှိသွားသူများမှာ ငါးကုဋေမျှ ရှိခဲ့ပုံ ဆန်ရေစပါး လူ့အသုံး



အဆောင်ပစ္စည်းများ ပေါများကြွယ်ဝခဲ့ပုံနှင့် ရခိုင်တို့၏ ရှေးဟောင်းသမိုင်းထဲမှ မြောက်ဦးမြို့သည်လည်း မည်ဝတီခေတ်မှစ၍ မြတ်ဗုဒ္ဓကိုယ်တော်တိုင် သေလာဂိရိပဗ္ဗတ ကျောက်တော်တောင်မြတ်သို့ကြွရောက်ခဲ့ပုံ စန္ဒာသူရိယမင်းနှင့် တိုင်းသူပြည်သားတို့သည် ဗုဒ္ဓ၏ အဆုံးအမကိုခံယူကျင့်သုံးကာ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကို သွန်းလုပ်ပူဇော်ခဲ့ကြပုံ ဆန်ရေစပါး လူအသုံးအဆောင်ပစ္စည်းများ ပေါများကြွယ်ဝခဲ့ပုံတို့ကို နှိုင်းယှဉ်၍ ဟောပြရာ ဓမ္မာရုံကြီးအပြည့်လျှံထွက်နေသည်အထိ ပရိသတ်များ လာရောက်တရားနာယူခဲ့သည်ကို ဝမ်းမြောက်အားတက်ဖွယ်ရာ တွေ့ရှိခဲ့ရပေသည်။



ရှေးဟောင်းသမိုင်းထဲမှ မြောက်ဦးမြို့ကား ရှေးဟောင်းဘုရားပုထိုးစေတီများဖြင့် ခံ့ညားထည်ဝါ အရှိန်အဝါ ကြီးမားလှပါ၏။ မြောက်ဦးခေတ် မင်းဘာရှင်ဘုရင် တည်ထားကိုးကွယ်ခဲ့သော ရှစ်သောင်းဘုရား ပုထိုးစေတီကြီးကား ပန်းချီအတတ်ပညာ၊ ပန်းပုအတတ်ပညာ၊ ပန်းတမော့အတတ်ပညာ၊ ပန်းရံအတတ်ပညာများတွင် အဆင့်အတန်းမြင့်မား၍ ရှေ့တန်းသို့ ရောက်ခဲ့ကြောင်းကို ပုံဖော်၍ ပြသပူဇော်တည်ထားခဲ့ရာ နှောင်းလူတို့အတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ပြည်တွင်းဘုရားဖူးများနှင့် နိုင်ငံခြားသား သမိုင်းသုတေသီများပင် လာရောက်၍လေ့လာနေရသော ယဉ်ကျေးမှုအမွေအနှစ်ပင် ဖြစ်၍နေပေသည်။ ဒုက္ကန်သိမ်ဘုရား၊ အံတော်သိမ်ဘုရား စေတီများလည်း သမိုင်း၏ထူးခြားသော အသွင်လက္ခဏာများပင် ဖြစ်ပါသည်။

နယ်စပ်မြို့များဖြစ်ကြသော မောင်တောမြို့၊ ဘူးသီးတောင်မြို့၊ ရသေ့တောင်မြို့ တို့တွင်လည်း တရားဒေသနာများ ဟောကြားရပါ၏။ နတ်မြစ်၏ ဤဘက်ကမ်းတွင် မောင်တောမြို့တည်ရှိပြီး ဟိုဘက်ကမ်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြို့ရွာများ တည်ရှိလျက်နေပါ၏။

လူဆယ်ဦးတွင် တစ်ဦးသာ ဗုဒ္ဓဘာသာဝင်အဖြစ် တည်ရှိနေသော ဤနယ်စပ်ဒေသတွင် တရားနာယူကြသူများကား အလျား(၁၀)ခန်း၊ အနံ(၄)ခန်း ဓမ္မာရုံမဏ္ဍပ်ကြီးအပြည့်ပင် ဖြစ်ပါ၏။

တောင်ပေါ်မြို့ကလေး ပလက်ဝ

ကျောက်တော်မြို့တွင် ဟောကြားပြီးနောက် ကစ္ဆပနဒီ ကုလားတန်မြစ်ကို ဆန်တက်ကာ တောင်ပေါ်မြို့ကလေး ပလက်ဝ၏ ဝိသုဒ္ဓါရုံကျောင်းတိုက် ဓမ္မာရုံကြီးမှာ လေးညဆက်တိုက် တရားဒေသနာများ ချီးမြှင့်ကြရ၏။ တောင်စဉ်တောင်တန်းများ ဝန်းရံကာတည်ရှိနေပါသော ပလက်ဝမြို့ကလေးနှင့် အိန္ဒိယနိုင်ငံ ဆက်သွယ်ရန် ရေကြောင်းလမ်း၊ ကုန်း



ကြောင်းလမ်း ဖောက်လုပ်စီမံလျက်ရှိပါ၏။ တရားနာပရိသတ်မှာ လေးညလုံး ဓမ္မာရုံပြည့်လျှံအောင် လာရောက်နာယူကြ၏။

မင်းပြားမြို့ကလေးနှင့် မော်တော်ကားပုံပြင်

ရှေးခေတ်က သမဝါယမဦးစီးမှူးတာဝန်ဖြင့် မရွှေမိ မည်သော အရာရှိမကလေး ဤမင်းပြားမြို့သို့ တာဝန်ဖြင့် ရောက်ရှိလာရာ ရန်ကုန်မြို့တွင် ကျန်ရစ်သော ခင်ပွန်းဖြစ်သူထံမှ အိမ်မှာရှိနေသော မော်တော်ကားကလေးကို မင်းပြားမြို့တွင် ရောက်ရှိနေသော မရွှေမိထံသို့ ပို့လိုက်မည့်အကြောင်း စာရောက်လာ၏။ မြို့တွင် မီးသတ်ကားတစ်စီးသာ ရှိ၍ မြို့တွင်းလမ်းများမှာသာ မောင်း၍ရ၏။ အခြားမြို့ရွာများနှင့် ဆက်သွယ်သွားလာရန် ကားလမ်းမရှိပါ။ ထို့ကြောင့် ရန်ကုန်အိမ်မှ ကားကို ဆက်သွယ်သွားလာရန် ကားလမ်းများမရှိသေးသော မင်းပြားမြို့သို့ မပို့လိုက်ပါရန် စာဖြင့်ဆက်သွယ်၍ တားမြစ်လိုက်ရသည်ဟူ၏။ ဤကား ကားလမ်းမရှိသော ခေတ်အခါက ဖြစ်ပေါ်ခဲ့ရသော အမှန်တကယ် ဇာတ်လမ်းတစ်ခု ဖြစ်ပါ၏။ ယခုအခါ မင်းပြားမြို့နှင့် ရန်ကုန်မြို့သည် မော်တော်ကားလမ်းဖြင့် နေ့စဉ် ဆက်သွယ်သွားလာလျက်ရှိပြီဖြစ်၏။

မင်းပြားမြို့၊ မြေပုံမြို့များတွင်လည်း တရားဒေသနာများ ဟောကြားကြရ၏။ ကျောက်ဖြူမြို့၊ ရမ်းဗြဲမြို့၊ တောင်ကုတ်မြို့၊ သံတွဲမြို့များတွင်လည်း တရားဒေသနာများ ဟောကြားကြရပါ၏။ တောင်ကုတ်မြို့နယ် ခရိုင်ကျွန်းကျေးရွာတွင် မဟာစည်သတိပဋ္ဌာန်တရားစခန်းရှိ၏။ ဤတရားစခန်းတွင် နယ်လှည့်ဓမ္မကထိက အရှင်မြတ်များ ကမ္မဋ္ဌာန်းတရား ပြသပေးရ၏။ တရားစခန်းဝင်သူယောဂီပေါင်း(၄၀၀)ကျော်ရှိ၏။ သတိပဋ္ဌာန်ဆောင်ပုဒ်လက်ဝမ်းများမှာ ပရိသတ်နှုတ်ဖျားအထိ ရောက်ရှိသွား၏။



သတိပဋ္ဌာန် ဓမ္မစက်ကို၊
ဝန်ခံချက်နှင့် တိုမြွတ်စွာ။
ဟောမိန့်ပုံမှာ ထိုတရားကို၊
ဖြစ်ပွားစေသည့် ရှုင်လူမှာ။
အလွန်ကြာလျှင် ခုနစ်နှစ်နှင့်၊
ရဟန္တာအစစ် ဖြစ်နိုင်ပါ။
စွဲမှုကြီတောင် အနာဂါမ်လောက်တော့၊
ဆိုက်ရောက်မယ်တဲ့ ဇကန်ပါ
မြန်လူဆိုလျှင် ခုနစ်ရက်နှင့်၊
အို အို မင်္ဂလာ ရနိုင်ပါ။
ရဲရင့်ခိုင်မာ ဝန်ခံချက်နှင့်၊
ဓမ္မစက်ကို ဟောခဲ့ပါ။
နိဗ္ဗာန်လိုသူ မယုံမှားနှင့်၊
မြတ်ဘုရားကို ယုံကြည်ပါ။
သတိပဋ္ဌာန် ကိုယ့်သဏ္ဌာန်၊
အမှန်ဖြစ်စေရာ။
တိုးပွားစေမှ နိဗ္ဗာန်ရ၊
မုချငြိမ်းအေးမှာ။



မဟာစည်ဆရာတော်ဘုရား ချီးမွမ်းသွားသော တရားနာပရိသတ်

ကျေးဇူးတော်ရှင် ကမ္ဘာ့သာသနာပြု၊ နိုင်ငံတော်ဩဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသင်္ဂီတိပုဋ္ဌက မဟာစည်ဆရာတော်ဘုရားကြီးအား ရခိုင်ပြည်နယ် ဒါယကာများမှ ဓမ္မဒေသနာများ ဟောကြားချီးမြှင့်ဖို့ရန် ပင့်ဖိတ်သဖြင့် ကျောက်တော်မြို့နယ်တွင် တည်ရှိသော ကမ္ဘာကျော် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကို ဖူးမြော်ရန်နှင့် တရားဒေသနာများ ဟောကြားရန် ဤကျောက်တော်တောင်ဒေသာသနာ့နယ်မြေသို့ ကြွရောက်တော်မူလာရာ အလျား (၁၂)ခန်း၊ အနံ (၈)ခန်း တရားမဏ္ဍပ်ကြီး ဆောက်လုပ်၍ တရားတော်များ နာယူကြရာ ပထမနေ့တွင် တရားမဏ္ဍပ်ကြီးအပြည့်၊ ဒုတိယနေ့တွင် မဏ္ဍပ်ကြီးမှ လျှံထွက်လာသည်အထိ တတိယနေ့တွင် မဏ္ဍပ်ကြီးတွင်တစ်ဝက်၊ အပြင်တွင်တစ်ဝက်လောက်အထိ တရားနာယူသူ ပရိသတ်များ တိုးတက်များပြားလာသည်ကို တွေ့ရ၍ မဟာစည်ဆရာတော်ဘုရားက အဆင့်မြင့်ဝိပဿနာတရားကို နာယူနိုင်သည်အထိ ဤမျှ ပရိသတ်များပြားခြင်းသည် သဒ္ဓါတရား တိုးတက်များပြားလာခြင်းနှင့် ဝိပဿနာပညာဉာဏ်များအားကောင်းလာသောကြောင့်ဖြစ်ကြောင်း ချီးကျူးစကား မိန့်ကြားခဲ့ပါသည်။

ကာမချမ်းသာ၊ သုံးဆောင်တာ၊
ပယ်ခွာရှောင်ရမည်။
မသုံးဆောင်ဘဲ၊ ကိုယ်ညှင်းဆဲ၊
ဒါလည်း ရှောင်ရမည်။
အစွန်းနှစ်သွယ်၊ လမ်းမှားပယ်၊
အလယ်လမ်းမှန် ဖြစ်ပေသည်။
လမ်းမှန်ကိုလျှောက်၊ ဉာဏ်မြင်ပေါက်၊
ဆိုက်ရောက်နိဗ္ဗာန်ပြည်။

စသော ဆောင်ပုဒ်လက်ာများမှာ ပရိသတ်နှုတ်ဖျားမှတစ်ဆင့် နှလုံးသားအထိ ရောက်ရှိကာ ပဋိပတ်အကျင့်တရားအဖြစ်သို့ တိုးတက်မြင့်မားအောင် ကျင့်ပွားလာနိုင်ခြင်းသည် မဟာစည်နယ်လှည့် ဓမ္မကထိက အရှင်မြတ်များ၏ ထူးခြားသော စွမ်းဆောင်ရည်ဖြစ်ကြောင်းနှင့် ဗုဒ္ဓရတနာ ဖြစ်ပေါ်လာ၍ ဓမ္မရတနာသည် ထွက်ပေါ်လာရ၏။ ဓမ္မရတနာကို ပိုမိုကျယ်ပြန့်လာအောင် သံဃရတနာသည် အစွမ်းကုန်းကြိုးစားပေးရ၏။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တပည့်သားများဖြစ်ကြသော မဟာစည်နယ်လှည့် ဓမ္မကထိက အရှင်မြတ်များသည် ဓမ္မရတနာကို ရောက်ရာအရပ်တိုင်းတွင် ပရိသတ်များ၏နှုတ်ဖျားမှတစ်ဆင့် နှလုံးသားများအထိ ရောက်ရှိအောင် စွမ်းဆောင်ပေးနေရ၏။ ဤခရီးကား ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားတို့၏ စေတနာ မေတ္တာပန်းတို့ ပွင့်လန်းရာ အားကျအတုယူဖွယ် အောက်မေ့ဖွယ်ရာ ဓမ္မခရီးဖြစ်ပေသည်တကား။

အရှင်ကဝိန္ဒ (ရဇဝစိုး)–ဆုထူးပန်







ကျေးဇူးရှင်မဟာစည်ဆရာတော်

ချောင်းဆုံ အုန်းသွင်

"ကျေးဇူးရှင်" ဟူသည် နှစ်မျိုးနှစ်စား ရှိသည်ဟု ကျွန်တော်ခံယူထားပါသည်။ ပထမအမျိုးအစားမှာ "လောကီကျေးဇူးရှင်" ဖြစ်ပြီး ဒုတိယအမျိုးအစားမှာ "လောကုတ္တရာကျေးဇူးရှင်" ဖြစ်ပါသည်။

"လောကီကျေးဇူးရှင်" ဟူသည် တစ်လုတ်တစ်ဆုပ်ကျွေးဖူး၊ တစိုးတစိပေးဖူးသည်မှ ပဋိသန္ဓေတည်၊ လူလားမြောက်သည်အထိ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးစသည် တာဝန်ယူပြုစု စောင့်ရှောက်ခဲ့သည့် နှုတ်၏စောင်မ,ခြင်း၊ လက်၏ စောင်မ,ခြင်းဖြင့် စောင်မထောက်ပံ့ခဲ့သည့် အနန္တကျေးဇူးရှင်မိဘများအထိ ဖြစ်သည်။

"လောကုတ္တရာကျေးဇူးရှင်" ဟူသည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေပြီး ချမ်းသာစစ်မှန် ပြည်နိဗ္ဗာန်သို့ ပို့ဆောင်ပေးသော ဘုရား၊ တရား၊ သံဃာရတနာသုံးပါးနှင့်



သံသရာမှ လွတ်မြောက်ကြောင်း တရားစစ်၊ တရားမှန်ကို ပြောဟော ပြသလမ်းညွှန်ကြသည့် ဆရာစစ် ဆရာမှန်များ ဖြစ်ကြပါသည်။

မဟာစည်ဆရာတော်ကား ရတနာသုံးပါးဝင် သံဃာရတနာ ဖြစ်ပြီး သတ္တဝါတို့အား သံသရာမှ လွတ်ကြောင်းကောင်းမြတ်သော စေတနာ၊ လုံ့လတို့ဖြင့် ပြင်းပြစွာ အားထုတ်ပေးတော်မူသော (၀၊) ကျေးဇူးပြုတော်မူသော "လောကုတ္တရာ ကျေးဇူးရှင်" ဖြစ်တော်မူသည်။

ကျွန်တော်သည် ကျေးဇူးရှင် မဟာစည် ဆရာတော်ကို အသက် (၂၀) ပတ်ဝန်းကျင်လောက်ကပင် သိရှိကြည်ညိုခဲ့ပါသည်။ သို့သော် ထိုစဉ်က ကြည်ညိုခဲ့သော ကြည်ညိုမှုမှာ လေးနက်မှုရှိလှသည်ဟု မဆိုသာပါ။

"ထိုစဉ်" ဆိုသည်မှာ "ဆဋ္ဌသင်္ဂါယနာတင်စဉ်" ဖြစ်ပါသည်။ ဆဋ္ဌသင်္ဂါယနာတင်စဉ်က ဆရာတော်သည် "မြတ်စွာဘုရားရှင်သည် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားတို့ကို ဘယ်အခါ၊ ဘယ်ဒေသမှာ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြုပြီး ဟောပါသနည်း" ဟု မေးတော်မူပြီး မင်းကွန်းဆရာတော်ဘုရားကြီးက ဖြေကြားတော်မူသည်ကို ရေဒီယိုမှ တစ်ဆင့် နာကြားခဲ့ရပါသည်။ ဆရာတော်နှစ်ပါးစလုံး၏ "စာတတ်မြောက်မှုနှင့် အသံဩဇာပြည့်ဝမှု" ကိုအလွန်ပင် လေးစားကြည်ညိုခဲ့ပါသည်။ သို့သော် နောက်ပိုင်းတွင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားပါသည်။

ကျွန်တော်သည် အသက် (၆၀) ကျော်သည်အထိ ပုတီးစိပ်၊ ပရိတ်ရွတ်ခြင်း စသည့်သမထဘာဝနာဖြင့်သာ ပျော်မွေ့နေခဲ့ပါသည်။ ဝိပဿနာ ဓမ္မမိတ်ဆွေနှင့် မတွေ့မိသလို ဝိပဿနာတရားစာအုပ်ကိုလည်း ဟုတ်တိပတ်တိ မဖတ်ခဲ့မိပါ။

တစ်နေ့တွင် ဝိပဿနာဓမ္မမိတ်ဆွေတစ်ဦးနှင့် တွေ့ရပြီး သူ့ထံမှ ဝိပဿနာတရားစာအုပ် တစ်အုပ် ဖတ်ရှုခွင့်ရခဲ့ပါသည်။ ထိုဓမ္မ မိတ်ဆွေကား လွန်ခဲ့သည့်ရှစ်နှစ်လောက် ကကွယ်လွန်သွားသော ဦးဝင်းမောင် (ဓနုဖြူ) ဖြစ်ပြီး သူ့ထံမှရသော စာအုပ်မှာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ရေးသားတော်မူသည့် "ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်းအကြောင်း" ဟူသော စာအုပ်ဖြစ်ပါသည်။

ထိုစာအုပ်ဖြစ်ပေါ်လာရခြင်းမှာ နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့က ဂျပန်ပြည်တွင် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းလင်းပြန့်ပွားရန် ဆောင်ရွက်ရာတွင် ထေရဝါဒ ဗုဒ္ဓသာသနာ၏ အကြောင်းအရာဆိုင်ရာ ကျမ်းစာအုပ်များကို အင်္ဂလိပ်ဘာသာ၊ ဂျပန်ဘာသာတို့ဖြင့် ပုံနှိပ်ဖြန့်ချိရန် ရည်ရွယ်ခဲ့သည့်အလျောက် ရှေးဦးစွာ "ထေရဝါဒဗုဒ္ဓသာသနာစာအုပ်" တစ်အုပ်ဖြစ်မြောက်ရေး အတွက် ဆရာတော် ဦးသေဋ္ဌလ စီစဉ်သော



ကျေးဇူးရှင်
မဟာစည်ဆရာတော်
ဘုရားကြီးကား
ဘဝနတ်ထံ
ပျံလွန်တော်မူခဲ့ပါပြီ၊
သို့သော်
ဆရာတော်၏
ဝိပဿနာကမ္မဋ္ဌာန်း
တရားအလုပ်
ကြီးပမ်းအားထုတ်မှုကား
ကမ္ဘာအနှံ့
ရှင်သန်ပြန့်နှံ့လျက်
ရှိပါသည်။



ကျမ်းစာတွင် ပါဝင်ရေးသားကြရန် ဆရာတော်များ ၁၉၅၆-ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက် ရက်စွဲဖြင့် နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့ထံ မာတိကာခွဲဝေပေးပို့ လျှောက်ထားပန်ကြားခဲ့သည်။

ထိုသို့ မာတိကာခွဲဝေပေးပို့ လျှောက်ထားခံရသော ဆရာတော်များတွင် မဟာစည်ဆရာတော်လည်းပါသည်။ မဟာစည်ဆရာတော်ရရှိတော်မူသော မာတိကာစဉ် (၁၆-၁၇-၁၈) တို့ကို အကျယ်ချဲ့ရေးသားခြီးမြှင့်ခဲ့ပါသည်။ ၎င်းတို့အနက် မာတိကာစဉ် ၁၆ တွင် "အဘယ်ကြောင့်ကမ္မဋ္ဌာန်းတရားအား ထုတ်ရပါသနည်း" ဟူဟောအမေး-အဖြေကို ဆရာတော်၏ ခွင့်ပြုချက်အရ မင်္ဂလာဦးအောင်မြင့်က စာအုပ်အဖြစ် စီစဉ်ပုံနှိပ်ခဲ့သည်။

ဤစာအုပ်ကို အကြိမ်ကြိမ်ပုံနှိပ်ဖြန့်ချိခဲ့ရရာ ကျွန်တော်ယခုဖတ်ရသောစာအုပ်မှာ ၁၉၈၅-ခုနှစ် က ၁၂-ကြိမ်မြောက် ပုံနှိပ်ထုတ်ဝေသောစာအုပ်ဖြစ်သည်။ စာအုပ်၏ အစတွင်-

အဘယ်ကြောင့် ကမ္မဋ္ဌာန်းတရားအားထုတ်ရပါသနည်း-

ဟုမေးထားပြီး-

နိဗ္ဗာန်သို့ရောက်၍ အိုခြင်း၊ သေခြင်း စသောဆင်းရဲဟူသမျှ လွတ်မြောက်ရန်အတွက် အားထုတ်ရပေသည်-

ဟူ၍ဖြေထားပါသည်။

ထိုအဖြေကို အကျယ်ဆက်ရှင်းထားပါသည်။ ရှည်မည်စိုး၍ မဖော်ပြတော့ပါ။ စာအုပ်ကိုရှာဖတ်ရန်သာ တိုက်တွန်းလိုပါသည်။

ကျွန်တော်သည် နှစ်ပေါင်းအတော်ကြာ သမထအလုပ်ကိုအားကြိုးမာန်တက် အားထုတ်ခဲ့ပါသည်။ ရည်ရွယ်ချက်မှာ မျက်မှောက်ဘဝနှင့် တမလွန်ဘဝ ချမ်းသာ (၀၀) လူချမ်းသာ၊ နတ်ချမ်းသာအတွက် သာဖြစ်ပါသည်။ ထို "ချမ်းသာ" ကို အလိုရှိသော ကျွန်တော်သည် "ဆင်းရဲ" ကို အလိုရှိနေခြင်းသာဖြစ်ကြောင်း စာအုပ်ဖတ်ပြီးနောက် ကျွန်တော် ကောင်းကောင်းကြီး သဘောပေါက် သွားပါသည်။

ထို့ကြောင့် ကျွန်တော်သည် ၁၉၉၃-ခုနှစ်၊ ဧပြီလ (သင်္ကြန်) တွင် "မင်းလှမဟာစည်သာသနာ့ရိပ်သာ" သို့ ၁၀ ရက် တရားစခန်းဝင်ခဲ့ပါသည်။ သမုဒ္ဒရာကို လက်ပစ်ကူးရန် ခါးတစ်ဝက်လောက် ရေထဲရောက်ပြီးမှ ကျေးဇူးရှင်မဟာစည်ဆရာတော်ကယ်သဖြင့် ကုန်းပေါ်ပြန်တက်ခဲ့ခြင်းဖြစ်ပါသည်။ ဆရာတော်၏ ကျေးဇူးကားကြီးမားလှသော ရေတွက်စရာ "သင်္ချာ" မရှိသော၊ နှိုင်းဆစရာ "ပမာ" မရှိသော "လောကုတ္တရာကျေးဇူးရှင်" ဖြစ်ပါသည်။

ကျွန်တော်သည် သင်္ကြန် ၁၀ ရက် တရားစခန်းမှ ထွက်ပြီးနောက် မင်းလှ မဟာစည်ရိပ်သာဆရာတော် ဦးနာယကအား လျှောက်ထားပြီး တတ်အားသရွေ့ကျေးဇူးဆပ်သည့် အနေဖြင့် ကျွန်တော်ကဲ့သို့သော ပုဂ္ဂိုလ်များအတွက် ဝိပဿနာ (ကကြီး ခကွေး) တရားစာအုပ် တစ်အုပ် ပြုစုခဲ့ပါသည်။

ဆရာတော် ဦးနာယက - က ထိုစာအုပ်စာမူကို မေတ္တာကရုဏာရှေ့ထားပြီး ဖတ်ရှုပေးပါသည်။ "အိမ်တွင်းဝိပဿနာ" ဟူသော အမည်ဖြင့် "ပညာအလင်းပြ" က နှစ်ကြိမ်ထုတ်ဝေခဲ့ပြီး ယခုတတိယအကြိမ်အတွက်ပြင်ဆင်နေပါသည်။

မဟာစည်ဆရာတော်၏ ကျေးဇူးကား ကျွန်တော့်အပေါ်တွင်သာမက ကျွန်တော့်စာဖတ် ပရိတ်သတ်များအပေါ်ပါ ပြန့်နှံ့ကြီးမားသွားပါသည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကား ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါပြီ။ သို့သော် ဆရာတော်၏ ဝိပဿနာကမ္မဋ္ဌာန်းတရားအလုပ်ကြိုးပမ်းအားထုတ်မှုကား ကမ္ဘာအနှံ့ ရှင်သန်ပြန့်နှံ့လျက်ရှိပါသည်။

ယနေ့မှ "နောင်" နှစ်ပေါင်းများစွာတို့တွင် တိုး၍ရှင်သန်ပြန့်ပွားနေမည် သာ, ဟူ၍ . . . ။

ချောင်းဆုံ အုန်းသွင်





ကျေးဇူးတော်ရှင် ကမ္ဘာ့သာသနာပြု မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ရာပြည့်ပွဲအထိမ်းအမှတ် ပြုလုပ်ရန်အတွက် ဗုဒ္ဓသာသနာ့နှုဝ်ဟအဖွဲ့၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ အဖွဲ့ကြီး (၃)ဖွဲ့မှ တာဝန်ရှိအမှုဆောင်များ စည်းဝေးပြုလုပ်ဆုံးဖြတ်ချက်များ ချခဲ့ပါသည်။ ထိုအစည်းအဝေးဆုံးဖြတ်ချက်တွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ရာပြည့်အထိမ်းအမှတ်ပွဲကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (နှစ်စဉ်ကျင်းပမြဲဖြစ်သည့်) သြဝါဒခံယူပူဇော်ပွဲနှင့် အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် ပါဝင်လှူဒါန်းသည်ကို မဟာစည် တရားအားထုတ်ဖူးသူ ယောဂီများ သိရှိကြပြီး ဖြစ်ပါမည်။ ထို့ကြောင့် ဤရာပြည့်အထိမ်းအမှတ် လည်း ဤကဲ့သို့ ကောင်းမြတ်သော အကြောင်းအရာမျိုးဖြင့် ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

(၂၅)နှစ်ကျော်ခန့်က မဟာစည် သာသနာ့ရိပ်သာတွင် အမျိုးသမီး ယောဂီများအနေဖြင့် အဖွဲ့အစည်း ဟူ၍ သတ်သတ်မှတ်မှတ် မရှိဘဲနှင့် ရိပ်သာကြီးတွင် လိုအပ်သည့်နေ ရာများတွင် လိုအပ်သလို စုပေါင်း



ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့

ဒေါ်ခင်ခင်ထား (အမျိုးသမီးယောဂီ)

ကျေးဇူးတော်ရှင် ကမ္ဘာ့သာသနာပြု မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ရာပြည့်ပွဲအထိမ်းအမှတ် ပြုလုပ်ရန်အတွက် ဗုဒ္ဓသာသနာ့နှုဝ်ဟအဖွဲ့၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ အဖွဲ့ကြီး (၃)ဖွဲ့မှ တာဝန်ရှိအမှုဆောင်များ စည်းဝေးပြုလုပ်ဆုံးဖြတ်ချက်များ ချခဲ့ပါသည်။ ထိုအစည်းအဝေးဆုံးဖြတ်ချက်တွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ရာပြည့်အထိမ်းအမှတ်ပွဲကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (နှစ်စဉ်ကျင်းပမြဲဖြစ်သည့်) သြဝါဒခံယူပူဇော်ပွဲနှင့် တပေါင်းတည်း ကျင်းပမှာ ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ သက်တော်ရာပြည့်ပွဲတွင် အဖက်ဖက်မှ လိုလေသေးမရှိအောင် ဆောင်ရွက်ရာတွင်ယင်းရာပြည့်အထိမ်းအမှတ် စာအုပ်ထုတ်ရန် အဓိကအချက်တစ်ခုအဖြစ် ပါဝင်လာပါသည်။ ဆရာတော်ဘုရားကြီး၏ ပဋိပတ္တိသာသနာပြုသမိုင်းတွင် အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့သည် စာစောင်တွင် ဗုဒ္ဓန္ဓယ်ဝင်သူတော်စင်များ လေ့လာသိရှိကြည်ညိုနိုင်ရန် တင်ပြရပါသည်။

ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီး၏ အရှည်တွေးတောတတ်, ဆင်ခြင်တတ်သော ဂုဏ်ထူးဝိသေသတစ်ခုမှာ မဟာစည်ရိပ်သာတွင် ယခင်က မရှိသေးသော အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့တစ်ခု ဖွဲ့စည်းစေခြင်းပင် ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်ကပင် ဆရာတော်ဘုရားကြီးသည် ယောဂီများအနေဖြင့် အဖွဲ့အစည်းဟူ၍ သတ်သတ်မှတ်မှတ် မရှိဘဲနှင့် ရိပ်သာကြီးတွင် လိုအပ်သည့်နေရာများတွင် လိုအပ်သလို စုပေါင်း ဆောင်ရွက်ကြရပါသည်။ ဥပမာ - ဆရာတော်ကြီး၏ မွေးနေ့ပူဇော်ပွဲ၊ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ၊ ကထိန်ပွဲ၊ သြဝါဒခံယူပူဇော်ပွဲ၊ သင်္ကြန်ပွဲတော်များတွင် သာသနာ့ ဝေယျာဝစ္စများကို ဆောင်ရွက်ခဲ့ကြပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်နေသည်ကို ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး နေ့စဉ်မြင်တွေ့နေရာမှ ၁၃၄၀ ခု၊ ကဆုန်လ၊ (၁၉၇၈ ခုနှစ်၊ မေလမတိုင်မီ)



နာယကဆရာတော် ဦးဇဝနမ တစ်ဆင့် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ ဝင်အမှုဆောင်များ ဖြစ်ကြသည့် ဦးပွင့်ကောင်း၊ ဒေါက်တာဦးဘလေး၊ ဦးဘဆွေ၊ ဆရာမြို့ငြိစသည့် ပုဂ္ဂိုလ်များနှင့် ဆွေးနွေးပြီး မဟာစည် သာသနာ့ရိပ်သာ၊ အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အမြော် အမြင်ကြီးမားမှုကြောင့် ယနေ့အထိ ဆိုပါလျှင် အမျိုးသမီးယောဂီစောင့် ရှောက်ရေးအဖွဲ့ကြီး ပေါ်ပေါက်လာ ပြီး နှစ်ပေါင်း (၂၅)နှစ်ကျော်တိုင် အောင် ခိုင်ခိုင်မာမာ ရပ်တည်နိုင် သော အဖွဲ့ကြီးတစ်ဖွဲ့ ဖြစ်လာပါ သည်။

အမျိုးသမီးယောဂီစောင့် ရှောက်ရေးအဖွဲ့တွင် ပါဝင်ဆောင် ရွက်နေကြသော ဥက္ကဋ္ဌကြီးများ၊ အမှုဆောင်များ၊ အရန်အမှုဆောင် များအသင်းဝင် ယောဂီများ၏ အဓိကခံယူချက်သည် မိမိတို့သည် ထူးခြားသော ပါရမီရှိသူများ၊ ဆု တောင်းကောင်းခဲ့သူများ၊ ဘဝ အဆက်ဆက် တူညီသောဆန္ဒ၊ တူညီသော ကုသိုလ်စေတနာများ၊ ပါရမီဖြည့်ဖက်များဖြစ်ကြသော ကြောင့်သာ ဤမျှသီလ၊ သမာဓိ၊ ပညာဂုဏ်များ ပြည့်စုံတော်မူသော ကျေးဇူးတော်ရှင် မဟာစည်ဆရာ တော်ဘုရားကြီး၏ သာသနာကို ပြုစုခွင့်ရပါပေသည်။ ယခုကဲ့သို့ သာသနာပြုရသဖြင့် လွန်စွာဝမ်း သာ ကျေနပ်အားရလျက်ရှိကြပါပေ သည်။

(ဘုန်းတန်ခိုးကြီးမားလှသော ကျေးဇူးတော်ရှင် ဆရာတော်ဘုရား ကြီး၏ ပဋိပတ်သာသနာတော်ကို အကျိုးဆောင်ခွင့်ရဖို့ဆိုသည်မှာ ပါရမီထူးသောပုဂ္ဂိုလ်များမှ ဖြစ်နိုင် ပါသည်၊ သာမန်လူများ ပြုခွင့်မရ နိုင်ပါ။) ရှေးဘဝဘဝများစွာက မိမိတို့၏ ပြုလုပ်ခဲ့သော ဒါန၊ သီလ၊ ဘာဝနာအစရှိသည့် ကောင်းမှု ကုသိုလ်များကြောင့်သာ ဖြစ်ပါ သည်။ သာသနာပြုရန် ပါရမီများ ရှိမှသာလျှင် ဤမဟာစည်ဆရာ တော်ဘုရားကြီး၏ သာသနာတော် ကို ပြုလုပ်နိုင်ကြခြင်းဖြစ်ပါသည်။

ထို့ကြောင့် အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့သည် ကျေးဇူး တော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ပါရမီဖြည့်ဖက်များ ဖြစ်သော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ချုပ်၊ ဟိတေသီအဖွဲ့တို့နှင့်အတူ မဟာစည် ပဋိပတ္တိသာသနာကို ပြုစုပျိုးထောင်ခဲ့ရာ ရိပ်သာ အတွင်း သာသနာ့အဆောက် အဦးများ ထင်ထင်ရှားရှားပေါ် ထွက်လာသည်။

အသက်ကြီးသည့် ယောဂီများ နေထိုင်သွားလာမှု အဆင်ပြေစေ ရန်အတွက် မဟာဓမ္မစာရီဏီခေါ် အမျိုးသမီးသက်ကြီးဆောင် တစ် ဆောင်၊ သံဃာတော်များ သီတင်း သုံးရန်အတွက် သာသနာပါလနှင့် သာသနာစာရ (၃) ထပ်ဆောင်ကြီး (၂)ဆောင်၊ ကျေးဇူးတော်ရှင် ဆရာ တော်ဘုရားကြီး စင်္ကြံလျှောက်ရန် အတွက် စင်္ကြံဆောင်တစ်ဆောင် ထူးထူးခြားခြား ပေါ်ထွက်လာ သည်။

ထို့ပြင် အလှူမင်္ဂလာပွဲများ ဧည့်ခံကျွေးမွေးနိုင်ရန်အတွက် ဓမ္မ သာလာ ခန်းမဆောင်တစ်ဆောင် ကိုပါ ဆောက်လုပ်လှူဒါန်းနိုင်ခဲ့ပါ သည်။

နာယကဆရာတော်များ သီ တင်းသုံးနိုင်ရန်အတွက် သာသနာ့ မာမက(၃)ထပ်ကျောင်းကြီးတစ် ကျောင်းမှာလည်း ထင်ထင်ရှားရှား ပေါ်ထွက်လာပြန်ပါသည်။ ဆရာ တော်၊ သံဃာတော်များ၊ အမျိုးသား ယောဂီများအတွက်သာမက အမျိုး သမီးယောဂီများ နေရာထိုင်ခင်း ပိုမို အဆင်ပြေစေရန် သုဓမ္မစာရီ အမျိုးသမီးယောဂီ (၄)ထပ်ဆောင် ကြီးမှာလည်း ခေတ်နှင့်အညီ တင့် တယ်စွာ ပေါ်ထွက်လာခြင်းမှာ အမျိုးသမီးအဖွဲ့၏ ကြိုးပမ်းမှုတစ် ရပ်ပင်ဖြစ်ပါသည်။

အမျိုးသမီးအဖွဲ့အနေဖြင့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရား ကြီး၏ ကျေးဇူးကိုဆပ်သောအနေ ဖြင့်လည်းကောင်း၊ သာသနာတော် ကြီး အဝွန့်ရှည်စေချင်သည့်အလို့ငှာ လည်းကောင်း၊ အမြဲပင်ရိပ်သာကြီး တိုးတက်စည်ကားမှုကို အစဉ်လေ့ လာခြင်းကြောင့် မူလဓမ္မသာလာ



ခန်းမဆောင်တစ်ဆောင်အား ဖျက်သိမ်း၍ ခေတ်နှင့်အမီ ဓမ္မ သာလာနှစ်ထပ်ခန်းမဆောင် ဆောက်လုပ်ရန် ကြိုးပမ်းမှုကို ပုဒ္ဓသာသနာနုဂ္ဂဟမှ ကြီးကြပ်၍ ဆောက်လုပ်လျှဒါန်းခဲ့ရာ ယခုအခါ လှပခံ့ညားသောဓမ္မသာလာနှစ်ထပ် ခန်းမဆောင်ကြီးမှထင်ထင်ရှားရှား ပေါ်ပေါက်လာခဲ့သည်မှာလည်း မျက်မြင်ပင်ဖြစ်ပါသည်။

အမျိုးသမီးအဖွဲ့သည် ပုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေး၍ ဆွမ်းကိစ္စပြည့်စုံစေလိုသော ဆန္ဒဖြင့် ထာဝရဆွမ်းပဒေသာပင်ထူထောင်ရန် အကြံပြုခဲ့ရာ အဖွဲ့ချုပ်မှ လက်ခံ၍ ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ ဆွမ်းပဒေသာပင်တစ်ပင်လျှင် ကျပ်တစ်သောင်းဖြင့်အပင်ပေါင်းတစ်သောင်းလေးထောင်ကျော် ရရှိခဲ့ပါပြီ။ ငွေကျပ်အားဖြင့် သိန်းတစ်ထောင်နှင့် လေးရာကျော်ရရှိနေပြီ ဖြစ်ပါသည်။ ထိုထာဝရ ဆွမ်းပဒေသာပင်မှ ရရှိသော အတိုးအညွှန့်များဖြင့် မဟာစည်သာသနာ့ရိပ်သာအတွင်း သီတင်းသုံးတော်မူကြသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအတွက် ဆွမ်း၊ ကွမ်းနှင့် ပစ္စည်းလေးပါးကို အထူးအထောက်အကူပြုခဲ့ပါသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အမြော်အမြင်ကြီးမားမှုဖြင့် ဖြစ်တည်လာသော အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့သည် ပုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့၊ ဟိတေသီအဖွဲ့တို့နှင့် အစဉ်လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားမည့်အဖွဲ့ကြီးတစ်ဖွဲ့ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သာသနာတော်သည် ကမ္ဘာတည်သရွေ့တည်တံ့ပါစေဟု သစ္စာဓိဋ္ဌာန်ပြု၍ ဤဆောင်းပါးဖြင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ကျေးဇူးဆပ်ပူဇော်အပ်ပါသည်။

ဒေါ်ခင်ခင်ထား
(အတွင်းရေးမှူး)
အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ငွေရတုတရားတော် ဆောင်ပုဒ်များ

၁။ သည်းခံကျင့်သုံး, အမြတ်ဆုံးပေ၊
နိဗ္ဗာန်မြတ်လှ, ဗုဒ္ဓမိန့်ပေ။
ရဟန်းမှန်လျှင်, မည်ဉ်းတတ်ပေ၊
ရဟန်းမှန်လတ်, မသတ်တတ်ပေ။
ညှဉ်ဆဲက, သမဏ မဟုတ်ချေ။

၂။ သက်သတ်ခိုးလု, ကာမေသု၊
ကိုယ်မှုသုံးပါး, ကြဉ်ရှောင်ပါ။

၃။ လိမ်လည်ကုံးချော, နှစ်မဲ့ပြော၊
ကြမ်းသောစကား ကြဉ်ရှောင်ပါ။

၄။ မကောင်းမှုများ, ရှောင်ရှားပယ်လေ၊
ကုသိုလ်တရား, ဖြစ်ပွားစုံစေ။
မိမိစိတ်ဓာတ်, ဆွတ်ဆွတ်ဖြူစေ၊
ဤသုံးပါး, ဘုရားဆုံးမပေ။

၅။ သူ့ကုယစွတစ်, ညှဉ်းဆဲကင်းစေ၊
ကိုယ်ကျင့်သီလ, လုံးဝလုံစေ။
အစာဥလဲ, သိမြဲတိုင်းရှည်၊
လူသူဆိတ်တောင်း, တောကျောင်းမှာနေ၊
စိတ်မြတ်လုပ်ငန်း, ကြိုးပမ်းပါလေ၊
ဤ ၆-ပါး, ဘုရားဆုံးမပေ။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



အဝိုးအနှဂ္ဂ ရတနာ

မဟာစည်ဆရာတော်ဘုရားကြီး၏ဓမ္မဒေသနာ

တက္ကသိုလ်စိုးယဉ်

စာရေးသူတို့ မဟာစည် သာသနာ့ရိပ်သာ နုဂ္ဂဟအဖွဲ့ချုပ်ကြီး၏ အမှုဆောင်စည်းဝေးပွဲကို ဒုတိယပတ် စနေနေ့နှင့် စတုတ္ထပတ် စနေတိုင်း ထိုင်ပါ၏။ မပျက်မကွက် ပုံမှန်ထိုင်ကြပါ၏။ ၂၆-၈-၂၀၀၀ နေ့ ဩဂုတ်လ၏ စတုတ္ထပတ် စနေနေ့အစည်းအဝေးတွင် တရားဓမ္မအလှူကလေးတစ်ခုကို ပြုလုပ်ပါ၏။ နုဂ္ဂဟ၏ အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးဝင်းထိန်က ပြုလုပ်ခြင်းပါ။ အလွန်ပါးလျား သေးငယ်သည့် စာမျက်နှာ ၁၂ မျက်နှာသာရှိသည့် စာအုပ်ကလေးပါ။ စာအုပ်လေး အမည်က ၁၉၇၁ခုနှစ်၊ ဒီဇင်ဘာလ (၁၉)ရက်၊ တနင်္ဂနွေနေ့ (၁၃၃၃ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်နေ့စွဲ) ကျင်းပပြုလုပ်ခဲ့သော သာသနာ့နုဂ္ဂဟအဖွဲ့ချုပ်(၂၄)ကြိမ်မြောက်နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကြီး၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသည့် ဩဝါဒကထာဟူ၍ ဖြစ်ပါ၏။ စာအုပ်သေးသော်လည်း တန်ဖိုးရှိလှ၏။

စာအုပ်လေး၏ နောက်ကျောဘက်၌ အောက်ပါအတိုင်း ရေးသားဖော်ပြထားပါ၏။ ထောင့်နှစ်ထောင့်တွင် ပန်းခက်ကလေး ခပ်ကွေးကွေးနှစ်ခက်ကွပ်လျက်ရှိပါ၏။ မှတ်သားနာယူဖွယ် တရားဓမ္မကဗျာလင်္ကာလေးဖြစ်ပါ၏။

သာရဏီယတရားတော်

- မေတ္တာရှေ့သွား ကံသုံးပါးနှင့် တခြားသုံးဝ၊ စာဂသီလာ မြတ်ပညာသည်၊ မှတ်ပါသာရဏီယ တရားတည်း။
- မေတ္တာရှေးရှု၊ ကိုယ်မှုထင်လျှင် သူ့ဂုဏ်အောက်မေ့၊ ညဉ့်နေ့အစဉ် ရိုသေလေးစား၊ သနားခင်မင် ညီညွတ်ရေး၊ အားပေးထာဝစဉ်။
- မေတ္တာရှေ့သွား၊ စကားချိုလွင် သူ့ဂုဏ်အောက်မေ့၊ ညဉ့်နေ့အစဉ် ရိုသေလေးစား၊ သနားခင်မင် ညီညွတ်ရေး အားပေးထာဝစဉ်။
- မေတ္တာရှေ့ထား၊ စိတ်ထားဖြူလျှင် သူ့ဂုဏ်အောက်မေ့၊ ညဉ့်နေ့အစဉ် ရိုသေလေးစား၊ သနားခင်မင် ညီညွတ်ရေး အားပေးထာဝစဉ်။



ဤစာအုပ်ကလေးမှာ လွန်ခဲ့သော နှစ် ၃၀ ခန့်က ဒုဥက္ကဋ္ဌကြီး ဦးဝင်းထိန်တို့ ဇနီးမောင်နှံ၏ ၂၅ နှစ်မြောက် ငွေရတုမင်္ဂလာအထိမ်းအမှတ် ဓမ္မဒါန လျှဒါန်းခဲ့သော စာအုပ်ကလေးမှ ကောက်နုတ်ဖော်ပြချက်ဖြစ်ပါ၏။

စာရေးသူသည် ဒုဥက္ကဋ္ဌကြီး၏ စာအုပ်လေးကို အကြိမ်ကြိမ်ဖတ်မိပါ၏။ မဟာစည်ဆရာတော်ဘုရားကြီး၏ ဟောကြားချက်များမှာ မြတ်ဗုဒ္ဓ၏တရားတော်နှင့်အညီ ဟောကြားထားပါ၏။ ပဋိပတ္တိသာသနာထွန်းကား ပြန့်ပွားရေးအတွက် သာသနာ့ရိပ်သာများ၊ သာသနာပြုအဖွဲ့များ၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် နာယကဂုဏ်ခြောက်ပါးနှင့်အညီ ဆောင်ရွက်ရန် ဟောကြားခဲ့ခြင်းဖြစ်ပါသည်။

ဆရာတော်ကြီး ဟောကြားချက်များမှာ -

" ပဋိပတ်ဘက်ကလည်း ချီးမြောက်ပြီးတော့လာကြတာ အဆင့်အတန်းအမြင့်ဆုံးလို့ ဆိုရမှာပါပဲ။ ချီးမြောက်ထောက်ပံ့နေတဲ့အတွက် ဒီလိုဆောင်ရွက်နိုင်တာပါပဲ။ မြတ်စွာဘုရား၏ သာသနာတော် ကျယ်ပြန့်ထွန်းကားပြီးတော့သွားတာဟာ ဒီဗုဒ္ဓသာသနာ့ အဖွဲ့ချုပ်ကြီးက ထောက်ပံ့အားပေးတဲ့အတွက် အခုလို ကျယ်ပြန့်ထွန်းကားပြီးတော့ သွားတာပဲ။ ဒီတော့ ဒီအဖွဲ့ကြီးဟာ စဉ်းစားဆင်ခြင်ကြည့်မယ်ဆိုလို့ရှိရင် အင်မတန် ဝမ်းမြောက်စရာ၊ ဝမ်းသာစရာ ကောင်းပါတယ်။"

"ဒီတော့ ဒီအဖွဲ့ကြီးထဲမှာ ဆောင်ရွက်တဲ့ပုဂ္ဂိုလ်တွေ လိုက်နာပြီးတော့ ကျင့်နိုင်တဲ့ ကျင့်ဝတ်တွေကို အရင်နှစ်က ဘုန်းကြီးဟောခဲ့ပါတယ်။ နာယကဂုဏ်ခြောက်ပါးနဲ့ သင်္ဂဟဝတ္ထုလေးပါးလို့ ဟောခဲ့ပါတယ်။ နာယကဂုဏ်ခြောက်ပါးမှာ-

(၁) **ခမာ** - သည်းခံရမယ်ဆိုတာဟာ အရေးကြီးပါတယ်။ အလွန် အရေးကြီးပါတယ်။ အရာရာတိုင်းမှာပဲအကြီးအကဲအဖြစ်နဲ့ ဆောင်ရွက်နေတဲ့ပုဂ္ဂိုလ်ဆိုတော့ သည်းခံမှုပဲဖြစ်တယ်။ အများနဲ့ဆက်ဆံနေရတာ သည်းမခံရင်တော့ မဖြစ်ဘူး။ သည်းခံနိုင်အောင် ကြိုးစားပြီးတော့ ဆောင်ရွက်ရတယ်။

(၂) **ဇာဂရိယ** - နိုးကြားရမယ်၊ မိမိတို့လုပ်ငန်းတာဝန်နဲ့စပ်ပြီးတော့ လျစ်လျူရှုပြီး ပေါ့ပေါ့ဆဆမထားဘဲ နိုးနိုးကြားကြားဆောင်ရွက်ဖို့ရာ အားထုတ်ပြီးတော့ နေရမယ်။

(၃) **ဥဌာန** - ထကြွလုံ့လရှိရမယ်။ စိတ်ထဲကတွင်နိုးကြားရုံမဟုတ်ဘဲနဲ့ တကယ်လဲ အလုပ်လုပ်ရမယ်တဲ့။

(၄) **သံဝိဘာဂ** - ပေးကမ်းစွန့်ကြဲရမယ်တဲ့။ ဒါကတော့ ပေးကမ်းစွန့်ကြဲဖို့ရာ လိုတဲ့နေရာဌာနမှာ ပေးကမ်းစွန့်ကြဲဖို့ပါ



ဒီ ဗုဒ္ဓသာသနာ့
အဖွဲ့ချုပ်ကြီးက
ထောက်ပံ့အားပေးတဲ့
အတွက် အခုလို
ကျယ်ပြန့်ထွန်းကား
ပြီးတော့ သွားတာပဲ၊
ဒီတော့
ဒီအဖွဲ့ကြီးဟာ
စဉ်းစားဆင်ခြင်ကြည့်မယ်
ဆိုလို့ရှိရင်
အင်မတန်ဝမ်းမြောက်စရာ၊
ဝမ်းသာစရာ
ကောင်းပါတယ်၊"



ပဲ။ အခု ဒီမှာတော့ အဖွဲ့ကိစ္စ နဲ့စပ်ပြီး ပေးသင့်တာ ပေး၊ ဆောင်ရွက်သင့်တာ ဆောင်ရွက် ဒီလောက်ပါပဲ။

(၅) **ဒယာ** - သနားရမယ်တဲ့။ ကိုယ်နဲ့အတူတကွ ဆောင်ရွက်နေတဲ့ပုဂ္ဂိုလ်တွေ၊ ကိုယ့်အောက်ကပုဂ္ဂိုလ်တွေကို သနားရမယ်။

(၆) **ကာရုဏ်** - မြော်မြင်နိုင်ရမယ်တဲ့။အကျိုးရှိရာရှိကြောင်း၊ ကြီးပွားရာ ကြီးပွားကြောင်း မြော်မြင်နိုင်ရမယ်တဲ့။"

အထက်ပါ နာယကဂုဏ် ခြောက်ပါးကို ဆရာတော်ဘုရားကြီးက ဟောကြားခဲ့ပါ၏။ ယင်းခြောက်ပါးမှာ စာရေးသူတို့ မဟာစည် သာသနာ့ရိပ်သာကြီး၏ နုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင်များအတွက်သာမဟုတ်၊ သာသနာပြုအဖွဲ့တိုင်း၊ အမျိုးဘာသာသာသနာတာဝန်များကို ထမ်းဆောင်နေသူတိုင်း၏ တာဝန်ပင်ဖြစ်ပါ၏။ ယင်းခြောက်ပါးနှင့် ညီညွတ်စွာ ကျင့်သုံးဆောင်ရွက်သွားပါက အဖွဲ့အစည်းတွင်း ညီညွတ်ရေးနှင့်တကွ အဖွဲ့၏လုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် အာမခံချက် အပြည့်အဝ ရရှိမည်ဖြစ်ပါ၏။

ထို့နောက် ဆရာတော်ကြီးက ဓမ္မဒေသနာ ဖွင့်ဟ မိန့်ကြားပြန်သည်။

"အဲဒီခြောက်ပါးမှာ ခမာဆိုတဲ့ သည်းခံခြင်းဂုဏ်နဲ့ ကာရုဏ်ဆိုတဲ့ အဖွဲ့၏လုပ်ငန်းစဉ် ကြီးပွားရာကြီးပွားကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်း မြော်မြင်ဖို့၊ စဉ်းစားဖို့၊ ကြံဆဖို့၊ အသစ်အသစ်လဲ တိုးတက်ပြီးသကာလ ဆောင်ရွက်ဖို့ ရှိပါတယ်။ ဒါပေမယ့် ပဋိပတ်ဘက်ကဟောကြားညွှန်ပြရာမှာ ပရိယတ္တိဘုရားဟောဒေသနာတော်နဲ့ ညီနှိုင်းပြီး ကြည့်လိုက်လို့ရှိရင် အဆင့်အတန်းဟာ ဘယ်အဆင့်အတန်း ရှိနေတယ်ဆိုတာ ပရိယတ္တိဘက်က ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေက သိမြင်ပါတယ်။ ဒီသာသနာ့ရိပ်သာမှာ ပဋိပတ္တိဘက်က ဟောကြားညွှန်ပြနေတာဟာလည်း ပရိယတ္တိကျမ်းဂန်တွေနဲ့ နှီးနှောကြည့်လိုက်လို့ရှိရင် ပရိယတ္တိစာပေကျမ်းဂန်တတ်တဲ့ပုဂ္ဂိုလ် ခိုင်လုံတယ်ဆိုတာ ထင်ရှားပါတယ်။

ဒါလေးတွေ မြော်မြင်ဆင်ခြင်ဖို့ရာ လိုပါလိမ့်မယ်။ အခုရှိတဲ့အခြေအနေထက် တိုးသထက်တိုးအောင်၊ ကောင်းသထက်ကောင်းအောင် အဖွဲ့ဝင်ပုဂ္ဂိုလ်တွေကိုလည်း များသထက်များအောင် ဆောင်ရွက်တဲ့ကိစ္စတွေလည်း တိုးတက်ပြီးသကာလ အောင်မြင်သထက်အောင်မြင်အောင် ဘာတွေလုပ်ရမယ်၊ ဘယ်လိုလုပ်သင့်တယ်ဆိုတာလေးတွေ ဆင်ခြင်ဖို့ရာအဲဒါတွေဟာ လိုပါလိမ့်မယ်။ ဒါကတော့ ပိုတယ်မရှိပါဘူး။ ဆင်ခြင်တယ်ဆိုတာကတော့ လိုနေတာပဲရှိတယ်။ ပိုတယ်လို့တော့ မရှိပါဘူး" ဟု မိန့်ကြားခဲ့ပါသည်။ ဆရာတော်ကြီး၏ မိန့်ကြားချက်များသည် နှစ်၃၀ ခန့်ကြာခဲ့ပြီဖြစ်သော်လည်း မှန်ကန်လျက် ရှင်သန်လျက်ရှိပါ၏။

သို့ဖြစ်လေရာ မဟာစည်ဆရာတော်ဘုရားကြီး၏ အဖိုးအနှုံးရတနာသြဝါဒကထာများကို လည်ဆွဲတန်ဆာကဲ့သို့ ကိုယ်မှာဆင်မြန်းပြီး အမြဲတမ်း နာခံမှတ်သား လိုက်နာကျင့်သုံးသွားသင့်ကြပါကြောင်း ရေးသားရင်း ဆရာတော်ကြီး၏ သက်တော်ရာပြည့်အခါန်ခါသမယတွင် ဆရာတော်ဘုရားကြီးအား လက်ဆယ်ဖြာထိပ်မှာမိုး၍ ရိုသေမြတ်နိုး ရှိခိုးလိုက်ရပါသတည်း။

တက္ကသိုလ်စိုးယဉ်
(သက်တော်ရာပြည့်အထိမ်းအမှတ် စာတည်း)





တစ်ခုတည်းသောခဏ

ဧကော ဓမ္မော ခဏော စ သမယောစဗြဟ္မစရိယာ ဝါသာယ။

ဘိက္ခဝေ - ရဟန်းတို့။ **ဗြဟ္မစရိယဝါသာယ** - အရိယာမဂ်ဟူသော မြတ်သောအကျင့်ကို ကျင့်သုံးရန်အလို့ငှာ။ **ခဏောစ** - အခိုက်အတန့်ကာလ ခဏသည်လည်းကောင်း။ **သမယောစ** - အချိန်အခါသမယသည်လည်းကောင်း။ **ဇကော ဝေါ ဓမ္မော** - ဗုဒ္ဓမြတ်စွာ သာသနာတော် ထွန်းပေါ်နေခိုက်ဟု ဆိုအပ်သော တစ်ခဏတည်း တစ်ချိန်တည်းသာ ရှိသည်။ ဓမ္မော ဟူသော ဝေါဟာရသည် ဓမ္မ၊ ဓမ္မာ၊ ဓမ္မံ ဟူ၍ ပုံသဏ္ဌာန်အားဖြင့် သုံးမျိုးရှိသော်လည်း ဤနေရာတွင် ဓမ္မော ဟူသော ပုလ္လိင်ပုံသဏ္ဌာန်ဖြင့် ဖော်ပြထားသည်။ ဓမ္မော ဟူသော ဝေါဟာရသည် ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ၊ ပဋိဝေဓသဒ္ဓမ္မ ဟူ၍ သုံးမျိုးရှိသော်လည်း ဤနေရာတွင် ပရိယတ္တိသဒ္ဓမ္မ ဟူသော ပိဋကတ်သုံးပုံ ဓမ္မတရားတော်ကို ဆိုလိုသည်။ ဓမ္မော ဟူသော ဝေါဟာရသည် ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ၊ ပဋိဝေဓသဒ္ဓမ္မ ဟူ၍ သုံးမျိုးရှိသော်လည်း ဤနေရာတွင် ပရိယတ္တိသဒ္ဓမ္မ ဟူသော ပိဋကတ်သုံးပုံ ဓမ္မတရားတော်ကို ဆိုလိုသည်။

အဘယ်သို့သော ခဏနည်း

အဘယ်သို့သော ခဏနည်းဟူမူ . . . (၁) ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမသာသနာတော်ဟုဆိုအပ်သော မဂ်ရောက်ဖိုလ်ဝင် တရားတော်ကို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ဟောကြား ညွှန်ပြနေ

ရန်ကုန်မြို့ ၊ မဟာစည်သာသနာ့ရိပ်သာ
အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏

ဗုဒ္ဓမြတ်စွာ သွန်သင်ဩဝါဒတရား

ဦးဝင်းဆွေ (ဟိတေသီ)

အတန့်ကာလ ခဏသည်လည်းကောင်း။ **သမယောစ** - အချိန်အခါသမယသည်လည်းကောင်း။ **ဇကော ဝေါ ဓမ္မော** - ဗုဒ္ဓမြတ်စွာ သာသနာတော် ထွန်းပေါ်နေခိုက်ဟု ဆိုအပ်သော တစ်ခဏတည်း တစ်ချိန်တည်းသာ ရှိသည်။

အဘယ်သို့သော ခဏနည်း

အဘယ်သို့သော ခဏနည်းဟူမူ . . . (၁) ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမသာသနာတော်ဟုဆိုအပ်သော မဂ်ရောက်ဖိုလ်ဝင် တရားတော်ကို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ဟောကြား ညွှန်ပြနေခိုက်လည်းဖြစ်ရမည်။ (၂) ထိုသို့ဟောကြားနေရာ အရပ်ဒေသ၌ လူဖြစ်နေခိုက်လည်း ဖြစ်ရမည်။ (၃) ဘုရားဟောတရားတော်ကို ယုံကြည်နှိုင်သည့်သူလည်း ဖြစ်ရမည်။ (၄) တရားစကားကို သဘောပေါက်နား



လည်နိုင်သည့် ဉာဏ်ပညာနှင့် ပြည့်စုံသူလည်း ဖြစ်ရမည်။ ဤသို့သော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသောခဏာပင် ဖြစ်သည်။ အတိုချုပ်ပြောရလျှင်တော့ ဗုဒ္ဓသာသနာတော် ထွန်းကားရာအရပ်၌ တရားတော်ကိုနားလည်နိုင်သော ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်ဖြစ်နေခိုက် ခဏာပင်ဖြစ်သည်။ ထိုခဏာကို "ဗုဒ္ဓုပ္ပါဒ-နဝမခဏာ" ဟုခေါ်သည်။ ဘုရားပွင့်တော်မူဆဲ (၉)ခုမြောက်ခဏာဟု ဆိုလိုပေသည်။

အဘယ်ကိုထောက်၍ ၉-ခုမြောက်ခေါ်သနည်း

၉-ခုမြောက်ဟု ခေါ်ဆိုရခြင်း၏အကြောင်းကတော့ မဂ်ဖိုလ်ရအောင် ကျင့်သုံးနိုင်ခွင့်မရှိသော ခဏဆိုးတို့သည် ရှစ်ခုရှိကြလေသည်။ ထိုခဏဆိုးများမှာ (၁) ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူဆဲ၊ တရားတော်ကို ဟောတော်မူဆဲ၌ ငရဲမှာကျရောက်နေခိုက် ခဏဆိုးတစ်ခု၊ (၂) တိရစ္ဆာန်ဖြစ်နေခိုက် ခဏဆိုးတစ်ခု၊ (၃) ပြိတ္တာအသုရကာယ်ဖြစ်နေခိုက်က ခဏဆိုးတစ်ခု၊ (၄) ရုပ်သက်သက်သာရှိသည့် အသညသတ်ဘုံ၊ နာမ် သက်သက်သာရှိသည့် အရူပဘုံတို့၌ ဖြစ်နေခိုက်က ခဏဆိုးတစ်ခု၊ (၅) ဗုဒ္ဓသာသနာမထွန်းကားရာအရပ်ဒေသ၌ လူဖြစ်နေခိုက်က ခဏဆိုးတစ်ခု၊ (၆) ဗုဒ္ဓသာသနာထွန်းကားရာအရပ်ဒေသ၌ ဖြစ်ရသော်လည်း မိစ္ဆာအယူအစွဲရှိသူဖြစ်ခိုက်က ခဏဆိုးတစ်ခု၊ (၇) တရားတော်ကိုသိနားလည်နိုင်သည့် ဉာဏ်ပညာမရှိသူဖြစ်ခိုက်က ခဏဆိုးတစ်ခု၊ (၈) ဗုဒ္ဓသာသနာတော်ကွယ်ပနေခိုက်က ခဏဆိုးတစ်ခု - ဤရှစ်ခုတို့ပင် ဖြစ်သည်။ ဤခဏဆိုးရှစ်ခုကိုပင် ရပ်ပြစ်ရှစ်ပါးဟူ၍ လည်းခေါ်သည်။ ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူ၍ ဗုဒ္ဓသာသနာတော် ထွန်းကားရာအရပ်ဒေသ၌ တရားတော်ကို သိနားလည်နိုင်သည့်ဉာဏ်ပညာနှင့်ပြည့်စုံသော ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်ဖြစ်နေခိုက် ခဏာသည်ကား အဆိုပါအဆိုးရှစ်ခုမှ လွတ်မြောက်သော ခဏာကောင်းဖြစ်ပေသည်။ ထို့ကြောင့် ထိုခဏာဆိုးရှစ်ပါးကိုထောက်၍ ဘုရားပွင့်တော်မူဆဲဟု ခေါ်ဆိုရသော သာသနာတော်ထွန်းကားဆဲခဏာကို ဗုဒ္ဓုပ္ပါဒ-နဝမခဏာ - ဘုရားပွင့်ဆဲ ၉-ခုမြောက်ခဏာဟု ခေါ်ဆိုရပေသည်။ ဤခဏာသည် အလွန်ရခဲသည်။ ခဏာကောင်း၊ အခါကောင်းကြီး ဖြစ်ပေသည်။

ဘာကြောင့် အလွန်ရခဲသနည်း

အလွန်ရခဲပုံကတော့ ဘုရားမပွင့်မီ ရှေးကာလနှင့် ဘုရားသာသနာ ကွယ်လွန်သွားသည့်နောက် ကာလဟူသော သာသနာပကာလတွေကလည်း အတိုင်းမသိ အလွန်ပင် ရှည်လျား ကျယ်ပြန့်သည်။ ဘုရားသာသနာတော် ထွန်းကားနေသည့် ယခုလိုကာလမှာလည်း အပါယ်လေးဘုံဟုဆိုအပ်သော ရပ်ပြစ်ဌာနတို့၌ ရောက်နေကြသည့် သတ္တဝါတို့ကလည်း အတိုင်းမသိ အလွန်အလွန် များပြားနေသည်။ ရခဲသည့် လူဘဝကို ရနေကြသော လူများထဲမှာလည်း ကမ္ဘာအရပ်ရပ်မှာ ဗုဒ္ဓတရားတော်ကို မကြားဘူးသောလူများနှင့် ကြားဖူးသော်လည်း မိရိုးဖလာ အယူဝါဒဘာသာအစွဲကြောင့် ဗုဒ္ဓတရားတော်ကို မယုံကြည် မသက်ဝင်နိုင်သောလူများ ဤသို့သောလူတို့ကသာ များနေချေသည်။ ဤပုံဤနည်းဖြင့် ရပ်ပြစ်ရှစ်ပါးအဝင် ခဏဆိုးများနှင့် တွေ့ကြုံနေကြရသည့်ပုဂ္ဂိုလ်တို့ကသာ အတိုင်းမသိ အလွန်အလွန် များပြားနေသောကြောင့် အဆိုပါဗုဒ္ဓုပ္ပါဒ - နဝမခဏာကောင်းကြီးကို အလွန်ရခဲသည်ဟု ဆိုရပေသည်။



အချိန်လွန်သွားလျှင် အကြီးအကျယ် ဆုံးရှုံးလိမ့်မည်

ယခုမြန်မာပြည်မှာ ဗုဒ္ဓတရားတော်ကို ကြားနာ၍ နားလည်နိုင်



သည့် ဉာဏ်ပညာရှိနေကြသော ဗုဒ္ဓ ဘာသာဝင်ပုဂ္ဂိုလ်တို့သည် 'မင်္ဂဖိုလ် နိဗ္ဗာန်ကို ရလိုပါ၏' စသည်ဖြင့် ဆု တောင်း၍ပြုခဲ့သော ပါရမီကုသိုလ် ကြောင့် အလွန်ရခဲသည့် အဆိုပါ ဗုဒ္ဓုပ္ပါဒ နဝမခဏကောင်းကြီးကို ရနေကြပေသည်။ ဤခဏကောင်း အခွင့်ကောင်းကြီးကို ရနေဆဲမှာ ဗြဟ္မစရိယ-မြတ်သော၊ အရိယာမဂ် အကျင့်ဟုခေါ်ဆိုအပ်သော ဝိပဿ နာဘာဝနာကို ကျင့်သုံးပွားများ လိုက်လျှင် မိမိတို့အလိုရှိအပ်သော အရိယာမဂ်ဖိုလ်ကို ရသွားနိုင်ကြပေ သည်။ အကယ်၍ အကြောင်းမညီ ညွတ်သောကြောင့် ဝိပဿနာ ဘာ ဝနာကို မကျင့်သုံး မပွားများနိုင်ဘဲ အချိန်အခွင့်ခဏ ကုန်လွန်သွား လျှင်မူကား အကြီးအကျယ် ဆုံးရှုံး သွားကြရလိမ့်မည်။သံသရာတစ်ခွင် မှာ ကျင်လည်မြဲ ကျင်လည်နေရစဉ် တွင် အကုသိုလ်ကံက အကျိုးပေး ခွင့်ရသည့် အချိန်ကာလများမှာ အပါယ်လေးပါး၌ ကျရောက်ပြီး အလွန်ကြီးကျယ်သည့် ဆင်းရဲဒုက္ခ များကို အတိုင်းမသိ ခံစားသွားကြ ရလိမ့်မည်။

ကြီးစားအားထုတ်သင့်လှပေသည်

ထို့ကြောင့် ဗုဒ္ဓတရားတော်ကို ကြားနာပြီး နားလည်နိုင်သည့် လူ တိုင်းလူတိုင်းပင် မိမိတို့ရထားသည့် ဗုဒ္ဓုပ္ပါဒ-နဝမခဏကြီး၏ အလွန် အဖိုးထိုက်တန်ပုံ၊ အလွန်ရခဲပုံများ ကို စဉ်းစားဆင်ခြင်ပြီးလျှင် ထိုခဏ ကောင်းကြီးကုန်လွန်မသွားမီအတွင်း ၌ ရသင့်ရထိုက်သော အရိယာမဂ် ဖိုလ်တရားကို လက်ဆုပ်လက်ကိုင် ပိုင် ပိုင်ကြီးရအောင် ဗြဟ္မစရိယ-မြတ်သောအကျင့်ဟုဆိုအပ်သော ဝိပဿနာ ဘာဝနာအကျင့်ကို ကြိုး စား၍ ကျင့်သုံးအားထုတ်သင့်လှပေ သည်။

ယောဂီ ၆-သိန်းကျော်

ထိုသို့ ကြိုးစား၍ ကျင့်သုံး အားထုတ်သင့်သည့်အတိုင်း သမ္မဇ္ဇဉ် ညာဏ်ဖြင့် ဆင်ခြင်ပြီး ကျင့်သုံးအား ထုတ်လိုကြသော ပုဂ္ဂိုလ်တို့သည် မြန်မာပြည်နှင့်တကွ ကမ္ဘာအရပ် ရပ်၌ များစွာပင် ရှိနေကြပေသည်။ ထိုသို့သော ပုဂ္ဂိုလ်များအား အလွယ် တကူအားထုတ်နိုင်ကြစေရန်အတွက် ရန်ကုန်မြို့၊ ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ်ကြီးက ဤသာသနာ့ရိပ် သာ ကမ္မဋ္ဌာန်းဌာနကြီးကို တည် ထောင်ဖွင့်လှစ်ထားပေသည်။ ယခု (၁၃၇၃-ခုနှစ်အထိ)ဆိုလျှင် ၂၃-နှစ်ရှိနေပေပြီ။ ဤ ၂၃-နှစ်အတွင်း မှာ ဤသာသနာ့ရိပ်သာ၌ လာ ရောက်၍အားထုတ်ကြသော ပုဂ္ဂိုလ် တို့သည် ၂၄၀၀၀ (နှစ်သောင်းလေး ထောင်) ကျော် ရှိနေပေပြီ။ ဤ ရန် ကုန်ရိပ်သာမှ ခွဲထားသော မဟာ စည် သာသနာ့ရိပ်သာခွဲများသည် လည်း ရောက်လာသောစာရင်းအရ အားဖြင့် မြန်မာပြည်၌ (၁၇၀) ကျော် ရှိနေပေပြီ။ ထိုရိပ်သာခွဲများ ၌ အားထုတ်ကြသော ယောဂီတို့ သည်လည်း ယင်းဌာနတို့မှ တင်ပြ သော စာရင်းအရအားဖြင့် ၆-သိန်း ကျော် ရှိနေပေသည်။ (ယခင်က ဖြစ်ပါသည်။ စာတည်း)

ဟိတေသီအဖွဲ့၏ အထောက်အပံ့ခံ ယောဂီများ

သို့သော် အချို့ပုဂ္ဂိုလ်တွေမှာ အလွန်ရခဲသည့် ဗုဒ္ဓုပ္ပါဒ-နဝမခဏ ကောင်းကြီးကို ရနေကြသည့်အား လျော်စွာ တရားအားထုတ်လိုသော သမ္မာဆန္ဒပြင်းပြထက်သန်စွာ ရှိနေ ကြပါသော်လည်း တရားအားထုတ် ဆဲ၌ စားသောက်ရန်စရိတ် မပြည့် စုံသည့်အတွက် အားမထုတ်နိုင်ကြ သည်လည်း ရှိနေပေသေးသည်။ ထိုသို့သောပုဂ္ဂိုလ်တို့အား တရား အားထုတ်နိုင်ရေးအတွက် စွမ်းနိုင်





သမျှ ထောက်ပံ့ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဦးဘညိန်သား ဒါယကာ ဦးအေးမောင် အမှူးရှိသော မဟာစည် ယောဂီဟောင်းပုဂ္ဂိုလ်တို့သည် ဘုန်းကြီးထံမှ ဩဝါဒကိုခံယူ၍ ဟိတေသီဟူသော အမည်ဖြင့် အဖွဲ့တစ်ခုကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပေသည်။ ထိုအဖွဲ့က တည်ထောင်ပြီးခါစမှာ လစဉ် ယောဂီတစ်ဦးအတွက် နှစ်ဦးအတွက် စသည်ဖြင့် ဤသာသနာ့ရိပ်သာ၌ တရားအားထုတ်ရန် ဖိတ်ခေါ်ပြီးလျှင် စားစရိတ် ထောက်ပံ့လျက် တရားအားထုတ်စေခဲ့ပေသည်။ နောက်ကာလမှာ ဟိတေသီအဖွဲ့ဝင်များတိုးပွားလာသည့်အလျောက် ယောဂီဦးရေကိုလည်း တိုးမြှင့်၍ ဖိတ်ခေါ်လျက် ထောက်ပံ့ခဲ့ပေသည်။ ယခုအခါဆိုလျှင် လစဉ် ယောဂီဦးရေ ၂၅-ဦးအထိ ထောက်ပံ့နိုင်သည့်အတွက် လစဉ်ပင် ၂၅-ဦးသောယောဂီတို့သည် ဟိတေသီအဖွဲ့၏ အထောက်အပံ့ဖြင့် ဗြဟ္မစရိယဟုဆိုအပ်သော မြတ်သော အရိယာမဂ်အကျင့်ဆိုက်ရာ ဝိပဿနာအကျင့်ကို ချမ်းသာစွာ ကျင့်သုံးနေကြရပေသည်။ ထိုလစဉ် ယောဂီဦးရေ ၂၅-ဦးအနက်မှ ပျမ်းမျှအားဖြင့် ၁၃-ဦးလောက်သည် ဉာဏ်စဉ်တရားကို နာရသည်အထိ အားထုတ်နိုင်ကြပေသည်။ ကျန် ၁၂-ဦးလောက်သည်လည်း ဥဒယဗ္ဗယဉာဏ်အစရှိသော ဝိပဿနာ ဉာဏ်ထူးများကို ရပြီး ဝိပဿနာ အခြေခံကို ကောင်းကောင်း ရသွား ကြသည့်အတွက် နောင်တစ်ချိန်၌ အရိယာမဂ်ဖိုလ် တရားထူးကို ရဖို့ရာ သေချာလျက် ရှိနေကြပေသည်။

ဝမ်းမြောက်ဖွယ်

သို့ဖြစ်၍ ယခုအခါ၌ တစ်လလျှင် ၂၅-ဦး၊ တစ်နှစ်လျှင် ၂၅၀ ကျော် ၃၀၀ မျှသော ပုဂ္ဂိုလ်တို့သည် ဟိတေသီအဖွဲ့၏ အထောက်အပံ့ကို ခံယူကာ ကျင့်သုံးအားထုတ်ကြလျက် ဝိပဿနာဉာဏ်ထူး တရားထူးများကို ထိုက်သည့်အားလျော်စွာ ရသွားကြကြောင်းကို မျက်မြင်ထင်ရှားတွေ့နေကြရပါပေသည်။ အကယ်၍သာ ဟိတေသီအဖွဲ့ မရှိခဲ့ပါမူ တစ်နှစ်လျှင် ၂၅၀ ကျော် ၃၀၀ မျှသော အဆိုပါပုဂ္ဂိုလ်တို့မှာ တရားအားထုတ်နိုင်ရန် ခဲယဉ်းကြပေလိမ့်မည်။ ထိုပုဂ္ဂိုလ်များထဲက အချို့မှာမူ လုံးဝပင် အားမထုတ်နိုင်ဘဲ ရှိကြပေလိမ့်မည်။ သို့ဖြစ်လျှင် ထိုပုဂ္ဂိုလ်တို့မှာ ရသင့်ရထိုက်သော ဝိပဿနာဉာဏ်ထူး တရားထူးတို့မှ ဆုံးရှုံးသွားကြရရှာပေလိမ့်မည်။ ယခုမူကား ဟိတေသီအဖွဲ့ကြီးကမားမားမတ်မတ် တည်ရှိပြီးလျှင် အဖွဲ့ဝင် ကောင်းမှုရှင်တို့၏ အလှူငွေဖြင့် လစဉ်မှန်မှန်ထောက်ပံ့နေသောကြောင့် တစ်နှစ်လျှင် ၂၅၀ ကျော် (၃၀၀) သော ဟိတေသီအထောက်အပံ့ခံ ယောဂီတို့သည် ဝိပဿနာဘာဝနာတရားကို ပွား

ဟောကြားချီးမြှင့်တော်မူခဲ့ပါသည်။ သည့်နောက်တွင် ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသနှင့် ဆရာတော် အရှင်ရေဝတဓမ္မတို့သည် ရောမမြို့သို့ ထွက်ခွာတော်မူခဲ့ပြီး ဆရာတော်ဘုရားကြီးမှာမူ ဂါမုဂလီယို ကမ္မဌာန်းဌာန၌သာ သီတင်းသုံးနေခဲ့ပါသည်။ ည (၇)နာရီခွဲတွင် ဂါမုဂလီယို ကမ္မဌာန်းဌာန၌ ယမန်နေ့ကတရားတော်၏ အဆက်ဖြစ်သည့် သတိပဌာန်တရားတော်ဒုတိယပိုင်းကို အင်္ဂလိပ်ဘာသာဖြင့် (၁)နာရီတိတိ ဟောကြားတော်မူခဲ့ပါသည်။ထုံးစံအတိုင်း အီတလီယောဂီဖြစ်သူ မစ္စတာမောရို့စ်က အီတလီဘာသာ ပြန်ဆိုပေးခဲ့ပါသည်။



ဇွန်လ (၁၅)ရက်နေ့ကား ခရီးစဉ်၏ တတိယနေ့ပင်တည်း။ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ဝင်များသည် ဂါမုဂလီယို ကမ္မဌာန်းဌာနမှ မြန်မာသံရုံးသို့ ကြွရောက်ကြပါသည်။ ဂါမုဂလီယို ကမ္မဌာန်းဌာနနှင့် မြန်မာသံရုံးကား (၉)ကီလိုမီတာ ဝေးလေသည်။ သို့သော် ယာဉ်တန်းဖြင့် (၁)နာရီခရီးသာ ရှိပါသည်။ ဆရာတော်ကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာသံရုံးသို့ နေ့လယ် (၂)နာရီတွင် ရောက်ရှိခဲ့ပြီးနောက် ညနေ(၃)နာရီတွင် ပုပ်ရဟန်းမင်းကြီးကျောင်းနှင့် အခြားကြည့်ရှုဖွယ် နေရာများသို့ သွားရောက်ကြည့်ရှုတော်မူကြပါသည်။ ညနေ(၅)နာရီအချိန်၌ "ရာပိရာဇာကပ်လိုရီ"ရှိ မြန်မာ-အီတလီ ယဉ်ကျေးမှုသဘင်သို့ ကြွတော်မူခဲ့ပါသည်။ ရှေးဦးစွာ ပါမောက္ခ ရင်ဇိုကင်မင်ညာရီက ဆီးကြိုဂါရဝပြုခဲ့ပြီး ပရိသတ်များနှင့် မိတ်ဆက်ပေးကာ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်၏သမိုင်းကို Slide ကားချပ်များဖြင့် ထိုးပြကာ ရှင်းလင်းပြောကြားပါသည်။ သည့်နောက် ပရိသတ်များအား ဆရာတော်ဘုရားကြီးက "ချမ်းသာရေးတရားတော်"ကို အင်္ဂလိပ်ဘာသာဖြင့်ဟောကြားရာ မစ္စတာ ဒီပလယ်နီက အီတလီဘာသာသို့ ပြန်ဆိုပြောကြားခဲ့ပါသည်။သည့်နောက် ဆရာတော်ဘုရားကြီး အနားယူလိုသဖြင့် ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသက ဆက်၍ ဟောကြားခဲ့ပါသည်။ ကျွန်တော်က ဆရာတော်ဘုရားကြီးအား နားခိုဆောင်သို့ ပို့ပေးခဲ့ရပါ၏။ တရားပွဲကား ည (၇)နာရီမှ ပြီးလေသည်။ အဖွဲ့ဝင်အားလုံးသည် တည်းခိုရာ မွန်တီကာလိုဟိုတယ် (Monte Carlo Hotel) သို့ ည (၇)နာရီကျော်မှ ပြန်ရောက်ကြလေတော့သည်။ ဆရာတော်ဘုရားကြီးက ကျွန်တော့်အား ပုပ်ရဟန်းမင်းကြီးနှင့် တွေ့ဆုံရန် အကြောင်းမည်ညွတ်တော့၍ တွေ့ဆုံရေးကိစ္စရုပ်သိမ်းရန် အမိန့်ရှိသဖြင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ရပါ၏။

ဇွန်လ (၁၆)ရက်နေ့သည်ကား ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ဝင်များ အီတလီမှနေ၍ အင်္ဂလန်သို့ ပြန်လည်ကြွရောက်တော့မည့်နေ့ပင်တည်း။ ထို့နေ့ နံနက် (၅)နာရီမထိုးမီကတည်းက ကျွန်တော်တို့သည် ဆရာတော်ကြီးနှင့်အဖွဲ့ တစ်ညတာ သီတင်းသုံးနေထိုင်ရာ Monte Carlo Hotel သို့ ရောက်ရှိခဲ့ကြပါသည်။ ကျွန်တော်တို့ ရောက်သောအခါ ဆရာတော်ဘုရားကြီးသည် တောင်ဝှေးတစ်ချောင်းကိုင်လျက် အဖွဲ့ဝင်များ နေထိုင်သီတင်းသုံးရာ အခြားအခန်းများသို့ လှည့်ပတ်ကြည့်ရှုနေသည်ကို တွေ့ရပါသည်။ ကျွန်တော့်ကိုတွေ့သောအခါ ဆရာတော်ဘုရားကြီးက "လာသွားစို့" ဟုပြောသဖြင့် ဟိုတယ်အောက်ထပ်သို့ ပင့်ဆောင်လာခဲ့ပါသည်။ ထို့နောက် အသင့်ဖြစ်နေသော မော်တော်ယာဉ်များဖြင့် Monte Carlo Hotel မှ ထွက်ခွာလာခဲ့ကြရာ ချီဖီနို (Ciafino)



လေဆိပ်သို့ နံနက် (၆)နာရီထိုးခါနီး တွင် ရောက်ရှိခဲ့ကြပါသည်။ လေဆိပ်တွင် ကုလသမဂ္ဂ စားနပ်ရိက္ခာ အစီအစဉ်မှ ဦးထွန်းရင်နှင့်ဇနီးတို့က ဂါရဝပြု၍ ဆီးကြိုနှင့်လေသည်။ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ တစ်ညတာ သီတင်းသုံးခဲ့သော Monte Carlo Hotel တည်းခိုစရိတ်များကို အမေရိကန်နိုင်ငံ၊ လော့စ်အိန်ဂျယ်လိစ်မှ ပါလာသူ ဦးစိန်က လှူဒါန်းသဖြင့် အားလုံးက သာဓုခေါ်ကြပါသည်။

လေဆိပ်ဧည့်ခန်းမ၌ ခေတ္တနားနေစဉ်အတွင်း ဆရာတော်ဘုရားကြီးက ကျွန်တော့်အား လျှောက်ထားစရာရှိသည်များကို လျှောက်ထားနိုင်ပါကြောင်း ခွင့်ပေးခဲ့သဖြင့် ကျွန်တော်က ကျွန်တော်၏တာဝန်ထမ်းဆောင်ရာ လုပ်ငန်းတာဝန်များနှင့် ဆက်စပ်၍ သိမြင်တွေ့ထိခဲ့သမျှထဲမှ အချို့ကိစ္စရပ်များ အကျဉ်းချုပ် လျှောက်ထားခဲ့ရာ ဆရာတော်ဘုရားကြီးက တာဝန်ဝတ္တရားများ ထမ်းဆောင်ရာတွင် သတိ၊ ဝီရိယနှင့် သမာဓိတို့ကိုကျင့်သုံး၍ ဆောင်ရွက်ဖို့ မှာကြားခဲ့ပါသည်။ ထို့နောက် သတိပဋ္ဌာန်တရားတော်နှင့်ပတ်သက်၍ (၁၀)မိနစ်ခန့် ဟောကြားသွားခဲ့ပါသေးသည်။

နံနက်(၇)နာရီ (၄၅)မိနစ်တွင်ကား ဆရာတော်ဘုရားကြီးနှင့်အဖွဲ့အား လေယာဉ်ကြီးက အီတလီနိုင်ငံမှနေ၍ အင်္ဂလန်သို့ ပင့်ဆောင်သွားပါတော့သည်။ ကျွန်တော်နှင့်သံရုံးအဖွဲ့ဝင်များကား အီတလီနိုင်ငံ ချီဖီနို (Ciafino) လေဆိပ်မှနေ၍ ဆရာတော်ဘုရားကြီး၏သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြုကြည်ညိုရင်း ကျန်ရစ်ခဲ့ရပါတော့သည်။

ဆရာတော်ဘုရားကြီး အီတလီမှ ပြန်ကြွသွားပြီးနောက် (၂)နှစ်ခန့်အကြာ ၁၉၈၁-ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ကျွန်တော်သည်လည်း တာဝန်ပြီးဆုံးသဖြင့် ရန်ကုန်သို့ ပြန်ခဲ့ရပါတော့သည်။ ရန်ကုန်သို့ ပြန်ရောက်ခဲ့ပြီးနောက် (၂)လအကြာ ၁၉၈၂-ခုနှစ်၊ ဖေဖော်ဝါရီဆန်းဌ မဟာစည်သာသနာ့ရိပ်သာသို့ သွားရောက်၍ ဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမြော်ခဲ့ပါသေးသည်။ ကျွန်တော်က ဆရာတော်ဘုရားကြီး အီတလီနိုင်ငံသို့ ကြွရောက်ခဲ့စဉ်က ဟောကြားခဲ့သော တရားတိပ်ခွေကို ဆရာတော်ဘုရားကြီးအား ဆက်ကပ်ရာ ဆရာတော်ကြီးက ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသထံသို့သာ ဆက်ကပ်ရန် မိန့်ကြားခဲ့သဖြင့် ချမ်းမြေ့ဆရာတော်ထံ တရားတိပ်ခွေကို ဆက်ကပ်ခဲ့ရပါသည်။ ဤသည်ကား ဆရာတော်ဘုရားကြီးနှင့် ကျွန်တော် နောက်ဆုံး ဆုံစည်းမှုဟု ထိုအချိန်က မသိခဲ့ရပါ။

ဤသည့်နောက် (၆)လခန့်အကြာ ၁၄-၈-၈၂ ရက်နေ့တွင် ဆဋ္ဌသင်္ဂါတိပုဋ္ဌက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဩဝါဒစရိယ ကမ္မဋ္ဌာနာပြု ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် ဘုရားရဟန္တာတို့ပင် မလွန်ဆန်နိုင်သောဇရာ၊ ဗျာဓိတို့ဖြင့် ရင်ဆိုင်တွေ့ကြုံပြီး စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခဲ့လေပြီတကား။ ဆရာတော်ဘုရားကြီး စုတိကမ္မဇရုပ် ချုပ်ငြိမ်းခြင်းသည် သာသနာတော်အတွက်ရော၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက်ပါ ကြီးစွာသော ဆုံးရှုံးမှုကြီးဖြစ်ပါသည်။ ကျွန်တော့်မှာ ဆရာတော်ဘုရားကြီးနှင့်အတူတကွ လက်တွဲသာသနာပြုခဲ့ရသော အီတလီနိုင်ငံ သာသနာပြု ခရီးစဉ်ကိုဖြင့် ဘယ်သောအခါမျှ မေ့ပျောက်၍ ရနိုင်တော့မည်မဟုတ်ပါပေ။ ထို့အတူ ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို လေးစားကြည်ညိုရင်းစွဲရှိခြင်းကြောင့်ပင် ဘုရားရှင် အလိုတော်ကျအတိုင်း ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် အားထုတ်၍ နည်းပေးလမ်းပြညွှန်ပြတော်မူခဲ့သော သတိပဋ္ဌာန်တရားတော်လာ ကျင့်ကြံအားထုတ်မှုတို့ဖြင့် ဘုရားရှင်နှင့် ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်အနန္တတို့ကို ပေးဆပ်သွားပါမည်ဟု နှလုံးသွင်းခံယူမိရင်းမှ . . . ။ ။

ဦးခင်မောင်လေး
အငြိမ်းစားသံအမတ်ကြီး





ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး

၏

ကျမ်းစာအုပ်များ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်း

ဒေါက်တာ ဦးကျော်မြင့် တင်ပြသည်။

မဟာစည်ဆရာတော်ဘုရားကြီးရေးသားပြုစုခဲ့သော သတိပဋ္ဌာန်ဝိပဿနာကျမ်းပေါင်း (၃၀)မျှကို ကမ္ဘာသိအောင် ဦးညီညီ၊ ဦးညီပု၊ ဦးမင်းဆွေ၊ ဦးကိုလေး၊ ဦးကိုကြီး၊ ဦးအုန်းဖေ၊ ဦးထင်ဖတ်၊ ဦးသာနိုး၊ ဦးအေးမောင် စသော စာရေးဆရာကြီးများက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီး ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ ယင်းကျမ်းစာအုပ်အများစု၏ နိဒါန်းကိုအများအားဖြင့် ဆရာကြီး ဦးမင်းဆွေက ရေးသားပေးတာများပါသည်။ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုဖြန့်ချိပြီး ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန်ဝိပဿနာကျမ်းစာအုပ်များကို လေ့လာမှတ်သားရာတွင် လွယ်ကူစေရန်ဇယားဖြင့် ဖော်ပြလိုက်ပါသည်။

စဉ်	ခုနှစ်	ဘာသာပြန်ဆိုသူ	ကျမ်းစာအုပ်အမည်
၁။	၁၉၇၈ ခု	ဦးညီညီ	ဝိပဿနာအလုပ်ပေးတရားတော်
၂။	၁၉၇၉ ခု	ဦးညီညီ	ကမ္ဘာ့သာသနာပြုတရားတော် (ပထမတွဲ)
၃။	၁၉၇၉ ခု	ဦးသာနိုး	သတိပဋ္ဌာန်ဝိပဿနာတရားတော်
၄။	၁၉၇၉ ခု	မြန်အောင်ဦးတင်	သတိပဋ္ဌာန်ဝိပဿနာတရားတော် (ဝေဖန်ချက်နှင့် ပြန်ကြားချက်များ)



၅။	၁၉၈၀ ခု	ဦးအေးမောင်	အရိယာဝါသသုတ်တရားတော်
			သက္ကပဥ္ဉသုတ်တရားတော်
၆။	၁၉၈၀ ခု	ဦးအုန်းဖေ	ဟေမဝတသုတ်တရားတော်၊
			လောကဓံတရားတော်
၇။	၁၉၈၀ ခု	ဦးထင်ဖတ်	ဘာရသုတ္တန်တရားတော်
၈။	၁၉၈၀ ခု	ဦးထင်ဖတ်	ရှစ်ဖြာမဂ္ဂင်နိဗ္ဗာန်ဝင်တရားတော်
၉။	၁၉၈၀ ခု	ဦးမင်းဆွေ	ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်းအကြောင်း
			တရားတော်
၁၀။	၁၉၈၁ ခု	ဦးအေးမောင်	ကမ္ဘာ့သာသနာပြုတရားတော် (ဒုတိယတွဲ)
		ဦးညီညီ	
		ဦးအဂ္ဂဓမ္မ	
၁၁။	၁၉၈၁ ခု	ဦးအေးမောင်	သလ္လေခသုတ်တရားတော်
၁၂။	၁၉၈၁ ခု	ဦးအုန်းဖေ	သမ္မာပရိဗ္ဗာဇနီယသုတ်တရားတော်
၁၃။	၁၉၈၁ ခု	ဦးထင်ဖတ်	မာလုက္ကပုတ္တသုတ်တရားတော်
၁၄။	၁၉၈၁ ခု		နိဗ္ဗာန်ဆိုင်ရာတရားတော်
၁၅။	၁၉၈၁ ခု	ဦးမင်းဆွေ	စူဠဝေဒလ္လသုတ်တရားတော်
၁၆။	၁၉၈၁ ခု	ဦးကိုလေး	ဓမ္မစက္ကာတရားတော်
၁၇။	၁၉၈၁ ခု	ဦးသာနိုး	အခြေခံဝိပဿနာတရားတော်
၁၈။	၁၉၈၂ ခု	ဦးအေးမောင်	ဓမ္မဒါယာဒသုတ်တရားတော်
၁၉။	၁၉၈၂ ခု	ဦးအေးမောင်	ပဋိစ္စသမုပ္ပါဒ်တရားတော်
၂၀။	၁၉၈၂ ခု	ဦးထင်ဖတ်	သီလဝန္တသုတ်တရားတော်
၂၁။	၁၉၈၂ ခု	ဦးမင်းဆွေ	မဟာစည်ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိ
၂၂။	၁၉၈၂ ခု	ဦးမင်းဆွေ	ဝမ္မိကသုတ်တရားတော်
၂၃။	၁၉၈၂ ခု	ဒေါက်တာဦးကိုကြီး	တက္ကသိုလ်ဝိပဿနာတရားတော်
၂၄။	၁၉၈၂ ခု	ဒေါက်တာ ဒေါ်ကေမြရီ	တုဝဋ္ဋကတရားတော်
၂၅။	၁၉၈၃ ခု	ဦးမင်းဆွေ	ပုရာဘေဒသုတ်တရားတော်
၂၆။	၁၉၈၃ ခု	မန္တလေး ဦးကိုလေး	အနတ္တလက္ခဏသုတ်တရားတော်
၂၇။	၁၉၈၅ ခု	ဦးမင်းဆွေ	ဗြဟ္မဝိဟာရတရားတော်

မဟာစည်ဆရာတော်ဘုရားကြီး ပျံလွန်တော်မမူမီ ဘာသာပြန်စာအုပ် (၂၆)အုပ် ရိုက်နှိပ်ပြီးစီးခဲ့ပါသည်။ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် (၃)အုပ် ရိုက်နှိပ်ပြီးစီးခဲ့ပါသည်။ စုစုပေါင်း (၂၉)အုပ် ဖြစ်ပါသည်။

ဒေါက်တာ ဦးကျော်မြင့်



ဗုဒ္ဓသာသနာနဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့
ကျမ်းစာအုပ်များစာရင်းနှင့် ဈေးနှုန်းများ

၁။	ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်း	၈၀/-
၂။	ကမ္မဋ္ဌာန်းဆရာတို့၏မှတ်တမ်း	၁၀၀/-
၃။	ကမ္မဝါ	၁၂၀၀/-
၄။	ကာမသုတ္တန်တရားတော်	၈၀/-
၅။	ကမ္ဘာ့သာသနာပြုစာတမ်း	၃၀/-
၆။	ကမ္ဘာ့သာသနာပြုတရားတော် (ပ)	၆၀/-
၇။	ကမ္ဘာ့သာသနာပြုတရားတော် (ဒု)	၅၀/-
၈။	ကမ္ဘာ့သာသနာပြု ဓမ္မဒူတခရီး	
၉။	ကျွန်တော် (သို့) ၃၃-နှစ်မဟာစည်	
၁၀။	ငွေရတုတရားတော်	၉၀/-
၁၁။	စူဠဝေဒလ္လသုတ်တရားတော်	၂၀၀/-
၁၂။	တက္ကသိုလ်ဝိပဿနာ	၁၅၀/-
၁၃။	တုဝဋ္ဋကသုတ်တရားတော်	၁၇၀/-
၁၄။	ထေရဝုတ္တန္တဝိလာသိနီ (ပ)	
၁၅။	ထေရဝုတ္တန္တဝိလာသိနီ (ဒု)	၅၀၀/-
၁၆။	ဒုလ္လဘရဟန်းသစ်များ သြဝါဒကထာ	၂၅/-
၁၇။	ဓမ္မစကြာ	၃၀၀/-
၁၈။	ဓမ္မဒါယသုတ်တရားတော်	၂၀၀/-
၁၉။	ဓမ္မဒေသနာဆောင်ပုဒ်များ	၉၀/-
၂၀။	ဓမ္မဒေသနာတော်စာစောင် (ပ)	၅/-
၂၁။	ဓမ္မဒေသနာတော်စာစောင် (ဒု)	၅/-
၂၂။	ဓမ္မဒေသနာတော်စာစောင် (တ)	၅/-
၂၃။	ဓမ္မဒေသနာတော်စာစောင် (စ)	၅/-
၂၄။	နိဗ္ဗာန်ဆိုင်တရားတော်	၂၈၀/-
၂၅။	နိုင်ငံခြားသာသနာပြုခရီးအတွေ့.အကြုံ	
၂၆။	ပဋ္ဌာန်စွသမုပ္ပါဒ် (ပထမတွဲ)	၃၀၀/-
၂၇။	ပဋ္ဌာန်စွသမုပ္ပါဒ် (ဒုတိယတွဲ)	၃၀၀/-



၂၈။	ပဋိပတ္တိသာသနာ	
၂၉။	ပုရာဘေဒသုတ်တရားတော်	၁၇ဝိ/-
၃ဝ။	ဗုဒ္ဓသာသနာ့အန္တရာယ်ကာကွယ်ရေးတရားတော်	၁ဝဝိ/-
၃၁။	ဗြဟ္မစိုရ်တရားတော်ကြီး	၈ဝိ/-
၃၂။	ဗြဟ္မဝိဟာရတရားတော်	၃ဝဝိ/-
၃၃။	ဗောဇ္ဈင်သုတ်တရားတော်	၄၅ဝိ/-
၃၄။	ဘဝပြဿနာ	၉ဝိ/-
၃၅။	ဘာရသုတ္တန်တရားတော်	၂ဝဝိ/-
၃၆။	ဘုရားရှိခိုး	၅ဝိ/-
၃၇။	မဟာစည်ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိအကျဉ်း (ပထမပိုင်း)	၁၅ဝိ/-
၃၈။	မဟာစည်ဆရာတော်ဘုရားကြီးမာတ်ပုံ (စက္ကူအထူ)	၆ဝိ/-
၃၉။	မဟာစည်ဆရာတော်ဘုရားကြီးမာတ်ပုံ (စက္ကူအပါး)	၆ဝိ/-
၄ဝ။	မဟာသမယသုတ်၊ (၃)သုတ်တရားတော်	၁၇ဝိ/-
၄၁။	မဟာသတိပဋ္ဌာန် (၃)စောင်တွဲ	၁ဝဝိ/-
	ဓမ္မစကြာ + အနတ္တ + မဟာသတိပဋ္ဌာန်	
၄၂။	မဟာသတိပဋ္ဌာန်ပါဠိ နိဿယ	၂၅ဝိ/-
၄၃။	မဟာသတိပဋ္ဌာန်ဝိပဿနာရှုနည်း (အကျဉ်း)	၁၅ဝိ/-
၄၄။	မာလုက္ကပုတ္တသုတ်တရားတော်	၁၅ဝိ/-
၄၅။	ရှစ်ဖြာမဂ္ဂင်နိဗ္ဗာန်ဝင်တရားတော်	၆၅ဝိ/-
၄၆။	ဝိပဿနာရှုနည်းကျမ်း (ပ)	၅၅ဝိ/-
၄၇။	ဝိပဿနာရှုနည်းကျမ်း (ဒု)	၅၅ဝိ/-
၄၈။	ဝိပဿနာအလုပ်ပေးတရားတော်	၉ဝိ/-
၄၉။	ဝိပဿနာလမ်းညွှန်ကျမ်း	
၅ဝ။	ဝိပဿနာအခြေခံတရားတော်	၁၈ဝိ/-
၅၁။	ဝိသုဒ္ဓိမဂ်-မြန်မာပြန် (ပ)	၆၅ဝိ/-
၅၂။	ဝိသုဒ္ဓိမဂ်-မြန်မာပြန် (ဒု)	၆၅ဝိ/-
၅၃။	ဝိသုဒ္ဓိမဂ်-မြန်မာပြန် (တ)	၆၅ဝိ/-
၅၄။	ဝိသုဒ္ဓိမဂ်-မြန်မာပြန် (စ)	၇၅ဝိ/-
၅၅။	ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်တရားတော် (ဆရာကိုင်)	၁ဝဝိ/-
၅၆။	ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်တရားတော်မှ ဆောင်ပုဒ်များ	၅/-
၅၇။	ဝမ္မိကသုတ်တရားတော်	၂၅ဝိ/-



၅၈။	ဝါကျာဝယဝ ဝဏ္ဏာကျမ်း	၂၅ဝ/-
၅၉။	ဝိနယဝိနစ္ဆယသင်္ဂဟကျမ်း	၃ဝဝ/-
၆ဝ။	ဝတ်ရွတ်စဉ် (မဟာစည်)	၂ဝဝ/-
၆၁။	သဏ္ဌပဉ္စသုတ်တရားတော်	၂၅ဝ/-
၆၂။	သမ္မာပရိဗ္ဗာဇနီယသုတ်	၁၇ဝ/-
၆၃။	သီလဝန္တသုတ်တရားတော်	၂ဝဝ/-
၆၄။	သလ္လေခသုတ်တရားတော် (ပ)	၃၅ဝ/-
၆၅။	သလ္လေခသုတ်တရားတော် (ဒု)	၃၅ဝ/-
၆၆။	ဟေမဝတသုတ်တရားတော်	၂၈ဝ/-
၆၇။	ဟာဇဉ်သုတ်	၄၅ဝ/-
၆၈။	အနတ္တလက္ခဏသုတ်တရားတော်	၃ဝဝ/-
၆၉။	အရိယာဝါသ	၂၇ဝ/-
၇ဝ။	အဘိဓမ္မာတရားတော်	၄၅ဝ/-
၇၁။	အာသီဝိသောပမသုတ်	၄၅ဝ/-
၇၂။	ဩဝါဒအမွေများ	၂၅ဝ/-
၇၃။	ဩဝါဒကထာပေါင်းချုပ်	
၇၄။	လောကဓံတရားတော်	၁၅ဝ/-
၇၅။	မဟာစည် နှစ် (၅ဝ)ရွေရတုတရားညွှန်ပေါင်း (ပ)	၂၅ဝ/-
၇၆။	မဟာစည် နှစ် (၅ဝ)ရွေရတုတရားညွှန်ပေါင်း (ဒု)	
၇၇။	ဝိပဿနာရှုနည်းကျမ်းပါဠိသက်သက် (ပ)	၆ဝဝ/-
၇၈။	ဝိပဿနာရှုနည်းကျမ်းပါဠိသက်သက် (ဒု)	၆ဝဝ/-
၇၉။	မဟာစည် နှစ် (၅ဝ)ရွေရတုသမိုင်းမှတ်တမ်း	၇ဝဝ/-

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့၊ အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ဖြန့်ချိသော ဗုဒ္ဓကျမ်းစာအုပ်များ၏ဈေးနှုန်းများ

၁။	ARIYAVASASUTTA	၁ဝဝ/-
၂။	BHARASUTA (OR) THE BURDAN OF KHANMADA	၁၅ဝ/-
၃။	BIOGRAPY (OR) THE VENERABLE MAHASI SAYADAW	၁၅ဝ/-



၄။	BRAHMA VIHARA DHAMMA	၃၀၀/-
၅။	CULAVEDALLA SUTTA	၁၅၀/-
၆။	DHAMMA DAYADA SUTTA	၁၀၀/-
၇။	FUND AMENTAL OF VIPASSANA MEDITATION	၃၀၀/-
၈။	HEMAVATA	၁၅၀/-
၉။	LOKADHAMMA	၁၀၀/-
၁၀။	MAHASI ABROAD. PATR (I)	၁၀၀/-
၁၁။	MAHSI ABROAD PATR (II)	၁၀၀/-
၁၂။	MALUKYA PUTTA SUTTA	၁၀၀/-
၁၃။	NIBBANAPATISAMYUTTA KATHA (OR) ON THE NATURE OF NIBBANA	၁၅၀/-
၁၄။	TO NIBBANA VIAT THE NOBLEEIGHTFOLD	၁၀၀/-
၁၅။	PURPOSE OF PRACTISING KAMMATTHANA MEDITATION	၁၀၀/-
၁၆။	PRACTCAL VIPASSANA MEDITATION EXERCISE	၁၀၀/-
၁၇။	PATICCA SAMUPPADA	၄၀၀/-
၁၈။	PURABHED A SUTTA	၂၀၀/-
၁၉။	SAKKAPANHA SUTTA	၁၀၀/-
၂၀။	SATIPATHANA VIPASSANA (C& R)	၄၀၀/-
၂၁။	SALEKHA SUTTA	၂၅၀/-
၂၂။	THE SATIPATHANA VIPASSANA MEDITATION	၁၀၀/-
၂၃။	SILAVAMAT SUTTA	၁၅၀/-
၂၄။	TUVATAKA SUTTA	၁၀၀/-
၂၅။	VUIPASSANA (SPIRITUAL INSIGHT)	၁၀၀/-
၂၆။	VAMMIKA	၃၅၀/-
၂၇။	THE WHEEL OF DHAMMA	၃၀၀/-
၂၈။	WORLD BUDDHIST MISSIONALY YOUR	၂၅/-
၂၉။	OVADAKA THA	၂၀/-
၃၀။	ANATTALAKKAHANA	၄၅၀/-
၃၁။	SAMMA PARIBHAJANIYA	၂၀၀/-
၃၂။	MAHASI COLDEN JUBILEE	၅၀၀/-

✦✦✦✦✦



ဟောကြားခဲ့မြင့်တော်မူခဲ့ပါသည်။ သည့်နောက်တွင် ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသနှင့် ဆရာတော် အရှင်ရေဝတမမှတို့သည် ရောမမြို့သို့ ထွက်ခွာတော်မူခဲ့ပြီး ဆရာတော်ဘုရားကြီးမှာမူ ဂါမုဂလိယို ကမ္မဋ္ဌာန်းဋ္ဌာနဌ်သာ သီတင်းသုံးနေခဲ့ပါသည်။ ည (၇)နာရီခွဲတွင် ဂါမုဂလိယို ကမ္မဋ္ဌာန်းဋ္ဌာနဌ် ယမန်နေ့ကတရားတော်၏ အဆက်ဖြစ်သည့် သတိပဋ္ဌာန်တရားတော်ဒုတိယပိုင်းကို အင်္ဂလိပ်ဘာသာဖြင့် (၁)နာရီတိတိ ဟောကြားတော်မူခဲ့ပါသည်။ထုံးစံအတိုင်း အီတလီယောဂီဖြစ်သူ မစ္စတာမောရို့စ်က အီတလီဘာသာ ပြန်ဆိုပေးခဲ့ပါသည်။

ဇွန်လ (၁၅)ရက်နေ့ကား ခရီးစဉ်၏ တတိယနေ့ပင်တည်း။ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ဝင်များသည် ဂါမုဂလိယို ကမ္မဋ္ဌာန်းဋ္ဌာနမှ မြန်မာသံရုံးသို့ ကြွရောက်ကြပါသည်။ ဂါမုဂလိယို ကမ္မဋ္ဌာန်းဋ္ဌာနနှင့် မြန်မာသံရုံးကား (၉)ကီလိုမီတာ ဝေးလေသည်။ သို့သော် ယာဉ်တန်းဖြင့် (၁)နာရီခရီးသာ ရှိပါသည်။ ဆရာတော်ကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာသံရုံးသို့ နေ့လယ် (၂)နာရီတွင် ရောက်ရှိခဲ့ပြီးနောက် ညနေ(၃)နာရီတွင် ပုပ်ရဟန်းမင်းကြီးကျောင်းနှင့် အခြားကြည့်ရှုဖွယ် နေရာများသို့ သွားရောက်ကြည့်ရှုတော်မူကြပါသည်။ ညနေ(၅)နာရီအချိန်၌ "ရာပိရာဇာကပ်လိုရီ"ရှိ မြန်မာ-အီတလီ ယဉ်ကျေးမှုသဘင်သို့ ကြွတော်မူခဲ့ပါသည်။



ရှေးဦးစွာ ပါမောက္ခ ရင်ဇိုကင်မင် ညာရီက ဆီးကြိုဂါရဝပြုခဲ့ပြီး ပရိသတ်များနှင့် မိတ်ဆက်ပေးကာ လေးဆူမာတ်ပုံ ရွှေတိဂုံစေတီတော်၏သမိုင်းကို Slide ကားချပ်များဖြင့် ထိုးပြကာ ရှင်းလင်းပြောကြားပါသည်။ သည့်နောက် ပရိသတ်များအား ဆရာတော်ဘုရားကြီးက "ချမ်းသာရေးတရားတော်"ကို အင်္ဂလိပ်ဘာသာဖြင့်ဟောကြားရာ မစ္စတာ ဒီပလယ်နိုက အီတလီဘာသာသို့ ပြန်ဆိုပြောကြားခဲ့ပါသည်။သည့်နောက် ဆရာတော်ဘုရားကြီး အနားယူလိုသဖြင့် ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသက ဆက်၍ ဟောကြားခဲ့ပါသည်။ ကျွန်တော်က ဆရာတော်ဘုရားကြီးအား နားခိုဆောင်သို့ ပို့ပေးခဲ့ရပါ၏။ တရားပွဲကား ည (၇)နာရီမှ ပြီးလေသည်။ အဖွဲ့ဝင်အားလုံးသည် တည်းခိုရာ မွန်တီကာလိုဟိုတယ် (Monte Carlo Hotel) သို့ ည (၇)နာရီကျော်မှ ပြန်ရောက်ကြလေတော့သည်။ ဆရာတော်ဘုရားကြီးက ကျွန်တော့်အားပုပ်ရဟန်းမင်းကြီးနှင့် တွေ့ဆုံရန် အကြောင်းမည်ညွှတ်တော့၍ တွေ့ဆုံရေးကိစ္စရုပ်သိမ်းရန် အမိန့်ရှိသဖြင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ရပါ၏။

ဇွန်လ (၁၆)ရက်နေ့သည်ကား ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ဝင်များ အီတလီမှနေ၍ အင်္ဂလန်သို့ ပြန်လည်ကြွရောက်တော့မည့်နေ့ပင်တည်း။ ထို့နေ့ နံနက် (၅)နာရီမထိုးမီကတည်းက ကျွန်တော်တို့သည် ဆရာတော်ကြီးနှင့်အဖွဲ့ တစ်ညတာသီတင်းသုံးနေထိုင်ရာ Monte Carlo Hotel သို့ ရောက်ရှိခဲ့ကြပါသည်။ ကျွန်တော်တို့ ရောက်သောအခါ ဆရာတော်ဘုရားကြီးသည် တောင်ဝှေးတစ်ချောင်းကိုင်လျက် အဖွဲ့ဝင်များ နေထိုင်သီတင်းသုံးရာ အခြားအခန်းများသို့ လှည့်ပတ်ကြည့်ရှုနေသည်ကို တွေ့ရပါသည်။ ကျွန်တော့်ကိုတွေ့သောအခါ ဆရာတော်ဘုရားကြီးက "လာသွားစို့" ဟုပြောသဖြင့် ဟိုတယ်အောက်ထပ်သို့ ပင့်ဆောင်လာခဲ့ပါသည်။ ထို့နောက် အသင့်ဖြစ်နေသော မော်တော်ယာဉ်များဖြင့် Monte Carlo Hotel မှ ထွက်ခွာလာခဲ့ကြရာ ချီဖိနို (Ciafino)



လေဆိပ်သို့ နံနက် (၆)နာရီထိုးခါနီး တွင် ရောက်ရှိခဲ့ကြပါသည်။ လေဆိပ်တွင် ကုလသမဂ္ဂ စားနပ်ရိက္ခာ အစီအစဉ်မှ ဦးထွန်းရင်နှင့်ဇနီးတို့က ဂါရဝပြု၍ ဆီးကြိုနှင့်လေသည်။ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ တစ်ညတာ သီတင်းသုံးခဲ့သော Monte Carlo Hotel တည်းခိုစရိတ်များကို အမေရိကန်နိုင်ငံ၊ လော့စ်အိန်ဂျယ်လိစ်မှ ပါလာသူ ဦးစိန်က လှူဒါန်းသဖြင့် အားလုံးက သာဓုခေါ်ကြပါသည်။

လေဆိပ်ဧည့်ခန်းမ၌ ခေတ္တနားနေစဉ်အတွင်း ဆရာတော်ဘုရားကြီးက ကျွန်တော့်အား လျှောက်ထားစရာရှိသည်များကို လျှောက်ထားနိုင်ပါကြောင်း ခွင့်ပေးခဲ့သဖြင့် ကျွန်တော်က ကျွန်တော်၏တာဝန်ထမ်းဆောင်ရာ လုပ်ငန်းတာဝန်များနှင့် ဆက်စပ်၍ သိမြင်တွေ့ထိခဲ့သမျှထဲမှ အချို့ကိစ္စရပ်များ အကျဉ်းချုပ် လျှောက်ထားခဲ့ရာ ဆရာတော်ဘုရားကြီးက တာဝန်ဝတ္တရားများ ထမ်းဆောင်ရာတွင် သတိ၊ ဝီရိယနှင့် သမာဓိတို့ကိုကျင့်သုံး၍ ဆောင်ရွက်ဖို့ မှာကြားခဲ့ပါသည်။ ထို့နောက် သတိပဋ္ဌာန်တရားတော်နှင့်ပတ်သက်၍ (၁၀)မိနစ်ခန့် ဟောကြားသွားခဲ့ပါသေးသည်။

နံနက်(၇)နာရီ(၄၅)မိနစ်တွင်ကား ဆရာတော်ဘုရားကြီးနှင့်အဖွဲ့အား လေယာဉ်ကြီးက အီတလီနိုင်ငံမှနေ၍ အင်္ဂလန်သို့ ပင့်ဆောင်သွားပါတော့သည်။ ကျွန်တော်နှင့်သံရုံးအဖွဲ့ဝင်များကား အီတလီနိုင်ငံ ချီဖီနို (Ciafino) လေဆိပ်မှနေ၍ ဆရာတော်ဘုရားကြီး၏သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြုကြည်ညိုး၍ ကျန်ရစ်ခဲ့ရပါတော့သည်။

ဆရာတော်ဘုရားကြီး အီတလီမှ ပြန်ကြွသွားပြီးနောက် (၂)နှစ်ခန့်အကြာ ၁၉၈၁-ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ကျွန်တော်သည်လည်း တာဝန်ပြီးဆုံးသဖြင့် ရန်ကုန်သို့ ပြန်ခဲ့ရပါတော့သည်။ ရန်ကုန်သို့ ပြန်ရောက်ခဲ့ပြီးနောက် (၂)လအကြာ ၁၉၈၂-ခုနှစ်၊ ဖေဖော်ဝါရီဆန်း၌ မဟာစည်သာသနာ့ရိပ်သာသို့ သွားရောက်၍ ဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမြော်ခဲ့ပါသေးသည်။ ကျွန်တော်က ဆရာတော်ဘုရားကြီး အီတလီနိုင်ငံသို့ ကြွရောက်ခဲ့စဉ်က ဟောကြားခဲ့သော တရားတိပ်ခွေကို ဆရာတော်ဘုရားကြီးအား ဆက်ကပ်ရာ ဆရာတော်ကြီးက ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသထံသို့သာ ဆက်ကပ်ရန် မိန့်ကြားခဲ့သဖြင့် ချမ်းမြေ့ဆရာတော်ထံ တရားတိပ်ခွေကို ဆက်ကပ်ခဲ့ရပါသည်။ ဤသည်ကား ဆရာတော်ဘုရားကြီးနှင့် ကျွန်တော်နောက်ဆုံး ဆုံစည်းမှုဟု ထိုအချိန်က မသိခဲ့ရပါ။

ဤသည့်နောက် (၆)လခန့်အကြာ ၁၄-၈-၈၂ ရက်နေ့တွင် ဆဋ္ဌသင်္ဂါတိပုစ္ဆာက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဩဝါဒါစရိယ ကမ္မာသာသနာပြု ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် ဘုရားရဟန္တာတို့ပင် မလွန်ဆန်နိုင်သောဇရာ၊ ဗျာဓိတို့ဖြင့် ရင်ဆိုင်တွေ့ကြုံပြီး စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခဲ့လေပြီတကား။ ဆရာတော်ဘုရားကြီး စုတိကမ္မဇရုပ် ချုပ်ငြိမ်းခြင်းသည် သာသနာတော်အတွက်ရော၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက်ပါ ကြီးစွာသော ဆုံးရှုံးမှုကြီးဖြစ်ပါသည်။ ကျွန်တော့်မှာ ဆရာတော်ဘုရားကြီးနှင့်အတူတကွ လက်တွဲသာသနာပြုခဲ့ရသော အီတလီနိုင်ငံ သာသနာပြု ခရီးစဉ်ကိုဖြင့် ဘယ်သောအခါမျှ မေ့ပျောက်၍ ရနိုင်တော့မည်မဟုတ်ပါပေ။ ထို့အတူ ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို လေးစားကြည်ညိုရင်းစွဲရှိခြင်းကြောင့်ပင် ဘုရားရှင် အလိုတော်ကျအတိုင်း ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် အားထုတ်၍ နည်းပေးလမ်းပြညွှန်ပြတော်မူခဲ့သော သတိပဋ္ဌာန်တရားတော်လာ ကျင့်ကြံအားထုတ်မှုတို့ဖြင့် ဘုရားရှင်နှင့် ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်အနန္တတို့ကို ပေးဆပ်သွားပါမည်ဟု နှလုံးသွင်းခံယူမိရင်းမှ . . . ။ ။

ဦးခင်မောင်လေး
အငြိမ်းစားသံအမတ်ကြီး





ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး

၏

ကျမ်းစာအုပ်များ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်း

ဒေါက်တာ ဦးကျော်မြင့် တင်ပြသည်။

မဟာစည်ဆရာတော်ဘုရားကြီးရေးသားပြုစုခဲ့သော သတိပဋ္ဌာန်ဝိပဿနာကျမ်းပေါင်း (၃၀)မျှကို ကမ္ဘာသိအောင် ဦးညီညီ၊ ဦးညီပု၊ ဦးမင်းဆွေ၊ ဦးကိုလေး၊ ဦးကိုကြီး၊ ဦးအုန်းဖေ၊ ဦးထင်ဖတ်၊ ဦးသာနိုး၊ ဦးအေးမောင် စသော စာရေးဆရာကြီးများက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီး ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ ယင်းကျမ်းစာအုပ်အများစု၏ နိဒါန်းကိုအများအားဖြင့် ဆရာကြီး ဦးမင်းဆွေက ရေးသားပေးတာများပါသည်။ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုဖြန့်ချိပြီး ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန်ဝိပဿနာကျမ်းစာအုပ်များကို လေ့လာမှတ်သားရာတွင် လွယ်ကူစေရန်ဇယားဖြင့် ဖော်ပြလိုက်ပါသည်။

စဉ်	ခုနှစ်	ဘာသာပြန်ဆိုသူ	ကျမ်းစာအုပ်အမည်
၁။	၁၉၇၈ ခု	ဦးညီညီ	ဝိပဿနာအလုပ်ပေးတရားတော်
၂။	၁၉၇၉ ခု	ဦးညီညီ	ကမ္ဘာ့သာသနာပြုတရားတော် (ပထမတွဲ)
၃။	၁၉၇၉ ခု	ဦးသာနိုး	သတိပဋ္ဌာန်ဝိပဿနာတရားတော်
၄။	၁၉၇၉ ခု	မြန်အောင်ဦးတင်	သတိပဋ္ဌာန်ဝိပဿနာတရားတော် (ဝေဖန်ချက်နှင့် ပြန်ကြားချက်များ)



၅။	၁၉၈၀ ခု	ဦးအေးမောင်	အရိယာဝါသသုတ်တရားတော်
			သက္ကပဉ္ဉသုတ်တရားတော်
၆။	၁၉၈၀ ခု	ဦးအုန်းဖေ	ဟေမဝတသုတ်တရားတော်၊
			လောကဓံတရားတော်
၇။	၁၉၈၀ ခု	ဦးထင်ဖတ်	ဘာရသုတ္တန်တရားတော်
၈။	၁၉၈၀ ခု	ဦးထင်ဖတ်	ရှစ်ဖြာမဂ္ဂင်နိဗ္ဗာန်ဝင်တရားတော်
၉။	၁၉၈၀ ခု	ဦးမင်းဆွေ	ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်းအကြောင်း
			တရားတော်
၁၀။	၁၉၈၁ ခု	ဦးအေးမောင်	ကမ္ဘာ့သာသနာပြုတရားတော် (ဒုတိယတွဲ)
		ဦးညီညီ	
		ဦးအဂ္ဂမမ္မ	
၁၁။	၁၉၈၁ ခု	ဦးအေးမောင်	သလ္လေခသုတ်တရားတော်
၁၂။	၁၉၈၁ ခု	ဦးအုန်းဖေ	သမ္မာပရိဗ္ဗာဇနီယသုတ်တရားတော်
၁၃။	၁၉၈၁ ခု	ဦးထင်ဖတ်	မာလုက္ကပုတ္တသုတ်တရားတော်
၁၄။	၁၉၈၁ ခု		နိဗ္ဗာန်ဆိုင်ရာတရားတော်
၁၅။	၁၉၈၁ ခု	ဦးမင်းဆွေ	စူဠဝေဒလ္လသုတ်တရားတော်
၁၆။	၁၉၈၁ ခု	ဦးကိုလေး	ဓမ္မစက္ကာတရားတော်
၁၇။	၁၉၈၁ ခု	ဦးသာနိုး	အခြေခံဝိပဿနာတရားတော်
၁၈။	၁၉၈၂ ခု	ဦးအေးမောင်	ဓမ္မဒါယာဒသုတ်တရားတော်
၁၉။	၁၉၈၂ ခု	ဦးအေးမောင်	ပဋိစ္စသမုပ္ပါဒ်တရားတော်
၂၀။	၁၉၈၂ ခု	ဦးထင်ဖတ်	သီလဝန္တသုတ်တရားတော်
၂၁။	၁၉၈၂ ခု	ဦးမင်းဆွေ	မဟာစည်ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိ
၂၂။	၁၉၈၂ ခု	ဦးမင်းဆွေ	ဝမ္မိကသုတ်တရားတော်
၂၃။	၁၉၈၂ ခု	ဒေါက်တာဦးကိုကြီး	တက္ကသိုလ်ဝိပဿနာတရားတော်
၂၄။	၁၉၈၂ ခု	ဒေါက်တာ ဒေါ်ကေမြရီ	တုဝဋ္ဋကတရားတော်
၂၅။	၁၉၈၃ ခု	ဦးမင်းဆွေ	ပုရာဘေဒသုတ်တရားတော်
၂၆။	၁၉၈၃ ခု	မန္တလေး ဦးကိုလေး	အနတ္တလက္ခဏသုတ်တရားတော်
၂၇။	၁၉၈၅ ခု	ဦးမင်းဆွေ	ဗြဟ္မဝိဟာရတရားတော်

မဟာစည်ဆရာတော်ဘုရားကြီး ပျံလွန်တော်မမူမီ ဘာသာပြန်စာအုပ် (၂၆)အုပ် ရိုက်နှိပ်ပြီးစီးခဲ့ပါသည်။ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် (၃)အုပ် ရိုက်နှိပ်ပြီးစီးခဲ့ပါသည်။ စုစုပေါင်း (၂၉)အုပ် ဖြစ်ပါသည်။

ဒေါက်တာ ဦးကျော်မြင့်



ပုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့
ကျမ်းစာအုပ်များစာရင်းနှင့် ဈေးနှုန်းများ

၁။	ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်း	၈၀/-
၂။	ကမ္မဋ္ဌာန်းဆရာတို့၏မှတ်တမ်း	၁၀၀/-
၃။	ကမ္မဝါ	၁၂၀၀/-
၄။	ကာမသုတ္တန်တရားတော်	၈၀/-
၅။	ကမ္ဘာ့သာသနာပြုစာတမ်း	၃၀/-
၆။	ကမ္ဘာ့သာသနာပြုတရားတော် (ပ)	၆၀/-
၇။	ကမ္ဘာ့သာသနာပြုတရားတော် (ဒု)	၅၀/-
၈။	ကမ္ဘာ့သာသနာပြု ဓမ္မဒူတခရီး	
၉။	ကျွန်တော် (သို့) ၃၃-နှစ်မဟာစည်	
၁၀။	ငွေရတုတရားတော်	၉၀/-
၁၁။	စူဠဓေဒလ္လသုတ်တရားတော်	၂၀၀/-
၁၂။	တက္ကသိုလ်ဝိပဿနာ	၁၅၀/-
၁၃။	တုဝဋ္ဋကသုတ်တရားတော်	၁၇၀/-
၁၄။	ထေရဝုတ္တန္တဝိလာသိနီ (ပ)	
၁၅။	ထေရဝုတ္တန္တဝိလာသိနီ (ဒု)	၅၀၀/-
၁၆။	ဒုလ္လဘရဟန်းသစ်များ ဩဝါဒကထာ	၂၅/-
၁၇။	ဓမ္မစကြာ	၃၀၀/-
၁၈။	ဓမ္မဒါယသုတ်တရားတော်	၂၀၀/-
၁၉။	ဓမ္မဒေသနာဆောင်ပုဒ်များ	၉၀/-
၂၀။	ဓမ္မဒေသနာတော်စာစောင် (ပ)	၅/-
၂၁။	ဓမ္မဒေသနာတော်စာစောင် (ဒု)	၅/-
၂၂။	ဓမ္မဒေသနာတော်စာစောင် (တ)	၅/-
၂၃။	ဓမ္မဒေသနာတော်စာစောင် (စ)	၅/-
၂၄။	နိဗ္ဗာန်ဆိုင်တရားတော်	၂၈၀/-
၂၅။	နိုင်ငံခြားသာသနာပြုခရီးအတွေ့.အကြုံ	
၂၆။	ပဋ္ဌာန်စွသမုပ္ပါဒ် (ပထမတွဲ)	၃၀၀/-
၂၇။	ပဋ္ဌာန်စွသမုပ္ပါဒ် (ဒုတိယတွဲ)	၃၀၀/-



၂၈။	ပဋိပတ္တိသာသနာ	
၂၉။	ပုရာဘေဒသုတ်တရားတော်	၁၇၀/-
၃၀။	ဗုဒ္ဓသာသနာ့အန္တရာယ်ကာကွယ်ရေးတရားတော်	၁၀၀/-
၃၁။	ဗြဟ္မစိုရ်တရားတော်ကြီး	၈၀/-
၃၂။	ဗြဟ္မဝိဟာရတရားတော်	၃၀၀/-
၃၃။	ဗောဇ္ဈင်သုတ်တရားတော်	၄၅၀/-
၃၄။	ဘဝပြဿနာ	၉၀/-
၃၅။	ဘာရသုတ္တန်တရားတော်	၂၀၀/-
၃၆။	ဘုရားရှိခိုး	၅၀/-
၃၇။	မဟာစည်ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိအကျဉ်း (ပထမပိုင်း)	၁၅၀/-
၃၈။	မဟာစည်ဆရာတော်ဘုရားကြီးဓာတ်ပုံ (စက္ကူအထူ)	၆၀/-
၃၉။	မဟာစည်ဆရာတော်ဘုရားကြီးဓာတ်ပုံ (စက္ကူအပါး)	၆၀/-
၄၀။	မဟာသမယသုတ်၊ (၃)သုတ်တရားတော်	၁၇၀/-
၄၁။	မဟာသတိပဋ္ဌာန် (၃)စောင်တွဲ	၁၀၀/-
	ဓမ္မစကြာ + အနတ္တ + မဟာသတိပဋ္ဌာန်	
၄၂။	မဟာသတိပဋ္ဌာန်ပါဠိ နိဿယ	၂၅၀/-
၄၃။	မဟာသတိပဋ္ဌာန်ဝိပဿနာရှုနည်း (အကျဉ်း)	၁၅၀/-
၄၄။	မာလုက္ကျပုတ္တသုတ်တရားတော်	၁၅၀/-
၄၅။	ရှစ်ဖြာမဂ္ဂင်နိဗ္ဗာန်ဝင်တရားတော်	၆၅/-
၄၆။	ဝိပဿနာရှုနည်းကျမ်း (ပ)	၅၅၀/-
၄၇။	ဝိပဿနာရှုနည်းကျမ်း (ဒု)	၅၅၀/-
၄၈။	ဝိပဿနာအလုပ်ပေးတရားတော်	၉၀/-
၄၉။	ဝိပဿနာလမ်းညွှန်ကျမ်း	
၅၀။	ဝိပဿနာအခြေခံတရားတော်	၁၈၀/-
၅၁။	ဝိသုဒ္ဓိမဂ်-မြန်မာပြန် (ပ)	၆၅၀/-
၅၂။	ဝိသုဒ္ဓိမဂ်-မြန်မာပြန် (ဒု)	၆၅၀/-
၅၃။	ဝိသုဒ္ဓိမဂ်-မြန်မာပြန် (တ)	၆၅၀/-
၅၄။	ဝိသုဒ္ဓိမဂ်-မြန်မာပြန် (စ)	၇၅၀/-
၅၅။	ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်တရားတော် (ဆရာကိုင်)	၁၀၀/-
၅၆။	ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်တရားတော်မှ ဆောင်ပုဒ်များ	၅/-
၅၇။	ဝမ္မိကသုတ်တရားတော်	၂၅၀/-



၅၈။	ဝါကျာဝယဝ ဝဏ္ဏာကျမ်း	၂၅ဝ/-
၅၉။	ဝိနယဝိနစ္ဆယသင်္ဂဟကျမ်း	၃ဝဝ/-
၆ဝ။	ဝတ်ရွတ်စဉ် (မဟာစည်)	၂ဝဝ/-
၆၁။	သက္ကပဉ္ဆသုတ်တရားတော်	၂၅ဝ/-
၆၂။	သမ္မာပရိဗ္ဗာဇနီယသုတ်	၁၇ဝ/-
၆၃။	သီလဝန္တသုတ်တရားတော်	၂ဝဝ/-
၆၄။	သလ္လေခသုတ်တရားတော် (ပ)	၃၅ဝ/-
၆၅။	သလ္လေခသုတ်တရားတော် (ဒု)	၃၅ဝ/-
၆၆။	ဟေမဝတသုတ်တရားတော်	၂၈ဝ/-
၆၇။	ဟာဇဉ်သုတ်	၄၅ဝ/-
၆၈။	အနတ္တလက္ခဏသုတ်တရားတော်	၃ဝဝ/-
၆၉။	အရိယာဝါသ	၂၇ဝ/-
၇ဝ။	အဘိဓမ္မာတရားတော်	၄၅ဝ/-
၇၁။	အာသီဝိသောပမသုတ်	၄၅ဝ/-
၇၂။	ဩဝါဒအမွေများ	၂၅ဝ/-
၇၃။	ဩဝါဒကထာပေါင်းချုပ်	
၇၄။	လောကဓံတရားတော်	၁၅ဝ/-
၇၅။	မဟာစည် နှစ် (၅ဝ)ရွေရတုတရားညွှန့်ပေါင်း (ပ)	၂၅ဝ/-
၇၆။	မဟာစည် နှစ် (၅ဝ)ရွေရတုတရားညွှန့်ပေါင်း (ဒု)	
၇၇။	ဝိပဿနာရှုနည်းကျမ်းပါဠိသက်သက် (ပ)	၆ဝဝ/-
၇၈။	ဝိပဿနာရှုနည်းကျမ်းပါဠိသက်သက် (ဒု)	၆ဝဝ/-
၇၉။	မဟာစည် နှစ် (၅ဝ)ရွေရတုသမိုင်းမှတ်တမ်း	၇ဝဝ/-

ပုဒ္ဓသာသနာနုဂ္ဂဟအပွဲ့ချုပ်၊ မဟာစည်သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့၊ အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ဖြန့်ချိသော ပုဒ္ဓကျမ်းစာအုပ်များ၏ဈေးနှုန်းများ

၁။	ARIYAVASASUTTA	၁ဝဝ/-
၂။	BHARASUTA (OR) THE BURDAN OF KHANMADA	၁၅ဝ/-
၃။	BIOGRAPY (OR) THE VENERABLE MAHASI SAYADAW	၁၅ဝ/-



၄။	BRAHMA VIHARA DHAMMA	၃၀၀/-
၅။	CULAVEDALLA SUTTA	၁၅၀/-
၆။	DHAMMA DAYADA SUTTA	၁၀၀/-
၇။	FUND AMENTAL OF VIPASSANA MEDITATION	၃၀၀/-
၈။	HEMAVATA	၁၅၀/-
၉။	LOKADHAMMA	၁၀၀/-
၁၀။	MAHASI ABROAD. PATR (I)	၁၀၀/-
၁၁။	MAHSI ABROAD PATR (II)	၁၀၀/-
၁၂။	MALUKYA PUTTA SUTTA	၁၀၀/-
၁၃။	NIBBANAPATISAMYUTTA KATHA (OR) ON THE NATURE OF NIBBANA	၁၅၀/-
၁၄။	TO NIBBANA VIAT THE NOBLEEIGHTFOLD	၁၀၀/-
၁၅။	PURPOSE OF PRACTISING KAMMATTHANA MEDITATION	၁၀၀/-
၁၆။	PRACTCAL VIPASSANA MEDITATION EXERCISE	၁၀၀/-
၁၇။	PATICCA SAMUPPADA	၄၀၀/-
၁၈။	PURABHED A SUTTA	၂၀၀/-
၁၉။	SAKKAPANHA SUTTA	၁၀၀/-
၂၀။	SATIPATHANA VIPASSANA (C& R)	၄၀၀/-
၂၁။	SALEKHA SUTTA	၂၅၀/-
၂၂။	THE SATIPATHANA VIPASSANA MEDITATION	၁၀၀/-
၂၃။	SILAVAMAT SUTTA	၁၅၀/-
၂၄။	TUVATAKA SUTTA	၁၀၀/-
၂၅။	VUIPASSANA (SPIRITUAL INSIGHT)	၁၀၀/-
၂၆။	VAMMIKA	၃၅၀/-
၂၇။	THE WHEEL OF DHAMMA	၃၀၀/-
၂၈။	WORLD BUDDHIST MISSIONALY YOUR	၂၅/-
၂၉။	OVADAKA THA	၂၀/-
၃၀။	ANATTALAKKAHANA	၄၅၀/-
၃၁။	SAMMA PARIBHAJANIYA	၂၀၀/-
၃၂။	MAHASI COLDEN JUBILEE	၅၀၀/-

◆◆◆◆◆

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး  သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

- မဟာစည်ဆိုတာ ဘာကိုအစွဲပြုပြီးခေါ်တာလဲ ?
- ဖောင်းတာ၊ ဝိန်တာ မှတ်တာဟာ မဟာစည်တရားနည်းပါလား ?
- 'ဖောင်းတယ်၊ ဝိန်တယ်' လို့ မှတ်တာဟာ ဝါယောဓာတ် ၆-မျိုးထဲက ဘာဝါယောဓာတ်ကို ရှုမှတ်ပါသလဲ ?
- ဝါယောဓာတ် (ဖောင်းမှု၊ ဝိန်မှု)ကို စပြီးရှုဖို့ ဘာကြောင့်ညွှန်ပြရပါသလဲ ?
- ဖောင်းတာ၊ ဝိန်တာ နှစ်ခုတည်းကိုသာ ရှုမှတ်ရမှာလား ?
- ဖောင်းတယ်၊ ဝိန်တယ် စတဲ့နာမည်ဟာ တရားရှုမှတ်ရာမှာ လိုရင်းကျပါသလား ?
- ဝမ်းဗိုက်ရဲ့ ဖောင်းမှု၊ ဝိန်မှုကိုမှတ်တာဟာ ပါဠိတော်နဲ့ မဝေးပေဘူးလား ?
- ဝမ်းဗိုက်ရဲ့ ဖောင်းမှု၊ ဝိန်မှုကို မှတ်ခြင်းဟာ ဘုရားအလိုတော်ကျ ဖြစ်ပါသလား ?

မဟာစည်ဆိုတာ ဘာကိုအစွဲပြုပြီးခေါ်တာလဲ

ဆရာတော်လောင်းလျာသည် ဓမ္မာစရိယဘွဲ့ရရှိတဲ့အထိ စာပေသင်ယူပြီးတဲ့နောက် သထုံမင်းကွန်း ဇေတဝန် ဆရာတော်ကြီးထံ နည်းခံကာ ဝိပဿနာတရားကို ၄-လ အားထုတ်ခဲ့ပါတယ်။ ၄င်းနောက် မိမိရဲ့ ဇာတိဖြစ်သော ရွှေဘိုမြို့၊ ဆိပ်ခွန်ရွာမှာ ဝိပဿနာတရားများ ဟောကြားပြသခဲ့ပါတယ်။ တရားနာယူလိုသူများ နာယူနိုင်စေရန် တရားဟော ကြားပြသခါနီးတွင် စည်ကြီးကိုတီးစေ၍ တရားဟောကြား ပြသလေ့ရှိတာကြောင့် "မဟာစည်၊ မဟာစည်ဆရာတော်" လို့ အမည်တွင်ခဲ့တာ ဖြစ်ပါတယ်။

ဖောင်းတာ၊ ဝိန်တာ မှတ်တာဟာ မဟာစည်တရားနည်းပါလား

ဘုန်းကြီးတို့ပြနေတဲ့ တရား

မဟာစည်တရားနည်းအကြောင်းသိမှတ်မှုယ်

မင်းရာဇာ (ရွှေမင်းဝံ)



လုပ်ငန်းက 'ဖောင်းတယ်၊ ပိန်တယ်' လို့ မှတ်ရတယ်။ ဘုန်းကြီးတို့ပြနေတဲ့ တရားဆိုတာကလည်း ယခုနေအခါမှာ ဘုန်းကြီးတို့ကခေါင်းဆောင်ပြီး အထင်အရှားဟောနေလို့ ပြောရတာပါ။

အမှန်မှာတော့ မြတ်စွာဘုရားဟောခဲ့တဲ့ တရားတော်နည်းပါပဲ။ 'ဖောင်းတယ်'ဆိုတာ ခန္ဓာငါးပါးထဲက ရုပ်ခန္ဓာတရားပဲ။ ရုပ်ထဲမှာလည်း ဝါယောဓာတ်ပဲ။ (အရိယာဝါသ တရားတော်ကြီး၊ နှာ-၂၁၉)

'ဖောင်းတယ်၊ ပိန်တယ်' လို့ မှတ်တာဟာ ဝါယောဓာတ် ၆-မျိုးထဲက ဘာဝါယောဓာတ်ကို ရှုမှတ်ပါသလဲ။

ဝမ်းပိုက်ထဲမှာ ထင်ရှားနေတဲ့ အသာသ ပသာသ ဝါယောဓာတ်ကို ရှုတယ်လို့လည်း ဆိုနိုင်တယ်။ ဝမ်းပိုက်ထဲမှာရှိတဲ့ ကုစ္ဆိသယ ဝါယောဓာတ်ကို ရှုတယ်လို့လည်း ဆိုနိုင်ပါတယ်။ (သလ္လေခသုတ် တရားတော်၊ နှာ-၁၂၃)

ဝါယောဓာတ် (ဖောင်းမှု၊ ပိန်မှု)ကို စပြီးရှုဖို့ ဘာကြောင့်ညွှန်ပြရပါသလဲ

များစွာသော အာရုံတွေကို လိုက်ပြီးရှုနေရင် သမာဓိအဖြစ်နှေးတတ်တယ်။ ထင်ရှားတဲ့ရှုစရာ နည်းနည်းလောက်သာထားပြီး ရှုနေမှ သမာဓိ ဖြစ်လွယ်တတ်တယ်။ ဒါ့ကြောင့် ဝမ်းဗိုက်မှာထင်ရှားတဲ့ တောင့်တင်း၊ တွန်းကန်လှုပ်ရှားမှု ဝါယောဓာတ်ကို စပြီးရှုဖို့ ဘုန်းကြီးတို့က ညွှန်ပြပါတယ်။ ရှုပုံကတော့ ဝမ်းဗိုက်က ဖောင်းတက်လာတဲ့အခါ 'ဖောင်းတယ်'လို့ မှတ်ရတယ်။ ပိန်ကျသွားတဲ့အခါ 'ပိန်တယ်'လို့ ရှုမှတ်ရတယ်။ (ဓမ္မစကြာတရားတော်၊ နှာ-၁၇၂)

ဖောင်းတာ၊ ပိန်တာ နှစ်ခုတည်းကိုသာ ရှုမှတ်ရမှာလား။

ဖောင်းတာ၊ ပိန်တာ နှစ်ခုကို စပြီးရှုမှတ်ဖို့ ညွှန်ပြနေပါတယ်။ ဒါပေမယ့် အဲဒီနှစ်ခုတည်းတော့မဟုတ်သေးဘူး။ 'ဖောင်းတယ်၊ ပိန်တယ်'လို့ ရှုမှတ်နေရင်း စိတ်ကူးဖြစ်လာရင် အဲဒီစိတ်ကူးကိုလည်း ရှုမှတ်ရတယ်။ ပြီးရင် ဖောင်းတာ၊ ပိန်တာကိုပဲ ပြန်ပြီးရှုမှတ်ရတယ်။

ကိုယ်ထဲက အခံရခက်တဲ့ ဒုက္ခဝေဒနာ တစ်ခုခုထင်ရှားပေါ်လာရင် အဲဒါကိုလည်း ရှုမှတ်ရတယ်။ အဲဒီလိုရှုမှတ် ဒုက္ခဝေဒနာ ပျောက်သွားရင်ဖြစ်စေ၊ မပျောက်သော်လည်း အတော်အတန်ကြာအောင် ရှုမှတ်ပြီးရင်ဖြစ်စေ ဖောင်းတာ၊ ပိန်တာကိုပဲ ပြန်ပြီး စူးစူးစိုက်စိုက် ရှုမှတ်နေရတယ်။

လက်ခြေကွေးမှု၊ ဆန့်မှု၊ လှုပ်ရှားပြုပြင်မှု ဖြစ်ပေါ်လာရင် အဲဒီကိုယ်အမူအရာကိုလည်း ရှုမှတ်နေရတယ်။ ပြီးရင် ဖောင်းတာ၊ ပိန်တာကိုပဲ ပြန်ပြီး ရှုမှတ်နေရတယ်။

မြင်မှု၊ ကြားမှု အထူးစသည် ထင်ရှားပေါ်လာရင် အဲဒါကိုလည်း 'မြင်တယ်၊ မြင်တယ်၊ ကြားတယ်၊ ကြားတယ်' စသည်ဖြင့် ရှုမှတ်ရတယ်။ အဲဒီလို ၂-ချက်၊ ၃-ချက်၊ ၄-ချက်၊ ၅-ချက်လောက် ရှုမှတ်ပြီးရင် ဖောင်းတာ၊ ပိန်တာကိုပဲ ပြန်ပြီး စူးစူးစိုက်စိုက် ရှုမှတ်နေရတယ်။ (ဓမ္မစကြာတရားတော်၊ နှာ-၁၇၃)

ဖောင်းတယ်၊ ပိန်တယ် စတဲ့နာမည်ဟာ တရားရှုမှတ်ရာမှာ လိုရင်းကျပါသလား။

ဝါယောဓာတ်၊ ရုပ်လို့ဆိုတဲ့ ကျမ်းဂန်သုံးအမည်ပဲဖြစ်ဖြစ်၊ ဖောင်းတယ်၊ ပိန်တယ်ဆိုတဲ့ မြန်မာအမည်ပဲဖြစ်ဖြစ် အမည်ဆိုတာနာမပညတ်ချည်းပါပဲ။ လိုရင်းမဟုတ်ပါဘူး။ ဖောင်းတက်လာတဲ့သဘော ပိန်ကျသွားတဲ့သဘောကို သတိဉာဏ်နဲ့ အမှတ်ရပြီး သိဖို့ကသာ လိုရင်းဖြစ်တယ်။ ဘာအမည်မျှမပါဘဲ သိရုံမျှ သိနေရင်လည်း ကိစ္စပြီးနိုင်ပါတယ်။

ဒါပေမယ့် အမည်တစ်ခုခုမပါဘဲနဲ့ သိရုံမျှ ရှုသိနေရင်တော့ ပိုင်းပိုင်းခြားခြား၊ ပြတ်ပြတ်သားသား သိ



ဖို့မလွယ်ပါဘူး။ ဆရာထံမှာ ရှင်းလင်းပြောပြဖို့၊ ဆရာကလည်း ရှင်းပြဖို့ မဖြစ်နိုင်ပါဘူး။

ဒါကြောင့် အမည်တစ်မျိုးမျိုးနဲ့ ရှုမှတ်ရန် ညွှန်ကြားတာပါပဲ။ အဲဒီလို အမည်နဲ့ရှုမှတ်ရာမှာလည်း ပါဠိကျမ်းဂန်သုံးအမည်နဲ့ ရှုမှတ်ရမယ်ဆိုရင်တော့ တချို့ ရုပ်နာမ်အမူအရာတွေအတွက် တိတိကျကျ ပါဠိသုံးအမည်နဲ့ ရှုမှတ်ဖို့ မလွယ်ပါဘူး။

ဒါကြောင့် ဘုန်းကြီးတို့က အများသိလွယ်တဲ့ မြန်မာအရပ်သုံးအမည်နဲ့ပဲ 'ဖောင်းတယ်၊ ပိန်တယ်' လို့ ရှုမှတ်စေပါတယ်။ (ဗုဒ္ဓသာသနအန္တရာယ် ကာကွယ်ရေးတရားတော်၊ နှာ-၆၆)

ဝမ်းဗိုက်ရဲ့ ဖောင်းမှု၊ ပိန်မှုကိုမှတ်တာဟာ ပါဠိတော်နဲ့ မဝေးပေဘူးလား။

ဝမ်းဗိုက်ရဲ့ ဖောင်းမှု၊ ပိန်မှုကို မှတ်တာဟာ ပါဠိတော်များနဲ့ မဝေးပါဘူး။ အံ့ကျကိုက်ညီနေပါတယ်။ ခိုင်လုံသော သာဓကပါဠိတော်တွေက ရာထောင်မက များစွာရှိနေပါတယ်။ ဘယ်လိုပါဠိတော်တွေလဲဆိုရင် သဠာယတန၀ဂ္ဂ သံယုတ်ပါဠိတော်တွေပါပဲ။ အဲဒီပါဠိတော်တွေထဲမှာ ဒွါရ ၆-ပါးက ထင်ရှင်းပေါ်လာတဲ့ ရုပ်နာမ်တွေကိုမရှုရင် ကိလေသာဖြစ်ကြောင်း ရှုပြီး အမှန်အတိုင်းသိမှ ကိလေသာငြိမ်းပြီး မင်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြောင်း ပြဆိုထားပါတယ်။

နောက်ပြီးတော့ သတိပဋ္ဌာန်ဒေသနာတော်မှာပင် ဓာတုမနသိကာရ အပိုင်း၌ ဓာတ် ၄-ပါးကို ရှုတယ်ဆိုတာ ထင်ရှားပေါ်လာတဲ့ ဓာတ်တွေကို ရှုရတာပဲ။ ဝမ်းဗိုက် ဖောင်းခိုက်၊ ပိန်ခိုက်၌ တောင့်တင်းလှုပ်ရှားတဲ့ ဝါယောဓာတ် ထင်ရှားရှိတဲ့အတွက် အဲဒီဝါယောဓာတ်ကို ရှုတာဟာ ဓာတုမနသိကာရပါပဲ။ ကျမ်းဂန်စကားကိုမသုံးဘဲ ဖောင်းတယ်၊ ပိန်တယ်လို့ အရပ်သုံးစကားနဲ့ ရှုတာကတော့ (ဂန္ဓာမိတိ ပဇာနာတိ သွားရင် သွားတယ်ဟု ရှုသိဖို့ ရိုးရိုးလေး ဟောခဲ့တယ်) စသည်ဖြင့် ညွှန်ပြထားတဲ့စကားတော်နှင့်အညီပါပဲ။

အဲဒီလို အရပ်သုံးစကားနဲ့ ရှုမှတ်လို့ သမာဓိဉာဏ် ရင့်သန်လာတဲ့အခါကျတော့ တောင့်တင်းလှုပ်ရှားတဲ့ ဓာတ်သဘော၊ အဆက်ဆက်မျှဖြစ်ပျက်နေတာကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သိကြရတာပဲ။

နောက်ပြီးတော့ သတိပဋ္ဌာန်ပါဠိတော် အာယတနဓမ္မာနုပဿနာပိုင်း၌ (ကာယဉ္စ ပဇာနာတိ၊ ဖောဋ္ဌဗ္ဗဉ္စ ပဇာနာတိ) လို့ ညွှန်ပြထားတဲ့ပါဠိတော်နဲ့လည်း အံ့ကျကိုက်ညီနေပါတယ်။

အဲဒီပါဠိက ကိုယ်ထဲမှာ ဘယ်အစိတ်အပိုင်းကမဆို ထိတွေ့နေတဲ့

ဝမ်းဗိုက်ရဲ့ ဖောင်းမှု၊ ပိန်မှုကို ရှုမှတ်တာဟာ သမထကမ္မဋ္ဌာန်း ဖြစ်ပါသလား ?





အာရုံနဲ့ ထိတွေ့ရာဌာန ကာယ ပသာဒသိပုံကို ဟောထားတာပါပဲ။

ကွရိယာပထမပိုင်း ဒေသနာတော်မှာ (ယထာ ယထာဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာတထာနံ ပဇာနာတိ) ဆိုတဲ့ စကားဖြင့် ကွရိယာပုထ် ၄-ပါးမှ အလွတ်ဖြစ်တဲ့ ကိုယ်အမူအရာ ဟူသမျှကိုလည်း ညွှန်ပြတယ်လို့ ကောက်ယူထားပါတယ်။

ဝမ်းဗိုက်ရဲ့
ဖောင်းမှု၊ ပိန်မှုကို
မှတ်ခြင်းဟာ
ဘုရားအလိုတော်ကျ
ဖြစ်ပါသလား။

ဝမ်းဗိုက်၏ ဖောင်းခြင်း၊ ပိန်ခြင်းသည် ဝါယောဓာတ် လွန်ကဲသော ရုပ်အပေါင်းဖြစ်သောကြောင့် ခန္ဓာအားဖြင့် ရူပက္ခန္ဓာ၌ အတွင်းဝင်၏။ အာယတနအားဖြင့် ဖောဋ္ဌဗ္ဗာယတန၌ အတွင်းဝင်၏။ ဓာတ် ၁၈-ပါးတို့တွင် ဖောဋ္ဌဗ္ဗဓာတ်၌ အတွင်းဝင်၏။ ဓာတ်ကြီး ၄-ပါးတို့တွင် ဝါယောဓာတ်ဖြစ်၏။ သစ္စာအားဖြင့် ဒုက္ခသစ္စာ၌ အတွင်းဝင်၏။

ဤရူပက္ခန္ဓာ၊ ဖောဋ္ဌဗ္ဗယတန၊ ဖောဋ္ဌဗ္ဗဓာတ်၊ ဝါယောဓာတ်၊ ဒုက္ခသစ္စာတို့သည် မုချ ဝိပဿနာရှုအပ်သောတရား၊ ရှုကောင်းသောတရား သာလျှင် ဖြစ်သည်။ မရှုကောင်းသောတရား မဟုတ်ပေ။

ထို့ကြောင့် ဖောင်းမှု၊ ပိန်မှုကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ထင်မြင်အောင် ရှုခြင်းသည် ခန္ဓာဒေသနာ အာယတနဒေသနာ စသော ထိုထိုဘုရားဟော ပါဠိတော်တို့နှင့် ညီညွတ်၍ ဘုရားရှင်အလိုကျ ဖြစ်သည်သာ လျှင်တည်း။ (သတိပဋ္ဌာနသုတ် နိဿယ)



ဝမ်းဗိုက်ရဲ့
ဖောင်းမှု၊ ပိန်မှုကို
ရှုမှတ်တာဟာ
သမထကမ္မဋ္ဌာန်းဖြစ်ပါသလား

ဖောင်းမှု၊ ပိန်မှုကို ဝါယောဓာတ် ၆-ပါးတို့တွင် အဿာသ ပဿာသ ဝါယောဓာတ်၌ အတွင်းဝင်သင့်ကြောင်း ပြဆိုထား၏။ ထိုသို့ ပြဆိုရာ၌လည်း ဖောင်းမှု၊ ပိန်မှု ဝါယောသည် -

(၁) အင်္ဂမင်္ဂါနုသာရိဝါယော
(၂) အဿာသပဿာသဝါယော
(၃) ကုစ္ဆိသယဝါယော
(၄) ယံဝါပနဝါယော ဟူသော ဤလေးမျိုးတို့နှင့် စပ်ဆိုင်လျက်ရှိ၏။

သို့ရာတွင် ဝင်သက်၊ ထွက်သက်နှင့် အနီးစပ်ဆုံးဖြစ်၍ ဝင်သက်၊ ထွက်သက်၏ အကျိုးဆက်အဖြစ် အလွန်ထင်ရှားသောကြောင့် အဿာသပဿာသ ဝါယောဌ် သွင်းပြခြင်းဖြစ်သည်။သို့သော်လည်း အဿာသပဿာသ ဝါယောဓာတ်အတွင်းဝင်သည့်အတွက် အာနာပါန သမထကမ္မဋ္ဌာန်းဟူ၍ကား မဆိုလိုပေ။

အကြောင်းမူကား အာနာပါန သမထကမ္မဋ္ဌာန်းအရာ၌ ပဋိသမ္ဘိဒါမဂ်၊ ဝိသုဒ္ဓိမဂ် စသည်တို့တွင် နှာသီးဖျား၊ အထက်နှုတ်ခမ်းတို့၌ ထိခိုက်သော ဝင်လေထွက်လေကိုသာ ရှုရန် ပြထားသောကြောင့်တည်း။

မှန်ပေ၏။ ထိုပါဠိ၊ အဋ္ဌကထာတို့အရအားဖြင့် ဝမ်းထဲ၌ ဝင်ထွက်လှုပ်ရှားနေသော ဝင်သက်ထွက်သက်တို့ကို ရှုသော်လည်း အာနာပါန သမထ ကမ္မဋ္ဌာန်း မမည်ပေ။ သို့သော် ဓာတုဝဝတ္ထာန်နှင့် ဝိပဿနာကမ္မဋ္ဌာန်းမူကား ဖြစ်နိုင်ပါ၏။ အဘယ်ကြောင့်နည်းဟူမူ ဓာတုဝဝတ္ထာန်မှာ မည်သည့်ဓာတ်လေးပါးမဆို ရှုရသည့်အပြင် ဝိပဿနာမှာလည်း ကိုယ်တွင်းကိုယ်ပ ဥပါဒါနက္ခန္ဓာ ဟူသမျှကို ရှုရသောကြောင့်တည်း။

(မဟာသတိပဋ္ဌာန် နိဿယ)



မဟာစည်တရားနည်းကို အားထုတ်သူများပြီး ပြည်တွင်း/ပြည်ပမှာ အောင်မြင်နေတာ ဘယ်အချက်တွေကြောင့်လို့ ထင်ပါသလဲ။

၁။ လူတိုင်း သိမြင်လွယ်၊ သမာဓိ ဉာဏ်အရမြန်တဲ့ ဝမ်းဗိုက်ရဲ့ ဖောင်းမှု၊ ပိန်မှုကို ပင်တိုင်အရှု ခံထားပြီး ရှုမှတ်ရတာရယ်။

၂။ မိမိအားထုတ်နေတဲ့ တရား နည်းလမ်းကို မသိတာရှိက မေးမြန်းနိုင်ပြီး မသိနားမလည် တာရှိရင်လည်း ဆရာကပြုပြင် ပေးတယ်။ နေ့စဉ် ကမ္မဋ္ဌာန်း ဆရာနဲ့ တရားလျှောက်၊ ဆွေး နွေးခွင့်ရတာရယ်။

၃။ နေ့စဉ် နေ့ (၂)နာရီမှ (၃)နာ ရီထိမှာ စာတွေ့လက်တွေ့ ရှိ ကြတဲ့ ကမ္မဋ္ဌာန်းဆရာများမှ ရှုမှတ်ပုံရှုမှတ်နည်းများ ပါဝင် စေလျက် အားပေးတိုက်တွန်း တဲ့တရားတော်များ ဟောကြား ပေးတာရယ်။

၄။ ည ၁၀ နာရီမှ နံနက် ၃ နာရီ အထိ အိပ်စက်အနားယူခြိန် ပေးပြီး ကျန်တဲ့အချိန်တွေမှာ နိုးစိတ်ကနေ အိပ်ပျော်တဲ့စိတ် အထိရှုမှတ်နေရတယ်။ ဝီရိယ နဲ့ သမာဓိမျှတစေရန် ၁ နာရီ ထိုင်မှတ်ပြီးတိုင်း ၁ နာရီ စင်္ကြံလျှောက်ပြီး ရှုမှတ်စေ တာရယ်။

၅။ တရားအားထုတ်လိုက ၃-လ ခန့်အထိ အားရကျေနပ်လောက် အောင် အားထုတ်နိုင်ခွင့် ရ တယ်။ (တရားကို တကယ် ရိုရိုသေသေနဲ့ ကြိုးကြိုးစားစား အားထုတ်တဲ့ ယောဂီတွေကို တော့ နှစ်အပိုင်းအခြားထိ အားထုတ်နိုင်အောင် စီမံပေး တာရယ်။)

၆။ ပြည့်ပြည့်စုံစုံ အားထုတ်ပြီးတဲ့ ယောဂီတွေကို မိမိဘယ်ဉာဏ် အဆင့် ရောက်ရှိနေပြီဆိုတာ မိမိ(ယောဂီ)ကိုယ်တိုင် ခန့်မှန်း ဆုံးဖြတ်နိုင်ဖို့ ဉာဏ်စဉ်တရား ကို နာယူခွင့်ရတာရယ်။

ဤသို့ ထူးခြားတဲ့အချက်တွေ ကြောင့် မဟာစည်သာသနာဟာ ပြည်တွင်းသာမက ပြည်ပထိအောင် အောင်မြင်နေခြင်း ဖြစ်ပါတယ်။

ထူးထူးကဲကဲ ရာပြည့်ပူဇော်ပွဲ မှာ ကျေးဇူးတော်ရှင် မဟာစည်ဆရာ တော်ဘုရားကြီးအား ဤဆောင်းပါး ဖြင့် ပူဇော်ကန်တော့လိုက်ပါ၏။

ကျမ်းကိုး

(၁) မဟာစည်ဆရာတော်၏ တရား စာအုပ်များ။
(၂) ရွှေမင်းဝံဆရာတော်၏ ပြောပြ ချက်များ။
(၃) သာမဏေကျော်ဆရာတော်၏ မဟာစည်ဆရာတော်နှင့် သတိ ပဋ္ဌာန်အတွေ့အကြုံနှင့်
(၄) မဟာစည်ဆရာတော်နှင့် ယနေ့ ခေတ် ဝိပဿနာရှုနည်းများ။

မင်းရာဇာ (ရွှေမင်းဝံ)



မဟာစည်တရားနည်းကို အားထုတ်သူများပြီး ပြည်တွင်း/ပြည်ပမှာ အောင်မြင်နေတာ ဘယ်အချက်တွေကြောင့်လို့ ထင်ပါသလဲ ?





၁၉၈၂ ခုနှစ်၊ ဩဂုတ်လ၊ ၁၄-ရက်နေ့ နံနက်ပိုင်းအိမ်မှ ရိပ်သာသို့ ရောက်သည်နှင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး စံကျောင်းတော်ပေါ် တက်ခဲ့သည်။ ထိုစဉ် ပစ္စာသနကိုယ်တော် အရှင်သောဘန (ယခုရွှေမင်းဝံရိပ်သာဆရာတော်) ၏မိန့်ရှိချက်အရ ဦးဇင်းတစ်ပါးက တိပိဋကဆရာတော်ဘုရားကြီး၏ (၃)နှစ်တာ ခရီးစာအုပ်တွင်ပါသော မဟာစည်ဆရာတော်ဘုရားကြီးအကြောင်း ရေးသားထားချက်ကို ဖတ်ပြလျှောက်ထားနေပါသည်။ ထိုအချိန်မှာပဲ ဆရာတော်ကြီးက ခေါင်းထဲက ကျင်တင်တင်နဲ့ အနေခက်တယ်ဆိုပြီး ခေတ္တခဏ လျောင်းတော်မူပါသည်။ အဲဒီအချိန်မှာ အပူချိန်တက်ပြီး သတိမရဖြစ်သွားပါသည်။ ထိုအခြေအနေမှာ အရှင်သောဘနက

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏

နောက်ဆုံးနေ့

လှသိန်း (ဆေး) မဟာစည်သင်တန်းကျောင်း



ဥက္ကဋ္ဌကြီးနှင့်တကွ အမှုဆောင် လူကြီးများကို အကြောင်းကြားပါသည်။ အမှုဆောင်လူကြီးများမှ ဒေါက်တာဦးရဲမြင့်သည် ဒေါက်တာဦးညွန့်ဝင်းနဲ့တိုင်ပင်ပြီး ဆေးရုံသို့ပို့၍ အစွမ်းကုန် ကုသကြပါသည်။ ထိုသို့အစွမ်း ကုန်ကုသကြပါသော်လည်း နေ့ (၂)နာရီတိတိအချိန်မှာ ဆရာတော်ဘုရားကြီး ဘဝနတ်ထံ စံလွန်တော်မူပါသည်။ အားလုံးသော ဒကာ ဒကာမယောဂီတွေ ယူကြုံးမရ ဖြစ်ရပါသည်။

စံလွန်တော်မူသည့် နေ့တွင်ပင် လုံခြုံရေးမှူးဖြစ်သော ကျွန်တော့်ကို ခေါ်ယူပြီး စျာပနကိစ္စအဝဝကို စီစဉ်သည်။ ကျွန်တော်တို့လည်း ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို သလွန်ထက်တွင် တင်ဆောင်ကာ အပူဇော်ခံရန် ပြင်ဆင်မွမ်းမံကြသည်။ ဆွတ်ဆွတ်ဖြူသော ပိတ်သားများဖြင့် တန်ဆာဆင်ထားသဖြင့် ဆရာတော်ကြီးစျာပန တင့်တယ်လှပါ၏။

ဆရာတော်ဘုရားကြီး စျာပနကို နိုင်ငံတော်အကြီးအကဲများ၊ တိုင်းမှူးများ၊ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းပြီး အောင်မြင်စွာ ဆင်ယင်ကျင်းပခဲ့ကြပါသည်။

ဆရာတော်ကြီး စျာပနကို ကြီးကြပ်ကွပ်ကဲရန် အနီးကပ် လုံခြုံရေးမှူးအဖြစ် တာဝန်ယူနိုင်ပါသလားဟု ဥက္ကဋ္ဌဆရာမြို့ (ယခု ဝေဒ) က ကျွန်တော့်အား (၃)ကြိမ်တိတိ အစည်းအဝေးမှာ မေးပါသည်။ ကျွန်တော်က လုံးဝ တာဝန်ယူကြောင်း ကတိပြုပြီး စျာပနကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

တာဝန်ခွဲဝေယူကြခြင်း

ထိုသို့ အစည်းအဝေးဆုံးဖြတ်ချက်အရ ကျွန်တော်သည် ယခုလက်ရှိအမှုထမ်းနေသော လုံခြုံရေး(ဦးစီးမြင့်)နှင့်တွဲဘက်၍ လုံခြုံရေးတာဝန်ကိုယူခဲ့ရပါသည်။ ကျွန်တော်တို့သည် စျာပနအခမ်းအနားကြီးကို အဘက်ဘက်မှ လိုလေသေးမရှိရလေအောင် ကြိုးစားခြေနီ၊ မီးသတ်တပ်ဖွဲ့၊ ကောင်စီလူကြီးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မော်တော်ယာဉ်ထိန်းသိမ်းရေးယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် စုဝေးတိုင်ပင်ကြီး ဆောင်ရွက်ရသည်။ ဦးစီးမြင့်က ရိပ်သာကြီးဝင်း တစ်ခုလုံး လိုအပ်ချက်များ ဆောင်ရွက်ရန်နှင့် စျာပနအပူဇော်ခံနေရာများတွင် မလစ်လပ်ရအောင် ကြီးကြပ်ဆောင်ရွက်ပေးရန် တာဝန်ယူရပါသည်။



ထိုသို့တာဝန်ယူရာတွင် အချိန်ဇယားများဖြင့် အလှည့်ကျလုံခြုံရေးထိန်းသိမ်းရေးကို (မော်ကွန်း)တိုက်ရှေ့ရှိ ဗာဒံပင်အောက်ကို လုံခြုံရေးနှင့် နေရာချထားရေး၊ ကွပ်ကဲရေး(မိန်း)စခန်းချကာ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ စျာပနကို အဖက်ဖက်မှ မလစ်ဟင်းရအောင် မအိပ်မနေ ဆောင်ရွက်ခဲ့ကြရပါသည်။

စျာပနအချိန်မှာ ထူးခြားချက်

ဆရာတော်ဘုရားကြီး၏ စျာပနအပူဇော်ခံချိန်တွင် ဆရာတော်ကြီး၏ တပည့်ဖြစ်သော အမှုဆောင်ဒကာကြီးသည် ရိပ်သာသို့



လာရန် ပြင်ဆင်နေစဉ် အိမ်၏ ခေါင်းရင်းတံခါးကို ဖွင့်ကြည့်သည့် အခါ တစ်ချိန်မှ မပွင့်ဖူးသေးသော ကုမုဒြာကြာပန်းတွေ ပွင့်နေသည် ကို အံ့ဩစွာတွေ့ရသဖြင့် ခူးယူပြီး ဆရာတော်ကြီးကို ပူဇော်ပါသည်။



ဆရာတော်ဘုရားကြီး မူလရုပ်ကလာပ်တော်မှာပြာကျသည့်အချိန်အထိ မူလအသားတော်အတိုင်း နှုးညံ့ပြီး ချွေးကလေးများ စို့နေတာကို ဖူးတွေ့ရပါသည်။

မိုးဖွဲဖွဲလေးဖြင့်ပူဇော်ကြ

ပို၍ ထူးခြားအံ့သြဖွယ်ကောင်းသည်မှာ ဆရာတော်ဘုရားကြီး စံလွန်တော်မူသည်မှစ၍ (၇) ရက်လုံးလုံး ကောင်းကင်တစ်ခုလုံး မိုးသားထုတို့ဖြင့် အုံ့ဆိုင်းအုံ့မှိုင်းကာ မိုးသေးမိုးဖွဲကလေးများသာ ကျနေသည်။ နောက်ဆုံး အန္တိမစျာပန ကြွတော်သို့ ပို့ဆောင်သည့် နေ့ (၁) နာရီအချိန်တွင်မှ မိုးနတ်ဒေဝါသည် မိုးဖွဲဖြင့် ပူဇော်ခြင်းကို ရပ်ဆိုင်းသွားပါတော့သည်။

ဖြစ်ရပ်တစ်ခုကို တင်ပြချင်ပါသည်။ ဘယ်တော့မှ မေ့လို့ရမည် မဟုတ်ပါ။ ဆရာတော်ကြီး ရုပ်ကလာပ်တော်ကို ကျွန်တော့်ထံ အပ်နှံပြီး စတင်အပူဇော်ခံသည့် ည ၁၂ နာရီလောက်တွင် အားလုံးအလျှိုလျှိုပြန်ကုန်ကြပါသည်။ နောက်ဆုံး ညဉ့်တစ်နာရီလောက်ကျတော့ ကျွန်တော် ဆရာတော်ဘုရားကြီး ရုပ်ကလာပ်ကို လိုက်ပြီး စမ်းသပ်ပါသည်။ ဘာမှမတွေ့ရတော့ ဒါနဲ့ ဆရာတော်ဘုရားကြီးမျက်နှာတော်ကို အားရအောင် လက်အုပ်ချီပြီး ဖူးမြော်ပါသည်။

မိုးကတစ်ဖွဲဖွဲ ရွာပေးနေသည်။ ကျွန်တော်ခဏာပြန်ထိုင်ပြီး မိုးသီးတွေကို နားထောင်မိတော့ လူတစ်ယောက် တဖြတ်ဖြတ် လမ်းလျှောက်သံလိုကြားနေရပါသည်။ ကျွန်တော့် စိတ်တွေ ထွေရာလေးပါးဖြစ်လာပါပြီ။ စိတ်ကို ချုပ်တီးပြီး ဆရာတော် ဘုရားရုပ်ကလာပ်တော်ကို သွားပြီး ကြည့်ပြန်ပါသည်။ မျက်နှာတော်ကို ဖူးရင်း လက်ဖျားကလေးများကိုလည်း ကိုင်တွယ်ကြည့်ပါသည်။ စိတ်ထဲတွင် တစ်မျိုးကြီးခံစားနေရသည်။ နောက် ဆရာတော် ရုပ်ကလာပ်နားမှ ဦးညွှန့်အောင်၊ ဦးသူတော် အိပ်နေသည့်နားတွင် ကျွန်တော် ခေတ္တလှဲလိုက်ပြီး နဖူးပေါ်လက်တင် စဉ်းစားနေပါသည်။ အဲဒီအချိန်မှာ ဆရာတော်ကြီး အပေါ် ထပ်လှေကားနေရာကို တစ်ချက်လှမ်း ကြည့်လိုက်မိသည်။ လှေကားရင်းနားတွင် ဆရာတော်ဘုရားကြီး သင်္ကန်းကိုပင့်ရုံလိုက်သလို မျက်စိထဲ မြင်လိုက်ရသည်။ ၎င်းလှေကားရင်းကို ထပ်မံစိုက်ကြည့်နေလိုက်မိသည်။ ဆရာတော်ကြီးဆင်းလာပြီး ရပ်နေသလို မျက်မှန်ထူကြီးကလည်း လင်းကနဲမြင်လိုက်ရသလို ကျွန်တော့် စိတ်တွေကို တင်းပြီး လှေကားရင်းနား တန်းပြီး သွားလိုက်မိပါသည်။ မိမိစိတ်ထဲကတော့ ဆရာတော်ဖြစ်ရင် ကောင်းမှာပဲဟု တွေးမိပြန်သည်။ နောက်လှေကားရင်း အရောက်သွားတော့ ဘာပုံသဏ္ဌာန်မှ မတွေ့ရတော့ပါ။ ကျောင်းပေါ်ကို တက်သွားသည့်



အသံလိုပဲ မိုးသံတွေကြားက ကြားနေရသည်။ တဒင်္ဂ် တွေ့လိုက်ရတဲ့ ပုံရိပ်ကြောင့် နှလုံးခုန်နှုန်း မြန်ဆန်လာပါသည်။ မိုးသာစင်စင်လင်းတော့ (၄)နာရီလောက် ယောဂီတွေ လာရောက်ဖူးမျှော်ကြပါတော့သည်။ ကျွန်တော့်မှာတော့ တစ်ညလုံး မအိပ်ရခဲ့ပါ။

စျာပနနောက်ဆုံးနေ့ ကျွန်တော့်ကို အစည်းအဝေးမှာ စျာပနအအုပ်ခံရကတည်းက ဆရာတော်ဘုရားကြီးကို "ဆုံးခန်းတိုင်ပြုစုခွင့်၊ လုပ်ဆောင်ခွင့်ပေးပါဘုရား"ဟု ဆရာတော်မျက်နှာတော်ကို လက်အုပ်ချီ၍ ၇-ရက်လုံးလုံး ဆုတောင်းခဲ့ပါသည်။ နောက်ဆုံးနေ့ နေ့လယ် ၁၂ နာရီအချိန်တွင် သယ်ယူဖို့ကိစ္စစီစဉ်နေစဉ် မယ်တော်ကြီး ဒေါ်ခင်နွဲ့ရီ ရောက်လာပါသည်။

"ကိုလှသိန်း၊ တစ်နာရီမှာ အလောင်းတော်ကို ပင့်ဆောင်မယ်၊ အဲဒီလိုပင့်ဆောင်ပြီးသွားရင် ဒီမှာ ဆရာတော်ကြီးအတွက် ပူဇော်ထားတဲ့ ငွေဖလားတွေ၊ ရွှေဖလားတွေဟာ တန်ဖိုးကြီးတယ်။ ကိုလှသိန်းက အားလုံးတာဝန်ယူပြီး စံကျောင်းတော်တံခါးကိုပိတ် အားလုံးစောင့်ရှောက်ကြပါ။ စိတ်ချပါရစေ၊ ဦးလှသိန်းနေခဲ့ပါ" ကျွန်တော် စိတ်မကောင်းဖြစ်နေမိပါသည်။

ကျွန်တော်လည်း စျာပနသယ်ဆောင်တဲ့ကိစ္စအပြီး သံတံခါးတွေပိတ်၊ ဆရာတော်ကြီးပူဇော်ထားသော ပစ္စည်းများသိမ်းသည်။ မည်သည့်ပုဂ္ဂိုလ်မှ ဆရာတော်ဘုရားကြီး စံကျောင်းပေါ် ဝင်ရောက်ခွင့်မပြု။ခွင့်မပေးရန် စီစဉ်နေပါသည်။

အဲဒီအချိန်တွင် မမျှော်လင့်ဘဲ ရန်ကုန်တိုင်း အတွင်းရေးမှူး ဦးသက်ထွန်းမှ အသံချဲ့စက်ဖြင့် "လုံခြုံရေးမှူး ဦးလှသိန်း ကျွန်တော်တို့နဂ္ဂဟရုံးကိုအမြန်လာပါ။ ဦးလှသိန်းအဖွဲ့ရွှေတော်ပြေးစီစဉ်ရန်ရှိပါတယ်" ဟု ကြေငြာချက်ကို ကြားလိုက်ရသည်။ ကျွန်တော့်မှာ အနီးအနားတွင် မယ်တော်ကြီး ဒေါ်ခင်နွဲ့ရီကိုယ်တိုင်ရှိနေလေတော့ တစ်ဦးမျက်နှာတစ်ဦးကြည့်ပြီး "မယ်တော်ကြီး ကျွန်တော့်ကို ခေါ်နေတယ်။ သွားရမလား"လို့ မေးလိုက်တော့ မယ်တော်ကြီးက "ကဲ . . ခေါ်နေပြီ၊ သွား . . သွား" ဟု ပြောပါသည်။ ကျွန်တော်လည်း ရုံးပေါ်သို့ ခပ်သွက်သွက်သွားခဲ့ပါသည်။

ရုံးပေါ်ရောက်တော့ ဆရာမြိုင် (ဝေဒ) ဥက္ကဋ္ဌက "ခင်ဗျားဘာလုပ်နေတာလဲ၊ ရွှေ့ကသွားကြရမှာ အသံချဲ့စက်တပ်ထား ကားပေါ်တက် သွားကြမယ်။ ၁၅ မိနစ်ပဲလိုတော့တယ်" ဟုပြောကာ ဆရာမြိုင်နဲ့အတူ ကားပေါ်တက်ပြီး ရွှေ့တော်ပြေး ဆော်သြမှုဆောင်ရွက်ခဲ့ရပါသည်။ ကျွန်တော်ဆုတောင်းပြည့်ခဲ့ပါသည်။

စျာပနအခမ်းအနား စတင်ပင့်ဆောင်လာစဉ် လမ်းတစ်လျှောက်လုံး ဝဲ-ယာ တစ်ဘက်တစ်ချက်တွင် ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော်ကို ဖူးမြော်ကန်တော့ရန် စောင့်ဆိုင်းပြီး ပူဇော်ကြတာကို အံ့မခမ်းတွေ့ရပါသည်။ ကြံတောသုသာန်တွင် စောင့်ဆိုင်းနေသော နိုင်ငံတော်အကြီးအကဲများ၊ ဘာသာရေး







အသင်းအဖွဲ့များ၊ သံတမန်များ စသည့်ပုဂ္ဂိုလ်များလည်း သုဿန်မှ နေ ဘယ်နေရာရောက်နေပြီ" စသည်ဖြင့် သတင်းပို့-ပို့သွားကြ ရပါတယ်။ အချိန်ကိုက်ဖြစ်ပါသည်။ ကြံတော သုဿန်သို့ တဖြည်းဖြည်း ဝင်ရောက်လာပြီ။ အပူဇော်ခံရင်း မီးသင်္ဂြိုဟ်မည့်နေရာ အပေါက် တည့်တည့်သို့ ရောက်ရှိပါသည်။ ထိုနေရာတွင် ခေတ္တအပူဇော်ခံပါ သည်။ မြို့တော် အင်ဂျင်နီယာကြီး ဦးဝင်းထိန်ကိုယ်တိုင် စီမံ၍ သီးသန့် စတီးဇလား စတီးခွက်များဖြင့် စီမံ ထားပါသည်။ အထူးသီးသန့်ပြုလုပ် ထားသော မီးသင်္ဂြိုဟ်စက်ခန်းသို့ အစီအစဉ်ဖြင့် ဝင်ရောက်ခဲ့ကြပါ သည်။ အခန်းထဲသို့ ကျွန်တော်ကိုယ် တိုင် ထိပ်ဆုံးမှ ဆရာတော်ကြီး ရုပ် ကလာပ်တော်ကို အသာလေးဆွဲပြီး သွင်းယူခဲ့ပါသည်။ ကျက်ပျံမကျ စည်ကားလှသော ပရိသတ်မှာ လည်း များပြားလွန်းလှပါသည်။ ကျွန်တော်မှတ်မိသလောက် ဖော် ပြရပါလျှင် ပုဂ္ဂိုလ်များအထဲတွင်

၁။ ဥက္ကဋ္ဌကြီး ဦးပွင့်ကောင်း
၂။ ဦးတိုက်စိုး
၃။ ဦးတင်ဝမ်
၄။ ဦးဝင်းထိန်
၅။ ဦးတင့်အောင်(ဟိတေသီ)
၆။ ဦးမျိုးဝေ
၇။ ဦးမင်းဆွေ (အတွင်းရေးမှူး)
၈။ ကိုသိန်းဟံ (ကပ္ပိယ)
၉။ ကိုသိန်းလွင် (ဓါတ်ပုံ)
၁၀။ကျွန်တော်ဦးလှသိန်း

တို့ပဲဟု ထင်ပါသည်။

ဆရာတော်ကြီး ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်စက်အတွင်း သွင်းပြီး မီးပူဇော်ရန်အတွက် ပြင်ဆင်ကြရာ ကျွန်တော်သည် ဆရာတော်ကြီး၏ ကိုယ်ပေါ်တွင် လွှမ်းခြုံထားသော (သင်္ကန်း-ဧကသီ)ကို အသာအယာခွာယူပြီး ခေါက်ကာ ကပ္ပိယကိုသိန်းဟံလက်သို့ ပေးလိုက်ပါသည်။ နောက်ဆရာတော်ဘုရား ကြီး၏ ဦးခေါင်းရဲ့အောက် ခေါင်း အုံးပေါ်တွင် လွှမ်းထားသော အဝါ ရောင်အင်္ကျီကို ကျွန်တော်မယူပြီး ဇာပုဝါအောက်တွင် တစ်ကျပ်စေ့ နှစ်စေ့ထူးခြားစွာတွေ့ရသဖြင့် ကျွန် တော်ပဲ ယူထားလိုက်ပါသည်။

မီးသင်္ဂြိုဟ်တိုက်ထဲတွင်ရှိသော ဆရာတော်ကြီး၏ ရုပ်ကလာပ်တော် မှာ အိပ်နေသည့်အသွင် ကြိမ်းစက် နေသည့်အသွင်ဆောင်နေသည်။ အသားအရေတော်တို့မှာလည်း နူး ညံ့ပျော့ပျောင်းပြီး ကြည်လင် တောက်ပနေသည့်အတွက် မီးစက် ထဲသွင်းရန် အားလုံးယူကြုံးမရ အပူ လုံးကြွကာ မျက်ရည်မဆည်နိုင် အောင် ငိုကြွေးကြပါသည်။ ထို့ နောက် သတိပြန်ရကြပြီး ဆရာ တော်ဘုရားကြီး ရုပ်ကလာပ်တော် ကို သက်ဆိုင်ရာ အမှုထမ်းတို့မှ လှည်းဖြင့် မီးစက်တွင်းသို့ တဖြည်း ဖြည်း သွင်းယူလိုက်ပါတော့သည်။ မီးစက်တံခါးကို ပိတ်လိုက်ပါပြီ။ ဥက္ကဋ္ဌကြီး ဦးပွင့်ကောင်းနှင့် အမှု ဆောင်များသည် ဘရိုးလမ်းမီးထိုး စက်ဘက်နေရာသို့ သွားရောက်ခဲ့ ကြပါသည်။ ၎င်းနေရာမှကြည့်လျှင် ဦးခေါင်းတော်နှင့်တည့်တည့်မှာ သုံးလက်မပတ်လည် လေးထောင့် အပေါက်မှ ဦးခေါင်းတော်နှင့်



ပခုံးတော်ကို ကောင်းကောင်းမြင်ရပါသည်။ ကိုသိန်းလွင် (ဓာတ်ပုံ) လည်း အမျိုးမျိုး ဓာတ်ပုံရိုက်ပါသည်။ ကျွန်တော့်မှာ အဲဒီနေရာတည့်တည့်မှ ထိုင်ပြီး သေသေချာချာ စူးစူးစိုက်စိုက်ကြည့်နေမိပါသည်။ ခဏတွင်ပဲ မီးစတင် ထိုးပါတော့သည်။ မီးစတင်ထိုးတဲ့နေရာက အလယ်လေးထောင့် ပေါက်နေရာ၏ ဘေးမီးပိုက်နှစ်လုံး ပြိုင်တူမီးပူဇော်ပါတော့သည်။

ဦးခေါင်းတော်ကို မီးစဟပ်လိုက်သည့်အချိန်တွင် ဦးခေါင်းမှ ဆံပင်များသည် မဲညိုမသွားဘဲ ယိမ်းကသလို ဘယ်နွဲ့ညာယိမ်း ရွှေရောင်ငွေရောင်တို့ဖြင့် ဖြစ်ပေါ်နေတာကို ကျွန်တော် တွေ့မြင်နေရပါသည်။ ဆက်လက်ပြီး ကြည့်ရင်းကြည့်ရင်း ဖြင့် ၄င်းဆံပင်မှ ထွက်လာသော အရောင်များ ပျောက်သွားပြီး ဦးခေါင်းတော်မှာ ငွေရောင်သက္ကာန် ဖြစ်လာကာ ဦးခေါင်းတော်နောက်စေ့အလယ်လောက်တွင် ငွေမတ်စေ့ခန့် အဝိုင်းအပေါက် ကလေးကို မြင်ရပါသည်။ ထိုအပေါက်မှနေပြီး နို့ဆီဗူးမှ နို့ဆီများ သွန်ချသလို ဦးဏှောက်များ ယိုစီးကျလာပါတော့သည်။ ၄င်းငွေရောင်အရေတို့မှာ မီးနှင့်တွေ့သောအခါ မီးပန်းများ မီးပွင့်သကဲ့သို့ အရောင်စုံတွေ ဖြာပြီးဇလားထဲ ထွက်ကျနေသည်။ နောက်မကြာပါ လက်တော်မှ လက်ချောင်းတော်များ တစ်စတစ်စ ပြုတ်ကျလာပါတော့သည်။



ကျွန်တော် အသက်နှင့် အမျှ ဘုန်းကြီးပျံတွေကို မီးသငြှိဟ်ကြတာ တွေ့ဖူးပါသည်။ မီးသငြှိဟ်ရင်း ဦးခေါင်းတော်က 'ဖုံး' ကနဲပေါက်ကွဲတာ တွေ့ဖူးပါသည်။ ယခုတော့ ဤသို့မဟုတ် ထူးခြားလှတဲ့ မြင်ကွင်းပါပေတည်း။

ကျွန်တော်သည်လည်း ဆရာတော်ကြီး၏ အရိုးတော်အားလုံး ကျပြီဆိုလျှင်ပဲ မီးကိုငြိမ်းသတ်ပြီး သံတံခါးကိုဖွင့်၊ စတီးဇလားထဲမှ အရိုးပြာများကို အပြင်ထုတ်၍ အသင့်ယူဆောင်လာသော ဖလားထဲသို့ ပြောင်းထည့်ကာ အုန်းရည်များ လောင်းလိုက်ပါသည်။ အုန်းရေများ လောင်းထည့်လိုက်သော အခါ အရိုးတော်များမှာ ဖြူဖွေးသွားပါသည်။ နောက် တရုတ်တူသက္ကာန် တုတ်ချောင်းနှစ်ချောင်းကို အမှုထမ်းများက လာရောက်ပေးသည်။ ၄င်းတူရှည်ရှည်ဖြင့် အရိုးတော်များ ကောက်ယူကာ ငွေဖလားနှစ်လုံးတွင် ထည့်သွင်းကြပါသည်။ အရိုးပြာကို နောက်ဆုံးမော်တော်ယာဉ်နှစ်စီးဖြင့် ရိပ်သာသို့ သယ်ယူလာပါသည်။ ရိပ်သာရောက်သောအခါ ဖလားတစ်လုံးကအရိုးတော်၊ ဖလားတစ်လုံးကပြာတော်တို့ကို စံကျောင်းတော်အောက်ထပ်တွင် မှန်လုံခန်းထဲထည့်ကာ အပူဇော်ခံပါသည်။

လှသိန်း (ဆေး)
မဟာစည်သင်တန်းကျောင်း





အအေးဒဏ်ကို ဂရုပြုတော်မမူဘဲ ပဋိပတ်သာသနာတော် တရားမြတ်ကို မျိုးစေ့ချ၍ သာသနာပြုခဲ့ပါသည်။ ဆရာတော်၏ ရည်ရွယ်ချက်မှာ ဝိပဿနာ ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီများ ယထာဘူတ နည်းလမ်းကျကျ အားထုတ်နိုင်ကြစေရန် ညွှန်ကြားလို၍ ဤသို့ သာသနာပြု ခရီးထွက်တော်မူခြင်းဖြစ်

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး ပြည်ပသာသနာပြုခရီးမှတ်တမ်း

ဒေါက်တာကျော်မြင့်

ဗုဒ္ဓမြတ်စွာသာသနာတော်၏ ပစ္စုပ္ပန်နှင့်အနာဂတ်ကို ရှေ့ရှုလျက် အမိနိုင်ငံမှ ထေရဝါဒ ဗုဒ္ဓဘာသာကို တိုင်းတစ်ပါးသားတို့ သိရှိပွားများ အကျိုးရစေခြင်းငှာ ပြုရသော ဆောင်ရွက်ရသော သာသနာပြု ခရီးဖြစ်ပါသည်။ မဟာစည်ဆရာတော် ဘုရားကြီးသည် သက်တော် (၇၅) နှစ် ပြည့်လုနီးနီး ဖြစ်လင့်ကစား တစ်နိုင်ငံမှ တစ်နိုင်ငံ၊ တစ်မြို့မှ တစ်မြို့၊ တစ်နေရာမှ တစ်နေရာသို့ ဥတုရာသီမရွေး၊ အပူ သတ္တဝါအပေါင်းတို့၏ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ငြိမ်းချမ်းမှု အစစ်အမှန် ရရန် နည်းလမ်းမှာ သတိပဋ္ဌာန် နည်းသည်သာလျှင် ပဓာနဖြစ်ပေသည်။

အထူးသဖြင့် အနောက်တိုင်းသူ တိုင်းသားများအဖို့ စီးပွားရေးလုပ်ငန်းများတွင်သာ အားသွန်ခွန်စိုက် ကြံစည်လုပ်ဆောင်လျက် ရှိကြသည့် အလျောက် ကာယသုခ၊ လောကီချမ်းသာကိုသာ ရရှိကြပါသည်။ သို့ရာတွင် စိတ္တသုခအစစ်အမှန်ကိုမူ



ကား မရရှိကြပေ။

သတ္တဝါများအနေဖြင့် ဘဝတစ်ကွေ့တွင် လောကဓံတရားနှင့် ကြုံတွေ့ရစမြဲပင် ဖြစ်သည်။ သို့မလွဲမသွေကြုံတွေ့ရသည့်အခါ နေမသာ ထိုင်မသာ စိတ်ပျက်ခြင်း၊ ပူပန်ခြင်း၊ ဝမ်းနည်းခြင်းနှင့် စိတ်နှလုံးမသာမယာခြင်းတို့ကို ခံစားကြရမည်ဖြစ်သည်။ ဤသို့သောသောကဝေဒနာမီးတို့ကို ငြိမ်းသတ်နိုင်ဖို့ဆိုသည်မှာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားပြသတော်မူသော ဝိပဿနာကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းဖြင့် ဆင်းရဲဒုက္ခအမျိုးမျိုးမှ ကင်းလွတ်ကြပါမည်။ ဤသို့သော ကရုဏာ မေတ္တာ စိတ်စေတနာသဒ္ဓါတရားကြောင့် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ပြည်ပသို့ သာသနာပြုရန် ဓမ္မစစ်မျက်နှာဖွင့်ရခြင်းဖြစ်မည်ဟုစာရေးသူထင်မြင်မိပါသည်။

ဝိသုဒ္ဓိမဂ်မဟာဋီကာနှင့် အဋ္ဌကထာကျမ်း

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၉၅၂ ခုနှစ်မှစ၍ အိန္ဒိယ၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဂျပန်၊ ထိုင်းနှင့် အင်ဒိုနီးရှား စသည့်နိုင်ငံများ ကြွရောက်တော်မူပြီး ပရိယတ်နှင့် ပဋိပတ်တည်းဟူသော သတိပဋ္ဌာန် ဝိပဿနာတရားတော်မြတ်ကို ဟောကြားချီးမြှင့်ပေးတော်မူခဲ့ပါသည်။ ၁၉၆၀ ခုနှစ်မှ ၁၉၇၈ ခုနှစ်အတွင်း ပြည်ပသို့ ကြွမြန်းခြင်းအလျဉ်းမပြုဘဲ ပြည်တွင်း၌ သာသနာတော်ခိုင်မြဲတည်တံ့ရေးအတွက် ရှေးရှုတော်မူလျက် ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယကျမ်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မြန်မာပြန်ကျမ်းကြီးများ မနေမနား ရေးသားပြုစုလျက်နေတော်မူပါသည်။

ပြည်ပသာသနာပြုလမ်းစပေါ်ခြင်း

အင်္ဂလန်နိုင်ငံမှ ဆရာတော်ဒေါက်တာဦးရေဝတမမွန့်၊ အမေရိကန်နိုင်ငံမှ ယောဂီဟောင်း မစ္စတာ ဂျိုးဇက်ဂိုလ်စတိန်းတို့၏ ပင့်လျှောက်ထားချက်အရ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ကရုဏာကြီးစွာဖြင့် အနောက်နိုင်ငံများနှင့် အမေရိကန်နိုင်ငံများသို့ ကြွမြန်းချီးမြှောက်ရန် ဆုံးဖြတ်တော်မူခဲ့လေသည်။

ပြည်ပသာသနာပြုခရီးအတွက် ပြင်ဆင်ခြင်း

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် မြတ်ဗုဒ္ဓ၏ တရားဓမ္မအနှစ်သာရများကို ကမ္ဘာသုံး အင်္ဂလိပ်ဘာသာရပ်ဖြင့် နိုင်ငံခြားသားတို့ ကောင်းစွာ ဆည်းပူးလေ့လာခြင်းပြုနိုင်လိမ့်မည်။ သာ



ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ၁၉၇၉ ခု၊ ဖေဖော်လအတွင်းက အမေရိကန်နိုင်ငံသို့ သာသနာပြုခရီးကြွရောက်ခဲ့စဉ်က





ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ပြည်ပသာသနာပြုခရီး ကြွရောက်ခဲ့စဉ်က နိုင်ငံခြားသား ယောဂီများအား တရားဟောကြားနေစဉ်

ထေရဝါဒကျင့်သုံးသည့် နိုင်ငံများအနက် သီရိလင်္ကာနိုင်ငံနှင့် ထိုင်းနိုင်ငံများမှ ရဟန်းတော်များသာလျှင် အမေရိကန် မြို့ကြီးတိုင်းလိုလိုမှာ အားမာန်အပြည့်အဝဖြင့် သာသနာပြုလျက် ရှိကြပေသည်၊

သနာပြုရာတွင်လည်း ပိုမိုထိရောက်ပေမည်ဟု ဆင်ခြင်မိသည်။ ထို့ကြောင့် အောက်ပါတရားတော်များကို ရေးသားပြုစုတော်မူခဲ့ပါပေသည်။

(၁) ဗုဒ္ဓဘုရားရှင်၏ အမြတ်ဆုံး တရားတော်
(၂) ဗုဒ္ဓသာသနာတရားတော်
(၃) သတိပဋ္ဌာန်တရားတော် (၁)
(၄) သတိပဋ္ဌာန်တရားတော် (၂)
(၅) ချမ်းသာရေးတရားတော်

ယင်းတရားတော်များကို ဦးညီညီနှင့် တက္ကသိုလ်ဦးသာနိုး တို့က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးကြပါသည်။ မဟာစည်ဆရာတော်ဘုရားကြီးက တည်းဖြတ်စိစစ်ပြီး ဖတ်ကြား ဟောပြောရန် ပြင်ဆင်တော်မူခဲ့ပါသည်။

အဆိုပါ တရားတော်ငါးပုဒ်ကို စာအုပ်ငယ်တစ်ခုတည်း၌ ထည့်သွင်းပုံနှိပ်စေပြီး မြန်မာဘာသာရပ်ဖြင့် တစ်အုပ်၊ အင်္ဂလိပ်ဘာသာရပ်ဖြင့်တစ်အုပ် "ကမ္ဘာ့သာသနာပြုတရားတော်" (MAHASI ABROAD) ဟူသော အမည်ဖြင့် ထုတ်ဝေဖြန့်ဖြူးခဲ့ပါသည်။



သာသနာပြုခရီးအတွက်အစီအစဉ်

ဗုဒ္ဓသာသနာနှုဂ္ဂဟအဖွဲ့ချုပ်သည် မဟာစည်ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ ပြည်ပသာသနာပြုခရီးထွက်ခွာတော်မူနိုင်ရန် နိုင်ငံခြားမှ ပုဂ္ဂိုလ်များနှင့် ဆက်သွယ်၍ အစီအစဉ်များ ချောမောပြေပြစ်အောင် ဆောင်ရွက်တော်မူခဲ့ပါသည်။ နိုင်ငံခြားမှ ကမကထပြု၍ ပင့်ဖိတ်သော ပုဂ္ဂိုလ်များမှာ အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် "ဘာရီ" မြို့၊ ကမ္ဘဋာန်းဌာနမှ မစ္စတာ "ဂိုင်းအမ်(သ်) ထရောင်း" (Mr. Guy Artramg) ဒေါက်တာ" ဂျက်ကွန်းဖီလ်လဒ် (Dr. Tack Cornfield) နှင့် မစ္စတာ "ဂျိုးဇက်ဂိုလ်စတိန်း" (Mr. Joseph Goldstein) ဝါရှင်တန်နှင့် နယူးယောက်မြို့မှ မဟာစည်ယောဂီဟောင်းများ ဖြစ်ကြသော ဗိုလ်မှူးကြီး ချစ်မြိုင် (အငြိမ်းစား) နှင့် ဦးလှဖေတို့ဖြစ်ကြပါသည်။ ၄င်းအပြင် အင်္ဂလန်နိုင်ငံ "ဘာမင်ဂန်မြို့" ဝက်စ်မစ်ဒ်လန်ဒ် ဗုဒ္ဓဘာသာကမ္ဘဋာန်းဌာနမှ ဆရာတော်ဒေါက်တာအရှင်ရေဝတမဓမ္မ(M.A, Ph.D) နှင့် ဆက်သွယ်စီစဉ်ရပါသည်။

ဒေါက်တာဦးရေဝတမဓမ္မသည် အမေရိကန်နိုင်ငံသို့ ကြိုတင်သွားရောက်၍ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့အား ခရီးဦးကြိုဆိုရန် အစီအစဉ်များ ပြုလုပ်ခဲ့ပါသည်။

ဒေါက်တာဦးရေဝတမဓမ္မသည် မဟာစည်ဆရာတော်ဘုရားကြီးနှင့် အဖွဲ့၏ ခရီးစဉ်တစ်လျှောက်၌ အတူတကွ လိုက်ပါရုံတွင်သာမက အစီအစဉ်များ ရေးဆွဲခြင်း၊ လိုအပ်သောပြင်ဆင်စီမံမှုတို့ကို တာဝန်ယူဆောင်ရွက်တော်မူခဲ့ပါသည်။

ပထမအကြိမ်အနောက်နိုင်ငံများသို့ သာသနာပြုခရီး

၁၉၇၉ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့၊ ၁၃၄၀ ခုနှစ် တန်ခူးလဆန်း (၅)ရက် (တနင်္ဂနွေ) နေ့လည် မဟာစည်ရိပ်သာကြီး၌ ကြက်ပျံမကျ စည်ကားသိုက်မြိုက်သောနေ့ ဖြစ်ပါသည်။ ထိုနေ့မွန်းလွဲ တစ်နာရီအချိန်၌ မဟာစည်ဆရာတော်ဘုရားကြီးသည် တပည့်ယောဂီ အပေါင်းတို့၏ ပူဇော်သက္ကာရပြုခြင်းခံယူတော်မူပြီး ဩဝါဒပေးသနားတော်မူခဲ့ပါသည်။ ဩဝါဒတော်မှာ "အပွမာဒေနသမ္ပာဒေထ" တရားတော်မြတ်ပင် ဖြစ်ပါသည်။ ယင်းသို့ ဩဝါဒတော်ကို ချီးမြှင့်ပြီးနောက် မဟာစည်ဆရာတော်ဘုရားကြီးသည် မန္တလေးအဘယာရာမကျောင်းမှ ဓမ္မာစရိယ အရှင်သီလာနန္ဒာဘိဝံသ၊ ချမ်းမြေ့ရိပ်သာကျောင်းမှ အရှင်ဇနကာဘိဝံသ၊ ရန်ကုန်မဟာစည်ရိပ်သာမှ ဒီဃဘာဏက၊ ဒီဃနိကာယ ကောဝိဒ အရှင်ကေလာသနှင့် အရှင် အဂ္ဂဓမ္မ (ကပ္ပိယ ကျောင်းဆရာကြီးဟောင်း ဦးမြသိန်း-မော်လမြိုင်) တို့ ခြံရံကာ ရန်ကုန်မြို့၊



ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအား
နိုင်ငံခြားသားယောဂီမိသားစုမှ ဆွမ်းကွမ်းကပ်လှူပူဇော်နေကြစဉ်

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ပြည်ပယောဂီများအား ရဟန်းခံပေးနေစဉ်

မဂ်လာဒုံ လေဆိပ်မှ ညနေ (၃း၃၀) နာရီအချိန် တွင် ဘီအေစီ လေယာဉ်ဖြင့် ထိုင်းနိုင်ငံ ဘန် ကောက်မြို့သို့ ဓမ္မဒေသစာရီခရီး စတင်ကြွချီတော်မူခဲ့ပါသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ "ဒူမောင်း" လေယာဉ်ကွင်းတွင် ဆရာတော် ဒေါက်တာဦးအာသဘ၊ ဆရာတော် ဦးပညာဝံသ၊ ဆရာ တော် ဦးဓမ္မနန္ဒနှင့် အမေရိကန် ပြည်ထောင်စုမှ "ဘာရီကမ္မဋ္ဌာန်း ဌာနမှ မစ္စတာ ဂျက်လွန်းဖီလ်ဒ် နှင့်အဖွဲ့" က ခရီးဦးကြိုဆိုဖူးမြော် ကန်တော့ကြပါသည်။

ထိုနောက် ဘန်ကောက်မြို့မှ မိုင်(၅၀) ခန့်ကွာလှမ်းသော "ချန်ဘူ ရီ" မြို့ရှိ ဆရာတော်ဒေါက်တာ ဦးအာသဘ ဦးစီးဦးဆောင်တရား ပြသရာ ကမ္မဋ္ဌာန်းဌာန၊ သာသနာ့ ရိပ်သာခွဲ "ဝိဝေကအာစွမ်" (Vivek Asom) သို့ ကြွတော်မူပြီး တပည့် သံဃာတော်များနှင့် ယောဂီ ပရိသတ်တို့အား ဩဝါဒပေးသနား တော်မူခဲ့ပါသည်။

ဂျပန်နိုင်ငံသို့ ခရီးဆက်ခြင်း

ဧပြီလ (၂) ရက်နေ့တွင် ဘန် ကောက်မြို့မှ ဟောင်ကောင်မြို့နှင့် ထိုင်ဝမ်ကျွန်းတွင် ခေတ္တရပ်နားပြီး ဂျပန်နိုင်ငံ၊ တိုကျိုမြို့သို့ ကြွချီခဲ့ပါ သည်။ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သည် ခေတ္တတည်းခိုရာ ဟိုတယ်ကြီးများ၌ သဟသေယျ အာပတ်မှ ကင်းလွတ်စေရန် နိသဇ္ဇိ ဓုတင် ဆောက်တည်တော်မူခဲ့ပါ သည်။ တိုကျိုမြို့မှ ကားများဖြင့် "မိုဂို" သို့ ကြွမြန်းခဲ့ကြပါသည်။ ဂျပန်နိုင်ငံ၌ သီတင်းသုံးတော်မူစဉ် ဆရာတော်ဦးဓမ္မစာရ၊ ဆရာတော် ဦးဝေပုလ္လ၊ ဦးခေမိန္ဒတို့က လိုလေ သေးမရှိ ပြုစုစောင့်ရှောက်ကြပါ သည်။ သံဃာတော်များနှင့် ဒကာ၊ ဒကာမများအား ဆုံးမသြဝါဒပေး တော်မူပြီး သာသနာရေးဆိုင်ရာ များဆွေးနွေးခြင်း၊ သတိပဋ္ဌာန် ဝိပဿနာတရားများ ဟောကြား ခြင်းများပြုတော်မူခဲ့ပါသည်။ ယခုအခါ ဂျပန်နိုင်ငံ၌ နှစ်ပေါင်း



(၃၀) ကျော် သီတင်းသုံး တော်မူခဲ့သော ဆရာတော်ဦးဝေပုလ္လသည် ဗဟန်းမြို့နယ်တွင် သက်တော် (၈၀)ကျော်သော်လည်း စိတ်အား ချမ်းသာစွာ သီတင်းသုံးလျက်ရှိပါသည်။ ဧပြီလ (၄)ရက်နေ့၌ မဟာစည်ဆရာတော်ဘုရားကြီးသည် "မိုဂျီ" မြို့ရှိ ကမ္ဘာအေးစေတီအား ဖူးမြော်ခဲ့ပြီး "တိုကျို" မြို့သို့ ပြန်လည်ကြွတော်မူခဲ့ပါသည်။ ထို နောက် မီးရထားစီး၍ "ဒိုင်ဟတ်ဆု" (DAIHUTSU) မြို့သို့ သွားပြီး "ကမ္မကူးရာ" ဘုရားကို ဖူးမြော်ခဲ့ပါသည်။ ထိုနေ့ ညနေ (၉) နာရီတွင် တိုကျို မြို့မှ အမေရိကန် နိုင်ငံ "ဟိုနိုလူလူ" (HONOLULU) သို့ "ပင်အန်" (PANAM) လေယာဉ်ဖြင့် ထွက်ခွာတော်မူခဲ့ပါသည်။

အမေရိကန်နိုင်ငံ၊ဟာဝိုင်ယီကျွန်း "ဟိုနိုလူလူ"(HONOLULU)တွင် ဝိပဿနာတရားပြခြင်း

"ဟိုနိုလူလူ" သို့ ဝင်ရောက်တော်မူခြင်းမှာ မြန်မာဒါယကာ၊ ဒါယိကာမများ၏ လိုလားတောင့်တပင့်ဖိတ်ခြင်းကြောင့်ပင် ဖြစ်ပါသည်။ မဟာစည်ဆရာတော်ဘုရားကြီးက ပရိသတ်များအား "ဗုဒ္ဓ၏ အမြတ်ဆုံး" တရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။

ဧပြီလ (၆) ရက်နေ့တွင် ဝိပဿနာတရားအားထုတ်ရခြင်း အကြောင်းနှင့် အားထုတ်ပုံအကျဉ်းချုပ်ကို ဟောကြားတော်မူခဲ့ပါသည်။ ယောဂီတရားနာပရိတ်တော်များက တရားလည်း ထိုင်ကြပါသည်။ ညနေပိုင်းတွင် "ဇင်" (ZEN CENTRE) သို့ ကြွ၍ တရားဟောခဲ့ပါသည်။ အမေးပုစ္ဆာများကိုလည်း ဖြေကြားတော်မူခဲ့ပါသည်။ ဧပြီလ (၇) ရက်နေ့၌ "ကမ္ဘာ့ဗုဒ္ဓဘာသာအသင်း" (WORLD BUDDHIST FELLOWSHIP) မှ ကမ္မဋ္ဌာန်းနည်းပြဆရာများအား "ချမ်းသာရေးတရားတော်" ဟောတော်မူခဲ့ပြီး ဧပြီလ (၈) ရက်နေ့တွင် "လော့စ်အိန်ဂျလ်လိစ်" (LOST ANGELES) မြို့သို့ ခရီးဆက်ခဲ့ကြပါသည်။



ကာလီဖိုးနီးယားပြည်နယ်တွင် တရားပြ

မြန်မာ ဒကာများဖြစ်သော ဦးချစ်မြိုင်နှင့်ဓမ္မမိတ်ဆွေများက ခရီး ဦးကြိုဆိုတော်မူပြီး "ဇင်" (ZEN) သာသနာရေးစခန်းတွင် သီတင်းသုံးစေတော်မူပါသည်။ မွန်းလွဲပိုင်းတွင် ပရိသတ် (၁၅၀) ခန့်အား သတိပဋ္ဌာန်တရား ချီးမြှင့်တော်မူခဲ့ပါသည်။ ဧပြီလ (၁၀) ရက်နေ့တွင် "ယပ်ကာဗယ်လီ" (YUCCH VALLEY)(၇) ရက်တရားစခန်းသို့ ကြွမြန်းတော်မူခဲ့ပါသည်။ ဧပြီလ (၁၁) ရက်နေ့မှစ၍ မနေမနား ဝိပဿနာတရားတည်းဟူသော သာသနာ့တံခွန်ကို အမေရိကန်ပြည်ထောင်စုအနောက်ပိုင်းတွင် ဝင့်ဝင့်ကြွားကြွား စိုက်ထူခဲ့ပါတော့သည်။

ဧပြီလ (၁၅) ရက်တွင် မြန်မာအတာသင်္ကြန်ရက်များနှင့် ကြုံကြိုက်ခဲ့ပါသည်။ ဧပြီလ (၁၇) ရက်နေ့တွင် တရားစခန်းရိပ်သာနယ်မြေအတွင်း ပိဏ္ဍပါတ်ဆွမ်းခံကြွတော်မူခဲ့ပါသည်။ တရားစခန်းပြီးစီးခြင်းသို့ ရောက်ပြီး ဆန်ဖရန်စစ္စကို (SANFRANCSO) မြို့သို့ သာသနာပြုခရီးဆက်ခဲ့ပါသည်။ လေဆိပ်တွင် ဒေါက်တာရီနာဆာကား (DR. RINA SIRCAR) နှင့်အဖွဲ့တို့က လှိုက်လှဲစွာကြိုဆိုနေကြပါသည်။ ထိုနေ့ညနေ (၇)နာရီတွင် (CULTURE INTEGRATION FELLOWSHIP) တည်ရာဌာနတွင် လွန်စွာတည်ငြိမ်သိမ်မွေ့



ယဉ်ကျေးသော ပရိသတ် (၁၀၀) ကျော်မျှကို သတိပဋ္ဌာန်ဝိပဿနာ အမြိုက်ဆေး တိုက်ကျွေးတော်မူခဲ့ပါသည်။ "ဆန်ဖရန်စစ္စကို" (SANFRAN-CISCO)မှ ဗုဒ္ဓဘာသာ မြန်မာများ၏ တောင့်တချက်အရ တပည့်ရဟန်းတော်များဖြစ်သော ဦးသီလာနန္ဒာဘိဝံသနှင့် ဦးကေလာသတို့အား "ဆန်ဖရန် စစ္စကို" မြို့တွင် အနည်းဆုံး တစ်နှစ်တာမျှ ထေရဝါဒ သာသနာပြုရေးအတွက် နေရစ်ကြရန် သြဝါဒပေးတော်မူကဲ့သို့ပင် အမြစ်တွယ်လျက်ရှိသည်ကို မဟာစည်ဆရာတော်ဘုရားကြီး တွေ့ရှိကြားသိခဲ့ရပါသည်။ "ဇင်" (ZEN)ဂိုဏ်းများ အလွန်များပြားလှကြောင်း အခြားမဟာယာနဂိုဏ်းဂဏများလည်း အမျိုးမျိုးရှိကြောင်း သိရှိခဲ့ရပါသည်။ ဤသို့ ပြန့်နှံ့အခြေစိုက်နိုင်ခြင်းမှာ အထူးသဖြင့် ဂျပန်လူမျိုးတို့၏ ဇွဲနှင့်လုံ့လဝီရိယတို့ကြောင့် ဖြစ်ပေသည်။ ဂျပန်တို့၏ မျက်စိပွင့်မှုတို့ကြောင့်လည်း ၎င်းတို့လူမျိုးတို့ ပြန့်နှံ့ရောက်ရှိရာဒေသတွင် ဘာသာနှင့်စာပေပါ ပြန့်နှံ့ရေးအတွက် ခေတ်မီနည်းကို ကျင့်သုံးခြင်းကြောင့်ဖြစ်ပေသည်။ မဟာယာနဂိုဏ်း ကျောင်းတော်များသည် ထည်ထည်ဝါဝါ ရှိကြပါပေသည်။ ထေရဝါဒကျင့်သုံးသည့် နိုင်ငံများအနက် သီရိလင်္ကာနိုင်ငံနှင့် ထိုင်းနိုင်ငံများမှ ရဟန်းတော်များသာလျှင် အမေရိကန်မြို့ကြီးတိုင်းလိုလိုမှာ အားမာန်အပြည့်အဝဖြင့် သာသနာပြုလျက်ရှိကြပေသည်။ ထေရဝါဒ ကျောင်းအရေအတွက်မှာကား မဟာယာနနှင့်နှိုင်းစာပါက အနည်းငယ်မျှသာ ရှိသေးကြောင်း တွေ့ရပါသည်။

ထေရဝါဒ ဗုဒ္ဓသာသနာ

အမေရိကန်ပြည်ထောင်စု တွင် မြန်မာနိုင်ငံမှ သာသနာပြု အလွန်နောက်ကျနေသေးသည်ကား မှန်ပေသည်။ သို့သော် ဒါန၊ သီလကို အခြေခံသော ထေရဝါဒ ဝိပဿနာနည်းမှန်ကို လက်ခံပွားများကြကုန်သော အနောက်တိုင်းသူတိုင်းသားများတို့သည် စွဲစွဲမြဲမြဲ စည်းကမ်းကျင့်စဉ်များကို ပြည့်မီစွာ လိုက်နာကျင့်သုံးကြကြောင်း တွေ့မြင်ကြရပါသည်။ မကြာမီနှစ်များအတွင်းက အနောက်နိုင်ငံတစ်ခွင်တွင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို နိုင်ငံတို့မှ စစ်ပြေးဒုက္ခသည်များ ရောက်ရှိခိုလှုံလာခဲ့ကြခြင်းကြောင့် ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့်အားလျော်စွာ မြန်မာနိုင်ငံမှ သာသနာပြုရန် ကြွရောက်လာ

ဒုတိယအကြိမ် အနောက်နိုင်ငံသာသနာပြုခရီးကို ၂၉-၅-၈၀ နေ့တွင် စတင်ကြွချီတော်မူခဲ့ပါသည်၊ မဟာစည်ဆရာတော်ဘုရားကြီးနှင့်အတူ ချမ်းမြေ့ဆရာတော် ဦးလနကာဘိဝံသ၊ ဦးကွန္ဒဝံသ၊ ဦးအဂ္ဂဓမ္မနှင့် ကပိုယ ဦးမြသိန်းတို့ လိုက်ပါကြပါသည်၊

ခဲ့ပါသည်။ ထိုသို့ နေနိုင်ရန် အမေရိကန် အစိုးရထံမှလည်းကောင်း၊ မြန်မာနိုင်ငံတော်အစိုးရထံမှလည်းကောင်း လိုအပ်သော သဘောတူခွင့်ပြုချက်များ ရယူစီစဉ်ခြင်းပြုခဲ့ရပါသည်။

အမေရိကန်ပြည်ထောင်စု၌ ဗုဒ္ဓဘာသာအခြေအနေ

မဟာယာနဗုဒ္ဓဘာသာအယူဝါဒသည် အမေရိကန်ပြည်ထောင်စု၌ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံများမှာ



သော သံယာတော်များအား ကြည်ညိုလေးစား အားပေးကြပေလိမ့်မည်ဟု မျှော်လင့်ရပေသည်။ အမေရိကန်ပြည်ထောင်စုတွင် မြန်မာဘုန်းတော်ကြီးဟူ၍ မရှိခဲ့သေးပါ။ ထို့ကြောင့် ကျောင်းတစ်ကျောင်း ဖြစ်မြောက်ရေးအတွက် စတင်စည်ရုံးလျက်ရှိကြပါသည်။

ဝါဆိုလပြည့်နေ့တွင် ဆန်ဖရန်စစ္စကို မြို့ဝန်းကျင်ရှိ ထေရဝါဒဗုဒ္ဓဘာသာဝင်များ စုရုံး၍ ကမ္ဘာ့ပါဠိစုံဖြင့် ဓမ္မစကြာသုတ္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြရာတွင် လွန်စွာဝမ်းမြောက်ကြည်နူးကြရပါသည်။

ဝါရှင်တန်ဒီစီ(WASHINTAND.C)သို့

ဧပြီလ (၂၀) ရက်နေ့တွင် အမေရိကန်နိုင်ငံအရှေ့ပိုင်း ဝါရှင်တန်ဒီစီမြို့တော်သို့ ရောက်ရှိတော်မူပါသည်။ မဟာစည်ယောဂီဟောင်းများဖြစ်ကြသော ဦးချစ်မြိုင်နှင့်အဖွဲ့တို့က ဝမ်းပန်းတသာစောင့်ကြိုလျက်ရှိကြပါသည်။ ဝါရှင်တန် ဗုဒ္ဓဘာသာအသင်း (WASHINGTION BUDDHIST SOCIETY) ဥက္ကဋ္ဌ ဒေါက်တာပဏ္ဍိတာဒစ်ဝေလာ ပညာနန္ဒမဟာထေရ်နှင့်အဖွဲ့ကလည်း လှိုက်လဲစွာ ကြိုဆိုခဲ့ကြပါသည်။ မဟာစည်သာသနာပြုအဖွဲ့ ကြွမြန်းလှည့်လည်တော်မူသည့် သတင်းအစုံအလင်ကို အမေရိကန်အသံလွှင့်ဌာန (V.O.A) မှလည်းကောင်း၊ အမေရိကန်ပြန်ကြားရေးဌာနမှလည်းကောင်း၊ အထူးသတင်းအဖြစ် ထုတ်ပြန်ပေးသဖြင့် သာသနာပြုရာတွင် အထောက်အကူရပါသည်။ မဟာစည်ဆရာတော်ဘုရားကြီးထံ၌ တရားအားထုတ်ရ၍ စေတနာသဒ္ဓါတရားပွားများလာရုံ၊ ဝိပဿနာကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်း၏ စစ်မှန်သောအဓိပ္ပါယ်ကို သိရှိနားလည်လာကြပုံ၊ အထူးအားဖြင့် ဗုဒ္ဓ၏စိတ်တည်ငြိမ်အေးချမ်းသောနည်းကို သိရှိလာကြပုံနှင့် ဘဝ၏အခြေအနေများစွာတွင် အသုံးချ၍ အကျိုးများစွာရှိပုံများကို အသံလွှင့်ပေးခဲ့ပါသည်။ ရှေးရှေးသော ဘုရားများ၊ ပစ္စေကဗုဒ္ဓများ၊ ရဟန္တာမထေရ်များသည် ဤသတိပဋ္ဌာန်ကျင့်စဉ်ကျင့်၍ နိဗ္ဗာန်သို့ ရောက်ရှိသွားကြပုံများလည်း လွှင့်ထုတ်ပေးခဲ့ပါသည်။ ဧပြီလ (၂၁) ရက်မှ (၂၆) ရက်နေ့အထိ နေ့စဉ်ရက်ဆက် နေ့ညမလပ် တရားပေးခြင်း၊ တရားစစ်ခြင်း၊ တရားဟောခြင်းတို့ဖြင့် ခြိုးမြောက်တော်မူ၍ မဟာစည်သာသနာ့စည်ကြီးကို ရိုက်တီးကာ ဝိပဿနာဘာဝနာ ကြိုးပမ်းအားထုတ်မှုကို မြှင့်တင်တော်မူခဲ့ပါပေသည်။ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး စည်ပင်ပြန့်ပွားစေခြင်းအကျိုးငှာ သာသနာ့ဝန်ထမ်း ရဟန်းတော်များ ကံကြီး၊ ကံငယ် အသွယ်သွယ်ကို ချမ်းချမ်းသာသာနှင့်ပြီးစေနိုင်ရန် မဟာစည်ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သည် ဝါရှင်တန်ဒီစီရှိ "ဗုဒ္ဓဝိဟာရ" (BUDDHIST VIMARA) ကျောင်းတိုက်တွင် သိမ်သမုတ်ပေးတော်မူခဲ့ပါသည်။



မက်ဆာချူးဆက်ပြည်နယ် "ဘာရီ" (BARRE) ကမ္မဋ္ဌာန်းဌာနတွင် (INSIGHT MEDITATION SOCIETY) ၁၄ ရက် တရားစခန်း

ဧပြီလ (၂၇) ရက်နေ့တွင် ဝါရှင်တန်ဒီစီမြို့မှ မက်ဆာချူးဆက်ပြည်နယ် "ဘော့စ်တွန်မြို့" (BOSTON) သို့ ကြွတော်မူခဲ့ပါသည်။ မစ္စတာ "ဂိုစတိန်း" အမျူးပြုသော "ဘာရီ" ဝိပဿနာကမ္မဋ္ဌာန်းဌာနမှ အဖွဲ့သားများက ခရီးဦးကြိုဆိုနေကြပါသည်။ "ဘော့စ်တွန်" လေဆိပ်မှ မော်တော်ယာဉ်များဖြင့် တရားစခန်းရှိရာသို့



ကြွမြန်းကြပါသည်။ ထိုတရားရိပ်သာကို ၁၉၇၅ ခုနှစ်က စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ထေရဝါဒ ဝိပဿနာတရားပွားများ အားထုတ်လိုသူများအတွက် အမြတ်အစွန်းယူခြင်း မပြုဘဲ၊ သာသနာပြုလုပ်ငန်းသက်သက် ဦးတည်ဆောင်ရွက်လျက်ရှိပါပေသည်။ ထိုရိပ်သာမှာ ဧက (၈၀) ရှိ ယာမြေပေါ်၌ ဆိတ်ငြိမ်အေးချမ်းသာယာစွာ တည်ရှိနေပါသည်။ ပုံမှန်အားဖြင့် (၁၀) ရက်မှ ရက်သတ္တပါတ် (၂)ပတ်ကြာ တရားအားထုတ်မည့် ယောဂီ (၁၀၀) အတွက် နေရာ အလုံအလောက်ရှိပေသည်။ ရိပ်သာ၌ တရားအားထုတ်စဉ်အတွင်း ယောဂီများသည် ငါးပါးသီလ စောင့်ထိန်းလျက် သက်သတ်လွတ် စားကြပြီး တရားနှလုံးသွင်းကြသဖြင့် လွန်စွာသိပ်သည်းတည်ငြိမ်လျက်ရှိကြပါသည်။ အဆောက်အဦများလည်း အမြောက်အမြားရှိပြီး များများစွင့်စွင့် တင့်တယ်လှပေသည်။ မြို့ကြီးပြကြီးနှင့်ဝေးကွာသည့်အလျောက် တောရိပ်တောင်ရိပ်နှင့် သဘာဝဆိတ်ငြိမ်မှုကို ပေးဆောင်နိုင်စွမ်းရှိပေသည်။ သစ်ပင်ပန်းပင်များ၊ ရေကန်၊ တောင်ပူစာများဖြင့် ဝန်းရံကာလျက်ရှိခြင်းကြောင့် သာယာကြည်နူးဖွယ်ဖြစ်ပါသည်။ ထိုတရားစခန်း ဦးဆောင်သူများသည် ရွှေဘိုနယ် ဆိပ်ခွန်အထိ ရောက်ဖူးကြပြီး တရားအားထုတ်ပြီးသူများဖြစ်ကြပါသည်။ ထူးခြားချက်မှာ တရားစခန်း၌ အမေရိကန်တိုင်းရင်းသားချည်းဖြစ်ကြပါသည်။ (၁၄) ရက် တရားစခန်း၌ မဟာစည်ဆရာတော်ဘုရားကြီးက အချို့ကျကျ တရားအားထုတ်နည်းကို လည်းကောင်း၊ ဘာဝနာပွားလိုစိတ်တက်ကြွလာစေရန်လည်းကောင်း ဟောကြားပြသတော်မူခဲ့ပါသည်။ အားထုတ်သူများအဖို့ သဒ္ဓါဆန္ဒတက်တက်ကြွကြွ ထက်ထက်သန်သန်ရှိကြပါသည်။ မဟာစည်ဆရာတော်ဘုရားကြီးသည် "ကမ္ဘာ့ဘာသာပေါင်းစုံသင်ကြားရေးဌာန" (Common hall of harvard centre for the study of world religion) ၌ တရားဓမ္မများ ဟောပြောပြသခဲ့ပါသည်။ မေလ (၁၃-၁၄) ရက်နေ့များတွင် ယောဂီများအား ဉာဏ်စဉ်တရားများ ဟောကြားတော်မူခဲ့ပါသည်။ အချိန်ပြည့်တရားအားထုတ်လိုသူများ "ဘာရီ" ကမ္မဋ္ဌာန်းရိပ်သာအဖွဲ့၏ ထောက်ခံမှုဖြင့် မြန်မာနိုင်ငံသို့ လာကြရန် ဖိတ်ကြားခဲ့ပါသည်။

ဘာရီကမ္မဋ္ဌာန်းဌာနမှ ဆရာများနှင့် နည်းပြများ

ဘာရီကမ္မဋ္ဌာန်းဌာနမှ ဆရာများနှင့် နည်းပြများသည် မဟာစည်ဆရာတော်ဘုရားကြီးထံ၌ သြဝါဒခံယူကြပါသည်။ ကမ္မဋ္ဌာန်းဆရာများသည် ကြည်ညိုဖွယ်ရာ ဂုဏ်ရှိအပ်ကြောင်း၊ ရဟန်းမဟုတ်၍

မငွတာ ဂျိုးလက်ဂိုလ်းဝတိန်နှင့် မငွတာဝတီးဗင်ဆွာပ် ဝသည့် ပဂ္ဂိုလ်တို့အား ဝိပဿနာကမ္မဋ္ဌာန်း နည်းပြဆရာအဖြစ် မဟာစည် ဆရာတော်ဘုရားကြီးက အာသိအမှတ်ပြုတော် မူခဲ့ပါသည်၊



သာမန်လူများဖြစ်လျှင်လည်း သာမန်လူကျင့်ဝတ်နှင့်ပြည့်စုံပြီး ငါးပါးသီလမြဲရမည်ဖြစ်ကြောင်း၊ တတ်နိုင်လျှင် ရှစ်ပါးသီလ ထိန်းနိုင်လျှင် ကောင်းကြောင်း၊ ဆက်ဆံရေးတွင်လည်း မေတ္တာနှင့်ကရုဏာကို ရှေ့ထား၍ ဆက်ဆံရန်လိုကြောင်း၊ ထိုသို့ပြည့်စုံပါမှ အလေးဂရုပြုထိုက်သော ဂုဏ်ရှိမည်ဖြစ်ကြောင်း ဩဝါဒပေးတော်မူခဲ့ပါသည်။ ကမ္မဋ္ဌာန်းတရားအားထုတ်သည်မှာ ကိလေသာငြိမ်းစေရန် အားထုတ်ခြင်းဖြစ်၍ ကိလေသာဖြစ်နိုင်သော အကြောင်းတရားများနှင့်ကင်းနိုင်သမျှကင်းအောင် ညွှန်ကြားရန်လိုအပ်ကြောင်း မှာကြားခဲ့ပါသည်။ မစ္ဆတာဂျိုးဇက်ဂိုလ်းစတိန်နှင့် မစ္ဆတာစတီး ဗင်ဆွာပ် စသည့် ပုဂ္ဂိုလ်တို့အား ဝိပဿနာ ကမ္မဋ္ဌာန်းနည်းပြဆရာအဖြစ် မဟာစည်ဆရာတော်ဘုရားကြီးက အသိအမှတ်ပြုတော်မူခဲ့ပါသည်။ ထို့နောက် ဓမ္မဒူတအဖွဲ့သည် နယူးယောက် (NEWYORK) မြို့သို့ ခရီးဆက်ခဲ့ကြပါသည်။

နယူးယောက်၌ မဟာစည်ဆရာတော်ဘုရားကြီး

နယူးယောက်လေဆိပ်တွင် ဦးလှဖေ၊ ကုလသမဂ္ဂမှ ဦးပေါ်ဦး၊ ဦးစောလွင်နှင့် ဦးသန်းတူမိသားစုတို့က စောင့်မျှော်ကြိုဆိုနေကြပါသည်။ မေလ (၁၆)ရက်နေ့တွင် ဦးလှဖေနေအိမ်၌ပရိသတ်များအား အလုပ်ပေးတရားအကျဉ်းကို ဟောကြားတော်မူပြီး ညနေပိုင်းတွင် မဂ္ဂဆိုင်ရာ အမြဲတမ်းမြန်မာသံအမတ်ကြီး ဦးမောင်မောင်ကြီး မိသားစုနှင့် ရုံးသူရုံးသားများအား ဝိပဿနာအလုပ်ပေး တရားဟောကြားပြီး တရားထိုင်ကြပါသည်။ ည (၇)နာရီတွင် "အာရှအဖွဲ့" တွင် သတိပဋ္ဌာန်အကျဉ်းချုပ်တရားတော်ကို ပရိသတ် (၁၂၀) ကျော်တို့အား ဟောပြတော်မူခဲ့ပါသည်။ မေလ (၁၇)ရက်နေ့တွင် (INTERNATIONAL ZEN CENTRE) အပြည်ပြည်ဆိုင်ရာ "ဇင်" ဌာနစခန်းသို့ကြွ၍ တရားနာ ပရိသတ် (၆၀) ကျော်တို့အား ဝိပဿနာအလုပ်ပေးတရားတော် ချီးမြှင့်ကြားကာ တရားနှင့် စပ်ဆိုင်သောမေးခွန်းများကို ဖြေကြားတော်မူခဲ့ပါသည်။ ထို့နေ့ ညနေပိုင်းတွင် ဖြိုတိန်နှင့်ဥရောပခရီးစဉ်ဒေသစာရီဖြန့်ချီတော်မူရန် "ကနေဒီ" ပေးတော်မူခဲ့ပါသည်။ ယင်းနေ့ညနေ (၆း၃၀) နာရီတွင် "ကိုလံဘီယာ တက္ကသိုလ်" (COLUMHBIA UNIVERSITY) စိန်ပေါလ်ဘုရားရှိခိုးကျောင်းတော်သို့ ကြွရောက်တော်မူပြီး တရားနာ ပရိသတ် (၁၀၀)ခန့်အား "ဗုဒ္ဓသာသနာတော်" တရားကို ဟောကြားတော်မူခဲ့ပါသည်။ မေလ (၂၀) ရက်နေ့တွင် (TEMPLE OF ENLIGXTENMSNT) ခေါ် တရုတ် မယ်သီလရှင်ကျောင်းသို့ ကြွပြီး သတိပဋ္ဌာန်အကျဉ်းချုပ်တရားတော် ဟောပြကြားကာ တရားနှင့် စပ်ဆိုင်သောမေးခွန်းများကို ဖြေကြားတော်မူခဲ့ပါသည်။ ထို့နေ့ ညနေပိုင်းတွင် ဖြိုတိန်နှင့်ဥရောပခရီးစဉ်ဒေသစာရီဖြန့်ချီတော်မူရန် "ကနေဒီ" မဟာစည်ဆရာတော်ဘုရားကြီး ပြည်ပသာသနာပြုခရီးရောက်ခဲ့စဉ်





လေဆိပ်မှ တစ်ဆင့် လန်ဒန်မြို့သို့ ထွက်ခွာတော်မူခဲ့ပါသည်။

ပြိတိန်နှင့်ဥရောပတစ်ခွင် သာသနာပြုခရီး

မေလ (၂၁) ရက်နေ့ နံနက် (၇) နာရီအချိန်တွင် လန်ဒန်မြို့ "ဟီးသရိုး" လေဆိပ်သို့ မဟာစည် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ဆိုက် ရောက်လာသည့်အခါ ဆရာတော် ဦးရေဝတဓမ္မ၊ မြန်မာသံရုံးမှ ဒုတိယ အတွင်းဝန် ဦးတင်မောင်ဦး ကုလသမဂ္ဂ (ကမ္ဘာ့ရေကြောင်း) မှ ဦးစိန် ထွန်းအောင်နှင့် ပရိသတ်များက ခရီးဦး ကြိုဆိုဂါရဝပြုကြပါသည်။ လေဆိပ်မှနေ၍ လန်ဒန်မြို့ရှိ ထိုင်း ဘုန်းတော်ကြီးကျောင်း "ဗုဒ္ဓပဒီပ" (BUDDHADIPA) သို့ ပင့်ဆောင်ကြပါသည်။ ထိုနေ့သည် (၈) နာရီတွင် ပရိသတ် (၆၀) ခန့်တို့အား ဝိပဿနာအကျဉ်းချုပ်နှင့် ဝိပဿနာ အလုပ်ပေးတရားတော်ကို ဟောကြားချီးမြှင့်တော်မူခဲ့ပါသည်။ မေလ (၂၂) ရက်နေ့တွင် ဦးသိန်းထွန်း+ ဒေါ်မြိုင်မြိုင်နှင့် ဦးအောင်မြင့်ထွန်း+ ဒေါ်ချိုချိုတို့ မိသားစု ဆက်ကပ်သော ဆွမ်းကို ခံယူဘုဉ်းပေးတော်မူခဲ့ပါသည်။ ပရိသတ်များအား တရားဟောခြင်း၊ တရားထိုင်ခြင်းပြုစေပါသည်။ မေလ (၂၃) ရက်နေ့တွင် မီးရထားဖြင့် "စကော့တလန်" (SCOTLAND) သို့ ကြွခဲ့ပါသည်။ ထိုခရီးမှာ မိုင်ပေါင်း (၄၀၀) ခန့်ရှိပါသည်။

စကော့တလန် တိဘက်တန် "ဆမြေလင်း" (SAMYELING) ၆- ရက် တရားစခန်း

မေလ (၂၄) ရက်နေ့တွင် အထက်ပါတရားစခန်း၌ ပရိသတ်များအား သရဏဂုံသုံးပါးနှင့်တကွ သီလများ ပေးသနားတော်မူပါသည်။ ထိုနောက် သတိပဋ္ဌာန်တရားတော်နှင့် အလုပ်ပေးတရားတော် အကျဉ်းချုပ်ကို ဟောကြားတော်မူခဲ့ပါသည်။ မွန်းလွဲပိုင်းတွင် ဦးစိန်ထွန်းအောင်၊ ဦးအောင်ချစ်နှင့် ဒေါက်တာရွှေထွန်းကျော်တို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးခဲ့ပြီး ဒေါ်မြမြမြိုင်တို့အား သီလရှင်အဖြစ် ခံယူစေခဲ့ပါသည်။ မဟာစည်ဆရာတော်ကြီးသည် နေ့စဉ်နှင့်အမျှ "သတိပဋ္ဌာန်တရားတော်"များကို ဟောကြားချီးမြှင့်တော်မူခဲ့ပါသည်။

မေလ (၂၉) ရက်နေ့တွင် တရားစခန်းဝင်ယောဂီများအား မိမိတို့ တရားရမှုအခြေအနေကို မိမိတို့သိရှိပြီး ဆက်လက်ကြိုးစားအားထုတ်နိုင်ရန် ဉာဏ်စဉ်တရားတော်များ ဟောကြားပြီး ညနေပိုင်းတွင် ပရိသတ်များအား ချမ်းသာရေးတရားတော် (THE WAY TO HAPPINESS) ကို ဟောကြားပြီး တရားစခန်းသိမ်းပွဲကျင်းပကြပါသည်။ မေလ (၃၀) ရက်နေ့တွင် ဆရာတော်ဒေါက်တာ ဦးရေဝတဓမ္မ အမြဲသီတင်းသုံးရာဌာန ဖြစ်သော "ဘာမင်ဂန်မ်" မြို့သို့ ကြွတော်မူခဲ့ပါသည်။ မြို့တော်ခန်းမ၌ 'သတိပဋ္ဌာန်အကျဉ်းချုပ်' တရားဟောကြားပြီး မေ (၃၁) ရက်နေ့တွင် လန်ဒန်မြို့သို့ ပြန်လည်ကြွခဲ့ပါသည်။

ပြင်သစ်နိုင်ငံ သာသနာပြုခရီး

ဇွန်လ (၁) ရက်နေ့တွင် လန်ဒန်မြို့မှ ပြင်သစ်နိုင်ငံသို့ လေယာဉ်ဖြင့် ကြွတော်မူခဲ့ပါသည်။ ပြင်သစ်နိုင်ငံ"တူနွန်" (TOURNON) မြို့ ဗောဓိဉာဏာရာမကျောင်း (WAT BODDI-NYANARAMA) ၌ သီတင်းသုံးတော်မူပါသည်။ ဇွန်လ (၂)ရက်နေ့တွင် ပြင်သစ်လူမျိုး (၁၃) ဦးအား "အနာဂါရိက" (ဖိုးသူတော်) ဝတ်ပွဲ ကျင်းပပေးခဲ့ပါသည်။ နေ့ဆွမ်းအတွက် ကျောင်းပရိဝုဏ်အတွင်း ဆွမ်းခံထွက်တော်မူပြီး ဆွမ်းဘုဉ်းပေးတော်မူကြပါသည်။ ထိုနေ့ညနေပိုင်းတွင် ပြင်သစ်နှင့်လာအိုလူမျိုး ပရိသတ် (၆၀)ခန့်တို့အား အလုပ်ပေးတရားချီးမြှင့်ဟောကြားတော်မူခဲ့ပါသည်။ ဇွန်လ (၃)ရက်နေ့တွင် လာအိုနှင့် ဗီယက်နမ်ပရိသတ် (၈၀) ခန့်တို့၏ ကန်တော့ခြင်းကို ခံယူတော်မူပြီး တရားရေအေးတိုက်ကျွေးတော်မူခဲ့ပါသည်။ သီတင်းသုံးတော်မူရာ ကျောင်းမှာ တောင်ကုန်းပေါ်၌ တည်ရှိပြီး သစ်ပင်ကြီးငယ်တို့ဖြင့် အုံ့အုံ့ဆိုင်းဆိုင်း တောရကျောင်း သဖွယ် ဆိတ်ငြိမ်လှပေသည်။



တောင်စဉ် အထပ်ထပ်ဝန်းရံပတ်လျက်ရှိပြီး ရာသီဥတုလည်း မျှတပါပေသည်။

ဆွစ်ဇာလန်နိုင်ငံ သာသနာပြုခရီး

ဇွန်လ (၄) ရက်နေ့ ပြင်သစ်နိုင်ငံ "တူနွန်" (TOURNON) မြို့မှ ဆွစ်ဇာလန်နိုင်ငံ "ဗားလင့်စ်" (VALANCE) မြို့သို့ မော်တော်ယာဉ်များဖြင့်ထွက်ခွာတော်မူခဲ့ပါသည်။ "ဗားလင့်စ်" မြို့မှ "ကင်ဗာရီ" မြို့သို့ မီးရထားဖြင့် ထွက်ခွာလာခဲ့ပါသည်။ ထို့နောက် မီးရထားဖြင့် ကွေ့ချို တစ်လှည့် ကောက်ချို တစ်လှည့်ဖြင့် မြူဆိုင်းသည့် တောင်တန်းအသွယ်သွယ်ကိုပတ်လျက် "ဂျီနီဖာ" (GENVA) မြို့သို့ ဆိုက်ရောက်လာပါသည်။ "ဂျီနီဖာ" မှ "ဘီယန" မြို့၊ ထိုမှ တစ်ဆင့် "စိန့်အိမီယာ" မြို့သို့ ဆိုက်ရောက်လာခဲ့ပါသည်။ "စိန့်အိမီယာ" နှင့် မနီးမဝေး မိတာ ၁၂၀၀ မြင့်မားသည့် "မောင့်တ်ဆိုလေး" (MOUNT SOLEIL) အရပ်ရှိ ဟိုတယ်တစ်ခုတွင် တည်းခိုကြပါသည်။ ဟိုတယ်၏ အောက်ဆုံးထပ်ကိုမူ တရားထိုင်ခြင်း၊ တရားဟောခြင်းအတွက် သတ်မှတ်ထားရှိပါသည်။ "မောင့်တ်ဆိုလေး" အရပ်၌ (၁၀) ရက် တရားစခန်းဖွင့်၍ ဝိပဿနာဘာဝနာ စီးဖြန်းအားထုတ်ခြင်းများ ပြုလုပ်ခဲ့ကြရာ ယောဂီပေါင်း (၃၀) တရားဝင်ကြပါသည်။ ၎င်းတို့အားလုံးမှာ ဥရောပတိုက်သားချည်းဖြစ်ပြီးလျှင် သရဏာဂုံသုံးပါးကို ယုံမှားကင်းစွာ ဆည်းပူးထားသူများ ဖြစ်ကြပါသည်။ ရာသီဥတုမှာ နှင်းများဖြင့် ညို့မှိုင်း ဖြာဝေလျက်ရှိပြီး မွန်းလွဲပိုင်းတွင် ပဇ္ဈန်မိုးသည် ရွာသွန်းလျက်ရှိချေသည်။ ဇွန်လ (၉) ရက်နေ့သည် တရားစခန်းသိမ်းသောနေ့ ဖြစ်ပါသည်။

အီတလီနိုင်ငံ (ITALY) သာသနာပြုခရီး

ဇွန်လ (၁၃)ရက်နေ့တွင် "အီတလီနိုင်ငံ" ၏ "ရောမ" (ROME) မြို့သို့ ဆိုက်ရောက်ပါသည်။ ထိုမြို့မှ တစ်ဆင့် "ဂါမိုလီယို" ကမ္ဘာ့ဥာန်းဌာနသို့ ကားများဖြင့် ကြွမြန်းကြပါသည်။ မဟာစည်ဆရာတော်ဘုရားကြီးသည် တရားနာပရိသတ်များအား သတိပဋ္ဌာန်တရားတော်ကို ဟောကြားပြသပါသည်။ တရားနာပရိသတ်မှာ အီတလီ၊ ပြင်သစ်နှင့် မြန်မာများ ဖြစ်ကြပါသည်။ ဆရာတော်ဘုရားကြီးသည် ပုတ်ရဟန်းမင်းကြီးကျောင်းတော်ကိုလည်း ကြည့်ရှုခဲ့ပါသည်။

အင်္ဂလန်နိုင်ငံသို့ ပြန်လည်ကြွချီတော်မူခြင်း

ဇွန်လ (၁၆) ရက်နေ့တွင် "အီတလီ" နိုင်ငံမှ "လန်ဒန်" မြို့သို့ လေယာဉ်ခရီးဖြင့် ပြန်လည်ကြွမြန်းခဲ့ပါသည်။ လေဆိပ်မှ ဦးစိန်ထွန်း အောင်-ဒေါ်လှလှ၊ ဦးလေးမောင်-ဒေါ်အုန်းမြင့်တို့က ခရီးဦးကြိုဆိုလျက်ရှိပါသည်။ ဇွန်လ (၁၇) ရက်နေ့ ညနေပိုင်းတွင် ပရိသတ်များအား အလုပ်ပေးတရားဟောကြားပြီး တရားထိုင်စေခဲ့ပါသည်။ ညဘက်တွင် မဟာဗောဓိအသင်းသို့ ကြွရောက်တော်မူပြီး တရားနာပရိသတ် (၁၀၀) ခန့်တို့အား ဗုဒ္ဓတရားတော်ကို ဟောကြားခဲ့ပါသည်။ ဇွန်လ (၁၈) ရက်နေ့တွင် နေရာအနှံ့သို့ ဒေသန္တရဗဟုသုတအလို့ငှာ ကြွရောက်ရှုစားတော်မူပါသည်။ ဇွန်လ (၁၉) ရက်နေ့တွင် သတိပဋ္ဌာန်တရားတော်ကို ဟောကြားပြသခဲ့ပြီး ဇွန်လ (၂၀) ရက်နေ့တွင် ဘီဘီစီမှ ဦးခင်မိသားစုနှင့် တွေ့ဆုံကန်တော့ခံယူခဲ့ပါသည်။ ဇွန်လ (၂၁) ရက်နေ့တွင် "ဆောက်သမ်တန်" (SOUTHAMPTON)မြို့သို့ကြွပြီး "LITTLE DARRNOOR VIHARA" မှ ဘိက္ခုမေ မဓမ္မောနှင့် တွေ့ဆုံခဲ့ပါသည်။ ဇွန်လ (၂၂) ရက်နေ့တွင် လန်ဒန်ဝိဟာရသို့ ပြန်လည် ကြွမြန်းခဲ့ပါသည်။

အုတ်ကင်ဟိုလ်တ် (OAKEN HOLT) တရားစခန်း

လန်ဒန်ဝိဟာရမှ "အောက်စ်ဖို့" (OXFORD) ရှိ "အုတ်ကင်ဟိုလ်တ် (OAKEN HOLT) ဗုဒ္ဓဘာသာ ကမ္ဘဥာန်းဌာနရှိ (၁၀) ရက်စခန်းမှာ ဇွန်လ (၂၄) ရက်နေ့မှ ဇူလိုင်လ (၃) ရက်နေ့အထိ ဖြစ်ပါသည်။ တရားအားထုတ်ရန်



အစီအစဉ်များ ရေးဆွဲကြပြီး ဗုဒ္ဓသာသနာ့အလံကို ကြွားကြွားဝင့်ဝင့် လွှင့်ထူကြပါသည်။ ထိုတရားစခန်း၌ ရဟန်းဝတ်ဖြင့် တရားဝင်ကြမည့် ပုဂ္ဂိုလ်များမှာ ဦးမြတ်စော၊ ဦးဖေ၊ ဦးခင်၊ ဒေါက်တာလှဖေ၊ ဦးမိုးကျော်သောင်း၊ စတီဖင်ဖေ၊ လင်းသန်းအေး၊ သူရိန်သန်းအေး၊ ဦးမောင်မောင်တို့အပြင် အင်္ဂလိပ်လူမျိုး (၄)ဦးတို့ ဖြစ်ကြပါသည်။ မဟာစည်ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ဝင်များက ညွှန်ကြားပြသကြပြီး ယောဂီများက တရားမမှတ်မသုန်ခံယူကျင့်သုံးဆောက်တည်ခဲ့ကြပါသည်။ ဇူလိုင်လ (၂)ရက်နေ့တွင် ဉာဏ်စဉ်တရားတော်ကို ဟောကြားခဲ့ပါသည်။ ဇူလိုင်လ (၃)ရက် နေ့တွင်(OAKEN HOLT) ကမ္မဋ္ဌာန်းဌာနကို မဟာစည်ရိပ်သာခွဲအဖြစ် အသိအမှတ်ပြုတော်မူခဲ့ပါသည်။

ဟော်လန်နိုင်ငံ(HOLLAND)သို့ သာသနာပြုခရီး

ဇူလိုင်လ (၄)ရက်နေ့တွင် လန်ဒန်မှ ဟော်လန်နိုင်ငံ အမ်စတာဒမ်မြို့သို့ ဆိုက်ရောက်ခဲ့ပါသည်။ ထို့နောက် ကီလိုမီတာ (၆၀)ကွာဝေးသော ဟော်လန်နိုင်ငံသို့ ရောက်ရှိပြီး တရားနာပရိသတ် (၃၀)ခန့်အား ဝိပဿနာ အလုပ်ပေးတရားတော်နှင့် ကမ္မဋ္ဌာန်းတရားများ ချီးမြှင့်ပေးသနားတော်မူခဲ့ပါသည်။

ဂျာမန်နိုင်ငံ သာသနာပြုခရီး

ဇူလိုင်လ (၇)ရက်နေ့တွင် ဟော်လန်နိုင်ငံမှ မော်တော်ယာဉ်များဖြင့် ဂျာမနီနိုင်ငံ၊ ဘွန်းမြို့သို့ ကြွရောက်ခဲ့ပါသည်။ မြန်မာသံရုံးဝန်ထမ်းများနှင့် မြန်မာပရိသတ်တို့အား ဝိပဿနာတရားတော်များ ချီးမြှင့်ပေးသနားတော်မူခဲ့ပါသည်။ ဇူလိုင်လ(၁၅)ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့မှ လန်ဒန်မြို့သို့ ပြန်လည်ကြွမြန်းခဲ့ပါသည်။

လန်ဒန်မှဘန်ကောက်အပြန်ခရီး

ဇူလိုင်လ (၁၆)ရက်နေ့တွင် "ဟိသ်ရိုး" (HEATHROW) လေဆိပ်မှတစ်ဆင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ပြန်လည်ကြွချီခဲ့ပါသည်။ လေဆိပ်တွင် ဆရာတော် ဒေါက်တာဦးအာသဘနှင့်အဖွဲ့ စောင့်ကြိုလျက်ရှိပြီး "ချွန်ဘူရီ" (CHONBURI)သို့ ပင့်ဆောင်သွားကြပါသည်။ ထိုင်း ယောဂီသူတော်စင်တို့အား



ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ပြည်ပသာသနာပြုခရီးရောက်ခဲ့စဉ်

မဟာစည်ဆရာတော်ဘုရားကြီးမှ တရားရေအေးတိုက်ကျွေးခဲ့ပါသည်။ နောက်နေ့တွင် ဘန်ကောက်မြို့ လယ်ရှိ "ဝပ်မဟာထပ်" (WAT MAHATAT) ကျောင်းတော်ကြီး၌ ရဟန်းသံဃာနှင့်လူပရိသတ်(၅၀၀)ခန့်တို့အား သတိပဋ္ဌာန်တရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။ ထိုနောက် ထိုင်းနိုင်ငံသံဃာ့တက္ကသိုလ်သို့ ကြွ၍ သတိပဋ္ဌာန်တရားတော်ကို ဟောကြားခဲ့ပါသည်။ ည



ဘက်တွင် ထိုင်းနိုင်ငံ သံဃာ့ရာဇာဆရာတော်အား သွားရောက်တွေ့ဆုံဖူးမြော်ခဲ့ပါသည်။ ဇူလိုင်လ (၁၉) ရက်နေ့တွင် ထိုင်းနိုင်ငံ "လန်ပန်း" (LANPANG) မြို့သို့ လေယာဉ်ဖြင့် ကြွမြန်းခဲ့ပါသည်။ ဦးဓမ္မနန္ဒသီတင်းသုံးရာ "ဝတ်ထမအို" ကျောင်း၌ သော "ဇင်းမယ်" (CHIENGMAI)မြို့သို့ ကြွရောက်ခဲ့ကြပါသည်။ "ဇင်းမယ်" မြို့သို့ "ဝတ်မုန်းမန်း"(WAT MONG MANG) ကျောင်း၌ သီတင်းသုံးပြီး "ချမ်းသာရေးဟရားတော်" ကို ဟောခြွေပြသခဲ့ပါသည်။ ဇူလိုင်လ (၂၂) ရက်နေ့တွင် "ဇင်းမယ်" မြို့မှ (၁၀) ကီလိုမီတာ ကွာဝေးသော ထိုင်းနိုင်ငံ "မြသပိတ်တောင်ဘုရား" သို့ ကြွရောက်တော်မူခဲ့ပါသည်။

ထိုနောက် ဇင်းမယ်မြို့မှ ကီလို (၇၂၈) ကွာဝေးသော ဘန်ကောက်မြို့သို့ ဇူလိုင်လ (၂၄) ရက်နေ့တွင် ပြန်ကြွတော်မူပြီး "ဝတ်မဟာထပ်" ကျောင်းတော်ကြီးတွင် သီတင်းသုံးခဲ့ပါသည်။ ထိုနေ့ မွန်းလွဲပိုင်း၌ တရားနာပရိသတ် ၁၅၀၀ ခန့်တို့အား "သတိပဋ္ဌာန်တရားတော်" ကို ဟောခြွေပြသခဲ့ပါသည်။ ဇူလိုင်လ (၂၇) ရက်နေ့တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ ပြန်ကြွရန် ဘန်ကောက်မြို့ "ဒူမောင်း" လေဆိပ်ဆင်းခဲ့ကြပါသည်။ ထိုနေ့ ညနေ (၆း၅၅) နာရီတွင် "ဘီအေစီ" မြန်မာလေကြောင်းဖြင့် လိုက်ပါတော်မူခဲ့ရာ ည (၇း၃၀) နာရီတွင် မင်္ဂလာဒုံလေဆိပ်သို့ ချောမောစွာ ပြန်လည် ဆိုက်ရောက်တော်မူခဲ့ကြပါသည်။



ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး
ပြည်ပသာသနာပြုခရီးရောက်ခဲ့စဉ်

ဝိပဿနာအလုပ်ပေးတရားတော်များ ဟောခြွေပြသခဲ့ပါသည်။

ထိုနောက် မြန်မာဘုန်းတော်ကြီးကျောင်းများဖြစ်သော ဦးသာသန၏ "ဝတ်ပါမန်"၊ ဦးပညာဝံသ၏ "ဝတ်စီချွန်" ကျောင်းများသို့ လိုက်လံ ကြည့်ရှုခဲ့ကြပါသည်။ လန်ပန်းကိုဏ်းချုပ်ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကန်တော့ခဲ့ပါသည်။ လန်ပန်းမှ (၉၆) ကီလိုမီတာ ကွာဝေးသော ထိုင်းနိုင်ငံ "ဖြင်းရိုင်း" (PHRAE) မြို့သို့ ဇူလိုင်လ (၂၁) ရက်နေ့တွင် "ဇင်းမယ်" မြို့မှ (၁၀) ကီလိုမီတာ ကွာဝေးသော ထိုင်းနိုင်ငံ "မြသပိတ်တောင်ဘုရား" သို့ ကြွရောက်တော်မူခဲ့ပါသည်။

ထိုနောက် ဇင်းမယ်မြို့မှ ကီလို (၇၂၈) ကွာဝေးသော ဘန်ကောက်မြို့သို့ ဇူလိုင်လ (၂၄) ရက်နေ့တွင် ပြန်ကြွတော်မူပြီး "ဝတ်မဟာထပ်" ကျောင်းတော်ကြီးတွင် သီတင်းသုံးခဲ့ပါသည်။ ထိုနေ့ မွန်းလွဲပိုင်း၌ တရားနာပရိသတ် ၁၅၀၀ ခန့်တို့အား "သတိပဋ္ဌာန်တရားတော်" ကို ဟောခြွေပြသခဲ့ပါသည်။ ဇူလိုင်လ (၂၇) ရက်နေ့တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ ပြန်ကြွရန် ဘန်ကောက်မြို့ "ဒူမောင်း" လေဆိပ်ဆင်းခဲ့ကြပါသည်။ ထိုနေ့ ညနေ (၆း၅၅) နာရီတွင် "ဘီအေစီ" မြန်မာလေကြောင်းဖြင့် လိုက်ပါတော်မူခဲ့ရာ ည (၇း၃၀) နာရီတွင် မင်္ဂလာဒုံလေဆိပ်သို့ ချောမောစွာ ပြန်လည် ဆိုက်ရောက်တော်မူခဲ့ကြပါသည်။

ဒုတိယအကြိမ် အနောက်နိုင်ငံများသို့ သာသနာပြုခရီးထွက်ခြင်း

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် အင်္ဂလန်နိုင်ငံ "အုတ်ကင်ဟိုလ်တ်" မဟာစည်ရိပ်သာမှ ဦးမြစော+ဒေါ်စန်းရီမိသားစုနှင့်အဖွဲ့တို့၏ ပင့်ဖိတ်ချက်အရ ဒုတိယအကြိမ် အနောက်နိုင်ငံသာသနာပြုခရီးကို ၂၉-၅-၈၀ နေ့တွင် စတင်ကြွချီတော်မူခဲ့ပါသည်။ မဟာစည်ဆရာတော်ဘုရားကြီးနှင့်အတူ ချမ်းမြေ့ဆရာတော်ဦးဇနကာဘိဝံသ၊ ဦးကုန္ဒဝံသ၊ ဦးအဂ္ဂမမ္မနှင့် ကပ္ပိယဦးမြသိန်းတို့ လိုက်ပါကြပါသည်။ ယင်းသာသနာပြုခရီးမှာ ၂၃-၇-၈၀ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပါသည်။ သာသနာပြုခရီးမှာ စုစုပေါင်း (၅၆) ရက်ကြာခဲ့ပါသည်။



ထိုသာသနာပြုခရီးစဉ်မှာ အင်္ဂလန်နိုင်ငံ၊ ဥရောပတိုက်နိုင်ငံများ၊ သီရိလင်္ကာနိုင်ငံ၊ စင်္ကာပူ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ ဖြစ်ပါသည်။ အင်္ဂလန်နိုင်ငံသို့ ရောက်သောအခါ "အုတ်ကင်ဟိုလ်တ်" မှ ဦးမြစော + ဒေါ်စန်းရီတို့ အဆောက်အဦမှာပင် သီတင်းသုံးတော်မူပါသည်။ ဦးမြစောတို့က အထွေထွေစရိတ်အကုန်ခံပြီး ပင့်သည့်အတွက် ဦးမြစော၏ အဆောက်အဦမှာပင် တရားစခန်းဖွင့်ခဲ့ပါသည်။ မဟာစည်ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် အင်္ဂလန်ရောက် မြန်မာပရိသတ်များအား ဝိပဿနာအလုပ်ပေးတရားနှင့်တကွ သတိပဋ္ဌာန်တရားတော်များ ဟောကြားပို့ချပေးခဲ့ပါသည်။ ပဋိပတ္တိ ဝိပဿနာအခြေခံသည့် ဗုဒ္ဓဘာသာအသင်းကိုလည်း ဖွဲ့စည်းပေးခဲ့ပါ သည်။ ဦးမြစောက ၎င်းပိုင် အဆောက်အဦနှင့် ၎င်းအိမ်ယာကို မဟာစည်ရိပ်သာခွဲအမည်ခံရန် လျှောက်ထားသည်ကို ဆရာတော်ဘုရားကြီးက ခွင့်ပြုတော်မူခဲ့ပါသည်။ မဟာစည်ဆရာတော်ဘုရားကြီးသည် အသက်တော် (၇၅)နှစ်ကျော်လျှင် အနားယူပြီးနေရန် ဆုံးဖြတ်ထားသော်လည်း နိုင်ငံခြားမှ သက်ဆိုင်ရာ ပုဂ္ဂိုလ်များက အမြဲပင့်ဖိတ်နေသောကြောင့် ၁၉၈၀ ခုနှစ် သက်တော် (၇၆)နှစ်မြောက်မှာ နိုင်ငံခြားသို့ ကြွရောက်ပြီးသာသနာ့ရောင်ခြည်လေးဖြင့် သာသနာပြုရန် သဘောတူခဲ့ခြင်းဖြစ်ပါသည်။ အုတ်ကင်ဟိုလ်တ် ဦးမြစောအိမ်၌ ဖွင့်လှစ်ခဲ့သော မဟာစည်ပဋိပတ္တိသာသနာပြုအဖွဲ့ကလေးကို ဆရာတော်ဒေါက်တာဦးရေဝတကခေါင်းဆောင်ပါသည်။ ဦးမြစောတို့ အဆောက်အဦမှာ သံဃာတော် (၂၆)ပါး သီတင်းသုံးနိုင်ပြီး လူ (၈၀) အထိ နေနိုင်အောင် ကျယ်ဝန်းပါသည်။ "အုတ်ကင်ဟိုလ်တ်" တရားစခန်းဖွင့်ပြီးနောက် မဟာစည်ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် ဟောလန်၊ ဂျာမဏီ၊ ပြင်သစ် အစရှိသော နိုင်ငံများသို့ ကြွချီတော်မူပြီး သီရိလင်္ကာ၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံများသို့ ခေတ္တခဏဝင်ပြီး မြန်မာပြည်သို့ ပြန်လည်ရောက်ရှိတော်မူပါသတည်း။

၁၉၉၆ ခုနှစ်၊ ဂျပန်နိုင်ငံသာသနာပြုခရီး

၁၉၉၆ခုနှစ်တွင် ဂျပန်နိုင်ငံတိုကျိုမြို့သို့ မဟာစည်နာယက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရအား မဟာစည်သာသနာပြန့်ပွားရန်အတွက် ပို့လွှတ်ခဲ့ပါသည်။

စကားပြန်ဆိုပေးသူများ (မဟာစည်ဆရာတော်ဘုရားကြီးနှင့် ယောဂီဟောင်းဦးဖေသင်)

ကမ္ဘာအရပ်ရပ်မှ နိုင်ငံခြားသားဧည့်သည်တို့သည် ဆရာတော်ဘုရားကြီးထံ ရောက်လာကြကာ သူတို့မေးမြန်းလို၊ ဆွေးနွေးလိုသော အချက်အလက်များကို ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေးခဲ့ကြပါသည်။ ဘာသာရေးဆိုင်ရာများဖြစ်၍ အချို့ဖြေရန် မလွယ်ကူသော အချက်များ ဖြေ၍မဖြစ်နိုင်သော အချက်များလည်း ပါရှိပါသည်။ ထိုအချက်အလက်တို့ကို မဟာစည်ဆရာတော်ဘုရားကြီးသည် ပြေလည်အောင် ရှင်းပြဖြေဆိုတော်မူခဲ့ပါသည်။ မဟာစည်ဆရာတော်ဘုရားကြီးထံသို့ ရောက်လာကြသော နိုင်ငံခြားသားများမှာ တရားမေးမြန်းဆွေးနွေးလိုသူများသာ မဟုတ်ဘဲ ဆရာတော်ဘုရားကြီး၏ လမ်းညွှန်ကြားချက်အတိုင်း တရားအားထုတ်လိုသူများလည်း များစွာပါဝင်ခဲ့ပါသည်။ နိုင်ငံခြားသားများနှင့်တွေ့၍ တရားဆွေးနွေးရာ တရားပြသရာတို့တွင် အခက်အခဲမရှိစေရန် ဆရာတော်ဘုရားကြီးအား ကူညီခဲ့သော ပုဂ္ဂိုလ်မှာ ယောဂီဟောင်း ဦးဖေသင်ပင်ဖြစ်ပါသည်။ ဦးဖေသင်သည် ဝိပဿနာရှုနည်း ကျမ်းအခန်း (၅)ပါ ဝိပဿနာတရား အားထုတ်နည်း အကျဉ်းကို လည်းကောင်း၊ ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်း အကြောင်းကျမ်းငယ်ကိုလည်းကောင်း၊ သတိပဋ္ဌာန် ဝိပဿနာ အခြေပြအားထုတ်နည်းတရားတော်ကိုလည်းကောင်း၊ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ပါသည်။ ထိုအင်္ဂလိပ်



"ပြည်ပ
သာသနာပြုလုပ်ငန်းမှာ
မြန်မာပြည်နှင့်တရင်
မပြောပလောက်ပါ" ဟု
ဆရာတော်ဘုရားကြီးက
မြင်ပါသည်၊
"ပြည်ပတွင်
သာသနာပြုရန်မှာ
အတော်ခက်ခဲပြီး
မလွယ်ကူလှပါ" ဟု
ဆိုပါသည်၊

ဘာသာပြန်ကျမ်းတို့ကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကပင် ပုံနှိပ်၍ ဖြန့်ချိခဲ့ပါသည်။

မဟာစည်ဆရာတော်ဘုရားကြီးနှင့် မြန်အောင်ဦးတင်

ဦးဖေသင်အသက်ကြီးလာ၍ အိုမင်းမစွမ်း ရှိလာသောအခါ ယောဂီဟောင်းတစ်ဦးပင်ဖြစ်သူ မြန်အောင်ဦးတင်၊ ၁၉၆၁ ခုနှစ်မှ စ၍ နိုင်ငံခြားသားများကို ကူညီစောင့်ရှောက်၍ သာသနာပြုကိစ္စကို ဆောင်ရွက်ရန် ဆက်ခံခဲ့ပါသည်။

စကားပြန်များ အရေးကြီးပုံနှင့် စွမ်းရည်များ

ထိုနောက် စကားပြန် အဖြစ်ဖြင့် ချမ်းမြေ့ဆရာတော်ဦးဇနကာဘိဝံသက ဆောင်ရွက်တော်မူပါသည်။ မဟာစည်ဆရာတော်ဘုရားကြီး စံလွန်တော်မူပြီးနောက် သြဝါဒါစရိယ ဆရာတော် ဦးပဏ္ဍိတလက်ထက်တွင် ဦးမြသောင်း၊ ဦးကျော်ကျော်တို့က စကားပြန်အဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။

ယခုအခါ မဟာစည်သာသနာ့ရိပ်သာကြီး၌ နိုင်ငံခြားသား ရဟန်းသံဃာနှင့်ယောဂီများအား ကမ္မဋ္ဌာနာစရိယ၊ နာယကဆရာတော် ဘဒ္ဒန္တဝါသဝ (မြစ်သားဆရာတော်) ဘဒ္ဒန္တဇဋိလ (ပျဉ်းမနားဆရာတော်) နှင့် ဘဒ္ဒန္တဝိစိတ္တသာရ (စဉ့်ကူးဆရာတော်) တို့က တရားဟောခြင်း၊ တရားပြခြင်း၊ တရားစစ်မေးခြင်းများ ဆောင်ရွက်တော်မူကြပါသည်။ စကားပြန်များအဖြစ် ဦးလှကြိုင် (အဖွဲ့ချုပ်ဥက္ကဋ္ဌကြီး)၊ ဦးသုနန္ဒ (ဒေါက်တာ ဦးသန်းနောင်) နှင့် ဒေါက်တာဦးကျော်မြင့် (ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အမှူဆောင်) တို့က အလှည့်ကျတာဝန်ယူကြပါသည်။

နိုင်ငံခြားသားတို့နှင့် တရားဆွေးနွေးဟောပြောရာတွင် ပြဿနာအောင်မြင်မှုရရှိခြင်းမှာ အထက်ပါ စကားပြန်ဆိုပေးကြသော ပုဂ္ဂိုလ်ကြီးများ၏ အကူအညီရသောကြောင့်သာ ဖြစ်ပါသည်။ မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာနည်းနိဿယများ ကမ္ဘာသို့ ပြန့်အောင် ကူညီခွင့်ရသော ပုဂ္ဂိုလ်ကြီးများဖြစ်၍ များစွာအားကျဂုဏ်ယူထိုက်သော ပုဂ္ဂိုလ်ကြီးများလည်း ဖြစ်ပါတော့သည်။

မဟာစည် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုသင်တန်းကျောင်း ဌာန (မဟာဂန္ဓာရုံ)မှ သင်တန်းဆင်းများဖြစ်ကြသော အရှေ့ဂျာမဏီနိုင်ငံမှ မင်္ကန္ဒဝံတီ (သီလရှင်မလေး) "စီမွန်နေရူးလေး"(Sinono Ruhld)၊ ဆွစ်ဇာလန်နိုင်ငံ (Switzerland) မှ ရဟန်းတော် ဦးဥတ္တမ (Pavel Smrcka)၊ နှင့် တောင်ကိုးရီးယား ဘိက္ခုနီ(၂)ပါး ဖြစ်သော (Young Ran Kin) ခေါ် (Chong Heon Snim) နှင့် (Rark Yong Hee) ခေါ် (Beom La Snin) တို့ နိုင်ငံ



ခြားသားများအား တရားဟော၊ တရားစစ်မေးရာတွင် ပါဝင်၍ ကူညီပြီး စကားပြန်များအဖြစ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မဟာစည်သာသနာ့ရိပ်သာနှင့် နိုင်ငံခြားသားယောဂီ

၁၉၈၀ ခုနှစ်နောက်ပိုင်းတွင် မဟာစည်သာသနာ့ရိပ်သာ၌ နိုင်ငံခြားမှ တရားအားထုတ်ရန် ရောက်လာကြသော ရဟန်းရှင်လူဦးရေသည် (၃၀) ကျော်မှ (၄၀)အထိ အမြဲရှိနေတတ်ပါသည်။ ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်လည်းကောင်း၊ အဆက်မပြတ် ရောက်ရှိလာကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရပေသည်။ ၁၉၇၉ ခုနှစ် မတိုင်မီနှစ်များက နိုင်ငံခြားသားယောဂီဦးရေနည်းသေးသည့်အတွက် ဟိတေသီအဖွဲ့မှ တာဝန်ယူကျွေးမွေးပြုစုခဲ့ကြသည်။ နောက်ပိုင်းတွင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ ယနေ့တိုင် နိုင်ငံခြားသားယောဂီများကို တာဝန်ယူ ကျွေးမွေးပြုစုပါသည်။ မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်ထဲတွင် နိုင်ငံခြားသားများအား ကျွေးမွေးစောင့်ရှောက်ရာတွင် ဒေသခံများကဲ့သို့ သဘောထား စောင့်ရှောက်သင့်ကြောင်းနှင့် ဆေးဝါးကုသရာတွင်လည်း ရိပ်သာမှ တာဝန်ခံဆရာဝန်များ ကုသပေးမှုကို ခံယူသင့်ကြောင်း မိန့်ကြားထားပါသည်။ သူတို့လူနည်းစု ကလေးအတွက် အခက်အခဲများ မရှိသင့်ကြောင်း အမိန့်ရှိခဲ့ပါသည်။

နိုင်ငံခြားသားများအတွက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ဥက္ကဋ္ဌကြီး၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ ရုံးအဖွဲ့မှူးနှင့် သီးခြားဆောင်ရွက်ပေးရသည့် ဝန်ထမ်းတို့က အမြဲတာဝန်ယူပြီး လုပ်ကိုင်ဆောင်ရွက်ပေးရပါသည်။ တိုင်းပြည်အသီးသီးမှ လူအမျိုးမျိုးဖြစ်နေ၍ ဓလေ့စရိုက်မျိုးစုံ တွေ့ရသည်။ မိမိတို့ဆီက အလေ့အကျင့်တွေအတိုင်း ပြောဆိုဆက်ဆံကြရသဖြင့် လူမှုဆက်ဆံရေး အခက်အခဲ တွေ့ကြရပါသည်။ ရှင်းရ၊ လင်းရ လုပ်နေရပါသည်။

နောက်ပြီး နိုင်ငံခြားသားယောဂီများ ရိပ်သာကြီး၌ ကာလအတန်ကြာ နေထိုင်တရားအားထုတ်နိုင်ရန် Visiting Visa မှ Meditation Visa လျှောက်ပေးခြင်း၊ Visa Extension လုပ်ပေးခြင်းများနှင့်



Deportine Form လျှောက်ပေးခြင်းများကို နေ့စဉ်နှင့်အမျှ ဆောင်ရွက်ပေးရပါသည်။ နိုင်ငံခြားသားများဖြစ်ကြ၍ အစိုးရနှင့်ပတ်သက်သောကိစ္စရပ်များလည်း အမြောက်အမြား ဆောင်ရွက်ပေးရန် တာဝန်ရှိလာပါသည်။

နိုင်ငံခြားသားယောဂီများ၏ တုန့်ပြန်မှု

ဂျာမန်ဘုန်းတော်ကြီး အရှင်ဉာဏပုဏ္ဏိကထေရ်က မဟာစည်ဆရာတော်ဘုရားကြီးထံ တရားအား ထုတ်ပြီးနောက် စာအုပ်ရေးသားထုတ်ဝေခဲ့ပါသည်။ ၁၉၅၂ ခုနှစ်က မဟာစည်ရိပ်သာတွင် တရားအား ထုတ်ခဲ့သောဒေါက်တာဂရေဟမ်ဟောင်းက အရှင်ဉာဏပုဏ္ဏိကထေရ်၏ စာအုပ်တွင် (Forward)အမှာစာ ရေးသားပေးခဲ့ပါသည်။ ၁၉၅၈ ခုနှစ်တွင် စက်ာပူနိုင်ငံအင်္ဂလိပ်ရေတပ်မတော်ဗိုလ်ချုပ်ကြီး ရှက်တောက်(REAR AS-MIRAL E.M SHOTTOCK) ကလည်း မဟာစည်ရိပ်သာ၌ တရားအားထုတ်ပြီး (AN EXPERINEND IN MINDFULL NOSS) အမည်ရှိ စာအုပ်ကို ရေးသားထုတ်ဝေခဲ့ပြန်သည်။ ဗိုလ်ချုပ်ကြီးက ၎င်း၏ အတွေ့အကြုံများကို အသေးစိတ်ရေးသား တင်ပြခဲ့ပါသည်။ ထိုစာအုပ်ထဲ၌ မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းမှာ အထူးလွယ်ကူသောနည်းဖြစ်ပြီး





ယင်းလွယ်ကူမှုသည် ပဓာနခက်ခဲမှုတို့တွင် တစ်ခုဖြစ်လျက်ရှိသည်ဟု ဆိုထားပါသည်။ သာသနာ့ရိပ်သာသည် စိတ်ဓာတ်လေ့ကျင့်ရေးအတွက် ဆရာဖြစ်သင်တန်းကျောင်းကြီးဖြစ်သည့် အပြင် တင်းကြပ်သော နေထိုင်ရေး စည်းကမ်းရှိသော အချိန်ဇယား ထားရှိသည်ဖြစ်၍ အတော်ခဲယဉ်း ပြင်းထန်သောကျောင်းဖြစ်လေသည်ဟု ဖော်ပြထားလေသည်။ သာသနာ့ရိပ်သာသည် တော်စွလျော်စွ တရားအားထုတ်လိုသူတို့၏ နေရာမဟုတ်ကြောင်း ပေါ်လွင်စေပါတော့သည်။ မစ္စတာကောလင်း ရှပ်တ် (Mr. Collin Syott) ဆိုသူကလည်း (The Midole Way) အမည်ရှိ ဗုဒ္ဓဘာသာမဂ္ဂဇင်း၌ မဟာစည်ဆရာတော်ဘုရားကြီးထံ၌ သတိပဋ္ဌာန်တရား အားထုတ်ခဲ့ပုံ သိကောင်းစရာအဖြာဖြာကို ရေးသားဖော်ပြခဲ့ပါသည်။ ၎င်းက သာသနာ့ရိပ်သာကြီးကို လေ့လာရေးဌာနကြီးတစ်ခု အဖြစ်မြင်ခဲ့ပါသည်။ အခြား သမရိုးကျဘာ သာရေးဌာနများနှင့်မတူဘဲ လက်တွေ့အသုံးချစိတ်ပညာသင်ကျောင်းနှင့် တူကြောင်း သာသနာ့ရိပ်သာနည်းသည် ခိုင်လည်းခိုင်မာ၊ ဆင်ခြင်တုံတရားလည်းရှိ၊ လက်တွေ့လည်းကျ၍ ရိုးဖြောင့်မှုလည်းရှိကြောင်း ရေးသားထားပါသည်။ အမေရိကန်နိုင်ငံမှ ပြင်သစ်လူမျိုး (Mr. Robert Davo) က မဟာစည် ဆရာတော်ဘုရားကြီး၏ ဝိပဿနာကျမ်းများကို ရေးသားဖြန့်ချိခဲ့ပါသည်။ သီရိလင်္ကာနိုင်ငံတွင်လည်း အရှင်ဉာဏပုဏ္ဏိကထေရ်သည် (Dractical Insight Meditation, Basic And Progressive Stage) နှင့် (The Progres Of Insight) အမည်ဖြင့် မဟာစည်ဆရာတော်ဘုရားကြီး၏ ကျမ်းများကို ဘာသာပြန်ဆို ထုတ်ဝေခဲ့ပါသည်။ အမေရိကန်နိုင်ငံမှ (Mr. Stephen Leino)ဆိုသူကလည်း (The Satipatthana Vipassana Meditation) နှင့် (A Visie Buildhist Mindfulness Exercise) စာအုပ်များ ရေးသားထုတ်ဝေဖြန့်ချိပြီး မဟာစည်သာသနာ့ရိပ်သာ ဟူသော အမည်ကို ကမ္ဘာအနှံ့ပြန့်စေပါတော့သည်။

ကမ္ဘာတစ်လွှားတွင် ထင်ရှားဘုရားကြီး၏ ဝိပဿနာကျမ်းများ ကျော်ကြားသော ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်များကို ပေါင်းစုရိုက်နှိပ်ထားသော (Who's Is Who In The World) ခေါ် ကမ္ဘာသုံး ညွှန်းတမ်းစာအုပ်ကြီး၌ပင် မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို တွေ့မြင်ရခြင်းဖြစ်ပါသည်။ ထိုစာအုပ်ကြီးတွင် ထည့်သွင်းခံရဖို့ရန် သာမန်ကျော်ကြားသူတို့ မမျှော်လင့်သောအချက်ဖြစ်ရကား ထိုစာအုပ်၌ ထည့်သွင်းခံရခြင်းဖြင့်ပင် မဟာစည်ဆရာတော်ဘုရားကြီးသည် ကမ္ဘာ့အသိအမှတ်ပြု ကျော်ကြားသော ပုဂ္ဂိုလ်စာရင်းဝင်နေကြောင်းမှာ အလွန်ပင် ထင်ရှားလှပါပေတော့သည်။

ဒေါက်တာကျော်မြင့်

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး



သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း



သိမ်နှင့်ကုဋ္ဌိကိစ္စ

၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာလ ကျွန်တော် ဥက္ကဋ္ဌဖြစ်တဲ့နှစ်မှာပဲ ဦးစိန်ဖေနဲ့ မြင်းခြံက ဒကာကြီး

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး နှင့်

တိပိဋကဓရဆရာတော်

ဦးပွင့်ကောင်း

(မဟာစည်ပဋိပတ္တိသာသနာသမိုင်းအတွက် အထူးအကျိုးများလှပါသဖြင့် ပြန်လည်တင်ပြသည်။) *(စာတည်းအဖွဲ့)*



ဦးသိန်းတို့ ကျွန်တော့်ဆီရောက်လာကြပါတယ်။သိမ်မှာ ဆရာတော် ဦးဝိစိတ္တ ရောက်ရှိတည်းခိုတဲ့အခါ ကုဋ္ဌီ, ရေချိုးခန်းမရှိလို့ ကုဋ္ဌီ, ရေချိုးခန်းဆောက်ပြီး လှူချင်ပါတယ်လို့ ခွင့်တောင်းပါတယ်။ ကျွန်တော်က-

"ယခင် သိမ်ဒကာကြီးဖြစ်တဲ့ ဥက္ကဋ္ဌကြီးဆာဦးသွင်ဟာ ကုဋ္ဌီ, ရေချိုးခန်း မထည့်နိုင်တာတော့ မဟုတ်တန်ဘူး၊ မထည့်ချင်လို့ မထည့်တာဖြစ်ပါလိမ့်မယ်၊ဒါ့ကြောင့်ဆရာတော်





ဘုရားကြီးရဲ့ ဩဝါဒခံယူပြီး ဆွေးနွေးကြည့်ပါဦးမယ်" လို့ဆိုတော့ ဦးစိန်ဖေတို့က ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးကို လျှောက်ကြည့်တဲ့အခါ ဆရာတော်ဘုရားကြီးက -

"ကန့်ကွက်စရာမရှိပါဘူး" လို့ ဆိုပါတယ်။

ဒါပေမယ့် ကျွန်တော့် အနေနဲ့ ဆရာတော်ဘုရားကြီးကို လျှောက်ရဦးမယ်ဆိုပြီး ဆရာတော် ဘုရားကြီးထံ သွားလျှောက်ပါတယ်။

"ဆရာတော်ဘုရား ... ဦးသိန်းနဲ့ ဦးစိန်ဖေတို့က သိမ်မှာ ကုဋီနဲ့ ရေချိုးခန်းဆောက်ပြီး လှူဒါန်းချင်တယ်၊ ဆရာတော်ကြီးက ကန့်ကွက်စရာမရှိပါဘူးလို့ ပြောပါတယ်ဘုရား၊ အဲဒါ တပည့်တော် ယူဆမိသလောက် နဂိုမူလသိမ်ဆောက်စဉ်က ဒကာကြီးဆာဦးသွင်ဟာ တမင်တကာ မထည့်သင့်လို့ မထည့်ဘဲ ထားတာဆိုရင် တော်တော်စဉ်းစားရမှာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဆရာတော်ဘုရားကို လာလျှောက်ရခြင်းဖြစ်ပါတယ် ဘုရား"

ကျွန်တော် လျှောက်ထားချက် ဆုံးတော့ ကျေးဇူးရှင်ဆရာတော် ဘုရားကြီးက -

"ဘုန်းကြီးအနေနဲ့ကတော့ ဘယ်လိုမှ မပြောလိုပါဘူး၊ ဆရာတော်ဦးဝိစိတ္တာကို သွားလျှောက်ပါ၊ ဆရာတော် ဦးဝိစိတ္တာရဲ့ သဘောအတိုင်းဆောင်ရွက်ပါ" လို့ အမိန့်ရှိပါတယ်။

ကျွန်တော်က ဆရာတော် ဦးဝိစိတ္တာကို သွားလျှောက်ပါတယ်။

"ဒေါ်ထားထားနဲ့ ဦးစိန်ဖေတို့ ရှိပါတယ်။ သိမ်မှာ ကုဋီ, ရေချိုးခန်း ဆောက်လုပ်လှူဒါန်းချင်ပါတယ် ဘုရား" လို့ လျှောက်တော့ ဆရာတော် ဦးဝိစိတ္တာက -

"ဘုန်းကြီးအတွက် ကုဋီ, ရေချိုးခန်းထည့်မယ်ဆိုရင် ဘုန်းကြီးလုံးဝ သဘောမတူပါဘူး" လို့ အမိန့်ရှိပါတယ်။ ဆက်ပြီး -

"ဒကာကြီးဆာဦးသွင်က သိမ်မှာ ကုဋီနဲ့ရေချိုးခန်း မထည့်ချင်လို့ မထည့်တာဘဲ၊ သိမ်မှာ ကုဋီနဲ့ရေချိုးခန်း ထည့်ဖို့မလိုဘူး" လို့ ဆိုပါတယ်။

"ဘုန်းကြီးအတွက် အခက်အခဲမရှိပါဘူး၊ ဒိနားမှာရှိတဲ့ တစ်ထပ်ကျောင်းလေးမှာ ကုဋီရေချိုးခန်းတွေ နီးနီးလေးပဲ ခြေလှမ်း ၂၀- ၃၀ လောက် လှမ်းသွားရင် ရောက်နိုင်ပါတယ်။ ဒီလိုသွားရတာ ဘာမှအပန်းမကြီးပါဘူး၊ ဒါ့ကြောင့် ကုဋီ, ရေချိုးခန်းထည့်ဖို့ သဘောမတူပါဘူး" လို့ တိတိကျကျ ငြင်းဆိုပါတယ်၊ ဒါနဲ့ ကျွန်တော်က -

"ဆရာတော်ဘုရား နေလို့ထိုင်လို့ သင့်တင့်အောင် ဆရာတော်အတွက် ရည်စူးပြီး နာယကကျောင်းအနေနဲ့ ကျောင်းတစ်ဆောင်ဆောက်ဖို့ ရည်ရွယ်ထားပါတယ်ဘုရား" လို့ ဆက်လက် လျှောက်ထားပါတယ်။

လက်ရှိ ဦးဘဝင်းဆောက်ထားတဲ့ကျောင်းရဲ့ လက်ဝဲလက်ယာမှာ တစ်လုံးစီဆောက်ဖို့ ရည်ရွယ်ထားပြီးဖြစ်ပါတယ်။ အဲဒီကျောင်းများမှာ ကုဋီ, ရေချိုးခန်းထည့်ပြီး ဆောက်ဖို့ လျာထားပြီးဖြစ်လို့ ပြီးတဲ့အခါ ဆရာတော်ဘုရား ပြောင်းရွှေ့သီတင်းသုံးဖို့ လျှောက်ထားတော့ ဆရာတော်ဘုရားက သဘောတူပါတယ်။

အဲဒါနဲ့ မကြာခင် နာယကအဆောက်အအုံ (၃)ကို ဦးခင်မောင်ကျော် ဒေါက်တာဒေါ်မြမြအေးတို့က ကျောင်းဒကာအဖြစ် တာဝန်ယူဆောက်ပါတယ်။ နာယက (၁)ကိုတော့ မြင်းခြံဦးသိန်းတို့က တာဝန်ယူဆောက်လုပ်ကြပါတယ်။ ဦးဝိစိတ္တာသာရာဘိဝံသဆရာတော်လည်း ဦးခင်မောင်ကျော်တို့ဆောက်တဲ့ မြ



ရတနာကျောင်းမှာလာတဲ့အခါတိုင်း သီတင်းသုံးရတာ တော်တော်အဆင်ပြေသွားပါတယ်၊ သိမ်မှာ ကုဋီ, ရေခိုးခန်းမထည့်သင့်ဘူးဆိုတာ ဆရာတော်ကြီး သိဟန်တူပါတယ်။ ဒါပေမယ့်မသင့်ဘူးမပြောဘဲ ဆရာတော် ဦးဝိစိတ္ထကိုသာ လျှောက်ကြည့်ပါလို့ ပြောလိုက်ခြင်းဟာ ဆရာတော် ဦးဝိစိတ္ထကလည်း သဘောတူမှာ မဟုတ်ဘူးလို့ သိဟန်တူပါတယ်၊ သဘောတူတယ်လို့ အဆုံးအဖြတ်ပေးလိုက်ရင်လည်း တစ်မျိုးဖြစ်လာနိုင်တဲ့အတွက် နှစ်ဖက်အစွန်းလွတ်အောင် ပြောဆိုပုံကိုကြည့်ပြီး ဆရာတော်ဘုရားကြီးဟာ အလွန်ကြည်ညိုဖွယ်ရာကောင်းကြောင်း တွေ့ရှိရပြန်ပါတယ်။

ဆရာတော်ကြီးနှစ်ပါး
ခင်မင်ရင်းနှီးခဲ့ကြပုံ

ဒီနေရာမှာ အလျဉ်းသင့်လို့ ဆရာတော်ဦးဝိစိတ္ထသာရာဘိဝံသ ဆရာတော်ဘုရားကြီးနဲ့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးနှစ်ပါးတို့ မည်ကဲ့သို့ ရှိသေလေးစားကြပုံ ရင်းနှီးစွာနဲ့ လေးစားစွာ ဆက်ဆံကြပုံကို ဖော်ပြလိုပါတယ်။

လနဲ့ရက်ကတော့ မမှတ်မိပါ။ ၁၉၇၈-ခု၊ ၇၉-ခုနှစ်လောက်ပဲ ဖြစ်လိမ့်မယ် ထင်ပါတယ်၊ ဆရာတော်ဘုရားကြီးကို တွေ့ချင်တာနဲ့ လာရင်း အောက်က အစောင့်ဦးပဉ္စင်းတစ်ပါးပြောလို့ ဆရာတော် ဦးဝိစိတ္ထ (တိပိဋကဓရ ဆရာတော်) ဟာ ဆရာတော်ဘုရားကြီးထံ ဝင်ရောက်ပြီး ဖူးမြော်ကန်တော့ဆွေးနွေးနေကြောင်းကို သိရပါတယ်။

ဆရာတော် ဦးဝိစိတ္ထသာရာဘိဝံသပြောနေတာ ဘယ်လောက်ကြာပြီလဲ မေးတော့ တစ်နာရီခွဲလောက်ကြာပြီလို့ ပြောပါတယ်။ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးနဲ့ တိပိဋကဓရဆရာတော် ဦးဝိစိတ္ထသာရာဘိဝံသ တွေ့ဆုံစကားပြော ဆွေးနွေးနေတဲ့အခါတိုင်း ကျွန်တော်ရောက်ပြီး ဧည့်ခန်းမှာ ကန်တော့တာကိုမြင်ရင် ဆရာတော်ဘုရားကြီးက လှမ်းခေါ်လေ့ရှိပါတယ်။ အနားမှာနေပြီး ပြန်တော့မယ်လုပ်တိုင်း ဆရာတော်ကြီးနဲ့ ဆရာတော် ဦးဝိစိတ္ထသာရာဘိဝံသတို့က "ဒကာကြီးနေဦးလေ" ဆိုပြီး တားလေ့ရှိပါတယ်။

ဒီနေ့တော့ ဆရာတော်ဦးဝိစိတ္ထသာရာဘိဝံသ ဆရာတော်ဘုရားလည်းတက်သွားတာ ကြာသွားပြီ ပြောလို့ဆိုလို့ ပြီးလောက်ပြီထင်တဲ့အတွက် ကိစ္စကလည်းရှိတာနဲ့ ခဏတက်သွားပြီးတော့ ဧည့်ခန်းတံခါးဝကပဲ ဝတ်ချပြီး ကြည့်လိုက်တော့ ကျွန်တော့်မြင်ကွင်းမှာ အလွန်အံ့သြဖွယ်တွေ့ရှိရတဲ့အတွက် ဝမ်းမြောက်ကြည်နူးမိပါတယ်။

ဆရာတော် ဘုရားကြီးဟာ စာရေးစားပွဲမှာရှိတဲ့ ဆုံလည်ကုလားထိုင်ပေါ်မှာ ခြေစုံချထိုင်လျက်နေပါတယ်၊ အဲဒီလိုထိုင်နေတဲ့ ဆရာတော်ကြီးရဲ့ ဒူးနှစ်လုံးပေါ်မှာ ဆရာတော် ဦးဝိစိတ္ထသာရာဘိဝံသက လက်နှစ်ဖက်ယှက်တင်ပြီး ထောက်ထားပါတယ်။ အဲဒီလက်ပေါ်မှာ မေးလေးတင်ထားပုံဟာ ညီငယ်တစ်ယောက်က အစ်ကိုကြီးတစ်ယောက်ကို ကန့်ကလျှ အလွန်ချစ်ခင် ရင်းနှီးတဲ့ အမူအရာမျိုးနဲ့ ဆက်ဆံပုံ ပုံစံမျိုးကို တွေ့မြင်နေရပါတယ်၊ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီးကလည်း အစ်ကိုကြီးတစ်ယောက်က ညီငယ်တစ်ယောက်အား ကြင်နာတဲ့အကြည့်မျိုးနဲ့ကြည့်ပြီးတော့ လက်ခံနေပုံမျိုးပါပဲ၊ ယှက်ထားတဲ့လက်နှစ်ဖက်ပေါ်မှာ မေးတင်ပြီး မဟာစည် ဆရာတော်ဘုရားကြီးနဲ့ ဆွေးနွေးပြောဆို နေသံကြားရပေမယ့် တံခါးဝက သဲသဲကွဲကွဲကြားလောက်တဲ့ အသံမျိုးတော့ မဟုတ်ပါ၊ ကျွန်တော်လည်း ဒီတစ်ခါ ပထမတွေ့မြင်ရခြင်း ဖြစ်တဲ့အတွက် အလွန်အံ့သြခြင်း၊ ဝမ်းသာခြင်း ဖြစ်ပြီး ဖရဏာပီတိ ဂွမ်းဆီထိသလို အလွန်ကြည်ညိုဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိပါတယ်။

ကျေးဇူးရှင်ဆရာတော်ကြီးနှစ်ပါးဟာ ဘဝဆက်တိုင်း ပါရမီပြုဖက်များ ဖြစ်ခဲ့ကြလိမ့်မယ်လို့လည်း စိတ်ထဲမှာ ထင်မိပါတယ်။ဒါ့ကြောင့် ဆဋ္ဌသင်္ဂါယနာတင် ဆဋ္ဌသင်္ဂီတိပုစ္ဆကနဲ့ ဆဋ္ဌသင်္ဂီတိဝိသဇ္ဇက ဆရာတော်နှစ်ပါး ဖြစ်လာခဲ့တာပဲ



လို့လည်း စိတ်ထဲမှာ မှတ်ချက်ချ ရင်း အလွန်အလွန် ကြည်ညို ဝမ်းမြောက်မိပါတော့တယ်။

ဒီအချိန်မှာပဲ ဆရာတော် ဘုရားကြီးက ကျွန်တော့်ကို မြင် သွားတဲ့အတွက် "ဒကာကြီးဝင်လာ နိုင်ပါတယ်" အမိန့်ရှိလို့ -

"ကိစ္စမရှိပါဘူးဘုရား၊ ဆရာ တော်ကြီးများ ဆွေးနွေးမိန့်ကြားပြီး လောက်ပြီ ထင်လို့ တက်လာမိပါ တယ်ဘုရား" လို့ လျှောက်တော့ -

"မပြီးလည်း ကိစ္စမရှိပါဘူး၊ ဒကာကြီး နားထောင်နိုင်ပါတယ်" လို့ ဆရာတော်ဦးဝိစိတ္တသာရာ ဘိဝံသက အမိန့်ရှိပါတယ်။

နောက် သာသနာရေးကိစ္စသုံးခု လေးခုလောက် ဆက်ဆွေးနွေးပြီး မိနစ်-၂၀လောက်အတွင်းပဲ ဆရာ တော်ဦးဝိစိတ္တသာရာဘိဝံသပြန်ကြွ သွားတဲ့အတွက် ကျွန်တော်လည်း ထပြီး လိုက်ပို့လိုက်ပါတယ်။

တိပိဋကဓရ ဆရာတော်ဘုရား ကြီးက -

"ဦးပဉ္စင်းလည်း ဆရာတော်ကြီး နဲ့ မတွေ့တာကြာလို့ လာရောက် တွေ့ဆုံလျှောက်ထားဆွေးနွေးရင်း တော်တော်အချိန်ကုန်သွားတယ်နဲ့ တူပါတယ်" လို့မိန့်ကြားရင်း ဆရာ တော်နေသော နာယက(၃)ကျောင်း တော်ကို ပြန်ကြွသွားပါတယ်။

ကျွန်တော်လည်း တိပိဋကဓရ ဆရာတော်ဘုရားကြီးကို ပြန်ပို့ပြီး ကျေးဇူးရှင် မဟာစည်ဆရာတော် ဆရာတော်ဘုရားကြီးထံရောက်ပြီး ရိပ်သာကြီးအတွက် အရေးကြီးတဲ့ ကိစ္စများကို လျှောက်ထားရာ မကြာ မီ ပြီးပြတ်သွားပါတယ်။ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသနဲ့ ဆရာ တော်ဘုရားကြီး ဆွေးနွေးနေတဲ့ ကိစ္စမှာ ဂိုဏ်းပေါင်းစုံ သံဃာ့ အဖွဲ့အစည်းကြီးနဲ့ ပဏာမအရေး ကြီးတဲ့ကိစ္စများ ဖြစ်ဟန်တူပါတယ်။ ထိုကိစ္စကို ကျွန်တော်ဆက်ပြီး လျှောက်ထားမမေးမြန်းခင် ကျေးဇူး ရှင် မဟာစည်ဆရာ တော်ဘုရား ကြီးက ကြိုတင်ပြီးတော့ အမိန့်ရှိပါ တယ်။

"ဆရာတော် ဦးဝိစိတ္တသာရာ ဘိဝံသကတော့ဖြင့် အလွန်မှတ် ဉာဏ်လည်းကောင်း၊ အပြော အဟောလည်းကောင်းပါတယ်။ မန္တလေးနဲ့ ရန်ကုန်လာခဲ့တဲ့ အကြောင်းလေးတစ်ခုအပေါ် မူတည် ပြီး လမ်းမှာတွေ့ခဲ့ကြုံခဲ့ဆုံခဲ့ပြောခဲ့ သမျှတွေကို ပြောသွားတာဟာ အတော့်ကို နားထောင်ကောင်းတာ



ပဲ။ ဘုန်းကြီးတို့မှာ ဦးဝိစိတ္တသာရာ ဘိဝံသရဲ့ အရည်အချင်းမျိုးမရှိပါ ဘူး။ ဦးဝိစိတ္တသာရာဘိဝံသက တော့ဖြင့် ဗုဒ္ဓသာသနာနဲ့ ပရိယတ် ဘက်မှာ တကယ်ခေါင်းဆောင်ပြီး ထူးထူးခြားခြား ဆောင်ရွက်နိုင်တဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်လာမှာပါပဲ။ ပရိ ယတ်သာသနာမှာတော့ အလွန် ရှားပါးထင်ရှား ကျော်စောတဲ့ ပုဂ္ဂိုလ်တစ်ပါးပါပဲ" လို့ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးက အလေးအနက်ထားပြီး မိန့်ကြား တော်မူပါတယ်။

ဆရာတော်ကြီးနှစ်ပါး၏တရားပွဲ

ဆရာတော်ကြီးနှစ်ပါးနဲ့ ပတ် သက်ပြီး ကျေးဇူးဂုဏ်ကို ဖော်ပြမယ် ဆိုရင် ကုန်နိုင်စရာမရှိပါဘူး၊ သဃ်နိးကျွန်း (၁၆) ရပ်ကွက် ဇာလီ တောင်ဆရာတော်ဘုရားက သူ့ အဆောက်အအုံကြီးမှာ မဟာစည် ဆရာတော်ဘုရားနဲ့ တိပိဋကဓရ ဆရာတော်ဘုရားအား ချီးကျူးပူ ဇော်ပွဲနဲ့တရားပွဲပူးတွဲပြီး ကျင်းပပါ တယ်။ ပထမည ၇-နာရီလောက် တရားပွဲမစမီ ဦးဝိစိတ္တသာရာဘိဝံသ ဆရာတော်က အရင်ရောက်နှင့်ပါ တယ်။ တိပိဋကဓရဆရာတော်က ပထမတရားဦးဟောပါတယ်။ တစ် နာရီခွဲလောက်ကြာပါတယ်၊ တိပိဋ ကဓရဆရာတော် ဦးဝိစိတ္တသာရာ ဘိဝံသ တရားဟောနေစဉ် ကျေးဇူး ရှင်မဟာစည်ဆရာတော်ဘုရားကြီး အား ပက်လက်ကုလားထိုင်ပေါ်မှာ



သီတင်သုံးဖို့ စီစဉ်ချထားပါတယ်။

တိပိဋကဓရဆရာတော်ဟောနေဆဲမှာ ကျေးဇူးရှင်မဟာစည်ဆရာတော် ဘုရားကြီးက ကြိမ်ကုလားထိုင်ပေါ်မှာထိုင်ရင်း တရားကို အာရုံစိုက်နာနေပုံရပါတယ်။ ဦးဝိစိတ္တာဆရာတော်တစ်နာရီခွဲလောက် တရားဟောပြီးနောက် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးက ဆက်ပြီးတရားဟောရန် သဠာလီပေါ်ကြွရောက်ပါတယ်။ တိပိဋကဓရဆရာတော်ထိုင်ဖို့ ကြိမ်ကုလားထိုင်မှာ တိပိဋကဓရဆရာတော်ဘုရားက မထိုင်ဘဲ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး တရားဟောနေတဲ့ သဠာလီကြီးဘေးမှာ ဆရာတော်ထိုင်နေကျ အခင်းလေးကိုချပြီး ကော်ဇောပေါ်မှာထိုင်ပါတယ်။ တိပိဋကဓရ ဆရာတော်အတွက် ပေးထားတဲ့ပက်လက်ကုလား ထိုင်ပေါ်မှာ မထိုင်ဘဲ လက်ကာပြပြီး အောက်မှာပဲထိုင်ဖို့ လက်ပြတဲ့အတွက် နေသာအောင် ဒကာများက လက်တင်ခေါင်းအုံးနှစ်လုံးပါ ချပေးပါတယ်။ လက်တင်ခေါင်းအုံးပေါ်မှာ တံတောင်ဆစ်နှစ်ဖက်ထောက်ပြီး ဆရာတော်ဘုရားကြီးရှိရာဘက်ကို မျက်နှာမူရှိခိုးပြီး ဆရာတော်ဘုရားကြီးဟောတဲ့တရားကို ပြီးဆုံးအောင် မလှုပ်မယှက် နာယူပါတယ်။

ဥပမာပုံစံပေးရလျှင် မြတ်စွာဘုရားဓမ္မစကြာတရားဟောနေတဲ့အခါ ပဉ္စဝဂ္ဂီငါးပါးဝိုင်းထိုင်လျက်ကန်တော့နေတဲ့ပုံစံမျိုးပါပဲ၊ ကျွန်တော်တို့မှာ ဘယ်စောင်းညာလှည့်နဲ့ လေးခါငါးခါ လှည့်ရပါတယ်။ တိပိဋကဓရဆရာတော်က တစ်ခါမျှမပြင်ဘဲ ရှိခိုးလျက်ပင် တစ်နာရီခွဲလုံးလုံး ပြီးဆုံးအောင် တရားနာတာတွေ့ရပါတယ်။

ဟောတဲ့တရားကတော့ သီလ, သမာဓိ, ပညာအကြောင်းကို တိပိဋကဓရဆရာတော်ကမကျဉ်းမကျယ် တိုတိုနဲ့လိုရင်းကို တရားနာပရိသတ်ရဟန်းရှင်,လူနားလည်လွယ်အောင် ဟောသွားသလို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက တိပိဋကဓရဆရာတော်ဟောသွားတဲ့ သီလ, သမာဓိ, ပညာကိုပဲ ရိုးရိုးရှင်းရှင်းနဲ့ ဝိပဿနာလုပ်ငန်းစဉ် သဘောမျိုး သွင်းပြီးတော့ ရှင်းလင်းမိန့်ကြားသွားတာဟာ အလွန့်အလွန်ပင် နာကြားလို့ အားမရလောက်အောင်ရှိလှပါတော့တယ်။

ဆရာတော်နှစ်ပါးမှာ အမြွာမွေးထားတဲ့သဘောမျိုး၊ တစ်ပါးအလိုကို တစ်ပါးသိသကဲ့သို့ တိပိဋကဓရဆရာတော်က ရှေ့ကမာတိကာစဉ်ပြီး သရုပ်ပြဟောသွားတာကို ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးက နောက်ကတစ်ထပ်တည်းလိုက်ပြီး သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးကို ဝိပဿနာဉာဏ်သွင်းပြီး ဟောပြောရှင်းလင်းပြသသွားပုံဟာ ပရိသတ်များ ကြည်ညိုလွန်းလှလို့ အထပ်ထပ်ပင် သာဓုခေါ်ကြပါတယ်၊ ဇာလီတောင်ကျောင်းမှ ဆရာတော်ကြီးများရဲ့ သံယာတော် အရှင်သူမြတ်များဟာလည်း ကျေနပ်အားရလွန်းလှလို့

"ဘုန်းကြီးတို့တော့ဖြင့် အခုချက်ချင်းပဲ နိဗ္ဗာန်ဝင်တံခါး ရောက်နေတယ်လို့တောင် အောက်မေ့တယ်" လို့ မိန့်ကြားတာကို ကြားနာခဲ့ရလို့ ကျွန်တော့်အနေနဲ့လည်း ဆရာတော်ကြီးနှစ်ပါး ချစ်ခင်ကြည်ညိုလေးစားပုံနဲ့ သဘောချင်းတစ်ထပ်တည်း ကိုက်ညီပုံကို မြင်တွေ့ကြားသိရလို့ အထူးပင် ကျေနပ်အားရလျက် ကြည်ညိုဝမ်းမြောက်မိသည်မှာ အားမရနိုင်အောင် ဖြစ်ရပါတော့တယ်။

ရေတိုင်ကီအဟောင်းကြီး(၂)လုံး အလှူခံခြင်း

ထပ်မံ ဖော်ပြချင်ပါသေးတယ်။

၁၉၇၇-၇၈ ခုနှစ်၊ နေ့တစ်နေ့မှာ ကျွန်တော့်ထံ စာတိုလေးတစ်စောင်ရောက်လာပါတယ်။ အဲဒီစာကတော့ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသထံက စာဖြစ်ပါတယ်။ အဲဒီတုန်းက ဆရာတော်ဟာ မဟာစည်သာသနာ့ရိပ်သာသိမ်ပေါ်မှာ သီတင်းသုံးနေပါတယ်။

ဆရာတော်က စာထဲမှာ "ဖခင်ဥက္ကဋ္ဌကြီး (ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်) သီသာရန် ဦးပဉ္စင်းစာရေးလိုက်သည်။ သိမ်ပရိဝုဏ်



တွင် ထားရှိသော သွပ်ရေတိုင်ကီ အဟောင်းကြီး (၂) လုံးမှာ မဟာစည်သာသနာ့ရိပ်သာ၌ အသုံးမလိုပါက ဦးပဉ္စင်းအားလျှူပါ။ အထက်မြင်းခြံကျောင်းတွင် ရေလျှောင်ကန်လိုနေသည့်အတွက် သုံးရန်ဖြစ်သည်" ဟူ၍ ဖြစ်ပါသည်။

အဲဒီစာကိုဖတ်ပြီး ကျွန်တော်ရဲ့စိတ်ထဲမှာ တိပိဋကဓရဆရာတော်အား ကြည်ညိုလို့မဆုံးနိုင်အောင်ဖြစ်ရပါတယ်။ ဆရာတော်အနေနဲ့ အသုံးလိုတဲ့ပစ္စည်းလေးပါးကို လှူလိုတဲ့ ဒါယကာ ဒါယိကာမတွေ အများအပြားပဲရှိပါတယ်။ ဒါပေမယ့် တခြားဒကာ ဒကာမများထံ အလှူမခံဘဲ ဟောင်းနွမ်းနေတဲ့ ဒီရေတိုင်ကီ ၂ လုံးကို ကျွန်တော့်ထံမှာ အလှူခံခြင်းက အကြောင်းနှစ်မျိုးရှိတယ်လို့ စဉ်းစားမိပါတယ်။

ပုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကို စတင်တည်ထောင်ခဲ့တဲ့ ဥက္ကဋ္ဌကြီး ဆာဦးသွင်ဟာ တိပိဋကဓရဆရာတော်ရဲ့ ရဟန်းဒါယကာကြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ဆာဦးသွင်ကို ဆရာတော်က 'ဖခင်' လို့ခေါ်သလို ကျွန်တော့်ကိုလည်း အလွန်ရင်းနှီးကျွမ်းဝင်ချစ်ခင်မှုနဲ့ ဖခင်အရာ ခို်းမြောက်ပြီး 'ဖခင်' ဟုပင် သုံးနှုန်းကာ 'ဖခင်' အရာထားသည်က တစ်ကြောင်း၊ အဲဒီ ရေတိုင်ကီ ၂ လုံးမှာလည်း ဥက္ကဋ္ဌကြီး ဆာဦးသွင်လှူဒါန်းထားတာဖြစ်တဲ့အတွက် အသုံးမပြုဘဲထားခြင်းထက် အလွန်လိုအပ်နေတဲ့နေရာမှာ အသုံးပြုနိုင်စေရန် တစ်ကြောင်းတို့ကြောင့် ကျွန်တော့်ထံ အလှူခံခြင်းဖြစ်တယ်လို့ စဉ်းစားမိပြီး ဆရာတော်ဘုရား ရဲ့ နိဝါတ နိမာနဂုဏ်နှင့် သီလ, သမာဓိ, ပညာဂုဏ်တို့ကို ကြည်ညိုလို့မဆုံးအောင် ဖြစ်ရပါတယ်။

မဟာစည် သာသနာ့ရိပ်သာကြီးရဲ့ စည်းမျဉ်းစည်းကမ်းအရ ရိပ်သာအတွင်းက ပစ္စည်းများကို မိမိတစ်ဦးတည်းဆန္ဒနဲ့ ပြင်ပတစ်နေရာကို လှူဒါန်းခြင်းမပြုရပါဘူး။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဆရာတော်ထံသွားပြီး လျှောက်ထားရပါတယ်။

"ဆရာတော်အလှူခံတဲ့ရေတိုင်ကီကြီး(၂)လုံးက ဟောင်းနွမ်းနေတဲ့အတွက် ဖာထေးသုံးရင်တောင်မှ ၆-နှစ်၊ ၇-နှစ်လောက်သာခံမှာဖြစ်လို့ တပည့်တော်ကပဲ အသစ်လှူပါမယ်၊ လက်ခံတော်မူပါဘုရား" လို့လျှောက်ထားပါတယ်။

ဒီတော့မှ ဆရာတော်က -

"ဒကာကြီး လှူလိုကလည်း လှူပေါ့လေ" လို့ အမိန့်ရှိပါတယ်။

ဒါ့ကြောင့် တစ်မတ်ထုသံပြား ၁၀- ချပ် လှူလိုက်ပါတယ်။ အဲဒီနောက် မင်းကွန်းမှာ ရေတိုင်ကီလိုကြောင်း ထပ်မံသိရလို့ သံပြား ၁၂-ချပ် ထပ်မံလှူခဲ့ပြန်ပါတယ်။

ဆရာတော်ဘုရားအနေနဲ့ ရေတိုင်ကီအဟောင်းကြီးတွေကို အလှူခံခြင်းဟာ မိမိရဲ့ဖခင်သဖွယ်ဖြစ်တဲ့ရဟန်းဒါယကာကြီး ဆာဦးသွင် လှူဒါန်းထားရာ ပစ္စည်းများဖြစ်တဲ့အတွက် ဒကာကြီး ဆာဦးသွင်ရဲ့ဒါနကုသိုလ်ကို အလဟဿမဖြစ်စေဘဲ ပိုပြီး အကျိုးများအောင် ဆောင်ရွက်လိုခြင်းကြောင့် ဖြစ်တယ်လို့ ယူဆရပါတယ်။ ဒါပေမယ့် ကျွန်တော်က ပိုကောင်းတဲ့ပစ္စည်းကို လှူရန် ခွင့်တောင်းတော့လည်း မိမိရဲ့ဆန္ဒကို ဥပေက္ခာပြုနိုင်ခြင်းစတဲ့ဂုဏ်တွေနဲ့လည်း ပြည့်စုံပေတာမို့ တကယ့်သူတော်ကောင်းကြီးပါပဲလို့ ကောက်ချက်ချမိပါတယ်။

ဒီအကြောင်းကို နောက်ကြုံတော့ မဟာစည်ဆရာတော်ဘုရားကြီးထံ လျှောက်ထားပါတယ်။ အဲဒီအခါ မဟာစည်ဆရာတော်ဘုရားကြီးက "ဦဝိစိတ္တာအနေနှင့် အလိုရှိလို့ အလှူခံလာရင် ရိပ်သာအတွင်းရှိ ပစ္စည်းများကို သင့်သလို လှူဒါန်းနိုင်ပါတယ်" လို့ ခွင့်ပြုမိန့်ကြားတော်မူပါတယ်။ ဒီလို ခွင့်ပြုရခြင်းဟာလည်း တိပိဋကဓရဆရာတော်ဟာ ရိပ်သာကြီး တိုးတက်ရာတိုးတက်ကြောင်း၊ ကြီးပွားရာကြီးပွားကြောင်းကို လိုလားတာကတစ်ကြောင်း၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်ဂုဏ်ထူးဖြင့် ခို်းကျူးပူဇော်ခံရသည့် အထိ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကပင် မွေးထုတ်ပေးခဲ့တဲ့ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးဖြစ်တာကတစ်ကြောင်းတို့ကြောင့် ဖြစ်တယ်လို့ ကျွန်တော်ယူဆမိပါတယ်။

ဦးပွင့်ကောင်း







မဟာစည်ဆရာတော် နှင့် ဆာဦးသွင်

ဒေါက်တာဦးကျော်မြင့်



မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများရှိ သန်းပေါင်းများစွာသော ရဟန်း, ရှင်, လူယောဂီ သူတော်စင်တို့အား တရားအရသာများကို အေးငြိမ်းချမ်းသာစွာ ခံစားနိုင်ရန် သိမ်မွေ့နက်နဲလှသော မဟာသတိပဋ္ဌာန်ဝိပဿနာ ကျင့်နည်းမှန်ကို ထင်ရှားအောင် ဖော်ဆောင်ပေးခဲ့သော ပုဂ္ဂိုလ်ထူးကြီးမှာ သာသနာ့အာဇာနည် မဟာစည်ဆရာတော်ဘုရားကြီးပင်ဖြစ်ပါသည်။

မဟာစည်ဆရာတော်ဘုရားကြီး အကြောင်းကိုရေးလျှင် သတိုးသီရိသုဓမ္မ ဆာဦးသွင်အကြောင်းပါ ရေးရမည်ဖြစ်ပါသည်။ ဆာဦးသွင်သည် ပရိယတ္တိစာသင်တိုက်၊ ပဋိပတ္တိ ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်ကြီးများ၌ ကျောင်းကန်များ ဆောက်လုပ်လှူဒါန်းခြင်း၊ စာပေကျမ်းဂန်များ လှူဒါန်းခြင်း၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, ပစ္စည်းလေးပါးတို့ကို အကြိမ်



ကြိမ်လျှုဒါန်းခြင်း စသည်ဖြင့် သာသနာတော်ကို များစွာချီးမြှောက်ခဲ့ပါသည်။

ယင်းသို့ ချီးမြှောက်ရသော်လည်း အားမရနိုင်သေးဘဲ ပဋိပတ္တိသာသနာတော်ကို ပိုမိုချီးမြှောက်လိုပါသဖြင့် ၁၃၀၉ ခုနှစ်၊ ဝါခေါင်လတွင် ပဋိပတ္တိတရားပြဆရာ ရှာဖွေစုံစမ်းရန် အထက်မြန်မာပြည်သို့ ခရီးထွက်ခဲ့လေသည်။

ဆာဦးသွင်သည် မန္တလေးမြို့မှ တစ်ဆင့် စစ်ကိုင်းမြို့သို့ သွားသည်။ တစ်နေ့တွင် ဆာဦးသွင်သည် ဓမ္မမိတ်ဆွေများနှင့် စစ်ကိုင်းတောင်ရိုးချုပ်သင်းချောင်သို့ ရောက်သွားသည်။ ထိုအချိန်တွင် ရေဦးမြို့မှ စက်သူဌေးကြီး ဦးဘသင်လည်း ရောက်နေခိုက် ဖြစ်သည်။ဆာဦးသွင်သည် ဦးဘသင်နှင့် စကားစမြည် ပြောဆိုရင်း ပဋိပတ္တိ ဆရာတစ်ဦး အလိုရှိ၍ လာရောက် စုံစမ်းနေသည့် အကြောင်း စကားစပ်မိသွားသည်။ ဦးဘသင်က "ရွှေဘို ဆိပ်ခွန်ရွာတွင် သီတင်းသုံး တရားပြသ,နေသော မဟာစည်ဆရာတော်မှာသူဌေး ဆာဦးသွင် လိုအပ်ချက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်နိုင်ကြောင်း" ပြောပြသည်။ ဆာဦးသွင်မှာ ရုတ်တရက် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး "မဟာစည်ဆရာတော်၏တရားကို နာလိုပါသည်" ဟု ပြောပါသည်။

ဆာဦးသွင်သည် မိမိတည်းခိုရာ ကျောင်းထိုင်ဆရာတော်အား မဟာစည်ဆရာတော်ကို ပင့်ခွင့်ပြုပါရန်လျှောက်ထားသည်။ ကျောင်း



ထိုင် ဘုန်းတော်ကြီးက "ဤစစ်ကိုင်းတောင်ရိုးရှိ တရားနာပရိသတ်ကို တရားနာလိုစိတ် ဖြစ်ပေါ်လာအောင် ဟောနိုင်မည်ဆိုပါက ပင့်သင့်ပါသည်။ ဒီ မလှမ်းမကမ်းမှာရှိတဲ့ သမိဒ္ဓါဒယချောင်တွင် ဆရာကြီး ဒေါ်မာလာရီသည် တပည့်သီလရှင် ငါးရာခန့်ကို စာချလျက်ရှိသည်။ နိုင်ငံလုံးဆိုင်ရာ ပရိယတ္တိစာပြန်ပွဲ အသီးသီးတွင်အောင်မြင်စွာဖြေဆိုလျက်ရှိကြောင်း၊ ပရိယတ္တိအောင်မြင်ပြီးသူ တပည့်များအား ဝိပဿနာတရားကို ဆက်လက်ပြသပေးလျက်ရှိကြောင်း၊ တရားပြသည့် လက်ထောက်တပည့်သီလရှင်များလည်းရှိကြောင်း၊ ဤ ဒေသတစ်ဝိုက်တွင် တရားပွဲများ ကျင်းပသည့် အခါများ၌ တရားပွဲ အပြီးတွင် သမိဒ္ဓါဒယချောင် ဆရာကြီး ဒေါ်မာလာရီနှင့် တပည့်ကျော်သီလရှင်တို့က ဓမ္မကထိက ပုဂ္ဂိုလ်အား ဓမ္မရေးရာ ပြဿနာများကို မေးမြန်းလျက်ရှိကြောင်း၊ များသောအားဖြင့် ၎င်းတို့၏ အမေးပြဿနာများကို ပြေလည်အောင်ဖြေကြားခြင်း မပြုနိုင်ကြသဖြင့် ဓမ္မကထိကပုဂ္ဂိုလ်အများအပြား တရားပွဲ သုံးလေးပွဲ စီစဉ်ထားချက်ကို ပယ်ဖျက်ကာ တစ်ပွဲတည်းနှင့်ပင် စခန်းသိမ်းသွားရတတ်ကြောင်း" ဟူသော အခြေအနေကို ဆရာတော်ကြီးက သတိပေးမိန့်ကြားခဲ့သည်။

ထိုအခါ ဦးဘသင်က "မဟာစည်ဆရာတော်အနေဖြင့် ချောင်ဆရာကြီးနှင့် သီလရှင်များ၏ မေးခွန်းပုစ္ဆာပြဿနာအရပ်ရပ်ကို ရင်ဆိုင်နိုင်သည့် ပညာဉာဏ်ရှိမှုကို မိမိအာမခံကြောင်း" ကျောင်းထိုင်ဘုန်းကြီးကို ပြန်လည်လျှောက်ထားသည်။

သို့ဖြစ်၍ သမိဒ္ဓါဒယချောင်တွင်ပင် မဟာစည်ဆရာတော်၏ တရားပွဲသုံးပွဲ ကျင်းပရန် ချောင်ဆရာကြီးနှင့် ညှိနှိုင်းသဘောတူညီကြလေသည်။

မဟာစည်ဆရာတော်ဘုရားကြီးအား ပရိယတ်,ပဋိပတ် နှစ်ရပ်စွယ်စုံရ ပုဂ္ဂိုလ်အဖြစ် သိလိုလျှင် ဝိပဿနာရှုနည်းကျမ်းနှစ်တွဲကို ဖတ်ရှုရလျှင် ဧကန်မုချ သိနိုင်သည်။ သို့ရာတွင် ဆာဦးသွင်သည် မဟာစည်ဆရာတော်ကို ကိုယ်တိုင်ဖူးတွေ့ပြီး ဟောပုံ, ပြောပုံ, နေပုံ, ထိုင်ပုံ, ရုပ်ရည်ရူပကာယမှစ၍ သေချာစေ့စပ်စွာ ကြည့်ရှုအကဲ ခတ်လိုပါသဖြင့် ဝါတွင်းပင်ဖြစ်သော်လည်း ဦးဘသင်အား ပင့်ဖိတ်ပေးပါရန်



မေတ္တာရပ်ခံခဲ့ရပြန်ပါသည်။

မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၀၉ ခုနှစ်၊ ဝါခေါင်လဆုတ် ၂-ရက်နေ့တွင် သမိဒ္ဓါဒယဓမ္မာရုံ၌ တရားဟောတော်မူရန် ကြွရောက်တော်မူသည်။

ဆာဦးသွင်သည် ဆရာတော်ကားပေါ်မှဆင်းကတည်းက ဆရာတော် ကြွပုံ, လှမ်းပုံ, ရှေ့သို့တက်ပုံ စသည်တို့ကို ကြည့်ရှုလေသည်။ ဓမ္မာသနပလ္လင်ပေါ် တက်စဉ်လည်း အကဲခတ်သည်။ ဓမ္မာသနပလ္လင်ပေါ်၌တင် ပျဉ်ခွေ၍ ထိုင်နေစဉ်လည်း အကဲခတ်လေသည်။ တရားဟောစဉ် ကိုယ်နေ ကိုယ်ဟန်အမူအရာကိုလည်း ကြည့်ရှုသည်။

ဆာဦးသွင်သည် ဆရာတော်၏အမူအရာအားလုံးကို စိတ်တိုင်းကျခဲ့လေသည်။ ကြည်ညိုစရာတွေကို တွေ့ရသည်။ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မနောတည်းဟူသော ဣန္ဒြေ(၆)ပါးကို ဆုံးမထားသောကြောင့် ဣန္ဒြေယသံဝရ သီလနှင့်လည်း ပြည့်စုံ၍၊ ရုပ်ရေ အရုပ်အမောင်း၊ ရူပကာယ ဥပဓိသမ္ပတ္တိနှင့်လည်း ပြည့်စုံသည့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးကို ဖူးမြင်ရလေရာ ဆာဦးသွင်မှာ အလွန်ကြည်ညိုခြင်းဖြစ်ကာ ကျေနပ်ခဲ့လေသည်။

မဟာစည်ဆရာတော်ဘုရားကြီး တရားပွဲကား စ,လေပြီ၊ တရားပွဲတွင် ချောင်ဆရာကြီးနှင့် တပည့်သီလရှင်များ တရားနာကြသည်။ ပထမညဉ့် တရားပွဲအဆုံးတွင် ခါတိုင်းကဲ့သို့ ချောင်ဆရာကြီးနှင့် တပည့်များက မေးခွန်းများမေးမြန်း လိမ့်မည်ဟု ထင်ကြသည်။ သို့သော် မေးခွန်းများ မေးမြန်းခြင်းမရှိသည်ကို တရားနာပရိသတ်များ အံ့သြကြသည်။ တရားနာပရိသတ်များက ဒုတိယနှင့်တတိယညများတွင် မေးစမ်းကြပေလိမ့်မည်ဟု ယုံကြည်ကြပြန်သည်။ တရားပွဲ သုံးပွဲ ဟောပြီးသည့်တိုင်အောင် မေးမြန်းခြင်းမရှိသောအခါ ပို၍ ပို၍ အံ့သြကြပြန်သည်။

ထို့ပြင် ချောင်ဆရာကြီးများသည် မဟာစည်ဆရာတော်ကြီးအား တရားပွဲကို နောက်ထပ်သုံးပွဲသုံးညဆက်လက် ချီးမြှင့်ပေးတော်မူပါရန် လျှောက်ထားပြန်သည်။ စင်စစ်မှာ မဟာစည်ဆရာတော် တရားနာရန်ထက် ပုစ္ဆာမေးရန် ရည်ရွယ်ရင်းဖြစ်ပါသည်။သို့ပါသော်လည်း မေးမည့် ပုစ္ဆာအားလုံးကိုပင် မဟာစည်ဆရာတော်၏ တရားဟောချက်တွင် ပြည့်စုံစွာ ဖြေရှင်းပြီးသားဖြစ်သည်ကို အံ့သြစွာ တွေ့ရလေသည်။ မေးစရာ မေးခွန်းကို ရှာဖွေ၍မရနိုင်ကြတော့ပေ။ တရားပွဲခြောက်ကြိမ်နာပြီးသောအခါ ဒေါ်မာလာရီနှင့် တပည့်အပေါင်းတို့သည် နှစ်ကာလ ကြာမြင့်စွာ ဝိပဿနာကမ္မဋ္ဌာန်းပြဆရာကြီးများ လုပ်ခဲ့ကြသော်လည်း မဂ်တရား, ဖိုလ်တရား မရသေးသည်ကို ထောက်ရှု၍ မိမိတို့ ကမ္မဋ္ဌာန်းလုပ်ရပ်မှာ လမ်းချော်နေ၍သာဖြစ်သည်ဟုဆိုကာ ဆိပ်ခွန်ရွာ မဟာစည်တိုက်သို့ သွားရောက်ပြီး တပည့်ခံရန်ဆုံးဖြတ်ကြသည်။

သီလရှင်ကြီးနှစ်ပါးသည် ဆိပ်ခွန်ရွာတွင် မဟာစည်ဝိပဿနာနည်းဖြင့် အားထုတ်သောအခါ ယခင်က မကြုံခဲ့ဖူးသည့် အေးငြိမ်းမှု ချမ်းသာတစ်မျိုးကို လက်ငင်းခံစားကြရလေသည်။

သီလရှင်ကြီး ဒေါ်မာလာရီတို့သည် ဆိပ်ခွန်ရွာ မဟာစည်တိုက်မှ တရားအားထုတ်ကြပြီး၍ စစ်ကိုင်းချောင်သို့ ပြန်လည်ရောက်ရှိပြီးသောအခါ စစ်ကိုင်းတောင်ရိုး၏ အဓိကရ ဝိပဿနာကျောင်းတိုက်တစ်ခု၏ ဆရာတော်ကြီး ဖြစ်သော ရွှေမင်းဝံ ဆရာတော်ကြီးအား မပြောပြဘဲ ထားခဲ့လေသည်။ အတန်ကြာသောအခါ ရွှေမင်းဝံဆရာတော်ကြီးက "မဟာစည်ကို သွားပြီး တရားအားထုတ်တယ်ဆိုတာမှန်သလား" ဟူ၍ စတင်မေးပါတော့သည်။ "မှန်ပါတယ်ဘုရား၊ တပည့်တော်မသွားရောက် အားထုတ်ပါတယ်၊ ရဲရဲကြီး လျှောက်ဝံ့ပါတယ်ဘုရား၊ တပည့်တော်မ,ဟာယခုဆိုရင်အပါယ်နှင့် အိုးစားကွဲသွားပါပြီဘုရား" ဟု လျှောက်ထားလေသည်။

ထိုအခါ ရွှေမင်းဝံဆရာတော်ကြီးက "ဒီနယ်တစ်ဝိုက်မှာ ဘုန်းကြီးတို့၊ ချောင်ဆရာတို့ ဝိပဿနာဆရာ



ကြီးတွေဆိုပြီး တရားပြနေခဲ့ကြတာ ဘာမဂ်, ဘာဖိုလ်မှ ရကြသေးတာ မဟုတ်ဘူး။ ဒီတော့ ချောင်ဆရာကြီးတွေ အတွေ့အကြုံအရ မဟာစည်နည်းဟာ အကျိုးတစ်ကယ်ရှိတယ်ဆိုရင် ဘုန်းကြီးလည်း နက်ဖြန်ဆိုသလို မဟာစည်ကိုလိုက်မယ်" ဟု အမိန့်ရှိလေသည်။

ရွှေမင်းဝံဆရာတော်ကြီးသည် ဆိပ်ခွန်ရွာ၊ မဟာစည်တိုက်သို့ကြွသွားလေသည်။ ရက်အနည်းငယ်ခန့်မှ မဟာစည်နည်းအတိုင်း ဝိပဿနာတရား အားထုတ်မိသည် ဆိုလျှင်ပင် ယခင်ကမရရှိခဲ့ဖူးသေးသောတရားထူးကို ရရှိလေတော့သည်။ ထိုအချိန်မှစ၍ မိမိသည် မဟာစည်ဆရာတော်၏တပည့်ဖြစ်ခဲ့ကြောင်း ထိုနေရာ၌ပင် အတိအလင်း ဝန်ခံတော့သည်။ သက်ကြီး, ဝါကြီး, နာမည်ကြီးဆရာတော်ကြီးကိုယ်တိုင် ဤသို့ ဝန်ခံသည့်အတွက် ပရိသတ်မှာ အံ့သြခြင်း၊ ကြည်ညိုခြင်းများစွာ ဖြစ်ကြရပြန်လေသည်။

ရန်ကုန်မြို့၊ သာသနာ့ရိပ်သာသို့ မဟာစည်ဆရာတော်ဘုရားကြီး ကြွရောက်သီတင်းသုံးတော်မမူမီ နှစ်ကာလအနည်းငယ်အတွင်းက မြန်မာနိုင်ငံတွင် ဝိပဿနာဆရာကြီးတစ်ဦး ခေတ်စားခဲ့ဖူးသည်။ အမည်မှာ ဦးဘဖြစ်သည်။ သကဒါဂါမ်အထိ တရားပေါက်သည်ဟူ၍ သူကိုယ်သူ ပိုင်းဖြတ် သတ်မှတ်ထားခြင်းကြောင့် သကဒါဂါမ်ဆရာဘဟူ၍ လူသိများလေသည်။ သူ၏ နောက်လိုက်အင်အားမှာ ချင်းတွင်းနယ်တစ်ဝိုက်တွင်ဖြစ်သည်။ သကဒါဂါမ် ဦးဘအုပ်စုတွင် ကလေးမြို့၊ ဘုန်းတော်ကြီးတစ်ပါးလည်း ပါဝင်ပါသည်။ မကြာမီအချိန်အတွင်းတွင် ကလေးမြို့၊ ဘုန်းတော်ကြီးသည် မဟာစည်နည်းနာ နိဿယကို စမ်းကြည့်ရန် သဘောတူခဲ့သည်။ ကလေးမြို့၊ ဘုန်းတော်ကြီးသည် တရားအားမထုတ်မီက ဒေါသကြီးစွာဖြင့် ကြိမ်းဝါးခဲ့သော်လည်း တစ်ပတ်ခန့် တရားအား ထုတ်ပြီးသောအခါ ဘုန်းကြီး အမူအရာမှာ အကြီးအကျယ် ပြောင်းလဲသွားသည်ကို တွေ့ရသည်။ "အခုမှ မဂ်တရား ဖိုလ်တရားရနိုင်မည့် ဝိပဿနာနည်းစစ်နည်းမှန်ကို တွေ့ရှိခဲ့ရပါပြီ" ဟု အမိန့်ရှိတော်မူလေသည်။

ဆာဦးသွင်အစရှိသော လူကြီးမင်းတို့သည် ၁၃၀၉ ခုနှစ်၊ နတ်တော်လဆန်း ၁-ရက်နေ့တွင် ရန်ကုန်မြို့၌ ပုဒ္ဓသာသနာ နဂိုဟအဖွဲ့ကို ဖွဲ့စည်းသည်။ အဖွဲ့၏ ရည်ရွယ်ချက်မှာ ဘုရားရှင်၏ ပရိယတ္တိသာသနာတော်, ပဋိပတ္တိသာသနာတော်ကို အစွမ်းကုန် ကူညီကြရန်ဖြစ်ပါသည်။

မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၁၁ ခုနှစ်တွင် ပုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ ပင့်လျှောက်ချက်အရ ရွှေမင်းဝံဆရာတော်ကြီး, မဟာကောသလ္လထေရ်, ရွှေဘို အရှင် မုနိန္ဒထေရ်တို့နှင့်အတူ ရန်ကုန်မြို့၊ သာသနာ့ရိပ်သာသို့ ကြွရောက် သီတင်းသုံးတော်မူပါသည်။

ကျေးလူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓမြတ်စွာ၏ ပိဋကသုံးသွယ် နိကာယ်ငါးဖြာတို့မှ သိမ်မွေ့ခက်ခဲနက်နဲလှသော မဟာသတိပဋ္ဌာန် ကျင့်နည်းမှန်ကို ထင်ရှားစွာ ဖော်ထုတ်ပေးခဲ့သည်။ မိမိကိုယ်တိုင်လည်း နှစ်ပေါင်းများစွာ အားထုတ်လာခဲ့သည်။ ရဟန်း, ရှင်, လူ ယောဂီသူတော်စင်များအားလည်း ဟော ဖော်ညွှန်ကြား နည်းလမ်းကောင်းများကိုပေးခဲ့သည်။

သန်းပေါင်းများစွာသော ပြည်တွင်းပြည်ပ ရဟန်း, ရှင်, လူ ယောဂီအပေါင်း သူတော်ကောင်းတို့သည် အေးမြချမ်းသာစွာဖြင့် ထိုက်ထိုက်တန်တန် ဓမ္မအရသာ ကိုယ်စီကိုယ်ငှ ခံစားခဲ့ရလေသည်။

"ခန္ဓာကိုယ်သည် အရှည်မခံ၊ ဂုဏ်သည်သာ အရှည်ခံ၏" ဆိုသကဲ့သို့ ဆရာတော်ဘုရားကြီးသည် ဘဝဇာတ် ချုပ်ငြိမ်းရုပ်သိမ်းသွားသော်လည်း ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးလူးကား နောင်နှစ်ပေါင်းများစွာ ကာလကြာသည့်တိုင်အောင် တည်ရှိနေပေဦးမည် ဖြစ်ပါသည်။ ။

ဒေါက်တာ ဦးကျော်မြင့်



စာပေအဖွဲ့ (မေး)

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးရဲ့သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေနဲ့စပ်ပြီး ထူးခြားမှုဝိသေသလက္ခဏာလေးတွေ အရှင်ဘုရားသိသမျှ အမိန့်ရှိပါရန် တပည့်တော်များ ရိုသေစွာ လျှောက်ထားအပ်ပါတယ်ဘုရား။

ဆရာတော် (ဖြေ)

ဒီသာသနာ့ရိပ်သာ ရောက်လာတာ ၁၃၃၄ ခုနှစ်က ဘုန်းကြီးတရား အားထုတ်ဖို့ရောက်လာပါတယ်။ ဆရာတော်ဦးပဏ္ဍိတက ဘုန်းကြီးကို တရားစစ်ပါတယ်။ ဘုန်းကြီး တရားအားထုတ်တာ (၂)လခွဲကြာပါတယ်။ ခုနစ်ဆယ့်ငါးရက်ပေါ့။ အဲဒီလို တရားအားထုတ်ပြီးတဲ့နောက် ကိုယ့်ရပ် ကိုယ့်ဌာနပြန်ပြီး တရားပြမယ်။

အခုလိုတရားအားထုတ်ချင်အားထုတ်မယ်ဆိုပြီး ရည်ရွယ်ချက်ထားပါတယ်။ ဒါပေမယ့် ကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ဘုရားကြီးက ဒီသာသနာ့ရိပ်သာမှာနေပြီးတော့ ပဋိပတ္တိ သာသနာပြုဖို့ မိန့်ပါတယ်။ ဘုန်းကြီးတို့



ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးထံ
မဟာစည်နာယကဆရာတော်နည်းနိဿယခံ တပည့်ကြီးဖြစ်တော်မူသော
ဆရာတော်ဘဒ္ဒန္တသုရိယမိန့်ကြားတော်မူသည့်အပြဝါဒ

စာတည်းအဖွဲ့





သာသနာ့ရိပ်သာမှာအဲဒီအချိန် အခါတုန်းက အပိုသံဃာသိပ်ပြီးတော့ မထားပါဘူး။ ဆရာတော်ဘုရားကြီး အသိအမှတ်ပြုထားတဲ့ သံဃာ၊ သို့တည်းမဟုတ် နာယကဆရာတော်များ အသိအမှတ်ပြုထားတဲ့ သံဃာလောက်ပါဘဲ၊ ဝန်ဆောင်သံဃာရယ်လို့ သီးခြားထားတာ မတွေ့ရပါဘူး။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက သာသနာတော်အတွက် အလွန် အမြော်အမြင်ကြီးမားတဲ့ ပုဂ္ဂိုလ်ပါ။ ဒါ့ကြောင့် ဘုန်းကြီးတို့ဒီမှာ ပဋိပတ္တိ သာသနာ ပြုနိုင်ခွင့်ရခဲ့ပါတယ်။ ကမ္မဋ္ဌာန်းဆရာများ မအားလပ်တဲ့အခါကာလမှာဘုန်းကြီးက ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်ရပါတယ်။

နောက်တစ်နှစ်လောက်ကြာမှ ဆရာတော်ဘုရားကြီးက အသိအမှတ်ပြုပြီးတော့ အသုံးချကြည့်တယ်။ ဆရာတော်ဘုရားကြီးရဲ့ ဆန္ဒက အသုံးချ ကြည့်တယ်ဆိုတာ ပဋိပတ္တိဝန်ဆောင်မှုပြုရမည့်တာဝန်က အများကြီးရှိတာပဲ။ နေရာချထားရေးတာဝန်၊ ဒုလ္လဘရဟန်းတော်များအတွက် ဆောင်ရွက်ရမည့် ဝိနည်းသင်ကိစ္စတွေ၊ တရားဟော၊ တရားပြကိစ္စတွေ၊ ဒီလိုကိစ္စတွေကို ဆရာတော်ဘုရားကြီးက အသုံးချ ကြည့်တယ်။ အသုံးချကြည့်လို့ နေရာမကျရင် ဆရာတော်ဘုရားကြီးက နောက်ထပ်ဒီပုဂ္ဂိုလ်ကိုမသုံးတော့ဘူး။ ဆရာတော်ဘုရားကြီး သဘောကျလို့ရှိလျှင် ဒီပုဂ္ဂိုလ်ကို ထပ်တလဲလဲသုံးတယ်။ ရဟန်းလောင်းဆုံးမစရာရှိရင် ဆုံးမခိုင်းတယ်။ တရားဟော စရာရှိရင် ဟောခိုင်းတယ်။ တရားစစ်စရာရှိရင် စစ်ခိုင်းတယ်။ ဒါကတော့ အတွင်းနေတပည့်ပေါ့။

တရားဟောပြီးလို့ရှိရင်လည်း ဆရာတော်ကြီးကို အခွေတင်ပြရတယ်။ ဆရာတော်ဘုရားကြီးက နားထောင်တယ်။ ဆရာတော်ဘုရားကြီးက သဘောကျလို့ရှိရင် ညကျတော့ အဆုံးအမသြဝါဒပေးတယ်။ အကယ်၍ သဘောမကျဘူးဆိုလို့ရှိရင်လည်း ဆရာတော်ဘုရားကြီးက ဘာမျှမပြောတော့ဘူး။ ဥပုသ်နေ့ဆို ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်ပြီး ဝတ်ကြီးဝတ်ငယ်ပြုရတယ်။ ဝတ် ကြီးဝတ်ငယ်ပြုတဲ့အချိန်မှာ ဆရာတော်ဘုရားကြီးက ဒီပုဂ္ဂိုလ်ဟာဖြင့် ဒီမှာ နေသင့်တယ်။ ကမ္မဋ္ဌာန်းဆရာအဖြစ် သုံးသင့်တယ်။ အထွေထွေ ဝေယျာဝစ္စအဖြစ် သုံးသင့်တယ်ဆိုတဲ့ သဘောမျိုးနဲ့ ဆရာတော်ဘုရားကြီးက နှုတ်မြွက်ပြီး ပြောပါတယ်။

နောက် ဘုန်းကြီးတို့ ဓမ္မာစရိယ အောင်ပြီးတဲ့အခါ စာချဘုန်းကြီး



ဖြစ်၊ အဲဒီနောက်မှာ ရိပ်သာလာပြီး တရားအားထုတ်ပါတယ်။ တရားအားထုတ်တဲ့အခါကျတော့လည်း ပဋိပတ္တိသာသနာပြုဖို့ရာ ဆရာတော်ဘုရားကြီးက အမိန့်ရှိတယ်။ အဲဒီမှာ ဘုန်းကြီးကမွဋ္ဌာန်းဆရာဖြစ်တာပါပဲ။ နာယကဆရာတော်တွေ မအားရင် တရားစစ်ပေးရတယ်။ နောက်အထွေထွေကိစ္စတွေဖြစ်တဲ့ကျောင်းမှာ နေရာချထားရေးကိစ္စ၊ ယောဂီလက်ခံရေးကိစ္စ၊ ရဟန်းခံ, ရှင်ပြုအလှူမင်္ဂလာကိစ္စတို့ပေါ့။ ဘုန်းကြီးတို့က ဆရာတော်ဘုရားကြီးကိစ္စမှန်သမျှ အနီးကပ်ဆောင်ရွက်ပေးရတယ်။ ဘုန်းကြီးနဲ့အတူ အနီးကပ်ဆောင်ရွက်ပေးရတာက တော့ ဦးဝိစာရိန္ဒ၊ ဦးကေလာသ၊ ဦးပညောဘာသတို့ကို သုံးပါတယ်။ နောက်တော့ ဟိုပုဂ္ဂိုလ်တွေက တစ်ခြားတစ်နေရာမှာ ကျောင်းနဲ့ကန်နဲ့ဖြစ်သွားတယ်။ ဦးကေလာသက အမေရိကန်မှာ ဆရာတော်ဘုရားကြီးက ခေါ်သွားပြီး ဟိုမှာဘဲထားခဲ့တာ။

ဦးပညောဘာသက ကျိုမငေးသာသနာ့ရိပ်သာ ဦးဝိစာရိန္ဒက ပဲန္ဒယ်ကုန်းသာသနာ့ရိပ်သာမှာ သာသနာပြုအနေနဲ့ ဆရာတော်ဘုရားကြီးကထားတော့ အဲဒီမှာပဲနေကြတယ်။ သူတို့မရှိတဲ့အခါမှာ ဦးသောဘနနှင့်ဘုန်းကြီးတို့ နှစ်ပါးကျန်ခဲ့တယ်။ ဦးသောဘနကလည်း နောက်ရွှေမင်းဝံသာသနာ့ရိပ်သာမှာ စောင့်ရှောက်ဖို့ရာ တာဝန်ယူသွားလို့ ဘုန်းကြီးတစ်ပါးတည်း ကျန်ရစ်ခဲ့တယ်။ ဆရာတော်ကြီးကလည်း ဘုန်းကြီးကို အတော်ယုံကြည်တယ်။ ရိပ်သာမှာ ဘာကိစ္စမဆိုပေါ်လာတာနဲ့ ဦးသူရိယထံသွား၊ ဦးသူရိယဆောင်ရွက်ပေးလိမ့်မယ်။ ဦးသူရိယစီစဉ်ပေးလိမ့်မယ်။ ဘုန်းကြီးက အကုန်မသိဘူး၊ သူသာ သိတာ၊ ဘယ်ဌာနကဖြင့် ကမွဋ္ဌာန်း ဆရာအလိုရှိလို့လာ ပင့်နေတယ်ဘုရား၊ ဘယ်သူရှိတုန်း၊ ဘယ်သူတော့ရှိတယ်ဘုရား၊ သွားခေါ်လိုက်စမ်းဆို၊ ဘုန်းကြီးက ခေါ်ပေးရတယ်၊ ဆရာတော်ဘုရားကြီးစီမံခန့် ခွဲတဲ့ကိစ္စမှန်သမျှကို ဘုန်းကြီးက အကုန်လုံးတာဝန်ယူပြီးတော့ ဆောင်ရွက်ပေးရပါတယ်။

အဲဒီလိုဆောင်ရွက်ပေးခဲ့တာ ၁၃၇၄ ခုနှစ်မှစ၍ ယနေ့အထိ နှစ်ပေါင်း (၃၀) ကျော်ပြီ။ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသွားလည်း ဘုန်းကြီးက ဒီမှာဘဲ၊ ပထမတော့ သာမန်ကမွဋ္ဌာန်းဆရာပဲ၊ နာယက



အဖွဲ့တက်လာတဲ့အခါကျတော့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ထိုအဖွဲ့ကြီးသုံးဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ဘုန်းကြီးဒီမှာ နာယကဖြစ်လာတာပဲ၊ နာယကဖြစ်ပြီးတဲ့နောက် အပြင်နာယကများနဲ့ တွဲဖက်ပြီးတော့ ရိပ်သာအတွင်းကိစ္စ ဆောင်ရွက်စရာမှန်သမျှ ဘုန်းကြီးက စီမံခန့်ခွဲပြီး အားလုံးသော နာယကတွေနဲ့ တိုင်ပင်ညှိနှိုင်းပြီးတော့ ဘုန်းကြီးက ဆောင်ရွက်ရပါတယ်။

ဘုန်းကြီးက ဒီမှာအနီးကပ်နေရတာဆိုတော့ ဆရာတော်ဘုရားကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေကို ပိုပြီးသိလာတယ်၊ ဆရာတော်ဘုရားကြီး သီလဝိသုဒ္ဓိမဖြစ်တဲ့ကိစ္စဘုန်းကြီးနေတဲ့အခိုက်အတန့်မှာ တစ်ခါမှ မတွေ့ခဲ့ဘူး၊ သီလကို နှစ်ရှာနှစ်ဆယ်ခုနစ်သွယ် သောသိက္ခာပုဒ်မှစ၍ လုံလုံခြုံခြုံ ထိန်းသိမ်းစောင့်ရှောက်လာတာ ဘုန်းကြီးတွေ့ရတယ်။ ဘုရားဝတ်တက်တာ၊ တရားထိုင်တာ ဘုန်းကြီးတို့နှင့်အတူတူပဲ၊ ဘုန်းကြီးတို့ကသာတစ်ခါတစ်ရံ အဆင်မပြေလို့ ပျက်ကွက်တာ ရှိတယ်၊ ဆရာတော်ဘုရားကြီးဆို ကျန်းမာရေးပြည့်စုံသမျှ ကာလပတ်လုံးပျံလွန်တော်မူသည့်တိုင်အောင် တရားထိုင်သွားတယ်။ ပြီးတော့ ဘုရားရှိခိုးမပျက်သွားဘူး၊ ဩဝါဒပေးတာ ပျက်မသွားဘူး၊ ဥပုသ်နေ့တိုင်း အမြဲတမ်း ဆရာတော်ဘုရားကြီးက



ဩဝါဒပေးပါတယ်။

ဆရာတော်ဘုရားကြီးသီလ ညှိုးသွားတယ်လို့ ဘုန်းကြီးတစ်ခါမှ မတွေ့ရဘူး။ တစ်ခါ သီလရှင်ကြီး တစ်ပါးဆရာတော်ဘုရားကြီး ခြေထောက်ကို ထိပြီးတော့ အကြာကြီး ဦးချနေတယ်။ အမြင်အားဖြင့် မတော်ဘူးပေါ့၊ အမျိုးသမီးတစ်ယောက်က ဆရာတော်ဘုရားကြီး ခြေကို ထိပြီးရှိခိုးတယ်။ သီလရှင်ကြီးက ကြည်ညိုလေးစားမှု နဲ့လာပြီး ဦးတိုက်တာ ဒါပေမယ့် ဘေးကဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်အနေအားဖြင့်လည်းကောင်း၊ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ကသော်လည်းကောင်း မြင်သွားလို့ရှိရင် မသင့်တော်ဘူးပေါ့။ အဲဒါကြောင့် နာယကအဖွဲ့က ဆရာတော်ကြီးနား သံဃာတစ်ပါးတော့ တစ်လှည့်စီဖြစ်စေ၊ အမြဲဖြစ်စေရှိမှတော်မယ်ဆိုပြီး တစ်လှည့်စီစောင့်ရတယ်။

ဆရာတော်ကြီးရဲ့ သီလ၊ သမာဓိနဲ့ပတ်သက်ပြီးတော့ နည်းနည်းလေးမှ ညှိုးနွမ်းတာ ဘုန်းကြီးတစ်ခါမှ မတွေ့ခဲ့ရဘူး။ သမာဓိနဲ့ပတ်သက်ပြီးတော့လည်းပဲ မတည်မငြိမ်ဖြစ်တာ တစ်ခါမှလည်း မတွေ့ရဘူး၊ ပညာပိုင်းဆိုင်ရာကတော့ ဘုန်းကြီးတို့ ဆရာတော်ကြီးကို အခြားသောပုဂ္ဂိုလ်တွေက အတော်လေးပဲ ခရီးရောက်နေတဲ့ပုဂ္ဂိုလ်ကြီးပဲလို့၊ အထင်အမြင်ရှိတယ်၊ ကြည်ညိုအလေးဂရရှိကြတယ်။ ဒါပေမယ့် ဘုန်းကြီးတို့အနေနဲ့ကတော့ ဆရာတော်ဘုရားကြီးဟာ သီလ၊ သမာဓိ၊ ပညာဂုဏ်တွေနဲ့ ပြည့်စုံတယ်။ ဘယ်အဆင့်ရောက်ပြီလို့ ဘုန်းကြီးတို့က ဒီလိုဆုံးဖြတ်ချက်တော့ မပေးဘူး၊ ပေးလို့လည်း မတော်ဘူး၊ ဘုန်းကြီးတို့ စိတ်ထဲမှာပဲ ထားတယ်၊ နှုတ်မြွက်ပြီးပြောလို့မရဘူး၊ သူတို့ဆရာသမားမို့လို့ ချီးမြှောက်ပြီးပြောတာပဲလို့ ဘေးက ဝေဖန်စရာဖြစ်လာမယ်။

ဒါကြောင့်မို့လို့ ဘုန်းကြီးတို့ နာယကများနှင့်တကွ ကျန်တဲ့ပုဂ္ဂိုလ်များကလည်း ဆရာတော်ဘုရားကြီးရဲ့ သီလ၊ သမာဓိ၊ ပညာဂုဏ်တွေဟာ ဘယ်လောက်ထိအောင် အရည်အသွေးမြင့်နေတာပဲ၊ သောတာပန်ပဲ၊ သကဒါဂါမ်ပဲ၊ အနာဂါမ်ပဲ၊ ရဟန္တာပဲ စသည်ဖြင့် ဒီလိုတော့ ဘုန်းကြီးတို့ နာယကအဖွဲ့အနေနဲ့ နှုတ်မြွက်ပြီး ဘယ်သူမှမပြောပါဘူး၊ ပြောလို့လည်းမတော်ဘူး၊ ပြောလို့မတော်ဘူးဆိုတာက ကိုယ့်ဆရာသမားကိုယ်ချီးမြှောက်ပြီး ပြောနေတယ်ဆိုပြီး ဘေးကကဲ့ရဲ့စရာဖြစ်လာရင် ထိုကဲ့ရဲ့သူတွေမှာ အပြစ်ဖြစ်ဖွယ်ရာရှိတယ်။ ဆရာတော်ဘုရားကြီးကလည်း မလိုလားဘူး၊ ဆရာတော်ဘုရားကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေကတော့ ပြောလို့မကုန်ပါဘူး၊ အင်မတန်မှမြင့်မြတ်ကြီးကျယ်လှပါတယ်။

ဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒကို ခံယူထားတဲ့အတိုင်းပဲ နာယကအဖွဲ့များ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၊ ဟိတေသီအဖွဲ့၊ အမျိုးသမီး အဖွဲ့ကလည်း စီမံဆောင်ရွက်ပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ ဩဇာအာဏာကလည်း လွှမ်းမိုးပါတယ်။ ယခုလည်း နာယကအဖွဲ့များကို အဖွဲ့ကြီးသုံးဖွဲ့က ကြည်ညိုပါတယ်။ လေးစားပါတယ်။

ကြည်ညို လေးစားတဲ့အတိုင်းပဲ ဆရာတော်ဘုရားကြီးပျံလွန်တော်မူသွားသော်လည်း ဖရိုဖရဲဖြစ် မသွားပါဘူး။ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိတယ်ဆိုတာ မျက်မြင်တွေ့တဲ့အတိုင်းပါပဲ၊ အဲဒါဘာကြောင့် ဒီလိုစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြစ်နေကြတာလည်း ဆရာတော်ဘုရားကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေကြောင့်ပါပဲလို့ ဘုန်းကြီးက ပြောလိုပါတယ်။

ရှေ့လျှောက်လည်း ဒီအတိုင်းသာ ကျင့်သုံးသွားမယ်ဆိုလို့ရှိရင် အခုရှိတဲ့အဖွဲ့အစည်းကြီးတွေဟာ ဘယ်တော့မှ ပျက်ပြယ်မသွားပါဘူး။ ဒါထက်တိုးပြီးတော့ မြင့်သည်ထက်မြင့်ဖို့ရာပဲ အကြောင်းရှိပါတယ်။ ဘယ်လောက်ထိအောင် ကြီးမားတယ်ဆိုတာ အတိုင်းအဆမရှိပါဘူး။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးကို ပူဇော်ခွင့် တပည့်ခံယူခွင့်ရတာ အင်မတန်မှ ကုသိုလ်ကံကောင်းတယ်လို့ ဒကာကြီးတို့ မှတ်ကြရမယ်။ ဘုန်းကြီးတို့ကတော့ ဒီလိုပဲ တွက်ပါတယ်။

စာပေအဖွဲ့



ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏

ဒါယကာကြီးဦးပွင့်ကောင်း၏ဂုဏ်း ဒေါ်ခင်နွဲ့ရှိန့်တွေ့ဆုံခြင်း

စာတည်းအဖွဲ့

ဒေါ်ခင်နွဲ့ရီ (ဖြေ)

ကျွန်မတို့မိသားစုဟာ ၁၉၄၉-ခုနှစ်ကစပြီးတော့ ဆရာတော်ဘုရားကြီးကို ကြည်ညိုပြီး မဟာစည်ရိပ်သာကို ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းဖို့ ဝင်ထွက်သွားလာ ပါတယ်။ ကျွန်မတို့ကလည်း အဲဒီအချိန်မှာ ဝိနည်းငါးကျမ်း အာဂုံပြန်ဖို့ ကျွန်မတို့ ပဉ္စင်းတက်ထားတဲ့ ညောင်တုန်း ရွှေဟင်္သာတောရကျောင်းတိုက်က ဆရာတော်က

စာပေအဖွဲ့ (မေး)

အစ်မကြီးတို့မိသားစုက မဟာစည်ရိပ်သာမှာ အမြဲလိုလို ပစ္စည်းလေးပါးဒါယကာဆိုတာ သိထားပါတယ်။ အဲဒါကြောင့် အစ်မကြီးရဲ့ ဆရာတော်ကြီးအပေါ် ကြည်ညိုမှုလေးတွေ သိချင်ပါတယ်။





လည်း ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံမှာ ဝိနည်းငါးကျမ်း အာဂုမ်ပြန်တယ်။ ကျွန်မတို့ ဦးပဉ္စင်းလေးကလည်း ဝိနည်းငါးကျမ်းကို အာဂုမ်ဆောင်နိုင်ပါတယ်။

အဲဒီအချိန်က ဆရာတော်ဘုရားကြီးဟာ အခုစံကျောင်းနေရာမှာ သီတင်းသုံးတယ်။ နိုင်ငံခြားသားတိုက်နားမှာ သစ်သားကျောင်း (၃) ကျောင်းရှိတယ်။ အခုထက်ထိ မှတ်တမ်းတင်တဲ့ကျောင်းပါ။ အဲဒါနဲ့ အဲဒီကျောင်းမှာ သီတင်းသုံးတော့ နေ့စဉ်ဆွမ်းသွား ကပ်တယ်။ အဲဒီလို ဆွမ်းသွားကပ် ဖြစ်တဲ့အကြောင်းက လည်း ကျွန်မတို့ ဦးပဉ္စင်းလေးက ပြောလို့ပါ။ ဆရာတော်ကြီးဟာ အင်မတန်ထူးခြားတဲ့ ပုဂ္ဂိုလ်ကြီးတဲ့-ဒကာကြီးတို့၊ ဒကာမကြီးတို့ ဆရာတော်ကို ဆွမ်းကပ်တာ အင်မတန် အကျိုးများတယ်တဲ့။ အဲဒါနဲ့ ကျွန်မတို့လည်း ဆရာတော်ကြီးကို ဆွမ်းသွားကပ်တာပါ။ အဲဒီတော့ ဆရာတော်ကြီးနဲ့ ရင်းနှီးသွားတယ်။ ဆရာတော်ကြီးကလည်း ဒကာပွင့်ကောင်းရဲ့ ဦးပဉ္စင်းက စောစောကတည်းက ဝိနည်းငါးကျမ်း အာဂုမ်ပြန်ပြီးသား





ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကျောင်းတွေမှာ သိမ်သမုတ်တာ၊ သိမ်နှုတ်တာ၊ ကြွချင်တယ်ဆိုရင် အားရဝမ်းသာနဲ့ ကပ်ပို့ယလုပ်ပြီး အစ်ကိုကြီးက အမြဲတမ်း လိုက်တယ်။ နောက်တော့ ဆရာတော်ကြီးက မျက်စိမကောင်းတာနဲ့ မေမြို့မှာ မျက်စိခွဲရတယ်။ အဲဒီတော့လည်း ဦးပွင့်ကောင်း၊ ဦးယုဆိုင်တို့ နှစ်ယောက်က လိုက်ရတယ်။ ဆရာတော်ဘုရားကြီးက ရွှေဘို၊ ဆိပ်ခွန်ရွာမှာ ရေစက်နဲ့ မီးစက်ထိုင်ချင်တယ်ဆိုတော့ ကျွန်မတို့မိသားစုလိုက်ရတယ်။ ကျွန်မတို့မိသားစု ဆိပ်ခွန်ကို အကုန်လုံးရောက်ဖူးကြတယ်။ မီးစက်ထိုင်ပေးတယ်၊ ရေစုတ်စက်ထိုင်ပေးတယ်။ ကျွန်မတို့ဆိပ်ခွန်ကနေပြီးတော့ ရွှေတိုမှာညအိပ်၊ ပြန်လာတော့ ဆရာတော်ကြီးလမ်းလျှောက်ရင်းနဲ့ ဆရာတော်ကြီးကို ကျွန်မတို့မိသားစုက ဒီမီးစက်၊ ရေစက်တွေ လျှုချင်တယ်လို့ လျှောက်တော့ ဆရာတော်ကြီးက ဘုန်းကြီးရပ်ရွာဖြစ်လို့။ ဘုန်းကြီးပဲ တာဝန်ယူပါရစေတဲ့။ ဇာတိရပ်ရွာ အပေါ်လည်း သိပ်ကျေးဇူးသိတယ်။

ဆရာတော်ကြီးက သူ့အတွက်ရတဲ့ နဝကမ္မဝတ္ထုငွေရော လျှုဖွယ်ပစ္စည်းတွေရော အဖွဲ့ကို အပ်ထားပြီး ရတဲ့အတိုးရော အရင်းထဲကရော ရိပ်သာမှာ ဆွမ်းရက်ဘယ်နှစ်ရက်လိုတယ်။ လိုရင်ကျွေး၊ နှစ်စဉ်လည်း ပူဇော်ပွဲမှာဆို ဆရာတော် ဘုရားကြီးရဲ့ ပဒေသာပင်ကနေပြီးရတဲ့အတိုး ဖြစ်နေတာတဲ့။ ကျန်တဲ့ဟာတွေကို ဘုန်းကြီးထံမှာပဲ လာပြီး တက်လို့ရပါတယ်လို့ အမိန့်ရှိတယ်။

ဒါနဲ့ ကျွန်မတို့ဦးပဉ္စင်း ဦးပညာသာရကလည်း ဆရာတော်ကြီးထံမှာပဲ စာလိုက်တယ်။ အဲဒီမှာပဲ ဝိနည်းငါးကျမ်း အာဂုမ်ပြန်ဖြေဆိုအောင်မြင်သွားတယ်။ ရေးဖြေကြတော့ ဦးပဉ္စင်းဟာ ဒီလောက်အောင်မြင်တာပဲ ပြည့်စုံပါပြီဆိုပြီး ရေးဖြေကို မဖြေရဘူး။ နောက်ဆုံးကြတော့ တိပိဋကဆရာတော် ဦးဝိစိတ္တာဝင်ဖြေတယ်။ ဆာဦးသွင်ရဲ့ ရဟန်းပေါ့။ ဖြေတဲ့ အခါမှာ ရေးဖြေအောင်မြင်သွားတယ်။ ဆဋ္ဌသင်္ဂါယနာတင်ရတယ်။ တစ်ကမ္ဘာလုံးကသံဃာတွေ ကြွလာတယ်။ အပါးသုံးထောင် ဗုဒ္ဓဘာသာ သံဃာတွေ၊ အဲဒီတော့ ကျွန်မတို့ကလည်း စာထောက်/စာမ ဆရာတော်တွေကလည်း အမြဲတမ်း ဒီမှာ စာမေးပွဲဖြေနေတဲ့အခါမှာ ကြည့်ရတယ်။ မဟာစည်ဆရာတော်ဘုရားကြီးကတော့ လိုအပ်တဲ့ဟာတွေ ဖြစ်မြောက်အောင် ထောက်ပံ့ပေးပါတယ်။

အဲဒီလိုနဲ့ နောက်ဆုံးဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ပြီးသွားတယ်။ ဆရာတော်ဘုရားကြီး ဦးဝိစိတ္တနဲ့ ဒီ(၂)ပါးရဲ့ ဦးဆောင်မှုနဲ့ အောင်မြင်သွားပါတယ်။ ဆရာတော် ဦးဝိစိတ္တာကလည်း ဆရာတော်ကြီးကို သိပ်ကြည်ညိုတာပဲ။ ထိုင်လိုက်ရင် ကျိုးကျိုးလေးထိုင်ပြီး ဆရာတော်





အညွှန့်တွေနဲ့ လုံလောက်တယ်။ ဟိုတုန်းကတော့ တစ်နှစ်ကို သုံး သိန်းရတယ်။ လေးသိန်းရတယ်။ ဘယ်သူ၊ ဘယ်ဝါဘယ်လို လှူပါလို့ တစ်ခွန်းမှ မပြောဘူး။ ဆရာတော်ကြီး အခုလို အလှူခံလို့ရတာတွေက နှစ်စဉ်ပူဇော်ပွဲမှာ ရဟန်းသံဃာရော၊ ဧည့်သည်တွေပါ ကျွေးတယ်။ နှစ်စဉ်လှူတယ်။ ဆရာတော်ကြီးက ဘုန်းကြီးက မလိုဘူး။ သက်နှံးနှစ်ထည်နှင့်သပိတ်ရှိရင် လုံလောက်ပါတယ်လို့ မိန့်တယ်။ ဘာလှူပါလို့လည်း မမိန့်ဘူး။ ကျွန်မတို့ အဲဒီလို ရင်းရင်းနှီးနှီး ဆည်းကပ်ခဲ့တယ်။

ဒါပေမယ့် ဆရာတော်ကြီးက အစ်ကိုကြီးကို ဦးပွင့်ကောင်း တရားအားထုတ်ပါလားလို့ တစ်ခါမျှမပြောဘူး။ ဆရာတော်ကြီးနဲ့တော့ ရင်းရင်းနှီးနှီးသွားလာနေတာပဲ။

စာပေအဖွဲ့ (မေး)

ဆရာတော်ကြီးနဲ့တွေ့ပြီး ဘယ်နှစ်နှစ်လောက်ကြာမှ တရားအားထုတ် ဖြစ်တာလဲ။

ဒေါ်ခင်နွဲ့ရီ (ဖြေ)

ရက်ရှည်တရားအားထုတ်ဖြစ်တာကတော့ ၁၉၆၇-ခုနှစ်မှာ အားထုတ်ဖြစ်တယ်။ "ဆရာတော်ဘုရားတပည့်တော် တရားအားထုတ်မယ်ဆိုတော့ ဆရာတော်ကြီးက ကောင်းတာပေါ့တဲ့။ အဲဒါနဲ့ ဆရာတော်ကြီးကိုယ်တိုင်ပဲ တရားစစ်တယ်။ သူ့အချိန်ကျရင်တော့ ဒီလိုပဲ တရားအားထုတ်ဖြစ်လာတာပေါ့။" ဆရာတော်ကြီးက အဲဒီလို မိန့်ပါတယ်။ ဆရာတော်ကြီးကို အင်မတန်ကြည်ညိုဖွယ်ရာတွေကတော့ အများကြီးပါပဲ။ ပြောရရင် ကုန်တောင်ကုန်နိုင်ဖွယ်မရှိပါဘူး။

ရှင်ပြုတဲ့ရက်မှာ မဟာစည်ဆရာတော်၊ ဝေဘူဆရာတော်၊ တောင်မြို့မဟာဂန္ဓာရုံဆရာတော်တို့ (၃)ရက်စီ ညတရားပွဲများကို ကျင်းပတယ်။ မြောင်းမြဆရာတော်ကြီးက ကျွန်မတို့မိသားစုအား အဲဒီရက်ကို ယောဂီဝတ်နဲ့ (၉)ပါး သီလဆောက်တည်ခိုင်းတယ်။

ဆရာတော်ကြီးက ဒကာကြီးအနေနဲ့ စိတ်အေးချမ်းသွားပြီ မဟုတ်လားတဲ့။ သာသနာပြုတယ်ဆိုတာ အင်မတန် ကံကောင်းလို့ပြုရတာတဲ့။ သာသနာပြုတယ်ဆိုတာ ဘုန်းလည်းရှိမှ။ ကံလည်းရှိမှ။ ဉာဏ်လည်းရှိမှ။ တော်ရုံတန်ရုံကံနဲ့ သာသနာပြုခွင့်မရဘူးတဲ့။ စိတ်စေတနာ သဒ္ဓါတရား ကောင်းကောင်းနဲ့လုပ်ရင် အကျိုးပေးခြင်းလည်းမတူဘူး။ ထိရောက်ခြင်းလည်းမတူဘူးတဲ့။ အဲဒီလို လိုရင်းလောက်ပဲ ပြောသွားတယ်။ ဆရာဒကာဆက်ဆံရေးမှာဆိုရင်လည်း အဆင့်အတန်းမခွဲဘူး။ အချို့ နိုင်ငံတော်အကြီးအကဲ လူကြီးပိုင်းတွေ ဆရာတော်ကြီးကျောင်းပေါ် တက်ပြီး ကန်တော့တယ်။ ဆရာတော်ကြီးက ဟော . . ဒကာလေး ဘာလို့မမေးဘူး။ ဒီအတိုင်း ငုတ်တုတ်ထိုင်နေရတယ်။ အမြင်မတော်တာနဲ့ နောက်တော့ အဖွဲ့က ဦးလှကြိုင်ရယ်၊ အစ်ကိုကြီးရယ်၊ နောက် တစ်ယောက်ရယ် (၃)ယောက် တက်သွားတယ်။ ဒီတော့လည်း ဆရာတော်ကြီးက သတိမထားဘူး။သူ့ကိစ္စသူလုပ်နေတာပဲ။ ဆရာတော်ဘုရား ဒါဟာ ဘယ်သူဆိုတော့ ဆရာတော်ကြီးက ဟင် ဘုန်းကြီးကတော့ ဘယ်သူမှမသိဘူးတဲ့။ အဖွဲ့ကလူတွေလောက်ပဲ မှတ်မိတယ်တဲ့။ လျှောက်စရာရှိလဲ လျှောက်သွားတဲ့။ အဲဒီလို ဘယ်သူဘယ်ဝါကြီးတယ်၊ ငယ်တယ်မခွဲခြားဘူးလေ။ ဘာမျှဖက်လဲတကင်းလောကွတ်ဆိုတာ မထားဘူး။ ဆရာတော်ဘုရားကြီးက အင်မတန်တည်ငြိမ်လေးနက်တဲ့ သိက္ခာနဲ့ပဲ နေပါတယ်။

ဆရာတော်ဘုရားကြီးကို ကြည်ညိုဖွယ်ရာ ဂုဏ်ပုဒ်တွေကတော့ အများကြီးပါပဲ၊ နောက်ဆုံးဆရာတော်ဘုရားကြီးဘဝချုပ်ငြိမ်းတဲ့အထိ ဆရာတော်ဘုရားကြီး ဂုဏ်ပုဒ်တွေကို ပြောရမယ်ဆိုရင်တော့ ပြောလို့ကုန်မှာ မဟုတ်ပါဘူး။

စာတည်းအဖွဲ့





ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး

သက်တော်ရာပြည့်အာဇိမ်းအမှတ်မော်ကွန်း



ပုဂံပြည်သည် မြန်မာ့ ဗုဒ္ဓသာသနာ စတင်မျိုးစေ့ချသော တိုင်းပြည်လည်းဖြစ်သည်။ ဗုဒ္ဓဘာသာပင်မကြီး အညွှန့်တလူလူနှင့် ရှင်သန်ကြီးထွားလာသော တိုင်းပြည်လည်းဖြစ်သည်။ ဗုဒ္ဓသာသနာအထွတ်အထိပ်ရောက်ရှိသွားသော တိုင်းပြည်လည်းဖြစ်သည်။ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာသုံးမျိုးလုံးပင် ပုဂံပြည်တွင် ထွန်းကားပြန့်ပွားခဲ့သည်။

သို့ရာတွင် သာသနာဝင်မှတ်တမ်းများ၌ ပုဂံပြည်တွင် ဗုဒ္ဓသာသနာမျိုးစေ့ စတင်ချပေးသော ရှင်အရဟံ အကြောင်းများမှတစ်ပါး ပဋိပတ္တိ သာသနာနှင့်ပတ်သက်ပြီး မှတ်မှတ်ရရမှတ်တမ်းတင်ထားခြင်း မရှိချေ။ ပရိယတ္တိသာသနာနှင့် ပတ်သက်၍သာ မှတ်တမ်းတင်ထားခြင်းများရှိသည်။ ထို့ကြောင့် ပုဂံပြည်၌ သာသနာတော် ထွန်းကား

ပြန်မာနိုင်ငံနှင့် ပဋိပတ္တိသာသနာ

ပါရဂူ



အင်းဝဓေတ္ထ

နိဿယကျမ်းများ ပြုစုသော အခြားဆရာတော် တစ်ပါးမှာ ဓနရင်းဆရာတော် ဖြစ်သည်။



စဉ်က ပဋ္ဌိပတ္တိသာသနာလည်း ပရိယတ္တိ သာသနာနှင့်အတူ ထွန်းကားပြန့်ပွားခဲ့ပါမည်လားဟုပင် တွေးတောစရာဖြစ်နေသည်။ အမှန်က ပရိယတ္တိသာသနာ တော်နှင့်ယှဉ်တွဲလျက် ပဋ္ဌိပတ္တိသာသနာတော် လည်း ထွန်းကားပြန့်ပွားခဲ့သည်မှာ အမှန်တကယ်ပင်ဖြစ်သည်။

ကျောက်ဂူဥမင်စေတီတော်သမိုင်းအရ ကျောက်ဂူဥမင်၌ သီတင်းသုံးနေသော အရှင်ပဏ္ဍိတသည် ပုဂံပြည်၌ ပဋ္ဌိပတ္တိသာသနာမှတ်တိုင်စိုက်ထူသော ရဟန်းတော်တစ်ပါးဖြစ်သည်။ ကျောက်ဂူဥမင်တည်ရှိရာ နေရာသည် ဘာဝနာတရားပွားများဆောက်တည်ရန်အတွက် သင့်လျော်လျောက်ပတ်သော တိတ်ဆိတ်ငြိမ်းချမ်းသည့် တရားရိပ်ငြိမ်ဌာနဖြစ်၍ ပုဂံခေတ်မှစပြီး 'သခင်ထံပါ'စသော အရည၀ါသီတောမှီ မထေရ်များ သီတင်းသုံးလာခဲ့ကြသည်။ 'သခင်ထံပါ' နောက်အရှင် အရိယဓမ္မစသော မထေရ်များလည်း ဤကျောက်ဂူဥမင်ကိုပင် တရားဘာဝနာ စီးဖြန်းအားထုတ်ရာနေရာအဖြစ် သတ်မှတ်ရွေးချယ်ခဲ့ကြသည်။ ပုဂံပြည်၌ ကိုးကွယ်တည်ထားသော သဗ္ဗညုစေတီ၊ ရွှေဂူကြီးစေတီစသော စေတီများ၏ အနေအထားကို လေ့လာကြည့်လျှင်လည်း ပုဂံခေတ်က ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းအားထုတ်ကြသော ရဟန်းတော်များသည် ယင်းစေတီပုထိုးများတွင် လာရောက်ပြီး ဝိပဿနာဘာဝနာ ပွားများအားထုတ်ခဲ့ကြလိမ့်မည်ဖြစ်ကြောင်း ခန့်မှန်း၍ရသည်။ သို့ရာတွင် သာသနာ၀င် မှတ်တမ်းမှတ်ရာများ၌ကား ပုဂံခေတ် ပဋ္ဌိပတ္တိသာသနာ၏ အခန်းကဏ္ဍာ မှေးမှိန်ပျောက်ကွယ်နေသည်။

အကြောင်းမည်သို့ ရှိ၍နည်း။ ပုဂံခေတ်၌ ရေးသားပြုစုထားကြသော ကျမ်းဂန်များ၏စာရင်းကို ကြည့်လျှင် ပဋ္ဌိပတ္တိသာသနာနှင့် ပတ်သက်ပြီး အလုပ်ပေးတရားရေးသားထားသည့် ကျမ်းဂန်မျိုးမရှိဘဲ ပရိယတ္တိနှင့်ပတ်သက်ပြီး ရေးသားထားသော ကျမ်းဂန်များကိုသာ တွေ့ရှိရသည်။ ပရိယတ္တိနှင့်ပတ်သက်သော ကျမ်းဂန်များထဲတွင်လည်း ပါဠိဘာသာပုဂံရောက်ရှိလာချိန်ဖြစ်သောကြောင့် ပါဠိဘာသာနှင့်ပတ်သက်သော ဘာသာဗေဒကျမ်းဂန်များကိုသာ ရေးသားပြုစုလေ့ရှိကြသည်။ အရှင်အဂ္ဂ၀ံသ ရေးသားသော 'သဒ္ဒနီတိ'ကျမ်းသည် သီဟိုဠ်ကျွန်းဖြစ် 'မောဂ္ဂလ္လာနဗျာကရဏ်း'စသော သဒ္ဒါကျမ်းများနှင့် ယှဉ်ပြိုင်နိုင်သောအဆင့်ရောက်ရှိပြီး လင်္ကာဒီပသီဟိုဠ်ကျွန်း၌ပင် 'သဒ္ဒနီတိ' ကျမ်း၏ သတင်းပျံ့နှံ့နေသည်။

ယင်းသို့ ပရိယတ္တိနှင့်ပတ်သက်သော ကျမ်းစာများသာအထွက်များပြီး ပဋ္ဌိပတ္တိနှင့်ပတ်သက်သော ကျမ်းစာများကို ရေးသားသည့် အလေ့အထမရှိသောကြောင့် ပုဂံခေတ် သာသနာ၀င်၌ ပဋ္ဌိပတ္တိသာသနာ



အကြောင်း မှတ်တမ်းတင်ထားသည်ကို မတွေ့ရခြင်း ဖြစ်လိမ့်မည်။

နောက်တစ်ကြောင်းကလည်း ဝိပဿနာ ဘာဝနာပွားများအားထုတ်သူများသည် အုပ်စုဖွဲ့ပြီး ကြိုးစားအားထုတ်ခြင်းမျိုးမလုပ်ဘဲ တစ်ဦးချင်းအနေဖြင့် ကြိုးစားအားထုတ်သောကြောင့် သာသနာမျက်နှာပြင်ပေါ်တွင် ဝိပဿနာ ဘာဝနာ၏ အခန်းကဏ္ဍတက်မလာခြင်းဖြစ်လိမ့်မည်။

ပင်းယခေတ်၌လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။ ဆူးတွင်းပစ်ဆရာတော်ကဲ့သို့သော ပရိယတ္တိအကျော်အမော် ဆရာတော်များပေါ်ပေါက်ခဲ့သည်ဖြစ်၍ ပင်းယခေတ် သာသနာတော်သည်လည်း ပရိယတ္တိနှင့် ပဋိပတ္တိယှဉ်တွဲနေခဲ့ပေလိမ့်မည်။ သို့သော်လည်း ပရိယတ္တိ၏ အထောက်အထားဖြစ်သော ကျမ်းစာများသာ ရေးသားလေ့ရှိကြပြီး ပင်းယခေတ် ဂန္ထဝင်စာရင်းထဲတွင် ပဋိပတ္တိနှင့်ပတ်သက်သည့် ကျမ်းစာကို မတွေ့ရပေ။

ဆူးတွင်းပစ်ဆရာတော်လက်ထက်၌ ဂန္ထမုရရဟန်းတော်များအများအပြားရှိသကဲ့သို့ပင် ဝိပဿနာမုရ ရဟန်းတော်များလည်း တစ်ထောင်လောက်ရှိသည်ဟုဆိုသည်။ သို့သော်လည်း ပုဂံခေတ်ကကဲ့သို့ပင် ဝိပဿနာပွားများအားထုတ်သော ပုဂ္ဂိုလ်များသည် အစုအဝေးနှင့်ပွားများအားထုတ်ခြင်းမျိုးမဟုတ်ဘဲ တစ်ဦးချင်းအနေအထားမျိုးဖြင့်သာ ပွားများအားထုတ်ကြသည်။ ထိုမှတစ်ပါး ပင်းယခေတ်၌ ပေါ်ပေါက်ခဲ့သောကျမ်းများ၏စာရင်းတွင်လည်း ပဋိပတ္တိနှင့်ပတ်သက်သော ကျမ်းစာများကို မတွေ့ရပေ။ ဆူးတွင်းပစ်ဆရာတော်သည်ပင် ဘာသာဗေဒနှင့်ပတ်သက်သော 'သဒ္ဒသာရတ္ထဇာလိနီ' ကျမ်းကိုသာ ရေးသားပြုစုခဲ့သည်။ ပင်းယခေတ်၌ ထင်ပေါ်ကျော်ကြားသော ပညာရှင်တစ်ဦးဖြစ်သည့် စတုရဂ်ဗလအမတ်ကြီးသည်လည်း ဘာသာဗေဒနှင့်ပတ်သက်သော အဘိဓာန်ဋီကာကိုသာ ရေးသားခဲ့သည်။ စတုရဂ်ဗလအမတ်ကြီးမေးသော ရတုပိုဒ်စုံနှင့် ပုဂံဆရာတော်ဖြေဆိုသော ရတုပိုဒ်စုံ၌သာ ဘာဝနာသဘောတရားစကားစပ်ထားသည်ကိုတွေ့ရသည်။

ပုဂံခေတ်က စလာခဲ့သော သာသနာတော်သည် အင်းဝခေတ်ရောက်လာသည်။ အင်းဝခေတ်၌လည်း ပုဂံခေတ်နှင့် ပင်းယခေတ်ကကဲ့သို့ပင် ဝိပဿနာဓုရအတွက် တောမှီရဟန်းတော်များရှိကြခဲ့သော်လည်း ပဋိပတ္တိနှင့်ပတ်သက်သည့် အလုပ်ပေးကျမ်းဂန်မျိုးရေးသားခြင်းမပြုဘဲ ပရိယတ္တိနှင့်ပတ်သက်သော ကျမ်းစာများကိုသာ ရေးသားပြုစုကြသည်။ အင်းဝခေတ်၌ အနောက်ဘက်လွန်မင်းတရားကြီး ပြည်မှ ပင့်လာခဲ့သော တောင်ဖီလာဆရာတော်နှင့် စစ်ကိုင်းချောင်၌ သီတင်းသုံးသော ရွှေဥမင်ဆရာတော်တို့သည် ပါဠိတော်နှင့် အဋ္ဌကထာနိဿယကျမ်းများကို ရေးသားပြုစုကြသည်။ အင်းဝခေတ်ဆရာတော် 'နိဿယခေတ်'ဟူ၍ပင် ပြောဆိုရသည်။ တောင်ဖီလာဆရာတော်သည် နိဿယကျမ်းများသာမကဘဲ ဝေဿန္တရာပျို့၊ မနုသာရဓမ္မသတ်၊ ရွှေမျဉ်းဓမ္မသတ် စသော မြန်မာစာပေဂန္ထဝင်ကျမ်းများကိုလည်း ရေးသားပြုစုသည်။

အင်းဝခေတ်၌ နိဿယကျမ်းများပြုစုသော အခြားဆရာတော်တစ်ပါးမှာ နေရင်းဆရာတော်ဖြစ်သည်။ နေရင်းဆရာတော် အရှင်အရိယာလင်္ကာရသည် သုတ်သီလင္ကန် ပါဠိတော်နိဿယ၊ သုတ်မဟာဝါ ပါဠိတော်နိဿယ၊ သုတ်ပါထေယျ ပါဠိတော်နိဿယ၊ သုတ်သီလင္ကန် အဋ္ဌကထာနိဿယ၊ သုတ်မဟာဝါ အဋ္ဌကထာနိဿယ၊ သုတ်ပါထေယျအဋ္ဌကထာနိဿယ၊ အဋ္ဌသာလိနီ အဋ္ဌကထာနိဿယစသော နိဿယကျမ်းများကို ရေးသားပြုစုခဲ့သည်။

ယင်းကဲ့သို့ အင်းဝခေတ်သည် "နိဿယခေတ်" ဟူ၍ ခေါ်ဆိုရလောက်အောင်ပင် နိဿယကျမ်းများကို အများအပြား ရေးသားပြုစုပြီး အလုပ်ပေးကျမ်းများဖြစ်သော ဝိဿနာဓုရနှင့်ပတ်သက်သည့် ပင်ကိုယ်ရေးကျမ်းများ ရေးသားပြုစုခြင်းမရှိသောကြောင့်တစ်ကြောင်း၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများအားထုတ်သောအခါ၌လည်း ပုဂံခေတ်



နှင့် ပင်းယခေတ်ကကဲ့သို့ပင် လူစု လူဝေးနှင့် ပွားများအားထုတ်ခြင်း မျိုး မရှိဘဲ၊ ပုဂ္ဂိုလ်တစ်ဦးချင်းအနေ အထားဖြင့်သာ ပွားများအားထုတ် ကြသောကြောင့်တစ်ကြောင်း၊ အင်း ဝခေတ် သာသနာ့သမိုင်းတွင်လည်း ပဋိပတ္တိသာသနာ၏ အခန်းကဏ္ဍ သည် မှေးမှိန်အားပျော့နေသည်ဟု ထင်ရသည်။

ကုန်းဘောင်ခေတ်၌လည်း မင်း တုန်းမင်းကြီး၏ ပဉ္စမသင်္ဂါယနာက ရှေ့တန်းရောက်နေသည်ဖြစ်သော ကြောင့် ပဋိပတ္တိသာသနာနောက် ဘက်ရောက်နေသည်ဟု ဆိုရလိမ့် မည်။

မြန်မာ့သာသနာဝင်၌ ပဋိပတ္တိ သာသနာ နေဝန်းကြီးထွက်ပြူလာစ ပြုသောအချိန်မှာ ပဒေသရာဇ်ခေတ် နှင့် ကိုလိုနီခေတ် စပ်ကူးမတ်ကူး အချိန်ကာလဖြစ်သည်။ ယင်းအချိန် ကာလ၌ ပဋိပတ္တိသာသနာတော် မီးရှူးတန်ဆောင်ကြီးကို ကိုင်ဆောင် လာသူမှာ လယ်တီဆရာတော်ဖြစ် သည်။ လယ်တီဆရာတော်သည် သူကိုယ်တိုင် ဝိပဿနာခုရကို စွဲစွဲ မြဲမြဲ ကျင့်သုံးဆောက်တည်နေသူ ဖြစ်ရုံမျှမက ဝိပဿနာဘာဝနာနှင့် ပတ်သက်သော ကျမ်းစာများကို လည်း အများအပြား ရေးသားစီရင် ခဲ့သူဖြစ်သည်။ နိုင်ငံအနှံ့ကြွပြီး ဟောကြားသော လယ်တီဆရာ တော်၏ တရားတော်များထဲတွင် လည်း ဝိပဿနာတရားက အဓိက နေရာယူခဲ့သည်။

မြန်မာနိုင်ငံသမိုင်း၌ ပဒေသ ရာဇ်မင်းဆက်များ နေဝင်ချုပ်ငြိမ်း သွားပြီး၊ ပဒေသရာဇ်စနစ်၏နေရာ၌ ကိုလိုနီစနစ် ရောက်ရှိလာသည်။ ကိုလိုနီခေတ်၌ ဝိပဿနာတရားကို အများဆုံး ဖြန့်ဖြူးဟောကြားသူ မှာ မိုးညှင်းဆရာတော် ဖြစ်သည်။ မိုးညှင်းဆရာတော် လက်ထက်၌ ဝိပဿနာ ပွားများအားထုတ်သူများ မှာလည်း တစ်ဦးချင်းအားထုတ် သော ပုဂ္ဂလိကအလုပ်မျိုးမျှသာ မဟုတ်တော့ဘဲ အုံနှင့်ကျင်းနှင့် အား ထုတ်သူများ ဖြစ်လာကြသည်။ ဝိပဿနာပွားများအားထုတ်သူများ 'ယောဂီ'အမည်ခံယူလျက် ယောဂီ ရောင် အဝတ်အစား ဆင်ယင်ဝတ် စားကြသည်မှာလည်း မိုးညှင်းဆရာ တော်၏ လက်ထက်တွင် ဖြစ်သည်။

မိုးညှင်းဆရာတော်သည်သန်လျင် မြို့နယ်၊ ဖားကူးရွာဇာတိဖြစ်သည်။ လယ်တီဆရာတော်ဘုရားကြီးထံတွင် တပည့်ခံယူပြီးနောက် မုံရွာမြို့နယ်၊



မိုးညှင်းဒေသ၌ နေထိုင်သီတင်းသုံး လျက် တိုင်းပြည်အနှံ့ကြွရောက်ပြီး ဝိပဿနာတရားဟောကြားဖြန့်ဖြူး သည်။ ရန်ကုန်မြို့၌ ကျင်းပပြုလုပ် သောမိုးညှင်းဆရာတော်၏ တရားပွဲ မဏ္ဍပ်များ၌ ယောဂီရောင်အဝတ် ဝတ်ထားသော ယောဂီပရိသတ် ပြည့်ကြပ်နေသည်။ ထိုအချိန်က ထုတ်ဝေသော 'သူရိယ' စသည့် မြန်မာ့သတင်းစာများကပင် မိုးညှင်း ဆရာတော်၏တရားပွဲများသို့ အထူး သတင်းထောက်စေလွှတ်လျက် မိုး ညှင်းဆရာတော်ဟောသောတရားကို သတင်းစာများတွင် ဖော်ပြလေ့ရှိကြ သည်။

မြန်မာနိုင်ငံ၌ ဝိပဿနာပွား များ အားထုတ်သူများကို တစ်ဦးချင်း အနေအထားဖြင့်မဟုတ်ဘဲ အုပ်စု လိုက်၊ အဖွဲ့အစည်းလိုက် ပွားများ အားထုတ်ကြရန် စတင်လှုံ့ဆော် ဖန်တီးသူပုဂ္ဂိုလ်မှာ မိုးညှင်းဆရာ တော်ဖြစ်သည်။ ယင်းကဲ့သို့ တစ်ဦး ချင်းအနေဖြင့်မဟုတ်ဘဲ အုပ်စုနှင့် အုံနှင့်ကျင်းနှင့် စုပေါင်းပွားများ အားထုတ်ကြသောအခါ မြန်မာနိုင်ငံ ၌ ဝိပဿနာဘာဝနာ၏ အရှိန်အဝါ လည်း မြင့်မားတိုးတက်လာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသမိုင်း၌ ကိုလိုနီ စနစ် ချုပ်ငြိမ်းသွားပြီး လွတ်လပ်ရေး ခေတ်ရောက်လာသည်။ လွတ်လပ် ရေးခေတ်၌ ပရိယတ္တိသာသနာနှင့် အတူ ပဋိပတ္တိသာသနာ၏ အခန်း ကဏ္ဍသည်လည်း ကြီးမားပြန့်ကျယ်





လာသည်။ လွတ်လပ်ရေးခေတ်၌ ပဋိပတ္တိသာသနာကို ဦးစားပေးသော ရိပ်သာများစွာရှိခဲ့လေသည်။ ယင်း သာသနာ့ရိပ်သာများထဲက အထိရောက်ဆုံး၊ အစောဆုံး သာသနာရိပ်သာမှာ မဟာစည်ဆရာတော်ကြီးမှူးသော မဟာစည်သာသနာ့ရိပ်သာဖြစ်သည်။ မဟာစည်ဆရာတော်သည် ၁၉၄၉ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှစပြီး ၃၃ နှစ်တိုင်တိုင် မဟာစည်သာသနာ့ရိပ်သာ၌ ဝိပဿနာတရားဟောကြား ဖြန့်ဖြူးခဲ့သည်။ ယင်းအချိန်ကာလအတောအတွင်း မဟာစည်ဆရာတော်၏ ပရိယတ္တိနှင့် ပဋိပတ္တိသာသနာ တိုးတက် တည်တံ့ရေးအတွက် စွမ်းဆောင်ချက်များမှာ -

(၁) ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ မဟာစည်ဆရာတော်က ပုစ္ဆက (အမေးပုစ္ဆာမေးမြန်းသူ) အဖြစ် ဆောင်ရွက်တော်မူပြီး ဓမ္မဘဏ္ဍာဂါရိကမင်းကွန်းဆရာတော် ဦဝိစိတ္တသာရက ဝိသဇ္ဇက (အဖြေစကားပြန်ကြားသူ) အဖြစ် ဆောင်ရွက်တော်မူကြသည်။

(၂) မြန်မာနိုင်ငံတိုင်းနှင့်ပြည်နယ်အသီးသီးတို့၌ မဟာစည်သြဝါဒနှံ မဟာစည်ရိပ်သာဌာနခွဲပေါင်း -၃၅၈ နှင့်ကမ္ဘာနိုင်ငံ အနှံ့အပြား၌ မဟာစည်ရိပ်သာဌာနခွဲပေါင်း ၁၈-ဌာနပေါ်ပေါက်လာပြီး တရားအားထုတ်သောယောဂီဦးရေ ပြည်တွင်း၌ပင် ၁၂ -သိန်းကျော်ခန့် တိုးတက်များပြားလာသည်။ ယခင်ကဖြစ်သည်။ ယခုမူ ၄၂၈ ဌာန၊ ၃၇ သိန်းကျော် တိုးတက်လာပါသည်။ (စာတည်းအဖွဲ့)

(၃) မဟာစည်ဆရာတော်သည် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့ပင် ကြွရောက်ပြီး ဝိပဿနာတရား ပြန့်ပွားထွန်းကားအောင် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့၍ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ နီပေါ၊ ဆွစ်ဇာလန်၊ ဂျပန်၊ အင်ဒိုနီးရှား၊ မလေးရှား၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ နယ်သာလန်၊ ကိုးရီးယား၊ ထိုင်း၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ အီတလီ၊ ရုရှား၊ ကနေဒါ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ လာအို၊ စင်္ကာပူစသောနိုင်ငံခြားတိုင်းပြည်များတွင် မဟာစည် ဥပနိဿယခံ ကမ္မဋ္ဌာန်းဌာနများ ရှိနေသည်။

(၄) မဟာစည်ဆရာတော်သည် ကျမ်းပေါင်း ၈၀ ကျော် ရေးသား ပြုစုခဲ့သည်။ ယင်းကျမ်းများထဲက ဝိပဿနာလမ်းညွှန်ကျမ်း၊ ဝိပ ဿနာရှုနည်းကျမ်း (နှစ်တွဲ)၊ ဝိသုဒ္ဓိ မဂ်မဟာဋီကာနိဿယ (လေးတွဲ)၊ ဝိသုဒ္ဓိမဂ် မြန်မာပြန် (လေးတွဲ)။ ဓမ္မ စကြာတရားတော်ကြီး စသောကျမ်းများသည် ဝိပဿနာပွားများသူများနှင့် ယောဂီများအတွက် အလွန်အသုံးဝင်သောကျမ်းများဖြစ်သည်။ ဒေါက်တာဦးရေဝတဓမ္မ (အင်္ဂလန်) အင်္ဂလိပ်ဘာသာဖြင့်ရေးသော ဓမ္မစကြာအဖွင့်စာအုပ်၌မဟာစည်ဆရာတော်ရေးသားထားသော ဓမ္မစကြာစာအုပ်ကို အခြေခံပြီး ရေးသားထားသည်ကို တွေ့ရသည်။

မဟာစည်ဆရာတော် ပျံလွန်တော်မူသွားသည်မှာ နှစ်ပေါင်းများစွာကြာသွားပြီဖြစ်သော်လည်း မဟာစည်ဆရာတော်၏ သြဝါဒခံပြည်တွင်းပြည်ပ မဟာစည်သာသနာ့ရိပ်သာများသည် စည်ပင်ပြန့်ပွားလာပြီး ဆက်လက်ရှင်သန်ကြီးထွားနေသည်။

မဟာစည်ဆရာတော်ရေးသားပြုစုခဲ့သော 'ယောဂီလက်စွဲ' ကျမ်းများဟု ခေါ်ဆိုထိုက်သည့် ဝိပဿနာနှင့် ပတ်သက်သော ကျမ်းစာများသည်လည်း အကြိမ်ကြိမ်ထပ်မံ ပုံနှိပ်ထုတ်ဝေပြီး မြန်မာနိုင်ငံဝိပဿနာဘာဝနာလောက၏ အဆင်တန်ဆာများသဖွယ် အရှည်တည်တံ့သွားပေလိမ့်မည်။

ပါရဂူ



မဟာစည်ဆရာတော်ဘုရားကြီး

သက်တော်ရာပြည့်ပူဇော်ပွဲကျင်းပရေးလမ်းညွှန်နာယကကြီးများအပေါ်



ဝဲမှယာ

ဒေါ်ထားထား၊ ဦးမောင်မောင်၊ ဦးကြင်၊ ဦးညီမောင်၊ ဦးထွန်းရင်၊ ဦးကြူသန်း၊ ဦးသန်းဇော



ပါးမြို့ပြလွှယ်ဘဲဇင် (၆၀၀၂-၁၀၀၂)

ဂျီးမိုးဒေဝပိန်ငန်ထယ်ဒိပ် ထေရွန်ငန်ထယ်ရှင်စယာဂ

မဟာစည်ဆရာတော်ဘုရားကြီး

သက်တော်ရာပြည့်ပူဇော်ပွဲကျင်းပရေးဦးဆောင်ဗဟိုကော်မတီလူကြီးများ



ရာပြည့်အထိမ်းအမှတ်မော်ကွန်းစာတည်းအဖွဲ့.



ဝဲမှယာ

ဗိုလ်မှူးကြီးအုန်းမောင် (ငြိမ်း)၊ ဒေါ်ဖြူဖြူသက်လယ် (ယမုံသက်လယ်)၊ ဦးတင့်လွင် (တက်လူ)၊ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)၊
ဗိုလ်မှူးကြီးစောမြင့် (ငြိမ်း) (မှူးသမိန်)၊ ဦးဝင်းထိန် (နဂဟအဖွဲ့ဒုဥက္ကဋ္ဌ-၁)၊ ဦးဝင်းမောင် (မောင်သိလ)



ကမ္ဘာ့သာသနာပြု
ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဩဝါဒါစရိယ
မဟာစည်ဆရာတော်ဘုရားကြီး ၏
သက်တော်ရာပြည့် အထိမ်းအမှတ်ပူဇော်ပွဲ ကျင်းပရေးအဖွဲ့များ

၁။ **လမ်းညွှန် ဦးသျှောင်ဩဝါဒါစရိယ ဆရာတော်များ –**

ဘဒ္ဒန္တဥက္ကံသစာရ မဟာထေရ် (ဇီးကုန်းဆရာတော်)၊ ဘဒ္ဒန္တကုန္ဒဝံသမဟာထေရ် (အိမ်မဲဆရာတော်)၊ ဘဒ္ဒန္တတိလောက မဟာထေရ် (ရွှေဘိုမြို့ထောင့် ဆရာတော်)၊ ဘဒ္ဒန္တတိ လောကမဟာထေရ် (ဝါးခယ်မဆရာတော်) ဘဒ္ဒန္တကုဏ္ဍလမဟာထေရ် (ဟင်္သာတဆရာတော်)၊ ဘဒ္ဒန္တအာဒိစ္စမဟာထေရ် (တောင်ဝိုင်းကလေးဆရာတော်)

၂။ **ဩဝါဒါစရိယ ဆရာတော်များ –**

ဘဒ္ဒန္တသံဝရမဟာထေရ် (ချမ်းမြအောင်စည် ဆရာတော်)၊ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ မဟာထေရ် (ဓမ္မနန္ဒဝိဟာရ၊ အမေရိကန်နိုင်ငံ)

၃။ **နာယကဆရာတော်များ**

ဘဒ္ဒန္တထေရဝံသ (မြန်အောင်ဆရာတော်) ဘဒ္ဒန္တဝါသဝ (မြစ်သားဆရာတော်)၊ ဘဒ္ဒန္တဇဋိလ (ပျဉ်းမနားဆရာတော်)၊ ဘဒ္ဒန္တသူရိယ (ရန်ကုန်ဆရာတော်)၊ ဘဒ္ဒန္တကုမာရ (ကျောက်ပန်းတောင်းဆရာတော်)၊ ဘဒ္ဒန္တတေဇိန္ဒာသဘ (ပုသိမ်ဆရာတော်)၊ ဘဒ္ဒန္တကုသလာနန္ဒ (မုဒုံဆရာတော်)။

၄။ **လမ်းညွှန်နာယကကြီးများအဖွဲ့ –**

(၁) ဦးထွန်းရင် (၂) ဦးညိုမောင်၊ (၃) ဦးချူသန်း၊ (၄) ဦးကြင်၊ (၅) ဒေါ်ထားထား၊ (၆) ဦးခင်သိန်း၊ (၇) ဦမောင်မောင်၊

၅။ **ကျင်းပရေးဦးဆောင်ဗဟိုကော်မတီ –**

(၁) ဦးတင်ဝမ်-ဥက္ကဋ္ဌ၊ (၂) ဦးဝင်းထိန် ဒု-ဥက္ကဋ္ဌ(၁)၊ (၃) ဦးတင့်စိုးလင်း ဒု-ဥက္ကဋ္ဌ၊ (၄) ဦးတိုက်စိုး-အတွင်းရေးမှူး၊ (၅) ဦးဖုန်းမြင့် - တွဲဖက်အတွင်းရေးမှူး၊ (၆) ဦးကျော်ဇော -ဘဏ္ဍာရေးမှူး၊ (၇) ဦးချိန်ဆိုင်-စာရင်းစစ်၊ (၈) ဦးစောမြင့်-အမှုဆောင်၊ (၉) ဦးဝင်းရွှေ- အမှုဆောင်၊ (၁၀) ဦးသန်းအေး-အမှုဆောင်၊ (၁၁) ဦးထွန်းရည်-အမှုဆောင်၊ (၁၂) ဦးစိုးဝင်း - အမှုဆောင်၊ (၁၃) ဦးကိုကို - အမှုဆောင်၊ (၁၄) ဦးစိုးထိုက်အောင်

- အမှူဆောင်၊ (၁၅) ဦးအောင်ခင်-အမှူဆောင်၊ (၁၆) ဦးကျော်မြင့်သန်း-အမှူဆောင်၊ (၁၇) ဦးတင်သိန်း-အမှူဆောင်၊ (၁၈) ဦးလှမြင့်-အမှူဆောင်၊ (၁၉) ဦးမျိုးဝေ-အမှူဆောင်၊ (၂၀) ဦးသန်းအောင်-အမှူဆောင်၊ (၂၁) ဦးလှငွေ - အမှူဆောင်၊ (၂၂) ဦးအုန်းမောင် - အရန်အမှူဆောင်၊ (၂၃) ဦးဝင်းဖေ - အရန်အမှူဆောင်၊ (၂၄) ဦးကျော်မြင့်သန်း-အရန်အမှူဆောင်၊ (၂၅) ဦးရဲထွန်းအောင်- အရန်အမှူဆောင်၊ (၂၆) ဦးသူရိန်ထွန်း-အရန်အမှူဆောင်၊ (၂၇) ဦးနေဝင်း-အရန်အမှူဆောင်၊ (၂၈) ဦးသိန်းထိုက်ဦး-အရန်အမှူဆောင်၊ (၂၉) ဦးမြမောင်-အရန်အမှူဆောင်၊ (၃၀) ဦးကျော် (ဟိတေသီ) အဖွဲ့ဝင်၊ (၃၁) ဦးလှမောင် (ဒု-ဥက္ကဋ္ဌ-၁၊ ဟိတေသီ)အဖွဲ့ဝင်၊ (၃၂) ဦးဝင်းဆွေ ဒု-ဥက္ကဋ္ဌ-၁၊ ဟိတေသီ)အဖွဲ့ဝင်၊ (၃၃) ဦးတင်ရွှေ (အတွင်းရေးမှူး-ဟိတေသီ)၊ အဖွဲ့ဝင် (၃၄) ဦးမြမောင် (တွဲ/မှူး၊ ဟိတေသီ)အဖွဲ့ဝင် (၃၅) ဦးချစ်၊ (မန္တလေး စိန်ပန်းရတနာပုံရိပ်သာ-ဥက္ကဋ္ဌ)၊ (၃၆) ဦးထွန်းသိန်း (မန္တလေးစိန်ပန်းရတနာပုံရိပ်သာ - ဒု-ဥက္ကဋ္ဌ)အဖွဲ့ဝင်၊ (၃၇) မန္တလေးစိန်ပန်းရတနာပုံရိပ်သာ -အတွင်းရေးမှူး) (၃၈) ဦးမြင့်အောင် (ဆိပ်ခွန် မဟာစည်ရိပ်သာ-အတွင်းရေးမှူး-၂)အဖွဲ့ဝင်၊ (၃၉) ဦးတင်ဝင်း (ဆိပ်ခွန် မဟာစည်ရိပ်သာ-အတွင်းရေးမှူး) အဖွဲ့ဝင်၊ (၄၀) ဒေါ်အုန်းခွဲ့ (ဆိပ်ခွန်မဟာစည်ရိပ်သာ-ဘဏ္ဍာရေးမှူး) အဖွဲ့ဝင်၊ (၄၁) ဒေါ်ဆွေ (ဆိပ်ခွန်မဟာစည်ရိပ်သာ - အဖွဲ့ဝင်) အဖွဲ့ဝင်၊ (၄၂) ဦးကြီးစိန် (တောင်ဝိုင်းလေးရိပ်သာ - နာယက) အဖွဲ့ဝင်၊ (၄၃) ဦးစိုးမြင့် (တောင်ဝိုင်းလေးရိပ်သာ - တွဲ-ဘဏ္ဍာရေးမှူး) အဖွဲ့ဝင်၊ (၄၄) ဒေါ်မမကြီး (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၊ ဥက္ကဋ္ဌ)အဖွဲ့ဝင်၊ (၄၅) ဒေါ်ခင်နွဲ့ရီ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၊ ဒု-ဥက္ကဋ္ဌ-၁)၊ အဖွဲ့ဝင်၊ (၄၆) ဒေါ်ရှုကြူ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၊ ဒု-ဥက္ကဋ္ဌ-၂) အဖွဲ့ဝင်၊ (၄၇) ဒေါ်ခင်ခင်ထား (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၊ အတွင်းရေးမှူး) အဖွဲ့ဝင်၊ (၄၈) ဒေါ်အေးအေးကြည် (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၊ ဘဏ္ဍာရေးမှူး) အဖွဲ့ဝင်၊ (၄၉) ဒေါ်ဝင်းကြည် (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့-နာယက)အဖွဲ့ဝင်၊ (၅၀) ဒေါ်ကျင်အေး (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့-နာယက) အဖွဲ့ဝင်၊ (၅၁) ဒေါ်ခင်အုန်း (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့-အမှူဆောင်)၊ အဖွဲ့ဝင်၊ (၅၂) ဒေါ်စန်းကြူ (အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့-အမှူဆောင်) အဖွဲ့ဝင်၊ (၅၃) ဒေါ်ရီရီခင် (အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့-အမှူဆောင်) အဖွဲ့ဝင်၊ (၅၄) ဒေါ်ကျင်လွမ် (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့-အမှူဆောင်) အဖွဲ့ဝင်၊ (၅၅) ဒေါ်လှကျင် (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့-အမှူဆောင်) အဖွဲ့ဝင်၊ (၅၆) ဒေါ်ကျင်ပု (အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့-အမှူဆောင်) အဖွဲ့ဝင်၊ (၅၇) ဒေါ်ခင်ခင်လှ (အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့-အမှူဆောင်)အဖွဲ့ဝင်၊ (၅၈) ဒေါ်လှရီ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့-အမှူဆောင်) အဖွဲ့ဝင်၊ (၅၉) ဒေါ်ခင်မြင့်မြင့် (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ - အမှူဆောင်) အဖွဲ့ဝင်၊

၆။ **စီမံခန့်ခွဲရေးဗဟိုကော်မတီ**

(၁) ဦးဝင်းထိန် (ဥက္ကဋ္ဌ)၊ (၂)ဦးတင့်စိုးလင်း (ဒု-ဥက္ကဋ္ဌ)၊ (၃) ဦးဖုန်းမြင့် (အတွင်းရေးမှူး) (၄) ဦးကျော်ဇော (ဘဏ္ဍာရေးမှူး)၊ (၅) ဦးချိန်ဆိုင် (စာရင်းစစ်)၊ (၆) ဦးစောမြင့် - အဖွဲ့ဝင် (အဖွဲ့ချုပ်အမှူဆောင်)၊ (၇) ဦးထွန်းရည် - အဖွဲ့ဝင် (အဖွဲ့ချုပ်အမှူဆောင်)၊ (၈) ဦးလှငွေ - အဖွဲ့ဝင် (အဖွဲ့ချုပ်အမှူဆောင်)၊ (၉) ဦးကိုကို - အဖွဲ့ဝင် (အဖွဲ့ချုပ်အမှူဆောင်)၊ (၁၀) ဦးလှမြင့် - အဖွဲ့ဝင် (အဖွဲ့ချုပ်အမှူဆောင်)၊ (၁၁) ဦးကျော်မြင့်-အဖွဲ့ဝင် (အဖွဲ့ချုပ်အမှူဆောင်) (၁၂) ဦးသန်းအောင် - အဖွဲ့ဝင် (အဖွဲ့ချုပ်အမှူဆောင်)၊



(၁၃) ဦးအောင်ခင်-အဖွဲ့ဝင် (အဖွဲ့ချုပ်အမှုဆောင်)၊ (၁၄) ဦးတင်သိန်း-အဖွဲ့ဝင် (အဖွဲ့ချုပ်အမှုဆောင်)၊ (၁၅) ဦးအုန်းမောင်-အဖွဲ့ဝင် (အဖွဲ့ချုပ် အရန်အမှုဆောင်)၊ (၁၆) ဦးရဲထွန်းအောင်-အဖွဲ့ဝင် (အဖွဲ့ချုပ် အရန် အမှုဆောင်)၊ (၁၇) ဦးသူရိန်ထွန်း-အဖွဲ့ဝင် (အဖွဲ့ချုပ်အရန်အမှုဆောင်)၊ (၁၈) ဦးသိန်းထိုက်ဦး အဖွဲ့ဝင် (အဖွဲ့ချုပ် အရန်အမှုဆောင်)၊ (၁၉) ဦးကျော်-အဖွဲ့ဝင် (ဟိတေသီအဖွဲ့-ဥက္ကဋ္ဌ)၊ (၂၀) ဦးတင်ရွှေ - အဖွဲ့ဝင် (ဟိတေသီအဖွဲ့-အတွင်းရေးမှူး)၊ (၂၁) ဦးထွန်းသိန်း-အဖွဲ့ဝင် (မန္တလေးရတနာပုံရိပ်သာ၊ဒု-ဥက္ကဋ္ဌ)၊ (၂၂) ဦးမြင့်အောင်-အဖွဲ့ဝင် (ဟိတေသီအဖွဲ့-ဥက္ကဋ္ဌ)၊ (၂၃) ဦးစိုးမြင့်-အဖွဲ့ဝင် (တောင်ဝိုင်းကလေးရိပ်သာ-တွဲ/ဘဏ္ဍာရေးမှူး)၊ (၂၄) ဒေါ်မမကြီး -အဖွဲ့ဝင် (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့- ဥက္ကဋ္ဌ)၊ (၂၅) ဒေါ်ခင်နွဲ့ရီ-အဖွဲ့ဝင် (အမျိုးသမီးယောဂီစောင့် ရှောက်ရေးအဖွဲ့ -ဒု-ဥက္ကဋ္ဌ-၁)၊ (၂၆) ဒေါ်ရှုကြူ-အဖွဲ့ဝင် (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့-ဒု-ဥက္ကဋ္ဌ-၂) (၂၇) ဒေါ်ခင်ခင်ထား-အဖွဲ့ဝင် (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့-အတွင်းရေးမှူး) (၂၈) ခေါ်ခင်ဝင်း-အဖွဲ့ဝင် (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့-တွဲ/အတွင်းရေးမှူး)

၇။ **အခမ်းအနားပြင်ဆင်ကျင်းပရေး၊ ဖိတ်ကြားကြိုဆိုရေးအဖွဲ့**

(၁) ဦးတင့်စိုးလင်း-အဖွဲ့ခေါင်းဆောင်၊ (၂) ဦးလှငွေ-အတွင်းရေးမှူး၊ (၃) ဦးတင်ဝမ် -အဖွဲ့ဝင်၊ (၄) ဦးဝင်းထိန်-အဖွဲ့ဝင်၊ (၅) ဦးဖုန်းမြင့်-အဖွဲ့ဝင် (၆) ဦးစိုးထိုက်အောင်- အဖွဲ့ဝင်၊ (၇) ဦးတင့်ဆွေ-အဖွဲ့ဝင် (ဟိတေသီ)၊ (၈) ဒေါ်ကျင်ပု-အဖွဲ့ဝင် (အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့) (၉) ဒေါ်ရီရီခင်-အဖွဲ့ဝင် (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၁၀) ဒေါ်ပွင့်မာခိုင်-အဖွဲ့ဝင် (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့) (၁၁) ဒေါ်ရင်မေ -အဖွဲ့ဝင် (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)

၈။ **ဘဏ္ဍာရှာဖွေရေးနှင့် လှူဘွယ်ပစ္စည်းများစုဆောင်းရေးအဖွဲ့**

(၁) ဦးကျော်ဇော - အဖွဲ့ခေါင်းဆောင်၊ (၂) ဦးဝင်းဖေ-အတွင်းရေးမှူး၊ (၃) ဦးတင့်စိုး လင်း - အဖွဲ့ဝင်၊ (၄) ဦးလှမြင့် - အဖွဲ့ဝင်၊ (၅) ဦးသိန်းထိုက်ဦး - အဖွဲ့ဝင်၊ (၆) ဒေါ်မမကြီး - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၇) ဒေါ်အေးကြည် - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၈) ဒေါ်အေးအေးကြည် - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၉) ဒေါ်အမာကြည် - အဖွဲ့ဝင် (အမျိုးသမီး အဖွဲ့)၊ (၁၀) ဒေါ်ကျင်အေး - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၁၁) ဒေါ်ကျင်လွမ်-အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၁၂) ဒေါ်ကျင်ပု - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၁၃) ဒေါ်ကျင်တွမ် - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၁၄) ဒေါ်ခင်မြင့်မြင့် - (ပုလဲကင်း)-အဖွဲ့ဝင်၊ (၁၅) ဒေါ်ရှုစိန် - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၁၆) ဒေါ်ရီရီနွဲ့ - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၁၇) ဒေါ်ခင်ညို - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၁၈) ဒေါ်ပွင့်မာခိုင် - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့) (၁၉) ဒေါ်မူမူမောင် - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၂၀) ဒေါ်လှလှ - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၂၁) ဒေါ်မြင့်မြင့်-အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၂၂) ဒေါ်ခင်စိုး - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၂၃) ဒေါ်ခင်ဆွေဦး - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၂၄) ဒေါ်လှလှနု - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၂၅) ဒေါ်လွင်လွင်ပြုံး - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၂၆) ဒေါ်မြသီ - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၂၇) ဒေါ်တင်တင်မြင့် - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၂၈) ဒေါ်ခင်လေးရီ - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၂၉) ဒေါ်ဝင်းဝင်းရည် - အဖွဲ့ဝင် (အမျိုးသမီး အဖွဲ့)၊ (၃၀) ဒေါ်ခင်ခင်စိန် - အဖွဲ့ဝင်



(အမျိုးသမီးအဖွဲ့)၊ (၃၁) ဒေါ်ခင်စော - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၃၂) ဒေါ်ခိုင်မြင့်ကြူ - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၃၃) ဒေါ်ယဉ်မင်းသန့် (ပုလဲ) -အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၃၄) ဒေါ်ခင်စောမော် - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၃၅) ဒေါ်ခင်ခင်မ-အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၃၆) ဒေါ်ခင်ခင်ညွန့် - အဖွဲ့ဝင် (အမျိုးသမီး အဖွဲ့)၊ (၃၇) ဒေါ်ခင်သန္တာရွှေ - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၃၈) ဒေါ်ဝင်းဝင်းခိုင် - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၃၉) ဒေါ်မိကေထော - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၄၀) ဒေါ်ရွှေစင်ဝင်း - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၄၁) ဒေါ်စပယ် - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၄၂) ဒေါ်မြင့်ချိုချို - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊ (၄၃)ဒေါ်ခင်စောကြီး - အဖွဲ့ဝင် (အမျိုးသမီး အဖွဲ့)၊ (၄၄) ဒေါ်ခင်ခင်ကြူ - အဖွဲ့ဝင် (အမျိုးသမီးအဖွဲ့)၊

၉။ **ရာပြည့်အထိမ်းအမှတ် စာပေမှတ်တမ်းအဖွဲ့**

(၁) ဦးစောမြင့်-အဖွဲ့ခေါင်းဆောင်၊ (၂) ဦးအုန်းမောင်-အတွင်းရေးမှူး၊ (၃) ဦးတိုက်စိုး - အဖွဲ့ဝင်၊ (၄) ဦးဝင်းထိန် - အဖွဲ့ဝင်၊ (၅)ဦးဖုန်းမြင့် - အဖွဲ့ဝင်၊ (၆) ဦးကျော်မြင့် - အဖွဲ့ဝင်၊ (၇) ဦးထွန်းရည် - အဖွဲ့ဝင်၊ (၈) ဦးသူရိန်ထွန်း - အဖွဲ့ဝင်၊ (၉) ဦးသိန်းထိုက်ဦး - အဖွဲ့ဝင်၊ (၁၀) ဦးတင့်ဆွေ - အဖွဲ့ဝင်၊ (ဟိတေသီအဖွဲ့)၊ (၁၁) ဦးကြင်သိန်း - အဖွဲ့ဝင်၊ (မန္တလေးရတနာပုံ)

၁၀။ **ရာပြည့်အထိမ်းအမှတ် သမိုင်းမှတ်တမ်းအဖွဲ့**

(၁) ဦးထွန်းရည်- အဖွဲ့ခေါင်းဆောင်၊ (၂) ဦးစိုးဝင်း - အတွင်းရေးမှူး၊ (၃) ဦးဝင်းထိန် - အဖွဲ့ဝင်၊ (၄) ဦးတင့်စိုးလင်း - အဖွဲ့ဝင်၊ (၅) ဦးစိုးထိုက်အောင် - အဖွဲ့ဝင်၊ (၆) ဦးရဲထွန်း အောင် - အဖွဲ့ဝင်၊ (၇) ဦးသူရိန်ထွန်း - အဖွဲ့ဝင်၊ (၈) ဦးမြမောင် - အဖွဲ့ဝင်၊ (၉) ဦးဝင်းဆွေ - အဖွဲ့ဝင်၊ (ဟိတေသီအဖွဲ့)၊ (၁၀) ဦးအောင်သန်း - အဖွဲ့ဝင်၊ (ဟိတေသီအဖွဲ့)၊ (၁၁) ဦးကြင်သိန်း - အဖွဲ့ဝင်၊ (မန္တလေးရတနာပုံ) (၁၂) ဒေါ်အုန်းနွဲ့ - အဖွဲ့ဝင်၊ (ဆိပ်ခွန်ရိပ်သာ)၊ (၁၃) ဦးစိုးမြင့်-အဖွဲ့ဝင်၊ (တောင်ဝိုင်းကလေးရိပ်သာ)၊ (၁၄) ဒေါ်ခင်သိန်းသိန်း-အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့) (၁၅) ဒေါ်အေးသန့် - အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၁၆) ဒေါ်ခင်ဝင်း - အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)

၁၁။ **ရာပြည့်အထိမ်းအမှတ် တည်ဆောက်ရေးအဖွဲ့**

(၁) ဦးဝင်းရွှေ-အဖွဲ့ခေါင်းဆောင်၊ (၂) ဦးတင်သိန်း - အတွင်းရေးမှူး၊ (၃) ဦးဝင်းထိန် - အဖွဲ့ဝင်၊ (၄) ဦးတင့်စိုးလင်း - အဖွဲ့ဝင် (၅)ဦးသန်းအေး -အဖွဲ့ဝင်၊ (၆) ဦးသန်းအောင် - အဖွဲ့ဝင်၊ (၇) ဦးနေဝင်း - အဖွဲ့ဝင်၊ (၈) ဦးသိန်းထိုက်ဦး - အဖွဲ့ဝင်၊ (၉) ဦးကျော်လှိုင် -အဖွဲ့ဝင်၊ (ဟိတေသီအဖွဲ့) (၁၀) ဦးမြင့်အောင် - အဖွဲ့ဝင်၊ (ဆိပ်ခွန်)၊ (၁၁) ဦးချစ် - အဖွဲ့ဝင်၊ (မန္တလေး) (၁၂) ဦးစိုးမြင့် - အဖွဲ့ဝင် (တောင်ဝိုင်းလေး)



၁၂။ **ရာပြည့်အထိမ်းအမှတ် ပစ္စည်းများပြုလုပ်ရေးအဖွဲ့**

(၁) ဦးချိန်ဆိုင် - အဖွဲ့ခေါင်းဆောင်၊ (၂) ဦးလှမြင့် - အတွင်းရေးမှူး၊ (၃) ဦးသူရိန်ထွန်း - အဖွဲ့ဝင်၊ (၄) ဦးတင်သိန်း - အဖွဲ့ဝင်၊ (၅) ဦးဖုန်းမြင့် - အဖွဲ့ဝင်၊ (၆) ဦးရဲထွန်းအောင် - အဖွဲ့ဝင်၊ (၇) ဦးအေးမြင့် - အဖွဲ့ဝင်၊ (ဟိတေသီအဖွဲ့) (၈) ဦးထွန်းသိန်း - အဖွဲ့ဝင်၊ (မန္တလေးရိပ်သာ)၊ (၉) ဒေါ်ခင်နွဲ့ရီ - အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့) (၁၀) ဒေါ်အေးသန့် - အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊

၁၃။ **ရေ – မီး – မိလက္ခာအဖွဲ့**

(၁)ဦးသန်းအောင် - အဖွဲ့ခေါင်းဆောင်၊ (၂) ဦးကျော်မြင့်သန်း - အတွင်းရေးမှူး၊ (၃) ဦးဝင်းရွှေ - အဖွဲ့ဝင်၊ (၄) ဦးသန်းအေး - အဖွဲ့ဝင်၊ (၅) ဦးနေဝင်း - အဖွဲ့ဝင်၊ (၆) ဦးဝင်းကြည်မ - အဖွဲ့ဝင်၊ (ဟိတေသီအဖွဲ့)

၁၄။ **လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့**

(၁) ဦးလှငွေ - အဖွဲ့ခေါင်းဆောင်၊ (၂) ဦးမျိုးဝေ - အတွင်းရေးမှူး၊ (၃) ဦးသန်းအောင် - အဖွဲ့ဝင်)၊ (၄) ဦးမြင့်အောင်-အဖွဲ့ဝင်၊ (ဟိတေသီအဖွဲ့)၊ (၅) ဦးနု - အဖွဲ့ဝင်၊ (ဟိတေသီအဖွဲ့)၊ (၆) ဦးစိုးသိမ်း - (ဟိတေသီအဖွဲ့)၊ (၇) ဒေါ်ကြည်ကြည် - အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့)၊ (၈) ဒေါ်ရီရီခင် - အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေး အဖွဲ့)၊ (၉) ဒေါ်ခင်ဝင်း - အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)

၁၅။ **ညှိခံကျွေးမွေးရေးအဖွဲ့**

(၁) ဦးကိုကို - အဖွဲ့ခေါင်းဆောင်၊ (၂) ဦးချိန်ဆိုင် - အတွင်းရေးမှူး၊ (၃) ဦးအောင်ခင် - အဖွဲ့ဝင်၊ (၄) ဦးလှမြင့် - အဖွဲ့ဝင်၊ (၅) ဦးတင်ရွှေ - အဖွဲ့ဝင်၊ (ဟိတေသီအဖွဲ့)၊ (၆) ဒေါ်မြတင် - အဖွဲ့ဝင် (ဟိတေသီအဖွဲ့)၊ (၇) ဒေါ်တင်တင်ရီ - အဖွဲ့ဝင်၊ (ဟိတေသီအဖွဲ့)၊ (၈) ဒေါ်သန်းညွန့် - အဖွဲ့ဝင်၊ (ဟိတေသီအဖွဲ့)၊ (၉) ဒေါ်ရင်မေ - အဖွဲ့ဝင်၊ (ဟိတေသီအဖွဲ့)၊ (၁၀) ဒေါ်လှမြင့် - အဖွဲ့ဝင်၊ (ဟိတေသီအဖွဲ့)၊ (၁၁) ဒေါ်စမ်းစမ်း - အဖွဲ့ဝင်၊ (ဟိတေသီအဖွဲ့)၊ (၁၂) ဒေါ်တင်ဦး - အဖွဲ့ဝင်၊ (ဟိတေသီအဖွဲ့)၊ (၁၃) ဒေါ်အုန်းနွဲ့ - အဖွဲ့ဝင် (ဆိပ်ခွန်ရိပ်သာ)၊ (၁၄) ဦးကြင်သိန်း - အဖွဲ့ဝင်၊ (မန္တလေးရိပ်သာ)၊ (၁၅) ဦးစိုးမြင့် - အဖွဲ့ဝင်၊ (တောင်ဝိုင်းလေးရိပ်သာ)၊ (၁၆) ဒေါ်ခင်နွဲ့ရီ - အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၁၇) ဒေါ်ရွှကြူ-အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၁၈) ဒေါ်ကျင်လွမ်-အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၁၉) ဒေါ်စမ်းကြူ-အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့)၊ (၂၀) ဒေါ်ခင်ခင်လှ - အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေး အဖွဲ့)၊ (၂၁) ဒေါ်ရီရီခင်-အဖွဲ့ဝင်၊(အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၂၂) ဒေါ်လှကျင် -အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၂၃) ဒေါ်ကျင်တွမ်-အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၂၄) ဒေါ်ကြည်ကြည်-အဖွဲ့ဝင် (အမျိုးသမီးယောဂီ စောင့် ရှောက်ရေးအဖွဲ့)၊ (၂၅) ဒေါ်မြသင်-အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၂၆) ဒေါ်မြမြစိန် - အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၂၇) ဒေါ်ကျင်ဝိုင်း - အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊



(၂၈) ဒေါ်စိစိတင်-အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၂၉) ဒေါ်အေးသန့်-အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၃၀) ဒေါ်သန်းသန်း - အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၃၁) ဒေါ်ယုယု - အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၃၂) ဒေါ်ကျင်မို့ - အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၃၃) ဒေါ်အမာကြူ-အဖွဲ့ဝင်၊ (အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၃၄) ဒေါ်ခင်လှိုင်-အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက် ရေးအဖွဲ့)၊ (၃၅) ဒေါ်သန်းသန်း-အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၃၆) ဒေါ်ခင်စိန်-အဖွဲ့ဝင် (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၃၇) ဒေါ်ခင်မေယု-အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၃၈) ဒေါ်ခင်ဝင်း (စစ်ကိုင်း)-အဖွဲ့ဝင်၊ (အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၃၉) ဒေါ်စပယ် (စစ်ကိုင်း)-အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၄၀) ဒေါ်လှရီ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့) ဆွမ်းကွမ်းအကွင်းရေးမှူး၊ (၄၁) အမျိုးသမီးအဖွဲ့ဝင်အားလုံး–အဖွဲ့ဝင်၊ (၄၂) ဆွမ်းကွမ်းဝေယျာဝစ္စအားလုံး--အဖွဲ့ဝင်။

၁၆။ **ကျန်းမာသန့်ရှင်းရေးအဖွဲ့**

(၁) ဒေါက်တာ ဦးအောင်ခင်-အဖွဲ့ခေါင်းဆောင်၊ (၂) ဒေါက်တာ ဦးကျော်မြင့်- အတွင်း ရေးမှူး၊ (၃) ဒေါက်တာ ဒေါ်ပိုပို-အဖွဲ့ဝင်၊ (၄) ဒေါက်တာ ဦးလှမြင့်အောင်-အဖွဲ့ဝင်၊ (၅) ဒေါက်တာဒေါ်သက်တင်စိန် - အဖွဲ့ဝင်၊ (၆)ဒေါက်တာ ဒေါ်သန်းနွဲ့ - အဖွဲ့ဝင်၊ (၇) ဆရာမကြီး ဒေါ်စိန်စိန် - အဖွဲ့ဝင်၊ (၈)ဦးစံမြင့် - အဖွဲ့ဝင်၊ (ဟိတေသီအဖွဲ့)၊ (၉) ဦးအုန်းသွယ် - အဖွဲ့ဝင်၊ (ဟိတေသီအဖွဲ့)၊ (၁၀) ဒေါ်ခင်ခင်ထား - အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)၊ (၁၁) ဒေါ်ခင်ဝင်း - အဖွဲ့ဝင်၊ (အမျိုးသမီးယောဂီစောင့်ရှောက် ရေးအဖွဲ့)၊

၁၇။ **မှတ်တမ်းအထိမ်းအမှတ် "သမိုင်းမှတ်တမ်းအချက်အလက်" ရှာဖွေစုဆောင်းရေးအဖွဲ့ငယ်**

(၁) ဦးထွန်းရည် - အဖွဲ့ခေါင်းဆောင်၊ (၂) ဦးစိုးဝင်း - အတွင်းရေးမှူး၊ (၃) ဦးဝင်းထိန် - အဖွဲ့ဝင်၊ (၄) ဦးဖုန်းမြင့် - အဖွဲ့ဝင်၊ (၅) ဦးရဲထွန်းအောင် - အဖွဲ့ဝင်၊ (၆) ဦးလှမြင့် - အဖွဲ့ဝင်၊ (၇) ဒေါက်တာ ဦးကျော်မြင့် - အဖွဲ့ဝင်၊ (၈) ဦးတင်သိန်း - အဖွဲ့ဝင်၊ (၉) ဦးသူရိန်ထွန်း - အဖွဲ့ဝင်၊ (၁၀) ဦးလှငွေ - အဖွဲ့ဝင်၊ (၁၁) ဦးအုန်းမောင် - အဖွဲ့ဝင်၊ (၁၂) ဦးသိန်းထိုက်ဦး - အဖွဲ့ဝင်၊

၁၈။ **ရာပြည့်အထိမ်းအမှတ် "မှတ်တမ်းရိုက်ကူး" ထုတ်လုပ်ရေးအဖွဲ့ငယ်**

(၁)ဦးစိုးထိုက်အောင် - အဖွဲ့ခေါင်းဆောင်၊ (၂) ဦးရဲထွန်းအောင် - အတွင်းရေးမှူး၊ (၃) ဦးဝင်းထိန် - အဖွဲ့ဝင်၊ (၄) ဦးတင့်စိုးလင်း - အဖွဲ့ဝင်၊ (၅) ဦးဖုန်းမြင့် - အဖွဲ့ဝင်။

❖ ❖ ❖



ပြည်ထောင်စုမြန်မာနိုင်ငံတော်

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

ဤအဖွဲ့ချုပ်ကြီးကို မြန်မာသက္ကရာဇ် ၁၃၀၉-ခုနှစ်၊ နတ်တော်လဆန်း (၁)ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၄၇-ခုနှစ်၊ နိုဝင်ဘာလ (၁၃)ရက်နေ့၌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏နေအိမ်တွင် စည်းဝေးတည်ထောင်ခဲ့ပါသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ ရည်ရွယ်ချက်များမှာ (၁) ဗုဒ္ဓသာသနာတော်သန့်ရှင်း ပြန့်ပွားစေခြင်းငှာ ဆောင်ရွက်ခြင်း၊ (၂) ပရိယတ္တိ, ပဋိပတ္တိသာသနာတော်ကြီးများကို ချီးမြှင့် ဆောင်ရွက်ခြင်း တို့ဖြစ်ပါသည်။

ပရိယတ္တိသာသနာတော်အား အစွမ်းကုန် ချီးမြှင့်ရန်အတွက် တိပိဋကရွေးချယ်ပွဲကြီးကို ၁၃၁၀-ခုနှစ်၊ တပို့တွဲလဆန်း (၆) ရက်နေ့တွင် စတင်ကျင်းပခဲ့ပါသည်။

ပဋိပတ္တိသာသနာတော်အတွက် ဝိပဿနာတရားအားထုတ်ရာ သာသနာ့ရိပ်သာကြီး တည်ထောင်ဖွင့်လှစ်၍ ပရိယတ် ပဋိပတ် (၂)ဘက်စွယ်စုံရ မဟာစည်ဆရာတော်ဘုရားကြီးအား ပင့်ဆောင်၍ သတိပဋ္ဌာန်တရားရှုမှတ်ပွားများပုံကို ၁၃၁၁-ခုနှစ်၊ နတ်တော်လပြည့်နေ့မှစတင်၍ ဟောကြားပြသပေးခဲ့ပါသည်။



စတင်တည်ထောင်ခဲ့သောပုဂ္ဂိုလ်များမှာ - ၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတကြီး အဂ္ဂမဟာသီရိသုဓမ္မ စပ်ရွှေသိုက်၊ ၂။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၊ ၃။ သူဌေးကြီး သတိုးသီရိသုဓမ္မဆာဦးသွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့.ချုပ်ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့.ဥက္ကဋ္ဌ၊ ၄။ ကျောင်းကုန်းမြို့ စက်သူဌေးကြီး ဦးသာထက်၊ ၅။ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး၊ သတိုးမဟာသရေစည်သူ ဟသ်ာတဦးမြ၊ ၆။ ကုန်သည်ကြီး ဦးအုန်းဆိုင်၊ ၇။ မြန်မာ့အလင်းဝန်ကြီး ဦးတင်၊ ၈။ ကုန်သည်ကြီး ဦးထင်ဘွား၊ ၉။ နိုင်ငံတော်အစိုးရဝန်ကြီး ဗိုလ်ဖိုးကွန်း၊ ၁၀။ နိုင်ငံတော်အစိုးရဝန်ကြီး ဦးဗကျမ်း၊ ၁၁။ နိုင်ငံတော် ဌေစာရင်းမင်းကြီး ဦးဘခင်၊ ၁၂။ အမြတ်တော်ခွန်မင်းကြီး ဦးစံသိန်းတို့ဖြစ်ပါသည်။

ဤအဖွဲ့.ချုပ်ကြီးတွင် ဆက်လက်၍ နှစ်အလိုက် တာဝန်ထမ်းဆောင်ကြသော အမှုဆောင်လူကြီးများမှာ - **နာယကလူကြီးမင်းများ** - ၁။ ဦးစံမောင် (တရားရေးဝန်ကြီး-ငြိမ်း) (၁၉၉၇-၉၁)၊ ၂။ မြန်အောင် ဦးတင် (၁၉၉၇)၊ ၃။ စည်သူဦးညီပု (၁၉၇၇)၊ ၄။ ဦးချစ်ဖေ (ယိုးဒယား) (၁၉၈၂-၈၅)၊ ၅။ ဦးထွန်းရင် (၁၉၉၂)၊ ၆။ မင်္ဂလာ ဦးအောင်မြင့် (၁၉၉၂-၉၃)၊ ၇။ ဦးမင်းဆွေ (၁၉၉၄)၊ ၈။ ဦးသိန်းဟန် (၁၉၉၈-၂၀၀၀)၊ ၉။ ဦညီမောင် (၂၀၀၂-)၊ ၁၀။ ဦးချုသန်း (၂၀၀၃-)၊ ၁၁။ ဦးကြင် (၂၀၀၃-)၊ **ဥက္ကဋ္ဌကြီးများ** -၁။ သတိုးသီရိသုဓမ္မ ဆာဦးသွင် (၁၉၄၇-၆၃)၊ ၂။ ဦးဘခင် (ချုပ်သင်း) (၁၉၆၃-၇၂)၊ ၃။ ဦးတင် (မြန်အောင်) (၁၉၇၂-၇၃)၊ ၄။ ဦးချစ်ဖေ (ယိုးဒယား) ၁၉၇၂-၇၃)၊ ၅။ စည်သူ ဦးညီပု (၁၉၇၃-၁၉၇၆)၊ ၆။ ဦးပွင့်ကောင်း (၁၉၇၆-၉၃)၊ ၇။ ဦးလှကြိုင် (ဗန်းမော်) (၁၉၉၃)-၁၉၉၉)၊ ၈။ ဦးတင်ဝမ် (၁၉၉၉)၊ **ဒုဥက္ကဋ္ဌများ** - ၁။ ဦးမြ (ဟသ်ာတ) (၁၉၄၇-၆၃)၊ ၂။ ဦးဘမောင် (၁၉၆၃-၆၆)၊ ၃။ ဦးစံမောင် (တရားဝန်ကြီး) (၁၉၆၆-၆၉)၊ ၄။ ဦးတင် (မြန်အောင်) (၁၉၆၉-၇၂)၊ ၅။ စည်သူ ဦးညီပု (၁၉၇၂-၇၃)၊ ၆။ ဦးချစ်ဖေ (ယိုးဒယား) (၁၉၇၃-၇၅)၊ ၇။ ဒေါက်တာ ဦးဘလေး (၁၉၇၅-၈၃)၊ ၈။ ဦးလှကြိုင် (ဗန်းမော်) (၁၉၈၃-၉၃)၊ ၉။ ဦးတင်ဝမ် (၁၉၉၃-၉၉)၊ ၁၀။ ဦးဝင်းထိန် (၁၉၉၉-၂၀၀၀)၊ ၁၁။ ဦးချုသန်း (၂၀၀၀-၀၁)၊ ၁၂။ ဦးဝင်းထိန် (၂၀၀၃)၊ **ဒု ဥက္ကဋ္ဌ (၂) များ**-၁။ ဦးဘတင် (ချုပ်သင်း) (၁၉၄၇-၆၃)၊ ၂။ ဦးစံမောင် (တရားဝန်ကြီး) (၁၉၆၃-၆၆)၊ ၃။ ဦးတင် (မြန်အောင်) (၁၉၆၆-၆၉)၊ ၄။ ဦးဘသွင် (ဆရာဝန်ကြီး) (၁၉၆၉-၇၂)၊ ၅။ ဦးဦးခိုင် (၁၉၇၂-၇၃)၊ ၆။ ဦးသိန်းဟန် (တရား သူကြီး) (၁၉၇၂-၇၃)၊ (၇။ ဒေါက်တာ ဦးဘလေး (၁၉၇၃-၇၅)၊ ၈။ ဦးဦးခိုင် (၁၉၇၅-၈၀)၊ ၉။ ဦးကျော်သောင်း (၁၉၈၀-၈၃)၊ ၁၀။ ဒေါက်တာ ဦးတင်အောင် (၁၉၈၃-၈၆)၊ ၁၁။ ဦးတင်ဝမ် (၁၉၈၇-၉၃)၊ ၁၂။ ဦးဝင်းထိန် (၁၉၉၄-၉၉)၊ ၁၃။ ဦးချုသန်း (၁၉၉၉-၂၀၀၀)၊ (၁၅။ ဒေါက်တာ ဦးတင့်စိုးလင်း (၂၀၀၃-)၊ **အတွင်းရေးမှူးများ** ၁။ ဦးစံသိန်း (၁၉၄၇-၆၃)၊ ၂။ ဦးသိန်းအောင် (၁၉၆၃-၇၄)၊ ၃။ ဦးသိန်းဟန် (၁၉၇၄-၇၆)၊ ၄။ ဦးမင်းဆွေ (၁၉၇၆-၈၄)၊ ၅။ ဦးတိုက်စိုး (၁၉၈၄-)၊ **တွဲဖက်အတွင်းရေးမှူးများ** ၁။ သီရိပျံချီ ဦးသန်းစိန် (၁၉၄၇-၆၃)၊ ၂။ ဝဏ္ဏကျော်ထင်ဦးလှစိန် (၁၉၆၃-၇၂)၊ ၃။ ဦးသိန်းအောင် (၁၉၇၂-၇၄)၊ ၄။ ဦးညီမောင် (၁၉၇၄-၇၅)၊ ၅။ ဦးမင်းဆွေ + ဦးစောမြအောင် (၁၉၇၅-၇၆)၊ ၆။ ဦးမျိုးတင့်

(၁၉၇၆-၇၈)၊ ၇။ ဦးလေးမောင် (၁၉၇၈-၁၉၇၉)၊ ၈။ ဦးထွန်းရင် (၁၉၇၉-၈၀)၊ ၉။ ဦးတိုက်စိုး (၁၉၈၀-၈၄)၊ ၁၀။ ဦးတင်ဝမ် (၁၉၈၄-၈၇)၊ ၁၁။ ဦးဖုန်းမြင့် (၁၉၈၇)၊ **ဘဏ္ဍာရေးမှူးများ**-၁။ ဦးအုန်းဆိုင် (၁၉၄၇-၄၂)၊ ၂။ ဦးညိုမောင် (၁၉၄၂-၄၄) ၃။ ဦးလှထွန်း (၁၉၄၄-၄၅) ၄။ ဦးပွင့်ကောင်း (၁၉၄၅-၄၆) ၅။ ဦးသိန်းဟန် (၁၉၄၆-၉၇) ၆။ ဦးကျော်ဇော (၁၉၉၇-)။ **စာရင်းစစ်များ** - ၁။ ဦးဘခင် (၁၉၄၇-၆၃) ၂။ ဝဏ္ဏကျော်ထင် ဦးရှိန် (၁၉၆၃-၆၆) ၃။ ဦးအုန်းလွင် (၁၉၆၆-၇၅) ၄။ ဦးလှထွန်း (၁၉၇၅-၇၇) ၅။ ဦးသိန်း အောင် (၁၉၇၇-၇၈) ၆။ ဦးလှထွန်း (၁၉၇၈-၇၉) ၇။ ဦးကိုကိုကြီး (၁၉၇၉-၈၁) ၈။ ဦးကြင် (၁၉၈၁-၀၃) ၉။ ဦးချိန်ဆိုင် (၂၀၀၃-)။

ဟိတေသိအဖွဲ့

ဤအဖွဲ့ကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ စည်းမျဉ်းအပိုဒ် (၁၃) ခွဲ ၁/၂ နှင့်အညီ မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် သြဝါဒပေး၍ ၁၃၂၇-ခု၊ တန်ခူးလပြည့်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ဤအဖွဲ့သည် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ သြဝါဒနှင့်အညီ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူလျက် အတ္တ ပရဟိတ ပဋိပန္နဖြစ်သော မိမိတို့ကိုယ်တိုင် တရားအားထုတ်ခြင်း၊ တရားအားထုတ်လိုသော ယောဂီအပေါင်း မဂ်ဖိုလ်နိဗ္ဗာန်ထိ ချမ်းသာစွာ အားထုတ်နိုင်အောင် တိုက်တွန်းနှိုးဆော် ထောက်ပံ့အားပေးခြင်းဟူသော သာသနာချီးမြှင့်ရေးတာဝန်များကို ကုသိုလ်တော် (၇)ရပ်ဖြင့် ဘက်စုံအကောင်အထည်ဖော်လျက်ရှိပါသည်။

ဤအဖွဲ့၏ **နာယကကြီးများမှာ** - ၁။ ဦးပွင့်ကောင်း (၁၉၇၇-၉၄)၊ ၂။ ဒေါက်တာ ဦးဘကလေး (၁၉၇၇-၈၄)၊ ၃။ ဦးကြင်ပို့ (၁၉၇၇-၈၂)၊ ၄။ ဦးသွင် (၁၉၇၇-၉၁)၊ ၅။ ဆရာကျော် (၁၉၇၇-၇၈)၊ ၆။ ဦးမောင်တိုး (၁၉၇၈-၈၈)၊ ၇။ ဦးနု (၁၉၈၂-၉၁)၊ ၈။ ဦးလှကြိုင် (၁၉၈၄-၉၈)၊ ၉။ ဦးမောင်ထန် (၁၉၈၆-၉၁)၊ ၁၀။ ဦးတင်ဝမ် (၁၉၈၇-)၊ ၁၁။ ဦးချစ်ထွန်း (၁၉၉၂-)၊ ၁၂။ ဦးဝင်းထိန် (၁၉၉၄-)၊ ၁၃။ ဦးလှဖေ (၁၉၉၇-)၊ ၁၄။ ဦးဘတင် (၁၉၉၇-)၊ ၁၅။ ဦးချွေသန်း (၁၉၉၉-၂၀၀၃)၊ ၁၆။ ဒေါက်တာဦးတင့်စိုးလင်း (၂၀၀၃-)

ဤအဖွဲ့တွင် နှစ်အလိုက်တာဝန်ထမ်းဆောင်ကြသော **ဥက္ကဋ္ဌကြီးများမှာ** - ၁။ ဦးဘညိန် (၁၉၆၆-၆၇)၊ ၂။ ဦးထွန်းလှိုင် (၁၉၆၇-၆၈)၊ ၃။ ဦးဘ (၁၉၆၈-၆၉)၊ ၄။ ဗိုလ်မှူးသိန်းမောင် (၁၉၆၉-၇၀)၊ ၅။ ဦးချစ်ဖေ (၁၉၇၀-၇၂) (၁၉၇၄-၇၈)၊ ၆။ ဦးမောင်တိုး (၁၉၇၂-၇၃) (၁၉၇၇-၇၈)၊ ၇။ ဆရာကျော် (၁၉၇၃-၇၄)၊ ၈။ ဦးမောင်ထန် (၁၉၇၈-၈၀) (၁၉၈၁-၈၆)၊ ၉။ ဦးသိန်းတင် (၁၉၈၀-၈၁)၊ ၁၀။ ဦးချစ်ထွန်း (၁၉၈၆-၉၂)၊ ၁၁။ ဦးကျော် (၁၉၉၂-၉၆)၊ ၁၂။ ဦးလှဖေ (၁၉၉၆-၉၇)၊ ၁၃။ ဦးကျော် (၁၉၉၇-)။ **ဒု-ဥက္ကဋ္ဌ (၁)များ** - ၁။ ဦးသွင် (၁၉၆၈-၆၉) (၁၉၇၂-၇၃)၊ ၂။ ဦးမောင်ထန် (၁၉၇၇-၇၈)၊ ၃။ ဦးသိန်းတင် (၁၉၇၈-၈၀)၊ ၄။ ဦးဘတင် (၁၉၈၁-၈၆) (၁၉၈၇-၉၇)၊ ၅။ ဦးညွှန့်အောင် (၁၉၈၆-၈၇)၊ ၆။ ဦးအောင်သန်း (၁၉၉၇-၉၈)၊ ၇။ ဦးစိန်ဝင်း (၁၉၉၈-၉၉)၊ ၈။ ဦးလှမောင် (၁၉၉၉)၊ **ဒုဥက္ကဋ္ဌ(၂)များ** ၁။ ဦးဘရှိန် (၁၉၇၇-၇၈)၊ ၂။ ဦးတင်အောင် (၁၉၇၈-၈၀)၊



၃။ ဦးချစ်ထွန်း (၁၉၈၂-၈၆)၊ ၄။ ဦးဘတင် (၁၉၈၆-၈၇)၊ ၅။ ဦးလှဖေ (၁၉၈၇-၉၆)၊ ၆။ ဦးလှမောင် (၁၉၉၇-၉၉)၊ ၇။ ဦးတင်အေး (၁၉၉၉-၂၀၀၁)၊ ၈။ ဦးဝင်းဆွေ (၂၀၀၁-၀၄)။ **အတွင်းရေးမှူးများ** - ၁။ ဦးလှထွန်း (၁၉၆၇-၆၉)၊ ၂။ ဦးအောင်သိန်း (၁၉၆၉-၇၁)၊ ၃။ ဦးအေးမောင်ကြီး (ဓမ္မာစရိယ) (၁၉၇၁-၇၂)၊ ၄။ ဦးအေးမောင်ကြီး (မီးရထား) (၁၉၇၃-၇၄)၊ ၅။ ဦးဘသန်း (လှိုင်) (၁၉၇၄-၇၅)၊ ၆။ ဦးအေးမောင် (၁၉၇၅-၇၆)၊ ၇။ ဦးအေးမောင်လေး (ဦးကွန္ဒာစရိယ) (၁၉၇၆-၇၇)၊ ၈။ ဦးကိုကိုကြီး (၁၉၇၇-၇၈)၊ ၉။ ဦးတင်အောင် (၁၉၇၇-၇၈)၊ ၁၀။ ဦးညွန့်အောင် (၁၉၇၈-၈၆)၊ ၁၁။ဦးစိန်ဘာဘူ (၁၉၈၆-၈၉) ၁၂။ ဦးကျော် (၁၉၈၉-၉၀) (၁၉၉၁-၉၂)၊ ၁၃။ ဦးအောင်သန်း (၁၉၉၀-၉၁) (၁၉၉၂-၉၅)၊ ၁၄။ ဦးစိန်ဝင်း (၁၉၉၅-၉၆)၊ ၁၅။ ဦးဝင်းဆွေ (၁၉၉၆-၂၀၀၁)၊ ၁၆။ ဦးတင်ရွှေ (၂၀၀၁-)။ **တွဲဘက် အတွင်းရေးမှူးများ** -၁။ ဦးမြသောင်း (၁၉၆၇-၆၈)၊ ၂။ ဒေါ်အေးစု (၁၉၆၇-၆၈)၊ ၃။ ဒေါ်တင်တင်မြ (၁၉၇၇-၈၅)၊ ၄။ ဒေါ်ခင်အိ (၁၉၇၇-၇၈)၊ ၅။ ဦးသန်းအောင် (၁၉၈၅-၈၉)၊ ၆။ ဦးအောင်သန်း (၁၉၈၉-၉၀) (၁၉၉၁-၉၂)၊ ၇။ ဦးကျော် (၁၉၉၀-၉၁)၊ ၈။ ဦးတင်အေး (၁၉၉၂-၉၅)၊ ၉။ ဦးတင်ရွှေ (၁၉၉၆-၂၀၀၁)၊ ၁၀။ ဦးမြအောင် (၂၀၀၁-)၊ **ဘဏ္ဍာရေးမှူးများ**-၁။ ဦးအေးမောင် (၁၉၆၇-၇၈)၊ ၂။ ဦးဘရှိန်း (၁၉၇၅-၇၆)၊ ၃။ ဒေါ်ခင်အိ (၁၉၇၈-၈၀)၊ ၄။ ဦးတင်မောင် (၁၉၈၀-၈၁)၊ ၅။ ဦးတင်အောင် (၁၉၈၁-၂၀၀၁)၊ ၆။ ဦးကျော်လှိုင် (၂၀၀၁)၊ **စာရင်းစစ်များ** - ၁။ ဦးအုန်းခိုင် (၁၉၆၇-၆၈)၊ ၂။ ဦးသာဒိုးအောင် (၁၉၇၅-၇၆)၊ ၃။ ဦးစောလှဖြူ (၁၉၇၇-၇၈)၊ ၄။ ဦးဘသန်း (၁၉၇၇-၇၈)၊ ၅။ ဦးသန်းအောင် (၁၉၇၈-၈၁)၊ ၆။ ဦးဘတင် (၁၉၇၈-၈၀)၊ ၇။ ဦးစိန်ဘာဘူ (၁၉၈၁-၈၆)၊ ၈။ ဦးလှဖေ (၁၉၈၆-၈၇)၊ ၉။ ဦးအောင်သန်း (၁၉၈၇-၈၉)၊ ၁၀။ ဦးလွယ်စံ (၁၉၈၉-၂၀၀၁)၊ ၁၁။ ဦးစံမြင့် (၂၀၀၁-)

အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့

ဤအဖွဲ့ကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ စည်းမျဉ်းအပိုဒ် (၁၃) အပိုဒ်ခွဲ (၁-၂)တို့နှင့် အညီ မဟာစည်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ဩဝါဒပေး၍ ၁၃၄၀-ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ဤအဖွဲ့သည် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ဩဝါဒတော် အတိုင်း ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူလျက် မိမိတို့ကိုယ်တိုင် လှုဒါန်းခြင်း၊ အလှူရှင်အပေါင်းအား စိတ်ချမ်းမြေ့စွာ လှုဒါန်းနိုင်ရန် နှိုးဆော်တိုက်တွန်း အကျိုးဆောင်ပေးခြင်း၊ နိဗ္ဗဒဆွမ်းကွမ်းတာဝန် အစရှိသော ရဟန်း ယောဂီအပေါင်းတို့ မဂ်ဖိုလ်ဝင် နိဗ္ဗာန်မြင်သည်ထိ ချမ်းသာစွာ အားထုတ်နိုင်စေရေး၊ သာသနာ့ဝန်များ ထမ်းဆောင်လျက်ရှိပါသည်။

ဤအဖွဲ့၏ နှစ်အလိုက် တာဝန်ထမ်းဆောင်ကြသော **နာယကကြီးများမှာ** ၁။ ဒေါ်သန်းသန်း (၁၉၇၈-၈၉)၊ ၂။ ဒေါ်ဒေါ်အုန်း (၁၉၇၉-၈၉)၊ ၃။ ဒေါ်မမကြီး (၁၉၇၉-၉၀)၊ ၄။ ဒေါ်အုန်းကြည် (၁၉၇၉-၉၁)၊ ၅။ ဒေါ်တင်တင် (၁၉၇၉-၉၀)၊ ၆။ ဒေါ်ချစ်တင် (၁၉၈၀-၈၄)၊ ၇။ ဒေါ်ယဉ်ယဉ် (မန္တလေး) (၁၉၈၀-၂၀၀၀)၊ ၈။ ဒေါ်လှကြည် (၁၉၈၃-၁၉၉၈)၊ ၉။ ဒေါ်တင်ရီ (၁၉၈၆-၉၈)၊



၁၀။ ဒေါ်ဒေါ်မြင့် (၁၉၈၇-၂၀၀၃)၊ ၁၁။ ဒေါ်ဖွားကြည် (၁၉၉၀-၉၇)၊ ၁၂။ ဒေါ်နန်းမုတ် (၁၉၉၀-၉၈)၊ ၁၃။ ဒေါ်ခင်အေးကြည် (၁၉၉၀-၉၅)၊ ၁၄။ ဒေါက်တာ ဒေါ်မြမြအေး (၁၉၈၂-၈၆)၊ ၁၅။ ဒေါ်မျိုးသိမ့် (၁၉၈၄-)၊ ၁၆။ ဒေါ်ထားထား (၁၉၈၆-)၊ ၁၇။ ဒေါ်ခင်ညွန့် (တိ/နိ) (၁၉၉၀-)၊ ၁၈။ ဒေါ်ခင်မြင့်မြင့် (၁၉၉၀-)၊ ၁၉။ ဒေါက်တာ ဒေါ်မြမြအေး (၁၉၈၆-၉၀)၊ ၂၀။ ဒေါ်ကြင်ကုတ် (မုံရွာ) (၁၉၉၁-)၊ ၂၁။ ဒေါ်ခင်မြင့်မြင့် (ဇီဝိတ) (၁၉၉၁-)၊ ၂၂။ ဒေါ်ကျင်ဥ (သုံးဆယ်)၊ (၁၉၉၁-)၊ ၂၃။ ဒေါ်ဖွားမေ (၁၉၉၃-)၊ ၂၄။ ဒေါ်ဝင်းကြည် (၁၉၉၅-)၊ ၂၅။ ဒေါ်ကျင်အေး (၁၉၉၅-)၊ ၂၆။ ဒေါ်အမာကြည် (၂၀၀၂-)၊ **ဥက္ကဋ္ဌကြီးများ** - ၁။ ဒေါ်အေးကြည် (၁၉၇၈-၈၂)၊ ၂။ ဒေါက်တာ ဒေါ်မြမြအေး (၁၉၈၆-၉၀)၊ ၃။ ဒေါ်မမကြီး (၁၉၉၀-)၊ **ဒုဥက္ကဋ္ဌ (၁) များ** - ၁။ ဒေါ်ခင်နွဲ့ရီ (၁၉၇၈-)၊ **ဒုဥက္ကဋ္ဌ(၂) များ** - ၁။ ဒေါ်တင်ရီ (၁၉၇၈-၈၆)၊ ၂။ ဒေါ်ကျင်မြ (၁၉၈၆-၉၀)၊ ၃။ ဒေါ်လှကြည် (၁၉၉၀-၉၈)၊ ၄။ ဒေါ်ရွှကြွ (၁၉၉၈-)၊ **အတွင်းရေးမှူးများ** - ၁။ ဒေါ်ကြည်ကြည်သန်း (၁၉၇၈-၈၁))၊ ၂။ ဒေါ်အဖိန်း (၁၉၈၁-၈၈)၊ ၃။ ဒေါ်တင်တင် (၁၉၉၀-၀၂)၊ ၄။ ဒေါ်ခင်ခင်ထား (၂၀၀၂-)၊ ၅။ ဒေါ်ခင်ဝင်း (၂၀၀၂-)၊ **အတွင်းရေးမှူး (၂) များ** - ၁။ ဒေါ်စောယဉ်ဝင်း (၁၉၈၃-၉၀)၊ ၂။ ဒေါ်ခင်ဝင်း (၁၉၉၀-၀၂)၊ **ဘဏ္ဍာရေးမှူးများ** - ၁။ ဒေါ်ချမ်း (၁၉၇၈-၉၁)၊ ၂။ ဒေါ်အုန်းကြည် (၁၉၉၁-၉၉)၊ ၃။ ဒေါ်အေးအေးကြည် (၁၉၉၉-)၊ **စာရင်းစစ်များ** - ၁။ ဒေါ်အေးကြိုင် (၁၉၇၈-၇၉)၊ ၂။ ဒေါက်တာ ကေမြရီ (၁၉၇၉-၉၀)၊ ၃။ ဒေါ်ညွန့်မေ (၁၉၉၀-၉၈)၊ ၄။ ဒေါ်ရွှစိန် (၁၉၉၈-)

❖ ❖ ❖





မဟာစည်ပဒီပတ္တိသာသနာဝင်

မြန်မာသက္ကရာဇ် ၁၃၁၁-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၆)ရက်၊ (၁၆-၁၁-၄၉) နေ့တွင် မဟာစည်ဆရာတော် ဘဒ္ဒန္တသောဘနမထေရ်မြတ်သည် ရန်ကုန်မြို့၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ ပင့်ဆောင်ကိုးကွယ်၍ ရန်ကုန်သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူလာပြီး ၁၃၁၁-ခုနှစ်၊ နတ်တော်လပြည့်နေ့ (၄-၁၂-၄၉)နေ့တွင် မဟာသတိပဋ္ဌာန် အလုပ်ပေးတရားတော်ကို စတင်ဟောကြား ညွှန်ပြတော်မူပါသည်။

၁၃၁၁-ခုနှစ်မှ ၁၃၄၄-ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် (၁၀)ရက် (၁၄-၈-၈၂)နေ့ စံလွန်တော်မူသည့်နေ့ထိ (၃၃) ဝါတိုင်တိုင် သာသနာ့ရိပ်သာတွင်သာ သီတင်းသုံးလျက် မဟာစည်နိကာယ၏ အဓိပတိဦးသျှောင် ဩဝါဒါစရိယအဖြစ်ဖြင့် ဗုဒ္ဓမြတ်စွာဘုရား၏ အပွဟာဒမည်ငြား မဟာသတိပဋ္ဌာန် ဝိပဿနာတရား ဟောကြားပြသမှုတည်းဟူသော ပဋိပတ္တိသာသနမဏ္ဍိုင်ကြီးကို ကမ္ဘာကျော်အောင်စိုက်ထူကာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးတစ်ပါးတည်း ဦးစီးခေါင်းဆောင်အုပ်ချုပ်၍ သာသနာပြုတော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်းများကို ပိုမိုပြည့်စုံ တိုးတက်စေခြင်းအလို့ငှာ ရွှေဘိုခရိုင်၊ ဝက်လက်မြို့၊ မစိုးရိမ်ဆရာတော် ဦးတိသ၏အကြံပေးချက်အရ မဟာစည်ဆရာတော်ဘုရားကြီး၏အကူအညီဖြင့် ဆောင်ရွက်သင့်သမျှ ညွှန်ကြားဆောင်ရွက်ရန် အောက်ပါဆရာတော်များကို ဩဝါဒါစရိယဆရာတော်များနှင့် နာယကဆရာတော်များအဖြစ် (၂၈-၁၂-၇၂)နေ့က မဟာစည်ရိပ်သာအတွင်း ရွေးချယ်တင်မြှောက်ခဲ့ပါသည်။

မဟာစည်နာယကအဖွဲ့ - ၁။ ရွှေစေတီဆရာတော် ဦးသုန္ဒရ (အဂ္ဂမဟာပဏ္ဍိတ) (ဩဝါဒါစရိယ) ၂။ ဆရာတော် ဦးပဏ္ဍာဝ၊ မြို့ပေါက်ဝ သတိပဋ္ဌာန်ကျောင်းတိုက် (ဩဝါဒါ



စရိယ)၊ မော်လမြိုင်မြို့. ၃။ ဦးအာစိကဿ၊ သဒ္ဓမ္မသီတဂူဆရာတော်၊ ပုသိမ်မြို့၊ (ဥက္ကဋ္ဌ)၊ ၄။ ဦးတိဿ-မစိုးရိမ်ဆရာတော်၊ ဝက်လက်မြို့။ ၅။ ဦးဝိစာရ-ဝါးခယ်မဆရာတော်၊ ဝါးခယ်မမြို့။ ၆။ ဦးဝဏ္ဏိတ-ဖျာပုံရိပ်သာဆရာတော်၊ ဖျာပုံမြို့။ ၇။ ဦးဝိသုဒ္ဓ-နန်းခမ်းရိပ်သာဆရာတော်၊ နန်းခမ်းမြို့။ ၈။ ဦးသုမန-သပြေကုန်းရိပ်သာဆရာတော်၊ ခရမ်းမြို့။ ၉။ ဦးသုန္ဒရ-မြင်းခြံရိပ်သာဆရာတော်၊ မြင်းခြံမြို့။ ၁၀။ ဦးနန္ဒမာလာ-ကော့ယားရိပ်သာဆရာတော်၊ ဟုမ္မလင်းမြို့။ ၁၁။ ဦးဝိမလ-ရင်းငြိမ်ရိပ်သာဆရာတော်၊ အပေါင်မြို့။ ၁၂။ ဦးမုနိန္ဒ-ရွှေဘိုဆရာတော်၊ မိုးကုတ်မြို့။ ၁၃။ ဦးနန္ဒိသာရ၊ စမ်းမြောင်ခြည်ဆရာတော်၊ မုံရွာမြို့။ ၁၄။ ဦးပညာဝါ၊ ပဲရိပ်သာဆရာတော်၊ ပဲခူးမြို့။ ၁၅။ ဦးဥက္ကံသ-ဇီးကုန်းရိပ်သာဆရာတော်၊ ဇီးကုန်းမြို့။ ၁၆။ ဦးဓမ္မပါလ-သာသနာ့ မာန်အောင်ဆရာတော်၊ တောင်ကြီးမြို့။ ၁၇။ ဦးယုဂန္ဓ-မြေပုံရိပ်သာဆရာတော်၊ ရခိုင်တိုင်း။ ၁၈။ ဦးဇာနေယျ-ဟိုပင်ရိပ်သာဆရာတော်၊ မြစ်ကြီးနားခရိုင်။ ၁၉။ ဦးတိလောက-ကုန်းခါး ရိပ်သာဆရာတော်၊ ဗန်းမော်မြို့။ ၂၀။ ဦးဝါယမိန္ဒ-မင်းကန်ကြီးဆရာတော်၊ မြန်အောင်မြို့။ ၂၁။ ဦးလာဘသာမိ-နတ်မောက်ဆရာတော်၊ နတ်မောက်မြို့။ ၂၂။ ဦးကွန္ဒြိယ-ယဉ်ငေးဆရာတော်၊ ထားဝယ်ခရိုင်။ ၂၃။ ဦးဝိဇယ-ရတနာပုံရိပ်သာ၊ စိန်ပန်း၊ မန္တလေး။ ၂၄။ ဦးသုဇာတ-မဟာစည်သာသနာ့ရိပ်သာ၊ ကမ္မဋ္ဌာနာစရိယဆရာတော်၊ ရန်ကုန်မြို့၊ (ဒု-ဥက္ကဋ္ဌ)။ ၂၅။ ဦးပဏ္ဍိတ-မဟာစည်သာသနာ့ရိပ်သာ၊ ကမ္မဋ္ဌာနာစရိယဆရာတော်၊ ရန်ကုန်မြို့၊ (အတွင်းရေး မှူး)။ ၂၆။ ဦးဇဝန-မဟာစည်သာသနာ့ရိပ်သာ၊ ကမ္မဋ္ဌာနာစရိယဆရာတော်၊ ရန်ကုန်မြို့၊ (နာယကဆရာတော်)။ ၂၇။ ဦးသံဝရ-မဟာစည်သာသနာ့ရိပ်သာ၊ ကမ္မဋ္ဌာနာစရိယဆရာတော်၊ ရန်ကုန်မြို့၊ (တွဲဖက်အတွင်းရေးမှူး)။ ၂၈။ ဦးဇနက-မဟာစည်သာသနာ့ရိပ်သာ၊ ကမ္မဋ္ဌာနာ စရိယဆရာတော်၊ ရန်ကုန်မြို့၊ (နာယကဆရာတော်)။

မဟာစည်ဆရာတော်ဘုရားကြီး စံလွန်တော်မူပြီးနောက် မဟာစည်ဩဝါဒခံဆရာ တော်မထေရ်မြတ်ကြီးများသည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး စံလွန်တော်မူပြီးဖြစ်သော်လည်း အနာဂတ်ကာလတွင် မဟာစည်ဩဝါဒခံ ပဋိပတ္တိသာသနာတော် ဆက်လက်ရှင်သန် တိုးတက်ပြန့်ပွားရေး၌ အားထားရာဖြစ်သည့်အလျောက် လက်ရှိမဟာစည်နာယကအဖွဲ့ကို ပြန်လည်ဖွဲ့စည်းကာ သင့်လျော်သောဆရာတော်ကြီးများကိုရွေးချယ်၍ မဟာစည်နာယကအဖွဲ့၏ ဩဝါဒါစရိယအဖြစ် တင်မြှောက်ရန် ၁၃၄၄-ခု၊ သီတင်းကျွတ်လဆန်း (၁၂)ရက် (၂၉-၁၀-၈၂)နေ့တွင် သဘောတူ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြလေသည်။ ဤသို့ ဖွဲ့စည်းရာ၌ အဓိကရည်ရွယ်ယင်းမှာ -

(၁) အဖွဲ့အား လမ်းညွှန်ဆုံးမရန် ဩဝါဒါစရိယရှိရမည်ဟူသော ခံယူချက်။

(၂) မဟာစည်ဩဝါဒခံ ကမ္မဋ္ဌာန်းဌာနများ၌ အာဏာပိုင်အုပ်ချုပ်ရေးပိုင်းမှ ပုဂ္ဂိုလ်များတွင် တစ်စုံတစ်ခုပြဿနာဖြစ်ခဲ့သော် မဟာစည်နာယကအဖွဲ့ကြီးက ဖြေရှင်းပေးရန်။

(၃) ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်ကကဲ့သို့ပင် မဟာစည်တပည့် ပရိသတ်များအား ဩဝါဒပေးကာ ဗုဒ္ဓမြတ်စွာသာသနာတော်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ဖြစ်ပါသည်။



ထို့ပြင်တဝ ရန်ကုန်မဟာစည်သာသနာ့ရိပ်သာတွင် "နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲကို မူလသုံးစွဲခဲ့သည့်" နှစ်ပတ်လည် မဟာစည်ဩဝါဒ ခံယူပူဇော်ပွဲ" ဟူသော အမည်ကိုပင် သုံးစွဲ၍ စောင့်ရှောက်ချီးမြှင့်ရန် နှစ်စဉ်နှစ်တိုင်း ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပသွားရန်ကိုပါ ဆုံးဖြတ်ခဲ့ပါသည်။

သံဃာတော် မထေရ်မြတ်များက ထပ်မံဖွဲ့စည်းအပ်သော မဟာစည်သာသနာ့ရိပ်သာများ နာယကအဖွဲ့ကို ၂၉-၁၀-၈၂ နေ့တွင် အောင်မြင်စွာ ဖွဲ့စည်းခဲ့တော်မူကြပေသည်။ ယင်းသံဃာ့ အထူးအစည်းအဝေးကြီး၌ သဘာပတိအဖြစ် ဘဒ္ဒန္တသုန္ဒရ ရွှေစေတီ ဆရာတော်ဘုရားကြီး (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ)က သဘာပတိအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

၁၃၄၄-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၂) ရက်၊ (၂၉-၁၀-၈၂) သောကြာနေ့၌ ထပ်မံဖွဲ့စည်းအပ်သော ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်လုံးဆိုင်ရာ မဟာစည်ရိပ်သာများ နယကအဖွဲ့ကြီး

လမ်းညွှန်ဦးသျှောင်ဩဝါဒါစရိယ ဆရာတော်ကြီး -

(၁) ဘဒ္ဒန္တသုန္ဒရ ရွှေစေတီဆရာတော်၊ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ)၊ ရွှေစေတီသာသနာ့ရိပ်သာ၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

(၂) ဘဒ္ဒန္တပဏ္ဍာဝမြို့ပေါက်ဝဆရာတော်၊ မြို့ပေါက်ဝသတိပဋ္ဌာန်ကျောင်းတိုက်၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

(၃) ဘဒ္ဒန္တတိဿ မစိုးရိမ်ဆရာတော်၊ မစိုးရိမ်ကျောင်းတိုက်၊ ဝက်လက်မြို့၊ စစ်ကိုင်းတိုင်း။

(၄) ဘဒ္ဒန္တအာစိဏ္ဏာ၊ သဒ္ဓမ္မသီတဂူဆရာတော်၊ သဒ္ဓမ္မသီတဂူသာသနာ့ရိပ်သာ၊ ပုသိမ်မြို့၊ ရောဝတီတိုင်း။

(၅) ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ-မင်းကွန်းတိပိဋကဓရဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) မ-ဟ-န အကျိုးတော်ဆောင်၊ ဓမ္မနာဒတိုက်၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

ဦးဆောင်မဟာနာယကအဖွဲ့ -

(၁) ဘဒ္ဒန္တအာစိဏ္ဏာ-သဒ္ဓမ္မသီတဂူဆရာတော်၊ ဥက္ကဋ္ဌ။

(၂) ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ-ရန်ကုန် မဟာစည်ရိပ်သာ (ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်) ဩဝါဒါစရိယဆရာတော်၊ ဒုတိယဥက္ကဋ္ဌ။

(၃) ဘဒ္ဒန္တသံဝရ-ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ။ နာယကဆရာတော် အကျိုးတော်ဆောင်၊

(၄) ဘဒ္ဒန္တသုန္ဒရ-ရန်ကုန်မဟာစည် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုဏ္ဍလ (ဟသ်ာတဆရာတော်) (၂၀၀၂-)၊

(၅) ဘဒ္ဒန္တအာဒိစ္စ (တောင်ဝိုင်းကလေးဆရာတော်) (၂၀၀၃) တို့ဖြစ်ကြပါသည်။



နှစ်အလိုက် သြဝါဒိစရိယဆရာတော်ကြီးများမှာ -

(၁) ဆဋ္ဌသင်္ဂီတိ ပဋိဝေသဓက ဘဒ္ဒန္တသုဇာတ (၁၉၈၂)။
(၂) ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ (၁၉၈၂-၉၀)၊
(၃) အဂ္ဂမဟာကမ္မဋ္ဌာနနာစရိယ ဘဒ္ဒန္တအာစိဏ္ဏ (ပုသိမ်ဆရာတော်)၊ (၁၉၈၃-၉၆)။
(၄) အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တပညာသိပ္ပ(ရေဦးဆရာတော်)၊ (၁၉၉၆-၂၀၀၀)
(၅) ဘဒ္ဒန္တပညာသာမိ (ရွှေရေးဆောင်ဆရာတော်) (၁၉၉၀-၉၆)၊
(၆) အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယဘဒ္ဒန္တသံဝရ (ချမ်းမြအောင်စည်ဆရာတော်) (၁၉၉၀)
(၇) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ပညာရေးဒေါက်တာဘွဲ့ရ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ (ဓမ္မနန္ဒဝိဟာရ U.S.A) ပါမောက္ခချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁၉၉၆) တို့ ဖြစ်ကြပါသည်။

မဟာစည်သာသနာ့ရိပ်သာကြီးတွင် နှစ်အလိုက် တာဝန်ထမ်းဆောင်ခဲ့ကြသော နာယကဆရာတော်ကြီးများမှာ -

(၁) ဘဒ္ဒန္တသံဝရ (၁၉၈၇-၈၉)၊
(၂) ဘဒ္ဒန္တသုန္ဒရ (၁၉၈၂-၈၄)၊
(၃) ဘဒ္ဒန္တနန္ဒိသာရ (၁၉၈၂-၈၄)၊
(၄) ဘဒ္ဒန္တဇဝန (၁၉၈၂-၈၄)၊
(၅) ဘဒ္ဒန္တပညာသာမိ (၁၉၈၂-၉၀)၊
(၆) ဘဒ္ဒန္တလက္ခဏာ (၁၉၈၅-၈၈)
(၇) ဘဒ္ဒန္တဝါယမိန္ဒ (၁၉၈၅-၈၇)
(၈) ဘဒ္ဒန္တဇဋိလ (၁၉၈၅-၉၀) (၁၉၉၂)
(၉) ဘဒ္ဒန္တပညာဒီပ (၁၉၇၈-၉၀)၊
(၁၀) ဘဒ္ဒန္တသာသန (၁၉၈၇-၉၀)၊
(၁၁) ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ (၁၉၈၉-၉၀)၊
(၁၂) ဘဒ္ဒန္တကေသရ (၁၉၈၉-၉၂)
(၁၃) ဘဒ္ဒန္တကေလာသ (၁၉၈၉-၉၀)
(၁၄) ဘဒ္ဒန္တကုဏ္ဍလ (၁၉၈၉-၉၀)
(၁၅) ဘဒ္ဒန္တဝါသဝ (၁၉၈၉-၉၀) (၁၉၉၂-၉၆) (၁၉၉၈)
(၁၆) ဘဒ္ဒန္တဣန္ဒက (၁၉၈၉-၉၀) (၁၉၉၃-၉၆)၊
(၁၇) ဘဒ္ဒန္တဥက္ကံသာစာရ(၁၉၉၀-၉၁)၊
(၁၈) ဘဒ္ဒန္တကုလိသ (၁၉၉၀-၉၁)၊



(၁၉) ဘဒ္ဒန္တထေရဝံသ (၁၉၉၀-၉၂) (၁၉၉၅-၉၈) (၂၀၀၃-)။
(၂၀) ဘဒ္ဒန္တဓမ္မိက (၁၉၉၀-၉၂)။
(၂၁) ဘဒ္ဒန္တသောဏက (၁၉၉၀-၉၂) (၁၉၉၄-၉၆)။
(၂၂) ဘဒ္ဒန္တဇာဂရ (၁၉၉၀-၉၁)
(၂၃) ဘဒ္ဒန္တကလျာဏ (၁၉၉၀-၉၁)
(၂၄) ဘဒ္ဒန္တ သူရိယ (၁၉၉၀-၉၁)
(၂၅) ဘဒ္ဒန္တဇင်္ဂီလပဏ္ဍိတ (၁၉၉၀-၉၄)
(၂၆) ဘဒ္ဒန္တပရမ (၁၉၉၀-၉၁)
(၂၇) ဘဒ္ဒန္တသံဝရ (၁၉၉၀-၉၁)
(၂၈) ဘဒ္ဒန္တဝိစိတ္တသာရ (၁၉၉၀-၉၆)၊ (၁၉၉၈-၉၉)။
(၂၉) ဘဒ္ဒန္တသုမန (၁၉၉၁-၉၂)။
(၃၀) ဘဒ္ဒန္တပညာဝံသ (၁၉၉၁-၉၂)။
(၃၁) ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ (၁၉၉၁-၉၄)။
(၃၂) ဘဒ္ဒန္တနရပတိ (၁၉၉၁-၉၂)
(၃၃) ဘဒ္ဒန္တကုလိသ (၁၉၉၃-၁၉၉၄)။
(၃၄) ဘဒ္ဒန္တနိပုဏ (၁၉၉၃-၉၇)။
(၃၅) ဘဒ္ဒန္တသောဘဏ (၁၉၉၅-၉၆)
(၃၆) ဘဒ္ဒန္တကုမာရ (၁၉၉၆-၉၉) (၂၀၀၃)
(၃၇) ဘဒ္ဒန္တခေမာစာရ (၁၉၉၆-၉၇)။
(၃၈) ဘဒ္ဒန္တသညောဘာသ (၁၉၉၆-၂၀၀၀)
(၃၉) ဘဒ္ဒန္တသုဝဏ္ဏ (၁၉၉၆-၉၉)။
(၄၀) ဘဒ္ဒန္တပညိန္ဒ (၁၉၉၆-၉၈)
(၄၁) ဘဒ္ဒန္တသူရိယ (၁၉၉၆-)
(၄၂) ဘဒ္ဒန္တဝိစာရိန္ဒ (၁၉၉၈-၂၀၀၃)
(၄၃) ဘဒ္ဒန္တဣန္ဒာဘိဝံသ (၁၉၉၉-၂၀၀၁)။
(၄၄) ဘဒ္ဒန္တအာစာရ (၁၉၉၉-၂၀၀၀)။
(၄၅) ဘဒ္ဒန္တဝါယမာဝုဓ (၁၉၉၉-၂၀၀၀)
(၄၆) ဘဒ္ဒန္တစန္ဒာဝရ (၁၉၉၉-၂၀၀၃)။
(၄၇) ဘဒ္ဒန္တတေဇိန္ဒာသဘ (၂၀၀၁ -)
(၄၈) ဘဒ္ဒန္တစန္ဒိမာ (၂၀၀၁-၀၂)
(၄၉) ဘဒ္ဒန္တကုသလာနန္ဒ (၂၀၀၄-)

❖ ❖ ❖



မဟာစည်ရိပ်သာခွဲများမှ
နိုင်ငံတော်အစိုးရ၏ သာသနာရေးဆိုင်ရာဘွဲ့တံဆိပ်တော်ရ
သံဃာတော်အရှင်မြတ်များ

စဉ်	ဘွဲ့တံဆိပ်အမည်	၁၉၅၂	၁၉၅၃	၁၉၅၄	၁၉၅၅	၁၉၅၆	၁၉၅၇	၁၉၅၈	၁၉၅၉	၂၀၀၀	၂၀၀၁	၂၀၀၂	၂၀၀၃	၂၀၀၄	စုစုပေါင်း
၁။	အဘိဓဇ မဟာရဋ္ဌဂုရု	၂													၂
၂။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက	၁						၁		၂				၃	၃
၃။	ပညာရေး ဒေါက်တာဘွဲ့										၁				၁
၄။	အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက		၁	၁					၂						၄
၅။	အဂ္ဂမဟာပဏ္ဍိတ	၄	၂	၂						၁			၁		၁၀
၆။	အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ				၁										၁
၇။	အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ	၄	၂	၃	၃	၁		၅	၈	၆	၄	၃	၄	၂	၄၅
၈။	အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ										၂	၂		၁	၅
၉။	မဟာသဒ္ဓမ္မ ဇောတိကဓဇ										၁	၁			၂
၁၀။	မဟာဂန္ထဝါစက ပဏ္ဍိတ		၁	၁										၁	၃
၁၁။	ဂန္ထဝါစကပဏ္ဍိတ												၁		၁
၁၂။	မဟာဓမ္မကထိက ဗဟုဇနဟိတဓရ	၁													၁
၁၃။	မဟာကမ္မဋ္ဌာနာစရိယ	၅	၃	၁	၁	၁	၂	၃	၃		၄	၃	၃	၁	၂၀
၁၄။	ဓမ္မကထိက ဗဟုဇနဟိတဓရ	၁	၁			၁	၁		၂			၁		၁	၆
၁၅။	ကမ္မဋ္ဌာနာစရိယ		၂	၂					၃		၁	၁	၁		၁၀
	စုစုပေါင်း	၁၈	၁၂	၁၀	၅	၃	၃	၄	၁၈	၄	၁၃	၁၁	၁၀	၄	၁၃၀





နိုင်ငံတော်အစိုးရ၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ
လှူဒါန်းဆက်ကပ်ခြင်းခံရသော
မဟာစည်သာသနာ့ရိပ်သာဆရာတော်ကြီးများ
(၁၉၉၂-ခုနှစ် မှ ၂၀၀၄-ခုနှစ် အထိ)

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တတိလောက (မဟာတိလောကရာမကျောင်းတိုက်၊ မိုးကောင်းမြို့။)

၂။ ဘဒ္ဒန္တကုန္ဒြိယ (မဲဘောင်ကျောင်းတိုက်၊ ဘားအံမြို့။)

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ (မင်းကွန်းဓမ္မနာဒတိုက်)

၂။ ဘဒ္ဒန္တပညာသိပ္ပ (မဟာစည်သာသနာ့ရိပ်သာကြီး)

၃။ ဘဒ္ဒန္တဥတ္တရာဘိဝံသ (သီတာရုံကျောင်း၊ သရက်တောတိုက်။)

၄။ ဘဒ္ဒန္တသံဝရ (မဟာစည်သာသနာ့ရိပ်သာကြီး)

၅။ ဘဒ္ဒန္တကုန္ဒြိယ (မဲဘောင်ကျောင်းတိုက်၊ ဘားအံမြို့။)

၆။ ဘဒ္ဒန္တစန္ဒိမာဘိဝံသ (မဟာထူပါရုံတိုက်၊ သုံးဆယ်မြို့။)

၇။ ဘဒ္ဒန္တသောဘန (မြသိန်းတန်တိုက်၊ ပုဇွန်တောင်မြို့နယ်၊)



ပညာရေးဒေါက်တာ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တသီလာနန္ဒဘိဝံသ (ဓမ္မနန္ဒဝိဟာရ၊ အမေရိကန်နိုင်ငံ)

အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တတိဿ (ရွှေမင်းဝံသာသနာ့ရိပ်သာ)

၂။ ဘဒ္ဒန္တဉာဏာဘိဝံသ (သီတာရုံကျောင်း၊ သရက်တော်တိုက်)

၃။ ဘဒ္ဒန္တဇနကာဘိဝံသ (ချမ်းမြေ့ရိပ်သာ၊ မရမ်းကုန်း)

၄။ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ (ဓမ္မနန္ဒဝိဟာရ၊ အမေရိကန်နိုင်ငံ)

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တစန္ဒိမာဘိဝံသ (မဟာထူပါရုံတိုက်၊ သုံးဆယ်မြို့)

၂။ ဘဒ္ဒန္တဓမ္မပါလာဘိဝံသ (မူလမင်းကွန်းကျောင်းတောင်ကြီး)

၃။ ဘဒ္ဒန္တပညာသိပ္ပ (လေးထပ်ကြီးစာသင်တိုက်၊ ရေဦးမြို့)

၄။ ဘဒ္ဒန္တကေသရ (အောင်မင်္ဂလာစာသင်တိုက်၊ သရက်မြို့။)

၅။ ဘဒ္ဒန္တသီရိကုဏ္ဍလ (ဥမှင်တောရရိပ်သာ၊ အရာတော်မြို့)

၆။ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ (ဓမ္မနန္ဒဝိဟာရ၊ အမေရိကန်နိုင်ငံ)

၇။ ဘဒ္ဒန္တဇဋိလ (ဝါခင်းကုန်းကျောင်း၊ ပုသိမ်ကြီး၊ မန္တလေး)

၈။ ဘဒ္ဒန္တသောနက (ဗောဓိကျောင်းတိုက်ကြီး၊ ကြို့ပင်ကောက်မြို့)

၉။ ဘဒ္ဒန္တရေဝတဓမ္မ (ဘာမင်ဂန်ဗုဒ္ဓဝိဓာရ၊ အင်္ဂလန်)

၁၀။ ဘဒ္ဒန္တဝါသဝ (မြစ်သားဆရာတော်၊ မဟာစည်ရိပ်သာကြီး)

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တအာစိဏ္ဏ (မဟာတိလောကာရာမကျောင်း၊ မိုးကောင်းမြို့)

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တဝိသုဒ္ဓါစာရ (နန်းခမ်းမြို့ မဟာစည်သာသနာ့ရိပ်သာ)

၂။ ဘဒ္ဒန္တအာစိဏ္ဏာ (သဒ္ဓမ္မသီတဂူရိပ်သာ၊ ပုသိမ်မြို့)

၃။ ဘဒ္ဒန္တကေသရ (မဟာစည်သာသနာ့ရိပ်သာ၊ နတ္တလင်းမြို့)

၄။ ဘဒ္ဒန္တသံဝရ (ချမ်းမြအောင်စည်ရိပ်သာ၊ မန္တလေးမြို့)

၅။ ဘဒ္ဒန္တအာသဘ (မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၊ မြိတ်မြို့)

၆။ ဘဒ္ဒန္တဒေါက်တာအာသဘ (ချဲဘူရီကျောင်း၊ ထိုင်းနိုင်ငံ)



၇။ ဘဒ္ဒန္တမေယိန္ဒ (မဟာစည်သာသနာ့ရိပ်သာ၊ ကလေးမြို့)

၈။ ဘဒ္ဒန္တတိက္ခစာရ (မူလမင်းကွန်း ဇေတဝန်တိုက်၊ သထုံမြို့)

၉။ ဘဒ္ဒန္တကုန္ဒာစရိယ (အလွကပွရွာ၊ နိဂြောဓာရုံကျောင်း၊ မြင်းမူ)

၁၀။ ဘဒ္ဒန္တအဂ္ဂမဟ (မဟာစည်ဝိမုတ္တိသုခသာသနာ့ရိပ်သာ၊ လွိုင်ကော်မြို့)

၁၁။ ဘဒ္ဒန္တပညာဝါ (ဗိုလ်ကုန်းမဟာစည်ရိပ်သာ၊ ပဲခူးမြို့)

၁၂။ ဘဒ္ဒန္တဇနကာဘိဝံသ (ချမ်းမြေ့ရိပ်သာ၊ မရမ်းကုန်း)

၁၃။ ဘဒ္ဒန္တပညာသာရ (အောင်နန်းရိပ်သာ၊ မြစ်ကြီးနားမြို့)

၁၄။ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ (သဒ္ဓမ္မရံသီသာသနာ့ရိပ်သာ၊ မရမ်းကုန်းမြို့)

၁၅။ ဘဒ္ဒန္တသီရိသုနန္ဒ (ဓမ္မစကြာကျောင်း၊ ရွှေငွေရွာ၊ ရွှေဘိုမြို့နယ်)

၁၆။ ဘဒ္ဒန္တဆေကိန္ဒ (မဟာစည်သာသနာ့ရိပ်သာ၊ ကလေးမြို့)

၁၇။ ဘဒ္ဒန္တကေသဝ (ပန်းရစ်တောင်သာသနာ့ရိပ်သာ၊ မကွေးမြို့)

၁၈။ ဘဒ္ဒန္တဝိစာရိန္ဒ (ဘုံကျော်သာသနာ့ရိပ်သာ၊ ပုသိမ်မြို့)

၁၉။ ဘဒ္ဒန္တဝိမလ (ဝေပုလ္လမဟာစည်ရိပ်သာ၊ ထမံသီ၊ ဟုမ္မလင်းမြို့)

၂၀။ ဘဒ္ဒန္တဥက္ကံသာစာရ (မင်္ဂလာရမကန်ဦးဂိုပ်သာ၊ ဇီးကုန်းမြို့)

၂၁။ ဘဒ္ဒန္တကဝိဓဇ (ကိုးမိုင်မဟာစည်ရိပ်သာ၊ မရမ်းကုန်းမြို့နယ်)

၂၂။ ဘဒ္ဒန္တတေဇိန္ဒာသဘ (သဒ္ဓမ္မသီတဂူရိပ်သာ၊ ပုသိမ်မြို့)

၂၃။ ဘဒ္ဒန္တတေဇိန္ဒ (မိုးကျကျောင်း၊ လှည်းကူးမြို့)

၂၄။ ဘဒ္ဒန္တပညာသာမိ (ကျားတက်ကျေးရွာအရှေ့ကျောင်း၊ ကဝမြို့)

၂၅။ ဘဒ္ဒန္တဥက္ကံသ (သတိမဓာန်မဟာစည်ရိပ်သာ၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့)

၂၆။ ဘဒ္ဒန္တဘဒ္ဒိယ (မဟာဂန္ဓာရုံရိပ်သာ၊ သာကေတမြို့နယ်။)

၂၇။ ဘဒ္ဒန္တက္ကန္ဒဝံသ (ကျောက်ဝိုင်းမဟာစည်ရိပ်သာ၊ အိမ်မဲမြို့)

၂၈။ ဘဒ္ဒန္တအာဒိစ္စ (မင်္ဂလာကျောင်းတိုက်၊ ထီးလင်းမြို့၊ မကွေးတိုင်း)

၂၉။ ဘဒ္ဒန္တဉာဏိန္ဒ (သဒ္ဓမ္မသီတဂူမဟာစည်ရိပ်သာ၊ မြောင်းမြမြို့)

၃၀။ ဘဒ္ဒန္တဇညာဂရ (သဒ္ဓမ္မသီတဂူမဟာစည်ရိပ်သာ၊ ရွာသစ်ကိုင်းတော်ကြီးရွာ၊ ပဲခူးမြို့နယ်)

၃၁။ ဘဒ္ဒန္တယောသိတ (မဟာစည်သာသနာ့ရိပ်သာ၊ ပဲခူးမြို့နယ်)

၃၂။ ဘဒ္ဒန္တဝိစာရိန္ဒ (သာယာကုန်းမဟာစည်ရိပ်သာ၊ မုဒုံမြို့နယ်)

၃၃။ ဘဒ္ဒန္တဝါယမ (ကန်ဦးမဟာစည်ရိပ်သာ၊ ပျဉ်းမနားမြို့)

၃၄။ ဘဒ္ဒန္တက္ကန္ဒစရိယ (နိဂြောဓာရုံရိပ်သာ၊ အလွကပွရွာ၊ မြင်းမူမြို့)

၃၅။ ဘဒ္ဒန္တကဝိဓဇ (အသောကာရုံမဟာစည်ရိပ်သာ၊ တောင်တွင်းကြီး)

၃၆။ ဘဒ္ဒန္တဇင်္ဂီလ (ပြန့်ကပြေးမဟာစည်ရိပ်သာ၊ ပျဉ်းမနားမြို့)

၃၇။ ဘဒ္ဒန္တသူရိယ (ဇီးဖြူပင်မဟာစည်ရိပ်သာ၊ တောင်ငူမြို့)

၃၈။ ဘဒ္ဒန္တတိလောက (မြို့ထောင့်စေတီ မဟာစည်ရိပ်သာ၊ ရွှေဘိုမြို့)

၃၉။ ဘဒ္ဒန္တဓမ္မိက (ရန်မျိုးအောင်မဟာစည်ရိပ်သာ၊ ရေနံချောင်းမြို့နယ်)
၄၀။ ဘဒ္ဒန္တကောဏ္ဍည (ကန်ဦးမဟာစည်ရိပ်သာ၊ လှော်ကားရွာ၊ ပုလဲမြို့နယ်)
၄၁။ ဘဒ္ဒန္တဇာဂရ (သပြေတောင်ကျောင်းတိုက်၊ ပျဉ်းမနားမြို့)
၄၂။ ဘဒ္ဒန္တကက္ကန္ဒက (ညောင်ကန်အေးမဟာစည်ရိပ်သာ၊ ကြို့ကုန်း)
၄၃။ ဘဒ္ဒန္တပညိန္ဒဘိဝံသ (လေးမျက်နှာမဟာစည်ရိပ်သာ၊ ဟသ်ာတ)
၄၄။ ဘဒ္ဒန္တအာသဘ (ကေတုမတီမဟာစည်ရိပ်သာ၊ တောင်ငူမြို့)
၄၅။ ဘဒ္ဒန္တသြသဓ (ကန်ဖျားမဟာစည်ရိပ်သာ၊ ဝက်ထီးကန်၊ ပြည်)

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တဉာဏပုဏ္ဏိက (ဝိစ္စရုန်ဟိဝိဟာရ၊ ကတ္တမန္ဒုမြို့၊ နီပေါ)
၂။ ဘဒ္ဒန္တကက္ကန္ဒက (လောကချမ်းသာဘုရားကျောင်း၊ နယူးယောက် U.S.A)
၃။ ဘဒ္ဒန္တကေသရ (အောင်မင်္ဂလာစာသင်တိုက်၊ သရက်မြို့)
၄။ ဘဒ္ဒန္တဇောတာလင်္ကာရ (ဓမ္မနန္ဒဝိဟာရ၊ ဟင်္ဂမွန်ဘေး၊ U.S.A)
၅။ ဘဒ္ဒန္တဝါယမ (ဗောဓိရိပ်သာကျောင်း၊ ရွာမမြောက်၊ ကြို့ပင်ကောက်)

မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တနန္ဒစရိယ (မိုင်စီးလွယ်ဟွမ်ဒက္ခိဏာရုံကျောင်း၊ နမ့်ခမ်းမြို့)
၂။ ဘဒ္ဒန္တဓမ္မလင်္ကာရ (နိဗ္ဗာန်ဆိပ်ဦးမဟာစည်ရိပ်သာ၊ လှည်းကူးမြို့)

မဟာဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တသောဏက (ဗောဓိရိပ်သာကျောင်း၊ ကြို့ပင်ကောက်မြို့)
၂။ ဘဒ္ဒန္တအာစိဏ္ဏ (မဟာတိလောကာရာမကျောင်း၊ မိုးကောင်းမြို့)
၃။ ဘဒ္ဒန္တကောဝိဒ (နန်းတော်ကုန်းမဟာစည်ရိပ်သာ၊ တွံတေးမြို့)

ဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တတိက္ခဉာဏ (ဗောဓိရိပ်သာကျောင်း၊ ကြို့ပင်ကောက်မြို့)

မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တကက္ကန္ဒက (ညောင်ကန်အေးမဟာစည်ရိပ်သာ၊ ကြို့ကုန်း)

မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တဇနကာဘိဝံသ (ချမ်းမြေ့ရိပ်သာ၊ မရမ်းကုန်းမြို့)



၂။ ဘဒ္ဒန္တဥဂ္ဂံသ (မြေနီကျင်းရိပ်သာ၊ ကဉ္စနမဟီရပ်၊ မန္တလေးမြို့)
၃။ ဘဒ္ဒန္တကုဏ္ဍဘာဘိဝံသ (သဒ္ဓမ္မရံသီရိပ်သာ၊ မရမ်းကုန်း)
၄။ ဘဒ္ဒန္တအာဒိစ္စ (တောင်ဝိုင်းကလေးမဟာစည်ရိပ်သာ)
၅။ ဘဒ္ဒန္တပညာဝံသ (မဟာစည်ရတနာပုံရိပ်သာ၊ စိန်ပန်း၊ မန္တလေးမြို့)
၆။ ဘဒ္ဒန္တပညိန္ဒာဘိဝံသ (လေးမျက်နှာမဟာစည်ရိပ်သာ၊ မြန်အောင်)
၇။ ဘဒ္ဒန္တပညာသာရ (မဟာစည်သာသနာ့ရိပ်သာ၊ မြစ်ကြီးနား)
၈။ ဘဒ္ဒန္တဝါယမ (ကန်ဦးမဟာစည်ရိပ်သာ၊ ပျဉ်းမနားမြို့)
၉။ ဘဒ္ဒန္တကောဏ္ဍည (ကန်ဦးမဟာစည်ရိပ်သာ၊ လှော်ကားကြီးရွာ၊ ပုလဲမြို့နယ်)
၁၀။ ဘဒ္ဒန္တဉာဏိန္ဒ (သဒ္ဓမ္မသီတဂူရိပ်သာ၊ မြောင်းမြ)
၁၁။ ဘဒ္ဒန္တတိလောက (မြို့ထောင့်စေတီမဟာစည်ရိပ်သာ၊ ရွှေဘိုမြို့)
၁၂။ ဘဒ္ဒန္တဓမ္မိက (ရန်မျိုးအောင်မဟာစည်ရိပ်သာ၊ ရေနံချောင်းမြို့)
၁၃။ ဘဒ္ဒန္တတေဇနိယ (ဝဋ္ဋဝန်မဟာစည်ရိပ်သာ၊ တောင်ငူမြို့)
၁၄။ ဘဒ္ဒန္တအာလောက (အေးရိပ်ချောင်မဟာစည်ရိပ်သာ၊ မြိတ်မြို့)
၁၅။ ဘဒ္ဒန္တကဝိဓဇ (ကိုးမိုင်မဟာစည်ရိပ်သာ၊ ပြည်လမ်း၊ ရန်ကုန်မြို့)
၁၆။ ဘဒ္ဒန္တသောဘန (ရွှေမင်းဝံသာသနာ့ရိပ်သာ၊ ဗဟန်း)
၁၇။ ဘဒ္ဒန္တအရိယ (ရွှေစေတီမဟာစည်ရိပ်သာ၊ စစ်ကိုင်းမြို့)
၁၈။ ဘဒ္ဒန္တကုမာရ (အောင်တော်မူရိပ်သာ၊ ကျောက်ပန်းတောင်းမြို့)
၁၉။ ဘဒ္ဒန္တတိလောက (မဟာစည်သာသနာ့ရိပ်သာ၊ ဝါးခယ်မမြို့)
၂၀။ ဘဒ္ဒန္တကုဏ္ဍလ (တာငါးဆယ်မဟာစည်ရိပ်သာ၊ ဟင်္သာတမြို့)
၂၁။ ဘဒ္ဒန္တပညောဘာသ (မူလရွာလယ်ကျောင်းရိပ်သာ၊ ဝါးဘလောက်သောက်၊ ကော့မှူးမြို့နယ်)
၂၂။ ဘဒ္ဒန္တဝိသုတ (နိဗ္ဗာန်ဆိပ်ဦးမဟာစည်ရိပ်သာ၊ ပုလဲမြို့နယ်)
၂၃။ ဘဒ္ဒန္တကေသရ (မဟာစည်ဝိမုတ္တိသုခရိပ်သာ၊ လွိုင်ကော်မြို့)
၂၄။ ဘဒ္ဒန္တကုဏ္ဍလ (ဆီတောင်မဟာစည်ရိပ်သာ၊ ရှစ်ပုံရွာ၊ ပုလောမြို့)
၂၅။ ဘဒ္ဒန္တဝါယမာဝုဓ (မဟာစည်ဩဝါဒခံသာသနာ့ဗိမာန်ကျောင်း၊ အင်းစိန်မြို့)
၂၆။ ဘဒ္ဒန္တသာသနာ (ကန်ဦးမဟာစည်ရိပ်သာ၊ မော်လမြိုင်ကျွန်း)
၂၇။ ဘဒ္ဒန္တကဿဒီ (ဝိပဿနာဂန္ဓာရုံသာသနာ့ရိပ်သာ၊ ရွှေဘိုမြို့)
၂၈။ ဘဒ္ဒန္တအာစာရ (မဟာစည်သာသနာ့ရိပ်သာ၊ အောင်ဆန်းရပ်၊ နတ်မော်)
၂၉။ ဘဒ္ဒန္တကဿဝံသ (မဏိရတနာပုံရိပ်သာ၊ ဝဲကြီးကူရွာ၊ အိမ်မဲမြို့)
၃၀။ ဘဒ္ဒန္တပဏ္ဍဝံသ (မဟာစည်မြဝတီရိပ်သာ၊ သယ်နံးကျွန်းမြို့နယ်)



ဓမ္မကထိကဗဟုဇ္ဈဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တနရပတိ (မဟာစည်သာသနာ့ရိပ်သာ၊ ဖြူးမြို့)

၂။ ဘဒ္ဒန္တကဝိဓဇ (မဲတောင်ကျောင်း၊ မဟာစည်ရိပ်သာ)

၃။ ဘဒ္ဒန္တဝါသဝ (တည်းတော်ရာရိပ်သာ၊ မြစ်သားမြို့)

၄။ ဘဒ္ဒန္တသီရိမမွ (အေးငြိမ်းချမ်းသာမဟာစည်ရိပ်သာ၊ ဒဂုံမြို့သစ် အရှေ့ပိုင်း)

၅။ ဘဒ္ဒန္တကဏ္ဍိတ (မဟာစည်ရတနာပုံရိပ်သာ၊ စိန်ပန်း၊ မန္တလေးမြို့)

၆။ ဘဒ္ဒန္တထေရဝံသ (မြန်အောင်ဆရာတော်၊ မဟာစည်ရိပ်သာကြီး)

၇။ ဘဒ္ဒန္တကဿဒ (ရွှေရတုမဟာစည်ရိပ်သာ၊ ကဒုံကန်၊ ဗိုလ်ကလေး)

၈။ ဘဒ္ဒန္တကဿဒ (သီရိမင်္ဂလာမဟာစည်ရိပ်သာ၊ ဒဂုံမြို့သစ်မြောက်ပိုင်း)

မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တနိပုဏ (စမ်းမြသီတာမဟာစည်ရိပ်သာ၊ မုံရွာမြို့)

၂။ ဘဒ္ဒန္တသုဇာတ (ဗန်းမော်၊ ကုန်းခါးမဟာစည်ရိပ်သာ)

၃။ ဘဒ္ဒန္တကေသဝ (ပန်းရစ်တောင်မဟာစည်ရိပ်သာ၊ မကွေးမြို့)

၄။ ဘဒ္ဒန္တဇာဂရ (သပြေတောင်မဟာစည်ရိပ်သာ၊ ပျဉ်းမနားမြို့)

၅။ ဘဒ္ဒန္တသုစိတ္တသာရ (သာသနဇေယျရိပ်သာ၊ မိုးညှိမြို့)

၆။ ဘဒ္ဒန္တခေမာဇောတ (မဟာစည်သာသနာ့ရိပ်သာ၊ စစ်ကိုင်းမြို့)

၇။ ဘဒ္ဒန္တအာဒိစ္စဝံသ (မဟာစည်သာသနာ့ရိပ်သာ၊ မြစ်ကြီးနားမြို့)

၈။ ဘဒ္ဒန္တကဝိန္ဒ (အောင်နန်းမဟာစည်ရိပ်သာ၊ မြစ်ကြီးနားမြို့)

၉။ ဘဒ္ဒန္တသူရိယ (နမ့်တီးရွာမဟာစည်ရိပ်သာ၊ နမ့်ခမ်းမြို့)

၁၀။ ဘဒ္ဒန္တဒေဝိန္ဒ (မဟာစည်သာသနာ့ရိပ်သာ၊ ဟိုပန်မြို့)





ကျေးဇူးတင်မှတ်တမ်း

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး တစ်ဘဝသာသနာခရီး မော်ကွန်းကမွည်းဟု ဆိုအပ်သော သက်တော်ရာပြည့် အထိမ်းအမှတ်မော်ကွန်းကြီးကား အောင်မြင်စွာ ထုတ်ဝေခဲ့လိုက်နိုင်ပါပြီ၊ ထိုကဲ့သို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းမှာ စာမူများရေးသားပေးပို့ကြကုန်သော -

- ရဟန်း-စာပေစာဆိုပညာရှင်ပုဂ္ဂိုလ်များ၊
- လူ စာပေစာဆိုပညာရှင်ပုဂ္ဂိုလ်များ၊
- သာသနာရေးဝန်ကြီးဌာန စာစစ်ပုဂ္ဂိုလ်များနှင့် စာပေစိစစ်ရေးဌာန စာစစ်ပုဂ္ဂိုလ်များ၊
- ပန်းချီဒီဇိုင်းပညာရှင်များ၊
- စာစီ စာရိုက်နှင့် ဒီဇိုင်းပညာရှင်များ၊
- ပုံနှိပ်လုပ်ငန်းပညာရှင်များ၊
- ကာယအား၊ ဉာဏအား ဓနအားဖြင့် စိုက်ထုတ်လုပ်ကိုင်သော ပုဂ္ဂိုလ်များ၊
- စေတနာရှင်အလှူရှင်များတို့၏

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအပေါ် ကြည်ညိုသောအားဖြင့် ပူဇော်ချီးမြှင့်ခြင်းကြောင့်သာဖြစ်သည်ကို ယုံကြည်ပါသည်။ သို့အတွက် ကျွန်တော်များ ကမ္မကထပြုဆောင်ရွက်ကြရသော ပုဂ္ဂိုလ်များက အထူးကျေးဇူးတင်ဝမ်းမြောက်၍ မှတ်တမ်းတင်ရပါသည်။

ကျွန်တော်များအနေဖြင့် အထူးမေတ္တာရပ်ခံပန်ကြားလိုသည်မှာ - ဆောင်ရွက်ကြသူ ကျွန်တော်များအနေဖြင့် မိမိတို့၏ ဉာဏစွမ်းအား၊ ဝီရိယစွမ်းအားရှိသမျှ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ထားပါသော်လည်း လုံးဝ ပြီးပြည့်စုံနိုင်လိမ့်မည်ကားမဟုတ်ပါ။ အမှားအယွင်းရှိမှု၊ အယူအဆလွဲမှားမှုများ ပါကောင်းပါရှိနိုင်ပါသည်။



ဤသက်တော်ရာပြည့်မှတ်တမ်းမော်ကွန်းကြီးအတွက် စာမူ ၄၈၀ နီးပါးမျှ လက်ခံရရှိပါသည်။ စာမူများကား ရှုထောင့်စုံမှ ရေးသားတင်ပြထားကြသည်ဖြစ်ရာ ငြင်းဖွယ်ရာမရှိ၊ သူ့ဟာနှင့်သူ ကောင်းမွန်ကြသည်သာဖြစ်ပါ၏။ သို့ပါသော်လည်း စာမျက်နှာနှင့် စာဖောင်များအပေါ် ငဲ့ကွက်ရသည်ကတစ်ကြောင်း၊ ဦးတည်ရည်မှန်းချက်အပေါ် ထိမိရန်ဆောင်ရွက်ရသည်ကတစ်ကြောင်းတို့ကြောင့် စာမူအားလုံးကိုကား မဖော်ပြနိုင်ခဲ့ပါ။ သို့အတွက် ခွင့်လွှတ် နားလည်မှုပေးကြပါရန်လည်း မေတ္တာရပ်ခံပါသည်။

အချို့စာမူများမှာ ဆရာတော်ဘုရားကြီးအား ကြည်ညိုလွန်းစွဲအားကြီး၍ စာမျက်နှာများစွာဖြင့် ရေးသား ခ်ီးမြှင့်ပူဇော်ကြပါသည်။ အထူးကျေးဇူးတင်ဝမ်းမြောက်ကြရပါသည်။ သို့ပါသော်လည်း ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်းကမူညီးသက်သက်သာဖြစ်၍ ကျမ်းကြီးဆန်မှုများကို သုတ်သင်တည်းဖြတ်လိုက်ရပါသည်။

နားလည်ခွင့်လွှတ်ပေးကြပါကုန်ဟု ကျေးဇူးတင်ဂုဏ်ပြုရင်း အထူးမေတ္တာရပ်ခံခြင်းလည်းပြုရပါသတည်း။

ဦးဝင်းမောင်

(မောင်သီလ)

တာဝန်ခံစာတည်း

ရာပြည့်မော်ကွန်းစာတည်းအဖွဲ့.



ကိလေသာငြိမ်းတန်သလောက်ငြိမ်းအောင်
တရားအားထုတ်ရမယ်

တရားအားထုတ်တယ်ဆိုတာ
အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းအောင်
ဆင်းရဲခပ်သိမ်းကင်းအောင်လို့ အားထုတ်ရတာ၊
အားထုတ်လို့တရားပြည့်စုံပြီဆိုတော့
စိတ်လည်းပဲကောင်းသွားတယ်၊
တရားမပြည့်စုံရင် စိတ်ကိုက တယ်မကောင်းဘူး၊
ကိုယ့်အကျိုးတွေကိုကြည့်ပြီး
သူများအကျိုးမဲ့တွေကို ကြံလိုက် စည်လိုက်
စိတ်ကူးလိုက် ပြောဆိုလိုက်
အဲဒီလို မတော်မသင့်တာတွေကို လုပ်တတ်တယ်၊
တရားပြည့်စုံရင်တော့ အပြစ်တွေ့ရင်တောင်မှ
သူ့အပြစ်နဲ့ သူပဲဆိုပြီး
သူများအပြစ်ကိုမပြောဘဲ လျစ်လျူရှုနိုင်တယ်။
သူ့အပြစ်နဲ့.သူပဲဆိုပြီး နလုံးသွင်းထားနိုင်တယ်။
သူများတွေ ဒုက္ခရောက်အောင်တော့မပြောဘူး၊
အဲဒီတော့ စိတ်တွေလည်းကောင်း၊
ကိလေသာတွေလည်း ကင်းတန်သလောက်ကင်းသွားတယ်၊
တော်တော်နေရာကျပါတယ်၊
မတော်မသင့်တဲ့ အမူတွေလည်း
အဲဒီတော့ ကင်းသွားတာပဲ။
ဒါကြောင့် တရားပြည့်စုံအောင်
ရိုရိုသေသေ တရားကို အားထုတ်ကြဖို့
အင်မတန် ကောင်းပါတယ်၊
တရားမပြည့်စုံသေးတဲ့ ပုဂ္ဂိုလ်ကလည်း တိုးတက်အောင်
အချိန်ရသလောက် အားထုတ်ရမယ်။

(၁၃၄၃ - ခုနှစ်၊ ဝါခေါင်လကွယ်နေ့တွင် မိန့်မြွက်သော
ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သြဝါဒတော်မှ)